# မဟာသုတကာရီမဃဒေဝလင်္ကာသစ်

နှင့်

# သိနုဗ္ဗိဒပဒီ





ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး၏ပုံတော်

# Empress of India



# EXERCISE BOOK

Made in Austria



Written by

.................................................................

.................................................................

## မဃဒေဝပျို့ကြီး

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။ ။

ဥတ္တမဂုဏ်ရှိဗုဒ္ဓမပုန္နိဒံသတ္တဒေဝတာဝန္ဒိပါဒဗုဒ္ဓမဟာကိ
ဓိကဗ္ဗုဒ္ဓိဒွါရေဇ္ဈာကဒေဿသိ။ ။
မဟာအတုလော၊ မေကာဥဖြင့်ပါ၊ နာယကဖြစ်တော်၊ နာထနတ်ပညာ၊
လောကဓာတ်သုံး ဆိုင်ပါ၊ တွတ်ဆုံး တိုင်ကျော်၊ မျှော်ပြိုင်ဘက်ကျော်
မိလာဒေဘ်သက်၊ ဘဝဂ်သို့ဗျာ။ ရှေ့သွားစက်ပြိုင်ပါ ရှင်းနိုင်
တွင်ခိုးသိချိ၊ ဘုန်းတော်ရှိ မြင့်ပါ စကြာသွားဘိ၊ ရှေ့ရှာဆိတ်သည့်
သဗ္ဗညုသဗ္ဗာ၊ သယ်ပြန်ချီသား၊ ဗုဒ္ဓဝင်ရော ဝိုက်ကပတ်ဆောင်
ဝိုက်ကျ၊ မေကာဦး ရိုဝတ်နာ၊ နတ်ပြပဏ္ဍု ပျို့ညီလာသဘောင်
တွက်ဝင်ဒိုနည်း၊ ရိုမပြတ်၊ သဗ္ဗာသဒ္ဓာသိ၊ တည်ပြီး ဝိုက်လက်
သဗ္ဗာသဗ္ဗာသိ၊ ဝိသဗ္ဗာသိတို့၊ သဗ္ဗာသုံးပါး၊ ဖြေဘိသ
ချီပြ ဖြင့်ပါ၊ မဟာသဗ္ဗာသိ၊ သိမ်းကောဒိုလည်း၊ မိန့်ရှိသော့သိ
မျာတော်ခံကျိ၊ သိမ်းရုံ ခုနှင်းတော်၊ လိုတော်ပါ၊ သိုဒေဘကော
တော်စက်ဦး၊ သက်ကြည်ပြ၊ ကုတင်ယျှလေး ဖြစ်တော်လောက
ဓာတ်ကျယ်ဝန်း၊ လေးကျွန်းတာ ဖြင့်ငံ ရှိချို သိုသို့ကြ၊ ဝဇ္ဇာ
မဟာပဒေသ၊ အာနန္ဒာ ရားက၊ ကျွန်ရှိ မြတ်၊ မြော်ဓိသ ဒေွကျုံး ဆို
ပွဲသို့၊ မေ ရှေ့ဒွာ ပျို၊ ချက်ကျုံမ လွှတ်ကျိ ပြိုင်းညွှတ်သား။
စကြဝတ်ဒေါင်များ၊ တရား ရာဇာ၊ မဟာ ဓမ္မရာဇ်။

သုံးခေတ်ပိုးနှုတ်။ ဝတ္ထု ၌ ဆိုးဖြတ်ကား။ သာဝတ်ပြည်ကြီး။ —
ရှေ့သီးဥကာင်။ ရွှေပလ္လင်နှင့်။ မြှင့်ရုံညီ။ တဲ့ဖြာမိ ဧကိ ဒိသ၊
ဗုကျွဲကာ။ တစေကာသတ္တင်။ ဇေယျာ ဖြဲခြဲဆို။ ဂ ရကျ ဆိုးရှေ့ဘုံညိုကြာ
ဝေလေးဆိုပတော။ ယာပိုက်ရှုံခြည်။ ခိုကျွဲ ဖြတ်။ ဘုန်းရှုပ်ပတ် ဂ ဒို။
ဘုဖြတ်သွားတ ဘောင်ကျောင်းဆင်ကျောက်ဥတ္တ ဖဂ်ရှာ ဖေပဒိ။
ဝ်သည်ပိုက်ပြီး။ ဆောင်ရိုက် ကြားလျှက်။ ဝေကျူးလျှပြိုးခက်
ဆိုးရှိတ တဘ်သား။ တောတွက်ရေးကာ။ ဖ ဃ ဒေဝ။ ဓာတ ကဂို။
လင်းပြူ ထင်ဒေဘ ဂေါ။ ပေါ့ဖိမ့် ဆိုဘင်သည်။ —— ။ ရှေ့
ဘောင်စကြာ ထဝင်းတညီ။ —— ။ —— ။
ကျူဆို့ကျင်တို့။ အကြင်ဒါ ဧကော တဒွေဝ သဘ်ချိုကြ်တခေဘ်ဖျားမွာ
ဖြပ်သာယ်ဖ္ခိုး။ ဖေပဘာ သာဝကာ။ စ သည်အ ကဒ္ဒါပတနုပ လို။
ကြွင်းဖွဲ့ညီညာ။ စည်းဝေး ရောသ ဒေး။ ဖေပ ဘာဝမ္မာ။ သဘာဘ ယာချိုကြ
တစ ဒေဘ သကြ်။ ပတ္တစ ဂုဏ်ကျူ။ ဘုန်းတကဘ်တု ဖေဂျာ။ ဝေဝ ဖေနိ ဧကိ
ဖေပဘာ ဘ်နှဲ နွှယ်ခေကြောင်း ချင်းတ ဘိုကြီး လျှကြည်ညို။ ခြိုးဧ
ခိုဗိုက် တို့ပို့ဗိ တဒေဂ မျာ ချော ဖြူကဒ္ဒိ ဂျာ ယာဘာကဝ်း ဘကြ်
သိပ်နှုတ်ပတ်ခြိုး။ ထဝ်ဝပ်ရိုလျှကြ်။ ရေကြ်လျှုပ်ပယာ။ ဖေယုဝ်
တျူသည်။ ထိုမြူ ခမ်းကျင်ဂါ ဒိဂ ရှင် ဝိုး —— ။ ယုံး ခွင်ပ ရှင်း ဧက
တို့မိနွှေ ကား။ ပ ဝေပ ပ ဝေဘင်။ ဖြစ် နဒါ ငွိ ဖြစ်ခကြ် ဒွိ ဘုယ်
နကဒ္ဒိ ဘုန်းစကြီးခွာ။ ဖေပဘာ သမ္မဝ ဘ ကော ဗျာ စ ကော ဒေဘ ဒိစ္စ

# ARITHMETICAL TABLES.

## Numeration Table.

| | |
|---|---|
| Units, | 1 |
| Tens, | 12 |
| Hundreds, | 123 |
| Thousands, | 1,234 |
| Tens of Thousands, | 12,345 |
| Hundreds of Thousands, | 123,456 |
| Millions, | 1,234,567 |
| Tens of Millions, | 12,345,678 |
| C. of Millions, | 123,456,789 |

## Sterling Money Table.

| | | |
|---|---|---|
| 4 Farthings | 1 Penny | d. |
| 12 Pence | 1 Shilling | s. |
| 2 Shillings | 1 Florin. | |
| 2 Shillings & Sixpence | 1 HalfCrown | |
| 5 Shillings | 1 Crown | cr. |
| 10 Shillings | 1 Half Sov. | |
| 20 Shillings 1 Sov. or | 1 Pound. | £ |
| 21 Shillings | 1 Guinea. | |

## Arithmetical Signs.

+ Plus; Sign of Addition.
— Minus; Sign of Subtraction.
× Sign of Multiplication.
÷ Sign of Division.
= Sign of Equality
: :: : Sign of Proportion.
√ Sign of the Square Root.
∛ Sign of the Cube Root.
° Degree, ′ minute ″ second.
∴ Therefore

## Troy Weight.

For Gold, Silver, and Jewels.

| | | |
|---|---|---|
| 24 Grains | 1 Pennyweight, | dwt. |
| 20 Pennyweights | 1 Ounce | oz. |
| 12 Ounces | 1 Pound | lb. |

## Apothecaries' Weight.

For Mixing Medicines.

| | | |
|---|---|---|
| 20 Grains | 1 Scruple | scr. |
| 3 Scruples | 1 Dram | dr. |
| 8 Drams | 1 Ounce | oz. |
| 12 Ounces | 1 Pound | lb. |

## Avoirdupois Weight.

For all Goods except Gold, Silver, and Jewels.

| | | |
|---|---|---|
| 16 Drams | 1 Ounce | oz. |
| 16 Ounces | 1 Pound | lb. |
| 14 Pounds | 1 Stone | st. |
| 28 Pounds | 1 Quarter | qr. |
| 4 Quarters | 1 HundredWeight | cwt. |
| 20 Cwt. | 1 Ton | tn. |

## Hay and Straw Weight.

| | |
|---|---|
| 36 lb. Straw | 1 Truss. |
| 56 lb. Old Hay | 1 Truss. |
| 60 lb. New Hay | 1 Truss. |
| 36 Trusses. | 1 Load. |

## Long or Lineal Measure.

| | | |
|---|---|---|
| 12 Lines | 1 Inch | in. |
| 12 Inches | 1 Foot | ft. |
| 3 Feet | 1 Yard | yd. |
| 2 Yards | 1 Fathom | f. |
| 5½ Yards | 1 Pole. | |
| 40 Poles | 1 Furlong | fur. |
| 8 Furlongs or 1760 Yards, 1 Mile. | | |

## Cloth Measure.

| | |
|---|---|
| 2¼ Inches | 1 Nail. |
| 4 Nails | 1 Quarter of a Yard. |
| 4 Quarters | 1 Yard. |

## Solid or Cubic Measure.

| | |
|---|---|
| 1728 Cubic Inches | 1 Cubic Foot. |
| 27 Cubic Feet | 1 Cubic Yard. |
| 24¾ Cubic Feet | 1 Solid Perch mason's work. |
| 28¾ Cubic Feet | 1 Solid Perch brickwork. |

## Imperial Heaped Measure.

| | | Lbs. Avoird. of Water. |
|---|---|---|
| 8 Gallons | 1 Bushel | = 80 |
| 3 Bushels | 1 Sack | = 240 |
| 12 Sacks | 1 Chaldron | = 2880 |

## Imperial Dry Measure.

| | | Avoird. of Water lb. | oz. |
|---|---|---|---|
| 2 Glasses | 1 Naggin | = 0 | 5 |
| 4 Naggins | 1 Pint | = 1 | 4 |
| 2 Pints | 1 Quart | = 2 | 8 |
| 4 Quarts | 1 Gallon | = 10 | 0 |
| 2 Gallons | 1 Peck | = 20 | 0 |
| 4 Pecks | 1 Bushel | = 80 | 0 |
| 8 Bushels | 1 Quarter | = 640 | 0 |

## Square Measure.

| | |
|---|---|
| 144 Square Inches | 1 Square Foot. |
| 9 Square Feet | 1 Square Yard. |
| 30¼ Square Yards | 1 Square Pole. |
| 40 Square Poles | 1 Rood. |
| 4 Roods | 1 Acre. |

## Table of Motion.

| | |
|---|---|
| 60″ Seconds | 1 Minute. |
| 60′ Minutes | 1 Degree. |
| 30° Degrees | 1 Sign. |
| 12ˢ Signs, or 360° | the Circle of the earth. |

## Table of Time.

| | |
|---|---|
| 60 Seconds | 1 Minute. |
| 60 Minutes | 1 Hour. |
| 24 Hours | 1 Day. |
| 7 Days | 1 Week. |
| 4 Weeks | 1 Month. |
| 365 Days | 1 Year. |
| 366 Days | 1 Leap Year. |
| 52 Weeks | 1 Year. |
| 12 Calendar or 13 Lunar Months, | 1 Year. |

## Days in the Month.

Thirty days hath September,
April, June, and November;
All the rest have thirty-one,
Excepting February alone, [clear,
Which has but twenty-eight days
And twenty-nine in each Leap Year.

# MULTIPLICATION TABLES.

| 2 TIMES | 3 TIMES | 4 TIMES | 5 TIMES | 6 TIMES | 7 TIMES | 8 TIMES | 9 TIMES | 10 TIMES | 11 TIMES | 12 TIMES |
|---|---|---|---|---|---|---|---|---|---|---|
| 1 are 2 | 1 are 3 | 1 are 4 | 1 are 5 | 1 are 6 | 1 are 7 | 1 are 8 | 1 are 9 | 1 are 10 | 1 are 11 | 1 are 12 |
| 2 - 4 | 2 - 6 | 2 - 8 | 2 - 10 | 2 - 12 | 2 - 14 | 2 - 16 | 2 - 18 | 2 - 20 | 2 - 22 | 2 - 24 |
| 3 - 6 | 3 - 9 | 3 - 12 | 3 - 15 | 3 - 18 | 3 - 21 | 3 - 24 | 3 - 27 | 3 - 30 | 3 - 33 | 3 - 36 |
| 4 - 8 | 4 - 12 | 4 - 16 | 4 - 20 | 4 - 24 | 4 - 28 | 4 - 32 | 4 - 36 | 4 - 40 | 4 - 44 | 4 - 48 |
| 5 - 10 | 5 - 15 | 5 - 20 | 5 - 25 | 5 - 30 | 5 - 35 | 5 - 40 | 5 - 45 | 5 - 50 | 5 - 55 | 5 - 60 |
| 6 - 12 | 6 - 18 | 6 - 24 | 6 - 30 | 6 - 36 | 6 - 42 | 6 - 48 | 6 - 54 | 6 - 60 | 6 - 66 | 6 - 72 |
| 7 - 14 | 7 - 21 | 7 - 28 | 7 - 35 | 7 - 42 | 7 - 49 | 7 - 56 | 7 - 63 | 7 - 70 | 7 - 77 | 7 - 84 |
| 8 - 16 | 8 - 24 | 8 - 32 | 8 - 40 | 8 - 48 | 8 - 56 | 8 - 64 | 8 - 72 | 8 - 80 | 8 - 88 | 8 - 96 |
| 9 - 18 | 9 - 27 | 9 - 36 | 9 - 45 | 9 - 54 | 9 - 63 | 9 - 72 | 9 - 81 | 9 - 90 | 9 - 99 | 9 - 108 |
| 10 - 20 | 10 - 30 | 10 - 40 | 10 - 50 | 10 - 60 | 10 - 70 | 10 - 80 | 10 - 90 | 10 - 100 | 10 - 110 | 10 - 120 |
| 11 - 22 | 11 - 33 | 11 - 44 | 11 - 55 | 11 - 66 | 11 - 77 | 11 - 88 | 11 - 99 | 11 - 110 | 11 - 121 | 11 - 132 |
| 12 - 24 | 12 - 36 | 12 - 48 | 12 - 60 | 12 - 72 | 12 - 84 | 12 - 96 | 12 - 108 | 12 - 120 | 12 - 132 | 12 - 144 |

၆ - ၉
၆လ



တိပိဋကဆောင ဂန္ထန္တရပါရဂူ ဖြစ်တော်မူသည့်ပြင်
မြန်လျှင်သောဉာဏ် ပဋိဘာန်ဂုဏ်ထူးရှိသော အရှင်ကာဠုဒါယီ
အရှင်ဝင်္ဂီသတို့နှင့်တကွ ရှင်သီလဝံသ ရှင်ရဋ္ဌသာရတို့ပမာ
ကဝိလက္ခဏာ ပြီးဝိဇ္ဇာဖြင့် များစွာသော
ပေါရာဏကထာ ပျို့ကဗျာ လင်္ကာ ဧချင်း မယွင်းမော်ကွန်း
သတ်ညွှန်း သတ်စု ရတု သတ်ပုံ တို့နှင့်
ပြည့်စုံတော်မူသည်ဖြစ်၍
လောကီလောကုတ် မယုတ်စွယ်စုံ မုန်ဝင်အာသောက်
ကဗိပါမောက် ပြောင်ကြီးမြောက်၍ ပေါက်သားကြီးတဆူ
ဖြစ်တော်မူသော

## မန်လည်ဆရာတော်ဘုရားကြီး

ဉာဏ်မီးတောက်စ ဒသဝဿ ဆယ်ဝါရအခါတွင်
ရတနာနဝရတ် စုံစီသတ်သကဲ့သို့ ဇာတ်ဝတ္ထုရာဇဝင်
ဥပမာပုံပြင်တို့ဖြင့် စီရင်ရေးသားတော်မူအပ်သော

### မဟာသုတကာရီ

# မဃဒေဝလင်္ကာသစ်

နှင့်

## သိနုဍ္ဍဒီပနီ

---

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်

သာသနာ ၂၅၂၀ ကောဇာ ၁၃၃၈ ခုနှစ် ၁၉၇၆

ထုတ်ဝေသူ။ ။မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့
အင်းတော်မြို့မဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်း
မှတ်ပုံတင်ကင်းလွတ်ခွင့်အမှတ် (၀၃၂၇၇)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၀၃၂၇၇)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန
ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူးဦးလှမောင် (M.A.,M.S.,B.L.
( မှတ်ပုံတင်အမှတ် ၈၇၉ )ကပုံနှိပ်သည်။

# နိဒါန်း

**အမှာစကား**

၁။ မြန်မာစာပေသမိုင်းကို လေ့လာလျှင် ကုန်းဘောင်ခေတ် ဒုတိယပိုင်းသည် စကားပြေ အရေးအသား အထွန်းကားဆုံးခေတ် ဖြစ်ပါသည်၊ ပျို့ ကဗျာ လင်္ကာဘက်တွင်လည်း အင်းဝခေတ် စာပေအဆင့်ကိုမှီသော စာဆိုရှင်များ ပေါ်ထွက်ခဲ့သည့်ကာလ ဖြစ်ပါသည်၊ ပျို့ လင်္ကာ ကဗျာရေးသားမှုထူးချွန်သူများအနက် မန်လည်ဆရာတော်သည် ထင်ရှားလှပါသည်၊ ဆရာတော် ရေးသားသီကုံးခဲ့သည့် "မဟာသုတကာရီ မဃဒေဝလင်္ကာသစ်"သည် လောကီ လောကုတ္တရာ နှစ်ဖြာသော ဗဟုသုတတို့ကို ပေးစွမ်းနိုင်သဖြင့် မြန်မာ့စာပေ နယ်ပယ်တွင် ထင်ရှားကျော်ကြား၍ မိုဒြမ်းပြုကိုးကားရသောကျမ်းစာတစောင် အဖြစ် ယနေ့ထက်တိုင် ရပ်တည်လျက် ရှိပါသည်။

၂။ မန်လည်ဆရာတော်ဘုရားကြီး ရေးသား စီရင်ခဲ့သည့် များစွာသော ကဗျာ လင်္ကာ စာပေကျမ်းဂန်များသည် ပြည်သူအများ၏ လောကီလောကုတ္တရာ အကျိုးစီးပွါးကို ပေးနိုင်စွမ်းရှိပါသည်၊ ဆရာတော်ဘုရား ပျံလွန်တော်မူခဲ့ သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့သည့်အပြင် ဒုတိယကမ္ဘာစစ်နှင့် ပြည်တွင်း သောင်းကျန်းမှုဘေးဒဏ်တို့ကို ခံစားခဲ့ရသော မန်လည်မြို့သည် ဆရာတော်၏ ပေစာမူများကို အခက်အခဲများအကြားကပင် ကြိုးစား၍ ထိန်းသိမ်း စောင့် ရှောက်ခဲ့ကြပါသည်၊ မလွှဲမရှောင်သာသည့် ဖြစ်ရပ်မျိုးများကြောင့် ပျက်စီး ခြင်း ပျောက်ဆုံးခြင်းများကိုလည်း ကြုံတွေ့ခဲ့ရပါသည်၊ ယင်းစာပေများကို ထပ်မံ ပုံနှိပ်ထုတ်ဝေခြင်းရှိကြောင်း တွေ့ရသော်လည်း မူရင်းပေစာနှင့် ကွဲလွဲ ခြင်း ဆရာတော်၏ နေရင်းဒေသကို လမ်းညွှန်မှုသည်ပင် မှားယွင်းစွာ ဖော်ပြ ထားခြင်းစသည်တို့ကို တွေ့ရပါသည်၊ တခါတရံတွင် မပြည့်မစုံ ပုံနှိပ်ထုတ်ဝေ ထားသော ဆရာတော်၏ စာပေတပိုင်းတစကို ဖတ်ရှု၍ ဝေဖန်ရေးသားခြင်း ကိုပင် တွေ့ရှိရရာ ဆရာတော်၏ ဂုဏ်သိက္ခာကို ထိပါးလာဘွယ်ရာ ရှိပါသည်။

၃။ ယင်းကဲ့သို့သော အခြေအနေများကို သုံးသပ်၍ တတိယမန်လည်ဆရာ တော်နှင့် အင်းတော်မြို့မဆရာတော်တို့အမှူးပြုသည့် ဆရာတော်များ လူပုဂ္ဂိုလ် များ ပါဝင်သော "မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့"ကို ဖွဲ့စည်းခဲ့ပါသည်၊ ယင်းအဖွဲ့သည် ပထမမန်လည်ဆရာတော်ဘုရားကြီး၏ စာပေများကို မူရင်း ပေစာများနှင့် တိုက်ဆိုင် စိစစ်၍ အခါအားလျော်စွာ ပြန်လည် ပုံနှိပ်ထုတ်ဝေ

သွားရန် ရည်ရွယ်ပါသည်၊ ပွဲဦးထွက်အနေနှင့် "မဟာသုတကာရီမဃဒေဝလင်္ကာသစ်"နောက်ဆုံးစာမူကို ရိုက်နှိပ်ထုတ်ဝေရန် ဆုံးဖြတ်ထားပါသည်၊ မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့ဝင်များမှာ—

နာယကများ

(၁) ဦးပုည　　　တတိယမန်လည်ဆရာတော်
(၂) ဦးနန္ဒဝံသ　　အင်းတော်မြို့မကျောင်းဆရာတော်
(၃) ဦးဉာဏိန္ဒ　　မန်လည်မြောက်ကျောင်းဆရာတော်
(၄) ဦးစိန်လွင်　　မြို့နယ်ပါတီယူနစ်
(၅) ဦးရန်လင်း　　မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ၊

စာပေစောင့်ရှောက်ရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးဘဒွေး | မြို့နယ်ပြည်သူ့ကောင်စီ | ဥက္ကဋ္ဌ |
| ၂။ | ဦးခင်မောင် | မြို့နယ်တရားသူကြီးအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးလှဖေ | မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ | ငွေထိန်း |
| ၄။ | ဦးထွန်းစိန် | လမ်းစဉ်လူငယ် | စာရင်းစစ် |
| ၅။ | ဦးစိန်ဦး | အငြိမ်းစားရဲဝန်ထောက် | စာရင်းစစ် |
| ၆။ | ဦးဘကြွယ် | အငြိမ်းစားတောအုပ်ကြီး | အဖွဲ့ဝင် |
| ၇။ | ဦးကျော်အေး | မြို့နယ်သမဝါယမအသင်း | အဖွဲ့ဝင် |
| ၈။ | ဦးဘသိန်း | အငြိမ်းစားကျောင်းအုပ်ကြီး | အဖွဲ့ဝင် |
| ၉။ | ဦးခင်မောင်သန်း | မြို့နယ်ပြည်သူ့ကောင်စီ | အဖွဲ့ဝင် |
| ၁၀။ | ဦးထွန်းညွန့် | လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၁။ | ဦးစက်ဖေ | မန်လည် | အဖွဲ့ဝင် |
| ၁၂။ | ဦးအေးမောင် | မန်လည် | အဖွဲ့ဝင် |
| ၁၃။ | ဦးသန်းဖေ | မန်လည် | အဖွဲ့ဝင် |
| ၁၄။ | ဦးသိန်း | မန်လည် | အဖွဲ့ဝင် |
| ၁၅။ | ဦးအေး | မန်လည် | အဖွဲ့ဝင် |
| ၁၆။ | ဦးစိန်ဒိုင် | ဝါးဖြူတောင် | အဖွဲ့ဝင် |
| ၁၇။ | ဦးညွန့်အောင် | လုပ်ငန်းစစ်ဆေးရေး | အတွင်းရေးမှူး |
| ၁၈။ | ဦးတင်ကြည် | တရားသူကြီးအဖွဲ့ | တွဲဘက်အတွင်းရေးမှူး |

**မဃဒေဝလင်္ကာသစ် ပုံနှိပ်ခြင်းသမိုင်း**

၄။ မန်လည်ဆရာတော်ဘုရားကြီးရေးသားသီကုံးခဲ့သည့်"မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်" ပထမစာမူကို ၁၂၆၉-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်၊ မန္တလေးမြို့ ဆိုင်းတန်းလမ်း ရတနာဒီပစာပုံနှိပ်တိုက်က ပထမဆုံးရိုက်နှိပ်ခြင်း ဖြစ်ပြီး အဖွင့်ကျမ်းဖြစ်သော "လီနတ္ထဒီပနီ"ပါ ပူးတွဲပါဝင်ပါသည်၊ စာမျက်နှာ (၃၀၄)မျှ ပါရှိပြီး အခဏ်းပေါင်း(၆) ခဏ်း အပိုဒ်ပေါင်း (၃၂၂)ပိုဒ် ခွဲခြားရေးသားထားပါသည်။

၅။ ပထမစာမူကို ဆရာတော်ဘုရားကြီး ဆယ်ဝါရစဉ်အခါက ရေးသားခြင်းဖြစ်သဖြင့် ပိုမိုပြည့်စုံကောင်းမွန်အောင် အားထုတ်၍ ဆက်လက်ရေးသားခဲ့ပါသည်၊ ဒုတိယစာမူကို ရန်ကုန်မြို့ ၂၅ လမ်း စာဆိုတန်း တိုက်နံပါတ် ၁၇-၁၈၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်က ၁၂၇၆-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း တွေ့ရပါသည်။ "လီနတ္ထဒီပနီ"ကို ပူးတွဲပုံနှိပ်ခြင်းမရှိသော်လည်း စာစီပြီးနောက်မှ ရရှိသော ပြင်ဆင်ချက်များကို စာအုပ်၏ ရှေ့ပိုင်းတွင် "ထပ်မံပြင်ဆင်ချက်" ဟူသော ဇယားဖြင့် ထည့်သွင်းဖော်ပြသဖြင့် စာမျက်နှာ (၄၈၆)မျှ ရှိပါသည်၊ အခဏ်းမှာ (၆)ခဏ်းဖြစ်၍ စာပိုဒ်ပေါင်း (၆၂၄)ပိုဒ်အထိ ပါဝင်လာပါသည်။

၆။ ပိဋကတ္တယကောဝိဒ ဘာသန္တရဆေက ကဗျာ့ပါရဂူဖြစ်တော်မူသော မကာရလောပအကျော် ပထမ မန်လည်ဆရာတော်ဟု ကျော်ကြားခဲ့သည့် ဆရာတော်ဘုရားကြီးသည် ရေးသားစီကုံးပြီးသော စာမူကို အားရတင်းတိမ်တော်မမူဘဲ ပိုမိုကောင်းမွန်အောင် ပြင်ဆင်လိုသော ဆန္ဒရှိပါသည်၊ ဖြည့်စွက်ပြင်ဆင်နိုင်သော အစွမ်းလည်း ရှိတော်မူပါသည်၊ အထူးကြည်ညိုနှစ်သက်ရင်းစွဲရှိသော မဃဒေဝဇာတ်တော်ကို ဖွဲ့ဆိုထားသော မဃဒေဝလင်္ကာသစ်ကို ထပ်မံစိစစ်၍ ၁၂၈၁-ခုနှစ်တွင် ပြင်ဆင်ဖြည့်စွက်ခဲ့ပြန်ပါသည်၊ ယင်းတတိယစာမူကို မန္တလေးမြို့ ဘုရားကြီးအနောက်မုခ် ရွှေရေးဆောင်တိုက် တိုက်အုပ်ဆရာတော် ဦးစန္ဒိမာကြီးကြပ်၍ ပေထက်အက္ခရာတင်ခဲ့ရာ ၁၂၈၁-ခု နတ်တော်လဆန်း (၁၃)ရက်နေ့ (၃)နာရီအချိန်တွင် ပြီးစီးပါသည်၊ ပေစာအားဖြင့် ၂၆-အင်္ဂါရှိခဲ့ပါသည်၊ ဒုတိယစာမူနှင့် တိုက်ဆိုင်စစ်ဆေးရာ နုတ်ပယ်ချက် (၈)ခု ပြင်ဆင်ရေးသားချက်(၅၅)ခုနှင့် ဖြည့်စွက်ချက် (၉၉၇)ခုရှိ၍ စုစုပေါင်း (၁၅၆၀) ရှိပါသည်၊အခဏ်းကြီး (၆)ခဏ်း အခဏ်းငယ်(၅၀)နှင့် စာပိုဒ်ပေါင်း (၆၂၅) ပိုဒ်ပါဝင်ပါသည်။

၇။ ယခုတင်ပြသော တတိယစာမူသည် ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူမီ နောက်ဆုံးအချိန်အထိ ပြင်ဆင်ရေးသားခဲ့သော စာမူဖြစ်ပါသည်၊ ဆရာတော်ဘုရားကြီးသာ ပျံလွန်တော်မမူသေးလျှင် နောက်ထပ် မဃဒေဝ

လင်္ကာစာမူသစ်တစောင် ထပ်မံပေါ်လာနိုင်သည်ဟု ဒုတိယမန်လည်ဆရာတော်၏ မိန့်ကြားချက်ကိုပင် ကြားနာခဲ့ရဘူးပါသည်၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကိုယ်တိုင် ပြင်ဆင်ရေးသားစီကုံးခဲ့သော နောက်အကျဆုံး စာမူအပြည့်အစုံကို ပြည်သူလူထုသို့ အရောက်ဖြန့်ချီ၍ ဖတ်ရှုစေလိုသည့် ဆရာတော်၏ ဆန္ဒကို ဖြည့်စွမ်းခြင်းအားဖြင့် ကျေးဇူးဆပ်ရန်နှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့က ကြိုးပမ်းထမ်းဆောင်ခြင်းသာ ဖြစ်ပါသည်။

## မန်လည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ

၈။ မန်လည်ဆရာတော်ဟု ထင်ပေါ်ကျော်ကြားမည့် "မောင်မာ"ကို သက္ကရာဇ် ၁၂၀၃-ခုနှစ် တန်ခူးလဆန်း(၁၂)ရက် အင်္ဂါနေ့ညဥ့်(၃)ချက်တီးကျော် ဝိသာခါနက္ခတ် မွန်းတည့်ချိန်တွင် မြန်မာပြည်အလယ်ပိုင်း သုနာပရန္တတိုင်း မန်လည်မြို့၌ အဖ မြို့စာရေးကြီး ဦးတင်ညိုနှင့် ဇနီး ဒေါ်ဖြေတို့မှ ဖွားမြင်ခဲ့ပါသည်၊ ရုပ်လက္ခဏာ မောက်မာသန်စွမ်း ဘေးဘျမ်းမရှိ ဖွားမြင်ခြင်းကြောင့် "မောင်မာ"ဟူသော အနွတ္တအမည်ကို ပေးခဲ့ခြင်း ဖြစ်ပါသည်၊ ၃-နှစ်သားအရွယ်တွင် ဖခင်ကွယ်လွန်ပြီး ၁၂-နှစ်သားအရွယ်၌ ဝန်းသိုမြို့ တောင်ပေါ်ကျောင်းဆရာတော် ဦးပန်းအောင်(ဝန်းသိုစော်ဘွားကြီး၏ နောင်တော်)ထံ သွားရောက်စာပေသင်ကြားခဲ့ပါသည်၊ ပညာပါရမီရင့်သန်သူ ဖြစ်ခြင်းကြောင့် မကြာမြင့်မီကာလ ၁၆-နှစ်သားအရွယ်မှာပင် မြန်မာစာကို သင်ထုံးသင်နည်းနှိသျှည်းနှင့် ပုဒ်ဖျည်းမကျန် ကာရန်ဝါကျ မြန်မာ့သဒ္ဒါ ကဗျာသတ်ပုံ အလုံးစုံသော လင်္ကာတို့ကို တတ်ကျွမ်းတော်မူပါသည်၊ ဒွေးချိုး လေးချိုး တေးထပ် ကဗျာ စသည်များနှင့် ဆာဝါပြဇာတ်, ပဒုမပြဇာတ်တို့ကိုပင် ရေးသားသီကုံးနိုင်ခဲ့ပါသည်။

၉။ မွေးမိခင် ဒေါ်ဖြေ ကွယ်လွန်သည့်နှစ် အသက်(၁၆)နှစ်သားအရွယ်မှာ သာမဏေရပဗ္ဗဇ္ဇမင်္ဂလာခံယူခဲ့ရာ မြန်လျင်သောဉာဏ် ပဋိဘာန်ကြောင့် အင်္ဂါနံအရင်းစ၍ "သျှင်ဇဝန"ဟု ဘွဲ့မည်ရခဲ့ပါသည်၊ သာမဏေဘဝနှင့် လိင်ဒတ် သေခိယ ခန္ဓကတို့ကို နှုတ်ရအာဂုံ ပြည့်စုံပြီးနောက် မွေးဖွားရင်းဒေသ မန်လည်မြို့မရှိ ပြာသာဒ်ကျောင်းကြီးဆရာတော် (အသျှင်နန္ဒမဥ္ဇူ)ထံသို့ ပြန်လည်၍ စာပေဆက်လက်သင်ကြားခဲ့ရာ ပါဠိဘာသာ သဒ္ဒါသင်္ဂြိုဟ် ဆိုဆိုသမျှ ဂန္ထန္တရအဆူဆူတို့ကို လွယ်ကူစွာ တတ်မြောက်တော်မူပါသည်၊ ဆရာတော် အသျှင်နန္ဒမဥ္ဇူသည် မကာရလောပအကျော် တောင်တွင်းကြီး ဆရာတော် ခင်ကြီးဖျော်မှ နောက် ၃-ဆက်မြောက် ဆရာတော်ဖြစ်ရကား မန်လည်ဆရာ

တော်အား သိးခြားထင်ရှားအောင် သင်ကြားပြသနိုင်စွမ်းရှိသူ ပုဂ္ဂိုလ်ကျော် တပါး ဖြစ်ပါသည်။

၁၀။ ဗုဒ္ဓဘာသာသာသနာတော်၏ အကျိုးစီးပွါးကို ထိရောက်စွာ ထမ်းဆောင်သယ်ပိုးလိုသော "သျှင်ဇဝန"သည် ၁၂၂၅-ခု တပေါင်းလပြည့်ကျော် (၅)ရက်နေ့တွင် မဲဇာမြစ် နဒီသိမ်၌ ဥပသမ္ပဒကံအားဖြင့် ရဟန်းခံတော်မူရာ "အသျှင်ဇဝန"ဟူသော ဘွဲ့အမည်ကိုပင် ထပ်ဆင့်ရရှိခဲ့ပါသည်၊ ဥပဇ္ဈာယ်ဆရာကား အနောက်ဘက် အောင်းပင်ရွာမှ ဝါတော် ၆၀-ရှိ "အသျှင်ဂုဏဝါ" မထေရ်မြတ်ဖြစ်ပါသည်၊ ရဟန်းခံခြင်းနှင့်ပတ်သက်၍ ဆရာတော်ကိုယ်တိုင်ပင်

"ပဏ္ဍာဝီဒုးလို့၊ ခုရေးတဲ့ဝေါဟာ၊လူ့ရှေးကွဲ့ကောဇာဝယ်၊ပြောစရာ တခြား။ မှတ်လေတော့မိန်ရာသီဝယ်၊ ကျော်တိထိငါးရက်နေ့ကြွား။ ။ မဲဇာမြစ်နဒီသိမ်တွင်၊ထေရ်မာရ်နှိမ်ဆယ်ပါး၊ ဉာဏ်ရည်ချိန်တည်ထားလို့၊ ဘုရားရှင့်သားတော်ဘောင်"—

စသည်ဖြင့် ဖွဲ့ဆိုဖော်ပြခဲ့ခြင်းအရ ထင်ရှားသိသာလှပါသည်။

၁၁။ မန်လည်ဆရာတော်သည် ၃-ဝါအရ သက္ကရာဇ် ၁၂၂၈-ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် ထီးလင်းတိုက်၌ ဝါဆိုတော်မူ၍ ပိဋကတ်စာပေကို ပွါးများလေ့လာခဲ့ပါသည်၊ နောက်တနှစ်အကြာတွင် မင်းထင်မင်းလှသမန္တရာဇာဘွဲ့ခံ မန်လည်မြို့ဝန်၏ လျှောက်ထားချက်အရ မန်လည်မြို့သို့ ပြန်လည်ကြွရောက်တော်မူခဲ့ပါသည်၊ ပြန်လည်ရောက်ရှိပြီးနောက် ငယ်ရွယ်စဉ် စာပေသင်ကြားလေ့လာစဉ်က အထူးကြည်ညိုခဲ့ဘူးသည့် နေမိဇာတ်တော်လာ မဃဒေဝမင်း အတ္ထုပ္ပတ္တိကို ဝိတ္ထာရဝေဘန်၍ မြန်မာစကားသံဖြင့် လင်္ကာသွားဝေဖြာအောင် စီကုံးရေးသားတော်မူပါသည်။

၁၂။ ထိုစဉ်ကာလတွင် မြစ်စဉ်ခရိုင်ဝန်သည် နယ်လှည့်လာခိုက်ကြုံကြိုက်၍ မေးမြန်းလျှောက်ထားသော ဘာသာရေးပုစ္ဆာများကို လွယ်ကူစွာဖြေဆိုနိုင်ရုံမျှမက ဓာတုကထာကျမ်း၏ အရကောက်အမေးများဖြင့် ပြန်လည်မေးမြန်းတော်မူရာ မြစ်စဉ်ခရိုင်ဝန်က မဖြေဆိုနိုင်သဖြင့် ဝန်ချတောင်းပန်၍ ပူဇော်ကန်တော့သည်ကို ခံယူခဲ့ရပါသည်၊ ထိုအချိန်မှစ၍ ဆရာတော်၏ ဂုဏ်သတင်းသည် တဖြည်းဖြည်းဖြင့် မန္တလေးနေပြည်တော်သို့အရောက် ထွန်းပေါက်တော်မူခဲ့ပါသည်။

၁၃။ သာသနာ့အာဇာနည် ရဟန်းယောဂီကြီးဖြစ်သော ဆရာတော်ဘုရားကြီးသည် သာသနာရေးကိစ္စ လုပ်ငန်းတာဝန်အဝဝကြောင့် အပြီးမသတ်နိုင်ခဲ့သော မဃဒေဝလင်္ကာသစ်ကို ၁၂၆၆-ခုနှစ်တွင်မှ ဆက်လက်ရေးသားတော်မူရာ တော်သလင်းလပြည့်ကျော် (၁၄) ရက် သောကြာနေ့ည (၈) နာရီအချိန်တွင်

အောင်မြင်ပြီးဆုံးခဲ့ပါသည်၊ စာပေကျမ်းဂန်များရေးသားပြုစုရုံမျှမက ဆက်လက်လေ့လာအားထုတ်ခဲ့ရာ မန်လည်ဆရာတော်သည် ဘင်္ဂလီ နာဂရီ သီဟိုဠ်ဘာသာစသော ဘာသန္တရကျမ်းများကိုလည်းကောင်း ဇာတ်နိပါတ်ရာဇဝင် ဗေဒင်ကျမ်း ဆေးကျမ်း ဓာတ်ကျမ်း နက္ခတ်ကျမ်း အင်္ဂရိတ်ကျမ်းများနှင့်တကွ တတ်သင့်တတ်ထိုက်သော ပညာဗဟုသုတ သိပ္ပါယတနများကိုလည်းကောင်း တဘက်ကမ်းခပ်အောင် တတ်မြောက်တော်မူပါသည်။

၁၄။ ဆရာတော်ဘုရားကြီးသည် စာပေကျမ်းဂန်ရေးသားမှု၌သာ ရောင့်ရဲနေတော်မူသည်မဟုတ်ဘဲ နိုင်ငံတော်အတွင်း လှည့်လည်၍ သာသနာပြုရန်ကြွရောက်တော်မူခဲ့ပါသည်၊ ၁၂၆၇-ခုနှစ်တွင် မိုးကုတ်မြို့သို့လည်းကောင်း ၁၂၆၉-ခုနှစ်တွင် မန္တလေး စစ်ကိုင်း မြို့များသို့လည်းကောင်း ၁၂၇၆-ခုနှစ်၌ မဟာရာဇာစော်ဘွားကြီး၏ ပင့်လျှောက်ချက်အရ သီပေါမြို့သို့လည်းကောင်း ကြွရောက်တော်မူခဲ့ပါသည်၊ ထိုးချိုင့် ကသာ ရွှေကူ ဗန်းမော် မြို့များကို အကြိမ်ကြိမ်သွားရောက်ခဲ့ပြီး ကောလင်း ဝန်းသို မိုးညှင်း မိုးကောင်း မြစ်ကြီးနား မြို့များသို့လည်း ကြွရောက်သာသနာပြုခဲ့ပါသည်၊ ၁၂၈၁-ခုနှစ် ပြာသိုလမှစ၍ လှည့်လည်ပြန်ရာ စစ်ကိုင်း ပခုက္ကူ ပြည် ဟင်္သာတ မင်းလှ ပုသိမ် ရန်ကုန် သထုံ မော်လမြိုင် စသောမြို့များသို့လည်းကောင်း အပြန်ခရီးတွင် ပဲခူး ဖြူး တောင်ငူ ပျဉ်းမနား စသောမြို့များသို့လည်းကောင်း ရောက်ရှိ၍ သာသနာပြုခဲ့ပါသည်၊ ဆရာတော်၏ ဘုန်းကံပါရမီအလျောက် ဖြစ်လာရသော ထူးခြားချက်မှာ ၁၂၅၉-ခုနှစ်တွင် အိန္ဒိယပြည် လပ်ကနောင်းမြို့ရှိ ပြည်နယ်ပြတိုက်မှ ပြတိုက်မှူးနှင့် အတွင်းရေးမှူးဖြစ်သူ ဒေါက်တာ အေ ဖြူရာ (Dr. A. Fuhrer, Ph.D)ထံမှ တဆင့်ကပိလဝတ်ပြည် ဆတူပစေတီတော်ကြီးအတွင်းမှ "ဗုဒ္ဓဒန္တ"ဟု အမိပ္ပါယ်ရသည့် နာဂရီစာဖြင့် ရေးသားထားကာ ဗုဒ္ဓအံတော်အစစ်ကို လက်ခံရရှိခဲ့ပါသည်၊အံတော်ကို မန်လည်မြို့ပြာသာဒ်ကျောင်းအတွင်း ၁၂၅၄-ခုနှစ်ကတည်ထားခဲ့သော ဉာဏ်တော် (၇၇)တောင်ရှိ တာဝတိံသာ မဟာအဘယ စူဠာမုနိစေတီတော် အနောက်မုခ်တွင် ၁၂၈၁-ခု ပြာသိုလတွင် ဌာပနာတော်မူခဲ့ပါသည်၊ အင်္ဂလန်ပြည့်ရှင် ပဥ္စမမြောက် ဂျော့ဘုရင်လက်ထက်တွင် အိန္ဒိယဘုရင်ခံချုပ်ချမ်းစီဖို့ (Montagu Chelmford)က ကြည်ညိုလေးမြတ်တော်မူသဖြင့် ၁၂၇၉-ခု (၁၉၁၇)ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံယူခဲ့ရပါသည်။

၁၅။ မန်လည်မြို့သို့ ပြန်လည်ရောက်ရှိပြီးနောက် ၁၂၈၂-ခု တော်သလင်းလဆန်း (၁၃) ရက်နေ့ နံနက် ၁-နာရီ ၃၀-မိနစ်အချိန် သက်တော် (၇၉) နှစ် သိက္ခာတော်(၅၆)ဝါအရတွင် ဘဝနတ်ထံ ပြန်လွန်တော်မူခဲ့ပါသည်၊ လယ်တီဆရာတော်ဘုရား၏ တောင်းပန် လျှောက်ထားချက်အရ ဆန်းသံခိပ်နှင့်

အလင်္ကာသံခိပ်ကျမ်းများကို ရေးသားနေဆဲအခါတွင် ပြန်လွန်တော်မူခြင်း ဖြစ်ပါသည်၊ ထိုအချိန်အထိ ရေးသားပြီးစီးခဲ့သော စာတမ်းများကား ကျမ်းစာပေါင်း(၆၀) ဘုရားရှိခိုး(၁၁)မျိုး မောင်းသီချင်းနှင့် အံတော်သီချင်း ဒွေးချိုး လေးချိုး တေးထပ် လင်္ကာ ရတုမြောက်မြားစွာနှင့် သံချိုများ ဘုန်းကြီးပြန်ဝိုချင်းများစသည်ဖြင့် အများအပြား တွေ့ရှိရပါသည်။

၁၆။ မန်လည်ဆရာတော်ဘုရား၏ မပုပ်မသိုး ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို အုတ်ပြာသာဒ်ဆောက်လုပ်ထည့်သွင်း၍ ပူဇော်ကိုးကွယ်ခဲ့ကြပါသည်၊ ပထမဆောက်လုပ်လှူဒါန်းသော နားခါရွာ ဦးဖောင်နှင့် ဦးကြီးညိုတို့ အမှူးပြုသည့် ပြာသာဒ်တော်ကြီးသည် ၁၃၀၈-ခုနှစ် မြေလျှောင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သဖြင့် အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များ ပါဝင်၍ အသစ်ဆောက်လုပ်လှူဒါန်းခဲ့ရာ ၁၃၃၆-ခုနှစ် တပို့တွဲလပြည့်နေ့၌ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အသျှင်ဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ကိုယ်တိုင် အမှူးပြု၍ ရေစက်သွန်းချ လှူဒါန်းပူဇော်နိုင်ခဲ့ကြပါသည်၊ မန်လည်မြို့သည် ယခုအချိန်တွင် စစ်ကိုင်းတိုင်း အင်းတော်မြို့နယ်အတွင်း ပါဝင်လျက် မန္တလေး မြစ်ကြီးနားမီးရထားလမ်း မဲဇာဘူတာအလွန်ရှိ ဆည်ရွာဘူတာမှ အနောက်သို့ ခရီး(၂)မိုင်ခန့် ကွာဝေးသော မဲဇာမြစ်ကမ်းပါးတွင် စည်ကားသိုက်မြိုက်စွာ တည်ရှိပါသည်၊ ပထမမန်လည်ဆရာတော်နှင့် ပတ်သက်သည့် လုပ်ငန်းဆောင်တာ အဝဝကို လက်ရှိတတိယမန်လည်ဆရာတော်အမှူးပြုသည့် အဖွဲ့က ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

**မဃဒေဝလင်္ကာသစ်နှင့် မန်လည်ဆရာတော်**

၁၇။ မန်လည်ဆရာတော်သည် ပါရမီဓာတ်ခံ ရင့်သန်သည့် ပုဂ္ဂိုလ်ဖြစ်သည် အားလျော်စွာ ရဟန်းဘဝထက် သာလွန်၍ ဘုရားအဖြစ်သို့တိုင် ရည်မှန်းဆုပန်ထားသူဖြစ်ကြောင်းကို လင်္ကာသစ်၏ နိဂုံးခဏ်းအပိုဒ်(၆၀၆)တွင်—

"သုံးလောကဂိုဏ်း၊သုံးခေတ်တိုင်းကို၊ ကွပ်သိုင်းသိမ်းခြုံ၊ သုံးဘုံစိုးလစ်၊
ဓမ္မရာဇ်ဟူ၊ဖြစ်စိမ့်မယွင်း၊ နှလုံးသွင်းလျက်၊ ရှိးရင်းပတ္ထနာ၊ ငါပန်ထွာ၏" –

ဟု စပ်ဆိုခဲ့ခြင်းကို ကြည့်က ထင်ရှားပါသည်၊ ဘုရားအဖြစ် မရရှိသေးမီ ကာလတွင်လည်း ရဟန်းဘဝချည်းသာ အထပ်ထပ်ရလိုကြောင်းကို မြန်မာနိုင်ငံသမိုင်း ပုဂံခေတ်မင်းများအနက်မှ သမုဒ္ဒရာဇ်မင်း ပြူစောထီးမင်းနှင့် စလေမင်းတို့သည် မင်းဘဝကို ခုကြိမ်စီမျှ ပြန်ကာရကြသည်ကို နမူနာတင်၍ ဆုပန်ထားပြန်သေးကြောင်း ယင်းအပိုဒ်တွင်ပင်——

"သစ္စာဉာဏ်ပင်၊ မပွင့်ခင်လည်း၊ ရာဝင်စည်ကား၊ ငါးကျိပ်ငါးတွင်၊ ရှေးဖျားမည်ထုတ်၊ ရန်မြစ်ခုတ်သည့်၊ သမုဒ္ဒရာဇ်၊ စောစစ်မဟာ၊ နေဝ်ရထာနှင့်၊ ကျစ္စာမင်းကြီး၊ ပြူစောဓိးက၊ နန်းထီးတည်ထောင်၊ သေဌ်လည်ကြောင် ကျန်စစ်သား၊ ပိုင်းခြားတထွေ၊ စလေကုလားကျ၊ သီဟပတေ့၊ ဘုန်းဟေ့ရန်ငူး၊ မင်းသုံးဦးစိ၊ ထူး၍မင်းချည်း၊ တယောက်တည်းလျက်၊ ကျော်သည်းနာမံ၊ ပြည်ပုဂံဝယ်၊ နန်းစံမင်းစစ်၊ ပြန်ကာဖြစ်သို့၊ မြတ်ခေတ်ငါးထောင်၊ သာနာရောင်လျှင်၊ ထွန်းပြောင်သမျှ၊ လူ့ဘဝနှင့်၊ သမဏချည်း၊ သူတော့်နည်းကို။ ။ငါလည်းဖြည့်လိုဘန်လဲးတည်း"—

ဟု တွေ့ရပြန်ပါသည်။

၁၈။ သာသနာတော်၏ အကျိုးစီးပွါး တိုးတက်စေလိုသော ဆရာတော်၏ မူရင်းစိတ်ဓာတ်ကို မဃဒေဝဇာတ်တော်က ပိုမို ပြင်းထန်အောင် လှုံ့ဆော်တိုက်တွန်းခဲ့ပါသည်၊ သယံဇာတ ပေါကြွယ်ဝ၍ ကြီးကျယ်စည်ကားလှသော မိထိလာပြည်ကြီး၏ ဒုတိယထီးနန်းဆက်ကို စတင်စိုးစံခဲ့သည့် မဃဒေဝမင်းသည် ဗိုလ်ခြေ (၉၀၀) ခွန်အား ဆောင်နိုင်သူ ဖြစ်ပါသည်၊ နိုင်ငံတော်၏ ရဲမက်အင်အားမှာလည်း—

"ခေါဘိဏီစစ်၊ တဆယ့်ရှစ်တို၊ လက်ပစ်ရမှိုင်၊ မတတ်နိုင်အောင်၊ ကြံ့ခိုင်ခက်ကျိတ်၊ သောင်းလုံးထိတ်လျက်"—

အပိုဒ် (၃၃)၌ဖူဘိသို့ ပြည်ထောင်ချင်းချင်း မင်းအပေါင်းတို့၏ ခန့်ညားမှုကို ရရှိခဲ့ပါသည်။ အနွယ်တော်ကိုစစ်လျှင်လည်း မဟာသမ္မတမင်းမှစ၍ ရေတွက်သော် ၈၄၃၃၈-ဦးမြောက်ဖြစ်၍ အသမ္ဘိန္န ခတ္တိယမပျက် မင်းမျိုးဆက်ဖြင့် ဆင်းသက်လာသည့် မင်းတပါး ဖြစ်ပါသည်၊ သို့စဉ်လျက် လောကီကို ငြီးငွေ့သဖြင့် ထီးနန်းစည်းစိမ်ကိုစွန့်ပယ်၍ တောထွက်ကာ ရဟန်းပြုတော်မူခဲ့ပါသည်၊ ယင်းမင်းဆက်၏ နောက်ဆုံးမင်းဖြစ်သော နေမိမင်းကြီးတိုင်အောင် ရှစ်သောင်းလေးထောင်ကုန်သော မင်းတို့သည် ထိုနည်းနှင်နှင် တောထွက်ပြီး ရဟန်းပြုကြသည်ချည်း ဖြစ်၏၊ ထိုဖြစ်ရပ်မှာ အထုံပါရမီ ရင့်သန်သော ဆရာတော်အား ဆုကြီးပန်ဖြစ်အောင် တိုက်တွန်းခဲ့သည်ဟုဆိုက မှားနိုင်အံ့ မထင်ပါ၊ ဤစိတ်ဓာတ်အရင်းခံသည်ပင် မဟာသုတကာရီမဃဒေဝလင်္ကာသစ်ကို ရေးစပ် စီကုံးစေသော ပဓာန အကြောင်းတရား ဖြစ်ပါသည်။

## သတ်ပုံပညာ နည်းစုံပါ

၁၉။ တိုးတက်သောလူမျိုးတိုင်း စာပေကို မြတ်နိုးကြပါသည်၊ "စာပေတင့်မှ လူမျိုးတင့်၍ စာပေပျောက်က လူမျိုးပျောက်သည်"ဟူသော ဆိုထုံးပင်

ရှိပါသည်။ မန်လည်ဆရာတော်သည် တိုင်းတပါး၏ ကျွန်ဘဝသို့ တပိုင်းတစ ရောက်နေသော မိမိတို့လူမျိုးအတွက် စာပေ မတိမ်ကောစေရန် လက်ာရေးသား မှတ်တမ်းတင်ခဲ့ခြင်းဟုလည်း ဆိုနိုင်ပါသည်။

၂၀။ တနည်းအားဖြင့် မဃဒေဝလင်္ကာသစ်သည် မန်လည်ဆရာတော်၏ မြန်မာစာပေနယ်ပယ်တွင် ကျွမ်းကျင် နှံ့စပ်တော်မူခြင်းကို ပြဆိုနေပါသည်၊ ပျို့ လင်္ကာတခွန်စိုက် အင်းဝခေတ် စာပေများ၏ အဆင့်အတန်းကို မှီအောင် စပ်ဆိုဖွဲ့နွဲ့နိုင်ခဲ့ခြင်းကို အောက်ပါ ခွဲထားသတ်ပုံများအရ ထင်ရှားလှပါသည်၊ အနည်းငယ်မျှ နမူနာအဖြစ် ထုတ်နုတ်တင်ပြရလျှင်—

| | |
|---|---|
| –မဟာဝိသယ၊ တိလောကန္တိက်၊ နရမရူ | အပိုဒ် (၁) |
| –လောကိဥဿျောင်၊ ရန်မျိုးရှောင်သည် | အပိုဒ် (၂၅) |
| –ငါးကျိပ်ခြောက်တို၊ မချောက်မချား | အပိုဒ် (၂၇) |
| –နတ်ပြောစီရင်၊ မြို့ကြီးယင်၍ | အပိုဒ် (၂၉) |
| –သားတော်ဘုန်းယို၊ နတ်တရှိသို့ | အပိုဒ် (၃၁) |
| –လောင်းမင်းအသျှင်၊ ဘဝရှင်၏ | အပိုဒ် (၉၀) |

စသည်ဖြင့် တိုတိုရှင်းရှင်းနှင့် လိုရင်းကိုနားလည်အောင် ဖွဲ့ဆိုသီကုံးထားသည့် အရေးအသားများဖြစ်ပါသည်။

## ရာဇဝင်ပညာ လေ့လာစရာ

၂၁။ မန်လည်ဆရာတော်သည် မိမိကျွမ်းကျင်သော ရာဇဝင် သမိုင်းများကို မဃဒေဝ လင်္ကာသစ်တွင် ထည့်သွင်းဖော်ပြခဲ့ရာ ရာဇဝင်ကျမ်းအဖြစ် လေ့လာ ရသောကျမ်းဖြစ်ပါသည်၊ အထူးသဖြင့် မြန်မာမင်းတို့၏ အုပ်စိုးမှု အဆက်အနွယ် ကို မဟာသမ္မတမင်းမှစ၍ အစဉ်အတိုင်း ဖော်ပြပေးခဲ့ပါသည်၊ အုပ်စိုးမှု ပုံစံတွင် သမ္မတဂိုဏ်းရော ဥက္ကဋ္ဌဂိုဏ်းပါ ပေါ်ပေါက်ခဲ့ပုံ အစုအားဖြင့်(၂၄)စု ကွဲပြားပုံကို ဂေါတမမြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသား တိုင်အောင် အသေး စိတ်နီးပါး ဖော်ပြခဲ့သည်ကို အပိုဒ် (၂၆) မှ (၃၃) အထိ ရာဇဝင်ခန်းတွင် တွေ့ရပါသည်၊ ရာဇဝင် ပထမပိုင်းတွင် မဟာသမ္မတမင်းမှ သြက္ကာကမင်း တိုင်အောင် မင်းပေါင်း (၂၅၂၅၆) ပါး ရှိကြောင်းကို—

> "မဟာသမ္မတ၊မင်းကစ၍၊ သြက္ကာကထိ၊ အယှိတွက်ကိန်း၊ ဂဏန်း ချိန်းသော်၊ နှစ်သိန်းငါးသောင်း၊ နှစ်ထောင့်ငါးရာ၊ ငါးကျိပ်သာ၍၊ သချာနောက်ပွါး၊ မင်းခြောက်ပါးတည့်"—

ဟု အပိုဒ် (၃၁) ၌ ဖော်ပြခဲ့ပါသည်။

၂၂။ မဟာရာဇဝင် ဒုတိယပိုင်းဖြစ်သော ဩက္ကာကမင်းကြီး၏ သမီးတော် ငါးပါးနှင့် သားတော်လေးပါးတို့က တဖန် အလောင်းတော် သိဒ္ဓတ္ထမင်းသား တိုင်အောင် သာကီဝင်မင်းပေါင်း (ဂ၂၀၄) ရှိပြီး စုစုပေါင်း (၃၃၄၅၆၉) ပါး ဖြစ်ကြောင်းကိုလည်း အပိုဒ် (၁၃)တွင်—

"သမိုင်းခန့်ကိန်း၊ သုံးသိန်းသုံးသောင်း၊ လေးထောင့်ငါးရာ၊ ခြောက်ကျိပ်သာ၍၊ သချာတွက်ပြုံး၊ ကိုးယောက်ကျူးတွင်၊ ခေါင်ဆုံးမကိုဋ်၊ အထွတ်စိုက်သို့"—

ဟု ဖွဲ့ဆို ရေးသားခဲ့ပါသည်၊ ဤကဲ့သို့လေ့လာရန် ခက်ခဲလှသည့် အချက်အလက်များကို တိုင်းပြည်အစုများ မင်း၏အမည်များပါ ဖော်ပြ ရေးသားထားသည်မှာ ဆရာတော်၏ ပညာစွမ်းရည် မည်မျှကြီးမားသည်ကို ထင်ရှားစွာပြဆိုရာ ရောက်ပါသည်။

၂၃။ တိုင်းပြည်၏ ထီးနန်းကို သားတော်အား လွှဲအပ်၍ တောထွက်ရန် ကြံတော်မူသော မဃဒေဝမင်းသည် ထီးနန်းဆက်ခံမည့် သားတော်အား ထီးမူနန်းရာနှင့်တကွ အုပ်ချုပ်ပုံစံနစ်များ မင်းကျင့်တရားများ လူတို့၏သဘော သဘာဝများကို ဖော်ပြ ဆုံးမသည့် ပဋ္ဌောဝါဒခဏ်းမှာ များပြားလှသော ဗဟုသုတများ ပါဝင်ပါသည်၊ မင်းကောင်း မင်းမြတ်များသည် တိုင်းသူပြည်သား အတွက် အသက်ကိုမငဲ့ကွက်ဘဲ ကျင့်ဆောင်ခဲ့ကြသည်ကို အပိုဒ် (၁၇၅)၌—

"မဟာသတ္တ၊ နိဂြောဓဟု၊ မိဂသနင်း၊ သမင်မင်းလျှင်၊ ဝမ်းတွင်းတည်နေ၊ သန္ဓေတသက်၊ မိတသက်ကြောင့်၊ ကိုယ်သက်ကြည်ဖြူ၊ စွန့်တော်မူသို့၊ ပြည်သူများတွက်၊ ကိုယ့်အသက်လည်း၊ ငဲ့ကွက်မညှာ၊ စွန့်အပ်စွာ၏"—

ဟု ထုတ်ဖော်သတိပေးခဲ့ပါသည်။ နိုင်ငံတော်ကို အုပ်ချုပ်ကြရသူတို့သည် တိုင်းသူ ပြည်သား၏ ရန်လေးရန်မှားတို့ကို အမြစ်ကမကျန် သုတ်သင်ရန် တာဝန်ရှိကြောင်းကိုလည်း ၎င်းပိုဒ်၌ပင်—

"လူဝါလူရှုပ်၊ ပြင်းဟုပ်ညဥ့်ငှက်၊ သူသွမ်းသွက်နှင့်၊ သူပျက်သူလောင်၊ ပြည်ခြောင့်ကောင်ကို၊ နေရောင်ပိုးစုန်း၊ ဖျောက်လွင့်မှုန်းသို့၊ နိုင်းနှုန်းသဖွယ်၊ ဘုန်းတော်ပယ်၍။ ။ဘုန်းကွယ်ညှိုးပျောက် စေဘိလော့"—

ဟု သွန်သင်မှာကြားခဲ့ပါသည်။

၂၄။ မန်လည်ဆရာတော်ဘုရားသည် ကျေးလက်တွင် ကြီးပြင်းလာသူဖြစ်သော်လည်း ထီးရေးနန်းရာ အဖြာဖြာနှင့် စီမံအုပ်ချုပ်ပုံတို့ကို ကောင်းစွာနားလည်သည့် ပုဂ္ဂိုလ်ဖြစ်ပါသည်၊ မင်းများလိုက်နာသင့်သည့် ကုသိုလ်ကမ္မပထတရား(၁၀)ပါး မင်းကျင့်တရား (၁၀)ပါး နာယကဂုဏ် (၆)ပါး စကြာမင်းတို့ကျင့်စဉ် (၁၂)ပါး အပရိဟာနိယတရား (၇)ပါး တိုင်းပြည်စည်ပင်သာယာစေကြောင်းတရား (၄)ပါး စသည်များနှင့် တကွ အခြားသိမှတ်ဘွယ်ရာ များစွာသော ဇာတ်နိပါတ် ရာဇဝင် ပုံပြင် ပုံဝတ္ထုတို့ကို ကိုးကားလျက် ရေးသားလမ်းညွှန်ခဲ့ပါသည်။

၂၅။ မင်းများကိုသာမဟုတ်၊ ပြည်၏ ဥက္ကောင်း မစောင်းစေရန်အတွက် မှူးမတ်များ ကျင့်သုံးသင့်သည့် တရားများကိုလည်း အမစ္စာဝါဒခန်းတွင် ရေးသားဖော်ပြခဲ့ပါသည်၊ မှူးမတ်တို့သည် မင်းကိုမှီ၍ ဂုဏ်ရောင်ပြောင်ရခြင်းဖြစ်ပြီး အားချင်းပြိုင်ယှဉ်ပါက မိမိသာအကျိုးယုတ်ရတတ်ကြောင်း မြတ်စွာဘုရားသော်မှ မင်းတို့အားတည်မှီခြင်းပြုရကြောင်းကို—

> "သင်တို့အသင်း၊ မတ်ခပင်းလည်း၊ မင်းမှဂုဏ်ရောင်၊ ထွန်းလင်းပြောင်၏၊ အခေါင်အဖျား၊ လွန်ကြီးမားသား၊ ဘုရားသို့တိ၊ ပညာယိလည်း၊ ဣဿရိယ၊ အစိုးရသည့်၊ မင်းမှမှီရာ၊ မရပါသော်၊ထိုပညာရောင်၊ ထွန်းမပြောင်ဘူး"—

ဟု ရာဇကြောင်း ဓမ္မကြောင်း မျှတစေရမည်ကို စာပိုဒ် (၃၆၄)တွင် ဖော်ပြခဲ့ပါသည်။

၂၆။ လောကတွင် မိမိက အသာစီးရသည့်အခါ၌ နိုင်ထက်စီးနင်းမပြုမိအောင် သတိရှိအပ်ကြောင်း အဆင်ခြင်မဖက် မာန်ဟုန်တက်၍ အကျိုးမရှိကြောင်း မည်သည့်အရာမဆို သူ့အတိုင်းအတာအလျောက် အစွမ်းရှိကြကြောင်း အသုံးဝင်ကြကြောင်းကို သတိရှိစေရန်အတွက်—

> "စူးရာစူးလျောက်၊ ဆောက်ရာ ဆောက်တည့်၊ ချင့်ထောက်ပညာ၊ သင့်လျော်စွာအောင်၊ အရာလျောက်ပတ်၊ ခြားစေတတ်လော့"—

ဟူ၍လည်းကောင်း

> "ရံခါလူတွင်၊ ဖြစ်မြဲအင်ကား၊ဆင်မတတ်နိုင်၊ ကြွက်တတ်နိုင်၏"—

ဟူ၍လည်းကောင်း အပိုဒ် (၃၁၈)တွင် ထောက်ညွှန်ဆုံးမခဲ့ပါသည်။

တဖန် တိုင်းသူပြည်သားတို့အပေါ် မင်းအစိုးရတို့၏ စောင့်ရှောက်မှုကို သိရှိရန်နှင့် မိမိတို့ တာဝန်စောင့်ထိန်းရန် ပြည့်နှန်လိုသည့်သဘောဖြင့် အပိုဒ်(၁၇၇)တွင်—

"ယုတ်မြတ်များစွာ၊ လူတို့မှာလျှင်၊ ကမ္ဘာဦးက၊ ခုတိုင်ကျအောင်၊ စိုးရသနင်း၊ မင်းကိုအုပ်ထ၊ စောင့်ရှောက်ကြ၍၊ ထိုမျှသီးသီး၊ သားသမီးနှင့်၊ ယော်ကြီးနိုင်ထက်၊ မနှိပ်စက်ဘဲ၊ ငြိမ်သက်ချမ်းသာ၊ သက်မွေးကာလျှင်၊ အိမ်ရာတည်ကျ၊ နေနိုင်ကြ၏၊ ဉာဏနည်းသူ၊ ရှင်လူအချို၊ သူမိုက်တို့ကား၊ ဤသို့အထူး၊ မင့်ကျေးဇူးကို၊ ကြည်နူးမသိ၊ ငြူစူဘိ၏"-

ဟု စီကုံးရေးသားခဲ့ပါသည်။

**ကျန်းမာရေးအတွက် လမ်းညွှန်ချက်**

၂၇။ မန်လည်ဆရာတော်သည် စွယ်စုံကျော်ထင် ပညာရှင်ဖြစ်သည့် အားလျော်စွာ အသက်ရှည်စွာ အနာမဲ့ကြောင်း အကျင့်ကောင်းများကိုလည်း မဃဒေဝလင်္ကာသစ်ဟွင် ထည့်သွင်းရေးသားလမ်းညွှန်ထားပါသည်၊ ပုတ္တောဝါဒခဏ်းအပိုဒ် (၃၂၇) တွင် အင်အားယုတ်လျော့စေသော အကျင့် (၆) ပါး သေတတ်သည့် အကြောင်းတရား (၈) ပါး အသက်ရှည်ကြောင်း အကြောင်းတရား (၅) ပါးတို့ကို ဖော်ပြခဲ့ပါသည်၊ "အသက်ဉာဏ်စောင့်" ဟူသောစကားကဲ့သို့ ကျန်းမာရန်ကင်း ရောဂါရှင်းစေရန်အတွက် မေထုန်မှုရှောင်သင့်သောလများ ဖက်ဆွတ်ရေကို မသောက်သုံးသင့်သောလများ ချဉ်စပ်နေ်ပူ မစားသင့်သော ကာလများ စသည်တို့ကိုလည်း အပိုဒ် (၃၂၈) တွင် ဖော်ပြရေးသားခဲ့ပါသည်၊ သာသနာ့ဝန်ထမ်း ရဟန်းတော်ပင်ဖြစ်လင့်ကစား လောကီလူသားတို့အကျိုးငှါ လေ့လာရရှိသမျှ ထည့်သွင်းဖော်ပြခြင်းဖြင့် လူသတ္တဝါတို့အကျိုးကို လမ်းညွှန်ခြင်းသည်ကား ကြီးမားသော ဆရာတော်၏ ကရုဏာတရားဖြစ်ပါသည်။

**မိန်းမပြတ်ပျား ချီးမွမ်းထား**

၂၈။ မန်လည် ဆရာတော်သည် ၁၂-နှစ်သားအရွယ် ရှင်သာမဏေဘဝမှသည် ပြန်လွန်တော်မူသည်တိုင်အောင် သာသနာ့ဘောင်တွင်သာ ပျော်ပိုက်စွာသီတင်းသုံးသွားခဲ့ပါသည်၊ သို့ရာတွင် လောကီလူ့ဘောင်တွင် အိမ်ရာထောင်ကာနေကြကုန်သော အမျိုးသား အမျိုးသမီးတို့ အကြောင်းကို ခရေစေ့တွင်းကျသိရှိနားလည်တော်မူသည်သာဖြစ်ပါသည်။ "ဘုရားလူ့ဘာ၊ မုနိန္ဒလည်း၊ မိန်းမယောကျ်ား၊ လူ့စကားဖြင့်၊ မကြားစတောင်း၊ မနာကောင်းကို၊ အကြောင်းရှည်တွေး၊ ဟောတုံသေး၏" ဟူဘိသို့ မှတ်သားဘွယ် အချက်အလက်များကို တစ်တစ်ခွခွ ရေးသားစီကုံးခဲ့ပါသည်၊ မိန်းမတို့၏ ချွတ်ယွင်း အားနည်းချက်သဘောများကို ရေးသားရာတွင် အပိုဒ် (၃၁၂)၌—

"မိန်းမအပြစ်၊ သဘောညစ်ကို၊ အနှစ်တရား၊ တထောင်လျှာဖြင့်၊
လူ့ရှာတည်ငြား၊ ကြွင်းယောကျ်ားလျှင်၊ တပါးအမှု၊ မပြုလုံးလုံး၊
ပြောမဆုံးဟု၊ မှတ်ထုံးထင်စွာ၊ မဟာရဟ၊ နီတိပြ၏"—

ဟူသော စကားအထိ အချက်အလက်များစွာ ရေးသားခဲ့ပါသည်၊ ယင်းအချက်များမှာ အသီးများလှသဖြင့် ဆရာတော်သည် မိန်းမတို့အပေါ် အပြစ်သာမြင်သည်ဟု အထင်မှားတတ်ကြပါသည်၊ ချီးမွမ်းသင့်သည့် မိန်းမမြတ်များ အကြောင်းနှင့် ကောင်းမွန်သည့် မိန်းမတို့၏ အရည်အသွေးတို့ကို ဖော်ပြသည့် အရေး အသားလည်း များစွာရှိပါသည်၊ ပညာရှိဟူရာ၌ မိန်းမပညာရှိများ ရှိကြောင်းကို အပိုဒ် (၁၁၄)တွင်—

"ပညာမည်ငြား၊ ဤတရားလည်း၊ ယောကျ်ားနိုက်သာ၊ မဟူရာဘူး၊
အမရာဒေဝီ၊ ဘေရိမမွ၊ ဒိန္နာစသည်၊ အပ္ပကဟူ၊ နည်းငယ်မူကား၊
လူဝယ်ထိုသို့၊ မိန်းမတို့လည်း၊ မချို့ပညာ၊ ယှိတတ်စွာ၏"—

ဟု ရေးဖွဲ့ခဲ့ပါသည်။

၂၉။ မိန်းမမြတ်များရှိခဲ့ပုံနှင့် မိန်းမမြတ်တို့၏ ဂုဏ်အင်္ဂါလက္ခဏာများကို ဖော်ပြရာ၌လည်း—

"လင်ကိုမြင်က၊ အလျှင်ထ၍၊ ယုယကိုယ်နှုတ်၊ ကျင့်မယုတ်သား၊
ပုဗ္ဗုဋ္ဌာယိနီ၊ ဦးချီလက်ပွိုင်၊ ရှက်ကာဆိုင်၍၊ လင်ထိုင်လင်အိပ်၊ သားကို
သိပ်သို့၊ ခြေနှိပ်လက်စမ်း၊ စိတ်ချမ်းကြည်မြ၊ရှိသေခလျက်၊ နောက်မှယှဉ်
ကာ၊ အိပ်လေ့လာသည့်၊ ပစ္ဆာနိပါတိနီ၊ ချီအိနာဆိမ့်၊ နှစ်သိမ့်ဘွယ်စု၊
ဘယ်အမှုကို၊ ဘယ်ပြုရုံ့နည်း၊ ခြည်းခြည်းနှုတ်သံ၊ ချောင်သာယာ၊
ဝါစာသိမ်မွေ့၊ မေးလေ့ရှိထ၊ နာဘွယ်လှသား၊ ကိံကာရပဋိဿာဝိနီ၊
မဖြီမသုန်၊ မမှုန်မဆန်၊ ပြန်လှန်မဖြွက်၊ နှစ်သက်ဘွယ်သာ၊ ကျင့်တတ်စွာ
သည့်၊ ဣန္ဒာထံပါး၊ ခစားနေကြ၊ ဒေဝစ္ဆာသို့၊ မနာပစာရိနီ၊ တီတီ
တာတာ၊ ကြည်သာရှင်ပြုံး၊ နှုလုံးပြယာယ်၊ ပျားသဖွယ်ဖြင့်၊ ချစ်ဘွယ်
ပြကတေ့၊ သာချမ်းမြေ့အောင်၊ ပြောလေ့ယှိထ၊ နှုတ်ချိုမြသား၊ ပိယ
ဝါဒိနီ၊ ထို့ပြီအပ၊ ဤလောကနိုက်၊ လင်မှတပါး၊ နတ်ယောကျ်ားနှင့်၊
တွေ့ငြားစေမူ၊ စောသမ္ဗူသို့၊ အယူမယွင်း၊ စိတ်ညွတ်ခြင်းမျှ၊ ကင်းလတ်
တုံဘိ၊ ကျင့်မြတ်ယှိသား၊ အနတိစာရိနီ၊ ကျမ်းညီမသွေ့၊ သန္တေဉက္ကဋ်၊
မိန်းမမြတ်တို့၊ ကျင့်ဝတ်ဖြိုးပုံ၊ ခြောက်အင်စုံလျက်"—

ဟု ကျမ်းစာများမှ ထုတ်နုတ်၍ ဤအပိုဒ် (၁၄၆)တွင် ရေးသားခဲ့ပါသည်။

၃၀။ မိန်းမတို့၏ အရည်အသွေးမှာ ထိုမျှသာမကသေး၊ ယောကျ်ားမြတ်တို့၏ ပါရမီဖြည့်ဘက်ဖြစ်ပြီး အလျှင်တာဆော တိုင်ပင်ရန်ရှိက အသိုးတန်သော အကြံဉာဏ် ရတတ်ကြောင်းကို—

"ဗောဓိဆုပန်၊ ယောကျ်ားမွန်တို့၊ ငါးတန်ပရိစ္စာဂ၊ စရိယန္တိုက်၊ တကွမချွတ်၊ တူကြည်ညွတ်၍၊ အမြတ်ဝသီ၊ ပါရမီကို၊ ကူညီအားသစ်၊ ဖြည့်ဘက်ဖြစ်၏"—

ဟူ၍လည်းကောင်း

"ကိစ္စတသီး၊ အရေးကြီး၍၊ မပြီးနိုင်က၊ကြံမရသော်၊ မိန်းမကိုသာ၊ တိုင်ပင်ရာဟု၊ ပညာယို့များ၊ အစဉ်ကြားလျက်၊ ထင်ရှားမိန့်မှာ၊ ဉဒါန်းလာ၏"—

ဟူ၍လည်းကောင်း အပိုဒ် (၃၁၅) တွင် ဖွဲ့ဆိုခြီးကျူးတော်မူခဲ့ပါသည်။

**ယောကျ်ားယုတ်မာ မထောက်ညှာ**

၃၁။ ဆရာတော်ဘုရားသည် မိန်းမယုတ် မိန်းမမြတ်များ အကြောင်းကိုသာ ရေးစပ်ခဲ့သည် မဟုတ်သေးပါ၊ ယောကျ်ားယုတ်များကိုလည်း မညှာမတာ ရေးဖွဲ့ဖော်ပြခဲ့ပါသည်၊ လောကဇာတ်ခုံ၌ ဖြစ်ပျက်တတ်သည့် သဘာဝကို ဇာတ်နိပါတ်များမှ ထုတ်နုတ်၍ ဖော်ထုတ်တင်ပြခဲ့သည်မှာ—

"လူ့ရှာဌာန၊ လူ့လောကန္တိုက်၊ မိန်းမတို့သာ၊ ကျင့်ယုတ်မာ၍၊ မိစ္ဆာဆိုးဝါး၊ မဟုတ်ငြားဘူး"—

ဟူ၍ အစချီပြီး

"ယောကျ်ားသည်လည်း၊ ပညာနည်းတို့၊ စောင့်စည်းမယို့၊ မျိုးဇာတ္တိသို့၊ မသိကျေးဇူး၊ သူ့ဂုဏ်ထူးကို၊ ထိမ်မြှူးချေတတ်၊ ကျင့်မမြတ်တည့်၊ မှတ်လေ့ထိုရော်၊ ရှေးခါသော်က၊ ခြောက်ဘော်မင်းသား၊ တောရပ်သွားတို့၊ မယားကိုသတ်၊ စားကုန်တတ်ရှင့်"—

ဟု အပိုဒ်(၃၁၃)တွင် မယားကိုပင် သတ်စားခဲ့ဘူးသော သာဓကကို ထုတ်ပြခဲ့ပါသည်။

၃၂။ ယောကျ်ားတို့၏ ညစ်ယုတ်မာသော အကျင့်စာဂကို ဖော်ထုတ်ရေးသားခြင်းကို ဆက်လက်လေ့လာလျှင် များပြားစွာရှိသော်လည်း အမြွက်မျှ ဖော်ပြရလျှင် အပိုဒ် (၃၁၃)တွင်—

"ဗြဟ္မဒတ်ကုမာ၊ မင်းလျာသောတ္တိ၊ မည်ယှိထင်ရှား၊ ထိုနှစ်ပါး
လည်း၊ ကြွသွားတောခွင်၊ လုပ်ကျွေးချင်သည့်၊ ရုပ်သွင်နတ်တူ၊ သီတာ
ဘူနှင့်၊ သမ္ဘူတို့အား၊ စွန့်ပယ်ထား၍၊ ယောကျ်ားတို့စိတ်၊ မြင်တိုင်း
ညိတ်လျက်၊ ဆိတ်၏အလား၊ နွား၏သဘော၊ အာရုံပြောတိုင်း၊ လိုက်
လျောထွေပြား၊ သူအခြားနှင့်၊ ပျော်ပါးမေ့ကျန်၊ ယွင်းဘောက်ပြန်၏"

ဟူ၍ တိရစ္ဆာန်နှင့် ပမာနှိုင်းကာ စပ်ဆိုခဲ့ပါသည်၊ ထိုနောက်တဖန်ဆက်၍—

"ပျော်လိုသမျှ၊ ပျော်ကိစ္စဖြင့်၊ ပျော်ကြပြီးခါ၊ မိကလျာအား၊
သတ်ကာမသနား၊ ဆင်ဝတ်စားကို၊ယူငြားကုန်လျှင်း၊မိုက်မခါင်ချင်း၏"

ဟူ၍တဖုံ—

"မိန်းမတို့ထုံး၊ ငွေကုန်ရှုံးက၊ သက်ဆုံးမတိုင်၊ ကိုယ်ပိုင်ယောကျ်ား၊
သေ့ဘောက်ပြား၍၊ တရားမစောင့်၊ မဖြောင့်နှလုံး၊ လင်ကုန်ရှုံးက၊
သက်ဆုံးတိုင်လစ်၊ ပြောရာဖြစ်ရှင့်"—

ဟူ၍တနည်း—

"အနှစ်ပညာ၊ မရှိပါက၊ အင်္ဂါခြေလက်၊ ယောကျ်ားလျက်လည်း၊
မိန်းမထက်သာ၊ ယုတ်မာဆိုးဝါး၊ မိုက်လုံးကွားသည်။ ။နွားနှင့်
ကျွားနှင့် အတူတည်း"—

ဟူ၍ တမျိုး မထောက်မညှာ ပြောင်မြောက်စွာ ရေးသားဖွဲ့ဆိုခဲ့သည်များကို
တွေ့ရှိနိုင်ပါသည်။

**စစ်ရေးပညာ စွယ်စုံပါ**

၃၃။ မဃဒေဝလင်္ကာသစ်တွင် စစ်ရေးစစ်ရာကိစ္စရပ်များကိုလည်း ထည့်
သွင်းဖွဲ့ဆိုခဲ့ပါသည်၊ စစ်သည်တဦးအား တိုက်ပွဲဝင် အတွေ့အကြုံများအပေါ်
မူတည်၍ အဆင့်အတန်းမြှင့်ပေးရသည့် မြန်မာတို့ တပ်မတော်ဖွဲ့စည်းပုံစနစ်ကို
ပေါ်လွင်အောင်—

"ခြေဆယ်ချက်မှ၊ မြင်းထက်တင်ရာ၊ မြင်းဆယ်ခါမှ၊ ဆင်မှာတင်ရ"

ဟု အပိုဒ်(၁၇၂)၌ ရေးသားခဲ့ပါသည်။

စစ်ပြိုင်ဘက် ရန်သူတို့၏ စစ်နည်းဗျူဟာအရ သွေးဆောင်မျှားခေါ်သည်ကို
အကဲခတ်ရန်လိုကြောင်းကို ညွှန်ပြရန်အတွက် အပိုဒ်(၂၀၄)၌—

"စစ်ခွင့်စစ်ရေး၊ သူဆောင်သွေးတိုင်း၊ ရပ်ဝေးမြေတာ၊ မချီရာဘူး"

ဟု ဖွဲ့ဆိုထားပါသည်။

၃၄။ စစ်ပွဲတို့ဓမ္မတာတွင် မိမိတို့က အင်အားကြီးမားလှပြီဟု ရန်သူကို အထင်မသေးသင့်ကြောင်းကိုလည်း ဆရာတော် သဘောပေါက်ပြီးဖြစ်သည့် အတွက် အပိုဒ်(၂၀၄)တွင်—

"ဗိုလ်ထုခွန်အား၊ ငါကြီးမားဟု၊ မကိုးစားရာ၊ ရံတခါနှိုက်၊ ကြမ္မာမတော်၊ ခါမလျော်မူ၊ ချွတ်ချော်ရေးရာ၊ ပျက်တတ်စွာရှင့်"

ဟု ညွှန်ပြခဲ့ပါသည်၊ စစ်ပွဲ၏ အခြေအနေကို ဘက်စုံမသုံးသပ်ဘဲ ဒေါသမာန အလျောက် အရမ်းကာရော စစ်ဆင်မိချေက မိမိသာ ဆုတ်ယုတ်ရမည်ကို—

"ခွေးရှူးသဖွယ်၊ တွေ့တိုင်းတွယ်လျက်၊ ကျယ်တရှူးရှူး၊ မာန်မရှူးနှင့်၊ စစ်ကျူးစစ်လွန်၊ စစ်တွင်းကျွန်က၊ ပုဇွန်ရေသား၊ တက်မကြွားသို့၊ ကင်းသွားမိတူ၊ မျှားဗိုလ်လူနှင့်၊ ရန်သူတို့လက်၊ သူ့နယ်စက်နှိုက်၊ ဆက်ဆက်မယွင်း၊ ပျက်တတ်လျှင်း၏"—

ဟု စစ်ရေးရှုဒေါင့်မှ သုံးသပ်ဖွဲ့ဆိုခဲ့ပါသည်။

၃၅။ စစ်ရေးဆောင်ရွက်ရာ၌ ဗိုလ်ခြေအင်အား အနည်းအများသည် အဓိကမဟုတ်ကြောင်း နေရာယူမှုခံစစ်အနေအထား မှန်ကန်မှုရှိလျှင် အောင်ပွဲ ရနိုင်ကြောင်းကို ဇာတ်နိပါတ်တော်များမှ သာဓကထုတ်နုတ်၍ အပိုဒ်(၂၀၅)၌ ပြဆိုတော်မူသည်မှာ—

"အနေသင့်စွာ၊ အရာသင့်တုံ၊ နောက်ချေးပုံမျှ၊ ခိုလှုံငယ်ဆုံး၊ ငှက်ဗီလုံးလျက်၊ ကြုံးပအားကြိုး၊ တောင်ဟုန်ကိုး၍၊ သုတ်ထိုး ကြောက်ဘွယ်၊ သိမ်းရန်ကျယ်ကို၊ ကာကွယ်နိုင်စွာ၊ အရေးသာ၏"—

ဟူ၍လည်းကောင်း

"အရာတော်သင့်၊ အခွင့်တော်ဘိ၊ မိမိဌာန၊ ဝိသယနှိုက်၊ လှုံလ အားသံ၊ တထောင်ခံက၊ အရံတသောင်း၊ အောင်ခဲ့ တောင်း၏"—

ဟူ၍လည်းကောင်း ပီပြင်စွာ စပ်ဆိုသီကုံးခဲ့ပါသည်။

**သုတကြွယ်လှ မဃဒေဝ**

၃၆။ အထက်တွင် ဖော်ပြခဲ့သော အကြောင်းရပ်များအပြင် အလျဉ်း သင့်သလို ထည့်သွင်းရေးသားသော အကြောင်းရပ်များစွာ ရှိပါသေးသည်၊ အင်္ဂရတ်ပညာနှင့် ပတ်သက်၍ အပိုဒ်(၁၃၃)၌—

"ပြဒါးမီးနေ၊ သံသေခေတ်ပြာ၊ ရသာယန၊ ဩသဓစု၊ အာယုဝါဇီ၊ ဝသီကရဏ၊ စသည်လိမ်းသပ်၊ စားမျိုအပ်နှင့်၊ အာထဗ္ဗဏာ၊ ဝိဇ္ဇာ

မယိဒ်၊ ဣန္ဒိဝိဓ်သို့၊ မဟိဒ္ဓိမျိုး၊ တန်ခိုးနတ်ရှိ၊ သိဒ္ဓိလိုရာ၊ ပြီးနိုင်စွာသား၊
မဟာဂန္ဓာရီ၊ လောကီဉာဏ်ပေါင်း”

စသည်ဖြင့် ရေးသားခဲ့ခြင်းကို တွေ့ရပါသည်။

၃၇။ စစ်တုရင်ကစားမှုကိုလည်း ဆရာတော်သည် ခြင်းချန်မထားချေ၊ ကစားနည်းများ ရေးဖွဲ့ခဲ့ခြင်းကို—

“ရထဗျူဟာ၊ လေးဖြာခင်းကျင်း၊ စစ်ဆင်ခြင်းဖြင့်၊ မင်းရှစ်မျက်နှာ၊ ကောက္ကက်စီ၊ အညီမလွဲ၊ စစ်ကဲထောင့်လေး၊ ဆင်ရေးငှင်း၊ ရှေ့တစ်လောင်းလျက်၊ မျဉ်းကြောင်းရှစ်ကွက်၊ ထောင့်တက်မြင်းသွား၊ ရထားတူရှု၊ နယ်မူရှေ့တစ်၊ တဆစ်ထိုးပြင်၊ ဆင်မဏ္ဍာရေး၊ လေးဆယ့်လေးက၊ ခေါ်ရှေးမယွင်း၊ မြင်းမဏ္ဍာရေး၊ ခြောက်ဆယ့်လေးသာ၊ ရထားမှာမူ၊ ဆဲ့ခြောက်ဟူသား၊ မှတ်ယူအာဂုံ၊ လက်စွမ်းယုံတို့၊ ရှေ့ခုံအပြင်၊ စစ်တုရင်သို့၊ မြင်း ဆင် ရထား၊ ခြေသည်များနှင့်၊ ဆင်သွား မြင်းသွား၊ ရထားနယ်တက်၊ ကပ်လျက်လိမ်ကာ၊ ပူးခွါသော့အား၊ ပြား၍မကွဲ၊ အားသွန်ခဲ့ပြီး၊ စစ်ကဲ့ဝန်းရံ၊ မင်းပါခံလည်း၊ မကြံနိုင်စွာ၊ ကြံရာမရ၊ လက်မှိုင်ချလျက်၊ တို့ကသာသေ၊ သူကခွေ၍၊ သရေစရိုး၊ မယှိုးတည့်”—

ဟူ၍ အပိုဒ် (၁၃၄) တွင် တွေ့ရှိရပါသည်။

၃၈။ ဆရာတော်သည် ဗေဒင်ကျမ်းကိုလည်း ကျွမ်းကျင်တော်မူကြောင်းကို စာပိုဒ် (၁၄၃) တွင်—

“စီးလင်ညွှံ့ညှိုး၊ တိုင်ကျိုးဆည်ပေါက်၊ တန်းအောက်ကျအိပ်၊ အနှိပ်အနာ၊ ကိုယ့်ဇာတာဝယ်၊ ကောဇာကောဝိန်၊ ဆတ္တိန်တြင်း၊ နဝင်းနက္ခတ်၊ မိတ္တနုတ်ဟု၊ ပါဒ်ပါဒ်ခြောက်ခု၊ မြေ့ပွေးတုသို့၊ အာယုခိုက်ထိ၊ ပူတိ ဘင်္ဂ၊ မရဏနှင့်၊ ကဏ္ဍသုံးခွင်၊ ထွက်ဝင်ကြုံလာ၊ ဒသာမသန့်၊ အတန့်မကောင်း၊ သံတောင်းစီးနင်း၊ ပါပခြင်း၍”—

ဟူ၍ ရေးသားဖွဲ့ဆိုခြင်းက ထင်ရှားသိသာလှပါသည်။

၃၉။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်သည် ဗဟုသုတ ဟင်းလေးအိုးကြီး အစစ်ဖြစ်ပါသည်၊ ပိဋကတ်ကျမ်းဂန်မှစ၍ ဆေးကျမ်း ဓာတ်ကျမ်း ဗေဒင်ကျမ်း အင်္ဂါရတ်ကျမ်း နက္ခတ်ကျမ်းများကိုလည်းကောင်း ဝိဇ္ဇာ ဇော်ဂျီ တပသီတို့ အပါအဝင် အင်းအိုင်ခလဲ့ လက်ဖွဲ့မန္တရားဆိုင်ရာ ဂန္ဓာရီပညာများကိုလည်းကောင်း လူမှုရေးသိပ္ပံဆိုင်ရာ ပညာရပ်များကိုလည်းကောင်း ထည့်သွင်းရေးသားစီကုံးခဲ့ပါသည်၊ မန်လည်ဆရာတော်ဘုရားကြီး၏ ရေးသားချက်

အလုံးစုံကို အကျယ်ဖွင့်ပြရန် မဆိုထားဘိ၊ အသင့်အတင့် နားလည်ရန်ပင် များစွာကြိုးစားရမည့် ဘာသာရပ်များ ဖြစ်ပါသည်၊ မည်မျှပြီး ပြည့်စုံပါသည်ဟု အသေးစိတ် ဖော်ပြနိုင်စွမ်းလည်းမရှိပါ၊ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ပေးစွမ်းနိုင်သည့် ဗဟုသုတ ဟင်းလေးအိုးကြီးအစစ် ဖြစ်ပါသည် ဟူ၍သာ အလုံးစုံလွှမ်းခြုံ၍ မဝံ့မရဲ တင်ပြလိုပါသည်။

**ဆရာတော်ဉာဏ်စွမ်း ကဗျာခဏ်း**

၄၀။ မဃဒေဝလင်္ကာသစ်တွင် အပိုဒ်ပေါင်း (၆၀၀) ကျော် ပါဝင်ဖွဲ့ဆိုခဲ့ရာ လင်္ကာပိုဒ်များ၏ အချီအချကို တမျိုးတစားတည်း မထားရှိပဲ အမျိုးမျိုး ပြောင်းလဲဖွဲ့ဆိုခဲ့ပါသည်၊ အချို့ပိုဒ်များကို လေ့လာကြည့်ပါက ခိုင်ညွန့်ခက်ဖြာ ချနည်းမှစ၍ မဏိဥပြည်း, အာသာဝတီဝတ်ဆံ, သော်တာရောင်, စမွယ်ရွှေ့ချီ နောက်ချ ကိုယ်တွင်းပြည့်, ထူးဆန်းထွေလာ, နေရောင်ခြည်ပြေး, မဏိဆံကျင်, ရွှေလောင်းပြန်, ဖျောက်ဆိတ်လလည်, နာမခေတ် စသည်ဖြင့် နှောင်းလူတို့ နည်းယူနိုင်ကြစေရန် ရည်သန်၍ ဖော်ပြရေးသားခဲ့ပါသည်။

၄၁။ မန်လည်ဆရာတော် ဘုရားကြီးသည် ပညာဗဟုသုတ အရာ၌သာ ခြိုးကျူးမကုန်နိုင်သည်မဟုတ်၊ အရေးအသားတွင်လည်း အစွမ်းထက်သဖြင့် ရှာမှရှားသော ပညာရှင်ကြီးဖြစ်ပါသည်၊ မြို့နန်းတည်ခဏ်း မြို့ပြောင်းခဏ်းတို့တွင် ကြက်ပျံမကျ စည်ကားလှသော အခြေအနေကို အံ့သြဘွယ် လွမ်းမောဘွယ်ရသများ ပေါ်လွင်ထင်ရှားအောင်စပ်ဆိုခဲ့၍ ငရဲဘုံ နတ်ဘုံများဆိုင်ရာ အခဏ်း၌ စက်ဆုတ်ရွံရှာဖွယ် ကြောက်ရွံ့ထိတ်လန့်ဘွယ်ရသများ ပေါ်လွင်အောင် စပ်ဆိုခဲ့ကြောင်း တွေ့ရပါသည်။

၄၂။ လူ့လောကဓမ္မတာ ချီးမြှောက်သင့်သူကို ချီးမြှောက်ရမည် မှန်သော်လည်း မချီးမြှောက်သင့်သူကို ချီးမြှောက်မိပါက ပတန်မရာ အလွဲလွဲ အမှားမှားရှိတတ်ကြောင်းကို ဖော်ပြလို၍(၁၇၂)ပိုဒ်၌—

> "မတန်မရာ၊ သဒ္ဓါလွန်မြှောက်၊ ကျွန်ကိုမြှောက်က၊ မျောက်ကို ချစ်ငြား၊ ချူဆွဲမှားသို့၊ နားမချမ်းသာ၊ ယှိတို့ရာ၏"—

ဟူ၍တမျိုး

> "ပညာနှင့်မျှ၊ ချီးမြှင့်ကလည်း။ပ။စိတ်ချရခြင်း၊ မရှိလျှဉ်းဘဲ၊ မြင်းနောက်ပြန်စီး၊ ထီးရှေ့ကကွယ်၊ ဆိုသဖွယ်သို့"—

ဟူ၍တဖုံ ဟာသရသပေါ်လွင်အောင် စပ်ဆိုတော်မူခဲ့ပါသည်။

၄၃။ အရာရာတွင် လွန်ကဲခြင်းသည် ပျက်စီးခြင်း၏ အကြောင်းတရားသာ ဖြစ်ကြောင်း ညွှန်ပြရန်လည်း ထည့်သွင်းစပ်ဆိုတော်မူခဲ့သည်၊ အချို့ကို ဖော်ပြရလျှင် အပိုဒ်(၁၁၀)၌——

"မီးပုံတွင်းသို့၊ ဝင်ဆင်းပိုးမိုက်၊ ရေသာလိုက်၍၊ ရေနှိုက်မြူးတက်၊ ရှူးပွက်ပွက်ဖြင့်၊ မူးမက်သောင်းပြောင်း၊ အိုင်မြစ်ချောင်းဝယ်၊ တပေါင်းတပျစ်၊ ငါးရှူးယစ်တို့၊ ကျိုးပြစ်မသိ၊ မယှိဆင်ခြင်၊ မမြင်မမြော်၊ သေအောင်ပျော်သို့"——

ဟူ၍လည်းကောင်း အပိုဒ် (၃၂၅)၌——

"ကျီးနက်မိုက်ခေါင်၊ ဆင်သေကောင်ထက်၊ သောင်ကိုမလှမ်း၊ ကမ်းသို့မတက်၊ အပုပ်မက်၍၊ စီးလျက်စားကာ၊ လိုက်လေပါက၊ သမုဒ္ဒရာရောက်ဆိုက်၊ လှိုင်းဝဲရိုက်၍၊ ရေနှိုက်မွန်းနစ်၊ ငါးစာဖြစ်သို့"——

ဟူ၍လည်းကောင်း ဖွဲ့နွဲ့စီကုံးခဲ့သည်ကို ဖတ်ရှုရပါသည်။

၄၄။ မဃဒေဝမင်းကြီး တောထွက်တော်မူမည့် အကြောင်းကို နန်းတွင်းသူ နန်းတွင်းသားများနှင့် တိုင်းသူပြည်သားများ ငိုယိုပူဆွေးကြပုံကို ကရုဏာရသ ပေါ်လွင်အောင် စပ်ဆိုခဲ့ပါသည်၊ အပိုဒ် (၃၃၂) နှင့် (၃၃၃) တို့ကို ဘတ်ရှုလေ့လာလျှင်——

"မကြွားရက်လို၊ နန်းလုံးပြိုမျှ၊ ဥဒါဟိုမစဲ၊ ဆံကြဲလက်မြှောက်၊ မြေကြီးမှောက်သို့၊ တောင်မြောက်မမြင်၊ ခံတမင်ဖြင့်၊ ထွက်ဝင်လူးလာ၊ တချာချာတည့်၊ မူးပြာဝေနောက်၊ လျားမှောက်ပက်လက်၊ ဦးဆံမသိမ်း၊ လေယိမ်းပန်းပင်၊ နွဲ့သော့သွင်လျှင်၊ ရင်ပြင်နန်းတွင်း၊ ကြမ်းတပျင်းတွင်၊ ပူပြင်းလှိုက်ပွက်၊ အုတ်အုတ်ကျွက်တီ"——

ဟူ၍ လည်းကောင်း

"အုတ်အုတ်ကျွက်တီ၊ မြေအက်ကွဲးယို၊ ကမ္ဘာပြိုသို့၊ ရှယ်ပျို ရှယ်လတ်၊ မတည်တတ်အောင်၊ ရင်ဘတ်သတ်တီး၊ ဆံကြီးဘားဝေ၊ ကျွတ်ပြေမသိမ်း၊ ကတိမ်းကပါး၊ နန်းသူများနှင့်၊ နန်းသားအစု၊ ရောရှုထွေးရှက်၊ ဝင်ထွက်ပြေးခုန်၊ သဲးတုန်အူနာ၊ ဝမ်းကွဲးစွာလျက်၊ ဗျာပါခွေနှံး၊ ကြိမ်မီးအုံးသို့၊ နှလုံးမကြည်၊ ယိုမျက်ရည်ဖြင့်၊ ဆုံကျည်ပွေ့ပွတ်၊ နှမ်းကိုချွတ်၍၊ ပတ်ပတ်လည်လိမ့်၊ စက်နှယ်လှိမ့်သော်၊ စိမ့်စိမ့်မစဲ၊ ကျရွဲးဆိနှယ်၊ တွေတွေသွယ်လျက်၊ ပိတ်ကွယ်မိုးမြေ၊ မှုန်ဝေပြည့်လျှမ်း၊ တရှမ်းရှမ်းတည့်"

ဟူ၍လည်းကောင်း ရေးသားစီကုံးခဲ့သည်ကို တွေ့ရပါသည်။

၄၅။ ကဗျာလင်္ကာ စပ်ဆိုခြင်းသည် လွယ်ကူသောပညာရပ် မဟုတ်ပါ၊ စကားပြေ အရေးအသားတွင်ပင် စကားလုံးများထပ်နေလျှင် အရသာပျက်နိုင်ပါသည်၊ မန်လည်ဆရာတော်ကြီးသည်ကား လင်္ကာထဲတွင် စကားလုံးထပ်ပြီး ကြားရသူစိတ်နှလုံးကို ယူကြုံးဘိသို့ စပ်ဆိုဖွဲ့နွဲ့နိုင်ကြောင်းကို တွေ့ရပါသည်။ ပုံစံအားဖြင့် ပြရသော် အပိုဒ်(၁၁၈)၌—

"ငါ့လင် ငါ့မယား၊ ငါ့သား ငါ့သမီး၊ ငါ့ထီး ငါ့စည်၊ ငါ့တိုင်းပြည်ဟု"—

ဟူ၍ တဖုံ အပိုဒ်(၁၀၈)၌—

"ကာမသတ္တဝါ၊ ကာမရွာနှိုက်၊ ကာမာရမ္မဏ၊ ကာမသဘော၊ ကာမဇောဖြင့်"—

ဟူ၍ တနည်း အပိုဒ်(၉၃)၌—

"ဝဠ်မြူး ဝဠ်ပျော်၊ ဝဠ်ဘော် ဝဠ်သင်း၊ ဝဠ်မင်း ဝဠ်စိုး၊ ဝဠ်မျိုး ဝဠ်နွယ်၊ အကယ်နှင်နှင်၊ ဝဠ်ကျွန်ရှင်နှင့်၊ ဝဠ်လင် ဝဠ်မယား၊ ဝဠ်သား ဝဠ်သမီး၊ ပွါးစည်သီးလျက်၊ ဝဠ်ထီး ဝဠ်နန်း၊ ဝဠ်ကြငှန်းက၊ ဝဠ်ခန်း ဝဠ်မြို့၊ ဝဠ်ဘုံ ဝဠ်အိမ်၊ ဝဠ်စည်းစိမ်ဟု"—

ဟူ၍တမျိုး မငြီးငွေ့အောင် စပ်ဆိုနိုင်စွမ်းရှိပါသည်။

**ပုံနှိပ်သင်္ကေတ စီစဉ်ပြ**

၄၆။ မဃဒေဝလင်္ကာသစ်၏ အတွင်းစာသားများတွင် ဝေါဟာရ ပေါ်ရာဏ ခွဲထား သတ်ပုံများ ပါဝင်ခဲ့ပါသည်၊ ကြည့်ရှုသူတို့လွယ်ကူစွာ တွေ့မြင်နိုင်အောင် ပေါ်ရာဏများကို ( * ) ခရေပွင့် အမှတ်အသားဖြင့်လည်းကောင်း ခွဲထား သတ်ပုံများကို († †) ပိုဒ်ကားနှစ်ခုကို သက်ဆိုင်ရာ စာလုံးအသီးသီးနှင့် ယှဉ်၍လည်းကောင်း ရိုက်နှိပ်ထားပါသည်။

**ကျေးဇူးစကား မြွက်ဖော်ကြား**

၄၇။ မကာရ လောပဒေကျော် ပထမ မန်လည်ဆရာတော် ဘုရားကြီး ရေးသားတော်မူခဲ့သော လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွါးကို ပေးစွမ်းနိုင်သည့် "မဟာသုတကာရီ မဃဒေဝလင်္ကာသစ်" တတိယ စာမူတခုလုံးကို မူရင်းစာပေမှ ကူးယူပေးကြသော အင်းတော်မြို့ မြို့မကျောင်းရှိ ရဟန်း သာမဏေများအားလည်းကောင်း ပြင်ဆင်ဖြည့်စွက်ချက်များကို လက်နှိပ်စက်ဖြင့် ကူးယူပေးကြသော ဦးထွန်းစိန် (လမ်းစဉ်လူငယ်) ဦးတင်ထွန်း (လယ်

သမားကောင်စီ) ဦးမြအုန်း (လယ်သမားကောင်စီ) ဦးခင်မောင်စီ (ပါတီယူနစ်) ဦးမြင့်အောင် (ပါတီယူနစ်) တို့အားလည်းကောင်း မူရင်းပေစာနှင့် အခြား အကိုးအကားပြုရာ စာအုပ်စာတမ်းများကို ရှာဖွေငှါးရမ်းပေးသော အင်းတော် မြို့မကျောင်း မန်လည်မြို့မ ပြာသာဒ်ကျောင်း စာကြည့်တိုက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလည်းကောင်း ကူးယူရေးသားပြီး စာမူကြမ်းများကို တည်းဖြတ်ပေးကြသော မြို့မကျောင်း ဆရာတော် ဦးနန္ဒဝံသ, တတိယ မန်လည်ဆရာတော် ဦးပုည, မန်လည်မြောက်ကျောင်း ဆရာတော် ဦးဉာဏိန္ဒ, ဦးခင်မောင် (သာသနဓဇသီရိပဝရ ဓမ္မာစရိယ), ဦးခင်မောင်သန်း (မူလဓမ္မာစရိယ)တို့အား လည်းကောင်း ယင်း စာမူကို မင်ကျမင်န သေသပ်စွာဖြင့် ရိုက်နှိပ်ထုတ်ဝေပေးသော ဗုဒ္ဓသာသနာ့အဖွဲ့ စာပုံနှိပ်တိုက်အားလည်းကောင်း မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့က ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသတည်း။

မန်လည်စာပေ စောင့်ရှောက်ရေးအဖွဲ့။

# မဟာသုတကာရီ မဃဒေဝလင်္ကာသစ်

# မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၁။ ပထမပိုင်း–လောကဟိတစရိယခန်း | | | |
| (၁) နိဒါန်းခန်း | .... | .... | ၁ |
| လင်္ကာသနိဒါန်း | .... | .... | ၉ |
| ပစ္စုပ္ပန်ဝတ္ထုသန္တိကေနိဒါန်း | .... | .... | ၂ |
| (၂) ရာဇဝင်ခန်း | .... | .... | ၁၇ |
| (၃) မြို့ပြောင်းခန်း | .... | .... | ၂၂ |
| (၄) မြို့တည်နန်းတည်ခန်း | .... | .... | ၂၆ |
| (၅) ဘိသိက်ခန်း | .... | .... | ၃၀ |
| (၆) မြို့နန်းသိမ်းခန်း | .... | .... | ၃၇ |
| (၇) ဥကင်တော်ဘွင့်ခန်း | .... | .... | ၃၉ |
| (၈) ဉာတစရိယခန်း | .... | .... | ၄၄ |
| (၉) ဘုန်းတော်ဘွဲ့ခန်း | .... | .... | ၄၇ |
| ၂။ ဒုတိယပိုင်း–သံဝေဂခန်း | | | |
| (၁) ကပ္ပကာသမန္တနခန်း | .... | .... | ၅၁ |
| (၂) ကပ္ပကာရောစနခန်း | .. | .... | ၆၀ |
| (၃) ပဏ္ဍိတဒဿနခန်း | . . | .... | ၆၃ |
| (၄) အတ္တစိန္တာခန်း | . | ... | ၆၄ |
| (၅) သံဝေဂါကာရခန်း | .... | .... | ၇၃ |
| (၆) ဥဂ္ဂါနုပလနခန်း | .... | .. | ၇၇ |
| ၃။ တတိယပိုင်း–ပုစ္ဆာဝါဒခန်း | | | |
| (၁) ဆုတောင်းပေးခန်း | .... | ... | ၉၅ |
| (၂) ပုစ္ဆာဒေသနခန်း | — | | ၁၀၀ |
| (၃) ပုစ္ဆာဝါဒခန်း | .... | .... | ၁၀၄ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၄။ စတုတ္ထပိုင်း–အမရွှေဝါဒခန်း | | | |
| (၁) အမရွာပုစ္ဆနခန်း | .... | .... | ၂၅၉ |
| (၂) ဓမ္မဒေသနာခန်း | .... | .... | ၂၆၄ |
| (၃) အမရွှေဝါဒခန်း | .... | .... | ၂၇၈ |
| (၄) ဒေဝိယောဝါဒခန်း | .... | .... | ၃၀၇ |
| ၅။ ပဥ္စမပိုင်း–ဗြဟ္မစရိယခန်း | | | |
| (၁) တောထွက်ခန်း | .... | .... | ၃၂၀ |
| (၂) ဗြဟ္မဝိဟာရစရိယခန်း | .... | .... | ၃၃၈ |
| (၃) အပါယ်ဘုံခန်း | .... | .... | ၃၄၇ |
| (၄) ကာမာဝစရ နတ်ဘုံခန်း | .... | .... | ၃၆၂ |
| (၅) ရူပါဝစရ ဗြဟ္မာ့ဘုံခန်း | .... | .... | ၃၇၁ |
| (၆) အရူပါဝစရ ဗြဟ္မာ့ဘုံခန်း | .... | .... | ၃၇၄ |
| (၇) ကမ္ဘာ့ဘူမိသံသန္ဌာနခန်း | .... | .... | ၃၇၆ |
| ၆။ ဆဋ္ဌမပိုင်း–နိဂမခန်း | | | |
| (၁) မနုဿလောကနခန်း | .... | .... | ၃၇၈ |
| (၂) နိမိရာဇစရိယခန်း | .... | .... | ၃၈၃ |
| (၃) သစ္စာပြုခန်း | .... | .... | ၃၉၆ |
| (၄) ဇာတ်ပေါင်းခန်း | .... | ... | ၄၀၀ |
| (၅) နိဂုံးခန်း | .... | .... | ၄၀၈ |
| နိဂမခန်း အဆက် | | | |
| (၁) ဓမ္မစရိယာနုယောဇဥ် | .... | .... | ၄၀၈ |
| (၂) ဓမ္မစရိယာနိသံသဒီပနီ | .... | .... | ၄၁၂ |
| (၃) သာသနာ့ ဒူရေနိဒါန်း | .... | .... | ၄၁၆ |
| (၄) သာသနာ့ အဝိဒူရေနိဒါန်း | .... | .... | ၄၁၈ |
| (၅) သာသနာ့ သန္တိကေနိဒါန်း | .... | .... | ၄၂၇ |
| (၆) လင်္ကာသာသနာ့နိဒါန်း | .... | .... | ၄၃၀ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| က | | | |
| (၇) ရာမညသာသနာ့နိဒါန်း | .... | .... | ၄၃၂ |
| (၈) မြန်မာ့သာသနာ့နိဒါန်း | .... | .... | ၄၃၃ |
| (၉) သာမည နိဂုံး | .... | .... | ၄၃၆ |
| (၁၀) ဂူဠှဋ္ဌာနဝိသေသ နိဂုံး | .... | .... | ၄၄၀ |
| (၁၁) ဂူဠှနာမဝိသေသ နိဂုံး | .... | .... | ၄၄၀ |
| (၁၂) ပဘာဝဒဿန နိဂုံး | .... | .... | ၄၄၂ |
| (၁၃) ပတ္ထနာအာသီသဒဿန နိဂုံး | .... | .... | ၄၄၄ |
| (၁၄) နယဒဿန နိဂုံး | .... | .... | ၄၄၉ |
| (၁၅) သဗ္ဗနိဂမ နိဂုံး | .... | .... | ၄၅၆ |
| (၁၆) ကျမ်းပြုဆရာတော်ဘုရား နိဂုံး | .... | .... | ၄၅၇ |

မဟာသုတကာရီ မဃဒေဝလင်္ကာသစ်

မာတိကာ ပြီး၏။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ပထမပိုင်း** | |
| ၁။ ပစ္စုပ္ပန်ဝတ္ထုသန္တိကေနိဒါန်း .... .... | ၄၆၁ |
| ၂။ ရာဇဝင်ခန်း .... .... | ၄၆၄ |
| ၃။ မြို့ပြောင်းခန်း .... .... | ၄၆၇ |
| ၄။ မြို့တည်နန်းတည်ခန်း .... .... | ၄၆၈ |
| ၅။ ဘိသိက်ခန်း .... .... | ၄၇၀ |
| ၆။ မြို့နန်းသိမ်းခန်း .... .... | ၄၇၂ |
| ၇။ ဥကင်တောင် ဘွင့်ခန်း .... .... | ၄၇၃ |
| ၈။ ရာဇစရိယခန်း .... .... | ၄၇၄ |
| ၉။ ဘုန်းတော်ဘွဲ့ခန်း .... .... | ၄၇၅ |
| **ဒုတိယပိုင်း** | |
| ၁။ ကပ္ပကာမန္တနခန်း .... .... | ၄၇၇ |
| ၂။ ကပ္ပကာရောစနခန်း .... .... | ၄၇၇ |
| ၃။ ပလိတဒဿနခန်း .... .... | ၄၇၈ |
| ၄။ အတ္ထစိန္တာခန်း .... .... | ၄၇၈ |
| ၅။ သံဝေဂါကာရခန်း .... .... | ၄၈၃ |
| **တတိယပိုင်း** | |
| ၁။ ဆုတော်ပေးခန်း .... .... | ၄၈၄ |
| ၂။ ပုတ္တာရောစနခန်း .... .... | ၄၈၇ |
| ၃။ ပုတ္တောဝါဒခန်း .... .... | ၄၈၈ |
| **စတုတ္ထပိုင်း** | |
| ၁။ အမစ္စာပုစ္ဆနခန်း .... .... | ၅၁၁ |
| ၂။ ဓမ္မဒေသနာခန်း .... .... | ၅၁၃ |
| ၃။ အမစ္စောဝါဒခန်း .... .... | ၅၁၄ |

အကြောင်းအရာ စာမျက်နှာ

ပဉ္စမပိုင်း

၁။ တောထွက်ခန်း .... .... ၅၁၉
၂။ ဗြဟ္မဝိဟာရစရိယခန်း .... .... ၅၂၀
၃။ အပါယ်ဘုံခန်း .... .... ၅၂၂
၄။ ကာမာဝစရနတ်ဘုံခန်း .... .... ၅၂၆
၅။ ရူပါဝစရဗြဟ္မာ့ဘုံခန်း .... .... ၅၂၈
၆။ အရူပါဝစရ ဗြဟ္မာ့ဘုံခန်း .... .... ၅၂၉
၇။ ကမ္ဘူမိသံသန္ဌာနခန်း .... .... ၅၂၉

ဆဋ္ဌမပိုင်း

၁။ မနုဿလောကခန်း .... .... ၅၃၁
၂။ နိမိရာဇစရိယခန်း .... .... ၅၃၁
၃။ သစ္စာပြခန်း .... .... ၅၃၄
၄။ ဇာတ်ပေါင်းခန်း .... .... ၅၃၅
၅။ နိဂုံးခန်း .... .... ၅၃၆

မဃဒေဝလင်္ကာသစ် လီနတ္ထဒီပနီ

မာတိကာပြီး၏။

## မဟာသုတကာရီ မဃဒေဝလင်္ကာသစ်

### ပြင်ဆင်ဖတ်ရှုရန်

| စာပိုဒ်နံပါတ် | ရင်းကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၆ | ၁၀ | သွန်သင် | သွံသင် |
| ၃၇ | ၄ | နောက်ထပ်မလွန် | နောက်ထပ်တသွန် |
| ၅၄ | ၁၀ | ဖွယ်ရာဥသုံ | ပွယ်ရာဥသုံ |
| ၅၇ | ၁၆ | ထုံးတံထွာဖြင့် | ထုံးတံတွာဖြင့် |
| ၇၁ | ၂ | ဥဒဟို | ဥဒါဟို |
| ၁၇၄ | ၇ | လှသမ္တူတို့ | လှသမ္ဗူတို့ |
| ၁၇၇ | ၁၁ | နိဿယည်းလည်း | နိဿရည်းလည်း |
| ၂၀၈ | ၁၅ | တောင်တုအလား | တောင်ထုအလား |
| ၂၁၁ | ၁၇ | မီးလွန်သော်ခြစ်၊ ရေလွန်ပျစ်၍. | မီးလွန်သော်ချစ်၊ ရေလွန်ပြစ်၍. |
| ၂၁၁ | ၁၈ | ငံငံချေချေ | ငံငံခြေခြေ |
| ၂၁၃ | ၈ | ကြံစိတ်ပြားပြီး | ကြံစိပ်ပြားပြီး |
| ၂၂၅ | ၉ | သွေးသံချောက်မျ | သွေးသံခြောက်မျ |
| ၂၃၂ | ၂၃ | လေးယောက်အိမ်ပျက် | လေးယောက်အိပ်ပျက် |
| ၂၅၄ | ၂၃ | တောင်းကာမငြင်း | တောင်းလာမငြင်း |
| ၂၆၂ | ၂၈ | တရားမမျှော် | တရားမမြော် |
| ၃၂၀ | ၂၉ | ချိုးဝှဲး | ခြိုးဝှဲး |
| ၃၈၁ | ၉ | မျက်ခြေနင်းလျက် | မြက်ခြေနင်းလျက် |
| ၄၅၅ | ၅ | အရည်းသမုတ် | ရယဉ်းသမုတ် |
| ၄၇၂ | ၁၄ | ပတ္တမြားစိန်ပန် | ပတ္တမြားစိန်ဖယ် |
| ၄၇၂ | ၁၉ | သန္တာကြေးကျေး | သန္တာကျေးကျေး |
| ၄၇၃ | ၁၂ | မကိုက်ဆင်းကျပ် | မကိုဋ်ဆင်းကျပ် |
| ၄၈၆ | ၅ | အစဉ်သိလော့ | အစဉ်းသိလော့ |
| ၄၈၇ | ၃ | ဖက်ပိုင်းရှဉ်သူ | ဖက်ဝိုင်းရှဉ်သို |
| ၄၈၇ | ၆ | သွေလှန်ယှဉ်းခွ | သွေလှန်မှုချ |
| ၅၁၀ | ၉ | ရတုသံညှင်း | ရကုသံညှင်း |
| ၅၃၃ | ၄ | မျက်မြင်ကါ | မျက်မြင်ကာဘ |

မဟာသုတကာရီ

# မဃဒေဝလင်္ကာသစ်

---

## ပထမပိုင်း လောကဟိတ စရိယခဏ်း

### ၁–နိဒါန်းခဏ်း

### လင်္ကာနိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ မဟာဝိသ† ယ၊ တိလောကန္နိက်၊ န†ရမ္မ၊ သနက်တို့၊ သရဘူဦးစိုက်၊ မကိုဋ်နဝရတ်၊ ကျောက်စိန်ထွတ်ပြင့်၊ ညွတ်၍ ညွတ်၍၊ ဦးနှိမ်ငွေလျက်၊ ညည္ဆနေ့ မ*စဲ၊ တရဲးရဲးတိ၊ အမြဲးရောင်ညိ၊ မပြတ်ထိသား၊ နန္ဒဝနုန၊ သကျမာရင်န်၊ *ဧဝမုနိန်၏၊ သိရိန္ဒဘတိ၊ သိရိရတနာ၊ မင်္ဂလာ*မျှိုပေါင်း၊ *ပုံတောင်းပြုံးပြက်၊ ရာ့ရှစ်ကျက်နှင့်၊ ရွှေစက်ပဝရ၊ စရဏဟု၊ ပါဒ*နက်သန်၊ စုံနှစ်†တန်ကို၊ ငွေဗိ†တာန်ကြီး၊ ကဒက်ထီးသို့၊ မိုးပြီး*ဥဿုံ၊ ဘေးမျိုးလုံမှ၊ သုံးပုံပိဋကတ်၊ ဝါကီပြတ်ဟု၊ သုရဿတိ၊ နတ်ဒေဝီလည်း၊ ယှဉ်မှီနိစ္စ၊ မပြတ်မ၍၊ ငါနှလုံးတိုက်၊ ရွှေကြာသိုက်နိုက်၊ ပျော်ပိုက်စေပြီး၊ ဂိုဏ်းကြီးအရိယာ၊ ဂုဏ်ကိုးပြာနှင့်၊ သဏ်ာပရမတ်၊ ရှစ်ပါးနတ်ကား၊ လောကဓာတ်ဒိသာ၊ ရှစ်မျက်နှာက၊ စကြဝဠာတောင်ကြီး၊ ကာသီးသော့†ယောင်၊ တန်းခိုး†ရောင်ပြင့်၊ ရန်မှောင်မမှောင့်၊ တည်ဝနေစောင့်၍၊ ချမ်းသောင့်ချမ်းသာ၊ အကြင်ငါလျှင်၊ လင်္ကာဏ်ကျမ်း၊ နည်းစုံပြမ်းကို၊ ဘေး*ဘျမ်းမငွေ၊ ပြီးကုံ*လွှေအောင်၊ ချက်ဝေ့စုံစီ၊ လောကီလောကုတ်၊ မယုတ်စေရ၊ ရာဇဝမ္မ၊ သုတပညာ၊ ပွါးရာပွါးကြောင်း၊ ပေါင်း၍သဂြိုဟ်၊ ပဟိုရ်စည်ကြီး၊ ဆော်ရိုက်တီးသည်။ ။မြီးလေ့ချက်မှန် ကျယ်ကျင်းတည်း။

(ဤသို့ အသတ်ပါသော အက္ခရာဖြင့် ချိုခြင်းကို ပေါက်ပြ-ချိုဟု ခုနှစ်လုံးချ ဟူသမျှကိုလည်း နိုင်ညွတ်စက်ပြ-ချနည်းဟု မှတ်ကြလော့)

---

* ဤလက္ခဏာဖြင့် ပေါ်ရာအ။ † ဤလက္ခဏာဖြင့် ခွဲထားကို ပြသည်။

[illegible] ၈—၀-၆-၈-၈

၂။ မဟာဝိနယ၊ ပိဋကနှင့်၊ ဓမ္မနှစ်ဖြာ၊ ဘိဓမ္မာသုတ်၊ ခွဲဝေထုတ်သား၊ ဒုက်တိက်ပဋ္ဌက်၊ ကိုးချက်ရှစ်သောင်း၊ အပေါင်းလေးထောင်၊ ကုန်အောင်ကြီးငယ်၊ ကျမ်းပင်လယ်မှ၊ ကြိတ်နယ်နှောက်မွှေ၊ ဘော်ထုတ်ဘွေ၍၊ ဆောင်ထွေစုစု၊ ဝတ္ထုရာဇဝင်၊ မဟာဝင်က၊ *ပုံပြင်နည်းနာ၊ သဒ္ဒါပရမတ်၊ ပညတ်ဝေါဟာရ၊ ပေါရာဏနှင့်၊ လောကဓမ္မ၊ ရာဇတန္တိ၊ ထုံးမှီစံကျ၊ နည်းစုံပြလျက်၊ သုတများရာ၊ ဤလင်္ကာကား၊ ပညာဉာဏ်ပွါး၊ အကြောင်းအားဖြင့်၊ ကျီးသွားရှာထ၊ ကာကဒန္တာ၊ ပရိက္ခာသို့၊ ပမာတူ*နိုး၊ အကျိုးမယှဉ်၊ ပယောဇဉ်ကင်း၊ မဟုတ်လျှင်းတည့်၊ အဖျင်းသွပ်ပေါ့၊ တကျိပ်သော့လူ၊ ထန်းစေ့ဟူ၍၊ မှတ်ယူမရ၊ ဒသတာလိမာ၊ ဆိုစပါသို့၊ ဆိုရာမဘွယ်၊ ဓိပ္ပါယ်မထွက်၊ အနက်*မဲ့လျှင်း၊ သပ္ပန်ကင်းသည့်၊ ချွတ်ယွင်း*ကျီးကျူး၊ အရူးစကား၊ မဟုတ်ငြားတည့်၊ ပတ္တမြားထိပ်ညှော်က်၊ နဂါးမောက်ဖြင့်၊ အိုပျောက်နိုင်စွာ၊ မသေရာဟု၊ နည်းနာပြသင်၊ ပြောပါကျင်လည်း၊ တောဆင်အဝေး၊ ခမည်းပေးသို့၊ အရေးမရ၊ မဟုတ်စွ္ခတည့်၊ ထုံမှတထွေ၊ မရေမရာ၊ စဉ်လာမပြု၊ မာတုဝိဝါဟာ၊ လောကသမ္မုတ်၊ ထုံးမယိုဘဲ၊ အမိထိမ်း†မြား၊ ဆိုစကားသို့၊ လူ†များ*အစုတ်၊ မသမုတ်သည့်၊ မဟုတ်ဥပဒေ၊ မဟူချေတည့်၊ ရေမူးငြေး၊ မီးကားပူတောင်း၊ ဆိုတုံရှောင်းသို့၊ အကြောင်းပေါ့ဘိ၊ ထူးမယိုဘဲ၊ ဆိုမိဆိုရာ၊ မဆိုစွာတည့်၊ ငါးဖြာစင်စစ်၊ ကျမ့်းအပြစ်နှင့်၊ မယှစ်မသိုင်း၊ နည်းမှန်လှိုင်းသည်။ ။ဘတ်တိုင်းသိလိမ့် လက်စဉ်းတည်း။

၃။ မဟာဝိဇယ၊ အတုလလျှင်၊ ဆုငှသာသနာ၊ နှောင်ဘို့တာဟု၊ ခါခါဘန်ခေါက်၊ ပြန်ပြန်ရောက်၍၊ ထိုလောက်*ခိုင်†ကျည်၊ တည်စိမ့်ရည်တိုင်း၊ †ကြည်သရာ†ယောင်၊ တေဇာပြောင်လျက်၊ ဘုန်း†ဆောင်နေလျှံ၊ ကျောက်မျက်ပျံ့နှင့်၊ ဆင်ပျံ့နတ်စက်၊ သိကြားဆက်၍၊ လက်နက်ရိန္နမာ၊ စကြာနတ်သိုင်း၊ အာဏာခိုင်းသား၊ တလိုင်းရာဇာ၊ မြန်မာနေနတ်၊ မျိုးမန္ဓာတ်တို့၊ ပြာသာဒ်နန်းမြင့်၊ စံတင့်သရေ၊ မင်းပွဲ့ချေလျက်၊ ရွှေမြေသထုံ၊ သုဝဏ်ဘုံနှင့်၊ စက်စုံ*ဖြိုးသစ်၊ သရေခေတ်မှ၊ ညာမြစ်ဝဲးယာ၊ ဆန်ခဲ့လာ၍၊ ရတနာပုံ၊ နေရုံဓိပတိ၊ မန်းဂိရိနှိုက်၊ အာဒိကမ္မိက်၊ ဗျာဒိတ်သိုက်ရ၊ နန်းတည်စသား၊ ပဉ္စမသင်္ဂါယနာတင်၊ ဘုရင်မင်းဖျား၊ မင်းတရား၏၊ ထင်ရှားစဉ်ခါ၊ ဤလင်္ကာကို၊ ဦးစွာပထမ၊ ရေးစီစလည်း၊ စာချစာပို၊ ကိစ္စတို့ဖြင့်၊ ဆုံးသို့မရောက်၊ ထို့နောက်တဘော်၊ သားတော်နေမြစ်၊ ခုနစ်နှစ်လုံး၊ ဘုန်းသစ်ထိန်ညီး၊ ထွန်းခဲ့ပြီးမှ၊ ကျွန်းကြီးဗိလပ်၊ နန်းရပ်ဗိမာန်၊ လန်ဒန်သိင်္ဂီ၊ စိုးစံမှီသည့်၊ ဧကရီမြတ်၊ မိဘုန်းနတ်လျှင်၊ မြန်ရဌ်ဇေယျူ၊ မန်းရွှေဘုံကို၊ စိုးခြုံပိုင်းခြား၊ ဆဲ့ငါးနှစ်မျှ၊ ထိုကာလလည်း၊ ဗုဒ္ဓကိစ္စ၊ ဓမ္မဒေသနာ၊ အားကြီးစွာကြောင့်၊ နေဝါတိမ်အုပ်၊ မပေါ်ငုပ်သို့၊ မြုပ်၍နေပြီး၊ ပျောက်လုနီးလျက်၊ ဘုန်းမီးနေလ၊ တိုက်လုံးပသား၊ သတ္တမဘုရား၊ သားတော်ဘုန်းထက်၊

ရှုံးစိန်စက်နှင့်၊ ဒွေက်ဘုရင်၊ စောနတ်သျှင်လျှင်၊ ဥကင်ဘွင့်မြောက်၊ သုံးနှစ်လောက်မှ၊ အောက်မေ့ပြန်မ်၊ သတိရရ၊ နတ်ဆောဲမသို၊ လက်စမင်ုပ်၊ ကွယ်မမြုပ်ဘဲ၊ သိမ်းအုပ်ပြီးဆုံး၊ ကမ္ဘတ်ဖုံးလျက်၊ နိဂုံးရောက်အောင်၊ ဘုန်းတော်ဆောင်၍၊ စာစောင်ရွှေတုံး၊ တိုင်းသုံးထိုက်လျှော်၊ ထွန်းလင်းပေါ်သည်။ ။ဘုန်းတော်နေနှင့် ပြိုင်လျဉ်းတည်း။

၄။ မဟာသုဂတ၊ တုမရသား၊ ကျမ်းလှရွှေစာ၊ ဤလက်ာန္တိက်၊ သေချာချက်မှန်၊ ခြောက်ပိုင်းကန်၍၊ *လက်မှန်အစ၊ လက်ာ့နိဒါန်း၊ ပြည့်နှန်းသရုပ်၊ အကျဉ်းချုပ်နှင့်၊ ပစ္စုပ္ပန်ဝတ္ထု၊ မှတ်ပြုခေါ်ထွေ၊ သန္တိကေမည်မှန်း၊ ဇာတ်နိဒါန်းဟု၊ အခဏ်းပထမ၊ ဦးစွာပြလျက်၊ ဒုတိယမှာ၊ မဟာသမ္မတ၊ မင်းကစဉ်လတ်၊ မျိုးနေနတ်တို့၊ သိဒ္ဓတ်ဘုန်းခေါင်၊ လောင်းတော်အောင်လျှင်၊ ပြည်ထောင်တိုင်းပြု၊ စတုဝီသ၊ မင်းထိုမျှနှင့်၊ ရာဇရာဇာ၊ မဟာနွယ်စင်၊ တန်းဆာဆင်သား၊ ရာဇဝင်ခဏ်း၊ တတန်းနောက်သော်၊ လောင်းတော်မဃ၊ မင်းဒေဝလျှင်၊ ဌာနအောင်ချာ၊မိထိလာသို့၊ *ဗိုလ်ပါလုံးရင်း၊မျှားသင်းပင်းနှင့်၊ မကြွင်းစုံညီ၊ ကြွချီခြိမ့်မှန်း၊ မြို့ပြောင်းခဏ်းက၊ ထီးနန်းအသစ်၊ *စနစ်တောင်တာ၊ ယူနေ့သုံချ၊ မြို့ပြကျုံးမြောင်း၊ အပေါင်းစုံစွာ၊ အင်္ဂါမချို၊ တောင့်နှယ်မှီအောင်၊ နန်းမြို့တည်ခဏ်း၊ ရေသွန်းအစဉ်၊ သပန်းပျဉ်ထက်၊ ဘွဲ့ယှဉ်စံကာ၊ မင်း*တံထွာပြင့်၊ မုဒ္ဓါဘိသေက၊ ရာဇ*မော်ကွန်း၊ ဖြဟ္မာသွန်းသား၊ ကျွန်းလုံးကျော်ထိတ်၊ အောင်နိမိတ်နှင့်၊ ဘိသိက်တော်ခဏ်း၊ နန်းသိမ်းခဏ်းပါ၊ ထူးဆန်းကြီးကျယ်၊ တင့်တယ်ထိန်ဝင်း၊ မင်းခမ်းကျင်းလျက်၊ ရှစ်စင်း*ပန္နု၊ ဘွင့်လုစ်ထူ၍၊ နတ်တူအသွင်၊ တုမပြင်အောင်၊ ရွှေပလ္လင်ပျံ၊ ခြသေ့ခံထက်၊ ထွက်စံဘုံရှောင်း၊ ပြိမ့်ပြိမ့်*ညောင်းတိ၊ ထီးဆောင်းမင်္ဂလာ။ မဟာဥကင်တော်ပွင့်၊ တခဏ်းဆင့်ပြီး၊ မင်းကျင့်ဝပ္ပ၊ ပိုင်းခြားပြသား၊ ရာဇဝရိယ၊ ခဏ်းလှတပြာ၊ တောဘ်ရှိန်ပြူး၊ ဘိသိက်ကျူးဖြင့်၊ တန်းခိုးတုန်ချို၊ ဘုန်းတော်ဘွဲ့ဟု၊ တု*မဲ့ အံ့ဘွယ်၊ တခဏ်းခြယ်မှ၊ခဏ်းငယ်နှာ၊ ကိုးချက်ပြသား၊ လောကဟိတ၊ စရိယဟု၊ ပထမခဏ်းကြီး၊ တကန့်*သီး၍၊ *ဝွဲ့ခြီးသံလှိုင်း၊ *လက်မှန်ပိုင်းသည်။ ။ထုပ်သိုင်းရွှေနှယ် ရွှေကြီးတည်း။

၅။ ထို့နောက်ငင်း၊ *စောလောင်းရာဇာ၊ ကြီးပညာနှင့်၊ မဟာမဃ၊ ဒေဝဘုန်းမို၊ သနေ့သိမြင့်၊ ဇာတ်ပညာဉ်၊ မြဲးယှဉ်စောင်းလျှက်၊ ဥက္ကောင်းထက်နိုက်၊ တစက်ဆံပင်၊ ပြုသည်မြင်သာ၊ မြင်လျှင် မြင်ခြင်း၊ တင်*အချင်းဟု၊ ကြံရင်း*အဲးခိုး၊ ဉာဏ်ဆောင်နှိုး၍၊ မိုး ဒိုးပမာ၊ မိန့်တော်မှာသည်၊ ရာဇသန္တန၊ ခဏ်းလှတဘွယ်၊ နာသာဘွယ်တည်း၊ နောက်ဝယ်တပြာ၊ ဆတ္တာသမား၊ ထိုယောကျ်ားက၊ လျှောက်ကြားသင့်စွာ၊ ကပ္ပကာဇရာစန၊ ဟူထတခဏ်း၊ မြ နန်းကာသာ၊ *သျှောင်စွန့်သတွင်၊ ရောင်ဝါသဘက်ပြူး၊ ဆံတော်ကြားနိုက်၊

ကြောင်†ကျွားမတူ၊ တချောင်းပြူဟု၊ ဆယ်ဆူလက်မြှောက်၊ တင်လျှောက်ချဉ်းကပ်၊ ရွှေမွေးညှပ်ဖြင့်၊ နုတ်အပ်ယူပြီး၊ မင်းကြီးရွှေလက်၊ တင်ဆက်ပြုဟန်၊ တခဏ်းပြန်၍၊ ဘုန်းသန်မင်းကျော်၊ ထိုဆံတော်ကို၊ ရှုမျှော်တုံလစ်၊ ကိုယ့်အဖြစ်နှိုက်၊ အပြစ်မြင်မြင်၊ ဉာဏ်တော်ထင်တိုင်း၊ ဆင်ခြင်ကြံထ၊ ခြင်းရာပြသား၊ အတ္တစိန္တာ၊ တခဏ်းဖြာမှ၊ များစွာသက်ကြွင်း၊ ယိုတုံလျှင်းလျက်၊ သေမင်းယူမည်၊ *တိုးတည်ထံနီး၊ ရောက်လာပြီးသို့၊ နန်းထီးစည်းစိမ်၊ မင်းရိပ်ငြိမ်ကို၊ နှောင်အိမ်လောင်တိုက်၊ မှတ်ပိုက်ဘန်ဘန်၊ သံဝေဉာဏ်ဖြင့်၊ ထင်ဟန်ခြင်းရာ၊ သံဝေဂါကာရ၊ ပြခဲ့ခဏ်းသီး၊ ကန့်ပြီးတဖြာ၊ ဥဒါန်းသာ၍၊ လွန်စွာဝမ်းနူး၊ မြွက်ဆိုကျူးသား၊ ရှင်မြူးကြည်လွ၊ ဥဒါနဝစန၊ ခဏ်းထူးပြလျက်၊ ဤမျှခဏ်းငယ်၊ ခြောက်ခဏ်းခြယ်၍၊ နာဘွယ်ပိုင်းသန်း၊ သံဝေခဏ်းဟု၊ မည်မှန်းနာမ၊ ဒုတိယဖြင့်၊ ကျမ်းလှတအုပ်၊ ခဏ်းကြီးချုပ်သည်။ ။ပိုက်ထုပ်မှတ်လေ ရွှေအိုးတည်း။

၆။ သံဝေဂကြီး၊ ကမ္ဘာမီးသို့၊ *စောမီးမင်းမြတ်၊ အမြဲမှတ်၍၊ ထိုဆတ္တာသည်၊ မိန့်တိုင်းတည်အား၊ လွန်ကြည်မြတ်လေး၊ ရှာဆုပေးသား၊ မထွေးကွက်ကန့်၊ သန့်ခဲ့ပိုင်းသန်း၊ ဆုတောင်းခဏ်းတည့်၊ *ကြငှန်းထွတ်ချာ၊ လောင်းရာဇာလျှင်၊ နန်းမှာမင်းလေ့၊ မပျော်မွေ့၍၊ ငြီးငွေ့*ဦးလေး၊ တေ:ထွက်ရေးဖြင့်၊ မနှေးအလို၊ သားဘုန်းပျိုအား။ မိန့်ဆိုထင်ရှား၊ အကျယ်ကြားသား၊ ကြောင်းလျားခြင်းရာ၊ ပုတ္တာရောစန၊ ကဏ္ဍပိုင်းဘွဲ့၊ ခဏ်းသီးခွဲ့မှ၊ မင့်မင်းဖြစ်၊ သားချစ်သက်နှံ၊ အိမ်ရှေ့စံအား၊ နိုင်ငံတိုင်းလုံး၊ ကျုံး၍မကြွင်း၊ ထီးနန်းနှင်းလျက်၊ မင်းတို့ကျင့်ရာ၊ အဖြာဖြာတိ၊ များစွာဆန်း†ကြွယ်၊ အသွယ်သွယ်ကို၊ ကျဉ်း†ကျယ် နယ၊ မြွက်ဘော် ပြ၍၊ ဆုံးမ မိန့်ဟော၊ သွန်သင် ပြောသား၊ ပုတ္တော ဝါဒ၊ နာမ မှတ်တည်၊ နောက်ခဏ်း မည်ဖြင့်၊ ထူးလည်နယန်း၊ ခေါ်ပြဋ္ဌာန်းလျက်၊ သုံးခဏ်းတဆိုင်း၊ ခဏ်းကြီးပိုင်းသား၊ နာတိုင်းသာစွ၊ တတိယတည့်၊ သုတဗုဒ္ဓိ၊ ကဝိပုဂ္ဂိုလ်၊ ဝိဇ္ဇာဓိုရ်ဟု၊ ဖြစ်လိုသသူ၊ များရှင်လူနှင့်၊ ရာဇူသဘ၊ နရမှန်ကင်း၊ ပြည့်ရှင်မင်းတို့၊ မကြွင်းမှတ်†ရာ၊ နားတန်းဆာတိ၊ သာ†ယာနာဘွယ်၊ မကျယ်မဝန်း၊ ခိပ္ပါယ်ညွှန်းလျက်၊ မိုက်စွန်းခြောက်တောင်၊ ပေါက်*ပြောင်ဇာနည်၊ မုန်ရည်အာသောက်၊ စွယ်ရောက်စုံလင်၊ မင်းစီးဆင်သို့၊ မြန့်ခွင်ကြော်ငြာ၊ ရှေးဆရာတို့၊ နည်းနာရွှေဉာဏ်၊ *တမျဉ်းမှန်တိုင်း၊ ကျမ်းဂန် နိပါတ်၊ ဇာတ် ရာဇဝင်၊ မဟာဝင်က၊ *ပုံပြင်ဝတ္ထု၊ စုစုလုံးစုံ၊ နည်း*ကုံလုံသား၊ ရေးပုံတဆူ၊ ကျမ်းတမူဖြင့်၊ လွယ်ကူခဏ၊ လိုတိုင်းရအောင်၊ ကပ္ပရုက္ခာ၊ ပဒေသာကြီး၊ အစုံသီးသည်။ ။ညီး၍ရွှေပင် ရွှေ†ရိုးတည်း။

၇။ အလောင်းမင်းကျော်၊ မြတ်သားတော်အား၊ ထုတ်ဘော်ကုန်စင်၊ သွန်သင်ဆုံးမ၊ ပြည်ပပြည်တွင်း၊ ကျန်မကြွင်းအောင်၊ မင်း၍အဖြစ်၊ စင်စစ်မှန်စွာ၊

အပ်သော့ခါလျှင်၊ ရန်ကာ*ဝန်းလျား၊ မွှးမတ်များတို့၊ လျှောက်ထားကြောင်းစ၊ တင်ကြခြင်းရာ၊ အမစ္စာပုစ္ဆန၊ ခဏ်းလှတပါး၊ ပိုင်းခွဲခြားမှု၊ ကြောင်းလျား ပြန်မြွက်၊ ဆံတခက်ဖြင့်၊ ပြွှချက်ခေါင်းမှာ၊ သေမင်းလာ၍၊ မကြာယူမည့်၊ စေသည့်အ႑ခြင်း၊ ယမမင်း၏၊ *အ႑ချင်းတ႑မန်၊ အ႑မှန်ခုဆိုက်၊ အလံစိုက်ဟု၊ ဆိုထိုက်သဘော၊ မိန့်ဟောသဘာဝ၊ ထင်စွာပြသား၊ မမ္ဗဒေသနာ၊ တခဏ်း ပြာပြီး၊ ပြည်ရွာစောင့်ရှောက်၊ မွှးလျှောက်မတ်လိုက်၊ ကျင့်ထိုက်သမျှ၊ ကြောင်း ချင်းတကို၊ ဆုံးမမိန့်ပြော၊ မှာခဲ့ဟောသား၊ အမစ္စေ့ာဝါဒ၊ ထိုမှတဘော်၊ ညာနန်းပျော်နှင့်၊ နတ်*လျှော်တူညီ၊ ဒေဝီတို့အား၊ ဆုံးမကြားသား၊ တရား နှစ်ဆီ၊ နက်လေးအီသည့်၊ ဒေဝီယောဝါဒ၊ လေးကဏ္ဍဖြင့်၊ နာမသာမော၊ နည်းစုံနှော့သား၊ အမစ္စေ့ာဝါဒ၊ စတုတ္ထဟူ၊ ခဏ်းကြီးမူလည်း၊ ရှင်လု*ခပင်း၊ အချင်းမွှးမတ်၊ သူမြတ်ဟူကြ၊ မင်းမိန်းမတို့၊ နားဝနာတင့်၊ နာသင့်နာဘွယ်၊ ဆင်ကြောင်းခြယ်သား၊ ရွှေနားသွယ်ပန်း၊ ခိုင်ဝေလန်းတည့်၊ တင့်ဆန်းထိန်ညီး၊ မိ့းထက်မီးသို့၊ ဆီးပြွှသျှစ်သျှား၊ ပန်ခါးသရက်၊ စဉ်လျက်မယှင်း၊ အင်ကြင်း ထန်းတော၊ သူယောင်တောနှင့်၊ ငှက်ပျောတရပ်၊ သီးတောစပ်လျက်၊ ရှစ်ထပ် ယှင်နာ၊ တောကြီးကာ၍၊ မဟာတရှု၊ ငမ္ဗူ့သရေ၊ ကျွန်းထိပ်ဇေ့ကာ၊ သပြေ ရိပ်ထီး၊ ရွှေပင်ကြီး၏၊ ပင်သီးရွှေဘော်၊ တုမပြော်သည်။ ။ငမ္ဗော်နဒ ရွှေမျိုးတည်း။

ဂ။ မွှးမတ်လုံးစုံ၊ များ*ဗိုလ်႑ပုံအား၊ ရွှေ႑ဘုံစိုးရ၊ လောင်းမဃလျှင်၊ ဆုံးမခဲ့ပြီး၊ နန်းထီးတိုင်းပြည်၊ အတည်တည်ကို၊ ဆီးရည်နှင်းစက်၊ ခံမတွက်ဘဲ၊ တောထွက်စွန့်ပစ်၊ မင်းဖြစ်ပယ်ထ၊ နေကွမ္ဗခဏ်း၊ ရဟန်းရသေ့၊ ပြွှ၍မွှိထဲ၊ မဝင်ဘဲလျှင်၊ ရှောင်လွှဲစိတ်ချ၊ မထဒေဝ၊ ဉယျာဉ်မနိုက်၊ နိစ္စမြဲသို့၊ ဗြဟ္မ စိုရ်လေးပါး၊ မြတ်တရားကို၊ ပွါးများ*ခြွီးခြံ၊ ကြိုး*အားသံသည်၊ ဗြဟ္မဝိဟာရ၊ တခက်းပြလျက်၊ ကမ္ဘာဃိ၊ ကျမ်းလာဒ္ဓိတိုင်း၊ နိုင်းညှိဂန္ထန်၊ တိရစ္ဆာန် ပြိတ္တာ၊ မဟာနရက၊ ဥဿဒနှင့်၊ ယမလောကီ၊ ထိုဤ*ပြောကျယ်၊ ကြီးငယ်ငရဲ၊ ဝေခွဲဘော်ပြ၊ အပါယခဏ်း၊ နတ်ဘုံခဏ်းက၊ ထက်နန်းဗြဟ္မာ၊ ရူပါ ရူပ၊ သံသနှတည့်၊ သတ္တခဏ်းငယ်၊ ပေါင်းခြယ်တုံထ၊ ဗြဟ္မဝရိယ၊ ပဉ္စမ ဟု၊ မည်ရ ခဏ်းကြီး၊ ကန့်ဆီးတတန်၊ အပိုင်းကန်၏၊ ကျမ်းဂန်မည့်၊ ဝိတက္ကဖြင့်၊ တတ်သိ ယောင်မှု၊ ချိရှင်လုတို့၊ အယူမကျ၊ လက်ဘမှုဟု၊ ဒေါသယိုဟန်၊ နတ်ဖိုင်းသန် ၏၊ ဉာက်မနပ်နူး၊ ဝန်းပ႑ကြွးနှင့်၊ နတ်႑ကျူး နတ်လွန်၊ ဆိုသူဝန်တည့်၊ ပြစ်စက်ငါတို့၊ ဘယ်ယို မြွိဘုံ၊ မြင်းမိုရ်သတ္တာန်၊ ဆီးစေ့မှန်သို့၊ မပြန်မလှန်၊ သစောဘ*မှန်ရှင်၊ ဘဝန္တဂူ၊ သုံးလူ့ထုတ်ချာ* စောမြတ်စွာလည်း၊ သုဘာ သိထ၊ မေ့ဓသား၊ ပိယသစ္စာ၊ ကျိုးနပ်ရာဟု၊ အဂ်ါလေးတန်၊ ဟောမိန့်သွန် ၏၊ သူမှန်ငတေ၊ ကဝိလက္ခဏာ၊ ပြောဘ်လိုစွာလျက်၊ သမ္မာဆန္ဒ၊ သုတကာသိ၊

သုတေသိဖြင့်၊ ဉာဏ်ယှိနောက်ကျန်၊ ဉာဏဝန်တို့၊ထိုက်တန်သူ့နား၊ကြား၍မငြီး၊ ရှုမပြီးအောင်၊ ပင်သီးရွှေထက်၊ မြေကထွက်သား၊ စက်စက်ရောင်မြို့၊ လောင်အံ့သို့တိ၊ နွားချိုသဏ္ဍာန်၊ ရွှေသုဝဏ်နှင့်၊ နှိုင်းတန်*တမျှ၊ ကျေးဇူးလှလိမ့်၊ ထိုမှတမျိုး၊ ကပ်ပြုပျိုးသား၊ မိုး၏ပမာ၊ မျိုးလေးဖြာတို့၊ ဘတ်နာသမျှ၊ ပွါးသုတဖြင့်၊ ကမ္မသကာ၊ ဉာဏ်မဟာနှင့်၊ သဒ္ဓါသောမန၊ ပုညစေ့ပျိုး၊ ကုသိုလ်မျိုးကို၊ ဖွံ့ဖြိုးစည်ပင်၊ လန်းလန်းရှင်အောင်၊ မြန်ခွင်မဆန့်၊ အနှံ့ထက်ဝန်း၊ ကြူးဆော်ညွန်းသည်။ ။သွန်း၏ ရွှေရည် ရွှေမိုးတည်း။ ။

၉။ မဟာသတ္တော်၊ လောင်းမင်းကျော်လျှင်၊ မိုးပေါ်ရပ်သာ၊ ဗြဟ္မာ့ရွာက၊ ဝေးကွာအောက်ထပ်၊ လူ့ပြည်ရပ်သို့၊ တပ်အပ်မျှော်ကာ၊ ကြည့်ခြင်းရာဖြင့်၊ မနုဿလောကန၊ နာမ တခဏ်း၊ တန်းခဲ့နောက်မူ၊ ဆံဖြူ တခက်၊ မြင်သည့်ရက်နိုက်၊ တောထွက်မင်းကောင်း၊ လေးထောင်ပေါင်းနှင့်၊ ရှစ်သောင်းမပြည့်၊ ယုတ်လှည့်နောက်ဆက်၊ တယောက်တွက်ကြောင့်၊ မပျက်စိမ့်ငှါ၊ ဆက်လိုစွာ၍၊ ဗြဟ္မာကရွှေ၊ စုတေ့ခဲ့တုံ၊ လူ့ဘုံဇာတိ၊ ကျင့်လာဘိသား၊နိမိရာဇ၊ စရိယခဏ်း၊ ပိုင်းသန်းထိုပြို့၊ နေမိရာဇာ၊ ဝတိသာက၊ ပြန်လာဇာတ်သိမ်း၊ *မှတ်ထိမ်းဓမ္မတာ၊သစ္စာပြခဏ်း၊ ဇာတ်ပေါင်းခဏ်းနှင့်၊ နိဒါန်းသိမ်းရုံး၊နိဂုံးထိုမျှ၊ ငါးခဏ်းပြ၍၊နိဂမပိုင်း၊ရွှေကြိုးသိုင်းသား၊ရှုတိုင်းသာယာ၊ ဤလင်္ကာကား၊လူ့ရွာနောက်နောင်၊ အကျိုးဆောင်လိမ့်၊ *ယခေါင်*နိဿရည်း၊ ထိုထိုနည်းနှင့်၊ တောဒည်းအလင်္ကာ၊ ညီညွတ်စွာသော်၊ ကဗျာကပ္ပ၊ ထိုဗန္ဓနိုက်၊ မုချထင်စွာ၊ ထိုဆရာ၏၊ မဟာကဝိန်၊ *သုခမိန်သနစ်၊ ပဏ္ဍိတ်ဖြစ်ကို၊ စင်စစ်မှန်လှ၊ လင်္ကာပြ၏၊ ဗန္ဓလက္ခဏာ၊ မညီပါမူ၊ ထိုကဲ့ဗျာပင်၊ ကဗျာ့ရှင်ကို၊ နွှား့သွင်မုချ၊ ထင်စွာပြ၏၊ သုတကရိုဏ်း၊ စည်ပြန့်လှိုင်းသား၊ မြန့်တိုင်းကြော်ငြာ၊ ဤကျမ်းစာကား၊ နာသာတုံလျက်၊ အနက် မ*ချေ၊ ကိလေသုပ္ပတ်၊ ဟီနတ်သဘော၊ မျှားစွာ*နှော၍၊ *မောင်တော*မယ်တော၊ တောင်တောရေပြင်၊ ကောင်းကင်တာရာ၊ ဝဏ္ဏနာဖြင့်၊ ဆဲးစာရဲးစာ၊ စောင်းချိတ်စာက၊ ဒန္ဒာရီထုတ်၊ မဟုတ်မဟာတ်၊ ပြဇာတ်ရှုဇာတ်၊ မမှတ်စအပ်၊ သမ္ဖပ္ပလာ၊ ထိုထိုစာသို့၊ နည်းနာမရ၊ မကျအရိုး၊ ဉာဏ်မတိုးဘဲး၊ ကောင်းကျိုး*မဲ့မဲ့၊ အပြစ်*ပြဲ့သား၊ ငရဲးစီးပွါး၊ မဟုတ်ငြားတည့်၊ နာကြားသမှု၊ ဘတ်ရှုတိုင်းသာ၊ အရာရာနိုက်၊ပညာသုတ၊ ကောင်းကျိုးရလိမ့်၊ ဗာ့လရေးစီ၊ စာ့ဗာဟီမူ၊ လောကီလောကုတ်၊ ကောင်းကျိုးယုတ်လျက်၊ ဆီသုတ်သနထော်၊ ဝါယော်ယောင်နှု၊ ရွှေ*နှယ်တုလည်း၊ ရွှေစုမသွင်း၊ မတ်မဝင်းသည်။ ။ရွှေဖျင်းရွှေယောင် ရွှေ†ယိုးတည်း။

၁၀။ နှစ်ထောင့်လေးရာ၊ သာသနာလျှင်၊ ကျော်ကာလွန်ပြီး၊ တဝက်နီးနိုက်၊ ညီးညီးထွန်းထိန်၊ နေမွန်းချိန်သို့၊ ရောင်ရှိန်လင်းဝါ၊ ဖြာ့ထက်ဖြာ၍၊ ကောဇာလည်းရင့်၊ ထောင်နှင့်ရာဆယ်၊ ခုကယ်စွန်းထ၊ နှစ်ဝဿလျှင်၊ စိတ္တာရှုပါ

သချ်ာသွယ်ညွှန့်၊*ဖြိုးကြွယ်*ကွန့်သား၊*စောရဟန့်ဖြိုးရင်း၊ ပုဂံကြွင်းနှင့်၊မိုးညွှင်း
သက္ကရာဇ်၊ အင်းဝဖြစ်တိ၊ ပွါးသစ်ရှည်တို၊ ခေါ်ဆိုနာမ၊ ဒီဃရဿော၊ နှစ်
သဘောလည်း၊ အန္တောပညတ်၊ သူရင်ခတ်သို့၊ နီးလတ်တုံမြောက်၊မိုးတောက်
နှစ်ဆန်း၊ ခတ်သိုက်ပန်းနှင့်၊ ကိန်းခန်းပေါ်လု၊ မျှား*ထုလှု*ဗိုလ်၊ပွါးကုသိုလ်
ဖြင့်၊ အလိုသမ္ဘာ၊ တည်ကြည်စွာကြောင့်၊ပြည်ရွာတိုင်းကား၊မ*ချောက်ချားဘဲ၊
တရားဆောက်တည်၊ ပညာစည်၍၊ *ခိုင်ကျည်မယွင်း၊ မင်းနှင့်ပြည်သူ၊ ရှင်လူ*
တကာ၊ ပွင့်လင်းသာလျက်၊ မေတ္တာမပျက်၊ စောင့်ရှောဘက်ပြီး၊ အောက်ထက်
ညာကြေ။ကမ္ဘာမြေထက်၊ ကြည်းရေခရီး၊ပိတ်မဆီးဘဲ၊ စက်မီးခတ်မီး၊ တညီး
ညီးတည့်၊ လှစ်းရထား၊ သဘောအားဖြင့်၊ နေသွားညသွား၊ မခြား*ထူပြော။
စိတ်မနှောတိုင်း၊ ရေကြောမြေကြော၊ တောင်တောဖြတ်နှင်၊ လေးကျွန်းရှင်တို့၊
လေးခွင်ဒီပါ၊ လှည့်သော့ခါသို့။ စကြာပေါ်ဆိုက်၊ ခါတော်ခိုက်ဝယ်၊ ဘိုးထိုက်
ဤကျမ်း၊နည်းစုံပြွမ်းလည်း၊ မင်းခမ်းစိုးစု၊ ပညာမှုနှင့်၊လှုမှုရှင်မှု၊*ရောရှုစပ်ကာ၊
ပေါ်ထွန်းလာ၏၊ သာသနာ့ရှိန်၊ ထိန်ထိန်ဝင်းလစ်၊ ဤခါခေတ်ကာ၌ ယုဂ်သစ်
တပါး၊ ဆန်းသော့လားဖြင့်၊ ခိုးသားသူပုန်၊ မမှုန်မဆန်၊ ပုန်မကာန်တည့်။
ဟေမန်ခါစက်၊ ဆောင်းလရက်နိုက်၊ မည်းနက်ရောင်ကျော၊ ငှက်ဥဩတို့၊
သဘောမလွန်၊ မတွန်ဆိတ်ဆိတ်၊ အသံတိတ်သို့၊ အရိပ်ဥပ္ပာသည်၊ ဘေးမြူခပ်သိမ်း၊
ငြိမ်းကြီးငြိမ်းလျက်၊ *မုဒိမ်းမထွက်၊ *ညည့်ငှက်မ*ဟုပ်၊ မရှုပ်ပြည်လေး၊
ခိုးသေးမပေါ်၊ မမော်မကြွ၊ တိုက်လောကလုံး၊ ထိုမျှရန်သူ၊ဦးမပြူသည်။ ။
ရာဇမင်းတို့ တန်းခိုးတည်း။

၁၁။ ဗေဒျေဝဟု၊ နာမယှဉ်မှီ၊ ခေါ်သညီနှင့်၊ သုံးလီဂါဝုတ်၊ မယုတ်ဒင်း၊
ထိုနတ်စောင်း၏၊ ရှည်လျောင်းစဆုံး၊ စောင်းလက်ရုံးကို၊ သုံးပုံပုံလျက်၊ အထက်
ဆင့်၊ မင့်အလယ်၊ အောက်ဝယ်ဘာဂ၊ ဂန္ဓာရဟု၊ မာဂဓိကာ၊ ကျမ်းလာ
အရ၊ သုံးဂါမတည့်၊ ဥသဘ ဓေဝတ၊ ဆင့္ ဂန္ဓာ၊ မဇ္ဈိမာ ပဉ္စမ၊ နိသာဒဖြင့်၊
သတ္တဟုလျှင်း၊ စဉ်မယှင်းသား၊ နွားမင်း မြင်းမင်း၊ တွန်ဟီခြင်းနှင့်၊ ဒေါင်းမင်း
ကေကာ၊ ဆိတ်ကြိုးကြာက၊ သာယာချိုမော၊ ညဩ ဆင်မင်း၊ တွန်ခြင်းဟီ*ဟာ၊
အသံခုနစ်ပါး၊ မှတ်ပိုင်းခြားပြီး၊ နွားလားသုံးပေါက်၊ မြင်းသံ ခြောက်နှင့်၊
ထိုနောက်သံ*သြောင်း၊ ဥဒေါင်း ငါးဆစ်၊ ဂန္ဓာ နှစ်က၊ မဇ္ဈိမပုလဲ၊ ခေါ်မြဲ
သဖြန်၊ အောက်ပြန်ပဉ္စမ၊ လေးပေါက်မှလျက်၊ နိသာဒညွှင်းလုံး၊ ပေါင်းရုံး
ညီးညာ ခုနစ်သံတွင်၊ တသံခုနစ်မျိုး၊ လေးဆဲ့ကိုးနိုက်၊ တီးရိုးမယွင်း၊ နောက်တစ်
သွင်း၍၊ တီးခြင်းငါးဆယ်၊ နတ်ပြည်ဝယ်တည့်၊ တသွယ်မှတ်ရာ၊ နားမှာ
ကြားဆင့်၊ သံမြင့် သံသာ၊ နက်စွာသိမ်မွေ၊ ဟုဍ္ဍမည်ယို၊ လေးသုတိဖြင့်၊
သာဘီလွန်ခြင်း၊ ဥဒေါင်းမင်းနှင့်၊ ဆင်မင်းဆိတ်ပြ၊ သံသုံးလီတို့၊ လေးစိတ်မျှ၊
အညီရရှင်း၊ နောက်ကတပါး၊ ချန်လှတ်ထား၍၊ နွားလားနိုက်သာ၊ ငှက်ကြိုး၊

ကြာဝယ်၊ နက်စွာသံချ၊ သုံးစီရ၏၊ ပထမတတိယာ၊ သံနှစ်ဖြာကို၊ မြင်းမှာမှတ်ဘိ၊
ဒုတိစတုတ်၊ မယုတ်နှစ်†ချိုး၊ ဥသြသွင်းလျက်၊ ကြား†ခြင်းဟူဘိ၊ သံစုံညှိသား၊
သုတိညောင်းသိ၊ ဒေါင်းဒွါဝီတည့်၊ ကျူးချီ မငြီး၊ တကြိမ်တီးက၊ အံ့ချီး
လူ့ဘော်၊ လေးလကျော်မှ၊ နာပျော်မရဲ၊ အသံ*စဲသား၊ နတ်ပွဲလွန်စည်၊
ထက်ဘုံတည်သည့်၊ နဲ့တ်ပြည်မိုးမြင့်၊ ဘုံခြောက်ဆင့်က၊ မာရ်မင့်စောင်းရင်း၊
ဥသျှစ်ဆင်းကို၊ ဝင်းဝင်းပိုက်ကာ၊ ငြိမ့်ငေးစွာလျှင်၊ ဂါထာဆဲ့ငါး၊ မြတ်စွာ
ကြားအောင်၊ ဘုရားလူ့ဘ၊ သမ္ဗု†ဒ္ဓ၏၊ ဏ†နွှသာလာ၊ ဂုဟာနီးကပ်၊ သာတင့်
ရပ်က၊ ဂန္ဓဗ်*သနင်း၊ *သျှောင်ငါးကွင်းနှင့်၊ နတ်မင်းပဥ္စသိ၊ ဒေဝီရောင်ပ၊
သူရိယဝစ်၊ မမာန်†ယစ်လျက်၊လက်†ရစ်သံစုံ၊ *ဥသုံမချို၊ ငွေ*ညှိုခုနစ်ချောင်း၊
သံစုံ*ညောင်းလျက်၊ သံမောင်းသံညင်း၊ မတင်းမလျော့၊ လက်ကုန်ဆော့၍၊
ရှင်တော့်ထံမှောက်၊ ကျူးသီလျှောက်သို့၊ နှိုင်းထောက်ပမာ၊ နည်းစုံစွာလျှင်၊
သာယာလေးနက်၊ ဂုဏ်ဆယ်ချက်က၊ ဘာဝငါးမျိုး၊ ရသကိုးဖြင့်၊ ဉာဏ်နှိုး
ဆော်*ညောင်း၊ ကုံးစီပေါင်းသား၊ နတ်စောင်းလင်္ကာ၊ ဤကျမ်းစာသည်။ ။
ကြားနာမဝ၊ သုတပွါးရန်၊ ကေန်ဖြစ်စိမ့် အကျိုးတည်း။

(၁၅-လုံး မဏိဥပြည်း-ချနည်း)

မဟာသုတကာရီ မဃဒေဝလင်္ကာသစ်

လင်္ကာနိဒါန်း ၁၁-ပိုဒ်ပြီး၏ ။

## ပစ္စုပ္ပန်ဝတ္ထု သန္တိကေနိဒါန်း

ဥတ္တမင်္ဂရုဟာ မယှန္တိဒံ သတ္တာ ဇေတဝနေ ဝိဟရန္တော
မဟာဘိနိက္ခမနံ အာရဗ္ဘ ကထေသိ။[၁]

၁၂။ မဟာအတုလ၊ မကုဋ္ဌဖြင့်၊ နာယကမြတ်၊ နာထနတ်ဟု၊ လောကခေတ်သုံးဆိုင်၊ ထွတ်ဆုံးတိုင်၍၊ *နှုန်းပြိုင် ဘက်ကွာ၊ ဖီလာ အောက်ထက်၊ ဘဝဂ်ဘုံဖျား၊ ရွှေဘွားစက်ရိပ်၊ နှင်းနှိပ်ထွန်းထိန်၊ ဘုန်းတော်ရှိန်နှင့်၊ စက္ကိန္ဒာဘိ၊ ရာဇာဓိတည့်၊ သဟဿိ သ·ဿိ၊ ဆယ်ပြန်ချီသား၊ ဇာတိရာ*ရိုက်၊ တသောင်းတိုက်က၊ မကိုဋ်ရတနာ၊ နတ်ဗြဟ္မာတို့၊ ညီလာသဘင်၊ ထွက်ဝင်နေ့ည၊ ရှိခမပြတ်၊ သဟဿ်တသိန်း၊ တည်ပြီးတုံလတ်၊ သဟဿ်သဟဿ်၊ တိသဟဿ်တိ၊ သဟဿ်သုံးခါ၊ မြောက်သခ်ျာဖြင့်၊ မဟာသဟဿိ၊ သိန်းကောဋိလည်း၊ မိန့်ယှိုထွေသံ၊ ဗျာတော်ခံ၍၊ ထီးရုံနန်းကာ၊ လိုတော်ပါသို့၊ အာဏာတော်စက်၊ ဦးထက်ကြည်ဖြူ၊ ကင်ယူလေးမြတ်၊ လောကခေတ်ကျယ်ဝန်း၊ လေးကျွန်းတမြင်းမိုရ်၊ ထိုထို စကြာဝဠာ၊ မဟာဝိသ†ယ၊ အနန္တကား၊ ကျန်†ရ*မဲ့ဘိ၊ ဆုံးမယှိုအောင်၊ မျှော်မိသ၍၊ ကျုံးချီပွေ့သို့၊ မရွှေအာရုံ၊ *ချက်ကုန်မလွတ်၊ ရှိတိုင်းညွှတ်သည့်၊ စက္ကဝတ်ခေါင်ဖျား၊ တရားရာဇာ၊ မဟာဓမ္မရာဇ်၊ သုံးခေတ်လုံးနတ်၊ ထွတ်ဆုံးမြတ်ကား၊ သာဝတ်ပြည်ကြီး၊ ရွှေထီးဥကင်၊ ရွှေပလ္လင်နှင့်၊ ရဇ္ဇင်စုံညီ၊ ဘုံဌာနီ၏၊ ဒိသာဒက္ခိဏ၊ တကောသတွင်၊ ဇေတမြေခံ၊ ကျောင်းရွှေဘုံနိုက်၊ လေးစုံပထ၊ ယာပိုက်မျှစဉ်၊ နေက္ခမ္မမြတ်၊ အတ္ထုပ္ပတ်ကို၊ အမှတ်ထားတင်၊ အကြောင်းဆင်၍၊ ဥတ္တမင်္ဂရုဟာ မယှုံ၊ ခံသည်ပိုဒ်ဦး၊ ဆော်ရိုက်ကြူးလျက်၊ ကျေးဇူးဖြိုးနက်၊ မိုး*ရှိတက်သား၊ တောထွက်ရှေးက၊ မဃဒေဝ၊ ဇာတကကို၊ လင်းပြဟင်အောင်၊ ဟောမိန့်ဆောင်သည်။ ။ရွှေဘောင်စကြာ ကစ်စင်းတည်း။ (၁)

(လောကဌ် အစိုးရခြင်းထက် လွန်သော လောကာတိသယဝက်ဝုတ္တိ အလင်္ကာရှိသောပိုဒ်တည်း)။

၁၃။ ထိုသို့လျှင်တိ၊ အကြင်ခါရော်၊ တနေ့သော်နိုက်၊ တဘော်များစွာ၊ မြတ်သင်္ဃာတို့၊ မဟာသာဝက၊ စသည်အကုန်၊ * ပတုံပလဲ့၊ ကြွင်း*မဲ့ ညီညာ၊ စည်းဝေးရာသား၊ မဟာဓမ္မ၊ သဘာယဌ်၊ တစက ဆက်၊ တစရှက်၍၊ ဘုန်းထက်တုမရှိ၊ *စောမုနိ၏၊ မဟာဘိနိက္ခမန၊ ကြောင်းချင်းတကို၊ ကြီးလှကြည်ညို၊ ချီးကြဆို၏၊ ထိုထိုတေဒဂ်၊ ဗျာရွှေမြွက်နှင့်၊ ယာဘက်ဝဲဘက်၊ ဝန်းရှက်ပတ်ခြုံ၊ ထပ်ထပ်ရုံလျက်၊ ဂုဏ်လျှံပပ၊ မယုတ်ကျသည့်၊ ထိုမျှဝန်းကျင်၊ အိုငါ့ရှင်တို့!

---

၁။ ဇာတကဋ္ဌကထာ၊ ၁ နှာ-၁၅၄။

သုံးခွင်ပရမေ၊ တို့စိ‌န္တေကား၊ *ပ‌တေ ပတာ၊ ရှိသေရာတည့်၊ ကြံ့ငှါစင်စစ်၊ ဖြစ်ခေါင့်ဖြစ်ခက်၊ အံ့ဘွယ်နက်ခဲ့၊ ဘုန်းစက်ကြီးစွာ၊ မဟာသမ္မတ၊ ကမ္ဘာ‌စက၊ အာဒိ‌စ္စဗန္ဓု၊ မနုန္ဒယ်ပိုင်း၊ နေနတ်ဂိုဏ်းတို့၊ *သမိုင်းခန့်ကိန်း၊ သုံးသိန်း သုံးသောင်း၊ လေးထောင့်ငါးရာ၊ ခြောက်ကျိပ်သာ၍၊ သင်္ချာတွက်ပြုံး၊ ကိုးယောက်ကျုံးတွင်၊ ခေါင်ဆုံးမကိုဋ္ဌ၊ အထွတ်စိုက်သို့၊ သုံးတိုက်လုံးနတ်၊ တံဆိပ်ခတ်လျက်၊ မဟတ္တာဟိတ်၊ သောင်းခွင်ထိတ်အောင်၊ အာဒိစ္စဝင်၊ ဥက္ကာ ဝင်နှင့်၊ မဟာဝင်ညွှန့်၊ *ကွန့်ခဲ့ သမ္ဘိန်၊ မျိုးသာကိန်နှိုက်၊ ဘုန်းရှိန်နေလ၊ ရုံးထိန် ပ၍၊ ဒေဝဒဟ၊ ကောလိယနှင့်၊ ကပိလမည်၊ ပြည်သုံးပြည်ကို၊ စက်ခြည် ရောင်မြိုက်၊ သိမ်းမြန်းပိုက်လျက်၊ လူနိုက်မ*နှုန်း၊ ဘုန်းထက်ဘုန်းဖြင့်၊ချိန်*ဆုန်း ခါသင့်၊ ပန်းနှယ်ပွင့်၍၊ သခင့်သက်ဆစ်၊ ဆဲ့ခြောက်နှစ်က၊ မင်းဖြစ်နန်းရ၊ ရှယ်လှနုဖြိုး၊ နှစ်ဆဲ့ကိုးတွင်၊ နတ်*နှိုးယဉ်ပျောင်း၊ အသောင်းလေးလီ၊ သာကီ မင်းသမီး၊ ငယ်ကြီးရံခ၊ ဘဒ္ဒကစ္စနာ၊ ဗိမ္ဗာယသော်၊ အလှကျော်ပါ၊ သားတော် ရာဟု၊ ဆွေစုမျိုးပေါင်း၊ သိန်းခြောက်သောင်းနှင့်၊ *ပုန်တောင်းရတနာ၊ စကြာ ရောက်နီး၊ နန်းကြီးသုံးဆောင်၊ သုံးပြည်ထောင်ကို၊ သွေရှောင်မကွက်၊ တော ကြီးထွက်၍၊ ရက်ရက်သို့စင်၊ စွန့်ခဲ့ကျင်သည်။ ။စက်ရှင်မင်းဖြစ် *လက်ငင်း တည်း။ ( ၂ )

(လောကီထက် ဇာတိပုညလွန်သော လောကိယာတိသယ, လောက ထက် တောထွက်နိုင်ခြင်းလွန်သော လောကာတိသယ ၂-ပါးရှိသော ဝက်ဝုတ္တိအလင်္ကာပိုဒ်၊ ဤပိုဒ်နှိုက် အာဒိစ္စဝင် ဥက္ကာဝင်နှင့် မဟာဝင် ညွှန့်- ၃-ချက် ထပ်ခြင်းသည်လည်း ပဒါဝုတ္တိဝက်ဝုတ္တိ-တည်း။ နောက် နောက်ကိုလည်း ဤအတူချည်း မှတ်ကြလေ။)

၁၄။ စက်ရှင်မင်းဖြစ်၊ ရက် ခုနစ်မျှ၊ စင်စစ်မယွင်း၊ *လက်ငင်းရောက်နီး၊ ဘုန်းနေမီးသို့၊ ရွှေထီးရွှေနန်း၊ စံမြန်းစိုးပိုင်၊ ဘက်မပြိုင်ဘဲ၊ *ဦးကိုင်အုပ်ပိုက်၊ သုံးတိုက်ပြည်လုံး၊ ညွှတ်ရုံးရှက်ကာ၊ ဆက်ပဏ္ဏာနှင့်၊ နွယ်သာကီစင်၊ မဟာဝင် ချည်း၊ နတ်သွင်လေးသောင်း၊ နန်းသူပေါင်းတို့၊ ခ*ညောင်းဖြေဖျော်၊ ဆွေ ယသော်လျှင်၊ မနော်ဘူနတ်၊ ဝသဝတ်က၊ စိန်ထွတ်လျှံလူ၊ အလံထူသို့၊ နတ်လူ အပုံ၊ ကာမဘုံတွင်၊ တစုံတယောက်၊ ဘက်မမြောက်အောင်၊ ထက်အောက် လွှံကျော်၊ တုမမြော်တည့်၊ သားတော်မျက်ရှု၊ မင်းရာဟုလည်း၊ သက်စုသဲနှစ်၊ စွဲအောင်ချစ်၍၊ မပစ်နိုင်ဘွယ်၊ မပယ်နိုင်ရာ၊ မခွါနိုင်ကောင်း၊ ဆွေတော် ပေါင်းကား၊ ရှစ်သောင်းနှစ်စု၊ အတုလွတ်ကျော်၊ လူ့ဘုံဘော်တွင်၊ လက်တော် ရောက်ပြီး၊ စည်းစိမ်‌ကြီးလျက်၊ *မီး‌ကျီးစုတွင်း၊ မစင်ကျင်းသို့၊ ရှင်ရင်း မြင်သန်၊ အထင်ဉာဏ်ကြောင့်၊ မာရ် ပါပီကြီး၊ ဟန့်ဆီးကြိမ်းဝါး၊ ချောက်ခြိမ်း တားလည်း၊ ဘဝါးရွှေစက်၊ တွန့်မကွက်ဘဲ၊ *ကွန့်ထွက်အပြင်း၊ စွန့်ရက်

ခြင်းဖြင့်၊ ကျွန်ရင်းမောင်ဆန်၊ မြင်းတော်ကဏ်နှင့်၊ အမြန်*လျင်ခုပ်၊ မချုပ် ခွါရှောင်၊ သုံးပြည်ထောင်ကို၊ ကုန်အောင်*အားသွန်၊ ညဥ့်ခြင်းလွန်လျက်၊ ရောင်*ဝှန်နေစက်၊ အရုဏ်တက်ဝယ်၊ တဘက်နေ်မာ၊ မြစ်ကမ်းသာထက်၊ ဖြုဟ္မာ လျှုဒါန်း၊ ကြာသကန်းနှင့်၊ ရဟန်းအသွင်၊ ဝင်ကြီးဝင်၍၊ အောင်မြင်ကိစ္စ၊ နေက္ခမ္မကို၊ စိတ်ချ*ခိုင်ဖြိုး၊ *ချက်ကုံပြီးအောင်၊ တောကြီးထွက်ခွါ၊ ဤခြင်းရာ သည်။ ။လွန်စွာ အံ့ဘွယ်တမင်းတည်း။ ( ၃ )

(ဤပိုဒ်ကား အနန္တရပိုဒ်ကို ဘွင့်ပြသော ပိုဒ်ပင်တည်း။)

၁၅။ အံ့ဘွယ်တမင်း၊ ဤအခြင်းဖြင့်၊ *သနင်းထွတ်ဖျား၊ တို့ဘုရားလျှင်၊ သိကြားတူ†ယောင်၊ ဘုန်းတော်†ရောင်နှင့်၊ ပြည်ထောင်တိုင်းခန်း၊ ရွှေနန်း ရွှေဘုံ၊ *ဝန်းအုံရွှေဘော်၊ နတ်နှင့်*ဖလျော်သား၊ ညာပျော်မြောက်သား၊ သည်းချား*တမွတ်၊ သားတော်မြတ်က၊ *ရဟတ်စကြာ၊ ရတနာခုနစ်၊ စင်စစ် မ†လွဲး၊ ရောက်လုဆဲးကို၊ ပယ်†လွဲးအကုန်၊ *ဖဲခွဲ*သုန်၍၊ ကိုးဂုဏ်သခင်၊ သိဒ္ဓိတင်လျက်၊ ဗောဇ္ဈင်ရတနာ၊ ခုနစ်ဖြာနှင့်၊ မဟာစက္ကရာဇ်၊ မင်းဆုံးဖြစ်သား၊ သုံးခေတ်မျက်ဖျော်၊ သုံးလူ့ဘော်၏၊ ဂုဏ်တော်ကျေးဇူး၊ ဤတဦးမျှ၊ အံ့မူး မနိုင်၊ အထူးလှိုင်ခဲ့၊ ဖြိုးခိုင်သမ္ဘာ၊ ကြီးမြတ်စွာဖြင့်၊ မဟာပုညဝိသေသကြောင့်၊ အသမသမ၊ ထို့မျှနတ်လူ၊ *စံမတူသည့်၊ သယမ္ဘူဟုန်၊ ဂုဏ်ထက် ဂုဏ်ကား၊ သက်ကုန်ကပ်လုံး၊ ဆုံးပဓေလျှင်း၊ လူ*ခပင်းတို့၊ ခံတွင်းမဆံ့၊ အံ့ကြီးအံ့လည်း၊ ဘယ်နှံ့နှစ်ကြာ၊ ကုန်နိုင်†ရာလိမ့်၊ †ယာဝတ်တာဝတ်၊ ယှိုတိုင်းညွတ်၍၊ ပိုင်းဖြတ် ခြင်းငှါ၊မဆို*မာတည့်၊ ဆရာတဆူ၊ မည်သည့်သူမျှ၊ မကူမညွှန်း၊ မတိုက်တွန်းဘဲး၊ လို*မွန်းထက်သန်၊ ပင်ထွက်ဉာဏ်ဖြင့်၊ အနန္တာရုံ၊ အာဂုံကိုင်မိ၊ ကိုယ်တိုင်သိ၍၊ သမ္မောဓိထွတ်၊ တုလွတ်ဂုဏ်တော်၊ နှိုင်းမမြော်က၊ နုဘော်ဖြိုး*လွေ့၊ မုန်ညင်း စေ့တွင်၊ ဝင်၍စကြိုး၊ သွားစံပပ၊ ရာမထဘဲး၊ နေလကိုင်မိ၊ ဝေးသိယူဇနာ၊ စကြာဝဠာတောင်ထိပ်၊ ကြွနင်းနှိပ်လည်း၊ ထန်းရိပ်တကူး၊ မြှားထက်မြူးလျက်၊ ဘုန်းထူး†မိပ†တိ၊ တုမယှိုအောင်၊ ဣ†ဒ္ဓိဣ†ဒ္ဓိ၊ အစိ†န္တိနှင့်၊ ဣဿရိယော်၊ ပြိုင်တိုင်းကျော်သည့်၊ ယှဉ်ဘော်ဘက်ယှား၊ တို့ထွတ်ထားဟု၊ အများသဃ်ာ၊ ထေရ်မဟာတို့၊ အံ့အာမပြီး၊ အံ့မငြီးတည့်၊ အသီးအသီး၊ အံ့ကြီးကြော်ကြွေး၊ ကောင်းကြီးပေးလျက်၊ စုဝေးခြီးပ၊ နေကုန်ကြသည်။ ။ပွဲမသဘင် တကျင်းတည်း။ ( ၄ )

(ဤ ၃-ပိုဒ်တို့ကား သူတပါးထက် ကဲးလွန်သော အဘိနိက္ခမန သုဂတ ဂုဏ်တော်ကို ပြသော ဥဒါရတာဂုဏ် ထင်ရှားသောပိုဒ်တို့တည်း။)

၁၆။ ထိုသို့စဉ်တိ၊ မြေ*သေဉ်မင်္ဂလာ၊ ဗောဓိချာဋ်၊ သမ္မာသမ္ဗုဒ္ဓ၊ နိရှုတ်ချိလျက်၊ အဝိပရိတ၊ သဘာဝတိုင်း၊ ဥဉ်ယျဓမ္မ၊ ပဋ္ဌကကို၊ သာမဋ္ဌပုဒ်၊

ဋီကာထုတ်၍၊ သမုစ္စယ၊ သမ္ပိဏ္ဍနှင့်၊ ဧဝအနက်၊ ရှာတိုင်းထွက်သား၊ စက်ဝဇီ ဉာဏ်၊ ပင်ထွက်မှန်ဖြင့်၊ မကျန်*ချက်ရိုင်၊ ကိုယ်တော်တိုင်သာ၊ လက်ကိုင်လွှယ် ကူ၊ နတ်နှင့်လူတွင်၊ မည်သူမညွန်း၊ ပွင့်သိထွန်းသည်၊ တု*ကျွန်းလွတ်ကွာ၊ သမ္မာသမ္ဗုဒ္ဓ၊ သုံးလူ့ဘကား၊ စကြဝဠာတပါး၊ အခြားသို့လည်း၊ ကျွတ်ဆု *ရည်း၍၊ *ဖြုတ်ခြည်းမကြာ၊ ခဏတာမျှ၊ *ဗိုလ်ပါခင်းကျင်း၊ မင်းမထွက်ခင်၊ ညီလာခွင်နှိုက်၊ ပလ္လင်ဟေမာ၊ ရွှေနေရာထက်၊ မြတ်စွာပကတိ၊ မုနိအသွင်၊ စံနေကျင်ပြီး၊ မင်းလျှင်မသွေ၊ ထင်ပစေခြား၊ နောင်ကျိုးပွါးအောင်၊ တရား ဟောငှါ၊ ရံခါမမေ့၊ ကြွမြဲလေ့တိုင်း၊ ထိုနေ့ထိုခါ၊ ထိုသဿာတို့၊ ထိုမှာရင်း၊ ထိုအပေါင်းနှိုက်၊ ထိုကြောင်းထင်လတ်၊ ထိုဥပ္ပတ်ဖြင့်၊ ထိုဇာတ်ဓမ္မ၊ ဟောလိုစွ ကြောင့်၊ သုရတ္တစစ်၊ ဆိုးရည်နှစ်၍၊ ပြေပြစ်ချောမွတ်၊ စွေးစွေးစွတ်သား၊ ခါးဝတ်နီမြန်း၊ သက်ဝင့်ရန်းကို၊ ခါးပန်းကြိုးသွယ်၊ လျှပ်စစ်နွယ်ဖြင့်၊ ရှုဘွယ် လှအောင်၊ ပန်းကာဠနှောင်မှ၊ ပဒုညာင်ညွန့်ဖူး၊ မိုးတိမ်ဦးသို့၊ ရောင်မြူးမညစ်၊ လွှင်သစ်သစ်ဖြင့်၊ စင်စစ်မမှား၊ ရှင်ချစ်ဖျား၏၊ အလျှားကိုးထွာ၊ နံခြောက် ထွာတည့်၊ မဇ္ဈိမာပုရိ၊ သုံးပြန်ချီနှင့်၊ ပကတိလူ၊ ခွဲးယူဆက်ရာ၊ ကြီးမြတ်စွာ သား၊ မဟာသုဂတ၊ စီဝရကို၊ လှလှတင့်တယ်၊ ရုံသပ္ပါယ်၍၊ မွေးကြွယ်နံ့ထုံ၊ သရေလုံ့သည့်၊ ရွှေဘုံဂန္ဓ၊ တိုက်ခန်းဝက၊ မြန်းကြွထွက်စံ၊ နေ့နှယ်လျှံသည်။ ။ ပွဲးယံသဘင့် အတွင်းတည်း။ ( ၅ )

၁၇။ ပွဲးယံသဘင်၊ ထေရ်ပေါင်းခွင်သို့၊ ဝန်းကျင်ထိုမျှ၊ သောင်းခေတ္တာနှိုက်၊ လူမျှော့ထိပ်နင်း၊ လူမင်းတို့ထွတ်၊ ဥပပါတ်မျိုး၊ မြေစိုး မိုးစိုး၊ တန်းခိုးပုညဇိဒ်၊ မဟိဒ္ဓိစု၊ စတုလောကပါလာ၊ ဇ္ဇန္ဒာသုယာမ၊ စသည်ငှင်း၊ တသောင်းတသောင်း၊ နတ်မင်းပေါင်း၏၊ ဥကျောင်းထိပ်နေ၊ လောကေသရ၊ လောကနိမ္မိတ်၊ ဟာရိတ် သနံ၊ သဟံ ဗက၊ တုရိတက၊ လောကပိတာ၊ ကမလာဘုံ၊ မဟာ*ဗြုံတို့၊ ဆယ်စုံရှက်စည်း၊ လက်သည်းငွေပွင့်၊ မှောင်လွှင့်ရောင်ဝါ၊ နေထောင်ရာမျှ၊ ရတနာဥက္ကာ၊ နဝရတ်ဦးစိုက်၊ မကိုဋ်ဋ္ဌစိန်ညွန့်၊ ထိန်*ကွန့်ဝင်းဖြာ၊ ထွန်းလင်း ရာသား၊ မင်္ဂလာအိမ်*မွန်၊ တံချွန် ချွန်းတောင်း၊ *မျှိုပေါင်းပြိုးပြက်၊ ရာ့ရှစ် ကွက်တွင်၊ နုညက်ညှံ့ထွား၊ ရွှေဘွားစက္ကင်၊ စုံနှစ်ပြင်ဖြင့်၊ မြေတွင်မထိ၊ ပကတိ အား၊ လေးသစ်ခြားလျက်၊ ဘုရားတို့တမ်း၊ ကြွလှမ်းမွေညက်၊ ငြိမ်သက် *လေးတင်၊ ကြွလာ*ကျင်မှ၊ ချစ်ရှင်ဘုန်း*ဝှန်၊ စံ*နှုန်းလွန်သား၊ ဘဂဝန္တု၊ သဗ္ဗညုဟု၊ သုံးလူ့ပတ္တမြား၊ မြတ်ဘုရားလျှင်၊ မိုးဖျားခွတ်လတ်၊ ယုဂန်ထွတ်က၊ နေနတ်*လုင်၊ ထွန်းသော့သွင်သို့၊ ဥကင်မဟာ၊ ငွေရွက်ကြာနှင့်၊ ဓမ္မာသနေ၊ ကိုးမျက်ခြေသား၊ ရွှေပရိယင်၊ *ပြတည်းပြင်တိ၊ ပလ္လင်ဟေမာ၊ ဗွေသိဟာနှိုက်၊ ဒိသာဖရဏ၊ နိစ္စလနှင့်၊ ဗျာမလုံးစုံ၊ ဥဏ္ဏာလုံမွေးနု၊ ရောင်စုံစုသား၊ ကေတု မာလာ၊ ဦးထိပ်ချာထက်၊ ထိန်ဖြာဝင်းလျှပ်၊ အထွတ်တပ်၍၊ သပ်သပ်ပါယ်ပါယ်၊

ရောင်ခြောက်သွယ်နှင့်၊ တင့်တယ်ထွန်းလျှံ၊ ရှင်တော်စံသော်၊ မှင်ဆံသီဂိ၊ ကေသရိဟု၊ ရွှေသီဟ†ရာဇ်၊ မုန်†ယစ်အာသောက်၊ ဆဒ္ဒန်ပေါက်လျက်၊ ဦးနှောက်ခွဲဖို့၊ သောက်မျိုတတ်စွာ၊ တေဇာဝှန်*ဖြိုး၊ တောလုံးစိုးသား၊ တန်းခိုးထန်ပြင်း၊ ခြသေ့်မင်းကို၊ *ခပင်းတောသား၊ တွေ့သောလားတိ၊ အမျှားထေရ၊ သာဝကတို့၊ စကားစဖြတ်၊ ပြတ်ကြီးပြတ်၍၊ဝိဝဋ္ဋသ†ခေ်၊ကပ်လုံးကြေလည်း၊ သံ†ခြေမမြွက်၊ မရှုသက်သို၊ ခြေလက်မလွန့်၊ မတွန့်မလှုပ်၊ သတိအုပ်လျက်၊ မြဲချုပ်တည်းစွာ၊ ရှေး၊ရှုကာလျှင်၊ ဗုဒ္ဓါရမ္မဏ၊ ဂါရဝဖြင့်၊ နှိမ့်ချညွှတ်ပျောင်း၊ လက်စုံပေါင်းသည်။　။ဥကြွောင်းမြေထိ ညွတ်ခင်းတည်း။ ( ၆ )

၁၇။ ဥကြွောင်းမြေထိ၊ ပြားပြားပိမျှ၊.အတိဂါရဝ၊ ရိုသေခလျက်၊ တုပ်ကွကျစ်လစ်၊ မြတ်ရှင်ချစ်အား၊ ပုဆစ်နှစ်ဘက်၊ စုံလက်ပြိုင်ပူး၊ နဖူးထိပ်စ၊ ဦးနှိမ့်ချပြီး၊ ပဥ္စပတိဋ္ဌိ၊ ငါးလီမယွင်း၊ တည်ညွတ်†ခြင်းဖြင့်၊ အ†ချင်းခပ်သိမ်း၊ ညွတ်ညွတ်တိမ်းမှ၊ နှုတ်ငြိမ်းလက်ငြိမ်၊ မွေသိမ်ချုပ်တည်း၊ လွန်*ယမ်းပည်း၍၊ အိမ်းအည်းမဟ၊ စကားစကို၊ မပြတင်းလင်း၊ တပိုင်းကြွင်းနှင့်၊ ခံတွင်းနှုတ်ပိတ်၊ ဆိတ်ကြီးဆိတ်လျက်၊ တိတ်ခွဲ့ကုန်ငြား၊ လျှာ*မွဲ့ငါးသို့၊ အမျှားသဃ်ာ၊ နေကြရာဝယ်၊ မြတ်စွာလူ့ဘ၊ငါမစကာ၊ ထိုမျှ*အထု၊ မျှားအစုကား၊ အာယုကပ်လုံး၊ ကမ္ဘာဆုံးလည်း၊ *ကီးတုံးစကား၊ တပါးပါးမျှ၊ ကြားကထွက်၍၊ မမြွက်ပေရာ၊ နေလိမ့်သာဟု၊ မဟာမုနိ၊ *စောဘုန်းယှိလျှင်၊ ပရိသည္ထု၊ ကာလညှုဖြင့်၊ ပါရဂူဉာဏ်တော်၊ ထွင်းရှု†မျှော်၍၊ သိ†မြော်ရကား၊ ငါးပါးဌာန်မြတ်၊ စိတ္တခါတ်တိ၊ ဝိညတ်ဝစိ၊ သောင်းထိုက်ဟိမျှ၊ ကျူုးချီအာ†လုပ်၊ ရွှေလျှာ†လှုပ်လျက်၊ အက္ခရုပ္ပတ္တိ၊ ပဋ္ဌင်ညှိသို၊ကရဝိသရံ၊ဗြဟ္မာသံဖြင့်၊ နံ့တေပညာ၊ အင္ဂါရသ၊ နိပ္ဖ†န္နနှင့်၊ လက္ခ†ဏလေးထွေ၊ ယင်းအနေကို၊ ကိလေဆယ်ပါး၊ မြှောက်ပွါးတုံထ၊ ခုနစ်ရာ့ငါးဆယ်၊ ပေါင်းချယ်ရေတွက်၊ သချ်ာထွက်သား၊ မိုးဃက်ပြောင်ညီ၊ လောင်မချိဖြင့်၊ မိမိသ†န္တာန်၊ သူ့သ†န္တာန်ဟု၊ နှစ်†တန်ပေါင်းကာ၊ ထောင့်ငါးရာကို၊ သိတာရေစင်၊ မဂ္ဂင်ရှစ်အိုး၊ လေးကြိမ်ချိုးပြီး၊ မွေးမျိုးထုံသတ်၊ သမာပတ်နှင့်၊ ဓေးမြတ်ကြည်လင်၊ ဗိုလ်ရှုဝင်၍၊ သဘင်ပွဲ†ယံ၊ ညီလာခံသည်၊ ဝန်း†ရံအမျှား၊ ငါ့ချစ်သားတို့! ကြောင်းလျှားတမှု၊ ဤယခုနိုက်၊ ဘယ်သူ့ကိစ္စ၊ ဘယ်ချင်းတကြောင့်၊ တကွအမျှား၊ ဘယ်စကားဖြင့်၊ ချစ်သားတတွေ၊ စည်းဝေးနေဟု၊ ဘိက္ခုဝေပုဒ်၊ အာဒိထုတ်၍၊ ရွှေနှုတ်*မြှူရှဲး၊ ရိပ်ဝဲးလှစ်ဘော်၊ မေးမိန့်ခေါ်သည်။　။သံတော်အိန့်အိန့် ဖြည်း*ညှင်းတည်း။ ( ၇ )

၁၉။ အိန့်အိန့် ဖြည်း *ညှင်း၊ သုံးလူ့မင်းတို့၊ ထိုးထွင်းမသိ၊ စိုးတစိမျှ၊ မယှိငြားလည်း၊ တရားဟောင့်ါ၊ သိက္ခာပညတ်၊ ဌပ္ပတ်ရေးမြော်၊ ကြောင်းနှစ်ဓဘော်ဖြင့်၊ နှုတ်တော်စိစစ်၊ မေးမြဲးဖြစ်၏၊ ဓမ္မရာဇ်မြတ်စွာ၊ *စောသတ္တာလည်း၊ ဤခါမမှား၊ ဧာတ်တရားကို၊ ထင်ရှားဟောခွင့်၊ အကြောင်းသင့်ဟု၊

ရှင်ပင့်ရွှေညာဏ်၊ မြင်သိဟန်ကြောင့်၊ မြူး*ကွန်ကရဝိ၊ ကျူးတွန်ညီသို့၊ သာဘိ
ညင်းညင်း၊ အာလုပ်ကျင်း၍၊ ကြောင်းခြင်းမ်န့်ခေါ်၊ သို့မေးသော်တည့်၊
ဘုန်းတော်ခြောက်ပါး၊ အားတော်ဆယ်တန်၊ ညာဏ်တော်ဆယ်စု၊ *နှုန်းမတု
သည့်၊ သုံးလူ့ဆံ†ကျင်၊ ဂုဏ်ပေါင်းရှင်အား၊ အာ†ကြင်ယခု၊ ကြီးငယ်စု၍၊
*အထုအထ၊ အဝဏ္ဏဖြင့်၊ ဒေါသနှောင်ရစ်၊ တင်အပြစ်နှင့်၊ ချောပစ်ကွယ်တင်း၊
ပြောဆိုခြင်းက၊ အဖျင်းသက်သက်၊ ဗာဟီဘက်၍၊ အနက်*မချော၊ *ပလေ
*လက်ချား၊ စကားပေါ့သွပ်၊ မစပ်ဂုဏ်ထူး၊ ကျေးဇူးကင်းချို၊ မဂ်ဖိုလ့်ကျိုး*မဲ့၊
အသွမ်းဘွဲသား၊ ပြည်*ထဲ့ရေးရာ၊ တိရစ္ဆာဟု၊ ကထာနတ္ထ၊ မဟုတ်စွတည့်၊
သမ္ဗုဒ္ဓစစ်၊ မြတ်ရှင်ချစ်၏၊ အနစ္စရိ†ယာ၊ အံ့မော†ရာသား၊ နေအာဒိရင်း၊
ကမ္ဘာမင်းမှ၊ စည်ကွင်းမပျက်၊ *သံပိုင်းဆက်ပြီး၊ဘုန်းစက်*ရဟတ်၊ လေးကျွန်း
ပတ်သည့်၊ မန္ဓာတ်သုဒသ်၊ စက္ကဝတ်နှင့်၊ လူထွတ်ထိပ်မိုး၊ မြန်*ဘုံစိုးချည်း၊
နေမျိုးသန့်ရှင်း၊ နေ့နှယ်ဝင်း၍၊ သက်ဆင်းဝံသာ၊ ဥက္ကာဘိဥက္ကဋ္ဌ၊ ဥက္ကာ
ဇာတ်ဖြင့်၊ နွယ်မြတ်သမ္ဘိန်၊ တနေထိန်လျက်၊ သာကိန္ဒာဘိ၊ တုမယှိအောင်၊
ဇာတိပုညဲ၊ ဂုဏမဟာတ်၊ အမြတ်သုံးစုံ၊ ပြီး*ကုံ*သစ်သစ်၊ နတ်စစ်စစ်သို့၊ ဖြစ်ဆစ်
ထူးလည်၊ ငယ်သွေးရည်က၊ ရွှေပြည် ရွှေနန်း၊ သိမ်းမြန်းစံပြု၊ ရောက်လုစက်ရှင်၊
ညာတင်မဟော၊ ရံရွှေအပေါင်း၊ နန်းလောင်းသည်းချာ၊ မဟာဆွေတော်၊
မျိုးဘော်တသင်း၊ ကြယ့်*နှယ်ဝင်းအောင်၊ မင်းချည်း*နှင်နှင်၊လူ့ခွင်လောက၊
လူ့ဌာနနှိုက်၊ နတ်မျှမသာ၊ မဟာသမ္ပတ္တိ၊ သီရိပြိုးမောက်၊ မြင်းမိုရ်ဆောက်သို့၊
သို့လောက်*ခိုင်ဖြိုး၊ စည်းစိမ်ကြီးလျက်၊ စွန့်ပြီးမညှာ၊ တောကြီးခွါသား၊
မဟာဘိနိက္ခမန၊ ဝိသိဋ္ဌဖြင့်၊ သုဂတဂုဏ်ထူး၊ မိုး*ရှိကျူးအောင်၊ ကျေးဇူးနက်နဲ၊
လွန်ခက်ခဲကို၊ဝမ်းထဲကြည်ညို၊ ခြီးမွမ်းဆို၍၊ ထိုထိုအားလုံး၊ အံ့မဆုံးသည်။ ။
စည်းရုံးတဘော် တသင်းတည်း။ ( ၈ )

၂၀။ တဘော်တသင်း၊ မြတ်ရှင်ရင်း၏၊ လွန်မင်းကြီးစွာ၊ အံ့ခြီးရာသား၊
မဟာဘိနိက္ခမန၊ မြတ်ကိစ္စကို၊ အံ့ကြရုံးပေါင်း၊ နေပါခကြောင်းဟု၊ ဆယ်ချောင်း
ပူးကျင်၊ ကြာဖူးသွင်သို့၊ ဦးတင်မြှောက်†ထား၊ ပြန်လျှောက်ကြားသော်၊
စိန်†မားသီလဝင်၊ *မာရင်ဖြင့်၊ လက်တွင်မြဲးထ၊ စွဲးမချဘဲ၊ မိဘနှစ်ဖြာ၊
ရာဇာနှစ်ပါး၊ ပြည်တိုင်းကားကို၊ ထွားထွားကြည်၊ အကုန်ပျက်အောင်၊
သတ်လျက်မချန်၊ ဖြိုဖျက်လှန်ပြီး၊ အနန္တရိုက်၊ ကံကြီးထိုက်၍၊ အမြိုက်ငါ့လား၊
ခံစံစားသည်၊ ချစ်သားအရိယာ၊ များသဃ်ာတို့! ငါသမ္ဗုဒ္ဓ၊ ရှင်တို့ဘကား၊
ဘဝဇ္ဈသာ၊ ယခုခါမျှ၊ ပြည်ရွာတိုင်းခန်း၊ ရွှေနန်းရွှေထီး၊ စည်းစိမ်ကြီးကို၊
စွန့်ပြီးရက်ရက်၊ တောထွက်သည်ကား၊ မဟုတ်ငြားတည့်၊ ရှည်လျားဝေးစွာ၊
ရှေးသော့ခါလည်း၊ ပြည်ရွာ*တိုင်း†ကား၊ *သိမ်းပ†ကားလျက်၊ *ပိုင် ကား
အာဏာ၊ ကြီးတေဇာနှင့်၊ လူ့ရွာနှိပ်နင်း၊ စိုးစံခြင်းဖြင့်၊ မင်း၏ချမ်းသာ၊

မဟာသမ္ပတ်၊ နတ်မျှမလွန်၊ စည်းစိမ်း*မွန်ကို၊ မှောက်သွန်အိုး*နှယ်၊ ပယ်ကြီးပယ်၍၊ လေးသွယ်ပြဟ္မစိုရ်၊ မဂ်ဖိုလ်ဆောက်ဦ၊ ယူခဲ့အထူး၊ တောထွက်ဘူး၏၊ လူ့မူးထွတ်တင်၊ ရှင်တို့အဘ၊ ဤဘဝကား၊ ပစ္ဆိမဇာတ်၊ ဖြစ်သတတ်ကြောင့်၊ ဟုတ်ဟတ်ကြီးကျယ်၊မအုံ့ဘွယ်တည့်၊ ရှေးဝယ်ဘဝ၊ နုစဉ်ကလျက်၊ နေကွမ်မြကြီး၊ မဂ်ခရီးကို၊ ရှာမီးထွင်ကျင်း၊ တောထွက်ခြင်းသာ၊ လွန်မင်းစွာတောင်း၊ အုံ့ရာကောင်းဟု၊ အကြောင်းမြွက်ကြား၊ ရိပ်ကာထား၍၊ စကား*ခံအောက်၊ ထပ်မလျှောက်ဘဲ၊ နောက်ဆက်မ†ဘော်၊ တုဏ္ဍှိ†ဘော်ဖြင့်၊ နှုတ်တော်မဟာ၊ မှိန်းချမျက်လွှာ၊ မေးရှက်ကာလျှင်၊ ဖိုလ်သမာပတ်၊ ဝင်လတ်သော့အား၊ တရားမွေ့ညက်၊ ငြိမ်သက်ဣန္ဒြေ၊ ဆိတ်ဆိတ်နေသည်၊ ။သက်လေဝင်ထွက် ချုပ်ကင်းတည်း။ ( ၉ )

၂၁။ ချုပ်ကင်းသက်လေ၊ ဆိတ်ဆိတ်နေလျက်၊ ဥပေက္ခာကဂ္ဂတာ၊ အင်္ဂါဒွယ၊ ဒုဝင်္ဂနှင့်၊ အရဟတ္တမဂ်တ်၊ သမာပတ်ဟု၊ အမြွတ်*စတော၊ ဣန္ဒြေငြိမ်သက်၊ မွေ့ညက်တရား၊ ဝင်စားဖလ၊ စတုတ္ထဖြင့်၊ မဟာရွှေနှုတ်၊ ဖုံးရွှေကြုတ်သို့၊ သမ္ဗုဒ္ဓဖျား၊ တရားသာမိ၊ တုမယှိသား၊ မုနိပုင်္ဂဝ၊ ကုဠရလျှင်၊ သာဝကပေါင်း၊ လျှောက်တောင်းပန်ခွင့်၊ ခံလင့်စံတော်၊ မူလတ်သော်တည့်၊ တဘော်တသင်း၊ ထံတော်ရင်းနှိုက်၊ ဝပ်စင်းခစား၊ ရဟန်းများလည်း၊ စကားကွယ်ဝှက်၊ ကျယ်မဆက်သား၊ အနက်ကိလိဋ၊ မြေကြီးပိတ်သို့၊ ပဋိစ္ဆန္န၊ သံခိတ္တကို၊ လင်းပြထင်စွာ၊ ဟောစိမ့်ငှါလျှင်၊ *ပန်ထွာညွှတ်ခ၊ တောင်းပန်ကြ၏၊ မောဟပိတ်ဖုံး၊ ဘဝလုံးနှိုက်၊ စဆုံးမကြွင်း၊ ဉာဏ်တော်ထွင်း၍၊ ထွန်းလင်းကုန်စင်၊ ထက်ဝန်းကျင်ကို၊ အမြင်ရွှေဉာဏ်၊ သူမဘန်သည့်၊ သမန္တစက္ခု၊ သဗ္ဗညု၏၊ စွန့်ပြုပြည်ရွာ၊ ရှေးခြင်းရာကို၊ ၓကာလျဉ်းရိပ်၊ မင့်းတံဆိပ်ဖြင့်၊ ခတ်နှိပ်သော့လား၊ ပိတ်ကာထားခဲ့၊ တပါးရှင်လူ၊ ဦးမည်းဖြူတွင်၊ မည်သူတယောက်၊ ထွင်းဘောက်သဖြင့်၊ အကျယ်ဘွင့်၍၊ သိခွင့်မှတ်ငှါ၊ မတတ်စွာသည်။ ။ခရာရွှေလိပ် *တံတင်းတည်း။ (၁၀)

၂၂။ ခရာရွှေလိပ်၊ မင့်းတံဆိပ်ဖြင့်၊ ခတ်နှိပ်လျှံဝင်း၊ ရွှေ*တံတင်းနှိုက်၊ ကြွင်း*မဲ့ထိုမျှ၊ မကျန်ရအောင်၊ မင်းမှသိရာ၊ မင့်းဘဏ္ဍာသို့၊ အနာဝရဏ်၊ သဗ္ဗညာဏ်ဖြင့်၊ သမန္တစက်၊ *စံမဘက်သား၊ မင့်းထက်မင်းစစ်၊ ရှင်ချစ်တို့သာ၊ သိထိုက်စွာသည့်၊ ဝိဇ္ဇာကိစ္စ၊ ဤဌာနတည့်၊ အညဝါဒီ၊ ရှင်ဗာဟီတို့၊ မမှီနည်းလွတ်၊ တတ်လှည့်ငြားလည်း၊ ပိုင်းခြားယုတ်လတ်၊ အမြတ်ဟူထ၊ သုံးပါးမျှတိ၊ ဘဝနည်းစွာ၊ သိန်းလောက်သာနှင့်၊ ကမ္ဘာတဆယ်၊ သည်က*ကယ်၍၊ လေးဆယ်မကျော်၊ ရော်ရော်မှန်းမှန်း၊ မျက်ကန်းကြိုး†လျှောက်၊ ဗာဟိ†လျှောက်ဖြင့်၊ ရွှေနောက်မမြင်၊ အပြစ်*ဖြင်ခဲ့၊ အရှင်မဟာ၊ ပစ္စေကာလည်း၊ ပါရမီဖြည့်ကိန်း၊ လွန်*အပြိန်းတိ၊ တသိန်းကပ်နေ၊ နှစ်သချေ်မျှ၊ မထွေမထူး၊

ကျေးငှူးမ*ဖြင်၊ တဆစ်ထင်ခဲ့၊ မြောက်တင်ဝဲးယာ၊ ဂုဏ်မဟာဖြင့်၊ ပညာဣဒ္ဓိ၊
မယှိပြိုင်ဘို့၊ ရှင်တို့အမှူး၊ နှစ်ဦးအဂ္ဂ၊ သာဝကနှင့်၊ ရှင်မ ယသော်၊ သက်တော်
လွန်ရှည်၊ ဗာက္ကုထေရ်တို့၊ ဖြည့်သည်ကိန်းလွန်၊ မြင်သိ*တွန်လည်း၊ ကျွန်၏
ခွန်အား၊ မင်းပါးပျောက်ကွယ်၊ နေနီးကြယ်သို့၊ အံ့ဘွယ်မထင်၊ မသစ်လွင်ခဲ့၊
ကောင်းကင်စက္ကဝါ၊ သတ္တဝါဉာဏ၊ လေးနန္တတွင်၊ ဆုံးဆမသိ၊ ဉာဏ်တော်ယှိ
သည့်၊ မုနိချစ်ရှင်၊ ဂုဏ်ကိုးအင်နှင့်၊ သခင်ဘုရား၊ တို့ထွတ်ထားသာ၊ ထင်ရှား
ခွဲးစိတ်၊ အတိတ်နာဂတ်၊ ကျန်မလွတ်အောင်၊ ဆုံးဖြတ်အကျယ်၊ သိနိုင်ဘွယ်
တည့်၊ ဖုံးကွယ်သိဝှက်၊ ထိုအနက်ကို၊ ဆက်၍ဘုန်းထူ၊ ဘွင့်တော်မူမှ၊ ရှင်လူ
အများ၊ ထင်ရှားသူငါ၊ သိရပါအံ့၊ နောင်လာယခု၊ ကျွတ်ဆုရွယ်ချောင်း၊
ဝေနေပေါင်းအား၊ ရှင်ကောင်းမျှော်ရှု၊ ဟောဘော်ပြုဟု၊ တစုတပေါင်း၊
*ပန်ထွာတောင်းသည်။ ။ဆယ်ချောင်းဦးတင် ဝပ်စင်းတည်း။ (၁၁)

၂၃။ ဝပ်စင်းဦးတင်၊ ထက်ဝန်း†ကျင်က၊ အ†ကြင်မျှတိ၊ ရံခယှိသား၊ *အချိ
အချိ၊ များဘိထောင်သောင်း၊ ရဟန်းပေါင်းတို့၊ ခွင့်တောင်းပန်ကြ၊ ထို
ကာလန္ဒိုက်၊ ပဋိစ္စသမုပ္ပါဒ်၊ ရဟတ်စက်ရှင်၊ ဆဲ့နှစ်အင်ဖြင့်၊ သွင်သွင်စပ်နည်၊
ပတ်ပတ်လည်သား၊ ရပ်တည်မရ၊ ဝဋ္ဋဘဝန္ဒိုက်၊ ဆုံးဆမသိ၊ မောဟဘိ၍၊
သတိပညာဉ်၊ မယှဉ်လုံးလုံး၊ ဖုံးခဲ့ပိတ်ပိတ်၊ ငြေးအတိတ်ကို၊ ဉာဏ်ဝိဇ္ဇာရောင်၊
နေတထောင်သို့၊ ပြောင်ပြောင်ဝင်းထိန်၊ ထွန်းလင်းချိန်၍၊အစိန္တိယ၊ ဂုဏ်ပေါင်း
ခသား၊ ဘဝပါရဂူ၊ သယမ္ဘူလျှင်၊ ဂျင်လူအများ၊ နောက်သားနောင်လာ၊
မှတ်စိမ့်ငှါဟု၊ မဟာကာရုဏ်၊ ပညာဟုန်ဖြင့်၊ ဝသုန္ဓရိ၊ မဟီဖုံးအုပ်၊ မြေဆုံး
မြုပ်သို့၊ ကွယ်ငုပ်မထင်၊ ယှိခဲ့†ကျင်သည့်၊ အ†ကြင်ရှည်မြင့်၊ ရှေး*ယခင့်က၊
ရှင်ပင့်အဖြစ်၊ ဇာတ်တော်စစ်ကို၊ ဖွင့်လှစ်ထင်ကြောင်း၊ ထပ်လောင်းအ†ကျယ်၊
နိဒါန်းသွယ်၍၊ ဆန်း†ကြယ်နည်းနာ၊ စုံလာင်စွာတိ၊ မြို့ရွာတိုင်းပြည်၊ မျိုးမည်
နာမ၊ စရိယကျင့်တိုင်း၊ သက်ပိုင်းလားရာ၊ စဉ်အလာနှင့်၊ သစ္စာပြရှောင်း၊
ဇာတ်ပေါင်းနိဂုံး၊ အဆုံးကမ္ပတ်၊ အပြီးသတ်အောင်၊ ပညတ်ပရမတ်၊ ဗျဂ်ျတ်
ကိုးပုံ၊ ပြည့်စုံဖိုလ်ဟိတ်၊ ကရဝိက်နှင့်၊ ဟာရိတ်ဗြဟ္မာ၊ ကျူးသံဝါသို့၊ အင်္ဂါ
ရှစ်ပါး၊ ဘဝဂ်ကြားမျှ၊ ပိုင်းခြားကုန်စင်၊ ဟောစုံလင်သည်။ ။မိုးပြင်လ*နှယ်
ထင်လင်းတည်း။ (၁၂)

ပစ္စုပ္ပန်ဝတ္ထု သန္တိကေနိဒါန်းခဏ်း ၁၂-ပိုဒ် ပြီး၏။

နိဒါန်းခဏ်း ၂၃-ပိုဒ် ပြီး၏။

## ၂-ရာဇဝင်ခဏ်း

အတီတေ ဝိဒေဟရဋ္ဌေ မိထိလာယံ မဃဒေဝေါ နာမ
ရာဇာ အဟောသိ ဓမ္မိကော ဓမ္မရာဇာ။[၁]

၂၄။ အဝိဇ္ဇာနှင့်၊ တဏှာဆုံပေါင်း၊ *ပုန်တောင်းနန်းပေါက်၊ ယင်းက လျှောက်၍၊ ကန့်ထောက်သခါ၊ အစဉ်ဖြာလျက်၊ ဇရာမရဏ၊ ဆုံးကျအကွပ်၊ စေ့စပ်ဆစ်ပိုင်း၊ ဝန်းဝန်းဝိုင်းတိ၊ ဖြစ်တိုင်းမပျက်၊ ဘဝစက်နှိုက်၊ လယ်ချက်နန်းတွင်း၊ လျှိုသွင်းနှေ့ည၊ အာသဝဟု၊ ခိုင်လှထိုးကျပ်၊ ဝင်ရိုးတပ်၍၊ မရပ်မနား၊ ပတ်ပတ်သွားသည့်၊ ရထားစက်မီး၊ ဝဋ္ဋလှည်းဘီးကို၊ ဖျက်ဆီးတတ်ကြောင်း၊ ဖြတ်*တောင်းပိုင်းလှန်၊ ကရိုဏ်းဉာဏ်ဖြင့်၊ မကျန်ကုန်စင်၊ ဖြိုသုတ်သင်၍၊ ခေမင်္ဂတ၊ ဘုံသို့ကျအောင်၊ သီလသမာ၊ မဂ်ပညာဟု၊ သိက္ခာသုံးပါး၊ တရားဗြဟ္မ၊ စရိယကို၊ မချလက်စွဲ၊ မပြတ်မြဲးလျက်၊ ကျင့်ဆဲးကျင့်ပြီး၊ အသီးသီးတည့်၊ ဖိုလ်ထီးလေးဆူ၊ ရွက်ဖြူမိုးကာ၊ ငါ့ပမာသို့၊ အဝတ္တာဘုံ၊ ရန်လုံပြည်မ၊ နိုတ္တရဋ္ဌ*ကွန်း၊ လောကုတ်နန်းနှိုက်၊ စံမြန်းကိုယ်စီ၊ နောင်ညီအရင်း၊ ဘသားချင်းချည်း၊ အတွင်းအပ၊ လွန်ချမ်းမြ၍၊ မာရမဒ္ဒန၊ ဂုဏ်သေဋ္ဌကြောင့်၊ ဒသဆယ်ထွေ၊ ကိလေတံလှပ်၊ ပူမလျှပ်ဘဲ၊ မစပ်မရှိန်း၊ ငြိမ်းကြီးငြိမ်းလျက်၊ ခပ်သိမ်းဝန်းကျင်၊ ဤသဘင်ဝယ်၊ သာကီဝင်ချည်း၊ တသွင်တည်းသာ၊ ငါ့နည်းတမျှ၊ ငါဆုံးမတိုင်း၊ သမဏသကျ၊ အရိယဇာစ်၊ ရင်တော်နှစ်တိ၊ သင်းကျစ်နိတုံ၊ ရွှေဘွဲ့ပုံနှင့်၊ ဝန်းရုံညီးညီး၊ ငါ့ထံမှီးသည့်၊ သားကြီးသားလတ်၊ ငါ့သားမြတ်တို့! မှတ်လော့ကုန်အောင်၊ ငါဟောဆောင်ပိမ့်၊ *ယခေါင်ရှေးခါ၊ ကပ်ဦးစွာက၊ စကြဝဠာလုံးစုံ၊ ဘုံသြကာသ၊ လောကဖြစ်ချိန်၊ ပရိစ္ဆိန်ဖြင့်၊ ဝတိ သူရာ၊ ဒီပါဇမ္ဗူ၊ ဝိစိဟူသား၊ လေးဆူပညတ်၊ သောင်းလေးရပ်တွင်၊ တရပ်ဝင်လျက်၊ ရေပြင်ပေါ်ထွန်း၊ ဇမ္ဗူကျွန်းဟု၊ *မော်ကွန်းမင်္ဂလာ၊ အစဉ်ဖြာ၍၊ စကြာဗုဒ္ဓ၊ ပေါ်ကြရပ်ကောင်း၊ တသောင်းမြေပြင်၊ မြရည်သွင်နှင့်၊ ရွှေစင်ညီးညီး၊ သပြေသီးသည့်၊ ကျွန်းကြီးလကျာ၊ ဤခန်းဝါနှိုက်၊ မဟာသမတ်၊ အာဒိနတ်ဟု၊ ဥပပါတ်လူ၊ သယမ္ဘူကြီး၊ တနေညီးသို့၊ ထွန်းပြီးနောင်†မှ၊ သတ္တ†မမြောက်၊ ရာဝင်ပေါက်သော်၊ မိုးအောက်လူတွင်၊ ဘက်မမြင်အောင်၊ ထက်ခွင်အာလိန်၊ တာဝတိန်တိုင်၊ ဘုန်းတော်ပိုင်၍၊ မဏ္ဍိုင်ကေတု၊ ရွှေမေရုထက်၊ ပဏ္ဍု*ကြင့်နန်း၊ သိမ်းမြန်းစိုးလတ်၊ တန်းခိုးမြတ်သည်။ ။မန္ဓာတ်စကြာ ဘေး*စောတည်း။ (၁)

၂၅။ ဘေး*စောမန္ဓာတ်၊ စကြာနတ်လျှင်၊ *ရဟတ်ချီညွှန်း၊ ရွှေစက်* ဝန်း၍၊လေးကျွန်းလုံးအောင်၊ဘုန်းတော်ဆောင်က၊* မြားမြောင်နောက်တော်၊

---

[၁] ဇာတကဋ္ဌကထာ၊ ၁-နှ ၁-၁၅၄။

ပါခဲ့ခေါ်သား၊ လေးဘော်မျိုးခြား၊ လေးကျွန်းသားတွင်၊ ထူးပြားရုပ်ဆင်၊ ကြေးမုံပြင်နှင့်၊ အသွင်မခြား၊ နောက်နွားယာဉ်စီး၊ ကျွန်းကြီးရပ်မြေ၊ လူ*ဗိုလ်ခြေတို့၊ တည်နေမပြန်၊ တိုင်းရပ်ဌာန်ကို၊ အပရန္တ၊ သမိုက်ကြ၏၊ ဥတ္တရဒီပါ၊ ပဒေသာထွန်း၊ မြောက်ခွင်ကျွန်းက၊ ပြည့်ရွှန်းမျက်နှာ၊ လူ*တကာအား၊ နေရာချထား၊ ရပ်မြေများကို၊ ထင်ရှား*သမိုင်း၊ ကုရုတိုင်းဟု၊ ခြားပိုင်းဌာန၊ မှတ်ပိုက်ရ၏၊ ပြုဗ္ဗဒီသာ၊ ဝိဒေဟာက၊ မျက်နှာလဝက်၊ ရွှန်းရွှန်းစက်သား၊ ထက်မြက်ဉာဏ၊ ဥဿာဟနှင့်၊ လုံ့လကြီးမား၊ ကျွန်းသားများတို့၊ ပိုင်းခြားတည်နေ၊ တိုင်းရပ်မြေကို၊ ဝိဒေဟရာဇ်၊ ခေါ်လစ်အစ၊ ထက်ထိုက်ကျ၏၊ ဝိဒေဟမည်သီး၊ ထိုတိုင်းကြီးတွင်၊ *အတိရှေးခါ၊ မဟာသမ္မတ၊ ဒုတိယနေမင်း၊ အာဒိရင်းက၊ သက်ဆင်းစီလျဉ်၊ နွှေနွယ်ယှဉ်၍၊ အစဉ်ပွါးလှိုင်း၊ နေနတ်ဂိုဏ်းတို့၊ တိုင်းပြုပြည်ပြု၊ အစုဝီသ၊ ထာဝရနန်းထီး၊ တည်ကြပြီးနောက်၊ဘုန်းမီးတိုးတက်၊ တန်းခိုးစက်နှင့်၊ နိုင်းဘက်မရ၊ နတ်*တမျှသို့၊ နရမောဠိ၊ လောကိဥ†သျှောင်၊ ရန်မျိုး†ရှောင်သည်၊ မင်းခေါင်ဓိပတိ၊ သီရိပဝရ၊ မဃဒေဝ၊ ရှင်တို့ဘလျှင်၊ ခတ်ရသိုက်ရ၊ *ဗျာဒိတ်†ရလျက်၊ တတိ†ယမင်းမြောက်၊ ထီးနန်းဆောက်၍၊ ထက်အောက်ကြေ†ညာ၊ မိထိလာဟု၊ ကြော်†ငြာဝေးနီး၊ ရွှေပြည်ကြီးနိုက်၊ ရှစ်ထီးကာမိုး၊ ဆက်လာစိုးသည်။ ။တန်းခိုး*တုန်နန့် မြေကြောတည်း။ (၂)

(ဤကား မြို့ရွာတိုင်းပြည်၊ မြို့မည်နာမ–ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသတည်း။)

၂၆။ မဟာဝံသ၊ ပရမဖြင့်၊ ကမ္ဘာ့ဓိပတိ၊ နေနွယ်ညီသား၊ အာဒိသမတ်၊ ဥက္ကာနတ်တို့၊ ဥက္ကဋ္ဌ*ပြဋ္ဌာန်း၊ ရာဝင်ခဏ်း၏၊ နိဒါန်းအမြွက်၊ ဤအချက်နိုက်၊ မင်းဆက်မင်းစဉ်၊ စီလျဉ်သရုပ်၊ အတွင်းငုပ်၍၊ အချုပ်မပြန်၊ မြုပ်ခဲ့ကျန်သား၊ လီနတ္ထရ၊ စောဒကကို၊ ဖြေပြသာယာ၊ အလင်္ကာဖြင့်၊ မင်္ဂလာစည်ကြီး၊ ဆော်ရိုက်တီးပိမ့်၊ ကောင်းခြီးကြွေးဟုန်၊ နာကြကုန်လော့၊ ဝသုန္ဓရေ၊ ဤမြေကမ္ဘာ၊ ပေါ်ဦးစွာနိုက်၊ သူရိယာနတ်၊ ရောင်သဟာသ်နှင့်၊ ပညတ်ဂုဏ်တူ၊ သယမ္ဘူတိ၊ နှစ်ဆူပိုင်ပ၊ ဂေါတမဟု၊ အာဒိစ္စ†ချည်း၊ တန္တယ်တည်းသာ၊ † ခြည်း*ခြည်းသံ*ခြေ၊ ခေါ်မှတ်စေလျက်၊ သပြေဇမ္ဗူ၊ ကပ်ဦးသူတို့၊ ဆယ်ဆူစုံပူး၊ တိုက်နဖူးဖြင့်၊ ဆံဦးမကြွင်း၊ ကိုယ်သက်နှင်း၍၊ မင်းဟုထိပ်ပြင်၊ မြောက်ကြတင်သည်၊ ဗုဒ္ဓကို†ရ၊ ဘု†ရားညွန့်ဖူး၊ ပန်ဆုထူးနှင့်၊ လူ့မျိုးဘုန်းပွင့်၊ နေနှစ်ဆင့်မှ၊ နေမင်းဆွေမိတ်၊ နေမြိတ်ဝံသာ၊ နွယ်တော်လာကား၊ မဟာသမ္မတ၊ သားရောစနှင့်၊ ဝရရောစ၊ ကလျာဏက၊ ဝရကလျာဏ၊ နောက်မှသားတော်၊ ဥပေါ်သထ၊ သားလှမန္ဓာတ်၊ စကြာနတ်တည့်၊ သားမြတ်ဝရ၊ ထိုပြီးမှလည်း၊ ဥပဝ†ရ၊ စေတိ†ယဟု၊ မုစလရာဇာ၊ မဟာမုစလ၊ တေဇလျှံထိန်၊ မုစလိန္ဒ၊ သာဂရနှင့်၊ သာဂရဒေဝ၊ ဘရတတွင်ညီ၊ အင်္ဂီရသ၊ ထိုမှရုစိ၊ သုရုစိမည်ရ၊ ပတာပ တပြာ၊ မဟာပတာပ၊ ပနာဒက၊ ကြီးလှပုညာ၊ မဟာပနာဒ၊ နာမပညတ်၊ သုဒဿမည်သာ၊

မဟာသုဒ်သ်၊ တွင်မှတ်နေရှ၊ နိုင်းတုဘက်ကွာ၊ မဟာနေရှ၊ မျက်ရှူသားလှ၊ အစ္စိမဟု၊ အင္ဂဝိသာ၊ မြတ်ရာဇာက၊ တရာတိုင်တိုင်၊ *စောဘုန်းလှိုင်တို့၊ ခရိုင်သောင်းတိုက်၊ ဇနပိုဒ်ကို၊ ခွန်ရိုက်ကျုံးကာ၊ စက်ဘုန်းဖြာ၍၊ ကုသာဝတီ၊ ပုရိမှိုင်းညို၊ ရာဇဂြိုဟ်နှင့်၊ နဂိုရ်အောင်ချာ၊ မိထိလာဝယ်၊ လူ့ရွာ စည်းစိမ်၊ စံကြငြိမ်သည်။ ။မွေ့သိမ်းမြေ သာချမ်းတည်း။ (၃)

၂၇။ တရာအားလုံး၊ မင်းအဆုံးတွင်၊ လက်ရုံးဝရဇိန်၊ စက်ဘုန်းရှိန်နှင့်၊ အရိန္ဒမ၊ နရိန္ဒ၏၊ သားကသားဆက်၊ ဆင်းသက် စဉ်လျောက်၊ ငါးကျိပ်†ခြောက်တို့၊ မ†ချောက်မချား၊ တရားမခွ၊ မြဲနိစ္စဖြင့်၊ လူမျှားစော†မီး၊ ရိပ်ဖြူ†ထီးနှင့်၊ ရိုက်†တီးပဟိုရ်၊ နန်းပွဲ*ကြို၍၊ နဂိုရ်သာလှ၊ အယုဇ္ဈဟု၊ ပုရရွှေပြည်၊ စိုးကြတည်၏၊ ဘုန်းစည်ဆုံးချုပ်၊ မိုးသို့အုပ်သား၊ ဒုပ္ပသဟ၊မင်းကပ္ပါးလျက်၊ သားမြေးဆက်၍၊ ဆင်းသက်ကုန်ကြ၊ အဇိတရာဇာ၊ တိုင်အောင်သာလျှင်၊ အာဏာတက်ဆိပ်၊ ဘုန်းစက်ရိပ်နှင့်၊ ခြောက်ကျိပ်သချ်ာ၊ ထိုရာဇာတို့၊ ဗာရာဏသီ၊ ပုရိပြည်မ၊ စိုးတည်ကြရှင့်၊ အဇိတမင်း၊ သားရင်းမြေးပေါင်း၊ မြစ်တော်လောင်း၍၊ ရှစ်သောင်းလေးထောင်၊ * မြားမြောင်စွာ†လှ၊ မင်းတို့မျှလည်း၊ ကမ္ဘ†လပြည်ကြီး၊စံတည်မှီးမှ၊ တသီးဆုံးစွန်၊ မင်း*မွန်ဗြဟ္မဒတ်၊ နေနွယ်နတ်က၊ မပြတ်ဆက်ခံ၊ ကမ္ဘလဝံသ၊ မင်းလှအဆုံး၊ သုံးကျိပ်ခြောက်ဆူ၊ ဘူမိပတိ၊ လူဘုန်းယို့တို့၊ ဟတ္ထိပုရ၊ ပြည်သာစွန်ုိက်၊ထာဝရကိန်း၊ တရားထိန်း၍၊*မုဒိန်းရွှမ်းဆော်၊ စံကြပျော်သည်။ ။နန်းပေါ် မရွှေ ရွှင်ဝမ်းတည်း။ (၄)

၂၈။ ထိုကမ္ဘလ၊ မင်းဝံသ၏၊ ပုတ္တနတ္တာ၊ မြတ်ရာဇာတို့၊ သချ်ာပြည့်သိပ်၊ သုံးကျိပ်နှစ်ပါး၊ တရားမခွ၊ မြဲနိစ္စဖြင့်၊ ကေစက္ခု၊ ပြည့်*သေတ္တုန္နိုက်၊ တစုံတရုံး၊ စံရွှင်ပြုံးရှင့်၊ နှောင်းဆုံးဘူမိန်၊ ပူရိန်ဒေဝ၊ မင်းကဆက်ပေါ်၊ သားတော်မြေးမြစ်၊ နှစ်ကျိပ်ရှစ်မူ၊ နန်းသစ်သိင်္ဂီ၊ ပြောင်းကာချီ၍၊ ဝဇီရမုတ်၊ ပုရုတ္တရ၊ ရွှေပြည်မနိုက်၊ သာမိနမင်းတိုင်၊ စိုးစံထိုင်လျက်၊ ဘုန်းလှိုင်မင်းလှ၊ သာမိန၏၊ သားကမြေး*ကွန့်၊ မြစ်တော်ညွန့်၍၊ *အခွန့်ရှည်ညောင်း၊ မိုး*နှောင်းသံတင်၊ ဘုရင်စည်ကား၊ တရားမ†ယုတ်၊ ဓမ္မဂုတ်တိုင်၊ န†ရုတ္တမ၊ ဗာဝိသတို့၊ မထုရပြည်၊ ထောင်တည်*ဘန်ဆန်း၊ ရွှေနန်းစံကြ၊ မင်းဓမ္မက၊ ပွါးထဋ္ဌာရသ်၊ မပြတ်ဆက်ကာ၊ နေနွယ်ဖြာ၍၊ စဉ်လာမကင်း၊ မင်းသိပ္ပိကျ၊ အရိဋ္ဌဟု၊ ပုရပြည်ကြီး၊ စိုးကြပြီးသော်၊ နေမီးမယွင်း၊ သိပ္ပိမင်း၏၊ သားရင်းမြေးရင်း၊ သက်ဆင်းဆက်ခံ၊ ဗြဟ္မဒေဝ၊ မင်းသို့ကျအောင်၊ တေဇရန်နှိပ်၊ တကျိပ်ခု†နစ်၊ မဟာရာဇ်တို့၊ အ†နှစ်ရှည်ကြာ၊ ဘုန်းရောင်ဖြာ၍၊ အောင်ချာပြည်မြတ်၊ ဣန္ဒပတ်နိုက်၊ မိုးနတ်*တရ†ထည်၊ စံကြ†တည်သည်။ ။ရွှေစည်နှေ့ည ဆော်ရွှမ်းတည်း။ (၅)

၂၉။ ဗြဟ္မဒေဝ၊ မင်းကဆက်ပွါး၊ တကျိပ်ငါးတိ၊ နောက်ဖျားဆုံးသတ်၊ ဗလဒတ်ဟု၊ မင်းမြတ်တိုင်ကျ၊ ဘူမိန္ဒတို့၊ ကေစက္ခု၊ ရှေးပုံပြည်တော်၊ ပြန်ကြ

ပျော်၏၊ နုဘော်ထန်ပြင်း၊ မင်းဗလဒတ်၊ နွယ်မြတ်သားမြေး၊ တကျိပ်လေးလည်း၊ ကျူးေး*ကံ့ကံ့၊ ပဋ္ဌင်းခံလျက်၊ ကုသမ္ဘက၊ တာပသ၏၊ ဌာနသာမော၊ ကြံ့ပင်တောကို၊ နတ်ပြောစီ†ရင်၊ မြို့ကြီး†ယင်၍၊ ရင့်ငင်စုံညီ၊ ကောသမ္ဗီဝယ်၊ သိင်္ဂီရွှေနန်း၊ စံကြမြန်းပြီး၊ ဆုံးခန်းစိုးဘိ၊ ဘုန်းတန်းယှိုသား၊ ဟတ္တိဒေဝ၊ ရာဇိန္ဒ၏၊ ဝံသသက်ဆင်း၊ ကိုးပါးမင်းမူ၊ ပျော်ခင်းသာလှ၊ ပြည်ကဏ္ဏကို၊ တည်ကြအုပ်စိုး၊ ထိုမင်းကိုးတွင်၊ နရ*စိုးမည်၊ နှောင်းဆုံးတည်မှ၊ ဘုန်းစည်မြေးသား၊ ခုနစ်ပါးတို့၊ ထီးပွါးနန်းပွါး၊ ထောင်တည်ခြား၍၊ တရားစည်ကြီး၊ ရိုက်တီးနှေ့ည၊ ယှင်းမခွဘဲး၊ ရောစနမည်၊ မြတ်ရွှေပြည်နှိုက်၊ နှစ်ရှည်မပြောင်း၊ စံကြ*ညောင်းလျက်၊ နှောင်းတွင်အဆုံး၊ ပြိုင်ဘက်ရှုံးသား၊ လက်ရုံးဝင်းထိန်၊ မင်းမဟိန်၏၊ ဝရဇိန်နတ်စက်၊ စိန်လက်နက်သို့၊ ထိန်လက်တေဇ၊ သားမြေးစသည်၊ နာဂဒေဝ၊ *စောလှဘုန်းလှိုင်၊ မင်းဆုံးတိုင်အောင်၊ ဦးခိုင်စိုးလစ်၊ တကျိပ်နှစ်ကား၊ ဖြူရှစ်စကြာ၊ မိုးကြက်ကာ၍၊ စမ္ပာပြည်သစ်၊ နန်းမြေခေတ်နှိုက်၊ ဘွင့်လှစ်ဥကင်၊ စံမြူးရှင်သည်။ ။ကြည်လင်*မကြေ မ†ကြမ်းတည်း။ (၆)

၃၀။ စမ္ပာပြည်သစ်၊ နန်းမြေခေတ်နှိုက်၊ ကာရှစ်ရိပ်ဖြူ၊ နှောင်းဆုံးယူသား၊ ဇမ္ဗူအုပ်မိုး၊ နာဂ*စိုး၏၊ နွယ်ရိုးစဉ်စီ၊ ပဋ္ဌိဖြင့်၊ ကျင့်ညီဓမ္မ၊ ရာဇညတို့၊ ဝိဒေဟတိုင်း၊ ရှေး*သမိုင်းနှင့်၊ ကသိုဏ်းပမာ၊ မြေမျက်နှာတွင်၊ မိထိလာပြည်မ၊ ဒုတိယဖြင့်၊ တည်ကြနန်းဘုံ၊ စံကြတုံ၏၊ ဆုံးကြုံနရုတ်၊ ဘုန်းဟုန်သုတ်သား၊ သမုဒ္ဒဒတ်၊ မင်းမြတ်ကပွါး၊ နှစ်ကျိပ်ငါးတည်း၊ နောက်ဖျားဘုရင်၊ တိမင်္ကရ၊ မင်းသို့ကျအောင်၊ သာလှနဂိုရ်၊ ရာဇဂြိုဟ်နှိုက်၊ ပဟိုရ်ရွှမ်းဆော်၊ စံ*ကွန်းပျော်မှ၊ မင်းကျော်တိမင်၊ ယင်းနွယ်ဝင်ဖြင့်၊ ဘုရင်တာလိသ်၊ ဆုံးပိတ်ဒွါဒသ်၊ မဟာ*ရတ်တို့၊ ပြည်မြတ်မှိုင်းညို၊ တက္ကသိုလ်ဝယ်၊ နဂိုရ်ထံဝရ၊ ကိန်းမှန်ချ၍၊ စံကြတသင်း၊ တာလိသ်မင်းမှ၊ သက်ဆင်းကုန်ကြ၊ မင်းဒွါဒလည်း၊ ဓမ္မဆယ်ပါး၊ တရားလက်ယှိ၊ ပျက်မငြိဘဲး၊ ကုသိနာရုံ၊ ရွှေဘုံပြည်နန်း၊ သိမ်းမြန်းစံ†ကြ၊ ပုရိန္ဒဟု၊ ဆုံး†ကျရာဇာ၊မင်းမြတ်စွာ၏၊သည်းချာဆက်နွယ်၊ မင်းကိုးသွယ်ကား၊ ပျော်ဘွယ်မဆိတ်၊ မွှမ်းမွှမ်းထိတ်မျှ၊ မလိတ္တိယ၊ ရွှေပြည်မနှိုက်၊ သာဂရဒေဝ၊ မင်းဆုံးကျအောင်၊ ဒသရာဇမံ၊ စိုးကြစံသည်။ ။နိုင်ငံစည်ပြန့် ပြည့်ဝှမ်းတည်း။ (၇)

၃၁။ သာဂရဒေဝ၊ တေဇနေစက်၊ မင်းမှဆက်သား၊ ဘုန်းတက်ကြွကြွ၊ မဃဒေဝ၊ *စောလောင်းကတိ၊ အစပြုဌာန်း၊ မြတ်ရာမြန်းလျက်၊ ရဟန်းပြုချည်း၊ စုရှုံ့စည်းသို့၊ ရှေးနည်းနောက်မှီ၊ ဆက်ကာစီပြီး၊ ပဝေဏီထုံး၊ မြတ်နှလုံးကို၊ စွဲသုံးလက်ယှိ၊ ရာဇိသိဖြင့်၊ နေမိမင်းစစ်၊ လောင်းတော်ဖြစ်တိုင်၊ ရှစ်သောင်းလေးထောင်၊ ရာဝင်ပြောင်သည့်၊ မင်းခေါင်များစွာ၊ မြတ်ရာဇာတို့၊

မိထိလာရွှေနန်း၊ ပြန့်စံမြန်းရှင့်၊ *ကြငှန်းဓိပတိ၊ မင်းနေမိ၏၊ ဘုန်းယှိ သည်းချာ၊ ကာလာဇနက်၊ ဘုန်းစက်နေ့သွင်၊ သမှက်ရ၊ အသော†စက၊ †စ၍အဖြောင့်၊ ရှစ်သောင့်းလေးထောင်၊ သုံးယောက်အောင်လျှင်၊ ရွှေတောင် သိင်္ဂ၊ ဗာရာဏနှိုက်၊ ဒုတိယနန်းတည်၊ စိုးကုန်သည်တည့်၊ ရုံးရည်ထွန်းပ၊ ဆုံးစွန် ကျသား၊ ဝိဇိတမည်ခေါ်၊ ထိုမင်းကျော်၏၊ သားတော်ဘုန်း†ယှိ၊ နတ်*တ †ရှိသို့၊ ဝိဇိတသေန၊ တေဇပြင်းရှိန်၊ ဓမ္မသိန်နှင့်၊ နာဂသိန်မည်ရ၊ သမိဒ္ဓက၊ ကြီးလှနာမံ၊ ဒိသမ္ပတိ၊ ထိုပြီးရေဏု၊ ကုသရာဇာ၊ မဟာကုသ၊ ထို့နောင်မှလျှင်၊ နဝရဋ္ဌ၊ ဒသရဋ္ဌ၊ လောင်းရာမတိ၊ သားလှဆက်ကာ၊ ဝိဋ္ဌာရဋ္ဌ၊ စိတ္တာရံသီ၊ တွင်ညီနာမ၊ အမ္ဗရံသီ၊ ကျော်ညီထင်ရှား၊ သားသုဇာတ၊ ဩက္ကာကတိုင်၊ သောဋ္ဌသမင်း၊ လူ့မှန်ကင်းတို့၊ ယင်းဗာရာပြည်၊ ထီးရွှေစည်နှင့်၊ ကြူးမြည် သာယာ၊ စံချမ်းသာရှင့်၊ မဟာသမ္မတ၊ မင်းကစ၍၊ ဩက္ကာကထိ၊ အယှိ တွက်ကိန်း၊ ဂဏန်းချိန်းသော်၊ နှစ်သိန်းငါးသောင့်း၊ နှစ်ထောင့်ငါးရာ၊ ငါးကျိပ် သာ၍၊ သချာနောက်ပွါး၊ မင်းခြောက်ပါးတည့်၊ ပိုင်းခြားရွှေမင်၊ ရှေးဦး တင်သည်။ ။ရာဝင်ပထမ ဝေ†ခြမ်းတည်း။ (၈)

၃၂။ ထိုဩက္ကာက၊ ရာဇိန္ဒ၏၊ တကွမပြား၊ လေးယောက်သားနှင့်၊ ငါးပါးသမီး၊ နတ်ရွယ်ညီးတို့၊ တောကြီး*ဟေမာ၊ ထွက်ကြလာ၍၊ မဟာ ဣသိန္ဒ၊ ကပိလ၏၊ သာကဝနေ၊ ကျောင်းရာမြေဝယ်၊ ဇေယျာ*နက်သန်၊ အောင်ကွက်†မှန်နှိုက်၊ ဗိ†မာန်ထီးနန်း၊ တည်*ဘန်ဆန်း၍၊ *ပြဋ္ဌာန်းနာမ၊ တိုင်းသက္ကနှင့်၊ ကပိလဝတ္ထု၊ ပြည့်*သေတ္တုဟု၊ ဇမ္ဗူ ့ဦးစွန်း၊* မော်ကွန်းသိင်္ဂ၊ ထိုးစိုက်စီလျက်၊ နောင်ညီလေးပါး၊ နောင်ဘွားရွယ်လှ၊ ငယ်နှမတို့၊ ဝံသမပြား၊ မျိုးမခြားအောင်၊ *စုလျားပတ်နှောင်၊ ပြည်တည်ထောင်ပြီး၊ *ယခေါင် နောင်မင်း၊ အာခံတွင်းက၊ ဝင်းဝင်းပြောင်ဝါ၊ စက်ရောင်ဖြာသား၊ ဥက္ကာမုခ၊ မင်းကဆင့်ပွါး၊ သားနိပုဏ၊ စန္ဒိမနှင့်၊ စန္ဒမုခ၊ ထိုမှသိဝိ၊ ထိုပြီးသိဥ္စည်း၊ ကျော်သည်းဝေဿန်၊ ဘုန်းအန်ထန်ပြင်း၊ ဇာလိမင်းက၊ သားရင်းသီဟ၊ ဝါ ဟနနှင့်၊ တေဇ*လွှံ့ပတ်၊ သီဟဿရ၊ မင်းမှစ၍၊ သကျမျိုးမြတ်၊ သာကီ ဇာတ်တို့၊ မပြတ်သမ္ဘိန်၊ ထွန်းခဲ့ထိန်ရှင့်၊ ဇေယျသိန်မင်းဖျား၊ သားသီဟနု၊ အတုလွတ်ကျော်၊ သုဒ္ဓေါ်မင်းမြတ်၊ လောင်းသိဒ္ဓတ်ဟု၊ အထွတ်ဆုံးတိုင်၊ *နှုန်း မပြိုင်အောင်၊ မဏ္ဍိုင်ဌာနီ၊ ပြည်ကပ္ပိဝယ်၊ သာကီမင်းပေါင်း၊ ရှစ်သောင်း အခေါင်၊ နှစ်ထောင်တွက်ကျုံး၊ တကျိပ်သုံးတို့၊ ကျွန်းလုံးကျော်ဟိုး၊ နတ်*နွယ် မိုး၍၊နေမျိုးပေါ်တွင်၊ညွှန့်ဖူးတင်သည်။ ။ရာဝင်ဒုတိယ ရွှေ†ကျမ်းတည်း။(၉)

၃၃။ ဤသို့လျှင်တိ၊ မဟာဝင်လျှဉ်၊ ရာဝင်စဉ်တွင်၊ ဓမ္မဋ္ဌရ၊ ရာဇညတို့၊ သမ္မတဂိုဏ်း၊ ဥက္ကာဂိုဏ်းဟု၊ နှစ်ပိုင်းအစု၊ ဂိုဏ်းကြီးပြု၍၊ တိုင်းပြုပြည်ပြု၊

အစိတ်ရှက၊ စတုဝိသ၊ အစုရှေ၏၊ ကိုမျှရာဇာ၊ *စောချုပ်ခြောက်တို့၊ သချိုးသရုပ်၊ နှစ်ပါးအုပ်ပြီး၊ အချုပ်ထိန်းသော်၊ သုံးသိန်းသုံးသောင်း၊ လေးထောင့်ငါးရာ၊ ခြောက်ကျိပ်သာ၍၊ နောက်မှာအစွန်း၊ ကိုးယောက်ထွန်းသည်။ ။ *မော်ကွန်းတင်ပြ မှတ်ကြမင်းစဉ် အကျဉ်းတည်း။ (၁၀)

(ဆုံတလုံးချ အာသာဝတီဝတ်ဆံ ချမျိုးတည်း။)

ရာဇဝင်ခဏ်း ၁၀-ပိုဒ် ပြီး၏။

---

## ၃-မြို့ပြောင်းခဏ်း

၃၄။ မင်းစဉ်အကျဉ်း၊ ပြခဲ့ချဉ်း၍၊ အလျဉ်းသင့်တိုင်း၊ အလှိုင်းတသီး၊ ဆိုလတ်ပြီးမှ၊ ပြတ်ကြီးစင်းစင်း၊ စုဒ်ထုတ်လျှင်းသော်၊ မှတ်ခြင်းဝါကျ၊ အာရဗ္ဘဟု၊ ကျမ်းပြမှတ၊ လက္ခဏာနှင့်၊ နည်းနာခိုးမိ၊ ကျမ်းရိုးသိလော့၊ အာဒိကပ္ပ၊ သမ္မတမှ၊ ရာဇရာဇာ၊ ဆက်ကာကာဖြင့်၊ စဉ်ဖြာခဲ့ပြီး၊ ပွါးစည်*ဖြိုး၍၊ ပြည်ကြီးနှစ်ဆယ်၊ ဘုန်းကြွယ်မင်းပေါင်း၊ ဖြူရိပ်ဆောင်းတို့၊ ရှစ်သောင်းလေးထောင်၊ ငါးရာနောင်မှ၊ စွန်းဆောင်အဆုံး၊ သုံးကျိပ်ခုနှစ်၊ ရောက်တိုင်းလစ်သော်၊ နှစ်အသင်္ချေ၊ ကြာထွေကာလ၊ ထာဝရကိန်းရိုး၊ ပြည့်တန်းခိုးလျှင်၊ မပြိုးမပြောင်၊ ညှိုးခဲ့*ယောင်ဟု၊ *ရွှေတောင်ဘုံကြီး၊ ညီးညီးဘိတ်ဘိတ်၊ ပြည်မလိတ်နိုက်၊ ဆုံးပိတ်စမွယ်၊ ဘုန်းပင်လယ်သို့၊ ဘုန်းကြွယ်သာဂရ၊ မင်းဒေဝ၏၊ သားလုမြတ်*လျှာ၊ သမ္ဘာထိန်လက်၊ ရိုးစိန်စက်နှင့်၊ ဘုန်းထက်တောက်ပ၊ လွန်ထူးစွကြောင့်၊ မဃသဒ္ဒါ၊ ရတနာတိ၊ ဥစ္စာဝါစီ၊ ဟောရိုးမှီ၍၊ ထိုပြီအပ၊ တနည်းပြကား၊ မဟာသဒ္ဒါ၊ ဟာခရာကို၊ ဃကာရိယ၊ နောက်ဒေဝနှင့်၊ ကမ္မဓာရည်း၊ စသောနည်းဖြင့်၊ သိမ်းဆည်းသင့်ရာ၊ ယောဇနာလျက်၊ ဗျူဟာနိရုတ်၊ ဘင့်ထုတ်နာမံ၊ နွတ္တန်ကို၊ ပြဟ္မာဆက်သ၊ နတ်*တမျှသို့၊ မဃဒေဝ၊ ကျော်ပေါက်ပြသည့်၊ လောင်းလုမဟော၊ *စောဘုန်းဝေကား၊ ဝိဒေဟတိုင်း၊ *သမိုင်းတွင်ဟောင်း၊ ရွှေးပြည်ကောင်းသို့၊ ပြောင်းခဲ့စကြာ၊ မျှား*ဗိုလ်ပါနှင့်၊ ကျာကျာဆော်ည်၊ မြေမိုးပုံမျှ၊ ဆင်သံမြင်းသံ၊ စည်မောင်းသံတို့၊ မိုးယံမြေကြော၊ တောင်တောပဲ့တင်၊ ထပ်တင်တင်သည့်၊ ဝန်းကျင်ပတ်ခြံ၊ တပ်ပေါင်းရံလျက်၊ အောင်သံတင်လျှောက်၊ သုံးကြိမ်မြောက်ဖြင့်၊ ကိန်းလျှောက်ခန်းလိုက်၊ ယုဂ်ဆန်းကြိုက်နှင့်၊ ခတ်သိုက်ဗျာဒိတ်၊ နိမိတ်ကောလာ၊ သြဘာအရ၊ ရွှေဉာဏ်ဆ၍၊ လောကဟိတ၊ လူမျှာ့ချမ်းသာ၊ ပွါးကြောင်းရှာသည်။ ။မဟာဗောဓိ ကျင့်ငန်းတည်း။ (၁)

၃၅။ လောကဟိတ၊ စရိယဖြင့်၊ လူမျှာ့ချမ်းသာ၊ ပွါးကြောင်းရှာသား၊ မဟာမဃ၊ ဒေဝရာဇာ၊ လောင်းမြတ်စွာလျှင်၊ မိထိလာပြည်ဟောင်း၊ ကြွပြောင်း

စကြာ၊ မြန်းသော့ခါတည့်၊ မဟာသု†ဒသ်၊ မင်းမ†န္ဓာတ်တို့၊ ထုတ်ခတ်ရိုက်မှန်း၊ စက်ရှင်ဝန်းလျက်၊ လေးကျွန်းမဟာ၊ ရံငါးရာနှင့်၊ ဒီပါဌာန၊ သာဂရန္ဒိုက်၊ ဖန်မြရွှေငွေ၊ လေးရောင်ထွေသား၊ ရေမြေအဆုံး၊ တိုက်အလုံးကို၊ ပတ်ကုံး*ကုံငှ၊ ဘုန်းတော်ပြ၍၊ ခြိမ့်မျကြော်သောင်း၊ ဗိုလ်ပါပေါင်းနှင့်၊ *ပုန်တောင်းရတနာ၊ ရွှေညွှန်လာသို့၊ ဝဲးယာဝဲးယာ၊ မင်းလမ်းကာပြီး၊ ယူဇနာရှည့်ရှည့်၊ လမ်းလုံးပြည့်အောင်၊ ရှုကြည့်*မညောင်း၊ ဖုံမထောင်းတည့်၊ သဲးလောင်း မြေသိပ်၊ မြူနှိပ်သုတ်သင်၊ ငှက်ပျောပင်နှင့်၊ ကြံပင်ညွှန့်လန်း၊ ထွေထွေဆန်းသား၊ ကြဲးပန်းစုံစီ၊ ရှုဘွယ်အိမျ၊ ဖြူနီတမ်းခွန်၊ မိုးစွန်ဆောက်လွှား၊ မုလေးပွါးက၊ ကုက္ကားနိမ့်မြင့်၊ စွင့်ရရှင့်တိ၊ ဆင့်ဆင့်ဝေဆာ၊ ဝတိံသာဝယ်၊ မဟာသုဒဿန၊ နတ်လမ်းမသို့၊ တူလှ*ယိုးယောင်၊ ဆင်ယင်ဆောင်သည်။　။ဘုန်းခေါင်ဘုန်းမြတ် *ဘန်†ဆန်းတည်း။ (၂)

၃၆၊ ဘုန်းခေါင်ဘုန်းမြတ်၊ ဘုန်းဥက္ကဌ်တိ၊ မန္ဓာတ်ပမာ၊ ဘုန်းသမ္ဘာဖြင့်၊ မဟာသုဒဿန၊ နတ်လမ်းမသို့၊ တူလှ*ယိုးယောင်၊ ဆင်ပြီးနောင်မှ၊ စမြောင်ရွှေဖျား၊ ရွှေသိုင်းသွားလျက်၊ နောက်ကားမသွေ၊ အသရေစောင့်၊ သစ္စာဖြောင့်သား၊ သူကောင့်းသားမြေး၊ ယဉ်ကျေး*လုလင်၊ နောက်လျှင်မလွန်၊ အိမ်ရွှေဝန်နှင့်၊ *တသွန်ဝင်းမှူး၊ ရာထူးလိုက်ဘက်၊ ထီးလေးလက်က၊ လေးချက်ရွှေကျိုင်း၊ ရံသိုင်းထင်ရှား၊ လိုက်ခါးလေးစင်း၊ ဝင်းဝင်းညာဘယ်၊ ကြားဝယ်ညှပ်၍၊ ချပ်ကာချပ်ကာ၊ ထက်စွာမတုံး၊ လက်သုံးတော်ခါး၊ နောက်ပါးစီးတော်၊ မြင်းယဉ်ကျော်နှင့်၊ နောက်သော်ထို့ပြင်၊ ပေါင်းဝန်းတင်လျက်၊ ပြောင်ဆင်ပေါက်ထီး၊ နောက်အနီးလည်း၊ တသီးယာဉ်ကျော်၊ စီးတော်နာဂ၊ နောက်မှတရွှေ။ နတ်*စတေသို့၊ ကွမ်းရေတော်သား၊ စဉ်စီထားပြီး၊ ခြား၍နောက်ဆက်၊ ရဲးမက်ကိုယ်ရံ၊ သိမ့်သိမ့်ညံတိ၊ ရွှေလုံဒိုင်းသား၊ ကာလွှားစုသင်း၊ တပ်ကြီးခင်း၍၊ နတ်မင်းဤသာ၊ ထွက်ကြွလာသို့၊ များစွာရံပေါင်း၊ ခြိမ့်ခြိမ့်*ညောင်းအောင်၊ ရွှေမောင်း*စစ်တလောက်၊ တီးဆော်မြောက်လျက်၊ တုန်ချောက်*တိမ်းပင်း၊ မြေ*ညီးလင်းမျှ၊ မင်းမထွက်ခင်၊ ရန်မျိုးထွင်လျက်၊ အလျှင်အိမ်ရှေ၊ ထွက်မြဲးလေ့ဖြင့်၊ ဘုန်း*ဟေ့လျံညီး၊ သားတော်ကြီးလျှင်၊ ရွှေထီးလေးချက်၊ ဖြန့်မိုးထွက်သည်။　။အုတ်ကျက်*ဗိုလ်ပါ *တတန်းတည်း။ (၃)

၃၇။ အိမ်ရှေနန်း*လျာ၊ မဟာဥပရာဇ်၊ ရင်နှစ်တော်ကြီး၊ ရွှေထီးဖြန့်†ကြက်၊ ပြိုးပြိုးပြက်နှင့်၊ အုတ်†ကျက်တညီ၊ တပ်ဦးချီမှ၊ ထိုပြီနောက်ဝယ်၊ ကြီးငယ်စဉ်လိုက်၊ အုပ်ပိုက်ပါးပါး၊ ရာထူးအားဖြင့်၊ မင်းသားတဘော်၊ စည်မောင်းဆော်လျက်၊ ညီတော်များ†တပ်၊ နောက်†ထပ်မလွန်၊ ချိမ့်သဲး†ဝှန်အောင်၊ မြို့†ဝန်ထောင်မှူး၊ မကျူးကွပ်ဆော်၊ များ*ဗိုလ်ဘော်နှင့်၊ ရွှေရုံးတော်တပ်၊ တရပ်နောက်လျှင်၊ စကြာတင်သည့်၊ မင်္ဂလာအမြောက်၊

တော်ကြီး၊ ဦးတည်ပြီးမှ၊ သီးသီးထင်ရှား၊ အမြောက်များကို၊ကုလားပသီ၊ ဘရင်္ဂီကျ၊ စသည်မျိုးခြား၊ အမြောက်သားနှင့်၊ *ဝန်လျား*တသွန်၊ မြေမိုးတွန်မျှ၊ အမြောက်ဝန်ချုပ်၊ အုပ်ရှဉ့်စဉ်လျော်ကာ၊ ညီးညီးတောက်သား၊ အမြောက်တော်တပ်၊ စည်းကြပ်မယွင်း၊ ရွှေဝင်းယာဝင်း၊ ဝင်းနှစ်ဝင်းတို့၊ တပ်ချင်းရှေ့နောက်၊ စဉ်ကာလျော်ကာ၏ရှဉ့်၊ စိုက်ဆောက်မိုးယံ၊ လွှားလွှားပျံသား၊ အလံဖြူဝိမ်း၊ မတိမ်းမဖည်၊ ဟန်စည်ဟန်မောင်း၊ ထပ်လောင်း†မျောက်မြီး၊အ†မြောက်ကြီးနှင့်၊တသီးရံဝိုင်း၊ရွှေဒိုင်းရွှေလွှား၊ရွှေကာသားက၊ ယောကျ်ားသံကိုယ်၊ ဝိဇ္ဇာဓိုရ်သို့၊ မောက်တိုရွှေပိန်း၊ ဂဏန်းကိန်းတိ၊ အသိန်းအသန်း၊ ရေမခန်းအောင်၊ တင့်ဆန်းတန်းဆာ၊ နီစိမ်းပြာဖြင့်၊ ဆင်း*ဝါထူးလည်၊ မျဉ်းတိုရှည်နှင့်၊ ပျံမည်*လုလု၊ သင်းစုစုတို့၊ *ရောရှယှဉ်တွဲ၊ လက်နက်စွဲသား၊ သူရဲ*ဗိုလ်ပါ၊ များသေနာကို၊ လကျ်ာမှူ*ကုံ၊ ကျွန်ယုံမတ်ထီး၊ ဝင်းမှူးကြီးကို၊ ဦးစီးယောကျ်ား၊ တပ်မှူးထား၍၊ မခြားနောက်မူ၊ လေးဆူစုံညီ၊ ရွှေနောက်စီလျက်၊ ဂုဏ်ဆိလျံညီး၊ ဝန်ကြီးဝန်ထောက်၊ ထိုအောက်နားခံ၊ စိမံမထွေး၊ စာရေးတော်ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ တင့်တယ်ငြိမ်သက်၊ ယဉ်မွေညက်သား၊ လွှတ်တက်ရာယှိ၊ တိုင်းမသိတို့၊ များဘိအုပ်အာ၊ ရဲ*ဗိုလ်ပါနှင့်၊ သေနာတဘော်၊ မြေမိုးကျော်မျှ၊ ရွှေလွှတ်တော်တပ်၊ အထပ်ထပ်ကို၊ မလပ်စုံစေ့၊ ဘုန်းတော်*ကြွေ့သား၊ အိမ်ရှေ့*ရန်ငူး၊ သားတော်ဦးလျှင်၊ ဗိုလ်မှူးဗိုလ်ချုပ်၊ ဘုရင်လုပ်သည်။ ။ထိန်းအုပ်ရှေ့ချီ သိန်း†သန်းတည်း။(၄)

၃ဂ။ မဟာဥပရာ။ နန်း*လျာအိမ်ရှေ့၊ ချုပ်ရှဉ့်ချီးမြှောက်၊ တပ်များနောက်နိုက်၊ *ရွှေမှောက်မင်းကျော်၊ တပ်မတော်တည့်၊ မိုးပေါ်တိမ်ယံ၊ စိုက်လွှင့်ပျံသား၊ အလံသုံးမည်၊ ဟန်စည်ဟန်မောင်း၊ မညောင်းနာတိုင်း၊ တီးဆော်လှိုင်းလျက်၊ ရွှေဒိုင်းလွှားကာ၊ နတ်သေနာသို့၊ များစွာ*မွမ်းဖြင့်၊ တန်းဆာဆင်၍၊ တွင်းပြင်*ရောရှ၊ သွေးသောက်စုကို၊ ကွပ်ပြုတည်ညီ၊ ထွက်ချီပြီးနောက်၊ နှစ်ယောက်ရင်ဘောင်၊ ရွှေစမြောင်က၊ ရွှေဆောင်ရွှေသိုင်း၊ ရှုမရိုင်းအောင်၊ မြင်တိုင်းတင့်တယ်၊ ရှုပကာယ်နှင့်၊ နောက်ဝယ်တ†ရပ်၊ မိ့နှယ် လျှပ်သား၊ ရွှေ†ယပ်ရွှေမား၊ စွဲပိုက်ခြားလျက်၊ စုသားတတန်၊ ရွှေပန်းပန်တို့၊ နတ်ဟန်ပမာ၊ ယဉ်ကျေးစွာတိ၊ မင်္ဂလာ စည်မောင်း၊ တကြောင်းထို့ပြင်၊ မင်္ဂလာအမြောက်၊ ထို့နောက်တရေး၊ ရွှေတော်ပြေးက၊ စသည်စည်တော်၊ သင်းတဘော်နှင့်၊ နောက်သော်တမည်၊ ဆင်တော်သည်များ၊ နာရီသားတည့်၊ ကြီးမားယာဉ်ကျော်၊ စီးတော်ပေါက်ထီး၊ ဦးစီးပဲ့စုံ၊ များ*ဥသုံကို၊ မှူ*ကုံဆော်ဘန်၊ ကြွင်းမကျန်အောင်၊ ဆင်ဝန်အုပ်ပြီး၊ တသီးနောက်သင်း၊ စီးတော်မြင်းနှင့်၊ ကမြင်းတို့မှာ၊ဆိုင်ရာမြင်းဝန်၊မလွန်အုပ်ငြား၊တမ်းခွန်လွှားလျက်၊ရထားတော်စု၊ တခုမလပ်၊ အထပ်ထပ်ကို၊ ကြီးကြပ်ဆိုင်ရာ၊ မတ်ကျော်စွာတို့၊ သချ်ာများဘိ၊

ဂါမဏိက၊ တုရင်စသား၊ ဇယသေန၊ အဘယနှင့်၊ ဂဇဗလ၊ ဂဇသူရ၊ ဂဇသူရိန်၊ နန္ဒိသိန်သည်။ ။ဥတိန်နာဂ သ†မာန်းတည်း။ (၅)

၃၉။ ထိုနောက်မှာမူ၊ ဆင်းဝါထူးခြား၊ ဟန်*ကိုးကားနှင့်၊ ယောကျ်ား ပီပြင်၊ နတ်*လုလင်သို့၊ နတ်ရှင်ရွှေလှံ၊ ကိုယ်ရံတုတ်ရဲ၊ ယာဝဲနောက်ဖြည့်၊ ရွှေပြည့်မှန်ကင်း၊ လင်းဇင်းနန်းဦး၊ တထူးထိမ့်၊ တရာ့ငါးဆယ်၊ ဓဝယ်မာရဘင်၊ တွင်းပြင်ရှက်ထွေး၊ *ကြဲသေးမိန်ညို၊ မျဉ်းရှည်တိုနှင့်၊ ဆင်ကိုမဆုတ်၊ စွယ်ကို နုတ်သား၊ မယုတ်စွမ်းသန်၊ ကြီးအားအန်ဖြင့်၊ လျင်မြန်သတ္တိ၊ ပျံ့အံ့ဘိသို့၊ သိရိပျံ့ချီ၊ ပျံ့ချီသေန၊ သေနရာဇာ၊ ယော်တာရန်ခွင်း၊ အင်းယဉ်း သူရိန်၊ ဗျည၁းအိန်နှင့်၊ သမိန်ဘေဖြတ်၊ မဏိရွှတ်က၊ အောက်ဗျသြယား၊ စသော အားဖြင့်၊မျိုးခြားနွယ်ထူး၊ တပ်မှူးစစ်ကဲ၊ *ခပဲးထိုထို၊ မတ်ရဲးဗိုလ်တို့၊ မောက်တို ရွှေကုံး၊ ရေမဆုံးအောင်၊ ရောင်ပြုံး*လျှပ်စစ်၊*ဝင်းဝင်းလှစ်၍၊ *သေနစ်*အိမ့် ဓား၊ လေး မြား*တောင့်ကျည်၊ လှံရှည်*အဲးမောင်း၊ ချွန်းတောင်းဝရဇိန်၊ လက်ချိန်စွဲးကာ၊ ရဲးရုပ်*ဝါဖြင့်၊ အင်္ဂါလေးပါး၊ရထားဆင်မြင်း၊ သေနတ်သင်း နှင့်၊ လေးသင်းလက်စွဲး၊ စုကွဲးမှူးထမ်း၊ မျှား*ဖြင်ပြွမ်းကို၊ ခမ်းနားစုံလင်၊ တန်းဆာဆင်လျက်၊ စစ်ဘုရင်မတ်၊ ရာထူးမြတ်သား၊ သေနတ်ဝန်ကြီး၊ ဗိုလ်မျှား ထီးလျှင်၊ ဦးစီးပိုက်ထုပ်၊ တပ်မှူးလုပ်၍၊ တအုပ်တအာ၊ နတ်သေနာကို၊ မဟာ ဝေဿဝဏ်၊ နေချွန်ထက်မြက်၊ *လှင်ကန်စက်နှင့်၊ စွဲးလျက်ကိုင်ဆုပ်၊ စောင့်ထိန်း အုပ်သို့၊ တချုပ်တ†ခြာ၊ ကြီးအာဏာဖြင့်၊ သေ†ချာစည်းကြပ်၊ အုပ်ကဲးကွပ်ပြီး၊ နောက်ထပ်မဒဝး၊ ရွှေတော်ပြေးဟု၊ မှတ်ရွေးလူ့ဘုံ၊ စည် တော်စုံကို၊ ဆောင်တုံ ဝဲးယာ၊ ရွှေတော်သာက၊ ရတနာပြာသာဒ်၊ ယာဉ်မြတ်ထမ်းစင်၊နွေသွင်ညီး†ညီး၊ ရှုမ†ငြီးမျှ၊ ယာဉ်ထီး ဖြူ†ကြား၊ မျက်စုံ †ကျားသား၊ ယပ်မား ရောင်မြိုက်၊ ယာဝဲးလိုက်လျက်၊ နောက်နှိုက်ငင်း၊ နာ မညောင်းအောင်၊ ပုံမောင်း*နရည်း၊ *ခြည်ခြည်းတီးဆော်၊ ငြိမ့်ငြိမ့်ဖျော်၍၊ ရွှေတော်မကွာ၊ ဝဲးနှင့်ယာဝယ်၊ မဟာ သတ္တရုဇေယျ၊ စသည်အံ့လောက်၊ အမြောက်တော်ကြီး၊ ထိန်ထိန်ညီးနှင့်၊ ထံနီး မလွန်၊ မတ်တွင်းဝန်တို့၊ ဆော်ဘန်အမြဲး၊ စဉ်မကွဲးဖြင့်၊ ဖြိုးကဲးနုဘော်၊တုမမြော် သည်။ ။ဘုန်းတော်နေသို့ တည့်မွန်းတည်း။ (၆)

၄၀။ တပ်မတော်ကြီး၊ ညီးညီးတောက်မျှ၊ ထိုနောက်မှကား၊ အဂ္ဂမဟေ၊ ညာနေရတနာ၊ မိမြတ်စွာနှင့်၊ သည်းချာတော်ကြီး၊ သမီးတော်မြတ်၊ ပြည်လုံး နတ်တို့၊ ထည်ဝတ်ဘဏ္ဍာ၊ ရတနာစုစု၊ *ရောရုထပ်မျှ၊ နောက်တုံ†မှမူ၊ နှ†မ တော်မျှား၊ အပါးပါးက၊ တခြားနောက်ခန်း၊ စဉ်လျှောက်တန်း၍၊မြောက်နန်း လယ်နန်း၊ အနောက်နန်းတည့်၊ ပိုင်းသန်းဆို့နောက်၊ ရာလျှောက်ငယ်ကြီး၊ မင်း သမီးတို့၊ ညီးညီးသိင်္ဂီ၊ ယာဉ်ကိုယ်စီနှင့်၊ ရွှေမိနောက်မှ၊ ဆောင်ရခန်းရ၊ မဟေ စသား၊ ရှုပနတ်ရှုပ်၊ ကိုယ်လုပ်မိဿံ၊ ခြွေရံငြိမ့်သည်၊ အတည်တည်ကို၊ ဂုဏ်ရည်

*ဖြိုး႐ုံဝှန်၊ အနောက်႐ုံဝန်နှင့်၊ မလွန်ရှေးထုံး၊ နောက်ရိုးရာယှို၊ ကြီးကြပ်ဘိ၍၊
လိုက်ပြို့နောက်နှိုက်၊ ရွှေတိုက်ဘဏ္ဍာ၊ နောက်မှာ တလိုက်၊ အချုပ်တိုက်က၊
ကြေးတိုက်စသည်၊ တိုက်မည်မကျန်၊ ဆိုင်ရာဝန်တို့၊ ဆော်ဘန်အမြဲ၊ အုပ်ကွပ်
ကဲးမှ၊ လက်ဝဲဝင်းနှင့်၊ နောက်ဝင်းတို့မှာ၊ ဝါပြာအလံ၊ *ဖြိုးဖြိုးလျှံအောင်၊
မိုးယံလွှင့်တည်၊ ဟန်စည်ဟန်မောင်း၊ ဆော်ရိုက် *ညောင်းလျက်၊ ရွှေကြောင်း
မှတ်ယှဉ်၊ တပ်အစဉ်သို့၊ စီလျဉ်ရွှေနောက်၊ အထောက်အ႐ုံလှမ်း၊ဝေးမကမ်းဘဲ၊
မ႐ုံလမ်းခပ်နီး၊ ဝင်းမှုူးကြီးတို့၊ အသီးအသီး၊ အုပ်စီးကွပ်ဆော်၊ ထို့နောက်
သော်မှ၊ မှုူးတော်မတ်ပေါင်း၊ ရှစ်သောင်းမက၊ ထိုမျှများပြား၊ ခြား၍နောက်
မှာ၊ ထူးဂုဏ်ဝါနှင့်၊ နေရာ နေငြား၊ မည်ထင်ရှားသည့်၊ မင်းသားတို့တပ်၊
အထပ်ထပ်တည့်၊တရပ်နောက်ပေ၊မင်းဆွေစိုးမျိုး၊နွယ်ရိုးမဟာ၊နောက်တဖြာမူ၊
သေနာရဲမက်၊ မြေကြီးအက်မျှ၊ လက်နက်ဝင်းဝင်း၊ စွဲကိုင်လျှင်း၍၊ ဆင်မြင်း
ရထား၊ ဗိုလ်ပါများနှင့်၊ စော်ဘွား စော်ကန်၊ များ *ကလန်ကို၊ နန်းရန် *မင်း
ကြေဒ၊ သားတော့်သားကြီး၊ ရွှေထီးနှစ်ချက်၊ ပြိုးပြိုးပြက်ဖြင့်၊ မိုးကြက်ဖြန့်အုပ်၊
သိမ်းပိုက်ထုပ်သည်။ ။ဗိုလ်ချုပ်နောက်တော် ချီမြန်းတည်း။ (၇)

မြို့ပြောင်းခဏ်း ၇-ပိုဒ် ပြီး၏။

(ဤကား အမရပုရဒုတိယနန်းတည် မင်းတရားကြီး ဥက္ကလာပမြို့သို့
ပြောင်းချီတော်မူသည့် တပ်စဉ်အတိုင်းတည်း။)

---

## ၄-မြို့တည်နန်းတည်ခဏ်း

၄၁။ ဤသို့အခြင်း၊ ရံရွေသင်းနှင့်၊ လုံးရင်းကြီးစွာ၊ မြတ်ရာဇာလျှင်၊ မဟာ
ဗောဓိ၊ လောင်းဇာတိတို့၊ စရိယင်နန်း၊ ကျင့်စခန်းဖြင့်၊ ထီးနန်းပြောင်းခဲ့၊ မြေ
စောင်းငဲ့မျှ၊ နတ်ကဲ့အလား၊ သိကြားအဟန်၊ လက်တော်ညွှန်တိုင်း၊ မလွန်
အာဏာ၊ လိုတော်ပါလျက်၊ ဗိုလ်ပါအုတ်ကျွက်၊ တခဲနက်တို့၊တလက်တယောက်၊
ခဲးအုဋ္ဌကြောက်ကို၊ မလောက်မင၊ မကောက်ရဘဲ၊ ခဏလျှင်မြန်၊ ဘုန်းတော်
ဘန်၏၊ လူ့ဌာန်ရှေးစာ၊ လေးတောင်တာဖြင့်၊ ငါးရာကောသ၊ ကောသ
လေးလီ၊ သညီဂါဝုတ်၊ ဂါဝုတ်လေးဖြာ၊ ယူဇနာခေါ်ဘွဲ၊ ရွှေကြိုးသွယ့်သား၊
ထွင်ချဲ့ယူဇနာ၊ လေးမျက်နှာနှိုက်၊ တာခုနစ်ထောက်၊ တောင်မြောက်နောက်ရှေ၊
*စနစ်၍လျှင်၊ မင့်းနေ့ထပ်သူ၊ နံတူယောကျ်ား၊ နေ့ကျော်သားတို့၊ ရှေးဖျား
စတင်၊ သစ်ပင်သစ်ငုတ်၊ ထွင်ခုတ်ပယ်ရှင်း၊ မြို့ခင်းနန်းရာ၊ ပြင်ကာစုံစေ့
ပြီးကုံလွှေ့မှ၊ မကွေ့ဖြောင့်တန်း၊ စတုရန်းဖြင့်၊ ရစ်သန်းမြို့ရိုး၊ တောင်ကြီး
မိုးသို့၊ ပြအိုးပစ္စင်၊ ထက်ခွင်မောက်မို၊ ရဲးခိုရဲးပြေး၊ ဖွေးဖွေးလျှံဘိတ်၊ မြင်တိုင်း
ထိတ်သည့်၊ ခေတ်မိတ်ထင်ရှား၊ တံခါးတော်မြတ်၊ မုတ်ပြာသာဒ်တို့၊ *ဖြိုးညွတ်

တင့်တယ်၊ လွန်ဆန်း†ကြယ်သား၊ ကြီး†ကျယ်ခံ့*ကျိုင်း၊ တုရိုဏ်းရွှေတိုင် အပြိုင်တွင်းပ၊ ထာဝရပြုဘန်၊ ရေညွန်အခြောက်၊ အစောက်ပြောကျယ်၊ သုံးသွယ်ကျုံးမြောင်း၊ မြစ်ငယ်*လောင်းသို့၊ *တံရှောင်းရေပြည့်၊ ကမ်းရှည့် မောက်မို၊ လျှမ်းလျှမ်းပို၍၊ ကြာညိုကြာဖြူ၊ လှိုင်ကျုသင်းကျော်၊ ကြိုင်နံ့ ဖျော်သည့်၊ ကော်ကနုဒ၊ ပဒုမတို၊ အရုဏာနေ၊ တက်သရေသို့၊ ပွင့်ဝေငုံဖူး၊ မြင်တိုင်းနူး၍၊ မြူးထူးပျံ့အုန်း၊ ပျားပိတုန်းလည်း၊ ရုန်းရုန်းကြွက်ဆူ၊ ရှုန်းရှုန်း ဦလျက်၊ရေသူရေသား၊မှင်*ငွါးငွါးနှင့်၊*နှုရားကြောက်ဘွယ်၊ကြီးငယ်မိကျောင်း၊ အလျှောင်းလျှောင်းတည့်၊ *သောင်းပြောင်း*ပြောထူ၊ မြင်သူ ထိတ်လန့်၊ ကြောက်ခန့်ရှုံရှား၊ မဝံ့စားအောင်၊ ဘေးတားရန်ကာ၊ ကျုံးအင်္ဂါဖြင့်၊ များစွာ လှောင်သွင်း၊ ပြုန်းပြုန်းပြင်းတိ၊ *ခပင်းပြည့်လှိုင်၊ အဆိုင်ဆိုင်သည်။ ။လပိုင် ငါးလိပ် မကရ်းတည်း။ (၁)

၄၂။ ငါးလိပ်မကရ်း၊ ကျွန်းတန်းကြောက်ဘွယ်၊ *အပြောကျယ်သား၊ သုံးသွယ်ကျုံးမြောင်း၊ ရေမောင်း ရေစက်၊ ခဲးခက်ကြိယာ၊ ပြုအပ်စွာသား၊ ဂါထာနတ်ရုပ်၊ အင်းမြှုပ်အင်းနှံ၊ စီမံပယောဂ၊ တေလကုမ္ဘ၊ ရာ့နှစ်ဆယ်ဝင်၊ လေးခွင်လေးထောင့်၊ ဂြိုဟ်နတ်စောင့်နှင့်၊ မြို့စောင့်နတ်ဂူ၊ ဆူဆူများစွာ၊ မြို့အင်္ဂါလည်း၊ ဘွယ်ရာမကြွင်း၊ မြို့ကြီးတွင်းဝယ်၊ မင်းလမ်းပြုလမ်း၊ ဒူးလမ်း သွယ်ဖြတ်၊ မှူးမတ်မင်းဆွေ၊ ရပ်မြေကွက်ခြား၊ ကနားလွတ်ရိုး၊ ပြည်သုံးကျို†ကြ၊ အသောကက၊နေ†ကျသွယ်သွယ်၊ဈေးကြီးငယ်နှင့်၊အလယ်*ဗဟို၊ရွှေမြင်းမိုရ်သို့၊ *နဂိုရ်*ကြငှန်း၊ ရှုမခန်းအောင်၊ ရွှေနန်းကိုးဆောင်၊ ပြိုးပြောင်*သရစ်၊ ပလ္လင် ရှစ်တည့်၊ နတ်သစ်ရုပ်ထူး၊ *ကွန့်မြူးပျံ့ဝဲး၊ ခံမြဲးအလို၊ *ပဟိုရ်အိမ့်ရှင်၊ မင်္ဂလာ မည်ငြား၊ မင်းကြားအောင်စည်၊ သုံးမည်အလံ၊ စီမံထိုမျှ၊ အစစကို၊ ကမ္ဘာ့ တန်းဆာ၊ နန်းစဉ်စာနှင့်၊ ကာမဏ္ဍာကီ၊ ဒေဝီပူရဏ်၊ နိဿဏ်သက္ကဋ္ဌ၊ ဘိခါန်စသား၊ မြို့ပြုထီးနန်း၊ *ဘန်ဆန်းတည်ခြင်း၊ မကြွင်းလက္ခဏာ၊ ကျမ်းညီစွာလျှင်၊ ဗြဟ္မာ သိကြား၊ ဦးတည်ထားလျက်၊ မိုးဖျားကောင်းကင်၊ ရေပြင်နေမှတ်၊ မီးနတ် လေနတ်၊ နေနတ်ယာမ၊ ဂန္ဓဗ္ဗက၊ ခေတ္တပါလော်၊ တန်းခိုးကျော်သည့်၊ မြေပေါ် ထင်ရှား၊ နတ်အများနှင့်၊ တရုးမင်းကျော်၊ ပူဇော်တိုင်ပင်၊ ပြုစီရင်လျက်၊ မငြင်မငြို၊ ဘုန်းတော်ကြို၍၊ မစိုမပြည်၊ ရက်မရှည်တည့်၊ ထောင်တည်သီးသီး၊ ကုန်အောင်ပြီးသည်။ ။ပြည်ကြီးအောင်မြို့ စံခန်းတည်း။ (၂)

၄၃။ အောင်မြို့စံခန်း၊ ကိုးဆောင်နန်းကား၊ တင့်ဆန်းကျယ်ဝင်း၊ နေပြိုင် ကျင်းသို့၊ ရာစင်းထီးဆောင်း၊ မင်းအပေါင်းတို့၊ ဥကွောင်းမကိုဋ္ဌ၊ ဦးတိုက်ခံရာ၊ မင်္ဂလာရွှန်းဝေ၊ ယမနေသစ်၊ ဆီနှစ်ပြည့်လျှံ၊ ခြသေ့ခံလျက်၊ ခုံပျံ့ရတနာ၊ သီဟာသန၊ ပလ္လင်လုနှင့်၊ သိကြားဝေယန်၊ သဏ္ဌာန်*နှုန်း†နှုန်း၊ ရှုမခန်းသည့်၊ မြေ†နန်းတော်မြတ်၊ နတ်သမ္မဖျား၊ လူ့ထွတ်ထားတို့၊ သုံးပါးရတနာ၊ ပူဇော်

†ရာသား၊ သာ†ယာမည်မှန်း၊ သစ်သင်္ကန်းဖြင့်၊ ချပ်ဆန်း*ကွန့်ပျံ၊ ဟင်္သာခံလျက်၊ *တင့်စံမင်္ဂလာ၊ဟံသာသန၊ပလ္လင်လှနှင့်၊ကြွကြွမိုးစွန်၊ဇေတ†ဝန်တည့်၊ ဘုန်း†ဝှန် ထွတ်ထား၊ လူမင်းဖျားတို့၊ တရားပရိတ်၊ အောင်ဟိတ်ဒေသနာ၊ နာခံရာနိုက်၊ သညာတင့်ကဲ၊ တောင်ပိန္နဲဖြင့်၊ ရိုးရဲလျှံဝင်း၊ ခရုသင်းရုပ်၊ ထုလုပ်ခံကာ၊ သင်္ခါ သန၊ ပလ္လင်လှနှင့်၊ သာစ္စဝင်းပြောင်၊ ပရိတ်ဆောင်တည့်၊ ဘုန်းခေါင်မင်းကျော်၊ စက်တော်ခေါ် သား၊ သစ်တော်ကရဝေး၊ကြိုင်မွှေးဝင်းလျှံ၊ပိတုန်းခံလျက်၊*နှုန်းစံ ဘက်ကွာ၊ ဘမရာသန၊ ပလ္လင်လှနှင့်၊ ဆောင်မ*ကြငှန်း၊ မှန်နန်းတော်ကြီး၊ ခြီးမြှင့်နိမ့်ရာ၊ စကားဝါသား၊ ကြွားကြွား*တင့်စံ၊ ဆင်ရုပ်ခံလျက်၊ မည်နံသညာ၊ ဂဇာသန၊ ပလ္လင်လှနှင့်၊ နာမသမိုက်၊ ဖြဲးတိုက်ဆောင်တော်၊ ယာဉ်ကျော် ဆင် မြင်း၊ သိမ်းသွင်းစံရာ၊ ရတနာခြယ်နှစ်၊ ပေါက်သစ်သားကောင်း၊ ဥဒေါင်းရုပ်ထု၊ မယုရာသန၊ ပလ္လင်လှနှင့်၊ ကွင်ထမည်ထုတ်၊ မြောက်စမုတ်ဆောင်၊ မြားမြောင် ပြည်ရေး၊ ဆွေးနွေးပြုရာ၊ မင်္ဂလာသစ်ဆန်း၊ ရေသဖန်းဖြင့်၊ တင့်ရှန်းခုံပျံ၊ သားရဲခံလျက်၊ ဝင်းလျှံထိန်ဝါ၊ မိဂါသန၊ ပလ္လင်လှနှင့်၊ မည်ရမှန်ဟုတ်၊ တောင် စမုတ်တည့်၊ မယုတ်ဆင်း*ဝါ၊ သူဇာနတ်တူ၊ နန်းသူငကြီ၊ မဟေသီအား၊ ဒေဝီ အပေါင်း၊ လှယဉ်ပျောင်းတို့၊ ဥက္ကောင်းညွတ်ပြော့၊ ဦးနှိမ်လျှော့၍၊ ကန်တော့ ခံရာ၊ နောက်မှာတပါး၊ သရက်သားဖြင့်၊ စီခြားရတနာ၊ ရွှေကြာခံပြု၊ ပဒုမာ သန၊ ပလ္လင်လှနှင့်၊ ထိန်ပပြိုးပြက်၊ ပွဲတက်ဆောင်တော်၊ ရှုမျှော်ပိုင်းခြား၊ ပြည်သူများကို၊ တရားဖြတ်ရာ၊ လွှတ်တော်မှာကား၊ သီဟာတင့်ဆန်း၊ မြေနန်း ဥကင်၊ ဗွေအပြင်သို့၊ ပလ္လင်ရှစ်ခန်း၊ ရွှေနန်းကိုးရပ်၊ ထိန်လျှပ်ဝိုးဝင်း၊ ပြောင်ပြောင်လင်းသည်။ ။မင်းတို့ရွှေဘုံ နိဒါန်းတည်း။ (၃)

၄၄။ ရွှေဘုံနိဒါန်း၊ မင်းတို့မြန်းသား၊ မြေနန်းရွှေဆီ၊ တံခါးနီ၏၊ ရှုအီ သာခင်း၊ လကျာတွင်းက၊ တင့်ခြင်းထင်ရှား၊ နန်းမြို့နားတွင်၊မင်းကြားမည့်သာ၊ မင်္ဂလာစည်တော်၊ ရှုမျှော်ထင်းထင်း၊ မကြွင်းတအင်၊ တန်ဆောင်းတင်၍၊ နတ်သျှင်စော*မိး၊ထွက်တော်ကြီးနိုက်၊ညီးညီးထိန်*ကြွေ့၊ ဝါတော်ရွှေ့သော်၊ ချက်စေ့ဆဲ့တစ်၊ မိုးကြိုးပစ်သို့၊ တွက်စစ်ထင်ထင်၊ သံတော်တင်ဟု၊ သစ်လွင် တန်းဆာ၊ ဆင်ယင်ကာလျှင်၊ မင်္ဂလာနန်းရိုး၊ ရွှေပြည်စိုးတို့၊ ကြိုးထစ်ထိန့်မျှ၊ တီးဆော်ရ၏၊ ထိုမှတဆူ၊ ပဟိုရ်မူကား၊ ရွှေးတော်ယူထွက်၊ လက်ဝဲဘက်က၊ ဖြူလက်ရောင်ထင်၊ စည်တော်စင်ထက်၊ သံလွှင် *ခြိမ့် *ညောင်း၊ ရွှေခေါင်း လောင်းနှင့်၊ သူကောင်းမှူးမတ်၊ မျိုးမြတ်နွယ်ခြား၊ ဂုဏ်ထင်ရှားသည့်၊ မင်းသား မင်းညီ၊ တူပြိုတကွ၊ တင်ထားကြလျက်၊ နံနက်နေညီး၊ တချက်တီးက၊ စ၍ မှတ်ဘွယ်၊ နေ့ညဥ့်ဝယ်တိ၊ လေးဆယ်တော်သား၊ မှူးမတ်များတို့၊ သနားခံရ၊ လုပယဉ်ပျောင်း၊ ဗောင်းနားဒွောင်းနှင့်၊ တင့်ကြောင်းဖြူစင်၊ တန်းဆာဆင်၍၊ တီးကျင်ဆဲ့တစ်၊ နှစ်ဆဲ့နှစ်က၊ စင်စစ်မှတ်ထုံး၊ သုံးဆဲ့သုံးနှင့်၊ ပွါးပြုံးတွက်ရေး၊

လေးဆဲ့လေးတည့်၊ စဉ်ရှေးပြကတော့၊ ပြည်ကြီးလေ့ဖြင့်၊ *ကြွေ့ကြွေ့ပွါးကြွယ်၊ ရာ့တဆယ်ကို၊ လေးသွယ်ခါတ်စား၊ လဒ်ကားနက္ခတ်၊ ကြွင်းမြတ်နေလ၊ နှစ်ပါးရ၍၊ ဝဓုနမင်္လာ၊ ဇေယျာပဝရံ၊ အောင်သံညွှန်*ဖြိုး၊ ဆင့်ဆင့်တိုးလျက်၊ မြေမိုးကျော်သီး၊ လှိုက်လှိုက်*ကြည်းအောင်၊ နေ့လည်းလေးချက်၊ ညလေးချက်သည်။ ။ဆော်နှက်ပဟိုရ် *န†ယန်းတည်း။ (၄)

၄၅။ ထိုမှတဘော်၊ ရွှေမြို့တော်၏၊ ရွှေခေါ်မျက်နှာ၊ ရပ်ဒိသာဝယ်၊ မင်္လာတင့်မော၊ အန္တောမည်ရ၊ သူရဇ္ဇခါတ်၊ တံခါးမြတ်ထက်၊ အမှတ်ထင်ပေါ်၊ ကျုန်းစည်တော်တည့်၊ တောင်သော်မသွေ၊ ဂဗ္ဘေပညတ်၊ ကောလီခါတ်နိုက်၊ မည်မှတ်ထင်ရှား၊ ခါတ်တံခါးထက်၊ ပေါက်သားစည်ကြီး၊ တသီးနောက်ပေ၊ စရေဋ္ဌာန၊ ဓာတ်ပါပနိုက်၊ ဒွါရထက်မူ၊ သစ်မဥ္စူခေါ်၊ စည်တော်တခြား၊ မြောက်ပါးဒိသာ၊ ရပ်မျက်နှာဝယ်၊ ဥတ္တရာဇွေ၊ ဝံသေခါတ်ကျ၊ အမြိတ္တစက်၊ တံခါးထက်ကား၊ သရက်စည်တော်၊ လေးမည်ကျော်သည့်၊ ထင်ပေါ်ကြီးမား၊ စည်တော်များလည်း၊ ဆွဲးထားထင်ထင်၊ ရပ်လေးခွင်မှ၊ နေဝင်နေထွက်၊ ပဟိုရ်ချက်နှင့်၊ တကွနက်သာ၊ ချက်မက္ခာအောင်၊ မင်္လာခါမြောက်၊ နာရီရောက်က၊ သွေးသောက်မြင်းသည်၊ ဦးတည်စငြား၊ နာရီသားတို့၊ ပိုင်းခြားမှန်လှ၊ တီးဆော်ရ၏၊ ဝါပဝါတွင်း၊ မယွင်းမပျက်၊ ဆန်းငါးရက်တိုင်း၊ ဆက်ဆက်မလွန်၊ ရွှေစာချုန်နှင့်၊ မြို့ဝန်မြို့ကွပ်၊ ကြီးကြပ်သမူ၊ လှံ့လပြု၍၊ ဂရုဓမ္မ၊ စာရိတ္တဖြင့်၊ တလတကြိမ်၊ ဦးနိမ်*လှဲ့ကြော်၊ ဆင်ရဲပေါ်ထက်၊ အမိန့်တော်မြတ်၊ ပြန်တုံလတ်၍၊ မီးခါတ်စည်တော်၊ ရပ်တိုင်းဆော်လျက်၊ မြို့ပေါ်လေးခွင်၊ ထက်ဝန်းကျင်နိုက်၊ တွင်းပြင်သီးသီး၊ လှည့်ကာတီးသည်။ ။မြေကြီးတုန်*နန့် *ရိုက်†ဖြန်းတည်း။ (၅)

၄၆။ တုန်*နန့်မြေကြီး၊ ရိုက်တီး*ဖြန်းဖြန်း၊ မင့်ဘုန်းတန်းဖြင့်၊ *ပြဌာန်းပိုင်းခြား၊ စည်တော်များကား၊ မင်းဖျားမဟာ၊ မြတ်ရာဇာတို့၊ မုဒ္ဓါသွန်းငြိမ်း၊ နန်းသိမ်းဥကင်၊ မင့်သဘင်လျှင်၊ မ*ရင်သမျှ၊ မတီးရတည့်၊ ကာလထိုရွှေ၊ ချိန်မစေ့ခင်၊ နန်းလေ့မကင်း၊ လောင်း*သနင်းလည်း၊ အတွင်းတော်က၊ စ၍ရုံကာ၊ ဝင်းလေးဖြာနိုက်၊ ပတ်သာပုံမောင်း၊ တကြောင်းမကွဲး၊ နှဲးနှင့်ကြေးနင်း၊ လင်းကွင်းခြောက်ဘော်၊ *နရည်းဆော်၍၊ ရှင်ပျော်သိမ်မွေ၊ စံငြိမ်လေ့၏၊ စုံစေ့မြို့နန်း၊ အခန်းခန်းကို၊ *ဘန်ဆန်းကိစ္စ၊ မကျုန်ရအောင်၊ သမန္တလက်ာ၊ မည်သာဘွဲ့ရ၊ ဂုဏလက်ာ၊ ဂုဏ်*ဝါထူးလှ၊ ဉာဏပစ္စည်း၊ ဆင်နည်း*ကုံလုံ၊ ဝိသကြုံသို့၊ ပြည့်စုံသိပ္ပ၊ ဘတ်လှလက်မှု၊ အစုစုတိ၊ *ပန်းပုလက်မြန်၊ *ပန်းရန်လက်ပေါ့၊ *တမော့ဆရာ၊ ဗိသုကာနှင့်၊ ပညာတော်ချွန်၊ ရွှေနန်းဝန်တို့၊ ကောင်းမွန်စီမံ၊ လုပ်ကြံနေ့ည၊ ပြီးကာလကား၊ တတီယမြောက်၊ ထေယန်ပေါက်သို့၊ အံ့လောက်*ဖြိုးလျှံ၊ မြေမိုးပျံမျှ၊ အသံဆယ်ပါး၊ တုံ*ချောက်

†ချားလျက်၊ ထူး†ခြားပြကတေ့၊ ပြည်ကြီးလေ့ဖြင့်၊ *လက်ဖွေ့*လက်ပန်း၊ ဘက်ယမ်းလုံးထွေး၊ ဟစ်ကြော်ကြွေး၍၊ ပျော်ရေးမြူးရွှင်၊ အထူး*ဖြင်သား၊ အထင်လွန်စွာ၊ အတ္တာတိသယ၊ ဝိသိ†ဌကြောင့်၊ မ†ထပါဠိ၊ ခေတ်ရင်းချီလျက်၊ အမိကရဏ၊ ဝါစကတည့်၊ ဣလပစ္စည်း၊ နိရုတ်နည်းဖြင့်၊ မဗျည်းအန္တ၊ ဣပြုမှလျှင်၊ နောက်ကအာသက်၊ လိင်နက်ရုပ်ပြီး၊ ပျော်မဖြိုးသား၊ ပြည်ကြီးအောင်ချာ၊ မိထိလာဟု၊ ကညာဒိဂိုဏ်း၊ သာမန္တိုင်းသည်။ ။*သမိုင်းရွှေဘွဲ့ မော်ကွန်းတည်း။ (၆)

(ဤကား မန္တလေးရတနာပုံ ရွှေမြို့တော် တည်တော်မူသည့် အတိုင်းတည်း။)

ဤမျှဖြင့် ယခင်မြို့နိဒ္ဒေသ၏ ပဋိနိဒ္ဒေသ မြို့တည်နန်းတည်ခဏ်း ၆-ပိုဒ် ပြီး၏ ။

---

## ၅-ဘိသိက်ခဏ်း

၄၇။ ရွှေဘွဲ့*မော်ကွန်း၊ အစဉ်ညွှန်းလျက်၊ ထွန်းခဲ့မ†ပျောက်၊ သုံးကြိမ်မြောက်တည့်၊ *ကွန်း†ပြောက်ရွှေနန်း၊ *ကြင့်နန်းဗိမာန်၊ ပြည်ကြီးဘန်၍၊ မကံ့*ကိုလုံ၊ ပြီးပြည့်စုံသော်၊ *ပွင့်မုံဗောဓိ၊ တုမယှိသည်၊ သိရိပဝရမဃဒေဝေါ်၊ မင်းကျော်ရန်နှည်၊ လောင်းဘုန်းစည်ကား၊ လူ့ပြည်ရှေးခါ၊ ကပ်ဦးစွာက၊ မဟာသမ္မတ၊ ဘေးလောင်းစသား၊ တေဇကျော်ကြား၊ ဘိုးတော်များသို့၊ ယင်ရှားကြီးစွာ၊ ထပ်မံကာလျှင်၊ သာမန်မင်းတို့၊ ခံခြင်းမရဲ၊ ခံဝံ့ခဲသည့်၊ လွန်ကဲသိရိ၊ သိဒ္ဓိဇေယျာ၊ ရေငါးဖြာဖြင့်၊ မုဒ္ဓါဘိသိက်၊ ကျွန်းလုံးထိတ်မျှ၊ အောင်ဟိတ်မင်္ဂလာ၊ ခံအံ့ငှါဟု၊ မဟာကဝိန်၊ သုခမိန်တို့၊ နှိုင်းချိန်ပညာ၊ နန်းစဉ်စာနှင့်၊ ညီစွာမကျူး၊နှစ်သစ်†ကူး၍၊ တန်း†ကူးကုန်ထ၊ ကဆုန်လနှိုက်၊ ဘိသေကပွဲ၊ ခံမြဲများစွာ၊ ဓမ္မတာဖြင့်၊ အခါပိုင်းခြား၊ ရွေးချယ်ထားမှ၊ သိကြား့ရေစင်၊ မုတ်ဥကင်နှင့်၊ ပလ္လင်နဝတတ်၊ ပြာသာဒ်မြေနန်း၊ အခန်းခန်းပါ၊ ရှက်ဝန်းအချင်း၊ မင်း၏လေးတောင်၊ နှစ်သစ်ဆောင်လျက်၊ ရွှေညောင်ရာ့ရှစ်၊ ခဲးခဲးသစ်သား၊ ရွှေနှစ်ဇမ္ဗူ၊ ရွှေချူရွှေကြယ်၊ မိုး*နှယ်တောက်ညိ၊ မဏိပတ္တမြား၊ မြသားအစစ်၊ တင့်ပြေ†ပြစ်သား၊ ခြယ်†ပျစ်ပန်းဆိုင်း၊ တု*မဲ့နှိုင်းအောင်၊ ရှုတိုင်းထိန်ရဲး၊ စိန်ပုလဲးတည့်၊ မြိုးဆွဲးဟင်္သာ၊ ကြေးဝါကြက်ရုပ်၊ ထုလုပ်ထွေပြား၊ ငှက်မြတ်နားနှင့်၊ ပတ္တမြားအထွတ်၊ နဝရတ်မျက်ကိုး၊ ရောင်စုံပြိုးသား၊ ရွှေရိုးရတနာ၊ နေခြည်ကာဟု၊ မင်္ဂလာထီးချုပ်၊ မင်းခဏ်းလုပ်က၊ စသည်ပရိကံ၊ ရွှေကြာခံနှင့်၊ အနံကိုးမို့်၊ လျားဆယ်မို့်တိ၊ မင်းထိုက်စိုးရာ၊ နန်းစဉ်စာဖြင့်၊ ကျမ်းလာမိန့်သံ၊ သင့်စီမံသည်။ ။ခုံပျံသစ်ရေသဖန်းတည်း။ (၁)

၄၇။ မင်းခမ်းပရိက်၊ ရှေးထုံးစံတိုင်း၊ စိမ်ခြားနား၊ အသည်သားတို့၊ သစ်ဝါးကြိမ်နွယ်၊ ဆောင်သယ်စေလတ်၊ ရင်းဖျားမှတ်လျက်၊ ကောင်းမြတ်လှစွာ၊ မင်္ဂလာမဏ္ဍပ်၊ ဆောက်ရာရပ်နိုက်၊ ပြုတ်ရှပ်တီကျစ်၊ အညှစ်အညော်၊ ခရော်* ခရွတ်၊မညီညွတ်ကို၊ ညီညွတ်ကုတ်သဲး၊ *လှီးလွဲးစင်ကြယ်၊ သန့်ရှင်းပယ်မှ၊ပြုဘွယ် ရှေးထုံး၊ ရွှေထွန်တုံးဖြင့်၊ သုံး၍မကုန်၊ ဥစ္စာဂုဏ်နှင့်၊ *မသုန်နွယ်ရိုး၊ သူဌေးမျိုးကို၊ ထံပိုးကပြင်၊ အဝါဆင်၍၊ မောင်နှင်းဥသဘာ၊ ထွန်စေရ၏၊ ထိုမှစဉ်ထုံး၊ ငွေထွန်တုံးဖြင့်၊ ဆောင်သုံး*ပေါယယ်၊ များ*ကုံကယ်သည့်၊ သူကြွယ်မျိုးကောင်း၊ နီမောင်းတန်းဆာ၊ ဆင်ကာထွန်ရ၊ တဝမှတ်ထုံး၊ သံထွန် တုံးဖြင့်၊ မျိုးဆုံးမပျက်၊ စဉ်ဆက်*ပွါးဖြိး၊ တောင်သူကြီးတို့၊ တက်စီးမောင်းနှင်၊ ဆင်ယင်စိမ်းထည်၊ ထွန်ယက်နည်မှ၊ နို့ရည်ဖျန်းနူး၊ နွားမှုန့်ဖြူးလျက်၊ အထူး မှန်မော၊ မုယော နှမ်း ဝါ၊ တဖြာပြောင်း ပဲ၊ ကြဲးသည်စပါး၊ ပြုငြားတုံလတ်၊ ရာဇမှတ်*ဒေါင်းခြံ၊ ကာရံထားပြီး၊ အသီးအခြား၊ ပုဏ္ဏားတို့က၊ စန္ဒီစသား၊ နတ်ကြီးများကို၊ ရထားတင်ကာ၊ ဆောင်ခဲ့လာ၍၊ ဂါထာပရိတ်၊ သြောင် ဥုံ ထိတ်အောင်၊ မဆိတ်ရွတ်လျှင်း၊ ပူဇော်ခြင်းနှင့်၊ ခရုသင်းသံထူး၊ ကြွေးညံ ကြူးသည်။ ။မျှိဉီးမြေမင်္ဂလာ တင်မှန်းတည်း။ (၂)

၄၉။ မြေမင်္ဂလာ၊ တင်ပြီးခါမှ၊ မိုးကာသစ်ပါး၊ ဆောက်ဉီများကို၊ ပုဏ္ဏား သူမြတ်၊ ရွတ်ဘတ်အောင်ဟိတ်၊ ပရိတ်ဂါထာ၊ သခ်ါရစ်ခွေ၊ ခရုရေဖြင့်၊ ဖျန်းစေတုံငြား၊ ဟူးရားတတ်စွာ၊ ဆရာပါမောက်၊ ရာ့ရှစ်ယောက်တို့၊ မဘောက် ဖြူစင်၊ ဆင်ယင်တန်းဆာ၊ မိုးပြဟ္မာသို့၊ အခါစောင့်မြောက်၊ နာဂရီရောက်က၊ မီးပေါက်ခုနစ်၊ ဘောက်ပစ်ခုနစ်ကြိမ်၊ ရန်နှိမ်ဘေးကင်း၊ မောင်း*ခွက်ခွင်းနှင့်၊ ဒုံမင်းညိုးညံ၊ ခရုသံဖြင့်၊ ကျုံကျုံဆော်လျက်၊ ပြိုင်တချက်လျှင်၊ ရွှေပနက်ကို၊ အညိုဆင်ငြား၊ သဘော်သားတည့်၊ တခြားဖြူလက်၊ ငွေပနက်မှာ၊ တန်းဆာ နီလွှင်၊ ဝတ်ဆင်ကောင်းဟိတ်၊ ပရိတ်ပုဏ္ဏား၊ တပါးပြောင်လက်၊ သံပနက်မှာ၊ အပြာဆင်ပြီး၊ လယ်သူကြီးတို့၊ ကောင်းချီးနှုတ်က၊ မြွက်ဟမင်္ဂလာ၊ ညီတညာ လျှင်၊ ချကာပြီးငြား၊ အသည်သားတို့၊ မမှားစေ့စပ်၊ ကုန်မလပ်အောင်၊ မဏ္ဍပ်သုံးဆောင်၊ ဆောက်ပြီးနောင်မှ၊ တဆောင်သညာ၊ သိဟာသန၊ တဆောင်မှုကား၊ ဂဇမည်သာ၊ တဆောင်မှာသော်၊ မောရာသန၊ နာမမှတ်ယူ၊ ပညတ်မူလျက်၊ အဖြူ နီ ညို၊ ဘိတ်ဘိတ်စိုမျှ၊ ထိုနိုက်တန်းဆာ၊ ဆင်ပြီးစွာ၍၊ သိဟာပြာဟ္မဏ၊ ဂဇသော်ာ၊ မောရအသည်၊ မျိုးသုံးမည်ကို၊ ပတ်လည်နေ့ညာ၊ မပြတ်ရအောင်၊ နိစ္စမသေ့၊ စောင့်ကြစေလျက်၊ *မြုတေရတနာ၊ ထွန်းရောင် ဝါဖြင့်၊မင်္ဂလာမဏ္ဍပ်၊ ထိန်ထိန်လျှပ်သည်။ ။မိုးရပ်သုဓမ္မာ နတ်နန်းတည်း။ (၃)

၅၀။ မင်္ဂလာမဏ္ဍပ်၊ လုပ်ရပ်ပြီးသော်၊ ဘိသိက်တော်ရေ၊ ခပ်စိမ့်ထွေဖြင့်၊ ကောင်းတေနက္ခတ်၊အခါမြတ်နိုက်၊ဆင်းနတ်ရှပ်*ဝါ၊မိုးသူဇာသို့၊နွယ်လာနန်းရိုး၊

ရှယ်နုပျိုးသား၊ ပင်းမျိုးအစစ်၊ ရှစ်ယောက်မင်းသမီး၊ တသီးနွယ်မြိတ်၊ စင်ကြယ်ဟိတ်နှင့်၊ ဘိသိက်ဆက်ရာ၊ မင်္ဂလာဗြာဟ္မ†ဏ၊ ပု†ဏ္ဏားအစစ်၊ ရှစ်ယောက်သမီး၊ ရာခြိုးမြောက်စား၊ စဉ်ဆက်အားဖြင့်၊ ခန့်ထားမပြတ်၊ ရာထူးမြတ်သား၊ မူးမတ်မျိုးစစ်၊ ရှစ်ယောက်သမီး၊ ထီးနှင့်ဘွဲ့ရ၊ ဝံသမကွယ်၊ မျိုးရိုးနွယ်နှင့်၊ ပြည့်ကြွယ်စည်းစိမ်၊ ဂုဏ်သိမ်မမှေး၊ ကျော်ပျံ့မွှေးသား၊ သူဌေးကြီးစစ်၊ ရှစ်ယောက်သမီး၊ မျိုးကြီးမပျက်၊ စဉ်ဆက်အနွယ်၊ စုံကြီးကျယ်သား၊ သူကြွယ်ကြီးစစ်၊ ရှစ်ယောက်သမီး၊ နတ်ရှယ်ညီးတို့၊ ဆင်ပြိုးတန်းဆာ၊ ဆန်းကြွယ်စွာနှင့်၊ ကညာမကြီး၊ မင်းသမီးမှာ၊ ရတနာရွှေအိုး၊ ပုဏ္ဏားမျိုးမူ၊ ငွေအိုးဟူပေ၊ မတ်သက်ဝေသော်၊မြေပြကတော့၊ သူဌေး†ရင်သွေး၊ မိယဉ်†ကျေးကား၊ †ကြေးအိုးစင်†ကြယ်၊ မျိုးကြီး†ကျယ်သည့်၊ သူကြွယ်သမီး၊ သံဖြင့်ပြီးသား၊ ပြောင်ညီးအိုးသစ်၊ စုံကိုင်လစ်မှ၊ မျိုးစစ်ထင်ရှား၊ ဘိသိက်ကြွားသား၊ ပုဏ္ဏားရှစ်ဦး၊ အထူးရာဆိုင်၊ သာသနာပိုင်က၊ စကြဝတေး၊ လေးယောက်ဟူလတ်၊ အမတ်သူကြွယ်၊ အနွယ်*ခိုင်ဖြိုး၊ တောင်သူကြီးတထူး၊ သင်းတော်မှူးတို့၊ ရှစ်ဦးစီချည်း၊ ဤသို့ နည်းဖြင့်၊ ရိုက်*ကြည်းသံသာ၊ ငြိမ့်ငြိမ့်ငြာလျှင်၊ တူရိယာငါးပုံ၊ တီးမျိုးစုံနှင့်၊ ကမ်းခုံမြစ်သာ၊ သွားကြရာသည်။ ။မင်္ဂလာရေကြည်တော်ခပ် ခြိမ့်မွှန်းတည်း။ (၄)

၅၁။ ခြိမ့်မွှန်းအစဉ်၊ ရှေးထုံးယှဉ်၍၊ စီသျှဉ်အုတ်အော်၊ သွားကြသော်မှ၊ ရှင်ပျော်ဝမ်းမြောက်၊ မြစ်သို့†ရောက်က၊ ရှစ်†ယောက်မင်းသမီး၊စီးကြင့်ကြင်ဆင်၊ လှေတော်တွင်တည့်၊ ထိုပြင်ပုဏ္ဏား။ သမီးများမူ၊ စီးငြားတုံရှောင်း၊ ရွှေလောင်းလှေတော်၊ ရှစ်ဘော်ရောင်ငြိုး၊ မတ်သမီးကား၊ စီးကြတုံ†ကျင်၊ ပျံ့မည့်သွင်သို့၊ လွန်း†ကြင်လှေတော်၊ နတ်*လျော်ပြကတော့၊ ယဉ်သိမ်မွှေသည့်၊ ဌေးသမီးများ၊ ဗားမဲ့လှေတော်၊ ရွှေလှော်ဝင်းလဲ့၊ ဟန်မူနွဲ့နှင့်၊ သူကြွယ့်ဝမ်းအောင်း၊ သမီးပေါင်းကား၊ မိကျောင်းလှေတော်၊ အကျော်ထင်ရှား၊ မတ်ရှစ်ပါးကား၊ ဘားတတ်လှေတော်၊ အမော်လူဝယ်၊ ဌေးသူကြွယ်မှာ၊ သညာတွင်ခေါ်၊ ခြွတ်လှေတော်နှင့်၊ နောက်သော်တထူး၊ ဆဲ့ခြောက်ဦးတိ၊ သင်းမှူးတောင်သူ၊ နှစ်မျိုးမူကား၊ အတူမကွေ၊ သရေလှေတော်၊ စီးပြီးသော်လျှင်၊ ပျော်ပျော်တက်ချက်၊ လှေတော်ထွက်သည်။ ။ဆော်လျက်တညီ တက်†သန်းတည်း၊ (၅)

၅၂။ ဆော်လျက်တညီ၊ စဉ်တစီဖြင့်၊ ချချီမ†ကျူး၊ ပဥ္စင်†ကြူးလျက်၊ ဝမ်းမြူးရှင်လန်း၊ ယှဉ်ကာတန်းပြီး၊ ရေပန်း*ဖြော်ဖြော်၊ ကိုယ်စီလှော်၍၊ ပျော်ပျော်တက်ချက်၊ လှေတော်ထွက်က၊ ပြိုင်လျက်ကျော်*ချောက်၊ မြေကြီးမှောက်မျှ၊ မီးပေါက်ခုနစ်လုံး၊ သုံးချက်စီမှတ်၊ ပစ်ဘောက်လတ်၍၊ ဟုန်းနတ်သမား၊ ပုဏ္ဏား*ခပင်း၊ ပူဇော်ခြင်းနှင့်၊ ခရုသင်းမှုတ်ကာ၊ စောင်းဆရာလည်း၊ စောင်းသာပိုက်တီး၊ လိုက်သီးသီးဖြင့်၊ ဟန့်ဆီးစွယ်ဖြူး၊ ရေစောင့်မှူးသည့်၊

ဘီလူးတို့နှင့်၊ သင့်တင့်မေးဖြေ၊ ခွင့်ပေးစေမှ၊ ရွှေပန်းငွေပန်း၊ ကြဲဖြန်းနဝရတ်၊ ရေနတ်ဒေဝတာ၊ မေခလာက၊ ဂင်္ဂါစောင့်ငြား၊ နတ်တို့အားလျှင်၊ ပန်ကြား မြှောက်ခြီး၊ ထွန်းဆီမီးနှင့်၊ ညီးညီးဝင်းရှိန်၊ မြစ်လုံးထိန်လျက်၊ အချိန်ရောက်ဆစ်၊ ကျသည်ဖြစ်က၊ ခုနစ်မီးပေါက်၊ ခုနစ်ဘောက်၍၊ ဝမ်းမြှောက်ညီ†ညာ၊ သူ့ထက် ငါလျှင်၊ ကြော်†ငြာကျွက်ညံ၊ မိုးထက်ပျံအောင်၊ အသံဆယ်ပါး၊ တပြိုင်အားဖြင့်၊ *ချောက်ချားတီးဆော်၊ ရှင်မြူးပျော်လျက်၊ ရေတော်ခပ်ယူ၊ ပိတ်ဖြူလွှလွှ၊ လွှမ်းအုပ်ရ၍၊ ကမ္ဘာ့လက်သုံး၊ စဥ်မဆုံးသား၊ နန်းထုံးနန်းစံ၊ ပရိက်ဖြင့်၊ စီမံ ဆက်ရှည်၊ နန်းလေ့တည်သည်။ ။ရေကြည်တော်ခပ် စည်ညွှန်းတည်း။ (၆)

၅၃။ ရေကြည်တော်မြတ်၊ ခပ်ပြီးလတ်၍၊ မချွတ်ထုတ်ချောက်၊ ကမ်းသို့ ရောက်သော်၊ မီးပေါက်ခုနစ်၊ သုံးစီပစ်လျက်၊ လမ်းဆစ်တိုင်းသာ၊ ဆောင်ခဲ့ လာမှ၊ မင်္ဂလာမဏ္ဍပ်၊ တန်ဆောင်းရပ်သို့၊ *သင်းချပ်*ရုတ်ရုတ်၊ တီးဆော် မှုတ်၍၊ အုတ်အုတ်ကျိုက်ကျိုက်၊ စဥ်ဘစိုက်ဖြင့်၊ ဆိုက်ကပ်ရောက်လျှင်၊ ပန်းတင်ပုဏ္ဏား၊ အစုများက၊ လမ်းကြားအပြည့်၊ ပန်းထည့်ကြဲထား၊ *စီရီ သားလည်း၊ မြေများမှုန့်ရှိပ်၊ ရေသိပ်ဖျန်းဆွတ်၊ ပရိတ်ရွတ်မူ၊ ဟောရွတ်ပရိတ်၊ မဆိတ်သံဝါ၊ နေနှင့်ကာဖြင့်၊ သီဟာသန၊ မဏ္ဍပ်မန္ဒိုက်၊ ခတ္တိယကညာ၊ ဗြဟ္မာသမီး၊ ရှုမငြီးတို့၊ ဆောင်သီးခပ်ရေ၊ တထွေထိုမှ၊ ဂဇာသနနိုက်၊ မတ်လှ ရင်သွေး၊ ခပ်ပေးသည့်ရေ၊ မောရဗွေဝယ်၊ မိုးနေနတ်တူ၊ ဟန်မူယဥ်ကျေး၊ ကြွယ် ငွေးနှစ်ပါး၊ သမီးများတို့၊ ခပ်ငြားဆောင်ရေ၊ အိုးငါးထွေကို၊ ညီစေ ကိုင်လက်၊ တပြိုင်နက်ဖြင့်၊ ချလျက်တည်ထား၊ မမှားထိုခါ၊ သံဝါမီးပေါက်၊ ခုနစ်လောက်လည်း၊ ပစ်ဘောက်ခုနစ်ချက်၊ မိုးမြေအက်အောင်၊ နတ်စက်*တမျှ၊ ပစ်ကုန်†ရ၍၊ ဇေ†ယျမင်္ဂလာ၊ မျိုးဗြဟ္မာသည်။ ။ဂါထာပရိတ် ရွတ်* †မန်းတည်း။ (၇)

၅၄။ ထိုမှတုံသော်၊ စံနန်းပေါ်က၊ မဏ္ဍပ်တော်ရောက်၊ လမ်းတလျှောက်ပါ၊ ထက်အောက်ကုန်စင်၊ ကြွင်းမထင်တိ၊ ရွှေဖျင်ငွေ†ဖျင်၊ *မွှမ်းမွှမ်း†ဖြင်မျှ၊ မိုးဆင်ရံကာ၊ နတ်နေရာသို့၊ မင်္ဂလာမျှကြီး၊ ထိန်ထွန်း†ညီး၍၊ မ†ငြိုးရှု†ရာ၊ ဝံနှင့်†ယာလည်း၊ များစွာဝန်းကျင်၊ အုန်းကြဲပင်နှင့်၊ ညွန့်ရှင်ငှက်†ပျော၊ သာပြန့်†ပြောအောင်၊ ရှုမောစိုက်လျှင်း၊ မဏ္ဍပ်တွင်းဝယ်၊ နုကင်းဖူးငုံ၊ ပွင့်*အမုံတိ၊ ပန်းစုံသီးမျိုး၊ ညွတ်ညွတ်*ဖြိုးမျှ၊ ဆွဲးရှိုးဆွဲးတမ်း၊ ဆွဲး*ဖြင်ပြွမ်းလျက်၊ မြိုလမ်းတွင်းပြင်၊ ရပ်တခွင်နိုက်၊ ထို့သွင်မသေ့၊ အိုးပြည့်ရေနှင့်၊ ငါးထွေကြာမျိုး၊ ပွင့်မညှိုးဘဲ၊ စိုက်ထိုးထင်ရှား၊ တည်စေထားမှ၊ ရှစ်ပါးကမ္ဘာ၊ နတ်တို့မှာလည်း၊ ဆိုင်ရာဆိုင်ရာ၊ ဆင့်ဆိုကာလျှင်၊ ကျန်ငှါမယို၊ မကြွင်းဘိအောင်၊ အပရိယာနိယ၊ စာရိတ္တဖြင့်၊ ကမ္ဘာ့ဓမ္မတာ၊ ပြုမြဲးစွာသား၊ *ဖွယ်ရာ*ဥဿုံ၊ ပြီး*ကုံလုံသည်။ ။ ပွဲးစုံကျင်းပ*ပု†စ္ဆန်းတည်း။ (၈)

၅၅။ ယင်းပရိကံ၊ စိမ်*ကုံလုံ၊ ပြီးပြည့်စုံက၊ ရွှေဘုံစိုးဘိ၊ ဘုန်းတော်ယှိသား၊ ပြည်ကြီးထွတ်ချာ၊ မဟာမဃ၊ လောင်းဒေဝကား၊ ဗြဟ္မာ့*သနင်း၊ ဗြဟ္မာမင်းသို့၊ ဝိုးဝင်းဘောက်ပ၊ ဗြဟ္မာ့တန်းဆာ၊ ဆင်စကာနှင့်၊ တောင်ညာဘုန်းထွတ်၊ ရှစ်သောင်းနတ်မူ၊ ဥက္ကာဋ်စိန်ခဲ၊ ရိုးရဲနေလား၊ ခုနစ်ပါးရတနာ၊ ဆန်းကြယ်စွာဖြင့်၊ သုဇာဒေဝီ၊ ဣန္ဒာနီသို့၊ တူညီ*ယိုးယီး၊ ရှုမငြီးတည့်၊ နှစ်စီးနှစ်စီး၊ ယှဉ်မှီးပေါက်မ၊ ဤသို့စသား၊ ဆင်လှမြင်းလှ၊ ကြိုးကစုံစွာ၊ ပြင်ဆင်ကာလျှင်၊ နမန္တာဓာတ်၊ နံ့*ပူးပွတ်၍၊ ဘက်လတ်တုံပြီး၊ အသီးသီးဖြင့်၊ ဆင်စီးမြင်းစီး၊ ရဲကြီးယောကျ်ား၊ မတ်ဗိုလ်များလည်း၊ ထူးခြားဂုဏ်ရည်၊ အတည်တည်တိ၊ မျဉ်းရှည်မျဉ်းတို၊ နိစိမ်းညိုနှင့်၊ မောက်တိုမောက်ရှူ၊ ပါကူလည်ကွေး၊ *ကြဲးသေးသေသတ်၊ သံသေနတ်သို့၊ စစ်ဝတ်စုံလင်၊ *သိဒ္ဓိ†ရင်၍၊ ဆင်†ယင်ကုန်မြောက်၊ ပတ်လျောက်စီကာ၊ ဒိသာပိတ်စပ်၊ ဝင်းကိုးထပ်က၊ လေးရပ်ရှစ်ခွင်၊ ထက်ဝန်းကျင်နှိုက်၊ ဆင်လည်းဆင်ချင်း၊မြင်းလည်းမြင်းလျောက်၊ရံထောက်ထောက်နှင့်၊ ရွှေခြောက်နောက်†ခြောက်၊ မြေတုန်†ချောက်မျှ၊ ရွှေနောက်နှစ်ရပ်၊ ဆဲ့နှစ်တပ်တို့၊ ထပ်ထပ်ပြင်က၊ လိုက်ကြရ၏၊ များလှ*ဗိုလ်†ခြေ၊ သချေ†ချေဖြင့်၊ ခြွေရွှေ*ခပင်း၊ ကြယ့်နွယ်ကျင်း၍၊ လောင်းမင်းမောင်နှံ၊ သရေခံလျက်၊ ထွန်းစံစမွယ်၊ ရွှေမျှော့လယ်နှိုက်၊ တင့်တယ်နှိုင်းချိန်၊ ဝင်းဝင်းထိန်သည်။ ။တာရိန်မိုးလ ငွေစန်းတည်း။ (၉)

၅၆။ အထပ်ထပ်ဖြင့်၊ ထပ်ထပ်ပြင်က၊ ရံကျင်းပလျက်၊ လိုက်ကြတုံလျှင်း၊ အတွင်းကသော်၊ ရွှေတော်ဝဲ†ယာ၊ မင်္ဂလာဟု၊ တ†ရာပုဏ္ဏား၊ အခြားမဝေး၊ စကြဝဠေးစုံညီ၊ နှစ်ယောက်စီနှင့်၊ ဂုဏ်ဆီပြည့်လျှိုင်၊ သာသနာပိုင်တပါး၊ ပုဏ္ဏားပုရောဟိတ်ကြီး၊ ညီးညီးနဝရတ် စီခတ်ဝင်းဝင်း၊ ခရုသင်းကို၊ ထိန်လင်းလျှံမောင်း၊ ရွှေပန်းတောင်းဝယ်၊ ကောင်း*မွန်ထည့်လျက်၊ စုံလက်ကိုင်လိုက်၊ နောက်နှိုက်ရံပတ်၊ *ဟူးရားတတ်အကျော်၊ နတ်ပူဇော်ဘာသီး၊ စောင်းတီးပရိတ်ရွတ်၊ မလွတ်ပန်းတင်၊ သန့်စင်ဝတ်ခြင်း၊ ရာစီကျင်း၍၊ ငါးသင်းငါးရာ၊ မျိုးဗြဟ္မာတို့၊ မင်္ဂလာအောင်ဆု၊ အောင်ဇေတုနှင့်၊ ခရုသင်းသံ၊ မှုတ်ညံမဆိတ်၊ မွှမ်းမွှမ်းထိတ်တည့်၊ ဘိသိက်တော်သွန်း၊ လွန်တည့်ရွှန်းသည့်၊ ပထွန်းဝင်းညီး၊ မင်းသမီးက၊ ပုဏ္ဏာ့းရင်သွေး၊ သူဌေးသက်လယ်၊ သူကြွယ်သမီး၊ မကြီးရှယ်နေ၊ ပြစ်*ချေမ†ယှို၊ မြတ်ဇာတိတို့၊ နတ်†ရှိတူပြီ၊ ရှစ်ယောက်စီလည်း၊ အညီလိုက်†ရ၊ သမ†ယမြောက်၊ ခါတော်ရောက်က၊ မြှောက်စည်ဒုံမင်း၊ မောင်း*ကြေးနင်းနှင့်၊ *ခွက်ခွင်းပတ်သာ၊ ခရာစောင်း†ငြင်း၊ တပြိုင်ခြင်းဖြင့်၊ *ညောင်း†ညင်းညိုးညံ၊ မိုးသို့ပံ့အောင်၊ အသံဆယ်ပါး၊ ဆဲ့ငါးမီးပေါက်၊ ခုနစ်ဘောက်၍၊ ဝင်းတောက်ထူးမြတ်၊ နဝရတ်စီ*မွှာ၊ ကိုးရောင်ဖြာသား၊ ရတနာထမ်းစင်၊ နတ်*ယာဉ်ညင်ထက်၊ ဘုရင်*သနင်း၊ လောင်းမင်းမဟာ၊ မြတ်ရာဇာလျှင်၊

တောင်ညာထွတ်ဖျား၊ လကျၤာထားနှင့်၊ နှစ်ပါးစီးလျက်၊ စမွယ်ထွက်သည်။ ။ပြိုးပြက်*သရေ*ကွန့်ရွှန်းတည်း။ (၁၀)

၅၇။ ပြိုးပြက်သရေ၊ မွန်းတည့်နေသို၊ ရွှန်းဝေညီးညီး၊ ယာဉ်တော်စီး၍၊ တပ်ကြီးခင်းကာ၊ လောင်းရာဇာလျှင်၊ တောင်ညာဘုရား၊ ရှစ်သောင်းဖျားနှင့်၊ နှစ်ပါးအတူ၊ ထွက်တော်မူမှ၊ လေးဆူသေနင်၊ စစ်အင်*ဗိုလ်ပါ၊ ရံ*ဝန်းကာလျက်၊ မင်္ဂလာမဏ္ဍပ်၊ ဆောင်တော်ရပ်သို၊ ဆိုက်ကပ်ထုပ်ချောက်၊ ကိုယ်တော်ရောက်က၊ မီပေါက်ဆဲ့ငါး၊ ရှေးလားခုနစ်ချက်၊ ပြိုင်လျက်ပစ်ဘောက်၊ယင်းသည့်နောက်ကား၊ တဝှေယောက်သာသနာပိုင်၊ ကိုယ်တိုင်အစစ်၊ ဆဲ့နှစ်ပုရောဟိတ်၊ ခေါင်ပဏ္ဍိတ်တို၊ ဘိသိက်ရောင်ဝါ။ တင့်တယ်စွာသား၊ ဘာသာပိဋကတ်၊ အမြတ်တရား၊ ကျမ်းစာများကို၊ ရှေးဖျားဆောင်ကာ၊ သီဟာသန၊ မဏ္ဍပ်မနိူက်၊ ထားကြတုံပြီး၊ နန်းကြီးထက်ပေါ်၊ တက်ပြီးသော်လျှင်၊ သူတော်မြတ်စစ်၊ တရာ့ရှစ်လည်း၊ အောင်မေတ္တာစိတ်၊ မွမ်းမွမ်းထိတ်မျှ၊ ပရိတ်ဂါထာ၊ ဟောရွတ်ကာနှင့်၊ မောရာသန၊ မဏ္ဍပ်လှဝယ်၊ ချမ်းမြရေရှင်၊ ချိုးသန့်စင်လျက်၊ ထို့ပြင်တဘန်၊ ဂဇာသန်ထက်၊ သကြံခေါ်ပြု၊ မင်း*ရတုဖြင့်၊ မင်းမှု*သန္တေး၊ ဦးတော်ဆေးပြီး၊ *ငြိမ့်လေးသာပျော်၊ ဂါထာကျော်နှင့်၊ ဂုဏ်တော်ရတနာ၊ ရွတ်၍သာလျှင်၊ သီဟာမည်တပ်၊ ရွှေမဏ္ဍပ်နိူက်၊ ပွင့်ချပ်ဖွေးဖွေး၊ ခြောက်ဆဲ့လေးတီ၊ ဆေးရေးထင်စွာ၊ ငွေကြာဘိတ်ဘိတ်၊ ဘဒ္ဒပိဌ်ဟု၊ ဂုဏ်ဟိတ်နာမ၊ ပဝတ္တနှင့်၊ သုကရဇာတ်၊ ဌပ္ပတ်ဘွေလှစ်၊ ကေရာဇ်တို၊ မင်းဖြစ်ခံရာ၊ ထုံး*တံထွာဖြင့်၊ မင်္ဂလာအစဉ်၊ သဖန်းပျဉ်ထက်၊ ဘွဲ့ယှဉ်ပလ္လင်၊ *ထက်ဝယ်ဆင်လျက်၊ ရွှေခွင်*ရှေးရှု၊ စံတော်မူသည်။ ။နတ်တူ*တန္နန်း*တနှန်းတည်း။ (၁၁)

၅၈။ နတ်*နူန်းသဖွယ်၊ ပလ္လင့်လယ်ထက်၊ တင့်တယ်ထွန်း*စည့်၊ ရွှန်းရွှန်းမှည့်နှင့်၊ ရွှေပြည့်*သနင်း၊ လောင်းမင်းမြတ်စွာ၊ စံသော့ခါနိူက်၊ တန်းဆာဆန်းကြယ်၊ တင့်တယ်ဆင်မြောက်၊ နတ်မအောက်သား၊ ရှစ်ယောက်ထိန်ညီး၊ မင်းသမီးတို၊ အနီးရွှေတော်၊ ရပ်ပြီးသော်မှ၊ ကော်ရော်လေးမြတ်၊ နဝရတ်စီ†နစ်၊ လကျၤာရစ်ဖြင့်၊ ဖြူ†နှစ်ဝင်းဝင်း၊ ခရုသင်းကို၊ မြစ်မင်းငါးမည်၊ ရေကြည်ထည့်လျက်၊ စုံလက်ကိုင်ပြီး၊ မင်းကြီးထိပ်ပေါ်၊ ဥက္ကောင်းတော်နိူက်၊ တည့်တည့်စိုက်၍၊ သောင်းတိုက်လကျၤာ၊ ဇမ္ဗူချာထက်၊ သမ္ဘာနုဘော်၊ တုမမြော်သည့်၊ ဘုန်းတော်ထိန်ညီး၊ သျှင်မင်းကြီး! ရှေး*တီးကမ္ဘာ၊ တည်ဦးစွာက၊ မဟာသမ္မတ၊ စသည်မင်းကောင်း၊ ဘေးတော်လောင်းတို၊ လမ်းဟောင်းအသင့်၊ လိုက်သဖြင့်လျှင်၊ မင်းကျင့်ဆယ်မည်၊ ကျင့်ဆောက်တည်၍၊ *ခိုင်ကျည်မြဲးစွာ၊ တည်စေပါလော့၊ ပြည်ရွာထောင်ဘက်၊ မင်းများထက်နိူက်၊ အမျက်မလွန်၊ ပြည်ကြီးဝန်ကို၊ *အားသွန်ဆောင်ငြား၊ ပြည်သူ့အားလည်း၊ သနားစုံမက်၊ သူ့အသက်နိူက်၊ ကိုယ့်သက်အတူ၊ မှတ်ယူစိတ်မှာ၊ ရည်စေပါလော့၊ မိစ္ဆာဝိသမ၊

ကျင့်ပါပလည်း၊ ကင်းထအမြဲး၊ မိုက်မဲးကြီးစွာ၊ အဝိဇ္ဇာဟု၊ ယုတ်မာဆိုးလှ၊ မှောင်မောဟကို၊ ဉာဏတန်ဆောင်၊ ပညာရောင်ဖြင့်၊ ထွန်းပြောင်လင်းဖြာ၊ ကြည်စေပါလော့၊ ခြင်းရာဤသို့၊ စသည်တို့ကို၊ နှစ်လိုဆိုမြွက်၊ နှုတ်သံသွက်နှင့်၊ ဦးထက်ထိပ်ပြင်၊ တသွင်သွင်သည်။ ။ရေစင်ဘိသိက် မြွက်သွန်းတည်။ (၁၂)

၅၉။ မင်းသမီးရှစ်ပါး၊ သွန်းငြားပြီးမြောက်၊ ထိုမှနောက်သော်၊ ရှစ်ယောက်မင်္ဂလာ၊ မျိုးဗြဟ္မာတို့၊ သင်္ခါဖြူထွား၊ ဘော်သားဝင်းနု၊ ငွေခရုဖြင့်၊ သွန်းပြုရှေး*နှယ်၊ ယင်းနောက်ဝယ်ကား၊ သူကြွယ်ကြီးရှစ်၊ ငွေးကြီးရှစ်တို့၊ ခုနစ်ရတနာ၊ စီခြယ်*မြွာသည့်၊ မင်္ဂလာလျံဝင်း၊ ခရုသင်းဖြင့်၊ သံညင်းနှုတ်ချို၊ ရှေးတူဆို၍၊ နှစ်လိုဝမ်း†မြောက်၊ သွန်းကြ†မြောက်က၊ ဘုန်းတောက်မဟာ၊ မြတ်ရာဇာလည်း၊ သာသနာ့ဘေး၊ ပြည့်ရန်လေးမှ၊ အရေးတပါး၊ ခွင့်ပေးငြားလျက်၊ ပတ္တမြားမကိုဋ်၊ ရောင်မြိုက်နေ့သွင်၊ ရွှေဖူးပြင်ထက်၊ သက်တင်နတ်လေး၊ လဝက်ရေးသို့၊ ညွတ်ကွေးပြေပြစ်၊ ရွှေသင်းကျစ်တိ၊ ချစ်ချစ်ရောင်†ဘိတ်၊ ကျယို†ဖိတ်မျှ၊ ဉဏှိသ်အက္ခရာ၊ ပုံနှိပ်စာဖြင့်၊ ဗြဟ္မာဆက်နှံ၊ ဘက်*မစံသည့်၊ နာမံ*သရစ်၊ မည်တော်သစ်နှင့်၊ စုံနှစ်နားဒွေ့င်း၊ ရောင်မောင်းမဏိ၊လောင်လိလိတည့်၊လျှံညီပြိုးပြုံး၊ ကိုးလုံးကြွယ်တပ်၊ ထိန်လျှပ်လက်ကောက်၊ မီးစုံတောက်သို့၊ စိန်ကျောက်များစွာ၊ ရတနာစီခက်၊ ဘိုး*အနက်ဖြင့်၊ ပြိုးပြက်တောက်ပ၊ ဖြူဆွကိုယ်ဝတ်၊ တုလွတ်စံကင်း၊ သိဒ္ဓိသွင်းလျက်၊ အဆံင်းခုနစ်မျိုး၊ ရိုးရဲးရောင်ရှင်၊လျှပ်*နှယ်ထင်သား၊*ဒူယင်ရတနာ၊ ချပ်တန်းဆာကို၊ကောင်းစွာဆင်ပြီး၊ ဗြဟ္မာကြီးသို့၊ ဘုန်းမီးစက်ရှိန်၊ တိုးတက်ထိန်သည်။ ။သူရိန်နေမင့်းခင်ပွန်းတည်း။ (၁၃)

၆၀။ နေမင့်းခင်ပွန်း၊ တုမဲ့ကျွန်းအောင်၊ ပွင့်ရှန်းစက်ရှိန်၊ ဘုန်း*အာဟိန်ဖြင့်၊ သီရိန္ဓရ၊ တောက်ပရောင်ရှင်၊ မျက်စုံတင်သား၊ *ဒူယင်ရတနာ၊ ချပ်တန်းဆာကို၊ ကောင်းစွာဆင်ပြီး၊ ဗြဟ္မာကြီးသို့၊ ထိန်ညီးလက်လက်၊ ယာဉ်တော်ထက်နှိုက်၊ စီးလျက်*ငှင်း၊ ရာထီးဆောင်းနှင့်၊*ဗိုလ်ပေါင်းရံကာ၊ တသြဘာဖြင့်၊ မင်္ဂလာသိဒ္ဓိ၊ ဘုန်းတော်ချီလျက်၊ သီရိပဝရ၊ အဂ္ဂမမ္မရာဇာ၊ မဟာစက္ကဝေါ၊ သမိန်ထော လွတ်တရ၊ ကျူးထငွေနှဲး၊ ပြိုင်တွဲးယှဉ်မှိ၊ စည်ငါးလီလည်း၊ ချချီဆော်ရှမ်း၊ သမိန်ဘျမ်းဟု၊ မင်းခမ်းသဘင်၊ ရွှေနန်းဝင်ကို၊ လျှောက်တင်မတ်ပေါင်း၊ နာ*မညောင်းအောင်၊ ငွေမောင်းငါးချက်၊ စည်တော်ဆက်၍၊ ငြိမ်သက်ရှေးတူ၊ ဝင်တော်မူပြီး၊ သူဇာနတ်သွင်၊ ရှစ်သောင်းရှင်ကို၊ ညာတင်ပြိုင်ညီ၊ တူယှဉ်မှီလျက်၊ ဒေဝီလေးချက်၊ မင်းလေးချက်ဖြင့်၊ ရှစ်ချက်*ပစ္စူစိုက်ထူမိုးဘွင့်၊ ကိုးဆင့်ရွှေညောင်၊ ရိုးဆယ်တောင်နှင့်၊ မြင့်ခေါင်ဖြိုး*ဝှန်၊ ရောင်ခြည်*ကွန်သည့်၊ နဗဒလ္လာ၊ မနောဟက၊ စသည်လျှပ်လျှပ်၊ ယပ်မားချပ်လျက်၊*ဖြီးထပ်ဝေလျှမ်း၊ ထွေထွေပြွမ်းသား၊ မင်းခမ်းစုံလင်၊ ထက်ဝန်းကျင်က၊

ဆင်ယင်ခင်းကျင်း၊ ထိန်ထိန်ဝင်းတိ၊ နတ်ဆင်းရွှေညီ၊ ဒေဝီသုံးပါး၊ ခြွေရံများနှင့်၊ မင်းသားမင်းမြေး၊ တဝေးမတ်ပုံ၊ မျိုးလေးစုံတို့၊ ဝန်းရုံညီ†ညာ၊ ကောင်းခြီး†ငြာလျက်၊ မင်္ဂလာအောင်ခွန်း၊ ဩဘာညွန်း၍၊ တု*ကျွန်းမစံ၊ ကျူးနှုတ်သံဖြင့်၊ ပတ်ခြံညီတ်ညိတ်၊ မွှမ်းမွှမ်းထိတ်၍၊ ဘိသိက်သဘင်၊ *ရင်သည့်မရွှေ၊ ထိုနေ့နံနက်၊ အရုဏ်တက်ဝယ်၊ လေးချက်တီးက၊ စ၍စွဲသုံး၊ ရှေးထုံးအလို၊ သိမ့်သိမ့်ပြိုအောင်၊ ပဟိုရ်ခေတ်စည်၊ ပတ်လည်ဆိုင်လျက်၊ တပြိုင်နက်ဖြင့်၊ တချက်တည်းဆော်၊ တီးရိုက်ကြော်သည်။ ။မိုးပေါ်ပျံလု ဘ†နန်းတည်း။ (၁၄)

(မြဝတီ ဒသရာဇာမင်း, မန္တလေးရတနာပုံ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးတို့ မုဒ္ဓါဘိသိက်ခံနည်းအတိုင်းတည်း။)

ဘိသိက်ခဏ်း ၁၄-ပုဒ် ပြီး၏။

---

## ၆-မြို့နန်းသိမ်းခဏ်း

၆၁။ ဘိသိက်တော်ကြီး၊ ခံပြီးထို့နောင်၊ ပြုံးပြုံးပြောင်သား၊ ကိုးဆောင် *သရစ်၊ ပလ္လင်ရှစ်နှင့်၊ နန်းသစ်တော်ကြီး၊ လုံးစုံပြီး၍၊ ရှေး*တီးမင်း†ကျော်၊ ဘေးလောင်းတော်တို့၊ အ†ကြော်တငြာ၊ ကြီးကျယ်စွာလျှင်၊ ဒွါရာဘိသေက၊ ဝိသိဋ္ဌဖြင့်၊ မြို့ပြနန်းသိမ်း၊ မြေညွှတ်တိမ်းမျှ၊ မှတ်ထိမ်းဘွယ်ရာ၊ မင်္ဂလာကိစ္စ၊ *ရင်ကုန်ကြသို့၊ လောင်းလှဘုန်းမော်၊ အ*နူန်းလျော်၍၊ ထုံးမျှော်စံမှန်း၊ *အံ့မခန်းအောင်၊ မြို့နန်းသိမ်းမှု၊ မင့်း*ရတုဖြင့်၊ ပြုအံ့ခါဘို့၊ ရောက်ပြန်တို့က၊ ရွှေမြို့တော်မြတ်၊ *ဥဒည်းမှတ်သား၊ မီးခေတ်ဒိသာ၊ မင်္ဂလာရပ်ထူး၊ ရွှေစူးစူးဝယ်၊ အဦးဒွါရ၊ ဗဟိဒ္ဓနိုက်၊ တံခါးပြင်ထွက်၊ လကျ်ာဘက်က၊ မပြက်နေပြောက်၊ ပြုံးပြုံးတောက်သည့်၊ *ကွန်းထောက်နန်းတော်၊ ဘောင်ယာဉ်တော်နှင့်၊ တီးဆော်ညီးညံ၊ ပွဲခံကန္နား၊ ဆောက်ကာထားလျက်၊ တပါးထို့နောင်၊ လက်ဆောင်တော်ဆက်၊ တချက်နောက်သော်၊ တန်းခိုးကျော်သည်၊ ရွှေမြို့တော်မြတ်၊ နန်းပြာသာဒ်ကို၊ စောင့်တတ်ကုန်ငြား၊ နတ်တို့အားလည်း၊ တင်ကြားပသ၊ ပြုကုန်ကြသား၊ ရှေးကအရိုး၊ တီးမှုတ်မျိုးနှင့်၊ ကွယ်ကိုးကျင်းထား၊ ကန္နားတဆောင်၊ ကုန်အောင်သီးသီး၊ စီမံပြီးမှ၊ နန်းကြီး*တသွန်၊ ဇေတဝန်လေသာ၊ ပရိတ်နာနှင့်၊ ဝဲယာစမုတ်၊ ဆောင်ထုတ်သမိုက်၊ ပြဲတိုက်မြေနန်း၊ လွှတ်*ကြငှန်းက၊ ကိုးခန်းတွင်းပြင်၊ ရှစ်ပလ္လင်တည့်၊ ဆင်ယင်ကုန်အောင်၊ ဝင်းဝင်းပြောင်သည်။ ။မိုက်မှောင်ပယ်လွင့် လှစ်တွန်းတည်း။ (၁)

(ဤနိုက် တွန်းကို တဝမ်းပူနှင့်ရေးကြ ဘတ်ကြကုန်။)

၆၂။ နန်းတွင်း နန်းပြင်၊ မြို့ဝန်းကျင်ပါ၊ စုံလင်ခမ်းနား၊ အပါးပါးကို၊ သိကြားနေဟန်၊ ဝေဇယန်နှင့်၊ သဏ္ဌာန်မယွင်း၊ *ယင်ပြီးလျှင်းမှ၊ မင်း*သုတသုံ၊ ထွက်သောပုံသို၊ ဝန်းအုံ*ဒိုလ်ပါ၊ လွန်များစွာတည့်၊ စဉ်လာပညတ်၊ လက်ျာတပ်နှင့်၊ ရှေ့တပ်ရှေ့ဝင်း၊ ခေါင်ခြင်းတရပ်၊ လက်ဝဲတပ်နှင့်၊ နောက်တပ်နောက်ဝင်း၊ တပ်ကြီးမင်း၍၊ ထိုဝင်းဆိုင်†ရာ၊ ဇဉ်မကျွာဘဲ၊ ဝဲ†ယာမှူး†မတ်၊ လေးဦးနတ်သို၊ အ†မှတ်ထင်ရှား၊ ဟန်ကြွားကြွားနှင့်၊ ရှေ့ထားကိုယ်စီ၊ စွဲးချီမကျူး၊ ဝင်းမှူးလေးယောက်၊ နှစ်စီထောက်၍၊ ရှေ့နောက်စဉ်ပြီး၊ ထွက်တော်ကြီးဖြင့်၊ မှူတ်တီးစည်စောင်း၊ မြေတိမ်းစောင်းမျှ၊ ငြိမ့်ညောင်းကျူးကြည်၊ မိုးထက်ပျံ့သား၊ အလံမှတ်ထိမ်း၊ ဖြူစိမ်းဝါပြာ၊ ဝင်းလေးဖြာနှင့်၊ ဒိသာသေန်၊ ရှေ့မြောက်စွန်က၊ စုံ*ကြန်မချို၊ တောင်နယ်မှိုသည့်၊ အောင်မျို*ပေါက်ထီး၊ ဆင်ပြောင်ကြီးထက်၊ တက်စီးကြွားကြွား၊ နတ်ယောကျ်ားသို၊ *ကျိုင်းထွား အင်ပျို၊ သွင်မချိုသား၊ အောင်*မျိုရဲဘော်၊ သူရဲကျော်တည့်၊ နောက်တော် ထို†မှ၊ ဆင်†မယုံအာ၊ မည်သာတဝ၊ ဘယရန်အောင်၊ ရဲခေါင်မတ်လှ၊ စီးနေရလျက်၊ အောင် ဘ ကု လား၊ ဆွေ သား နောင် ရင်း၊ မိတ်ချင်းနံထပ်၊ ရှစ်ခွင်ရပ်လုံး၊ မလပ်ဉဿုံ၊ ပေါက်မ စုံလျှင်၊ ယှဉ်တုံစေပြီး၊ တသီးထို့ပြင်၊ ရှေ့ခွင် မည်မှတ်၊ အန္တေဓတ်နှိုက်၊ ထိုဓာတ်ဆင်တော်၊ ဥပေါ်ထွတ်†တင်၊ *ပြောင် မာ†တင်ထက်၊ စီးကျင်မလွှဲ၊ မတ်သူရဲတိ၊ ကိုင်စွဲးချွန်းချိန်၊ ဝင်းဝင်းထိန်နှင့်၊ ဥတိန်နန္ဒ၊ ဤသို့စသား၊ မိတ်ရနံဓာတ်၊ သင့်မြတ်ညီလျော်၊ ယာဉ်ကျော် ဆင် မြင်း၊ ဘွဲ့ယှဉ်ခြင်းဖြင့်၊ ခင်းကျင်း စဉ်လာ၊ ရှစ်ဒိသာနှိုက်၊ နမန္တာဘက်၊ ဓာတ်ဘက်မလပ်၊ ဦးလည်စပ်မျှ၊ ဆင်တပ်မြင်းတပ်၊ အထပ်ထပ်တည့်၊ စည်းကြပ် တည်တည်၊ ကျုံးပတ်လည်လည်း၊ ခစ်သည်သီးသီး၊ တောင့်နှယ်ဆီး၍၊ ရဲးကြီး ကြွခိုင်၊ ရှုံးချင်းဆိုင်လျက်၊ စွဲးကိုင်လက်နက်၊ ရောင်*ချိုးချက်နှင့်၊ ပြိုးပြက် လျှပ်သွင်၊နတ်သေနင်သို့၊တပ်လျှင်ထပ်ထပ်၊ ကြာ့နှယ်*ချပ်သည်။ ။*ပိတ်စပ် ရှစ်ခွင် *ကာရန်းတည်း။ (၂)

၆၃။ *ကာရန်းထပ်ထပ်၊ ကြာ့နှယ်*ချပ်ပြီး၊ ရေတပ်ကျုံးတွင်း၊ လှေတော် သင်းကား၊ တည်ခြင်းရှေ့ဆုံး၊ နန်းသုံးစဉ်ဆက်၊ မည်မပျက်သား၊ ကြာဘက် ဆောင်းခေါ်၊လှော်ကားတော်တည့်၊နောက်တော်တင့်တယ်၊ စလွယ်နားဒေါင်း၊ ရွှေဗောင်းဝတ်လုံ၊ ဆင်ယင်ခြုံလျက်၊ နှစ်စုံမြို့ဝန်၊ မတ်ကျွန်ယုံတို့၊ မလွန်မစား၊ ဝဲးယာနားက၊ လှော်ကားတော်နှစ်၊ တလှစ်ထိုပြီး၊ ရဲးစီးခတ်လှေ၊ များတထွေ လည်း၊ မသွေယာဝဲး၊ ခြိမ့်ခြိမ့်သဲးတည့်၊ တကွဲးနောက်သော်၊ မတ်တဘော်တို့၊ လှော်ကားတော်များ၊ စဉ်စီခြားမှ၊ နောတ်ပါး မရွေ၊ ဘုန်းရှိန်* ကြွေ့သား၊ အိမ့်ရှေ့မဟာ၊ ဥပရာနှင့်၊ များစွာသီးသီး၊ ကိုယ်စီစီး၍ ၊ ငယ်ကြီးယှဉ်မှီ၊ ရာလိုက် စီလျက်၊မင်းညီမင်းသား၊ခတ်လှေများတည့်၊ တခြားနောက်မှ၊ ထိန်ပဇပြောင်ညီး၊

လနေမိုးသို့၊ စီးတော်ရွှေဘောင်၊ ထို့နောင်တူပြိုး ရွှေတညီနှင့်၊ ဒေဝီနတ်ဟန်၊ စီးကြမှန်သား၊ သမ္ဗန်တော်ပေါင်း၊ ရှူမ*ညောင်းမျှ၊ ထပ်လောင်းနောက်မှာ၊ စဉ်မကွာလျှင်၊ ဝဲးယာသူရဲး၊ လက်နက်စွဲးတို့၊ စီးမြဲးခတ်လှေ၊ အထွေထွေတည့်၊ ဦးနေပဲ့နင်း၊ လှေသင်းထောင်ကဲး၊ အုပ်မြဲးဘောင်ဝန်၊ မလွန်ရှေးတမ်း၊ လှေမှူထမ်းတို့၊ *ဖြင်ပြွမ်းထပ်မျှ၊ ရိုးရိုးရှုဖြင့်၊ ရူပဆင်းဝါ၊ နတ်သူရာသို့၊ ဂင်္ဂါဇေယျ၊ ဇလသူရ၊ဇလသကြိံ၊ဘွဲခံဇမ္ဗူ၊ဂင်္ဂသူက၊*ပြောထူသချံာ၊လွန်များစွာသည်။ ။ *ဗိုလ်ပါကောဋ္ဌိ ဂဏန်းတည်း။ (၃)

၆၄။ များလှတွက်ရေ၊ အထွေထွေတည့်၊ ကုဋ္ဋေကုဋ္ဋေ၊ ဆယ်ပြန်ရေလည်း၊ ဆုံးလေမယှို၊ *အချိဗိုလ်ခြေ၊ တခဲးထွေလျှက်၊ *မြူတေရောင်ဘိတ်၊ ညီးညီး ထိတ်သား၊ ကရဝိက် *ကွန့်ပြောင်၊ မြတ်ရွှေဘောင်ကို၊ ရွှေဆောင် ငင်စေ၊ ရွှေလှေရှုစ်စင်း၊ မွှေမွှေညင်းတည့်၊ ဝင်းဝင်းတင့်တယ်၊ ဝဲးယာဝယ်လည်း၊ ရှုဘွယ် မညောင်း၊ ဟန်စုံပြောင်းလျှက်၊ ဦးပေါင်း ရွှေချည်း၊ ခါးစည်းလည်းရွှေ၊ လက်ကျပ်ငွေနှင့်၊ သရေထိန်†ပြိုး၊*လုင်†ပျိုးတို့၊ ရွှေရိုး ငွေရွက်၊ တလက်လက် သား၊ ရွှေတက်ပျောင်းပျောင်း၊ ငြိမ့်ငြိမ့်ညောင်းဖြင့်၊ ရွှေလောင်းရွှေလှေ၊ များခြေရွှေနှင့်၊ ရွှေကိုယ်တော်မြတ်၊ ဗြဟ္မာနတ်သို့၊ မင်းဝတ်ဒူယင်၊ မကိုဋ္ဌ် ဆင် လျှက်၊ ညာတင်ကမ္ဗူ၊ နတ်သမုကား၊ ပဒုမမာလာ၊ ပဒုံမာတင့်ဆန်း၊ ငွေကြာ ပန်းကို၊ ပွင့်လန်းအောင်ဆု၊ စွဲးကိုင်ပြုမှ၊ ပြိုင်တုမမြော်၊ ရွှေဘောင်တော်ထက်၊ နှစ်ဘော်စံငြား၊ နတ်မခြားတည့်၊ ငါးပါးတူရိယာ၊ သံသာဆော်နှိုး၊ မြေမိုး *ဝှန့်တက်၊ သိကြားထွက်သို့၊ ပတ်ရှက်ညိုးညိတ်၊ မွှမ်းမွှမ်းထိတ်အောင်၊ ပိတ်မျှ ရံကာ၊ မြို့အောင်ချာကို၊ ·လက်ျာရစ်၍၊ လှည့်ကာစေ့သော်၊ အရှေ့မျက်နှာ၊ မင်္ဂလာရန်နှိပ်၊ ရွှေတံဆိပ်နှင့်၊ ဦးထိပ်ထင်ရှား၊ ဓာတ်တံခါးက၊ မမှား*တူရှူ၊ ဝင်တော်မူလျှက်၊ ရှေးရှူ ဖြောင့်တန်း၊ ဝေယန် ဆန်းသို့၊ မြေနန်းတော်ဦး၊ ရွှေစူးစူးနှိုက်၊ အထူးလွန်ကျော်၊ လှေကားတော်ဖြင့်၊ တက်တော်မူပြီး၊ နေ့*နှယ် ညီးသား၊ နန်းကြီးဘုံပျံ၊ သိမ်းမြန်းစံသည်။ ။ဘုန်းကံအံ့ဘွယ် လွန်†ဆန်း တည်း။ (၄)

(ပဍ္ဍမသင်္ဂါယနာတင် မင်းတရားကြီး ရတနာပုံ မြို့နန်းသိမ်းတော် မူသည့်အတိုင်းတည်း။)

မြို့နန်းသိမ်းခဏ်း ၄-ပိုဒ် ပြီး၏ ။

---

## ၇-ဥကင်တော်ဘွင့်ခဏ်း

၆၅။ ရွှေမြို့နန်းကြီး၊ သိမ်းစံပြီးမှ၊ ထိန်ညီးပြောင်ပ၊ ဆောင်နန်းမ၏၊ သာလှရွှေခင်း၊ ရွှေ*ကွန်းတွင်းနှိုက်၊ မင်းတို့စံမှတ်၊ ကြေးပြာသာဒ်ဝယ်၊

မင်းမြတ်သိမ်မွေ့၊ ရက်လည်စေ့အောင်၊ ချမ်းမြေ့စက်တော်၊ ခေါ်လတ်တုံပြီး၊ တသီးထိုနောက်၊ ဘုန်းတော်တောက်သား၊ *ရွှေမှောက်မင်းကျော်၊ ရှေးခါ သော်က၊ ခမည်းတော်နတ်၊ ဘိုးတော်မြတ်တို့၊ ဥက္ကင်္ဂခါကောင်း၊ သင့်လတ် ရှောင်းသော်၊ ထီးဆောင်းမင်္ဂလာ၊ ကြီးကျယ်စွာလျှင်၊ မဟာဥကင်တော်ဘွင့်၊ ရွှေနန်းမြင့်ဝယ်၊ လူမင်းသဘင်၊ ပွဲကြီး*ယင်သို့၊ ပလ္လင်ဟေမာ၊ ရွှေသီဟာကို၊ စီကာရံပြု၊ ကမ္ဗုဇန္ဒ၊ ပဒုမနှင့်၊ သမုဒ္ဒမည်သီး၊ လေးဆူထီးကို၊ လျံညီးဖြူဝင်း၊ ယာကကျင်းလျက်၊ ကနက်သူရိယ၊ ဝိသုကနှင့်၊ သမုက္ခဟူ၊ ထီးလေးဆူကို၊ စိုက်ထူဝဲထား၊ တနည်းအားမူ၊ နှစ်ပါးကနက်၊ နှစ်ချက်တမွတ်၊ ကျင်းသတ်တပုံ၊ ဝဲးယာစုံတည့်၊ ကိုးဘုံရောင်ဝှန်၊ နဝဒဏ်က၊ ထီး*မွန်တင့်မော၊ မနောဟာရ၊ အာတပတြ၊ ဝိဇယပတြ၊ မည်ရလေးမျိုး၊ မျက်စုံပြိုးသား၊ ညွန့်ဖြိုးဝေမောက်၊ မိုး*နှယ်တောက်လျက်၊ ဆယ့်ခြောက်ငါးလေး၊ တွက်ရေးတောင်သင့်၊ ရိုးနိမ့် မြင့်နှင့်၊ ဆင့်ဆင့်လေးစင်း၊ ဘယ်ညာကျင်းရှဲ့၊ စဉ်ခြင်းတဖြာ၊ နည်းထွေ လာတွင်၊ လိုရာမမှား၊ စဉ်သော့အားဖြင့်၊ သိကြားမိုးနတ်၊ ဘူတပတ်၏၊ ထူးမြတ်အနေ၊ ကြက်သရေသို့၊ မသွေ*တမျှ၊ တင့်တယ်လှအောင်၊ ဝဲးက လေးစင်း၊ ယာလေးစင်းတိ၊ ရှစ်စင်းကာမိုး၊ ထိန်ထိန်ဖြိုးသည်။ ။ရွှေရိုးငွေရွက် ဖြူဝန်းတည်း။ (၁)

၆၆။ ရွှေရိုးငွေရွက်၊ ဖြူဝန်းကြက်ရှဲ့၊ ရံရှက်မ†မှား၊ လေးစင်းကြားဝယ်၊ ယပ်†မားချပ်ကာ၊ စီပြီးကာမှ၊ လကျ်ာကျင်းမြဲ၊ နန်းဆွဲရွှေအုပ်၊ အလုပ် တင့်ဆန်း၊ မကရ်းခံတွင်း၊ ဝင်းဝင်းကရား၊ ရွှေသားအိုး†ပျစ်၊ တင့်ပြေ†ပြစ်သား၊ ရွှေစစ်ရေတင်၊ ရွှေစင်ထွေးခံ၊ ရွှေလုံ့တကောင်း၊ စုံပေါင်းမြူတာ၊ ရွှေဝါ ဖလား၊ ရွှေကထားပြီး၊ နောက်ပါးတကြောင်း၊ ရွှေပန်းတောင်းမှ၊ မစောင်း ဖြောင့်ဖြောင့်၊ ရှစ်ထောင့်ကွမ်းခွက်၊ လက်လက်ဖြိုးလျှံ၊ နဂါးခံကွမ်းခွက်၊ စက်စက်ရောင်ဝါ၊စလင့်ကြာနှစ်ပွင့်၊ရှူတင့်ရောင်မောင်း၊ကွမ်းလောင်းတော်ကြီး၊ ထိန်ညီးကွမ်းကျပ်၊ ထိန်လျှပ်ကွမ်းတောင်း၊ တကြောင်းထိုမှ၊ စဉ်ထတညီ၊ လက်ဝဲးဆီက၊ ကျောက်စီခြေနင်း၊ ထိန်ဝင်းလျှံဖြာ၊ ရတနာတောင်†ဝှေး၊ မ†ဝေး ပြိုးပြက်၊ မြမြထက်သား၊ သံလျှက်ရွှေဓား၊ သားမြီးစာမြီ၊ သိင်္ဂီမင်းစံ၊ ခြင်သေ့ ခံလျက်၊ ညီးလျှံ ရွှေသား၊ ကရားအိုးပျစ်၊ ရွှေဧစ်မေးထောက်၊ ထိန်တောက်ကျီးခြေ၊ နှစ်ထွေရတနာ၊ ရွှေမြူတာကို၊ ရွှေမှာစဉ်ငြား၊ လက်တင် ကြားနှင့်၊ ပတ္တမြား ကွမ်းခွက်၊ ထိန်လက် သလပ်၊ ရောင်လျှပ် မိုး*နှယ်၊ ကွမ်းလောင်းငယ်က၊ တင့်တယ်ပြိုးပြောင်၊ သလင်းမြောင်တည့်၊ ရွှေရောင် တင့်နှိုင်း၊ သစ်တိုင်းကျပ်လျှား၊ နောက်ကထားရှဲ့၊ များပြားလှစွာ၊ ယာဆဲ့ခုနစ်၊ ဝဲးဆဲ့ရှစ်ဟု၊ တွက်စစ်မမှား၊ သုံးဆဲ့ငါးတည့်၊ ထူးခြားထိုပြင်၊ ရွှေဥကင်နှင့်၊ ပလ္လင်တော်ရှေ၊ စဉ်၍ ကျင်းရိုး၊ ဘုန်းရှိန် တိုးလျက်၊ တန်းခိုး တောက်စေ၊

နိမိတ်ထွေပြင့်၊ ရွှေဖြူဝါနက်၊ စိမ်းညက်နီဖျော့၊ မှတ်လော့စဉ်ကာ၊ ရတနာ
ခြယ်ဝင်း၊ နန်းလုံးလင်းအောင်၊ မျောက်မင်း*တသုန်၊ ဂဠုန်တထူး၊ ဘီလူးငှင်း၊
ရွှေဥဒေါင်းက၊ / သားပေါင်းဆီညှစ်၊ သီဟ|ရာဇ်နှင့်၊ မုန်|ယစ်မာန်ကြွား၊
ဆင်နဂါးဟု၊ ထင်ရှားမယွင်း၊ အောင်*မျှသွင်း၍၊ ရုပ်ဆင်းခုနစ်မျိုး၊ ညွန့်*ဖြိုး
ဝေလျှံ၊ သင့်စီမံသည့်၊ အလံခုနစ်ပါး၊ စိုက်ထူလွှားမှ၊ တရားနေနတ်၊ ဘုန်းတော်
မြတ်ကြောင့်၊ ရိုညွတ်ကျိုး*နွံ၊ ကျွန်တော်ခံ၍၊ နိုင်ငံအဟို၊ မင်းထိုထိုတို့၊
လိုလိုဆက်ငြား၊ မင်းခမ်းများကို၊ ရွှေထားနောက်လျှဉ်၊ ဝဲယာယှဉ်လျက်၊
နန်းစဉ်စက်ရင်း၊ စီးကာကျင်းသည်။ ။ဝင်း၏ရွှေဘုံ*ကြငှန်းတည်း။ (၂)

၆၇။ ရွှေဘုံဝင်းဝင်း၊ မင်းခမ်းကျင်းလျက်၊ တုကင်းမမြင်၊ မိုးလျှပ်သွင်သို၊
ဆင်ယင်တန်းဆာ၊ ဒွါဒရာတင့်ဆန်း၊ ရာလိုက်တန်း၍၊ မြောက်နန်းလယ်နန်း၊
နောက်နန်းစံပျော်၊ အလှကျော်သည့်၊ သုံးဘော်ဒေဝီ၊ နတ်*တပြိုလည်း၊ ဝတီသီရိ၊
စယှို*ပြောထူ၊ နန်းသူများစွာ၊ ရံကာနောက်တော်၊ ရွှေတဘော်တည့်၊ ဝင်သော်
နောက်မှ၊ ထွက်ကရှေးဦး၊ မကျူးအလေ့၊ ဘုန်းရှိန်*ကြွေ့သား၊ အိမ်ရှေ့
နန်းလျာ၊ မဟာဥပရာဇ်၊ သင်းကျစ်ညီးညီး၊ သားတော်ကြီးနှင့်၊ ရာသီး
လိုက်သင့်၊ နိမ့်မြင့်ပြိုင်ယှဉ်၊ အစဉ်မယွင်း၊ ရွှေကွန်းတွင်းနှိုက်၊ နီးရင်းစွာဘိ၊
မြတ်ဇာတိဖြင့်၊ သီရိဓမ္မ၊ သုဓမ္မက၊ သီဟသူရ၊ မဟာဓမ္မ၊ ရာဇရွှေဘွဲ့၊ ထိန်လဲ့
ရောင်ဖြိုး၊ လွှန်မြတ်နိုးသည့်၊ သတိုးဘွဲ့တော်၊ တဘော်တပ်မြဲ၊ မင်းရဲမည်ထူး၊
မြင်းမှူးရာနေ၊ သက်ဝေရင်သွေး၊ ချစ်မြေးရတန ၊ မဟာဘွဲ့|ပေါင်း၊ ရွှေ|ဗောင်း
ရွှေ*ဖျင်၊ ဝတ်ရုံဆင်လျက်၊ *ဒယင်သင်းကျစ်၊ ဆဲ့နှစ်ဆဲ့ငါး၊ ဆဲ့ရှစ်အားဖြင့်၊
ထူးခြားတင့်တယ်၊ ရွှေစလွယ်နှင့်၊ ကြိုးငယ်ရှုအိ၊ နတ်သားစီသို့၊ မင်းညီ
မင်းသား၊ ရွှေတော်ပါးတည့်၊ စော်ဘွားနန်းရံ၊ ဘုရင်ခံတို့၊ ဦးဆံချချ၊ ယာဝဲ
ခလျက်၊ အဂ္ဂမဟာ၊ သေနာပတိ၊ ဂုဏ်ထူးယှိသား၊ ခန့်ချိရာခြီး၊ စစ်သူကြီးက၊
ခြားသီးဌာန၊ ပြည်မဒရေးဆောင်၊ မှူးခေါင်မတ်လတ်၊ ရှစ်သောင်းမတ်ကား၊
အဝတ်အဆင်၊ အသွင်ဆောင်ယွက်၊ ယုတ်တက်တန်းဆာ၊ နီဇိမ်းပြာနှင့်၊ တမာ
ရွှေပွင့်၊ ရာနိမ့်မြင့်တိုင်း၊ ဗောင်းနှင့်ဝတ်လုံ၊ ဘွဲ့ပုံနာမံ၊ ဘဲးရံဇာသတ်၊ ပိုင်းခြား
မှတ်၍၊ ယုတ်မြတ်ကြီးငယ်၊ ဝဲယာစွယ်ကား၊ ငါးသွယ်အလွှတ်၊ ပြိုင်*ခတ်
မလွန်၊ အချွန်အဦး၊ တော်ဒူးစနည်၊ နှစ်မည်ဘဝေါ၊ ပြန့်ပြောကျယ်ဝန်း၊
ကွန်းနှင့်သည်|မ၊ သည်ရံစသား၊ ထို|မှတရေး၊ သည်ထွေးတွင်းပြင်၊ နန်းကြီး
ခွင်နှိုက်၊ ဝန်းကျင်ထပ်ထပ်၊ စီစဉ်အပ်တိုင်း၊ ငါးရပ်နေရာ၊ ရွှေသိဟာကို၊ စီကာ
မယွင်း၊ ဆင့်ဆင့်ကျင်း၍၊ လမင်းအထံ၊ ကြယ်ပေါင်းရံသို့၊ ပတ်ခြံဦးခိုက်၊
ဖူးတိုက်ရှိကြ၊ ရံဝန်းကာသည်။ ။ဆယ်ဖြာလက်အုပ် ငုံချွန်းတည်း။ (၃)

၆၈။ လက်အုပ်ချွန်းငုံ၊ ကြာဖူးရုံသို့၊ မင်းပုံညွတ်ခ၊ ရိုတုပ်ကွလျက်၊ ဦးချ
ညီလာ၊ ရံဝန်းကာပြီး၊ မင်္ဂလာရှေးဦး၊ မိုးစည်မြူးသို့၊ ရှိက်ကြူးကြိုးထစ်၊ ဆဲ့တစ်

မြှောက်စည်၊ တံရှည်တံမြှာ၊ သပြေသာတို့၊ သချ်ာသတ္တာ၊ ထိုမှခရှ၊ နှစ်စုမည်မှန်း၊ စည်ဝန်းအစစ်၊ ဆဲ့ခုနစ်နှင့်၊ နှစ်နှဲ့တလိုင်း၊ ခြားပိုင်းတရပ်၊ လက်ချပ်ငါးမျိုး၊ တပိုးနှစ်မည်၊ ဗျောစည်တခြား၊ နှစ်ဆဲ့ငါးတိ၊ မှတ်သားမယွင်း၊ ဒုံမင်းနှစ်လီ၊ ချီအိမယုတ်၊ စည်ပုတ်သံဝါ၊ ပတ်သာလင်းကွင်း၊ တစ်စီသွင်းလျက်၊ သံညှင်းနှဲ့ကြီး၊ ပြိုင်မှီးငါးသွယ်၊ နှဲ့ငယ်ဆဲ့တစ်၊ စင်စစ်မမှား၊ ဆဲ့ငါးခရာ၊ ကျွန်းဦးညာဝယ်၊ မဟာတရူ၊ ဇမ္ဗူ့သပြေ၊ သမုဒ်ရေထက်၊ သီးကြွေငါးပွက်၊ ကိုင်းခက်ကြိတ်ဟန်၊ သဏ္ဍာန်တူစွာ၊ သံ့ပမာသို့၊ ကမ္ဘာစဉ်ထုံး၊ ကြေမဆုံးသား၊ နန်းသုံးပြကတေ့၊ မင်းတို့လေ့ဖြင့်၊ သိမ်မွေ့ညီးညံ၊ နန်းလုံးပျံ့မျှ၊ နန်းသံမြှောက်ခြီး၊ နာမငြီးအောင်၊ မှုတ်တီးကျူးရင်၊ သံတော်တင်၍၊ ဗုဒ္ဓကုံဖျား၊ လောင်းဘုရားလျှင်၊ ပတ္တမြားရောင်မြိုက်၊ မကိုဋ်သင်းကျစ်၊ ခုနစ်ရတနာ၊ စီ*မြှာခြယ်မှုတ်၊ *ဒူယင်မြတ်ကို၊ ဆင်လတ်တုံ†မြှောက်၊ ဝင်းဝင်းတောက်သား၊ မင်း†မြှောက်တန်းဆာ၊ လွန်ထူးစွာဖြင့်၊ တောင်ညာနန်းရှင်၊ မိနတ်သွင်နှင့်၊ ဥကင်ကျည်းရွက်၊ ဘွင့်လျက်သာယာ၊ ဗေ့သီဟာထက်၊ မကွာအတူ၊ *မုနောဃူ၍၊ ထွက်ပြူစမွယ်၊ စံတင့်တယ်သည်။ ။ကြီးကျယ်ဘုန်းတော် ပွင့်လန်းဟည်း။ (၄)

၆၉။ ပိဋကတ်သုံးပုံ၊ အလုံးစုံတွင်၊ အာဂုံဒေသနာ၊ အထူးလာသား၊ ဒိဝါ တပတိ အာဒိစ္စော၊စသောခြောက်ပဒ၊ သဗ္ဗမင်္ဂလာ၊ တဂါထာနှိုက်၊ ဒိဝါကရ၊ အာဒိစ္စနှင့်၊ သဟဿရံသီ၊ စချီများစွာ၊ သညာမည်တွင်၊ မိုးကောင်းကင်ထက်၊ စက်ရှင်ဝင်းဝင်း၊ လေးကျွန်းချင်းသည့်၊ နေမင်းရာဇာ၊ သူရိယာကား၊ လေးဖြာပဟိုရ်၊ တီးရိုက်ပြိုအောင်၊ နဂိုရ်နေ့ဝယ်၊ ထွန်းတင့်တယ်၏၊ ကြယ်များ့မိပတိ၊ သသိ ဋ္ဌန္ဒ၊ ဥဠုရာဇာ၊ နိသာနာထ၊ စသည်ပညတ်၊ မည်မှတ်တံဆိပ်၊ ငွေယုန်ရိပ်နှင့်၊ မှောင်နှိပ်ပယ်ရှင်း၊ ဧကြည်ဝင်းသည်၊ လမင်းရာဇာ၊ စန္ဒိမာကား၊ ညဥ့်ခါနှိုက်ဝယ်၊ ထွန်းတင့်တယ်၏၊ မြတ်နွယ်အမျိုး၊ ဘုန်းရှိန်မိုး၍၊ ပိုင်စိုးရေမြေ၊ တန်းခိုးဝေသား၊ ရထေသဘာ၊ ဘူဘုဇနှင့်၊ ဗြဟ္မဗာဟု၊ မနုဇိန္ဒ၊ စသည်တွင်ခေါ်၊ တေဇော်ထန်ပြင်း၊ ဘုန်းရောင်လင်းသည့်၊ လူမင်းရာဇာ၊ ခတ္တိယာကား၊ မုဒ္ဓါဘိသေက၊ စသည်မင့်မှု၊ မင့်း*ရတုဖြင့်၊ *ဗိုလ်ထုသဘင်၊ ဘွင့်ဥကင်နှင့်၊ ရွှေပလ္လင်ပေါ်၊ ထွက်စံပျော်၍၊ စည်တော်ရှေးဦး၊ ရိုက်ကြူးမလွန်၊ သုံးဘန်ချီချ၊ ညီ*တမျှဖြင့်၊ ထိုမှဥဿုံ၊ တီးစုံမှုတ်မျိုး၊ ပင်လယ်တိုးသို့၊ မြေမိုးသိမ့်ငြာ၊ စမွယ်ရာတွင်၊ ရာဇာ†ဏ္ဍာ၊ ကကု†ဓဟု၊ မည်ထငါးဆူ၊ ထီးဖြူသင်းကျပ်၊ သားမြီးယပ်နှင့်၊ ဘိနပ်သန်†လျက်၊ စွဲ့ဆောင်†လျက်တည့်၊ ပြိုးပြက်ထိန်ဝင်း၊ မင်းခမ်းကျင်း၍၊ မင်းမြှောက်တန်းဆာ၊ ဆင်ခါထိုဝယ်၊ ထွန်းတင့်တယ်ဟု၊ ဘုန်းကြွယ်မိန့်တိုင်း၊ တုမဲ့နှိုင်းအောင်၊ ပြိုင်ခိုင်းမမြင်၊ ရွှေပလ္လင်ထက်၊ စက်ရှင်

ဒေဝရာဇ်၊ ဗြဟ္မာစစ်သို့၊ ဘုန်းသစ်ဘွင့်နှိုး၊ ထပ်ပွင့်တိုး၍၊ တက်ဖြိုးသရေ၊ ရွှန်းရွှန်းဝေသည်။ ။မိုးနေလနှယ် တောက်ထွန်းတည်း။ (၅)

(တုလျယောဂိ လင်္ကာမျိုးတည်း။)

၇၀။ နေမင်းလမင်း၊ ဝင်းဝင်းမိုးလယ်၊ ထွန်းတင့်တယ်သို့၊ ဘုန်းကြွယ်ရာဇာ၊ လောင်းမြတ်စွာကား၊ မုဒ္ဒါဘိသေက၊ ခတ္တိယဟိတ်၊ ဘိသိက်တော်ခံ၊ သိမ်းစံနန်းသစ်၊ ဘွင့်လှစ်ဥကင်၊ မင်းပွဲ*ရင်ပြီး၊ အကြွင်ရှေးခါ၊ မင်းတကာတို့၊ ဓမ္မတာတော်၊ မကျော်မကျူး၊ ရာထူးထပ်ကဲ၊ မည်ရည်လွှဲ၍၊ စွန့်ကြဲကြီးစွာ၊ ပြုစဥ်လာတိုင်း၊ မဟာဥပရာဇ်၊ ရင်နှစ်တော်ရင်း၊ အိမ်ရှေမင်းက၊ စ၍ ကုန်အောင်၊ မှူးခေါင်မတ်လတ်၊ ယုတ်မြတ်နွယ်ရိုး၊ ကျွန်တော်မျိုးတိ၊ ပြည်စိုးမြို့ကွပ်၊ အကြပ်ထောင်ပိုင်၊ ခရိုင်ဇနပုဒ်၊ နိုင်ငံတိုက်နှိုက်၊ ထိုက်လိုက်သီးခြား၊ မြို့စားပြစား၊ ရွာအများကို၊ အုပ်ငြား*သံ†ပျင်၊ ထို†ပြင်တမျိုး၊ တရွာစိုးက၊ ခေါ်ရိုး*ကလန်၊ မတ်တသွန်အား၊ မကျန်မြားမြောင်၊ စေ့စုံအောင်လျှင်၊ ဆောင်ယောင်ထီးစည်၊ ဘွဲ့မည်ဋ္ဌာနန်၊ ထိုက်တန်ဂုဏ်လျော်၊ ထပ်ခါလှော်မှ၊ ခြီးမြှောက်*ဖြိုးကဲ၊ လူ*ခပဲအား၊ စွန့်ကြဲပေးကမ်း၊ *လှေ့လှေ့ယမ်းနှင့်၊ ထောင်တမ်းလေးရပ်၊ မြဲစောင့်†ကြပ်လျက်၊ ကျဉ်း†ကျပ်ခံသူ၊ လွှတ်တော်မူ၍၊ မပူချမ်းမြေ့၊ လန်းလန်းကြွေ့သား၊ ရေတွင့်ငုံအာ၊ အိုင်ကြီးကြာသို့၊ မျက်နှာအထူး၊ လွှန်ကြည်နူးသည်။ ။ရှင်မြူး လူရှင် ရဟန်းတည်း။ (၆)

၇၁။ အချီအချီ၊ ဆုံးမရှိအောင်၊ ပီတိသောမနဿ၊ တက်ကြွထိန်ဆူ၊ သောင်းသောင်းဦမျှ၊ ရှင်လူ*ဥဒဟို၊ ထိုထိုနိုးဝေး၊ ရှုပ်ထွေးထွက်ဝင်၊ အတင်တင်ဖြင့်၊ သဘင်ဇာတ်ရုံ၊ တီးစုံကမျိုး၊ ကျွမ်းထိုးတမ်းလျှောက်၊ လက်ပမ်းပေါက်က၊ ဝမ်းမြောက်ကြည်နူး၊ အထူးထူးတည့်၊ ရှင်မြူးနှေ့ညဉ့်၊ ထိုကာလကား၊ စိတ္တလတာ၊ *ဥယျာဉ်†သာဝယ်၊ အာ†သာနွယ်စစ်၊ ကသစ်ရွှေခိုင်၊ ပွင့်ချိန်တိုင်၍၊ လေးစိုင်ရောင်စို၊ ရွှေမြင်းမိုရ်ထက်၊ ထိုထိုဝင်းညီး၊ နတ်သမီးနတ်သား၊ နတ်အများတို့၊ ရှင်အားကြီးစွာ၊ သျှထက်ငါလျှင်၊ တာဝတိန်တိုက်၊ သောင်းလုံးလှိုက်အောင်၊ ကျိုက်ကျိုက်ညိုးညံ၊ ပဉ္စင်သံနှင့်၊ နတ်သံ*မစဲ၊ နတ်တို့ပွဲသို့၊ *ခပဲ *ပြောထူ၊ လေးဆူမျိုးပြား၊ အခြားခြားတို့၊ ယောကျ်ားမိန်းမ၊ ကြီးငယ်စသား၊ ထိုမျှကြေညာ၊ ရှစ်ဒိသာလုံး၊ မိထိလာပြည်သူ၊ များရှင်လူလည်း၊ ဦဦညိတ်ညိတ်၊ မွမ်းမွမ်းဆိတ်တိ၊ ဘိသိက်တော်ပွဲ၊ နန်းသိမ်းပွဲနှင့်၊ တကွဲထို့ပြင်၊ ဥကင်တော်ပွဲ၊ ထပ်ထပ်ကဲ၍၊ မင်းပွဲလျှုပွဲ၊ စဉ်အမြဲဖြင့်၊ *မစဲသို့ပင်၊ လွှန်ကြည်လင်

လျက်၊ သဘင်နိစ္စ၊ ဆဲနှစ်လတိုင်း၊ သောကမမြော်၊ မြူးကြပျော်သည်။ ။ဘုန်းတော်ရေကြည် ဆွတ်ဖျန်းတည်း။ (၇)

(ဤပိုဒ်ကား ဟာဿဋ္ဌာယီဘာဝ ကိုပြသည်။)

ဤကား ဥကင်တော်ဘွဲ့ခဏ်း ၇-ပိုဒ်တည်း။

ဤမျှဖြင့် မဃဒေဝေါ နာမ ရာဇာ အဟောသိ-၏အရ ပြီး၏။

---

## ၈-ရာဇစရိယခဏ်း

၇၂။ ထိုမိထိလာ၊ ပြည်အောင်ချာနိုက်၊ မဟာမဃ၊ ဒေဝမင်းခေါင်၊ မင်းများနောင်လျှင်၊ ဘုန်းရောင်တက်တိုး၊ နေနွယ်ရိုးတည့်၊ အမျိုးမြတ်ဆုံး၊ လက်ရုံးနေရှိန်၊ ဝရဇိန်ပညာ၊ ဥစ္စာမြေထု၊ ဗိုလ်စုမြင်းမိုရ်၊ နိုင်းဆို*တမျှ၊ ဗလငါးပါး၊ မင်းတို့အားနှင့်၊ ထင်ရှားပြည့်စုံ၊ ရွှေဘုံနန်းသစ်၊ တည်လစ်ထောင်ပွါး၊ သိကြားတဆူ၊ သဏ္ဍာန်တူအောင်၊ ရိပ်ဖြူရှစ်စင်း၊ မင်းခမ်းကျင်းလျက်၊ ဝင်းဝင်းဘိတ်ဘိတ်၊ ကျွန်းလုံးထိတ်မျှ၊ ဘိသိက်ထပ်ခံ၊ တက်စံနန်းသစ်၊ ဘွင့်လှစ်ဦးကင်၊ သောင်းခွင်ကျော်ဟုိး၊ ဘုန်းတော်နှိုး၍၊ တန်းခိုး*လွှဲ့ကြွား၊ စောင့်တရားဖြင့်၊ တိမ်းပါး*မဲ့အောင်၊ ကျင့်ဆောင်မယွန်း၊ စဉ်ပြဋ္ဌာန်းလျက်၊ ရဟန်းသိက္ခာ၊ မင်းမှာဘိသိက်၊ သူတော်စိတ်ဟု၊ ထိုးထိတ်မယှိ၊ ကျောက်ဂီရိသို့၊ သတိပညာ၊ သမ္မာတည်ကြား၊ ကျင့်မမှားဘဲ၊ တိုင်းကားပြည်ရွာ၊ စည်ရာလေးခု၊ ဆယ်ခုကြောင်းခံ၊ နိုင်ငံကျယ်ပွင့်၊ ရှစ်ဆင့်ကာရဏ၊ မကောင်းရတည့်၊ ရာဇပြကတေ့၊ မလေ့ခုနစ်၊ စစ်၏အင်္ဂါ၊ မြို့အစာလည်း၊ သင်္ချာစတု၊ ပြည့်ကြောင်းပြု၍၊ လေးခုအဂတိ၊ မငြိမလား၊ လေးပါးသင်္ဂြိုဟ်၊ ကုသိုလ်ဒသ၊ ကံပထနှင့်၊ မင်းမျှေးကျင့်ရန်၊ ရှစ်တန်ဆယ်ဖြာ၊ စကြာကျင့်ဝတ်၊ ဒွါဒသ်တရား၊ မမှားနေ့ညှ၊ မယွင်းရတည့်၊ ဆ နာယက၊ ဂုဏခြောက်ပါး၊ မပြောက်†ကျားဘဲ၊ သိ†ကြားလ နေ၊ မြေ လေ ယမ၊ သမုဒ္ဒနှင့်၊ ဒေဝပဇ္ဇုန်၊ ရာဇဂုဏ်လည်း၊ *မသုန်မဖျင်း၊ ကိုးကွင်းနဝရတ်၊ ဆင်မပြတ်ဖြင့်၊ သတ္တအပရိဟာ၊ ကျင့်ကောင်းစွာသား၊ ကျင့်ရာကိစ္စ၊ မကြွင်းရတည့်၊ ဓမ္မလုံးစုံ၊ ယှဉ်ထုံကိုယ်လုံး၊ ကျင့်သုံးအမြဲး၊ ကိုင်စွဲလက်ယှိ၊ သို့ဖြစ်ဘိ၍၊ ဓမ္မိကပုဒ်၊ ဟောဘော်ထုတ်သား၊ ပြယုဂ်ပြီးသေ၊ ရုပ်အနေကို၊ ဓမ္မေ နိယုတ္တော၊ ဓမ္မော အဿတ္ထိ၊ ဓမ္မံ စရတိ၊ ဘွင့်ဘိ အဋ္ဌကထာ၊ ရှေးဆရာတို့၊ ဋီကာသံဝဏ်၊ နည်းမလွှန်သည်။ ။ပြည္ဘန်ရွှေနူတ် မိန့်ခွန်းတည်း။ (၁)

(ဤကား ဓမ္မိကော-ပုဒ်၏ အဘွင့်တည်း။)

၇၃။ ဓမ္မိကဖြင့်၊ ရာဇကျင့်ထုံး၊ စွဲသုံးမြဲထုံ၊ အလုံးစုံနှင့်၊ ရွှေဘုံထီးနန်း၊ ဘုန်း*ဘန်ဆန်း၍၊ သိမ်းမြန်းအုပ်မိုး၊ မဃ*စိုးဟု၊ တန်းခိုးနေစက်၊ *စောဘုန်းတက်ကား၊ နန်းထက်သန္ဓေ၊ တည်နေမြင်ဘွား၊ ပြေးသွားတတ်ထ၊ သည်ကစ၍၊ ထိန်းယလက်ပေါ်၊ ဖြေဖျော်စံ†ခြင်း၊ ရွှေဂုံ†ချင်းနှင့်၊ ရွှေမြင်း ရွှေဆင်၊ ရွှေရုပ်ရှင်ကို၊ နန်းပြင်ကစား၊ မြူးရွှင်ပါးသည်၊ မင်းသားငယ်စစ်၊ သူငယ့်ဖြစ်ဖြင့်၊ အနှစ်ရှစ်သောင်း၊ လေးထောင်ပေါင်းတည့်၊ မင်းလောင်းနန်း*လျာ၊ ဥပရာဟု၊ မင်္ဂလာစံငြိမ်၊ မြောက်ဝင်းအိမ်ဝယ်၊ စည်းစိမ်တဆင့်၊ ကြီးမြင့်ပြန့်၍၊ ဘုန်း*ကြွေ့ကြွေ့နှင့်၊ အိမ်ရှေ့မင်းဖြစ်၊ စံသည့်ခေတ်လည်း၊ အနှစ်ရှစ်သောင်း၊ လေးထောင်ပေါင်းတည့်၊ တကြောင်းထိုမှ၊ ဝိဒေဟနိုက်၊ တတိယနန်းထီး၊ တည်ပြီးစံလစ်၊ မင်းကြီးဖြစ်လည်း၊ အနှစ်ရှစ်သောင်း၊ လေးထောင်ပေါင်းတည့်၊ ရှေးကြောင်းပုညဇိဒ်၊ ဂုဏ်မဟိဒ်နှင့်၊ အာဒိစ်ရဝိန်၊ နေသူရိန်လျှင်၊ အရှိန်ပြိုးပြက်၊ ထိုးကာတက်သို့၊ လက်နက်ချိမိုး၊ လက်ရုံးကိုးလျက်၊ စစ်ထိုးလုယက်၊ နိုင်အထက်ဖြင့်၊ နှိပ်စက်ကိစ္စ၊ မပြုရဘဲ၊ ငယ်ကဆင့်ဆင့်၊ ဘုန်းတော်ရင့်တိုင်း၊ အသင့်အသင့်၊ ဆီးခံလင့်၍၊ မြင့်သည့်စည်းစိမ်၊ ကြီးရိပ်ငြိမ်နှင့်၊ မွေ့သိမ်ချမ်းမြ၊ ဓမ္မေနဟု၊ ဓမ္မကရိဏ်း၊ ဟုတ်တိုင်းမုချ၊ အနွတ္ထဖြင့်၊ နန်းရမင်းစစ်၊ ဖြစ်သည့်အရ၊ ပဝတ္တကြောင့်၊ ဓမ္မရာဇာ၊ မည်တော်သာသည်။ ။မဟာပုည*ပြဋ္ဌာန်းတည်း။ (၂)

(ဤကား ဓမ္မရာဇာ-ပုဒ်၏ အဖွင့်တည်း။)

၇၄။ ဝဒန္တနိုက်၊ အတ္ထကြောင်းလာ၊ သဒ္ဒါအကျိုး၊ စစ်ရိုးကျမ်းဂန်၊ အခြေမှန်သား၊ သံဝဏ္ဏနာ၊ ဆရာတို့ထုံး၊ လက်သုံးနည်းရိုး၊ သွယ်သည့်†ကြိုးသို့၊ အ†ကျိုးမကွဲ၊ အကြောင်းလွဲ၍၊ ဘွင့်မြဲ*တံထွာ၊ ဓမ္မတာဖြင့်၊ ဝါဝိကပ္ပ၊ တနည်းပြကား၊ ပရဟိတ၊ လောကအများ၊ သူတပါးတို့၊ စီးပွါးအကြောင်း၊ ကျင့်ကောင်းဓမ္မ၊ စရိယကို၊ ကျင့်ထတုံဘိ၊ ဂုဏ်သတ္တိကြောင့်၊ ဓမ္မိကဟူသည်၊ မည်သတတ်တည့်၊ အတ္တဟိတ၊ ဒိဋ္ဌ တမလွန်၊ နှစ်တန်ကျိုးယှို၊ မိမိစီးပွါး၊ ကျင့်တရားကို၊ ကျင့်ငြားတတ်ထ၊ စရကကြောင့်၊ ဓမ္မရာဇာ၊ သညာထူးလည်၊ မည်ပညတ်တည့်၊ လောင်းမြတ်မဃ၊ *စောဒေဝလည်း၊ အတ္တ ပရ၊ *ဟိတပွါးစီး၊ အကျိုး*ဖြိုးအောင်၊ ပြည်ကြီးထောင်တည်၊ ဘုန်းရောင်ခြည်ဖြင့်၊ တောင်ရှည်ပတ်ချုပ်၊ ကြက်နွယ်အုပ်လျက်၊ ပိုက်ထုပ်ထိန်းကယ်၊ များ*ပေါယယ်အား၊ လေးသွယ်သင်္ဂြိုဟ်၊ ခြိုးမြောက်*ကြို၍၊ ကိုယ်၏စီးပွါး၊ သူစီးပွါးတည့်၊ နှစ်ပါးကျိုးယှို၊ ကျင့်နိုင်ဘိသား၊ သတ္တိအရ၊ ဓမ္မိကနှင့်၊ ဓမ္မရာဇာ၊ မည်ထိုက်စွာသည်။ ။ရွှေစာ ကျမ်းမိန့် မယွန်းတည်း။ (၃)

(တနည်းအားဖြင့် ဓမ္မိက-ပုဒ်၏ ပရဟိတောပါယဓမ္မစရကယောဇနာ အနက်တို့ကို ဘွင့်ပြသည်။)

၇၅။ ယင်းဓမ္မိက၊ ပဒအလို၊ လောင်းမင်း†ပျိုလျှင်၊ မ†ပြို မပျက်၊ ဓမ္မစက်ဖြင့်၊ မကွက်မမှား၊ ပြည်တိုင်းကားနှိုက်၊ လေးပါးမျိုးနွယ်၊ ကြီးငယ်မြွတ်ယုတ်၊ *ဗိုလ်အစုတ်ကို၊ ခွန်တုတ်မတိုး၊ ပန်းနှယ်ပျိုး၍၊ မင်းရိုး*တကာ၊ ရှေးရာဇာတို့၊ စဉ်လာပေးကမ်း၊ ပြုမြဲတမ်းဖြင့်၊ ရှေးလမ်းအကျ၊ မယုတ်ရအောင်၊ ဗြာဟ္မဏဂဟပတိ၊ စယိုလုံးစုံ၊ နိဂုံဇနပိုဒ်၊ လူတဝိုက်အား၊ ထိုက်လိုက်သင့်တင့်၊ မြှောက်ခြီးမြှင့်လျက်၊ ငှက်နှင့်သားငါး၊ တောသားရေပိုး၊ အမျိုးမျိုးလည်း၊ မစိုးထိတ်နန့်၊ မလန့်ကြောက်စေ၊ စောင့်ရှောက်ထွေဖြင့်၊ ရေနေ ကြည်းနေ၊ ချမ်းသာစေဟု၊ သဗ္ဗေ သုခီ၊ ကျမ်းလာမှီပြီး၊ သက်ဇီဝိတ၊ အဘယတို့၊ ဒါနစေတနာ၊ လွန်မြွတ်စွာသား၊ မဟာကုသလ၊ ဝိသိဋ္ဌကို၊ နိစ္စမသွေ၊ ပြီးပစေလျက်၊ မိန့်ရွှေ လတိုင်း၊ ရက်မဆိုင်.ဘဲ၊ ရွှေသိုင်း ဝင့်†ကြော်၊ ရွှေစည် ဆော်၍၊ အ†ကျော်*တ†စော၊ မေတ္တာ†ဇောဖြင့်၊ တောင် တော မြစ်အင်း၊ မကျန်ကြွင်းအောင်၊*ခပင်းငယ်ကြီး၊ အသီးသီးအား၊ အနီးအဝေး၊ ဘေး*မဲ့ပေးသည်။ ။ ရန်ဘေးမဖြယ် မစွန်းတည်း။ (၄)

(ဤကား ဓမ္မိက-ပုဒ်ကို ပရဟိတောပါယဓမ္မစရက–ဟူ၍ ဘွင့်ပြသော သံဝဏ္ဏနာ၏ လဒ္ဒဂုဏ်၊ တနည်း အကျယ်ဝိတ္ထာရတည်း။)

၇၆။ ဓမ္မရာဇာ၊ မည်တော်သာသား၊ သဒ္ဒါအရ၊ လောင်းမဃလျှင်၊ အနွ ပါန၊ စသည်အပြား၊ ဆယ်ပါးပညတ်၊ ဒါနရပ်ကို၊ မလပ်မကင်း၊ ပေးစွန့်ခြင်းနှင့်၊ သီတင်းငါးလီ၊ ပဥ္စသီမူ၊ ယှဉ်မှီမလွဲ၊ ရှေလည်ရွဲးသို၊ လက်စွဲးမချ၊ မြဲးနိစ္စတည့်၊ တလမယုတ်၊ ဆန်းဆုတ်အညီ၊ အဋ္ဌမီက၊ စုဒ္ဒသီမည်မှတ်၊ ပန္နရသ်ဟု၊ ပညတ်နာမ၊ နိစ္စမရွေ့၊ ပြကတေ့နှင့်၊ ရှေ့ရက် နောက်ရက်၊ ဝင် ထွက်ကြိုပို့၊ သည်ရက်တို့နှိုက်၊ မချိုပက္ခ၊ ပါဋိဟာဟု၊ ကျမ်းပြခေါ် ရိုး၊ ဉပုသ်မျိုးလည်း၊ မညိုးတရုံ၊ ခြိုး*တခြံဖြင့်၊ ဗြဟ္မစရိယ၊ အဋ္ဌင်္ဂကို၊ တလအနက်၊ ဆဲ့လေးရက်တိုင်း၊ မပျက်တန္ဓေ၊ လစဉ်ဇေ့အောင်၊ သိမ်မွေ့နှလုံး၊ ဆောက်တည်သုံး၍၊ ဆုံးဆုံးမမ၊ . စိတ်မခွဘဲး၊ ကျင့်ထမမှား၊ အမှန်အားဖြင့်၊ ခြောက်ပါးဣန္ဒြေ၊ မြဲးစောင့်နေ၏၊ သေသေဝပ်ဝပ်၊ ကွပ်ကွပ်နှိုပ်နှိုပ်၊ သိပ်သိပ်သည်းသည်း၊ မ*လိပ်လည်းဘဲး၊ အ*ထည်းယုတ်မာ၊ ရုန့်ရင်းစွာသား၊ ကိလေသာဆိုး၊ *ရမ္မက်မျိုးတို့၊ မထိုး*ကျင့်ရ၊ *တဒင်္ဂတိုင်း၊ ကင်းပကွယ်†ပျောက်၊ ငြိမ်းအောင်ဖျောက်လျက်၊ စွန်း†ပြောက်မယှဉ်၊ သမ္ပဇဉ်နှင့်၊ ယဉ်ယဉ်†ကျေးကျေး၊ မျက်နှာရေးကို၊ ရွှေ†ကြေးမုံပြင်၊ မပြတ်တင်သို့၊ မထင်ရိမှေး၊ အစင်ဆေး၍၊ လေးလေး*ကုကုံ၊ ခြောက်အာရုံနှိုက်၊ ခုံခုံ*မင်မင်၊ ပြေးဝင်ပေါက်လွှတ်၊ မညွတ်စေလျှင်း၊ ပြစ်မှုကင်း၏၊ ခရှသင်းပွတ်သစ်၊ ပုလဲးနှစ်နှင့်၊ မညစ်မမှိန်၊ လစန္ဒိန်သို့၊

သန္တိန္ဒြိယ၊ လွန်ချမ်းမြလျက်၊ သမစရိယာ၊ ငြိမ်သက်စွာလျှင်၊ မဟာဗောဓိ၊ လမ်းမှန်သိသည်။ ။ဇာတိရွှေညာဏ် ခိုင်*ကျန်းတည်း။ (၅)

(ဤကား ဓမ္မရာဇာ-ပုဒ်ကို အတ္တဟိတောပါယဓမ္မစရက–ဟူ၍ ဖွင့်သော သံဝဏ္ဏနာ၏ လဒ္ဓဂုဏ်၊ တနည်း အကျယ်ဝိတ္ထာရ)။

ရာဇစရိယခဏ်း ၅-ပိုဒ်ပြီး၏။

ဤမျှဖြင့် ဓမ္မိကော ဓမ္မရာဇာ-၏အဘွင့် ပြီး၏။

---

## ၉-ဘုန်းတော်ဘွဲ့ခဏ်း

၇၇။ ဤသို့ဘုန်းယှိ၊ ညာဏ်ဇာတိနှင့်၊ ဗောဓိညွန့်ရှင်၊ ဆုကြီးဆင်လျက်၊ ပလ္လင်ကိုးဆင့်၊ ဥကင်ဘွင့်၍၊ ရာမင့်စူဠာ၊ *သျှောင်ကေသာသွယ်၊ အသခ်ါရိုက်၊ တိဟိတ်သန္ဓေ၊ ဉက္ကာဌ်နေသည့်၊ *ဗိုလ်ခြေကိုးရာ၊ ကြိးသမ္ဘာနှင့်၊ မဟာမဃ၊ လောင်းဒေဝကား၊ ဝဲဒေဟတိုင်း၊ ကမ္ဘာလှိုင်းလည်း၊ *သမိုင်းမ†ကျေ၊ ဇမ္ဗူမြေထက်၊ ညာ†ကြေးပြန့်*ပြော၊ အံ့ဘွယ်မောမျှ၊ ခေါဘုဏ်စစ်၊ တဆဲ့ရှစ်တို့၊ လက်ပစ်ချမှိုင်၊ မတတ်နိုင်အောင်၊ ကြံခိုင်ခက်†ကျိဏ်၊ သောင်းလုံးထိတ်လျက်၊ မြဲ†ကြိတ်လုံခြုံ၊သိကြွားဘုံသို့၊ ပြည့်စုံမချို၊ သာပေါင်းကြို့၍၊ မြင်းမိုရ်လ†ကျာ၊ ဒက္ခိဏာတွင်၊ ဇေ†ယျာပဝရံ၊ အောင်သံမဆိတ်၊ အောင်နိမိတ်နှင့်၊ ဂုဏ်ဟိတ်သြဘာ၊ ကျော်စောစွာသား၊ မိထိလာမည်သီး၊ ရွှေပြည်ကြီးကို၊ ရှစ်ထီးကနက်၊ ရိပ်ဖြူကြက်၍၊ နန်းဆက်အသစ်၊ စိုးဟည်လစ်မှ၊ *သရစ်ရွှန်းရွှန်း၊ ဗြဟ္မာသွန်းသည့်၊ တု*ကျွန်းမမြော်၊ ဘိသိက်တော်နှင့်၊ အဟော်ဝတ၊ စရိယတိ၊ နိစ္စမြဲမြံ၊ ရာဇဓံ၏၊ နိသံတော်ဟုန်၊ တန်းခိုးဂုဏ်ကြောင့်၊ ဝသုန္ဓရာ၊ မြေမျက်နှာထက်၊ ရာဇာရာဇ၊ ထိုမျှ*ခပင်း၊ ထီးဆောင်းမင်းတို့၊ ဆင်မြင်းသားကြီး၊ ချစ်မငြိုးသား၊ သမီးကညာ၊ ရတ†နာနှင့်၊ ပ†ဏ္ဏာတော်ထူး၊ ဆက်လာပူးသည်။ ။ရှိဦးတင်ကြ ရွှေပန်းတည်း။ (၁)

၇၈။ ခရုမင်္ဂလာ၊ ငွေသခ်ါဖြင့်၊ မုဒ္ဒါသဘင်၊ ဗြဟ္မာ*ရင်သား၊ ရေစင်ဘိသိက်၊ အောင်ဟိတ်သြဇ၊ နိသံသနှင့်၊ ဓမ္မပြကတော့၊ သိမ်မွေ့ခိုး*ခြံ၊ ရာဇဓံတော်၊ ဂုဏ်န†ဘော်ကြောင့်၊ ဉ†ပေါ်ဆဒ္ဒန်၊ စုံအင်†ကြန်နှင့်၊ မ†ကျန်နှိုးဆော်၊ လာစေခေါ်သို့၊ ဂေါစရိယာ၊ ကာလာဝက၊ ဂင်္ဂေယျာ၊ ထိုမျှဆယ်လီ၊ စုံတညီဖြင့်၊ ဆင်နီတရွှေ၊ ဆင်ရွှေအမျှား၊ ဆင်ကျားပေါ*ပည်း၊ ဆင်မည်းအပုံ၊ စွယ်စုံဟိုင်း*ဟံ၊ တည်*တံသိန်းသောင်း၊ ဆင့်အပေါင်းလည်း၊ ခ*ညောင်းရွှေစက်၊ ခံလာရွက်မှ၊ မည်းနက်ဥက္ကောင်း၊ ကျီးငှက်ခေါင်းသို့၊ *ဂယ်လောင်းမျက်လုံး၊ တာဖုံးနှုတ်ခမ်း၊ နှိုင်းတန်းမယှက်၊ ခွါလေးဘက်တို့

ရွှေခွက်ဖလား၊ မှောက်၍ထားသို့၊ မြိုးဖျားသွယ်သွယ်၊ ရွှေရင်ကျယ်နှင့်၊ တင့်တယ်လှ†ကျော၊ ဗွေသန့် †ကြောသား၊ သိန္ဓောရွယ်ပျို၊ အသျှ†တိုရ်က၊ ထို†ထိုဘိုးထိုက်၊ တိမ်တိုက်*ကွန့်မြူး၊ မျိုးထူးဇာနေ၊ သကွေသဟက်၊ မရော ရှက်ဘဲး၊ ကျားလက်စိုင်လျော်၊ ဗွေကျော်ဘောင်းဝတ်၊ ဖြူဆွတ်စိမ်းပြာ၊ အရာ ရာဖြင့်၊ သန်ချာဆုံးပိုင်၊ ဂဏန်းကိုင်လည်း၊ ကလိုင်*ကလဲး၊ ရေနိုင်ခဲးလျက်၊ ဖြင်*ပြဲးပြော*ထူ၊ မှတ်ယူမသာ၊ များလှစွာ၏၊ ရွှေသမ္ဘာမြတ်၊ ဇလ္ဒိပါဒ်ကား၊ နာဂတ်သက်သေ၊ ကမ္ဘာ†ကြေလည်း၊ မ†ကျေတို့စွာ၊ အံ့မောရာသည်။ ။နောင်လာပြောဘို့*ဥဒါန်း†တည်း။ (၂)

၇၉။ အထွေအထွေ၊ ကမ္ဘာ†ကြေလည်း၊ မ†ကျေအံ့ရာ။ မြတ်သမ္ဘာတည့်၊ ဟေမာလယ၊ တောမြိုင်မက၊ ဒေဝစန္ဒ၊ သကုဏ်နှင့်၊ ဒုမကောန္တ၊ ဒဏ္ဍမာဏဝိ၊ ယိုပြိဒ်အပ၊ ကဏ္ဍပါဝု၊ အစပြုသား၊ လူ့ကိုယ်လူ့လက်၊ လူ့မျက်ခွက်နှင့်၊ တချက်ရုပ်ဆောင်း၊ မြင်းခေါင်းတူလှည့်၊ ငှက်၏ကိုယ်မှာ၊ လူ့မျက်နှာက၊ လူဝါလူသွင်၊ ဆံပင်နှောက်လံ၊ *ယမ်ငယ်သွေး၊ ငှက်မွေးတောင့်ပေါက်၊ ရွယ် မဘောက်ဘဲး၊ ယောင်လောက်သက်တမ်း၊ ဘေး*ဘျမ်းမဆံ၊ စုံ*မြိုင်ယုံဝယ်၊ မောင်နှံဖိုမ၊ ချစ်မဝသား၊ ပျော်ကြအမြဲး၊ တညည့်ကွဲးမျှ၊ ဘန်လဲးလည်ရှက်၊ တသက်သက်နှင့်၊ နေ့ရက်ရေစစ်၊ အနှစ်ခုနစ်ရာ၊ ကြာအောင်မမေ့၊ ငို၍မပြီး၊ ကြီးလှချစ်ခင်၊ သက်ချင်းတင်လျက်၊ ကြင်ကြစရိုး၊ ငှက်မျိုးနတ်နွယ်၊ လွန်ဆန်း ကြယ်သား၊ တင့်တယ်ရုပ်*ဝါ၊ ကိန္နရာကိန္နရီ၊ ဘော်စုံညီတို့၊ က သိခုန်မြူး၊ သံချို ကျူး၍၊ နန်းဦးရွှေတော်၊ ရှုစိမ့်ပျော်အောင်၊ ဖြေဖျော်ခလာ၊ ရက်မချာ တည့်၊ အံ့ရာအံ့ရာ။ အဖြာဖြာက၊ ရတနာယာဥ်ကျော်၊ ဆင်တော်မြင်းပျံ၊ အရိန် လုံနှင့်၊ မီးလျှံနတ်စက်၊ သိကြားဆက်သည်။ ။နှိုင်းဘက်အတု *လွတ်ကျွန်း တည်း။ (၃)

၈၀။ ဝသုန္ဓရီ၊ မဟီကာသ၊ သမုဒ္ဒနိုက်၊ ကမ္ဘပစ္စည်း၊ အရင်းတည်းလျက်၊ ဟောနည်းမှတ်ပြု၊ ဥတုသမုဋ္ဌာန်၊ ပျံ*ကွန်မြေမိုး၊ မဏိမျိုးနှင့်၊ ပြရိုးနီလာ၊ မသာရဂလ်၊ ဝသ်†ဝဏ်က၊ ရောင်†ဝှန်ထိန်လင်း၊ ဝိုးဝင်းပြိုးပြက်၊ ကိုးအာ†မျက်တို့၊ ထက်†မြက်တေဇ၊ တန်းခိုးပလျက်၊ ထိုမျှယို၍၊ ထဲးရေမြေမှ၊ ပေါ်၍ဆက်လာ၊ ရက်မချာတည့်၊ သီလာဇတု၊ ခေါ်ပြုသမိုက်၊ *အဘြိုက်*တိမ်ချေး၊ *တေးခပ် ပြာခဲး၊ *သလွဲးမည်းဖြူ၊ ကြေးသံမူကား၊ မယူလိုကာ၊ မြေပမာတည့်၊ ရတနာ ဘော်ငွေ၊ စိန်ရွှေသလင်း၊ ပယင်းထွေပြား၊ အပါးပါးက၊ ငါးနှင့်ဝက်ဆင်၊ ဘူဇင်္ဂသိ၊ သိပ္ပိ သင်္ခါ၊ ဝလာဝေဠု၊ အမြတ်ပြုသား၊ *အမှုတေခဲး၊ ပုလဲးမျိုးရှစ်၊ သယံဇာစ်လည်း၊ အနှစ်ရတနာ၊ မဟာရဟာ၊ ဘုန်းကျိုးပြ၍၊ သာရအစု၊ *ရောရု ပေါင်းရုံး၊ ပြိုးပြုံးရိုးရဲး၊ ပိုလင်းကဲးတိ၊ ရေထဲးသမုဒ်၊ လှိုင်းပုတ်ခတ်တင်၊ ကောင်းကင်ပျံ†ကျ၊ သက်လာ†ကြလျက်၊*ဖြင်မျှထိုဉ်၊ *ပည်းသီ တင်း†ကျမ်း၊

နှုအ|ကြမ်းဖြင့်၊ မြစ်ကမ်းတခွင်၊ မြေပြင်ကုန်း|ကြည်း၊ *အပည်းပည်းသား၊
*အ|ကျည်းအခဲ်း၊ ရှောက်ရှ|ကြဲးသို၊မ|ကျဲးထပ်တင်၊ မြေအပြင်ထက်၊ ရောင်ရှင်
လက်လက်၊ ဆောင်ကာဆက်လည်း၊ *မယွက်မယွင်း၊ ရာမဟင်းတည့်၊ *ပြည့်
လင်း*လဘော၊ ပြန့်ပြော*လျှမ်းကယ်၊ လိုဘွယ်မ|ယှား၊ လွန်ထင်|ရှားရှ်၊
ဝတ်စားတန်းဆာ၊ ရတနာကား၊ ပဒေသာဆူဆူ၊ ပေါက်သော့တူဖြင့်၊ *ပြော
ထူ*ကြွယ်ဝ၊ မတောင့်တအောင်၊ ပြည်ပပြည်တွင်း၊ သာပွင့်လင်း၏၊ ကြီးမင်း
တေဇာ၊ သမ္ဘာ*ဖွံ့ထွား၊ *လွှံ့ကျော်ကြားလျက်၊ ပွါးလေပွါးလေ၊ *ဖျား
တက်ရေသို၊ ရွှေပုညဇိဒ်၊ ဘုန်းတော်ဟိတ်ကြောင့်၊ ဒေဝိဒ္ဓိပါဒ်၊ နိမ္မာနတ်သို၊
ယုတ်မြတ်လူ*ဗိုလ်၊ ဘုန်းရိပ်ခိုတို့၊ မငြိုမ|ငြင်၊ လွန်ကြည်လင်ရှင့်၊ *ယာဉ်|ညင်
စကြာ၊ ရတနာသည်။　။သည်သာကျန်တော့ ဘုန်းတန်း|တည်း။ (၄)

ဂ၁။ ဘုန်းတော်ကြီးရှ်၊ ဘုန်းမီးတောက်လောင်၊ ရန်မျိုးရှောင်လျက်၊
ခြောက်ရောင်စွယ်စက်၊ ဝင့်တိုင်းလက်သား၊ နတ်ဆက်ဆဒ္ဒန်၊ ယာဉ်*မွန်ဝလာ၊
အဿဇာကာ၊ကညာ ပတ္တမြား၊ သူဌေး့သားဟု၊ ခြောက်ပါးရတနာ၊ လက်မကွာ
လျှင်၊ စကြာတော်ကြီး၊ ရောက်နီးချိန်ခွင့်၊ ခါတော်လင့်ရှ်၊ နန်းမြင့်*နိတုံ၊
ရွှေဘုံရိပ်တွင်း၊ လျှု*သိတင်းနှင့်၊ မကင်းစေမြို၊ စဉ်မချိုဘဲ၊ မင်းတို့ဓမ္မတာ၊
စံပျော်ရာသား၊ ရတနာစီရှက်၊ သလွန်ထက်နှိုက်၊ စိုက်လျက်အမြဲး၊ ရဲရဲရောင်
လှစ်၊ မီးစစ်စစ်သို၊ ခုနစ်ရတနာ၊ စီမြွာရိုးခက်၊ စိန်ညောင်ရွက်နှင့်၊ ဖြန့်
ကြက်|ညီးညီး၊ *ကြငှန်းထီးက၊ မ|ငြီးရှုဘွယ်၊ထိုပြီးဝယ်လည်း၊ကိုးသွယ်နဝရတ်၊
ခြယ်ခတ်စီ|နစ်၊ မျက်စုံပျစ်လျက်၊ တ|နှစ်တကြိမ်၊ ဦးနှိမ်ညွှတ်ပျောင်း၊ ရာမင်း
ပေါင်းတို၊ ခ*ညောင်းပူဇော်၊ ခံတော်မူရာ၊ မင်္ဂလာသဘင်၊ ညီလာ*ရင်မှ၊
ဘွင့်ကျင်တုံလတ်၊ ထီးမြတ်ဥရူ၊ တဆူထိုပြင်၊ *စောနတ်သျှင်တို၊ ထွက်ဝင်မပြတ်၊
ဆောင်းတော်မှတ်သား၊ ရွှေထွတ်ရွှေရိုး၊ ရောင်ဖြိုးတုလွတ်၊ တမွတ်မည်သာ၊
ထီးစကြာနှင့်၊ ရတနာကိုးပါး၊ စီကျားရွက်ထွတ်၊ လေးကျွန်းပတ်သား၊
သုဒဿမဟာ၊ မင်းမြတ်စွာတိ၊ စကြာစိုးမှူး၊ ဘေးတော်ထူးလျှင်၊ ကျွန်းဦး
ရွှေနှစ်၊ သပြေဖြစ်ဖြင့်၊ ရိုးစစ်ဝင်းလျံ၊ တနိုင်ငံက၊ မင်းသံရောက်မှ၊ ဆောင်း
ထထိန်လက်၊ စဉ်မပျက်သား၊ ကနက္ကဒဏ်၊ ထီး*မွန်တမျိုး၊ ရိုးထွတ်လည်း
ကောင်း၊ နီမောင်းရည်ရွှင်း၊ ရွှေတိဝင်းလျက်၊ ဆင်မြင်းယာဉ်ပေါ်၊ ဆောင်း
တော်မှတ်ပြု၊ ထီးသမုတည့်၊ ဇမ္ဗူ့ဓိပတိ၊ တုမယှိသား၊ဗောဓိဆုရည်၊ လောင်း
ဇာနည်လျှင်၊ နောင်သည်မချွတ်၊ အရဟတ်နှင့်၊ ဓမ္မခေတ်ပညာဉ်၊ ဉာဏ်သဗ္ဗဉ်
ဏ်၊ * တမျဉ်*အတီး၊ နိမိတ်ပြီးသား၊ မင်းထီးငါးမည်၊ ရောင်ခြည်ထိန်ပြူး၊

နေတူနိုးမျှ၊ ရွှေရိုးငွေရွက်၊ တလက်လက်ဖြင့်၊ ဖြန့်ကြက်ဆောင်းမူ၊ *မနော ယူလျက်၊ လူတွင်လူနတ်၊ လူများမှတ်အောင်၊ ဝန်းပတ်မြေပေါ်၊ တုမမြော် သည်။ ။ဘုန်းတော်နတ် မသာလွန်တည်း။ (၅)

ဤသို့လျှင်တိ၊ ဤတွင်မှန်လှ၊ လောကဟိတ၊ စရိယသည်၊ ပထမခဏ်းကြီး၊ ပင်*မွန်ပြီးတည်း။

(ဤအပိုဒ်ကား ဘမလင်္ကာရဝက်ဝုတ္တိ-ရှိသော ပိုဒ်တည်း။)

ဘုန်းတော်ဘွဲ့ခဏ်း ၅-ပိုဒ် ပြီး၏။

# ပထမပိုင်း
# လောကဟိတစရိယခဏ်း ပြီး၏ ။

# ဒုတိယပိုင်း သံဝေဂခန်း

## ၁-ကပ္ပကာမန္တနခန်း

သော စတုရာသီတိဝဿသဟဿာနိ ကောမာရကိဋ္ဌံ ကီဠိ၊
ဟထာ ဩပရဇ္ဇံ တထာ မဟာရဇ္ဇံ ကတွာ ဒီဃမဒ္ဓါနံ ခေပေတွာ
ကေဒိဝသံ ကပ္ပကံ အာမန္တေသိ "ယဒါ မေ သမ္မ ကပ္ပက သိရသ္မိံ
ပလိတာနိ ပဿေယျာသိ၊ အထ မေ အာရောစေယျာသိ"တိ။

ဂ၂။ ဇာတိပုည၊ ဂုဏမဟတ်၊ သုံးပါးမြတ်တည့်၊ သမတ်မဟာ၊ နတ်ကမ္ဘာမှ၊ စဉ်လာနွယ်ရိုး၊ မို့နွယ်မိုးလျက်၊ တန်းခိုးဘုန်းဟုန်၊ နေအရုဏ်သို့၊ *မသုန်မဖျင်း၊ပေးစွန့်ခြင်းနှင့်၊ မကင်း*ကုံင၊စွယ်စုံလှသား၊ နိစ္စဒိဝသ၊ နိယမဟု၊ ပဥ္စအင်္ဂ၊ ဒသသုံးမျိုး၊ မင်းကျင့်ရိုးဖြင့်၊ တခြိုး*တခြံ၊ ကျင့်*မြဲမြံ၍၊ ဂုဏ်လျှံပပ၊ ဓမ္မိကနှင့်၊ ဓမ္မရာဇာ၊ မည်ထိုက်စွာသည်၊ မဟာမဃ၊ ဒေဝသနင်း၊ မြတ်လောင်းမင်းကား၊ ဘုန်းရင်းသမ္ဘာ၊ ကြီးမြတ်စွာကြောင့်၊ အခါသမွတ်၊ ပြည့်ညီလတ်၍၊ မိနတ်တောင်ညာ၊ ဒေဝီချာ၏၊ ရတနာ*ကြငှန်း၊ ကြာတိုက်ခန်းမှ၊ လန်းလန်းကြည်လင်၊ ဘွားသန့်စင်သော်၊ရွှေပင်*တမျှ၊ မည္သိုး†ရအောင်၊ ထိန်း†ယကြီးငယ်၊ ထိပ်ဝယ်တင်ရှောင်း၊ ညွတ်ခ*ညောင်း၍၊ ရွှေပေါင်းဖြေဖျော်၊ ခမည်းတော်နှင့်၊ မယ်တော်နှစ်ပါး၊ ရွှေရင်ကြားနှိုက်၊ ငယ်သားငယ်သွေး၊ နတ်သလေးသို့၊ ပိုက်ထွေး*ယု†ယ၊ ချစ်မဝဘဲ၊ ကုမာ†ရရွှယ်၊ မင်းသားငယ်ဟု၊ နန်းလယ်ဗွေခွင်၊ ရွှေဘုံပြင်ထက်၊ ရွှေဆင်ရွှေမြင်း၊ ကစား†ခြင်းနှင့်၊ ဂုံ†ချင်း*မှုရည်း၊ လိုအားသည်း၍၊*ကြည်းကြည်းရှင်မြူး၊ အထူးထူးဖြင့်၊ ရှည်ကျူးကြာ*ညောင်း၊ ပျော်*နှစ်ထောင်းသည်။ ။နှစ်ပေါင်း ရှစ်သောင်းလေးထောင်တည်း။ (၁)

ဂ၃။ ရွယ်ကုမာ†ရ၊ ငယ်နာမနှင့်၊ ထိန်း†ယလက်ပေါ်၊ ရှစ်သောင်းကျော်အောင်၊ စံပျော်အထူး၊ နှစ်လွန်ကျူး၍၊ *ရွယ်လူးရွှေကိုယ်၊ *ဖွံ့ဖွံ့ပျိုသား၊ *တန်စို*ပတ်လျှ၊ *လုင်လှဖြင့်၊ ဒေဝပုတ္တာ၊ နတ်ဤသာသို့၊ ဆင်းဝါရုပ်ရောင်၊ တက်ထွန်းပြောင်သော်၊ ဘုန်းခေါင်ဘုန်းထွတ်၊ ခမည်းနတ်လျှင်၊ ထွားမွတ်ရတနာ၊ သားသည်းချာအား၊ မြို့ရွာဆင်မြင်း၊ သင်းပင်းကျေးကျွန်၊ အိမ်ရှေ့ဝန်နှင့်၊ တွင်းဝန်ပြင်ဝန်၊ နောက်ဝန်ဝင်းမှူး၊ ရာထူးလိုက်ဘက်၊ ပြည်ကိုဝက်၍၊ လက်နက်ကံကျေး၊ နန်းလျာပေးမြဲ၊ စုရေးငန်းစုံ၊ *ကုံလုံ*စေ့မြေ၊

---

၁။ ဇာတကဋ္ဌကထာ၊ ၁ နှာ-၁၅၄။

ဘုန်းရှိန်*ကြွေ့အောင်၊ အိမ်ရှေ့နှင်းတမ်း၊ နန်းစဉ်ငြမ်းတိုင်း၊ မင်းခမ်းကြီးငယ်၊ သွယ်သွယ်|ရပ်ရပ်၊ စုပုံအပ်လျက်၊ ရွှေ|ယပ်ရွှေထား၊ ပတ္တမြားခွေးမ၊ တောက်ပယိုစီး၊ နေရောင်ဆီးသား၊ ရွှေထီးရှစ်လက်၊ ကျိုင်းခြောက်ချက်နှင့်၊ ဝင်ထွက်စဉ်စီ၊ စည်နီကိုးလုံး၊ ရှေးထုံးမယုတ်၊ စည်ပုတ်ပုံသာ၊ ခရာလင်းကွင်း၊ တစ်စီသွင်းလျက်၊ သံညင်းပြိုင်တွဲ၊ ငွေနှဲနှစ်သွယ်၊ ကြီးငယ်နှစ်သုံး၊ နာမ ဆုံးတည့်၊ ရွှေကုံးစိန်ပွင့်၊ သဲ့ရှစ်ဆင့်လည်း၊ လွန်တင့်ရှု|ဘွယ်၊ နတ်သ|ဖွယ် သို့၊ စလွယ်ရွှေစစ်၊ နှစ်ဆဲ့တစ်နှင့်၊ သင်းကျစ်ရွှေဗောင်း၊ တမာဆောင်း၍၊ မင်းလောင်းမင်း*လျာ၊ အိမ်ရှေ့ရာဖြင့်၊ မင်္ဂလာရိပ်ငြိမ်၊ မြောက်ဝင်းအိမ်နိုက်၊ စည်းစိမ်*ငှင်း၊ စံတုံရှောင်းသည်။ ။နှစ်ပေါင်း ရှစ်သောင်း လေးထောင် တည်း။ (၂)

၇၄။ ရှစ်သောင်းလေးထောင်၊ မြားမြောင်ကြာ*ညောင်း၊ နှစ်အပေါင်းဖြင့်၊ မင်းလောင်းမင်း*လျာ၊ စံပြီးခါသော်၊ မိထိလာရွှေပြည်၊ ရွှေနန်းတည်၍၊ ရွှေစည်ဆော်တီး၊ ရှစ်ဆူ|ထီးနှင့်၊ *စော|မီးဓမ္မရာဇ်၊ လူ့သင်းကျစ်ဟု၊ ဘုန်းသစ် ပွင့်နှိုး၊ နှံ့ကျော်ဟိုးအောင်၊ ထက်မိုးဗြဟ္မာ၊ သွန်းမုဒ္ဒါဖြင့်၊ ဇေယျာသဘင်၊ မင်းပွဲ*ရင်၍၊ မင်္ဂလာအောင်ဟိတ်၊ အောင်နိမိတ်နှင့်၊ ဘိသိက်အောင်ပန်း၊ ပျဉ်သဖန်းထက်၊ ရွှင်လန်းပန်ယူ၊ ဆင်တော်မူလျက်၊ လေးဆူမျိုးပြား၊ ရွှေပြည်သားက၊ *တိုင်းကား စိုးကာ၊ မင်းတရာကို၊ အာဏာဓမ္မ၊ ဘုန်းပိုင်သ၍၊ အတ္တပရ၊ ကျိုးဟိတမြင့်၊ ဓမ္မစရိယာ၊ ကျင့်မက္ခာတည့်၊ မဟာဗြဟ္မိန်၊ လောကိန္ဒြေ၊ ကမ္ဘာ့ဘုရား၊ လေးပါးမျက်နှာ၊ စတုရာမုခ၊ လောကေသသို့၊ နေ့ညမညို၊ *ဥဒါဟိုဖြင့်၊ ဗြဟ္မစိုရ်ရွှေမိုး၊ ရွာကြိုးစီး|ဖြန်း၊ စွေဆွတ်|ဖျန်း၍၊ မစွန်းမျက်မာန်၊ မထန်ဒေါသ၊ ဓမ္မိကနှင့်၊ ဓမ္မရာဇာ၊ မည်သာခံထိုက်၊ မြတ်စာရိုက်ကြောင့်၊ သောင်းတိုက်လကျာ၊ ဇမ္ဗူညာဝယ်၊ တေဇာရွှေဘုန်း၊ မို့နှယ်ချုန်းလျက်၊ တု*နှုန်းဘက်ကွာ၊ နန်းသိင်္ဂါထက်၊ ရတနာနဝရတ်၊ မျက်မြတ်ရောင်ကိုး၊ စီမြွာ ပြိုးသား၊ ရွှေရိုးထိန်ညီး၊ တောက်သည့်မီးသို့၊ မင်းထီးငါးဆူ၊ ငွေရွက်ဖြူနှင့်၊ နတ်တူတင့်တယ်၊ ဆောင်းစမွယ်၍၊ ကြီးကျယ်သီရိ၊ မိပတိဖြင့်၊ မင်းကြီ့းအဖြစ်၊ ကေရာဇ်ဟု၊ စင်စစ်*ငှင်း၊ မြင့်ကြာ*ညောင်းသည်။ ။နှစ်ပေါင်း ရှစ်သောင်း လေးထောင်တည်း။ (၃)

(ဤသုံးပိုဒ်အချကား အလုံးစုံ သတ်တူ သံတူ ကာရန်တူ ချရကား သော်တာရောင်-ချမျိုးတည်း၊ နောက်ဆုံး တတိယပိုဒ်ကား အချီကိုပင်ချ သောကြောင့်လည်း စမွယ် ရွှေချီနောက်ချတည်း၊ ပဒါဝုတ္တိဝင်္ကဝုတ္တိအလင်္ကာ မျိုးလည်းဖြစ်၏။)

၇၅။ မဟာဒီပေ၊ လေးကျွန်းမြေတွင်၊ သပြေဦးဆောက်၊ ပင်ထူးပေါက်၍၊ မြောက်ကကျယ်ကျယ်၊ တောင်ဝယ် ချွန်းချွန်း၊ သုံးတောင့်စွန်းဖြင့်၊ အဝန်း

သုံးသောင်း၊ ချင်းပေါင်းယူဇနာ၊ သောင်းသင်္ချာတိ၊ စူဠာသီထွတ်၊ ညွှတ်၍ဝန်းမြောင်၊ ငါးလုံးတောင်က၊ သုံးထောင်ကျယ်ဝင်း၊ ဂနိုင်တွင်းဝယ်၊ အိုင်မင်းခုနစ်၊ လကျာ်ရစ်သား၊ဆဲ့နှစ်ဂင်္ဂါ၊အာကာတိယင်၊ ဥမင်တကွ၊ ငါးရာ့ငါးသွယ်၊ မြစ်ငယ်မြစ်ကြီး၊တွေ့တွေ့စီး၍၊ဘုန်းမီးမန္ဒာတ်၊ စကြာနတ်နှင့်၊ သူမြတ်အရိယာ၊ သမ္မုဒ္ဒါတို့၊ ပွင့်ရာသာလှ၊ ရပ်ဌာနဟု၊ ဒီပမဟာ၊ မြရောင်ဝေလျက်၊ ကုဋေကိုးသန့်း၊ ခြောက်သိန်းခန့်ဖြင့်၊ စည်ပြန့်ကျယ်*ပြော၊ လွန်သာမောသား၊ သဘော်ာဆိုက်ရာ၊ ဆိပ်ကြီးစွာနှင့်၊ ရတနာဆယ်ပါး၊ ဖြစ်ရာအားလည်း၊ ငါးဆယ့်ခြောက်ခန်း၊ ကိုးသန်းအကိန်း၊ ကိုးသိန်းကျေးလက်၊ တုတ်ခွန်ဆက်၍၊ သိပ်နက်အိမ်ခြေ၊ နန်း*ရဝေနှင့်၊ မင်းနေမြို့ပေါင်း၊ သိန်းရှစ်သောင်းထက်၊ ကျော်ဆောင်းကိုးထောင်၊ ပြည့်ဖြိုးဆောင်သည့်၊ တောင်ဇမ္ဗူမြေ၊ ညာကျွန်းဗွေထက်၊ ဝိဒေဟရစ်၊ အလှစ်သုံးရာ၊ ယူဇနာတိ၊ ကျယ်စွာခွန်ဆက်၊ တိုင်းအချက်ဝယ်၊ နိုင်းဘက်*မဲ့နိုး၊ ကျော်ဟိုးဟိုးဖြင့်၊ လူမျိုးချမ်းသာ၊ စီးပွါးရှာ၍၊ သမ္မာအတ္တာ၊ ဒိဋ္ဌတမလွန်၊ ကျိုးနှစ်တန်ကို၊ မကျန်ပြီးအောင်၊ ပြည်ကြီးထောင်မှ၊ လူ့ဘောင်ထင်စွာ၊ မိထိလာဟု၊ အောင်ချာနဂ္ဂိုရ၊ နတ်ပြည်ကျသို့၊ တတိုယဝေယန်၊ ဗိမာန်ရွှေနန်း၊ ကနက်*ဝန်းလျက်၊ တက်ထွန်းနေ့သွင်၊ ရာဘုရင်တို့၊ ဦးတင်ရွှေစက်၊ ရှိပန်းဆက်၍၊ ထိပ်ထက်ထားဆောင်၊ ပြည်ကုန်အောင်ကို၊ ဘုန်းရောင်မိုးအုပ်၊ ဦးချုပ်စံပြု၊ *ဗိုလ်*အထုအား၊ သတ္တုပကာ၊ သမ္ပဒါနှင့်၊ သင်္ချာနှစ်ပေါင်း၊ လေးထောင်ဆောင်းလျက်၊ ရှစ်သောင်းပြည့်လု၊ အာယုခန္ဓာ၊ ရှည်မြင့်ကြာအောင်၊ မဟာဗောဓိ၊ ဇာတိရင့်သန်၊ ရွှေညာဏ်ပင်ထွက်၊ အမြင်နက်သား၊ ဘုန်းစက်ကြီးလှ၊ မဃဒေဝေါ၊ ထိုမင်းကျော်ကား။ ။နန်းပေါ်စံမွေ့ငြိမ့်လေးတည်း။ (၄)

ဂ၆။ *ငြိမ့်လေးမွေ့လျော်၊ ထိုခါရော်တိ၊ နန်းပေါ်စံ*ညောင်း၊ နှစ်အပေါင်းဖြင့်၊ ရှစ်သောင်းလွန်ဆောင်၊ လေးထောင်သုံးစု၊ ပြည့်လုကြာ*ခွန့်၊ ကာလ*ကွန့်သော်၊ နွယ်ညွန့်မဟာ၊ ဗောဓိ*လျာတို့၊ ဓမ္မတာလမ်းရိုး၊ ရွှေညာဏ်မျိုးဖြင့်၊ ထိုးထိုးထွင်းထွင်း၊ ရှုမျှော်လျှင်း၏၊ မင်းတို့ဟူသည်၊ နတ်တမည်တည့်၊ *ပြောစည်သုခ၊ သောမနနှင့်၊ ကာမစည်းစိမ်၊ ရိပ်ငြိမ်ကြီးမား၊ လွန်သော့အားဖြင့်၊ ရှင်စားမြူးစား၊ ခြေရံများနှင့်၊ ပျော်ပါးယစ်ရှူး၊ မိန်းမူးမပြတ်၊ မေ့ကျန်တတ်၏၊ အမြတ်ကုသိုလ်၊ မှုထိုထိုနှိုက်၊ယိုယိုယွင်းယွင်း၊ လက်စကြွင်းနှင့်၊ လစ်ဟင်းကိုယ်ကျိုး၊ အားမကြိုးဘူး၊ တန်းခိုးတိမ်မြုပ်၊ လနှယ်ပုပ်လျက်၊ ဤပစ္စုပ္ပန်၊ ဘုန်းမသန်ဘဲ၊ နောင်ဘန်ကာလ၊ ပရံပရလည်း၊ ဘဝမမြတ်၊ ယုတ်မာတတ်ခဲ့၊ စက္ကဝတ်မင်းကြီး၊ ဖြစ်တပြီးလျက်၊ အမြီးလျောင်းလျောင်း၊ မွေ့ဆောင်းဆောင်းနှင့်၊ ဥဒေါင်းတိရစ္ဆာန်၊ အဟိတ်တန်လျှင်၊ ဖြစ်ဟန်ကြောင်းလျား၊ ကျမ်းလာကြား၏၊ ထက်ဖျားကာမ၊ ဘုံဝသက၊ ဒေဝဋ္ဌဒိပါဒ်၊

တန်းခိုးမြတ်သည့်၊ နတ်မနေ၁ဘူ၊ မာရ်ပင်းမူလည်း၊ လောင်ပူထန်ပြင်း၊ မီးခြင်းခြင်းဖြင့်၊ မြေတွင်းဝင်လျှိုး၊ ဝီစီအိုးနှိုက်၊ စောက်ထိုးတချက်၊ ရပ်လျက်တဘန်၊ မှောက်လှန်လဲးလှယ်၊ ညာဘယ်*နံတောင်း၊ နှစ်တသောင်းစီ၊ ဥက္ကောင်းမပြု၊ ခံရဟူ၏၊ ဤလူတို့မှာ၊ ဘယ်ဆိုရာလိမ့်၊ အပ္ပမာဒ၊ ကုသလနှိုက်၊ စိတ်က မြဲးကြပ်၊ မမေ့အပ်ဘူး၊ စွန်းတပ်လောဘ၊ မိုက်မောဟနှင့်၊ ကိစ္စ*ပြောထူ၊ လူတို့အလျှောက်၊ စိတ်သာရောက်လည်း၊ ကိုယ်နေးကမပါ၊ ဖြစ်တတ်စွာ၏၊ ကိလေသာကိစ္စ၊ ပမာဒဖြင့်၊ ကာမရိပ်ငြိမ်၊ မေ့ကျန်တိမ်၍၊ စည်းစိမ်ယစ်မူး၊ မွှေလျော်ကြူးက၊ အထူးမယွင်း၊ ငါတို့မင်းကား။ ။စင်းစင်းပါယ်ခွင် ရောက်ဆေးတည်း။ (၅)

၈၇။ ကိုယ်ဟုပညပ်၊ ဘုတ်လေးရပ်တို့၊ ပေါင်းစပ်ဖြစ်ဟန်၊ လူ့သဏ္ဍာန်နှိုက်၊ ဘောက်ပြန်*မစဲး၊ တည်ယှိဘဲးတည့်၊ မမြဲးသစ္စာ၊ ကျင့်လေ့လာသား၊ ဤတဏှာဟူ၊ မိုက်မည်းထူလည်း၊ တပ်သူတွေ့ခါ၊ လွှတ်မခွါရှင့်၊ ကိလေသာဟုန်၊ ကျဆင်မုန်သို့၊ ကာမဂုဏ်အား၊ ကြိုက်သူ*ပြားက၊ သားကိုသေ၁တိ၊ အမိဖြစ်လျက်၊ ခင်မမက်ပြီ၊ ငဲ့ကွက်မညှာ၊ စွန့်ပစ်ခွါခဲ့၊ တဏှာဆန္ဒ၊ မောဟန္ဒနှင့်၊ ကာမအရာ၊ မိယုတ်မာတို့၊ မိစ္ဆာလိုကြူး၊ မိုက်ညစ်ညူး၏၊ မိုက်ရူးမိုက်ဝေ၊ မိုက်ကိလေဖြင့်၊ သေအောင်အကယ်၊ ညစ်မပယ်ဘူး၊ လူငယ်မိုက်ရူး၊ မိုက်ခေါင်ကျူးသည့်၊ ယစ်မူး*ရမ္မက်၊ မိန်းမပျက်အား၊ အသက်*တမျှ၊ ချစ်မဝဘဲး၊ *ယုယလုပ်ကျွေး၊ လွှန်မြတ်လေးလျက်၊ ကိုယ်သွေးဘောက်ကာ၊ သောက်စေပါလည်း၊ မေတ္တာတုံ့ပယ်၊ ချစ်မလှယ်ဘူး၊ သူ့ဝယ်အထူး၊ အာရုံကူး၍၊ ကျေးဇူးချေဖျောက်၊ တယောက်ယောက်နှင့်၊ နောက်နောက်တွေ့ရာ၊ ကြိုက်တတ်စွာ၏၊ ပမာမလွဲး၊ အမြဲးနှစ်လို၊ ဤကိုယ်ကိုလည်း၊ ထိုထိုဝတ်စား၊ ဟာရများနှင့်၊ မခြားနေ့ညာ၊ လုံ့လကြီးစွာ၊ လုပ်ကျွေးပါလျက်၊ အိုနာသေခြင်း၊ သူ့ဘက်တွင်းသို့၊ အတင်းပင်သာ၊ လိုက်တတ်စွာ၏၊ မဟာဘုတ်မျိုး၊ မဃားဆိုးသို့၊ လိုစိုးမ†ရ၊ ဘောက်ပြန်စွတည့်၊ ကာ†ယယုတ်မာ၊ ဤခန္ဓာကား၊ ကိလေသာမြူ၊ တဏှာဟူသည်၊ ပင့်ကူထွေးရစ်၊ ချုံစေး†ပျစ်သို့၊ အ†ပြစ်လက္ခဏာ၊ ထူထပ်စွာခဲ့၊ ချမ်းသာမမြတ်၊ လွှန်ညစ်ပတ်၍၊ လူနတ်ဟူငြား၊ ကာမသားတို့၊ ပျော်ပါးလေ့လာ၊ ဟီနာစာချ၊ မေထုနဖြင့်၊ ကာမအရာ၊ ဟူသည်†မှာလည်း၊ ယာ†မာလည်ဘက်၊ နှိုးရှက်ကြကာ၊ တုသိတာမူ၊ ဟတ္ထာမသန၊ လက်မျှသုံးသပ်၊ နိမ္မာရပ်ကား၊ စွန်းတပ်စိတ်က၊ ပြုံးကြရုံတိ၊ ထက်နိမ္မိနှိုက်၊ မျက်စိယှဉ်မှီး၊ ကြည့်ကာပြီးဟု၊ ယူသီးအလို၊ ကေစိဆိုလည်း၊ ထိုထိုမျှားစွာ၊ ကျမ်းဆရာတို့၊ ပယ်ကာစွန့်ကြ၊ ဆကာမနှိုက်၊ ဒေဝဒေဝီ၊ အစုံစီသာ၊ အညီတကွ၊ မနုဿသို့၊ ဒွယဒွယံ၊ အာရုံခံဟု၊ တသံတည်းပြ၊ မိန့်ကြကုန်တိုင်း၊ ကာမတဏှာ၊ ရှုန့်ရင်းစွာလျှင်၊ ကိလေသာအမိုက်၊ နွှား*နှယ်လိုက်၏ ၊ စရိုက်ကျင့်တန်၊ တိရစ္ဆာန်နှင့်၊ သဏ္ဍာန်သာပြား၊

ကျင့်မခြားဘူး၊ ဆိုးဝါးယုတ်မာ၊ ကာမရွာသည်။ ။ချမ်းသာညစ်ကျိ ညစ်ကြေး တည်း။ (၆)

၇၇။ မဆွရှေးခါ၊ လူတို့မှာတိ၊ ကမ္ဘာဦးက၊ ဗြဟ္မာကျ၍၊ ဗြဟ္မာ့ပမာ၊ ကိုယ်ရောင်ဝါနှင့်၊ အစာမစား၊ ပီတိအားဖြင့်၊ တည်ငြားမိုးယံ၊ ကွန့်ပံ့ပျံတထူး၊ ပျော်မြူးလေ့လာ၊ ကာလကြာသော်၊ ရသာမေဒနီ၊ မြေဆီတပ်လျက်၊ တဏှာ သက်၍၊ မက်မက်မောမော၊ လောဘဇောဖြင့်၊ လျက်သောခါက၊ မြေမှာကျပြီး၊ စ၍ကိုယ်ဝယ်၊ အရောင်ကွယ်ရှင့်၊ ညဥ့်*နှယ်မှောင်†ကျ၊ ကြောက်လန့်†ကြ၍၊ ထိုမှဤမှ၊ အလင်းတသော်၊ နေလပေါ် မြောက်၊ မြေဆီပျောက်၍၊ ထို့နောက် တခါ၊ မြေသင်းလွှာနှင့်၊ ပဒါနွယ်ချို၊ နှစ်ပါးကိုလျှင်၊ စားမျိုစဉ်ကာ၊ ကြာကြာ သမျှ၊ တစစတိ၊ လောဘထပ်တိုး၊ လွှမ်းမိုးပွါးလာ၊ ထိုတဏှာကြောင့်၊ ထိုပဒါနွယ်၊ ကွယ်ခဲ့ပျောက်ပြန်၊ နောက်တဘန်မူ၊ အဆန်ချည်းသီး၊ မီးနှိုက် မချက်၊ လိုလိုကျက်၍၊ နံ့သက်ကြိုင်မွှေး၊ ဖွေးရရွှေးသား၊ သလေးဖြူဝင်း၊ ဆန်ထမင်းကို၊ စားလျှင်းကုန်ကြ၊ ပွါးရာဂနှင့်၊ ဟာရမကျေ၊ စာရေရုန့်ရင်း၊ ကိုယ်တောင့်တင်းလျက်၊ ဝမ်းတွင်းနှိုက်ဝယ်၊ ကျင်ကြီးငယ်တို့၊ အကယ်တည်၍၊ တိုး*ဇွှထိုးကျင့်၊ ဖြစ်သဖြင့်လျှင်၊ ထိုနှင့်လျော်စွာ၊ ထွက်ကြရာသား၊ ဓမ္မတာ ဟူဘိ၊ ရှေးဇာတိတိုင်း၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝနှင့်၊ ဒွါရနှစ်ပါး၊ ပေါ်ထင်ရှား၏၊ ယောကျ်ားမိန်းမ၊ ဖြစ်ထထိုခါ၊ တပ်မက်စွာလျှင်၊ ယှဉ်ကာမောင်နှံ၊ ဒွယံဒွယ၊ မေထုနဖြင့်၊ ရာဂတရား၊ ဆင့်ဆင့်ပွါး၍၊ အမျှားသူတော်၊ မြင်မလျော်ဟု၊ ဟစ်အော်*သုန့်သုန့်၊ မြေမှုန့်ပြာစု၊ လွှင့်ပြုပစ်ကာ၊ ဝေးရာ*ရှုတ်†ရှုတ်၊ မောင်းနှင်ထုတ်လျက်၊ အ†ယုတ်တရား၊ ပွါးသာပွါးခဲ့၊ နည်းပါးလျော့†ယုတ်၊ နစ်မဆုတ်ဘူး၊ အဟုတ်မှန်စွာ၊ ဤခုခါကား၊ ကိလေသာညစ်ကျု၊ တဏှာမှုကို၊ ပြုပြုပြင်ပြင်၊တန်းဆာဆင်မှ၊ တမင်္ဂလာ၊ ဆောင်၍သာလျှင်၊ အိမ်ရာတိုင်းပြည်၊ ထောင်ကြတည်ပြီး၊ စည်စည်ကားကား၊ သားမြေးပွါးအောင်၊ ကြိုးစားအားယူ၊ အလေ့မူ၏၊ *ပည်းထူရာဂ၊ ရံကာလနှိုက်၊ ဒုဗ္ဘိက္ခကပ်၊ နှိပ်စက်အပ်လျက်၊ *ဖြိုးထပ်ဒေါသ၊ သတ္ထန္တရနှင့်၊ မောဟ*ပြောခါ၊ ရောဂါကပ်ဆိုး၊ ဘိလွှမ်းမိုး၏၊ တိုးကြ တိုး†ကြ၊ အဆုံး†ကျက၊ ရာဂ မီးဟူ၊ ဒေါသမူ ရေ၊ တွေဝေမောဟ၊ ပြောထတုံလတ်၊ လေသံဝဋ္ဋ်ဟု၊ မချွတ်ကမ္ဘာ၊ ပျက်*ပြုန်းခါခဲ့၊ ရာဂ ဒေါသ၊ မောဟအလို၊ လွှမ်းမိုးပိုတိုင်း၊ ထိုထိုဒုက္ခ၊ ကပ်ဆိုး†ကျလျက်၊ ပျက်†ကြ စီးကြ၊ ဖြစ်နေရ၏၊ လောကဓမ္မတာ၊ ဤသို့သာတည်း၊ ကိလေသာမျိုး၊ တရား ဆိုးကား၊ ကောင်းကျိုးမထင်၊ ပြစ်ကျိုး*ဖြင်သည်။ ။သို့စင်ကြီးလှ ဝဋ္ဋ်ဘေး တည်း။ (၇)

၇၈။ အသက်ခန္ဓာ၊ ဟူသာည်မှာလည်း၊ ခြင်းရာသဘော၊ ကြောက်ဘွယ် မော၏၊ ကာလော ဃသတိ၊ အစရှိသား၊ ပါဠိဂါထာ၊ ဒေသနာမိန့်ချက်၊

ကျမ်းလာမြွက်တိုင်း၊ နံက်မွန်းတည့်၊ နေလှည့်*ဆည်းဆာ၊ နေ့ခါညဉ့်ရောက်၊ တမိုးသောက်နှင့်၊ တခေါက်ပြန်ပြန်၊ တဘန်ဘန်လျှင်၊ နက်ဖြန်သံဘက်၊ အဆက်ဆက်ဖြင့်၊ နေ့ရက်မျိုဝါး၊ ကာလစားသား၊ အများသူငါ၊ သတ္တဝါတည့်၊ လူ့ရွာဌာနီ၊ တနာရီဝယ်၊ အလီငါးသောင်း၊ အပေါင်းသချာ၊ ယူဇနာဖြင့်၊ လိတ္တာခြောက်ဆယ်၊ နေ့ညဉ့်ဝယ်သော်၊ ဝန်းကျယ်ထုတ်ချောက်၊ သုံးသန်းပေါက်လျက်၊ တောင်မြောက်ခရီး၊ ရွှေလှည်းဘီးသို့၊ ညီးညီးဝင်းပ၊ အလင်းပြ၍၊ ကမ္ဘာ့မျက်ရှု၊ ဥတုသမုဋ္ဌာန်၊ မြား့ထက်လွန်အောင်၊ ပျံ*ကွန်မနား၊ မြန်လျင်လျားသည့်၊ နှစ်ပါးတကွ၊ နေနှင့်လ၏၊ ရွှေမှုသန်းကာ၊ မြူးနိုင်စွာသား၊ ချာချာ လှည့်တတ်၊ ဟသ်ာ နတ်ထက်၊ ဥပါဒ် ဌီ ဘင်၊ ချုပ်ပျက်†လျင်သည့်၊ ဤ†လျှင် အနိစ္စ၊ သင်္ခါရတည့်၊ ခဏခဏ၊ ဖျက်ဖျက်ကျရှင့်၊ ကာလမကြာ၊ လွန်နည်းစွာခဲ့၊ ဟုတ္တာ အဘာဝေါ၊ အနိစ္စောဟု၊ သဘောလက္ခဏာ၊ မမြင်သာသား၊ ဓမ္မတာစက်၊ ထိုဖြစ်ပျက်ကို၊ စစ်မက်ဆိုင်ကာ၊ မပြိုင်သာဘူး၊ ရာဇာဟူလစ်၊ မင်းအ†ဖြစ်လည်း၊ လက်†ဖျစ်တတွက်၊ လျှပ်တ†ပြက်မျှ၊ ကုန်†ပျက်လွယ်စွာ၊ မခိုင်မာဘူး၊ အကာစင်စစ်၊ ဖြစ်ပျက်ပျက်ဖြစ်၊ လျှပ်စည်းပစ်သို့၊ အနှစ်*မဲ့မျိုး၊ စည်းစိမ်ဆိုးတည့်၊ အကျိုးမမြဲ၊ တဖွဲ့ဖွဲ့ဖြင့်၊ ပြိုကွဲးလွင့်*သုန်၊ လေ့အဟုန်ကြောင့်၊ မြူမှုန်*တန္ထုန့်၊မြေမှုန့်*တန္တု၊ ပြာစုတူမှီး၊ သဲပုံကြီးသို့၊ ပျက်စီးမပြတ်၊ ကုန်ပျောက်တတ်၏၊ အမြတ်ထင်ရှား၊ လူသုံးပါးတွင်၊ ဘုရားရဟန္တာ၊ ကိုယ်ခန္ဓာလည်း၊ အဗျာကတ၊ သင်္ခါယ၏၊ သဘာဝလေ့၊ ပြကတေ့တိုင်း၊ ရွှေရွှေဖျက်ဖျက်၊ မွှေမွှေညက်လျှင်၊ ကြေပျက်ကုန်ကြ၊ ကေဝလဖြင့်၊ ဒုက္ခအတိ၊ ရဲ့ရဲ့ညိ၏၊ လောကီ့ဓမ္မတာ၊ ဝဋ္ဋမီးစာသည်။ ။ဇရာနေ့ညလောင်ဆွေးတည်း။ (ဂ)

၉၀။ နေ့ညညီးညီး၊ ဇရာမီးတို့၊ ဖျက်ဆီးပြောင်ရဲး၊ တောက်လောင်စွဲ၍၊ ပျက်မြဲးဓမ္မတာ၊ မလွဲသာတည့်၊ သတ္တဝါထိုထို၊ သက်ရှိကိုယ်ကား၊ မဆို*စမာ၊ သက်*မဲ့စွာလျက်၊ စကြဝဠာလောက၊ ဩကာသလည်း၊ ကမ္ဘာ့အလေ့၊ ပျက်ချိန်စေ့က၊ ညဉ့်နေ့ဝင်းဝင်း၊ နေနှစ်စင်းတို့၊ တစင်းဝင်လျက်၊ တစင်းထွက်ဖြင့်၊ ဆက်ဆက်အညီ၊ ထွန်းပေါ်ချိ၍၊ ကုန္ဒဒီပေါင်း၊ မြစ်*လောင်းအိုင်ထုံး၊ အားလုံးရေခြောက်၊ သုံးစင်းမြောက်တွင်၊ ကုန်ပျောက်မြစ်ကြီး၊ လေးစင်းညီးမူ၊ သီးသီးမကြွင်း၊ အိုင်မင်းခုနစ်သွယ်၊ ငါးစင်းဝယ်ကား၊ ပင်လယ်လေးဖြာ၊ မဟာသမုဒ်၊ ရေ*အစုတ်တို့၊ *ခြုတ်ခြုတ်ခန်း†ကြ၊ ခြောက်စင်းပသော်၊ စ†ကြဝဠာတွက်ရေ၊ ကုဋေသိန်းလုံး၊ ခိုးဝေပုံးလျက်၊ နောက်ဆုံးနေစက်၊ ခုနစ်ထွက်က၊ တပြိုင်နက်ဝေါက်၊ မီးလျှံရောက်၍၊ ထက်အောက်ဟုန်းဟုန်း၊ တအုန်းအုန်းဖြင့်၊ ကျွင်းကုန်းသမုဒြာ၊ ယေမဝါက၊ သေလာပံသု၊ ကျောက်မြေစုနှင့်၊ နေရုမေရု၊ သုမေရုဟု၊ ကြီးထု*ဗဟို၊ မြင်းမိုရ်ယုဂန်၊

သတ္တဗ္ဗဏ်ပါ၊ မကျန်လောင်ညီး၊ ထောပတ်မီးသို့၊ ကျွမ်းပြီးကုန်စင်၊ စမမြင်အောင်၊ မထင်မှူလောက်၊ ကြေပျောက်မချွတ်၊ ပျက်သတတ်ရှင့်၊ ဘုံထွတ်နန်းမြင့်၊ ခုနစ်ဆင့်နှိုက်၊ စံလင့်*တပဲး၊ ငါမင်းရဲးလည်း၊ မလွဲးနိုင်စွာ၊ ဓမ္မတာဖြင့်၊ ဇရာမီးလျှင်၊ ဖျက်ဆီးပြောင်ပြောင်၊ အမြဲးလောင်၍၊ ရုပ်ဆောင်အကယ်၊ လှတင့်တယ်သို့၊ ပျိုရွယ်စဥ္ဓခါ၊ လိုရာပါလျက်၊ ငါတကြွကြွ၊ အိုကာလနှိုက်၊ ထလည်းမနိုင်၊ ထိုင်လည်းမကောင်း၊ လျှောင်းလည်းမသာ၊ လိုမပါဘူး၊ ကျင်နာညဲးညူ၊ ဟိန်းဟဲးထူ၍၊ ဤလူတို့မှာ၊ ကိုယ်ခန္ဓာနှိုက်၊ ရောဂါကပ်ငြိ၊ ဗျာဓိဒုက္ခ၊ ဖြစ်ထသော့ခါ၊ ဝိုင်းအုံကာလျှင်၊ ဆရာသမား၊ မျိုးဆွေများတို့၊ ဆေးဝါးကုသ၊ ချမ်းသာရဟု၊ မြှော်တရေးရေး၊ ရှိကြသေးရှင့်၊ ဘေး*တကာ့မင်း၊ အိုသေမင်းကား၊ ရှောင်ကွင်းလွတ်ရေး၊ ဘယ်သို့ပြေး၍၊ ဘယ်ဆေးဝါးမျှ၊ စားမရဘူး၊ ဒေဝဘူတာ၊ အသူရာနှင့်၊ ဂန္ဓဝ္ဗသိကြား၊ ပုဏ္ဏားတို့ဘ၊ မိုးကဗြဟ္မာ၊ ပိတရာတို့၊ လာ၍ဆေးဝါး၊ တန်းခိုးအားဖြင့်၊ ကုစားဘန်ဆင်း၊ ပြုတုံလျှင်းလည်း၊ အိုခြင်းချမ်းသာ၊ မရစွာခဲ့၊ ဇရာဤဝဋ္ဋ၊ ကင်းမလွတ်နိုင်၊ မချွတ်သေအောင်၊ အမြဲးဆောင်၍၊ သားချောင်သွေးခန်း၊ ရွှေရွှေမြန်း၍၊ မလန်းမလူ၊ ဇရာဟူသည်၊ ဆံဖြူသွားကျွတ်၊ တွတ်တွရွတ်လျက်၊ ယွင်းချွတ်ပျက်ပြို၊ နေ့တိုင်းအိုသည်။ ။ဤကိုယ်ပျောက်လိမ့် မနှေးတည်း။ (၉)

၉၁။ လေးကျွန်းမြေပြင်၊ ယာဥ်စက်ရှင်ဖြင့်၊ အောင်မြင်တုံလျှင်း၊ ဆင်ပျံမင်းနှင့်၊ နတ်မြင်းရတနာ၊ ချမ်းမြေ့စွာလျှင်၊ လိုရာလှည့်ပတ်၊ သားကြီးမြတ်ဖြင့်၊ လောကဓာတ်နယ်၊ ဝန်းကျယ်ပတ်ရံ၊ တိုက်နိုင်ငံကို၊ စီမံမနှောင့်၊ အုပ်ထိန်းစောင့်လျက်၊ ရှစ်မြှောင့်စားစား၊ ပတ္တမြားနှင့်၊ မိဖုရား*ထွတ်၊ စံလွတ်တဆူ၊ မြောက်ကျွန်းသူက၊ နတ်တူမျက်စိ၊ မြင်သိနိုင်တတ်၊ သူဌေးမြတ်ဖြင့်၊ မပြတ်အစဉ်၊ ခံစားယှဥ်၍၊ နတ်ယာဥ်စကြာ၊ ရတနာကား၊ ဥဿာဟသတ္တိ၊ ဘုန်းယှိထင်ရှား၊ သားကြီးပရိဏာယက၊ အိမ်ရှေ့ရကား၊ မန္တသတ္တိ၊ ဟတ္ထိအဿ၊ မြူးကြွမိုးယံ၊ ဆင်မြင်းပျံနှင့်၊ သုံးခံနတ်တူ၊ သူဌေးဟူသည်၊ ပဘူသတ္တိ၊ ပြည့်စုံဘိလျက်၊ မဏိပတ္တမြား၊ မိဖုရားနှင့်၊ နှစ်ပါးတို့မှာ၊ ခံစားရာသား၊ မဟာဝိသိဋ္ဌ၊ ပုညဇိဒ်မျိုး၊ တုမဲ့နိုးအောင်၊ အကျိုးဖလ၊ မြတ်ဘောဂရှင့်၊ ကြွင်းထငါးဖြာ၊ ရတနာမူ၊ နှိုင်းရာမယှို၊ ဂုဏ်ဿရိတည့်၊ လောကီ*တမွတ်၊ အတုလွတ်အောင်၊ စက္ကဝတ်မင်း†ကြီး၊ ဖြစ်တပြီးလည်း၊ *အ†ကျီးမရ၊ အနိစ္စဖြင့်၊ တာဝကာလိက၊ ခဏပျက်စီး၊ ကောက်ရိုးမီးသို့၊ ခရီးမရောက်၊ ထင်ကာပျောက်ခဲ့၊ မိုးအောက်တခွင်၊ မြေအပြင်နှင့်၊ ရေပြင်ပတ်ကုံး၊ မြေဆုံးရေဆုံး၊ တိုက်လုံးစက္ကဝါ၊ လက်တော်ပါလျက်၊ ဤသခါရ၊ ကိုယ်ကစ၍၊ ဝန္ထုနိဿီ၊ လောကီကျိုးစက်၊ ဘိုးမနက်ဘူး၊ အိပ်မက်အလား၊ အငှါးဥစ္စာ၊ သူ့ဟာ*တမျှ၊ စိုးမရတည့်၊ ခဏအနိုင်၊ မပိုင်ဝက်မွေး၊ အကျေးငမ်းယူ၊ ဝါသော့သူနှင့်၊

အတူမှန်လှ၊ ယှဉ်းမခွရှင့်၊ ထိုမှတမည်၊ မိုးဖွဲ့ရည်ကို၊ နေခြည်ကျောက်က၊ ထိန်တောက်ဝင်းဝင်း၊ မိုးလုံးထင်းလျက်၊ အဆင်းခုနစ်ထွေ၊ နီရွှေစိမ်းရေး၊ ရောထွေးနုရင့်၊ ပြာသွေးဆင့်၍၊ သိကြားမင့်းလေး၊ ကွင်းကွင်းကွေးတိ၊ ရှေးဝေါဟာရ၊ ဘိမာန်ဖြင့်၊ ဣန္ဒမနု၊ ဣန္ဒာဝုဟု၊ မည်ပြုခေါ်ငြား၊ လွန်ထင်ရှားအောင်၊ ထက်ဖျားမိုးဘော်၊ သက်တင့်ပေါ်သို့၊ ရှုမျှော်ပြက်ပြက်၊ ကြည့်တွင်း၊ပျက်ခဲ့၊ မနှစ်သက်ကောင်း၊ မတောင်းအပ်စွ၊ မတထိုက်စွာ၊ ဝင့်ချမ်းသာတည့်း၊ ထင်ကာ မြင်ကာ၊ လိုမပါကြောင့်၊ အာသာငြိတွယ်၊ နှမယှိ ဘွယ်သည်။ ။ပျက်လွယ်တိမ်ရုပ် တိမ်ရေးတည်း။ (၁၀)

၉၂။ လူတို့မာသ၊ တစ်ကေကား၊ လ၏ထက်မှာ၊ ဗွေအာကာဝယ်၊ ပိတရာ နတ်ပြည်၊ တရက်မည်၏၊ ဤသည်လူ့ရွာ၊ ငါတို့မှာလျှင်၊ ဥတ္တရာယာဉ်၊ နေစကြယှဉ်၍၊ သွားစဉ်ခြောက်လ၊ ထက်ဒေဝနိုက်၊ နတ်မျှားတနေ့၊ ခေါ်စ လေ့၏၊ ထိုရွှေလကြာ၊ ဒက္ခိဏာမူ၊ နတ်မှာတညဉ့်၊ ထိုညဉ့်ရေဆ၊ သုံးရာ့ ခြောက်ဆယ်၊ ပြည့်ခဲ့ကယ်သော်၊ နတ်ဝယ်တနှစ်၊ ယင်းနှစ်အဖြောင့်၊ မှန်မ ထောင့်သား၊ သောင့်းနှစ်ထောင်ကို၊ နတ်ယုဂ်ဆို၏၊ ထိုနတ်ယုဂ်ပေါင်း၊ တထောင်*သောင်းက၊ မြင့်ဆောင်းဌာန၊ ဝေဟာသထက်၊ လောကပိတာ၊ ဗြဟ္မာ့ရွာဝယ်၊ ဗြဟ္မာတို့ရက်၊ တနေ့တွက်တည့်၊ မှတ်ချက်ပိုင်းခြား၊ လောကီ ကြား၏၊ ဘုရားရွှေနှုတ်၊ ကြာကုမုဒ်က၊ မိန့်ထုတ်ဘွင့်လှစ်၊ မှန်စင်စစ်ကား၊ လူနှစ်ငါးဆယ်၊ အောက်သုံးဝယ်တိ၊ လေးသွယ်မဟာ၊ နတ်ပြည်မှာလျှင်၊ မှန်စွာအလေ့၊ ညဉ့်နေ့အတွက်၊ ခေါ်တရက်တည့်၊ အထက်ငါးထပ်၊ နတ်ရပ် စဉ်ကာ၊ ဝတီသာနှင့်၊ ယာမာ တုသိတာ၊ နိမ္မာ နိမ္မိ၊ မည်ယှိမချို၊ထိုနတ်မြို့နိုက်၊ လူတို့နှစ်ဖြင့်၊ တွက်စစ်သချာ၊ တရာနှစ်ရာ၊ ဆထက်သာ၍၊ လေးရာရှစ်ရာ၊ ထောင့်ခြောက်ရာကို၊ တရက်ဆို၏၊ ထိုရက်အားဖြင့်၊ ငါးရာတထောင်၊ ပြန်နှစ်ထောင်နှင့်၊ လေးထောင်ရှစ်ထောင်၊ သောင့်းခြောက်ထောင်လျှင်၊ *မြားမြောင်စွာဘိ၊ သက်ရှည်ယှိ၏၊ ထိုပြိုးထက်ဗွေ၊ ဘုံနေစွင့်စွင့်၊ဆဲ့သုံးဆင့်ဖြင့်၊ မိုးမြင့်ဗြ†ဟ္မာ၊ နှစ်ဆယ်†မှာကား၊ ကမ္ဘာကမ္ဘာ၊ မသေပြီသို့၊ လေးလီ ထောင်ပေါင်း၊ ရှစ်သောင်းဘန်ဘန်၊ ပြန်ပြန်ဆဆ၊ တည်နေကြလျက်၊ အာမ ဂန္ဓ၊ ကာမငါးလီ၊ နံ့စိမ်းစီနှင့်၊ မညှိမစော်၊ စျာန်မွှေလျော်၍၊ ရှင်ပျော်နှစ်လို၊ စံကုန်မြို၏၊ ကုသိုလ့်အကျိုး၊ တန်းခိုးဝိပါက်၊ ပုညစက်လည်း၊ အထက် နတ်များ၊ အောက်နတ်အားလျှင်၊ ထင်ရှားပြမှ၊ မြင်နိုင်ကြ၏၊ ဟီနပဏီတ၊ ပုညစေတနာ၊ ထူးကြွစွာကြောင့်၊ သာလျှင်သာလျှောက်၊ ထက်ကအောက်ကို၊ ဘင်လောက်မက၊ ရွှံရှာကြ၏၊ မနုဿဟူ၊ ညစ်ကြေးထူသည့်၊ လူတို့နံ့သက်၊ နံစော်ချက်ကား၊ နံနက်ရှစ်ခါ၊ ညဉ့်ရှစ်ခါဖြင့်၊ နံ့သာရည်မျိုး၊ ချီးလင့်ကစား၊ ထက်နတ်များတို့၊ ဘွားဘွားလောက်ပြည့်၊ ကောင်ပုပ်၏သို့၊ ရှုကြည့်မသာ၊

ယူဇနာလျှင်၊ တရာလောက်က၊ ဂှင်းရှောင်ကြ၍၊ မှန်လှတုံမျှ၊ မှတ်ကုန်တို့လော့၊ ဤသို့မယွင်း၊ ပြခဲ့လျှင်းတိုင်း၊ သက်ဆင်းချမ်းသာ၊ နတ်ဗြဟ္မာနှင့်၊ လူ့မှာတို့ဝယ်၊ ရှက်နိုးဘွယ်သည်။   ။သေးငယ်မှိန်မှိန် မှိန်မှေးတည်း။ (၁၁)

၉၃။ ဤသို့ရင်း၊ မြတ်*စောလောင်းလျှင်၊ အသောင်းအသိန်း၊ ရေကိန်းမမျှ၊ ဘဝဝက၊ ဉာဏဝသီ၊ ပါရမီကြောင့်၊ လောကီရိပ်ငြိမ်၊ လူ့စည်းစိမ်နိုက်၊ စိုးရိမ်မဲ့လတ်၊ နိမ္မာနတ်သို့၊ သမ္မတ်သီရိ၊ တုမယှိအောင်၊ မိပတိကြီး၊ ပျော်မငြီးမျှ၊ ရွှေထီးရွှေနန်း၊ ရွှေ*ကြငှန်းနှင့်၊ စံမြန်းသိမ်မွေ့၊ တည်နေလေ့လည်း၊ မမေ့မမေ့၊ ထင်စေ့စေ့တည့်၊ ထိုရွှေလုပ်လက်၊ ဝိညာဉ်သက်နှင့်၊ အုပ်ကျွက်များစွာ၊ သတ္တဝါကား၊ ငြိမ်းရာမရ၊ ဝဋ္ဋဒုက္ခဖြင့်၊ နေ့ညမချမ်း၊ ဝဋ္ဋမှုထမ်းတည့်၊ ဝဋ္ဋတမ်းဝဋ္ဋထုံး၊ စဉ်မဆုံးဘဲ၊ ပေါင်းရုံးယှဉ်ပူး၊ အိမ်ထောင်ကြူး၍၊ ဝဋ္ဋမြူးဝဋ္ဋပျော်၊ ဝဋ္ဋဘော်ဝဋ္ဋသင်း၊ ဝဋ္ဋမင်းဝဋ္ဋစိုး၊ ဝဋ္ဋမျိုးဝဋ္ဋနွယ်၊ အကယ်*နှင်နှင်၊ ဝဋ္ဋကျွန်ရှင်နှင့်၊ ဝဋ္ဋလင်ဝဋ္ဋမယား၊ ဝဋ္ဋသားဝဋ္ဋသမီး၊ ပွါးစည်သီးလျက်၊ ဝဋ္ဋထီးဝဋ္ဋနန်း၊ ဝဋ္ဋ*ကြငှန်းက၊ ဝဋ္ဋခန်းဝဋ္ဋမြုံ၊ ဝဋ္ဋဘုံဝဋ္ဋအိမ်၊ ဝဋ္ဋစည်းစိမ်ဟု၊ ကြိမ်ကြိမ်ကြံလေ့၊ လျှော့မမေ့ဘဲ၊ တနေ့တနေ့၊ တရွှေ့ရွှေ့လျှင်၊ *ကြွေ့ကြွေ့မည့်သူ့၊ ဆန်းလတိုးသို့၊ မြတ်မျိုး*တံထွာ၊ ထပ်ကာကာလျှင်၊ ပညာဝရဇိန်၊ သတိန္ဒြိ၊ သန္တေသိဖြင့်၊ ထင်ဘိသော့အား၊ ရှုပိုင်းခြားလျက်၊ တရားရုံးပေါင်း၊ ဆိုးနှင့်ကောင်းကို၊ ကျိုးကြောင်းဖြစ်ဆစ်၊ မြင်မြဲးဖြစ်၍၊ ညှံ့ညစ်ရှုံတွင်၊ နစ်ခဲ့ကျင်လည်း၊ မျက်ရှင်စိန်ခဲ၊ ထိန်ရဲရဲသို့၊ ညစ်မြဲးမယှိ၊ ဖြစ်ဘိရကား၊ တရားကြံစေ့၊ ဉာဏ်အောက်မေ့၍၊ တနေ့သရော်၊ ရွှေနန်းပေါ်ထက်၊ ဆံတော်မုတ်ဆိတ်၊ ဖြတ်ရိတ်ပယ်ကာ၊ စံလှည့်ရာဝယ်၊ ဆတ္တာ*လှင်၊ မင်းကျွမ်းဝင်ကို၊ နီးတွင်ပါးတော်၊ ညင်းညင်းခေါ်၍။   ။မြွက်ဘော်ဤသို့ မိန့်ပေးတည်း။ (၁၂)

၉၄။ အရှင်မင်းတိ၊ မှားယွင်းသဖြင့်၊ မကောင်းကျင့်က၊ အသင့်မြစ်ထား၊ ကောင်းရာစီးပွါး၊ ယှဉ်စေငြားနှင့်၊ ရှင့်အားကျေးဇူး၊ အထူးထင်အောင်၊ ဘုန်းဂုဏ်ရောင်ကို၊ ဆောင်သည်တချက်၊ ရှိ့ဝှက်အပ်ရာ၊ ယိုသော့ခါလည်း၊ လုံစွာဝမ်းထဲး၊ ရှိ့ဝှက်စွဲး၍၊ အမြဲး*မသုန်၊ အရှင့်ဂုဏ်ကို၊ နေရှဏ်ပြုံးပြက်၊ ရွှေရွှေတက်သို့၊ ဆက်ဆက်မကြွင်း၊ နှံ့စေခြင်းက၊ မှုခင်းရေးရာ၊ ဘေးတွေ့ခါလည်း၊ သေ့ခွဲမပယ်၊ ဆက်ဘွယ်ဆက်ရာ၊ ရတနာ*မွန်မြတ်၊ ရလတ်တုံငြား၊ အရှင့်အားကို၊ ချန်ထားမဝှက်၊ အကုန်ဆက်သား၊ ခြောက်ချက်ဂုဏ်အင်၊ စုံလင်စုပေါင်း၊ လွန်ညီတောင်းသည့်၊ ကျွန်ကောင်းမှန်လှ၊ ကပ္ပက! နားဝစိမ့်အောင်၊ မြဲးမှတ်ထောင်လော့၊ ဘုန်းခေါင်မဟာ၊ ငါရာဇာ၏၊ ကေသာမြွရွက်၊ ဥက္ကောင်းထက်နိုက်၊ အနက်ညှိုး*မြန်း၊ အပြုသန်း၍၊ ဖြစ်ဆန်းဖြစ်ကျင်၊ တချောင်းတင်က၊ လျှင်လျှင်*ရှောင်းရှောင်း၊လင့်မ*ညောင်းဘဲး၊ ကျွန်ကောင်း

ကျွန်*မွန်၊ ခါမလွန်နှင့်၊ ထိပ်စွန်ဦးပြင်၊ စုံလက်တင်၍၊ မြင်လျှင်မြင့်†ခြင်း၊ ကြာ*မတင်းသည်။ ။အာ†ချင်းတင်စေ မနှေးတည်း။ (၁၃)

၉၅။ ဤသို့ဟူ၍၊ လူတို့မိပတိ၊ ဘုန်းတော်ယှိသား၊ ဗောဓိမဟာ၊ မြတ်ရာဇာက၊ ဆရာမ†ကူ၊ သယမ္ဘူဖြင့်၊ ဗုဒ္ဓကိုးလေ့၊ အောက်မေ့ကြံမြတ်၊ ဆောက်တည်မှတ်ပြီး၊ ဆတ္တာသမား၊ ထိုယော†ကျားကို။ မြွက်†ကြားဆတ်ဆတ်၊ မိန့်တော်မှတ်တည်း။

ကပ္ပကာမန္တနခဏ်း ၁၃-ပိုဒ် ပြီး၏ ။

---

## ၂-ကပ္ပကာရောစနခဏ်း

ကပ္ပကောပိ ဒီဃမဒ္ဒါနံ ခေပေတွာ ကောဒိဝသံ ရညော
အဥ္ဇနဝဏ္ဏာနံ ကေသာနံ အန္တရေ ကေမေဝ ပလိတံ ဒိသွာ
"ဒေဝ ဧကံ တေ ပလိတံ ဒိဿတီ"တိ အာရောစေသိ[၁]။

၉၆။ ကပ္ပ ဆေဒနေ၊ မသေ့မှတ်ခင်း၊ ခေတ်ရင်းခေတ်နက်၊ ဏ္ဍုသက်၍၊ ရုပ်တွက်ပုဒ်ပြီး၊ *အတီးရှေးက၊ စီရင်ပြသား၊ အနိစ္စဝါဒီ၊ ကမ္ဘီကမ္ဘာ၊ ဆက်ဆက်လာ၍၊ ဝေါဟာတသီး၊ လိုလိုပြီးသား၊ ဖျက်ဆီးမရ၊ ပသိဒ္ဓဟု၊ နိစ္စဝါဒီ၊ မညီဝါဒ၊ နှစ်မျိုးပြလည်း၊ သဒ္ဒါ့အရာ၊ မကြံသာကြောင့်၊ နေဝါနိစ္စ၊ နာနိစ္စဟု၊ ဆရာ့အယူ၊ နှစ်မူလိုက်ပြု၊ မရုပ်မွေ့၊ ဂုဏ္ဍောပမာ၊ သဒ္ဒါအနိစ္စ၊ ဗျာကရဏဖြင့်၊ ပသိဒ္ဓဟုတ်၊ နိစ္စပုဒ်၏၊ ကတ္တာ့ကြိုရဏ၊ စသည်မကင်း၊ အတုကျင်းလျက်၊ အလင်းပြည့်၊ ဆီမီးသဖွယ်၊ သိကြောင်းရှယ်သား၊ အလယ်သိမ်းဆည်း၊ မဍ္ဍုနည်းဖြင့်၊ ကစ္စည်းမလွန်၊သဒ္ဒါဉာဏ်ကို၊ဘိခေန်သသ်ကရိဋ်၊ ကျမ်းရိုးလိုက်၍၊ လူ့နိုက်အထင်၊ ဆံပင်မုတ်ဆိတ်၊ ပယ်ရိတ်*ဥ†ပြည်း၊ ခြေ လက်သည်းကို၊* ဖြင်†ပည်းများစွာ၊ မျိုးစဉ်လာတိုင်း၊ အာဇီဝရေး၊ သက်မွေးကိစ္စ၊ ယောဘုယျဖြင့်၊ စိတ်ကမဖြေး၊ ဖြတ်လှီးသုတ်သင်၊ ပြုပြင်တတ်စွ၊ နက်အတ္ထကြောင့်၊ ကပ္ပကမည်၊ ဆတ္တာသည်လည်း၊ ဘုန်းစည်မှတ်ချက်၊ မိန့်တော်စက်ကို၊ ဦးထက်တင်ရ၊ နေ့ကစ၍၊ ကိစ္စတသီး၊ ရေးတကြီးသည်။ ။ရှယ်ပြီးမိုးကြိုး သဖွယ်တည်း။ (၁)

၉၇။ မိုးကြိုးထိပ်ဝယ်၊ ရှယ်ပြီ့းနှယ်သို့၊ အကယ်မှတ်၍၊ ထိုဆတ္တာကျွန်၊ ကြီးသည့်ဝန်ဖြင့်၊ အလွန်ရှည်စွာ၊ ကာလကြာအောင်၊ ပတာ*ပတော၊ ရိုသေမမေ့၊ တစေ့စေ့လျှင်၊ ရက်နေ့မချော၊ ရေးရာတခု၊ လေးကြီးပြုလျက်၊ ဂရုကတ၊ ကြည့်ရှုရစဉ်၊ နှစ် လ ရာ ထောင်၊ မကအောင်တိ၊ *မြားမြောင်ကာလ၊ ရှည်*ကျွန်းမှလျှင်၊ ကောဒိဝသံ၊ နေ့တရံနိုက်၊ ဆံတော်မုတ်ဆိတ်၊ ပယ်ရိတ်ပြင်ကာ၊

---

၁။ ဇာတကဋ္ဌကထာ၊ ၁ နှာ-၁၅၄။

သုတ်သင်ရာဝယ်၊ ရာဇာဘုန်းမော်၊ မင်းမြတ်ကျော်၏၊ ဗောင်းတော်တင်ဆက်၊ ဦးတော်ထက်နှိုက်၊ မည်းနက်ဘိတ်မှောင်၊ မျက်စဉ်းရောင်သို့၊ *ဥသျှောင်စူဠာ၊ ကေသာမြသား၊ ဆံတော်+ကြားတွင်၊ ဖြူ+ကျားအသွင်၊ ဆံတော်ရှင်သည်၊ တပင်မျှထွက်၊ ဖွေးလက်လက်ကို၊ *ပြက်ပြက်ကွင်းကွင်း၊ မချွတ်ယွင်းအောင်၊ လင်းလင်းထင်ထင်၊ စေ့စေ့မြင်က၊ ရှင်ရှင်အားရမ်း၊ မြောက်သည့်ဝမ်းဖြင့်၊ မင်းကျွမ်းဝင်ဝင်၊ *ဆောတ+လျှင်သာ၊ မြင်+လျှင်မြင်ခြင်း၊ ဦးချခင်း၍၊ ဝပ်စင်းယို့ယို့၊ တင်တုံမြို့သည်။ ။ဤသို့လက်အုပ် ချီရွှယ်တည်း။ (၂)

၉၇။ ဘဝိဿရိ၊ မဟိဒ္ဓိနှင့်၊ တြိမဟတ်၊ အမြတ်သုံးဖြာ၊ *မနူန်းရာတည့်၊ မဟာသုဒဿန၊ ဘေးလောင်းကလျှင်၊ အစ*ပက+တူး၊ ဘုန်းတော်+ထူး၍၊ ကျွန်းဦးသပြေ၊ သီးမှည့်ကြွေဖြင့်၊ ရွှေတခဲးနက်၊ ရိုးလက်လက်တိ၊ ကနက္ကဒဏ်၊ မင်းသာတန်သည့်၊ ထီးမွန်မင်္ဂလာ၊ မိုးအုပ်ကာလျက်၊ မဟာသမ္မတ၊ ကမ္ဘာစက၊ ဗြဟ္မာ့ရိုးဖြစ်၊ ဘုန်း*သစ်သစ်နှင့်၊ မျိုးဇာစ်ဇာတိ၊ တုမယှိဘဲ၊ လောကီပရမေ၊ ထွတ်ဆုံးနေသား၊ မဟေသရော်၊ နတ်မင်းကျော်သို့၊ မြေပေါ်တသောင်း၊ လူအပေါင်း၏၊ ဥက္ကောင်းဖြတ်ချိုင်၊ ဘုန်းသတ်ပိုင်၍၊ *ဦးကိုင်စီးလျက်၊ လူတို့သက်ကို၊ ရွှေလက်တွင်အုပ်၊ အမြဲးဆုပ်ပြီး၊ ချုပ်စေရှင်စေ၊ မိန့်တော်ထွေတိုင်း၊ သေရှင်နှစ်မျိုး၊ ဘဝဆိုးသည့်၊ တန်းခိုးကြီးမြတ်၊ လူတို့နတ်! ဥက္ကဌ်ထိပ်နင်း၊ တေဇာပြင်းသား၊ လောင်းမင်းအ+သျှင်၊ ဘဝ+ရှင်၏၊ ထက်ခွင်မိုးက၊ မိုးကြိုးချသို့၊ ကြီးလှရှိန်*ဝါ၊ မိန့်အာဏာကို၊ အာဠွာဝက၊ ကုဝေရနှင့်၊ ယမဝတ္တာဘူ၊ နတ်လေးဆူတို့၊ ဘွဲ့ဖြူသံချောင်း၊ မျက်စောင်းဝရဇိန်၊ ရှယ်ချိန် ချီမြှောက်၊ လက်နက်အောက်နှိုက်၊ သက်ပျောက်ဝေမူး၊သေ*ယူးယူးသား၊ ဘီးလူးနတ်ငယ်၊ ကုမ္ဘဏ်*နွယ်သို့၊ နှိုင်းဆွယ်မကဲ၊ ကြောက်လှခြင်းရာ၊ ရှိသေစွာ၍၊ ဆတ္တာငယ်ကျွန်၊ သွေမလွန်အောင်၊ ထိပ်စွန်ဦးထက်၊ ပန်ဆင်ရွက်၍၊ မြခက်နှိုင်း*ခလျှော်၊ မြတ်ဆံတော်ကို၊ တမျှော်စေ့စေ့၊ခါမမေ့လျှင်၊တနေ့မချန်၊ရက်အမှန်ဖြင့်၊ ပြန်လှန်သုတ်သင်၊ စုံစမ်းကျင်လည်း၊ တပင်တွက်မျှ၊ ယွင်းကွက်ဖြူရောင်၊ ကျားမကြောင်ဘဲ၊ လေးထောင်ကျော်ဆောင်း၊ နှစ်အပေါင်းသည်။ ။ရှစ်သောင်းစင်ခဲ့ပြီဘုရား။ (၃)

၉၉။ မဟိဿရိ၊ စက်ရဝိသို့၊ ကြီးဘိတေဇော်၊ တိုက်လုံးကျော်၍၊ ဘိုးတော်ရန်လှည်း၊ ခမည်းရန်နှိပ်၊ ဘုန်းဆိပ်ပြင်းစွာ၊ မြတ်ရာဇာတို့၊ စံရာရန်အောင်၊ နန်းဆောင်ဆောင်နှင့်၊ ရွှေရောင်*ချိုး+ချက်၊ အောင်မြေ+ချက်ဟု၊ ရွှေ+ချက်တော်သို့၊*နဂိုရ်ဘူမိ၊*သော်ဇာတိထက်၊ သိရိလုံ့ဘိတ်၊ ပြည်မလိတ်နှိုက်၊အာဒိတ်ကာလ၊ ကုမာရက၊ ဥပရာဇာ၊ ရွှေနန်း*လျှာဟု၊ မင်္ဂလာအိမ်တော်၊ စံမြန်းပျော်စဉ်၊ ရေသော်*မြားမြောင်၊ လေးထောင် ရှစ်သောင်း၊ နှစ်ပြန် ပေါင်းနှင့်၊ နှောင်းမှုထိုပြီး၊ ဤမိထိလာ၊ ပြည်အောင်ချာဝယ်၊ တရာမင်းတို့၊ ခွန်သွင်း

*ကော်ရော်၊ ရှိပူဇော်၍၊ မပေါ်ရန်ကြောင့်၊ ရှစ်သောင့်းလေးထောင်၊ နှစ်စင်အောင်တိ၊ *ရွှေတောင်လျှံ†ညီး၊ ရွှေနန်းကြီးထက်၊ မ†ငြိမ်းမငွေ၊ စံမွေ့စက်ပျော်၊ ထက်မိုးပေါ်ဝယ်၊ ဘိုးတော်မာဃ၊ ဝါသဝလည်း၊ သည်မျှချမ်းသာ၊ မလွန်ရာခဲ့၊ မဟာပုည၊ ဗလဝကြောင့်၊ လောကသခင်၊ တို့နတ်သျှင်လည်း၊ *လုင်ရွှယ်လှ၊ တရုဏသို့၊ ရှုကြ*မညောင်း၊ ရွှယ်တော်ကောင်း၍၊ ရှစ်သောင်းသုံးခါ၊ မတန်ရာခဲ့၊ သမ္ဘာတော်ဟုန်၊ ဘုန်းတော်ဂုဏ်ကို၊ ဝသုန်မြေနှင့်၊ နှိုင်းရှည့်ချင့်လည်း၊ ကြီးမြင့်အထု၊ *နှုန်းတုမတန်၊ ရွှေဘုန်းလွန်၍၊ ပြန်ပြန်သချ်ျာ၊ *မကန်ရာခဲ့၊ ရွှေအာယုခေတ်၊ သက်တော်စစ်က၊ အနှစ်ရှစ်သောင်း၊ လေးထောင်ပေါင်းဖြင့်၊ ပြန်ဆောင်းသုံးခေါက်၊ တိုင်ရောက်ပြီး၍၊ ဤယနေ့မှ၊ စေ့စေ့ထင်ရှား၊မြင်မမှားဘဲ၊ မြသားရောင်မြတ်၊ ကိတ္တပတ်သို့၊ ဥက္ကဌ်ထွတ်ဖျား၊ *တမွတ်ထားသည့်၊ ဘုရားဘုန်းမော်၊ မြတ်ဆံတော်တွင်၊ ငွေဘော်ချည်လား၊ ခြား၍ဖြူ*ယောင်း၊ ရောင်မမောင်းသည်။ ။တစ်ချောင်းထင် ခဲ့ပြီဘုရား။ (၄)

၁၀၀။ ဇနိဿရိ၊ မိပ္ပတိဟု၊ လောကိကိုးရာ၊ စိုးထွတ်ချာတည့်၊ ရွှေသမ္ဘာဟုန်၊ မဟာဂုဏ်နှင့်၊ ဆန်စုန်မြေမိုး၊ တန်းခိုး*ဝှန်†ချောက်၊ ဘုန်းရှိန်တောက်၍၊ ပိန်†ခြောက်ရာစင်း၊ကြောက်ရွံ့ပြင်းလျက်၊သတင်းလူ့ဘောင်၊မဆံ့အောင်လျှင်၊ မိုးခေါင်နတ်†ခြောက်၊ အနှံ့ပေါက်၏၊ ထုတ်†ချောက်မြင်းမိုရ်၊ ဗွေကမ္ဘိုလ်ထက်၊ လိုတော်ရှိတိုင်း၊ တွန့်မဆိုင်းဘဲ၊ *ကွန့်လှိုင်းရွှေစက်၊ ဖြန့်ချီတက်၍၊ နတ်ထက်လူမင်း၊ သာလွန်†ခြင်းဖြင့်၊ ကျော်†ချင်းထင်ရှား၊ ဝေယန်ဖျားဝယ်၊ သိကြားသုံးကျိပ်၊ ခြောက်ယောက်ထိပ်ကို၊ နင်းနှိပ်စိုးနှိမ်၊ နတ်နန်းအိမ်နှိုက်၊ စည်းစိမ်စံပျော်၊ ရှည်သက်တော်နှင့်၊ အကျော်တဦး၊ ဘုန်းတော်ထူးသည့်၊ လူမှူးမဟာ၊ ကပ်ဦးခါက၊ စကြာမန္ဓာတ်၊ ဘေးတော်မြတ်သို့၊ ဆတ်ဆတ်မြဲတည်၊ သက်တော်ရှည်၍၊ လူ့ပြည်မတန်၊ နတ်ထက်လွန်အောင်၊ တမ်းခွန်ဆောက်ပြီး၊ ဘုန်းတော်ကြီးလိမ့်၊ ထီး*တကာ့ရှင်၊ တို့ထိပ်တင်လျက်၊ နန်းပြင်ပျော်မြူး၊ ရွှယ်တော်ဦးက၊ ရှည်ကျူးအနှစ်၊ ရေတွက်စစ်သော်၊ ရှစ်သောင့်းလေးထောင်၊ ငယ်ရပ်ဆောင်လျက်၊ ထို့နောင်ကာလ၊ ရုံးရောင်ပ၍၊ မွေးဘရာဇာ၊ ခံ*ရိုက်ရာနှင့်၊ မင်း*လျှာ*ကြင့်နန်း၊ *ကွမ်းထည့်မှန်းသား၊ ဘုန်းပန်းပွင့်သစ်၊ဥပရာဇ်လည်း၊ရှစ်သောင့်းလေးထောင်၊နှစ်*မြားမြောင်တည့်၊မင်းခေါင်မင်းဖျား၊ပြည်ထောင်ပွါး၍၊ တရားစည်ကြီး၊ ဆော်တီးထိန့်ဆူ၊ ကနက်ထူလျက်၊ ဇမ္ဗူတသောင်း၊ မြေနေပေါင်းနှင့်၊ ထီးဆောင်းဆယ်ကျိပ်၊ မင်းမျှားထိပ်ကို၊ နင်းနှိပ်ခွန်ယူ၊ မင်း*ခံမူ၍၊ ရိပ်ဖြူမိုးလှစ်၊ စိုးသည့်နှစ်လည်း၊ ရှစ်သောင့်း

လေးထောင်၊သုံးပြန်ဆောင်သော်၊*မြားမြောင်တွက်ကိန်း၊ နှစ်သိန်းငါးသောင်း၊ နှစ်ထောင်ဆောင်းသည်။ ။နှစ်ပေါင်း* ဖြင်ခဲ့ပြီဘုရား။ (၅)

ဤသုံးပုဒ်ကား အချီအချ ကိုယ်တွင်းပြည့် ချည်း၊ ခဲ့ပြီဘုရား-ချည်းချရကား သော်တာရောင်ချ၊ ပိုဒ်ပေါင်း ၁၀-စီညီသဖြင့် ထူးဆန်းထွေလာ လည်းဟူ။

၁၀၁။ ဤသို့ဆတ္တာ၊ ကျွန်ရှင်း†ချာလျှင်၊ ကြောင်း†ခြာမတိမ်း၊ ခပ်သိမ်းအ†ချင်း၊ ချွန်မချွင်းသည် ။ ။ချက်†ခြင်းမြင်†လျှောက်၊ တင်†လျှောက်သံတော်၊ ထိပ်ပေါ်လက်မြှောက်ချီလတ်တည်း။ (၆)

(၁၅-လုံးချ မဏိဥပြည်း-ချနည်း။)

ကပ္ပကာရောစနခဏ်း ၆-ပိုဒ် ပြီး၏။

---

## ၃-ပလိတဒဿနခဏ်း

"တေန ဟိ မေ သမ္မ တံ ပလိတံ ဥဒ္ဓရိတွာ ပါဏိမှိ ဌပေဟီ"တိ စ ဝုတ္တေ သုဝဏ္ဏသဏ္ဍာသေန ဥဒ္ဓရိတွာ ရညော ပါဏိမှိ ပတိဋ္ဌာပေသိ[၁]။

၁၀၂။ ဆတ္တာကျွန်ရှင်း၊ တင်လျှောက်ခြင်းကို၊ လောင်းမင်းဘုန်းလူ၊ ကြားတော်မူက၊ မည်သူမညွှန်း၊ ကိုယ်လို*ခွန်းသား၊ တိုက်တွန်းမယို၊ ဉာဏ်ဇာတိဖြင့်၊ မြင်သိသော့အား၊ တရားရှေးရှု၊ သံဝေယူမှု၊ မဥ္ဇူနှုတ်တော်၊ အာလုပ်ဘော်၍၊ ယော်သော်ကဘက်၊ ငွေ့ရွှေစက်ကို၊ ဦးထက်တင်မြှောက်၊ အမြဲးဆောက်လျက်၊ ချစ်ကြောက်ရိုသေ၊ ခစားထွေဖြင့်၊ *ပတေ*ပတာ၊ *ယမ်းပည်းစွာလျှင်၊ အာဏာမလွန်၊ လက်ညှိုး†ညွှန်တိုင်း၊ †ညွှန်ညွှန်ရေရေ၊ အရှင်စေက၊ မသွေမဖည်၊ မိန့်တော်တည်သည့်၊ လူရည်ကောင်းစွာ၊ ကျွန်ဆတ္တာ ! ခြင်းရာကေန်၊ တင်တိုင်းမှန်က၊ အမြန်လွယ်ကူ၊ ထိုဆံဖြူကို၊ နုတ်ယူခဘက်၊ ငွေ့ရွှေလက်နှိုက်၊ ဆက်ထည့်မသွေ၊ ကြာမနေနှင့်၊ လျှင်စေမဆိုင်း၊ ဤပြုတိုင်းတိ၊ အားလိုင်းခုပင်၊ မျက်တော်မြင်အောင်၊ ထင်ထင်လင်းလင်း၊ ကသိဏ်းကွင်းသို့၊ ငါမင်းဘုန်းမို၊ ရှုစလိုဟု၊ ထိုခဏ†ခြင်း၊ ကိုယ်လုံး†ချင်းအောင်၊ လွန်ပြင်းသံဝေ၊ ထိတ်လန့်ထွေဖြင့်၊ ရွှေမိန့်တော်မြွက်၊ ချက်ခြင်းမှတ်သည်။ ။မြေပြတ်မိုးပြို သော့လားတည်း။ (၁)

၁၀၃။ ဤသို့မင်းကျော်၊ အာလုပ်ဘော်၍၊ ရွှေမိန့်တော်မြွက်၊ ချက်†ခြင်းမှတ်က၊ ဆတ္တာကျွန်ရှင်း၊ ထို*အ†ချင်းလည်း၊ ဝိုးဝင်းလျှံထိန်၊စိန်လည်းတဆစ်၊

---

၁။ ဇာတကဋ္ဌကထာ၊ ၁ နှာ-၁၅၄။

မြတရစ်ဖြင့်၊ ကျစ်လစ်မွေ့သိမ်၊ ရွှေပန်းတိမ်တို့၊ ခြူးလိမ်ခြူးကြွ၊ ပွရရွှနှင့်၊ အလှ အနု၊ သိကြားထုသို့၊ မျှော်ရှုမ†ငြီး၊ တ†ညီးညီးတိ၊ မိုးနှယ်တောက်ညို၊ လောင် တလိပ္ပ၊ နဂ္ဂိဘိုး†မျှား၊ ကျောက်စုံခြားသား၊ ပတ္တ†မြားစီတပ်၊ ရွှေမွေးညှပ်ဖြင့်၊ ချဉ်းကပ်ရို*ကျိုး၊ ရှိခိုးလက်အုပ်၊ ညွတ်တုပ်ပြီးခါ၊ ဖြည်းညှင်းစွာလျှင်၊ နုတ်ကာလွယ်ကူ၊ အသာယူ၍၊ စင်ဖြူသန့်†ကြော၊ ချော်မနှောသား၊ *ဘော် †ကျောငွေ†ချည်၊ *တရထည်ဖြင့်၊ ရောင်†ခြည်ဖြူလွ၊ တပင်†မျှတိ၊ †မြရည် ဘောက်ပြား၊ ခြားနားအသွင်၊ ထိုဆံပင်ကို၊ ဘုရင်မင်းတရား၊ ရွှေလက်ဝါးနှိုက်၊ ထင်ရှားပြက်ပြက်၊ တင်ထားဆက်သည်။ ။*ခေါက်ရက်မရှု မအားတည်း။ (၂)

ပလိတဒ္ဒဿနခဏ်း ၂-ပိုဒ်ပြီး၏။

---

## ၄-အတ္တစိန္တာခဏ်း

တဒါ ရညော စတုရာသီတိ ဝဿသဟဿာနိ အာယု
အဝသိဋ္ဌံ ဟောတိ၊ ဧဝံ သန္တေပိ ပလိတံ ဒိသွာဝ မစ္စုရာဇာနံ
အာဂန္တွာ သမီပေ ဌိတံ ဝိယ အတ္တာနံ အာဒိတ္တပဏ္ဏသာလံ
ပဝိဋ္ဌံ ဝိယ စ မညမာနော သံဝေဂံ အာပဇ္ဇိတွာ "ဗာလ
မဃဒေဝ ပလိတဿုပ္ပါဒါဝ ဣမေ ကိလေသေ ဇဟိတုံ
နာသက္ခိ"တိ စိန္တေသိ[၁]။

၁၀၄။ ထိုသို့ရင်း၊ မြတ်ဥက္ကောင်းထက်၊ တချောင်းဆံဖြူ၊ နုတ်ယူဆတ္တာ၊ ဆက်သောခါနှိုက်၊ ရာဇာထိမင်း၊ လောင်း*သနင်းအား၊ ကြွင်းသည့်နန်းသက်၊ ဆက်ဆက်ကြာ*ညောင်း၊ နှစ်အပေါင်းဖြင့်၊ ရှစ်သောင်းလေးထောင်၊ *မြား မြောင်ရှည်ဝေး၊ ကျန်ဘိသေး၏၊ အရေးထင်လင်း၊ သို့သက်ကြွင်းလျှင်၊ ယှိုလျှင်း ကစား၊ ထိမင်းဖျားကား၊ ဖြူကျားညှိုး†ယော်၊ ထိုဆံတော်ကို၊ ထို†ရော်ထပ်ထပ်၊ ဉာဏ်တော်ကပ်ပြီး၊ *တိမ်းမပ်*လုလု၊ မျှော်ရှု၍သာ၊ ထိတ်လန့်စွာလျက်၊ မကြာအဟုတ်၊ ချက်*တဖွတ်ခြင်း၊ သုတ်သုတ်လျင်စွာ၊ သေမင်းလာ၍၊ အာဏာကြီးမား၊ ယူမည့်သားဟု၊ အပါးကြပ်ကြပ်၊ ရပ်လာလှည့်သို့၊ ထိုမြို့ တခြင်း၊ မင်းပြစ်မလွတ်၊ ရာဇဝတ်ကြောင့်၊ မချွတ်အပြီး၊ မီးပုံကြီးနှင့်၊ ညီးညီး ပြောင်ဝင်း၊ လောင်တိုက်တွင်းနှိုက်၊ ဆင်းရ၏သို့၊ ဤကိုယ့်အပြစ်၊ ခြင်းရာစစ် ကို၊ နစ်နစ်*နှောနှော၊ သူမ†ပြောလည်း၊ မိန်း†ပျောဆွတ်ဆွတ်၊ ထင်တော် မှတ်၏၊ ဘုတ်ခေါတ်အလို၊ ပေါင်းသင်္ဂိုဟ်၍၊ ကိုယ်ဟုပွါး*ဖြိုး၊ ဖြစ်ထပြီးကား၊ ပျက်စီးဘို့†ရာ၊ အမြဲသာတည့်၊ ဇ†ရာမရဏ၊ ဒုက္ခဝဋ်တွင်း၊ အိုရခြင်းနှင့်၊

---

၁။ ဇာတကဋ္ဌကထာ၊ ၁ နှာ-၁၅၄။

သေမင်းလွှတ်အောင်၊ ဘယ်သို့ရှောင်အံ့၊ တောင်ခုနစ်ခွေ၊ ရေခုနစ်ထပ်၊ လေးရပ်ကျွန်းခွင်၊ ကောင်းကင်သမုဒ္ဒြာ၊ စကြဝဠာမြေထဲး၊ ပုန်းခိုလွှဲးလည်း၊ အမြဲးမချွတ်၊ သေဘေးဝင့်မှု၊ မလွှတ်တို့သာ၊ မလွှဲးရာတည့်၊ ဓမ္မတာအညီ၊ လမ်းရိုးမှီ၍၊ ငြင်းဖီမရ၊ အနိစ္စသော၊ ထင်သည့်ဇောနှင့်၊ သဘောစိစိ၊ ကျမ်းရိုးမိသို့၊ မြင်သိအမှန်၊ သံဝေဇဏ်ဖြင့်၊ ဘန်ဘန်မရွှေ၊ တစေ့စေ့သည်။ ။ အောက်မေ့ဤသို့ ကြံသတည်း။ (၁)

၁၀၅။ မောဟမိုက်စွာ၊ မှောင်တိုက်မှာလျှင်၊ တဏှာလုံးပိုး၊ နေ့တိုင်းထိုးလျက်၊ ကိုယ်ကျိုးနှစ်ခု၊ ကောင်းဆိုးမှုကို၊ မရှုမမြင်၊ မဆင်ခြင်ဘဲး၊ သက်ရှင်ရုံတိ၊ သည်သာယှိသည်၊ မည်ဘိဗာလ၊ မင်းမဃ ! မောဟမေ့ရစ်၊ သင့်အ†ဖြစ်ကို၊ လက်†ဖျစ်တတီး၊ အံ့ကြီးအကယ်၊ အံ့ဩဘွယ်ဘည့်၊ ကြီးကျယ်ရိပ်ငြိမ်၊ မင့်းစည်းစိမ်နှင့်၊ စိုးရိမ်*မဲ့လစ်၊ ငါမင်းဖြစ်ဟု၊ မူးယစ်တဏှာ၊ ဤခန္ဓာကို၊ ပညာဉာဏ်မေ့၊ မြော်မတွေးဘဲး၊ မြွေပွေးခါးပိုက်၊ အပျော်လိုက်သည့်၊ သူမိုက်သ†ဖွယ်၊ အံ့မော†ဘွယ်တည့်၊ လက္ကယ် သန်းခေါင်၊ တိမ်တောင် တောအုပ်၊ သရုပ်အပြား၊ ဤလေးပါးဖြင့်၊ စုံငြားအင်္ဂါ၊ မှောင်ကြီးစွာထက်၊ အဝိဇ္ဇာတမ၊ မောဟမိုက်ခေါင်၊ ကိလေမှောင်နှိုက်၊ ဉာဏ်ရောင်ပျောက်ပြယ်၊ ရှင်းရှင်းကွယ်လျက်၊ နွမ်းနယ်ရုပ်*ဝါ၊ မရှုသာအောင်၊ ဇရာမြွေဆိုပ်၊ ရိပ်ရိပ်မျိုတက်၊ ဤကိုယ်ပျက်လည်း၊ သက်သက်မထင်၊ မိုက်တွင်းဝင်ပြီး၊ *လုလင်*တန်စို၊ စိတ်မှန်ယိုနှင့်၊ အလို*ရမ္မက်၊ ဉာဏ်မဘက်သား၊ ပျိုသက်နုနယ်၊ လူသူငယ်သို့၊ လူဝယ်ပျော်ရေး၊ ကာလသွေး၍၊ ခေါင်းမွေးဆံပင်၊ အဖြူလင်အောင်၊ သို့စင်မေ့မူး၊ အိမ်ထောင်ကြူးလျက်၊ ပျော်မြူးစမွယ်၊ နန်းကြီးလယ်နှိုက်။ ။အရွယ်သင့်သေးပါစုံလော။ (၂)

၁၀၆။ တအောင့်တမှိတ်၊ တဆိတ်ဆိတ်ဖြင့်၊ ညိုတ်ညိုတ်ရွှေသွား၊ နေ့အလားသို့၊ လုံးပါးချက်တိုင်း၊ ရပ်မဆိုင်းဘဲး၊ သင်းချိုင်းရှေးရှု၊ ပြေးစမူသား၊ ဤလူ*ပေါယယ်၊ မျှားကြီးငယ်တို့၊ ကိုယ်ဝယ်ဖြစ်†ခြင်း၊ ကိုယ့်ကြောင်းရင်းနှင့်၊ အ†ချင်း*အတ၊ သဘာဝကို၊ ယမ်းဆစိုးစိ၊ မသိတုံရှောင်း၊ *ဦးမတောင်းသား၊ ရပ်ကောင်းဘူ†မိ၊ ဘေးမယှိသို့၊ မိုက်†မိမိုက်မဲး၊ အိမ်ထောင်မြဲးလျက်၊ ပျော်ပွဲးဘွဲကာ၊ ပျော်စပါခဲ့၊ *ကြမ္မာယိမ်း†ယိုင်၊ ပျက်ချိန်တိုင်က၊ ခ†ရိုင်ပျက်ထိမ်း၊ ဘောင်ကြီးကွဲးလံ၊ သောင်ကြီး*ယံ့သို့၊ မကြံနိုင်စွာ၊ ငေးမှိုင်ကာလျှင်၊ *ကြမ္မာအလျောက်၊ ရောက်ရာရောက်လိမ့်၊ ဘောက်ဘောက်ပြားပြား၊ မမြင်ငြားလော့၊ မျှားလှ*အစုတ်၊ မြုတ်ယုတ်မျိုးနွယ်၊ ကြီးငယ်ပုရွှ၊ လူထိုမျှတို့၊ နေ့ညမခြား၊ အားပါးထုတ်မှု၊ ဆည်းပူးပြုသည့်၊ ပေါင်းစုရရာ၊ ထိုဉစ္စာကား၊ စားကာသောက်တုံ၊ ကြံပုံပျက်ရှူး၊ ကုန်ခြင်းဆုံး၏၊ သုံးဆဲ့တရွာ၊ သတ္တဝါတို့၊ ခန္ဓာဟုဆို၊ ယှိတိုင်းကိုယ်လည်း၊ အိုတရွှေရွှေ၊ နောက်ဆုံးနေ့နှိုက်၊ စုတေ့မမြဲး၊ ပြိုကွဲးအားလုံး၊ သေခြင်းဆုံး၏၊ ဘုံထုံးဘုံလေ့၊ မရွှေစသာ၊ မချွတ်စွာတည့်၊

ဘွားခါထိုမှ၊ နေ့ကစ၍၊ နှစ်လရက်ရေ၊ ကြာလေလေတိုင်း၊ သွားကြွေဆံပွင့်၊ တရင့်ရင့်ဖြင့်၊ အိုခြင်းမပ္ပဟာ၊ ဤခန္ဓာကား၊ ယုတ်မာဆိုးရွား၊ အပြစ်များခဲ့၊ လေးပါးမျိုးဇာတ်၊ ယုတ်မြတ်ဟူတုံ၊ ပညတ်ရုံတည့်၊ ရွှေဘုံနန်းမြင့်၊ နတ်*နှယ် တင့်လည်း၊ သေမင်းခံတွင်း၊ အာဟင်းလင်းသို့၊ ဆင်းရမည့်တာ၊ ရွှေရွှေသာ လျှင်၊ ဇရာဆောင်ငြား၊ *မနှစ်မှ ားခဲ့၊ နည်းပါးပညာ၊ အကြင်ငါလည်း၊ သေ စာယောက်မူ၊ သေလု*မူးမူး၊ သေ*ယူးယူးတည့်၊ ကျုံးခဲ့အခါ၊ သို့စင်ကြာ၏၊ ခေါင်းမှာဖြူမွဲ၊ဆံကျိုးကျဲ၊နှင့်၊ခြေ၊ကြဲလက်မြောက်၊သေချိန်၊ရောက်အောင်၊ *ဂ၊ယောက်ဂ၊ယက်၊ လွန်နေ့၊ရက်ဖြင့်၊ မရှက်တတ်အား၊ သူရူးလားသို့၊ အများလူ*ဗိုလ်၊ အရွယ်ပျိုနှင့်၊ မလိုတမာ၊ အဘက်ရှာ၍၊ လူ့ရွာပွဲလယ်၊ ပျော်စမွယ်သည်။ ။အကယ်တင့်သေး ပါစုံလော။ (၃)

၁၀၇။ လူဟုဖြစ်လည်း၊ မဆစ်မရ၊ မိုက်အန္ဓသို့၊ ဒိဋ္ဌတမလွန်၊ နှစ်တန်ချို့တဲ့၊ အကျိုး*မဲ့ကို၊ အကဲ့ဟုတ်ဟတ်၊ ကျိုးယှိမှတ်၍၊ ရောက်တတ်ရာ၊ ယူတတ် စွာသည့်၊ မဟာမဃ၊ မင်းဗာလ! မဆမမျှော်၊ အရွယ်ကျော်အောင်၊ တမော် မက်မက်၊ မကြောက်ရှက်ဘဲ၊ အရက်ပြတ်ရူး၊ ခွက်ကပ်မူးသို့၊ အထူးချမ်းသာ၊ မယှိပါလျက်၊ ဝါသနာဆိုးဝါး၊ အထင်မှား၍၊ ငါးပါးကာမ၊ ဝဋ္ဋကိစ္စ၏၊ အပ္ပ- သာဒါ၊ နည်းစွာသေးဖျင်း၊ သာယာခြင်းနှိုက်၊ မင်း၏စည်းစိမ်၊ ကြီးရိပ်ငြိမ် ဟု၊ တင်းတိမ်မယှိ၊ အိုမသိအောင်၊ ပျော်ဘိမသင့်၊ ဉာဏ်မချင့်ဘူး၊ သေမင်း *တိန်၊ညင်၊ ရွှေသုံးအင်တို့၊ *မ၊ငြင်၊မငြို၊ မကြည်၊ညိုလည်း၊ အလိုလိုက်မူ၊ *ဖြားယောင်းပြုလျက်၊ ကယု*ကယင်၊ ပျော်မြူးရွှင်အောင်၊ နန်းပြင်ဘုံ ပေါ်၊ ရံဖြေဖျော်၍၊ ကိုယ်စော်ညှိစော်၊ နံ့*သရော်ဖြင့်၊ ကြေးညော်လိမ်းလူး၊ ကိလေရူးရှင့်၊ မိန်းမူးနေ့ည၊ ပိုးလောက်ကျသို့၊ ကာမချမ်းသာ၊ ပျော်စံကာ တည့်၊ ရာဇာမည်၊မူ၊ မင်းလျှင်ပြုလည်း၊ သ၊မ္မုတိမင်း၊ ဤသို့မင်းကား၊ မင်းစစ်မမည်၊ *လော်လည်ကိစ္စ၊ ငါးကာမ၏၊ တဏှာ့ကျွန်သာ၊ မှန်မောစွာ ၏၊ ဒွါရာဓိပတိ၊ စိုးဘိနိုပ်နင်း၊ ပြုနိုင်လျှင်းမှ၊ မင်းဟု မုချ၊ ဆိုထိုက်လှရှင့်၊ မောဟသည်းစွာ၊ အကြင်ငါကား၊ တဏှာသခင်၊ အရှင်စိုးမင်း၊ ခေါင့်းထက်နင်း ၍၊ မကင်းနေ့ည၊ ကျွန့်ကိစ္စနှင့်၊ တဏှာ့လိုရာ၊ လိုက်ကာသာလျှင်၊ လကြာ နှစ်လွန်၊ တိရစ္ဆာန်သို့၊ နိဗ္ဗာန်တံခါး၊ မဖွင့်အားခဲ့၊ တရားလည်းဝေး၊ သေဘေး လည်းဆိုက်၊ အပျော်လိုက်၍၊ လူမိုက်သေမျိုး၊ ငရဲအိုးတွင်၊ စောက်ထိုးမြုပ် စွ၊ *အန်းမရဘဲ၊ အဆမတော်၊ ကျမလျော်တည့်၊ မြေပေါ်လူနှိုက်၊ မလိုက် မနေ၊ မရ၊ချေဘူး၊ ဆင်၊ခြေနတ္ထိ၊ မယှိအကင်း၊ အာဏာပြင်းသား၊ သေမင်း ရာဇာ၊ သေမိန့်စာဖြင့်၊ ခေါ်လာချအောင်၊ အိမ်ရာထောင်လျက်၊ မရှောင် မရှား၊ သားမယားနှင့်၊ ပျော်ပါးလွန်ဘိ၊ မရိပ်မိဘဲ၊ သတိမဘက်၊ မသိနက်၍၊ မိုက်မက်မိုက်မော၊ မောဟ*ပြောသည်။ ။မိုက်ဇောမွန်တော့ မွန်လွန်း၏ ။(၄)

၁၀၇။ ငါ့အိမ်ငါ့ရာ၊ ငါ့ဥစ္စာဟု၊ ငါငါကိုယ်ကိုယ်၊ မြည်တမ်းဆို၍၊ *ကစိုကဝါး၊ မိုက်ပျော်ပါးသား၊ တဂျေးမဏင်၊ ငှက်အသွင်နှင့်၊ အမြင်အသိ၊ မယှိုလက်လှတ်၊ အိမ်ရာဝတ်နိုက်၊ ခွေးငတ်ရိုးခဲ၊ စွန့်နိုင်ဘဲလျှင်၊ ချင်ရဲမပြေ၊ တပေပေတည့်၊ မသောအံ့သို့၊ ရှေ့ဘို့နောက်ရေး၊ မတွေးမဆ၊ ခေါင်းဖြူဆွဲအောင်၊ ပျော်ရပြီးစေ၊ တနေနေတည့်၊ လူဂလပျော်ပိုက်၊ လူမိုက်ပျော်နည်း၊ *ကျော့တ†ကျည်းဖြင့်၊ ရှင်†ကြည်းစိတ်ပြေ၊ တဖြေဖြေတည့်၊ လေလေဘင်ဘင်၊ တရှင်ရှင်နှင့်၊ ဆင်ခြင်ဉာဏ်ကင်း၊ လူ*ပြိန်ပျင်းတို့၊ အဖျင်းသက်သက်၊ ကျိုးမနက်ဘဲ၊ အပျက်လူဝယ်၊ လွန်*ပေါယယ်ခဲ့၊ ချေစွယ်နုံနုံ၊ ကျားပေါင်ပဲ့သို့၊ အကဲ့ပုံသွေး၊ မှန်မဝေးဘူး၊ သားမြေးတဘော်၊ အိမ်ယောင်ဖျော်၍၊ ပျော်တချိချိ၊ သေမသိခဲ့၊ ရော့ရိရော့ရဲ၊ တဏှာဘွဲ့လည်း၊ ဖြေခဲစွာလျက်၊ ထပ်ကာဆက်၍၊ အသက်ဆုံးထ၊ ပါယ်တွင်းကျလိမ့်၊ မမှသဘော၊ ဘယ်သို့ဟောလည်း၊ လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နှင့်၊ ပျော်တပြုံးပြုံး၊ မော်မဆုံးဘဲ၊ နှလုံးမယဉ်၊ ဉာဏ်မယှဉ်တည့်၊ ပျိုစဉ်ယုတ်မာ၊ အိုခါဆိုးဝါး၊ ဤကိုယ်အားလျှင်၊ ယောကျ်ားမိန်းမ၊ သမုတ်ကြလျက်၊ သုဘထင်၍၊ မငြိုးငွေ့ဘူး၊ အတွေ့ခံစား၊ အောက်ရပ်သားတို့၊ ကျွဲနွားသိုးဆိတ်၊ အဟိတ်ပမာ၊ ဆိုးယုတ်မာခဲ့၊ ဟီနာစာရ၊ လေ့လာကြ၍၊ ကာမသတ္တဝါ၊ ကာမရွာနိုက်၊ ကာမာရမ္မဏ၊ ကာမသဘော၊ ကာမဇောဖြင့်၊ တပ်လောဘစိတ်၊ မောဟဟိတ်နှင့်၊ ပိတ်မျှမသိ၊ ညစ်ညူးဘိ၍၊ အဟိရိက၊ ပါပသင်းဝင်၊ ဗိုလ်ကြီးတင်ပြီး၊ မစင်ညစ်ကြေး၊ ရှုံစေးညွန်ကြိုက်၊ ဝက်နှယ်မိုက်၍၊ လူနိုက်ဆိုးဝါး၊ တဘွားဘွားနှင့်၊ *ပက္ကားညွန်စိုင်၊ ကိလေအိုင်ဝယ်၊ အနိုင်လိမ်းလူး၊ မိန်းတမူးဖြင့်၊ ပျော်မြူးစွာလျက်၊ မခွါရက်တည့်၊ လက်စ*တည်း†လည်း၊ အပျော်သည်းစဉ်၊ တိုက်†လှည်းရက်ရက်၊ စစ်ဦးတက်သို့၊ ခေါင့်းထက်သေမင်း၊ နင်း၍ဆံဖြူ၊ အလုံထူအောင်၊ ငယ်မူငယ်ရာ၊ မစွန့်ခွါဘဲ၊ ပညာမဘက်၊ လောဘတက်၍၊ မက်မက်မောမော၊ တဏှာ*ပြောသည်။ ။ လိုက်လျောလွန်တော့ လွန်လွန်း၏။ (၅)

၁၀၈။ ဇရာမိးကြီး၊ တညီးညီးလျှင်၊ ဖျက်ဆီးဖုတ်မြိုက်၊ နေ့စဉ်တိုက်၍၊ ကိုယ်နိုက်ကျက်ကြေ၊ လောင်ပျက်နေလည်း၊ နဝေ နဝါ၊ မရေရာအောင်၊ ယောင်ကာတဆိတ်၊ မောမူဟိတ်ကြောင့်၊ ပိတ်ပိတ်သို့စင်၊ ရိပ်မထင်သည့်၊ အမြင်ကန်းစွ၊ မင်းအန္ဓ ! ရူပရုပ်*ဝါ၊ ငယ်သော့ခါနှင့်၊ ဇရာလောင်*ဟုပ်၊ ဤကြီးရုပ်ကို၊ လက်ဆုပ်ဖြန့်ဖြေ၊ ရှုဦးချေလော့၊ ကိလေနောက်ဆူး၊ သင်ပျော်မြူး၍၊ မူးထူးမင်ထင်၊ သိမမြင်ခဲ့၊ နေ့သွင်မဆိုင်း၊ ခဏတိုင်းဖြင့်၊ နှင်စိုင်းမွှေညက်၊ မရေတွက်နိုင်၊ ဖြစ်ပျက်မဆုံး၊ ဖြစ်တုံးပျက်စု၊ ဘောက်ပြန်မှုကို၊ မရှုစအား၊ ပျော်မှုများ၍၊ ထင်ရှားသို့စင်၊ သိမထင်ခဲ့၊ အကြင်လူ့ရွာ၊ လူ*တကာတို့၊ ပညာသတိ၊ ကင်းကွာဘိလျက်၊ မိမိတဏှာ၊ အဝိဇ္ဇာမျိုး၊

အိုတိုင်းတိုး၏၊ အရိုးသာရင့်၊ ဉာဏ်မပွင့်ဘူး၊ သေမင့်းစစ်အင်၊ ကိုယ်တွင်းဝင်၍၊
ခုပင်အပြင်း၊ ရောက်လာလျှင်းပြီ၊ ဆင်မြင်းရထား၊ ဗိုလ်ပါအားဖြင့်၊ ပြား၍
ပြိုင်ထိုး၊ တံစိုးငွေကြေး၊ တောင်*ရှိပေးလည်း၊ အရေးမသာ၊ အောင်ရာမယို၊
ဇာတ်မစစ်၊ သေမင်းညစ်နှင့်၊ မိတ်ချစ်ဘွဲ့ငှါ၊ မတတ်ရာရှင့်၊ အာဏာတန်းခိုး၊
အမျိုးကျော်ထင်၊ ဘယ်ဘုရင်နှင့်၊ ရှင်ကလူက၊ မနေရတည့်၊ လက်စတင်းလင်း၊
တပိုင်းကြွင်းဖြင့်၊ မငြင်းနိုင်စွာ၊ အပြင်းပါလိမ့်၊ မကြာ*ဆောလျှင်၊ သေမင်း
ငင်အံ့၊ *အပြင်*အလျှာ၊ ငယ်ရုပ်*ဝါနှင့်၊ ဘဇာတူရေး၊ ယှိုသေးသနည်း၊
*အချည်းသက်သက်၊ ကြာနေ†ပြက်သို့၊ †ပျက်ခဲ့ဤကိုယ်၊ ဟောင်းရွတ်ယိုး၏၊
တနေ့ကိုရွေ၊ တနေ့ငွေသို့၊ အဒေနမမှန်၊ ဘောက်ပြန်မစဲး၊ ဟိန်းဟဲးများစွာ၊
ညဲးညူကာဖြင့်၊ ဇရာဒုက္ခ၊ နွေညည်းညီး၊ လွှမ်းဘိစီးခဲ့၊ မီးလိုရှင်ရှင်၊ တောက်မ
မြင်လည်း၊ အသွင်အဆင်း၊ ဘောက်ယွင်းညှိုးသွေ့၊ တမွေမွေလျှင်၊ အငွေ့မငြိမ်း၊
ရှိမ်းရှိမ်းပြိုက်ပြိုက်၊ နေ့တိုင်းမြိုက်၏၊ ခေါင်းနှိုက်ဦဦ၊ ဤဆံဖြူဖြင့်၊ ခုမူမကြာ၊
သင့်ခန္ဓာကို၊ သေစာချသွင်း၊ သေစာရင်းနှင့်။ ။သေမင်းမှတ်လာပြီပကား။ (၆)

၁၁၀။ လျှပ်စစ်တ†ပြက်၊ လက်တတွက်နှိုက်၊ ဖြစ်†ပျက်အနေ၊ နံရုပ်သေတို့၊
ကုဋေတသိန်း၊ ရေကိန်း*တမျှ၊ စုပုံရသော်၊ ကောသလထုံး၊ တိုင်းသုံးမှတ်ခြင်း၊
တင်းရှစ်ဆယ်ဝင်၊ အကြင်ခေါ်ဝေါ်၊ ရာကျော်လှည်းပေါင်း၊ တင်လောက်
ကောင်းသား၊ တသောင်းပုံပြု၊ စပါးစုထက်၊ အထုများစွာ၊ မက ရာဟု၊ကျမ်းလာ
မဆိတ်၊ ဝိပရိတ်တည့်၊ အနိစ္စတာ၊ လက္ခဏာကို၊ အာကာမိုးပြင်၊ နေလသွင်သို့၊
အထင်အရှား၊ အမြင်သားလျက်၊ တရားမယူ၊ ရေးမဟူခဲ့၊ မမူသတိ၊ ဉာဏ်မျက်စိ
ဖြင့်၊ မယှိကန်းစွ၊ မိုက်အန္ဓကြောင့်၊ လောဘမောဟ၊ တွန်းချဆွဲဆောင်၊
ညီးညီးပြောင်သား၊ အရောင်ဝင်းဝင်း၊ မီးပုံတွင်းသို့၊ ဝင်ဆင်းပိုးမိုက်၊ ရေသာ
လိုက်၍၊ ရေနှိုက်မြူးတက်၊ ရှူးပွက်ပွက်ဖြင့်၊ မူးမက်သောင်းပြောင်း၊ အိုင်မြစ်
ချောင်းဝယ်၊ တပေါင်းတ†ပျစ်၊ ငါးရှူးယစ်တို့၊ ကျိုး†ပြစ်မသိ၊ မယှိဆင်ခြင်၊
မမြင်မမြော်၊ သေအောင်ပျော်သို့၊ *တအော်လဲးလဲး၊ သေ*မစဲးနှင့်၊ ပျော်ပွဲး
ခံရာ၊ လူတို့ရွာတွင်၊ သတ္တဝါအများ၊ သမီးသားက၊ မယားနှင့်လင်၊ တရှင်
ရှင်ဖြင့်၊ မထင်သေဘေး၊ အရေးမပြု၊ ပျော်မှုနှင့်သာ၊ သူ့ထက်ငါတိ၊ တဏှာ
ပျော်ပိုက်၊ သာယာလိုက်လျက်၊ တသိုက်တအုံ၊ ပျော့နှယ်ဆုံ၍၊ ကာမုံရာဂုံ၊
မောဟုံမိုက်မူး၊ ပျော်မြူးထူးခဲ့၊ အရှုးဓမ္မတာ၊ ကိလေသာကို၊ မခွါစနိုင်၊ မေ့ဆုံး
တိုင်အောင်၊ ရေဆိုင်ငါးတက်၊ ပိုးမီးမက်သို့၊ ဆက်ဆက်တူစွာ၊ အကြင်ငါလည်း၊
လူ့ရွာအတွင်း၊ သည်သေမင်းနှင့်။ ။သေ့ကွင်းတတ်သာ ပြီတကား။ (၇)

(ဤခြောက်ပိုဒ်လုံး အချများလည်း ၂-ပိုဒ်စီ ကိုယ်တွင်းပြည့်-ချည်းတည်း။
ကား-ဟူ၍ ချရကား နေရောင်ခြည်ပြေး-ချလည်းဟူကုန်၏ ။)

၁၁၁။ နေလထွက်ရာ။ ရွှေပြုဗ္ဗာဟု၊ ဝင်ရာအနောက်၊ မြောက်ကားမြင်းမိုရ်၊ တောင်ကိုစက္ကဝါ၊ ခေါ်သညာနှင့်၊ ဝေါဟာတွင်မှု၊ မှတ်တခုဖြင့်၊ လေးကျွန်းသူမြောက်၊ မြင်းမိုရ်ဆောက်၍၊ ရွှေနောက်မြောက်တောင်၊ အရောင်လေးပါး၊ ပိုင်းခြားလေးဖြာ၊ လေးမျက်နှာမှ၊ မဟာဒီပ၊ ဌာနလေးကျွန်း၊ ပင်လယ်ဝန်းလျက်၊ ပေါ်ထွန်းနှစ်ထောင်၊ ရံကျွန်းမြောင်သား၊ လူ့ဘောင်တဝိုက်၊ စက်နယ်တိုက်ကို၊ သိမ်းပိုက်လုံးစုံ၊ ဘုန်းတော်ခြုံပြီး၊ *ချက်ကုံမကြွင်း၊ ရွှေစက်နင်း၍၊ နတ်မင်းလေးဘော်၊ စံပျော်သာယာ၊ ယုဂန်ချာထက်၊ စကြာ*ကွန့်လှစ်၊ မဟာရာဇ်နှင့်၊ ကသစ်ပွင့်ရာ၊ ဝတိံသာတိုင်၊ ဣန္ဒာသုံးကျိပ်၊ ခြောက်ယောက်ထိပ်ကို၊ နင်းနှိပ်စိုး†ကျယ်၊ တန်းခိုးကြွယ်၍၊ မိုး†ကြယ်*တစံ၊ ခြွေရံဗိုလ်စု၊ မြေအထုနှင့်၊ သိန္ဓုနှိုင်းဆွယ်၊ လွန်ကြောက်ဘွယ်ဖြင့်၊နတ်*နွယ်†ရှိရှိ၊ ဘုန်းတော်†ယှိုသား၊ သီရိစက္ကရတ်၊ မန္ဓာတ်မင်းကျော်၊ ဘေးလောင်းတော်တို့၊ အဟော်ဝတ၊ တလော်ကထက်၊ တေဇအာယု၊ ပြိုင်တုမထင်၊ သို့လောက်စင်လျက်၊ မမြင်ခုအောင်၊ သေမင်းဆောင်၍၊ ဘုန်းခေါင်ဘုန်းဖျား၊ ထိုမင်းများမှ၊ *လောက်လား*ခန့်ရည်း၊ နည်းမျှမညှာ၊ ထောက်မစာဘဲ၊ အားမနာ*စောက်၊ မကြောက်မရှက်၊ တိုက်လု†ယက်သို့၊ ရက်†ရက်ယူဆောင်၊ ကွင်းမရှောင်ဘူး၊ လူကောင်မည်*ဆန်း၊ ဘုန်းတန်းငယ်ငေါ်င့်၊ ဖြုတ်ခြင်*ယောင့်နှင့်၊ ယင်ကောင့်သ†ဖွယ်၊ ငါတို့*နွယ်ကား၊ ဆို†ဘွယ်*တစိ၊ အဘယ်ယှိုလိမ့်၊ ဇာတိရသား၊ ထိုမျှငယ်ကြီး၊ အသီးသီးတို့၊ အပြီးမကင်း၊ ခေါင့်းထက်နင်းသည်။ ။သေမင်းတည် မက္ခာတကား။ (ဂ)

(သဗ္ဗဗျာပီအတ္တန္တရန္ဓာသ-အလင်္ကာရှိသောပိုဒ်တည်း။)

၁၁၂။ တဆဲ့တပုံ၊ မီးဝိုင်းအုံသည့်၊ ဤဘုံကာမဓာတ်၊ မမြတ်ယုတ်မာ၊ လူတို့ရွာကား၊ ရာဂုမ္မတ္တက၊ စသည်အပြား၊ ရှစ်ပါးရှုးမျိုး၊ နွှား*နွယ်သိုးလျက်၊ လိုဆိုးယစ်မိုက်၊ အပျော်လိုက်၍၊ ကိုယ်နှိုက်ကုသိုလ်၊ ကောင်းမှုကိုလျှင်၊ မလိုစအား၊ သားမယားနှင့်၊ ပျော်ပါးလေ့†ကျက်၊ ဆောင်းတွင်း†ကြက်သို့၊ နံနက်ညနေ၊ မြဲမသေ့လျှင်၊ အသေနီးစွာ၊ တသက်*လျှာမျှ၊ ပျော်ရာနည်းလျက်၊ ခဏတွက်ကို၊ တမက်တမော်၊ မေ့လျော့ပျော်၏၊ လူ့ဘော်ရပ်မှာ၊ နှစ်တရာဖြင့်၊ ဘုံတာဝတိန်၊ နတ်စမြိန်လျှင်၊ ပြေချိန်ခါရောက်၊ တမိုးသောက်နှင့်၊ နှိုင်းထောက်လူ့သက်၊ လျှပ်တ†ပြက်သို့၊ ဝမ်း†ပျက်ဘွယ်စွ၊ ဤလောကနှိုက်၊ ကာမရသ၊ ခံစားကြ၏၊ ဒုက္ခတိုင်ထိ၊ မချိဘေးကြီး၊ သေပြုန်းတီးလျက်၊ ပျက်စီးကြစွာ၊ လူ*တကာကား၊ ဂင်္ဂါရေကြော၊ မျောသားပုပ်ရောင်၊ ဆင်သေကောင်ထက်၊ တောတောင်ကမ်းခြေ၊ တက်မနေဘဲ၊ စိတ်ပြေလက်သာ၊ စားသောက်ကာနှင့်၊ မက္ခာနှစ်ခြိုက်၊ လောဘတိုက်၍၊ စီးလိုက်အမြဲ၊ ပင်လယ်ထဲဝယ်၊ လှိုင်းဝဲပုတ်ရိုက်၊ သေဘေးဆိုက်သား၊ ကျီးမိုက်ကာက၊ ငှက်ဗာလသို့၊ ကာမမူးမော်၊

မေ့ကျူးကျော်၏၊ သေသော်စောက်ထိုး၊ ငရဲအိုးနှိုက်၊ ခြေမိုးမြှော်မြောက်၊ ကျလေရောက်လျက်၊ ထက်အောက်တာရှည်၊ *တလည်လည်လျှင်၊ *စိုပြည်ကာလ၊ မပေါ်ရသည့်၊ ဤမှုထိုမှု၊ ဘဝဆက်ဆက်၊ ဆင်းရဲနက်သား၊ ဒုက္ခကန္တာ၊ ကာမာဒီနဝ၊ ပြစ်ဒေါသကို၊ တွေးဆမျှော်ကာ၊ ဆင်ခြင်ရှာသော်၊ တဏှာလက်†ဖွဲ့၊ ဆောက်နှင်း†ဘွဲ့သား၊ ဆင်းရဲ့အတိ၊ ဆုံးမယှိဘူး၊ ရုံဘိပတ်လည်၊ ဤလူ့ပြည်ကား၊ သားစည်ခြေးပွါး၊ မီးပုံလားသို့၊ ငါးပါးကာမာ၊ ဝဋ်မီးစာရှင့်၊ ဃရာဝါသ၊ သမ္ဗာဓဟု၊ ဒုက္ခဆိုးတောင်း၊ ကျဉ်းမြောင်းပွေလီ၊ တအီအီလျှင်၊ *ကသီလင်တ၊ လောင်မီးကျသို့၊ နေ့ညပူဆာ၊ လွန်ကြီးစွာခဲ့၊ ယထာဘုတ်ဉာဏ်၊ ဟုတ်အမှန်တိုင်း၊ ကေန်ထိထိ၊ ရှုမြင်မိက၊ မချိထန်†ပြင်း၊ ထိတ်လန့်ခြင်းသည်။ ။
ငြီး†ပျင်း†ကြည် မသာတကား။ (၉)

၁၁၃။ မယားသားမွေး၊ ပျော်မှုသွေး၍၊ ပြည့်ရေးပြည့်ရာ၊ ခမ်းနားစွာတည့်၊ ကာမာဝစရ၊ ဟီနဘူမိ၊ လူ့ဇာတိနှိုက်၊ လောကီအလေ့၊ တမွေ့မွေ့ဖြင့်၊ သေနေ့ချိန်ဆီ၊ မရောက်မီဝယ်၊ ပလိပလာ၊ ဓမ္မတာဟု၊ ကိလေသာမှု၊ ဖုံးလွှမ်းပြု၍၊ သူ့ထက်ကားငါ၊ မရှက်စွာဘူး၊ အိမ်ရာသိမ်းမြန်း၊ ထီးနန်းတိုင်းပြည်၊ ထောင်ကြတည်ပြီး၊ စည်စည်ကားကား၊ သားမြေးပွါးလျက်၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ မလွန်စိုးအုပ်၊ ပိုက်ထုပ်မွေ့လျော်၊ နေကြပျော်သည်၊ အဟော်ဝတ၊ အံ့ဘွယ်စွတည့်၊ ပဥ္စအာရုံ၊ ဤလူ့ဘုံနှိုက်၊ ဘောဝ်စုံပျော်မြူး၊ မိန်းမူးနွဲ့ရှက်၊ မကွာရက်အောင်၊ *ရမ္မက်ညစ်†ကြေး၊ ပိတ်ပိုတ်မှေး၍၊ †ကျေးဇူးမထင်၊ အပြစ်*ဖြင်၏၊ အမြင်မကောင်း၊ နို့လှောင်းရှုံဘွယ်၊ မတင့်တယ်သား၊ အကယ်ပုပ်†လှ၊ ရုပ်ကာယတည့်၊ တ†လှည့်စေး၊ ပြည်သွေးရိရွဲ၊ တရွဲရွဲနှင့်၊ အမြဲကာလ၊ စီးယိုကျလျက်၊ အဝကိုးဒွါ၊ ဝမ်းတွင်းပါသည့်၊ အနာကိုယ်ဆိုး၊ ပုပ်မျိုးညစ်ကျု၊ အပုပ်စုကို၊ တုတုပပ၊ *တလလဖြင့်၊ နေ့ညမပြတ်၊ သုဘမှတ်၍၊ လိမ်းသတ်ရောင်တင်၊ အသစ်ထင်၏၊ ပြုပြင်ထောင်လွှား၊ အစဉ်မှားလျက်၊ ယောကျ်ားမိန်းမ၊ သူငါစသား၊ ရာဂတပ်မက်၊ လွန်နှစ်သက်၍၊ မြင်လျက်မသိ၊ သိလျက်မထင်၊ အညစ်တင်၏၊ လင်နှင့်မယား၊ မယားနှင့်လင်၊ ဖြစ်ကြ†ကျင်သော်၊ ချစ်†ကြင်မဝ၊ သက်*တမျှတည်း၊ ပိန်းမတို့တမ်း၊ သူ့မှာကျွမ်းက၊ စိတ်ဝမ်းလင်†မှာ၊ လွန်ပူဆာ၏၊ ပ†မာသို့လား၊ ယောကျ်ားတို့လည်း၊ သူနှင့် *ရည်းသော်၊ အသည်းကြွေမျှ၊ ပူပြင်းပြလျက်၊ မိန်းမတို့ထုံး၊ မိ့း*နှယ်အုံး၏၊ နှလုံးဒုက္ခ၊ လွန်ကြီးစွဟည့်၊ တဏှာ့ကျေးကျွန်၊ ကာမ†ဝန်ကား၊ သည်း†ဝှန်ထပ်ထပ်၊ ရှင်တိုင်း†ကျပ်၏၊ မြဲ†ကြပ်ညှဉ်းပန်း၊ သက်ကုန်*ကျွန်းအောင်၊ မလန်းမ†ကြည်၊ ပွတ်နယ်နည်၍၊ ဆုံ†ကျည်ပွေ†ကြိတ်၊ တ†ကျိတ်ကျိတ်သို့၊ မဆိတ်ဘန်ဘန်၊ အလွန်ကျဉ်းမြောင်း၊ ဒုက္ခ*ထောင်း၏၊ ဆိုးတောင်းလွန်ကဲ၊ မီး*နှယ်စွဲလျက်၊ ဆင်းရဲဘွဲ့နှောင်၊ လူတို့ဘောင်ဟု၊ အိမ်ထောင်ကျပ်တင်း၊

နှောင်ချိုင့်တွင်းမှ၊ ရှင်းရှင်းခွါချွတ်၊ ဆင်ထူးကျွတ်သို့၊ လွတ်လွတ်ရှောင်ထ၊ နေကမ္ဘမှဖြင့်၊ ရှေးကမြွတ်လောင်း၊ သူတော်ကောင်းတို့၊ လမ်းကြောင်းထွင်ကျင်း၊ တောထွက်ခြင်းသည်။ ။*တိလင်း†ကျည်*လဟာတကား။ (၁၀)

(ဤသုံးပိုဒ်အချလည်း နေရောင်ခြည်ပြေး-အချပင်တည်း။)

၁၁၄။ အာသဝဟု၊ အနမတဂ်၊ သံသာစက်က၊ ဆက်ဆက်ချည်စွာ၊ အစည်ပါလျက်၊ ခန္ဓာထိုထို၊ ဖြစ်ရာကိုယ်နှိုက်၊ ပုပ်*မိုမကုန်၊ ပျောက်မ*သုန်ဘဲ၊ *အုန်အုန်အောက်အောက်၊ နှောက်နှောက်ကျုကျု၊ တည်နေစု၍၊ မဓု မု†ဒြက်၊ ထုံရေတက်သား၊ အ†ရက်ယစ်မျိုး၊ သေစာဆိုးနှင့်၊ ထိုး*ကျင့်ပြင်းစွာ၊ အိုင်းအမာမှ၊ ကျင်နာပေါက်ကွဲ၊ လွန်ကိုက်ခဲသည့်၊ ကိုယ်ထဲအောင်းငုပ်၊ သွေးပြည်ပုပ်တို့၊ အောင့်ချုပ်မသာ၊ နှိပ်စက်စွာလျှင်၊ ဖြာဖြာနှေ့ည၊ ယိုစီးကျသို့၊ ဘဝဘုံဖျား၊ *ချောက်ချားဆုံးတက်၊ ဘဝဂ်တိုင်ဟူ၊ ဓမ္မူလည်း၊ ဂေါ်တြဘူရောက်၊ အာရုံလျှောက်၍၊ မွှေနှောက်မကြွင်း၊ ပြန့်နှံ့ခြင်းဖြင့်၊ ကိုယ်တွင်းယုတ်†မာ၊ အောင်းရှည်ကြာသည့်၊ ကာ†မာသဝ၊ ဘဝါစသား၊ ပါပသဘော၊ အာသဝေါတို့၊ ကျလျှောမပြီး၊ တတီးတီးသည်။ ။ယိုစီးတတွေတွေနှင့် သာ*တမုံ။ (၁၁)

၁၁၅။ ဩဃဟူသည်၊ ဤလေးမည်လည်း၊ လူ့ပြည်လောက၊ လူ့ဌာနနှိုက်၊ ကာလဝဿန်၊ မိုးဦးသွန်သော်၊ ဟေမဝန်ရပ်၊ တောင်ထပ်ထပ်က၊ မလပ်အကုန်၊ စီးကျ*သုန်၍၊ ယမုန်ဂင်္ဂါ၊ မြစ်ငါးဖြာနှင့်၊ ငါးရာရှင်း၊ မြစ်*လောင်း*တံလည်း၊ ပေါင်းစည်းသွယ်သွယ်၊ မြစ်ကြီးငယ်တို့၊ လျှမ်း*ကယ်*ဖွိုးမောက်၊ ရေတောင်မြောက်အောင်၊ ကျီးသောက်မက၊ မောက်မောက်ကြွပြီး၊ ထိုမျှကုန်းကျင်း၊ *ဖြောပြောဆင်း၍၊ *ပြည့်လင်းမနိုင်၊ *ကန်ပိုင်ကန်ရိုး၊ ပေါက်ကျိုးပြိုကျ၊ ဂါမမြို့ရွာ၊ သတ္တဝါတောင်တော၊ တွေ့ရာမျှောလျက်၊ ရေကြောထောင်းထောင်း၊ မှုပ်ဘောင်းဘောင်းသား၊ *သောင်းပြောင်းယူဆောင်၊ ရေယာဉ်*ပြောင်နှင့်၊ ထောင်ရှစ်ဆဲ့လေး၊ တွက်ရေးကျယ်နက်၊ ပင်လယ်စက်တွင်၊ ဒီတက်ဒီစုန်၊ ပြင်းဟုန်အစဉ်၊ *ဖျားရေယဉ်လည်း၊ နှိုင်းယှဉ်မမျှ၊ ထိုမှတချက်၊ မြောက်ဘက်အဿကဏ်၊ တောင်စွန်ရစ်ခွေ၊ ကျောက်ကမ်းခြေကို၊ ရေအဟုန်ရိုက်၊ ပြင်းစွာတိုက်၍၊ ဆူလှိုက်မိုးသံ၊ တက်ပံ့ယူဇနာ၊ သချာ*ဖွိုး*ကယ်၊ လေးငါးဆယ်နှင့်၊ ခြောက်ဆယ်အိအိ၊ တောင်ကြီးပမာ၊ မပါန္ဒာက၊ ဂင်္ဂါရောဟဏ၊ နာမသုံးမျိုး၊ မည်ကျော်ဟိုးသည့်၊ တံပိုးလိမ့်လဲ့၊ တိမ်ထွက်ကဲ့သို့၊ ကြောက်ဘွယ်မဆုံး၊ ထိုလှိုင်းလုံးနှင့်၊ ခန့်ချုံး*တရှိ၊ မိုးဖျားထိမျှ၊ ဂီရိမဟာ၊ တောင်စကြာမှ၊ ရိုက်ကာပြန့်တုံ၊ လှိုင်းချင်းဆုံ၍၊ တွေကြုံ*ရှပ်ရှပ်၊ လင်းကွင်းရှပ်သို့၊ ကြက်ခွပ်ကြီးစွာ၊ တိုက်ကြရာတွင်၊ ဗလဝါမုခ၊ ပါတာလဟု၊ ရေဘုန ရက်၊ ကတော့ပွက်နှင့်၊

ရေ†ယက်ကန်ဆွဲး၊ ပင်လယ်ထဲးနှိုက်၊ ဝဲးညြဃကြီး၊ ဝိစိနီးအောင်၊ လွန်စီး ခွေရစ်၊ *တုံ*မနစ်ဘဲး၊ ဖြစ်ထအဇဉ်၊ ထိုရေယဉ်ထက်၊ နှိုင်းယှဉ်မကာ၊ ကာမော ဃကာ၊ စသည်လေးထွေ၊ ဤကိလေလည်း၊ သဝေချာချာ၊ လပ်မက္ခာလျှင်၊ ဆောင်ကာ*ဖက်တစ်၊ မွန်းမှုပ်နစ်သည်။ ။ဝဲးရစ်တခွေခွေနှင့် သာ*တမှုံ။(၁၂)

၁၁၆။ ယောဂလေးမည်၊ တရားသည်လည်း၊ *ပန်းလည်စက်တိုင်၊ မြဲးကြွံ ခိုင်နှိုက်၊ အနိုင်†ကြပ်ကြပ်၊ လွန်စွာကပ်ပြီး၊ ကျဉ်း†ကျပ်လွှမ်းမိုး၊ ဘ်နှိုပ် ချိုးလျက်၊ ထမ်းပိုးအတွင်း၊ နွားကိုသွင်း၍၊ အပြင်းမောင်းနှင်၊ လည်သွင် သွင်ဖြင့်၊ ဝန်းကျင်ပတ်ကာ၊ တချာချာသား၊ မကွာဂ တ်လပ်၊ ခြေရာစပ်အောင်၊ မရပ်မနား၊ လပ်မအားလျှင်၊ လှည့်သွားအစဉ်၊ မြဲးစေယှဉ်သို့၊ ပုပ်ကျဉ်*မဟော့၊ ကံမျိုးစေ့နှင့်၊ သိမ်မွေ့စွာဘိ၊ ဆုံးမယှိအောင်၊ ဇာတိ*မမြု၊ သုံးပါးဘုံဝယ်၊ တလုံလဲးလဲး၊ သခန္ဓွဲးစွဲး၍၊ ငရဲးတခါ၊ ပြိတ္တာတတန်၊ တိရစ္ဆာန်တသွယ်၊ သူရကာယ်တဖြစ်၊ လူ့ခေတ်နတ်ရွာ၊ ဗြဟ္မာဆဲ့ငါး၊ ဝဋ်ဘုံအားဖြင့်၊ ဝဋ်သား မနွယ်၊ သုဒ္ဓါပယ်သည်၊ နယ်နှစ်ဆဲ့†ခြောက်၊ ထက်နှင့်အောက်တိ၊ တ†ချောက် ချက်ချက်၊ တက်သက်လည်ထ၊ တည်မရသား၊ ဘဝယန္တြား၊ ဝဋ်ရထားနှိုက်၊ လေးပါးယောဂ၊ ထမ်းပိုးက၍၊ နေ့ ည မဆိုင်း၊ အပြင်းစိုင်းလျက်၊ ဖြစ်တိုင်း အနေ၊ တည်သန္ဓေနှင့်၊ အိုသေမပြတ်၊ အပတ်ပတ်သာ၊ ရဟာတ်စက်ထဲး၊ ယှဉ် အမြဲးဖြင့်၊ ဆင်းရဲးကြီးလှ၊ မလွတ်ရအောင်၊ ဘဝကြာညောင်း၊ လှည့်ကာ မောင်းသည်။ ။ကျဉ်းမြောင်း*တမွေ†မွေနှင့် သာ *တမုံ့။ (၁၃)

၁၁၇။ ဂန္ဓလေးထွေ၊ ထုံးမပြေအောင်၊ ရစ်ခွေပတ်ပတ်၊ ဆုံးမသတ်တည့်၊ မတ်နှင့်ကြိုက်ငြား၊ ချင့်မယားလျှင်၊ ချင့်အားမ†ကြင်၊ လေးကြိမ်စင်မျှ၊ သတ် †ကျင်တုံလျက်၊ မပျက်တဏှာ၊ ပြေခဲးစွာသား၊ အဘိဇ္ဈာကာယ၊ ဤဂန္ထဖြင့်၊ မိဘတပါး၊ ဖြစ်ရာယှားသို့၊ မယားဝမ်းတွင်၊ ပြန်၍ဝင်၏၊ သို့စင်ဖြစ်ရှောင်း၊ မဖြစ်တောင်းလျက်၊ မိဟောင်းပစ်ပစ်၊ မိသစ်ရှာရှာ၊ ဤတဏှာကား၊ ယုတ်မာ ဆန္ဒ၊ တောင့်တသွေးချို၊ အလိုညစ်ဆိုး၊ အမျိုးမျိုးနှိုက်၊ စွတ်တိုးသန္ဓေ၊ တနေ နေတည့်၊ အခြေယှိ*မဲ့၊ ဒုက္ခဲ့ချုလျက်၊ *မဟာ့အဆုံး၊ တလုံးလုံးလျှင်၊ ဝဋ်ထုံး ခုတိုင်၊ မပြေနိုင်ရှင့်၊ လက်မှိုင်မချ၊ ဗျာပါဒဟု၊ ကာယဂန္ထော၊ ဤသဘောလည်း၊ နင်လောနေဦး၊ ရန်ငြိုးစူး၍၊ ဘီလူးမဖြစ်၊ လူမဇာစ်နှင့်၊ တောသစ် သမင်၊ အိမ်တွင်ကြက်ကြောင်၊ လင်ပေါင်မိန်းမ၊ စူဠသုဘဒ်၊ မိလင်သတ်တို့၊ ယုတ် မြတ်များစွာ၊ တုံ့ပြန်ကာလျှင်၊ ငါးရာမကာ၊ နှိုပ်စက်ကြ၏၊ သီလဝတာ၊ ကျင့် မိစ္ဆာလည်း၊ လွန်စွာယူပြင်း၊ နှလုံးသွင်းလျက်၊ မှားယွင်းသဖြင့်၊ ခွေးအကျင့်နှင့်၊ နွားကျင့် ဆိတ်ကျင့်၊ အဟိတ်ကျင့်သို့၊ မသင့်ဆောက်တည်၊ *မခိုင်ကျည်ဘဲး၊ သွေဖည်သော့အား၊ ပျက်ရွှေများက၊ လားဘိငရဲး၊ အမြဲးကေန်၊ မသွေလှန်

သော်၊ တိရစ္ဆာန်မျိုး၊ ဖြစ်ရိုးကျင့်တိုင်း၊ ဒုက္ခပိုင်းနှိုက်၊ တဝိုင်းတရိုး၊ ဂန္ထထုံးသည်။ ။မဆုံးတပွေ့ပွေ့နှင့် သာ*တမုံ့။ (၁၄)

၁၁ဂ။ ဥပါဒါန်ဟု၊ ပြင်းထန်စွဲလမ်း၊ တွေ့ရာဖမ်းသား၊ ညစ်ညမ်းယုတ်မာ၊ ဤလေးဖြာတည့်၊ ကာမာဒိနဝ၊ မမြင်ကြ၍၊ လောဘအဟုန်၊ ကာမဂုဏ်နှိုက်၊ တုန်တုန်ယင်ယင်၊ စုံမက်ကြင်လျက်၊ ဆင်ကိုယ်သော်မျှ၊ အရမလွှတ်၊ ရစ်ပတ်မြဲးမြံ၊ ပင်လယ်ယံဝယ်၊ အလံတရာ၊ နှစ်ရာမက၊ ရှည်ကာ†ယနှင့်၊ ငါ့†ရာ ကြောက်ဘွယ်၊ ညံကောင့်*နှယ်သို့၊ တွယ်ပိမရွေ၊ တွေ့မိမခွါ၊ ကမ္ဘာဘာလည်း၊ ကြာကြာသမျှ၊ မလွှတ်ရအောင်၊ ငါ့လင်ငါ့မယား၊ ငါ့သားငါ့သမီး၊ ငါ့ထီးငါ့စည်၊ ငါ့တိုင်းပြည်ဟု၊ မြည်မြည်တမ်းတမ်း၊ တလှမ်း†လှမ်းတည့်၊ စွဲ†လမ်းမပြတ်၊ ရစ်ပတ်လိုလား၊ အတ္တအားဖြင့်၊ ငါးပါးသင်္ဂြိုဟ်၊ ခန္ဓာကိုယ်လည်း၊ အလိုလိုက်တတ်၊ အမြဲမှတ်၍၊ မပြတ်သက်ရှင်၊ ငါကောင်ထင်၏၊ အမြင်ဝိမ်းပါး၊ ခွေးဆိတ်နွားသို့၊ အမှားယူချွတ်၊ ပေါက်လွှတ်ကျင့်မျိုး၊ အကျိုးမနုပ်၊ အပယ်ကပ်အောင်၊ သီလဗ္ဗတ၊ စွဲလမ်းကြ၏၊ ယွင်းခွဆောက်တည်၊ မျက်စိလည်သို့၊ လူ့ပြည်နတ်ရပ်၊ ကပ်အံ့မသိ၊ ဒိဋ္ဌိမှားရှု၊ လှူမပြုဘဲ၊ ကောင်းမှုမလို၊ ထိုပုဂ္ဂိုလ်လည်း၊ ကုသိုလ်မကြိုက်၊ သုစရိုက်သို့၊ မလိုက်စောင်းရွဲ့၊ လမ်းကြောင်းမဲ့၏၊ ကျယ်ခွဲ့ဒုက္ခ၊ အပါယ်တကို၊ မချရဲးရဲး၊ အလွန်မြဲးလျက်၊ လိပ်ခဲ*တည်းလည်း၊ ကြပ်တည်းငမ်းငမ်း၊ မိကျောင်းဖမ်းနှင့်၊ ကြမ်းတမ်းဆိုးဝါး၊ အပြင်းအားဖြင့်၊ ဘားကိုမြွေရဲး၊ မျိုကိုက်ခဲသို့၊ စွဲစွဲလမ်းလမ်း၊ မလွှတ်ဖမ်းသား၊ ကြိုးပမ်းလွန်စွာ၊ ဤတဏှာနှင့်၊ မိစ္ဆာဘောက်ပြန်၊ ဥပါဒါန်ကြောင့်၊ သုံးတန်ဘုံတွင်း၊ ပူပြင်းဒုက္ခ၊ လူထိုမျှတို့၊ ဘဝပြန်ပြန်၊ အတန်တန်လျှင်၊ သန္ဓေစုတိ၊ ရိုးတောင်*ရှိမျှ၊ မြေကြီးစီးပွါး၊ ထပ်မနားသည်။ ။ဘန်မျှားတသေသေနှင့် သာ*တမုံ့။ (၁၅)

၁၁၉။ နိဝရဏ၊ မည်နာမဖြင့်၊ ကိစ္စအပြား၊ ဤခြောက်ပါးတွင်၊ ကြွေးစားကိုယ်နှံ့၊ စေပါးခံသို့၊ အာရမ္မဏ၊ ငါးကာမ၏၊ ရသခံစား၊ ကာမသားတို့၊ ဘန်မျှားကာလ၊ တဘဝလုံး၊ တဏှာ့ကျေးကျွန်၊ *မတော်လွန်ဘဲ၊ ဆန်ကန်မလှုံ့၊ တုံ့ငုံ့ဖြင့်၊ *သုံ့လက်ရစစ်၊ ဖြစ်ခဲ့အပိုင်၊ မလွန်နိုင်ကြောင့်၊ သားတိုင်မြေးရောက်၊ တီတွတ်မြောက်လည်း၊ မဘောက်မပြန်၊ ကျွန်ရိုးမှန်၍၊ နိရန္တရ၊ ကိုယ့်ကိစ္စကို၊ စိတ်ကဘယ်ရွှေ၊ မအောက်မေ့သာ၊ ကျွန်လေ့ကျွန်လာ၊ ကျွန့်မူရာနှင့်၊ ကဏှာလိုစု၊ အရှင့်မှုနှိုက်၊ မပြုမနေ၊ မရချေတည့်၊ သေသော်မြေတွင်း၊ မှုတင်းလင်းနှင့်၊ ဆင်းရသည်သာ၊ လက်မကွာရှင့်၊ ဗျာပါအမျက်၊ ခံတွင်းပျက်၍၊ နှစ်သက်မမြိန်၊ ညှိုးကြုံပိန်သို့၊ ဘယ်ချိန်ဘယ်ခါ၊ ဘယ်ဆရာ၏၊ ရသာခမ္မ၊ ဩဂါဒကို၊ နားဝခံလျက်၊ နာ၍ရှက်ဘဲ၊ မနှစ်သက်လို၊ မကြည်ညိုတတ်၊ ပဋိဃာတ်နှင့်၊ မြိန်မြတ်မသိ၊ ပီတိအရှင်း၊ ကောင်းကျိုးကင်း၏၊ အပျင်းဒရိ၊ တချိချိနှင့်၊ ထိနမိဒ္ဓ၊ နီဝရဏကား၊ ထောင်ချသွင်းသွတ်၊ ဇိတ်ကျဉ်း

ခတ်သို့၊ အမြွတ်ဘူမိ၊ သုဂတိကို၊ မသိမထင်၊ မမြင်ရငြား၊ လွန်ဝေးပါး၏၊ *ချောက်ချားတုန်လှုပ်၊ တည်းချုပ်မရ၊ ကုက္ကုစ္စနှင့်၊ ဥဒ္ဓစ္စမည်၊ ဤတုံသည်လည်း၊ လူရည်နွမ်းညှိုး၊ ကျွန်အမျိုးဝယ်၊ အစိုးမရ၊ ဘယ်ခါမျှပင်၊ မလှမျက်†နှာ၊ မသာယာသား၊ အာ†ဏာမဆန်၊ ရှင်ယိုကျွန်သို့၊ ကျူးလွန်ရှေးပြု၊ ဆိုးကောင်းမှုနိုက်၊ ခုခုမတည်၊ စိတ်မ†ကြည်ဘဲ၊ *ခိုင်†ကျည်မယှိ၊ ပုပန်ဘိ၏၊ ဝိစိကိစ္ဆာ၊ ယုံမှားစွာကား၊ *ကန္တာမြိုင်ကြော၊ ခိုးသူတောနိုက်၊ သို့လောသို့လော၊ ကြံတွေးမောလျက်၊ သဘောယှိတိုင်း၊ မဆိုင်းမင့်၊ မသွားဝံ့သို့၊ ရွံ့ရွံ့ရှာရှာ၊ သဒ္ဓါချက်ရက်၊ မသက်စိတ်မှာ၊ တွန့်တိုကာကြောင့်၊ ကြီးစွာဒုက္ခ၊ တွေ့ကြုံရ၏၊ မောဟအဝိဇ္ဇာ၊ တောင့်*နှယ်ကာလျက်၊ ပမာတသီး၊ ခြောက်တန်ဆီးသား၊ ကင်းကြီးဒလား၊ ပိတ်ဆို့ထားသို့၊ ခြောက်ပါးနီဝရဏ၊ ဤပါပဖြင့်၊ လေးဝကုသိုလ်၊ မပေါက်လိုဘဲ၊ မဂ်ဖိုလ်နတ်ရွာ၊ မရောက်သာသည်။ ။ဝေးကွာ*တစေစေနှင့် သာ*တမ့်။ (၁၆)

(၁၂၀) အနုသယ၊ ဤမှေ့လည်း၊ နေ့ညမှန်*ခြောင်း၊ သတ်အံ့†ချောင်းသား၊ ပုန်းအောင်းထောင့်ကွယ်၊ ရန်သူနှယ်တည့်၊ ခြောက်သွယ်အာရုံ၊ ရှေးရှုဆုံ၍၊ တွေ့ကြုံအခွင့်၊ အကြောင်းသင့်က၊ ကျောက်နှင့်သံခဲ၊ မီးလျှံစွဲသို့၊ အမြဲသည်းထန်၊ ဖြစ်ဘန်ဘန်ဖြင့်၊ တောင်းပန်မရ၊ အုန်းအုန်းကြွ၏၊ ကာမဘဝ၊ တပ်ရာဂနှင့်၊ မာနတောင်*ရှိ၊ မိုးဖျားထိမျှ၊ ဒိဋ္ဌိကဲ့မိုး၊ မျက်ငြိုးပဋိဃ၊ တွေးဆဝိုးဝါး၊ ယုံမှားကိစ္စာ၊ မိုက်မူးစွာသည်၊ အဝိဇ္ဇာဟူ၊ ဆိုးရန်သူတို့၊ မဖြူမဖြောင့်၊ ချိန်မစောင့်ဘဲ၊ မှောင့်ရောင့်မကင်း၊ ရံဗိုလ်သင်းနှင့်၊ ကိုယ်တွင်းနေ့ည၊ တည်ကုန်ကြ၏၊ ဘဝဆက်ဆက်၊ စဉ်မပျက်အောင်၊ စကြဝဠာမြင်း†မိုရ်၊ ဘန်ဘန်ပြိုလည်း၊ †မှိုကမ္ဘာဘာ၊ ရှည်ကြာသရွေ၊ သိမ်တမွေဖြင့်၊ ပျောက်လေ့မယှိ၊ ဖြစ်ဇာတိတိုင်း၊ မျက်စိမွဲပြာ၊ ခေါင်းမှာဆံဖြူ၊ အနူအဝဲ၊ အက်ကွဲသားရေ၊ အထွေထွေကို၊ ဖြစ်စေကြောက်ဘွယ်၊ နှစ်လေးဆယ်မှ၊ ထိပ်လယ်ဦးဆုံး၊ ရောက်တိုင်းဖုံးပြီး၊ ကိုယ်လုံးနှံ့လျက်၊ ကြွက်ဆိပ်တက်သို့၊ မွေညက်ခိုအောင်း၊ ကိန်းနေချောင်း၍၊ ပျက်ကြောင်းကိုသာ၊ ပြုတတ်စွာရှင့်၊ ယူဇနာသုံးထောင်၊ *ဟောဝန်တောင်ဝယ်၊ ကုန်အောင်လွှမ်းမိုး၊ သားအမျိုးကို၊ အစိုးရခြင်း၊ ခြင်သေ့မင်းအား၊ ကိုယ်တွင်းကပေါက်၊ ကိုယ့်ပိုးလောက်တို့၊ ထွင်းဘောက်ဘွားဘွား၊ ကိုယ်ကိုစား၍၊ ဆုံးပါးအာယု၊ သေသော့တုတည့်၊ အနုသယ၊ ပါပယုတ်မာ၊ လွန်စွာဆိုးတောင်း၊ ကိုယ်တွင်းအောင်းတို့၊ အကြောင်းအာရုံ၊ အသင့်ကြုံတိုင်း၊ ခြောက်စုံဒွါ†ရ၊ ဤကာ†ယ၏၊ အာယတနရွာကြီး၊ ကုန်ပျက်စီးအောင်၊ ဖျက်ဆီး*ဟုပ်စား၊ လုယက်ငြားသည်။ ။*ချောက်ချား တမွေ†မွေနှင့် သာ*တမ့်။ (၁၇)

(၁၂၁) သံယော†ဇဉ်ဟု၊ ဆယ်†စဉ်ဓမ္မ၊ ဤပါပကား၊ ဘဝကိုးလီ၊ အသညီနှင့်၊ သညီနေဝ၊ ဖြစ်သမျှနိုက်၊ မြဲးလှပတ်နှောင်၊ ကြိုး*သံလျှောင်သို့၊ မချောင်

ကျပ်တင်း၊ ဘွဲချည်ပြင်း၍၊ *ခပင်း*ပြောထူ၊ နတ်လူထိုထို၊ ဖြစ်တိုင်းကိုယ်နှင့်၊ ပုဂ္ဂိုလ်ဇန္တု၊ များ*အထုတို၊ ဝဋ်စုအတွင်း၊ ကျင်လည်ခြင်းဖြင့်၊ ဝဋ်ကင်းငြိမ်းရာ၊ မသွားသာခဲ့၊ ကာမရာဂ၊ ဘဝစသည်၊ လူတို့ပြည်ဝယ်၊ ကြာချည်မကာ၊ သိမ်မွေ့လှသား၊ ဒေဝဗန္ဓနာ၊ နတ်မှာနတ်မျိုး၊ နတ်တို့ကြိုးထက်၊ *ထံပိုးလှန်ကန်၊ ဆဆလွန်၍၊ အဗ္ဘန္တ†ရ၊ ဟဒ†ယနှိုက်၊ ဘွဲထသိမ်မွေ့၊ ချည်နှောင်လေ့လျက်၊ မရွှေစအား၊ သားမယားနှင့်၊ တိုင်းကားပြည်ရွာ၊ မကွာစနိုင်၊ သက်ဆုံးတိုင်၏၊ လက်ကိုင်မမိ၊ မျက်စိမထင်၊ ကြိုးဆယ်မျှင်ဖြင့်၊ သိုဇင်မပြတ်၊ ဆယ်ခွေပတ်ပြီး၊ မလွတ်နိုင်ကြ၊ ကိုးဘဝေဝယ်၊ နေ့ညည်းည်း†ညူ၊ ကြွက်ကြွက်ဆူဖြင့်၊ †ငြူငြူစူစူ၊ ဟိန်းဟဲ†ညီ၍၊ သည်း†အူမချိ၊ *တိုင်ထိပြင်းပြ၊ ပူသောကနှင့်၊ ကြောင့်ကြထို†ဉ်၊ တ†ဒိအိလျှင်၊ *ကသီလင်တ၊ မဆုံးဆအောင်၊ ဒုက္ခလွန်ကဲ၊ ချည်နှောင်မြဲသည်။　။ဆင်းရဲတပေပေနှင့် သာ*တမှုံ။ (၁၈)

၁၂၂။ ကိလေသာဟု၊ ဆယ်ဖြာဧင်း၊ ဆိုးတောင်းကိုယ်တွင်း၊ နှိပ်စက်ခြင်းဖြင့်၊ ပူပြင်းအောင်းခို၊ အကုသိုလ်လည်း၊ မြင်းမိုရ်စက္ကဝါ၊ နတ်ခြောက်ရွာနှင့်၊ ဗြဟ္မာအရောက်၊ ဘဘသယ်အောက်နှိုက်၊ တလျှောက်ကုန်စေ၊ ဟုန်းဟုန်းမွှေလျက်၊ ကုဋေတသိန်း၊ တိုက်အကိန်းကို၊ *ပိတ်လိန်းဒဲတိ၊ စွဲလျှိုသား၊ ကပ္ပဂ္ဂိမည်၊ ဤသည်ထိန်ညီး၊ ကမ္ဘာမီးထက်၊ သီးသီးဆယ်ဆ၊ ပူမကအောင်၊ နေ့ညပြောင်ပြောင်၊ မပြတ်လောင်၏၊ ကျယ်ခေါင်ပညပ်၊ သောင်းလေးရပ်တွင်၊ သုံးထပ်ဌာန၊ မနုဿနှင့်၊ သက္ကသူရိန်၊ စံရာချိန်သည့်၊ ဝတိန်သူရာ၊ ဇမ္ဗူချာနှိုက်၊ ယူဇနာ ခု†နစ်၊ ဆဲ†နှစ်သုံးဆယ်၊ ငါးဆယ်မက၊ထိုမျှတည်တည်၊ နန်းထီးစည်နှင့်၊ တိုင်းပြည်အချို၊ ဘုံအိမ်ယှိလည်း၊ မထိမစပ်၊ ချောင်ကြလပ်၏၊ အောက်ရပ်မဟာ၊ ဝိစိမှာမူ၊ သတ္တဝါသိပ်†နှက်၊ ဆုံမှုံညက်သို၊ အ†နက်အကျို၊ ဆုံးမယှိအောင်၊ များဘိသည်ကား၊ ဆယ်ပါးညစ်တော၊ ကိုယ်တွင်းနေသည်၊ ကိလေ ဤမီး၊ လောင်ညီးညီးဖြင့်၊ ငယ်ကြီးထိုမျှ၊ ဒုကမ္မကို၊ ပြုကြမစောင့်၊ များသည်ကြောင့်တည့်၊ *ယခေါင့်ကာလ၊ ဘဝဝက၊ ဆုံးဆမယှိ၊ မချိပူလောင်၊ အဂရောင်*မစဲ၊ ကိုယ်တွင်းမြဲလျက်၊ *ခပဲ*ပေါယယ်၊ ကြီးငယ်သေးနုပ်၊ လုပ်လုပ်ရွှရှ၊ ယိုသမျှပင်၊ များသု*ဗိုလ်လူ၊ ဟိန္ဒူဂူတို၊ နေသူရကန်၊ ဆယ်ပြန်မကာ၊ နေ့ညမကင်း၊ ပူလောင်ပြင်းခဲ့၊ အိုင်မင်းခုနစ်၊ နတ်မြစ်ဂင်္ဂါ၊ သီကာခုနစ်တန်၊ ဘတ္တဗ္ဗန်နှင့်၊ ပေးမဝန်း၊ စီးဆင်းကျသည့်၊ ငါးရာ့ငါးသွယ်၊ မြစ်ငယ်မြစ်ကြီး၊ *မြစ်ထီးမြစ်မ၊ စသည်လေးဖြာ၊ အဏ္ဏဝါဟု၊ မဟာသမုဒ္ဒရာဇ်၊ ပင်လယ်မြစ်နှိုက်၊ နှစ်၍ကြိမ်ကြိမ်၊ ကမ္ဘာစိမ်လည်း၊ ချမ်းငြိမ်းမြေတခါမျှ၊ မရနိုင်ဟူ၊ *ကျိုက်ကျိုက်ဆူ၏၊ အပူမငြိမ်း၊ တရှိမ်းရှိမ်းနှင့်၊ ခပ်သိမ်းဘဝ၊ လောင်မီးကျသို့၊ လောဘ ဒေါသ၊ မောဟ ဒိဋ္ဌိ၊ အစယှိသား၊ ဝိစိမီးစာ၊ ဝဋ်ကြီးစွာတည့်၊ အဝတ္ထုဘုံ၊ မြို့ရန်†လုံနှိုက်၊ ခို†လှုံးမြေ၊ မကည်ရ

သေး၊ ဝေးကြသတ္တဝါ၊ ထိုမျှားစွာအား၊ ယုတ်မာညစ်ဆိုး၊ အခိုးမယှို၊ ထိန်ထိန် ညိုလျက်၊ ဤကိုလေသာ၊ မီးစကြာဖြင့်၊ ပူဆာလွန်ကဲ၊ တရဲရဲသည်။ ။ လောင်စွဲးတချေချေနှင့် သာ*တမုံ။ (၁၉)

(၉-လုံးချ ပဏ္ဍိဆံကျင်-မျိုးချည်း၊ နှင့်သာတမုံ-ဟူ၍ သတ်တူသံတူ ကာရန်ချရကား သော်တာရောင်-ချလည်းဟူ၏။)

၁၂၃။ ထိုမှတလျှဉ်၊ ခြောက်ဝိညာဉ်တို့၊ အစဉ်မကင်း၊ ဤကိုယ်တွင်းနှိုက်၊ စောင့်ခြင်းမနိုင်၊ မပိုင်လိုစိုး၊ ခြောက်မျိုးတိရစ္ဆာန်၊ တည်ဟန်ထူးခြား၊ ကျက်စား အမူ၊ မတူသော့နှယ်၊ ထိန်းမလွယ်တည့်၊ မှတ်ဘွယ်နိုင်းယှဉ်၊ အစဉ်သဘော၊ မြွေလင်းရှော့သို့၊ ချောချောရှင်းရှင်း၊ မပျော်လျှင်းဘဲ၊ တွင်းနှင့်အမိုက်၊ ရှုပ်ရာကိုက်သို့၊ စရိုက်ဝသိ၊ ထို့တူပြီလျှင်၊ ဖြူနီကြောင်†ကျား၊ အဆင်းများနှင့်၊ ကြို†ကြားရှုပ်ရှက်၊ ပျော်နှစ်သက်သည်။ ။စက္ခုဝိညာဉ်၊ အစဉ်ကြိုက်ပုံ၊ အာရုံရူပ ရှုပ်ထွေးတည်း။ (၂၀)

၁၂၄။ ထိုမှတ†ကြောင်း၊ ရေမိ†ကျောင်းတို့၊ ညွန်ပျောင်းစိစက်၊ ရေနက် †ရာရာ၊ ဧးမြစ္စာနှိုက်၊ သာ†ယာပျော်ပါး၊ နေကျက်စားသို့၊ နား၏အတွင်း၊ တည်နေခြင်းဖြင့်၊ မကင်းမြဲးစွာ၊ ငြိမ့်ငြိမ့်သာအောင်၊ တူရိယာစောင်း†ငြင်း၊ တီးမှုတ်ခြင်းနှင့်၊ သံ†ညင်းရင့်ရှူး၊ မွှေမွှေကျူးက၊ အထူးသာယာ၊ နှစ်သက် စွာလျက်၊ သဒ္ဒါရမ္မဏ၊ မစုရဖြင့်၊ ဝှင္ဂသံမျိုး၊ ကြည်ရွှင်ပျိုး၍၊ မြတ်နိုးတောင့်တ၊ နာမဝသည်။ ။သောတဝိညာဉ်၊ အစဉ်ကြိုက်ပုံ၊ အာရုံသဒ္ဒ ချိုးေတည်း။ (၂၁)

၁၂၅။ ထိုမှတဘော်၊ ကျီးစင်ရော်နှင့်၊ ငှက်တော်တင်†ကျီး၊ ဘုံးမတီးက၊ တုန်း†ကြီး လင်းတ၊ စသည်ခေါ်ရိုး၊ ငှက်အမျိုးတို့၊ ထက်မိုးကောင်းကင်၊ *လဟာပြင်နှိုက်၊ မြူးရွှင်စလေ့၊ ပျံ့ပျော်မွှေ့သို့၊ အငွေ့ရှူရူရန့်ယူလျက်၊ မွှေးကြူ ထုံသင်း၊ ကြိုင်နံ့ရှင်းသို့၊နှာတွင်းဟောင်းလောင်း၊ နှာခေါင်း*လဟာ၊ဟင်းလင်း စွာနှိုက်၊ ဝင်လာသမျှ၊ မကျန်ရအောင်၊ တောင့်တစုံမက်၊ လွန်နှစ်သက်၍၊ လေ့ကျက်မြူးပျော်၊ မွှေလျော်မဝ၊ တပ္ပသည်။ ။ဃာနဝိညာဉ်၊ အစဉ်ကြိုက်ပုံ၊ အာရုံဂန္ဓ ပျံ့မွှေးတည်း။ (၂၂)

၁၂၆။ ထိုမှတသွယ်၊ အိမ်ဝယ်မွေးငြား၊ မျိုးတခြားတည့်၊ လူ့နားဆက်ဆံ၊ လူ့အထံတွင်၊ သဒ္ဒံ သုဏတိ၊ ဗျုပ္ပတ်ချိသား၊ ပါဠိအလို၊ ဝိဂ္ဂိုဟ်အဘွင့်၊ လျော် အသင့်ဖြင့်၊ သခင့်အသံ၊ နာခံတတ်စွာ၊ သုနခါဟု၊ သညာခေါ်ရိုး၊ အိမ်ခွေး မျိုးကား၊ မြတ်နိုးတနာ၊ မြိန်မြတ်စွာသား၊ ရသာဩဇ၊ ပဏီတကို၊ နေ့ညမရွေး၊ ဝစွာကျွေးလည်း၊ ညစ်ကြေးမစင်၊ လူရှင်စွန့်ပြု၊ *ဘင်အစုကို၊ *လူလူတပ်*ပြွေ့၊ စားပျော်လေ့လျက်၊ တနေ့ရက်တုံ၊ ဂန္ဓာ†ရုံကို၊ ရှူ†ရုံကာမျှ၊ မနမ်းရက၊ ယုတ်လှ ခွေးမျိုး၊ နွမ်းညှိုးမရှင်၊ ဘဝင်မနူး၊ ဥက္ကောင်းမူးဟု၊ အထူးလူ့ဘောင်၊ ပြောပ

အောင်လျှင်၊ မရှောင်နှစ်ခြိုက်၊ မစင်ကြိုက်သို့၊ လျှာနှိုက်စိုစို၊ ရတိုင်းမျိုသား၊ ထိုထိုသားငါး၊ ပုပ်ချဉ်အားဖြင့်၊ အသားအဆီ၊ သွေးညှီသံညှော်၊ နံ့စိမ်းစော်နှင့်၊ ကျိချော်အာဇစေး၊ အထွေးထွေးကာ၊ တံထွေးသလိပ်၊ ရောသိပ်ရိုးပေါင်း၊ မမြင်ကောင်းနှိုက်၊ *နှစ်ထောင်းဝမ်းသာ၊ နှစ်သက်စွာသည်။ ။ဇိဝှါဝိညာဉ်၊ အစဉ်ကြိုက်ပုံ၊ အာရုံရသ ညှိစေးတည်း။ (၂၃)

၁၂၇။ ထိုမှတခြား၊ အမျိုးအားဖြင့်၊ ဆိုးဝါးယုတ်မာ၊ မြို့ပြရွာနှင့်၊ ဝေးစွာဖြစ်ပွါး၊ အဟိတ်သားတည့်၊ လူနားမကြီး၊ လူနီးမဆံ၊ လူ့ထံမယဉ်၊ အစဉ်ဖြစ်တိုင်း၊ ဇာတိရိုင်းလျက်၊ သင်းချိုင်းသုသာန်၊ ဂုမ္ဗန္တရ၊ ဌာန*ပုပွေါင်း၊ မြေတွင်းခေါင်းနှိုက်၊ နေအောင်းမှေလျော်၊ နံ့သရော်ဖြင့်၊ ညှီစော်ပုပ်ဟောင်၊ ဖူးဖူးရောင်၍၊ လူ့ဘောင်စွန့်ပယ်၊ ရှံဘွယ်စက်ဆုပ်၊ သူကောင်ပုပ်ကို၊ နမ်းရှုပ်ကိုက်ခဲ၊ စားအမြဲနှင့်၊ တောထဲပျော်ရိုး၊ မြေခွေးမျိုးသို့၊ နံ့ဆိုးယုတ်မာ၊ ပုပ်နံ့စွာဖြင့်၊ ကေသာလော†မ၊ မွေးဆံစသား၊ အူ†မအူသိမ်၊ ရေအိမ်မက၊ ရွှရွှကျိကျိ၊ ပိုးအတိနှင့်၊ အရိအရွဲ၊ နှပ်ချွဲ†ပြစ်ပြစ်၊ ရှုပ်ရှက်†ပျစ်လျက်၊ စာသစ်စာဟောင်း၊ မမြင်ကောင်းအောင်၊ ဟောင်းလောင်းအဝ၊ ကိုးဒွါရမှ၊ စီးကျယိုယို၊ တစိုစိုလျှင်၊ ဤကိုယ်ညစ်ကျု၊ ပုပ်မျိုးစုကို၊ အသုဘစစ်၊ ဉာဏ်ဖြင့်လှစ်၍၊ အပြစ်မမြင်၊ ဖုံးပိတ်ပင်လျက်၊ လင်နှင့်မယား၊ သားနှင့်သမီး၊ ချစ်မငြီးဟု၊ ချစ်ကြီးချစ်မူ၊ ချစ်တိုးပွါး၍၊ ချစ်စုချစ်ပုံ၊ နူတ်ဝယ်ငုံမျှ၊ စုံစုံမက်မက်၊ ပိုက်ဘက်တွဲမှီ၊ တအီအီလျှင်၊ ပွေချီရှုပ်နမ်း၊ *တငမ်းငမ်းဖြင့်၊ စမ်းစမ်းဆုပ်ဆုပ်၊ အုပ်အုပ်ဖုံးဖုံး၊ တပွုံးပွုံးနှင့်၊ မဆုံးချစ်စ၊ မွေလျော်ကြသည်။ ။ကာယဝိညာဉ်၊ အစဉ်ကြိုက်ပုံ၊ အာရုံဖောဋ္ဌဗ် ညစ်ကြေးတည်း။ (၂၄)

၁၂၈။ ထိုမှတဦး၊ တောဝယ်မြူးသား၊ အထူးညစ်ဆိုး၊ တောမျောက်မျိုးတို့၊ စိတ်စိုးမရ၊ ရှိုးရှိုးရွနှင့်၊ ဥဒ္ဒစ္စဇော၊ လွန်ပြန့်ပြော၍၊ ထိုတောထိုတောင်၊ ထိုချောင်ထိုခင်၊ ထိုသစ်ပင်ကို၊ မြင်မြင်သမျှ၊ တကြွကြွတိ၊ စိတ်ချမနှိမ်၊ မငြိမ်မသက်၊ ညနေ့†ရက်တိုင်း၊ ယောက်†ယက်မြူးထူး၊ ကူးကူးခုန်ခုန်၊ တောလုံးတုန်အောင်၊ သံကုန်ဟစ်အော်၊ တကြော်ကြော်နှင့်၊ လျှပ်ပေါ်*လော်လည်၊ ရပ်မတည်သို့၊ ဤသည်မနော၊ စိတ်သဘောလည်း၊ တောသို့ရောက်တုံ၊ ရွာရောက်တုံဖြင့်၊ အာရုံခြောက်ပါး၊ မပြတ်သွား၍၊ မနားမဆိတ်၊ အတိတ်နာဂတ်၊ ကာလတ္တယ၊ ရွရွနောက်ပွေ၊ တည်မနေဘူး၊ ထွေထွေထူးထူး၊ ပြောင်းကူးထိုထို၊ အလိုသဘော၊ လွန်ပြန့်ပြောသည်။ ။မနောဝိညာဉ်၊ အစဉ်ကြိုက်ပုံ၊ အာရုံဓမ္မ ကြံတွေးတည်း။ (၂၅)

(၁၅-လုံး မဏိဥပြည်း-ချမျိုးချည်းတည်း။)

၁၂၉။ ယင်းသို့အ႑စဉ်၊ ခြောက်ဝိညာဉ်တို့၊ ပုထု႑ဇဉ်႑ငြမ်း၊ သဘော
တမ်းဖြင့်၊ ညစ်႑ညမ်းယုတ်မာ၊ ကိလေသာနှင့်၊ မကွာ*တဲတစ်၊ *ဖက်ယစ်
အမြဲး၊ ယှဉ်မကွဲအောင်၊ ကိုယ်ထဲးဖျောင်းကာ၊ ဆိုးဝါးစွာကြောင့်၊ သတ္တဝါ
*ပုံယင်၊ ဤလူရှင်တို့၊ ဆင်တစကောင်ကြီး၊ အမြီးတွင်တစ်၊ ဟူပုံလစ်သို့၊
စင်စစ်မှား၊ ဒွါရအားဖြင့်၊ ငါးပသာဒ၊ သန်းခေါင်းမျှမှ၊ ဖြစ်ထငယ်စွာ၊
ဝိညာဉ်သာလျှင်၊ သတ္တဝါဟုဆို၊ ဤသည့်ကိုယ်ကို၊ ထိုထိုအပြား၊ ဘ.ရုင်ငါးနှိုပ်၊
မသွားနိုင်ထွေ၊ ငြိပစေလျက်၊ သေအောင်ညှစ်႑ဖျစ်၊ တစ်ကြိုးတပ်၍၊ ဖြစ်႑ဖြစ်
သေသေ၊ အနေမြဲးစွာ၊ လွတ်မကွာတည့်၊ တဏှာပဋိဃာတ်၊ ထွေးရှပ်ပတ်လျက်၊
အဇ္ဈတ္တိက၊ ပသာဒဟု၊ ဒွါရပြည့်စုံ၊ ကာမဘုံဝယ်၊ ခြောက်ပုံအာရမ္မဏ၊ ဗဟိ
ရက၊ ထင်ကြရာရာ၊ မဇ္ဈိမာယု၊ ညီညွတ်မှုဖြင့်၊ ဝဠ္ဌအာရုံ၊ နှစ်ပါးကြုံတိုင်း၊
*တလုံလဲးလဲး၊ ရေယဉ်ဝဲးသို့၊ ဖြစ်မြဲးနိစ္စ၊စိတ္တနိယံ၊ ဝဋ္ဋထုံးစံရှင့်၊ ကြောင်းခံ
ကျိုးတည်း၊ ပစ္စည်းပစ္စယုပ်၊ ကြိုး*နှယ်ရှုပ်၏၊ ဖြစ်ချုပ်မပြတ်၊ ဥပါဒ်ဌီဘင်၊
ဘဝင်အာဝဇ္ဇန၊ ပဉ္စဝိညာဉ်၊ မနောယှဉ်လျက်၊ အစဉ်ဝုဋ္ဌော၊ ဇောတဒါရုံ၊
ဘုံပုဂ္ဂိုလ်လျော်က်၊ မဘောက်ပြန်ဘိ၊ ဝီထိမဆိတ်၊ ဖြစ်မြဲးစိတ်ကို၊ မပိတ်သို့နိုင်၊
တယိုင်ယိုင်လျှင်၊ ဇက်ကိုင်လိုက်ပြီး၊ မြင်းကြမ်းစီးသို့၊ ခရီးမဆုံး၊ လမ်းမတုံးဘဲး၊
နိဂုံးမသတ်၊ လည်မပြတ်တည့်၊ ပတ်ပတ်ရစ်ရစ်၊ အသစ်သစ်ဖြင့်၊ ဖြစ်ဖြစ်သေသေ၊
အနေမတည်၊ လူ့ပြည်ပါယ်လေး၊ ရောက်ရာပြေးသည်။ ။ဝဋ္ဋဘေးရှည်ကြာ၊
လည်ကာမသိမ်း နိုင်သတတ်။ (၂၉)

၁၃၀။ ဤသို့မှန်စွာ၊ ဥပမာဖြင့်၊ ပါယ်ရွာသန္ဓေ၊ ဗဟိဟ်နေသား၊ မြေနှင့်
မိကျောင်း၊ ထပ်လောင်းတဆင့်၊ ငှက်နှင့် အိမ်ခွေး၊ မြေခွေး တောမျောက်၊
ဤခြောက်မျိုးမှန်၊ တိရစ္ဆာန်သို့၊ နှိုင်းဟန်စပ်ယှဉ်၊ ခြောက်ဝိညာဉ်၏၊ အလျဉ်
မပြတ်၊ စက်*နှယ်ပတ်၍၊ ဥပါဒ်တုံထ၊ ဖြစ်ကုန်ကြလျက်၊ ဉာဏသမ္ပယုတ်၊
မဟုတ်သူမှာ၊ သညာဝိညာဉ်၊ ဉာဏ်မယှဉ်ဘဲး၊ အစဉ်ဒိဋ္ဌိ၊ မှားကုန်ကြ၏၊
မောဟအတိ၊ ဖုံးလွှမ်းဘိ၍၊ မျက်စိနားနှာ၊ လျှာတို့မကြိုက်၊ ကိုယ်သာ
ကြိုက်လျက်၊ အမိုက်လေ့လာ၊ ကိလေသာဖြင့်၊ တဏှာစရိတ၊ ပွါးကုန်ကြ၏၊
ဒူရသန္တိကေ၊ နီးဝေးတွေနှိုက်၊ မြေကိုလုံးလုံး၊ မိုးခုံးခုံးဟု၊ ဆုံးဖြတ်မယို၊
ထင်တိုင်းသိ၍၊ သန္တတိမျိုး၊ ကိုးရိုးကား႑ရား၊ အစဉ်အားဖြင့်၊ ယ႑န္တြား
စက်ရှပ်၊ ကြိုးဖြင့်႑လှုပ်က၊ တုန်႑လုပ်ရိုးရှ၊ ရပ်ထိုင်ကြသို့၊ စိတ္တဇဓာတ်၊
တဆတ်ဆတ်ဖြင့်၊ လေဓာတ်ဆော်နှိုး၊ ဖြစ်ရိုးကိစ္စ၊ ပြားကုန်ကြ၏၊ ထိုမှရင်း၊
အပေါင်း*ရောရှု၊ ဓာတ်အစုဖြင့်၊ ဘူတုပါဒါ၊ ဖြစ်ခြင်းရာ၏၊ အင်္ဂါသီးသီး၊
ငယ်ကြီးရှည်တို၊ ရုပ်သဏ္ဌာန်ကို၊ ခေါင်း ကိုယ် ခြေ လက်၊ နားရွက် မျက်စိ၊
ပုဂ္ဂိုလ်ယိုဟု၊ ဒိဋ္ဌိယူပြင်း၊ နှလုံးသွင်းလျက်၊ အဘင်းဝါဒ၊ စွဲမချဘူး၊
သတ္တဇီဝ၊ ပုဂ္ဂလနှင့်၊ အတ္တငါ သူ၊ နတ်သူကိုယ်ကောင်၊ ကြံဆောင်မှတ်ခြင်း၊

လူခပင်းနှိုက်၊ ယင်းသည့်မိစ္ဆာ၊ ယူသ႞က္ကာဖြင့်၊ သ႞ဂ္ဂါဝရဏ၊ မဖြစ်ထလည်း၊ မဂ္ဂမြစ်တား၊ ခရီးမှား၏၊ ပြေးသွားမတည်၊ မျက်စိလည်သို့၊ *စိုပြည်ရှည်ကြာ၊ သံသရာဝယ်၊ ကမ္ဘာသာ*ကျွန်း၊ ဝဋ်မခန်းဘူး၊ အကန်းစင်စစ်၊ အန္ဓဖြစ်လျက်၊ *ဖက်ယစ်*စင်းလျှင်း၊ မိုက်ဝဋ်တွင်းနှိုက်၊ မလင်းဉာဏ်ရောင်၊ မှောင်ကြီးမှောင်ခဲ့၊ မြင်အောင်တပ်တပ်၊ ပြဆောင်အပ်လည်း၊ ကြပ်ကြပ်စိုးစိ၊ ရိပ်မသိတည့်၊ မှတ်မိမှတ်ရာ၊ သညာဒိဋ္ဌိ၊ ကပ်ငြိမချ၊ ကောင်အတ္တဟု၊ ဝါဒအမြဲ၊ မလွှတ်စွဲသည်။ ။လိပ်ခဲမည်စွာ၊ သည်သာမတိမ်း နိုင်သတတ်။ (၂၇)

၁၃၁။ လိပ်ခဲမည်စွာ၊ ဤခန္ဓာနှိုက်၊ သည်သာယိမ်းယိုင်၊ မတိမ်းနိုင်ဘဲ၊ စွဲကိုင်အတ္တ၊ သက္ကာယဖြင့်၊ ဝါဒပြင်းစွာ၊ တင်ငါငါနှင့်၊ တဏှာယောကျ်ား၊ လက်သမားလျှင်၊ ဆောက်ငြားကြိမ်ကြိမ်၊ ခန္ဓာအိမ်ကို၊ စည်းစိမ်မှတ်ပြု၊ ကိုယ်ဟုမှတ်ထင်၊ တခင်ခင်တည့်၊ လူတွင်အထူး၊ *သောက်ထုတ်ကြူးတို့၊ အမူးအမက်၊ သေအရက်နှိုက်၊ နှစ်သက်လိုလား၊ ရသာမှား၍၊ သောက်စားမြဲးမြံ၊ ခါတရံမျှ၊ မရှံတတ်ခြင်း၊ *နို့ဖျင်းလွန်စွာ၊ လူမည်ကာမျှ၊ ပညာယှားပါး၊ လူဘိန်းစားလည်း၊ စပ်ခါးစိမ်း*ဆံ့၊ ဘိန်းနံ့နံကို၊ မရှံတတ်ခြင်း၊ ခံဟွင်းလျှာကျိုး၊ အမျိုးစရိုက်၊ ငါးပိကြိုက်သူ၊ ထိုသည့်လူလည်း၊ သိုးဦနံ့လှောင်း၊ ရှုမကောင်းအောင်၊ ဇောင်းထောင်းပွက်လျံ၊ ငါးပုပ်နံ့ကို၊ မရှံတတ်ခြင်း၊ အလင်းမယှဉ်၊ ပုထု႞ဇဉ်တို့၊ အ႞စဉ်မိုက်မှား၊ တဏှာအားဖြင့်၊ ယောကျ်ားမိန်းမ၊ ကိုယ်ကာယ၏၊ အသုဘစစ်၊ ပုပ်ဟောင်ညစ်ကို၊ လွန်ချစ်ရော*ပြုံ၊ သက်လုံးနှံ၍၊ မရှံတတ်ခြင်း၊ ဤလေးသင်းကား၊ မယွင်းတူမျှ၊ ဟူစကြ၏၊ ဣဋ္ဌနိဋ္ဌာ၊ခြောက်ဖြာအာရုံ၊ တွေ့ကြုံမရှေ၊ပျော်စလေ့သား၊ထိုရွှေသင္ကာဝါ၊ များ*ဗိုလ်႞ပါတို့၊ဝိ႞ပါကဝဋ်၊ကမ္မဝဋ်နှင့်၊ မလွတ်နိုင်ကြ၊ ဤကိစ္စကြောင့်၊ လောဘ*သဟာယ်၊ ကံဆန်းကြွယ်တိုင်း၊ ကြီးငယ်လုံးချွန်း၊ ဝိုင်းဝန်းရှည်တို၊ ဖြူ ညို နီ ရွှေ၊ အခြေယှိမ့်၊ တွက်ဘွဲ့များစွာ၊ မရေသာအောင်၊ သညာကေတ်၊ နာနတ်ကာယ၊ ထူးခြားစွနှင့်၊ လေးဝအောက်ခွင်၊ ဘုံတပြင်ဝယ်၊ အရှင်ယမမင်း၊ နိုင်ငံတွင်းက၊ စာရင်းမဖျက်၊ ဝမကွက်ဘဲ၊ တက်သက်တုံပယ်၊ ယက်ကန်းရှယ်သို့၊ သွယ်လှယ်မနား၊ ဘဝအားဖြင့်၊ မခြားစပ်လျက်၊ စဉ်ကာဆက်၍၊ ဝင်ထွက်လူးလာ၊ တချာချာလျှင်၊ ပေါ်ကာငုပ်ဆင်း၊ ကျင်လည်ခြင်းဖြင့်။ ။ပါယ်တွင်းလည်ကာ၊ ရှည်ကြာမငြိမ်း နိုင်သတတ်။ (၂၈)

**( သဒိသဖလဘာဝမိဿာလင်္ကာရ၊ ၁၁-လုံး အာသာဝတီဝတ်ဆံ ချမျိုးချည်းတည်း။ )**

၂၃၂။ ခတ်ရင်းပလ၊ ပထမနှိုက်၊ ဇီဝနနက်၊ တချက်ထိုမှ၊ ဝိကပ္ပဖြင့်၊ ဒွိပဒပါဠ်၊ ဒွိရှေးမှတ်သား၊ လာခါဘ်လူခါတ်၊ ယူဖြာဘ်နှစ်ချက်၊ ခတ်နက်

ဘော်နည်း၊ အပစ္စည်းနှင့်၊ သိမ်းဆည်းမှတ်ရာ၊ ဒွိသဒ္ဒါကို၊ ဗာဟုပြုငြား၊ ရှပ်ပြီးထား၍၊ တရားမရှာ၊ လူမည်ကာသို့၊ ပညာမဘက်၊ ထွက်ဝင်သက်မျှ၊ ရှုလျက်လူ့ဘုံ၊ သက်မွေးရုံနှင့်၊ နှစ်စုံလောက၊ နှစ်ဝကောင်းဆိုး၊ နှစ်မျိုးယုတ်မြတ်၊ အတ္တာနတ်ကို၊ ဖြတ်တတ် ယူတတ်၊ ကတ္တုသာခ်ဖြင့်၊ ဟုတ်ဟတ်ယိုးထွင်း၊ မသိဖျင်းသည်၊ အချင်းဗာလ၊ မင်းမန္ဒ ! ထိုမျှနှစ်ပေါင်း၊ လွန်ခဲ့ရှောင်းသား၊ ရှစ်သောင်းလေးထောင်၊ သုံးပြန်ဆောင်အောင်၊ မင်းရောင်မင်းရုပ်၊ မင်းပြုလုပ်လျက်၊ ပျောက်ချုပ်နေ့ည၊ သင့်ကာယကို၊ မောဟပိတ်ပင်၊ သင်မမြင်လည်း၊ ဌီဘင်ဥပါဒ်၊ ပရမတ်ဖြင့်၊ မပြတ်ခဏ၊ ဖျက်ဖျက်ကျ၏၊ ဧ... ဒမ္မ၊ ဗိဋ္ဌတမလွန်၊ နှစ်တန်ကျိုးပြစ်၊ ကိုယ့်အဖြစ်ကို၊ စိစစ်မယှိ၊ မြင်မသိ ၊ ပဏ္ဍိလူနိုက်၊ မဟူထိုက်ဘူး၊ သူမိုက်အတွင်း၊ ဗာလသွင်းလျက်၊ စ ရင်းဦးရေ၊ ဝင်ထွေမုချ၊ ဆက်ဆက်ကျ၏၊ မိုက်လှအကယ်၊ ဉာဏ်ကင်းကွယ်ခဲ့၊ ရေငယ်နည်းပါး၊ အိုင်ပက္ကားနှိုက်၊ ကျက်စားနေကျင်၊ ငါးအသွင်သို့၊ ကြာတင်ကာလ၊ မနေရပြီ၊ နေ့ညမသိ၊ ဟူဘိမချွတ်၊ သေမင်းငတ်က၊ မလွတ်အ†လျင်၊ *ကြွတ်ကြွတ်ငင်လိမ့်၊ သို†လျှင်ဖြစ်ဘိ၊ ချက်မှန်သိလျက်၊ ပဏ္ဍိယောကျ်ား၊ သူစီးပွါးကို၊ သောင်အား†ကိုး၍၊ ကိုယ်†ကျိုး*မဲ့စွာ၊ မဖြစ်ရာဘူး၊ မဟာစက္ကဝတ်၊ စည်းစိမ်မြတ်လည်း၊ နတ်နှင့်နှိုင်းဆို၊ အလွန်တိုခဲ့၊ နေ့ကိုမပြောင်၊ ညဥ့်မိုက်မှောင်မှ၊ အရောင်လဲ့လဲ့၊ လွန်*နုန့်နဲ့လျက်၊ စာယေ့်မိးရှူး၊ *ကလူမြူးသည်၊ စုံးကြူးပိုးတောက်၊ တမိုးသောက်သို့၊ ကွယ်ပျောက်လွယ်သျှင်း၊ *တဖြုတ်ခြင်းမျှ၊ မဘင်းမတိမ်၊ လူစည်းစိမ်တည့်၊ မငြိမ်မသက်၊ ခဏပျက်၏၊ ဆက်ဆက်မှန်လှ၊ ဤကြောင်းစကြောင့်၊ လုံ့လလျော့ကာ၊ မနစ်ရာဘူး၊ ကမ္ဘာလောင်မီး၊ ပျက်ကာနီးနှိုက်၊ ယောင်ရီးယောင်တ၊ လူ့ဘဝကို၊ ရလာသော့သွင်၊ ဘယ်ကျိုးထင်လိမ့်၊ ဤလျှင်ယမရာဇ်၊ သေမင်းညစ်၏၊ နတ်စစ်ဓေ†မှန်၊ နတ်တ†မန်တို့၊ ထိပ်စွန်ဦးဖျား၊ နင်းရောက်ငြားမျှ၊ ထင်ရှားခုမူ၊ အလံထူသည်၊ ဆံဖြူဖွေးဖွေး၊ မမြင်သေးလော့၊ အရေး*လက်ငင်း၊ လွန်ကျပ်ပြင်းသည်။ ။တင်း၍မည္ဓတ် နိုင်ဝေးတည်း။ (၂၉)

၁၃၃။ မည္ဓတ်နိုင်ဝေး၊ သည်အရေးတည့်၊ လေးပါးသေနင်၊ စတုရင်ဖြင့်၊ မြင်း ဆင် ရထား၊ ခြေသည်များနှင့်၊ ပြား၍ပြိုင်ခင်း၊ စစ်အင်ကျင်း၍၊ နင်းသော်*ဝင်း၊ အသောင်းအသိန်း၊ ကိန်းအကုဋေ၊ မရေတွက်အား၊ ရွှေငွေ†များနှင့်၊ ပတ္တ†မြားကျောက်စိန်၊ တောက်ထိန်ဝိုးဝင်း၊ မြေ*ပြည့်လင်းအောင်၊ ဆင် မြင်း သားကြီး၊ နန်းနှင့်ထီးက၊ သမီးကညာ၊ ရတ†နာဖြင့်၊ ပ†ဏ္ဏာဆက်နင်း၊ တံစိုးသွင်း၍၊ ငြင်းသော်ဝင်း၊ ရှစ်သောင်းတပသီ၊ ဇောဂီတက္ကသိုလ်၊ ဝိဇ္ဇာဓိုရ်တို့၊ ထိုထိုများစွာ၊ ပညာဆေးဝါး၊ အပါးပါးတိ၊ ပြဒါးမီးနေ၊ သံသေဓာတ်ပြာ၊ ရသာယန၊ သြသဓစု၊ အာယုဝါဇီ၊ ဝသီကရဏ၊ စသည်လိမ်းသပ်၊ စားမျိုအပ်နှင့်၊ အာထဗ္ဗဏာ၊ ဝိဇ္ဇာမယိဒ်၊ ဣဒ္ဓိဝိဓ်သို့၊ မဟိဒ္ဓိမျိုး၊ တန်းခိုး

နတ်ရှိ၊ သိဒ္ဓိလိုရာ၊ ပြီးနိုင်စွာသား၊ မဟာဂန္ဓာရီ၊ လောကီဉာဏ်ပေါင်း၊
အင်းကောင်းတတ်*ပွန်၊ မန္တန်*မွန်ဖြင့်၊ ပြုဟန်ပယောဂ၊ မကျန်ရအောင်၊
အဋ္ဌသာခါ၊ယတြာက၊ဂါထာမန်းမှုတ်၊အစုတ်အနှံ၊ကာယံကိုယ်တွင်း၊ဘောက်ကာ
ထွင်း၍၊ သွင်းသော်ငင်း၊ လွတ်ကြောင်းသေဘေး၊မထင်ဝေးခဲ့၊ပြေး၍*ဆုန်း
ဆုန်း၊ ဘယ်တွင်ပုန်းအံ့၊ ကျင်းကုန်းကောင်းကင်၊ ပင်လယ်ပြင်နှင့်၊ ဥမင်လိုဏ်
ခေါင်း၊ အောင်းလည်းမလွတ်၊ မချွတ်မှန်ဘိ၊ လွဲမယ်ဘူး၊ သိဒ္ဓိပြီးငြား၊
ဓာတ်ဆေးဝါးနှင့်၊ ပြဒါးသံပြာ၊ စားကာမျိုပြု၊ လုပ်ရတ်မှုဖြင့်၊ အာယုသမား၊
ဆရာများတို့၊ ထင်ရှားခုထိ၊ ဘယ်မျှယိုခဲ့၊ အာဒိကပ္ပ၊ ကမ္ဘာစက၊ ကာလ
*ခုတောင်၊ ပြည်ကျိုးဆောင်သည်၊ဘုန်းခေါင်မဟာ၊ကြီးတေဇာနှင့်၊ စကြာစိုးရ၊
မင်းထိုမျှက၊ဗုဒ္ဓပစ္စေကဗုဒ္ဓါ၊ရဟန္တာဟု၊ခီဏာသဝ၊ဝိသုဒ္ဓဖျား၊ အရှင်များလည်း၊
တပါးမျှတိ၊ မြဲးမယ်ဘူး၊ မျက်စိနား†နှာ၊ ကိုယ်အင်္ဂါကား၊ အို†နာသေမျိုး၊
နိမိတ်ဆိုးတည့်၊ ရိုးရှလှုပ်လက်၊ အုတ်ကျက်ညံဆူ၊ နေဘိမူလည်း၊ ရန်သူသေမင်း၊
ချောင်းနေလျှင်းခဲ့၊ ငြင်း၍မရ၊ ခ၍မသာ၊ ဤခန္ဓာအား၊ ကြင်နာ*မဲ့ငြား၊
သေမင်းဖျားလျှင်၊ သနားကင်းလစ်၊ သူမချစ်ဘူး၊ *ပစ္စရက္ခ၊ ဝဓကသို့၊ မုချ
ဆတ်ဆတ်၊ တွေ့ရာသတ်လိမ့်၊ မှတ်လော့*စင်းလျင်း၊ သေမယွင်းသည်။ ။
ကွင်း၍မတတ် နိုင်ရေးတည်း။ (၃၀)

၁၃၄။ အကြင်သို့တိ၊ လူတို့ဓမ္မတာ၊ ဘုံသုံးရွာတွင်၊ ခန္ဓာပဥ္စ၊ ကေစတု၊
ဒုသုပုဂ္ဂိုလ်၊ ထိုထိုအမျိုး၊ ကောင်းဆိုးယုတ်မြတ်၊ များလူနတ်ကို၊ မလွတ်စေရ၊
သန္ဓေစက၊ စေ့ကုန်အောင်၊ ယူဆောင်မကြွင်း၊ သေစာရင်းနှိုက်၊ သွင်း၍
အညီ၊ မှတ်ပြီးပြီကြောင့်၊ ဇော်ဂီဆရာ၊ ဝိဇ္ဇာယောကျ်ား၊ သမားဆေးတတ်၊
နတ်ဇီဝက၊ သမ္ဘ†ရနှင့်၊ မ†ယအသူ†ရာ၊ဣန္ဒဇာဖြင့်၊ မာ†ယာအတတ်၊ လှည့်ပတ်
ထွေပြား၊ ပြုတုံငြားလည်း၊ ကုစားမရ၊ ပဒုမစက္က၊ သကဋ္ဌနှင့်၊ ရထဗျူဟာ၊
လေးဖြာခင်းကျင်း၊ စစ်ဆင်ခြင်းဖြင့်၊ မင်းရှစ်မျက်နှာ၊ ကောက္ကက်စီ၊အညီမလွဲ၊
စစ်ကဲထောင့်လေး၊ဆင်ရေးငင်း၊ရွှေတစ်လျောင်းလျက်၊မြင်းကြောင်းရှစ်ကွက်၊
ထောင့်တက်မြင်းသွား၊ ရထား*တူရူ၊နယ်မူရွှေတစ်၊ တဆစ်ထိုးပြင်၊ ဆင်မဏ္ဍာရေး၊
လေးဆဲ့လေးက၊ ခေါ်ရှေးမယွင်း၊ မြင်းမဏ္ဍာရေး၊ ခြောက်ဆဲ့လေးသာ၊ ရထား
မှာမူ၊ ဆဲ့ခြောက်ဟူသား၊ မှတ်ယူအာဂုံ၊ လက်စွမ်းယုံတို့၊ ရွှေခုံအပြင်၊စစ်တူရင်
သို့၊ မြင်းဆင်ရထား၊ ခြေသည်များနှင့်၊ ဆင်သွားမြင်းသွား၊ ရထားနယ်တက်၊
ကပ်လျက်လိမ်ကာ၊ပူးခွါသော့အား၊ပြား၍မကွဲ၊အား*သွန်ခဲ့ပြီး၊စစ်ကဲဝန်းရံ၊
မင်းပါခံလည်း၊ မကြံနိုင်စွာ၊ ကြံရာမရ၊ လက်မှိုင်ချလျက်၊ တို့ကသာသေ၊
သူကခွေ၍၊ သရေစရိုး၊ မယိုနိုးတည့်၊ တန်းခိုးဣဒ္ဓိ၊ ဇာတိပညာ၊ ဂုဏ်*ဝါ
မြောက်†မြား၊ လွန်ထင်ရှားသား၊ †များစွာထိုမျှ၊ မကျန်ရခဲ့၊ လောကတို့ဘိုး၊
ထက်မိုးဗြဟ္မာ၊ ပဇာပတေ၊ လောကေသရ၊ မြတ်လှတွတ်ထား၊ ဘုရား ပစ္စေက

ဗုဒ္ဓါ၊ အရိယာက၊ ဥပါဒါနက်၊ ခန္ဓာပျက်တိ၊ ဤသင်္ကာယ၊ ဗျာကတဟု၊ ဒုက္ခသစ္စာ၊ ကင်းသေးစွာဘဲ၊ သတ္တဝါဟူစေ၊ တည်သန္ဓေလျှင်၊ မနေရလျှင်း၊ သေစေခြင်းကား၊ သေမင်းဓမ္မတာ၊ မှန်လှစွာကြောင့်၊ လူ့ရွာပွ၍၊ မြင်သမျှတို့၊ မုချမချွတ်၊ မြေလက်ခတ်သို့ မလွတ်စိမ့်ဟူ၊ ယိုတိုင်းယူလိမ့်၊ မည်သူကား†ချင်း၊ မည်သူမင်းဟု၊ ရှောင်†ခြင်းသဘော၊ မယိုသောရှင့်၊ ရက်ရောကြမ်း†ကြော့၊ ကွင်းလည်†ကျော့သို့၊ မှတ်လော့မရွေ၊ သေကွက်စေ့က၊ သေလေ့မယွင်း၊ ငင်အပြင်းသည်။ ။ငြင်း၍မလွတ် နိုင်သေးတည်း။ (၃၁)

၁၃၅။ ထိုသို့မယွင်း၊ လူ*ခပင်းကို၊ အလျှင်းမလွတ်၊ တွေ့တိုင်းသတ်သား၊ နတ်နှင့်တကွ၊ လောကသုံးသွယ်၊ သေမင်းနယ်တွင်၊ ကြီးငယ်မဆို၊ ရွယ်ပျိုအိုတို့၊ ထိုထိုများလှ၊ ယှိသမျှကား၊ မရဏမင်း၊ ခံတွင်းအာဝ၊ အနီးစန္နိက်၊ ဖြစ်ရသည်ချည်း၊ အမှန်တည်းလျက်၊ *ဖြက်†ခြည်း*ရက်†ခြည်း၊ တ*ဖြုတ်†ခြည်းနှင့်၊ *ရုတ်†ခြည်း*လွယ်†ခြည်း၊ ကြောင်း†ခြည်းမကြာ၊ သေမည့်တာကို၊ ပညာမြင်နည်း၊ မောဟသည်း၍၊ *တင့်ရည်းစိတ်နေ၊ မထိတ်ချေတည့်၊ မသေသို့ပင်၊ မိုးမြင်မျှ၊ လင်နှင့်မယား၊ သားနှင့်သမီး၊ နှောနှီးရှက်ကာ၊ အိမ်ရာတိုင်းပြည်၊ ထောင်တည်ပျော်မြူး၊ မွေလျော်ကြူး၏၊ ယစ်ရူးကာမ၊ တပ်ရာဂဖြင့်၊ မောဟလွန်ကဲ၊ ပိတ်ပိတ်မဲလျက်၊ ပိန္နဲသြဇာ၊ သကာချိုမျိုး၊ ထန်းလျက်အိုးနှင့်၊ ပျားအိုးပျားခွက်၊ ပျားရည်စက်နှိုက်၊ ပရွက်ပိုးရွ၊ မိုက်အန္ဓတို့၊ ရသချိုမြက်၊ အာရုံမက်၍၊ အသက်ဆုံးစေ၊ သောက်သေသေသို့၊ ကိလေအာရုံ၊ ပျော်တုံမိန်းမူး၊ သေအောင်မြူး၏၊ ညစ်ညူးရာဂ၊ ကိလေသဖြင့်၊ တဏှာလိုလိုက်၊ ဒုစရိုက်နှင့်၊ အမိုက်အားကိုး။ ပုဂ္ဂိုလ်မျိုးကား၊ အကျိုး*မဲ့စွာ၊ အပြစ်သာရှင့်၊ ချမ်းသာနည်းပါး၊ ဆင်းရဲများအောင်၊ လိုက်စားပျော်ကြူး၊ မေ့လျော့မူး၏၊ မထူးထို့တူ၊ ငါတမူလည်း၊ရိပ်ဖြူညီးညီး၊ရွှေရောင်ပြီးသား၊ ရွှေထီးပြောင်ပြောင်၊ နန်းဆောင်ဆောင်ထက်၊ မြောက်တောင်အနောက်၊ အလယ်မြောက်၍၊ လေးယောက် မိဖုရား၊ အကြီး ထားမှ၊ သုံးပါး ရွယ်လှ၊ နတ်*တမျှတို့၊ *ဝန်းခပတ်ခြံ၊ သောင်းသိန်းရံလျက်၊ ပျော်စံမငြီး၊ သေလုနီးတိုင်၊ ငါ့ထီးငါ့နန်း၊ ငါ့တိုင်းခန်းဟု၊ စွဲမှန်းသဖြင့်၊ နေကြာမြင့်၏၊ သေမင်းတ†မန်၊ သေချိန်တန်ဟု၊ အာ†မှန်စိုက်စိုက်၊ ရောက်လာဆိုက်၍၊ ခေါင်းနှိုက်ဆံဖြူ၊ အလံထူအောင်၊ ငယ်မူမမေ့၊ မငြီးငွေ့ဘူး၊ ညဥ့်နေ့မလင်း၊ အမြင်ကင်း၍၊ မိုက်တွင်းဝင်ပြီး၊ မိုက်သီးသီးလျက်၊ မိုက်ကြီးစတု၊ မှောင်လေးခုထက်၊ ဆယ်စု*ထံပိုး၊

မကတိုးအောင်၊ မိုက်မျိုးဆိုတွေ၊ အစုံမွေသား၊ ဘုံလှေ့ယုတ်မာ၊ မှောင်ကြီးစွာဝယ်၊ တဏှာမိုက်†မည်း၊ ပျော်လိုက်သည်း၏၊ လား†မြည်းတိရစ္ဆာန်၊ အဟိတ်မှန်သို့၊ သဏ္ဍာန်ပမာ၊ ကိလေသာကို၊ ပယ်ခွါမကင်း၊ ရှောင်မကွင်းသည်။ ။ ရှင်း၍မဖြတ် နိုင်သေးတည်း။ (၃၂)

(ဤနောက်လေးပိုဒ်အချတို့လည်း **ကိုယ်တွင်း**ပြည့်-ချည်းပင်။)

(ဤအတ္တစိန္တာခန်းဖြင့် ဉာဏဘယဖြစ်သော **ဘယဋ္ဌာယီဘာဝ ဘယာနကရသ**ကို သေအံ့သော အာရုံတခုတည်းကို ကြံစည်ခြင်း စိန္တာ ဟူသော **ဗျဘိစာရီဘာဝ** နှင့်တကွ အကျယ်ပြသတည်း။)

၁၃၆။ ဤသို့လောင်း*†လျှာ၊ မြတ်ရာဇာလျှင်၊ နှုတ်†လျှာမလှုပ်၊ ဝမ်းထဲးချုပ်၍၊ ရှက်အုပ်သံဝေ၊ ကြံတုံလေတည်း။ (၃၃)

အတ္တစိန္တာခန်း ၃၃-ပိုဒ် ပြီး၏။

---

## ၅-သံဝေဂါကာရခန်း

တသောဝံ ပလိတပါတုဘာဝံ အာဝဇ္ဇေန္တဿ သရီရေ သေဒေါ[၁] ဥပ္ပဇ္ဇိ၊ သရီရာ သေဒါ မုစ္စိံသု၊ သာဋကာ ပီဠေတွာ အပနေတဗ္ဗာကာရပ္ပတ္တာ အဟေသုံ။[၂]

၁၃၇။ ဤသို့ခြင်းရာ၊ မင်းမြတ်စွာ၏၊ ကေသာမြရိုး၊ သွေ့ညှိုးခွေ†ပျောင်း၊ ဆံတချောင်းမျှ၊ ရုပ်†ပြောင်းမူခြား၊ ဖြူသော့အားဖြင့်၊ ထင်ရှားအသစ်၊ ပေါ်သည့်ဖြစ်ကို၊ စိစစ်ဉာဏ်ယှဉ်၊ ဆင်ခြင်စဉ်နှိုက်၊ ပညိန္ဒြေ၊ သတိမလွတ်၊ သဟောတ္တပ္ပ၊ မြတ်ဉာဏဖြင့်၊ ယမ မင်းကြီး၊ ထိပ်ထက်စီး၍၊ အပြီးခုပင်၊ ကြာမတင်ခင်၊ လျင်*တောက်တပတ်၊ မြန်*ရွတ်ရွတ်တိ၊ မလွတ်ဆွဲငင်၊ ယူမည့်သွင်သို့၊ ထင်ဘိရကား၊ တရားလက်တွေ့၊ တစေ့စေ့ဖြင့်၊ မမွေ့စိတ်တော်၊ မပျော်မပြုန်း၊ ထိတ်လန့်ကြောက်†ခြင်း၊ သည်းအူ†ချင်းအောင်၊ ကိုယ်တွင်းနှလုံး၊ မီးအုံးသော့တူ၊ လှိုက်လှိုက်ဆူလျက်၊ ရှေးရှုရွှေဉာဏ်၊ မြင်တော်သန်သည်။ ။ ပူပန်ချွေးကျ ယိုစီးတည်း။ (၁)

၁၃၈။ လေးအသချေ၊ တသိန်းကြွေအောင်၊ လွန်လေခဲ့လျှင်း၊ ကမ္ဘာတွင်းက၊ ထွန်းလင်းရွှေဉာဏ်၊ ပွင့်ကြလွန်သား၊ ငါးမာရ်ပယ်နှိပ်၊ အောင်တံဆိပ်နှင့်၊ နှစ်ကျိပ်သုံးပါး၊ ရှင်တော်များတွင်၊ ရှေးဖျားနာမ၊ ကောဏ္ဍညနှင့်၊ မင်္ဂလမြတ်စွာ၊ သုမေဓာ သုဇာတ၊ ဖုဿ ဝေဿဘူ၊ သုံးဆူတဘန်၊ ကကုသန် ကောဏာဂမန၊ ကဿပတို့၊ လောကသုံးပါး၊ ပွင့်ထင်†ရှားစဉ်၊ ပယ်†ယှားအိမ်ရာ၊

---

၁။ အင္ဂုတ္တရဋ္ဌကထာ (ဆဋ္ဌ)။ ၂။ ဇာတကအဋ္ဌကထာ၊ ၁ နှာ-၁၅၅။

သာသနာဟု၊ မဟာသမ္မုတ်၊ ဒုလ္လဘန္ဒိုက်၊ အာ့ရတော်လစ်၊ ရဟန်းဖြစ်၍၊ ရှင်ချစ်ဘုရား၊ မြတ်ကိုးပါး၏၊ ရွှေဘွားစက်အောက်၊ ညွတ်ရောက်ဦးတင်၊ လျှိုးဝင် ဝပ်တွား၊ ထံပါး ကပ်ဆည်း၊ ခ*ယမ်းပည်းလျက်၊ ခံနည်း ရယူ၊ ဂေါတြဘူနှင့်၊ အတူရွေးယှို၊ နုလုံထိအောင်၊ ဝိပဿနာ၊ မဟာဝဇီရ၊ ဉာဏ အထူး၊ လေ့လာဘူးသား၊ ကျေးဇူးဥပ၊ နိဿယကြောင့်၊ ဘဝယုတ်မြတ်၊ လူ နတ်တိရစ္ဆာန်၊ သဏ္ဌာန်ထိုထို၊ ဖြစ်ရာကိုယ်နှိုက်၊ လိုလိုငင်း၊ ဗောဓိလောင်းတို့၊ အကြောင်းအကျိုး၊ ကောင်းနှင့်ဆိုးကို၊ ထိုးထိုးထွင်းထွင်း၊ ဆရာကင်းလည်း၊ သိခြင်း*တံထွာ၊ ဓမ္မတာသည်။ ။မဟာသိဒ္ဓိ ဉာဏ်ကြီးတည်း။ (၂)

၁၃၉။ ရူပါရူပ၊ သဘာဝ၏၊ မုချလက္ခဏာ၊ အာရုံအာရမ္မဏီ၊ လက်ကိုင် ပိသို့၊ သိသည့်အရ၊ ပစ္စက္ခတည့်၊ ကြောင်းက ကျိုးထောက်၊ ကျိုးရောက် ကြောင်းယှို၊ ဆ၍သိမူ၊ မည်ဘိနာမ၊ နုမာနတည့်၊ သဂ္ဂမောက္ခ၊ နိဗ္ဗာနကို၊ ကြံဆကြပ်ကြပ်၊ သိစအပ်ကား၊ သြကပ္ပန၊ ခေါ်မှတ်ကြတည့်၊ သုံးဝသိဒ္ဓိ၊ ကျမ်းအယှိုတွင်၊ စိစစ်မှန်စွာ၊ လက္ခဏာဖြင့်၊ ဇရာညီးပြောင်၊ မီးကြီးလောင် လျက်၊ အကောင်ပမာ၊ ဆောင်ရုပ်ဝါနှင့်၊ ငါးဖြာပဥ္စက်၊ ခန္ဓာပျက်ကို၊ သန်လျှက် မိုးချီ၊ မမိမ္မချင်း၊ ငြိုးထား့ခြင်းဖြင့်၊ အတင်းမက္ခာ၊ နောက်ထပ်ပါ၍၊ တွေ့ရာသင်းချိုင်း၊ ရပ်မဆိုင်းဘဲ၊ ပိုင်းအံ့ဆတ်ဆတ်၊ လိုက်နေတတ်သည့်၊ သူသတ်ယောကျ်ား၊ ရန်သူလားသို့၊ တရားချက်ကျ၊ ပစ္စက္ခဖြင့်၊ လက်ရကိုင်မိ၊ ဒိဋ္ဌသိ၍၊ မချိမဆံ့၊ ပျော်မဝံ့အောင်၊ *လတ္တံ့တျားတျား၊ သေမင်းအားကို၊ သောက်စား*ငံ့ရည်း၊ နေရ္ဈချည်းဟု၊ ခိုက်္ခြည်း*စိုက်္ခြည်း၊ အမြင်သည်း လျက်၊ *လက်တည်းမက္ခာ၊ အမြဲးသာလျှင်၊ မရဏာသတိ၊ တင်ဘိရကား၊ ကြောက်အားမဆိတ်၊ သံဝေဟိတ်ဖြင့်၊ *တထိတ်လလ၊ စိတ်မချဘဲ၊ နွေည *မူးမူး၊ သေမင်း္ဂူးလျှင်၊ *္ယူးယူးနီးစွာ၊ ရွှေ*ပက်ပါဝယ်၊ တည်လာသော့ လား၊ မမှားကေန်၊ မသွေလှန်အောင်၊ ရွှေဉာဏ်အာဒိ၊ မိ့းနှယ်ညီသည်။ ။ မိုးထိလောင်ဘွယ် ထိန်္ညီးတည်း။ (၃)

(သေခြင်းသဘောကို သူသတ်ကဲ့သို့ ကြံစည်၍ ဆိုသော ပရိကပ္ပါ-
လင်္ကာရ-ရှိသောပိုဒ်တည်း။)

၁၄၀။ အာဒိနဝ၊ မြတ်ဉာဏဖြင့်၊ ကာယဉ္စိကိုယ်၊ နေ့တိုင်းအို၍၊ အလို မလိုက်၊ မီးသို့မှိုက်သား၊ လောင်တိုက်ပမာ၊ ပြစ်ကြီးစွာကို၊ သေချာစိစိ၊ မြင်တော်မိက၊ မချိကိုယ်ဝယ်၊ မိ့း*နှယ်*နှုန်း္နှန်း၊ ္နန်းလည်းမီးပုံ၊ ဝန်းအုံ ခြွေရံ၊ မိဿံမောင်းမ၊ တကွမပြား၊ မိဖုရားနှင့်၊ သားတော်သမီး၊ ရွှေပြည် ကြီးလည်း၊ ညီးညီးတောက်လောင်၊ မိ့း*နှယ်ပြောင်၍၊ တိမ်းရှောင်မသာ၊ ကွယ်ရာမရ၊ လူ့လောကတွင်၊ ငါ့ထက်ခက်သူ၊ တလူမယှို၊ ဟူဘိစလောက်၊ ထိတ်ကြောက်ပြင်းစွာ၊ ဤလူ့ရွာကို၊ ကမ္ဘာပျက်စ၊ သံဝဋ္ဋသို့၊ စိတ်ကဘန်လဲး၊

ထင်အမြဲးကြောင့်၊ ဝမ်းထဲးမဆံ့၊ ကိုယ်လုံးနှံ့ ၍၊ သေအံ့မယွင်း၊ မှတ်ယူခြင်းဖြင့်၊ သေမင်း တ†မန်၊ အ†မှန်မလွဲး၊ သေစာစွဲးပြီး၊ ဝံ့ရဲးမ†ကြောက်၊ ထိပ်ထက်ရောက်ဟု၊ နေ†ကျောက်ပဒုမ္မာ၊ ရွှေကြာမိုးခ၊ နွမ်း*လျလျသို့၊ *တမျှည်းူ†ယော်၊ မမွေလျော်ဘဲး၊ ထို†ရော်သံဝေ၊ ရလေလေတိုင်း၊ အနေမခံ့၊ မင်းမာန်ညှံ့လျက်၊ မဝံ့ပျော်ရေး၊ ယိုသည့်ချွေးဖြင့်၊ ခြုံထွေးကိုယ်တွင်၊ ကိုယ်တော်ဆင်သား၊ *ဒွယင်သိန်းတန်၊ ရွှေ*ဖျင်*မွန်နှင့်၊ မမှန်အဘိုး၊ ရွှေပုဆိုးလည်း၊ ရေမိုးမလွတ်၊ စိုခွဲ့စွတ်သို့၊ မပြတ်*မစဲး၊ ဖပ်ဖပ်ရွဲးမျှ၊ ကိုင်စွဲးလိမ်ကျစ်၊ ရေ့*နှယ်စစ်၍၊ ညှစ်ရကမန်း၊ မခန်းတို့နိုင်၊ ကိုယ်လုံ့အိုင်အောင်၊ ဖြိုင်ဖြိုင်စက်စက်၊ စီးယိုထွက်သည်။ ။နန်းထက်စိတ်တော် စံ†ငြီးတည်း။ (၄)

၁၄၁။ စံငြီးစိတ်တော်၊ လောင်းမင်းကျော်လျှင်၊ မပျော်နန်းထက်၊ ဝမ်းတော်ပျက်၍၊ နှစ်သက်မယှိ၊ နေမချိဘူး၊ ဇာတိဇရာ၊ ဗျာဓိမရဏ၊ အပါယနှင့်၊ ဒုက္ခမဆိတ်၊ အတိတ်နာဂတ်၊ ခုဝတ္တမာန်၊ ပစ္စုပ္ပန်နှင့်၊ ရှစ်တန်ဝတ္ထု၊ သံဝေစုတွင်၊ အိုမှုဇရာ၊ ရောက်ခြင်းရာနှိုက်၊ မဟာသံဝေဂ၊ မိုးကြိုးကျသို့၊ ကြီးလှရှိန်စော်၊ ရွှေဉာဏ်တော်ဝယ်၊ ရှုမျှော်မယုတ်၊ ယထာဘုတ်ဖြင့်၊ သမုတ်ရေလှိုင်း၊ *စံတုနှိုင်းအောင်၊ ဟုတ်တိုင်းမှန်စွာ၊ ထင်တော်စွာ၏၊ အာကာကောင်းကင်၊ စမထင်သို့၊ ဤသင်္ခါရ၊ ဟူသမျှလည်း၊ နိစ္စဓုဝ၊ သဿတဖြင့်၊ ထာဝရမြဲးရာ၊ မယှိစွာဘူး၊ ပေမှာတသီး၊ တသက်ပြီးလျက်၊ ကျီးတသားပေါက်၊ နောက်နှိုက်မလာ၊ တကြိမ်သာသို့၊ ဇရာမရဏ၊ ဤဓမ္မလည်း၊ တဘဝမှာ၊ ဓမ္မတာလှိုင်း၊ သတ္တဝါထိုထို၊ တကြိမ်အိုက၊ နောက်ကိုတလည်၊ ပျိုသည်မယှိ၊ သေသည်ထိတည့်၊ သေပြီ့နောက်မှာ၊ ဘန်တခါမျှ၊ ပြန်လာရှင်လာ၊ မယှိစွာဘူး၊ တရာတမ်းလောက်၊ ဝေခြမ်းကောက်သော်၊ ဆဲ့ခြောက်နှစ်ရွယ်၊ သူငယ်ဗာလ၊ ဟူစကြ၏၊ ထိုမှနောက်ဝယ်၊ ခုနစ်ဆယ်အောက်၊ ခြောက်ဆယ်ရောက်အောင်၊ မဘောက်သူပျို၊အထက်ကိုကား၊ သူအိုခေါ်ထုံး၊ အရွယ်သုံးတည့်၊ ဆုံး၏ မှန်စွာ၊ သေမြဲးသာရှင့်၊ ဝိဇ္ဇာဇော်ဂျီ၊ တပသီနှင့်၊ လောကီဣဒ္ဓိပါဒ်၊ လွန်ကြီးမြတ်သည့်၊ မိုးနတ်ဗြဟ္မာ၊ ဖြစ်စေကာလည်း၊ ပညာဆေးဝါး၊ မန္တြားဖြင့်၊ ကုစားအရိုး၊ တန်းခိုးဘန်ဆင်း၊ အိုသေခြင်းမှ၊ ရှောင်ကွင်းဘယ်မှာ၊ လွတ်နိုင်ရာလိမ့်၊ ဓမ္မတာကိစ္စ၊ ဗဟိဒ္ဓက၊ သိတဉာဏ်၊ နှစ်ဖြာဥတု၊ ဓာတ်မီးစုဖြင့်၊ လေးခုမဟာ၊ ဘုတ်ခန္ဓာကို၊ စကြဝဠာတိုက်ကြီး၊ ဝိုက်ဆီးကာမိုး၊ တွင်းဝန်းအိုးနှိုက်၊ အခိုးလူလူ၊ ကျိုက်ကျိုက်ဆူအောင်၊ရှိန်ပူအုတ်အုတ်၊နေ့တိုင်းပြုတ်၏၊ ဤဘုတ်ကာယ၊ ကရဇ၏၊ အန္တမည်ခြင်း၊ ကိုယ့်အတွင်းလည်း၊ ပူပြင်းသဘော၊ မပြတ်*ပြောသည်။ ။တေဇောဓာတ်ရှိန်*မီးကျီးတည် ။ (၅)

၁၄၂။ တေဇောဓာတ်ရှိန်၊ တထိန်ထိန်ကြောင့်၊ သားပိန်ရေခန်း၊ နေဝယ်†လှန်းသို့၊ မ†လန်းရုပ်ဝါ၊ ချည့်ပမာလျှင်၊ ကေသာမြရွက်၊ ဘောက်ပြားကွက်

ရှို့၊ ပျက်ခဲ့လက္ခဏာ၊ ထင်တုံလာပြီ၊ ပညာဆေးဝါး၊ ဘယ်စွမ်းအားမျှ၊
ကြိုးစားအံ့ငှါ၊ မတတ်ရာတည့်၊ ဗိုလ်ပါရထား၊ ဆင်မြင်း†များနှင့်၊ လေး†မြား
မီးပေါက်၊ အမြောက်ကျည်ဆံ၊ *မည်ပစ်ကြဲး၊ မှိုး*နှယ်*ဖွဲ့သား၊ စစ်ပွဲး
သဘင်၊ စစ်မြေပြင်ဝယ်၊ ရင်မြေကတုတ်၊ ခံမဆုတ်ဘဲး၊ မယုတ်ခွန်အား၊ရဲးတည်
†ကြွားလျက်၊ ယော†ကျ်ားပီပီ၊ လက်ရုံးချီရှို့၊ ခံပြီလာလှည့်၊ လာလှည့်
ခံပြီ၊ စိုးမထီဟု၊ ယှဉ်မှီကိုယ်ချင်း၊ လျင်အပြင်းဖြင့်၊ အတင်းဝင်ခုတ်၊ သိမ့်
†နှယ်သုတ်သည့်၊ သူရတ္တာရော်၊ သူရဲးကျော်တို့၊ ရဲးဘော်အပေါင်း၊ မြေတိမ်း
စောင်းမျှ၊ လေးကြောင်းသေနင်၊ ဗျူဟာဆင်လည်း၊ အောင်မြင်ဘို့ရာ၊
မဟုတ်စွာတည့်၊ ခန္ဓာကိုယ်ဆိုး၊ ဤရုပ်မျိုးကား၊ တိုးရှို့မ†ပျို၊ အိုသာအိုခဲ့၊
ပျက်†ပြိုမဆိတ်၊ တညိတ်ညိတ်ဖြင့်၊ တမှိတ်*မစဲး၊ တည်မမြဲးရှင့်၊ ဘောက်လဲး
ဖြစ်ချုပ်၊ မီးဟုပ်ဟုပ်သို့၊ နံရုပ်နှစ်ခု၊ ပစ္စည်းပြုရှို့၊ ပေါင်းစုဖြစ်ကြ၊ သခ်တ
ဟု၊ သဘာဝမျိုး၊ ကောင်းအဆိုးဖြင့်၊ ကြောင်းကျိုးမျှသာ၊ ထင်စပါ၏၊
အကာ*အ†တိ၊ နှစ်မယှိကြောင့်၊ ပကာ†တိ†ကိုယ်၊ မတည်လိုဘူး၊ ပု†ဂ္ဂိုလ်
*အထု၊ ထိုအစုတွင်၊ အာယုပုည၊ ခယနှစ်†မှာ၊ တဖြာဖြာကြောင့်၊ ဗြ†ဟ္မာ
တို့အား၊ စုတိငြား၏၊ နှစ်ပါးမည်ထ၊ ထိုခ†ယန္တိုက်၊ ဟာ†ရကောပါ၊ ထည့်
ရှို့သာလျှင်၊ လေးဖြာအပေါင်း၊ နတ်သေကြောင်းတည့်၊ ၎င်းထိုမှ၊ မနုဿ
ကား၊ ခယနှစ်ချက်၊ ဥဘယက်နှင့်၊ လက်နက်ဟူပေ၊ ဥပစ္ဆေဖြင့်၊ လေးထွေ
အလို၊ သေကြောင်းဆို၏၊ ထိုထိုသေခြင်း၊ မကင်းသတ္တဝါ၊ သေကြရာနှိုက်၊
ဝိဇ္ဇာသိပ္ပ၊ ဣဒ္ဓိစသား၊ ထိုမျှအားလုံး၊ လက်ချဆုံး၏၊ သုံးဆယ့်တထပ်၊ ဘုံအရပ်
ဝယ်၊ မလပ်များစွာ၊ *ကျင်လည်ပါသည့်၊ သတ္တဝါမြတ်ယုတ်၊ ထို*အစုတ်
ကား၊ သမုဒ္ဒာ၊ စက္ကဝါနှင့်၊ မဟာပထဝီ၊ မေဒနီမြင်းမိုရ်၊ ယုဂန္ဓိုရ်တို့၊
ပျက်ပြိုဘန်ဘန်၊ ကြိမ်ကြိမ်ပြန်လည်း၊ အလွန်မြဲး†လှ၊ ခိုင်ခံ့စွသား၊ မှူ†လ
နှစ်*မြွာ၊ အဝိဇ္ဇာနှင့်၊ တဏှာမြစ်ငုတ်၊ ရင်းမပြုတ်ရှို့၊ မြတ်ယုတ်ဘဝ၊ ဇာတိ
ရက၊ အိုကြသေကြ၊ မနေရဘူး၊ လူကနတ်က၊ ဖြစ်သမျှပင်၊ မြင်သမျှမျိုး၊
ဒုက္ခအိုးတည့်၊ လိုစိုးပိုင်ပိုင်၊ တည်မခိုင်ခဲ့၊ မခံနိုင်ပျက်၊ မပျက်နိုင်ခံ၊ ဝဋ်ထုံးစံ
ရှင့်၊ တရံကိစ္စ၊ မသေ့ရဘူး၊ ဒုက္ခမြဲးစွာ၊ ဓမ္မတာဖြင့်၊ ဇရာမရဏ၊ ဆုံး၍နဟု၊
ဘဝစက်ဝိုင်း၊ ဤဆစ်ပိုင်းကား။ ။ဖြစ်တိုင်းရောက်*နေ ခရီးတည်း။ (၆)

၁၄၃။ လောကခြင်းရာ၊ လူတို့ရွာဝယ်၊ ဒိသာဒါဟ၊ ဓူမကေတု၊ ထင်ပြု
ဥပါတ်၊ *ဥကြတ်*ရပ်လောင်၊ *တဘောင်*စံနည်း၊ တော်လည်း ငှက်သံ၊ မိုးယံ
ဒိဗျ၊ အန္တရနှင့်၊ ဘောမနတ်ကိတ်၊ နိမိတ်*တမျဉ်၊ ဂြိုဟ်ယှဉ်ထိခတ်၊ နေကြတ်
လကြတ်၊ ဥပါတ်ရှစ်ပါး၊ နတ်ရှစ်ပါးတို့၊ ထင်ရှားပေါ်ထွက်၊ စည်းလက်ညွှံညှိုး၊
တိုင်ကျိုးဆည်ပေါက်၊ တန်းအောက်ကျအိပ်၊ အနှိပ်အနှာ၊ ကိုယ့်ဇာဝလာဝယ်၊
ကောဇာ ကောဝိန်၊ ဆတ္တိန်တြင်း၊ နဝင်းနက္ခတ်၊ မိတ္တနတ်ဟု၊ ပါဒ် ပါဒ်ခြောက်

ခု၊ မြွေပွေးတုသို့၊ အာယုခိုက်ထိ၊ ပုတိဘင်္ဂ၊ မရဏာနှင့်၊ ကဏ္ဍာသုံးခွင်၊ ထွက်ဝင် ကြုံလာ၊ ဒသာမသန့်၊ အတန့်မကောင်း၊ သံတောင်းစီးနင်း၊ ပါပခြင်း၍၊ မလင်းမပွင့်၊* အရိဋ္ဌသင့်က၊ အခွင့်လျော်စွာ၊ ယ†တြာဖြင့်၊ ဆ†ရာ*ဟူးရား၊ ပဏ္ဍိတ်များတို့၊ ကုစားစိတ်ဖြေ၊ ပျောက်လွှင့်စေ၏၊ သေနိမိတ်ဟု၊ *အရိဋ္ဌ ဆံဖြူ၊ ပေါ်လာသူအား၊ ဘယ်လူဘယ်နတ်၊ ပြုနိုင်တတ်လိမ့်၊ ဝေဒတ္တယ၊ နီတိစသား၊ ထိုမျှသွယ်သွယ်၊ ပရိယာယ်နှင့်၊ ဥပါယ်*တမျဉ်၊ ဉာဏ်ယှဉ်ကြိုးစား၊ မတတ်အားဘူး၊ လေးပါးနွယ်ရိုး၊ ယုတ်မြတ်မျိုးတို့၊ တန်းခိုးတေဇာ၊ ဘုန်း ပညာနှင့်၊ ချမ်းသာယှိုယှို၊ မယှိုယှိုပင်၊ မျက်စိကြောင်ကြောင်၊ နားယောင် ကောက်စင်း၊ ခံတွင်းဟောင်းလောင်း၊ ဥက္ကောင်းလုံးလျား၊ နားကားကားနှင့်၊ သွားတိကျဲးကျဲး၊ ထိပ်ပြဲးပြဲးလျှင်၊ ဖြစ်မြဲးမပျက်၊ ခြေလက်ဖြာဖြာ၊ အင်္ဂါဟူထ၊ ထင်သမျကား၊ ဥပသဂ္ဂ၊ အကြောင်းပြသား၊ ဆိုးလှလက္ခ†ဏာ၊ မှချတ်စွာလျှင်၊ အို†နာဓမ္မ၊ မရဏ၏၊ ပုဗ္ဗနိမိတ်၊ သေ*အရိဋ္ဌတည့်၊ အနိဋ္ဌဖိုလ်၊ ပါပဂ္ဂိုဟ်သို့၊ ဤကိုယ်တရား၊ နှိပ်စက်စား၏၊ မိုးဖျားထိနီး၊ ကျောက်တိပြီးသား၊ တောင် ကြီးကြိတ်†ကြိတ်၊ လေးလုံးပိတ်၍၊ ချေ†ကျိတ်ညက်စွာ၊ လေးမျက်နှာက၊ လွှတ်ရာမယှိ၊ လာတုံဘိသို့၊ ဇာတိဇရာ၊ ဗျာဓိမရဏ၊ ဓမ္မလေးပါး၊ ဤတရား တို့၊ ထွားထွားကျိတ်ချေ၊ ညက်ညက်ကြေအောင်၊ မြဲးနေနိစ္စ၊ နှိပ်စက်စွတည့်၊ ကာယဟူဘိ၊ နားမျက်စိနှင့်၊ ဣတ္ထိ ပုရိသ၊ ဖြစ်လာကြတိုင်း၊ ရုက္ခသီးပွင့်၊ ခါ*မလင့်ဘဲး၊ ရင့်တဖုတ်ဖုတ်၊ ကင်းဖြုတ်ဖြုတ်ဖြင့်၊ ညွှာပြုတ်ကြွေ†ကျ၊ မမြဲး †ကြသို့၊ ဘဝပျက်†ပြို၊ လူထိုထိုကား၊ ရှယ်†ပျို ရှယ်လတ်၊ ကျန်မလွှတ်သည်။ ။ မချွတ်သေအံ့ အပြီးတည်း။ (၇)

သံဝေဂါကာရခဏ်း ၇-ပိုဒ် ပြီး၏ ။

---

## ၆-ဥဒါနဝစနခဏ်း

၁၄၄။ ဤသို့ရင်း၊ မြတ်*စော*လောင်းလျှင်၊ ညွှံပျောင်းစိတ်တော်၊ ရွှေနန်း ပေါ်ထက်၊ မပျော်တို့လို၊ ဝမ်းထဲးသိုပြီး၊ သံချိုမိန့်ခွန်း၊ မြွက်ဘော်ညွှန်း၍၊ ဥဒါန်းထင်အောင်၊ ကျူးဆိုယောင်တည့်၊ လူ့ဘောင်ဌာန၊ ဤလောကနှိုက်၊ ကာမငါးပါး၊ သားမယားက၊ သံမျှားချိပ်မည်၊ စစ်သည်သေနာ၊ *ဗိုလ်ပါ ဆင်မြင်း၊ ရွှေသင်းပင်းကား၊ ခြင်းခြင်းသွေးသံ၊ လိမ်းကျံသားတစ်၊ စည်းစိမ် ညစ်တည့်၊ စင်စစ်သိ†မြော်၊ ရှေးသူတော်တို့၊ ရှု†မျှော်ရေးရေး၊ ဉာဏ်*စိစွေး၍၊ အသွေးခြင်းခြင်း၊ သံကောက်သွင်းသား၊ မင်း၏အဖြစ်၊ ဤသားတစ်ကို၊ မနှစ် မလို၊ မမျိုဝံ့သီး၊ မျိုမိပြီးလည်း၊ ပယ်ကြီးပယ်ထ၊ ထွေးအန်ကြ၍၊ ကာမ လူ့ဘောင်၊ ရှောင်ကြီးရှောင်ရှင့်၊ ယခေါင်ကမ္ဘာ၊ တည်ဦးစွာက၊ မဟာသမ္မတ၊

ပင်းမှခုနစ်ဆင့်၊ စကြာပွင့်သား၊ မန္တာတ်မင်းဘုန်း၊ စက်ရှိန်မှုန်း၍၊ နေ*နွန်း စိမ့်မှတ်၊ လေးကျွန်းပတ်သော်၊ ယုတ်မြတ်မျိုးပြား၊ လေးကျွန်းသားတို့၊ ဝန်းလျား တွက်ဘွဲ၊ သုံးဆဲ့ခြောက်ယူဇနာ၊ နောက်တော်ပါကို၊ မဟာဥပရာဇ်၊ နေမြစ်ပရမ၊ ဘုန်းရှိန်ပသည့်၊ ဝရမန္တာတ်၊ အိမ်ရှေ့နတ်လျှင်၊ ခြားမှတ်နေရာ၊ ချသော့ခါနှိုက်၊ ပြုဗ္ဗာကျွန်းဘွား၊ ဝိဒေသားတို့၊ လူများပထမ၊ တည်နေစကြောင့်၊ ဝိဒေဟ မည်၊ တိုင်းကြီးစည်သည်၊ ပြည်မိထိလာ၊ ဤရပ်သာကား၊ တရာစတော၊ မင်းပေါင်းနေပြီး၊ ရှေ့မြေအယုဇ္ဈ၊ ဗာရာဏက၊ စသည်ဆဲ့ခြောက်၊ ပွါးခဲ့ နောက်နှိုက်၊တယောက်နေမျိုး၊ နာဂ*စိုးလျှင်၊တန်းခိုးနေလ၊ဒုတိယဖြင့်၊ တည်ထ တုံမြောက်၊ ထို့နောက်ရာဇဂြိုဟ်၊ တက္ကသိုလ်နှင့်၊ နဂိုရ်သာယာ၊ ကုသိနာက၊ အောင်ချာဘူမိ၊ မလိတ္ထိတိုင်း၊ ပွါးဘိစည်ဖြိုး၊ လေးကြိမ်ပြီးတွင်၊ နေမိး တန်ဆောင်၊ ငါ့ဘုန်းရောင်ဖြင့်၊ တည်ထောင်ထာဝ†ရ၊ တတိ†ယ*ဘန်ဆန်း၊ ဆောင်ဆောင်နန်းနှင့်၊ မခန်းရှုဘွယ်၊ နတ်ဘုံနှယ်သို့၊ လမ်းကျယ်လမ်းသေး၊ အိမ်ဈေး လွှတ် ရုံး၊ မြို့ ကျုံး ပဟိုရ်၊ ထိုထိုအင်္ဂါ၊ စုံပြည့်စွာလျက်၊ နိမ္မာမယွင်း၊ သာယာခြင်းဖြင့်၊ မြက်ထင်းစပါး၊ နှမ်းပဲးများက၊ ဆီဆားထောပတ်၊ မည်မှတ် လေးဖြာ၊ မြို့အစာလည်း၊ ရံခါမချို၊ မညို့အခြေ၊ ပျို့သရေနှင့်၊ မင်းနေမဟာ၊ ဇမ္ဗူချာတွင်၊ ကြေညာဘက်†ယှား၊*လွန်ထင်†ရှား၍၊ သိကြားနတ်မှ၊ တောင့်တ ဝမ်းမှာ၊ လိုချင်စွာသား၊ မိထိလာမည်သီး၊ ဤပြည်ကြီးကို၊ စွန့်ပြီးလျင်စွာ၊ ငါရာဇာလျှင်၊ ပယ်ခွါရှင်းရှင်း၊ ဘယ်သို့ကင်းသည်။ ။ကွင်း၍ သေရုံ ပါ မည်သိ။ (၁)

၁၄၅။ ရှေဇာငွေဇာ၊ကွန်ချာထိပ်အုပ်၊ခွါထုပ်စွယ်သိုင်း၊ဆင်တိုင်းတင့်တယ် ရှယ်ကြီးငယ်တိ၊ ရှုဘွယ်ကောင်းမြတ်၊ ပြစ်မျိုးလွှတ်လျက်၊ ပတ်သုံးဆဲ့နှစ်၊ ယတ်စစ်အပြား၊ နှစ်ဆယ့်ငါးနှင့်၊ ထင်ရှား*ဖြိုးပုံ၊ အင်မကြုံသား၊ စွယ်စုံ ဟိုင်း*ဟံ၊တည်*တံပေါက်မ၊ခာတ်ရမိတ်လျော်၊မျိုးဆယ်ဘော်ဖြင့်၊စီးတော်အပ၊ ဝင်းရွေးစသား၊ များလှရံရှောင်း၊ ထောင်ပေါင်းကိုးဆ၊ ပြောင်မုံဝတည့်၊ ထိုမှတဖြာ၊ အဿဇာမျိုး၊ နွယ်ရိုးသန့်စင်၊ မွေးမျှင်ညှံ့နု၊ သိန္ဓုမြစ်နား၊ တိုင်းရပ် ဘွား၍၊ ခုန်လွှားပံ့တက်၊ ဂဠုန်ငှက်သို့၊ စိတ်ထက်မြန်လျှင်၊ ဟူးဟူးနှင်သည်၊ တော်ဝင်စီထိုက်၊ ကောင်းမြိုက်လက္ခဏာ၊ ဗေ့အင်္ဂါနှင့်၊ ရတနာယာဥ်ကျော်၊ မြင်းတော်ရင်း၊ ထိုအပေါင်းလည်း၊အသောင်းဆယ်ဆ၊ ကိုးရာ့အနေ၊ ကိုးကုဋေ တည့်၊ ကျားရေ သစ်ရေ၊ ရံထွေထိုမျှ၊ ဒီပစမ္မ၊ ဝေယဂ္ဃနှင့်၊ ပြောက်ကြ ထင်းထင်း၊ ကျောက်စိန်ဝင်းသား၊ မင်းထိုက်*အမွှန်၊ ရဲးတမ်းခွန်ကို၊ မိုးစွန် သီးသီး၊ စိုက်ထူညီးလျက်၊ မင်းစီးချန်ငြား၊ စစ်ရထားလည်း၊ များလှတွက်ရေ၊ ကိုးသိန်းနေတည့်၊ နီရွှေစိမ်းညို၊ မောက်တိုမောက်လူ၊ ပါက္ကုလည်စွတ်၊ *ကြဲသေး ဝတ်လျက်၊ ရုပ်ခာတ်သွင်ပြင်၊ နတ်*လုလင်သို့၊ ဟအင်မခြား၊ ရဲးခွန်အားနှင့်၊

ယောကျ်ားဖီလာ၊ ရုပ်ဝါရူပ၊ သူရရဲခေါင်၊ ကြီးဆင်ပြောင်ကို၊ ယင်ကောင်တမျှ၊ မထင်ကြဘဲ၊ ထက်မြစိန်သွား၊ လျှပ်အလားဖြင့်၊ *အိမ့်ခြားပြိုးပြက်၊ တလက်လက်တို့၊ သံလျက်ချွန်းတောင်း၊ *အဲးမောင်းကိုယ်စီ၊ ရှုံးချင်းမှီ၍၊ စွဲးချီမပြတ်၊ ဝန်းပတ်အုပ်ထွေ၊ ရဲး*ဗိုလ်ခြေလည်း၊ ကုဋေကိုးရာ၊ သွားတိုင်းပါလျက်၊ မခွါငြိမ့်*ညောင်း၊ ရံကြရှောင်း၏၊ ကြက်ကောင်းကြိုးမကွာ၊ ဟူစပါသို့၊ မသာကိုယ်ချည်း၊ လွန်ကြပ်တည်းခဲ့၊ သူလည်းကိုယ့်ကို၊ မစောင့်လိုအောင်၊ ကိုယ်လည်းသူအား၊ မစောင့်ရှားမှု၊ ဘုရားပစ္စေကဗုဒ္ဓါ၊ အရိ†ယာသို့၊ လို†ရာနေ့ည၊ ကိုယ်ထီးမျှ၍၊ သုခချမ်းသာ၊ နေရစွာလမ့်၊ ထွက်ရာခြိမ့်သည်း၊ ဝင်လည်းခြိမ့်သောင်း၊ ထိုဗိုလ်ပေါင်းနှင့်၊ လွတ်ကြောင်းဝေးစွာ၊ ရှင်းရှင်းကွာအောင်၊ ဘယ်ခါရှောင်ကွင်း၊ ဤငါမင်းသည်။ ။ကွင်း၍ကွေရုံ့ ပါမည်သိ။ (၂)

၁၄၆။ အမျိုးအနွယ်၊ သန့်စင်ကြွယ်လျက်၊ ဆင်းရွှယ်ပျိုနု၊ စံမတုအောင်၊ နာရအင်္ဂါ၊ ဆဝိ မံသ၊ ဝယ မည်သာ၊ ငါးကလျာနှင့်၊ ကောင်းစွာစုံလင်၊ လင်ကိုမြင်က၊ အလျင်ထ၍၊ *ယုယကိုယ်နှုတ်၊ ကျင့်မယုတ်သား၊ ပုဗ္ဗုဋ္ဌာယိနီ၊ ဦးချီလက်ပိုင်၊ ရှက်ကာဆိုင်၍၊ လင်ထိုင်လင်အိပ်၊ သားကိုသိပ်သို့၊ ခြေနှိပ်လက်စမ်း၊ စိတ်ချမ်းကြည်မြ၊ ရိုသေခလျက်၊ နောက်မှယှဉ်ကာ၊ အိပ်လေ့လာသည့်၊ ပစ္ဆာနိပါတိနီ၊ ချီအီနာဆိမ့်၊ နှစ်သိမ့်ဘွယ်စု၊ ဘယ်အမှုကို၊ ဘယ်ပြုရံ့နည်း၊ ခြည်းခြည်းနှုတ်သံ၊*ချေငံသာယာ၊ ဝါစာသိမ်မွေ့၊ မေးလေ့ယှိထ၊ နာဘွယ်လှသား၊ ကိံကာရပဋိဿာဝိနီ၊ မဖြို*မသုန်၊ မမှုန်မဆန်၊ ပြန်လှန်မမြွက်၊ နှစ်သက်ဘွယ်သာ၊ ကျင့်တတ်စွာသည့်၊ ဠဒ္ဒါထံပါး၊ ခစားနေကြ၊ ဒေဝစ္ဆသို့၊ မနာ-ပစာရိနီ၊ တိတိတာတာ၊ ကြည်သာနှလုံး၊ ရွှင်ပြုံး*ပြယာယ်၊ ပျှော့သ†ဖွယ်ဖြင့်၊ ချစ်†ဘွယ်ပြကတော့၊ သာချမ်းမြွေအောင်၊ ပြောလေ့ရှိထ၊ နှုတ်ချိုမြသား၊ ပိယဝါဒိနီ၊ ထိုပြီအပ၊ ဤလောကနိုက်၊ လင်မှတပါး၊ နတ်ယောကျ်ားနှင့်၊ တွေ့ငြားစေမူ၊*စောသမ္ဘုသို့၊ အယူမယွင်း၊ စိတ်ညွှတ်ခြင်းမျှ၊ ကင်းလတ်တုံဘိ၊ ကျင့်မြတ်ယှိသား၊ အနတိစာရိနီ၊ ကျမ်းညီမသွေ၊ သန္ဓေဥက္ကဋ္ဌ၊ မိန်းမမြတ်တို့၊ ကျင့်ဝတ်*ဖြိုးပုံ၊ ခြောက်အင်စုံလျက်၊ ရွှေဘုံရိပ်ကြီး၊ ရွှေထီးရိပ်စံ၊ ရွှေနန်း†ယံဝယ်၊ တ†ရံမကွာ၊ ပျော်စကာဖြင့်၊ ရုပ်ဝါနတ်နွယ်၊ ရှစ်သောင်းမယ်တို့၊ ဆောင်ငယ်ဆောင်ကြီး၊ အသီးသီးနှင့်၊ မငြိုးရွှင်ပျ၊ ရံဖြဖြဖြင့်၊ ကာမငါးဘော်၊ ပျော်ကြောင်းဖျော်ရှို့၊ လိုတော်စံမွေ့၊ မငြိုးငွေ့အောင်၊ ကိလေ့တမန်၊ ဆော်ဘန်နေ့ည၊ ဖျော်ဖြေကြ၏၊ ကိုမျှရှစ်သောင်း၊ ထိုရွှေပေါင်းနှင့်၊ ဝေးကြောင်းဘယ်ခါ၊ အကြင်ငါလျှင်၊ ရှောင်ခွါကင်းကင်း၊ တကိုယ်ချင်းသည်။ ။ရှင်း၍နေရံ့ ပါမည်သိ။ (၃)

(ဤသုံးပိုဒ်တို့ကား ပေါက်မြ-ချနည်း ဟူကုန်၏၊ သွေရံ့ပါမည်သိ၊ ကွေရံ့ပါမည်သိ၊ နေရံ့ပါမည်သိ-ဟူသော အချသုံးပိုဒ်တို့နိုက် ရံ့ ပါမည်

သိ-ကို ရအုံ့ ပါမည်သိ-ဟု ပုဒ်ဖြတ်၍ အဓိပ္ပါယ်ယူပါ၊ သန္ဓိပုဒ်စပ်သဖြင့် ပုဒ်ကို ဝှက်ထားရကား သမာဂတာပဟေဠိ မျိုးတည်း။)

၁၄၇။ မိထိလာဟု၊ ယူဇနာအလှစ်၊ ပြန်ခုနစ်နှင့်၊ မြို့သစ်နန်းသစ်၊ *သရစ်ဝင်းပြောင်၊ ငါတည်ထောင်၍၊ နတ်ဘောင်မိုး†မှာ၊ ဟန်†မှာသို့၊ လေးဖြာမျိုးနွယ်၊ ပျော်ရာ†ကျယ်သား၊ ဆန်း†ကြွယ်ဘုံနန်း၊ အခန်းခန်းနှင့်၊ သိန်းသန်းကုဋေ၊ အနေထပ်ထပ်၊ အိမ်ခြေစပ်မျှ၊ မလပ်မြေတာ၊ စည်ပင်စွာလျက်၊ ဗိုလ်ပါပြည့်လင်း၊ စံတုကင်း၏၊ စောင်း ညင်း မိကျောင်း၊ ဧအာင်း ပတ္တလား၊ တယောအားဖြင့်၊ ခြောက်ပါးငြိမ့်မျိုး၊ နာဘွယ်ပျိုးသား၊ တံပိုးရှစ်မည်၊ ဟူတုံသည်လည်း၊ သံစည်ငြိမ့်ညောင်း၊ ဒုလောင်းတပုံ၊ နှစ်စုံခယာ၊ တန်မြွာ တန်ရှည်၊ အမည်တကွဲ၊ နှဲ*ပြွေဘက်လိပ်၊ ဖျော်ကြသိပ်သို့၊ စိပ်စိပ်ကြည်နူး၊ ကျော်ရင့်ကျူး၏၊ အထူးသရုပ်၊ စည်းစုပ်*ခွက်ခွင်း၊ ကြေးနင်း ခေါင်းလောင်း၊ မောင်းနှင့်ကြေးစည်၊ တမည်နရည်း၊ ဆည်းလည်းကြေးပတ်၊ အိုးစည်မှတ်သား၊ တီးခတ်ဆော်ညံ၊ *တကျံကျံဖြင့်၊ ကြေးသံဆယ်ပါး၊ ကြား၍အမြဲ၊ နာမရဲတည့်၊ နန်းပွဲအလိုက်၊ နန်းထိုက်တ†မည်၊ ကြူးရိုက်†မြည်သား၊ မြှောက်စည်သံလွှင်၊ ထို့ပြင်ရိရော၊ စည်ပြောတသီး၊ စည်ကြီးတသင်း၊ ဒုံမင်း သံမှန်း၊ စည်ဝန်း စည်သေး၊ တရေးစည်ပုတ်၊ ပြုတ်ပြုတ်ဆော်ညောင်း၊ စည်ပန်းတောင်း ပတ်သာ၊ သညာထူးလည်၊ တဘက်စည်က၊ စည်အိုင်ခေါ ရိုး၊ စည်မျိုးဆဲ့နှစ်၊ မလစ်တယံ၊ နန်းချင်းသံနှင့်၊ ဆင်သံမြင်းသံ၊ ရထားသံပါ၊ ညိုးညံညောင်းညင်း၊ ခရုသင်းကြွေးဟုန်၊ စားသောက်ကုန်ဟု၊ မြူးခုန်ကြော်ငြာ၊ သံဆယ်ဖြာလည်း၊ ဘယ်ခါမဆိတ်၊ မတိတ်*တစေ၊ *ချောက်ချားထွေဖြင့်၊ မင်းနေအင်္ဂါ၊ ပြည့်စုံစွာသည့်၊ မိထိလာကျော်ခြီး၊ ဤပြည်ကြီးကား၊ ကာဆီးပတ်ဝိုင်း၊ တံတိုင်းမြို့ရိုး၊ ပြအိုးရဲခို၊ ကျည်းလျှိုတံခါး၊ မြဲးကျပ်ထား၍၊ ငါ့အားလုံအောင်၊ အသေလှောင်သည့်၊ နှောင်အိမ်စင်စစ်၊ ထောင်ကြီးဖြစ်၏၊ မနှစ်သက်အပ်၊ မတပ်ကောင်းစွာ၊ အကြင်ငါလျှင်၊ မကြာလွတ်အောင်၊ ပြေးထွက်ရှောင်လျက်၊ ဤထောင်အတွင်း၊ ပြန်မဆင်းသည်။ ။ကွင်း၍သွေရ တတ်ဘိမူ။ (၄)

၁၄၈။ မောက်တိုမောက်လူ၊ ပါကူလည်ကွေး၊ ငါးကြင်းကြေးနှင့်၊ ပုံသွေးမချို၊ မြွေတို့ဦးရိုး၊ *အတီးပညပ်၊ သင်းခွေချပ်သို့၊ အထပ်အထပ်၊ ဘိတ်ဘိတ်လျှပ်သား၊ သံချပ်မိန်ညို၊ ရှည်တိုစိမ်းပြာ၊ နီဝါနက်မည်း၊ ခါးစည်းရွှေဖျင်၊ ဆင်ယင်မျဉ်းဝတ်၊ ရွှေထွတ်ရွှေကုံး၊ ပြိုးပြိုးရောင်စုံ၊ ပုံပုံသီးသီး၊ တညီးညီးတည့်၊ ဆင်စီးမြင်းစီး၊ ရထားစီးနှင့်၊ ရဲးကြီးကိုယ်ယုံ၊ တွေ့မဖြုံသား၊ တောင်ပုံ*တမျှ၊ ရွှေနှိုက်ချ၍၊ သူကပိတ်ဆို့၊ သံမြို့ဆယ်ထပ်၊ ခံနှင့်ရပ်လည်း၊ * ရှပ်ရှပ်မြန်သုတ်၊ တမုဟုတ်ခြင်း၊ ဆင်ကျုံနင်းသို့၊ ဖြိုခွင်းနိုင်ငြား၊ မတ်*ဗိုလ်†များတို့၊ လေး†မြား *တောင့်ကျည်၊ လှံရှည်*အဲးမောင်း၊ ချွန်းတောင်းခက်ယင်း၊ ဆီဖြင့်ကျင်းလျက်၊

ဝင်းဝင်းလျှံတောက်၊ မထိစောက်မျှ၊ *ဆင်ပေါက်လည်တိုင်၊ ဖြတ်ချိုင်ခဏ၊ ဖြတ်ပိုင်း†ကျအောင်၊ ကြိုး†ကြွ၀မ်းစိမ်၊ ခုနစ်ကြိမ်တိုင်၊ မွှေသိမ်ကြံခက်၊ စိမံနက်သား၊ သန်လျှက်*အိမ့်ဓား၊ လျှပ်စက်သွားကို၊ စွဲငြား‌တုန်လျှင်း၊ ဆင်ဦးချင်းယှဉ်၊ မြင်းချင်းစဉ်လျက်၊ စီလျှဉ်တွဲပြိုင်၊ ရုံးချင်းဆိုင်၍၊ ကြံခိုင်ရေးရှုပ်၊ မတုန်လှုပ်ဘဲ၊ ဗာဟုဗ္ဗလ၊ သူရသတ္တိ၊ ဆင်*ရှိစွမ်းသန်၊ လက်ရုံးအန်နှင့်၊ ရဲမာန်ကြွားကြွား၊ နတ်ယောကျ်ားသို့၊ ငါ့အား*ဝန်းမြောင်၊ သေမင်းထောင်က၊ ထွက်ရှောင်ခဏ၊ မလွတ်ရစေ၊ စောင့်ရှောက်ထွေဖြင့်၊ အနေထပ်ထပ်၊ ကြာ့နှယ်ချပ်အောင်၊ စပ်မျှပတ်ခြံ၊ ဝိုင်းကြရံ၍၊ မကြံစသာ၊ လွန်ကျဉ်းစွာခဲ့၊ မကွာဘယ်မျှ၊ တဘ၀လုံး၊ သေမှလွတ်†မည်၊ *ကြိမ်းဆို†မြည်သို့၊ ပတ်လည်ရံကျင်း၊ ယမမင်း၏၊ ထံရင်းရောက်အောင်၊ ပို့ကြဆောင်လိမ့်၊ ထောင်ပိုင်ထောင်ကွပ်၊ ထောင်အ†ကြပ်သို့၊ ကျဉ်း†ကျပ်မြဲးမြံ၊ ထိုဗိုလ်ရံကို၊ ခွါခြံ ရှင်းရှင်း၊ လွတ်ရာကွင်းသည်။ ။ကင်း၍ကွေရ တတ်ဘိမူ။ (၅)

၁၄၉။ ရတနာမျိုးခြယ်၊ရွှေကြိုးနွယ်ဖြင့်၊ရှုဘွယ်ပြေ†ပြစ်၊မျက်စုံ†ပျစ်သား၊ တစ်နှစ်ခုနစ်သွယ်၊ ရှစ်သွယ်ဆဲ့ခြောက်၊ လျှံတောက်ဆင့်ပွါး၊ နှစ်ဆဲ့ငါးဟု၊ ပိုင်းခြားစီလျှဉ်၊ ဘိခါန်ယှဉ်သော်၊ အစဉ်မကျူး၊ ရှေးဦးကဝဋ္ဋိ၊ သတ္တတိက၊ ခေါ်ဘိဝေါဟာ၊ မေခလာ ရသန၊ ကလာပတည့်၊ တင့်လှငါးမျိုး၊ ရွှေခါးကြိုးနှင့်၊ တိမ်မိုးဝလာ၊ သခ်ါ သိပ္ပိ၊ ဘူဇသိက၊ အာနိမူးပြည့်၊ ထွန်း*စည့်လျှမ်း*ကယ်၊ ပုလဲးသွယ်လည်း၊ တသွယ်တည်းမှာ၊ ကောဝလိ၊ နှစ်သွယ်ပြိကား၊ တွင်ညီဂုစ္ဆတ္တ၊ လေးသွယ်လှကို၊ ဂေါထနဟူ၊ ခြောက်သွယ်မူကား၊ မှတ်ယူအဒ္ဓ၊ ဟာရကတည့်၊ ဝီသသွယ်ဖြာ၊ ကြိုးနွယ်†မှာသော်၊ †မာနဝက၊ မည်သာရလျက်၊ ဂုစ္ဆလေးသွယ်၊ ကြိုးပေါင်းခြယ်သား၊ ခြောက်သွယ်ပုလဲး၊ လျှပ်နွယ်ကြဲး၏၊ လည်ရွဲးလှော်ခုတ်၊ *တမုတ်သိဂ်ါ၊ စိန်ဒါလီလည်း၊ ဝဇီရာမြသား၊ ဘိတ်ဘိတ်ကြွားနှင့်၊ ပတ္တမြားနားဋ္ဌောင်း၊ ရောင်မောင်းထိန်တောက်၊ လက်ကောက်နဝရတ်၊ ဥက္ကာဋ္ဌမဟလ္လာ၊ ရတနာဖြင့်၊ တန်းဆာဆန်းကြယ်၊ ဆင်တင့်တယ်လျက်၊ နံ့ကြွယ်စန္ဒကူး၊ ချီးစိမ်နူးမှ၊ ကြိုင်မြူးလုံးစုံ၊ ငါးအာရုံကို၊ ထုံစေကိုယ်လုံး၊ မြင်သူနုံးအောင်၊ ချိုပြုံးပရိယာယ်၊ မာယာသွယ်၍၊ ချစ်ဘွယ်တို့ချည်း၊ *ယကင်စည်းနှင့်၊ *စုလည်းမြိတ်လွတ်၊ ထွတ်ထွတ်နုထွား၊ နတ်မခြားသည့်၊ သုံးပါးရံခြွေ၊ ရှစ်သောင်းရွှေလည်း၊ ဖျော်ဖြေဝန်းမြောင်၊ တောဆင်*ပြောင်ကို၊ သွေးဆောင်*အောက်မား၊ ကျုံးလှောင်ထားသို့၊ ငါ့အား*ယုယ၊ ရံခစုံရုံး၊ သေမင်းကျုံးနှိုက်၊ သက်ဆုံးကျအောင်၊ ဖျော်ကြလှောင်လိမ့်၊ မြားမြောင်ထိုမျှ၊ မမေ့ကြဘဲး၊ နေ့ညမခြား၊ ရံဖြေ*ဖြားသည့်၊ အောက်မားမယှင်း၊ ထိုရွှေသင်းနှင့်။ ။ရှင်း၍နေရ တတ်ဘိမူ။ (၆)

(ဤသုံးပိုဒ်တို့ကား ရွှေလောင်းပြန်-ချနည်းဟူ၏။)

၁၅၀။ သုရန္ဒန၊ နာမသညာ၊ ပြည်ဗာရာနိုက်၊ ရှေးခါမဆွ၊ အတိတဝယ်၊ ဥဒယဘဒ်၊ မင်းမြတ်မောင်နှံ၊ ရွှေနန်းစံတို့၊ နန်းယံရှည်*ညောင်း၊ နှစ်ပေါင်းများစွာ၊ တထောင်ကြာလည်း၊ ယုတ်မာညစ်ကျု၊ ကိလေမှုနိုက်၊ မရှုမဆိတ်၊ လူ၏စိတ်ကို၊ နိမိတ်မထင်၊ အိပ်မက်တွင်မျှ၊ မမြင်စဘူး၊ တထူးထို့တူ၊ ဒုကူပဏ္ဏိ၊ မယ်ပါရိတို့၊ ဇာတိဖြဟ္မ၊ စရိယဖြင့်၊ ဝမ်းကတည်းပင်၊ လွန်ဖြူစင်၏၊ ဗုဒ္ဓင်ဗောဓိ၊ လောင်းတေမိကား၊ ဇာတိသရ၊ ဉာဏ်ကိုရ၍၊ တလမြောက်ထ၊ ဘွားစကတိ၊ မွေးဘ ရင်ခွင်၊ နေစဉ်တွင်နိုက်၊ ဘခင်မင်းဖျား၊ ခိုးသားလေး†ယောက်၊ ဆက်လာ†ရောက်၍၊ ပြစ်လျောက်စီမံ၊ မိန့်တော်သံကို၊ တရံကြားနှင့်၊ ကြောက်အားလွန်လစ်၊ ဆဲ့ခြောက်နှစ်လုံး၊ မင်းဖြစ်မလို၊ ကိုယ်ကိုဆုံးမ၊ မဆွံ့အဘဲ၊ ဆွံ့အ ပင်း*ယောင်၊ ဟန်ဆောင်ပြုလျက်၊ တောကြီးထွက်၍၊ တချက်ထိုမှ၊ မင်းဃရလည်း၊ ဘွားစကဘက်၊ မထွက်ရအောင်၊သံအိမ်လှောင်၍၊ ကြီးပြောင်စင်မြောက်၊ သက်ဆဲ့ခြောက်သို့၊ ရွယ်ရောက်တုံမှ၊ ထုတ်ဆောင်ကြပြီး၊ မွေးဘမယ်မင်း၊ အပ်နှင်းပြည်ကို၊ မလိုမင်းဖြစ်၊ စွန့်ခွါပစ်၏၊ ခုနစ်နှစ်ရွယ်၊ တောထွက်ပယ်သား၊ မင်းငယ်သောမနဿ၊ ဗောဓိသတ်နှင့်၊ ဟတ္ထိပါလ၊ ဂေါပါလက၊ စသည်လေးပါး၊ နောင်ညီများလည်း၊ ငယ်သားငယ်သွေး၊ ဖြစ်တုံသေးလျက်၊ ကျင့်ရေးလွန်ချစ်၊ မင်းအဖြစ်ကို၊ မနှစ်လို့စွာ၊ ငယ်ကခွါ၏၊ ကောမာရဗြဟ္မစရိယ၊ နေကွမ္မကြီး၊ ကိစ္စပြီး၏၊ ပွင့်နီးဉာဏ၊ ထိုမျှတဘော်၊ ရှေးသူတော်တို့၊ အဟော်သို့အောင်၊ ရှောင်ကြီးရှောင်၍၊ အိမ်ထောင်ရာဝတ်၊ ကိလေညွှတ်မှ၊ မလွှတ်မခွါ၊ ဘုံလေ့လာနှင့်၊ ကာမာရမ္မဏ၊ ရသခံစား၊ လိုက်ပျော်ပါးလျက်၊ တရားမကျင့်၊ လိုလိုရင့်၍၊ မပွင့်ရာကောင်း၊ ဆုကြီးတောင်းသည့်၊ မြတ်လောင်းတဆူ၊ ငါတုံမူလည်း၊ ထို့တူပမာ၊ မင်းဖြစ်ခွါ၍၊ ပြည်ရွာတိုင်းကား၊ သားမယားကို၊ စွန့်ရှားခွါ*ခြံ၊ စုံ*မြိုင်ယံဝယ်၊ ဗြဟ္မစရိယ၊ ကျင့်ကိစ္စနှင့်၊ ကာမငါးမည်၊ မှုန်မကြည်သည်၊ ထုံရည်ယစ်မျိုး၊ အရက်ဆိုး၏၊ ပုပ်သိုးမသတီ၊ နံ့စိမ်းစီကို၊ နံညီနှလုံး၊ သက်ထက်ဆုံးဖြင့်။ ။မသုံးကြိုက်ရဘိသော်ကား။ (၇)

၁၅၁။ မင်းအဖြစ်ဖြင့်၊ အနှစ်ခုနစ်ရာ၊ စံပြီးကြာမှ၊ မဟာဇနက၊ *စောလောင်းလှလျှင်၊ အမ္ဗရုက္ခ၊ နာမမည်ဘိ၊ သီးယိုသီးမဲ့၊ ကျိုးပဲ့ညွန့်ရှင်၊ သရက်ပင်ကို၊ မြင်လျှင်လူလူ၊ ဆရာပြု၍၊ မင်းဟုအဖြစ်၊ စည်းစိမ်ညစ်၏၊ အပြစ်များဟန်၊ ဟုတ်အမှန်ကို၊ ရွှေဉာဏ်ဇာတိ၊ တပ်တပ်သိလျှင်၊ သိဝလိမြတ်၊ ဒေဝီနတ်နှင့်၊ သတ္တသတာ၊ ခုနစ်ရာအများ၊ မိဖုရားက၊ သားတော်မျက်ရှု၊ ဒီဃာဝုပါ၊ စွန့်ပြုခွါပြီး၊ ကိုယ်အထီးဖြင့်၊ တောကြီးရက်ရက်၊ ထွက်ခဲ့အမှန်၊ လည်မပြန်တည့်၊ ဒန္တပုရ၊ ကလိင်္ဂနိုက်၊ ကရဏ္ဍမည်၊ ထိုမင်းသည်လည်း၊ မှတ်ရည်ထို့တူ၊ နှလုံးမူ၍၊ *စုံငူ*မြိုင်ယံ၊ တောနှိုက်စံ၏၊ ယုန်ပံ့ရထား၊ မြသားသီတဂူ၊

လင်္ကာနဒ္ဒကို၊ ရာဟုဖမ်းငုံ၊ မြင်လတ်တုံ၍၊ ရွှေဘုံနန်းပေါ်၊ မပျော်ခွါရှင်း၊ ဝိဒေမင်းတို့၊ *မြို့တွင်းအောင်းရှောင်၊ နေရောင်ထိကျောက်၊ ဆီးနှင်းပေါက်၏၊ ကင်းပျောက်ရှုစဉ်၊ သံဝေယှဉ်၍၊ ယုဓဉ္စယ၊ နောင်လှည့်ဘွား၊ နှစ်ပါးမင်းပျို၊ နန်းကိုပယ်ရှောင်း၊ တောဝင်အောင်း၏၊ တချောင်းဆံဖြူ၊ မြင်ရှုမူမျှ၊ မှတ်ယူစိတ်က၊ သံဝေဂဖြင့်၊ စုဠသုတသုံ၊ မင်းမြတ်တုံလည်း၊ လုံးစုံနန်းထီး၊ စွန့်ပြီးပယ်ခွါ၊ ကိလေသာကြောင့်၊ မဟာဥသဘ၊ ဂေါဝိန္ဒကို၊ ဧကန္တားလား၊ ဓွေပြား သေခြင်း၊ မြင်မိလျှင်း၍၊ မင်းဒုမုခ၊ ဥတ္တရမည်၊ ပဉ္စာပြည်ကို၊ ဆံချည်မချစ်၊ တောဝင်*နစ်၏၊ သားတစ်တခု၊ ငှက်ပေါင်းလုကို၊ မျှော်ရှုမျက်စိ၊ မြင်လေဘိကြောင့်၊ နိမိရာဇာ၊ မိထိလာကို၊ စွန့်ခွါခဲ့ပြီး၊ တောဝင်မှီး၏၊ ထံနီးမဝေး၊ နံ့သာသွေးသည့်၊ ရောထွေးနှစ်ခု၊ ခိုက်ပြုညိုးညံ၊ လက်ကောက်သံကို၊ နာခံကြားဘိ၊ နဂ္ဂဇိလည်း၊ ဗောဓိပစ္စေ၊ ပွင့်ကြောင်းဘွေ၍၊ မင်းနေဗဟို၊ တက္ကသိုလ်ကို၊ မလိုစွန့်ထ၊ တောထွက်ကြ၏၊ ထိုမျှမြင်ကျယ်၊ မင်းတို့*နှယ်တိ၊ အကယ်*တလ္လ၊ ယုတ်မာစွသား၊ ကာမငါးပုံ၊ ထိုအာရုံနှိုက်၊ *တခုံမင်မင်၊ တခင်ခင်နှင့်၊ မစင်ခွေးမက်၊ မစွန့်ရက်သို့၊ မရှက်တတ်စွာ၊ ဤတဏှာကို၊ *ဖဲ့ခွါဖြေ†ဖျည်း၊ ခေးဖြင့်†ဖျည်သို့၊ ဖျောက်†ဖျည်းကိစ္စ၊ *ကြိုးလို့လလျက်၊ မုချထို့တူ၊ ငါမင်းဖြူလည်း၊ နည်းယူမှတ်သုံး၊ သူတော်ထုံးကို။　။နှလုံးပိုက်ရ ဘိသော်ကား။(ဂ)

၁၅၂။ ဩရမ္ဘာဂိယ၊ ဟီနယုတ်မာ၊ ကာမရွာနှိုက်၊ မျှားစွာမပြတ်၊ကျင်လည်တတ်သား၊ မမြတ်ဖျင်း*သုန်၊ ကာမဂုဏ်ဖြင့်၊ ရေစုံရွက်တိုက်၊ အပါယ်လိုက်တို့၊ လူနှိုက်ပျော်ပါး၊ သားမြေးပွါးအောင်၊ မယား*ပြိန်းပြောင်၊ အိမ်ရာထောင်၍၊ မရှောင်မကြည်၊ အစဉ်မကင်း၊ သက်ဆုံးဖျင်း၏၊ ဝါတွင်းမိုးလ၊ မာသသုံးထွေ၊ တော*မြိုင်†ခြေဝယ်၊†ချေလည်းမဟောက်၊မျောက်လည်းမကြော်၊ ငှက်သူတော်တို့၊ မပေါ်မထွက်၊ တောကြက်ဥဒေါင်း၊ ဘော်ပေါင်းကင်းအောင်၊ ဝါရှောင်ဖိုမ၊ နေကြပြကတေ့၊ ကျင့်သိမ်မွေ့၏၊လူလေ့လူလာ၊ လူတို့ရွာနှိုက်၊လူမှာသော်ကား၊ သူငါများပင်၊ယောကျ်ားမိန်းမ၊အဟိတ်မျှလောက်၊ဘဝလေ့လာ၊မရှောင်ခွါဘူး၊ ကျမ်းစာနီတိ၊ယှိသည့်အရ၊ ဤလောကနှိုက်၊ ထိုမျှနွယ်ရိုး၊ ဆွေအမျိုး၏၊အကျိုးဖြစ်ငြား၊ တယောက်အားကို၊ စွန့်ယှားအပ်စွာ၊ မြို့ရွာအကျိုး၊ အမျိုးစွန့်ထိုက်၊ ဇနပိုဒ်တိုင်းကား၊ ဝန်းလျား*ပတ်လှံ၊ နိုင်ငံ့ရေးရာ၊ အကျိုးမှာမူ၊ ပြည်ရွာစွန့်ရိုး၊ ကိုယ့်အကျိုးကား၊ အမျိုးတဝေး၊ သားမြေးခြွေရံ၊ နိုင်ငံပတ်ကုံး၊ မြေအလုံးလည်း၊ ကျုံး၍မညှာ၊ စွန့်ပစ်ရာ၏၊ တဏှာတပ်၍၊ အရပ်ကိုမက်၊ မခွါရက်ကြောင့်၊ အသက်ဆုံးရ၊ ဘဂ္ဂဝဟု၊ ဗာလစရိုက်၊ သေဘေးဆိုက်သည့်၊ လိပ်မိုက်ပမာ၊ မဖြစ်ရာတည့်၊ မဟာသုဒဿ၊ စကြာနတ်ကား၊ လောကဓာတ်လုံး၊ ဘုန်းတော်ကျုံး၍၊ သက်ဆုံးအာယု၊ ရောက်တိုင်လုက၊ သုဘဒ်မဟာ၊ ဒေဝီချာနှင့်၊ မျှားစွာအပေါင်း၊ လေးထောင်ဆောင်းသည့်၊ ရှစ်သောင်းမိဖုရား၊

သားတော်သမီး၊ အသီးသီးပါ၊ ကျွန်းကြီးကျွန်းငယ်၊ လေးသွယ်နှစ်ထောင်၊ *ရံဝန်းမြောင်လျက်၊ အခေါင်လူ့ဘော်၊ တုမမြော်အောင်၊ စံတော်မဟာ၊ ပြည်ကုသာက၊ ရတနာခုနစ်ပါး၊ စည်းစိမ်များကို၊ ပယ်ယှားစွန့်ကာ၊ ခွါကြီး ခွါ၍၊ ပဟာဓမ္မ၊ ပါသာဒထက်၊ လေးလလုံးခို၊ ဗြဟ္မစိုရ်ဖြင့်၊ ကိုယ်၏ပွါးစီး၊ ဈာန်မှုကြီးကို၊ ပြီးပစေလျက်၊ ဗြဟ္မာ့တက်၏၊ ကြံ့ထက်ပညာ၊ ထူးသမ္ဘာနှင့်၊ မဟာပုရိ၊ ဗောဓိယောကျ်ား၊ ပဏ္ဍိတ်များသို့၊ ငါ့အားခုလည်း၊ ထိုနည်းမှန်စွာ၊ အကုန်ခွါလျက်၊ လေးဖြာဗြဟ္မ၊ ဝိဟာရကို၊ မချလုံးလုံး၊ ဆောက်တည်သုံး၍။ ။ အဆုံးလိုက်ရ ဘိသော်ကား။ ( ၉ )

(ဤပိုဒ်တို့ကား နေရောင်ခြည်ပြေး-ချနည်း ချည်းတည်း။)

၁၅၃။ ဤသို့မဟာ၊ ဗောဓိသျှာလျှင်၊ ရာဇာမင်းဖြစ်၊ စည်းစိမ်ညစ်ဟု၊ မနှစ်လိုကြီး၊ စွန့်ပြီးကင်းအောင်၊ ရှောင်လိုပြည်လေ၊ စံမမွေ့ဘဲ၊ ငြီးငွေ့*ဦးလေး၊ တောထွက်ရေးနှိုက်၊ ကြံတွေးရှင်လန်း၊ ဉာဏ်သိမ်းမြန်း၍။ ။ဥဒါန်းသံဝေ၊ ကျူးသော့ထွေတည်း။ (၁၀)

ဤသို့လျှင်တိ၊ ဤတွင်ပိုင်းသန်း၊ သံဝေခဏ်းသည်။ ။*ပြဋ္ဌာန်းနာမ၊ ဒုတိယအုပ်၊ အပြီးချုပ်တည်း။

ဥဒါနဝစနခဏ်း ၁၀-ပုဒ် ပြီး၏။

# ဒုတိယပိုင်း သံဝေဂခဏ်း ပြီး၏။

# တတိယပိုင်း ပုဏ္ဏောဝါဒခဏ်း

## ၁-ဆုတော်ပေးခဏ်း

သော "အဇ္ဇေဝ မယာ နိက္ခမိတွာ ပဗ္ဗဇိတုံ ဝဋ္ဋတီ"တိ ကပ္ပကဿ သတသဟဿဂ္ဃနကံ ဂါမဝရံ ဒတွာ ဇေဋ္ဌပုတ္တံ ပက္ကောသာပေတွာ "တာတ မမ သီသေ ပလိတံ ပါတုဘူတံ၊ မဟလ္လကောမှိ ဇာတော၊ ဘုတ္တာ ခေါ ပန မေ မာနုဿကာ ကာမာ၊ ဣဒါနိ ဒိဗ္ဗေ ကာမေ ပရိယေသိဿာမိ၊ နေက္ခမ္မကာလော မယှံ၊ တွံ ဣမံ ရဇ္ဇံ ပဋိပဇ္ဇ၊ အဟံ ပန ပဗ္ဗဇိတွာ မဃဒေဝအမ္ဗဝနုယျာနေ ဝသန္တော သမဏဓမ္မံ ကရိဿာမီ"တိ အာဟ[၁]။

၁၅၄။ မှတ်လေ့များစွာ၊ အရာရာနှိုက်၊ ကထာမဂ္ဂ၊ အစဉ်မျှဖြင့်၊ ဟဝါကျတည်း၊ ရှုံးစည်းကျဉ်းချုံ့၊ ကွန်ချာရှုံ့သို့၊ မလှုံမလ၊ သံခိပ်ပြလည်း၊ သဒ္ဒနည်းထုံး၊ နှစ်သုံးလေးတွာ၊ ယှိလတ်ရာတွင်၊ ရှေ့တွာနောက်စပ်၊ မှတ်အပ်မမှား၊ ဝါကျပွါး၍၊ စာသွားစာဆိုက်၊ အလိုက်အလျှန်၊ သမ္ဗန်ယောဇနာ၊ ဆောင်ဥဒါနှင့်၊ ဥပမာ*ပုံပြင်၊ စုံလင်ဖိုလ်ဟိတ်၊ လွန်ခက်†ကျိတ်လည်း၊ ဝါ†ကြိတ်သော့သွင်၊ ပွတ်ဝယ်တင်သို့၊ မငြင်*မငြို၊ ချောအောင်ဆိုလျက်၊ ဝိဂ္ဂိုဟ်ဝစနတ်၊ ဗျုပ္ပတ်နိမိတ်၊ အစိတ်ကြိယာ၊ အကြောင်းရှာ၍၊ မှန်စွာရင်း၊ အပေါင်းပဝတ္တာ၊ နိမိတ်ပြလော့၊ ဝါကျတိုင်းမှာ၊ ကြံရာမုချ၊ ဘေဒကနှင့်၊ ဘေဒျတဖြာ၊ ဥပါဥပေ၊ ဝိသေ ဝိသေသ်၊ စိစစ်အလို၊ ထိုထိုသံဝဏ်၊ မလွန်ကျမ်းနှိုက်၊ ဘွင့်ရှိုးလိုက်မှ၊ ဆိုထိုက်ဆိုရန်၊ ခွင့်မကျန်ဘဲ၊ ပကရဏန္တရ၊ နည်းစုံပြပြီး၊ ပဒဝါကျ၊ အတ္ထခေါ်ရှိုး၊ ရှစ်·ကိုးခြောက်ခု၊ ဒေါသစုလည်း၊ ပယ်ပြုကင်းထ၊ ပသာဒက၊ စသည်*ဘွယ်ရာ၊ ဂုဏ်ဆယ်ဖြာနှင့်၊ သဒ္ဒါလက်တိ၊ နတ်စောင်းညှိသို့၊ ကဝိလက္ခဏာ၊ စုံလင်စွာလျှင်၊ သာယာချိုမြ၊ ဗျဂ်ျတ္ထဖြင့်၊ ဝက် ဥဇု၊ ဆိုမှုရှိုးသိ၊ ဆိုရှိုးယှိုတိုင်း၊ ဆိုမိရရ၊ နာ မဝအောင်၊ ပါဠိကျပါဠိကြွင်း၊ သွင်း၍ဆန်း†ကြယ်၊ လက်ာသွယ်ပိမ့်။ ။ အ†ကျယ်သိစေ သိမ်း†ကျုံးတည်း။ (၁)

၁၅၅။ ထိုသို့သံဝေ၊ ကမ္ဘာ†ကြေသို့၊ မ†ကျေစိတ်တွင်၊ အမြဲထင်သည့်၊ ဗုဒ္ဓက်ျုထွတ်၊ လောင်းမင်းမြတ်ကား၊ ဆုံးဖြတ်မရွှေ၊ ဤယနေ့ပင်၊ ဘုန်း*ဟော့မဟာ၊ ငါရာဇာလျှင်၊ စွန့်ခွါရက်ရက်၊ တောကြီးထွက်ပိမ့်၊ *ရမ္မက်ယုတ်†မာ၊ ညစ်*တည်းစွာဖြင့်၊ လူ†မှာ အားသည်း၊ *ကူဟာ†ကျည်းတို့၊ သန့်†ကြည်း

---

၁။ ဇာတကအဋ္ဌကထာ၊ ၁ နှာ-၁၅၅။

စိမ့်ငှါ၊ ကြိမ်တရာပင်၊ ကဝါနေညာ၊ ဖွပ်လျှော်ချလည်း၊ ရာဂစမ်းစက်၊ စိတ်စွန်းကွက်ကို၊မပျက်စေတတ်၊မကျွတ်စေနိုင်၊စွဲခေါင်တိုင်၍၊မြဲခိုင်အရှည်၊ကိုယ်တွင်းတည်ခဲ့၊ မြိုက်ရည်အမြတ်၊ သမာပတ်ဖြင့်၊ ဖြန်း*ဆွတ်သော်†မှ၊ စွန်းရာဂဖြင့်၊ ကာ†မုညစ်ကြေး၊ ဧကင်းဝေးကိုယ်ဝယ်၊ ကျွတ်စင်ကြွယ်လျက်၊ တင့်တယ်မွေညက်၊ ဖြူသန့်သက်ထိမ့်၊ နက်ဖြန် နက်ဖြန်၊ စိတ်စပ်†ဖန်အောင်၊ †ဘန်ဘန်ရက်ချိန်း၊ ပျော်ရွှင်†ဘိန်း၍၊ †ဖိန်းနွဲ့ ဖိန်းခါ၊ ရှည်စွာအရေး၊ တသွေးသွေးနှင့်၊ ကြာနေး*ဖင့်*ညောင်း၊ မမြင့်ကောင်းတည့်၊ ရှေးလောင်းရှေးလျာ၊ သူမြတ်စွာတို့၊ ရာဇာမင်းဖြစ်၊ စည်းစိမ်ညစ်ကို၊ မနှစ်သက်အပ်၊ မတပ်ကောင်းစွာ၊ ကျိန်သ†စွာနှင့်၊ ကျိန်†စာယှက်မူ၊ ပန္နက်ပြုရှင့်၊ ငယ်နုစွာညား၊ တလသားက၊ တရားသိမြောက်၊ မင်းဖြစ်ကြောက်၍၊ ဆွဲ့ခြောက်နှစ်လုံး၊ သစ်တုံး*တမျှ၊ *မဆွံ့ အလည်း၊ *ဆွံ့အ ပင်းယောင်၊ အ ဟန်ဆောင်မှု၊ မြားမြောင်ရက်ရှည်၊ နှစ်ပတ်လည်အောင်၊ ကြံစည်တတ်တိုင်း၊ မတ်*ကြံသိုင်းတို့၊ ကြံလှိုင်းစဉ်းစား၊ ကြိုးတ†ကြားဖြင့်၊ ယော†ကျ်ားဘာဝ၊ နိမိတ္တနှင့်၊ ကုတ္တ အာကပ်၊ အရပ်ရပ်ကို၊ ကြံအပ်သမျှ၊ ကြံကြံထူးလည်း၊ ကြံဘွေနည်း၍၊ နှိုးရည်စပြီး၊ မှုံ့သစ်သီးနှင့်၊ ရုပ်ကြီး ရုပ်ငယ်၊ စားဘွယ်မီး ဆင်၊ မြွေ သဘင်က၊ ခဂ္ဂမကြွင်း၊ခရုသင်း စည်ကြီး၊ ဆီမီးညှိရဲ၊ တင်လဲ့ မစင်၊ နတ်သွင်ကညာ၊ မာယာပျောင်း†ပျ၊ သောဋ္ဌသဟု၊ ခပါင်း†ပြတွက်ဘွဲ့၊ တဆဲ့ခြောက်စု၊ ထိုတခုစီ၊ အနုအကြမ်း၊ အလိုစမ်းလည်း၊ မလှုမ်းမကြွ၊ မထ မရွ၊ မပြုမပြင်၊ မသိသွင်သို့၊ သို့စင်ရှောင်လျက်၊ နန်းကထွက်သည်။ ။အထက်သူတော်ကျင့်ထုံးတည်း။ (၂)

၁၅၆။ ထိုမှတပါး၊ သူမြတ်များတို့၊ တရားမေ့၍၊ တမွေ့တလျော်၊ ငယ်ကပျော်လည်း၊ သူတော်*အပြင်၊ ရဟန်းသွင်သို့၊ မြင်လျှင်မြင်ခြင်း၊ ထီးနန်းနှင်းလည်း၊ အပြင်းစွန့်ပြီး၊ တောသို့မှီး၏၊ အသီးယိုမှဲ့၊ ကျူးပဲ့စိမ်းရှင်၊ သရက်ပင်ကို၊ မြင်သည့်ခဏ၊ သံဝေရ၍၊ နန်းကခွါဝေး၊ ကြာမနေးလျှင်၊ ပြေးသည်တောသို့၊ ထိုမှို့အခြား၊ ဥယျာဉ်သွားတွင်၊ မြက်ဖျားနှင်းစက်၊ နေရောင်†ပြက်၍၊ ပျောက်†ပျက်ခြင်းရာ၊ မြင်စကာဖြင့်၊ လျှင်စွာမရှည်၊ တောရပ်တည်ရှင့်၊ ငွေရည်မြသား၊ လရထားကို၊ ဖမ်းငြားရာဟု၊ မြင်သည့်မှုကြောင့်၊ စွန့်ပြုပြည်ရွာ၊ ခွါခဲ့တကြောင်း၊ ဆံတချောင်းမျှ၊ ဥက္ကောင်းထက်တွင်၊ ဖြူသည်မြင်၍၊ *ဆောလျှင်မကြာ၊ မင်းချမ်းသာကို၊ ပယ်ခွါစွန့်ကင်း၊ တောမှိုင်တွင်းနိုက်၊ မှီတင်းတုံငြား၊ နွားလားဓွေပြု၊ သားတစ်လုက၊ နှစ်ခုညီးည်၊ လက်ကောက်သံကို၊ တရံကာလ၊ မြင်ကြားကြ၍၊ ခဏ*မညောင်း၊ တောသို့အောင်းပြီး၊ ထိန်းကျောင်းကိုယ်ကို၊ ငြိမ်းရာခိုလျက်၊ ပြဟ္မစိုရ်လေးဆိုင်း၊ ကသိုဏ်းဆယ်ဖြာ၊ ဘာဝနာဖြင့်၊ သမာပတ်မျိုး၊ အရ†ကိုး၍၊ *ကျိုး†ကျိုး†ကျည်ကျည်၊ ဆုတ်မလည်ဘဲ၊ ရှင်†ကြည်နှလုံး၊ ဈာန်မွေ့သုံးလျက်၊ မြတ်ဆုံးလွန်ကဲ၊ နတ်*တပဲသို့၊ မြေထဲတိမ်မိုး၊

ပျံ့ငုပ်လျှိုး၍၊ တန်းခိုးဘိညာဉ်၊ ပျော်ကြယှဉ်သည်။ ။နေ့စဉ်ချမ်းမြေ့ သက်ဆုံးတည်း။ (၃)

(ဤ၂-ပိုဒ်တို့ကား အခြင်းအရာကိုသာပြ၍ အလုံးစုံအမည်ကိုမပြဘဲ ဝှက်သော **ဥဘယစ္ဆန္နာပဟေဠိ အတ္ထာလင်္ကာရ**-ရှိသောပိုဒ်တို့တည်း။)

(ဤ အပိုဒ်ကား ထိုမင်းတို့၏ ရတိဋ္ဌာယီဘာဝ ဓမ္မသိင်္ဂါရရသ, သမဋ္ဌာယီဘာဝ သန္တရသတို့ကို အာလမ္ဗဏဝိဘာဝ, ဥဒ္ဒီပနဝိဘာဝ, ရောင့်ရဲနှစ်သက်ခြင်း ပီတိ, အားထုတ်ခြင်း ဥဿုက္က, တည်ကြည်စွာ အာရုံတခုတည်းကိုကြံခြင်း စိန္တာ-ဟူကုန်သော **ဗျဘိစာရီဘာဝ** တို့နှင့် တကွ ပြသတည်း။)

၁၅၇။ ထိုသို့ရှေးက၊ များလှအပေါင်း၊ သူမြတ်လောင်းတို့၊ ဆိုးတောင်း ယုတ်မာ၊ ညစ်ညူးစွာသား၊ ကာမရာဂ၊ ကိလေသဟု၊ အာမဂန္ဓော်၊ နှီးစိမ်း ညှော်ကို၊ မစော်မနံ၊ စည်းစိမ်ခံ၍၊ တစံတမက်၊ *တင်ကင်က်နှင့်၊ နှစ်သက် မပယ်၊ ခွေးတော်နှယ်သို့၊ ငြိတွယ်မိုက်မှေး၊ *ဦးမလေးဘဲ၊ နေ့သွေးရှည်*ညှောင်း၊ မစံရှောင်းတည့်၊ ဆိုးကောင်းယုတ်မြတ်၊ ကိုယ့်ဥပ္ပတ်ကို၊ အမှတ်မထင်၊ ဆင်ခြင် မယှိ၊ မြှော်မသိဘဲ၊ ဟူမိကနား၊ သူရူးလားသို့၊ အိပ်စားပျော်ကာ၊ ပညာ ဝမ်းတွင်း၊ အမြင်ကင်းသည့်၊ ပြိန်း*ပျင်းအတလုံ၊ လူမည်†ရုံတို့၊ အာ†ရုံငါးဖြာ၊ ညစ်ညူးစွာသား၊ ကိလေသာဆိုး၊ အမျိုးအလိုက်၊ ခွေးထက်မိုက်လျက်၊ စရိုက် ယုတ်မာ၊ ဘုံလေ့လာနှိုက်၊ ချမ်းသာစုကြီး၊ လိမ္မာပြီးဟု၊ မငြီးနိုင်ရှောင်း၊ ပျော်ကြတောင်း၏၊ အပေါင်းရှုပ၊ ဤကာယကား၊ သုဘာတစိ၊ ကောင်းမယှိဘူး၊ ပဋိသန္ဓေ၊ အရေစွန့်လဲး၊ မှီဝဲးဇာတ်တူ၊ မိန်းရှူအိပ်မွေ့၊ စတွေ့ကာလ၊ ငါးဌာနဉ်၊ နာဂရုပ်ဆင်း၊ ပေါ်ရခြင်းဖြင့်၊ မကင်းနိုင်တတ်၊ မျိုးမမြတ်သား၊ ရေနတ်နွယ်ရိုး၊ အဟိတ်မျိုးသို့၊ နှိုင်း*နှိုး*ပုံသွင်၊ ဤလူ့ခွင်နှိုက်၊ အကြွင်လူများ၊ မျိုးလေးပါးတိ၊ ယောကျ်ားမိန်းမ၊ ရွယ်ပျိုလှတို့၊ *တမျှနတ်တူ၊ ဟူပစေကာ၊ အခါငါးပါး၊ ကာလငြားက၊ ဏင်ရှားမူလ၊ သဘာဝတိုင်း၊ အသုဘစစ်၊ ပေါ်မြဲးဖြစ်၏၊ အညစ်အကြေး၊ အစေးအညှော်၊ မြင်မလျော်အောင်၊ နံစော်ပုပ်†လှောင်း၊ ညှီနံ့ထောင်း၏၊ ဟောင်း†လောင်းထက်အောက်၊ အပေါက်ကိုးဒွါ၊ လွန်ဆိုးစွာ သား၊ အမာကိုးဝ၊ ဒုဂ္ဂန္ဓနှင့်၊ ကာယညှုးညစ်၊ ကိုယ့်အပြစ်ကို၊ စိစစ်သောအား၊ သူမြတ်များတို့၊ ထင်ရှားသိမြင်၊ လက်နှိုက်တင်သို့၊ ဆင်ခြင်မိငြား၊ ဉာဏ် အလားဖြင့်၊ ပိုင်းခြားမှန်ဟုတ်၊ ထိုကြောင့်*မှုတ်လော့၊ မယုတ်ချမ်းသာ၊ နတ် ဋ္ဌာနသို့၊ *အရာဝန်းပတ်၊ ယုတ်လတ်မြတ်တိ၊ မှူးမတ်ရစ်သောင်း၊ ခဝပ်*ညှောင်း လျက်၊ ထီးဆောင်းနန်းစံ၊ ပေါင်းမိဿံတို့၊ ခြွေရံသင်းပင်း၊ မြေ*ညီးလင်းမျှ၊ ကြီးမင်းရိပ်ငြိမ်၊ ပြည့်စည်းစိမ်ကို၊ ဘင်အိမ်အတိ၊ ရွံဘွယ်လိနှင့်၊ တောက်ညီ

လျှံညီး၊ လောင်ရှိန်†ကြီးသား၊ မီး†ကျီးအတူ၊ မှတ်တော်မူ၍၊ ချစ်သူမညှာ၊ ကြင်ရာမမက်၊ စွန့်ခွါရက်သည်။ ။တောထွက်ဗြဟ္မစိုရ် ကျင့်သုံးတည်း။ (၄)

(ရတိဋ္ဌာယီဘာဝ ကာမသိင်္ဂါရရသ သည် ယထာဘူတဉာဏ်ဖြင့် ဇိဂုစ္ဆာဋ္ဌာယီဘာဝ ဝိဘစ္ဆရသ ဖြစ်သောသူအား ဗျဘိစာရီဘာဝ ဖြစ်သည်ကို ပြသတည်း။)

၁၅၈။ တောထွက်ကြပြီး၊ တော*မြိုင်ကြီးတွင်၊ သစ်သီးထမင်း၊ သစ်သီးဟင်းနှင့်၊ ဝမ်းတွင်းမျှရုံ၊ လျှော်တော†ခြုံ၍၊ စေး†ချုံသင်ခမ်း၊ ပီတိရွှမ်း၏၊ ချမ်းမြွေးငြိမ်း၊ မရှိမ်းရုံခါ၊ *သာလကာဖြင့်၊ တဏှာကြေးညှော်၊ ညှီ*သရော်ကို၊ ချည်*ပေါ်ရေ*ပြွပ်၊ လျှော်ဖွပ်သီလ၊ ကဝါချ၍၊ ဗြဟ္မစာရီ၊ ဇေါ်သိစန္ဒကူး၊ နှံမြူးထုံသတ်၊ အကျင့်မြတ်နှင့်၊ သမာပတ်ဂုဏ်၊ လည်မသုန်ဘဲ၊ စျာန်ဟုန်သုခ၊ ခံစားကြ၏၊ မျှားလှ*အချိ၊ လူ့လောကိနှိုက်၊ နွားယှိုသသူ၊ နွားကြောင့်ပူသို့၊ ဤသူမခြား၊ ပုံအလားဖြင့်၊ သားယှိုသသူ၊ သားကြောင့်ပူ၏၊ မင်းဟူတုံက၊ မင်းဘာဝလည်း၊ ထိုမျှသီးသီး၊ သားသမီးနှင့်၊ နန်းထီးခြွေရုံ၊ နိုင်ငံတိုင်းပြည်၊ အတည်တည်ဖြင့်၊ *ပြောစည်များစွာ၊ ဘယ်ဆိုရာအံ့၊ သတ္တဝါရှင်လူ၊ ဟူဟူသမျှ၊ မိန်းမယောကျ်ား၊ လေးပါးမျိုးနွယ်၊ ကြီးငယ်ပုလု၊ *ဗိုလ်*အထုကား၊ အစုယှိုက၊ မှုယှိုရှိုးသာ၊ ဓမ္မတာရှင့်၊ ပညာဉာဏ်ဖြင့်၊ နှိုင်းယှဉ်*ချင့်၍၊ အသင့်မမှီး၊အကြံကြီးဖေါ်၊မှုကြီးရောက်မြဲ၊မချွတ်†လွဲဘူး၊ †လွဲ၍မရ၊ ဝဋ်ကိစ္စတည့်၊ လောဘအလို၊ ကြီးတိုင်းပိုခဲ့၊ လူဗိုလ်အားလုံး၊ လိုက်မတုံးဘဲ၊ သက်ဆုံးကုန်ရ၊ ဟူတုံကြ၏၊ တလောကတိုက်၊ တောင်ကြီးဝိုက်၍၊ သမိုက်စက္ကဝါ၊ နယ်စကြာဝဠ်၊ လယ်*ချာဗဟို၊ ပေါက်သော†မှိုသို့၊ မြင်း†မိုရ်ဦးဆောက်၊ ဖြိုးဖြိုးမောက်၏၊ ရွှေနောက်ယာဝဲ၊ လေးရပ်ကွဲ၍၊ ရေလဲးလေးခ†ရိုင်၊ မယိမ်း†ယိုင်သား၊ ယှဉ်ပြိုင်လေးဖြာ၊ လေးမျက်နှာတည့်၊ ဖြူပြာစိမ်းရွှေ၊ ရေနှင့်မြေပါ၊ လေးထွေရောင်ထွန်း၊ နှစ်ထောင်*ဝန်းသည့်၊ လေးကျွန်းပထဗျာ၊ လေးဒီပါနှင့်၊ နတ်မဟာရာဇ်၊ ဘုံကသစ်တိုင်၊ စိုးလစ်*မိဦးကိုင်၊ ဘုန်းတော်ပိုင်လျက်၊ အနိုင်သေလှည့်၊ လိုမပြည့်ဘူး၊ သေသည့်နောက်မှ၊ တမလွန်†ကျသော်၊ စ†ကြာ့သခင်၊ လေးကျွန်းရှင်လည်း၊ အသွင်ဘောက်ပြန်၊ တိရစ္ဆာန်ဖြင့်၊ သဏ္ဍာန်နုန့်*တိုင်း၊ ဖြစ်ရုန့်*ရိုင်း၏၊ တိုင်းရှည့်မမြင်၊ ဆုံးမထင်အောင်၊ ပါယ်ခွင်လမ်း†ချ၊ ဤလောကရှင့်၊ မု†ချစင်စစ်၊ ထိုသို့ဖြစ်၍၊ မချစ်အပ်စွာ၊ မင့်ချမ်းသာကို၊ တဏှာမလို၊ *ဦးမစိုတိ၊ သွေးချိဆန္ဒ၊ မတောင့်တဘဲ၊ စိတ်ချအာသာ၊ စွန့်ခွါသမူ၊ ရဟန်းပြုမှ၊ ယခုငါအား၊ သင့်၏ကားဟု၊ တရားမင်းမြတ်၊ မှန်ဆတ်ဆတ်ဖြင့်၊ ဆုံးဖြတ်ရှုမျှော်၊ ကြံရည်ရော်သည်။ ။ဉာဏ်တော်ရွှေလက် ဆန့်ကြုံးတည်း။ (၅)

(ဓမ္မဝီရရသ)

၁၅၉။ ဤအရာနှိုက်၊ မဟာပုရိသ၊ လောင်းသတ္တတို့၊ ဘဝဆက်တိုင်း၊*ကြန့်ထိုင်းမဆုတ်၊ အားလှိုင်းထုတ်သား၊ မယုတ်ကြီးလှ၊ ဝီရိယကား၊ ဥဿာဟမည်ယှိ၊ ဗောဓိသမ္ဘာ၊ ဖြည့်ဆည်းရာနှိုက်၊ လိမ္မာအကြောင်း၊ သိမြင်ရှောင်းသား၊ မစောင်းဉာဏ၊ ကောသလ္လကား၊ ဥမင်္ဂမည်၊ စိတ်ရည်မြွက်*ကြိမ်း၊ သိကြားခြိမ်းလည်း၊ မယိမ်းမ†ယှိုင်၊ ရွှေတု†ရိုဏ်သို့၊ ကြံ့ခိုင်မပြန်၊ ဆောက်တည်ဟန်ကား၊ အဝဋ္ဌာန်မည်မှတ်၊ ယုတ်မြတ်များစွာ၊ သတ္တဝါကို၊ မေတ္တာတရား၊ ကိုယ်မခြားအောင်၊ ပွါးများတတ်ထ၊ ကျင့်ဘာဝကား၊ ဟိတစရိယာ၊ သညာမှတ်တုံ၊ ဗုဒ္ဓဘုံဟု၊ အထုံကြီးမား၊ သမ္ဘာအားဖြင့်၊ ဘုရားဖြစ်ရာ၊ ဤသို့လာသား၊ ပါရမီဖြည့်*ညောင်း၊ ပစ္စည်းပေါင်းတိ၊ လေးကြောင်းထင်ရှား၊ လေးသွယ်ပြားသည်။ ။ပိုင်းခြားဆုံးဖြတ် စက်†ရဉ်တည်း။ (၆)

၁၆၀။ တပါးထိုမှ၊ နိယတဟု၊ ဆုရမှန်ဘိ၊ လက်ကိုင်ယှိသား၊ ဗောဓိဉာဏ်ချစ်၊ လောင်းတော်စစ်တို့၊ နေကမ္မဗ္ဗျာ၊ ကြီးဏ္ဍဋ္ဌာဖြင့်၊ ဃရာဝါသ၊ သမ္ဗာဓဟု၊ ကာမဖျင်းသိမ်၊ ဝဋ်ရှိစည်းစိမ်ကို၊ နှောင်အိမ်လောင်တိုက်၊ မှတ်ပိုက်ထင်ယှိ၊ အမြဲးသိ၍၊ ပဝိဝေက၊ အဇ္ဈာသယဖြင့်၊ ကာမကိလေ၊ ဘောင်ရံရွှေကို၊ ငန်းမြွေပတ်ရစ်၊ ဘေးအဖြစ်သို့၊ စင်စစ်ထင်ကြ၊ အလောဘဓာတ်၊ အလိုမြတ်ဖြင့်၊ နတ်၍ရိပ်ငြိမ်၊ ကြီးစည်းစိမ်နှင့်၊ တွေ့ကြိမ်ဘိလည်း၊ လောင်ညိုလျှိုညီး၊ မီးပုံကြီးသို့၊ အပြီးထင်လစ်၊ အဒေါသဇ္ဈာ၊ မေတ္တာဟူထ၊ ကြီးဆန္ဒဖြင့်၊ ဇီဝချွေဖို့တ်၊ သက်ကို†နုတ်သည့်၊ သော†ဏုတ်အတူ၊ ပြစ်မှားသူလျက်၊ မရှူဒေါသ၊ အမောဟဖြင့်၊ မောဟအဝိဇ်၊ မှောင်မပိတ်ဘဲ၊ နိဿရဏ၊ အဇ္ဈာသယဖြင့်၊ ဘဝသုံးဖြာ၊ သေမင့်ရွာသို့၊ ပြင်းစွာထင်လတ်၊ အမြဲးမှတ်၍၊ မပြတ်ပြကတော့၊ မြင်*မလေ့ကြောင့်၊ မမွေ့လူ့ဘောင်၊ စံမပျော်သည်။ ။စိတ်တော်ငြီးငွေ့ ထွက်ကြဉ်တည်း။ (၇)

၁၆၁။ ယင်းသို့ခြောက်ပါး၊ အပြားထင်စွာ၊ မဟဇ္ဈာဖြင့်၊ မဟာသတ္တာ၊ ကြီးလုံ့လတို့၊ စိတ်ကကြံမိ၊ မိဋ္ဌာန်ယှိက၊ အနိဝတ္တန၊ သဘာဝတည့်၊ သခ်ပုဏ္ဏား၊ မင်းသားဇနက်၊ ပင်လယ်လျက်ကို၊ လက်ပစ်ယက်ကူး၊ တထူးထိုပြင်၊ ရှဉ့်ငယ်စဉ်လျက်၊ နစ်ကျင်သားငယ်၊ ရေပင်လယ်ကို၊ ကျယ်၍မမှတ်၊ မြီးဖျားဆွတ်၍၊ မချွတ်ခုသည်၊ ခန်းစိမ့်မည်ဟု၊ စိတ်ရည်*အဲခိုး၊ ကြံအားကြိုး၍၊ မြတ်မျိုး*မလေ့၊ ပြကတေ့ဖြင့်၊ မရွေ့စမြဲး၊ ဆောက်တည်ကဲလျက်၊ ဝမ်းထဲသိထား၊ သိတရားကြောင့်၊ တပါးပုဂ္ဂိုလ်၊ ဟောမဆိုလည်း၊ ကိုယ့်ကို ကိုယ့်†သျှင်၊ ကိုယ်သွံသင်၍၊ သက်†ရှင်ရုံမျှ၊ မဟူ†ရအောင်၊ ကာ†ယခြင်းရာ၊ ဆင်ခြင်ကာလျှင်၊ ပညာ*နှိုက်နှဲ၊ စက်နှယ်ခွဲ၍၊ မလွဲမှန်စွာ၊ ဤခန္ဓာကား၊ အနိစ္စာ ဝတ၊ သခ်ါရတည့်၊ နေ့ညတုန်လှုပ်၊ တဟုပ်ဟုပ်နှင့်၊ ပျောက်ချုပ်သေနီး၊ လေဝမီးသို့၊ ပျက်စီးလွယ်စွ၊ ခိုက်တန့်မျှတည့်၊ မောဟဖုံးပြု၊ များဇန္တု

တို၊ ဝဋ္ဋကိလေသာ၊ နှစ်ဖြာကာမ၊ ပြည့်စုံကြစဉ်၊ လောဘကိစ္စ၊ အဿာဒဖြင့်၊ သုခသောမနသ်၊ ပျံမတတ်သို့၊ ဖြစ်လတ်သာယာ၊ နည်းမျှသာနိုက်၊ လွန်စွာနှစ်သက်၊ ပျော်ဟပ်မက်၏၊ ယွင်းပျက်တဘန်၊ မမြဲဟန်ကြောင့်၊ ဘောက်ပြန်တုံငြား၊ ဆိပ်လူးမြားလျှင်၊ သည်းကြားစူးဝင်၊ တောသမင်သို့၊ မမြင်မြေမိုး၊ စောက်ထိုးပြောင်းပြန်၊ မ*ကိုင်ကန်အောင်၊ ကြွေလှန်အူသည်း၊ လှိုက်*ဆူညည်းလျက်၊ ဟိုက်*ကြည်းဒုက္ခ၊ ပူပြင်းပြ၏၊ အပ္ပသာဒ၊ သုခနည်းစွာ၊ လူ့ချမ်းသာဟု၊ ရူပါရမ္မဏ၊ အာရုံစသား၊ ကာမဝတ္ထု၊ ဤငါးခုလည်း၊ ရှိုးစုသားတစ်၊ ခုတ်ထစ်စဉ်းတီ၊ တူညီမယွင်း၊ *မီးကျီးတွင်းနှင့်၊ ထက်ခြင်းလုံဦး၊ ပျားလူးသင်ဓုန်း၊ နှိုင်း*နှုန်းသဏ္ဌာန်၊ အဘန်ဘန်ဖြင့်၊ ရွှေဉာဏ်ချက်တိုင်း၊ ဆက်မဆိုင်းသည်။ ။ဒီလှိုင်း*ဖျားရေ တက်‡ယဉ်တည်း။ (၈)

၁၆၂။ ထို့ကြောင့်လောင်းတော်၊ မင်းမြတ်ကျော်လျှင်၊ ရေသော်နှစ်ပေါင်း၊ လေးထောင်ဆောင်းသား၊ ရှစ်သောင်းတိုင်အောင်၊ လူ့ဘောင်ကျော်စော၊ ထီးမနောနှင့်၊ မြေကြောတုန်နဲ့၊ ဘုန်းတော်ခွဲ၍၊ တု*မဲ့စိုးခြုံ၊ နတ်*မရုံသို့၊ ရွှေဘုံရိပ်ကောင်း၊ စံမွေ့အောင်းလျက်၊ ရွှေပေါင်းသုံးဘော်၊ ရံဖြေဖျော်လည်း၊ မပျော်နန်းထက်၊ ယနေ့ဘက်တိ၊ တောထွက်အံ့သည်၊ ကြံတော်ရည်မှ၊ လူ့ပြည်သတိုး၊ ရှေးမင်းစိုးတို့၊ မြတ်နိုးတနာ၊ စုံတရာကို၊ ရွှေဗျာဒိတ်မြွက်၊ နှုတ်တော်ပွက်၍၊ နှစ်သက်သမှု၊ ခြီးမွမ်းပြုက၊ ဆုတော်မနေ၊ ထောင်ရွှေမလွဲ၊ ချစမြဲထက်၊ လွန်ကဲထံပိုး၊ ရာဆတိုး၍၊*ကျိုးကျိုကျည်ကျည်၊ မိန့်တိုင်းတည်သည့်၊ ဇာတ်မည်နာမ၊ ကပ္ပကဟု၊ သဒ္ဒသညာ၊ ကျွန်ဆတ္တာအား၊ များစွာခွန်‡နက်၊ တသိန်းထွက်သား၊ သိပ်‡နှက်အိမ်ခြေ၊ လူနေ*ဖြိုးထု၊ ရွာကြီးဆုကို၊ ယခုငါ့ကျွန်၊ လူ*မွန်ယောကျ်ား၊ စားရစ်တော့ဟု၊ သဘော့အတိုင်း၊ ငံ့မဆိုင်းဘဲ၊ အားလှိုင်းစုံမက်၊ လွန်နှစ်သက်၍၊ ခြားကွက်ပိုင်းကာ၊ သေအချာတိ၊ ရွှေလွှာတင်ပြီး၊ နယ်သီးဝိသုံ၊ နယ်ပုံသိမ်းကျုံး၊ ခွန်ခံ့ချုံးလျက်၊ မြေဆုံးရေ့အောက်၊ လေဘောက်သက်ဆင်း၊ ကုန်အောင်ချင်းသား၊ မင်းတို့အာဏာ၊ ရာဇ်စ္ဆာဖြင့်၊ ရာဇာဆိန္ဒ၊ ရာဇပရိစ္ဆိန်၊ ဝရဇိန်သို့၊ နှိုင်းချိန်*နှုန်း*လျော်၊ တိုက်လုံးကျော်အောင်၊ မိန့်တော်ချက်ခြင်း၊ ဆုတော်နှင်းသည်။ ။သွင်းခဲ့ရွှေတိုက် ဆက်စဉ်တည်း။ (၉)

ဆုတော်ပေးခဏ်း ၉–ပိုဒ်ပြီး၏ ။

---

## ၂-ပုတ္တာရောစနခဏ်း

၁၆၃။ ဗုဒ္ဓကုံရ၊ ကျော်ပေါက်ပြသား၊ မဃဒေဝ၊ လောကသင်း‡ကျစ်၊ ဓမ္မရာဇ်လျှင်၊ ကြည်‡ချစ်မြတ်လေး၊ ရိုးမဆွေးအောင်၊ ကျွန်ရေးကျင်လည်၊

ဆတ္တာသည်အား၊ သာစည်ကြီးမင်း၊ ရွာဆုနှင်း၍၊ သားရင်းနန်း*လျှာ၊ မဟာ
ဥပရာဇ်၊ ရွှေသင်း†ကျစ်နှင့်၊ လွန်†ချစ်သက်နှံ၊ အိမ်ရှေ့စံကို၊ အထံခေါ်တော်၊
သို့မိန့်ဘော်တည်း။ (၁)

၁၆၄။ တလော်ကခေတ်၊ ခေါ်စမှတ်သား၊ ရံပတ်*သွန်းသွန်း၊ တောင်စက်
ဝန်းလျက်၊ ကျွန်းကြီးလေးသွယ်၊ ကျွန်းငယ်နှစ်ထောင်၊ လေးသွယ်ရောင်နှင့်၊
ရေဘောင်ပြင်ကျယ်၊ ပင်လယ်လေးစင်း၊ မကြွင်းထိုမျှ၊ လူ့ဒေသထက်၊ နေလ
အပေါ်၊ လွန်ကျော်ထက်ခွင်၊ မိုးကောင်းကင်နိုက်၊ စက်ရှင်ညီးညီး၊ ယာဉ်ပျံ
စီး၍၊ နတ်ကြီးလေးဘော်၊ စံပျော်ထင်ရှား၊ ယုဂန်ဖျားနှင့်၊ သိကြားနေပြည်၊
*တာဝတိံသည်ဟု၊ လေးမည်ရောင်ဟုံ၊ သိနေရုံတိုင်၊ စက်စုံဖြန့်ရိပ်၊ ဋ္ဌန္ဒာ့ထိပ်ကို၊
နင်းနှိပ်စိုးစံ၊ တန်းခိုးလျှံ၍၊ ·ကျော်သံဘက်ကင်း၊ စံစား†ခြင်းဖြင့်၊ လူ†ချင်း
မမျှ၊ လူ့လောကနိုက်၊ အဂ္ဂပညတ်၊ လေးပါးမှတ်တွင်၊ အမြတ်တဆူ၊ ဝင်တော်
မူလျက်၊ နတ်လူတကြော၊ အံ့ဘွယ်မောသား၊ ဘေး*စောစက္ကဝတ်၊ လောင်း
မန္ဓာတ်၏၊ မပြတ်နွယ်တော်၊ ဆက်လာပေါ်၍၊ ရွှေလှော်ကျိုင်းထွား၊
ကသိုဏ်းလားသို့၊ ဘဖျားသက်စု၊ နေ့တိုင်းရှုသည့်၊ မောင်ပုမင်းဖြူ၊ သား
သည်းအူ ! မှတ်ယူခုသော်၊ ဘဘုန်းမော်၏၊ ဆံတော်မြရွက်၊ ဖြူကျားကွက်၍၊
တရက်တရက်၊ ရွှေရွှေ†ပျက်လျက်၊ နေ†ပြက်ကြွာ့†နွယ်၊ မတင့်တယ်ဘဲ၊
နွမ်း†နယ်လျော့ပါး၊ ဇရာအားဖြင့်၊ ဘောက်ပြားနှိပ်စက်၊ သေမင်းလက်
နိုက်၊ သေဘက်သို့နီး၊ သက်တော်ကြီး၍၊ ခရီးလမ်းတို ရှယ်တော်အိုခဲ့၊ ဤကိုယ်
ညှိုးမြန်း၊ ပျိုမလန်းသည်။ ။သေပန်းပွင့်လာ တော့ပြီတည်း။ (၂)

၁၆၅။ လူတို့ပြည်မှာ၊ လူ့ချမ်းသာနိုက်၊ များစွာနှစ်ပေါင်း၊ လေးထောင်
ဆောင်းသား၊ ရှစ်သောင်းသုံးပြန်၊ ကာလလွန်အောင်၊ ဗိမာန်ဘုံကြီး၊
တညီးညီးနှင့်၊ နန်းထီးအုပ်စိုး၊ လူအမျိုးကို၊ တန်းခိုးတော်†ရိုက်၊ ဘုန်းတော်
ပိုက်က၊ တုန်†ယိုက်ညွတ်တိမ်း၊ ရန်မျိုးငြိမ်း၍၊ ခပ်သိမ်းမကျန်၊ မြေလုံးလှန်သို့၊
ထိပ်စွန်လက်မိုး၊ ကြောက်လန့်စိုး၏၊ မျက်ငိုးမာန်ချောင်း၊ ရိပ်မစောင်းလည်း၊
သောင်းတိုက်လ†ကျော၊ မြေမျက်နှာထက်၊ တ†ရာပြည်ထောင်၊ နန်းဆောင်
ဆောင်နှင့်၊ ကုန်အောင်များစွာ၊ မင်း*တကာတို့၊ ရှိကြာစက်ရွှေ၊ သက်ပါ
ခြေလျက်၊ *ပတေပတာ၊ ရိုသေစွာ၏၊ စကြာတော်ဦး၊ မဖူးတိုက်လို၊ မခိုလိုနိုး၊
ရှုံမစိုးဟု၊ *အဲးခိုးသံယံ၊ ဝမ်းထဲကြံမျှ၊ တရံတဘန်၊ မလွန်ဆန်တည့်၊ ပြန်လှန်
သစ္စာ၊ မာန်သွင်းမာ၍၊ အာဏာလက်ရုံး၊ ငါနှင့်†ကြိုးက၊ †ကျုံး၍မီးဝယ်၊
ပစ်မည့်*နှယ်သို့၊ ဘယ်ပြည်ထောင်မင်း၊ ရန်မတင်းဘဲ၊ ခွန်သွင်းပဏ္ဏာ၊
ဆက်ကညာနှင့်၊ စူဠာဆံဦး၊ မကိုင်ရှူဖူးဖြင့်၊ ညွတ်နူးသက်နှံ၊ သစ္စာခံ၍၊ ထီးရံ
နန်းကာ၊ လိုတော်ပါ၏၊ ငါသာကရာဇ်၊ မင်းဆုံးဖြစ်လျက်၊ မင်းစစ်တပါး၊

ဝတိန်ဖျားက၊ သိကြား*သူငယ်၊ နတ်ဘုန်းလျှံသို့၊ ပျော်စံမငြီး၊ ပျော်ခဲ့ပြီး၏၊ ရှစ်ထီးစကြာ၊ ဖြူရွက်ကာ၍၊ လူ့ရွာရိပ်ငြိမ်၊ မင်းစည်းစိမ်ကား၊ မိုးတိမ်*တစ်၊ တည်မတည့်သို့၊ *မခံ့သက်သက်၊ ခဏတွက်ဖြင့်၊ ရေပြွက်ပမာ၊ တ*သက်လျာဟု၊ ထင်ကာအပြီး၊ စိတ်တော်ငြီး၏၊ တသီးယခု၊ ထက်ဘုံလု၍၊ ကြီးထုလွန်စွာ၊ နတ်ချမ်းသာကို၊ ဘေ့ရှာချိန်နီး၊ နတ်ခရီးနှင့်။ ။နတ်ထီးဘွင့်ရာ တော့ပြီ တည်း။ (၃)

(ကြိယာဝိသေသာလင်္ကာရဝက်ဝုတ္တိ-ရှိသောပိုဒ်တည်း။)

၁၆၆။ ဤလူ့ပြည်မှာ၊ လူ့ချမ်းသာဟု၊ ကာမဝတ္ထု၊ ဤငါးခုကား၊ ဝတ်တုစံပ၊ ပထမနှင့်၊ ဒုတိယရွယ်၊ သည်မျှဝယ်သား၊ နုနယ်ရူပ၊ *ပတ်လျ *တန်စို၊ လုလင်ပျို့မှ၊ စိတ်လိုယှိရွှေ၊ တမွှေတလျော်၊ စံစားပျော်၏၊ ရင့်*ယော်ဏ္ဏ်ချွေ၊ ကိုယ်†ရေလျော့ပါး၊ ခွန်အားဆုတ်ပြီး၊ ခေါင်းဖြူကြီးနှင့်၊ သေနီးရောက်လျက်၊ နောက်ရွယ်သက်နှိုက်၊ ကြောက်ရှက်မဲ့စွာ၊ ပျော်စပ်ပါလည်း၊ လိုရာဘယ်သို့၊ ပျော်နိုင်တို့လိမ့်၊ ပျော်ဘို့စွမ်းဟုန်၊ ကုန်ကြီးကုန်ခဲ့၊ မြူးခုန်ကာမ၊ ပျော်ကိစ္စဖြင့်၊ လောဘတိုက်တိုက်၊ မောဟမိုက်၍၊ တငိုက်မျဉ်းမျဉ်း၊ သေချိန်ချဉ်းအောင်၊ ထိုင်းပျဉ်းပျောင်းချွေ၊ တမွှေမွှေသာ၊ လျော့မေ့ဤကိုယ်၊ ပြဟ္မစိုရ်နှင့်၊ ကုသိုလ်ကင်းပယ်၊ *သီတင်းကွယ်က၊ *မဝယ် မလှယ်၊ မိုးမှာကြယ်သို့၊ ခြောက်သွယ်နတ်ရပ်၊ မကပ်နိုင်စွာ၊ ကွာကြီးကွာလိမ့်၊ ကျမ်းလာအလို၊ ဟောမိန့်ဆိုကား၊ အကုသိုလ်ဇော၊ စိတ်မနောဖြင့်၊ လောဘဒေါသ၊ မောဟယှဉ်လျက်၊ တပ်မက်ငြိတွယ်၊ ချုပ်ချယ်ပြစ်မှား၊ ဝိုးဝါးတုန်လှုပ်၊ စုတိချုပ်သော်၊ သမုပ္ပါဒ်စက်၊ ကံဝိပါက်ဖြင့်၊ ကျိုးဆက်မဘောက်၊ ဘွားဘွားတောက်လျက်၊ သံကျောက်ခတ်ထိ၊ မီးလျှံညှိသို့၊ ဒုဂ္ဂတိပဋိသန္ဓေ၊ ပေါ်မြဲ*နေရှင့်၊ ကိလေမ†နော၊ ကုသိုလ်ဇောဖြင့်၊ မ†နောကြည်လင်၊ စုတိ†ကျင်သော်၊ အ†ကြင်သတ္တဝါ၊ လူနတ်ရွာနှိုက်၊ မဟာဝိပါက်၊ သန္ဓေသက်မြဲ၊ မလွဲဓမ္မတာ၊ မချွတ်စွာတည့်၊ ပမာနှိုင်းဘက်၊ ပင်ဖျားထက်နှိုက်၊ လေတက်ခေါ်ကာ၊ ကိုင်းရာရွက်ခံ၊ ပက်လံအိပ်ကြည့်၊ ခုတ်လှည့်နိမ့်ရာ၊ လူမည်ကာဖြင့်၊ ပညာမယှဉ်၊ သမ္ပဇဉ်ကင်း၊ ဝမ်းတွင်းအန္တ၊ အူမျှသာတည့်၊ ဉာဏ်မပြည့်သား၊ နှိုင်းရှည့်*မဲ့သီး၊ လူမိုက်ကြီးဟု၊ အတီးရှေးက၊ ပေါရာဏတို့၊ ပြောပဘော်ထုတ်၊ ခေါ်သမုတ်သည့်၊ သစ်ခုတ်ယောကျ်ား၊ လေးဦးသားတို့၊ ပျော်ပါးလူ့ဘောင်၊ မောဟဆောင်တိုင်း၊ သေအောင်ငါ့ကိုယ်၊ မမိုက်လိုဘူး၊ ကုသိုလ်ဓေးကွာ၊ မိုက်လေ့လာဖြင့်၊ ပျော်ကာမြူးကာ၊ ယစ်မူးကာနှင့်၊ ကိလေသာဆိုး၊ အယုတ်မျိုးကား၊ *ထံပိုးလှိုင်းဟုန်၊ *သုန်ကြီးသုန်ခဲ့၊ လှေ့စုံရွက်တိုက်၊ ရေကြောလိုက်သို့၊ စိုက်စိုက်မယှင်း၊ လေးပါယ်တွင်းသို့၊ စုန်ဆင်းလျှင်မြန်၊ ရောက်ကြောင်းမှန်၏၊ ငါးတန်ရေစုန်၊ ကာမဂုဏ်ကို၊ အကုန်ပယ်ခွါ၊ စွန့်ပြီးခါမှ၊ မဟာပုရိ၊ လောင်းဗောဓိတို့၊ မငြိမရှက်၊ မြတ်ဝိတက်ဖြင့်၊

တောထွက်ကိစ္စ၊ နေက္ခမ္မကို၊ ခဏမနှေး၊ ရှည်မသွေးသည်။ ။ပြုရေးသင့်စွာ တော့ပြီတည်း။ (၄)

(ဤ ၃-ပိုဒ်ကား တော့ပြီတည်း-ဟူ၍, ၃-ပိုဒ်လုံး သံတူချရကား သော်တာရောင်-ချချည်းတည်း။)

၁၆၇။ ဇာတိသန္ဓေ၊ ကိန်းကြနေသား၊ တွက်ရေငါးစု၊ စတုကော၊ ဘုံဌာနဝယ်၊ ခန္ဓအလို၊ သုံးပုဂ္ဂိုလ်တိ၊ မဂ်ဖိုလ်မယှဉ်၊ ပုထု†ဇဉ်တို့၊ အ†စဉ်သဘော၊ ရွှေလျှော မတည်၊ သံသာပြည်နှိုက်၊ တလည်ပတ်ပတ်၊ စက်ရဟတ်သို့၊ ယုတ်မြတ်မမှန်၊ ထူးသဏ္ဍာန်ဖြင့်၊ ပြန်လှန်အောက်ထက်၊ စဉ်မပျက်ဘဲ၊ ဘဝင်္ဂဝီစိ၊ မြဲးယို မထင်၊ ဆုံးမမြင်ဘူး၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်တုံ ပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်*စဲးက၊ ဘောက်လဲးပါယ်ရွာ၊ ရောက်ပြန်ကာတည့်၊ စကြာဥဒေါင်း၊ မြင့်ဆောင်းဒေဝ၊ နိမ္မိတက၊ ဝသဝတ္တီး၊ နတ်ကြီးမဟာ၊ ဝိစိရွာနှင့်၊ ဗြဟ္မာကဝက်၊ အဆက်ဆက်ဖြင့်၊ တက် သက်လူးလာ၊ ဘောက်ပြန်စွာထည့်၊ ဤခန္ဓာညွန်၊ တဏှာဝန်ကား၊ အလွန်ပုပ်ဆွေး၊ ချစ်တိုင်းလေး၏၊ ဝဋ်ဘေး အစဉ်၊ ဝိညာဉ်နံရုပ်၊ ဖြစ်ချုပ်မပြတ်၊ ဆုံးမသတ်သား၊ ဥပါဒ်နိရော်၊ *တအော် လဲးလဲး၊ သံသာဝဲးနှိုက်၊ အမြဲးဖက်ထစ်၊ မွန်းမြုပ်နစ်၍၊ တဆစ်တရံ၊ ဌီမဆံဘဲး၊ သိဝံခေမာ၊ ငြိမ်းဧးရာနှင့်၊ ရှည်ကြာကာလ၊ မနီးရအောင်၊ ဘဝဆောင်သွေး၊ ဖြစ်တိုင်းဝေး၏၊ အိုဘေးမကွာ၊ နာဘေးအတိ၊ သေဘေးဘိလျက်၊ ဇာတိ မြစ်†ခြေ၊ မကင်း†ချေတိုင်း၊ အနေမကျ၊ အနိစ္စနှင့်၊ ဒုက္ခအစု၊ နှိပ်စက်မှုဖြင့်၊ *အထုအထ၊ ပုရွပျိုအို၊ ခန္ဓာကိုယ်လည်း၊ သင်္ဂိုဟ်ငါးရပ်၊ နံရှုပ်စပ်လျက်၊ တံလှပ်သ†ဖွယ်၊ အနည်းငယ်မျှ၊ ချစ်†ဘွယ်စရာ၊ ချမ်းသာရာနှင့်၊ မြဲးရာနိစ္စ၊ မရရှာ၍၊ မြင်မတွေ့သည်။ ။ဘယ်ရွှေနေရ မည်မသိ။ (၅)

၁၆၈။ အာဒိဉာဏ်ရွှေ၊ ညက်ညက်ချေလျက်၊ မဟောသယာ၊ ဂုဏ်ထူးရှာ သား၊ ပညာ*နက်ကို၊ ဉာဏ်ဇာတိဖြင့်၊ မြင်သိမဆိတ်၊ ရှေးအတိတ်က၊ ပဏ္ဍိတ် ကဝေ၊တိဟိတ်နေတို့၊ခြေရွှေဝန်းလျှား၊သားမယားနှင့်၊တိုင်းကား*ပြည်ထောင်၊ ကာမဘောင်ကို၊ ထိန်ပြောင်ညီးပြိုက်၊ မိးနွယ်*မြိုက်သား၊လောင်တိုက်ကြီးစွာ၊ ဝဋ်မီးစာဟု၊ ပညာဉာဏ်တွင်၊ အမြဲးထင်၏၊ သို့လျှင်မှန်စွာ၊ ဟုတ်တိုင်းသာတိ၊ ယထာဘူတ၊ မုချကြံတွေး၊ တင်ရေးရေးဖြင့်၊*ဦးလေးငြိးငွေ၊ ပြည့်အလေ့နှိုက်၊ မမေ့နိုင်အား၊ မြင်တ†ရားကြောင့်၊ *ယိုး†ယားရှောင်ခွါ၊ ငါးကာမာကို၊ မညှာ မချစ်၊ ပစ်ကြီး†ပစ်လျက်၊ အ†ပြစ်မြင်မြင်၊ တောသို့ဝင်ပြီး၊ သန့်စင်ချမ်းမြ၊ သီလဧးကြည်၊ နှင်းရည်ဆွတ်†ချိုး၊ ပူမစိုးအောင်၊†ခြိုးခြိုးခြံခြံ၊ ကိုယ်ရှောင်စံ၍၊ ဗြဟ္မစရိယ၊ နေက္ခမ္မဖြင့်၊ ကိစ္စကြီးစွာ၊ ဝေးကြောင်းခွါ၏၊ ဤကာယပုပ်၊ နံရုပ် နှစ်ခု၊ ခန္ဓာစုနှိုက်၊ အမှုမလို၊ အပိုမရှာ၊ *မလော်မာဘဲး၊ တဏှာအဘော်၊ မသူတော်နှင့်၊အပျော်မ†ကြိုက်၊တရားမြိုက်ကို၊မျို†ကျိုက်ဝမ်းထဲး၊လုံးလုံးစွဲး၍၊

အမြဲးချမ်းသာ၊ ဧးကြောင်းရှာ၏၊ ဥပါဒါနက်၊ ခန္ဓာပျက်ကား၊ သက်သက်
ညစ်ဆိုး၊ အပျက်မျိုးကြောင့်၊ ပြုကျိုးမထင်၊ ပြင်ကျိုးမမြောက်၊ မျက်စိအောက်
နှိုက်၊ ယှင်းဘောက်သည်သာ၊ ဓမ္မတာတည့်၊ ဇရာညှိုးယော်၊ ရုပ်ဆိုး ပေါ်၍၊
ရှယ်တော်မလှ၊ ခေါင်းဖြူဆွပြီ၊ မောင့်ဘခမည်း၊ ငါရန်လှည်းလည်း၊ ထိုနည်း
အသွင်၊ မသေခင်နှိုက်၊ တောဝင်ကျင့်*နှုန်း၊ သတိ*ဆုန်း၍၊ တောပုန်းရသေ့၊
သူတော်လေ့ဖြင့်၊ ယနေ့ထွက်စံ၊ ကျင့်*ခြိုးခြံအံ့၊ ခြွေရံ*ဝန်းလျက်၊ ရွှေနန်း
ထက်ဝယ်၊ နှစ်သက်မင်းလေ့၊ ပျော်မမွေ့သည်။ ။ဘယ်နေ့သေရ မည်မသိ။(၆)

(ဤ ၂-ပိုဒ်လည်း အချီအချ ကိုယ်တွင်းပြည့်-ချည်း၊ ရမည် မသိ-ဟူ၍
၂-ပိုဒ်လုံးချရကား သော်တာရောင်-လည်း ဟူ၏၊ အသတ်မဲ့ရကား
ပေါက်ပြ-လည်းဟူ၏၊ ဖျောက်ဆိပ်လလည်-ချမျိုးလည်းဟူ၏၊ ၂-ပိုဒ်
လုံး ပိုဒ်ရေ ၇၀-စီညီရကား ထူးဆန်းထွေလာ-လည်းဟူကုန်၏။)

၁၆၉။ ဤသို့မှန်စွာ၊ လောင်းရာဇာလျှင်၊ ကေသာမြရွက်၊ ဖြူတခက်ဖြင့်၊
သေဘက်နိုးပြီ၊ မသေ†မိဝယ်၊ ခို†မှိုတော†ကျောင်း၊ ကပ်လို† ကြောင်းကို၊
နန်းလောင်းမင်းအား၊ မိန့်တော်ကြားတည်း။ (၇)

ပုတ္တာရောစနခဏ်း ၇-ပိုဒ်ပြီး၏။

---

## ၃-ပုတ္တောဝါဒခဏ်း

၁၇၀။ ပဒုညာမြန်း၊ လကျ်ာနန်းတိ၊ ရေဖျန်းသဟံ၊ အတူခံသား၊ ရွှေကမ္ဗု
အောက်၊ နှစ်ဆူပျောက်၍၊ နှစ်ယောက်မဆွယ်၊ ရွှေမျှော့လယ်တွင်၊ နတ်နွယ်
*တ†ရှိ၊ မိဘုန်း†ယှိ၏၊ သိရိရဝေ၊ ကြာသိုက်ဗွေနှိုက်၊ သန္ဓေဦးစွာ၊ ငုံဖူး
လာကြောင့်၊ ဘရာရန်ပြီး၊ မင်းလျာခြီးလျက်၊ ရွှေထီးရှစ်ချက်၊ ပြည့်တဝက်
ဖြင့်၊ လက်နက်ကံကျွေး၊ နီးဝေးလုံးရင်း၊ စုပေးနှင်း၍၊ သင်းပင်းကျေးကျွန်၊
အတွင်းဝဲန်နှင့်၊ ပြင်ဝန်ခရံ၊ မြောက်အိမ်စံတည့်၊ သက်နှံရင်နှစ်၊ ဘသားချစ်!
စင်စစ်မှန်စွာ၊ ဘ ရာဇာကား၊ စကြာဝဗြုတ်၊ သက္ကာဝုမ်သို့၊ ရန်ငုတ်မကျန်၊
မြစ်ရင်းလှန်လျက်၊ မချန်မခြွင်း၊ ဘုန်းတော်ခွင်း၍၊ ကြီးမင်းချမ်းသာ၊
နန်းသိင်္ဂါထက်၊ လူ့ရွာစည်းစိမ်၊ မင့်း*ရိပ်ငြိမ်ကို၊ ကြိမ်ကြိမ်နှစ်ပေါင်း၊
ကျော်ရှစ်သောင်းဖြင့်၊ စံ*ညောင်းလွန်ပြီး၊ ကြာခဲ့ငြီးပြီ၊ နန်းထီးမညှာ၊
တောထွက်ခွါလျက်၊ တောမှာမ†ပျင်း၊ တေမိမင်းတို့၊ ကံ†ပြင်းရွက်ပြုတ်၊
ပရာဘုတ်၍၊ မဟာဂ္ဂုတ်ကုသိုလ်၊ ပွါးပြု*ကြိုးသို့၊ ဗြဟ္မစိုရ်လေးဘော်၊ တရား
ပျော်လျက်၊ ရွှေကိုယ်တော်ထီး၊ တောစံမြီးအံ့။ သားကြီးမင်း*ခြေ၊ မောင်
သက်ဝေလည်း၊ တက်နေသို့ပွင့်၊ ဘုန်းတော်ရင့်ခဲ့၊ ဘမင့်းကိုယ်စား၊ ရာမြွောက်
ထားပိမ့်၊ ငါ့သားသက်နှံ၊ ငါ့မွေခံ၍၊ နိုင်ငံတိုင်းခန်း၊ ဘုံကြငှန်းကို၊ သိမ်းမြန်း

သဖြင့်၊ နတ်*နှယ်တင့်အောင်၊ လူမင်း*ရိပ်ငြိမ်၊ နန်းရွှေအိမ်နှင့်။ ။စည်းစိမ်မြင့်†လစ် စေသတည်း။ (၁)

၁၇၁။ စည်းစိမ်မြင့်လစ်၊ မင်းအဖြစ်ဖြင့်၊ နတ်စစ်*နိုင်းစံ၊ ဘမွေခံလော့၊ ဘုန်းလျှံ*စောဓိ၊ ဘမင်းကြီးမူ၊ ချည်းနှီးမျှသာ၊ လိုမပါသည့်၊ မဟာဘူတ၊ ဤကာယအား၊ နေ့ညမကင်း၊ ရေစာသွင်း၍၊ မပျင်းလုပ်ကျွေး၊ ပြုစုမွေးလည်း၊ ကျေးဇူးမယှဉ်၊ အကတညု၊ မြွေလေးခုသို၊ ကိုက်မှု*မစဲ၊ ခဲးမှုမငြိမ်း၊ ကိုယ်လုံးရှိမ်းအောင်၊ ရှောင်တိမ်းမသာ၊ စစ်ကြီးလာသို့၊ ဇရာမြွေဆိပ်၊ တက်ရိပ်ရိပ်ဖြင့်၊ ဦးထိပ်ထက်စီး၊ ရောက်လာပြီးပြီ၊ သေနီးပျက်နီး၊ သက်တော်ကြီးခဲ့၊ နတ်ထီးနတ်နန်း၊ နတ်*ကြငှန်းကို၊ ရည်မှန်းရှယ်ဆု၊ ရဟန်းပြု၍၊ ယခုငါသည်၊ ရှာတော့မည်တည့်၊ ဘုန်းဇာနည်မြောက်၊ ရုံးရည်တောက်၍၊ ရှယ်ရောက်သင့်စွာ၊ ပွင့်သမ္ဘာနှင့်၊ သမာ*ခိုင်ကျည်၊ ရန်မျိုးနှည်သား၊ *ကြည်သရာ†ယောင်၊ လက်ရုံးထောင်က၊ ဘုန်း†ရောင်*တုမဲ့၊ မြေကြီးနဲ့မျှ၊ တုန့်ခဲ့ချ*တေဇော်၊ ငါ့သားတော်သာ၊ ခေါ်သကြန်ထူး၊ သျှန္တိကျူးလျက်၊ ရှစ်ဦးဗြဟ္မာ၊ မင်္ဂလာတို့၊ သခ်ါပြုဝင်း၊ ခရုသင်းစစ်၊ လကျာရစ်ဖြင့်၊ နတ်မြစ်ရေစင်၊ ကြည်လင်လင်ကို၊ ထိပ်တွင်ရှန်းရှန်း၊ ဘိသိက်သွန်း၍၊ အဝန်းသုံးရာ၊ ဝိဒေဟာနိုက်၊ မိထိလာမည်သီး၊ ဤပြည်ကြီးကို၊ ရှစ်ထီးပလ္လင်၊ မင်းခမ်း*ယင်သည်။ ။ဥကင်ဖွင့်†လှစ် စေသတည်း။ (၂)

၁၇၂။ ဥကင်ဖွင့်လှစ်၊ ကေရာဇ်ဟု၊ မင်းဖြစ်တိုင်မြောက်၊ ရောက်ပြီးလတ်သော်၊ မင်းကြီး*တကာ၊ ကျင့်မြဲစွာသား၊ ရေးရာမြော်မြင်၊ ပညာ့ရှင်ကို၊ တိုင်ပင်မပြတ်၊ မျှားမူးမတ်နှင့်၊ ညီညွတ်ပြုမှန်၊ အခွန်ခံခြင်း၊ ဒဏ်ပေးခြင်းနိုက်၊ ထုံးရင်းမပယ်၊ သက်ရှယ်ကြီးမား၊ သူတို့အားကား၊ ညာတ်တွားရိုကျိုး၊ မြတ်နိုးပြုစု၊ ပြည်သူသမီး၊ ရှုမငြီးကို၊ ဘိစီးနှိပ်စက်၊ နိုင်ယက်မပယူ၊ ပူဇော်ထိမ်းမှတ်၊ ပြည်စောင့်နတ်အား၊ မပြတ်တင်သ၊ သမဏနှင့်၊ ဗြာဟ္မဏခေါ်၊ မြတ်သူတော်တို့၊ မပျော်ပျော်ကြောင်း၊ မရောက်တောင်းလည်း၊ မပြောင်းလိုမှု၊ စောင့်ရှောက်ပြုဟု၊ ပေါင်းစုတွက်ပြ၊ ဃတ္တာအပရိဟာ၊ ခုနစ်ဖြာတည့်၊ ရတနာအလား၊ မြတ်တရားကို၊ တိမ်းပါးမချော်၊ ညီလျော်ကျင့်ထိုက်၊ အမြဲ†ပိုက်လော့၊ ဇနှ†ပိုဒ်တိုင်းသူ၊ လူအများနိုက်၊ တရား*မှဲကင်း၊ ကျင့်သောမင်းကား၊ မယွင်းမှန်ဟုတ်၊ ခွန်အတုတ်နှင့်၊ ဆုတ်ယုတ်စေလျက်၊ ဆန့်*ကျင်ဘက်သည်၊ ကျင့်သောမည်၏၊ ပြည်၏စီးပွါး၊ ကုန်သည်များ၌၊ တရားယွင်းလှ၊ ကျင့်ဟုံယသော်၊ ကျိုကြတော်မှာ၊ ရတနာနှင့်၊ ဘဏ္ဍာအစုတ်၊ ဆုတ်ယုတ်စေလျက်၊ ဆန့်*ကျင်ဘက်သည်၊ ကျင့်သောမည်၏၊ ရဲးရည်*မြောက်မြား၊ စစ်သည်များနိုက်၊ အမှားကျင့်ခါ၊ ထိုဗိုလ်ပါနှင့်၊ မေတ္တာမရှက်၊ ဆန့်ကျင်ဘက်သည်၊ ကျင့်သောမည်၏၊

ဆွေသည်*သက်ထား၊ မိဖုရားနှိုက်၊ ပြစ်မှားဖျက်ဆီး၊ သားသမီးနှင့်၊ ရန်ကြီးဖြစ်လျက်၊ ဆန့်ကျင်ဘက်သည်၊ ကျင့်သောမည်၏၊ *မှုနည်းသိမ်မွေ့၊ ရသေ့ရဟန်း၊ ကျင့်ခန်းမမှား၊ သူမြတ်များနှိုက်၊ မပွါးသဒ္ဓါ၊ ပြစ်မှားရာကား၊ နတ်ရွာဘူမိ၊ သုဂတိနှင့်၊ ဝေးဘိဆက်ဆက်၊ ဆန့်*ကျင်ဘက်သည်၊ ကျင့်သောမည်၏၊ ရွှေရည်မင်းလှ၊ ယွင်းမခလင့်၊ ထိုမှတဘော်၊ ခမည်းတော်နှင့်၊ မယ်တော်တို့မှာ၊ ကောင်းစွာကျင့်ငြား၊ မိဖုရားနှင့်၊ သားတော်သမီး၊ ရံရွေနီးတွင်၊ တသီးကျင့်ကောင်း၊ ဆွေပေါင်းမျိုးမြတ်၊ မှူးမတ်တို့နှိုက်၊ ကျင့်ထိုက်တသင်း၊ ဆင်မြင်းရတနာ၊ *ဗိုလ်ပါတို့ဝယ်၊ ကျင့်တသွယ်က၊ ကြီးငယ်မြို့ရွာ၊ ကျင့်ရာထုံးစံ၊ နိုင်ငံဇနပိုဒ်၊ အလိုက်ကျင့်ခန်း၊ ရဟန်းပုဏ္ဏား၊ သူမြတ်များနှင့်၊ သားငါးတိရစ္ဆာန်၊ မကျန်ကျင့်ရိုး၊ ဤရှစ်မျိုးကို၊ မင်းစိုး†ပီပီ၊ ငါလျှင်†ပြိုဟု၊ အညီကျင့်တတ်၊ ကျင့်မချွတ်ရှိ၊ ဘုံထွတ်နန်းအိမ်၊ ပရိနိမ်သို့၊ စည်းစိမ်ဖြိုးဖြိုး၊ နေ့တိုင်းတိုးလျက်၊ တန်းခိုး*မသုန်း၊ နတ်တနှုန်းသည်။ ။ရွှေဘုန်းပွင့်သစ်စေသတည်း။ (၃)

၁၇၃။ မင်းတို့ကျင့်ရာ၊ ဤရှစ်ဖြာတွင်၊ မာတာပိတာ၊ မိဘတို့အား၊ တရားယွင်းချွတ်၊ ဇာဝသတ်နှင့်၊ ဗြဟ္မဒတ်မင်း၊ ဝိစိဆင်း၏၊ သည်းရင်းသက်ထား၊ သားမယားနှိုက်၊ အမှားကျင့်မိ၊ ဒိဋ္ဌိဆရာ၊ ခဏ္ဍာဟာလ၊ ဗြာဟ္မဏကြောင့်၊ ပုပ္ဖဝတီ၊ ပြည်ပူရီတွင်၊ သိင်္ဂီနန်းရှင်၊ ဘုရင်ဧကရာဇ်၊ ဘဝနစ်ရှင့်၊ ဆွေစစ်သားချင်း၊ တရားကင်း၍၊ မင်းအရိဋ္ဌ၊ ကျသည်ရွှေနန်း၊ တခန်းထို့ပြင်၊ စီးဆင့်ရတနာ၊ မင်္ဂလာတိ၊ သာခွံါဘော်လျှံ၊ ကောင်းကင်ပျံကို၊ ကမ်းယံခြောက်တွင်း၊ ဆင်းစေမိ၍၊ ပြည်ကြီးပတ်ကုံး၊ တိုင်းလုံးမကျန်၊ ညှိုးပူပန်၏၊ တိရစ္ဆာန်များ၊ တော*လားရေ*လား၊ သားငါးကစ၊ ရဋ္ဌဇနပိုဒ်၊ နိုင်ငံတိုက်ကို၊ အလိုက်မသင့်၊ မီး*နှယ်ကျင့်၍၊ ဆဲးခွင့်ယှိမှု၊ မင်းတွင်စုသား၊ တိဏ္ဍုကဇာတ်၊ ရှေးနိပါတ်နှိုက်၊ ဗြဟ္မဒတ်ရာဇာ၊ မဟာပေါရိသာဒ်၊ သားမောင်မှုတ်လော့၊ သူမြတ်တို့ကို၊ မကြည်†ညို၍၊ မျက်†ငြိုရှုအိုက်၊ ခွေးတိုက်လေးပစ်၊ ထိုမင်းညစ်တို့၊ အောာ်ဟစ်*မစဲ၊ အောက်မြေထဲနှိုက်၊ ငရဲသစ်ငုတ်၊ မပြုတ်နိုင်အောင်၊ ပူလောင်ထန်ပြင်း၊ ခံရလျှင်း၏၊ နတ်မင်းသမ္ဗရ၊ ပဗ္ဗဒေဝါ၊ အသူ†ရာလည်း၊ ငါး†ရာသိမ်မွေ့၊ ကျင့်နေလေ့သည့်၊ ရသေ့တို့အား၊ ပြစ်မှားတစ်၊ ကျူးလွန်မိ၍၊ မချိစိတ်†စက်၊ နှလုံးပျက်၏၊ ဒိဗ္ဗ†စက်ရှင်၊ သူမြတ်စင်ကြောင့်၊ ပြိုတ်ပင် ပြိုတ်ရွက်၊ လက်နက်ဖြစ်†ခြင်း၊ ညီနောင်မင်းတို့၊ ချင်း†ချင်း သတ်†ကြ၊ သွေးချောင်း†ကျလျက်၊ သာလှလွန်ကဲး၊ သံဖြင့်တွဲးသား၊ ခြိမ့်သဲး*ကြေညာ၊ နတ်တရွာသို့၊ ဒွါရာပူရံ၊ မိုးပျံပြည်ကြီး၊ ကုန်ပျက်စီးရှင့်၊ တသီးချွတ်ယွင်း၊ ကုရုမင်းလည်း၊ ဂိုဏ်းသင်းနှစ်ပါး၊ ရသေ့များကို၊ တရားတိုက်ကာ၊ ပဏ္ဍာယူစား၊ အကျင့်မှား၍၊ တိုင်းကားရေနစ်၊ ပင်လယ်ဖြစ်၏၊ မဇ္ဈရဋ္ဌ၊ မာတင်္ဂကြောင့်၊

တကွပြည်လုံး၊ ဆုံးခဲ့ကုန်ချီ၊ ဒဏ္ဍကီလည်း၊ မညီဓမ္မ၊ ရှင်ကိသကို၊ စိတ်က
ဖြစ်မှား၊ မခန့်†ညားဘဲ၊ကျင့်†ငြားမိတွက်၊တိုင်းလုံးပျက်ခဲ့၊ ထက်မြက်*ဝှန်ဆူ၊
အဆိပ်ဟူသည်၊ သင့်သူသာမျှ၊ သေတတ်စွရှင့်၊ သမဏ ဗြာဟ္မဏာ၊ အရိယာ
ဟု၊ သဃ်ာရဟန်း၊ ကျင့်ခန်းမြတ်သူ၊ အဆိပ်မူကား၊ ရှင်လူနိုးရင်း၊ ရွှေသင်း
ပင်းနှင့်၊ မကြွင်းပျက်စီး၊ လောင်သည့်မီးသို့၊ သေပြီးဆက်ဆက်၊ ငရဲကျက်၏၊
ရှစ်ချက်တရား၊ ကျင့်ဘောက်ပြားက၊ တိုင်းကားပြည်ထောင်၊ ကုန်အောင်ပျက်
ခြင်း၊ ပါယ်တွင်းကျမြုပ်၊ စုံးစုံးငုပ်သား၊ သရုပ်အကျယ်၊ အဓိပ္ပါယ်ကို၊ ဝမ်းဝယ်
ပိုက်ငြား၊ အမြဲးထား၍၊ ငါ့သားမင်းခေါင်၊ ကြဉ်ကွင်းရှောင်သည်။ ။ကင်း
အောင် လွှင့်ပစ် စေသတည်း။ (၄)

၁၇၄။ မိဘတို့မှာ၊ ကျင့်ကောင်းရာကို၊ ကောင်းစွာမမှား၊ ကျင့်သော
အားဖြင့်၊ ပုဏ္ဏားရာမ၊ ဗြာဟ္မဏလျှင်၊ ကုမ္ဘဝတီ၊ ဒဏ္ဍကီ၏၊ ပူရီပြည်လုံး၊
လက်နက်ဖုံးလည်း၊ မဆုံးမပျက်၊ ခြားခဲ့ကွက်၏၊ တချက်ထိုမှ၊ အလိနသတ္တု၊
ငယ်နုရွယ်ဦး၊ မင်းယဉ်ကြူးလည်း၊ ဘီလူးမစား၊ ဘစကားကို၊ ထောင်နားမခွ၊
နာတတ်လှ၍၊ ရာမလောင်းတော်၊ ခြောက်သောင်းကျော်အောင်၊ နန်းပေါ်
စံစား၊ သက်ရှည်လျှား၏၊ သားကြောင့်မုချ၊ မင်းဇယလျှင်၊ ဇီဝသက်ရှင်၊
ညာတင်ဒေဝီ၊ မဟော်သီနိုက်၊ မဒ္ဒီနတ်တူ၊လှသမ္ဘူတို့၊မြိုင်ငူတောရပ်၊ အတူကပ်၍၊
ရက်စပ်မချန်၊ လုပ်ကျွေးထန်လျက်၊ ဝေဿန်ဆုကြီး၊ အပြီးရမိ၊ မင်းသောတ္ထိမှာ၊
နူနာပျောက်ကင်း၊ ဆွေရင်းမျိုးမြတ်၊ မှူးမတ်စိတ်ညီ၊ ဝေသာလီဝယ်၊ လိစ္ဆဝီ
မင်းများ၊ သိကြားသော်လျက်၊ မဖျက်နိုင်စွာ၊ ရာဇာဝိဒေဟ၊ ကောရဗ္ဗတို့၊
မတ်လှမဟော်၊ ဝိဓူကျော်ကြောင့်၊ မြေပေါ်ထက်နိုက်၊ စံဘက်မပြိုင်၊ ဂုဏ်တက်
လှိုင်၏၊ ဆင်ခိုင်မြင်းကောင်း၊ သူရဲကောင်းမှူး၊ အလောင်းတော်မြတ်၊ ဂေါဇာတ်
ဇာနည်၊ မုန်ရည်သောက်စီး၊ ပေါက်ကြီးငွေရောင်၊ ရန်မျိုးအောင်၍၊ ပြည်ထောင်
တပါး၊ *မချောက်ချားဘဲ၊ အများထိတ်ရွံ၊ မဝံ့ကြောက်ကြိမ်း၊ ရန်မျိုးငြိမ်း၏၊
ခပ်သိမ်းတိရစ္ဆာန်၊ မကျန်စေရ၊ ဂါမဇနပိုဒ်၊ နိုင်ငံတိုက်နိုက်၊ စရိုက်မမှား၊
ပုဏ္ဏားရဟန်း၊ ဤကျင့်ခန်းကား၊ အောင်ပန်းရတနာ၊ မင်္ဂလာဖြင့်၊ တရာ
နှစ်ကျော်၊ ရွှေနန်းပေါ်ထက်၊ သက်တော်ရှည်ကြောင်း၊ ဆိုဆုတောင်း၍၊
လူကောင်းကြည်ညို၊ နတ်ကောင်းလိုရှင့်၊ ထိုထိုအပြား၊ သရုပ်ကြားသား၊ ရှစ်ပါး
အကုန်၊ ဓမ္မဂုဏ်ကို၊ *မသုန်*မဖျင်း၊ မကင်းရအောင်၊ အမြဲးဆောင်သည်။ ။
သားမောင်ကျင့်ရစ် စေသတည်း။ (၅)

(သော်တာရောင်–ချချည်းတည်း။)

၁၇၅။ ဘဝစက်ဖြင့်၊ အဆက်ရှည်စွာ၊ သံသရာက၊ ပတ္တနာအထူး၊ ဆုံကြ
ဘူးကြောင့်၊ သားဦးစင်စစ်၊ ရွှေရင်နှစ်ဟု၊ အဖြစ်ကောင်းရျှ၊ မင်းလောင်း
ရွှေဘွဲ့၊ အတု*မဲ့အောင်၊ နှစ်ဆဲ့တသွယ်၊ စလွယ်ရွှေကြိုး၊ ထိန်ပြိုးပြိုးနှင့်၊

မြတ်နိုးဆပ္ပါ၊ နန်း*လျှာထားသည့်၊ ဘဘွားသည်းချာ၊ ဥပရာ ! မဟာဓမ္မရာဇ်၊ ဘုန်းတော်သစ်၍၊ နေမြစ်ပီပီ၊ နေမျိုးညီလျက်၊ မဟီတလေ၊ ရေနှင့်မြေကို၊ အောင်ဇေယျာဟိတ်၊ အောင်နိမိတ်နှင့်၊ ဘိသိက်အောင်ပန်း။ ကြာ*ကြ ၄န်းထက်၊ ဆင်မြန်းသိမ်းပိုင်၊ ရွှေနန်းထိုင်၍၊ *ဦးကိုင်စိုးလစ်၊ မင်းလျှင်ဖြစ်က၊ မင်းစစ်ဓမ္မတာ၊ ထုံးစဉ်လာတိုင်း၊ သစ္စာမြင်း†မိုရ်၊ နှုတ်သံ†မှုဖြင့်၊ မယို*မ†ယွက်၊ ထိပ်ဝယ်နှက်သို့၊ ဆောင်†ရွက်မြဲးစွာ၊ တည်စပါလော့၊ လေးဖြာအယို၊ မျိုးဇာတိတို့၊ တြိရတ†နာ၊ သုံးသခါဖြင့်၊ ဒက္ခိ†ဏာဝဋ်၊ ထိပ်ထက်ညွတ်၍၊ ဆိုရွတ် မင်္ဂလာ၊ နှုတ်ဩဘာကား၊ သစ္စာစကား၊ ကျိန်သော့လားတည့်၊ တရား ကျင့်ကောင်း၊ တပါးစောင်းမူ၊ ဥက္ကောင်းခုနစ်စိတ်၊ ကွဲ*ခြဘိတ်ဟု၊ ဘိသိက် သွန်းခြင်း၊ မယွင်းလက္ခဏာ၊ ဆိုခြင်းရာရှင့်၊ သေချာမှတ်သား၊ မျိုးလေးပါးကို၊ သားနှင့်တမျှ၊ စောင့်ဓမ္မဖြင့်၊ မိဘပမာ၊ မည်စပါလော့၊ စကြာမန္ဓာတ်၊ လေးကျွန်းပတ်သား၊ နေနတ်*စော†မီး၊ ဘေးဓလောင်းကြီးတို့၊ *ရှေး†တိး*မဆွ၊ ကျင့်ကုန်ကြသား၊ ရာဇဓမ္မ၊ မင်းကိစ္စနှင့်၊ ထိုမျှအပြား၊ ကျင့်တရားကို၊ ငါ့သား သည်း†အူ၊ စွဲးမှတ်မူရှင့်၊ ဦ†ဦသောင်းသောင်း၊ သစ်အဟောင်းတိ၊ အပေါင်း *ပေါယယ်၊ *ဗိုလ်နိကာယ်တို့၊ လေးသွယ်မျိုးပြား၊ ရွှေပြည်သားနှင့်၊ တပါး တိုင်းနေ၊ *အကြေ အညာ၊ ရောက်လာကုန်ကြ၊ ပရဒေသီ၊ ဟူပြီတသင်း၊ အတွင်းနှင့်ပြင်၊ ထွက်ဝင်နီးစပ်၊ အရပ်†ရပ်က၊ ကပ်†ယပ်ထိုထို၊ ဘုန်းရိပ်ခိုအား၊ ဗြဟ္မစိုရ်ချုပ်၊ ထိ*နှယ်အုပ်လျက်၊ ပိုက်ထုပ်ကြင်†နာ၊ ကရု†ဏာနှင့်၊ မဟာ- သတ္တာ၊ နိဂြောဓဟု၊ မိဂ*သနင်း၊ သမင်မင်းလျှင်၊ ဝမ်းတွင်းတည်နေ၊ သန္ဓေ တ†သက်၊ မိတ†သက်ကြောင့်၊ ကိုယ်†သက်ကြည်ဖြူ၊ စွန့်တော်မူသို့၊ ပြည်သူ မျှော့တွက်၊ ကိုယ့်အသက်လည်း၊ ငဲ့ကွက်မညှာ၊ စွန့်အပ်စွာ၏၊ လူဝါလူရှုပ်၊ *ပြင်းဟုပ်*ညည့်ငှက်၊ သူသွမ်းသွက်နှင့်၊ သူပျက်*သူလောင်၊ ပြည်ခြောင့် ကောင်ကို၊ နေရောင်ပိုးစုံနိုး၊ ဖျောက်လွှင့်*မှုန်းသို့၊ နိုင်းနှုန်းသဖွယ်၊ ဘုန်းတော် ပယ်၍ ။ ။ဘုန်းကွယ်ညှိုးပျောက် စေဘိလော့။ (၆)

(ဤ ဗြဟ္မစိုရ်ချုပ်-စသောစကားသည် ဓမ္မိကဘုန်းဂုဏ်ကို ပြလို၍ ဆန့်ကျင်ဘက်ကိုပြသော ဝိရောဓိတာလင်္ကာရ-မျိုးတည်း။)

၁၇၆။ မင်းကျင့်စင်စစ်၊ တရားချစ်လော့၊ သောက်ယစ်ဝေမူး၊ တောဘီလူး သို့၊ စား*ကြူးလွန်စွာ၊ မပြုရာဘူး၊ ပညာကင်းဘိ၊ သတိကင်းပ၊ ပစ္စက္ခပင်၊ မမြင်အပြစ်၊ သူရာယစ်က၊ သားချစ်အသား၊ ချက်ကြော်စား၍၊ တရား လွှတ်ရှင်း၊ ကင်းကြီးကင်း၏၊ ယင်းသို့အမှန်၊ လွန်ဘောက်ပြန်ကြောင့်၊ ဆန်မှုန့် အကျက်၊ မုံ့ညက်ထမင်း၊ ရေလျှင်းဆောက်ဦ၊ မျိုးစေ့ဟူသား၊ အတူ ထည့်လတ်၊ တဆေးခတ်၍၊ ရည်ဖတ်နှစ်ဖြာ၊ စားသောက်†ရာသည့်၊ သူ†ရာ ခေါ်ပြု၊ ယစ်မျိုးစုနှင့်၊ မဓုပုပ္ဖါ၊ ဖလာဂုဠ၊ သမ္ဘာရဟု၊ အာသဝမည်၊ ထုံကြာ

ရှည်သား၊ စိမ်ရည်ဟူထ၊ မေရယတည့်၊ ရှေးကတောလျှိး၊ ကျင့်ယုတ်မျိုးဖြင့်၊
မုဆိုးသူရာ၊ မိစ္ဆာတာပသ၊ ဝရဏတို့၊ စ၍ပြုကာ၊ လူ့ရွာဆောင်လျက်၊ လူမှာ
ဖျက်သည့်၊ သေရက်ငါးမျိုး၊ စာရည်ဆိုးကို၊ မြတ်နိုး*မွဲလျှင်း၊ သက်သက်
ကင်းလော့၊ ခံတွင်းအရသာ၊ သားဟင်း†လျှာနှိုက်၊ †လျှာအလိုလိုက်၊ လော
မတိုက်နှင့်၊ ကြိုက်သည့်*ရမ္မက်၊ ဟင်းတစက်ကြောင့်၊ *နရက်အပါယ်၊ လားလေ
ဘွယ်တည့်၊ ရှေးဝယ်မယွင်း၊ မင်းပေါရိသာဒ်၊ ဗြဟ္မဒတ်ရာဇာ၊ အာနန္ဒာနှင့်၊
ဟသ်ာကိုးသောင်း၊ ထိုအပေါင်းတို၊ တိမ်းစောင်းတရား၊ ဇာတ်တူသားကို၊
စား၍မုချ၊ ပျက်စီးကြ၏၊ သံားလှမင်းဖြူ၊ ဘသည်းအူကျား၊ ဇာတ်တူအသား၊
ဟင်း*လျှာများကို၊ ရှောင်ယှားပယ်ပစ်၊ မစားရစ်နှင့်၊ စင်စစ်ထိုပြင်၊ မောင်နား
တင်ဦး၊ ဆင်သား မြင်းသား၊ ခြင်သေ့သားနှင့်၊ အောင်းသား ဝံသား၊ ခွေး မြွေ
သားက၊ သစ်ကျားနှင့်လူ၊ မှတ်ယူဆယ်ပါး၊ ထိုအသားလည်း၊ ပယ်ယှားမင်းမှာ၊
မစားရာဘူး၊ ငါးရာဇာတ်ထွက်၊ မိန့်တော်ချက်ဖြင့်၊ ခြေလက်သည်းတိ၊ ငါးနု
ယှိသည့်၊ တိရစ္ဆာန်ဇာတ်၊ လိပ် ဖွတ် ယုန် ဖြူ၊ ကြံ့ဟူသောအား၊ ဤငါးပါးမှ၊
ကြွင်းငြားသမျှ၊ လူကစ၍၊ မံသအသား၊ မင်းတို့အားလျှင်၊ မစားအပ်စွာ၊
နန်းစဉ်မှာ၏၊ သည်းချာသားချစ်၊ မမှားရစ်နှင့်၊ တဆစ်ထိုမှ၊ ဂုဏဝယ၊ ဝုစုံ-
ကိုယ့်ထက်၊ ဂုဏ် သက် ၂-ပါး၊ ကြီးသူအာ့လည်း၊ ပြစ်မှားရှုတ်ချ၊ မပြုရဘူး၊
ဆူး†ကျဖက်ပေါက်၊ ဖက်ပေါက်ဆူး†ကျ၊ ဆို†ကြသဖွယ်၊ ကိုယ်ဝယ်ချည်းပေ၊
ပြစ်ရောက်ချေ၏၊ *မထေရှုတ်ဖျား၊ စကားမျှသာ၊ ပြောမိရာဖြင့်၊ *ဥပါဘိလူး၊
နန်းဦးလျှေ†ကား၊ တံ†ခါးလေသာ၊ မင်းထွက်ရာနှိုက်၊ ရုပ်ဝါပြင်ပြင်၊ ကိုယ်ထင်
လတ်လတ်၊ ပြခြောက်တတ်ရှင့်၊ မှတ်လော့ထိုမှ၊ ယုတ်နိမ့်ချ၍၊ စိတ်ကကြံဘိ၊
အောက်မေ့မိလျက်၊ ပြောမိဆိုမိ၊ နှုတ်ပွက်မိရုံ၊ မျက်စိနှစ်ဘက်၊ သလာတက်သို့၊
သက်သက်*အကယ်၊ ပိတ်ဖုံးကွယ်၏၊ ရှေးဝယ်သော့ခါ၊ တော*ဟေမာနှိုက်၊
ပညာမြော်မြင်၊ ခါ မျောက် ဆင်တို့၊ ညောင်ပင်တခု၊ သက်သေပြု၍၊ ဂုဏဝုစွာ၊
ပစာယန၊ ကျင့်ကုန်ကြကြောင့်၊ လူမျှမတန်၊ တိရစ္ဆာန်လျက်၊ နတ်ဌာန်မုချ၊
ရောက်ကုန်ကြ၏။ ထိုမှတထွေ၊ ရေမြေစိုးရ၊ လူမျှား*သနင်း၊ မင်းစစ်တိုသာ၊
ကျင့်ထိုက်ရာသည့်၊ပြည်ရွာတုတ်ခွန်၊ကောက်မြဲဝန်လည်း၊မလွန်ဆယ်ဘို့၊*ရဲမက်
တို့အား၊ ပိုင်းခြားဝေငှ၊ ခြောက်လတခါ၊ မှန်စေရာက၊ ပြည်ရွာအတွင်း၊ မှီတင်း
နေငြား၊ ဆင်းရဲသားအား၊ စီးပွါးဖြစ်ရေ၊ ပေးသည့်ဥစ္စာ၊ သုံးနှစ်ကြာမှ၊
ရင်းသာယူခြင်း၊*ဗိုလ်*ခပင်းနှိုက်၊ ဦးမင်း နောင် ညီ၊ ခေါ် ဝေါ် ချီသည်၊ လေးလီ
မှန်လှ၊ သင်္ဂဟတည့်၊ ဗြဟ္မစရိယ၊ ဤခ†မွကား၊ မင်း†မှ သော်သာ၊ ကျင့်နိုင်ရာ၏
လေးဖြာနွယ်ရိုး၊ ဘုန်းတော်ကိုးသည့်၊ ဘုန်းမိုးမြော်ခ၊ လူ့ထိုမျှကို၊ သားလှံ့
ဘုန်းဝေ၊ ဘုန်းမိုးစွေ၍။ ။ဘုန်းရေချိုးသောက် စေဘိလော့။ (၇)

(ဤဘုန်းမိုးမြော်ခ-စသော စကားသည် ဘုန်းကို မိုးနှိုက်တင်သော သမာဓိဂုဏ်, ဘုန်းရေချိုးသောက်ခြင်း ဟူသော သမာဓိဂုဏ် တို့ဖြင့် ကျေးဇူးပြုတတ် ကျေးဇူးပြုအပ်သည်၏ အဖြစ်ဖြင့် ရောနှောသော **အင်္ဂီဘာဝမိဿကအလင်္ကာရ-မျိုးတည်း။**)

၁၇၇။ ထိုပြို့တခြား၊ မျိုးလေးပါးတို့၊ အများကျင့်တမ်း၊ သင်္ဂြိုဟ်လမ်းလည်း၊ ပေးကမ်းတသွယ်၊ ချစ်ဘွယ်တပါး၊ စီးပွါးတခု၊ ကိုယ်တူပြုဟု၊ စတုသင်္ဂဟ၊ ကျင့်ဓမ္မနှင့်၊ မခွတရုံ၊ လွန်မြဲ*မြဲလျက်၊ သည်းခံနိုးကြား၊ သနား ထကြွ၊ နိစ္စမသေ့၊ ခွဲးဝေ ရှုတတ်၊ ခြောက်ပါးမှတ်သား၊ သူမြတ်တို့ဂုဏ်၊ ကျေးဇူးဟုန်လည်း၊ *မသုန် ကျင့်ထ၊ ပြည့်စေမှတည့်၊ ဒသဝတ္တု၊ လူမှုကြီးငယ်၊ ငါးဆယ်သီလ၊ နိယမနှင့်၊ စာဂတရား၊ ဖြောင့်သားနူးညံ့၊ ခိုးခြံ့ဥပုသ်၊ မျက်*ကြုတ်မလို၊ သူ့ကိုမညှည်း၊ ပြေ့ပျည်းသိမ်းဆည်း၊ သည်းညည်းခံချိ၊ မယို*ဆန့်ကျင်၊ ဆယ်ပါးတွင်သည့်၊ ဤလျှင်ရာဇမံ၊ ကျင့်ထုံးစံလည်း၊ တရံမပြတ်၊ မြဲစေတတ်လော့၊ အမှတ်တဝ၊ ဤလောကဥ္စ၊လုံ့လဖအားကြိုး၊ စိုက်ပျိုးတုံပြီး၊ ပွါးစည်ဖြိုးလျက်၊ ပွင့်သီးရောင်လှ၊ ချိန်ခါကျ၍၊မှည့်မှည့်တွတ်လှည့်၊လိမ္မာပြည့်သား၊ဥယျာဉ်သည့်လား၊သူ၏သားကို၊ မွေးစားဆန်း†ကြယ်၊ကြီးပွါး*ကယ်သည့်၊န†ကျယ်တို့နည်း၊ *နိဿယည်းလည်း၊ သိမ်းဆည်းယူမှတ်၊ စွဲးတတ်စေလော့၊ ယုတ်မြတ်များစွာ၊ လူတို့မှာလျှင်၊ ကမ္ဘာဦးက၊ ခုတိုင်ကျအောင်၊ စိုးရ*သနင်း၊ မင်းတို့အုပ်ထ၊ စောင့်ရှောက်ကြ၍၊ ထိုမျှသီးသီး၊ သားသမီးနှင့်၊ ငယ်ကြီးနိုင်ထက်၊ မနှိပ်စက်ဘဲ၊ ငြိမ်သက်ချမ်းသာ၊ သက်မွေးကာလျှင်၊ အိမ်ရာတည်†ကျ၊ နေနိုင်†ကြ၏၊ ဉာဏနည်းသူ၊ ရှင်လူအချို၊ သူမိုက်တို့ကား၊ ဤသို့အထူး၊ မင့်ကျေးဇူးကို၊ ကြည်နူးမသိ၊ မင်းမယိုဘဲ၊ မိမိတို့ချည်း၊ လိုရာနည်းဖြင့်၊ ပေါင်းစည်းပျော်ကာ၊ နေနိုင်စွာဟု၊ ပညာဆင်ခြင်၊ အမြင်မယို၊ ငြူစူဘိ၏၊ ဗာလိဗာလ၊ ပေါများစွရှင့်၊ ဂုဏဒေါသ၊ နှစ်ဝကျိုးပြစ်၊ စိစစ်တတ်သူ၊ နည်းစွာဟူ၏၊ ဟူးစေ*တမ့်၊ ခိုင်ခံ့မညွှတ်၊ သွေမလွတ်လင့်၊ အိမ်ထွတ်*တပြေး၊ရှောက်ခွံ့နွေးနှင့်၊ မင်းရေးလိ†မွှာ၊ ညွန်နှိုက်ကြာသို့၊ ပ†မာ မချွတ်၊ မင်းတို့ဝတ်ကို၊ မလွတ်သဖြင့်၊ သားမောင်ကျင့်မှ၊ *တဖြင့်*တပါး၊ လွင့်ရှားမစဉ်၊ ပုပ်မကျဉ်ဘဲ၊ ဓမ္မဥူရ၊ ဂုဏ*ဖြိုးမြင့်၊ တန်းခိုးလွှင့်၍၊ တိုင်းပွင့် ပြည်သာ၊* လွှံ့ကြေညာဖြင့်၊ တေဇာ*နှုန်းချိန်၊ နေသူရိန်သို့။ ။ဘုန်းရှိန် တိုးတက် စေဘိလော့။(ဂ)

၁၇၈။ စကြာ့*သနင်း၊ လေးကျွန်းမင်းတို့၊ ကျင့်ခြင်းတဘော်၊ ကျင့်ဝတ် သော်ကား၊ တွင်းတော်ကပ်နေ၊ ခြွေရွေရုံခ၊ မောင်းမမိဖုရား၊ သားတော် သမီး၊ အသီးသီးကို၊ ကျိုင်းထိးဆောင်ယွက်၊ ဘယက်ဒွါဒရာ၊ ဆင်တန်းဆာနှင့်၊ မြို့ရွာကံကျေး၊ ရွှေငွေ†ကြေးက၊ ကျွန်†ကျေးလက်†ဖွဲ့၊ တိုးထပ်ခွဲလျက်၊ ရွှေ†ဘွဲ့ စလွယ်၊ အသွယ်သွယ်တိ၊ ကြီးငယ်နိမ့်†မြင့်၊ မြှောက်းခြီး†မြှင့်၍၊ အကျင့်မချွတ်

သီလဝတ်နိုက်၊ မလွတ်မကင်း၊ တည်စေခြင်းနှင့်၊ ဗိုလ်သင်းစုသား၊ ရဲမက်
များမှာ၊ အစားအစာ၊ ရိက္ခာလခ၊ ကာလမလွန်၊ ပေးဟန်မဆိတ်၊ ရေ့*နှယ်
ဘိတ်လေ့၊ ဘိသိက်ခံပြီး၊ နန်းထီးစိုးစွာ၊ မင်းတို့မှာကား၊ အာဇာနေယျ၊
အဿဟတ္ထိ၊ စယိုပေးခြင်း၊ ထံရင်းတော်သာ၊ နောက်တော်ပါသည့်၊ ရာဇာအနု၊
မင်းတစုအား၊ ကြည့်ရှုအသင့်၊ ယာဉ်နှင့်ထီးဓား၊ မြောက်စားရာထူး၊ တော်ဒူး
နေရာချွန်၊ မလွန်ပြိုင်*ခတ်၊ နေရာလွတ်က၊ ထိုက်ရာချ၍၊ ဗြာဟ္မဏမည်ငြား၊
သူတို့အားကို၊ အစားတော်ထည်၊ *အသည်နှယ်ရိုး၊ သူကြွယ်မျိုးအား၊ ထမ်းပိုး
ထွန်တုံး၊ စေသုံးနွားကျွဲ၊ မျိုးပဲစပါး၊ နိဂုံးသားလည်း၊ မမှားထို့တူ၊ စင်ဖြူ
သီလ၊ သမဏမှာ၊ ပရိက္ခရာပူဇော်၊ တောပျော်ရေ*လား၊ သားငှက်များနိုက်၊
ပိုင်းခြားဘေးမဲ့၊ ချီတဲ့ဥစ္စာ၊ သူတို့မှာမူ၊ ရတနာရွှေငွေ၊ ပေးထွေမ†စ၊ ဤ
ကိ†စ္စနှင့်၊ အမွေမူ၊ ပယ်ပြုထိုထို၊ ကုသိုလ်အရာ၊ ပညာအရေး၊ စစ်ဖမေးတတ်စွ၊
ဒွါဒသဟု၊ စကြာ့ကျင့်ဝတ်၊ အကျင့်မြတ်လည်း၊ မလွတ်စေရာ၊ ကျင့်အပ်စွာ၏၊
*ကြမ္မာလည်းသင့်၊ ဘုန်းလည်းပွင့်လျက်၊ အကျင့်လည်းပြည့်၊ ခွင့်ညီလှည့်က၊
ထွန်း*စည့်ဝင်းရှိန်၊ တေဇာယိန်၍၊ စက္ကိန္ဒာဘိ၊ သီရိဘုန်းတော်၊ *နှုန်းမမြော်
နှင့်၊ ဘေးတော်လောင်းနုတ်၊ လေးကျွန်းပတ်သား၊ မန္ဓာတ်မဟာ၊ မြတ်
ရာဇာသို့။　။စကြာစိုးရောက် စေဘိလော့။　(၉)

၁၇၉။ ရာဇမ္မ၊ ဟူသမျှနှင့်၊ လူမျှား*ဦးကိုင်၊ ထွတ်ဖူးတိုင်သည့်၊ စိုးပိုင်
ဘဝ၊ မင်းထိုမျှတို၊ နှိမ့်ချထိုက်စွာ၊ သူယုတ်မာကို၊ အာဏာနှိပ်ပြီး၊ ခြီးမြောက်
ထိုက်ငြား၊သူကောင်းများအား၊မြောက်စားကြည်ဖြူ၊ခြီးမြောက်မှုဖြင့်၊မကောင်း
သူပယ်၊ကောင်းသူကယ်သည့်၊ဘုန်းကြွယ်သက္ကာ၊ ဒေဝိန္ဒနှင့်၊တူကြစေရာ၊ ပြည်ရွာ
နိုင်ငံ၊ တုတ်ခွန်ခံသော်၊ ထုံးစံယိုမြို၊ ဆယ်ဘို့အတွက်၊ ပြည်သူလက်က၊ ညှံ့သက်
သိမ်မွေ၊ ခံယူလေ့ဖြင့်၊ ရွှေ့ရွှေ့ညှင်းညှင်း၊ လေးလတွင်းဝယ်၊ ခပင်းမိုးရေ၊
ခန်းခြောက်စေသည့်၊ လောင်ရွှေရောင်ဝင်း၊ နေနတ်မင်းနှင့်၊ မယွင်းကိစ္စ၊ တူကြ
စေရာ၊များစွာနီးဝေး၊ကျွန်ကျေးစိမ်းကျက်၊ထဲးရှို့ဝှက်သား၊သိမ်းကိစ္စာတောင်း၊
ဆိုးကောင်းဝမ်းက၊ ကြံသမျှကို၊ သိရမနေ၊ ပြုသောထွေမူ၊ ဗိုလ်ခြေများစွာ၊
သတ္တဝါတိုင်းရှည့်၊ ယိုတိုင်းပြည့်အောင်၊ ကိုယ်၏အတွင်း၊ ဝင်တတ်လျှင်းသည့်၊
လေမင်း*တမျှ၊ တူကြစေရာ၊ မျက်နှာကြီးငယ်၊ မရွယ်မညာ၊ ပဏ္ဏာမရှု၊
အမှုထိုက်†လျော်၊ မှန်တိုင်း†လျော်၍၊ ရွေးကောက်မှုခင်း၊ စီရင်†ခြင်းဖြင့်၊
†ချင်းတို့*ကြမ္မာ၊ ကံတိုင်းသာလျှင်၊ သတ္တဝါယှိရွှေ၊ ချိန်ခါစေ့က၊ စုတေ
သက်ကင်း၊ သေစေလျှင်းသည့်၊ သေမင်းယမ၊ မရဏနှင့်၊ တူကြစေရာ၊ ရတနာ
ရွှေငွေ၊ ဝင်လေသမျှ၊ နေတ†ကျဖြင့်၊ ကျီ†ကြတိုက်တွင်း၊ သွင်း၍ထား†ကာ၊
ခံယူရာနိုက်၊ အာ†ကာမိုးလုံး၊ ဖုံး၍ရှာချ၊ ဥဒကနှင့်၊ ငါးရာ့ငါးသီး၊ မြစ်ကြီး
မြစ်ငယ်၊ သွယ်သွယ်များစွာ၊ စီးဝင်လာလည်း၊ ကမ္ဘာလုံးလျှံ၊ အဝင်ခံသည့်၊

မဟာမှုမိ၊ ကြီးဘိကျယ်ဝင်း၊ မြမ်မင်းအဏ္ဏဝ၊ သမုဒ္ဒနှင့်၊ တူကြစေရာ၊ မျက်နှာရှင်|ပျ၊ ထင်ထင်|ပြလျက်၊ ချိုမြစကား၊ သာယာ*ဖြား၍၊ ပြည်သားပြည်သူ၊ လူ*ဖြင်*ပြွမ်းကို၊ ရှင်ဝမ်းမြောက်စွာ၊ လန်းစေရာတွင်၊ *ကလာဆဲ့ခြောက်၊ ဝင်းဝင်းတောက်၍၊ ပြည့်မောက်ဝန်းချိန်၊ ပုဏ္ဏဒိန်ဝယ်၊ သူရိန်ကင်းလွတ်၊ ကောင်းကင်ထွတ်က၊ ဆွတ်ဆွတ်ဖြင်တိုင်း၊ အဝင်လှိုင်းအောင်၊ ကသိုဏ်းတမှတ်၊ ရှင်စေတတ်သည့်၊ လနတ်စန္ဒြ၊ တာရိန္ဒနှင့်၊ တူကြစေရာ၊ သတ္တဝါလူဗိုလ်၊ များထိုထိုတို့၊ မှိခိုတည်ရာ၊ အပြစ်မှာလည်း၊ များစွာအပေါင်း၊ ဆိုးနှင့်ကောင်းကို၊ အကြောင်းမရှာ၊ ခံတတ်စွာသည့်၊ မဟာပထဝီ၊ ဤမြေအမျှ၊ တူကြစေရာ၊ ဗိုလ်ပါမှုထမ်း၊ လူပြွန်းပြွမ်းအား၊ ပေးကမ်းဆုလပ်၊ မြဲးထွက်*နပ်လျက်၊ ထပ်ကာထပ်ကာ၊ ဖြစ်စေရာကား၊ မိုးခါအဆုံး၊ လေးလလုံးတိ၊ ရေတုံးရေတောင်၊ ပြည့်လျှမ်းအောင်လျှင်၊ ပရှောင်မပြတ်၊ ရွာသွန်းတတ်သည့်၊ မိုးနတ်ဒေဝ၊ ပဇ္ဇုန္နနှင့်၊ တူကြစေရာ၊ ရှစ်ဖြာဓမ္မ၊ ဤသို့ပြသား၊ နာယကဂုဏ်ထူး၊ မင်းကျေးဇူးနှင့်၊ သားဦးအကုန်၊ ယွင်း*မသုန်သည်။ ။မင်းဂုဏ်ဖိုးမောက် စေဘိလော့။ (၁၀)

(ဥပမာလင်္ကာရဝက်ဝုတ္တိ–ရှိသောပိုဒ်တည်း။)

၁၈၀။ နန်းထီးသခင်၊ ပြည်ကြီးရှင်တို့၊ ဝတ်ဆင်အပ်ရာ၊ မြတ်တန်းဆာဟု၊ ရတနာမည်မှတ်၊ နဝရတ်ကိုးသွယ်၊ ဆင်စဘွယ်လည်း၊ ကြီးငယ်ပြည်ရေး၊ မြော်တွေးနိုင်စွာ၊ သိလိမ္မာသည့်၊ သေနာပတိ၊ မတ်ဘုန်းယိုကား၊ ပြည်ကြီး*ဥကင်း၊ *သီတင်းကျင့်*မွန်၊ ဂုဏဝန်နှင့်၊ သီလဝန်ပည်၊ မဟာထေရ်ကား၊ တိုင်းပြည်တမ်းခွန်၊ ဝေဒလ်ပိဋကတ်၊ တတ်မှတ်ကျော်ထိတ်၊ ပုရောဟိတ်ကား၊ အတိတ်နာဂတ်၊ ဆုံးဖြတ်ဖြင်သိ၊ ပြည့်မျက်စိတည့်၊ ယုံပြီးကခြား၊ တိုင်းတပါးသို့၊ ရောက်သွားဝင်ထွက်၊ ရှိဝှက်ထဲးသံ၊ သူအကြံကို၊ နာခံထိုထို၊ ကြားကြောင်းဆိုသည့်၊ သူလျှိုယောကျ်ား၊ သူကောင့်းသားကား၊ ပြည့်နားမည်ယို၊ ဇာတိမန္တရဲးသူရနှင့်၊ ဝံသမဟာ၊ ဂုဏ်ဝါသိဂ်ဂီ၊ ရွှေစံမှီသို့၊ မင်းညီမင်းသား၊ ဆွေတော်များမူ၊ ပြည့်သွားပြည့်စွယ်၊ တင့်တယ်ချောင်|ညီး၊ ရှုမ|ငြီးသား၊ သမီးကညာ၊ ရတနာကား၊ ကြော်ငြာ*သတင်း၊ တပြည်|ချင်းအောင်၊ ကျော်|ခြင်းထွန်းစည့်၊ ဝင်းထိန်မှည့်သား၊ ရွှေပြည့်မျက်နှာ၊ .မဟာဂဟပတိ၊ သေဋ္ဌိရတနာ၊ ဥစ္စာ*ပေါယယ်၊ ဌေး သူကြွယ်ကို၊ ပြည့်ဝမ်းဆိုရှင့်၊ ရဲးဗိုလ်မှုထမ်း၊ ရဲးစွမ်းသတ္တိ၊ အထူးရှိသား၊ ဟတ္ထိအသ၊ ထိုမျှတထွေ၊ ပြည့်ခြေခေါ်ရိုး၊ လက်နက်မျိုးမှာ၊ ပြည်ရွာ၏လက်၊ စဉ်မ|ပျက်ဖြင့်၊ ပြိုး|ပြက်နဝရတ်၊ ကိုးချက်မှတ်သား၊ မွန်မြတ်ဥစ္စာ၊ ရတနာတည့်၊ သေချာမှတ်သွင်း၊ ပြည့်ဦးကင်းကို၊ သားမင်းမနှိမ်၊ ဂုဏ်သိမ်မြင့်လွန်၊ ပြည့်တမ်းခွန်ကို၊ သားမွန်မချ၊ နေ့ညမြင်သိ၊ ပြည့်မျက်စိကို၊ မထိမပါး၊ ပြည့်နားမပယ်၊ ပြည့်စွယ်မချိုး၊ မညှိုးမျက်|နှာ၊ မ|နာပြည့်ဝမ်း၊

သန့်စွမ်းခြေလက်၊ ပယ်မဖျက်ဘဲ၊ အမျက်ကိုးကွင်း၊ ဆင်နိုင်လျှင်း၍ ၊ ထွန်းဝင်း ဂုဏ်ရောင်၊ တပြောင်ပြောင်သည်။ ။မိုးခေါင်ထိုးဘောက် စေဘိလော့။ (၁၁)

(ဤမင်းတို့ ကျင့်ရာကိုးပါးကို ထိမ်ဝှက်၍ နဝရတ်ကိုးပါးအမည်ဖြင့် သဒိသူပစာ ဝေါဟာတင်စားခေါ် ဝေါ်ခြင်းသည် သမာနရူပါပဟေဠိ-ဟူသော အတ္ထာလင်္ကာရမျိုးတည်း။)

၁၇၁။ လေးကျွန်းမျက်လှာ၊ မင်းစကြာ၏၊ သက်*လျှာတော်ဦး၊ ဂုဏ်ထူး နက်ကိ၊ ဘက်မယှိသို့၊ ဇာတိနွယ်*ရိုက်၊ နေမျိုးစိုက်လျက်၊ ဘေးလိုက်ဘိုးနည်း၊ ဘုန်းဝိဇ္ဇည်းနှင့်၊ ခမည်းတော်တုံ့လူ့မှန်ဖူ့ဖြင့်၊ ပြည်သူ့ဓိပတိ၊ ဖြစ်ထိုက်ဘိ၍ ၊ သီရိပဝရ၊ မဟာစသား၊ သုဓမ္မရာဇ်၊ ရွှေဘွဲ့သစ်နှင့်၊ သင်းကျစ်ဝင်းဝင်း၊ အိမ်ရှေ့ နှင်းသည့်၊ သားမင်းဥပရာ၊ မောင်နန်း*လျှာ ! ရာဇာဓိရာဇ်၊ ငါ့သားဖြစ်က၊ မင်းစစ်ပီပီ၊ ထိုဤနီးဝေး၊ မင်းတို့ရေးဖြင့်၊ ကျွန်ကျေးပြည်မှူ၊ မပြတ်ရှုလော့၊ ခိုးသူ့အသွင်၊ အရှင်မယွန်း၊ ခင်ပွန်းတူ*နှီး၊ အမျိုးတူရှည့်၊ ကိုယ်၏ အလား၊ နီတိကြားသား၊ မယား မိတ်ဆွေ၊ ကျွန်ငါးထွေတည့်၊ မသွေ မှတ်လင့်၊ အထူးဖြင့်လည်း၊ လေ့နှင့်မခြား၊ နွားနှင့်မဝေး၊ ကျေးနှင့်တူစွာ၊ ဟသ်ာတမြင့်၊ ဆင်နှင့် မယွင်း၊ မြင်းနှင့်မလွန်၊ သခင့်ဝန်ကို၊ ညွန်ညွန်ရေရေ၊ ဆောင်ပေတတ်†မြောက်၊ ကျွန်ခြောက်ယောက်တည့်၊ ခြီး†မြောက်ထိုက် လိုက်၊ ရှာသိမ်းပိုက်လော့၊ လူနိုက်လွန်ထွေ၊ ရခဲချေ၏၊ သိစေ*အ†ချင်း၊ မလစ်ယွင်းနှင့်၊ ချစ်†ခြင်းဟူသော၊ လူ့သဘောလည်း၊ မနောထဲသို၊ ဝမ်းတွင်း မျိုလျက်၊ ကျွန်ကိုချစ်ရာ၊ ကွယ်သော့ခါတည့်၊ စေပါယောက်ျား၊ သူရင်း ငှါးအား၊ စားစည့်အခိုက်၊ သားနိုက်အိပ်ခါ၊ မယားမှာမူ၊ တန်းဆာဝတ်စား၊ ပေးစဉ်များနှင့်၊ ပျော်ပါးသော်မှ၊ *ယုယထင်စွာ၊ ပြုအပ်ရာ၏၊ အာဏာ မထန်၊ မျက်မာန်မပြင်း၊ မယစ်လျှင်းနှင့်၊ တင်းလွန်းလျှင်ပြတ်၊ မာလွန်း *ဆတ်၏၊ ပွတ်လွန်းလည်းစင်၊ တင်လွန်းလည်းမောက်၊ မြှောက်လွန်းလည်းကြွ၊ နှိပ်လွန်းကျခဲ့၊ ညီမျှလျော့တင်း၊ ညှိတတ်ခြင်းဖြင့်၊ ဆွေရင်း မျိုးရင်း၊ ကျေးရင်း ကျွန်ချာ၊ သူတို့မှာလျှင်၊ ရှုရာမပျက်၊ မေတ္တာသက်လော့၊ ဆက်ဆက်မယွင်း၊ နွယ်သက်ဆင်းလျက်၊ ဆွေချင်း မျိုးချင်း၊ သွေးစပ်လျှင်းက၊ သူသင်းသူ့ဘက်၊ နေတုံလျက်လည်း၊ နှိပ်စက်လွှမ်းမိုး၊ ကိုယ့်ဆွေမျိုး၏ ၊ အကျိုးမဲ့ကို၊ ကဲ့ရဲ့ဆို သော်၊ မလိုစိတ်မှာ၊ မသက်သာဘူး၊ဂုဏ်*ဝါအထူး၊ ခြီးကြူးမြှောက်ကာ၊ ပြော သော့ခါနိုက်၊သာယာစိတ်က၊ ဝမ်းမြောက်ကြ၏ ၊ဒေါသမကင်း၊မျိုးဆွေချင်းတို့၊ ဝမ်းတွင်းမကြေ၊ ယှိနေတပြီး၊ အရေးကြီးက၊ သွေးနီးရာကပ်၊ ကျော့ချင်း အပ်၍ ၊ ပေါင်းစပ်မချွတ်၊ ဖြစ်ကြတတ်၏။ အဝတ်ပုဆိုး၊ တန်းဆာမျိုးကား၊ တိုး၍ တိုး၍ ၊ တနေ့ဆယ်ခါ၊ လဲ့ပါတုံရှောင်း၊ သစ်တိုင်းကောင်း၏ ၊ အပေါင်း အဘော်၊ ဟူဘုံသော်မူ၊ ငယ်ဘော်ငယ်ပေါင်း၊ ဟောင်းတိုင်းကောင်း၏။

*ရောင်းဘက်ရင်းဘက်၊ ကိုယ်သက်နှင်းစု၊ အရှင့်မှုနိုက်၊ မနုသိက္ခ၊ အမစ္စသို့၊ ငယ်ကပေါင်းသင်း၊ ကျွမ်းဝင်ခြင်းဖြင့်၊ နှီးရင်းမိုကပ်၊ ချစ်အပ်သက်တူ၊ ဤသူတဦး၊ ကိုယ့်ကျေးဇူးကို၊ အထူးမပြတ်၊ ပြုတတ်တုံမြောက်၊ ထိုနှစ်ယောက်တို့၊ ယှဉ်းဘောက်စိုစိ၊* ပြစ်ဆာယှိလည်း၊ ခံဘိသည်းညည်း၊ ကျေးဇူး*ပည်း၏၊ ကောင်းနည်းမှတ်ယုံ၊ စွဲးယူထုံ၍၊ *ဗြဟ္မဒတ္တ၊ ရှေးကမဟာ၊ မင်းမြတ်စွာသို့၊ မေတ္တာအရင်း၊ ချစ်မကင်းဘဲ၊ ချစ်ခြင်းဟူသည်၊ ရွှေမဋ္ဌုနှံ၊ ထုံပြန့်မခန်း၊ ချစ်ကြည်လန်း၍။ ။ချစ်ပန်းလှိုင်ကြ စေကုန်လော့။ (၁၂)

၁၇၂။ ဆင်မြင်းမှူးမတ်၊ ဝန်း*ပတ်ရံကာ၊ *အရာခြွေရွေ၊ တွင်းနေပြင်သား၊ ယောကျ်ားမိန်းမ၊ ဟူသမျှအား၊ နှိုင်းဆမျှော်ရှု၊ ခြီးမြှောက်မှုလည်း၊ နေရုရွှေတောင်၊ ထူးမဆောင်ဘဲ၊ ရွှေရောင်ချည်းသာ၊ ထင်စေပါသို့၊ ပမာမပြု၊ ညီမရှုနှင့်၊ လူဟုရင်း၊ မည်တုံရှောင်း၍၊ ဥက္ကောင်းယှိုခြင်း၊ တူကြလျှင်းလည်း၊ ရည်ချင်းသတ္တိ၊ တူမယှိဘူး၊ မှတ်ဘိအဟုတ်၊ ငှက်နှုံစုတ်လည်း၊ နှုံစုတ်လောက်မျှ၊ ငှက်ဋ္ဌင်းတလည်း၊ ဋ္ဌင်းတလောက်သာ၊ ပျံနိုင်စွာ၏၊ ယူဇနာငါးဆယ်၊ သုံးဆကယ်အောင်၊ ကြီးကျယ်ကာယ၊ သုပဏ္ဏာဟု၊ပြင်းပြတောင်ဟုန်၊ ငှက်ဂဠုန်လည်း၊ ဂဠုန်ငှက်လောက်၊ ပျံနိုင်မြှောက်၏၊ မဘောက်*တန္တု၊ *နှိုင်းစံရှုလျက်၊ ရင့်နုငယ်ကြီး၊ ဝေး နီး တို ရှည်၊ *အရည် အချင်း၊ ဖျား ရင်း ယုတ် မြတ်၊ မျိုးဇာတ်ဇာတိ၊ အထူးသိလော့၊ ပုရိသတ္တ၊ ဝိသေသကို၊ သားလှသက်နှင်း၊ စစ်မကြွင်းနှင့်၊ ဖြောင့်စင်း*ပလော၊ လူ့သဘောကား၊ *နက်ကျောမွေးတောင်၊ ကျီးရာထောင်တွင်၊ တကောင်အဖြူ၊ ရှာမူရဘို့၊ ခဲ၏သို့ရှင့်၊ လူတို့နိုက်မှာ၊ ပညာယှိဟူ၊ တော်ဖြောင့်သူကို၊ ရှာမူထိုထက်၊ ခဲခက်မြို၏၊ မင်းတို့နိုက်ဝယ်၊ ရှုဘွယ်ကြပ်ကြပ်၊ လူသုံးရပ်တည့်၊ ကျဉ်းကျပ်ဆောင်ရွက်၊ ရောင်းရင်းဘက်နှင့်၊ အသက်ကယ်သူ၊ ညှိုးပူဒုက္ခ၊ ယှိကာလက၊ မစသူ၊ ညီကူပင့်ထောက်၊ မင်းဖြစ်မြောက်အောင်၊ တင်မြှောက်သသူ၊ သုံးယောက်လူကို၊ ကြည်ဖြူဝမ်းတွင်း၊ ပစ်မကွင်းနှင့်၊ အဆင်းမျှသာ၊ အပေါ်ဝါလျက်၊ နှုတ်လျှာပေါ့ဆန်း၊ လူ့ပေါက်ပန်းနှင့်၊ လူ့သဖန်းမျိုး၊ အတွင်းဆိုးကို၊ မြတ်နိုးမိငြား၊ ကျိုးမပွါးဘူး၊ ပုဏ္ဏားကေဝဋ်၊ အမာရွှတ်သို့၊တရားလွှတ်စကားတတ်၊ ပေါက်လွှတ်နှုတ်လျှာ၊ ဆိုတတ်စွာသည့်၊ ပညာယှိသူမိုက်၊ စရိုက်ကျင့်ဆိုး၊ ထိုလူမျိုးကား၊ ပြစ်ကျိုးမသိ၊ ပြုမိပြုရာ၊ ပြုတတ်စွာ၏၊ လူမှာစာရင်း၊ တစ်မသွင်းနှင့်၊ မင်းတို့ပညာ၊ ချင့်စာနာ၍၊ ဂုဏ်ဝါထူးခြား၊ ကျေးကျွန်မျာနိုက်၊ ထောက်ထား ရွှေညာဏ်၊ ရှုဝေဘန်လော့၊ မတန်အရာ၊ သဒ္ဒါလွန်မြောက်၊ ကျွန်ကိုမြောက်က၊မျောက်ကိုချစ်ငြား၊ ခြုံဆွဲးမှားသို့၊ နားမချမ်းသာ၊ ယှိတို့ရာ၏၊ ပညာနှင့်မျှ၊ ခြီးမြှင့်ကလည်း၊ ယထာဝါဒီ၊ မိန့်တိုင်းညီရှင့်၊ ဝစီမယုတ်၊ မင်းတို့နှုတ်ဖြင့်၊ စက်ခုတ်ပိုင်းချ၊ မိုးကြိုးကျသို့၊ ကေဝစန၊ မချွတ်ရဘူး၊

မခွသစ္စာ၊ တည်ကြည်စွာလျှင်၊ မေတ္တာဝမ်းတွင်း၊ ချစ်မကင်းနှင့်၊ ခပင်းထိုမျှ၊ ကျေးကျွန်စသည်၊ စိတ်ချရခြင်း၊ မယိုလျှင်းဘဲ၊ မြင်းနောက်ပြန်စီး၊ ထီးရှေကကွယ်၊ ဆိုသဖွယ်သို့၊ ချလွယ်မြှောက်လွယ်၊ မပြုလွယ်ရာ၊ ရွေးချယ်စစ်ခြင်း၊ လစ်မဟင်းနှင့်၊ ခံတွင်းနှုတ်ပွက်၊ မမြွက်သည်သာ၊ မြွက်ပါတပြီး၊ မီးနှင့်လောဟိ၊ ဂေါသိစန္ဒကူး၊ ထူး၍ဧ ပူ၊ ဟူတို့ပဒေ၊ မြစ်ရေညာဆန်၊ သတ္တဗ္ဗန်က၊ ယုဂန်မြင်းမိုရ်၊ ကွဲးပြို*ခြအက်၊ တိုက်စက္ကဝါ၊ မြေကမ္ဘာလည်း၊ လန်ကာထက်အောက်၊ ပြန်မှောက်စေမူ၊ အယူမယုတ်၊ သူတော်နှုတ်ကား၊ မဖြုတ်သစ္စာ၊ တော်တည့်ရာ၏၊ မှန်စွာမယွင်း၊ နှလုံးသွင်းရှင့်၊ ရိုးရင်းခဃမ်း၊ ကျွန်မှုထမ်းတို့၊ ပွဲးလမ်းရသည်၊ ဂုဏ်စွမ်းရည်ဖြင့်၊ ဘွဲ့မည်နှင့်ထီး၊ စီးနင်းဆောင်ရွက်၊ ခြေဆယ်ချက်မှ၊မြင့်းထက်တင်ရာ၊ မြင်းဆယ်ခါမှ၊ဆင်မှာတင်ရ၊ အငယ်ကလျှင်၊ တစတ်ခြင်း၊ ကြီးစေလျှင်းသို့၊ အာ်ချင်းသတ္တိ၊ စွမ်းရည်ယှိတိုင်း၊ ဆံရှိမတွန့်၊ လက်ရုံးကွန့်လျက်၊ သက်စွန့်ကြိုးပမ်း၊ မှုတော်ထမ်းသည်။ ။ပွဲးလမ်းပြိုင်ကြစေကုန်လော့။ ၁၃)

၁၇၃။ လက်ရုံးနှလုံး၊ မင်းသုံးထိုက်တန်၊ သတ္တိမန်ဖြင့်၊ ဉာဏ်နှင့်ရဲစွမ်း၊ ချင့်ချိန်စမ်းပြီး၊ မှုဘမ်းရာထမ်း၊ ဝေခွဲးခြမ်းရွှ၊ ပွဲးလမ်းရသည်၊ ဂုဏ်စွမ်းရည်တိုင်း၊ ဘွဲ့မည်သညာ၊ နေရာဆောင်ယွက်၊ ထီးရွေ်ရွက်နှင့်၊ နှစ်သက်ကြည်နူး၊ ခြီးကြူးမြှောက်ဘိ၊ ရှုမျှော်သိလော့၊ ထုံးယှိစဉ်လာ၊ မဘောက်ရာဘူး၊ ကျွန်မှာနေမျိုး၊ သားသတိုးနှင့်၊ မြက်နိုးလွန်ချစ်၊ မြေး မြစ်တို့မှာ၊ မဟာတပ်မြဲး၊ နွယ်မကွဲးက၊ မင်းရဲးတဘော်၊ ဆွေတော်မျိုးထူး၊ မြင်းမှူးရာနေ၊ အထွေထွေတည့်၊ စေ့ရေမလပ်၊ ဘွဲ့မည်အပ်လော့၊ မင်းတပ် ရဲးတပ်၊ သမန်တပ်က၊ စသည်*တသွန်၊ ကျေးကျွန်သီးသီး၊ ထံတော်နီးနှိုက်၊ မတ်ကြီးမဟာ၊ နော်ရထာနှင့်၊ ဥစနာမည်၊ ဿက်တော်ရှည်ဟု၊ ဂုဏ်ရည်*ပိုင်းရဉ်၊ ချင့်နှိုင်းယှဉ်လျက်၊ နန်းစဉ်လက်စွဲး၊ အမြဲးကိုင်သုံး၊ ရှေးထုံးတန္တိ၊ ပဝေဏီနှင့်၊ ညီစေမယွင်း၊ မင်းတို့*တံထွာ၊ မဖျောက်ရာဘူး၊ အကွာ်ရာရွှေမင်၊ မှတ်တင်ဝေခွဲး၊မလွဲးရှေးလမ်း၊ရွှေစာတမ်းဖြင့်၊ မှိုငြမ်းပြုငြား၊ မှူးမတ်အားလျှင်၊ရွှေပြားဘွဲ့ထူး၊ နဖူးချည်ကာ၊ မြို့ရွာအုပ်သီး၊ သူကြီး*ကလန်၊* သံပျင်မှန်နှိုက်၊ စာချွန်အပ်ရှိး၊ နတ်*နိုးယဉ်ရွှ၊ဒေဝီစသား၊နန်းသူမျှားအား၊ ထူးခြားရောင်လက်၊ ရွှေကွမ်းခွက်ဝယ်၊ တင်လျက်မြတ်နိုး၊ ဘွဲ့ပေးမျိုးတည့်၊ နန်းရိုးမမှတာ၊ မပျောက်ရာဘူး၊လယ်ယာမြေစား၊ထိုသူမျှားထက်၊ ရွှာစားလွန်သာ၊တဖြာထိုမှ၊ ဘွဲ့မည်ရတည့်၊ဘွဲ့ကတက်ပြန်၊ဌာနန်နေရာ၊လွန်မြတ်စွာ၏၊ ဂုဏ်*ဝါနိမ့်မြင့်၊ အဆင့်ဆင့်တို့၊ ရှေ့နှင့်နောက်ထိုင်၊ အပြိုင်*အခတ်၊ ယုတ်မြတ်ဌာန၊ အနေချလျက်၊ ဝဏ္ဏကာလ၊ခြားကြစေရာ၊မလွန်သာရှင့်၊မျှားစွာအပေါင်း၊ဥက္ကောင်းခြေလက်၊ မျက်စိနားနှာ၊ ကိုယ်အင်္ဂါတို့၊နေရာမမှတ်၊ယုတ်မြတ်မယှိ၊ထူးမသိဘဲး၊မိမိတို့ကို၊ တူကြ

လိုဟု၊ ငြင်းဆိုဖြစ်ပွါး၊* ပုံပြင်ထားသည့်၊ တရားဥပမာ၊ ယူနည်းနာနှင့်၊ သညာ
သညီ၊ဂုဏ်ဂုဏ၊ မျှမမျှကို၊သားလုရွှေညာဏ်၊ချင့်ဝေဘန်၍၊ဌာနန်ခြီးကြူး၊ခန့်ရာ
ထူးဖြင့်၊ တော်ဒူး*စနည်၊ နှစ်မည်တင့်မော၊ *ဘဝေါတွင်းပြင်၊ ရွှေနန်းခွင်နိုက်၊
ကောင်းကင်ထက်ဝယ်၊ ကြီးငယ်တာရာ၊ ကြယ့်ပမာသို့၊ ရွှေညီလာ*ဝန်း၊ ရံကာ
ထွန်းသည်။ ။ဂုဏ်ရှန်းမှိုင်ကြ စေကုန်လော့။ (၁၄)

(ဤ ၂-ပိုဒ်တို့ကား ကမာလင်္ကာရ–မျိုးချည်းတည်း။)

၁၇၄။ *တော်နေ*†ဒူးနှင့်၊ ရာ†ထူးဌာနန်၊ များကျေးကျွန်အား၊ ထုတ်စာန်
လျှောက်တန်၊ မလွန်အပ်စွာ၊ ချင့်*စာနာလော့၊ ဆင်မှာဆင်ကြိုး၊ ကြက်ကြိုး
ကြက်သာ၊ သင့်တန်စွာ၏၊ အရာမတန်၊ အမြောက်လွန်က၊ ကိုယ့်ကျွန်ကိုယ်ဖျက်၊
ကိုယ်နှိပ်စက်၍၊ ကိုယ့်ကြက်ကိုယ်သတ်၊ ဖြစ်ရတတ်၏၊ မျိုးဇာတ်ယုတ်မာ၊
ကင်းပညာနှင့်၊ သမ္ဘာမဟုတ်၊ ဂုဏ်မဲ့ပေါ်တွင်၊ ဂုဏ်ကိုတင်က၊ ဂုဏ်ရှင်လည်းသွမ်း၊
ဂုဏ်လည်းနွမ်းခဲ့၊ ဖြင်ပြွမ်းရံပတ်၊ ယုတ် လတ် မြတ်ဖြင့်၊ မှူးမတ်မင်းဆွေ၊
မျိုးလေတွေလည်း၊ အနေမှတ်သား၊ ပိုင်းခြားနားလော့၊ ဘုရားကားအောက်၊
မျောက်ကားအထက်၊ စည်းကမ်းဖျက်၍၊ ရိုးရွက်အုပ်ဖုံး၊ ကျင့်မသုံးနှင့်၊
ရှေးထုံးစဉ်လာ၊ ချင့်မှန်ရာ၏၊ ယုတ်မာဟော့†ရမ်း၊ လူသ†ရမ်းတို့၊ ကိုယ်†ရမ်း
မသိ၊ ပြုတတ်ဘိရှင့်၊ ပက်ကျိပြိတ္တာ၊ အရာမရွေး၊ အစေးကြောင်းကြောင်း၊
ရှုံဘွယ်တောင်းလျက်၊ ရွှေတိုင်တက်၏၊ ရွှေခွက်ပေါ်မှာ၊ ယုတ်မာညစ်ကြေး၊
မြေခွေးကျင်စွန့်၊ သုဝဏ္ဏဆင်းဝါ၊ ဟင်္သာရွှေငှက်၊ ကျီးနက်ကိုရံ၊ သုပိန်သို့၊
ထုံးစံမဟုတ်၊ တရားပြုတ်၍၊ မြတ်ယုတ်မယှိ၊ ထူးမသိအောင်၊ ဇာတိအာစာ၊
မဘောက်ရာဘူး၊ ပမာတဆစ်၊ စိုင်သေပစ်၍၊ စိုင်သစ်ကိုရှာ၊ ဟူစပါသို့၊
နည်းနာမပြောင်း၊ ကျေးကျွန်ပေါင်းနိုက်၊ အဟောင်းပစ်၍၊ အသစ်ကိုသာ၊
မမြှောက်ရာဘူး၊ မြှောက်ပါချေမိ၊ ယုဓိဋ္ဌိလ၊ ပြည်ဣန္ဒနိုက်၊ ကောရဗ္ဗမင်း၊
အကျိုးယွင်းခဲ့၊ ဝမ်းတွင်းပိုက်သို၊ နှလုံး†ကိုယ်နှင့်၊ ရဲ†ကိုယ်စွမ်း†ကိုယ်၊ သတ္တိ
†ကိုလျှင်၊နှုတ်ဆိုကိုယ်ပြု၊ကျင့်အမှုနိုက်၊ မျှော်ရှုသော့အား၊ ပိုင်းခြားတုံရှောင်း၊
သိနိုင်ကောင်း၏၊ ကြက်ဘောင်းပမာ၊ ဟန်ရုပ်ဝါနှင့်၊ ကိုယ်သာကြီးထွေ၊
ဘီမသေသို့၊ ကိုယ်နေရဲဘော၊ မညီသော့ရှင့်၊ သား*စောမင်းညို၊ လူဟုဆိုက၊
ရုပ်ကိုမကြည့်၊ စိတ်ကိုကြည့်လော့၊ သူ၏သဘော၊ လိုက်လျှောပေါင်းသင်း၊
*နှိုးနှော့ခြင်းဖြင့်၊ မကင်းညာဏ၊ နှိုင်းချင့်ဆရှင့်၊ ရှေးကချစ်ခင်၊ ကျွမ်းဝင်
မိတ်ဟောင်း၊ ငယ်ပေါင်းငယ်ချစ်၊ ကောင်းဆုံးဖြစ်၏၊ စင်စစ်မှတ်လျှင်း၊
သဘောယွင်း၍၊ အချင်းကျေးကျွန်၊ မာန်လွန်သော့အား၊ *မလောက်လား
လည်း၊ သာ*ဖြားလိမ္မာ၊ ပေးအရာနှင့်၊ သစ္စာဘွဲ့တည်း၊ မေတ္တာစည်းက၊
*ယမ်းပည်းစေတတ်၊ ကောင်းစွာညွှတ်၏၊ မှူးမတ်*ကလန်၊ ကျေးကျွန်သင်းပင်း၊

များတုံလျှင်းလည်း၊ ဆွေရင်းမျိုးရင်း၊ မယိုလျှင်းက၊ ကောင်းခြင်းမမည်၊ ကြာမတည်ဘူး၊ အရှည်မခံ့၊ ဂုဏ်ညွှံသိမ်ဖျင်း၊တန်းခိုးကင်းလိမ့်၊ ယင်းမှအခြား၊ မင်းတပါးတို့၊ ညာထားဒေဝီ၊ တကေဝီဖြင့်၊ မဟောသီဟိတ်၊ ဘိသိက်ခံပြီး၊ မိဘုန်းကြီးနှင့်၊ သမီးကညာ၊ ရတနာမည်ထ၊ ဟူသမျှအား၊ နှိမ့်ချပယ်ခြင်း၊ မပြုလျှင်းလင့်၊ ကျေးရင်းကျွန်ရင်း၊ သိမ်းမြန်း†ခြင်းဖြင့်၊ †ချင်းချင်း ကြည်ညို၊ ချစ်မပြိုဘဲ၊ သင်္ဂြိုဟ်ပေါင်းရုံး၊ ချစ်ဆေးလုံး၍။ ။ချစ်ဆုံးတိုင်ကြ စေကုန်လော့။　(၁၅)

၁၇၅။ နောင်ရင်းညီရင်း၊ နွယ်မကင်းသား၊ သားချင်းမျိုးဘော်၊ အကျော်ထင်ရှား၊ ဆွေတော်များကို၊ တရားမပျက်၊ မေတ္တာဆက်၍၊ မဖျက်ဆီးမှု၊ ခြီးမြှောက်ပြုလော့၊ သူကိုခြီး†မြှောက်၊ ကိုယ့်ဂုဏ်†မြှောက်၏၊ ယွင်းဘောက်အလို၊ ဝံမတိုနှင့်၊ သူကိုဂုဏ်†နှိမ့်၊ ကိုယ့်ဂုဏ်†နှိမ့်၏၊ စည်းစိမ့်အရာ၊ သူချမ်း†သာနှိုက်၊ ဣ†ဿာမပြု၊ ဝမ်းမြှောက်ရှုလော့၊ သက်စုရင်နှစ်၊ ဘသားချစ်လျှင်၊ မိုက်ညစ်အလို၊ မာန်မှုန်ယို၍၊ သူကိုမသနား၊ မစော်ကားနှင့်၊ တရား*မွဲ့သီး၊ ပြုကျင့်ပြီးလျှင်၊ ပွါးကြီးသသူ၊ ထိုမျှလူကား၊ နောင်မှုသူလက်၊ ပျက်ကြီးပျက်၏၊ အသက်ကိုမျှ၊ မရချမ်းသာ၊ ယိုတတ်စွာခဲ့၊ သတ္တဝါအစု၊ ဗိုလ်*အထုအား၊ စတုသင်္ဂဟ၊ ဗြဟ္မစာရီ၊ ငါလျှင်ပြီဟု၊ မဟိ*နှုန်းခန့်၊ မြေလုံးပြန့်မျှ၊ *မဆွန့်မယုတ်၊ စိတ်ကိုယ်နှုတ်ဖြင့်၊ မဆုတ်ဗလှန်၊ မဘောက်ပြန်ရာ၊ ရွှေညာဏ်ဝိသိဋ်၊ ခွဲးဝေစိတ်လျက်၊ တိဟိတ်နှလုံး၊ စွဲးသုံးအလို၊ ယိမ်းမယိုနှင့်၊ သင်္ဂြိုဟ်ဓမ္မ၊ သင်္ဂဟကား၊ ဒိဋ္ဌတမလွန်၊ နှစ်တန်*ခိုင်ဖြိုး၊ အကျိုးပြီး၏၊ ထီးလိုမင်းလို၊ များကြည်ညိုသည့်၊ လူ*ဗိုလ်မြတ်လေး၊ *ရှုနတ်ဆေးတည့်၊ ရင်သွေးသား†ညို၊ *မငြင်†ငြိုနှင့်၊ သူကိုစောင့်မှ၊ သူကကိုယ့်ကို၊ ကြည်ညိုမေတ္တာ၊ စောင့်နိုင်ရာ၏၊ ရှေးခါသော်က၊ သံဝရဟု၊ မင်းလှရွှေတုံး၊ အငယ်ဆုံးလျက်၊ နှလုံးမွှေသိမ်၊ ရွှေအိမ်နန်းရိပ်၊ စိုးစံနှိပ်သော်၊ ကိုးကျိပ်ကိုးပါး၊ နောင်တော်များကို၊ ကျေးစားမဖျက်၊ ချီးမြှောက်ချက်ကြောင့်၊ *ဝန်းရှက်ပတ်ခြံ၊ စောင့်ရံညီညာ၊ ဘေးရန်ကာ၍၊ ဗာရာပြည်ကြီး၊ ခိုင်စည်ဖြိုး၏၊ တသီးထိုမှ၊ ဂေါဝိန္ဒ၏၊ သိဿအရင်း၊ ရေဏုမင်းလည်း၊ သားချင်းခြောက်ဘော်၊ ညီတော်တို့အား၊ ပြည်ထောင်ပွါး၍၊ ပြြောက်စားကိုယ်စီ၊ ဇမ္ဗူဒီကို၊ အညီဝေပြု၊ ခုနစ်စုဖြင့်၊ လှည်းဦး*တရ†ထည်၊ ခြောက်ပြည်†တည်လျက်၊ ပတ်လည်ရစ်ခြုံ၊ လယ်မဋ္ဌုံနှိုက်၊ ရွှေဘုံ*နက်သန်၊ ရာဇဋ္ဌာန်ကို၊ တုတ်ခွန်ဆက်သွင်း၊ ဘေးကင်းရန်ကွာ၊ ရုံကြကာ၏၊ ပမာထို့လား၊ ဘချစ်သားလည်း၊ *တိုင်းကားဇနပိုဒ်၊ နိုင်ငံတိုက်နှိုက်၊ ထိုက်လိုက်ခြားသီး၊ တပွင့်ထီးနှင့်၊ ဧနာင်ကြီးညီဘွား၊ ခြီးမြှောက်ထားလျက်၊ ဘေးတားရန်ကွယ်၊ ရပ်ရှစ်†နယ်က၊ တောင့်†နှယ်သီးသီး၊ရုံကာဆီး၍။ ။ပြည်ကြီးခိုင်ကြ စေကုန်လော့။ (၁၆)

၁၈၆။ ထိုမှတခင်း၊ မှတ်ဘွယ်လင်းပိမ့်၊ မင့်းတို့ကျင့်လေ့၊ ပြကတော့ကား၊
ထန်းစေ့*တန္ဓနိုး၊ ပေအုန်းအတူ၊ မဟူရာငြား၊ ညောင်စေ့လားသို့၊ ကြီးပွါး
စိမ့်ငှါ၊ ပြုအပ်စွာ၏၊ ပညာမဲ့လျှင်း၊ မင်းတို့သဘော၊ မြစ်လယ်ကြောနှိုက်၊
ပေါလောကြီးကျယ်၊ရေမြှုပ်*နှယ်တည့်၊ ကိုးကွယ်ရာ၊ မဟူစွာဘူး၊ မချာနိစ္စ၊
လုံ့လမတွန့်၊ လက်ရှုံးကွန့်၍၊ သက်စွန့်ကြိုးပမ်း၊ မှုတော်ထမ်းလည်း၊ *အားရမ်း
ကြည်နူး၊ အထူးစိတ်†မှာ၊ မမူစွာဘူး၊ လိ†မ္မာကျင့်ရေး၊ မျှားကျွန်ကျေးအား၊
ပေးပေးကမ်းကမ်း၊ *လွှေလွှေ†ရမ်းလေ့၊ ခ†ယမ်းကြည်ညို၊ သူတို့ကိုလည်း၊
ပြစ်လိုဝမ်းတွင်း၊ မရှုလျှင်းနှင့်၊ ဆင် မြင်း ရထား၊ ဘိုးမျှားကမ္ဗလာ၊ သိခဲ
စွာကို၊ ပညာထူးမြတ်၊ သိနိုင်တတ်သည့်၊ ရာပြတ်*သုခမိန်၊ မတ်ကဝိန်အား၊
နှိုင်းချိန်မဆ၊ လေးကြိမ်ကျအောင်၊ မလှုနည်းပါး၊ သပြာအားဖြင့်၊ ရှစ်ပြား
မျှသာ၊ ပေးတတ်စွာသည်၊ ဆတ္တာသည့်သား၊ မင့်းအလားသို့၊ ဂုဏ်အား
ထိုက်လျော်၊ မမြော်မထောက်၊ ခြီးမြှောက်*မဲ့ခြင်း၊ မပြုလျှင်းနှင့်၊ ရှေးမင်း
*တကာ၊ ဆန်းကြယ်စွာကို၊ နှုတ်မှာမြွက်၍၊ နှစ်သက်သမှု၊ ခြီးမွမ်းပြုက၊
တောင်းဆုရတနာ၊ ချမြဲးစွာရှင့်၊ သဒ္ဓါမြတ်နိုး၊ ဆုတော်မိုးဖြင့်၊ ဖြိုးဖြိုး
သည်းစွာ၊ သွန်းချရွာလေ့၊ မိစ္ဆာအလို၊ ကျောက်ခဲမျိုသို့၊ ဝံတိုအပင်း၊ မခု
လျှင်းနှင့်၊ မင်းတို့ရေးရာ၊ ဆောင်သော့ခါလည်း၊ ပညာသတိ၊ ယှိသူနှင့်သာ၊
တိုင်ပင်ရာ၏၊ ပညာမရှိ၊ သတိ*မဲ့ငြား၊ သူတို့မျှားကား၊ စဉ်းစားရေးခွင့်၊
မျှော်မချင့်ဘူး၊ *ယခင့်ရှေးဟို၊ အမြင်တိုနှင့်၊ လိပ်ကိုရေလွှတ်၊ ထိုအမတ်သို့၊
ကြောက်တတ်သသူ၊ ကြောက်ရေးယူ၏၊ ရဲးမူရဲးကိုး၊ ရဲးစွတ်တိုး၏၊ ကြောက်
ကိုးရဲးကိုး၊ ထိုနှစ်မျိုးလည်း၊ အကျိုးမလှ၊ ပျက်ကြောင်းမျှတည့်၊ စိတ်ကထင်ရာ၊
ပြုတတ်စွာသည့်၊ ပညာကင်းချို၊ ထိုသို့လူတွင်၊ လူသမင်အား၊ စီရင်မှုခင်း၊
မစုနှင်းနှင့်၊ နီးရင်းကပ်ရံ၊ မင်းတို့ထံနှိုက်၊ စိမ်ခန့်ထား၊ မတ်ယော†ကျါးကား၊
မြင်†ကြားယှိခြင်း၊ အဆင်း အကျင့်၊ ရဲးရင့် လုံ့လ၊ကိစ္စပြီးစီး၊ အားကြီးခိုင်မာ၊
ဥစ္စာမမက်၊ ရှစ်ချက်အင်စုံ၊ *ကုံလုံပြည့်သူ၊ ထိုသည့်လူကို၊ ကောက်ယူရွေး†ချယ်၊
ဗောင်းစလွယ်နှင့်၊ စီ†ခြယ်ထီးမား၊ ရာမြှောက်စား၍၊ ထံပါးတွင်းပြင်၊ ညီလာ
ခွင်နှိုက်၊ ထွက်ဝင်စေမှု၊ မင်းသုံးပြုလေ့၊ ပြည်သူ့အ†ကျိုး၊ ရွက်ဆောင်†ကြိုး၍၊
မညှိုးမယုတ်၊ အားထုတ်နိုင်ငြား၊ မတ်ကြီးမျှားမူ၊ ထင်ရှားကျော်*ဝှန့်၊
ဂုဏ်ရောင်*ကွန့်သား၊ လေးကျွန်းထိပ်မို၊ ရပ်*နဂိုရ်ဝယ်၊ကုက္ကို သပြေ၊ထိမ် ပဒေ
ဟု၊ လေးထွေကြီးမား၊ သစ်*ကျိုင်းလားသို့၊ နောင်ဘုရားမှတ်ပြု၊ ပိုင်းခြားရှုမှ၊
အစု အသင်း၊ အတွင်းနှင့်ပြင်၊ မြင်း ဆင် လက်နက်၊ အောက်ထက်ဘဏ္ဍာ၊
ရတနာရွှေတိုက်၊ သိမ်းပိုက်ပြည်လုံး၊ ပြည့်လက်ရှုံးဟု၊ ရှေးထုံးနန်းရိုး၊ ဂုဏ်မညှိုး
အောင်၊ *သတိုးမဟာ၊ ဘွဲ့ကြီးစွာဖြင့်၊ နေရာအပြိုင်၊ စဉ်ကာပိုင်လျက်၊
ရွှေတိုင်ကိုယ်စီ၊ ဇာကတ္တီတင်မွန်း၊ မှီအုံးဝန်းနှင့်။ ။လွှတ်ကွန်းထိုင်ကြ စေ
ကုန်လော့။ (၁၇)

၁၈၇။ ပြည်သူ့အကျိုး၊ မညှိုးယုတ်ရာ၊ ကြောင်းတဖြာလည်း၊ သေနာ ဓိပတ်၊ ရာထူးမြတ်သား၊ မတ်စစ်သူကြီး၊ ဗိုလ်မျှဴးထီးဟု၊ မြှောက်ခြီးထိုက်တန်၊ တဘက်ရန်ကို၊ တွန်းလှန်နိုင်စွာ၊ ဉာဏ်ပညာနှင့်၊ အောင်ရာအောင်မြေ၊ ခြေနေ သိခြင်း၊ အခင်းမသာ၊ စစ်ဆုတ်ခွါလည်း၊ ကောင်းစွာစောင့်လျက်၊ ကိုယ့်ရဲး မက်ကို၊ ငဲ့ကွက်ရပ်တန့်၊ မစွန့်မခွဲး၊ ဆင်းရဲးချမ်းသာ၊ မကွာမျှနိုင်၊ ခံ့ခိုင်ခွန် အား၊ စွမ်းပကားနှင့်၊ ယောကျ်ားသတ္တိ၊ ဆင်*ရှိကြီးကျယ်၊ ကံသုံးသွယ်လည်း၊ စင်ကြယ်ကျင့်ကောင်း၊ ကျမ်းဟောင်းဗျူဟာ၊ ကျွမ်းလိမ္မာလျက်၊ သေနာ စစ်သား၊ မရှိရှားအောင်၊ ဉာဏ်သွားစီရင်၊ ထူးအမြင်က၊ ရဲးအင်*မနုံ့၊ ရဲးလုံ့ ရဲးလ၊ ရဲးမချသား၊ ကိုးဆမယွင်း၊ ဂုဏ်နဝင်းနှင့်၊ ပြည့်လျှင်းတုံငြား၊ မတ် ယောကျ်ားတည့်၊နတ်လားတူ†ယောင်၊ တွေ့မရှောင်လျှင်၊ရဲး†ရောင်မာ*ကျန်း၊ သံကိုသွန်းသို့၊ တု*ကျွန်းဘက်ကွေ၊ သူ့စစ်†ခြေကို၊ ဖျက်†ချေဖြိုခွင်း၊ နှိပ်နင်း နိုင်ရှောင်း၊ တယောက်ကောင်းက၊ တသောင်းရန်ပြို၊ဆိုသော့အလား၊ သိကြား လက်ချိန်၊ ဝရဇိန်မိုးကြိုး၊ ထိပ်ထက်မိုးလည်း၊ ရှုံစိုးမဖြုံ၊ ညှိုးမကြုံဘဲး၊ ရေးပုံ လိမ္မာ၊ ထူးဂုဏ်ဝါနှင့်၊ မဟာဆွေတော်၊ မျိုးဘော်နွယ်မြတ်၊ကျော်ဟိတ်သတင်း၊ တပြည်ချင်းသည့်၊ ထံရင်းမှူ*ကုံ၊ ကျွန်ယုံယောကျ်ား၊ မတ်ကြီးအားကို၊ ကိုယ် စားတသီး၊ စစ်သူကြီးဟု၊ ခန့်ပြီးတုံလျက်၊ ပြည်တဝက်ဖြင့်၊ လက်နက်ကံကျွေး၊ ခြီးမြှောက်ပေးရှ်ု့။ ။ပြည်ရေးပိုင်ကြ စေကုန်လော့။ (၁၇)

၁၈၈။ တကြောင်းမှတ်ဘွယ်၊ မင်းတို့ဝယ်တည့်၊ သက်လယ်သားမြတ်၊ အထူးမှတ်လော့၊ သဿမေဓ၊ ရသည့်သပြာ၊ ထိုဥစ္စာနှင့်၊ စဏ္ဍာလခွန်၊ *တ သွန်မထွေး၊ သူဌေး သူကြွယ်၊ ကုန်သွယ် ပွဲးတည်၊ အသည် ကပ္ပါး၊ ထိုသူများက၊ ရငြားတဘော်၊ ခွန်သီးတော်ကို၊ မလျော်တုံမြို၊ မင်းတို့*တံထွာ၊ မသုံးရာဘူး၊ မှန်စွာမသွေ၊ သဿမေကို၊ ရွှေပြည်တိုင်းမှူ၊ တခုခုတိ၊ ပေါ်မှူရှုပ်ထွေး၊ စစ်ရေး မက်ရေး၊ အရေးယှိုရာ၊ စစ်ရိက္ခာဘို့၊ သေနာပတိ၊ ပြည်ကြို့းစွယ်သွား၊ ဝန်ကြီး များနှိုက်၊ ပိုင်းခြားမကြွင်း၊ စာရင်းချုပ်ကျယ်၊ လွှဲးပယ်သေချာ၊ အပ်ထား ရာ၏၊ စဏ္ဍာလငါး၊ အဖို့များက၊ ရငြားတမည်၊ အခွန်သည်ကား၊ တပြည်တစံ၊ တနိုင်ငံက၊သံကိုကျွေးမွေး၊ပေးကမ်းဘို့ရန်၊အရွှတ်ဝန်သို့၊ မကျန်စေငှါ၊ အပ်ထား ရာ၏၊ ဈေးနာ*ခပင်း၊ ကင်းသင်း ကူးတို့၊စိုစို ဝဝ၊သူဌေးစသား၊အသည်များက၊ ဖြစ်ပွါးသိုမှီး၊ ခွန်သီးတော်မှာ၊ ကောင်းစွာရှုမျှော်၊ ရွှေမြို့တော်၏၊ လေးဘော် ရပ်ခွင်၊ ကျုံးပစွင်နှင့်၊ လမ်းပြင်ကိစ္စ၊ ယိုသမျှနှိုက်၊ သုံးရမလွှန်၊ အသည်ဝန် အား၊ မမှားမှန်စွာ၊ အပ်ထားရာ၏၊ တဖြာထိုမှ၊ ကောက်ရထုံးစံ၊ ဝတ္ထုကံထွက်၊ ခွန်ဆီနက်ကာ၊ ယွင်းပျက်ဂူကျောင်း၊ စေတီဟောင်းကို၊ သစ်ကောင်းပြုရန်၊ ဆိုင်ရာဝန်နှိုက်၊ ချင့်မှန်ကောင်းစွာ၊ အပ်ထားရာ၏၊ မင်္ဂလာကျော်ဟိုး၊ ရွှေနန်း ရိုးတို့၊ အုပ်စိုးလုပ်ဆော်၊ လယ်ပယ်တော်က၊ ရသည်ပုံ*ဖြိုး၊ ခွန်တော်သီးနှင့်၊

နန်းထီးဆောင်ပွါး၊ စော်ဘွားမြို့စား၊ တပါးတိုင်းနေ၊ ပဒေသရာဇ်၊ မင်းစစ်တို့မှ၊ ဆက်လာသသည်၊ ထိုမျှဥစ္စာ၊ ရတနာဖြင့်၊ ရာဇာမြင်းမြတ်၊ သမ္ဘုနတ်တို့၊ ထိမ်းမှတ်မမှတာ၊ သုံးဆောင်ရာ၏၊ သပြာချိန်စင်း၊တောင်းတင်း မူး ပဲး၊ အကဲးအရည်၊ စိတ် ပြည် ကွမ်းစား၊ စသည်များကို၊ မင်းဖျားပရမေ၊ *စောဘုန်းဝေနှင့်၊ မဟေညာရံ၊ ရွှေနန်းစံတို့၊ နာခံစစ်ဆေး၊ မေးမြန်းလေ့လာ၊ မပြုရာဘူး၊ ရာဇာကမ၊ ကျမ်းပြဘော်ရိုး၊ နန်းစဉ်ထုံးဖြင့်။ ။လက်သုံးကိုင်ကြ စေကုန်လော့။ (၁၉)

(သော်တာရောင်, ပေါက်ပြ-ချည်းတည်း။)

၁၇၉။ ဘုန်းနှင့်သမ္ဘာ၊ ထက်ကြပ်ပါကြောင့်၊ နေအာဒိစ်မျိုး၊ကမ္ဘာစိုးနိုက်၊ နွယ်ရိုးမပျက်၊ သန္တေသက်လျက်၊ နန်းဆက်မတိမ်၊ မြောက်စံအိမ်ဝယ်၊ စည်းစိမ်အသင့်၊ ဘုန်းပန်းပွင့်၍၊ ဘခင့်ညာမောင်း၊ တု*မဲ့ကြောင်းဖြင့်၊ မင်းလောင်းပီပီ၊ ရိုးရွက်နီနှင့်၊ သိဂီရွှေချက်၊ ကျိုင်းခြောက်လက်တိ၊ ရွှေရွက်ခင်းဝင်း၊ ထီးလေးစင်းကား၊ ခင်းကျင်းပြောင်ပြောင်၊ ရွှေဆောင်ယောင်ပြီး၊ နေ†ရောင်ကာရိုး၊ ထိန်ထိန်ပြိုးအောင်၊ ဆောင်မိုးလှစ်ဘွင့်၊ နတ်*တမြင့်သို့၊ လေးဆင့်ရွှေထီး၊ မင်းဖြစ်နီးဟု၊ မြှောက်ချီးလူ*ဗိုလ်၊ လွန်ကြည်ညိုလျက်၊ ခေါ်ဆိုအညီ၊ ဂုဏ်ရာသီကြောင့်၊ သမီပတ္တ၊ ဝါစကဖြင့်၊ ဥပရာဇာ၊ နွတ်သညာနှင့်၊ ဘာရာနန်း*ရိုက်၊ ခံလာထိုက်သည့်၊ နန်း*ကိုက်မင်းညောက်၊ သားဘုန်းတောက်! *ရွှေမှောက်ဘုရင်၊ ပြည်ကြီ့းရှင်တို့၊ ဥကင်ကြင့်နန်း၊ ဘွင့်စံမြန်း၍၊ ရွှေနန်းသိမ်းယူ၊ စိုးထိုင်မူက၊ ပြည်သူ*ခပင်း၊ ရံရွှေသင်းနိုက်၊ လမင်းအတူ၊ ရန်သူတို့ဝယ်၊ နေမင့်း*နွယ်တည့်၊ ကျင့်ဘွယ်အထူး၊ ဂုဏ်နှစ်ဦးကို၊ မကျူးစေရ၊ လူထိုမျှအား၊ ဒေါသ*မ ဒ ဝ၊ *မွန်ငံချေလော့၊ ထီးရွှေနန်းရံ၊ နိုင်ငံစိုးချင်း၊ ပြည်ထောင်မင်းတို့၊ မာတင်းတုံရှောင်း၊ မညွှတ်ပျောင်းလည်း၊ ထုံးဟောင်းလိမ္မာ၊ မင့်းမာယာဖြင့်၊ ဆွေညာနီးပါး၊ မြိတ်စွန်းများနှင့်၊ သာ*ဖြားသမ္ဘူ၊ သူကောင်းပြု၍၊ သက်စုရတ†နာ၊ ပ†ဏ္ဏာဆက်ညောင်း၊ မာန်ညွှံပျောင်းလျက်၊ ဥက္ကောင်းညွှတ်လည်း၊ *ယမ်းပည်းရှိသေ၊ ကျွန်ခံစေလော့၊ တထွေထိုမှ၊ လောဘကြီးသူ၊ လူတို့အားမှာ၊ ဥစ္စာပေးကမ်း၊ ကြမ်းတမ်းမျက်ဆူ၊ ထွက်တတ်သူကို၊ ကြည်ဖြူဝမ်းတွင်း၊ နူတ်ညင်းသာယာ၊ ဝါစာပီယ၊ အဒေါသနှင့်၊ ဗာလကိုကား၊ လိုလိုက်ဖြားလျက်၊ တရားမြင်သိ၊ ပညာယှိမှာ၊ မှန်ကန်စွာဖြင့်၊ လိုရာကိစ္စ၊ ဆောင်နိုင်ကြဟု၊ ရှေးကနီတိ၊ ကျမ်းလာယှိတိုင်း၊ အသိမဝေ၊ ဉာဏ်ကြံဘွေလော့၊ မှန်စေတည့်တည့်၊ ဉာဏ်ဖြင့်ကြည့်၍၊ ရွှေပြည့်ချမ်းသာ၊ ပွါးကြောင်းရှာလျက်၊ ပညာရှေ့ထား၊ မေတ္တာအားဖြင့်။ ။တရားမသေ ရစ်စေနှင့်။ (၁၀)

၁၈၀။ နေမင့်းသ†ဖွယ်၊ မင်းတို့ဝယ်တိ၊ ကျင့်†ဘွယ်အထူး၊ တောမြိုင်ဦးတွင်၊ ဘီလူးစေးနဲး၊ သဘက်ရဲးနှင့်၊ ဘက်တွဲးသတ်ပုတ်၊ ပဋ္ဌာဝုဓ်သို့၊ မဆုတ်

ခိုင်†ကျည်၊ ရဲတည်†ကြည်လျက်၊ ရဲရည်တု*ကျွန်း၊ ရဲမာ*ကျန်းလော့၊ မြတ်မှန်းမသိ၊ ဒိဋ္ဌိစရိုက်၊ အလွန်မိုက်သား၊ ရက်ခိုက် မိ†ကျောင်း၊ သူမကောင်းတို့၊ သေ†ကြောင်းမူကြ၊ လက်တွင်း†ကျလည်း၊ ခဏ*လျှင်ခုပ်၊ တန်ဏုပ်ဖြင့်၊ လက်ဆုပ်ဖြေဖြန့်၊ အခန့်မျှတည်း၊ *ရုတ်*ချည်းရာထောင်၊ မကအောင်လျှင်၊ ကြံဆောင်ပရိယာယ်၊ ရွှေညာဏ်သွယ်၍၊ အန္တရာယ်လွတ်ရှင်း၊ သေဘေးကင်းသည့်၊ မျောက်မင်းကဝိန်၊ ဝါနရိန်သို့၊ ဝရဇိန်နှင်းပန်း၊ ညာဏ်ရောင်ထွန်းလော့၊ မျက်ကန်းသဖွယ်၊ သူမိုက်ကျယ်သို့၊ ပျက်ပြယ်စလျည်း၊ ဘုန်းလက်စည်းကို၊ စေ့ချည်းကပ်ဘိ၊ မှန်းမသိက၊ မိုက်မိမိုက်မှား၊ စမ်းလိုငြား၏၊ တရားမခြော်၊ သူမတော်အား၊ ကြမ်းသော်ကြမ်း†ချင်း၊ တင်းသော်တင်းလျက်၊ ရဲ†ခြင်းရေးယူ၊ စမ်းလေ့ဟူ၍၊ စိန့်တူမာ*ကျန်း၊ လက်ရုံးတန်းလော့၊ ပြည့်နှန်းကျမ်းလာ၊ ရှေးသော့ခါက၊ တေဇာပြင်းရှိန်၊ မိဂိန္ဒြ၊ သားမျှော့ဘုရင်၊ မစားချင်၍၊ လမ်းတွင်တွေ့ငြား၊ ရှောင်ကာသွားသော်၊ ငါ့အားမဘောက်၊ ခြင်သေ့ကြောက်ဟု၊ မလောက်မလေး၊ မာန်ထောင်သွေးလျက်၊ သေဘေးမသိ၊ မိုက်မိမိုက်မဲ၊ အတင့်ရဲသည်၊ ဝက်မွဲ၏*နှယ်၊ ရန်စ*ရှယ်ရှင့်၊ အကယ်စဉ်းဝါး၊ မသိငြားမူ၊ ကျားကိုကြောင်လောက်၊ ခွေးမကြောက်ဘူး၊ *မလောက်မလား၊ မခန့်ညားက၊ တရားပျက်ပြယ်၊ ကျင့်ရေးကွယ်လိမ့်၊ ပေါယယ်ထိုထို၊ လူ*ဗိုလ်အယို၊ မျှားဒွာချိလည်း၊ သတ္တိဗလ၊ စွမ်းထာမကို၊ မပြမသိ၊ ပြမှသိ၏၊ သိမှထိတ်လန့်၊ ရှုံကြောက်ခန့်၏၊ ခန့်မှရှိသေ၊ ရှိသေသော်သာ၊ လိုက်နာရှင်လန်း၊ ကျင့်ဖြောင့်တန်း၏၊ တခန်းထိုမှ၊ အမစ္စနှင့်၊ ဘောဂ ဗိုလ်ပါ၊ မျိုးမြတ်စွာက၊ ပညာ မည်ငြား၊ မင်းတို့အားတည့်၊ ငါးပါးဟူတုံ၊ ခိုင်ပြည့်စုံသော်၊ ရန်ကြုံသမျှ၊ သူကပတ်ခြံ၊ ဆယ်ထပ်ရံလည်း၊ ဆံဆယ်စိတ်မျှ၊ *မထိတ်†လဘူး၊ မျှား†လှသေနာ၊ ကျွက်ကျွက်ငြာလျှင်၊ တရာပြည်လုံး၊ ကျုံး၍ကုန်ချီ၊ ဝိုင်းအုံညီသား၊ ခေါဘဏိဆဲ့ရှစ်၊ ပဉ္စာစစ်ကို၊ ရင်နှစ်သမ္ဘာ၊ မဟာဗောဓိသတ်၊ မဟော်မတ်နှင့်၊ မင်းမြတ်ပိဒေ၊ မူမထေဘဲ၊ ခံနေကုန်ကြ၊ *မဖြုံစွတည့်၊ အဿကရာဇာ၊ ပညာဂမ္ဘီ၊ မတ်နန္ဒီလည်း၊ ခေါဘဏီမျှ၊ ကာလိင်္ဂကို၊ မာဃသိကြား၊ အထင်မှားအောင်၊ ယောကျ်ားရဲခေါင်၊ ဗိုလ်တထောင်နှင့်၊ နိုင်အောင်လုံးမွန်း၊ ဖြိုနှိပ်တွန်း၏၊ တိုင်းခန်းကျယ်ကြောင်း၊ ချွဲလိုရှောင်းက၊ စစ်ခေါင်းဟူပြီး၊ စစ်သူကြီးနှင့်၊ အတီးနာဂတ်၊ ဆုံးဖြတ်ဆင်ခြင်၊ ရှုမြင်တတ်စွာ၊ ဆရာပဏ္ဍိ၊ ဓစ်မျက်စိဆို၊ သူလျှိုစစ်နား၊ စစ်အားဗိုလ်သင်း၊ စစ်ခံတွင်းတမန်၊ မှန်ရန်တသွယ်၊ စစ်စွယ်မှတ်ရဲ၊ တကွဲခြေသည်၊ တွင်မည်စစ်ခြေ၊ တထွေမှတ်ချက်၊ လက်နက်ကိရိယာ၊ စစ်

အင်္ဂါတည့်၊ ရှစ်ဖြာအပုံ၊ အင်ပြည့်စုံမှ၊ ရွှေဘုံတိုင်းနယ်၊ ချဲ့တိုင်းကျယ်ရှင့်၊ အစွယ်ခြေအား၊ နားနှင့်မျက်စိ၊ စယို့အပေါင်း၊ ပြတ်မတောင်းသည်။ ။ခေါင်းလည်းမ|ကြွေ ရစ်စေနှင့်။ (၂၁)

(ဤပိုဒ်လည်း သမာနရူပါပဟေဠိ အတ္ထာလင်္ကာရ-မျိုးပင်တည်း။)

၁၉၁။ လူမျှား* စော|*မိး၊ ရိပ်ဖြူ|ထီးနှင့်၊ ဆော်တီးရွှေစည်၊ နန်းပွဲတည်၍၊ ရန်နည်းပရာဇူ၊ ရာဇူသဘာ၊ နရိန္ဒဟု၊ နရမိပတိ၊ မြတ်ခေါင်ထိသည်၊ ပြည်ကြီးသင်းကျစ်၊ မဟာရာဇ်တို့၊ စင်စစ်ဝမ်းဝယ်၊ မှတ်စဘွယ်တည့်၊ အကယ်ထင်ရှား၊ လွန်စည်ကားသည့်၊ သိကြားတည်လစ်၊ ပြည်ပင်ဖြစ်လည်း၊ မစစ်မဆေး၊ မှုအရေး၌၊ *မလေးမ|နာ၊ သူမြတ်စွာနှင့်၊ ရတ|နာသုံးပါး၊ ဥစ္စာများကို၊ သုံးစားသိမ်းယူ၊ လုယက်မှုဖြင့်၊ ပြည်သူမင်းတို့၊ ချွတ်ယွင်းမှောက်မှား၊ ဘောက်ပြားကုန်လျက်၊ တရားပျက်သော်၊ ဆက်ဆက်ထိုပြည်၊ ပျက်အံ့သည်တည်း၊ မစည်မ|ကား၊ မထွန်း|ကားဘူး၊ တိုင်း|ကား*သုန်ဖျင်း၊ ဘုန်းဂုဏ်ကင်း၍၊ မင်းလည်းညှိုးငယ်၊ တန်းခိုး*ပြယ်လိမ့်၊ မပယ်မှတ်စွဲ၊ အမြဲရှု|မျှော်၊ ကြံတွေးခေါ်လျက်၊ ရွှေ|မြော်နောက်မြင်၊ ပညာရှင်တို့၊ လျှောက်တင်ရေးရာ၊ ပြည်ကြီးသာအောင်၊ လိုက်နာသမှု၊ အလေးပြုရှင့်၊ စာဥဒေါင်းအုပ်၊ ပိုက်ထုပ်သော့လား၊ ပြည်သူအားလျှင်၊ ငါ့သားငါ့*နှယ်၊ ဘုန်းရိပ်ကွယ်လေ့၊ လူဝယ်ရိပ်ငြိမ်၊ နန်းရွှေအိမ်နှင့်၊ စည်းစိမ်အသက်၊ ပျက်အံ့လည်းဟူ၊ စိုးကြောက်ပူ၍၊ အလှူကောင်းမှု၊ ကုသိုလ်စုကို၊ မပြုရှောင်ကာ၊ မသွေရာဘူး၊ သခ်ါ့မျိုး၊ စည်းစိမ်ဆိုးရှင့်၊ တန်းခိုးကြီး|လျှင်း၊ ပြည်နှင့်မင်းလည်း၊ စင်း|လျှင်းဖက်ထစ်၊ စင်စစ်သို့လျှင်၊ *အပင်အမြဲ၊ မပျက်ဘဲဖြင့်၊ မကွဲမပြို၊ မအိုမသေ၊ မနေရရာ၊ အနိစ္စာတည်း၊ ခန္ဓာကိုယ် သက်၊ စည်းစိမ်ပျက်ကို၊ လွန်မက်၍သာ၊ မနေရာဘူး၊ မညာကိုယ်ကျိုး၊ ပြည်သူကျိုးနှိုက်၊ နေမျိုးသက်လယ်၊ ရှုရေးကျယ်လေ့၊ နှိုးနွယ်ရှာရှာ၊ ဆုံးမနာလျက်၊ ရာဇာဟူထ၊ ပြည့်မိဘတို့၊ ပြည်ရွာ့ကိစ္စ၊ ဆောင်ကြရ၏၊ မာဃစန္ဒိ၊ အာလမ္ဗိက၊ ဒေါဒေါရနှင့်၊ ခဆပဥ္စာ၊ သင်္ချာနှစ်စု၊ ဗသျှူဆိဒြ၊ မုနိစသား၊ သက္ကဖြိုလောက်၊ ကိန်းခန်းရောက်သော်၊ မဘောက်ဖြိုမြဲ၊ မဖြိုလွဲက၊ ပြည်*ထဲဥပဒ်၊ များတတ်သောဟူ၊ ဖြိုမှုမယွင်း၊ ထိုနှစ်တွင်းဝယ်၊ ထိုမင်းမလွဲ၊ စုတိမြဲတည့်၊ သို့ဘဲတစိ၊ ဟူတုံဘိလည်း၊ ပြည့်မိပြည့်ဘ၊ ဖြစ်ကြသော့အား၊ ထိုမင်းများတို့၊တရားမပျက်၊ကြောင်တသက်နှင့်၊ကြက်တမြုံတူ၊မှတ်ယူဆက်ဆက်၊ ကိုယ့်အသက်ကို၊ ငဲ့ကွက်မပြု၊ ပြည်ကျိုးရှု၍၊ ပြည်သူချမ်းသာ၊ ဆောင်ကြစွာ၏၊ ပမာမခြား၊ ဘချစ်သားလည်း၊ မမှားထို့*နှယ်၊ ပြည်ကြိုးသယ်လေ့၊ တသွယ်ထိုမှ၊ နေလဂ်ုဟ်သွား၊ ဖြောင့်သားတဖြာ၊ မိုးမှန်စွာနှင့်၊ ဩဇာတက်ဖြိုး၊ သီးမျိုး*ပေါ|ယယ်၊ အန္တ|ရာယ် ကင်းငြိမ်း၊ မှုဒိမ်းမထွက်၊ စစ်မက်လည်းကင်း၊ ချင်းချင်းညီညွတ်၊ ဖြောင့်မတ်တရား၊ သုံးပါးရတနာ၊ ရိုသေစွာလျက်၊

သဃ်ာရဟန်း၊ စောင့်မှန်းအကျင့်၊ ဤဆယ်ဆင့်ကား၊ လင်းပွင့်တိုင်းပြည်၊
သာကြောင်းမည်၏၊ တတည်မှတ်†ရာ၊ ကျမ်းအလာဖြင့်၊ လယ်†ယာလုပ်မျိုး၊
ပြည့်ဖြိုးပြောစည်၊ ကုန်သည်*ဖြင်ပေါ၊ သဘောကျင့်မြတ်၊ မှူးမတ်*ပည်းဖြင်၊
ကြားမြင်သုတ၊ သီလယှိမှန်း၊ ရဟန်းသဃ်ာ၊ အရိယာများပြား၊ ဤလေးပါး
လည်း၊ တိုင်း*ကားရွှေပြည်၊ သာကြောင်းမည်၏၊ ယင်းသည်လေးပါး၊
ဆယ်ထွေပြားဖြင့်၊တည်ကြားခ†ရိုင်၊မယိမ်း†ယိုင်ဘဲ၊ကြံခိုင်ကျေးလက်၊ အိမ်ခြေ
ရှက်မျှ၊ ကိုင်းခက်*စည်ဖြိုး၊ ညောင်ပင်ကြီးသို့၊ ပွါးစီးစိမ့်ငှါ၊ စောင့်ရှောက်ရာ၏၊
ပဏ္ဏာတုတ်ခွန်၊ ရတိုင်းလွန်အောင်၊ သား*မွန်လိုကြူး၊ ပြည့်ညွန့်ဖူးကို။ ။
မခူးမ†ချေ ရစ်လေနှင့်။ (၂၂)

၁၉၂။ ရွှေရည်သားချစ်၊နေမျိုးစစ်သား၊နေမြစ်နွယ်ရိုး၊မောင်*သတိုးလျှင်၊
ဘိုးတော်မင်းကောင်း၊ ဘေးလောင်းမြတ်စွာ၊ ရှေးရာဇာတို့၊ မဟာသုဒဿန၊
မန္ဓာတ်စသား၊ စကြဝတေး၊ လေးကျွန်းသင်းကျစ်၊ ဧကရာဇ်*တကာ၊ ကျင့်အပ်
စွာကို၊ ဝံသာနုရက်၊ စောင့်မပျက်နှင့်၊ မပျက်စိမ့်ငှါ၊ ကျင့်ရာအရိုး၊ ကျင့်ဆောင်
†ကြိုး၍၊ ပြည်†ကျိုးမျှော်ကာ၊ ရှုအပ်စွာရှင့်၊ အခါအခါ။ပြည်သာ†ယာအောင်၊
မှူး†ရာမတ်ပုံ၊ နန်းရွှေဘုံထက်။ ဝန်းရံမက္ခာ၊ စံချမ်းသာလျက်၊ အရာအရာ၊
ချင့်စာနာပြီး၊ မချာမချာ၊ ယှိပညာနှင့်၊ ရေးရာစိုင်း†ပြင်း၊ တိုင်ပင်ခြင်းကို၊
မ†ပျင်းလေ့လာ၊ ပြုအပ်စွာရှင့်၊ အ†ဖြာအဖြာ၊ နီး*နွယ်†ဖျာ၍၊ ပညာရွှေထား၊
သဒ္ဓါအားဖြင့်၊ နှစ်ပါးညီစွာ၊ မျှစေရာ၏၊သဒ္ဓါ ပညာ၊သမာ ဝီရိ၊ စောင့်း*နွယ်
ညှိလေ့၊ လောကီ့ဓမ္မတာ၊ လူတို့မှာလျှင်၊ သဒ္ဓါ*မဆွန့်၊ *ကွန့်၍ဖြိုးဝှန်၊ ဉာဏ်
မလွန်နှင့်၊ သား*မှန်လိမ္မာ၊ ဤအရာနှိုက်၊ ပညာမဘက်၊ သဒ္ဓါထက်က၊ နက်၏
ဆင်းရဲး၊ အမြဲးမှန်စွာ၊ သဒ္ဓါနို့ဆွန့်၊ တွန့်၍ဉာဏ်*ကွန်၊ ပညာလွန်သော်၊
ဝက်ကောက်ကျစ်၊ ကျိုးမဖြစ်ဘူး၊ စင်စစ်ထိုပြီး၊ သမာဓိများ၊ ပျင်းရိပွါး၏၊
အားထုတ်လွန်က၊ ပြန့်တတ်စွရှင့်၊ ဝီရိယဆိုး၊ ညဥ့်ကိုနိုးမူ၊ သူခိုးဖြစ်တတ်၊
ဟူတုံလတ်၏၊ မပြတ်စိတ်က၊ သတိမလေ့၊ ညီမျှသော်သာ၊ ကျိုးထင်ရာခဲ့၊
သေချာမှတ်သိ၊ မလွန်ဘိနှင့်၊ ဉာဏ်ယှိယောကျ်ား၊ မှားလတ်သော့ခါ၊ ဆေးလွန်
နာကို၊ ဆရာနောက်ဆက်၊ အကုခက်သို့၊ ဖျက်၍အမြဲး၊ ပြင်နိုင်ခဲ၏၊ ထူးကဲး
လက္ခဏာ၊ ဆား့ပမာလျှင်၊ ဟင်းလျာတိုင်းညှိ၊ ကျေးဇူးယှိသို့၊ သတိမှန်တိုင်၊
မလွန်နိုင်ငြား၊ ဤတရားကို၊ ငါ့သားမင်းစစ်၊ မလစ်ရစ်နှင့်၊ ပိုင်းဆစ်နှိုင်းဆ၊
ရှုကုံလျက်၊ လယ်ကတည့်တည့်၊ ရေပြည့်အိုးကြီး၊ ခံတုံပြီးမှ၊ *ချည်းနှီး
ထောင်သောင်း၊ အိုးပေါ် ပေါင်းတို့၊ လောင်း၍ မပြည့်၊ ဆိုတုံ၏သို့၊
*ချည့်နည့်ပြည်သူ၊ *ဗိုလ်လူ*ခပင်း၊ မင်းတိုက်တွင်းသို့၊ ခွန်သွင်းမပြီး၊ ပြည်ချည်း
*နှီး၍၊ ပြည်ကြီးနင့်နာ၊ မသာ†ယာအောင်၊ လို†ရာခွန်တုတ်၊ *ကုတ်ကုတ်
ကျစ်ကျစ်၊ မညစ်†ဖျစ်နှင့်၊ မင်း†ဖြစ်ဟူက၊ ပြည့်မိဘတည့်၊ ထိုမျှပြည်သူ၊

ပြည့်*ဖြိုးဆူမှ၊ ရာဇူသဘာ၊ နရိန္ဒတို့၊ တေဇလွန်ကဲး၊ တိုးတက်မြဲရှင့်၊ သဲးတပွင့်
က၊ စ၍ကျွန်းပေါ်၊ မခေါ်စလောက်၊ ရေတပေါက်မှ၊ စမြောက်ချောင်းမြစ်၊
ပင်လယ်ဖြစ်၏၊ စင်စစ်မုချ၊ နည်းယူဆ၍၊ တစတစ၊ ဌာနတပါး၊ ပြည်သူ
အားလည်း၊ ပိုက်*ဖြားသာ|ယာ၊ နှစ်သိမ့်|ရာ၏၊ တောမှာနေကျင်၊ တော
သမင်လျက်၊ပျားလူးမြက်နှင့်၊ နှစ်သက်စေမူ၊ *ဖြားယောင်းပြုက၊ ဥယျာဉ် သည့်
နောက်၊ နန်းတွင်းရောက်အောင်၊ ကောက်ကောက်ပါစွ၊ လက်တွင်းကျ၏၊
သားလှသက်မျှ၊ ပြည့်ကိစ္စကို၊ နေ့ညမဟူ၊ လုံ့လမူလော့၊ *ဗိုလ်လူဝေးနီး၊
ခေါ်ကောင်းခြီးနှင့်၊ ပြည်ကြီး*တြင်း၊ ပြည့်သတင်းကို။ ။မဖျင်းမလေ
ရစ်စေနှင့်။ (၂၃)

၁၉၃။ မင်းတည်းဟူ|က၊ ဤလော|ကနိုက်၊ ပြည့်ဘပြည့်မိ၊ မည်ဘိသမူ၊
လုံ့လပြု၍၊ မျှော်ရှု*စာနာ၊ မလစ်ရာတည့်၊ ပြည်ရွာကျိုးကြောင်း၊ ဆိုးကောင်း
စကား၊ ယှိတိုင်းကြားအောင်၊ မင်းနားတထောင်၊ ဆိုသော့*ယောင်သို့၊
သားမောင်*စေ့ငု၊ ထောက်နာပြုလော့၊ ကိုယ်မှုပြည်ရေး၊ အလေး*မဲ့စွာ၊
မနေရာဘူး၊ ပညာနှိုင်းရှည့်၊ ဆင်ခြင်ကြည့်လော့၊ တိုင်းပြည့်အခင်း၊ မင်း၏
အတွက်၊ ထိုနှစ်ချက်တို့၊ ဖြစ်ပျက်ခါနီး၊ လူ့နှုတ်သီးနိုက်၊ ကပ်မှီးရောယောင်၊
နတ်တို့ပေါင်၍၊ *တဘောင်နိမိတ်၊ ကောင်းဟိတ်ဆိုးမူ၊ ပြောလာပြုလျက်၊
ပြည်သူလေ့လာ၊ များတတ်စွာ၏၊ လူ့ရွာစဉ်ရှေး၊ မှတ်တရေးလည်း၊ ကလေး
တမည်၊ သဘင်သည်တဦး၊ အရှူးခေါ်ရိုး၊ ဤသုံးမျိုးတို့၊ ကောင်းဆိုး*တဘောင်၊
နိမိတ်ကောင်တည့်၊ ပြောင်လျှောင်ပြက်ပြယ်၊ ဆန်းကြယ်ဆို|မြည်၊ သဘင်သည်
နှင့်၊ တ|မည်သူရူး၊ ဤနှစ်ဦးကား၊ အထူးမည်လှည့်၊ ပြည်၏*စံနည်း၊ ပြည့်
ဆည်းလည်းတည့်၊ *ကြည်းကြည်းရှင်ပျော်၊ တကြော်ကြော်ဖြင့်၊ ဟစ်အော်
မြူးရယ်၊ လူသူငယ်ပူ၊ လူဝယ်ခေါ်နည်း၊ အိမ့်ဆည်းလည်းတည့်၊ မှတ်တည်း
ရှေးသူ၊ နိမိတ်မူ၏၊ မှတ်ယူကြောင်းဟိတ်၊ ပြည့်နိမိတ်နှင့်၊ အတိတ်ဘဝေါ၊
နတ်ပြောပြဆောင်၊ *တဘောင်*စံနည်း၊ ပေါင်းစည်းထိုမျှ၊ ခတ်သိုက်စသား၊
လောကနည်းနာ၊ အဖြာဖြာကို၊ လိမ္မာသိပ်သည်း၊ ဝမ်းဝယ်တည်းလော့၊
*စံနည်းကိုတောင်၊ *တဘောင်ကိုမြောက်၊ အရပ်ဘောက်၍၊ ယူကောက်
နှိုင်းညှို၊ ဆိုရိုးယှိရှင့်၊ ရှေ့သိနောက်မြင်၊ ပညာ့ရှင်နှင့်၊ တိုင်ပင်အပ်စွာ၊ မပြတ်
ရာဘူး၊ သုဘာသုဘ၊ ဝေါဟာရဖြင့်၊ လောကအလို၊ ဟောပြဆိုတိုင်း၊ ထိုထို
အနိဋ္ဌ၊ ဒုန္နိမိတ်လည်း၊ မြဲးကြိတ်မုချ၊ မဟုတ်စွတည့်၊ အနိဋ္ဌမျိုး၊ နိမိတ်ဆိုးနှင့်၊
ကိန်းဆိုးဟောရာ၊ ထင်ကြိုက်လာသော်၊ ပညာသတိ၊ သမာဓိဖြင့်၊ထားယှိလွန်စွာ၊
သောတည်ရာ၏၊ သမ္မာပယောဂ၊ မယုတ်ရတည့်၊ ဓမ္မတရား၊ တိမ်းပါးမမူ၊
တည်သောသူအား၊ ဘေးဟူတုံလတ်၊ ဥပဒ်အပြစ်၊ မဖြစ်နိုင်ရာ၊ ကင်းကြစွာ၏၊
သမ္မာဉာဏ၊ ပယောဂနှင့်၊ သွံ့လအားထူ၊ ကောင်းစွာယူ၍၊ ကောင်းမူသဖြင့်၊

ကောင်းအောင်ကျင့်က၊ *ယခင့်အတိတ်၊ နိမိတ်*တဘောင်၊ ကိတ်ရောင်ဥဘာ၊ ခိုး*ဝှန်ဝါတို့၊ ထင်လာသမျှ၊ ကောင်းကြသည်ချည်း၊ မချွတ်တည်းရှင့်၊လိပ်လည်းမယို၊ မှန်လှဘိ၍၊ လောကီမှတ်ကြောင်း၊ ရှေးထုံးဟောင်းနှိုက်၊ နည်းကောင်းအကျင့်၊ ထပ်ကာဆင့်၍၊ ပန်းပွင့်မပျက်၊ ပန်းရက်ဆောင်သယ်၊ ပျော့းသ†ဖွယ်လျှင်၊ မှတ်†ဘွယ်အသင့်၊ သား*မွန်ကျင့်လော့၊ လေးဆင့်ဆယ်ဖြာ၊ ပြခဲ့မှာတိုင်း၊ ပြည်ရွာစီးပွါး၊ ပြည်ရေးများကို။ ။တိမ်းပါးမသွေ ရစ်စေနှင့်။ (၂၄)

၁၉၄။ မှတ်ကြောင်းသေချာ၊ သားချစ်နာလော့၊ ပြည်ရွာနီးချင်း၊ ရန်သူမင်းတို့၊ အတွင်းသားကို၊ ပျက်ပြားစေကြောင်း၊ မကောင်းကြံဟန်၊ ဝက်ဉာဏ်ဖြင့်၊ သဝဏ်စာရေး၊ ပေး၍ပို့ထ၊ ဥပါယကပ်၊ အာတဗ္ဗဏာ၊ *ယတြာဆင်ငြား၊ မန္တြားနှင့်၊ ဆေးဝါးစီမံ၊ အင်းနှံ့အင်းမြှုပ်၊ နံရုပ်နှိပ်ချ၊ ပို့ခြင်းစသား၊ ပယောဂကပ်၊ ဤနှစ်ရပ်ကို၊ ပို့အပ်ထိုထို၊ မလိုကိစ္စ၊ ပို့တတ်ကြ၍၊ ထိုမှတဖြာ၊ စစ်ဖြစ်ရာလည်း၊ ပြည်ရွာထုံးစံ၊ ခါတရံနှိုက်၊ နိုင်ငံခြားရာ၊ ဥစ္စာလိုခြင်း၊ ဆင်မြင်းလိုသီး၊ သမီးလိုမူ၊ တိုက်ပို့ဂုံးမြှောက်၊ ပြန်ဘောက်သစ္စာ၊ မသာနူတ်ထွက်၊ ဆွေပျက်မျိုးဆိုး၊ မင်းဆိုးမတရား၊ ကုန်သည်များက၊ နည်းပါးစစ်သည်၊ ဘွဲ့ချည်ငြိုးရန်၊ မျက်မာန်ဟုံးစုံး၊ ဤဆဲ့သုံးကြောင့်၊ ပြည်လုံးမသာ၊ စစ်ဖြစ်ရာ၍၊ ဗျူဟာခင်းကျင်း၊ လိမ္မာခြင်းနှင့်၊ မင်းမတ်ညီညွတ်၊ စွန့်*လွှတ်ပေးကမ်း၊ မှူထမ်းယောကျ်ား၊ သူရဲများတို့၊ စွန့်စားမယုတ်၊ သိမ့်း*နှယ်သုတ်မျှ၊ ဆုတ်စေစကား၊ မကြားချင်လို၊ တက်စေဆိုသည့်၊ ဗိုလ်မင့်းမိန့်သံ၊ နာခံလိုငြား၊ ရဲးခွန်အားနှင့်၊ ခန့်ထားတိုင်းရ၊ များလှဗိုလ်ပါ၊ *ယတြာပို့ချက်၊ *စည်းလက်သန့်စွာ၊ ရိက္ခာပြည့်ခြင်း၊ နာကင်း သူလျှို၊ နတ်ကိုပူဇော်၊ ဆင်ကျော် မြင်းကောင်း၊ အကြောင်းဆဲ့နှစ်၊ ပြည့်စုံလစ်က၊ ရန်စစ်အောင်ရာ၊ မချွတ်ရာဘူး၊ အောင်ရာစင်စစ်၊ ထိုဆဲ့နှစ်နှင့်၊ သားချစ်ရှေင်ု၊ အင်ပြည့်စုံလည်း၊ ရေးကြုံဆိုက်ခါ၊ သူမလာဘဲ၊ ရန်ရှာသူကို၊ စစ်မလိုနှင့်၊ ကုသိုလ်တရား၊ မဖြစ်ပွါးဘူး၊ ငါ့သားမှတ်ယူ၊ လောကူပမည်း၊ ပမာနည်းဖြင့်၊ *ခိုက်ဆည်းရန်စောင်၊ ကျွဲးနှစ်ကောင်တို့၊ မာန်ထောင်ပြင်းစွာ၊ ခတ်ကြရာနှိုက်၊ များစွာမြက်ပေါင်း၊ ထောင်းထောင်းကြေထွား၊ ပျက်သော့သားသို့၊ ဘုန်းအားရုံးအား၊ မင်းနှစ်ပါးတို့၊ မာန်ကြွားလွှမ်းမိုး၊ ခွန်အားကိုးလျက်၊ စစ်ထိုးခြင်းဟူ၊ အပြစ်ထူ၍၊ *ဗိုလ်လူအပေါင်း၊ ပျက်စီးကြောင်းတည့်၊ မကောင်းမှုပုံ၊ ဆူ့းနှယ်ရုံခဲ့၊ လူ့ဘုံရပ်ခွင်၊ ငါသာလျှင်တိ၊ ငါ့ပြင်မယို့၊ ဇာတိတူလျှင်း၊ ပြည်ထောင်ချင်းတို့၊ ဘယ်မင်းဆိုင်ကာ၊ ပြိုင်ဝံ့စွာလိမ့်၊ ထက်မှာသိကြား၊ အောက်နဂါးဟု၊ ကြုံးဝါးဆိုယောင်၊ လက်ရုံးထောင်လျက်၊ မျက်မှောင်ဘားဘား၊ ကိုက်လိုကျားသို့၊ သွား့တကြိတ်ကြိတ်၊ ဟိတ်တပေးပေး၊ မာန်သွေးသွေ့ဖြင့်၊ အရေးလိုလို၊ ရန်မီးပိုအောင်၊ သူကိုအောက်

ထား၊ *မလောက်လားဘဲ၊ လေးစားမဖြူ၊ ကိုယ်အားယုံပြီး၊ ခွေးပုံမထူး၊ မာနရှူး၍။ ။လွန်ကျူးမထွေ ရစ်စေနှင့်။ (၂၅)

၁၉၅။ လွန်ကျူးထွေထာ၊ တကြွကြွဖြင့်၊ ကလိင်္ဂမင်း၊ ဆင်ခြင်ကင်းလျက်၊ ချွတ်ယွင်းတရား၊ ဗိုလ်ပါများဟု၊ မာန်ကြွားတက်ပြီး၊ လက်ရုံးတီး၍၊ သမီးလွတ်ကာ၊ ရန်စရှာသို့၊ ပြည်ရွာအခြား၊ တိုင်းတပါးနှင့်၊ လိုလားစစ်မက်၊ ရန်ဘက်ရှာရှာ၊ မပြုရာဘူး၊ ပမာမလောက်၊ မာန်ဟုန်မြောက်၍၊ မုန်သောက်ဆင်ပြောင်၊ ကိုယ်ကြီးတောင်နှင့်၊ သေး*မျှောင်ငယ်နုပ်၊ တဆုပ်မျှလျက်၊ နှံစုပ်ငှက်တွင်၊ အသက်သေရ၊ ထိုမှတကြောင်း၊ သောင်းနှင့် တရာ၊ ရာနှင့်တယောက်၊ မမှုလောက်ဟု၊ မအောက်မေ့သာ၊ ရေးအရာကို၊ လွန်စွာဉာဏ်ချို၊ ဆင်ခြင်ဘိလော့၊ သတိဟုဆို၊ တရားကိုယ်မူ၊ ပိုသည်မယို၊ လိုသည်†တိရှင့်၊ သ†တိမမူ၊ ဂူကိုမမြင်၊ အကြင်ရှေးက၊ ပေါ့ရာဏတို့၊ ဆိုကြစကားလာ၊ မှန်လှစွာ၏၊ ပညာကင်းဘဲ၊ သတိမမူ၊ ပြုတတ်သူကား၊ ဖလ်ဂူအောင်းနေ၊ မြေခွေးလေကို၊ သေစိမ့်အပြီး၊ မျက်ဟုန်ကြီးဖြင့်၊ ခြောက်စီးနောင်ညီ၊ ကေသရီတို့၊ *တူပြိုမာန်လိုက်၊ အပြင်းတိုက်သော်၊ ရင်နိုက်ပေါက်†ဖူး၊ ဖလ်ညှောင့်စူး၍၊ သေ†ဘူးကုန်ကြ၊ ပုံကိုဆလော့၊ သားလှလိမ္မာ၊ ထို့ခြင်းရာကြောင့်၊ ပညာမယှိ၊ သတိမကူ၊ ဒေါသဆူ၍၊ မာန်မူကြွားမြောက်၊ လွှားမမောက်နှင့်၊ အသောက်အစား၊ အပျော်ပါးနှင့်၊ ကိုယ်အားဗလ၊ ရဲခြင်း†စသား၊ ကိ†စ္စတိုင်ပင်၊ မဆင်ခြင်ဘဲ၊ကြူးလျှင်မကောင်း၊ ပျက်စီး†ကြောင်းတည့်၊ မိ†ကျောင်းကြည်းတင်၊ တောဆင်ညွန်နစ်၊ ခေတ်မဟုတ်ရာ၊ မလိမ္မာဘူး၊ ငါ့ဟာနှင့် ငါ၊ မသမ္မာနိုက်၊ ဝါသနာလိုလား၊ လေ့လာများသော်၊ လိုက်စားမှုက၊ အပြစ်ရ၏၊ မောဟအကြောင်း၊ ဟိတ်မကောင်းဖြင့်၊ အလောင်းအတမ်း၊ လက်ပမ်းဝှေ့ရိုက်၊ လူချင်းတိုက်နှင့်၊ ဆင်တိုက် ဆိတ်တိုက်၊ ကြက်ငှက်တိုက်က၊ ဒုစရိုက်ဆိုး၊ ပျော်မှုမျိုးလည်း၊ တန်းခိုး*ဖျင်းသုန်၊ ဘုန်းဂုဏ်ညှံ့ကင်း၊ ပျက်စီးခြင်း၏၊ ကြောင်းရင်းမှန်လှ၊ မချွတ်စွဘည့်၊ ကာလဒေသ၊ ပုဂ္ဂလကို၊ နိုင်းဆမယှိ၊ မသိတတ်သူ၊ လူမိုက်ဟူ၏၊ သိမှုပဏ္ဍိ၊ ပညာယှိရှင့်၊ သတိ*မဲ့စွာ၊ ပညာကင်းပ၊ လူ့ဗာလကား၊ ဒေါသတရား၊ မာနကြွား၏၊ခါးလည်းမသန်၊အားမတန်ဘဲ၊မာန်တကဲကဲ၊ ဆင်*တပဲလျက်၊ တင့်ရဲမရှောင်၊ တခေါင်ခေါင်နှင့်၊ မာန်ထောင်အစည်၊လွှဲမကြည်သည့်၊ခါချဉ်မိုက်သို့၊ပျက်စီးဘိုတည်း၊ကိုယ့်မာန်နှင့်ကိုယ်၊ဒေါသပို၍၊ ထိုထိုသတ္တဝါ၊ ဘေးဖြစ်စွာခဲ့၊ ပညာယှိမှ၊ မြင်သိရေးရာ၊ အဖြာဖြာနိုက်၊ လိမ္မာသော့အား၊ တော်ဖြောင့်သား၍၊ အများသုခ၊ ချမ်းသာကြ၏၊ မောဟအလိုက်၊ မာန်မုန်အိုက်လျက်၊ သူမိုက်အလို၊ အမြင်တိုရှင့်၊ ထိုသူမိုက်တို့၊ ပညာချို့၍၊ ကိုယ့်ဘိုအလား၊ သူတပါးနိုက်၊ သနားမစာ၊ မကြင်နာဘူး၊ ကြမ်နောကင်းငြား၊ မထောက်ထားဘဲ၊ တရားမဲ့စွာ၊ ကိုယ်ကသာတိုင်း၊ မညှာမဆာ၊

ပြုတတ်ကြ၏၊ လောကနိုက်ဝယ်၊ ငါတကယ်ဟု၊ကျယ်ခွင့်ရတိုင်း၊ကျယ်မလှိုင်းနှင့်၊ အပိုင်းမသိ၊ နှိုင်းမယှိဘဲ၊ ကျယ်မိကျယ်ရာ၊ ကျယ်တတ်စွာမူ၊ ကျယ်ရာထိုမှ၊ ဘေးဖြစ်ရ၏၊ ဗာလဘေးဆိုက်၊ လူမိုက်ဒုက္ခ၊ ဆင်းရဲရလည်း၊ မြင်ကြလူများ၊ မသနားတည့်၊ အားရဝမ်းသာ၊ ရှိကြစွာခဲ့၊ သည်းချာပုတ္တ၊ ဘသားလှကား၊ ထိုမျှမကြွင်း၊ ပြည်ထောင်ချင်းနှင့်၊ *ခပင်းသတ္တဝါ၊ မချမ်းသာအောင်၊ ဘယ်ခါ သော်မျှ၊ မကြံရဘူး၊ ဉာဏသတိ၊ သမာဓိနှင့်၊ ညီညှိတည်ကြား၊စိန်တပ်မြားသို့။ ။ ဉာဏ်သွားမပေ ရစ်စေနှင့်။  (၂၆)

၁၉၆။ ဗာလစရိုက်၊ လူ့ရွာနိုက်လျှင်၊ သူမိုက်မနော၊ ကျင့်သဘောကား၊ နိုင်သောသူများ၊ မမြစ်တားက၊ သနား*မဲ့မူ၊ ကိုယ့်အောက်သူကို၊ *ကလူ နိုင်ထက်၊ နှိပ်စက်မပြတ်၊ ပြုကျင့်တတ်၏၊ မချွတ်မှန်လှ၊ ထိုဗာလကား၊ ဘုရားရှေ့ဝယ်၊ သင်ပုတ်ကျယ်တွင်၊ ခွေးကျယ်စော်ကား၊ ဝင်ကာစားသော်၊ ကျောင်းသားငါ့ကျယ်၊ ထိုလူ့ကျယ်လျှင်၊ ကြိမ်ကျယ်ကိုင်လှုံက်၊ ပြင်းစွာ နှက်က၊ ဆက်ဆက်အကယ်၊ တကျယ်ကျယ်ဖြင့်၊ ခွေးကျယ်အော်ရ၊ ဟူစကြသို့၊ လောကနိုက်ဝယ်၊ ထိုလူကျယ်ထက်၊ ဆိုးကျယ်သော့သူ၊ တွေ့သော်မူကား၊ ထိုလူမိုက်ကျယ်၊ သေလုဘွယ်အောင်၊ ကျယ်ကျယ်အော်ဟစ်၊ ဘေးကြီးဖြစ်၏၊ တဆစ်မှတ်ရာ၊ ရှေးသော့ခါနိုက်၊ မဟာဗောဓိသတ်၊ သူမြတ်သိမ်မွေ့၊ သည်းခံ လေ့နှင့်၊ ရသေ့ရှင်ကောင်း၊ ကျွဲးမင်းလောင်း၏၊ ဥက္ခောင်းကျောက်ထက်၊ ခုန်တက်စီးကာ၊ မြင်မသာအောင်၊ ယုတ်မာကျင့်*သွမ်း၊ မျောက်*ဟော့ရမ်း လျှင်၊ စည်းကမ်းမရှိ၊ မိုက်ဇာတိဖြင့်၊ ကျင့်ဘိတုံလျှင်း၊ လိပ်ခံတွင်းနှင့်၊ *ရှန့်ရင်းဆတ်မြား၊ ကျွဲးချိုဖျားဝယ်၊ ကားရားအူပေါက်၊ ဘေးကြီးရောက်လျက်၊ *တောက်တောက်ပြတ်လု၊ သင့်အမှုတိုင်း၊ မရှုမရဲ၊တွဲ့ရွဲးရွဲးဖြင့်၊ လိပ်ခဲ့မလွှတ်၊ သေမတတ်အောင်၊ ဆတ်ဆတ်တုံမျှ၊ ဆင်းရဲရ၏၊ မိဘစိုးမင်း၊ စောင့်ရှောက် ခြင်းဖြင့်၊ ကြီး*ပြင်းချမ်းသာ၊ ဘေး*ဘျမ်းကွာ၍၊ ပြည်ရွာချမ်းမြ၊ နေကုန် ကြလျက်၊ မောဟဖုံးပြု၊ချို့ဉာဏ်နုတို့၊ ကတည်ုတာ၊ မင်္ဂလာကင်းဘိ၊ထူးမသိဘူး၊ မွေးမိရင်းနို့၊ သောက်ဇို့ခဲးကိုက်၊ သူငယ်မိုက်သို့၊ သိမ်းပိုက်ကိုယ့်ကို၊ ကြည်ညို စောင့်ရှောက်၊ခြီးမြှောက်ဂုဏ်ထူး၊မိုး*ရှိကျူးလည်း၊ကျေးဇူးမြင်းမိုရ်၊မမြင်လို့ခဲ့၊ လူကိုယုတ်မြတ်၊ မသိတတ်က၊ ဆိုးနတ်မိစ္ဆာ၊ ကပ်မကွာသို့၊ ချမ်းသာသုခ၊ ဘယ်မရတည့်၊ ထိုမှတဖြာ၊ ဤလူ့ရွာနိုက်၊ ပညာကာယ၊ ဥစ္စာစသား၊ ဗလ နည်းပါး၊ မတန်ငြားဘဲ၊ အား*မဲ့တုံလျက်၊ ရန်ပြိုင်ဘက်လည်း၊ ပျက်အံ့ အရေး၊ မှန်မဝေးရှင့်၊ နွားချေးပိုးကောင်၊ တောဆင်*ပြောင်ကို၊ မာန်ထောင် ပျက်ပြယ်၊ ရန်စရှယ်က၊ အာ့ွယ်နှာမောင်း၊ ခြေတချောင်းမျှ၊ တူကြောင်း ပြိုင်ရှက်၊ မဘက်ခလောက်စွာ၊ ပိုးမိစ္ဆာကို၊ ပမာထိုဆင်၊ *ထိမထင်ဘဲ၊ မစင် တုံးဖြင့်၊ ကိုယ်လုံးဘိ၍၊ သိသိကြေ*ဆော၊ ကျင်ရည်ကြောတွင်၊ ပေါလော

ပေါ်ထွေ၊ မျှော်ပစေ၏၊ ဂုဏ်နေမတူ၊ မမျှသူကို၊ မာန်မူသမှု၊ ပြိုင်မပြုနှင့်၊ မတုရာသီး၊ ရေနှင့်မီးကို၊ ကြီးကဘယ်ခါ၊ မရဲရာဘူး၊ ရဲပါတုံလစ်၊ ရေမွန်း နစ်လျက်၊ မီးချပ်လောင်မြိုက်၊ ဘေးကြီးဆိုက်လိမ့်၊ ကိုယ်နိုက်ဒုက္ခ၊ ဤဒိဋ္ဌပင်၊ ရ၏မှန်စွာ၊ ပျက်စီးရာ၏၊ ပမာမသွေ၊ မီးနှင့်ရေကို၊ သက်ဝေရတနာ၊ ဉာဏ်ရှုစာလော့၊ တဖြာထို့နောက်၊ ကိုယ့်အောက်ကိုယ့်တူ၊ မည်သူကိုမျှ၊ မဘက်ရဘူး၊ ရာဇမာ†ယာ၊ မင်း*ဘွယ်†ရာနိုက်၊ လိမ္မာသဖြင့်၊ သား*မွန် ချင့်ရှဲ၊ အသင့်ဖြစ်အောင်၊ ပြုကျင့်ဆောင်လျက်၊ ပြည်ထောင်ဘက်ချင်း၊ ထိုထိုမင်းနှင့်၊ မုန်းတင်းမမူ၊ ရန်သူမပြု၊ ပွါးရှုမေတ္တာ၊ ရန်မူခွါလော့၊ ပဏ္ဍာ *ဆောင်းပါး၊ သာစကားဖြင့်၊ *ဟံတားတမန်၊ *သဝဏ်ရွှေလွှာ၊ စေပါနိစ္စ၊ မပျက်ရဘူး၊ ငါ့ဟာနှင့်ငါ၊ ငါသည်သာဟု၊ လိုရာဆွဲမှု၊ တင်းမလုနှင့်၊ ကိုယ်ပြု ကိုယ်နိုက်၊ ကြိုက်မကြိုက်ကို၊ လိုက်၍စုံစမ်း၊ ခေါ်း*ဆောက်ကမ်းဖြင့်၊ *မရမ်း မကား၊ တရားမွေညက်၊ အရိုးသက်ရှင့်၊ ဆက်ဆက်မှတ်ပိုက်၊ ကိုယ်မကြိုက်က၊ သူနိုက်ဘယ်ခါ၊ မကျင့်ရာဘူး၊ ပညာသတိ၊ ကိုယ်နှင့်ညှိ၍၊ မြဲးယှိစေလျက်၊ ယွင်းမကွက်လင့်၊ မာန်တက်ထောင်လွှား၊ တိုင်းတပါးနှင့်၊ မပွါးမေတ္တာ၊ ရန်ဘက်ရှာက၊ မသာမယာ၊ တိုင်းပြည်နာလျက်၊ ပြည်ရွာမငြိမ်း၊ ပြည်ခေါင်း တိမ်းလိမ့်၊ မုဒိမ်းရုတ်†ရက်၊ မျှားစစ်မက်ဖြင့်၊ လု†ယက်လှုပ်ရှား၊ ပြည်ချောက် ချား၍။ ။တိုင်းကားမကျေ ရစ်စေနှင့်။ (၂၇)

၁၉၇။ သူရှာသူပြည်၊ ဟူဟုံသည်ကို၊ ဆံခြည်မျှမျှ၊ သဘောခွ၍၊ ဇိတ်က ဘယ်ခါ၊ အဘိဇ္ဈာဖြင့်၊ တဏှာတောင့်တ၊ လောဘတိုက်တိုက်၊ မလိုထိုက်ဘူး၊ သူနိုက်ပြည့်စုံ၊ စည်းစိမ်ပုံကို၊ မြင်တုံဘိလည်း၊ မျက်စိဆူးဝင်၊ မရှုချင်အောင်၊ ဝမ်းတွင်လှိုက်ဆူ၊ မငြူစူနှင့်၊ ငြူစူတတ်က၊ နတ်မဟာရာဇ်၊ ဒေဝါဖြစ်လျက်၊ စင်စစ်*လျင်ဆော၊ လတ်တလောဖြင့်၊ မနေ့ပဒေါ်သိ၊ မည်ရှိစိတ်ဆိုး၊ နတ် အမျိုးတို့၊ နွမ်းညှိုးခန္ဓာ၊ သေလွယ်စွာ၏၊ ကရုဏာပညာ၊ သမ္မာတည်ကြား၊ သူမြတ်များကား၊ မတရားပြု၊ မသေမှုကို၊ ပန်ဆုမတောင်း၊ မနှစ်*ထောင်း တည့်၊ မကောင်းသက်ရှည်၊ လူမမည်ခဲ့၊ မကာည်ယွင်းခွ၊ အဓမ္မဖြင့်၊ လက်ရ သိမ်းကာ၊ ပထဗျာထက်၊ စကြဝဋ္ဋာပတ်ခွေ၊ ရေမြေအဆုံး၊ လေးကျွန်းလုံး လည်း၊ ကျုံး၍ရဘိ၊ လိုမယှိဘူး၊ နိပါတ်ပါဠိ၊ နီတိကျမ်းလာ၊ မှတ်အပ် စွာလည်း၊ မေတ္တာဝေမျှ၊ ဤလောကနိုက်၊ သတ္တာဝါး၊ အတူသွားက၊ မည်ငြားမိတ်စစ်၊ ခင်ပွန်းဖြစ်၏၊ ဆဲ့နှစ်လှမ်းသော်၊ အဘော်*သဟဲး၊ လခွဲး ဉာတိ၊ မည်ဘိမပျက်၊ ထို့ထက်လွန်စွာ၊ ရက်ကြာကာလ၊ ပေါင်းဘက်ကြမှု၊ အတ္တသမာ၊ မှန်စွာထိုလူ၊ ကိုယ်နှင့်တူ၏၊ အယူထွေပြား၊ ထိုသူများအား၊ ပြစ်မှားစိတ်မှာ၊ မယှိရာဘူး၊ ပညာချင့်ထောက်၊ မာန်မမောက်နှင့်၊ ကိုယ့်အောက် တန်းတူ၊ အထက်သူဟု၊ မှတ်ယူမြဲးသို၊ သုံးပုဂ္ဂိုလ်တွင်၊ အောက်ကိုသနား၊

တမ်းတူအားမူ၊ မြှောက်စားအမျှ၊ မယုတ်ချနှင့်၊ ထက်ကသူမှာ၊ ရှိသေရာ၏၊
ကရုဏာရှေးမျှော်၊ ဝံသူတော်သို့၊ တွေ့သော်တွေ့ခြင်း၊ အိမ်လုံးနှင်း၍၊
ဆွေရင်းပမာ၊ ချစ်ကြင်နာလျက်၊ မေတ္တာတရား၊ သစ္စာအားဖြင့်၊ ယှဉ်ငြား
သူနိုက်၊ ပြစ်မှားမိုက်က၊ ကျိုက်ကျိုက်လှံ့ဝေ၊ ဆိပ်ပေါင်းနေသည့်၊ မြွေကို
ကိုင်မိ၊ ဘေးကြီးထိသို့၊ မချိကိုယ်မှာ၊ ပြစ်ရောက်လာ၏၊ မိစ္ဆာကျင့်ဆိုး၊
လူမိုက်မျိုးကား၊ ကိုးလေတိုးလေ၊ အိုတစ္ဆေသို့၊ ဆိုထွေပမာ၊ သဲကန္တာတွင်၊
အစာအစား၊ နေရာများနှင့်၊ ခုနစ်ပါးရတနာ၊ ပေးတတ်စွာသည့်၊ မဟာ
နိဂြောဓ၊ ပင်ရုက္ခကို၊ မြစ်မမကျန်၊ တူးလှန်ခုတ်ဖြတ်၊ ပြုတုံလတ်၍၊ ရေနတ်
နဂါး၊ ပေါက်သတ်စားသည့်၊ လှည်းသားငါးရာ၊ မဟာသီလဝ၊ လောင်းနာဂကို၊
ခဏခဏ၊ တောင်းလေရတိုင်း၊ ဗီဝခြေဖြုတ်၊ စွယ်ရင်းထုတ်ပြီး၊ ထွင်းနုတ်ယူထွေ၊
သက်မသေခင်၊ ဤမြေမျိုခွဲ၊ ဝိစိထဲသို့၊ ငရဲစိုက်စိုက်၊ ဝင်လေဆိုက်
သည့်၊ သူမိုက်ယောကျ်ား၊ မှုဆိုးသားတို့၊ တရားမမြော်၊ ရတိုင်းကော်၍၊
ကိုယ်သော်မျက်မှောက်၊ တို့၍ပျောက်အောင်၊ ပြစ်ရောက်ခန္ဓာ၊ ပျက်စီး
စွာ၏၊ မေတ္တာအထူး၊ ကိုယ့်ကျေးဇူးကို၊ ရှင်မြူးမသွေ၊ ဆောင်ပေကုန်ငြား၊
သူတို့အားလျှင်၊ ပုဏ္ဏားချောက်ကျ၊ သီဟရိုးငြိ၊ မိုးခေါင်ထိနှင့်၊ မိန်းမိကျားသွင်၊
ကျေးဇူးရှင်ကို၊ မတင်ကျေးဇူး၊ ထိမ်မြူးသော့အား၊ ပြန်ပြစ်မှား၍၊ ပျားစား .
လက်ဆေး၊ ရေရှုပ်ရေးသို့။　။ကျေးဇူးမချေ ရစ်စေနှင့်။ (၂၈)

၁၉၈။ ကျေးဇူးချေကာ၊ မပြုရာတည့်၊ လူသာမဟုတ်၊ အယုတ်တိရစ္ဆာန်၊
မှဝန်ဆောင်ဘိ၊ ကျေးဇူးယှိသား၊ ဟတ္ထိအဿ၊ ဂေါဏမဟိံသာ၊ စသည်
မှာလည်း၊ ပျိုခါစေစား၊ အိုခါရှား၍၊ စွန့်ထားပယ်ကာ၊ မပြုရာဘူး၊
ပြုပါတုံက၊ မိတ္တဒုဗ္ဘိ၊ မညီမမှ၊ လူ့ပါပတည့်၊ ထိုမှတပါး၊ ထိုအသားကို၊
သတ်စားဖြတ်စား၊ ပြုငြားတတ်မူ၊ ထိုသည့်သူကား၊ လူတွင်မိုက်†လှ၊ လူ့ဗာ†လ
တည့်၊ ပါပဘရာ၊ လွန်ယုတ်မာရှင့်၊ မာတာပိတု၊ ဗန္ဓုဉာတိ၊ စယှိအလား၊
ထိုကျွဲနွားတို့၊ လုပ်စားအတူ၊ လူနှင့်တကွ၊ မကွာရဘူး၊ ကိစ္စဆောင်ရွက်၊
သက်မွေးဘက်ဖြင့်၊ ဆက်ဆက်စင်စစ်၊ မိတ်ရင်းဖြစ်၏၊ သတ်ညှစ်အသား၊
သူမိုက်များသို့၊ မစားထိုက်စွာ၊ သားသည်းချာလျှင်၊ ပညာကရု၊ မျှော်ထောက်
ရှုလော့၊ ဤလူ့ဘဝ၊ လူ့လောကနိုက်၊ ဉာဏသမ္ပဇဉ်၊ ကင်းမယှဉ်ဘဲ၊ ကတ
ညုတ၊ ကတဝေဒိ၊ မသိတတ်သူ၊ ဗာလဟူ၏၊ ခွေးတူမထူး၊ ကျေးဇူးကျိုးယှိ၊
ဂုဏ်သတ္တိကို၊ မသိတတ်ကြ၊ မိုက်ခေါင်†လှသား၊ မိတ္တဒုဗ္ဘ၊ ဗာ†လဟူသည်၊
လူမသမှာ၊ ထိုများစွာတို့၊ ချမ်းသာစီးပွါး၊ မတည်ကြားတည့်၊ လျော့ပါး
ယိမ်း†ယိုင်၊ မြဲးမခိုင်ဘူး၊ ဓမ္မက†ရိုဏ်စစ်†ရေ၊ ကျ*ဖျား†ရေသို့၊ သ†ရေမတိုး၊
ဘုန်းရောင်ညှိုးလျက်၊ တန်းခိုးနှေးညှ၊ ဆုတ်လပမာ၊ ယုတ်တတ်စွာ၏၊ မာတာ
ပိတ၊ မိဘဆရာ၊ ရတနာသုံးပါး၊ သူမြတ်များအား၊ တရား*မဲ့စွာ၊ ရံတခါမျှ၊

နှုတ်လျှာရမ်းကား၊ မပြစ်မှားနှင့်၊ တံခါးလက်ပုတ်၊ ဆင်မြီးနုတ်သို့၊ အဟုတ် မမှား၊ နှုတ်ရမ်းကားနှင့်၊ သုံးပါးရတနာ၊ ဆရာမိဘာ၊ ဘိုးဘွားစသား၊ ဝယ ဝုဒ္ဓ၊ ဂုဏကြီးမား၊ ထိုသူများနှိုက်၊ ပြစ်မှားမိခါ၊ နည်းမျှသာလျက်၊ အရာမသည်း၊ အပြစ်*ပည်း၏၊ မောင်*နည်းသက်*လျှာ၊ သိလိ†မှာလော့၊ ကိုယ့်†မှာကျင့်ညစ်၊ ကိုယ့်အပြစ်ကို၊ အပြစ်မ†သိ၊ အပြစ်ယှိကို၊ †သိ၍ ဝန်ချ၊ တောင်းပန်ခလည်း၊ မရသသူ၊ နှစ်ဦးလူတို့၊ မှတ်ယူမုချ၊ ဗာလ ချည်းသာ၊ ဟူစပါ၏၊ စေတနာဖ†ရှည်၊ လွန်ကြမ်းကြုတ်သား၊ ဆိုး†ယုတ် ဒုစရိုက်၊ အပါယ်ထိုက်သည့်၊ သူမိုက်ကျင့်ရာ၊ ကံဆယ်ဖြာလည်း၊ မိစ္ဆာပထ၊ ပါယ်လမ်းမတည့်၊ ဘဝယုတ်မာ၊ ရောက်တတ်စွာခဲ့၊ ပါဏာတိပါတ်၊ သက်သတ်အမှု၊ ကိုယ်လိုပြုနှင့်၊ ပြုဟုသူကာ၊ တိုက်တွန်းကြ၍၊ ပြုရသော့သူ လိုတူသော့အား၊ မြစ်နိုင်ငြားလျက်၊ မတားမြစ်သူ၊ သုံးယောက်လူတွင်၊ သတ်သူနိရယ၊ ငရဲကျ၏၊ သူကခေါ်ရာ၊ ပါသူမှာမူ၊ တိရစ္ဆာန၊ ဖြစ်ထမှား၊ လိုတူအားဖြင့်၊ မတားမြစ်သူ၊ ထိုလူမှာတုံ၊ ပြိတ္တာဘုံဟု၊ အာဂုံဘွင့်လှစ်၊ ထူးအပြစ်ကို၊ စင်စစ်မှန်စွာ၊ ကျမ်းနှိုက်လာ၏၊ ကောင်းစွာသက်မွေး၊ ကုသိုလ် ရေးနှိုက်၊ *ဖင့်နွေးနွဲ့*ပျဉ်း၊ မခိုင်*မျဉ်းနှင့်၊ *စေ့ချဉ်းကပ်†နီး၊ ယှဉ်*နှော †နှိုး၍၊ ကြီးသူမြတ်အား၊ မပြတ်ရိုသေ၊ *မထေမပြု၊ ဗဟုဿုလည်း၊ စုလော့ ရရာ၊ ရတိုင်းရှာရှင့်၊ နည်းနာတရား၊ ကြားမြင်များမှ၊ ထင်ရှားပညာ၊ ဖြစ်သည် သာတည့်၊ ယုတ်မာသရေ၊ သန္ဒေညှံ့ဆိုး၊ ဇာတ်နွယ်ရိုးကား၊ အမျိုးမိုက်ထိုင်း၊ အကျင့်ရိုင်း၏၊ ကျီးဗျိုင်းပမာ၊ မစောင့်စွာဘူး၊ ဒုရာဇီဝ၊ ဒုစာရနှင့်၊ ပါပ ကျင့်မျိုး၊ အကျင့်ဆိုးကို၊ သတိုးသက်လှယ်၊ တားမြစ်ပယ်လော့၊ ကိုယ်ဝယ် သျှာယ်၊ မငြိတွယ်အောင်၊ မိုက်နွယ်မျိုးခြား၊ ထိုသူများကို။ ။ထံပါးမခြွေ ရစ်စေနှင့်။ (၂၉)

၁၉၉။ သမ္မာအစဉ်၊ ဉာဏ်ဖြင့်ယှဉ်၍၊ ကတညုတာ၊ မင်္ဂလာဓမ္မ၊ မချွတ် ရဘူး၊ ထိုမှတုံပြီး၊ နည်းမှန်သိလော့၊ မျက်စိမြင်သူ၊ ကန်းသော့လူကို၊ ဆောင် ယူမြဲသာ၊ ထိုပမာသို့၊ ဥစ္စာယှိ*မှဲ့၊ ဉာဏ်*ဟဲ့ဉာဏ်ပါး၊ အားကြီး အားငယ်၊ လူတိုင်ယ်လည်း၊ မပယ်အပ်စွ၊ ဣဿ†ရဖြင့်၊ စိုး†ရသူကား၊ ဆင်းရဲသားကို၊ သနားခြီးမြှောက်၊စောင့်ရှောက်အပ်ရာ၊ လူ့*တံထွာတည့်၊ ဥစ္စာဘောဂ၊ ဣဿရ နှင့်၊ ဗလပညာ၊ ရှိပါတုံမူ၊ မိုက်သောသူတို့၊ *ကလူနိုင်ထက်၊ နှိပ်စက်သော့ အား၊ သူတပါးကို၊ ပြစ်မှားမ†ညှာ၊ ပြုတတ်စွာ၏၊ ပ†ညာ မြင်ကြား၊ ရှိပါ ငြားလည်း၊ တရားအလွတ်၊ စကားတတ်လျက်၊ ယုတ်မြတ်ပုဂ္ဂိုလ်၊ လူထိုထိုအား၊ အလိုမိုက်ဆိုး၊ မာနကိုး၍၊ လွှမ်းမိုးနှုတ်လျှာ၊ ပြောတတ်စွာမူ၊ ထိုပညာယှိ၊ မိမိအတတ်၊ ကိုယ့်ကို†သတ်၏၊ ပရိ†သတ်ခွင်၊ ပွဲမဝင်ရာ၊ သဘင်လွှတ်ရှိုး၊ မသုံးနိုင်ကြ၊ ဝိုင်းပယ်ရလိမ့်၊ သဇ္ဇနလက္ခဏာ၊ မဟူရာဘူး၊ ဓမ္မတာလူ့ဝတ်၊

မညီညွတ်ဘဲ၊ ချွတ်ကအဟုတ်၊ တရားပြုတ်သော်၊ သူယုတ်သူမာ၊ မည်စပါရှင့်၊ ငါတို့မင်းမျိုး၊ ကိုယ့်အကျိုးထက်၊ ပြည်ကျိုးကိုသာ၊ ပြုအပ်စွာ၏၊ ပြည်ရွာကိစ္စ၊ ဆောင်တတ်ကြမှ၊ အဝုတ္တနည်း၊ ကိုယ်လည်းတက်ဖြိုး၊ ဘုန်းရှိန်တိုး၍၊ တန်းခိုးတေဇာ၊ ကြီးပွါးရာ၏၊ သစ္စာဟူငြား၊ မှန်တရားလည်း၊ တိမ်းပါးမ†ယို၊ မြဲးစေဘိလော့၊ တောင်†ရှိမပြို၊ မယိမ်း†ယိုနှင့်၊ ဖ†ရိုဖရဲ၊ မဟူဘဲးလျှင်၊ ဆိုခဲး မိန့်ခဲး၊ မိန့်*တပဲးလည်း၊ မလွဲး*မလက်၊ သံကြားဖျက်စေ၊မပျက်မစီး၊ စက်*နှယ်လှိုး၍၊ ထွက်ပြီးဆင်စွယ်၊ နွေသဖွယ်ဖြင့်၊ အကယ်မယွင်း၊ မြဲးစေလျှင်းရှင့်၊ မင်းတို့စကား၊ မိုးကြိုးသွားသို့၊ မခြားမှန်စွာ၊ စံတည်ရာ၏၊ ရံခါတစ်၊ အရေး ယှိက၊ ကပိရာဇာ၊ ဝါနရိန္ဒ၊ သေနကတို့၊ လှံ့လမပေါ့၊ မမေ့†လျော့ဘဲး၊ မ†လျော့စိတ်ဝယ်၊ ကြံသော့*နှယ်သို့၊ ဥပါယ်*တမျဉ်၊ သမ္ဗဇဉ်နှင့်၊ ဉာဏ်ယှဉ် ကြီးစွာ၊ ကြံစည်ရာ၏၊ ပညာရွှေထား၊ လှံ့လအားဖြင့်၊ ဉာဏ်သွားမပေ၊ ထက်မြက်စေလော့၊ ရေမြေ*သနင်း၊ မင်းတို့ရွှေဘုန်း၊ မိုးသို့ချုန်း၏၊ လူပုန်း တောမှာ၊ မနေသာဟု၊ စဉ်လာလူ*ဗိုလ်၊ *ဥဒါန်းဆိုတိုင်း၊ သားညိုပုလဲ့း၊ မြေတုန်*ချွဲမျှ၊ *မနဲ့မနုန့်၊ မင်းတို့ဘုန်းဖြင့်၊ ဂဠုန့်တောင်သံ၊ နဂါး†ယံ့သို့၊ ကြောက်†ရွံ့ရံမျိုး၊ညွတ်ညွတ်ကျိုး၍၊ ပုန်းလျှိုးငုပ်ထွေ၊ ပျောက်ပျက်စေလော့၊ ရေဝယ်နေရှောင်း၊ ငါးလိပ်ပေါင်းကို၊ မိကျောင်းဆိုးကျူယ်၊ ကဲ့သဖွယ်သို့၊ လူဝယ်မသွေ၊ ယှိတတ်†ချေ၏၊ တိုင်း†ခြေပြည်*ထဲး၊ ကျားသစ်ရဲးသို့၊ လက်စွဲး ခါးမြှောင်၊ အမြဲးဆောင်လျက်၊ ဓားမြောင်*ပလိပ်၊ရောင်ချိပ်ချိပ်ဖြင့်၊ မှောင်ရိပ် ခိုအောင်း၊ တယောက်ကောင်းနှင့်၊ သင်းပေါင်းဘွဲ့ကာ၊ ထင်ရှားစွာလျှင်၊ နိုင်ရာနှိပ်စက်၊ *ဟုပ်လယက်သား၊ *ညဉ့်ငှက်စောရ၊ နှုကြမ်းစသည်၊ ဓားပြ လူမျိုး၊ လူဆိုးလူမှေ့၊ လူပွေ လူနှောက်၊ ဘောက်သောက်လူစား၊ လူလျှပ်ဝါးတို့၊ *သော်ကား မော်ကား၊ ကျင့်ရမ်းကားလျက်၊ *ချောက်ချားကဲးမိုး၊ မိုက်မာန် ကိုး၍။　။မဆိုးမတော ရစ်စေနှင့်။ (၃၀)

၂၀၀။ လောကီ့မမ္မတာ၊ ပြည်ရေးရာလည်း၊ပြည်ရွာနီးရှက်၊ အိမ်နီး†ကြက် သို့၊ †ကျက်ကျက်မကင်း၊ ယှိတတ်လျှင်း၏၊ ကျွန်ချင်း, ကျေးချင်း၊ ဆင်မြင်း ကညာ၊ ရတနာတသီး၊ သားသွီးကြောင့်၊ ဆောင်းထီးနှစ်ဆူ၊ ရိပ်ဖြူနှစ်စင်း၊ နှစ်ပြည်မင်းတို့၊ မုန်းခြင်းတတည်၊ ချစ်ကြည်တချက်၊ ထိုးစစ်မက်နှင့်၊ ရန်ဘက် တခါ၊ ဆက်ပဏ္ဏာဖြင့်၊ သဟာတ:ဝ၊ ဖြစ်တတ်စွရှင့်၊ ဂုဏာဒေါသ၊ နှစ်ဝကျိုးပြစ်၊ မုန်းချစ်နှစ်တန်၊ မမှန်ကိစ္စ၊ မကင်းကြဘူး၊ ပြည်ရွာ့ကြောင်းဟိတ်၊ မင်းတို့စိတ် လည်း၊ ရန်မိတ်လက္ခဏာ၊မမြဲးရာတည့်၊ သူ့ရွာသူ့ရပ်၊ နီးကပ်နေတည်၊ သူ့ပြည် တိုင်းခန်း၊သူ့နယ်စွန်းကို၊*သုံ့ပန်းဆောင်လတ်၊*မောသောခတ်၍၊မပြတ်ရန်ရှာ၊ မပြုရာတည့်၊ လိမ္မာယုံကျွန်၊ နှလုံး*မွန်ကို၊ တိုင်းစွန်ပြည်နား၊ ရာခန့်ထားမှ၊ အများ သတ္တဝါ၊ ရချမ်းသာလိမ့်၊ ပညာ ပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စ

ကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ် ထွင်းဘောက်၊ ဖြတ်*တောက်လိုရာ၊ ပြီးနိုင်စွာ၏၊ ပညာမသုံး၊ နှလုံး မပျော်း၊ လက်ရှုံး ကောင်းကား၊ တကြောင်းမျှသာ၊ စူးပမာသို့၊ လိုရာကိစ္စ၊ များမကျတည့်၊ ဗလအားကိုး၊ မာနမိုးလျက်၊ *မကျိုးမ†ကျည်၊လူပြော*စည်နှင့်၊မ†ကြည်မမြတ်၊*တောက်ဆတ်ကားရား၊ ရန်စများ၍၊ မီးပွါးပမာ၊ ပြည်မသာဘူး၊ ပညာထောက်ထား၊ ထိုကြောင်းလျားကြောင့်၊ တပါးမင်းထံ၊ တနိုင်ငံသို့၊ စေသံတမန်၊ တိုင်းစွန်ပြည်နား၊ ထားသည့်ဘျားကျွန်၊ နှလုံး*မွန်စေ၊ ရုံးလွန်တုံက၊ ရန်မီးထလျက်၊ ရန်စမတုံး၊ ပြည်ရွာ*ချုံးလိမ့်၊ နှလုံးရည်*မွန်၊ လွန်သမျှကား၊ ကောင်းကျိုးများ၏၊ သားရတနာ၊ မှတ်သချာလော့၊ ရာဇာနှစ်မင်း၊ ပြည်ထောင်ချင်းလည်း၊ မကောင်းကိစ္စ၊ ယှိကာလနှိုက်၊ ဝနရုက္ခ၊ တော*စိုးစသည်၊ အညမည့်၊ ပင်ချင်းရုံသို့၊ *ဆက်ဆံတကွ၊ ကူညီရမှု၊ ဌာနအောင်ချာ၊ ပြည်ကြီးသာလိမ့်၊ မေတ္တာမဆက်၊ သစ္စာပျက်က၊ စစ်မက်လည်းပွါး၊ ပြည်*ချောက်ချား၍၊ *တိုင်းကားမသာ၊ ပြည်ကြီးနာလိမ့်၊ မေတ္တာသစ္စာ၊ ဤနှစ်ဖြာကို၊ သေချာပိုင်းခြား၊ ဝမ်းဝယ်ထားရှင့်၊ တရားကင်းဘိ၊ ပရိကပ္ပ၊ လိပ်စူဋ္ဌသို့၊ တွေ့သမျှ†ယမ်း၊ ကျရာဖမ်း၍၊ ဘ†ရမ်းဘတာ၊ ပြောတတ်စွာတည့်၊ သမ္မာ*မဲ့ငြား၊ သူ့စကားနှင့်၊ *ချောစားဂုံးတိုက်၊ လူ့စရိုက်ကို၊ မလိုက်မနာ၊တည်ကြည်စွာလော့၊ သမ္မာကင်းကွာ၊ သူယုတ်†မာကား၊ တော†မှာကျီးငှက်၊ အိမ်မှာကြွက်သို့၊ သူပျက်သူလောင်၊ ပြည့်ငြောင့်ကောင်လည်း၊ မရှောင်လုယက်၊ နိုင်အထက်ဖြင့်၊ ပျက်ပျက်စီးစီး၊ *အချည်းနှီးအောင်၊ ဖျက်ဆီးမှုသာ၊ ပြုတတ်စွာ၏၊ သမ္မာမကြိုက်၊ စရိုက်ယွင်းချော်၊ မ*အော်မအမ်း၊ အကျင့်သွမ်းနှင့်၊ *ဟော့ရမ်းယုတ်မာ၊ မိစ္ဆာလူမျိုး၊ မိုက်အားကိုးတို့၊ မိုက်ဆိုးမိုက်ရဲ၊ မိုက်မိုးကဲ၍။ ။ ပြည်ထဲးမမွေ့ ရစ်စေနှင့်။ (၃၁)

၂၀၁။ ရာဇာမှူးမတ်၊ မပြတ်သောက်စား၊ နာဖျား*ပြောစည်၊ စစ်သည်စိတ်လျှော့၊ မင်းစိတ်ပျော့နှင့်၊ ဆိုးသော့နက္ခတ်၊ သူတတ်စီရင်၊ မြင်း ဆင်*ကြုံလှိ၊ မညီမင်း†ချင်း၊ စိတ်ကွဲ†ခြင်းဖြင့်၊ ညှံ့ဖျင်းသူရဲ၊ ပြည်ထဲးငတ်မွတ်၊ မလွတ်သော့အား၊ ဤဆယ်ပါးကြောင့်၊ ပျက်ပြားပြည်လုံး၊ စစ်ကြီးရှုံး၏၊ သောက်သုံးမျို*တုတ်၊ မယစ်*ထုတ်နှင့်၊ မယုတ်မလွန်၊ ပြည်ကြို့းဝန်ကို၊ ဆော်ဘန်နေ့ည၊ မလပ်ရအောင်၊ လှုံ့လမကင်း၊ တိုင်ပင်ခြင်းဖြင့်၊ *စိုင်းပြင်းလေ့လာ၊ မပြတ်ရာဘူး၊ ငါသာတတ်သိ၊ ပညာယှိဟု၊ မိမိကိုသာ၊ မမှတ်ရာဘူး၊ ဌာနာဌာန၊ ဉာဏ်ချင့်ဆလော့၊ ကိစ္စနှစ်ပါး၊ အရာအားဖြင့်၊ ယောကျ်ားမပြီး၊ မိန်းမပြီး၏၊ သမီးနှင့်သား၊ မိဘများက၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ဆောင်ရန်ဝန်ကို၊ မလွန်စေမြို့၊ ထိုသူတို့မျ၊ ဆောင်ဘို့ဆောင်ရာ၊ ဆောင်မှသာသည့်၊ ရုပ်ဝါသွင်မူ၊ အမြင်တူလည်း၊ ကျီးဖြူ ဆင်ဖြူ၊ ဂုဏ်မတူဘူး၊

ကျိီးဖြူရောက်က၊ စစ်မက်ထ၏၊ နာဂဆင်ဖြူ၊ ရောက်မူပြည်ရွာ၊ ၀ပြောသာ၏၊
လူ့ရွာလူ†မှာ၊ မှတ်စဉ်လာသို့၊ သ†မ္မာမကြိုက်၊ ဒုစရိုက်နှင့်၊ လူမိုက်ထွန်းရာ၊
သူ*တကာတို့၊ ပူဆာများတတ်၊ သူမြတ်ပဏ္ဍိ၊ ကဝိထွန်းရာ၊ သတ္တ၀ါတို့၊ ချမ်းသာ
ပွါးတတ်၊ မှန်မချွတ်တည့်၊ လောကဓာတ်တဝိုက်၊ လူ့နယ်တိုက်နှိုက်၊ သူမိုက်
ကံသာ၊ ဘေးဖြစ်စွာ၏၊ ပညာယှိပေါင်း၊ သူတော်ကောင်းမှ၊ ပျက်ကြောင်း
ယူလစ်၊ ရံတဆစ်မျှ၊ ဘေးဖြစ်စရိုး၊ မယှိနိုးရှင့်၊ *သတိုးဘုန်းမော့၊ မင်းယည်
ကြော့လျှင်၊ မှတ်လေ့အစဉ်၊ ပုထုဇဉ်ကား၊ မယှဉ်သတိ၊ ပညာယှိလည်း၊
ဒိဋ္ဌိပြေး၀င်၊ မပြောင်းကျင်ဘူး၊ အမြင်ချွတ်လွဲ၊ *စဉ်းလဲကောက်ကျစ်၊
မိစ္ဆာဖြစ်၏၊ ကျင့်ညစ်*တလွ၊ ၀က်†ဏ္ဍနှင့်၊ ကေ၀†ဋ္ဋမိုက်၊ ဒုစရိုက်သို့၊ သူမိုက်
ဟူသည်၊*ဗိုလ်လူဒုက္ခ၊ရအံ့အကြောင်း၊ မကောင်းကိုသာ၊ ကြံတတ်စွာ၏၊ခိုင်မာ
ကျေပြွန်၊ဆောင်သည့်၀န်နှင့်၊ အားခွန်ပြည့်ငြား၊ နွားကြီးများကို၊ ပယ်ယှား
တံလျှင်း၊နွားငယ်သွင်း၍၊ကခြင်းထမ်းပိုး၊ အကျည်ကျိုးလျက်၊ ကိုးရိုးကားရား၊
ဖြစ်သောလားသို့၊ မခြားပုံမှီး၊ လိမ္မာ*ဖြီးသည့်၊ လူကြီးကိုပယ်၊လူငယ်ကိုမြှောက်၊
မမူ*စောက်ဘူး၊ ရှေ့နောက်မရှု၊ ထင်တိုင်းပြု၍၊ ပြည်မူချောက်ချား၊ ကားရား
ကိုးရိုး၊ ပြည်ထမ်းပိုးလည်း၊ မကျိုးစေရာ၊ ရှုအပ်စွာရှင့်၊ ပညာသမ္ပဇဉ်၊ ဉာဏ်
မယှဉ်ဘဲ၊ ဥယျာဉ်သည်မိုက်၊စရိုက်မကောင်း၊မျောက်အပေါင်းကို၊ ရေလောင်း
ခိုင်းမှား၊ ကျိုးပျက်ပြား၏၊ တရားအမြစ်၊ စစ်သော်တမူ၊ အရင်းယူက၊ ခိုင်းသူ
အမိုက်၊ ကဲ့ရဲ့ထိုက်၏၊ လူနှိုက်ထိုသို့၊ တရားချို့လည်း၊ မင်းတို့နှိုက်သာ၊ အပြစ်
လာလိမ့်၊ သမ္မာ*မဲ့ငြား၊ တရားကျင့်၀တ်၊ မင်းတို့ချွတ်က၊ ငတ်မွတ်ရေစာ၊
ရောဂါလက်နက်၊ သုံးချက်ဘေးကြီး၊ ဘိစီးပြည်ရွာ၊ ရောက်တတ်စွာ၏၊ အခါ
အခါ၊ အရာရာနှိုက်၊ ပညာရှေးယှိ၊ သမာဓိနှင့်၊ သတိထိန်း†ကျောင်း၊ မှန်လမ်း
†ကြောင်းနှင့်။　　။မစောင်းမစွေ ရစ်စေနှင့်။　　(၃၂)

၂၀၂။ မစွေမစောင်း၊မှန်လမ်း†ကြောင်းဖြင့်၊ထိန်း†ကျောင်းသတိ၊ စောင်း
ကြိုးညှိသို့၊ စောင့်ဘိပညာ၊ မလစ်ရာဘူး၊ မင်းမှာကပ်နေ၊ လူမွေယောကျ်ား၊
မင်းစေများတို့၊ လျှပ်ဝါးသမူ၊ ပေါက်လွတ်ပြုက၊ ပြည်သူမီးပွါး၊ ဟူတုံငြား၏၊
ပြည်သာ့ပြည်သူ၊ ကျွက်ကျွက်ဆူအောင်၊ လောင်ပူမချမ်း၊ စိတ်၀မ်းမသာ၊
ဖြစ်တတ်စွာ၏၊ ရာဇဝတ်ဟူထ၊ ပြည့်မိဘတို့၊ လုံ့လမပြု၊ ရှေ့ပြည်မှုနှိုက်၊ ဂရု
မထူ၊ ပျော်ရေးယူလျက်၊ *လျစ်လျူရှုကာ၊ မနေရာဘူး၊ မေတ္တာမျက်†နှာ၊
ငဲ့ပ†ဏ္ဏာနှင့်၊ သမ္မာဉာဏ်နည်း၊ မောဟသည်း၍၊ မှူးလည်းမမှန်၊ မတ်မမှန်က၊
သေ့လှန်အပေါင်း၊ ပြည်လုံးစောင်းသိမ့်၊ သားကောင်းမျက်ဖျော်၊ စည်းစိမ်
ပေါ်တွင်၊ အပျော်လိုလိုက်၊ မမေ့ထိုက်တည့်၊ သူမိုက်မြှောက်စား၊ အရေးမှား
၏၊ တရားစီရင်၊ သဘင်လွတ်ရုံး၊ ပတ်ကုံးဌာန၊ တွင်းပြင်စသား၊ ဒေသသီးသီး၊
ဝေး နီးမဆို၊ ရပ်ထိုထိုနှိုက်၊ သူလျှိုယောကျ်ား၊ ကိုယ်စောင့်ထား၍၊ မင်းနား

တထောင်၊ ကုန်အောင်မကြွင်း၊ ပြည့်သတင်းကို၊ သားမင်းလီ+မှာ၊ မပြတ်နာ ရှင့်၊ လူ+မှာမပျက်၊ မောင်နားရွက်လော့၊ သူ့ထက်လွန်ကျူး၊ ထူး၍ကျင့်ရိုး၊ အမှုမျိုးကား၊ ကောင်းဆိုးနှစ်မည်၊ ကမ္ဘာတည်လိမ့်၊ အရှည်ကောင်းရာ၊ ရှုအပ်စွာ၏၊ ပညာနည်းပါး၊ မြင်ကြားကင်းချို၊ သူမိုက်တို့ကား၊ ကိုယ့်ဂုဏ် ကိုသာ၊ ကိုယ်ခြီးစွာ၏၊ ကြွားကာလွှားကာ၊ တဘွာဘွာနှင့်၊ ရေးရာမပြီး၊ ရှေး*အတီးက၊ လိပ်ကြီးသ+ဖွယ်၊ ဆဲရေး+ဘွယ်တည့်၊ အကယ်လူတွင်၊ များစွာထင်ခဲ့၊ ရွှေစင်*သတိုး၊ ထိုလူမျိုးကို၊ မြတ်နိုးကြည်နူး၊ ခန့်ရာထူးဖြင့်၊ ကြီးမှူးဌာနာ၊ မတင်ရာဘူး၊ သေချာမှတ်သား၊ သူတပါးတို့၊ ပြုငြားကုန်ကြ၊ ဟူသမျှနိုက်၊ ကိစ္စအတတ်၊ ပြီးမသတ်ခင်၊ လွှတ်လွှတ်နှုတ်လျင်၊ ပြစ်မတင်နှင့်၊ *ခုံမင်*လုလု၊ ခြီးမွမ်းမှုလည်း၊ မပြုအပ်စွာ၊ မကျင့်ရာဘူး၊ ငါသာငါတတ်၊ ငါသာမြတ်ဟု၊ စွဲမှတ်ဝါဒ၊ တိမာနဖြင့်၊ ဗာလအမူ၊ လက်ရုံးထူ၍၊ ခွေးတူ စိတ်မှာ၊ မထင်ရာဘူး၊ ဝိဇ္ဇာ သိပ္ပ၊ တတ်ကိစ္စနှင့်၊ ထိုမျှတည်တည်၊ မှုမျိုးသည် လည်း၊ ကျင်လည်ရာရာ၊ ကျွမ်းလိမ္မာ၏၊ ပညာကျေးဇူး၊ ဂုဏ်ဝါထူးသား၊ မင်းမှူးစိုးမတ်၊ *ကြမ္မာဘာသ်က၊ နာဂတ်အတိတ်၊ ပြည့်နိမိတ်ကို၊ စွဲစိတ် ဆင်ခြင်၊ အမြဲထင်အောင်၊ သိမြင်တတ်စွာ၊ လိမ္မာအရေး၊ များကျွန်ကျေး နှင့်၊ စည်းဝေးမချွတ်၊ ညီညွတ်ရေးမျှော်၊ ဆွေးနွေးပျော်လော့၊ မုန်းသော် မနိုင်၊ ချစ်သော်ပိုင်၏၊ လက်ကိုင်ဝရဇိန်၊ ဉာဏ်ဖြင့်ချိန်လျက်၊ ပူရှိန်ညီးညီး၊ မီးမှလတ်လတ်၊ သေစေတတ်ဟု၊ မမှတ်စရာ၊ ချမ်းမြေ့စွာသည့်၊ သီတာရေ လည်း၊ အသည်းတုန်ဧး၊ မနွေးဆတ်ဆတ်၊ သေစေဇာတ်၏၊ ပဋိဃာတ်ကြူး၊ ဒေါသရှုး၍၊ *ဆူးဆူးရားရား၊ မြွေဟောက်လားသို့၊ မပွါးအမျက်၊ ပြည် ထောင်ဘက်နှင့်၊ စစ်မက်လိုလား၊ ရန်ခိုက်များလျက်၊ သောက်စားပျော်ရေး၊ ပြည်ပျက်ဆေးကို၊ ရင်သွေးရတနာ၊မပြုရာတည့်၊မေတ္တာနှလုံး၊သစ္စာသုံး၍။ ။ ချစ်ထုံးမပြေ ရစ်စေနှင့်။ (၃၃)

၂၀၃။ ပဋိဃာတ၊ မျက်ဒေါသဖြင့်၊ ပြင်းပြလွန်ကြမ်း၊ မီးနှင့်+ယမ်းသို့၊ ပ+ရမ်းပတာ၊ မဖြစ်ရာဘူး၊ စာနာဉာဏ်ရှု၊ ဆင်ခြင်ပြုလော့၊ နှုတ်မှုနှင့်သာ၊ ပြီးသင့်ရာကို၊ လက်ပါခဲ့ငြား၊ ရန်ကြီးပွါး၏၊ အပ်သွားရာတွင်၊ ပုဆိန်ဝင်သို့၊ မှုဆင်ကြီးကျယ်၊ လိပ်သူငယ်ကို၊ ရေဝယ်လွှတ်၍၊ ရာဇဝတ်ကြီး၊ ရန်မီးတခု၊ ပြုမိသော့အား၊ *တိုင်းကားကိုယ်ပါ၊ မချမ်းသာဘူး၊ လူမှာမှတ်ယူ၊ အမှုဟူက၊ မီးတူပမာ၊ ပွါးတတ်စွာ၏၊ ရေးရာမမြောက်၊ မဆိုလောက်ဟု၊ မအောက် မေ့သာ၊ဝင်ရာအပ်မျှ၊ထွက်ကာပုဆိန်၊ သုခမိန်တို့၊ မှတ်ချိန်ဝေါဟာ၊မိန့်ကြမှာရှင့်၊ ပညာကင်းဘိ၊ မနိုင်းညှိဘဲ၊ဇာတိပုည၊ မဟတ္တာဖြင့်၊ မာနအရာ၊ ကဲမိုးစွာလျက်၊ ငါသာမင်းဟူ၊*ဘဇာတူဟု၊အယူမောက်ကြွား၊ မထောင်လွှားနှင့်၊ တောင်ကား မြင့်ကြီး၊မီးကားရှိန်ပူ၊ သံမူမာ+ကျော၊ဘက်*မဲ့သောဟု၊ရေ+ကြောသတ္တိ၊ မသိ

ရှိ့သာ၊ကြိမ်းပရာသို၊ပမာပုံ†မှီး၊မာန်မူကြီးရှိ့၊တောင်†မီးသံလား၊မကြုံးဝါးလင့်၊
ရေအားကြုံတွေ့၊ ဝဲးဟုန်မွှေ့ရှိ့၊ တိုက်ဝှေ့သော့ခါ၊မကြာမတင်၊ အလျင်သဖြင့်၊
တောင်မြင့်မီးပူ၊ သံမာမူလည်း၊ မြူသာဖြစ်ရှိ့၊ စင်စစ်ကြေမွ၊ ပျောက်ပျက်ရ၏၊
လောကလူတွင်၊ငါသာလျှင်တီ၊ငါ့ပြင်မယှို၊ထင်ဘိမှတ်ယောင်၊မောဟဆောင်ရှိ့၊
အန်ထောင်မာန၊မမူရတည့်၊သုတတရား၊ မြင်ကြားအသိ၊များစွာယှိလည်း၊ သတိ
မယှဉ်၊ သမ္ပဇဉ်မမှီး၊ မာနကြီးက၊ ခွေးမြီးပမာ၊ မည်စပါခဲ့၊ ထောင်ကာမတ္တာ၊
သုံးမကျရှင့်၊ သူမျာ့းကိုသာ၊ နှိပ်လိုစွာနှင့်၊ ရန်ရှာထိပါး၊ အပြစ်များ၏၊
သွားတပြုပြု၊ သုနခသို့၊ ဗာလအလို၊ သဝန်တိုနှင့်၊ ကိုယ်ကိုထောင်လွှား၊ အမြတ်
ထားရှိ့၊သူ့အားနှိပ်ချ၊ပြုတတ်ကြမူ၊မလှကျိုး*မဲ့၊ဂုဏ်ချိုတဲ့လျက်၊ကဲ့ရဲ့ဘေးဒဏ်၊
ကိုယ်ကိုပြန်ပြီး၊ ကေန်မုချ၊ ဒုက္ခကိုယ်မှာ၊ ရောက်တတ်စွာခဲ့၊ အာဏာတန်းခိုး၊
အမျိုးမတူ၊ ကြီးမြတ်သူကို၊ မာန်မူလွှားပ၊ မတုရတည့်၊ မာနပြောထူ၊ ထိုသည့်
လူကို၊မြင်သူတကာ၊နှလုံးနာ၏၊ဌာနန်ပွါးစီး၊ ထက်လူကြီးတို့၊ မခြီးမြှောက်လို၊
ထင်းမီးတိုသို့၊ ထိုမာနရှင်၊ လူတွင်ကြီးပွါး၊ မထင်ရှားဘူး၊ တရားကင်းပ၊
ယင်းမာနဖြင့်၊ဒေါသမောဟ၊ခြံရံကြရှိ့၊ဘားကန္ဒားကို၊ဂုဏ်ပြိုင်လိုသို့၊ ကိုယ်သာ
ဒုက္ခ၊ အပျက်ရ၏၊ မာနမည်ငြား၊ ဤတရားကို၊ မလွှားစေအပ်၊ ကျိုးမနပ်ဘူး၊
ဤကပ်ကမ္ဘာ၊ရောက်ပြီးစွာလျက်၊ မဟာဗောဓိ၊ လောင်းဋ္ဌသိလျှင်၊ ဇာတိမာန၊
တက်မိစွကြောင့်၊ပစ္စေကဗုဒ္ဓါ၊ဖျားမြတ်စွာ၏၊ ရွှေဗျာဒိတ်သံ၊ နာမခံဘဲး၊ တိမ်ယံ
မိုးဝ၊ ပုံလေကြွမှ၊ နောင်တကြီးစွာ၊ ရလေပါ၏၊ ထိုမာနမျိုး၊ တရားဆိုးကား၊
ကောင်းကျိုးယှဉ်စပ်၊မဟူအပ်ဘူး၊အရပ်မြင့်ထီး၊ ခက်မဖြီးသား၊စေ့ကြီးရိပ်ငယ်၊
အုန်းပင့်*နှယ်သို့၊မှိတွယ်ကိုးရာ၊ ဘေးတွေ့ခါသော်၊ ဘယ်မှာတစိ၊ ဘော်မယှိဘဲး၊
မိမိချည်းသာ၊ ပျက်စီးရာ၏၊ ငါသာငါမင်း၊ အနိုင်တင်းရှိ့။　　။မာန်ပြင်းမဝေ
ရစ်စေနှင့်။ (၃၄)

၂၀၄။ မာန်ပြင်းဝေကာ၊ လွန်တင်းမာရှိ့၊ ပညာမရှု၊ ကဲးမပြုနှင့်၊ ရာဟု
စက်အိမ်၊ နဝင်းကြိမ်လျက် ၊မိုးတိမ် ဆီးနှင်း၊ အုပ်မိလျှင်းက၊ နေမင်း လမင်း၊
လေးကျွန်းဝင်းလည်း၊ မလင်းနိုင်ရာ၊ ညှိုးကြစွာ၏၊ ပညာမသန်၊ ဉာဏ်အဟိတ်
ကန်း၊ တောမြွေငန်းတို့၊ အမှန်းမသိ၊ ကိုယ်သေဘိအောင်၊ တန်းမိတန်းကဲ့ာ၊
မှန်းရှိ့သာလျှင်၊ သေရာသင်းချိုင်း၊ ရှာသောတိုင်းဖြင့်၊ ချင့်နှိုင်းမထောက်၊
တကောက်ကောက်တိ၊ လူနောက်စိုက်စိုက်၊ သေအောင်လိုက်သို့၊ လူမိုက်အမှု
မျှော်မရှုဘူး၊ပြုမလိမ္မာ၊ပြုရာရာနှိုက်၊ကြာလျှင်*မုချ၊ကိုယ်ပျက်ရ၏၊ဗာလလူရှင်၊
ဤလူ့ခွင်နှိုက်၊ အမြင်မထူး၊ အပ်နှင့်စူးသို့၊ ကျေးဇူးနည်းပါး၊ ကျိုးမများတည့်၊
ဗိုလ်အားကိုးပြု၊ ကိုယ်လိုမှုဖြင့်၊ ငါဟုမာန်ကဲး၊ ခါ*မူတ်ဘဲးတိ၊ မိုး*စဲးမပွင့်၊
ချိန်မသင့်ဝယ်၊စစ်ခွင့်စစ်ရေး၊ သူဆောင်သွေးတိုင်း၊ ရပ်ဝေးမြေတာ၊ မချီရာဘူး၊
လိမ္မာခွင့်သိ၊ ပညာယှိတို့၊ကြောင်းညှိကျိုးထင်၊ ရွှေနောက်အင်ကို၊ ဆင်ခြင်မြော်

တွေး၊ လျှောက်တင်ရေးနိုက်၊ အလေးမပြု၊ ဂရုမထူ၊ မင်းမာန်မူက၊ ရန်သူလက်မှာ၊
ပျက်စီးရာ၏၊ လိမ္မာရေးမြင်၊ ပညာရှင်နှင့်၊ တိုင်ပင်နိုင်းညှိ၊ မယှိတုံမြို၊ ထိုသူတို့ကား၊
ဖိုလ့်ဉာဏ်နှင့်ဖိုလ်၊ တကာ၏ဆိုသို့၊ ထိုထိုမှုမှာ၊ ထင်ရာပြုပြောား၊ အမှားများခဲ့၊
စော်ကားမော်မောက်၊ မထင်လောက်ဟု၊ ကိုယ့်အောက်သော်လည်း၊ *ခိုက်ဆည်း
ရန်ရှာ၊ မပြုရာရှင့်၊ ပညာ*ချည်းနှီး၊ ဆင်ပြောင်၊ ကြီးအား၊ ဘား+ကျီး ယင်မဲ၊
ပူးတွဲပေါင်းရှက်၊ နှံစုတ်ငှက်တို့၊ အသက်ဆုံးအောင်၊ တော*မြိုင်ချောင်ဝယ်၊
ကြံဆောင်ကုန်ကြ၊ ကလိင်္ဂလည်း၊ မာနထောင်လျက်၊ နိုင်လိုကြက်သို့၊ မာန်တက်
တုံပြီး၊ ရန်လိုကြီး၍၊ သမီးလည်းဆုံး၊ စစ်လည်းရှုံး၏၊ ရှေးထုံးဝတ္ထု၊ ရေးပုံ
ရှုလျက်၊ ဗိုလ်ထုခွန်အား၊ ငါကြီးမားဟု၊ မကိုးစားရာ၊ ရံတခါနိုက်၊ *ကြမ္မာ
မတော်၊ ခါမလျော်မူ၊ ချွတ်ချော်ရေးရာ၊ ပျက်တတ်စွာရှင့်၊ ကုန်းမှာကုန်းသား၊
ရေကားရေသူ၊ နေ့မူနေ့ငှက်၊ ည ညငှက်တည့်၊ ကျီးနက်ခင်ပုပ်၊ ကုပ်သလုပ်တို့၊
မိုးချုပ်နေထွက်၊ အားမာန်တက်၏၊ သူ့စက်ငါ့စက်၊ ကိုယ့်နယ်ကွက်နိုက်၊ သားငှက်
တို့မျှ၊ သမယနှင့်၊ ဌာနသင့်ရာ၊ စွမ်းတတ်စွာရှင့်၊ ချိန်ခါကာလ၊ အခွင့်ရက၊
သိဟဗျဂ္ဃါ၊ ကေသရာကို၊ ရေမှာပျော်မြူး၊ ဘားနိုင်ဘူး၏၊ စစ်ရှုးစစ်မော်၊
မမြော်အရေး၊ မာနသွေး၍၊ ခွေးရူးသဖွယ်၊ တွေ့တိုင်းတွယ်လျက်၊ ကျယ်
တရှုးရှုး၊ မာန်မရှုးနှင့်၊ စစ်ကျူးစစ်လွန်၊ စင်တွင်းကျွန်က၊ ပုဇွန်ရေသား၊
တက်မကြွားသို့၊ ကင်းသွားမိတူ၊ များဗိုလ်လူနှင့်၊ ရန်သူတို့လက်၊ သူ့နယ်
စက်နိုက်၊ ဆက်ဆက်မယှွင်း၊ ပျက်တတ်လျှင်း၏၊ အောင်ခြင်းရှုံးခြင်း၊ အခင်း
နှစ်မည်၊ ဟူတုံသည်ကား၊ အတည်တစိ၊ မှန်မယှိဘူး၊ အောင်ပြီးတဘန်၊ ရှုံးပြန်
တခါ၊ နိုင်ရာတချက်၊ ပျက်ရာတမျိုး၊ စစ်ထိုးဟူလေ့၊ ပြကတေ့တည့်၊ ခြင်သေ့
ကိုဘက်၊ နိုင်လျက်ထိုခြင်၊ ပင့်ကူမျှင်နိုက်၊ ငြိကျင်*စင်း+လျှင်း၊ သေတတ်+
လျှင်း၏၊ သားမင်းရတနာ၊ ဘသည်းချာလျှင်၊ ပညာသတိ၊ မယှိကင်းပ၊
တကြွကြွဖြင့်၊ မောဟလုံးကြီး၊ လက်ရုံးတီး၍၊ *စစ်စီးတု*မဲ့၊ ရန်မချွဲလင့်၊
အကဲ့ကိုယ်ကို၊ မာန်မုန်ယိုလျက်၊ စစ်လိုစစ်ရှာ၊ ငါနှင့်ငါဟု၊ ထင်ရာမပြု၊ ပညာ
ရှုလော့၊ ကိုယ်မှုပြည်ရေး၊ နီး ဝေးထိုထို၊ ကျင့်ယှွင်းယိုက၊ မရှိမညွတ်၊ ဖြစ်တို့
တတ်၏၊ တောက်ဆတ်ကားရား၊ တိုင်းတပါးနှင့်၊ ကိုယ့်သားကျွန်ကျေး၊ နှလုံး
ဆွေးလျက်၊ ရှုပ်ထွေးများစွာ၊ ချုံပမာသို့၊ ပြည်ရွာပျက်ကြောင်း၊ ရန်ကျီး
ပေါင်းကို။ ။နှာမောင်းမဖြေ ရစ်စေနှင့်။ (၃၅)

၂၀၅။ စစ်ရေးစစ်ရာ၊ စစ်ဖြစ်ခါနိုက်၊ သည်းချာသားဦး၊ မလွန်ကျူးနှင့်၊
အထူးဉာဏ်သို့၊ သိတုံမြို့ရှင့်၊ စစ်တို့သဘော၊ နည်းများသောဟု၊ မနောစိတ်မှာ၊
မမှတ်ရာဘူး၊ ပညာလုံ့လ၊ ပမာဏတည်း၊ သားလှသက်ဝေ၊ မောင်သိစေလော့၊
သူ့သေလက်ဝဲး၊ မြင်မလွဲးက၊ စစ်ပွဲးအောင်ရာ၊ အတိတ်မှာလည်း၊ ပညာပယုဂ်၊
အားမထုတ်ဘဲး၊ အဟုတ်မှန်စွာ၊ လိုလိုသာလျှင်၊ ဘယ်ခါသော်မှ၊ မအောင်

ကြဘူး၊ ဉာဏပယောဂ၊ ကိစ္စဟူလတ်၊ လူ့အတတ်ကား၊ နတ်မျှမသာ၊
လူ့ပညာမျိုး၊ နတ်တန်းခိုးထက်၊ တိုး၍ခဲ့ကတ်၊ ကြံစည်တတ်၏၊ မြဲမှတ်
ရွှေဥ၊ ပညာစုတွင်၊ ကိုယ်ပြုလက်ပြု၊ နှုတ်မှုအရာ၊ သင်ပညာထက်၊ စိန္တာမယ၊
ထိုဉာဏက၊ ဆဆကဲ့မြတ်၊ လွန်သတတ်တည့်၊ မချွတ်မှန်†လှ၊ ဉာဏ်လုံ့†လဖြင့်၊
သိကြွေးနှုတ်ထွက်၊ ဟူတုံလျက်လည်း၊ တိမ်းပျက်သွေ့ယွင်း၊ ချွတ်ရလျှင်းခဲ့၊
လူချင်းမဟူ၊ နတ်ကိုမူလည်း၊ ဖမ်းယူမလွတ်၊ လှံဖြင့်သတ်၏၊ မှတ်လော့တထူး၊
တော*မြိုင်ဦးက၊ ဘီလူးကိုလျက်၊ ပွဲလယ်ချက်နှိုက်၊ ကြံထက်ယောကျ်ား၊
စွမ်း*ပကားနှင့်၊ ဉာဏ်အားလုံး*လွှေ၊ ဘက်ပြိုင်၍လျှင်၊ *လက်ပွေ့*လက်ပမ်း၊
ဆောင်ကာယမ်းလျက်၊ ကိုင်ဖမ်းလွှမ်းမိုး၊ ခါးကိုချိုး၏၊ ကျမ်းရိုးသက်သေ၊
ထင်ရှားချေရှင့်၊ အနေသင့်စွာ၊ အရာသင့်တုံ၊ နောက်ချေးပုံမျှ၊ ခိုလုံယယ်ဆုံး၊
ငှက်ဗိလုံးလျက်၊ ကြုံးပအားကြိုး၊ တောင်ဟုန်ကိုး၍၊သုတ်ထိုးကြောက်ဘွယ်၊
သိမ်းရန်ကျယ်ကို၊ကာကွယ်နိုင်စွာ၊အရေးသာ၏၊အရာတော်သင့်၊အခွင့်တော်ဘိ၊
မိမိဌာန၊ ဝိသယနှိုက်၊ လုံ့လအားသံ၊ တထောင်ခံက၊ အရံတသောင်း၊
အောင်ခဲ့တောင်းဟု၊ သူဟောင်းရှေးက၊ မိန့်ကြစကား၊ အစဉ်ကြား၏၊ငါ့သား
စမ္မ†ရာဇ်၊မာန်မ†ယစ်နှင့်၊စစ်တိုက်လောင်းတမ်း၊*ဟော့ရမ်းအမူ၊ နှစ်ဦးလူတွင်၊
ရှုံးသူဒုက္ခ၊ ဒေါမနနှင့်၊ နိုင်ကရန်ပွါး၊နှစ်ပါးလုံးပင်၊အပြစ်*ဖြင်၏၊ကြားမြင်မယို၊
ဇာတိမမြတ်၊ မျိုးဇာတ်မတူ၊ ယုတ်ညံ့သူကို၊ ငြူစူပြစ်မှား၊ ပြုတုံငြားလည်း၊
တောသားညစ်ဆုံး၊ မစင်တုံးဖြင့်၊ ကိုယ်လုံးမံလျက်၊ ဘင်လူးဝက်ကို၊ မဘက်
ဝေးအောင်၊ ခြင်သေ့ရှောင်သို့၊ သားမောင်ရတနာ၊ ကင်းကြောင်း ခွါလော့၊
ပြိုင်ကာဆော်လှုံ့၊ ရန်စမြုံ့ဖြင့်၊ ရန်တုံ့ပြန်လစ်၊ ရန်မဖြစ်နှင့်၊ ကျိုးပြစ်*စာနာ၊
ရှုမျှော်ကာလျှင်၊ ခန္တျာ ဘိယျော န ဝိဇ္ဇတိ၊ ပါဠိအရ၊ မချစိတ်မှာ၊ သူထက်သာ
အောင်၊ ပညာသတိ၊လက်ယှိဝမ်းထဲ၊ခန္တီမြဲလော့၊ကျိန်ဆဲပေါက်လွှတ်၊ ရေရွတ်
ပြင်းစွာ၊အသူရာအား၊ဣန္ဒာထွက်ဖျား၊ မိုးသိကြားလျှင်၊ မျက်ပွါးမရှေး၊ သည်းခံ
သေး၏၊ချင့်သွေးဉာဏ၊သတိမရှ၊အသယှသာဟိ၊မင်းဟူပြီတို့၊ သညီနာမံ၊ မည်
တော်ခံတိုင်း၊*တစ်မယွင်း၊ညီစေလျှင်းတည့်၊မင်းရေးလိမ္မာ၊အရာသိတတ်၊သူမြတ်
နှလုံး၊စွဲယူသုံးလျက်၊ ရှေးထုံးရှေးစံ၊နည်းနာခံ၍၊ ဖြဟ္မစိုရ်လေးဆိုင်း၊ မြတ်ရေ
လှိုင်းကို။ ။နေ့တိုင်းမကွေ ရစ်စေနှင့်။　(၃၆)

၂၀၆။ နေ့တိုင်းမကွေ၊ မကင်းစေဘဲ၊ လေးထွေဖြဟ္မစိုရ်၊ ပွါးကုသိုလ်
ဖြင့်၊ မသိုရန်ငြိုး၊ မေတ္တာပျိုး၍၊ ပြည်စိုးနှစ်မင်း၊ နေ ်ညီချင်းသို့၊ ကျွန်
ရင်းဘန်ဘန်၊ စာ*သဝဏ်နှင့်၊ တမန်*သုံ့သေး၊ *တန်ဆေးလိမ္မာ၊ လွှတ်၍
သာလျှင်၊ မဟာမိတ်ကြီး၊ လမ်းခရီးနှိုက်၊ မီးလည်း မသေ၊ ရေလည်းမ
†ခြောက်၊ သွား*†ချောက်ချောက်တိ၊ ပေါက်ရောက် လူပေါင်း၊ မပြတ်
†တောင်းဘဲ၊ *နှစ်†ထောင်း*အင်းရှဲ၊ မ*ရောင့်ရဲလျှင်၊ *ဖက်လဲတကင်း၊

နှစ်သက်ခြင်းဖြင့်၊ *ထွင်းကျင်းကြံတွေး၊ စေမေးမပြတ်၊လွဲမချွတ်နှင့်၊ မင်းဝတ် *တံထွာ၊ ဓမ္မတာလည်း၊ သာယာနှုတ်ထွက်၊ ငြိမ်သက်ဤလြွေ၊ *စိမ့်ခြေနှလုံး၊ ရွှင်ပြုံးမျက်နှာ၊ လမင်းသာသို့၊ များစွာလူရှင်၊ မြင်မြင်သမျှ၊ ချမ်းမြှုစေငြား၊ ပြည်သူအားလျှင်၊ *ပိုက်ဖြားကျင့်လေ့၊ လွန်သိမ်မွေ့လျက်၊ မမေ့စေတတ်၊ မြဲမ လွှတ်နှင့်၊ဘုံထွတ်စိုးသိ၊ နန်းထီးတဆူ၊ရိပ်ဖြူတစင်း၊ ပြည်ထောင်ချင်းက၊မင်းတို့ ထုံးစံ၊ မင်း၏ သံကား၊ တရံတဘန်၊ မသွေလှန်တိ၊သဝဏ်ရွှေလွှာ၊ ပါကြွစမြဲ၊ မပါလွဲက၊*စောရဲဘုန်းဟော့၊ မင်းတို့လေ့ဖြင့်၊တွေ့မခံရာ၊ မိတ်မေတ္တာနှင့်၊ရန်ရှာ ရန်ပြေ၊ သံသုံးထွေတွင်၊ ရန်ပြေမေတ္တာ၊ ဆက်ပဏ္ဏာနှင့်၊ ရွှေလွှာသဝဏ်၊ ပါတမန်ကို၊ ဝေယန်နန်းခွင်၊ တွင်းနှင့်ပြင်ပါ၊ ထွက်ဝင်စေ၍၊ မင်းတို့ရွှေနှုတ်၊ အတွေ့ခံကောင်း၊ ဆုတော်လောင်းလျက်၊ ရှည်*ညောင်းကာလ၊ ထားအပ် စွရှင့်၊ ရန်စ*ပလေ၊ ထိုမင်းစေအား၊*မချေမင်း၊ဒေါသလျှံ၍၊ နှုတ်သံ*ငေါ်ငက်၊ မာန်မထွက်နှင့်၊ မိန့်မြွက်သံ†ညှင်း၊ စောင်း*နှယ်†ညှင်းလေ့၊ ရန်ကင်းမယှဉ်၊ သမ္ဘ†ဇဉ်နှင့်၊ တောင်†စဉ်ပတ်ခြံ၊ မြင်းမိုရ်ခံ့သို့၊ ခိုင်ကြံ့*မြဲးမြဲ၊ ရွှေဘုံပျံ့ဝယ်၊ ခြွေရံဝန်းရှက်၊ သိပ်သိပ်†နှက်မျှ၊ လက်†နက်ဗိုလ်ပါ၊ သေနာဆင်မြင်း၊ များလုံး ရင်းဖြင့်၊ ခင်းကျင်းစုံလင်၊ မြို့တွင်းပြင်နှိုက်၊ ပြင်ဆင်ပြထား၊ ဘုန်းတော်အားကို၊ ထင်ရှားမြင်စေ၊ မကြာစေနှင့်၊ ပြန်စေရက်တို၊ အပျက်လိုလျက်၊ ရန်ကိုရန်ငြိုး၊ ရန်တုံ့ပျိုး၍။ ။ရန်ကြိုးမခွေ ရစ်စေနှင့်။ (၃၇)

၂၀၇။ ရန်ကြိုးရစ်ခွေ၊ စမပြေဘဲး၊ မုံဝေဒေါသ၊ အာဃာတဖြင့်၊ စိတ်က လှိုက်ဆူ၊ မီး*နှယ်ပူလျက်၊ ငါဟူသော့အား၊ မာနလွှားပြီး၊ တရားမယှဉ်၊ သမ္ဘဇဉ်လွှတ်ကင်း၊ မာန်မသွင်းနှင့်၊ မင်းတို့မာန်မျိုး၊ မျက်မုန်း†ကျိုးက၊ မိုး†ကြိုးတမျှ၊ နတ်စက်ချသို့၊ ကြေမွတတ်စွာ၊ မဟာပုညဇိဒ်၊ မျက်တော် ညိတ်၍၊ အံကြိတ်ရုံမျှ၊ ဥက္ကောင်းကျရှင့်၊ ဒေါသသည်းဝှန်၊ ချောင်းချောင်း မွန်အောင်၊ မျက်လွန်ဝမ်းတွင်း၊ ထန်မပြင်းနှင့်၊ မင်းတည်းဟူက၊ လူ့မိဘတို့၊ သူမျှော့ထက်သာ၊ သတ္တဝါအား၊ ကြင်နာကိစ္စ၊ ပွါးစေရ၏၊ မောဟပြင်းထန်၊ ကင်းသည့်ဉာဏ်ဖြင့်၊ မေ့ကျန်မယှိ၊ သတိလကျာ၊ ပညာလက်ဝဲ၊ ယှဉ်အမြဲနှင့်၊ *သဟဲမဟာ၊ မိတ်ကြီးစွာသို့၊ လူမှာများထု၊ ကျေးဇူးပြုသည်၊ ဗဟုပကာရ၊ ဓမ္မမည်ငြား၊ ဤနှစ်ပါးကို၊ ငါ့သားသက်နှင်း၊ လွန်မကင်းနှင့်၊ ဖျားရင်းမူလ၊ မတိုင်းဆဘဲး၊ ကောခအလို၊ အမျက်ပို၍၊ သံကိုဘယ်ခါ၊ မသတ်ရာဘူး၊ အာဏာ မလွန်၊ သခင်ညွှန်တိုင်း၊ စေကျွန်ယောကျ်ား၊ ထွန်သည့်နွားသို့၊ သွားရတုံဘိ၊ ပြစ်မယှိတည့်၊နှိုင်းညှိ*စာ†နာ၊ကရု†ဏာနှင့်၊မေတ္တာမလွှတ်၊ ချစ်ရည်ဆွတ်လော့၊ သည်းပွတ်မင်းပျို၊ ရန်မလိုနှင့်၊ ရန်လိုရန်ပို၊ ရန်မလိုက၊ ရန်ပြိုသတတ်၊ မှန် မချွတ်တည့်၊ ဗောဓိသတ်ပေါင်း၊ ဘုရားလောင်းတို့၊ လမ်းကြောင်းမှန်စွာ၊ ကျင့်ရာဓမ္မ၊ ယှဉ်းမခွဘဲး၊ ချစ်စ ရှည်လို၊ ရန်စတိုလျက်၊ ရန်ကို မေတ္တာ၊

မင်းမှာလက်ဆောင်၊ ပြီးစီးအောင်၏၊ လူ့ဘောင်ရှေးက၊ ဆိုကြသော့တိုင်း၊ ဉာဏ်ကရိဏ်းဖြင့်၊ ရှုနိုင်းရှည်တို၊ စွဲးပိုက်သို့၍၊ မိတ်ကိုလေးမြတ်၊ ချစ်တည့်မှတ်လေ့၊ *တောက်ဆတ်ရံခါ၊ ဗိုလ်ပါဆင်မြင်း၊ စစ်အင်ကျင်း၍၊ မင်းတို့မာန်စိတ်၊ ဒေါသ†ကျိတ်လည်း၊ မြဲး†ကြိတ်လွန်စွာ၊ မပြုရာဘူး၊ မေတ္တာထပ်ပွါး၊ ပဏ္ဏာဖြားက၊ နှစ်ပါးခင်မွှတ်၊ ချစ်ကြည်တတ်၏၊ သခွတ်ပွင့်ချိန်၊ တာဝတိန်ကို၊ မာန်ရှိန်*မစဲး၊ သူရာ*မဲးသို၊ အခဲးမကျေ၊ မယှိစေနှင့်၊ မိတ်ဆွေမှတ်မှတ်၊ ချစ်ကြည်လတ်လေ့၊ မမြတ်မလေး၊ ဂုဏ်မာန်သွေး၍။ ။ပြည်ရေးမပွေ့ ရစ်စေနှင့်။ (၃၈)

၂၀၈။ ဘုမိပတေ၊ လူဘုန်း*ဟော့တို၊ စေ့မြွေရှုမျှော်၊ သူမတော်နှင့်၊ သူတော်နှစ်မျိုး၊ ကောင်းအဆိုးတည့်၊ ကြောင်းကျိုးမသိ၊ လူဒိဋ္ဌိကား၊ မိုး*ရှိလောက်စင်၊ ပြုပါချင်လျက်၊ မတင်ကျေးဇူး၊ ဖျောက်ထိမ်မြူး၏၊ အထူးကြီးလှ၊ စကြဝဠေး၊ စည်းစိမ်ပေးလည်း၊ မိုက်မှေးမောဟ၊ ကြီးလောဘနှင့်၊ အားရမယှိ၊ ပြစ်မှားဘိ၏၊ သိစေမင်းလေ့၊ ဉာဏ်သိမ်မွေ့လော့၊ မမေ့စဘွယ်၊ မပယ်စကောင်း၊ သူအပေါင်းကား၊ တကြောင်းမှတ်ခင်း၊ အရှင်မင်းကို၊ မကင်းဖြောင့်ဖြောင့်၊ စောင့်တတ်သသူ၊ အရှင်ဟူက၊ သည်းအူထဲးနစ်၊ ချစ်တတ်သသူ၊ လူတိုမိပတိ၊ မြတ်သာမိ၏၊ ဟိတာဟိတ၊ နှစ်ဝနှစ်ပုံ၊ ပြည့်စုံချို*တဲ့၊ ကျိုးယို*မဲ့ကို၊ *ပြုပြုဆတ်ဆတ်၊ မြင်တတ်သသူ၊ ဆာပူမင်းမှာ၊ ဘေးတွေ့ခါနှိုက်၊ မခွါမတွန့်၊ မစွန့်သသူ၊ မီးပူထိန်ညီး၊ ညွန်*တံစီးနှင့်၊ ခြောက်ကြီးရေလှိုင်း၊ အရှင်ခိုင်းက၊ မိန့်တိုင်း*ရွတ်ရွတ်၊ အရှင့်ဝတ်နှိုက်၊ စွန့်တတ်သသူ၊ စင်ဖြူနွယ်ရိုး၊ ဘိဘေးဘိုးက၊ အမျိုးမြတ်သူ၊ ရှင်လူသတ္တဝါ၊ ချမ်းသာရာနှင့်၊ ပြည်ရွာတိုင်းကား၊ စည်ပြန့်ပွါးအောင်၊ ကြိုးစားသမှု၊ ပြုတတ်သသူ၊ ရာဇူဘုန်း*ဟော့၊ မေ့လတ်သော့ခါ၊ မှုရေးရာနှိုက်၊ သညာ*မနုံ့၊ လှုံ့တတ်သသူ၊ ကြီးထူမှုခင်း၊ မင်းနှိုက်တွေ့သော်၊ ရဲးဘော်လည်းပြု၊ ခိုင်ခံ့မှုဖြင့်၊ တောင်တုအလား၊ နတ်ယော†ကျားသို၊ တည်†ကြားသသူ၊ လူတွင်ခဲးကတ်၊ မပြတ်တရား၊ သူတပါးတို့၊ ဖြတ်ခြားမနိုင်၊ တွေ့လာဆိုင်လည်း၊ ပစ်ချိုင်နတ်စက်၊ ကွဲးခြအက်သို၊ ဆက်ဆက်ဟုတ်ဟတ်၊ ပိုင်းပိုင်းပြတ်အောင်၊ ဆုံးဖြတ်နိုင်သူ၊ ဘေးထူရန်*ပြော၊ တောင်တောမြို့ရွာ၊ မရောက်သာလည်း၊ ခွင့်ရှာဘောက်၍၊ ရောက်တတ်သသူ၊ မှုဟူသမျှ၊ ကိစ္စအမျိုး၊ အရှင့်†ကျိုးကို၊†ကြိုးကြိုးပမ်းပမ်း၊ သဘောလမ်းဖြင့်၊ ထမ်းတတ်သသူ၊ အယူမပြား၊ ခြေဘဝါးသို၊ သားတော်မြေးရောက်၊ မြစ်တော်မြောက်အောင်၊ မဘောက်ပြန်လတ်၊ အရှင်မှတ်၍၊ ကိုးတတ်သသူ၊ သူကောင်းဟူသည်၊ ဤလူတွက်ရေး၊ တကျိပ်လေးကို။ ။ကိုယ်ဝေးမနေ ရစ်စေနှင့်။ (၃၉)

(ရစ်စေနှင့်-ချည်းအချတ္တရကား သော်တာရောင်-ချချည်းတည်း။)

၂၀၉။ အသခ်ါရိက်၊ တိဟိတ်ဥက္ကဋ္ဌ၊ ကုသလတိ၊ ဉာဏသမ္ပယုတ်၊ အားထုတ်
ဆည်းစုံ၊ ကြိုးခဲ့ပြုသား၊ ကောင်းမှုသမ္ဘာ၊ မင်္ဂလာစက္ကိ၊ စုံသိဒ္ဓိကြောင့်၊ ဇာတိ
ပုည၊ဂုဏမဟတ်၊ သုံးပါးမြတ်လျက်၊ ဉက္ကဋ္ဌလူနိုက်၊ အထွတ်စိုက်၍၊သောင်းတိုက်
ကိုးရာ၊ လက္ခဏာနှင့်၊ စကြာစိုးတန်၊ နေမျိုးမှန်သည့်၊ ဘုန်းသန်ပြန့်†ပြော၊
ဘသား*စော! ငှက်†ပျောလက်ပံ၊ နှစ်မဆံသို့၊ နှုတ်သံချို†ပျား၊ စိတ်သံ
မြားနှင့်၊ ထွေ†ပြားနှလုံး၊ သူမိုက်ထုံးကား၊ မသုံးသစွာ၊ကျင့်တတ်စွာ၏၊ရှေးမှာ
တသွယ်၊ ကွယ်သော်တဝ၊ တချိုကမူ၊ စားရဝမ်းသာ၊ စေပါဝမ်းနည်း၊*ကျော့
ကျည်းမူနည်၊ ကွေ့လည်ကောက်ကျစ်၊ ကျင့်ညစ်သဘော၊ ဖြောင့်မချောဘူး၊
ရေမျောထင်းယောင်း၊ ဆယ်သော်ကောင်း၏၊ အကြောင်းမညှာ၊ ပြုတတ်စွာ
သည့်၊ ပညာမဲ့ထ၊ လူ့ဗာလကို၊ မစကယ်မိ၊ အပြစ်ယှိခဲ့၊ မသိကျေးဇူး၊ ထိမ်မြူး
ဖျောက်ချေ၊ ကြက်သောက်ရေသို့၊ ပျောက်ကြေဆုံးဘိ၊ ကျိုးမယှိတည့်၊
သိလော့မှန်စွာ၊ သူယုတ်မာကို၊ ကြည်စွာနိုင်တတ်၊ မင်းမတ်ကျေးကျွန်၊ နှလုံး
*မွန်နှင့်၊ ရုံးလွန်အထူး၊ ထိုနှစ်ဦးလည်း၊ ကျေးဇူးမတူ၊ ရုံးလွန်မူကား၊ ပြည်သူ
ရိရှား၊ များ၏စစ်မက်၊ နှလုံးညက်က၊ ငြိမ်သက်ချမ်းသာ၊ ပြည်ရွာဝန်း†ကျင်၊
သာစည်ပင်၏၊ အ†ကြင်လူ့ထုံး၊ အားလက်ရုံးကား၊ နှလုံး၏ကျွန်၊ နှလုံး*မွန်
ကား၊ရုံးလွန်၏ရှင်၊ခိုင်းစီရင်၏၊ လူတွင်ရှုပ်ထွေး၊ ကိုယ်ရေးပြည်မှု၊ စုံတခုလည်း၊
*ဗိုလ်*ထုအများ၊ လက်ရုံးအားဖြင့်၊ ယောကျ်ားဆောင်သီး၊ မပြီးကိစ္စ၊
တယောက်မျှပင်၊မိန်းမရွက်ဆောင်၊အောင်သည်တမျိုး၊စစ်ထိုးမပြု၊နှုတ်မှုမျှသာ၊
အောင်စေရာနှင့်၊လိမ္မာရဲခြင်း၊ ထိုးထွင်းပညာဥ်၊ မြဲးယှဉ်အပြား၊ဤသို့အားဖြင့်၊
တရားသုံးဖြာ၊ ရန်အောင်ရာက၊ သာမျဒါန၊ ဘေဒကနှင့်၊ ဒဏ္ဍဟူဘိ၊ လောကိ
မှတ်ဘွယ်၊ ဥပါယ်လေးမည်၊ အတည်တည်ကို၊ နားလည်စေတတ်၊ ယွင်း
မချွတ်နှင့်၊ စွန့်လွှတ်မကင်း၊ ပေးကမ်း†ခြင်းကား၊ အ†ချင်းခပ်သိမ်း၊ မှုမျိုး
ငြိမ်း၍၊ သူစိမ်းသူ†ကျက်၊ စည်ကြီး†ကြက်သို့၊ နှစ်သက်သဘော၊ သင့်လိုက်
လျောလော့၊ လောကီပုဂ္ဂိုလ်၊ လူထိုထိုလည်း၊ အလိုလိုက်က၊ ကြိုက်တတ်သည်
ချည်း၊ ဖြစ်သတည်းရှင့်၊ *ပိတ်ဆည်းပိတ်နည်း၊ အထည်းကုတ်ရှို၊ ဝံတိုစိတ်က၊
မယှိရဘူး၊ ဆုပ်ကပြိုကွဲ၊ ကြဲကလုံးတတ်၊ ဆိုရိုးမှတ်၏၊ ယုတ်မြတ်နွှယ်ရိုး၊
အမျိုးဝံသ၊ တူမမျှနှင့်၊ မိန်းမယောကျ်ား၊ သားနှင့်သမီး၊ ငယ်ကြီးမဟူ၊
ကောင်းမူကောင်းအင်၊ ကောင်းရည်မြင်သော်၊ ခင်မင်သိမ်းပိုက်၊ နှစ်အင်ခြိုက်
လော့၊ အလိုက်အလိုက်၊ ထိုက်ရာထိုက်ရာ၊ အကျိုးလာ၏၊ မဟာဘဒ္ဒ၊ သာလ
မည်ခြင်း၊ ဥယျာဉ်တွင်းဝယ်၊ အင်ကြင်းပင်မြတ်၊ သမန်းနတ်သို့၊ ခဲးကတ်မူ
တွေ့၊ ကျိုးဆောင်လေ့၏၊ ခြင်သေ့မြေခွေး၊ မြွေ ကျေး ဗု†ဇွန်၊ သိမ်း†စွန်မဖို၊
ဝံလိုရေလိပ်၊ ရန်နှိပ်သီဟ၊ နံ့စုတ်မနှင့်၊ ယင်က ဘား†ကျီး၊ လိပ်†ကြီးကမ္ဘာ၊
ခေါက်ရှာ သမင်၊ကြက်ဆူပင်မျှ၊ သို့စင်ဟုတ်ဟတ်၊ သဘောမြတ်က၊ ဆတ်ဆတ်
ကောင်း†ကျိုး၊ဆောင်ကြ†ကိုးသည်။ ။အမျိုးဇာတ်မတူလေသာ*တမင့်။(၄၀)

၂၁၀။ မင်းတို့ဟူသည်၊ ဓူဝံတည်သို့၊ *ခိုင်ကျည်မြဲးမြံ၊ ရွှေဘုံပျံ့ထက်
ဗိုလ်ရံဝန်းပြည့်၊ စံထွန်းလှည့်လော့၊ လိပ်၏ပုံထုံး၊ ဗီလုံးငှက်နှယ်၊ ဘားသဖွယ်
တည့်၊ ကြီးငယ်မဆို၊ နဂိုရ်ယာယီ၊ အချီအခံ၊ စိမံနိုင်းညှိ၊ ခံ့တိုင်းချိလျက်၊
မိမိဌာန၊ ဝိသယမှ၊ တေဇထင်ရှား၊ စွမ်းနိုင်အားရှင့်၊ ကျီးကားနေ့ငှက်၊ နေ့မှ
ထွက်၍၊ ဇီးကွက်ခင်ပုပ်၊ *ကုပ်သလုပ်ကား၊ မိုးချုပ်မှသာ၊ ထွက်မြဲးစွာ၏၊
ချိန်ခါကာလ၊ သမယကို၊ ငှက်မျှသော်လည်း၊ သိစောင့်စည်း၏၊ ထို့နည်း
မယွင်း၊ ငါသို့မင်းဟု၊ ဗိုလ်သင်းမနီး၊ ကိုယ်ထီးညနေ့၊ မသွားလေ့နှင့်၊ ဆိပ်ငွေ့
ထန်ပြင်း၊ နဂါးမင်းလျက်၊ အဆင်းကိုဖျက်၊ ရုပ်ဖျောက်ထွက်၍၊ အသက်သေမှု၊
ဆုံးပါးလု၏၊ ပြည်သူမျက်နှစ်၊ မင်းဖြစ်လျက်ကဲ့၊ ဘော်*မဲ့ညဥ့်ခါ၊ မင်းရုပ်ခွါ၍၊
သွားပါစဘူး၊ သေသောက်†ကြူးတို့၊ လွန်†ကျူးကိုယ်နှုတ်၊ ကြမ်းကြုတ်အလွန်၊
ထုပ်ဝန်လေးစွာ၊ ဆောင်စေပါ၍၊ မျက်နှာ*ရှိန်းပြည်း၊ ရှက်ဘွယ်သည်းအောင်၊
*ယမ်းပည်း*မဲ့ထွေ၊ သရေယုတ်ဖျက်၊ နှိပ်စက်သမှု၊ ဘိစီးပြု၏၊ မင်းဟုဖြစ်
ရှောင်း၊ ခြိမ့်ခြိမ့်ညှောင်းအောင်၊ ဗိုလ်ပေါင်းရံကာ၊ သိကြွားလာသို့၊ ချိန်ခါ
ထင်ရှား၊ ဘုန်းတော်အားကို၊ အများမြင်ရှု၊ ထွက်ဝင်ပြုလော့၊ ဘာနုဇ္ဇန္ဒု၊
အံသုမာလာ၊ ရောင်ဝါထိန်ဝင်း၊ လေးကျွန်းချင်းသား၊ နေမင်းလမင်း၊ ဝါးလုံး
တွင်းနှိုက်၊ မလင်းနိုင်စွာ၊ ပမာ*တန္တူ၊ မျက်မြင်ရှုလော့၊ ပြည်သူမှန်ကင်း၊
မင်းတို့ထွက်သော်၊ ရွှေတော်စူးစူး၊ တပ်တော်ဦးက၊ အထူးဓမ္မတာ၊ မြို့ဝန်ပါမြဲး၊
မပါလွှဲးမူ၊ *ဥဒဲးကျည်းလျှို၊ တံခါးဗိုလ်က၊ မင်းကိုဖြစ်စေ၊ မဘွင့်ချေဘူး၊ မသွေ
စဉ်လာ၊ မြို့ဝန်ပါမူ၊မဟာဒွါရ၊ မင်းလမ်းပြလျက်၊ ဘွင့်ထပြီးလျှင်၊ ရွှေနန်းရှင်တို့၊
မဝင် မခြင်း၊ တံခါးရင်းဝယ်၊ ရပ်တင်းကိုယ်တိုင်၊ ကြွခိုင်အားရမ်း၊ လက်နက်
ထမ်း၍၊ ထုံးတမ်းမလွန်၊မြို့ဝန်စောင့်ကာ၊နေမြဲးသာတည်း၊ ရာဇာဟူက၊ မင်းထို
မျှတို့၊ ရာဇတန္တိ၊ ရှေးထုံးမှီလျက်၊ ပဝေဏီမူ၊ ပယ်မပြုနှင့်၊ ဇမ္ဗူ့ဆီမီး၊ နတ်
နှင့်နီးအောင်၊ ပြည်ကြီးချမ်းသာ၊ ခံစားပါလည်း၊ တောမှာပျော်မြူး၊ လေ့လာ
ကြူး၏၊ ဘီလူးနှင့်တွေ့၊ ရသေ့ကို†မှား၊ ရှေးမင်းများတို့၊ ကြီး†မားဒုက္ခ၊ ကြုံရ
သေလု၊ ဆင်းရဲးစု၏၊ နသာဓုမျိုး၊ ဟောရိုးကျမ်းလာ၊ မှတ်အပ်စွာလည်း၊
အိမ်ရာခထောင်သူ၊ လူအပျင်းကြီး၊ မော်မီးမော်မန်း၊ ရဟန်းဖြစ်လျက်၊ နှုတ်လက်
မစောင့်၊ ပြည်ထောင့်*သနင်း၊ မ်င်းဖြစ်လျက်တိ၊ မယှိဆင်ခြင်၊ပညာရှင်လျက်၊
အမျက်ကြီးမား၊ ဤလေးပါးကား၊ ထင်ရှားလူ့ရွာ၊ မကောင်းစွာရှင့်၊ လိမ္မာ
မြော်မြင်၊ထုံး*ပုံပြင်ကို၊ဆင်ခြင်မကျူး၊ ဘသားဦးလည်း၊ အထူးဂရု၊ မှတ်သား
ပြု၍၊ပျော်မှုမများ၊ ကစားမလွန်၊ တောစွန်မလေ့၊ မြင်တွေ့ရာရာ၊ မလိုက်စွာဘဲး၊
မိစ္ဆာဝိသမ၊ စာရမမှား၊ မသွားအပ်ဘွယ်၊ မသွားလွယ်နှင့်၊ ပျက်ပြယ်ချေသွေ့၊
ပလေ*လက်ချား၊စကားပေါ့သွပ်၊ စိတ်ကြွပ်လက်ထန်၊ ရာဇမာန်က၊ ကြွေအန်
လောင်း†ကြူး၊ အိမ်ရာ†ကျူးနှင့်၊သောက်မူးယစ်ဝ၊ ဟူသမျှကား၊ ဒေါသအပြစ်၊

များစွာဖြစ်၍၊ မင်းစစ်တန်းခိုး၊ မထင်ညှိုးသည်။ ။နွယ်ရိုးမြတ်မမှုချေ သာ *တမင့်။ (၄၁)

၂၁၁။ ထိုမှတလီ၊ မှတ်ကြောင်းစီပိမ့်၊ ပါရမီနဂိုပ်၊ မယိုလိုက၊ ကုသိုလ် သုစရိုက်၊ မဟောထိုက်တည့်၊ သူမိုက်တိရစ္ဆာန်၊ နိဗ္ဗာန်စကား၊ အလွန်ခါး၍၊ နားပါးမဝင်၊ မကြားချင်ဘူး၊ သိမြင်*မဲ့စွာ၊ သူယုတ်မာအား၊ ခြင်းရာကောင်း ဆိုး၊ ကြောင်းကျိုးတရား၊ မဟောကြားရာ၊ ဟောမိပါက၊ အပြစ်ရ၍၊ သားလှသက်မှတ်၊ ဘသည်းပွတ်ကား၊ သူမြတ်ပြိုပြို၊ နုသာသီကို၊ ချိုအံ့*စိစွေး၊ နာဘိသေးလေ့၊ ရွှေရေးနောက်ရာ၊ မရှုစွာသား၊ ပညာမဲ့မျိုး၊ ဆင်ကန်း တိုးသို့၊ အကျိုး*မဲ့ကြိုက်၊ ဘိုးမထိုက်ဘူး၊ သူမိုက်စကား၊ တထောင်များလည်း၊ စီးပွါးကင်းဝေး၊ မကောင်းဆေးတည့်၊ ရှေးကမုနိ၊ လောကိသခင်၊ ယောဂိ သျှင်တို့၊ သွန်သင်*နိုဿရည်း၊ ထုံးနည်းပြကတော့၊ မှန်မရွှေကား၊ အငြေ့ရှစ်စဉ်၊ ဥယျာဉ်ပျိုးမှု၊ ရှစ်ခုပမာ၊ ကိုးဖြာကဲ့ရဲ့၊ ရယ်ဘွဲ့လက္ခဏာ၊ ရောက်တတ်ရာ ဆယ်ပါး၊ အားနှင့်ပျက်တတ်၊ ဒွါဒသ်ခေါ်သို၊ အလိုလိုက်ရာ၊ တန်းဆာဆင် ဘွယ်၊ ဆဲ့သုံးသွယ်လည်း၊ ဝမ်းဝယ်မှတ်လေ့၊ စွဲသိမ်မွေ့လျက်၊ ခြင်သေ့ကျင့်ရာ၊ ဝတ်တဖြာဖြင့်၊ ဘျိုင်းမှာတချက်၊ ကြက်မှာလေးယူ၊ ကျိုးမှုပဥ္စ၊ သုနခခြောက်ပါး၊ မြည်းကားသုံးသွယ်၊ ကျဉ်းရိုးခြယ်သား၊ နှစ်ဆယ်စရိယ၊ နီတိပြတိုင်း၊ စိတ်က မငြိုး၊ နည်းယူ†မိုးလေ့၊ †မိုးကားပူထွေ၊ ရေကား ဧေးလွန်း၊ ပြစ်စွန်းနှစ်ဘို၊ မီးရေတို့တွင်၊ မီးသို့ချည်းဟူ၊ ရေတူချည်းသာ၊ မကျင့်ရာဘူး၊ လက္ခဏာနှစ်ပါး၊ ပိုင်းခြားရှုမျှော်၊ မီးလွန်သော်ခြစ်၊ ရေလွန်†ပျစ်၍၊ စွန့်†ပစ်လွန်မှု၊ ညီမျှပြု လျက်၊ ကြမ်းနုမဈွှ၊ နူလုံလေ့ကျက်၊ *ငေါက်နှုတ်သံ၊ မျက်မလျှံနှင့်၊ *ငံ †ချေချေ၊ သားမင်း†ခြေလျှင်၊ ချိစေသူနား၊ ချဉ်မခါးအောင်၊ စကားကျစ်လစ်၊ အဆစ်ဆစ်နှိုက်၊ မထစ်မထုန်၊ မအုန်မထိုင်း၊ မရိုင်း*မဆတ်၊ *ရှုံးခတ်ကိုက်စား၊ သစ်ပျဉ်ပြား*နှယ်၊ ပြတ်သားသိမ်မွေ့၊ ချောမြေ့ပြေပြစ်၊ မာန်မယစ်ဘဲ၊ မြစ်မြစ်ခြေခြေ၊ လူ*ဗိုလ်†ခြေအား၊ သံ†ခြေနှုတ်†ညင်း၊ ရွှေစောင်း†ညှင်းသို့၊ မပြင်းမ†ပြ၊ သာချမ်းမြလျက်၊ *ပျ†ပျ ရှင်†ပျော၊ ဆိုမိန့်†ပြောလေ့၊ သဘော ခက်မာ၊ ဝါစာဖရုသ်၊ ကြမ်းကြုတ်ခဲ့က၊ ကဲ့ရဲ့မည်၊ တီတွတ်သံသို့၊ မခံလူ့နား၊ မကြား*ခလို၊ အောင့်ကြဆို၍၊ အဟိုရှေးက၊ ကမ္ဘာစဝယ်၊ ဆေးခမပေး၊ တင်မြို†ကြွေးကြောင့်၊ လုပ်†ကျွေးစောင့်ရှောက်၊ ဥကပေါက်တိုင်း၊ မပျောက် စေရ၊ ပျံနိုင်ကြအောင်၊ ကျီးကကမှု၊ မွေးမြူရှု၍၊ ပြုစုရွက်ဆောင်၊ ကျီး အ*ယောင်နှင့်၊ ကျီးတောင်ကျီးကိုယ်၊ မည်းညိုချိပ်နက်၊ ဥဩငှက်လည်း၊ နှစ်သက် ဘွယ်ကြီး၊ နာမငြိုးတည့်၊ *ဟတီးရှေးခါ၊ မသာယာ၍၊ မဟာသတ္တ၊ ဝိသာ လမည်၊ နွားကြီးသည်သည်း၊ ပကြည်နှုတ်ကြမ်း၊ ပုဏ္ဏားသွမ်းကို၊ လောင်း တမ်းဥစ္စာ၊ သပြာထောင်လုံး၊ ရှုံးစေဘိ၍၊ ထိုပြီးတသုတ်၊ ကိုယ်နှုတ်နှစ်ဖြာ၊

ကြမ်းကြုတ်စွာကြောင့်၊ ပြည်ရွာမှုးမတ်၊ မညွတ်သော့အား၊ မင်းကြီးသား လျက်၊ ပယ်ယှားကုန်ကြ၊ ဒုဋ္ဌကု†မာ၊ ထိုမင်း*လျာကို၊ ရေ†မှာမျောဘိ၊ ဂါမဏိနှင့်၊ မည်ယှိနာမ၊ သံဝရကား၊ မင့်းသားအစစ်၊ ငယ်ဆုံးဖြစ်လည်း၊ တိုင်းချစ်ပြည်ခင်၊ ရွှေနန်းတင်၍၊ လူရှင်ခပ်သိမ်း၊ ပူမငြိမ်းအောင်၊ *ပလိမ်း ပ†ကျံ၊ မတော်†ကြံဖြင့်၊ တရံခါမျှ၊ မကြံရဘူး၊ ဘွဲ့ထငြိုးသို၊ ကျိုးမလို၍၊ သူကိုပျက်ကြံ၊ ကြိုနှင့်ဝံသို၊နိုင်ငံနီးရှက်၊ ပြည်ထောင်ဘက်နှင့်၊စစ်မက်လည်းထိုး၊ မျက်မုန်းကျိုး၍။　　။ရန်ငြိုးမှတ်မယူ စေသာ*တမင့်။ (၄၂)

၂၁၂။ ထိုမှ တဖုံ၊ စေ့စုံမှတ်ချက်၊ ခမည်းမြွက်ပိမ့်၊ * ကြံထက် ပညာ၊ ဘွေ*ရှာစူးစား၊ သတိထား၍၊ ငါ့သား မှတ်ယူ၊ နှလုံးမူလော့၊ လူတို့ကိစ္စ၊ လူ့လောကနိုက်၊ ပြုသမျှမျိုး၊ ပြစ်အကျိုးတို့၊ ကောင်းဆိုးအတိ၊ မြဲးမယ့်ဘူး၊ လောကီ့ထုံးစံ၊လောကဓံကား၊မကြံလည်းဖြစ်၊ကြံလည်းနစ်၍၊စင်စစ်မှတ်သား၊ မယုံမှားနှင့်၊ ယောကျ်ား*တကာ၊ အားထုတ်ရာသည့်၊ ကြိုးစွာလုံ့လ၊ ဝါယာမမူ၊ မချကောင်းချေ၊ မလွှတ်စေနှင့်၊ မသေမခြင်း၊ ပြုအပ်နှင်း၍၊ မယွင်းမှန်†လှ၊ ဤလောကနိုက်၊ လုံ့†လမမူ၊ နတ်မကူဘူး၊ လူလည်းလုံ့လ၊ နတ်လည်းမ၍၊ ထိုမှတချက်၊ မောင်နားရွက်လော့၊ ရှိ့ဝှက်အပ်စွာ၊ အရာရာကို၊ မာတာပိတာ၊ မိဘနှင့်သား၊ ကိုယ်ကိုထား၍၊ မယားကိုမျှ၊ မပြောရဘူး၊ ရှေးကပြည့်ရှင်၊ မဆင်ခြင်ဘဲး၊ သစ်ပင်ကိုတိ၊ ပြောမိသော့အား၊ ဖွဲ့းနုစားဟု၊ စကားစည်မြည်၊ ဥဒါန်းတည်၍၊ကြံစည်ကိုယ်ထီး၊ခွင့်မပြီး၍၊ ရေးကြီးရာကျယ်၊ တိုင်ပင်ဘွယ်ကို၊ အကယ်ယုံမှု၊ တိုင်ပင်ပြုလည်း၊ စတုကဏ္ဏ၊ ဆက်ကဏ္ဏဟု၊ မှန်လှမဘောက်၊ နှစ်ယောက်သုံးယောက်၊ နားလေးပေါက်နှင့်၊ ခြောက်ပေါက်သာမျှ၊ မလွှန်ရဘူး၊ လွှန်ကအပြီး၊ပျက်စီးတတ်ချေ၊တောင်ကျရေသို၊ ပလေ*ပစာ၊ ထွေရာဆန်းပြား၊ တဘွားဘွားလည်း၊ စကားရတိုင်း၊ အပိုင်းမယှိ၊ ပြောမိပြောရာ၊ မပြောရာရှင့်၊ ကိန္နရစစ်၊ ငှက်မျိုးဖြစ်လျက်၊ ကျစ်လစ်သော့အား၊ ကြောက်မုသားကြောင့်၊ စကားမသည်း၊ နှုတ်စောင့်စည်း၍၊ ချုပ်တည်းနှုတ်လျှာ၊ မစောင့်စွာကြောင့်၊ ဟသ်ာညီနောင်၊ ဆောင်သည်မိုက်†လှ၊ လိပ်ဗာ†လလျှင်၊ လွှတ်ကျအောက်မြေ၊ သက်ဆုံးသေ၍၊ တထွေမှတ်ခင်း၊ မင်းတို့တတ် † ရာ၊ မင့်းမာ† ယာနိုက်၊ လိမ္မာစေချင်၊ နားဝယ်တင်လော့၊ ပွတ်ငင်ကြိုးဆွဲး၊ မြေထဲးကျောက်ခံ၊ နှိုင်းစံသရက်၊ လက်ဝှက်တခု၊ ကြွက်တုတသီး၊ ပွတ်မီးတူယှဉ်၊ ရေယဉ်မီးလျှံ၊ အရံပမာ၊ မင်း တန်းဆာက၊ ကြာနှင့်တိမ်ပန်း၊ ဤ*ဥဒါန်းကို၊ စွဲးမှန်းမှတ်ရှု၊ ကသိုဏ်းပြုရှင့်၊ မုဒုတိက္ခ၊ မဇ္ဈသုံးမျိုး၊ ကျင့်ရိုးလက်တမ်း၊ တသုတ်†ကျမ်းဖြင့်၊ နှ†ကြမ်းနှစ်အင်၊ ပမာဆင်သား၊ ပွတ်ငင်ထုံးစံ၊ ကျင့်လေးလံမူ၊ ကျောက်ခံမြေထဲး၊ မလွဲးပုံလား၊ ပြည်သူများတို့၊ လျှောက်ထားတင်ခွင့်၊ လွယ်လင့်တကူ၊ သရက်တူလျက်၊ ရန်သူ အောင်ကြောင်း၊ ကြံရှောင်းထဲးနက်၊ ပြင်မထွက်ဘဲး၊ လက်ဝှက်ပမာ၊ဥစ္စာပွါးမှု၊

ကျီကြစုကား၊ ကြွက်တုပုံမှတ်၊ ကြီးမြွတ်ရိပ်ငြိမ်၊ စည်းစိမ်ပွါးစီး၊ ပွတ်မီးပုံသွေး၊ ပြည်ရေးမျှော်ယှဉ်၊ ရေယဉ်*တရှိ၊ သတ္တိသုံးသွယ်၊ လျှမ်းကယ်ဝင်းဝင်း၊ မီ့းနွယ်လင်းလျက်၊ *ခပင်းနိုင်ငံ၊ စည်ကြောင်းကြံက၊ အရံတူစေ၊ မျိုးဆွေ မတ်လျောက်၊ ခြီးပင့်ထောက်သော်၊ မင်းမြောက်တန်းဆာ၊ ပမာတူလို၊ လူ*ဗိုလ်*အထု၊ ချမ်းသာမှုနိုက်၊ကြာတု*နူန်းနှုန်း၊မင့်းဘုန်းတန်းကား၊ တိမ်ပန်း*တမျှ၊ ဖြာ၍့ကျလော့၊ ရာဇမာယာ၊ ဆယ့်နှစ်ဖြာလည်း၊ မက္ခာအစဉ်၊ ကိုယ်နှိုက်ယှဉ်လျက်၊ ဓမ္မဥ္စရ၊ ဒသဂါထာ၊ သတာရဟာ၊ စသည်တရား၊ ကျင့်မမှားက၊ သိကြားခြီးမြှင့်၊ နတ်ပြည်ပင့်၍့၊ အရှင့်*စတေ၊ ရောက်ကြလေသည်၊ လေးထွေမြတ်စွာ၊ ပင်း*တကာတို့၊ တေဇာမညိုး၊နှေ့နှယ်တိုးသည်။ ။တန်းခိုးနတ်မဟူပေ သာ*တမင့်။ (၄၃)

(ဇ-လုံးချ မဏိဆံကျင်-ချနည်း၊မအက္ခရာနှင့်ချရကား ရွှေလောင်းပြန်၊ သာတမင့်-ချည်းချချင်းတူရကားသော်တာရောင်-ချနည်းလည်း ဟူကုန်၏။)

၂၁၃။ လက်ျာကျွန်းတိ၊ ထက်ဝန်း*ပတ်ဝုတ်၊ သမုဒ်ရစ်ခွေ၊ ပင်သပြေနှင့်၊ ရေနေလေးထောင်၊ တောသုံးထောင်က၊ လူ့ဘောင်လူနေ၊ လူ့ရပ်မြေလည်း၊ မသွေမှန်ဘိ၊ သုံးထောင်ယှိလျက်၊ ရေဝိရံရှောင်း၊ မြေနားဒွေါင်းဟု၊ သောင်းဇမ္ဗူဒီ၊ မြရည်ညီသား၊ မဟီကုဏ္ဍလာ၊ သုန္ဒရာထက်၊ တေဇာတက်တုန်း၊ ဘက်မ*နူန်းအောင်၊ ဘုန်းနှင့်လက်ရုံး၊ စိန်နှစ်လုံးသို့၊ ရွှယ်ကျုံးရည်တိုင်း၊*တောက်တောက်ပိုင်းလျက်၊ *ကွန့်လှိုင်းဘုန်းရောင်၊ လက်ရုံးပြောင်သည်၊ သားမောင်ဒါလီ၊ ချစ်ကြိုးသီ! ဤသို့စသား၊ များလှတုံစွာ၊ မင့်းရေးရာနှင့်၊ ပြည်လာပြည်*တဲး၊ လူ*ဖြင်*ပြဲ့ကုံ၊ ဝမ်းထဲးထွေ†ပြား၊ ကြံစိတ်†ပြားပြီး၊ ဆန်း†ပြားဖြာ†ဖြာ၊ နီးသို†ဖျာလျက်၊ မဂ်လာနန်းတွင်း၊ မတ်*ခပင်းနှင့်၊ မင်းတို့ပြကတော့၊ တနေ့သုံး†ယံ၊ ညီလာခံ၍့၊ †ရံဝန်းသဘင်၊ ရွှေဘုံပြင်ဝယ်၊ တိုင်ပင်မ†ပျင်း၊ ခါမကင်းဘဲး၊ *စိုင်း†ပြင်းအလေ့၊ မှန်မရွှေလင့်၊နောက်ရွှေဆင်ခြင်၊ထုံးပုံပြင်နှင့်၊ အကြင်သသူ၊ ရှင်လူတိရစ္ဆာန်၊ မကျန်စေဘိ၊ သက်ယှိသက်မဲ့၊ ပြွပြွထင်†ပြက်၊ ဖြစ်နှင့်†ပျက်ကို၊ နယဂ္ဂါဟ၊ နုမာနဖြင့်၊ ရှေးကပုံလာ၊ မျောက်လိမ္မာသို့၊ဝမ်းမှာစွဲးထ၊ ဆုံးမသင်နိုး၊ နည်းယူခိုးလျက်၊ ကောင်းဆိုးနှစ်ဖြာ၊ မြင်တိုင်းမှာပင်၊ ဆရာမှတ်၍့၊ စံတည်လေ့လော့၊ မမေ့မလျော့၊ မင်းယဉ်ကြော့လျှင်၊ပေါ့ပေါ့သိပ်သိပ်၊ ပေါ့သိပ်,သိပ်ပေါ့၊ ယူသော့အခြင်း၊ သဘောရင်းတိ၊ မင်းတို့ရေးရာ၊ ဤလေးဖြာတွင်၊ သချာခပ်နှိပ်၊ ရွှေတံဆိပ်သို့၊ သိပ်သိပ်သိမ်မွေ့၊ ကြံစည်လေ့လော့၊*စေ့စိပ်သေချာ၊မပေါ့†ရာဘူး၊ကေသ†ရာမျိုး၊ တောလုံးစိုးတို့၊ လွှမ်းမိုးခုန်လွှား၊ တဟုန်အားဖြင့်၊ * ပေါက်သားဆင်ပြောင်၊ ယုန်ငယ်ကောင်ဟု၊ မရှောင်ကြိုးပမ်း၊ အားကုန်ဖမ်းသို့၊ ကိုယ်*အမ်း*ချချ၊မင်းကိစ္စနှိုက်၊သီဟကျင့်သုံး၊ခြင်သေ့ထုံးကို၊ နှလုံးသွင်းကာ၊ အားထုတ်ရာ၏၊ ပညာမျက်စိ၊သတိကိုယ်†ရံ၊မြဲးနိ†ယံဖြင့်၊ အကြံ

မချ၊ လှံလာဘယ်ခါ၊ မလျှော့ရာဘူး၊ ကြီးစွာခွန်အား၊ ကိုယ်ကားတောင့်နှယ်၊ အစွယ်ငင်းငင်း၊ မာန်ပြင်းမုန်ဝေ၊ တောနေပေါက်ထီး၊ မာတင်ကြီးလျက်၊ ချည်းနှီးချိတ္တဲ့၊ ဉာဏ်မ*ဟဲ့ကြောင့်၊ ခေါင်း*မဲ့တုံးတုံး၊ ဗုဇ္ဈန်လုံးမှ၊ ရှုံးခဲ့ညွန်တွင်း၊ နစ်သေလျှင်း၏၊ ရေမင်းနဂါး၊ ပေါက်စားလုစွာ၊ ကေသရာမူ၊ ပညာ*ကြံထက်၊ နှံစုတ်ငုက်နှင့်၊ ပေါင်းဘက်၍လျှင်၊ တိုင်ပင်တုံရှောင်း၊ ကြံကောင်းကြံရာ၊ ကြံမိပါ၍၊ ချမ်းသာရလျှင်း၊ သေဘေးကင်း၏၊ သားမင်းရှေ့စင်၊ ဤ*ပုံပြင်ကို၊ ဝမ်းတွင်စွဲ၍၊ စံတည်မှေ့လော့၊ ထို ရှေ့မျှားစွာ၊ သတ္တဝါကား၊ ခန္ဓာရင့်တိုင်း၊ စိတ်*ရှိန့်ရှိုင်း၏၊ *ပိတ်ထိုင်းမောဟ၊ မိုက်တွင်းကျ၍၊ အန္ဓပုထုဇဉ်၊ ဉာဏ် မယှဉ်ဘူး၊ ပျိုစဉ်တဏှာ၊ အိုမိစ္ဆာနှင့်၊ ပညာကင်းဘိ၊ သတိကင်းပ၊ ဉာဏ်ကန်း စွကြောင့်၊ သတ္တဝါအလေ့၊ မငြိုးငွေ့တည့်၊ ဘုန်း*ဟော့ဘုရင်၊ ငါဘခင်မူ၊ တောဝင်ယခု၊ ရဟန်းပြု၍၊ စတုဗြဟ္မ၊ ဝိဟာရဖြင့်၊ အတ္တဟိတ၊ ကိုယ်ကျိုး မျှသာ၊ နေ့ညဆောင်နှုံး၊ အားထုတ်ကြိုးပိမ့်၊ တိုင်း ကျိုးပြည် ကျိုး၊ သူ အ ကျိုးကို။ ။*အဲးခိုး*မသံတို့ပြီဘူး။ (၄၄)

၂၁၄။ ငါ့သားမင်းညို၊ ရွှယ်တန်စိုဖြင့်၊ မင်းပျိုမင်းလွင်၊ ပျော်မြူး*ဖြင့်၍၊ ရယ်ရှင်အုန်းအုန်း၊ အနှုန်းမယှို၊ မကြူးဘိနှင့်၊ မျက်စိပွင့်ရုံ၊ ရှင်ပြုရုံမျှ၊ သိတ မည်ငြား၊ သွားဖျားပေါ်ရုံ၊ ရယ်တုံဟသိတ်၊ ကျိတ်ကျိတ်သာယာ၊ အသံပါဘိ၊ ဝိဟာသိမည်၊ ဦးလည်လှုပ်ထ၊ ဥပမှတ်ချက်၊ မျက်ရည်ထွက်ထ၊ အပခေါ်ဆို၊ ကိုယ်ကိုပစ်လွဲ၊ လွန်ကဲအတိ၊ ဟသိမည်ကြ ပဘေဒဖြင့်၊ ကျမ်းပြထင်ရှား၊ ရယ်ခြောက်ပါးတွင်၊ ပိုင်းခြားအညီ၊ နှစ်ပါးစီလျှင်၊ သညီသမုတ်၊ မြတ်လတ် ယုတ်တည့်၊ န ရုတ္တရော်၊ ရှေ့လော့်စံတိ၊ မောင်ဘုန်းယှိကား၊ ဇာတိပဝရ၊ မျိုးသေဋ္ဌရှင့်၊ ဉာဏနိုင်းရှု၊ သတိပြုလော့၊ ရယ်မှုရှင်မူ၊ ပျော်မှုမလွန်၊ မင်းတို့ ဝန်ဖြင့်၊ ကျေးကျွန်နီးဝေး၊ တိုင်းပြည်ရေးနှင့်၊ ကိုယ်ရေးတွင်းပြင်၊ ထက်ဝန်း ကျင်ကို၊ ဆင်ခြင်ကြံလော့၊ မှန်မမေ့နှင့်၊ ခြင်သေ့သော်လည်း၊ ကြံစည်နည်းက၊ လက်သည်းခွံမျှ၊ ကိုယ်ကာယနှင့်၊ ဗလနည်းပါး၊ အား*မဲ့စွာလျက်၊ ဘားတလက် ကြောင့်၊ အသက်သေဆုံး၊ပျက်စီးရှုံး၏၊အိုင်လုံးကုန်အောင်၊ ငါး*မြားမြောင်ကို၊ ဗျိုင်းဆောင် လှည့်*ဖြား၊ ချီကာစားသော်၊ ငါးများထက်လွန်၊ လိမ္မာ *ပွန်သည်၊ ဗုဇ္ဈန်*ကြံထက်၊ ပညာနက်၍၊ အသက်မသေ၊ ကိုယ်မကျေဘဲး၊ ဆောင်စေလိုတိုင်း၊ ကျွန်နှယ်ခိုင်းလျက်၊ ဗျိုင်းမိုက်လည်ဘင်း၊ စင်းစေ လတ်လတ်၊ ပြတ်အောင်ဖြတ်၏၊ မမြတ်ကျင့်တန်၊ ဆိုးဝကာန်ဖြင့်၊ ဉာဏ်ကလိမ် ချုံ၊ ဆူးရစ်ရုံသို့၊ ဝိုင်းအုံလိမ်လစ်၊ သဘောညစ်သား၊ ကောက်ကျစ်ကာမိန်း၊ ပကာသ် သိန်းနှင့်၊ ဒေဝိန်းဟူသည်၊ လေးမည်မတ်ဝန်၊ ကြံကြဟန်ကို၊ ပြန်ကာ လိမ်ထ၊ ဘင်တွင်းကျ၍၊ အမရာဉာဏ်၊ ဆယ်ပြန်လွန်လျက်၊ မျောက်ဖြူ ဆက်၏၊ ကျင့်ပျက် ယွင်းချွတ်၊ တရား လွှတ်သည့်၊ ကေဝဋ် ဉာဏ်လိမ်၊

ကြံတကြိမ်ကို၊ ဦးနှိမ် ကိုင်ပြီး၊ ဆယ်ဆ စီး၍၊ မြေကြီး တိုက်ညွတ်၊ မဟော်ပွတ်၏၊ မှတ်လော့သက်ဆုံး၊ ဤသည့်ထုံးကို၊ နှလုံးထား၍၊ မှုသွား အလျောက်၊ ရှေ့နှင့်နောက်ကို၊ ချင့်ထောက်မြော်ရှု၊ မဟော့်တုဖြင့်၊ အနှုမ်းညှင်း၊ စိန့်နှယ်မြွင်း၍၊ *ထုင်ကျင်းစုံစေ့၊ ကြံစည်လေ့ရှင့်၊ မွေ့မွေ့လျော်လျော်၊ ပျော်ပျော် ရွှင်ရွှင်၊ တဘင်ဘင်နှင့်၊ အရှင်လည်းယစ်၊ ကျွန်လည်းယစ်နှင့်၊ ကျိုးပြစ်မထင်၊ ဖြစ်ခဲ့ကျင်သော်၊ လူရှင်*ခပဲ၊ ပြည်*ထဲးကိစ္စ၊ မချမ်းမြဘူး၊ သားလှသည်းချာ၊ သိလိမ္မာလော့၊ မြို့ရွာခမ်းနား၊ ပြည်တိုင်းကားနှင့်၊ သားမယားဂုန်၊ ကိလေညွှန်မှု၊ ဘုန်း*မွန်ဘမင်း၊ လွတ်အောင်ကွင်းပိမ့်။ ။နှစ်ဆင်းမကျွံ တို့ပြိဘူး။ (၄၅)

၂၁၅။ ပြောကပြေပြစ်၊ ချစ်နှစ်လိုရန်၊ ဟုပ်မှန်ဖြောင့်သား၊ တုနားညီစွာ၊ နီတိလာတိုင်း၊ အင်္ဂါလေးပုံ၊ ပြည့်စုံစကား၊ ခိုင်တည်ကြား၍၊ *သိ့စားပညာ၊ အရာသိတတ်၊ ယွင်းမချတ်လင့်၊ မှုးမတ်ကျေးကျွန်၊ များ*တသွန်လည်း၊ မ*မွန်စရိုက်၊ အချိုမိုက်၏၊ အထိုက်ဒလျောက်၊ လူရည်သောက်၍၊ ခြီးမြှောက် အပ်†ချေ၊ ချင့်မိစေတည့်၊ အ†ခြေမယို၊ ဇာတိမကောင်း၊ *လူ့သစ်†ယောင်း ကား၊ †ရောင်းတိုင်းမနွံ၊ ထင်းသစ်ခွံ့သို့၊ ဖျင်းသွံစာရိတ်၊ ကိုယ်စိတ်မူရာ၊ မကောင်းစွာခဲ့၊ သမ္မာမကြိုက်၊ ထိုသူမိုက်လည်း၊ ဂုံးတိုက်*ချောလျော၊ သဘော ယုတ်မာ၊ ကျင့်တတ်စွာ၏၊ ရာဇာ*သနင်း၊ မင်းတို့ဟူက၊ လူ့မိဘတည့်၊ ဉာဏ မိတိ၊ သမာဓိဖြင့်၊ တောင်*ရှိအသွင်၊ ရွှေချိန်ခွင်သို့၊ စိတ်တွင်မခွ၊ လေးတူမျှ၍၊ နှိုင်းဆစိစစ်၊ သူ*ချော†ပစ်လည်း၊ အ†ပြစ်လျင်စွာ၊ မမူရာရှင့်၊ ပညာဆင်ခြင်၊ တွေးတောသင်လော့၊ ဆင်ကိုပြုတ်စား၊ ဟူတုံငြားလည်း၊ စကားယုတ္တိ၊ မယို အင်္ဂါ၊ မယူရာရှင့်၊ မိစ္ဆာပုဏ္ဏား၊ ရန်ငြိုးထား၍၊ သားကိုယစ်တင်၊ နတ်ခွင် ထုတ်ချောက်၊ မချတ်ရောက်နှင့်၊ ကျီးမြှောက်ဆီရှာ၊ ဆင်ကဝါချ၊ လျှောက်တင် ကြတိုင်း၊ ရှေ့ကမင်းများ၊ ယုံကြမှားသို့၊ ငါ့သားလိမ္မာ၊ မဟူရာရှင့်၊ ဘာသာ မျိုးခြား၊ သူတို့အားလည်း၊ နီးပါးထံရင်း၊ အယုံသွင်း၍၊ အတွင်းထားကာ၊ မပြုရာဘူး၊ ရှေးခါသော်က၊ သီဟ နွားလား၊ နှစ်ကောင်ကြားဝယ်၊ တောသား ဒုစရိုက်၊ မြေခွေးမိုက်က၊ ရန်တိုက်သော့အား၊ ခြင်သေ့နွားတို့၊ ခိုက်ပွါးရန်စစ်၊ ဖြစ်၍မကြာ၊ သေကြစွာ၏၊ မိတ္တာမိတ္တ၊ သဟာယလည်း၊ အညဒ†တ္ထု၊ ခင်ပွန်း †တုနှင့်၊ ဥပကာရီ၊ ခင်ပွန်းပီတို့၊ လေးလီလေးဖြာ၊ သချာအပြား၊ ဆဲ့ခြောက် ပါးကို၊ ပိုင်းခြားပြီးသော်၊ မပေါင်းဘော်ထိုက်၊ ပေါင်းဘော်ထိုက်ဟု၊ ဉာဏ်နှိုက် မြဲးစွာ၊ ခွဲဝေရာ၏၊ ကြိုးကြာ မြေခွေး၊ မိတ်ဆွေရေးဖြင့်၊ ကျေးကြအစာ၊ ပုံပမာနှင့်၊ ကမ္ဘာဦးက၊ မမျှအမူ၊ မတူဇာတ်ချင်း၊ တွေ့တုံလျှင်း၍၊ ငါးကြင်း တင်†ကျီး၊ မိတ်ဘွဲ့ပြီးလည်း၊ ရန်†ကြီးဖြစ်လျက်၊ ကမ္ဘာဆက်သို့၊ အတ္ထက္ခာယီ၊ မပီသဘော၊ ဖြစ်တတ်သောတည့်၊ ပေါ်ချောနှုတ်လွင်၊ မာယာဆင်လျက်၊ မခင်မရဲ၊ မိတ်*သဟဲအား၊ ငမ်းထဲးမလာ၊ ကျိုး*မဲ့ရှာ၍၊ မေတ္တာမပွါး၊

မိတ်တရားကို၊ ဖျက်ငြားချေမှု၊ စိတ်မရှုနှင့်၊ ပေါင်းစုယှဉ်ပူး၊ နှစ်ဦးကြုံတွေ့၊
မြင်၍မပြုံး၊ နှလုံးမသာ၊ ကြွားပါတုံလျက်၊ နှစ်သက်မရှိ၊ မျက်စိဆိုင်လှည့်၊
မကြည့်စလို၊ ကြည်ညိုမပြု၊ ဆန့်ကျင်မှုသာ၊ မျှော်ရှုသဖြင့်၊ ပြောဆိုကျင့်သား၊
မသင့်ဝမ်းတွင်း၊ နှလုံးသွင်းနှင့်၊ ယင်းသို့သက္ခဏာ၊ ပုဂ္ဂိုလ်မှာလျှင်၊ သဟာ
ကျွမ်းဝင်၊ ချစ်ခင်သမှု၊ မိတ်မပြုနှင့်၊ သားဦး ပိတာ၊ ဘမြတ်စွာမူ၊ ဆိတ်ရာ
ခိုအောင်း၊ တကိုယ်ကောင်းဖြင့်၊ မြတ်လောင်းဟုံထုံး၊ သိတင်းသုံး၍၊ နှလုံးမခွ၊
စံချမ်းမြအံ့၊ မိန်းမ ယောကျ်ား၊ နှစ်ပါးကြိုက်ကြုံ၊ ရှုပါရုံက၊ အရင်းစ၍၊
ရာဂငါးပါး၊ သားမြေးပွါး၍၊ *ချောက်ချားနေ့ည၊ မချမ်းမြဘူး၊ ယက္ခဂါမာ၊
ဘီလူးရွာသို့၊ သိင်္ဂါဘုံဗွေ၊ နန်း*ရဝေဝယ်၊ သုံးရွေရှယ်ညှောက်၊ ပြစ်မျိုး
ပျောက်လျက်၊ နတ်အောက်မနိမ့်၊ လှလေး*ငြိမ့်သား၊ ရှုစိမ့်ဘွယ်ချည်း၊
* အပည်းပည်းနှင့်။　။ချစ်*ရည်းမင်ံ တို့ပြီဘူး။　(၄၆)

၂၁၆။ ပညာမျက်စိ၊ မျိုးဇာတိက၊ မယှိသူအား၊ အနီးထား၍၊ ထံပါး
တွင်းပြင်၊ ကျွမ်းမဝင်နှင့်၊ ကျွမ်းဝင်ဆက်ဆံ၊ ရောရှက်*ပြွံက၊ မ*နွံမ†နာ၊
လွန်*အာ†ဏာနှင့်၊ မျက်နှာသိမ်းဖြည်း၊ ရှက်ရသည်းခဲ့၊ ဘုန်းနည်းဉာဏ်*မဲ့၊
*မဟဲ့အမြင်၊ မဆင်ခြင်ဘူး၊ အရှင်သူ*မွန်၊ မြင်းချေးသွန်က၊ ကျွန်ပဲပြုတ်စွန့်၊
မျောက်ရေသွန့်လား၊ ကျိုးပျက်ပြား၍၊ ဘုရားဟောဘိ၊ ဇာတ်တော်ယှိသား၊
ဇာတိအန္ဓ၊ ဗာလဟူသည်၊ လူပင်တမင့်၊ ဖြစ်လင့်ကစား၊ အဟိတ်နွားသို့၊
အသားသာမို့၊ ဉာဏ်တုံးချို၍၊ နွားနို့ထွန်တုံး၊ မြွေ ဆင်သုံးနှင့်၊ စံထုံးမရ၊
ပဲမာပြသည့်၊ လာလုက*လုလင်၊ လူတွင်ရှေးက၊ ပြောဆိုကြသား၊ဆုံးမမထိုက်၊
သေအောင်မိုက်သည့်၊ ရေနှိုက်ပျားဖွပ်၊ လူသွပ်ယောကျ်ား၊ နှစ်ဦးသားသို့၊
တရားမယှိ၊ လူဒိဋ္ဌိကား၊ ပြုမ်တတ်*ဆန်း၊ အမှန်းမသိ၊ ပြုတတ်ဘိ၍၊ ဉာဏ်ယှိ
မင်းပျို၊ သူမိုက်ကိုလျှင်၊ မလိုကင်းကွာ၊ ရှင်းရှင်းခွါလော့၊ သိင်္ဂါ*နိတုံ၊နန်းရွှေ
ဘုံဝယ်၊ အယုံပြု†လျက်၊ တောမျောက်လက်နှိုက်၊ သန်†လျှက်အပ်ငြား၊ ကိုယ်
စောင့်ထားသော်၊ မင်းဖျားပျော်စက်၊ ဥက္ကောင်းထက်နှိုက်၊ ပန်းရက်ယူစား၊
ပိတုန်းပျားကို၊ ထိုမားသန်†လျှက်၊ မြမြထက်ဖြင့်၊ ချိန်†လျှက်မိုးကာ၊ ချိ၍
သာလျှင်၊ မင်းပါအကယ်၊ ခုတ်အံ့ရှယ်ခဲ့၊ လူဝယ်သော်လည်း၊ ထိုနည်းမှတ်ပိုက်၊
မယုံထိုက်သား၊ လူမိုက်ဘူက၊ မှုကိစ္စကို၊ မဆမည္သာ၊ ပြုတတ်စွာ၍၊ ထင်စွာ
ပြုလေ့၊ တွေ့ရာမဒရှောင်၊ လူမိုက်ခေါင်ကား၊ ခုနောင်ကာလ၊ နှစ်ဘဝနှိုက်၊ အတ္တ
ပရ၊ ဟိတ*မဲ့ကြောင်း၊ မကောင်းကိုသာ၊ ရှုတတ်စွာ၍၊ ယုံသာယုံရ၊ မ*ကုံ
စွဘူး၊ ကိစ္စလိုရှုံ၊ *ကုံသာကုံ၍၊ မယုံစရ၊ ယုံမလှဘူး၊ မွေးဘသည်းချာ၊
မင်းတို့မှာလျှင်၊ ပညာဗေတုံး၊ နှလုံးမဖွင့်၊ ဉာဏ်မရင့်ကို၊ ကိုယ်နှင့်နီးပါး၊မထား
စအပ်၊ မစပ်ဝေးစွာ၊ *ဖဲ့စေရာ၏၊ သမ္မာကင်းထ၊ ကျင့်ပါပနှင့်၊ နွှတ်က
ဘုရား၊ လက်ကားရားဖြင့်၊ တသားမစောင့်၊ စိတ်မဖြောင့်သား၊ သူကောင့်း

လက္ခဏာ၊ အပေါ်ဝါလျှက်၊ ယုတ်မာစရိုက်၊ မိစ္ဆာလိုက်သည့်၊ ကျီးမိုက်ဗာလ၊ ဓမ္မိကသို့၊ စာရမကောင်း၊ လူ့တစောင်းလည်း၊ မပေါင်းဖြစ်သာ၊ လွဲသေ့ရာ၏၊ လူဝါဝက်၊ ဗာလစကား၊ မတည်ကြားဘူး၊တရားမကပ်၊ပါးစပ်ရှု†ဋ္ဌိ၊ နှုတ်ပ†လိခဲ့၊ ထုံးမှိဝါ†ကျ၊ ဆိုတတ်†ကြမှ၊ ပွဲမလယ်မှာ၊ ခုံတည်ရာ၏၊ သစ္စာဝါစီ၊ အရိုးမှိုရွှဲ၊ ဒင်္ဂုဉာပကာ၊ အာဂုံပြုလျှက်၊ သာမကေယုတ္တိ၊ သဘောမိမှ၊ ပဏ္ဍိတကာ၊ ယုံကြည်ရာ၏၊ဝါစာနှုတ်လျှာ၊ သာယာပေါ်ချွဲ၊ လူစဉ်းလဲကား၊လက်ဝဲနံဘက်၊ ဝက်၏ပမာ၊ လကျာ်နံပါး၊ ဆိတ်အလားနှင့်၊ ချိုကားနွားအို၊ နွားငယ်လိုလျှင်၊ သံကိုမြည်ကာ၊ တူရာပြဌြား၊လှည့်ပတ်*ဖြားရှဲ့၊ ဖမ်းစားဆိုးကြူး၊ဝက်ဘီလူးသို့၊ ပေါင်းပူးလိမ်လည်၊ လွန်ကောက်ကျစ်၏၊ မချစ်အပ်ရှောင်း၊ မပေါင်းအပ်စွာ၊ ဝေးကြောင်းခွါရှင့်၊ ရှံခါသော်မှ၊ မနိုးရဘူး၊ ထိုဗာလစပ်၊ လူကောက်ကျစ်တို့၊ ကျင့်ညစ်ဝါသနာ၊ ဝမ်းတွင်းပါကား၊ ဘယ်ခါမပျောက်၊ ခွေးမြီးကောက်ကို၊ ကျည်တောက်စွပ်တူ၊ ပမာမူ၏၊ စွဲးယူမှတ်သား၊ နှလုံးထားလော့၊ ဘဘွား ဘုန်းမော်၊ ငါမင်းကျော်မူ၊ မပျော်လူ့ခွင်၊ ရညကင်ဖြင့်၊ဝင်ရှဲ့ တောယံ၊ ကျင့်*ခြိုးခြံအံ့၊ မစံနန်းတွင်း၊ ရွှေ*ခပင်းနှင့်။ ။သက်နှင်းမန္တံတို့ပြီဘူး။ (၄၇)

၂၁၇။ မသူတော်လျှောက်၊ သူကကောက်မူ၊ ကောက်သော်ကောက်ချင်း၊ မြွေနှင့် တွင်းသို့၊ ကောက်လျှင်းတုံမှ၊ ဤလောကနှိုက်၊ ဂိစ္စပြီးလို၊ ငရှဉ်းအဟိုက၊ သံကိုကြွက်စား၊ သားကို စွန်ချီ၊ ရွှေနီကား ကြေး၊ ရင်သွေးမျောက်ဖြစ်၊ လူစစ်တသီး၊ သမီးဆိတ်မ၊ ပုံကိုဆရှဲ့၊ ဝက်ဝက်မီ၊ ပလီဉာဏ်ဆိုး၊ ထိုလူမျိုးကို၊ အိုးယွဲ့စလောင်း၊ ပိတ်တုံရှောင်းသို့၊ စောင်းလျှင် စောင်းတူ၊ တည့်မူ တည့်လိုက်၊ မှုချင်းတိုက်လော့၊ လူမိုက်ပညာ၊ ရတုံပါလည်း၊ ဂုဏ်ဝါမထူး၊ ကျေးငှူးမနက်၊ ကိုယ်သာပျက်၏၊ ချင့်းလက်စိန်ရောက်၊ တောမျောက်အုန်းသီး၊ ရ*ချည်းနှိုးတည့်၊ ကျီးနှင့်တူစွာ၊ သူယုတ်မာတို့၊ ကာကာကိကိ၊ ပလီလျှပ်ဝါး၊ နှုတ်လျှာပါးနှင့်၊ စကားအဘင်း၊ တရားကင်းလျှက်၊ ခုံငြင်းသေ့လာ၊ ဝါသနာဖြင့်၊ ရန်ရှာခိုက်ထိ၊ အမိကရုဏ်း၊ ရောက်တိုင်းအုန်း၏၊ အ*နှုန်းမသိ၊ ဆုံးမယှိဘဲ၊ ပြောမိပြောရာ၊ တဘွာဘွာနှင့်၊ ပညာခွေးမြီး၊ လူမိုက်ကြီးလည်း၊ မပြီးအကျိုး၊ လက်ရုံးမိုးရှဲ့၊ ကိုးရိုးကားရား၊ ထောင်လွှားမာန၊ ဝင့်တတ်စွတည့်၊သုတပညာ၊ နည်းတုံပါလျှက်၊ဝါစာနှုတ်ကောင်း၊တထောင်းထောင်းနှင့်၊ဒေါင်းမယှိက၊ကျီးနက်†လှသိုးဗာ†လလူဝါ၊ ဉာဏ်*မဲ့ရာဝယ်၊ ငါသာပဏ္ဍိ၊ ပညာ†ယှိဟု၊ မိုး†ရှိစိတ်က၊ မြင့်တာတ်စွတည့်၊ ဗာလဟူသော၊ လူ့ငှက်†ပျောကား၊ နှုတ်†ပြောမျှသာ၊ နှစ်မပါဘူး၊ ကြာပင်အောက်ဘား၊ ကြာပျားဝဆွံ၊ ခါတရံမျှ၊ မခံစားရ၊ သက်သေကြ၏၊ ဗာလတို့လည်း၊ ထိုနည်းအတူ၊ လူတွင်ကဝိ၊ ပညာယှိနှင့်၊ ပေါင်းမိမကွေ၊ တူနေကုန်†ကြ၊ သက်ဆုံး†ကျလည်း၊ မရနည်းနာ၊ မလိမ္မာဘူး၊ ပညာ*မဲ့ကင်း၊ လူ့အဖျင်းတို့၊ အဖျင်းချင်းသာ၊ ပညာယှိဟူ၊ လူတို့မူလည်း၊ လူပညာချင်း၊

ပေါင်းသင်းကြစွာ၊ ခေတ်တိုင်းသာရှင့်၊ ထင်ရာဖုန်ဖုန်၊ ဥဒါ†ရုဏ်နှင့်၊ ရွှေ†ယုန်
ရွှေကျား၊ ရှေးစကားကို၊ နည်းပါးဉာဏ်ချို၊ သူငယ်တို့မျှ၊ မှတ်ယုံကြသို့၊ ဗာလ
ချင်းသာ၊ ယုံကြည်ရာ၍၊ ပညာယှိသူ၊ အဘယ်မူလိမ့်၊ မှတ်ယူမထိုက်၊ လျှာဒုစ
ရိုက်နှင့်၊ သူမိုက်စကား၊ ရာထောင်များလည်း၊ စီးပွါးကင်းဘိ၊ ကျိုးမယှိရှင့်၊
အသိပညာ၊ *မဲ့တို့မှာကား၊ ပြည်ရွာမနီး၊ ကြီးသည့်ကြက်လို၊ နေ့ညကိုလျှင်၊
ပဟိုရ်မသိ၊ တွန်မိတွန်ရာ၊ တွန်တတ်စွာသို့၊ အခါအ†ရာ၊ မလိမ္မာတည့်၊ ဆ†ရာ
မသင်၊ မြင့်အသွင်သို့၊ တောတွင်ဆက်ပြေး၊ သမင်ပြေးနှင့်၊ ခွေးပြေးဝက်ပြေး၊
ပေါက်လွှတ်ပြေးလည်း၊ အရေးမလှ၊ သုံးမကျဘူး၊ ထိုမျှအပြား၊ သူမိုက်များကို၊
ငါ့သားသည်းချာ၊ ဝေးစေရာ၍၊ တဖြာထို†မှ၊ က†မ္မကိလေ၊ လေးဒွေပါပ၊
ဒုစ္စာ†ရနှင့်၊ အပါ†ယမုခ်၊ ခြောက်ပါးထုတ်သား၊ သူယုတ်ကျင့်ရေး၊ တဆဲ့
လေးလည်း၊ ရင်သွေးသက်စု၊ ကင်းအောင်ပြုလျက်၊ ကိုယ်မှုပြည်မှု၊ မပြတ်ရှုလေ့၊
သားဦးဘခင်၊ ငါဘုရင်မူ၊ လူ့ခွင်မနွှော၊ လူ့သဘောနှင့်။ ။မရော*မပြွံတို့
ပြီဘူး။ (၄၈)

၂၁၈။ ကိုယ်မှုပြည်ရေး၊ ရှုပ်ထွေးများစွာ၊ အရာရာကို၊ လိမ္မာသိပ်သည်း၊
မလိပ်လည်းလင့်၊ အစည်းပြေကာ၊ လူတို့မှာလျှင်၊ ရေးရာတချက်၊ တစပျက်က၊
ဆယ်ဆဟူဘိ၊ ဆိုရိုးယှိ၍၊ ရှေယိ ရှေယောင်၊ တောမီးလောင်သော်၊
တော့ကြောင်*လက်ပမ်း၊ ခတ်သော့ငြမ်းသို့၊ သူ*ရမ်းသူကား၊ ကြွတတ်ငြား၍၊
ပျော့တစက်ကြောင့်၊ ပြည်ပျက်သော့ဟူ၊ ထုံးတမူလည်း၊ မှတ်ယူမယွင်း၊ နှလုံး
သွင်းလေ့၊ ယင်းမှထိုပြီး၊ ယုဂ်ကလိတွင်၊ နိမက်နိမိတ်၊ ဗျာဒိတ်ကောလာ၊
တိတ်ဩဘာက၊ သိုက်စာ*အန္တ၊ ဂဝံပတော့၊ ရသေ့သိကြား၊ နတ်စကားနှင့်၊
နတ်များညွှန်ဆောင်၊ *တဘောင်*တြင်း၊ နဝင်းဟူထ၊ စံနည်းစသား၊ တွေးဆ
ဝိုးဝါး၊ ထိုစကားကို၊ အများရှင်လူ၊ ထင်ရာယူ၍၊ *ဟူဟူငြားငြား၊ အပြော
များသော်၊ စကားနောက်မှာ၊ နားလိုက်ပါခဲ့၊ ပညာနုပ်သေး၊ လူတဝေးတို့၊
အရေးမမြင်၊ အရေးထင်လျက်၊ ဆင်ခြင်*မဟုတ်၊ ယုံတတ်ခဲ့၍၊ ယုန်ငယ့်သဘော၊
မြေပြိုသောဟု၊ ပြောသံကြား†ရုံ၊ †ယုံကြီးယုံ၍၊ လုံးစုံသားပေါင်း၊ ခြေလေး
ချောင်းတို့၊ သောင်းသောင်းကြွက်ငြာ၊ ဉာဏ်*မဲ့စွာဖြင့်၊ သမုဒ္ဒရာရေတွင်း၊
ပြေးဝင်ဆင်းရှင့်၊ မင်းတို့အရေး၊ တိုင်းပြည်ရေးကို၊ အလေ့းအမှား၊ အရပ်
သားနှင့်၊ မယားကစ၊ အမိမျှလည်း၊ ထိုမှတခြား၊ မိန်းမများကို၊ မကြားစေရာ၊
မနာစေအပ်၊ မြဲးစောင့်ကြပ်လေ့၊ ထိုအရပ်သား၊ မိန်းမများတို့၊ ကြားက
ကြွက်ဆူ၊ မောင်းထက်ဟူ၍၊ မှတ်ယူတခင်း၊ လူ*ခပင်းနှိုက်၊ အတွင်းလူမျိုး၊
ဥစ္စာခိုးက၊ ခါးကြိုးလည်ဆွဲ၊ နှုတ်ထဲးငုံကာ၊ ထားတုံပါလည်း၊ လုံရာမမြင်၊
ပမာသွင်သို့၊ အကြင်ရင်းသူ၊ အတွင်းလူတို့၊ ရန်မူထွက်သော်၊ ကိုယ်သက်လုံးစုံ၊
ကြံတိုင်း*ကုံ၍၊ လူယုံသတ်က၊ သေတတ်စွရှင့်၊ မုချမှန်စွာ၊ နည်းငယ်စွာဟု၊

ရေးရာမထား၊ မပေါ့မှားလင့်၊ သားနှင့်ကျေးကျွန်၊ စည်းစိမ်လွန်က၊ မာန်*ဝှန်တတ်စွာ၊ အတောင်မှာငှက်၊ အတက်ရှည်ငြား၊ ကြက်အလားတည့်၊ ကျွဲသားအဘ၊ ပုံကိုဆ၍၊ စိတ်ချသော့အား၊ မလျော့လျားလင့်၊ သားကိုချစ်ရ၊ ငယ်စဉ်မျှသာ၊ငယ်ကမှာ သား၊ကြီးသော် ကျွားတည့်၊ မမှားပုံသွေး၊ မှန်ချင့်တွေးလော့၊ အရေးတိမ်နက်၊ သိခဲ့ခက်၍၊ ဘထက်သားကြီး၊ မီးထက်ငြမ်းမြင့်၊ အရှင့်ထက်ကျွန်၊ မလွန်စေရ၊ ဟူတုံကြခဲ့၊ နိစ္စမကင်း၊ ရှုမပျင်းနှင့်၊ မင်းထက်အမတ်၊ အားယို*မြတ်က၊ မညွှတ်လေရာ၊ ပညာ*စိစ္စေး၊ ဉာဏ်ဖြင့်ရှေးလော့၊ နွားချေးပိုးကောင်၊ ဆင်ကိုစောင်၍၊ *ယခေါင်ရှေးက၊ ဝိဒေဟနိုက်၊ ဒွါရအထွက်၊ တံခါးထက်ဝယ်၊ ပဲ့ဝက်ရွှေသာ၊ ရွှေသပြာကို၊ လည်မှာဆွဲရ၊ ပုတ်သင်မျှလည်း၊ မာနတက်စောင်၊ မင်းကိုထောင်၍၊ ရှိန်ပြောင်ညီးညီး၊ မီးကိုစတင်၊ မလောင်ခင်က၊ အလျင်တားသို့၊ ချစ်သားဘုန်းယို၊ ဉာဏ်သတိဖြင့်၊ အသိတရား၊ အမြဲးထားရှင့်၊ နည်းပါးဉာဏ၊ ပျော်မှုမျှနှင့်၊ ကြောင့်ကြ*မဲ့စွာ၊ မလေရာဘူး၊ ပညာဆင်ခြင်၊ မမြော်မြင်ဘဲ၊ လွင်လွင်ပေါ့ပေါ့၊ ရေပေါ်ဖော့သို့၊ သဘော့အရေး၊ နီးဝေးတွင်းပ၊ ပြည့်ကိစ္စနိုက်၊ စိတ်ချလွဲ့ကာ၊ မနေသာဘူး၊ သမုဒြာကျယ်*ပြော၊ ပင်လယ်ကြောတွင်၊ သင်္ဘောလှေစီး၊ *ထမုန်ကြီးသို့၊ မငြိုးမငွေ့၊ မမေ့မကျန်၊ ငါ့သား*မွန်လျှင်၊ ဆော်ဘန်အုပ်စည်း၊ အချာတည်းလော့၊ ခမည်းမောင့်ဘ၊ ပြည့်ကိစ္စကို။ ။စိတ်ချမခံ တို့ပြီဘူး။ (၄၉)

၂၁၉။ သုဘလက္ခဏာ၊ ကျမ်းညီစွာဖြင့်၊ ရာဇာရဟ၊ မင်းထိုက်လှလျက်၊ ကင်းပပြစ်ချေ၊ မွေးရေ*ပတ်*ယတ်၊ ကောင်းမြတ်အင်*ပြဲ့၊ မချွတ်ဲ့ဘဲ၊ နှစ်ဆဲ့ခြောက်မည်၊ ဗေ့ကောင်းတည်သား၊ ဇာနည်ဝလ၊ မျိုးမှန်စွာတည့်၊ နှစ်ဖြာမိဘ၊ သုဇာတနှင့်၊ ဌာနမှတ်ပြု၊ သိန္ဓုမြစ်နား၊ တိုင်းရပ်ဘွားရ၍၊ အစားအစာ၊ ပေးရာမရွေး၊ ကျွေးတိုင်းစားလွယ်၊ မစင်ကြယ်က၊ ရွံဘွယ်နံပုပ်၊ စက်ဆုပ်တတ်စွာ၊ သာယာငြိမ်သက်၊ မွေ့ညက်လျှင်မြန်၊ သွားဟန်ယဉ်ရှု၊ ဆုံးမနာသီး၊ ခရီးဖြောင့်မှတ်၊ ဆောင်တတ်မဘောက်၊ ဆုံးရောက်သက်တိုင်၊ အားအန်ခိုင်သား၊ ရှစ်ဆိုင်အင်္ဂပြည့်၊ မြင်းကောင်း၍သို့၊ တပြည့်ကျေးကျွန်၊ ယိုလှည့်တွန်မူ၊ မှုဝန်ကြေစွာ၊ ဆရာနှင့်မင်း၊ ဂုဏ်ပွင့်လင်း၍၊ ဝမ်းတွင်းတည်မှီး၊ မွေးကြီးငါးရပ်၊ နှလုံးကပ်နှင့်၊ ပညပ်ခေါ်မျိုး၊ တဆဲ့ကိုးဟု၊ သားရိုးမွေးရေ၊ မျိုးသန္ဓေက၊ ဆိုးဗေ့မကောင်း၊ ရှေ့သို့မောင်းသော်၊ တစောင်း နောက်လှန်၊ ပေါက်ကန် ခုန်လွှား၊ မသွား ကိုက်ခဲ၊ လမ်းလွှဲ ခေါင်ယွဲ့၊ ချိုးဖွဲ့တတ်စွာ၊ အင်ရှစ်ဖြာနှင့်၊ ညီညာကြမ်းကြုတ်၊ မြင်းယုတ်အတူ၊ ထိုသည့်သူကို၊ ကြည့်ဖြူနှစ်ခြိုက်၊ မပေါင်းထိုက်တည့်၊ သူမိုက်အရေး၊ ပေး၍မလှ၊ ပျက်တတ်ကြ၍၊ ဗာလတို့အား၊ မမြောက်စားရာ၊ မြောက်စားတုံလစ်၊ သနားချစ်က၊ အပြစ်ကိုယ်မှာ၊ ဖြစ်တတ်စွာခဲ့၊ ရှေးခါနိုက်ဝယ်၊ ကျီးမိုက်ငယ်လျှင်၊ လူ့နှယ်ဆင်းဝါ၊

မျိုးမြတ်စွာသည်၊ ဟသ်ာညီနောင်၊ ကောင်းကင်ဘောင်သို့၊ ယူဆောင်ခဲ့ငြား၊ နောင်တော်များကို၊ ကျွန်သားမှတ်ထ၊ မိုက်မာန်ကြွခဲ့၊ ဉာဏ*မဲ့မော၊ အတ္တဘောနှင့်၊ အပြောကြီးသူ၊ ဟန်သာဟူ၏၊ ခွေးဖြူအမျိုး၊ တောမတိုးသို့၊ နှိုင်းနှိုးတမူ၊ ထိုအတူပင်၊ လူအပေါ်လှ၊ ဒုပ္ပညလည်း၊ ကိစ္စရေးကြုံ၊ မှု*မကုံရှင့်၊ ပုံသာပုံရ၊ မယုံရဘူး၊ ဗာလဟူလျှင်၊ ကျွမ်းမဝင်နှင့်၊ ကျွမ်းဝင်ရုံမျှ၊ မပြုရဘူး၊ ဆိုထမှန်စွာ၊ ကျွမ်းဝင်ရာက၊ ပျက်တတ်စွတည့်၊ ဝံသတပါး၊ သဘောပြား၍၊ ချိုးသားတဝက်၊ လူသား†ဘက်သို့၊ ကိုယ့်†ပက်သူလူ၊ ထိုသည့်သူလည်း၊ မတူစိတ်သွေး၊ အရေးရောက်က၊ ဖျက်တတ်စွတည့်၊ ဉာဏမျက်စိ၊ မယှိသောသူ၊ လူမလိမ္မာ၊ ထိုများစွာကား၊ ခါခါမခါ၊ ဘေးသာထိလည်း၊ သတိမရ၊ မသိကြဘူး၊ မောဟလုံးကြီး၊ လက်ရုံးတီး၍၊ နှုတ်သီးကျက်ကျက်၊ ခွေးကော်ကော်သို့၊ ကိုယ်လက်ရွရွ၊ မာန်မချဘူး၊ မာနခံခံ၊ တည်ညွှံတည့်၊ ဘုန်းကံ*မဲ့သူ၊ ဉာဏ်*မဲ့သူတို့၊ ရှင်လူဖြစ်ဖြစ်၊ ကြံတိုင်းနစ်၏၊ စင်စစ်မုချ၊ ထိုကြောင်းစကြောင့်၊ ဟိနန္ဓယ်ရိုး၊ အမျိုးညံ့စွာ၊ ကျင့်ယုတ်မာနှင့်၊ ပညာ†မဲ့ငြား၊ သူ့စကားကို၊ ငါ့သားသက်လှယ်၊ မယုံလွယ်နှင့်၊ ရှေးဝယ်မြေခွေး၊ ဆောင်သွေးနားသွင်း၊ နာမိလျှင်း၍၊ သားမင်း*တကာ၊ လိုက်ပါကုန်ကြ၊ ပျက်စီးရ၏၊ ဝိသမဝါဒီ၊ မညီညွတ်†ခြင်း၊ မျိုးဆွေသင်းတို့၊ †ချင်းချင်းမမျှ၊ ကွဲပြားကြလည်း၊ ရှေးကငုံးပေါင်း၊ ပျက်စီးကြောင်းတည့်၊ ထုံးဟောင်းမှတ်ယုံ၊ ရေးပုံတဝ၊ ရွှေဉာဏ်ဆ၍၊ သားလှသည်းအူ၊ သတိမူလော့၊ အယူမခွ၊ ခမည်းဘကား၊ ဘဝဤမျ၊ ဤကစ၍၊ ပြည်မတိုင်းမှု၊ အစုစုကို၊ စွန့်ပြုလျစ်လျူ၊ ကာမဟူသည်၊ ရွံမြူအထည်း၊ ညွန်ညစ်မည်းမှ၊ *သရည်းရှောင်ကွာ၊ ဝေးကြောင်းခွါ၍၊ ဘယ်ခါညစ်ညူး၊ မလူးမရှိမ်း၊ လွတ်အောင်တိမ်းပိမ့်။ ။မလိမ်းမကျံ တို့ပြီဘူး။ (၅၀)

၂၂၀။ အထွေအလာ၊ လူတို့ရွာတွင်၊ ကျင့်ရာများဘိ၊ တိုင်းမသိဘူး၊ ဗောဓိပွင့်လျှ၊ သူမြတ်စွာတို့၊ ပညာယှိမှ၊ လိုတောင့်တ၏၊ ဗာလကိုကား၊ နားမျှလေသွဲ့၊ လို*မဟဲ့တည့်၊ ကျိုး*မဲ့ကိုဆောင်၊ ကျိုးယှိရှောင်လျက်၊ မြတ်အောင်စိတ်ထဲး၊ သိခဲးတတ်စွာ၊ ကောင်းရာဆိုလည်း၊ မျက်ထွက်သည်း၏၊ ကျင့်နည်းမသိ၊ ပြုမိပြုရာ၊ ပြုတတ်စွာသည်၊ ဒုမ္မေဓာမျိုး၊ သူမိုက်ဆိုးတို့၊ ကောင်းကျိုးစီးပွါး၊ မယှိငြားတည့်၊ တပါးထိုမှ၊ ဉာဏ*နှိုင်းရှဲ့၊ ကျိုးမဲ့ကိုရှောင်၊ ကျိုးယှိဆောင်လျက်၊ မြတ်အောင်သိလွယ်၊ နှိုး*နွယ်ပြသ၊ ဆုံးမဆိုမူ၊ မရှုအမျက်၊ နှစ်သက်တတ်ဘိ၊ ကျင့်နည်းသိသည့်၊ ပဏ္ဍိဉာဏီ၊ မေဓာဝီကား၊ ဂုဏ်ဆီပြန့်ပွါး၊ ကျေးဇူးများ၏၊ မြင်ကြားမယှိ၊ သတိကင်းကွာ၊ ပညာကင်းပ၊ လူထိုမျှတို့၊ လောဘဒေါသ၊ မောဟမိုးလျက်၊ မာန်တိုးတက်၍၊ အသက်ကြီးတိုင်း၊ကျင့်မိုက်ရိုင်း၏၊ ပိုင်းခြားခွဲးညှိ၊ ရာလိုက်သိရှင့်၊ မိမိအကျိုး၊ ဆောင်သယ်ပိုးက၊ ဆွေမျိုးမဟူ၊ မည်သူမဆို၊ ချစ်ကြည်ညိုလော့၊ အဟိုရှေးက၊ ညွန်နှိုက်ကျသား၊ သီဟ

ရာဇာ၊ ကေသရာကို၊ ယက်ကာမြေခွေး၊ သက်ကယ်ပေး၍ ၊ သားမြေး ခုနစ်ဆက်၊ ချစ်မပျက်အောင်၊ နှစ်သက်ကြည်ညို၊ ပေါင်းဘက်*ကို၍၊ မလိုအကျိုး၊ ဆွေမျိုးမမည်၊ မကြည်မလင်၊ မကောင်းလျှင်မူ၊ ကိုယ်တွင်ဖြစ်ပွါး၊ သွေးနှင့်သားလည်း၊ ကြီးမားစင်စစ်၊ ရန်သူဖြစ်၏၊ အမြစ်အဉ၊ ဆေးအစုကား၊ တခုသော်မျှ၊ ကိုယ်ကမပါ၊ တောကလာလျက်၊ ချမ်းသာဆောင်တတ်၊ ကျိုးယိုမြတ်၏၊ မြဲးမှတ်ထိုပြီး၊ လူ့ဇာတိနိုက်၊ လောကီဘာဝ၊ လူ့ကိစ္စကား၊ တူမျှချည်းသာ၊ မဟူရာတည့်၊ သည်းချာ*မင်း†ခြေ၊ နားလည်စေလော့၊ ဆတ်†ချေ တုံငြား၊လောင်းမင်းသားမူ၊ မယားကိုရ၊ဗြာဟ္မဏမှာ၊ အံုပါလတ်လတ်၊ နှာခေါင်းပြတ်၏၊ သားမြတ်ရတနာ၊ ဘ*သက်လျှာလည်း၊ အခါအခါ၊ အရာရာဖြင့်၊ သေချာစိစစ်၊ ကျိုးပြစ်နှစ်တန်၊ ဖြစ်တတ်ဟန်ကို၊ ရှေဉာဏ်ရှုထိန်း၊ မြင်မပြိန်းနှင့်၊ မိန်းမကောင်းသွမ်း၊ ဂုဏ်ယုတ်နွမ်း၏၊ မိန်းမသွမ်းကောင်း၊ လာဘ်မဲ့ရှောင်းရှင့်၊ အကြောင်းတရား၊ တူတုံငြားလည်း၊ ခြား၏အကျိုး၊ မတူနိုးဘဲ၊ ကောင်းဆိုးအတိ၊ မှန်မယိုတည့်၊ မှတ်ဘိသေချာ၊ မမေ့ရာဘူး၊ မဟာဘုတ်မျိုး၊ ဆိပ်ရှိန်ကိုးသည့်၊ မြွေဆိုးလေးကောင်၊ ကိုယ်တွင်းလှောင်၏၊ မာန်ထောင်ညနေ့၊ ခိုးငွေ့မစဲ၊ တရဲရဲလျှင်၊ အမြဲးလွတ်ကြို၊ *ဉဒါဟိုသား၊ ဤကိုယ်ကာ†ယ၊ ကိုးဒွါ†ရဖြင့်၊ *ကိုးဝဟောင်းလောင်း၊ တောင်ပို့ခေါင်းမှ၊ ချောင်းချောင်းထွက်အန်၊ မီးထက်မွှန်ခဲ့၊ နိရန္တရ၊ ကာမထဲးသံ၊ ဝိတက်ကြံလည်း၊ ဆိပ်လျှံအလား၊ တဘွားဘွားတည့်၊ ဆိုးဝါးယုတ်မာ၊ ကိလေသာဟု၊ တဏှာပဋိဃ၊ သက်ပွကို၊ မွေးဘရာဇာ၊ ခွါကြီးခွါပိမ့်၊ မိစ္ဆာ*ရမွက်၊ ထိုဝိတက်ဖြင့်။ ။မထွက်မလျှံတို့ပြီဘူး။ (၅၁)

၂၂၁။ မိမိကိုယ်ကို၊ ကြီးပွါးလိုက၊ အတိုမပြု၊ အရှည်ရှုလော့၊ ဒီဃာဝုမည်၊ လောင်းဇာနည်သို့၊ *ခိုင်ကျည်စွာဘိ၊ သမာဓိနှင့်၊ သတိသမ္ပဇဉ်၊ ယှဉ်စေရှေးဦး၊ လွန်မကျူးနှင့်၊ ကျေးဇူးယို*မဲ့၊ နှိုင်း*ရှဲ့ကောင်းဆိုး၊ မှုအမျိုးကား၊ ရိုးရိုးဆိုတန်၊ မဆိုတန်နှင့်၊ မှန်တိုင်းမကောင်း၊ ချက်ဘယောင်းသို့၊ ပျောင်းတိုင်းမရာ၊ ကျောက်ပ†မာလည်း၊ †မာတိုင်းမသင့်၊ အခွင့်မဆိုင်၊ ရေးမပိုင်က၊ အနိုင်ဘယ်ခါ၊ မကျင့်ရာဘူး၊ လိမ္မာသဖြင့်၊ ရေးရာချင့်၍ ၊ အသင့်ဉာဏ်ရှု၊ ဆင်ခြင်ပြုလော့၊ သူကိုလွန်ကျူး၊ မာန်မရှူးနှင့်၊ အထူးမချွတ်၊ မေတ္တာညွတ်၍၊ ဗြဟ္မဒတ်မင်း၊ ကျင့်ခြင်းပုံတူ၊ မျက်ယိုသူကို၊ မရှုအမျက်၊ မွေညက်သာ†ယာ၊ အောင်စေ†ရာ၏၊ မေတ္တာရှေ့ထား၊ မရငြားသော်၊ ကျားနှင့်ဆိတ်မ၊ စိတြဂိဝါ၊ များစွာခိုသင်း၊ ငုံး*ခပင်းတို့၊ မကြွင်းကိုယ်စီ၊ ပိုက်ကိုချီသို့၊ ညီညီညာညာ၊ သက်စွန့်ရာ၏၊ လွန်စွာကြိုးကုတ်၊ အား*သန်ထုတ်လျက်၊ မန္တုဿာဟ၊ ပဘာဝဟု၊ ရာဇသတ္တိ၊ ဂုဏ်သိဒ္ဓိနှင့်၊ စုံဘိမယွင်း၊ ပြည့်စေလျှင်းလော့၊ ရှေးမင်း*တကာ၊ ရေးရောက်ခါသော်၊ ပညာရှေ့ထား၊ လုံ့လအားဖြင့်၊ ကြိုးစားလွန်ပြင်း၊ ကြံကြ

လျှင်း၏၊ မင်းတို့ကြံက၊ တခဏနှိုက်၊ ကိစ္စသီးသီး၊ များစွာပြီးခဲ့၊ ဘုန်းကြီးသသူ၊ ဗုဒ္ဓကိုတို့၊ ကြံမှုရင်း၊ လျင်*ရှောင်းမကြာ၊ ပြီးမြဲးစွာရှင့်၊ သမ္မာခံခြင်း၊ အကြောင်းရင်းတည့်၊ ကြောင်းကင်း ကံကင်း၊ သမ္မာဖျင်းက၊ အရင်းမယို့၊ ပျင်းရိရိနှင့်၊ နီတိမသင်၊ နည်းမမြင်ဘူး၊ နွားသွင် ယောကျ်ား၊ အပျော်ပါးနှင့်၊ အိပ်စားတတ်ကာ၊ အိုကြာကြာတည့်၊ ပညာဝမ်းတွင်၊ မယို့ကျင်က၊ ထန်းပင်ထက်ဖျား၊ ပတ္တ†မြားကို၊ အ†များဒုက္ခ၊ ဆင်းရဲးရအောင်၊ လို့လကြီးစွာ၊ ကန်နှိုက်ရှာခဲ့၊ ရေမှာကျက်စား၊ ရေလိပ်အားသည်း၊မြစ်နားယူဆောင်၊ သေအောင်မချတ်၊ ရေနှိုက်လွှတ်†၏၊ ညာဏ်†လွှတ်ကြံခြင်း၊ ကောင်းကျိုးယွင်းရှင့်၊ ငါမင်းကို*မှံ့၊ ဘယ်မှု*စံ့လိမ့်၊ ထိုးအံ့စီးချင်း၊ ထွက်လှည့်မင်းဟု၊ မှန်ကင်း*အယောင်၊ မာန်တင်းထောင်ပြီး၊ မရှောင်မိုးကဲး၊ လက်ရုံးဝဲး၍၊ *ခိုက်ဆဲးရန်ရှာ၊ *မဲ့ပညာနှင့်၊ ဘယ်ခါမာန်ပြင်း၊*မမူလျှင်းနှင့်၊ ဝမ်းတွင်းအူတို၊ လူထိုထိုကား၊ ရန်လိုရန်စ၊ မဆုံးကြဘူး၊ ကိုယ်ကလက်ဦး၊ သူကိုကျူးက၊ထူး၍သူ့ထက်၊ ဆယ်ပြန်တက်အောင်၊ ကိုယ်ပျက်တတ်ခြင်း၊ မှန်စင်းစင်းတည့်၊ ဘမင်းမဟာ၊ ငါရာဇာမူ၊ ကိလေသာဟုန်၊ လူတိုင်းစုန်သည့်၊ ကာမဂုဏ်ပွက်တော၊ ထိုရေကြောနှိုက်၊ မမျောလိုပြီ၊ *မသတိဘဲး၊ ရှိညီငြီးငွေ၊ ပြည့်အလေ့ကို၊ မမွေ့စိတ်မှာ၊ တောကြီးခွါ၍၊ ကောယန၊ အရိယမဂ်၊ အထက်လမ်းပွါး၊ တကိုယ်သွားဖြင့်၊ အများမဆန်၊ ညာနိဗ္ဗာန်သို့၊ ခွါကန်ဘော်နည်း၊ တယောက်တည်းမျှ၊ *အရည်းဓမ္မတာ၊ ဆန်တော့ရွာအံ့၊ ငွေသော်တာလ၊ စန္ဒြလျှင်၊ ညမှသော်သာ၊ ကုမုဒြာဟူ၊ ကြာဖြူအပေါင်း၊ ကြာခေါင်းလောင်းတို၊ ပွင့်ကြောင်းမှန်စွာ၊ သူရိယာကား၊ ကောကာနဒ၊ ပဒုမဟု၊ အရုဏာရိုး၊ ကြာနီမျိုးကို၊ လင်းမိုး*သောက်ပ၊ နေရုဏ်ခလျက်၊ နေ့မှလတ်လတ်၊ ပွင့်စေတတ်၏၊အမှတ်*တံထွာ၊ ဓမ္မတာသို့၊ လူမှာလူဖြင့်၊ လူသာကျင့်၏၊ ရှင်နှင့်မလျော်၊ ရှင်သော် ရှင်ကျင့်၊ ရှင်သာသင့်၏၊ လူနှင့်မရော၊ မစပ်စွာတည့်၊ ပြည်ရွာကိစ္စ၊ ဟူသမျှနှိုက်၊ ကာမဝိတက်၊ ဤ*ရမွက်နှင့်။ ။မဆက်မဆံ တို့ပြီဘူး။ (၅၂)

၂၂၂။ မင်းတို့နှလုံး၊ စိန်တုံးစိန်ဝိုင်၊ မယိုင်မယိမ်း၊ မတိမ်း*မသုန်၊ မတုန်မချောက်၊ ရဲးခွင့်ရောက်က၊ မာခေါက်*ချင်†ချင်၊ ရဲးစွမ်းအင်ဖြင့်၊ ရှေ†ခြင်သေ့စိတ်၊ ရွှံမထိတ်ဘဲး၊ ရဲးဟိတ်မယုတ်၊ ပဥ္စာဂုမ်သို့၊ မဆုတ်နည်းမျှ၊ လက်ရုံးကြွရှင့်၊ သူကမာန်သွင်း၊ ရဲးတင်း*ရည်းငံ၊ စီးချင်းခံဟု၊ *ကြိုးသံကြိမ်းဆို၊ မာန်မင့်ကိုလည်း၊ ဆိုင်လိုလာ†ခဲ့၊ မနုန်နဲ့လင့်၊ ငါ†ကဲ့သို့လား၊ ရဲးတည်†ကြားလျက်၊ ယော†ကျ်ား*ဖီလာ၊ ဖြစ်စေရာ၏၊ မင်းမှာသတ္တိ၊မယို့တုံ†က၊ဤလော†ကနှိုက်၊ ထိုမျှကျွန်ကျေး၊ နီးဝေးတွင်းပြင်၊ ဝန်းကျင်မကြွင်း၊ ပြည်ထောင်ချင်းတို့၊ မာတင်းမတွန့်၊မာန်စောင်*ကွန့်၍၊ မခန့်မ*ရည်း၊ *မယမ်းပည်းဘူး၊ ငါနည်းယူယူ၊ငါ့တူမခြား၊ငါ့သားပီ†ပီ၊ငါနှင့်ညီအောင်၊ဆို†ပြီနှုတ်ထွက်၊ပွင်းမကွက်ရှင့်၊

ကိုယ်လက်နှစ်ဘို၊ အင်မချိဘဲ၊ ဤမြို့ညီးညီး၊ ဤနန်းကြီးက၊ ဤထီးဤစည်၊ ဤတိုင်းပြည်ကို၊ ဘုန်းရည်ဖြိုးလျှံ၊ ဘမွေခံ၍၊ သစ္စံ ဓမ္မ၊ ဝီရိယနှင့်၊ စာဂဟူသည်၊ ရန်သူအောင်ကြောင်း၊ ကျင့်ကောင်းလေးပါး၊ စသည်အားဖြင့်၊ တရားမလစ်၊ မင်းမူရစ်လော့၊ မင်းစစ်ဓမ္မတာ၊ မချွတ်ရာဘူး၊ များစွာမြတ်ယုတ်၊ *ဗိုလ်*အစုတ်နှင့်၊ တသုတ်တိုက်†ကျမ်း၊ သဘောတမ်းဖြင့်၊ ကြွေ့†ကြမ်းမပြု၊ ညီညွတ်မှုက၊ ပြည်သူသမီး၊ ရှုဓ†ငြီးနှင့်၊ ရောင်†ညီးနတ်သွင်၊ သူကြင်ဆွေနည်း၊ သူချစ်သည်းနှိုက်၊ *မရည်းမင်၊ *မဆက်ဆံရာ၊ သက်နှံဓမ္မရာဇ်၊ လွန်ကျစ်လစ်လော့၊ ကျိုးပြစ်တရား၊ သူတပါးအား၊ ဟောကြားညွှန်ပြ၊ ဆိုဆုံးမသော်၊ သင့်မျှရုံသာ၊ ဆုံးမရာ၍၊ ကိုယ်မှာသော်ကား၊ သူအများထက်၊ တက်ပွါးဆယ်ဆ၊ လွန်မကအောင်၊ လှုံ့လကဲလစ်၊ ကျင့်အား*သစ်လော့၊ ကျင့်ညစ်ဆိုးဝါး၊ ငါးခင်းသားဟု၊ တရား*မဲ့စွာ၊ *မမူရာဘူး၊ ရာဇာပြည့်ရှင်၊ ကင်းအမြင်နှင့်၊ ဆင်ခြင်မသင့်၊ ဉာဏ်မချင့်ဘဲ၊ မင်းကျင့်တရား၊ ယွင်းဘောက်ပြားက၊ တိုင်းကားပြည်သူ၊ မီးသို့ပူလိမ့်၊ သိဟဂုဓာတ်၊ ဧမြတ်လှစွာ၊ နတ်သိတာသို့၊ မေတ္တာရွှေမိုး၊ လူအမျိုးအား၊ *သတိုးရင်နှစ်၊ ဖျန်း*ဆွတ်*သစ်လော့၊ နေမြစ်*အာဟိန်၊ နေ့နှယ်ထိန်၍၊ ရာဇိန္ဒာဘိ၊ ရာဇာဓိဟု၊ ဇာတိနေပိုင်း၊ နေဂိုဏ်းဉက္ကာ၍၊ တိမဟုတ်ဖြင့်၊ တမွတ်ညီးညီး၊ ရွှေနန်းကြီးထက်၊ ထီးလိုမင်းလို၊ များကြည်ညိုလျက်၊ ကုသိုလ်လည်းပွါး၊ တရားလည်းကျင့်၊ မြင့်ထက်မြင့်လိမ့်၊ နှိုင်းချင့်ဆင်ခြင်၊ ကျိုးပြစ်အင်ကို၊ မြော်မြင်တတ်သိ၊ ပညာယှိအား၊ အမိသိဘွား၊ မယားကြင်ဘက်၊ ကိုယ်သက်စွန့်ကာ၊ မြတ်နိုးစွာသား၊ ရာဇာဧကီ၊ စုဋ္ဌနီသို့၊ တူညီစင်စစ်၊ သား*မွန်ချစ်ဖေ ပါ့၊ ကျိုးပြစ်မမြင်၊ မဆင်ခြင်ဘဲ၊ နတ်ဝင်ပုံမြှောက်၊ မီးတောက်လေကူ၊ ပင့်သောတူသို့၊ မသူတော့ဉာဏ်၊ ဆော်ဘန်မပြတ်၊ အားပေးတတ်သည့်၊ ကောဝဋ္ဌဆရာ၊ ပိင်္ဂလာနှင့်၊ ခဏ္ဍာဟလ၊ ပုဏ္ဏား*အယောင်၊ သူမိုက်ခေါင်ကို၊ ကြဉ်ရှောင်ခွါကင်း၊ မပေါင်းသင်းနှင့်၊ ယင်းသည့်လူမျိုး၊ သန္ဓေဆိုးကား၊ တစိုးတစိ၊ ပညာယှိလည်း၊ အသိမလိုက်၊ မပေါင်းထိုက်ဘူး၊ စရိုက်ဆိုးကြူး၊ ပညာရူးတည့်၊ ကျေးဇူး*မဲ့လျှင်၊ ကောင်းကျိုးကင်း၍၊ ဘမင်းရွှေကိုယ်၊ ငါဘုန်းမို့မူ၊ ဗြဟ္မစိုရ်နှလုံး၊ ဆောက်တည်သုံးပိမ့်။ ။သက်ဆုံး*မယွံ တို့ပြီဘူး။ (၅၃)

၂၂၃။ သူမိုက်သူညစ်၊ မပေါင်းရစ်လင့်၊ မစစ်မျိုးနွယ်၊ လူဝယ်ဖြစ်ဆန်း၊ လူပေါက်ပန်းနှင့်၊ သဖန်းကျိုးအာ၊ သီးပမာသို့၊ လူဝါနှုတ်†ပြော၊ ပြင်သာချော၍၊ ငှက်†ပျောပင်စိုက်၊ မိလိုက်ဘပါ၊ ဝေါဟာခေါ်ရိုး၊ *မော်ကွန်းထို ခဲ့၊ အမျိုးလိုက်တတ်၊ များ၏မှတ်လော့၊ ယုတ်မြတ်ဇာတိ၊ လူ့လောကီနှိုက်၊ ဘမိနှစ်ပါး၊ သမီးသားတို့၊ ထင်ရှားဖြစ်ထွေ၊ ကြောင်းရင်းဘေ့သော်၊ သန္ဓေစွဲငြိ၊ ကိန်းရာယှိသား၊ အမိဟူသည်၊ လူ့ပြည်စဉ်ဆက်၊ လုပ်ထွန်ယက်သည့်၊ ပေါင်းမြက်သန့်ရှင်း၊ မသန့်ရှင်းဖြင့်၊ စိုက်ခင်းပမာ၊ အဘမှာမူ၊ လယ်ယာလုပ်သား၊ တူကြ

ငြားဏ်၊ သားသမီးမျိုး၊ ပေါက်သည့်ပျိုးသို့ကောင်းဆိုးရိုင်းယဉ်၊ မိနှင့် ယှဉ်၏၊ ပညာသိပ္ပ၊ လောကရေးရာ၊ အလိမ္မာနှင့်၊ မလိမ္မာကား၊ အကြောင်းများ၏၊ ဘိုးဘွားကလည်း၊ တူနည်းရုပ်ဝါ၊ လက္ခဏာလျှင်၊ ပါတတ်တုံဘိ၊ ဆင်ဟတ္ထိနှိုက်၊ အမိအသား၊ ဘကားမျက်လုံး၊ မှတ်ထုံးထို့ပြင်၊ မွေးမျှင်ဟဘွား၊ မခြားတူရိုး၊ အဘိုးတမူ၊ အစွယ်တူ၏၊ မှတ်ယူထို*နွယ်၊ လူဝယ်အဟုတ်၊ သဘောထုတ်သော်၊ မိယုတ်နှုတ်ကြမ်း၊ ဘသရမ်းက၊ ညစ်ညမ်းမှုဆိုး၊ အမျိုးမမှန်၊ အကျင့်တန်၏၊ ကျေးကျွန်လွတ်†လွတ်၊ ခွင့်မ†လွတ်နှင့်၊ ဖွတ်မိကျောင်းဖြစ်၊ မြစ်မချမ်းသာ၊ ဟူစပါသို့၊ ပမာထင်ရှား၊ သူကောင့်သားမူ၊ ယဉ်ပါးအဟုတ်၊ သူယုတ်၏သား၊ *ရမ်းကားတတ်စွ၊ မိုက်မာနနှင့်၊ ဒေါသ*ဟုန်ဟုန်၊ *တဖျင်သုန်ဖြင့်၊ နယုန်ရေရှူး၊ ရေဦးရေလွှင်၊ ရေသမင်သို့၊ လျှင်လျှင်ဟုပ်ဟုပ်၊ ထိုသူနုပ်တို့၊ သိမ်းချုပ်မတည်း၊ လိမ္မာနည်း၏၊ ကြက်လည်းမရောက်၊ ကျီးမမြောက်သား၊ အောက်ကလိအာ၊ အာကလိအောက်၊ *မနာစောက်အောင်၊ မိနောက်မကျ၊ ဘနောက်မမီ၊ မပီမပွန်၊ တွန်တကျယ်ကျယ်၊ ကြက်ကျီးငယ်သို့၊ တင့်တယ်*မွဲ့စွာ၊ ကေသရာနှင့်၊ သိင်္ဂါလီမွေး၊ ခွေးခြင်သေ့ငယ်၊ သားမျှော့လယ်နှိုက်၊ ရယ်ဘွယ်ဟောက်ခြင်း၊ ဟင်္သာမင်းနှင့်၊ မကင်းကျီးမ၊ ပေါင်း၍ရသည့်၊ ဝိနိလမည်၊ ဂုဏ်ရည်မသိ၊ မျိုးဇာတိဖြင့်၊ အမိမသန့်၊ ဘုန်း*ကြန့်ယုတ်မာ၊ မိုက်မဲးစွာသား၊ ပညာမ†ကြီး၊ ဗန္ဓတ်†ကျီးသို့၊ နှုတ်သီးမစောင့်၊ စိတ်မဖြောင့်ဘူး၊ ထို့ကြောင့်မျိုးဇာစ်၊ ဇာတ်မူစစ်လော့၊ သူညစ်သူ*မှန်၊ ဤနှစ်တန်ကို၊ ဝေဘန်သမှူ၊ ဆင်ခြင်ရှုသော်၊ ကိုယ်ပြုနှုတ်ပြော၊ သဘောအလား၊ ကျင့်မူထားနှင့်၊ စကားဆိုက၊ ဇာတိပြ၏၊ မုချစင်စစ်၊ မှတ်ယူရစ်လော့၊ လူဖြစ်တခါ၊ ရှေးကြမ္မာဖြင့်၊ ဇာတာတက်ကုန်း၊ ချိန်သင့်*ဆုန်း၍၊ *ဘုန်းကြက်သ†ရေ၊ တက်သည့်†ရေသို့၊ ခြွေရွေပရိဝါ၊ ရတနာနှင့်၊ ဥစ္စာကျွန်သင်း၊ ပြည့်စုံခြင်းကား၊ ဉာဏ်ကင်းသူအား၊ မတည်ကြားဘူး၊ သားသနွေရ၊ မြင်းအဿတိုရ်၊ †ကိုယ်ဝန်ကိုလျှင်၊ †ကိုယ်ကိုသတ်ဘို့၊ ဆောင်ရသို့ကည့်၊ ထိုမျှို တခြား၊ မောင်မှတ်သားဦး၊ ဝါး ပေ ကျူပင်၊ ငှက်ပျောပင်တို့၊ သီးလျှင် မုချ၊ သေကုန်ကြသို့၊ ဗာလ ကောင်းစား၊ မရှည်လျားဘူး၊ ဘုန်းအား ရုံးအား၊ ပစ္စည်းများလည်း၊ ဉာဏ်သားမယှိ၊ အကာတိနှင့်၊ သတိကင်းပ၊ ထိုဗာလတို့၊ ခဏမကြာ၊ ပျက်ဘို့သာရှင့်၊ လိမ္မာစေရစ်၊ ဉာဏ်မလစ်နှင့်၊ သားချစ်ခမည်း၊ ဘရန်လှည်းကား၊ အရည်းတို့တမ်း၊ ကျောင်း*သင်ခမ်းနှိုက်၊ မင်္ဂြမ်းတည်ပြု၊ ကသိုဏ်းရှုပိမ့်၊ ညစ်ကျုယုတ်မာ၊ ကိလေသာတိ၊ တဏှာလမ်းသွား၊ ခရီးမှားလျှင်၊ *ရိရှားပန်းပင်၊ ကန္တာပြင်ဝယ်၊ မမြင်မရှေနောက်၊ အာခေါင်ခြောက်လျက်၊ သောက်လေ သောက်လေ၊ ငတ်မပြေသား၊ ဆားရေ*တမျှ၊ နတ်ကာမလည်း၊ မဝနိုင်စွာ၊ တဆာဆာတည့်၊ ပါယ်ရွာဘို့ချည်း၊ မေ့*ကျော့ကျည်း၏၊ အသည်းမပြန့်၊

သံဝေလန့်ခဲ့၊ ရွှေနန်းရိပ်ဝယ်၊ ရွှေမျှော့လယ်နှိုက်၊ အရွယ်မလှ၊ ခေါင်းဖြူဆွနှင့်။ ။မွေးဘမစံ တို့ပြီဘူး။ (၅၄)

၂၂၄။ ကုမာရက၊ ငယ်နာမဖြင့်၊ ထိန်းယဖြေဖျော်၊ ခမည်းတော်နှင့်၊ မယ်တော်ရင်ခွင်၊ ရွှေနန်းပြင်နှိုက်၊ *လုလင် လူရေး၊ မဝင်သေးဘဲ၊ ပြေးပြေး လွှားလွှား၊ ငယ်ဘော်များနှင့်၊ ကစားပျော်ယစ်၊ သူငယ်ဖြစ်ဖြင့်၊ အနှစ်ရှစ် သောင်း၊ လေးထောင်ပေါင်းတိ၊ ကြာညောင်းငယ်က၊ ပျော်မြူးလှပြီ၊ ဥပ- ရာဇာ၊ မင်းလောင်း*လျှာဟု၊ မင်္ဂလာမြောက်ဝင်း၊ စံအိမ်တွင်းနှိုက်၊ ငြိမ့်ငြင်း ငါး†မည်၊ သံစည်စည်ဖြင့်၊ တီး†မြည်ရင့်†ကျူး၊ နက်မထူးအောင်၊ ရိုက်†ကြူး ဆော်ညောင်း၊ ရွှေရံပေါင်းနှင့်၊ ရှစ်သောင်းလေးထောင်၊ နှစ်စင်အောင်လည်း၊ *မြားမြောင်ကာလ၊ ပျော်ဘူးလှပြီ၊ ထိုမှတသီး၊ ညီးညီးနေ့ဟန်၊ နဗဒဏ်ဟု၊ ရောင်*ဝ့န်ဖြိုးပုံ၊ ထီးကိုးဘုံဖြင့်၊ အစုံခင်းကျင်း၊ လူ့ဘုံမင်းတို့၊ စံခင်းယှိရာ၊ စံကောင်းစွာကို၊ မြင့်ကြာရှည်ညောင်း၊ နှစ်ရှစ်သောင်းထက်၊ ကျော်ဆောင်း လေးထောင်၊ ကုန်*ကျွန်းအောင်လည်း၊ ကိုယ်ရောင်ဝင်းလက်၊ ဆင်း†ညက် ညက်တို့၊ ငြိမ့်†ငြက်ခြည်း†ခြည်း၊ ပျော်ဘွယ်†ချည်းနှင့်၊ *ပြတည်းရွှေဘုံ၊ နန်း ကြီးလုံ့၍၊ ငါးစုံကာမ၊ နိဝရဏပိတ်ပိတ်၊ သံကိလိဠ်ဖြင့်၊ ငယ်စိတ်မြူးကြွ၊ ပျော် ကြူးလှပြီ၊ ကာမငါးစုံ၊ ငါးအာရုံတို့၊ မီးပုံတူလှ၊ သူငါစသား၊ ထိုမျှကြီးငယ်၊ လူ*ပေါယယ်မူ၊ ပိုး*နှယ်မိုက်ရူး၊ မီးနှိုက်*မြူး၍၊ ယူးယူးသေမင်း၊ ခေါင့်းထက် နင်းလည်း၊ မလင်းဉာဏ၊ မသိကြဘူး၊ အစသညာ၊ ကြာမိစ္ဆာနှင့်၊ သမ္မာမယှဉ်၊ ပညာကြဉ်လျက်၊ ငယ်စဉ်တဏှာ၊ အိုခါဒိဋ္ဌိ၊ မျောက်နှဲးမိသို့၊ ကပ်ငြိကိုယ်လုံး၊ ဘဝရှုံးအောင်၊ သက်ဆုံးပျော်မြူး၊ အမိုက်ကြူး၏၊ မူးထူးမင်ထင်၊ အမြင်မရှိ၊ အသိကင်းငြား၊ အပျော်ပါးနှင့်၊ အိပ်စားသာမျှ၊ လူ့ဗာလတို့၊ ဘဝဖျင်းသုန်၊ ကာလကုန်၍၊ ဂုဏ်အနှစ်မဲ့၊ အကာပြဲ့သား၊ အကဲ့လုံးလုံး၊ ငှက်ပျောတုံးသို့၊ ပခုံးကြားရောက်၊ ဥက္ကောင်းပေါက်လည်း၊ ပေါက်သည့် ဥက္ကောင်း၊ မွေး ဆောင်းဆောင်းဖြင့်၊ ဥက္ကောင်းချင်းမူ၊ တူကုန်*တမင့်၊ ဉာဏ်နှင့် ဥက္ကောင်း၊ လွန်နည်းတောင်း၍၊ *သောင်းပြောင်းလူမှာ၊ *ထူပြောစွာရှင့်၊ မူးရာမတ်ရံ၊ ရွှေဘုံပျံဝယ်၊ မိဿံမောင်းမ၊ ဖြေဖျော်ခလျက်၊ နေ့ညမိန်းမူး၊ ပျော်လိုက် ကြူးကား၊ ကျေးဇူးလွန်နည်း၊ အပြစ်*ပည်းခဲ့၊ ခမည်းမောင့်ဘ၊ တခဏမျှ၊ အပ္ပသာဒါ၊လူ့ချမ်းသာနှိုက်၊ယုတ်မာညစ်ဆိုး၊ဘင်တွင်းအိုးနှင့်၊ပိုးလောက်အတူ၊ ထင်တော်မူ၍၊လူမိနတ်သွေး၊ လှယဉ်†ကျေးတို့၊ညစ်†ကြေး*ပည်းထူ၊ ပွက်ပွက် ဆူ၍၊ နန်းသူမက၊ ပင်ကိုယ်†လှသား၊ နွေ†လ*သံတောင်း၊ ရာသီပြောင်းတိုင်း၊ ရွက်ဟောင်းကျငယ်၊ ရွက်သစ်ပေါ်လျက်၊ ရှုမျှော်မဆုံး၊ တခွင်လုံးနှိုက်၊ ပန်းကုံးပန်းနစ်၊ သီကာရစ်သို့၊ တောစစ်သမီး၊ တောဇနီးနှင့်၊ မငြိုးနေ့ည၊ ပျော်စံပအံ့၊ အာမဂန္ဓ၊ ကိလေသဖြင့်၊ ကာမစိမ်းသွံ၊ လူစော်နံကို၊ မခံလိုပြီ၊

ဝမ်းပျက်ညှိုခဲ့၊ လောကီလူ့ဘုံ၊ ငါးအာရုံကား၊ မကြုံဘူးက၊ ထူး၏စိတ်မှာ၊ ထင်တတ်စွာ၏၊ ခါခါခံစား၊ တွေ့ဘန်များမူ၊ ယောကျ်ားမိန်းမ၊ လူထိုမျှတို့၊ တောင့်တချင်ခြင်း၊ အာသာကင်း၍၊ ငြီးပျင်းမသတိ၊ စိတ်စက်အိခဲ့၊ ဝေးသိရှောင်ကွင်း၊ တောထွက်ခြင်းဖြင့်၊ ဘင်တွင်းလောက်မျိုး၊ မီးဝင်ပိုးသို့၊ အကျိုးမနက်၊ ဤဝိတက်ကို။ ။သက်သက်မကြံ တို့ပြီဘူး။ (၅၅)

(တို့ပြီဘူး-ဟု အချချင်းတူရကား သော်တာရောင်-ချချည်းပင်၊ ပေါက်ပြ-လည်းဟူကြ၏။)

၂၂၅။ ယင်းသို့ကြောင့်တိ၊ *ယခေါင့်ကာလ၊ ရှေး*မဆွက၊ ဉာဏ*နှိုက်နှဲ့၊ *လေးတွဲ့ဆင်ခြင်၊ အမြင်တိုးတက်၊ သိထဲ့နက်သား*၊ ကြံထက်ပညာ၊လိမ္မာယောကျ်ား၊ ပဏ္ဍိက်များတို့၊ ပိုင်းခြားဒိဋ္ဌ၊ မြင်ကြသော့အား၊ ချစ်မယားနှင့်၊ ချစ်သားသမီး၊ နန်းထီးတိုင်းပြည်၊ အတည်တည်ကို၊ နှင်းရည်ဆီပေါက်၊ တစက်လောက်မျှ၊ မအောက်မမေ့၊မပျော်မွေ့ဘူး၊ ရှေးလေ့ရှေးလာ၊ ကိလေသာဖြင့်၊ လွန်စွာတပ်လျက်၊ နှစ်သက်တည်ယှို၊ လောဘငြိသည့်၊ ရတိဘာဝ၊ သိင်္ဂါရကား၊ ဉာဏမတိ၊ ထင်လာသိသော်၊ ဗျာဘိစာရီ၊ ဖြစ်မြဲပြီကြောင့်၊ နံညှိုငြီးငွေ့၊ ကွယ်ပျောက်လေ့ထိုင်း၊ ထိုရွှေ့* ကွန့်ကွန့်၊ စည်းစိမ်*ဝှန့်ကို၊ စွန့်၍သို့ပင်၊ ငြိမ်းဧ†ချင်ဟု၊ဖြုတ်†ခြင်မ†ကြောက်၊ သွေးသံချောက်မျှ၊ ရှိန်†ကျောက်နေဝါ၊ ခံကာသာဖြင့်၊ ရေစာမွတ်ယှား၊ ငတ်* ဆွန့်ပါးလျက်၊ ဆီဆားလူ့ဘောင်၊ မဆောင်မ†ကြဉ်း၊ ရှာမချဉ်းဘဲ၊ ကိုယ်†ကျဉ်းစိတ်†ချုပ်၊ မြေပ†ခြုပ်သို့၊ ထိန်းအုပ်လုံ†ခြုံ၊ မှိုင်*ရဂုံနှင့်၊ တော†ချုံကောင်းရာ၊ ပုန်းအောင်းကာလျှင်၊ ငါးဖြာသံသက်၊ မှူ*ရမွှက်လည်း၊ မဆက်*မဆံ၊ စုံမှိုင်ယံဝယ်၊ မြဲးမြံ†ကြံ့ကြံ့၊ စိတ်ခိုင်†ကြံ့လျက်၊ †ကြံ့ချိုပမာ၊ တချောင်းသာသို့၊ ရှောင်ခွါဘော်နည်း၊ တကိုယ်ချည်းဖြင့်၊ *အရည်းပီပီ၊ ဈာန်ဝသီကို၊ ဉာဏ်မှီသ†ရွေ့၊ ဆည်းပူး†၍လျှင်၊ ပျော်မွေ့မဘောက်၊လှံမစောက်သည်။ ။ဆုံးရောက် အာယု သက်တိုင်တည်း။ (၅၆)

၂၂၆။ လမ်းစဉ်ဖြောင့်ခြင်း၊ကောက်ကစင်းဖြင့်၊ငါမင်းသည်လည်း၊သူတော်နည်းကို၊ *နိဿရည်းရမိ၊ လမ်းရိုးသိပြီ၊ပြည်ကြီးကိစ္စ၊ ဘယ်ကြောင့်ကြအံ့၊ မုချရိုးရိုး၊ သေကြမျိုးတည့်၊လူ့ဘိုးနတ်ဘ၊မိုးကဗြဟ္မာ၊မလွတ်ရာဘူး၊လူ့ရှာအယှို၊ သက်ဇီဝိကား၊အတိပရိတ္တ၊လွန်နည်းလှ၏၊ တခဏတွက်၊ ထွက်ဝင်သက်မျှ၊မဆက်ရနိုး၊ရေပွက်မျိုးတည့်၊လိုစိုးမရ၊မရဏဟု၊အနိစ္စတာ၊ လက္ခဏာဖြင့်၊ မကြာ*ဖြုတ်ချည်း၊ရှင်ရနည်းခဲ့၊ *တံလည်းမြစ်လောင်း၊ တောင်ကျချောင်းသို့၊ ထောင်းထောင်းခဏ၊ခန်းလွယ်စွရှင့်၊ဘဝဤမျှ၊မသေရခင်၊ မဈဒေဝ၊အမ္ဗဝနေ၊ သ†ချေချေတိ၊ ပင်†ခြေဆိုင်းဆိုင်း၊ ပြိုင်ရရှိုင်းသား၊ မှိုင်းမှိုင်းရီရော၊ သရက်တောနှိုက်၊ လျှင်*ဆောခုသာ၊ အကြာမလို၊*တောက်တပိုဖြင့်၊ ဗြဟ္မစိုရ်မှူ၊ ကသိုဏ်းရှုလျက်၊

ဂရုကတာ၊ သမဏ္ဍာ၏၊ ခမ္ဘကိစ္စံ၊ ပရိကံကို၊ *မြဲးမြံမပြတ်၊ နိစ္စဗဒ်လျှင်၊ *အပတ်
တကုတ်၊*အားသွန်တုတ်၍၊ မဆုတ်တပ်ကြိး၊ ငါတက်စီးပိမ့်၊ *ဖြင်ညီးများစွာ၊
သတ္တဝါနှင့်၊ကမ္ဘာဖြစ်ဟန်၊ပြဟ္မာဘန်ဟု၊ဘောက်ပြန်ချွတ်ယွင်း၊ မမှတ်လျှင်းနှင့်၊
*ခပင်းလော†က၊ လူထိုမျှကား၊ ပြု†ကအသစ်၊ ဖြစ်ကအဟောင်း၊ ကျိုးနှင့်
ကြောင်းတည့်၊ ဆိုးကောင်းဟူထ၊ ဤနှစ်ဝကို၊ ကမ္မသကာ၊ မှတ်တို့ရာ၏၊
သည်သာမှန်ဘိ၊ ယွင်းပရှိဘူး၊ မိမိကမ္မ၊ ကိလေသဖြင့်၊ သုခလိုငြား၊ ဒုက္ခပွါး၏၊
ရှေကားသုခ၊ နောက်ဒုက္ခနှင့်၊ စိတ်ကလိုရေး၊ ကြံစည်တွေး၍၊ အားေးတောင့်တ၊
အပူရလျက်၊ ပူကဒေးမြဲး၊ မှန်မလွဲးရှင့်၊ဆင်းရဲးရှေယို၊ နောက်ပြီး့ချမ်းသာ၊ဖြစ်မြဲး
စွာတည့်၊ ခမ္မတာအပြီး၊ လူ့ထုံး*တီးကို၊ ဘုန်းမီးတောက်ပ၊ ချစ်မဝသည့်၊
သားလှရှေ†ချည်၊မောင်မှတ်တည်လော့၊ ဆံခြည်†ဆယ်†ခြမ်း၊မွေးဘဝမ်းနှိုက်၊
မ†ချမ်းနိုင်ဘွယ်၊ လောင်တိုက်*နှယ်သို့၊ *အကယ်ထင်ရည်၊ စိတ်ဝယ်တည်
ကြောင့်၊ သည်ပြည်တိုင်းခန်း၊ သည်ကြင့်နန်းတိ၊ သည်နန်းသည်ထီး၊ သည်
လောင်†မီးနှင့်၊ မ†မှိုးမစပ်၊ ငါမအပ်သည်။ ။နိုးကပ်မခံ တို့နိုင်တည်း။(၅၇)

၂၂၇။ အနေကဇော၊ သံသရာက၊ ဝါသနာသိမ်မွေ့၊ ကံမျိုးစေ့ကြောင့်၊
ကောင်းလေ့ကောင်းနည်း၊ *နိဃရည်းကို၊ ခမည်းဆုံးမ၊ ဩဝါဒတိုင်း၊ မချ
နားဝယ်၊ နာစလွှယ်၍၊ မပယ်မသွေ၊ ခံသော့ထွေဖြင့်၊ ကောင်းနေ ကောင်းစံ၊
ကောင်းကြံကောင်းပြော၊ ဂကောင်းသဘောနှင့်၊တင့်မောဆင်းဝါ၊လမင်းသာသို့၊
မျက်နှာဒရှေဥ၊ ချစ်ဘွယ်စုသည်၊ နန်းသူမျက်ချယ်၊ ဘသက်လှယ် ! နားဝယ်
နှစ်သိမ့်၊ သားချစ်စိမ့်လော့၊ ရှေအိမ့်သခင်၊ နန်းကြီးရှင်တို့၊ လူတွင် လူနတ်၊
လူမြတ်ထွတ်ဖျား၊ လူ့ဘုရားတည့်၊ မမှားမမ္မ၊ နေ့နေ့ညဖြင့်၊ လုံ့လမချွတ်၊
ကင်းမလွတ်ဘဲး၊ မင်းဝတ်ပြည်ရေး၊ မျှော်ရှုတွေးလျက်၊ရှေးဥပဒေ၊ထုံးပဝေကို၊
ဖျက်သွေပယ်ရှောင်း၊ လိုရာပြောင်း၍၊ ထပ်လောင်းသစ်ဆင်၊ ထူးမမြင်လင့်၊
ပြည့်ရှင်မင်းမြတ်၊ အမတ်တပါး၊ အခြားနန်းဂနှ၊ ချစ်မိတ်ဆွေက၊ ရှေငွေ ကျိ
ကြ၊ တိုင်းရဋ္ဌနှင့်၊ မြို့ပြခဲ့ခက်၊ ရဲ့မက်ဗိုလ်ပါ၊ သဉ္ဇာခုနစ်အင်၊ ဤရင့္ဇင်လည်း၊
စုံလင်ဘယ်ခါ၊ မချိုရာဘူး၊ သည်းချာမှတ်စိမ့်၊ နားနှစ်သိမ့်လော့၊ ပျော်†ချိမ့်
မြူးချိမ့်၊ယစ်မူးပိမ့်ဟု၊†ခြိမ့်ခြိမ့်သဲ့သဲ့၊သောက်စားပွဲနှင့်၊ ပျော်ပွဲသဘင်၊ကြူးမ
ရှင်လင့်၊တိုင်ပင်မန္တ၊ဥဿာဟကား၊လုံ့လရဲ့ခြင်း၊ဆင်မြင်းသေနာ၊ ဗိုလ်ပါဗလ၊
ပဘာဝဟု၊ ရာဇသတ္တိ၊ သုံးပါးယို၏၊ နှိုင်းညှိဆင်ခြင်၊ ပြည့်စုံလင်လျက်၊ တွင်း
ပြင် နီးဝေး၊ တိုင်းပြည်ရေးနှင့်၊ မင်းရေးဆန်းကြယ်၊ ဤနှစ်သွယ်ကို၊ လွဲ့ပယ်
မမေ့၊ မငြိးငွေ့ဘဲ၊ ကြံစေ့လုံ့လ၊ မပျင်းရဘူး၊ ရာဇဗျူဟာ၊ မင်းမာယာနှိုက်၊
လိမ္မာ*ရေးကုံ၊*ကြေးမုံအလား၊မြဲးရှုစားတည့်၊အားထုတ်ထိုက်စွာ၊ အရာရာကို၊
မထောင်းတာမူ၊ ဖျက်ဆီးပြု၏၊ ရှေးသူစကား၊ မောင်မှတ်သားလော့။ နဂါး
*တသုန်၊ ဂဠုန်တဘန်၊ ကုမ္ဘဏ်တလိုက်၊ ရက္ခိုသ်တထပ်၊ ဂန္ဓဗ်တသင်း၊ ငါးတန်

ကင်းနှင့်၊ တောင်မင်းထိပ်ချာ၊ ဝတိံသာသို့၊ သူရာစစ်အင်၊ တက်စီးဝင်ခဲ့၊ သို့လျှင်ထို့ကြောင့်၊ ဘကောင်းသားချစ်၊ ဉာဏ်ဖြင့်စစ်လျက်၊ မဖြစ်စရိုး၊ မမှတ်နိုး နှင့်၊ မိုးမပြိုတန်၊ ဆိုသော့ဟန်သို့၊ မေ့ကျန်မယို့၊ သတိကိုယုံ၊အမြဲးလုံသည်၊ ။ ရေးပုံမလစ် စေ†ရာတည်း။ (၅၇)

၂၂၇။ ပျော်ကြူးလေဘင်၊ တလွှင်လွှင်နှင့်၊ လူတွင်ဉာဏ်*မဲ့၊ ကျိုး*မဟုဲ့ဘူး၊ *အကဲ့လည်းကောင်း၊ တောမျောက်ပေါင်းတို့၊ ဥက္ကောင်း ခြေလက်၊ မျက်ခွက် မျက်နှာ၊ ပမာတမူ၊ လူနှင့်တူလည်း၊ လူလိုပညာ၊ မယှိုပါ၍၊ အိမ်ရာတင်းကုတ်၊ ဆောက်လုပ်သေသတ်၊ မပြုတတ်ကြောင့်၊ မိုးစွတ်နေပူ၊ မဟူစပါ၊ ခံရစွာ၏၊ ပညာပြည့်ကြွယ်၊ စာသူငယ်မူ၊ ဆန်းကြွယ်ရိပ်မြုံ၊ သိုက်အအုံနှင့်၊ မိုးလုံနေလွှတ်၊ ပူမစွတ်ဘဲ၊ ကြည်ဆွတ်ချမ်းမြ၊ ခိုလုံရ၏၊ ဗာလပဏ္ဍိ၊ ထူးသတ္တကို၊ နှိုင်းညှိ ဉာဏ်တွင်၊ သံထင်မြင်လော့၊ တွင်းပြင်နီးဝေး၊ လွှန်ရှုပ်ထွေးခဲ့၊ပြည်ရေးမင်းရေး၊ ပေါက်နှင့်ကျေးတည့်၊ကျေးလည်းစိမ်းစိမ်း၊ ပေါက်စိမ်းစိမ်းသို့၊ မှတ်ထိမ်းဥပမာ၊ မှုရေးရာကို၊ ပညာယှိုမြှတ်၊ မျှားမှူးမတ်နှင့်၊ မပြတ်တိုင်ပင်၊ ညှိဆင်ခြင်လော့၊ အကြင်လူနိုက်၊ စရိုက်မိုက်ထိုင်း၊ ဇာတိရိုင်းကား၊ ဗျိုင်းသူတော်*ယောင်၊ ကြောင်သူတော်တု၊ ကျင့်ပြုတတ်စွ၊ အပေါ်လှလည်း၊ အပဈေးသုံး၊ ရွှေရောင် ဖုံးလျက်၊ ကြေးတုံးပမာ၊ မျှားကြစွာ၏၊ ထင်ရာထင်မိ၊ မျက်စိဒိဋ္ဌ၊ မြင်သမျှ လည်း၊ မုချချည်းသာ၊ မဟုရာရှင့်၊ တူကာရုံမျှ၊ ယှိုတတ်ကြခဲ့၊ နှိုင်းဆ၍သာ၊ ယုံတို့ရာ၏၊ ပညာမယှို၊ မိတိ*မဲ့လျှင်း၊ သမ္မာကင်းတို့၊ ခံတွင်းနှုတ်သာ၊ ချိုန်ခွင် လျှာသို့၊ ပါလွှယ်လိုက်လွှယ်၊ သာလျော့လွှယ်၏၊ အကယ်တူစွာ၊တွေ့ရာစိမ်းရွှမ်း၊ မစုံစမ်းဘဲ၊ ချီးမွှမ်းလွှယ်ချင်၊ ပြစ်တင်လွှယ်တတ်၊ ယုတ်မြတ်အတူ၊ *လျှင်လျှူ ချည်းသာ၊ ရှုတတ်စွာသည့်၊ လူမှာအထူး၊ ထိုသုံးဦးတွင်၊ တဦးကိုမျှ၊ မယုံရဘူး၊ ပထမလူ၊ ဒုတိလူထက်၊ နောက်လူသာ†၍၊ မယုံလေ့နှင့်၊ ယုံသ†ရွှေမှား၊ ရေနှင့်သားသို့၊ စီးပွါးရေးရာ၊ ပျက်တတ်စွာ၏၊ သစ္စာသမ္မာ၊ ပညာတရား၊ သုတအားဖြင့်၊ နည်းပါးကုန်ကြ၊ လူထိုမျှနှင့်၊ မိန်းမစကား၊ မမှန် မျှားခဲ့၊ သင်ကြားမယှို၊ မွေးဇာတိတိုင်း၊ မိမိလိုလို၊ ကြီးရင့်အိုသည်၊ ထိုအရပ်သား၊ မိန်းမမျှားကား၊ မုသားအတင်း၊ ပြောဆိုခြင်းကား၊ အဖျင်းဒုစရိုက်၊ ထင်ရာ လိုက်၍၊ ဂုံးတိုက်ရန်တွေ့၊ ဤအလေ့နှင့်၊ နေ့နေ့ညည၊ ကုန်စေကြ၏၊ ထိုမှ တဖြာ၊ ဤလူ့ရွာဝယ်၊ သေချာဝမ်းနိုက်၊ မှတ်ယူပိုက်လော့၊ သူမိုက်နှင့်ပေါင်း၊ သူကောင်းလည်းပျက်၊ ကျင့်ယွင်းကွက်ခဲ့၊ သစ်ရွက်ငါးပုပ်၊ ထုပ်သည့်ပမာ၊ မချွတ်ရာကည့်၊ နွယ်လာအရိုး၊ အမျိုးမတူ၊ အယူမမျှ၊ ဝါဒညစ်ညမ်း၊ လူစိမ်း ရွှမ်းကို၊ ကျွမ်းမဝင်ရာ၊ ကျွမ်းဝင်ပါက၊ ပျက်တတ်လှ၏၊ အန္ဓအသွင်၊ မမြင် ကျိုးကြောင်း၊ ခြွေရံပေါင်းနှင့်၊ မကောင်းမိတ်ဆွေ၊ တူနေရောထွေး၊ ယခင် ရှေးက၊ မြေခွေးပုတ်သင်၊ ကျွမ်းဝင်သွေးညှိ၊ လိုက်မှားမိ၍၊ ဗောဓိသတ္တ၊ဘုရား

*အလျာ၊ သမ္မာမှည့်ဝင်း၊ သမင်မင်းနှင့်၊ ဖွတ်မင်း ငုံးမင်း၊ ခိုမင်းဂီဝါ၊
ရွှေဟာသ်ာက၊ ပဟာကပိန္န၊ စသည်*ခပင်း၊ လောင်းတော်မင်းတို့၊ ကျော့ကွင်း
ပိုက်မိ၊ ဘေးကြီးထိ၍၊ မှတ်ဘိမြဲယုံ၊ ဘကြေးမုံလျှင်၊ ရေးပုံတမူ၊ မှတ်နည်း
ယူ၍၊ လူတွင်လူမိုက်၊ မကြိုက်သုစရိ၊ မယှိပညာ၊ သူယုတ်မာကို၊ သဟာ
ကျွမ်းဝင်၊ မပြုချင်နှင့်၊ ဂုဏ်အင်ယုတ်နွမ်း၊ ကျေးကျွန်*သွမ်းနှင့်၊ မင်း*သွမ်း
ကျင့်မူ၊ သဘောတူက၊ ပြည်သူအမျာ း၊ မစီးပွါးခဲ့၊ ပြည်အား*မဲ့စွာ၊ ဖြစ်သော့
ခါလည်း၊ မင်းပါလုံး*မွန်း၊ ပြည်နစ်မွန်း၍။ ။ထီးနန်းကွယ်ပျောက် သုညာ
တည်း။ (၅၉)

၂၂၉။ တရားလက်လွတ်၊ မင်းကျင့်ချွတ်၍၊ မင်းဝတ်ပြည့်အောင်၊
ကျင့်မဆောင်ဘဲ၊ သူလောင်သူပျက်၊ သူသွမ်းသွက်နှင့်၊ ပေါင်းဘက်သော့အား၊
မင်းပါမှားသော်၊ တိုင်းကားပန်းကျင်၊ ပျက်စီးစင်လိမ့်၊ ပြည့်ရှင်မင်းစစ်၊
ဖြစ်လျက်*သွမ်းသော့၊ မေ့လျော့အလို၊ ပြည်ကိုမစောင့်၊ ကြောင့်ကြမမူ၊
ရှုလျစ်လျူ၍၊ ပြည်သူပြည်သား၊ ရှင်လူများတို့၊ တရားယွင်းခွ၊ ပျက်ကုန်ကြ
သော်၊ ထိုမျှ*တသွန်၊ ငါးမျှားဝန်ကို၊ ဗုဇွန်ဆိတ်ခေါင်း၊ ခံရရှောင်းသို့၊ မကောင်း
သမျှ၊ မင်းတွင်ကျ၏၊ ထိုမှတမျိုး၊ တစိုးတစိ၊ ကျိုးမယှိကို၊ ကျိုးယှိသောတူ၊
ရေးယူတွေ့ရှာ၊ ပြုစိမ့်ငှါလျှင်၊ အာဏာအပြင်း၊ စေသော့မင်းနှင့်၊ အခင်းအခွင့်၊
သင့်မသင့်လျှောက်၊ တင်မ-လျှောက်ဘဲ၊လျှင်*တောက်တပို၊ မင်းမိန့်ဆိုတိုင်း၊
မင်းလိုလိုက်၍၊ မင်းကြိုက်ပြုတတ်၊ ထိုအမတ်တို့၊ လောကခေတ်တဝိုက်၊ သူမိုက်
ကြီးချည်း၊ မည်သတည်းရှင့်၊ မောင်နည်းချစ်ဘ၊ မှတ်အပ်စွတည့်၊ လောက
လူ့ခွင်၊ လူတွင်မင်း*မီး၊ စက်ရှင်စီးလျက်၊ ဘုန်းကြီးဧကာ၊ လူ့*တံထွာကား၊
*ကြမ္မာညှိုးမှိန်၊ ပျက်စီးချိန်နိုက်၊ ပညိန္ဒြိ၊ သတိမှောက်မှား၊ တရားကင်းလွတ်၊
ကျင့်ယွင်းချွတ်၏၊ ကျင့်ချွတ်သော့ခါ၊ ပညာအမျိုး၊တန်းခိုးထိန်ညီး၊ ဘုန်းတန်း
ကြီးလည်း၊ ပျက်စီးမြဲလျှင်၊ မချွတ်ပင်တည့်၊ အကြင်လူများ၊ ယောကျ်ား
မိန်းမ၊ စသည်ထိုထို၊ ပျက်စီးလိုက၊ အဆိုအသွား၊ အမှားမှားဖြင့်၊ ဘုရား
သော်မှ၊ ဟောမရဘူး၊ ဗာလဘုန်း၊ကြီး၊ ကောက်ရိုးမီးသို့၊ *အ၊ကျိုးမကျ၊
ဟုန်းဟုန်းထ၍၊ ခဏမျှသာ၊ ပျက်စီးရာ၏၊ ပညာယှိထွတ်၊ သူမြတ်တို့ထံ၊ ဆုံးမ
ခံ၍၊ ကျင့်ကြံသမ္မာ၊ ဆောက်တည်ပါမူ၊ ထပ်ကာတိုးကာ၊ သမ္ပာစေ့ပျိုး၊
မျိုးသို့ပေါက်လစ်၊ ဘုန်းတန်းသစ်၏၊ စင်စစ်မုချ၊ လောကနိုက်မှာ၊ သတ္တဝါ
ဟူဘိ၊ များအဩကား၊ ကံယှိမှုမြတ်၊ ခဲးကတ်ရေးရာ၊ အလိမ္မာကား၊ ပညာ
မြင်သိ၊ ဉာဏ်ယှိမှုတတ်၊ မှန်ဆတ်ဆတ်တည့်၊ အတ္တပရ၊ ကျိုးနှစ်ဝကို၊ မြင်က
ပဏ္ဍိ၊ ပညာယှိရှင့်၊ မသိသူမိုက်၊ ဟူထိုက်မချွတ်၊ မည်တုံလတ်၏၊ မှတ်လော့
ဝမ်းတွင်၊ မလေဘင်နှင့်၊ တရှင်မြူးမြူး၊ အပျော်ကြူးလျက်၊ မိန်းမူးဝေနောက်၊
ဟာရဘောက်၍၊ *ရှောက်ခဲ့ခန္ဓာ၊ နတ်ခြောက်ရွာဝယ်၊ ခိဋ္ဌာနတ်မျိုး၊ ဘုန်း

မတိုးဘဲ၊ သက်ကျိုးလွယ်စွာ၊ နေမြန်းကြသို့၊ *ကြမ္မာနွမ်းရိ၊ တည်မယိုဘူး၊ ဇာတိနတ်ရွာ၊ ရှေးသော့ခါလည်း၊ သူရာသောက်ကြူး၊ ယစ်မူးလွန်ကြ၊ သမ္ဗရတို့၊ မာဃသိကြား၊ ဝတိန်ဖျားက၊ ချဉြားဦးစောက်၊မြင်းမိုရ်အောက်နိုက်၊ ခုံလောက်ကြားတွင်၊ ခုတိုင်ထင်၍၊ ရွှေစင်သားလှ၊ ခမည်းဘလျှင်၊ နားဝတွင်စိမ့်၊ နာနှစ်သိမ့်လော့၊ ရွှေအိမ့်ကြက်သရေ၊ တက်သစ်နေသို့၊ *ရဝေသိဂီ၊ဘုံစိန်စီဝယ်၊ ဒေဝီမောင်းမ၊ ရွှေပေါင်းခ၍၊ နတ်မျှမသာ၊ စံစားရာနိုက်၊ တဏှာဒိဋ္ဌိ၊ ကပ်ငြိပြင်းစွာ၊ မဖြစ်ရာဘူး၊ မဟာသမ္ပတ်၊ ကြီးမြတ်ရိပ်ငြိမ်၊ မင်းစည်းစိမ်ကို၊ *တင်းတိမ်မယို၊ လောဘငြိ၍၊ ဂတိမကောင်း၊ ဘဝစောင်းလျက်၊ ဥဒေါင်းတိရစ္ဆာန်၊ ဖြစ်ရဟန်သည်။　॥ကျမ်းဂန်နိပါတ် အလာတည်း॥　(၆၀)

၂၃၀။ မယိုပညာ၊ ဤလူ့ရွာနိုက်၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူဖြစ်*ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၍၊ မနာတရား၊ မောဟအားဖြင့်၊ မမျှားသုတ၊ မိုက်ဝါဒနှင့်၊ မရသတိ၊ လူ့ဒိဋ္ဌိတို့၊ ရမိရရာ၊ ဝဋ်ချမ်းသာကို၊ လွန်စွာခင်မင်၊ အမြဲထင်၍၊ ဆင်ခြင်မညှာ၊ ပြုတတ်စွာ၍၊ ပါဏာတိပါတ်၊ သက်သတ်ဝဋ်ကြွေး၊ ဆိတ်ငယ်သေးလျက်၊ အမွေးအမျှ၊ ခေါင်းပြတ်ရရှင့်၊ အဒိန္နကံ၊ အနံငယ်နွမ်း၊ ပုဆိုးကြမ်းကြောင့်၊ ညစ်ညမ်းစင်စစ်၊ နတ်ဖြစ်လျက်ကဲ့၊ အဝတ်မဲ့၍၊ နှုတ်ယွှဲအလို၊ မုသားဆိုက၊ မြေမျိုခွေးစား၊ ကြီးမားလွန်ကဲ၊ ဥက္ကောင်းကွဲမျှ၊ လိမ့်လဲးဟိန်းညည်း၊ လူးလည်းမတည်၊ ချာချာလည်၍၊ သေရည်သောက်ကြူး၊ သည်းခြေ*ဆူးသား၊ သူရူးအနန္တ၊ မဆုံးဆနှင့်၊ စိုးရလူကြီး၊ မခြီးမြှောက်လို၊ ထင်းမီးတိုသို့၊ တိုထိုဘဝ၊ ဖြစ်မလှဘူး၊ ကာမယုတ်မာ၊ ကျင့်မိစ္ဆာကား၊ အင်္ဂါချို့ယုတ်၊ ပဏ္ဍုက်မိန်းမ၊ ဘဝညှံ့ဖျင်း၊ မိဘရင်းလည်း၊ ချစ်ခြင်းကွာဝေး၊ သူမုန်းဆေးတည့်၊ ရင်သွေးဒါလိ၊ မှတ်နာ†အိလော့၊ ထို†ဤလက္ခဏာ၊ ဓမ္မတာလည်း၊ ဓမ္မာဓမ္မ၊ ကံနှစ်ဝတွင်၊ အဓမ္မစစ်၊ ထိုကံညစ်ဖြင့်၊ နှစ်၍ပါယ်ရွာ၊ ဓမ္မမှာမူ၊ နတ်ရွာဂတိ၊ဆောင်တတ်ဘိ၍၊ ထိုပြို့းအပ၊ကမ္မပထ၊ ဆယ်ပါးပြုနိုက်၊ နှစ်ဝဒုသု၊ ကိုယ်တိုင်ပြုနှင့်၊ သူ့ကိုစေငြား၊ ရှင်အားနှစ်သက်၊ ခြီးမွမ်းမြှက်ဟု၊ လေးချက်ဆယ်လီ၊ လေးဆယ်စီတည်း၊ မျှညီပြင်ကျိုး၊ တူရိုးအဟုတ်၊ မြတ်သမ္ဗုဒ်တို့၊ မယုတ်မယို၊ ဟောမိန့်ဆိုခဲ့၊ ဒုကိုမကြည်၊ သေအောင်ယှဉ်မူ၊ ထိုသူမလွဲး၊ ငရဲဆတ်ဆတ်၊ ကျရောက်တတ်၍၊ မှတ်လော့အသင့်၊ သုကိုကျင့်က၊ ခြောက်ဆင့်နတ်ရွာ၊ ရောက်မြဲးသာရှင့်၊ ခြင်းရာပိုင်းဆစ်၊ စိစစ်သမ္မု၊ သဘောရှုက၊ အကုသလ၊ ကုသလဟု၊ ဓမ္မအရိုး၊ ထိုနှစ်မျိုးတို့၊ ကောင်းဆိုးအလို၊ အကုသိုလ်ထက်၊ ကုသိုလ်ကကြီး၊ ခိုမှီးရာစစ်၊ အစ်ကိုဖြစ်၍၊ မိုက်ညစ်ဆိုးသူ၊ မကောင်းမူဖြင့်၊ လူဟူသရွေ့၊ ဒုက္ခတွေ့သော်၊ သိမ်မွေ့ကောင်းရာ၊ ကုသိုလ်မှာလျှင်၊ ချမ်းသာရကြောင်း၊ ကျင့်ရရှောင်းရှင့်၊ ရင်းပုည၊ ကြိယဝတ္တု၊ တခုခုကို၊ ပြုရတုံငြား၊ ကြင်သူ့အားလည်း၊ မင်းသား*တကာ၊ ရန်မျိုးကွာ၍၊

မုဒ္ဒါဘိသေက၊ ခတ္တိယဟိတ်၊ အောင်နိမိတ်နှင့်၊ ဘိသိက်ရေစင်၊ သွန်းဆင်ခံစ၊
ထိုကာလနိုက်၊ မာသတိုင်တိုင်၊ မစက်နိုင်အောင်၊ *ဖြိုးခိုင်သောမန၊ ဗလဝဖြင့်၊
အားရစိတ်မှာ၊ ရွှင်ဝမ်းသာလျက်၊ လွန်စွာနှစ်သက်၊ ပီတိဘက်သို့၊ မပျက်အလို၊
ကိုယ့်ကုသိုလ်နိုက်၊ ကြည်ညို*လှူလှူ၊ ဝမ်းမြောက်ပြုလော့၊ ကောင်းမှုဟုဆို၊ ထို
ကုသိုလ်ကား၊ ကိုယ်ပင်နိစ္စ၊ မပြုရလည်း၊ သူများကုသိုလ်၊ အဘိုကိုမျှ၊ ကြည်ညို
သမှု၊ ခေါ်သာဓုဖြင့်၊ သေလုနီးစွာ၊ ရောက်ပြီးခါလျက်၊ သမုဒ္ဒရာလယ်*ချက်၊
ပင်လယ်နက်မှ၊ အသက်ချမ်းသာ၊ ရဘူးစွာ၏၊ စေတနာ ဝိရတိ၊ ဟူဘိနှစ်ဖြာ၊
*ပြဋ္ဌာန်းစွာသား၊ ကျင့်စာရိတ္တ၊ ဝါရိတ္တဟု၊ သီလရတနာ၊ မြတ်တန်းဆာလည်း၊
သတ္တဝါ*ခပင်း၊ မင်းဆင်းရဲသား၊ မပိုင်းခြားဘူး၊ လေးပါးမျိုးနွယ်၊ ကြီးငယ်
မဆို၊ ရှယ်ပျိုရှယ်ရင့်၊ ဆင်တိုင်းတင့်၏၊ ကောင်းကျင့်ဟူဘိ၊ ကျေးဇူးယှိသား၊
ဂိဟိဗြ†ဟ္မ၊ စရိယတိ၊ ဆုံး†မဆိုပိတ်၊ မြတ်စာရိတ်နှင့်၊ ဝါရိတ်အညီ၊ မပြတ်
မှီလော့၊ ပဋ္ဌသီဥပုသ်၊ စောင့်ကိုယ်နှုတ်ဖြင့်၊ မယုတ်အား†ကြိုး၊ ဤကျင့်ရိုး
သည်။ ။ကောင်း†ကျိုးအလွန် တရာတည်း။ (၆၁)

၂၃၁။ ပဋ္ဌသီဥပုသ်၊ မယုတ်အား†ကြိုး၊ ဤကျင့်ရိုးကား၊ ကောင်း†ကျိုး
ကုသိုလ်၊ မကင်းလိုတည့်၊ နေ့ကိုစောင့်က၊ နေ့ဘိုရ၏၊ ညလည်းထိုတူ၊ မှတ်လေ
မူလော့၊ ဆယ်ဆူသီလ၊ နိယမလည်း၊ ကာလပိုင်းခြား၊ နေ့ရက်အားဖြင့်၊ မမှား
မှန်လှ၊ စောင့်အပ်စွရှင့်၊ ရှေးကမင်းများ၊ ကျင့်တရားတည့်၊ ချစ်သားမောင်†လှ၊
ယွင်းမခွနှင့်၊ လုံ့†လအားထူ၊ ကြိုးကုတ်မူလော့၊ အယူမသမ္မာ၊ ပညာမယှိ၊ ဒိဋ္ဌိ
လူများ၊ ပြောပယ်ငြားလည်း၊ ငါ့သားသည်းချာ၊ မလိုက်နာလင့်၊ ဥစ္စာလိုချင်၊
လောဘငင်လျက်၊ ကျောင်းတွင်မဖြောင့်၊ အိပ်၍စောင့်သား၊ *ယခေါင့်
ရှေးက၊ ဥပုသ်မျှဖြင့်၊ မိုက်လှညဏ်ပိန်၊ မိတ္တဝိန်လျှင်၊ သေချိန်မရောက်၊ သက်
မပျောက်ဘဲ၊ မျက်မှောက်*ဆဲဆဲ၊ ပင်လယ်ထဲတွင်၊ ရဲရဲထိန်ညီး၊ ရွှေဘုံကြီး
ယက်၊ နတ်သမီးစစ်၊ သုံးကျိပ်†နှစ်နှင့်၊ ခု†နစ်သေးလီ၊ အညီရက်ပေါင်း၊ စံရ
ရှောင်း၏၊ အကောင်းအဆိုး၊ အကျင့်မျိုးကား၊ ပြစ်ကျိုးပေး*နေ၊ ယှိမြဲပေ
တည့်၊ နဘေဥမင်၊ ပင်လယ်ပြင်နိုက်၊ အောင်းဝင်ပျံတက်၊ ကံဝိပါက်မှ၊
လွတ်ကွက်လွတ်ရာ၊ မယှိစွာခဲ့၊ တောမှာနေကျင်၊ သမင်ကံဆိုး၊ ပြေးအား
ကြိုး၍၊ မုဆိုးဘေးကြီး၊ သေလုနီးမှ၊ လွတ်ပြီးတုံလျက်၊ ကျွား၏လက်သို့၊
ဆက်ဆက်မှန်စွာ၊ ရောက်ပြန်လာသို့၊ *ကြမ္မာမကောင်း၊ လူ့အပေါင်းကား၊
အကြောင်းမလှ၊ အားထုတ်ကြတိုင်း၊ ရှေ့ကဘေးကြီး၊ *ပက်ပါဆီး၍၊ ပျက်စီး
ဘိုသာ၊ တွေ့တတ်စွာခဲ့၊ *ကြမ္မာဝဋ္ဋဆိုး၊ မကောင်း†ကျိုးဖြင့်၊ †ကြိုးကမြေဖြစ်၊
လည်ရစ်ဘွဲ့ထွေ၊ လိုလိုသေ၏၊ ပုဗ္ဗေရှေ့က၊ ပြုခဲ့ကြသည့်၊ ပါပအ†ကျိုး၊ ထို
ကံဆိုးကြောင့်၊ မိုး†ကြိုးကျရာ၊ ခံမိစွာခဲ့၊ သံသရာရှည်*မွန့်၊ ဘယ်မစွန့်ဘူး၊
မြို့ဝန့်နောက်မှာ၊ ပါးကွက်ပါသို့၊ ဖြစ်ရာဖြစ်ရာ၊ ဘဝမှာလျှင်၊ မကွာ*တံတစ်၊

*ဖက်ထစ်အမြဲး၊ မလွဲးတကွ၊ လိုက်တတ်စွရှင့်၊ ကမ္မနိယံ၊ ထုံးစံမှတ်ယူ၊ ထိုသို့ဟူ၍၊ ဤလူတစု၊ ကိုယ်ပင်ပြုသား၊ ကိုယ့်မှုကိုယ့်ကံ၊ ကိုယ်လုပ်ကြံတိုင်း၊ ကိုယ်စံရမြဲး၊ မလွဲးတို့ချေ၊ မောင်သိစေလော့၊ အမွေဆက်ဆံ၊ *မြောင်းမြီခံ၍၊ ကံကုံ အကျိုး၊ ကောင်းအဆိုးကို၊ လူမျိုး*တကာ၊ ဓမ္မတာဖြင့်၊ မှန်စွာမသွေ၊ ရမြဲးနေတည့်၊ *မုံဝေလောဘ၊ ကြီးဆန္ဒနှင့်၊ ကာမယစ်မိုက်၊ လိုဆိုးတိုက်၍၊ မထိုက်သက်ရာ၊ သူ့ဥစ္စာကို၊ အဘိဇ္ဈာမျှ၊ မကြံရဘူး၊ သားလုမှတ်ရာ၊ ဤလူ့ရွာဝယ်၊ ဆာခြင်း သိပ်ခြင်း၊ အိပ်ချင်ခြင်းနှင့်၊ တပ်ခြင်းရာဂ၊ ဤလေးဝကား၊ မိန်းမ ယောက်ျား၊ မသင်ကြားဘဲ၊ တတ်အားသီးသီး၊ လိုလိုပြီး၍၊ မီးသို့မယွင်း၊ ကိုယ်တွင်းပူဆာ၊ နှိပ်စက်စွာရှင့်၊ ပညာသတိ၊ မယှိသူအား၊ ယောကျ်ားမိန်းမ၊ တားမရတည့်၊ လောဘ*ကလိန်း၊ မချုပ်ထိန်းဘဲ၊ မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်း သိပ်လည်း၊ မအိပ်အပ်စွာ၊ ရှောင်လွှဲးရာ၍၊ ကျမ်းလာမပျက်၊ အပါယ် သက်လိမ့်။ ။*နရက်အောက်ရပ် အောက်ရွာတည်း။ (၆၂)

၂၃၂။ ကာမေသုမိစ္ဆာ၊ သူ့အိမ်ရာနှိုက်၊ ကိလေသာစက်၊ ကျူးမမက်နှင့်၊ သူ့ထက်ကိုယ်က၊ ဣဿရနှင့်၊ ဘောဂဥစ္စာ၊ စည်းစိမ်သာမူ၊ မိစ္ဆာတရား၊ မောဟပွါး၍၊ မသွားလာအပ်၊ မစပ်ရာဘိ၊ ကျမ်းလာယှိသား၊ အဂမနိယ၊ မိန်းမ အပြား၊ နှစ်ကျိပ်အားတွင်၊ သူ့မယားဖြစ်၊ တကျိပ်နှစ်နှင့်၊ မိချစ်ဘခင်၊ မောင် လျှင်အစ်မ၊ ဉာတိစသည့်၊ စောင့်ကြအနိုင်၊ ကာမပိုင်သခင်၊ အရှင်ကင်းလစ်၊ လင်*မဲ့ရှစ်နှိုက်၊ စင်စစ်အဂမနိ၊ သိ မသိပင်၊ ဖြစ်ကျင်*တပဲး၊ မှိုဝဲးလိုစိတ်၊ ရေ့နှယ်ဖိတ်လျက်၊ ဣတ္ထိပုရိသ၊ ပယောဂဖြင့်၊ လုံ့လပြုခြင်း၊ မဂ်ချင်းချင်းနှိုက်၊ ထည့်သွင်းသာယာ၊ အင်လေးဖြာတို့၊ ညီပါတုံလစ်၊ ဤကံညစ်ကို၊ အပြစ်မသိ၊ အလိုယှိတိုင်း၊ ပြုမိပြုရာ၊ မိစ္ဆာအမှု၊ ကျူးလွန်ပြုက၊ ဝတ္ထုဟူထ၊ ထို မိန်းမတို့၊ သိလယှိ*မဲ့၊ လို*မဟဲ့နှင့်၊ လို*ဟဲ့အလျောက်၊ ထို*သ†ယောက်တို့၊ ပြစ်†ရောက်နည်းများ၊ ဟူတတ်ငြား၍၊ သူ့မယားဖြစ်၊ တကျိပ်နှစ်နှိုက်၊ အပြစ်တူကွ၊ မလွတ်ကြဘူး၊ မိန်းမယောကျ်ား၊ နှစ်ဦးသားပင်၊ နှစ်ပါးကံမိုက်၊ အပါယ် ထိုက်ရှင့်၊ မှတ်ပိုက်စင်စစ်၊ လင်*မဲ့ရှစ်မှာ၊ ယောကျ်ားသာဟု၊ ကျမ်းလာမှား၊ ဆုံးဖြတ်ခြား၍၊ မြောက်ငြားကမ္မ၊ ပထအကျိုး၊ ငရဲးအိုးတည့်၊ လိုဆိုးကျင့်မိုက်၊ ဒုစရိုက်နှိုက်၊ ပျော်ပိုက်လိုက်စား၊ *ကြာသမားတို့၊ ပြစ်မှားအိမ်ရာ၊ ကံမိစ္ဆာဖြင့်၊ ခန္ဓာအသက်၊ ယွင်းပျက်ဤကိုယ်၊ *အနန္တိုရ်ဝယ်၊ ဟင်းလိုကျက်ကျက်၊ ပြုတ် ကျိုချက်လိမ့်၊ *ပွက်ပွက်လျံဝေ၊ ကြေးသံရေနှိုက်၊ မကျေမညက်၊ ဆူကြွက် ကြွက်နှင့်၊ အောက်ထက်ပြန်ပြောင်း၊ နှစ်ခြောက်သောင်းမှ၊ ဥက္ကောင်းတခါ၊ ပေါ်ပြန်လာ၍၊ မကြာခဏ၊ ဒု၊ သ၊ န၊ သော၊ ကြောက်မောဘွယ်လီ၊ ပုဒ် အာဒိမျှ၊ မချီဟစ်*ကြော်၊ လုံးစီအော်လျက်၊ လော်ဟကုမ္ဘီ၊ ကြေးနီအိုးတွင်း၊ ငုပ်လျှိုးခြင်းဖြင့်၊ နစ်ဆင်းပြန်လတ်၊ *ခစီးပတ်ဟူ၊ မမြတ်ယုတ်မာ၊ ကျူးလွန်

စွာသည်၊ မိစ္ဆာပြစ်လေး၊ သင့်ဒဏ်ဘေးနှင့်၊ မိုက်ကြေး*မြောင်းမြိ၊ မလွတ်ပြိသို့၊ ဒုဿီယွင်းဘောက်၊ ကျင့်မှားမှောက်သား၊ လေးယောက်အိမ်ပျက်၊ ဆင်းရဲနက်၏၊ မှေ့ညက်ယဉ်†မှိန်း၊ စိတ်ကိုထိန်းလော့၊ †မိန်းမ ယောကျ်ား၊ နှစ်ဦးသားတို့၊ ငါးပါးအာရုံ၊ ကြိုက်ကြုံတွေ့ခါ၊ ကိလေသာဖြင့်၊ လွန်စွာယှဉ်ပြိုင်၊ စစ်ကြီးဆိုင်သို့၊ အနိုင်အထက်၊ ကိုယ်လက်ထန်ပြင်း၊ ထိ*ရှန့်ရင်း၏၊ မကင်းသတိ၊ သမာဓိနှင့်၊ ဉာဏ်ယှိမပြိန်း၊ ကျိတ်မျိုထိန်းလော့၊ တသိန်းကမ္ဘာ၊ ပြည့်ပြီးစွာသည့်၊ မြတ်*လျာ အလေးသောင်း၊ ပွင့်လု*ညောင်းလျက်၊ မကောင်းမိတ်လိုက်၊ အပျော်†ကြိုက်၍၊ ကျိုက်†ကျိုက် ပွက်ဆူ၊ အောက်ရောရူနှင့်၊ လူတွင်နိမ့်†ကျ၊ သမုတ်†ကြသား၊ မိန်းမ နပုန်း၊ ကျောက်ကုန်းရိုက်ပုတ်၊ ဗိဇထုတ်က၊ အယုတ်နွား†မျောက်၊ ဆဲ့လေး†မြောက်အောင်၊ ကြောက်စဘွယ်ဘေး၊ ခံရသေးသည်။ ။မိုက်မှေး ပရဒါ†ရာတည်း။ (၆၃)

၂၃၃။ မိုက်မှေးညစ်ကျူ၊ ကာမမှုတည့်၊ သူ့အိမ်သူရာ၊ ပရဒါကား၊ လွန်စွာရှောင်ထိုက်၊ ကျူးမလိုက်နှင့်၊ လူနိုက်စိုးခြင်း၊ ငါသည့်မင်းဟု၊ အတင်းရှက်စပ်၊ မပြုအပ်ဘူး၊ စွန်းတပ်ရာဂ၊ သူ့သက်မျှနိုက်၊ ကာမမိုက်မှန်၊ ကျင့်ကျူးလွန်က၊ ကျွန်ဖွတ် ကျွန်လိပ်၊ ဆိုရိပ်ဓမ္မသတ်၊ လောကီဖြတ်လည်း၊ မလွတ်နောင်လာ၊ သံသရာဝယ်၊ ပါယ်ရွာလားစု၊ ပါပမှုတည့်၊ ညစ်ကျူယုတ်မာ၊ သူ့အိမ်ရာကို၊ မိစ္ဆာစွန်းငြိ၊ မခိုက်ထိနှင့်၊ မသိ*ကျိုးကျွန်၊ မမြင်ဟန်သို့၊ သား*မွန်ရွှေရုပ်၊ ဉာဏ်ထိန်းအုပ်၍၊ စောင့်ချုပ်မြဲရာ၊ ကိလေသာဖြင့်၊ ပညာကင်းဘိ၊ သတိကင်းဝေး၊ သူ့သက်ပေးအား၊ မျက်မွေးထော်လော်၊ တကြိမ်သော်မျှ၊ မျှော်ကာမရှု၊ ဆင်ခြင်ပြုလော့၊ ဤလူ့ထုံးစံ၊ သူ*ရည်းငံ၍၊ သွင်းနှံပဏ္ဏာ၊ သစ္စာမှန်းထား၊ *ရည်းစားစောင့်ရှောက်၊ *ခင်အုံးမြောက်ပြီး၊ နတ်လောက်မခြား၊ သူ့မယားလျှင်၊ လှငြားပစေ၊ ယဉ်ပါးလေနှင့်၊ အသေလတ်လတ်၊ ပေါက်သတ်တတ်သည့်၊ မမြတ်*မူနည်၊ ဆိပ်ရည်ပြည့်ဝ၊ နဂါးမနှင့်၊ ငါ့ကိုကြည့်က၊ မြည့်မြည့်ကိုက်ငြား၊ ကျွတ်ကျွတ်ဝါး၍၊ စားအံ့ခြောက်ခြိမ်း၊ *ကြိမ်းသားအဟုတ်၊ ကြမ်းကြုတ်ရက္ခသီ၊ ယက္ခိနီသို့၊ တူညီသမှု၊ ထင်ထင်ရှုလော့၊ ဗဟုဝါရ၊ ဒဿနဖြင့်၊ မိန်းမယောကျ်ား၊ မြင်ဘန်များသော်၊ သနားချစ်ခင်၊ စိတ်ကျွမ်းဝင်၏၊ ဂျွန်ပင်*တမင့်၊ ဖြစ်လင့်ကစား၊ မိုးနတ်သားသို့၊ ထင်မှားမယွင်း၊ တပ်မက်လျှင်းခဲ့၊ ယင်းသို့ခြင်းရာ၊ လွန်ယုတ်မာသည့်၊ ကိလေသာကိစ္စ၊ ဤကာမကား၊ ရာဂအဟုန်၊ ကျဆင်မုန်သို့၊ *သုန်သုန်တိုက်†လှည်း၊ လွန်မိုက်သည်း၏၊ ငတ်†လည်းမရှက်၊ ငိုက်မရှက်နှင့်၊ ကြိုက်မရှက်ဟူ၊ သုံးယောက်လူတွင်၊ မှုန်ဆူလှိုက်ပွက်၊ ကြိုက်မရှက်ကား၊ *ရမ္မက်ရှူး†ထ၊ ဥမ္မတ္တတည့်၊ က†ငှမုခ၊ စသည်လေးထွေ၊ မြေတိုအဆိပ်၊ တက်ရိပ်ပြင်းစွာ၊ သင့်သော့ခါနှင့်၊ မိစ္ဆာနတ်စုန်း၊ မုန်း၍ဖမ်းစား၊ ပြုတုံငြားလည်း၊ သမားဆရာ၊ ပညဝါတို့၊ ဂါထာမန္တန်၊ နတ်ဆေးမွန်

ဖြင့်၊ ကြံဘန်မန်းမှုတ်၊ လိမ်းသုတ်လှုံလ၊ ကုစားရ၏၊ကာမရောဂါ၊ ကိုယ်တွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမယုံဘူး၊ မိမိပညာ၊ သတိသာလျှင်၊ မဟာသြသဓ၊ ဆေးမည်စွရှင့်၊ ကာမဆန္ဒ၊ ပါပစိတ်မျိုး၊ ဝင်ဆော်နှိုးရှဲ့၊ စိုးစိရုံခါ၊ ဖြစ်တုံလာသော်၊ ပညာတရား၊ သတိထားရှဲ့၊ ငါ့သားဇာ†နည်၊ ထဲးရန်†နည်ကို၊ နှိပ်†နည်ဂယ်ဖျော်က်၊ ဉာဏ်ဆေးသောက်လျက်၊ *လျှင်ရှောက်မကြာ၊ ကြည်စေရာ၏၊ ဥမ္မာဒန္တိ၊ နတ်တ†ပြီကြောင့်၊ ပီ†ပီမသိ၊ မူးဝေဘိလည်း၊ သိဝိမင်းကောင်း၊ ဘုရားလောင်းသို့၊ တိမ်းစောင်းတရား၊ လိုက်မမှားသည်။ ။လေးပါး ဂတိယုတ်မာတည်း။ (၆၄)

၂၃၄။ ယုတ်မာကြီးမား၊ ဂတိအားဖြင့်၊ တိမ်းပါးချွတ်ယွင်း၊ မကျင့်လျှင်းနှင့်၊ ငါ့မြင်းငါစီး၊ ငါ့ထီးငါဆောင်း၊ ငါ့ကျောင်းငါထိုင်၊ ဘယ်သူဆိုင်ဟု၊ ကိုယ်ပိုင်လိုစိုး၊ မာနမိုးရှဲ့၊ ကြောင်းကျိုးမသိ၊ ပြုမိပြုရာ၊ မအပ်စွာတည့်၊ ရာဂ ဒေါသ၊ မိုက်မောဟဟု၊ ပါပဓမ္မ၊ ကြောင်းမူလဖြင့်၊ မြစ်မကြီးကျယ်၊ ဤသုံးသွယ်လည်း၊ ကိုယ်ဝယ်မြဲးစွာ၊ မကပ်ရာတည့်၊ ပညာမြော်မြင်၊ တွေးတောသင်လော့၊ လူ့ခွင်ဌာန၊ ဤလောကနှိုက်၊ ရာဂနှင့်တူ၊ ကျိုက်ကျိုက်ဆူသည်၊ မီးပူမယှိ၊ မချိစိတ်က၊ မြွေ့နှယ်ထရှဲ့၊ ဒေါသနှင့်တူ၊ ပျက်ခြင်းဟူသည်၊ ပျက်သူမယှိ၊ အတိမူဋ္ဌ၊ မေ့ရှက်စွသား၊ မောဟနှင့်တူ၊ ကွန်ရက်ဟူသည်၊ တမူမယှိ၊ သို့ဖြစ်ဘိရှဲ့၊ သတိဝမ်းတွင်၊ အမြဲးထင်လော့၊ ဤလျှင်ပါပ၊ မူလသုံးမျိုး၊ ဟိတ်လွှမ်းမိုးက၊ ကပ်ဆိုးဥပဒ်၊ ဖြစ်တိုတတ်၏၊ မှတ်လော့ ဤသို့၊ လူတို့လောဘ၊ ကြီးကာလနှိုက်၊ ဒုဗ္ဘိက္ခဘေး၊ ငတ်မွတ်ရေးကြောင့်၊ ရိုးဖွေးတောင်မျှ၊ ပျက်စီးကြ၏၊ ဒေါသတရား၊ ပွါးလတ်သော့ခါ၊ ဓားမိုးရွာသို့၊ သတ္တဝါလူပုံ၊ ပြောဟုံအမျက်၊ စစ်မက်ပြိုင်ခင်း၊ လက်နက်ကျင်းရှဲ့၊ ချင်းချင်းသတ်†ကြ၊သွေးချောင်း†ကျ၏၊ မောဟလွန်ငြား၊ ဘီလူးစားသို့၊ ထူးခြားရောဂါ၊ ဝေဒနာဖြင့်၊ များစွာကပ်ရောက်၊ သေပျောက်လူရှင်၊ ထူ*ပြော*ဖြင်၏၊ ထိုပြင် တဝ၊ လောဘမီးဟူ၊ ဒေါသမူ ရေ၊ မောဟ လေတည့်၊ သုံးထွေမူလ၊ ဤပါပဖြင့်၊ လောကအားလုံး၊ ထုံးသို့ကြေညက်၊ ကမ္ဘာပျက်၏၊ ဆက်ဆက်ကျမ်းတွင်၊ ဟောမိန့်†ကျင်ခဲ့၊ အ†ကြင်ရာဂ၊ တပ်လောဘနှင့်၊ သုဇာတဆို၊ သူကြွယ်ပျိုလျှင်၊ အလို လွန်ကြီး၊ နတ်သွီးကို၊ တွတ်တီးတွတ်တာ၊ တောင့်တကာနှင့်၊ ရေစာမသုံး၊ နှလုံးပူခြောက်၊ သေခြင်းရောက်အောင်၊ မီးတောက်အသွင်၊ ကျမ်းလောင်ကျင်ခဲ့၊ ဉာဏ်ပင်ယှိလည်း၊ သတိကင်းလျက်၊ ဒေါသဖျက်ရှင့်၊ ယုတ်တက်နှိုင်းဆ၊ သတိမရှဲ့၊ *တည်းတွဆင်ခြင်၊ မျက်မလျှင်နှင့်၊ မြော်မြင်မယှိ၊ မျက်ဟုန်ဘိရှဲ့၊ မိမိတို့မွေး၊ သိမ်းခွေးလိမ္မာ၊ မြွေပါ ကျေးသား၊ သား မယားကို၊ စဉ်းစားမပြု၊ သတ်မိမှုကြောင့်၊ ရင်ထုမနာ၊ ကြီးစွာနှောင်တ၊ ပူပန်ရ၏၊ ရထားစက်ဟုန်၊ လည်*သုန်သုန်ကို၊ မတုန်မလှုပ်၊ တည်စေချုပ်သို့၊ ဟုပ်ဟုပ်အမျက်၊ ကောဓ

စက်ကို၊ ဉာဏ်လက်သိမ်းအုပ်၊ လည်မလှုပ်အောင်၊ ထိန်းချုပ်နိုင်ငြား၊ ထိုသူအား လျှင်၊ ဘုရား*တကာ၊ အရိယာတို့၊ လွန်စွာမငြီး၊ ဘဝဂ်တီးအောင်၊ ကောင်းချီး ခေါ်ပြု၊ သာဓုထပ်မျှ၊ ချီးမွမ်းကြ၏။ လောဘ ဒေါသ၊ မောဟအဟုန်၊ ဆတ် ဆတ်ခုန်၍၊ သည်းတုန်အူလှိုက်၊ မမူထိုက်ရှင့်၊ သူမိုက်သဘော၊ စရိုက်*ပြော လျက်၊ ကုဒ္ဓေါ မမ္ဘ န ဇာနာတိ၊ အစယိုသား၊ ပါဠိဒေသနာ၊ ဟောမိန့်မှာတိုင်း၊ မှန်စွာစင်စစ်၊ ဒေါသဖြစ်က၊ ကျိုးပြစ်တရား၊ မသိငြားဘူး၊ ပြစ်မှားလွန်မှု၊ လူ့ဗာလတို့၊ ကုက္ကုစ္စကြီး၊ လွှမ်းဘိစီး၍၊ မီးနှင့်အတူ၊ နောင်တဟူသည်၊ လောင်ပူမကင်း၊ သေရလျှင်း၏၊ ယင်းကုက္ကုစ္စ၊ သဘာဝလက္ခဏာ၊ ဥပမာဖြင့်၊ လူ့ရွာအတွင်း၊ ကျွန်ရာသွင်းလျက်၊ စာရင်းချုပ်ထား၊ ကြွေးမြီလားသို့၊ တိမ်းပါးမရ၊ အပါယ် ကျသည်။ ။ဒုက္ခကိုယ်ကြပ် မကွာတည်း။ (၆၅)

၂၃၅။ ကာယယ်ငေါင်း၊ *ဖျင်းသောင်း*ဖျင်းသွံ၊ လက်သည်းခွံမျှ၊ နှင်တံ တံဖျာ၊ခတ်မိခါနှိုက်၊ ပြင်းစွာအမျက်၊ ထွက်လတ်တုံ၍၊ တ†ရွှေ့ရွှေ့ကြီး၊ ဥဿျစ်သီးနှင့်၊ ထန်းသီးလုံးလောက်၊ ဖူးဖူးမောက်သော်၊ခြေထောက်လေးဘက်၊ မြေ့ထက်မမီ၊ ထို့ဤရွှေ့ရှား၊ မသွားနိုင်ဘဲ၊ နေရာမြဲးလျက်၊ဆိတ်ဆွဲးကျီးငှက်၊ လိမ့်လက်လက်ဖြင့်၊ အသက်သေမှု၊ ပျက်ခြင်းပြုသည့်၊ ဥဒ္ဓုမာယိက၊ ဘားဗာလ သို့၊ ဒေါသအလို၊ အကုသိုလ်ဖြင့်၊ ဤကိုယ်ပျက်စွာ၊ မဖြစ်ရာဘူး၊ ပညာမဲ့ငြား၊ မောဟအားဖြင့်၊ တရားမလျော်၊ မတော်ကျင့်၍၊မသင့်ပြုထွေ၊ သရေကင်းဘိ၊ ဘုန်းမယိုကြောင့်၊ သီရိလက္ခီ၊ နတ်ဒေဝီလျှင်၊ မမှီရှောင်လွှဲး၊ ကာဠိစွဲးလျက်၊ မိုက်မဲးစိတ်မှာ၊ မညစ်ရာဘူး၊ ငါသာငါမင်း၊ ဖြစ်တုံလျှင်းဟု၊ လွန်ပြင်းအ†မျက်၊ ပြင်မထွက်နှင့်၊ ထက်†မြက်*ဝှန်သည်း၊စောင့်စည်းမမူ၊ ငါတည်းဟူ၍၊ လှိုက်ဆူ ပွက်ပွက်၊ မင်းမာန်ထွက်သော်၊ ရက်ရက်စက်စက်၊ သူ့အသက်ကို၊ ဖျက်ဖျက် ဆီးဆီး၊ လောင်သည့်မီးသို့၊ စပ်နီးရာရာ၊ ပရိဝါနှင့်၊ ဉာတကာမျိုးဆွေ၊ ပျက်စီး စေ၏၊ ရေနိမ့်ရာစီး၊ မီးမြင့်ရာလောင်၊ ဆိုသော့*ပေါင်သို့၊ မရှောင်စိတ်က၊ မျက်ဒေါသနှင့်၊ မာနလွန်စွာ၊ မယစ်ရာဘူး၊ ရာဇာ*သနင်း၊ မင်းတို့မာန်စောင်း၊ ထိတိုင်း*တောင်း၏၊ဆိုးကောင်းကျိုးပြစ်၊ မစိစစ်ဘဲ၊လူဖြစ်လျက်ကဲ့၊ ချမ်းသာ *မဲ့သား၊ ငရဲ့ဒုက္ခ၊ အပါယ်ကျအောင်၊ဘဝယုတ်†မာ၊မနစ်ရာဘူး၊ သ†မ္မာမဟဲ့၊ ပညာ*မဲ့က၊ ငရဲ့စီးပွါး၊ အပြစ်များ၏၊ ယောကျ်ားမိန်းမ၊ မင်းကပုဏ္ဏား၊ မဟူငြားခဲ့၊ ချစ်သားဒါလီ၊ မှတ်နာအီလော့၊ လောကီပုဂ္ဂိုလ်၊ လူဆိုထိုကား၊ မလိုမ†လှ၊ လိုလျှင်†လှရှင့်၊ ဗာ†လလက္ခဏာ၊ များကြစွာ၏၊ ထင်ရာမှတ်ရိုး၊ ကောင်းဆိုးဝါဒ၊ မမြဲးကြဘူး၊ ဗလအားကိုး၊ လက်ရုံးမိုး၍၊ ကျယ်ဆိုးနိုင်ထက်၊ နှိပ်စက်*ကလူ၊ပြုလိုသူအား၊ *ပျူပျူငှာငှာ၊ချေင်စွာလျှင်၊သာယာပျောင်း†ပျ၊ ကျိုးကြောင်း†ပြ၍၊ ခ ယ ထိုထို၊ ပြောပါဆိုလည်း၊ ပြောဆိုသမျှ၊အပြစ်ကျဘို့၊ ဖြစ်ရသည်ချည်း၊ ဟူသတည်းရှင့်၊ *မှုနည်းယုတ်မာ၊ ကြမ်းကြုတ် စွာဖြင့်၊

ဣဿာသဘော၊ ပြန့်ပြောများသူ၊ ခွေးနှင့်တူ၏၊ ခွေးဟူတုံက၊ လှမလှနှင့်၊
ဟီနဥက္ကဋ္ဌ၊ ယုတ်မြတ်လူရှင်၊ ပျို့အိုသွင်လည်း၊ မြင်မြင်သမျှ၊ သွားကိုပြ၍၊
ဒေါသ မျက်ဆူ၊ ဟိန်းငြူစူ၏၊ ခွေးတူ နှလုံး၊ မသုံး သုစရိုက်၊ ထိုသူ
မိုက်တို့၊ ထိုက်သမျှကံ၊ ကိုယ်လုပ်ကြံတိုင်း၊ မခံမနေ၊ မရချေတည့်၊ သေလျှင်
ငရဲ၊ မလွဲရှေးရှု၊ ဆွဲချယူလိမ့်၊ မမှုမာန၊ အဒေါသနှင့်၊ ကောဓကင်းကွာ၊
ပွါးမေတ္တာဖြင့်၊ သတ္တဝါအများ၊ သူတပါးအား၊ သနားကြင်နာ၊ ကိုယ်ချင်း
စာလော့၊ မြတ်*လျာဆုယူ၊ ဗုဒ္ဓကူတို့၊ လူကိုသတ်ပြု၊ ကြမ်းကြုတ်မှုနိုက်၊
မရှု*စိမ့်လို၊ တောင့်တဆို၏၊ ကိုယ်သို့အလား၊ မခြားအတူ၊ သတ်ထိုက်သူကို၊
ကယ်ယူလို၄၊ ဆု*ပန်ထွာရှင့်၊ နန်း*လျာပျိုထွား၊ ဘစကားကို၊ ရှိုးရှား
ကုန်စင်၊ နားဝယ်တင်၍၊ ကိုယ်တွင်ယုတ်မာ၊ လွန်ဆိုးစွာသား၊ ဆန္ဒာဒေါသ၊
မိုက်မောဟကို။ ။သားလှမလိုက် မညှာတည်း။ (၆၆)

၂၃၆။ ဆန္ဒာဒေါသ၊ ဘယမောဟာ၊ လွန်ဆိုးစွာသား၊ လေးဖြာဂတိ၊
လိုက်မှားငြိက၊သိရိန္ဒမ်းညှိုး၊ ဘုန်းမတိုးဘူး၊ တန်းခိုးသိမ်ဖျင်း၊ သတင်းညှံ့ယုတ်၊
လဆုတ်သဘော၊ ရွှေရွှေလျော၍၊ နစ်မျောဘဝ၊ ပါယ်တွင်းကျရှင့်၊ လောက
ဓမ္မတာ၊ ဤလူ့ရွာနိုက်၊ လိမ္မာမြင်ယှိ၊ အသိပညာ၊ ဟူသည်မှာကား၊ ဆရာ
တို့ထံ၊ ရှိကျိုးနွံ၍၊ နည်းခံတိုးဝင်၊ မသင်မမေး၊ အရေးမထား၊ မတတ်ငြားဘူး၊
ငယ်ကကားမာန်၊ ကြီးသော်ဟန်နှင့်၊ သိဉာဏ်ဝမ်းတွင်း၊ သက်သက်ကင်းလျက်၊
ဟင်းလင်းဟာလာ၊ အူမျှသာဖြင့်၊ ပညာသတိ၊ မယှိသသူ၊ အပြစ်ထူ၏၊
လူတွင်လူမိုက်၊ လူဒုစ္စရိုက်တို့၊ မထိုက်ချမ်းသာ၊ ကံ*မဲ့စွာကြောင့်၊ ဆရာမိဘ၊
ကျိုးကြောင်းပြ၍၊ ဆုံးမသည်ကို၊ မနာလိုဘူး၊ မချိနားမှာ၊ ခါးကြစွာ၏၊
ရတနာတဆူ၊ ဘသည်းအူကား၊*ရှေးရှုမေတ္တာ၊ကရု†ဏာနှင့်၊†နာနာကျင်ကျင်၊
အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊
ဆရာဟူလော့၊ မတူ*မတီး၊ အယူသီးနှင့်၊ *ဟူးရီးဟူးရာ၊ ငါတို့သာဟု၊ ပညာ
မဆ၊ မပြုရဘူး၊ ဘဝဤကိုယ်၊ မင်းဟုဆိုလည်း၊ နေကိုပုံပြ၊ လကိုပုံထား၊ မှတ်တုံ
ငြားလော့၊ နေကားထွက်ဝင်၊ ပေါ်ချုပ်ထင်၏၊ လလျှင်ပြည့်ကွယ်၊ ကြီး၍
ငယ်ခဲ့၊ ထို*နှယ်မလွဲ၊ လူ*ခပဲတို့၊ အမြဲချမ်းသာ၊ မယှိစွာရှင့်၊ အာဏာ
တန်းခိုး၊ အမျိုးစည်းစိမ်၊ ဘုန်းဂုဏ်သိမ်လည်း၊ ထင်တိမ်ပေါ်ငုပ်၊ ဖြစ်ချုပ်
တတ်စွာ၊ ဓမ္မတာတည့်၊ ခေါက်ရှာငှက်ပျံ၊ ခင်ပုပ်ပျံနှင့်၊ ဘုတ်ပျံရှူးပျံ၊
လောကဓံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည့်၊ ငါငါ
ယူမှား၊ မာနအားဖြင့်၊ တရားယွင်းခွ၊ မရှုရဘူး၊ စိတ်ကတကွဲ၊ ကိုယ်တလွဲနှင့်၊
အမြဲမလျော်၊ ကျင့်တတ်သော်လူ၊ သူတော်မဟုတ်၊ သူယုတ်စင်စစ်၊ ထိုသူဖြစ်၏၊
သားချစ်ဉာဏ်ယှိ၊ အမှန်သိလော့၊ ပဏ္ဍိ*တကာ၊ သူယုတ်မာကို၊ ဘယ်ခါသော်မှ၊
မတုပတည့်၊ အဓမ္မဟူဘိ၊ ဂတိလေးပါး၊ လိုက်တုံငြား၍၊ မတရားမှု၊ တခုခုကို၊

ပြုရမည်တာ၊ လူသမာတို့၊ ခန္ဓာပျက်ရေး၊ ထောင်ဒဏ်ဘေးထက်၊ ကြောက်ဖွယ်ကုန်စွ၊ မပြုကြတည့်၊ ပစ္စန္တမင်း၊ တရားကင်း၍၊ *ရှန့်ရင်းဒေါသ၊ တယောက်မျှကို၊ ဇီဝခြေဖြတ်၊ သတ်မိသော့အား၊ သေလွန်သွားသော်၊ နှစ်များရှည်ကြာ၊ ငရဲရွာနိုက်၊ ချမ်းသာမရ၊ ဖြစ်ဘူးစွရှင့်၊ ထိုမှတဖြာ၊ ရှေးသော့ခါလည်း၊ ဗာရာပြည်ဝယ်၊ နှစ်နှစ်ဆယ်မျှ၊ အကယ်တစ်၊ မင်းပြုမိ၍၊ မချိတင့်ကဲ၊ အောက်မြေထဲနိုက်၊ ဆင်းရဲ*အစုတ်၊ လွန်ကြမ်းကြုတ်သား၊ ဥဿဒရက်၊ ငရဲကျက်သည့်၊ ရေတွက်ကြာညောင်း၊ နှစ်ရှစ်သောင်းတည့်၊ ကျမ်းဟောင်းစာထွက်၊ မောင်နားရှက်၍၊ အသက်တခု၊ ကိုယ်တမှုကြောင့်၊ ဗဟုသတ္တဝါ၊ မချမ်းသာအောင်၊ ပညာမရှု၊ ရေးမပြုလင့်၊ အမှုမ†ကြီး၊ ဆင်တစီးကြောင့်၊ †ကျီးအများသေ၊ သရေလွန်စ၊ စားကြမဝေး၊ အတွင်းခွေးကြောင့်၊ ပြင်ခွေးအပေါင်း၊ သတ်ဖြတ်ကြောင်းနှင့်၊ မင်းလောင်းတယောက်၊ ပေါ်မည်ကြောက်၍၊ မထောက်မတန်၊ ပြစ်လေးလွန်အောင်၊ ကိုယ်ဝန်ဝမ်းတွင်း၊ ပုခက်တွင်းက၊ ငယ်သင်းနွား†ကျောင်း၊ များအပေါင်းကို၊ အ†ကြောင်းမသင့်၊ သတ်စေလင့်သည်။ ။မင်းကျင့် မရေမ†ရာတည်း။ (၆၇)

၂၃၇။ မရေမရာ၊ ပညာမရှု၊ မင်းတို့မှုကို၊ ဂရုမစိုက်၊ ထုံးမလိုက်လင့်၊ ဘေး*ရိုက်ဘရာ၊ နွယ်လိုက်ဖြာလျက်၊ မဟာသမ္မတ၊ ကမ္ဘာစက၊ ဗြဟ္မာ့မျိုးရင်း၊ မင်းတို့တန္တိ၊ ပဝေဏီနှင့်၊ ညီစေအစဉ်၊ နတ်လမ်းယှဉ်၍၊ ဓမ္မဋ္ဌရ၊ ဟောပြတတ်သူ၊ ညွှတ်ကြည်ဖြူလော့၊ လူမဟုတ်သေး၊ သမင်ခွေးနှင့်၊ ကျေးသားဆက်ရက်၊ ခင်ပုပ်ငှက်က၊ ဆတ်ဝက်ဥဒေါင်း၊ ဗောဓိလောင်းတို့၊ ကျင့်ကောင်းဟောရာ၊ မြတ်နိုးစွာဖြင့်၊ လိုက်နာမချို၊ နှစ်လိုမြှောက်ခြီး၊ နန်းနှင့်ထီးပါ၊ ပြည်ကြီးပူဇော်၊ နတ်ပြည်ပျော်သည့်၊ သူတော်*တကာ၊ များရာဇာသို့၊ နတ်ရွာဆုယူ၊ မှတ်တည်မူလော့၊ လူမည်ရုံမျှ၊ လူ့ရုပ်နှင့်၊ စားဝအိပ်ပျော်၊ သောက်မူးမော်၍၊ လူစော်နံကာ၊ လူဖြစ်လာလည်း၊ ပညာနည်းပါး၊ လူငနွားတည့်၊ တရားမသိ၊ ကင်းမယှိက၊ တိရစ္ဆာန၊ သဘာဝသို့၊ ကိစ္စကျင့်မှု၊ အတူတူရှင့်၊ လူတို့သဘော၊ မနောစင်ဖြူ၊ ကောင်းသော့သူနှင့်၊ ပေါင်းဘက်သင့်က၊ ကောင်းကျင့်ကောင်းမူ၊ မကောင်းသူနှင့်၊ အတူပေါင်းမှု၊ မကောင်းတုကို၊ လိုက်ပြုတတ်စွ၊ ဤလောကနိုက်၊ တငါ့အိမ်ပါး၊ တငါလားဟု၊ ဆိုငြား မှန်ဘိ၊ ယွင်းမယိုတည့်၊ တမိဝမ်းအောင်း၊ ရသေ့ကျောင်းနှင့်၊ ဆိုးတောင်းယုတ်မာ၊ ခိုးသူ့ရွာသို့၊ ရောက်ရှာကုန်ကြ၊ သူဝနှစ်ကောင်၊ ကျေးညီနောင်တို့၊ တကောင်မှာသော်၊ သူတော်အလေ့၊ သိမ်မွေ့လိ†မ္မာ၊ တကောင်†မှာမူ၊ ဝါစာဖရုသ်၊ ကြမ်းကြုတ်စရိုက်၊ ရှန့်ရင်းမိုက်ရှင့်၊ မှတ်ပိုက်တဖြာ၊ ရှေးသော့ခါနိုက်၊ မဟိလာမုခ၊ ပြောင်*မုန်လှနှင့်၊ ပဏ္ဍဝမည်လျှင်း၊ စီးတော်မြင်းလည်း၊ နီးရင်းနေသူ၊ စောင့်ထိန်းလူကို၊ အတူသင်နှီး၊ တုလိုက်ခိုး၍၊ နင်းချိုးသတ်ပုတ်၊ လွန်ကြမ်းကြုတ်နှင့်၊ ခုတ်ခုတ်ခြေသံ၊ နာခံ

မကောင်း၊ အသွားပြောင်း၍၊ နှောင်းမှပြုပြင်၊ ပညာရှင်တို့၊ သွန်သင်သဖြင့်၊ အသင့်ဖြစ်ပြန်၊ ကျင့်ကောင်းမှန်ခဲ့၊ တိရစ္ဆာန်မျိုး၊ ဇာတ်နွယ်ရိုးလျက်၊ အဆိုးအကောင်း၊ ဘော်ပေါင်းလေ့လာ၊ မြင်ရာတုခိုး၊ ကောင်းဆိုးရိုင်းယဉ်၊ ဂုဏ်ထူးယှဉ်၏၊ ဝိညာဉ်*မဲ့ဘိ၊ စိတ်ယှိသတ္တဝါ၊ မဟုတ်စွာသေး၊ တမာခွေးတောက်၊ မြစ်ရှောက်ရောရှက်၊ တူနှောဘက်၍၊ သရက်ချိုမြ၊ ဘန္တရလည်း၊ ကွယ့်ပအပြီး၊ အခါးသီး၏၊ မနီးစကောင်း၊ မပေါင်းစထိုက်၊ သူမိုက်ဟူသည်၊ ကျင့်မူနှီးနှော၊ ဖျက်တတ်သောကြောင့်၊ သဘောမ†ကြည်၊ ဆိုပ်မျိုးရည်နှင့်။ ။မြား†ကျည်ငါးပုပ် ပမာတည်း။ (၆ဂ)

၂၃ဂ။ ထို့ကြောင့် မှတ်ယူ၊ လောကလူတွင်၊ ရန်သူမှန်စွာ၊ ဖြစ်စေကာမူ၊ ပညာယှိက၊ မြတ်တုံစွ၏၊ ဗာလအစစ်၊ မိတ်ပင်ဖြစ်လည်း၊ အပြစ်သာ*ပြု၊ ကျိုးမဟုဘူး၊ တဆဲ့ရှစ်ခေါ်၊ သင်းဗိုလ်ဘော်ကို၊ မဟော်မတ်ရဲး၊ ဥမင်ထဲးသို့၊ ခွဲး၍မကြွင်း၊ လှောင်သွင်းသော့ခါ၊ တရာထီးဆောင်း၊ မင်းအပေါင်းနှင့်၊ သေကြောင်းကြံညီ၊ စူဠနီတို့၊ ကိုယ်စီအသက်၊ လက်သို့သီးသီး၊ ရောက်ကုန်ပြီးလည်း၊ ရန်မီးငြိမ်းလျက်၊ မေတ္တာဆက်၍၊ အသက်မသေ၊ ချမ်းသာစေ၏၊ တွေဝေမိုက်†လှ၊ သားဗာ†လကား၊ အဘထိပ်ထက်၊ ကိုက်သည့်မှက်ကို၊ တချက်တည်းသာ၊ သေစိမ့်ငှါဟု၊ ထက်စွာကြီးမား၊ ပဲးခွပ်သွားဖြင့်၊ ပေါက်ငြားတုံလေ၊ ဘခင်သေ၏၊ မသေ့မှန်†လှ၊ ဤသို့စသား၊ ဗာ†လပဏ္ဍိ၊ အထူးသိလေ့၊ကင်းဘိဉာဏ၊ ထိုဗာလတို့၊ အတ္တ ပရ၊ ဟိတတရား၊ ပိုင်းခြား နှစ်ဘော်၊ ရှုမမျှော်ဘူး၊ သူတော်ယောင်ယောင်၊ ကြောင်*သီတင်းသုံး၊ သူမိုက်ထုံးဖြင့်၊နှလုံးညစ်*တည်း၊ စောင့်စည်းမရှိ၊ ပြုတတ်ဘိ၏၊ ဂတိ*မဲ့စွာ၊ သူယုတ်မာလည်း၊ မာယာကာရ၊ ကေဝဋ္ဋသို့၊ မလှဝမ်းထဲး၊ သံကောက်စွဲးလျက်၊ ပေါ် ရွှဲးသကာ၊ စိတ်မပါဘဲး၊ ဝါစာဆန်း†ပြား၊ နှုတ်ချို†ပျားနှင့်၊ တရားအလွတ်၊ စကားတတ်၏၊ မှတ်လေ့ထိုသူ၊ လူအတွင်းဆိုး၊ လူရိုးမမည်၊ လူပျားရည်ရှင့်၊ မတည်သမာ၊လွန်ဆိုးစွာခဲ့၊ သစ္စာမဖြုတ်၊ မှန်သောနှုတ်ဖြင့်၊ မဟုတ်မဆို၊ ထိုပုဂ္ဂိုလ်မှ၊ လူဗိုလ်တကာ၊ မှီခိုရာကြောင့်၊ လူမှာလူနတ်၊ အများမှတ်၏၊ ယုတ် မြတ် ကောင်း ဆိုး၊ ကျင့်မျိုးနှစ်ထွေ၊ ကမ္ဘာ†ကြေလည်း၊ မ†ကျေသည့်သာ၊ ကိုယ်ခန္ဓာကား၊ မကြာပျက်စီး၊ *အချည်းနှီးတည့်၊ မီးဖြင့်ဖုတ်*ကွေး၊ မြေ*သင်္ဂြိုဟ်းက၊ ပုပ်ဆွေးပြာဖြစ်၊ ရေဝယ်ပစ်သော်၊ ချောင်းမြစ်သမုဒ္ဒြာ၊ ပင်လယ်မှာလျှင်၊ ငါးစာဖြစ်လျက်၊ ကုန်ပျောက်ပျက်၏၊ တချက်ဆတ်ဆတ်၊သားမောင်မှတ်ဦး၊ဥက္ကဋ္ဌဟီန၊ ဝါဒကျင့်မူ၊ဓာတ်မတူလျှင်၊ အယူမမျှ၊ မပေါင်းကြဘူး၊ မိန်းမယောကျ်ား၊ မင်းပုဏ္ဏားနှင့်၊ မျိုးခြားနွယ်ဇာတ်၊လူနှင့်နတ်က၊ယုတ်မြတ်ဓမ္မတာ၊ သတ္တဝါကား၊ တငါချင်းချင်း၊ မုဆိုးချင်းတို့၊မယွင်းအယူ၊ သဘောတူသို့၊ မသူတော်†ချင်း၊ သူတော်ချင်း†သာ၊ ဓာတ်†ချင်းသင့်လျော်၊ပေါင်းကြဘော်၏၊မသူတော်စွာ၊ဤလူ့ရွာနိုက်၊သမ္မာမကြိုက်၊

ဒုစရိုက်နှင့်၊ အလိုက်အလိုက်၊ ပျော်နှစ်ခြိုက်၍၊ သူမိုက်အလေ့၊ လိုက်မိ၍ကား၊ ရသေ့*စဉ်းလဲ၊ ကျားငမွဲနှင့်၊ မိုက်မဲလိမ်လစ်၊ ဗျိုင်းကောက်ကျစ်ကြောင့်၊ စွန့်ပစ်အိုင်ပြောင်း၊ ငါးပေါင်းကုန်သေ၊ တောနေမိဂ၊ ကာလမည်တွင်၊ သမင်အသင်း၊ မကြွင်းကုန်စင်၊ သဲပြင်လယ်ကြီး၊ ခရီးမှောက်မှား၊ ဘီလူးစားသည့်၊ လှည်းသားငါးရာ၊ ထိုမျှားစွာက၊ ကမ္ဘာလုံးနှစ်၊ ရေမြစ်သဲးစု၊ ဖုံးလွှမ်းပြု၍၊ ကုရုရဋ္ဌ၊ တိုင်းမဇ္ဈနှင့်၊ ကုမ္ဘဝတီ၊ ပူရိပြည်လုံး၊ ပျက်ဆုံးကုန်ကြ၊ ကျင့်ပါပကြောင့်၊ အဓမ္မနတ်၊ ပရိသတ်နှင့်၊ လတ်လတ်ရှင်ရှင်၊ ပါယ်တွင်းဝင်သည်။ ။ မျက်မြင်မျက်မှောက် *ကင်္ကာတည်း။ (၆၉)

၂၃၉။ သူပိုက်ဟူသည်၊ မီးတူစင်စစ်၊ ပျက်ကြောင်းဖြစ်၍၊ ကျိုးပြစ်နှစ်ကွဲး၊ မသိဘဲးလျှင်၊ ငရဲးမယှိ၊ ကံမယှိဟု၊ နတ္ထိကလူ၊ ဒိဋ္ဌိဟူသည့်၊ လူမသမှာ၊ သူမိစ္ဆာတို့၊ ဦးစွာအစ၊ ခယညွတ်စင်း၊ နူတ်ချိုသွင်း၍၊ မတင်းမပြိုင်၊ အားမနိုင်ခင်၊ မနိုင်သည်းခံ၊ ခွေးထက်*နှံ၍၊ တရံတခါ၊ ကိုယ်ကသာသော်၊ ထိုမိစ္ဆာမျိုး၊ ကျားထက်ဆိုးရှင့်၊ နောင်ကျိုးနောင်ပြစ်၊ မစိစစ်ဘူး၊ သားချစ်*သတိုး၊ နန်းညွန့်ပျိုးသား၊ နေမျိုးနန်း*ကိုက်၊ မှတ်ယူပိုက်လေ့၊ သူမိုက်လေ့လာ၊ မလိုက်နာနှင့်၊ ပညာယှိရှင်၊ သူမိုက်သွင်ကို၊ မမြင်ရထိုက်၊ သူမိုက်စကား၊ မကြား*စလို၊ သူမိုက်ကိုယ်နှင့်၊ ထိုထိုတကွ၊ မပေါင်းရလျှင်း၊ ပြောရုံခြင်းမျှ၊ ကင်းရစေသား၊ ဆုလေးပါးကို၊ သိကြားထံမှာ၊ *ပန်ထွာအထူး၊ တောင်းကြဘူး၍၊ ကျေးဇူးမဖြစ်၊ သူမိုက်ချစ်က၊ အပြစ်သည်သာ၊ များတတ်စွာခဲ့၊ သမ္မာဖြောင့်သား၊ ပညာအားဖြင့်၊ တရားယှိသူ၊ မြတ်သည်ဟူ၍၊ အယူမသ†မှာ၊ သူယုတ်†မာကား၊ မိစ္ဆာမိုက်ကန်း၊ မုသားဆန်း၍၊ နတ်ပန်းကက္ကရု၊ မွှေးပေါင်းစုကို၊ ရမှုတောင်းဆို၊ ပုဏ္ဏားအိုသို့၊ ဤကိုယ်ဒိဋ္ဌ၊ ဒုက္ခကြမ်းကြုတ်၊ မီး*နှယ်ဖုတ်၍၊ ဟုတ်မဟုတ်ဆို၊ မနာလိုနှင့်၊ နာလိုတုံဘိ၊ ကျိုးမယှိငြား၊ စကားလေးလုံး၊ သူမိုက်သုံးကို၊ သက်ဆုံးဉာဏ်ရှင်၊ မမိန့်ချင်ဘူး၊ သူပင်နာလို၊ မနာလိုတိ၊ ကျိုးယှိဟုတ်မှန်၊ ဤနှစ်တန်သာ၊ သူ*မှန်သူထွတ်၊ သူမြတ်ပညဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ သုဂတတို့၊ ပြောကြစရိုး၊ နည်းမှန်ခိုးလေ့၊ အမျိုးညံ့†ယုတ်၊ အကျင့်†ယုတ်၍၊ မျိုး†ယုတ်ကျင့်ယုတ်၊ လူ*အစုတ်ကား၊ မဟုတ်ယွင်းခွ၊ အဒိဋ္ဌနိုက်၊ ဒိဋ္ဌဟူဘိ၊ ကြားမသိလည်း၊ ကြားသိသော့ယောင်၊ ဟန်ဆောင်ပြုတတ်၊ ဗောဓိသတ်နှင့်၊ သူမြတ်တို့မှာ၊ နူတ်သစ္စာကို၊ လွန်စွာမဖျက်၊ အဆက်ဆက်ပင်၊ သက်ထက်စွဲးယူ၊ မြဲးကြမူ၍၊ သူတော်မနော၊ သဘောဖြောင့်စွာ၊ စိတ်သမ္မာမှု၊ သစ္စာစောင့်တတ်၊ အမျိုးမြတ်မှု၊ ကျင့်ဝတ်တည်မြဲး၊ မဘောက်လဲးတည့်၊ ဝမ်းထဲးသမ္မာ၊ မှန်သစ္စာမှု၊ များစွာကြည်ညွတ်၊ ခံ့တည်မှတ်၍၊ မျိုးမြတ်တုံရှောင်း၊ အကျင့်ကောင်းမှု၊ လူပေါင်းရိုသေ၊ ဂုဏ်နေမြင့်ရာ၊ မချွတ်စွာရှင့်၊ ယုတ်မာကျင့်ဆိုး၊ လူမိုက်မျိုးက၊ ရှိခိုးခံချင်၊ ဘူဘာထင်အံ့၊ ကြားမြင်နည်းစွ၊ သုတကင်းကွာ၊ ပညာ

မဲ့မျိုး၊ လူတောတိုးက၊ ကျော်ဟိုးစေချင်၊ ဘူဘာမြင်အံ့၊ ဂုဏ်ရှင်ဂုဏ်ယို၊ နတ်တောင်သိ၏၊ ဒိဋ္ဌိလူသာ၊ မသိစ္စာရှင့်၊ ဟိတာဟိတ၊ နှစ်ဝကောင်းဆိုး၊ သူ့အကျိုးနှင့်၊ ကိုယ်ကျိုးမြော်သိ၊ ပညာယိုမှ၊ ကဝိတဆူ၊ အိုဘဲ့လူဟု၊ ကြည်ဖြူမငြီး၊ အံ့မပြီးအောင်၊ ဂုဏ်ဝင်းပြောင်လျက်၊ တောင်ထိပ်မီးလား၊ လွန်ထင်ရှား၏၊ မမှားသေချာ၊မှတ်သားနာလော့၊ရပ်ရွာနှိုက်လျှင်၊သူမိုက်ရောက်က၊မီးပွါးကျသို့၊ ထိုမျှသတ္တဝါ၊ မချမ်းသာဘူး၊ ပညာယိုသူ၊ လူတို့ရောက်ရာ၊ ထိုပြည်ရွာကား၊ များစွာအိုင်ထုံး၊ ကန်လုံးမောက်လျှမ်း၊ ဗူးခရမ်းနှင့်၊ ပဲနှမ်းညှန့်ရှင်၊ ကောက်ပင်မြက်သစ်၊ ပွါးကြောင်းဖြစ်သား၊ ခုနစ်နှစ်လီ၊ ရက်ညီသွန်းကြိုး၊ ရွာသည့်မိုးသို့၊ လူမျိုး*တကာ၊ ရချမ်းသာ၏၊ ပညာ*မဲ့ငြား၊ သူယုတ်များသို့၊ တရားမေ့လျော့၊ ယွင်းမပေါ့နှင့်၊ သူတော်နှလုံး၊ ကြိုးနှယ်*ထုံး၍။ ။သုံးလော့မင်းမှာ သစ္စာတည်း။ (၇၀)

၂၄၀။ မင်းမှာသစ္စာ၊ လူမှာကတိ၊ ဆိုရိုးယှိတိုင်း၊ မြဲးဘိဘယ်ခါ၊ မချွတ်ရာဘူး၊ သစ္စာနှင့်ကြုံ၊ ရေစီး*တုံဟု၊ လူပုံဆိုမူ၊ *ဥဒါန်းပြုရှင့်၊ အကုသိုလ်မှာ၊ မုသာဝါဒ၊ ကုသိုလ်မှကား၊ သစ္စဝါစာ၊ လေးဆုံးသာတည့်၊ သစ္စာဘောက်လှန်၊ မတော်မှန်က၊ ဘေးဒဏ်ရောက်ကာ၊ ပျက်တတ်စွာ၏၊ သစ္စာနှုတ်သီး၊ မန္တန်ကြီးကား၊ သေပြီးသော်မှ၊ ရှင်ပြန်ရ၏၊ ရှေးကဖြစ်ဟန်၊ လောင်းသုဝဏ်ကို၊ ငြိုးမာန်တစိ၊ ရန်စယှိသို့၊ ပိဠိယက္ခ၊ ဗာရာ့သခင်၊ လေးကြီးငင်၍၊ နင်သို့ယော†ကျား၊ ဘယ်သူ့သားနည်း၊ သိ†ကြားတမ့်၊ ဖြစ်သော်တုံမှ၊ လွတ်ပုံအရေး၊ ယှိလတ်သေးဟု၊ မနှေးလျှင်ဟူး၊ မြားဆိပ်လူးဖြင့်၊ ရွှေဒူးယာဘက်၊ မြွေထက်အားထုတ်၊ ချောင်းကာတုတ်၍၊ ရွှယ်ဖြုတ်ချိန်ကာ၊ ပစ်သော့ခါနှိုက်၊ သစ္စာဆိုသီး၊ သေတပြီးလျက်၊ ရှင်ကြီး ရှင်ပြန်၊ နတ်မတန်တည့်၊ ပြင်းထန်ဆိပ်တောက်၊ တောမြွေ ဟောက်လျှင်၊ ပေါက်၍ မြွေဝယ်၊ သူငယ်စင်းစင်း၊ သေတုံလျှင်းလည်း၊ မှန်ခြင်းအရာ၊ မိမာတာတို့၊ သစ္စာဆိုကြ၊ ငုတ်ငုတ်ထ၏၊ ထိုမှတသွယ်၊ တောမြိုင်လယ်တွင်၊ ငုံးငယ်မီးရှောင်၊ပင်လယ်ခေါင်ဝယ်၊ရေဆောင်နစ်မျော၊ *ဒရဟောဖြင့်၊ သဘော်ဝဲစုတ်၊ ဗလဝါမုခ်မှ၊ ဆယ်ထုတ်ဘေးကင်း၊ ငါးမင်းရာဇာ၊ နွေလခါနှိုက်၊ သစ္စာမှန်တိုင်း၊ ရွှတ်ဆိုခိုင်းက၊ ဗျိုင်းအောက်တို့ဘိုးခါ*မဲ့မိုးလျှင်၊ ကြိုး၍ ရွာချ၊ ဤသို့စသား၊ များလှဝတ္ထု၊ အစုစုကို၊ ရွှေဥသည်းအူ၊ မှတ်နည်းယူလော့၊ ဤလူတို့မှာ၊ မပျက်ရာသား၊ သစ္စာမှန်တိုင်၊ ချိန်ကြိုးခိုင်က၊ ရွှေစိုင်မြင်းမိုရ်၊ ယုဂန္ဓိုရ်တို့၊ လဲးပြိုဘိလည်း၊ မပိထိုသူ၊ တည်လိမ့်ဟူ၏၊ မသူတော်မှာ၊ သစ္စာမကြိုက်၊ မုသားလိုက်၏၊ ဒုစရိုက်အမူ၊ လောကလူတွင်၊ ပြောထူ*မုသား၊ ထိုသူအားကား၊ သားတိမဘွား၊ သမီးများ၏၊ ဖွားစေလိုသား၊ မိဘများအား၊ စကားမနာ၊ မသာမလေး၊ မလုပ်ကျွေးလည်း၊ ကျေးငူးမဲ့စွာ၊ မွေးရကာရှင့်၊ မြတ်စွာလူ့ဖျား၊ ထင်ရှားကျမ်းနှိုက်၊ မိန့်တော်

*ရိုက်ခဲ့၊ သူမိုက်ဝါဒ၊ ယှင်းခွဘောက်ပြား၊ မုဆိုးသားကြောင့်၊ ထင်ရှားရှေးခါ၊ ကမ္ဘာဦးက၊ စေတိယနှင့်၊ ထိုမှတုံပြို့း၊ ကရမ္ဘိတို၊ အဝီစိထဲး၊ မီးငရဲသို့၊ မြေခွဲး၍မျို၊ အစတိုရှင့်၊ အလိုမကောင်း၊ သူအပေါင်းကား၊ တိမ်းစောင်းပယ်ရွာ၊ သူတော်စွာမူ၊ သစ္စာသက်ဆုံး၊ စောင့်ကြသုံး၍၊ နှလုံးမပျက်၊ နတ်ပြည်တက်၍၊ မှတ်ချက်တံဆိပ်၊ မြဲးခတ်နှိပ်သို့၊ အအိပ် အစား၊ မေထုန်အားဖြင့်၊ သုံးပါးသာမျှ၊ သိတတ်ကြသား၊ ဗာလတိရစ္ဆာန်၊ နိဗ္ဗာန်နှင့်ဝေး၊ မိုက်သွေးတူမျှ၊ မကွဲးကြဘူး၊ ထိုဗာလဟူ၊ လူတို့သဘော၊ ပမာလျှောက၊ ဥဩဥနည်း၊ ညိုရောင်ချည်းသို့၊ အထည်း*စာရိတ်၊ မကောင်းဟိတ်ဖြင့်၊ ကိုယ်စိတ်နှစ်ဝ၊ တွင်းအပပင်၊ မလှသည်သာ၊ ဆိုးယုတ်မာ၍၊ ပညာယိုရှင်၊ သူတော်စင်မူ၊ ရုပ်သွင်ရှုပ၊ မြင်မလှလည်း၊ ပြင်ကညိုလျက်၊ လွန်နှစ်သက်ဘွယ်၊ ကျီးနက်ဥတူ၊ အတွင်းဖြူ၍၊ မသူတော်ညစ်၊ သူတော်စစ်တို့၊ ကျိုးပြစ်ခြင်းရာ၊ ဤနှစ်ဖြာနှင့်၊ လက္ခဏာတရား၊ လွန်ထင်ရှားသည်။ ။ ခြား၍ကျင့်ပြု မှုရာတည်း။ (၇၁)

၂၄၁။ ကျင့်မှုအပြု၊ မှတ်ကြောင်းရှုသော်၊ ဒုစိန္တိတ၊ စိန္တာစသား၊ ဗာလလက္ခဏာ၊ မှန်စွာထိုပြို့း၊ သုစိန္တိတ၊ စိန္တာစသား၊ ဉာဏမဆိတ်၊ ပဏ္ဍိတ်လက္ခဏာ၊ သုံးဖြာကမ္မ၊ တမ်းခွန်ပြ၍၊ လောကလူ့ရွာ၊ လူတို့မှာမူ၊ အချို့သူက၊ ဤလူဗာလ၊ ဟူကုန်ကြလည်း၊ ချိုကတုံသော်၊ ပဏ္ဍိတ်ခေါ်၍၊ သူတော်သူယုတ်၊ လူတို့နှုတ်ကား၊ သမုတ်မမြဲး၊ မှတ်ရာခဲးရှင့်၊ သိခဲးမှတ်ခဲး၊ သို့*တပဲးလည်း၊ ဝေခွဲးသေချာ၊ ယိုပညာတို့၊ လက္ခဏာမှန်ပြ၊ စံညွှန်ကြ၍၊ ဗာလမည်ငြား၊ ထိုယောကျ်ားကား၊ နွားချေးပုံထက်၊ ဘားတလက်လျှင်၊ တက်မိသော့အား၊ ဆောင့်ကြွားမျှသာ၊ ထိုင်တတ်ကာဖြင့်၊ ငါခြင်သေ့မှတ်၊ ထင်မှားတတ်သို့၊ မချွတ်တူ*ယောင်၊ ဉာဏ်*မဲ့ဘောင်ဝယ်၊ မာန်ထောင်*ဟုံးစုံး၊ ငါဟု*ကြူး၍၊ လက်ရုံးချီကြွ၊ သံဝှန်ပ၍၊ ဉာဏကင်းပ၊ လူ့ဗာလတို့၊ မာနထောင်လွှား၊ တက်သောအားဖြင့်၊ ခေါင်းစားမင်းဖြစ်၊ ကိုယ့်ဂုဏ်လှစ်၍၊ မဟစ်တန်ရာ၊ ဟစ်မိစွာကြောင့်၊ ကိုယ်သာစင်စစ်၊ ဟင်းလျှင်ဖြစ်လျက်၊ လည်ဆစ်ကျိုးကာ၊ မရှုသာအောင်၊ ခန္ဓာယှင်းပျက်၊ အသက်သေဆိုး၊ ကြက်မိုက်မျိုးသို့၊ သူခိုးရွှေရ၊ တပြုပြုတည့်၊ ဗာလတံဆိပ်၊ ခတ်နှိပ်လက္ခဏာ၊ ကံသုံးဖြာနှင့်၊ ချမ်းသာသုခ၊ ဘယ်မရဘူး၊ ထိုမှတပါး၊ သူမိုက်အားလျှင်၊ စီးပွါးဖြစ်ဘွယ်၊ အကယ်မရှေ၊ သိန်းတန်တွေလည်း၊ ကောက်ကွေ့လိမ်လည်၊ ကြံစည်ဝမ်းထဲး၊ မုသားစွဲး၍၊ စဉ်းလဲးစဉ်းစား၊ မတရားဖြင့်၊ ယူငြားလိုစွာ၊ ဆိုးယုတ်မာ၍၊ ချမ်းသာလက်လွှတ်၊ ချွတ်တပြီးမှ၊ မီးထက်မက၊ ကြီးနောင်တနှင့်၊ သေရိဝမည်၊ ရွှဲးကုန်သည်သို့၊ မကြည် နှလုံး၊ သက်ဆုံး ခန္ဓာ၊ ကျိုးယုတ်စွာ၍၊ ပညာ မယို၊ ယူဒိဋ္ဌိနှင့်၊ ဇာတိ မစစ်၊ ကျင့်ညစ် ဆိုးဝါး၊ သူမိုက်များကား၊ သနားမဖြစ်၊ ချစ်၍မရ၊ ဆုံးမ မနိုင်၊ ပျက်ခေါင်တိုင်၍၊ မခိုင် သစ္စာ၊ ထို ယုတ်†မာသည့်၊ သ†မွာ ဝမ်းတွင်း၊

သက်သက်ကင်းတို့၊ ရုပ်ဆင်းမဟဲ့၊ နဂိုရ်ယှဲ့တွင်၊ မဲ့သည့်ပမာ၊ ဆိုးချူချာ၏၊ မိစ္ဆာဇီဝ၊ ဒုကမ္မနှင့်၊ နေသာဒပုဏ္ဏား၊ ပတ္တမြားကို၊ နတ်သားပေးခါ၊ မယူပါဘဲ၊ ပယ်ခွါသက်သက်၊ ရှောင်ခဲ့ထွက်ပြီး၊ သူ့လက်ရောက်မှ၊ အစေမ္မဖြင့်၊ တောင့်တလိုချင်၊ ကျေးဇူးရှင်ကို၊ သဲ့တွင်ရေသွန်၊ ပြည့်သွန်ပြစ်မှား၊ ပတ္တမြားနှင့်၊ သားလည်းကင်းလျက်၊ မိတ်လည်းပျက်၍၊ သုံးချက်လုံးလုံး၊ တကွရှုံး၏၊ မိုက်တုံးကြီးကျယ်၊ အလမ္ပာယ်လည်း၊ အလွယ်ရငြား၊ ပတ္တမြားကို၊ နဂါးနှင့်လဲ၊ ဆင်းရဲကြီးစွာ၊ ဝေဒနာလျှင်၊ ကိုယ်မှာဒိဋ္ဌ၊ မျက်မှောက်ရ၍၊ ဒုက္ခသက်ဆိုး၊ ဘဝတုံး၏၊ နှလုံးမလှ၊ လူ့ဗာလကား၊ ဓနဘောဂ၊ ဣဿရနှင့်၊ သိပ္ပဝိဇ္ဇာ၊ ပြည့်စုံပါလည်း၊ ချမ်းသာမပြီး၊ ကိုယ်ပျက်စီး၏၊ *ချည်းနှီးသာမျှ၊ အနတ္ထရှင့်၊ စာရည်စ်ဆိုး၊ အမျိုးဝါဒ၊ ဇာတ်ဘာဝနှင့်၊ ဌာနမကောင်း၊ ဖြစ်တုံရှောင်းက၊ အလောင်းတို့လည်း၊ *မူနည်းရုံခါ၊ သမ္မာယှင်းခွ၊ ဘောက်ပြန်ကြ၏၊ သားလှအစဉ်၊ နွယ်တော်ယှဉ်၍၊ ဒုကြဉ် သုသုံး၊ နှလုံး*မွန်ဘိ၊ ကောင်းခေါ်ထိလိမ့်၊ ဇာတိကျင့်မှု၊ ရွှေစင်တူသား၊ အယူမစောင်း၊ *တမျဉ်းကြောင်းသို့၊ ဘေးလောင်း*တကာ၊ ရှေးရာဇာနှင့်၊ ပညာယှိပေါင်း၊ ကျင့်လမ်းဟောင်းသည်။ ။ နည်းကောင်းတော်ဖြောင့် သမ္မာတည်း။ (၇၂)

၂၄၂။ အယူသမ္မာ၊ တော်ဖြောင့်စွာလျှင်၊ ပညာယှိပေါင်း၊ သူမြတ်လောင်းတို့၊ လမ်းကြောင်းကျင့်နည်း၊ *နိဿရည်းကို၊ ဆည်းဆည်းပူး|ပူး၊ ဘုရား|ဖူးသို့၊ ကြား|ဘူးနားဝ၊ မျှားအပ်စွရှင့်၊ သုတလောကင်၊ စုံပြည့်လျှံအောင်၊ နာခံမှတ်သား၊ မပြတ်ငြားနှင့်၊ သင်ကြားကြံမေး၊ ဆွေးနွေးဆော်ပြု၊ ရတိုင်းစုလော့၊ ဤလူ့ရပ်ရွာ၊ လူဖြစ်လာလျက်၊ တော်ရာမနေ၊ ပျော်ရာနေက၊ လူလေလူလွင့်၊ လူပင့်လူဝါး၊ မကြီးပွါးတည့်၊ ယောကျ်ား*တံထွာ၊ ဓမ္မတာဖြင့်၊ ပညာဥစ္စာ၊ ရကြောင်းရှာ၍၊ ပျော်ရာမနေ၊ တော်ရာနေမှ၊ အခြေရပြီး၊ ခိုင်ပွါး*ဖြိုးလိမ့်၊ မြေကြီးတောင်ပို၊ ပျားလဘိုသို့၊ လူတို့ကိစ္စ၊ လူ့လောကနိုက်၊ သုတပညာ၊ ဥစ္စာပစ္စည်း၊ ရှာစုနည်းကို၊ *နိဿရည်း*စံပြု၊ မျှနိုင်းရှုလော့၊ ပျော်မှုလိုက်စား၊ မလိုလားနှင့်၊ စီးပွါးပညာ၊ ဖြစ်ရာကိစ္စ၊ ကျိုးဟိတကို၊ စိတ်ကတရံ၊ မကြံမကူး၊ လေဘင့်မူး၍၊ ကိုယ်ထူးမပျော်၊ ပေါင်းအဘော်နှင့်၊ မွှေလျော်လိုသီး၊လူချည်းနှီးလည်း၊ရပြီးဥစ္စာ၊ ဉာဏ်ပညာလည်း၊ လျင်စွာမချတ်၊ ကုန်ပျောက်တတ်၏၊ မှတ်လော့ချစ်သား၊ ထိုလူစားတို့၊ မပွါးသုတ၊ မရကောင်းမှု၊ မစုဥစ္စာ၊ နွားပမာလျှင်၊ ပညာနည်းပါး၊ ချမ်းသာယှား၏၊ တရားမကြိုက်၊ လျှာဒုစ္စရိုက်နှင့်၊ သူမိုက်လေ့လာ၊ ယစ်မူးစွာသည့်၊ ဝါသနာဆိုးသူ၊ ထိုလူတို့မှာ၊ မိုးကလာ၍၊ ဣစ္ဆာသဃ၊ တောင့်တလိုရာ၊ ပြီးတတ်စွာသား၊ စကြာအိုးလေး၊ သိကြားပေးလည်း၊ ကျေးဇူးနတ္ထိ၊ ကယ်မယှိရှင့်၊ ပကတိအသွင်၊ အဖတ်တင်ရုံ၊ သို့စင်*ချည်းနှီး၊ ကျိုးမပြီးဘဲ၊ မစီးမပွါး၊ မကောင်းစားဘူး၊

တရားမြင်သိ၊ ပညာယှိနှင့်၊ ကြိုက်ဘိကြုံတွေ့၊ တနေ့တရက်၊ တနံနက်မျှ၊ ပေါင်းဘက်ရက၊ ဒေါသမစွန်း၊ ကျေးဇူးထွန်း၏၊ ကျယ်ဝန်းသိမြင်၊ ပညာ့ ရှင်မှ၊ လူတွင်တယောက်၊ တစ်ခေါ်လောက်၏၊ မိုးသောက်*နေပေါ်၊ ကျူး ကျော်အိပ်ခြင်း၊ ပျင်းရိကြမ်းကြုတ်၊ သောက်ထုတ်*သေစာ၊ ဝေးမြေတာသို့၊ သွားလာကိုယ်ထူး၊ အိမ်ရာကျူးဟု၊ ခြောက်ဦးပုဂ္ဂိုလ်၊ စည်းစိမ်တို၍၊ ပျက်ပြို နွမ်းညှိုး၊ ဘုန်းမတိုးဘူး၊ လိုဆိုးသွမ်း*သော့၊ မမေ့လျှော့နှင့်၊ သူတော့်ဥစ္စာ၊ ရေမှာပစ်ငြား၊ မဆုံးပါးခဲ့၊ တရားမရှု၊ ကောင်းပြုမမူ၊ မိုက်သွေးထူသည့်၊ လူမလိ†မ္မာ၊ ဟူသည်†မှာလည်း၊ ချမ်းသာနည်းပါး၊ ဒုက္ခများ၏၊ ကောင်းစား ဆိုးစား၊ ဤနှစ်ပါးကား၊ အခြားနတ်လူ၊ မည်သူမပြု၊ မိမိမှုတည်း၊ ယခုဝတ္တမာန်၊ ပစ္စုပ္ပန်နှင့်၊ ရှေးလွန်*ကြမ္မာ၊ အကြောင်းသာရှင့်၊ ကိုယ့်ဟာကေန်၊ မမှန် မြွေဆိုး၊ မှန်ရွှေအိုးဟု၊ ဆိုရိုးစကား၊ ယှိထင်ရှား၏၊ ငါ့သားလိမ္မာ၊ အရာရာ နှိုက်၊ ပညာလည်းယှိ၊ သတိလည်းမြဲ၊ ယူစွဲတရား၊ လွတ်မမှားနှင့်၊ စီးပွါးအရာ၊ ချမ်းသာမချွတ်၊ ဖြစ်စေတတ်လျက်၊ သင့်မြတ်လျော်ကန်၊ တော်ဖြောင့်မှန်သည့်၊ အပဏ္ဏက၊ ကျင့်ကိစ္စနှိုက်၊ လုံ့လကိုသာ၊ ဖြစ်စေရာ၏၊ မိတ္တာဝါဒ၊ ကျင့်ယှဉ်း ခွလျက်၊ တက္ကဂါဟီ၊ မမှီညာဏ်†လွတ်၊ တချက်†လွတ်ဖြင့်၊ ဖွတ်ခေးမပစ်၊ မဖြစ် ကောင်းစွာ၊ ဖြစ်စေပါက၊ ငါးရာလှည်းသား၊ ဘီလူးစားသို့၊ ပျက်ပြားတတ်ချေ၊ မောင်မှတ်လေလော့၊ ပုဗ္ဗေကတ၊ ရှေးဘဝက၊ ပုညမပါ၊ ဉာဏ်*မဲ့စွာတည့်၊ *ကြမ္မာမကောင်း၊ ထိုသူပေါင်းကား၊ ဆီးစောင်းတခွက်၊ ပျားတစက်သို့၊ အပျက်ဘိုသာ၊ ကြံစည်ပါ၏၊ ပညာမယှိ၊ ဒုစိန္တိတို၊ မိုက်မိမိုက်မဲ၊ ကံ ဉာဏ် မဲ့သည်။ ။ဆင်းရဲပူဆိ ပူဆာတည်း။ (၇၃)

၂၇၃။ ပုညမင်္ဂလာ၊ ချိုခဲ့ပါ၍၊ ချမ်းသာမထိုက်၊ ကံလျှင်မိုက်က၊ ဉာဏ်မိုက် တတ်စွာ၊ ဤလူ့ရွာဝယ်၊ ကံသာအရင်း၊ မှတ်တုံလျှင်လော့၊ ကံဖျင်း လူမိုက်၊ ကံမလိုက်က၊ တခိုက်မဟုတ်၊ အားထုတ်ရာရာ၊ လုပ်ပါသမျှ၊ ထိခိုက်ရ၍၊ ခေတ် ကလည်းခိုက်၊ နတ်အတိုက်နှင့်၊ အကြိုက်သင့်†ကြုံ၊ ကျားနှင့်ဆုံသို့၊ မှတ်†ကျုံ မုချ၊ သိထိုက်စွ၏၊ ဗာလကျင့်ရိုး၊ ကိုယ့်ဆွေမျိုးကို၊ မုဆိုးတိုလက်၊ သွေးမြူ ဆက်သည့်၊ သားငှက်အသွင်၊ မိုက်တိမ်†ညင်သို့၊ အမြင်မယှိ၊ ကျင့်တတ်ဘိ၏၊ အသိနည်းပါး၊ သူမိုက်များကား၊ တရား*မဲ့စွာ၊ မလိမ္မာဘူး၊ ကိုယ်ပါမကြွင်း၊ ကိုယ့်အသင်းနှိုက်၊ ဆင်းရဲဘိုင်ဂါ၊ မချမ်းသာအောင်၊ ကြီးစွာလုံ့လ၊ ပြုတတ် ကြရှင့်၊ ရှေးကသမ္ဘာ၊ အရင်းပါလည်း၊ သမ္ဘာမကျင့်၊ ဘုန်းမပွင့်ဘူး၊ ကံနှင့် အကျင့်၊ ညီသဖြင့်သာ၊ ကျိုးခွင့်ပြီးမြဲ၊ မညီလွဲက၊ ဆင်းရဲတွေ့ရုံ၊ ဘေးသာ ကြုံ၏၊ အထုံမကောင်း၊ အကြောင်းမလှ၊ ဖြစ်တတ်ကြရှင့်၊ ပုဗ္ဗကာလ၊ ရှေးမဆွ နှိုက်၊ မိတ္တဝိန္ဒက၊ ဗာလယုတ်†မာ၊ ဆိုး*ကြ†မ္မာကြောင့်၊ ကုန်း†မှာသွားလေ၊ ဘေးသင်္ချေနှင့်၊ ရေမှာသွားလည်း၊ ပေါ်များရေဝယ်၊ အန္တရာယ်ဘယ၊ အနန္တ

တည့်၊ ယက္ခကန်႞လွှင့်၊ ကောင်းကင်မြင့်သို့၊ စဉ်႞လွှင့်ပျံဝံ့၊ *ကြမ္မာဆွဲး၍၊ ဆိတ်ထဲးကျလစ်၊ ဆိတ်ခိုးဖြစ်လျက်၊ အပြစ်ကြီးစွာ၊ မင်းအာဏာဖြင့်၊ ဖမ်းကာချည်နှောင်၊ သုသာန်ဘောင်သို့၊ ထုတ်ဆောင်ကုန်ကြ၊ ဤသို့စသား၊ ပါပဆိုးညစ်၊ ကံအဖြစ်ကား၊ မနစ်စဉ်စိုက်၊ တောခွေးလိုက်သို့၊ ကိုယ်နှိုက်မကွာ၊ နောက်ထပ်ပါ၍၊ *ကြမ္မာကောင်းခွင့်၊ မခြီးမြှင့်ဘူး၊ အသင့်စီရင်၊ တခွင်လုံ့မောင်၊ သွားတိုင်းအောင်ဟု၊ လူ့ဘောင်ရှေး႞က၊ မှတ်ဆောင်ကြသား၊ ဒိ႞ဂ္ဂဖလ၊ ကမ္မာ့တန်းဆာ၊ လပ်မကွာလည်း၊ *ကြမ္မာဆိုးဝါး၊ ထိုသူအားကား၊ သွားလေရာရာ၊ ဘေးမကွာရှင့်၊ ကံသာစီရင်၊ *ကြမ္မာငင်သော်၊ ခုတင်ရွှေလစ်၊ လူစင်စစ်လျက်၊ ဆိတ်ဖြစ်ရကြောင်း၊ ထုံးဟောင်းရှေးက၊ မှတ်ဆိုကြ၏၊ ဟီနလိင်၊ ဘာဝယုတ်ငြား၊ မိန်းမများတို့၊ သိကြားမန္တတ်၊ မာရ်နတ်ပြဟ္မာ၊ မဖြစ်ရာသို့၊ သုံးဖြာအမိုက်၊ ဒုစရိုက်မျိုး၊ ထိုကံဆိုးလည်း၊ ကောင်းကျိုးဘယ်ခါ၊ မပေးရာဘူး၊ မြတ်စွာလူ့ဘာ၊ သမ္ဗုဒ္ဓတို့၊ မုချသေမျှ၊ ဟောမိန့်မှာ၏၊ ထိုပါပက၊ မိုက်ဆိုးလှသား၊ မိတ္တဝိန္ဒက၊ လူ့ဗာလပင်၊ နေ့ညမကွာ၊ နှစ်တရာတိုင်၊ ရှည်ကြာလေးမြင့်၊ လုပ်ကျွေးလင့်၍၊ မိခင့်မေ့႞ကျိုး၊ ဆပ်လှည့်႞ကြိုးလည်း၊ နို့ဘိုးတဝက်၊ တလုံးတွက်မျှ၊ မကြေစွသား၊ ကြီးလှဂုဏ်အင်၊ မွေးမိခင်ကို၊ နာကျင်စေမှု၊ ထောင်းထုခြေလက်၊ ရိုက်နှက်ကြောက်ကန်၊ နှုတ်လှန်ဆိုဆဲ၊ ကံမိုက်မဲးကြောင့်၊ ငရဲးမီးလျက်၊ သင်တုန်းစက်ကို၊ ထိပ်ထက်ပန်ဆင်၊ ရွှေပန်းသွင်သို့၊ သို့စင်စိတ်႞မှာ၊ ထင်ရစွာ၏၊ ယုတ်႞မာရှေးဟောင်း၊ ပြုခဲ့ရှောင်းသား၊ မကောင်းမှုခံ၊ ကြောင်းစီမံက၊ ကံပိုန်ဉာဏ်ပိန်၊ မိတ္တဝိန်သို့၊ ကောင်းချိန်ဘယ်႞မှာ၊ ရတို့ရာလိမ့်၊ *ကြ႞မ္မာလည်းမိုက်၊ ဉာဏ်လည်းမိုက်၍၊ လူမိုက်ယောကျာ်း၊ ကံဉာဏ်များတို့၊ အလားဆိုးညစ်၊ ဘာဝနစ်သည်။ ။ အော်ဟစ်ကျူူကျူ ကျာ႞ကျာတည်း။ (၇၄)

၂၄၄။ ပါပတရ၊ ယုတ်မာ႞လှသား၊ ဗာ႞လအတိ၊ မိုက်ခေါင်ထိတို့၊ အမိဟူသည်၊ လူတို့ပြည်ဝယ်၊ နို့ရည်တိုက်႞ကျွေး၊ ငယ်ကမွေးလျက်၊ နို့႞ကြွေးတင်ရှံ၊ မဆပ်တုံတည့်၊ လူ့ဘုံဌာန၊ ဤလောကနှိုက်၊ ဘာကိုလကျော်၊ မိမှာလက်ဝဲ၊ အမြဲးဆောင်ရွက်၊ ပခုံးထက်သို့၊ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး၊ ဉာဏ်ခိုင်ဇာတိ၊ သန္ဓေသိနှင့်၊ ဗောဓိပွင့်*လျှာ၊ သူတို့မှာကား၊ မာတာပိတ၊ မိဘတို့အား၊ မစားကိုယ်ဝမ်း၊ ရိန္နမ်းခံလစ်၊ ငကျောင်ဖြင့်၊ မင်းဖြစ်စွန့်ပယ်၊ မင်းစွယ်ချိုးကာ၊ လွန်စွာမြတ်လေး၊ သက်စွန့်မွေး၏၊ ခွေးနှင့်*တမျှ၊ ထိုဗာလတို့၊ မိဘနှစ်ပါး၊ ကြီးမားဂုဏ်အင်၊ ကျေးဇူးရှင်ကို၊ ပြင်ပြင်မရှု၊ မပြုမမွေး၊ မလုပ်ကျွေးဘူး၊ ဆဲးရေးရေရွတ်၊ နှုတ်ပေါက်လွှတ်နှင့်၊ ပုတ်ခတ်ခိုက်ထိ၊ ပြုကုန်ဘိကြောင့်၊ ဘမိ*တကာ၊ ခိုရာ*မဲ့သီး၊ သားသမီးအား၊ ပြန်ပြီးကြောင့်ကြ၊ နေကုန်ရ၏၊ ရှေးကမိန့်ချက်၊ အိပ်မက်စကား၊ နွားအိုများနှင့်၊ မကားကြီးတို့၊ နွားငယ်နို့ကို၊ စို့ကြသောဟူ၊ ပုံတူမဝေး၊ ညီ*တပြေး

တည့်၊ ကျင့်ရေးယှင်းချွတ်၊ တရား†လွတ်လျက်၊ ပေါက်†လွတ်ဘာသာ၊ အချို့မှာလည်း၊ ထင်ရာအလိုက်၊ ဒုစရိုက်နှင့်၊ သူမိုက်အမှု၊ လေ့လာပြု၏၊ သက်စုမင်းဖြူ၊ ဘသည်းအူကား၊ ကျင့်မှုဆိုးစွာ၊ မသမ္မာကို၊ ဘယ်ခါတစ်၊ လိုမယ့်နှင့်၊ ဒုစိန္တိတံ၊ မတော်ကြံဖြင့်၊ အကြံသ†မား၊ ဉာဏ်သ†မားတို့၊ ကံ†မှားဉာဏ်†မှား၊ ကြံတိုင်း†မှား၍၊ အပါးလွန်မြောက်၊ ပါးတိုင်းပေါက်၏၊ အလျောက်ကိုယ်ထူး၊ ကြံမ†ကျူးနှင့်၊ စုန်း†ကြူးပိုးငယ်၊ ရောင်*နုန့်နယ်တို့၊ ညဉ့်ဝယ် ထွန်းပ၊ သုံးမရသို့၊ ဗာလအကြံ၊ ပါပကံဖြင့်၊ မစံရသီး၊ ကျိုးမပြီးတည့်၊ ရပ်ကြီးပြည်မ၊ လူမျှော့အလေ့၊ ယဉ်သိမ်မွေ့လည်း၊ မရွှေ့နေရာ၊ မခွါအရပ်၊ ပရိကပ်ဖြင့်၊ ပစပ်စကြာ၊ ဟူစပါသို့၊ လျှာမနုံ့*နှေး၊ နှုတ်မလေးဘူး၊ အတွေးနှင့်ထောင်း၊ ဟူတတ်ရှောင်း၏၊ ကျိုးကြောင်း*နက်တံ၊ နှိုင်းထောက်စံလော့၊ အကြံနှင့်မေး၊ အတွေးနှင့်ဖြေ၊ ဟူသောထွေကား၊ ထဲနေအာဘော်၊ ရည်ရော်ကြံရင်း၊ နှလုံးသွင်းတိုင်း၊ မှန်ခြင်းလည်းယှို၊ မှားခြင်းယှို့ခဲ့၊ မမိတခါ၊ မိတခါတည့်၊ ထင်ရာ မှန်းသော်၊ မျက်ကန်းသို့ချည်း၊ အမှန်နည်းရှင့်၊ သူလည်း သူကို၊ ငါငါ့ကိုယ်ဟု၊ တကိုယ်တထင်၊ လူရှင်ထိုမျှ၊ ထင်တတ်ကြ၏၊ မူလဝမ်းတွင်း၊ နှလုံးသွင်းက၊ စိတ်ရင်းမသမ္မာ၊ တဘက်ညှာနှင့်၊ လိုရာထင်ကြ၊ ရော်ရမ်းဆသော်၊ အရပ်သာ့ဉာဏ်၊ မိန်းမဉာဏ်သို့၊ မမှန်သည်သာ၊ များကြစွာခဲ့၊ ထင်ရာမဆိုင်း၊ ထင်မလှိုင်းနှင့်၊ ထင်တိုင်းမမှန်၊ ဤလူ့ဌာန်ဝယ်၊ ကံဉာဏ်မွဲက၊ အလွဲထင်တတ်၊ ထင်မှားချွတ်၏၊ သူမြဘ်ပဏ္ဍိ၊ ပညာယှိနှင့်၊ မညှိမဆ၊ ပြုသမျှကား၊ မလှစီးပွါး၊ ရေနစ်ဆားသို့၊ ပျက်ပြားတတ်စွာ၊ မချမ်းသာဘူး၊ ဆရာမိဘ၊ ဩဝါဒဖြင့်၊ ဆုံးမစကား၊ မလိုက်ငြားဘဲ၊ မြင်ကြားသုတ၊ မရနည်းနာ၊ ပညာမျက်စိ၊ မြော်မယှိက၊ မိမိအတတ်၊ ကိုယ့်ကိုသတ်၏၊ နက္ခတ်ယှဉ်သန့်၊ မန္တန့်တန်းခိုး၊ ရွှေမိုးရွာငေ၊ ကျားသေသက်သွင်း၊ ခရုသင်းစည်ကြီး၊ မှုတ်တီးလွန်လစ်၊ လက်ပစ်ယောကျ်ား၊ လုံကစားနှင့်၊ တောသား*ခပင်း၊ ကိုယ်မကြွင်းအောင်၊ ပျက်ခြင်းကုန်ချို၊ မိုက်သွေးမှိုသည်၊ ပထဝီဇယ၊ သိင်္ဂါလသို့၊ တွေးဆ*မဲ့မှု၊ သေကြောင်းပြုသည်။ ။ကံဟု မဆို*စမာတည်း။ (၇၅)

၂၄၅။ ကံဟုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွါးရန်၊ ဤလူ့ဌာန်နိုက်၊ ဉာဏ် ဝီရိယ၊ ပယောဂတည့်၊ ကာလဒေသ၊ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ *ကြမ္မာအကြောင်း၊ မရိုးကောင်းရှင့်၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏၊ လို့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတချောင်း၊ ကံတကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု၍၊ အပြုလို့လ၊ ယှိအပ်စွတည့်၊ တငါ့လက်တွင်း၊ ရောက်လျှင်းတုံငြား၊ သုံးကောင်ငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲ

လော့၊ ကံမွဲဉာဏ်*နုံ့၊ မလုံ့မလ၊ နတ်မမဘူး၊ အလသမျိုး၊အကျိုးယွင်းယို၊ အလို ရောဲ့ရည်း၊ မ*ကျော့ကျည်းနှင့်၊ ကိုယ်လည်းလုံ့လ၊ နတ်လည်းမရှု့၊ တောင့်တ ကြံရာ၊မြန်မကြာလျှင်၊ လွယ်ကာကိစ္စ၊ ပြီးနိုင်ကြ၏၊ စိတ်ကလျှော့†လျှော့၊ အား မ†လျှော့နှင့်၊ရှေးသရော့ဒါ၊ ပင်လယ်ချာတွင်၊မဟာဇနက်၊ သဘော်ပျက်လည်း၊ *ဋ္ဌွေစက်ဝီရိယ၊ ဥဿာဟဖြင့်၊ ယောကျ်ာ့သတ္တိ၊ စွမ်းအင်ယှိတိုင်း၊ အိအိ လှိုက်တိုး၊ *တံပိုးပင်ကြဲး၊ ခေါင်းမွဲခေါင်းဖြူ၊ သဲးသဲး†ဥိလျက်၊ သည်း†အူ ပြောင်းပြန်၊ မှောက်လှန်လိမ့်လက်၊ လှိုင်းဂ†ယက်နှိုက်၊ ခုနစ်†ရက်လုံး၊ မဆုံး နေ့ည၊ လက်မချဘဲ၊ လုံ့လဆော်နှိုး၊ အားထုတ်ကြိုးရှု့၊ မိုးကဆင်း†လာ၊ မေခ†လာသျှင်၊ ရေမှာဆယ်လျှင်း၊ မစခြင်းကြောင့်၊ ဘမင်း*ရိုက်ရာ၊ မိထိလာကို၊ စိုးကာပိုင်သ၊ နန်းထိုင်ရ၏၊ ထိုမှတပါး၊ သဘော်သားများစွာ၊ ခုနစ်ရာမျှ၊ ရေမှာမွန်းနစ်၊ ငါးစာဖြစ်ရှင့်၊ စင်စစ်မသွင်း၊ ဆင်ခြင်လျှင်းက၊ ထိုမင်းဇနက်၊ ပင်လယ်ချက်ဝယ်၊ အသက်ရှင်ဟန်၊ ဉာဏ်ဝီရိ†ယ၊ နတ်မယ်မရှု့၊ နန်း†ရစိုးလစ်၊ မင်းအဖြစ်ကား၊ စင်စစ်မှန်လှ၊ ကံကိစ္စတည့်၊ လောကထုံးစံ၊ လောကခံကား၊ မကြံလည်း ဖြစ်၊ ကြံ မဖြစ်ဘူး၊ အားသစ်ရှု့သာ၊ ပြုအပ်စွာကို၊ ဝါယာမချ၊ ပြုအပ်လှရှင့်၊ အန္ဓဗာလ၊ လူထိုမျှတို့၊ ကမ္မဝီရိယ၊ မယုံကြဘူး၊ သိဝမဟေ၊ ပရမေသူရာ၊ ဗြဟ္မာဗိဿနိုး၊ ကမ္ဘာစိုးနှင့်၊ တန်းခိုးကြီးမား၊ နတ်ဘုရားတို့၊ ပေးစားဘန်ဆင်း၊ ဖြစ်တုံလျှင်းဟု၊ ချွတ်ယွင်းသမှု၊ အမှားရှု သည်။　။တောင်သူယူလေ့ ယူလာတည်း။　(၇၆)

၂၄၆။ တောင်သူအယူ၊ *မိလက္ခုသို့၊ အမှုသိမ်ဖျင်း၊ သမ္မာကင်းလျက်၊ ချွတ်ယွင်းသမှု၊ မှားမရှုလင့်၊ မင်းဟုဖြစ်ရှောင်း၊ ဆိုးကောင်းကြံရာ၊အောင်လွယ် စွာခဲ့၊ စိတ်မှာဏင်တိုင်း၊ ဉာဏ်မပိုင်းဘဲ၊ မနှိုင်းမရှု၊ လွှားမပြုလင့်၊ ပြုပြုသမျှ၊ ထိုဂမ္မကို၊ ပြုကြသော့သူ၊ အမွေယူ၏၊ နတ်လူတို့တွင်၊ ပြုပြင်မရ၊ ဤလောက နှိုက်၊ ကမ္မနှစ်မျိုး၊ ထိုအကျိုးဖြင့်၊ကောင်းဆိုးခံကာ၊ သတ္တဝါဟူသမျှ၊ ကျင်လည် ကြ၏၊ မောဟပိတ်ကာ၊ ဉာဏ်*မဲ့စွာနှင့်၊ ပညာ*ချည်းနှီး၊ မင်းဘုန်းကြီးက၊ ကျွားမြီးဆွဲးတူ၊ စစ်မက်ထူ၏၊ *ဗိုလ်လူအများ၊ တိုင်း*ကားပြည်ရွာ၊ မချမ်း သာဘူး၊ သတ္တဝါ*ခပဲး၊ လူဖြင်ပြဲးတို၊ ဆင်းရဲးဖြစ်†ကြောင်း၊ မကြံကောင်းရှင့်၊ မိ†ကျောင်း*မိုက်နှယ်၊ စော်ကားကျယ်က၊ ကိုယ်ဝယ်မျက်မှောက်၊ ဒုက္ခရောက် လိမ့်၊ ယွင်းဘောက်သမှာ၊ ယူမိစ္ဆာနှင့်၊ ပညာ*မဲ့သူ၊ လူဟူသမျှ၊ လူ့ဗာလတို့၊ မိဘဆရာ၊ ဆုံးမပါလည်း၊ တမာသို့ခါး၊ နားနှိုက်မသာ၊ မလိုက်နာဘဲ၊ လိုရာ မြှောက်ပြော၊ သူ့စကားသာ၊ ဂျွားသို့ချိုပြီး၊ နာမငြီးဘူး၊ ဘေးကြီးရောက်မှ၊ မိမယ်တရှု့၊ထိုဗာလဆိုး၊လူမိုက်မျိုးတို့၊ ကိုးရာမထင်၊ မိုးမမြင်ခဲ့၊ ပူပင်လှိုက်လှဲး၊ ပင်လယ်ထဲးနှိုက်၊ ပေါက်ကွဲးရေပြွမ်း၊ လွှမ်းရှု့ရွတ်ရက်၊ သဘော်ပျက်သို့၊ ကိုယ် သက်လုံးလုံး၊ လွှတ်ရုံးမနိုင်၊ ပျက်ဆုံးတိုင်၏၊ မကိုင်ခမ္မ၊ မိုက်ဝါဒနှင့်၊ ဗာလ

လက္ခဏာ၊ ထင်တိုင်းသာလျှင်၊ ကရုဏာကင်းငြား၊ မသနားဘူး၊ သူ့အားဖရုသ်၊ ကြမ်းကြုတ်အမူ၊ ပြုတတ်သူကား၊ ထို့တူမချွတ်၊ ခံရတတ်၏၊ ဗြဟ္မဒတ်ရာဇာ၊ မင်းတရာကို၊ ဖမ်းကာသတ်၍၊ ညောင်နတ်တင်ဘိ၊ ပြုချေမိကြောင့်၊ မျက်စိ ဟောက်တောက်၊ ဤမျက်မှောက်ပင်၊ ပေါက်၍ ချက်ခြင်း၊ ဝိစိဆင်း၏၊ ချွတ်ယွင်းမိစ္ဆာ၊ မတ် ကာလာနှင့်၊ ဓမ္မာပာလ၊ ဗြာဟ္မဏလည်း၊ ဓမ္မဓဇ၊ လောင်းစန္ဒအား၊ သတ်ရအောင်†သာ၊ ကြံဉာ†သာဖြင့်၊ ပြစ်ရှာတစိ၊ ကြံကုန် ဘိ၍၊ မိမိတို့ပင်၊ မကြာခင်နိုက်၊ မျက်မြင်*ပြက်†ပြက်၊ ချက်ခြင်း†ပျက်၏၊ ဝိပါက်ဟူသည်၊ ကြာမရှည်ခင်၊ ပြန်လည်တတ်မျိုး၊ မကောင်းကျိုးဖြင့်၊ နောက် ပိုးလိုက်တက်၊ သူ့ကိုဖျက်က၊ ကိုယ်ပျက်တတ်စွာ၊ သူ့ထက်သာရှင့်၊ စေတနာ ဆိုးကောင်း၊ အကြောင်းနှစ်ဖြာ၊ ဤလူ့ရွာဝယ်၊ ဓမ္မတာအရိုး၊ ပမာနိုးမူ၊ ခါးမျိုးချိုမျိုး၊ စေ့စိုက်ပျိုးက၊ ထိုမျိုးအလား၊ မခြားတူပြီး၊ ခါးချိုသီးသို့၊ သားကြီးမင်းပျို၊ မှတ်ပိုက်သိုလော့၊ သူ့ကိုသရမ်း၊ မကြော့ကြမ်းနှင့်၊ လူနှမ်းကိစ္စ၊ ကျိုးမလှဘူး၊ နိယာမမျိုး၊ ကောင်းအဆိုးတိ၊ ပြစ်ကျိုးနှစ်ပါး၊ ဖြစ်တတ်ငြား၏၊ ဘုရားသော်မှ၊ မလွတ်ရဘူး၊ စိတ်ကပြစ်မှား၊ မတရားဖြင့်၊ သူ့အားကိုယ်ကြံ၊ ကိုယ့် အကြံတိုင်း၊ သူကြံကြမြဲ၊ မလွဲမှန်လှ၊ ဧကန္တတည့်၊ *မဆွရှေးတွင်၊ ဝံကြွိုပင်တို့၊ ဘွဲ့ကျင်ရန်ငြိုး၊ သေပျက်ကျိုးအောင်၊ *အဲးခိုးကြံငြား၊ လက်သမားအား၊ *ချောစားမြှောက်တင်၊ ပြောကြားလျှင်သော်၊ ကြွိုပင်လည်းတုံး၊ ဝံလည်းဆုံး၍၊ နှစ်ဦးလုံးသာ၊ ပျက်စီးစွာ၏၊ သတ္တဝါချင်းချင်း မေတ္တာကင်းလျက်၊ ပျက်လျှင်း စိမ့်ငှါ၊ မချမ်းသာအောင်၊ ဘယ်ခါသော်မှ၊ မကြံရတည့်၊ ကိုယ်ကသူ့ကို၊ မလိုဏ္ဍသာ၊ ကြံတုံပါက၊ မှန်စွာသူလည်း၊ တနည်းနည်းဖြင့်၊ လက်ချည်းမခံ၊ မကောင်းကြံ၍၊ ကြွို ဝံဟမျှ၊ ပျက်ကုန်ကြလိမ့်၊ ငါ့ထက်လွန်ဘိ၊ လူမယိုဟု၊ အတိမာန၊ မထင်ရဘူး၊ ထင်ကတမူ၊ သူ့ထက်သူနှင့်၊ ထိုလူဒုက္ခ၊ တွေ့တတ်ကြ၏၊ ပါပမနော၊ သဘောဖရုသ်၊ ကြမ်းကြုတ်မျက်ဆူ၊ အမူဆိုးဝါး၊ ဟောချုံ†ကြား ဘ၊†ကျားသို့ကျင့်သူ၊ ထိုမျှလူတို့၊ ကျားတူမုချ၊ ပျက်စီးရသည်။ ။ဒိဋ္ဌမချွတ် *ပက်ပါတည်း။ (၇၇)

၂၄၇။ ထိုမှတကွဲး၊ မှတ်ယူစွဲး၍၊ ဝမ်းထဲးပိုက်သို၊ ထောင်နားချိုလော့၊ အလိုယုတ်မာ၊ ဤလူ့ရွာနိုက်၊ မနာတရား၊ မြင်ကြားသုတ၊ မယှိစွသား၊ ဗာလ မနော၊ လူ့သဘောကား၊ မောဟတိုးကာ၊ အိုကြာကြာတည်း၊ သမ္မာမပွါး၊ နေ့သာလျားလျက်၊ သောက်စားပျော်ယစ်၊ ကံအပြစ်နှင့်၊ လူဖြစ်လုံးလုံး၊ ဘဝရှုံး၏၊ သက်ဆုံးစောင်း†ယွဲ၊ နွားအိုကဲ့သို့၊ အ†ရွယ်အလိုက်၊ ဘိုးမထိုက် ဘူး၊ စရိုက်ပြန့်*ပြော၊ *ရမ္မက်ဇောနှင့်၊ သဘောဝမ်းထဲး၊ လောဘကဲးလျက်၊ မရောင့်*ရဲးသီး၊ အလိုကြီးသော်၊ ပျက်စီးတတ်စု၊ ဆင်းရဲးမှုတည့်၊ စတုဒီပါ၊ နတ်မဟာနှင့်၊ ဝတိ သာထိပ်၊ ဘုန်းတော်နှိပ်၍ ၊ သုံးကျိပ်ခြောက်ပါး၊သိကြား

စေ့အောင်၊ ဝေယာန်ဆောင်ထက်၊ ဘုန်းခေါင်ဘုန်းမြတ်၊ စံစားလတ်လျက်၊ မန္တာတ်မင်းကြီး၊ လောဘကြီး၍၊ ကိုယ်ထီးလူ့ရွာ၊ ကျရောက်လာ၏၊ ငယ်ခါကသော်၊ မခေပျော်နန်းတွင်း၊ နန်းကိုနှင်းလည်း၊ မင်းမပြုလို၊ ညီတော်ကိုလွှဲ၊ *ဖဲ့း၍နေပြီး၊ နောင်ကြီးသော်မူ၊ တစာဖြင့်၊ လောဘတရား၊ ဆင့်ဆင့်ပွါးလျက်၊ တိုင်းကားသိမ်းဆောင်၊ သုံးပြည်ထောင်ကို၊ ရအောင်ကြံငြား၊ လိုကြီးမား၍၊ သိကြွားလှည့်ပတ်၊ သေလုလတ်သော်၊ သဟာဿိယာ၊ ရှစ်ဂါထာဖြင့်၊ မဟာဗောဓိသတ်၊ ဆုံးမလတ်မှ၊ တည့်မတ်စိတ်က၊ ချမ်းသာရသား၊ တဏှာ့လိုလိုက်၊ လောဘတိုက်သည့်၊ စရိုက်ချွတ်ယွင်း၊ မင်း၏ပမာ၊ မဖြစ်ရာဘူး၊ သေချာမှတ်ယုံ၊ ဤလူ့ဘုံဝယ်၊ မီးပုံ သမုဒ္ဒြာ၊ လူမှာတသီး၊ လောဘကြီးအား၊ *ပုံဖြိုးပစ္စည်း၊ အလှည်းလှည်းဖြင့်၊ *ဖြင်ပည်းထိုမျှ၊ ပေးတုံထလည်း၊ အားရ*ရောင့်ရဲ၊ ပြည့်နိုင်ခဲ့ဟု၊ မလွဲမှန်စွာ၊ ကျမ်းနိုက်လာရှင့်၊ ရွှေဟသာင်္ငှက်၊ တောင်တရွက်ဖြင့်၊ နှစ်သက်စိတ်က၊ ပေးသမျှကို၊ အားရမယို၊ ကဲလွန်ဘိလျက်၊ အတိဗလဝ၊ ကြီးလောဘနှင့်၊ အရာတ်သုတ်၊ ဖြုတ်ဖြုတ်မကြွင်း၊ နင်း၍ကုန်အောင်၊ နုတ်ယူဆောင်သော်၊ ရွှေရောင်ကွယ်လစ်၊ ဗျိုင်းတောင်ဖြစ်၏၊ သားတင်ကိုက်ကာ၊ ရေမှာကူးဘိ၊ မိမိရိပ်သွင်၊ ရေထဲတွင်နိုက်၊ မြင်လျှင်*ငပ်ငပ်၊ လောဘတပ်ပြီး၊ လိုက်ဟပ်တုံလျှင်း၊ နှုတ်ခံတွင်းက၊ ကိုက်ရင်းသားတစ်၊ စင်စစ်လွတ်ထ၊ ရေတွင်ကျ၍၊ မရလက်ချည်း၊ ရှုံးချက်သည်းလျက်၊ ဝမ်းနည်းမှိုင်ကာ၊ နေရစွာသည့်၊ လိမ္မာ*မဲ့ဘိ၊ ဇာတိအလိုက်၊ မြေခွေးကိုက်သို့၊ ကိုယ်နိုက်ယုတ်မာ၊ ဖြစ်တတ်စွာ၏၊ တဖြာထိုပြို့း၊ သားမောင်သိလော့၊ လက်ယိုရပြီး၊ နတ်သမီးနှင့်၊ ဘုံကြီးဗိမာန်၊ ကျွန်းသုံးတန်ကို၊ ကျော်လွန်စွန့်ခွါ၊ အတြိစ္ဆာဖြင့်၊ မဟာ လောဘ၊ တောင့်တလွန်ကဲ၊ *မခေရောင့်ရဲကြောင့်၊ ဝဲတခွေခွေ၊ ရေတဖွေးဖွေး၊ ဂယက်ထွေးလျက်၊ *ရက်ပြေးရှုန်းရှုန်း၊ တဖြုန်းဖြုန်းနှင့်၊ အုန်းအုန်းဝေမှိုင်း၊ နက်ကျယ်ရှိုင်းသား၊ လှိုင်းတဘောင်ဘောင်၊ ပင်လယ်ခေါင်ဝယ်၊ ဘုံဆောင်ရေးထက်၊ ရအုံ့မက်၍၊ ညဏ်သက်သက်*မဲ့၊ မျှောပြန်ခဲ့သော်၊ ငရဲနယ်ကွက်၊ သင်မုန်းစက်သို့၊ ရောက်လျက်တည့်†၍၊ ဒုက္ခတွေ့မှ၊ မ†ရွှေနိုင်ဘဲ၊ ခံအမြဲနှင့်၊ ဆင်းရဲပြင်းရှိန်၊ မိတ္တဝိန်သို့၊ ပညိန္ဒြေ၊ ကင်းမယိုသား၊ အတိပါပ၊ လူ့ဗာလတို့၊ လောဘစရိုက်၊ တင်တိုင်းလိုက်၍၊ နောက်နိုက်ဒုက္ခ၊ ဆင်းရဲရလျက်၊ သောကလှိုက်ပွေ၊ ပင်လယ်ဝေ၏၊ မသေ့မှန်စွာ၊ ဤလူ့ရွာနိုက်၊ မဟိစ္ဆာဆိုး၊ လောဘမျိုးကား၊ အကျိုး*မဖြိုး၊ *အချည်းနှီးသည်။ ။ပျက်စီးလက်*မဲ့ လက်ခါတည်း။ (၇၈)

၂၄၈။ လောဘကြီး၍၊ ပျက်စီးဘတ်စွာ၊ မချွတ်ရာရှင့်၊ မှာမှားအာရုံ၊ တွေ့လာကြုံတိုင်း၊ *ခုံခုံမင်မင်၊ *ဆောတလျှင်တိ၊ ကခင်မက်မက်၊ *တကော်ကော်နှင့်၊ စက်စက်ယိုစိတ်၊ ရေ့*နှယ်ဖိတ်၍၊ အတြိစ္ဆာ၊ မဟိစ္ဆာဖြင့်၊ အသိတာ

ဘူ၊ မိန်နန်းသူမှ၊ တမူသွေ့ယိမ်း၊ တိမ်းခဲ့ဘော်နည်း၊ *ခွါသရည်းလျက်၊ လူလည်း တပိုင်း၊ ငှက်တပိုင်းနှင့်၊ အရိုင်းတောသူ၊ မတူနွယ်ရိုး၊ မျိုးသကုဏ၊ ငှက်မိန်းမ ကို၊ ယောကျ်ားသဘော၊ အာရှုံ*ပြောတိုင်း၊ မက်မောလိုလား၊ လိုက်မိမှားရှဲ့၊ နှစ်ပါးလက်လွတ်၊ ချွတ်ကြီးချွတ်လျက်၊ ဗြဟ္မဒတ်မင်း*လျှာ၊ တော*ဟေမာ ဝယ်၊ ကြီးစွာဒုက္ခ၊ ကိုယ်ထိးရခဲ့၊ ရာဂမိုက်လွှမ်း၊ လူတို့တမ်းကား၊ ခြီးမွမ်းဆိုက၊ နှစ်သက်ကြရှင့်၊ လှပရုပ်သွင်၊ အဆင်းမြင်လည်း၊ *ခုံမင်မဆိုင်း၊ မြင်တိုင်းတွေ့ ရာ၊ ကြိုက်တတ်စွာ၏ ၊ ဥစ္စာ မနေ၊ ဘောဂအလို၊ ရမည်ဆိုလည်း၊ ပုဂ္ဂိုလ်အင်္ဂါ၊ လက္ခဏာနှင့်၊ ယုတ္တာယုတ္တိ၊ ယှိမယှိကို၊ မညှိမဆ၊ ယုံလွယ်ကြလျက်၊ မောဟ တိုက်ကာ၊ မိုက်တတ်စွာ၏ ၊ ရှေးခါကသော်၊ တောမြိုင်မော်တွင်၊ ငွေစော်မနံ၊ ခရုခွံမျှ၊ တဆံမယှိ၊ ဖြစ်တုံဘိလျက်၊ ဇာတိအလိုက်၊ မယုံထိုက်ဘဲ၊ ငါနှိုက်သပြာ၊ ရတနာကို၊ နှစ်ရာမနေး၊ ပေးအံ့ဟူရှဲ့၊ ကြွားဆိုဟော့သည့်၊ မြေခွေ့းစကား၊ ဝါမုသားကို၊ ပုဏ္ဏားဉာဏ်*မဲ့၊ ယုံသကဲ့သို့၊ မဟဲ့ပညာ၊ လူ*တကာတို့၊ လိုရာ ပြရှောင်း၊ ဆို*ဖြားယောင်းသော်၊ ထောင်းထောင်းလွှယ်ကာ၊ လိုက်တတ်စွာ ၏ ၊ ကိလေသာဆိုး၊ အမိုက်မျိုးတည့်၊ အကျိုး*မဲ့မှု၊ အမြဲးပြုရှင့်၊ ဤလူ့လော က၊ တဘဝနှိုက်၊ ခဏခိုက်ခေတ်၊ မင့်းအဖြစ်လည်း၊ ကျိုးပြစ်နှစ်ပါး၊ အလွန် များခဲ့၊ တရားမယှဉ်၊ စဉ်လေ *နရက်၊ တရားဘက်က၊ တက်လေနတ်ရွာ၊ ဆက်ဆက်သာတည့်၊ ငါသို့မင်းစစ်၊ ဖြစ်သကားဟူ၊ မာန်မမူနှင့်၊ မည်သူမဆို၊ ရှေးကုသိုလ်လျှင်၊ ပေးလိုအခွင့်၊ ပန့်းနှယ်ပွင့်၏၊ ခါသင့်ချိန်ဆုန်း၊ နတ်*တ နှုန်းသို့၊ လူ့ဘုန်းသမ္ဘာ၊ မမြင်သာဘူး၊ *ကြမ္မာနှင့်ချည်း၊ အရိပ်နည်းရှင့်၊ သူတည်းတ႑ယောက်၊ ကောင်းဘို႑ရောက်က၊ တ႑ယောက်သူမှာ၊ ပျက်မြဲးသာ တည့်၊ ဓမ္မတာဟူဘိ၊ မောင်မှတ်သိလော့၊ ဘုန်းယှိပေါ် ရောက်၊ ဘုန်း*မဲ့ပျောက် ရှဲ့၊ မဘော်က်မှန်ဟုတ်၊ ပမာထုတ်မူ၊ သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံနှင့်၊ တူပုံ မယွင်း၊ ရွှေရောင်ဝင်းလည်း၊ မှန်ကင်းတလှည့်၊ ထင်းတလှည့်သို့၊ လူ၏ထုံးစံ၊ လောက႑ံကား၊ ငါ႑ထံမ႑ရောက်၊ မဆို*စောက်ရှင့်၊ တ႑ယောက်မကြွင်း၊ *ခပင်းယုတ် လတ်၊ ထွတ်ဆုံးမှတ်သည့်၊ မြတ်ဘူသ႑ယံ၊ အရဟံမှ၊ တ႑ရံဘယ် ခါ၊ မလွဲးရာတည့်၊ ခန္ဓာမီးခိုး၊ တိမ်ရုပ်မျိုးလည်း၊ တစိုးတစိ၊ မြဲးမယှိဘူး၊ ဖြစ်မိ ဖြစ်ရာ၊ ဖြစ်တတ်စွာ၏ ၊ *ကြမ္မာအလိုက်၊ ခါခိုက်တန့်မျှ၊ *အဓွန့်မကွာ၊ မနည်း ကြာရှုံ၊ လိုရာမရ၊ တခဏဖြင့်၊ မဝမျက်မြင်၊ မိုးကောင်းကင်နှိုက်၊ ခုဆင် ခုမြင်း၊ ရွှေရွှေယွင်းလျက်၊ ကြည့်တွင်းမမှန်၊ ရုပ်သဏ္ဌာန်တို့၊ ဘောက်ပြန်တုံဘိ၊ လေ လိုက်အိသို့၊ မိမိအမှု၊ စီမံပြုသည်။ ။ငါဟု မမူ စသာတည်း။ (၇၉)

၂၄၉။ ငါမမူသာ၊ ဤခန္ဓာကို၊ တဏှာဒိဋ္ဌိ၊ မာနငြိရှဲ့၊ ဟုတ်လိ*စနိုး၊ အားမကိုးနှင့်၊ ကျင့်ရိုးမယုတ်၊ မှန်အဟုတ်ဖြင့်၊ အားထုတ်မပေါ့၊ မမေ့လျော့ အောင်၊ မြဲးလော့စိတ်ဝယ်၊ လွဲးမပယ်ဘဲ၊ ဘုန်းကြွယ်ဟောထား၊ တရားမှန်စွာ၊

မျက်မှောက်မှာပင်၊ ပရာဘဝ၊ ဒုက္ခကြောင်းစု၊ ပျက်စီးမှုကို၊ ဂရုကတာ၊ လုံ့လ ပြုကာ၊ဘောက်ပြန်စွာလျက်၊ မင်္ဂလာတရား၊ မှတ်သော့အားဖြင့်၊ စီးပွါး*မဲ့မျိုး၊ မွားမတိုးနှင့်၊ ကောင်းဆိုးမမှတ်၊ ပြုတတ်သော့သူ၊ အပြစ်ထူ၏၊ တမူထိုပြီ့း၊ မှတ်ကြောင်းသိစိမ့်၊ မိမိကိုယ်မှာ၊ ဥစ္စာစည်းစိမ်၊ ဂုဏ်သိမ်ယုတ်ယွင်း၊ ပျက်စီး ခြင်းက၊ ဝမ်းတွင်းပူချုံး၊ နှလုံးမသာ၊ ယိုလတ်ရာနှင့်၊ မေတ္တာသက်ပြီး၊ သမီးနှင့် သား၊ မယားနှင့်လင်၊ သူတို့တွင်တိ၊ ပြစ်မြင်စိုးစိ၊ ယိုခဲ့တုံမြောက်၊ တယောက် ယောက်လူ၊ ပြင်ပသူတို့၊ *ပအူပစေး၊ မလေးမစား၊ ကျူးသည်များကို၊ ထင်ရှား ပြကာ၊ မပြုရာဘူး၊ ပြုပါသော့အား၊ ရွှေနှစ်ပါးမူ၊ ရန်သူ*တကာ၊ ဝမ်းပန်းသာ လိမ့်၊ နောက်မှာနှစ်ခု၊ ပြစ်ယူပြုက၊ ကြက်ဥချင်းချင်း၊ ပေါက်ကြလျှင်းသို၊ မယွင်းပုံတူ၊ ပျက်ခြင်းဟူသည်၊ သူသာမဟုတ်၊ ကျိုးယုတ်ကိုယ်ပါ၊ ပျက်စီးရာ၏၊ ပညာယိုငြား၊ ယောကျ်ားမိန်းမ၊ ဟူသမျှတို့၊ ဉာဏထောက်ကူ၊ သတိမူ၍၊ စွဲးယူသောချာ၊ မှတ်အပ်စွာရှင့်၊ ပညာ*မဲ့မျိုး၊ ကိုယ့်လိုစိုးနှင့်၊ ပြစ်ကျိုးမသိ၊ ပြုမိတတ်*ဆန်း၊ လူ့*သလွန်းကား၊ မျက်ကန်းအသွင်၊ ပြုတတ်ချင်၏၊ ဗုဒ္ဓကူပေါင်း၊ သူမြတ်လောင်းတို့၊ နည်းကောင်းသမွာ၊ ယူလိုက်နာ၍၊ မင်္ဂလာ ဓမ္မ၊ စရိယကျင့်ရိုး၊ ဘုန်းပွင့်*ဖြိုးလော့၊ ပြစ်ကျိုးနှစ်အင်၊ ဘယ်သူမြင်လိမ့်၊ ဖြစ်ချင်လည်းပျက်၊ မင်းဇနက်သို၊ ပျက်ချင်လည်းဖြစ်၊ ခုနစ်ရတနာ၊ မိုးကြီး ရွာ၍၊ သုံးရာယောဇန၊ ကုမ္ဘဝတီ၊ ဒဏ္ဍကီတို့၊ အညီတိုင်းလုံး၊ သဲဖုံးညွန်နစ်၊ လူ*မဲ့ဖြစ်၏၊ ဟောင်းသစ်အလို၊ အကုသိုလ်နှင့်၊ ကုသိုလ်အကျိုး၊ ထိုနှစ်မျိုး၏၊ အဆိုးအကောင်း၊လူရှင်ပေါင်းနှိုက်၊ အကြောင်းနှစ်ဖြာ၊မသိသာဘူး၊ ကောင်းရာ ကျင့်ပြု၊ ကောင်းစွာရှု၍၊ ကောင်းမှုကုသိုလ်၊ *မငြင်|ငြိနှင့်၊ ကြည်|ညိုမြတ်နိုး၊ ဘုန်းဘွင့်နှိုးလော့၊ မကြိုးမကုတ်၊ အားထုတ်မမူ၊ လူမလုံ့လ၊ နတ်မမတည့်၊ ပယောဂစက်၊ ပျက်သည်သူအား၊ လူကိုထား၍၊ ဘုရားသော်မှ၊ ကယ်မရဘူး၊ ပါဟင်မျိုး၊ ရှေးကံဆိုးတို့၊ ဆော်နှိုးကြသူ၊သဲသောင်ဖြူထက်၊ ကံတူတစု၊ ချင်းတို့ မှုတိုင်း၊ ခွဲးပြုသော့အား၊ ဝေပိုင်းခြား၍၊ လေးပါးသေနင်၊ မြင်းဆင်မကြွင်း၊ ဗိုလ်ပါမင်းနှင့်၊ အိပ်ရင်းရေနစ်၊ ငါးစာဖြစ်၏၊ စင်စစ်မုချ၊ ပယ်မရဘူး၊ ပြုက ဖြစ်မြဲး၊ မချွတ်လွဲးတည့်၊ ဆင်းရဲးချမ်းသာ၊ သတ္တဝါနှိုက်၊ သုံးဖြာကာလ၊ ဤဒိဋ္ဌ နှင့်၊ ဥပ အပရာ၊ ကျိုးပေးရာတည့်၊ ဓမ္မတာမှန်လှ၊ နိယမရှင့်၊ ဘဝရှေးက၊ ပုည အား|ကြိုး၊ *ကြမ္မာမျိုးနှင့်၊ ကောင်း|ကျိုးပေးလို၊ ဤလူ့ကိုယ်နှိုက်၊ ကုသိုလ် ဥပထံ၊ အခံ တရား၊ ကံကြီးမား၍၊ ကောင်းစားမည့်သူ၊ ဖြစ်ဘိမူကား၊ ထိုသူ ထင်ရှား၊မကောင်းစားဘဲး၊ ပသေမြဲးတည့်၊ ဆင်းရဲး*တဆစ်၊ခိုက်တန့်ဖြစ်လည်း၊ *မနစ်မနာ၊ ဒုက္ခကွာ၍၊ ချမ်းသာစငြား၊ ထိုယောကျ်ားကို။　　။သိကြား မ ရ မည်သာတည်း။　　(၁၀)

၂၅၀။ သိကြားနတ်သျှင်၊ ကုသိုလ်ရှင်အား၊ မမြင်ရှောင်ကာ၊ မနေသာ
တည့်၊မြင်ပါလျက်ကဲ့၊ကုသိုလ်*မဲ့က၊တိမ်းငဲ့မျက်နှာ၊ မရှုသာတည့်၊လကျာ်ပည်ပ်၊
ဇမ္ဗူရပ်နိုက်၊ အပွကလူ၊ နည်းငယ်သူမျှ၊ ကြီးထူဖြိုးလျှံ၊ ဘုန်းကျိုးစံ၍၊ နိုင်ငံ
အယှိ၊ မျှားဘိအဟို၊ လူထိုထိုကား၊ ကုသိုလ်ရှေးပြု၊ ကံကောင်းမှုနှင့်၊ ယခုဘဝ၊
ပစ္စက္ခနိုက်၊ လှုံလသမ္မာ၊ ပညာနှစ်ပါး၊ ကျိုးခံစား၍၊ ဘုန်းယှားကံယှား၊
ထိုသူမျှားကား၊ အဥ္ဖြကြားမြက်ပေါက်၊ ရာမရောက်တည့်၊ တယောက်စာရင်း၊
လူ့အတွင်းသို့၊ မသွင်းသော့လား၊ နည်းပါးဂုဏ်အင်၊ လူမမြင်ဘူး၊ အသွင်ရှုပ၊
မလှသည့်ငှက်၊ ဇီးကွက်စုန်းထင်၊ ဟူသော့သွင်သို့၊ မြင်လည်းမကောင်း၊
အကြောင်းမသန့်၊ လူဘုန်း*ကြန့်တို့၊ *ဆွန့်ဆွန့်ယှားယှား၊ ချမ်းသာပါး၍၊
မျှားစွာထိုမျှ၊ ဤလောကနိုက်၊ ဘဝလူ့ဘောင်၊ ကံမဆောင်မူ၊ မပြောင်တတ်
ချေ၊ တပေပေတည့်၊ လုပ်လေမြုပ်လေ၊ ငုတ်တုပ်သေ၍၊ အချေမရ၊ နေမလှဘူး၊
ရှေးကကံမွဲ၊ ခုဆင်းရဲလျက်၊ လူထဲပွဲခွင်၊ လူမသွင်အောင်၊ မထင်မရှား၊
ဘုန်းကံယှား၍၊ ဘုန်းသားဘုန်းဟန်၊ ဘုန်းရင်းသန်က၊ လာဘ်မွန်မညောင်း၊
ရတတ်ရှောင်း၍၊ ဘုန်းကောင်း*တာသင့်၊ ဆိုင်းမလင့်နှင့်၊ အခွင့်တော်ကြိုက်၊
အခိုက်ကြုံလှည့်၊ ရသည့်အခါ၊ မင်္ဂလာတည့်၊ ဇီဝါငှက်ငယ်၊ ရှေးခါဝယ်က၊
လူ့နှယ်အလား၊ ပြောစကားကို၊ ငါ့သားသည်းချာ၊ ယူမှတ်ရာ၍၊ ပညာယှိမြတ်၊
ဗောဓိသတ်တို့၊ နက္ခတ်ယှဉ်ရာ၊ အခါ*ဖင့်နှေး၊ နေ့မရွေးဘူး၊ အရေးလက်ရောက်၊
မျက်မှောက်ကျိုးထင်၊ ရခြင်းပင်သာ၊ ဤလျှင်သင့်မြတ်၊ ကောင်းနက္ခတ်တည့်၊
အမှတ်မသွေ၊ မလွန်စေနှင့်၊ စနေ အင်္ဂါ၊ နေ့ရက်ခါနှင့်၊ တာရာဂြိုဟ်မျိုး၊
ကောင်းကင်မိုးက၊ ပြစ်ကျိုးယုတ်မြတ်၊ ဘယ်ပြုတတ်လိမ့်၊ နက္ခတ်ချိန်သင့်၊ ငံ့လင့်
ကုန်ကြ၊ လူ့ဗာလတို့၊ ရအံ့*ချက်ခြင်း၊ လက်ငင်းချမ်းသာ၊ လွန်တတ်စွာ၍၊
မိစ္ဆာစွဲးနေ၊ မသန်စေနှင့်၊ မသွေမုချ၊ ဟုတ်လှမှန်မြို၊ ဤလူတို့တွင်၊ လက်သို့
မရောက်၊ တထောင်လောက်ထက်၊ လက်ရောက်ဥစ္စာ၊ တပဲးသာလည်း၊ ကိုယ်မှာ
မချွတ်၊ ကျိုးယှိမြတ်၍၊ ဆတ်ဆတ်ချမ်းသာ၊ ဆောင်တတ်စွာရှင့်၊ ပြုရာကိစ္စ၊
ရေးကြုံကြသော်၊မကျနောက်လျှင်၊လေးမဖင်နှင့်၊လျင်သော်ကားမင်း၊နှောင်း
သော်ချင်းတည့်၊ မှတ်လျှင်းပုံသေ၊ ပုဗ္ဗေကတ၊ ရှေးဘဝက၊ ပုညဆင်းရဲး၊ ကံမွဲး
ချိုတဲ့၊ ဘုန်း*မဲ့သသူ၊ မျှား*ဗိုလ်လူတို့၊ချမ်းပူမနေ၊ ရှာဘေွကြိုးကုတ်၊ အားထုတ်
အထူး၊ ဆည်းပူးလှုံလ၊ ပြုသမျှကား၊ ရှေးကကောင်းမှု၊ အပြုမျှားလှ၊ ပုညသိရိ၊
ပြည့်စုံဘိသည့်၊ ဘုန်းယှိသူတို့၊ ခံစားဘို့တည့်၊ ထိုသို့စင်စစ်၊ ဖြစ်၍လူတွင်၊
အမြင်မျက်စိ၊ ရှုမျှော်သိလေ့၊ ဘုန်းယှိကားစံ၊ ဘုန်း*မဲ့ရံ၍၊ ကြောင်းခံပြည့်ဝ၊
အကျိုးလှလျက်၊ ပုညကမ္မ၊ ထူးသူမှသာ၊ ကြယ်မျှားအလယ်၊ လ၍*နှယ်သို့၊
တင့်တယ်ပထွန်း၊ ဘုန်းရောင်ရှန်း၍၊ ရွှေဝန်းရံခြုံ၊ သောင်းသောင်းအုံနှင့်၊
*ကိုလုံမချို၊ ဂုဏ်မညှိုးဘူး၊ ကုသိုလ်သဘော၊ အလယ်ဇောကို၊ ရှင်*စောအား
လုံး၊ ဟောမတုံးသည်။ ။သက်ဆုံးအာယု ကမ္ဘာတည်း။ (၈၁)

၂၅၁။ ရှေးကပြုသား၊ ကောင်းမှုဟုဆို၊ ကုသိုလ်အဘို့၊ ပြည့်စုံ*မြို့၍၊ မချို
ဘုန်းကံ၊ အခံပုည၊ ယိုကြသူမှာ၊ ဇာတာမူလ၊ ဇနမနှိုက်၊ ပါပဂြဟ၊ စီးနင်း
ကျလည်း၊ ကိုယ်မှတပါး၊ ခြွေရံများနှင့်၊ ကျွဲးနွားမျှသာ၊ ပျက်စီးရာ၍၊ ကိုယ်မှာ
ချမ်းမြွေ၊ ဘေးမတွေ့ဘူး၊ မ*ဟော့ကုသိုလ်၊ လူထိုထိုကား၊ ကိုယ်နှင့်တကွ၊
ပျက်တတ်စွတည့်၊ သုခဒုက္ခ၊ ကြောင်းမူလကို၊ ကမ္မတရား၊ နှစ်ပါးဖြင့်သာ၊
ကျမ်းနှိုက်လာ၏၊ ပုညာပုည၊ ဝိသေသကို၊ ဒိဋ္ဌမြော်၍၊ ရှုမြင်*ပြဲလော့၊ ဘုန်း
*မဲ့ခြံရံ၊ ဘုန်းယှိစံ၏၊ ကံလျှင်အရင်း၊ စီမံ†ခြင်းဖြင့်၊မင်း†ချင်းရှင် ကျွန်၊ မလွန်
ဓမ္မတာ၊ ထင်ရှားစွာခဲ့၊ ရှေးခါ ယခု၊ အားထုတ်ပြုသား၊ ကောင်းမှုအလို၊
ကုသိုလ်မယှို၊ သိရိမင်္ဂလာ၊ ကောင်း*ကြန်စာနှင့်၊ *ကြမ္မာမဲ့ငြား၊ ထိုသူအားကို၊
လူသားမက၊ သိကြားမလည်း၊ မရနိုင်စွာ၊ ဟူစပါ၏၊ တဖြာထိုမှ၊ လောက
စကား၊ ပုံပြင်အားလည်း၊ ဘုရားသခင်၊ ကြွံနှင့်ဆင်ကို၊ ကောင်းပင်မြဲးတည်၊
နေစိမ့်ရည်၍၊ ရေကြည်ရာရာ၊ မြက်နုရာနှိုက်၊ ချမ်းသာစေမူ၊ ဆုပေးပြုလည်း၊
အကုသလ၊ ကမ္ပအလျောက်၊ ရေနောက်ရာရာ၊ ဆူးပေါရာနှိုက်၊ နေပါရလို၊
ဆုပန်ဆို၍၊ ထိုကြွံဆင်မျိုး၊ ကောင်းကျိုးမပေါက်၊ ယခုရောက်အောင်၊ ရေ
သောက်မျောပါး၊ ဆူးကိုစားလျက်၊ ကံအားသာမျှ၊ ဖြစ်နေရဟု၊ ရှေးက
စဉ်လာ၊ ပေါရာဏာက၊ ဝေါဟာပြ၏၊ ကမ္မသကာ၊ သတ္တဝါတို့၊ ကံသာဘမိ၊
ကံမယှိက၊ ညာဏ်ချိတိုင်းမွဲ၊ ကြံတိုင်းလွဲ၏၊ ဆင်းရဲဘို့သာ၊ ကြံရာရာလျှင်၊
မိစ္ဆာနတ်စုန်း၊ ဝိုင်း၍မုန်းသို့၊ ပျက်ပြုန်းရခြင်း၊ အယွင်းယွင်းတည့်၊ ကံရင်း
မသန်၊ နတ်မဘန်ဘူး၊ ဧကန်မှတ်သိ၊ ချစ်သားသိလော့၊ ကံယှိသူ†မှာ၊
ကောင်း*ကြ†မ္မာကြောင့်၊ သမုဒ္ဒာလယ်ချက်၊ သဘော်ပျက်လည်း၊ အသက်
မသေ၊ ဘေး*မဲ့စေလျက်၊ ရေမှာမမွန်း၊ သောင်ကျွန်းလှေကြီး၊ ကပ်နီး*ရှေးရှူ၊
ဆယ်ယူအမှန်၊ နတ်တို့ဘန်၍၊ ရပ်ဌာန်ဆောင်ပို့၊ လိုရာသို့လျှင်၊ မချိုရောက်ကာ၊
ရချမ်းသာ၏၊ *ကြမ္မာမကောင်း၊ အကြောင်းမ†လှ၊ လူ့ပါပကား၊ ဗာ†လ
ပနော၊ ပရာဘောကို၊ မြတ်သောအလား၊ တရားမင်္ဂလာ၊ ထင်တတ်စွာ၏၊
မင်္ဂလာမည်ငြား၊ ဤတရားလည်း၊ မကောင်းစားထိုက်၊ ဒုစရိုက်နှင့်၊ လူမိုက်တို့မှာ၊
မုန်းဘို့သာတည့်၊ ဇာောင်ရာမက၊ မိုးကြီးချသို့၊ ဆုံးမ*တပဲး၊ ချင်းကြားထဲနှင့်၊
သောင်သဲး ပေါ်တွင်၊ ရေမတင်သို့၊ အမြင်နည်းပါး၊ သူမိုက်နားနှိုက်၊ တရား
ဘယ်ခါ၊ မတည်ရာဘူး၊ မိစ္ဆာဖျင်း*သုန်း၊ တရားမုန်းက၊ ပျက်ပြုန်းကြောင်းသာ၊
မချွတ်စွာတည့်၊ သမ္မာစင်စစ်၊ တရားချစ်မူ၊ ဆန်းသစ်လ*နှယ်၊ ပွါးစီးကယ်ရှင့်၊
မကျယ်မြင်ညာဏ်၊ တိရစ္ဆာန်သို့၊ ပစ္စန္တရစ်၊ တောသားဖြစ်က၊ ကျင့်ညစ်ကိုယ်ဝယ်၊
မြဲးမပယ်ရှင့်၊ နွှား*နှယ်မိုက်ထိုင်း၊ အရိုင်းလူမျိုး၊ ကံမကိုးတည့်၊ ကောင်းဆိုး
မသိ၊ ဒိဋ္ဌိအယူ၊ ကျင့်မှားထူ၏၊ လေးဆူမျိုးနွှယ်၊ ပေါယယ်များစွာ၊သတ္တဝါအား၊
ချမ်းသာဆင်းရဲ၊ ဖြစ်မြဲးအရိုး၊ ပြစ်အကျိုးဖြင့်၊ ကောင်းဆိုးခေါ်မူ၊ ထိုနှစ်ခုကား၊
ကိုယ်ပြုကိုယ့်ကံ၊ *မြောင်းမြီခံ၏၊ ထုံးစံ ဖြစ်ရှောင်း၊ ကံဆိုးကောင်းတို့၊

အကြောင်းနှစ်သွယ်၊ လူဝယ်မချို၊ မှန်လှတို့၏၊ ဤသို့သားလှ၊ မွေးချစ်ဘလျှင်၊ ကမ္မသကာ၊ ဒါယကာကို၊ သမ္မာဒိဋ္ဌိ၊ ဉာဏ်လက်ယှိဖြင့်၊ အသိမြဲးစွာ၊ ခိုင်စေပါ၍၊ မိစ္ဆာပယ်ယှား၊ ကျင့်တည်ကြားသည်။ ။အမှားမလိုက် မပါတည်း။ (၈၂)

၂၅၂။ မိစ္ဆာပယ်ယှား၊ ကျင့်တည်ကြားလျက်၊ အမှားမတိုး၊ လွှားမမိုးနှင့်၊ ကျင့်ရိုးကုသိုလ်၊ ဗြဟ္မစိုရ်နှင့်၊ မင်္ဂဖိုလ်ခရီး၊ ပိတ်ဆီးတောင့်*နှယ်၊ ဖိလာကွယ်သည့်၊ အပါယ်သုံးဝ၊ အရူပက၊ အသညသတ်၊ စက်မြွတ်လေးပါး၊ ချိုငြား အမှန်၊ ရပ်ပစ္စန်နှင့်၊ ဝေကလ္လိန္ဒြိယ၊ နိယတမိစ္ဆာ၊ ရှစ်ဖြာအက္ခဏ၊ ကင်းထအဟုတ်၊ အင်မယုတ်ဘဲ၊ မနုဿတ္တ၊ ဒုလ္လဘကို၊ အရတော်စွာ၊ ဤအခါန္ဒိုက်၊ မကွာ စဉ်စိုက်၊ အမြဲလိုက်သား၊ ကိုယ်နှိုက်ယှဉ်ပြု၊ အရိပ်တုသို့၊ အနုဂါမိ၊ နိမိခေါ်မိုး၊ ကုသိုလ်မျိုးတိ၊ ရွှေအိုးပမာ၊ ဆယ်ဖြာကောင်းမှု၊ လှူဝတ္ထုကို၊ ဗိန္ဒုရေ*နှုန်း၊ ခြပုန်းအလား၊ *စုံမှိုင်*†ပြားဝယ်၊ †ပျား၏တန္တု၊ ပုံကိုရှု၍၊ ပြုစုအားကြိုး၊ ပွါးမညှိုးနှင့်၊ မြွတ်နိုးသဒ္ဓါ၊ စေတနာဖြင့်၊ လှူပါသမှု၊ ဒါနစုကား၊ ဝတ္ထုညွှံ့နို့၊ မုယောမှုံမှ၊ မကြုံ့ကျယ်စွာ၊ နန်းသိင်္ဂါနှင့်၊ ဗာရာပြည်လုံး၊ ကျုံး၍အုပ်စိုး၊ နုဘော်*ဖြိုး၏၊ တန်းခိုးတေဇာ၊ ချမ်းသာဘောဂ၊ ဣဿရကား၊ ပုညရှေးပြု၊ ကောင်းမှုအာ†ရင်း၊ မှန်မယွင်းတည့်၊ †ယင်းသည့်ကုသိုလ်၊ တရားကိုယ်လည်း၊ အလိုမြွတ်ကြီး၊ စိတ်ဖြင့်ပြီးရှင့်၊ အသီးတရာ၊ အညာတခု၊ မှတ်ပြုမယွင်း၊ စိတ်အရင်းတည့်၊ မင်းနှိုက်ဉက္ကဌ်၊ အမြွတ်ဦးကိုင်၊ ထီးကိုပိုင်က၊ နန်းထိုင်ရသို၊ လောကတန္တု၊ ပမာရှု၍၊ စိတ်ဟုမည်ငြား၊ ဤတပါးမျှ၊ တရားကိုယ်ကြပ်၊ စောင့်စည်းကွပ်က၊ လူ့ရပ်နတ်ရွာ၊ ဗြဟ္မာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏၊ သွားမှန်စိတ်ဖြောင့်၊ သွေမထောင့်နှင့်၊ ရေ့ကြောင့်ညွှန်ဖြစ်၊ ထိုညွှန်ညစ်လည်း၊ စင်စစ်မထင်၊ ရေ့ကြောင့်စင်၏၊ ထို့သွင်မှန်စွာ၊ စိတ်ကြောင့်သာလျှင်၊ ယုတ်မာ ညစ်ညူး၊ အထူးစင်ကြယ်၊ လူဝယ်နှစ်မျိုး၊ ဖြစ်မြဲရိုးတည့်၊ တစိုးတစိ၊ မလှူဘိဘဲ၊ မိမိဉစ္စာ၊ မိမိသာလျှင်၊ ပမာခွေးလား၊ ကိုယ်ထီးစားကို၊ ဘုရားအရိယာ၊ သူမြွတ် စွာတို့၊ ဘယ်ခါရှင်ဝမ်း၊ မချီးမွမ်းဘူး၊ ပေးကမ်းလှူ†ဒါ၊ တွေ့ရာရာနှိုက်၊ သ†ဒ္ဓါ မညှိုး၊ ရွှာသည့်မိုးသို့၊ နောင်ကျိုးမြော်ငဲ့၊ အကဲ့မှန်လှ၊ ကံကိစ္စရှင့်၊ နွားက လုပ်ငြား၊ လူကစား၏၊ ထင်ရှားဉပမာ၊ အမြင်သာတည်း၊ စေတနာယှုံယွှဲ၊ မ*နုန့်နဲ့လင့်၊ ဘုန်း*မှဲ့ပြုငြား၊ ဘုန်းယှိစား၏၊ တရားအရိုး၊ လမ်းမှန်ကိုးလော့၊ ကောင်းကျိုးကုသိုလ်၊ နောင်ဘိုလိုက၊ ပုဂ္ဂိုလ်ယုတ်မြွတ်၊ မမှတ်သင့်ရေး၊ သဒ္ဓါစေး၍၊ မရွေးအပ်စွာ၊ တွေ့ရာရာအား၊ စေတနာမြွတ်နိုး၊ ဖြစ်စေ†ကြိုးလော့၊ နောင်†ကျိုးပိတ်ပိတ်၊ ဉာဏ်အဟိတ်နှင့်၊ ပြိတ္တာအလောင်း၊ သူမကောင်းတို့၊ တိမ်းစောင်းဝါဒ၊ သဒ္ဓါပ၍၊ ဒါနပစ်ပယ်၊ အလှူကွယ်၏၊ မြင်ကျယ်မယှိ၊ နှလုံး *ကျိလျက်၊ ဒိဋ္ဌိအလို၊ ထဲ*ကုတ်ရှို၍၊ ဝန်တိုတရား၊ ပိတ်ပင်တားသည်။ ။ ယှူမှားမိစ္ဆိ မိစ္ဆာတည်း။ (၈၃)

၂၅၃။ ယူမှားမိစ္ဆာ၊ မောဟကာ၍၊ သဒ္ဓါကင်းထ၊ မစ္ဆေရနှင့်၊ ထိုမျှသသူ၊ စိတ်မဖြူတို့၊ လှူမည်ဝမ်းထဲ၊ ကြံမရဲဘူး၊ ကြံခဲးအလို၊ ဝန်တို*ငက်†ငက်၊ *မယှ †ငှက်သို့၊ တသက်လုံးလုံး၊ မသုံးရက်ဟူ၊ မလှူရက်ဘဲ၊ ခန္ဓာ*စဲးက၊ မူးပဲးမပါ၊ ငတ်မွတ်စွာလျှင်၊ ပြိတ္တာပြိတ္တိ၊ ဖြစ်ကုန်ဘိ၏၊ မှတ်သိသေချာ၊ ဤအရာကို၊ မိစ္ဆာ မောဟ၊ မှောင်ကြီးကျ၍၊ လောဘငြိစွဲး၊ မစည်းနဲ့းနှင့်၊ မွဲးမည့်အရေး၊ ကြံတွေး မလှူ၊ ကြောက်ဲးမူကား၊ ထိုသူလွန်ကဲး၊ သူထက်မွဲး၏၊ ဆင်းရဲးမည့်ရေး၊တွေး ၍အ†လှူ၊မပေးသူလည်း၊ ထို†လူအမြဲး၊ နောင်ဆင်းရဲးလိမ့်၊ စည်းနဲ့းမယှိ၊ ကပ် မငြိဘဲး၊ သံဝိဘာဂ၊ လှူဒါနဖြင့်၊ ဝေမျှခွဲးခြမ်း၊ *လွှေလွှေရမ်းလော့၊ ပေးကမ်း လေ့ဟူ၊ မယှိသူတို့၊ နတ်လူနိဗ္ဗာန်၊ ချမ်းသာမွန်ကို၊ ကေန်ဘယ်ခါ၊ မရရာတည်း၊ သံသာရှည်*ညောင်း၊ ဝဲး*ခနောင်းနှိုက်၊ တီး*မတောင်းမော်ယှန်း၊ ကမ်းသောင် စွန်းက၊ ကျွန်းကိုမမြင်၊ ခွေးကျသွင်သို့၊ အကြင်သသူ၊ အလှူမယှိ၊ သုဂတိနှင့်၊ ဗောဓိသုံးတန်၊ နိဗ္ဗာန်နတ်ရွာ၊ ဖြစ်တိုင်းကွာ၏၊ မြတ်စွာအလို၊ ဟောမိန့်ဆိုရှင့်၊ ထိုထိုမျှားစွာ၊ သတ္တဝါနှိုက်၊ သဒ္ဓါ သီလ၊ သုတ စာဂါ၊ ပညာတရား၊ ဤငါးပါးနှင့်၊ ပြည့်ငြားသူသာ၊ လိုရာရလျှင်၊ ပတ္ထနာဆုကောင်း၊ တောင်းတိုင်းမုချ၊ ရတတ်စွ တည့်၊ ပဥ္စမွာ၊ ဤငါးဖြာနှင့်၊ ကင်းကွာသူပေါင်း၊ ဆုပင်တောင်းလည်း၊ တောင်း တိုင်းမရ၊ ကျမ်းဝယ်ပြ၏၊ စိတ်ကကြည်ညို၊ ပြုခဲ့*ကြိုသည်၊ ကုသိုလ်ဥပထံ၊ ကြောင်းခံကြီးဘိ၊ ကံယှိသူကား၊ သေဘေးငြားလည်း၊ နတ်မျှားစောင်မ၊ မသေ ရဘူး၊ ပုညစေတနာ၊ မဟာသဟာယ်၊ မျိုးသူကြွယ်လျှင်၊ ကိုယ်ဝယ်ဟက္ခာ၊ ထပ်ကြပ်ပါ၍၊ ချမ်းသာသုခ၊ ဘောဂသီရိ၊ အလိုယှိတိုင်း၊ ယထိစ္ဆိတံ၊ ကြံကြံ သမျှ၊ ခြီးထောက်မ၏၊ ဘဝဘဝ၊ လားသမျှလည်း၊ မကျပါယ်ရွာ၊ ကွာကြီးကွာ လျက်၊ ရေမှာပေါ်ထွန်း၊ ကျွန်း၏သဖွယ်၊ ကုသိုလ်ကယ်၍၊ ကိုးကွယ်မှီရာ၊ ဖြစ် တတ်စွာ၏၊ နောင်လာမချို၊ ချမ်းသာဘို့ဟည့်၊ ကုသိုလ်အရေး၊ ဖင့်မနှေးနှင့်၊ ရှေးခါကာလ၊ မသ္မကတိ၊ သခ်ပြာဟ္မဏ၊ လောင်းသတ္တလျှင်၊ အိမ်ကနေ့ခင်း၊ သဘော်ဆင်းစဉ်၊ ပူပြင်းကျက်ကျက်၊ သဲးပြင်ထက်နှိုက်၊ နင်းလျက်ကြွလာ၊ ပစ္စေ ကာအား၊ *ပက်ပါရှေ့တွင်၊ တွေ့လေမြင်၍၊ ကိုယ်တွင်စီးအပ်၊ ထိးဘိနပ်ကို၊ *လျပ်လျပ်ချွတ်ယူ၊ ကြည်ဖြူမ†ငြိ၊ လှူကုသိုလ်ကြောင့်၊ ရေ†ညိုကျယ်ပြော၊ ပင်လယ်*ကြောနှိုက်၊ သဘော်ပျက်ခါ၊ မေခလာလျှင်၊ ရတနာ*ဖြိုးဝှန်၊ ဘောင် ဗိမာန်နှင့်၊ ရပ်ဌာန်ရောက်အောင်၊ ကယ်ဆောင်ပို့သ၊ ချမ်းသာရ၏၊ လားလှသို့ ကြောင့်၊ စိတ်မကောင့်နှင့်၊ ဖြောင့်သည့်စေတနာ၊ လက်မကွာဘဲး၊ သဒ္ဓါမြှက်နိုး၊ ကုသိုလ်မျိုးကို။ ။ပျိုးလော့*ပတေပတာတည်း။ (၀၄)

၂၅၄။ ပတေပတာ၊ ရှိသေစွာလျှင်၊ လှူဒါပုည၊ ကုသ†လကို၊ သား†လှု သည်းချာ၊ ဆည်းပူးရာလော့၊ သဒ္ဓါ*နှုန်နှဲ၊ မချိတွဲ့နှင့်၊ လှဲ့လဲ့*ကျိတ်ကျိတ်၊ မစ္ဆေစိတ်နှင့်၊ ဒိဋ္ဌိလောဘ၊ မကြီးရဘူး၊ မောဟပိတ်ဆို့၊ ပညာချိသည့်၊ လူတို့

ဥစ္စာ၊ များတုံပါလည်း၊ မဟာသမုဒ်၊ ရေ*အစုတ်သို့၊ *သောက်ထုတ်သုံးချိုး၊ ဘယ်သူမျိုးမျှ၊ အကျိုးမရ၊ ပဏ္ဍိတတို့၊ ခနမှုကား၊ နည်းငြားပစေ၊ တွင်းထွက်ရေသို့၊*ဗိုလ်ခြေအားလုံး၊ သောက်သုံးချမ်းသာ၊ ပြီးတတ်စွာရှင့်၊ သဒ္ဒါမရှေး၊ မပေးမလှူ၊မုန်းဆေးဟူ၍၊ပေးလှူတတ်သော်၊*ချစ်ဆေးကျော်တည့်၊လူ့ဘော်ဌာန၊ ဤလောကနှိုက်၊ စိတ်ကကြည်စွာ၊ စေတနာနှင့်၊ သဒ္ဒါဝမ်းတွင်း၊ ပေးကမ်းခြင်းကား၊ ရခြင်းထက်သာ၊ ဝမ်းမြောက်စွာသည်၊ မင်္ဂလာလွန်မြတ်၊ ဖြစ်*သတတ်ရှင့်၊ လူနတ်ဆရာ၊ သတ္တာဒေဝ၊ မနုဿတို့၊ ဒါနသီလ၊ သံယမနှင့်၊ ဒမနဟူ၊ အလှူသိတင်း၊ စောင့်ခြင်းသုစရိုက်၊ ကိုယ်နှိုက်မသွေ၊ ဣန္ဒြေဆုံးမ၊ သရုပ်ပြသား၊ ပုညခေါ်ရိုး၊ ဤလေးမျိုးကား၊ ရွှေအိုးမည်ဘိ၊ နိဓိဟူတုံ၊ လူနတ်ဘုံဝယ်၊ ပြည့်စုံချမ်းသာ၊ သုံးဆောင်ရာတည့်၊ နှောင်လာပစ္ဆိ၊ ဆုံးဇာတိနှိုက်၊ ဗောဓိသုံးတန်၊ မြတ်ဆုံးဉာဏ်လည်း၊ ဆုပန်တိုင်းပြည့်၊ ရ၏ဟူလို၊ ဟောမိန့်ဆို၏၊ ကုသိုလ်ဘုန်းကံ၊ သင့်စီမံသော်၊ မကြံလည်းပြီး၊ ကြံလည်းပြီး၏၊ မတီးလည်းမြည်၊ တီးလည်းမြည်သို့၊ မရည်လည်းမြောက်၊ ရည်လည်းမြောက်ခဲ့၊ နတ်လောက်လူမှာ၊ အံ့မူးရာအောင်၊ မဟာသုဒဿန၊ ပနာဒသို့၊ မြေမှမောက်မောက်၊ ဘုံနန်းပေါက်၏၊ နန်းညှောက်သည်းပွတ်၊ ဘသားမြတ်လျှင်၊ အမှတ်မြဲမှု၊ ဆောက်တည်ပြုလော့၊ ရှုမြော်အသိ၊ ဉာဏ်မျက်စိဖြင့်၊ မြင်ယှိုကျယ်စွာ၊ ကြီးပညာနှင့်၊ မဟာဗောဓိသတ်၊ သူမြတ်တို့ကား၊ မစားကိုယ်ဝမ်း၊ ရိန္နမ်း*ခြိုးခြံ၊ အငတ်ခံ၍၊ *ဒဿသံမမေ့၊ လှူစလေ့၏၊ တနေ့ငါးသိန်း၊ တွက်ကိန်းမက၊ စွန့်သမျှလည်း၊ အားရစိတ်ထဲ၊ *ရောင့်ရဲမယှိ၊ အဇ္ဈတ္တိမှ၊ မျက်စိထုတ်လှူ၊ ဖြတ်ယူခါခါ၊ စွယ်မြတ်စွာကို၊ တောင်းကာမငြင်း၊ အာခံတွင်းနှိုက်၊ စွယ်ရင်းမ†ကျန်၊သေး*ကြန်†ကြန်နှင့်၊ ထွင်းလှန်ယူစေ၊ မဈွေမတွန့်၊ သက်စွန့်လှူပေး၊ လေးနှင့်ခွင်းပစ်၊ သေဆစ်ပါးနီး၊ ရောက်လုပြီးလျက်၊ ဆုကြီးရွယ်ဆောင်၊ စွယ်ခြောက်ရောင်ကို၊ ကုန်အောင်လှူခြင်း၊ မီးပုံတွင်းသို့၊ ခုန်ဆင်းကိုယ်ကို၊ လှူလိုအသား၊ ဤသို့အားဖြင့်၊ သိကြားဟန့်ဆီး၊ မာရ်ကြီးတားဖျက်၊ နတ်စက်ပုဆိန်၊ ထိပ်ထက်ချိန်လည်း၊ သမာမိန်ခိုင်၊ စိန်ကျောက်တိုင်သို့၊ မယိုင်မယိမ်း၊ မတိမ်းမပြို၊ ကံကုသိုလ်မှ၊ အလိုမစောင်း၊ ယူမပြောင်းသည်။ ။မြတ်လောင်းတော်တို့ *တံထွာတည်း။ (၇၅)

၂၅၅။ မြတ်လောင်း*တံထွာ၊ ဓမ္မတာသို့၊မှန်စွာလိုက်၍၊နန်း*ကိုက်ရင်နှစ်၊ နန်းနွယ်စစ်သား၊ သားချစ်မင်း†ညို၊ မြတ်အလိုဖြင့်၊ မ†ငြို မငြင်၊ မပေါ့လွှင်နှင့်၊ စိတ်တွင်စွဲ†နစ်၊ ကုသိုလ်ချစ်လျက်၊ အ†နှစ်ကိုသာ၊ ထွင်းဘေ့ရှာလော့၊ ကမ္ဘာဦးက၊ စေတိယနှင့်၊ လမ်းစကင်းလွတ်၊ တော်မွတ်ပိန်†ခြောက်၊ တော*မြိုင်†ချောက်နှိုက်၊ နွားပျောက်ပုဏ္ဏား၊ စသည်များတို့၊ မုသားယွင်းပျက်၊ မိတ်ဖျက်ယုတ်မာ၊ အရိယာစွပ်ကျူး၊ ကျေးဇူးချေမှား၊ ပြုကြငြားသား၊ လေးပါး

ထင်စွာ၊ ဤကမ္ဘာထက်၊ မဟာပါပ၊ ကမ္ဘမည်တွင်၊ မသေခင်နှိက်၊ မျက်မြင်တပ်တပ်၊ ဒုက္ခကပ်ရှင့်၊ လူ့ရပ်နတ်ရွာ၊ *ဗြဟ္မာပြည်ထိ၊ ကြားနှံ့သိ၏၊ ကြီးဘိပြစ်ဝန်၊ အလွန်ထင်ရှား၊ ထိုလေးပါးလည်း၊ ငါသားဝေးစွာ၊ ကင်းစေပါလော့၊ ရှေးခါမျှောက်မင်း၊ ဝမ်းတွင်းကြည်ဖြူ၊ ဖြောင့်အယူနှင့်၊ ဝံသူတော်ကောင်း၊ အလောင်းတို့နှယ်၊ မေတ္တာကြွယ်၍၊ ကယ်ဆယ်တတ်ငြား၊ သူတို့အားလည်း၊ ပြစ်မှားဘယ်ခါ၊ မပြုရာဘူး၊ ပြုပါတတ်သူ၊ လူမဟူဘူး၊ လူတွင်ယုတ်မာ၊ မိုက်ဆုံးစွာတည့်၊ ပညာမယှဉ်၊ အကတညူ၊ လူ့ပါပိယ၊ ဟူသမျှကား၊ မိဘကိုလျက်၊ ကျေးဇူးဖျက်၍၊ အပျက်ကိုသာ၊ ပြုတတ်စွာခဲ့၊ မိစ္ဆာယှဉ်းခွ၊ ထိုဗာ†လကို၊ သား†လှလိမ္မာ၊ ကွင်းသွေခွါလော့၊ ဒုရာဇီဝ၊ ဒုစာရနှင့်၊ သီလငါးပါး၊ လူ့တရားကို၊ ပယ်ယှားမကြိုက်၊ ထိုသူမိုက်လည်း၊ လူနှိုက်လူရာ၊ မဝင်စွာတည့်၊ ကိုယ်မှာပြုဘူး၊ သူ့ကျေးဇူးကို၊ ထိမ်မြှုံးမအပ်၊ တုံ့ပြန်ဆပ်၍၊ *ထွက်နပ်ကောင်းပေ၊ ပစ်မချေနှင့်၊ သသေမိယ၊ သုဒေဝသို့၊ ဒိဋ္ဌကြီးစွာ၊ ပြစ်ရောက်လာလိမ့်၊ သမ္မာကျင့်သုံး၊ သူတော့်ထုံးကို၊ နှလုံးတွင်းမှာ၊ သွင်းသချာလော့၊ ဆရာကိုပယ်၊ ကိုယ်ဝယ်လုံ့စူး၊ အထူးမျက်မှောက်၊ မန္တန်ပျောက်နှင့်၊ အဋ္ဌကျောက်ခဲးဖြို၊ မြေခွဲးမျို၍၊ ဤကိုယ်ဒိဋ္ဌ၊ ဒုက္ခဖြစ်ကြောင်း၊ ထုံးဟောင်းထင်စွာ၊ ကျမ်းနှိက်လာ၏၊ မေတ္တာရှေးဦး၊ ပြုပေဘူးကို၊ ကျေးဇူးသိမှု၊ ကတညူတည့်၊ ထိုသူထက်ပင်၊ ကျေးဇူးအင်ကို၊ ထင်ထင်မချွတ်၊ ပြောဆိုတတ်က၊ သူမြတ်မှန်လှ၊ ကတဝေဒီ၊ ဟူတုံပြီရှင့်၊ လောကီလူစု၊ မြင်ဉာဏ်နုတို့၊ သူပြုအထူး၊ သူ့ကျေးဇူးကို၊ ကြည်နူးဝမ်းမြှောက်၊ မခေါက်မရက်၊ နှစ်သက်*အင်ရှိုး၊ သိတတ်ခဲ့၏၊ အမြဲးမှတ်၍၊ သူမြတ်ဝါဒီ၊ ထုံးဝသီဖြင့်၊မှန်ညီသစွာ၊ တော်ဖြောင့်ရာရှင့်၊ ကတာကတ၊ ဝိသေသကို၊ သားလှပဏ္ဍိ၊ မောင်ဉာဏ်ယှိလျှင်၊ မှန်သိအပ်စွာ၊ မချွတ်ရာဘူး၊ ယထာနုယာတ၊ ကျမ်းပြအလာ၊ ပါဠိဂါထာတိုင်း၊သွားရာလိုက်လျက်၊ စွတ်လက်မဖုတ်၊ မဖြုတ်မိတ်ဆွေ၊ ကိလေပါပ၊ မိုက်မောဟနှင့်၊ မိန်းမနိုင်ငံ၊ ဆက်ဆံမလိုက်၊ လူနှိုက်ထင်ရှား၊ ဤလေးပါးကား၊ ပိုင်းခြားစတု၊ မှတ်ကြောင်းပြုသည့်၊ သာဓုနရ၊ မြတ်ဓမ္မကည့်၊ စွဲးကစိတ်မှာ၊ မလွတ်ရာဘူး၊ လူ့ရွာလူသား၊ လူဖြစ်ငြားလျက်၊ တရားကင်းစင်၊ သူပြုအင်ကို၊ မတင်အထူး၊ ကျေးဇူး*မဲ့စွာ၊ ယူမိစ္ဆာနှင့်၊ သစ္စာမယှိ၊ကတိမတည်၊ လူဟူသည်ကား၊*သွေ့ဖည်ယှင်းကွက်၊ စည်းစိမ်ပျက်၍။　။အသက်မရှည်သည်သာတည်း။ (၇၆)

(ဤ ဒု-ပိုဒ်ကား သာဘာဝိကဝိဘာဝနာလင်္ကာရ-ရှိသောပိုဒ် ဟူလို။)

၂၇၆။ သဝိညာဏက၊ မဟုတ်စွသေး၊ ရက္ခဆာယာ၊ သစ်ရိပ်သာနှိက်၊ ရံခါတခိုက်၊ ကြုံကြိုက်နေနား၊ ခိုမိငြားက၊ ပြစ်မှားလိုလျက်၊ တရားပျက်၍၊ အခက်ကိုမျှ၊ မချိုးရဘူး၊ ချိုးကဗာလ၊ မိတ္တဒုဗ္ဘော်၊ ပျက်ခေါင်ကျော်သည့်၊ မတော်စရိုက်၊ လူ့မိုက်တည့်၊ လူနှိုက်ဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊ ဆရာမိဘာ၊

ဘုရားစသား၊ ထိုမျှမိတ်ချစ်၊ သူတော်စစ်ကို၊ မပြစ်မမှား၊ သူတို့အားကား၊ တပါးရပ်ရွာ၊ သွားစပါလည်း၊ အစာအစား၊ မရှားပါးဘဲ၊ ရောက်သွားရာရာ၊ ပူဇော်လာ၍၊ ရာဇာစောရ၊ ထားပြခိုးသူ၊ ကလူနိုင်ထက်၊ မနှိပ်စက်ရာ၊ မျက်နှာချစ်|ဘွယ်၊ လသ|ဖွယ်နှင့်၊ ပွဲလယ်အထူး၊ ရဲဂုဏ်မြူးလျက်၊ ကျေးဇူးသတင်း၊ ကျော်ခြင်းမိုးပျံ၊ခြံရံမကွဲ၊အမြဲမကွေ၊ကြက်သရေနတ်*နှယ်၊တင့်တယ်ပွင့်လင်း၊ ဆင် မြင်း ကျွဲ နွား၊ လယ်ယာများနှိုက်၊ စပါး*စံနှံ၊ သီးခွံမပျက်၊ တောင့်ထက်ချောက်ကမ်း၊ စွဲလမ်းလွတ်ကွာ၊ ကျတံပါလည်း၊ တည်ရာရငြား၊ သားနှင့်သမီး၊ ညောင်ပင်ကြီးသို့၊ *ခိုင်ဖြိုးခြေမြစ်၊မြဲမြံဖြစ်ဟု၊စင်စစ်မှန်လှ၊ ဟောတော်ပြသား၊ ဒသမိတ္တ၊ ပူဇနဂါထာ၊ ဤဆယ်ဖြာကို၊ ကောင်းစွာနားလည်၊ မှတ်သားတည်လော့၊ လူ့ပြည်ဘဝ၊ လူ့လောကနှိုက်၊ထကြွရေးရာ၊လိမ္မာစွာနှင့်၊ဘွေ့ရှာရငြား၊ ဥစ္စာများကို၊ ပျက်ပြားမပျောက်၊ ယွင်းမထောက်အောင်၊ စောင့်ရှောက်နိုင်ထ၊ သီလ သဒ္ဓါ၊ပညာယှိုပေါင်း၊ မိတ်ကောင်းအမြဲ၊ မှိဝဲပေါင်းဘော်၊မမေ့မကြွား၊ ပလွှားမဝါ၊ မျှကာသက်မွေး၊ ကျင့်ရေးစတု၊ ဤလေးခုတို့၊ ယခုဒိဋ္ဌ၊ ပစ္စက္ခနှိုက်၊ ဟိတချမ်းသာ၊ ပွါးကြောင်းလာ၍၊ သဒ္ဓါ သီလ၊ စာဂ ပညာ၊ ဤလေးဖြာမူ၊ နောင်လာသုခ၊ ရအံ့အကြောင်း၊ မှန်တုံရှောင်းဟု၊ ဂုဏ်ပေါင်းထွတ်တင်၊ သုံးလူ့ရှင်တို့၊ မိန့်ကျင်မုချ၊ ဟောကုန်ကြ၍၊ ဒိဋ္ဌ*တမလွန်၊ ကျိုးနှစ်တန်ကို၊ အမှန်မုချ၊ မမြင်ကလျှင်၊ အန္ဓစက္ခု၊ လူဟုမည်ကာ၊ ပညာမျက်စိ၊ မယှိုဖြစ်*ဆန်း၊ နှစ်ဘက်ကန်းတည့်၊ လူမှန်းသိ|ရုံ၊ ကံမ|ယုံဘဲ၊ မစုံမလင်၊ မျက်မှောက်တွင်သာ၊ အမြင်ဒိဋ္ဌ၊ တဘက်လှကား၊ ကေစက္ခု၊ နှစ်စုအကျိုး၊ စုံပြည့်ဖြိုးအောင်၊ ထိုးထိုးထွင်းထွင်း၊ မြင်တတ်လျှင်းမူ၊ ထိုသသူကို၊ လူတွင်ပဏ္ဍိ၊ မည်ယှိုခေါ်ပြု၊ ဒွိစက္ခုတည့်၊ မောင်ပုရွှေစင်၊ ဘသက်တင်လည်း၊ အမြင်မျက်စိ၊ နှစ်ဘက်ယှိုအောင်၊ သတိသမ္မာ၊ ကင်းမကွာဘဲ၊ ပညာဝမ်းတွင်၊ အမြဲးထင်၍။ ။ဆင်ခြင်*တိတ်တွေး*စာနာတည်း။ (ဂ၇)

၂၅၇။ အပြစ်ကင်းစွာ၊ နိပ္ပရာဓ၊ ဒေါသ*မဲ့ငြား၊ သူမြတ်များအား၊ ပြစ်မှားတုံထ၊ မိုးပေါ်လကို၊ စိတ်ကငြူစူ၊ ပစ်သော့မူသည်၊ ပစ်သူသို့သာ၊ ကျရောက်လာသို့၊ မှန်စွာအပြီး၊ နောက်ပိုးစီးလျက်၊ မြေကြီးမျိုရှောင်း၊ မိကျောင်းသစ်ကျား၊ ဖမ်းစားဘီလူး၊ ရေကူးလှေမှောက်၊ စိတ်နောက်သွေးအန်၊ ဒေဝဒဏ်ဟု၊ နဘန္တရ၊ နတ်ချဝင်းလျှံ၊ စက်ပျံမိုးကြိုး၊ ပြစ်ရှစ်မျိုးနှင့်၊ လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား၊ လျော့ပါးစည်းစိမ်၊ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊ ကျိုးပျက်အင်္ဂါ၊ နူနာစိတ်ဘောက်၊ ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲမျိုးဆွေ၊ ရွှေ ငွေ ကျွဲ နွား၊ ယွင်းဘောက်ပြားသား၊ ဆယ်ပါး မျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နောက်နှိုက်အမြဲး၊ သေဘောက်လဲးသော်၊ ငရဲကြီးစွာ၊ လားတို့|ရာ၍၊ အရိ|ယာစစ်၊ ဖြစ်သားတမူ၊ မြတ်သော့သူကို၊ အရိယူပဝါ၊

ယုတ်မာစကား၊ ဒေါသအားဖြင့်၊ ပြစ်မှားချွတ်လွဲ၊ မစွပ်စွဲနှင့်၊ စွပ်စွဲဖရှယ်၊
ဆဲးဆိုခုတ်သား၊ ကြမ်းကြုတ်ဝစန၊ နှုတ်ဓားမတည့်၊ သူများ့ကိုယ်မှာ၊အရာမယို၊
မခိုက်ထိဘူး၊ မိမိကိုသာ၊ ဖြတ်တတ်စွာ၏၊ အရိယာပြစ်မှား၊ ဆိုးဝါးမိုက်ညစ်၊
ထိုကံပြစ်ကား၊ စင်စစ်ကြီး†မား၊ ဟူတုံငြား၏၊ ပြစ်†မှားသူထံ၊ ကျိုးနွံ ခယ၊
တောင်းပန်ကလည်း၊ ပျောက်ပစမြဲ၊ မလွဲဧကန်၊ မတောင်းပန်က၊ သေလွန်
ထုတ်ချောက်၊ ငရဲရောက်၏၊ မီးလောက်ထင်ရှား၊သူမြတ်များကို၊မမှားအပ်စွာ၊
ယှားတို့ရာ၏၊ အရိယာစစ်၊ပဟုတ်ဖြစ်စေ၊အပြစ်*မဲ့ဘိ၊ သိလယှိသား၊တိရစ္ဆာန်၊
အဟိတ်မျှလည်း၊ ဒေါသအမူ၊ ပြစ်မှားပြုက၊ ယခုဘဝ၊ ဤဒိဋ္ဌပင်၊ ဒုက္ခပြစ်ဆိုး၊
မကောင်း†ကျိုးဖြင့်၊ မိုး†ကြိုးလောင်မီး၊ ကျပျက်စီးရှင့်၊ သေပြီးအမြဲ၊ နောင်
မလွဲးလျှင်၊ ငရဲးသို့သာ၊ သွားတို့ရာ၏၊ ရတနာသားကြီး၊ မှတ်အပြီးတည့်၊ အတီး
ရှေးခါ၊ တောဟေမာဝယ်၊ ပညာဇာတိ၊ မွေးကျိုးသိ၍၊ မွေးမိမွေးကြ၊ နန္ဒိယဟု၊
ရွှယ်လှဆင်းယောင်၊ မျောက်ညီနောင်ကို၊ နှစ်ကောင်လုံးပင်၊ ပစ်သတ်ကျင်၍၊
အိမ်တွင်အသီး၊ ပြောင်ပြောင်ညီးလျှင်၊ လောင်မီးကျငြား၊ သမီးသားနှင့်၊
မယားရင်း၊ ကိုယ်ပါပေါင်း၍၊ အလောင်းလေးခု၊ တစုတည်းသာ၊ ဖုတ်ရစ္စာ၏၊
လူ့ရွာလူ့ဇာတ်၊ လူဟုဖြစ်လည်း၊ အနှစ်*မငံ့၊ အနံ့မပါ၊ ပွင့်ရှိသာမျှ၊ ပန်းရာ
မသွင်း၊ ဂုဏ်*မဲ့ကင်းလျက်၊ မသင်းမ†ကြူ၊ တလူလူဖြင့်၊ ဝါး†ကျူပမာ၊ မဖြစ်
ရာဘူး၊ သမ္မာကမ္မန္တ၊ မဟုတ်စွသား၊ ပါပဖရှယ်၊ မှုကြမ်းကြုတ်ကို၊ အားထုတ်
ဘန်ဘန်၊ ပြုမလွန်နှင့်၊ အလွန်ပြုက၊ ရှေးကာလဝယ်၊ ဗာရာဏာမင်း၊ ဇောင်း
တော်တွင်းနှိုက်၊ မြင်းကိုများစွာ၊ ရတိုင်းလာ၍၊ ခါခါဆောင်ငြား၊ မပြတ်
စားသည့်၊ တောသားဗာလ၊ မနောဇဟု၊ သီဟအတူ၊ ထိုကျင့်မှုနှင့်၊ ထိုသူ
နောက်နိုက်၊ ဒုက္ခဆိုက်လိမ့်၊ သူမိုက်လက္ခဏာ၊ မညစ်ရာဘူး၊ နည်းနာမလိုက်၊
ကိုယ့်စရိုက်နှင့်၊ ကိုယ်ကြိုက်ကိုသာ၊ ကိုယ်လိမ္မာဟု၊ လူ့ရွာထင်ရှား၊မကြီးပွါးဘဲး၊
အများကဝိ၊ ပညာယှိတို့၊ မျက်စိနားမှာ၊ ငြီးဘွယ်သာတည့်၊ မိစ္ဆာဝါဒ၊ ကျင့်
ပါပနှင့်၊ ဉာဏကင်းဘိ၊ လူ့ဒိဋ္ဌိတို့၊ ပြုမိပြုရာ၊ ပြုတတ်စွာ၏၊ သမ္မာမချစ်၊
ထိုသူညစ်ကား၊ လူဖြစ်တုံမြောက်၊ လူ့ရွာရောက်လည်း၊ တခေါက်တဘန်၊
နောက်မပြန်ဘဲး၊ လေးတန်ပါယ်ရွာ၊ အိမ့်ပမာလျှင်၊ နေရာမလွဲး၊ တည်အမြဲဖြင့်၊
ဆင်းရဲ*ဖက်ထစ်၊ ဒုက္ခနှစ်သည်။　　။လူဖြစ်တကြိမ် တခါတည်း။　　(၇၇)

၂၅၇။ လူဟုဖြစ်လာ၊ လူတို့ရွာနှိုက်၊ ငါသာတတ်ဘိ၊ ပညာပါ့ဟု၊ ဟူဘိ
တယောက်၊ သို့လောက်စကား၊ တရားပင်လော၊ နိုပ်သဘောဖြင့်၊ ပြောတတ်
သော့သူ၊ ငါတမူလည်း၊ တဆူကဝိ၊ ပဏ္ဍိဟူငြား၊ ဤစကားကား၊ ဘုရား
ဟောမြွက်၊ ဘယ်ကျမ်းထွက်နည်း၊ အပျက်ပြုလို၊ ဆိုသူတဦး၊ အကူးဈေပြား၊
ငါကားပညာ၊ မယှိပါဟု၊ ရှောင်ကာဆိုမြောက်၊ သူတယောက်နှင့်၊ အလျောက်
ပြောတုံ၊ ငါမယုံသေး၊ ပေးလော့ပါဠိ၊ ညီလော့ကျမ်းဂန်၊ နှုတ်လှန်ပယ်ယှား၊

ယောကျ်ားတမျိုး၊ သိန်းတတ်ယောင်၊ မာနထောင်၍၊ ဟန်ဆောင်မူတတ်၊ မမြတ်ဝါဒ၊ ဝိတဏ္ဍာဟူ၊ ခြောက်ဦးလူတည့်၊ အယူမဖုန်၊ ဉာဏ်ပြဒါးပွတ်၊ တရား†လွတ်၍၊ ပေါက်†လွတ်မမြဲး၊ နှုတ်လျှာရဲနှင့်၊ ချွတ်လွဲမိစ္ဆာ၊ မသမ္မာဘူး၊ မှတ်ရာမယို၊ ပြောမိပြောရာ၊ ပြောတတ်စွာခဲ့၊ လျှာဒုစ္စရိုက်၊ ဘိုးမထိုက်တည့်၊ သူမိုက်နှုတ်သီး၊လူနားငြီးရုံ၊ *ဟူးရိုးဟူးရား၊ စကားဘောင်ဘောင်၊ ခွေ့းနှ*ယ် ဟောင်၍၊ မာန်စောင် ပလွှား၊ ဒေါသများလျက်၊ ပြစ်မှားငြူစူ၊ ဣဿာ ထူသည်၊ ထိုလူထိုရှင်၊ မကြာခင်တိ၊ ရုပ်သွင်ညှိုးမြန်း၊ ဘုန်းကံခန်း၍၊ မလန်း သားရေ၊ ဘောက်ပြားထွေရှင့်၊ သွေး လေရောဂါ၊ ဝေဒနာလည်း၊ ကိုယ်မှာ ကပ်ပြီး၊ သေမင်းစီးသို့၊ သေနီးရောက်ကာ၊ သေလွယ်စွာ၍၊ အကာသဖွယ်၊ *တံလှပ်*နှယ်သို့၊ လူဝယ်မင်းဖြစ်၊ မာန်မယစ်နှင့်၊ မချစ်ကောင်းစွာ၊ သူယုတ် မာလည်း၊ ဘယ်ခါမစပ်၊ မနီးအပ်ဘူး၊ ပညပ်လူ့ဘောင်၊ ချိုယှိုကောင်ကို၊ အတောင်ငါးဆယ်၊ လွှဲးပယ်ခွါဆုတ်၊ ကြမ်းကြုတ်ခက်ထန်၊ ပေါက်ကန်တတ်ခြင်း၊ ခွါယိုမြင်းမှ၊ကွင်းလေတရာ၊ဆင်မှာတထောင်၊*ဖဲရှောင်အပ်ရှောင်း၊သူမကောင်း ကား၊ ဝေးကြောင်းမယှဉ်၊ ရပ်စွန့်ကြဉ်ဟု၊ အစဉ်သေချာ၊ နီတိမှာ၍၊ များစွာ *ပုံယင်၊ ဤလူရှင်ကား၊ အသွင်မတူ၊ အိမ်သူမဖြစ်၊ သူမိုက်ညစ်လည်း၊ မိုက်ညစ် †ချင်းသာ၊ လူသမ္မာလည်း၊သမ္မာချင်း†ချင်း၊ပေါင်းကြသင်း၍၊ ပြု†ခြင်းမှု†ခြင်း၊ နှလုံးသွင်းဖြင့်၊ ခေတ်†ချင်းမလျော်၊ သူမတော်နှင့်၊ သူတော်မြတ်ယုတ်၊ သဘော ထုတ်က၊ သမုဒ္ဒရာ၊ ဤမှာထိုဘက်၊ ကမ်းနှစ်ဘက်နှင့်၊ ဘဝဂ်ဝီစိ၊ ဟူဘိမက၊ ပမာ ပြု၍၊ မမျှနိုင်ရာ၊ ဝေးကြကွာ၍၊ သဒ္ဓါ ပညာ၊ သမ္မာမမျှ၊ ဤလောကနှိုက်၊ မိန်းမရကာနာ၊ ယုတ်မာယောကျ်ား၊ အတူထားလည်း၊ နီးပါးမသိ၊ ရေနှင့်ဆီသို့၊ မညီစိတ်မှာ၊ ဝေးကြစွာ၏၊ သေချာမှတ်ယုံ၊ ရှေးခါ†တုံက၊ ဥ†ဒုမ္ဗရ၊ ပိဂ်ုတ္တာတို့၊ ကာလရှည်လျှာ၊ တကွသွားလျက်၊ ယဉ်ပါးနီးကပ်၊ ကိုယ်မစပ်တည့်၊ မတပ် စိတ်တွင်၊ သဖန်းပင်ထက်၊ ဆူးလျှင်အုံကာ၊ ကင်းဝေးကွာအောင်၊ ပစ်ခွါမနှေး၊ စွန့်၍ပြေး၏၊ ခွေးနှင့်ပတ္တမြား၊ ငတ္တသော့လားသို့၊ ဘုန်းယှားကံယှား၊ သူယုတ်များတို့၊ ခံစားမထိုက်၊ ကံလျှင်မိုက်က၊ ဉာဏ်မိုက်သော့အား၊ အမှား မှားတည့်၊ စီးပွါးကိုယ်မှာ၊ ချမ်းသာဖြစ်ကြောင်း၊ရပါရှောင်းလည်း၊ မကောင်း ကံမြစ်၊ ကျိုးမဖြစ်ဘူး၊ သူညစ်စရိုက်၊ သူမိုက်သဘော၊ ကျင့်မနှောသည်။ ။ သား*စောလိမ်မောင့် ယိမ်မာတည်း။ (၇၉)

၂၅၉။ သူညစ်*တလ္လ၊ *အကံကေား၊ မာနအလိုက်၊ ဒုက္ခဆိုက်၍၊ သူမိုက် ခြိုးမွမ်း၊ ယုတ်နွမ်းဂုဏ်ရည်၊ ရှုတ်သည်မည်၏၊ ချစ်ကြည်သနား၊ သူမိုက် အားလျှင်၊ မြှောက်စားမိချေ၊ ဝိဒေဟ†ရစ်၊ ပုတ်သင်ညစ်သို့၊မာန်†ယစ်တတ်ဘိ၊ လောင်းဂုတ္တိလည်း၊ မုသိလမည်ငြား၊ တပည့်အားလျှင်၊ ချန်ထားမချွင်း၊ သင်မိ လျှင်း၍၊ စောင်းချင်းပြိုင်ရ၊ ထိုကြောင်းစကြောင့်၊ ဗာလယုတ်မာ၊ ကွင်းသွေ

ခွါလေ့၊ ပညာနည်းပါး၊ တောသွားချုံတိုး၊ လူမိုက်မျိုးတို့၊ အကျိုးမထင်၊
အမြင်မနက်၊ တယောက်တွက်နှင့်၊ လေးသက်သေအောင်၊ ကြံဆောင်တတ်ကြ၊
ရှေးပုညနှင့်၊ ဉာဏမယို၊ ဇာတိ*မမွန်၊ ကံမချွန်ဘဲ၊ တိုင်းစွန်ပြည်နား၊ အရပ်
ကြားနိုက်၊ မွေးဖွားလူဖြစ်၊ မျိုးမစစ်တို့၊ ကျင့်ညစ်ဆိုးတန်၊ ရိုး*မမွန်တည့်၊
မမှန်နှုတ်လျှာ၊ ကင်းပညာနှင့်၊ ထင်ရာကြံပြော၊ ဉာဏ်မနှောဘူး၊ သဘောမလှ၊
ထိုဗာလတို့၊ မမျှကိုယ်အား၊ မတန်ငြားလည်း၊ ကြွားတဘောင်ဘောင်၊ ထောင်
တကြွကြွ၊ ယောင်တတ်ကြ၏၊ ငယ်ကဝါသနာ၊ ကြီးအောင်ပါခဲ့၊ လူဝါဗာလ၊
အချို့ကလည်း၊ လောကနိုက်မှာ၊ လူတို့ရွာတွင်၊ သမ္ဘာအခေါင်၊ မြင်းမိုရ်
တောင်နှင့်၊ ဉာဏ်ရောင်နေလ၊ တူ*တမျှသို့၊ ရှေးကပုည၊ ကြီးလှထူးဘိ၊ ယှိသူ
တို့သာ၊ ပြီးနိုင်ရာသား၊ မဟာဂန္ဓာရ၊ ဗြဟ္မစာရီ၊ ဗေဒာဂိနှင့်၊ လောကီမုနိ၊
ကဝိကဝေ၊ တိဟိဘ်နေတို့၊ ထားပေခဲ့ငြား၊ ပြဒါးသံသတ်၊ အဂ္ဂိရတ်ဟု၊ အတတ်
သိမ်မွေ့၊ လွန်ကောက်ကွေ့သား၊ ခြင်သေ့ထီးဆောင်း၊ အပေါင်းဂင်ရော၊ ဥ သာ
စိန် ပန်း၊ ဒန်း လှ ကို ရှာ၊ နံသင့်ရာနှင့်၊ အက္ခရာလေးခု၊ ဂြိုဟ်ပေါင်းစုဖြင့်၊ စတု
ပညာ၊ သချ်ာအရ၊ ဩသမျိုး၊ ဆေးရိုးအချုပ်၊ အလုပ်အချိန်၊ ဆတ္တိန်တြင်း၊
နဝင်းနက္ခတ်၊ လေးပါးဓာတ်က၊ ပါဒ်တရာ့ရှစ်၊ တွက်စစ်မတ်ပေါင်း၊ တကြောင်း
အလို၊ ရှစ်လုံးဂြိုဟ်ထက်၊ ပို၍အထူး၊ ကိတ်နှင့်ပူးပါ၊ ဘီလူးလေးကောင်၊
လူလေးကောင်နှင့်၊ တောကြောင်လည်းဘက်၊ အိမ်ကကြွက်ဟု၊ သိခက်စရာ၊
ရှို့ဝှက်စွာကို၊ ပညာနုပ်သေး၊ ဉာဏ်တရွေးဖြင့်၊ ကြံတွေးဆကာ၊ ထင်ရာရာတိုင်း၊
မီးမှာနှေ့ည၊ ပြာချသော့အား၊ သံပြဒါးတို့၊ ပြာကားမကျ၊ ဝါကြွကြွနှင့်၊
အိမ်ကမကြွင်း၊ ယှိရင်းဥစ္စာ၊ ကုန်၍သာလျှင်၊ ကိုယ်မှာမလှ၊ မွဲပြာကျ၏၊
ရှေးကကောင်းမှု၊ အပြုနည်း၍၊ ပစ္စည်းဥစ္စာ၊ ဉာဏ်ပညာလျှင်၊ ကိုယ်မှာ
နည်းလျက်၊ ခုလည်းကုသိုလ်၊ မပြုလိုငြား၊ မောဟပွါး၍၊ အားထုတ်အလွဲ၊
လူငမွဲက၊ အမဲကြိုက်ရာ၊ ဟူစပါသို့၊ မိစ္ဆာဝိုးဝါး၊ အကြံမှားနှင့်၊ ခံစားလိုငှါ၊
ကြံကြစွာ၏၊ ပါရမီဖြည့်ခြင်း၊ မပြုလျှင်းဘဲ၊ မာန်မင်းကြီးပင်၊ ရွှေပလ္လင်ကို၊
လိုချင်အားကြီး၊ လက်ရုံးကိုး၍၊ စစ်ထိုးလုကာ၊ မရစွာတည့်၊ သမ္ဘာ*မဟဲ့၊
ကုသိုလ်*မဲ့က၊အကဲ့ပါးနီး၊ရောက်လာပြီးသည့်၊နတ်သမီးများ၊ငါ့ရာအားလည်း၊
ကိုက်စားလိမ့်နိုး၊ ထင်ကြောက်စိုး၍၊ မုဆိုးတောသား၊ ထွက်ပြေးသွားရှင့်၊
ကြီးမားသမ္ဘာ၊ လောင်ရာဇာမူ၊ နှစ်ရာနှစ်ပေါင်း၊ စံရရှောင်း၏၊ ကျိုးကြောင်း
စပ်ညှို၊ ကိုယ့်သတ္တိကို၊ မသိကုန်ကြ၊ ထိုလူကြွတို့၊ မဝဝမ်းစာ၊ မရှာစီးပွါး၊
တကြွားကြွားကြောင့်၊ မယားကဆဲ၊ သားကမဲ၍၊ ဉာဏ်မွဲကံမွဲ၊အကြံလွဲနှင့်၊
ဆင်းရဲ ဒုက္ခ၊ *တွင်းဆုံးကျသည်။　။ဘဝချုပ်ချီ ချုပ်ချာတည်း။　(၉၀)

၂၆၀။ ထိုမှ့အပ၊ အချို့ကမူ၊ လောကလူ့ရွာ၊ ဘုန်းသမ္ဘာနှင့်၊ *ကြမ္မာ
ကြီးသူ၊ လူတို့အတွက်၊ *နိမက်နိမိတ်၊ *အတိတ်*ဘဝေါ၊ နတ်ပြောပြဆောင်၊

*သိုက်*တဘောင်ကို၊ ထင်ယောင်ထင်ဝါး၊ ကိုယ့်ဘိုလားသို့၊ ထင်မှားယူကြုံး၊ ထင်တလုံးနှင့်၊ လက်ရုံးမိုးတောက်၊ အံ့လောက်ဘနန်း၊ ဘုန်းတန်းကြီးသူ၊ ငါလျှင်ဟူ၍၊ *ပိုလ်လူအုန်းအုန်း၊ နေယှိုတုန်းကို၊ ပိုးစုန်းမီးမှုတ်၊ အားပါး ထုတ်သို့၊ မဟုတ်မရာ၊ ဟူစပါခဲ့၊ လိမ္မာကင်းငြား၊ ထိုယောကျ်ားလည်း၊ နွား၏ ပမာ၊ *မဲ့ပညာနှင့်၊ *ကြမ္မာဆိုးသူ၊ မိုက်သွေးထူသည့်၊ လူမလိမ္မာ၊ သတ္တဝါ*ခပဲ၊ ကံညာဏ်မွဲ့တို့၊ ဘင်းရဲ့ရကြောင်း၊ ရပ်တစောင်းက၊ မင်းလောင်း လုပ်ပြီး၊ ပေလိပ်မီးက၊ ငြမ်းကြီးကိုရှာ၊ ဆိုပမာဖြင့်၊ အရာမနိုး၊ အကြံ ကြီးနှင့်၊ နန်းထီးကိုပင်၊ စိတ်ကြီးဝင်၍၊ သို့စင်မြှောက်ကြွ၊ ကြံတတ် ကြ၏၊ ပုညစိမ်၊ ရေးကြောင်းခံနှင့်၊ ဘုန်းကံမတူ၊ ကြီးမြတ်သူကို၊ ပြိုင်မူ ဆက်ဆက်၊ ဆင်နှင့်ကြွက်သို့၊ ကိုယ်ပျက်မည်သာ၊ မချွတ်စွာဘူး၊ မိစ္ဆာမောဟ၊ မှောင့်*နှယ်ကျလျက်၊ ချိုကတထူး၊ ကံစုန်းပြူးနှင့်၊ ညာဏ်ရူးမွဲ့တေ၊ လူရုပ်တွေ လည်း၊ ကဝေနတ်မော်၊ ရူးဆေးဘော်၍၊ အကြော်တ႑ငြာ၊ ငါဆရာဟု၊ ပ႑ညာ ယောင်ဝါး၊ မြင်းမိုရ်ဖျားက၊ သိကြားကိုမျှ၊ မနေရအောင်၊ ခေါ်ချနိုင်ကြောင်း၊ ဟူတုံရှောင်း၏၊ ဆေးကောင်းစွမ်းအန်၊ မန္တန်သတ္တိ၊ သဒ္ဒိပြီး*ယောင်၊ ဟန်ဆောင်ဝါကြွား၊ ထောင်ပလွှားလျက်၊ စိတ်ကားဣန္ဒြာ၊ နှုတ်ဝိဇ္ဇာတည့်၊ ကိုယ်မှာဖွတ်လား၊ ခေါင်းစုတ်ဘွားနှင့်၊ ခေါင်းပါးမွဲ့ပြာ၊ ဆင်းရဲ့စွာ၏၊ သမ္မာ ဝါယာ၊ သမ္မာသင်္ကပ်၊ ပစပ်တရား၊ ကောင်းကြံယှားတိုင်း၊ ကြိုးစားပမ်းစား၊ လူဝိုးဝါးတို့၊ မပွါးပညာ၊ *ချည်းနှီးသာတည့်၊ ထင်ရာမှန်းလျက်၊ မျက်ကန်း လမ်းသွား၊ ပြုတုံငြားလည်း၊ မှန်မှားမသိ၊ ကျိုးမယှိရှင့်၊ ဝိစိကိစ္ဆာ၊ များရုံ သာဖြင့်၊ အဝိဇ္ဇာတုံး၊ မြင်းမိုရ်ဖုံးသို့၊ လုံးလုံးမသိ၊ မောဟဘိ၏၊ မဇ္ဈိမပဋိပဒ်၊ ဗောဓိသတ်ကို၊ အမြတ်ကျင့်မျိုး၊ လမ်းရိုးမ႑မှီ၊ လွန်ဝေးသီခဲ့၊ ပါရ႑မီတရား၊ မဟုတ်ငြားဘူး၊ ဆယ်ပါးပုည၊ ကုသလမှ၊ မုချကျိုးယှိ၊ သုဂတိနှင့်၊ ဗောဓိ သုံးတန်၊ မြတ်ဆုံးညာဏ်ကို၊ ဆုပန်ပတ္ထနာ၊ ပြီးကြစွာ၏၊ သိုက်စာနတ်စာ၊ လုပ်ရပ်စာကား၊ ပညာအရာ၊ ရှေး*ကြမ္မာနှင့်၊ သမ္ဘာကြီးသူ၊ လူတို့အကြောင်း၊ ကောင်းဘိုပစ္စည်း၊ မှန်သတည်းရှင့်၊ ဘုန်းနည်းကံမွဲ့၊ လူ*ဖြင်ပြဲအား၊ ဆင်းရဲ့ ဘိုရာ၊ ဖြစ်သည်သာတည်း၊ မှန်စွာမှတ်ယူ၊ စင်စစ်ဟူသော်၊ ရေးသူကားသော၊ လုပ်သူကြေ၍၊ ရွှေငွေပိဇ္ဇာ၊ ဖြစ်ခဲ့းစွာ၏၊ ဝါ႑ရုံ နီ႑ရုံ၊ ဖြစ်ပြီး႑ယုံလျက်၊ အာ႑ရုံ မက်ကာ၊ သေကြစွာခဲ့၊ *ကြမ္မာမကောင်း၊ အကြောင်းမလှ၊ ထိုလူကြွတို့၊ တကွ ရှင်ဝမ်း၊ ခွာတ်ချင်းပြွမ်း၍၊ ခြီးမွှမ်းတုံပယ်၊ ကုန်ရောင်းဝယ်သို့၊ ဖလယ် မြှောက်ကြွ၊ စိတ်တူကြ၏၊ အန္တမည်ငြား၊ ငှက်နှင့်သားတွင်၊ ယုတ်ဆုံးထင် လျက်၊ အသွင်ညစ်ဆိုး၊ အမျိုးနုပ်သေး၊ အကျင့်ဝေးသား၊ မြေခွေးကျီးနက်၊ မိုက်ခေါင်ပျက်တို့၊ ရောရှက်ကြည်ဖြူ၊ နှုတ်အမူဖြင့်၊ လိုတူဆန္ဒ၊ မြှောက်ဆိုကြ သို့၊ ဗာလချင်း႑ချင်း၊ ခြီးမွှမ်း႑ခြင်းလည်း၊ ကြားပျင်းစရာ၊ နှလုံးနာ၍၊ ပညာယှိနား၊ အလွန်ခါးသည်။ ။တရားမကြိုက် နှုတ်လျှာတည်း။ (၉၁)

၂၆၁။ တရားမကြိုက်၊ လျှာဒုစရိုက်နှင့်၊ လူမိုက်တသောင်း၊ ခြိမ့်မွမ်းရှောင်းလည်း၊ သူကောင်းတယောက်၊ ပြစ်တင်ကြောက်လော့၊ ရွှေနှောက်မဆာ၊ လူ့ဗာလတို့၊ ဂုဏာဒေါသ၊ နှစ်ဝကျိုးပြစ်၊ စိစစ်မြော်မြင်၊ မဆင်ခြင်ဘူး၊ ဆို၊ချင်မက်မော၊ ဆိုလျှင်*ဆောဖြင့်၊ သဘောအလိုက်၊ တုတ်နှင့်ရိုက်သို့၊ သူမိုက်ခြိမ်းမွမ်း၊ ဂုဏ်နာန္တမ်း၏၊ ဝမ်းမမြောက်သာ၊ ဤလူ့ရွာဝယ်၊ ကျွမ်းဝင်ရာညွတ်၊ ကြိုက်ရာနတ်နှင့်၊ မမှတ်ဂုဏ်ဝါ၊ ထူးမရှာဘဲ၊ ကြည်ညိုရာမြတ်၊ ချစ်ရာတတ်၏၊ ဆတ်ဆတ်ကေန်၊ မှန်သည်မယို၊ များစွာဘိရှင့်၊ ထင်မိထင်ရာ၊ လိုတိုင်းသာလျှင်၊ နှုတ်လျှာရွရွ၊ ပြောတတ်ကြခဲ့၊ မိန်းမပစပ်၊ အရပ်စကား၊ မမှန်များ၏၊ ကြားတိုင်းမယူ၊ ရေးမမူနှင့်၊ မည်သူမဆို၊ ဟုတ်တိုင်းကိုလျှင်၊ ပြောလိုတတ်ခဲ့၊ အမြဲမှတ်ဘိ၊ လူ့ထုံးသိလော့၊ လောကီလူတမ်း၊ လူ့နှုတ်ခမ်းကား၊ ခြိမ်းမွမ်းကဲ့ရဲ့၊ ဖြစ်တတ်ခဲ့ရှင့်၊ ပြစ်ဘွဲ့ကြည်ညို၊ ပြောကြဆိုလည်း၊ ပြောဆိုသူနှင့်၊ နှိုင်းကာချင့်တည့်၊ *ယခင့်ထိုသူ၊ ယုတ်မြတ်ဟူသည်၊ အယူတူမှ၊ ကြည်ညိုကြ၏၊ လူမျှသည်သာ၊ မဟုတ်စွာသေး၊ သုရာသုရ၊ သင်္ဂါမနှိုက်၊ သက္က ဣန္ဒာ၊ ဝေစိတ္တာတို့၊ သုဘာသိတ၊ ဆိုကုန်ကြသော်၊ ဗာလတို့အား၊ ဒဏ်ထားကြီးစွာ၊ ပြုအပ်၊ရာဟု၊ အသု၊ရာမင်း၊ ရှေးဦးကျင်း၍၊ ဆိုလျှင်းသော့ခါ၊ အသုရာတို့၊ လွန်စွာရွှင်ပျို့၊ နှစ်လို့ကုန်၊ကြ၊ သဘော၊ကျရှင့်၊ ဒေဝအများ၊ ဝတိန်သားမူ၊ နားနှိုက်မသာ၊ ခါးကြစွာ၏၊ ထိုဗာလအား၊ ဒဏ်မထားဘဲ၊ သိကြား*သူငယ်၊ နတ်ဘုန်းလျှံက၊ သည်းခံအပ်စွာ၊ ဆိုသော့ခါနှိုက်၊ ဝတိံသာသား၊ နတ်အများတို့၊ ရွှင်အားညီ၊ညာ၊ ကောင်းခြီး၊ပြာ၏၊ အသုရာသား၊ အောက်နတ်များက၊ တရား*မဲ့ဘိ၊ လိုဒ္ဓယို၍၊ တုဏှိဘာဝ၊ နေကုန်ကြရှင့်၊ ဓမ္မ အဓမ္မ၊ သဘာဝနှိုက်၊ ဟီန ဥက္ကဋ္ဌ၊ ယုတ် မြတ်ပုဂ္ဂိုလ်၊ အလိုနှစ်ဘို့၊ မတူတို့ဘူး၊ ဤသို့ခြင်းရာ၊ ဝတိန်မှာလည်း၊ ဝတိံသာသား၊ တပါးအောက်ရွာ၊ အသုရာမှာ၊ အသုရာများ၊ နှစ်ပုံခြား၍၊ ဓာတ်အားလျော်ရာ၊ ကြိုက်ကြစွာ၏၊ ကရုဏာညာဥ်၊ မယှဥ်သော့သူ၊ လူမိုက်ဟူ၏၊ ယှဥ်မူဉာဏ်ယို၊ ပဏ္ဍိမှတ်ရာ၊ လက္ခဏာတည့်၊ ပညာ*မဲ့ထ၊ ဗာလလူကို၊ ခြိမ်းမွမ်းဆိုသော်၊ ထိုသူဗာလ၊ ကဲ့ရဲ့ကလည်း၊ မုချပဏ္ဍိ၊ အမှန်သိလော့၊ မှတ်ဘိအဟုတ်၊ လူ*အစုတ်နှိုက်၊ သူယုတ်သဘော၊ ဓာတ်မနှော၍၊ မြတ်သောသူကို၊ မကြည်ညိုဘူး၊ အသိစက္ကဝါ၊ ဝေးကြကွာ၏၊ သမ္မာ မိစ္ဆာ၊ ဤနှစ်ဖြာကား၊ ဘယ်ခါသော်မှ၊ မတူကြတည့်၊ ဗာလ ပဏ္ဍိတ၊ ဒုဇ္ဇနနှင့်၊ သုဇနမျိုး၊ ကောင်း ဆိုးကိစ္စ၊ ကျင့်စာရက၊ မမျှကျိုးပြစ်၊ ကျောက်စရစ်နှင့်၊ ဖော့နှစ်*သွေးသိ၊ ရေနှင့်ဆီသို့၊ မညီစင်စစ်၊ ပေါ်နစ်ဆန်မျော၊ မနှီးနှောသည်။ ။သဘောအောက်ထက်*ကျေးညာတည်း။ (၉၂)

၂၆၂။ ဒုရာဇီဝ၊ ဒုကမ္မနှင့်၊ ပါပသက်မွေး၊ အပါယ်ဘေးကို၊ မတွေးကြောက်တတ်၊ သက်သတ် ခိုးစား၊ စသောအားဖြင့်၊ ငါးပါးသီလ၊ စာရ*မဲ့မျိုး၊ မုဆိုး

တငါ၊ ကျင့်ယုတ်မာတို့၊ ရုံခါတရား၊ ကျင့်ငြားသော်လည်း၊ စောင့်စည်းမယို၊ ပျက်လွယ်ဘိ၏၊ ဇာတိနွယ်ရိုး၊ အမျိုးကျင့်မြဲး၊ စွန့်နိုင်ခဲးစွ၊ မလွဲးမှတ်ယုံ၊ ဤလူ့ဘုံနိုက်၊ ပြည့်စုံအသိ၊ မျိုးဇာတိနှင့်၊ ကျင့်ယိုထိုလူ၊ မြတ်သည့်သူကား၊ စင်ဖြူမျိုးနွယ်၊ ကျင့်မပယ်တည့်၊ ဆင်စွယ်မှန်ငြား၊ ပိုးမစားသို၊တရား*လွဲးလက်၊ ကျင့်ယွင်းဖျက်၍၊ အသက်ဆုံးစေ၊ သေသော်သေဘိ၊ ဂတိလေးပါး၊ မဘောက်ပြားဘူး၊ သိကြားမင်းစစ်၊ ဖြစ်စိမ့်လည်းဟူ၊ ဆိုတုံမူလျက်၊ အယူမပျက်၊ နရက်ဝှန်†ခြောင်း၊ ကြိမ်ပိုက်†ချောင်းနှိုက်၊ ဥက္ကောင်းဦးဆောက်၊ ကျလိမ့်ချောက်လည်း၊မဘောက်မပြား၊မမှောက်မှားဘူး၊တရားမကြိုက်၊ဒုစရိုက်နှင့်၊သူမိုက်တို့ကို၊ မလိုဝေးစွာ၊ ကြဉ်ရှောင်ရာ၏၊ မိစ္ဆာဒိဋ္ဌိ၊ ယူဘိတိမ်းစောင်း၊ သူအပေါင်းကား၊ အကြောင်းမရှု၊မကောင်းမှုကို၊ မပြုဟူသည်၊ တမည်မယို၊ ပြုသည်တိကြောင့်၊ ဝီစိအထဲး၊ ငရဲးဘဝ၊ ယေဘုယျဖြင့်၊ မထနိုင်ပြီ၊ပထဝီဂေါပက၊ဟူထတုံဘိ၊သုဂတိမျှ၊ မသိဝေးကွာ၊ လူနတ်ရွာနှင့်၊ ဖီလာကွယ်ထောင့်၊ မြေစောင့်ဝဋ္ဋင့ုတ်၊မပြုတ်နိုင်စွာ၊ ငရဲးရွာဝယ်၊ မီးစာဖြစ်လျက်၊ ကမ္ဘာပျက်လည်း၊ စကြဝဠာတပါး၊ ပြောင်းသွားခံရ၊ မလွတ်ကြတည့်၊ နိယတမိစ္ဆာ၊ ပြစ်ကြီးစွာ၏၊ ကမ္ဘာသာ†ကြေ၊ ကံမ†ကျေဘူး၊ အာသေဝန၊ ပစ္စယဖြင့်၊ ဘဝဆက်ဆက်၊ ယူမပျက်ဘဲး၊ *နရက်နှိုက်သာ၊ ကျင်လည်ရာ၏၊ တလည်တပတ်၊ လူနတ်ငရင်း၊ ဖြစ်လာရှောင်းလည်း၊ *မညောင်းမညာ၊ ခဏတာမျှ၊ မကြာလျှင်မောၤ ပျက်လွယ်ဆော၏၊ မနေသယုတ်မာ၊ ဖြစ်တိုင်းပါခဲ့၊ ပြစ်*ဆာကင်းလွတ်၊ သူမြတ်တို့အား၊ ပြစ်မှားကျူးလွန်၊ ထိုသည့်ဒဏ်ကို၊ မကန်တော့ဘဲး၊ ရှောင်လွဲးသေ့သူ၊ သေမှုမှန်စွာ၊ ငရဲးသာရှင့်၊ ငယ်ခါအမိုက်၊ ဒုစ္စရိုက်ကို၊ ကိုယ်နှိုက်ကြီးအောင်၊ မရှောင်မခွါ၊ သေအောင်ပါလည်း၊ ပါယ်ရွာ မချွတ်၊ ရောက်မြဲးတတ်တည်း၊ မှတ်လော့ကျမ်းလာ၊ သတ္တဝါတို့၊ ပဋ္ဌာနန္တရိုက်၊ မထိုက်တုံထ၊ ကံပါပကို၊ နောက်မှအကျယ်၊ ရှင်းရှင်းပယ်၍၊ ပြုဘွယ်ပုည၊ ကုသလကို၊ လုံ့လကြိုးစား၊ ကျင့်နိုင်ငြားမူ၊ လေးပါးပါယ်ရပ်၊ လားမကပ်ရှင့်၊ ခြောက်ထပ်နတ်ရွာ၊ ဗြဟ္မာဘုမိ၊ သုဂတိနှင့်၊ မဂ်ထိဖိုလ်တိုင်၊ ပေါက်ရောက်နိုင်ခဲ့၊ မြဲးခိုင်သမ္မာ၊ အားထုတ်ရာ၏၊ သည်းချာချစ်သား၊ ယူမမှားနှင့်၊ တရားမမျှော်၊ မသူတော်ကို၊ ပေါင်းဘော်သမျှ၊ ဒုက္ခညီးညီး၊ လောင်သည့်မီးသို၊ ပျက်စီးတတ်စွာ၊ မချမ်းသာဘူး၊ ဆရာမိဘ၊ ဆုံးမစကား၊ မလိုက်ငြားလည်း၊ ပျက်ပြားဆင်းရဲး၊ ဖြစ်မြဲးကေန်၊ မသွေလွန်တည့်၊ အမှန်မုချ၊ ယွင်းမခွရှင့်၊ *မဆွရှေးက၊ သုပဏ္ဏဟု၊ လင်းတ ကျေးသား၊ ဘစကားကို၊ နားမထောင်ချက်၊ ဆုံးမခက်ကြောင့်၊ ပျံတက်ကောင်းကင်၊ ပင်လယ်ပြင်ဝယ်၊ လေသင်မုန်းဖြတ်၊ လှိုင်းဟုန်ခတ်၍၊ သက်ပြတ်ကြေမွ၊ သေကုန်ကြ၏၊ မိဘစကား၊ နားထောင်ငြားက၊ သံပြားကျောက်စောင်း၊ ကြိုသော်ပျောင်းဟု၊ သူဟောင်းရှေးလွန်၊ ဆိုမိန့်ညွန်၏၊ သား*မွန်မှတ်သား၊ သတိထား၍။ ။တရားကိုယ်နှင့် မခွါတည်း။ (၉၃)

၂၆၃။ တရားကိုယ်မှာ၊စဉ်မခွါနှင့်၊ ဝါစာဖရှသ်၊ ခွဲ*နှယ်ခုတ်လျက်၊ ကြမ်းကြုတ်မျက်ရှိန်၊ နှုတ်ပုဆိန်ဖြင့်၊ မမြိန်ငေါက်ဆတ်၊ သူယုတ်မြတ်အား၊ ပြောတတ်ကုန်ဘိ၊ လူပါပိတို့၊ မိမိကိုယ်ကို၊ အပျက်လို၍၊ တူးဖြိုဆက်ဆက်၊ မိမိဖျက်သည်၊ မည်တုံလတ်၏၊ *ပေါက်လွှတ်တရား၊ သူတပါးကို၊ *လောက်လား *မဲ့စွာ၊ မပြုရာဘူး၊ ရာဇာ*သနင်း၊ မင်းတို့အမျက်၊ ကမ္ဘာပျက်သို့၊ ထွက်ကမရှောင်၊ မီး*နှယ်လောင်၏၊ သိမ်းဆောင်ဉာဏ၊ ငြိမ်းအောင်ချရှင့်၊ ဒေါသပယ်ခွါ၊ မျက်နည်းစွာလျက်၊ ရတနာတဆူ၊ ဘသည်းအူလျှင်၊ *ဗိုလ်လူများစွာ၊ သတ္တဝါအား၊ မေတ္တာသနား၊ ကိုယ်မခြားအောင်၊ တရားဂုဏ်နှစ်၊ မြဲးစေရစ်လော့၊ မစစ်အမျိုး၊ ကျင့်မှုဆိုးနှင့်၊ မရိုးကောက်ကျစ်၊ စည်းစိမ်ယစ်၍၊ မိုက်ညစ်သဘော၊ *မနောရင်း†ကျည်၊ စိတ်မြူနည်ဖြင့်၊ မ†ကြည်*ငေါ်ငေါ်၊ အောင့်သက်ငြူစူ၊ ကိုယ့်အောက်လူတို့၊ *ပအူ ပစေး၊ ပလေး*ပလာ၊ ရံခါပြစ်မှား၊ ပြုတုံငြားလည်း၊ သိကြားဒေဝိသ်၊ ဝေပစိတ်၏၊ မဆိတ်မညံ၊ ကျိန်ဆဲးသံကို၊ သည်းခံသမှု၊ ပြန်ပြုမမူ၊ မျက်မရှုသို့၊ မယူအပြစ်၊ လွဲးစေရစ်လော့၊ လောင်ခြစ်ပွက်ဆူ၊ မျက်ထွက်သူကို၊ တုံ့မူအမျက်၊ ပြန်မထွက်က၊ အောင်ခက်နိုင်ခဲး၊ စစ်မြေထဲးဝယ်၊ အောင်ပွဲးရသည်၊ သူဟုမည်ရှင့်၊ မကြည်စိတ်ငေ်၊ အမျက်ထွက်သူ၊ ထိုယည့်လူနှင့်၊ အတူပြန်လျက်၊ မျက်မာန်ထွက်သော်၊ ရှေးထက်နောက်လူ၊ မိုက်သောဟူ၏၊ မှတ်ယူပိုက်ကျုံး၊ နှလုံးထဲးနစ်၊ စွဲးစေရစ်လော့၊ မုန်း ချစ်နှစ်တန်၊ လူတို့ဌာန်ဝယ်၊ အမှန်သဘော၊ မရှိသောရှင့်၊ လောကီ*အစုတ်၊ လူတို့နှုတ်ကား၊ မဟုတ်လည်းပြော၊ ဟုတ်လည်းပြော၏၊ မင်းစောသားချစ်၊ မာန်မယစ်နှင့်၊ ခံလစ်သည်းညည်း၊ သာညံ့ဖြည်း၍၊ အောင့်ဆည်းနိုင်ဘိ၊ မြတ်ခေါင်ထိ၏၊ အဓိဝါသိ၊ ခန္တီမည်ငြား၊ ဤတရားကို၊ လွန်အားကြီးစွာ၊ သူ*တကာထက်၊ ကိုယ်မှာအစဉ်၊ မြဲးယှဉ်စင်စစ်၊ ကဲးစေရစ်လော့၊ ကျိုးပြစ်မသိ၊ မယှိဉာဏ၊ မိုက်ဝါဒနှင့်၊ လူ့ဗာလမျိုး၊ လနေ မိုးကို၊ မျက်ငိုးငြူစူ၊ ဆဲးရေးမူလည်း၊ ဆဲးသူလူနှမ်း၊ သွမ်းသာသွမ်း၏၊ သွားလမ်းအညီ၊ ရာသီပက္ခ၊ ကာလမရွေ၊ သာလေ့ပူလေ့၊ ရှာမြဲးလေ့တိုင်၊ *ပြကတေ့ အရိး၊ လနေ မိုးတို့၊ နှမ်းညိုးဂုဏ်ဝါ၊ ဘယ်ပျက်ရာလိမ့်၊ ပမာထိုလား၊ တရားကျင့်တတ်၊ မြဲးမချွတ်သည့်၊ သူမြတ်တို့အား၊ ပြစ်မှားပြုမူ၊ ပြစ်မှားသူသာ၊ ပြစ်ယိုရာ၏၊ ပညာ*မြောက်†မြား၊ သူမြတ်†များကား၊ နှမ်းပါးဂုဏ်ညစ်၊ ဘယ်သို့ဖြစ်လိမ့်၊ မချစ်လူများ၊ မပွါးနှလုံး၊ ဆိပ်တုံးပြည့်ဆူ၊ မြွေဟောက်တူသို့၊ ရန်သူ*ဖြင်ပေါ၊ အပြစ်*ပြောလျက်၊ သေသောနောက်ဝယ်၊ အပါယ်ဆတ်ဆတ်၊ လားစေတတ်ဟု၊ ဟောမှတ်ဘော်ပြ၊ အဏ္ဏောသ၏၊ ပဋ္ဌဒေါသာ၊ ဒေသနာကို၊ သေချာပိုင်းဆစ်၊ ဆင်ခြင်စစ်လျက်၊ အပြစ်ပြုလို၊ ဒေါသပို၍၊ သူ့ကိုမုန်းထား၊ မျက်မပွါးသည်။ ။တရားသူတော့် ဥစ္စာတည်း။ (၉၄)

၂၆၄။ သူတော်ဥစ္စာ၊ မြဲမြံစွာလော့၊ ရံခါဘယ်မျှ၊ မချရဘူး၊လို့လ၍သာ၊
တည်စေရာ၏၊ သဒ္ဓါသီလ၊ လှူစာ†ဂဟု၊ ရှေး†ကကောင်းမှု၊ တဦးပြုသည့်၊
ကုသိုလ်အကျိုး၊ ဘုန်းကံမျိုးကား၊ ခိုး၍မရ၊ မှန်တုံစွတည့်၊ ပုညသိရီ၊ မယှိ
သော့သူ၊ ဘုန်း*မဲ့လူတို့၊ ခိုးယူအံ့ကြံ၊ သူ့ဘုန်းကံကို၊ အထံလာရောက်၊ လှူခံ
မြောက်လည်း၊ ကြက်မောက်ပတ္တမြား၊ တောင်ဝှေးဖျားနှင့်၊ မယားဥက္ကောင်း၊
တောင်းတိုင်းပြောင်းရှင့်၊ ကံဟောင်းမပါ၊ မရသာဘူး၊ သမ္ဘာချီတဲ့၊ လူဘုန်း
*မဲ့၏၊ အကဲ့လက်တွင်း၊ ရောက်တုံလျှင်းသား၊ မင်းဖြစ်ပံ့သကူ၊ ဟင်းဆူဆူကို၊
ရေယူလှိုင်းဝှေ၊ ထိုက်သူ ရှေ့သို့၊ ဆောင်၍လျင်ကြောင်း၊ ပို့ရရှောင်း၏၊
မိုးကောင်းဆင်ဖြူ၊ ရပါမူလျက်၊ ရသူဘုန်း*မဲ့၊ ဖြစ်ခဲ့ရကား၊ မတန်ငြား၍၊
တပါးထိုက်ရာ၊ ပံ့သွားပါ၏၊ ရတနာဟူတုံ၊ တစုံတခု၊ ဝတ္ထုအမျိုး၊ အဘိုး
*နဂ်ပြည့်၊ ပြည်တန်လှည့်လည်း၊ သုံးမည့်သူက၊ သုံးမကျလျှင်၊ မြေမှထင်စွာ၊
ကြက်ယက်ရာနှိုက်၊ ရတနာပတ္တမြား၊ ပေါ်သော့လားသို့၊ သုံးစားမဝင်၊ ဘိုးမထင်
ဘူး၊ ရွှေစင်သည်းအူ၊ မှတ်နည်းမူလော့၊ ရှင်လူသတ္တဝါ၊ ထိုမျှားစွာကား၊
အပရာပရိယ၊ ကံကိစ္စနှင့်၊ ကင်းကြသူတိ၊ မည်မယှိရှင့်၊ မသိနိုင်တောင်း၊
ကံဆိုး ကောင်းကို၊ ဥက္ကောင်းရွက်၍၊ အချက်သင့်ရာ၊ ခံရစွာ၏၊ ရေမှာရေဟူ၊
ကုန်းမူကုန်းလျောက်၊ ကျိုးရောက်ပြစ်†ကျ၊ ကံပစ်ချတိုင်း၊ တွေ့†ကြကြုံ†ကြ၊
ခံကုန်ရခဲ့၊ မုချမြဲးရှု၊ ကိုယ်လျှင်ပြုတိုင်း၊ အမှုကောင်းဆိုး၊ စေ့စိုက်ပျိုးသည့်၊
မျိုး၏ပမာ၊ ကာလကြာသော်၊ နာနာက္ခဏိက၊ အခွင့်ရတိုင်း၊ ပွင့်ကြသီးကြ၊
ဝိပါကဖြင့်၊ ရင့်ကြမြဲးစွာ၊ မလွဲသာဘူး၊ မဟာသမုဒ္ဒရာဇ်၊ ပင်လယ်မြစ်နှိုက်၊
ရေနစ်ပွဲခံ၊ တည်ညံ့ဖြင့်၊ ကံမကောင်းသူ၊ ပျက်ကြောင်းဟူ၏၊ ကံမူကောင်းက၊
ချမ်းသာကြ၏၊ ကမ္မပစ္စည်း၊ ဤသို့တည်းရှင့်၊ လူလည်းမတတ်၊ နတ်လည်း
မဘန်၊ သမုဋ္ဌာန်ဖြင့်၊ ကမ္မန္တရ၊ ဝိသေသကို၊ အနန္တဉာဉ်၊ စံမယှဉ်သည့်၊
သဗ္ဗညုဇ္ဈား၊ ဉာဏ်ဆယ်ပါးနှင့်၊ ဘုရားတို့သာ၊ သိပိုင်ရာ၏၊ *ကြမ္မာရှေ့ပြေး၊
အကျိုးပေးမည့်၊ ရှေးကုသိုလ်ကံ၊ ကြောင်းခံကြီးမင်း၊ ယှိတုံလျှင်းက၊ လူပျင်း
ဖြစ်လျက်၊ သင်္ဘောပျက်လည်း၊ အသက်မသေ၊ ရေမှာမမွန်း၊ ကျွန်းသို့ရောက်
ငြား၊ မဆုံးပါးဘူး၊ ပတ္တမြားမျက်ပုံ၊ ရောင်လျှံဝင်းထိန်၊ ပုဆိန် မုရိုး၊ နို့ဓမ်း
အိုးဟု၊ လေးမျိုးစကြာ၊ ရတုံပါ၍၊ ဗာရာပြည်ကြီး၊ နန်းထီးတကွ၊ စိုးပိုင်ရ၏၊
ထိုမှတဖြာ၊ ရှေးသော့ခါနှိုက်၊ မဟာဇနက၊ နိဂြောဓနှင့်၊ ဗြဟ္မဒတ္တ၊ ရိန္ဒမက၊
နန္ဒိယမင်း၊ ဥယျာဉ်တွင်းဝယ်၊ အိပ်ရင်းစင်စစ်၊ မင်းဖြစ်ရထား၊ ဆိုက်ငြား
ရောက်လာ၊ *သာလကာတည့်၊ ကြံပါချွတ်လွဲ၊မကြံဘဲလည်း၊ ဖြစ်မြဲးတတ်စွာ၊
ဟူစပါ၏၊ ဝါယာကုတ်ကော်၊ မဆော်မ†လှုံ့၊ မ†လှုံ့မလ၊ ဖြစ်ကြောင်းစသား၊
ရှေးက*ကြမ္မာ၊ ကြီးသူသာတည်း၊ ယှဉ်ကာထိုနှင့်၊ *မနှုန်းသင့်ဘူး၊ အခွင့်
ဆိုးကောင်း၊ မမြင်တောင်းခဲ့၊ အကြောင်းယှိရာ၊ အကျိုးလာ၏၊ ကောင်းငှါ

ဆိုးငှါ၊ ရှေး*ကြမ္မာလျှင်၊ ခွင့်သာရောက်ငြား၊ ထိုသူအားကို။ ။ဘုရားမပယ်နိုင်စွာတည်း။ (၉၅)

၂၆၅။ ရှေးကပုညာ၊ ဝိသေသကြောင့်၊ ကမ္မတန်းခိုး၊ ကံအကျိုးဖြင့်၊ အစိုးရခြင်း၊ မင်းဟုဖြစ်ဘိ၊ ဘုန်းသီရိကား၊ ယှိယှိသမျှ၊ လက်တွင်းကျခဲ့၊ ရေကကြည်းဖြစ်၊ အနှစ်ဥစ္စာ၊ ရတနာတို့၊ တည်ရာနေရာ၊ လာရောက်ရာတည့်၊ သဒ္ဒါဟူငြား၊ ဤတရားလည်း၊ လမ်းသွားသံသရာ၊ သတ္တဝါ၏၊ လူ့ရွာနတ်ဌာန်၊ နိဗ္ဗာန်ထုတ်ချောက်၊ အဆုံးရောက်အောင်၊ ခြိုးမြှောက်ဥပ၊ နိဿယစစ်၊ မစမကွာ၊ လိုက်၍သာလျှင်၊ မဟာမိတ္တ၊ ကလျာဏစစ်၊ ခင်ပွန်းချစ်သို့၊ ဖြစ်ဖြစ်သမျှ၊ ဘဝထိုထို၊ ရတိုင်းကိုယ်နှိုက်၊ အလိုယှိရာ၊ ပေးတတ်စွာ၏၊ သဒ္ဒါရှေးက၊ *မဲ့ကြသော့အား၊ ထိုသူမျှားကား၊ စီးပွါးချမ်းသာ၊ လုပ်ဆောင်ပါလည်း၊ လိုရာမပြီး၊ ရှေ့ကဆိုး၍၊ မီးနှင့်မပြတ်၊ ဖျက်ရှို့တတ်သည့်၊ ဗိသျှတ်ကရိဏ်း၊ သင့်သောတိုင်းဖြင့်၊ ထုံးပိုင်းပျက်စီး၊ ချည်းနှီးမျှသာ၊ ဖြစ်တတ်စွာ၏၊ ပညာနှိုင်းညှိ၊ ဆင်ခြင်သိလျက်၊ သတိမ†လျှော့၊ မမေ့†လျှော့နှင့်၊ သူတော့်ဥစ္စာ၊ ကျင့်သမ္မာကို၊ ဘယ်ခါမချကြိုးလုံ့လလော့၊ ပါပအစု၊ မကောင်းမှုဆို၊ အကုသိုလ်ကို၊ အလိုကျင့်သီး၊ ကျင့်မိပြီးလည်း၊ ပွါးဖြိုးထပ်ကာ၊ မပြုရာရှင့်၊ ပယ်ခွါမနှေး၊ မဖြစ်သေးကို၊ ဝေးစေအား*သစ်၊ ကုသိုလ်ဖြစ်မှု၊ မဖြစ် ဖြစ်အောင်၊ ကျင့်ဆောင်ကြိုးစား၊ ဖြစ်ပြီးပွါးဟု၊ လေးပါးသမ္မပ္ပဓာန်၊ လုံ့လ*မွန်ကို၊ အား*သွန်နိစ္စ၊ မလွှတ်ရဘူး၊ မရဏဘွား၊ မသေငြားက၊ ထင်ရှားမင်းလောင်း၊ ရွှေထီးဆောင်းဟု၊ ကျမ်းဟောင်းအလို၊ ဟူးရားဆိုလည်း၊ ကုသိုလ်လက္ခဏာ၊ သမ္မာဝါယာမ၊ ပယောဂဖြင့်၊ လုံ့လမဲ့ဘဲ၊ ဖြစ်မလွဲဟု၊ အမြဲမုချ၊ မမှတ်ရဘူး၊ ထိုမှတဝ၊ မိဘနှစ်ဖြာ၊ စင်ကြယ်စွာလျက်၊ မဟာဝံသ၊ ခတ္တိယဇာတ်၊ မျိုးဥက္ကဋ္ဌနှိုက်၊ အမြတ်သန္ဓေ၊ တိဟိတ်နေ၍၊ စက်ရွှေဘွားတွင်း၊ စက်မင်းရုပ်မှ၊ ကြွင်းသမ္ပတ္တိ၊ တရာ့ခုနစ်ဖြာ၊ လက္ခဏာနှင့်၊ စကြာလောင်းစစ်၊ ဖြစ်လင့်*တပဲ၊ မစွန့်ကြဲလျှင်း၊ ပေးလှူကင်းလျက်၊ သီတင်း*မဲ့စွာ၊ နေရကာမူ၊ စကြာမရောက်၊ ဘုန်းမတောက်ဘူး၊ မဘောက်ဝမ်းထဲ၊ သဒ္ဒါကဲ၍၊ စွန့်ကြဲမယုတ်၊ စောင့်ကိုယ်နှုတ်ဖြင့်၊ ဥပုသ်ဗြဟ္မ၊ စရိယကို၊ လုံ့လမြဲး*မြဲ၊ ကျင့်ခြိုး*ခြံမှ၊ စက်ပံ့ရတနာ၊ ရောက်လာတုံမြို၊ နတ်တို့ဆောင်ယူဆက်သော့ဟူ၏၊ သားဖြူမင်းပျို၊ မှတ်နာချီလော့၊ စိန်ကိုအစောက်၊ ကျောက်ကိုမောက်မှ၊ ဘိုးရောက်ကဲးလွန်၊ ဂုဏ်ရည်*မွန်၏၊ ထို့ဟန်ပ†မာ၊ လူတို့†မှာလည်း၊ သဒ္ဒါပတ္တမြား၊ မောက်မောက်ကြွားလျက်၊ ပိုင်းခြားလက္ခဏာ၊ ရှုတတ်စွာသား၊ ပညာဝရဇိန်၊ နတ်ပစ်စိန်လျှင်၊ ချိန်ရာမယွင်း၊ မြင်းမိုရ်တွင်းသို့၊ ထုတ်ချင်းမတွန့်၊ ရှယ်တိုင်း*ကွန့်အောင်၊ သွယ်ညွန့်သွန်းသွန်း၊ မြိုက်မြိုက်ချွန်းရှင့်၊ တု*ကျွန်းဘက်ကွာ၊ ရတနာတိ၊ သဒ္ဒါပညာ၊ ထိုဥစ္စာနှင့်၊ မကွာလက်ယှိ၊ တည်ဘိ ထိုသူ၊ ကျွန်းဇမ္ဗူထက်၊ *ဗိုလ်လူအုံ့ခြိမ်း၊ တောင်ထိပ်မီးသို့၊ ဝေးနီးနှံ့ပြား၊ ကျော်ထင်

ရှားလျက်၊ ခြောက်ပါးနတ်ရွာ၊ လမ်းပွင့်သာလိမ့်၊ နှစ်ဖြာထင်ရှား၊ ဤတရားကို၊ မှတ်သားပိုက်ထုပ်၊ ဝမ်းဝယ်မြှုပ်လော့၊ မြေပုပ်လည်းချ၊ ငါလည်းမဟု၊ မူလ ထက်ပေါင်း၊ မူလီလောင်းလျက်၊ ကံဟောင်းကံသစ်၊ ထပ်ရစ်အားပေး၊ နှစ်ပါး ထွေး၍၊ နှောင်းရှေးအဟုန်၊ ကုသိုလ်ဂုဏ်ဖြင့်၊ ရေစုန်ရွက်တိုက်၊ ရေကြော လိုက်သို့၊ စိုက်စိုက်*လက်ငင်း၊ ကြာမတင်းသည်။ ။ဝင်းဝင်း ရောက်လိမ့် စကြာတည်း။ (၉၆)

၂၆၆။ စကြာရောက်ကြောင်း၊ စကြာလောင်းတို့၊ ကျင့်ဟောင်းအဟုတ်၊ မြဲမယုတ်သား၊ ဥပုသ်စရိယာ၊ အင်ရှစ်ဖြာထက်၊ မေတ္တာလောင်းထ၊ နဝင်္ဂလည်း၊ ကာလအစဉ်၊ ကင်းမကြဉ်နှင့်၊ ယှဉ်စေမပျက်၊ ကျင့်ဆောင်ရွက်လော့၊ အဘက် မမျှ၊ ကိုယ့်အောက်ကျသား၊ ဟီနလူမျိုး၊ မျက်မုန်းကျိုး၍၊ တစိုးတစိ၊ ပြစ်မှား ဘိလည်း၊ စိတ်ယိုငြိုးထား၊ မျက်မပွါးလင့်၊ နွားကိုဘားတု၊ ဂုဏ်ပြိုင်ပြုလည်း၊ အမှုမထား၊ ထိုသည့်နွားက၊ မြက်စားမပျက်၊ ရန်ဘက်မဟူ၊ မမူအတွံ့၊ ပြန်စမြုံ့နှင့်၊ မလှုံ့မချေ၊ ဘားသာသေ၏၊ ရွှေကေသရာ၊ မိဂိန္ဒာအား၊ မိစ္ဆာ ဝက်မိုက်၊ ရန်ခိုက်လိုခြင်း၊ ဝိဒေမင်းကို၊ မာန်တင်းရန်ထောင်၊ ပုတ်သင်စောင် လည်း၊ တိမ်းရှောင်ကုန်ကြ၊ မတုပသို့၊ မွေးဘသည်းအူ၊ ကိုယ့်အောက်သူကို၊ ရန်မူမျက်ပွါး၊ ဘက်မထားလင့်၊ ပတ္တမြားဂူ၊ ဝက်ငြူစူ၍၊ ရွံမှုညစ်စေ၊ ပွတ် လေလေတိုင်း၊ သရေမညှိုး၊ ရောင်ဝါတိုးသို့၊ တန်းခိုးထင်ရှား၊ ပွါးထက်ပွါးလစ်၊ သစ်ထက်သစ်၏၊ စိစစ်မှတ်ပိုက်၊ ဤလူနိုက်လျှင်၊ သူမိုက်ကသာ၊ ငြူစူစွာခဲ့၊ ပညာယှိသူ၊ ပဏ္ဍိလူကား၊ မဆူမဝေ၊ အိုင်ကြီးရေသို့၊ အနေ*ခိုင်†ကျည်၊ ကြံ့ကြံ့ တည်၍၊ ဧး†ကြည်မျှစွာ၊ ကရုဏာနှင့်၊ မေတ္တာထပ်ရစ်၊ ချစ်ထက်ချစ်၏၊ ရှေးဖြစ်ကာလ၊ *ယခင်ကတိ၊ ဘုရားအလောင်း၊ ယောင်ဆင်ပေါင်းနှင့်၊ စံ*ညောင်းလတ်သော်၊ ညီတော်အားပြိုင်၊ စစ်ရေးဆိုင်က၊ နိုင်တော်မူလျက်၊ အသက်ဇီဝ၊ သတ်မချဘဲ၊ ဗလကြီးမား၊ ငါ့ခွန်အားကို၊ အများသိစေ၊ ပြတုံ ပေဟု၊ ဗိုလ်ခြေပွဲးတွင်း၊ လောင်းဆင်မင်းလျှင်၊ ထင်လင်းကြည်ဖြူ၊ မိန့်တော် မူလျက်၊ မယူအပြစ်၊ ကျေးဇူးဖြစ်အောင်၊ ဂုဏ်လှစ်ဘော်ပြ၊ ခြီးမွမ်းစွရှင့်၊ ရှေးကပူရဏ်၊ ကျမ်းမိန့်ဟန်ကို၊ ရွှေဉာဏ်ယူဆ၊ သဘောကျလော့၊ လောက နိုက်မှာ၊ လေးစွာကျောက်ထီး၊ ထိုကျောက်ထီးထက်၊ လူကြီးမိဘ၊ ဆရာစသား၊ ဆုံးမစကား၊ ထိုစကားထက်၊ ဘုရားနှုတ်နက်၊ ဓမ္မစက်အစစ်၊ လေးဆုံးဖြစ်၏၊ ဘွင့်လှစ်သဘော၊ မြတ်ရှင်*စောတို့၊ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊ မွေ့သိမ် *နက်ကိ၊ ပါဠိထင်ရှား၊ ဟောမြွက်ကြားတိုင်း၊ တရားမထောင့်၊ အမှန်စောင့်က၊ စောင့်သည့်တရား၊ စောင့်သူအားကို၊ မမှား*ဆတ်ဆတ်၊ စောင့်*သတတ်တည့်၊ ယွင်းချွတ်မယှိ၊ ဟုတ်လှဘိ၏၊ သု စိ ပု ဘား၊ စကားလေးလုံး၊ စွဲးသုံးလေ့လာ၊ မလွှတ်ရာဘူး၊ သမ္မာဝါဒ၊ မြဲးမခွနှင့်၊ ကိုယ်မှတပါး၊ မျှားလှတုံစွာ၊ သတ္တဝါ

အား၊ ကြင်နာဝမ်းထဲ၊ ညှဉ်းဆဲမပြု၊ စက္ခု နား နှာ၊ ခြောက်ဖြာ ဣန္ဒြေ၊
စောင့်ထွေဆုံးမ၊ ဓမ္မေနဖြင့်၊ ရှာထဥစ္စာ၊ ကိုယ်မှာနိစ္စ၊ သီလယှိမျှ၊ ထိုလူတို့
ကား၊ ကောင်းဘို့ကောင်းရာ၊ ကောင်းဇာတာနှင့်၊ ကောဇာကောဝိန်၊ ဆတ္တိန်
တြင်း၊ နဝင်းနက္ခတ်၊ ပါဒ်ဗိဇနာ၊ ခရာဟူသမျှ၊ ကိန်းအ†ကျတို့၊ ကောင်း†ကြ
သည်ချည်း၊ ဖြစ်သတည်းဟု၊ *ရှင်နည်းလောကီ၊ မြတ်ဝါဒီတို့၊ ဝသီဉာဏ်စွမ်း၊
ကမ္ဘာ့တမ်းဖြင့်၊ ကျမ်းဇောတိသတ်၊ မိန့်*သတတ်ရှင့်၊ ယုတ်မြတ်များစွာ၊
သတ္တဝါအား၊ ကံသာမယှဉ်း၊ ကောင်း ဆိုးခြင်းသည်။ ။ကြောင်းရင်းကမ္မဿ-
ကာတည်း။ (၉၇)

၂၆၇။ နည်းပါးပုညာ၊ ဒုကမ္မနှင့်၊ ဘဝလူ့ရွာ၊ လူဖြစ်ပါလည်း၊ ပညာယှိထံ၊
နည်းမခံဘဲ၊ ကံလည်းတကွဲ၊ ဉာဏ်တလွဲရှင့်၊ ကံမွဲဉာဏ်မွဲ၊ အကြံမွဲတို့၊
ဆင်းရဲညှိုးပိန်၊ မိတ္တဝိန်သို့၊ ကောင်းချိန်ကောင်းရာ၊ ကောင်းအခါကို၊ ဘယ်မှာ
မရ၊ ဖြစ်တတ်စွ၏၊ ဓမ္မစာရီ၊ ငါလျှင်ပြီဟု၊ အညီမလစ်၊ တရားချစ်လော့၊
မဖြစ်ညစ်ကျယ်၊ လူဝယ်ယုတ်မြတ်၊ မမှတ်ရိုင်းစိုင်း၊ လူမိုက်ထိုင်းတို့၊ မကိုင်း
ညွတ်လို၊ ထွန်တုံးမျိုသည့်၊ မြွေ့ကိုယ်အလား၊ ပုံမခြားအောင်၊ စိတ်ထားခိုင်မာ၊
လွန်စွာတောင့်တင်း၊ အတွင်းမာန၊ ခက်ထန်ကြ၏၊ နှိမ့်ချမကျိုး၊ ထိုလူမျိုး
ကား၊ မိုးကိုလက်†လှမ်း၊ မြွှေသွေးစမ်းသို့၊ စွဲ†လမ်းမရ၊ တဆဆဖြင့်၊ မကျ
အရာ၊ ယောင်ကာသာလျှင်၊ ဤမှာကောင်းနိုး၊ ထိုကောင်းနိုးနှင့်၊ နိုးနိုးအာရုံ၊
ကာလ*ဟုံ၍၊ *မကံဥစ္စာ၊ ဝိဇ္ဇာသိပ္ပ၊ *မဲ့တတ်ကြရှင့်၊ ဓန ပညာ၊ *မဲ့တုံပါ
သော်၊ ဥစ္စာမယှိ၊ ကတိမတည်၊ လူမမည်ဘဲ၊ လူရည်မသွင်၊ ပွဲလယ်ခွင်သို့၊ မဝင်
အပ၊ သုံးမကျဘူး၊ မယားကမူ၊ အောင့်အည်းစူလျှက်၊ ညဲ့ညူယောက်ယက်၊
ဆံရှုပ်ရှက်နှင့်၊ ခေါင်းရွက်ဘေ့ရှာ၊ မူးဝေပြာ၏၊ လင်မှာသော်ကား၊ တလျှား
လျှားသာ၊ သောက်စားပျော်ပါး၊ ယောင်ဝါးဝါးနှင့်၊ စီးပွါးကိစ္စ၊ မလုံ့လဘဲ၊
တဘဝလုံး၊ သက်ဆုံးအဖျင်း၊ ချမ်းသာကင်းရှင့်၊ မယှဉ်းမှန်လှ၊ ဤလောကနှိုက်၊
မိဘကိုပင်၊ ဥစ္စာမြင်မှ၊ ခင်မင်မြတ်လေး၊ သားတို့မွေး၏၊ ပဲး ရွှေးမယှိ၊ ဘမိတို့
အား၊ သမီးသားလည်း၊ ထံပါးနီးရပ်၊ မကပ်လိုလျှင်း၊ ရှောင်ကြကွင်း၏၊
လူပျင်းလုံ့လ၊ တခဏမျှ၊ ရွရွရိုးရိုး၊ အားမ†ကြိုးဘဲ၊ မ†ကျိုးမနွံ၊ မခံပင်ပန်း၊
လုပ်*ဆန်း*မြောင်းမြေ၊ လုပ်ငန်းပြေရုံ၊ အနေမကျ၊ ပြုကာမျှတည့်၊ ကိစ္စမပြီး၊
လုပ်ချည်းနိုးနှင့်၊ ဖျင်းသီးဖျင်း*သုန်၊ အကြံကုန်က၊ ဂဠုန်ဆားချက်၊ သက်မွေး
ခက်၍၊ ကြက်ယက်မြေကြီး၊ ချေးချောင်းစီး၏၊ ယောင်တီးယောင်တောင်၊
လုပ်မှု†ရှောင်၍၊†သျှောင်*တကျော†ကျော၊ကိုယ်သန္န†ကြောလျက်၊လောကီ
ဓမ္မတာ၊ တတ်ပညာနှင့်၊ ဥစ္စာရှာဘွေ့၊ မပြုနေသော်၊ သေအောင်ဒုက္ခ၊ ဆင်းရဲ
ရလိမ့်၊ လောကနှိုက်တွင်၊ ပျားနှင့်ယင်ကို၊ မျက်မြင်ပုံထား၊ မောင်ရှုစားလော့၊
ပျားကားအုံပြု၊ အရည်စု၍၊ ထားမှုလိ†မ္မာ၊ နောင်ချမ်းသာ၏၊ ယင်†မှာ

သော်တုံ၊ ဝမ်းဝရုံမျှ၊အုံကာသောက်စား၊ စုမထား၍၊ ရှာငြားမပြတ်၊ မရင်တော်၏၊
ဆတ်ဆတ်မုချ၊ အလသဖြင့်၊ ငယ်ကပျင်းသူ၊ ကြီးမူဆင်းရဲး၊ ရစမြဲးတည်း၊ မလွဲး
မှန်စွာ၊ ဘသည်းချာမူ၊ ပညာသုတ၊ မင့်း*ကိစ္စနှင့်၊ ဓမ္မကျေးဇူး၊ နည်းနာထူးကို၊
ဆည်းပူးရှာစစ်၊ မပျင်းရစ်နှင့်၊ မင်းဖြစ်တုံငြား၊ တရားလက်ကိုင်၊ မခိုင်ယဲ့†ယဲ့၊
ယိမ်းယိုင်ယွဲ့က၊ ကဲ့†ရဲ့စရာ၊ မိုး*နှယ်ရွာ၍၊ မင်းမှာအပြစ်၊ လုံး*ဓွန်းဖြစ်လိမ့်၊
တဆစ်ထို့ပြင်၊ လေးအင်မျိုးနွယ်၊ ကြီးငယ်ယုတ်မြတ်၊ မှူးမတ်မင်းဆွေ၊ ထံရင်း
နေနှင့်၊ ထီးရွှေနန်းပြိုင်၊ ခရိုင်သီးခြား၊ မြို့စားရွာစား၊ တပ်ပေါင်းစားက၊
စော်ဘွားစော်ကန်၊ *ကလန်*သံ†ပျင်၊ တွင်း†ပြင်နီးဝေး၊ ကျွန်ကျေးအများ၊
ယောကျ်ားမိန်းမ၊ သား ငါးစသား၊ထိုမျှသတ္တဝါ၊လူ*ဗိုလ်ပါအား၊ နတ်ရွာစီးပွါး၊
အကျိုးများအောင်၊ တရားဆော်ညွှန်း၊ မိန့်တော်ခွန်းဖြင့်။ ။တိုက်တွန်းမင်းတို့
အာဏာတည်း။ (၉၇)

၂၉၈။ မင်းတို့အာဏာ၊ တိုက်တွန်းရာသား၊ လေးဖြာပိုင်းခြား၊ မျိုးနွယ်
ပြားတွင်၊ ပုဏ္ဏားတို့မှာ၊ အထူးလာခဲ့၊ ကမ္ဘာဦးက၊ ဗြာဟ္မဏတို့၊ ပါပဗာဟိ၊
ကျင့်ဝသီနှင့်၊ မမှီလူ့ထုံး၊ မြတ်ရာသုံး၍၊ နှလုံးစင်ကြယ်၊ သူငယ်ဘာဝ၊ကုမာရဟု၊
အဋ္ဌစတ္တာ၊ သချာတွက်ဘွယ်၊ လေးဆယ်နှင့်ရှစ်၊ *လုလင်စစ်ဖြင့်၊ အနှစ်
ကြာတင်၊ ကျမ်းဗေဒင်ကို၊ သင်၍ပြီးငြား၊ တရားဖြင့်သာ၊ ဥစ္စာရှာ၍၊ ဆရာ
တို့အား၊ ညွတ်တွား*ကော်ရော်၊ ပူဇော်ခဲ့ပြီး၊ တကိုယ်ထီးတိ၊ တောကြီး
ထွက်ရှောင်၊ အိမ်မထောင်ဘဲး၊ ကျင့်ဆောင်ဗြဟ္မ၊ စရိယနှင့်၊ ဈာနသမာ၊
ပျော်လေ့လာ၍၊ ခန္ဓာပြောင်းတုံ၊ ဗြဟ္မာ့ဘုံနိုက်၊ အာရုံမခွ၊ ဖြစ်ကုန်ကြသည့်၊
ဗြဟ္မသမ၊ ဗြာဟ္မဏတည့်၊ ရှေးကနည်းပင်၊ ဗေဒင်သင်ပြီး၊ တောဝင်ထွက်ခွါ၊
မပြုစွာဘဲး၊ အိမ်ရာထောင်ရိုး၊ အမျိုးပြတ်*တောင်း၊ မကျင့်ကောင်းဟု၊
ထပ်လောင်းဝါဒ၊ နောက်ကာလနိုက်၊ ဖြစ်ထထိုဝယ်၊ ပုဏ္ဏေးငယ်နှင့်၊ အကယ်
သို့ပင်၊ သားဦးမြင်အောင်၊ လူ့ခွင်နေ၍၊ တောထွက်လေ့ဖြင့်၊ ရသေ့ပြုထ၊
ဈာန်သုခနှင့်၊ ဗြဟ္မာ့ဘုံမှာ၊ ဖြစ်ရှာကုန်ကြ၊ နတ်နှင့်မျှသား၊ ဒေဝသ†မ၊
ဗြာဟ္မဏတည့်၊ နောက်†မှတဖြာ၊ ကာလကြာသော်၊ နွယ်ဇာတိ†ဇာစ်၊ မ†စစ်
အမျိုး၊ ကြိုက်နိုးရာရာ၊ ခင်ပွန်းစာနှင့်၊ အိမ်မှာမြဲးထ၊ တည်နေကြသား၊
သမ္ဘိန္နမရိယာဒ၊ ဗြာဟ္မဏတည့်၊ ထိုမှ*တသွန်၊ လွန်သည်ကာလ၊ အဓမ္မနှင့်၊
ဓမ္မဖြင့်သာ၊ ရှာသည်ဓနေ၊ မိန်းမမရွေး၊ သက်မွေးမျိုးနွယ်၊ မစင်ကြယ်သား၊
အိမ်ဝယ်နေထ၊ စဏ္ဍာလတည့်၊ တစတစ၊ တရားပ၍၊ ရှေးက*အတိုး၊ ပုဏ္ဏား
ကြီးတို့၊ ကျင့်သီးသိမ်းပိုက်၊ မြတ်စာရိုက်ကား၊ လူနိုက်မမြင်၊ ခွေးနိုက်ထင်ဟု၊
ချစ်ရှင်ဗုဒ္ဓ၊ ဟောဘော်ပြရှင့်၊ ဗြာဟ္မဏခေါ်ရိုး၊ ထိုငါးမျိုးသည်။ ။နောက်တိုး
အကျင့် ချွတ်ကာတည်း။ (၉၉)

၂၆၉။ ထိုပြီးနောက်မှာ၊ လွန်ပြန်ကြာ၍၊ မြင့်စွာနှစ်များ၊ ကာလလျှားသော်၊ သမားဆေးမှု၊ ဆရာပြုလျက်၊ ကုရှ်စားဘိ၊ သက်မွေးယှိသား၊ တိကိစ္ဆသမ၊ ပြာဟ္မဏတည့်၊ ဒါသပမာ၊ ကျွန်သို့သာလျှင်၊ စေပါခံဘိ၊ အကျင့်ယှိသား၊ ပါရိစာရိကာသမ၊ ပြာဟ္မဏတည့်၊ မထအလျှု၊ ခံယူတတ်ကာ၊ နှိပ်စက်စွာသို့၊ နိဂ္ဂါဟကသမ၊ ပြာဟ္မဏတည့်၊ ရှုပဆိုးယုတ်၊ မီးလောင်ငုတ်သို့၊ ညစ်စုတ်သမှု၊ ကိုယ်ကိုပြုသား၊ ခါဏုဃာတသမ၊ ပြာဟ္မဏတည့်၊ ကြွယ်ဝလိုလား၊ ကုန်သည်များသို့၊ ကုန်သွားပြုထ၊ ကုန်သွယ်ကြသား၊ ဝါဏိဇသမ၊ ပြာဟ္မ†ဏတည့်၊ ဓ†န*ပေါယယ်၊ ဌေးသူကြွယ်သို့၊ ယာ လယ် ကျွဲ နွား၊ မွေးစားလုံ့လ၊ လုပ်ကိုင်ကြသား၊ အမ္ဗဋ္ဌသမ၊ ပြာဟ္မဏတည့်၊ နွားကမလွတ်၊ သူသက်သတ်၍၊ မမြတ်သဘော၊ ကြမ်းကြုတ်မောသား၊ ဂေါဃာတသမ၊ ပြာဟ္မဏတည့်၊ စောရအတူ၊ ခိုးယူနိုင်ထက်၊ တိုက်လုယက်၍၊ ဗလက္ကာရ၊ ပြုတတ်စွသား၊ ဂေါပနိသာဒသမ၊ ပြာဟ္မဏတည့်၊ ကေဝဋ္ဋမျိုး၊ မှုဆိုးတငါ၊ သူယုတ်မာသို့၊ ငါးရှာသားရှာ၊ ခေါင်းပါးစွာဖြင့်၊ ဝမ်းစာမွေးကြ၊ သက်ရှင်ရသား၊ လုဒ္ဒကသမ၊ ပြာဟ္မဏတည့်၊ ကပ္ပကမည်၊ ဆတ္တာသည်သို့၊ ပတ်လည်ရပ်ထဲ၊ အမြဲသူ့အား၊ ပယ်ရှား ညစ်†ကြေး၊ ဓားကတ်†ကျေးဖြင့်၊ သန့်ဆေးပြင်ဆင်၊ သုတ်သင်နေ့ည၊ ရေချိုးရသား၊ မလမဇ္ဇသမ၊ပြာဟ္မဏတည့်၊ ဒသနောက်ပွါး၊ကျင့်ဘောက်ပြားသည်။ ။ ပုဏ္ဏားဇာတိ ဘေဒါတည်း။ (၁၀၀)

၂၇၀။ ထိုမှ*တသွန်၊ ကြာမြင့်လွန်၍၊ ကာလန္တရ၊ ယခုကျအောင်၊ ကာလအခါ၊ ရောက်ခဲ့လာသော်၊ ကမ္ဘာဦးက၊ ဖြစ်သမျှကို၊ အစပိုင်ပိုင်၊ မသိနိုင်ကြောင့်၊ လက်ကိုင်တခု၊ ကျမ်းစာပြု၍၊ သုတိ တပေါ၊ ယောနိ ဟောသား၊ တယောအင်္ဂါ၊ ညီညွတ်စွာဟု၊ မင်းမှာမခ၊ ကမ္မကရာ၊ စေပါမန္ဒံ၊ အလျှုခံ၍၊ ကောင်းကြံကောင်းကျင့်၊အသင့်သဘော၊ ဟောပြောဗေဒင်၊ သက်မွေးစင်သား၊ နွယ်ဝင်မြတ်လှ၊ ပြာဟ္မဏရိုး၊ ရဲးကိုးရဲးကား၊ ရဲးခွန်အားနှင့်၊ ခစားမင်းထံ၊ မင်းကြံမင်းတု၊ မင်းမှုကိစ္စ၊ ရွက်ဆောင်ကြသား၊ ခတြရိုး၊ ရောင်းမျိုးဝယ်မှု၊ ယာလယ်စုနှင့်၊ လုပ်ပြုကုန်သည်၊ အတည်တ†ကျ၊ သက်မွေး†ကြသား၊ ဗိသျှအရိုး၊ နှမ်းညှိုးဝမ်းစာ၊ ဆင်းရဲးစွာလျက်၊ စေပါခံထ၊ လုပ်ကိုင်†ရသား၊ သု†ဒြရိုး၊ လေးမျိုးပုဏ္ဏား၊နောက်မှပွါး၍၊ထင်ရှားလူ့ဝယ်၊ဆင်စလွယ်နှင့်။ ။ စင်ကြယ်ကျင့်ဝတ် သိက္ခာတည်း။ (၁၀၁)

၂၇၁။ စလွယ်ဆင်ငြား၊ ထိုပုဏ္ဏားတို့၊ ဆယ်ပါးမယုတ်၊ ကျင့်ရန်ထုတ်၏၊ ကိုယ်နှုတ်နှစ်ချက်၊ငြိမ်သက်ဆုံးမ၊ ရာဂစသား၊ပါပကိလေ၊ ပျောက်စေငြိမ်းပယ်၊ စင်ကြယ်ကမ္မ၊သန္တောသနှင့်၊စိတ်ကဖြောင့်မတ်၊အမြတ်ရတနာ၊ မချာကပ်ဆည်း၊ သည်းညည်းခံရာ၊ သစ္စာမှန်†ခြင်း၊ သနား†ခြင်းဟု၊ ခေါ်†ခြင်း ပညပ်၊

ကျင့်ဆယ်ရပ်ကို၊ ကျင့်အပ်မကွာ၊ ကျင့်ဆောင်ရာ၏၊ မင်္ဂလာကြီးကျယ်၊ မျိုးဇာတ်နွယ်တိုင်း၊ စလွယ်တင်ဟန်၊ အဓိဋ္ဌာန်ဖြင့်၊ ကောင်း*မွန်မြတ်ခြင်း၊ စင်ကြယ်ခြင်းက၊ နတ်မင်းတို့နတ်၊ ဘုရားမြတ်နှင့်၊ မချွတ်တကွ၊ ဖြစ်ရ တမည်၊ သက်ရှည် ဉာဏ်ပွါး၊ ခွန်အား တင့်တယ်၊ ပျောက်ပြယ်ရန်ငြိုး၊ တန်းခိုးတေဇာ၊ ကြီးရာရှင်း၊ ကျမ်းလာရှောင်းသား၊ အကြောင်းကိုးသွယ်၊ မှတ်စဘွယ်တည့်၊ စလွယ်ဆင်ရာ၊ သိက္ခာတင်†ခြင်း၊ ဇာတ်သွင်း†ခြင်း၏၊ ကောင်း†ခြင်းခေါ်ရိုး၊ ဤဆဲ့ကိုးသည်။ ။အကျိုးအာနိသံသာတည်း။ (၁၀၂)

၂၇၂။ အာနိသံသာ၊ ထူးဂုဏ်*ဝါနှင့်၊ သိက္ခာကျင့်ဝတ်၊ တင်ဆောင်မှတ်သည့်၊ *မျိုးဇာတ်စင်ကြယ်၊ ဆင်စလွယ်လည်း၊ ကိုးသွယ်ဗြာဟ္မဏ၊ ခြောက်ခတြနှင့်၊ ဗိသျှသုံးဟူ၊ သုဒြမူကား၊ မတူလက္ခဏာ၊ မတင်ရာတည့်၊ သိက္ခာလည်းတင်၊ စလွယ်ဆင်က၊ ဆင်ခြင်အပ်ဘိ၊ သုတိဂန္ထ၊ ကျမ်းနိုက်ပြသား၊ ဗြာဟ္မဏဟတျာ၊ ဂါထာပါဌ်သား၊ အလိုအားဖြင့်၊ ပုဏ္ဏားသတ်†ခြင်း၊ သေသောက်†ခြင်းနှင့်၊ ခိုး†ခြင်းရွှေစင်၊ ထို့ပြင်တဝ၊ ဆရာ့မယား၊ ပြစ်မှားကျင့်တတ်၊ အမိသတ်တည့်၊ မဟာတ်ပါတက၊ နာမသညာ၊ ပါရာဇိက်ကြီး၊ ဤငါးသီးတို့၊ ဖျက်ဆီးကုသ၊ မရနိုင်ပြီ၊ ပညတ်စီ၏၊ နာရီဂေါဏ၊ ဗာလစဉ်မှတ်၊ မိန်းမသတ်နှင့်၊ နွားသတ်ဟသွယ်၊ သူငယ်သတ်†ခြင်း၊ ဇာတ်†ချင်းမတူ၊ မျိုးယုတ်သူမှ၊ ရယူထမင်း၊ စားခြင်းနှစ်ချက်၊ သဓန္ဓဖျက်က၊ ပရဒါရား၊ ရွှေကိုထား၍၊ တပါးရတနာ၊ ဥစ္စာခိုးငြား၊ နွားသားစားဟု၊ ကိုးပါးသဉ်ျာ၊ ဤသိက္ခာကား၊ ပါရာဇိက်ငယ်၊ အမည်ခြယ်၏၊ အကယ်၍ တိ၊ ကျူးလွန်ယှိမူ၊ မိမိတို့ထုံး၊ ဥပုသ်သုံးက၊ လုံးလုံးပျောက်နိုင်၊ ပြစ်မဆိုင်သည်။ ။လက်ကိုင်သုတိ ကျမ်းမှာတည်း။ (၁၀၃)

၂၇၃။ ထိုမှတပါး၊ မျိုးပုဏ္ဏားတို့၊ မျိုးအားတူကြ၊ ပုဏ္ဏေးမသာ၊ စပ်ရှက်ရာ၏၊ အခါအခါ၊ *ရတုလာမှ၊ သံဝါပြုရေး၊ မိပုဏ္ဏေးကို၊ မြီကြေးယူရှောင်း၊ ထင်းသစ်†ယောင်းသို့၊ မ†ရောင်းမချ၊ မနရွှေငွေ၊ ရှာဘွေမသိမ်း၊ ကြောင့်ကြငြိမ်းလျက်၊ နံနက်ညစာ၊ တန်ရုံသာလျှင်၊ ဘွေရှာခံစား၊ ဤငါးပါးကား၊ တရားညီသင့်၊ ပုဏ္ဏားကျင့်တည့်၊ တဆင့်မှတ်ထုံး၊ စောင့်သုံးဥပုသ်၊ မယုတ်ပဋ္ဌသိ၊ ဖြောင့်ညီမှန်ကန်၊ မျက်မာန်ညှံ့ပြေ၊ ဏ္ဍွေစောင့်†ခြင်း၊ သည်းခံ†ခြင်းက၊ ကျင့်†ခြင်းမယို၊ ဇာတ်အလိုနှင့်၊ သူ့ကိုမညှဉ်း၊ အကျဉ်းမြွက်ကြား၊ ဤရှစ်ပါးလည်း၊ ပုဏ္ဏားမြတ်တို့၊ မပြတ်ကျင့်စဉ်၊ တရားယှဉ်၏၊ *ဖဲကြဉ်ဟင်းမျိုး၊ မီးရှိုခိုးနှင့်၊ ရေချိုးကိစ္စ၊ ဟူသမျှကို၊ ဝတ်မှကင်းရာ၊ ယူသည်မှာမူ၊ မိစ္ဆာအကျင့်မှားမသင့်တည်း၊ *ယခင့်ရှေးက၊ ပြခဲ့နွယ်ရိုး၊ အညွန့်ချိုးသို့၊ အမျိုးမဆက်၊ တောမထွက်ရာ၊ ဟူသည်မှာလည်း၊ ကြိုးကြာမြေတုန်၊ မြေကုန်တီမျိုး၊ မိုးပြို

တိတွတ်၊ မျိုးပြတ်ဗြာဟ္မဏ၊ ဓမ္မိကတို၊ ဗာလစရိုက်၊ မကြောက်ထိုက်ကို၊ အမိုက်လေးမျိုး၊ လွန်ကြောက်စိုး၍၊ အကျိုး*မဲ့ဘိ၊ ပြစ်မယိုဘဲ၊ ပြစ်ယိုမှတ်မှား၊ မိစ္ဆာပွါးဟု၊ ဘုရားရွှေနှုတ်၊ ကြာကုမုဒ်က၊မိန့်ထုတ်ကျူးရင့်၊ ဟောဘော်ဘင့်၍၊ နိုင်းချင့်ပညာ၊ မလျော်ရာကို၊ ရာဇာငါသား၊ ပယ်မြစ်တားလော့၊ သိကြားနတ်†သျှင်၊ မြင်းမိုရ်†ရှင်နှင့်၊ သမင်မင်းဖျား၊ ဟောတရားတို၊ ရှည်လျားကြာ*ညောင်း၊ နှစ်ပေါင်းတထောင်၊ နတ်ရွာဆောင်၍၊ထိုနောင်တဆင့်၊ခွေးမင်းတရား၊ တည်ငြားလူ့ဘောင်၊ သောင်းနှစ်ထောင်တည့်၊ ညီနောင်ဝက်မင်း၊ ဖြစ်လျှင်းသော့ခါ၊ မဟာတုဏ္ဍိလ၊ လောင်းသတ္တ၍၊ ဓမ္မဒေသနာ၊ မြတ်ဩဇာမူ၊ မြင့်ကြာမပြောင်း၊ နှစ်ခြောက်သောင်းတိုင်၊ တည်ရှောင်းလူဝယ်၊နတ်ရွာကယ်၍၊ အပါယ်တံခါး၊ ပိတ်ဆို့တား၍၊ ဆယ်ပါးပုည၊ ကြိယကား၊ သုခဝိပါက၊ ဘဝကျိုးစစ်၊ ကင်းအပြစ်နှင့်၊ အနဝဇ္ဇ၊ လက္ခဏကြောင့်၊ ဆုံးမနှီးဆော်၊ ရွှေပြည်ပေါ်နိုက်၊ လေးဘော်မျိုးပေါင်း၊ ကျင့်စေရှောင်းသည်။　။ရှေးလောင်းသူမြတ် သူ*လျှာတည်း။ (၁၀၄)

၂၇၄။ ထိုသို့စဉ်လျှား၊ ထွေထွေပြားသည်၊ ပုဏ္ဏားဟူဘိ၊ ဇာတိနွယ်ရိုး၊ အမျိုးဘာသာ၊ ဓမ္မတာဖြင့်၊ သိက္ခာလည်းတင်၊ စလွယ်ဆင်နှင့်၊ မဆင်သမှု၊ နှစ်ဘိုစုပြီး၊ စတုဝဏ္ဏ၊ လေးပါးပြ၍၊ ပြသည့်အရ၊ ဗြာဟ္မဏဇာတ်၊ မျိုးဥက္ကဋ်ဟု၊ အမြတ်တခု၊ ပညတ်ပြုရှင့်၊ စတုမုခ၊ ဗြဟ္မာ့ခံတွင်း၊ အဆင်းလေးပါး၊ လေးထွေပြားတွင်၊ ပုဏ္ဏားလေးမျိုး၊ ဖြစ်ရိုးမတူ၊ ထူးအယူတည်း၊ အဖြူဗြာဟ္မဏ၊ အနီမှကား၊ ခတြမည်ပေ၊ အရွှေဗိသျှ၊ သုဒြမူ၊ အညိုဟူငြား၊ ခံတွင်းဘွားဟု၊ မှတ်သားဝါဒ၊ စွဲးကုန်ကြ၍၊ ထိုမှတခြား၊ မျိုးလေးပါးတွင်၊ ပုဏ္ဏားတို့မှာ၊ လူ့ရွာဘန်ဆင်း၊ ဗြဟ္မာမင်း၍၊ ခံတွင်းကဘွား၊ မင်းကားလက်ရုံး၊ မှတ်သုံးခေါ်ရေး၊ သူဌေးပေါင်က၊ သုဒြတို၊ ခြေမှဖြစ်ရိုး၊ ရဟန်းမျိုးကား၊ ဘမိုးဘဝါး၊ ဗြဟ္မာဘွားဟု၊ ယူမှားသမုတ်၊ လူ*အစုတ်အား၊ မဟုတ်မရာ၊ ဟောသည်သာတည့်၊ လေးဖြာမျိုးပြား၊ လူအများတွင်၊ ပုဏ္ဏားတို့မှာ၊ မင်္ဂလာတခု၊ မင်း*ရတုဖြင့်၊ မင်းမှုကိစ္စ၊ ဟူသမျှနိုက်၊ ဒေဝပင့်ခေါ်၊ ပူဇော်*ဟုံးနတ်၊ ဆောင်လတ်ရေကြည်၊ ရွတ်သည်ပရိတ်၊ ဘိသိက်ပန်းဆက်၊ သီးသန့်ကွက်၍၊ မပျက်မှုထမ်း၊ နန်းစဉ်တမ်းဖြင့်၊ ခွဲးခြမ်းစိစစ်၊ စီမံလစ်လော့၊ အပြစ်မလွတ်၊ ယွင်းချွတ်မကောင်း၊ ဝါဒစောင်းသား၊ လားကြောင်းပယ်ရှာ၊ ယူမိစ္ဆာကို၊ ဥဒ္ဒါလက၊ သေတကေတု၊ ဇာတ်ကိုရှု၍၊ ပယ်ပြုအပ်စွာ၊ မလစ်ရာဘူး၊ လူမှာရာဂ၊ ထိုကမ္မနိုက်၊ အပ္ပသာဝင်၊ အပြစ်မသည်း၊ အကျိုးနည်းလည်း၊ မင်ရည်းဆီစက်၊ စွန်းကွက်မလွဲး၊ ပြေနိုင်ခဲးရှင့်၊ ရဲးရဲးတောက်ပျံ၊ ဒေါသကံမူ၊ ပွက်လျှံဆူပြင်း၊ ခဏချင်းမျှ၊ နံနွှင်းသဖွယ်၊ ပြေလွယ်ပြစ်ကြီး၊ တသီးမောဟ၊ ကမ္မပုံသွေး၊ ဝံနက်မွေးကို၊ ရေဆေးဖွပ်ကာ၊ ကြိမ်တရာလည်း၊ ဖြူငှါပြုရှောင်း၊ မတတ်

ကောင်းသို့၊ ကျိုးကြောင်းမသိ၊ ပြုမိအမြဲ၊ အသေစွဲ၍၊ပြေခဲပြစ်ကြီး၊ကိုယ်နိုက်
စီးခဲ့၊ နှစ်သီးနှစ်ဝ၊ မျက်ဒေါသနှင့်၊ မောဟတို့မှာ၊ ပြစ်ကြီးစွာရှင့်၊ အာနန္တရိက်၊
ထိုက်တတ်ကံမျိုး၊ ဝိစိအိုးနိုက်၊ စောက်ထိုးကြာရှည်၊ ကပ်လုံးတည်၏၊ ရွှေရည်
သား*စော၊ သွန်သင်ဟောလေ့၊ ဩဝါမိန့်ဆို၊ မ*ငြင်ငြိုလင့်၊ဆိုး*ဂြိုဟ်ကောင်း
ဂြိုဟ်၊ အကုသိုလ်နှင့်၊ ကုသိုလ်ဟုမည်၊ ကံနှစ်တည်နိုက်၊ လက်သည်ပြု†သူ၊
တိုက်တွန်း†သူတို့၊ ထို†သူနှစ်မျိုး၊ ပြစ်ကျိုးအမျှ၊ အတူရ၏၊ သမ္ဗုဒ္ဓဖျား၊
ဉာဏ်ဆယ်ပါးနှင့်၊ ဘုရား*တကာ၊ ဟောကြမှာခဲ့၊ ပါရမီဓမ္မ၊ လောကတ္ထဖြင့်၊
စရိယမှတ်၊ အကျင့်မြတ်ကား၊ ဗောဓိသတ်ပေါင်း၊ ရှေးမင်းလောင်းတို့၊ ကျင့်
ဟောင်း*တံထွာ၊ ဓမ္မတာတည့်၊ ကျင့်ရာမှန်လှ၊ ကျင့်ကုန်ကြသည်။ ။လူများ
စီးပွါး ချမ်းသာတည်း။ (၁၀၅)

၂၇၅။ ထိုမှတဆစ်၊ မင်းဝန်ဖြစ်သား၊ စိစစ်မြဲးစွာ၊ ပြဋ္ဌာန်းရာလည်း၊
ကမ္ဘာပေါ်ထွန်း၊ လေးမည်ကျွန်းထက်၊ နေဝန်း လဝန်း၊ ဟည့်မွန်းမတ်ခါ၊ ရွှေ
ပြုဗ္ဗာနှင့်၊ နောက်မှာကျွန်းခွင်၊ ထင်သည်ထက်ဝက်၊ ဝင်ထွက်မယွန်း၊ ရောင်ခြည်
ထွန်းစဉ်၊ သုံးကျွန်းလင်းခိုက်၊ တကျွန်းမိုက်၏၊ ထိုနိုက်တည့်မွန်း၊ ယိမ်းခဲ့ယွန်း
သော်၊ နှစ်ကျွန်းနှစ်ကျွန်း၊ အထွန်းအမိုက်၊ ခေါ်မှတ်ပိုက်ရှင့်၊ တတိုက်စက္ကဝါ၊
မြေမျက်နှာတွင်၊ ကမ္ဘာလုံးတမ်း၊ စံထုံးငြမ်းတိ၊ နေလမ်း လလမ်း၊ သိဒ္ဓန်
ကျမ်းတို့၊ ခွဲးခြမ်းအလို၊ ခြောက်ပါးဗိုလ်ဖြင့်၊ ထိုထိုသက္ကရာဇ်၊ ကောဇာ
ဖြစ်တိုင်း၊ နှစ်သစ်ပြောင်း†ကူး၊ နှစ်ဟောင်းကျူး၍၊ တန်း†ခူးတာကုန်၊ ကဆုန်
တာတက်၊ နေ့တာရက်တည့်၊ တွက်ချက်အမှန်၊ ခါသင်္ကြန်နှင့်၊ အာသဠ်နှစ်ပါး၊
ပိုင်းခြားမျှော်ရှု၊ မာတု တော်တု၊ လဲးနှစ်ခုဖြင့်၊ ရှင်မူရှင်ဝါ၊ ဝါဆိုဝါကပ်၊ လထပ်
ရက်ငင်၊ ဆင်ခြင်နှိုင်းဆ၊ မချွတ်ရဘူး၊ အမ္ဗဝါသိ၊ ပုဏ္ဏမိနှင့်၊ တိထိမိမာသ်၊
နက္ခတ်စန်းယှဉ်၊ အစဉ်မလွဲး၊ နေလစွဲး၍၊ ခေါ်မြဲးမွန်းရိပ်၊ နတ်အိပ် နတ်နိုး၊
ကျင့်ရိုးပညပ်၊ အရပ်ရပ်တိ၊ ကျင့်အပ်မယုတ်၊ ဥပုသ်ပဝါရဏာ၊ မှန်ကန်စွာလျက်၊
ပြုဗ္ဗာသင့်ဆင်တိုက်၊ မိုးကျိန်းကြိုက်ဟု၊ မိုးလိုက် မိုးခါ၊ မလွန်ရာဘဲး၊
ကြတ္တိကာကြယ်၊ ကြက်သူငယ်တို့၊ မိုးလယ် အချက်၊ အရဏ်တက်နိုက်၊ ထိန်
လက်ရိုးရဲး၊ မွန်းမလွဲးမိ၊ မျိုးကြဲးကောက်ကြီး၊ တသီးရှေးညွှန်၊ နေဝင်လွန်တွင်၊
သရဝဏ်စည်းသွား၊ စိုင်ပစ်မြားလျှင်၊ ထက်ဖျားမွန်းယိမ်း၊ မတိမ်းမိခိုက်၊
ကောက်ကြီးစိုက်တည့်၊ လူနိုက် စဉ်ထုံး၊ မိုးဆုံးချိန်လွန်၊ ဆီးအန်သွန်လျက်၊
ဟေမန်ခါရောက်၊ နှင်းဖြောက်†ဖြောက်နှင့်၊ †ဖျောက်ဆိပ်မြေလူး၊ မကျူး
စေဘဲး၊ မုရင်းကြဲးဟု၊ အမြဲးမှတ်ပြု၊ သားမောင်ရှု၍၊ တောင်သူ့ဓမ္မတာ၊
နှိုးဆော်ရာလည်း၊ အခါမရွေ၊ အချိန်စေ့က၊ မင်းလေ့မမှား၊ *မှုန်းစားဆော်
ညွှန်း၊ မိန့်တိုက်တွန်းသည်။ ။*ပြဋ္ဌာန်းအချုပ် အချာတည်း။ (၁၀၆)

၂၇၆။ *မှုန်းစားဆော်ညွန်း၊ မိန့်*ပြဋ္ဌာန်း၍၊ တိုက်တွန်းမသွေ၊ မမေ့စေ
နှင့်၊ မရေမရာ၊ နှိုးဆော်ပါလည်း၊ အခါမရောက်၊ ကျိုးမမြောက်ဘူး၊ မိုးသောက်
ကြက်တင်၊ နေဝင်ကောက်လှန်း၊ ဥဒါန်းမကျေ၊ ဆိုသော့ထွေတည့်၊ ခွဲးဝေ
မှတ်ရာ၊ နှစ်ကောဇာတွင်၊ အတာပြောင်းတက်၊ နောက်တရက်က၊ စ၍တွက်
ချိန်၊ ပြက္ခဒိန်ဝယ်၊ သုဒ္ဓိန်ပွါးကြွယ်၊ ရာ့လေးဆယ်လျှင်၊ ပြည့်*ကယ်သော့ခါ၊
*နံကာခေါ်ထ၊ ဝါခေါင်လနှိုက်၊ လင်းစရောင်ဝါ၊ အရုဏ်လာဝယ်၊ ကြတ္တိကာ
ဗေ့ထိပ်၊ တည်လာရိပ်၍၊ ဖျောက်ဆိပ်မှန်း†မတ်၊ မည်သတတ်ရှင့်၊ †မှတ်
လော့ထင်ရှား၊ အတိတ်ကြား၏၊ ရာ့ငါးဆဲ့လေး၊ မဝေးသချ်ာ၊ ရောက်ပြန်
လာ၍၊ ယင်းမာထုံသင်း၊ တော်သလင်းနှိုက်၊ ကန်ဆင်းခေါ်မြဲး၊ ဖျောက်ဆိပ်
လွဲးဟု၊ နှမ်းကြဲးကာလ၊ ဟူကုန်ကြ၏၊ တရာ့ရှစ်ဆယ်၊ ရက်ပြည့်ကြွယ်မူ၊
သံတူမည်မှတ်၊ ဝါကျွတ်ခေါ်ဆို၊ လမြင်းမိုရ်ဝယ်၊ ဗဟိုမိုးစွန်၊ နေဝင်လွန်နှိုက်၊
သရဝဏ်မွန်းတည့်၊ *ထွန်းစည့်ရောင်ရှင်၊ ကောက်သားဝင်၏၊ ထိုပြင်နောက်
မှာ၊ နှစ်ရာကျော်ငြား၊ နှစ်ဆဲ့ငါးဖြင့်၊ ရက်ပွါးရောက်ထွန်၊ ဆုံးစွန်ဝဿ၊ သရဒ
ဟု၊ မိုးလကုန်*ဆဲး၊ ကထိန်ပွဲးနှင့်၊ ရိုးရဲးထွန်းပြောင်၊ လ တန်ဆောင်
တွင်၊ လင်းရောင်တက်ပေါ်၊ အရုဏ်မြော်က၊ *ဖြော်ဖြော်နှင်းရိပ်၊ နောက်
တောင်ထိပ်ထက်၊ ဖျောက်ဆိပ်မြေလူး၊ ကျူးခဲ့ထိုမှ၊ နှစ်ရာ့လေးဆယ်၊ လေး
ရက်*ကယ်သော်၊ နတ်တော်မည်ရ၊ နတ်လရာသီ၊ ခါတော်မီဟု၊ အင်းဂျီ*ဒူ
†ယင်၊ ရွှေနန်းခွင်ဝယ်၊ ဘု†ရင်နေမျိုး၊ မြွတ်*သတိုးတို့၊ ဆင်ရိုးသစ်လဲး၊
မင်းပွဲးတရပ်၊ ခေါ်ပညပ်လျက်၊* ဖျင်ထပ်မင်္ဂလာ၊ လိပ်ခေါင်းသာ၍၊ မြောက်
ညာလေညှင်း၊ သုတ်သွင်းဆော်†လွှတ်၊ *သန်မြိတ်†လွှတ်၏၊ ပွါးလတ်ရက်ဝါ၊
နှစ်ရာကျော်လစ်၊ ငါးဆဲ့ရှစ်ဖြင့်၊ တွက်စစ်အလို၊ လပြာသိုနှိုက်၊ ခွဲညိုပျံ့ရှား၊
ကောင်းကင်ဖျားဝယ်၊ နဂါးကြွယ်*ပြောင်၊ နေရောင်ကင်းခိုက်၊ မုရင်းစိုက်တည့်၊
မှတ်ပိုက်ထိုမှ၊ သုံးရာ့ဆဲ့ရှစ်၊ ပြည့်လစ်မလွဲး၊ တပို့တွဲးဟု၊ စို့ရွှဲးငွေနှင်း၊ ကုံရက်
တွင်းမူ၊ မုရင်းကောက်သား၊ ဝင်တုံငြား၏၊ များရာဟူထ၊ ယေဘုယျတည့်၊
ထိုမျှတသီး၊ လွန်လတ်ပြီးသော်၊ ဆောင်းပြီးနွေဦး၊ တပေါင်းကျူး၍၊ တန်းခူး
ကဆုန်၊မြူးပဋ္ဌုန်နှင့်၊ တာစုန်တာပျံ၊ ထုံးစံရင်း၊ စဉ်မပြောင်းဘဲး၊ နှစ်ဟောင်း
နှစ်သစ်၊ သင်္ကရာဇ်တက်ပြန်၊ ခါလည်မှန်ဟု၊ သကြ်ာန်ညောင်ရေ၊ မျိုးလေးထွေတို့၊
မင်းနေဗဟို၊ ရပ်ထိုထိုပါ၊ ပျိုအိုအများ၊ ရွှင်ပျော်ပါး၏၊ ပိုင်းခြားအလွယ်၊
ချဲ့မကျယ်ဘဲး၊ မှတ်ဘွယ်ကျဉ်းရုံး၊ ရှိ*နှယ်ကုံးသည်။ ။မှတ်ထုံးကမ္ဘာ့
ဝေါဟာတည်း။ (၁၀၇)

(အနန္တရ-ပိုဒ်ကို ဘွင့်သည်။)

၂၇၇။ ကမ္ဘာ့ဝေါဟာ၊ သိစရာလည်း၊ကောင်းစွာသိထိုက်၊ မှတ်သိမ်းပိုက်၍၊
ဝမ်းနှိုက်စွဲးခွေ၊ မပြတ်စေနှင့်၊ မလေမဖျင်း၊ ငါတို့မင်းကား၊ မကင်းသတိ၊ အမြဲး

ယှိုလျက်၊ ပြည့်ကြီး အကျိုး၊ပွါးစည်*ဖြိုးအောင်၊ ကိုယ်ကျိုးထက်ပင်၊ ဆောင်ရ
ကျင်၏ ၊ ဘုရင်ငါ့သား၊နရဖျားလည်း၊ အများပြည်သူ၊ ချမ်းသာမှုကို၊ မျှော်ရှု
ဝမ်းတွင်၊ သက်စွန့်ခင်၍ ၊ သမင်မျောက်မင်း၊ လောင်း*သနင်းတို့၊ ကျင့်ခြင်း
မသွေ၊ မချွတ်စေနှင့်၊ ထူးထွေအချို၊ ပျော်ပွဲးတို့ဟု၊ ပျော်ဘို့သူဝယ်၊ ပျော်ရေး
ကျယ်၏ ၊ မဘွယ်ကျိုး*မဲ့ ၊ အပြစ်*ပြဲ့သား၊ ဆင်ပွဲ့သဏ္ဍာန်၊ ထုံးဖွဲ့ဟန်သို့၊ဘေး
ရန်ဖြစ်ကြောင်း၊ ဟောင်းပင်ဟောင်းလည်း၊ မကောင်းသော်က၊ စွန့်ပယ်ရ၏ ၊
နောက်မှပေါ်လစ်၊ သစ်ပင်သစ်လည်း၊ အပြစ်ကင်းဘိ၊ အကျိုးယှိုက၊ ပဏ္ဍိ*တ
ကာ၊ မပယ်ရာဘူး၊ လိုက်နာအပ်ချေ၊ မလွှဲဘ်စေနှင့်၊ အလေအဖျင်း၊ အကျိုး
ကင်းလျက်၊ မင်းနှင့်ပြည်သူ၊ သဘောတူဖြင့်၊ အယူမကွဲး၊ ဒွေးဘော်တွဲး၍ ၊
ပျော်ပွဲးလေ့လာ၊ မကြူးရာတည့်၊ ဟိတာဟိတ၊ ဒိဋ္ဌတမလွန်၊ နှစ်တန်နှိုင်းညှိ၊
ဉာဏ်ဖြင့်သိ၍ ၊ ကျိုးယှိုကိုဆောင်၊ ကျိုး*မဲ့ရှောင်လျက်၊ သားမောင်ရတနာ၊
ကျိုးမဲ့ရာသို့၊ မိစ္ဆာစိတ်နေ၊ မညွတ်စေနှင့်၊ *မထေမိုက်ရိုင်း၊ ငါ့ကိုနှိုင်း၍ ၊
ခိုင်းတိုင်းကျားတား၊ အများ*တကာ၊ မဖြစ်ရာဟု၊ ပညာသတိ၊ မြဲးယှိုစေရာ၊
ဤလူ့ရွာဝယ်၊ သမ္မာချိုတဲ့၊ ဘုန်း*မဟဲ့၍ ၊ ဂုဏ်*မဲ့သသူ၊ ဂုဏ်ပေးမှုလည်း၊
ဂုဏ်မယူလို၊ မကြည်ညိုဘူး၊ ခွေးကိုပတ္တမြား၊ ပေးသော့လားတည့်၊ မခြား
ပုံသေ၊ ဖြစ်တတ်ချေ၏ ၊ သက်ဝေဘုန်း*ပျို၊ မှတ်တုံ*မြို့ရှင့်၊ မင်းတို့သတ္တိ၊
အသိပညာ၊ သမ္မာလုံ့လ၊ မချိုရဘူး၊ သီဟ*သနင်း၊ သားမျှားမင်းသို့၊ မပျင်း
ဝီရိယ၊ ဥဋ္ဌာနဖြင့်၊ ကာဋ္ဌကဏ္ဍိ၊ နတ်ကာလီလျှင်၊ မမှိမဝဲး၊ သိရိစွဲး၍ ၊ ဖြိုးကဲး
ကြက်သရေ၊ တိုးတက်စေလော့၊ သရေ*မဲ့ဘိ၊ ဘုန်းမယှိုမူ၊ သိရိနတ်မယ်၊
လွှဲးပယ်မချစ်၊ မနှစ်သက်အပ်၊ ကာလိကပ်၍ ၊ လာဘ်သပ်ပဏ္ဏာ၊ ဂြညာ ဆင်
မြင်း၊ မရောက်လျှင်းတည့်၊ *နို့ဖျင်းစင်စစ်၊ မင်းဟုဖြစ်လျက်၊ ဘုန်းသစ်မတိုး၊
လဆုတ်ညှိုးသို့၊ တန်းခိုးကျရေ၊ *မဖြိုးဝေဘူး၊ စံရွှေ*တမျှ၊ ပဥ္စင်္ဂနှင့်၊ ဒသနိယံ၊
စောင့်မြဲး*မြဲလျက်၊ *ခြိုးခြံကျင့်ထွေ၊ ကျိုးထက်စေလော့၊ ပြည်နေတိုင်းသူ၊
ဦးမည်းဖြူတွင်၊ မင်းဟူတုံက၊ ဥက္ကဋ္ဌဖြင့်၊ ကမ္ဘာ့ဓိပတိ၊ လောကီ့*ဦးကိုင်၊
လူ့မှန်တိုင်တည့်၊ မြဲခိုင်ဓမ္မ၊ ယွင်းမခွနှင့်၊ လူမျှာ့အခေါင်၊ စိုးအုပ်ဆောင်၍ ၊
ဘုန်းရောင်တက်နေ၊ ပြိုးပြက်စေလော့၊ လေးထွေမျိုးသင်း၊ လူ*ခပင်းကား၊
မင်းသို့မလွှဲး၊ စဉ်လိုက်မြဲးတည့်၊ မီးခဲးရေ့တူ၊ ဧးစေဟူလည်း၊ မည်သူမလွန်၊
လက်ညှိုး†ညွှန်တိုင်း၊ †ညွှန်ညွှန်ရေရေ၊ ဖြစ်စေလိုရာ၊ ပြီးသည်သာရှင့်၊ မင့်း
အာဏာစက်၊ မြေကြီးအက်မျှ၊ နှစ်ချက်မခြိန်၊ ဝရဇိန်သို့၊ မင်းရှိန်မိုးနှိပ်၊
မိန့်တော်ရိပ်က၊ တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်၊ တချက်တည်းသာ၊
လိုတော်ပါ၍ ၊ ရာဇာပဋ္ဌာန၊ ဖြစ်ကုန်ကြသည်။ ။လောက လူ့ဓမ္မတာ
တည်း။ (၁၀၇)

၂၇၈။ လောကဓမ္မတာ၊ လူတို့ရွာဝယ်၊ မင်းသာ*ပြဋ္ဌာန်း၊ မင်းဘုန်း
တန်းဖြင့်၊ တိုင်းခန်းပြည်လုံး၊ သိမ်းကျုံး*ဗိုလ်ထု၊ ဆိုးကောင်းမှုကို၊ မင်းပြု
မင်းပြင်၊ မင်းသာ*ရင်၏၊ လူရှင်သတ္တဝါ၊ များ*ဗိုလ်ပါတို့၊ ကိုးရာအညီ၊ မှန်စွာ
ပြီကြောင့်၊ မြီတလင်းလှည်း၊ *ပြဋ္ဌာန်းနည်းကို၊ ကွပ်တည်းအာဏာ၊ မင်းမှ
သာလျှင်၊ ရာဇာပဋ္ဌာန၊ ပြုနိုင်ကြ၏၊ လူမျှားအသက်၊ မင်း၏လက်နှိုက်၊
တည်လျက်နေရ၊ မှတ်ကုန်ကြလော့၊ ရာဇဓမ္မ၊ သင်္ဂဟလေးဖြာ၊ မင်းစောင့်
ခါနှိုက်၊ သတ္တဝါရှင်လူ၊ ဦးမည်းဖြူတို့၊ တိုင်းသူပြည်သား၊ ချမ်းသာများလျက်၊
စီးပွါး*ကုံလုံ၊ ခိုင်ပြည့်စုံ၏၊ မကြုံလူ*ဗိုလ်၊ ဘုန်းရိပ်ခို၍၊ ထိုထိုလိုအင်၊
မ*ငြိုငြင်ဘူး၊ မင်းလျှင်တယောက်၊ တရားဘောက်က၊ မှောက်၏ပြည်လုံး၊
ထုံးသို့ကြေမွ၊ ပြာသို့ကျ၏၊ ကမ္ဘာ့တန်ဆောင်၊ လူတို့ဘောင်ဝယ်၊ အခေါင်
စိုးခြင်း၊ နေတစင်းသို့၊ မင်းလျှင်မဏ္ဍိုလ်၊ မြဲမခိုင်သော်၊ ယိမ်းယိုင်ပြည်ကြီး၊
ပျက်စီး*ချောက်ချား၊ စစ်မက်များလျက်၊ ယှားပါးမိုးလေ၊ စာရေမွတ်ငတ်၊
ဥပဒ်လူပေါင်း၊ ထောင်းထောင်းကြေညက်၊ ဆင့်ရဲနက်ခဲ့၊ အထက်အထက်၊
နတ်များမျက်၍၊ လက်နက်ညွှန်သဲ၊ ကျောက်ခဲမီးမိုး၊ ချရွာ†ကြိုးလျက်၊
†ကျိုး*မဲ့ကုန်အောင်၊ တိုင်းလုံးလောင်ရှင့်၊ ရွှေဆောင်နွားလား၊ အကောက်
သွားက၊ နောက်နွား*တသိုက်၊ အကောက်လိုက်၏၊ ရွှေနှိုက်နွားမှူး၊ အဖြောင့်
ကူးသော်၊ မထူးနောက်ပါ၊ နွား*တကာလည်း၊ ဖြောင့်စွာမြစ်နှိုက်၊ ကူးနောက်
လိုက်၏၊ မှတ်ပိုက်ပမာ၊ ဤလူ့ရွာတွင်၊ နရာဓိပတိ၊ ပြည်ကြီ့းဥက္ကဋ္ဌနရ*သနင်း၊
မင်းတို့မတော်၊ တရားချော်က၊ မြေပေါ်လူများ၊ မဆိုထားလင့်၊ မိုးဖျားနက္ခတ်၊
အာကာဓာတ်က၊ ဂြိုဟ်နတ်ရာသီ၊ သွားမညီဘူး၊ ဗိလာကန့်လန့်၊ *တုန်နန့်
*ချောက်ချား၊ *တဖျင့်ရှားလျက်၊ တိမ်းပါးချွတ်လွဲ၊ *ကရဲကသီ၊ မစီမလျှဉ်၊
အစဉ်ယှော့ယည့်၊ ကစည့်*ကလျား၊ ယှိသောအားဖြင့်၊ နတ်များစိတ်နူး၊
မပျော်မြူးဘူး၊ လေရူးဆော်†ကြည်း၊ ရွှက်လင်း*ယဉ်းသို့၊ အ†ကျဉ်းအ†ကျပ်၊
ချဉ်းကြပ်†ကြပ်နှင့်၊ ပူးကပ်ယှဉ်တွဲ၊ လမ်းစဉ်*ဖဲ၍၊ ခိုက်*တဲပြေးဟုန်၊
ကြော်ခုန်နောက်ဆုတ်၊ လွန်ယုတ်မရှေ၊ ခြင်သေ့အလား၊ ကျား၏ဂတိ၊
ဘောက်ပြီ့းဘောက်ပြန်၊သွားကြဟန်ကြောင့်၊မမှန်လေမိုး၊ မဖြောင့်နိုးသည်။ ။
ရွာရိုးမရွာ စပါတည်း။　　(၁၀၉)

၂၇၉။ မမှန်လေမိုး၊ မဖြောင့်နိုးဘူး၊ မင်းစိုးဥပရာ၊ မတ်သေနာနှင့်၊ လေး
ဖြာမျိုးသား၊ တရားယွင်းခွ၊ ကံကိစ္စတည့်၊ လူဟာမသင့်၊ မကောင်းကျင့်သော်၊
လူနှင့်စပ်ရာ၊ နတ်တို့မှာလည်း၊ မသာနှလုံး၊ မရွှင်ပြုံးဘဲ၊ မသုံးဓမ္မ၊ ပျက်ယွင်း
ကြ၏၊ ကာလခါတန်၊ ချိန်မလွန်အောင်၊ ချိန်မှန်ရွာမျိုး၊ ရွာမြဲမိုးလျက်၊
ရွာရိုး မရွာ၊ ရွာတုံပါလည်း၊ ရွာကာတ†မည်၊ ထစ်ချုန်း†မြည်လျက်၊ မိုးရည်
မိုးပေါက်၊ မမောက်မ†ဖြိုး၊ သွန်းမကြိုးရှင့်၊ †ဖျိုးဖျိုးဖြောက်†ဖြောက်၊ ကျိုး

မမြောက်အောင်၊ လေ†ဖျောက်လွင့်*သုန်၊ ကုန်သည်တခု၊ ရာဟုနတ်ကြီး၊ ခံပြီးလက်ဝါး၊ မိုးဖျားကောင်းကင်၊ ပင်လယ်ပြင်သို့၊ ပစ်တင်မြှောက်ကြဲး၊ လူနှင့်†လွဲးအောင်၊ †လွဲးခဲ့တကြောင်း၊ မိုး*သောင်းလူ့ရွာ၊ မြေသြဇာတို့၊ ကွယ်ကာပျောက်လျက်၊ ခါးတောက်သီးပွင့်၊ ရှေးနှင့်မတူ၊ ဧကြူချိုမြက်၊ ရသာပျက်၍၊ ငှက်လည်းမမှန်၊ ပန်းမမှန်ဘဲး၊ လေထန်မိုးပျောက်၊ ကိတ်ရှောင်တောက်လျက်၊ အခြောက်တိုက်လွင့်၊ မိုး*နှယ်ပွင့်သား၊ လေနှင့်လေချင်း၊ ကြိတ်ကြလျှင်း၍၊ ဝင်းဝင်းဥက္ကာ၊ ကျဉဘာနှင့်၊ ရှစ်ဖြာဂြိုဟ်ကြီး၊ ဘုံပျံစီးတို့၊ ခရီးမညီ၊ လမ်းမမှီဘူး၊ ရောဟဏီထိပ်၊ ခွင်းကျော်နှိပ်၍၊ ဖျောက်ဆိပ်မြောက်ပါး၊ လလည်းသွားလျက်၊ တိုင်း*ကားပြည်ရွာ၊ မသာယာတည့်၊ မဟာပထဝီ၊ မြေမ†ဟီလည်း၊ ကြူး†ဟိ*ချောက်ချား၊ ခုတ်ဘောက်ပြားလျက်၊ လှုပ်ရှားလျှင်၊ ပွဲတင်တော်လည်း၊ မြည်*ကြည်းအုတ်ကျက်၊ ဥတုပျက်၍၊ မြေထက်သတ္တဝါ၊ လူဗိုလ်ပါလည်း၊ ရောဂါဥပဒ်၊ ငတ်မွတ်စာရေ၊ စိတ်နေမငြိမ်း၊ တရားတိမ်း၍၊ *မုဒိမ်းသူပုန်၊ ပြည်လုံးတုန်ရှင့်၊ မ*သုန်မင်းကျင့်၊ မှန်သဖြင့်ကား၊ ကောင်းကင့်တန်းဆာ၊ ထက်အာကာဝယ်၊ တာရာဂြိုဟ်နတ်၊ ကြယ်နက္ခတ်တို့၊ ဖြောင့်မတ်သွားလာ၊ မိုးမှန်စွာလျက်၊ ရသာချို†ပျား၊ မထွေ†ပြားဘဲး၊ မခါးသစ်သီး၊ စားမငြီးနှင့်၊ *ဖြိုး၍အကျိုး၊ ဖွံ့*ဖြိုးပြည့်နှက်၊ ခွန်ဆီထွက်သည်။ ။ တိုးတက်မြေကြီး့ သြဇာတည်း။ (၁၁၀)

၂၀၀။ အခါအခါ၊ မလွဲးရာတည့်၊ လိတ္တာ နေ လ၊ စန်းယှဉ်ပြသား၊ သောရသာဝန၊ စန္ဒြနှင့်၊ နက္ခတ္တဟူ၊ မှတ်ယူနာမ၊ လေးမာနတွင်၊ သောရနှင့်သော်၊ နှစ်ကိုခေါ်၍၊ တဘော်ထိုမှ၊ စန္ဒြဖြင့်၊ လ ဟုပညတ်၊ မည်*သတတ်ရှင့်၊ ရက်မှတ်သညာ၊ စဉ်လာခေါ်ကြ၊ သာဝနတည့်၊ လပြည့် လကွယ်၊ ခေါ်ရာဝယ်ကား၊ အကယ်မှန်လှ၊ နက္ခတ္တဟု၊ မာနလေးလီ၊ မှတ်ရိုးမှီ၍၊ လောကီအလို၊ နက္ခတ်ဂြိုဟ်က၊ ထိုထိုသီးပွင့်၊ ခါ*မလင့်ဘူး၊ နုရင့်ချိန်မီ၊ *ကိုက်ဖူးစီလျက်၊ ရာသီမသိ၊ ပန်းနှင့်ညီသော်၊ ညီဘိကာလ၊ မလွန်ကြရှင့်၊ ဘဒြပိုက်၊ သမိုက်အစဉ်၊ ကြယ်အင်းပျဉ်နှင့်၊ ထွန်းယှဉ်စန္ဒာ၊ နှင်းမိုးဖြာ၍၊ ယင်းမာ ပဒုမင်း*ရတုလည်း၊ *ပန်းလု*သစ်ဆင်း၊ တော်သလင်းဟု၊ မြစ်တွင်းသဲရိပ်၊ *စဲးလိပ်လိပ်နှင့်၊ ဖျောက်ဆိပ်မွန်းလွဲး၊ နှမ်းကြီးကြဲးလျက်၊ အမြဲးတူကွ၊ နိယာမဖြင့်၊ တွင်းဝညိုးညံ၊ ပရစ်သံတို့၊ မောင်နှံဖို မ၊ မြည်စကြ၍၊ ကမ္ဘာ့တံထွာ၊ လက္ခဏာနှင့်၊ ဒေဝါနတ်နိုး၊ ခေါ်ရိုးမလွန်၊ ဗုဇွန်တက်မ၊ ကင်းက အမြီး၊ သဏ္ဌာန်ပြီးသည့်၊ နှစ်သီးရုပ်ဝါ၊ စက်ဗြိစ္ဆာလည်း၊ ကြာကုမုဒ်ပန်း၊ ပွင့်ဝေလန်း၍၊ မိုးခန်းကုန်*စဲး၊ နှင်းဝေ*ဖွဲးလျက်၊ ခဝဲးရွှေဝါ၊ မလွန်စွာတည့်၊ တမာလည်းနု၊ ကျေးလည်းဥ ဟု၊ *ရတုအလိုက်၊ လူနိုက်ဝေါဟာ၊ မှတ်သညာတိုင်း၊ တမာလည်းသီး၊ ကျေးလည်းကြီးလျက်၊ ဆီးဝမ်းပေါက်ပြဲး၊ တပို့တွဲး

ဝယ်၊ ပေါက်လဲး ကင်းငုံ၊ ရာသီ†ကုံနှင့်၊*ရ†ဂုံသာတောင်း၊ ဟေမန်ပြောင်းက၊ တပေါင်း တန်းခူး၊ ဥဩကျူး၍၊ သုံးဖူးပေထွက်၊ ကင်းသရက်ဖြင့်၊ ပန်းငှက် ဓမ္မတာ၊ အမှန်သာတည့်၊ ပြာသို ဝါဆို၊ ညတာတို၍၊ နေ့ကို ရွှေ့ရွှေ့၊ တနေ့ တခြား၊ နာရီပွါးလျက်၊ တက်သွားနေမင်း၊ အတွင်းဝင်ကာ၊ ဥတ္တရာမှီ၊ မြောက် လမ်းချီသား၊ ရာသီခြောက်လ၊ ကြွေကျရွက်ဟောင်း၊ ရွက်နုလောင်း၏၊ *သံ တောင်းနွေဆိုက်၊ ရာသီလိုက်ဖြင့်၊ ညွန့်*ကိုက်ဖူးငုံ၊ ရင့်*အမုံက၊ ပန်းစုံပွင့်သီး၊ ပင်တိုင်း ညီးလျက်၊ ပျားကြီးဝဲးပျံ၊ တညံညံနှင့်၊ မိုးယံပတ်လည်၊ မိုးနတ် စည်လည်း၊ ကြူးခြည်ခြိမ့်သောင်း၊ ဆော်ငြိမ့်ညောင်း၏၊ ရင်းထိုမှ၊ ကျန်ခြောက် လန္တိုက်၊ ဗာဟိရစက်၊ ရွှေ့ရွှေ့သက်၍၊ ထွက်ခဲ့အစဉ်၊ အယဉ်နိမ့်ဝှမ်း၊ ပြင်သို့ †လှမ်းသော်၊ တောင်†လမ်းဒက္ခိဏာ၊ ပြန်စကြာဖြင့်၊ နေ့တာယုတ်ရိုး၊ ညတာ တိုးလျက်၊ မိုးက ရွှဲးရွှဲး၊နှင်း*ဖွဲ့းဖွဲ့းနှင့်၊ မြစ်ထဲးဘောဘော၊ ဝံလိုမျှော၍၊တောင် တောစိုစို၊ စိမ်းစိမ်းညို၏၊ ပြာသို တပို့တွဲး၊ စိုရွဲးငွေ့နှင်း၊ သုတ်လေညှင်းနှင့်၊ ယင်းနှစ်လကြား၊ ရှစ်ရက်အားဖြင့်၊ တပါးထိုမျှ၊ တပို့ တပေါင်း၊ ရှေးနှောင်း အညီ၊ လေးရက်စီလည်း၊ ပထဏ်မှတ်၊ အန္တရဌ်ဟု၊ ပညတ်နာမ၊ ကြားရှစ်ညှိုက်၊ *သောက်ပလင်းဟုန်၊ တက်အရုဏ်ဝယ်၊ ခိုက်တုန်လွန်ကဲး၊ ဧးစမြဲးတည့်၊ မလွှဲးမှတ်သို၊ လရက်လိုရှင့်၊ ထိုထိုလက္ခဏာ၊ နေကောဇာ၏၊ ကမ္ဘာလုံတမ်း၊ ထွက်ဝင်လမ်းဖြင့်၊ ပူချမ်းညီမျှ၊ ဓမ္မိကတို့၊ ရာဇအခါ၊ လက်ထက်မှာလျှင်၊ ဒေဝါအမှန်၊ ပဇ္ဇုန်မိုးမင်း၊ ချိန်မငြင်းဘဲး၊ မိုးတင်းမှန်စွာ၊ သွန်မောက် ရွာလျက်၊ သောကြာ*စိုင်ရှူး၊ ရောင်ဝါမြူးသည့်၊ ဆေးတူးမည်ခြင်း၊ ကြယ် *ပြောင်မင်းလည်း၊ မခွင်းလတွင်၊ မမြင် နေ့နိုက်၊ ဇနပိုဒ်တိုင်းသူ၊ များ ဗိုလ်လူတို့၊ မပူမဆာ၊ ကင်းရောဂါဖြင့်၊ ရေစာမသိပ်၊ ဘေးမနှိပ်နှင့်၊ ဖျောက်ဆိပ်မြောက်ပါး၊ လမသွားသည်။ ။တိုင်းကား*သာယောင့် သာယာ တည်း။ (၁၁၁)

၂၁၁။ တိုင်းကားပြည်ရွာ၊ သာကြီးသာအောင်၊ ပညာသတိ၊ လက်ကိုင် ယှိတိုင်း၊ ပြည်ကြီးအ†ကျိုး၊ ဆောင်ရွက်†ကြိုး၍၊ ကျင့်ရိုးအစဉ်၊ မြဲးစေယှဉ် လော့၊ မနဥ္ဇယ၊ကောရဗ္ဗဟု၊ လူများ*သနင်း၊ မင်းနှင့်မယ်တော်၊ ညာပျော်ဒေဝီ၊ တူညီမရှေ့၊ အိမ်ရှေ့ ပုရောဟိတ်၊ ပဏ္ဍိတ်*ကြံသိုင်း၊ မြေတိုင်း သာရထိ၊ ထိုပြို့း တရေး၊ သူဌေး ကြီစိုး၊ မတ်မျိုးခေါ် ဆို၊ တံခါးဗိုလ်က၊ ပြည်မတန်းဆာ၊ ကော ဒသ၊ ဤမျှစင်စစ်၊ တကျိပ်တစ်တို့၊ မလစ်အညီ၊ ပဥ္စသီကို၊ ကိုယ်စီထိန်းမှူ၊ အလေးပြု၍၊ ဂရုဓမ္မ၊ စောင့်ကုန်ကြကြောင့်၊ ဣန္ဒပတ္တ၊ နဂရနိုက်၊ သွန်းချ မိုးရည်၊ ဝ*ပြောစည်၏၊ *ခိုင်ကျည်ဓိဌာန်၊ မဘောက်ပြန်နှင့်၊ ဉာဏ်ဝီရိယာ၊ သမ္မာမချို၊ လူတို့လုံ့လ၊ ပယောဂကား၊ သိကြွားနှုတ်ထွက်၊ မိုးကြိုးစက်လည်း၊ တိမ်းပျက်ယွင်းခွ၊ လွဲးသွေ့ရခဲ့၊ ရှေးကကျမ်းလာ၊ ထင်ရှားစွာ၏၊ ယတြာပြု

ရှောင်း၊ အကြံကောင်းက၊ အင်းစောင်း၍ မှောက်၊ မင်းလောင်းပျောက်ဟု၊ မဘောက်အလို၊ မျှားလူ*ဗိုလ်တို့၊ မှတ်ဆိုကုန်ကြ၊ ဤ*ချင်းတလည်း၊ ဉာဏပယောဂ၊ ဉာဏ်ကံစွတည့်၊ ထိုမှတဝ၊ ဤလောကနိုက်၊ မုချတ†ရား၊ မဟုတ်ငြားသည့်၊ *ဟူး†ရားအလို၊ နက္ခတ်ဂြိုဟ်နှင့်၊ ထိုထိုတာရာ၊ မိုးအာကာက၊ ရောင်ဝါနွမ်းညှိုး၊ အောက်လူမျိုးအား၊ ပြစ်ကျိုးတစိ၊ ဘယ်ပြုဘိအံ့၊ သမ္မုတိမျှ၊ ဝေါဟာရသာ၊ ကမ္မနိမိတ်၊ ကြောင်းတစိတ်ဖြင့်၊ သရိက္ခက၊ တူရာမျှကို၊ ယမ်းဆဟောဆို၊ မျက်ကန်းလိုရှင့်၊ လက်ကိုသတ်တတ်၊ စနေနတ်နှင့်၊ စန်းသတ်ရာဟု၊ နံကိုထုသည့်၊ သတြုဂြိုဟ်၊ ဤအဆိုက၊ ကိုယ်ဟုမည်ထ၊ လက္ခဏာသခင်၊ နံပင်စန်းလက်၊ လေးပါးထက်နိုက်၊ ဂေါစရဂ္ဂါ၊ ကောဇာပါပ၊ စီးနင်းကျသော်၊ မရံဏာသဘော၊ ဘင်္ဂေါဘဝေတ်၊ နသံသယေတ်ဟု၊ စင်စစ်မှန်လှ၊ ဟောကုန်ကြလည်း၊ မုချကေန်၊ မဟူ*ထွန်တည့်၊ ဉာဏ်စစ်မဟုတ်၊ ဒွေးကော်ကုတ်၍၊ ချစ်ချတ်ကြောင်လို၊ တွက်မှန်းဆိုရှင့်၊ ထိုပြီးတချက်၊ ကမ္ဘာပျက်နှင့်၊ ရက်ပြဿဒါး၊ စသည်များက၊ နဂါးခံတွင်း၊ ဟူတုံလျှင်းသား၊ မကြွင်းခေါ်ဆို၊ လရက်လိုဖြင့်၊ နဂိုရ်ယာယီ၊ လောကီဝါဒ၊ ဟူသမျှကား၊ ဓမ္မမစောင်း၊ သူတော်ကောင်းအား၊ ပျက်ကြောင်းစင်စစ်၊ အပြစ်တခု၊ မပြုနိုင်ရာ၊ မှန်လှစွာ၏၊ သမာဒါန၊ ကုသလနိုက်၊ ဝါဒတည်ကြား၊ ယူမမှားနှင့်၊ တရားဟုဆို၊ ကံကုသိုလ်သာ၊ ကိုယ်ကိုစောင့်တတ်၊ ကိုယ်စောင့်နတ်တည်း၊ မပြတ်မြဲစွာ၊ တည်စေရာ၏၊ သည်းချာသား†လှ၊ သဘောကျလော့၊ ဗာ†လအမှူ၊ လေ့လာပြုလျက်၊ ဒုစရိတ၊ ဒုကမ္မဖြင့်၊ ပါပမ္မေလျော်၊ မသူတော်ကား၊ နေသော်နေမှား၊ သွားသော် သွားဆိုး၊ မကောင်း†ကျိုးတိ၊ †ကြိုးသို့လည်းငြိ၊ ဘေးသာထိရှင့်၊ ပြုမိသမျှ၊ အပြစ်ရခဲ့၊ နေလ ဂြိုဟ်သွား၊ တိမ်းပါးလွဲသွေ၊ မိုးစွေမိုးခေါင်၊ ရေတောင်မောက်ဖြိုး၊ ကြမ်းပိုး ပိုးဟပ်၊ ထူထပ်ပေါ်များ၊ ပိုးနှံစားက၊ သစ်ကျားရဲ့ထ၊ စောရသူသတ်၊ ကြခတ်ဝါး*သုန်း၊ ပေါင်း*နှုန်းမှတ်သား၊ ဤဆယ်ပါးတို့၊ ပျက်ပြားကြောင်းဟိတ်၊ ပြည့်နိမိတ်ဟု၊ အတိတ်မှတ်ခြင်း၊ ဆိုတုံလျှင်းလည်း၊ မင်းတည်းဟူသည့်၊ ပြည်သူများ့ဘာ၊ ဉက္ကဋ္ဌတို့၊ မခွတရား၊ စောင့်တုံငြားက၊ *တိုင်းကားပြည်မြတ်၊ ဥပဒ်မယှဉ်၊ ရန်မျိုးစဉ်သည်။ ။*ဖဲ့ကြဉ်ဒုန္နိမိတ္တာတည်း။ (၁၁၂)

၂၇၂။ ဓမ္မဥ္စရ၊ ရှေးရာဇာတို့၊ ကာလရံခါ၊ မိုးမရွာသော်၊ သစ္စာပြုမှန်၊ မိဋ္ဌာန်တုံလျက်၊ ခုနစ်ရက်နှင့်၊ လဝက်မယုတ်၊ ဉပုသ်စောင့်ကာ၊ *ခြိုးခြံစွာလျှင်၊ ရေစာသောက်စား၊ ပယ်ယှားရှောင်ဝေး၊ မွတ်ရသေး၏၊ တရေးရင်း၊ ပြည်သူပေါင်းတို့၊ နန်းလောင်း*မဟဲ့၊ မင်း*လျှာ*မဲ့ဟု၊ ပြည်ထဲ့းရေးရာ၊ တင်သော့ခါလည်း၊ တောင်ညာထွတ်ဖျား၊ မိသက်ထားကို၊ သားဆုတောင်းရေး၊ လွတ်ရသေး၏၊ ရင်သွေးငါ့သား၊ နရဖျားလည်း၊ အများ*ဗိုလ်*ထု၊ ကိုးရာပြုသည့်၊ ပြည်သူ့ဘမိ၊ ဖြစ်လတ်ဘိ၏၊ အဝိရောဓ၊ ရာဇညကို၊ စိတ်ကမမှား၊ ရှေးမင်း

များသို့၊ တရားအာ်ရိုး၊ ထိ့ုနှယ်မိုး၍၊ မှာ်ယိုးမမယ်၊ မောင်ကိုးကွယ်လော့၊ ရှေးဝယ်ခါက၊ ဗာရာဏနိုက်၊ ပိင်္ဂလမည်သီး၊ မင်းဆိုးကြီးအား၊ သေပြီး ‌်ရောက်လျက်၊တာ်ယောက်မကြွင်း၊ မေတ္တာကင်း၍၊ *ခပင်းပြည်သူ၊ မုန်းသော့တူနှင့်၊ လူမဆိုထား၊ ဘားငါးမကျန်၊ တိရစ္ဆာန်က၊ ငြိုးရန်ဘွဲ့ရှောင်း၊ သေဆုတောင်းအောင်၊ တိမ်းစောင်းဓမ္မ၊ ယွင်းခွသဖြင့်၊ မိ့ုး*နှယ်ကျင့်သည့်၊ မသင့်လွန်စွာ၊ မင်းပဉ္စာသို့၊ ပြည်ရွာပတ်ကုံး၊ တိုင်းလုံးအသေ၊ မမုန်းစေနှင့်၊ သက်ဝေငါ့သား၊ ပြည်ကျိုးပွါးအောင်၊ တရားနေ့*နှယ်၊ မှောင်မျိုးပယ်လော့၊ ပျက်ကွယ်တရား၊ တိမ်းပါးအယူ၊ ကျင့်သောသူကို၊ လူမနှစ်ခြိုက်၊ နတ်မကြိုက်ဘူး၊ သုစရိုက်မျိုး၊ ကောင်းကျင့်ရိုးကို၊ မြတ်နိုးသိပ်သည်း၊ ကျင့်စောင့်စည်းက၊ လူလည်းကြည်ညို၊ နတ်လည်းလို၍၊ လူလိုနတ်လို၊ များကြည်ညိုသား၊ ထက်ကိုလည်းရှု၊ အောက်ကိုရှုဟု၊ နှစ်ခုတရား၊ နတ်စကားတည့်၊ ချစ်သားမင်းပျို၊ မှတ်ပိုက်သိုရှင့်၊ မပိုမလွန်၊ ပြည်ကြီ့းဝန်ကို၊ အိုးတန်ဆန်ခတ်၊ကျင့်နိုင်တတ်လျက်၊ ကျင့်မြတ်*နီးနွယ်၊ဆောင်ပိုးသယ်လော့၊ မှတ်ဘွယ်တသီး၊ပမာမှီးသော်၊ စားပြီးတုံ့ရှောင်း၊ ဒ်စာဟောင်းနှိုက်၊ *နှစ်ထောင်းဝမ်းသာ၊ မယို့ရာသို့၊ ခန္ဓာဟုဆို၊ ဖြစ်ပြီးကိုယ်နှိုက်၊ အလိုရမ္မက်၊ မိစ္ဆာဘက်၍၊ နှစ်သက်ကြီးစွာ၊ မပြုရာဘူး၊ နောင်လာအသစ်၊ ကိုယ့်အဖြစ်ကို၊ မနစ်ဘိုသာ၊ အားထုတ်ရာဟု၊ ပညာယှိုသူ၊ အရေးမူ၏၊ အယူမထောင့်၊ မှန်စွာစောင့်၍၊ ဖြောင့်ဖြောင့်သားသား၊ မထွေပြားဘဲ၊ ခါးနှင့်နွယ်ဆက်၊မြစ်တဘက်သို့၊ အသက်စွန့်ကာ၊ သတ္တဝါကို၊ ချမ်းသာဆောင်ငြား၊ မျောက်မင်းလားသို့၊ တရားသူ့ထက်၊ ဆယ်ပြန်တက်သည်။　။ မပျက်ကျင့်ဆောင် အပ်စွာတည်း။　(၁၁၃)

၂၇၃။ နှစ်ဆဲ့လေးတိ၊ စဉ်ရှေးတွက်ဘွဲ၊ တဘန်ခွဲ့လျက်၊ လေးဆဲ့နှစ်ဖြာ၊ ဘိဓာန်လာနှင့်၊ ရှေးဗျာကရဏ်း၊ မိန့်နှုန်းဘော်ထုတ်၊ ပြယုဂ်အလျောက်၊ ခြောက်ဆဲ့ခြောက်ဖြင့်၊ ထိုလောက်များဘိ၊ မျိုးနွယ်ချိသား၊ ဇာတိဂေါတ္တ၊ ယှိသမျှနှိုက်၊ ခတ္တိယဇာတ်၊ မင်းမျိုးမြတ်ဟု၊ မိုးနတ်မဟာ၊ ဗြဟ္မာသနံ၊ ကမ္ဘာလျှံအောင်၊ မိန့်သံခြွေညွှန်း၊ တင်မော်ကွန်းဖြင့်၊ တု*ကျွန်းလူ့ဘောင်၊ လက်ရုံးထောင်၍၊ အခေါင်လွှမ်းမိုး၊ *ဦးကိုင်စိုးသား၊ နေမျိုးလနွယ်၊ ဤနှစ်သွယ်တွင်၊ ကြီးကျယ်စက်ရှိန်၊ နေသူရိန်နှင့်၊ *နှုန်းချိန်*တမျှ၊ ဘုန်းထိန်ပ၍၊ ဂေါတမမိတ်၊ သောင်းလုံး ထိတ်အောင်၊ အာဒိစ္စဝင်၊ နေမျိုးစင်သည့်၊ ဘခင်သွေးစစ်၊ ဥပရာဇ် ! သားချစ်သည်းအူ၊ စွဲမှတ်ယူလော့၊ ဤလူတလွှား၊ ဇမ္ဗူသားကား၊ တရားကိုယ်ကြပ်၊ မြဲမာ်ကပ်၍၊ ဆုတ်ာ်ကပ်အလေ့၊ ကာလရွှေ့တိုင်း၊ လျော့မေ့ဘောက်ပြန်၊ မမှန်အမျိုး၊ အမိုက်တိုး၏၊ မိရိုးဘလာ၊ ကျင့်သမ္မာကို၊ ပယ်ခွါစောင့်လှည့်၊ မျော်မကြည့်ဘူး၊ မျိုး၏စာရိတ်၊ ကွယ်ဆိတ်မြုပ်ထိမ်၊ ဂုဏ်*သိမ်တန်းခိုး၊ ရွှေရွှေညှိုးလျက်၊ အရိုးဟောင်းလစ်၊ အဆန်းသစ်၍၊ စွန့်ပစ်သမှာ၊

ကျင့်တတ်စွာ၏၊ သစ္စာကတိ၊ တည်မယိုဘဲ၊ ကလိယုဂ်ဘွား၊ ပါပသားတို့၊
တရားမပြည့်၊ တော်မတည့်ဘူး၊ နှိုင်းယှည့်ပညာ၊ အရာရာကို၊ လိမ္မာနည်းယူ၊
သတိမူလေ့၊ လူ၏အလျောက်၊ ရုံခါဘောက်၍၊ မျက်မှောက်ဘေးရန်၊ ဖြစ်ခဲ့
ပြန်သော်၊ မန္တန်စုပ်ဘိ၊ ပညာယှိနှင့်၊ နှိုင်းညှိတိုင်ပင်၊ ချစ်ခင်စ†ရာ၊ သ†ယာ
စကား၊ ပဏ္ဏာ*ဖြား၍၊ ပေးငြားတံစိုး၊ ဆွေမျိုးဆက်နွယ်၊ ဤငါးသွယ်ဖြင့်၊
ကိုယ်ဝယ်ရောက်လာ၊ မှုရေးရာနှိုက်၊ ချမ်းသာရမြဲ၊ မလွဲမှန်လှ၊ သို့မရမူ၊ ကမ္မ
သကာ၊ ငါ့ကံသာဟု၊ *ကြမ္မာကိစ္စ၊ ကံကိုချလော့၊ ရှေးကကောင်းမှု၊ မပြု
နည်းပါး၊ ထိုသူများက၊ စီးပွါးဥစ္စာ၊ ချမ်းသာရကြောင်း၊ ပြုပါရှောင်းလည်း၊
တိမ်းစောင်းယွင်းဘောက်၊ လှေ့*နှယ်မောက်၍၊ မမြောက်ကြံရာ၊ လက်ချည်း
ခါအောင်၊ ချမ်းသာမရ၊ ပျက်တတ်စွတည့်၊ ထိုမှတရေး၊ ရှုလတ်သေးရှင့်၊
ရှေးဘုန်းကမ္မ၊ ဒုဗ္ဗလဖြင့်၊ ပုညနည်းစွာ၊ ကုဒါရာတို့၊ လူ့ရွာထင်ရှား၊ အလွန်
များခဲ့၊ ယောကျ်ားတို့က၊ လုပ်ကြကုန်းကုန်း၊ နွားတူနှုန်းစေ၊ *ဖြုန်းအားမရ၊
မိန်းမကလျှင်၊ ရှင်ပျပြုံးပြုံး၊ ရတိုင်းသုံး၏၊ သက်ဆုံးလူ့ရွာ၊ မချမ်းသာဘူး၊
သမ္ဘာမလှ၊ ကိုယ်မလှတည့်၊ ဘဝတိုင်းပင်၊ဤလူ့ခွင်နှိုက်၊ မထင်မ†ရှား၊ ဘုန်းကံ
†ယှားး၍။ ။*ဖုန်းစားမြော်ရ မည်ကိုကား။ (၁၁၄)

၂၀၄။ *ဖုန်းစားမြော်ကာ၊ သူပေးရာနှင့်၊ ဝမ်းစာမဝ၊ ခါးမလှတည့်၊
ပုညရှေးပြု၊ ကောင်းမှုမပါ၊ သူတို့မှာလျှင်၊ ချမ်းသာမရ၊ တဘဝလုံး၊ သူများ
ထက်ကဲ၊ ဆင်းရဲညစ်စုတ်၊ မဟာဒုဂ်သို့၊ဆိုးယုတ်မွဲပြာ၊ဖြစ်တတ်စွာခဲ့၊ *ကြမ္မာ
မူလ၊ လူထိုမျှ၏၊ ကမ္မနိမိတ်၊ သရိက္ခက၊ ဟိတ်ပြခြင်းရာ၊ လက္ခဏာလည်း၊
ဇာတာဂြိုဟ်နေ၊ ယုဂ်လေးထွေတွင်၊ ကေမဒုမ၊ ယုဂ်ကိုရလျက်၊ ဒုက္ခပူပန်၊ *အထီး
†ကျန်၏၊ ကောင်း†ကြန်ကောင်းစာ၊ ကောင်းဇာတာနှင့်၊ ဒသာ လက် စန်း၊
ဥစ် ပန်းကသစ်၊ နဝင်းစစ်လည်း၊ ကောင်းဆစ်မငြား၊ မကောင်းစားဘူး၊ စီးပွါး
အရာ၊ ပြုတုံပါလည်း၊ ရေမှာကြည်းလျောက်၊ ပြီးမမြောက်ဘဲ၊ ဘောက်ဘောက်
ပြားပြား၊ လုပ်တိုင်းမှားဟု၊ *ဟူးရားအလို၊ ထိုထိုကျမ်းမှ၊ ဟောဆိုပြ၏၊ သုခ
ဒုက္ခ၊ ဝိပါကဟု၊ ကမ္မနှစ်ခု၊ ရှေးကပြုသား၊ ကုသိုလ်အကုသိုလ်၊ အကျိုးကိုမူ၊
မလိုလည်းရ၊ လိုမရတည့်၊ တောင့်တအားလှိုင်း၊ ကြံစည်တိုင်းလည်း၊ ကြံတိုင်း
မပြီး၊ ရှေး*အတီးက၊ ရင်းနှီးပုည၊ ကုသလသာ၊ ကမ္မမူလ၊ ကြောင်းရင်းစတည့်၊
ရှေးကကောင်းကံ၊ ကြောင်းမခံ၍၊ အကြံပျက်စီး၊ ကြံမပြီးက၊ *ချည်းနှီးပညာ၊
မလိ†မ္မာသည့်၊ လူ†မှာစင်စစ်၊ သူမိုက်ဖြစ်၏၊ တဆစ်မဘောက်၊ ကြံတိုင်း
မြောက်သော်၊ အံ့လောက်ထိုသူ၊ ပဏ္ဍိတ်ဟူ၏၊ အယူမှန်စွာ၊ ကံရင်းပါမှ၊ ကြံရာ
ပြီးတတ်၊ အမြဲမှတ်လော့၊ မချွတ်ထို့ကြောင့်၊ တရားစောင့်လျက်၊ ဖြောင့်သည့်
အလို၊ ဤသည့်ကိုယ်နှိုက်၊ ကုသိုလ်မမ္မ၊ ယွင်းမခွနှင့်၊ ရှေးကအယူ၊ သမ္မာဖြူ၍၊
လူဟုဖြစ်ရှောင်း၊ အလာကောင်း၏၊ မစောင်း နောက်ပြန်၊ လမ်းဟောင်း

မှန်အောင်၊ မြင်ဉာဏ်မျက်စိ၊ နှစ်ဘက်ယှိလော့၊ သတိပညာဥ်၊ အမြဲးယှဉ်မှ၊ အစဉ်မပျက်၊ ကိုယ်ကျိုးနက်လိမ့်၊ သက်သက်မရွာ၊ တစိတ်ရွာနှင့်၊ နှံ့စွာရွာမျိုး၊ သုံးပါးမိုးတွင်၊ နောက်မိုးသဖွယ်၊ ကျင့်ရိုးသွယ်၍၊ ဘယ်ဝယ်မလပ်၊ အထပ်ထပ်သာ၊ အရပ်မရွေး၊ နီးဝေးမဆို၊ ပုဂ္ဂိုလ်မစစ်၊ မုန်းချစ်မဟူ၊ ပေးအလှူဖြင့်၊ ငြူစူမယှိ၊ စွန့်နိုင်ဘိလော့၊ လောကီ့ဓမ္မတာ၊ လူတို့ရွာတွင်၊ အိမ်ရာထောင်ပြု၊ လူတစုကား၊ ကောင်းမှုကောင်းကြံ၊ အရင်းခံ၍၊ သစ္စံဓမ္မ၊ ဝီရိယနှင့်၊ စာဂ ဓိတိ၊ လေးပါးယှိက၊ ကင်းဘိအပါယ်၊ နောင်ဝယ်နတ်လူ၊ စိုးမပူတည့်၊ တမူထိုပြီး၊ ကျမ်းလာသိလော့၊ သံဝိဘာဂါ၊ သဒ္ဓါမုဒု၊ ဝဒညုဟု၊ လေးခုထင်ရှား၊ ဤတရားလည်း၊ ပြည့်ငြားတုံမြောက်၊ သေပြီးနောက်နိုက်၊ ထိတ်ကြောက်မပူ၊ ရဲးအားဟူ၏၊ အယူမှားဘိ၊ လူဗိဠ်တို့၊ မယှိပညာ၊ သဒ္ဓါမထုံ၊ ကံမ†ယုံသို့၊စား†ရုံအိပ်မွေ့၊ မပျော်လေ့နှင့်၊ မမေ့ကုသိုလ်၊*မငြင်†ငြိုမှ၊ သား†ညို ကသိုဏ်း၊ ဘသက်နှိုင်းသည်။　။ဆက်တိုင်းပျော်ရ မည်ကိုကား။　(၁၁၅)

၂၇၅။ မိမိဥစ္စာ၊ နှစ်သက်စွာကို၊ သဒ္ဓါကြည်ဖြူ၊ ပေးအံ့ဟူ၍၊ လှူမည်ဝမ်းထဲး၊ ကြံမရဲးရှင့်၊ ကြံခဲးစွာဘိ၊ ကြံသည်ရှိလည်း၊ မငြိမနား၊ မန္တန်အားဖြင့်၊ အသွားမတုံး၊ ထိလျှင် ဆုံးမျှ၊ သုံးဆဲ့သုံးဘန်၊ လက်သစ်ပြန်သည့်၊ သန်လျှက်ဓားကို၊ ထင်ရှား*ပြက်ပြက်၊ မျိုသောထက်လျှင်၊ နှုတ်ထွက်ငါသည်၊ ပေးမည်မြွက်ခဲး၊ မြွက်*တပဲးလျက်၊ ရဲးရဲးရက်ရက်၊ အပေးခက်ရှင့်၊ ဆက်ဆက်မုချ၊ ပေးပြီးမှလည်း၊ နောင်တ မပူ၊ ခဲးစွဟူ၏၊ ဤလူတို့ဘောင်၊ အိမ်ရာထောင်တို့၊ မရှောင်ပူချမ်း၊ ကြိုးပမ်းဥစ္စာ၊ ရအောင်ရှာလျက်၊ လေးဖြာခွဲးမူ၊ လေးဘို့ပြု၍၊ တစုခံစား၊ နှစ်စုအားလျှင်၊ စီးပွါးယှဉ်ရာ၊ တစုမှာမူ၊ လိုခါနောင်ဘို့၊ မချိုဆောင်ဘွယ်၊ မြေဝယ်မြှုပ်ထား၊ ပြုအပ်ငြား၏၊ ဘုရားဆုတောင်း၊ အလောင်းတို့မှာ၊ သုံးပုံသာမျှ၊ ခွဲးကာပိုင်းခြား၊ မြှုပ်မထားဘူး၊ ကြီးမားဣစ္ဆာ၊ မဟာဠာဖြင့်၊ ပွင့်*လျှာအပေါင်း၊ မြတ်လောင်းတို့ထုံး၊ အားလုံးမချန်၊ အစိုး*သွန်၍၊ ပေးစွန့်တတ်ဟူ၊ ယှိတိုင်းလှူ၏၊ *ဗိုလ်လူ*တကာ၊ ပမာ ဘက်†ယှား၊ မတူငြားတည့်၊ ထင်†ရှားကျော်ဟိုး၊ ဘိညာဥ်စိုးသား၊ တန်းခိုးကြီးစွာ၊ ရဟန္တာလည်း၊ ဥစ္စာ အသက်၊ နှစ်ပါးတွက်ကို၊ မပျက်စီးရာ၊ ဝန်ခံစွာလျက်၊ သဒ္ဓါမည်ငြား၊ ဤတရားမူ၊ ဘောက်ပြားယွင်းသွေ၊ ချက်ခြင်းထွေ၍၊ မစွေဖီသမ်း၊ ပျက်လွယ်စွမ်းကြောင့်၊ *ခံထမ်းပိုင်ပိုင်၊ မပြုနိုင်ဘူး၊ မြဲးခိုင်စိမ့်ငှါ၊ ထိုသဒ္ဓါကို၊ ပညာ*ကွန့်ထွေ၊ မဆွန့်စေနှင့်၊ သက်ဝေမင်းဖြူ၊ မှတ်နည်းယူ၍၊ ဆယ်ဆူ ပုညာ၊ မြဲးမခွဘဲး၊ ဒါနဟူသည်၊ ပြုအံ့ရည်သော်၊ *မူနည်ယုတ်မြတ်၊ မမှတ်အညီ၊ လာရောက်ပြီတိုင်း၊ ဒုဿီ သုသီ၊ အလဇ္ဇီက၊ လဇ္ဇီမကြွင်း၊ မချန်ချင်းဘဲး၊ ဝမ်းတွင်း*ခိုင်ကျည်၊ သူမည်မည်နှိုက်၊ မလည်မသုန်၊ သဒ္ဓါဟုန်ဖြင့်၊ မဘုန်မလှုပ်၊ ထိန်းအုပ်မစွေ၊ မတွန့်မစေနှင့်၊ လှူထွေ

ရှေးဘို၊ ဉာဏ်*မဲ့ချို၍၊ တွန့်တိုတုံက၊ ပထမရွယ်၊ နောင်ခါဝယ်နှိုက်၊ နွမ်းနယ် ချမ်းသာ၊ ဆိုးရုပ်ဝါနှင့်၊ မဟာကုသ၊ ပဉ္စပါပီ၊ မဟောသီသို၊ ယက္ခီ ယက္ခ၊ တူ*တမျှဖြင့်၊ ရူပလက္ခဏာ၊ ပျက်တတ်စွာ၏၊ နောက်မှာတွန့်ငြား၊ သား သမီး *မဲ့၊ ချိုတဲ့ယွင်းယို၊ ထန်းငုတ်တိုသို၊ အိုခါ ဒုက္ခ၊ ရသည်ဆင်းရဲ၊ တိမ်းလွဲ စည်းစိမ်၊ ဂုဏ်သိမ်နိမ့်†ကျ၊ ဖြစ်တတ်†ကြ၏၊ ပဒုမဝတီ၊ ဒေဝီနေမြတ်၊ သန္ဓေ နတ်နှင့်၊ ပညတ်မည်ထုတ်၊ အပုတ္တက၊ သူဌေးစသည့်၊ ထိုမျှဝတ္ထု၊ အစုစုကို၊ မျှော်ရှုနိုင်းဆ၊ ထောက်အပ်စွရှင့်၊ မုဋ္ဌအခါ၊ တွန့်တိုပါသော်၊ အင်္ဂါချိုတဲ့၊ ဂုဏ်*မဲ့မျိုးနွယ်၊ မတင့်တယ်ဘဲ၊ ငယ်၏တန်းခိုး၊ မပြည့်*ဖြိုးသည်။ ။နွမ်း ညှိုးယော်ရ မည်ကိုကား။ (၁၁၆)

၂၇၆။ မှတ်လော့တဘန်၊ ကျမ်းလာဟန်ကို၊ ထုတ်ပြန်ဘော်ပြ၊ ဤလောက နှိုက်၊ ကာမဘောဂီ၊ လောကီလူ့ဘောင်၊ အိမ်ရာထောင်တို၊ လုပ်ဆောင်နေ ကြ၊ အချိုကလည်း၊ အမွေသာ၊ အချို†မှာမူ၊ ဓမ္မာ†ဓမ္မ၊ အချိုကကား၊ ဓမ္မအားဖြင့်၊ သုံးပါးကိစ္စ၊ ပြုကုန်ကြ၍၊ ဘောဂဥစ္စာ၊ ရအောင်ရှာလျက်၊ ချမ်းသာကိုယ်ကို၊ မခံလိုနှင့်၊ ခံလိုကောင်းမှု၊ ပြု မပြုငြား၊ ပုဂ္ဂိုလ်များတွင်၊ တရားမညီ၊ ထိုဤလုံ့လ၊ ဝါယာမဖြင့်၊ ဘောဂဘွေရှာ၊ ကိုယ့်ချမ်းသာကို၊ ခံငှါမပြု၊ ကောင်းမှုမလုပ်၊ မြေဝယ်မြှုပ်၍၊ ပိုက်ထုပ်ထားကာ၊ ပြုတတ်စွာ တည့်၊ အင်္ဂါသုံးပါး၊ နှစ်ပါး တပါး၊ ပါငြားသူဝယ်၊ ကဲ့ရဲ့ဘွယ်တည့်၊ အကယ် ထိုမှ၊ ဓမ္မေနနှင့်၊ သုခကိုယ်မှာ၊ ချမ်းသာခံစား၊ တရားမျှော်ရှု၊ ကုသိုလ်ပြုဟု၊ သုံးခု နှစ်ခု၊ တခုအင်္ဂါ၊ တဖြာဖြာလျှင်၊ ပါရာသူနှိုက်၊ ခြီးမွမ်းထိုက်၏၊ စွဲးပိုက်အာဂုံ၊ မြဲးမှတ်ယုံလော့၊ သုံးဘုံလုံးနတ်၊ ရှင်တော်မြတ်တို၊ ဟောမှတ်ထင် ရှား၊ မြွက်ဘော်ကြားခဲ့၊ တရားပါဠိ၊ လာတိုင်းသိသား၊ ပဏ္ဍိပုဂ္ဂိုလ်၊ မြတ်ထိုထို တို၊ ကိုယ်ကို နှိမ့်ချ၊ ဓမ္မေနဖြင့်၊ ဓနဥစ္စာ၊ ရအောင်ရှာ၍၊ ချမ်းသာလည်းခံ၊ အသင့်စံလျက်၊ ကောင်းကြံ ကောင်းပြု၊ ကောင်းမှုရှေးရှု၊ ပေးကြ†လှူ၏၊ *က†လူနိုင်ထက်၊ နှိပ်စက်လျှပ်ဝါး၊ တပါးသူကို၊ မျက်ရည်ယိုအောင်၊ ထိုထို ဒဏ်မူ၊ ပြု၍ယူထ၊ အဓမ္မဖြင့်၊ ရသည့်ဥစ္စာ၊ ထောင်သပြာကို၊ လှူပါသော့သူ၊ တသိန်း†လူ၏၊ အ†လှူတို့ကား၊ တရားညီမှု၊ နည်းငယ်ပြုသည့်၊ ထိုသူ့ဒါန၊ တခုမျှကို၊ ပုံချတွက်ဘွဲ၊ စံနိုင်း*ရှဲ့သော်၊ တဆဲ့ခြောက်စိတ်၊ ခွဲးဝေစိတ်၍၊ တစိတ်ကိုမျှ၊ မမီစွဟု၊ ရှေးကပဉ္စသီ၊ ချီအီသာမော၊ နတ်မင်းဟော၏၊ သား*စောမင်းဖြူ၊ ကောင်းနည်းယူလော့၊ ကောင်းမှု ဆိုးမှု၊ ဤနှစ်လူလည်း၊ မသူတော်စု၊ မကောင်းမှုကို၊ အပြုလွယ်စွာ၊ ကောင်းရာပြုခဲး၊ နက်နဲးဉာဏ်ယို၊ မျိုးဇာတိနှင့်၊ ပဏ္ဍိအပေါင်း၊ သူတော်ကောင်းကား၊ အကောင်းပြုရဲး၊ မကောင်းခဲး၏၊ နှစ်ကွဲး တွင်သော်၊ မသူတော်မူ၊ မကျော်မစော၊ ရေ့*နှယ် ကော၏၊ သဘောကောင်းအင်၊ သူတော်စင်မှ၊ လူတွင်လူမော်၊သူ့ဘက်ကျော်

၍၊ နတ်သော်နတ်မှာ၊ နတ်ထက်သာလျက်၊ တေဇာ*ဝှန်ဖြိုး၊ တန်းခိုးပြည့်စုံ၊ လူနတ်ဘုံနှိုက်၊ ဝန်းအုံခြိမ့်သောင်း၊ ရံငြိမ့်ညောင်းနှင့်။ ။ရွှေပေါင်းဖျော်ရမည်ကိုကား။ (၁၁၇)

၂၇၇။ မှတ်စိမ့်ကျမ်းလို၊ တခဏ်းဆိုပိမ့်၊ မှတ်သိုဝမ်းက၊ မောဟအကျိုး၊ အမျိုးစည်းစိမ်၊ ဂုဏ်သိမ်ညှံ့ခြင်း၊ ဖြစ်ရလျှင်း၏၊ ယင်းသည့်အမျိုး၊ တန်းခိုးဂုဏ်သိမ်၊ စည်းစိမ်ဘောဂ၊ ကြီးမြတ်စွကား၊ အမောဟစက်၊ ရုပ်ပျက်ချွတ်ယွင်း၊ အဆင်းမလှ၊ ဒေါသနိုသန်၊ လှယဉ်မွန်မူ၊ ပြန်၍မှတ်ကြ၊ အဒေါသတည့်၊ လောဘလွန်ကဲ၊ ဆင်းရဲချူချာ၊ မွဲတတ်စွာ၏၊ ချမ်းသာကြွယ်ဝ၊ အလောဘတည့်၊ ထိုမှတဖြာ၊ ဇမ္ဗူချာဝယ်၊ ကပ်ဟာယန၊ ဝစုနလည်း၊ ကမ္မမူလ၊ ကြောင်းရင်းစရှင့်၊ သားလှမောင်သိ၊ သုစရိတ၊ ဓမ္မဟူသည်၊ လူတို့ပြည်ဝယ်၊ သက်ရှည်ချမ်းသာ၊ တေဇာကျော်ဟိုး၊ ဘုန်းတန်းခိုးကို၊ တက်တိုးစေတတ်၊ ဆေးမြတ်ဟုဆို၊ သမ္မစိုရ်တည်း၊ လူလိုနတ်လို၊ မျှားကြည်ညိုလျက်၊ ထိုမှတဖြာ၊ သချာတွက်ဘွဲ့၊ တဆဲ့တမျိုး၊ ကျေးဇူးဖြိုးသား၊ ဆေးရိုးနတ်ရှို၊ ဗြဟ္မစိုရ်တည်း၊ အကုသိုလ်မူ၊ ကုသိုလ်မူကြောင့်၊ ဥတုမိုးလေ၊ စာရေသြဇ၊ မျှ မမျှဘဲ၊ ကာလယုတ်တက်၊ မညီပျက်၍၊ လူ့သက် ရှည် တို၊ ဖြစ်ကြလို၏၊ ဗြဟ္မစိုရ်လေးဖြာ၊ တည်ကြခါမှ၊ သတ္တဝါဟူဟူ၊ ဦးမည်းဖြူတို့၊ ရှင်လူ*ခပင်း၊ ရောဂါကင်းလျက်၊ ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်၊ ချမ်းသာခွန်အား၊ သက်ရှည်ပွါး၏၊ လေးပါးဗြဟ္မစိုရ်၊ မယှိုလိုသား၊ ကုသိုလ်သမ္မာ၊ ကင်းကြ†ခါနှိုက်၊ ယ†က္ခာမိပ၊ ဂ္ဂန္ဒာစသား၊ နတ်ကြီးမျှားလည်း၊ စိမ်းဝါးကြမ်းခက်၊ သံဘက်*ဥပါ၊ မိစ္ဆာရဲဆိုး၊ ဘီလူးမျိုးကို၊ စောင့်စိုးမအုပ်၊ မချုပ်သော့အား၊*ပေါက်လွှတ်ထား၍၊ လူမျှားဘေးရောက်၊ သေပျောက်ဥပဒ်၊ မျှား*သတတ်တည့်၊ မှတ်လော့တသွယ်၊ လူတို့ဝယ်လျှင်၊ ကြီးငယ်အမျှား၊ မင်းပုဏ္ဏားက၊ ယောကျ်ားမိန်းမ၊ ကြင်ကာလနှိုက်၊ လောဘတရား၊ စရိုက်မျှားလျက်၊ ပြန့်ပွါးမဆိတ်၊ ထိုကြောင်းဟိတ်ကြောင့်၊ ဒုဗ္ဘိက္ခန္တရ၊ ကပ်ကြီး†ကျ၍၊ ငတ်†ကြမွတ်†ကြ၊ မဝရေစာ၊တောင့်တကာလျှင်၊ မျှားစွာသေပျောက်၊ ပြိတ္တာရောက်၏၊ မီးတောက်*တမျှ၊ ဟုန်းဟုန်းထလျက်၊ ဒေါသဟိတ်လွန်၊ ပြန့်ပွါး*ဝှန်သော်၊ သတ္ထန္တရ၊ ကပ်ကြီး†ကျ၍၊ သတ်ကြ†ဖြတ်†ကြ၊ အာဃာတဖြင့်၊ သေထတုံမြောက်၊ငရဲရောက်၏၊ထို့နောက်ဉာဏ၊ နည်းပါးကြကြောင့်၊ မောဟသမုဋ္ဌာန်၊ ထိုဟိတ်လွန်က၊ ရောဂန္တရ၊ ကပ်ကြီးကျ၍၊ မျှားလှရောဂါ၊ ဝေဒနာဖြင့်၊ ခန္ဓာပျက်သူ၊ ပြန့်*ပြောထူလျက်၊ အယူမမှား၊ ချင်းချင်းအားလည်း၊ သနားကြင်†နာ၊ ကရု†ဏာနှင့်၊ မေတ္တာမကင်း၊ သေကြလျှင်း၍၊ခပင်းမျှားစွာ၊သတ္တဝါတို့၊ လူ့ရွာနတ်ခြောက်၊ ဖြစ်ကြရောက်၏၊ မဘောက်မှန်စွာ၊ ကျမ်းနှိုက်လာခဲ့၊ လေးဖြာဗြဟ္မစိုရ်၊ ပျက်ယွင်းယို၍၊ အကုသိုလ်မူလ၊ ဟိတ်ပါပတို့၊ ပွါးကြကုန်ဘိ၊ ထိုသတ္တိကြောင့်၊ အသိ

ဉာဏ်နု၊ ကောင်းကျိုးစုနှင့်၊ အာယုလျော့ဆုတ်၊ ကလိယုဂ်ဟု၊ သမုတ်သညာ၊ ဝေါဟာပညပ်၊ ခေါ်ဝေါ်အပ်သား၊ ဆုတ်ကပ်ကာလ၊ ဟာယနန္တိုက်၊ လောက လူ့ရွာ၊ သတ္တဝါတို့၊ ဓမ္မတာတရား၊ ဟိတ်သုံးပါးနှင့်။ ။ကပ်အားတော်ရ မည်ကိုကား။ (၁၁၈)

၂၈၈။ တပါးမှတ်ရန်၊ ကျမ်းလာဟန်တည့်၊ သိဉာဏ်*မဟဲ့၊ ပညာ*မဲ့၍၊ ချို့တဲ့သဒ္ဓါ၊ မျက်မှောက်မှာလျှင်၊ ဉစ္စာကုန်မွဲ၊ ဆင်းရဲမည့်ရေး၊ ငတ်မွတ်ဘေးမှ၊ တွေး၍မလှု၊ ကြောက်တတ်သူတို့၊ နောင်မူမချွတ်၊ ဘေးမလွတ်ဘူး၊ ငတ်မွတ်ဆင်းရဲ၊ မွဲသည့်ဒုက္ခ၊ တွေ့တတ်ကြ၏၊ မုချမှတ်ယူ၊ လောက†လူတွင်၊ အ†လှူပေးခြင်း၊ စစ်ထိုးခြင်းကား၊ မယှဉ်းတူမျှ၊ ဟူကုန်စွတည့်၊ အလောဘဟိတ်၊ ကြောက်ထိတ်ကင်းစွာ၊ စွန့်ကြဲရာနိုက်၊ သဒ္ဓါသူရဲ၊ ဗိုလ်ထုခွဲလျက်၊ စစ်ကဲဝီရိယ၊ လုံ့လအထူး၊ ရဲခေါင်ကြူးသား၊ ဗိုလ်မှူးရွှေဉာဏ်၊ ဆုတ်မလှန်ဘဲ၊ စိတ်သန်*ခိုင်ကျန်း၊ စွဲးယူမှန်းလော့၊ ရဟန်းပုဏ္ဏား၊ သူမြတ်များအား၊ လေးပါးပစ္စည်း၊ ထံကပ်ဆည်း၍၊ ဘိတ်လည်းဘိတ်လျက်၊ ဘောက်ပျက်စေတနာ၊ နောက်အခါသော်၊ သဒ္ဓါမရှေး၊ မဈေးမေး၍၊ မပေးလိုတတ်၊ မကြည်မြတ်ဘဲ၊ ယှင်းချွတ်သသူ၊ ထိုမျှလူကား၊ နောင်မူများစွာ၊ ဖြစ်လေရာနိုက်၊ *ကြမ္မာမကူ၊ ညှိုးကြုံပူလျက်၊ ကိုယ်ထူကိုယ်ထ၊ ဝီရိယဖြင့်၊ လုံ့လကြိုးစား၊ စီးပွါးဖြစ်မှု၊ အားထုတ်ပြုလည်း၊ တခုကယှင်း၊ တခုဟင်း၍၊ *တိမ်းပင်းဆုတ်ဆိုင်း၊ အပိုင်းပိုင်းနှင့်၊ လုပ်တိုင်းမအောင်၊ ဆောင်တိုင်းမမြောက်၊ ဆားလေ့မှောက်သို့၊ ဘောက်ဘောက်ပြားပြား၊ မပွါးမ*ဖြိုး၊ *အချည်းနှီးလျှင်၊ ပျက်စီးတတ်စွာ၊ လက်ချည်းခါ၍၊သဒ္ဓါမလှိုင်း၊ဘိတ်တိုင်းကြည်ညို၊ မပေးလိုဘဲ၊ဝန်တိုချုတ်ချယ်၊ အနည်းငယ်မျှ၊ အကယ်ချို့ချို့၊ ပေးသူတို့မူ၊ နှစ်လိုလိုအင်၊ မပြည့်လင်ရှင့်၊ အကြင်တယောက်၊ ဘိတ်တိုင်းလောက်သာ၊ မဘောက်ရုံမျှ၊ ပေးတတ်ကလျှင်၊ ကိစ္စလိုရုံ၊ ပြီးပြည့်စုံ၏၊ အပုံ*အဖြိုး၊ မြောက်ခြိုး*ဖြိုးဝှန်၊ ဘိတ်တိုင်းလွန်အောင်၊ သွန်သွန်မှောက်†မှောက်၊ ရှင်ဝမ်းမြောက်၍၊ မောက်†မောက်လျှမ်းလျှမ်း၊ *လွှေလွှေရမ်းဖြင့်၊ ပေးကမ်းတတ်သူ၊ ထိုလူများကား၊ စီးပွါးလုပ်ဆောင်၊ ကြံတိုင်းအောင်လျက်၊ တောင့်နှယ်*ဖြိုးဖြိုး၊ ပွါးတက်တိုး၍။ ။တန်းခိုးပေါ်ရ မည်ကိုကား။ (၁၁၉)

၂၈၉။ တန်းခိုးပေါ်ထင်၊ ကုသိုလ်ရှင်မှ၊ လူတွင်မညှိုး၊ စည်းစိမ်*ဖြိုး၏၊ ကျမ်းရိုးအယို၊လမ်းမှန်သိလော့၊ လောကီ့ချမ်းသာ၊ နောင်ဘို့ရှာသည့်၊ ပညာယှို ပေါင်း၊ သူမြတ်ကောင်းတို့၊ နှစ်ထောင်းဝမ်းသာ၊ ပြုအပ်စွာရှင့်၊ လူ့ရွာနောက် နောင်၊ ကြံတိုင်းအောင်လိမ့်၊ သားမောင်သက်နှင်း၊ ကျင့်မပျင်းနှင့်၊ ကြောင်း ရင်း*ကြမ္မာ၊ ကံမပါလျှင်၊ ကြံရာမပြီး၊ အချည်းနှီးဖြင့်၊ ပျက်စီးတတ်စွာ၊ မချွတ် ရာတည့်၊ ကလျာဏာကလျာဏ၊ ကျင့်ကမ္မဖြင့်၊ ပုညပါပ၊ ကိစ္စအမှု၊ ခွဲးဝေရှုသော်၊

အကုသိုလ်ကုသိုလ်၊ နှစ်ခုကိုလည်း၊ မပြုလိုခဲ့၊ ပြုလိုရဲး၏၊ ကံမွဲ့မပြောင်း၊
ကံမဆောင်လျှင်၊ ဂုဏ်ရောင်မလှ၊ မထွန်းပဘူး၊ ဒုက္ခလူ့ဘောင်၊ ဆင်းရဲခေါင်လိမ့်၊
ကျင့်ဆောင်မယုတ်၊ စောင့်ကိုယ်နှုတ်နှင့်၊ ဥပုသ်ဗြဟ္မ၊ စရိယလည်း၊ ကာလ
အစဉ်၊ အမြဲးယှဉ်လော့၊* ဖွဲ့ကြည်စေတနာ၊ တည်စာဖြင့်၊ အင်္ဂါမပျက်၊ နေ့
တဝက်မျှ၊ ကျိုးစက်လွန်အောင်၊ မင်းဖြစ်ဆောင်၏၊ *ယခေါင်ရှေးက၊ ပုည
သမုဒ္ဒာန်၊ ကုသိုလ်သန်၍၊ ကောင်းကြွန်ကောင်းစာ၊ ကောင်းဇာတာနှင့်၊
ပရမာယု၊ ပိဏ္ဍာယုဖြင့်၊ အာယုဒါ†ယ၊ ကျမ်းလာပြတိုင်း၊ တွက်†ရအသက်၊ သူ့ထက်
ပိုမို၊ ရှည်မည်ဆိုလည်း၊ ကုသိုလ်သမ္မာ၊ မကျင့်စွာဘဲ၊ နေကာမတ္တာ၊ သပ္ပါယဟု၊
ကမ္မဘောဇနု၊ ဩသဓနှင့်၊ ဗြဟ္မစာရီ၊ ပဋ္ဌိသီဥပုသ်၊ ချိုတဲ့ယုတ်က၊ အဟုတ်
ဆိုတိုင်း၊ ရှည်*မလှိုင်းတည့်၊ သက်ပိုင်းတိုရာ၊ ဇာတာပါလည်း၊ သမ္မာပယောဂ၊
ကုသလဖြင့်၊ ဒီဃအာယု၊ ပြိုင်တုဘက်†ယှား၊ သက်ရှည်ပွါး၍၊ လင်†ရှားချမ်းသာ၊
ကြီးကျယ်စွာလျက်၊ တေဇာဘုန်းရောင်၊ တိုးတက်ပြောင်၏၊ နောက်နောင်
ဤခု၊ နှစ်စုဖ†လ၊ အကျိုး†လှသည့်၊ ပုညအရာ၊ သမ္မာအစု၊ ကံကောင်းမှုကို၊
အပြုလေ့လာ၊ မပျင်းရာဘူး၊ မှန်စွာအဟုတ်၊ ကျင့်လာထုတ်ပိမ့်၊ ကိုယ်နှုတ်
နှစ်ဖြာ၊ ပြုကျင့်ရာနှိုက်၊ စေတနာပါမှ၊ အပုညနှင့်၊ ပုညစင်စစ်၊ ကံဟုဖြစ်၏၊
သားချစ်မှတ်ရာ၊ *တိန်ညင်ခါနှင့်၊ သောတာပန်မှ၊ လုဒ္ဒကမျိုး၊ မုဆိုးကတော်၊
ထုတ်ဘော်အတိတ်၊ အာဂုံဟိတ်ဖြင့်၊ စိတ်စေတနာ၊ ကင်းမပါက၊ အနာ*မဲ့လက်၊
ဆိပ်မတက်သို့၊ သူ့သက်တစိ၊ သေတုံဘိလည်း၊ ပါဏာတိပါတော၊ ဖြစ်မဟော
ဘူး၊ မနောပုဗ္ဗင်္ဂမာ၊ ဒေသနာလည်း၊ သေချာထင်ရှား၊ မယုံမှားနှင့်၊ ငါ့သား
ရတနာ၊ ကျင့်ယုတ်မာမှ၊ ပယ်ခွါအရှင်း၊ မသုံးကင်းလော့၊ ပြုခြင်းအလို၊
အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ပါး၊ ကံတ†ရားကား၊ မ†ယားပြုရာ၊ စိတ်မပါလျှင်၊
လင်မှာမရ၊ လင်ပြုကလည်း၊ မိန်းမအိမ်သူ၊ စိတ်မတူသော်၊ မှတ်ယူမှန်စွာ၊ မရ
ရာဘူး၊ သူဇာမာဃ၊ အသယှုတ္တို၊ ရှေးကဝတ္ထု၊ နှိုင်းယှဉ်ရှု၍၊ အကုသလ၊
ကုသလ၏၊ ကမ္မသကာ၊ လက္ခဏာကို၊ မြဲးစွာဝမ်းတွင်း၊ နှလုံးသွင်းလော့၊
မပျင်းကုသိုလ်၊ ထိုပုဂ္ဂိုလ်ကား၊ ကိုယ့်ကိုချစ်သူ၊ မည်သော့ဟူ၏၊ အယူမယွင်း၊
ဆောက်တည်ခြင်းဖြင့်၊ ကံရင်းမူလ၊ ဝီရိယနှင့်၊ ဉာဏထောက်ကူ၊ ယှိုသည့်သူမှ၊
လူတွင်လူလွန်၊ လွှားတမ်းခွန်သို့၊ လူ*မွန်တ†ယောက်၊ တစ်ခေါ်လောက်အောင်၊
ခါ†ရောက်ချိန်*ဆုန်း၊ တု*မဲ့နှုန်း၍။ ။ရွှေဘုန်းမော်ရ မည်ကိုကား (၁၂၀)။

၂၉၀။ လူ့ဘောင်ရပ်ဌာန်၊ လူ့သန္တာန်နှိုက်၊ ကံ ဉာဏ် ဝီရိယ၊ ဤသုံးဝတွင်၊
ဝီရိယဉာဏ်၊ ကျိုးပေးဟန်ကား၊ သင့်တန်ရုံမျှ၊ ခံရစရိုး၊ ကံအကျိုးမူ၊ ပြည့်*ဖြိုး
လွန်စွာ၊ မကြံသာခဲ့၊ *ကြမ္မာပထောက်၊ ဉာဏ်မလှောက်ဘဲ၊ မောင်းကျောက်
ဖျာ†ရက်၊ ဂယောက်†ဂယက်တိ၊ အချက်မဟုတ်၊ လွန်ကြိုးကုတ်၍၊ အားထုတ်
သဖြင့်၊ ကျိုးမပွင့်ဘူး၊ ကိုယ်နှင့်စွမ်းအန်၊ မတန်မနိုး၊ အကြံကြီးက၊ ပျက်စီး

ကြမြဲ၊ မချွတ်လွဲရှင့်၊ ဆင်းရဲဘိုသာ၊ ဤလူ့ရွာဝယ်၊ အနာနှင့်ဆေး၊ မသင့်ရေးကြောင့်၊ ဘေးဖြစ်တတ်စွာ၊ ဟူစပါ၏၊ ပညာဥစ္စာ၊ မရှာမမှီး၊ အပျင်းကြီးနှင့်၊ ပွါးစီးမပြု၊ ကုသိုလ်မှုလည်း၊ မရှုမမျှော်၊ လူဖြစ်ချော်တို့၊ သူတော်သူမြတ်၊ ပရိသတ်ခွင်၊ မဝင်နိုင်တတ်၊ သေခမ်းဖြတ်သို့၊ လမ်းပြတ်စိတ်ပြတ်၊ လေလွင့်တတ်၏၊ လုပ်ရတ်လိုလား၊ မော်သမားနှင့်၊ ဘိန်းစားဆေးရှူ၊ သေသောက်သူလည်း၊ လူတွင်ဖြစ်ရှုံး၊ လူညွန့်တုံး၍၊ အသုံးမရ၊ တွင်းဆုံးကျ၏၊ မင်္ဂလက္ခဏာ၊ ယစ်မျိုးစာနှင့်၊ ထိုသူရာမျိုး၊ အဆိပ်ဆိုးကား၊ ကောင်းကျိုးတစိ၊ ဘယ်မယှိဘူး၊ မျိုမိသည်နှောက်၊ များများသောက်မူ၊မျက်မှောက်ခဏ၊ ဘေးကြီးရ၏၊ နည်းမျှငယ်လောက်၊အစဉ်သောက်သော်၊မသောက်ကြာက၊ရောဂါရ၏၊ကိစ္စလပ်လျား၊ ဉာဏ်လမ်းမှားတို့၊ စီးပွါးရေးပျက်၊ *ဖျားရေသက်သို့၊ နေ့ရက်ရှည်တိုင်း၊ လှိုင်း၏ဒုက္ခ၊တဘဝလုံး၊မရချမ်းသာ၊ဆင်းရဲစွာလိမ့်၊ပညာမဘက်၊ကြက်*နှယ်†ယက်၍၊နေ့†ရက်ကုန်ကာ၊ ပြုတုံပါလည်း၊ အရာမထင်၊အသက်ရှင်ရုံ၊ နေဝင်နေထွက်၊ လုပ်လက်ရွရွ၊ ဝမ်းမဝတည့်၊ လုံ့လ*နုန့်နှယ်၊ အကြံငယ်သော်၊ မကြွယ်မဝ၊ မ*ကုံငဘူး၊ ပုဗ္ဗပုညံ၊ ကောင်းမှုကံလျှင်၊ အခံယှိထ၊ ရှေးကမ္မထက်၊ လုံ့လပညာ၊ နှစ်ဖြာပင့်ထောက်၊ သမ္မာလျှောက်၍၊ မိးတောက်လေကူ၊ ဟူ၏ပမာ၊ များမကြာခင်၊ ပညာဥစ္စာ၊ ကြီးပွါးရာ၏၊ ကာကဏိက၊ ကြွက်သေမျှနှင့်၊ လေးလာတွင်းဝယ်၊ နှစ်သိန်းကြွယ်ခဲ့၊ အကယ်တတ်ပွန်၊ ထိုသူမွန်ကား၊ ကံဉာဏ်ဝီရိယ၊ ဤကိစ္စဖြင့်၊ လူများအခေါင်၊ မှန်ကင်းထောင်၏၊ နောင်တမလွန်၊ ချမ်းသာမွန်လည်း၊ မိုးစွန်ဖြိုးမောက်၊ တမ်းခွန်ဆောက်သို့၊ နတ်ခြောက်ဌာနေ၊ ရကြောင်းပေတည့်၊ မိုးမြေစကြဝဠာ၊ သတ္တာဝါလောက၊ ဟူသမျှနှင့်၊ သုခဒုက္ခာ၊ ခံစားရာကို၊ ဗြဟ္မာနတ်ဘန်၊ ဆိုကြဟန်ကား၊ မမှန်မိစ္ဆာ၊ ဒိဋ္ဌိသာရှင့်၊ သမ္မာရှေထား၊ သဒ္ဓါပွါးလော့၊ ဆယ်ပါးကုသိုလ်၊ မပြုလိုမူ၊ *နှောင်းစို ကာလ၊ ဖြစ်သမျှနိုက်၊ ဘဝမမြတ်၊ ယုတ်မာတတ်၏၊ လူနတ်ချမ်းသာ၊ မရရာဘူး၊ သစ္စာသုံးလေ့၊ မျက်ငွေ့မလှံ့၊ လျှုံခံလာရောက်၊ နည်းများသောက်လည်း၊ မဘောက်လျှုခြင်း၊ ယင်းသို့အပြား၊ ကြောင်းသုံးပါးတွင်၊ တပါးပါးလျက်၊ နတ်ရွာတက်၏၊ *ရမ္မက်ယုတ်မာ၊ တဏှာလိုက်စား၊ မေ့ပျော်ပါးလျက်၊ တရားမကျင့်၊ လိုလိုရင့်ဟု၊ မသင့်ယူငြား၊ ဆောက်တည်မှားက၊ လေးပါးပယ်ဘုံ၊ လားတုံတုံတည့်၊ *မြုံခဲ့ချမ်းသာ၊ ဘဝကြာတိုင်း၊ သမ္မာမရင့်၊ တဏှာဆင့်၍၊ ရှည်မြင့်ကြာ*ညောင်း၊ ဝဲ*ခနောင်းသို့၊ တပြောင်းပြန်ပြန်၊ ညာမဆန်ဘဲ၊ နိဗ္ဗာန်ဝေးဘိ၊ သုဂတိမျှ၊ မသိတို့စွာ၊ ပါယ်လေးရွာဝယ်၊ *ဖိလာအမြဲ၊ လူနတ်ပွဲနှင့်။ ။ချွတ်လွဲ ချော်ရမည်ကိုကား။ (၁၂၁)

၂၉၁။ ဆယ်ပါးပညပ်၊ ကုသိုလ်ရပ်ကို၊ ပြုအပ်ပြီးသည်၊ လူတမည်ကား၊ လူ့ပြည်နတ်ပွဲ၊ ရမခဲတည့်၊ ယူစွဲမုချ၊ ယွင်းမခွဘူး၊ ဒါနသီ†လ၊ ကုသ†လ

နှိုက်၊ လုံ့†လလွှတ်†လျှော့၊လေဘင်ပေါ့၍၊ မေ့†လျော့သော့အား၊ တည်နေ
ငြားက၊ ပျော်ပါးသောက်ယစ်၊ ဇော်ခုနှစ်နှင့်၊ စင်စစ်ထို့သူ၊ သူသေတူ၍၊
အလှျူသီတင်း၊ မကင်းဘာဝနာ၊ မချာရက်နေ့၊ မမေ့လျော့တတ်၊ ထိုသူမြတ်
ကား၊ လူနတ်ခန္ဓာ၊ ပြောင်းလဲကာလျှင်၊ ချမ်းသာသုခ၊ မပျက်ကြကြောင့်၊
ဘဝသဘော၊ ရွှေ့လျောခြင်းဟူ၊ စုတိမူလည်း၊ သေသူမမည်၊ ဟူတုံသည်တည့်၊
ရွှေရည်မင်းပျို၊ အကုသိုလ်လျှင်၊ ကိုယ်မှာအာ†ပြစ်၊ မတော်ဖြစ်က၊ စွန့်†ပစ်
လျှင်စွာ၊ ပယ်တို့ရာ၍၊ မခွါအသေ၊ မပါစေနှင့်၊ သေအောင်ပါက၊ နည်းငယ်
မျှလည်း၊ မုချမချွတ်၊ ပါယ်မလွတ်ဘူး၊ ကံဝဋ္ဋအမှု၊ မိမိပြုသည့်၊ အကုသလ၊
ဝိပါကကား၊ ဒုက္ခသံလျောင်၊ ကြိုး*နှယ်နှောင်ရှင့်၊ ဝန်ဆောင်နွားဏ်၊ သွားရာ
အပြီး၊ နောက်ကစီး၍၊ လှည်းဘီးစက်လျှင်၊ တချက်မကြွင်း၊ ခြေကိုနင်းသို့၊
ဆင်းရဲစပ်နည်း၊ ဖြစ်တိုင်းတည်လိမ့်၊ *ခိုင်ကျည်ဝမ်းထဲ၊အမြဲမှတ်ပြု၊ ကံကောင်း
မှုကို၊ မျက်ရှုသာမောင်၊ ကြောက်မရှောင်နှင့်၊ ဘုန်းခေါင်မိပတိ၊ မဟိဒ္ဓိနှင့်၊
လောကိတမွှတ်၊ စက္ကဝတ်မဟာ၊ မြတ်ရာဇာတို့၊ စကြာယာဉ်မင်း၊ ဆင်မြင်း
ရတနာ၊ ဤသုံးဖြာကို၊ မဟာကုသလ၊ အဒေါသကြောင့်၊ ရ၏ဟူငြား၊ပတ္တမြား
နှင့်၊ မိဖုရားနတ်၊ သူဌေးမြတ်မှူ၊ စွန့်*လွှတ်စာဂ၊ အလောဘကြောင့်၊ ရ၏
ဟူပေ၊ သက်ဝေဩရသ်၊ အိမ်ရှေ့မြတ်ဟု၊ လောကဓာတ်†နယ်၊ တိုက်ဝန်း
ကျယ်နှိုက်၊ နတ်†နှယ်အသား၊ လေးကျွန်းသားကို၊ တရားမဇောက်၊ ရှုခြိး
မြှောက်၍၊ စောင့်ရှောက်နိုင်သီး၊ ချစ်မငြိးသည့်၊ သားကြီးပရိ†ဏာ၊ ရတ†နာ
ကား၊ ပညာဟူထ၊ အမောဟဖြင့်၊ မူလဟိတ်ကျိုး၊ စုံပြည့်ဖြိုး၏၊ တန်းခိုး
မဟိဒ်၊ ပုညဇိဒ်လည်း၊ အတိတ်ကာလ၊ ရှေးဘဝက၊ ပြုထမမှား၊ ပုညအား
ကြောင့်၊ တရားဖြင့်သာ၊ *သာလကာလျှင်၊ စကြာပြောင်ရှန်း၊ ရွှေဆောင်ညွန်း
လျက်၊တိုက်ဝန်းနယ်ကျွန်၊ အဿကဏ်ကို၊သိမန္တရိက်၊နိမိတ်မှတ်သား၊မိုးသိကြား
နှင့်၊ ခြားခဲ့ပြီးလျှင်၊ ရှေ့ခွင်နောက်မြှောက်၊ တောင်ကိုဘောက်ပြီး၊ ပြန်ရောက်
သပြေ၊လှည့်သောထွေဖြင့်၊မြေပြင်ရေပြင်၊ပတ်ပတ်နှင့်လျက်၊ကောင်းကင်ပျံကြွ၊
ဘုန်းတော်ပြ၍၊ တလောကလုံး၊ လေးကျွန်းဆုံးအောင်၊ လက်ရုံးမထောင်၊
လိုလိုအောင်၏၊ မှတ်ဆောင်တဆစ်၊ ရေစစ်ဆေးကျောင်း၊ အဟောင်းပြုပြင်၊
ပဋ္ဌင်အင္ခ၊ သီလမည်သာ၊ ဤခြောက်ဖြာလည်း၊ ဒီဃာယုက၊ ပုညခေါ်ရိုး၊
ကျင့်တမျိုးတည့်၊ အားကြိုးသမှု၊ ဆောက်တည်ပြုက၊ ယခုဒိဋ္ဌ၊ ဤဘဝနှိုက်၊
သုခပွါးစည်၊ စည်းစိမ်တည်၍၊ သက်ရှည်ဘုန်းကြီး၊ အုံမပြီးအောင်၊ *ဝှဲးခြိး
လူ့ဘောင်၊ ဘဝနောင်လည်း၊ အခေါင်*မိမိုင်း'တု*မဲ့*နှိုင်းသည်။　။ဖြစ်တိုင်း
ကျော်ရ မည်ကိုကား။ (၁၂၂)

၂၉၂။ ထိုမှ*တသွန်၊ မှတ်ကြောင်းညွှန်ပိမ့်၊ သား*မွန်ဒါလီ၊ မှတ်နာ†အိ
လော့၊ †ဤသည်ယခု၊ လူဟုသမုတ်၊ မနုဿတ္တ၊ ဇာတ်ဘာဝကား၊ ပုည ပါပ၊

ဝိသဒနှင့်၊ တိက္ခသူရာ၊ လက္ခ†ဏာဖြင့်၊ စေတ†နာပြစ်ကျိုး၊ လွန်ထက်ရိုးတည့်၊
လူမျိုးဇာတိ၊ ဖြစ်တုံဘိမှ၊ ဗောဓိသုံးတန်၊ ဆုကြီးပန်၍၊ ရွှေညဏ်ခိုင်*ဖြိုး၊
ချက်ပိုင်ပြီး၏၊ တသီးထိုမှ၊ မိနှင့်ဘတို့၊ မနုဿ†ဇာစ်၊ မှန်စွာဖြစ်လျက်၊ စင်†စစ်
ထို့နည်း၊ ကိုယ်လည်းလူဇာတ်၊ မိဘသတ်သော်၊ မချွတ်မှန်လှ၊ နိယတရှင့်၊
မုချငကန်၊ မသွေလှန်ဘူး၊ အနန္တရိုက်၊ ထိုက်၏ကံကြီး၊ သေပြီးနိရယ၊ ငရဲ
ကျ၏၊ သဘာဝအား၊ ယွင်းမမှားတည့်၊ တရားဂမ္ဘီ၊ ဟောရိုးစီရှင့်၊ လောကီ
အလိုက်၊ လူတို့နိုက်လည်း၊ စရိုက်ပြကတေ့၊ အလေ့ဟူထ၊ တဿိလနှင့်၊ ဆုံးမ
နည်းယူ၊ ဆောက်တည်မှုကား၊ တဆူမှတ်ကြ၊ တဒ္ဓမ္မတည့်၊ ကျင့်ထအရာ၊
သူထက်သာအောင်၊ လိမ္မာကြေ*ပြွန်၊ အလွန်ကောင်းမှု၊ အထူးပြုက၊ တဿာ
ဓုဟော၊ သဘောအနက်၊ ဤသုံးချက်ဖြင့်၊ မပျက်အစဉ်၊ အမြဲးယှဉ်၏၊ ကောင်း
ယဉ်ဆို†ခြင်း၊ အ†ချင်းအထ၊ ပမာပြ၍၊ လောကအားလုံး၊ မြတ်ထွတ်ဆုံးတို့၊
သိမ်းကျုံးဟောမြွက်၊ ဓမ္မစက်ကား၊ ချုန်းလျက်မရွာ၊ ရွာလျက်မချုန်း၊ မချုန်း
မရွာ၊ ချုန်းရွာရွာသား၊ လေးဖြာမိုးနှယ်၊ လူဝယ်လေးကွဲ၊ သဘောမြဲး၏၊
မပြည့်ဘဲးပိတ်၊ ပြည့်မပိတ်နှင့်၊ မပိတ်မပြည့်၊ ပိတ်ပြည့်ပြည့်သည်၊ အိုး၏မှတ်
ချက်၊ လေးမျိုးထွက်၏၊ တိမ်လျက်နက်ရောင်၊ နက်တိမ်ရောင်နှင့်၊ တိမ်ရောင်
တိမ်လျက်၊ နက်ရောင်နက်သား၊ လေးချက်အိုင်ရေ၊ ဖြစ်မြဲး*နေနှင့်၊ တထွေ
လူ့ဘောင်၊ စိမ်းရောင်နှင့်မှည့်၊ မှည့်ရောင်နှင့်စိမ်း၊ စိမ်းရောင် စိမ်းလည့်၊
မှည့်ရောင်မှည့်သား၊ သရက်၏ထုံး၊ လေးလုံးမှန်စွာ၊ တဖြာအထူး၊ တွင်းတူး
မအောင်း၊ တွင်းအောင်းမတူး၊ မတူးမအောင်း၊ တူးအောင်းအောင်းသား၊
မှတ်ကြောင်းခေါ်ရိုး၊ ကြွက်လေးမျိုးတည့်၊ မိုးနှင့်သရက်၊ အိုးနှင့်ကြွက်သို့၊
တိမ်နက်ရေ့တူ၊ လေးမျိုးလူကို၊ မှတ်ယူရိပ်မြွက်၊ သိနိုင်ခက်၏၊ ထဲးနက်ပညာ၊
အလိမ္မာဖြင့်၊ မတ်ဂါမဏိ၊ ပညာယို့တို့၊ ကြံဘိစုံထောက်၊ သုံးကြိမ်†မြောက်အောင်၊
†မြောက်နှင့်စမ်းတိုင်း၊ မင်းယဉ်*ကျိုင်းသို့၊ ချင့်နှိုင်းဆင်ခြင်၊ ဘူရပ်သွင်ကို၊
မြင်လျှင်ဆတ်ဆတ်၊ သိနိုင်တတ်မှ၊ သားမြတ် ရွှေဘုန်း၊ မိုး*နှယ်ချုန်း၍။ ။
နတ်*နှုန်းလျှော်ရ မည်ကိုကား။ (၁၂၃)

၂၉၃။ နတ်သို့*နှုန်း*လျှော်၊ ရွှေဘုန်းကျော်အောင်၊ ရှုမျှော်*ကြံထက်၊
မြင်ညဏ်နက်လော့၊ ခွေးငှက်အသံ၊ နားယံကြားခါ၊ သိလွယ်စွာခဲ့၊ လူ့ရွာ
လူသား၊ လူ့စကားမူ၊ ကြား၍*နှိုက်နဲး၊ သိနိုင်ခဲး၏၊ ဝမ်းထဲးတပါး၊ ပြင်
တခြားနှင့်၊ စိတ်ကားတ†မျိုး၊ နှုတ်တ†မျိုးတည့်၊ လူ†မျိုး*တကာ၊ ဓမ္မတာ
တရား၊ အလေ့များ၏၊ ယောကျ်ားဟူတောင်း၊ လူရည်ကောင်းလည်း၊ ကြက်
ဘောင်းတူ*လျှော၊ အသွင်ချော၍၊ ရဲးဘောနတ္ထိ၊ စွမ်းမယှိဘူး၊ သတ္တိနည်း
ပါး၊ ရေးကြုံငြားက၊ ခွေး ကျားကိုမြင်၊ တွေ့သော့သွင်ဖြင့်၊ ကြောက်ငြင်
ချုံးပိန်၊ ဘီမသိန်သို့၊ ဇီဝိန်ပြတ်ကျိုး၊ သေလုနီးလျက်၊ ပုဆိုးကိုဝတ်၊ စိုစွတ်

ညစ်ကြေး၊ စီးယိုထွေးအောင်၊ ကြောက်သွေးလွန်ကဲ၊ ပူရည်ရွှဲး၍၊ တကွဲး ထွံ့ပြင်၊ ချွဲလူရှင်လည်း၊ လေလွင်လေဘင်၊ အပျိုစင်လျက်၊ မင်း*လွင် မင်းဦး၊ မြူးထူးပျော်ပါး၊ မွေးသည့်သားသို့၊ စကားခရာ၊ ချိနှုတ်လျှာနှင့်၊ သမ္မာနည်း ဘိ၊ တည်မယိုဘူး၊ ဇာတိပုညာ၊ ယုတ်ညံ့စွနှင့်၊ သုတကြောင်†ကျား၊ မသင်ငြား ဘဲ၊ မြင်†ကြားနည်းစွာ၊ ပညာမဆူ၊ ဂုဏ်*မဲ့သူလည်း၊ အယူမောက်သီး၊ ဂုဏ်လို†ကြီး၍၊ ကြက်†ကျီးမဝေး၊ ခွေးခြင်သေ့ငယ်၊ လူရယ်ဘွယ်တည့်၊ ကိုယ် ဝယ်တစိ၊ ဂုဏ်မယိုက၊ ဂုဏ်ချိတိုင်းပျောက်၊ ဂုဏ်ယိုမြောက်သော်၊ ဂုဏ်ရောက် စမြဲး၊ *ခပဲး*ပြောထူ၊ နုတ်နှင့်လူတို၊ *ပတူပယင်၊ ထိုဂုဏ်ရှင်ကို၊ မြှောက်တင် ခြီး*ဝှဲ၊ မြင်ကြမြဲးတည့်၊ မလွဲမှတ်ဘွယ်၊ လူ့ပြည်ဝယ်နိုက်၊ *နုန့်နယ်ဉာဏ၊ ချိဗာလကား၊ *ဟီနမျိုးသား၊ ဖြစ်တုံငြားလျက်၊ သူများထိတ်အောင်၊ မင်းစိုး *ယောင်သို့၊ ရုပ်ဆောင်မယွင်း၊ ပြုတတ်လျှင်း၍၊ ယင်းမှုနောက်တိ၊ စိုးမင်း သိ၍၊ မချိဝန်လေး၊ မင်းဒဏ်ပေးက၊ ဘေးထိမသွေ၊ ခြင်သေ့ရေကို၊ ခြုံထွေ ကျက်စား၊ မြည်းမိုက်လားသို့၊ ဂုဏ်ကား မရ၊ ဒုက္ခ ရ၍၊ မာန*ပြောစည်၊ ဟုံဟုံမြည်၍၊ နို့ရည်မထွက်၊ နွားမ ပျက်လျှင်၊ ရုတ်ရက်ခေါက်ခေါက်၊ သူ ထိတ်†ကြောက်အောင်၊ ကန်†ကျောက်တတ်စွာ၊ ထို့ပမာသို့၊ ပညာ*လောက် လား၊ မ*မြှောက်†မြှားသော်၊ သူ†များရွံ့အောင်၊ တဘောင်ဘောင်နှင့်၊ မာန်ထောင်နှုတ်လျှာ၊ ပုတ်ခတ်ကာ၍၊ လူဝါအရေး၊ ကျားသစ်ဝေးမှ၊ ခွေး ဟောင်သော့*နှယ်၊ ဆူကျယ်ကျယ်တည့်၊ ပွဲလယ်မဝင်၊ ပြင်တကြွကြွ၊ အချို ကလည်း၊ မလှသော့သူ၊ မှန်ကြည့်ထူဟု၊ *ဗိုလ်လူဆိုလှည့်၊ ရေမပြည့်သား၊ အိုး၏ပမာ၊ သွက်သွက်ခါရှင့်၊ နှုတ်လျှာရှင်ရှင်၊ မိုးဖျင်†ဖျင်သို့၊ ဖြင်†ဖြင်စကား၊ တဘွားဘွားနှင့်၊ လူကြွားပြောထန်၊ လူသန်မကြွား၊ မောင်မှတ်သားလော့၊ မြင်ကြားသုတ၊ ဉာဏအရာ၊ အလိမ္မာနှင့်၊ ပညာသိမြော်၊ ယှိပါသော်လည်း၊ တော်မှန်ဖြောင့်ခဲ၊ ဝမ်းထဲးသစ္စာ၊ တော်ဖြောင့်ပါလည်း၊ လိမ္မာနည်းပါး၊ ဉာဏ်မြင်ယှားခဲ့၊ ရှည်လျားရောရှက်၊ လူ့ထဲးနက်ကို၊ ပေါင်းဘက်သမှု၊ သိအောင် ပြုလော့၊ စတုပုဂ္ဂလာ၊ ဒေသနာနိုက်၊ ဘိဓမ္မာနည်း၊ ရှင်တော်တည်းသား၊ မိုးလည်းလေးချက်၊ လေးမျိုးကွက်နှင့်၊ သရက်လေးလုံး၊ အိုးရွှေထုံးသို့၊ တွက်ကြုံးစတု၊ ပုဂ္ဂိုလ်စုတွင်၊ သုံးခုပယ်မြောက်၊ ကျန်တယောက်မျှ၊ ရွေးကောက် နှစ်လီ၊ အင်ပြည့်ညီသား၊ စုံစိဂုဏ်ထူး၊ ကျေးဇူး*ပြောထူ၊ ထိုသသူအား၊ ကြည်ဖြူနှစ်ခြိုက်၊ လွန်ခြီးထိုက်၍၊ လူနိုက်ထိုသို့၊ သိနိုင်တို့က၊ မချွိပ္ပါးစီး၊ အကျိုး*ဖြိုးသည်။ ။ကောင်းခြီးခေါ်ရ မည်ကိုကား။ (၁၂၄)

(ဤ ၁၁-ပိုဒ်တို့ကား နေရောင်ခြည်ပြေး-ချနည်းတို့ချည်း။)

၂၉၄။ သမုဒ်လေးသွယ်၊ လေးရောင်ခြယ်သား၊ ပင်လယ်လေးရပ်၊ လေးပြင် စပ်အောင်၊ မလပ်စက်ရှင်၊ ဘုန်းအောင်မြင်၍၊ ဝန်းကျင်ပတ်ခွေ၊ လေးကျွန်း

မြေနှင့်၊ ရေယှိုသမျှ၊ တိုက်သောကထက်၊ နေလနှစ်ဆူ၊ ထွက်ပြူထွန်းရာ၊ နယ်စကြာတွင်၊ သဟ္တဝါဟူဟူ၊ ဦးမည်းဖြူတို့၊ မည်သူမလွတ်၊ ထိုယုတ်မြတ်ကား၊ မန္ဒာတ်မင်းကျွန်၊ မလွန်နိုင်မြောက်၊ ရွှေစက်အောက်နှိုက်၊ လျှားမှောက် ညွတ်ပြင်း၊ ဥက္ကောင်းခင်း၍၊ စင်းရသည်ချည်း၊ ဖြစ်သတည်းဟု၊ *ဝှန်သည်း လူ့ဘော်၊ ခုတိုင်ကျော်သား၊ ဘေးတော်မန္ဒာတ်၊ စကြာနတ်၏၊ နွယ်မြတ် မျိုးစစ်၊ မြေးတော်မြစ်နှင့်၊ အဖြစ်လည်းတူ၊ အမူလည်းမျှ၊ ယွင်းမခွကြောင့်၊ တလောကလုံး၊ သိမ်းကြုံးမကြွင်း၊ အခေါင်ချင်း၍၊ နှင်းအံ့မှန်စွာ၊ လက္ခဏာနှင့်၊ စကြာမျိုးစေ့၊ ဘုန်းရှိန်*ကြွေ့သည်၊ အိမ်ရှေ့သားမောင်၊ ဘသည်းခေါင်! ထောင်လော့ဂရှနား၊ ခမည်း†ကြားပိမ့်၊ ယော†ကျား†တကာ၊ ရှောင်အပ်ရာကို၊ ကျမ်းလာမယွင်း၊ သိစေလျှင်းတည့်၊ ကိုယ်တွင်းယုတ်မာ၊ ကိလေသာကား၊ ပညာသိ†လ၊ မျိုးနွယ်စသား၊ မြတ်†လှအထူး၊ ဂုဏ်ကျေးဇူးကို၊ ထိမ်မြူးမချွတ်၊ ဖျက်ဆီးတတ်၏၊ မြဲးမှတ်မသွေ၊ မတွေဝေနှင့်၊ သေစေတရေး၊ လျှာမေးခိုင်မူ၊ ချစ်အောင်ပြုလျှင်း၊ ခံတွင်းကိုယ်†ခြောက်၊ ရှူးနှောက်စေတတ်၊ †ခြောက်ဘုံ ထွတ်က၊ မိုးနတ်မာရ်မင်း၊ မြားငါးစင်းလျှင်၊ မကြွင်းမှန်လှ၊ မိန်းမကိုယ်တွင်၊ အမြဲးထင်၏၊ ဤလျှင်မိန်းမ၊ ဣတ္ထိယတို့၊ ရူပ သဒ္ဒ၊ ဂန္ဓ ရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ယုတ်မာမမြတ်၊ငါးဖြာခေတ်ကား၊ ဥပဒ်များစွာ၊ ဘေး*တကာ၏၊မဟာ*သဟဲး၊ မှန်မလွဲးရှင့်၊ မှိဝဲးသူပေါင်း၊ ဆင်းရဲးကြောင်းတည့်၊ဆိုးတောင်းမပြတ်၊ နှိပ်စက် တတ်၏၊ ထိုခေတ်ငါးဖြာ၊ မြားစကြာလည်း၊ ရှယ်ကာမဆိုင်း၊ပစ်လိုက်တိုင်းဖြင့်၊ ဝေမှိုင်းဘ†ဝင်၊ များလူရှင်အား၊စူး†ဝင်မလွတ်၊ဆိပ်တက်တတ်၏၊ ဟီနတ်ဘာဝ၊ လူ့လောကနှိုက်၊ ကာမသတ္တဝါ၊ ကာမာရမ္မဏ၊ ကာမသဘော၊ ကာမဇောဖြင့်၊ မက်မောကြုံးဟုံ၊ ငါးအာရုံနှိုက်၊ ခုံခုံ*မင်မင်၊ ဆော*တလျှင်သား၊ သေရှင် မသိ၊ စွတ်ထိစွတ်ထိုး၊ ထင်တိုင်းတိုး၏၊ ပိုးနှင့်မီးလျှံ၊ နှိုင်း*စံ*တမျှ၊ တရွှရွှရှင့်၊ မောဟအလို၊ အစတိုအောင်၊ ကိုယ်ကိုအပြင်း၊ ဒုက္ခတွင်းသို့။ ။နစ်ဆင်း ခံလိမ့် မည်ကိုသောဝ်။ (၁၂၅)

၂၉၅။ ရာဂဟူသည်၊ ယစ်မျိုးရည်သို့၊ မကြည်ယုတ်မာ၊ လွန်ဆိုးစွာ၏၊ သတ္တဝါဟူထ၊ သာမညနှိုက်၊ ဘယ်မျှတစိ၊ ဆိုဘွယ်ယှိအံ့၊ ဗောဓိသတ္တာ၊ ဘုရား အလောင်း၊ ရွှေဥဒေါင်းလျှင်၊ မင်းပေါင်းခြောက်ဆက်၊ ကြံလျက်ဖမ်းငှါ၊ မတတ်†ရာလည်း၊ မာ†ယာဆောင်ပြု၊ ဥဒေါင်းမနှိုက်၊ ရာဂလိုဆိုး၊ အိပ်ရာနိုးသို့၊ *ထိုးကျင့်ပြင်းစွာ၊ တပ်ခြင်းရာဖြင့်၊ ယုတ်မာညစ်တော၊ ဤကိလေကြောင့်၊ ဥဒေတယံ၊ ဂါထာပံ့ကို၊ မအံရွတ်မိ၊ သတိချွတ်ယွင်း၊ ညွတ်မိလျှင်း၏၊ မျိုး ချင်းမတူ၊ အမူတရံ၊ မဆံနိုင်*စောက်၊ ဆင်ပေါက်တစီး၊ စားနိုင်ကြီးလျက်၊ ကောက်သီးနယ်ဘိ၊ တလင်း*ရှိမျှ၊ ကုဋ္ဌိရခေါ်၊ အိုင်နှိုက်ပျော်သည့်၊ အကျော် တသီး၊ ပုဇွန်ကြီးလည်း၊ တွတ်တီးတွတ်တာ၊ သာယာစွာဖြင့်၊ မာယာပျောင်းပျ၊

တောင်းပန်ခသား၊ ဆင်မအသံ၊ တညံညံကို၊နာခံမေ့†လျှော့၊ အညှပ်†လျှော့၍၊ ကြော့ထက်ဆင်မင်း၊ နင်း၍ကြေမွ၊ ပျက်သေရ၏၊ မုချမှန်ဘိ၊ သား†မွန်သိလော့၊ ရုတ္ထိရူပ၊ သဒ္ဒစသား၊ ဂန္ဓရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ငါးဖြာအပုံ၊ဤအာရုံကား၊ မြူးထုံမောဟ၊ ဤလောကနှိုက်၊ ရာဂမကင်း၊ ကိုယ်တွင်းမဆိတ်၊ ယောကျ်ားစိတ်ကို၊ မပိတ်ဆို့နိုင်၊ ယစ်မူးမှိုင်လျက်၊ ယိမ်းယိုင်ကိုယ်လုံး၊ ကျုံး၍†ပစ်သို၊ ပြစ်†ပြစ်ကုန်စင်၊ မွေ့မမြင်အောင်၊ ဆင်ခြင်ဉာဏ်ကင်း၊ တွေ့ရာခြင်းဖြင့်၊ မကြွင်းစေကြောင်း၊ အကုန်ပြောင်း၍၊ စိတ်ကောင်းဟူသမျှ၊ ပြုန်းပြုန်းကျ၏၊ မိန်းမတို့လည်း၊ ထိုနည်းအတူ၊ ယောကျ်ားဟူလျှင်၊ သည်းအူလှိုက်ဖို၊ စက်စက်ယိုလျက်၊ ပျက်ပြိုစိတ်ကောင်း၊ ပြောင်း၍ရုန့်ရင်း၊ ကိုယ့်အတွင်းဝယ်၊ အတင်းဝင်†ရိုက်၊ မားပြတိုက်သို၊တုန်†ယိုက်ရိုးရွ၊ တားမရဘဲ၊ သည်းကြွအူကြွ၊ အုန်းအုန်းထ၏၊ ယောကျ်ားဆင်းသံ၊ တရံခဏ၊ မြင်ကြားရသော်၊ မိန်းမတို့ခတ်၊ သတိလွှတ်၍၊ မမှတ်နိုင်ဘိ၊ ဝေမသိဘူး၊ ဂုတ္တိလောင်းချစ်၊ ဈောင်းသံယစ်၍၊ ဘွင့်လှစ်ထားမြောက်၊ လေသွန်ပေါက်ဟု၊ လေသောက် ဟင်းလင်း၊ ပြူ*ပြတင်းက၊ ခုန်ဆင်းထွက်လာ၊ ပြည့်တန်းဆာလျှမ်း မြေမှာလည်းကျ၊ သေဆုံးစွတည့်၊ မှန်လှသို့လျှင်၊ လူတွင်ယုတ်မာ၊ ကိလေသာကား၊ လွန်စွာဆိုးဝါး၊ မချုပ်ထားက၊ စီးပွါး*မဲ့မျိုး၊ သေပေါက်တိုးရှင့်၊ ကိုယ်ကျိုးဆုတ်*နစ်၊ ပျက်ကြောင်းဖြစ်၏၊ မူးယစ်ကိလေ၊ မုန်ဝေမောဟ၊ မှောင်ကြီးကျသို့၊ ရာဂနှိပ်စက်၊ ဤ*ရမ္မက်ဖြင့်၊ အသက်သေမှု၊ ဒုက္ခစုလည်း၊ မရှုနိုင်ဘိ၊ မသိနိုင်ချင်၊ မမြင်နိုင်တတ်၊ ထိုထိုဇာတ်နှိုက်၊ အသတ်ခံရ၊ အနန္တတည့်၊ များလှအပြစ်၊ ယင်းသို့ဖြစ်၍၊ စင်စစ်မှတ်ဆောင်၊ ငါ့သားမောင်လျှင်၊ ဆင်းရောင်လွန်ငြား၊ လူချစ်များနှင့်၊ သူမယားတထွေ၊ ကချေတတ်စွာ၊ ဥစ္စာလိုဘိ၊ ရုတ္တိငါးမျိုး၊ အတွင်းဆိုးကို၊ မြတ်နိုးအမြဲ၊ မမှိဝဲနှင့်၊ ကြည်*ဖဲ့ခွါဆုတ်၊ ဘုန်းမိတ်တုတ်၍၊ ဘုန်းယုတ်ကံညှိုး၊ ဘုန်းမတိုးသည်။ ။ဘုန်း*ခြိုးခြံလိမ့် မည်ကိုသော်။ (၁၂၆)

၂၉၆။ ဘုန်းညှိုးကံယုတ်၊ သဘောဟုတ်စွ၊ မျက်သုတ်ပုဆိုး၊ စာရေမျိုးနှင့်၊ အမိုးအကာ၊ မွေ့ရာဘုံပြန့်၊ ပန်တော်ပန့်တွင်၊ မသန့်မသက်၊ မိန်းမပျက်တို့၊ ရောရှက်ကျွမ်းဝင်၊ ပြုတတ်ချင်၏၊ မှဲ့ရှင်ပျောက်ဆုံး၊ ညာလက်ရုံးကို၊ အုံးစေမိလျှင်း၊ ထိုသည့်မင်းတို့၊ ညှံဖျင်းဘုန်းပြယ်၊ တန်းခိုးကွယ်ရှင့်၊ အကယ်မှန်လှ၊ ထိုကြောင်းစကြောင့်၊ ဝံသအရိုး၊ အမျိုးအနွယ်၊ စင်ကြယ်*တမင့်၊ မြတ်လင့်ကစား၊ ပတ္တမြားစစ်တွင်၊ ဂေါ်မစင်နှင့်၊ စိန်ပင်ဟုတ်လည်း၊ ခလုတ်တောစာ၊ ငယ်နာကြောင်မွေး၊ ပြစ်ဝေးမရှင်း၊ မလွတ်ကင်းက၊ မင်းမသုံးရ၊ ဟူစကြသို့၊ မိန်းမမည်ကာ၊ ကျင့်ယုတ်မာနှင့်၊ မေတ္တာဆက်ဆံ၊ သက်မနှံရာ၊ ဆိုမိန့်မှာ၏၊ တပြာထို†မှ၊ *စောလောင်းလှလျှင်၊ ဆုံး†မအသင့်၊ ရွှေဉာဏ်ဘွင့်၏၊ လူမင်းဘုန်းရောင်၊ နွေနွယ်ပြောင်လည်း၊ ကျင့်ဆောင်ယုတ်မြတ်၊ မမူတတ်ဘူး၊ ယွင်း

ချွတ်သမ္မာ၊ ပညာ*မဲ့ငြား၊ ရွှေတောင်ဖျားထက်၊ နားသည့်ကျိုးသွင်၊ ဖြစ်ကျင်တုံဘိ၊ ဂုဏ်မယှိတည့်၊ သိရိနတ်မယ်၊ မိဘုန်းကြွယ်ကို၊ ရှေးဝယ်သူတော်၊ ပဏ္ဍိတ်ကျော်တို့၊ မလျော်စမ္မ၊ စာရိတ္တဖြင့်၊ ဟီနဥက္ကဋ္ဌ၊ ယုတ်မြတ်မသိ၊ ဇာတိမျိုးနွယ်၊ ရွေးချယ်မမူ၊ မိုက်ကန်းဟူ၍၊ မည်သူမဆို၊ ကြည်ညိုတွေ့ရာ၊ မယ်သဒ္ဓါလည်း၊ ကြားကာယုံတတ်၊ မြဲးမမှတ်ဘူး၊ မိနတ်အာသာ၊ ဟူသည်မှာကား၊ လိုရာလိုက်မျိုး၊ မုသားအိုးဟု၊ မြတ်နိုးမယှိ၊ ပယ်ကုန်ဘိလျက်၊ ဇာတိ ဝယ၊ စသည်လေးအင်၊ကိုယ်နှိုက်တင်၍၊ဆင်ခြင်မြော်ရှု၊ မကောင်းမှုကို၊မပြုရှက်တတ်၊ ဂုဏ်ထူးမြတ်သား၊ *စောနတ်ငနှာင်းငယ်၊ ဟိရိမယ်မှ၊ လူ့ဝယ်နတ်ရပ်၊ ကုသိုလ်ကပ်ဟု၊ တင့်အပ်နေရာ၊ နတ်သုဓာကို၊ကောင်းစွာမကြွင်း၊ပေး*ဆောက်နှင်း၍၊ သားမင်းဉာဏ်ရင့်၊ ပန်း*နွယ်ပွင့်လော့၊ ဘုန်းနှင့်သဒ္ဓါ၊ သက်သက်သာမျှ၊ ဂုဏ်ဝါအကျိုး၊ မယှိနိုးဘူး၊ အမျိုးဘာဝ၊ ဤလောကနှိုက်၊ မိန်းမဟူသည်၊ ရုပ်ရည်အဆင်း၊ *အချင်းဇာတိ၊ ပြည့်စုံယှိလျက်၊ ဟိရိသြတ္တပ်၊ ထိန်းကွပ်ကိုယ်မှာ၊ တည်စပါက၊ ရတနာတဆူ၊ မြောက်ကျွန်းသူနှင့်၊ နတ်တူ*တမျှ၊ ဂုဏ်ထွန်းပ၍၊ လောကပါလ၊ သုက္ကဒေဝမ်၊ မည်ခံသုံးပါး၊ နှစ်ထွေပြားသား၊ တရားပြည့်ဝ၊ ကျင့်စာရနှင့်၊ သီလဝတီ၊ ထိုနာရိမှ၊ ဒေဝီညာတင်၊ သွန်းရေစင်ဖြင့်၊ ပလ္လင်ဘုံမြင့်၊ နန်းလယ်မြင့်လော့၊ အကျင့်ညစ်ဆိုး၊ မိန်းမမျိုးကား၊ တန်းခိုးသရေ၊ မဝေမဖိုး၊ဘုန်းမတိုးဘူး၊ နွမ်းညှိုးညံ့ယုတ်၊ လ*နွယ်ဆုတ်၍၊အဟုတ်ထိုကြောင့်၊ မဖြောင့်ထဲးသို၊ အမြင်တိုနှင့်၊ အလိုယုတ်မာ၊ ပညာ*မဲ့ဘိ၊ ဟိရိ မကပ်၊ သြတ္တပ်ကင်းပ၊ ထိုမိန်းမတို့၊ ပါပစိတ္တ၊စာရချွတ်တိမ်း၊ ကြံပလိမ်း၍။ ။ကျင့်စိမ်း*ဆွံလိမ့် မည်ကိုသောဝ်။ (၁၂၇)

၂၉၇။ သမုဒ်ဗြာဟ္မဏ၊ မင်း မိန်းမဟု၊ အားရဆုံးတိုင်၊ မပြည့်နိုင်ရိုး၊ လေးမျိုးတို့တွင်၊ တပါးဝင်သည့်၊ အကြင်မိန်းမ၊ ဣတ္ထိယတို့၊ အဋ္ဌပတိ၊ ရှစ်လင်ယှိလည်း၊ လွန်ဘိပိုမို၊ ကိုးယောက်ကိုလျှင်၊ အလိုယှိမြဲး၊ လိုပြည့်ခဲး၍၊ လင်မွဲးလင်နာ၊ လင်သုရာကြိုက်၊ လင်မိုက် လင်ဖျင်း၊ လင်ပျင်း လင်အို၊ အလိုမဖြည့်၊ မပြည့်ဆန္ဒ၊ ယှိတုံကလျှင်၊ မိန်းမဟူသည်၊ ဤရှစ်မည်ကြောင့်၊ မကြည် မသာ၊ အနာဒရ၊ ပြုတက်စွရှင့်၊ မလှစိတ်ထား၊ မောဟအားဖြင့်၊ ယောကျ်ားတို့မှာ၊ ဥစ္စာတစိ၊ မယှိမခင်၊ ယှိသခင်တည့်၊ လူ့ခွင်ဌာန၊ လူ့လောကနှိုက်၊ ကာမဘောဂီ၊ လောကီဘုံသား၊ လူယောကျ်ားတို့၊ မယားဟူဘိ၊ ထိုဣတ္ထိနှင့်၊ မယှိမကောင်း၊ ယှိမကောင်းဘဲး၊ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်၍၊ စစ်တက်ယောကျ်ား၊ မြွေသမားနှင့်၊ ရေသွားခရီး၊ ဆင်စီး*တမျှ၊ စိတ်ကဘယ်ခါ၊ မချရာတည့်၊ သဒ္ဓါပညာ၊ ထူးသမ္ဘာနှင့်၊ သမ္မာကင်းထ၊ စိတ်မလှသား၊ သဘာဝဆိုး၊ မိန်းမမျိုးတို့၊ အရိုးနည်းပါး၊ အကောက်များ၍၊ သားတရာမြင်၊ လင်တထောင်ကျွေ၊ စိတ်မချဘူး၊ မိန်းမတို့ငြမ်း၊ သဘောတမ်းဖြင့်၊ ညစ်ညမ်း ယုတ်မာ၊

ကြီးဣစ္ဆာနှင့်၊ အာသာ*ရမ္မက်၊ မျက်သက်ပြင်းထန်၊ စိတ်မာန်*ဝှန်သည်း၊ စောင့်စည်း*မဲ့ငြား၊ အဘောက်များ၏၊ မုသားအ†ရာ၊ ပျားပမာသို့၊ သာ†ယာလိုတိုင်း၊ လျှာမထိုင်းဘူး၊ ဆုတ်ဆိုင်းမယို၊ ပြောလွယ်ဘိခဲ့၊ ဣတ္ထိမေ့တာ၊ များသည်သာရှင့်၊ တမ္ဘာထိုပြီး၊ မိမိအမှု၊ ပြုသည်အဖြစ်၊ ကိုယ့်အပြစ်ကို၊ စင်စစ်သူမှာ၊ တင်တတ်စွာ၏၊ သေချာမှတ်သား၊ မယား ဟူသည်၊ ဤလူ့ပြည်ဝယ်၊ မကြည်စိတ်က၊ ဒေါသငြူစူ၊ အပြစ်မူသော်၊ ရန်သူကြီးစစ်၊ ဖြစ်သော့အလား၊ လွန်မုန်းခါး၍၊ စိမ်းကားရက်စက်၊ မငဲ့ကွက် ဘူး၊ အပျက်သာမျှ၊ ပြုတတ်ကြ၏၊ အဂ္ဂဏဝေမိ၊ တတ်ခေါင်ထိသား၊ လေး ကြိုးအရာ၊ လိမ္မာလေ့ကျက်၊ လျှပ်တပြက်တွင်၊ အဆက်အဆက်၊ ခုနစ်ချက်နှင့်၊ ရှစ်ချက်လျင်လျား၊ ပစ်နိုင်အား သည့်၊ ယောကျ်ားတို့လျက်၊ တချက်လွှတ် လျှင်း၊ မြားတစင်းသာ၊ နှစ်စင်းပူးပြိုင်၊ မလွှတ်နိုင်ကြ၊ မိန်းမတို့မှာ၊ရှုပါ သဒ္ဒါ၊ ဂန္ဓရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ကိလေသာရုံ၊ ဆိပ်ပုံငါးစင်း၊ တချက်ချင်းဖြင့်၊ မကင်းရာဂ၊ ပုရိသကို၊ ကျန်ရ*မဟဲ့၊ ကြွင်း*မဲ့မရှောင်၊ ကုန်အောင်တပြိုင်၊ ရှယ်ဆိုင်ခဏ၊ ပစ်နိုင်ကြ၏၊ ဘာဂကိစ္စ၊ ထိုမိန်း†မတို့၊ ကာ†မဝတ္ထု၊ အစု ငါးပုံ၊ လိုမျိုးစုံအောင်၊ အာရုံငါးပါး၊ ကျင်းပထားပြီး၊ ယောကျ်ားတို့ကို၊ အလိုသွေးဆောင်၊ တွေ့တိုင်းလှောင်၍၊ ရေအောင်ဘန်းပြ၊ ရစ်နိုင်ကြ၏၊ လောကဓမ္မတာ၊ ပျော်မွေ့ရာလည်း၊ ကာမာရတိ၊ မြူ*နှယ်*ကျိရှင့်၊ လောကီ စည်းစိမ်၊ ဘင်ပုပ်အိမ်သို့၊ ကြိမ်ကြိမ်များစွာ၊ မသွားရာဘူး၊ ကိလေသာဆိုး၊ အယုတ်မျိုးကည့်၊ တန်းခိုးသတင်း၊ ကောင်းကျိုးဖျင်း၍ ။ ။ပျက်ယွင်း*ယွံ လိမ့် မည်ကိုသော်။ (၁၂၈)

၂၉၈။ ကိလေယုတ်မာ၊ မေ့တာနှိုက်၊ အာသာ*ငက်ငက်၊ ကြီး*ရမ္မက်နှင့်၊ *ကလက်ကလိန်း၊ ဉာဏ်မထိန်းဘဲ၊ မိန်းမနိုင်ငံ၊ ဆက်ဆံယစ်မူး၊ အလိုက်ကျူး က၊ ညစ်ညူးဆိုးရွား၊ အပြစ်များ၏၊ ချစ်သားလည်ရှဲ့၊ ဝမ်းဝယ်စွဲလော့၊ စိန်ကဲး ရွှေကဲး၊ ကျွန်နှစ်ကဲးထက်၊ မိန်းမကဲးခတ်၊ လွန်ခဲ့ကတ်၏၊ ယုတ်ပြတ် ကောင်းဆိုး၊ ဖြောင့်ရိုးကိစ္စ၊ သဘာဝဖြင့်၊ မိန်းမအလို၊ သဘောကိုလျှင်၊ ထဲးသိုပိုက်ထား၊ ရေနှိုက်ငါးသို့၊ ထင်ရှားဘယ်ခါ၊ မသိရဘူး၊ ကျမ်းလာ အယို၊ နီတိဆိုရိုး၊ မယားဆိုးနှင့်၊ ကျွန်ဆိုးဟူဘိ၊ မြွေယိုအရပ်၊ ယှဉ်စပ်နေသူ၊ သေပြီလူဟု၊ စွဲးယူစိတ်က၊ ကေနွှာဖြင့်၊ မုချမြဲးမြံ၊ နသံသယတ်၊ မချက်မှတ် တည့်၊ သူသတ်မထူး၊ ထောင်မှူးအဘူ၊ မပြုစိတ်လက်၊ ဝမ်းတွင်မျက်က၊ အသက်ကိုသတ်၊ ပြစ်မှာတတ်၏၊ ဆက်ဆတ်အပြီး၊ ရှေး*အတီးက၊ မရိုးနှင့် မက်၊ လင်ကိုသတ်သည်၊ လေးဇာတ်တိုင်တိုင်၊ မငြိမ်းနိုင်ရှင့်၊ မခိုင်မလုံ၊ မိန်းမ ထုံးပြု၊ ဒေါ် ဇရာ၊ မိ*ဥပါသို့၊ မေတ္တာမမြဲး၊ သွေဘောက်လွဲး၍၊ ဝမ်းကဲး ကြခိုး၊ ဖြောင့်မရိုးဘူး၊ လိုဆိုးမဝ၊ ကြီးဆန္ဒနှင့်၊ မိန်းမတို့အား၊ မြေ့မြဲပါး

၍၊ တရားမသိ၊ ဇူတ္တိ*တံထွာ၊ ဓမ္မတာဖြင့်၊ လင်ကွာ လင်သေ၊ ကိုယ်နေပျက်
ပြီး၊ မိန်းမကြီးတို့၊ တက်စီးနေကျ၊ မြင်းအဿလျှင်၊ အာပွ နှာပွ၊ တရွရွနှင့်၊
ကြွကြွ လက်ခြေ၊ ခေါင်းနေ အမြီး၊ ပျံလုနီးသို့၊ နပ်ပြီး ကုန်ကြ၊ လူ့
ဘာဝန္နိုက်၊ ကိစ္စသတ္တိ၊ လက်စဉ်းသိ၍၊ ဟိရိသြတ္တပ်၊ လပ်ကြဲးလပ်လျက်၊
မကပ်ကြောက်ရှက်၊ တလင်းတက်၍၊ အသက်နုနယ်၊ အရွယ်ရောက်ထ၊ ပျံသင်
စက၊ ဟုင်းမပျိသိုး၊ မိန်းမမျိုးမူ၊ *ဒီတိုးသော့လား၊ ရေတော်နွားနှင့်၊ နွာဖျား
ပျောက်စ၊ နာလံထတို့၊ တော်လှချင်ချင်၊ အိမ်မြောင်မြင်လည်း၊ စားချင်*ငင်း
ငင်း၊ အာသာပြင်းသို့၊ အူတွင်းက ယား၊ မတည်ကြားဘူး၊ ယောကျ်ားအလို၊
လူမဆိုသေး၊ ခွေးကိုသော်မျှ၊ ကပ်တတ်ကြဟု၊ ကျမ်းပြမိန့်မှာ၊ ထင်ရှားစွာရှင့်၊
ကိလေသာခေတ်၊ စိတ္တုပ္ပါဒ်ဖြင့်၊ ဖျတ်ဖျတ်ထဲမွေ၊ သင်ရှက်ကြွေနှင့်၊ လေကိုပင်
လျှင်၊ လုပ်လုပ်ထင်တိုင်း၊ မြူးရွှင်*ရမ္မက်၊ ကနင်းဘက်၍၊ ဆက်ဆက်မှန်လှ၊
ဤလောကန္နိုက်၊ မိန်းမတို့ကို၊ ထိုထိုတပါး၊ မဆံငြားအောင်၊ ယောကျ်ား
*တကာ၊ စောင့်ပါပိုင်ပိုင်၊ မလုံနိုင်တည့်၊ လက်ကိုင်သမာ၊ မယှိပါက၊ တွေ့ရာ
ကိုယ်ချင်း၊ ဘောက်ကြယ်ငင်းခဲ့၊ ငှက်မင်းသုပဏ္ဏာ၊ ဂရုဠတိ၊ သေဒုမကျွန်း၊
ပင်လယ်ဝန်းလျက်၊ ရေပန်းပတ်လည်၊ ဂဠုန့်ပြည်တွင်၊ လက်ပံပင်ဝယ်၊ ထား
တင်အသိမ်း၊ ကိုယ်ထိးစံမော၊ ဘော်မနွှေဘဲး၊ သုယောနန္ဒီ၊ ဒေဝီနတ်မျှ၊
မဟေရလျှင်၊ သဂ္ဂစောင်းသမား၊ ကျွန်ယောကျ်ားနှင့်၊ တွေ့ငြားနှစ်ဘော်၊
မြူးပျော်ကာမ၊ မလွှတ်ကြဘူး၊ ယက္ခမည်ထူး၊ တောမြိုင်ဦးဝယ်၊ ဘီလူးဒါနော၀်၊
သဘောခဲးအင်၊ သူမမြင်အောင်၊ ကြုတ်တွင်သွင်းသို၊ ဝမ်းတွင်းမျိုလည်း၊
ဝိဇ္ဇာဓိုရ်ယောကျ်ား၊ ကောင်းကင်သွားနှင့်၊ အမှားကိစ္စ၊ မလွှတ်ကြဘူး၊ ဝဠ်မှ
ထွက်ကြောင်း၊ ဆုမတောင်းသည့်၊ အပေါင်းထိုမျှ၊ မိန်းမ*တကာ၊ ရှောင်ခဲး
စွာရှင့်၊ အနာစာရီ၊ ထိုဇူတ္တိတို့၊ လောကီပြကတေ့၊ ထိုအလေ့နှင့်၊ မတွေ့သော်
သာ၊ ကိလေသာဖြင့်၊ ဓမ္မတာမျိုး၊မညာရိုးတိ၊ လိုဆိုးဝိတက်၊အတွင်းပျက်၍၊
*ရမ္မက်သဘော၊ စရိုက်ပြောလျက်၊ မိုက်ဇောထောင်ကြွ၊ မှောင့်*နှယ်ကျ၍၊
မိန်းမဘာဝ၊ မာနကြီးမား၊ တက်သော့အားလည်း၊ ယောကျ်ားပေါ်မှာ၊
တကြောသာခဲ့၊ စကြာမင်းစစ်၊ ဖြစ်လင့်*တပဲး၊ ဝမ်းထဲးတစိ၊ ထပ်မှန်းသိက၊
မိမိခြေအောက်၊ ကျွန်သဘောက်မျှ၊ သို့လောက်ထင်ငြား၊ မလောက်လားဘူး၊
ခန့်ညား*မဲ့ဝေး၊ မမြင်သေး၍ ။ ။မိုက်သွေးလျှံလိမ့် မည်ကိုသော်။ (၁၂၉)

၂၉၉။ မိုက်သွေးတက်လျှံ၊ မိန်းမသျံကား၊ သယမ္ဘုရာ၊ လင်ကိုရှာ၍၊လိုရာ
လိုက်စား၊ *ရမ္မက်အားဖြင့်၊ တရားမဘက်၊ အရှက်မဲ့ဝေး၊ ကိုယ်ကိုမွေး၍၊
ဟုတ်လေး*တမတ်၊ လိုမမြတ်ဘူး၊ မျိုးဇာတ်ဓမ္မတာ၊ နတ်မိစ္ဆာသို့၊ပညာကင်းထ၊
ထိုမိန်းမတို့၊ မောဟအလို၊ လူကိုယုဘ်မြတ်၊ မသိတတ်ဘူး၊ အမှတ်မယှိ၊ ထင်မိ
ထင်ရာ၊ လိုက်တတ်စွာ၍၊ ရှေးခါ*အတိး၊ ဌေးသမီးလျက်၊ နွားကြီးဥသဘ၊

ဂေါဝိန္ဒအား၊ မျှားလှုထိုထို၊ လူ*ဗိုလ်*ခပင်း၊ ပူဇော်†ခြင်းကြောင့်၊ လူ†ချင်း
မတူ၊ လူမည်ရုံမျှ၊ ဟိနအင်္ဂါ၊ ဆိုးယုတ်မာနှင့်၊ လူရာမဝင်၊ ကြောတွင်မို့မို့၊
နွားလားသို့တိ၊ လဘိုတူ*နွှန်း၊ လူခါးကုန်းကို၊ ဘုန်းကြီးသသူ၊ လူဥသဘာ၊
လွန်မြတ်စွဟု၊ စိတ်ကမှတ်†ယုံ၊ လိုက်သွားတုံ၏၊ အာ†ရုံအထူး၊ တဦးဦးနှင့်၊
ယှဉ်ပူးဘယ်†ရွှေ၊ မတွေ†၍သာ၊ လူတို့ရွာဝယ်၊ အိမ်ရာတည်†ကျ၊ နေကုန်
†ကြရှင့်၊ ပါပဆန္ဒ၊ ဒုစ္စာရနှင့်၊ မိန်းမအလို၊ သဘောဆိုမူ၊ ကိုယ်ကိုအမြတ်၊
မစောင့်တတ်ဘူး၊ ဇာတ်လေ့ခါတ်လေ့၊ ပြကတေ့တိုင်း၊ တွေ့သာတွေ့စေ၊ မီးနှင့်
လေသို့၊မနေမုချ၊ ဘောက်ပြန်ကြ၏၊ မိန်းမ*တံသွာ၊ဓမ္မတာလည်း၊ကုမာရီရွယ်၊
အငယ်ကာလ၊ မိဘစောင့်ရှောက်၊ ရွယ်ရောက်အိမ့်ရှင်၊ ဖြစ်ခဲ့ကျင်သော်၊
လင်လျှင်မကင်း၊ စောင့်ကြလျှင်း၏၊ အိုမင်းတုံငြား၊ သားတို့စောင့်ကြ၊ မိန်းမ
တို့ချည်း၊ ကိုယ်ဘည်းဘယ်ခါ၊ မတည်ရာဘူး၊ တည်ပါတုံလျှင်း၊ အစောင့်
ကင်းက၊ မြင်းကြိုးကျွတ်သို့၊ ပေါက်လွှတ်ကျက်စား၊ ထင်ရာသွားလိမ့်၊ တရား
*မဲ့ဘိ၊အသိ*မဲ့စွာ၊ကင်းသ†မာဖြင့်၊ကိုယ်†မှာလိမ်းဆောင်၊နန္ဒင်းရောင်လောက်၊
ကြာအောင်အရှည်၊ စိတ်မတည်ဘူး၊ လော်လည်အမြဲး၊ ဘောက်လဲးမပြတ်၊
ပျက်လွယ်တတ်၏၊မှတ်လော့ငါ့သား၊ မယုံမှားနှင့်၊ထင်ရှားရှေးဟို၊တက္ကသိုလ်က၊
ဆရာ့သမီး၊ ခိုးသူကြီးကို၊ အနီးခဏ၊ မြင်ကာမျှဖြင့်၊ လောဘတပ်†လျက်၊
ခိုးမှူးလက်နှိုက်၊ သန်†လျက်ရိုးထား၊ ကမ်းလိုက်ငြားရှ်၊ ယောကျ်ားဇာနည်၊
လက်ရုံးရည်နှင့်၊ ဆွေ*သည်သက်စု၊ *စံမတုအောင်၊ မနုသိပ္ပ၊တတ်ခေါင်လှသား၊
မွေးဘ*ဆောက်နှင်း၊ လင်ရင်းကိုသတ်၊ သေစေလတ်၏၊ မမြတ်အလို၊ အမြင်
တိုခဲ့၊ ယိုဂုတ္တိယ၊ ဝက်န္တကို၊ နတ်မျှပိုင်ပိုင်၊ မသိနိုင်ဘူး၊ တထိုင်တည်းနှိုက်၊
ဆယ်နည်းမက၊ဘောက်ပြန်ကြ၏၊မိန်းမဟူငြား၊ သဘောအားဖြင့်၊ ယောကျ်ား
*တကာ၊ ဆက်ဆံရာကြောင့်၊ ပမာမယွင်း၊ လှေနှင့်မြင်းသို့၊ စီးနင်းသူနောက်၊
ကောက်ကောက်ချည်းသာ၊ ဆောင်ရာပါရှင့်၊ ဥပမာဟပါး၊ ခမည်း†ကြားပိမ့်၊
ယော†ကျ်ားမီးစ၊မိန်းမခါတ်မျိုး၊ထောပတ်အိုးတည့်၊နှိုင်း*နှိုးပုံ†မှီး၊ယောကျ်ား
†မီးနှင့်၊ နီးလတ်တုံဘိ၊ ယှဉ်ကြမိသော်၊ ဂုတ္တိတို့ခါတ်၊ ထောပတ်လက္ခဏာ၊
မခိုင်မာဘူး၊ အိကာပျောင်းငြား၊ မတည်†ကြားတည့်၊ ယော†ကျ်ားလိုရာ၊
ဆောင်တိုင်းပါ၏၊ ပညာသတိ၊ ဟိရိဩတ္တပ်၊ မကပ်ကုန်ဘိ၊ ကင်းမယိုက၊ ဂုတ္တိ
တို့မှာ၊ ဤသို့သာချည်း၊ ဘင်ရာသွေးရာ၊ ဝါသနာဖြင့်၊ မိစ္ဆာစာရ၊ ကျင့်ပါ
ပလည်း၊ မိန်းမအလေ့၊ ပျောက်မမေ့နိုင်၊ မတွေ့တမူ၊ ပန်းကိမ်ဟူက၊ တအူ
တုံဆင်း၊ နှမရင်းနှင့်၊ ညီရင်းဥစ္စာ၊ ဖြစ်စေကာတိ၊ မညာယုတ်မြတ်၊ ခိုးယူ
တတ်သို့၊ မျိုးဇာတ်ဓမ္မတာ၊ မျှားကြစွာ၏၊ ကိလေသာဇော၊ မက်မောလိုလား၊
လိုက်သော့အားဖြင့်၊ ရည်းစားကထောင်၊ လင်တကောင်ဟု၊ လူ့ဘောင်ဆိုရိုး၊
မော်ကွန်းထိုးရှင့်၊ အမျိုးမမှန်၊ မိန်းမတန်တို့၊ ဘောက်ပြန်သွေယိမ်း၊ သူခပ်
သိမ်းနှင့်။ ။*ပလိမ်း†ကျလိမ့် မည်ကိုသောဝ်။　(၁၃၀)

၃၀၀။ *ပလိမ်းပ႑ကျံ၊ မတော်႑ကြံဖြင့်၊ တရုံမချ၊ ပုရိသထက်၊ မိန်းမဆန္ဒ၊ တပ်လေဘကား၊ ရှစ်ဆလွန်မြတ်၊ အားထုတ်တတ်၏၊ လနတ် နေနတ်၊ လေးကျွန်းပတ်နှင့်၊ မြေခတ်ဝသုန်၊ ရိုက်တုန်စောင်းထောင်၊ ယှိအောင် ထန်ပြင်း၊ ဘန်ဆင်းနိုင်လေ့၊ ဘိညာဉ်*ကြွေ့သည့်၊ ရသေ့ ပုဏ္ဏား၊ တန်းခိုး အားထက်၊ တက်ပွါး ဆဆ၊ ဤလောကန္တိုက်၊ မိန်းမတို့အား၊ လွန်ကြီးမားဟု၊ ထင်ရှားဆတ်ဆတ်၊ ကျမ်းလာမှတ်၏၊ သည်းပွတ်ရတနာ၊ ကိလေသာဖြင့်၊ ယုတ်မာဖျင်း*သုန်၊ ကာမဂုဏ်နှိုက်၊ မေထုန်လိုက်ကြူး၊ မိုက်မမူးနှင့်၊ မုန်ရူး ယစ်ဝေ၊ တော်နေပေါက်ထိ၊ ဆင်*ပြောင်ကြီးကို၊ ရပ်သီးကွာခြား၊ တော*မြိုင် ဖျားက၊ *အောက်မားသွေးဆောင်၊ ကျုံးတွင်လှောင်၏၊ လူ့ဘောင်ဒုက္ခ၊ *တွင်းဆုံးကျအောင်၊ *အောက်မာ့အတူ၊ မိန်းမဟူသည်၊ သွေးမြူဆောင်ပတ်၊ လှည့်ဖြားတတ်၏၊ နတ်သမီးစစ်၊ ဘုံကသစ်က၊ ဒေဝစ္ဆရာ၊ လမ္ဗုသာလျှင်၊ လူ့ရှာဌာန၊ လူ့ဒေသနိုက်၊ မိန်းမယှိုဟု၊ မသိမထင်၊ မမြင်ဘူးရှာ၊ ကျင့်ထူး စွာကြောင့်၊ ဣန္ဒာနတ်ကြီး၊ ကြက်သီးဝှန်း*ဖြိုး၊ ဖိန့်ဖိန့်နိုးအောင်၊ တန်းခိုးဣဒ္ဓိ ကြီးဘိတေဇာ၊ ငါးဘိညာနှင့်၊ တောမှာမြဲးပင်၊ နေကျင်နိစ္စ၊ သမင်မက၊ ဘွားထ တုံလတ်၊ ရသေ့မြတ်အား၊ နတ်၏ရူပ၊ မူရာပြပြီး၊ မိန်းမမာယာ၊ ပြု၍သာလျှင်၊ ပိုက်ကာချီပွေ့၊ နတ်ကိုယ်တွေ့ဖြင့်၊ ရင်ငွေ့သွင်းထား၊ဈာန်ပျက်ပြားလျက်၊ တရား လွတ်ကွာ၊ သုံးနှစ်ကြာအောင်၊ သညာကင်းကွေ၊ နစ်မူးစေ၏၊ တထွေထို့တူ၊ ဆန်းအမူနှင့်၊ နန်းသူ အပလီ၊ နိလိနီလည်း၊ ပိပိမ႑သိ၊ ရှင်ဣ႑သိအား၊ ဣတ္ထိလိင်၊ ရုပ်ဘာဝဖြင့်၊ မိန်းမတို့ဇာတ်၊ အင္ဂုပွတ်ကို၊ ပြလတ်ထင်စွာ၊ ဝံကိုက် နာဟု၊ ဝါစာဆန်းပြား၊ မုသားကြံစည်၊ လိမ်လည်သမှု၊ ပြောဆိုပြုလျက်၊ ဆေးကုခိုင်းကာ၊ မာယာလှည့်ပတ်၊ ဈာန်ကြိုးဖြတ်၍၊ လူဇာတ်သွင်းထွေ၊ ညစ်ညူးစေ၏၊ ကိလေကိစ္စ၊ ထိုမိန်းမတို့၊ ဖြောင်းပျမာယာ၊ ကျင့်ယုတ်မာကို၊ ပညာမနူး၊ ကြိုက်မရှူးနှင့်၊ အထူးဉာဏ်ယှိ၊ သား*မွန်သိလော့၊ ဇာတိဓမ္မ၊ ဘာဝ တရား၊မိန်းမများက၊ယောကျ်ားတို့ကို၊ အလိုသွေးရာ၊မပါသေးခင်၊ ကျွမ်းမဝင်မီ၊ ခင်မင်မရဲ၊ ဘထက်ကဲအောင်၊ *ဘက်လဲတကင်း၊ ပြုတတ်လျှင်း၏၊လက်တွင်း ပါငြား၊ လင်ယောကျ်ားအား၊ နွားနှင့်*တရှိ၊ ထင်မှတ်ဘိ၏၊ ဣတ္ထိထူးကွင်း၊ သံခြေချင်းနှိုက်၊ ကျုံးတွင်းဝင်မိ၊ ဆင်ဟတ္ထိသို့၊ မချိပူဆာ၊ မချမ်းသာဘူး၊ ပြင်းစွာဝေမူး၊ ဒုက္ခဆူးလျက်၊ ကျေးဇူးပျက်ယွင်း၊ ဂုဏ်နှံ့ကင်း၍။ ။သတင်းနံ လိမ့်မည်ကိုသော်။ (၁၃၁)

၃၀၁။ မိန်းမတို့မှာ၊ ဓမ္မတာဖြင့်၊ အဇ္ဈာစာရ၊ စာရိတ္တတည့်၊ ပုရိသအသွင်၊ မိမိလင်နှင့်၊ ပြင်ပတခြား၊ ယောကျ်ားတွေ့ခါ၊ ကိလေသာ၏၊ ခြင်းရာပြယာယ်၊ စနက်သွယ်သို့၊ *စမ္ပယ်ယုယ၊ တရှုရှုရှင့်၊ ကျင်းပဟန်ယူ၊ တွေ့ရာမြူ၍၊ အမူ ကိုယ်လုံး၊ မြင်သူနုံးမျှ၊ ချိုပြုံးရွှင်႑ပျ၊ တပြ႑ပြရှင့်၊ ထိုမှ ဤမှ၊ ချီမျက်စနှင့်၊

သီကရယ်ငို၊ ကိုယ်ကိုညွတ်ခြင်း၊ ခံတွင်းဟာဘင့်၊ သံလွင့်ဟစ်အော်၊ သွားဘော် လျှာထုတ်၊ ချစ်ချုတ်ခြေလက်၊ ရှို့ဝှက်အပ်ရာ၊ ကိုယ်အင်္ဂါကို၊ လှစ်ကာ ပြဆောင်၊ ရှက်*ယောင်မဲ့†ယွဲ၊ မူနွဲ†ရွဲ့လျက်၊ ကဲ့ရဲ့ခြိမ်းမွမ်း၊ နှုတ်ခမ်းကိုက်ငုံ၊ ခြုံရုံဘင့်ဖုံး၊ ဆံထုံးဖြေလွှတ်၊ ကိုယ်ဝတ်ချွတ်ပြင်၊ တွင်းဝင်ပြင်ထွက်၊ အောက် ထက်တက်ဆင်း၊ ကြည့်ခြင်းတူရှု၊ စောင်းစူမျက်ငြိုး၊ စိတ်ဆိုးဟန်†လုပ်၊ခါးကို †လှုပ်နှင့်၊ နမ်းရှုပ်ချီချ၊ ဤသို့စသည်၊ မိန်းမမာယာ၊ ကျမ်းနှိုက်လာသား၊ သိင်္ဂါရသ၊ သမ္ဘောဂ၏၊ ဖလနုဘော်၊ လေးဆယ်ကျော်ဖြင့်၊ သွေးခေါ်မတည်၊ လော်လည်မပြတ်၊ လိုမမြတ်ဘဲ၊ လှည့်ပတ်ကိစ္စ၊ ပြုတတ်ကြခဲ့၊ ရာဂနတ်ဖမ်း၊ ယောကျာ်း*နှမ်းတို့၊ ကျင့်*သွမ်းယုတ်မာ၊ ကိလေသာဖြင့်၊ လွန်စွာမက်၍၊ နှစ်သက်မဝ၊ ဉာဏ်ကင်းပလျက်၊ မိန်းမနိုင်ငံ၊ ပိုးဖလံနှင့်၊ မီးလျှံ*တမျှ၊ လိုက်မှား ကြ၏၊ မိန်းမအာရုံ၊ လိုက်မှားတုံမူ၊ ထိုသူကား၊ ရှင်လူ*ခပင်း၊ မင်းဆင်းရဲး သား၊ မဟူငြားဘူး၊ ငါးမိုက်ဗာလ၊ မောဟန္ဓတို့၊ လောဘအလို၊ သံမျှားမျိုသို့၊ ဤကိုယ်ချမ်းသာ၊ မရရာရှင့်၊ ရှေးခါကသော်၊ တောပျော်သိမ်မွေ့၊ ဟေဝန် ဇေ့နှိုက်၊ ရသေ့သမီး၊ နတ်နီးဆင်းဝါ၊ အာသက်ာဟု၊ ကြာသန္ဓေဇာတ်၊ ထိုမိနတ်ကြောင့်၊ ဗြဟ္မဒတ်မင်းကြီး၊ ပျက်စီးဗိုလ်ပါ၊ သုံးနှစ်ကြာအောင်၊ ဟေမာတောတွင်၊ *ငြိုငြင်ဒုက္ခ၊ ခံနေရ၏၊ မိန်းမတို့တမ်း၊ အပြင်းဖမ်းသား၊ နတ်ကြမ်းဂေါ်ရီ၊ ဇော်ဂနီသို့၊ အပလီလေးဆယ်၊ မာယာသွယ်၍၊ ချစ်ဘွယ် မူရှု၊ တွေ့ရာ†မြူတိုင်း၊ မိုက်†မူဖျင်း*သုန်၊ ကာမဂုဏ်နှိုက်၊ မေထုန်ပျော်မြူး၊ လို*မကြူးနှင့်၊ ကျေးဇူး*မဖြိုး၊ တန်းခိုးယုတ်စွာ၊ ပညာယုတ်ငြား၊ ခွန်အား ယုတ်ပျက်၊ ကိုယ်လက်ပူလောင်၊ ဆင်းရောင်ပျက်စီး၊ ကုတ်ဟီးချောင်းဆိုး၊ နာမျိုးတည်ရာ၊ လွန်ယုတ်မာ၏၊ ဓမ္မတာဝန်၊ မလွန်နိုင်ကြ၊ ထိုလောက်မျှတည့်၊ ဝစ္စအိမ်ခွင်၊ ထွက်ဝင်သုံးဆောင်၊ သွားလာယောင်သို့၊ သားမောင်ဉာဏ်ဖြင့်၊ ပညာချင့်၍၊ အသင့်မမှား၊ ပျော်လိုက်စားလော့၊ တရားပါဠိ၊ ကျမ်းလာ ယှိသား၊ ဣတ္ထိဝုတ္တော၊ ပရာဘောကို၊ သို့လေ၁ဝိုးဝါး၊ ယုံမှားမယှိ၊ စွဲမှတ် သိရှင့်၊ သတိပညာ၊ မကွာသော့အား၊ သင်ခံစားက၊ ခေါင်းပါးရောဂါ၊ ကင်း အနာနှင့်၊ ရသာယန၊ ဆေးသြဇသို့၊ ကာယမန္ဒမ်း၊ ငေးကြည်ချမ်းရ၍။ ။သက် တမ်းကျံလိမ့်မည်ကိုသောဝ်။ (၁၃၂)

၃၀၂။ အတ္တာဝေပုတ္တော၊ မှန်သဘောဖြင့်၊ ကျမ်းဟောထင်ရှား၊ အစဉ် ထားတိုင်း၊ သားတို့ဟူသည်၊ ကိုယ်ဟုမည်ကြောင့်၊ မှတ်တည်မပျက်၊ သက်ချင်း ဆက်ပြီး၊ အသက်ပမာ၊ စုံမက်စွာ၍၊ ဘရာမကြွင်း၊ ပြည်လုံးနှင်းလျက်၊ လူမင်းဖြစ်ထိုက်၊ ဆောင်းမကိုင်နှင့်၊ သောင်းတိုက်သပြေ၊ ဇမ္ဗူမြေထက်၊ မဟာသရော်၊ နတ်မင်းကျော်သို့၊ ဘုန်းတော်တန်းခိုး၊ ပြောင်မည္သိုးသည်၊ နေမျိုးဥက္ကာ၊ ငါ့သားမြတ် ! မှတ်လော့တပြာ၊ ခမည်း†မှာပိမ့်၊ လိ†မှာမြင်သိ၊

ပညာယှိလည်း၊ သတိဖြစ်ခဲ၊ ဘုန်းကံ*စဲမူ၊ ချွတ်လွဲးယွင်းဖောက်၊ ပျက်ချိန်ရောက်က၊ ဉာဏ်ပျောက်ကုန်ကင်း၊ လင်းတမင်းလျက်၊ ညွှတ်တွင်းတိုးမိ၊ မောဟဘိသော်၊ အသိမှောက်မှား၊ ပျက်တတ်ငြားဏ်၊ ငါ့သားဘုန်းလျှံ၊ လူ့ထုံးစံကား၊ ကံလည်း တခု၊ ဉာဏ်တခုတည့်၊ ရှေးပြု အဟုန်၊ ကံတည်းကုန်လျှင်၊ ဉာဏ်ကုန်တတ်မြဲ၊ အမြင်လွဲရှင့်၊ မိုဝဲမိတ်ကောင်း၊ သူမြတ်လောင်းနှင့်၊ ပေါင်း၍တဆစ်၊ ဉာဏ်ထူးဖြစ်က၊ ကံသစ်ပွါးမူ၊ အကြောင်းပြု၏၊ သာဓုနရ၊ ဓမ္မအပြား၊ လေးပါးတို့တွင်၊ အကျုံးဝင်သည့်၊ ဤလျှင်တဝ၊ မိုက်မောဟနှင့်၊ ဉာဏမထိန်း၊ လူ*အပြိန်းသို့၊ မိန်းမအလို၊ ထိုထိုများစွာ၊ မလိုက်ရာဘူး၊ လိုက်ပါတုံငြား၊ ထိုယောကျ်ားကား၊ နွား*တရတည်၊ ဤလူ့ပြည်ဝယ်၊ ဂုဏ်ရည်မတိုး၊ သရေညှိုး၏၊ ကြောင်းကျိုးမြင်တို၊ မိန်းမလိုဖြင့်၊ သက်ကိုစွန့်ခြင်း၊ မီးပုံဆင်းသား၊ မင်းသေနက၊ ဉာဏ်ကန်းစွသို့၊ မောဟတိုက်ကာ၊ မမိုက်†ရာဘူး၊ လ†ကျာဒူးသွေး၊ ဘောက်၍ပေးလည်း၊ ချစ်ရေးကြည်နူး၊ တင်အထူးဖြင့်၊ ကျေးဇူးတုံ့ပယ်၊ အသက်လှယ်၍၊ လင်ဝယ်တစိ၊ မယှိတတ်ကြ၊ သဘာဝကြောင့်၊ မိန်းမတို့စိတ်၊ တမ်းခွန်မြိုတ်သို့၊ မြဲး*ကြိတ်စေငှါ၊ မထိုက်ရာဘူး၊ ယုတ်မာဒုးလို၊ အမြင်တိုနှင့်၊ လင်ကိုမတွယ်၊ မျောက်ကိုဝယ်ပြီး၊ တင့်တယ်စိမ့်ငှါ မြစ်ထဲးမှာလျှင်၊ ကဝါချခိုင်း၊ မြင်တိုင်းရယ်အောင်၊ ကြံဆောင်ရုပ်ဖျက်၊ ကြောထက်ကုန်းတင်၊ မြင့်းအသွင်သို့၊ လမ်းတွင်ပြေးစေ၊ မရေမရာ၊ ညွှန်တတ်စွာ၏၊ ရှေးခါကာလ၊ ဗာရာဏနိုက်၊ ပြည်မတန်းဆာ၊ မိသာမာလည်း၊ မဟာစောရ၊ လောင်းသတ္တကို၊ ရာဇအာဏာ၊ မောင်းကြော်ကာလျှင်၊ သတ်ရာဆောင်ကြိုက်၊ တခိုက်မြင်မိ၊ သေမချိအောင်၊ တပ်ငြိသော့အား၊ သူဌေးသားနှင့်၊ လဲငြားဆောင်ကာ၊ ယူလေပါခဲ့၊ သည်းချာမင်းလှ၊ သားချစ်ဘလည်း၊ မိန်းမလိုရာ၊ လိုက်မညာနှင့်၊ ကြီးစွာဆန္ဒ၊ တပ်လောဘနှင့်၊ မိန်းမဟူက၊ ယေဘုယျဖြင့်၊ မောဟအဝိဇ္ဇာ၊ တောင့်*နွယ်ကာ၍၊ ပညာအလင်း၊ မယှိကင်း၏၊ ကိုယ်တွင်းကြောက်ဘွယ်၊ ကိုယ်ဝယ်ဒုက္ခ၊ ကိုယ်ဝန်ရက၊ မိန်းမတို့မှာ၊ ဓမ္မတာဖြင့်၊ မသာ*မအိ၊ ကြုံလှိုကိုယ်ရုပ်၊ *ရတုငုပ်၍၊ သွေးပုပ်အောင်းခါ၊ ပျက်နူတ်†လျှာနှင့်၊ ရှုံ†မျှာပျို့အန်၊ ပူပန်ကိုက်ခဲ၊ ဝမ်းထဲးလှိုက်ခုန်၊ တုန်သည်နှလုံး၊ မပြုံးရွှင်လေ့၊ တငွေ့ငွေ့တည့်၊ ရက်စေ့ပွါးငှါ၊ ရောက်သော့ခါလည်း၊ ဆိုရာမယှိ၊ မဒ္ဒိမူးဝေ၊ သည်းအူကြွေမျှ၊ ပိုးမြေမမြင်၊ ခါးတင်ရင်ဇတောင့်၊ ကြောလုံးအောင့်လျက်၊ ခံခေါင့်ခံခက်၊ ဆင်းရဲနက်ရှင့်၊ ပက်လက်ဘယ်ညာ၊ မရှက်သာဘဲ၊ လူးကာဟစ်*ကြော်၊ ကော့လိမ်အော်၍၊ သေသော်သေရ၊ သေကုန်ကြ၏၊ မိန်းမဟူသမျှ၊ ထိုဒုက္ခကို၊ မောဟပိတ်ပိတ်၊ ဘယ်တဆိတ်ဖြင့်၊ ကြောက်ထိတ်ရှုံခြင်း၊ မယှိလျှင်းတည့်၊ အိမ်တွင် ယုတ်မာ နတ်မိစ္ဆာသို့၊ ကပ်ကာဆော်နှိုး၊ တတိုးတိုးဖြင့်၊ လိုဆိုးကိန်းအောင်း၊ ကျင့်ဖျင်း*သောင်းသည်။ ။နတ်ကောင်းရှုံလိမ့်မည်သာကို။ (၁၃၃)

၃၀၃။ လူ့ရွာခေါ်လစ်၊ ယောကျ်ားစစ်ကား၊ ဆုတ်*နစ်နိုင်ကြ၊ ကိုယ်ဝန်
ရသား၊ မိန်းမတို့စစ်၊ ဆုတ်*နစ်မရ၊ ဟူစကြရှင့်၊ ရသည့်ကြောင်းစ၊ ကာရဏ
လည်း၊ ကာယသံသဂ်၊ စပ်ရှက်မေထု၊ သွင်းပြု သောက်မျို၊ ချက်ကိုသပ်ကျင်၊
ဆင်းမြင် သံကြား၊ နံ့ရှူအားဖြင့်၊ ရှစ်ပါးဟူတုံ၊ ခုခုကြုံက၊ ပြည့်စုံလွယ်လှ၊
ကြောက်ဘွယ်စွဟု၊ လောကလူတွင်၊ ဆိုရိုးထင်သည်၊ အကြင်ကြီး†လှ၊ ဝဋ္ဋကိစ္စ
နှင့်၊ ကာ†လရွယ်သင့်၊ ချိန်မ*လင့်ဘဲ၊ ပန်းပွင့်ယုတ်မာ၊ စကြာမင့်းသမီး၊
ဖြစ်တပြီးလည်း၊ တောင်ကြီးဘွားအောက်၊ -လင့်နောက်လိုက်†ရ၊ ဂုဏ်နှိမ့်
ချလျက်၊ ခ†ယလုပ်ကျွေး၊ သူ့သွေးသန္ဓေ၊ ဆောင်ထွေစွဲးကပ်၊ မီး*ယပ်သားဘွား၊
ဤငါးပါးတည့်၊ ယောကျ်ားတ†ရံ၊ မဆက်ဆံဘဲ၊ ယိုး†ယံနိစ္စ၊ ထိုဒုက္ခကို၊ မိန်းမ
တို့သာ၊ ခံရစွာလျက်၊ အ္ဓဝိဇ္ဇာတမ၊ မိုက်မောဟကြောင့်၊ ထိုမျှဒုက္ခ၊ မသိကြဘူး၊
မိန်းမအလို၊ မိမိကိုယ်နှိုက်၊ ထိုထိုတန်းဆာ၊ ဆင်ယင်ကာလျှင်၊ နံ့သာနပ်ခါး၊
လပ်မအားအောင်၊ ရေသားတင်သ၊ တပပရှင့်၊ ဆံစဆံထုံး၊ မျက်ခုံးမင်သတ်၊
ဆံပတ်ဖီးပုံ၊ ပန်းမျိုးစုံနှင့်၊ အာရုံနှစ်*သိမ့်၊ ဘဝင်ငြိမ့်ရှဲ့၊ ညွတ်စိမ့်မြင်သူ၊
ယောကျ်ားဟူက၊ *တူရူတစောင်း၊ ကြည့်ချောင်းမဝ၊ အတွင်းရှလျက်၊ မိန်းမ
တို့စိတ်၊ ရေဖိတ်သော့သွင်၊ တရှင်ရှင်တည့်၊ ငါ့လင်ငါ့သား၊ ဘဝခြားလည်း၊
တပါးမလှင့်၊ ဤတူဖြင့်သာ၊ တလင့်မယား၊ တသားမိခင်၊ ဖြစ်ချင်*ခလို၊
တောင့်တဆို၏၊ လင်ကိုမက်မှား၊ သားကိုမက်စွာ၊ ထိုတဏှာနှင့်၊ မခွါနိုင်အား၊
ကျင်လည်များလည်း၊ ယောကျ်ားဘဝ၊ မရနိုင်ရာ၊ မိန်းမသာတည့်၊ ယုတ်မာ
လိင်၊ ဟီနခေါ်ရိုး၊ ဘာဝမျိုးကြောင့်၊ ဘုန်းကျိုးပုညာ၊ နတ်*နှယ်လှလည်း၊
မိန်းမကြက်သရေ၊ ယောကျ်ားခြေအောက်၊ တည်နေရမျိုး၊ မလွန်ရိုးရှင့်၊
ခါးကြိုးရင်လှမ်း၊ ထိန်လျှမ်းလက်ကောက်၊ ထိန်တောက်လက်ကျပ်၊ ထိန်လျှပ်
ခြေချင်း၊ ထိန်ဝင်းပုတီး၊ ထိန်ညီးနားဒေါင်း၊ ရွှံးပေါင်းကိုယ်မှာ၊ နတ်တန်းဆာ
သို့၊ ရတနာအတိ၊ ဆင်ယင်ဘိသား၊ ဣတ္ထိရတနာ၊ မိကညာထက်၊ မွဲ့ပြော
ကိုယ်ခါး၊ ဆိုးဝတ်စားနှင့်၊ ယောကျ်ားဟူက၊ မြတ်တုံစွ၏၊ ကျမ်းပြစဉ်လာ၊
မိန့်ကြမှာရှင့်၊ ဝိရာဇိတ၊ မိန်းမအလေ့၊ စွန့်ခွါရှဲ့လျှင်၊ ငြီးငွေ့သော့အား၊ လင်
ယော†ကျ်ားနှိုက်၊ သိ†ကြားပမာ၊ ရိုသေစွာမူ၊ မကြာစင်စစ်၊ ယောကျ်ားဖြစ်၏၊
ရှင်ချစ်*တကာ၊ ဟောပြပါလည်း၊ မနာလိုငြား၊ မကြားလိုချင်၊ နားမဝင်တည့်၊
လူတွင်ညံ့စား၊ အယုတ်အားဖြင့်၊ အောက်ထားနိမ့်ကျ၊ ဘဝဝတိုင်း၊ မိန်းမ
ဓမ္မတာ၊ ခံမြဲရာသား၊ အာဝေဏိက၊ ထိုဒုက္ခကို၊ မောဟပိတ်ထိုင်း၊ *ရမ္မက်
လှိုင်းလျက်၊ ဖြစ်တိုင်းပျော်မွေ့၊ မငြီးငွေ့ဘူး၊ မေ့မေ့လျော့†လျော့၊ မာန
မ†လျှော့သည်။ ။ကော့ရှုခံလိမ့် မည်သာကို။ (၁၃၄)

၃၀၄။ အာဝေဏိဟု၊ မချီလွန်ကဲ၊ ဝဋ္ဋဆင်းရဲနှိုက်၊ အမြဲဓမ္မတာ၊ ခံရ
စွာလည်း၊ ပါရမီရင့်သန်၊ ဗောဓိဉာဏ်ကို၊ ဆုပန်မယို့၊ ဣတ္ထိဟူသမျှ၊ မိန်းမ

*တကာ၊ တဏှာလောဘ၊ ကြီးဆန္ဒနှင့်၊ မောဟပိတ်ဖုံး၊ ဒုက္ခတုံးကို၊ လုံးလုံး
မမြင်၊ ချမ်းသာထင်၍၊ သို့စင်မိုက်လှ၊ ထိုမိန်းမတို့၊ ဉာဏပညာ၊ နည်းပါးစွာ
လျက်၊ တန်းဆာ သားဘွား၊ မေထုန်အားဖြင့်၊ လိုလားလွန်ကဲ၊ ပြည့်နိုင်ခဲရှင့်၊
ရောင့်ရဲမရှိ၊ အတိတ္တိလည်း၊ ဣတ္ထိသဘာဝ၊ သုံးပါးပြ၍၊ မိန်းမဘာဝ၊ တုပ
လူတွင်၊ ဝတ်ဆင်တန်းဆာ၊ လျှပ်ပေါ်စွာကား၊ ရာတန်ထောင်တန်၊ သိန်းတန်မက၊
ရွှေငွေစသား၊ မြမြစိန်စိန်၊ ထိန်ထိန်လက်လက်၊ အာရုံမက်၍၊ နှစ်သက်လိုလား၊
ဝတ်စားကိစ္စ၊ အားမရဘူး၊ နေ့ညမခြား၊ လင်ယောကျ်ားတို့၊ ကြိုးစားဥစ္စာ၊
စီးပွါးရှာလျက်၊ ရေမှာနစ်နစ်၊ မြစ်မှာမွန်းမွန်း၊ တကျွန်းနိုက်သော၊ စစ်မြေနိုက်ရှူး၊
အသက်ဆုံးလည်း၊ ဆံထုံးပန်းဝေ၊ မချေချေရှင့်၊ သနွေ့ဝမ်းနိုက်၊ နှုတ်ပိုက်စင်စစ်၊
ခုနစ်နှစ်စင်၊ ဆောင်ချင်တုံလျက်၊ ခုနစ်ရက်လူး၊ မွှန်းမူးဒုက္ခ၊ သေလုစွ
အောင်၊ ဘွားရစေမူ၊ ယို့တူမဘောက်၊ ခုနစ်ယောက်ထက်၊ နောက်နိုက်ထပ်ကာ၊
ခုနစ်ခါမက၊ ဘွားလိုကြ၍၊ မိန်းမတို့အား၊ သားဘွားကိစ္စ၊ အားမရဘူး၊ ကာမ
အရာ၊ ဟူသည်မှာမူ၊ တဏှာမင်းသမီး၊ နန်းတက်ကြီးလျှင်၊ ငါးစီးသန်ကြွား၊
ဆင်ပြောင်အားနှင့်၊ မင်းသားညီနောင်၊ ငါးပါးဆောင်လည်း၊ အမြှောင်တခြား၊
ခြောက်ယောက်ထားခဲ့၊ ယောကျ်ားဆန္ဒ၊ တယောက်မျှနိုက်၊ မချစိတ်က၊ အား
မရဘူး၊ သောဠသစစ်၊ ဆဲ့ခြောက်နှစ်သို့၊ ရောက်လစ်တုံငြား၊ မိန်းမများကား၊
ယောကျ်ားအလို၊ ကမ့်း*နှယ်ပြို၍၊ စီးယိုကျဖိတ်၊* လော်လည်စိတ်လည်း၊ မပိတ်
ဆို့သာ၊ လှိုက်လှိုက်ဆာ၍၊ ဓမ္မတာအမျိုး၊ တက်ရေတိုးသို့၊ *ဖြိုးဖြိုးဝေလျက်၊
*ရမ္မက်သွေးကြွ၊ လျှမ်းလျှမ်းထ၍၊ မိဘမောင်ကြီး၊ ချစ်မငြီးဘဲ၊ ရွှေသီးမည့်
လောက်၊ စောင့်ရှောက်အနိုင်၊ နန်းပင်တိုင်နှင့်၊ ရုံပိုင်ခြွေရွေ၊ စံပစေလည်း၊
မပြေထဲနှောင့်၊ ထိန်းမစောင့်တည့်၊ ထိုကြောင့်မုချ၊ သားမိန်းမအား၊ ကာလ
မြင့်စွာ၊ *မလင့်ရာဘူး၊ ချိန်ခါရောက်ငြား၊ ဆိုင်း*လင့်ထားက၊ မောင်ဘားမိဘ၊
အရှက်ရ၍၊ မိန်းမဟူသည်၊ လော်လည်ငါးဖြာ၊ ဝါသနာနှင့်၊ ပညာယိုမြတ်၊
ပရိသတ်ခွင်၊ ထွက်ဝင်ကင်းဘိ၊ လှေမယှိသား၊ ဇာတိမမွ၊ သဘာဝကြောင့်၊
သုတမြင်ကြား၊ အသိယှားရှ၍၊ တရားလက်*မဲ့၊ ဉာဏ်ချို့တဲ့လျက်၊ သွမ်းဇွဲ
ပျော်မြူး၊ စားအိပ်ကြူး၍၊ မျက်ရှူးမာန်မူ၊ ငြူစူမနော၊ အတင်းပြောနှင့်၊
အသော*အသွမ်း၊ ဖုံးလွှမ်းနေ့ည၊ လိုမဝတည့်၊ ရာဂ*တပ်ပြွေ့၊ ကြိုက်သူတွေ့
သော်၊ ရှက်ရေလှမယှို၊ ထိုဣတ္ထိတို့၊ တပ်မိမခွါ၊ မြွေ့ပမာသို့၊ တငါ မုဆိုး၊ အမျိုး
*မမွန်၊ ပန်း*မှိုက်သွန်က၊ ကျွန်ပင်*တမင့်၊ ဖြစ်လင့်*တပဲ၊ ဘနှင့်လဲ၍၊
မလွဲမှန်လှ၊ ကေန္တရှင့်၊ အဘနှင့်လင်၊ တူပင်မကွာ၊ သေကြရာနိုက်၊ ဣန္ဒာနတ်
ဆေး၊ တလုံးပေးလည်း၊ ကျေးဇူးထွတ်တင်၊ မွေးဘခင်ကို၊ မရှင်စေရာ၊ လင်ကို
သာလျှင်၊ ရှင်ပါစေမူ၊ လျင်စွာကုလိမ့်၊ ကျေးဇူးလက္ခဏာ၊ မငဲ့ရာဘူး၊ ပညာ
*မဲ့ကြ၊ မိုက်မောဟနှင့်၊ မိန်းမသဘော၊ မြစ်ရေကြောသို့၊ စုန်မျောသည်သာ၊
အညာမဆန်၊ များလှထွန်ခဲ့၊ ဉာဏ်လက်နှစ်ချောင်း၊ သိမပြောင်းဘဲ၊ ဆိုးကောင်း

ယုတ်မြတ်၊ မရှုတတ်တည့်၊ မိုးနတ်မဟာ၊ ဗြဟ္မာ*တစ့်၊ မြတ်တို့*မှီလည်း၊ ယုတ်ညံ့ညစ်ညူး၊ မိန်းမပူးက၊ ကျေးဇူး*ချည်းနှီး၊ လောင်သည့်မီးသို့၊ ပျက်စီးမကြွင်း၊ ဂုဏ်ရောင်ကင်း၍။　။ကျင့်ဖျင်းသံ့လိမ့် မည်သာကို။ (၁၃၅)

၃၀၅။ ကိုယ့်ပမာဏ၊ ရုပ်ကာယကား၊ ကျားမျှမကြီး၊ သစ် ဆင်နီးတည့်၊ နှုတ်သီးတချက်၊ ခြေလေးဘက်နှင့်၊ လက်နက်ငါးခု၊ နှိပ်စက်ပြုလျက်၊ တောသူရန်မျိုး၊ မာန်အားကိုး၍၊ လွှန်ဆိုးပြကတော့၊ ကြမ်းကြုတ်လေ့သည့်၊ ခြင်သေ့*တမျှ၊ ဤလောကနှိုက်၊ မိန်းမ*တကာ၊ ထိုများစွာကို၊ ရူပါရမ္မဏ၊ စသည်လုံးစုံ၊ အာရုံငါးပါး၊ လက်နက်အားဖြင့်၊ ယောကျ်ားတို့ကို၊ အလိုယုတ်မာ၊ တွေ့ရာကိုက်သတ်၊ နှိပ်စက်တတ်၏၊ မမြတ်လိုဆိုး၊ မိန်းမမျိုးအား၊ မြတ်နိုးတနာ၊ သက်ပမာသို့၊ လွှန်စွာစိတ်နှိုက်၊ နွှား*နှယ်လိုက်၍၊ သူမိုက်တို့သာ၊ ကျွမ်းဝင်ရာ၏၊ ပညာယှိများ၊ ယောကျ်ားတို့မူ၊ သတိထူ၍၊ *လျစ်လျူသင့်မျှ၊ ပေါင်းဘက်ကြရှင့်၊ သီလမယှို၊ ဟိရိမကပ်၊ ဩတ္တပ်ကင်းကွာ၊ *မဲ့ပညာနှင့်၊ သမ္ဘာမပြည့်၊ ဉာဏ်မမှည့်က၊ မပြည့်ပါရမီ၊ အလဇ္ဇီဖြင့်၊ ဒုဿီစာရ၊ ဘုန်းမလှသား၊ မိန်းမတို့ခွာတ်၊ သို့ချည်းမှတ်လော့၊ မပြတ်*လော်လည်၊ မတည်အာရုံ၊ မြင်တိုင်းပုံ၏၊ လမ်းဆုံ သစ်ရိပ်၊ ရေဆိပ်အလား၊ တံတားသဖွယ်၊ ဈေးလယ်မဏ္ဍပ်၊ ဇရပ်မဘောက်၊ သေသောက်အိမ်တူ၊ ယောကျ်ားဟူလျှင်၊ အနူမရွေး၊ ခွေးနှင့်ခြင်သေ့၊ အတွေ့မရှောင်၊ မီ း*နှယ်လောင်၏၊ လူ့ဘောင်ခေါ်ရေး၊ ကျမ်းလာရှေးက၊ လေးရွှေးတပဲ၊ ထိုပဲနှစ်ဆယ်၊ မှတ်ဘွယ်တကျပ်၊ တရပ်ငင်း၊ ရွှေးပေါင်းစင်စစ်၊ သုံးဆဲ့နှစ်မူ၊ ခေါ်လစ်နာမ၊ ကလဥ္စမှန်၊ ဆယ်ပြန်ကလဥ္စ၊ လေးကျပ်မျှဖြင့်၊ မဂဓတေပိုလ်၊ ယင်းပိုလ်တရာ၊ တတုလာရှင့်၊ တုလာနှစ်ဆယ်၊ လူဝယ်ခေါ်ထ၊ တဘာရတည့်၊ ထိုဘာရဝန်၊ ချိန်လေးလွှန်ကို၊ စွမ်းသန်ကြွားကြွား၊ ဆောင်နိုင်ငြားသည့်၊ ယော ကျ်ားတို့လျက်၊ တကျိပ်ဘက်လည်း၊*ရမ္မက်ကိစ္စ၊ သဘာဝနှိုက်၊ မိန်းမတစ်ကို၊ မနိုင်လိုဘူး၊ သားညိုမှတ်ဆောင်၊ မိန်းမကြောင်တို့၊ *အပြောင်စွယ်ပုန်း၊ လက်ခြေပြုန်းနှင့်၊ အကုန်းအကွ၊ မလွှတ်ကြတည့်၊ ရှုတ်တွရှယ်အို၊ မဆို*စမာ၊ အခွင့်သာသော်၊ မိစ္ဆာစာ†ရ၊ ယော†ယျချည်း၊ ကျင့်ကြစမျိုး၊ မြေခွက်ဆိုးမျှ၊ ခိုးတတ်တုံလျက်၊ ‹ရွှခွက်ကိုမှာ၊ ဘယ်ဆိုရာလိမ့်၊ မာယာဝေဝုစ်၊ ဝက်ဝုစ်လည်း၊ မဟုတ်ကိုပင်၊ အဟုတ်ထင်အောင်၊ မျက်မြင်သို့လောက်၊ မျက်စိအောက်နှိုက်၊ မျက်မှောက်လိမ်လည်၊ မျက်လှည့်သည်သို့၊ ကြံစည်ပြုလုပ်၊ တတ်ခေါင်ချုပ်၏၊ လက်ခုပ်လက်ဝါး၊ ဟူသော့အားဖြင့်၊ မှသားသစ္စာ၊ ဆိုတတ်စွာခဲ့၊ ပညာမဲ့ထ၊ ထိုမိန်းမတို့၊ သဘာဝလိုက်၊ ဂေါရီဆိုက်ရုံ၊ စရိုက်မာန်ယစ်၊ ခုနစ်နှစ်နှင့်၊ ရှစ်နှစ်ရွယ်မျှ၊ အငယ်ကလျက်၊ ယောကျ်ား*ဆက်ဆံ၊ ကြိမ်တရံဖြင့်၊ ခံရဘူးလျှင်၊ စိတ်ကြီးဝင်၍၊ အိမ့်ရှင်လောက်နီး၊ မိန်းမကြီးသို့၊ အငြိုးစိတ်မှာ၊ ထင်တတ်စွာ၏၊ မိစ္ဆာကြူးခေါင်၊ တွေ့မရှောင်သည့်၊ လူ့ဘောင်သွမ်းသွက်၊

မိန်းမပျက်ကား၊ နံနက်မဆွေ၊ ညနေဇ္ဈာသာ၊ ညဥ့်ခါရာဂ၊ ဤသုံးဝနှင့်၊ ကာလ
ကုန်စေ၊ သေလျှင်ရေး၊ မလွဲအညီ၊ လားမြဲပြီတည့်၊ နဒီဝက်ႆ၊ အကြံ*ပလိမ်း၊
သူခပ်သိမ်းနိုက်၊ ညွတ်တိမ်းစိတ်ကွက်၊ ကြီး*ရမ္မက်နှင့်၊ မာန်တက်လေးမည်၊
*လော်လည်ငါးဖြာ၊ မာယာလေးဆယ်၊ အသွယ်သွယ်ဖြင့်၊ ပရိယာယ်ထွေးရစ်၊
လွန်ကောက်ကျစ်၏၊ ချစ်သက်ဝေကာ၊ မယုံသာဘူး၊ သာမာဝေသီ၊ ကာလီ
ဒါသ၊ ပုံကိုဆလော့၊ တဏှာ့လိုလိုက်၊ စရိုက်အားကိုး၊ စိတ်မရိုးသည်။ ။
ကြံခိုးကြံလိမ့် မည်သာကို။ (၁၃၆)

၃ဝ၆။ မိန်းမမမှတာ၊ များ*တံထွာကား၊ ပညာ*မွဲမျိုး၊ အတွင်းဆိုး၏၊
ကြောင်းကျိုးမြင်ဟို၊ ကြီးအလိုနှင့်၊ ကိုယ့်ကိုမစောင့်၊ မဖြောင့်နှလုံး၊ မသုံး
စာရိုက်၊ မြဲမပိုက်ဘူး၊ ပရဗိုဇ်မိန်းမ၊ သစ္စကဟု၊ သီလမကင်း၊ *သီတင်းကြည်
ညို၊ သဒ္ဓ*ယိုလျက်၊ အလိုလိုက်စား၊ *ရမ္မက်အားဖြင့်၊ ပတ္တမြားတချည်၊ ဆန်
တပြည်သို့၊ ဂုဏ်ရည်ယုတ်မြတ်၊ မမှတ်ယွင်းကွက်၊ ကျင့်*သွမ်းပျက်၏၊ နန်း
ထက်ပျော်ကြီး၊ မင်းသမီးလျက်၊ ပနီးမျိုးနွယ်၊ ညှိုးငယ်ယောကျ်ား၊ ဒွန်းစဏ္ဍား
နှင့်၊ ယဉ်ပါးရောရှက်၊ ကျင့်ကမ်းတက်၏၊ ရွယ်သက်ပျိုထွား၊ နတ်ယောကျ်ား
သို့၊ ငါးစီးဆင်*ပြောင်၊ အားကိုဆောင်သည်၊ ညီနောင်ငါးပါး၊ လင်ပြုငြား
လည်း၊ စေစားခြေ့အောက်၊ ကျွန်သပေါက်နှင့်၊ လွန်ဘောက်မိစ္ဆာ၊ ကျင့်ယုတ်
မာ၏၊ လူ့ရွာ*အတီး၊ ဝေါဟာပြီးသား၊ သမီးတကောင်၊ နွားတထောင်သို့၊
လုံအောင်အမြဲ၊ စောင့်နိုင်ခဲဟု၊ မလွဲပ†မာ၊ နန်းတွင်း†မှာလျှင်၊ ရာဇာ
မွေ့ဘ၊ မြဲနိစ္စဖြင့်၊ နေ့ညမကင်း၊ စောင့်ပါလျှင်းလည်း၊ လက်တွင်းကသာ၊
သူ့ဘက်ပါ၏၊ ချစ်ညာမဆန်၊ ချစ်မပြန်တည့်၊ ဝင်္ကန္တမျိုး၊ အတွင်းဆိုးနှင့်၊
ရိုးသည်မယို၊ များလှဘိရှင့်၊ ဇာတိသဘာဝ၊ ယေဘုယျကြောင့်၊ မိန်းမတို့အား၊
ယောကျ်ားဖြစ်သူ၊ ပြစ်ရေးယူက၊ ထိုလူမိုက်စွာ၊ မလိ†မ္မာတည့်၊ ကိုယ်†မှာ
ဝတ်စား၊ တန်းဆာများတို့၊ ရိရှားဟောင်းမွဲ၊ စုတ်ပြဲပေါက်ကွက်၊ စွန်းစက်
နွမ်းနယ်၊ ယိုခါဝယ်နှင့်၊ စားဘွယ်သောက်ရာ၊ အစာဟာရ၊ ဟူသမျှတို့၊ ဝမ်းဝ
သိုမှီး၊ မျိုရဲ့ပြီးသော်၊ ကျင်ကြီးကျင်ငယ်၊ မစင်ကြွယ်ဖြင့်၊ ရွံဘွယ်ဖြစ်ထ၊
ထိုကိစ္စနိုက်၊ ဒေါသမျက်ဆူ၊ ထွက်တတ်သူသို့၊ ထိုတူစင်စစ်၊ မိန်းမပြစ်ကို၊
မလျစ်မလျူ၊ အရေးယူသည့်၊ ထိုလူမလိမ္မာ၊ တူကြစွာရှင့်၊ ပညာဆီးဆာ၊
ဉာဏ်*တီးတွေ့ရဲ့၊ မိန်းမကိစ္စ၊ စာရိတ္တနိုက်၊ မယား့အမှု၊ ပြစ်မပြုက၊ အောင်ဆု
ကြော်သဲ၊ စစ်အောင်ပွဲထက်၊ ထူးကဲသာလွန်၊ အောင်ပွဲမွန်ဟု၊ ဉာဏ်ဝန်
ပေါင်း၊ ရှေးသူဟောင်းတို့၊ ခြီး*သောင်းသြဘာ၊ ထောမနာ၏၊ ကြုံရာနှင့်လိုက်၊
ကြိုက်ရာနှင့်မြှောင်၊ မတွေ့မရှောင်သား၊ လူ့ဘောင်ဌာန၊ ဤလောကနိုက်၊
မိန်းမဟုဆို၊ သဘောကိုယ်လည်း၊ အလိုဆန္ဒ၊ မဆုံးဆဘူး၊ လောဘကြီးမား၊

စရိုက်အားဖြင့်၊ လိုက်စားမက်မော၊ *ရမ္မက်ပြော၏၊ မြတ်သောစာရီ၊ ပါရမီ
နှင့်၊ ဂုတ္တိတို့မှ၊ ကြွင်းသာမျှနိုက်၊ ချစ်လှလွန်ငြား၊ ငါ့မယားကား၊ ငါ့အားသာ
မျှ၊ ငါမှအထူး၊ စိတ်မကူးဟု၊ သားဦးမောင်လှ၊ မမှတ်ရဘူး၊ အဂ္ဂမဟေသီ၊
ဒေဝီဖြစ်လျက်၊ မင်းထက်လွန်ကာ၊ ကျွန်ဆတ္တာကို၊ အာရုံမက်မှား၊ *ရမ္မက်
ပွါး၍၊ သားသန္ဓေရ၊ ဟူကုန်ကြ၏၊ မိန်းမမနော၊ ရေ့သဘောသို့၊ ရေကြော
သင့်ရာ၊ မျှောတတ်စွာခဲ့၊ အညာတို့ကို၊ မဆန်လိုရှင့်၊ မြင့်တိုဆန္ဒ၊ မမြတ်ကြ
ဘူး၊ မိန်းမလိုလိုက်၊ လူနိုက်ယောကျ်ား၊ အမိုက်ပွါး၏၊ ငါ့သားမင်းခေါင်၊ သတိ
ဆောင်လော့၊ ဒမြှောင်လိုက်စား၊ မိန်းမများကား၊ ဟာရား*မွဲ့မော၊ *ရမ္မက်
ဇောဖြင့်၊ သဘောလေဘင်၊ မျက်စရှင်လျက်၊ မြင်မြင်သမျှ၊ ပုရိသကို၊ လာကြ
မကျန်၊ ခေါ်ဘိတ်မန်သို့၊ သွင်ဟန်ဘန်းပြ၊ တရွရွတိ၊ မိန်းမဇျေးသည်၊ ဆိုင်တည်
ကျင်းထား၊ ယောကျ်ားဈေးဝယ်၊ လိုချင်ဘွယ်လျှင်၊ လိုမယ်မတာ၊ လိုရာ
ပြ၍၊ နေ့ညသုတ်သင်၊ တဆင်ဆင်ရှင့်၊ ပြုပြင်မကင်း၊ ဘီးမှန်ခင်းလျက်၊
ရောင်ဆင်းတင်ဘွင့်၊ ပင်လုံးပွင့်သည့်၊ ပန်းပင့်အလား၊ အာရုံငါးဖြင့်၊ *ဖြား
ဖြား†ယောင်းယောင်း၊ တွေ့သူပေါင်းနှင့်။ ။†ရောင်းတိုင်းစွဲလိမ့် မည်သာကို။
(၁၃၇)

၁၀၇။ တောင်ညာနန်းမ၊ လကျ်ာရသား၊ အဂ္ဂမဟေ၊ ပဒုဇဗ္ဗထက်၊ ဘိသေ
သဟံ၊ ရေသွန်းခံလျက်၊ င*ဆွံ့နှင့်ယှဉ်း၊ မြင်းထိန်းနှင့်ပျော်၊ ကျွန်တော်ရင်း
စစ်၊ သုံးကျိပ်နှစ်နှင့်၊ ကျင့်ညစ်ဘောက်ပြန်၊ မဂ္ဂန္တရ၊ စခန်းချစဉ်၊ ဗြဟ္မဏ
ငယ်၊ *လုလင်ရွယ်နှင့်၊ မဘွယ်ဘောက်ပြား၊ မင်းနှစ်ပါးတို့၊ မိဖုရားကြီး၊
မြှောက်တုံပြီးလျက်၊ ခရီးမရှည်၊ *လော်လည်အယူး၊ ဂင်္ဂါကူးတွင်၊ လှေမှူးနှင့်
မှား၊ ပင်လယ်†ကြားဝယ်၊ ယော†ကျ်ားမထင်၊ လက်ပံပင်ထက်၊ တင်၍အသီး၊
စောင့်တပြီးလည်း၊ စောင်းတီးသမား၊ ကျွန်†ယောကျ်ားနှင့်၊ အမှားမကင်း၊
ကြုတ်တွင်းသွင်း၍၊ ဝမ်းတွင်းမျိုကာ၊ ဆောင်စပါလည်း၊ ဝိဇ္ဇာယော†ကျ်ား၊
ကြာသမားနှင့်၊ စပ်†ကြားခိုမြှောင်၊ *မှိုင်ချောင်နှစ်ကိုယ်၊ ကောင်းကာခို
လည်း၊ တေိုနှင့်ပျက်၊ ယှင်းခဲ့ကွက်၏၊ ရှိ့ဝှက်ကွယ်ဝှက်၊ အသိခက်သို့၊ အချက်
အရာ၊ မထင်စွာကြောင့်၊ မိစ္ဆာကျင့်မျိုး၊ ထိုကျင့်ဆိုးကို၊ စိတ်စိုးတရ၊ ပြုလို
ကြဟိုင်း၊ မိန်းမပြကတေ့၊ ခွေးနှင့်တွေ့လည်း၊ အလေ့ယုတ်မာ၊ မစောင့်စွာဘူး၊
ကိလေသာကိစ္စ၊ မေထုနဟု၊ ကာမအလို၊ နှစ်ကိုယ်ဆောင်သွေး၊ ထိုအရေးလည်း၊
လူခွေးတိရစ္ဆာန်၊ သဏ္ဌာန်သာကွဲ၊ မာတ်မလွဲရှင့်၊ သာမြဲညှာလေ့၊ အာရုံတွေ့
က၊ မရွေးနိုင်စွာ၊ ဓမ္မတာတည်း၊ တောင်ညာမိဖုရား၊ ခွေးနှင့်မှား၏၊ ယောကျ်ား
ပမာ၊ ခိုင်ခံ့စွာလျှင်၊ ပညာသုတ၊ မယှိုကြကြောင့်၊ မိန်းမဘာဝ၊ ယေဘုယျဖြင့်၊
ဆန္ဒလိုက်စား၊ စရိုက်များ၍၊ တရားသမ္မာ၊ မပြောင့်စွာဘူး၊ မာယာကာရီ၊
ပလီဝါဒ၊ မိန်းမတို့ညာဏ်၊ ဝက်န်သဘော၊ များလှမော၏၊ နှုတ်ပြောတာဝ၊

ကျင့်ကြတပုံ၊ မယုံမကောင်း၊ ကပြောင်းကပြန်၊ လျှာနှုတ်မြန်၏၊ မမှန်လိမ်လည်၊ မျက်လှည့်သည်နှင့်၊ *တရည်မခြား၊ ထင်ရာဝါး၍၊ မုသားသစ္စာ၊ ဆိုတတ်စွာရှင့်၊လျှာနှစ်ခွသို့၊ဒိဋ္ဌိ*လက်ငင်း၊ မျက်မှောက်တွင်းနိုက်၊ *ပက်ပင်းမြင်လျက်၊ ငြင်းကွယ်ဝှက်၍၊ *ရမ္မက်လွန်မျိုး၊ ကြွက်ဆန်ခိုးသို့၊ လိုဆိုးကိစ္စ၊ တရှုရှုတည့်၊ မိန်းပတို့အား၊ ယောကျ်ားအနည်း၊ တယောက်တည်းနိုက်၊ *ရည်းသည်မယို၊ ဟူတုံဘိ၏၊ ဣတ္ထိဆန္ဒ၊ နှုတ်မဟာလည်း၊ အားရနိုင်ဘဲ၊ လိုပြည့်ခဲ့ရှင့်၊*ရောင့်ရဲမယို၊ ထိုသတ္တိကို၊ မုနိဘုန်းမော်၊ မြတ်ရှင်တော်တို့၊ ထွေငေါသံလေး၊ မိန့်တော်ပေးခဲ့၊ ခွေး၏*အယောင်၊ ကြောင်၏*အလား၊ မိန်းမများနှင့်၊ ယောကျ်ားခြင်းရာ၊ တူကြစွာဟု၊ လက္ခဏာကာရ၊ မှတ်ကုန်ကြ၏၊ မိန်းမကာယိန်၊ မှိန်မှိန်နှင့်ဆိုး၊ ကြောက်ဘွယ်မျိုးတည်း၊ *သတိုးမှတ်ယူ၊ မိန်းမဟူသည်၊ ရန်သူတပါး၊ မယုံမှားနှင့်၊ တရားမမျှော်၊ မိန်းမမော်တို့၊ မသူတော်လေ့၊ မမေ့နိုင်ဘိ၊ စိတ်လိုယိုတိုင်း၊ မသိဂုဏ်ထူး၊ ပိစ္ဆာကြူး၏၊ ကျေးဇူးချေဖျက်၊ ငယ်ချစ်ဘက်အား၊ သက်သက်မ†ကြင်၊ လူနာ†ကျင်အောင်၊ မမြင်မျက်စိ၊ ဖုံးဘိလွှမ်းမိုး၊ လင်ငယ်ဆိုးကို၊ ထိုးစေထိပ်ပြင်၊ *ယိုးမယ်ဆင်လျက်၊ ချောက်တွင်တွန်းချ၊ တခဏမျှ၊ တွေ့ကြလမ်းကြုံ၊ ကိုယ်လုံးပုံ၍၊ မြင်ရုံနှင့်မက်၊ ခိုးသူလက်သို့၊ သန်လျက်ရိုးကမ်း၊ သေလမ်းဆောင်သွေး၊ သေဆေးထည့်ခတ်၊ မိမိမတ်နှင့်၊ ကြိုက်လတ်တုံငြား၊ လင်ကြီးအားကို၊ ပယ်ယှားသတ်စေ၊ တထွေယုတ်မာ၊ ကိလေသာဖြင့်၊ တောင်ညာအဂ္ဂ၊ မဟေရလျှင်၊ မောဟမိုက်မွန်၊ လောဘလွန်၍၊ ကျွန်နှင့်ကြိုက်လျှင်း၊ တော*မြိုင်တွင်းနိုက်၊ မင်းကိုလတ်လတ်၊ အသေသတ်၏၊ ရှေးဇာတ်တော်လာ၊ မိမာတာလည်း၊ တရာကျော်ပြီး၊ သေခါနီးလျက်၊ သားကြီးကိုသတ်၊ ဤသို့မှတ်သား၊ နိပါတ်ဝတ္ထု၊ အစုစုကို၊ မျှော်ရှုမပေါ့၊ မမေ့လျော့မှ၊ သားကျော့ပုလဲ၊ ဘလည့်ရွှဲသည်။ ။သက်မြဲး*မြုံလိမ့် မည်သာကို။ (၁၃၈)

၁၀၈။ မှတ်လေ့စွဲးဆောင်၊ ဤလူ့ဘောင်တွင်၊ လုံအောင်စောင့်ငြား၊ မိန်းမအားကို၊ ယောကျ်ား*တကာ၊ မစွမ်းရာရှင့်၊ မိစ္ဆာစာရ၊ ကျင့်ပါပနှင့်၊ ဒုဿီလမျိုး၊ လိုဆိုး*ဟော့ရမ်း၊ မိန်းမ*သွမ်းတို့၊ ပေါ်ဆမ်းပျားရည်၊ ယုံစိမ့်သည်ဟု၊ ထွေလည်ထိုထို၊ တောင်ကြီးမျိုး၍၊ ရွတ်ဆိုနှုတ်က၊ ကျိန်သမျှလည်း၊ မိန်းပသစ္စာ၊ မုသားသာတည့်၊ မာယာကာရီ၊ ပလီနှုတ်လျှမ်း၊ တွေ့ရာယမ်း၍၊ ဖုံးလွှမ်းကာဆို့၊ လျှာမချိုဘူး၊ နွားနို့ကုလား၊ ထန်းသမားတို့၊ မုသားမဘက်၊ ရေမစွက်သည်၊ သက်သက်မယို၊ ဟူတုံဘိသို့၊ ဣတ္ထိ*တံထွာ၊ ဓမ္မတာတည့်၊ ဖွတ်လျှာသဏ္ဍာန်၊ နှစ်ခွညာဏ်နှင့်၊ မမှန်သည်သာ၊ များလှစွာ၏၊ ပညာယိုသူ၊ ရေးမယူရာ၊ ကျမ်းလာအထူး၊ မောင်မှတ်ဦးလော့၊ အရူးတသွယ်၊ သူငယ်တဝ၊ မိန်းမတပါး၊ ပြောစကားတည့်၊ တရား*မဲ့ရိုး၊ ဤသုံးမျိုးကို၊ အကျိုးအပြစ်၊ မစိစစ်†ရာ၊ *လျစ်လျူ†ရာ၏၊ အ†ရာဟုတ်သည်၊ မဟုတ်သည်နှင့်၊ တို့ရှည်

ရှေနောက်၊ မထောက်မဆ၊ မိန်းမဟူသည်၊ ဉာဏ်မစည်ကြောင့်၊ မယုံကြည်ထိုက်၊
ယုံကြည်ထိုက်ဟု၊ မနှိုက်မရှု၊ မပြုစရာ၊ ပြုစရာလည်း၊ ပညာနည်းဘိ၊ ထူးမသိဘူး၊
လောကီရေးရာ၊ ထင်ရှားငှါနှင့်၊ ပကာသန၊ ဤဒိဋ္ဌနှိုက်၊ ကိစ္စကိုသာ၊ လိုကြစွာ၏၊
ဝါသနာဆိုး၊ အမျိုးဘာဝ၊ ထိုမိန်းမတို့၊ မောဟကြီးမား၊ လင်ယောက်ျားနှိုက်၊
အားပါးမနာ၊ ပြုတတ်စွာ၏၊ ဂင်္ဂါရေကြော၊ နစ်မျောနေပြီး၊ သေလုနီးတွင်၊
မိမိလင်ကို၊ ဆင်ခြင်*မဲ့ရှောင်း၊ သီချင်းတောင်း၏၊ တကြောင်းထိုမှ၊
သေနကမင်း၊ တောင်ညာနှင်းလည်း၊ မိုက်ခြင်းလွန်စွာ၊ မထောက်ညှာဘဲ၊
မီးမှာဆင်းပြီး၊ မင်းကြီးသေကြောင်း၊ မန္တန်တောင်း၍၊ မကောင်းစာရိတ်၊
ယုတ်မာစိတ်လည်း၊ ဆို့ပိတ်မရ၊ ယိုတတ်စွတည့်၊ မိန်းမဓမ္မတာ၊ နည်းပညာ
ကြောင့်၊ ထင်ရာစိုက်စိုက်၊ အာရုံဆိုက်က၊ သံလိုက်နှင့်အပ်၊ ခွေ့း*နှယ်ဟပ်လျက်၊
တွပ်တွပ်ကိုက်ချင်၊ ငါးစိမ်းမြင်လျှင်၊ ငါးကင်စွန့်ပစ်၊ မြေခွေးညစ်သို့၊ ရှေးချစ်
ခွါပြောင်း၊ နွား*နှယ်ရှောင်း၏၊ ချစ်ဟောင်းကို*ရှုံး၊ ချစ်သစ်လဲ၍၊
သေပွဲသွင်းကာ၊ မိသာမာသို့၊ ကြင်နာကင်း*မဲ့၊ ချစ်မင့်ဘူး၊ ကိုးဆဲ့ကိုးဇာတ်၊
လင်ကိုသတ်သား၊ မမြတ်ယုတ်မာ၊ ကျမ်းနှိုက်လာခဲ့၊ လွန်စွာမိုက်လှ၊ သဘာဝ
ကြောင့်၊ မိန်းမတို့အား၊ သက်ထားစင်စစ်၊ မယားဖြစ်လည်း၊ အချစ်ပုံကာ၊
မယုံရာဘူး၊ ကုမာရီဇာတ်၊ သားမြတ်နုနယ်၊ တည်သိမ်းငယ်သို့၊ အရွယ်*တန်စို၊
မယားပျိုနှိုက်၊ လင်အိုယောက်ျား၊ ထိုသူများတို့၊ အခြားသူထက်၊ ဆထက်
လွန်စွာ၊ သာ၍ကြပ်ကြပ်၊ မယုံအပ်ချေ၊ တရပ်ထိုပြီး၊ ကျမ်းလာသိလော့၊
မိမိကိုယ်ကို၊ အလိုယိုရာ၊ ငါပြုနိုင်စွ၊ အစိုးရဟု၊ မှတ်ကြသူဝယ်၊ သေမင်းရယ်၏၊
အကယ်မာန်ကိုး၊ မြေနှင့်မိုးကို၊ အုပ်စိုးရသူ၊ ငါလျှင်ဟူ၍၊ မှတ်ယူမင်းဝယ်၊
မြေကြီးရယ်၏၊ သက်လှယ်နုထွား၊ ငါ့မယားက၊ ဘွားသည့်သည်းချာ၊ ငါ့သား
သာဟု၊ မှတ်ရာသူဝယ်၊ မယားရယ်၏၊ ရယ်ဘွယ်အထူး၊ လူသုံးဦးကို၊ အရှူး
*တမျှ၊ နိမိတ်ပြရှင့်၊ မိန်းမကြံသီး၊ ကြံတိုင်းပြီးသော်၊ မြေကြီးကိုဘက်၊ အောက်
ထက်ပြောင်းပြန်၊ မှောက်စောင်းလှန်လိမ့်၊ ဧကန်မုချ၊ မှတ်အပ်စွတည့်၊ မိန်းမ
ဖျက်က၊ ပြည်ပျက်တတ်စွာ၊ ဆိုရိုး†မှာရှင့်၊ သ†မှာဆန္ဒ၊ ဘဝဝက၊ ဉာဏမျှော်
ရှု၊ ဗောဓိဆုကို၊ ရမှုရည်သန်၊ ရှယ်မိဋ္ဌာန်၍၊ ဆင်ပန်တောင့်တ၊ မယိုကြသည့်၊
မိန်းမတို့မှာ၊ ဤသို့သာချည်း၊ မေတ္တာမမြဲ၊ သစ္စာ†လွဲ၍၊ ဘောက်†လွဲရွေ
လွှယ်၊ လေ့သဘွယ်နှင့်၊ အကယ်မယွင်း၊ အာလွန်မြင်းသို့၊ ကင်း၍မနိုင်၊ ကိုင်၍
မရ၊ ဇာတိစသည်၊ မိဘဆွေညာ၊ ဂုဏ်မျက်†နှာကို၊ *စာ†နာ*မဲ့ငြား၊ မထောက်
ထားသည်။ ။မိုက်အားသံလိမ့် မည်သာကို။ (၁၃၉)

၃၀၉။ မိုက်အားသံလှ၊ ထိုမိန်းမတို့၊ ဆန္ဒအလို၊ တိုက်တွန်းဆိုလည်း၊ သားညို
လိမ္မာ၊ မလိုက်နာလင့်၊ ကြီးစွာမောဟ၊ တပ်လောဘနှင့်၊ မိန်းမဟူသည်၊ အတို
မည်ရှင့်၊ တို့ရှည်မသိ၊ အလိုယိုတိုင်း၊ ထင်မိထင်ရာ၊ ပြုတတ်စွာ၏၊ ရှေးခါ

သော်က၊ ဆိတ်မတကောင်၊ သီခေါင်*နရက်၊ ရေတွင်းနက်နှိုက်၊ မြက်နုကိုမြင်၊
စားလိုချင်ဟု၊ လင်ဆိတ်ဖိုအား၊ ကြားလတ်သော့ခါ၊ နင်းရာမလှ၊ စောက်ထိုး
ကျ၍၊ သေရမည်ငါ၊ မရသာခဲ့၊ သက်*လျှာနမ၊ မတောင့်တနှင့်၊ ဆိုထလတ်
သော်၊ ဩော်မြက်နုကို၊ မရဆိုလျှင်၊ မယ်ကိုယ်ခုသည်၊ သေတော့|မည်ဟု၊
ဆို|မြည်ချက်ခြင်း၊ မြေမှာစင်း၍၊ အတင်းသေလု၊ လူးလည်းပြုက၊ မယ်ပု
ချစ်ဆွေ၊ သည်မောင်သေလျှင်၊ သက်ဝေစင်စစ်၊ အပျိုဖြစ်၍၊ နှစ်သက်လိုရာ၊
ရှာကာနောက်ချစ်၊ ဆိတ်လင်သစ်နှင့်၊ ပျော်ရစ်မည်ကာ၊ ကျွန်ုပ်ငါလည်း၊
မယ်သာသေက၊ ဆိတ်မကလေး၊ လှယဉ်ကျေးနှင့်၊ ချစ်ကြွေးချကာ၊ နေတော့
ပါအံ့၊ ဤခန္ဓာ|ကိုယ်၊ အသက်|ကိုကား၊ ဖြစ်လိုဖြစ်စေ၊ မသေဝံ့ပါ၊ မပဇာဟု၊
ဆိုကာသော်|မှ၊ ချမ်းသာရ၏၊ မိန်း|မတို့ထုံး၊ နှလုံး*တံထွာ၊ ဓမ္မတာဖြင့်၊
အာသာဝင်းငင်း၊ တောင့်တခြင်းကား၊ ဝမ်းတွင်းအမြဲ၊ ဖြေနိုင်ခဲးရှင့်၊ စွဲးမိ
မလွှတ်၊ ညွှတ်မိမခွါ၊ ထင်ရာထင်ကြောင်း၊ ဆိုးကောင်းကျိုးဖြစ်၊ ပိုင်းဆစ်ရှုမြင်၊
မဆင်ခြင်ဘူး၊ သမင်မီးမက်၊ မိန်းမပျက်တို့၊ ကြောက်ရှက်*မဲ့လျှင်း၊ ကင်းကြီး
ကင်း၏၊ ရုပ်ဆင်းရောင်သွေး၊ ရွယ်ယှိသေးက၊ ဈေးလိုက်သော့လား၊ တလွှား
လွှားတည်း၊ နွားမတမ်းလျှင်၊ သားမခင်သို့၊ လင်ပဆိုသေး၊ ကိုယ့်ရင်သွေးတိ၊
ကိုယ်မွေးတုံငြား၊ သမီးသားကို၊ စွန့်ထားကြိုက်ရာ၊ လိုက်တတ်စွာခဲ့၊ သည်းချာ
မှက်ချင်၊ ဤလူ့ခွင်နှိုက်၊ လင်တည်းကောင်းက၊ မိန်းမကျင့်တန်၊ မိုက်ကဲးလွန်
၏၊ ကျွန်လောက်မလေး၊ ခွေးလောက်မခန့်၊ လိုလွှန့်လင်မှာ၊ ကျင့်တတ်စွာ
လည်း၊ လင်သာတစ်ပ မယှိဟုံလျှင်း၊ ယောကျ်ားကင်းက၊ အိမ်တွင်းနှိုက်ပင်၊
မဝင်ဝံ့စွာ၊ သေမျက်နှာနှင့်၊ အိပ်ရာမရ၊ ထိုမိန်းမတို့၊ ထိတ်လှသည်း*ဝှန်၊
ကြောက်သွေးလွန်၏၊ ဘောက်ပြန် ယွင်းကွက်၊ ကျင့်ကမ်းတက်၍၊ လင့်
ထက်မယား၊ မလွှားစေရာ၊ တား*မြစ်ထာလော့၊ ကျမ်းလာခေါ်ရိုး၊ မိန်းမ
မျိုးကား၊ *သတိုးမှုတ်ပုံ၊ ပဒုံ စိတြ၊ သခ် ဟတ္ထာ၊ နီလေးဖြာတည့်၊ ယင်း
မှာတလီ၊ အစဉ်မှီလျက်၊ ရွှေ နီ ဖြူ ညို၊ အဆင်းလိုဖြင့်၊ မည်ဆိုဥက္ကဋ်၊
မှတ်မလော့နောက်မူ၊ နီ ဖြူ ညို ရွှေ၊ ခေါ်ထွေဝေါဟာ၊ ပဏ္ဍိတာတည့်၊ တဖြာ
နောက်ကို၊ဖြူ ညို ရွှေ နီ၊ ခေါ်ညီမဇ္ဈိ|မ၊ ထို|မှနောက်ပေ၊ ညိုရွှေနီဖြူ၊ ဟီနဟူ၏၊
မှတ်ယူသော၌၊ သခ်ျာပြသား၊ မိန်းမအပြား၊ ဆဲ့ခြောက်ပါးတွင်၊ ရှေးဖျား
ဥက္ကဋ္ဌ၊ ထိုမိန်းမတို့၊ မင်း|မှထိုက်ရာ၊ ပဏ္ဍိတာမူ၊ မှန်စွာမှူးမတ်၊ အလတ်မဇ္ဈိ၊
သေဋ္ဌိဟူထ၊ မျိုးဟီနကား၊ ဂဟပတိ၊ စယ္ဍိနွယ်ပြား၊ ဆင်းရဲးသားသာ၊ ကျမ်း
နှိုက်မှာခဲ့၊ ဓမ္မတာတရား၊ ထုံးစံအားဖြင့်၊ မယားဟူလစ်၊ အိမ်သူဖြစ်လည်း၊
ပေါင်းချစ်အပ်စွာ၊ စွန့်ခွါထိုက်ကြ၊ ဘရိယနှင့်၊ မိန်းမလေးမျိုး၊ လေးလီတိုး
လျက်၊ ကျမ်းရိုးအလာ၊ ဆဲ့ခြောက်သာတည့်၊ အင်္ဂါနိမိတ်၊ ကြောင်းဟိတ်
ဘာဝ၊ စာရိတ္တနှင့်၊ ဆန္ဒအလို၊ ထိုထိုလက္ခဏာ၊ ကောင်းဆိုးစွာသား၊ ခြင်းရာ
မှုထား၊ အပြားပြားကို၊ ပိုင်းခြား နိုင်မှ၊ လူ့လောကနှိုက်၊ ယောကျ်ား

ကြက်သရေ၊ ဂုဏ်နေတက်တိုး၊ သက်ရှည်*ဖြိုး၍၊ တန်းခိုးထင်ရှား၊ မြင်းမိုရ်
ဖျားထက်၊လေးပါးထိပ်ချာ၊ဝတိံသာဝယ်၊ဣန္ဒာရန်*မှုန်း၊ သိကြားဘုန်းနှင့်။ ။
တု*နှုန်းစံလိမ့် မည်သာကို။　(၁၄၀)

၃၁၀။ မိန်းမဟူသည်၊ *သွမ်းလော်လည်က၊ မျိုးမည် ဆွေဝါး၊ မိဘများ
နှင့်၊ လင်သား*တကာ၊ ဂုဏ်မျက်နှာကို၊ မညှာမထောက်၊ ခြေဖြင့်†ကျောက်သို့၊
မ†ကြောက်မရှက်၊ မငဲ့ကွက်တည့်၊ အသက်တရာ၊ လင်တရာဟု၊ လူ့ရွာဆိုရိုး၊
ဟုတ်လှနိုး၍၊ လိုဆိုးကြီးမား၊ မိန်းမများတို့၊ ယောကျ်ားတို့က၊ ပြောလာစ
သော်၊ နှုတ်မျှထိုထို၊ ပယ်ငြင်းဆိုလျက်၊ အလိုယို့လည်း၊ မယို့ဟန်မူ၊ စောင်းယွှ
စူ၍၊ လိုတူထဲက၊ သဘောကျပြီး၊ မစတုံငြား၊ စင်စစ်အားဖြင့်၊ အပ်ဖျား
မျှလောက်၊ မဟ*စောက်တည့်၊ စိတ်ရောက်ကိုယ်ပါ၊ မလိုက်သာ၍၊ မျက်နှာ
အောက်*သုန်၊ မှုန်*တချုပ်ချုပ်၊ မလိုရုပ်ဖြင့်၊ မလုပ်နှင့်သာ၊ ဆိုစပါလည်း၊
မာယာကာရီ၊ ဘဒ္ဒါလီနှင့်၊ စူဠနီမင်းဖျား၊ မွေးစားမကွာ၊ စက်ရာစောင့်ထ၊
သာလိ†မတို့၊ ထို†မှဤမှ၊ ဟန်ဆောင်ကြသို့၊ ပြင်ကမသိ၊ ထဲးမချိဘူး၊ မှတ်ဘိ
ကေန်၊ ဣတ္ထိဉာဏ်ရှင့်၊ တိရစ္ဆာန်မိန်းမ၊ လူမိန်းမပင်၊ ဘာဝအလို၊ ထိုသဘောမူ၊
မတူမယို့၊ တူကြဘိ၏၊ ဇာတိသာခြား၊ ဓာတ်မပြားဘူး၊ တရားကိုယ်နှိုက်၊
စရိုက်ဆန္ဒ၊ သည်မျှသာတိ၊ အထူးယို့ခဲ့၊ ဇပ်မိသော့အား၊ အူမယား၏၊
ယောကျ်ားတို့က၊ လျှင်မစသော်၊ ရှရှမစောင့်၊ နေမဖြောင့်တည့်၊ အမှောင့်
ပူးဝင်၊ ကပ်သော့သွင်ဖြင့်၊အကြင်မိန်းမ၊ ဒုစ္စာရတို့၊ ဆန္ဒအလေ့၊*ပြကတေ့ကား၊
နွှားရှေ့ထွန်†ကျူး၊ အလို†ကြူး၏၊ ယစ်ရူးဆန္ဒ၊ ကြီးလောဘဖြင့်၊ တုတ်က
မမှန်၊ ကြက်ကမှန်သို့၊ ပြောင်းပြန်သို့လျှင်၊ ယောကျ်ားမြင်မူ၊ စတင်အရေး၊
မျက်ချိုသွေး၍၊ ခွင့်ပေးတတ်စွာ၊ ဓမ္မတာတည့်၊ ရှေးခါသော်က၊ ပဒုမနှင့်၊
ကိန္နရဒေဝီ၊ မဟေသီတို့၊ မပြီလူရုပ်၊ ကိုယ်ဘားပုပ်သို့၊ မည်းပုပ်နက်ညို၊ *ဆွံ့
အိုနှင့်၊ ပေါင်တိုယောကျ်ား၊ သူတို့အားလည်း၊ သွား၍ကိုယ်တိုင်၊ အနိုင်အတင်း၊
စကုန်လျှင်း၏၊ အိမ်တွင်းဝင်ကာ၊ ဥစ္စာယူမျိုး၊ လူသူခိုးအား၊ အိပ်နိုးရာတွင်၊
ရုပ်သွင်ပြင်ကို၊ မြင်လျှင်မြင်ခြင်း၊ တပ်မက်လျှင်း၍၊ လင်ရင်းကခွါ၊ထခဲ့လာပြီး၊
ကပ်ကာမနေး၊ ကိုယ်ကိုပေးသည့်၊ သူဌေးကတော်၊ ပြည်လုံးကျော်သို့၊ မလျော်
ယုတ်မာ၊ ကိလေသာဖြင့်၊ တွေ့ရာညစ်ညမ်း၊ မြွော့*နယ်ဖမ်း၏၊ ကျင့်*သွမ်း
တတ်ကြ၊ ယောဘုယျတည့်၊ မိန်းမတို့ဓာတ်၊ သည့်တိုင်း†မှတ်လော့၊ †မတ်နှင့်
*တသွန်၊ ကျွန်နှင့်ကြုံ†ကြိုက်၊ တွေ့ရာ†ကြိုက်၍၊ ကြုံ†ကြိုက်သမျှ၊ မိပါပတို့၊
ကြံကြံမကောင်း၊ လင်ကြီးဟောင်းနှိုက်၊ ငန်းစောင်းမြွေဟောက်၊ ပြန်ကာ
ပေါက်သို့၊ စိတ်ကောက်ဝင်ကာ၊ ပျက်သစ္စာနှင့်၊ မေတ္တာသွေပြောင်း၊ သတ်ခွင့်
ချောင်းလျက်၊ သေကြောင်းကိုသာ၊ ကြံတတ်စွာ၏၊ ကိလေသာဟူ၊ မိုက်သေး
ဆူက၊ လူသောခွေးသော၊ ကျွန်ကျေးသောဟု၊ သဘောမထင်၊ မဆင်ခြင်ခဲ့၊

အမြင်မဖြောင့်၊ မျိုးမစောင့်ဘူး၊ ထို့ကြောင့်ရှေးက၊ ပေါရာဏတို့၊ မယှဉ့်အနား၊
ကျွန်ယောကျ်ားကို၊မထားအပ်ရာ၊ မိန့်ကြမှာရှင့်၊ မိစ္ဆာလိုကြူး၊လင်ကုန်ကူးသည့်၊
ညစ်ညူးစာရိ၊ အလဇ္ဇိဖြင့်၊ ဒုဿီလတ္ထိ၊ မျိုးဇာတိတို့၊ မိမိကိုယ်ကို၊ စိတ်အလိုတိုင်း၊
ထိုထိုယောကျ်ား၊ တပ်ရာများနှင့်။ ။လိုက်စားနှံ့လိမ့် မည်သာကို။ (၁၄၁)

၃၁၁။ ဣတ္ထိမေ္မတာ၊ ထင်ရာလိုက်စား၊ မတည်†ကြားဘူး၊ ယော†ကျ်ား
တပါး၊ တွေ့ကြုံငြားက၊ ဘောက်ပြားလွှယ်စွ၊ တားမရတည့်၊ မိန်းမ*တကာ၊
များကြစွာ၏၊ မာတာပိတာ၊ မိနှင့်ဘတို့၊ လောကထုံး*တီး၊ အစဉ်†မှီး၍၊
သ†မီးနှင့်သား၊ မွေးကြငြားလည်း၊ သားသာကိုယ်ဘို့၊ သမီးတို့ကား၊ သူများ
ဘို့သာ၊ မွေးရတာတည်း၊ ဆိုင်ရာသူ့ရှင်၊ မလာခင်နိုက်၊ ခေါင်းတွင်တင်လျက်၊
ဝန်ကြီးရှက်သို့၊ ဆက်ဆက်မဝေး၊ သမီးရေးနှင့်၊ စစ်ရေးတူစွာ၊ ဘယ်ခါစိတ်က၊
မချရဘူး၊နေ့ညမဆိတ်၊မလုံစိတ်နှင့်၊ထိုးထိတ်မပြီး၊မှုဝန်ကြီး၏၊ သမီးတကောင်၊
နွားတထောင်ဟု၊လူ့ဘောင်ရှေးက၊ဆိုကြစကား၊ မှန်မမှားခဲ့၊ နေ့လားညလား၊
သမီးများအား၊ ဝတ်စားပြုပြင်၊ စိန်ရွှေတင်၍၊ ဆင်ယင်ရိပ်ကြည့်၊ စောင့်ရ
လှည့်၏၊ သူ၏အရှင်၊ ပေါ်လာကျင်သော်၊ အလျင်ခဏ၊ ဝန်ကြီးချ၍၊
ပေးရစမြဲ၊ မလွှဲမှန်စွာ၊ မပေးပါမူ၊ ဆွေညာမိဘ၊ မောင်ဘားစသည်၊ ရှက်ရ
မည်သာ၊ မချွတ်ရာရှင့်၊ သမာကင်းလှေ့၊ အာရုံတွေ့သော်၊ တပ်ပြွေ့ရာဂ၊ ကြီး
ဆန္ဒဖြင့်၊ မိန်းမမေ္မတာ၊ ကျင့်တတ်စွာ၏၊ သည်းချာချစ်သား၊ သတိထားလော့၊
မယားဟူသည်၊ သက်တူကျွမ်းဝင်၊သဘောစင်က၊လူတွင်မိတ်ချစ်၊ဆွေရင်းဖြစ်၏၊
အပြစ်တမူ၊ အမျက်ယူက၊ ရန်သူကြီးဖြစ်၊ သေမင်းစစ်၏၊ ချစ်သော်သက်*နှုန်း၊
မုန်းသော်သေမင်း၊ အတွင်းရန်သူ၊ သေကြောင်းမူ၍၊ ပြစ်ယူဒေါသ၊ ပြုတတ်
ကြရှင့်၊ မုချမှတ်ရာ၊ ထို့ကြောင့်သာလျှင်၊ ပညာမြင်ယို၊ ဉာဏ်သတိနှင့်၊ ဗောဓိ
ယောကျ်ား၊ သူမြတ်များတို့၊ တရားမလစ်၊ ဆင်ခြင်ချစ်၏၊ ကျင့်ညစ်*လော်မာ၊
ဤလူ့ရွာတွင်၊ မြစ်မှာကောက်ခြင်း၊ တောကားထင်းသို့၊ *သီတင်းအလဇ္ဇီ၊
ဒုဿီမကောင်း၊ မိန်းမပေါင်းကား၊ ပုန်းအောင်းကွယ်ရာ၊ ကပ်မိခါသော်၊
ယုတ်မာညစ်ကျူး၊ မကောင်းမှုကို၊ ကျင့်ပြုသည်သာ၊ များကြစွာ၏၊ အမရာ
ကိန္နရီ၊ မဒ္ဒီ သမ္ဘူ၊ ပကော်လေးဆူသို့၊ ကြည်ဖြူချစ်ဇော၊ ချစ်မနောနှင့်၊ သဘော
ဖြောင့်ကား၊ အလွန်ယှားခဲ့၊ သားတရာမြင်၊ လင်တထောင်†မြောက်၊ ဒေဝီ
†မြောက်လည်း၊ †မျောက်မ မလွှတ်၊ ဟူသတတ်ရှင့်၊ မမြတ်စာရ၊ ကျင့်ဟီနနှင့်၊
မိန်းမတို့အား၊ ယောကျ်ားဆန္ဒ၊ တယောက်မျှနိုက်၊ အားရမယို၊ ဟူဘိမှန်စွာ၊
ဓမ္မတာတည့်၊ တဏှာဒေဝီ၊ ထိုပြီအပ၊ ကုရင်္ဂဒေဝီ၊ ပလီဉာဏ၊ ဇလာကနှင့်၊
ကာကဝတီ၊ သညီဟာဝ၊ ပိယင်္ဂကာ၊ ပဥ္စပါပီ၊ သုန္ဒရီဟု၊ မဟေသီခံ၊ ဒေဝီစံတို့၊
နန်းယံထွတ်ဖျား၊ စံပျော်ပါးလျက်၊ လိုက်စားမိစ္ဆာ၊ ကျူးကြစွာ၏၊ မင်္ဂလာ
မှုကြီး၊ ပြုပြီးချက်ခြင်း၊ ရွှေသင်းပင်းနှင့်၊ မကင်းရုံ၍၊ ယဉ်မွေ့မွေ့ထက်၊ သူ့ငွေး

ချွေးမ၊ ဆောင်ခဲ့စလျက်၊ ဒေသလမ်းကြား၊ ခရီးသွားစဉ်၊ ပုဏ္ဏားရုပ်ဆင်း၊ တင်းထိမ်တွင်းနိုက်၊ မင်းနှင့်ဆုံ၍၊ ခဏတွေ့မျှ၊ မရှေ့နှုတ်ပိတ်၊ နှစ်ကိုယ်စိတ်ဖြင့်၊ လက်ဆိတ်ကုတ်ကာ၊ မြူးကြစွာ၏၊ ကိလေသာစက်၊ *ရမွက်ကိစ္စ၊ သဘာဝဖြင့်၊ မိန်းမဟူသည်၊ ယေဘုယျချည်း၊ ဤသို့တည်းရှင့်၊ ထို့နည်းမလွဲ၊ သည်ပုတ်ထဲးက၊ သည်ပဲးမျိုးသာ၊ ဆိုပမာတည့်၊ အနာစာရိ၊ လောကီမိန်းမ၊ ဒုဿီလတို့၊ ဆန္ဒအလိုက်၊ စရိုက်ပြကတော့၊ ဇာတိလေ့ကား၊ တနေ့ဆယ်ကြိမ်၊ တင်းမတိမ်သည့်၊ ပန်းထိမ်လူမျိုး၊ ရတိုင်းခိုးသို့၊ နွယ်ရိုးယုတ်မြတ်၊ ထူးမမှတ်ဘူး၊ မျိုးဇာတ်မရွေး၊ လူခွေးတိရစ္ဆာန်၊ မချန်ယဉ်ရိုင်း၊ ချင့်မနိုင်းသည်။　။တွေ့တိုင်း*ပြွလိမ့် မည်သာကို။　(၁၄၂)

၃၁၂။ မယားခုနစ်မျိုး၊ ယှိမြဲရိုးတွင်၊ ခိုးသူအရှင်၊ သူသတ်သွင်သို့၊ အကြင်မယား၊ လား၏ရေး၊ အမြဲးမှတ်ဘိ၊ အမိ*တမျှ၊ နှမမယွန်း၊ ခင်ပွန်းသဖွယ်၊ ကျွန်*နွယ်လေးဖြာ၊ မယား†မှာကား၊ နိ†မ္မာနတ်ပြည်၊ လားမြဲးမည်၏၊ ယင်းသည်လေးသွယ်၊ မယားဝယ်လည်း၊ ကျွန်*နွယ်အလား၊ ထိုမယားမူ၊ ယောကျာ်းဆုပန်၊ နိဗ္ဗာန်ဆုကောင်း၊ တောင်းကမလွှတ်၊ မချွတ်တူ*တည်၊ ပြည့်မြဲးမည်၏၊ *မွန်ရည်ထူးမြတ်၊ ထိုမိနတ်တို့၊ ကျင့်ဝတ်တမူ၊ သဘောဖြူကား၊ စိတ်တူကျွမ်းဝင်၊ လူတို့ခွင်နိုက်၊ လင်နှင့်မယား၊ ဖြစ်ခဲ့ငြားက၊ အားမနာ†တမ်း၊ မရှက်†တမ်းသို့၊ လူ†တမ်းတစိ၊ အစဉ်ယှိလည်း၊ ဟိရိဩတ္တပ်၊ အမြဲးကပ်လျက်၊ ကိုယ်ကြပ်ထဲးနှိုး၊ သဘောပြီးရှင့်၊ မောင်ကြီးနှမ၊ *တမျှတူပင်၊ ကျွန်သခင်သို့၊ လင်ကိုမသွေ၊ ရှက်ရှိသေ၏၊ *မထေအောက်မေ့၊ မပြုလေ့ဘူး၊ ကောက်ကွေ့ကြံစည်၊ *လော်လည်စရိုက်၊ စိတ်လိုလိုက်သည့်၊ အမိုက်မယား၊ လူနိုက်များ၏၊ ငါ့သားမင်း†ပျို၊ မိန်းမလိုသို့၊ သဲး†ပြိုသော့လား၊ မလိုက်စားလင့်၊ ယောကျာ်းငါးဦး၊ အာရုံကြူးနှင့်၊ ယစ်မူးတပ်*ပြေ့၊ လမ်းကြုံတွေ့ကို၊ ဆောင်၍မကြွင်း၊ နန်းလုံးနှင်းသား၊ မင်းတကာ္ကသိုလ်၊ ရှေးအဟိုက၊ ကိုယ်ပါဆုံးပါး၊ ဘီလူးစား၍၊ ပျက်ပြားကုန်ကြ၊ အမိမျှလည်း၊ *ပုစ္ဆမအို၊ လင်ငယ်လို၍၊ သားကိုသတ်ကြောင်း၊ ထုံးဟောင်းရှေးက၊ နိပါတ်ပြ၏၊ မိန်းမဟူက၊ သဘာဝကား၊ ဒေါသငြူစူ၊ ဣဿာထူခဲ့၊ လောဘမူဟိတ်၊ မောမူစိတ်ဖြင့်၊ မျက်တမိုတ်တန်၊ ဣတ္ထိဉာဏ်တည့်၊ မြင်ဟန်နည်းလှ၊ ဤသို့စသား၊ မိန်းမအပြစ်၊ သဘောညစ်ကို၊ အနှစ်တရာ၊ တထောင်လျှာဖြင့်၊ လူ့ရွာတည်ငြား၊ ကြင်ယောကျာ်းလျှင်၊ တပါးအမူ၊ မပြုလုံးလုံး၊ ပြောမဆုံးဟု၊ မှတ်ထုံးထင်စွာ၊ မဟာရဟာ၊ နီတိပြ၏၊ ထိုမျှဝတ္တု၊ ရေးပုံပြုလျက်၊ မျှော်ရှုမငြီး၊ ဆင်မုန်စီးသို့၊ သားကြီးနေ့ည၊ စိတ်မချနှင့်၊ ဉာဏဝရဇိန်၊ ဉာဏ်ချွန်းချိန်၍၊ သမာဓိန်မူ၊ ကျောက်တောင်ထုသို့၊ မေရုပမာ၊ ခိုင်စေပါလော့၊ သမ္မာပညာ၊ ပတ္ထနာနှင့်၊ ပါရမီဆည်း†ပူး၊ ပြည့်ကျင့်†ဘူးသား၊ ဆုထူးပန်သူ၊ မဟူကုန်ကြ၊ ယေဘုယျဖြင့်၊ မိန်းမတို့†မှာ၊ ဤသို့

သာချည်း၊ ပ†မာမယွင်း၊ အိမ်တွင်းနတ်မျိုး၊ ပြင်နတ်ဆိုးနှင့်၊ အကျိုး*မဲ့မှု၊ ပေါင်းဘက်ပြု၍၊ အိမ်သူဥပဒ်၊ ဖြစ်စေတတ်သို့၊ မမြတ်မူထား၊ ကိုယ့်မယား ကြောင့်၊ ယောကျ်ားတို့နှိုက်၊ တွေ့ဝေမိုက်၍၊ ဘေးဆိုက်ခန္ဓာ၊ ပျက်တတ်စွာ၏၊ ပညာသတိ၊ မပြတ်ယှိမှ၊ လောကီ ဓမ္မတာ၊ ဤလူ့ရွာဝယ်၊ ချမ်းသာမည်သို့၊ သက်ရှည်*ဖြိုး၍။ ။တန်းခိုးလျှံလိမ့် မည်သာကို။ (၁၄၃)

(ဤ ၁၂-ပိုဒ်ကား ရွှေလောင်းပြန်—ချနည်းချည်း။)

၁၁၃။ အသက်မှတ်၍၊ လေးမြွတ်လွန်စွာ၊ ဝတိံသာထက်၊ သုရာနာထ၊ ဝါသဝနှင့်၊ မာဃ သက္က၊ ဣန္ဒ ဝတြဘူ၊ သူဇမ္ပတိ၊ အစယှိသား၊ အဘိဓာန်၊ နာမ မည်ခေါ်၊ နှစ်ဆယ်ကျော်ဖြင့်၊ မြေပေါ် နတ်ရပ်၊ ဘုံနှစ်ထပ်ကို၊ စိုးကွပ်ပိုင်ကား၊ လွန်ထင်ရှားသည့်၊သိကြားမင်းစစ်၊ဒေဝရာဇ်၏၊ လွန်ချစ်ပြင်းဟုန်၊နတ်ဝရုဏ်သို့၊ ဘုန်းဂုဏ်လက္ခဏာ၊ စုံစကြာကြောင့်၊ ဘရာနှင်းထိုက်၊နန်းညွန့် စိုက်သည်၊ နန်း *ကိုက်ရတနာ၊ သားသည်းချာ! လူ့ရွာဌာန်၊ လူ့လောကနှိုက်၊ မိန်းမတို့သာ၊ ကျင့်ယုတ်မာ၍၊ မိစ္ဆာဆိုးဝါး၊ မဟုတ်ငြားဘူး၊ ယောကျ်ားသည်လည်း၊ ပညာနည်းတို့၊ စောင့်စည်းမယှိ၊ မျိုးဣတ္ထိသို့၊ မသိကျေးဇူး၊ သူ့ဂုဏ်ထူးကို၊ ထိမ်မြှုးချေတတ်၊ ကျင့်မမြတ်တည့်၊ မှတ်လေ့ထိုရော်၊ ရှေးခါသော်က၊ ခြောက်ဘော်မင်းသား၊ တောရပ်သွားတို့၊ မယားကိုသတ်၊ စားကုန်†တတ်ရှင့်၊ ဗြဟ္မ†ဒတ်ကုမာ၊ မင်း*လျှာသောတ္ထိ၊ မည်ယှိထင်ရှား၊ ထိုနှစ်ပါးလည်း၊ ကြွသွား တောခွင်၊ လုပ်ကျွေးချင်သည့်၊ ရုပ်သွင်နတ်တူ၊ သိတာဘူနှင့်၊ သမ္ဗူတို့အား၊ စွန့်ပယ်ထား၍၊ ယောကျ်ားတို့စိတ်၊ မြင်တိုင်းညိတ်လျက်၊ ဆိတ်၏အလား၊ နွား၏သဘော၊ အာရုံပြောတိုင်း၊ လိုက်လျောထွေပြား၊ သူအခြားနှင့်၊ ပျော်ပါး မေ့ကျန်၊ ယွင်းဘောက်ပြန်၏၊ သေဒဏ်ကယ်မှု၊ သက်လုံးစု၍၊ လင်ပြုပါလျက်၊ ချောက်*နရက်သို့၊ အသက်သေစိမ့်၊ ချပိမ့်ကြံစည်၊ ဗာရာပြည်ဝယ်၊ လေးမည် ယော†ကျ်ား၊ သူ့ဌေးသားလည်း၊ †ကြား၍မလျော်၊ ပျော်လိုသမျှ၊ ပျော် ကိစ္စဖြင့်၊ ပျော်ကြပြီးခါ၊ မိကလျာအား၊ သတ်ကာမသနား၊ ဆင်ဝတ်စားကို၊ ယူငြားကုန်လျှင်း၊ မိုက်ခေါင်ချင်း၏၊ ယင်းမှတခြား၊ တရားမဲ့ထ၊ ပုရိသတို့၊ အစသော့ခါ၊ အလိုပါအောင်၊ လျှာနှင့်သက်သက်၊ လျက်အံ့အလား၊ သွားနှင့် ခဲတုံ၊ နှုတ်ထဲငုံမျှ၊ မပုံပုံကြောင်း၊ ကြောင်စာတောင်းသို့၊ တညောင်းညံ့ညံ့၊ မခံနိုင်မှု၊ ကျွန့်*နှယ်ပြု၍၊သက်စုကိုယ်နှင်း၊ ကြိုက်ယောင်သွင်း၏၊ မပျင်းယုယ၊ တောင်းပန်ခကြောင့်၊ မိန်းမမည်သည်၊ မတည်စိတ်†ပြောင်း၊ ညံ့ညံ့†ပျောင်း လျက်၊ ဘယောင်းမီးပြ၊ ဟူကုန်†ကြသို့၊ ယော†ကျ်ာ့မာယာ၊ ချွဲတိုင်းပါ၍၊ ကြည်သာအရေး၊ ခွင့်ပေးကိစ္စ၊ ပြီးပြည့်ဝသော်၊ ယောကျ်ာ့အလို၊ ကြာပြီ ဆိုလျှင်၊ အိုသောဇဟောင်းသော၊ နွမ်းနယ်သောဟု၊ သဘောတပုံ၊ အာရုံ ဝမ်းတွင်း၊ ပိုက်ဆောင်လျှင်း၏၊ ချွတ်ယွင်းဘောက်လွဲ၊ အိုင်မမြဲသည့်၊ ကျွဲတို့

ပမာ၊ ငယ်ကြင်ယာနှိုက်၊ သစ္စာသွေစောင်း၊ မေတ္တာပြောင်း၍၊ အဟောင်းကိုပစ်၊ အသစ်ကိုသာ၊ ရှာဘက်စွာခဲ့၊ ကညာရွယ်စင်၊ ငယ်နုမျစ်နှင့်၊ အသစ်ကိုတွေ့၊ အဟောင်းမေ့လျက်၊ *တပ်ပြေ့အာသာ၊ ကြိုက်ရာရာတိုင်း၊ သူမှာအတင်း၊ လိုက်ရှောင်ကွင်း၏၊ မယှဉ်းစင်စစ်၊ ထိုသို့ဖြစ်၍၊ အချစ်လိုက်စား၊ ယုံမိမှားလျက်၊ ယောကျ်ားဗာလ၊ လူ့ပါပနှင့်၊ တွေ့ရကြုံရ၊ ပေါင်းဆုံရသော်၊ မိန်းမတို့ထုံး၊ ငွေကုန်ရှုံးက၊ သက်ဆုံးမတိုင်၊ ကိုယ်ပိုင်ယောကျ်ား၊ သွေဘောက်ပြား၍၊ တရားမစောင့်၊ မဖြောင့်နှလုံး၊ လင်ကုန်ရှုံးက၊ သက်ဆုံးတိုင်လစ်၊ ပြောရာဖြစ်ရှင့်၊ အနှစ်ပညာ၊ မယှိပါက၊ အင်္ဂါခြေလက်၊ ယောကျ်ားလျက်လည်း၊ မိန်းမထက်သာ၊ ယုတ်မာဆိုးဝါး၊ မိုက်လုံးထွားသည်။ ။နွားနှင့်ကျွဲနှင့် အတူတည်း။ (၁၄၄)

၁၁၄။ သသေမိယ၊ သုဒေဝနှင့်၊ ချောက်ကျပုဏ္ဏား၊ တောမှားမှုဆိုး၊ ရှိခိုးနေ့ည၊ ပဏ္ဍာရ၏၊ ဂုယှမန္တာ၊ ရှို့ဝှက်ရာကို၊ မညာထောက်ထား၊ ဂဠုန်အားလျှင်၊ ပြောကြားတုံဘိ၊ ကရမ္ဗိယ၊ အာဇီဝက၊ ဤသို့စသား၊ မိန်းမမဟုတ်၊ ယောကျ်ားယုတ်တို့၊ မိတ်ဖြုတ်ကျင့်တန်၊ ကျေးဇူးလှန်၍၊ မမှန်သစ္စာ၊ ယုတ်မာဆိုးလှ၊ မိုက်ကုန်ကြ၏၊ ထိုမှတပ၊ ပုရိသတို့၊ မိန်းမအာရုံ၊ တွေ့ကြိုက်ကြုံသော်၊ ရာဂမ္မတ္တက၊ သတိပ၍၊ မောဟမ္ဒန်†လျက်၊ ဆား*နှယ်†လျက်မျှ၊ ထန်း†လျက်သကြား၊ သကာများနှင့်၊ ချိုပျားသဏ္ဍာန်၊ သာယာဟန်ဖြင့်၊ ဉာဏ်သက်သက်*မဲ့၊ နွား၏†ကဲ့သို့၊ လာ†ခဲ့သွားလေ၊ မိန်းမစေတိုင်း၊ သေဆိုသေ†ရ၊ လိုက်ကုန်ကြ၏၊ မ†ယာ့အလို၊ အလိုက်ပိုလျက်၊ မျောက်ကိုမြစ်မှာ၊ ကဝါချခြင်း၊ မြင်း၏အသွင်၊ ကြောကုန်းတင်၍၊ လမ်းတွင်ပြေးစွ၊ ဗာရာဏနှိုက်၊ သေနကမင်း၊ မိးပုံဆင်း၏၊ ယင်းမှတသွယ်၊ ရှေးခါဝယ်တိ၊ သူကြွယ်ဟူထ၊ သုဇာတလည်း၊ ဝုန္ဒထံနီး၊ နတ်သမီးကို၊ မြင်ပြီးခဏ၊ တဘတနှင့်၊ မရသော့အား၊ မစားအစာ၊ မြည်တမ်းကာလျှင်၊ ခန္ဓာပျက်ကြွေ၊ အသက်သေရှင့်၊ ကျမ်းရွှေနိပါတ်၊ ဟောဘော်လတ်၏၊ ဟီနတ်ဘာဝ၊ ခေတ်ကာမနှိုက်၊ လောဘအရာ၊ ကိလေသာကား၊ ပညာသတိ၊ ကင်းလွတ်ဘိသော်၊ အနိတ္ထိဂန္ဓ၊ မင်းကုသတို့၊ မိန်းမထက်လွန်၊ *ဟောဝန်*မှိုင်ကျေ၊ ဘောပျော်မွေ့သား၊ ရသေ့ဖြစ်လျက်၊ သီလပျက်ပြီး၊ *ရမ္မက်မီးကြွ၊ ဂန္ဓဗ္ဗနှင့်၊ ရဋ္ဌဝတီ၊ ကိန္နရီကို၊ မူးသိကိလေ၊ မြင်ရုံသေမျှ၊ တွေဝေမိန်းပြက်၊ ဉာဏ်ကျိုးဆတ်၏၊ သူမြတ်ဗောဓိ၊ လောင်းဇာတိလျက်၊ ဟရိတစ၊ ရှင်လောမတို့၊ လောဘအဟုန်၊ ကျဆင်မုန်သို့၊ ကာမဂုဏ်ညစ်၊ ရာဂယစ်၍၊ အပြစ်မထင်၊ မိန်းမသွင်ကို၊ မြင်လျှင်မြင်ခြင်း၊ သတိယှဉ်းလျက်၊ ဉာဏ်ကင်းလက်လွှတ်၊ ဈာန်ကြိုးပြတ်၏၊ ယုတ်မြတ်ဟူကြ၊ ဤလောကနှိုက်၊ မိန်းမယောကျ်ား၊ သဘောအားဖြင့်၊ ခြားနားမယှိ၊ သားချစ်သိလော့၊ သတိပညာ၊ အရင်းသာတည့်၊ ပညာမည်ငြား၊ ဤတရားလည်း၊ ယောကျ်ားနှိုက်သာ၊ မဟူ

†ရာဘူး၊ အမ†ရာဒေဝီ၊ ဘေရီ ဓမ္မ၊ ဒိန္နာစသည်၊ အပ္ပကဟူ၊ နည်းငယ်မူကား၊ လူဝယ်ထိုသို့၊ မိန်းမတို့လည်း၊ မချိုပညာ၊ ယှိတတ်စွာ၏၊ ရှေးခါတမူ၊ တော*မြိုင်ငူတွင်၊ လူမဟုတ်သေး၊ အရေးလိမ္မာ၊ သိတတ်စွာသည့်၊ ပညာယှိထ၊ သိမ်းစွန်မ၏၊ နည်းပြည္ဘန်ဆို၊ လင်သိမ်းဖိုကို၊ ဝန်လိုကမ္ဘာ၊ လိပ်ကြီးစွာနှင့်၊ မိဂါဓိပတေ့၊ ခြင်သေ့မင်းအား၊ ခစားရှိသေ၊ မိတ်ဘွဲ့စေ၍၊ ရောက်ထွေရေးကြီး၊ သားသမီးတို့၊ သေနိုးလုမှန်၊ လူ့ဘေးရန်ကို၊ တွန်းလှန်ချမ်းသာ၊ ရဘူးစွာ၏၊ မိစ္ဆာမိုက်ကြူး၊ ကျေးဇူးချေတတ်၊ မမြတ်စာရ၊ မောဟ*ပြောထူ၊မိန်းမဟူသည်၊ ယေဘုယျနည်း၊ ဖြစ်သတည်းရှင့်၊ သိမ်းဆည်း*မဲ့ဘိ၊ ကင်းသတိနှင့်၊ အသိပညာဉ်၊ မယှဉ်သသူ၊ ထိုမျှလူတို့၊ ကျင့်မူဘောက်ပြား၊ မတည်†ကြားသည်။ ။ ယော†ကျ်ား မိန်းမ မဟူတည်း။ (၁၄၅)

၃၁၅။ လိမ္မာခွင့်သိ၊ ပညာယှိသား၊ ဓိတိတည်မတ်၊ မိန်းမမြတ်တို့၊ နတ်နှင့်မခြား၊ လင်ယောကျ်ားကို၊ ပျော်ပါးမပြတ်၊ ရှင်စေတတ်လျက်၊ လေးမြတ်သက်ထင်၊ မိမိလင်အား၊ လူတွင်စင်စစ်၊ မိတ်ကြီးဖြစ်၏၊ တဆစ်ထိုပြီး၊ မြတ်ဇာတိဖြင့်၊ ဗောဓိဆုပန်၊ ယောကျ်ားမွန်တို့၊ ငါးတန်ပရိစ္စာဂ၊ စရိယနှိုက်၊ တကွမချွတ်၊ တူကြည်ညွတ်၍၊ အမြတ်ဝသိ၊ ပါရမီကို၊ ကူညီအား*သစ်၊ ဖြည့်ဘက်ဖြစ်၏၊ ဉာဏ်လစ်ယောကျ်ား၊ ယှိခဲ့ငြားသော်၊ ယောကျ်ားတို့ထက်၊ ရတ်တရက်ဉာဏ်၊ ပဋိဘာန်ဖြင့်၊ လျင်မြန်မချွတ်၊ ကြံစည်တတ်၏၊ ဗြဟ္မဒတ်မင်းကြီး၊ သဘောသိး၍၊ ထီးစင်းတရာ၊ သတ်မည့်ခါနှိုက်၊ ဣန္ဒာထွတ်ဖျား၊ သိကြားသော်လျက်၊ ကြံနိုင်ခက်လည်း၊ ထက်မြက်ပြင်းရှိန်၊ ဝရဇိန်သို့၊ဓမ္မဒိန်မည်၊ ဉာဏ်ရည်ထူးမြတ်၊ ဒေဝီနတ်လျှင်၊ သက်လွတ်ချမ်းသာ၊ ရစေပါ၏၊ မင်းလျာနရိန်၊ သောတ္ထိသိန်လည်း၊ ညှိုးပိန်ကာယ၊ ကိုယ်ဒုက္ခဖြင့်၊ ကုဋ္ဌရောဂါ၊ ဝေဒနာကို၊ သမ္ဗုလာနတ်၊ မိဘုန်းမြတ်လျှင်၊ နှုတ်ရွတ်သာယာ၊ ချစ်မေတ္တာနှင့်၊ သစ္စာဆေးကု၊ ပြု၍သုခ၊ ချမ်းသာရ၏၊ မတ်လှမဟော်၊ ပညာကျော်လည်း၊ မမြော်နိုင်ဘိ၊ မသိနိုင်တတ်၊ လွန်ခဲ့ကတ်သား၊ ဗြဟ္မဒတ်မင်း၊ နှလုံးသွင်းကို၊ ဝမ်းတွင်းထုတ်ဆောင်၊ ပညာရောင်ဖြင့်၊ ထင်အောင်ဘော်ပြ၊ ဘေရီမလျှင်၊ ကြောင့်ကြကင်းမှု၊ ကြံစည်ပြု၏၊ မယ်သုဇာတာ၊ ဖြစ်သောခါနှင့်၊ စန္ဒာတာဝ၊ စန္ဒကိန္နရီ၊ ဒေဝီမြတ်ပေါင်း၊ ယသော်လောင်းတို့၊ လင်ကောင်းတို့နှိုက်၊ ဘေးဆိုက်သေလု၊ သေမှုရောက်ခါ၊ နှုတ်သစ္စာဖြင့်၊ ချမ်းသာစေကြောင်း၊ ပန်ဆုတောင်း၍၊ ကြံကောင်းကြံမ၊ ပြုကုန်ကြ၏၊ မှန်လှထိုကြောင့်၊ *ယခေါင့်ကာလ၊ ရှေး*မဆွနှိုက်၊ ကိစ္စတသီး၊ အရေးကြီး၍၊ မပြီးနိုင်က၊ ကြံမရသော်၊ မိန်းမတို့သာ၊ တိုင်ပင်ရာဟု၊ ပညာယှိများ၊ အစဉ်ကြားလျက်၊ ထင်ရှားမိန့်†မှာ၊ *ဥဒါန်းလာ၏၊ သ†မ္ဗာ*မွန်မြတ်၊ ထိုမိနတ်တို့၊ မျိုးဇာတ်ဓမ္မတာ၊ ကျင့်မြတ်စွာကား၊ ယုတ်မာညစ်ကျူ၊ မကောင်းမှုကို၊ ပြုရအံ့ငှါ၊ အောင့်အည်းစွာ၏၊ တန်းဆာ

သားဘွား၊ လိုက်စားကာ†မ၊ ကြူးတတ်စွဟု၊ မိန်း†မသဘော၊ ရှင်တော် ဟောလည်း၊ များသောမိန်းမ၊ ဒုဿီလသာ၊ အပွကနည်း၊ ဟူသတည်းရှင့်၊ ကမ္ပည်းပိုင်းခြား၊ တော်လေးပါးသို့၊ ငါ့အားချန်ကာ၊ ခြွင်းစိမ့်ငှါဟု၊ သမ္မာဓိတိ၊ ကိုယ်ကြပ်ယှိလျက်၊ ဟိရိဩတ္တပ်၊ မြဲးကွပ်စိတ်မှာ၊ စောင့်စည်းစွာ၏၊ ကိဓလသာ ဓမ္မ၊ သဘာဝကား၊ ယောကျ်ား မိန်းမ၊ မထူးကြဘူး၊ သုတအရာ၊ ပညာမယှိ၊ သတိ*မဲ့ထ၊ ဟူသမျှပင်၊ ဆန္ဒ အလိုက်၊ စရိုက်များရာ၊ ကြူးကြစွာ၏၊ ယုတ်မာမြတ်ခြင်း၊ ဗြဟ္မာမင်းနှင့်၊ နတ်မင်းမတန်၊ သဘောမှန်ခဲ့၊ သဏ္ဌာန်ရုပ်ဝါ၊ မည်သညာနှင့်၊ ဝေါဟာသက်သက်၊ အထူးထွက်လည်း၊ ကျောဘက်ဝမ်းဘက်၊ ပက်လက်မှောက်ခုံ၊ မနှင့်စုံသို့၊ ခေါ်ရုံသာခြား၊ ဓာတ်မပြားသည်။ ။ လက်ဝါးလက်ခုပ် မှတ်ယူတည်း။ (၁၄၆)

၁၁၆။ မဟာသမတ်၊ ကမ္ဘာနတ်က၊ မန္ဓာတ်စက္ကရာဇ်၊ ဘိုးချစ်ဘေးလောင်း၊ ဘီဘော်ပေါင်းတို့၊ ရှစ်သောင်းမက၊ ခတ္တိယချည်း၊ နေမှဆက်ကာ၊ အစဉ် ဖြာလျက်၊ ဧကသရာသိ၊ ရွှေစာမြီသို့၊ ဇာနီယဇာစ်၊ တုမရစ်အောင်၊ ကျင့်ချစ် *မြဲးမြဲ၊ သက်နှံမချ၊ စာရိတ္တာဖြင့်၊ ကမ္ဘာ့ထိပ်မိုး၊ ကမ္ဘာစိုး၍၊ တန်းခိုးမဟိဒ်၊ ပုညဇိဒ်နှင့်၊ အာဒိစ္စဗန်၊ နေနွယ်မှန်သည့်၊ ဘုန်းသန်ပဝရ၊ သားချစ်ဘ! ဉာဏစက္ခု၊ မျှော်ရှုအပ်စွာ၊ အရာရာကို၊ လိမ္မာ*နက်ကိ၊ ရှာကြံသိလော့၊ လောကီ့အလိုက်၊ လူနိုက်ရေးရာ၊ ပညာမြော်မြင်၊ မယှိ†ကျင်က၊ အာ†ကြင်ပုဂ္ဂိုလ်၊ စည်းစိမ်တို၏၊ သားကိုယ်ခါ၊ ကျွန်မှာဝယ်သစ်၊ တပည့်ဖြစ်က၊ အပ်စဟူသည်၊ မျက်ချည်မျက်သာ၊ မပေးရာတည်း၊ ပေးပါတုံက၊ မိဘသခင်၊ ဆရာသျှင်တို့၊ *ပွဲပြင်ပွဲပြင်၊ သွန်သင်နှောက်ကို၊ မရလိုဘူး၊ ထိုထိုမျိုးဇာတ်၊ ယုတ်လတ်မြတ်တို့၊ အတတ်ပညာ၊ အလိမ္မာကို၊ ငယ်ခါကလျှင်၊ မသင်စေငြား၊ မိဘများကား၊ သား၏ရန်သူ၊ မည်သော့ဟူရှင့်၊ ဘုန်းလူဘဘွား၊ ဆုံးမကြားပိမ့်၊ တရားဂမ္ဘီ၊ ခြင်သေ့ဆီလျှင်၊ သိင်္ဂီရွှေခွက်၊ တည်မပျက်သို့၊ နားထက်တင်သိ၊ နာခံဘိလော့၊ ဣတ္ထိပုရိသ၊ ရုပ်ဘာဝနှင့်၊ ကာမသန္ဓေ၊ အရင်းနေ၍၊ ကိလေနိုင်ငံ၊ လောကခံ နိုက်၊ *ဆက်ဆံပေါင်းသင်း၊ နှီးနှောခြင်းဖြင့်၊ မကင်းကုန်ဘိ၊ လူအချိကား၊ လောကီ့အကျိုး၊ မယုတ်ညှိုးဘဲ၊ တက်တိုးပွါးကြောင်း၊ မယားကောင်းနှင့်၊ သားကောင်း ဥစ္စာ၊ လိမ္မာ*သိတင်း၊ နာကင်းသော့အား၊ ဤခြောက်ပါးတည့်၊ ပိုင်းခြားမှတ်လေ၊ မကြွင်းစေနှင့်၊ အလေအဖျင်း၊ ကိုယ့်အသင်းနိုက်၊ *ရှုန့်ရင်း ကြမ်းကြုတ်၊ သူ့မှာစုတ်သည့်၊ နွားယုတ်အတူ၊ အချိုလူတို့၊ ကျင့်မှု*ချည်း†နှီး၊ ကိုယ်နှင့်†နီးက၊ မခြီးမွမ်း*စေဘက်၊ ဝမ်းမ†မြောက်ဘဲ၊ မ†မြောက်နိုင်လို၊ ထိုထို တပါး၊ ရပ်ဝေးသားမှ၊ မြှောက်စားဝမ်းသာ၊ ခြီးတတ်စွာ၏၊ ထိုလူ့ဝါမျိုး၊ လူ့နွားဆိုးကား၊ ပြစ်ကျိုးယုတ်မြတ်၊ ထူးမမှတ်သည့်၊ မသိတတ်သူ၊ လူတဦး တည့်၊ ကျေးဇူးမပွါး၊ မမြှောက်စားရာ၊ မင်းပါးလူရေ၊ မသွင်းစေနှင့်၊ တထွေ

မှတ်ဘွယ်၊ ဝမ်းဝယ်ပိုက်ကျုံး၊ နန်းစဉ် ထုံးတည့်၊ မင်းသုံး မင်းဆောင်၊ ဘောင်ဘောင်ကျိုးဆတ်၊ ကွဲး ပြတ် ပျက် ကြွေ၊ ပွဲ့ယွဲ့ထွေကာ၊ မရေမရာ၊ နတ်မိစ္ဆာနှင့်၊ မျက်နှာလူရုပ်၊ ခင်ပုပ်ငှက်မျိုး၊ လင်ကောင်ပိုးတို့၊ ဝင်ရိုးမထင်၊ နန်းတွင်းဝင်သော်၊ နန်းတွင်ပျော်ပါး၊ နန်းသူများတို့၊ တရားကျင့်ချွတ်၊ ဘောက်ပြန်တတ်၏၊ သားမြတ်သည်းအူ၊ သတိမူလော့၊ *လျစ်လျူဘယ်ခါ၊ မရှုရာဘူး၊ မိစ္ဆာတိမ်းပါး၊ ချွတ်ဘန်များသော်၊ တရားပျက်ကြ၊ အခွင့်ရလျက်၊ သားက မြေးက၊ မယားစသည်၊ ပြင်ပ တွင်းသား၊ ကျင့်ဘောက်ပြား၍။ ။ ပြစ်မှားကြံလိမ့် မည်သော့ကြောင်း။ (၁၄၇)

၁၁၇။ ရှေးသရော့ခါ၊ ပြည်ပဥ္စာဝယ်၊ မဟာစုဋ္ဌနီ၊ ဆမ္ဘိပုဏ္ဏား၊ သားမယားတို့၊ ပြစ်မှားကုန်ကြ၊ ပျက်စီးရ၏၊ ဇလာကဒေဝီ၊ စုဋ္ဌနီသို့၊ ပလီဝင်္ကန်၊ သံကောက်ဟန်ဖြင့်၊ ဉာဏ်အတွင်းပုန်း၊ ဝမ်းထဲးမုန်းနှင့်၊ ချစ်*နှုန်းပြင်က၊ ချစ်ယောင်ပြ၍၊ ခွင့်ရသော့အား၊ ပြစ်မှားမချွတ်၊ ပြုကြတတ်၏၊ ကျင့်ဝတ်ယွင်းသွေ၊ မဟင်းစေနှင့်၊ ရေကိုလည်းသောက်၊ လူကိုချောက်သည့်၊ တောမျောက်ညစ်ဝေ၊ မိုက်သန္ဓေနှင့်၊ သားရေပေါ်ထက်၊ တက်၍အိပ်ငြား၊ သားရေနားကို၊ စားသည့်ခွေးတူ၊ မိုက်သော့သူတို့၊ လူပင်*တစေ၊ မိုက်တတ်†ချေ၏၊ အ†ခြေအနေ၊ မယွင်းစေနှင့်၊ သက်ဝေသီရိ၊ မောင်ဘုန်းယှိလျှင်၊ သတိတမန်၊ ဉာဏ်မြေကတုတ်၊ လွန်ယုတ်နှိပ်တွန်း၊ အုပ်ချွန်းပညာဉ်၊ သမ္မာဥ်နှင့်၊ ယှဉ်ကာမပြတ်၊ မြဲစေတတ်လော့၊ ကျင့်ဝတ်ကင်းဝေး၊ သားမလေးက၊ ကျေးမရှိသေ၊ ကျွန်*မ†ချေက၊ *ဗိုလ်†ခြေမညွတ်၊ ဖြစ်တိုတတ်၏၊ လေးမြတ်စိတ်နေ၊ မကင်းစေနှင့်၊ ခြွေရွေယုတ်မြတ်၊ မှူးမတ်*သဇိုင်း၊ ပတ်ဝိုင်းရံခ၊ သားမြေးစသည်၊ မောင်းမမိဖုရား၊ နန်းသား နန်းသူ၊ ပြောထူနီးဝေး၊ မျှားကျွန်†ကျေးကို၊ မှန်*ကြေးမုံတု၊ လုံ့လပြု၍၊ မျှော်ရှုသော့ထွေ၊ မပျင်းစေနှင့်၊ ရှိသကြောက်ချစ်၊ သဘောဖြစ်မှု၊ ခြိမ်းမြှောက်ပြုလော့၊ ပုထုဇန၊ ထိုမျှပုဂ္ဂိုလ်၊ များလူ*ဗိုလ်တို့၊ မလိုမကောင်း၊ လိုလျှင်ကောင်းရှင့်၊ အဟောင်းအသစ်၊ လူအိုဖြစ်လည်း၊ မချစ် မလှ၊ ချစ်လျှင်လှ၏၊ လောကမမ္မတာ၊ လူ့*တံထွာတည့်၊ ပညာစကျွဲ၊ မျှော်ထောက်ရှုလော့၊ ယခုဝတ္တမန်၊ ပစ္စုပ္ပန်ဗိုဋ္ဌ၊ ဤဘဝနိုက်၊ ဟိတအထူး၊ ကျေးဇူးပြုထွေ၊ ပုဗ္ဗေဘဝ၊ တကွမကင်း၊ ချစ်ရင်းပါကြ၊ ကြောင်းနှစ်ဝကြောင့်၊ ပိယသဟာ၊ ရေနှင့်ကြာသို့၊ မေတ္တာနူးဆွတ်၊ ချစ်ကြတတ်ဟု၊ မြတ်သမ္ဗုဒ္ဓ၊ ဟောဘော်ပြရှင့်၊ ကိုယ်ကအ†လျင်၊ ပြုတတ်†လျှင်မူ၊ လူရှင်ဗိုလ်ထု၊ ချစ်ပေါင်းစုလိမ့်၊ ချစ်သူစကား၊ သတင်းများကား၊ လျှာဖျားပေါ်က၊ မဆင်းရဟု၊ ဆိုကြပမာ၊ လူ*တကာတို့၊ မေတ္တာ သစ္စာ၊ မြဲး*မြဲစွာဖြင့်၊ ကွယ်ရာမျက်မှောက်၊ မဘောက်မပြား၊ တော်ဖြောင့်သားလျက်၊ တရားမချော်၊ ရွှေနန်းပေါ်ထက်

သက်တော်ရှည်ကြောင်း၊ ဆိုဆုတောင်း၍ ။ ။ခညောင်း ရံလိမ့် မည်သော့ ကြောင့်။ (၁၄၇)

၁၁၇။ ထိုမှတထွေ၊ သားမင်း*ခြေလျှင်၊ ပြည်နေတိုင်းသူ၊ ဦးမည်းဖြူတည့်၊ ရှင်လူများစွာ၊ မျိုးလေးဖြာနှင့်၊ ရပ်ရွာမဝေး၊ နယ်ကျေး*တိုင်း†ကျပ်၊ စိုးအုပ်ကွပ်၍၊ စောင့်†ကြပ်ဆော်ဘန်၊ သာမန္တရာဇ်၊ ဒီပရာဇ်စု၊ အနုရာဇာ၊ ပြည်ရွာနီးရှက်၊ ပြည်ထောင်ဘက်အား၊ စုံမက်စိတ်မှာ၊ မပြတ်ရာဘူး၊ ငါသာမင်းစစ်၊ ကေရာဇ်ကို၊ ကျိုးပြစ်တူက၊ ပြုနိုင်စွဟု၊ မာနဟူသည်၊ လေးမူ*မဲ့စွာ၊ မမှတ်သာဘူး၊ စူးရာစူးလျောက်၊ ဆောက်ရာဆောက်တည့်၊ ချင့်ထောက်ပညာ၊ သင့်လျော်စွာအောင်၊ အရာလျောက်ပတ်၊ ခြားစေတတ်လော့၊ ခဲးကတ်ရေးရာ၊ ရံခါလူတွင်၊ ဖြစ်မြဲအင်ကား၊ ဆင်မတတ်နိုင်၊ ကြွက်တတ်နိုင်၏၊ လက်ကိုင်စွဲးထုံ၊ အရေးပုံဖြင့်၊ မှတ်ယုံတသီး၊ လွန်လေပြီးက၊ ဆင်ကြီးကြွက်ငယ်၊ ဝတ္ထု*နှယ်သို့၊ ပြုဘွယ်ကိစ္စ၊ ကိုယ်နှင့်မျှအောင်၊ ဆောင်မှုမချွတ်၊ ပြီးတတ်ကြရှင့်၊ အမြက်အယုတ်၊ *ဗိုလ်*အစုတ်ကို၊ မရှုတ်မချ၊ နေတကျဖြင့်၊ ကိစ္စတန်ရာ၊ မျှော်ကာဝမ်းထဲး၊ မှတ်ယူစွဲးလျက်၊ လွန်ကဲးကြင်†နာ၊ ကရု†ဏာနှင့်၊ မေတ္တာရေသွန်း၊ *တစ်ဆွတ်†ဖျန်းလျက်၊စီး†ဖြန်းပရိကံ၊ စာပေအံသို့၊ *ယိုးယံမပြတ်၊ ပွါးစေတတ်လော့၊ ယုတ်မြတ်*ဗိုလ်†လေ့း၊ နှလုံးဆွေး၍၊ မ†လေးမမြတ်၊ လူမညွတ်က၊ နတ်မကြည်ညို၊ နတ်မလိုလည်း၊ ထိုထိုကြီးငယ်၊ ပြုဘွယ်ကိစ္စ၊ ကြံသမျှလျှင်၊ ဆုတ်လသို့ ညှိုး၊ ဘုန်းမတိုးဘူး၊ တန်းခိုးဂုဏ်*သိမ်၊ ရေ့*နှယ်တိမ်၍၊ စည်းစိမ်အသက်၊ ပျက်လွယ်တတ်၏၊ မချွတ်မင်းပျို၊ ယွင်းမယိုအောင်၊ ဗြဟ္မစိုရ်လေးဆူ၊ တရားဟူသည်၊ နတ်လူချစ်ဆေး၊ ရှုတိုင်းမွေ့းကို၊ မြတ်လေး ဆောင်လွယ်၊ ကင်းမပယ်နှင့်၊ ဝမ်းဝယ်မပြတ်၊ ထားစေတတ်လော့၊ သူမြတ်သူ*မွန်၊ ဆုကြီးပန်သို့၊ ရံဘန်တဆစ်၊ ခိုက်ရန်ဖြစ်၍၊ သတ်ညှစ်မကောင်း၊ သေကြောင်းကြံစည်၊ ရန်သူမည်လည်း၊ ချစ်ကြည်မိတ်စစ်၊ ခင်ပွန်းဖြစ်၏၊ အပြစ်ယူစွဲး၊ အမြဲမပြု၊ ဉာဏ်ဖြင့်ရှု၍၊ ရင့်နုသဘော၊ နှီး*နှော လိုက်ဘက်၊ စည်ကြီး†ကြက်သို့၊ သူ†ကျက် သူစိမ်း၊ သူခပ်သိမ်းကို၊ ညွတ်တိမ်းမပြတ်၊ ဖြားစေတတ်လော့၊ ပဋိဃာတ်မျိုး၊ ရန်မပျိုးနှင့်၊ ရန်ငြိုးမထား၊ တရားမွေ့ညက်၊ မေတ္တာသက်၍၊ ရန်ဘက်မမူ၊ ရေးမယူက၊ ရန်သူမဖြစ်၊ချစ်ထက်ချစ်၏၊ တိရစ္ဆာန်မျိုး၊ ဇာတ်နွယ်ရိုးနိုက်၊ ကျွဲးသိုးကျွဲးစင်၊ စံ*နှုန်းမြင်လော့၊ အကြင်ကျွဲးသိုး၊ မိုးသို့မော့ကာ၊ စောင်၍လာလည်း၊ ရေးရာမပြု၊ အမူမထား၊ မြက်စားမပျက်၊ တည်နေချက်ကြောင့်၊ ရန်ဘက်မထင်၊ ထိုကျွဲးစင်အား၊ လျှိုးဝင်နမ်းရှုပ်၊ မာန်ကိုချုပ်ပြီး၊ ကျွန်လုပ်၍သာ၊ ပြန်ရစ္စာရှင့်၊ လေးဖြာမျိုးဇာတ်၊ ယုတ်မြတ်အပေါင်း၊ ခြီး*သောင်းလူ*ဗိုလ်၊ ကောင်းတင်းဆို၍၊

ကြည်ညိုနူးဆွတ်၊ မေတ္တာညွတ်လျက်၊ လေးမြတ်လွန်စွာ၊ နတ်ပမာသို့၊ သစ္စာမယွင်း၊ ရှိသေခြင်းဖြင့်။ ။ခြေရင်း†နှံ့လိမ့် မည်သော့ကြောင့်။ (၁၄၉)

၁၁၉။ ထိုမှတချက်၊ လုပ်လုပ်လက်ဖြင့်၊ သားငှက်တိရစ္ဆာန်၊ သက်ယှိမှန်တိုင်း၊ မကျန်စေငှါ၊ သတ္တဝါအား၊ ကြင်နာပိုက်†ဖြား၊ ရင်သည်း†ဖျားသို့၊ သနားကြီးစွာ၊ ကရုဏာနှင့်၊ မေတ္တာမျှ၍၊ ဒါနပရိစ္စာ၊ မှိုး*နွယ်ရှာလျက်၊ သမ္မာမချွတ်၊ ကျင့်ဝတ်မွေလျော်၊ တရားပျော်မှု၊ ကိုယ်ပေါ်စောင့်တတ်၊ နတ်နှင့်တကွ၊ ဂန္ဓဗ္ဗက၊ ထိုမျှတစု၊ လူကိုရှုသား၊ ပိတုလောက၊ တဋ္ဌာနဖြင့်၊ လ၏ထက်မှာ၊ နတ်တရွာဝယ်၊ ပိတရာမည်၊ သက်ရှည်နတ်မျိုး၊ လောကစိုးတို့၊ မြတ်နိုးချစ်ကြည်၊ မြဲစောင့်တည်လိမ့်၊ ဆယ်မည်ပုညာ၊ ကုသလန္ဓိုက်၊ နိစ္စမြဲစွာ၊ လက်မကွာဘဲ၊ မဟာသမ္မတ၊ ဘေးလောင်းစသား၊ ဗြဟ္မာ့နွယ်ရင်း၊ ကမ္ဘာမင်းတို့၊ ကျင့်ခြင်းစဉ်လာ၊ ထုံးတံထွာဖြင့်၊ ရာဇာကိစ္စ၊ မင်းဓမ္မကို၊ မချဝမ်းထဲ၊ စိတ်မှာစွဲလော့၊ မလွှဲမှန်ဘိ၊ ထိုပြို့ း တဝ၊ လှူဒါနန္ဓိုက်၊ ပစ္စယဓမ္မိယာ၊ စေတနာမဟတ်၊ သမ္မတ်ဝတ္ထု၊ ဂုဏ်လွန်မှုဖြင့်၊ စတုအင်္ဂါ၊ ညီပါတုံက၊ ပစ္စက္ခဝယ်၊ ပထမစေတနာ၊ ကျိုးပေးစွာ၏၊ သုံးဖြာဒွါရ၊ ပဏာမမူ၊ ဂုဏပသာဒ၊ ဤမွေမျှတည့်၊ ခေတ္တအဇ္ဈာ၊ သမ္ပဒါနှစ်ဝ၊ ဒုဝင်္ဂဖြင့်၊ ဒိဋ္ဌဓမ္မ၊ အကျိုးရရှင့်၊ ပေတကိစ္စ၊ ဉဒ္ဒိဿကား၊ ရည်ထပေးပို့၊ သာခုခေါ်တတ်၊ လှူခံမြတ်မှ၊ သေသူရ၏၊ ဘဝနောင်ဘို့၊ ဖြစ်ရတို့ဝယ်၊ မချိုကုသိုလ်၊ ကိုယ်ကျိုးလိုက၊ ပုဂ္ဂိုလ်ယုတ်မြတ်၊ မမှတ်အပ်စွာ၊ ကရုဏာဖြင့်၊ ရရာမရွေး၊ *မဖင့်နှေးနှင့်၊ လှူပေးစွန့်ကြဲ၊ တွေ့တိုင်းရဲလော့၊ မှိဝဲသမူ၊ ဆရာပြုမူ၊ ဗဟုဿုတ၊ ဂုဏပညဝန်၊ သီလဝန်မှ၊ သားမွန်လည့်ရွဲး၊ ဆည်းကပ်မြဲးလော့၊ မှိဝဲးများရာ၊ အလေ့ပါ၏၊ မင်္ဂလာအဿ၊ ပဏ္ဍဝလျှင်၊ နိစ္စစောင့်မှတ်၊ ဂီရိဒတ်ဟု၊ ပညတ်မည်တွင်၊ ခြေခွင်ယောကျ်ား၊ မြင်းထိန်းသွားသို့၊ ကားရားကွကွ၊ မလှနင်းချက်၊ အသွားပျက်၏၊ စက်နိဿယ၊ ပုဂ္ဂလဟု၊ ပါပဝါဒီ၊ အမှီမကောင်း၊ ယှဉ်မိပေါင်းက၊ အလောင်းတို့လျက်၊ ကျင့်ကောင်းပျက်၏၊ တိမ်နက်မရှု၊ ကြည်ညိုမှုလည်း၊ ပြုမလိမ္မာ၊ ဖြစ်တတ်စွာခဲ့၊ ဗာလာဗာလီ၊ ဉာဏ်မမှိတို့၊ အလဇ္ဇီညစ်၊ ဒုဿီဖြစ်ကို၊ မစစ်ဆင်ခြင်၊ တဏှာခင်၍၊ ကျွမ်းဝင်သော့အား၊ ကြည်ညိုငြားက၊ တောသားအလိုက်၊ သဒ္ဓါမိုက်ရှင့်၊ စရိုက်မှေးယှက်၊ မောမူဘက်၏၊ မနက်†မနဲး၊ လူ့*ခပဲးကား၊ နှိုက်†နှဲးရေးရာ၊ မယှိစွာဘူး၊ ဝိပလ္လာသ၊ ဘောက်ပြန်ကလည်း၊ မောဟလွှမ်းပြီး၊ အယူသီး၏၊ စပါးကြီးချက်ငြိ၊ ဟူတုံဘိသို့၊ အဝိစိသွား၊ အကျင့်မှားကို၊ မြစ်တားမရ၊ ဆုံးမမနာ၊ ယှိတတ်စွာခဲ့၊ ပညာအားနည်း၊ သဒ္ဓါသည်းက၊ *အရည်းမည်ကာ၊ ယူမိစ္ဆာန္ဓိုက်၊ သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏၊ ပရမတ်အရာ၊ မလိမ္မာဘဲး၊ သဒ္ဓါ*နုန့်နဲး၊ ပညာကဲးလည်း၊ အလွဲးပြေးဝင်၊ အမြင်ယွင်းခွ၊ တိမ်းပါးကြရှင့်၊ မီးပြသမား၊ တွင်းကျွံမှားသို့၊ ဆယ်ပါးကောင်းမှု၊ လှူဝတ္ထုကို၊ စွန့်*ပြုမလွှတ်၊

စိတ္တုပ္ပါဒ်မျှ၊ ဒါနအလှူ၊ မြောက်သောဟူ၍၊ အယူဘောက်လွဲး၊ မိစ္ဆာစွဲး၏၊ လိပ်ခဲးပမာ၊ မြဲးမြံစွာလျက်၊ သတ္တဝါတယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သောအားဖြင့်၊ ဟောကြား*ခြေချွတ်၊ ဖြေမလွှတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမျိုလည်း၊ ယူကိုစွန့်ဘဲး၊ အကျင့်လွဲး၍။ ။ ငရဲးခံလိမ့် မည်သော့ကြောင့်။ (၁၅၀)

၃၂၀။ ကောင်းဆိုးစစ်၍၊ ကျိုးပြစ်ရှု†မျှော်၊ သိမြင်†မြော်လော့၊ သူတော်မဟုတ်၊ သူယုတ်တို့နိုက်၊ တခိုက်မျှဖြင့်၊ ပေါင်းမိသင့်က၊ စိန်နှင့်သမ္ဘာရ၊ အဆိပ်စသို့၊ မိစ္ဆာတိမ်းပါး၊ ယူဘော်ကြပြား၍ ၊ တရားမလျော်၊ မှားချွတ်ချော်၏၊ သူတော်သူစင်၊ ပညာရှင်တို့၊ မိန့်ကျင်စကား၊ တခွန်းကြားက၊ ပတ္တမြားဆံကျိုး၊ အဘိုးပြည်တန်၊ ကေန်မုချ၊ တလုံးရသို့၊ နဂ္ဂဘိုး*မွန်၊ ကျိုးကဲးလွန်၏၊ ဘောက်ပြန်ရှေးက၊ ဝိဒေဟနိုက်၊ ဝါဒယွင်းသုန်၊ ဂုဏ်ကဿပ၊ မောဟန္ဓအား၊ ခဏကပ်မိ၊ အင်္ဂတိကို၊ ဗောဓိသတ္တ၊ နာရဒဟု၊ မိုးကပြဟ္မာ၊ ကိုယ်တိုင်လာ၍၊ ကြီးစွာကုတ်ပတ်၊ ဟောခြေ*ချွတ်မှ၊ ဖြေလွှတ်ကွာရှင်း၊ မိစ္ဆာကင်း၏၊ ကိုယ်တွင်းရောဂါ၊ ဝေဒနာလည်း၊ ဆရာကောင်းနှင့်၊ ဆေးကောင်းတွေ့မှ၊ ချမ်းသာရ၏၊ မုချမှန်စွာ၊ ဟူစပါရှင့်၊ မိစ္ဆာဒိဋ္ဌိ၊ ယူဘိယွင်းချော်၊ ပါယ်လားဘော်တည်း၊ သူတော်မဟုတ်၊ သူယုတ်တို့အား၊ ထံပါးရောယှက်၊ မိတ်ဘက်ဘယ်ခါ၊ မပြုရာဘူး၊ ပညာယှိပေါင်း၊ သူတော်ကောင်းနှင့်၊ အကြောင်းသင့်မျှ၊ ပေါင်းမိကြ၍၊ သဒ္ဓမ္မသဝန၊ ကြားနာရမှ၊ ဝါဒသမ္မာ၊ တည်ခိုင်စွာရှင့်၊ ကြားနာသုတ၊ မြတ်ဆန္ဒကို၊ သားလှရတနာ၊ မြဲးမကွာနှင့်၊ နှံ့သာကြုတ်တွင်း၊ သေပလင်းနိုက်၊ ထည့်ရင်းနံ့သာ၊ သေကင်းကွာလည်း၊ ဂန္ဓာထုံပျံ့၊ အနံ့သဖွယ်၊ ပျောက်မပြယ်သို့၊ ရှေးဝယ်လဲးပြောင်း၊ ဘဝဟောင်းက၊ ဆိုးကောင်းကမ္မ၊ လေ့လာကြတိုင်း၊ ဆန္ဒဝါသနာ၊ အထုံပါ၏၊ သမ္မာယူစွဲး၊ စိတ်ဝယ်မြဲးလော့၊ မနဲးမနက်၊ ပေါ့ပျက်ပျက်နှင့်၊ လေ့ကျက်ရှေးက၊ ဘဝဝနိုက်၊ ဆန္ဒဝသိ၊ ထုံမ†မှို၍၊ ပါရ†မီနဂိုရ်၊ မယှိလိုကြောင့်၊ ကုသိုလ်သုစရိုက်၊ မုန်းဇကြိုက်ကူး၊ သူပိုက်*ရမ်းဘဲး၊ နောင်ဆင်းရဲးလိမ့်၊ တကွဲးထိုမှ၊ မိဘမည်ငြား၊ ဤနှစ်ပါးတို့၊ ရှေးထားအပ်စွ၊ ဘာဝတ္တကြောင့်၊ ပြုဗ္ဗဒိသာ၊ မျက်နှာရှေးမှတ်၊ ဆရာမြတ်ကား၊ မပြတ်ကာလ၊ ပူဇော်ရကြောင့်၊ ဒက္ခိဏခေါ်၊ တဘော်ဝန်းလျား၊ သားမယားမူ၊ နောက်ထားပစ္ဆိ၊ မှုယှိထုတ်ပေ၊ မိတ်ဆွေမြောက်ညာ၊ ဥတ္တရာမည်ထ၊ ကမ္မကရ၊ ကျေးကျွန်မှာလျှင်၊ ဒိသာအောက်ခန်း၊ ရဟန်းပုဏ္ဏား၊ ဘုရားပစ္စေကာ၊ ဗုဒ္ဓသမျှကား၊ မြတ်လှဂုဏ်ဝါ၊ ထိပ်မှာတင်အပ်၊ အထက်ရပ်တည့်၊ ပညပ်ဝေါဟာ၊ ခြောက်ဒိသာကို၊ ကောင်းစွာမ†ငြို၊ သက်ဆုံးကိုယ်ဖြင့်၊ ကြည်†ညိုအားလိုင်း၊ သားမောင်ကျိုင်းလျှင်၊ နေ့တိုင်း*ကော်ရော်၊ ပူဇော်မပြတ်၊ မြတ်နိုးကတ်က၊ မြက်ထက်မြတ်ရာ၊ နောင်သံသာနိုက်၊ နတ်ရွာခရီး၊ ပိတ်ဆီးမယှိ၊ ဇာတိမဘောက်၊ ဤ

မျက်မှောက်လည်း၊ ထက်အောက်*ခပဲ၊ အံ့*မစဲအောင်၊ ချီး*ဝှဲ့*ဗိုလ်လူ၊ ကောင်းဆုယူလျက်၊ ကြည်ဖြူရွှင်ပြုံး၊ ရွှေစက်အုံး၍။ ။သက်လုံး†နှံ့လိမ့်မည် သော့ကြောင့်။ (၁၅၁)

၃၂၁။ ယင်းသို့ဖြစ်၍၊ သားချစ်ရတနာ၊ ဘသည်းချာလည်း၊ မဟာသမတ်၊ ကမ္ဘာနတ်က၊ နှွယ်မြတ်တော်ရင်း၊ သက်ဆင်းဖြစ်ပွါး၊ မှန်သော့အားဖြင့်၊ မှာထားသမျှ၊ မင်းကိစ္စနှင့်၊ ပုညပွါးရာ၊ ကျင့်သ†မှာကို၊ စိတ်†မှာမထောင့်၊ စွဲးယူဖြောင့်လော့၊ အဘကောင့်သား၊ ခံရများ၏၊ သားကောင့်အဘ၊ ဖြစ်ခဲး စွရှင့်၊ သားလှမောင်သိ၊ လူ့လောကီ့ဝယ်၊ အတိအနု၊ ခေါ်ပြု ဒ႒ဝ၊ ဇာတ သုံးဖြာ၊ ကျမ်းနိုက်လာသား၊ မာတာပိတ၊ မိနှင့်ဘထက်၊ သီလသမ္မာ၊ ပုညာ ကျင့်မူ၊ လွန်တူ ယုတ်ထ၊ သားသုံးဝတည့်၊ ပါပသမုတ်၊ ကလိယုဂ်နိုက်၊ ဆုတ်ကပ် ဘွားသည့်၊ နောက်သား*တကာ၊ အဝဇာဖြင့်၊ အလိမ္မာကို၊ မလိုဆည်းပူး၊ လေလွင့်ရူး၍၊ အမူးအမော်၊ စားပျော်သောက်ပြု၊ ကစားမှုနှင့်၊ မိုက်တုမိုက်ထ၊ လိုက်များကြလိမ့်၊ မိဘတို့မှာ၊ ကောင်းစွာမြတ်လေး၊ မွေးတုံ့မွေးကြ၊ မှုကိစ္စကို၊ ပြုထမပယ်၊ မျိုးနွယ်တည်စေ၊ ခံအမွေနှင့်၊ သေသည့်နောက်မူ၊ အလှူရေစက်၊ ချလျက်ရည်မှတ်၊ မျှဝေတတ်သည့်၊ ကျင့်ဝတ်ငါးတန်၊ ကျင့်ရိုးမှန်ကို၊ မကျန် ကျင့်တတ်၊ ထိုသားမြတ်မှ၊ လူနတ်အပေါင်း၊ သာဓုညောင်း၍၊ ခြီး*ဇသောင်း နှစ်ခြိုက်၊ ကြည်ညိုထိုက်၏၊ မှတ်ပိုက်တဝ၊ ဓနဥစ္စာ၊ ပညာကုသိုလ်၊ ပွါးစ လိုက၊ ခြကိုပုံထား၊ ပျားကိုပုံပြု၊ ရရာစုလော့၊ လက်မှုနှုတ်မူ၊ ခုခုပညာ၊ ယှိုတုံ ပါက၊ ရောက်ရာရောက်ရာ၊ အရပ်မှာလျှင်၊ မျက်နှာရွှင်လန်း၊ လ*နှယ်ဆန်း၍၊ ပန်းသို့လည်းပွင့်၊ပွဲ့လယ်တင့်၏၊အသင့်လွယ်ကာ၊ ရဥစ္စာနှင့်၊ ချမ်းသာကိုယ်ရေး၊ သက်မွေးကိစ္စ၊ မခဲးကြဘူး၊ ကမ္မ သိပ္ပ၊ လုပ်မှုစသား၊ ထိုမျှသင်မှတ်၊ ကိုယ်နှုတ် တတ်ထက်၊ ဝိဇ္ဇဋ္ဌာနာ၊ သန္ဓေပါသည့်၊ စိန္တာမယ၊ ဉာဏဟူလတ်၊ထိုအတတ်က၊ မြတ်၏မုချ၊ မှတ်အပ်စွရှင့်၊ သားလှသည်းချာ၊ မျောက်နှင့်စာကို၊ ပမာတန္တ၊ မျှကာရှုလော့၊ ဤလူ့လောက၊ လူ့ဘဝနိုက်၊ သကျရှုပ်၊ မိန့်သံဂါထာ၊ ကျမ်းအလာတိုင်း၊ ငယ်ခါကလျှင်၊ မသင်ပညာ၊ ဥစ္စာမစု၊ သူကိုချစ်ဖျက်၊ သူသက်သတ်စား၊ သူ့မယားနိုက်၊ ပြစ်မှားတုံဘိ၊ ပစ္စည်းယှိုလျက်၊ စိုးစိမလှူ၊ မွေးမြူမိဘ၊ မပြုရနှင့်၊ ဆုံးမမနာ၊ ပညာယှိုထံ၊ နည်းခံမမှတ်၊ အမြတ်မကျင့်၊ ဤဆယ်ဆင့်ကား၊ ကြီးရင့်ဇရာ၊ အိုသော့ခါလျှင်၊ ပူဆာနောင်တ၊ ရတတ်စွတည့်၊ လောကဓမ္မတာ၊ လူ့တံထွာဖြင့်၊ နောင်ခါထိုတူ၊ မွေးစိမ့်ဟူ၍၊ မှတ်ယူသော့ အား၊ သမီးသားကို၊ ဝတ်စားဆင်ယင်၊ သုတ်သင်လုပ်ကျွေး၊ ပြုစုမွေးကား၊ ကြွေးသစ်ချသည်၊ သဘောမည်၏၊ ရှင်ကြည်အတူး၊ မွေးခဲ့ဘူးသည့်၊ ကျေးဇူး သခင်၊ မွေးမိခင်နှင့်၊ ဘခင်တို့အား၊ ခစားမကင်း၊ လုပ်ကျွေးခြင်းမူ၊ မယွင်း ပညပ်၊ ကြွေးဟောင်းဆပ်တည့်၊ တရပ်ထိုမှ၊ သမဏဗြာဟ္မဏာ၊ ယာစကာအား၊

သဒ္ဒါကြည်ဖြူ၊ ပေးလှူသည်မှာ၊ သံသရာဝယ်၊ လိုရာမည်သို့၊ သုံးရန်မျိုးဖြင့်၊ ရွှေအိုးမြှုပ်သည်၊ မည်လတ်ရှောင်း၏၊ ကြွေးဟောင်းဆပ်လစ်၊ ကြွေးသစ်ချခြင်း၊ မြေတွင်းနှံ့ရိုး၊ သူမခိုးနိုင်၊ ရွှေအိုးမြှုပ်ထ၊ ဤကိစ္စနှင့်၊ သောကဆယ်မျိုး၊ နောင်မစိုးအောင်၊ သတိုးသက်ဝေ၊ ကျင့်တတ်စေလော့၊ တက်နေသို့ဖြိုး၊ ဘုန်းရောင်တိုး၍။ ။တန်းခိုးလျှံလိမ့် မည်သော့ကြောင့်။ (၁၅၂)

၃၂၂။ ထိုမှတသွယ်၊ မှတ်သားဘွယ်တိ၊ နားဝယ်*စိစွေး၊ နာဘိသေးလော့၊ ရှေးကုသလ၊ ဉာဏမပါ၊ သဒ္ဒါမတ္တ၊ ကံကိစ္စကြောင့်၊ စိုးရလူ့နိုက်၊ ပြည့်စုံကြိုက်လည်း၊ လူမိုက်ကံကောင်း၊ နစ်မွန်းကြောင်းတည့်၊ တောင်ချောင်းရေကြီး၊ ကောက်ရိုးမီးသို့၊ ညီးညီးထိန်ပ၊ တရှိန်ကြွဖြင့်၊ ခဏမျှသာ၊ အကြာမတည့်၊ မရှည်အသက်၊ ပျက်လွယ်တတ်၏၊ *ဥပဒ်ဆေဒ၊ ဃာတကနှင့်၊ ဥပပီဠက၊ ပါပအပုံ၊ ဆူ့း*နှယ်ရုံ၍ ၊ ပြည့်စုံပျက်စီး၊ လေဝမီးသို့၊ မကြီး*ဖွံ့ခင်၊ စံ*ဆဲးတွင်နိုက်၊ မင်းပင်တမူ၊ ရန်သူမချတ်၊ ပန်း*နှယ်ဆွတ်၏၊ အလွတ်*မဲ့စွာ၊ ဉာဏ်မပါကြောင့်၊ ထင်ရေတိုင်းပြု၊ ကလာဗုနှင့်၊ ဒုသိမာရ်နတ်၊ ဗြဟ္မဒတ်တို့၊ ယုတ် မြတ် မသိ၊ ကိုယ်နှုတ် ထိလျက်၊ ကျင့်မိ ဆတ်ဆတ်၊ မြေမျိုသတ်၏၊ မှတ်လော့ရင်သွေး၊ ကုသိုလ်ရေးနိုက်၊ *ဖင့်နှေးသဘော၊ နက်ဖြန်သောဟုပြောတတ်တုံငြား၊ သူ့စကားကို၊ ထောင်နားမနာ၊ ဤခန္ဓာလည်း၊ ခိုင်မာနိစ္စ၊ မမှတ်ရဘူး၊ ဝါဒယုတ်မာ၊ မိစ္ဆာမယူ၊ လူဟုဖြစ်လျက်၊ *နရက်ရောက်ကြောင်း၊ မကျင့်ကောင်းတည့်၊ ဆိုးတောင်းပါပ၊ ဒုက္ကမွလည်း၊ ပယ်ထကင်းဘိ၊ ဒိဋ္ဌိသမုတ်၊ ဆိတ်မဟုတ်သို့၊ ခွါဆုတ်မဲ့၊ ကျိုး*မဲ့မယှဉ်၊ ခုနစ်စဉ်တရား၊ နန်းစဉ်ထားကို၊ တပါးသူထက်၊ ဆယ်ပြန်တက်၍၊ မပျက်ကျင့်ကာ၊ ဆောင်သင့်ရာ၏၊ ဤခန္ဓာညစ်၊ ကိုယ်အဖြစ်ကား၊ အပြစ်တရား၊ အလွန်များခဲ့၊ သိကြာ ဗြဟ္မာ၊ စကြာမင်းစစ်၊ အကယ်ဖြစ်လည်း၊ အနှစ်မယှိ၊ အကာ*တိမျှ၊ ပျက်ဘိလွယ်စွာ၊ တသက်*လျှာတည့်၊ ကျင့်ပါအထူး၊ ဂုဏ်ကျေးဇူးသာ၊ ခြီးကျူးဥဒါန်း၊ မကုန်ကျွန်းအောင်၊ စဉ်တန်းကမ္ဘာ၊ နောင်မြင့်ကြာ၏၊ ခန္ဓာဟုဆို၊ ဖြစ်ပြီးကိုယ်၏၊ အိုသေနာဖျား၊ ဤတရားကို၊ များများစိတ်မှာ၊ ပူဆာသောက၊ မကြောင့်ကြနှင့်၊ ဖြစ်ကမချွတ်၊ ပျက်လတ္တံ့တည့်၊ မျှော်ငံ့စောင့်စား၊ နေရငြားခဲ့၊ တရားကိုယ်မှ၊ လွတ်မချဘဲ၊ ဒါနသီလ၊ စာရိတ္တကို၊ ပျက်ရမည်သာ၊ ကြောင့်ကြရာ၏၊ ယုတ်မာဆိုးတောင်း၊ ကျင့်မကောင်းကို၊ မှားကြောင်းတစိ၊ သိလျှင်သိခြင်း၊ စွန့်ပယ်လျှင်းလော့၊ အတင်းယူစွဲ၊ ဘားမြွေခဲဘို့၊ အမြဲးမှတ်သို၊ မစွန့်လိုက၊ ဤကိုယ်သုခ၊ နောင်မရဘူး၊ ပုညသမ္ဘာ၊ စရိယာကို၊ ကောင်းစွာကျင့်*မွန်၊ ကျင့်မလွန်မူ၊ ဟောမန်ခေါ်ပြု၊ ဆောင်း*ဥတုနိုက်၊ ငှက်မှုငှက်လျော၊ ငှက်သဘောဖြင့်၊ ဥသြမကွန်၊ တမ်တမ်းခွန်လျှင်၊ မိုးစွန်မလွှား၊ ကြိုဟ်နတ်များဘို့၊ အသွားပြောင့်မှန်၊ မဘောက်ပြန်ဘူး၊ ငွေစန္ဒြ၊ *သော်တာလလည်း၊ ထွန်းပ

မိုးလယ်၊ *ကြယ်တိုက်ကြယ်နှင့်၊ စမ္ပယ်မက္ခာ၊ ပြိုင်ယှဉ်ကာဖြင့်၊ သွေခွါမတိမ်း၊ ပြည့်ရှာ ငြိမ်းလျက်၊ မုဒိမ်းလူမျိုး၊ ပေါ်မဆိုးသည်။ ။ဘုန်းချိုး†နှိလိမ့်မည်သော့ကြောင့်။ (၁၅၃)

၃၂၃။ ဤသို့လျှင်တိ၊ ရွှေစင်လည်ရစ်၊ ဂုဏ်အနှစ်ကို၊ လွန်ချစ်မြဲး*နေ၊ မကျေစေနှင့်၊ *ပတေပတာ၊ ရိုသေစွာလော့၊ အခါအခါ၊ မရောက်ရာနှိုက်၊ ပညာမိမိ၊ ယှိသည်အဖြစ်၊ ကိုယ့်*သနစ်ကို၊ ဘွင့်လှစ်ထင်စွာ၊ မပြရာဘူး၊ မာဝိဘာဝယ်၊ မိန့်ပါဠိတိုင်း၊ တေမိလောင်းလှ၊ မ*ဆွံ့အလည်း၊ ဆွံ့ အပင်း*ယောင်၊ အဟန်ဆောင်ရှင့်၊ ကြောင်လက်သည်းဝှက်၊ ပြင်မထွက်ဘဲး၊ ထဲးနက်ထားသို၊ ခါရောက်လိုမှ၊ ပဟိုရ်ရွှေစည်၊ တီးတိုင်းမြည်သို့၊ ခံတည်မြောက်အောင်၊ ရွှေနောက်နုသန်၊ အရိုးမှန်လျက်၊ သမ္ဗန် ပယောဇဉ်၊ စပ်ယှဉ်မကင်း၊ ခံတွင်းမဆိတ်၊ ဖိုလ် ဟိတ်ခတ်ကာ၊ ဆောင်ဥဒါန်နှင့်၊ ပမာ ပမည်း၊ သိပ်သည်းမိန့်ထွေ၊ မဝေစေနှင့်၊ ရှာဘွေဥစ္စာ၊ ဤလူ့ရွာဝယ်၊ ချမ်းသာဖြစ်ကြောင်း၊ ဉာဏ်အပေါင်းကား၊ နည်းကောင်းမည်ထ၊ ကျင့်ဓမ္မတည့်၊ ရသည့်ချမ်းသာ၊ အရာရာကို၊ ကောင်းစွာဖယ္ဍင်း၊ စောင့်ရှောက်ခြင်းကား၊ မည်လျှင်းအတ္တ၊ ပဥ္စအာရုံ၊ စည်းစိမ်ပုံနှိုက်၊ ပြည့်စုံတိုင်းသာ၊ လိုရာရှင်အား၊ ခံစားနိုင်ဘိ၊ ဂုဏ်သတ္တိကား၊ မည်ယှိကာမ၊ တိဝဂ္ဂတည့်၊ လောကဥပဒေ၊ မလစ်စေနှင့်၊ တထွေထိုမှ၊ ဘဝငြိမ်းရာ၊ နောင်သံသာဝယ်၊ နတ်ရွှာနိဗ္ဗာန်၊ အ*မှန်ထင်ရှား၊ မြတ်တရားလည်း၊ မည်ငြားမောက္ခ၊ တိဝဂ္ဂနှိုက်၊ ထည့်ကမှန်စွာ၊ ဤလေးဖြာကား၊ ကျမ်းလာမိန့်မြွက်၊ စတုဝဂ်တည့်၊ ပျိုသက်နုစဉ်၊ တိဝဂ်ယှဉ်လျက်၊ ပညာဉ်ရင့်ပြီး၊ သက်ရှယ်ကြီး၍၊ သေနီးအိုခါ၊ နိဗ္ဗာန်ရှာလော့၊ နည်းနာတရား၊ အမြဲးထား၍၊ မှတ်သားစွဲးလေ၊ မထွေစေနှင့်၊ ရေမယှိကန်၊ ဆန်*မဲ့စပါး၊ တရား*မဲ့မင်း၊ ခိုးကင်းသည့်မီး၊ ဤလေးသီးကား၊ *ချည်းနှီးမျှသာ၊ ဂုဏ်ဝါတစိ၊ ကျိုးမရှိဘူး၊ ဇာတိဉာဏ်ဟိတ်၊ တိနေစိတ်နှင့်၊ ပဏ္ဍိတ်တို့မှာ၊ သည်းလှသာနှစ်ခု၊ သုံးခုဟူထ၊ ငယ်ငယ်မျှဖြင့်၊ မနှတိက္ခ၊ ပုဂ္ဂလမှတ်၊ ကမ္ဘဃကတာ၊ လက်မက္ခာဘဲး၊ သမ္မာဒိဋ္ဌိ၊ မြင်ဉာဏ်ယှိလျက်၊ ဂတိမမှား၊ ပါယ်မလားတည့်၊ တရားသမ္မာ၊ သန္တေပါသည့်၊ ပညာသတိ၊ သားမောင်ယှိတိုင်း၊ အသိမင်း*ခြေ၊ မသွေစေနှင့်၊ သရေကင်းဘိ၊ မယှိဘုန်းကံ၊ အကြံပေတုံး၊ နှလုံးညစ်*တည်း၊ ပညာနည်းတို့၊အသည်းရော၊တခုသာနှင့်၊တိရစ္ဆာန၊မျိုးဘာဝသို့၊ ကာမအိပ်စား၊ ထိုသုံးပါးမျှ၊ လိုလားလေ့လာ၊ သိတတ်စွာရှင့်၊ နတ်ရွှာတံခါး၊ ဆိုပိတ်ထား၏၊ ပိုင်းခြားဉာဏ်သိ၊ သတိထဲးခွေ၊ မတွေစေနှင့်၊ သန္တေဉာဏ်ဆိတ်၊ ဒွိအဟိတ်ကား၊ စျာန်ပိတ်မဂ်ကင်း၊ ဇာတိဖျင်း၏၊ အလင်း*မဲ့မျိုး၊ မီးကိုတိုးသည့်၊ ပိုးပရွက်မိုက်၊ အချိုကြိုက်တို့၊ စရိုက်သက်သက်၊ အချိုခွက်နှိုက်၊ နစ်လျက်မှချ၊ သေကုန်ကြသို့၊ ကာမမူးဝေ၊ မသေစေနှင့်၊ ကျင့်*နေဓမ္မ၊ မြဲးမချမှ၊ ဒိဋ္ဌ*တမလွန်၊

နှစ်တန်ခိုင်*ဖြိုး၊ အကျိုးပြီး၍၊ ကောင်းခြီးကြေ†ညာ၊ လှံ့ကြေ၁်†ငြာလျက်၊ လူ့ရွာနတ်ပွဲး၊ မချွတ်လွဲးသည်။ ။ရမြဲးမြဲလိမ့် မည်သော့ကြောင့်။ (၁၅၄)

၃၂၄။ ရမြဲးနတ်ရွာ၊ မချွတ်ရာတည့်၊ သမ္မာဝါဒ၊ ကျင့်ဓမ္မနှင့်၊ မချသတိ၊ လက်ကိုင်ယှိလော့၊ အဘိသမ္မစိုရ်၊ တရားကိုယ်ဖြင့်၊ လူ*ဗိုလ်ချမ်းသာ၊ ငြိမ်းကြောင်းရှာ၍၊ ပြည်ရွာပွါးစီး၊ အကျိုး*ပြီးအောင်၊ ရွှေထီးအုပ်လျက်၊ ရွှေနန်းထက်နှိုက်၊နှစ်သက်မွေ့လျှော်၊ စံသ†ရော်တိ၊ ရင့်†ယော်ခန်း†ခြောက်၊ ဇရာထောက်၍၊ ခေတ်†ချောက်ခေတ်ချား၊ ရုပ်ဘောက်ပြားလျက်၊ ထူးခြားညှိုးသွေ့၊ ဤကိုယ်လော့ဖြင့်၊ အိုငွေ့ ခြောင်း†ခြောင်း၊ မြတ်ဉက္ခောင်းထက်၊ တ†ချောင်းဆံဖြူ၊ မြင်ကာမူလည်း၊ ငါ့တူမပျက်၊ သားကိုဆက်၍၊ တောထွက်ရစ်မင်း၊ ရွှေနန်းတွင်းနှိုက်၊ *စင်းလျှင်း*ဖက်ထစ်၊ စည်းစိမ်ယစ်လျက်၊ မင်းဖြစ်မူးဝေ၊ မသေစေနှင့်၊ မသွေမပယ်၊ နားဝယ်စွဲးသိပ်၊ မြဲးစေ့*စိပ်လော့၊ အအိပ်အစား၊ အပျော်ပါးကား၊ လူနွားတိရစ္ဆာန်၊ တူကြမှန်ရှင့်၊ သဏ္ဍာန်မျှသာ၊ ခြားကြစွာ၏၊ လူမှာသီလ၊ အာစာရနှင့်၊ ဉာဏကျေးဇူး၊ ဂုဏ်သာထူးခဲ့၊ သားဉီးသိစေ၊ မတွေဝေနှင့်၊ ခြွေရွှေဝန်း*လျှား၊ သားမယားကား၊ ပျော်ပါးမွေ့လျှော်၊ ပါယ်လားဘော်တည့်၊ ရှုမျှော်ဉာဏ်ဖြင့်၊ ရွှေနန်းမြင့်ထက်၊ အသင့်မမှား၊ စံလိုက်စားလျက်၊ တရားသမ္မာ၊ မကင်းရာဘူး၊ ခန္ဓာအသက်၊ မပျက်မပြို၊ ဤငါ့†ကိုယ်ဟု၊ ကိုယ်†ကို*အပင်၊မြဲးမထင်နှင့်၊ လူရှင်*အစုတ်၊ မြတ်ယုတ်မဆို၊ မျှားထိုထိုတို့၊ ပျိုအိုမလွတ်၊ သေမင်းသတ်၏၊ ပညတ်နာမ၊ သကတ္တကား၊ မရဏမင်း၊ သေစေခြင်းဖြင့်၊ အလျှင်းမပိုင်၊ မသတ်နိုင်ဘူး၊ မြဲးခိုင်နိစ္စ၊ နိဗ္ဗာနသို့၊ ဓုဝ သဿတ၊ ထာဝရတည့်၊ ကာလရှည်စွာ၊ ကမ္ဘာဆက်ဆက်၊ မပျက်သို့စင်၊ တည်နေကျင်လိမ့်၊ အသင်္ခတ၊ ဟူတုံစွသား၊ နာမပညတ်၊ ဂုဏ်သကတ်လည်း၊ ဇောတရသ်ရည်၊ ထိန်ထိန်ကြည်သို့၊ ကောင်းမည်ကောင်းဂုဏ်၊ နှောင်မ*သုန်ဘဲ၊ မကုန်*ဉဒါန်း၊ အစဉ်ထွန်းလျက်၊ *မော်ကွန်းထိုးတင်၊ ရာဇဝင်နှင့်၊ မဟာဝင်စောင်၊ လမိုးပြောင်အောင်၊ သားမောင်ဘုန်းယှိ၊ သုစရိတ၊ ဓမ္မဆယ်ဖြာ၊ မင်္ဂလာကို၊ ကိုယ်မှာမကင်း၊ တည်စေလျှင်းလော့၊ ပြိုန်ဖျင်းမျှပြင်၊ လူပုံယင်တို့၊ ထွက်ဝင်အလေ့၊ နေမင်းရွှေတိုင်း၊ ညဥ့်နေ့ကုန်*ကျွန်း၊ ကျိုး*မဲ့ခန်း၏၊ သောပန်းပွင့်ခါ၊ သေမင်းလာသော်၊ ကိုယ်မှာကောင်းမူ၊စုံတခုမှ၊ မပြုနေဘိ၊ မေ့ကျန်ယှိကြောင့်၊ သုဂတိဘုံ၊ ဘယ်ဆောင်တုံအံ့၊ ပြော*ဟုံဒုက္ခ၊ပါယ်လေးဝသို့၊ ချအံ့မြဲးနေ၊ မလွဲးပေရှင့်၊ တထွေမှတ်စွဲး၊ သံထွေခဲးကို၊ သံထဲးကဖြစ်၊ သံအညစ်ဖြင့်၊ စင်စစ်ပျက်ပြုန်း၊ သံချေးဖြုန်းသို့၊ နှိုင်း*နှုန်းမ*ယွက်၊ ကိုယ့်*ရမ္မက်ဖြင့်၊ ကိုယ်ပျက်ကြမြဲး၊ မချွတ်လွဲးတည့်၊ တင့်ရဲးလူ့ဘောင်၊ တထောင်ထောင်နှင့်၊ မရှောင်ဒုစရိုက်၊ အကျယ်ကြိုက်လျက်၊ လူမိုက်လေ့လာ၊ မကျင့်ရာဘူး၊ *ကြမ္မာချိန်ဇွေ့၊ လူကချွေ၍၊ စုတေ့ယွင်းယို၊ အနန္တိုရ်

ဝယ်၊ ဤကိုယ်ပျက်စီး၊ သေပြီးကာလ၊ နောင်ဘဝနိုက်၊ ဒုက္ခမြဲးထပ်၊ ကျယ်သူ
†ကျပ်၍၊ ကြပ်†ကြပ်သတိ၊ မြဲးယို*လသေး၊ ဘရင်သွေးတည့်၊ လေးရပ်ပုံပြု၊
ပုဂ္ဂလတွင်၊ တမပရာယဉ်၊ လူနတ်†ကြဉ်လျက်၊ ပုပ်†ကျဉ်ဥ†*ဖျင်း၊ စပါး
†*ဖျင်းသို့။ ။ဂုဏ်†*ဖျင်းသို့လိမ့် မည်သောကြောင့်။ (၁၅၅)

၃၂၅။ *သို့*ဖျင်းဂုဏ်သိမ်၊ သေးမြုပ်တိမ်အောင်၊ စည်းစိမ်*ရမ္မက်၊သံချေး
တက်၍၊ ကိုယ်ပျက်ကိုယ်ကြေ၊ မရှိစေနှင့်၊ မှုန်ဝေမောဟ၊ ဤလောကနိုက်၊
သဘာဝဇာတ်၊ ကာမဓာတ်ဖြင့်၊ သတ္တဝါ*ခပင်း၊ ကိုယ်အတွင်းဝယ်၊ ထမင်း
မွတ်ဆာ၊ ရေဆာသိပ်ခြင်း၊ အိပ်ငတ်ခြင်းနှင့်၊ တပ်ခြင်းရာဂ၊ ဤလေးဝကား၊
တူကြသတတ်၊ မှန်မချွတ်တည့်၊ ငတ်မွတ်ပြင်းစွာ၊ ထမင်းဆာနှင့်၊ ရေဆာ
အိပ်ချင်၊ လူတို့တွင်တိ၊ သို့လျှင်တစေ၊ နှိပ်စက်ချေက၊ စာ ရေအမျိုး၊
ကောင်းဆိုးမရှာ၊ နေရာမရွေး၊ မနှေး*ငက်ငက်၊ ကြောက်ရှက်မယို၊ ရမိတွေ့ရာ၊
ရှောင်မညာဘူး၊စားကာမျိုခြင်း၊ငိုက်*မျဉ်းလျှင်း၏၊မယွင်းထိုတူ၊ ရာဂဟူသည်၊
လွန်မူမချိ၊ ထိုးကျင့်ဘိသော်၊ ဣတ္ထိပုရိသ၊ မိန်းမ ယောကျ်ား၊ နှစ်ပါးကွယ်ရာ၊
တွေ့ကြုံခါနိုက်၊ ဂုဏ်*ဝါမျိုးဇာတ်၊ ထူးမမှတ်ဘူး၊ ယုတ်မြတ်ဆင်းရွယ်၊ ရွေးချယ်
မပြု၊ ဉာဏ်မရှုနိုင်၊ မေထုနက၊ သံသဂ္ဂဖြင့်၊ ကာမအကျင့်၊ ရတိုင်းသင့်၏၊
အခွင့်သာယာ၊ ထိုအခါနိုက်၊ ညှာတာသော့ထွေ၊ ပေးမျိုးပေတည့်၊ တွေဝေ
မိုက်ဇော၊ မြစ်ရေကြောသို့၊ စုံမျောလွယ်ကာ၊ လိုက်ကြစွာ၏၊ ကာမာရမ္မဏ၊
ကာမအလေ့၊ လွန်ပျော်မွေ့သည့်၊ အတွေ့ခံစား၊ ကာမသားတို့၊ နည်းပါးပညာ၊
ကိလေသာနိုက်၊ သာယာလိုက်များ၊ စရိုက်အားဖြင့်၊ ယောကျ်ားမိန်းမ၊ တားမရ
ဘူး၊ ပုရိသအား၊ ခံစားသာယာ၊ တွေ့အပ်စွာတွင်၊ ဓမ္မတာကိစ္စ၊ သဘာဝဖြင့်၊
နှိုင်းဆချယို၊ ကဲးလွန်ဘိသား၊ ဣတ္ထိဖဿ၊ ဖောဋ္ဌဗ္ဗတည့်၊ မှန်လှမမှား၊ မိန်းမ
အားလည်း၊ ယောကျ်ားကာယ၊ ဖောဋ္ဌဗ္ဗဖြင့်၊ ဖဿအတွေ့၊ လွန်မြတ်မွေ့၏၊
ဘုန်းဟော့ရှင်ပင်၊ မိန့်ခွန်းတင်ခဲ့၊ သို့လျှင်စင်စစ်၊ တဏှာညစ်ကား၊ အပြစ်
မထင်၊ အမြင်ကင်းလျက်၊ ပိုးမိးမက်သို့၊ ယစ်ထက်လွန်ယစ်၊ ဆင်းရဲးနှစ်၏၊
အပြစ်ဟူသမျှ၊ မြစ်မူလတည့်၊ မောဟဘိထွေ၊ မငြိစေနှင့်၊ ကိလေဝဋ်ထဲး၊
အိမ်ထောင်မြဲးကာ၊ ဆင်းရဲး*လောင်လင်၊ လွန်*ငြိုငြင်လိမ့်၊ ညွတ်တွင်မိလျှင်း၊
ညွတ်တွင်းနိုက်သေ၊ ညွတ်ပြင်နေ၍၊ သေသော်ညွတ်တွင်း၊ ညွတ်ကွင်းမိလျက်၊
လွတ်ထွက်သေရ၊ ညွတ်မှကင်းကွာ၊ မမိစွာဘဲး၊ ချမ်းသာ*တစေ၊ လွတ်သေ
သေသား၊ လေးတော့ငှက်*နှယ်၊ လူတို့ဝယ်တိ၊ မှတ်ဘွယ်ထင်ရှား၊ လူလေးပါးကို၊
ငါသားသက်ဝေ၊ သိတတ်စေလော့၊ တထွေမှတ်ချက်၊ မောင်နားရှက်စိမ့်၊
ကျိုးနက်မိုက်ခေါင်၊ ဆင်သေကောင်ထက်၊ သောင်ကိုမလှမ်း၊ ကမ်းသို့မတက်၊
အပုပ်မက်၍၊ စီးလျက်စားကာ၊ လိုက်လေပါက၊ သမုဒ္ဒရာရောက်ဆိုက်၊ လှိုင်းဝဲး
ရိုက်၍၊ ရေနိုက်မွန်းနစ်၊ ငါးစာဖြစ်သို့၊ စင်စစ်မှတ်ဆောင်၊ လူတို့ဘောင်တွင်၊

အိမ်ထောင်ဝင်ရှုထဲ၊ သေအောင်စွဲး၍၊ အမြဲးနေငြား၊ သားမယားနှင့်၊ ခံစားကာမ၊ လူထိုမျှကို၊ ကာကပညာ၊ ကျီးပမာဟု၊ မဟာဝိသုဒ်၊ မြတ်သမ္ဗုဒ်တို့၊ ရှေ့နုတ်လှစ်ခြေ၊ ဟောခဲ့ပေ၏၊ မှာလေဆက်ဆက်၊ ရှေ့ပေထက်နှိုက်၊ တင်အက္ခရာ၊ နန်းစဉ်စာဖြင့်၊ သေချာစေ့ငု၊ ရေးပုံပြု၍၊ မြဲးရှုနောင်လာ၊ စွဲးမှတ်ရာ၏၊ လူ့ရွာကတက်၊ နတ်ဘုံထက်သို့၊ ပြောင်းဆက်ကူးသန်း၊ သာရှင်လန်းသည်။ ။ နတ်နန်းစံလိမ့် မည်သော့ကြောင့်။　(၁၅၆)

၃၂၆။ ဤတကြောင်းလည်း၊ သားကောင်းရှေ့စင်၊ မှတ်နားတင်ဦး၊ လူပင်ဖြစ်လည်း၊ လူဖြစ်မတော်၊ လူမည်ခေါ်ရုံ၊ လူစော်နံကာ၊ ဖြစ်ကြစွာ၏၊ မိစ္ဆာယူမှား၊ ပြစ်ရှစ်ပါးတွင်၊ တပါးဝင်လျက်၊ လေးအင်အမြတ်၊ စက်သမ္ဗတ်နှင့်၊ ကင်းလွှတ်ကုန်ကြ၊ လူပါပတို့၊ ဝမ်းတွင်းကပါ၊ ဝါသနာတိုင်း၊ မြဲးစွာစွဲးနေ၊ သန္ဓေစရိုက်၊ သေအောင်လိုက်ခဲ့၊ မကြိုက်သမ္မာ၊ ယူမိစ္ဆာနှင့်၊ ဒုရာဇီဝ၊ ဒုဿီလကို၊ မုချအစဉ်၊ ပယ်မကြဉ်တည့်၊ မယဉ်နှလုံး၊ မသုံးသုစရိုက်၊ တောဇာတိဖြင့်၊ မသိတရား၊ တောနှိုက်ကျားသို့၊ တောသားလူမိုက်၊ ဘိုးမထိုက်ခဲ့၊ စရိုက်အယှိ၊ ဇာတိအတိုင်း၊ မိုက်ထိုင်းရိုင်းပြ၊ ကျင့်တတ်ကြ၏၊ ဘဝလူဖြစ်၊ နစ်ထက် နစ်ရုံ၊ အပြစ်သာ*ဖြင့်၊ ကျိုးမထင်ရှင့်၊ လူ့ခွင်လူ့ဇာစ်၊ လူ့ဖြစ်ဘဝ၊ ဖြစ်ခဲးစွလည်း၊ ကာဏကစ္ဆ၊ ပမာပြ၏၊ လောကနှိုက်တွင်၊ အကြင်ယောကျ်ား၊ အားကြီးသသူ၊ တဦးလူသည်၊ ခေါင်းဖြူခေါင်းမဲး၊ သဲးသဲးဝှန်*ဖြိုး၊ လှိုင်း*တံပိုးဖြင့်၊ လှိုက်ကြိုးထန်စွာ၊ မဟာသမုဒ္ဒ၊ ဝေမဇ္ဈနှိုက်၊ ဧကဆိဂ္ဂဠ၊ တပေါက်မျှယှိ၊ ကြီးဘိ*ဖြိုးဖြိုး၊ လှည်းထမ်းပိုးကို၊ အားကြိုးမာန်ပါ၊ ပစ်သော့ခါဝယ်၊ ထင်ရာပိုးဝါး၊ အသွား*တိမ်းပင်း၊ ချွတ်ယွင်းသွေ့ဖည်၊ လိပ်ကန်းသည်လျှင်၊ ရက်ရှည်များစွာ၊ တရာတရာ၊ နှစ်လွန်ကြာမှ၊ တခါတခါ၊ ပေါ်၍လာသော်၊ ဧကာဆိ†ဒ္ဒ၊ ထိုယုဂဝယ်၊ အ†န္တအက္ခိ၊ မျက်စိမလှ၊ ကစ္ဆပ၏၊ ဂီဝလည်မှာ၊ စွပ်မိရာ၏၊ လူ့ရွာတဆစ်၊ လူ့အဖြစ်ကား၊ စင်စစ်ထို့ထက်၊ ဆထက်ထောင်ရာ၊ မကာစွာအောင်၊ ဖြစ်လာခဲးလှ၊ ဒုလ္လဘတည့်၊ အရတော်ပြန်၊ လူဖြစ်မှန်သော်၊ *လက်မွန်ဦးစွာ၊ ကင်းအနာနှင့်၊ ရောဂါမစပ်၊ မြတ်သော လပ်ကို၊ လိုအပ်သည်သာ၊ ကို့နောက်မှာလျှင်၊ ငါးဖြာပဥ္စသိ၊ ထိန်းစောင့်ညီလျက်၊ ထိုပြီနောက်တိ၊ ပညာယှိထံ၊ နည်းခံဆုံး†မ၊ နောက်†မှတပါး၊ မြင်ကြားရှာဘွေ၊ နောက်ပေသုဧရိုက်၊ ကိုယ်နှိုက်မကွာ၊ တည်စေရာ၏၊ တဖြာထိုမှ၊ မနရှာခြင်း၊ မပျင်းလုံ့လ၊ ဝီရိယကို၊ ဖြစ်ထစေရာ၊ ဤခြောက်ဖြာကား၊ လူ့ရွာနှိုက်မှိ၊ လူဟူပြီတို့၊ လောကီလောကုတ်၊ မယုတ်အကျိုး၊ တိုးထက်တိုး၍၊ မညှိုးစင်စစ်၊ ပွါးကြောင်းဖြစ်၏၊ သားချစ်ဒါလီ၊ လမ်းရိုးမှီသည်။　။ ကျမ်းညီဖြောင့်တန်း စေမြိုး၍။　(၁၅၇)

၃၂၇။ တနည်းထွေလာ၊ မှတ်သားရာတည့်၊ ပညာယှိထံ၊ ရိုကျိုးနွံ၍၊ နည်းခံသင်မှ၊ ပညာရ၏၊ ထကြွဝီရိယ၊ ဥဋ္ဌာနဖြင့်၊ လုံ့လရှိမှ၊ ဥစ္စာရ၏၊ မခွဲး

နှုတ်လျှာ၊ မှန်ကန်စွာလျှင်၊ သစ္စာတည်မှ၊ ကျော်စောရ၏၊ ကိုယ်ကဥစ္စာ၊ စွန့်လွှတ်ကာလျှင်၊မေတ္တာရှေးရှု၍၊ပေးကမ်းတတ်မှ၊ မိတ်ဆွေရ၏၊ တဝမှတ်ခင်း၊ နှလုံးသွင်းလော့၊ မိုးလင်းမေထုန်၊ အရုဏ်နေထွက်၊ ပျော်အိပ်စက်နှင့်၊ သုံးရက်မပေါ်၊ ငါးရက်ကျော်သည့်၊ ချဉ်စော်နို့ခဲ၊ အမဲငါးပုပ်၊ စက်ဆုပ်ရှုံ့ဘွယ်၊ လွန်အရှယ်ဖြင့်၊ ငါးဆယ်ကျော်ပြီး၊ သက်ကြီးမိန်းမ၊ မိုးလအတွင်း၊ ရှိန်ပူပြင်းသည့်၊ တော်သလင်းနေ၊ ဗုဇ္ဈန်သေတည့်၊ ရှောင်လေအပြား၊ ဤခြောက်ပါးကား၊အင်အားအသက်၊ ဆက်ဆက်ယုတ်ကာ၊ပျက်တတ်စွာ၏၊တဖြာမှတ်ဘွယ်၊ ဝမ်းဝယ်တံဆိပ်၊မြဲးခတ်နှိပ်လော့၊ သလိပ်သည်းခြေ၊ လေသန္နိပါတ်၊ မပြတ်ယှဉ်မှု၊ ဥတုဟာရ၊ ပယောဂနှင့်၊ ကမ္မတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားသက်ဆစ်၊ သေကြောင်းဖြစ်၏၊သားချစ်ယူမှတ်၊ ဤလူ့ဇာတ်နိုက်၊ လျှောက်ပတ်ကျင့်ငြား၊ လျှောက်ပတ်စားနှင့်၊ ဆေးဝါးစာကြေ၊ သွားထွေကာလ၊ ဗြဟ္မစာရီ၊ ဤငါးလီမူ၊ လောကီလူပေါင်း၊ သက်ရှည်ကြောင်းတည့်၊ ၎င်းထိုမှ၊ ရှေးကကျမ်းလာ၊ တနည်းမှာကား၊ အစာကြေမှ၊ စားထဘော†ဇဉ်၊ အ†စဉ်မှတ်ဘွယ်၊ ကြီးငယ်နှစ်ပါး၊ ကျင့်အသွားကို၊ မဟားဒရာဟုန်၊ မေထုန်ကြဉ်ရှား၊ သူအားမညှဉ်း၊ မစဉ်းစားမူ၊ မပြုလျှင်စွာ၊ ဤငါးဖြာလည်း၊ သက်အာယုမြတ်၊ ရှည်ကြောင်းမှတ်လော့၊ ဆုံးဖြတ်စဉ်လာ၊ ကျမ်းဟောင်းမှာ၏၊ တဖြာထို့ပြင်၊ ငါးအင်သီလ၊ ပဥ္စင်္ဂကို၊ စောင့်ထမှား၊ ထိုအပြားတွင်၊ မယားတယောက်၊ လင်တယောက်ထက်၊ မဘောက်ဘယ်မျှ၊ သန္တောသဟု၊ ဗြဟ္မစရိယာ၊ ကျင့်မြတ်စွာလည်း၊ မဟာဓမ္မ၊ ပါလပုဏ္ဏား၊ အမျိုးသားတို့၊ တရားဆောင်ကယ်၊ ကင်းအပါယ်နှင့်၊ သူငယ်ဟူသမျှ၊ ငယ်ကမသေ၊ ထောင်သက်နေ၏၊ ပသေ့မှတ်ရာ၊ မဟာဘူတ၊ ဤကာယလျှင်၊ မမျှယွင်းချွတ်၊ မညီညွတ်က၊ ကျင့်ဝတ်တရား၊ မဖြည့်အားဘူး၊ ငါးပါးသုံးမည်၊ ကျင့်ဆောက်တည်လျက်၊ သက်ရှည်လူ့ရွာ၊ အားထုတ်ရာသည်။ ။ ခန္ဓာခိုင်*ကျန်း စေပြီး၍ ။ (၁၅၇)

၃၂၇။ ထိုမှအထူး၊ အဘာ†ကူးသား၊ တန်း†ခူးကဆုန်၊ ပူဟုန်တက်ကြွ၊ ဝဿန္တနှင့်၊ တဝထိုမျှ၊ တပို့တပေါင်း၊ ကြက်ဆောင်းမာသ၊ ဘိသိရနိုက်၊ လုံ့လကြိုးကုတ်၊ အားထုတ်ပြင်းစွာ၊ မပြုရာတည့်၊ ဂိမှာ*ရတု၊ ခေါ်ပြုနယုန်၊ ဝါဆိုကုန်အောင်၊ မေတုန်မြားမြောင်၊ မှိဝဲး ရှောင်လော့၊ ဝါခေါင်တော်သလင်း၊ ခတ္တာမင်းနှင့်၊ ရွှေရင်းမာ†လ၊ ဝဿာနနိုက်၊ မှန်†လှမချွတ်၊ ဖက်ဆွတ်ရေမျိုး၊ မချိုးသောက်ရာ၊ ချိန်ဝါကျွတ်ကင်း၊ သီတင်းတန်ဆောင်၊ လူ့ဘောင်ခေါ်ကြ၊ သရဒကား၊ ကြဉ်ထမအပ်၊ ချဉ်စပ်ငန်ပူ၊ နို့ဓမ်းဟူ၏၊ တမူမှတ်ခန်း၊ ကိုယ်လက်ကျန်းမှ၊ စိတ်လန်းကြည်လင်၊ ရုပ်ပျိုရှင်၏၊ ရုပ်ရှင်ကြည်မှ၊ စိတ်ချမ်းမြ၏၊ မုချမှန်စွာ၊ လူတို့မှာလျှင်၊ မဟာဘုတ်စု၊ ဓာတ်လေးခုတိ၊ ဓာတုဝိသမ၊ မညီမျှက၊ ရောဂဗျာဓိ၊ နှိပ်စက်ဘိ၏၊ ဗျာဓိနှိပ်စက်၊ ထိုသူ့သက်ကား၊ မပျက်ဘယ်မူ၊

ရှည်လိမ့်ဟူ၏၊ ကြည်ဖြူရှင်အား၊ နှစ်ပါးကိုယ်စိတ်၊ စင်ကြယ်ဟိတ်ဖြင့်၊ အနိဋ္ဌကင်း၊ ရောဂါရှင်း၍၊ ရှည်ခြင်းအသက်၊ တည်မပျက်မှု၊ မကွက်လုံ့လ၊ မှုကိစ္စနိုက်၊ နေ့ညမချာ၊ ယှဉ်နိုင်ရာ၏၊ အနာမကင်း၊ ဘေးမရှင်းဘဲ၊ ယိုလျှင်းသော့ခါ၊ ကိုယ်မှာကျိုးပျက်၊ စတုဝဂ်နှင့်၊ အသက်ကိုလည်း၊ *ထက်ချည်းမှန်စွာ၊ ဖျက်ဆီးရာ၏၊ အိုနာဘေးကြီး၊ ဘိစီးနှောင့်ရှက်၊ မနှိပ်စက်အောင်၊ အသက်ဉာဏ်စောင့်၊ ရှေး*ယခေါင့်က၊ သူဟောင့်စကား၊ မြဲးမှတ်သာ တည့်၊ ဆေးဝါးကျင့်မြွတ်၊ မပြတ်ယှဉ်ပွ၊ အားထုတ်မှုကား၊ အာယုခန္ဓာ၊ ချမ်းသာတိုးတက်၊ အသက်ရှည်ကြောင်း၊ မှတ်တုံရှောင်း၏၊ ၎င်းထိုပြင်၊ ကိုယ်တွင်တည်မှီး၊ ဝမ်းမီးဟူထ၊ ကမ္ဗဇတေဇော၊ နှံ့သောလူမျိုး၊ ရုပ်မတိုးဘူး၊ နာဆိုးပြော*ဟုံ၊ ကိုယ်လှိုကြုံ၏၊ မှတ်တုံတသီး၊ ဝမ်းမီးထိုဓာတ်၊ ထက်လတ်သော့သူ၊ ကိုယ်ဆူဖွံ့ထွား၊ ရုပ်တိုးပွါး၏၊ လေးပါးမဟာ၊ ဘုတ်ခန္ဓာ၏၊ *အီသာ*ကျန်းတော၊ ထိုသဘောကား၊ မြတ်သောလာဘ်*မွန်၊ ရကြောင်းမှန်၏၊ ရှောင်ရန်ရှောင်ပြု၊ ဥတုဘောဇန၊ မျှတမပျက်၊ ဟာရဆက်လော့၊ မှတ်ချက်ရှေးက၊ ပေါရာဏတို့၊ မိန့်ကြအရာ၊ စဉ်အလာလည်း၊ ဂါထာတသောင်း၊ အင်းကောင်းတကွက်၊ ဆေးတစက်တည့်၊ ထက်ပြက်သြဇာ၊ နတ်သုဓာသို့၊ အိုနာပျောက်ခြင်း၊ ရွယ်ဆင်းတင်ဘိ၊ မျက်စိမသိ၊ မ*ကြုံ*လှိုဘဲ၊ သားဆီပွါးတိုး၊သက်ရှည်*ဖြိုးသား၊ တန်းခိုးကြီးစွာ၊ ရသာဆေးမင်း၊ မှီဝဲခြင်းဖြင့်၊ ဓာတ်ရင်းညီဖြောင့်၊ သက်ဉာဏ်စောင့်၍၊ *ယခေါင့်ရှေးက၊ ကမ္မအလို၊ ဇာတာကိုယ်ဝယ်၊ ဂြိုဟ်သက်လက်သက်၊ တွက်ချက်ပေါင်းစည်း၊ အာယုဒည်းဖြင့်၊ ဟောနည်းမချွတ်၊ မိန့်ဆုံးဖြတ်တိုင်း၊ အဇ္ဈတ်ကိုယ်တွင်း၊ သန့်ရှင်းရောဂါ၊ ကင်းအနာနှင့်၊ ခန္ဓာ*ခိုင်ကျည်၊ သက်ပိုင်းတည်လျက်၊ သက်ရှည် ချမ်းသာ၊ ကျင့်အပ် စွာသည်။ ။လိုရာရည်မှန်း စေပြီး၍။ (၁၅၉)

၃၂၉။ ပါဏာတိပါတ်၊ သက်သတ်ရှေးဟို၊ အကုသိုလ်ကြောင့်၊ သက်တိုလူရွယ်၊ သေပျောက်လွယ်၏၊ အကယ်ဆက်ဆက်၊ သူ့သက်သတ်မှု၊ မပြုအစဉ်၊ မေတ္တာယှဉ်၍၊ ပယ်ကြဉ်တတ်ငြား၊ သက်ရှည်လျားရှင့်၊ သနား*မဲ့လျက်၊ တုတ်လက်နက်ဖြင့်၊ နှိပ်စက်တတ်သူ၊ ရောဂါထူ၏၊ ကိုယ်တူမခြား၊ သူတပါးအား၊ သနားတတ်လျှင်း၊ ကင်း၏အနာ၊ များစွာမျက်ရှု၊ ထွက်တတ်သူတို့၊ လူနှင့်လူချင်း၊ မတူလျှင်းအောင်၊ အဆင်းမလှ၊ မျက်နည်းကလျှင်၊ ရှုတင့်တယ်၊ ရှုဘွယ်မငြိး၊ ဣဿာကြီးက၊ ကိုယ်ထီးချီတဲ့၊ ရှိန်စော်မဲ့၏၊ ကဲ့ရဲ့ငြူစူ၊ ကင်းသူတို့ကား၊ ပေါများခြွေရံ၊ တန်းခိုးလျှံရှင့်၊ လှူခံတို့အား၊ ဆယ်ပါးဒါန၊ လှူမချသော်၊ အပ္ပဘောဂါ၊ ဖြစ်လေရာဝယ်၊ ချမ်းသာမရ၊ မဝရေစာ၊ ဆင်းရဲစွာ၏၊ ဆယ်ပြာဝတ္ထု၊ လှူကောင်းမှုကို၊ ရှေးပြုများမူ၊ ထိုထိုသူကား၊ လူတင်လူနတ်၊ လူများမှတ်အောင်၊ သမ္ပတ်ရိပ်ငြိမ်၊ ဘုံနန်းအိမ်နှင့်၊ စည်းစိမ်ကြီးကျယ်၊ ပြည့်*ဖြိုးကြွယ်၏၊ အကယ်ရှေးက၊ ကြီးမာနနှင့်၊ နှိမ့်ချမကျိုး၊ ရှိခိုးထိုက်စွာ၊

ဂုဏ်ဝါကြီးမား၊ သူတို့အားလျှင်၊ မပြားမဝပ်၊ မပျပ်မကိုင်း၊ မိုက်ရိုင်း*မထေ၊ ရှိသေကင်းထ၊ လူထိုမျှကား၊ ဟီနမျိုးနွယ်၊ ညှိုးငယ်ယုတ်မာ၊ ဖြစ်တတ်စွာ၏၊ သဂါရဝ၊ သက္ကစ္စဖြင့်၊ နှိမ့်ချကော်ရော်၊ ပူဇော်လေးမြတ်၊ ပြုတတ်တုံက၊ သေဌ နွယ်ရိုး၊ လူမျိုးရှိညွတ်၊ မျိုးမြတ်ထွတ်၏၊ သူမြတ်တို့ထံ၊ နာခံတရား၊ လျှောက်ထား မေးခြင်း၊ အပြုပျင်းက၊ ညံ့ဖျင်းပညာ၊ နုံ့ထိုင်းစွာ၏၊ ကြားနာဓမ္မ၊ သုတ ဘေ့စစ်၊ ကျိုးပြစ်အရေး၊ လျှောက်မေးတတ်စွာ၊ သုတကာမူ၊ ပညာကျယ်နက်၊ ဉာဏ်ထက်မြက်၏၊ ဟောမြွက်မိန့်မှာ၊ ဒေသနာနှိုက်၊ သဉ္ဇာပေါင်းဘွဲ့၊ တဆယ့် လေးပါး၊ ဤအပြားကို၊ မှတ်သားဝမ်းထဲ၊ သေချာစွဲးရှင့်၊ ချွတ်လွဲမိစ္ဆာ၊ ပေါ့ဖျင်းစွာသား၊ ဘာသာယူရိုး၊ ပုဏ္ဏားမျိုးသို့၊ ရေချိုးပြုက၊ အကုသလ၊ ကံပါပတို့၊ တစမကြွင်း၊ ရှင်း၏ဟူငြား၊ အယူမှားနှင့်၊ သုံးပါးလောက၊ နိကာယတွင်၊ မနုဿဟူ၊ ကျွန်းဇမ္ဗူထက်၊ *မြန်းလူတို့ခေတ်၊ စိတ္တုပ္ပါဒ်ကား၊ ယုတ်မြတ်ဆိုးကောင်း၊ လွန်တတ်တောင်း၏၊ ကောင်းကနိဗ္ဗာန်၊ တန်ကဝီစိ၊ *ခြုတ်ခြုတ်†ထိရှင့်၊ ဒိ†ဋ္ဌိယူမှား၊ မမူငြားနှင့်၊ ငါ့သားရတနာ၊ ဘာသည်း ချာလျှင်၊ မကောင်းရာကြဉ်၊ ကောင်းရာယှဉ်ပြီး၊ သမ္မဇဉ်မကင်း၊*ရိုးရင်းမပျက်၊ ဆောက်တည်လျက်တိ၊အသာက်သော်စွန့်၊စိတ်မတွန့်နှင့်၊လေးကျွန်း*မြစ်အောက်၊ လေးရောင်တောက်လျက်၊ တည်ချောက်မြင်းမိုရ်၊ တောင်*ဗဟိုသို့၊ ဤကိုယ် တသက်၊ *ယိုမထွက်ဘဲ၊ အောက်ထက်မျှော်ရှု၊ မင်းတို့မှုဖြင့်၊ ရှေးသူ့ကျင့်ထုံး၊ အစဉ်သုံးလော။ ။နှလုံးရှင်လန်း စေပြီး၍။ (၁၆၀)

( ဤလေးပိုဒ်ကား ၍ ·နှင့်ချည်းချသောကြောင့် ပုလဲသွယ်-ချ။)

၃၃၀။ ဤသို့*ခိုင်ကျည်၊ လောင်းဘုန်းစည်လျှင်၊ ချစ်ကြည်လွန်ပြင်း၊ သားသက်နှင်းအား၊ မင်းမင်း*တကာ၊ ပေးခဲ့စွာသား၊ ပေးရာမချို၊ ပေးခြင်း တို့ဖြင့်၊ မောင့်မြို့မောင့်နန်း၊ မောင့်ကြင့်နန်းဟု၊ တိုင်းခန်းရွှေပြည်၊ ထီးစည်မကြွင်း၊ မင်း၏ရိပ်ငြိမ်၊ နန်းရွှေအိမ်နှင့်၊ စည်းစိမ်အပ်ကာ၊ ဆုံးမမှာ၍၊ ပြည်ရွာစွန့်ဘိ၊ ကပ်မငြိဘဲ၊ နှမိန္ဒ†မြော၊ ရေနှိုက်†မျှောသို့။ ။သဘောလုံးစုံ၊ မိန့်လတ် တုံတည်း။ (၁၆၁)

ဤသို့လျှင်တိ၊ ဤတွင်ကျယ်မော၊ ပုတ္တောဝါဒ၊ ပြည်ဟူး†ရသည်။ ။တတိ†ယ ခဏ်းကြီး၊ ပြည့်စုံပြီးတည်း။ (၁၆၂)

# တတိယပိုင်း
# ပုတ္တောဝါဒခဏ်း ပြီး၏။

(၎င်းတတိယခဏ်းကြီးနှိုက် ဆုတောင်ပေးခဏ်း-၉, ပုတ္တာရောစနခဏ်း-၇, ပုတ္တောဝါဒခဏ်း-၁၆၂၊ ပေါင်း ၁၇၈-ပိုဒ်ရှိသတည်း။)

# စတုတ္ထပိုင်း အမစ္စာဝါဒခန်း

## ၁-အပစ္စာပုစ္ဆနခဏ်း

တံ ဝေံ ပဗ္ဗဇိတုကာမံ အမစ္စာ ဥပသင်္ကမိတွာ "ဒေဝ ကိံ တုမှာကံ ပဗ္ဗဇ္ဇာကာရဏာ" န္တိ ပုစ္ဆိံသု။

၃၃၁။ ဇမ္ဗူဒိပ်ဟု၊ တံဆိပ်မင်္ဂလာ၊ ကျွန်းလကျာထက်၊ မဟာမဃ၊ *စောလောင်းလှသျှင်၊ ဝဂ္ဂဝိသုဒ်၊ ရာဇယုဂ်နှင့်၊ ခေတ်စုတ်နိမိတ်၊ ဗျာဒိတ်သြဘာ၊ သိုက်အလာဖြင့်၊ သုံးရာအလှစ်၊ ဝိဒေရစ်ဝယ်၊ ရှေးခေတ်ကာလ၊ ပေါရာဏတို့၊ ဆရာ့*တံ†ထွာ၊ လေးကိုး†ထွာကို၊ တင်ကာတောင်တိုက်၊ ညှိုလိုက်ရှစ်ထွာ၊ လေးတောင်တာ၏၊ သခ်ျာရှစ်ဂတောင်၊ ခေါ်ဝေါ်ဆောင်သည့်၊ လူ့ဘောင်ဝေါဟာ၊ ယူဇနာဖြင့်၊ ညီစွာနံလျား၊ ပိုင်းခြားအဆစ်၊ တုမရစ်အောင်၊ ခုနစ်ယူဇနာ၊ တာချချက်ချာ၊ ကျယ်ဝန်းစွာတိ၊ မိထိလာရွှေပြည်၊ သုံးကြိမ်တည်လျက်၊ သာစည်လင်းပွင့်၊ နတ်*နှယ်တင့်လည်း၊ *ယခင့်ရှေးက၊ မိုးကြိုးကျသို့၊ ဉာဏဂိစစ်၊ ထင်ပြီးဖြစ်ကြောင့်၊ သားတစ်ချီဆောင်၊ ငှက်တကောင်ကို၊ ဝန်းမြှောင်*ရှပ်ရှပ်၊ ငှက်ပေါင်းခွပ်၍၊ ဆိတ်ဆွပ်ရှတ်†ရက်၊ စိုင်းလု†ယက်က၊ ထိုငှက်နာလှ၊ စွန့်လွှတ်ချသော်၊ ရရငှက်မှာ၊ ငှက်*တ†ကာတို့၊ အုံ†ကာဆိတ်ဆွလုယက်ကြသို့၊ ကာမသားတစ်၊ ငှက်ပေါင်းချစ်ကုံ၊ စွန့်ပစ်သော်မှ၊ ဒုက္ခကင်းကွာ၊ ရချမ်းသာဟု၊ ပညာတော်ဖြင့်၊ ရှုမျှော်ချင့်၍၊ လူမင်းစည်းစိမ်၊ နန်းရွှေအိမ်နိုက်၊ *တင်းတိမ်မချစ်၊ ပစ်ကြီးပစ်လျက်၊ မနှစ်မလို၊ မပျော်မျှိသည့်၊ မင်းသိုရင်း၊ ဆံတချောင်းမျှ၊ ဥက္ကောင်းတော်တွင်၊ ဖြူသည်မြင်က၊ မရှင်နှစ်မျှို၊ *စိတ်တော်ညှိုလျက်၊ ထိုသို့ချက်ခြင်း၊ သံဝေ†ပြင်း၍၊ †ပျင်းခဲ့ပြီလေ၊ ရွှေခြင်သေ့လျှင်၊ ငြီးငွေ့ဆန့်†ကျင်၊ ပျော်မရှင်သည်၊ အ†ကြင်ဝင်းဝင်း၊ ရွှေချိုင့်တွင်းသို၊ လွန်မင်းမဟာ၊ မင်းချမ်းသာနိုက်၊ မညာမညွတ်၊ လွှတ်ကြီးလွှတ်မှ၊ ကျင့်ဝတ်ကြည်ညို၊ ဆောက်တည်လို၍။ ။သားကိုနန်းပြည် အပ်လှဲတည်း။ (၁)

(ဤပိုဒ်ကား ရှေးနိုက်ဖြစ်သော ကာမရတိဌာယိဘာဝ သိင်္ဂါရရသ-၏ ကွယ်ပျောက်၍ ရောင့်ရဲခြင်း ဓိတိဗျဘိစာရိဘာဝ ဖြစ်သည်ကို ပြသတည်း)

၃၃၂။ ဤသို့ကြီးစွာ၊ မင်းချမ်းသာနိုက်၊ မညာမညွတ်၊ လွှတ်ကြီးလွှတ်၍၊ ကျင့်ဝတ်ဆောက်တည်၊ မြဲ*ခိုင်ကျည်လျက်၊ ဖန်ရည်ဆိုးစွန်း၊ ဝတ်သင်္ကန်းနှင့်၊

---

၁-ဇာတကဋ္ဌကထာ၊ ၁-၁၅၅။

ရဟန်းပြုလို၊ သားဘုန်းပျိုအား၊ နန်းကိုအပ်ငြား၊ ဆုံးမကြားသော်၊ ထံပါး
မက္ခာ၊ မိုးသူဇာသို့၊ တောင်ညာနန်းမ၊ အဂ္ဂမဟေသီ၊ ပေါင်းဒေဝီနှင့်၊ ဝတီ
တထွေ၊ မဟေကေသာ၊ မလ္လာဦရွှ၊ *နန်းရဆောင်ရ၊ ယဉ်ပျောင်း†ပျသား၊
မြို့†ပြရွှာစား၊ နန်းသူများက၊ သားတော်သမီး၊ မှူးကြီးမတ်ဖျား၊ ဆွေတော်
များတို့၊ မကြားရက်လို၊ နန်းလုံးပြိုမျှ၊ *ဥဒါဟိုမ*စဲ၊ ဆံကြဲလက်†မြှောက်၊
မြေကြီးမှောက်သို့၊ တောင်†မြှောက်မမြင်၊ *ခုံတမင်ဖြင့်၊ ထွက်ဝင်လူးလာ၊
တချာချာတည့်၊မှူးပြာဝေနောက်၊ လျားမှောက်ပက်လန်၊ ဦးဆံမသိမ်း၊လေယိမ်း
ပန်းပင်၊ နွဲ့သော့သွင်လျှင်၊ *ရင်ပြင်နန်းတွင်း၊ ကြမ်း*တ†ပျင်းတွင်၊ ပူ†ပြင်း
လှိုက်ပွက်၊ အုတ်အုတ်†ကျက်တိ၊ ဆူ†ကြွက်မဆိတ်၊ သံမတိတ်အောင်၊ ထိတ်
ထိတ်မွမ်းမွမ်း၊ ညိတ်ညိတ်ပြွမ်းလျက်၊ ရှမ်းရှမ်းမျက်ရည်၊ * ခဲးမတည်ဘဲ၊
ဖြေဆည်မအား၊ ပေ့*ချောက်ချား၍၊ ပြေးလွှားပေါက်ခုန်၊ငိုကြွေးကုန်သည်။ ။
သဲးတုန်အူနာ ဝမ်းကွဲးတည်း။ ။(၂)

၃၃၃။ တရှတ်ရက်ရက်၊ အုတ်ကျက်ကျက်တိ၊ မြေအက်ကွဲးယို၊ ကမ္ဘာ†ပြို
သို့၊ ရှယ်†ပျိုရှယ်လတ်၊ မတည်တတ်အောင်၊ ရင်ဘတ်သတ်တီး၊ ဆံကြီးဘားဝေ၊
ကျွတ်ပြေမသိမ်း၊ ကတိမ်းကပါး၊ နန်းသူများနှင့်၊ နန်းသားတစု၊ *ရောရု
ထွေးရှက်၊ ဝင်ထွက်ပြေးခုန်၊ သဲးတုန်အူနာ၊ ဝမ်းကွဲးစွာလျက်၊ ဗျာပါခြွေနုံး၊
ကြိမ်မီးအုံးသို့၊ နှလုံးမ†ကြည်၊ ယိုမျက်ရည်ဖြင့်၊ ဆုံ†ကျည်ပွေ့ပွတ်၊နှမ်းကိုချွတ်၍၊
ပတ်ပတ်လည်†လိမ့်၊စက်နှည်*လှိမ့်သော်၊ စိမ့်စိမ့်မ*စဲ၊ ကျရွှဲဆိ့*နှယ်၊ တွေတွေ
သွယ်လျက်၊ ပိတ်ကွယ်မိုးမြေ၊ မှုန်ဝေပြည့်လျှမ်း၊ တရှမ်းရှမ်းတည့်၊ *တံစမ်း
ကျောက်စက်၊ ထွက်သို့*တရထည်၊ ငိုပွဲးစည်၍၊ ပတ်လည်ရံခ၊ နေကုန်ကြစဉ်၊
အဂ္ဂမဟာ၊ သေနာပတိ၊စယ်ဝန်း*အုံ၊ မှူးမတ်ပုံတို့၊ ရွှေဘုံစိုးပြီး၊ ဘုန်းတော်ကြီး
သား၊ ဘုန်းမီးပြောင်ဝင်း၊ အလောင်းမင်း၏၊ ဝမ်းတွင်းစိတ်ကွက်၊ နန်းက
သက်၍၊ တောထွက်ရည်မှန်း၊ ကြံတော်ဆန်းသား၊ ရဟန်းပြုလို၊ အကြောင်း
ကိုလျှင်၊ ထဲးသိုမသိ၊ ဖြစ်ဘိရကား၊ ထိုကြောင်းလျားကို၊ ထင်ရှားသိကြောင်း၊
လက်စုံပေါင်း၍၊ ဥကျွောင်းရှက်ဆင်၊ ဤသို့တင်သည်။ ။နန်းပြင်*ဗိုလ်ထု
အထဲးတည်း။ (၃)

(ဤပိုဒ်တို့ကား သောကဋ္ဌာယိဘာဝ, သတ္တိကာဘာဝ, အနုဘာဝနှင့်
တကွ ကရုဏာရသ-ကိုပြသတည်း။)

၃၃၄။ ကမ္ဘာ*မဆွ၊ တည်ဦးစက၊ ဗြဟ္မာ့ဘုံဆင်း၊ ကိုယ်ရောင်ကင်းတို့၊
နေမင်းပေါ်မြောက်၊ လမင်းနောက်နှိုက်၊ နေ့ရောက်ညဉ့်မှိ၊ အစဉ်စီလျက်၊ မြေဆီ
မြေလွှာ၊ ပဒါဆန်သီး၊ မငြိးယူစား၊ ဘာဝအားဖြင့်၊ ယောကျ်ားမိန်းမ၊ ဖြစ်ထ
*ရမ္မက်၊ နွဲ့းရှက်အိမ်ရာ၊ အစာသိုမှီး၊ အားကြီးနိုင်ထက်၊ ခိုးဝှက်လုယူ၊ အမှု
ကျား†ပြောက်၊ဆန်သီး†ပျောက်၍၊ တယောက်တခြား၊မပိ†ပြားဘဲ၊†ပျားသို့

ရိုးရွ၊ တစစဖြင့်၊ လောဘကြီးမား၊ ဒေါသပွါးလျက်၊ တရားအမိုက်၊ မှောင်ကြီး
တိုက်၍၊ ဘေးဆိုက်ကြီးစွာ၊ ဖြစ်ကြခါတွင်၊ ကိုးရာဖြစ်စေ၊ လယ်မြေဆယ်ဘို့၊
လူတို့အသက်၊ ကိုယ်စီဆက်၍၊ ထိပ်ထက်တင်ကာ၊ ထားစပါသား၊ မဟာသမ္မတ်၊
အာဒိနတ်မှ၊ မပြတ်နွယ်ရိုး၊ ကမ္ဘာစိုးသည့်၊ နေမျိုးဓိပတိ၊ *စောဘုန်း†ယို! *နတ်
†ရှိတူပြီ၊ တပြေးညီအောင်၊ လောကီအလိုက်၊ ကမ္ဘာတိုက်နိုက်၊ တသိုက်တမြုံ၊
လူတို့ဘုံတွင်၊ *နိတုံရောင်ပြိုး၊ နဝရတ်ကိုးနှင့်၊ ရွှေရိုးငွေရွက်၊ ကနက်သမု၊ ဥရု
ကြင့်နှန်း၊ တမွတ်ပန်းတိ၊ ရွှေနန်းကြို့းလယ်၊ ပွင့်စမွယ်လျက်၊ တင့်တယ်
ဝင်းပြောင်၊ *မုနေ့ာဆောင်၍၊ အခေါင်သိမ်းကျုံး၊ မှိုး*နွယ်ဖုံးပြီး၊ လုံးစုံမြေ
ထက်၊ လူမျှားသက်ကို၊ ရွှေစက်တော်နင်း၊ စိုးအုပ်ခြင်းဖြင့်၊ ဆင်းရဲချမ်းသာ၊
ဤနှစ်ဖြာကို၊ ရာဇာစိုးရ၊ မင်းမှုပိုင်ပိုင်၊ ဘန်ဆင်းနိုင်လျက်၊ ခရိုင်ဇနပိုဒ်၊ တိုက်
အလုံးစုံ၊ သက်ပါခြုံ၍၊ လူ့ဘုံစိုးဘိ၊ ဘုန်းသတ္တိကြောင့်၊ ဘူမိပါလ၊ ဘူနာထနှင့်၊
ဘူပဇနိန်၊ နရိန်နရုတ်၊ ဒွိပဒုတ်ဟု၊ သမုတ်များလှ၊ မည်ထူးရသား၊ ဘဝသခင်၊
ပြည်ကြို့း†ရှင်သည်။ ။အ†သျှင်လူမျှော့း သိကြားတည်း။ (၄)

၃၃၅။ လူတို့အထွတ်၊ ခေါင်*တမွတ်ဖြင့်၊ တုလွတ်ပရမိသ်၊ ပုညဇိဒ်နှင့်၊
ဂုဏ်ဟိတ်ညီးညီး၊ ဘုန်းတော်ကြီး၍၊ လေးသီးခေါ်ရိုး၊ ခြင်သေ့မျိုးထက်၊
တန်းခိုးခွန်အား၊ လွန်ကြီးမားသား၊ ကိုယ်ကားမနုဿ၊ ခေါင်းသီဟနှင့်၊ လောက
လူ့ရွာ၊ ရံတခါလျှင်၊ မြတ်စွာထင်ရှား၊ ဘုရားပွင့်မှ၊ ဖြစ်ထမှန်ချိန်၊ နရသိဟ်သို့၊
ပြင်းရှိန်တေဇ၊ ဘက်မမျှဘဲ၊ တရာ့တဆောင်၊ ရွှေတောင်*စိုးသိ၊ *ဦးကိုင်
စီးလျက်၊ ပြူထီးများစွာ၊ ဇမ္ဗူညာတွင်၊ ရာဇာသမိုက်၊ အတိုက်တိုက်နိုက်၊
မကိုဋ်ဆူဆူ၊ ဆောင်းကြမူသား၊ လူတို့ဥက္ကဋ္ဌ၊ ဝိသေသဖြင့်၊ စန္ဒြဒေဝ၊ ခတ္တိယဟု၊
ဝံသသုံးဖြာ၊ အသွာဂဇာ၊ နရာဓိပ၊ မင်းထိုမျှတို့၊ ဦးချသစွာ၊ ပဏ္ဏာဆက်သွင်း၊
ခံကျွန်ရင်းနှင့်၊ နေမင်းသူရိ၊ ဇာတိနွယ်စစ်၊ နေမြစ်နွယ်ဆက်၊ စဉ်မပျက်လျှင်၊
မင့်းထက်မင်းကြီး၊ နတ်နှင့်နီးအောင်၊ နန်းထီးတိုင်းပြည်၊ ထောင်တည်ပြဋ္ဌာန်း၊
စိုးစံမြန်းလျက်၊ ကျင့်ခန်းအစဉ်၊ အမြဲးယှဉ်၏၊ ဓမ္မဋ္ဌရ၊ ဒသရာဇဓံ၊ မြဲးနိယံနှင့်၊
နိုင်ငံတိုင်းသူ၊ ရှင်လူအများ၊ ရွှေပြည်သားကို၊ သနားသမူ၊ သာ့းနှယ်ရှု၍၊
ဂရုဓမ္မ၊ ကုသလနိုက်၊ နေ့ညဆော်နှိုး၊ မျက်မှောက်ကျိုးနှင့်၊ နောင်ကျိုးမြဲးယှဉ်၊
တိုက်တွန်းယဉ်၏၊ လေးစဉ်နွယ်ဖြာ၊ လူ*တကာလည်း၊ ပါယ်ရွာလွတ်လျက်၊
နတ်ရွာတက်၍၊ သားငှက်မကျန်၊ တိရစ္ဆာန်ပါ၊ ဘေးရန်ကင်း†ကြဉ်၊ လွင့်ပါး
စဉ်၏၊ ငုပ်†ကျဉ်ဓမ္မ၊ မယှိရအောင်၊ နိစ္စမြဲးမြံ၊ စောင့်ခြိုးခြံသည့်၊ ရာဇဓံတော်၊
ဂုဏ်နုဘော်ကြောင့်၊ ရှင်ပျော်မညှိုး၊ အမျိုးလေးပါး၊ လူအများက၊ *မြေလား
ရေလား၊ နဘေလားနှင့်၊ *တိုင်းကားဇနပ္ပဒ၊ သာချမ်းမြလျက်၊ ကာလမချာ၊
သင့်ချိန်ခါတိုင်း၊ ဒေဝါထစ်ကြိုး၊ နတ်မိုးရေယဉ်၊ သွန်းအစဉ်ဖြင့်၊ ဆက်လျဉ်
ရှေးရိုး၊ ကျွန်တော်မျိုးတို့၊ ဘိုးဘေးဘိကျူး၊ မကြားဘူးလည်း၊ ထူး၍ကြုံရ၊

ဓမ္မိကနှင့်၊ ဓမ္မရာဇာ၊ မည်တော်သာသည့်၊ နတ်ရွာသခင်၊ နိဗ္ဗာန်ရှင်ဟု၊ ဦးတင်ရိုကျိုး၊ ရှိခိုးမပြတ်၊ ကိုးကွယ်မှတ်၍၊ ရှည်မြတ်သက်တော်၊ ကျော်ထက်ကျော်အောင်၊ နန်းပေါ်ကြွ*ညောင်း၊ စံပါကြောင်းဟု၊ အပေါင်းပြည်သူ၊ များရှင်လူတို့၊ *ပတူပ†ယင်၊ တောင်းဆု*†ရင်သည်။ ။သခင်လောကီဘုရားတည်း။ (၅)

၃၃၆။ လောကီ့ကိုးရာ၊ မျိုးမဟာဖြင့်၊ လူ့ရွာအဟို၊ ပြောမှတ်ဆိုသား၊ လူကိုအစ၊ ဗြဟ္မာကတည့်၊ လူမျာ့း*သနင်း၊ မင်းကိုအစ၊ သမ္မတဟု၊ ကမ္ဘာ့*တံထွာ၊ ဓမ္မတာတိုင်း၊ ကမ္ဘာတည်က၊ ဗြဟ္မာစလျက်၊ ဗြဟ္မာ့ရိုးဘွား၊ ရွှေဘုန်းအားနှင့်၊ ဖြစ်ငြားလူမှာ၊ ရှေးဦးစွာလျှင်၊ မဟာသမ္မတ၊ ခတ္တိယနှင့်၊ ရာဇဟူသည်၊ သုံးမည်ခံပြု၊ မနုသညာ၊ မင်းကဖြာ၍၊ ကမ္ဘာနှင့်လူ၊ လူနှင့်လူမင်း၊ စဉ်မကင်းဘဲ၊ စိုးခြင်းအုပ်ဘွဲ့၊ ခြောက်ဆဲ့လေးမန္တန်၊ ကာလဝန်ဖြင့်၊ မလွန်စောင့်ဆောင်၊ မပြတ်အောင်တည့်၊ ဘုန်းခေါင်ဘုန်းဖျား၊ ဘုန်းထင်ရှားသည့်၊ တရားဓမ္မရာဇ်၊ တို့ရှင်ချစ်ကား၊ အဖြစ်ထူးစွာ၊ ဘုန်းပညာနှင့်၊ အာဏာဓမ္မဖက်၊ နှစ်ပါးဘက်ပြီး၊ ရွှေလှက်ငင်ဆွဲ၊ လူ*ခပဲးကို၊ နတ်ပွဲးထက်ခွင်၊ ပို့ပေတင်၍၊ လူတွင်သိကြား၊ လူဘုရားဟု၊ အများကြည်ချစ်၊ ကိုးရာဖြစ်၏၊ နန်းသစ်စိုက်ထူ၊ ဓဆောင်းထီးဖြူနှင့်၊ ဇမ္ဗူဒိပ်ထက်၊ ဆယ်ကျိပ်ရာခင်း၊ ပြည်ထောင်မင်းလည်း၊ မာန်တင်းမပြု၊ ခွန်သွင်းမှုလျက်၊ ဘူပထဗျာ၊ မြေမျက်နှာတွင်၊ တေဇာရှိန်ဆည်း၊ ဘုန်းဝိဇည်းဖြင့်၊ ပြတည်းဟောမာ၊ ရွှေသီဟာထက်၊ ချမ်းသာနတ်စစ်၊ ရိုးရာဖြစ်၏၊ သောင်းခေတ်လူ့နယ်၊ ဇမ္ဗူ့လယ်တွင်၊ လူဝယ်လူချင်း၊ မတူလျှင်းဘဲ၊ လူမင်းဓိပတိ၊ တုမယှိကြောင့်၊ ဣဿရိယ၊ ဘုန်းတော်စသည့်၊ မမျှနိုင်းဘွယ်၊ လွန်ကြီး†ကျယ်လျက်၊ မိုး†ကြွယ်*အယောင်၊ ရွှေမျာ့းဘောင်က၊ ခွါရှောင်ဘော်နည်း၊ ကိုယ်တော်ချည်းသာ၊ *အရည်းမုန္နေ၊ သွင်*ဓလေ့ဖြင့်၊ ရသေ့အမူ၊ ယူ၍*လျပ်လျပ်၊ တောမြိုင်ရပ်သို့၊ ဆည်းကပ်အောင်းခို၊ ထွက်စံလိုဟု၊ မိုးပြိုသောလား၊ မိန့်တော်ကြားသား၊ ဘုရားဘုန်းမော်၊ ဗျာဒိတ်တော်ကို၊ တဘော်*ဝန်းလျှား၊ ကျွန်တော်များတို့၊ ထင်ရှားပြက်ပြက်၊ ထိပ်ဒယ်ရွက်၍။ ။ဦးဘက်ဆင်ရ သည်ဘုရား။ (၆)

၃၃၇။ ဗောဓိမျိုး*လျှာ၊ စိုးကမ္ဘာနှင့်၊ နေလာသမ္မတ၊ အာဒိကမ္ဘ၊ သူရိယမိတ်၊ အာဒိစ္စဗန်၊ နေမျိုးမှန်ကြောင့်၊ သူရကန်ရှိန်၊ ဖန်ရဝိန်သို့၊ *နှုန်းချိန်ပမာ၊ မြေမျက်နှာထက်၊ တေဇာညီးညီး၊ ဘုန်းတော်ကြီးလျက်၊ ထီးဓိပတိ၊ ဝင်းဝင်းညိသား၊ ဒွိပဒုက္ကဋ်၊ လောကနတ်ဟု၊ မဟာတ္တယ၊ ဂုဏ်သေဋ္ဌနှင့်၊ ဘဝ*သနင်း၊ မြတ်လောင်းမင်းလျှင်၊ ဘော်သင်းရွှေဘောင်၊ ငြိုးငွေယောင်က၊ *ယခေါင်ရှေးဟို့၊ ဖြေစလိုမူ၊ နဂိုရ်*ကြင့်နှန်း၊ သာတင့်ဆန်းသား၊ လွှတ်နန်း*ရင်ပြင်၊

ရှေတော်ခွင်ဝယ်၊ ဆင်ကိုဆင်ချင်း၊ မြင်းလည်းမြင်းနှင့်၊ စီးနင်းမောင်းနှင်၊ စက်တော်တင်၍၊ နတ်သွင်ရွှေကိုယ်၊ ရွှယ်ပျိုရှုသင့်၊ ဘုန်းပွင့်ပွင့်ဖြင့်၊ သက်တင့်ရေသောက်၊ ပြန်ခေါက်ဝဲကာ၊ ဖြူဟ္မာလက်လှမ်း၊ ရွှေကွမ်းရုံထက်၊ မပျက်ဟန်လှ၊ သိကြွားတန်ဆောင်၊ ဂဋ္ဌုန်တောင်နှင့်၊ စွန်တောင်ဖြန့်လေ့၊ ခြင်သေ့တန်းဆွဲ၊ ကိုယ်တော်နွဲ့၍၊ ပယ်ခွဲ ပယ်စိတ်၊ ဝါကျိတ်ခိုနန်း၊ စောင်းရန်းသမက်၊ လက်ဆက်ကြာဖူး၊ ဆင့်ထူးပုခက်၊ နွယ်ထွက်နွယ်ဝင်၊ အုန်းပင်ရေသွန်း၊ လေးကျွန်းမှန်ကူ၊ စံမတူတည့်၊ တမူတင့်လွန်၊ ရွှေတမ်းခွန်*ယောင်၊ တန်ဆောင်ဘုံနန်း၊ ထူးဆန်းရှစ်မြှောင့်၊ ရှစ်ထောင့်ပုံကွဲ၊ စွန်ဝဲစွန်သုတ်၊ သမုတ်ကျယ်ခွဲ၊ စချီဘွဲ့သား၊ သုံးဆဲ့ခုနစ်မျိုး၊ ရှေးသတိုးတို့၊ စီးရိုးစုံပေါင်း၊ ပြန်လှန်ပြောင်းလျက်၊ *အဲးမောင်းဝင့်ချီ၊ ရှုဘွယ်အီ၏၊ အစီအစီ၊ ခါတညီလည်း၊ ဗလီလုရိုက်၊ မင်းသာထိုက်သား၊ မင်းသိုက်စိုးခမ်း၊ ညိတ်ညိတ်ပြွမ်းမျှ၊ သောင်ကမ်းငြိမ့်စေ၊ မျှားခြွေရွှေနှင့်၊ တျာတေလုံးထောက်၊ နရည်းကောက်၍၊ တက်မြှောက်တက်ဝဲး၊ ရေပေါက်ကြဲးတည့်၊ ပုလဲးသီဟန်၊ ပန်ချေဟန်က၊ စသည်တက်ဆန်း၊ ဆဲ့နှစ်ခန်းဖြင့်၊ ရေနန်းသဘင်၊ မင်းပွဲး*ရင်လျက်၊ စံရှင်ဖျော်ဖြေ၊ တခဲးထွေအောင်၊ ရွှေလှေရွှေလောင်း၊ မြစ်လုံး*ညောင်း၍။ ။*ဗိုလ်ပေါင်းရှင်ပျှ သည်ဘုရား။ (၇)

၁၃၈။ မောင်ဋ္ဌိစိုးကာ၊ မိုးဖြူဟ္မာသို့၊ မဟာနုဘော်၊ *နူန်းမမြော်သား၊ ဘုန်းတော်မိပတိ၊ ရာဇိဒ္ဓိနှင့်၊ သိရိပဝ†ရ၊ အာဒိ†တျဟု၊ နေကနွယ်မြတ်၊ သမ္ဘိန်ဇာတ်ဖြင့်၊ တဥက္ကဋ္ဌကြီး၊ *ဦးကိုင်စီး၍၊ ထီးပေါင်းတရာ၊ မင်းတကာ၏၊ စူဠ္ဌာ*ဥသျှောင်၊ မကိုဋ္ဌရောင်တို့၊ ပြောင်ပြောင်ထိန်ဝင်း၊ ရွှေစက်ရင်းနှိုက်၊ ထွန်းလင်းမကွာ၊ *ညိမ္မူကာလျှင်၊ စကြာတော်ထူး၊ ရောက်*မူးမူးနှင့်၊ ကျေးဇူးတော့ရှင်၊ ဘုန်းနိသင်ကား၊ *နူန်းအင်မရ၊ တုမမျှတည့်၊ မျှားလှ ငြိမ့်ညောင်း၊ မြေတိမ်းစောင်းမျှ၊ သောင်းသောင်းဗိုလ်ပါ၊ ရံတခါသော်၊ မဟာနဂရ၊ ဌာန*ဗဟို၊ လှည့်လည်*ကြို၍၊ ထိုထိုရပ်ခွင်၊ မြို့တော်ပြင်တွင်၊ သဘင်တဲးနန်း၊ စံတော်ကွန်းနှင့်၊ ထူးဆန်းလှစွာ၊ ဝတိ သာဝယ်၊ ဣန္ဒာဘုန်း*ဝှန်၊ စံမှေ့*မွန်သား၊ နန္ဒ†ဝန်မည်မှတ်၊ သာလွန်မြတ်၍၊ နတ်တို့နိမိတ်၊ စုတိဟိတ်လည်း၊ မထိတ်စေမြို့၊ လွန်ရှင်ပျှိုလျက်၊ နတ်တို့ပျော်ယှဉ်၊ နတ်ဥယျာဉ်သို့၊ ပင်စဉ်ငယ်ကြီး၊ ရှုမငြီးအောင်၊ ပွင့်သီးထွေထွေ၊ ဖူးသန္ဓေနှင့်၊ *သရေသစ်သစ်၊ ခါမလစ်ဘဲး၊ *ပုရစ်ကင်းငုံ၊ လှိုင်သင်းထုံလျက်၊ ပန်းစုံပေါကြွယ်၊ အုံ့မောဘွယ်တည့်၊ ကြီးငယ်မျှားစွာ၊ ငှုင်း ခါက၊ သာရကာငှက်†ကျေး၊ သံစုံကြွေး၍၊ ဘော်†ကြေးကြွေဥ၊ ပုလဲးစုနှင့်၊ သဲးနုပြူစင်၊ မဏ္ဍလင်ဖြင့်၊ မြေပြင်သာယာ၊ အင်္ဂါလည်း၊ မင်္ဂလာသေတ္တာ၊ ပေါင်းရှို့စုသို့၊ ပျော်မှုသွယ်သွယ်၊ ပျော်ရေးကျယ်လျက်၊ ပျော်ဘွယ်အတိ၊ တုမယှိအောင်၊ သိရိတမ်းခွန်၊ သာမျိုးလွန်သည့်၊ အမ္ဗဝန် မည့်ခေါ်၊ ဥယျာဉ်တော်သို့၊ စံပျော်ထွက်မြဲး၊ မင်းတို့ပွဲးနှင့်၊ ပျော်မြဲးမပျော်၊

ယခုသော်မူ၊ ရွှေကိုယ်တော်ချည်း၊ ဖန်ရည်စည်း၍၊ *အရည်းပြုလို၊ ဘဲ့ကြောင့်ကိုဟု၊ အလိုထင်စွာ၊ သိပါရကြောင်း၊ ဥက္ကောင်းလက်ထား၊ ရှိညွတ်တွား၍။ ။ မတ်မျှားတင်ကြ သည်ဘုရား။ (၈)

(ဤသုံးပိုဒ်ကား-ပထမ ပဒလုံးပိုဒ်စုံ၊ ဂ၇-ပိုဒ်စီ ထူးဆန်းထွေလာ။)

၃၃၉။ ဤသို့မတ်ပုံ၊ *ရံဝန်းအုံလျက်၊ တပုံ*ပြည်း|ပြည်း၊သာဖြည်း|ဖြည်းတိ၊ *ယမ်း|ပည်းရှိ|ကျိုး၊ လက်စုံမိုး၍၊ မ|ကြိုးမကြွ၊ ဦးနှိမ်|ချပြီး၊ ကွဲ*|ခြဥက္ကောင်း၊ ပြတ်ကြွေပြောင်းသို့။ ။*ညွတ်|ပျောင်း မမော်၊ တင်သံတော်တည်း။ (၉)

အမစ္စာပုစ္ဆနခဏ်း ၉-ပိုဒ် ပြီး၏။

---

၂-ဓမ္မဒေသနာခဏ်း

ရာဇာ ပလိတံ ဟတ္ထေန ဂဟေတွာ အမစ္စာနံ ဣမံ ဂါထမာဟ^၁။

၃၄၀။ မှူးမတ်ဝန်းအုံ၊ တင်ကြတုံသော်၊ ရွှေဘုံစိုးစံ၊ တန်းခိုးလျှံသား၊ ဒိသမ္ပတေ့၊ ဘုန်း*ဟော့မဟာ၊ လောင်းရာဇာက၊ ကေသာဖြူရွက်၊ ဆံတခက်ကို၊ ရွှေလက်တော်ယူ၊ ကိုင်တော်မူ၍၊ များထူထံရင်း၊ ခဝပ်စင်းသား၊*ခပင်းရံပတ်၊ မှူးမတ်တို့အား၊ ထင်ရှား|ပြက်ပြက်၊ မှန်မ|ပျက်အောင်၊ အဋ္ဌက္ခ|ရာ၊ သန်းသင့်စွာလျှင်၊ပ|ထျာဝုတ်၊ဂါထာပုဒ်ကို။ ။ရွှေနှုတ်သံချို၊ကျူးရင့်ဆိုတည်း။(၁)

ဥတ္တမင်္ဂရုဟာ မယှံ၊ ဣမေ ဇာတာ ဝယောဟရာ။
ပါတုဘူတာ ဒေဝဒူတာ၊ ပဗ္ဗဇ္ဇာသမယော မမာတိ^၁။

၃၄၁။ ခြောက်ပါးရှစ်ပါး၊ ကိုးခုအားဖြင့်၊ အပြားထင်စွာ၊ ဂုဏ်အင်္ဂါနှင့်၊ ညီညာသီးသီး၊ စုံပြည့်မှီး၍၊ ထီးနှင့်စလွယ်၊ ရာကြီးငယ်တို၊ တင့်တယ်ဆောင်|ယောင်၊ ဝင်းဝင်းပြောင်ဖြင့်၊ ဂုဏ်|ရောင်*လေးတွဲ့၊ မ*နုန့်နွဲ့ဘဲ၊ ရွှေဘဲ့*ဝတ်လုံ၊ ခြုံရုံနတ်စစ်၊ မဟာရာဇ်သို့၊ သင်းကျစ်ရွှေဖောင်း၊ တမာဆောင်းလျက်၊ သူကောင်းတော်စု၊ ငါခန့်ပြု၍၊ တိုင်းမှုပြည်မှု၊ အရှင့်မှုက၊ သင်းစုများစွာ၊ ဆိုင်ရာရာနှင့်၊ မက္ခာလက်ကိုင်၊ ပြည်ရေးပိုင်သည့်၊ မဏ္ဍိုင်သဖွယ်၊ မတ်ကြီးငယ်တို့! နားဝယ်*မ|သုန်၊ ထောင်ကြကုန်လော့၊ ဝ|သုန္ဓရီ၊ မဟီတလာ၊ မြေမျက်နှာထက်၊ မရာစရိ၊ မြေကြီး့အလုံး၊ အောက်ရေဆုံးလျှင်၊ သိမ်းကျုံးကုန်အောင်၊ ဘုန်းဖြင့်ဆောင်သည့်၊ မင်းခေါင်သာဂရ၊ *စောဒေဝဟု၊ ငါ့ခမည်းတော်၊ ရွှေနန်းပေါ်နှိုက်၊ ငယ်ပျော်ငယ်ပါး၊ ငါမင်းဖျားလျှင်၊ ငယ်သွားသော်လာ၊ ငယ်မူရာဖြင့်၊ ရတနာစလွယ်၊ ဆဲ့နှစ်သွယ်နှင့်၊ သူငယ်

---

၁။ ဇာတကအဋ္ဌကထာ၊ ၁-နှာ ၁၅၅။

ဘာဝ၊ ကုမာရဟု၊ မင်းသားအဖြစ်၊ ရွှယ်နုမျစ်လျက်၊ စင်စစ်ကြာ*ညောင်း၊ နှစ်အပေါင်းတိ၊ ရှစ်သောင်းလေးထောင်၊ ကုန်*ကျွန်းအောင်သည်။ ။ ငယ်ရောင် ငယ်ရုပ် ငယ်သွေးတည်း။ (၂)

၃၄၂။ ထိုမှနောက်တိ၊ ရွှယ်ရောက်ချိန်သင့်၊ ပန်း*နှယ်ပွင့်က၊ ဘခင့်လက်ရုံး၊ အချာထုံး၍၊ ပြည်လုံးလွှဲကာ၊ ဥပရာဟု၊ မင်း*လျာခံပြီး၊ မင်းဖြစ်နီးသား၊ ရွှေထီးရှစ်လက်၊ ကျိုင်းခြောက်ချက်နှင့်၊ ဖြန့်ကြက်မိုးလစ်၊ အိမ်ရှေ့ဖြစ်ဖြင့်၊ ရှစ်သောင့်းလေးထောင်၊ လွန်အောင်ရှည်လျား၊ ပျော်စံစား၍၊ ဘဖျားမင်းကျော်၊ နတ်ပြည်ပျော်သော်၊ မွေ့တော်ရာ*ရိုက်၊ သောင်းညာတိုက်ကို၊ သိမ်းပိုက်အုပ်ထွေ၊ ဘုန်းတော်နေနှင့်၊ ဝိဒေမည်သာ၊ မဟာရဋ္ဌ၊ တိုင်းဇော်ယျထက်၊ ထာဝရကိန်းသိမ်း၊ ဘွင့်ပြန်ပြီးမှ၊ မင်းထီး*ပစ္စုး၊ ငွေရွှက်ဖြူဖြင့်၊ စိုက်ထူညီးညီး၊ *ဦးကိုင်စီးလျက်၊ ပြည်ကြီးအောင်ချာ၊ ထက်နိမ္မာသို့၊ မိထိလာနန်းသစ်၊ စိုးစံလှစ်၍၊ အနှစ်ရှစ်သောင်း၊ လေးထောင်ပေါင်းဖြင့်၊ ကြာညောင်းကျော်ဟိုး၊ လူအမျိုးကို၊ အုပ်စိုးဘုန်းရှိန်၊ သိကြားချိန်သား၊ ဝရဇိန်လက်နက်၊ မိုးကြိုးစက်သို့၊ မြေအက်*တိမ်းပင်း၊ ညီး*တလင်းမျှ၊ မာရ်မင်းဖြစ်ဖြစ်၊ မာရ်စစ်ဟူဟူ၊ *ဗိုလ်လူပြည့်သိပ်၊ တိမ့်နှယ်လိပ်၍၊ ဆယ်ကျိပ်ရာဇာ၊ မင်း*တကာတို့ပက်ပါ*ဆီးဆို၊ ကြိုလင့်*တပဲ၊ ရဲ၏ဟူလျှင်၊ ဆင်သော်ဆင်ချင်း၊ မြင်းမြင်းချင်းဖြင့်၊ စီးချင်းလာစေ၊ ရှောင်မသွေဟု၊ သရေ*ကိုးကား၊ ငါ့ဘုန်းအားဖြင့်၊ ယောကျ်ားအဖြစ်၊ တုမရစ်ဘဲ၊ မင်းစစ်*ဖိလာ၊ ငါနှင့်ငါသာ၊ ပမာ*တမျှ၊ ဆိုလောက်စွအောင်၊ *သံပ*ဟုံးစုံး၊ ဘက်မဲ့*ကြုံး၍၊ လက်ရုံးဆန့်ထောင်၊ ပြည်ကျိုးဆောင်သည်။ ။မင်းရောင်မင်းရုပ် မင်းသွေးတည်း။ (၃)

(ရတိဋ္ဌာယီဘာဝ ကာမသိင်္ဂါရရသ, ဥဿာဟဋ္ဌာယီဘာဝ ယုဒ္ဓဝီရရသ-တို့ကို ပြသတည်း။)

၃၄၃။ ယင်းသို့မူလ၊ လူဖြစ်စက၊ *မဆွ*လက်မှန်၊ အရင်းပြန်ပြီး၊ ဗိမာန်*ရဝေ၊ နန်းဇေရွှေ*စတိ၊ မလိတ္တိနိုက်၊ အာဒိအခ၊ ဇာတိရ၍၊ အဂ္ဂမှူးတင်၊ ကမ္ဘုရှင်တိ၊ မိခင်မယ်မင်း၊ သန့်စင်ရှင်းသား၊ ယာဉ်းကစသွယ်၊ သူငယ်အိမ်ရှေ့၊ နန်းစံစေ့အောင်၊ စစ်၍တွက်ကိန်း၊ ဂဏန်းထိန်းသော်၊ နှစ်သိန်းငါးသောင်း၊ နှစ်ထောင်ပေါင်းဖြင့်၊ ရှစ်သောင်းလေးထောင်၊ သုံးပြန်ဆောင်သည့်၊ *မြားမြောက်နှစ်စု၊ သက်အာယုလုံး၊ ဗာဟုဝရဇိန်၊ ပြင်းရှိန်ကေဇ၊ တန်းခိုးရှသား၊ အဘလည်းမင်း၊ မိလည်းမင်းချည်း၊ နှစ်စင်းအပြိုင်၊ နေမဏ္ဍိုင်မှ၊ ရောင်စိုင်သီရိ၊ လေးကျွန်းညီသို့၊ သမ္ဘုတိနွယ်ရိုး၊ ကမ္ဘာစိုးကု၊ အမျိုးဘုန်းဂုဏ်၊ *မသုန်မဖျင်း၊ စည့်ကင်း*မော်ကွန်း၊ ဒေါင်းနေဝန်းနှင့်၊ လဝန်းယုန်အိမ်၊ မဟာသိမ်သို့၊ မြုပ်တိမ်မယို၊ ကျွန်းလုံးသိအောင်၊ ဇာတိပုည၊ ဂုဏမဟာတ်၊ အမြတ်သုံးပါး၊

ကျော်ထင်ရှား၏၊ *လွှ့ကြားကြေညာ၊ သောင်းမြေချာဝယ်၊ ဝဇီရာစိန်ညွန့်၊ ခြောက်ရောင်*ကွန့်သား၊ ဆဒ္ဒန်စုံစွယ်၊ ပေါက်သားငယ်တို၊ ရှယ်ရှုံ့ခံ့၊ မခံ့ဝံ့ သို၊ တုန်ရွံကိုယ်လုံး၊ ဇီဝိန်ဆုံးမျှ၊ ပိန်ချုံးကြောက်အား၊ သက်ဆံဖျားဖြင့်၊ ရွှေဘွားစက်အောက်၊ ရာထီးဆောက်တို့၊ ညွတ်ရောက်*ကျိုးနွံ၊ ကျွန်တော်ခံ၍၊ သက်နှံသားကြီး၊ သမီးကညာ၊ ပဏ္ဏာဆက်ထား၊ မဘောက်ပြားဘူး၊ ဘုန်းအား ရုံးအား၊ မိုးသိကြားနှင့်၊ လျော*လျားထပ်တူ၊ ပြိုင်မပြူဘဲ၊ ဇမ္ဗူကျွန်းကြီး၊ မြရည်ညီးထက်၊ *စစ်စီးတုမဲ့၊ နိုင်း*ရှဲ့မထင်၊ လူ့ခွင်တလွှား၊ စံဘက်ရှား၏၊ နှစ်ပါးဓမ္မ၊ စာရိတ္တလည်း၊ တိက္ခမုဒုံ၊ စွယ်စုံမချို၊ မင်းတိုလက္ခဏာ၊ စုံပြည့်စွာ လျှင်၊ နေမှာပဒုံ၊ ကော်ကနုကို၊ ပွင့်ပြုစေတတ်၊ အမှတ်တခြား၊ အစဉ်အားဖြင့်၊ လကားကုမုဒြာ၊ ကြာဖြူအပေါင်း၊ ပွင့်ကြောင်းမှန်လှ၊ နေနှင့်လသို့၊ *တမျှ မပြား၊ ပြည်တိုင်းကားအား၊ စီးပွါးရှာရှာ၊ ပွင့်လင်းသာအောင်၊ မေတ္တာရွှေး *ကို၊ မ*ငြင်ငြိုဘဲ၊ ဗြဟ္မစိုရ်လေးပါး၊ အစဉ်ပွါး၏၊ တရားမလွတ်၊ ကျင့်ဝတ် မကွာ၊ ချမ်းသာမတိမ်၊ စည်းစိမ်မညှိုး၊ ဘုန်းရှိန်တိုး၍၊ နေမျိုးဆက်ကာ၊ နေနွယ်ဖြာလျက်၊ မဟာသမတ်၊ ကမ္ဘာနတ်က၊ မန္ဓာတ်စကြာဝတေး၊ နွယ်တော် ရွှေးဖြင့်၊ ငါ့ဘေးနန်းစိုး၊ ငါ့ဘိုးနန်းရ၊ ငါ့ဘနန်းပိုင်၊ ငါနန်းထိုင်၍၊ *ဦးကိုင် စံစိုး၊ လူအမျိုးကို၊ တန်းခိုးလွှမ်းအုပ်၊ ငါမင်းလုပ်သည်။ ။မင်းရုပ် မင်းပုံ မင်းမွေးတည်း။ (၄)

(ဧင်းလည်း ရှေးအတူ ရသတို့ကို ပြသည်။)

၃၄၄။ ရှစ်သောင့်လေးထောင်၊ သုံးပြန်ဆောင်သား၊ *မြားမြောင်ထိုမျှ၊ ဂဏန်းချသော်၊ ခသည၊ နေတြန့်င်၊ ဗဏစမ္မ၊ သင်္ချာရ၍၊ ကမ္ဘာ့တန်းဆာ၊ လေးဒိသာကို၊ လေးဖြာရောင်ပျို၊ မှောင်မညို့သည့်၊ မြင်းမိုရ့်လုံးပတ်၊ တာခတ် ယောဇန၊ ပမာမျှအောင်၊ ကာလ*တောင်တာ၊ ရှည်ကြာနှစ်စု၊ သက်အာယုဖြင့်၊ လူ့ဇာတိစစ်၊ မင့်အဖြစ်နှင့်၊ ဒေဝရာဇ်တူ၊ *မုနေသယ၍၊ ဇမ္ဗူသောင်းလုံး၊ ငါဟုန်ကြုံးလျက်၊ ခွန်ကျုံးသိမ်းခံ၊ ရွှေနန်းစံသည့်၊ နိုင်ငံစိုးဘိ၊ ငါဘုန်းယို၏၊ ဇာတိမြစ်စိုက်၊ သန္ဓေလိုက်ဖြင့်၊ အ*ကိုက်ကြီးပွါး၊ ဘုတ်လေးပါးတို့၊ ထင်ရှား ပေါက်ကျင်၊ ဤကိုယ်ပင်ကား၊ အမြင်ရွှေ်ရွှေ၊ ရင့်အိုရ်၍လျှင်၊ နေ့ကိုရက်စား၊ ရက်အားလမျို၊ လကိုနှစ်ဖြန်း၊ လွှနှင့်*ဆုန်းသို၊ ပြုန်းခဲ့ခနွာ၊ မခိုင်မာဘူး၊ ဇရာ မီးငွေ၊ တမွေမွေတိ၊ တနေ့တခြား၊ နှစ်ရှည်မျှားက၊ ပတ္တမြားနန်းအိမ်၊ စံမြန်းငြိမ်လျက်၊ မွေသိမ်ဩဇာ၊ နတ်သုဓာနှင့်၊ သီတာရေမျိုး၊ သုံးဆောင် ချိုးလည်း၊ အကျိုးမထင်၊ နာကျင်နာခြင်း၊ အိုမကင်းခဲ့၊ ဘောက်ယှင်းသိမ်မွေ၊ တန္ဓေရွှေလျှင်၊ ကိုယ်လေ့မှန်လှ၊ သခါရကြောင့်၊ ဘယ်မျှချမ်းသာ၊ ဟူစပါလည်း၊ ကြာကဌေး၊ ကရွတ်ဆွေးသို့၊ အိုရေးနာရေး၊ မြည့်မြည့်ဆွေး၍၊ သေဘေး မကင်း၊ ပျက်ရလျှင်းလိမ့်၊ သေမင်းမရဏ၊ ခံတွင်းဝသို၊ ဆင်းရမည်ဝတ်၊ မှန်မ

ချတ်တည့်၊ မလွတ်နိုင်စွာ၊ သေရစွာဖြင့်၊ ရတနာစီခြား၊ ပတ္တမြားမကိုင့်၊ ဆောင်းဆင်စိုက်လျက်၊ ကိုယ်နှိုက်အလှန်၊ *ဒုမ္မန်ဆုံးဖြစ်၊ ရွှေသင်းကျစ်နှင့်၊ ဦးရစ်ရွှေဖောင်း၊ ပန်းစုံလှောင်းသား၊ ဥက္ကောင်းရတနာ၊ မြတ်အင်္ဂါနှိုက်၊ ကေသာမြသား၊ အဖြူကျား၍၊ ထင်ရှားပေါ်မှု၊ ယခုတတည်၊ ဖြစ်လတ်သည်ကြောင့်၊ ငယ်ရည်ငယ်သွေး၊ ငယ်ရုပ်ဝေးလျက်၊ မင်းမွေးပျောက်ငုပ်၊ ဘောက်ခွဲချုပ်သည်။ ။သေရုပ်သေပုံ သေမွေးတည်း။ (၅)

(ဘယဋ္ဌာယီဘာဝ ဘယာနကရသ-၏ ဝိဘာဝကိုပြသတည်း၊ ထိုတွင် အိုခြင်း စသည်ကား အာရမ္မဏဝိဘာဝ၊ ဆံဖြူခြင်းကား ဥဒ္ဒီပနဝိဘာဝတည်း၊ ဤ၄-ပိုဒ်တို့ကား ရုဋ္ဌာဟက်ာရဝက်ဝုတ္တိအလင်္ကာ-ယှိသောပိုဒ်တို့တည်း။)

၃၄၅။ သတ္တရဇ္ဇဏ်၊ ခုနစ်တန်တိ၊ ယုဂန်အစ၊ သကဏ်ကျအောင်၊ ဥပစုချည်း၊ ခပတ်စည်း၍၊ ကွာနည်းနိမ့်မြင့်၊ အဆင့်ဆင့်ဖြင့်၊ ရှုတင့်စဘွယ်၊ ကြီးငယ်ပတ်ခြံ၊ တောင်စဉ်ရံသို၊ *လောက်ငံပညာ၊ ထူးဂုဏ်ဝါဖြင့်၊ မဟာအဂ္ဂ၊ ဌာနခေါင်စွန်း၊ တော်နေချွန်း၍၊ ရွှေကွန်းသိင်္ဂီ၊ ရွှေတိုင်မှီနှင့်၊ ရွှေနီစလွယ်၊ ဆဲ့နှစ်သွယ်တိ၊ တင့်တယ်ဆင့်ဆင့်၊ ဖောင်းရွှေပွင့်ချည်း၊ နိမ့်မြင့်ယာဝဲ၊ ရွှေနန်းထဲနှိုက်၊ အမြဲနိယံ၊ *ညီမူခံလျက်၊ ငါ့ထံညီးညီး၊ ငယ်ကြီးမပြတ်၊ ဝန်းရံပတ်သည်၊ မှူးမတ်အပေါင်း၊ ရွှေကျိုင်းဆောင်းတို့! ဥက္ကောင်းရတနာ၊ မြတ်အင်္ဂါနှိုက်၊ ကေသာယှင်းကွက်၊ ဤဖြူချက်ဖြင့်၊ ဆက်ဆက်အပြီး၊ သေမင်းကြီး၏၊ ထံနီး*တိုးတည်၊ နေသည်အ|ခြင်း၊ မှန်မယွင်းကြောင့်၊ ထုတ်|ချင်းမြေမိုး၊ ပျံလျှိုးပုန်းခို၊ မသေလိုလည်း၊ ဤကိုယ်မုချ၊ မနေရခဲ့၊ နိစ္စဓုဝ၊ မရဏမှ၊ မလွတ်ရပြီ၊ ငနည်းမ|ယှိ၊ ဘယ်မှုသိလိမ့်၊ တောင်|ရှိ*တံစိုး၊ ပေးထိုးမညှာ၊ ဗိုလ်ပါဆင်မြင်း၊ စစ်ပြိုင်ကျင်းလည်း၊ အောင်ခြင်းမမြင်၊ ကြာမတင်ခင်၊ လျင်လျင်ခုဘက်၊ ရက်စက်ခက်ထန်၊ မျက်မာန်ကြမ်း|ထန်း၊ငင်စွန်းစွန်းဖြင့်၊ တန်း|တန်းအမှန်၊ ဝေကန်သာ၊ လက်မြန်ဆောင့်တွန်း၊ ဝိုင်း*အုံဝန်း၍၊ *သုံ့ပန်းဒုပိုင်၊ အနိုင်ဇာထက်၊ နှိပ်စက်အပြင်း၊ ဖမ်းယူလျှင်းလိမ့်၊ မင်းထက်မင်းစစ်၊ ယာမရာဇ်ကား၊ ဖြစ်ဖြစ်သမျှ၊ သနွှေရသော်၊ ရှရှလုပ်လုပ်၊ သေးနုပ်ကြီးခံ၊ မဇနေ*ရုံ့တည့်၊ ယုတ်ညံ့ကောင်းဆိုး၊ ဘယ်အမျိုးမှ၊ ရှိခိုးမရ၊ မလွတ်စွဘူး၊ ကြီးလှတေဇာ၊ ဘုံသုံးရွာလုံး၊ မဟာဝိသယံ၊ နိုင်ငံကျယ်ဝင်း၊ အာဏာပြင်းသည်။ ။သေမင်းတ|မန်၊ အမှန်ငါ့ကို ချလာပြီ။ (၆)

(ဤကား ဒေဝဒူတာတိ ဒေဝေါ ဝုစ္စတိ မဃ-^၁စသော ဇာတ်အဋ္ဌကထာနှင့်အညီတည်း။

---

၁။ ဇာတကဋ္ဌကထာ ၁-၁၁၅။

၃၄၆။ ဒိဗ္ဗန္တိတိ၊ ဘွင့်ကျမ်းယှိတိုင်း၊ သဋ္ဌိသကဋ္ဌ၊ ပမာဏတည့်၊ ကောသလတိုင်း၊ *သမိုင်းအညီ၊ ပြည့်ထုံးမှီ၍၊ ခါရီနှစ်ဆယ်၊ မှတ်ဘွယ်မချို၊ လူတို့ဆက်လျှဉ်၊ အစဉ်သုံးခြင်း၊ တင်းချင့်အဝင်၊ ရှစ်ဆယ်တင်သည့်၊ အကြွင်လူဝယ်၊ ထိုလှည်းကျယ်၏၊ ခြောက်ဆယ်လှည်းပေါင်း၊ တင်လောက်ကောင်းသား၊ ဆင်ကြောင်းမျှားစွာ၊ နတ်တန်းဆာဖြင့်၊ ထိန်ဝါမပြတ်၊ ထွန်းပတတ်သား၊ မိုးနတ်ပြိုးပြက်၊ မိုးအထက်က! ရပ်လျက်တည်၍၊ မည်သည့်နေ့နှိုက်၊ မရွေသင်သည်၊ သေလိမ့်မည်ဟု၊ အတည်အမှတ်၊ ဆုံးဖြတ်တိတိ၊ နတ်မျက်စိဖြင့်၊ မြင်သိအလို၊ နတ်ပြောဆိုက၊ ထိုနတ်စကား၊ ထိုနတ်ကြားတိုင်း၊ မမှားကေန်၊ သေခြင်းမှန်သို့၊ လူ့ဌာန်ရပ်တွင်၊ အကြွင်သသူ၊ ဆံတည်းဖြူသော်၊ ထိုလူမုချ၊ မရဏသို့၊ ရောက်ရမချွတ်၊ လွဲမလွတ်တည့်၊ ဘုံထွတ်နန်းမြင့်၊ ခုနစ်ဆင့်နှိုက်၊ စံလင့်*ကစား၊ ငါမင်းဖျားလည်း၊ ဖြူကျားဆံတော်၊ ယခုပေါ်ခဲ့၊ ပျော်ပျော်ပါးပါး၊ ရွေးကလားသို့၊ ရှည်လျား*တောင်တာ၊ နန်းသိင်္ဂါထက်၊ မြင့်ကြာကာလ၊ မနေရဟု၊ ဒေဝအာ|ချင်း၊ သေမည့်|ခြင်းကို။ ။နတ်မင်းတ|မန်၊ အာ|မှန်ငါ့ကို ဟလာပြီ။ (၇)

(ဤကားဒေဝေါဝိယ ဒူတာတိ ဝိဒေဝဒူတာ[၁]-စသော ဇာတ်အဋ္ဌကထာနှင့်အညီ တနည်းအလိုတည်း။)

၃၄၇။ လေးရှစ်ဆဲ့ခြောက်၊ သင်္ချာနောက်နှိုက်၊ သိန်းမြောက်ကမ္ဘာ၊ ကာလကြာအောင်၊ ပါရမီသုံးဆယ်၊ ငါးသွယ်စွန့်ကြီး၊ ကျင့်သီးသုံးပါး၊ တိမ်းမမှားဘဲ၊ ဖြည့်အားစွန့်ကျင့်၊ ရွှေဉာဏ်ရင့်၍၊ လေးဆင့်ငုံအာ၊ ဆဲ့ခြောက်လွှာတိ၊ သစ္စာ*မုံထွား၊ ကားကားရောင်|မှည့်၊ ပြောင်ပြောင်*စည့်လျက်၊ ပွင့်|မည့်ဘဝ၊ ပစ္ဆိမနှိုက်၊ သဗ္ဗဗောဓိ|သတ်၊ လောင်းတော်မြတ်တို့၊ ဆုံး|သတ်ရိပ်ငြိမ်၊ စည်းစိမ်လွန်မင်း၊ စံစားခြင်းလည်း၊ မြင်းမိုရ်ထိပ်ချာ၊ ဝတိံသာဝယ်၊ ဝေယန္တာနန်း၊ ဘုံ*ကြွင်နန်းထက်၊ ငါးသန်းကုဋ္ဌေ၊ ထက်ဝက်ရွှေတိ၊ ရွှေဇာတိစစ်၊ ဝင်းဝင်းလှစ်သား၊ ဒေဝစ္ဆရီ၊ နတ်ဒေဝီတို့၊ ရွှေညီဖြဖြ၊ ရံမှီခ၍၊ ဝဇီရဟတ်၊ ဘူတပတ်ဟု၊ မိုးနက်ထွတ်ဖျား၊ ပျော်စံစားသည့်၊ သိကြားဣန္ဒာ၊ ဒေဝရာသို့၊ ရတနာခြယ်|သတ်၊ မျက်စုံခတ်လျက်၊ ပြာ|သာဒ်ရွှေဘုံ၊ ရံရွှေစုံနှင့်၊ အာရုံငါးပါး၊ ပျော်စံစားစဉ်၊ တရားသိမြော်၊ ပွင့်ချိန်တော်က၊ မိုးပေါ်အာကာ၊ ငါးဆင့်သာသည့်၊ သုဒ္ဓါဘူမိ၊ နန်းသိရိမှ၊ ဝိသုဒ္ဓိမြတ်၊ သုဒ္ဓါနတ်တို့၊ အမှတ်သံဝေ၊ ရတို့စေအောင်၊ လေးထွေထင်လင်း၊ ရွှေတွင်ဆင်းပြီး၊ အိုခြင်းအစ၊ ဆံဖြူဆွနှင့်၊ ပုဗ္ဗနိမိတ်၊ ပြသည့်ဟိတ်ဖြင့်၊ လန့်ထိတ်သော့အား၊ တောထွက်သွား၍၊ လေးပါးသစ္စာ၊ ပွင့်ကြစွာသည့်၊ မေ့တာအစစ်၊ ဖြစ်ဘိရကား၊ ထိုကြောင်းလျှားကြောင့်၊ ဘောက်ပြားအမူ၊ အိုခြင်းဟူသည်၊ ဆံဖြူအမှတ်၊

၁။ ဇာတဋ္ဌကထာ ၁၊ နှာ-၁၅၅။

ဝိသုဒ်နတ်တို၊ မချွတ်ထင်ရှား၊ စေသော့အားဖြင့်၊ ပျော်ပါးစိတ်လျော့၊ တောထွက်တော့ဟု၊ သဘော့အလို၊ မြွက်ဆိုအဟုတ်၊ သွေမယုတ်သည်။ ။ ဝိသုဒ်တ†မန်၊ အ†မှန်ငါ့ကိုပြလာပြီ။ (၈)

(ဤကား ဝိသုဒ္ဓိဒေဝါနံ ဒူတာတိပိ ^၁^-စသော ဂုင်းဇာတ်အဋ္ဌကထာ နှင့်အညီ တနည်းတည်း။

၃၄၈။ မစ္ဆုခေါ်ခြင်း၊ `သေမင်းတမျိုး၊ မိုးနတ်တဖြာ၊ ဒေဝါဝိသုဒ်၊ အတ္တုဒ္ဒိါရ၊ နေကတ္တဖြင့်၊ ဒေဝသဒ္ဒါ၊ ဝေါဟာအနက်၊ သုံးပါးထွက်နှင့်၊ မပျက်အ†မှန်၊ တ†မန်သမုတ်၊ ဟောဘော်ထုတ်သား၊ နောက်ပုဒ်ဒူတာ၊ ရုပ်သ†ဒ္ဒါကို၊ ကမ္ဘ†ဓာတစ်၊ ဆင္ဒြိနှစ်တိ၊ ပုဒ်စစ်ပါင်္ဂစစ်၊ အနက်ဆစ်၍၊ အမြစ်အခြေ၊ အနေတကျ၊ ကျမ်းရိုးပြလျက်၊ ဒေဝဒူတာ၊ ထိုသဒ္ဒါ၏၊ ယောဇနာခြင်း၊ ဝေါဟာလင်းက၊ သေမင်းမိုးနတ်၊ ဝိသုဒ်မြတ်တို၊ စေမှတ်ခိုင်းသူ၊ တမန်ဟူသည်၊ ဆံဖြူမည်သော၊ ဤသဘောကား၊ မင်း*စောငါ့တွင်၊ ခုလျှင်စင်စစ်၊ ထင်ရှားဖြစ်၏၊ ညစ်ညစ်ကျိ†ကျိ၊ ဘင်တွင်း†ကြီ့းသို့၊ ဘုမိကာမ၊ ဟီနယုတ်မာ၊ လူတို့ရွာတွင်၊ သူငါကစ၊ ပိုးလောက်မျှဖြင့်၊ ရွရွထောင်းထောင်း၊ မြင်မကောင်းအောင်၊ မပြောင်းနိုင်စွာ၊ မခွါနိုင်ဘိ၊ လူဇာတိသည့်၊ အမိအမူ၊ မပြုရအား၊ ကျွန်မသားလျှင်၊ *ပိုင်ကားအရှင့်၊ သခင့်လိုရာ၊ ပြုရစွာသို့၊ တဏှာသခင်၊ အရှင်ဆက်ဆံ၊ အကြောင်းခံလျက်၊ ရှေးကံစေတနာ၊ ယုတ်ညံ့စွာသည့်၊ ကာမာဝစရ၊ အိမ်ကျွန်မ၏၊ ပုတ္တဟူငြား၊ ဖြစ်စေဘွားသည့်၊ ကျွန်သားတစု၊ စက္ခု သောတ၊ ဃာန ဇိဝှါ၊ ကာယာသမ္ပဋ္ဌိစ်၊ အဟိတ်သဟိတ်၊ ဝိပါက်စိတ်တို၊ မဆိတ်အစဉ်၊ ဆီမီးလျှဉ်နှင့်၊ ရေယဉ်ပမာ၊ မပြတ်စွာလျှင်၊ ရူပါရမ္မဏ၊ သဒ္ဒါစသား၊ ကာမငါးပုံ၊ ဤအာရုံကိုက်၊ မြဲးထုံလေ့လာ၊ တပ်မက်စွာဖြင့်၊ မကွာနိုင်ကြ၊ ကျင်လည်ရသည့်၊ ကာမသတ္တဝါ၊ တို့သူငါကား၊ ခါခါမ*စဲး၊ သေအမြဲးနှင့်၊ သေပွဲခံလျက်၊ ငါး*နှယ်တက်၏၊ သက်သက်မချစ်၊ သေမင်း†ညစ်က၊ သတ်†ညစ်တော့မည်၊ ရံစစ်သည်နှင့်၊ ဝန်းလည်တင်း†ကျမ်း၊ သုံ့ပန်းဖမ်းသို့၊ အ†ကြမ်းသ†ရမ်း၊ မေ့†ယမ်းဆွဲးဆောင်၊ မလွတ်အောင်လျှင်၊ ချည်နှောင်ဘွဲ့ရစ်၊ ငြင်းမဖြစ်ဘူး၊ လည်ဆစ်ကြိုးသွင်း၊ ငင်အပြင်းဖြင့်၊ သေမင်းတ†မန်၊ အ†မှန်ခေါ်ငြား၊ မိုးနတ်ကြားလျက်၊ တရားသဘာဝ၊ ပြဟ္ဂပြသည်။ ။မုချသေချိန် တိုင်တော့၏။ (၉)

၃၄၉။ သေချိန်မုချ၊ အမှန်ကျဟု၊ အတ္တခြားရာ၊ ပြဟ္ဂ မိုးနတ်၊ သေမင်းမှတ်သား၊ ပညတ်မည်ပြား၊ နတ်သုံးပါးတို့၊ ထင်ရှားဘော်†ပြ၊ မရှင်†ပျအောင်၊ မြွက်ဟကြားကာ၊ ခေါ်ချလာ၍၊ ရာဇာမင်းသံ၊ စိုက်အလံနှင့်၊ ထိပ်ယံစီးဘိ၊ နင်းရောက်ယို၏၊ မျက်စိဆူးငြောင့်၊ စနောင့်*စနင်၊ အမြင်မသာ၊ အိုရုပ်ဝါနှင့်၊

ငါလျှင်အပြီး၊ သေချိန်နီးလျက်၊ ငါ့ထီးငါ့နန်း၊ ငါ့တိုင်းခန်းဟု၊ တပ်စွန်းနေငြား၊ ကျိုးမပွါးပြီ၊ သူများကိုသာ၊ စီရင်ကာလျှင်၊ ကိုယ်မှာကိုယ်မှု၊ ကိုယ်မပြုဘဲ၊ အနုသာသိက၊ ဆက်ရက်မသို၊ မုချမမှား၊ ကိုယ်ပျက်ပြားလိမ့်၊ လေးပါးအပါယ်၊ လွတ်ဘွယ်မထင်၊ ဤလူ့ခွင်နိုက်၊ ပျော်ရှင်လိုက်စား၊ တကြွားကြွားနှင့်၊ အောက်မားသွေးဟုန်၊ ကာမဂုဏ်ဖြင့်၊ ကျမုန်တီးတီး၊ မပြတ်စီးလျက်၊ ပေါက်ထီးမာတင်၊ ကျုံးတွင်းဝင်သို၊ အကြင်ငါလျှင်၊ မဆင်ခြင်ဘူး၊ ပလ္လင်ရှစ်ခန်း၊ ရွှေနန်းကိုးဆောင်၊ ပြိုးပြိုးပြောင်ထက်၊ စိန်ညောင်ညီး†ညီး၊ နတ်စည်တီးသို၊ မ†ငြိုးစေ†ကြောင်း၊ တယောအောင်းက၊ မိ†ကျောင်းနှင့်†ငြင်း၊ သံညင်း†ညင်းတိ၊ ဖြည်း†ညှင်းဆော်နှိုး၊ ရကင်ပျိုးလျက်၊ငြိမ့်မျိုးခြိမ့်သဲ၊နာမရဲအောင်၊ နန်းပွဲဘုံပြင်၊ အမြဲး*ရင်၍၊ သဘင်က†ချေ၊ အထွေထွေလည်း၊ လက်†ခြေညွှတ်ပျော့၊ ဟန်ကြော့†ကြော့နှင့်၊ မ†ကျော့မ†ကျည်း၊ ရှင်ကြည်း†ကြည်းတည့်၊ ခြည်းခြည်းနွဲ့ယိုင်၊ သံပြိုင်သံညီ၊ ပြုတာဂီဖြင့်၊ ကျူးသိခုန်က၊ ဦရှရှသား၊ အလှရှယ်*နှုန်း၊ တော်ဝင်တုန်းတို့၊ *သွေးစုန်းမျက်မည်း၊ *စုလည်းခွေရစ်၊ နတ်စစ်စစ်သို့၊ *ကလျစ် ကလျူ၊ မူရှုပျောင်း†ပျ၊ ပျော်ကြောင်း†ပြ၍၊ တကွ*ရော†ရ၊ ဝိုင်းကြီး ပြုလျက်၊ *က†ယုကယင်၊ ဝန်းကျင်ဖျော်ဖြေ၊ ရံမွေ့နေခဲ့၊ သေမည်မသိ၊ မိန်းဆေးမိသည့်၊ ဆင်ကြီးအသား၊ ငါမခြားအောင်၊ ငါးပါးကာမ၊ အာသဝဖြင့်၊ နေ့ညဖိန်းဖိန်း၊ တမှိန်း†မှိန်းနှင့်၊ မူး†မိန်းမပြေ၊ စံမေ့ဝေခဲ့၊ ကိလေယုတ်†မာ၊ ညစ်ကြုတ်စွာသား၊ ကိုယ်†မှာညှိုငေါက်၊ မရှူ*စောက်အောင်၊ အုန်း*အောက်နံစော်၊ *သရော်ညစ်ကြေး၊ ကိုယ့်မှုချေးကို၊ ကိုယ်ဆေးစင်†လျှော်၊ သန့်မှု†လျှော်၏၊ နန်းပေါ်ရဝေ၊ ရွှေဘုံဗွေထက်၊ ခြွေရွေရံခ၊ မောင်းမ မိဖုရား၊ သမီးသားနှင့်။ ။ပျော်ပါးပယ်ချိန် တိုင်တော့၏။ (၁၀)

၃၅၀။ ပယ်ချိန်ရောက်ငြား၊ သားမယားနှင့်၊ လိုက်စားလပ်လျား၊ မပယ်အားက၊ တရားလက်ကွာ၊ သမ္မာလက်ကင်း၊ သက်သက်ဖျင်းဖြင့်၊ အိုမင်းသက်†ကျား၊ ဘိုးမများဘူး၊ သ†ကြားထန်းလျက်၊ ပျားအိုးခွက်နိုက်၊ နှစ်သက်မခွါ၊ မက်မောစွာလျှင်၊ သာယာတပ်*ပြွေ့၊ မူးဝေမေ့လျက်၊ မရွေ့နိုင်ထွေ၊ သောက်သေသေကြ၊ ပရွက်ခြသို့၊ လူ့ဘဝလုံး၊ ဆုံးခဲ့အလား၊ အပါယ်သွားလိမ့်၊ ပျော်ပါးလွန်ဘိ၊ လောဘငြိ၍၊ သံကိလေသိက်၊ ညစ်ညူးစိတ်ဖြင့်၊ အဝိဇ္ဇာတုံး၊ မောဟဖုံး၏၊ မိုက်ဆုံးအန္ဓ၊ လူ့ဗာလတို့၊ ကိစ္စနည်းပါး၊ အိပ်အစားနှင့်၊ တရားမမြော်၊ အပျော်လိုက်မျိုး၊ စရိုက်ဆိုးကား၊ ကောင်းကျိုး*မဲ့ချည်း၊ အပျက်*ပည်းရှင့်၊ နတ်လည်းနတ်မှာ၊ နတ်တို့ရွာမှ၊ မကြာယွင်းဘောက်၊ ခန္ဓာပျောက်၏၊ အောက်အောက်နတ်ထက်၊ ဘုံခြောက်ဆက်လုံး၊ တိုးတက်လွန်၍၊ တိမ်မီးငွေ့သို့၊ သိမ်မွေ့လှစွာ၊ နတ်ဩဇာဖြင့်၊ ဗိဋ္ဌာရပဒ၊

တကျပ်မျှလောက်၊ ဟာရတခါ၊ မှိဝဲးပါက၊ နတ်မှာရက်လည်၊ ခုနစ်တည်ဟု၊
ဆိုသည်တမူ၊ ကေစိယူနှင့်၊ ခြောက်ဆူနတ်များ၊ နေ့တိုင်းအားဖြင့်၊ စား၏
ဟူထ၊ ကျမ်းလာပြတိုင်း၊ ဒေဝအလေ့၊ အချိန်မေ့အောင်၊ ပျော်မွေ့ တုံဘိ၊
လွန်သည်ယှိက၊ စုတိလျင်စွာ၊ နတ်ခန္ဓာလျှင်၊ အကြာမခံ၊ မီးလျှံပျောက်
*သုတ်၊ လေပြင်းမှုတ်သို့၊ တမုဟုတ်မျှ၊ ကွယ်ချုပ်ကြ၏၊ မောဟာတိုက်တိုက်၊
အပျော်လိုက်လျက်၊ သူမိုက်အမူ၊ *ဘဇာပြု၍၊ ယခုငါလျှင်၊ တောခွင်မထွက်၊
ရွှေကနက်နှင့်၊ နန်းထက်အုပ်မိုး၊ သူ့အ†ကျိုးကို၊ ဆောင်†ကြိုးကာသာ၊
မေ့လျော့စွာလိမ့်၊ နောင်ခါမချို၊ ကိုယ်ဘို့သုခ၊ ရအဲ့အမူ၊ ကြံမပြုက၊ ရာဟု
နတ်မင်း၊ စက်နဝင်းနှင့်၊ မကင်းအနေ၊ မလွတ်ထွေကြောင့်၊ ကြက်သရေ
ညှိုးသမ်း၊ လတ†ခြမ်းသို့၊ †ချမ်းသာကိုယ်ဘို့၊ နောင်ယုတ်ချိုအံ့၊ ပုဂ္ဂိုလ့်သဘော၊
လေးမျိုးဟောတွင်၊ ဇောတိတ†မ၊ အလင်း†မှလျှင်၊ ဘဝယုတ်မာ၊ ညစ်ညူး
စွာဖြင့်၊ ပါယ်ရွာဆိုးဝါး၊ အမိုက်လားသည့်၊ တပါးပုဂ္ဂိုလ်၊ မဖြစ်လိုဘူး၊
ရှယ်အိုဘောက်ယွင်း၊ ဆံဖြူခြင်းဖြင့်၊ သေမင်းခုသာ၊ ရောက်တို့လာပြီ၊ သေစာ
မှတ်ပြီး၊ သေချိန်†နီးခဲ့၊ ချည်း†နှိုးမျှသာ၊ ကိုယ်ခန္ဓာနှင့်၊ ပြည်ရွာရိပ်ငြိမ်၊
စည်းစိမ်ဟူလတ်၊ ဤသမ္ပတ်ကား၊ စွန့်တတ်စွန့်အပ်၊ ခေါ် ပညပ်လည်း၊ ဒြဗ်မပြား၊
ကံကတ္တားသို့၊ အခြားမယှိ၊ မိမိပင်သာ၊ ကြိယာမျှ၊ ဝေါဟာတသီး၊ သတ္တိ
ပြီးရှင့်၊ ခရီးကုန်ခန်း၊ မြှတ်ရာမြန်းသည်။ ။ရဟန်းပြုချိန် တိုင်တော့၏။ (၁၁)

(ဤပိုဒ်တို့ကား ငြီးငွေ့ခြင်းစသော ဗျာဘိစာရိဘာဝဖြစ်သည်တို့ကိုပြသည်။)

၃၅၁။ *တော်*ဒူး*စနည်၊ *ကွန်းခန်းသည်နှင့်၊ ပတ်လည်ဝဲး†ယာ၊ ကြယ့်
ပမာသို့၊ နေ†ရာလိုက်လျော၊ *ဘဝေါတွင်းပြင်၊ ညီလာခွင်နှိုက်၊ ခိုဝင်ညွတ်ခ၊
ဌာနန်ရ၍၊ ကိစ္စရေးရာ၊ *ပြည်လာ*ပြည်ထဲး၊ မှူခက်ခဲးတိ၊ နက်နဲး*ကုတ်ကော်၊
ဖြစ်ခဲ့သော်လျှင်၊ ရှုမျှော်ဉာဏ၊ ဆင်ခြင်ကြပြီး၊ ကိုယ်ငကိုယ်စီ၊ ပြည်မှုချီလျက်၊
ပြည်ဆီပြည်သား၊ ပြည်ကျိုးပွါးအောင်၊ တရားမဘောက်၊ ကိုယ့်ဂုဏ်လျောက်ဖြင့်၊
စောင့်ရှောက်လုံခြုံ၊ ပညာ*ကုံသည်၊ ဉာဏ်*ဟုံပြန့်ပြော၊ မတ်*ဩဘ်ရောတို့!
သဘောခြင်းရာ၊ *စိပ်စိပ်နာလော့၊ သတ္တဝါမြှတ်ယုတ်၊ *ဗိုလ်*အစုတ်ကား၊
အဟုတ်လတ်လတ်၊ ဥပတ်သံသေ၊ ရေကြည်ဂဗ္ဘ၊ အဏ္ဍဇဟု၊ လေးဝယောနိ၊ မျိုး
ဇာ†တိဖြင့်၊ †ပဋိသန္ဓေ၊ တည်နေပထမ၊ ရသည်ကလျှင်၊ စ၍ ထစ်ထစ်၊ ပြန်တဆစ်
မျှ၊ *မနစ်မဆိုင်း၊ တိမ်ရေလှိုင်းသို့၊ ခဏတိုင်းရွေ၊ သေချိန်စေ့အောင်၊ နေ့နေ့
ညည၊ ကာလရှည်တို၊ ပြေးသွားအို၏၊ ကိုယ်ယှိသမျှ၊ ရိုးရိုးရွလျှင်၊ ရှေးကဘိုး
ဘေး၊ ဘက်ဝေးမစံ၊ ခြွေရံများပြား၊ ဘုန်းကံအားဖြင့်၊ ကြီးမားဗလ၊
တေဇဘာဏု၊ အံသုမာလီ၊ ထောင်ရံသီသို့၊ လောကီလူနှိုက်၊ လူ့နယ်တိုက်တွင်၊
မကိုင်ရှိတဆူ၊ မင်း*မီးမူ၍၊ နေ့တူအာဏာ၊ လွန်ကဲးစွာသား၊ ရာဇာရာဇ၊
စကြဝတေး၊ ထိုတဝေးတို့၊ ယှိသေးဘယ်မှာ၊ လူတို့ရွာဝယ်၊ ရှာပါမထင်၊

တွေ့မမြင်ခဲ့၊ ဘယ်တွင်*တစိ၊ တည်မယှိဘူး၊ မြေကြီး့ဩဇာ၊ ပွါးစေပါလျက်၊ ယူဇနာဆင့်ဆင့်၊ ကပ်တိုင်းမြင့်အောင်၊ သေမင်းအစာ၊ ဖြစ်၍သာလျှင်၊ သတ္တဝါ *ခပင်း၊ ကုန်မကြွင်းသည်။ ။သေတွင်းငုတ်ငုတ် ဝင်သကား။ (၁၂)

၃၅၂။ ပေါက်ထီးမှုန်*ပြောင်၊ ဆင်ကိုးထောင်တည့်၊ ယဉ်ဆောင်ရထား၊ ရာစီပွါးလျက်၊ ထိုရထားကိန်း၊ ကိုးသိန်းသချ်ာ၊ နောက်မှာမယွင်း၊ နည်းတူ ကျင်း၍၊ မြင်းကိုးကုဋေ၊ ခြေသည်ကိုးဖျာ၊ ကုဋေသာတိ၊ ကညာရှယ်ညီး၊ မင်းသမီးမူ၊ အာသီးတွက်ရေ၊ ကုဋေကိုးသောင်း၊ အပေါင်းငွေတော်၊နှတ်*လျော် ပျိုပြန်း၊ ရံတဝန်းကား၊ ကိုးသန်းကောဋ္ဌိ၊ သချ်ာယှိလျက်၊ အချို*ဖြင်ပေါ၊ အံ့ဘွယ်မောမျှ၊ ၊၊ ကွောဘဏိ၊ ရွှေ*တညီနှင့်၊ တိုဤအစဉ်၊ အမြဲးယှဉ်၍၊ ဉယျာဉ်မြစ်ခွင်၊ သဘင်မပြတ်၊ စံပျော်ဟတ်လျက်၊ မိုးနတ်*တရ†ထည်၊ ခြံရံ စည်သား၊ ဦး†တည်ကမ္ဘာ၊ အစစ္စာက၊ မဟာသမတ်၊ အာဒိနတ်နှင့်၊ မန္ဓာတ် သုဒဿန၊ မင်းလျှင်စသည့်၊ စကြာခင်၊ လေးကျွန်းရှင်တို့၊ ကောင်းကင်သမုဒ်၊ အုတ်အုတ်ရံသန်း၊ တွက်စံမြန်းတိုင်း၊ ပတ်ဝန်းကွက်ဘွဲ့၊ သချ်ာခွဲသော်၊ သုံးဆဲ့ ခြောက်ယူဇနာ၊ *ဗိုလ်ပါ*ပြောထွေ၊ လေးကျွန်းနေဖြင့်၊ မရေတွက်အား၊ သို့စင် များလည်း၊ တရားဟ်ရိ၊ မယှိလဇ္ဇာ၊ သေမင်းလာ၍၊ မညာမထောက်၊ မကြောက် မရှက်၊ တဟုန်နက်ဖြင့်၊ ကြက်မအားကို၊ သားနှင့်တအုပ်၊ ကျွဲး*နှယ်ခုတ်ပြီး၊ နုတ်နုတ်ဝါးကာ၊ မျို၍သာလျှင်၊ *ဗိုလ်ပါ*ခပင်း၊ လူတသင်းကို၊ မကြွင်းစေငြား၊ အကုန်စား၏၊ မိုးဖျားကောင်းကင်၊ လေးကျွန်းခွင်တက်၊ စက်ရှင်စီးကာ၊ *ဘုန်းကြီးစွာလည်း၊ မကြာအနည်း၊ *တဖြုတ်ခြည်းတည့်၊ *တံလည်း မြစ်လောင်း၊ တောင်ကျချောင်းတို့၊ *လျှင်ရှောင်းခဏ၊ ခန်းလွှယ်ကြသို့၊ ဘဝ မမြဲး၊ စံဆဲးဆဲးနိုက်၊ *စံးကြဟင်းလင်း၊ ကျော်စောခြင်းမျှ၊ ကြွင်းခဲ့သည်သာ၊ ပြောရကာရှင့်၊ နာမပညတ်၊ ဂုဏ်သကတ်ကား၊ မသတ်နိုင်စွာ၊ သေမင်းခွါ၏၊ ခန္ဓာကိုယ်ကား၊ အကုန်စားပြီ၊ ရထားမြင်းဆင်၊ *လုလင်ရဲးမက်၊ လက်နက် စွဲးသူ၊ နတ်တူကညာ၊ ကလျာရွှေသင်း၊ထိုထိုမင်းသည်။ ။သေခြင်း*ပြုတ်*ပြုတ် စင်သကား။ (၁၃)

၃၅၃။ ရှစ်ဆယ်သံတောင်၊ပြိုးပြိုးပြောင်တိ၊ ရွှေတောင်*ငွါးငွါး၊ ပေါက်ထင် ရှားလျက်၊ နွှားလားဆင်ပေါက်၊ မြင်းလောက်စွင့်စွင့်၊ မောက်မောက်မြင့်၍၊ ရှစ်မင်းပယ်စာ၊ မြေမျက်နှာဝယ်၊ ပေါ်လာငုတ်လုပ်၊ ရွှေဆိတ်ရုပ်နှင့်၊ လျှိုးငုပ် မဝှက်၊ တခဲးနက်ဖြင့်၊ ထွန်ယက်လုပ်နေ၊ ထွန်ကြောင်းမြေက၊ ရွှေအကိုးတိုး၊ ကျိုး၍*မကုံ၊ ဟောင့်*နှယ်ပုံအောင်၊ ဆောင်တုံမပြီး၊ ညီးညီးညီးတည့်၊ တသီး ထိုမှ၊ မြေကစ၍၊ မြားကျတထောင်၊ မိုးလုံးလောင်မျှ၊ ဘုံဆောင်ဗိမာန်၊ ဝေယန်*ကြငှန်း၊အံ့ဘွယ်ဆန်းလျက်၊ ရွှေနန်းမြေပေါက်၊ ထက်အောက်ယူဇနာ၊

ဇမ္ဗူညာနိုက်၊ မြေချာသောင်းခွင်၊ ခွန်*တော်ချင်သည့်၊ ဘုရင်ဘုန်းတောက်၊ လက်*ပမ်းပေါက်နှင့်၊လက်ဖြောက်လက်*ဖျစ်၊ခွေ့ရစ်ဆန့်တန်း၊*မလန်းခတ်မြူး၊ တချက်ကြူးက၊ ဒူးနှင့်ပုဆစ်၊ ကျံနှစ်ရတနာ၊ မိုးကြီးရွာသား၊ မဟာပုညဝန်၊ ဘုန်းထူးချွန်သည့်၊ လူလွန်လူမော်၊ အကျော်ဘက်ဝေး၊ ကြွယ်ဌေးတသင်း၊ လူ့ဘုံမင်းက၊ လူချင်းမစောင်၊ ဆင်*ပြောင်ပေါက်ထီး၊ငါးစီးဆယ်စီး၊ ဆောင်သီးနိုင်စွ၊ စွမ်းဗလနှင့်၊ မထထိုင်ကာ၊ ခုန်သော့ခါလျှင်၊ အဌာရသ၊ ကောင်ဟ†တ္ထတိ၊ †ထ၍ ခုန်သော်၊ ရှစ်ဆယ်ကျော်လျက်၊ ဂေါစရိယာ၊ ကာလာဝက၊ ဆင်ပေါက်လှကို၊ ခဏပိုင်ပိုင်၊ ဦးထက်ထိုင်၍၊ မကိုင်ချွန်းရိုး၊ ကြာစနိုးဟု၊ လက်ညှိုးတချောင်း၊ ထောက်ရုံပျောင်းသည့်၊ ကျော်သောင်းကြေညာ၊ မင်းရာဇာနှင့်၊ မဟာဗာဟု၊ ဝါသုဒေဝ၊ *စောလှနရိန်၊ ဘီမသိန်တို့၊ အချိန်ရောက်က၊ ထိတ်ကြောက်မညှာ၊သေမိန့်စာနှင့်၊ အာဏာထန်ပြင်း၊ ဆောင်အတင်းသည်။ ။သေမင်း*ဖြုတ်*ဖြုတ် ငင်သကား။ (၁၄)

(ဤသုံးပိုဒ်လုံး ကိုယ်တွင်းပြည့်-ချ၊ နေရောင်ခြည်ပြေး-ချ၊ ညွန့်လန်း-ချလည်း ဟူ၏။)

၃၅၄။ ရထားတဆောင်၊ ဆင်*ပြောင်တစီး၊ မြင်းသုံးစီးနှင့်၊ ရဲကြီးငါးယောက်၊ နည်းစဉ်လျောက်ဖြင့်၊ ထိုလောက်စစ်သည်၊ ပတ္တိမည်၏၊ ထိုသည်ပတ္တိ၊ သုံးပြန်ချိက၊ ခေါ်ဘိသညာ၊ သေနာမုခ၊ ထိုမုခအား၊ သုံးခုပွါးသော်၊ မည်ငြားဂုမ္ဗ၊ ဂုမ္ဗမြောက်သုံး၊ ခေါ်ထုံးဂဏ၊ ဂဏသုံးလီ၊ ဝါဟိနီတည့်၊ ဝါဟိနီစစ်၊ သုံးပြန်ဖြစ်က၊ တွင်လစ်ပုတနာ၊ ပုတနာဟူ၊ သုံးဆယူသော်၊ စမူမည်ငြား၊ စမူအားလျှင်၊ မြောက်ပွါးတြိ၊ အဏိကိ†နီ၊ ယင်းဆယ်လီဖြင့်၊ ခေါဘ†ဏီစစ်၊ ကိုးဆင့်ဖြစ်၏၊ အ†ဆစ်အ†ဆစ်၊ သချျာ†စစ်က၊ ဖြန့်လှစ်ရဲတမ်းခွန်၊ မိုးစွန်*ငွါးငွါး၊ စိုက်ထူလွှားသည့်၊ ရထား*ခပဲ၊ စစ်*တမဲနှင့်၊ ဆင်ရဲအပေါင်း၊ နှစ်သောင်းတထောင်၊ စွန်းဆောင်အပ၊ ရှစ်ရာ့ခုနစ်ဆယ်၊ မြင်းဝယ်ခြောက်သောင်း၊ ငါးထောင့်ခြောက်ရာ၊ ဆယ်စီးသာလျက်၊ လူမှာတွက်ကိန်း၊ တသိန်းကျော်ဆောင်၊ ကိုးထောင်လွန်ထ၊ သုံးရာ့အမြတ်၊ ငါးကျိပ်မှတ်၍၊ ပညတ်သညာ၊ ရှေးရာဇာတို့၊ စဉ်လာမင်းသုံး၊ ယုတ်ဆုံးတု*မဲ့၊ တုန်မ*ဟဲ့သား၊ တပ်ဘွဲ့ခေါဘဏီ၊ တလီမှတ်ထုံး၊ ပေါင်းစုရုံးသား၊ ဝါးလုံးခြောက်ဆယ်၊ စည်းခြောက်ဆယ်ကို၊ မြူ့နှယ်†မှုန့်၍၊ အ†မှုန့်ဖြစ်စေ၊ နှင်းကြ†ချေသည့်၊ *ဗိုလ်†ခြေစစ်ချီ၊ ခေါဘဏီတည့်၊ ထိုဤမျှားလှ၊ ထိုမျှခေါဘဏီ၊ အင်အညီဖြင့်၊ ရှစ်လီဆယ်လီ၊ ဆဲ့ရှစ်လီနှင့်၊ နောင်ညီဒသ၊ ပဥ္စာလတို့၊ မာန*ဟုံးစုံး၊ ဘက်*မဲ့ကြုံး၍၊ လက်ရုံးဆန့်မိုး၊ ပြည်တရိုးကို၊ စစ်ထိုးဘောင်ဘောင်၊ ပွဲတိုင်းအောင်လည်း၊ ဘုန်းခေါင်*သနင်း၊ သျှင်သေမင်းအား၊ အလျှင်းစစ်ပြိုင်၊ မအောင်နိုင်ကြောင့်၊ ခုတိုင်မျက်မြင်၊လူ့ဘုံခွင်ဝယ်၊ မထင်*ပြက်†ပြက်၊ သေမင်း

စက်နှင့်၊ ပျက်†ပျက်ယွင်းယွင်း၊ ကြေမွလျှင်း၍။ ။သေတွင်းဝင်ကြ လေကုန်စွ။ (၁၅)

(ဤအချကား ရွှေလောင်းပြန်-ချနည်းဟူ၏။)

၃၅၅။ ဝါလအက္ခဏ၊ သဒ္ဒသရ၊ နာမမည်ယို၊ ဝေဓိလေးသွယ်၊ မြားရေး ငယ်တည့်၊ အံ့ဘွယ်ထူးခြား၊ သားမြီးဖျားတွင်၊ ဆွဲထားဝေးသိ၊ *လုမ္ပနီဟု၊ သညီ*အတီး၊ ခရမ်းသီးဖြင့်၊ မှတ်ပြီးတုံလျှင်၊ သားမြီးပင်ကို၊ ဆွဲငင် ထစ်ထစ်၊ မှန်အောင်ပစ်သား၊ ခေါ်လစ်နာမ၊ ဝါလဝေဓိ၊ မျက်စိတမှိတ်၊ နတ်ကြိတ်တလက်၊ လျှပ်တပြက်နှိုက်၊ မြားချက်ခုနစ်၊ ရှစ်ဆင့်ပစ်သား၊ စင်စစ် မြန်လှ၊ အက္ခဏဝေဓိ၊ ကြားဘိရော်ရမ်း၊ သံကိုဖမ်း၍၊ ပစ်စွမ်းနိုင်စွ၊ ချက် တိုင်းရသား၊ သဒ္ဒဝေဓိ၊ ရှေးတိပစ်ငြား၊ အလျှင်မြားကို၊ နောက်မြားမုချ၊ မှန်စေစွသား၊ သရဝေဓိ၊ မည်ဘိပိုင်းခြား၊ ဤလေးပါးထက်၊ မြားကိုမြားဖြင့်၊ ဟန့်တားတချက်၊ မကန်းကွက်နှင့်၊ မြားစက်ဝန်းတသွယ်၊ မြားနွယ်တန်းတမျိုး၊ မြားကြိုးနွယ်တတန်၊ မြားချင်းမှန်တမှတ်၊ မြားပြာသာဒ်တပါး၊ မြားမဏ္ဍပ် တခန်း၊ မြားစောင်းတန်းတဖြာ၊ မြားမိုးရွာတဆိုင်း၊ မြားတံတိုင်းခတ်ဟန်၊ မြားရေကန်တရပ်၊ မြားကြာချပ်တသီး၊ မြားရေးကြီးဟု၊ *အတီးခေါ်ရိုး၊ ဆဲ့နှစ်မျိုးကို၊ အစိုးတရ၊ စွမ်းနိုင်ကြ၍၊ တတ်လှထင်ရှား၊ လေးသမားကြီး၊ သီးသီးဆိုင်ကာ၊ လေးမျက်နှာက၊ မ*ချာရွက်စပ်၊ လေးယောက်ရပ်ပြီး၊ ထပ် ထပ်ငင်ဆွဲ၊ *ဖြော်ဖြော်ကြဲ၍၊ မိုး*ဖွဲ့သ†ဖွယ်၊ မလွဲ†ဘွယ်တိ၊ ချိန်ရွယ်ပစ် ရှောင်း၊ မြားအပေါင်းကို၊ တချောင်းမြားဖြင့်၊ ဟန့်တားကွယ်ကာ၊ ရာဇာ ခုနစ်သင်း၊ ပြည်ထောင်မင်းသို့၊ တစင်းစီသာ၊ မိန့်တော်စာနှင့်၊ မကြာလျှင် ကြောင်း၊ ပြေးကုန်ရှောင်းဟု၊ ဥဒေါင်းမြီးလှ၊ *ရှက်လွှစိန်သွား၊ စကြာမြားကို၊ ပစ်ငြားမချွတ်၊ စေလိုက်လွှတ်၍၊ *ရွတ်ရွတ်လွှယ်ကူ၊ အောင်ပွဲယူသည်၊ ပြိုင်တူမရ၊ ဘက်မမျှအောင်၊ ရှေးကကျော်ထင်၊ သရဘင်နှင့်၊ ဘုရင်အသဒိသ်၊ *ဝှန်ထိတ်တေဇာ၊ မဟာဇနက၊ သဟဿဗာဟု၊ မင်းအဇ္ဇုတို့၊ ယခုဘယ်မှ၊ ရှာမရပြီ၊မရဏညစ်၊ သေမင်းစစ်ကို၊ မပစ်နိုင်စွာ၊ မကာနိုင်ကြ၊ ထိုကိစ္စကြောင့်၊ တကွမနေး၊ *ဗိုလ်အ†လေးနှင့်၊ †လေးပါ မင်းပါ၊ သေမင်းရွာသို့၊ လိုက်ရှာ ကုန်လျှင်း၊ ထိုတသင်းသည်။ ။မကြွင်းစင်ကြ လေကုန်စွ။ (၁၆)

(ချေးအတူ ရွှေလောင်းပြန်-ချနည်း ဟူ၏။)

၃၅၆။ အောက်ထက် ပြင်းဟုန်၊ ကွဲးပေါက်*သုန်၍၊ ကျုမုန် တီးတီး၊ အာသောက်စီးသား၊ *ပြောင်ကြီးမဟာ၊ ယတြာ မျိုးစစ်၊ ဆိုးမုန်ယစ်တို့၊ သစ်နှင့်သံတိုင်၊ *တုရိုဏ်ပြိုင်လျက်၊ ကြံခိုင်ကြီးမား၊ မြို့တံခါးနှင့်၊ ကျောက်သား တူ*ယောင်၊ကျောက်တောင်*တူနိုး၊ သျှမြို့ရိုးကို၊ ပစ်ထိုးကော်†ကြည်း၊ ဖြိုဖျက်

လှည်း၍၊ ကြောင်†ကျည်းကျော†ကျော၊ ငှက်ကြိုး†ကြာသို့၊ သံဝါကြွေးလျက်၊ ငွေပက်နင်းချိုး၊ သိသိကျိုး၍၊ ကျားဆိုးသစ်ဆိုး၊ သားရဲမျိုးနှင့်၊ တောစိုးခြင်သေ့၊ ဟူသ၍လည်း၊ တွေ့တွေ့ရာရာ၊ သတ္တဝါကို၊ ဖမ်းကာလတ်လတ်၊ ကိုက်စားတတ်လျက်၊ လောကတ္တယ၊ စိုးပိုင်သသည့်၊ မရဏဗိုလ်၊ သေမင်းကိုမူ၊ မမျိုနိုင်တတ်၊ မသတ်နိုင်ကြ၊ ဤလောကနှိုက်၊ လူမျှော့ကိုယ်တွင်၊ ပူးဝင်ချောက်ချား၊ ဖမ်းစားမရှောင်၊ သေအောင်မပြတ်၊ နှိပ်စက်တတ်သား၊ သူရဿတီ၊ နတ်ဒေဝီ၏၊ သခီမိတ်ဆွေ၊ ခိုင်းပယ်စေသည့်၊ ရံရွေပရိဝါ၊ သင်္ချာတွက်ဘွဲ့၊ ခြောက်ဆဲ့လေးလီ၊ ဇော်ဂနီနှင့်၊ ဘူတီဘူတ၊ စသည်ကျော်ဟိုး၊ စုန်းဘုတ်ဆိုးလည်း၊ ညှိုး၍†ယခင့်၊ သေမင်းကိုယ်တွင်၊ မဝင်ဝံ့ကြ၊ ပုဏ္ဏကကြီး၊ နတ်မြင်းစီးနှင့်၊ လေမီးရေမိုး၊ သဲညွန်မျိုးပါ၊ ပုဆိုးလက်နက်၊ နတ်စက်ဘွဲ့ဖွဲ့၊အဆူဆူကို၊ စွဲးယူကိုင်ထ၊ တန်းခိုးရှသား၊ ဒေါသလိုက်ပွက်၊ အာဠဝက်ဟု၊ ကြမ်းခက်ထင်ရှား၊ နတ်ယောကျ်ားက၊ ထူးခြားကြောက်ဘွယ်၊ အစွယ်ရှစ်ချောင်း၊ ခြေသုံးချောင်းနှင့်၊ မြေစောင်းမတတ်၊ တန်းခိုးမြတ်သည့်၊ နတ်ကုဝေရ၊ ယက္ခိန္ဒလည်း၊ ဒေါသသည်း*ဝှန်၊ ထက်သည့်မာန်ဖြင့်၊ ကုမ္ဘန်တို့ကို၊ မျက်တော်ငို၍၊ ထိုခဏခြင်း၊ မချုပ်လျှင်းဘဲ၊ .လက်တွင်း ကိုင်ရှောင်း၊ *လှင်ကန် တောင်းကို၊ သံချောင်းစကြာ၊ နတ်ဂဒါဖြင့်၊ တခါ*ကြွတ်ကြွတ်၊ လွှတ်ကပြင်းထန်၊ ကြွင်းမကျန်အောင်၊ ကုမ္ဘန်တထွေ၊ သိန်းကုဋေကို၊ ဖြတ်ချေဥက္ကောင်း၊ ဦးလည်*တောင်းလျက်၊ လျင်*ရှောင်းပြန်ကာ၊ လက်ရောက်လာ၏၊ နယနာဝုမ၊ ယမမည်ခေါ်၊ နတ်မင်းကျော်လည်း၊ မာန်တော်နှိပ်၍၊ တရိပ်မျက်စောင်း၊ ထိုးလိုက်*ခြောင်းက၊ အသောင်းဆယ်ဆ၊ မျှားလှုကုဋေ၊ ရက္ခိုသ်တွေတို့၊ ကျွမ်းကြေ ပြာ†ဖြစ်၊ ဆားမီးချစ်သို့၊ ဖျစ်†ဖျစ်မြည်ထ၊ ပျောက်ပျက်ရ၏၊ ထိုမျှ*ခပင်း၊ တေဇော ပြင်းသား၊ နတ်မင်းတို့လျက်၊ တန်းခိုးစက်နှင့်၊ လက်နက်မျိုးစုံ၊ စိုးရတုံလည်း၊ သုံးဘုံအ†ရှင်၊ သေမင်း†သျှင်ကို၊ ဘယ်တွင်ဘက်ပြိုင်၊ မဆိုင်ဝံ့ကြ၊ ထိုမှကျော်ဟိုး၊ အမျိုးမျိုးတည့်၊ တန်းခိုးမဟိဒ်၊ ပုညဇိဒ်နှင့်၊ ကမ္မဇိဒ်တဖြာ၊ ဝိဇ္ဇာမယိဒ်၊ ဣဒ္ဓိဝိဓ်ဖြင့်၊ ဂုဏ်ဟိတ်ထင်ရှား၊ လွန်ကြီးမားသား၊ နဂါးပနန်၊ သုပန်ဣန္ဒ၊ ဝသနိမ္မိတ်၊ ဟာရိတ်မဟာ၊ မိုးဗြဟ္မာက၊ သမ္မာသမ္ဗုဒ္ဓ၊ အဆုံး†ကျအောင်၊ သေ†ကြ\ကြွင်း၊ သေစာရင်းနှင့်။ ။သေမင်းငင်ကြ လေကုန်စွ။ (၁၇)

(ရှေးအတူ ရွှေလောင်းပြန်-ချနည်းဟူ၏။)

၃၅၇။ ဤကိုယ်အစ၊ ဖြစ်ခြင်းတလည်း၊ ကာယဘာဝ၊ ဝတ္ထုမျှဖြင့်၊ ဒသကသုံးသွယ်၊ ရုပ်သုံးဆယ်ထို့၊ *နုန့်နယ်ပရမ၊ ငယ်ဆုံးစွလောက်၊ ကလလမည်၊ ရုပ်ရေကြည်လျှင်၊ စတည်ခုနစ်ရက်၊ ဖြစ်လျက် သိမ်းရှုပ်၊ ဘောက်ပြန်ချုပ်ပြီး၊ အမြုပ်သားတစ်၊ အနှစ်တခဲ၊ ငါးကွဲးခက်ဖြာ၊ သတ်ပဥ္စာတိုင်၊ ရက်ကြာလွန်မှ၊ သတ် အင်္ဂနှင့်၊ နဝ ဒသ၊ သတ္တာဟချည်း၊ ပေါင်းစည်းတွက်ဘွဲ့၊ ခြောက်ဆဲ့လေး

ရက်၊ ယုတ်တက်*မဲ့လျှင်း၊ ထိုအတွင်းမျှ၊ မကြွင်းစေမူ၊ ကံလျှင်ပြုသား၊ စက္ခု
သောတ၊ ဃာန ဇိဝှါ၊ စဉ်တိုင်းသာတည့်၊ ခြောက်အာယတန၊ လူ့ဘဝနိက်၊
ဥပစယ သန္တတိ၊ ဟူတုံဘိလျက်၊ ဇာတိတပါး၊ နှစ်မည်ပြား၍၊ ထင်ရှားဖြစ်ရိုး၊
ရွှေရွှေတိုး၍၊ ကိုးလ ဆယ်လ၊ တိုင်ကဘွားကာ၊ ဓမ္မတာတည့်၊ *ကြမ္မာဥတု၊
ပိုးလေမှုနှင့်၊ ဥပက္ကမ၊ ကြောင်းထိုမျှကြောင့်၊ ဝမ်းကတည်းပင်၊ မဘွားမြင်ခင်၊
ပြင်သို့မ†ကျ၊ပျောက်ကြေမွ၍၊သေ†ကြပျက်†ကြ၊မဘွားရဘူး၊ဘွားကဘွားစ၊
တရက်ရနှင့်၊ တလ တနှစ်၊ အဆစ်ဆစ်တိုင်း၊ နို့*အစ်နာစု၊ မက္ခယု မက္ခဝါ၊
သူငယ်နာတိ၊ မာတြာစုန်းနတ်၊ ဥပဒ်ရောဂါ၊ ဝေဒနာနှင့်၊ စားစာ ပူဇေး၊ ဖျားနာ
ရေးက၊ အိုဘေး နာဘေး၊ ရှုပ်၍ထွေးအောင်၊ သေဘေးအန္တ†ရာယ်၊ အသွယ်
သွယ်တို့၊ ပေါ်†ယယ်ထွေပြား၊ ကြောက်ဘွယ်များခဲ့၊ ဆူးကြားဗူးသီး၊ အနိုင်
ကြီး၏၊ ဖြစ်ပြီးသေခါ၊ မလွဲသာရှင့်၊ မှန်စွာအဖြောင့်၊ လမ်းမထောင့်ဘူး၊
ထိုကြောင့်ရကား၊ ငါမင်းဖျားအား၊ လုံခားသေနစ်၊ အဆစ်ဆစ်ဖြင့်၊ ပတ်ရစ်
တွင်းပြင်၊ ရုံးချင်းတင်လျက်၊ ဝန်းကျင်ထိုမျှ၊ နေ့ည*စင်းလျှင်း၊ ရွှေရံသင်းတို့၊
ရှေ့ဝင်းနောက်ဝင်း၊ ဝဲးယာဝင်းနှင့်၊ အတွင်းခြောက်စို့၊ ပြင်ခြောက်စို့ပါ၊ ဆီးဆို့
ပတ်ခြံ၊ထပ်ထပ်†ရံ၍၊နန်း†ယံဘုံတွင်း၊ စံတုံလျှင်းလည်း၊ သေမင်းလုံရာ၊မရသာ
ခဲ့၊ အင်္ဂါလေးပါး၊ ရထားမြင်းဆင်၊ အတင်တင်ဖြင့်၊ မြေပြင်*ညီးလင်း၊ ဗျူဟာ
ကျင်းပြီး၊ဗိုလ်သင်းစီမံ၊တင်းခုခံလျက်၊လေးလုံ*အဲးမောင်း၊စိန်ပြောင်းမီးပေါက်၊
အမြောက်*မြတပူ၊ *ပြောထူလက်နက်၊ *ဝန်းရှက်ရံလစ်၊ လွှန်*အားသစ်၍၊
ထိုးပစ်ပါလျှင်း၊ ထိုသေမင်းကို၊ အောင်ခြင်းဘယ်ခါ၊ မရရာခဲ့၊ စားကာ အိပ်
ကာ၊ မျှားသူငါကား၊ ရက်ကြာ လရှည်၊ နှစ်ပွါးစည်တိုင်း၊ *တူးတည်*တူရှု၊
*ရှေးရှုသဖြင့်၊ သတ်မည်လင့်သည့်၊ သေမင်းအပါး၊ ရွှေရွှေသွား၏၊ ကျား
ခံတွင်းပေါက်၊ မြေအာစောက်သို့၊ မြောက်တိမြောက်တောက်၊ မျက်စိမှောက်
၍၊ ဝင်ရောက်သားကောင်၊ တိုးသော့*ယောင်တည့်၊ တည်ထောင်ပြည်ကြီး၊
အသီးသီးလျှင်၊ နန်းထီး စိုးအုပ်၊ ဆောက်လုပ်အိမ်ရာ၊ ဥစ္စာ သိမ်းဆည်း၊
အ*ပည်းပည်းဖြင့်၊ ပစ္စည်း ပစ်ယံ၊ မြေနှယ်မံလည်း၊ အကြံမချ၊ တရှုရှုတည့်၊
ကိစ္စမအား၊ မလပ်လျှားဘဲး၊ မယား*ပြိန်းပြောင်၊ ယူသိမ်းဆောင်လျက်၊
အိမ်ထောင်*ရောရှ၊ သားမြေးစု၍၊ ကောင်းမှုမလို၊ အိုသာအို၏၊ ကုသိုလ်
မပွါး၊ တရားမေ့လျော့၊ တမော့မော့နှင့်၊ လတ်ကြော့ပျော်ပါး၊ လွှန်ထင်ရှား
အောင်၊ နေငြားတုံဘိ၊ ဤကိုယ်ယှိသား၊ ဇာတိမကင်း၊ တို့တသင်းကို။ ။
သေမင်းမမြင် နေလိမ့်နည်း။ (၁၈)

၃၅၈။ အာဒိကပ္ပ၊ အမည်ရသား၊ ကမ္ဘာ့ကျမ်းလာ၊ နေ လ မှာလျှင်၊
ကမ္ဘာဦးက၊ အစဉ်စ၍၊ အန္တရတိုင်း၊ အပိုင်းမလွှန်၊ *တမန္တန်တမျိုး၊ ပေါ်ရိုး
ထပ်ထပ်၊ ရုပ်မစပ်ဘဲး၊ တကပ်တပုံ၊ ထင်တုံ*ပြွမ်ပြွ၊ ရေတွက်ဘွဲ့သော်၊ ခြောက်

ဆဲ့လေးရုပ်၊ သန်ျာချုပ်၍၊ ခုပစ္စုပ္ပန်၊ ဝတ္တမာန်နှိုက်၊ ဤအန္တရ၊ ကောဒကား၊ လမှာ ယုန်ရုပ်၊ နေ ဒေါင်းရုပ်တည့်၊ နေရုပ် လရုပ်၊ ကမ္ဘာရုပ်လည်း၊ ဖြစ်ချုပ် လက္ခဏာ၊ မမြဲးစွာဘူး၊ သဝိညာဏက၊ သက်ဇီဝနှင့်၊ ထိုမျှသတ္တဝါ၊ တို့သူငါမူ၊ ဘယ်မှာဆိုရေး၊ ရှိလတ်သေးလိမ့်၊ ပြေးမလွတ်ကြ၊ ဘဝဝတိုင်း၊ အနိစ္စသာ၊ ဓမ္မတာစစ်၊ ဖြစ်ခဲ့မယွင်း၊ မှန်*စင်းလျှင်းတည့်၊ ရံသင်း*ဗိုလ်ပါ၊ များလှစွာ သား၊ ကမ္ဘာကပ်ဦး၊ *ပက†တူးက၊ လွန်†ထူးသမ္ဘာ၊ နှေပမာသို့၊ မဟာသမ္မ တ၊ ဂေါတမဟု၊ အာဒိစ္စနွယ်၊ ဘုန်းကြွယ်မင်းမြတ်၊ လေးကျွန်းပတ်သား၊ မန္ဓာတ်စကြာ၊ မဟာသုဒဿန၊ ပနာဒက၊ စသည်သီးသီး၊ နတ်ကြီးတေဇ†ဝန်၊ တန်းခိုး†ဝှန်သည့်၊ ဆိတ်မွန်နဂါး၊ သိကြားဒေဝရာဇ်၊ ဗြဟ္မာစစ်နှင့်၊ မြိုက်နှစ် ဩဇာ၊ လေးသစ္စာကို၊ ဉာဏ် အာသဝက်၊ အဂ္ဂမဂ်ဖြင့်၊ အနက် ဆဲ့ခြောက်၊ ထွင်းဘောက်ဥဿုံ၊ အာဂုံ ရယို၊ လက်ကိုင်မိလျက်၊ မချိ*မချန်၊ အသင့်မှန် အောင်၊ မဘောက်ပြန်ငြား၊ အပြားမြင်သိ၊ လိုလိုသိဟု၊ အဓိဝိပရိတ်၊ ဖိုလ် ဟိတ်အညီ၊ ပါရမီတိုင်း၊ ဝသီငါး†ဘော်၊ လူနတ်†ပေါ်တွင်၊ အကျော်နှစ်ဆိုင်း၊ သမ္မာဂိုဏ်းနှင့်၊ သံဂိုဏ်းမြင်ဘိ၊ ထူးသတ္တိဖြင့်၊ ဗောဓိပညာ၊ ပွင့်ကြစွာသည့်၊ သမ္မာဗုဒ္ဓ၊ သမ္ဗုဒ္ဓဟု၊ သာဝကသင်း၊ လွတ်ကင်းဆရာ၊ ပစ္စေကာက၊ သမ္မာ လည်းထိုက်၊ သံလည်း ထိုက်လျက်၊ ကာရိုက် သုဒ္ဓ၊ ဗုဓတ္တ၏၊ ညာဏ ဇာဂရ၊ ဝိကသဖြင့်၊ အတုလမှူး၊ လူသုံးဦးထက်၊ ဂုဏ်ထူးမဟာ၊ လွန်ကျူးစွာသား၊ သမ္မာသမ္ဗုဒ်၊ နုတ္တရမျိုး၊ တရားစိုးတို့၊ အကျိုးဝိပါက်၊ ပစ္စည်းဆက်၍၊ မပျက် သေးစွာ၊ အစဉ်လာတိုင်း၊ အပဟာတဗ္ဗ၊ ဗျာကတဖြင့်၊ ဒုက္ခဟူဘိ၊ ထင်ရှားယို သား၊ လောကိခန္ဓာ၊ ဝဋ္ဋမီးစာတည့်၊ ဥပါဒါန၊ သက္ကာယဟု၊ ကိုးဘဝတွင်း၊ မလွန်လျှင်း၍၊ စာရင်းဝင်ထွေ၊ တည်သန္ဓေကြောင့်၊ အို သေ ဓမ္မ၊ မလွတ်ကြ ဘူး၊ ယသ ဗလ၊ ထာမ တေဇာ၊ ပညာ ဣဒ္ဓိ၊ မယိုလုံး*ခွန်း၊ ကိလေမှန်းလျက်၊ ဖြစ်*ဆန်းမည်ကာ၊ လူတို့ရွာတွင်၊ သူငါကစ၊ ပိုးလောက်မျှတည့်၊ ပုည*မဲ့မျိုး၊ ဘုန်းမ*ဖြိုးသား၊ တန်းခိုးသိမ်ဖျင်း၊ လူပြိန်း*ပျင်းကို။ ။သေမင်းပင် နေ ပိမ့်နည်း။ (၁၉)

၃၅၉။ တွင်းဝန်းစက္ကဝါ၊ မြေမျက်နှာဝယ်၊ ကမ္ဘာပေါ်ထ၊ နေ့ကစ၍၊ နေ လ*နက်သတ်၊ လကျ်ာခတ်လျက်၊ ပတ်ပတ်လှည့်သွား၊ ရပ်မနားလျှင်၊ ပဋ္ဌတားဂြိုဟ်၊ ဗိုလ်နှင့်တကွ၊ တည်ကုန်ကြသား၊ လောကဓမ္မတာ၊ သတ္တဝါတို့၊ သုဘာသုဘ၊ ကမ္မအလို၊ ပစ္စည်း*ကြို၍၊ ပုဂ္ဂိုလ်လောကဓာတ်၊ အဇ္ဈတ် ဗာဟိ၊ နှစ်လီခြားသီး၊ သေးငယ်ကြီးကို၊ လေ မီး ရေ မြေ၊ ပြုပြင်ထွေဖြင့်၊ သန္ဓေစပ် မှုး၊ အစဉ်ပြီး၏၊ ဓာတ်ကြီးလေးသွယ်၊ ရှစ်ဆယ်နှစ်ပေါင်း၊ မိုး ဆောင်း နွေစု၊ သုံးဥတုသို့၊ ရောက်မူဘန်ဘန်၊ ပြန်ပြန်ကာလ၊ လှည့်နေကြတည့်၊ ပါပမုံတိုင်း၊ ဓာတ်ပိုင်းဗသိ၊ စဉ်စီထိုမှ၊ ဝက်ဝီထိ၊ သွားဘိခရီး၊ အကောက်†မှီး၍၊ †မီးသူရင်၊

ဒွါဒသနှင့်၊မြို့တွာရေခေါတ်၊ သောင္ဌသည်နှစ်ပေ၊မြေကောလီကား၊ သုံးဆယ်အားဖြင့်၊ ပေါင်းငြားသိတိ၊ နှစ်အယုတ္တင်၊ မြေကြီ့းသဘော၊ ခိုင်ခက်မော၏၊ ဝါယော ခေါတ်တွက်၊ ရှုတ်ရှုတ်ရက်ဖြင့်၊ ငြိမ်သက်မတည်၊ မီးတမည်မူ၊လောင်သည်မယွင်း၊ ရှိန်ပူပြင်းလျက်၊ အိုခြင်းရင့်ရွယ်၊ ကြေပျက်လွယ်၏၊ ရေဝယ်နူးညံ့၊ မခံ့တွင်းပြင်၊ သွေးရွှင်သံ*ပြော၊ ဧးမြသောချင့်၊ သဘောချင့်နှိုင်း၊ ခေါတ်အတိုင်းဖြင့်၊ ပတ်တိုင်း ရောက်တိုင်း၊ လေပိုင်း မီးပိုင်း၊ ရေအပိုင်းနှင့်၊ မြေပိုင်းလှည့်ကာ၊ ဖြစ်မြဲ သာတည့်၊ သတ္တဝါရုပ်ခေါတ်၊ စိတ္တုပ္ပါဒ်လည်း၊ ထိုခေါတ်မလွဲ၊ ဘောက်ပြန်မြဲ ကြောင့်၊ ခေါတ်လဲခေါတ်ပြောင်း၊ဆိုးကောင်းအရသာ၊သြဇာဝတ္တု၊ စာရေစုနှင့်၊ ဥတုပူေး၊ လွန်ဘေးယုတ်နှာ၊ ဝေဒနာဖြင့်၊ ခေါတ်နာကပ်နှာ၊ မပြတ်စွာ အောင်၊ ရောဂါဥပဒ်၊ ဖြစ်မြဲတတ်ရှင့်၊ နာနတ်ထွေပြား၊ တွေ့ခံစားလျက်၊ အများ*တကာ၊ ဤလူ့ရွာတွင်၊ သူငါတသင်း၊ လူ*ခပင်းသည်။ ။သေတွင်း မဝင် နေချိမ့်နည်း။ (၂၀)

၃၆၀။ ဤသို့မင်းကျော်၊ အာလုပ်ဘော်၍၊ အကြော်တငြာ၊ မတ်*တကာအား၊ ကြေညာထက်အောက်၊ မှတ်လောက်သားကောင်း၊ ရုံးပေါင်း စီစဉ်၊ တရားယှဉ်ပြီး၊ ပညာဥ်ထိန်းကျောင်း၊ မှတ်တိုင်းကောင်းအောင်၊ ကျိုးကြောင်းညှိလျက်၊ အင္ဂုက္ခရ၊ လေးပါဒတိ၊ တတိယရကာရဝိပုလာ၊ ပထျာဖြင့်၊ ဂါထာဆန်းလိုက်၊ ကေပိုဒ်ကို။ ။ကြူး*ရိုက်လေးနက်၊ မိန့်တော် မြွက်တည်း။ (၂၁)

(ဤ ဓမ္မဒေသနာခဏ်းတို့ကား ဘယဋ္ဌာယီဘာဝ ဉာဏဘယာနက ရသ-၏ ဉာဏ်အမြင်ဟု ဆိုအပ်သော မတိဗျဘိစာရီဘာဝ-ကို ပြသည် ချည်း။)

ဓမ္မဒေသနာခဏ်း ၂၁-ပိုဒ်ပြီး၏။

## ၃–အမစ္စောဝါဒခဏ်း

သော ဧဝံ ဝတွာ တံဒိဝသမေဝ ရဇ္ဇံ ပဟာယ ဣသိပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ တသ္မိံယေဝ မဃဒေဝအမ္ဗဝနေ ဝိဟရန္တော စတုရာသီတိ ဝဿသဟဿာနိ စတ္တာရော ဗြဟ္မဝိဟာရေ ဘာဝေတွာ အပရိဟီနဇ္ဈာနေ ဌိတော ကာလံ ကတွာ ဗြဟ္မ-လောကေ နိဗ္ဗတ္တိတွာ ပုန တတော စုတော မိထိလာယံယေဝ နိမိ နာမ ရာဇာ ဟုတွာ ဩသက္ကမာနံ အတ္တနော ဝံသံ ဃဋေတွာ တတ္ထေဝ အမ္ဗဝနေ ပဗ္ဗဇိတွာ ဗြဟ္မဝိဟာရေ ဘာဝေတွာ ပုန ဗြဟ္မလောကူပဂေါ အဟောသိ[၁]။

၁။ ဇာတကဋ္ဌကထာ၊ ၁-နှာ-၁၅၆။

၃၆၁။ ဤအချက်လည်း၊ အမြွက်မျှတည်း၊ ဝါကျစည်း၍၊ နည်းသခင်ပ၊ ချုံးကာပြသား၊ အတ္ထနယတ်၊ ပါဌ*ဂုတ်ကို၊ ဘော်ထုတ်ကျယ်ဘွင့်၊ ဉာဏ်ဖြင့်ရှုကြ၊ သိကြောင်းပြပိမ့်၊ ကြိယာ့ရှင်၊ အကြင်ကတ္တား၊ လိုငြားတုံက၊ ပဌာနဟူ၊ မလိုမူကား၊ မှတ်ယူတဝ၊ အပ္ပဌာနကံ၊ ထိုကံအပ္ပဌာ၊ လှည့်ကာပြန်ထ၊ ပဌာနနိုက်၊ မုချအမှန်၊ အပါဒါန်နှင့်၊ သမ္ပန် အဓိကရဏ၊ ထိုက်က ဒုဟာ၊ မထိုက်ပါမူ၊ နယာဒိဂိုဏ်း၊ ကံနှစ်ဆိုင်းတည့်၊ ဖြတ်ပိုင်းမှတ်သား၊ ဒြပ်အားဖြင့်၊ ထင်ရှားယှိယှိ၊ မယှိယှိပင်၊ သတ္တိဗျတ္တိ၊ လောကိဝေါဟာ၊ ခေါ်တိုင်းသာလျှင်၊ ကြိယာဗျတ်၊ ကာရကသတ်ဟု၊ မြဲမှတ်မှန်လှ၊ ကောက်ရအသင့်၊ လမ့်း*နှယ်ပွင့်အောင်၊ အခွင့်ယှိရွှေ၊ သိသိမ်မွေလော့၊ စုံစေ့မချွတ်၊ အနိယတ်နှင့်၊ နိယတ်ဝိသိသ်၊ ဖိုလ် ဟိတ် ဥပမာ၊ ကြိယာကာရက၊ ဒွန်မှနောက်ရွှေ၊ ပုဒ်တွေ့ဓမ္မတာ၊ အပ္ပဌာနတ်၊ ဘိဓေယျတ်ကို၊ ဘွင့်လတ်ယှဉ်ရာ၊ ယောဇနာမည့်ရ၊ ပဌာနနှင့်၊ ဒူရပါဌ်ကြွင်း၊ ပုဒ်ချင်းပြန်လှန်၊ စပ်ဟန်ဖွင့်ကြ၊ သမ္ဗန္ဓတည့်၊ နယလက္ခ†ဏာ၊ အဝိ†နာက၊ အတ္ထာပတ်မျိုး၊ စသည်ကိုး၍၊ ဟောရိုးနည်းသွယ်၊ သိစလွယ်အောင်၊ မိပ္ပါယ်ဘော်ပြ၊ ပိဏ္ဍတ္ထသည်။ ။စာချလမ်းထွင့် ပမာတည်း။ (၁)

၃၆၂။ စာချလမ်းထွင်၊ စာသင်နောက်လိုက်၊ သဘောစိုက်ရှင့်၊ စာဆိုက်စာသွား၊ စည်း*နှယ်သား၍၊ ပိုင်းခြားဝေဘန်၊ နုသန် ထွက် သက်၊ ဉာဏ်ထက်†မြက်အောင်၊ ဆစ်†မျက်သုတ်သင်၊ ဝါးကို†ဖျင်သို့၊ *မျှား†ဖြင်သောတု၊ နောင်တစုတို့၊ ဉာဏ်နု ဉာဏ်ရင့်၊ ကျမ်းရိုးချင့်လော့၊ အသင့်မ†ကျူး၊ ပဟိုရ်†ကြူးသို့၊ ရှေးဦးပဋိညာ၊ ဥပမာနှင့်၊ ဥဒါဟရဏ် ဟိတ်၊ နိဂုံးပိတ်သား၊ အစိတ်ငါးပါး၊ စကားဘွယ်ရာ၊ လက္ခဏာလည်း၊ လိမ္မာစေလင့်၊ လမ်းရိုးဘွင့်လော့၊ မသင့်ပေါက်†လွတ်၊ ထင်တိုင်းရွတ်လည်း၊ အ†လွတ်ဆင်†ခြေ၊ မဝင်†ချေရှင့်၊ သက်သေသက္ခိ၊ မယှိစကား၊ တရားမအောင်၊ ဟူသော့ယောင်တည့်၊ *ကတောင်ကချောက်၊ အထောက်မထင်၊ ကောင်းကင်*လက်ဖွေ၊ ယမ်း၍ဆိုငြား၊ ထိုစကားကား၊ အမျှား*တကာ၊ ယှိပညာတို့၊ နားမှာဆန့်ကျင်၊ ကလန့်သွင်သို့၊ မဝင်နား†နှင့်၊ နားဝယ်†နင့်လိမ့်၊ ဆိုခွင့်ညီညီ၊ အရိုးသိ၍၊ မိမိဝစန၊ သာချနှင့်၊ ဉာပျှဟူငြား၊ ကိုယ့်စကားကို၊ တပါးဝစန၊ သာဓကနှင့်၊ ဉာပကဟိတ်၊ မြဲကြိတ်သေချာ၊ ပြီးစေရာ၏၊ အာဂုံယှုတ္တိ၊ ထုတ်မရှိဘဲ၊ မိမိလိုရာ၊ ဆိုစပါသော်၊ ပမာမမြောက်၊ ဘယ်မူလောက်အံ့၊ သော်သောက်ယောကျ်ာ့၊ ဥမ္မတ္တ၏၊ စကားသဖွယ်၊ ကြားတိုင်းရယ်လျက်၊ ပွဲလယ်မတင့်၊ လေ့*နှယ်လွင့်လိမ့်၊ အသင့်ယုတ္တိ၊ ပါဠိဟောရိုး၊ အကိုးအကား၊ *ဒဋ္ဌထား၍၊ ထင်ရှားစိမ့်ငှါ၊ ဥပမာမူ၊ တပ္ပါကဋ္ဌိ၊ ဟိတ်နှင့်ချိက၊ မည်ဘိဝိတ္တာ၊ ကျမ်းရိုးလာတိုင်း၊ လက်ာစကား၊ ဂုဏ်ဆယ်ပါးဖြင့်၊ သိကြားထံရင်း၊ ဂန္ဓဗ်မင်း၏၊ နွား မြင်း ဥဒေါင်း၊ တွန်ဟိ*ညောင်းသား၊ မှတ်ကြောင်းဥသဘာ၊

မေဝတနှင့်၊ ဆဇ္ဇမည်ခြင်း၊ ဆိတ်*မင်းကြိုး†ကြာ၊ ကြူးကျာ†ကျာဖြင့်၊ ဂန္ဓာရ မဇ္ဈိမ၊ သာလှလှန်မော၊ ဥသြ ဆင်သံ၊ ပဥ္စမံ နိသာဒ်၊ ပဲ့ဘင်ခတ်လျက်၊ ပတ်ပတ်လည်လိမ့်၊ ညှို့စုံငြိမ့်သား၊ ခြိမ့်မျှညိုးညံ၊ ခုနစ်သံသို့၊ နှိုင်ငံဝန်းလျား၊ ကျော်နှံ့ပြားအောင်၊ ကြားပိမ့်နတ်စောင်း၊ နာမ*ညောင်းသည်။ ။နောက်နှောင်းမှတ်စိမ့် သော့ငှါတည်း။ (၂)

၃၆၃။ ထိုမင်းမြတ်စွာ၊ လောင်းရာဇာလျှင်၊ ဂါထာကေပိုဒ်၊ ဆန်းလိုက်ဂိုဏ်းနည်း၊ ပုဒ်ပါဌ်စည်း၍၊ တောဒည်းမယုတ်၊ ထင်စွာထုတ်လျက်၊ မာန်ရှုတ်သိမ်မွေ့၊ ရသေ့ဣသိ၊ မုနိသွင်ဆန်း၊ ဝတ်သင်္ကန်းနှင့်၊ ရဟန်းပြုလို၊ အကြောင်းကိုတိ၊ မိန့်ဆိုထင်ရှား၊ ကြားလတ်ပြီးမှ၊ ထိုမျှရံပတ်၊ မှူးမတ်ငယ်ကြီး၊ အသီးသီးအား၊ ရာခြီးမြှောက်စား၊ ထားသည်အလျောက်၊ မဘောက်မပြန်၊ ဌာနန္တရ၊ ကိုယ်ကိစ္စနိုက်၊ လုံ့လ*မယွက်၊ ထင်ပြက်†ပြက်ဖြင့်၊ မ†ပျက်စေကြောင်း၊ ထပ်ပြန်လောင်း၍။ ။ရှုံးပေါင်းဤသို့ မိန့်မှာတည်း။ (၃)

၃၆၄။ အသီးအသီး၊ ရောင်ညီးညီးဖြင့်၊ ကျီးနှင့်ဟင်္သာ၊ ကက္ကဋ္ဌာက၊ ဗှူလာစူလာ၊ တငါ ဆင် မြင်း၊ ဗျိုင်းမယွင်းသား၊ ကိုးသင်းမဟာ၊ တွင်းတာရာတို့၊ နောက်ပါအညီ၊ သဝဏ်က၊ သုံးစီနက္ခတ်၊ ပါဒ်တရာ့ရှစ်၊ နဝင်းစစ်၍၊ *ဝန်းရစ်လကျာ၊ လစန္ဒာကို၊ ကမ္ဘာ*ကျွန်းအောင်၊ ရုံထွန်းပြောင်သို့၊ ဆောင်ယောင်ငယ်ကြီး၊ အသီးသီးနှင့်၊ ညီးညီးပြောင်ရွှန်း၊ ဂုဏ်ရောင်ထွန်းလျက်၊ ပတ်*ဝန်းနိုယံ၊ ငါ၏ထံနိုက်၊ မြဲ*မြံမကွာ၊ ခံညီလာဖြင့်၊ ရံကာမပြတ်၊ ထွန်းပတာတ်သည့်၊ မှူးမတ်ကြီး ငယ်၊ အိုမိုးကြွယ်တို့! ဘုန်းကြွယ်မဟာ၊ ငါရာဇာ၏၊ မိန့်မှာစကား၊ မြဲးမှတ်သား၍၊ ထောင်နားမခွ၊ နာရစ်ကြလော့၊ တုပမင်းဘား၊ မပြုမှားလင့်၊ ဘားနှင့်ကေသရိန်၊ နှိုင်းချိန်တူ*နိုး၊ အမျိုးဘုန်းကံ၊ ဘက်မ*စံဘူး၊ ဝေးလံကြစွာ၊ လူတို့ရွာတွင်၊ ပညာဗလ၊ စည်းစိမ်စသည်၊ ယှဉ်ထသူနှင့်၊ အတူကျင့်က၊ *ယခင့်ထိုသူ၊ ပျက်ပြီးဟူ၏၊ မှတ်ယူမုချ၊ သိင်္ဂါလလျှင်၊ သီဟ*သနင်း၊ ခြင်သေ့မင်းအား၊ အားချင်းပြိုင်လို၊ ကိုယ်ကိုထောင်လွှား၊ မာနကြွား၍၊ တုမှားတုံမြောက်၊ ဆင့်ခြေအောက်နိုက်၊ သက်ပျောက်ကြေမွ၊ ပျက်သေရ၏၊ မခညွှတ်လို၊ ကိုယ်ကိုမာန်တင်း၊ အိုးလည်ဘင်းနှင့်၊ ရေတွင်းငုပ်ကာ၊ သေပါသော်မှ၊ မနေရဘူး၊ ခဏလျင်စွာ၊ မိန့်အာဏာဖြင့်၊ စကြာကြိမ်လုံး၊ ရိုက်၍*ကြုံးက၊ သက်ဆုံးပြီးလျက်၊ သက်ယိုသောပုံ၊ ဖူးယှက်ငုံ၍၊ လက်စုံချီမိုး၊ ရှိခိုးဦးချ၊ ပေါ်လာရခဲ့၊ ထိုမှရှေးဝယ်၊ ရောင်ခြောက်သွယ်နှင့်၊ စုံစွယ်ဝင်းလျှံ၊ မိုးပျံမြေလျှိုး၊ တန်းခိုးကြီးမင်း၊ လူ့ရုပ်ဆင်းကို၊ ဘန်ဆင်းနိုင်ငြား၊ ဆင်နတ်သားဖြင့်၊ မင်းဖျားစက္ကဝတ်၊ ကောင်းကင်လွှတ်သော်၊ လူ့ထွတ်မြတ်စွာ၊ သုံးလူ့ချာတို့၊ အပရာဇိ၊ အောင်ဘူမိဟု၊ ဗောဓိမဏ္ဍိုင်၊ မြေရန်နိုင်ထက်၊ ပိုင်ပိုင်ပျံလွှား၊ ကျော်သွားမဝံ့၊ ရှုံ၍ဦး†နှိမ်၊ အကြိမ်ကြိမ်ကြောင့်၊ ပေါက်†နှိမ်ပြင်းစွာ၊ ဝဇီရာစိန်စက်၊

ချွန်းဒဏ်ချက်ဖြင့်၊ အသက်စွန့်လျှင်း၊ ဝိညာဉ်ကင်းလည်း၊ မင်း၏တေဇ၊ မြေမကျဘူး၊ ဒေဝ*တမျှ၊ ရွေးကမ္မတည့်၊ ရာဇပုညဇိဒ်၊ ဂုဏ်ဝိသိဌ်ကား၊ မဟိဒ္ဓိက၊ လွန်ကြီးစွခဲ့၊ ထိုမျှဝန်းကျင်၊ သင်တို့ဟသင်း၊ မတ်*ခပင်းလည်း၊ မင်းမှုဂုဏ်ရောင်၊ ထွန်းလင်းပြောင်၏၊ အခေါင်အဖျား၊ လွန်ကြီးမားသား၊ ဘုရားသို့တိ၊ ပညာယှိလည်း၊ ဣဿရိ†ယ၊ အစိုး†ရသည့်၊ မင်းမှုမှီရာ၊ မရပါသော်၊ ထိုပညာရောင်၊ ထွန်းမပြောင်ဘူး၊ ရွှေတောင်နားလစ်၊ ရွှေကျေးဖြစ်သို့၊ စင်စစ်မယှင်း၊ မှန်လှလျှင်းခဲ့၊ မြင်းမင်းအဿတိုရ်၊ လေလိုလျှင်မော၊ နွယ်သန့်*ကြောသား၊ သိန္ဓောမျိုးစစ်၊ ဖြစ်လင့်*တပဲး၊ ဆင်းရဲးမဝ၊ မုဆိုးမနှိုက်၊ မလှစာရေ၊ မှီနေရခိုက်၊ ဘိုးမထိုက်တည့်၊ လူနှိုက်ယှိုတူ၊ ဉာဏ်ယှိဟူလည်း၊ ကြီးသူဥက္ကဋ္ဌ၊ စိုးရမှီကင်း၊ ဂုဏ်မဝင်းဘူး၊ မင်း၏ကျေးဇူး၊ မထိမ်မြူးနှင့်၊ အထူးမျှော်ဆ၊ ရှာရစ်ကြလော့၊ မင်းခ*တံထွာ၊ ဓမ္မတာဖြင့်၊ အိမ်မှာမွေးငြား၊ ခွေးအလားတည့်၊ တပါးသူက၊ အစာပြုလည်း၊ သူမျှားလိုရာ၊ လိုက်မပါသို့၊ လစာထောက်ပင့်ရာမြီးမြှင့်သည့်၊ ထမင်းသခင်၊ ကိုယ့်အရှင်ကို၊ မတင်အထူး၊ သူနှင့်ပူး၍၊ ကျေးဇူးကင်းပ၊ မပြောရဘူး၊ မင်းခဟူသည်၊ မင့်းရိပ်ခြည်ကို၊ တိုရှည်နိုင်းညှိ၊ ဆင်ခြင်သိရှင့်၊ စိုးစိမင်းမှာ၊ မသာနှလုံး၊ မရွှင်ပြုံးဘဲး၊ ညှိုးချုံးထဲးနာ၊ ယှိသော့ခါလည်း၊ ရာဇာအကြိုက်၊ ရွှင်နှစ်ခြိုက်အောင်၊ လိုလိုက်သင့်လျှော်၊ စိတ်ကိုဖျော်လျက်၊ နာပျော်အရေး၊ကြံ *စီစွေး၍။ ။ဉာဏ်ဆေးကုအုံကြစေလော့။ (၄)

၃၆၅။ မင်းခယောကျ်ား၊ ထိုအပြားကား၊ ပိုင်းခြားမှတ်ဘိ၊ နွယ်ဇာတိသို့၊ မိမိမှီကာ၊ တည်နေရာကို၊ မှန်စွာမချွတ်၊ ဖျက်ဆီးတတ်နှင့်၊ သတပတ်ကြာ၊ ပဒုမ္မာသို့၊ မှီရာအားကို၊ ထင်ရှားကြက်သရေ၊ တင့်ဟယ်စေသည့်၊ မသေ့မှန်မျှို၊ ထိုနှစ်ဘို့တွင်၊ နွယ်သို့မသင့်၊ ကြာသို့ကျင့်လျက်၊ သခင့်အာ†ကျိုး၊ ယုတ်မညှိုးအောင်၊ အား†ကိုးလှုံလ၊ မလစ်ကြနှင့်၊ ဉာဏမျှော်ချင့်၊ အရှင်မြင့်မှုကျွန်မြင့်တုံကျင်၊ ဤလူ့ခွင်နှိုက်၊ အရှင်သွေးတွက်၊ ကျွန်သွေးထွက်တည့်၊ ပျက်လည်းအမျှ၊ ဖြစ်ကအတူ၊ ချမ်းပူတကွ၊ မကွဲးကြဘူး၊ ရာဇဝသတိ၊ ကျမ်းတိုင်းညီအောင်၊ ကိုယ်စီကျင့်ငြား၊ မပေါ့စားနှင့်၊ တပါးရပ်မြေ၊ အရှင်စေသော်၊ မသေ့*ဉာဏ်၊ ကိစ္စ*ကုံအောင်၊ ဆောင်တုံရေးရာ၊ လွှင်လိမ္မာသည့်၊ အမရာမွေး၊ မဟော့ကျေးသို့၊ မြော်တွေးထောက်ကား၊ မ*လျှော့လျှားနှင့်၊ ယောကျ်ားဟူက၊ အရေးကျသော်၊ လုံ့လခိုင်*ဖြိုး၊ သက်စွန့်ကြိုးလော့၊ မြို့စိုးတရာ၊ မြို့လာတကောင်၊ *ယခေါင်ရွေးက၊ ဆိုကုန်ကြလည်း၊ သူ့ရရဲးရင့်၊ အသင့်ပညာ၊ အလိမ္မာဟု၊ သုံးဖြာအင်ဖြည့်၊ စုံလှည့်ရာတ်သော်၊ မဟော်သဓော၊ ပညာဂမ္ဘီ၊ နန္ဒီသေန၊ ပစ္စန္တတို့၊ လုံ့လအကြံ၊ သင့်ဇိမ်ရှိ၊ အခံအထိုး၊ ဟိုနှစ်မျိုးလည်း၊ ရဲးကိုးရဲးယုံ၊ ရဲးမ*ဖြုံဘူး၊ *မကုံ*မင်၊ ဘုန်းကံဗလ၊ မနှန္ဒမ်းဂါး၊ မတာန်ငြားဘဲး၊ ခွန်အား ဥစ္စာ၊ ပညာ စိုးရ၊ လွှန်သမျှကို၊ ကာလာယ်ခါ၊

မဘက်ရာတည့်၊ သမ္ဘာမှဲ့ဘိ၊ ဘုန်းမယှိသူ၊ ဘုန်းယှိလူကို၊ ပြိုင်မူစင်စစ်၊ ပြိုင်တိုင်းနစ်၏၊ ခွေးသစ်ပမာ၊ မပြိုင်ရာရှင့်၊ တဖြာထိုမှ၊ မုချမှတ်လျှင်း၊ ဝမ်းတွင်းစွဲးမျို၊ မင်းခဆိုလျှင်၊ ကိုယ်ကိုဘယ်မျှ၊ မငဲ့ရဘူး၊ ဌာနမရွေး၊ ရှိသေပေးလျက်၊ ခွေး၏စရိုက်၊ မင်းလိုလိုက်က၊ မင်းကြိုက်တတ်စွာ၊ သဘောသာတည့်၊ နေရာဟူလည်း၊ သိပ်သည်းစေကြ၊ မင်းလျှင်စသား၊ ထိုမျှဂုဏ်မြင့်၊ ကိုယ်နှင့်မတူ၊ ကြီးမြတ်သူတို့၊ *တူရူမျက်နှာ၊ *ပက်ပါ*ပက်ပည်၊ မတည်တည့်တည့်၊ စောင်းကြည့်မြင်သာ၊ ခစားရာ၌၊ ပညာနှိုင်းညှို၊ အခွင့်သိသား၊ ကဝိလက္ခဏာ၊ မြောက်ပြီးစွာတို၊ အခါအခါ၊ ပြောဆိုရာလည်း၊ နည်းနာ*ပုံပြင်၊ တန်းဆာဆင်၍၊ စုံလင်ပြည့်ဝ၊ ပြောတိုင်းလှ၏၊ ဒသကျော်ဟိုး၊ ဆင်ဆယ်မျိုးတွင်၊ နွယ်ရိုးဘာဝ၊ ဝိသိဋ္ဌဖြင့်၊ တိဏ္ဏပဏ္ဏ၊ စားသမျှမြက်၊ နွယ်သစ်ရွက်ပေါင်း၊ ဝမ်းဝယ်အောင်းက၊ ပျံ့လှောင်းခန္ဓာ၊ နံ့သာစင်စစ်၊ မွေးမျိုးဖြစ်သည့်၊ မျိုးဇာစ်ထူးစွာ၊ ဆင်နံ့သာသို့၊ ပညာရှိသူ၊ လူတို့ခံတွင်း၊ ရောက်လျှင်းနှုတ်က၊ မြွက်သမျှကား၊ မျှားလှ*ဗိုလ်လေး၊ ကြားတိုင်းမွှေး၏၊ ချိုးသောယာ၊ နားတန်းဆာဖြင့်၊ နာသာဘွယ်ချည်း၊ ဖြစ်သတည်းတည့်၊ ပုံနည်းပမာ၊ ဆောင်ဥဒါန်နှင့်၊ သာယာချိုမြ၊ ပြောတိုင်းလှလေ့၊ လောကသနင်း၊ မင်းတို့ဟူက၊ လူများ*ဦးကိုင်၊ စိုးပိုင်ထိပ်ထက်၊ အသက်သခင်၊ ခန္ဓာ့ရှင်တည့်၊ သိမြင်ကျွန်ဝတ်၊ ယွင်းမချွတ်နှင့်၊ ကျွန်ဖွတ်ကျွန်လိပ်၊ ခတ်နှိပ်အက္ခရာ၊ *မော်ကွန်းမှာ၏၊ မြဲးစွာမှတ်လင့်၊ ရှေး*ယခင့်က၊ ဝံနှင့်မျောက် ကျား၊ သုံးကောင်သားတို့၊ ဝံကားညီမူ၊ သုံးဘိုပြု၍၊ သုံးစုခွဲးထွေ၊ အမဲဝေသော်၊ အသေလဘ်လတ်၊ ကျားကိုက်သတ်၏၊ ကျွန်ဝတ်သိစွာ၊ မျောက်လိမ္မာမူ၊ မညှာကိုယ့်တွက်၊ အကုန်ဆက်ပြီး၊ သက်သက်ကျားမင်း၊ စားပြီးလျှင်းမှ၊ စားကြွင်းကိုမျှ၊ စားထတုံပါ၊ သက်ချမ်းသာလျက်၊ မျက်နှာလည်းရ၊ ဝမ်းလည်းဝနှင့်၊ မျောက်လှလိမ္မာ၊ ဟူစပါ၏၊ ဌာနာဌာန၊ လျော်သင့်မျှအောင်၊ မင်းခတို့ထုံး၊ တချောင်းသုံးလျက်၊ လက်ရုံး နှလုံး၊ မင်းသုံးပညာ၊ အရာရာနှိုက်၊ လိမ္မာလေ့ကျက်၊ မင်းနှစ်သက်၍၊ ဆောင်ယွက် ထပ်တိုး၊ ဂုဏ်မညှိုးသည်။ ။မြတ်နိုးဆုပုံ ကြစေလော့။ (၅)

၃၆၆။ ရာဇာအရှင်၊ သခင်စိုးမင်း၊ သတိကင်း၍၊ ချွတ်ယွင်းမေ့ကျန်၊ ဌာနန်ရာထူး၊ ခြီးကျူးမေးခေါ်၊ မပြုသော်လည်း၊ ပျော်ပျော်ကပ်ဆည်း၊ ဝမ်းမနည်းနှင့်၊ မင်းတည်းမျက်နှာ၊ ရသော့ခါလည်း၊ လွန်စွာမြူးရွှင်၊ မိုးမမြင်အောင်၊ ငါ့ပြင်မယှိ၊ ထင်ဘိစိတ်မှာ၊ မမြောက်ရာဘူး၊ ဥစ္စာတစိ၊ မယှိဘူးသူ၊ ယှိခဲ့မူကား၊ ထိုလူအထူး၊ ဝမ်းမြူးလွန်ကာ၊ ရူးတတ်စွာ၏၊ လိမ္မာယဥ်ကျေး၊ *ဆေးလေးငြိမ်သက်၊ မာန်မတက်နှင့်၊ မွှေညက်နှုတ်ချို၊ စကားဆိုလည်း၊ တောင်လိုဘယ်ခါ၊ မမောက်ရာဘူး၊ နာဘွယ်ပြစ်ကင်း၊ နှုတ်သံ

†ညင်းနှင့်၊ စောင်း†ငြင်းအသွင်၊ နားတိုင်းဝင်စေ၊ အချိုတွင်နှုတ်၊ အဟုတ်မှန်စွာ၊ ပျားထက်သာရှင့်၊ ဝါစာပီယ၊ သဘာဝကား၊ လောကလူ့ဘော်၊ တုမမြော်အောင်၊ အကျော်နတ်ဆေး၊ နှုတ်ချိုးေက၊ ရွှေပေးမပြီး၊ နာမငြီးတည့်၊ ဝှဲးခြီးဂုဏ်မြောက်၊ မင်းထံမှောက်နှိုက်၊ အလျောက်အဆို၊ နှုတ်ေး ချိုလော့၊ မင်းကိုအထူး၊ ကျေးဇူးဘယ်ခါ၊ မဖျောက်ရာဘူး၊ ပြည့်ရွာအခြား၊ တိုင်းတပါးက၊ ထင်ရှားတန်ခိုး၊ မင်္ဂုဏ်တိုးအောင်၊ ကျော်ဟိုး*ကြေညာ၊ ဆက်ပဏ္ဏာကို၊ *ပြစ်ဆာယှင်းဖောက်၊ အဖျင်းကောက်၍၊ မင်းမှောက်ရှေ့မှာ၊ မလျောက်ရာဘူး၊ ကိုယ်သာမြတ်နိုး၊ မင့်းအကျိုးကို၊ တိုး၍လိုဟန်၊ မာယာဘန်၍၊ မမှန်စကား၊ မင့်းအကြားနှိုက်၊ သူ့အားပြစ်ရှာ၊ မင်းနားနာအောင်၊ သူမှာပျက်ကြောင်း၊ မကောင်းနှလုံး၊ သူမိုက်သုံးဖြင့်၊ တိုက်ဂုံးမင်းမှာ၊ မ*ချောရာတည့်၊ မလိမ္မာသူ၊ လူတို့အကျင့်၊ သင့်မသင့်ကို၊ မချင့်မစား၊ ပက်ကျိလားသို၊ ထင်ရှားမကောင်း၊ ကြောင်းကြောင်းအရာ၊ ထင်တတ်စွာ၏၊ *စာနာကြောင်းလမ်း၊ မစုံစမ်းဘဲ၊ ခြီးမွမ်းပြစ်တင်၊ တွေးအထင်နှင့်၊ အလျင်နှုတ်လျှာ၊ မ*ဆောရာတည့်၊ မသာမ†ယာ၊ ဆ†ရာမိဘ၊ နည်းမရသည့်၊ တောသားနှုတ်သံ၊ နာခံမချမ်း၊လွန်ကြမ်း†ထမ်းသို၊ လူ့†တမ်းမမှီ၊ အလဇ္ဇီဖြင့်၊ ဂစီဒုစရိုက်၊ ဘိုးမထိုက်ရှင့်၊ လူမိုက်လျှာပါး၊ တဘွားဘွားနှင့်၊ စကား*ဖျင်ဖျင်၊ မင်းပွဲခွင်နှိုက်၊ ထင်ရာ ထင်တိုင်း၊ အရိုင်းဘာသာ၊ မပြောရာတည့်၊ ပမာအထူး၊ ပင်လယ်ကူးနှင့်၊ စစ်ဦး စစ်ခေါင်၊ ကိုယ်ဝန်ဆောင်မိန်း†မ၊ ဆင်စီးစသည့်၊ ထို†မှတချက်၊ ထန်းတက်ယောကျ်ား၊ မင်းခစားတို၊ ယံမှားအပ်စွာ၊ မကင်းရာဘူး၊ ပညာအမျိုး၊ မကိုးစားသင့်၊ အခွင့်ဆင်ခြင်၊ လျောက်အတင်နှိုက်၊ မဝင်မင်းနား၊ ယိုငြားခဲ့သော်၊ မတ်မဟော်လျက်၊ ရွှေတော်မင်းပွဲ၊ ဗိုလ်ပုံထဲက၊ ငင်ဆွဲအဟုတ်၊ နှင်ထုတ်ခံရ၊ မင်းဟူကလျှင်၊ မာနဇာတိ၊ ကြီးစွာဘိ၏၊မြွေမိ့ုးပမာ၊ကြောင်းမရှာဘူး၊လိုရာလိုက်လျော၊အသင့်ချောရှင့်၊ သဘောကေန်၊မှန်မမှန်ပင်၊ပြစ်ဒဏ်မလွတ်၊ဖြစ်တိုတတ်၏၊ မှတ်လော့*စင်းလျှင်း၊ခြင်သေ့မင်း၏၊ ထံရင်းနှိုက်တွင်၊ ခစားကျင်သည့်၊ သမင်မုသား၊ ဝက်ကားမှန်ရာ၊ တင်ကြပါလည်း၊ နားမှာမသင့်၊ နှလုံး†နှင့်၍၊ ဝက်†နှင့်သမင်၊ ထိုတွင်သိမ်းကျုံး၊ နှစ်ကောင်လုံးကို၊ သက်ဆုံးစေလတ်၊ ဝါးကိုက်သတ်၏၊ သင့်မြတ်ရေးရာ၊ တင်တတ်စွာ၍၊ ယုန်လိမ္မာငယ်၊ ပညာကြွယ်ကား၊ အကယ်မချွတ်၊ သေဘေးလွတ်၏၊ ခဲးကတ်လိမ္မာ၊ ကြံစည်ကာလျှင်၊ ကောင်းစွာသတိ၊ ထားဘိမယှင်း၊ နှလုံးသွင်းလော့၊ မင်းကိုအချင်၊စင်စစ်မှတ်*ကျုံ၊ မယုံစအပ်၊ ဆွေစပ်မျိုးဘော်၊ တော်၏မမှန်း၊ ခင်ပွန်းမထင်၊ ကျွမ်းမဝင်ရာ၊ သခင်အမြဲ၊ ကြောက်ရွံ့ကဲး၍။ ။မှတ်စွဲးပြုတုံ ကြစေလော့။ (၆)

၃၆၇။ မင်းဘွယ်စိုး †ယ၊ စံတပဖြင့်၊ ခွင့်†ရသော်လည်း၊ စောင့်စည်း အပ်စွာ၊ ပညာနိုင်းဆ၊ မပြုကြနှင့်၊ မင်းခပီပီ၊ ကျင့်ရေးညီလော့၊ စစ်ချိ ကာလ၊ ပေးထအရာ၊ စစ်ပြန်လာက၊ မဆောင်ရဘူး၊ ရူပဆင်းပြင်၊ မင်းရုပ် သွင်သို့၊ ဆင်ယင် တန်းဆာ၊ နေရာထိုင်ပြု၊ မင်းကိုတု၍၊ ဝတ်မှု စားဟန်၊ မင်းသဏ္ဍာန်ဖြင့်၊ မတန်မရာ၊ ဘယ်ခါသော်မှ၊ မ*ယောင်ရဘူး၊ ရာဇသေဝက၊ ပုရိသတို့၊ နိစ္စနိုင်းညို၊ သတိသမ္ပဇဉ်၊ အစဉ်ဘယ်မျှ၊ မချွတ်ကြနှင့်၊ ကြွလျှင် နှိပ်မျိုး၊ မိုးလျှင်ချမြဲ၊ မလွဲမှန်ဘိ၊ သဘောသိရှင့်၊ မိမိကိုယ်ကို၊ ကြိမ်မြင့် လိုမူ၊ မောက်မို မော်ကြွား၊ မပလွှားရာ၊ စကားကြွပ်ဆတ်၊ မင်မတ်နင်သင်၊ မဆင်†ခြင်ဘဲ၊ ဆို†ချင်တတ်တိုင်း၊ နှုတ်မရိုင်းနှင့်၊ မကိုင်းညွှတ်လို၊ မိုက်မုန် ယို၍၊ မင်းကို မာန၊ မထောင် ရဘူး၊ ရှေးက ပုံလာ၊ မျောက်လိမ္မာနှင့်၊ ယုန်ပညာယို၊ ကျင့်ဘိပမာ၊ မြင်တိုင်းမှာလျှင်၊ ဆရာစိတ်က၊ မှတ်ကုန်ကြလော့၊ နှိုင်းဆအလို၊ သင့်ကြောင်း ဆိုရှင့်၊ စိန်ကို အမှောင်၊ ကြောင်ကို အလင်း၊ မင်းကိုအကြိုက်၊ လိုရာလိုက်လျက်၊ သူမိုက်ကိုညွှာ၊ သူတော်စွာမူ၊ မှန်ရာကျင့်မှ၊ အခွင့်လှ၍၊ နှိမ့်ချဝတ်စား၊ တန်ရုံအားနှင့်၊ ညွှတ်တွားကျို့ကျို့၊ ပြားပြား ရှို့၍၊ ယုန်သို့ငွေ့ငွေ့၊ ခစားလေ့လော့၊ ဆယ်ရေ့းတရေး၊ မင်းပြစ်ပေးလည်း၊ ခွေးသို့အလား၊ မှတ်မထားဘဲ၊ ပြစ်မှားမယို၊ ပကတိသွင်၊ မျက်နှာရှင်လျက်၊ ထွက်ဝင်မကင်း၊ ဝတ်မပျင်းလင့်၊ ထမင့်းသခင်၊ ကျေးဇူးရှင်ကို၊ ဘယ်တွင်ဒေါသ၊ မခံရတည့်၊ ကိုယ်က ခြိမ်း†မြှောက်၊ မင်းဖြစ်†မြှောက်လည်း၊ *မလောက် မလား၊ မခန့်ညားဘဲ၊ စကား*မချေ၊ မယိုစေနှင့်၊ *မထေမဲ့မြင်၊ ဘုန်းကံရှင် အား၊ စိတ်တွင်သော်မျှ၊ မကြံရတည့်၊ မင်းခယောကျ်ား၊ ပန်းပြားတူ*ရှည့်၊ လိမ္မာပြည့်လော့၊ မင်း၏နှလုံး၊ ဆင်ခြင်ကျုံး၍၊ ဆံထုံးပန်းတန်၊ ပိုမလွန်အောင်၊ တင်ရန်မလျှောက်ခွင့်၊ မင်းလိုချင့်ပြီး၊ သခင့်မေးဟန်၊ ကျွန်၏တင်ခြင်း၊ မင်း၏ မေးဝိုက်၊ လိုလိုက်တင်ရာ၊ ပညာယှိမေး၊ အရေးသင့်တိုင်း၊ ချင့်နှိုင်းတင်ခြင်း၊ ချွတ်မယွင်းလင့်၊ *နှုန်းထွင်း*စာနာ၊ အရာရာကို၊ ပညာယှိမှ၊ ခွင့်သိနိုင်ကြ၊ ဤလောကနှိုက်၊ လုံ့လဆော်နှိုး၊ အားထုတ်†ကြိုး၍၊ သံ†ကျိုးသံပြတ်၊ ဆက် နိုင်ဟပ်၏၊ ယွင်းချွတ်ခေါ်ရိုး၊ စကား†ကျိုးကား၊ ကျောက်†ကျိုးမလွဲ၊ဆက် နိုင်ခဲ၏၊ အမြဲမှတ်ရာ၊ မင့်းထံမှာလျှင်၊ ရံခါတိမ်းပါး၊ အမှားတင်မိ၊ မင်းပြစ် ငြိသော်၊ သက်ရှိသက်*မဲ့၊ သက်ကဲ့အလား၊ သားမယားနှင့်၊ ခမ်းနားဥစ္စာ၊ ရတနာနေအိမ်၊ စည်းစိမ်ကုန်အောင်၊ ဥသျှောင်ခြေလက်၊ မင့်ကွက်နှင့်၊ မင်းမျက် ပြေကြောင်း၊ ကြံကောင်းကြံရာ၊ ကြံအပ်စွာ၏၊ ပညာခဲ့းကတ်၊ ကြံစည်တတ် လော့၊ ရာဇဝတ်ရေး၊ ပေါက်ကျေးမယှင်း၊ သိခက်လျှင်း၏၊ မင်းလည်းတခန်း၊ ရဟန်းတသီး၊ မီးလည်းတထွေ၊ မြွေလည်းတခြား၊ ဤလေးပါးကို၊ လေးစားမမူ၊ ငယ်၏ဟူ၍၊ စွဲးယူဝမ်းတွင်း၊ မှတ်မသွင်းလင့်၊ မင်းတည်းမွေးက၊ မနှေးချက် ပြီး၊ နေ့ခြင်းကြီး၏၊ ဖျက်ဆီးတုံက၊ မြားနှယ်ကျအောင်၊ ခဏမကြာ၊ ပျက်

စီးစွာခဲ့၊ ပညာနွယ်ရိုး၊ အမျိုးဝံသ၊ မကိုးကြနှင့်၊ ကာလမညာ၊ မင်းအာဏာ
ကား၊ အခါမယို၊ ဥက္ကောင်းတိရှင့်၊ မျက်စိတမှိတ်၊ လည်တညိတ်နှင့်၊ သွားကြိတ်
မခံ၊ ဆိပ်လျံလွန်ပြင်း၊ ရှောင်မကွင်းဘူး၊ မင်းတို့မျက်စောင်း၊ ငဲ့တိုင်း*တောင်း
၏၊ ခြောင်းခြောင်းမွန်လှည့်၊ နဂါးကြည့်သို့၊ မြည့်မြည့်ကြေမွ၊ ပျက်တတ်စွ
တည့်၊ မင်းခတို့ဘေး၊ မပြတ်တွေး၍။ ။ကိုယ်ရေးမှု†လုံကြစေလော့။ (၇)

၃၆၇။ ထိုမှတထွေ၊ သူ့ရပ်မြေဝယ်၊ မင်းစေတမန်၊ အင်ရှစ်တန်တို့၊ မလွန်
မကြွား၊ မပလွှားနှင့်၊ နှစ်ပါးသင့်မျှ၊ နှစ်ဘက်လှအောင်၊ ရာဇရိပ်ခြည်၊ နား
လည်*ပွန်းတီး၊ လိမ္မာသီးလော့၊ ရေစီးဘောင်ဆန်၊ အိုးတန်ဆန်ခတ်၊
ဆီပွတ်ကျည်ပွေ့၊ ဆင်ဝှေ့ရန်ရှောင်၊ လူ့ဘောင်ရှေးက၊ နည်းနာပြ၏၊ ခယ
သိမ်မွေ့၊ ကျင့်လေ့†မယို၊ နှိမ့်ချကိုယ်ဖြင့်၊ ရို†ရိုသေသေ၊ နှုတ်သံချေနှင့်၊
စိတ်နေမမြင့်၊ မဝင့်မသုန်၊ မင်းတို့ဂုဏ်ကို၊ နေရုဏ်*တမျှ၊ ထွန်းစေပလော့၊
ဓမ္မစရိယာ၊ ပြောပရာဝယ်၊ ရှေးခါလမ်းသွား၊ မင်းနှစ်ပါးတို့၊ ရထားဦးချင်း၊
ဆိုင်ကြလျှင်းသော်၊ မင်းဗြဟ္မဒတ်၊ သမ္မုနတ်၏၊ အမတ်သာရထိ၊ ပညာယှိသို့၊
မိမိသခင်၊ ဂုဏ်ထူးအင်ကို၊ ထင်ထင်ပပ၊ ညွှန်းဘွဲ့ပြလော့၊ မုချမယွင်း၊
ဘုန်းဂုဏ်လင်း၍၊ ကိုယ့်မင်းသခင်၊ တန်းခိုးထင်မှ၊ အရှင်ကောင့်းကျွန်၊
ပန်းကောင်းပန်ဟု၊ ဆိုဟန်မခွ၊ ကိုယ့်ဂုဏ်လှလိမ့်၊ မင်းခယောကျ်ား၊ လစာ
စားတို့၊ ကမ်းနားသစ်ပင်၊ ပမာသွင်နှင့်၊ လူတွင်မွေးငြား၊ ဝက်အလားဖြင့်၊
မမှားသေဘို့၊ မှန်လှတို့၏၊ မနှစ်လိုရာ၊ ကြောက်အပ်စွာရှင့်၊ ကိုယ့်တာသူဝန်၊
မလွန်ထိုထို၊ ကျူးမပိုနှင့်၊ ကျိုးလိုပြစ်ရ၊ ဖြစ်တတ်စွ၏၊ ရာဇတန္တီ၊ ပဝေဏီငြိမ်း၊
နန်းစဉ်တမ်းဖြင့်၊ မင်းခမ်းထီးဖြူ၊ လဲးခဲ့မူလည်း၊ မထူအပ်ကောင်း၊ လဲး
ကြောင်းကိုမျှ၊ မတင်ရဘူး၊ ထူကတင်က၊ ရေမချွတ်၊ ရာဇဝတ်ပြစ်ကြီး၊
မီးသို့လောင်ထွေ၊ ညက်ညက်ကြေ၏၊ မျိုးဆွေခုနစ်ဆက်၊ သိမ်းဖျက်မကြွင်း၊
လောင်တိုက်သွင်းခဲ့၊ မင်းတို့ချမြှောက်၊ ပြုရာရောက်ဟု၊ မဘောက်ဤသို့၊
ယူတုံမှို၏၊ မင်းတို့ထိမ်းမှတ်၊ အမြွတ်*ဦးကိုင်၊ ထီးကိုပိုင်က၊ နန်းထိုင်ရ၏၊
ပဋ္ဌာနနည်း၊ ဟူသတည်းရှင့်၊ သိပ်သည်းသေချာ၊ မြဲးစွာမှတ်လင့်၊ မင်းနှင့်
စပ်လျှင်၊ မလွန်ခင်ကို၊ အလျင်တင်ကောင်း၊ မတင်နှောင်းက၊ အပြစ်ရ၏၊
*မဲ့ထပညာ၊ အလိမ္မာကင်း၊ လူ*ခပင်းကား၊ မြေတွင်း မီး ရေ၊ မှိနေရကွ၊
စားထအစာ၊ ကိုးကွယ်ရာမှ၊ မှန်စွာမချွတ်၊ ဘေးဖြစ်တတ်၏၊ မှတ်လော့
*စင်းလျှင်း၊ စိုးပိုင်နင်းသည့်၊ မင်းတို့နိုက်မှာ၊ ဘယ်ဆိုရာလိမ့်၊ ဘယ်ခါမမှား၊
သတိထားတည့်၊ ရှာသားမင်းစေ၊ ရှာနေမလေး၊ အရေးမထား၊ ဟူသော့
လားသို့၊ မင်းအားကိုယ်တူ၊ မမူစအပ်၊ မင်းတည်းကွပ်က၊ *လျပ်လျပ်မကြာ၊
သေတတ်စွာ၏၊ အာဏာမလွန်၊ အရှင်ညွှန်တိုင်း၊ ကျွန်တို့စရိုက်၊ ခွေး*နှယ်
လိုက်လျက်၊ ဆောင်ထိုက်အရေး၊ ဦးဆွေးဆံမြည့်၊ ပြန်မလှည့်နှင့်၊ ကျွန်၏

လက္ခဏာ၊ သိလိမ္မာလေ့၊ ပညာမျက်စိ၊ မြင်ယှိစေကြ၊ မယုတ်ရဘူး၊ နေ့ညခရီး၊ တောင်မြစ်ဆီးလည်း၊ ဝေးနီးယူဇနာ၊ မဟူသာတည့်၊ အခါမထောင့်၊ ချိန်မစောင့်နှင့်၊ ငြောင့်ကိုသင်ဖြူး၊ ဆူးကိုမွေ့ရာ၊ မြေမှာတံတား၊ ကျားကိုသစ်ငုတ်၊ စုန်းဘုတ်တစ္ဆေ၊ ဘော်မိတ်ဆွေသို့၊ မင်းစေဟူက၊ မဆုတ်ရဘူး၊ မင်းခမ္မတာ၊ သစ္စာမကျူး၊ သူကျေးဇူးကို၊ အထူးခံငြား၊ သူဆန်စားက၊ သူအားကျိုးဆောင်၊ မရှောင်သာပေ၊ ရဲရချေ၏၊ တထွေထို†မှ၊ ပြည်†မတိုင်းသား၊ ဗိုလ်*လူများတို့၊ တရားရေးရာ၊ ယှိသော့ခါလည်း၊ အာဒါသမုံ၊ ဝိမ္မုံ့သဖွယ်၊ ကြီးကျယ်ပြည်ရေး၊ ရှုပ်ထွေးခဲ*လှော်၊ ဖြစ်ခဲ့သော်ကား၊ မဟော်သုခမိန်၊ နန္ဒိသိန်သို့၊ နိုင်းချိန်မယွင်း၊ အရှင်မင်း၏၊ ရေးခင်းကိစ္စ၊ ယှိကာလနိုက်၊ သုမုခကျီး၊ ဇစ်သူကြီးနှင့်၊ သီးဘဒ္ဒရ၊ ဆောင်ဆက်သသား၊ သူဝမတ်ခေါင်၊ ရွှေကျေး*ယောင်သို့။ ။ရေးဆောင်မှု*ကုံကြစေလေ့။ (၈)

၃၆၉။ အထွေအထွေ၊ ထုံးနည်းဘွေ၍၊ အခြေအမြစ်၊ မှုခဲဆစ်နိုက်၊ အစစ်အဆေး၊ ဆွေးနွေးကုန်စင်၊ ချည့်နှယ်သင်လျက်၊ မှုအင်ရှုကာ၊ *ချောင်စွာလျှင်၊ သာယာနှုတ်ခွန်း၊ မကြမ်းလွန်းနှင့်၊ ဖြောင့်တန်း ကြည်လင်၊ သဘောစင်၍၊ လူရှင်*ခပင်း၊ သူဝမ်းတွင်းက၊ အခြင်းအရာ၊ ထုတ်ယူပါသို့၊ ပညာဝရဇိန်၊ နိုင်းချိန်ဖြတ်တောက်၊ ရွှေနောက်မြင်ကိန်း၊ ဉာဏ်ချုပ်ထိန်းရှင့်၊ ဒေဝိန်း ကာမိန်း၊ ပကုတ် သိန်းတို၊ *အပြိန်း သက်သက်၊ ဉာဏ်မနက်ကြောင့်၊ မိတ်ဘက်အမေး၊ ဆိတ်နှင့်ခွေးကို၊ ကြံတွေးကုန်ကြ၊ မဆုံးဆသို့၊ မောဟဖိသန်း၊ မယမ်း မှန်းနှင့်၊ မျက်ကန်းပမာ၊ ပင်ပန်း†ကာတည့်၊ အာ†ဂါ အာဘော်၊ ရှုမျှော်အမြဲ၊ သူ*ရမ်းဘဲကို၊ နိုက်*နှဲဆင်ခြင်၊ အဖြေမြင်က၊ အတင်သိမျိုး၊ ကျမ်းရိုးသဘော၊ ဟုတ်လှမော၏၊ မနော ထဲချုပ်၊ အတွင်း ငုပ်သား၊ *မှန်ထုပ်ရှို့ဝှက်၊ သူကြံနက်ကို၊ ပေါ်ထွက်မှုတွင်၊ ဆစ်ရေးမြင်လေ့၊ မြေဆင်ကြံချောင်း၊ လုံးတလျှောင်းနှင့်၊ သောက်ကောင်းအရည်၊ နွားနို့သည်လျက်၊ *မည်မည်ဝါးဝါး၊ မခွဲခြားဘဲ၊ မပြားအမှု၊ ထွန်တုံးတူဟု၊ တယူတည်းသာ၊ သညာမခွ၊ ပြဲမှတ်စွသား၊ လာလုက*လှုင်၊ ပေါက်ပင်မှတ်ငြား၊ မင်းသားလေးဦး၊ မြင်ဘူးချိန်ခါ၊ တကြိမ်သာမျှ၊ ထင်ရာစွဲမှန်း၊ တတန်းတန်းဖြင့်၊ သူကန်းဆင်တွေ့၊ မစေ့မစုံ၊ ငြင်းခုံမပြီး၊ ရယ်ဘွယ်ကြီးသို့၊ *ဒူးရီးဒူးရား၊ ဝိုးဝါးမချင့်၊ မမှုသင့်တည့်၊ *ယခင့်ရှေးဖြစ်၊ ပဏ္ဍိတ်စစ်ဖြင့်၊ ခုနစ်နှစ်ရွယ်၊ ပညာကြွယ်တို့၊ ဉာဏ်ကျယ်သော့အား၊ သိကြား ဘီလူး၊ ရုပ်ထူးဆောင်ပြု၊ ရထားလုနှင့်၊ သားလု†ခုံငြင်း၊ မှုဆင်ကျင်းလည်း၊ ဖြည်း†ညှင်းသာယာ၊ ပညာမျှော်ဆ၊ သိရတမျိုး၊ မယားခိုးနှင့်၊ နွားခိုး ချည်လုံး၊ စစ်ထုံးသိပ်သည်း၊ *နိဿ ရည်းကို၊ ယူနည်းဝမ်းတွင်၊ စစ်မေးဆင်လေ့၊ ထင်ရာမနော၊ လျှင်မဆောနှင့်၊ သဘောမုချ၊ မသိကြဘဲ၊ တွေးဆသူကို၊ အပြစ်*ကြို၍၊ မလိုတမာ၊ မဆိုသာဘူး၊

ဆိုပါတတ်သူ၊ လူမလိမ္မာ၊ ဟူစပါခဲ့၊ ထင်ရာသမျှ၊ အတွေးရတိုင်း၊ မိန်းမပစပ်၊ ပေါ့လျပ်လျပ်နှင့်၊ အရပ်စကား၊ ဟူသည်များကား၊ တရားပွဲခွင်၊ ထဲမဝင်ရှင့်၊ အကြင်လူ့ရွာ၊ လောကမှာလျှင်၊ အနာမသိ၊ ဆေးမယ္ဘိတည့်၊ ယောင်ဝိယောင်ဝါး၊ မကုစားခင်၊ သမားသဖွယ်၊ ငွေယူလွယ်သို့၊ လူဝယ်မှုခင်း၊ ဖြစ်ပေါ်လျှင်းက၊ အရင်းအမြစ်၊ မစစ်မသိ၊ ပြုမိပြုရာ၊ မသမာဘဲ၊ ပဏ္ဍာယူငြား၊ အလျင်စား၍၊ တရားခွဲ့ထွင်၊ ဘွဲ့မဆင်နှင့်၊ ကြား မြင်သုတ၊ *ကုံင*လောက်ငံ၊ ငံ့ရွှေရည်*ကျံ့သို့၊ *နက်တံ*ဆေးလေး၊ ဉာဏ်ဖြင့်*ရှေး၍။ ။စစ်ရေးရှုစုံ ကြစေလော့။ (၉)

၃၇၀။ ထိုပြင်တကွဲ၊ ဥယျာဉ်ထဲတွင်၊ အစွဲမရ၊ *ငိုက်မျည်းကျစဉ်၊ မျောက်မခိုးကွယ်၊ ပုလဲသွယ်လျှင်၊ မဘွယ်မရာ၊ ခဏတာနှိုက်၊ မဟာသေဌ္ဌိ၊ ပုရောဟိကြီး၊ စောင်းတီးဆရာ၊ ပြည့်တန်းဆာသို့၊ ရောက်ရာအခွင့်၊ သင့်မသင့်ကို၊ ဉာဏ်ဖြင့်*နှုန်းထွင်း၊ ထောင်မှာသွင်း၍၊ စာရင်းမှတ်နာ၊ မတ်ကြီးစွာသို့၊ ပညာမြော်မြင်၊ လှစ်တွေးထင်လော့၊ လူတွင်မှန်လှ၊ ဤလောကနှိုက်၊ ထိုမှုရင်း၊ လူအပေါင်းကား၊ ကောင်းမွန်ရသ၊ စားရခါပေ၊ ချစ်မိတ်ဆွေကို၊ တလေစမြဲ၊ စစ်မြေပွဲနှိုက်၊ သူရဲကောင်းကို၊ အလိုရှိလေ့၊ သိမ်မွေ့နက်နဲ၊ ခက်ခဲရေးရာ၊ ရောက်သော့ခါဝယ်၊ ပညာယှိအား၊ လိုကြငြားဏ်၊ တရားပွဲခွင်၊ မှုသဘင်ဝယ်၊ သိုလျှင်အထူး၊ ဉာဏ်ရောင်မြူးသား၊ ကျေးဇူးထင်ပေါ်၊ ပညာကျော်တို့၊ ပင့်ခေါ်ခယ၊ ဆောင်ကြပြီးခါ၊ သူထက်ငါလျှင်၊ ထိုပညာကျော်၊ ရွှေနေတော်တို့၊ ရှုမျှော်ပိုင်းခြား၊ သူတပါး၏၊ စကားအကျ၊ အရသရုပ်၊ လက်ဆုပ်ပိပိ၊ ရမိဖမ်းကိုင်၊ လက်*ပွေဆိုင်သို့၊ သူနိုင်ငါနိုင်၊ နှုတ်ပြိုင်ဆူလှယ်၊ ပွဲအလယ်တွင်၊ နာဘွယ်မရဲ၊ လျှောက်လဲတင်ချေ၊ အထွေထွေဖြင့်၊ ဆင်ခြေနှစ်ပြင်၊ ဆိုင်ကြဆင်၏၊ အကြင်အကြင်၊ တရားဝင်နှင့်၊ မဝင်ထိုက်ရာ၊ အဂ်ါမူလ၊ စသည်အပြား၊ စိန်*နှယ်သားလျက်၊ *စူးစား*နှစ်နော၊ ဝမ်းနှင့်ကျောသို့၊ *စော ကြောရွှေနောက်၊ နှိုင်းထောက် ဆင်ခြင်၊ တွေးတောမြင်လော့၊လူရှင်အများ၊ ယုံမှားကင်းကြောင်း၊ဉာဏ်ဖြင့်လောင်းပြီး၊ ထုံးဟောင်းနည်းနာ၊ ဆောင်ဥဒါနှင့်၊ ပမာပမည်း၊ သိပ်သည်းဆို့ပိတ်၊ ဖိုလ်ဟိတ်ခတ်သွယ်၊ နာသာဘွယ်ဖြင့်၊ ကျဉ်းကျယ်စစ်မေး၊ *ဆေးလေးသိမ်မွေ့၊ ဆုံးဖြတ်လေ့တည့်၊ နောက်ရှေ့မြစ်ရင်း၊ မရှင်းမစင်၊ *ခုံတမင်ဖြင့်၊ ဆင်ခြင်လျော့မေ့၊ မစေ့မငု၊ လျင်မပြုလင့်၊ မနုအမတ်၊ ရှေးသူမြတ်မှ၊ ယွင်းချတ်သတိ၊ ယှိလတုံငြား၊ တရားတခု၊ သခွါးမှုနှိုက်၊ မရှင်းမြစ်၊ အစစ်ကြွင်းကျန်၊ မမှန်သော့အား၊ ဖြတ်မိမှား၏၊ ဉာဏ်သွားမစောင်း၊ သတိကျောင်းလျက်၊ *ရှောင်းတခင်မှု၊ မပြုလျှင်စွာ၊ ဆင်ခြင်ရာ၏၊ နည်းနာနယ၊ စစ်ပုံပြသား၊ ထိုမျှမှတ်

ဘွယ်၊ အသွယ်သွယ်ကို၊ ဝမ်းဝယ်ပိုက်သွင်း၊ စစ်ဖြည်းညှင်းသည်။ ။စစ်ခြင်းနုတို့ ကြစေလော့။ (၁၀)

၃၇၁။ စစ်ခြင်းနုတို့၊စစ်မှုစုံအောင်၊စစ်ပုံလှလှ၊စစ်နည်းရ၍၊ တွေးဆမများ၊ ညာဏ်စဉ်းစားလော့၊ စကားတွင်းမှာ၊ တရားပါ၏၊ ရာဇာဝိဒေဟ၊ သေနကက၊ စသည့်ငါးဦး၊ လေ့ကျက်ဘူးတိုင်း၊အတူးမြွက်ကာ၊ ပြုခြင်းရာနှင့်၊ ရှေးခါပုဏ္ဏား၊ လေးယောက်သားတို့၊ မခြားအတူ၊ လောကီဟူသည်၊ လူတို့သဘော၊ မနော ထဲးပိုက်၊ ကိုယ့်အကြိုက်ဖြင့်၊စရိုက်ယိုရာ၊ ပြောတတ်စွာ၏ ၊ သေချာမှတ်လျက်၊ အရေးခက်က၊ နေ့ရက်သွေး၍၊ ဖြည်းနှေးရှည်ကြာ၊ ဆိုင်းလင့်ကာလျှင်၊ သာယာညှင်းဖြ၊သုမမှနှင့်၊စန္ဒကုမာရီ၊ဒေဝီတို့လား၊နှလုံးထားလော့၊ ပခုံးကြား ထွက်၊ လည်ဘင်းထက်နိုက်၊ နားရွက်မျက်စိ၊ ပေါက်ဘိမွေးဆံ၊ ခြံရံဝန်းကျင်၊ ဥက္ကောင်း*ဖြင်လည်း၊ အမြင်အသိ၊ ယိုသည်ဥက္ကောင်း၊ လွန်နည်းတောင်းခဲ့၊ အကြောင်းမစစ်၊ ညာဏ်*မဲ့လစ်မူ၊ ဖြစ်ကတတ်*ဆန်း၊ မှတ်ယူမှန်းလျက်၊ ဆင်ကန်းတောတိုး၊ သဘောမျိုးနှင့်၊ ဝိုးဝါးတွေးထင်၊ မဆင်ခြင်ဘူး၊ ထန်းပင်ထက်ဖျား၊ ကျီးသိုက်ကြားက၊ ပတ္တမြားရောင်ထွက်၊ ရေကန်နက်ကို၊ ကော်ပက်မဆုံး၊ တရုံးရုံးနှင့်၊ အားလုံးလူစု၊ ဆင်းရဲမှုတည့်၊ မေးပြုမျိုးနွယ်၊ ရေဆယ် မီးယူ၊ ဝန်ကူပဲပြုတ်၊ ပုန်းစလုတ်က၊ သစ်ငုတ်ဆေးပေါင်း၊ သမင် ရောင်းငြား၊ မှုံဆန်းစားဟု၊ ဆယ်ပါးလူမိုက်၊ ကျင့်စရိုက်နှင့်၊ လက်နှိုက် ပျောက်†ရွှေပဲးတစေ့ကြောင့်၊ ငုံ†၍နှုတ်ထဲး၊ လုပ်ပြည့်ပဲးကို၊ထုတ်ကြဲးရာသော့၊ ဥယျာဉ်မြေတွင်၊ မျောက်ရေသွန်းမျိုး၊ အားထုတ်†ကြိုးလည်း၊ အ†ကျိုးမပြီး၊ *အချည်းနှီးမျှ၊ ပျက်စီးသည်သာ၊ မမှတာတည့်၊ ပညာဝမ်းတွင်း၊ ဆင်ခြင် ခြင်းနှင့်၊ မကင်းစေဘိ၊ သတိကရား၊ အမြဲးထား၍။ ။ညာဏ်သွားနှု†လုံ ကြစေလော့။ (၁၁)

၃၇၂။ ညာဏ်သွားနှလုံ၊ ရှုရေး*ကုံလော့၊ လေးပုံမျိုးသင်း၊ လူ*ခပင်းနိုက်၊ မင်းနှင့်အမတ်၊ အထူးမှက်သည့်၊ တောနတ်မိစ္ဆာ၊ မလိမ္မာလျှင်၊ ဣဿာငြူစူ၊ မျက်ငိုးမူ၍၊ အတူနေလေ့၊ ကျားခြင်သေ့ကို၊ မောင်း၍အပြင်း၊ နှင်ထုတ်ခြင်း ကြောင့်၊ ကျားမင်းသားပင်း၊ တောစောင့်ကင်းသော်၊ ကြောက်ခြင်းရှိခြင်း၊ ထိတ်ခြင်းတစိ၊ မယိုသော့အား၊ လူအများတို့၊ဝင်ငြားအဟုတ်၊ ထင်းသစ်ခုတ်၍၊ ပြုတ်ပြုတ်ကြေညက်၊ တောလုံးပျက်၏၊ ကိုယ့်ထက်အမျိုး၊ ဘုန်းတန်းခိုးနှင့်၊ အုပ်စိုးမပြတ်၊ စောင့်ရှောက်တတ်သည့်၊ ကြီးမြတ်ထင်ရှား၊ သူတို့အားလျှင်၊ ပြစ်မှားစိတ်မှာ၊ အပြစ်ရှာ၍၊ ဣဿာငြူစူ၊ ဖျက်မမူနှင့်၊ ဖျက်သူနောင်ဝယ်၊ ဂုဏ်ညှိုးငယ်လိမ့်၊ ကိုးကွယ်ရာ*မဲ့၊ *မဟဲ့တန်းခိုး၊ သူလွှမ်းမိုး၍၊ အမျိုးသုန် *ဖျင်း၊ပျက်တတ်လျှင်း၏၊ မင်းနှင့်ပြည်သူ၊ ယုတ်မြတ်ဟူလည်း၊ဖြစ်တူပျက်ဘက်၊

ကိုင်းအခက်နှင့်၊ အောက်ထက်ရင်းဖျား၊ သစ်ပင်လားသို့၊ မပြားတစည်း၊ တူသတည်းရှင့်၊ တောလည်းမြက်ပြတ်၊ သဟဇာတ်တည့်၊ မြဲးမှတ်အပြီး၊ လူ့ထုံးတီးက၊ ဘုန်းကြီးသူပျက်၊ ဘုန်းနည်းညက်၏၊ *ကြံထက်လိမ္မာ၊ မချိုရာဘူး၊ ပညာယှိလည်း၊ သတိကင်းကွာ၊ လစ်တတ်စွာ၏၊ ပညာချိုကင်း၊ ဉာဏ်ရင်းမလုံ၊ မယှိတုံ၍၊ တစုံတခု၊ မျှော်မရှုဘဲ၊ အပြုချွတ်ယွင်း၊ သတိကင်းက၊ မှုခင်းထွေလာ၊ ဖြစ်တတ်စွာ၏၊ ရေးရာမကျယ်၊ ရေလိပ်ငယ်ကို၊ ရေဝယ်ချဟု၊ ရေးကြီးပြု၍၊ ပြည်မှုကိစ္စ၊ မီးပွါးထရှင့်၊ မိုက်လှအလို၊ မြေကြီးပြိုဟု၊ မြည်ဆိုတုံငြား၊ ယုန်စကားကြောင့်၊ တောသားကုန်အောင်၊ တောသုံးထောင်ဝယ်၊ ဆင်*ပြောင်ကစ၊ တွေးဆ*မဲ့လျှင်း၊ ရေသို့ဆင်းခဲ့၊ ဖျား ရင်း နီး ဝေး၊ ကြီး ငယ် သေးနှင့်၊ အရေးပြုထိုက်၊ မပြုထိုက်ကို၊ ဉာဏ်နှိုက်မျှော်ဆ၊ ရှုကုန်ကြလော့၊ ကိစ္စချည်းနှိုး၊ ကျိုးမပြီးဘဲ၊ မြေကြီးကုန်နိုး၊ မြေတုန်နိုးနှင့်၊ မိုးလည်းပြိုအံ့၊ မြေပျောက်တံ့ဟု၊ ကြောက်ရွံ့စိုးထိတ်၊ မလုံစိတ်ဖြင့်၊ အဟိတ်ပြိုမြို၊ ဉာဏ်မမှီတည့်၊ တီနှင့်ကြိုးကြာ၊ မိုက်စွာတုံ၊ မြောက်၊ တီတွတ်၊ မျောက်သို့၊ မကြောက်ထိတ်ထိုက်၊ မှုမစိုက်နှင့်၊ ရန်ခိုက်ဒေါသ၊ ဟူသမျှလည်း၊ ဖြစ်ကလျင်စွာ၊ ငြိမ်းစေရာ၏၊ ယုတ်မာလွန်ဆိုး၊ ဒေါသမျိုးကား၊ တိုးခလတိုးလေ၊ အိုး*နှယ်ဝေ၍၊ လောင်ထွေမီးလား၊ အပြစ်များ၏၊ ပျားတစက်ကြောင့်၊ ပြည်ပျက်ကုန်ကြ၊ ဟူတုံစွရှင့်၊ အမှုက်ကစပ်၊ မီးဟပ်စွဲးပြောင်၊ ပြာသာဒ်ဆောင်ကို၊ လောင်သည့်တန္တု၊ ပျက်စီးမှုတည့်၊ ကြက်ဥ*အယောင်၊ တိမ်ခေတာင်*တပြေး၊ ပေါက်နှင့်ကျေးသို့၊ ပြည်ရေး မင်းရေး၊ ရှုပ်ထွေးထွေပြား၊ ထိုနှစ်ပါးကို၊ ပိုင်းခြားဆုံးဖြတ်၊ သိနိုင်တတ်အောင်၊ မှူးမတ်တို့ထုံး၊ ညီအားလုံးဖြင့်၊ လွှတ်ရုံးသဘင်၊ ရွှေနန်းပြင်ဝယ်၊ ထွက်ဝင်မ၊ပျင်း၊ ရှုမျှော်တင်း၍၊ စိုင်း၊ ပြင်းအမြဲး၊ ခါ*မစဲးသည်။ ။မင်းပွဲးစုဆုံ ကြစေလော့။ (၁၂)

၃၇၃။ ရွှေသားစလွယ်၊ ရာကြီးငယ်တိ၊ သုံးသွယ်ခြောက်သွယ်၊ ကိုးသွယ်ဆဲ့နှစ်၊ ဂုဏ်ရည်စစ်၍၊ သင်းကျစ်ဘွဲ့မည်၊ ထီးစည်ကျိုင်းချက်၊ ဖဆောင်အယွက်နှင့်၊ လွှက်တက်ရှုံးထိုင်၊ ရွှေကွန်းပိုင်က၊ နိုင်ငံပြည်ရေး၊ စုရေးငန်းရပ်၊ ငါဝန်အပ်တိုင်း၊ မလပ်ဆော်ဘန်၊ ကိုယ့်တာဝန်ကို၊ မလွန်စေမှု၊ မှတ်တခုဖြင့်၊ စတုမဟာရာဇ်၊ နတ်စစ်လေးပါး၊ ထင်ရှားတော၊ ဌာနန်ရလျက်၊ လောကပါလ၊ သိကြဘူးကျွန်ယုံ၊ မတ်လေးပုံသို့၊ *ကုံလုံစေ့ငုံ၊ လုံ့လပြု၍၊ မျှော်ရှုပညာ၊ ဆောင်တတ်စွာသည့်၊ လိမ္မာတတ်*ပွန်၊ အိုမတ်ဝန်တို့! ဝေဘန်ချင့်နှိုင်း၊ ဉာဏ်ဖြင့်ပိုင်းလော့၊ တိုင်းခန်းပြည်ရွာ၊ ပြည့်ရေးရာထက်၊ လူမှာလူ့ရေး၊ လူနှိုက်ရှုပ်ထွေးခဲ့၊ အိမ်ရေး အိမ်ခမ်း၊ ဝေတမ်းဝေပုံ၊ ကျွန်ုပ်စုံလည်း၊ လာ ဘုံလူ့ရပ်၊ ထပ်ထပ်ဖြစ်ပွါး၊ လူနှိုက်များပြား၏၊ ယောကျ်ား မိန်းမ၊ လောကဓမ္မတာ၊ လူ့*တံထွာဖြင့်၊

အိမ်ရာဇထောင်ဘက်၊ အရှက်အစပ်၊ မအပ်မလျော်၊ ချွတ်ချော်မှားယွင်း၊ အငြင်း
အခုံ၊ ဆူ့း*နှယ်ပုံရှင့်၊ ရှက်ဆုံဆင်†ခြေ၊ အ†ချေအလဲ၊ အစွဲအစွပ်၊ အထပ်
ထပ်သာ၊ မလပ်ဘယ်ရွှေ၊ လူ့ရွာလေ့တိုင်း၊ မင်းရှေ့စိုးထံ၊ အပ်နှံလျှောက်ထား၊
လယ်ယာများနှင့်၊ မယားခိုးမှု၊ လင်ခိုးမှုက၊ လူမှုအလွန်၊ ရှုပ်ပွေဟန်ကို၊
တိရစ္ဆာန်မျောက်များ၊ တကြိမ်အားထက်၊ မကြားဝံ့စွာ၊ မနာဝံ့ငြား၊ နားပိတ်
ကုန်ကြ၊ ဟူတုံစွတည့်၊ ကာမဘောဂီ၊ လောကီလူစု၊ အိမ်ထောင်ပြုသည်၊
လူမှုစေးချုံ၊ ရှုပ်ထွေးပုံကို၊ လုံးစုံမျှော်ရှု၊ လုံ့လပြု၍၊ ဂရုကတ၊ ဝါယာမဖြင့်၊
အမျှော့ကျိုးဆောင်၊ ပင်လယ်ဘောင်ဝယ်၊ ပွဲ့ထောင်သမား၊ *ထမုံဖျားနှင့်၊
ယောကျ်ားကဝိန်၊ မှန်ချိန်အထူး၊ မာလိန်မှူးသို့၊ ကျေးဇူးများမှု၊ ပမာတုလျက်၊
ပြည်သူ့မိဘ၊ မည်ထိုက်လှအောင်၊ ထိုမျှရှုပ်ထွေး၊ လူရေးမှုကျယ်၊ မျိုးလေး
နွယ်ကို။ ။သွေး*နှယ်မျှကြ ပစေကုန်။ (၁၃)

၃၇၄။ ထိုသို့ရှုပ်ထွေး၊ မျိုးနွယ်*†လေးဖြင့်၊ ဗိုလ်†*လှေးအထု၊ လူရေးမှု
ကြောင့်၊ မနုမနော၊ ရှင်*စောမုနိ၊ ဣသိမိုးယံ၊ တန်းခိုးပျံတို့၊ နန်းစံကမ္ဘာ၊
တည်ဦးစွာက၊ မဟာသမတ်၊ နေနတ်နွယ်မှူး၊ ဘေးတော်ဦးအား၊ ကျေးဇူး
များစေ၊ ဆက်သွင်းပေသည့်၊ ရွှေစာကျမ်းမြတ်၊ ဓမ္မသတ်တိ၊ ဆုံးဖြတ်ခွဲးခြမ်း၊
နန်းစဉ်†ကျမ်းနှင့်၊ နု†ကြမ်းနှိုင်းဆ၊ ဖြတ်ထုံးစသား၊ ကမ္ဘာ့လက်သုံး၊
ကျမ်းအလုံးကို၊ သိမ်းကျုံးညက်စေ၊ လေ့ကျက်†ချေ၍၊ *ဗိုလ်†ခြေနောက်လာ၊
များစွာတို့အား၊ မှတ်သားလွယ်မှု၊ ကြည့်ရှုလွယ်ကြောင်း၊ ရုံးပေါင်းစုလတ်၊
နဝရတ်ကိုးလီ၊ မျက်စုံစီသို့၊ လောကီပညာ၊ ကြီးကျယ်စွာသား၊ မဟာဉာဏဝန်၊
ပဏ္ဍိတ်*မွန်တို့၊ နည်းညွှန်သချာ၊ ကျမ်းစုံစွာဖြင့်၊ ပဏာမနိဒါန်း၊ အစဉ်တန်း၍၊
အခန်း အခန်း၊ ဂဏန်း ပုဒ်မ၊ ပိုင်းခြားပြသား၊ မိန်းမ ယောကျ်ား၊ သားသမီးစု၊
အိမ်ရာမှုကို၊ စေ့ငုစုံစွာ၊ မှတ်လေ့လာလော့၊ မြင်းသာစီး၍၊ ထီးမမသိ၊
မဟူဘိလင့်၊ သနိ*သနဲ့း၊ ခွဲးခွဲးခြမ်းခြမ်း၊ အကျမ်းကျမ်းကို၊ စုံစမ်းသမှု၊ ရှာဘွေ
ရှုလျက်၊ အနုအရင့်၊ နှိုင်းချင့်ဝေဘန်၊ အပြန်ပြန်ဖြင့်၊ *ကျေပွန်နှလုံး၊ လက်ကိုင်
သုံး၍။ ။ထုံးသို့မွကြ ပစေကုန်။ (၁၄)

၃၇၅။ အမြဲ့ရှုကာ၊ ပြုအပ်စွာသား၊ မှတ်ရာအထူး၊ *ဝဲ့မကူးတည့်၊
ကျမ်းဦးပဏာမ၊ နိဒါန်းပြသား၊ အစ*မဆွ၊ ပထမခဏ်း၊ ပိုင်းသန်းခြားမှတ်၊
ဓမ္မသတ်မည်စုံ၊ မှတ်ပုံဒုတိယ၊ ထိုမှတခင်း၊ ကျမ်းရင်းနိဒါန်း၊ ပြည္ဘန်းတတိ၊
ဣတ္ထိတို့မှာန်၊ လော်လည်ဟန်နှင့်၊ ဘောက်ပြန်လှည့်ပတ်၊ မာယာမှတ်သား၊
ဋ္ဌပွတ်ဘော်ပြ၊ စတုတ္ထတဖြာ၊ ကညာပဥ္စမ၊ ပုတ္တာပုတ္တိ၊ ထိုပြီအပ၊ ဒါသဒါသီ၊
ကိုယ်နှိုက်မှီကို၊ လောကီလူ†များ၊ ထုံးစံအားဖြင့်၊ ထိမ်း†မြားခင်းပြ၊ ဆဋ္ဌ
တကြောင်း၊ ရင်းတို့နှင့်၊ စပ်သဖြင့်လျှင်၊ ဖြစ်ခွင့်ယှိတိုင်း၊ ကျမ်းလာနှိုင်း၍၊

ဖြတ်ပိုင်းရန်ပြ၊ သတ္တမရှင့်၊ မိဘထိန်းသူ၊ ကြည်ဖြူသော့အား၊ မထိမ်းမြားဘဲ၊ ယောကျ်ားမိန်းမ၊ မှားယွင်းကြ၍ ၊ ဖြစ်ထမှုကို၊ ဆုံးဖြတ်ဆိုသား၊ ထိုသည့်အရ၊ အဋ္ဌမတည့်၊ မိဘမပေး၊ အရေးမရ၊ မိန်းမကလည်း၊ မမျှသဘော၊ သို့ဖြစ်သောလျက်၊ မိုက်ဇောကြီးမား၊ မုဒိမ်းအားဖြင့်၊ *သော်ကား*မော်ကား၊ ထိုယောကျ်ားတို့၊ ပြစ်မှားဖျက်ဆီး၊ မှုသီးဖြတ်ရန်၊ ဝေဘန်ဘော်ပြ၊ နဝမတခြား၊ မယားနှင့်လင်၊ ဝတ်ဂုဏ်အင်က၊ ချစ်ခင်အပ်စွာ၊ ဆုံးမရာနှင့်၊ စွန့်ကွာအပ်ထ၊ ခြင်းရာပြသည့်၊ ဒသမမည်တွင်၊ ထိုလင်မယား၊ ဖြတ်ခြားကင်းကွာ၊ ဆုံးဖြတ်ရာသည့်၊ ကောဒသမ၊ ပရဒါရီ၊ မညီတရား၊ သူ့မယားကို၊ ပြစ်မှားကျူးလွန်၊ ပြစ်ဝန်ထိုက်ရာ၊ ပြသည်မှာကား၊ ဒွါဒသမ၊ ထိုပရဒါ၊ ဖြစ်သည်မှာလည်း၊ နှစ်ဖြာပိုင်းခြား၊ ယောကျ်ားမိန်းမ၊ ဟီနဉက္က၌၊ ယုတ်မြတ်မျိုးနွယ်၊ ကြီးငယ်ပြစ်ဒဏ်၊ စီရင်ရန်ဖြင့်၊ ထုံးမှန်ယှိရေး၊ ဆုံးဖြတ်ပေးသား၊ တေးရသ†မ၊ ထိုလောက်မျှတိ၊ ပုဒ်†မဂဏန်း၊ ဆဲ့သုံးခဏ်းကို။ ။စွဲမှန်းရကြ ပစေကုန်။ (၁၅)

၃၇၆။ ထိုမှတ်†တန်း၊ အမွေခန်းနှိုက်၊ နိ†ဒါန်းအစ၊ သုံးကဏ္ဍလည်း၊ တူမျှနည်းရှေ၊ မခကာက်ကွေ့တည့်၊ အမွေလက္ခဏာ၊ ခြင်းရာအပြား၊ ထင်ရှားပြသ၊ စတုတ္ထမှတ်လေ၊ အမွေစုလိုက်၊ မခံထိုက်နှင့်၊ ခံထိုက်သည့်သား၊ ပိုင်းခြားပဉ္စမ၊ မိဘသားရင်း၊ ဝေခြင်းဆဋ္ဌမ်၊ မွေခံသား†ချင်း၊ ပြု†ခြင်းကျင့်ဝတ်၊ မွေမသွတ်ဘဲ၊ အလွတ်ချန်ထား၊ အဘိုးမျှားကို၊ မွေစား*တကာ၊ တောင်းရာသည့်ဖြစ်၊ လနှစ်ပရိစ္ဆေ၊ တထွေထုံးမှီး၊ *သင်းသီးလက္ခဏာ၊ ပြရာသတ္တ†မ၊ ထို†မှတ†ခြင်း၊ သား†ချင်းတထွေ၊ အမွေခွဲရန်၊ ပြဟန်အဋ္ဌမ၊ ယင်းမှတချက်၊ အထက်ပါထ၊ ပုဗ္ဗကနှင့်၊ ဘထွေး မိထွေး၊ ဝေရေးနဝမ၊ ယင်းပုဗ္ဗနှင့်၊ ထိုဘမိထွေး၊ မွေးသည့်သားမျှား၊ ဝေခြားပုံပြ၊ ဒသမတည့်၊ လင်ကမယား၊ ပါသည့်သားနှင့်၊ နှစ်ပါးစုံရ၊ အောက်သားလုတို့၊ ဝေကြပုံမှာ၊ ကောဒသမ၊ ထိုမှတသင်း၊ ဘိုးဘွားရင်းနှင့်၊ မြေးရင်းဝေကြ၊ ဒွါဒသမမှတ်ရေး၊ ဘိုးထွေး ဘွားထွေး၊ အထက်မြေးတို့၊ ဝေရေးတေရသ်၊ မှတ်လေ့တခြား၊ ထက်မြေးမျှားနှင့်၊ ဘိုးဘွားဘိုးထွေး၊ မွေးသည့်အောက်သား၊ ဝေခြားဆုံးဖြတ်၊ စုဒ္ဒသ်မည်ငြား၊ မယားကြီးငယ်၊ ဝေဘွယ်ပန္နရသ်၊ ဆတ်ဆတ်မှတ်ရာ၊ ထက်ပါပုဗ္ဗက၊ ထို့သားလုနှင့်၊ ဘထွေး မိထွေး၊ မမွေးသားရင်း၊ ဆွေသား†ချင်းတို့၊ ဝေ†ခြင်းရာပြ၊ သောဠသမတည့်၊ မုချဆိုတိုင်း၊ ဆစ်အပိုင်းကို။ ။ကသိုဏ်းကျကြ ပစေကုန်။ (၁၆)

၃၇၇။ ထိုမှတထွေ၊ မွေရှင်သေ၍ ၊ မွေခံမယှိ၊ သို့ဖြစ်ဘိမူ၊ မိဘ သားချင်း၊ မရင်းသားဖျား၊ ဆွေမျိုးမျှားဝှိ၊ ဝေစားထိုက်ဟန်၊ ပြမှန်သတ္တရ၊ မိဘ သားမယား၊ သားချင်းမျှားတို့၊ မွေစားမရ၊ သူ့စိမ်းကသာ၊ မွေခံရာကို၊ မှန်စွာပြလတ်၊ အဋ္ဌာရသ်တည့်၊ မြဲမှတ်ထောက်ဆ၊ ယောက္ခမနှင့်၊ ချွေးမ သားမက်၊ ခွဲးဝက်ဝေမူ၊ ကေနဝီ၊ ဒါသီ ဒါသ၊ ကျွန်မျှားအမွေ၊ ခွဲဝေထိုက်ရာ၊ ခွဲးကာ

ဝေပြု၊ ဝိသတိမရှင့်၊ ထိုမှတဖြာ၊ ဆရာတပည့်၊ အလိုပြည့်အောင်၊ ဝေသည့်နည်းမှီ၊ ကေဝီတခြား၊ မယားသေ လင်၊ လင်သေ မယား၊ မွေစားခံရ၊ ဗာဝီသမနှင့်၊ လမ်းစခရီး၊ မနီးလူ့ဘောင်၊ တော တောင်ဟူက၊ ရေမြေစသား၊ ဒေသရပ်မှာ၊ ရဥစ္စာကို၊ ထိုဥစ္စာရှင်၊ သခင်မိဘ၊ သူနှစ်ဝတို့၊ ရသူနှင့်ပေ၊ ခွဲဝေနည်းပြ၊ တေဝီသမက၊ ပုဏ္ဏားအမွေခံပေထိုက်သက်၊ခွဲဝက်ဝေပြု၊ စတုဝီသတိမ၊ သမဏာပြီ၊ ပဥ္စဝီမျိုး၊ သားဆိုးမြေးကောင်း၊ ဆွေပေါင်းဉာတိ၊ မယှိမွေခံ၊ ထိုစနံကို၊ ဆက်*ဆံမင်းသာ၊ မင်းဘဏ္ဍာဟု၊ ဖြစ်ရာဖြစ်ထိုက်၊ ထုံးလိုက်နည်းမှီ၊ ပြရာစီသည့်၊ ဆဗ္ဗီသတိမ၊ ဆုံးကဏ္ဍတည့်၊ ထိုမျှပိုင်းသန်း၊ မွေပုံခန်းကို၊ ဂဏန်းပုဒ်မ၊ နံပါတ်ပြတိုင်း၊ လုံ့လမကင်း၊ ကြည့်ရှုခြင်းဖြင့်၊ မွေရင်းမွေဖျား၊ ပိုင်းခြားနား၍၊ ပိုက်ဖြားကြင်နာ၊ လူ*ဗိုလ်ပါအား၊ လေးဖြာဂတိ၊ မငြိမရှက်၊ ထိုက်သက်ရာရာ၊ ဝေအပ်စွာ၍၊ စဉ်လာတန္တိ၊ ပဝေဏီနှင့်၊ အညီမှန်ကန်၊ မလွန်မပို၊ ထိုထိုတရား၊ ဆုံးဖြတ်အားက၊ လားလိမ့်နတ်ရွာ၊ မသမ္မာမူ၊ ပြိတ္တာငရဲ၊ ဖြစ်မြဲမချွတ်၊ အပါယ်လွတ်အောင်၊ကျင့်ဝတ်စွဲသုံး၊ သူတော်ထုံးဖြင့်။ ။ နှလုံးလှုကြ ပစေကုန်။ (၁၇)

(ဖေ့်သုံးပိုဒ်ကို အရကျက်မှတ်၍ အဂ္ဂမဟာသေနာပတိ သေနတ်ဝန်ကင်းဝန်မင်းကြီးစိရင်သော အိမ်မှုခဏ်း ဓမ္မသတ်ကြီး, အမွေခဏ်း ဓမ္မသတ်ကြီးတို့နှိုက် ကြည့်ရှုကြကုန်မူ အလွန်သိလွယ်နိုင်ကုန်လိမ့်မည်။)

၃၇၈။ ဇာတိဥက္ကဋ္ဌ၊ ကျင့်မြတ် သစ္စာ၊ ပညာဝါနှင့်၊ သာယာနွတ်ချို၊ ပြောဆိုသန့်ရှင်း၊ တတ်ခြင်းတရား၊ ရေးခြားလိမ္မာ၊ အင်ရှစ်ဖြာကြောင့်၊ ခံုရာအသီး၊ ငါမြောက်ခြီး၍၊ ထွန်းညီးဂုဏ်ငြေ၊ ပွဲ့လယ်တည်လျက်၊ *အသည်အဝါ၊ တင့်တယ်စွာလျှင်၊ လေးဖြာအဂတိ၊ မစွန်းငြိဘဲ၊ ပြည်ကြီး့ချမ်းသာ၊ ရှာတတ်စွာသည့်၊ မဟာသုခမိန်၊ မတ်ကဝိန်တို့! ချိန်သို့မမှား၊ သတိထား၍၊ ရှစ်ပါးဂုဏ်အင်၊ ပြည့်စုံလင်တိုင်း၊ ဆင်ခြင်သမှု၊ နှလုံးပြုလော့၊ *တန္တုရှေးခါ၊ ယမုံနာနှင့်၊ ဂင်္ဂါမြစ်သား၊ နှစ်ကောင်ငါးကို၊ တရားဖြတ်ဆို၊ ရေလိပ်အိုသို့၊ ကိုယ်ကိုမြောက်ခြီး၊ မပြီးအမှု၊ မပြုအပ်ရာ၊ ကရုဏာဖြင့်၊ ကြင်နာကင်းငြား၊ မသနားဘဲ၊ ကျားတရားဖြတ်၊ ဝါးကျွတ်ကျွတ်တိ၊ ကိုက်သတ်အသေ၊ သားကိုဝေသို့၊ မရေမရာ၊ မလျော်စွာဘူး၊ ပမာတသီး၊ မြင်းတစီးလျှင်၊ အမြီးကစား၊ ခေါင်းကစားသို့၊ ရှုံးသား နိုင်သူ၊ လူနှစ်ဦးလက်၊ နိုင်အထက်ဖြင့်၊ နှစ်ဘက်ပေါ်မှာ၊ ပဏ္ဍာယူစား၊ မျောက်အိုလားနှင့်၊ ကမ်းနားတွေ့ကြိမ်၊ ဉာဏ်ဖျင်းသိမ်သည့်၊ ရေတိမ်ကျက်စား၊ ရေနက်သွား၍၊ ရှာစားလေ့ပြု၊ ဖျံနှစ်ခုတို့၊ ငါးလုကြရာ၊ ယုတ်မာအကျင့်၊ ခေါင်းနှင့်အမြီး၊ ဖြတ်ပြီးပေးငြား၊ အလယ်သားကို၊ တရားဖြတ်သူ၊ ငါဘိုဟူ၍၊ ဆောင်ယူမနှေး၊ ချီကာပြေးသည့်၊ မြေခွေးငါးဝေ၊

မတူစေနှင့်၊ရှေနေ ခုံမင်း၊ ပေါင်းသင်းပြီးလျှင်၊ သမင်ကြိုထိုး၊ လှည့်ပတ်မျိုးသို၊ *တံစိုးတူစား၊ သူတပါးကို၊ တရားတိုက်တိုက်၊ လောဘလိုက်၍၊ မထိုက်ကြေးငွေ၊ မယူစေနှင့်၊ ဥပဒေဓမ္မ၊ ပိုင်းခြားပြတိုင်း၊ မှုချမှန်စွာ၊ မချွတ်ရာဘူး၊ ပဏ္ဍာလို†ကြူး၊ ဂတိထူးက၊ ခုံ†ကျူးခုံတာ၊ မလွတ်သာဘူး၊ မျက်နှာယိုငြား၊ ညှာသော့အားဖြင့်၊ ထောက်ထား သက်သေ၊ မကူစေနှင့်၊ မသေ့မဘောက်၊ ခုံတည်မြောက်သည်။ ။ခုံလောက်မြင်းမိုရ် ခံ၏သို့။ (၁၈)

၃၇၉။ အမွေဝေရေး၊ မိဘရှေးက၊ ပေး၏မရ၊ မပေးရဟု၊ ကျမ်းပြထင်စွာ၊ မွေဥစ္စာလျှင်၊ ဝေရာမယှိ၊ ဖြစ်တုံဘိမူ၊ ဘမိခြားသီး၊ သားသမီးအား၊ ပေးပြီးတုံမြောက်၊ လက်သို့ရောက်လည်း၊ မျက်မှောက်ယှိစွာ၊ ထိုဥစ္စာကို၊ ညီညာသား†ချင်း၊ မွေပုံသွင်း၍၊ ဝေ†ခြင်းမုချ၊ ဝေစေရ၏၊ ကြက်မစာကျွေး၊ သားတဝေးအား၊ ပေးသည့်ဝတ္ထု၊ မွှေထုံးပြုလော့၊ လောကုပဒေ၊ အမွေဟူငြား၊ သားချင်းများတို့၊ မွေစားမစုံ၊ မွေပုံမပြီး၊ *အတီးမသေ့၊ ရှေးလွန်လေက၊ သန္ဓေအဟိတ်၊ စျာန်မဂ်ပိတ်လည်း၊ မဆိတ်မွေစု၊ မွေ့ထုံးရှုလော့၊ ဤလူ့ရပ်†ဌာန်၊ လွန်ခက်†ထန်လျက်၊ မျက်မာန်ရဲရဲ၊ ခွေး*နှယ်ခဲ၍၊ အစွဲမပြေ၊ ထဲမကျေဘဲ၊ အမွေဟူက၊ ယှိတတ်ကြ၏၊ ထိုမျှသားချင်း၊ အူတုံဆင်းသား၊ အရင်းအချာ၊ ဉာတကာတို့၊ မေတ္တာပျက်ပြုန်း၊ မုန်းကြသေအောင်၊ စိမ်းသွေ့ရှောင်ခဲ့၊ ရှေဆောင် ရှေနေ၊ ခုံသက်သေအား၊ ငွေကိုပေးလျှင်း၊ မင်း၏တိုက်မှာ၊ ဥစ္စာဖြည့်ငြား၊ ဟူသော့လားဖြင့်၊ တရားဆင်ကြ၊ လေကိုရမှ၊ လက်ချရင်ငုံ၊ ငြိမ်းကြတုံ၏၊ ဝေပုံမျှတ၊ မစားကြဘူး၊ မောဟမှေးထူ၊ လောကီလူတို့၊ ဆိုင်သူကိုကား၊ မလိုအားဘဲ၊ အခြား*မြန်လူ၊ သူစိမ်းဟူသည်၊ မဆိုင်သူမှ၊ ကြည်ဖြူကြ၏၊ ထိုမျှလူပုံ၊ မိုက်စေးချုံတည့်၊ လုံးစုံလူမူ၊ ထောက်မျှော်ပြုလျက်၊ မနုမနော၊ မိန့်ဟောဣသိ၊ ကျမ်းပါဠိနှင့်၊ ထုံးယှိစံမှီ၊ ညီစေတာဝ၊ ဓမ္မသာမိက၊ သဘောရဖြင့်၊ လောကလူမှာ၊ ဆုံးဖြတ်ရာဟု၊ မှန်စွာမခွ၊ မိန့်ကြရှေးသူ၊ *အနှုန်းပြု၍၊ ရင့်နုယုတ်လတ်၊ အမြတ်ယော်ကြီး၊ အသီးသီးကို၊ မငြိုးမငွေ၊ စုံစေ့မကျန်၊ အောက်တက်လှန်ပြီး၊ ချီ*ချန်ကြွင်း*မဲ့၊နှိုင်း*ရှဲ့ပိုင်းခြား၊စု ဆအားဖြင့်၊ ထက်သားအောက်သား၊ မထားမချန်၊ တိရစ္ဆာန်ပါ၊ ပုံမှန်မျှပျမ်း၊ ခွဲဝေခြမ်းသည်။ ။ဆော်ရွှမ်းပဟိုရ် သံ၏သို့။ (၁၉)

၃၈၀။ ပဟိုရ့်သဏ္ဍာန်၊ ချက်တိုင်းမှန်အောင်၊ ဝေဘန်သမှု၊ ဖြတ်ပိုင်းပြုလော့၊ သုံးလူ့ချစ်ဘ၊ သမ္ဗုဒ္ဓလည်း၊ အာမိသ ဓမ္မ၊ နှစ်ပါးပြ၍၊ သာသနာ့အမွေ၊ ဟောမိန့်ထွေ၏၊ ဝါးပေငှက်ပျော၊ ကျူ့သဘောသို၊ လောကူပမာ၊ ထင်ရှာပြကတော့၊ အမွေဥပဒေ၊ နည်းလေးထွေကို၊ သိစေစေ့*ငုံ၊ မှတ်နှိုင်းရှလော့၊ ဤလူ့ဘဝ၊ လူ့လောကနိုက်၊ မိဘနှစ်ပါး၊ ယှိထင်ရှားစဉ်၊ သား

သမီးစုံ၊ လိုဟုအမွေ၊ မတောင်းစေနှင့်၊ ပေးသို့မှတ်ရာ၊ သေမှသာတည့်၊ ထက်ပါ အောက်သား၊ ယှိခဲ့ငြားသော်၊ ဝါးနှင့်တူစေ၊ လိုက်သင့်ဝေလော့၊ မွေမခံထိုက်၊ သားမိုက်တို့မှာ၊ သီးရုံသာသို့၊ ပမာငှက်ပျော၊ မှတ်သဘောတည့်၊ ဥဘတောပဏ္ဍုက်၊ သင့်ယုတ်အင်ချို၊ထိုသားတို့ကား၊ကျူသို့*တန္တု၊ညီမပြုလင့်၊ ဆွေစုမျိုးစစ်၊ ခုနစ်ဝင်ထ၊ ကိုယ့်လက်မှလျှင်၊ အဘ အဘိုး၊ ခေါ်ရိုးစဉ်ရှေး၊ အဘေး အဘွဲး၊ တကွဲးအဘွေး၊ တရေးအဘော်၊ အောက်သော်တခြား၊ သားနှင့်မြေး မြစ်၊ တဆစ်တီ မျှော့၊ မှတ်လော့ကျွတ် ဆက်၊ ကျမ်းဂန်ထွက်လည်း၊ အောက်ထက်သုံးစီ၊ မလွန်ညီရုံ၊ ဤရှေ့ဤမျှ၊ ဖြစ်ထိုက်စွဟု၊ နှိုင်းဆစိစစ်၊ ပိုင်းခြားဆစ်လျက်၊ ကျိုး ပြစ်မွေစု၊ ခံစေပြုလော့၊ ပြည်သူ့အထက်၊ မှူးပေါ်ထွက်က၊ ထိုက်သက်ဒဏ်ရေး၊ ပြစ်လျော့ပေးသည်၊ ။ရင်သွေးသားသက် နှံ၏သို့။ (၂၀)

၃၇၁။ ရင်သွေးညက်စံ၊ သားသက်နှံအား၊ မျက်လျှံဘမိ၊ ဒေါသယှိလည်း၊ မချိမိုးကဲး၊ လွန်စွာလွဲး၍၊ ဟိန်းဟဲးရုံမျှ၊ သာသာချသို့၊ ထိုမျှမှောက်မှား၊ ပြည်သူ့အားကို၊ ပြစ်ထားဒဏ်ရေး၊ လျော့လျော့ပေးလျက်၊ မြီကြွေးခိုက်ရန်၊ နှုတ်လက်လွန်ကို၊ ဖြေဖြန်သမှု၊ ငြိမ်းအောင်ပြုလော့၊ မနုရာဇာ၊ မဟာသမ္မတ၊ ကမ္ဘာစက၊ ဒွါဒတရား၊ ပိုင်းခြားလုံးစုံ၊ စိစစ်ပုံလည်း၊ အာဂုံစေ့*ငုံ၊ သိမ်းဆောင်ရှုလော့၊ အတုအပ၊ နည်းမကျဘဲး၊ ခြေမဆူးစူး၊ နဖူးဆူးရှာ၊ ရေလာတလွဲး၊ ခန္ဓဲး တခြား၊ဟူသော့ လ၁းနှင့်၊ ယုန်ကားတောင်ပြေး၊ ခွေးကမြောက်လိုက်၊ ထိုက်မထိုက်ကို၊ ဉာဏ်နှိုက်မရှု၊ ကျင့်မပြုနှင့်၊ အမှုမမှန်၊ တရားကျန်က၊ သည်းထန်လွန်ပြင်း၊မျက်ခြေနင်းလျက်၊ချင်းချင်း*ပုတ်ထိုက်၊ လူ့*နှယ်ရိုက်၏၊ မလိုက်ဂတိ၊ ထုံးယှိစံမှီ၊ ပဝေဏီနှင့်၊ အညီသင့်မော၊ သဘောဉာဏ်ရှု၊ ဆုံးဖြတ်ပြုက၊ ယခုဝတ္တမာန်၊ ပစ္စုပ္ပန်တွင်၊ မတန်လူမျှ၊ နာဂရာဇာ၊ သုပဏ္ဏာနှင့်၊ ဂန္ဓာသိကြား၊ နတ်မင်း†မျာ၊တို့၊ ပတ္တာ†မြားမျက်ရှင်၊ ရွှေစင်ပန်းခိုင်၊မနိုင်အဘိုး၊ နတ်ပုဆိုးဖြင့်၊ မြတ်နိုး*ကော်ရော်၊ ပူဇော်မြှောက်ခြီး၊ လူမင်းကြီးမူ၊ အသီးများလှ၊ နွားမတထောင်၊ ဆင်*ပြောင်ရထား၊ စသော့ အားဖြင့်၊ ကျေးစားအပိုင်၊ ခရိုင်ဆဲ့ခြောက်၊ ကြွယ်ပင်ပေါက်အောင်၊ ခြီးမြှောက်ပူဇော်၊ ကောင်းကြီးခေါ်၍၊ လူ့ဘော်နတ်ရပ်၊ ပင်လယ်ခပ်သည်။ ။နှံ့စပ်သတင်း ပျံ၏သို့။ (၂၁)

(ပျံ-ကို အောက်မြစ်မရေး မဘတ်ကြနှင့်။)

၃၇၂။ ကိုးပါးအင်္ဂါ၊ စုံလင်စွာနှင့်၊ သေနာပတိ၊ အစယှိသား၊ ပြည်ကြီးရေးကိုင်၊ ပြည်ရေးပိုင်၍၊ မဏ္ဍိုင်သဖွယ်၊ ကြီးကျယ်*နက်ကိ၊ ဂုဏ်ထူးယှိကြောင့်၊ ပြည်ကြီးပခုံး၊ ပြည့်လက်ရုံးဟု၊ တိုင်းလုံးကိုးရာ၊ မတ်*တကာလည်း၊

အင်္ဂါမဘောက်၊ ကိုယ့်ဂုဏ်လျှောက်ဖြင့်၊ စောင့်ရှောက်လုံ့လ၊ ပြုကုန်ကြလော့၊ ဥက္ကဋ္ဌလူ၊ ဖြစ်လိုမူကား၊ သူများထက်သာ၊ ကရုဏာနှင့်၊ မေတ္တာပွါးမှု၊ သည်းခံပြုမှု၊ ဂုဏ်ထူးရ၏၊ မိန်းမယောကျ်ား၊ မင်းပုဏ္ဏားတို့၊ ခြောက်ပါးဓမ္မ၊ နာယကနှင့်၊ ပြည့်ထည်ဖြောင့်၊ တော်တည့်စောင့်သော်၊ နှစ်*ရှောင့်နှစ်ရှား၊ မေတ္တာအားဖြင့်၊ သနားကြချင်၊ ချစ်ခင်ကြလို၊ များကြည်ညိုလိမ့်၊ ထိုသို့လူဗိုလ်၊ ကြည်ညိုကြထွေ၊ ရှိသေညွတ်ကျိုး၊ နတ်*နှယ်ကိုး၍၊ မြတ်နိုးကြလျှင်း၊ တံ့ဝပ်စင်းက၊ မင်း*နှယ်မခြား၊ အံ့သည့်ပျားသို့၊ လေးပါးမျိုးနွယ်၊ ကျေးဇူးကြွယ်လိမ့်၊ ချုတ်ချယ်မျက်လုံ၊ သည်းမခံမူ၊ ခြံရံနည်းပါး၊ ခွေရွေယှားလျက်၊ ဂုဏ်အားမလှ၊ ကြုံလှိုကြလိမ့်၊ ဒေသရပ်ခြား၊ ခရီးသွားနှင့်၊ နွားလားဝန်တင်၊ ထွက်ဝင်ရပ်တည်၊ အသည်အလာ၊ များစွာသီးသီး၊ ရောက်ပြီးရောက်စ၊ ဟူသမျှကို၊ ဘာ့း*နှယ်ဝမ်း†ချမ်း၊ ညှိုးမသမ်းအောင်၊ ခွဲး†ခြမ်းမျှော်ရှု၊ ပိုက်ဖြားပြုလော့၊ *ဗိုလ်လူ့စိတ်နေ၊ မညစ်စေနှင့်၊ တိုင်းခြေဌာန၊ ထာဝရနှိုက်၊ ထိုမျှရှင်လူ၊ ရွှေပြည်သူလည်း၊ မပူမပင်၊ မငြင်*မငြို၊ ဘုန်းရိပ်ခို၍၊ ကြည်ညိုဝမ်းတွင်း၊ သာယွင့်လင်းအောင်၊ ကင်းသင်းကူးတို့၊ သယ်ပိုစောင့်နေ၊ မလစ်စေနှင့်၊ လွန်လေ*အတီး၊ နိမိတ်ပြီးသား၊ အိုးကြီးအလယ်၊ အိုးငယ်ထောင်သောင်း၊ လောင်း၍မပြည့်၊ အိပ်မက်၏သို့၊ နိုင်းရှည့်အလား၊ တူသောအားဖြင့်၊ တိုင်းသားပြည်သူ၊ များရှင်လူတို့၊ ဆာပူညှိုးခွေ၊ မဖြစ်စေနှင့်၊ လူမွေယောကျ်ား၊ မင်းစေများလည်း၊ မင့်းအားကိုးကိုး၊ မင့်းအကျိုးနှင့်၊ ကိုယ်ကျိုးသာမျှ၊ ငဲ့တတ်ကြ၏၊ နဂ္ဂတန်လျှင်း၊ သိန္ဓောမြင်းနှင့်၊ မင်းပါထိုးစည်၊ ဗာရာပြည်ကို၊ ဂုဏ်ရည်နွှမ်းပါး၊ ဆန်*ကွမ်းစားဖြင့်၊ ပိုင်းခြားဟုတ်ဟတ်၊ အဘိုးဖြတ်သား၊ ရာပြတ်မိုက်လှ၊ မတ်ဗာလသို့၊ အစိုးရဘက်၊ အာဏာရက်၍၊ နှိပ်စက်တုတ်ခွန်၊ ပိုလွန်လွှမ်းမိုး၊ ပြည်နွှမ်းညှိုးအောင်၊ ပွါးတိုးအိမ်†ခြေ၊ မစစ်စေနှင့်၊ မှူး†ချေမျက်နှာ၊ ပမာပုံပြု၊ ရင့်နုငယ်ကြီး၊ ဝေးနီး တို ရှည်၊ မျှသာကြည်သည်။ ။

ရွှေရည်သုတ်လိမ်း ကျံ၏သို့။　(၂၂)

၃၇၃။ ရွှေရည်မင်းစံ၊ လိမ်းကျံအဟုတ်၊ ညှိကာသုတ်သို့၊ မယုတ်မလွန်၊ ပြည်သူ့ဝန်ဖြင့်၊ တုတ်ခွန်လွှမ်းမိုး၊ မတိုးမထွေ၊ မကျပ်စေနှင့်၊ အနေတကျ၊ တည်စေကြလော့၊ ထိုမျှ*နှုန်းကဲ၊ မလွဲမှန်စွာ၊ သပြာချိန်စင်း၊ တောင်းတင်းအလုံး၊ ပြည်သုံးတိုင်းသုံး၊ ရှေးထုံးမယုတ်၊ တောင်ထွာမုတ်နှင့်၊ တသုတ်တိုက်†ကျမ်း၊ ဆုတ်ပတ်တမ်းလည်း၊ ကြော့†ကြမ်းမူထား၊ ကျင့်တတ်ငြား၏၊ သူ့မယားငို၊ မျက်ရည်ယိုမှု၊ ကိုယ့်မယားလှ၊ ဝမ်းဝကြဟု၊ ဆိုထမယွင်း၊ လူ*ခပင်းတို့၊ မှုခင်းစိုးစိ၊ ဖြစ်သည်ရှိသော်၊ ဝိုင်းဘိအုံကာ၊ မီးလောင်ရာဝယ်၊ မိစ္ဆာဘုက်ခါး၊ မှောင့်သော့လားသို့၊ *ချောက်ချားလူမွေ၊ မညှပ်စေနှင့်၊ လူလေလူကြွား၊ *ဟုပ်စား*လျှပ်စား၊ လောင်းသမားနှင့်၊ ခိုးသား*တန္တ၊ *ထားပြ*မုဒိမ်း၊

ပလိမ်း*ပ†ကျုံ၊လူစိမ်း*ဆွံတို့၊စိတ်†ကြုံမသင့်၊ ဘိစီးကျင့်၍ ၊ဆိတ်နှင့်သစ်*နှယ်၊ နှိပ်စက်ကျယ်လျက်၊ မဘွယ်နိုင်ထက်၊ ဗလက္ကာရ၊ အဓမ္မမျိုး၊ မဆိုးမပွေ၊ မလျှပ်စေနှင့်၊ မင်းဆွေစိုးမျိုး၊ မင့်းအားကိုး၍ ၊ လွှမ်းမိုးအာဏာ၊ မင့်းမျက်နှာနှင့်၊ ပမာမခန့်၊ သူထိတ်လန့်အောင်၊ ချောက်လှန့်ခြိမ်းမဲ၊ ငင်ဆွဲတွန်းထိုး၊ ငါမင်းမျိုးဟု၊ ကိုးရိုးကားရား၊ သောက်စားသောရည်၊ မတည်မတံ့၊ ယစ်နှံ့တောင်းထောင်း၊ *ကသောင်းကနင်း၊ ပြုတိုလျှင်းက၊ မင်းစေကျူးလွန်၊ မင်းစေဝန်တည့်၊ မင်းကျွန်မင်းဆွေ၊ မင်းစေမင်းသံ၊ နှုတ်*မ†ငံနှင့်၊ *လက်†ငံခြေ†ငံ၊ တိုင်းနိုင်†ငံနှိုက်၊ ပေါ်လျှံထောင်လွှား၊ လျှပ်စားထိုမျှ၊ မယှိုရအောင်၊ ဌာနအချုပ်၊ တိုက်အုပ်တိုက်စီး၊ သူကြီး*ကလန်၊ *သံပျင်*မှန်အား၊ စာချွန်ဆင့်ကာ၊ ဝန်ဆိုင်ရာတို့၊ အာဏာကွပ်သိုင်း၊ စောင့်ကြပ်†ထိုင်းသည်။ ။တံ†တိုင်းပတ်ကာ ခြံ၏သို့။ (၂၃)

၃၇၄။ ကျေးကျွန်ကပ်နေ၊ ရောက်လာ†ချေလည်း၊ အ†ခြေမယှိ၊ ဇာတိမကောင်း၊ *ပလောင်းပလဲ၊ အပေါ်ချွဲးနှင့်၊ မမြဲနှုတ်လျှာ၊ ဝါစာဆန်းပြား၊ *ချောစားတတ်စွာ၊ သူယုတ်မာကို၊ မေတ္တာ*ချောက်ရှက်၊ ပေါင်းဘက်တူရော၊ မနှိုး*နှောနှင့်၊ မာလောပမာ၊ ရောက်ရာအားလုံး၊ ရပ်ပတ်†ကုံးနှိုက်၊ တိုက်†ဂုံး*ချောပစ်၊ သဘောညစ်ဖြင့်၊ စင်စစ်*ဆတ်ဆတ်၊ ဖျက်ဆီးတတ်၏၊ ယွင်းချွတ်ကျင့်မူ၊ ထိုဂုံးလူထက်၊ ခိုးသူနှင့်စုန်း၊ ချင့်နှုန်းဌာန၊ နေရာချ၍ ၊ မစစောင့်ရှောက်၊ ခြီးမြှောက်သဖြင့်၊ ထားသော်သင့်၏၊ *ယခင့်လူမျိုး၊ ကျင့်ဆိုးလွန်စွာ၊ ယုတ်မာသဘော၊ *ချောလျှောတတ်သူ၊ လူမကောင်းကား၊ ဥက္ကောင်းကိုဖြတ်၊ သတ်၍ပြီးလျှက်၊ အုန်းသီးဖြစ်အောင်၊ *ဂုံးတိုက်ဆောင်ဟု၊ လူ့ဘောင်ရှေးက၊ ပေါရာဏတို့၊ ပြောကြပုံသော၊ တင်ရှားပေ၏၊ သေခွေသတိ၊ မြဲးစေဘိလော့၊ ပိသုဏဝါစာ၊ လွန်စွာဆိုးလှ၊ လျှာနှစ်ခွနှင့်၊ ရှေးကသူဟောင်း၊ အပေါင်း*တကာ၊ နေရာချ၍ ၊ မကျနိုင်စွာ၊ လူယုတ်မာကို၊ ပယ်ခွါစွန့်ပစ်၊ မနီးရစ်နှင့်၊ အပြစ်အကျိုး၊ ကောင်းဆိုးယုတ်မြတ်၊ မသိတတ်က၊ လူ့ဗာလတည့်၊ သိမ့်ပက္ကို၊ မည်တုံဘိရှင့်၊ အသိဉာဏ်နက်၊ ပညာဘက်၍ ၊ အောက်ထက်ဝန်းကျင်၊ တွင်းပြင်ဝေးနီး၊ နယ်သီးရှက်ဆိုင်၊ ခရိုင်တိုင်းပြည်၊ အတည်တည်နှင့်၊ ပတ်လည်ဒေသ၊ မြို့ပြရွာ†ကျေး၊ မျက်နှာရေးကို၊ မှန်†ကြေးမုံပြင်၊ နေ့တိုင်းထင်သို့၊ *သံပျင်မကျန်၊ *ကလန်မကြွင်း၊ စုသင်းမှူကိုင်၊ မြေတိုင်တောခေါင်း၊ အပေါင်းထိုမျှ၊ စစကုန်စင်၊ မျှား*ပုံယင်နှိုက်၊ ဆင်ခြင်မပေါ့၊ မမေ့လျော့နှင့်၊ မြဲးလော့အစဉ်၊ ယှဉ်လော့အပြီး၊ မငြီးမငွေ၊ စေ့စေ့စပ်စပ်၊ မလပ်မျှော်ရှု၊ လှုံ့လပြု၍ ၊ ပြည်မှူ*ကုံအောင်၊ ပြည်ကျိုးဆောင်က၊ ပြည်ထောင်ပွင့်လင်း၊ မင်းနှင့်†ချင်းသည်။ ။ငြိမ်း†ခြင်းလကြယ် ရံ၏သို့။ (၂၄)

၃၇၅။ ရေးတတ်ရာမြင်၊ ရွှေနန်းဝင်၍၊ ရွှေစင်လုံးညီ၊ ရွှေကွန်းမှီလျက်၊ ဂုဏ်ဆီပြည့်ဝ၊ ထူးညာ†ဏကြောင့်၊ ဌာ†နဦးတင်၊ မင်းတိုင်ပင်နှင့်၊ သေနင်စိုးအုပ်၊ ဗိုလ်ချုပ်ကြီးမြတ်၊ ဆုံးဖြတ်တရား၊ တံခါးစောင့်မှူး၊ တထူးကိုယ်ရံ၊ မြဲ*မြဲ သန်စွမ်း၊ *လက်ပမ်းဆောင်မြဲ၊ ပွဲမှူးရာဖြတ်၊ ပညတ်တသီး၊ သူကြီး*ကလန်၊ *သံပျင်*မှန်က၊ တမန်သူလျှို၊ ထိုပြို့တခြား၊ *ဟူးရားစာရေး၊တဆဲ့လေးတည့်၊ နှီးဝေးတွင်းပြင်၊ မင်းထံခွင်နှိုက်၊ ထွက်ဝင်မကင်း၊ ညီလာကျင်း၍၊ မင်းနှင့် တကွ၊ ပြည့်ကိစ္စကို၊ လုံ့လ*ကုံအောင်၊ ရွက်ဆောင်မပြတ်၊ သက်ရှင် တတ်ကြောင်၊ ပညတ်နာမ၊ ဘိဓာနဖြင့်၊ သဒ္ဒဝေါဟာ၊ နည်းစဉ်လာသည်၊ ပညာ*ကြံသိုင်း၊မတ်*သဇိုင်းတို့! မှာတိုင်းမချွတ်၊စွဲးကုန်†မှတ်လော့၊ မှူး†မတ် မင်းစေ၊ မသရေ၍၊ ပြည်မွေပြည်နှောက်၊ ဘောက်သောက်လူမျိုး၊ ထုလွမ်း မိုးက၊ ပြည်ကျိုးမင်းကျိုး၊ နှစ်ကျိုးပျောက်ကွယ်၊ သုန်ဖျင်းပြယ်လိမ့်၊ လူဝယ်မှတ်ဘွယ်၊ မာလောနွယ်လျှင်၊ ရစ်တွယ်အုံပြီး၊ သစ်ပင်ကြီးကို၊ တောမီး စပ်†လောင်၊ တောလုံးပြောင်သို့၊ *သူ†လျှောင်သူပွေ၊ မဘိစေနှင့်၊ ရွှေနေရွှေခံ၊ နှုတ်သံအတင်း၊ ခုံငြင်းတင်†ချေ၊ ဆင်†ခြေဆင်လက်၊ တွဲးရှက်ဆိုဟန်၊ မှုသား ဉာဏ်တည့်၊ မမှန်အရေး၊ ကိုယ်တိုင်ဆေး၍၊ စစ်မေးမပြီး၊ ့သက်သေကြီးလည်း၊ *မထိုးစေရာ၊ *စာနာစဉ်းစား၊ ခုံမင်းကြားက၊ အခြားသက်သေ၊ မယှိစေနှင့်၊ မတွေမလွေ၊ ထုံးနည်းဘွေ၍။　။ခွဲးဝေဆုံးဖြတ် စီညွှန်တည်း။　(၂၅)

၃၇၆။ ဆုံးဖြတ်ခွဲးဝေ၊ မတွေလွှနှင့်၊ လွန်လေရှေးခါ၊ ပြည်ဇာရာဝယ်၊ ဥစ္စာ ကြွယ်လှေ့၊ သူဌေးသမီး၊ ငယ်ကြီးတကွ၊ ညီအစ်မသို့၊ မူလထက်ပွါး၊ အတိုး အားဖြင့်၊ ခက်ဖျားညွန့်ဝေ၊ မစားစေနှင့်၊ မျိုးဆွေတဝေး၊ တင်မြီကြွေးကြောင့်၊ လုပ်ကျွေးစေပါ၊ ကျွန်ရာခိုင်းငြား၊ သူစိမ်းလားသို့၊ တိုးပွါးယူမှု၊ မပြုအပ်ရာ၊ အာနန္ဒာနှင့်၊ ဟသ်ာကိုးသောင်း၊ ပျက်စီးကြောင်းကို၊ ထုံးဟောင်းယူဆ၊ မှတ် ကုန်ကြလော့၊ ဉာတတ္ထစရိယာ၊ မင်္ဂလာဟူဘိ၊ လောင်းဇာတိတို့ ၊ ဗောဓိကျင့်နေ၊ မခြားစေနှင့်၊ ပုဗ္ဗေရှေးက၊ ထိုမှတမူ၊ တောမြိုင်*ငူတွင်၊ သေတူသေ†ခြင်း၊ နောင် ညီရင်းတို့၊ကောင်း†ချင်းထပ်ကာ၊ သေတတ်စွာရှင့်၊ရင်းချာဟူငြား၊ *အူကုံဘွား သည့်၊ သားချင်းတို့မှာ၊ ဥစ္စာလောဘ၊ မနိုင်းဆဘဲ၊ မှောဟစွမ်းအား၊ ကျား ခေါင်းစားသို့၊ တရားပျက်သေ၊ မမှားစေနှင့်၊ မိဆွေဘမျိုး၊ နွယ်ရိုးပေါက်ဘော်၊ စပ်မတော်လည်း၊ သင့်လျော်တိုးတက်၊ တံပိုးတွက်မျှ၊ ဘထက်သားကြီး၊ ပြန်ပြန်စီး၍၊ ကြွေးသီးသီးကျင်၊ ကြွေးပင်စိုက်ထ၊ ကြီးလောဘတိုင်း၊ ကြွေးချ မြီပါ၊ ဆိုပမာသို့၊ လိုရာနိုင်ထက်၊ နှိပ်စက်ဘိထွေ၊ မပွါးစေနှင့်၊ မှက်လေထိုမှ၊ ဣဏယူစား၊ တယောက်အားလျှင်၊ မြီများပိုင်ပိုင်၊ မဆပ်နိုင်က၊ ဆွဲးကိုင်တုံပြို့၊ လူသိရှင်ကြား၊ မြီရှင်များတို့၊ ကင်ရှားထုံးမှီ၊ အားလုံးညီ၍၊ မြီတလင်း†လှည်း၊ မြီပင်†လည်းနှင့်၊ တနည်းမှတ်စွဲး၊ မြီဘောင်ခွဲးဟု၊ ရှက်ကွဲးရွှတ်ချ၊ ပြုပြီး

ကြသော်၊ နောက်မှအကယ်၊ သူဌေး*နှယ်ပင်၊ ကြွယ်စေ*တမင့်၊ မတောင်းသင့်ပြီ၊ *ယခင့်မူလ၊ ရှေးကသက္ကရာဇ်၊ အကုန်စစ်လျက်၊ ချေပစ်သိမ်းရုပ်၊ အချုပ်စာခွေ၊ မထားစေနှင့်၊ လူမွေလူနောက်၊ လူချောက်လူ†ချား၊ လူလျှပ်ဝါးတို့၊ မ†ခြားသူကောင်း၊ အမူပြောင်းလျက်၊ နှုတ်ပြောင်းစိတ်ကောက်၊ ရေငတ်မျောက်နှင့်၊ သေသောက်မြေခွေး၊ လိုရုံသွေးသို့၊ ကိုယ်ရေးပြီးကာ၊ ကျင့်တတ်စွာ၏၊ မာယာကာရီ၊ နှုတ်ချို†အိဖြင့်၊ ထို†ဤဆန်းပြား၊ သာယာ *ဖြားလျက်၊ သံမျှားဝမ်းထဲ၊ မုသားစွဲ၍၊ စဉ်းလဲ*လျှပ်ပွေ၊ မမျှားစေနှင့်၊ စိတ်နေမမှန်၊ သူတော်ဟန်ဖြင့်၊ ကြံဘန်ရူပ၊ ရုပ်*ယောင်ပြပြီး၊ နည်းမျှ မြှက်မှိုက်၊ ဘိုးမထိုက်ကို၊ ခေါင်းနှိုက်ကပ်တင်၊ ပြစ်ကြီးထင်လျက်၊ ရွှေစင်ရတနာ၊ တရာကိုမူ၊ ခိုးယူတုံလစ်၊ ရသေ့ညစ်သို့၊ ကောက်ကျစ်မူရာ၊ ပြုတတ်စွာ၏၊ မောဟာဂတိ၊ မှောင်ကြီးဘိ၍၊ မသိမှားထွေ၊ မလားစေနှင့်၊ မီးရေခဲ ဆန်၊ အမိဌာန်ဖြင့်၊ လေးတန်ကမ္ဘာ၊ ဆုံးဖြတ်ရာလည်း၊ ယထာဘူတ၊ မဟုတ်†လှတည့်၊ မူ†လပဝတ္တာ၊ ထာဝရနှင့်၊ ဇင်္ဂမူ၊ အစုစုကို၊ ခွဲးရှုယုတ်မြတ်၊ ဆင်ခြင်လတ်၍၊ ဆုံးဖြတ်သမူ၊ စီရင်ပြုသား၊ ရှေးသူ့ထုံးမျှော်၊ *အနှုန်း လျော်လော့၊ မဟော်သ†ဓာ၊ အာ†ဒါသမုံ၊ ဝိဓူ့နည်းဟောင်း၊ ထိုအပေါင်း ကား။ ။ကြံကြောင်းကြံမြတ် ကြံ*မှန်တည်း။ (၂၆)

၃၇၇။ ကြံကြောင်းကြံမြတ်၊ ဉာဏ်ဖြင့်မှတ်၍၊ ဆုံးဖြတ်ရွေးချယ်၊ ကြီးမူငယ်လျက်၊ ငယ်သည့်အမူ၊ ပအောင်ပြုလော့၊ ဤလူ့ထုံးစံ၊ ခါတရံနှိုက်၊ မကြံမစည်၊ မရည်*မစောက်၊ လာရောက်ဆိုင်ထ၊ မူပြိုင်ကြလျက်၊ ကာကတာလိ၊ ဟူဘိထုံး*တီး၊ ပမာပြီးသား၊ထန်းသီးကြွေကိုက်၊ကျီးနင်းလိုက်သို့၊ ခါခိုက်ကြုံထ၊ ဖြစ်ဆုံကြ၏၊ လောက*ဘွယ်ရာ၊ လူတို့ရွာဝယ်၊မမွတာမဟုတ်၊ငြင်း*မှုတ်မျောက်ငယ်၊ ရေဝယ်ကျောက်ကူး၊ မဖြစ်ဘူးဘဲ၊ အထူးထင်ခဲ့၊ သက်သေ*မဲ့၍၊ ယုံဘွယ့် လက္ခဏာ၊ မယှိပါလည်း၊ ရုံခါမုချ၊ ဖြစ်တုံစွတည့်၊ ရှေးကစဉ်လာ၊ထင်ရှားမှာရှင့်၊ များစွာ*အစုတ်၊ လူသမုတ်နှင့်၊ မဟုတ်မကျော်၊ မပုပ်သော်လျှင်၊ မပေါ်စရာ၊ ဆိုရိုးလာရှင့်၊လာစေတုံမူ၊ မြဲးမဟူဘူး၊လူတို့နှုတ်သီး၊ ပုံပတ်တီးသို့၊ ငယ်ကြီးမလပ်၊ အပ်မအပ်ပင်၊ပစပ်အလေ့၊အဘက်တွေ့က၊ စေ့၍မထား၊ထင်ရာအားဖြင့်၊ စကားမည်ကာ၊ ပြောတတ်စွာခဲ့၊ ရုံခါမဟုတ်၊ ရုံခါဟုတ်တည့်၊ နှုတ်တယွဲ့ယွဲ့၊ လျှာရိုး *မဲ့တိုင်း၊ ကျယ်ခဲ့ျဝါစာ၊ လူတို့ရွာနှိုက်၊ စောင်းကာမြောင်းကာ၊ အဘိဇ္ဈာနှင့်၊ ဣဿာငြူစူ၊ ပြောလေ့ထူခဲ့၊ ထိုလူ*တကာ၊ လိုရာရွရွ၊ ပြောဆိုကြလည်း၊ မိန်းမပစပ်၊ အရပ်စကား၊ မဟုတ်များ၏၊ ကြားတိုင်းဘယ်ခါ၊ မယုံရာဘူး၊ လူ့ရွာ လူ့ပြည်၊ ထုံးတမည်လည်း၊ မှုသည်ထင်ရှား၊ မယှိငြားက၊ စကားထွေလာ၊ မဆို*မာတည့်၊ *စာနာ*စေ့*ငုံ၊ ဆင်ခြင်ပြုလော့၊ စတုဇာတိ၊ အချို*ပြောထူ၊ တိုင်းပြည်သူအား၊ စိတ်ပူလက်ညစ်၊ ကြံရည်ညွှစ်သို့၊ အပြစ်

ရှာရှာ၊ စစ်ပဏ္ဍာနှင့်၊ အရာမမြင်၊ အနာထင်အောင်၊ မှုဆင်ကျယ်ပွါး၊ မချိ ငြားလင့်၊ နည်းပါးပညာ၊ မလိမ္မာကို၊ လိမ္မာသူစား၊ ဆန်းပြားပညာ၊ လူလိမ္မာကို၊ ဒေဝါနတ်စား၊ ယှိုတတ်ငြား၍၊ မတရားမှု၊ ကျင့်တတ်သူကို၊ လူမနှစ်ခြိုက်၊ နတ်မကြိုက်ဘူး၊ မှတ်ပိုက်သေချာ၊ စုံမျက်နှာဖြင့်၊ ပဏ္ဍာမထောက်၊ ရှေခွင် မှောက်သို့၊ လာရောက်သော့အား၊ နှစ်ပါးညီဘိ၊ မှုသည်ယှိုမှ၊ ဝိနိစ္ဆယ၊ ပေးထိုက် စွရှင့်၊ တပက္ခသာ၊ တဘက်ညှာဖြင့်၊ မျက်နှာကြည့်မှု၊ ပဏ္ဍာရှု၍၊ မပြုစအပ်၊ ဝါးမလျပ်နှင့်၊ သံညှပ်မယှင်း၊ မျက်ခြေနင်းသို့၊ ငွေခြင်းမရှိ၊ ဂတိမယှဉ်၊ စိတ်ကင်း ကြဉ်သည့်၊ ဝိညာဉ်*မဟဲ့၊ သက်*မဲ့အလား၊ ခိုင်တည်ကြားက၊ တရားသူကြီး၊ နတ်စည်တီး၍။ ။ကောင်း*ခြီးပေးလိမ့် သံ*ဝှန်တည်း။ (၂၇)

၃၈၈။ လျှပ်လျှပ်ဝါးဝါး၊ မတည်ကြားဘဲ၊ တိမ်းပါးယွင်းခွ၊ ဆန္ဒစသား၊ လောဘကပ်ငြိ၊ မောဟဘိက၊ ဂတိလေးပါး၊ ဤတရားကို၊ ရှောင်ယှား ပယ်*ရှဲး၊ ကြဉ်နိုင်ခဲ့၍၊ ဝမ်းထဲးတပါး၊ ပြင်တခြားဖြင့်၊ စကားနှုတ်လျှာ၊ ဘုရားလျှာသို့၊ ဟန်သာဘန်းပြ၊ စိတ်မလှဘူး၊ လက်ကပုတီး၊ ချမငြီးနှင့်၊ သက်ကြီး ဘိုးအေ၊ ဖွတ်လိပ်ဝေသို့၊ သွေ့သွေ့ဝဲ့ဝဲ့၊ ဆို*လှီးလွှဲ၍၊ အမြဲးတိုကြောင့်၊ သမ္မာစောင့် လျက်၊ ကျောက်တောင့်လက္ခဏာ၊ ပမာအလား၊ တည်သော့အားဖြင့်၊ လေးပါး ဂတိ၊ စိုးစိလိုက်ထွေ၊ မငြိစေနှင့်၊ စေ့ရေနှိုင်းရှု၊ သား*နှယ်ပြုလျက်၊ ပြည်သူ ချမ်းသာ၊ ပွါးကြောင်းရှာမှ၊ အဝိနာဘာဝေါ၊ နယောပဒေသ၊ အဝုတ္တာသိဒ်၊ နိမိတ် နိမိတ္တဝန်၊ မလွှန်နည်းမျိုး၊ ကြောင်းကျိုးတက္ကု၊ သဟာစရဏ်၊ ဆက်*ဆံပြီးမြဲး၊ မှန်မလွဲးရှင့်၊ ပြည်*ထဲ့တိုင်းခြေ၊ မရှိစေနှင့်၊ လူလေလူလျှပ်၊ လူကျင့်*သွပ်တို၊ အစွပ်အ†ယိုး၊ လှည့်ပတ်မျိုးဖြင့်၊ မ†ရိုးအလို၊ လေက်တိုနှင့်၊ ညှိုတို့နည်း၊ တချက် တည်းသို့၊ ပေါင်းစည်းရောရှက်၊ အပျက်လူမှာ၊ ပြုတတ်စွ၍၊ မာယာကာရ၊ *ဝဥ္စနဖြင့်၊ ထိုမျှလူမွေ၊ မယှိုစေနှင့်၊ လက်ခြေ*ငံငံ၊ ပေါ်လျှံလျှပ်ဝါး၊ လူပေါ့ များက၊ *ချောက်ချားတိုင်း†ခြေ၊ ပျက်တတ်†ချေ၍၊ ပြည်နေတိုင်းသား၊ *ဗိုလ် လူများကို၊ ဖြားဖြားယောင်း†ယောင်း၊ ဈေးနာ†ရောင်းသို့၊ ပျောင်းပျောင်း ပျ†ပျ၊ နည်းနာ†ပြ၍၊ ဆိုးမသာယာ၊ နူးစေ†ရာ၍၊ ပညာနှိုက်နှဲး၊ သူ*ရမ်းဘဲးကို၊ နက်နဲးသိမ်မွေ့၊ သိလေ့ဟုတ်တိုင်း၊ ရှေး*ကြဲသိုင်းတို့၊ ကရိဏ်းရွှေညာဏ်၊ ပြဝေဘန်သို့၊ နည်းမှန်စိုက်စိုက်၊ လမ်းရိုးလိုက်လော့၊ သောင်းတိုက်မဆံ့၊ နတ်ပြည်နှံ့အောင်၊ ခြီးအံ့ကျော်ကျူး၊ ဂုဏ်ရောင်မြူးလိမ့်။ ။ကျေးငှးမိုးမြင့် တံခွန်တည်း။ (၂၈)

၃၈၉။ ဓမ္မသတ်ကျမ်းလာ၊ မှတ်စရာလည်း၊ ကောင်းစွာမသွေ၊ မှတ်သိ စေလော့၊ ရေမြေမိုးရ၊ ဘဝသခင်၊ ပြည့်ရှင်ပိုင်နင်း၊ မင်း မိဖုရား၊ *လျာထား ဥပရာဇ်၊ ညီချင်ရင်းချာ၊ ရတနာမျက်ဖျော်၊ သားတော်မြေးမြစ်၊ ရွှေရင်နှစ်

ကား၊ မင်းစစ်တွင်ခေါ်၊ ပြစ်မမြော်ကည့်၊ ဆွေတော်နွယ်သက်၊ မင်းဆက်မင်းစဉ်၊ စပ်လျဉ်ကျင့်မူ၊ သိမိသူနှင့်၊ *ပြောထူညာဏ၊ ရှေးက*သံပိုင်း၊ *သမိုင်းမှတ်တင်၊ ရာဝင်*မော်ကွန်း၊ ထီးနန်းဠုပ္ပတ်၊ တတ်မှတ်သိသူ၊ ကဝိလူက၊ ရာဇူ*သနင်း၊ ပြည့်ရှင်မင်းတို့၊ မကင်းထံခွင်၊ တိုင်ပင်မပြတ်၊ ရာထူးမြတ်သား၊ မတ်စစ်သူကြီး၊ ခြားသီးတထွေ၊ စစ်မြေပြင်ထဲ၊ လက်နက်စွဲ၍၊ ဝင်ခွဲမှုထမ်း၊ ရဲစွမ်းသသူ၊ စစ်ကဲဟူသည်၊ ဤသူလေးပါး၊ ပိုင်းခြားအရိုး၊ မင်းမျိုးပညပ်၊ ခေါ်ဆိုအပ်၏၊ မြို့ကွပ်ထောင်မှူး၊ တထူးထိုမှ၊ တရာ့သူကြီး၊ တသီးထိုပြီ၊ စာချီ စာမာ၊ ရွာတွင်အုပ်စီး၊ သူကြီး ပြည်စိုး၊ ကွမ်းပိုး ခွန်ပိုင်၊ မြေတိုင် တောကဲ၊ မလွဲမှတ်ယူ၊ မဟ်မျိုးဟူလော့၊လူတွင်မင်းက၊ ဌာနရာပေး၊ သူဌေး သူကြွယ်၊ ကုန်စယ်သွယ်ပို့၊ လယ်ယာမှုနှင့်၊ မျှားထုရတနာ၊ ဥစ္စာဘောဂ၊ ကြွယ်ဝသူကို၊ သူဌေးဆို၏၊ ထိုမှ ကြွင်းငြား၊ ဆင်းရဲသားတည့်၊ လေးပါးမျိုးဆွေ၊ ခွဲဝေသီးခြား၊ မျိုးနွယ်အား ဖြင့်၊ ပြစ်မှားကာမ၊ စသည်တို့မှာ၊ စီရင်ရာ၏၊ တဖြာထိုမှ၊ လူ့လောကနိုက်၊ သိလ ယှိသူ၊ ငယ်ရွယ်သူနှင့်၊ အိုသူဇရာ၊ သူနာတဦး၊ သူရူးတမျိုး၊ မင်းစိုးတပါး၊ သားငါးရှောင်လစ်၊ ထိုခုနစ်တို့၊ ဖင်စစ်ပုတ်ခတ်၊ သေတုံလတ်လည်း၊ ကင်းလွတ် တစိ၊ ပြစ်မရှိဟူ၊ မာနုသိက၊ ဓမ္မကျမ်းလာ၊ မိန့်ခဲ့မှာရှင့်၊ ပညာကရိုဏ်း၊ စက်ဖြင့် ပိုင်းသို့၊ ချင့်နှိုင်းယုတ်မြတ်၊ သင့်ဆုံးဖြတ်သည်။ ။သွယ်ခတ်ဟိတ်ဖိုလ် သမ္မန်တည်း။ (၂၉)

၃၉၀။ လောကီ့ဓမ္မတာ၊ လူတို့မှာတိ၊ စဉ်လာတရား၊ ဖျက်မမှားလင့်၊ သားနှင့်အမိ၊ နတ်*ရှိရွယ်လှ၊ မောင်*နှမတိ၊ မွေးဘ သမီး၊ တူ*ဦးရီးက၊ မိကြီး မိထွေး၊ ရှောင်မရွေးဘဲ၊ ခွေးဝက်တမျှ၊ အဓမ္မဟု၊ ရာဂမပွါး၊ ညီ့မယားလျှင်၊ လပ်အားပစေ၊ နှောင်မနေရာ၊ သညာမခွ၊ ချွေးမ နှမ၊ သမီးမျှဖြင့်၊ စိတ်က မှတ်သား၊ နှောင့်မယားလည်း၊ လပ်ငြားစေမူ၊ ညီဖြစ်သူတို့၊ မယူအပ်စွ၊ ဆရာ့မယား၊ အမိလားသို့၊ မမှားစိတ်မှာ၊ ရိုသေရာ၏၊ ဓမ္မတာဝတ်၊ ကျင့်ချွတ် တိမ်းပါး၊ ညီ့မယားကို၊ နှောင်ဘွားယူထ၊ နှောင့်သက်မျှကို၊ ညီကမရှောင်၊ အိမ်ထောင်ပြုရာ၊ ထိုပြည်ရွာကား၊ ရေစာခေါင်းပါး၊ မိုးလေယှားဟု၊ ထင်ရှား ဓမ္မသတ်၊ ကျမ်းဆိုလတ်၏၊ ပညတ်ထုံးစံ၊ တရံမလစ်၊ မလွန်ရစ်နှင့်၊ *ကံမြစ် ကြလေ၊ အသရေကို၊ စံရွှေကိုယ်လေး၊ ပေး၍မရ၊ စောင့်အပ်လှသား၊ မိန်းမ ဖြစ်လျက်၊ ကြောက် မရှက်ဘဲ၊ ကြောင်မျက်နှာစာ၊ ကြွက်မြူးလာသို့၊ အခါ *မဲ့ငြား၊ တကိုယ်အားဖြင့်၊ ယောကျ်ားယှိရာ၊ မိန်းမလာသော်၊ ကိလေသာစိတ်၊ ယိုဖိတ်စွန်းငြိ၊ ကျူးလွန်မိလည်း၊ မယှိပြစ်ဆာ၊ ကင်းစေရာ၏၊ မှန်စွာထိုပြီ ား၊ လင်ယှိယယား၊ သူအခြားနှင့်၊ယဉ်ပါးကုန်†ကြ၊ပထမနှိုက်၊ယော†ကျ်ားကိုယ်ဘိုး၊ လျော်ရိုးသုံးဆယ်၊ နှစ်ကြိမ်ဝယ်ကား၊ ဆဲ့ငါးကျပ်သာ၊ သုံးကြိမ်မှာမူ၊ သဉ်ချာ ပညပ်၊ ခုနစ်ကျပ်ခွဲ၊ လွန်မြဲ လွန်ဘိ၊ လေးကြိမ်ယှိက၊ ပြည်ကြီးတန်းဆာ၊

မည်လေရာဟု၊ ကျမ်းလာမှတ်သား၊ လျှော်မစားလင့်၊ မယားတိရစ္ဆာန်၊ လင်သူ*မှန်တိ၊ သောတာပန်လား၊ မယား သောတာပန်၊ လင်တိရစ္ဆာန်တို့၊ ကျင့်ဟန်မတူ၊ မကောင်းဘူမှာ၊ မီးပူကျရှောင်း၊ ကောင်းကျင့်သူကား၊ နတ်ပြည်လား၏၊ မယားကိုလင်၊ လင်ကိုမ|ယား၊ နတ်အလားသို့၊ တ|ရားသဖြင့်၊ ကောင်းစွာကျင့်က၊ ငါးဆင့်နတ်စွာ၊ ဘုံနိမ္မာဝယ်၊ ချမ်းသာနှစ်ပါး၊ တူခံစားလိမ့်၊ လင် မယားနှစ်၊ အကျင့်ညစ်မူ၊ နစ်ကြွင်ရေး၊ မကွဲး*တဝေး၊ သံပြိုင်ထွေးသည်။ ။ငိုကြွေးအော်ကြ ညံတွန်တည်း။ (၃၀)

၃၉၁။ ဖြတ်ထုံးဖြတ်ပုံ၊ အလုံးစုံနှိုက်၊ အာဂုံအာဂါ၊ ခြင်းရာအသင့်၊ ဉာဏ်ဖြင့်ရှုမော၊ မူသဘောတည့်၊ ရေမျှောဆယ်ဘိ၊ နှုတ်ကတိတိုင်း၊ တည့်ယိုစေရာ၊ မလွဲသာဘူး၊ ဇလာကနတ်၊ ဒေဝီမြတ်လျှင်၊ ဆုံးဖြတ်ဤသို့၊ တည်စေ*မျှို၏၊ နတ်တို့နာမ၊ အမည်သသား၊ အဠ္ဌနဒေဝီ၊ ဂမ္ဘီဉာဏဝန်၊ မိမြတ်*မှန်လည်း၊ ကျွန်နှင့်သူကောင်း၊ ပေါင်း၍ရငြား၊ သမီးသားတို့၊ နွားမသို့သာ၊ မိနောက်ပါဟု၊ ပညာစကျ၊ မျှော်ထောက်ရှု၍၊ မေနုပ|မာ၊ ဖြတ်ထုံး|မှာ၏၊ လူ့ရွာဆုံးဖြတ်၊ ဓမ္မသတ်နှင့်၊ ရာဇသတ်ညွှန်၊ ထုံးမလွန်ရာ၊ ကျွန်တလားစီး၊ အစဉ်မှီးလျက်၊ ကျွန်သီးကျွန်ရိုး၊ မင်းစိုး*တော်လှန်၊ သူကောင်းမှန်စေ၊ ဘောက်ပြန်ဘယ်ခါ၊ မရှိသာဘူး၊ အရာနှိုင်းညှိ၊ ဉာဏ်သတိဖြင့်၊ ဖြန့်ချိစဉ်းစား၊ စိန့်အလားသို့၊ ဖြတ်သားခွဲဝေ၊ မချွတ်စေနှင့်၊ မြေကား မိခင်၊ ထန်းပင် အဘ၊ မူလရင်းဖျား၊ သခွါးသွေးပေါင်း၊ ကိုယ်ကောင်းအင်္ဂါ၊ အပ္ပဋ္ဌာန၊ ပဋ္ဌာနနှင့်၊ ကြောင်းစကြောင်းရင်း၊ စစ်အပ်လျှင်း၏၊ စည်းတွင်းဥပစာ၊ ခြေရာကျထင်၊ တုံးတင်ဆွဲထား၊ နွားသွေးရည်ပက်၊ ပိုင်နက်သူမျိုး၊ ကောင်းဆိုးခံခြင်း၊ စစ်တုံလျှင်းလော့၊ စည်းတွင်းခြံတွင်း၊ အိမ်ဝင်း ဥပစာ၊ ပိုင်နက်မှာလျှင်၊ ခြေရာကျထင်၊ ယှိုခဲ့ကျင်သော်၊ တုံးတင်ဆွဲထား၊ နွားသွေးရည်ပက်၊ *ဥဒါန်းမြွက်တိုင်း၊ ပိုင်နက်သူမျိုး၊ ကောင်းဆိုးနှစ်လီ၊ မြောင်း*မြီခံခြင်း၊ ရှောင်မကွင်းသာ၊ မကင်းရာချေ၊ မလွတ်စေနှင့်၊ ပုံသေမှတ်ပြု၊ အမှုဟူထ၊ ဤလောကနှိုက်၊ ဖြစ်ကမနည်း၊ တဦးတည်းဖြင့်၊ အချည်းမလွတ်၊ ဟူသတတ်တည့်၊ ပညတ်စကား၊ အစဉ်ကြား၏၊ ယောကျ်ားလူသွပ်၊ ပျားဖွပ်ဆင်ထိန်း၊ လူ*ပြိန်းတောသွား၊ လေးယောက်သားက၊ ရှည့်ဘားခင်|ထိတ်၊ ကူညီဟိတ်ဖြင့်၊ တိတ်|တိတ်မနေ၊ မြည်မိချေ၍၊ ဝင်လေတရား၊ မလွတ်ငြားဘူး၊ တပါးထိုမှ၊ သူကျွန်မနှိုက်၊ ပြင်ပယောကျ်ား၊ သူကောင့်းသားတို့၊ ယဉ်ပါးတစ်၊သွားလာမိသော်၊သိမသိက၊ အပြစ်ရခဲ့၊ မင်းသားလက်တွင်း၊ ရွှေစင်သွင်းမှား၊ ကြွေးစားအိမ်အောက်၊ ဆင်ပေါက်ချည်မိ၊ထားကတိတိုင်း၊ မယှိုဆင်ခြေ၊ ဟူတုံပေခဲ့၊ ယူစေထင်ရှား၊အစဉ်ထား၏၊ မှတ်သားပိုက်ကျုံး၊ စီရင်ထုံးလည်း၊ သစ်တုံးတခု၊ ကညာနုသို့၊ ရေးထုသက်သွင်း၊ ဆင်ခြင်းဝတ်စား၊ လေးဦးသားနှင့်၊ တပါးထို့ပြင်၊ တပြည်ခွင်က၊ တပင်မင်းသမီး၊

ငှက်ကြီးချီကာ၊ ရောက်လာလိမ့်သော၊ ဗေဒင်ဟောက၊ မြေကြောရှုပ်လစ်၊
လေးပစ်ဆယ်ယူ၊ သက်သွင်းသူဟု၊ ထိုလူငါးဦး၊ တရားထူးနိုက်၊ ယှဉ်ပူးကိုယ်ကြပ်၊
နှီးကပ်ဆောင်ထ၊ ရေမှုဆယ်တင်၊ ဝတ်ဆင်ယင်သည့်၊ အကြင်ယောကျ်ား၊
ရပိုင်ငြားရှိ၊ မယားပြုစေ၊ ကြွင်းလေသူများ၊ ကိုယ်ဘိုးထားပြီး၊ ဝေစားစုံညီ၊
တခုစီတည့်၊ ပန်းချီ ပန်းပု၊ ရေးထုလုပ်ကျင်၊ မြေကြောငင်က၊ ဗေဒင်လူမျိုး၊
လေးမှုဆိုးတို့၊ ဆေးဘိုးလက္ခ၊ ဟောဘို့မျှနှင့်၊ ဇီဝကိုယ်တွင်း၊ သက်သွင်းဆရာ၊
ကိုယ်ဘိုးသာဟု၊ ပညာယှိမြတ်၊ ကဝိမတ်တို့၊ ဆုံးဖြတ်သော့တူ၊ နည်းယူမှန်လှ၊
ဆုံးဖြတ်ကြလေ့၊လူကမဆုံ့နတ်တိုင်†နှံ့ ၍၊ ရ†နှံ့ကြိုင်မျိုး၊နတ်ပန်းမိုးဖြင့်။ ။
ကြိုးလိမ့်နတ်ရည် လျှံသွန်တည်း။ (၃၁)

၃၉၂။ ပုဟုဇဥ္စငြမ်း၊ လူ့ထုံးတမ်းတိ၊ ချစ်ကျွမ်းဝင်မှု၊ တခုခုဖြင့်၊ သွင်းပြု
ပဏ္ဏာ၊ သစ္စာမှန်ထား၊ *ရည်းစားဟူဘိ၊ စောင့်သူ†ယှိသား၊ နတ်†ရှိရှယ်*နှုန်း၊
ငယ်စဉ်တုန်းလျက်၊ *ခင်အုန်းမြောက်ထ၊ ထိုမိန်းမတို့၊ ပြင်ပယောကျ်ား၊
သူအခြားနှင့်၊ ပျော်ပါးမိရာ၊ ဆက်*ဆံပါသော်၊ မိတ္တာစာရ၊ မကင်းကြဘူး၊
ထိုမှုတပါး၊ ပြင်ယောကျ်ားလည်း၊ ဝင်သွားပေါက်ရောက်၊ မမြောက်ကာမ၊
ကျစေမင်းဒဏ်၊ ကျူးလွန်သော့အား၊ မယားခိုးပြစ်၊ လုံး*ခွန်းဖြစ်၍၊ စင်စစ်
မှတ်ပိုက်၊ ကံလည်းထိုက်ရှင့်၊ လူနိုက်တရံ၊ လူ့ထုံးစံဖြင့်၊ *မဆံစဘူး၊ လေးဆယ်
ကျူးက၊ မြောင်းတူးကညာ၊ မည်စပါခဲ့၊ လူ့ရွာထင်ရှား၊ မင်းယောကျ်ားထံ၊
မျှားစွာရံ၍၊ မိဿံဝန်း*လျား၊ အစဉ်အားဖြင့်၊ တရားအရိုး၊ မိန်းမမျိုးတို့၊
လင်ခိုးအရာ၊ ကျမ်းမလာတည့်၊ လူမှာပိုင်းခြား၊ လူ့တရားကား၊ မယားယှိ†ကျင်၊
သူ၏လင်ကို၊ အ†ကြင်မိန်းမ၊ ယူချေကလျှင်၊ လောကခေါ်ရိုး၊ လင်ခိုးဟူသည်၊
မည်သတတ်ဟု၊ ဓမ္မသတ်ထုံး*တိ၊ အစဉ်ပြီးရှင့်၊ မယားကြီးအား၊ ငါးကျပ်
သပြာ၊ ပူဇော်ရာ၏၊ သချာဆင့်ထပ်၊ ဆဲ့ငါးကျပ်တထွေ၊ လျော်စေဟူငြား၊
နားပါးပုတ်†ခြင်း၊ ဆံဆွဲး†ခြင်းနိုက်၊ ပြစ်ကင်းသမုတ်၊ ဒဏ်ဓထုတ်ဘူး၊ တုတ်နှင့်
မဆိုင်၊ ကိုယ်တိုင်သက်သက်၊ ခြေလက်သာမျှ၊ ပြုပိုင်ကြဟု၊ လောကအစဉ်၊
သမိုက်ယှဉ်၏၊ ပိုက်*ယဉ်အထူး၊ လွန်မကျူးအောင်၊ လေးဦးနွယ်ပြား၊
လူအများနိုက်၊ သားနှင့်မိဘ၊ တူ*တမျှတိ၊ ဆုံးမ မြစ်*ထာ၊ နှုတ်ဩဝါဖြင့်၊
မဟာ*သုခမိန်၊ မတ်ကဝိန်တို့၊ မှိန်မှိန်မွေ့ညက်၊ လွှတ်ရိုးတက်၍၊ မပျက်အစဉ်၊
မြဲးယှဉ်သီးသီး၊ ခါမငြီးဘဲ၊ လူကြီးပိပိ၊ ဂုဏ်ရာသီနှင့်၊ ဒီပါလောကဓာတ်၊
မြဲးစောင့်တတ်သည့်၊ ဓတရဋ္ဌ၊ ပိရုဠ္ဌနှင့်၊ တေဇပြင်းဆူ၊ ဝိရူပက္ခ၊ ကုဝေရတို့၊
လောကတဝိုက်၊ စက်နယ်တိုက်ကို၊ အုပ်ပိုက်ပိုင်းခြား၊ စောင့်သော့လားသို့၊
တရားညီဖြောင့်၊ ပြည်ကိုစောင့်လော့၊ လူနှောင့် လူရှက်၊ ပေါ်မထွက်ဘဲ၊
ငြိမ်သက်စည်*ဖြိုး၊ ပျော်မငြီးလျှင်၊ ရန်မီး*မဖြူ၊ ပြည်ကြီးလုံလိမ့်၊ နေရှုံရှိုးရဲ၊

ရွှေစာခဲးကို၊ အမြဲး*ခိုင်ကျည်၊ ကပ်လုံးတည်အောင်၊ ပတ်လည်ခွေရစ်၊ အဆစ်ဆစ်သည်။ ။တောင်မြစ်ထပ်ထပ် ရံပဟန်တည်း။ (၃၂)

၃၉၃။ မှတ်လော့တပုံ၊ ခံ့သမတ်တို့၊ မပြတ်ကိုယ်နှိုက်၊ တည်ထိုက်စေရာ၊ ကျမ်းလာမိန့်ဘွင့်၊ မှတ်ကြောင်းရင့်ပိမ့်၊ အသင့်တတန်၊ ဟုတ်မှန်တမျိုး၊ အကျိုးစပ်ငြား၊ စကားသာယာ၊ မေတ္တာရှေးပြု၊ ငါးခုပဋိညာဉ်၊ အမြဲးယှဉ်ပြီး၊ ကင်းကြဉ်ဂတိ၊ သမာဓိနှင့်၊ ခွင့်ယှိသွယ်သွယ်၊ မှုကြီးငယ်တို့၊ ဆိုဘွယ်ရောက်က၊ ချင့်ထောက်လွယ်ကူ၊ ကောက်ယူ*ချက်ဖြုတ်၊ နှလုံးနှုတ်ဖြင့်၊ *တံသုတ်ညီညွတ်၊ ဓမ္မဝတ်က၊ လောကဝတ်ရာဇဝတ်၊ ကျွတ်လွတ်ပြတ်ပြေ၊ သေခွေစီလျဉ်၊ စက်ဝိုင်းရည်သို့၊ နန်းစဉ်ထားမှတ်၊ ရာဇသတ်နှင့်၊ ဓမ္မသတ်ဖြတ်ထုံး၊ လက်သုံးကိုင်စွဲး၊ မလွဲးစေရ၊ မှန်သင့်ပြလော့၊ အဓမ္မပညတ်၊ ပါပသတ်ကား၊ သူမြတ်*တကာ၊ မလိုစွာဘူး၊ စဉ်လာဟူထ၊ ထိုတွင်မှတည့်၊ လောကအမှတ်၊ ဓမ္မသတ်ထက်၊ ရာဇသတ်ချုပ်စေ၊ ဆိုတုံပေလည်း၊ *ပြစ်ချေပါပ၊ ကင်းလွတ်မှရှင့်၊ သပညဝါ၊ ဝိဇာနေယျ၊ ဉာဏ်ဖြင့်ဆလော့၊ ကမ္မပထ၊ မလွတ်ကမူ၊ ကျလိမ့်ငရဲး၊အမြဲးမှန်†လှ၊ ကေန္တတည့်၊ဗာ†လတ†ရ၊လူ့ပါပတို့၊မ†ယာ့းမျက်နှာ၊မသာ†ယာအောင်၊ လို†ရာလိုက်ထ၊ ကျင့်တတ်စွတည့်၊ မိန်းမစကား၊ နာသော့အားဖြင့်၊ မယားအားရ၊ တကြွကြွသား၊ မိဘကိုပင်၊ မောင်းနှင်ဆွဲးထုတ်၊ ရိုက်ပုတ်မွေ့ယမ်း၊ နှုတ်သရမ်းဖြင့်၊ ငေါက်ငမ်းခြိမ်းမဲး၊ ညှဉ်းဆဲးသတ်ဖြတ်၊ ပြုကြတတ်၏၊ လူနတ်မျိုးကင်း၊ မီးမှာသင်းသို့၊ အဖျင်းစင်စစ်၊ ထိုလူညစ်ကား၊ ဖြစ်ထမလွဲး၊ အပါယ်ထဲးနှိုက်၊ ဆင်းရဲးတွင်းနက်၊ အမြဲးကျက်၍၊ မတက်လူ့ရွာ၊ မချမ်းသာဘူး၊ နတ်မှာဝေးဘိ၊ အဝီစိနှင့်၊ ဒုဂ္ဂတိမျ၊ နစ်မွန်းရလိမ့်၊ လောကစီးပွါး၊ တလမ်းသွားသာ၊ မယားစားဘို့၊ သားစားဘို့ဟု၊ ကိုယ်ဘို့နှောင်ဘေး၊ မတွေးမဆ၊ မိုက်အန္ဓဖြင့်၊ လောဘအလို၊ လိုက်မပိုနှင့်၊ ဤကိုယ်ပျက်ပြား၊ ဘဝလားသော်၊ မယားမပါ၊ သားမပါဘူး၊ ကိုယ့်တာကိုယ်ခံ၊ စာရေးတံသို့၊ ကိုယ့်ကံအလျောက်၊ မြေကြီးအောက်ဝယ်၊ မီးတောက်ဟုန်းဟုန်း၊ ငရဲး*ဖုန်းနှိုက်၊ ပြေးပုန်းမရ၊ မိမယ်တ၍၊ ဒုက္ခခံမှု၊ ကိုယ်တခုဖြင့်။ ။ကိုယ်ပြုကိုယ်ကျုး ကံလွန်တည်း။ (၃၃)

၃၉၄။ လောဘဒေါသ၊ မောဟအလိုက်၊ ထိုက်မထိုက်ကို၊ ဉာဏ်နှိုက်မချင့်၊ မမှုသင့်ဘူး၊ *ယခင့်မောဟ၊ လူ့လောကနှိုက်၊ သူမျာ့းအမိုက်၊ ကိုယ်နှိုက်တင်ကာ၊ သိလွယ်စွာ၏၊ ကိုယ်မှာမိုက်ငြား၊ ကိုယ့်အမှားကို၊ ကိုယ်ကားအမြဲး၊ သိနိုင်ခဲးစွ၊ *ခပဲး*ပုံယင်၊ ဤလူရှင်ကား၊ ကိုယ်ပင်ကိုယ်သာ၊ ကိုယ်လိမ္မာဟု၊ အရာတိုင်းမှတ်၊ ထင်မှားတတ်၏၊ ယွင်းချွတ်စရိုက်၊ ကိုယ့်အမိုက်ကို၊ ကိုယ်နှိုက်သိသူ၊ ကဝိဟူ၏၊ ထိုလူပညာ၊ ယှိဆုံးစွာဟု၊ ထောမနာသ၊ ခြီးထိုက်စွတည့်၊ လောကလူတွင်၊ ပြည့်ရှင်*သနင်း၊ မင်းအမစ္စ၊ ဥက္ကဋ္ဌတို့၊ သီဟ*ပြကတေ့၊

ခြင်သေ့အတူ၊ ကျင့်အပ်သူရှင့်၊ မှတ်ယူမမ့ၤ ယွင်းမခွနှင့်၊ မိဘဟူငြား၊ သမီးသား နိုက်၊ သနားမဲ့ရေး၊ ကင်းဝေးကရုဏာ၊ မထိုက်စွာဘူး၊ ငဲ့ကာကိုယ်ဘို့၊ ရည်တုံ မြို့လျက်၊ ဤသို့မသင့်၊ ထိုသို့သင့်ဟု၊ နှုတ်ဖြင့်စာစာ၊ တစ္စာစ္စာနှင့်၊ ဆရာ ကတော်၊ မည်ခေါ်မှတ်ပြု၊ အနုသာသိက၊ ဆက်ရက်မသို၊ သူမျှော့ကိုသာ၊ စီရင်ကာလျှင်၊ ကိုယ်မှာသော်ကား၊ မကျင့်ငြားဘဲ၊ တရားလက်ယှို၊ တရား သိတို့၊ဂတိလိုက်က၊အပါယ်ကျလိမ့်မီးပြသမား၊တွင်းကျွန်မှားသို့၊တရားသိလျက်၊ ဂတိလိုက်ကာ၊ မမိုက်ရာဘူး၊ သမ္မာကင်းဘိ၊ လူ့ပါပိတို့၊ မျက်စိနှားနှာ၊ ကိုယ်အင်္ဂါက၊ ခန္ဓာအသက်၊ သေပျက်အရေး၊ သားသေ့လိုမှု၊ ကတိပြုလည်း၊ မရှုတရား၊ အမိုက်အားဖြင့်၊ အမှားမျှသာ၊ လိုက်မ†ညှာနှင့်၊ ပ†ညာသတိ၊မြဲဘိ မယို၊ စောင့်သော†ကိုယ်ဖြင့်၊ သူ†ကိုနိစ္စ၊ ချင့်ဆုံးမလော့၊ သည်မျှအခွင့်၊သည်မျှ သင့်ဟု၊ ဉာဏ်ဖြင့်နှိုင်းကာ၊ ပိုင်းအပ်စွာ၏၊ လိုရာလူတို့၊ ပညာချိုတိုင်း၊ ကိုယ်ဘို့ အမှု၊ ထင်တိုင်းပြုကို၊ ထိုသူလိုရာ၊ မလိုက်သာဘူး၊ ပညာ*မဲ့မျိုး၊ လူရိုး တောသွား၊ လူထူးအားကို၊ မြို့သားပြသား၊ လူပါးကလိမ်၊ လူလိမ်ဖြားး*ယောင်း၊ လူကောင်းမိုက်ခေါင်၊ ဉာဏ်မဲ့ကောင်က၊ သေအောင်မသိ၊ မရိပ်မိရှင့်၊ *ဒူးရိ ဒူးရား၊ လူတောဘွားကို၊ မြို့သားမြို့သူ၊ ဖြူအောင်လိမ်လစ်၊ အသေနှစ်လည်း၊ ချစ်၏သာမှတ်၊ မသိတတ်ခဲ့၊ ဆတ်ဆတ်မှုန်ရှောင်း၊ ဉာဏ်*မဲ့ပေါင်းကား၊ အကြောင်းမထင်၊ ကျိုးမမြင်တည့်၊ ဆင်ခြင်မှတ်ရာ၊ လူ*တကာအား၊ ကရုဏာ ပညာဉ်၊ ယှဉ်၍အမြဲး၊ သူထက်ကဲအောင်၊ ယူစွဲမချ၊ ကျင့်သုံးမျှလော့၊ ရှေးက *တန္တိ၊ ထုံးနှင့်ညီသား၊ ပဝေဏီစစ်၊ ဖြစ်*လင့်ကစား၊ ငှက်နှင့်သားကို၊ သေစား သေစေ၊ စီရင်ထွေကား၊ ကင်းပေကရုဏာ၊ တင်းလွန်းစွာခဲ့၊ *မရေရာလွန်း၊ ပြစ်စွန်းမလွတ်၊ ဖြစ်သတတ်ကြောင့်၊ သူမြတ်*သူမွန်၊ ဉာဏဝန်တို့၊ အလွန် စိတ်နိုက်၊ မခြီးထိုက်ရှင့်၊ မှုလိုက်လောက၊ လျော်တုံစွလည်း၊ မမ္မလွန်ကျူး၊ ပြစ်ဝန်ကူး၍။ ။စူးလိမ့်ပါပ လုံချွန်တည်း။ (၃၄)

၃၉၅။ အတိုက်အထိုက်၊ မှုအလိုက်တိ၊ နိုက်နိုက်*နှဲး†နှဲး၊ ကြံနက်†နဲးပြီး၊ ဝေခွဲးစဉ်းစား၊ ခိုးတရားနိုက်၊ ပိုင်းခြားဂရိဇ္ဇိန်၊ ဉာဏ်ပြည်ိန်ဖြင့်၊ ဖြစ်ချိန်ဖြစ်ရာ၊ တန်ဘိုးပါနှင့်၊ ဥစ္စာဟောင်း သစ်၊ စီစစ်ထုံးစံ၊ *ကုံ*လောက်ငံအောင်၊ ကာလံ ဒေသံ၊ အင်္ဂ ဓနု၊ နည်းပြစဉ်လာ၊ မဟာပဒေသလေးပါး၊ သတိထားလော့၊ တရားဥပဒေ၊ မဆွေးစေနှင့်၊ အထွေအထွေ၊ မြစ်ခက်ဝေလျက်၊ အသေအရှင်၊ လူတွင်ခေါ်ရိုး၊ ထီးကျိုးစည်ပေါက်၊ မင်းလဲးဘောက်သော်၊ ပပျောက်စေ†ရာ၊ မပျောက်†ရာက၊ လယ်†ယာမိုးမြေ၊ မထွေးစေလင့်၊ အနေပိုင်းခြား၊ ထင်အရှား ဖြင့်၊ မှတ်သားစဉ်တိုင်း၊ တင်*သံပိုင်းနှင့်၊ *သမိုင်း*မေ်ကွန်း၊ တွင်*ဥဒါန်းက၊ ပုံညွှန်း*စည့်ကွင်း၊ မယွင်းမသွေ၊ ယှိလျှင်းစေလော့၊ မျိုးဆွေမပြား၊ ညီသား မြေးမြစ်၊ ဆက်လစ်နွယ်ရိုး၊ နန်းစံစိုးက၊ ထီးကျိုးစည်ပေါက်၊ မင်းဘောက်လဲး

သည်၊ မမည်ရာချေ၊ သိလျှင်းစေလော့၊ မိမွေဘမွေ၊ ဟူတုံပေက၊ မြေပြင်ဖြစ်စေ၊ အဟိတ်နေလည်း၊ အမွေခွဲ၊တမ်း၊ ညှိဝေခြမ်းရှင့်၊ ခံ၊တမ်းဥစ္စာ၊ ချေးငှါး ရာလည်း၊ သေချာလက်ဆုပ်၊ စာရင်းကုပ်လျက်၊ အချုပ်သက်သေ၊ သဝေမခြား၊ မျှော်ထောက်ထားသည့်၊ ယောကျ်ားတဆူ၊ သက်ကြီးလူနှင့်၊ မြတ်သူတို့က၊ ဆုံးမသော့အား၊ ဆဲးဆိုငြားလည်း၊ အမှားပြစ်*ဆာ၊ မယူရာဘူး၊ ဂုဏ်*ဝါ နှုန်းနယ်၊ သူငယ် မိန်းမ၊ ဣတ္ထိယတို့၊ တင်စရှေးဖျား၊ ထိုသူများအား၊ တရား ပေါက်*လွှတ်၊ ဆဲးရေရွှတ်က၊ ဓမ္မသတ်ကျမ်းလာ၊ ပြစ်ပေးရာ၏၊ သေချာ မှတ်ဘိ၊ လောကီ့အလို၊ ဆုံးဖြတ်ဆိုခဲ့၊ ထိုထိုလျှပ်ဝါး၊ မာနအားဖြင့်၊ ယောကျ်ား မိန်းမ၊ သူစ ငါတင်၊ မဆင်ခြင်ဘူး၊ သူလျှင်ပြုတိုင်း၊ မဆိုင်းနှုတ်လျှာ၊ အပြစ် ရှာ၍၊ စွာကကယ်ကယ်၊ လူမှုန်းဘွယ်တည့်၊ အကျယ်အကျယ်၊ မငြိမ်းဘွယ်ဖြင့်၊ လူဝယ်ချောက်ချား၊ အမှုပွါးအောင်၊ စကား*ဖဖ၊ နှုတ်ရွှလျှာရှင်၊ တငင်ငင် ဖြင့်၊ သူတင် ငါချေ၊ ဆိုရှေနေတို့၊ ဆင်ခြေထပ်လု၊ အနုအကြမ်း၊ မိရာဖမ်း၍၊ လက်ပမ်း လက်ဝှေ၊ လက်ပွေသတ်*ယောင်၊ တဘောင်ဘောင်နှင့်၊ တိမ်းရှောင် ပက်ရစ်၊ ကြက်ကောင်းပစ်သို့၊ အဆစ်မြင်တိုင်း၊ မှုထွင်*လှိုင်း၏၊ ချင့်နှိုင်း ရင့်နှု၊ ဆင်ခြင်ရှုလျက်၊ အမှုကျယ်ချဲ့၊ *သွယ်ငဲ့ချုပ်ရုပ်၊ တဆုးငုပ်၍၊ ရှုပ်ရှုပ်ထွေးထွေး၊ ရှေနေသွေးတိုင်း၊ ပုပ်ဆွေးနေ့ရှည်၊ ဆိုင်းမတည်လင့်၊ လုပ်သည်ကိုင်သူ၊ ထိုလူအများ၊ ဆင်းရဲး သားကား၊ လုပ်စားကိုင်စား၊ သွား လာမပြီး၊ *ချုပ်တီးချုပ်နောင်၊ *လျှင်ဆောင်ပတ်လည်၊ ရပ်မတည်ဘူး၊ မှုသည်တပါး၊ ရွာစားတဦး၊ အထူးမင်းခန့်၊ ရပ်တန့်ညီမျှ၊ ဆုံးမတတ်သူ၊ အတူနှစ်သက်၊ နှစ်ဘက်မှုသည်၊ ခံတည်ခွင့်ပြု၊ ပြည်သူ့*သနင်း၊ မင်းနှင့် ခြောက်ပါး၊ ထိုသူများတို့၊ ဖြတ်ခြားတုံမြောက်၊ ရှေလေးယောက်မူ၊ ဘောက် သော်ဘောက်စေ၊ နောက်နှစ်ထွေကား၊ သေသေချာချာ၊ မပြင်အပ်စွာ၊ မဘောက်ရာသည်။ ။ရာဇာမင်းနှင့် ခံဝန်တည်း။ (၃၅)

၃၉၆။ လောကီ့ဓမ္မတာ၊ လူတို့ရွာဝယ်၊ လူမှာလူလိုက်၊ နတ်ပြည်နှိုက်လည်း၊ နတ်ထိုက်နတ်၊လျှောက်၊ မှုရေး၊ရောက်သော်၊ အ၊လျှောက်အထား၊ တရား တွေ့ဆိုင်၊ နှစ်ဦးပြိုင်လျက်၊ ရှုံးနိုင်ညီမျှ၊ ထိုက်ရာပြ၍၊ ကောက်ရစမြဲး၊ သို့မလွဲးတည့်၊ တောထဲးအုံလျှိုး၊ တောမှုဆိုးက၊ တောမျိုးလူစစ်၊ တောဝယ် ဖြစ်၍၊ သစ်ထစ်ခွဲတင်၊ တောတွင်မှတ်စွဲး၊ ပြုကြမြဲးတည့်၊ မျိုးကွဲးနွယ်ခြား၊ ဇာတိ အားဖြင့်၊ ဘုရားနတ်တိုင်၊ ကျမ်းကိုင်ပန္နက်၊ ကျိန်စာယှက်က၊ နှုတ်မြွက် ဆိုကြား၊ ဟူသည်များနှိုက်၊ တရားမကဲင်း၊ ပြစ်လွှတ်ရှင်းသော်၊ ချင်းတို့ ဓမ္မတာ၊ ဆုံးဖြတ်ရာ၏၊ ကုလာစာရ၊ စာရိတ္တတိုင်း၊ ဘာဝအလိုက်၊ အထိုက် အလျှောက်၊ ပြီးမြောက်စေရာ၊ ဘာသာ*နှုန်းပျက်၊ ထုံးမပျက်လင့်၊ အသက် ဆုံးရာ၊ ခန္ဓာပျက်ကြောင်း၊ ကျင့်မကောင်းကို၊ အလောင်းသူမြတ်၊ ဗောဓိ

သတ်တို၊ ဆုံးဖြတ်ဘယ်ရွှေ၊ မပြုလေ့တည့်၊ သိမ်မွေ့နည်းနာ၊ သတ္တဝါအား၊ မေတ္တာကရု၊ ပညာရှု၍၊ ပြည်သူကိစ္စ၊ ဆောင်ကုန်ကြ၏၊ ရှေးကသူဟောင်း၊ သူမြတ်လောင်းတို၊ ကျင့်ကောင်းဥပဒေ၊ လွဲသွေမကြိုက်၊ ဂတိလိုက်၍၊ အမိုက်သုံးလျက်၊ ထုံးမစွက်လင့်၊ ထက်မြက်ဉာဏ်ဝါ၊ ငါစွမ်းစွာဟု၊ ထင်ရာထင်တိုင်း၊ တောဆင်ရိုင်းသို၊ ချင့်နိုင်းမယှိ၊ နှုတ်ခိုက်ထိလျက်၊ *ပစ်ပုတ်ခတ်၊ သူယုတ်မြတ်ကို၊ *ကုတ်ကတ်ဆန်းပြား၊ တင်လိုအားဖြင့်၊ စကားစီးကာ၊ မပြောရာဘူး၊ နှုတ်လျှာ*ပေါက်လွှတ်၊ ပြောဆိုတတ်က၊ ပရိသတ်ဝယ်၊ ထိုလူကျယ်ကို၊ ပွဲးလယ်မသွင်း၊ လွဲးပယ်လျှင်းလိမ့်၊ ဖြည်းညှင်းသာယာ၊ ချိုနှုတ်လျှာဖြင့်၊ စဉ်လာတန္တိ၊ ဝေါဟာယှိတိုင်း၊ ကဝိလက္ခဏာ၊ ပြည့်စုံရာ၏၊ ပေါရာဏိက၊ လမ်းရိုးကျအောင်၊ ဝါကျနိပ္ဖန်၊ ကာရန်ပုဒ်မာတ်၊ သင့်ဆုံးဖြတ်၍၊ အသတ် နိဂ္ဂဟိတ်၊ ဘွင့် ပိတ် လက္ခဏာ၊ ခရာပိုင်းခြား၊ ရေးနည်းအားဖြင့်၊ ခွဲးထားပင့် ရစ်၊ အမြစ်ဝိသဇ္ဇနီ၊ ထုံးမှီစံမှတ်၊ မှန်မချွတ်လင့်၊ ဘတ်ရွတ်ဆိုနည်း၊ *နိဿရည်းလည်း၊ သိပ်သည်းမပျက်၊ ပထမက်နှင့်၊ ဒုတိယက်မှာ၊ အက္ခရာကြမ်း၊ နားမ†ချမ်းတည့်၊ ခွဲး†ခြမ်းတဝ၊ တတိယစတုတ္ထာ၊ ပဉ္စမာမူ၊ အက္ခရာနု၊ ကဏ္ဌာသုဟု၊ ရှေးသူ့မှတ်ပုံ၊ နည်းအာ†ရုံဖြင့်၊ မှတ်†ယုံဝမ်းဝယ်၊ *တမျဉ်းသွယ်သို၊ မပယ်မဖျက်၊ ဆောင်လေ့ကျက်ရှင့်၊ မင်းပျက်မှတ်ချွတ်၊ တရားလွတ်၍၊ ကျင့်ဝတ်မတည်၊ ယွင်းသွေဖည်က၊ ပြည်မချမ်းသာ၊ ပြည်ကြီးနာလိမ့်၊ ရာဇာပြည့်ရှင်၊ မဆင်ခြင်ဘဲ၊ မင်းလျှင်မသင့်၊ မိ့းနှယ်ကျင့်သော်၊ *တဖျင့်တပါး၊ တုန်*ချောက်ချားလျက်၊ မျှားစွာပြည်သူ၊ အိုး*နှယ်ဆူ၍၊ *ဗိုလ်လူရုတ်ရက်၊ စစ်ကြီးထွက်၏၊ လေးချက်ယုတ်မာ၊ မိစ္ဆာဂတိ၊ မငြိမကပ်၊ မလျှပ်မဝါး၊ မှန်တရားဖြင့်၊ မစား*တံစိုး၊ တော်ဖြောင့်ရိုးလေ့၊ လိုဆိုးပါပ၊ မိုက်မောဟဖြင့်၊ လောဘပေါက်လွှတ်၊ မှားမချွတ်နှင့်၊ ဓမ္မသတ်တရား၊ ယှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင်ဖျက်ဟု၊ စဉ်ဆက်ဆိုရိုး၊ မျှော်စောင့်ကြိုးလေ့၊ အမျိုးမျက်†နှာ၊ ထိုး†ပဏ္ဏာနှင့်၊ မေတ္တာယှိ*မှဲ့၊ ဂတိယွဲ့၍၊ မင့်တုံရှောင်း၊ မှန်လမ်းကြောင်းဖြင့်။ ။တိမ်းစောင်းမယှိ ရုံဘန်တည်း။ (၃၆)

၃၉၇။ မေတ္တာ*တံစိုး၊ အမျိုးမျက်နှာ၊ မညှာမငဲ့၊ ချိန်၏ကဲ့သို၊ *နှိုင်းရှဲ့*တမျှ၊ ကျင့်ကုန်ကြလေ့၊ နှုတ်ကလျှမ်းလျှမ်း၊ ထင်ရာယမ်း၍၊ ဆေးကျမ်းနိဿရည်း၊ ဆေးနည်းပြောကာ၊ တဘွာဘွာနှင့်၊ ရောဂါမပျောက်၊ မျိုသောက်စားမှု၊ ချမ်းသာရသို၊ သုတပညာ၊ ယှိတုံပါလည်း၊ ပြောကာဟောကာ၊ကျမ်းလာအသင့်၊ မကျင့်တုံဘိ၊ ကျိုးမယှိဘူး၊ ပဏ္ဍိကိစ္စ၊ မပြီးစွရှင့်၊ ရှေးကမနု၊ ရှင်တို့ပြုသား၊ ပေါင်းစုထင်ရှား၊ ကျမ်းဂန်မျှားနှင့်၊ ဘုရားအလောင်း၊ မင်းကောင်း*တကာ၊ အာဒါသမုခ၊ ဝိဓုရက၊ မတ်လှမဟော်၊ ပညာကျော်တို့၊ ရှုမျှော်ပညိန်၊ ဝရဇိန်ကို၊ လွှတ်ချိန်သော့သား၊ ပညာအားဖြင့်၊ ပိုင်းခြားသတ်မှတ်၊ စီရင်

တတ်သို၊ ဆုံးဖြတ်နိုင်ပ္ပမှု၊ ခါ့မ္မဂုတ္တ၊ ခါ့မ္မဌဟ၊ တရားသူကြီး၊ လူနိုက်ခြိုး၏၊ နောက်ပြီး*တမလွန်၊ နတ်ခြောက်ဌာန်ဝယ်၊ ဗိမာန်ရွှေဘုံ၊ ရံရွှေစုံနှင့်၊ အာရုံငါးသွယ်၊ ကုံပြည့်*ကြွယ်၍၊ ကြီးကျယ်တင့်မော၊ စံပြန့်*ပြောလိမ့်၊ သို့သော မဟုတ်၊ ဂတိပြုတ်က၊ *ခြုတ်ခြုတ်နိရယ၊ ငရဲကျ၍၊ ပြင်းပြပူ့ထွေ၊ ကျိုက်ကျိုက် ခေလျက်၊ သံ့တွေရဲရဲ၊ မျိုအမြဲနှင့်၊ သံခဲတောင်*ရှိ၊ မီးအတိသို့၊ သက်ယှိ အသွင်၊ သံမြေပြင်ထက်၊ အရှင်လတ်လတ်၊ ကျွဲဆိုးခတ်သို့၊ မပြတ်နယ်ပ္ပကြိတ်၊ မြည်*ကျိတ်ပ္ပကျိတ်ဖြင့်၊ ကြောက်ထိတ်ဘွယ်ကြီး၊ သွေးချောင်းစီး၏၊ ညီးညီး လောင်ပ္ပရဲ၊ *ဖုန်းငပ္ပရဲနှိုက်၊ ဆင်းပ္ပရဲကြိမ်းစွာ၊ ရှည်ကြာအဟုတ်၊ ခံကြမ်းကြုတ် ပြီး၊ ဂိဇ္ဈကူဋ်တောင်၊ ပြိတ္တာဘောင်ဝယ်၊ ကျီးကောင်လင်းတ၊ သိန်းစွန်စသား၊ ထိုမျှသဲသဲ၊ တဝဲဝဲနှင့်၊ ဆိတ်ဆွဲ*တစ်လွေး၊ ရှုပ်ရှက်ထွေးလျက်၊ ငိုကြွေး မြည်ကြော်၊ ဟစ်သြော်သဖြင့်၊ ကိုယ့်အကျင့်တိုင်း၊ ကိုယ်နှင့်မတန်၊ အဏ္ဏဝန်ကို၊ အလွန်လေးလံ၊ တရံမချိ၊ ထမ်းဆောင်ဘိ၍၊ မိမိကြောက်သား၊ မိမိစား လျက်၊ ကြီးမားစွာလှ၊ ပေတဒုက္ခ၊ ခံစားရလိမ့်။ ။မိုးဝကောင်းကင် ပျံ*ကွန်တည်း။ (၃၇)

အမစ္ဆေ၁ဝါဒခဏ်း ၃၇-ပိုဒ် ပြီး၏။

---

## ၄-ဒေဝိယော၁ဝါဒခဏ်း

၃၉၈။ အမစ္ဆေ၁ဝါဒ၊ မည်ရတွင်မှန်း၊ ဤအခဏ်း၏၊ အခြိန်း*မဲ့သာ၊ မကင်းရာသား၊ အဝိနာဘာဝ၊ နည်းနယဖြင့်၊ ဆောင်ရနန်းနေ၊ ညာမဟေနှင့်၊ ဒေဝီတို့အား၊ တရားစပ်လျှဉ်၊ ကောင်းစွာယှဉ်၍၊ ပိုက်*ယဉ်မိန့်ဟော၊ ဆုံးမ ပြောသား၊ ဒေဝိယော၁ဝါဒ၊ နာမတရပ်၊ ခဏ်းသီးထပ်၍၊ ဆိုအပ်ဆိုဘွယ်၊ *နှိုးနွယ်ချီပျံ၊ ဆိုဦးအံ့တည်း။ (၁)

၃၉၉။ ဘဝသာမိ၊ ဗာရဝိသို့၊ လောကီ့ထွတ်ချာ၊ နေနွယ်လာ၍၊ မဟာ ပရဘူ၊ တန်းခိုးဆူသည့်၊ ပြည်သူတို့ဘ၊ ဘုန်းပပနှင့်၊ မဃဒေဝေါ်၊ လောင်းမင်း ကျော်လည်း၊ မှူးတော်မတ်ပေါင်း၊ ရံသိန်းသောင်းအား၊ ကျိုးကြောင်းပြသ၊ သြဝါဒဖြင့်၊ ဆုံးမတုံပြီး၊ ထံနီးရံခ၊ တောင်နန်းမနှင့်၊ မျှားလှ*တူပြီ၊ နတ်ရွှေညီသို့၊ ဒေဝီတို့ကို၊ ဆုံးမလို၍၊ သံချိုသာ*ဖျား၊ ဤသို့ကြား၏၊ နုထွားညှံ့သက်၊ လွန်မွေ့ညက်လျက်၊ နန်းထက်သန္ဓေ၊ စံတည်နေ၍၊ ရွှေကုက်မံ၊ ဝတ်ဆံရေးသား၊ ပုံမခြားတိ၊ ခြောက်ပါးအပြစ်၊ မရစ်ဆံလွှာ၊ ငါးကလျာနှင့်၊ ရုပ်ဝါဆင်းပြင်၊ နတ်အသွင်သို့၊ လင်ကိုမြင်က၊ အလျင်ထလျက်၊ နောက်မှအိပ်မှု၊ မေးပြုလိုလိုက်၊ စရိုက်ချစ်ဘွယ်၊ သူ့ဝယ်မဏ်၊ နှုတ်သံချိုမြွေ၊ ပြောဆိုလေ့ဖြင့်၊ စုံစေ့ခြောက်လီ၊ ကျင့်ရေးညီသည့်၊ ဒေဝီတဘော်၊ ဆောင်နန်းပျော်တို့ !

သက်တော်နှစ်ပေါင်း၊ ငါမင်းလောင်းလျှင်၊ ရှစ်သောင်းသုံးပြန်၊ ရှယ်တော်လွန်ခဲ့၊ ဝေယန်ဆန်းတင့်၊ ရွှေနန်းမြင့်ထက်၊ ငါနှင့်မယ်တို့၊ နတ်သို့*တမျှ၊ စံပျော်ကြသား၊ ကာလ*တောင်တာ၊ မနည်းကြာပြီ့၊ ပညာယိုသူ၊ လူဟူသည်ကား၊ အကျင့်အားဖြင့်၊ တရားကိစ္စ၊ မယှိကြဘဲ၊ ပျော်ကြမြူးကြ၊ ယစ်မူးကြလျက်၊ လောကရေးရာ၊ အားထုတ်ကာလျှင်၊ ရှည်ကြာနေ့ည၊ လွန်သမျှကို၊ ကာလအမြတ်၊ ရေမမှတ်ဘူး၊ ကျင့်ဝတ်*ခိုင်ကျည်၊ နှလုံးကြည်၍၊ ဆောက်တည်မပျက်၊ ထိုသည့်ရက်မှ၊ အသက်ရှင်မြတ်၊ ရေတွက်မှတ်၏၊ ဆုံးဖြတ်မှန်စွာ၊ ငါရာဇာလည်း၊ ဤခါဤရွေ၊ ဤယနေ့ကား၊ ချစ်ငွေမလှို့၊ ချစ်အာရုံကို၊ လုံးစုံပယ်ဖြတ်၊ အဆုံးသတ်လျှတ်၊ အမြတ်စရိယာ၊ ကျင့်လိုငှါလျှင်၊ မဟာဇနက၊ နရိန္ဒနှင့်၊ စူဠသုတ၊ မင်းသောမတို့၊ တကိစ္စပြီး၊ တောဝင်မှီးသို့၊ ဝတ်နှီးဖန်ရည်၊ မြတ်သုံးထည်နှင့်၊ မလည်တဘန်၊ မပြန်တခေါက်၊ သက်ဆုံးရောက်အောင်၊ မဘောက်သိပ်သည်း၊ သူတော်နည်းဖြင့်၊ *အရည်းတို့တမ်း၊ ကျောင်း*သင်ခမ်းနိုက်၊ ငြိမ်းချမ်းအောင်းခို၊ ဗြဟ္မစိုရ်နှင့်၊ တကိုယ်တော်ချင်း၊ ဘော်ရှောင်ကွင်း၍၊ *သီတင်းမြတ်ဆုံး၊ မြတ်နှလုံးဖြင့်။ ။ ကျင့်သုံးဝတ်မူ တော့မည်တည်း။ (၂)

၄၀၀။ ဤရုပ်ဆွေး*မို၊ ခန္ဓာကိုယ်ကား၊ အိုတရွေရွေ၊ မိုးနှယ်မွေ၏၊ အငွေမထင်၊ ခိုးမမြင်လည်း၊ ရုပ်သွင်ဘောက်ပြား၊ ရေသားကြုံလှီ၊ သွေးဆီမတိုး၊ ဆံဖြူညိုး၍၊ ဆိုးခဲ့အရှယ်၊ မတင့်တယ်ပြီ၊ အမယ်တို့ကိုယ်၊ ငါ၏ကိုယ်ပင်၊ ပျို့အိုနုရင့်၊ မဟူသင့်ဘူး၊ သေမင်းအစာ၊ မှန်ကြစွာ၏၊ သေချာမှတ်ပိုက်၊ နားတင်စိုက်တည့်၊ လူနိုက်ကြီးဘိ၊ သားအမိမျှ၊ မချိကယ်ရေး၊ ကိုယ်လွှတ်ပြေးသည့်၊ မီးဘေးရေဘေး၊ ပြည်ပျက်ဘေးလည်း၊ ဆယ်ခရေးတရေး၊ ကယ်နိုင်သေး၏၊ အိုဘေးနာဘေး၊ သေခြင်းဘေးဟု၊ ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊ သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစ္စာရှင့်၊ နေ့မှာနေ့ချုပ်၊ ညဥ့်ရုပ်ညဥ့်ပျောက်၊မိုးသောက်နေဝင်၊ မပါ၊ကျင်တည့်၊အာ၊ကြင်ရှေးက၊ ဗာရာဏဝယ်၊ ဥဒယဘဒ်၊ ဒေဝီမြတ်အား၊ မိုးနတ်မာ၊ဆ၊ ဝါသဝလျှင်၊ ရွှေ၊ကငွေကြေး၊ ဆုတ်လျှော့ပေး၍၊ ချစ်ရေး*ရည်းငံ၊တညစံမျှ၊သက်နှံ့လိုမူ၊ ပဏ္ဏာပြု၏၊ဝတ္တုထင်ရှား၊ ယှိသည်များကို၊ ကြားကြဘူးတိုင်း၊ ကသိုဏ်းတခု၊ ဆင်ခြင်ပြုလော့၊ လူ့အဖြစ်နိုက်၊ နုမျစ်ငယ်သွေး၊ ရွယ်ကွေးလေးတို့၊ လူရေးလူရာ၊ ဝင်သေးစွာဘဲ၊ လူ့ရွာနှစ်သိမ့်၊ ပျော်စံငြိမ့်သား၊ စည်းစိမ့်သဘင်၊ မစံခင်တိ၊ မရင်လတ်မိ၊ သေမင်းချိ၏၊ ထိုဤပုရွ၊ အနိစ္စကို၊ ဒိဋ္ဌယခု၊ မျက်မြင်ရှုလော့၊ *တန္တုဆိုမြောက်၊ ကျရေပေါက်သို့၊ တဖြောက်ဖျက်ဖျက်၊ နာမ်ရုပ်သက်တို့၊ ပျောက်ပျက်လွယ်စွ၊ *တဒင်္ဂတည့်၊ ရှုပနတ်လို၊ ငါတို့ကိုယ်ကား၊ ပျိုတလဲးလဲး၊ မအိုမြဲးဟု၊ ဝမ်းထဲးစိတ်မှာ၊

မမှတ်ရာဘူး၊ဇရာလူဆိုး၊ နေ့တိုင်းခိုး၍၊ မရိုးရိပ်မိ၊ လူ့မျက်စိနှင့်၊ နတ်မျက်စိပင်၊ သိမြင်ခြင်းငှါ၊ မတတ်ရာဘူး၊ ပညာစက္ခု၊ ဆင်ခြင်ရှုမှ၊ ညှိနှုသိမ်မွေ့၊ တရွေ့ရွေ့ကို၊ စေ့စေ့ဉာဏ်မှာ၊ မြင်ကောင်းစွာရှင့်၊ တဏှာရှူရှ၊ ပမာဒဖြင့်၊ ငယ်ကစရိုက်၊ ပျော်မလိုက်နှင့်၊ အမိုက်ဘုံလေ့၊ အစုံတွေ့၍၊ ဆုံမွေ့နေဘိ၊ မေ့ကျန်ယှိုကို၊ နှမိနှမြော၊ လွန်ခဲ့သောဟု၊ မနောစိတ်တွင်၊ ငါမင်းထင်၍၊ ယင်နှင့် အပုပ်၊ မစက်ဆုပ်သို့၊ အမြုပ်ပွပွ၊ မြင်မလှနိုက်၊ သူကငါက၊ မွေ့လျော်ကြ၍၊ ရူပကာယ၊ ဒုဂ္ဂန္ဓနှင့်၊ အသုဘစစ်၊ အလွန်ညစ်လျက်၊ ရှုံနစ်တူ†နှုန်း၊ ညွန်†နုန်းတူဘိ၊ ရွံစလိဖြင့်၊ ဇာတိယုတ်မာ၊ လူ့ခန္ဓာကို၊ ရှေးခါငါလျှင်၊ ပြစ်မမြင်ဘူး၊ ခုလျှင်မနှေး၊ ဉာဏ်ရေဆေး၍။ ။မိုက်ကြေးချွတ်ဖြူ တော့မည်တည်း။ (၃)

၄၀၁။ အပကသော်၊ ရှုမ†လျော်ကို၊ ဆေး†လျှော်ရေမိုး၊ သုတ်သင်ချိုး၍၊ မွှေးမျိုးထုံကာ၊ ပန်းနံ့သာနှင့်၊ တန်းဆာ ဆင်ယင်၊ ရှုမြင်မငြီး၊ ဖုံးအုပ် *နှီးလျက်၊ ကျင်ကြီးကျင်ငယ်၊ ရွံဘွယ်ပြည်သွေး၊ နပ်တံထွေးကာ၊ အစေးအညှော်၊ နံစော်ညှီ*ငေါက်၊ *အနုံးတအောက်ဖြင့်၊ အပေါက်ကိုးဝ၊ အတွင်းကမူ၊ စီးကျစိုစို၊ မပြတ်ယို၍၊ ဤကိုယ်ဝဠ်နာ၊ ရုပ်ခန္ဓာတည့်၊ အဝိဇ္ဇာတိုး၊ မောဟဖုံး၍၊ လုံးလုံးပိတ်ပင်၊ သိမထင်ရှင့်၊အကြင်ကြီးစွာ၊ ဂဠ်အိုင်းမာလည်း၊ နာသည်တခြား၊ ယားသည်တပုံ၊ ထုံသည်တကြောင်း၊ ညောင်းသည်တထူး၊ မူးသည်တထွေ၊ ဝေသည်တမူ၊ ပူသည်တရေး၊ ဧးသည်တမျိုး၊ နှိပ်စက်ဆိုး၍၊ ပြုကျိုးမထင်၊ ပြင်ကျိုးမယှိ၊ ခံမခိုဘူး၊ ပူတိကာယ၊ ဒုဂ္ဂန္ဓနှင့်၊ ဒုက္ခဆုံပေါင်း၊ ဆိုးတောင်းညစ်ညှော်၊ အတ္တဘော်ကား၊ ကြော်လှော်ကြိုင်နံ့၊ လှိုင်ပျံ့သင်းချို၊ စားသောက်မျိုလည်း၊ ဤကိုယ်ဝမ်းခေါင်း၊ တညအောင်းက၊ မကောင်းရွံဘွယ်၊ မစင်ကြယ်သည်၊ အကယ်စင်စစ်၊ အပုပ်ဖြစ်၍၊ အညစ်*စတေ၊ မသရေတည့်၊ မသေလည်းပုပ်၊ သေလည်းပုပ်ရှင့်၊ လူ့ရုပ်မျှသာ၊ မဟုတ်စွာသေး၊ နာနာရုပ်ထူး၊ ဘီလူးမြေဘုတ်၊ အမနုဿာ၊ ယက္ခာ ပေတိ၊ ယောနိလေးထွေ၊ တမ္ဘေ ဥပက၊ ပိသာစက၊ ဒေဝန္ဒယ်ရိုး၊ ဘုမ္မစိုးနှင့်၊ ရက္ခစိုးနတ်၊ စုတေလတ်သော်၊ ဥပပတ်ဘုံသား၊ ထက်နတ်များသို့၊ ကိုယ်အားလုံးပျောက်၊ မီးတောက်သဖွယ်၊ ချုပ်မကွယ်ဘဲ၊ ဒရယ် စိုင်ဆတ်၊ ဖွတ်ပဒတ်က၊ ပေါက်ဖတ်ပိုးနှံ၊ ယုန် ဖျံ သမင်၊ ပုတ်သင် မြွေ ဘား၊ မိကျောင်း ငါးနှင့်၊ သား ငှက် တိရစ္ဆာန်၊ သဏ္ဌာန်ပြုလုပ်၊ စုတိချုပ်၍၊ ကောင်ပုပ်အနံ့၊ မပျံ့မသင်း၊ နံ့ဟောင်ပြင်းရှင့်၊ အတွင်းယုတ်မာ၊ ဤခန္ဓာကား၊ လွန်စွာဆိုးညစ်၊ ရွံဘွယ်†ဖြစ်၍၊ ဖျစ်†ဖျစ်မြည်ထ၊ နေ့ညသုံးမြန်း၊ အာယုခန်းလျက်၊ ယက်ကန်းချည်မျိုး၊ တိုး၍ရှေ့ကို၊ ယက်တိုင်းတိုသို့၊ ဤကိုယ်သက်လည်း၊ နေ့ရက်လွန်တိုင်း၊ မဆိုင်းအာ†ချည်း၊ ရွှေရွှေနည်းခဲ့၊ ကြောင်း†ခြည်းလွတ်†ခြည်း၊ တဖြုတ်†ခြည်းဖြင့်၊ ရုတ်†ခြည်းခုပင်၊ သေမင်းငင်လိမ့်၊ ကြာတင်ဆိုင်းလင့်၊ နေမသင့်ဘူး၊ သေမင်းတ†မန်၊ ခုအာ†မှန်လျှင်၊ အမြန်

စိုက်စိုက်၊ ရောက်လာဆိုက်၍၊ ခေါင်းနှိုက်လူလူ၊ အလံထူသည့်၊ ဆံဖြူတချောင်း၊
ထင်ခဲ့ရှောင်းပြီ၊ မနှောင်းစေရာ၊ ကြံသမွာဖြင့်၊ သဒ္ဓါကြည်စိတ်၊ ကွယ်မဆိတ်ခင်၊
အဘိတ္တရေထကလျှာဏ၊ မိန့်သံအရ၊ တရားပြတိုင်း၊ နေကွမ္မကြီး၊ ကိစ္စပြီးအောင်၊
*စောဓိးငါလျှင်၊ နတ်လမ်းထွင်၍၊ နတ်ခွင်ရောက်မူ၊ နတ်ရွာဆုကို။ ။ယခု
ဆွတ်ယူ တော့မည်တည်း။ (၄)

၄၀၂။ ဤသို့နတ်သျှင်၊ လောင်းဗုဒ္ဓင်က၊ ဝန်းကျင်ပတ်ရစ်၊ နတ်စစ်စစ်သို့၊
*ကလျစ်ကလျူ၊ ပေါ်မျှားထူသည့်၊ နန်းသူရွှေဘော်၊ ရှစ်သောင်းကျော်အား၊
မိန့်တော်ကြားသော်၊ ညာထားအဂ္ဂ၊ မဟေရသား၊ နန်းမတောင်တင်၊ ကမ္ဘူရှင်
လျှင်၊ ဘဝင်ဖိုလှိုက်၊ ရှိုဦးတိုက်၍၊ ထိပ်နှိုက်လက်မြောက်၊ တင်ကြားလျှောက်၏၊
မိုးအောက်မေဒနီ၊ မြေမဟီထက်၊ လေးဒီပလုံး၊ သမုဒ်ဆုံးဖြင့်၊ ပတ်ကုံးရပ်ရာ၊
တိုက်စကြာနှင့်၊ ဣန္ဒာဒေဝိန်၊ စံရာချိန်သား၊ တာဝတိန်မြို့၊ မြင်းမိုရ်ထိပ်
တောင်၊ ဘုန်းတော်အောင်သည့်၊ ဘုန်းခေါင်မန္ဓာတ်၊ ဘေးတော်နတ်၏၊
နွယ်မြတ်မြေး မြစ်၊ မျိုးချင်းဖြစ်၍၊ ပတ်ရစ်*စုလျား၊ ဗြဟ္မာသားလျက်၊
သိကြားလက်ငင်၊ ရွှေနန်းတင်သည်၊ ဘုရင်နေမျိုး၊ ကျွန့်ဆံထိုး ! ရှိခိုးလက်ရှက်၊
ထိပ်ဝယ်ရွက်၍၊ ဆယ်ခက်စုံညီ၊ ငွေပုံချီသို့၊ အဥ္စလီပြု၊ ရိုသေမှုဖြင့်၊ နန်းသူ
ကြေးမြင်၊ ရွှေဘုံ့ရှင်ကို၊ ဦးတင်ညွှတ်ခ၊ ကျွန်ကျွန်မလျှင်၊ ကြောင်းစထင်စွာ၊
တင်လျှောက်ပါအံ့၊ ငယ်ခါရွယ်သစ်၊ ဆယ်ကျော်နှစ်က၊ ကြင်ချစ်ကျွမ်းဝင်၊
ကျွန့်သခင်ကို၊ ဘယ်တွင်ဆိတ်စာ၊ ခွဲးဘူးပါဘဲး၊ *ကြမ္မာနတ်စုန်း၊ ဘယ်သို့
မုန်း၍၊ ဘုန်းဘုန်းထိပ်တင်၊ နန်းကြို့းရှင်နှင့်၊ မယ်ခင်နှ†မ၊ ယခု†မှသာ၊ ကွဲးကြ
ကွာသော်၊ လူ့ရွာမှတ်ရေး၊ ဥစ္စာ†ကြွေးထက်၊ ချစ်†ကြွေးတင်ချက်၊ ဆင်းရဲး
နက်ဟု၊ စဉ်ဆက်ထိုမျှ၊ ဆိုကုန်ကြသို့၊ ဘဝမကွယ်၊ ချစ်မပြယ်ဘဲး၊ *မစယ်ခန္ဓာ၊
ရှင်စည့်ခါနှိုက်၊ နာနာဘာဝေါ၊ ဝိပ္ပယောဖြင့်၊ လတ်တလောကွေ၊ ကွဲးရထွေကို၊
သက်သေသော်ပင်၊ မြတ်မည်ထင်ခဲ့၊ ရွှေရင်အုံနူ၊ မီးပုံစုသို့၊ ကျွမ်းလုသည်းတွင်း၊
လောင်ပူပြင်းသည်။ ။ရှင်ခြင်းဘယ်သို့ မြတ်နိုင်တို့။ (၅)

၄၀၃။ မချိုလက္ခဏာ၊ အင်ငါးဖြာနှင့်၊ စကြာမင်းကြီး၊ ချစ်မငြီးသည့်၊
သမီးစင်စစ်၊ ဖြစ်လင့်*ကစား၊ မင်းယောကျ်ားဟု၊ သက်ထားရတနာ၊ လင်
တန်းဆာနှင့်၊ ကင်းကွာတုံထ၊ မဆင်ရက၊ မိန်းမဓမ္မတာ၊ မတင့်ရာခဲ့၊ စဉ်လာကိစ္စ၊
မျိုးဘာဝလည်း၊ မိန်းမဆံထုံး၊ ယောကျ်ားရုံးအောက်၊ သက်ဆုံးခိုမှ၊ ချမ်းသာ
ကြ၏၊ ထိုမှတဖြာ၊ လူ့ရွာဘဝ၊ ဤလောကနှိုက်၊ မိန်းမတို့မှာ၊ နွယ်ကြာအလား၊
ရေယောကျ်ားနှင့်၊ လင်သားမှီရာ၊ ယှိမှသာလျှင်၊ မှန်စွာတည်ကြား၊ ခိုင်စီးပွါး၍၊
ထင်ရှားထွန်းပ၊ တင့်တယ်†ကြ၏၊ ယော†ကျ်ားရိပ်ကင်း၊ မထင်လျှင်းက၊
မင်းဆမီးလျက်၊ တောသားလက်မှ၊ ဝက်တပေါင်မျှ၊ စိုးမရတည့်၊ မှန်လှ

ထို့ကြောင့်၊ ရှေး*ယခေါင့်က၊ မောင်ကောင့်နှမ၊ အရှိန်ရလျက်၊ ဘကောင့်း
သမီး၊ အရှိန်ကြီးရုံ၊ ဗူးသီးစင်ခံ၊ ထုံးစံစကား၊ အစဉ်ကြားခဲ့၊ ဘုရားရှင်ရင်း၊
အလောင်းမင်းနှင့်၊ ကွာကွင်းကုန်ကြ၊ ကျွန်တော်မတို့၊ ဘဝလူ့ဝယ်၊ ဘယ်တင့်
တယ်လိမ့်၊ ညှိုးငယ်နွမ်းလျ၊ မုဆိုးမဟု၊ ဒုက္ခကြီးစွာ၊ သေကြရာရှင့်၊ လူ့ရွာပုံညွန်၊
ဆိုကြှဟန်လည်း၊ တမ်းခွန်မလွှား၊ ရထားမတင့်၊ မသင့်စရာ၊ ဥပမာနှင့်၊ မီးမှာ
ခိုးကင်း၊ မင်း*မဲ့တိုင်းပြည်၊ ဟူတုံသည်သို့၊ သက်ရှည်ခန္ဓာ၊ နေရပါလည်း၊ ဂုဏ်ဝါ
အကျိုး၊ ဘယ်ယှိုနိုးအံ့၊ ဘုန်းစိုးထိပ်ချာ၊ ကင်းခဲ့ကွာက၊ ရွှေကြာနေသင့်၊
လန်းမပွင့်သို့၊ ဘုံမြင့်နန်းပေါ်၊ ဘယ်သို့ပျော်၍၊ ပျော်နိုင်အံ့နည်း၊ အသည်း
ကပင်၊ ဆွတ်ဆွတ်†ကျင်ခဲ့၊ မ†ကြင်မနာ၊ တောထွက်ခွါလည်း၊ ရုပ်ဝါမတူ၊
ဆံတော်ဖြူ၍၊ ငယ်သူပမာ၊ မတင့်ရာခဲ့၊ ထိုမှာ*မြစ်ခမ်း၊ တဘက်ကမ်းသို့၊
လက်လှမ်းဆန့်က၊ မမီ†ရာသို့၊ ဇ†ရာရောက်ပြီး၊ သေခါနီးမှ၊ တောကြီးထွက်ပြု၊
သင်ကြည့်ရှုလည်း၊ ရှင်မှူမ*ကုံ၊ ဘယ်ပြည့်စုံလိမ့်၊ သွားပုံလာပုံ၊ ဝတ်ရုံမလှ၊
နေကွမ္ပဟု၊ ဆိုကြစရာ၊ ရှေးသော့ခါဝယ်၊ မဟာဇနက၊ မင်းသုတသို့၊ နန်းက
ဆင်းမှု၊ တောထွက်ပြုမှ၊ ကြီးထုချမ်းသာ၊ ထက်ရွှာနတ်ပြည်၊ ရောက်ရသည်
သာ၊ မဟုတ်ပါဘူး၊ အဥ္စနာဂီရိ၊ *ပြောင်ကြီး*သနင်း၊ မင်းကောရဗ္ဗ၊ ရောရုဝ
နှင့်၊ သာမိနရာဇာ၊ မင်း*တကာလည်း၊ လှူဒါသီလ၊ မြတ်ပုညကို၊ နန်းက
မဆင်း၊ ရွှေဘုံတွင်းနှိုက်၊ မင်းဖြစ်မခွါ၊ ပြုကြပါ၍၊ နတ်ရွာနတ်ဌာန်၊ ရောက်ကြ
ဟန်ကို၊ ကျမ်းဂန်ထင်ရှား၊ ယှိုပါငြားခဲ့၊ ဘုန်းဖျားမြတ်စွာ၊ ရွှေ*တကာကို၊
ပူဆာလောင်ချစ်၊ မီးဝယ်ပစ်သို့၊ စင်စစ်မညှာ၊ စွန့်ခဲ့ခွါသော်၊ မျှားစွာကျွန်မ၊
ဆွေးဒုက္ခနှင့်၊ သောကမကင်း၊ သေရခြင်းဖြင့်။　။ပါယ်တွင်းဘယ်သို့ လွတ်
နိုင်တို့။ (၆)

၄၀၄။ နတ်မြို့ပမာ၊ ဝတိံသာသို့၊ မိထိလာမည်၊ ဤရွှေပြည်လည်း၊ ဘုန်း
စည်ပရမ၊ ကမ္ဘာစက၊ ဝရမန္ဓာတ်၊ ဘေးတော်မြတ်လျှင်၊ တည်မှတ်အစ၊ ဒုတိ
ယန္တိုက်၊ နာဂ*စောကျော်၊ ရှင့်ဘေးတော်ပင်၊ *မျှိုခေါ် မင်္ဂလာ၊ နှစ်ကြိမ်သာ
အောင်၊ တည်ကာထိုနောက်၊ သုံးကြိမ်မြောက်ကား၊ ဘုန်းတောက်တေဇာ၊
နေ့*နှယ်ဖြာ၍၊ သမ္ဘာရင့်*ညောင်း၊ ပွင့်ဆုကောင်းနှင့်၊ မြတ်လောင်းကျိပ်ဝင်၊
ဗျာဒိတ်ဆင်သည့်၊ ဗုဒ္ဓကုံရော်၊ ရှင့်ဘုန်းတော်ဖြင့်၊ လူ့ဘော်ရပ်နှိုက်၊ နိုင်းစပ်
စံရာ၊ မယှိုပါအောင်၊ ယူဇနာခုနစ်၊ ဝန်းကျင်လှစ်၍၊ *သရစ်ရွှန်းရွှန်း၊ ဆောင်
ဆောင်နန်းနှင့်၊ တင့်ဆန်းသာယာ၊ တုသိတာသို့၊ နတ်ရွာ*တရ†ထည်၊ ဘန်
ဆင်း†တည်ရှင့်၊ ရွှေပြည်အောင်ချာ၊ မိထိလာနှင့်၊ သုံးရာကျယ်လှိုင်း၊ ဝိဒေတိုင်း
က၊ ပြိုင်နှိုင်းနေလ၊ တသန်းပသို့၊ ထိုမျှပြောင်ပြောင်၊ အဆောင်ဆောင်ဖြင့်၊
ရွှေတောင် ရွှေ†နန်း၊ ဘုံ*ကြငှန်းပါ။ဂ†ဏန်းတွက်ချ၊ ရေဆ*မကုံ၊ တောင့်*နှယ်
ပုံလျက်၊ လုံးစုံမျှားစွာ၊ ရတနာနှင့်၊ စကြာ ဆင်မြင်း၊ ဗိုလ်သင်း မှူးမတ်၊

ဝန်း*ပတ်ရံခါ၊ မောင်းမ မိဖုရား၊ အခြားခြားတိ၊ မပြား*တဝေး၊ ကြယ့်နှယ် ဖွေးမျှ၊ ရင်သွေးမျက်ဖျော်၊ ရွှေနန်းပေါ်ဝယ်၊ သားတော် သမီး၊ အသီးသီး ကို၊ *စောမီးဘုန်းလူ၊ ငဲ့တော်မူလေ၊ သည်းအူကျွန်မ၊ ပြတ်ကြွေရအံ့၊ ဘဝ ပတ္တနာ၊ ငယ်သစ္စာနှင့်၊ မေတ္တာတူမျှ၊ ချစ်မဝသား၊ ငယ်ကချစ်ရင်း၊ မယ့်သက် နှင်းကို။ ။ချစ်ခြင်းဘယ်သို့ ဖြတ်နိုင်တို့။ (၇)

(ဤသုံးပိုဒ်ကား **သောကဋ္ဌာယီဘာဝ ကရုဏာရသ** ကို ပြသတည်း၊ ဤသုံးပိုဒ်လည်း မြင်းဆက်ခွ အချီတည်း။)

၄၀၅။ ထိုသို့နှုတ်လွှတ်၊ ဦးချီညွတ်၍၊ ညာနတ်မဟေ၊ တောင်နန်းနေလျှင်၊ တင်လေသရော်၊ လောင်းမင်းကျော်က၊ သံတော်သာအိန့်၊ ဤသို့ မိန့်၏၊ နှစ်သိန်း လေးသောင်း၊ မြေပေါင်းတည်ခါ၊ မိုးဗြဟ္မာတို့၊ သက်လာလတ်လတ်၊ ဥပပတ်ဖြင့်၊ လူဇာတ်ဖြစ်ကြ၊ ကမ္ဘာစက၊ သမ္မတနတ်၊ ဘေးလောင်းမြတ်မှ၊ မပြတ်*အာဟိန်၊ အသမ္ဘိန်ဖြင့်၊ စိန်ဝဇီခဲ၊ မကွဲမခြေ၊ ရဲရဲပသို၊ သူရိယမိတ်၊ အာဒိစ္စဝင်၊ နေနွယ်စင်လျက်၊ ရွှေလင်ပန်းတွင်း၊ ရွှေအ†ချင်းကို၊ သန့်†ခြင်း ဟူ†ဘိ၊ တူဇာတိကြောင့်၊ သာ†ဘိသေကာ၊ တင်လကျ်ာဖြင့်၊ ရတနာမဟေ၊ လကျ်ာနေ၍၊ ရွှေသိင်္ဂနိက်၊ ရောင်ဘိတ်လျှပ်လျှပ်၊ နှစ်ပြားစပ်သို့၊ ကြာယပ် *ပစ္စူ၊ ငွေရွက်ဖြူနှင့်၊ အတူမယ်မောင်၊ ပြည်ကျိုးဆောင်သည်၊ ညာတောင် စံမြတ်၊ မိ*စောနတ် ! အမှတ်ရမြောက်၊ ထိုမျှလောက်က၊ ဘုန်းတောက် မဟာ၊ ငါရာဇာနှင့်၊ တောင်ညာမယ်လှ၊ ဆောင်နန်းမတက်၊ ရှေးက ပတ္တနာ၊ မြဲးမေတ္တာဖြင့်၊ သစ္စာသံ†မှို၊ ရွှေမြင်း†မိုရ်သို့၊ မယိုမယိမ်း၊ မတိမ်းမယိုင်၊ ဘုန်း ကျိုးပြိုင်ပြီး၊ *ဦးကိုင်စိုးမှတ်၊ တန်းခိုးမြတ်သည့်၊ မိုးနတ်မ*ယှင်း၊ စံစားခြင်းဖြင့်၊ ထံရင်းမကွာ၊ ရှိသေစွာလျှင်၊ စေပါ*လက်သုပ်၊ ကိုယ်လုပ်မောင်းမ၊ မိသံစ ှသား၊ ထိုမျှ*ခပင်း၊ခြောက်ပြစ်ကင်းတိ၊ ရုပ်ဆင်းဝဏ္ဏာ၊ ဒေဝတာသို့၊ ရူပနိကာယ်၊ ရွှေသုံးရွယ်တို့၊ ကြီးငယ်အ*လုံ့၊ ရံပတ်ခြံ့လျက်၊ ကျော်နှံ့လူ့ဘောင်၊ ချစ် ကြိုးနှောင်၍၊ လေးတောင်ရှစ်သောင်း၊ သုံးပြန်ဆောင်းအောင်၊ ရှည်ညောင်း ကာလ၊ စံကြမကွာ၊ နှစ်ပေါင်းကြာပြီး၊ ရံခါဘယ်သို့၊ မနှစ်လို၍၊ မညို *မသုန်၊ မမှုန် မဆန်၊ ပြန်လှန်နှုတ်ကျူး၊ မမိန့်ဘူးတည့်၊ ဂုဏ်ထူးခြောက်လီ၊ စုံပြည့်ညီသည့်၊ *မေ့သီ*သနင်း၊ ဒေဝီမင်းကား၊ *အချင်း*သနစ်၊ ဇာတိစစ်က၊ နေမြစ်မျိုးချင်း၊ ငါသည့်မင်းနှင့်၊ မောင်ရင်းလည်းဖြစ်၊ *စုလျားရစ်လျက်၊ သည်းနှစ်လိမ်ရှက်၊ ရွှေနန်းခက်သို့၊ ကိုယ်သက်မကြွင်း၊ စုံပုံနှင်း၍။ ။မယ် မင်းချစ်သည် မဟုတ်လော။ (၈)

၄၀၆။ မဟုတ်လောဟု၊ သဘောအလို၊ ဤအဆိုနှိုက်၊ ထိုထို*ပြောစည်၊ အတည်တည်ဖြင့်၊ တိုင်းပြည်နိုင်ငံ၊ အရံထီးနန်း၊ ပြာသာဒ်*ကွန်းနှင့်၊ *ကြင့်နန်း

*ရဝေ၊ ရွှေငွေရတနာ၊ ဥစ္စာခမ်းနား၊ သားမယားကား၊ လေးပါးပါယ်ရွာ၊ လားကြောင်းသာတည့်၊ ရတနာရွှေငွေ၊ လယ်မြေဝတ္ထု၊ စုစုတွင်းပြင်၊ လွန်ချစ်ခင်သည့်၊ လင်နှင့်မယား၊ သားနှင့်သမီး၊ အသီးသီးကို၊ တပ်ငြိုးငဲ့ထွေ၊ စွဲးလမ်းသေသော်၊ မသေမှန်စွာ၊ တပ်ရာရာနိုက်၊ ပြိတ္တာ ပြိတ္တိ၊ ဖြစ်ဘိမလွဲး၊ ထိုထက်ကဲး၍၊ ငရဲ တိရစ္ဆာန်၊ အတန်တန်ဖြင့်၊ ဘောက်ပြန်မယို၊ ဂတိယုတ်မာ၊ မှားကြောင်းသာတည့်၊ ရှေးခါသော်က၊ သူကြွယ်မလျှင်၊ နာထ တုံရှောင်း၊ ကြွေးတောင်းတောရွာ၊ သားသွားရာသို့၊ တမ်းကာသောကာ၊ ခဏစင်စစ်၊ ခွေးမဖြစ်၍၊ သားချစ်လာရာ၊ လမ်းမှာမျှော်စား၊ နေရငြားဏ်၊ မယားနိုက်ပေ၊ တပ်လျက်သေ၍၊ မြွေနှင့် ခွေး နွား၊ ထံပါးဝဲးရစ်၊ သုံးကြိမ်ဖြစ်ပြီး၊ တဆစ်ထိုမှ၊ လေးကြိမ်ကျသော်၊ မယား့ဝမ်းခေါင်း၊ ဝင်ကာအောင်းရှင့်၊ ၎င်းထိုမှ၊ ဗာရာ႑ဏဝယ်၊ ၈႑နကုဋ္ဌေ၊ လေးဆယ်တွေကို၊ မြေဝယ်သိုဝှက်၊ ထို*ရမ္မက်ဖြင့်၊ တပ်လျက်သေကြ၊ မြွေ ကျေးစသား၊ ကြွက်မ ကြွက်ထီး၊ သူဌေးကြီးတို့၊ ဖြစ်ပြီးနေကုန်၊ မဟာဝုန်တွင်၊ အောက်စုံဘဝ၊ အပါယ်ကျ၏၊ ထိုမျှ*အထု၊ ဥစ္စာစုကို၊ မဆိုထားလွတ်၊ ကိုယ်ဂုတ်ခြုံလွှမ်း၊ ပုဆိုးနွမ်းက၊ သက်နိုးမျှနိုက်၊ လောဘ ဤဟိတ်၊ ငဲ့သည်စိတ်ကြောင့်၊ ဘုတ် ပြိတ် သန်းဖြု၊ ဖြစ်ကုန်ကြ၏၊ ပြင်ပ ဥစ္စာ၊ မဟုတ်စွာသေး၊ အင်္ဂါအဆင်း၊ ကိုယ့်အတွင်းဝယ်၊ မွေးညှင်းဆံစု၊ ရုပ်ဝတ္ထုနိုက်၊ တခုခုတပ်၊ စွဲးကပ်စွန်းငြိ၊ ဇောဝိထိဖြင့်၊ စုတိပုဂ္ဂိုလ်၊ မိမိကိုယ်တွင်၊ ထိုထိုပိုးလောက်၊ စားသောက်ပြန်ကာ၊ ဖြစ်တတ်စွာဟု၊ ကျမ်းလာမုချ၊ ဤသို့ပြရှင့်၊ လောဘတရား၊ တဏှာအားဖြင့်၊ အလားမဖြောင့်၊ ဂတိထောင့်ခဲ့၊ ထိုကြောင့်ငါ့ကို၊ ငဲ့ပါဆိုသော်၊ မလိုအကျိုး၊ ငရဲအိုးနှင့်၊ အမျိုးယုတ်မာ၊ ပါယ်လေးရွာနိုက်၊ ကျပါစေလို၊ ဆိုလတ်တုံသည်၊ သဘောမည်၏၊ အရှည်နှောင်ရေး၊ဖြစ်မည့်ဘေးကို၊ မတွေးမဆ၊ ချစ်လောဘနှင့်၊ နန်းမ ဧကီ၊ ဒေဝီ*သနင်း၊ ငါသည့်မင်းကို။ ။ပါယ်တွင်းနှစ်သည် မဟုတ်လော။ (၉)

(ဤအပိုဒ်ကား စမွယ်ရှေးချီနောက်ချ)

၄၀၇။ ရှေးသရေ့ခါ၊ ပြည်ကုသာဝယ်၊ မဟာသုဒဿ၊ စကြာနတ်တိ၊ ပြာသာဒ်မမှ၊ ပါသာဒထက်၊ သမဏမှု၊ ရဟန်းပြု၍၊ စတုဗြဟ္မစိုရ်၊ ပွါးရှု*ကြိုသော်၊ ချစ်လိုချစ်တာ၊ ချစ်မူရာနှင့်၊ မဟာသုဘဒ္ဒါ၊ ဒေဝီမြတ်လျှင်၊ လောကမာတ်နယ်၊ တတိုက်လယ်နိုက်၊ ကျွန်းငယ်ကျွန်းကြီး၊ အသီးသီးပါ၊ ညီးညီးရုံဆိုင်း၊ စံမ*နိုင်းအောင်၊ တံတိုင်းခုနစ်ထပ်၊ ရောင်စုံလျှပ်၍၊ ရတနပ္ပဘာ၊ နေ့ညဉ့်ပြာလျက်၊ ကုသာဝတီ၊ အစချီသည့်၊ ပူရိမ္မြို့ပေါင်း၊ ကျော်ရှစ်သောင်းနှင့်၊ *ပုန်တောင်းစကြာ၊ ရတနာခုနစ်ပါး၊ မိဖုရားက၊ သားတော်သမီး၊ စည်းစိမ်ကြီးကို၊ မင်းကြီးဘုန်းလူ၊ ငဲ့တော်မူဟု၊ ဆယ်ဆူရှိကြာ၊ တင်လျှောက်ရာနိုက်၊ တဏှာဖြစ်ကြောင်း၊ မတင်ကောင်းဘူး၊ မယ်နှောင်းညာထား၊ ငါမင်းဖျားအား၊

လေးပါးပါယ်ကို၊ လားစေဆိုသို့၊ မလိုစကား၊ ဆိုဘိခြေားဟု၊ ပယ်ယှားမြစ်ထာ၊ တားပြီးခါမှ၊ အနိစ္စာ ဝတ သင်္ခါရာ၊ ဤဂါထာဖြင့်၊ သေချာ*စေ့ငု၊ ဟောဘော် ပြုက၊ သာဓု*ခြိးငေါ်၊ ကောင်းခြီးခေါ်၍၊ ဘုန်းတော်သမ္ဘာ၊ ကြီးမြတ်စွာသည့်၊ မဟာရာဇ၊ *စောဒေဝ! ကျွန်မမသိ၊ မိုက်မှားဘိ၍၊ တင်မိကျူးလွန်၊ ဤ ပြစ်ဝန်ကို၊*ဘုန်းမွန်သည်းညီ၊ ခံတော်မူပါ၊ ယာဥ်စကြာနှင့်၊ ရတနာသတ္တာ၊ ဖျား ကျွန်မက၊ မျှားလှ*ဥဿုံ၊ အလုံးစုံကို၊ အာရုံမပြု၊ မြတ်ရာရှုဟု၊ မယ်သုဘဒ္ဒါ၊ တင်လျှောက်ရှာ၏၊ ပမာထို့တူ၊ မိနန်းသူလည်း၊ ကြည်ဖြူမနေ၊ သဒ္ဓါဇောနှင့်၊ သဘောလိမ္မာ၊ ဖြစ်ကောင်းစွာခဲ့၊ ဇရာရောက်ပြီး၊ သေလုနီးလည်း၊ *အတီး ရှေးခါ၊ မဟာသုဒဿ†န၊လောင်းသတ္တသို့၊ သမ†ဏကိစ္စ၊ မြတ်ဓမ္မကို၊ လို့လမကွာ၊ ဘယ်ယုတ်†မာလိမ့်၊ ပ†မာတဆစ်၊ ခြင်းရာစစ်သော်၊ ရေနစ်သူအား၊ ကြင်သ နား၍၊ ဆယ်မှားသော့*နှယ်၊ ရေဝယ်စုံးစုံး၊ နှစ်ယောက်လုံးဆိုင်၊ ပြိုင်၍ နစ်သို့၊ လင်ချစ်သားချစ်၊ မယားချစ်နှင့်၊ အချစ်မကွဲ၊ သေကြမြဲသော်၊ ပါယ်ထဲးလေးရွာ၊ မလွတ်စွာတည့်၊ ငယ်ခါစင်စစ်၊ မိုက်ရွယ်သစ်က၊ အချစ် တဏှာ၊ ဤသစ္စာကား၊ ပါရမီတရား၊ မဟုတ်ခြေားဘူး၊ ကြိုးစား၍သာ၊ ပယ်အပ် စွာ၏၊ မကွာမကွေ၊ မသေရဘဲ၊ အတူမြဲ၍၊ မကွဲတစိ၊ ဘယ်မှာရှိလိမ့်၊ လောကီရိပ်ငြိမ်၊ ဤနန်းအိမ်နှင့်၊ စည်းစိမ်ဟူသမျှ၊ သင်္ခါရကား၊ အနိစ္စ†သာ၊ ဓမ္မတာတည့်၊ ကု†သာတွင်မည်၊ လွန်တူးလည်သည့်၊ နတ်ပြည်*ရိုးရိုး၊ ထိုပြည် ကြီးလည်း၊ ပျက်စီးမကြွင်း၊ ကုန်ပျောက်ကင်း၍။ ။ကွယ်ခြင်းဖြစ်သည် မဟုတ်လော။ (၁၀)

(ကိုယ်တွင်းပြည့်-ချ သော်တာရောင်)

၄၀၈။ ယင်းသို့မင်းကျော်၊ အာလုပ်တော်၍၊ သံတော်ထင်စွာ၊ မိန့်သော့ ခါနိုက်၊ တောင်ညာမိနတ်၊ မဟေမြတ်လည်း၊ သုဘဒ်မဟာ၊ ဒေဝီချာသို့၊ ပညာ သတိ၊ လက်ကိုင်မိ၍၊ရယိုသည်†လျှောက်၊ပြန်ကြား†လျှောက်၏၊ ဘုန်းတောက် ဝေဖြာ၊ ကြီးတေဇာဖြင့်၊ လကျၤာဒီပ၊ သောင်းဌာနထက်၊ လူမျှားထိပ်နင်း၊ မင်းမင့်းတကာ့၊ သိခရတနာ၊ စူဠာ*သျှောင်ဖျား၊ ပတ္တမြားဦးစိုက်၊ မကိုဋ် ညွန့်ဖူး၊ ရောင်မြူး*ကွန့်ရာ၊ စုံစကြာနှင့်၊ မဟာနရိန်၊ ဇာရဝိန်သို့၊ *အာဟိန္ဒရာဇ်၊ နေမြစ်နွယ်မျိုး၊ လူ့ထွတ်စိုးလျက်၊ တန်းခိုးစက်ရောင်၊ နေ့ထက်ပြောင်သည့်၊ ဘုန်းခေါင်ဘုန်းဖျား၊ ကျွန့်ထိပ်ထား! ရွှေဘွားစက်အောက်၊ စုံလက်မြှောက်၍၊ မကြောက်ရက်သာ၊ တင်ချက်မှာကား၊ နရာသဘာ၊ နရကေတု၊ သက်လုံးစုသည်၊ ဇမ္ဗူ့ဆိမီး၊ နေညွန့်ထီးအား၊ ဖျက်ဆီးလို့၌၊ မဟုတ်ပါဘူး၊ မဟာဇနက်၊ *စောဘုန်းထက်လျှင်၊ တောထွက်သမူ ရဟန်းပြုသော်၊ သပုမျိုးနွယ်၊မောင်လှယ် နှမ၊ ချစ်မဝကြောင့်၊ အလှကော်၊ ဒေဝီဆွေမိ၊ သီဝလိသည်၊ မချိစိတ်မှာ၊ လွန်ပူ ဆာ၍၊ မကွာရက်ခြေား၊ လင်မင်းဖျားအား၊ လျှောက်ထား*ပန်ထွာ၊ တားမြစ်

ထသို့၊ ပမာထို့တူ၊ ချစ်အားယူ၍၊ နန်းသူကျွန်မ၊ ဆွေးပူလှလျက်၊ ဘဝ*သနင်း၊ အလောင်းမင်းအား၊ မောင်ရင်းအစစ်၊ သခင်ဖြစ်၍၊ အချစ်ပိုကာ၊ ထင်မိပါသည်။ ။*ပြစ်ဆာသင့်မပေးစေသော်။ (၁၁)

၄၀၉။ မိန်းမ*တံ†ထွာ၊ ဓမ္မတာဖြင့်၊ တ†ထွာတညို၊ ရှည်အတိုတိ၊ ရှေ့ကိုရှု†မျှော်၊ လျှော်မလျှော်ဟု၊ မ†မြော်တတ်စွာ၊ ချစ်အာသာနှင့်၊ လိမ္မာမသည်း၊ ပညာနည်း၍၊ *မရည်းကျွတ်ဆု၊ ကောင်းမှုမလို၊ သဝန်တိုသို့၊ မယ့်ကိုယ်ကျွန်မ၊ ဩော်ဖြစ်ရခဲ့၊ ဝမ်းကမဆံ့၊ *ဆွတ်ပျံ့အူသည်း၊ လွမ်းစိတ်*ပည်း၍၊ *ဟိုက်ကြည်းပူပင်၊ မိုးမမြင်မျှ၊ လောင်*လင်ဆွေးလှ၊ ကြီးဒုက္ခကြောင့်၊ မောဟဖုံးငြား၊ ဘုန်းဘုရားကို၊ ချစ်အားလွန်ဘိ၊ တင်မှားမိ၏၊ နန်းကြီးသခင်၊ ကျွန့်ထိပ်တင်သည်၊ ဘွင်တော်မချော၊ သဘောတော်ညို၊ လိုတော်မတွေ့၊ မချမ်းမြေ့က၊ ဘုန်း*ဟော့မြတ်စွာ၊ ဆင်ခြင်ကာလျှင်၊ မဟာသုဒဿန၊ စကြာ့*သနင်း၊ အလောင်းမင်းသို့၊ ဝမ်းတွင်းသိမ်မွေ့၊ သာချမ်းမြေ့လျက်၊ မျက်ငွေ့မလျှံ၊ သည်းတော်ခံပ၊ ရွှေသမ္မောဓိ၊ ကြံတော်†ယှိတိုင်း၊ မြူ†ရှိဆံလွှာ၊ ငဲ့တော်ပါနှင့်၊ မဟာသုဘဒ်၊ ဒေဝီမြတ်သို့၊ ညာနတ်ရတနာ၊ တင်လျှောက်ပါ၏၊ ပြည့်ရွာတိုင်းခန်း၊ ထီးနန်းရွှေဘုံ၊ အလုံးစုံနှင့်၊ ရွှေပုံများလှ၊ ကျွန်တော်မက၊စ၍မကြွင်း၊ ထို*ခပင်းကို၊ လောင်းမင်း*လျစ်လျူ၊ ရှုတော်မူ၍၊ အယူမပြောင်း၊ ငဲ့မစောင်းဘဲ၊ အလောင်း*တကာ၊ဓမ္မဟာဖြင့်။ ။သဒ္ဒါ*ဖင့်မလေးစေသော်။(၁၂)

၄၁၀။ မဟာသုဒဿန၊ လောင်းသတ္တလျှင်၊ ကာမအာရုံ၊ ရံရွှေပုံနှင့်၊ မဆုံမရှက်၊ ရွှေပုံထက်နိုက်၊ ရွှေသက်ဆုံးအောင်၊ လူစော်†ရှောင်၍၊ ကေ†သျှောင်ပယ်လှည်း၊ ဖန်ရည်စည်းလျက်၊ *အရည်းသမဏ၊ သွင်ရူပနှင့်၊ လေးဝဗြဟ္မစိုရ်၊ ဈာန်ကုသိုလ်ကို၊ အလိုတော်တိုင်း၊ မဆိုင်းလွယ်ကာ၊ ပြီးစေစွာ၏၊ မဟာဇနက၊ စသည်ကျော်ကြား၊ ထိုမင်းများကား၊ တောဖျား*မှိုင်ရပ်၊ အောင်းခိုကပ်၏၊ ထိပ်ချပ်ရတနာ၊ လောင်းမြတ်စွာလည်း၊ လိုရာဆန္ဒ၊ သဘောကျတိုင်း၊ စိတ်ကမညှာ၊ ညွတ်တော်ပါလော့၊ မဟာဘိနိက္ခ†မန၊ မြတ်ကိစ္စကို၊ နှ†မနန်းသူ၊ တကူကူ၍၊ သမ္ဗုမြဒီ၊ ဒေဝီတို့လို၊ တောမြိုင်ညိုဝယ်၊ ခိုသော်ခိုချင်း၊ ရွှေနန်းတွင်းနိုက်၊ *သီတင်းသုံးလည်း၊သုံးချင်းသုံးတူ၊ဘုန်းလူလူကို၊ ကြည်ဖြူနှစ်ခြိုက်၊နောက်တော်လိုက်၍၊ ထံနိုက်မကွာ၊ လုပ်ကျွေးပါအံ့။ ။စကြာလင့်မနှေးစေသော်။ (၁၃)

၄၁၁။ ဤသို့ရေးရာ၊ လွန်လိမ္မာသား၊ မဟာပုညဝန်၊ မိန်းမ*မှန်တို့၊ ကျွန်၏သဘော၊ လင့်မနောကို၊ လိုက်လျော ကျင့်တတ်၊ အမြတ်ခြင်း†ရာ၊ ဓမ္မတာတိုင်း၊ လ†ကျာစံမြန်း၊ မိညာနန်းက၊ ရှိပန်းပန်ဆင်၊လျှောက်ဦးတင်သော်၊ ဘုရင်မျှားနတ်၊ လောင်းမင်းမြတ်လည်း၊ မိန့်လတ်ကြည်ဖြူ၊ ဤသို့ဟူ၏၊ မျိုးတူ

နွယ်မျှ၊ မကွဲးကြဘဲး၊ နှမအရင်း၊ တဘ†ချင်းဖြင့်၊ ချစ်†ခြင်းလည်းဆိုင်၊ ဘုန်း†ချင်းပြိုင်လျက်၊ မဏ္ဍိုင်ဥက္ကဋ္ဌ၊ ဥကင်္သဝယ်၊ သိကြွေးနဖူး၊ ရွှေစံဦးနှင့်၊ မကျူးသစ္စာ၊ ဗွေသိမ်ှာထက်၊ ဗြဟ္မာရွှေခွန်း၊ ဇေယျာညွှန်း၍၊ ရေသွန်း ညာနေ၊ သာဘိသေဖြင့်၊ တဇကေရိ၊ မဟေသီဟု၊ ဒေဝီမျှားမင်း၊ အခေါင်†နင်း သည့်၊ သက်†နှင်းရတနာ၊ နန်းတောင်ညာ ! လိမ္မာ*နက်ကိ၊ ခွင့်ရေးသိသား၊ ခင်မိဘုန်းလူ၊ တောင်နန်းသူလျှင်၊ အတူမကွာ၊ နောက်တော်ပါ၍၊ မချောင်းကို၊ လုပ်ကျွေးလိုဟု၊ တောင်းဆိုအခွင့်၊လျှော်မသင့်ဘူး၊*ယခင့်ကာ†လ၊ရှေး*မဆွက၊ စူ†ဋ္ဌဗောဓိ၊ လောင်းဇ္ဇလှသိလျှင်၊ ဇာတိဖြဟ္မ၊ စရိယကို၊ လူကအတူ၊ သုံးဘက် ဟူသည်၊ အိမ်သူမည်ထ၊ ရသေ့မနှင့်၊ တကွနေသော်၊ ဆယ်နှစ်ကျော်တိုင်၊ စိတ်တော်မချ၊ တကြောင့်ကြကြောင့်၊ စျာနလက်ကိုင်၊ မရနိုင်ဘူး၊ ဘုန်းလိုင် ဇနက်၊ ဗောဓိခက်လည်း၊ တောထွက်သော့ခါ၊ ဒေဝီပါ၍၊ ယုတ်မာနွယ်ရိုး၊ ကျွန့်အမျိုးလျက်၊ မုဆိုးလုဒ္ဒက၊ သူငယ်မတို့၊ မလှကဲ့ရဲ၊ ပြစ်တင်ဘွဲ၏၊ အကဲ့ မှန်ဟုတ်၊ ထိုကြောင့်*မူတ်လော၊ မယုတ်စာရ၊ မြတ်ဉာဏနှင့်၊ သိကြွေးကမ္ဗလာ၊ ကျောက်မွေ့ရာကို၊ ခိုင်မာပူ*အတ်၊ တင်းစေတတ်သည့်၊ သူမြတ်ပဏ္ဍု၊ အကိတ္တိ လျှင်၊ ဘဂ္ဂိနိယ၊ ငယ်နှမဖြင့်၊ မိဘမခြား၊ အူ*တုံ့ဘွားလည်း၊ တရားကျင့်ဆန်း၊ မြတ်ရာမြန်းသား၊ ရဟန်းဟူက၊ မလျော်စွဟု၊ နှမရင်းချာ၊ မာတုဂါကို၊ ဝေးစွာ ကင်းစေ၊ ရှောင်ကွင်းနေသည်။ ။သက်သေ*ပြက်ပြက် ကွင်းကွင်းတည်း။(၁၄)

၄၁၂။ ထိုကြောင့်မှန်စွာ၊ ဤလူ့ရွာနိုက်၊ မာတုဂါ†မ၊ ဟူသမျှပင်၊ နှ†မ အစ်†မ၊ အမိစသား၊ ဗြ†ဟ္မစရိယ၊ သီလမွေ့လျော်၊ ကျင့်မြတ်ပျော်သည့်၊ သူတော်မည်မှန်း၊ ရဟန်းတို့နှင့်၊ မသင့်မမြတ်၊ မလျောက်ပတ်သည့်၊ မျိုးဇာတ် မမ္မတာ၊ မာတုဂါတို့၊ ဝိသဘာဓာတ်၊ အကျင့်မြတ်နှင့်၊ သတြုဟူ၊ မှတ်ယူအပြီး၊ ရန်သူကြီးရှင့်၊ မနီးစအပ်၊ မကပ်ကောင်းချေ၊ ဘားနှင့်မြွေသို့၊ အသေကိုက်တတ်၊ ပဋိဃာတ်တည့်၊ အမှတ်တ၀၊ လူ့လောကနိုက်၊ မိန်းမယောကျ်ား၊ သဘော အားဖြင့်၊ ဆားနှင့်ချဉ်သီး၊ ချိပ်နှင့်မီးဟု၊ *အတီးလူ*ဗိုလ်၊ စွဲမှတ်ဆို၏၊ အပျို တန်†မဲ့၊ ပါးမှာ†မှဲ့သို့၊ ကဲ့ရဲ့စရာ၊ ငါရာဇာလည်း၊ မြတ်*လျာမြန်း၍၊ ထီးနန်း စံငြိး၊ စွန့်တပြီးလျက်၊ ဇနီးတူပြို၊ စုံတညီဖြင့်၊ ဒေဝီမကွာ၊ နောက်တော်ပါက၊ မျှားစွာထိုမျှ၊ ကဲ့ရဲ့ကြလိမ့်၊ မိန်းမသွား†ရာ၊ရန်သူပါရှင့်၊လ†ကျာမဟော၊ ညာနတ် ဆော့လျှင်၊ မရေမရာ၊ မလျော်စွာဘူး၊ မကွာငါ့ကို၊ မလိုက်လိုနှင့်၊ ထိုမှတကြောင်း၊ မိန္ဒဲနှောင်းကား၊ ဘုန်းတောင်း*တာစား၊ ဟူသော့အားဖြင့်၊ ဘွားသည့်နေ့က၊ ယခုကျအောင်၊ ကာလဤရွှေ၊ သိမ်မွေ့နန်းပြင်၊ စံစားရှင်လျက်၊ လေး*ဖင် ဇ္ဇကြေ၊ စိမ့်*ချေငြိမ်သက်၊ ရွှေဘွားညက်ဖြင့်၊ မြေထက်ထွာခန့်၊ တလှမ်းဆန့်၍၊ မဖြန့်စဘူး၊ ချမ်းသာကျူး၏၊ ညာမှူးသော်မော်၊ လိုက်မလျော်ဘူး၊ ရွှေဘော် ဝန်းလျား၊ ခြေရုံမျှားနှင့်၊ မယ့်သားတော်မြတ်၊ ပြည်လုံးနတ်က၊ မပြတ်

လုပ်ကျေး၊ ပြုစုမွေးလိမ့်၊ ကျင့်ရေးဓမ္မ၊ ကုသလဖြင့်၊ ဒါနမကင်း၊ သီတင်းပဉ္စသီ၊ အဋ္ဌင်္ဂီကို၊ ဒါလီစိန်ခက်၊ ဆင်ဘ†ယက်သို့၊ နေ့†ရက်အစဉ်၊ မြဲယှဉ်သက်ဆုံး၊ ဆောက်တည်သုံး၍၊ နှလုံးချမ်းမြေ့၊ ပျော်စံမွေ့လော့၊ ညှိ့လေ့ဘာ၀၊ ဣတ္ထိယစစ်၊ မိန်းမဖြစ်၍၊ ဆိုးညစ်နုပ်သေး၊ သက်မွေးယုတ်မာ၊ ပြည့်တန်းဆာလျက်၊ ဓမ္မတာကျင့်သီး၊ သစ္စာပြီး၍၊ ရေစီး*တုံ့*တုံ၊ ရေဟုံတုံ့ပြန်၊ အညာဆန်၏၊ နတ်ဟန်တဆူ၊ စောသမ္မုကား၊ နူနာပျောက်စေ၊ ကြာဘက်ရေသို့၊ နူတ်ရွှေ*မွန်စွာ၊ ထက်သြဇာဖြင့်၊ သစ္စာရှိန်ငွေ့၊ ဆေးထက်*ဟော့၏၊ စုတေ့ဤကိုယ်၊ ဆွေးမြည့်အို၍၊ ပျက်ပြိုဓမ္မတာ၊ ရောက်သော့ခါလည်း၊ ပါယ်ရွှာလေးပါး၊ ပိတ်တံခါးဖြင့်၊ ထက်ဖျားနတ်ရွာ၊ လမ်းပွင့်သာလိမ့်၊ သမ္မာစိတ္တာ၊ ပညာယှိပြား၊ ထိုသူများကား၊ သိကြားနေရာ၊ ၀တီသာနှင့်၊ ယာမာ တုသိ၊ နိမ္မာဆီသို့၊ လှမ်းမီလိုတိုင်း၊ မဆိုင်းကေန်၊ ရောက်မြဲမှန်သည်။　။စုန်ဆန်တက်သက် ဆင်းဆင်းတည်း။　(၁၅)

၄၁၃။ မိန်းမ*တကာ၊ ဓမ္မတာဖြင့်၊ အိမ်ရာပြုထောင်၊ လူတို့ဘောင်၀ယ်၊ ထိန်ပြောင်ညီးညီး၊ သုံး၀ုံမီးတည့်၊ ကြီးလှကျေးဇူး၊ နှစ်ဦးမိဘ၊ ကာမအရှင်၊ လင်လည်းတခန်း၊ ရဟန်းပုဏ္ဏား၊ ရောက်ပြားအထံ၊ လှူခံပုဂ္ဂိုလ်၊ မီးသုံးဖိုကို၊ သိမ်းသိုမတတ်၊ ကျင့်ယွင်းချွတ်က၊ မပြတ်ညီးပြောင်၊ နေ့တိုင်းလောင်ရှင့်၊ နောင်လည်းအမြဲ၊ ငရဲမီးစာ၊ ဖြစ်တတ်စွာ၏၊ တဖြာထို†မှ၊ မိန်း†မတို့အား၊ များယေဘုယျ၊ အပါယ်ကျသည်၊ ပါပယုတ်†မာ၊ တရား†မှာလည်း၊ သဒ္ဒါမယှိ၊ ဟိရိ မကပ်၊ ဩတ္တပ်ကင်းပ၊ ကောဓကြီးစွာ၊ ပညာမဲ့ပြား၊ ဤ ငါးပါးတည့်၊ မှတ်သားသမှု၊ သတိပြုလော့၊ ငါးခုပထမ၊ ပဥ္စကတွင်၊ ကောဓအရာ၊ ပယ်နုတ်ကာလျှင်၊ ဥပနာဟ၊ ဣဿုကနှင့်၊ မစ္ဆေရဟူဘိ၊ အတိစာရီ၊ ဒုဿီတစ္၊ အပ္ပဿုတ၊ ကုသိမည်ထုတ်၊ ခုနစ်ပုဒ်ကို၊ တပုဒ်စီထည့်၊ ငါးခုပြည့်သား၊ ဖြစ်၏ရှစ်၀ါ၊ ဒေသနာတည့်၊ သေချာအနက်၊ ပြန်ဆိုမြွက်က၊ မျက်ထွက်တမျိုး၊ ရန်ငြိုးဘွဲ့မူ၊ ငြူစူ ၀န်တို၊ လင်ကိုကျူးထ၊ သီလကင်း*မဲ့၊ မ*ဟဲ့မြင်ကြား၊ ပျင်းရိအားဖြင့်၊ ရှစ်ပါးငါး†လီ၊ စတ္တာ†လီကြောင့်၊ ဣတ္ထိတို့အား၊ ငရဲများဟု၊ ဘုရားလူ့ဘ၊ သမ္ဗုဒ္ဓတို့၊ ဟောပြ၀ေဘန်၊ မသေ့လှန်တည့်၊ ကေန်မုချ၊ မှတ်ကုန်ကြလော့၊ မိန်းမတို့မှာ၊ ပညာသတိ၊ သမာဓိနှင့်၊ ဟိရိ ဩတ္တပ်၊ ကိုယ်ကြပ်နိစ္စ၊ ပြည့်စုံကြသော်၊ ရှုပအဆင်၊ သွင်ပြင်ရုပ်ဆင်း၊ ညှံ့လျှင်းကစား၊ စကြာသားတို့၊ ဘွားရသတတ်၊ မှန်မချွတ်တည့်၊ ဟောမှတ်ရှေး၀ယ်၊ လေးဆယ်ထိုမျှ၊ ထိုဓမ္မကို၊ ထိုမှပြန်ထ၊ မိန်းမ*တကာ၊ မိကလျာတို့၊ ကောင်းစွာစိတ်က၊ ကျင့်နိုင်ကြသော်၊ ဒေ၀လောကာ၊ နတ်ခြောက်ရွာ၀ယ်၊ နိမ္မာ၀သ၊ ဘုံဌာနန္ဒိုက်၊ မနာပကာယိကာ၊ မည်သညာဖြင့်၊ ဒေ၀ါနတ်မျိုး၊ တန်းခိုးကြီးမင်း၊ ဖြစ်ရလျှင်း၏၊ ရောင်ဆင်းသဒ္ဒါ၊ လိုရာကြံတိုင်း၊ ပြည့်မဆိုင်းဘဲ့၊ သက်ပိုင်းယှိရွှေ၊ စံသိမ်မွေ့လျက်၊ ချမ်းမြေ့ရိပ်ငြိမ်၊ တင်း*မတိမ်အောင်၊ စည်းစိမ်ထပ်ရစ်၊ အသစ်သစ်နှင့်၊ နတ်စစ်

အထူး၊ သူထက်ကျူး၍၊ ပျော်မြူးမယ်မောင်၊ တပြောင်ပြောင်သည်။
ကိုယ်ရောင်လက်လက် ဝင်းဝင်းတည်း။ (၁၆)

၄၁၄။ အကြင်လူ့ရွာ၊ ရှေးသော့ခါက၊ သဒ္ဒါမပွါး၊ ကောင်းမှုယှားသည့်၊ နည်းပါးပုညာ၊ ထိုမိန်းမတို့၊ ဘဝယုတ်မာ၊ မချမ်းသာဘဲ၊ ဂုဏ်ဝါမဖြိုး၊ သရေညှိုး၍၊ လင်ဆိုးမယား၊ တဘားဘားနှင့်၊ သားဆိုးအမေ၊ တပေပေဟု၊ ဆိုထွေပမာ၊ ရခဲ့စွာလျက်၊ မဟာပုညဝန်၊ ဘုန်းယှိုလွန်သား၊ မိ*မွန်တို့သာ၊ ရထိုက်ရာသည့်၊ အင်္ဂါစုံပေါင်း၊ ထိုငါးကြောင်းကား၊ မိကောင်းဘရိုး၊သူမြတ်မျိုးနှိုက်၊ မညှိုးမငယ်၊ သန္ဓေတယ်လျက်၊ တင့်တယ်ရောင်ဆင်း၊ ဖြစ်ရ†ခြင်းက၊ ရှယ်†ချင်းရည်တူ၊ နတ်နှစ်ဆူသို့၊ ကြီးထူစည်းစိမ်၊ လင်၏အိမ်သို့၊ ဂုဏ်သိမ်*မလျှ၊ ရောက်ရတတန်၊ ဘေးရန်မယှို၊ သုခိချမ်းသာ၊ နေရစွာနှင့်၊ ပုတ္တာသားဦး၊ အထူးဘွားမြင်၊ ထိုဂုဏ်အင်ဖြင့်၊ လင်ကိုလွှမ်းမိုး၊ အိမ်လုံးစိုး၍၊ ဆွေမျိုးမျှားလယ်၊ လွန်တင့်တယ်၏၊ ငါးသွယ်အကြောင်း၊ မှတ်တုံရှောင်းလေ့၊ ၎င်းထိုမှ၊ ရူပဘောဂါ၊ ဆွေညာပုတ္တာ၊ သီလဟူငြား၊ မိန်းမအားဟု၊ ငါးပါးမညထ၊ ယင်းပဉ္စနှင့်၊ ပြည့်ကအမှန်၊ ထိုမိ*မွန်လည်း၊ ကဲးလွန်အိမ်ပိုင်၊ အုပ်စိုးနိုင်၏၊ လက်ကိုင်ဘော်ပြ၊ ငါးဗလတွင်၊ မုချမမှား၊ ရှေ့ရှေ့အားထက်၊ နောက်အားကြီးစွာ၊ နောက်မှာဆုံးထား၊ သီလအားမူ၊ အားမျှားတို့ထက်၊ ကဲးထက်ထူးချွန်၊ ဆောက်တမ်းခွန်သို့၊ တမလွန်တိုင်၊ စံပိုင်မယှို၊ ကြီးမြဟ်ဘိ၏၊ ထိုပြို့တသုတ်၊ ကျမ်းလာထုတ်က၊ မြတ်ယုတ်မျိုးနွယ်၊ ကြီးငယ်ဂုဏ်သိမ်၊ စည်းစိမ်နည်း မျှား၊ နာဖျားကင်း ထူ၊ သက်ဟူရှည် တို့၊ ရုပ်ကိုယ်ရူပ၊ လှမလှက၊ ဉာဏယှို*မဲ့၊ လွန်ထင်*ပြွှသား၊ တဆဲ့လေးဖြာ၊ ဤခြင်းရာကား၊ ဗြဟ္မာဗိဿနိုး၊ နတ်အမျိုးတို့၊ တန်းခိုးဘန်ဆင်း၊ မဟူလျှင်းတည့်၊ *ခပင်းသတ္တဝါ၊ ကံဖြင့်သာလျှင်၊ နာနာကာရ၊ ဖြစ်ကုန်ကြ၏၊ နှမရတနာ၊ နန်းတောင်ညာလည်း၊ ရွှေသမ္ဘာလှ၊ ဝိသေသဖြင့်၊ ပုညဝတီ၊ နှိုင်းမမီအောင်၊ ဒေဝိဥက္ကဌ်၊ သာလွန်မြတ်၏၊ နတ်*နှယ်*တမျှ၊ ငါးဗလနှင့်၊ စာရကဲ့လွန်၊ မိန်းမ*မွန်တို့၊ဂုဏ်တမ်းခွန်ကြီး၊ စိုက်ထူညီးလျှက်၊ခိုင်*ဖြိုးစည်းစိမ်၊ လွန်ချမ်းငြိမ်သည်။ ။စိုးရိမ်ဆက်ဆက် ကင်းကင်းတည်း။ (၁၇)

(ဤပိုဒ်ကား ပရိဝုတ္တိအလင်္ကာ-ရှိသော ပိုဒ်တည်း။)

၄၁၅။ ရွှေနီဖလံ၊ ဝင်းဝင်းလျှံသား၊ မင်းစံရတနာ၊ ကျပ်တရာကို၊ ကောင်းစွာမလွန်၊ ဆေးသုဝဏ်နှင့်၊ ထုံမွန်စင်စစ်၊ ချက်ကျိုလစ်၍၊ ရှစ်ဆဲ့သုံးကျပ်၊ တရပ်သုံးမူး၊ သုံးရွေးကျူးအောင်၊ အထူးမီးပေါ်၊ တင်အောင်လှော်က၊ မည်ခေါ်နာမ၊ သုဝဏ္ဏသာရ၊ သမုတ်ကြ၏၊ ထိုမှတရပ်၊ တကျပ်ယူပြီး၊ အသီးနောက်လျှင်၊ အလေးတင်၍၊ ဘော်ပင်မှန်စွာ၊ ကျပ်တရာနှင့်၊ ထည့်ကာဘက်†ကာ၊ ကျိုချက်†ခါသော်၊ နာယ†ကာရွှေ၊ ဖြစ်ပြန်လေ၏၊ တထွေစံမိ၊ ထိုရွှေနီကို၊ ရာဂီငါးပါး၊

ထုံငြားပြီးမှ၊ လှော်ပြန်ကလျှင်၊ သုဝဏ္ဏရာဂီ၊ ရွှေ့အဆီတည့်၊ ထိုပြီနောက်နိုက်၊ နီပြောက်ပတ္တ|မြား၊ဘိုး|များနဂ္ဂ၊ ဇီဝရက္ခာ၊ ဂေါမုတ္တာက၊ နီလာပုလဲ၊*သလွဲး ကြေးမျိုး၊ ထုံ၍ထိုးသော်၊ တန်းခိုးတောက်ပ၊ သုဝဏ္ဏရတ်၊ မည်ခေါ်မှတ်သား၊ ရွှေမြတ်ဖြစ်ငြား၊ ထိုရွှေအားလျှင်၊ ပြဒါးသေနှင့်၊ ချက်ပြန်လင့်မူ၊ ကြီးမြင့် ရောင်ဝါ၊ မင်းစကြာက၊ မဟာဂန္ဓာရီ၊ ယောဂ်ရှင်မြတ်၊ ဝိဇ္ဇာနတ်တို့၊ ဣဒ္ဓိပါဒ်မျိုး၊ တန်းခိုးဣစ္ဆာ၊ ကြံတိုင်းပါသား၊ လိုရာပေးနိုင်၊ အဆုံးတိုင်လျက်၊ စံပြိုင်မရ၊ မိ့း*နှယ်ပ၍၊ သုဝဏ္ဏမဏိ၊ မည်ယှိထင်ရှား၊ သက်ရှည်ပွါးသည့်၊ ပတ္တမြားစစ်၊ တမျိုးဖြစ်သို့၊ မည်းညစ်*မှဲ့ချေ၊ ကိလေပါပ၊ ကင်းစေမှတည့်၊ ဤနှေ့ကစ၊ သက်ဆုံးကျတိုင်၊ နိစ္စမြဲးပင်၊ မွေးတမျှင်ခန့်၊ ငြိတွယ်*တွန့်သော်၊ သက်စွန့် မထိ၊ ရွှေစာမြိသို့၊ အညီတမျှ၊ စိတ်တော်ချပြီ၊ သိလဟူသည်၊ အရင်းတည်လျက်၊ လေးမည်စတုက်၊ စျာန်ဝိမုတ်ဖြင့်၊ ဝိသုဒ္ဓိစစ်၊ ငါဖြစ်ချင်၏၊ သို့လျှင်သို့ကြောင့်၊ မယ်မမှောင့်နှင့်၊ အနှောင့်အရှက်၊ အဘက်အဘော်၊ မတော်အခွင့်၊ လျှော်မသင့် ဘူး၊ အကျင့်ဗြဟ္မ၊ စရိယလည်း၊ မိန်းမဟူသည်၊ ညစ်ကြေးမည်ခဲ့၊ လွန်ကြည်သန့် သက်၊ ရွှေနန်းထက်က၊ မပျက်မိဋ္ဌာန်၊ ရည်စိတ်သန်လျက်၊ ဘောက်ပြန်မယှိ၊ ဟူ*မိကနား၊ မဆုတ်ယှားဘဲ၊ ငါးပါးသံသဂ်၊ မရောရှက်အောင်၊ တောထွက် ပြီးကာ၊ ခွါကြီးခွါ၍၊ မဟာဘိနိက္ခမန၊ သက်ပွပြင့်၊ မာတင်ကြီး၊ ဘော်ရှောင် မှိုးသို့၊ ကိုယ်ထီးအောင်းခို၊ ဗြဟ္မစိုရ်ကို၊ အလိုတော်ပြည့်၊ ပြီးအောင်ဖြည့်ပိမ့်၊ ငါ၏နောက်တော်၊ တယောက်သော်မျှ၊ မခေါ်အပို၊ ဘော်မလိုသည်။ ။ ရွှေကိုယ်သက်သက် ရှင်းရှင်းတည်း။ (၁၈)

ဒေဝိယောဝါဒချက်း ၁၈-ပိုဒ် ပြီး၏။

ဤသို့ လျှင်တိ၊ ဤတွင် သာမော၊ အမရွှေ့ဝါဒ၊ စတုတ္ထသည်။ ။ကဏ္ဍ တပုံ၊ ပြီးပြည့်စုံတည်း။

# စတုတ္ထပိုင်း

# အမရွှေ့ဝါဒချက်းပြီး၏ ။

# ပဉ္စမပိုင်း-ဗြဟ္မစရိယခဏ်း

## ၁-တောထွက်ခဏ်း

၄၁၆။ ဘူမိပါလ၊ ဘူနာထတို့၊ ရာဇကိစ္စ၊ သဘာဝဖြင့်၊ ပြည့်ဘပြည့်မိ၊ ဖြစ်ဘိတုံမျှ၊ နေ့ာင်ရေးဘို့ဟု၊ ဤသို့လုံးစုံ၊ မှာရေး*ကုံအောင်၊တလုံ*လဲ့းလဲ့း၊ စိတ်ဝေခွဲ့းလျက်၊ *ပြည့်ထဲး*ပြည်လာ၊ မင်းရာမင်းရေး၊ ရှုပ်ထွေးများလှ၊ ပြည့်ကိစ္စကို၊ နားဝဘန်†ဘန်၊ အပြန်ပြန်တည့်၊ဝါ†ဖန်သော့လား၊ ပိုင်းခြားသေ†ချာ၊ မာတိကာဖြင့်၊ ကြောင်း†ခြာမကြွင်း၊ စီကာကျင်းပြီး၊လောင်းမင်းမဃ၊ ဒေဝဘုန်းဝေ၊စော*နတ်ဆွေလျှင်၊စေ့ရေယှို†ရွှေ၊မှာထား†၍တိ၊ အောက်မေ့မသွေ၊ ဆုံးဖြတ်ထွေကား၊ အဇ္ဈော ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ၊ ဘဒ္ဒေကရတ်၊ ရှင်တော်မြတ်တို့၊ ဟောမှတ်အလို၊ ဤလူ့ကိုယ်နှိုက်၊ ကုသိုလ်*အစုတ်၊ အားထုတ်အပ်စွ၊ ဝီရိယကို၊ ကြံရအောက်မေ့၊ ချိန်မရွှေဘဲ၊ ယနေ့ပင်သာ၊ ပြုအပ်စွာ၏၊ သေခါသေချိန်၊ ပြက္ခဒိန်ဝေ†ဘန်၊ နက်†ဖန်သဘက်၊ သေမည့်ရက်ကို၊ ချိန်းချက်မယှို၊ ဘယ်သူသိဟု၊ဗောဓိဉာဏ်မျိုး၊ မြင်ရိုးပြကတေ့၊ မှန်*ဓလေ့ကြောင့် ရက်ဇရွှ*ဖင့်နွဲ့း၊ မဝံ့ရဲ့သို၊ *ကျည်နဲ့းကျည်နူ၊ မဟူစပါ၊ *ကြန့်ကြာမဆိုင်း၊ ကြံတော်တိုင်းဖြင့်၊ မလှိုင်းမဝေ့၊ ခါမရွှေ့တည့်၊ ထိုနေ့ပင်ဘက်၊ ရွှေနန်းထက်နှိုက်၊ နန်းဆက်ရတနာ၊ ဥပရာကို၊ နန်းမှာတင်ရှောင်း၊ *ငုံ့မ*ညောင်းဘဲ၊ ထီးဆောင်းနန်းစံ၊ နိုင်ငံစိုးလစ်၊ မင်းအဖြစ်ကို၊ ကုန်ပစ်စွန့်ကာ၊ မင်္ဂလာ *သ†နွေး၊ ရွှေ*သ†နွေးဖြင့်၊ ဦးဆေးစင်လျှော်၊ ပြုပြီးသော်မှ၊ ဆံတော်မုစ္ဆိတ်၊ မြရောင်ဘိတ်ကို၊ ဖြတ်ရိတ်သုတ်သင်၊ သန့်စင်ပယ်လှည်း၊ အံ့ဘွယ်သည်းအောင်၊ ဦးပြီးသွင်ဆန်း၊ ဖန်ရည်စွန်းသား၊ သင်္ကန်းဆင်မြောက်၊ မင်းသွင်ဖျောက်၍၊ *ခေါက်ခေါက်ရက်ရက်၊ မင်းရုပ်ဖျက်သည်။ ။တောထွက်အံ့ဘွယ် သရဲ့တည်း။ (၁)

(ဝိမှယင်္ဂဘာဝ အဗ္ဘုတရသ-ကိုပြသောပိုဒ်)

၄၁၇။ ကေသမဿုံ ဩဟာရေတွာ၊ ကျမ်းလာပါဠိ၊ မိန့်ခွန်းယှိုတိုင်း၊ ဣသိတာပသ်၊ ပြုတုံလတ်သား၊ သူမြတ်*တကာ၊ ရှေးဦးစွာနှိုက်၊ ကေသာမဿု၊ လူ့အသွင်ပြင်၊ ဆံပင်မုစ္ဆိတ်၊ ဖြတ်ရိတ်ပယ်ပြီး၊ တသီးနောက်မှ၊ ပေါက်သမျှကို၊ မချလုံးလုံး၊ ဆံကျစ်ထုံး၍၊ သက်ဆုံးတိုင်အောင်၊ ထားကြဆောင်၏၊ ဆောင်သည်စင်စစ်၊ ထိုဆံကျစ်လည်း၊ ပျံ့ရစ်မိုးထက်၊ ကောင်းကင်ငှက်ကို၊ ဆက်ဆက်ဖမ်းငှါ၊ မှန်စွာမချတ်၊ ကြော့ကွင်းညှတ်ဖြင့်၊ မလွတ်ရဘွယ်၊ ထော်သော့*နှယ်သို့၊ ထိပ်လယ်ဦးဖျား၊ အကွင်းထား၍၊ ရှုစ်ပါးအင်ညီ၊ အင္ဂါဂီမင်္ဂ၊

တရားငှက်ကို၊ ဆက်ဆက်ရအောင်၊*ဖြားကြထောင်၏၊ တောချောင်ခိုအောင်း၊ သားငှက်ပေါင်းကို၊ ချောင်း၍အစာ၊ ခုပ်သော့ခါလျှင်၊ လက်ျာ‌ကျမ့်၊ စား‌ကြ စရိုး၊ အမျိုးလေ့ကျက်၊ မြဲမပျက်သည့်၊ သစ်နက်ကျင့်*နေ၊ ဥပဒေကို၊ သက် သေပြုရှောင်း၊ ကျင့်မပြောင်းကို၊ အကြောင်း*တမျဉ်၊ နိမိတ်ယှဉ်၍၊ အစဉ် မပြတ်၊ စွဲမှတ်နှလုံး၊ ကျင့်ထုံးဖြစ်စေ၊ နည်းယူထွေဖြင့်၊ သေသေချာချာ၊ ခွါနှင့် တကွ၊ မချွတ်ရအောင်၊ လှပချောပြေ၊ ထိုသားရေကို၊ အခြေမပျက်၊ ပခုံးထက် နိုက်၊ ဆောင်လျက်မမှား၊ တရားမဖည်၊ မြဲဆောက်တည်လျက်၊ ငါးမည်ကာ‌မာ၊ ကျင့်ယုတ်‌မာသား၊ တဏှာအကြိုက်၊ လူ့စရိုက်ကို၊ မလိုက်ကင်းအောင်၊ ယှား ကြရှောင်၏၊မင်းခေါ်မ‌ဃ၊လောင်းဒေဝလည်း၊ရှေး‌ကထုံးယှိ၊အ*နှုန်းသိ၍၊ ဣသိပဗ္ဗဇ္ဇ၊ ပြုထရကား၊ ရှေးဖျားပယ်ရိတ်၊ ဆံ မုတ်ဆိတ်ဖြင့်၊ သပိတ် သင်္ကန်း၊ ဖန်ရည်စွန်းနှင့်၊ ရဟန်းအသွင်၊ ကိုယ်တော်ဆင်သည်။ ။ဖူးမြင်မရောင့်*မရဲ တည်း။ (၂)

(ဝိမှယဋ္ဌာယဃီဘာ၁၀ အဗ္ဗုတရသ-ပင်)

၄၁၀။ ထိုရောအခါ၊ နန်းတောင်ညာနှင့်၊ မျှားစွာရံခါ၊ ဒေဝီစသား၊ မောင်း မမိဿ၊ ခြွေရံသီးသီး၊ ဆောင်ကြီးဆောင်ငယ်၊ တင့်တယ်နတ်တူ၊ နန်းသူတစု၊ ငယ်နုမျက်ဖျော်၊ သမီးတော်က၊ သားတော် မြေးတော်၊ ဆွေတော်မျိုးမြတ်၊ မှူးတော်မတ်တို့၊ ဆွတ်ဆွတ်ညှိုးချုံး၊ လက်အုပ်ရုံး၍၊ နန်းလုံးပြုံမျှ၊ အိုထိပ်စဟု သောကလွန်ကြီး၊ငိုမပြီးနှင့်၊ ပူမီးမ‌ကျေ၊ရှေးထက်ပွေလျက်၊ကြေ‌ကြေကွဲးကွဲ၊ လှိုက်လှိုက်‌လှဲဖြင့်၊ *ထက်‌လဲးထက်လောင့်၊ မဖြောင့်သက်ဖို၊ *ဥဒါဟိုလျှင်၊ ထိုထိုဝန်းပတ်၊ ရှုပ်ရှက်ခတ်တိ၊ အူပြတ် သည်းကြေ၊ ကမ္ဘာဝေသို၊ မိုးမြေ မမြင်၊ ဗျာပါနှင်၍၊ ဘဝင်နစ်မြော၊ ခြောက်တန်ဇောနှင့်၊ ပန်းမောမချိ၊ သေဘွယ်လိမျှ၊ ရင်ဘိ ရင်ဘတ်၊ ထုသတ်ကြွက်ဆူ၊ ဘရာဇူဖြင့်၊ မယူဆနိုင်၊ နန်းလုံး အိုင်အောင်၊ ယိမ်းယိုင်ဦးဆောက်၊ လျှားမောက်ဝပ်စင်း၊ နန်း*တ‌ပျင်းဝယ်၊ အ‌ပြင်းအ‌ပြ၊ ခွေပျောင်း‌ပျလျက်၊ မရသတိ၊ မသိမိန်းမူး၊ လိမ့်ကြလူး သည်။ ။ဆံဦးဖရိုဖရဲတည်း။ (၃)

(သောကဋ္ဌာယဃီဘာ၁၀ ကရုဏာရသ၊ ဤ ၃-ပိုဒ် သော်တဲရောင်-ချနည်း။)

၄၁၉။ ဗုဒ္ဓဗီဇ၊ ဘုရားမျိုးစေ့၊ တန်းခိုး*ကြွေ့သည့်၊ ဘုန်း*ပော့မြတ်စွာ၊ မဟာဗောဓိ၊ ရာဇိသိလည်း၊ *အချိထိုမျှ၊ မျှားလှ*ခပင်း၊ ရွှေနန်းတွင်းဝယ်၊ ကြွင်း*မဲ့အကုန်၊ ပြေးလွှားခုန်၍၊ တုန်တုန်ယင်‌ယင်၊ ထုရွှေ‌ရင်နှင့်၊ ထွက်ဝင် မပြတ်၊ ရှုပ်ရှက်ခတ်ဖြင့်၊ မှူးမတ်*ဗိုလ်လူ၊ ရွှေနန်းသူက၊*ပြော *ထူဝန်းလျှား၊ သားတော်သမီး၊ ငယ်ကြီးနု‌မျစ်၊ မြေးတော်‌မြစ်တို့၊ *ကလျစ်ကလျူ၊ ငိုကျူ ‌ကျူဖြင့်၊ပို့‌ကြူနှုတ်သံ၊ နန်းလုံးပျံမျှ၊ ဆူညံရှန်းရှန်း၊ ကျွက်ကျွက်အုန်းအောင်၊

ဘုန်းဘုန်းဘုရား၊ တော်ကြီးဖျားဟု၊ *ချောက်ချားရှုပ်ထွေး၊ ဟစ်ကြွေး လျှောက်တင်၊ ရွှေနန်းပြင်နှင့်၊ မြေပြင်လူးလည်း၊ အူသည်းကြွေလု၊ ဗျာပါမှုဖြင့်၊ မြင်ရှုမသာ၊ ခွေကာယိမ်းညွတ်၊ ဝိညာဉ်လွတ်၍၊ သက်ပြတ်မည့်*နှယ်၊ သနား ဘွယ်လျှင်၊ ပင်လယ်*တံပိုး၊ ကြိုးလတ်သို့တည့်၊ သို့စင်ယှိစဉ်၊ နှမိနှ†မြေ၊ ရာဇ ဘောကို၊ ချ†မျှောရေဝယ်၊ လျှော်သော့*နှယ်သို့၊ မတွယ်ကိုယ်နှိုက်၊ စွန့်ပယ် လိုက်မှ၊ စရိုက်ရှုန့်ထူ၊ ကိလေမှုနှင့်၊ ရှာသူတို့အား၊ မထိုက်ငြားဘဲ၊ ဘုရား ပစ္စေကာ၊ ရဟန္တာတို့၊ သမ္မာမဘောက်၊ *လုံ့မစောက်ဖြင့်၊ စဉ်လျှောက်လမ်းမှန်၊ ဘော်ပြည့်နှင့်သို့၊ တမ်းခွန်မည်မှတ်၊ ဖန်ရည်စွတ်သား၊ အရဟဒ္ဓဇ၊ ကာသာဝကို၊ လက်ကလှမ်းယူ၊ ကိုင်တော်မူ၍၊ လူနှင့်မနီး၊ တောကြီးလယ်ခေါင်၊ ဟောဝန် *ချောင်ဝယ်၊ တောင်ခုနစ်ကြား၊ ယင်နားရုံမျှ၊ ပြို၍†ကျသို့၊ မြည်†ကြ*ကုံ့ကုံ့၊ ညိုးညိုးညံ့တိ၊ သံကွန်ရက်ချပ်၊ သုံးထပ်အုပ်†ဘန်၊ လစ်မကျန်အောင်၊ ကု†မ္ဘဏ် တထောင်၊ စွဲဆောင်လက်နက်၊ ရုံးချင်းရှက်၍၊ မပျက်နှေ့ညာ၊ ရံစောင့်†ရသား၊ ဘန္တ†ရမည်သာ၊ ထူးမြတ်စွာလျှင်၊ မဟာဝေဿဝဏ်၊ နတ်*မွန်*သနင်း၊ ပွဲတော် သွင်းသည့်၊ ပွဲ့သင်းချိုမြက်၊ နတ်သရက်ကို၊ နှစ်သက်ရှင်ပျ၊ သုံးဆောင်ရသို့၊ ဗလဝပီတိ၊ ဆီထိဝါဂွမ်း၊ စိမ့်ရှမ်းကာ†ယ၊ သောမနဖြင့်၊ အား†ရလွန်စွာ၊ ဖရဏာနှင့်၊ သဒ္ဓါကြည်†ယုံ၊ ကိုယ်လုံးထုံလျက်၊ ဝတ်†ရုံသိုက်မြိုက်၊ ဆင်နှစ်ခြိုက် ပြီး၊ *ပရိဇ်စသည်၊ ခုနစ်မည်ဖြင့်၊ ဘုန်းစည်ဝိဇည်း၊ ရှင်တော်တည်းသား၊ ဝိနည်း လိ†မွာ၊ ထေရ်မဟာသို့၊ ပ†မာအတူ၊ သွင်မူမယွင်း၊ နန်းကဆင်း၍၊ ညွှင်းညွှင်း ကြွကာ၊ ထွက်ခဲ့လာသည်။　။မျက်နှာရှင်ပ ကြည်စိမ်းတည်း။　(၄)

၄၂၀။ ကြည်စိမ်းမျက်နှာ၊ ရှင်ပစ္စာနှင့်၊ မဟာပုရိသ၊ လောင်းသတ္တလျှင်၊ ရထားထမ်းပိုး၊ ရှုရိုးတပြန်၊ သူတော်*မွန်တို့၊ မလွန်ချင့်တာ၊ ကြွလှမ်းကာဖြင့်၊ သပြာထောင်ထုပ်၊ ချမြုပ်သော့လား၊ မြေ့အား အားနာ၊ ငှက်ကြိုး†ကြာသို့၊ *ကျာ†ကျာ့ကြွေးဟစ်၊ နန်းလုံးမြစ်လည်း၊ မ*နစ်မလှည့်၊ စောင်းမကြည့်ဘဲ၊ တည့်တည့်မဖည်၊ စူးစူးရည်၍၊ *တူးတည်ဖြောင့်စင်း၊ နန်းကဆင်းပြီး၊ ညွှင်းညွှင်း သာယာ၊ ထွက်ခဲ့လာမှ၊ များစွာ*ပြော*ထူ၊ ပန်းမျိုးဟူသည်၊ မဥ္စူပုန်းညက်၊ ကရမက် နှင်းဆီ၊ သရဘီ ရင်ခတ်၊ ဖက်ဆွတ် ဆတ်သွား၊ အခြားခြားတည့်၊ ထင်ရှားစွယ်တော်၊ ကံ့ကော်သာနိုး၊ နတ်ပျိုးသော့လား၊ စကားဖူ့ဝါ၊ ဇလတ္တာနှင့်၊ ရင်းမာ သော်က၊ ဒေါန အနန်း၊ နံ့မခန်းသား၊ နတ်ပန်းသ†ဇင်၊ ဂမုန်းအင်တို့၊ ကုန်†စင်ယှိရွှေ၊ စုံစေ့ရေငှါ၊ မတတ်သာဘူး၊ သန္တာမြရိုး၊ ညွတ်ညွတ်ဖြိုးမျှ၊ သီးမျိုးပွင့်စုံ၊ ကြိုင်သင်းထုံလျက်၊ ကင်းငုံ*ကိုက်သစ်၊ ပူး*ပု†ရစ်နှင့်၊ မှူး†ယစ်ပန်း†ရက်၊ ဆောင်မပျက်သား၊ တောင်†ယက်ရှုန်းရှုန်း၊ ပျားပိတုန်းလည်း၊ ညုန်းညုန်းမြည်ကာ၊ ဘယ်ခါမလပ်၊ တုံ့ခပ်ဝဲပျံ၊ ဒုံးမင်းသံသို့၊ မည်ံမဆိတ်၊ ညောင်းညောင်းညိတ်တည့်၊ ကရဝိက်မျိုးနွယ်၊ သံကြွယ်ဥသြ၊

ဘော်စုံနှော၊လျက်၊ ကြက်တော သာလိ၊ စယို့မြူးပျော်၊ လာလှည့်ခေါ်သို့၊ တွန်ကြော်အုတ်ကျက်၊ ပွဲတင်နှက်မျှ၊ ကျေးငှက်*တကာ၊ စုံလင်စွာ၍၊ သာယာပျို့နှု၊ *ဗိုလ်*အထုသို့၊ မျှော်ရှုလျက်သာ၊ သွားကြရာကြောင့်၊ သဒ္ဒါမာဂဓ၊ ဉပုဗ္ဗနှင့်၊ ဘော်ပြဂတျတ်၊ ယာဓာတ်လုံးတည်း၊ ယုပစ္စည်းဖြင့်၊ ဟောနည်းမှန်ဘိ၊ ဗျူဟာချိသော်၊ အဓိကရိုဏ်း၊ စိတ္တဂိုဏ်းတည်း၊ လူတိုင်းပျော်†ရာ၊ လွန်သာ†ယာလျက်၊ နှံ့သာရ†ဂုံ၊ ရှုမ†ကုံအောင်၊ ပန်းစုံရောရှက်၊ ထုံနှောဘက်လည်း၊ သရက်ပင်လှ၊ ယောဘုယျဖြင့်၊ အမ္ဗဝန၊ မည်ထူးရသား၊ မဃဒေဝေါ်၊ ဉယျာဉ်တော်နိုက်၊ ရွှေဘော်ပယ်ယှား၊ ကျင့်တရားနှင့်၊ ငါးပါးသံသင်၊ မရောရှက်ဘဲ၊ မဆက်*မဆံ၊ ကိုယ်တော်စံသည်။ ။ဆိတ်ညံကိုယ်စိတ် ငြိမ်းတည်း။ (၅)

(ဤ ၂-ပိုဒ်ကား သမဋ္ဌာယဘာဝ သန္တရသ-ကို ပြသောပိုဒ်)

၄၂၁။ ဣသိ ရိသိ၊ ပါဠိ သက္ကတ၊ ဘာသာပြသား၊ နှစ်ပါးအလို၊ ထိုဝေါဟာရ၊ ခေါ်ကြတုံဘိ၊ ပါဠိအယို့တွင်၊ ပါဠိအမှတ်၊ ဣသဓာတ်ဖြင့်၊ ကျင့်မြတ်မွေ့ညက်၊ တည်ငြိမ်သက်သား၊ သီလက္ခန္ဓ၊ စသည်အထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးမပြတ်၊ ရှာမှီးတတ်ဟု၊ သကတ် ပဝ†တ္တ၊ အနက်ရလျက်၊ သက္က†ဋ္ဌဘာသာ၊ သညာမည်ယို့၊ ထိုရိသိနိုက်၊ ရိကို ရရေး၊ ဣဋ္ဌအောက်မြစ်၊ ဝေါဟာသစ်ဖြင့်၊ မြန်ခေတ်*ဗိုလ်လူ၊ ရသေ့ဟူသည်၊ သူတော်သူ*မွန်၊ သီလဝန်တို့၊ မလွန်ရှေးက၊ တပ်ကြီးချပြီး၊ ကျင့်ကြနိယံ၊ စစ်ဦးခံသို့၊ ဗြဟ္မစရိယ၊ ပဉ္စမနှင့်၊ အဋ္ဌ ဒသ၊ ထိုလောက်မျှဖြင့်၊ သီလဟူဘိ၊ သမာဓိကား၊ မည်ယို့အစဉ်၊ အပ္ပမညာ၊ ဝေါဟာခေါ်ဆို၊ ဗြဟ္မစိုရ် လေးချက်၊ ထွက်ဝင်သက်က၊ ဒသကသိုဏ်း၊ နေ့တိုင်းမကွာ၊ စျာန်မျှသာရှင့်၊ ပညာဟူလတ်၊ ကမ္မဿကတာ၊ ကာမာဝစရ၊ ထိုဉာဏနှင့်၊ စျာနသမ္မာဒိဋ္ဌိ၊ အသိမှန်ဟုတ်၊ မဟဂ္ဂုတ်တည့်၊ မယုတ်ပွါးလေ့၊ ဤမျှရွေ့သည်။ ။ရသေ့သိက္ခာ မှတ်ထိမ်းတည်း။ (၆)

၄၂၂။ ရသေ့ဣသိ၊ ဟူတုံဘိလည်း၊ ကေဏိယလား၊ သားမယားနှင့်၊ နေငြား အဟုတ်၊ ကျင့်မှုယုတ်သည်၊ သပုတ္တဘရိယ၊ ဂါမမြို့နီး၊ ကပ်မှီးတည်နေ၊ ရွှေငွေ မသိမ်း၊ ဆန်စိမ်းဆီဆား၊ ခံငြားတုံလျက်၊ ကိုယ်တိုင်ချက်၍၊ နှစ်သက်လိုရာ၊ မျှစပါသည်၊ ဥဉ္ဆာစရိယ၊ ကာလချင့်ထောက်၊ အချိန်ရောက်မှ၊ မျှလောက်ရုံမှတ်၊ ခံစားတတ်သား၊ သမ္ပတ္တကာလိက၊ မီးမျှမချက်၊ တော*မြိုင်နက်နိုက်၊ သစ်ရွက် သစ်သီး၊ သိမှီးစားဘိ၊ ကျင့်နေယို့သား၊ အနဂ္ဂိပတ္တိက၊ သီးမျှမရှာ၊ အခွံခွါ၍၊ စားကာအမြဲ၊ ကျောက်အုဋ္ဌ်ခဲကို၊ လက်စွဲရုံမျှ၊ ကျင့်ကုန်ကြသား၊ အသ္မမုဋ္ဌိက၊ ကျောက်မျှမကိုင်၊ ခဲနိုင်သ†ရွေ၊ ကိုင်†၍လိုရာ၊ သွားဖြင့်သာလျှင်၊ စားကာ ကျင့်ကြ၊ ခြိုး*ခြံလှသား၊ ဒန္တလုယက၊ ဌာနအခြား၊ ရပ်တပါးသို့၊ မသွား ဘဲလျှင်၊ သစ်တပင်ရင်း၊ ကြာတအင်းမျှ၊ မှီတင်းမလွတ်၊ ကျင့်နေတတ်သား၊

ပဝတ္တဖလိက၊ လက်မျှမခြွေ၊ အညာကြွေမှ၊ ကောက်လေယူစား၊ ဆောက်တည်ငြားလျက်၊ ကျင့်အားထူးချွန်၊ သူထက်လွန်သည်၊ ဝဏ္ဏမုတ္တက၊ ပေါင်းအင္ဂတိ၊ ညွှန်ပြထင်စွာ၊ ဗာဟိခါနိုက်၊ ကျမ်းလာမမွေ၊ ကျင့်ကုန်လေ့သား၊ ရသေ့ဟူဘိ၊ ရှစ်မျိုးယှိတွင်၊ ဣသိပဗ္ဗဇ္ဇာ၊ ပြုပြီးမှလျှင်၊ နန်းကဆင်းသက်၊ ဗောဓိခက်ကား၊ ယုတ်တက်နိုင်းဆ၊ အလတ်မျှ၍၊ သမ္ပတ္တကာလိက၊ တာပသဖြင့်၊ ကိစ္စငြိမ်းရုံ၊ မဇ္ဈုံယှဉ်မှီး၊ ကိုယ်တော်ထီးသာ၊ ကျေးမြီးလတ်မြော်၊ ဆင်ခြေပေါ်က၊ သမီးလှနှင့်၊ ရည်ရပင်ထွက်၊ ခြောက်ချက်မည်တွင်၊ အိမ်ထန်းပင်တို၊ ဝန်းကျင်စိုးစွင့်၊ နိမ့်မြင့်ပြင်က၊ ရံတုံထလျက်၊ မဃဒေဝ၊ အမ္ဗဝန်၊ နာမံသညာ၊ မင်္ဂလာသုတ၊ ပျော်ဘွယ်ယှိသား၊ မြို့ကြီးပြင်ဘက်၊ ကျေးငှက်သားပေါင်း၊ ရစ်*ညောင်းတွန်†ကြော်၊ စိတ်ကိုဖျော်သို၊ အာ†ကျော်စန္ဒန၊ စသည်များစွာ၊ ပင်နံ့သာလည်း၊ စဉ်ကာဖြိုးမောက်၊ နတ်ပျိုးရောက်သို၊ *သပေါက်ပန်းစုံ၊ ဖူးအင်္ဂုံတိ၊ ပွင့်*မုံရောရှက်၊ သီးချိုမြက်နှင့်၊ သရက်မျိုးယှဉ်၊ ထိုဥယျာဉ်နိုက်၊ အစဉ်ပိုင်းခြား၊ သင့်ရာအားဖြင့်၊ မီးတားတံ†တိုင်း၊ *ပရိဏ်းဆီးကာ၊ *သင်ခမ်းသာနှင့်၊ ဣရိယာပထ၊ မျှတအောင်စံ၊ ခြိုး*တခြံလျှင်၊ ဗြဟ္မစရိယ၊ မြတ်သီ†လကို။ ။လုံ†လမသွေ့ မယိမ်းတည်း။ (၇)

၄၂၃။ ဗြဟ္မစရိယ၊ မြတ်သီလကို၊ ကလျာဏစာရီ၊ ကျင့်ဝသီနှင့်၊ လဇ္ဇီမဟာ၊ ထေရ်မြတ်စွာတို့၊ သိက္ခာသုံးပါး၊ ဖြည့်သော့အားဖြင့်၊ ဘုရားပညတ်၊ အာပတ်ကြိုး†ကြား၊ မှု့အလားမျှ၊ မ†ကျားမ†ပြောက်၊ ထိန်းစောင့်ရှောက်လျက်၊ ငြိမ်း†ပျောက်ကိလေ၊ ချမ်းမြေ့စေအောင်၊ ခြောက်ထွေဣန္ဒြိယ၊ လုံစေ့ကြသို၊ လုံ့လလွန်ပြင်း၊ဆောက်တည်လျှင်း၏၊ ရှင်ဖျင်းရှင်လေ၊ အနေမကျ၊ ရှင့်ကိစ္စနိုက်၊ လုံ့လဆော်နိုး၊ မကြိုးမပမ်း၊ စိတ်ပေါ့သွမ်းလျက်၊ ထီးထမ်းလမ်းလျှောက်၊ ကျင့်ကျားပြောက်နှင့်၊ သံကျောက်ဆေးဝါး၊ ရှာသော့အားဖြင့်၊ တရားမဆောင်၊ ရှင်တို့*ယောင်သို၊ မင်းခေါင်ဣသိ၊ လောင်းဗောဓိမူ၊ ဇာတိရွှေဉာဏ်၊ ပင်ထွက်မှန်ကြောင့်၊ ဘောက်ပြန်*မဲ့လျှင်း၊ စိတ်ရည်ကင်း၏၊ ဝမ်းတွင်းသတိ၊ မယှိဆင်ခြင်၊ ယောကျ်ားပင်လျှင်၊ မမြင်တိမ်းစောင်း၊ သွားတုံရှောင်းက၊ တွင်းဟောင်းနက်စောက်၊ ကျလေမြောက်၍၊ ဝမ်းပေါက်ခေါင်းကွဲ၊ ဆက်လွဲအရိုး၊ ခြေကျိုးလက်*ဆတ်၊ ဥပဒ်ကြီးစွာ၊ ပျက်စီးရာသို၊ ပမာ*နှင်းပန်း၊ ဖြစ်တတ်*ဆန်းမျှ၊ ရဟန်းမည်ကာ၊ ရှင်တို့မှာလည်း၊ ပညာသတိ၊ ကင်းမယှိဘဲ၊ ကပ်မိကပ်ရာ၊ ဒါယကာသို၊ တဏှာဒိဋ္ဌိ၊ စွဲငြိကပ်†ကြ၊ တွင်းဆိုး†ကျ၍၊သီလပါဒ၊ စသည်ကျိုးလျက်၊ ပေါက်ပျက်ယွင်းချွတ်၊ဖြစ်တို့တတ်၏၊လောင်းမြတ်ပွင့်*လျာ၊ မဟာသဃ၊ *စောဒေဝကား၊ မကျတွင်းဟောင်း၊ မှန်လမ်းကြောင်းဖြင့်၊မစောင်းဖြောင့်စွာ၊ လိုက်၍သာလျှင်၊ သမာဓိဝမ်း၊ ဆန်နှမ်းမြူလောက်၊ မပေါက်စေရ၊ သီလခြေမျိုး၊ မကျိုးခိုင်စွာ၊ လက်သဒ္ဓါလည်း၊ မနာရင်း၊ ဉာဏ်ဥက္ကောင်းကို၊

မ*တောင်းစေဘိ၊ စောင့်သတိဖြင့်၊ ဒိဋ္ဌိတဏှာ၊ ဒါယကာနှိုက်၊ ဂါဟာဂါဟာ၊
ကင်းစေမှုတည့်၊ ဣဋ္ဌနိဋ္ဌ၊ ဗဟိဒ္ဓက၊ ဆရမ္မဏာ၊ ထင်ကြလာသည့်၊ ခြောက်ဖြာ
အာရုံ၊ ပျိုးနုဟုံနှိုက်၊ *ခုံတမင်မင်၊ ဆော*တလျှင်သာ၊ မြင်ရာမြင်တိုင်း၊ မဆိုင်း
*ငက်ငက်၊ တမက်တမော၊ လျှာကြော*ငပ်ငါး၊ လွန်လိုလားလျက်၊ လိုက်စား
တတ်စွာ၊ ကျင့်ယုတ်မာနှင့်၊ တဏှာခြောက်ထွေ၊ ကိုယ်တွင်းနေ၍၊ ဣန္ဒြေ
ခြောက်မျိုး၊ စောင်းရမ်းတိုးသား၊ နွားဆိုး ထိန်း†ကျောင်း၊ သင်ခမ်း
†ကျောင်းဝယ်၊ မိ†ကျောင်းကျင်းဝပ်၊ လွန်သေသပ်အောင်၊ မြဲးကပ်အောင်းခို၊
စံကိန်းကြို၍၊ ကိုယ်ကိုဆုံး†မ၊ တကိစ္စဖြင့်၊ ဂါ†မမ္ဗိုထဲး၊ မဝင်ဘဲးလျှင်၊ *ရောင့်ရဲး
ပစ္စည်း၊ လိုတော်နည်းလျက်၊ စောင့်စည်းသိပ်သည်း၊ လူဖြင်*ပည်းနှင့်၊
*ရောရည်းမလို၊ အိမ်းမဆိုသည်။ ။ထိုထိုသူကျက် သူစိမ်းတည်း။ (ဂ)

၄၂၄။ သူကျက်သူစိမ်း၊ သူခပ်သိမ်းနှင့်၊ မအိမ်းမအည်း၊ မ*ရောရည်း
သား၊ ပစ္စည်းလပ်သပ်၊ လိုမစပ်ဘဲး၊ မအပ်မရာ၊ အဆိပ်စာသို့၊ ပညာမြင်သိ၊
လောင်းဗောဓိလျှင်၊ကြည်ဘိရွှောင်လွှဲး၊ မသုံး*ဖဲး၍၊ တကွဲးလူဝယ်၊ ကျင့်တသွယ်
လည်း၊ သူငယ်ငိုခြင်း၊ မာန်ပြင်းမိန်းမ၊ စောရလုံမား၊ လက်နက်အားနှင့်၊
မင်းကားစိုးရ၊ ဗာလငြူစူ၊ ပဏ္ဍိလူမှာ၊ ပညာစဉ်းစား၊ ဆင်ခြင်အားမူ၊ မြင်ကြား
သုတ၊ သမဏမည်မှန်း၊ ရဟန်းပုဏ္ဏား၊ သူမြတ်အားကား၊ တရားခန္တီ၊ အားရှစ်
လီတည့်၊ ဤသို့အကျင့်၊ မိုး*ရှိမြင့်သား၊ ရှစ်ဆင့်မြောက်စွာ၊ တိတိက္ခာဟု၊
မဟာဗလံ၊ သူ*မစံသည့်၊ ပရမံတပေါ်၊ အကျော်ထင်ရှား၊ သူတော်အားကို၊
အများတဘက်၊ ကိုယ်တဘက်သို့၊ နှိုင်းစက်ညီစေ၊ ချိန်သော့ထွေဖြင့်၊ မြေ*တ
ရ†ထည်၊ ဆောက်†တည်လွန်ကဲး၊ နှလုံးမြဲး၍၊ *ခပဲးထွေပြား၊ ဤလူများနှိုက်၊
စကားနည်းသူ၊ ထိုသည့်လူကို၊ မတူလူချင်း၊ နှုတ်ဟင်းလင်းနှင့်၊ ခံတွင်း*မဟဲ့၊
လျှာ*မဲ့ငါးကောင်၊ အ*ယောင်တုံ*ချက်၊ မ*ငက်ငက်ဟု၊ အပျက်စောင်းမဲ့၊
ဆိုကဲ့ရဲ၍၊ ကျယ်ဘွဲ့စကား၊ များသူအားလည်း၊ ဘွားဘွားသွက်သွက်၊ အမြှုပ်
ထွက်အောင်၊ ထန်းရွက်လေခတ်၊ တတင်္ခတင်္ခဟု၊ ရေရွတ်မဲ့မဲ့၊ ဆိုကဲ့ရဲ၍၊
နှိုင်း*ရှဲ့သောအား၊ စကားစမြည်၊ တိုရှည်သင့်ရုံ၊ ပြောပါ†တုံလည်း၊ နိ†တုံနိက္ခ၊
ရွှေပေးရသို့၊ မျှတအကယ်၊ ကုန်နိုးဘွယ်ဟု၊ လူဝယ်နှုတ်ယွဲ့၊ ဆိုကဲ့ရဲ၍၊ ပြစ်ဘွဲ့
ဆိုတင်း၊ ကဲ့ရဲ့ခြင်းမှ၊ လွတ်ကင်းသသူ၊ မယှိဟူရှင့်၊ လူတို့အကြိုက်၊ နှုတ်မလိုက်
နိုင်၊ စရိုက်ယှိုတိုင်း၊ လျှာမထိုင်းဘဲး၊ မဆိုင်းနှုတ်က၊ ပြောတတ်ကြ၍၊ ဉာဏ
မဟာ၊ ပဏ္ဍိတာတို့၊ စိတ်မှာ*နှစ်ထောင်း၊ ခြိုးမွမ်းရှောင်းက၊ ကောင်း၍မှုချ၊
ဟူထိုက်စွတည့်၊ ဒေါသမြူ†ရှိ၊ ဘယ်ပြစ်†ယှိဟု၊ သတိရွှေဉာဏ်၊ ဝေဘန်ကျင့်သုံး၊
လောကီ့ထုံးကို၊ ယူကျုံးဝမ်းထဲး၊ အဆုံးစွဲး၍၊ မ*ရောင့်ရဲးပျက်၊ *ရောင့်ရဲးပျက်
နှင့်၊ မရှက်မကောင်း၊ ရှက်မကောင်းဟု၊ ကျမ်းဟောင်းနီတိ၊ မိန့်ဘိမြွက်ဘော်၊
ပုဂ္ဂိုလ်ခေါ်သား၊ သူတော်မည်မှန်း၊ ရဟန်းတသင်း၊ ပြည့်ရှင်မင်းနှင့်၊ အဆင်း

အရွယ်၊အနွယ်ထိန်းစောင့်၊ မျိုးကောင်းသွီး၊ပြည်ကြီးတန်းဆာ၊ လေးဦးမှာလျှင်၊ ငါရဟန်း†ဇာတ်၊ တမျိုးဖြစ်ခဲ့၊ စင်†စစ်မလွဲ၊ မ*ရောင့်ရဲသော်၊ ရှက်ကွဲကျိုးယုတ်၊ အဟုတ်မှန်စွာ၊ ပျက်စီးရာဟု၊ မညှာပစ္စည်း၊ လိုတော်နည်း၍၊ *သရည်းခွါရှဲ၊ မြို့ရွာပွဲနှင့်၊ ရှောင်လွဲမကပ်၊ လူမစပ်တည့်၊ မရပ်ဆွမ်းပန်း၊ ရွှေနန်းပေါ်က၊ သားတော်ဆောင်ပို့၊ ဆွမ်းတို့ဖြင့်သာ၊ ခန္ဓာဘူ†တ၊ ဤကာယကို၊ မျှ†တနိုင်ရုံ၊ ရေစာ*†ကျုံလည်း၊ မ†ကြုံစိတ်က၊ သဘောချသည်။ ။ လောဘစိတ်မြူ မလိမ်းတည်း။ (၉)

၄၂၅။ မလိမ်းစိတ်မြူ၊ သူတော့်မူဖြင့်၊ ခြောက်ဆူအာရမ္မဏ၊ ငါးကာမတွင်၊ ဟီနတရာ၊ လွန်ယုတ်မာသား၊ ရသာယတန၊ အာဟာရနှိုက်၊ ရာဂတိုးပွါး၊ သတ္တိအားကြောင့်၊ ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၊ ဝိကဲ့လဘောဇန၊ ကြဉ်ကုန်ကြသို့၊ နိစ္စမဘောက်၊ လုံမစောက်ဖြင့်၊ စောင့်ရှောက်ကြည်ဖြူ၊ ဗုဒ္ဓကူလျှင်၊ အယူမခွ၊ ဤကာယကို၊ မျှတနိုင်ရုံ၊ ရေစာ*†ကျုံလည်း၊ မ*†ကြုံစိတ်က၊ သဘောချ၏၊ ဂန္ထဝိပဿနာ၊ နှစ်ဖြာဝုရ၊ မလုံ့လဘဲ၊ ကိစ္စမနည်း၊ အလိုသည်း၍၊ *အရည်းမပီ၊ အလဇ္ဇီဖြင့်၊ ဒုဿီကျင့်ဆန်း၊ ရှင်ပေါက်ပန်းတို့၊ ရဟန်း*တမင့်၊ တဝင့်ဝင့်နှင့်၊ မင့်းကျင့်စိုးကျင့်၊ လူကျင့်ကျင့်က၊ ပျောက်လွင့်*သီတင်း၊ သီလကင်း၏၊ ကိုယ်တွင်းယုတ်မာ၊ ပါပိစ္ဆာဖြင့်၊ တဏှာ*အထည်း၊ လောဘသည်း၍၊ ပစ္စည်းလာဘ်သပ်၊ အပ်မအပ်က၊ ရသမျှကို၊ ပြိတ္တာ့မျိုးစေ့၊ တပွေ့ပွေ့နှင့်၊ တပ်*ပြေ့ခင်မက်၊ တသက်သက်တည့်၊ မသုံးရက်ဟူ၊ မလှူရက်ရေး၊ မပေးရက်အား၊ မစားရက်နိုး၊ တစိုးစိုးဖြင့်၊ သူခိုးကပင်၊ ဥစ္စာ့ရှင်ထက်၊ ခင်မင်နှစ်သက်၊ နှမြောခက်သို့၊ *ရမ္မက်ငြိစွန်း၊ ဝတ်သင်္ကန်းနှင့်၊ ရဟန်းဖြစ်လျက်၊ ကျင့်လွဲ*လက်သော်၊ ကုမ္မဂ္ဂဆိုး၊ လမ်းရိုးမမှန်၊ တိရစ္ဆာန်သို့၊ နိဗ္ဗာန်မပေါက်၊ အပါယ်ရောက်၍၊ လမ်းကောက်*တိမ်းပင်း၊ ချွတ်ခဲ့ယွင်း၏၊ ယင်းသို့မဟူ၊ ဗုဒ္ဓကူကား၊ အယူဖြောင့်စင်း၊ နှလုံးသွင်းကြောင့်၊ အဖျင်းအ*သွမ်း၊ ဂုဏ်*မဲ့နွမ်းအောင်၊ ကိုယ်ဝမ်းမွေးမှု၊ လူ့နှယ်တုလျက်၊ လူပြုလူကျင့်၊ မူမကျင့်ဘူး၊ ရှင်နှင့်မတော်၊ ပစ္စည်းမျှော်၍၊ မလျော်လျောက်ပတ်၊ မြေ*ကြွန်တတ်က၊ နက္ခတ်ပညာ၊ စေပါဒူတ၊ အင်္ဂဝိဇ္ဇာ၊ တိရစ္ဆာဖြင့်၊ ယုတ်မာဝမ်းရေး၊ သက်မွေးကြငြား၊ လေ့ကျက်မှားသည့်၊ ငုံ့စား မော်စား၊ အမြော်စားနှင့်၊ ထောင့်စားခေါ်ရိုး၊ ရဟန်းဆိုးတို့၊ စားမျိုးလေးဖြာ၊ မိစ္ဆာဇီဝ၊ နေသနလည်း၊ စိတ်မျှတရုံ၊ အကြံမဆန်း၊ မှဲ့မစွန်းတည့်၊ တခန်းထို†မှ၊ ပြည်†မတန်းဆာ၊ လင်္ကာမိန်းမ၊ မုဆိုး†မနှင့်၊ ဟိုင်း†မပျိုကြီး၊ တသီးသွင်ယုတ်၊ ပဏ္ဍုက် ဘိက္ခုနီ၊ တလီထို့နောက်၊ သေသောက်အိမ်ခေါ်၊ အပ်မလျော်သား၊ ဆဂေါ်စရ၊ ခြောက်ဌာနနှိုက်၊ သီလချစ်ခင်၊ သူတော်စင်တို့၊ ကျွမ်းဝင်ဘယ်ခါ၊ မပြုရာတည့်၊ ပြုပါတပြီး၊ ခရီးကုန်း†ကြောင်း၊ ဖုံထောင်းထောင်းနှိုက်၊ မိ†ကျောင်းကြည်းတင်၊ ဖြစ်တတ်

ကျင်၏၊ သို့လျှင်မအပ်၊ ဆွမ်းခြောက်ရပ်လည်း၊ မစပ်မစွန်း၊ မြူမသန်းတည့်၊ ရဟန်းရဟန်း၊ မည်*ပြဋ္ဌာန်းလျက်၊ ရဟန်းဟူလစ်၊ ခေါ်ရာဖြစ်ရုံ၊ *စနစ်ခေါက်ချိုး၊ သလင်းပိုးလျက်၊ ချုပ်ရိုးခန်းခန်း၊ ဖန်ရည်စွန်းသား၊ သင်္ကန်းဝါဝါ၊ ဦးပြည်းကာဖြင့်၊ ပညာကင်းပ၊ ဒုစ္စာရနှင့်၊ သီလ*မဲ့မျိုး၊ အတွင်းဆိုးကား၊ အကျိုးတစိ၊ ဘယ်မှာယှိလိမ့်၊ မေ့မိမေ့မန်း၊ နေကာ*ဆန်းနှင့်၊ ရဟန်းကျင့်ဝတ်၊ တပါးချွတ်က၊ လူနတ်မကြိုက်၊ ကဲ့ရဲ့ထိုက်၏၊ နောင်နိုက်ချမ်းသာ၊ နတ်ရွာမဂ်ဖိုလ်၊ ကိုယ်လျှင်လိုက၊ သူကိုမတု၊ ကုသိုလ်မှုနိုက်၊ ကိုယ်ပြုကိုယ်ကြွ၊ ကိုယ်လုံ့လ၍၊ ကိုယ်ထကိုယ်နှိုး၊ ကိုယ်အား†ကြိုးမှ၊ ကိုယ်†ကျိုးကိုယ်သာ၊ ကိုယ်ပြီးရာ၏၊ ကိုယ့်တာကိုယ့်ဝန်၊ မလွန်စေထိုက်၊ ကိုယ်အားစိုက်ဟု၊ ဉာဏ်နိုက်မြော်ဆ၊ သဘောရလျက်၊ ဓနရွှေငွေ၊ ဆန်ရေတသီး၊ သိုမှီး*မဲ့ခြင်း၊ ပြစ်ကင်းဆွမ်းရှာ၊ တဖြာမှတ်ရေး၊ ဆွမ်းဧးမျိုးစား၊ ပြည်တိုင်းကားနိုက်၊ လျှပ်ဝါးကလူ၊ မမူဝေးစွာ၊ ပရိက္ခရာမမက်၊ လုယက်ဘေးကင်း၊ မင်းမင်းအမတ်၊ ပူးပွတ်မကပ်၊ လေးရပ်မျက်နှာ၊ လေ့ပမာလျှင်၊ လိုရာမတွန့်၊ သွားမတန့်သည့်၊ ရဟန်းသုခ၊ ဟူတုံစွသား၊ အင္ဂသမဏ၊ ဘဒြဖြင့်၊ ဗြဟ္မစာရီ၊ လေ့ဝသီနှင့်၊ ယောဂီတို့ထုံး၊ မြတ်နှလုံးကို၊ ပိုက်ကျုံးဝမ်းတွင်း၊ ယူဖြောင့်စင်းသည်။ ။ ပြစ်ကင်းမိစ္ဆာ*မုဒိမ်းတည်း။ (၁၀)

၄၂၆။ အတြိစ္ဆာ၊ မဟိစ္ဆာတိ၊ အဘိဇ္ဈာဓာတ်၊ ဒေါမနသ်ဖြင့်၊ မပြတ်ဘိစီး၊ အလိုကြီး၍၊ ဖြစ်ပြီးကိုတွေး၊ မဖြစ်သေးကို၊ ရေးရေးမြော်ဆ၊ တတောင့်တနှင့်၊ ကြောင့်ကြစိုးပူ၊ တတ်သောသူတို့၊ မီးတူပြောင်ပြောင်၊ နေ့တိုင်းလောင်လျက်၊ သားချောင်သွေးခန်း၊ ကိုယ်မလန်းဘဲ၊ မကျန်းမမာ၊ လူသေနာသို့၊ ရုပ်ဝါမ†လှ၊ ဆိုးတတ်ကြ၏၊ ကာ†လဝတ္တမာန်၊ ပစ္စုပ္ပန်နိုက်၊ တော်တန်ရုံစ၊ ရသမျှနှင့်၊ အားရအမြဲ၊ *ရောင့်ရဲတတ်သူ၊ ထိုရှင်လူကား၊ မပူမပင်၊ လွန်ကြည်လင်ရှင့်၊ သို့လျှင်နှိုင်းညှိ၊ ကျိုးပြစ်သိတိုင်း၊ ဗောဓိညွန့်လူ၊ ဗုဒ္ဓင်္ကုလျှင်၊ ဟူ*မိကနှား၊ မဆုတ်ယှားဘဲ၊ တရားကိုသာ၊ လွန်စွာမမေ့၊ အားထုတ်မွေ့၏၊ ရသေ့ရဟန်း၊ ကျင့်ခန်းသိမ်မွေ့၊ ပြကတေ့ကား၊ ရှင်လေ့ရှင်မှု၊ ကိုယ်တခုပြင်၊ ဝတ္ထုပစ္စည်း၊ သိမ်းဆည်းကြွက်လို၊ စုမသိုဘူး၊ တကိုယ်တဝမ်း၊ ဖုံးလွှမ်းကာမျှ၊ နည်းကိစ္စဖြင့်၊ အဋ္ဌ နဝ၊ ဒသတဖြာ၊ ကောဒသ၊ ဒွါဒသဟု၊ ဤမျှပရိက္ခရာ၊ ကိုယ်တွင်ပါ၍၊ သွားရာဆောင်လျက်၊ ငှက်၏ပမာ၊ ဝန်ပေါ့စွာနှင့်၊ တဏှာလော့†လမ်း၊ မြှော့*နှယ်†လှမ်း၍၊ တောင်းယမ်းဘေ့ရှာ၊ မလေ့ရာတည့်၊ မာတာပိတ၊ မိနှင့်ဘပင်၊ ဖြစ်ထစေကာ၊ ခါခါမပြတ်၊ တောင်းယမ်းတတ်က၊ လေးမြတ်*မဲ့စွာ၊ စေတနာနှင့်၊ မေတ္တာမပွါး၊ လွန်မုန်းခါး၏၊ နဂါးမင်း၏၊ လည်ပင်းဆွဲဆင်၊ မျက်ရှင်မြသား၊ ပတ္တမြားကို၊ တောင်းငြားသည့်တွက်၊ ကြည်ညိုပျက်၍၊ အသက်ဆုံးအောင်၊ မကပ်ရှောင်သည်၊ ညီနောင်နှစ်ပါး၊

ရသေ့များသို့၊ မုန်းထားကြီးစွာ၊ ဖြစ်တတ်ရာ၏၊ ဂုဏ်*ဝါမကောင်း၊ မျက်နှာ
ရောင်း၍၊ တောင်းတတ်သူ့သည်၊ ငိုသောမည်၏၊ မကြည်မဖြူ၊ မပေးသူလည်း၊
ထိုတူခေါ်လေ့၊ ပြန်၍ငိုသည်၊ သူပင်မည်၏၊ စိတ်ကြည်မနူး၊ နှစ်ဦးနှစ်ဝ၊
တူအမျှပင်၊ ဒေါသမလွတ်၊ ဖြစ်သတတ်ကြောင့်၊ သူမြတ်သူ*လျှာ၊ သူတော်
စွာတို့၊ ဗာရာပြည့်ရှင်၊ တကာစင်လျက်၊ လက်တွင်ကိုင်ယူ၊ တောသလူရွက်၊
ထီးတလက်နှင့်၊ သက်သက်တထပ်၊ လွှာဘိနပ်မျှ၊ လိုအပ်လျက်ကဲ့၊ ခံတွင်း*မဲ့သို့၊
ဆဲ့နှစ်နှစ်ကျော်၊ တိုင်အောင်သော်လည်း၊ နှုတ်တော်မလှစ်၊ မတောင်းဖြစ်တည့်၊
ရှင်ချစ်ပွင့်မှန်၊ သန္ဓေဉာဏ်နှင့်၊ သူ*မွန်ဇာတိ၊ ရာဇိသိမြတ်၊ ဗောဓိသတ်လည်း၊
ဝိညတ်ဟူသည်၊ လူမကြည်ညို၊ မဲ့ကာငိုသို့၊ ကုသိုလ်မဖြစ်၊ သဘောစစ်က၊ အချစ်
ပျက်ရေး၊ သူမုန်းဆေးဟု၊ ချင့်တွေး*စာနာ၊ ရံတခါမျှ၊ နှုတ်လျှာလျှပ်ပေါ်၊
မြွက်မဘော်သည်။　 ။ဉာဏ်တော်ရွှေစိတ် ချောက်ခြိမ်းတည်း။　(၁၁)

၄၂၇။ ရှင်ဆိုးရှင်ညစ်၊ ရဟန်းဖြစ်လည်း၊ စင်စစ်ယုတ်မာ၊ ပါပိစ္ဆာဖြင့်၊
တကာလူ*ဗိုလ်၊ ခြီးမွမ်းဆိုနှင့်၊ ထိုထို*ဖြင်ပည်း၊ ပစ္စည်းလာဘ်ကို၊ တောင့်တ
လို၏၊ လိုသည့်*ရမ္မက်၊ ကြံဝိတက်ကြောင့်၊ အုတ်ကျက်အုန်းအင်း၊ ကြော်ငြာ
လျှင်း၍၊ သတင်းပေးကာ၊ ဒေသစာဖြင့်၊ မြို့ရွာဇနပိုဒ်၊ နယ်တိုက်တိုက်ကို၊
လိုက်၍ဖျက်ဆီး၊ ခိုးသူကြီးသို့၊ ရံသီးများစွာ၊ ပရိဝါနှင့်၊မလိမ္မာသူ၊ ရှင်လူဗာလ၊
အပ္ပသုတ၊ မိန်းမယောကျ်ား၊ သူတို့အားလျှင်၊ လှည့်ဖြားသမူ၊ သက်မွေးပြု၏၊
ရှင်တုရှင်ဝါ၊ ရှင်ယုတ်မာနှင့်၊ မဟာစောရ၊ ရှင်ခွေးပြတ်တို့၊ ပါပကျင့်မျိုး၊ အလို
ဆိုးဖြင့်၊ အကျိုးမ*ဟဲ့၊ မိုက်သင်းဘဲ့၍၊ ငရဲစီးပွါး၊ ရှာသော့လားသို့၊ တရား
တရား၊ တဟားဟားနှင့်၊ ပြစ်များ*ပြောဟုံ၊ တောင့်*နယ်ပုံ၏၊ အာရုံဆိတ်ရာ၊
သုညာဂါ†ရ၊ အရညနိုက်၊ ကာ†ယစိတ္တ၊ ဝိဝေကကို၊ †ရလိုသော့ပုံ၊ အချို့တုံကား၊
*ရဂုံတောခွင်၊ ခိုဝင်နေငြား၊ ဆွမ်းခံစားလျက်၊ ခေါင်းပါးဟာရ၊ ဝမ်းလျှလျှနှင့်၊
ရသမျှဟူ၊ စပ်ဆည်းဆူ၍၊ ပံသုကူဝတ်ရုံ၊ နေပါတုံလည်း၊ ပြာပုံခဲးကျ၊
ထောင်းထောင်းထသို့၊ ဥဒ္ဒစ္စထုံး၊ နှလုံးမတည်၊ *ခိုင်ကျည်*မဲ့လျှင်း၊ စောင့်စည်း
ကင်း၍၊ ခံတွင်းနှုတ်ဆော့၊ ကျင့်*သွမ်းသော့၏၊ တမော့ကြွားကြွား၊ တလွှား
လွှားနှင့်၊ တရားဟော*ယောင်၊ ချိုရှင်ပြောင်လည်း၊ တောင်တောင်မြောက်
†မြောက်၊ ပင့်†မြောက်ချနှိပ်၊ ရောင်ရိပ်ဝဲးရစ်၊ လာဘ်ကိုညစ်လျက်၊ ဗလစ်ဗလာစ်၊
နှုတ်မထစ်ဘူး၊ မဆစ်မဆိတ်၊ ပုတိတ်အသံ၊ တည်ညံဖြင့်၊ တရံ*မစဲ၊ ဘွာစီကြဲ၍၊
နှုတ်ရဲးလျှာရွှ၊ တချို့ကမူ၊ မာနတောင်နီး၊ တက်ဘီစီး၍၊ ထေရ်ကြီးဝါကြီး၊
သိက္ခာကြီးအား၊ ခရီးလမ်းကြား၊ တွေ့ကြုံငြားလည်း၊ လေးစားမဲ့ဘိ၊ အာတိမာနီ၊
မချိလက်အုပ်၊ မကုပ်မကွ၊ ဦးမချဘူး၊ ဝေးကကြဉ်ဖဲး၊ ကိမ်းရှောင်လွဲ၍၊ တပွဲ
ထွက်ဝင်၊ ငါပြင်မယို၊ ဟူဘိဝါဝင့်၊ မလျော်ကျင့်၏၊ သမင့်အလား၊ တောသစ်
ကျားနှင့်၊ တောသားတို့သွင်၊ ဘယ်ကျိုးဆင်လိမ့်၊ ရှင်ပင်*တပဲး၊ ငရဲပြိတ္တာ၊

ဖြစ်တတ်စွာရှင့်၊ တကာတကာမ၊ ဒုပ္ပညတို့၊ မြှောက်ကြအုံလှည့်၊ ကူညီဖြည့်ဈေးကျက်၊ သူ၏ဆရာ၊ ငါ့ဆရာဟု၊ တဏှာရောရှက်၊ မာနတက်၍၊ သူ့ဘက်ငါ့ဘက်၊ တီးလက်ဆော်ရိုက်၊ နွားကိုတိုက်သို့၊ အမိုက်ပွဲခံ၊ ပါပကံဖြင့်၊ အုန်းညံဝိုင်းညာ၊ ပြုကြခါဝယ်၊ ဆရာကျက်ဖျင်း၊ ပညာကင်းတို့၊ အတင်းစောင်၍၊ နွားနှယ် *ဝေ့၏၊ ဝေ့သည်အလိုက်၊ အပြင်းတိုက်သော်၊ နွားမိုက်ကံဆိုး၊ ဦးချိုကျိုးက၊ တပိုးမှုတ်ကာ၊ *ကြမ္မာချွတ်လွဲး၊ ဥက္ကောင်းကွဲက၊ အမဲစားကာ၊ ဘယ်သူ နာလိမ့်၊ လွန်စွာမိုက်၊ လှ၊ နွားဗာ၊ လသာ၊ သေရရုံ၊ တိ၊ ကျိုးမယ်ဘူး၊ စု၊ တိပျက်စီး၊ သေခါနီးနှိုက်၊ တွတ်တီးတွတ်ဘာ၊ ထိတ်လန့်စွာဖြင့်၊ သိက္ခာစွန့်ယောင်၊ ဝါစွန့်ယောင်နှင့်၊ *ကတောင်ကချောက်၊ *ပတောက်ပရစ်၊ မိုးကြိုးပစ်ခါ၊ လက်ဆီး ကာသို့၊ ထွေရာစုံးလမ်း၊ ဆိုယောင်ယမ်း၍၊ မြည်တမ်းဟိန်းဟဲး၊ တညဲးညဲးတည့်၊ ငရဲမီးပူ၊ အမွေ၊ ယူလျက်၊ ရော၊ ရူဝီစိ၊ အောက်သို့ထိအောင်၊ ကျဘိခြုတ်ခြုတ်၊ ခံကြမ်းကြုတ်ပြီး၊ ဂိဇ္ဈကုဋ်တောင်၊ မှိုင်းမှောင် ညို့ညို့၊ ပြိတ္တာမြို့ဝယ်၊ ရှင်တို့စံခန်း၊ ကြိုးခါးဗန်းက၊ သင်္ကန်းပြောင်ပြောင်၊ မီးအရောင်နှင့်၊ ကျီးကောင် လင်းတ၊ သိမ်းစွန်စသည်၊ ဆိတ်ဆွဲဆွဲငင်၊ ကောင်းကင်ထက်ဝန်း၊ ပြေးပံ့ သန်း၍၊ ရဟန်းပြိတ္တာ၊ တဝါဝါလျှင်၊ မဟာဒုက္ခ၊ တွင်းဆုံးကျလျက်၊ ပြင်းပြ ကြွက်ဆူ၊ ဟစ်ကြွေးဦ၍၊ ကယ်သူမမြင်၊ ပူပင်နွမ်းညှိုး၊ ထိုရှင်ဆိုးတို့၊ ကိုးရိုး ကားရား၊ အပါယ်လားသည်။ ။မမှားမှတ်နာ အိမ်းအိမ်းတည်း။ (၁၂)

၄၂၈။ ဓမ္မိယာလဒ္ဓ၊ လိုလိုရနှင့်၊ မိဘမျိုးစစ်၊ လှူသည်ဖြစ်လည်း၊ ပစ္စဝေက္ခဏာ၊ ပညာသုတ်သင်၊ မဆင်ခြင်ဘဲး၊ ရှင်ရဟန်းများ၊ သုံးဆောင်စားမူ၊ လေးပါးပါယ်ထဲး၊ ငရဲပြိတ္တာ၊ မလွတ်ရာဟု၊ ကျမ်းလာအရ၊ ရွှေညာဏ်ဆ၍၊ သိထကြည်ယုံ၊ ထင်တုံမှတ်ယူ၊ ပဋိကူဖြင့်၊ မည်သူမသင်၊ ကိုယ်တော်ပင်သာ၊ ဆင်ခြင်ပစ္စဝေက်၊ ဉာဏ်ဖြင့်စစ်သျက်၊ ကျင့်ချစ်သိမ်မွေ့၊ သူတော်လေ့ကို၊ အောက် မေ့အမြဲး၊ မ*ရောင့်ရဲဘဲး၊ *ဖအဲးသျှင်*မွန်၊ ကြိုးအားသွန်၏၊ မမှန်လမ်းရိုး၊ ချိုရှင်မျိုးတို့၊ တောတိုးဝသီ၊ ဗာဟိစရိုက်၊ စိတ်လိုလိုက်၍၊ ရွှေသိုက်ငွေသိုက်၊ မြေသိုက်အဂ္ဂိရတ်၊ ဘူမိရတ်နှင့်၊ မော်နတ်အင်းအိုင်၊ ဆေးဝါးကိုင်သား၊ မဆိုင် သန့်သန့်၊ ရှင်နှင့်*ဆန့်လျက်၊ ရဟန်းသိက္ခာ၊ မဟုတ်ရာနှိုက်၊ မိစ္ဆာဝိဇ္ဇာ၊ တိရစ္ဆာဖြင့်၊ သင်္ချာဂဏန်း၊ သက်မွေးခန်းကို၊ ရဟန်းတန်မဲ့၊ လပ်ကိုင့်၍၊ ရှင်ရှဲ့တကာ၊ လေ့လာတုံမူ၊ အားထုတ်ပြု၏၊ ကံနုဉာဏ်နု၊ အမြင်နုသား၊ ဗဟုဿုနည်း၊ အရည်းမည်ရုံ၊ ဖန်ဝတ်ရုံလျက်၊ စားရုံအိပ်ပြု၊ ရှင်တစုလည်း၊ စက္ခုသောတ၊ မနဟူပေ၊ ဣန္ဒြေခြောက်ပါး၊ မစောင့်ငြားဘူး၊ တရား*မဲ့စွာ၊ သင်္ကန်းဝါနှင့်၊ ပညာမယ်၊ သတိမမူ၊ ရွာနေလူသို့၊ ရွာသူ*တကာ၊ ဝိသဘာဂ၊ မြင်သမျှနှိုက်၊ လောဘလိုလွန့်၊ ရှုက်မတွန့်ဘဲး၊ ဗုဇ္ဇန့်မျက်စိ၊ ထွက်လိလိဖြင့်၊ ရာဂဂ္ဂိပွါး၊ ဘက်သတ်ယား၍၊ အိုးကားမပူ၊ *ဖုံးပွက်ပူဟု၊ ပုံတူ*တမျှ၊ တည်

မရတည့်၊ အန္တဗာလ၊ အချိုကကား၊ သမဏာသညာ၊ သက်သက်ကွာလျက်၊ ရှင်ဝါပရိဗိုဇ်၊ အကြံမိုက်ဖြင့်၊ ညန္နိုက်ကားလူ၊ နေ့မူရဟန်း၊ အကျင့်ဆန်းနှင့်၊ သက်န်းသပိတ်၊ ပရိက္ခရာ၊ ဆောင်ကာဝမ်းရေး၊ အသက်မွေး၍၊ နေခင်ဘေး *နရက်၊ မျှော်မတွက်ဘူး၊ ခွေးထက်ကျင့်ဆိုး၊ ထိုရှင်မျိုးတို့၊ မရိုးဝမ်းတွင်း၊ မဖြောင့်စင်းသား၊ အဖျင်းစင်စစ်၊ သဘောညစ်လျက်၊ ကောက်ကျစ်လက္ခဏာ၊ ကျင့်ယုတ်†မာ၍၊ ပ†မာတူနှိုင်း၊ ပုံဖြင့်ခိုင်းသော်၊ ထွန်ကိုင်းအလား၊ အဖျား ကောက်ကွေး၊ လရေးသဖွယ်၊ အလယ်ကောက်ခြင်း၊ မကြွင်းထိုမျှ၊ သုံးဌာနလုံး၊ စကဆုံးရောက်၊ နွားသေးကောက်သို့၊ အကောက်သုံးပါး၊ ကျင့်ပြောက်†ကျား တည့်၊ ကြိုး†ကြားမယှဉ်၊ သမ္ပ†ဇဉ်နှင့်၊ အ†စဉ်ဖြောင့်မှန်၊ ဇာတိဉာဏ်ဖြင့်၊ ဘုန်းသန်ဘုန်း*ဝှန်၊ သဘောမွန်၍၊ လျှာ့ကျွန်လိုက်ငြား၊ လျှာများများနှင့်၊ *ငပ်ငါးခံတွင်း၊ ဟင်းလင်းမပိတ်၊ လောဘစိတ်ဖြင့်၊ အဟိတ်ပေတာ၊ မဝနိုင်သီး၊ စပါးကြီးမြွေလို၊ရတိုင်းမျိုသော်၊ ဤကိုယ်နောက်*နစ်၊ ဘေးကြီးဖြစ်လိမ့်၊ စင်စစ် အမှန်၊ မြင်တော်သန်၍၊ ဝမ့်းကျွန်မခံ၊ လောင်းဘုန်းလျံကား၊ တရံတဘန်၊ အလွန်လေးမြက်၊ ဩဇာထက်၍၊ နှစ်သက်စဘွယ်၊ ရသာကြွယ်လည်း၊ လျှာ လယ် လျှာရင်း၊ ခံတွင်းသို့ရောက်၊ ညှိငေါက်အာစေး၊ ချွဲးတံ†ထွေးနှင့်၊ ရော †ထွေးစိစပ်၊ မရှုအပ်ကြောင့်၊ ဖပ်ဖပ်မရွှင်၊ ပျို့အန်ထင်လျက်၊ မခင်မမက်၊ ကန္တာနက်နှိုက်၊ မကျက်စိမ်းဝါး၊ သာ့းအသားကို၊ စာ'သည်မိဘ၊ ပမာဏာသို့၊ ဝမ်းဝလိုလား၊ မျိုမစားဘဲ၊ လေး ငါးလုပ်တန်၊ ရေဘို့ချန်၍၊ သူ*မွန်နှလုံး၊ ဆောက်တည်သုံးသည်။　။ရှေးထုံးကျင့်စဉ် မတိမ်းတည်း။　(၁၃)

၄၂၉။ ရှေးထုံးကျင့်†စဉ်၊ ကျင့်ဟောင်းယှဉ်လျက်၊ သမ္ပ†ဇည၊ *ဂိဝါရ သည့်၊ လောင်းလျှရွှေကိုယ်၊ မြတ်ဘုန်းမိုးကား၊ အိပ်လိုရဟန်း၊စားလိုမှန်းသော်၊ *ပုစ္ဆန်းလုပ်ကြ၊ လောကလူ*ဗိုလ်၊ ဥဒါန်းဆိုလည်း၊ ထိုသို့မဟုတ်၊ ကြံဝိသုဒ်ဖြင့်၊ ဝိမုတ်ရှေးမျှော်၊ လိုကျူးကျော်၍၊ မော်မိမော်မန်း၊ ကြံမဆန်းဘဲ၊ ရဟန်း ကျင့်ဝတ်၊ တပါးတတ်က၊ လူ နတ်*တကာ၊ ပူဇော်ရာသား၊ သိက္ခာသုံးထပ်၊ ကျင့်ထုံးနပ်သို့၊ မြဲးကြပ်စိတ်တော်၊ ကိုယ်ထူးပျော်၍၊ မတော်မ*တကာ၊ ကျင့် ဆိုးစွာသည်၊ ယုတ်မာဒုဿီ၊ အလဇ္ဇီကား၊ နံညှီသတင်း၊ မကောင်းခြင်းဖြင့်၊ *ဘင်တွင်းစက်ဆုပ်၊ ကောင်ပုပ်အတူ၊ ရှုံဘွယ်ဟူ၍၊ ရှင်လူ*တကာ၊ မရှုသာ ဘဲ၊ မျက်နှာတိမ်းငုံ၊ ကြားတိုင်းရှုံ့၍၊ *နုံ့သည်ဉာဏ၊ ဟိတ်မန္ဒဖြင့်၊ သုတ မ†ယို၊ သီလ†ယိုက၊ သီလအတွက်၊ နှစ်သက်ကုန်ကြ၊ ခြီးမွမ်းရ၍၊ သီလမ†ယို၊ သုတ†ယိုသော်၊ တတ်သိ*ချည်းနှီး၊ ကျိုးမဲ့ကြီးဟု၊ မခြီးမွမ်းကြ၊ ကဲ့ရဲ့ရ၍၊ သုတသီ†လ၊ စွယ်စုံ†လှမူ၊ ထိုသသူကို၊ နတ်လူကောင်းချီး၊ ခေါ် မငြီးဘူး၊ မငြီးရှုမျှော်၊ ရှိပူဇော်၍၊ *ကော်ရော်ဦးခိုက်၊ ခြီးမွမ်းထိုက်ရှင့်၊ မှတ်ပိုက်မှန် လှ၊ ပမာပြသော်၊ လောကလူ့ထုံး၊ စပါးလုံးလေး၊ ခေါ် တရွေးတည့်၊ နှစ်ရွေး

တပဲ၊ ဆယ်ပဲ တအက္ခ၊ ရှစ်အက္ခမူ၊ မှတ်ယူရေဏ၊ ပဌမရေဏ်၊ တသုဝဏ်ဖြင့်၊ သုဝဏ် ငါးဆ၊ တနိက္ခတည့်၊ နိက္ခချိန်ညီ၊ စံမမှီအောင်၊ သိင်္ဂီနတ်သုံး၊ ရွှေစင်တုံးကား၊ တလုံးတခဲ၊ ထိန်ရဲရဲနှင့်၊ မကွဲမပပ်၊ လွန်ဖေ့စပ်၍၊ အကျပ်တရာ၊ တဗိဿာဟု၊ သင်္ချာမယုတ်၊ မှန်စွာဟုတ်ကြောင့်၊ လူနုတ် နတ်နုတ်၊ ထို*အစုတ်တို့၊ ချစ်ချုတ် ချယ်ချုတ်၊ ကြံတွေ့ထုတ်လျက်၊ သမုတ်ဖြစ်ဘွဲ့၊ ကဲ့ရဲ့စရာ၊ တဆံလွှာမျှ၊ ပြစ်ဆာ ဒေါသ၊ ရှာမရသို့၊ သီလဂုဏ်ပေါင်း၊ လွန်မြတ်ကြောင်းကို၊ အလောင်းမင်း ကျော်၊ မြင်သိမြော်၍၊ *ကရော်ကမည်၊ တ*ကျည်†ကျည်လျှင်၊ †ကြည်တမြ မြ၊ သောမနဖြင့်၊ ရွေးကမြင်းမင်း၊ လောင်းသနင်း၏၊ စားကြွင်း သောက်ကျန်၊ ထွေးအန်စွန့်လတ်၊ မစင်ဖတ်ကို၊ စားတတ်ရရုံ၊ ယစ်မူးပုံဖြင့်၊ ဟီတုံ ဟံတုံ၊ ခွါစုံကန်ပေါက်၊ လွန်မြောက်မြူးကြွ၊ အားခွန်ပြ၍၊ ပြေးကြခုန်လွှား၊ မြည်း ယုတ်များသို့၊ တရားမတည်၊ လော်လည်မြူးရှင်၊ မလေဘင်တည့်၊ မြေပြင်ရေပြင်၊ ဥမင်လိုဏ်ခေါင်း၊ *ပုပ္ပေါင်းတောချုံ၊ *ရဂုံ*မြိုင်တွင်း၊ လူမြင်ကင်းလည်း၊ ချွတ်ယွင်းစာရ၊ ဒုဿီလ၏၊ ပါပဝတ္တု၊ မကောင်းမှုကို၊ ပြုရပ်ပြုရာ၊ မယှိစွာဘူး၊ လူသာမမြင်၊ နတ်များမြင်ခဲ့၊ လူလျှင်မသိ၊ နတ်များသိကြောင့်၊ နတ္ထိရ†ဟော၊ ရှင်တော်†ဟောတိုင်း၊ သဘောယိထိ၊ မှတ်ယူသိ၍၊ ဟိရိဩတ္တပ်၊ စောင့်စည်း ကြပ်လျက်၊ တည်းကွပ်ကိုယ်ပင်၊ ကိုယ့်ကိုသင်၏၊ ရှင်သော်ရှင်မူ၊ ရှင်ပြုရှင်ဖြစ်၊ ရှင်စစ်ရှင်†ကျိုး၊ ယှိစနိုးအောင်၊ အား†ကြိုးနေ့ည၊ ကျင့်လုံ့လဖြင့်၊ ဒုက္ခနှင့်သာ၊ ရင်းနှီးရှာသော်၊ ချမ်းသာစည်*ဖြိုး၊ သုခဖြိုးဟု၊ *အတီးရွေးက၊ ပေါရာဏတို့၊ မိန့်ကြသော့တိုင်း၊ နည်းယူခိုင်းမှ၊ *ကြန့်ထိုင်းမယုတ်၊ *အားသွန်ထုတ်ပြီး၊ သတ္တုတ္တမော်၊ တုမမြော်သည့်၊ ဘုန်းတော်ဩဃရှိ၊ မိပတိနှင့်၊ မုနိထွတ်ထား၊ ဘုရားတို့သာ၊ စိုးပိုင်ရာသား၊ အာဏာတော်စက်၊ ရွှေနှုတ်နက်ကို၊ တချက် တည်းညွှိ၊ လုံးစုံသိသို့၊ မိမိသီလ၊ စာရိတ္တနှိုက်၊ နိစ္စမပျက်၊ တည်မဖျက်သည်။ ။ ကိုယ်သက်စွန့်အံ့ ကြံကြိမ်းတည်း။ (၁၄)

၄၁၀။ ကိုယ်သက်စွန့်ပစ်၊ ဥကိုချစ်သား၊ ယစ်မနိုင်း*စံ၊ မြိုးဆံခင်တတ်၊ အသက်မှက်သည့်၊ သားမြတ်စာမြီ၊ ရွှေဏေဳသို့၊ *တညီ*နှုန်းညှိ၊ မြတ်ဇာတိဖြင့်၊ စောင့်ဘိမယုတ်၊ ကိုယ်နှုတ်နှစ်ဘော်၊ မကျူးကျော်ဘဲ၊ ဉာဏ်တော်ထွင်းသိ၊ ဆင်ခြင်မိ၏၊ ဟူးရိဟူးရား၊ အိပ်အစားမျှ၊ သင်ကြားမယှိ၊ ရှင်ပျင်းရိတို့၊ အသိကင်းလျက်၊ အဖျင်း*ရောရှ၊ အပျင်းမှုနှင့်၊ အတုအပ၊ ရှင့်ကိစ္စနှိုက်၊ ကျင့်ကြရော်မှန်း၊ ကျင့်ကာဆန်းတည်း၊ မျက်ကန်းလမ်းသွား၊ အမှားမှားဖြင့်၊ များ၏ချွတ်ချော်၊ ရေနှိုက်မှော်သို့၊ လျှပ်ပေါ်ရွှေရှား၊ ရှင်ပျင်းများတို့၊ တရား ဂတိ၊ မြဲမယှိဘူး၊ ပြုမိပြုရာ၊ ပြုတတ်စွာ၏၊ ပညာသာ*ဟဲ့၊ သိက္ခာ*မဲ့လည်း၊ ကဲ့ရဲ့စရာ၊ ရှင်တို့မှာလျှင်၊ *ပြစ်ဆာမကင်း၊ မကြိုင်သင်းတည့်၊ အဆင်းလှ*ဆန်း၊ ပွင့်ပေါက်ပန်းသို့၊ ရဟန်းမည်သာ၊ သင်္ကန်း†ဝါနှင့်၊ ဂုဏ်†ဝါ†နတ္ထိ၊ ကဲးမယှိဘူး၊

စိုးစိမ့်မှားမှောက်၊ ကျင့်ယွင်းဘောက်က၊ မျှောက်သစ်ကိုင်း†လွတ်၊ ကျလေ†လွတ်သို့၊ မချွတ်အမြဲး၊ သူတော်ပွဲးမှ၊ သင်းကွဲးမဝင်၊ ဘော်*မဲ့ပြင်ဝယ်၊ ရှင်လည်းမဟုတ်၊ လူမဟုတ်နှင့်၊ ဘုတ်လည်းမမည်၊ ပူမမည်သို့၊ ထေရ်စဉ်ဝါစဉ်၊ မယှဉ်လိုက်ရ၊ ဂိုဏ်းအပဖြင့်၊ ကာမဘောဂါ၊ လူ့ချမ်းသာလည်း၊ ကင်းကွာဝေးစွ၊ သမဏ၏၊ သုခလည်းရှုံး၊ နှစ်ကျိုးဆုံးလျက်၊ ခေါင်းတုံးသာလျှင်၊ အဖတ်တင်ခဲ့၊ ရှင်ပင်ပြုထ၊ ကျိုးမလှတည်း၊ ရာဇမတ္တဏ်၊ ကျမ်းဂန်*အတီး၊ လာဟန်မှီး၍၊ *ကုဗ္ဘီးထမင်း၊ ကိုယ့်ထံရင်းနှိုက်၊ ခင်းကျင်းမပျက်၊ ထားပါလျက်ကို၊ နှစ်သက်လိုရာ၊ ယူကာဆတ်ဆတ်၊ မစားတတ်သည့်၊ အသဒ္ဓဘောဇ်၊ မည်ယှိုခေါ် ငြား၊ သူသေ့လားသို့၊ တရားဆက်ဆက်၊ ထင်ပြက်ပြက်ဖြင့်၊ ယှိုလျက်*တပဲး၊ ကျင့်လိုဘဲးတိ၊ မှိုဝဲးကျိုး*နွံ၊ ဆရာ့ထံဝယ်၊ နည်းခံကျင့်ခြင်း၊ သက်သက်ကင်းသည့်၊ ရှင်ဖျင်းတို့နှယ်၊ လောင်းဘုန်းကြွယ်လျှင်၊ *ယိုးမယ်တစိ၊ ပြစ်မယှိုရှင့်၊ ပျင်းရိမေ့လျော့၊ မပေါ့ထကြွ၊ သီလစောင့်ကင်း၊ အိပ်ခြင်းလိမ့်လူး၊ တရှူးရှူးတိ၊ ကျေးဇူးမလှ၊ ဆိဒ္ဓဘာဝ၊ သုတ္တန်ပြတိုင်း၊ အပအတွင်း၊ ဆီးဆို့ကင်းသည့်၊ ဟင်းလင်းထုတ်ချောက်၊ ဤခြောက်ပေါက်ကို၊ ထက်အောက်ပိတ်ချုပ်၊ချ*မင်းတု†ပ်သို့၊ ပိုက်†ထုပ်ကိုယ်ကြပ်၊ အမြဲးကပ်၍၊ မလပ်တုံဘိ၊ တည်နေယှိုသား၊ သတိဟုဆို၊ တံခါးဗိုလ်ဖြင့်၊ ဤကိုယ်မြို့တွင်း၊ စောင့်မကင်းတည့်၊ ဝင်ခြင်းထွက်ခြင်း၊ ရန်*ခပင်းတို့၊ အလျှင်းဘယ်ခါ၊ မရသာအောင်၊ သေချာပိတ်ထား၊ ကျည်းသေထားသို့၊ တရားလက်ယှို၊ သတိပညာ၊ လက်မကွာဘဲး၊ *စူဖာထေးဆို့၊ လုံစေမျို၏၊ မည်သို့*မလျော်၊ မည်သို့တော်ဟု၊ လော်လုပ္ပစာ၊ တဏှာနှိပ်စက်၊ မာန်မတက်ဘူး၊ မမက်ဟာရ၊ ရွှေညာဏ်ဆလျက်၊ နေဝဒဝါ၊ နမဒါနှင့်၊ ခန္ဓာမပျက်၊ မျှကာသက်ဖြင့်၊ တရက်တကြိမ်၊ လေနှိမ်ဝမ်းပူ၊ ငြိမ်းရုံဟူသည်၊ ဂုစ်ဆူကျိုးဆက်၊ ရှင်တော်မြွက်သို့၊ နှစ်ချက်မဆုံး၊ ကျေးမင့်ထုံးကို၊ နှလုံးထား၍၊ ခေါင်းပါးရေစာ၊ မျှရုံသာလျှင်၊ ယထာလာဘာ၊ သန္တောသဖြင့်၊ ရရသရွှေ၊ ရောင့်ရဲးမွေ၏၊ တန္ဒေမပြတ်၊ ကေဘာတ်နှင့်၊ ကျင့်မြတ်ခိုး*ခြံ၊ လွန်အားသံလျက်၊ ဗြဟ္မစရိယ၊ ကိစ္စအထူး၊ ဖြည့်ဆည်းပူးသည်။ ။ကျေးဇူးဂုဏ်နက် ပြည့်*ရှိမ်းတည်း။　(၁၅)

၄၃၁။ ပြည့်ရှိမ်းဂုဏ်နက်၊ ကျေးဇူးတက်၍၊ ပ*ပျက်လုံ့လ၊ ဥဿာဟနှင့်၊ ဗြဟ္မစရိယာ၊ ကျင့်မြတ်စွာသည့်၊ ဗြဟ္မာနှိုင်းဘက်၊ ဗောဓိခက်အား၊ မပျက်*သီတင်း၊ ရွှေ*နှယ်ဝင်း၏၊ ဝမ်းတွင်းမကောင်း၊ ရှင်အပေါင်းကား၊ ကိုယ့်ကျောင်းကိုယ့်ကန်၊ ကိုယ့်*ဗိ†မာန်ဟု၊ အာ†မှန်တစိ၊ ရလာယှိုက၊ မိမိနေရာ၊ ဝန်တိုစွာသား၊ အာဝါသမစ္ဆေရ၊ ကံပါပဖြင့်၊ ဘဝပြောင်းခါ၊ ပြိတ္တာဘီလူး၊ ညစ်ညူးယောနိ၊ ဒုဂ္ဂတိနှိုက်၊ တပ်မိတတ်ရာ၊ ဖြစ်ကြစွာ၏၊ ဒါယကာတပည့်၊ သူ့ထံလှည့်က၊ မကြည့်နိုင်လို၊ ဝန်တိုကု†လ၊ မစ္ဆေရဖြင့်၊ ကြီး†လှဒေါမနဿ၊

တုန်ဆတ်ဆတ်နှင့်၊ အူပြတ်သည်းကြေ၊ ပူထွေနှလုံး၊ မီးအုံးပွက်လျှံ၊ ကျက်ကျက်ညံမျှ၊ မခံနိုင်စောက်၊ ဝေနှောက်သည်းဝှန်၊ သွေးစိမ်းအန်၏၊ ပြစ်ဝန်လေးလှ၊ သံဃသန္တက၊ ဂဏိကဟု၊ ထိုမျှအပြား၊ ပစ္စည်းများကို၊ ဝေခြားမပြု၊ ဉာဏ်မရှုဘဲ၊ သိမ်းစုဝှက်ထား၊ သုံးစားကိုယ်သာ၊ ဝန်တိုစွာဖြင့်၊ လာဘမစွေ၊ ကံညစ်တေကြောင့်၊ သေသော်ပေတ၊ ယက္ခတသီး၊ စပါးကြီးပြိတ္တာ၊ ဖြစ်ယုတ်မာ၏၊ ရုပ်*ဝါရူပ၊ သီလကျေးဇူး၊ သူဂုဏ်ထူးကို၊ မနူးမညွတ်၊ ပရိယတ်နှိုက်၊ သူတတ်သည်ကို၊မနာလိုကြ၊ ဝဏ္ဏမမ္မ၊ မစွေရဖြင့်၊ ဘဝဘဝ၊ ဖြစ်သမျှဝယ်၊ မလှအဆင်း၊ ကင်း၏ပညာ၊ တနည်းမှာလည်း၊ အာဝါသမစ္ဆရိ၊ မီးအတိဖြင့်၊ တောက်ညီပူပြင်း၊ မြေတွင်းမြုပ်တိမ်၊ ကော့၍လိမ်အောင်၊ သံအိမ်ငရဲ၊ မီးရှိန်ထဲနှိုက်၊ အမြဲခံရ၊ ကုလမစ္ဆေရာ၊ ဖြစ်တိုင်းမှာလျှင်၊ ဥစ္စာနည်းပါး၊ ချမ်းသာယှား၏၊ တခြားလာဘ၊ မစ္ဆေရက၊ *တလ္လစက်ဆုပ်၊ နံခေါင်ချုပ်သည့်၊ *ဘင်ပုပ်နိရယ၊ ငရဲကျရှင့်၊ ဝဏ္ဏတုံသော်၊ ထင်ပေါ်*မှဲ့မော၊ ကျော်စောမ*ဟဲ့၊ *ချိုတဲ့တတ်စွာ၊ ဓမ္မမှာမူ၊ ပြာပူ*နရက်၊ ငရဲကျက်၏၊ ဆက်ဆက်ဤသို့၊ ဟောဘော်မြို့သား၊ မချိုထင်စွာ၊ ဒေသနာကို၊ သေချာနား†ဝ၊ ကြားနာရသို့၊ ဒေ†ဝရှင်*မှန်၊ ဉာဏဝန်လျှင်၊ ပြစ်လွန်ကြီးမား၊ မစ္ဆေငါးမှု၊ ပယ်ရှားအရှင်း၊ ကင်းကြီးကင်း၏၊ ကိုယ်တွင်းယုတ်မာ၊ ကိလေသာလည်း၊ မေတ္တာယောင်ပြ၊ ဘီလူးမသို့၊ ရာဂလှည့်ပတ်၊ ပြုတတ်ခြင်းရာ၊ သိခဲစွာတည်း၊ ကရုဏာအလား၊ လှည့်*ဖြားသောက၊ ရှင်ပျမုဒိ၊ *တရှိတူစွာ၊ ဥပေက္ခာလို၊ ကုသိုလ်ဝန်ချ၊ သံဝေဂတူ၊ စိတ်ပူလောင်ပြင်း၊ စိစစ်ခြင်းသို့၊ ဝမ်းတွင်းမသဒ္ဓါ၊ ပါပါကဲ့ရဲ၊ သူ့ပြစ်ငဲ့လျက်၊ အကဲ့မှတ်ရေး၊ သက်မွေးစင်ဟန်၊ ဝေဘန်*မဲ့ငြား၊ တရားဟောယောင်၊ စကားဘောင်ဘွဲ့လှိုင်း၊ ဂိုဏ်းကိုစောင့်ရှောက်၊ ခြီးမြှောက်ဟန်ခင်း၊ ပေါင်းသင်းပျော်ပြု၊ ကောင်းမှုလိုပုံ၊ အာရုံလိုက်စား၊ မှုများကြိုက်ဘိ၊ သမာဓိသို့၊ ထိန မိဒ္ဓ၊ ဝီရိယဖြင့်၊ ဥဒ္ဓစ္စသာ၊ သိက္ခာကာမ၊ ဟူတုံစွလည်း၊ ကုက္ကုစ္စကြီး၊ မနှောနှီးကား၊ မခြီးမြှောက်†ချင်၊ မစ္ဆေဝင်လျက်၊ ဆင်†ခြင်ပုံယှိ၊ဝိစိကိစ္ဆာ၊ ဓမ္မာဓိပတော၊ ဟူဘိထွေဖြင့်၊ ရိုသေကင်းစွာ၊ အဂါရဝ၊ ဤသို့စသား၊ အဓမ္မစု၊ တရားတုတည့်၊ အကုသလ၊ ပါပတွက်ဘွဲ့၊ သုံးဆဲ့ခုနစ်ဖြာ၊ ဝဥ္စနာခေါ်ရိုး၊ လှည့်ပတ်မျိုးဟု၊ ပုပ်သိုးနံအူ၊ ညစ်ကြေးမှုလည်း၊ စင်ဖြူတရံ၊ မလိမ်းကံျဘဲ၊ ဗြဟ္မစရိယ၊ သင်းကြိုင်†လှသား၊ သီ†လကိုယ်†ယုံ၊ ဂန္ဓာ†ရုံဖြင့်၊ မွန်းအုံမပြတ်၊ နေ့စဉ်သတ်၍၊ အမြတ်တနိုး၊ ထုံရေချိုးသည်။ ။မွေးမျိုးနံ့သာ *အပြိမ်းတည်း။ (၁၆)

(ဤပိုဒ်ကား ဗဟိဒ္ဓဗျဘိစာရိဘာ၁၀·ကိုပြသော ပိုဒ်။)

၄၃၂။ အကျင့်ဗြဟ္မ၊ စရိယတိ၊ သီလဂန္ဓာ၊ ကြိုင်ပျံ့စွာသား၊ နံ့သာထုံမျိုး၊ ရေ*ခမိုးဖြင့်၊ စိမ်ချိုးလိမ်းသတ်၊ မပြတ်*ယိုး†ယံ၊လောင်းဘုန်းလျံ့လျှင်၊ တ†ရံတဆစ်၊ မညှိုးညစ်ဘူး၊ စင်စစ်မစောင်း၊ မှန်လမ်း†ကြောင်းဖြင့်၊ ငါ

†ကျောင်း ငါ့ကန့်၊ ငါ့ဗိမာန်က၊ လေးတန်ပစ္စယ၊ ရိုခမြတ်လေး၊ သဒ္ဓါ
ရှေး၍၊ လုပ်ကျွေးတတ်စွာ၊ ငါ့တကာဟု၊ တွယ်တာတတ်ငြား၊ ရဟန်း
များတို့၊ တရားကွာလွှင့်၊ တဏှာဖြင့်သာ၊ လူနှင့်ဒွေးဘော်၊ လွန်မွှေလျော်လျက်၊
စိုးဘော်ပျော်ဘက်၊ တသက်သက်နှင့်၊ စုံမက်စွန်းမက်၊ မခွါရက်သို့၊ ငဲ့ကွက်မယို့၊
ကပ်မငြိဘူး၊ ရွယ်မိရာသွား၊ *ညှို့လွှတ်မြားသို့၊ ဘဝါးခြေဦး၊ စူးစူးလှည့်ကာ၊
ရည်တိုင်းသာလျှင်၊ လိုရာရပ်သို့၊ ကြွနိုင်တို့လျက်၊ကြံ့ချိုပမည်း၊တကိုယ်ချည်းမျှ၊
ဘော်နည်းပျော်မွေ့၊ ရှင်တို့လေ့နိုက်၊ ညနေ့မလစ်၊ အား*တော်သစ်၍၊ နောက်
*နှစ်ဝမ်းတွင်း၊ ကြံတော်ကင်း၏၊ လူပျင်းတို့သွေး၊ ကျင့်မှုရေးကား၊ ဓေးလည်း
ဓေးဟူ၊ ပူလည်းပူစွ၊ ညလည်းညသော၊ စောလည်းစောစွာ၊ ဆာလည်းဆာနှင့်၊
ဝပါတုံလျှင်း၊ ဝမ်းတောင့်တင်းဟု၊ အပျင်းဘို့သာ၊ *ယိုးမယ်ရှာ၍၊ လိုရာ
ကိစ္စ၊ မပြုရဘူး၊ ကာလ*ကျွန်းကာ၊ ပမာထိုသို့၊ မဟုတ်မျှိုတည့်၊ တွန့်တို့ဆုတ်
*နှစ်၊ မဖြစ်စိတ်တော်၊ မြို့ရိုးပေါ်က၊ မဟော်မတ်စံ၊ တပ်ကြီးခံသို့၊ အား*သံ
လွန်†ပြင်း၊ ကြိုးစားခြင်းဖြင့်၊ မ†ပျင်းမရှိ၊ ကိုယ်ကျိုးသိလျက်၊ မိမိကိုယ်တွင်၊
အထင်အရှား၊ လှံ့ခားမြှမြ၊ အရိုးကျအောင်၊ စူးရှသသူ၊ ရှိန်ပူလောင်ညီး၊
မီးကျီးမှောက်လျက်၊ ထိပ်ထက်ကျသူ၊ လူနှစ်ဦးကား၊ အထူးဘယ်မှု၊ စုံတခု
နိုက်၊ မပြုနိုင်အား၊ မီး လုံ မြားကို၊ ပယ်ရှားအံ့ငှါ၊ တခုသာမျှ၊ လွန်စွာဂရု၊
ရေးကြီးပြုသို့၊ လုပ်မှုလမ်းသွား၊ နှစ်ပါးနှင့်စပ်၊ ပြုအပ်ပြုစ၊ ဆွမ်းမရနှင့်၊
ဆွမ်းရနှစ်ကွဲ၊ နာဆဲးပျောက်စ၊ ကုသိတဟု၊ အဋ္ဌရင်း၊ ဤရှစ်ကြောင်းကို၊
ပယ်*ရှောင်းစွန့်ထ၊ အာရဗ္ဘဖြင့်၊ လုံ့လဝတ္ထု၊ အားထုတ်မှုနိုက်၊ *ပြုတ်တုမချွတ်၊
ကြိုးကုတ်ပတ်၍၊ မပြတ်ဝီရိ၊ စောင့်သတိနှင့်၊ ပလိဗောဓ၊ အိမ်ထောင်†ကျသို့၊
ကြောင့်†ကြဆယ်ပါး၊ ကိစ္စများကို၊ ပယ်ထားအပ၊ ကင်းစေ†မှလျှင်၊ ဗြ†ဟ္မ
ဝိဟာ၊ ဘာဝနာဖြင့်၊ မေတ္တာ ကရု၊ မုဒိ ဥပေက်၊ အချစ်အသနား၊ ဝမ်းပါး
*လျစ်လျူ၊ နှလုံးမူလျက်၊ *ဗိုလ်လူသတ္တဝါ၊ ပါဏာစသား၊ ဒွါဒသယို့၊ အနော
မိနှင့်၊ ဩမိနှစ်ဘို့၊ ပုဂ္ဂိုလ့်အညီ၊ ဆယ်ရပ်ချီ၍၊ ဝစီနှုတ်မြွက်၊ တသွက်သွက်
တည့်၊ ဝိတက်ဘွားဘွား၊ ထပ်မခြားဘဲး၊ မနားမနေ၊ ဂင်္ဂါရေသို့၊ အဝေရာက၊
စသည်မှတ်ပြု၊ ခြောက်လုံးတုနှင့်၊ တခုသောက်ကာ၊ တစာစာဖြင့်၊ ဘာဝနာသံ၊
ပရိကံသည်။　။ရှစ်ယံနေ့ည ခပ်သိမ်းတည်း။　(၁၇)

၄၃၃။ ဤသို့မှန်စွာ၊ နန်းကခွါ၍၊ ဘာဝနာမှု၊ ပွါးရှုမည်၊ ပရိကံဖြင့်၊ တရံ
မခွ၊ နေ့ညမချာ၊ ကြိုးပမ်းစွာလျက်၊ မဟာပုရိ၊ ဗောဓိ*မုံရင့်၊ လောင်းဘုန်းပွင့်
ကား၊ သေမင့်းရန်ကို၊ ခွင်းဖြိုအံ့ငှါ၊ စုံစမ်းရှာ၍၊ ခြင်းရာကြံတွေး၊ ဉာဏ်စစ်
ဆေးက၊ အဝေးမဟူ၊ မြင်တော်မူ၏၊ ဤလူ*ခပင်း၊ ကိုယ်အတွင်းဝယ်၊
သေမင်းဆိုးညစ်၊ *ဗိုလ်ပါစစ်ကား၊ လူဖြစ်ကြလာ၊ လူတို့ရွာနိုက်၊ မမှတာတမ်း၊
တ*ငမ်းငမ်းနှင့်၊ စွဲလမ်းရွယ်ပျို၊ ငယ်*တန်စိုတို့၊ ကိုယ်ကိုတင့်အောင်၊ လိမ်း

သတ်ဆောင်လျက်၊ ဥသျှောင်ဘွဲ့တည်း၊ ကြက်တောင်စည်း၍၊ *စုလည်းပြင်
သ၊ ရင်သိမ်းစက၊ ရှင်ကြမြူးကြ၊ သဘာဝတိုင်း၊ မိန်းမယောကျ်ား၊ တပ်သော့
အားဖြင့်၊ *ရည်းစားသ|နံ၊ ချစ်*ဆက်ဆံလျက်၊ သက်|နှံမေတ္တာ၊ ကျွမ်းဝင်
ကာလျှင်၊ ကိလေသာကိစ္စ၊ အိမ်ရာချသော်၊ ကာမစတည်၊ စစ်ဦးမည်၏၊
ယင်းသည်ကိုဖျက်၊ ခွါထွက်နိုင်၍၊ ရသေ့ရဟန်း၊ တောသို့မြန်းလျက်၊ သင်္ကန်း
ဝတ်နီး၊ ဖြစ်တပြီးလည်း၊ ငြိုးငြိုးငွေ့ငွေ့၊ သူတော်လေ့နိုက်၊ မမွေ့လျော်နိုင်၊
မှိုင်တချိချိ၊ ပျင်းရိရိဖြင့်၊ အရတိမည်|ရ၊ ဒုတိ|ယစစ်သည်၊ တက်လာတည်၏၊
မတည်ထိုမှု၊ ရှင့်ဘာဝနှိုက်၊ ဟာရရှာစား၊ သူတပါးနှင့်၊ စပ်ငြား၍သာ၊ သက်
မွေးရာကြောင့်၊ လိုခါနေ့ညာ၊ မစားရ၍၊ ဝမ်း*လျှနွမ်းရိ၊ ခုပ္ပိပါသာ၊နှိပ်စက်စွာ
ဖြင့်၊ ဆာလောင်ဒုက္ခ၊ တတိယစစ်၊ ထပ်၍ရစ်၏၊ တဆစ်ထိုကြောင့်၊ ဝမ်းစာ
မျှော်၍၊ တောင့်တ*မှာ|မှာ၊ ကြံယုတ်|မာသား၊ တဏှာမည်ရ၊ စတုတ္ထရံသိုင်း၊
စစ်သည်ပိုင်း၏၊ လိုတိုင်းရှာရ၊ ကိုယ်ပန်း*လျှကြောင့်၊ ထိနမိဒ္ဓ၊ ပဥ္စမမည်၊
ပတ်ပတ်လည်လျက်၊ စစ်သည်ပိတ်၍၊ မှေးမှိတ်ဘိန်းဘိန်း၊ တမှိန်းမှိန်းနှင့်၊
စက်ကျိန်းမဝ၊ မထဘယ်ညာ၊ စောင်းလိမ့်ကာလျှင်၊ ဖျာရာတံဆိပ်၊ ကျောမှာ
နှိပ်အောင်၊ အိပ်တရှူးရှူး၊ တလူးလူးတည့်၊ ပျင်းရှူးပျင်းရုပ်၊ သတင်းပုပ်လျက်၊
တောအုပ်*ခန်းဝါ၊ ဆိတ်ငြိမ်ရာဝယ်၊ ဒေဝါနတ်ကောင်း၊ မနှစ်*ထောင်းဘဲ၊
ခြိမ်းမောင်းချောက်|လှန့်၊ စိတ်နိုး*နန့်ဖြင့်၊ ထိတ်|လန့်မတည်၊ ဘီရုမည်သား၊
စစ်သည်ဆဋ္ဌမ၊ ပြုန်းပြင်းထ၏၊ စိတ်ကချောက်ချား၊ ထိတ်လန့်ငြားက၊ ယုံမှား
ယုံမှို၊ ဝိစိကိစ္ဆာ၊ တွေးဆကာလျှင်၊ တည်ရာမရ၊ သတ္တမမြောက်၊ စစ်သည်
ရောက်၍၊ ရှေးနောက်မည်း၊ ပြွမ်းပြွမ်းရံ၏၊ သည်းခံထိုမှ၊ တည်နိုင်စွမူ၊ အာက
ဍြုင်ါ၊ ကျင့်စွမ်းစွာဟု၊ သေနာအဋ္ဌမ၊ မောက်မောက်ကြွ၍၊ မက္ခ ထမ္ဘ၊ မာန
ဗိုလ်မင်း၊ မာန်ငင်းငင်းနှင့်၊ တောင့်တင်းခိုင်မာ၊ ထွက်ဆို့လာ၏၊ တဖြာ
ထိုနောက်၊ တည်နိုင်|မြောက်၍၊ ခြီး|မြှောက်ကြည်ညို၊ လူ*ဗိုလ်အံ့ဩ၊
လာဘ်ပြန့်*ပြောလျက်၊ ကျော်စောနှံ့မျှ၊ ဖြစ်ပြန်ကလည်း၊ လာဘသက္ကာ၊
မာန်မိစ္ဆာလျှင်၊ လွန်စွာတက်ကြွ၊ တောင်ကြီးထသို့၊ နဝမတပ်၊ ကိုးဆင့်ထပ်၏၊
လာဘ်ပစ္စည်းမာန်၊ ယစ်မူး*ဝှန်သော်၊ အလွန်ငါသာ၊ မြတ်လှစွာဟု၊ ထေရာ
ထေရ၊ ဆရာစသား၊ ပြင်ပထိုထို၊ မညွတ်လိုဘဲ၊ ကိုယ့်ကိုမြှောက်ကြွ၊ သူ့ကို
ချလျက်၊ ဒသမမည်ထုတ်၊ ခေါ်သမုတ်သည့်၊ အတ္တုက္ကံသ၊ ပရဝမ္ဘနာ၊ ကိလေ
သာဖြင့်၊ မဟာစစ်ကြီး၊ လွှမ်းဘိစီး၍၊ အပြီးကိုင်ဆွဲး၊ လွတ်ပြီးဘဲးလျှင်၊ မလွဲး
မှန်စွာ၊ ငရဲးရွာသို့၊ အံ့ကာရံဝန်း၊ ချဆောင်တွန်းသည်။ ။*သို့ပန်းလက်ရ
ဖမ်းငင်တည်း။ (၁၈)

(ဤ ပိုဒ်လည်း ပကပ္ပိတာပဟောဠိ-ပင်)

၄၃၄။ ဟုတ်လှမှန်မော၊ ဤသဘောတိ၊ လူ့လောကီဘောင်၊ အိမ်ရာထောင်နှင့်၊ စွန့်ရှောင်ခွါဆန်း၊ ဝတ်သင်္ကန်းဖြင့်၊ ရဟန်းမည်ကာ၊ ပြုကြလာ၍၊ ဂူဠ္ဌာပကတ၊ ပါပဝိတက်၊ လို*ရမွက်ကို၊ နှစ်သက်အမြဲး၊ ခွါမရှဲးဘူး၊ ကိုယ်ထဲးမကာင်း၊ တည်စေခြင်းဖြင့်၊ *အဖျင်းလေဘင်၊ ထိုလူရှင်ကား၊ သင်္သရာကာလ၊ ဘဝဝက၊ လက်ချလုံးလုံး၊ စစ်ကြီးရှုံး၍၊ ပျက်ဆုံးဤကိုယ်၊ *ငြင်တငြိုဖြင့်၊ အိုအိုသေသေ၊ သန္ဓေမပြီး၊ထိပ်တက်စီးလျက်၊ ဘေးကြီးနှိပ်စက်၊ ဆင်းရဲနက်၏၊ ဖြစ်ပျက်*နှင်နှင်၊စစ်မြေပြင်ဝယ်၊ သေရှင်လတ်လတ်၊တဖျတ်†ဖျတ်နှင့်၊ပိုင်း†ဖြတ်ခုတ်ထစ်၊ ထိုးပစ်ကျွက်ညံ၊ မပြတ်ခံသို၊ တရံ*မစဲး၊ အော်*လဲးလဲးဖြင့်၊ သေပွဲးခံလျက်၊ အမြဲးပျက်၏၊ မှေးရှက်တဏှာ၊ အဝိဇ္ဇာဖြင့်၊ ဖုံးကာထိုထို၊ ပစ္စည်း*ကြို၍၊ ရှေး*စိုနှောင်း*စို၊ သူမိုက်ကိုယ်ကား၊ နာအိုသေခြင်း၊ တစင်းစင်းဖြင့်၊ မကာင်းဆက်ဆက်၊ စဉ်မပျက်အောင်၊ သက်သက်ဒုက္ခ၊ ဤကာမမှ၊ လွန်ထဆုံးတိုင်၊ မလွတ်နိုင်ဘူး၊*တောင်ကိုင်ဗိုမာန်၊ ပြည်နိဗ္ဗာန်သို့၊ရည်သန်နှလုံး၊ ရောက်လိုဆုံးက၊ ကျင့်ထုံးမသွေ၊ သီလမြေထက်၊ ရပ်ခြေဝီရိယာ၊ လက်သဒ္ဓါဖြင့်၊ သမာဓိန္ဒြိ၊ မတ်တင်ညှိလျက်၊ သတိသွေးဆောင်၊ အရောင်ချက်ချက်၊ မြမြထက်သား၊ သန်လျှက်ဝရဇိန်၊ စက်ပုဆိန်ကို၊ စွဲးချိန်ဝင့်တိုင်း၊ ပိုင်းရရိုင်းတိ၊ ရံသိုင်းမလပ်၊ ဆယ်ဆင့်ထပ်၍၊ မြဲးကြပ်တည်ခြင်း၊ ဤကိုယ်တွင်းနှိုက်၊ ရန့်ရင်းသန်†ကျန်း၊ လွန်ခိုင်†ကျန်းသား၊ သောင်း†ကျန်းတတ်စွာ၊ ကိလေသာဟု၊ ယုတ်မာဆိုးညစ်၊ သူပုန်စစ်ကို၊ ခုတ်ထစ်ကုန်စင်၊ တိုက်အောင်မြင်မှ၊ ခေမင်္ဂတ၊ ဘုံသို့ကျ၍၊ သုခချမ်းသာ၊ နေရစွာအံ့၊ ငါလည်းထို့တူ၊ ကိလေဟူသည်၊ ရန်သူစစ်သည်၊ ဤဆယ်မည်ကို၊ ဖျက်နည်ဖြိုခွင်း၊ ဆင်ကျူနင်းသို့၊ အကြွင်း*မဟဲ့၊ ချိုးဖဲ့ပြီးနောင်၊ စစ်ကြီးအောင်၍၊ မြင့်ခေါင်ခေမာ၊ ဘေး*မဲ့ရာနှိုက်၊ ချမ်းသာနိဗ္ဗူ၊ ယူအံ့မပျက်၊ ကြံရည်လျက်တိ၊ တောထွက်ရကား၊ တရားကိုသာ၊ ကျင့်ပိမ့်ငါဟု၊ ပညာသတိ၊ ကိုယ်ရံယှိလျက်၊ အမိဝါသိ၊ ခန္တီလွှားချပ်၊ မြဲးကြပ်စုံလင်၊ စွဲးဝတ်ဆင်ပြီး၊ ရည်ကင်အောင်တပ်၊ အောင်မြေရပ်နှိုက်၊ ရောင်လျှပ်ဝင်းညို၊ လွှတ်တိုင်းထိသား၊ အဝိဟိံသာ၊ အဗျာပါဒ၊ ဝိဝေကဖြင့်၊ ဇေယျသတြူ၊ လွှတ်တု*စံကင်း၊ ရန်ပုံခွင်းလည်း၊ ရန်တင်းသမျှ၊ ရွယ်ကပြီးစီး၊ လက်နက်ကြီးနှင့်၊ ခိုင်*ဖြိုးလုံ့လ၊ ဝီရိယဟု၊ သမ္မပဓာ၊ ရဲရင့်စွာလျှင်၊ မဟာဓိဋ္ဌာန်၊ သန်ကြီးသန်၍၊ မပြန်မဘောက်၊ *လုံ့မစောက်ဖြင့်၊ နှစ်ယောက်မပူး၊ ကိုယ်တော်ထူးသည်။ ။စစ်ဦးတက်စ လမ်းထွင်တည်း။ (၁၉)

(ဤ ပိုဒ်လည်း ပကပ္ပိတာပဟေဠိ-ပင်)

တောထွက်ခဏ်း ၁၉-ပိုဒ် ပြီး၏ ။

## ၂-မြဟ္မဝိဟာရစရိယခန်း

၄၃၅။ ဗောဓိမည်မှတ်၊ ဓမ္မဓာတ်ဖြင့်၊ အရဟာတ်မဂ်ဉာဏ်၊ သဗ္ဗညာဏ်နိုက်၊
သည်းထန်မပြတ်၊ ကပ်ငြိတတ်ကြောင့်၊ သတ္တမိ ဒုတိယာ၊ နှ၁်ဖြာတပ္ပုရှည်၊
ဗောဓိပုဒ်ကို၊ ဗုဇ္ဈနက၊ ပုဂ္ဂလဟု၊ အတ္ထဝိကပ်၊ ပညပ်ဝေါဟာ၊ တနည်းဖြာ၍၊
ကမ္မဓာတဝ၊ ကျမ်းလာပြသား၊ လောင်းလှဘုန်း*ဟော့၊ မင်းရသေ့မြတ်၊ ဗောဓိ
သတ်ကား၊ ငတ်မူဝမ်းရေး၊ မြီကြွေးနှောင့်ရှက်၊ မင်းနှိပ်စက်၍၊ အသက်
လွတ်ရုံ၊ ရဟန်းပုံတွင်၊ ခိုလုံသည်သာ၊ မဟုတ်စွာသား၊ သဒ္ဓါပဗ္ဗဇိ၊ ဖြစ်ဘိ
သော့လျှောက်၊ မဘောက်ဝမ်းတွင်၊ မနေ့စင်၏၊ ကိုယ်လျှင်ဝတ်ခြုံ၊ ဝမ်းမျှ
ရုံမှု၊ တစုံတရာ၊ ဘယ်ဥစ္စာကို၊ တဏှာလော†လုပ်၊ မှုမရှုပ်ဘဲ၊ ရှင်†လုပ်
ဖြောင့်တန်း၊ ကမ္မဋ္ဌာန်းနှင့်၊ စီးဖြန်းယှဉ်မှီ၊ ရှင်ယောဂီတို့၊ တိစီဝရိက်၊ သပိတ်
ရေစစ်၊ တဆစ်ပဲးကွပ်၊ အပ်နှင့်ခါးဗန်း၊ ရှစ်ခန်းပရိက္ခရာ၊ လျှောက်ပတ်စွာ
တည့်၊ တဖြာထိုမှ၊ နဝ ဒသ၊ ကောဒနှင့်၊ ဒွါဒသဟူ၊ မှတ်ယူအသီး၊ အစဉ်မှီး
လျက်၊ ခင်းနှီး သံကောက်၊ ထိုနောက်တလီ၊ နိသီ စမ္မခဏ်၊ တဘန်မှတ်ရေး၊
တောင်ဝှေး ဆီကျည်၊ တမည်မှတ်အပ်၊ ထီး ဘိနပ်တည့်၊ ဝိကပ်နက်ပြ၊ ကျမ်း
အရတိုင်း၊ ရှေးကလမ်းကြောင်း၊ သူတော်ကောင်းတို့၊ ကျင့်ဟောင်းကေန်၊
နည်းရိုးမှန်ရှင့်၊ အသန္တုဋ္ဌ၊ မဟူရဘူး၊ ထိုမျှထို့ထက်၊ ဗောဓိခက်မူ၊ မမက်*မ
ရည်း၊ လိုတော်နည်း၍၊ ပစ္စည်းမခင်၊ သန့်*ကြောစင်၏၊ ထိုပြင်တထူး၊
မသွပ်ရှူးလည်း၊ သွပ်ရှူးသဘော၊ ပျက်ချော်ပြောလျက်၊ *ဂုံးချောတိုက်ထွေ၊
ကချေသည်မူ၊ အံ့ဘွယ်ပြုဟု၊ လေးခုအပေါင်း၊ လာဘ်ဖြစ်ကြောင်းကား၊
သူကောင်းသူ*မွန်၊ ပညဝန်တို့၊ အလွန်ကဲ့ရဲ့၊ ပြစ်တင်ဘွဲ၏၊ မ*ဟဲ့အကျိုး၊
မရှက်နိုးဘဲ၊ ညစ်ဆိုးယုတ်မာ၊ ရရာရာဖြင့်၊ မိစ္ဆာသက်မွေး၊ သူနှပ်ဒေသးတို့၊
ဝမ်းရေးရှာစား၊ အကျင့်မှားတည့်၊ တရားလက်ယို၊ လောင်းဗောဓိမူ၊ သတိ
သမ္ပဇဉ်၊ မြဲးယှဉ်ဝမ်းတွင်း၊ လွတ်မကင်းဘဲ၊ *ရိုးရင်း*ထဲးနှီး၊ တည်ပြီးရကား၊
ကျင့်မမှားဘူး၊ တရားမ*ဆံ၊ *ရမ္မက်ကြံနှင့်၊ ဘုန်းကံ*မဲ့ဘိ၊ ဇာတိမ*မွန်၊
ဝမ်း၏ကျွန်တို့၊ တိရစ္ဆာန်ခွေးဝက်၊ ကြောက်မရှက်သို့၊ အသက်မွေးပြု၊ ဝမ်းရေး
မှုကို၊ လူဟုဖြစ်*ဆန်း၊ ရဟန်းမည်ကာ၊ ကျင့်ယုတ်မာနှင့်၊ မိစ္ဆာဇီဝ၊ လုံးပမ်း
ကြံ၏၊ ဟီနစာရော်၊ သူတော်မဟုတ်၊ သူယုတ်တို့သာ၊ ပြုကျင့်ရာကြောင့်၊
ပွင့်လျှာသတိုး၊ လိုဆိုးယုတ်မာ၊ ပါပိစ္ဆာမှ၊ ဝေးစွာပယ်ယှား၊ ကြဉ်သော့
အားဖြင့်။ ။တရားပျော်မွေ့*နှစ်ထောင်းတည်း။ (၁)

၄၃၆။ နှစ်ထောင်းတရား၊ ပျော်သော့အားဖြင့်၊ လေးပါးသစ္စာ၊ လောင်းပွင့်
†လျှာကား၊ နူတ်†လျှာပေါ့ပျက်၊ သိမ်းသော့သွက်နှင့်၊ မကျက်နည်းပါး၊ အကျက်
များသည့်၊ ကြိုးကြားကျန်ကြွင်း၊ ပဲးနောက်ဟင်းသို့၊ ချွတ်ယွင်းဘောက်ပြန်၊
လျှာနူတ်မြန်တိုင်း၊ အမှန်ကနည်း၊ မမှန်*ပည်းလျက်၊ စောင့်စည်းမပြု၊ ဝစီမှုနှင့်၊

အနိဗ္ဗုတ၊ ပိဏ္ဍဟူသည်၊ ဆွမ်းပူမဇး၊ အသာက်မွေးဖြင့်၊ ဝမ်းရေးမိစ္ဆာ၊ မယုတ်မာဘဲ၊ စားကာအိပ်မွေ့၊ လျော့မေ့*ကျော့+ကျည့်း၊ ရှင်ကြည်း+ကြည်းနှင့်၊ ပစ္စည်းလာဘ်မျှော်၊ တမော်မော်ကို၊ လိုတော်မည့်တ်၊ လွတ်ကြီးလွတ်၏၊ အမှတ်တဆူ၊ နည်းတမူဖြင့်၊ အယူမခွ၊ ရှင်ကဏှသို၊ သရပရိတ်၊ မန္တန်ဟိတ်ကြောင့်၊ ဆိုပိတ်ကျည်ဝ၊ ဖြုတ်မကျဘဲ၊ မရလက်လှုပ်၊ ကိုင်ငုတ်တုတ်တိ၊ တားချုပ်အမြဲ၊ မလွတ်ဘဲနှင့်၊ လေးလွဲမြားလွဲ၊ လက်နက်လွဲးလည်း၊ ငရဲးမကျ၊ မနေရဘူး၊ ဒေါသမလွဲး၊ ငရဲးမပြီး၊ *အချည်းနှီးတည့်၊ တသိးမှန်စွာ၊ နတ်ဝိဇ္ဇာတို့၊ ဂါထာအင်းအိုင်၊ စိုးပိုင်သော့အား၊ မန္တြားဖြင့်၊ ဘွားဘွားရှုတ်ကာ၊ သင်းချိုင်းမှာလျှင်၊ အစာကျွေး၍၊ လက္ခယ်နေ့နှိုက်၊ တစ္ဆေ့ဦးထုပ်၊ ချွတ်ရုပ်ယူကျင်၊ ကိုယ်တွင်ဆောင်ငြား၊ သံပြဒါးက၊ ဆေးဝါးသတ္တိ၊ နတ်တရှိတည့်၊ သိဒ္ဓိကျိုးကြီး၊ ဓားလှံပြိနှင့်၊ ရှိန်းပြီး*အမ်းပြီး၊ ပါးစုံပြီးလည်း၊ သေပြီးနိရယ၊ အပါယ်ကျလိမ့်၊ ဒေါသမပြီး၊ ငရဲးကြီး၏၊ ဝဠ်မီးအစာ၊ အတတ်သာရှင့်၊ ဝိဇ္ဇာသိပ္ပ၊ ဟူသမျှကား၊ ဘဝနောင်ကျိုး၊ မယှိုးနိုးဘူး၊ ဟောရိုးကျမ်းဂန်၊ မကျန်ကုန်စင်၊ သင်ပါကျင်လည်း၊ စာသင်မကျွမ်း၊ ညှိုရှင်သွမ်းတို့၊ မြေဖမ်းမတတ်၊ ပြန်ပေါက်တတ်သို၊ အလဂဒ္ဒူ၊ ပမာဟူခဲ့၊ မာန်မူထောင်လွှား၊ သူမြတ်များအား၊ ပြစ်မှားရှုတ်ချ၊ တကြွကြွနှင့်၊ ဝါဒမမှန်၊ ယူဖောက်ပြန်၍၊ ကျမ်းဂန်အတတ်၊ ကိုယ်ကိုသတ်၏၊ ပိဋ္ဋကတ်ခေါင်ထိ၊ ရှင်ကပိလည်း၊ ဝိစိသိုသာ၊ လားလေပါရှင့်၊ တဏှာဒိဋ္ဌိ၊ မာနငြိက၊ တိပိဋ္ဋကာ၊ ကျမ်းသုံးဖြာကို၊ သင်ပါဆောင်ကျိုး၊ မယှိုးနိုးဘူး၊ သတိုးရှင်မြတ်၊ ဉာဏ်တော်မှတ်၍၊ ဟုတ်ဟတ်နိစ္စ၊ သမထနှိုက်၊ ဗြဟ္မဝိဟာ၊ ဘာဝနာကို၊ ဆရာပြည့်နှန်း၊ မတိုက်တွန်းဘဲ၊ လို*မွန်းကိုယ့်ဉာဏ်၊ ပင်ထွက်မှန်ဖြင့်၊ ပွါးဟန်မေတ္တာ၊ အခြင်းရာကား၊ ကျမ်းလာအယို၊ သင်၍သိသို၊ မိမိကိုယ်က၊ အဦးစ၍၊ ပိယမဇ္ဈ၊ ဝေရီကျအောင်၊ တစတခ၊ သုံးဝပုဂ္ဂိုလ်၊ သမ*ကြိုလျက်၊ ကိုယ်နှင့်အတူ၊ အမျှမူ၏၊ ချစ်သူဟူလည်း၊ လိင်ဗျည်းဝိသဘာ၊ မတူစွာငြား၊ ကိုယ့်မယားနှင့်၊ တပါးပြင်ပ၊ ဣတ္ထိယနှိုက်၊ ရာဂစပ်လွှယ်၊ မသာ+ပွါယ်ကြောင့်၊+ပယ်ခဲ့မယူ၊ထား*လျစ်လျူ၏၊ ရန်သူကိုကား၊ ရန်မပွါးဘဲ၊ သုံးပါးထိုသူ၊ ကံအမူနှိုက်၊ ကောင်းပြုကိုသာ၊ ရှုစပါလျက်၊အတ္တာနုသိဋ္ဌ်၊ ကိုယ်စိတ်ဆုံးမ၊ ဩဝါဒနှင့်၊ ထိုမှတုံပြီး၊ဗိုလ်*အချိတ္တို၊ မိမိအမှု၊ သူ့အမှုကား၊ ပြုသသူသာ၊ ခံရရာ၏၊ သူ့တာငါခံ၊ ဆက်ဆံဘယ်သို၊ ယိုတိုသတတ်၊ မွေခံမှတ်မလာ့၊ ကမ္မဿကား၊ ကိုယ်စီခြားဟု၊ တရားသဘော၊ ကြံ*နှစ်နော၍။　။မျက်ဇောမငွေ မာ+ခြောင်းတည်း။ (၂)

၄၃၇။ ထိုမှတဘော်၊ ရှေးသူတော်တို့၊ တိယော်ဇေန၊ ဆယ်ဆယ်ဆဖြင့်၊ တိုင်းမပြည်လုံး၊ အာဏာ+ကြုံး၍၊ ယူ+ကျုံးဖျက်ဆီး၊ မြေကြီးလည်ဘင်း၊ မြုပ်သွင်းကျဉ်း+ကျပ်၊ မတ်တတ်ရပ်လျက်၊ မြဲး+ကြပ်လှောင်သား၊ ရန်သူ

အားလည်း၊ မျက်ပွါးမရှု၊ မိတ်ဘက်ပြုရှင့်၊ ပြစ်မှုမယို၊ ဣသိခန္တီ၊ မြတ်ဝါဒီနှင့်၊ ပီပီသက်သက်၊ မိရင်ထက်နှိုက်၊ ပက်လက်မှောက်ခုံ၊ အိပ်တတ်ရုံ†လျက်၊ ဗောဓိခက်တို့၊ သန်†လျှက်ပိုင်း†ဖြတ်၊ တုန်ဖျတ်†ဖျတ်နှင့်၊ ခြေပြတ်လက်တုံး၊ သက်သေဆုံးအောင်၊ ကိုယ်လုံးကြေမွ၊ ပြုသမျှကို၊ ဒေါသမဖိတ်၊ မေတ္တာစိတ်ဖြင့်၊ မှိတ်ရှု့အောင့်ခံ၊ ဆိပ်လှံ့စည်းသွား၊ဆင်ပစ်မြားဖြင့်၊ သည်းကြားဘောက်ထွင်း၊ ပစ်တိုလျှင်း၍၊ သေခြင်းရောက်လျက်၊ အမျက်မခြောင်း၊ ဥက္ကောင်းကွဲစေ၊ ကျောက်ဖြင့်တေ၍၊ မသေတတ်ရုံ၊ ကျန်ပါတုံလည်း၊ တစုံတခု၊ မျက်မပြုဘူး၊ ထိုသူ့အကျိုး၊ ဆောင်သယ်ပိုး၏၊ စွယ်ကျိုးနုတ်ဖျက်၊ ရိုက်နှက်ဆောင့်သိပ်၊ ပြင်းစွာနှိပ်လည်း၊ အဆိပ်သည်းထန်၊ ရေနတ်မာန်ဖြင့်၊ ပြန်၍မမူ၊ ဗုဒ္ဓ†ကုံ့တို့၊ သိတ†ဂူငွေ၊ လရောင်တွေ့သို့၊ ချမ်းမြေ့ေးမြ၊ ကြည်လင်လှလျက်၊ လောကတဘက်၊ ကိုယ်တဘက်တိ၊ ဆောင်ရွက်နိုင်စွာ၊ မဟာပထဝီ၊ မြေမဟီနှင့်၊ အညီတ†မြင့်၊ လွန်ကြီး†မြင့်သား၊ ရှစ်ဆင့်အားကျော်၊ တုမမြော်အောင်၊ သည်းတော်ခံပြု၊ ခန္တီမှုတည့်၊ ရှေးသူ့စရိယ၊ ဟူသမျှကို၊ ဉာဏရှုမျှော်၊ လောင်းတော်*ဖအဲး၊ လက်ကိုင်စွဲး၍၊ ဝမ်းထဲးမချ၊ စိတ်မခွဘူး၊ ယူဆကြံကာ၊သံသရာက၊ မာတာပိတ၊ စသည်ဖြစ်ဘူး၊ ဂုဏ်ကျေးဇူးကို၊ အထူးတင်ထ၊ မေတ္တာ့နိသင်၊ ဆဲ့တအင်ကို၊ ဆင်ခြင်သမှု၊ဓာတုဝိဘာဂ၊ သဘာဝနှင့်၊ ဒါနပေးကမ်း၊ ခွဲးဝေခြမ်း၍၊ ရှေးလမ်းနိဿရည်း၊ မျက်ဖြေနည်းဖြင့်။ ။သိမ်းဆည်းစိတ်တော်ညှိ†ပျောင်းတည်း။ (၃)

၄၃၈။ မျက်ဖြေသိမ်းဆည်း၊ သူတော်နည်းကို၊ *နိဿရည်းမိမိ၊ ဆရာယိုသို့၊ မြင်သိအလို၊ မိမိကိုယ်နှင့်၊ ကြည်ညိုချစ်သူ၊ *လျစ်လျူရန်ဘက်၊ လူလေးချက်နှိုက်၊ သမက္ကတ၊ ပြုအမျှတည့်၊ သူကလျင်ကြောင်း၊ သတ်လိုတောင်းက၊ ၎င်းလူများ၊ လေးဦးသားနှိုက်၊ မခြားစိတ်တွင်၊ ကိုယ်သို့ပင်လျှင်၊ ထင်စေမခွ၊ အညီမျှလျက်၊ အတ္တာသမံ၊ ပေမံ နတ္ထိ၊ ပါဠိတရား၊ ထင်အရှားနှင့်၊ သုံးစားအံ့ငှါ၊ အားထုတ်ရှာသည့်၊ ဥစ္စာထက်ကား၊ သားမယားတည့်၊ သားမယားထက်၊ ကိုယ့်သက်ကိုသာ၊ စောင့်အပ်စွာဟု၊ ကျမ်းလာနီတိ၊ သို့အယိုကို၊ ဗောဓိပွင့်*လျှာ၊ မဟာပုရိသ၊ လောင်းသတ္တတို့၊ စိတ်ကမလို၊ ဂုဏ်ထူးကိုသာ၊ ထိုထိုအချက်၊ ကိုယ့်အသက်နှင့်၊ ကိုယ့်ထက်လွန်စွာ၊ အာသာကြီးမား၊ လိုသော့အားကြောင့်၊ ပိုင်းခြားပျက်ထ၊ သီမသမ္ဘေဒါ၊ လက္ခဏာတိ၊ ဥပစာမည်သော၊ ကာမဇောကို၊ မနေ့ဒွါရေ၊ အယဉ်ထွေအောင်၊ ဝင်စေတန်းတန်း၊ အာဝဇ္ဇန်းက၊ *ဖြန်းဖြန်းဘွင့်ကာ၊ ဝိဘူတာဖြင့်၊ အင်္ဂါလေးဝ၊ ဝီရိယကို၊ လုံ့လ*ထဲးနှိုး၊ ရေးတကြီးတည်း၊ သဲးကြီး မဲ့ကြီး၊ အားကြီးလွန်စွာ၊ မိုးကြီးရွာသို့၊ စည်ကာသွက်သွက်၊ လက်တတွက်နှိုက်၊ ဝိတက်တရား၊ တဘွားဘွားလျှင်၊ မခြားမရပ်၊ ဇောချင်းစပ်သည်။ ။ထပ်ထပ်ကုဋ္ဌေ သိန်းပေါင်းတည်း။ (၄)

၄၃၉။ သိန်းပေါင်းကုဋေ၊ လက်ပစ်နေတိ၊ ကိန်းရေလွန်မင်း၊ လျှင်မြန်
†ခြင်းဖြင့်၊ ဇော†ချင်းစပ်မျှ၊ ထပ်ထပ်မနား၊ ရပ်မ†ခြားဘဲ၊ စက်†ချား
သဏ္ဍာန်၊ လှည့်ဘန်ဘန်တည့်၊ နိရန္တရ၊ ကာလမဆိတ်၊ ထိုနိမိတ်ကို၊ ထိုစိတ်
ဥပစာ၊ ဇောကာမာဖြင့်၊ လေ့လာသော့အား၊ ကြိမ်ကြိမ်ပွါးက၊ သက်ငြား
အပ္ပနာ၊ ဖြစ်လိုခါနိုက်၊ ကာမာဝစရ၊ ဉာဏသမ္ပယုတ်၊ ဥက္ကဋ္ဌဟိတ်၊ ထိုဇော
စိတ်လျှင်၊ ထိုနိမိတ်ကို၊ အာရုံ*ကြုံ၍၊ ထိုမနောဒွါ၊ ကြိယာဝဇ္ဇန်း၊ နန္တရံနိုက်၊
ပရိကံကိစ္စ၊ ချုန်ခဲ့ချမှ၊ တိက္ခပညာ၊ ဓမ္မတာဖြင့်၊ ဥပစာတပုံ၊ အနုလုံတဆူ၊
ဂေါတြဘူတသွယ်၊ ကာမန္တယ်ကို၊ ဖြတ်ပယ်သဘော၊ သုံးကြိမ်စောလျက်၊
ကြာတောယှိုရာ၊ ရည်ကာပျံ့†တက်၊ ပိတုန်းငှက်သို့၊ ဝိ†တက်တရား၊ ထိုတော
ဖျားထက်၊ ဝဲငြားလှည့်ကာ၊ ပန်းရက်ရှာသို့၊ ပမာ*တမျှ၊ ဝိစာရနှင့်၊ ထိုမှ
တသီး၊ ကန္တာကြီးတွင်၊ ရေကိုမြင်သို့၊ ပျို့ရွှင်ပီတိ၊ တောကြီးရိပ်တွင်း၊ ရေဆင်း
သောက်သုံး၊ ကိုယ်လုံးစိမ့်မျှ၊ ပမာဏသို့၊ သုခတွင်မြောက်၊ ထက်အောက်အန်ကျ၊
တာဖုံးချသို့၊ အမျှညီဘိ၊ အာရုံထိလျက်၊ တည်စေချက်ကား၊ ဧကဂ္ဂတာ၊
ဤငါးဖြာတည့်၊ ဈာနင်ခ†မှ၊ ပဉ္စင်္ဂနှင့်၊ ပထ†မဈာန်†ဇော၊ တချက်†စော၍၊
မနောဒွါရိ၊ ဝီထိအစ၊ *မဆွအကြိမ်၊ စစ်ဦးနှိမ်လျက်၊ သိမ်မွေ့လှစွာ၊ အပ္ပနာ
ကိစ္စ၊ အာဒိကျသည်။ ။*စိတ္တနိယံ လမ်းကြောင်းတည်း။ (၅)

၄၄၀။ ပထမအာဒိ၊ ရဘိလက်*မွန်၊ ယင်းသည့်ဈာန်ကို၊ ပြန်ပြန် လီလီ၊
ဝသီငါးသီး၊ လေ့ကျက်ပြီးမှ၊ *ငြိုးခဲ့တချက်၊ ဝိတက် ဝိစာ၊ အင်နှစ်ဖြာကို၊
ပယ်ကာထားမှု၊ ပွါးပြန်ပြုက၊ ဒုတိယဈာန်၊ တဘန်ပီတိ၊ ဩဠာရိဟု၊ စွန့်ဘိ
ပယ်ထ၊ ပွါးတက်ကလျှင်၊ တတိယဈာန်၊ ယင်းဈာန်သုခ၊ ကြမ်းသေးစွဟု၊
ပယ်ထအဟုတ်၊ ပွါးအားထုတ်၍၊ စတုတ္ထဈာန်၊ လေးတန်ဆုံးကျ၊ ဉာဏ်တိက္ခတို့၊
စတုက္ကတမ်း၊ တက်နည်းလမ်းတွင်၊ မှိုငြမ်းမရှာ၊ ဗောဓိ*လျာမူ၊ မေတ္တာ ရမ္မဏ၊
ဤကိစ္စဖြင့်၊ တတိယဈာန်၊ သုံးတန်ရောက်ထိ၊ ပြီးသိဒ္ဓိ၏၊ နောက်ပြီးတခြား၊
ဈာန်သုံးပါးကို၊ ဝင်စားမဆိတ်၊ ထိုနိမိတ်ဖြင့်၊ နောဓိသ်ပဉ္စတ်၊ ဩဓိသ်သတ်ဟု၊
ဒွါဒသ်ပုဂ္ဂလာ၊ မျှားသတ္တာကို၊ အဝေရာစပြု၊ တုလေးခုဖြင့်၊ မြွှောက်ပြုပွါးလစ်၊
လေးဆဲ့ရှစ်တိ၊ တဆစ်ထိုမှ၊ ဒသဒိသာ၊ မျက်နှာဆယ်ရပ်၊ ပွါးထပ်ပြန်က၊
ငါးရာ့နှစ်ဆယ်၊ ရှစ်စွန်း*ကယ်သား၊ အကျယ်မေတ္တာ၊ ပွါးခြင်းရာဖြင့်၊ ဝိကုဗ္ဗနာ
မည်မှတ်၊ ရည်တိုင်းတတ်၍၊ သမာပတ်*မွန်၊ ဝိမုတ်ဉာဏ်ကို၊ နည်းမှန်လမ်းကျ၊
*လက်မွန်ရသည်။ ။ရှေးကကျင့်စဉ် ကျင့်ဟောင်းတည်း။ (၆)

၄၄၁။ ယင်းသို့စစ္စာ၊ ရှေးဦးခါတိ၊ မေတ္တာသဘော၊ စေတော ဝိမုတ်၊
မဟဂ္ဂုတ်နည်း၊ *နိဿရည်းကို၊ *လက်တည်း*လက်†ကြပ်၊ ဆရာအပ်သို့၊
ရွှေ†ကျပ်မယွင်း၊ နှလုံးတွင်းနိုက်၊ ထည့်သွင်းသိုမိ၊ ဟုတ်တိုင်းသိ၍၊ ဟာသိဒ္ဓိကြီး၊

ကိုယ်တော်ပြီးက၊ တသီးတက်ရာ၊ ကရုဏာကား၊ မေတ္တာ*တမျှ၊ နည်းမ†ရရှင့်၊ ပိ†ယ*လျစ်လျူ၊ ရန်သူတို့အား၊ သနားစဘွယ်၊ မထင်လွယ်တည့်၊ ညှိုးငယ်မျက်နှာ၊ ဝမ်းစာမဝ၊ ခါးမလှဘဲ၊ နေ့ညရှာဘွေ၊ သားရေပြုတ်ရှပ်၊*တောင်ကပ်ဖားရား၊ အိပ်မအားနှင့်၊ ပြေးသွား*ခုံမင်၊ လွန်*ငိုငြင်သည်၊ အကြင်သို့သူ၊ လူဒုက္ခိတ၊ မရချမ်းသာ၊ ဆင်းရဲစွာအား၊ *နာဝေ နာစည်း၊ နှလုံး*†ကြည်း၏၊ *ဟိုက်†ကျည်းပန်းပင်၊ အမြင်မဘွယ်၊ မသပ္ပါယ်အောင်၊ ကိုယ်ဝယ်ကွဲအက်၊ တစက်စက်နှင့်၊ခြေလက်ပြတ်တို၊သွေးယိုပြည်စီး၊ ဒုက္ခကြီးသား၊ *အထီးကျန်လူ၊ ထိုသူတို့က၊ ရင်းမူစ၍၊ ပွါးမှုအလွယ်၊ ဖြစ်စဘွယ်ဟု၊ ရှေးဝယ်မျှားလှ၊ဘဝဝက၊ သမထဝိပဿနာ၊ မြတ်နှစ်ဖြာကို၊ လေ့လာခဲ့ဘူး၊ အထူးလက်ယို၊ ဂုဏ်သတ္တိဖြင့်၊ အဓိကာ†ရ၊ စရိ†ယကြောင့်၊ သုခပဋိပဒ်၊ အမြတ်တိက္ခိန်၊ ခိပ္ပါဘိဉ်ဟု၊ ပညိန္ဒြိယ၊ ထိတိုင်းရှသား၊ သိကြားလက်†ပစ်၊ နတ်စိန်စစ်သို့၊ ပြစ်†ပြစ်ကုန်စင်၊ ဟုဟ်တိုင်းထွင်လျက်၊ အမြင်ဉာဏ်ကျယ်၊ လောင်းဘုန်းကြွယ်ကား။ ။*နှိုးနွှယ်ကြံမိ ကြံကောင်းတည်း။ (၇)

၄၄၂။ ထိုသို့ဒုက္ခ၊ ခံရသသူ၊ မရမူကား၊ ကြီးသူစည်းစိမ်၊ ချမ်းငြိမ်သုခ၊ ယိုထတုံလျက်၊ ကိုယ်ကိုဖျက်သည့်၊ ကျင့်ပျက်ဆိုးဝါး၊ ထိုသူ့အားလည်း၊ သနားထိုက်စွာ၊ ဥပမာမူ၊ ရာဇဝတ်နှင့်၊ မလွတ်သော့အား၊ ကြင်ယော†ကျားကို၊ လမ်း†ကြားလှည့်ကာ၊ မင့်အာ†ဏာဖြင့်၊ မျက်†နှာလေးပြင်၊ ရပ်ဝန်းကျင်နှိုက်၊ အထင်အရှား၊ မင်းဒဏ်ထား၍၊ ဆောင်သွားထုတ်ရော၊ လူများစွာတို့၊ ကြင်နာသနား၊ အစားအသောက်၊ ခြိမ်းမြှောက်သဖြင့်၊ ပြည့်စုံလင့်လည်း၊ အသင့်လူ့ရွာ၊ လူ့ချမ်းသာဟု၊ သညာမမှတ်၊ ဥက္ကောင်းပြတ်လျက် လတ်လတ်ဤသူ၊ သေမည့်သူဟု၊ မှတ်ယူအသီး၊ သေခါနီးကြောင့်၊ သေပြီးသ†ဖွယ်၊ သနား†ဘွယ်သို့၊ အကယ်မျက်မြင်၊ စည်းစိမ်အင်နှင့်၊ မင်းပင်*တပဲ၊ တူမကွဲအောင်၊ *ဖြင်ပြဲ*ပေါယယ်၊ရွှေအိမ့်လယ်တွင်၊ ကြီးကျယ်ချမ်းသာ၊ ဤလူ့ရွာနှိုက်၊မ*တကာသူ၊ အမူကျင့်ဆိုး၊ ထိုလူမျိုးကား၊ စောက်ထိုးပြောင်းပြန်၊ သည်းထန်လွန်ကဲ၊ မိုးငရဲနှိုက်၊ မလွဲ*တပ်တပ်၊ မြေလက်အပ်သို့၊ *စပ်စပ်မုချ၊ သေလျှင်ကျ၍၊ ဒုက္ခကြီးစွာ၊ ခံရရာကို၊ ကရုဏာတရား၊ ဖြစ်ကြောပွါးသည်။ ။သနားနောင်ဘို့ ရည်†ချောင်းတည်း။ (၈)

၄၄၃။ ကုသိုလ်တရား၊ ကြီးမားဘုန်းကံ၊ ရှေးကြောင်းခံနှင့်၊ အကြံသင့်စွာ၊ မိုး*နှယ်ရွာ၍၊ ရတနာရွှေငွေ၊ ရေသို့*တပဲ၊ ဝင်*မစဲတည့်၊ ကြော်သဲခြိမ့်ညံ၊ ခြေရံကျွန်သင်း၊ ဆင်မြင်းလယ်†ယာ၊ လွန်များစွာဖြင့်၊ †ရာနှင့်ရှစ်ဆယ်၊ လေးဆယ်ကုဋေ၊ ဥစ္စာတွေကို၊ မြေတွင်သိုမြှုပ်၊ ကြွယ်ပုပ်ကြွယ်စပ်၊ အထပ်ထပ်တိ၊ ခွက်ချပ်ပကတိ၊ လက်မထိဘဲ၊ *နက်ကျိ*ပုံကြွေ့၊ မြေ*ပုံ့ရွှေမျှ၊

ပြကတေ့ထုံး၊ နေ့စဉ်သုံးလည်း၊ တွက်ကျုံးမှန်ရှောင်း၊ စိတ်ပေါင်းဆဲ့တစ်၊ ခေါ်လစ်နာမ၊ အမ္ဗဏဖြင့်၊ အမ္ဗဏနှစ်ဆယ်၊ တဆယ်နှင့်ငါး၊ ချင့်မမှားအောင်၊ သုံးစား*ကုံကယ်၊ တကျမ်းဝယ်မူ၊ ဆယ်အမ္ဗဏ၊ တကုမ္ဘတည့်၊ ကုမ္ဘသုံးနှစ်၊ တစ်ဖြင့်ရင်း၊ ရေသူညောင်းမျှ၊ အပေါင်းသပြာ၊ သုံးနိုင်စွာသည့်၊ မဟာသာလ၊ ခတ္တိယက၊ဗြာဟ္မဏ ဂဟပတိ၊ မည်ယှိခေါ်ထွေ၊ ဘုန်းမိုးစွေသား၊ ရွှေအတုံးတုံး၊ ကြွယ်ကြီးသုံးသို့၊ ကျုံး၍*မကုံ၊ တောင့်*နှယ်ပုံမျှ၊ ပြည့်စုံဘောဂ၊ လိုမတနှင့်၊ ပုညတရား၊ နေ့တိုင်းပွါးလျက်၊ ကောင်းစားသည်သူ၊ လူတွင်ထင်ရှား၊ ထိုသူအားလည်း၊ ခုကားချမ်းမြွေ၊ ဘေးမတွေ့ဘဲ၊ ညနေ့ကုသိုလ်၊ စိတ်ကြည်†ညိုလျက်၊ မ†ငြိုမ†ငြင်၊ စည်းစိမ်အင်နှင့်၊ *ယာဉ်†ညင်စီးကာ၊ ဝမ်းမြောက်စွာ၏၊ ရံခါစိုးစိ၊ ခံမချိအောင်၊ ဉာတိဗျသန၊ သားမြေးစသည်၊ ပျောက်ရှသေဆုံး၊ လူတို့ထုံးဖြင့်၊ ပျက်ရှုံးဥစ္စာ၊ ကုန်ခန်းစွာလျက်၊ *ကြမ္မာညှံ့*စဲ၊ မှိုး*နှယ်*ဖွဲ့၍၊ မဲ့ခဲ့သော့အား၊ တပါးပါးကြောင့်၊ *ချောက်ချားပူလှိုက်၊ မီးပြင်းတိုက်သို့၊ ဖိုဟိုက်ဒုက္ခ၊ ဒေါမနနှင့်၊ သောကကြီးစွာ၊ တွေ့ပြီးခါလျှင်၊ ကိုယ်ပါဆုံးပါး၊ ပျက်ရငြားမည်၊ မမှားသတတ်၊ မှန်ဆတ်ဆတ်တည့်၊ မချွတ်အကယ်၊ ဒုက္ခကြွယ်ဟု၊ စိတ်ဝယ် ပိုင်းခြား၊ လွန်သနားလျက်၊ ရှေးလား နည်းဆို၊ မေတ္တာ*ကြိုသို့၊ ပုဂ္ဂိုလ်လေး၀၊ ကိုယ်ကစ၍၊ သီမသမ္ဘော၊ ရောက်ပစေမှ၊ သုံးထွေမှန်လှ၊ ဈာန်တိကလည်း၊ ကိစ္စပြီးစွာ၊ လောင်းပွင့်*လျှာလျှင်၊ ဒုက္ခာမုဋ္ဌန္တ၊ တခုသာယှိ၊ အနောမိနှင့်၊ သြဓိပုဂ္ဂိုလ်၊ ဆယ်ရပ်ဖြိုလျက်၊ ထိုထိုဝိကုဗ္ဗန၊ ထူးကိစ္စဖြင့်၊ ရာ့သုံးဆဲ့နှစ်၊ သုံးပြန်စစ်၍၊ ပွါးလစ်ရှုကာ၊ ကရုဏာဟု၊ သမာပတ်ရိုး၊ ဝိမုတ်မျိုးကို။ ။အုပ်စိုးလက်ရ ပိုင်တောင်းတည်း။ (၉)

၄၄၄။ ယင်းသို့ဒုတိယာ၊ ကရုဏာစေတော၊ သဘော*နိဿရည်း၊ ဝိမုတ်နည်းကို၊ သိမ်းဆည်းရွှေဉာဏ်၊ ပြီးစီးပြန်မှ၊ တတန်တတိယာ၊ မုဒိတာကို၊ တက်ကာတဗိုလ်၊ နယ်ချဲ့လို၍၊ ရွှေကိုယ်စဉ်းစား၊ အောက်နှစ်ပါးနှင့်၊ ထူးခြားမတူ၊ ချစ်သူမည်ကာ၊ မုဒိတာ၏၊ မှန်စွာကြောင်းရင်း၊ မဟုတ်လျှင်းဘူး၊ လွန်မင်းစွာဘိ၊ အတိပိယ၊ ချစ်သူကလျှင်၊ စ၍ပွါးသော်၊ သင့်တင့်လျော်ဟု၊ စိတ်ပျော်ကြည်နူး၊ လွန်ရှင်မြူးသား၊ အထူးချစ်သူ၊ ထိုသည့်လူကို၊ မြင်မူကြားရာ၊ ဤသတ္တာကား၊ လွန်စွာသောမနသ်၊ ပျော်မြူးတတ်၏၊ မပြတ်အနေ၊ ပျော်ပါစေဟု၊ ချစ်ဆွေကစ၊ ပိယမဇ္ဈ၊ ဝေရပုဂ္ဂိုလ်၊ သုံးဦးကိုလျှင်၊ *မငြိုငြင်လျှင်း၊ နှစ်သက်ခြင်းဖြင့်၊ လောင်းမင်းမြတ်စွာ၊ ဝမ်းတော်သာလျက်၊ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု၊ ပွါးရှုစိတ်က၊ ဖြစ်စေမှတည့်၊ သုခ*မြောက်†မြား၊ ချစ်သူ†များတို့၊ ပျက်ပြားဒုက္ခ၊ ရပြန်ကြလည်း၊ ရှေးကပျော်ဘူး၊ အထူးနှောင်ခါ၊ ပျော်ဦးရာဟု၊ မုဒိတာဖြစ်ဘို့၊ အကြောင်းတို့ကို၊ ဤသို့ရှာ၍၊ အောက်မေ့သော့အား၊ အစဉ်ပွါးသော်၊ သုံးပါးဈာန်ပါ၊ ကရု

†ဏာသို့၊ ဝိကုဗ္ဗ†နာကိစ္စ၊ ပြီးထတုံလတ်၊ လိုတိုင်းတတ်လျက်၊ သမာပတ်မျိုး၊ လက်ရစိုးသည်။ ။လမ်းရိုးမလွန် မစောင်းတည်း။ (၁၀)

၄၄၅။ မေတ္တာ ကရုဏာ၊ မုဒိတာဟု၊ သုံးဖြာတက်၍၊ လောင်းဘုန်း *ဟော့လျှင်၊ စေ့စေ့တဘန်၊ ဆင်ခြင်ပြန်က၊ အောက်စျာန်သုံးပါး၊ သတ္တဝါ များနှိုက်၊ လိုက်စားသတတ်၊ ပဋိဃာတ်နှင့်၊ နီးလတ်စွာလှ၊ သောမနကြောင့်၊ ရှင်ပရန့်ရင်း၊ မကင်းအပြစ်၊ ငြိမ်သက်ဖြစ်ဖြင့်၊ ဥပေက္ခာ့ဂုဏ်၊ နိသင်ဟုန်ကို၊ ဆန်စုန်ထက်အောက်၊ ရွှေဉာဏ်လျှောက်၍၊ မွေ့နှောက်တုံလျက်၊ လွန်မွေ့ညက် ဟု၊ နှစ်သက်ကျိုးမြင်၊ ထင်ဘိရကား၊ အောက်သုံးပါးမှ၊ နည်းသွားပြန်ဘောက်၊ ရွှေမှနောက်လျှင်၊ *ကမောက္ကမ၊ စဥ်မကျဘဲ၊ ပက္ခတသွယ်၊ ဝါကျနွယ်၍၊ ပွဲ*နှယ်စုန်း†ကြူး၊*ကျီးတ†ကျူးဖြင့်၊ ထူးဘိတမူ၊ လေးမျိုးလူတွင်၊*လျစ်လျူ ပကတိ၊ သူစချီ၍၊ ထိုပြီးနောက်မှ၊ ပိယ အတိပိယ၊ မဇ္ဈဝေရီ၊ ကိုယ်နောက် စီလျက်၊ အညီသမ၊ လူလေးဝန်းက်၊ မဇ္ဈတ္တနည်း၊ *လျစ်လျူချည်းလျှင်၊ တမျိုး တည်း†မှတ်၊ က†မ္မဿကာ၊ ဤခြင်းရာဖြင့်၊ မြဲးစွာရှုထ၊ သီမသမ္ဘေ၊ ရောက်တုံ စေ၍၊ ဥပေက္ခေကဂ္ဂတာ၊ အင်္ဂါဒွယ၊ ဒုဝင်္ဂနှင့်၊ စတုတ္ထမှန်၊ တပါးတန်ဟု၊ စျာန်ကိုပိုင်မိ၊ *ချက်ရိုင်သိလျက်၊ သန္တိဘူတာ၊ ငြိမ်သက်စွာလျှင်၊ ကရုဏာ အလား၊ နည်းမခြားဘဲ၊ ဝင်စားစိုးအုပ်၊ ဝိကုဗ္ဗနာ၊ လိုရာပြုတတ်၊ သမာပတ်ဖြင့်၊ အထွတ်ထိပ်စီး၊ ပြီးခဲ့ကေန်၊ ကြွင်းမကျန်အောင်၊ နည်းမှန်လမ်းပေါက်၊ ဝိဇ္ဇာ မြောက်သည်။ ။ထွင်းဘောက်ရွှေကိုယ် ပွင့်လောင်းတည်း။ (၁၁)

၄၄၆။ ဝိဇ္ဇာပြီးမြောက်၊ လမ်းကြီးပေါက်၍၊ မောက်မောက်*ဖြိုး†မြင့်၊ ငြမ်းလေးဆင့်သို့၊ မြှောက်†မြင့်လို*ခွန်း၊ သူမညွန်းဘဲ၊ *သွန်းသွန်းလွှယ်ကူ၊ စျာန်လေးဆူကို၊ စိုက်ထူမိုးလောက်၊ တည်ဆောက်ကိစ္စ၊ ပြီးစီးမှတည့်၊ ငါးရာ့ အလှစ်၊ နှစ်ဆဲ့ရှစ်ဟု၊ ထိုမေတ္တာအား၊ စျာန်သုံးပါးဖြင့်၊ မြှောက်ပွါးအဖြောင့်၊ တထောင့်ငါးရာ၊ ရှစ်ဆယ်သာ၍၊ စွန်းပါလေးခု၊ စျာန်အစုတည့်၊ ကရုဏာမုဒိ၊ ရှေးအယှိုကို၊ ပွါးဘိတဘန်၊ ထိုစျာန်တိက၊ နည်းအ†ရဖြင့်၊ သုံး†ရာ့ကိုးဆယ်၊ ခြောက်သွယ်လွန်စီ၊ အညီအညာ၊ ရစပါလျက်၊ ဥပေက္ခာမမ္မ၊ မပွါး†ရကြောင့်၊ †ရာ့သုံးဆဲ့နှစ်၊ ရှေးတိုင်းဖြစ်နှင့်၊ ပေါင်းရှစ်ပိုထ၊ ငါးရာ့နှစ်ထောင်၊ သင်္ချာ ဆောင်သား၊ *မြားမြောင်လှစွာ၊ အပ္ပနာကို၊ ခါခါဘန်ဘန်၊ ချာမချန်ရှင့်၊ အမှန်တွက်စစ်၊ ဆဲ့နှစ်နှစ်လုံး၊ အားသစ်ကျုံး၍၊ သင်ထုံးကိစ္စ၊ တသိပ္ပဟည့်၊ ဒင္ဂနေ၊ မည်ပြု*ပြဋ္ဌာန်း၊ *ခိုင်ကျန်းခက်မာ၊ လူတို့ရွာလျှင်၊ သင်္ချာခေါ်ရေး၊ ငါးရွှေးတပဲ၊ ဆဲ့ခြောက်ပဲးမူ၊ မှတ်ယူတကျပ်၊ လေးကျပ်တပိုလ်၊ လောကီ ဆိုတိုင်း၊ ယင်းပိုလ်နှစ်ထောင်၊ တင်ဆောင်ပိုက်ကွေး၊ ဆရာ့လေးဖြင့်၊ မြားရေး ကြီးငယ်၊ လွန်အံ့ဘွယ်အောင်၊ လေးသွယ်ဆဲ့နှစ်၊ ဆွဲးငင်ပစ်သား၊ မှန်ယစ်

ပေါက်ထီး၊ ဆင်*ပြောင်ကြီး၏၊ ငါးစီးအားအန်၊ ယောကျ်ားလွန်တို့၊ ကျမ်းဂန်အလာ၊ လေးတောင်တာဖြင့်၊ တာနှစ်ဆယ်မှန်၊ နွားတတွန်၏၊ လေးပြန်ဥသဘာ၊ ရေဝယ်ချလျက်၊ ရှစ်ဆလွန်ကဲ၊ မြေထဲကောင်းကင်၊ စူးဝင်ပျံတက်၊ အောက်ထက်အလား၊ ဘီလာအားမူ၊ နွားမင်းတကျ၊ ဥသဘဖြင့်၊ တရာ့ခြောက်ဆယ်၊ အပြန်ကယ်သည့်၊ လူဝယ်သမုတ်၊ နှစ်ဂါဝုတ်တိုင်၊ မယုတ်ကေန်၊ ပျံသွား*ကွန်အောင်၊ လျင်မြန်*လျပ်†လျပ်၊ မိုးတ†လျှပ်နှိုက်၊ ထပ်ထပ်စဉ်လျက်၊ ခုနစ်ချက်နှင့်၊ ရှစ်ချက်မြားရေး၊ လက်မထွေးသို့၊ မနှေးအမြန်၊ ဝသီဉာဏ်တိုင်၊ ပြန်ပြန်မပြတ်၊ ဝင်စားလတ်၏၊ အမြတ်အမြတ်၊ ထိုဈာန်ခတ်နှင့်၊ သမာပတ်သုခ၊ အစဉ်မျှလျက်၊ ဗြဟ္မဝိဟာ၊ ဘာဝနာတရား၊ ပွါးသော့အားဖြင့်၊ ရှည်လျားကာလ၊ သက်ဆုံးကျအောင်၊ ကာမအာရုံ၊ ဇလေ့မထုံဘူး၊ ငါးစုံနီဝရဏ၊ ကွာထအဟုတ်၊ ဈာန်မယုတ်ဘဲ၊ သမုဒ်ကျယ်နက်၊ ပင်လယ်စက်တွင်၊ အထက်လေးသောင်း၊ အောက်လေးသောင်းတို့၊ ထောင်းထောင်းချောက်ချား၊ လေနှင့်ငါးကြောင့်၊ လှုပ်ရှားမပြတ်၊ မတည်တတ်တည့်၊ လေလွတ်ငါးရှင်း၊ တုန်လှုပ်ကင်းသည့်၊ လယ်တွင်းမဈေ၊ လေးထောင်ရေနှင့်၊ ခုနစ်ခွေရစ်၊ သီတာမြစ်တို့၊ စင်စစ်ငြိမ်သက်၊ မလှုပ်လက်သို့၊ ကေဂ္ဂတာ၊ တည်ကြည်စွာလျက်၊ အပ္ပမာဏာရမ္မ†ဏ၊ ဈာန်သုခဖြင့်၊ ဈာ†နစည်းစိမ်၊ စမွယ်ငြိမ်သည်။ ။မွေ့သိမ်ကိုယ်စိတ်ထိန်း†ကျောင်းတည်း။ (၁၂)

၄၄၇။ မဟာဗောဓိ၊ ပွင့်ဉာဏ်ယှိသား၊ သီရိပဝရ၊ ကြီးတေဇနှင့်၊ မဃဒေဝေါ၊ လောင်းဘုန်းမော်လျှင်၊ သက်တော်ရှည်တိုင်း၊ မခိုင်း*မမျဉ်၊ သမ္ဗဇဉ်နှင့်၊ ယဉ်ယဉ်ကျေး†ကျေး၊ ဈာန်ရေဆေး၍၊ ညစ်†ကြေးသန့်†လျှော်၊ လွန်မွေ့လျော်လျက်၊ ရွှေဘော်မယှဉ်၊ မြဲအစဉ်တိ၊ ပညာဉ်မဆိတ်၊ ဉာဏ်တိဟိတ်ဖြင့်၊ ကိုယ်စိတ်ထိန်း†ကျောင်း၊ မတိမ်းစောင်းဘဲ၊ လမ်း†ခကြောင်းမှန်လှ၊ ခရီး†မသို့၊ ဗြ†ဟ္မဝိဟာ၊ ဘာဝနာနှိုက်၊ ငါးဖြာဝသီ၊ ယှဉ်မှီပွါးရှောင်း၊ *နှစ်ထောင်းကြည်နူး၊ ဈာန်ပျော်†ကြူး၍၊ ကျော်† ကျူးလူ့နှစ်၊ ရေတွက်စစ်သော်၊ ရှစ်သောင်းလေးထောင်၊ လွန်ခဲ့အောင်လျှင်၊ ဈာန်ရောင်မညှိုး၊ တိုးထက်တိုး၏၊ ရေအိုးမီးပစ်၊ စင်စစ်ထို့နည်း၊ မစောင့်စည်းက၊ မီးလည်းငြိမ်းစဲ၊ အိုးလည်းကွဲသို့၊ မမြဲတတ်စွာ၊ ဥပမာသို့၊ ဆရာဆုံးမ၊ မရလျှပ်ပေါ်၊ ဘိညာဉ်ပျော်လျက်၊ မော်မိ မော်မန်း၊ မြူးပျံသန်း၍၊ ယက်ကန်းသည်မ၊ သံဂီတကြောင့်၊ လျောကျဈာန်ကွယ်၊ ရှင်သူငယ်နှင့်၊ တသွယ်ထိုမှ၊ ဂုဏ်မရ၍၊ ဂုဏ်ရအောင်လုပ်၊ စုံးစုံးငုပ်အောင်၊ မြေမှုပ်လျှိုးဝင်၊ စမမြင်သည့်၊ ရှင်ဒေဝဒတ်၊ မမြတ်စိတ်ထား၊ ထိုသူများတို့၊ မပွါးလေ့ကျက်၊ ရကာပျက်သို့၊ မနက်အကျိုး၊ မယှိုနိုးတည့်၊ မိုးနှင့်မြေထဲ၊ မကွဲထပ်တူ၊ ဘိညာဏ်ဟူလည်း၊ လွယ်ကူမဆိုင်း၊

စိတ်ကြံတိုင်းဖြင့်၊ ကသိုဏ်းမှုကြီး၊ စုစုပြီးသည်။ ။ရွှေထီးအထွတ် တင်ဆောင်းတည်း။ (၁၃)

၄၄၈။ ထိုသို့မှုကြီး၊ ကိစ္စပြီးလျက်၊ *စောဓိဒေဝ၊ ဣသိန္ဒကား၊ ကာလကြာ *ညောင်း၊ ရှစ်သောင်း ကျော်၍၊ လေးထောင် စေ့က၊ ချမ်းမြေ့သာယာ၊ မင်္ဂလာကျော်ခြီး၊ မြို့ပြင်နီးဝယ်၊ နှုတ်သီးသန္တာ၊ ကိုယ်စိမ်းဝါနှင့်၊ တမာ ဘောင်းကား၊ ကုလား ကျေး†ကျုတ်၊ မြည်† ကြုံတ်ကြုံတ်တည့်၊ ဥပုတ် ဥချီး၊ ဇီဝ†ဇိုးက၊ ပြည်†စိုး ဥဒေါင်း၊ စားမြိ အောင်းတို့၊ ငှက်ပေါင်းသားပုံ၊ သံစုံတွန်ထူး၊ ကျော်ရင့်ကျူး၍၊ စန္ဒကူးဖြူနီ၊ သရာဘီ ပုန်းညက်၊ကရမက်အ*မွန်၊ သာရဂန်ဟု၊ *သရက္ခန် အကျော်၊ ကန့်ကော်သာနိုး၊ နတ်တို့ပျိုးသို့၊ မွှေးမျိုးထုံစွာ၊ ပင်နံ့သာက၊ မြည္ဘာတူ*နှုန်း၊ အင် ဂမုန်းနှင့်၊ ပန်း*သုန်း သော်က၊ လှိုင်သင်း†ပျံလျက်၊ ပေါက်† ပြသာမော၊ သရက်တောတိ၊ မင်း*စောပထမ၊ တည်ထောင်စသား၊ မဃဒေဝ၊ အမ္ဗဝနေ၊ *သေဥ်မြေ*နဂိုရ်၊ သာနုပျိုသည့်၊ထိုဥယျာဉ်ကြီး၊ ပျော်မငြီးနိုက်၊ တသီးဆုံးဆိုက်၊ ဇာတိလိုက်ဖြင့်၊ လူ့နိုက်ခန္ဓာ၊ ဓမ္မတာဟု၊ ဇရာ မရဏ၊ ဤကိစ္စလည်း၊ ဘဝဆုံးသတ်၊ ဝန်းဝန်းပတ်လျက်၊ ရဟာတ်ညီးညီး၊ စက်လှည်းဘီး၏၊ အပြီးမယိမ်း၊ အနားသိမ်း၍၊ မတိမ်းစေ့စပ်၊ မြဲးစွာကြပ်သား၊ အကွပ်ပမာ၊ အဆုံးလာသော်၊ မရဏာသန်၊ ဇောငါးတန်သို့၊ ချက်မှန်ကျကာ၊ ပွဲးလေ့လာတိုင်း၊ သတ္တာရမ္မဏ၊ ကမ္မနိမိတ်၊ ထင်သည့်ဟိတ်ကြောင့်၊ မဆိတ်ဘုံလေ့၊ စုတိရွှေမှ၊ ပြန်၍ရေလစ်၊ သုံးဆဲ့နှစ်နှင့်၊ တဆစ်မဘောက်၊ တဆဲ့ခြောက်က၊ ချုပ်ပျောက်ငြိမ်းလျက်၊ ဝင်ထွက်သက်လျှင်း၊ မဆက်ကင်းဘိ၊ ကြွင်းမယိုဘဲး၊ စုတိရောက်ခါ၊ ဗောဓိ*လျှာတို့၊ ပညာသာယှို၊ နည်းမသိ၍၊ ပြုမိပြုရာ၊ မိစ္ဆာယှဉ်ပူး၊ သမ္မာကျူးလျက်၊ လေရူးလွင့်သွား၊ သဘော်လားတိ၊ မှန်မှားမသိ၊ ချောက်ချိချောက်ချက်၊ ဘဝင်ရောက်ကြ၊ မဆုံးဆသား၊ ရာမပုတ္တ၊ ဥဒကနှင့်၊ အာဠာရဆရာ၊ ထိုပမာသို့၊ သံသရာလမ်းသွား၊ ခရီးမှားသူ၊ မဟူတုံဘိ၊ မြဲးဂတိဖြင့်၊ ဗောဓိဆုရ၊ နိယတကြောင့်၊ အဘာဗ္ဗပညပ်၊ ဆဲ့ရှစ်ရပ်နှင့်၊ မစပ်တုံစွ၊ ကင်းဝေးပလျက်၊ ဗြဟ္မလောကူပဂေါ၊ ပဥ္စဝေါနိုက်၊ သဘောစင်စစ်၊ ဖြစ်မြဲးဖြစ်၍၊ ဆိုးညစ်ယုတ်မာ၊ လူ့ခန္ဓာဟု၊ လူ့ရှာကိုယ်ပုပ်၊ လူ့ရုပ်*တလွှ၊ ကလေဝကို၊ စွန့်ချစမြဲး၊ မြွေရေလဲးသို့၊ လွှဲး၍ တဆစ်၊ ပယ်ခဲ့†ပစ်မှ၊ ပြေ†ပြစ်မယုတ်၊ ချင့်တာထုတ်မူ၊ ဂါဝုတ်သုံးဆ၊ ပမာဏဖြင့်၊ မဂဓခေတ်၊ နှစ်နှင့်သုံးရွာ၊ ကြီးကျယ်စွာသား၊ မဟာကာယ၊ ဥက္ကာကျသို့၊ ဗြဟ္မာ့ကိုယ်ရောင်၊ ထွန်းလင်းပြောင်၍၊ ဘုံဆောင်တခန်း၊ ဗြဟ္မာ့နန်းကို။ ။သိမ်းမြန်းစမွယ် စံ†ပြောင်းတည်း။ (၁၄)

(ဤကား သက်ပိုင်းလားရာ-ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသတည်း။)

ဗြဟ္မဝိဟာရစရိယခဏ်း ၁၄-ပိုဒ် ပြီး၏ ။

## ဉ-အပါယ်ဘုံခဏ်း

၄၄၉။ မှတ်လေ့စဉ်ဆက်၊ ဤအချက်နှိုက်၊ ဖြစ်ပျက်လားလာ၊ ကျင်လည်စွာသား၊ သတ္တဝါ*အထု၊ မျှားအစု၏၊သုဘာသုဘ၊ ကမ္မပစ္စည်း၊ သမုဒည်းဟု၊ *အထည်းညစ်တော၊ကံကိလေကြောင့်၊အိုသေမပြတ်၊တပတ်ပတ်ဖြင့်၊နာနတ်ဂတိ၊ လားဟန်ယှိကို၊ ဘူမိတထွေ၊ သန္ဓေတဝ၊ ကမ္မမရဏုပ်၊ ပေါင်းချုပ်လေးပါး၊ လေးလီပြားလျက်၊ ပိုင်းခြားသမှု၊ ခွဲဝေပြု၍၊ စတုစတုက်၊ ဝီထိမုတ်ဟု၊ မိန့်ထုတ်သင်္ဂြိုဟ်၊ လက်သန်းဆိုနှင့်၊ ထိုထိုကျမ်းယှိ၊ သုံးပုံညှိ၍၊ ဘင့်ဘိစဘွယ်၊ အခွင့်နွယ်လည်း၊ ပင်လယ်သမုဒ်၊ ရေ*အစုတ်သို့၊ ပါဠိပုဒ်ဓိပ္ပါယ်၊ မလွယ်နည်းနာ၊ ကျယ်နက်စွာကြောင့်၊ လင်္ကာအချုပ်၊ နည်းသရုပ်ဖြင့်၊ အုပ်၍ရုံးခြယ်၊ သိစလွယ်ပိမ့်။ ။မှတ်ဘွယ်သံခိပ်၊ စေ့စိပ်ဆုံးဖြတ်၊ လာလတ်ဂန္ထန်၊ မှန်ကန်လမ်းကျဝေခြားတည်း။ (၁)

၄၅၀။ ဟောဆိုပြပိမ့်၊ မူလပါဠိ၊ ကျမ်းလာယှိတိုင်း၊ သိလေ့အလွယ်၊ မျိုးလေးသွယ်တို့၊ ပါယ်သုဂတိ၊ ဘူမိကာမ၊ ရူပ အရူပ၊ ကံလေးဝတွင်၊ ပါပကမ္မ၊ အကုသသန္နိက်၊လောဘမူဟိတ်၊ ဒါနပိတ်၍၊ပြိတ္တာ အသူရကာယ်၊ ဘုံအပါယ်သို့၊ လားဘွယ်မှတ်ယူ၊ ဒေါသမူကား၊ ငြူစူပြစ်မှား၊ အမျက်များ၍၊ လား၏ငရဲ၊ မလွဲအနေ၊ တွေဝေမောဟ၊ ဟိတ်မူလကြောင့်၊ သုနခ သုနခိ၊ သုကရိ သုကရ၊ ခွေးဝက်စသား၊ နိမ့်ကျယုတ်မာ၊ မိုက်မဲးစွာဖြင့်၊ နာနာသဏ္ဌာန်၊ တိရစ္ဆာန်ဘုံ၊ ဖြစ်တုံမှတ်ဘိ၊ ကြောင်းရင်းသိလေ့၊ ထိုပြီးတခြား၊ တစိတ်အားဖြင့်၊ တပါးကျမ်းလာ၊ ခွဲးစိတ်ဖြာ၍၊ ကမ္မာနုရူပ၊ ဂတိပြကား၊ ကာမရာဂ၊ ဗဟုလကြောင့်၊ ဝနစရကာ၊ညစ်ညူးစွာတိ၊ဟင်္သာ ဝမ်းဘဲ၊ ချိုးမွဲး ခို|ကြက်၊ကျေး ဆက်ရက်နှင့်၊ ကျက်|ကျက်နွေညှ၊ တရွရွဖြင့်၊ ရာဂကြီးမား၊ တပ်မက်များသား၊ မြည်း လား သိုး ဆိတ်၊ အဟိတ်ဇာတိ၊ ဖြစ်ဘိတုံက၊ မောဟမိုက်ကံ၊ ပူစီမံသော်၊ ပိုးနှံလောက်ရွ၊ တီ မျှော့စသည်၊ ဖြစ်ကြ*အထု၊ အစုစုတည့်၊ ကောဓုပနှာ၊ ပြင်းစွာငြိုးထား၊ ဘွဲ့သော့အားဖြင့်၊ ကြီးမားမျက်သက်၊ ကံပျက်ကျိုးပေး၊ မြွေပွေးမြွေဟောက်၊ မထိ*စောက်အောင်၊ ဆိပ်တောက်လွန်ဆိုး၊ လူကိုင်ငြိုး၍၊ လိမ်ချိုးကြမ်းကြုတ်၊ သတ်ပုတ်ခံရ၊ ဆင်းရဲးကြ၏၊မာနခက်|ထန်၊ သမု|ဌာန်မူ၊ အလွန်ကြမ်းလေ့၊ ဆိုးမာန်ငွေ့နှင့်၊ ခြင်သေ့ယောနိ၊ ဖြစ်တုံဘိ၏၊ အတိမာန၊ သုနခနှင့်၊ ဂဒြဘဇာတ်၊ မမြတ်ညစ်တော၊ မဇ္ဈေ ဂ္ဂဃာ၊ ယုတ်မာငြူစူ၊ ကံမူမျောက်မျိုး၊ နွတ်ဆိုးဖရှယ်၊ ကံကြမ်းကြုတ်ကား၊ငှက်|ယုဘ်ကာက၊ဘဝရှန့်ရင်း၊ ဖြစ်သိမ်ဖျင်း၏၊ ဆင် မြင်း ကျွဲးနွား၊ စသည်များကို၊ သနား*မဲ့လတ်၊ ပုတ်ခတ်ရိုက်နှက်၊ နှိပ်စက်ထန်ပြင်း၊ ပြုကြခြင်းကြောင့်၊ ကင်းနှင့်ဗုဂ္ဂန်၊ ဖြစ်မ*မွန်တည့်၊ လျှော့ကျွန်လိုက်၍၊ မိုက်မိုက်ရွှးရွှး၊ သားစားကြူးနှင့်၊ ရွှး ရှုးမျက်လို၊ ဝန်တိုကြီးမား၊ ထိုသူများကား၊ သစ် ကျား အောင်း ဝံ၊ ကြောင် ဖျံ မြေ ခွေး၊ ဖြစ်နုပ်

သေး၏၊ လျှုပေးမျက်ထွက်၊ ဒေါသဘက်၍၊ နှစ်ချက်ကမ္ဘ၊ မိဿကဖြင့်၊ ဒွယကာရီ၊ လေ့ဝသီကြောင့်၊ နာဂီ နာဂ၊ သုပဏ္ဏသို့၊ သုခကြီးကျယ်၊ တန်းခိုးကြွယ်လျက်၊ မျိုးနွယ်အဟိတ်၊ အပါယ်စိတ်နှင့်၊ မဂ်ပိတ် ဈာန်ကင်း၊ ဘဝဖျင်းသား၊ အလင်းမယှိ၊ ဇာတိယုတ်တန်၊ တိရစ္ဆာန်နိုက်၊ သဏ္ဌာန်အသွား၊ အကျင့်အားဖြင့်၊ သုံးပါးကန့်လန့်၊ ဘီလာ*ဆန့်သည်။ ။ဘုန်း*ကြန့်ယုတ်မာ၊ သညာကေတ်၊ နာနတ်သဏ္ဌာန်၊ ဟန်ပန်ကြမ်းစွ ထွေပြားတည်း။

(တိရစ္ဆာန်ဘုံခဏ်း ၂-ပိုဒ်)

၄၅၁။ ယထာကမ္မ၊ သရိက္ခဖြင့်၊ ဝိပါကဝဋ်၊ မြဲမချွတ်ကို၊ မှတ်လော့တသွယ်၊ သိစလွယ်စိမ့်၊ အပါယ်တသီး၊ လူမနီးသား၊ တောကြီးမိုက်မှောင်၊ ဟောဝန်ချောင်နှင့်၊ တောင်ဂိဇ္ဈကုဋ်၊ မည်းကြုတ်မှိုင်းဟုံ၊ ပြိတ္တာ့ဘုံဝယ်၊ ညှိုးကြုံဒုက္ခ၊ ခံကုန်ရသား၊ ပါကကံကျိုး၊ အမျိုးမျိုးတည့်၊ ညစ်ဆိုးယှုမှား၊ မိစ္ဆာအားဖြင့်၊ သုံးပါးမြတ်စွာ၊ ရတနာနိုက်၊ သဒ္ဓါမယှိ၊ ဒိဋ္ဌိအန္ဓ၊ မိုက်မောဟကြောင့်၊ ဓမ္မကျင့်*မှန်၊ သီလဝန်မည်မှန်း၊ ရဟန်းပုဏ္ဏား၊ သူမြတ်များအား၊ တရားချွတ်ယွင်း၊ ပြစ်မှားခြင်းဖြင့်၊ စားကြွင်းသောက်†ဖတ်၊ ရှံဘွယ့်†ဘတ်နှင့်၊ မမြတ်မလေး၊ နှပ် တံထွေးကို၊ ပေးတတ်သသူ၊ ထိုသည့်လူတို့၊ ဝိရူပကာ၊ ဆိုးစွရုပ်ဝါ၊ ရေစာမဝ၊ မွတ်တေ်လှလျက်၊ တောင့်တမပြတ်၊ သူ့အန်ဖတ်ကို၊ ညစ်ပတ်ယုတ်မာ၊ စားရစွာသား၊ သညာမည်ရ၊ ဝန္တာသဟု၊ ပေတတမျိုး၊ လိုဆိုးတသီး၊ အမိုက်ကြီး၍၊ *မတီးမရာ၊ မအပ်စွာကို၊ ¦အနာဒရ၊ ပေးတတ်စွကြောင့်၊ မွတ်လှစာရေ၊ ရှာဘွေမမြင်၊ မစင်မကြယ်၊ ရှံဘွယ်စက်ဆုပ်၊ ကောင်ပုပ်အသား၊ ဆိုးရွားယုတ်မာ၊ ဆင်းရဲစွာလျှင်၊ တွေ့ရာစားရ၊ ကုဏပဟု၊ ပေတတမျိုး၊ မြတ်နိုး*မဲ့ငြား၊ သူတော်များကို၊ ကျွဲး နွား ခွေး ဝက်၊ မစင်ဖက်၍၊ အပျက်သည်းမူ၊ စားစေသူတို့၊ ဂူထခါဒက၊ အမည်ရသား၊ ပေတတမျိုး၊ ရှိုးရှိမ်းစပ်ပူ၊ ကျိုက်ကျိုက်ဆူကို၊ *ပအူ ပစေး၊ အလေး*မဲ့မူ၊ ပြု၍ပြစ်မှား၊ ပျက်လိုအားဖြင့်၊ သောက်စားစေခြင်း၊ ကံအရင်းကြောင့်၊ ခံတွင်းမီးလျှံ၊ တောက်ပျံပွက်ပွက်၊ ဘွားဘွားထွက်၍၊ နှိပ်စက်ကြီးလှ၊ ဒုက္ခ*တိုင်ထိ၊ ခံမချိသား၊ အင်္ဂါဇာလ၊ ပေတတမျိုး၊ ကောင်းကျိုးမသိ၊ လောဘငြိ၍၊ မိမိလိုလို၊ လှူကုသိုလ်နိုက်၊ ကိုယ်လည်းမလှူ၊ သူ့အလှူကို၊ မလှူစေချင်၊ ပိတ်ပင်တတ်ဘိ၊ လူဒိဋ္ဌိတို့၊ သူစိမ့ခ၊ အမည်ရသား၊ အပ်မျှခံတွင်း၊ ရေစာသွင်း၍၊ အလျှင်းမရ၊ ကြီးဒုက္ခနှင့်၊ ပေတတမျိုး၊ ကျင့်ဆိုးမိုက်တန်၊ မိစ္ဆာဉာဏ်ဖြင့်၊ ရေကန်ရေတွင်း၊ ဖျက်ဆီးခြင်းကြောင့်၊ ပြင်းပြမပြတ်၊ စာရေမွတ်သား၊ တဏှာနိက၊ ပေတတမျိုး၊ ဘေးဘိုးရွယ်နီး၊ သက်ကြီးလူအို၊ သူတို့ကိုလျှင်၊ မရိုမသေ၊ *မထေလေးစား၊ မိုက်အား*မာန်သည်း၊ *မယမ်းပည်းဘဲ၊ *မရည်းမခန့်၊ ကန့်လန့်ထော်လော်၊ ကြားမလျော်အောင်၊ မူးမော်မတံ၊ ယစ်နံ့*ဖရဉ်၊ *နွားချဉ်နွားခါး၊ စကား

ချော်|ပျက်၊ နှုတ်သွမ်းသွက်နှင့်၊ |ပြက်ရိပြက်ရယ်၊ ဆို|ပျက်ပြယ်လျက်၊ ချုပ်
ချယ်စော်ကား၊ ပြုသူများတို့၊ အလားမလှ၊ အပါယ်ကျ၍၊ ယမလောကီ၊
ဒုဂ္ဂတိနှိုက်၊ မျက်စိ မျက်နှာ၊ အင်္ဂါဆိုးယုတ်၊ မည်းကြုတ်ကြုတ်နှင့်၊ သစ်ငုတ်
မီးလောင်၊ တူယောင်တ|ရှိ၊ ကြောက်ဘွယ်|ယှိသား၊ သုနိဗျာမကာ၊ ပေတ
တမျိုး၊ အဖြစ်ဆိုးသည်။ ။မိုက်ကျိုးခံကာ၊ ခန္ဓာနာနတ်၊ ဆာမွတ်လွန်|ထန်၊
သ|ဏ္ဍာန်နွမ်းလျ ရေသားတည်း။ (၁)

၄၅၂။ ကာမရာဂ၊ ကိလေသကြောင့်၊ အဓမ္မပြု၊ *မုဒိမ်းမှုဖြင့်၊ သူ့ကို
လိမ်လစ်၊ ကုတ်ခြစ်ချိုး|ဖဲ့၊ အနိုင်ယှဲ့လျက်၊ ဘယ်|ဘဲ့မဟူ၊ ကျင့်တတ်သူတို့၊
ညည်းညူမချိ၊ ခံရဘိသား၊ မိမိသွေးသား၊ မိမိစား၍၊ ကြီးမားဒုက္ခ၊ သတ္တင်္ဂဟု၊
ပေတတမျိုး၊ သူကိုးကွယ်မှတ်၊ ပြာသာဒ်ကျောင်းသိမ်၊ နေအိမ်စကြံ၊ သူ့အရံကို၊
သွားအံ*ခဲးကြိတ်၊ *မရှုဆိတ်ဘဲး၊ မျက်စိတ်ငြူစူ၊ ဣဿာထူလျက်၊ မဖြူတရံ၊
မကောင်းကြံဖြင့်၊ မီးလျှံရှို့တိုက်၊ ထိုသူမိုက်တို့၊ ကိုယ်နှိုက်လောင်ညီး၊ မီးတောင်
ကြီးသို့၊ ပျက်စီးငိုငြင်၊ ခံရကျင်သည်၊ ပဗ္ဗတင်္ဂ၊ ပေတ တမျိုး၊ ဆိုးဆိုးဝါးဝါး၊
မြွေ ကျား ရုပ်ယောင်၊ သူကြောက်အောင်လျှင်၊ ဟန်ဆောင်ပြစ်မှား၊ ခြောက်သူ
များတို့၊ ရှည်လျားကာ|ယ၊ ကြီးေ|ရနှင့်၊ ညကိုမီးခဲး၊ နေ့ဆင်းရဲးဖြင့်၊ အမြဲး
ဒုက္ခ၊ ခံရမပြီး၊ စပါးကြီး သမင်၊ ကျားသွင်အလား၊ ကိုယ်ကားမပါ၊ ခေါင်းသာ
လုံးလုံး၊ အသားတုံးမျှ၊ ဖြစ်ကုန်ရသား၊ အဇဂရင်္ဂ၊ ပေတတမျိုး၊ မြတ်နိုးကုသိုလ်၊
ပြုကြည်ညိုလျက်၊ လင်ကိုကျော်|ကျူး၊ မိစ္ဆာ|ကြူးသား၊ ညစ်ညူးစာရီ၊
အလဇ္ဇီတိ၊ ဒုဿီမိန်းမ၊ ပါပိကနှင့်၊ ပရဒါရ၊ ကာမလိုလား၊ အိမ်ပြစ်မှားသည့်၊
ယောကျ်ားတစု၊ ထို*ရောရှုတို့၊ ကောင်းမှုနိသန်၊ ဘုံဗိမာန်ဝယ်၊ နတ်ဟန်*တပဲး၊
စံလခွဲးနှင့်၊ မိုက်မဲးကျင့်ကြံ၊ မကောင်းကံဖြင့်၊ ရုပ်နာမ်ဘောက်လဲး၊ သဏ္ဍာန်
လွှဲးလျက်၊ လခွဲးနိုရယ၊ ငရဲးကျ၍၊ သုခဒုက္ခာ၊ ရောရှက်စွာလျက်၊ ဝေမာနိက၊
အမည်ရသား၊ ပေတတမျိုး၊ စိုးရအာဏာ၊ ဥစ္စာခမ်းနား၊ ပြည့်စုံအားကြောင့်၊
ကြီးမားကျောင်းကန်၊ ဗိမာန်အရံ၊ ရွှေ*မွန်း|ကံ၍၊ စ|ကြံတင်းကုပ်၊
ဆောက်လုပ်မယုတ်၊ ဥပုသ်ဓမ္မအိမ်၊ ကျောင်းသိမ်ကစ၊ ကုသလကို၊ ပြုကြတုံ
လျက်၊ကိုယ်လက်မဖြောင့်၊ မစောင့်နှုတ်|လျှာ၊ တသက်|လျှာဝယ်၊ ပညာ*မဲ့ထ၊
မောဟန္ဓကြောင့်၊ သံဃိကဖြစ်ပြီး၊ ကျောင်းသစ်သီးနှင့်၊ ကျောင်းမီးကျောင်း
ရေ၊ သင်္ဃာ့မြေကို၊ *မထေလေးစား၊ ကိုယ်ပိုင်လားသို့၊ သုံးစားတတ်စွာ၊
လူ*တကာကား၊ ပြိတ္တာတို့ထက်၊ ပြိုးပြက်အရောင်၊ ဘုံဆောင်ခြွေရံ၊ ပတ်ခြံ
*ဝန်းလျား၊ ပြည့်စုံငြားလျက်၊ မစားရတတ်၊ အာမစွတ်ဘဲး၊ ငတ်မွတ်စာရေ၊

ခံနေရဘိ၊ တန်းခိုးရှိသည့်၊ မဟိဒ္ဓိက၊ ဤသို့စသား၊ ပေတလုံးစုံ၊ ပြိတ္တာဘုံနှိုက်၊ ရေတုံမပြီး၊ အသီးသီးသည်။ ။ဘုန်းကြီးမြတ်မွန်၊ ဟောညွှန်ကမ္ဗတ်၊ အာဏာတ်မှန်ကန်၊ ဂန္ထန်ကျမ်းပြု ဘွဲ့ကြားတည်း။ (၂)

(ပြိတ္တာဘုံခဏ်း ၂-ပိုဒ်)

၄၅၃။ ရာဂမနှင့်၊ နိ အယပုဒ်၊ ရှင်တော့်နှုတ်က၊ ဟောထုတ်ဝေဘန်၊ နိရုတ်မှန်သား၊ ခြောက်တန်ဖဿ၊ ခြောက်ဝ ဝေဒနာ၊ ဆင်းရဲစွာတည့်၊ အနိဋ္ဌာရမ္မဏ၊ ဒုက္ခ၏ချည်း၊ ကံပစ္စည်းကြောင့်၊ အူသည်းတွင်းပြင်၊ ဘယ်တွင်မလစ်၊ မီးခဲဖြစ် ၍၊ အသစ်အသစ်၊ လောင်ချစ်ချစ်နှင့်၊ အနှစ်သိန်းသန်း၊ ကုန်ခဲ့ကျွန်းလည်း၊ မခန်းဝိညာဉ်၊ အစဉ်ပူပြင်း၊ သာယာခြင်းမှ၊ ကင်းခဲ့လုံးလုံး၊ မီးလျှံဖုံး၏၊ သက်ဆုံးတိုင်အောင်၊ တပြောင်ပြောင်ဖြင့်၊ မျက်တောင်တရှက်၊ တရှူသက်နှင့်၊ မျက်စိတမှေး၊ ကြက်တငေးမျှ၊ မနေးနိုင်ဟူ၊ ကျိုက်ကျိုက်ဆူလျက်၊ ဘူမန္တရ၊ ဌာနလောင်ညီး၊ ပါယ်တသီးတိ၊ မြေကြီးနှစ်လွှာ၊ အလယ်ချာနှိုက်၊ မဟာပထဝီ၊ ဇမ္ဗူဒီ၏၊ အညီအောက်တွင်၊ စဉ်လျှောက်ဆင့်ဆင့်၊ နှိုင်းတာချင့်က၊ နိမ့်မြင့်မှတ်ဆောင်၊ သောင့်ငါးထောင်ချည်း၊ ကွာနည်းယူဇနာ၊ ခြားကာကာဖြင့်၊ သိလာအထိ၊ အဝီစိတိုင်၊ မီးတိရှင်ရှင်၊ တည့်ယှိုကျင်သား၊ ရှစ်ခွင်မဟာ၊ နိရယာနှင့်၊ ရံကာနေကြ၊ ဉဿဒက၊ ယမလောကီ၊ လောကန္တရိပ်ါ၊ ထိုဤလုံးစုံ၊ ငရဲဘုံကို၊ မှတ်ရုံအသင့်၊ ကံနှင့်တကွ၊ အကျဉ်းပြပိမ့်၊ မှတ်ကြသေချာ၊ လူတို့ရွာတွင်၊ ရာဇာချင်းချင်း၊ မင်းနှင့်မင်းက၊ စီးနင်းနိုင်ထက်၊ နှိပ်စက်*ပိုင်ကား၊ လက်ရုံးအားဖြင့်၊ တရားမတည်၊ လောဘစည်၍၊ တိုင်းပြည်လုယက်၊ ရွာဖျက်ယောကျ်ား၊ ခိုးသားစောရ၊ ဒါမြိကနှင့်၊ ထားပြလူဆိုး၊ ထိုသူမျိုးတို့၊ ရန်ငြိုးမျက်သို၊ အပျက်လို၍၊ သူ့ကိုငါသတ်၊ ပဋိဃာတ်နှင့်၊ သေလတ်ကုန်ကြ၊ ကံပါပကြောင့်၊ ပုနပုနံ၊ မဆိတ်ညံတည့်၊ အသံမ*စဲ၊ စစ်မြေပွဲသို့၊ ထိုးဟဲခုတ်ဟဲ၊ ခြိမ်းမောင်းမဲလျက်၊ ခေါင်းခွဲလည်†ဖြတ်၊ ချင်းချင်းသတ်၍၊ ဖျ†တ်ဖျတ်ရိုက်တုန်၊ ဆွေ့ဆွေ့ခုန်၏၊ မကုန်ပါပ၊ ထိုကမ္မတိုင်း၊ ပြတ်ကျတုံလျက်၊ စပ်တုံလျက်ဖြင့်၊ အသက်ဝိညာဉ်၊ တယှဉ်ယှဉ်နှင့်၊ မစဉ်*တရစ်၊ ညစ်ညစ်ညူးညူး၊ နှစ်လူးလိမ်းကျံ၊ နွားသတ်ခြံသို့၊ သွေးသံတ†ခြင်း၊ ညီးညီးဝင်းလျက်၊ ကောင်†ချင်းထွေးပျစ်၊ ရဲရဲချစ်သား၊ မီးစစ်နှင်နှင်၊ သံမြေပြင်ထက်၊ သေရှင်ဘန်ဘန်၊ အပြန်ပြန်တိ၊ ဖြစ်ဟန်မဆုံး၊ မတုံးဒုက္ခ၊ သဉ္ဇီဝဟူ၊ ပထမမြေထဲ၊ မီးငရဲနှိုက်၊ အမြဲး ရှည်ကြာ၊ ခံကြရာသည်။ ။ချမ်းသာပျက်ပျက် ပြုန်းပြုန်းတည်း။(၁)

၄၅၄။ ထိုမှတသွယ်၊ ယင်းအောက်ဝယ်တိ၊ ဆိုးကျယ်နိုင်ထက်၊ သူ့ခြေလက်နှင့်၊ နားရွက်ဥက္ကောင်း၊ *တောင်းလောင်းဖြတ်*ထိမ်း၊ ချောက်ခြိမ်းရိုက်†နှံ့၊ ညွတ်ညွတ်†နှံ့အောင်၊လက်လံတ†ကြား၊ ငါယော†ကျ်ား ဟု၊ စော်ကားလွှမ်းမိုး၊

ရိုးဆစ်တကျိုးမျှ၊ လွန်တကြိုးကြော့ကွင်း၊ ချည်နှောင်ခြင်းဖြင့်၊ အပြင်းအတပြ၊ မရှင်တပျအောင်၊ ဒုက္ခနှိပ်စက်၊ နိုင်ထက်*ကလူ၊ ပြုသူတဝ၊ သီလ*မဲ့မျို့၊ အကျင့်ချို့လျက်၊ လူတို့လှုဒါန်း၊ ကြိုးခါးဗန်းနှင့်၊ သင်္ကန်းဝတ်ဆောင်၊ ပလ္လွားထောင်သား၊ ရှင်*ယောင်ဒုဿီ၊ အလဇ္ဇီတို့၊ ပထဝီအောက်၊ လျှံတောက်ပွက်ပွက်၊ သံမြေထက်နှိုက်၊ ပက်လက်တစောင်း၊ တုံးလျောင်းလျားလျား၊ စင်းစင်းထားလျက်၊ ဘဝါးခံတွင်း၊ ဘောက်လျှိုထွင်း၍၊* တံသင်းစို့နှက်၊ လှုပ်လက်မသာ၊ တချို့မှာလည်း၊ ရေသံကွင်း၊ ခတ်ခြေတချင်းနှင့်၊ ခြင်းတခြင်းမီးလျှံ၊ လွန်လေးလံသား၊ တောက်ပုံညီးပြောင်၊ ကိုယ်လုံးလောင်လျက်၊ အရောင်ဝင်းဝင်း၊ လည်ပင်းခါးရင်၊ လက်တွင်မြဲနှောင်၊ ကြိုး*သံလျှောင်ဖြင့်၊ *မျက်မှောင်ဘွဲ့ကြွား၊ အကျပ်ထား၍၊ ရေသားကြောတခြင်၊ ကျိုးချင်တချင်မျှ၊ နစ်ဝင်ပြတ်စဉ်း၊ နှောင်အတကျဉ်းတည့်၊ ဆောင်တကြဉ်းမနိုင်၊ ခြေထိပ်ကိုင်သို့၊ ယိမ်းယိုင်လူးကာ၊ ဘယ်ညာမရ၊ ထိုဒုက္ခထက်၊ ပုဗ္ဗကမ္မ၊ ဒုဿီလ၏၊ ပါပအတကျိုး၊ သံမျဉ်းတကြိုးဖြင့်၊ အရိုးထိမျှ၊ ခတ်ကာချ၍၊ နိရယပါလာ၊ ကြမ်းကြုတ်စွာသား၊ ရောကိုယ်ကြီး၊ မိုးတိမ်နီးလောက်၊ စီးစီးကဲးကဲး၊ ခြိမ်းမောင်းမဲ၍၊ ငရဲထိန်းသူ၊ ရက္ခိုသ်ဟူသည်၊ မျက်ဆူမာန်ရှူး၊ ဒေါသကြူးတို့၊ နဖူးနှာတယောင်၊ ကောက်ပြောင်ပြောင်ဖြင့်၊ စွယ်တရောင်ပြိုးပြက်၊ လျှပ်ရောင်ထွက်လျက်၊ ရက်စက်လွန်ဆိုး၊ ဘွဲ့ရန်ငြိုးသို့၊ ချီမိုးချိန်လွှဲ၊ သွားကျဲးကျဲးနှင့်၊ *အန်ခဲး*အန်ချ၊ နင်းကာခွပြီး၊ မဂဓတိုင်းသား၊ အိမ်မိုးလားတိ၊ အသွားထက်ထက်၊ အရွက်ဖွေးဖွေး၊ အခွေးတောက်တောက်၊ *အဆောက်ထွားထွား၊ မမြင်အားအောင်၊ ဓားမ တစည်း၊ သစ်ရွေနည်းသို့၊ *ပြည်းပြည်းကိုယ်လုံး၊ ခေါင်းခြေဆုံးတိုင်၊ သစ်တုံးပမာ၊ အလွှာ အလွှာ၊ ရွေစကာလျှင်၊ ရှည်ကြာနှစ်လ၊ ကြီးဒုက္ခဖြင့်၊ ညည ရက်ရက်၊ မသေသက်နှင့်၊ နှိပ်စက်ကြမ်းကြုတ်၊ ကာလသုတ်ဟု၊ သမုတ်တသီး၊ ငရဲကြီးသည်။ ။သံမီးတောက်လျှံ ဟုန်းဟုန်းတည်း။ (၂)

၃၅၅။ ယင်းမှအောက်လည်း၊ ကြောက်မက်စဘွယ်၊ ကြီးကျယ်ညီးညီး၊ သံမီးဘွားဘွား၊ သံတောင်ကြားသို့၊ လေးပါးဝန်းတကျင်၊ ဆုံးမမြင်တည့်၊ အတကြင်လူ့ရွာ၊ ဆင်ဆာတက၊ အဿာဒမတက၊ မြင်းဆုံးမနှင့်၊ မြင်းတကယောကျ်ား၊ ရထားမောင်းနှင်၊ ဝန်တင်နှိပ်စက်၊ ရိုက်နှက်ခြေဆောင့်၊ ဖနှောင့်ဖတကျည်း၊ လွန်နာတကြည်းအောင်၊ *အရည်းသမုတ်၊ ကျင့်မှုယုတ်သား၊ ကြမ်းကြုတ်အစဉ်၊ မယဉ်*မမှိန်း၊ ဆင်ထိန်း မြင်းထိန်း၊ ရထားထိန်းဟု၊ လူ*ပြိန်းဗာလ၊ *အကံတွေ့၊ ပါပအစု၊ နှိပ်စက်မှုဖြင့်၊ ပြုကြအလို၊ အကုသိုလ်ကြောင့်၊ လူ့ကိုယ်*ဆင့်ခေါင်း၊ လူ့ခေါင်းဆင့်ကိုယ်၊ မြင်းလိုမျက်နှာ၊ ကိုယ်မှာလူရုပ်၊ ကုလားအုပ် ကျွဲးနွား၊ စသောအားဖြင့်၊ ကိုယ်ကားတပုံ၊ ခေါင်းတပုံနှင့်၊ လူ့ဘုံ

ဌာန၊ ယာဥ်နှိုက်ကသို့၊ လောဟအဂ္ဂိ၊ မီးအတိသား၊ တောက်ညိုပြောင်ပြောင်၊ ထန်းလုံး*ယောင်မျှ၊ *သံလျှောင်သံကြိုး၊ သံထမ်းပိုးဖြင့်၊ အခိုးပျံ့ပျံ့၊ အလျှံဘွားဘွား၊ သံရထားနှိုက်၊ ကပြေးပြိုးလျှင်၊ သံမြေပြင်ထက်၊ မောင်းနှင်ရိုက်နှက်၊ ခြေလက်ဥက္ကောင်း၊ *တောင်းလောင်းပြတ်ပြဲ၊ စုတ်ပေါက်ကွဲ၍၊ တွဲလွဲသည်းအူ၊ ထွက်ပြူများလျား၊ မမြင်အားအောင်၊ *နှရားကြောက်ကြိမ်း၊ တခြိမ်းခြိမ်းရှင့်၊ သွေးစိမ်းသွေးနက်၊ ချိပ်ရည်စက်နှင့်၊ တိမ်းညက်ရည်ကောင်း၊ နီမောင်းဟင်္သပဒါး၊ *ဆုန့်အလားသို့၊ ခြေဖျားခေါင်းဆုံး၊ ကိုယ်လုံးတွေးတွေး၊ စွေးစွေးစွတ်စွတ်၊ တွတ်တွတ်ချင်ချင်၊ ကံစီရင်တိုင်း၊ ရှုမြင်မ†ရဲ၊ ထိုင†ရဲကား၊ ရဲ†ရဲယိုစီး၊ သွေးတီးတီးတည့်၊ ခရီး*ခပ်သွတ်၊ မြန်*ရွတ်ရွတ်ဖြင့်၊ ပေါက်လွတ်ပြင်းဟုန်၊ *တသုန်သုန်လျှင်၊ ဘားခုန်*ဘားဆင်း၊ နိမ့်နင်းတက် သက်၊ အောက်ထက်ပြောင်းပြန်၊ ခေါက်ဘန်ဘန်သာ၊ သည်းထန်ဒရဟော၊ ရပ်*တော မနား၊ သံရထားကို၊ ဆောင်ငြားတုံပြီး၊ အရှိန်ကြီးသား၊ မီးတည့်ဟုန်းဟုန်း၊ လောင်အုန်းအုန်းနှိုက်၊ ငင်ရုန်းမြင်းဆင်၊ ကျွဲနွားသွင်သို့၊ သို့လျှင်နိစ္စ၊ တည်နေရ၍၊ ဒုက္ခ*ငြိုငြင်၊ တငင်ငင်နှင့်၊ ပူပင်*လောင်လဲ၊ လွန်ဆကဲအောင်၊ ဆင်းရဲး ကြီးစွာ၊ ခံရာဌာန၊ သံဃာတဟု၊ နာမတပုံ၊ ငရဲဘုံဝယ်၊ သေတုံရှင်ရင်း၊ ပြေးရလျှင်းသည်။ ။ဆင်မြင်းနွားနှယ် ကုန်းကုန်းတည်း။ (၃)

၄၅၆။ တပါးတို့အောက်၊ ညီးညီးတောက်ဖြင့်၊ ပေါက္ခရပတ္တာ၊ ခိုးလျှံထလျက်၊ များလှသချော်၊ မီးသံမြေနှိုက်၊ မရေတွက်သာ၊ စကြာလှည်းဘီး၊ စည်ကြီးမျက်နှာ၊ ပမာနိုင်းအပ်၊ အထပ်အထပ်၊ သံကြားချပ်ထက်၊ စွဲးဟပ်မီးတောက်၊ ထက်နှင့်အောက်လျှင်၊ အပေါက်မမြင်၊ အတင်တင်သား၊ ဝန်းကျင်ပတ်ရံ၊ အလျှံ အခိုး၊ နှစ်မျိုးလွန်ပြင်း၊ ပူစပ်ခြင်းဖြင့်၊ ခံတွင်းဒွါ†ရ၊ မကျန်†ရအောင်၊ ကိုးဝဟူဘိ၊ အပေါက်ယှိတိုင်း၊ မချိဝင်ထွက်၊ အောက်ထက်*ရှုန်းရှုန်း၊ တဟုန်းဟုန်းနှင့်၊ ပြေးပုန်းမရ၊ ဒုက္ခကြီးစွာ၊ ခံရှည်†ကြာလျက်၊ ကျော†ကျောကျုံ†ကျုံ၊ အုန်းအုန်းညံအောင်၊ မ†ကြံတတ်အား၊ မီးလျှံ†ကြားမှ၊ ပြောက်†ကျားညိုမဲ၊ ကိုယ်လုံးပြဲ၍၊ အက်ကွဲသားရေ၊ တွေတွေယိုစီး၊ ညီးညီးသွေးပြည်၊ ရပ်မတည်ဘဲ၊ မျက်ရည်*ချူချူ၊ ငို*ကျူကျူဖြင့်၊ ထိန့်ဆူလိုက်သည်း၊ အော်ဟစ်*ကျည်းလျက်၊ မီးလည်းအုံရစ်၊ လောင်ချစ်ချစ်တွင်၊ *တောင်မြစ်လေးပါး၊ လွတ်ရာအားဖြင့်၊ ပြေးသွားမနိုင်၊ လက်မှိုင်ပစ်ချ၊ ဆင်းရဲလှ၍၊ မွေးဘယူဘိ၊ မွေးမိကယ်ပါ၊ တစာစာလျှင်၊ ပြင်းစွာခိုးလျှံ၊ ငိုကြွေးသံနှင့်၊ မီးသံကြွက်ဆူ၊ ဘရာဘူကြောင့်၊ ရူမဇာလ၊ ရောရုဝဟု၊ နာမမည်သီး၊ ငရဲကြီးတည့်၊ *အတီး*ယခေါင်၊ လူတို့ဘောင်က၊ ကျင့်ဆောင်မွေ့၊ မယှိုကြဘဲ၊ မိဘဆရာ၊ ပညာဝါနှင့်၊ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဟု၊ ထိုမျှ*ခပဲ၊ မြတ်ထွတ်ကဲသို့၊ ငရဲ*တမင်၊ ဟောပါကျင်လည်း၊ မမြင်မျက်ကွယ်၊ မယုံဘွယ်တည့်၊ အကယ်မိုက်†လှ၊ လူ့ဗာ†လတို့၊ ဉာဏနည်းပါး၊

အမြင်ယှားရှဲ့၊ တရားမ†ကျ၊ မလိုက်†ကြဘူး၊ ပါပအမှု၊ ချင်းတို့ပြုသည့်၊ အကုသလ၊ ဒုက္ခမ္မမျိုး၊ အကျင့်ဆိုး၏၊ အကျိုးထင်ထင်၊ မပေးခင်မူ၊ အကြင် လူမိုက်၊ ဒုစရိုက်ကို၊ စိတ်နှိုက်သာယာ၊ ပျှားပမာသို့၊ လွန်စွာနှစ်သက်၊ မပယ် ရက်ဘဲ၊ လေ့ကျက်မပြတ်၊ ထင်မှားမှတ်၏၊ သက်သတ်ကြမ်းကြုတ်၊ ကျင့်ယုတ် ဆိုးခေါင်၊ ရတိုင်းလှောင်ရှဲ့၊ မရှောင်မညှာ၊ သတ္တဝါကို၊ လောင်ဆာကိုယ်စိတ်၊ ပူမဆိတ်အောင်၊ ဆို့ပိတ်မီးတိုက်၊ အခိုးမြှိုက်လျက်၊ *ပုတ်ထိုက်လွန်ကဲ၊ စိတ်မိုက်မဲဖြင့်၊ ညှဉ်းဆဲ*ကလူ၊ ပြုတတ်သူတို့၊ ထိုရောရုဝ၊ နိရယနှိုက်၊ ဒုက္ခ ဘရဘူ၊ တဉီဉီနှင့်၊ ကြွက်ဆူညီးညံ၊ မြေမိုးပျံ့မျှ၊ ခိုးလျှံမီးတွင်း၊ ခံရ လျှင်းသည်။ ။လွန်ပြင်းငိုသံ အုန်းအုန်းတည်း။ (၄)

၄၅၇။ ထို့အောက်ရင်း၊ ခြောင်းခြောင်းခိုးလျှံ၊ ရိုက်နှက်သံနှင့်၊ ငိုသံ အုတ်†ကျက်၊ တခဲနက်ဖြင့်၊ ဆူ†ကြွက်တံပိုး၊ ရှေးထက်တိုးရှဲ့၊ မြေမိုးတုန်မျှ၊ လွန်ပြင်းပြကြောင့်၊ မဟန္တသဒ္ဒါ၊ ပုဒ်တုလျှာနှင့်၊ မဟာရောရုဝ၊ နာမတာသီး၊ ငရဲကြီးလည်း၊ သံမီးမြေပြင်၊ ရဲချင်†ချင်ထက်၊ ကြော†ခြင်ရိုးသား၊ ကြေ ထွားမည့်လောက်၊ ထက်အောက်မကြွင်း၊ လွန်စပ်ပြင်းအောင်၊ ကိုယ်တွင်း ကိုယ့်ပြင်၊ ခိုးလျှံဝင်ရှဲ့၊ အိုးတွင်ငုတ်ငုတ်၊ ကြက်ကိုပြုတ်သို့၊ အုတ်အုတ်ပွက်ဆူ၊ ခံသူတမျိုး၊ နို့ခမ်းအိုးကို၊ တုတ်မိုးရိုက်ခွဲ၊ *ဖြန်းဖြန်းကွဲသို့၊ သွေးရဲသံ†ယို၊ ဖ†ရိုဖ†ရဲ၊ မြင်မ†ရဲတည့်၊ ရဲ†ရဲမျက်†ကြုတ်၊ မည်းကြုတ်†ကြုတ်နှင့်၊ ကြမ်း †ကြုတ်မြည်ဟိန်း၊ ငရဲထိန်းတို့၊ *စိန်းလိန်းတင်လင်၊ မာန်ဝင်ကြည့်ငြိုး၊ မျက် စောင်းထိုးရှဲ့၊ မိုးနှင့်တကွ၊ ဟိုင်းဒေဝ၏၊ ပါပရပ်ပြင်၊ ရာဟုခွင်က၊ လေဆင် သော့တိုင်း၊ မှုံမှိုင်းမဲမှောင်၊ ကောက်နှာ†ယောင်နှင့်၊ သွား†ရောင်စွယ်†ရောင်၊ လက်လက်ပြောင်တိ၊ မျက်တောင်ကော့ဖြူး၊ နဖူးမောက်ဖြိုး၊ ကြောက်ဘွယ် ဆိုးသား၊ ရှိခိုးမရ၊ ကိုယ်*အမ်းချလျက်၊ ကြီးလှ*ဆောက်ပုတ်၊ သံတုတ်*လှင် ကန်၊ ထန်းလုံးဟန်ဖြင့်၊ သည်းထန်ရိုက်နှက်၊ အုန်းအုန်းကျွက်အောင်၊ အချက် မရွေး၊ ဘီဘေးနံစောင်း၊ ဉကျောင်းကျော ရင်၊ မြင်မြင်သမျှ၊ အပြင်းချသော်၊ ကျောမှရင်ဘတ်၊ ဒူးလမ်းဖြတ်လျက်၊ ရာဇမတ်ကြက်ခြေ၊ သားရေရိုးနစ်၊ ရာမလစ်ဘဲ၊ *တကျစ်အလား၊ ရှစ်ကွက်†ကျားနှင့်၊ ဘေး†ကြားဘီ†ကြား၊ ထွန်သွားကြောင်းရေး၊ ရောထွေးမလှ၊ ရှုပ်ရှက်စွဖြင့်၊ မရတည်ရာ၊ သဝေချာရှဲ့၊ ထိန်ဝါလောင်ညီး၊ မီးပုံ†ကြီးတွင်၊ ပြောက်†ကျီးပြောက်†ကျား၊ *တလန့် †ကြားတိ၊ လည်းသွားကုန်†ကြ၊ မိုးကြိုး†ကျသို့၊ ဒုက္ခဝေဒနာ၊ မခံသာ ကြောင့်၊ နာနာကြည်း†ကြည်း၊ တုန်အသည်းဖြင့်၊ *ကျည်း†ကျည်းအော် လျက်၊ သွေးပွက်ပွက်နှင့်၊ ထိပ်ထက်နှောက်†ဖယ်၊ ညာ†ဘယ်နထည်၊ ကွာစည် ဘရမ်း၊ မြင်မ†ချမ်းအောင်၊ ထက်†ခြမ်းရဲရဲ၊ *ခြခြကွဲ၍၊ ဖြန့်ကြဲကြေညက်၊ ဦးနှောက်ထွက်လည်း၊ အသက်မသေ၊ တပေပေလျှင်၊ ခံနေတချို၊ ထိုသူတို့ကား၊

အဘိုရှေးခါ၊ လူတို့ရှာနိုက်၊ ဆရာမိဘ၊ ဗြာဟ္မဏနှင့်၊ ဗြဟ္မစာရီ၊ ကျင့်ညီတရား၊ သူတော်များ၏၊ *ပိုင်ကားဥစ္စာ၊ ရတနာကို၊ ခိုးကာယူ†ခြင်း၊ မိတ်ဆွေ†ချင်း၏၊ နှံသွင်းသိုထား၊ ဘဏ္ဍာများကို၊ မုသားယှင်းပျက်၊ ခိုးကွယ်ဝှက်နှင့်၊ သားငှက်လူပါ၊ နိုင်ရာရာလျှင်၊ သတ္တဝါအများ၊ သူတပါးကို၊ *ဆတ်မြားကြမ်းကြုတ်၊ သက်ကြွေပြုတ်အောင်၊ တင်းပုတ်ရွယ်ချိန်၊ ပုဆိန်ရဲတင်း၊ နှိပ်စက်ခြင်းဖြင့်၊ အပြင်း*ပုတ်ထိုက်၊ မျက်မာန်အိုက်၍၊ ရိုက်ထုဥက္ကောင်း၊ သတ်ညှစ်ရှောင်း၏၊ မကောင်းကံညစ်၊ ထိုအပြစ်ဖြင့်၊ *မနစ်မရှား၊ မတော်ငြားသား၊ တရားမတည်၊ *ငထည်*ငဝ၊ လူ့ဗာလတို့၊ ဒုက္ခမျိုးရှေး၊ မိုက်ကျိုးပေး၍၊ ငိုကြွေး*ကျုံကျုံ၊ တညံညံသည်။ ။ရိုက်သံနှက်သံ ပုန်းပုန်းတည်း။ (၅)

၃၅၇။ ထို့အောက်တဖြာ၊ လေးမျက်နှာက၊ ရံကာပတ်ဝိုင်း၊ တံတိုင်းမြင့်ခေါင်၊ မီးပြောင်ပြောင်နှင့်၊ လယ်ဘောင်မဏ္ဍေ၊ သံရေဆူကြွက်၊ သံမြေထက်နိုက်၊ ပြိုးပြက်မီးတုံး၊ ထန်းပေလုံးမျှ၊ ထက်ဆုံးမြမြ၊ ချွန်လှရှင်ရှင်၊ လှံ့အသွင်သို့၊ သံတံကျင်မျိုး၊ *ငိုးငိုး*ငွါးငွါး၊ စိုက်ထောင်ထားပြီး၊ ထက်ဖျားနိုက်တွင်၊ ထိုးလျှိုတင်၍၊ မရှင်မသေ၊ အောက်သံမြေက၊ တက်လေမီးလျှံ၊ ဟုန်းဟုန်းပျံ့သော်၊ မခံရပ်နိုင်၊ သံတိုင်မြင့်မား၊ ထက်အဖျားမှ၊ တွဲးလျားစောက်ထိုး၊ ခြေမိုးမြောက်လျက်၊ ပက်လက်တစောင်း၊ မြင်မကောင်းအောင်၊ တုံးလျောင်းထွေထွေ၊ ကျတုံလေက၊ သံမြေညီးညီး၊ တောက်သည့်မီးနိုက်၊ ဆင်ကြီး*အ†ယောင်၊ ခွေး ကျား ကြောင်တို့၊ စွယ်†ရောင်ပြိုးပြက်၊ သွားလက်လက်နှင့်၊ ကြောက်မက်ဘွယ်အား၊ သံဘက်ကျားသို့၊ ပြေးလွှားဆွဲးငင်၊ *ခုံတမင်ဖြင့်၊ သွေးရှင်မျို*တုတ်၊ တ*ကြုတ်ကြုတ်တိ၊ *ပလုပ်ပလောင်း၊ ထောင်းထောင်းကိုက်ဝါး၊ ဝိုင်းအုံစားလျက်၊ အသားကုန်သော်၊ လေဟုန်ဆော်လစ်၊ ဖြစ်မြဲဖြစ်၍၊ အသစ်ဘန်လဲး၊ ခံဆင်းရဲသား၊ အမြဲးမီးမြိုက်၊ ဆူကျိုက်ကျိုက်ကြောင့်၊ သမိုက်နာမ၊ တာပနဟု၊ ပူလှတသီး၊ ငရဲကြီးတည့်၊ သံမီးပွက်ပွက်၊ တံကျင်ထက်နှင့်၊ ခွေးနက်ခွေး†ကျား၊ မီးလျှံ†ကြားနိုက်၊ ကိုက်စားအရှင်၊ ခံရ†ကျင်သည့်၊ အ†ကြင်*ပြောထူ၊ ထိုမျှလူကား၊ ကျင့်မှုဆိုးစွာ၊ လူ့ပြည်မှာလျှင်၊ ဣဿာစောင်းမြောင်း၊ မျက်စောင်းမျက်လျှံ၊ နှုတ်သံညည်း†ညူ၊ ဒေါသမူဖြင့်၊ အ†ငြူအစူ၊ မဖြူနှလုံး၊ မိုက်တုံးကြီးလှ၊ မိုးမှောင်†ကျသို့၊ မိုက်†ကြအဟုတ်၊ မြွတ်ယုတ်မညှာ၊ လွန်မိုက်စွာလျက်၊ မြို့ရွာဂါမ၊ နိဂမနှင့်၊ ဂေဟာရိပ်ငြိမ်၊ နေအိမ်ဇရပ်၊ မဏ္ဍပ်တင်းကုပ်၊ ဆောက်လုပ်တည်†ထား၊ *ဆောက်ဦများတိ၊ တံ†တားစောင်းတန်း၊ *စောင်းရန်း*ခြံပွတ်၊ မလွတ်လုံးစုံ၊ တဲးအုံကစ၊ ထိုမျှကျောင်းကန်၊ သူ့ဗိမာန်ကို၊ မကျန်ပြိုက်ပြိုက်၊ ကျွမ်းလောင်မြိုက်အောင်၊ မီးတိုက်ရှို့ဖျက်၊ သူ့သက်ရှင်ရှင်၊ မသေခင်လည်း၊ မီးတွင်ချ†ပစ်၊ ထိုကံ†ပြစ်ကြောင့်၊ မီးချစ်လောင်စွဲး၊ ထိုငရဲးနိုက်၊ လွန်ကဲးဝေဒနာ၊ ကြီးလှစွာသား၊ နာနာကျင်†ကျင်၊

သံတံ†ကျင်ထက်၊ စူး†ကျင်တုံထ၊ ဒုက္ခ*တိုင်ထိ၊ ခံမချိအောင်၊ ကျဘိသော့ အား၊ ဝိုင်းအုံပြွားလျက်၊ ခွေးစားမ†ကျန်၊ သွေး†ကြန်ကြန်နှင့်၊ ကုန်ပြန် ဖြစ်ခြင်း၊ မီးပုံတွင်းဝယ်၊ ပူပြင်းလှိုက်တုန်၊ ငါး*နှယ်ခုန်၍၊ မကုန်*ကြမ္မာ၊ သက်ရှင်စွာလျက်၊ ခန္ဓာ*မစယ်၊ ပျောက်မကွယ်ဘဲ၊ *သွတ်လှယ်မပြီး၊ လောင် ညီးညီးနှင့်၊ မီးဟုန်ပင့်ဆော်၊ တံကျင်ပေါ်သို့၊ ဟစ်အော်*ချောက်ချား၊ ရောက်ပြန်ငြားလျက်၊ ကားရားကိုးရိုး၊ ခြေမြှောက်မိုးသည်။ ။စောက်ထိုး စဉ်ကျ*ဆုန်းဆုန်းတည်း။ (၆)

၄၅၉။ ထိုမှအောက်ခွင်၊ သံမြေပြင်ထက်၊ တောက်ရှင်ညီးညီး၊ သံတောင် ကြီးသို့၊ ကာဆီးရံသိုင်း၊ သံတံတိုင်းဖြင့်၊ ပတ်ဝိုင်းပြီးလျှင်၊ တံကျင်သံချွန်၊ ရှေးထက်လွန်၍၊ သည်းဝှန်မီးတောက်၊ မိုး*ရှိမြောက်မျှ၊ ထက်အောက်လျှံဝေ၊ သံရေပွက်ပွက်၊ ဆူကြွက်ကြွက်တည့်၊ ပြင်ဘက်ထိုဝယ်၊ ကြောက်ဘွယ်ရူပ၊ ဥပကနှင့်၊ ကာဋ္ဌသမုတ်၊ သိရိဂုတ်ဟု၊ မျက်ကြုတ်ထန်စွာ၊ *ဥပါရက္ခိုသ်၊ အံကိုက် စွယ်ပြူး၊ ငရဲမှူးတို့၊ ရှူးရှူးရှန်းရှန်း၊ အုန်းအုန်းကျွက်ညံ၊ လိုက်လံ*ဖြ†ဖြ၊ အံ့*ဖြ†ဖြဖြင့်၊ *ဖြ†ဖြကွဲပေါက်၊ ဆန်အိုးမှောက်သို့၊ ဦးနှောက် ဆန်ကွဲ၊ ကြဲ၍စဉ်လွင့်၊ ရင်ပွင့်အူကြွေ၊ အထွေထွေလျှင်၊ လက်ခြေနှာခေါင်း၊ *တောင်း လောင်းဖြတ်ပို၊ သားကောင်တုတည့်၊ လုလုယက်†ယက်၊ သည်းအူထွက်အောင်၊ ရက်†ရက်ချွန်†ချွန်၊ *လက်မရှဲသို့၊ *ခြွံခြွံပစ်လွှတ်၊ *အောင့်ကျွတ်မာန်ငိုး၊ နှောက်ကမိုး၍၊ ဓားမျိုးလှံတုတ်၊ သံ*တံသုက်က၊ *ဆောက်ပုတ်သံဆူး၊ ထူးထူးပြားပြား၊ လက်နက်များဖြင့်၊ အသွားပြောင်ပြောင်၊ အရောင်ပြိုးပြိုး၊ ခုတ်ထိုးရိုက်နှက်၊ တောင်ပေါ်ထက်သို့၊ တက်စေမောင်းနှင်၊ အပြင်းတင်၍၊ ထက်ခွင်ဌာန၊ရောက်ကာလန္တိုက်၊ ထိုခဏခြင်း၊ ကံအရင်းကြောင့်၊ လေပြင်းတိုက် ချ၊ သစ်ရွက်†ကျသို့၊ လွင့်†ကြထိုထို၊ အောက်ကို*တိတ်တော၊ ဒရဟောတည့်၊ သောသောကျလျှင်၊ သံတံကျင်ထက်၊ ကျော ရင် ဘေးဘီ၊ ထုတ်ချင်းသီလျက်၊ စီကာမလပ်၊ ကောင်ချင်းစပ်မျှ၊ ထပ်ထပ်ပူးပူး၊ ပြူးရရှူးလျှင်၊ ပေါက်စူးတုန်တုန်၊ ဆတ်ဆတ်ခုန်ဖြင့်၊ မီးဟုန်ဟပ်စွဲ၊ ရှေးထက်ကဲ၍၊ ရဲရဲရှိန်ဝါ၊ ပူပြင်းစွာ ကြောင့်၊ မဟာတာပန၊ မည်ရသံမီး၊ ငရဲကြီးနှိုက်၊ ပျက်စီးလောင်†ကျက်၊ ဆင်းရဲနက်သား၊ ငှက်†ကြက်အတူ၊ ခံရသူကား၊ လူဝယ်ဖြစ်ခိုက်၊အမိုက်ကြီးလှ၊ ငါစိုးရဟု၊ ဇီဝသက်ရှင်၊ လျှိုတံကျင်နှင့်၊ မီးတွင်ပစ်ချ၊ အဓမ္မကို၊ ဓမ္မဟူငြား၊ ဓမ္မအားလည်း၊ အမှားဟူထ၊ အဓမ္မဟု၊ ဥစ္ဆေဒဒိဋ္ဌိ၊ အကိရိနှင့်၊ နတ္ထိ အဟေတု၊ စွဲပြုဘောက်ပြန်၊ အယူသန်တို့၊ အမှန်တရား၊ သူ့ဘပါးကို၊ အမှားယူစေ၊ ထိုသူ တွေ့တည့်၊ သံမြေပြောင်ပြောင်၊ သံရေရောင်နှင့်၊ သံတောင်ညီးညီး၊ ပူလောင် ကြီးသား၊ သံမီးချင်ချင်၊ သံတံကျင်ထက်၊ အမြင်မလှ၊ စောက်ထိုးကျသား၊

ကျ၍ထိပ်ဦး၊ ဘေးရန်စူးလျက်၊ အပြူးအပြွတ်၊ မလွတ်တညီ၊ ကောင်ချင်းစီသည်။ ။ဘားသိတံစို့ နှုန်းနှုန်းတည်း။ (၇)

၄၆၀။ ထိုမှတဖြာ၊ အောက်ဆုံးစွာတိ၊ သိလာတွင်ညီ၊ ပထဝီထက်၊ လေးလီဒိသာ၊ ရပ်မျက်နှာနှင့်၊ အောက်မှာတချက်၊ အိုး*ဖုံးပွက်သို့၊ ထက်ကပိတ်ပြူ၊ ဤခြောက်စုတွင်၊ တခုတခု၊ အထုကိုးယူဇနာ၊ ထူထပ်စွာသား၊ ရံကာအုပ်ဝိုင်း၊ တံတိုင်းမယွင်း၊ အတွင်းနံလျား၊ အစောက်အားဖြင့်၊ ပိုင်းခြားတရာ၊ ယူဇနာကျယ်နက်၊ လေးဘက်နံပါး၊ မီးရှိန်အားတို့၊ ပြေးသွားထွက်အန်၊ လွန်ပြင်းထန်ရှင့်၊ မျက်ဆန်ပြွတ်ပြွတ်၊ ကျွတ်အံ့တစ်၊ မီးအလျှံလည်း၊ လွင့်ပျံ့ယူဇနာ၊ တရာထုတ်ချောက်၊ ဝန်းကျင်ပေါက်၍၊ ထိုလောက်အတွင်း၊ ကမ္ဘာ†ချင်းအောင်၊ တည်†ခြင်းမပျက်၊ ဆူကြွက်ကြွက်နှင့်၊ ရှေးထက်ဆယ်ဆ၊ မကထံပိုး၊ *လှိုင်ကန်တိုးလျက်၊ ပူမျိုးလွန်ပြင်း၊ ပူတမင်းဖြင့်၊ အကြွင်းမရှိ၊ မီးအတိနှိုက်၊ များဘိစွာလှ၊ အနန္တတို့၊ ဒုက္ခခံသူ၊ မီးပူဆင်းရဲ၊ တခဲနက်တိ၊ ခြားမယှိကြောင့်၊ အဝီစိမည်၊ ကမ္ဘာတည်သား၊ ဤသည်ထိန်ညီး၊ ငရဲကြီးတိ၊ သံမီးဝင်းဝင်း၊ သံမြေတွင်းသို့၊ မြှုပ်သွင်းပုဆစ်၊ ကျုံနစ်လောင်†ကျက်၊ လက်နှစ်ဘက်ကား၊ ကား†ကြက်ဆန့်ကာ၊ ဝဲယာနံရံ၊ အလျံညီးညီး၊ မီး၏အတွင်း၊ သွတ်သွင်းတံ့ရှောင်း၊ ထက်ဥက္ကောင်းက၊ နှာခေါင်းအထိ၊ လွှမ်းအုပ်ဘိလျက်၊ မချိခံမြောက်၊ ထိပ်ကဘောက်ပြီး၊ အောက်ဒွါရထွက်၊ သံမြွှထက်နှိုက်၊ ဝက်ဝက်စူးဝင်၊ ထန်းလုံးသွင်ဖြင့်၊ တံကျင်တချောင်း၊ *နံတောင်းနှစ်ဘက်၊ ကြက်ခြေရှက်အောင်၊ သီလျက်နှစ်†ချောင်း၊ ခိုးခြောင်း†ခြောင်းနှင့်၊ တိမ်းစောင်းဘယ်ညာ၊ မလှုပ်သာဘဲ၊ လွန်စွာပူပြင်း၊ မီးခြင်း†ခြင်းဝယ်၊ ထုတ်†ချင်း*တိုး†ရို၊ ပေါက်သည့်ကိုယ်မှ၊ သွေး†ယိုပြွင်းပြွင်း၊ တွေတွေဆင်းသား၊ ကန်သင်းဆည်ရိုး၊ ကျိုး၍ကျလာ၊ ရှေ့ပမာတည့်၊ မဟာဒုက္ခ၊ ကြီးလှကျိုက်ဆူ၊ ထိုမီးပူတွင်၊ ကျက်သူသတ္တဝါ၊ များလှစွာလည်း၊ လူ့ရွာပုံခင်း၊ ဆုံတွင်းသိပ်†နက်၊ ကျည်ပွေ†နှက်သည့်၊ မှုံညက်အလား၊ တည်သော့အားဖြင့်၊ အကြားအလပ်၊ မထင်†ကျပ်လျက်၊ *ကြပ်†ကြပ်အမြဲး၊ သံဖိုထဲနှိုက်၊ သံခဲဥပမာ၊ ညီးလျှံဝါနှင့်၊ မီးစာစင်စစ်၊ *မီးကျိုးဖြစ်၍၊ အနှစ်ကုဋေ၊ သချေ်*ကိုင်ကန်၊ အပြန်ပြန်တိ၊ ဆယ်ဘန်မက၊ ထိုမျက်လျှောက်၊ ကြေမပျောက်ဘဲ၊ ရှည်*စောက်ကာလ၊ ကျက်နေရ၍၊ မိဘနှစ်ဦး၊ ကျေးဇူးကြီးစွာ၊ ရဟန္တာမည်မှတ်၊ အရှင်မြတ်ကို၊ သတ်ဖြတ်ညှဉ်းဆဲ၊ သင်းခွဲဘေဒက၊ ဗုဒ္ဓလောဟိ၊ မိုက်ခေါင်ထိသား၊ အတိပါပ၊ လူ့ဗာလတို့၊ ကျလေ*ခြုတ်†ခြုတ်၊ လူစပြုတ်၍၊ *ချုတ်†ချုတ်မ†မြည်၊ ပြန်မလည်သို့၊ တ†မည်ဘဝ၊ ပေါ်ခဲးစွတည့်၊ ဆုံးဆမယှိ၊ မီးအတိဖြင့်၊ လောင်ညီပြင်းစွာ၊ ယူဇနာမျှ၊ ကျောက်တောင်ကျသော်၊ ခဏကျွမ်းလျက်၊ ဂွမ်းသို့ညက်လည်း၊ အပျက်ရှေးပြု၊ မကောင်းမှုဟု၊ အကုသလံ၊ မကောင်းကံဖြင့်၊

ခံသူသတ္တဝါ၊ ဆိုး*ကြမ္မာကြောင့်၊ ကမ္ဘာနေဘိ၊ ကြေမယ်ဘိုဘူး၊ မြေကြီး အောက်ထပ်၊ ချိုး*နှယ်ကပ်အောင်၊ ကျဥ်းကျပ်လွန်ကဲး၊ ဝိစိထဲးနိုက်၊ ဆင်းရဲး ကြီးစွာ၊ ခံရကြသည်။ ။ကျောက်ဖျာရေကျ တုန်းတုန်းတည်း။ (၈)

(ငရဲးကြီးရှစ်ထပ်)

၄၆၁။ ညီးညီးပြောင်ပြောင်၊ သံမီးရောင်ဖြင့်၊ တောက်လောင် *မစဲး၊ အောက်မြေထဲးနိုက်၊ ငရဲးကြီးပညပ်၊ သမုတ်အပ်သည့်၊ ရှစ်ထပ်မဟာ၊ နိရယာ၏၊ မျက်နှာလေးလီ၊ တရပ်စီတွင်၊ အညီပတ်ချုပ်၊ မှတ်သရုပ်ဖြင့်၊ *ဘင်ပုပ်ပွက်ဆူ၊ ပြာပူ သန်လျက်၊ လုံ့ထွက်ခိုး†ခြောင်း၊ ကြိမ်ပိုက်†ချောင်းနှင့်၊ အပေါင်းထင်ရှား၊ မည်ပြားနာမ၊ ဥဿဒဟု၊ ပြင်ကရံဆို၊ မြို့၏သ†ဖွယ်၊ ငရဲးငယ်လည်း၊ ကြောက် †ဘွယ်*နှရား၊ လေးပါးပတ်လည်၊ စပ်ကာတည်၏၊ လူ့ပြည်အချို၊ လူမိုက်တို ကား၊ ကိုယ်သို့မမှတ်၊ ယုတ် မြတ်တို့အား၊ သနား*မဲ့လျှင်း၊ မစင်ကျင်းနှင့်၊ *ဘင်တွင်းပစ်†ချ၊ ဘားငယ်စသား၊ ပိုး†ခြတိရစ္ဆာန်၊ အားအန်*မဲ့စွာ၊ သတ္တဝါကို၊ ဖမ်းကာနှိပ်နယ်၊ လွန်ဆိုးကျယ်လျက်၊ ကြောက်ဘွယ်လန့်†ကြား၊ နိုင်ထက်အားဖြင့်၊ မြွေ†ကျားကြောင် ခွေး၊ အစာကျွေး၍၊ အရေးမလောက်၊ မထောက်မညှာ၊ နိုင်ရာစော်ကား၊မခန့်†ညားဘဲး၊ပြု†ငြားတုံထ၊ ကံပါပကြောင့်၊ ပြင်းပြပုပ်ဟောင်၊ ကမ္ဘာလှောင်၍၊ ဝေးခေါင်ယူဇနာ၊ တရာထက်က၊ ပွက်ပွက် ပြောင်းပြန်၊ အူလှန်လိုက်ထိုး၊ အနံ့ဆိုးလျက်၊ ရိုးရိုးရောင့်ရောင့်၊ *ဖြိုးဖြိုး တောင့်သား၊ ဆင်ပြောင့်လည်ပင်း၊ ကြီးမင်း*ဖွံ့ထွား၊ အပ်အလားသို၊ သွားတိထက်လှ၊ ပိုးလောက်ရှလျက်၊ ပွပွအမြုပ်၊ နံခေါင်ချုပ်သည့်၊ ဘင်ပုပ် မိဋ္ဌ၊ နိရယသို၊ ပစ်ချသော့အား၊ တဘွားဘွားဖြင့်၊ စားကြပိုးလောက်၊ ကိုယ်လုံးဘောက်၍၊ ထက်အောက်ဝန်းကျင်၊ တွင်းနှင့်ပြင်သည်။ ။ထွက်ဝင် ရှပ်ရှပ် ရှူးရှူးတည်း။ (၉)

၄၆၂။ ထိုနှင့်စပ်ကာ၊ သတ္တဝါတို့၊ *ကြမ္မာဆိုးလှ၊ ကံပါပကြောင့်၊ ကမ္ဘ သမုဋ္ဌာန်၊ စီရင်ဘန်၍၊ တဒနန္တရ၊ ရပ်ဌာနနိုက်၊ အောက်ကမီး†ကျီး၊ ရဲးရဲး ညီးနှင့်၊ သောင်†ကြီးသဲးခွင်၊ မင့်းရင်ပြင်သို၊ အသွင်ပုံတူ၊ ပြာဖုံးဆူသာ၊ ပြာပူ ဥဿဒ၊ နိရယဟု၊ ဒုက္ခခံခြင်း၊ ဤတကွင်းတည့်၊ အပြင်းမီးတွင်၊ သူသက်ရှင်ကို၊ ထည့်ကျင်သသူ၊ ထိုလူတမျိုး၊ လူဆိုးပါပီ၊ အလဇ္ဇီဖြင့်၊ ဒုဿီကျင့်ဆန်း၊ ရှင် ရဟန်းတို့၊ သင်္ကန်းသပိတ်၊ *ပရိက္ခရာ၊ သူလှူဒါကို၊ သိက္ခာယိုဟန်၊ သီလ ဝန်သို၊ သင်္ဃာန်အတူ၊ ရဟန်းဟူ၍၊ ခံယူအတင်း၊ သုံးဆောင်ခြင်းကြောင့်၊ ပြာတွင်းထောင်းထောင်း၊ ခိုးခြောင်းခြောင်းနိုက်၊ ပျောင်းပျောင်းယဲ့†ယဲ့၊ ထိလျှင်ပွဲ့မျှ၊ င†ရဲးဒုက္ခ၊ ပါပအကျိုး၊ ကံ့တန်းခိုးဖြင့်၊ စောက်ထိုးတုံးလျှောင်း၊ မြင်မကောင်းအောင်၊ ဘယောင်းဖိုဝ၊ မီးတွင်းကျသို၊ မွမွကျွမ်း†ကြေ၊ ဖြစ်

ကောင်းချေလည်း၊ မ†ကျေပကတိ၊ သို့စင်ယို၍၊ ဇီဝိမစဉ်၊ ဝိညာဉ်မထွက်၊ ဆင်းရဲနက်သား၊ မပျက်မကြေ၊ သက်မသေဘဲ၊ ခံထွေလွန်ဆိုး၊ ပူတမျိုးတည့်၊ အရိုးအသား၊ ကိုယ်လုံးအားဖြင့်၊ ထွားထွားမုန့်†မုန့်၊ နှဲ့နှဲ့*နှန့်လျှင်၊ မြူ†မှုန့် ဖြစ်လျက်၊ ပြာ့*နှယ်ညက်သည်။ ။လောင်ကျက်နပ်နပ် နူးနူးတည်း။ (၁၀)

၄၆၃။ တချက်ထိုမှ၊ ပြင်ထပ်ကတည့်၊ ပွဲ့မစစ်တွင်း၊ အချင်းချင်းနှိုက်၊ မာန်ပြင်းကြီးမား၊ ဒေါသအားဖြင့်၊ လုံခေးသန်လျှက်၊ မြိုက်မြိုက်ထက်သား၊ လက်နက်ချိမိုး၊ ခုတ်ထိုး*ထိမ်းဖြတ်၊ ရှင်လတ်လတ်ကို၊ သတ်တတ်ကုန်ကြ၊ လူထိုမျှ၏၊ ကမ္မအကျိုး၊ ကမ္ဘာစိုးတို့၊ တန်းခိုးမဘန်၊ သမုဋ္ဌာန်ကြောင့်၊ လုံချွန်မထူး၊ သန်လျှက်ဦးသို့၊ ထိစူးထိရှ၊ ဆူးမြမြနှင့်၊ လင်းတသောသော၊ သန်လျှက်တောနှိုက်၊ *ငေါ်ငေါ်*ငင်းငင်း၊ ဝင်းဝင်းလက်လက်၊ ဆူးပင်ထက်သို့၊ အသက်ရှင်ရှင်၊ လေပြင်းတင်၍၊ စူးဝင်ရှနှ၊ ဖြတ်ချတုံလေ၊ သံရေချစ်ချစ်၊ မီးစစ်စစ်ထက်၊ တုံးတစ်ပြတ်*တောင်း၊ ဥက္ကောင်းလက်ခြေ၊ ပိုင်းပိုင်း ကြေလည်း၊ မသေလွန့်လွန့်၊ တုန်တွန့်တွန့်တွင်၊ ရင်ညွန့်ရင်လယ်၊ လည်ဝယ် တက်စီး၊ ဆင်ကောင်နီးနှင့်၊ တိုင်းကြီးမဂဓ၊ လှည်းအိမ်မျှလောက်၊ ကာယ ရော၊ ကြီးမားစွာဖြင့်၊ ဘိကာနင်းလစ်၊ တအစ်အစ်တိ၊ မညစ်မ†ကြေး၊ မတ်တင်သွေးသည့်၊ ကတ်ငေ†ကျး*တမျှ၊ ထက်စွာလှသား၊ လင်းတနှင့်ကျီး၊ သံနှုတ်သီးဖြင့်၊ ပေါက်ပြီးဆိတ်ဆွ၊ အုန်းအုန်း†ကျလျက်၊ စား†ကြမ†ကျန်၊ သွေး*ကြန်†ကြန်လျှင်၊ ပြန်၍ ဖြစ်မြဲ၊ အော်†လဲးလဲးတည့်၊ ရဲးရဲး*ချက်ချက်၊ မြမြထက်သား၊ သန်လျှက်အသွင်၊ ထိုဆူးပင်သို့၊ လွင့်တင် လေဟုန်၊ ချပြန် ကုန်၍၊ *သုန်သုန်ပုံကျ၊ ထိုကာလလည်း၊ ရင်ဝဘေးစောင်း၊ ပေါက်ဟောင်း လောင်းနှင့်၊ ဥက္ကောင်းခြေလက်၊ ပြတ်လျက်ကျမျို၊ တောင့်နှယ်*မို့၏၊ မြင်ဘို မ†ရဲး၊ ထိုင်†ရဲးလည်း၊ ရဲး†ရဲးသွေးသံ၊* ခြင်းခြင်းလျှံဖြင့်၊ မိုးပုံကျ†လျက်၊ ဆူးသန်†လျှက်နှိုက်၊ ကောင့်ထက် ကောင်တင်၊ လျှိုးဝင် ထွင်းဖောက်၊ ထုတ် ချင်းပေါက်တည့်၊ ထက်အောက်နိမ့်မြင့်၊* ကြုပ်ကြုပ်ဆင့်၍၊ ခေါင်းနှင့်ဘီဘေး၊ ဆိုင်မရွေးခဲ့၊ ရှက်ထွေးဤသို့၊ သူတချို့က၊ တံစို့ငါးသီ၊ စီရရီလျှင်၊ တူညီမယွင်း၊ စူးပြန်လျှင်းသည်။ ။ကောင်ချင်းထပ်ထပ် ပူးပူးတည်း။ (၁၁)

၄၆၄။ တပါးထို့ပြင်၊ ရေသွင်သွင်သို့၊ တောက်ရှင်ညီးညီး၊ ပွက်ပွက် စီးလျက်၊ သံမီးခြောင်း†ခြောင်း၊ ကြိမ်ပိုက်†ချောင်းတည့်၊ နှာမောင်းဆူးခက်၊ သင်မုန်းစက်သို့၊ သံရွက်သံညှောက်၊ ငိုးငေါက်ချွန်ချွန်၊ အလွန်မြမြ၊ ထိတိုင်း ရှအောင်၊ ထက်လှကြောက်ဘွယ်၊ ကြိမ်နွယ်ကြိမ်ခက်၊ ကြိမ်ရွက်အယောင်၊ ပြိုးပြိုးပြောင်နှင့်၊ လှေဘောင်ကင်းလစ်၊ အနက်စစ်ကြောင့်၊ ဝေတ္တရဏီ၊ ခေါ် တွင်ညီသား၊ ကြေးနီပွက်ပွက်၊ ဆူကြွက်†ကြွက်သို့၊ အုတ်†ကျွက်အသံ၊ မိုးထက်

ပျံ့အောင်၊ မည်းမဆိတ်၊ မှိမ်းမှိမ်းထိတ်လျှင်၊ သွားကျိတ်အံခဲ၊ မာန်ရဲရဲနှင့်၊
မောင်းမဲမြည်ဟိန်း၊ ငရဲထိန်းတို့၊ *ကလိန်းကလက်၊ စွဲလက်†နက်ဖြင့်၊
ရိုက်†နှက်ထန်ပြင်း၊ နွားခြံသွင်းသို့၊ ဆင်းပစေဘိ၊ ဆူးနို့က်ငြိ၍၊ ကန့်လိ
ကန့်လန့်၊ တုန်လှုန့်ဆတ်ဆတ်၊ တဖျတ်†ဖျတ်နှင့်၊ ပိုင်း†ဖြတ်တုံးတစ်၊ ဘရ
†ပျစ်တိ၊ကြဲ†ပစ်သော့သွင်၊အတင်တင်သား၊ အမြင်မလှ၊အောက်သို့ကျလည်း၊
ပူစွလျှံဝေ၊ ကြေးသံရေတွင်၊ ကြေကြေညက်ညက်၊ ဆူပွက်ဘွားဘွား၊ ကျက်စေ
ငြား၍၊ ငါးကို ဆီပေါ်၊ ကျွမ်းအောင်† ကြော်သို့၊ မ†ကျော်ကျူးသာ၊ ခံရ
†ကြာ၏၊ ကျာ†ကျာ* ကျံုကျုံ၊ အော်ဟစ် သံနှင့်၊ ညံ့ညံ့ ပြော*ထူ၊ ထိုထို
သူကား၊ လူတွင်ဖြစ်ခါ၊ ပူပြင်းစွာလျှင်၊ မီးမှာကြော်ချက်၊ ဝမ်းဘဲ ကြက်နှင့်၊
သားငှက်တို့အား၊ မပြတ်စား၍၊ သနားမရှု၊ နှိပ်စက်မှုကို၊ ပြုတတ်သော့သူ၊
ရှင်မူရှင်†ယောင်၊ သက်န်း†ရောင်နှင့်၊ ဟန်ဆောင်လှည့်ဖြား၊ လှူခံစားသည့်၊
တရားမညီ၊ ရှင်ဒုဿီတို့၊ ဝေတ္တရဏီခေတ်၊ ကြေးနီမြစ်နှိုက်၊ မီးချစ်မပေါ်၊
တညော်ညော်သည်။ ။ချက်ကြော်နှပ်နှပ် တူးတူးတည်း။ (၁၂)

(ဥဿဒငရဲငယ်လေးလုံး)

၄၆၅။ ထိုပြီးနောက်မှ၊ ဥဿဒ၏၊ ပြင်ကပတ်ခြံ၊ စပ်ကာရံသား၊ ဆူလျှံပွပွ၊
ပွက်ပွက်ထလျက၊ ကြွကြွတက်ဝေ၊ ကြေးသံရေနှင့်၊ မသေအသက်၊ သိပ်သိပ်
နက်ဖြင့်၊ ကျွက်ကျွက်အုတ်အုတ်၊ *တရုတ်ရုတ်လျှင်၊ ချက်ပြုတ်ဘွားဘွား၊
သားငါးချဉ်ချို၊ ဟင်း*နှယ်ကျို၍၊ ကြို†ကြိုကြွားကြွား၊ ရှောင်ရှားထွက်ခွါ၊
လွတ်ရာမရ၊ ကြောက်ဘွယ်စွလျှင်၊ လောဟကုမ္ဘီ၊ ကြေးနီအိုးကြီး၊ ညီးညီးပူကဲ၊
ငရဲတခွင်၊ ရဲချင်ချင်နှင့်၊ ထိလျှင်ရှူစူး၊ သင်ဓုန်းဦးသို့၊ အဆူးရှည်လံ၊ ဝင်းဝင်း
လျှံသည့်၊ လက်ပံငရဲ၊ လွန်ကဲ*ချက်ချက်၊ မြမြထက်သား၊ သန်လျက်
လက်သည်း၊အော်မြည်†ကြည်းလျက်၊ လန့်†ကျည်းပြင်းစွာ၊ ကုတ်ခြစ်ကာလျှင်၊
ခံရာမချိ၊ ကြောက်ဘွယ်တိဖြင့်၊ အသိနခ၊ မည်ရမလွဲ၊ ငရဲတတန်၊ စီးဟန်
သွက်သွက်၊ ဆူကြွက်ကြွက်နှင့်၊ ပွက်ပွက်လျှံဝေ၊ ကြေးနီရေဟု၊ ပူထွေလွန်မော၊
တမ္ဗောဒက၊ မည်ရတကွဲ၊ ငရဲတထွေ၊ သံတွေညီးညီး၊ အရှိန်†ကြီးလျက်၊
*မီး†ကျီးအလျှံ၊ တောက်ပျံ့ပူလော၊ အယောဂုဠ၊ အမည်ရသား၊ နာမခေါ်မြဲ၊
ငရဲတချက်၊ ကြောက်မက်စဘွယ်၊ ကြီးကျယ်*ဖြိုးမြင့်၊ မိုးနှင့်*တမျှ၊ မီးလျှံ
ထလျက်၊ သေလပဗ္ဗတ၊ မည်ရပြောင်ပြောင်၊ သံမီးရောင်နှင့်၊ ကျောက်တောင်
တခဲ၊ ငရဲတဆစ်၊ ပူ*အစ်ထန်ပြင်း၊ စပါးဖျင်းသို့၊ စီးဆင်းလျှံ†ခြောင်း၊
ခိုးထောင်းထောင်းနှင့်၊ မြစ်†ချောင်းတူလှ၊ ပွက်ဆူထသား၊ ဘုသနဒီ၊ သညီ
မှတ်စွဲ၊ ငရဲတမျိုး၊ လျှံခိုးမရှိန်၊ မထိန်မတောက်၊ မနောက်မခဲ၊ မရဲမ†ချင်၊
မီးလွတ်စင်လည်း၊ ရိုး†ခြင်ဆီတွင်း၊ အကုန်ချင်းအောင်၊ ထွင်း၍ေး†ကျဉ်၊
ရေ့အယဉ်သို့၊ ရှောင်†ကြဉ်မဖြစ်၊ ဆင်းရဲနစ်သား၊ မြစ်ပမာဏ၊ သီတနဒီ၊

ဤလည်းလွန်ကဲ၊ ငရဲတသီး၊ ကျားကြီးဆင်ပေါက်၊ လောဟိ†ကျောက်သို့၊ လန့်†ကြောက်ဘွယ်လိ၊ မျက်စိခြင်း†ခြင်း၊ စွယ်ဝင်းဝင်းနှင့်၊ ကောင်†ချင်း ရှက်ထွေး၊ တောင်ပြေးမြောက်ရစ်၊ အော်ဟစ်မြူးခုန်၊ သဲ့သဲ့တုန်အောင်၊ ဝိုင်းကုန်အုန်းအင်း၊ ပြုန်းပြင်းဆူဝေ၊ မြင်ရုံသေမျှ၊ ခွေးရွှေခွေးနက်၊ ကျားထက် ဆိုးကျူး၊ ခွေးဘီလူးတို့၊ ရူးရူးရှင်†ရှင်၊ ရွတ်ရွတ်ငင်၍၊ လျင်†လျင် *ကြွတ်†ကြွတ်၊ ပြေးမလွတ်အောင်၊ ကျွတ်†ကျွတ်မျိုဝါး၊ ဟပ်စားကိုက်ခဲ၊ ခွေးငရဲဟု၊ ခေါ်မြဲတရပ်၊ ကြံညှပ်ယန္တြား၊ စက်အလားသို့၊ ထွားထွား ညက်†ကြိတ်၊ မြည်ကျိတ်†ကျိတ်နှင့်၊ ကြောက်ထိတ်ဘွယ်ကြီး၊ တတီးတီးတိ၊ ယိုစီးအယဉ်၊ ညီးညီးပျဉ်၍၊ မစဉ်တရစ်၊ ကိုယ်လုံးနစ်မျှ၊ သွေးချောင်း ကျသား၊ ယန္တပါသာ၊ သညာမည်စွဲ၊ ငရဲတပုံ၊ လုံးစုံဘော်ပြ၊ ယမလောကီ၊ တွင်ညီခေါ် ရိုး၊ ဤဆယ်မျိုးလည်း၊ ကြောက်စိုးလန့်ဘွယ်၊ ကြီးကျယ်ကိုယ်တိ၊ မိုး*ရှိရှိနှင့်၊ မျက်စိကြော့*သွေး၊ *တွေးတွေးနီမြန်း၊ ထုတ်ချင်းတန်း၍၊ ကြောင်သန်းတျာတျာ၊ ထိုအင်္ဂါဖြင့်၊ လွန်စွာကျယ်ဘိ၊ လူ့ပြည်ယှိသား၊ မောင်းကြီ့အယောင်၊ မျက်တောင်မညိတ်၊ နက်ရောင်ဘိတ်လျက်၊ သပိတ်လုံး နှယ်၊ မျက်လုံးကျယ်နှင့်၊ အစွယ်ပြူးပြူး၊ ငှက်ပျောဖူးသို့၊ မာန်ရူးလွန်ဆိုး၊ ရက္ခိုသ်မျိုးသည်။ ။အုပ်စိုးကွပ်ကွပ် မူးမူးတည်း။ (၁၃)

၄၆၆။ လုံးစုံ ထိုမျှ၊ ထုတ်ဆိုပြသား၊ ယမလောကီ၊ သညီ ခေါ်အပ်၊ ဤဆယ်ထပ်နိုက်၊ လူရပ်လူ့ဘောင်၊ မကြဉ်ရှောင်ဘဲ၊ လင်မြောင်မွှေလျော်၊ လင်ကိုကျော်၍၊ အပျော်အပါး၊ သယောက်ထားနှင့်၊ သောက်စားလူဆိုး၊ မယားစိုးက၊ သားထိုးငှက်ခတ်၊ သက်သတ်တသွယ်၊ ရောင်းဝယ်*စဉ်းလဲ၊ ဆိုဆဲတတ်သူ၊ လူအမိုက်မျိုး၊ ရှင်ဆိုးဒုသီ၊ အလဇ္ဇီတို့၊ မညီတရား၊ အပြစ် အားဖြင့်၊ ကြီးမားဒုက္ခ၊ ခံကြ†ရ၏၊ ကာ†ယဝစီ၊ မနောမှီသား၊ သုံးလီဒွါရ၊ ကံပါပကို၊ ပြုကြနည်းငြား၊ ပေါ့သူများက၊ ဆယ်ပါးယမ၊ ဉဿဒနိုက်၊ခံရတုံကျင်၊ တကြိမ်ပင်တည့်၊ ထို့ပြင်မလျော်၊ မိုက်ခေါင်ကျော်လျက်၊ မတော် မ*တကာ၊ ယုတ်မာဆိုးဝါး၊ လေ့ကျက်များသော်၊ တပါးက ထွက်၊ တပါး ဆက်၍၊ လောင်ကျက်အမြဲ၊ နေရာလွှဲလျက်၊ ဆင်းရဲသွတ်*လှယ်၊ အိမ့်သဖွယ်သို့၊ ကြီးငယ်ငရဲ၊ ထိုအထဲနိုက်၊ ဝဲသို့လည်ကာ၊ ရှည်ကြာကာလ၊ လှည့်နေရ၏၊ ထိုမှတဖြာ၊ တပါးမှာလည်း၊ မာတာပိတာ၊ ဓမ္မိကဟု၊ သမဏ ဗြာဟ္မဏာ၊ ဂုဏ်ဝါ မြတ်ငြား၊ သူတို့အားလျှင်၊ ပြစ်မှားကြမ်းကြုတ်၊ ကိုယ်နှုတ်ပြစ်ဒဏ်၊ ကျူးလွန် ကုန်ကြ၊ လူထိုမျှနှင့်၊ နေ့ညမပြတ်၊ သူ့သက်သတ်၍၊ နှိပ်စက်တတ်သူ၊ ထိုသည့် လူတို့၊ အပူအလင်း၊ ကင်းကြီးကင်းလျက်၊ နေမင်း လမင်း၊ မဝင်းနိုင်မှု၊ အမိုက် စုဖြင့်၊ စကျွဝိညာဉ်၊ အစဉ်ငှင်း၊ ဖြစ်ကြောင်းမယှိ၊ မှောင်အတိသား၊ ကျယ်ဘိ ယူဇနာ၊ သင်္ချာရှစ်ထောင်၊ *လဟာခေါင်တိ၊ ကျောက်တောင်သေလာ၊ စက္ကဝါ

ပြင်ပါး၊ သုံးတိုက်ကြားတွင်၊ မခြားတူ†မှန်း၊ စင်ကော†*မန်းနှင့်၊ လင်ပန်း
သုံးချပ်၊ ယှဉ်ရာရပ်နှိုက်၊ မစပ်လယ်ကျန်၊ ပုံသဏ္ဍာန်သို့၊ လောကန္တရက်၊ ငရဲ
နက်ဝယ်၊ ကြောက်မက်ဘွယ်စွ၊ လွန်ဧးမြလျက်၊ ကာယမယုတ်၊ သုံးဂါဝုတ်မျှ၊
ခြေကုတ်လက်တွဲ၊ လင်းနို့ဆွဲးသို့၊ တွဲးရွဲးတောင်†ယံ၊ တည်ညံတည့်၊ တ†ရံ
တဆစ်၊ လွတ်ကျလစ်သော်၊ ဆားနှစ်မကာ၊ ရေသို့ကျ၍၊ မွမွကြေလျှင်း၊ဆင်းရဲး
ပြင်း၏၊ ကံကြွင်းဝဠ်ကြွေး၊ မကုန်သေးက၊ ရှေးသို့ပ†မာ၊ ဖြစ်ပြန်လာ၏၊
*ကြမ္မာ†မြောင်းမြိ၊ ကံကိုယ်စီဖြင့်၊ ထို၍မလွဲး၊ ပါယ်ငရဲးနှိုက်၊ ဘန်လဲးသို့စင်၊
ခံရကျင်သည်။　။ထွက်ဝင်စပ်စပ် ကူးကူးတည်း။　(၁၄)

ငရဲးခဏ်း ၁၄-ပိုဒ်ပြီး၏။

(ယမလောကီ ငရဲးဆယ်လုံး)

---

၄၆၇။ ဤသို့အလို၊ အကုသိုလ်၏၊ ထိုထိုပါယ်ရပ်၊ သန္ဓေကပ်၍၊ ကျဉ်း
ကျပ်ပြင်းထန်၊ ကျိုးပေးဟန်ကို၊ ကျမ်းဂန်အလာ၊ ထင်စွာသရုပ်၊ ကျဉ်းချုပ်
ပိုင်းခြား၊ ပြခဲ့ငြားလည်း၊ မှတ်သား လွယ်စေ၊ ဧကဒေသ၊ တစိတ်မျှတည့်၊
ထိုမှတသွယ်၊ မှတ်ဘွယ်တချက်၊ ငရဲးသက်ကား၊ အထက်နိရယ၊ အောက်ဒေဝတို့၊
လူကနတ်သက်၊ နေ့ရက်လနှစ်၊ တွက်စစ်တက်နည်း၊ *နိဿရည်းတိုင်း၊ လိပ်
လည်းမယှို၊ ခြောက်ထပ်ထိအောင်၊ သိလေ့စဉ်ကာ၊ မဟာတာပန်၊ ခုနစ်ဌာန်
နှိုက်၊ *မန္တန်ထက်ဝက်၊ ထဲးနက်မဟာ၊ ဝီစိမှာမူ၊ ကမ္ဘာအာယု၊ ရှစ်ဆယ်စု၍၊
တစုတိုင်း*ရှည့်၊ *မန္တန်ပြည့်တည့်၊ ကံ၏စွမ်းအား၊ ထိုအကြားလည်း၊ လွတ်ငြား
တတ်စွ၊ မမြဲးကြဘူး၊ ဒသကမ္မ၊ ပထအစ၊ မကောင်းမှုကို၊ ဂရုကတ၊ အာစိဏ္ဏ
ဖြင့်၊ မချတ†ရံ၊ မြဲးတမြဲလျှင်၊ ယိုး†ယံမပြတ်၊ လေ့လာတတ်လျက်၊ ပေါက်လွှတ်
မိုက်စွာ၊ မိစ္ဆာဝါဒ၊ နိယတသို့၊ ဘဝလုံးလုံး၊ သက်ဆုံးတိုင်အောင်၊ မကြဉ်ရှောင်
သည့်၊ ဆိုးခေါင်ကြူးလှ၊ ဘေဒကနှင့်၊ မိဘာဆရာ၊ ရတနာသုံးပါး၊ မလွတ်ငြားဘဲး၊
ပြစ်မှားကြီးထူ၊ ထိုထိုသူတို့၊ လောင်ပူပြင်းပြ၊ ဒုက္ခကဲးလွန်၊ ဆင်းရဲးဝန်ကို၊
မန္တန္တရ၊ ကာလပြည့်ကြွယ်၊ အာယုကယ်အောင်၊ ကြောက်ဘွယ်*နှရား၊ ကြီးမား
စွာလှ၊ ဆုံးဆမယှို၊ အဝီစိနှိုက်၊ မြေကြီးအောက်ဆုံး၊ ကျစုံးစုံးဖြင့်၊ မီးတုံးဖြစ်ထ၊
ခံနေရ၏၊အချို့ကမူ၊အရိယူပဝါ၊အရိယာအား၊ပြစ်မှားပြုကြ၊ပြစ်ဒေါသကြောင့်၊
အဗ္ဗုဒ နိရဗ္ဗုဒ၊ အဟဟနှင့်၊ ဗဗ ဠဠ၊ထိုမှတုံပြီး၊ သောဂန္ဓိ ဥပ္ပလ၊ကုမုဒက၊ နာမ
*တသုန်၊ပုဏ္ဍရိက၊ပဒုမဟု၊ရေဆတွက်ဘွယ်၊ ဆင့်ဆင့်ကယ်၍၊နှစ်ဆယ်နှစ်ဆယ်၊
မြှောက်နည်းသွယ်လျက်၊ရှည်ကြွယ်နှစ်ပေါင်း၊ခံရရှောင်း၏၊ ငင်းဒသ၊နိရယကား၊
သိတ*နရက်၊ တုန်*ချက်ချက်ဖြင့်၊ မကျက်မဆူ၊ မပူမီးလို၊ ဧးစွဆိုရှင့်၊ ထိုဝီစိ
တိုက်၊ တစိတ်နှိုက်လည်း၊ ဆင်လိုက်မြင်းလိုက်၊ ရထားလိုက်ဖြင့်၊ စစ်တိုက်လိုလား၊

ထိုယောကျ်ားတို့၊ ခံငြားတည်ရာ၊ ထိုးခုတ်ကာလျှင်၊ အပရာဇိ၊ မည်ယို့နာမ၊ တဋ္ဌာနတည့်၊ ရာဂ ဒေါသ၊ မောဟတရား၊ ပွါးထက်ပွါးအောင်၊ အများလူ့ဘောင်၊ ငရဲထောင်သို့၊ ပင့်ဆောင်ဆော်နှိုး၊ အမိုက်ပျိုးသည့်၊ လူမျိုးတမည်၊ သဘင်သည်ကား၊ လူ့ပြည်နိုက်တွင်၊ ပွဲသဘင်သို့၊ အသွင်ပုံတူ၊ သဏ္ဌာန်ယူ၍၊ တီးသူမှုတ်သား၊ က,သမားတိုင်း၊ မခြားခံရ၊ ပဟာသတည့်၊ ကမ္မပထာ၊ ညွှံသူမှာကား၊ မဟာတာပန်၊ တတန်ထို့နောက်၊ ကံလျောက်ချင့်နှိုင်း၊ ညွှံညွှံတိုင်းလျှင်၊ ထက်ပိုင်းနိရယ၊ ဉဿဒနှင့်၊ ယမလောကီ၊ လောကန္တရိနိုက်၊ စီစီအုတ်အုတ်၊ တဂါဝုတ်နှင့်၊ နှစ်ဂါဝုတ် သုံးဂါဝုတ်၊ လေးဂါဝုတ်မျှ၊ ကိုယ်ကာယဖြင့်၊ *မဆွစိုစို၊ ဘဝကိုယ်က၊ အလိုဒုစ္စရိုက်၊ ပျော်ပိုက်ကုန်ကြ၊ ပါပကာရိ၊ လူဒုဿီတို့၊ ထိုဤငရဲ၊ ခံကြမြဲသည်။ ။မလွဲမှတ်ယုံ၊ ပါယ်ဘုံဌာန၊ ကမ္မခွဲဝေ၊ ထုတ်ဘော့ကျမ်းလာ၊ လင်္ကာစည်ကြီး၊ ဆော်တီးထိန်ဆူ၊ ရှင်လူကြားစိမ့်၊ ထင်ရှားပြဿန်ပေသတည်း။ (၁၅)

(ဤအချကား ၃၅-လုံးချ ဇမ္ဗူ့သပြေသီး-ချမျိုး ဟူ၏။)

အပါယ်ဘုံခဏ်း ၁၉-ပိုဒ် ပြီး၏။

အကုသလကမ္မာနုရူပဂတိဝိဘာဂ ပြီး၏။

---

## ၄-ကာမာဝစရနတ်ဘုံခဏ်း

၄၆ဂ။ မဟာမဟာ၊ ကြီးမြတ်စွာသား၊ ကာမာဝစရ၊ ကုသလ၏၊ ကမ္မဆယ်ဖြာ၊ ပြုကျင့်ရာနိုက်၊ သဒ္ဓါကိုလို၌၊ ဉာဏ်*မဲ့ဆိတ်၍၊ ဒုဟိတ်ကမ္မ၊ ဒုဗ္ဗလနှင့်၊ ဟီနစေတနာ၊ ကဋ္ဌတ္တာကြောင့်၊ နုံ့စွာညံ့သူ၊ ကျွန်းဇမ္ဗူထက်၊ လူဟုဖြစ်လည်း၊ နွမ်းညစ်မ†ပြောင်၊ လက်ခြေ†ပျောင်၍၊ ကုန်းခေါင်မြေ†ကျတ်၊ ဝါကြွတ်†ကြွတ်နိုက်၊ ပေါက်လတ်တုံကျင်၊ မြက်သစ်ပင်တို့၊ ရှင်ရုံရှင်*ဆန်း၊ ညှိုးသွေ့မြန်း၍၊ မလန်းမကြည်၊ မပွါးစည်သို့၊ လူမည်ကာမျှ၊ နေသာဒနှင့်၊ စဏ္ဍာလကျွန်၊ *ပန်းသွန်*ဘင်ကျုံး၊ လူဆုံးလူယုတ်၊ သားမြေးပြုတ်လျက်၊ သစ်ငုတ်အတူ၊ လူတွင်အထီး၊ မပွါးစီးသား၊ *လုံးသီးလုံးပေါ်၊ သဘောယုတ်မာ၊ တမ်းစေ့ကာတည့်၊ လူရာမဝင်၊ တောတွင်ပွါးကြီး၊ မြို့မနီးဘဲ၊ ဖားရီးဖား†ရား၊ အိပ်*ဘ†ယားနှင့်၊ လေး မြား*တောင့်လွယ်၊ တောဝယ်ပျော်ပိုက်၊ တောစရိုက်ဖြင့်၊ သားလိုက် ပျားဖွတ်၊ လူ*သွတ်လူ†ရိုင်း၊ လူ*ရှုန့်ထိုင်းတို့၊ ယိုင်း†ယိုင်းပင်းပင်း၊ တရားသွင်းလည်း၊ ဗူးနားပင်းတွင်၊ ရေမဝင်သို့၊ နား့ပြင်မကြား၊ အလွတ်သွား၍၊ ကျွဲးပါးစောင်းတီး၊ ငြီးသာငြီး၏၊ မနီးသုစရိုက်၊ မကြိုက်ကုသိုလ်၊ မလိုက်လိုတည့်၊ တောင်ကြိုတောင်ကြား၊ မွေးပေါက်ဘွားပြီး၊ စကားမပီ၊ လူမပြီဘဲ၊ ယင်းဤအကုသိုလ်၊ မိုက်အလိုဖြင့်၊ သက်ကိုမွေး†ခြင်း၊ ဇာတိ

ဖျင်းလျက်၊ †ချင်းနှင့်က†ချင်၊ လူအသွင်မျှ၊ ဆင်†ခြင်ဉာဏ်မဲ့၊ ကံ*နုန့်နဲ့ကြ၊
*ချွိတဲ့ဘောဂ၊ မဝရေစာ၊ လူပြိတ္တာဖြင့်၊ ချမ်းသာမစုံ၊ *မကုံ*မင့်၊ ဂုဏ်သိမ်
ညံ့ရှင့်၊ အ*ဆွံ့အအ၊ ဇာစ္စန္ဓနှင့်၊ *မမ္မ ပဏ္ဍုက်၊ လူသမုတ်လည်း၊ သွင်ယုတ်
ကန်းကျိုး၊ ဘုန်း*ကြန့်မျိုးတွင်၊ တန်းခိုးမပေါ်၊ ဖြစ်ညှိုးယော်၏၊ လူစော်
နံကာ၊ လူဖြစ်လာသည်။　။လူ့ရွာအညစ် အညစ်တည်း။　(၁)

၄၆၉။ လွန်တက်တိုးပွါး၊ ဒွိ တိအားဖြင့်၊ နှစ်ပါး သုံးပါး၊ ပိုင်းခြားပရိစ်၊
ဟိတ်နှင့်ယှဉ်ကာ၊ မဟာကုသလ၊ စိတ်အဋ္ဌကို၊ ပုညကြိယာ၊ ဆယ်ဖြာဝတ္ထု၊
ခြောက်စုအာရုံ၊ လေးပုံမိပတိ၊ တြိကမ္မ၊ ဟီနစသည်၊ မြောက်ထအဖြောင့်၊
တသောင့်းခုနစ်ထောင်၊ စွန်းဆောင်နှစ်ရာ၊ ရှစ်ဆယ်သာတွင်၊ ဉာဏ်မပါဘိ၊
မိပတိမှ၊ မြောက်မိသမျှ၊ နှစ်ထောင်ကလျှင်၊ တရာ့ခြောက်ဆယ်၊ နုတ်ပယ်ပြီး
နောင်၊ သောင့်းငါးထောင်ထက်၊ *မြားမြောင်စွန်း*ကယ်၊ ရာ့နှစ်ဆယ်တိ၊
မှတ်ဘွယ်သခ်ျာ၊ အကျယ်လာသည့်၊ ကာမာဝစရ၊ ကုသလ၏၊ ဘေဒအပြား၊
ဝတ္ထုအားဖြင့်၊ ဆယ်ပါးအာဒိ၊ စယှိအစု၊ ထိုကောင်းမှုကို၊ အပြုထူးတိုင်း၊
မြရည်မှိုင်းသား၊ မြကျိုင်းရွှန်းဝေ၊ ကျွန်းဦးမြေဝယ်၊ သပြေရွှက်စိပ်၊ ဇမ္ဗူဒိပ်
ထက်၊ ပြည့်သိပ်ဥစ္စာ၊ ရတနာမျိုး၊ ရွှာသောမိုး*နှယ်၊ ချိုးချိုးချင်†ချင်၊ စပါး
†ခြင်သို၊ ထွက်ဝင်မဆုံး၊ နေ့တိုင်းသုံးသား၊ ကျုံး၍မ*ကုံ၊ တောင့်*နှယ်ပုံမျှ၊
လူ့ဘုံကျော်ဟိုး၊ ဘုန်းရောင်တိုး၍၊ တန်းခိုးတေဇာ၊ ထူးအာဏာနှင့်၊ စကြာ
ယာဉ်ကျော်၊ ဆင်တော်မြင်း†ယံ၊ ခြွေရွှေ†ရံလျက်၊ မိုး†ယံနှင်စိုင်း၊ နတ်တူ
နှိုင်းအောင်၊ အလှိုင်းကြီးကျယ်၊ မြတ်မျိုးနွယ်နှိုက်၊ သူကြွယ် သူဌေး၊ ပုဏ္ဏေး
ပုဏ္ဏား၊ မင်းသား မင်းဆွေ၊ ပဒေသရာဇ်၊ ကေရာဇ်က၊ စကြဝတေး၊
ကောင်းကျိုး ပေး၏၊ တရေး ထို့ထက်၊ ထူးလွန် တက်မူ၊ နောက်ဘက်
ဂေါယာန်၊ တတန်ပုဗ္ဗာ၊ ဥတ္တရာနှိုက်၊ ပဒေသာသား၊ ဘဝအားဖြင့်၊
ကြီးမား ချမ်းသာ၊ လွန်ကဲစွာ၏၊ တဖြာ ထူးလတ်၊ ကုသိုလ် မြတ်ႏသော်၊
နတ်မဟာရာဇ်၊ ငါးဆစ်အာလိန်၊ တောင်နာဂိန်ထက်၊ ဝတိန်ယာမာ၊ တုသိတာ
နှင့်၊ နိမ္မာ ဝသ၊ ဘုံသို့ကျအောင်၊ ကာမဘူမိ၊ သုဂတိဝယ်၊ ပဋိသန္ဓေ၊ ပေးထွေ
အရင်း၊ ဖြစ်စေလျှင်း၏၊ ယင်းသည့်အဋ္ဌ၊ ကုသလနှိုက်၊ ဉာဏသမ္ပယုတ်၊ မယုတ်
စင်စစ်၊ ကုသိုလ်ဖြစ်လည်း၊ အနဝဇ္ဇ၊ သိပ္ပကမ္မာ၊ ဝိဇ္ဇဋ္ဌာဟု၊ ပညာအရေး၊
သက်မွေးရန်ပြီး၊ ကြောင်းစံမှီးသား၊ ဆင်စီး မြင်းစီး၊ အတတ်ကြီးက၊ တသီး
ယာလယ်၊ ကုန်သွယ်လုပ်ပြု၊ ရောင်းဝယ်မှုနှင့်၊ ဆေးကုဝါးကု၊ သက်ရှုဗေဒင်၊
သူ့ကိုသင်ငြား၊ သူတပါးကား၊ တရားဟောတတ်၊ ပုဂ္ဂိုလ်မြတ်ကို၊ သက္ကတွာ၊
ရှိသေစွာလျှင်၊ *ပန်ထွာညွတ်ပျောင်း၊ နောင်ဉာဏ်ကောင်းအောင်၊ ဆုတောင်း
ပေးလှူ၊ ဤသို့ဟူ၏၊ တမူထိုမှ၊ ကုသလနှိုက်၊ ပုဗ္ဗပရ၊ ပရိဝါနှင့်၊ အာသေ
ဝ†န၊ ပစ္စယကြောင့်၊ ဉာ†ဏသံ ဝိ၊ တိ ဒွိနှစ်ဝ၊ ဥက္ကဋ္ဌတည့်၊ ဩမကမူ၊ သို့မဟုတ်ရှင့်၊

မှတ်ယူမြဲးကိတ်၊ သန္ဒေစိတ်က၊ တိဟိတ်ဥက္ကဋ္ဌ၊ တိဟိတ်ရ၏၊ မုချသဘော၊ ကျမ်းလာဟောခဲ့၊ တိသြ ဒွိဉက်၊ အဟုတ်ဒွိသာ၊ ဒွိသြမှာသော်၊ လူ့ရွာစတု၊ ဘုံနှစ်ခုနိုက်၊ သုဂတိအဟိတ်၊ ဝိပါက်စိတ်ဖြင့်၊ မွေးမိှတ်ဘဝ၊ ဇာစ္စန္ဓဟု၊ ဖြစ်ကြသတတ်၊ အမြဲးမှတ်လော့၊ ယုတ်မြတ်ဟူထ၊ လူနတ်ဘဝနိုက်၊ ကာမကုသိုလ်၊ ပစ္စည်း*ကြိုသည်။ ။ဤကိုယ်အဖြစ် အဖြစ်တည်း။ (၂)

၄၇၀။ ဤအချက်နိုက်၊လူ့သက်နတ်သက်၊သီးခြားမြွက်၍၊ဆတက်ရှည်ဟန်၊ ကမ္ဘန္တရ၊ တစိတ်မျှကို၊ ကျမ်းပြအညီ၊ လင်္ကာစီပိမ့်၊ ဇမ္ဗူဒီဘွား၊ ကျွန်းသားများကား၊ တရားကျင့်ပြု၊ မမြဲးမှုကြောင့်၊ အာယုပိုင်းခြား၊ နည်းများရှည်တို၊ ရှိစလို့ခဲ့၊ ကုသိုလ်သမ္ဘာ၊ တည်သော့ခါနိုက်၊ မဟာကထာန်၊ သခြ်ေလွန်၍၊ တဘန်ကျင့်ပျောက်၊ ဆယ်နှစ်ရောက်၏၊ အနောက်ကျွန်းကြီး၊ နွားယာဉ်စီးတို့၊ အသီးမှန်စွာ၊ နှစ်ငါးရာနှင့်၊ ပြုဗ္ဗာခုနစ်၊ သက်တန်းဖြစ်၏၊ တဆစ်ထို့နောက်၊ *မြစ်အောက်ဒိသာ၊ မြောက်ညာကုရု၊ ချမ်းသာစုသား၊ နတ်တုကျွန်းနေ၊ ပဒေသာသုံး၊ လူတို့ထုံးက၊ သက်ဆုံး*ဘေးဘျမ်း၊ ဥပဒ်†ကြမ်းနှင့်၊ ဆံ†ခြမ်းမငွေ၊ မတွေ့တာ†ရုံ၊ ရွယ်သုံး†ယံလုံး၊ ရှေးကံတား†မြစ်၊ ဆဲ့ခြောက်နှစ်သို့၊ ပျို†မျစ်ဆင်းရောင်၊ နှစ်တထောင်တည့်၊ လူ့ဘောင်နိုက်ဝယ်၊ နှစ်ငါးဆယ်သော်၊ လေးသွယ်သင်းကျစ်၊ မဟာရာဇ်နိုက်၊ စင်စစ်တရက်၊ နေ့ညတွက်တည့်၊ လူ့ရက်နှစ်ဆ၊ နတ်နှစ်ဆဖြင့်၊ လေးဆတက်ချည်း၊ *နိဿရည်းသည်။ ။တက်နည်း အဆစ် အဆစ်တည်း။ (၃)

၄၇၁။ ဒေဝလောက၊ နတ်ဌာနဝယ်၊ ဖြစ်ကြကုန်†ကျင်၊ မှတ်ကြောင်း အင်ကား၊ အ†ကြင်လူ့ရွာ၊ လူဖြစ်ခါနိုက်၊ ဆယ်ဖြာဒါန၊ ကျင့်သီလဖြင့်၊ ပုညစေ့ပျိုး၊ ကောင်းမှုမျိုးကို၊ တစိုးတစိ၊ ပြုတုံဘိလည်း၊ ပျင်းရိကျော့ *†ကျည်း၊ ရှောင်*သရည်းဖြင့်၊ ကြည်း†ကြည်းမရွှင်၊ ကြည်လင်နည်းဘိ၊ ပီတိ*နုန့်နဲ့၊ တင့်ငဲ့ဖြင့်၊ ကြွင်းမဲ့မဟူ၊ ကိုယ်ထူကိုယ်ထ၊ မကြွစလို၊ သူ့ကိုစေခိုင်း၊ ပျည်းထိုင်းလက္ခဏာ၊ ပြုကာ*မြောင်းမြေ၊ ဝတ်ကြေရုံမျှ၊ သက္ကစ္စနှင့်၊ သဟတ္ထစ၊ မဖြစ်နိုင်စွာ၊ သဒ္ဓါမတ္တာ၊ ရာဇညသို့၊ စိတ်က*တိတွက်၊ နှေးဖျည်းဘက်၏၊ မထက်လွန်းမျှ၊ ထိုသူတို့ကား၊ ထိုကုသိုလ့်ကျိုး၊နတ်နွယ်ရိုးနိုက်၊ နတ်မျိုးဇာတိ၊ ဖြစ်တုံဘိလည်း၊ ယောနိလေးထွေ၊ သန္ဒေကုသလ၊ ကာမဝိပါက်၊ ကိုးခုသက်၍၊ စက္ခု သောတ၊ ဃာနပြည့်စုံ၊ မပြည့်စုံတည့်၊ ဘုမ္မဿိတာ၊ အသုရာက၊ ဝေမာနိ မျိုး၊ နှမ်းညှိုးကိုယ်ရောင်၊ မပြောင်မပ၊ နတ်သုခမှ၊ လျော့ကျကွယ်ဆိတ်၊ ညဏ်*မဲ့စိတ်နှင့်၊ အဟိတ်မကင်း၊ မသန့်ရှင်းဘဲ၊ အသင်းအသင်း၊ ဇာတ်တူ ချင်းတို့၊ စောင်းငြင်းစည်ငြင်း၊ တီးမှုတ်ခြင်းဖြင့်၊ မြင်းမိုရ်အောက်ထစ်၊ မဟာရာဇ်တွင်၊ နတ်ဖြစ်အညံ့စား၊ အယုတ်အားဖြင့်၊ နည်းပါးခြွေရံ၊ စေပါခံ၍၊ သူ့ထံခယ၊ ဂန္ဓဗ္ဗဟု၊ ဟီနကာယ၊ ဒေဝအသင်း၊ ဖြစ်တုံလျှင်း၏၊ ယင်းသည့်

ကုသိုလ်၊ ပြုကာထိုဝယ်၊ ကိုယ်ကိုချမ်းမြေ့၊ သိမ်တမွေ့ဖြင့်၊ တည်လေ့မရှိ၊ မိမိစိတ်က၊ နေမကျဘူး၊ ထိုမှုဤကို၊ သွားလာလိုလျက်၊ ကုသိုလ်ပြုငြား၊ မတည်ကြားနှင့်၊ သွားမယားစု၊ အိမ်ထောင်မှုလည်း၊ ဂရုမစိုက်၊ လိုမလိုက်ဘဲ၊ စိတ်နှိုက်ညွတ်ခြင်း၊ ပျော်မှုကင်း၏၊ ယင်းကုသလ၊ စာရိတ္တကြောင့်၊ စန္ဒသူရိယာ၊ ဂြိုဟ်*တာရာထက်၊ ငါးရာနတ်သက်၊ လူ့ရေတွက်မူ၊ မပျက်ခန့်မှန်း၊ ကိန်းဂဏန်းတိ၊ ကိုးသန်းအနှစ်၊ မဟာရာဇ်၏၊ သက်ဆစ်ပိုင်းခြား၊ ရှည်သော့အားဖြင့်၊ ခံစားချမ်းသာ၊ လှည့်လည်ကာသည်။ ။လက်ျာအရစ် အရစ်တည်း။ (၃)

၄၇၂။ မိဘနှစ်ဆူ၊ မြတ်ရွှေဂူသို့၊ မွေးမြူမငြီး၊ သက်ကြီးတို့အား၊ ခစားရိုသေ၊ နှုတ်*သံချေဖြင့်၊ ပြေပြေပြစ်†ပြစ်၊ ချော†ပစ်မမှု၊ ပေးလှူမကင်း၊ စွန့်ကြဲခြင်းက၊ ချွတ်ယွင်းမရှိ၊ ခံချိသည်းညည်း၊ မျက်နည်းခေါင်းပါး၊ ဤသို့အားဖြင့်၊ တရားခု†နှစ်၊ ကုသိုလ်†နှစ်နှင့်၊ စင်စစ်မကွာ၊ ပြည့်စုံစွာသည့်၊ လိမ္မာမချို့၊ သူမြတ်တို့ကား၊ မြင်းမိုရ့်ထိပ်ချာ၊ ဝတိံသာထက်၊ ဣန္ဒာသက္ကာ၊ ဝါသဝနှင့်၊ များလှတုံစွာ၊ ဝင်းဝင်းဝါသား၊ သုဇာ ဓမ္မာ၊ နန္ဒာ စိတ္တာ၊ ရံခထံပါး၊ လွန်ထင်ရှားလျက်၊ သိကြားယံ†ကျုံ၊ ဝိသ†ကြုံက၊ ရှစ်စုံအင်ယှိ၊ မာတလိဟု၊ သာရထိနတ်၊ ကြီးမြတ်ဘုန်းဂုဏ်၊ တန်းခိုးဟုန်နှင့်၊ ဝရုဏ် ဤသာ၊ ပဇာပတိ၊ စယှိ*ပေါ်ယယ်၊ မိုးပြင်†ကြယ်သို့၊ ကြီး†ကျယ်ထူးမြတ်၊ ဥပပတ်ဖြင့်၊ နတ်တို့ဘုံဝယ်၊ လူ့ပြည်†နွယ်လျှင်၊ နှုန်†နယ်နွမ်းညစ်၊ လူမှာဖြစ်သည်၊ *ကပ်ကျစ်ကပိုင်၊ သရိုင် ပျဉ်ပြား၊ ကြေး သံသားနှင့်၊ သစ် ဝါးဝေးလံ၊ ကာရံမယှိ၊ ခနိုမနန်း၊ အုန်းနှင့်သက်ကယ်၊ ဘုံကြီးငယ်တို့၊ ကွယ်ဘိကင်းကင်း၊ *ဓဝယ်ညွှင်းလည်း၊ အရှင်းပယ်ယှား၊ အလွတ်ထား၏၊ ရွှေသားမြသား၊ ပတ္တမြားစိန်†ဖန်၊ ကုသိုလ်†ဘန်တိုင်း၊ ဝသ်ဝဏ်မြခဲ၊ မျက်ရွှဲမဏိ၊ ဝေဠုရိဖြင့်၊ အချိအချိ၊ အံ့ဘိမနိုင်၊ အဆိုင်ဆိုင်တည့်၊ ရွှေတိုင်ရွှေ†လျောက်၊ ဝင်းဝင်းတောက်လျက်၊ ကြွက်†လျှောက်မိုး†ခြင်၊ ရဲးချင်†ချင်ဖြင့်၊ မာရဘင်†မုတ်၊ ဥကင်†မုတ်က၊ စ†မုတ်ဝဲးယာ၊ လေသာ စန္ဒ၊ ဆောင်ပြဒုတ္တို၊ ရုပ်ထုပြီးပြင်၊ လူစီ†ရင်သို့၊ တု†ယင်စိန်စစ်၊ စုလစ်ပတ္တမြား၊ မြနှ†ရားနှင့်၊ ပြ†ယားချိုး*ပေါင်၊ တော်ရနောင် နီလာ၊ သန္တာ*ကြေးကွေး၊ ရှုဘွယ်ငေးအောင်၊ ခြူးသေးခြူးသွယ်၊ ခြူးနွယ်ခြူးပန်း၊ အဆန်းဆန်းသား၊ *ကျီးရန်းပြောက်စုံ၊ ကျောက်မျိုးပုံလျက်၊ ရွှေဘုံညီးညီး၊ အသီးသီးလည်း၊ ငယ်ကြီးများစွာ၊ ပျော်ဘွယ်ရာချည်း၊ အာလမ္ဗရ၊ မုဒိင်နှင့်၊ လက်မမုရိုး၊ စည်မျိုးခြောက်သောင်း၊ တ*ညောင်းညောင်းဖြင့်၊ အပေါင်းရွှေညီ၊ ဘုံကိုယ်စီဝယ်၊ ကျူး သီ ခုန် က၊ ရွှင်ကြမပြီး၊ ပျော်မငြီးတည့်၊ နတ်တီးနတ်ငြိမ့်၊ တဖြိမ့်ခြိမ့်နှင့်၊ သိမ့်သိမ့်သဲးသဲး၊ နာ*မရဲးအောင်၊ နတ်ပွဲသဘင်၊ အမြဲးရှင်၏၊ *ယကင်ဦးလုံး၊ စိန်တုံးစိန်ခက်၊ တလက်

လက်ဖြင့်၊ လျှပ်စက်အသွင်၊ ဘုံကြီးရှင်တို့၊ မပင်မပူ၊ စိန်နန်း†ပြူကာ၊ ပျူ†ပျူ ငှါငှါ၊ လမင်းသာသို့၊ စန္ဒာနနှ၊ ဝင်းဝင်းပသား၊ မဝရှ†ချင်၊ ရွှေပါးပြင်ဝယ်၊ ဝက်†ခြင်မှဲ့မဲ၊ ချေသမ်းမဲလျက်၊ မစွဲးမကပ်၊ မစပ်ပြစ်ဆာ၊ ကင်းစင်ကွာ၏၊ မျက်နှာကြည်စိမ်း၊ မြမြရှိမ်းတည့်၊ ငြိမ်းငြိမ်းဧးလျက်၊ ကုသိုလ်စက်ကြောင့်၊ နတ်သက်တထောင်၊ လူ့ဘောင်တွက်ကျုံး၊ ဂဏန်းချုံးက၊ သုံးကုဋေအစွန်း၊ နှစ်ခြောက်သန်းတိုင်၊ ရွှေဖြန်း*မြားမြောင်၊ ငါးရာထောင်နှင့်၊ မျက်တောင် မခတ်၊ ဂြိုဟ်ပြာသာဒ်သို့၊ နတ်တို့အလေ့၊ ပြကတေ့ဖြင့်၊ မရွှေမ†ပြောင်း၊ တပျောင်း†ပျောင်းသာ၊ *မညောင်းတရုံ၊ စည်းစိမ်ခံ၍၊ မောင်ှံချစ်†ကျူ၊ အသစ်†ကြုံသို့၊ အာရုံ*တပ်ပြွေ့၊ သက်တန်းစေ့အောင်၊ စံမွေ့မကွာ၊ ရှစကာ လျှင်၊ သာယာဖြည်း†ညွင်း၊ သံညင်း†ညင်းနှင့်၊ မ†ငြင်းမခံ၊ နတ်တို့ဘုံထက်၊ ဘော်စုံရှင်မြူး၊ ချစ်ကြည်နူးကျက်၊ ယှဉ်ပူးမေတ္တာ၊ သက်ပမာဖြင့်၊ ချမ်းသာ မကင်း၊ ချစ်ငွေ့သွင်း၍၊ ချစ်ခြင်းစိတ်တူ၊ ချစ်ကြည်ဖြူသည်။ ။သည်းအူ အနစ်†အနစ်တည်း။ (၅)

၄၇၃။ ထိုထက်လွန်စွာ၊ စေတနာဖြင့်၊ လျှုဒါသီ†လ၊ မြတ်ပုညကို၊ လှံ†လ မယုတ်၊အားထုတ်ပြုခြင်း၊လူ*ခပင်းနှင့်၊ ခုံငြင်းလွန်နည်း၊ ရှောင်*သရည်းလျက်၊ *ခိုက်ဆည်းရန်လို၊ ဝန်မတိုဘဲ၊ သူ့ကိုအ†ပြစ်၊ ကိုယ့်ကိုချစ်အောင်၊ မ†ပစ် မချော၊ သဘောငြိမ့်လေး၊ စိတ်ဧးကြည်မြေ့၊ သိမ်တမွေ့ဖြင့်၊ အလေ့ကောင်းသူ၊ ထိုမျှလူကား၊ မပူမဆာ၊ လွန်ချမ်းသာလျက်၊ ဣန္ဒာစံနေ၊ ဝတိန်မြေက၊ တွက်ရေယူဇနာ၊ သချာအဖြောင့်၊ လေးသောင့်နှစ်ထောင်၊ အမြင့်ဆောင် သား၊ မိုးခေါင်ထက်ခွင်၊ ပန်းဆိုင့်သွင်ဖြင့်၊ ကောင်းကင်ခွတ်လတ်၊ အာကာ ခတ်ဝယ်၊ ပြာသာဒ်ဝေယာန်၊ ဘုံဗိမာန်နှင့်၊ရေကန်ရေတွင်း၊ ပျော်ခင်းဥယျာဉ်၊ စပ်ကာယှဉ်၍၊ အစဉ်အသင့်၊ နိမ့်မြင့်ပြိုးပြောင်၊ အဆောင်ဆောင်တို့၊ ကျူလောင်မီးကြီး၊ ထိန်ထိန်ညီးသို့၊ တသီးသာ†ယာ၊ ဘုံယာမာထက်၊ သု†ယာ မာနတ်၊ အမြတ်*ပြဋ္ဌာန်း၊ ကြီးဘုန်းတန်းနှင့်၊ တနန်းတဘုံ၊ စိုးအုပ်ခြုံလျက်၊ နိတုံရောင်မြိုက်၊ မကိုက်သင်း†ကျပ်၊ ကျောက်စုံတပ်သား၊ မြဲး†ကြပ်*ဂုန္တန်၊ ရွှေနန်းပန်လည်း၊ ဆယ်ဘန်မီးလုစ်၊ လျှော်ဦးသစ်တည့်၊ မညစ်မ†ကြေး၊ ထုံဆီမွှေးနှင့်၊ တင်†ကျေးတွန့်တွန့်၊ ကွန့်*ရွှန့်ဖြင့်၊ ရွှေညွန့်ဝေဖြာ၊ ပဒေသာ တွင်၊လိုရာဆွတ်†ချွေ၊ဝင်းဝင်းရွှေသား၊ဘော်ခြွေ*ပေါယယ်၊ရွှေဘုံ†လယ်နှိုက်၊ နတ်မယ်မိ*ညဲး၊ မျှား*ဖြင်ပြဲးလည်း၊ ရဲးရဲးရောင်*ရှူး၊ မိုးကြယ်မြူးသို့၊ နဖူး ပါးပြင်၊ မေးတခွင်နှင့်၊ လည်ရင်ကွက်လပ်၊ ထိုထိုရပ်တို့၊ မြင်အပ်သမျှ၊ မြင်မဝ အောင်၊ တောက်ပပြောင်ပြောင်၊ မိုက်မှောင်ပျောက်*ရှိး၊ ကိုယ်ရောင်†ကြဲးရှင့်၊ မ†ကျဲး*မရှန့်*၊ မနုန့်*မသုန်း၊ မပုန်းမ†ကျည်၊ မြရောင်†ကြည်သို့၊ သွယ် ရှည်ဖျားညွတ်၊ ကေသာမြတ်ကို၊ မြိတ်လွတ်ခွေစည်း၊ *ရော့ကရည်းနှင့်၊

*စုလည်း*ယကင်၊ ထုံးဘွဲ့ဆင်၍၊ ဘဝင်စိုးစိမ့်၊ မြင်တိုင်းငြိမ့်၏၊ ရွှေအိမ့်ကြက်သရေ၊ တက်သစ်နေသို့၊ ရဝေအပြင်၊ ဗေ့ပလ္လင်ထက်၊ ဥကင်လှစ်ကျင်း၊ ထီးရှစ်စင်းကို၊ နဟ်မင်းပိပိ၊ ဝဲယာစီပြီး၊ သိင်္ဂမီးရောင်၊ ညီးညီးလောင်မျှ၊ ရွှေညှောင်ပြိုး†ပြက်၊ ရောင်*ချိုးချက်နှင့်၊ မ†ပျက်တရံ၊ ညီလာခံ၍၊ မင်းစံရွှေရည်၊ ထိန်ကြည်ရှင်*ကြည်း၊ ဓမောင်မယ်နည်းတို့၊ ပူး*တည်းမကွာ၊ ပြိုင်ယှဉ်ကာတည့်၊ မီးဝါလျှပ်ကဲ့၊ ဝင်းဝင်းလဲ့သား၊ နှစ်ဆဲ့လေးသွယ်၊ စလွယ်သွယ်†ပျောင်း၊ ဟန်ကြော့†ပျောင်းနှင့်၊ တ†ပျောင်းပျပျ၊ မိန့်ဟာသာယာ၊ လွန်ချမ်းသာလျက်၊ ဒိဗ္ဗာရမ္မဏ၊ သုခရိပ်ငြိမ်၊ နတ်စည်းစိမ်နိုက်၊ ဖျင်းသိမ်မယို၊ ပုညိဒ္ဓိဖြင့်၊ ပရိဝါရ၊ မျှားလှငြိမ့်*ညှောင်း၊ ကောင်းကင်ချောင်းအောင်၊ ခြောက်သောင်းစည်သံ၊ ညိုးညိုးညံနှင့်၊ ပတ်ခြံဝန်းရုံ၊ ခြွေရွှေအုံ၍၊ ရိပ်*မြုံချမ်းမြေ့၊ ပျော်စံမွေ့၏၊ နတ်နေ့နတ်လ၊ ဝတိ°ဣလျှင်၊ လေးဆတက်ဆောင်၊ နှစ်နှစ်ထောင်တည့်၊ *မြားမြောင်ရှည်လျား၊ လူနှစ်အားဖြင့်၊ ပိုင်းခြားပြဲ့ပြဲ့၊ ရေတွက်ဘွဲ့သော်၊ တဆဲ့လေးကုဋေ၊ လေးသန်းနေလျက်၊ မြေလည်းမစပ်၊ နေမလျှပ်ဘဲ၊ အောက်ရပ်ဘုမ္မစိုး၊ နတ်အမျိုးနှင့်၊ တန်းခိုးစည်းစိမ်၊ ဘုန်းဂုဏ်သိမ်က၊ ဘုံအိမ်တည်ခြင်း၊ ရောင်အဆင်းတို့၊ အလျှင်းမတူ၊ မိုးနတ်ဟူသည်။ ။ မိုးသူအစစ် အစစ်တည်း။ (၆)

၄၇၄။ ထိုထက်လွန်၍၊ သူ*မွန်သူမြတ်၊ ဗောဓိသတ်တို့၊ ပဋိပတ်မျိုး၊ ကျင့်အားကိုးလျက်၊ ဟောရိုးကျမ်းဂန်၊ သုတ်သုံးတန်ကို၊ မကျန်အာဂုံ၊ နှုတ်ငုံဆောင်ရွက်၊ ကြည်နှစ်သက်၍၊ လေ့ကျက်သမှု၊ ဗဟုဿုနှင့်၊ သဗ္ဗညု*စော၊ ရှင်တော်ဟောသား၊ လောကုတ်လောကီ၊ နှစ်လီတက်ဖြိုး၊ ကောင်းကျိုးယှဉ်စပ်၊ နာနပ္ပကာ၊ ဒေသနာအရ၊ ဓမ္မအပြား၊ မြတ်တရားကို၊ ကျင့်ငြားဆောင်တတ်၊ မျှားသူမြတ်က၊ ကမ္မဿကာ၊ သမ္မာဒိဋ္ဌိ၊ ဉာဏ်မျက်စိဖြင့်၊ မြင်သိအလင်း၊ သူမြတ်သင်းပါ၊ ဝဋ်ကင်းရာမှန်၊ မြိုက်နိဗ္ဗာန်ကို၊ ရည်သန်မုချ၊ တောင့်တလိုလား၊ သူမြတ်များတို့၊ ထူးခြားလွန်ကဲ၊ ကောင်းကင်ထဲဝယ်၊ နတ်ပွဲ့သဘင်၊ နတ်ပဍ္ဍင်နှင့်၊ နတ်သွင်နတ်ရုပ်၊ ရွှေစင်လုပ်သို့၊ တအုပ်တဝန်း၊ မှည့်မှည့်ရှန်းမျှ၊ မစွန်းမှဲ့†ချေ၊ နတ်ခြေရွှေလည်း၊ ခို့†ခြေသဖွယ်၊ နုနယ်ခြင်းခြင်း၊ ရွှေ့အဆင်းထက်၊ ဝင်းဝင်းကြည်လှ၊ မြင်မဝအောင်၊ ပသည့်ကိုယ်ရောင်၊ ပြောင်သည့်တန်းဆာ၊ သာသည့်ဘုံနန်း၊ ဆန်းသည်တုမဲ့၊ ရှုဘွဲ့မငြီး၊ အသီးသီးလျှင်၊ ကြီးကြီးငယ်ငယ်၊ ချစ်ခင်ဘွယ်တည့်၊ ကိုယ်ဝယ်ဒွါရာ၊ လက်မှာလက်လျှောက်၊ မီးလျှံတောက်သို့၊ လက်ကောက် လက်†ကြပ်၊ လက်ပြည့်†ကျပ်မျှ၊ လက်စွပ်ထိန်ဝင်း၊ ရွှေခြေ†ကျင်းလည်း၊ ရွှေငါး†ကြင်း†ကြေး၊ ထုပြောက်ရေးနှင့်၊ ယှဉ်†ကျေးကိုယ်ဟန်၊ ရွှေနားပန်မူ၊ မမှန်အဘိုး၊ နေလျှံပြိုးသို့၊ နတ်မိုးမိမယ်၊ ပြစ်စင်ကြယ်တည့်၊ တင့်တယ်လုံး†ယပ်၊ ကြန်ငါး†ရပ်နှင့်၊

စေ့စပ်တိုင်ရှဲ့၊ ရှုဘွဲ့အရွယ်၊ မာန်နိကာယ်တုံ၊ မငယ်လှသီး၊ မကြီးလွန်စွာ၊ သင့်ရုံသာမျှ၊ မျက်နှာကြည်ရွှန်း၊ ပပထွန်းလျက်၊ လဝန်းကြေးမုံ၊ ရွှေပါးအုံလည်း၊ မယုံမ†ယွှဲ၊ မုန်မမဲ့ဘဲ၊ နွဲ့†ရွဲ့မူရာ၊ သွင်ရုပ်ဝါဖြင့်၊ ရှုခါရွှင်ပျိုး၊ အဘိနိုး၏၊ မြိုးမြိုး မြမြ၊ နုတ်ဟခွန်းလှယ်၊ သံငယ်ငယ်နှင့်၊ မထယ် မထောင့်၊ မအောင့် မအည်း၊ မညည်း မ†ညူ၊ လွန်ကြည်ဖြူလျက်၊ မ†ငြူ မစူ၊ ဒေါသမူဖြင့်၊ မဆူ မမူန်၊ *မသုန် မယစ်၊ သည်းအူနစ်မျှ၊ ချစ်ချစ်ကြင်†ကြင်၊ တဝမ်းဝင်သို့၊ ကျွမ်း†ကျင်စုံမက်၊ နှစ်သက်စဘွယ်၊ ညဲးမိမယ်ဟု၊ ပြုံးရယ်ရွှင်†ပျော၊ ဆိုကြ†ပြောလည်း၊ မနောလေးငြိမ့်၊ ဘဝင်စိမ့်အောင်၊ နှစ်သိမ့်အင်*ဖြဲ့၊ ဘော်ချင်းနွဲ့၍၊ မဘွဲ့ရန်ငြိုး၊ ပီတိပျိုး၏၊ ညိုးညိုးညီး†ညီး၊ ရှုမ†ငြီးလျှင်၊ ဘုံကြီးဘုံကျယ်၊ အသွယ်သွယ်တည့်၊ သုံးဆယ်ပါရမီ၊ မြတ်စာရီနှင့်၊ ပြည့်ညီပြီးစွာ၊ မဟာဗောဓိသတ်၊ လောင်းတော်မြတ်တို့၊ ပျော်မှတ်စံရာ၊ တုသိတာဟု၊ နတ်ရွာလေးဆင့်၊ ကောင်းကင်မြင့်ထက်၊ အသင့်စီလျှဉ်၊ အစဉ်ရှုစိမ့်၊မြင်နှစ်သိမ့်အောင်၊ မနိမ့် မကွပ်၊ မပြတ် မဝှဲ့၊ ရိုးရဲ့ရောင်ချစ်၊ စဲ့စဲ့သစ်တည့်၊ အပျစ် အပျစ်၊ မျက်စုံနစ်လျက်၊ *စုလစ်မွန်းခေါင်၊ *တော်ရနောင်နှင့်၊ *စိုင်ပေါင်*ကျေးကွေး၊ ခြူးသေးနုရင့်၊ နေခြည်ပွင့်သို့၊ လွန်တင့်*သရစ်၊ ဘုံသီးဖြစ်၍၊ နတ်နှစ်လေးထောင်၊ လူ့ဘောင်နှစ်ဘွဲ့၊ ငါးဆဲ့ခုနစ်ကုဋေ၊ တွက်ရေခြောက်သန်း၊ နှစ်အစွန်းဖြင့်၊ မခန်းမကုန်၊ ကုသိုလ်ဟုန်ကြောင့်၊ *မသုန်မဖျင်း၊ ရွှေဘုံ†ချင်းတွင်၊ ခြင်း†ခြင်းရောင်မြူး၊ သာလွန်ကြူး၍၊ လျှော်ဦးရွှေ့သွင်၊ တုမမြင်သည်။ ။ရွှေစင်အနှစ် †အနှစ်တည်း။ (၇)

၄၇၅။ ထိုထက်လွန်ကဲ၊ ကုသိုလ်မြဲ၍၊ ဝမ်းထဲမခွ၊ သောမနနှင့်၊ ကာယဝစီ၊ မနောညီသား၊ သုံးလီဒွါရ၊ ကမ္မသုစရိုက်၊ ဆောက်တည်ကြိုက်လျက်၊ နှစ်ခြိုက်ကြည်စွာ၊ မမွာမိသ၊ မြတ်စာဂကို၊ အဆ အဆ၊ မလပ်ရအောင်၊ ဆန္ဒဝီရိယ၊ စိတ္တ ဝိမံ၊ ပိုလျှံမယုတ်၊ *အားသွန်ထုတ်သား၊ မဟုဿာဟ၊ ဝိသေသဖြင့်၊ လှုံ့လကြီးငြား၊ သူမြတ်များက၊ မယားနှင့်လင်၊ မဆန့်†ကျင်ဘဲ၊ ကြင်†ကြင်နာနာ၊ လိုရာသိမ်းမွေး၊ မေတ္တာရှေး၍၊ လုပ်ကျွေးတတ်စွာ၊ သူတကာကား၊ ချမ်းသာမညိုး၊ တန်းခိုး*မနုံ့၊ မကျုံ့စည်းစိမ်၊ ကြီးရိပ်ငြိမ်နှင့်၊ စံအိမ်စံဘုံ၊ သဒ္ဒါရုံက၊ ရုပ်ပုံဆင်းဝါ၊ ဤသုံးဖြာတို့၊ လိုရာဆန္ဒ၊ ယှိသမျှတိ၊ ခဏမဆိုင်း၊ လိုတိုင်းအသစ်၊ ကြုံတိုင်းဖြစ်၍၊ စင်စစ်ဆန်းကြယ်၊ ပျော်ဘွယ်မချို၊ ရှုတိုင်းပျိုသား၊ နတ်တို့ရုပ်ဝါ၊ မိုးပမာသို့၊ ကြာလေတိုင်းတောက်၊ စုတေ့ရောက်မှ၊ ငြိမ်းပျောက်တုံမျှို၊ ချုပ်မြဲတို့နှင့်၊ ရွှယ်စို့ ရွှယ်မိ၊ ရွှယ်ခြောက်လီဖြင့်၊ ရာသီမလင့်၊ ပန်းမပွင့်ဘူး၊ မရင့်သားရေ၊ လူမျိုးဆွေသို့၊ သန္ဓေမဆောင်၊ ကိုယ်ရောင်မနွမ်း၊ ရွှယ်မရွှမ်းတည့်၊ သက်တမ်းအညီ၊ မအိုပြီသို့၊ ဂေါရီကား ရှစ်၊ ဆယ်နှစ်ကညာ၊ ဆဲ့နှစ်†မှာမူ၊ ကု†မွာခေါ်ထုံး၊ ဆဲ့သုံးနှစ်မယ်၊ သွေးစုန်းရွှယ်

နှင့်၊ တသွယ်ပိုင်းခြား၊ ဆဲ့ငါးမျက်မည်း၊ ကြည်း*ကြည်းကြည်ရွှန်း၊ နှစ်ဆယ်ဆန်းက၊ *မျက်ဝန်းမည်တွင်၊ ဤမျှလျှင်သာ၊ တော်ဝင်ရွယ်ကောင်း၊ နတ်မယ်ပေါင်းတို့၊ လဲးပြောင်းရုပ်လှယ်၊ အသွယ်သွယ်လျှင်၊ ဆင်းရွယ်သီးသီး၊ ငယ်ကြီးနှရင့်၊ ရှုဘွယ်သင့်ရုံ၊ စိတ်နှင့်လျော်အောင်၊ ဘန်ဆောင်အမြဲ၊ နတ်တို့ပွဲလည်း၊ ခြိမ့်သဲးပဥ္စင်၊ မပြတ်ရှင်၍၊ ကောင်းကင်*ထက်ဆို၊ ပျံမည်သို့တည့်၊ နတ်မြို့တမည်၊ နတ်ပြည်တပွဲ၊ မိုးလယ်ထဲးနှိုက်၊ *လင်းကဲးတဖြာ၊ ရှစ်မျက်နှာလုံး၊ ယှဉ်ကာမလပ်၊ ဘုံချင်းစပ်မျှ၊ ထပ်ထပ်*ပြောထူ၊ ရေမမူနိုင်၊ ပေးလှူစောင့်မူ၊ ရှေးကပြုသည့်၊ ကံကုသိုလ်ဟုန်၊ စေတနာဂုဏ်ကြောင့်၊ မသုန်မ†ပျောက်၊ မိုးနှယ်*ပေါက်၍၊ အ†ပြောက်*ကျီးရန်း၊ အဆန်းဆန်းနှင့်၊ လူ့နန်းအသွင်၊ *မွန်းစုံတင်လျက်၊ *တုယင်ထင်းထင်း၊ မှန်ကင်းစွင့်စွင့်၊ စိန်ပွင့်လူလူ၊ နေဆူဆူသို့၊ မတူအာရုံ၊ အပုံပုံတည့်၊ ဖလ်ဘုံရွှေဘုံ၊ *နီထုံ*မီးကျီး၊ လောင်နီးလိလိ၊ တောက်ညိလျှံခြည်၊ ထိန်ထိန်လည်နှင့်၊ ဧးကြည်စိမ်းညက်၊ ဝါးကျူ†မြက်သို့၊ မြ†မျက်တခြား၊ ရှုဘွယ်†မျှားသား၊ ပတ္တ†မြားဘုံမျိုး၊ ကောင်းကင်ကျိုးမျှ၊ မိုးလုံးပြည့်အောင်၊ ညှိညှိမှောင်၍၊ ဆင်းရောင်ထွေပြား၊ နှုထွား*လျှကိုယ်၊ ရွှမ်းရွှမ်းစိုမျှ၊ ဖြူ ညို ပြာ စိမ့်၊ မြင်တိုင်းအိမ့်သား၊ နှစ်သိမ့်ဘွယ်မျှ၊ *သပြေတို့နှင့်၊ ရှုဘို့မ†ငြိး၊ ညိုးညိုး†ညီးတည့်၊ နတ်သမီးနဘ်†သား၊ ကိုယ်ရေ†သားလည်း၊ ရွှေ†သားမြနှစ်၊ ငွေဖော့စစ်သို့၊ *ကလျစ်ကလျူ၊ ဦရရှုတည့်၊ ခုမူတသွယ်၊ ခုဝယ်တဦး၊ အထူးထူးလျှင်၊ ပျော်မြူးနှေ့ည၊ ပျော်ကုန်ကြသား၊ မနာပကာ-ယိကာ၊ မည်သညာဖြင့်၊ ဒေဝါထင်ရှား၊ ကုသိုလ်ခြားတည့်၊ သုံးပါးပိုင်စိုး၊ နတ်အမျိုးက၊ တန်းခိုးကြီးဘိ၊ သုနိမ္မိဟု၊ မဟိဒ္ဓိက၊ နတ်မျှား*သနင်း၊ ထီးတစင်းနှင့်၊ နတ်မင်းအစစ်၊ ဖြစ်၍လွန်တင့်၊ မိုးလယ်မြင့်ထက်၊ ငါးဆင့်နတ်ရွာ၊ ဘုံနိမ္မာဝယ်၊ ရှည်ကြာမပျက်၊ လေးဆတက်တိ၊ နတ်သက်ရှစ်ထောင်၊ လူ့နှစ်ဆောင်မူ၊ *မြားမြောင်တွက်ရေ၊ ကုဋေဝဿ၊ နှစ်ရာ့သုံးဆယ်၊ လေးသန်း*ကယ်အောင်၊ မပြယ်ချစ်ငွေ၊ တမွေမွေဖြင့်၊ *တပ်ပြွေ့မကွာ၊ ငါးကာမာကို၊ လိုရာဘန်ဆင်း၊ ဆွေ*သည်ရင်းနှင့်၊ မကင်းတရုံ၊ ပျော်ကြစံသည်။　။မောင်နှံအချစ် အချစ်တည်း။　(ဂ)

၄၇၆။ ထိုဆက်အလွန်၊ သဘော*မွန်၍၊ သုံးတန်ကြည်စိတ်၊ ကုသိုလ်ဟိတ်ဖြင့်၊ မပိတ်မဆွေ၊ မဝေမောဟ၊ အလောဘနှင့်၊ ဒေါသနည်းစွာ၊ ဓမ္မာမိသ၊ လှူဒါနလည်း၊ ကာလအစဉ်၊ နိစ္စယှဉ်လျက်၊ ဝဒညူဂုဏ်၊ *မသုန်မယုတ်၊ *အားသွန်ထုတ်၍၊ ဥပုသ်မမေ့၊ စောင့်လေ့မသွေ၊ ဣန္ဒြေဆုံးမ၊ ကုသလနှိုက်၊ မချရုံခါ၊ *မြဲးမြဲစွာသား၊ ဂုဏာဓိက၊ ဂုဏ်သေဋ္ဌဖြင့်၊ ရှင်မမဟာ၊ ဝိသာခါနှင့်၊ အနာထပိဏ်၊ ကျော်ရှိန်ပျံ့မွှေး၊ သူဌေးကြီးနှယ်၊ သဒ္ဓါကြွယ်သည့်၊ အကယ်*မွန်*ဖြိုး၊ သူမြတ်မျိုးတို့၊ ထက်မိုးအာကာ၊ မြင့်ဖြိုးစွာတွင်၊ ခြောက်ရွာအထွတ်၊

စိတ်လွှတ်အောင်၊ စိတ်ညွှတ်ရာရာ၊ လိုတိုင်းပါသား၊ ကာမာဝစရ၊ ဆုံးဌာနဟု၊ ပရနိမ္မိတ၊ ဝသဝတ္တိ၊ ထက်ဘူမိနိုက်၊ လောကိသုခ၊ ခံစားကြ၏၊ ကာမချမ်းသာ၊ အောက်နတ်ရွာထက်၊ အရာဆယ်ဆ၊ မကထံပိုး၊ *လှိုင်ကန်တိုးရှင့်၊ ကောင်းကျိုးကံကျိုး၊ အမျိုးမျိုးဖြင့်၊ မညှိုးတဆစ်၊ ထင်တိုင်းဖြစ်၍၊ အသစ်နှင်နှင်၊ ဆန်းလသွင်သို့၊ လိုအင်အပေါင်း၊ နေ့စဉ်ပြောင်းလျက်၊ မဟောင်း*မ†မို့၊ ရွှမ်းမအိုဘဲ၊ *†မှိုအသက်စေ့၊ကြာသရွှေလုံး၊ နေ့နေ့ညည၊ တပပတည့်၊ လကိုပြက်ယယ်၊ကြယ်ကို*ဟုံးစုံး၊ နေနှင့်*ကြိုးသည့်၊ မျက်လုံးဖူးခွင်၊ ရွှေပါးပြင်နှင့်၊ ရွှေရင်အုံလှ၊ ရွှေကာယတို့၊ ဆုံးမှအဟုတ်၊ မီးလျှံ*သုတ်သို့၊ *တဖြုတ်ခြည်းသာ၊ စုတိခါနှင့်၊ ပြိုင်ခါချုပ်မြဲ၊ သက်*မစဲခင်၊ ရဲရဲထိန်တောက်၊ ပြယ်မပျောက်ဘဲ၊ ထွန်းတောက်ဝင်းပြောင်၊ မိုက်မမှောင်ဘူး၊ အရောင်ပြိုး†ပြက်၊ တိုးကာတက်၍၊ မ†ပျက်မ†ပြို၊ ရုပ်ရှယ်ကိုယ်လည်း၊ †ပျို*တလည်လည်၊ လျှော်ဦးကြည်သို့၊ *ဆွေသည်*လင်မှီး၊ *ဇနီး*သည်ပင်၊ စုံလင်မညှိုး၊ *သည်မျိုး*သည်ရင်း၊ ရွှေသင်းပင်းနှင့်၊ မပျင်းတို့နိုင်၊ အဆိုင်ဆိုင်လျှင်၊ မ*ကိုင်ကန်အား၊ ပျော်ဘွယ်များ၏၊ ငါးပါးအာရုံ၊ ထိုနတ်ဘုံကား၊ ပြည့်စုံထူးဘိ၊ မည်မယှိဟု၊ မသိဘူးကျင်၊ မထင်တတ်ငြား၊ ရှေးကံအားကြောင့်၊ အင်ငါးစုံ†ကြန်၊ ကုံမ†ကျန်အောင်၊ သွင်ဟန်မချို၊ ရှယ်စိုစိုဖြင့်၊ ကုသိုလ့်အကျိုး၊ အလှမျိုးထက်၊ လှစိုးလှမင်း၊ လှ*သနင်းဟု၊ ခံတွင်းမဆံ့၊ လျှာမနှံ့မျှ၊ ခြီးအံ့သဘော၊ မြတ်ရှင်*စောတို့၊ မြွက်ဟောမ*ကုံ၊ ကာမဘုံတွင်၊ လှအာရုံမာတ်၊ လှလွန်မြတ်သား၊ မိနတ်ရှယ်စုံ၊ အပုံပုံတည့်၊ ရွှေငုံပေါ်သစ်၊ ရွှေဥနှစ်သို့၊ မြိတ်ရစ်မြိတ်ဖြူ၊ တမူမြိတ်စို၊ တချိုမြိတ်လွှတ်၊ ထွတ်ထွတ်*လျကြည်း၊ အလှ ချည်းသား၊ *စုလည်း*ယကင်၊ လုံးတင်တခြား၊ ခုနစ်ပြားသား၊ ပတ္တမြားဆံထုံး၊ ရွှေကုံးတင့်တယ်၊ ဆင်စမ္ပယ်လျက်၊ လူဝယ်ဟူဘိ၊ လူ့ဇာတိနိုက်၊ တမိသားသွေး၊ ဖြစ်တတ်သေးလည်း၊ ဝေးတသက်သက်၊ နီးကျက် ကျက်တည့်၊ ငှက်†ကြက်သဖွယ်၊ မျက်ချွတ်ချယ်၏၊ မောင်မယ်နှစ်ပါး၊ သက်ပန်အားဖြင့်၊ ရှုစားဘန်†ဘန်၊ မျက်ကြောပြန်လည်း၊ မ†ဖန်မစပ်၊ ထိုနတ်ရပ်ကား၊ ရင်အပ်တူစုံ၊ ချစ်ငွေလှုံ၍၊ အာရုံသက်လှယ်၊ ပန်းသဖွယ်သို့၊ မပြယ်ရက်*နိုး၊ ချစ်သွေး*တိုး၏၊ ကျောက်မျိုးပျစ်ရှက်၊ ရွှေဘုံထက်နိုက်၊ ချစ်ဘက်မကွေ၊ ချစ်ကြိုးခွေ၍၊ မပြေချစ်*†ထုံ၊ တလုံ့လုံ့နှင့်၊ ချစ်†တုံချစ်ပတ်၊ မပြေတတ်သို့၊ ထူးမြတ်နိသင်၊ ကုသိုလ်†ရှင်တို့၊ နတ်†သျှင်ဝသ၊ မာရ်မင်းစသား၊ စိုးရဣဿရိ၊ သမ္ပတ္တိဖြင့်၊ မယှိုနိုင်းဘွယ်၊ လွန်ကြီးကျယ်၏၊ နတ်ဝယ်နှစ်ပေါင်း၊ လေးဆလောင်းသား၊ သောင်းနှင့်ခြောက်ထောင်၊ လူတို့ဘောင်က၊ တွက်ဆောင်အနေ၊ နှစ်အရေဖြင့်၊ ကုဋေကိုးရာ့၊ နှစ်ဆယ်ကလျှင်၊ စွန်းထကျော်၍၊ တကုဋေ့ခြောက်သန်း၊ မြင့်ရှည်*ကျွန်းအောင်၊ ရံ*ဝန်းရွှေပုံ၊

သောင်းသောင်းအုံနှင့်၊ အာရုံငါးသွယ်၊ မညှိုးငယ်ဘဲ၊ ကြီးကျယ်မွေသိမ်၊ စံချမ်းငြိမ်သည်။ ။စည်းစိမ်အသစ် အသစ်တည်း။ (၉)

(ကာမာဝစရနတ်ဘုံခဏ်း ၉ ပိုဒ်)

ကာမာဝစရကုသလ ကမ္မာနုရူပဂတိဝိဘာဂ ပြီး၏ ။

---

## ၅-ရူပါဝစရပြဟ္မာ့ဘုံခဏ်း

၄၇၇။ မဟာဂ္ဂုတ်ဟု၊ ရွှေနှုတ်ဒေသနာ၊ ကျမ်းအလာတိုင်း၊ ရူပါဝစရ၊ ကုသလနိုက်၊ စတုက္ကနည်း၊ သိမ်းဆည်းအလို၊ အကျဉ်းဆိုပိမ့်၊ ထိုသည့်ရူပ၊ ကံလေးဝကား၊ ဒသကသိဏ်း၊ တဆိုင်းအာနာ၊ ဆဲ့တဖြာကို၊ မှန်စွာမမှား၊ လေးပါးစျာန်ယှဉ်၊ ဆယ်စဉ်အသုဘ၊ ကာယဂတာ၊ ပထမာတည့်၊ ၄မတ္တာ ကရု၊ မုဒိသုံးဆို၊ ပြဟ္မစိုရ်မူ၊ ယှဉ်လိုမုချ၊ စျာန်ဝိကရှင့်၊ ပြဟ္မဝိဟာ၊ ဥပေက္ခာကား၊ မျှားစွာမရ၊ စတုတ္ထစျာန်၊ လေးတန်အရူပ၊ သမထမူ၊ အရူပပင်၊ စျာန်လျှင်ရထိုက်၊ မှတ်ယူပိုက်လော့၊ စရိုက်သပ္ပါယ: ဘေဒဖြစ်ထွေ၊ သီရုံးဘေ့၍၊ ခွဲးဝေစိတ်†ဖျာ၊ အဖြာ†ဖြာကို၊ လက်ာနတ်စောင်း၊ သံညောင်းကြူးရိုက်၊ ဤဘိုးထိုက်သား၊ ကျမ်းနှိုက်အလွယ်၊ ရုံးစည်းခြယ်သည်။ ။ပန့်း*နွယ်အပွင့် အပွင့်တည်း။ (၁)

၄၇၈။ ထိုနိုက်မမှား၊ စျာန်လေးပါးတွင်၊ ရှေးဖျားဦးစွာ၊ ငါးအင်္ဂါနှင့်၊ ရူပါပထမ၊ ထိုစျာနကို၊ ရသာရရုံ၊ မထုံမလေ့၊ မပွါး၍တိ၊ *မလေ့္ဂ*မဖြိုး၊ တန်းခိုးနုဘော်၊ ရှိန်စော်နည်းစွ၊ ပရိတ္တကြောင့်၊ ပြဟ္မ ပါရိသဇ္ဇာ၊ ဘုံနိုက်သာလျှင်၊ ရောင်ဝါရှိန်သေး၊ တသိမ်မွေး၍၊ လုပ်ကျွေးစေပါ၊ အောက်ပြဟ္မာဖြင့်၊ ကမ္ဘာမနေ၊ အသခ်ျေ၏၊ ခွဲးဝေကြုံ့ကြုံ့၊ သုံးပုံ့တပုံ၊ ရှည်တုံအာယု၊ ကျိုးပေးနု၏၊ မှတ်ရှုတဘန်၊ ယင်းသည့်စျာန်ကို၊ အတန်ငယ်မူ၊ လေ့လာပြုက၊ အာယုပရိစ္ဆေ၊ သခ်ျေကပ်ဝက်၊ ရှည်အသက်နှင့်၊ မထက်လွန်းစွ၊ မဇ္ဈိမကြောင့်၊ ပြဟ္မပုရောဟိတာ၊ ဘုံမှာဖြစ်ရှောင်း၊ ၎င်းထိုစျာန်၊ အင်ငါးတန်ကို၊ အလွန်လေ့ကျက်၊ ဝင်ထွက်*မြောက်မြား၊ အမြတ်အားဖြင့်၊ ပွါးများတုံထ၊ ပဏီတကြောင့်၊ ကြီးလှရောင်ဝါ၊ မဟာပြဟ္မ၊ ဘုံရဝေဝယ်၊ သခ်ျေကပ်လုံး၊ ရှည်သက်ဆုံး၏၊ ကျင့်သုံးပြဟ္မ၊ စရိယဖြင့်၊ ကာမ ဆန္ဒ၊ နီဝရဏကို၊ ရှေးကခွါခြံ၊ ဝိက္ခမ္ဘန၊ ကုသလကြောင့်၊ ကာယ ဃာန၊ ဇိဝှါစသား၊ ဘဝနှစ်ပါး၊ မယှိုငြား၍၊ ယောကျ်ားမိန်းမ၊ မဟူစွဘဲ၊ ပုရိသသဏ္ဍာန်၊ ဟန်ပန်ရူပ၊ သွင်သေဌနှင့်၊ ကာမငါးလီ၊ နှံ့စိမ်းညီကို၊ မသိနှုလုံး၊ ပြဟ္မာ့ထုံးဖြင့်၊ ကျင့်သုံး ပြဟ္မ†စိုရ်၊ ပွါးရှ*ကြို၍ ၊ *စိုစို ပြည်†ပြည်၊ ဗြဟ္မာ†ပြည်ဝယ်၊ ပြယ်†ပြည်ဝစန၊ ဒုဋ္ဌလ္လမျှ၊

ရာဂမယှိ၊ သမာဓိနှင့်၊ မကျိမ်ုယား၊ မထိပါးတည့်၊ တုရားမဟဂ္ဂုတ်၊ ဝိမုတ်ကုသိုလ်၊ ဝိသုဒ်လိုဖြင့်၊ ထိုကိုယ်သက်ဆုံး၊ စံရှင်ပြုံး၏၊ ဤသုံးဘုံလည်း၊ တပြင်တည်းတွင်၊ ပေါင်းစည်း ခရိုင်၊ *ခုံလောက်ဆိုင်သည်။ ။ယှဉ်ပြိုင် အသင့်အသင့်တည်း။ (၂)

၃၇၉။ သုံးပါးအင်္ဂါ၊စုံလင်စွာနှင့်၊ ဝိစာ ဝိတက်၊သက်သက်မယှိ၊သပ္ပီတိဖြင့်၊ အဝိတက္က၊ အဝိစာုရ၊ အမည်ုရသား၊ ဒုတီုယမှန်၊ ဤသည့်စျာန်ကို၊ ရှေးဟန်မပွါး၊ ဝင်စား*ကျော့ုကျည်း၊ နုဘော်နည်းကြောင့်၊ကုန်းုကြည်းမနုံ့၊ မိုး*မင့်သို့၊ *အလုံ့မပြန့်၊ ဘုန်းဂုဏ်*ကြန့်၍၊ ငါးသန့်ငါးသိန်း၊ ရှစ်ထောင် ကိန်းဖြင့်၊ ခန့်ကျိန်းယူဇနာ၊ ဘုံစဉ်ကွာတွင်၊ ရောင်ဝါမဘိတ်၊ ညှံ့မှေးမှိတ်သား၊ ပရိတ္တာုဘာ၊ ထက်ဘုံမှာလျှင်၊ ကုမ္ဘာနှစ်စု၊ ပိုင်းခြားပြု၍၊ အာယုကျိုးပေး၊ *နှုန့်နှဲသေး၏၊ တရေးထိုစျာန်၊ ပွါးဟန်ဘာဝနာ၊ အလတ်သာကြောင့်၊ အပ္ပမာုဏ၊ ဘုံဌာုနနိုက်၊ တောက်ပရောင်ခြည်၊ တိုင်းရှည်မယှိ၊ ထွန်းညိကိုယ်ဝါ၊ လေးကမ္ဘာလျှင်၊ ခန္ဓာသတ်မှတ်၊ အကျိုးလတ်၏၊ အမြတ်ကေန်၊ ထိုသည့်စျာန်ကို၊ ဘန်ဘန်ပွါးများ၊ လေ့သော့အားဖြင့်၊ တိမ်ကြားလရောင်၊ ထွန်းပ ပြောင်သို့၊ ရိမှောင်မှေးရှက်၊ မကွက်မစွန်း၊ ထိန်ထိန်မွန်း၏၊ ညှိထွန်းဖြိုးမှိုင်၊ တန်ဆောင်တိုင်မှ၊ အခိုင် အခိုင်၊ အစိုင် အခဲ၊ အရွဲးရွဲးဖြင့်၊ ရဲးရဲးရိုးရှ၊ ပြတ်ကျမီးလျှံ၊ *ပုံစံ*တရှိ၊ ဘွားဘွားညိလျက်၊ သပ္ပီတိမျိုး၊ တုမဲ့နိုးအောင်၊ စျာန်ကျိုးဥက္ကဋ္ဌ၊ ကိုယ်ရောင်မြတ်၍၊ သတ္တသတ္တဂ္ဂိ၊စွဲငြိထိန်ညီး၊ ကမ္ဘာမီးဖြင့်၊ကပ်ကြီးခုနစ်ကြိမ်၊ လောင်ဖျက်နှိမ်လည်း၊ ချမ်းငြိမ်းမြတ်၊ လွတ်ကြီးလွတ်သား၊ အာဘဿရာ၊ ဘုံဝေဟာဝယ်၊ ကမ္ဘာရှစ်ပြန်၊ ရှည်သက်*မွန်၏၊ စျာန်ဒုတိယ၊ ဌာနမိုးမြင့်၊ ဤဘုံဆင့်လည်း၊ ရှုတင့်မှိုင်မှိုင်၊ သုံးပါးဆိုင်သည်။ ။ဘုံပြိုင်အစွင့် အစွင့်တည်း။ (၃)

၃၈၀။ နှစ်ပါးအင်္ဂါ၊ ပီတိ ကွာ၍၊ ချမ်းသာ တည်တံ့၊ လွန်ငြိမ်စံ့လျက်၊ ခိုင်ကြံ့စိတ်နေ၊ အိုင်ကြီးရေသို့၊ သုခေကဂ္ဂတ၊ ဧးကြည်လှသား၊ တတိယစျာန်၊ သုံးဆင့်မှန်ကို၊ ပွါးဟန်ရှေးပုံ၊ လေ့မထုံဘဲ၊ ရရုံသာမျှ၊ မလုံ့လ၍၊ ပရိတ္တာသုဘာ၊ စျာန်ဘုံမှာလျှင်၊ ရောင်ဝါဟုပ်ဟုပ်၊ မလှုပ်မလက်၊ တခဲနက်နှင့်၊ အသက်ဆံ့ခြောက်၊ ကမ္ဘာပေါက်၏၊ မဘောက်မပြန်၊ ယင်းသည့်စျာန်ကို၊ အလွန်မုချင်၊ ရှေးနည်းသွင်သို့၊ ဆင်ုခြင်မများ၊ အလတ်ပွါးကြောင့်၊ ပိုင်းခြားမကန့်၊ အရောင်ပြန့်လျက်၊ သက်ခန့်ကမ္ဘာ၊ ရှေးထက်သာ၍၊ သချ်ာ တွက်စစ်၊ သုံးဆဲ့နှစ်ဖြင့်၊ ကျိုးမဈွိမ၊ အလတ်မျှ၍၊ အပ္ပမာဏသုဘာ၊ ဘုံမှာဝိပါက်၊ သန္ဓေသက်၏၊ ထို့ထက်အလွန်၊ ထိုစျာန်*မွန်ကို၊ *အားသွန်ပွါးမှု၊ လေ့လာပြုက၊ သုဘာကိဏှမည်၊ ဘုံနိုက်တည်လျက်၊ ရောင်ခြည်စုပေါင်း၊ တိုက်တသောင်း

ကို၊ ဆယ်ချောင်းလက်*ညွှန့်၊ အကုန်ဖြန့်၍၊ မဆန့်စလောက်၊ ဝင်းဝင်းတောက်နှင့်၊ လင်း*သောက်ထွန်းစည့်၊ လ၏သဖွယ်၊ မိုးပြင်လယ်ထက်၊ တင့်တယ်တု*မဲ့၊ နိုင်း*မဟဲ့အောင်၊ ခြောက်ဆဲ့လေးထပ်၊ မဟာကပ်လုံး၊ မစပ်မီးရေ၊ ကမ္ဘာဝေလည်း၊ လာစေမဖြုံ၊ တွေ့မကြုံဘဲ၊ ဘုံတတိယ၊ ဝေဟာသန္နိုက်၊ တည်ကြတပ္ပိုင်၊ ရှေးနည်းဆိုင်သည်။　။*ဖြိုးမြိုင်အတင့် အတင့်တည်း။ (၄)

၄၇၁။ သုခကင်း၍၊ ငြိမ်းခြင်းအစစ်၊ တုမရစ်သား၊ ဥပေက္ခေကဂ္ဂတာ၊ အင်္ဂါဒွယ၊ စတုတ္ထဟု၊ သန္တဝုတ္တိ၊ မည်ယှိခေါ်ဆို၊ ထိုစျာန်ကိုလျှင်၊ ထိုထိုဘိညာဉ်၊ မယှဉ်စိုးစိ၊ သမာဓိမျှ၊ ဝိနီဝရဏ၊ ကင်းပစေရုံ၊ ပွါးလေ့ထုံ၍၊ *မကြုံမည့်၊ *ဖွံ့ဖွံ့*ဖြိုးဖြိုး၊ စျာန်အကျိုးကြောင့်၊ တက်တိုးကမ္ဘာ၊ ကပ်ငါးရာဖြင့်၊ သက်ကြာမသေ၊ အမြဲနေသို့၊ မီး ရေ လေမှတ်၊ သုံးသံဝဋ္ဋနှင့်၊ လွတ်လွတ်ရှင်းရှင်း၊ ကင်းကြီးကင်း၍၊ လွန်ခြင်းသုခိန်၊ တုမချိန်သည့်၊ သုဘကိဏ်မည်တုံ၊ လေဖျက်ဘုံထက်၊ *ပြောဟုံယူဇနာ၊ သချ်ာရှေးလောက်၊ ခန့်ထောက်ဌာန၊ အာကာသဝယ်၊ သဗ္ဗပုထုဇ္ဇန၊ အရိယဘဝဂ်၊ မှတ်ချက်ပိုင်းခြား၊ ဘွဂ်သုံးပါးတွင်၊ ခေါ်ငြားမည်ပြု၊ ပုထုဘုံဆုံး၊ တွက်ကျုံး၍လျှင်၊ တပါးဝင်လျက်၊ ကောင်းကင်တမြို့၊ ဖိလာဆို့သား၊ မို့မို့မှိုင်းညို၊ ဝေဟပ္ဖိုလ်နိုက်၊ အောင်းခိုချမ်းမြ၊ ပျော်စံကြ၏၊ ထိုမှအထက်၊ ဘုံဘဝဂ်တိုင်၊ တက်လည်းအလွယ်၊ အကယ်သဘော၊ အောက်သို့|လျှောလည်း၊ လျှော|လျှောသမျှ၊ မခဲလှတည့်၊ ဗကမည်သီး၊ ဗြဟ္မာကြီးသို့၊ အံ့ချီးစလောက်၊ မဟာမြောက်၍၊ မဘောက်မပြန်၊စုတိလွန်လျက်၊ နိဗ္ဗာန်*တောင်ကိုင်၊ ဘေး*မဲ့ထိုင်သား၊ ဆုံးတိုင်ဘုံမြတ်၊ မသေတတ်ဟု၊ ယူမှတ်ဒိဋ္ဌိ၊ သေမသိအောင်၊ စုတိမထင်၊ တရှင်ရှင်သို့၊ သို့စင်ချမ်းသာ၊ ခံစားကြာလျက်၊ ဗြဟ္မာတို့တမ်း၊ တီး*လက်ပမ်းနှင့်၊ ရွှင်ဝမ်းမြောက်စွာ၊ စျာန်စကြာဖြင့်၊ ကြေညာအောက်ထက်၊ ပြန်လှန်ဆက်၍၊ တက်သက်လူးလာ၊ စုန်ဆန်ကာသည်။　။လိုရာအခွင့် အခွင့်တည်း။ (၅)

၄၇၂။ စတုတ္ထမှတ်၊ ယင်းစျာန်မြတ်ကို၊ ရလတ်တုံထ၊ အယူခွ၍၊ ကမ္မဝါဒီ၊ ဉာဏ်မမှီသည့်၊ ဗာဟီမုနိ၊ ရှင်တိတ္ထိတို့၊ ကြံမိုကြံမှား၊ ဒိဋ္ဌိအားဖြင့်၊ ပြစ်သားစွဲဆို၊ မနှစ်လိုကြောင့်၊ စိတ်ကိုရွံရှာ၊ ခွါကြီးခွါ၍၊ သညာဝိရာဂ၊ မီ စိတ္တဟု၊ ပွါးထတုံမျှို၊ *စင်စို့စပ်ကာ၊ မှတ်၍သာတိ၊ ဘာဝနာတမျိုး၊ ကံ့အကျိုးဖြင့်၊ ထက်မိုးတရပ်၊ ဘုံဝေဟပ်နှင့်၊ တစပ်တည်းသာ၊ ပြိုင်ယှဉ်ကာလျှင်၊ သတ္တာဝါသ၊ တပါး|ရလျက်၊ ကာ|ယကေတ်၊ သညာနတ်ဟု၊ သညသတ်ဘုံ၊ နာမ်မစုံနိုက်၊ ရုပ်ပုံအတိ၊ စိတ်မယှိဘဲ၊ ဇီဝိနဝက၊ သုဒ္ဓဥတု၊ နှစ်ခုကြွင်းကျန်၊ ရွှေရုပ်ဟန်သို့၊ သဏ္ဌာန်သာမျှ၊ လူ့ဘုံကလျှင်၊ မရဏအခါ၊ ဣရိ|ယာနှင့်၊ ငါး|ရာရင်း၊ ကမ္ဘာပေါင်းဖြင့်၊ ရှည်ညောင်းကြာမြင့်၊ ဘုရားပွင့်လည်း၊ ဖူးခွင့်မရ၊ အက္ခဏဟု၊

သဗ္ဗဗောဓိသတ်၊ သူမြတ်ထိုထို၊ လောင်းပုဂ္ဂိုလ်တို့၊ မလိုပယ်†ပစ်၊အရပ်†ပြစ်တွင်၊ တ†ပြစ်ဝင်လျက်၊ သို့စင်*ချိုတဲ့၊ ကျိုး*မဟဲ့သား၊ ဟိတ်မဲ့ဘဝ၊ ပုဂ္ဂလတို့၊ မောဟချည်းသာ၊ *ချည်းနှိုးကြသည်။ ။မိစ္ဆာအကျင့် အကျင့်တည်း။ (၆)

၄၇၃။ ထိုစတုတ္ထ၊ မြတ်ဈာနကို၊ ဟိန မဇ္ဈိ၊ ပဏီသုံးပါး၊ ဤအပြားဖြင့်၊ ပွါး၍မှန်စွာ၊ အရိယာဟု၊ နာဂါမ်မည်မှတ်၊ ပုဂ္ဂိုလ်မြတ်တို့၊ သဒ္ဓိန္ဒြိယ၊ ဝေမတ္တဖြင့်၊ သုဒ္ဓဝါသာ၊ ဘုံငါးဖြာတွင်၊ အဝိဟာရပ်၊ ဘုံသို့ကပ်၍၊ မထပ် တဘန်၊ *နေရဗ္ဗာန်နှင့်၊ ညာဆန်တက်ရိုး၊ တမျိုးမျိုးတိ၊ တန်းခိုးကြီးစွာ၊ ဖြစ်၍သာလျှင်၊ ကမ္ဘာတထောင်၊ ရှည်သက်ဆောင်၏၊ ထို့နောင်မှတ်ဘိ၊ ဝီရိယိန္ဒြေ၊ လွန်ထွေတသီး၊ အားကြီးသူမှာ၊ အတပ္ပါနိုက်၊ ကမ္ဘာရင်း၊ နှစ်ထောင်ပေါင်းတည့်၊ တကြောင်းထိုပြီး၊ သတိန္ဒြိဖြင့်၊ အဓိကတ္တ၊ လွန်ကိစ္စ ကြောင့်၊ ထက်မှတဖြာ၊ သုဒဿာနိုက်၊ ကမ္ဘာသက်ရှည်၊ လေးထောင်တည်၏၊ တလည်မမှိန်၊ သမာဓိန်လျှင်၊ ကျောက်စိန်*တမျှ၊ လွန်ထက်ကမူ၊ သာလှဌာနီ၊ သုဒဿီဝယ်၊ ကပ်မှီကမ္ဘာ၊ ရှစ်ထောင်ကြာရှင့်၊ ပညာဝရဇိန်၊ တောက်ထိန်ရဲရဲ၊ ထက်လွန်ကဲက၊ အောင်ပွဲဘိသိက်၊ ခံမဆိတ်သား၊ အကနိဋ္ဌဘုံ၊ ဝေဟာရုံတွင်၊ ပြီး*ကုံဆုံးကျ၊ မဂ်ကိစ္စဖြင့်၊ ဘဝကြာ*ညောင်း၊ ကမ္ဘာပေါင်းလျှင်၊ တသောင်း ခြောက်ထောင်၊ ကုန်အောင်မပျက်၊ စံငြိမ်သက်လျက်၊ အောက်ထက်ရပ်ဌာန်၊ စုန်မဆန်နှင့်၊ တဘန်အသစ်၊ ပြန်မဖြစ်၍ ၊ အစစ်သာတိ၊ တုမယှိတည့်၊ သုဒ္ဓိ ဌာန၊ ဝိသိဋ္ဌဖြင့်၊ ဝိဝဋ္ဋရပ်၊ ခေါ်အပ်သည်သာ၊ ဘုံမှန်စွာကြောင့်၊ သုဒ္ဓါဝါသ၊ ဘူးမရဟု၊ မိန့်ကြမ္ဗတာ၊ အစဉ်လာသည့်၊ သုဒ္ဓါမည်တုံ၊ ဤငါးဘုံကား၊ ဇေယျုံဗိ†မာန်၊ ပြည်နိဗ္ဗာန်သို့၊ လမ်း†မှန်ကြ†ရာ၊ အရိ†ယာတို့၊ မင်္ဂလာစခန်း၊ *ကွန်းထောက်နန်းဖြင့်၊ တင့်ဆန်းမိုးခေါင်၊ ပြိုးပြိုးပြောင်သည်။ ။ငါးဆောင် အဆင့် အဆင့်တည်း။ (၇)

(ရူပါဝစရဗြဟ္မာ့ဘုံခဏ်း ၇-ပိုဒ်)

ရူပါဝစရကမ္မာနုရူပဂတိဝိဘာဂ ပြီး၏ ။

---

## ၆-အရူပါဝစရဗြဟ္မာ့ဘုံခဏ်း

၄၇၄။ စတုတ္ထဟု၊ ဈာနမည်ဆို၊ ဤဈာန်ကိုတည့်၊ ငြိုငြိုငြင်ငြင်၊ လွန်ခဲး အင်လျက်၊ ရကျင်တုံကြ၊ အာဠာရနှင့်၊ ဥဒကဒေဝီ၊ ရှင်ဗာဟီသို့၊ လောကီမုနိ၊ တိတ္ထိဝိုးဝါး၊ ပုဂ္ဂိုလ်များတို့၊ ကြံမှားတွေးထင်၊ မိစ္ဆာဝင်၍၊ အကြင်နာမက်၊ နာမ်သက်သက်ကား၊ ကျိုးပျက်ပူ†ချမ်း၊ မယှိစွမ်းကြောင့်၊ ဆံ†ခြမ်းဒုက္ခ၊ မရနိုင်စွာ၊ ငြိမ်းချမ်းရာ၏၊ ရုပ်သာဧကန်၊ ဒုက္ခမှန်ဟု၊ ဘောက်ပြန်ထင်မှန်း၊

အမြင့်ဆန်းလျက်၊ ကြက်ကန်းသဖွယ်၊ တွေ့ရာတွယ်သို့၊ ရှေးဝယ်ရသား၊ စတုတ္ထစျာန်စိတ်၊ ရုပ်နိမိတ်ကို၊ ပိတ်ပိတ်အရှင်း၊ ကင်းကြီးကင်းအောင်၊ မသွင်းနှလုံး၊ ပွါးမသုံးတည့်၊ ပျောက်ဆုံးစေ†ချင်၊ မဆင်†ခြင်ဘဲ၊ ကောင်းကင်ပညတ်၊ အမှတ်သညာ၊ ဟင်းလင်းသာဟု၊ အာကာသံ အနန္တံ၊ ပရိကံဖြင့်၊ မညံ့မဆိတ်၊ ပွါးသည့်ဟိတ်ကြောင့်၊ ရုပ်နိမိတ်ကင်း၊ ရတုံလျှင်းကား၊ ယင်းသည့်အရူပ၊ ကုသလစျာန်၊ ကျိုးပေးဟန်ဖြင့်၊ ရုပ်သဏ္ဍာန်*မဲ့၊ နံသာ*ဟဲ့လျက်၊ ချိုတဲ့ကာယော၊ စတုဝေါဟု၊ မိန့်ဟောကျမ်းလာ၊ ထက်ဝေဟာတွင်၊ အာကာသာနဉ္စာယတန၊ ဘုံပထမနှိုက်၊ ဖြစ်ကြမှန်စွာ၊ နှစ်သောင်းကြာသည်။ ။ကမ္ဘာအချင့် အချင့်တည်း။ (၁)

၄၇၅။ ထိုမှတကြောင်း၊ ထိုထက်လောင်း၍၊ ထိုကောင်းကင်မှတ်၊ ထိုပညတ်ကို၊ လွန်သတ်ပြီးခါ၊ စိတ်ကိုသာလျှင်၊ ဝိညာဏံ အနန္တံ၊ ပရိကံမှု၊ ပြု၍တဘန်၊ ရတုံပြန်သား၊ ထိုစျာန်ဒုတိယာ၊ စေတနာကြောင့်၊ ဝိညာဏဉ္စာယတန၊ ဝေဟာသဟု၊ ထက်မှမြင့်စွာ၊ ဗွေအာကာထက်၊ ကမ္ဘာလေးသောင်း၊ တည်နေရှောင်း၏၊ ၎င်းတဖြာ၊ ပထမာရုပ်စိတ်၊ လွန်လိုဟိတ်ဖြင့်၊ ထိုစိတ်စိုးစိ၊ ကင်းမယှိဟု၊ နတ္ထိ ကိဉ္စိ၊ ပြုပြန်ဘိသား၊ ပရိကံဇော၊ နတ္ထိဘောကို၊ မနောနှိုက်တွင်၊ အာရုံထင်၍၊ ပွါးကျင်လွန်စွာ၊ ဘာဝနာကြောင့်၊ အာကိဉ္စညာယတန၊ မည်ရဘူမိ၊ ဘုံတတိနှိုက်၊ဖြစ်ဘိတုံရှောင်း၊ခြောက်သောင်းကမ္ဘာ၊ ရှည်*ညောင်းကြာရှင့်၊ တတိယာရုပ္ပ၊ ဝိညာဏကို၊ သန္တမေတံ၊ ပဏီတမေတံ၊ ပရိကံတရပ်၊ ထပ်၍ပြုဘိ၊ လွန်သတ္တိကြောင့်၊ မယှိမဟူ၊ ယှိမဟူဘဲ၊ ရေပူနှိုက်ဝယ်၊ တေဇော*†နှယ်သို့၊ *နုန့်†နယ်စျာန၊ သိမ်မွေ့လှသား၊ နေဝသညာ၊ နာသညာဟု၊ အဇ္ဈာထက်၊ ဘုံဘဝဂ်နှိုက်၊ ရှည်သက်လွန်စွာ၊ ကြာကြီးကြာလျက်၊ မဟာကပ်ပေါင်း၊ ရှစ်သောင်းလေးထောင်၊ ကုန်အောင်မရွေ့၊ တည်နေမွေ့၏၊ မေ့မေ့ကျန်ကျန်၊ ခါမပြန်သို့၊ နိဗ္ဗာန်ဆိုလောက်၊ ဘုံဆုံးပေါက်လျက်၊ *အစောက်ကာလ၊ ထိုလောက်မျှတည့်၊ ကမ္ဘာ့အစု၊ သက်အာယုနှင့်၊ ပုထုဇန၊ ပုဂ္ဂလတို့၊ ဘဝမှားမှောက်၊ အလားကောက်ခဲ့၊ ပျောက်လုနီး†နီး၊ *အချည်း†နှီးဖြင့်၊ ရောက်ကြီးရောက်ရုံ၊ ဤလေးဘုံကား၊ မစုံရှုပက်၊ လေးနာမက်မျှ၊ အောက်ထက်ဆောင်ဆောင်၊ *ဖြိုးဖြိုးမှောင်သည်။ ။မိုးခေါင်အမြင့် အမြင့်တည်း။ (၂)

(အရူပါဝစရဖြဟ္မာ့ဘုံခဏ်း ၂-ပိုဒ်)

အရူပါဝစရကမ္မာနုရူပဂတိဝိဘာဂ ပြီး၏။

## ၇-ကမ္မဘူမိသံသန္ဒနာခဏ်း

၄၇၆။ ယင်းသို့အမှန်၊ ကျမ်းလာဟန်ဖြင့်၊ ဝေဘန်ယုတ္တိ၊ ချင့်နှိုင်းညှိ၍၊
ပါဠိအဋ္ဌကထာ၊ ဋီကာစရိယ၊ ဇာတကနှင့်၊ မဇ္ဈိမနိကာယ်၊ ကျမ်းသုံးသွယ်တို့၊
အကျယ်မပြ၊ သာမညဖြင့်၊ ဗြဟ္မလောကူပဂေါ၊ ဤမျှဟောလည်း၊ သဘော
အလို၊ ယုတ်မပိုအောင်၊ အကုသိုလ်ဒု၊ ကုသိုလ်သုဟု၊ လေးစုပါက၊ ဌာနဘူမိ၊
အစဉ်သိလော့၊ ဗောဓိပွင့်*လျှာ၊ ရင့်ကြောင်းရှာသည်၊ မဟာမဃ၊ ဒေဝ
လောင်းတော်၊ ရသေ့ကျော်ကား၊ လေးဘော်ဗြဟ္မ၊ ဝိဟာရကို၊ လှံ့လမယုတ်၊
မဟဂ္ဂုတ်ဖြင့်၊ အဟုတ်မှန်စွာ၊ ပွါးလေ့လာ၍၊ ရူပါဝစရ၊ စတုက္ကဆုံး၊ ဈာန်အလုံး
ကို၊ သိမ်းကျုံးပြည့်စုံ၊ ပြီး*ကုံလုံကြောင့်၊ ဘုံစတုတ္ထ၊ ဝေဟာသထက်၊ ဌာန
မှိုင်းညို၊ ဝေဟပ္ဖိုလ်ဝယ်၊ ရွှေကိုယ်ညီးညီး၊ သန္ဓေမှီးလျက်၊ ကပ်ကြီးကမ္ဘာ၊
သက်ငါးရာနှင့်၊ ချမ်းသာအစစ်၊ ကိုယ်ထင်ဖြစ်၍၊ အစ္စန္တသုခီ၊ သညီဝါဒ၊
ပုဂ္ဂလတို့၊ စွဲးကြမှတ်ယူ၊ နိဗ္ဗာန်ဟူသည်၊ *စံတူချမ်းမြ၊ ဈာန်သုခနှင့်၊ ဘဝသိမ်မွေ့၊
ဗြဟ္မာ့လေ့တိုင်း၊ မငွေ့ကာမ၊ ဒုဂန္ဓဖြင့်၊ ရာဂစိမ်းညှော်၊ မညှီစော်ဘဲ၊ အဟော်
ဝတ၊ ဩဇာသုခဟု၊ စိတ်ချကြည်နူး၊ ဥဒါန်းကျူးလျက်၊ ဝမ်းမြူးရွှင်ပျော်၊
လွန်မွေ့လျော်သည်။ ။သံကော်အဟာန်း အဟာန်းတည်း။ (၁)

၄၇၇။ ထိုသို့ကြီးလှ၊ ဈာန်သုခဖြင့်၊ ဘဝ*တောင်ကိုင်၊ နိဗ္ဗာန်တိုင်သို့၊
*ချက်ရိုင်မိမိ၊ စံရဘိလည်း၊ ဒိဋ္ဌိ ဝိတက်၊ မဘက်မနှော၊ မရောမငြိ၊ လောင်း
ဗောဓိတို့၊ ဇာတိဖြစ်တိုင်း၊ မခိုင်းမမျဉ်၊ *စက်ပိုင်းရှဉ်သို့၊ အစဉ်ဝါသနာ၊
ထုံပြီးစွာသား၊ ပညာဝရဇိန်၊ စွဲးလက်ချိန်ကြောင့်၊ ဇီဝိန္ဒြိယ၊ ဖြတ်ချစေကာ၊
မဟာပထဝီ၊ ဤမြေမြင်းမိုရ်၊ ယုဂန္ဓိုရ်တို့၊ ပျက်ပြိုထက်အောက်၊ စောင်းမှောက်
ပြောင်းပြန်၊ သွေလှန်ယှဉ်းခွ၊ ဘောက်ပြန်ကြလျက်၊ ကွဲး*ခြစေကာ၊ မစွန့်
ရာသား၊ ပါရမီဖြည့်ခြင်း၊ သဘောရင်းနှင့်၊ မကင်းသည်ချည်း၊ *ရှင်ကြည်း†
ကြည်းဖြင့်၊ *ကျော့†ကျည်းမယှို၊ မပျင်းရိတည့်၊ ဇာတိမြတ်စွာ၊ ဗြဟ္မာ့ရွာဝယ်၊
နေသာနေသောင့်၊ မကြောင့်မကြ၊ ထာဝရဟု၊ စိတ်ချပျပ်စပ်၊ တပ်ကြီး
တပ်၍၊ *နေရဗ္ဗာန်မည်၊ ဘေးမဲ့ပြည်သို့၊ အတည်တကျ၊ စံထိုက်လှသား၊
တောင့်တ*မဲ့ပြီး၊ စည်းစိမ်ကြီးလျက်၊ *ချည်းနှီးချမ်းသာ၊ စံစားကာလျှင်၊
ဗြဟ္မာတို့နည်း၊ မဟုတ်တည်းရှင့်၊ *ထက်ချည်းယှင်းဖည်၊ စိတ်*ရင်†ကျည်
၍၊ ရှင်†ကြည်ဓမ္မဓာတ်၊ သောမနသ်ဟုန်၊ ကိုယ်လုံးတုန်အောင်၊ လှိုက်ခုန်
ပြဋ္ဌာန်း၊ *တီးမလန်းဖြင့်၊ ဥဒါန်းကျူးကာ၊ ဝမ်းမြူးစွာလျှင်၊ ဈာနနိကန္တိ၊
ဒိဋ္ဌိသဃတ၊ ဘဝတဏှာ၊ မိစ္ဆာအမြဲး၊ ကပ်မစွဲးဘူး၊ စွန့်ကြဲးအလေ့၊ မမေ့
မ†ကျန်၊ တာသ†ကြန်ဝယ်၊ ခါမှန်ညောင်ရေ၊ သွန်းမြဲးထွေသို့၊ ထက်ဗွေရိပ်မှုံ၊
ဗြဟ္မာ့ဘုံတွင်၊ မျိုးစုံသီးစွာ၊ ပဒေသာမှ၊ ဗြဟ္မာအများ၊ သူတပါးအား၊ ပိုင်းခြား
ဝေ၄၊ ပေးလှူမျှ၍၊ ဒါနပါရမီ၊ ဖြည့်မြဲးညီအောင်၊ ဝသီမကင်း၊ လိုတော်

ရင်းတိုင်း၊ စွန့်ခြင်းအမှု၊ အစဉ်ပြု၍၊ ဝတ္ထုများစွာ၊ အဖြာဖြာနှင့်၊ ပဒေသာခိုင်၊ ပင်ချင်းဆိုင်သည်။　။ယှဉ်ပြိုင်အတန်း အတန်းတည်း။ (၂)

၄ဂဂ။ သီလဟူပြီ၊ ပါရမီလည်း၊ ဝိရတီချို၊ ဗြဟ္မာတို့နိုက်၊ သို့ဖြစ်စေကာ၊ စေတနာဖြင့်၊ ဆယ်ဖြာအမိုက်၊ ဒုစရိုက်ကို၊ ဘုံလိုက်အမြဲ၊ ကွာ*ရှဲးပြကတော့၊ ဘဝလေ့တိုင်း၊ သိမ်မွေ့စင်စစ်၊ သီလဖြစ်၍၊ ကျင့်ညစ်ယုတ်မာ၊ ကင်းပြီးစွာသည်၊ ကာမာနိဿရဏ၊ နေက္ခမ္မနှင့်၊ သုခဒုက္ခ၊ ခြင်းရာပြလျက်၊ ဓမ္မကထာ၊ ဒေသနာ တရား၊ သူတပါးအား၊ ဟောကြားသာ†ကြည်၊ ပညာမည်ရှင့်၊ *ကျိုး†ကျည် မြဲးဘိ၊ အားထုတ်ယိုကား၊ ဝီရိယဟူပြီ၊ ခန္တီ သစ္စာ၊ အဓိဋ္ဌာက၊ မေတ္တာ ဥပေက်၊ ဗြဟ္မာ့ဖြစ်နိုက်၊ စင်စစ်ပြီးခြင်း၊ တရားရင်းတွင်၊ မကင်းတုံစွာ၊ ထုံလေ့လာ၍ ' ဆယ်ပါရမီ၊ ပြည့်ကြောင်းညီ၍၊ စုံစီမချို၊ ဤသို့ခြင်းရာ၊ လက္ခဏာဖြင့်၊ မဟာ သတ္တ၊ ဗျာဒိတ်†ရသည်၊ ဘု†ရာ့အလောင်း၊ ကျင့်မပြောင်းတို့၊ ဆုတောင်း မျိုးစေ့၊ ပြုသော့နေ့က၊ မမေ့စမြဲး၊ ဆောက်တည်ကဲးလျက်၊ ငြိစွဲးသည်းထန်၊ ဗောဓိဉာဏ်နိုက်၊ မိဋ္ဌာန်စိတ်သန်၊ မဘောက်ပြန်ဘဲး၊ သွေလှန်မချ၊ နိယတကြောင့်၊ ဘဝဘဝ၊ ဖြစ်သမျှပင်၊ ဒသပါရ†မီ၊ မြဲးဝသီနှင့်၊ ယှဉ်†မှီမပြတ်၊ ယုတ်လတ် မြတ်အား၊ တပါးပါးကို၊ ကြိုးစားသမှု၊ ရှေ့ကိုယ်စုသို့၊ *ပြုတ်တုမချွတ်၊ မလွတ်ဘယ်ခါ၊ ဖြည့်ကျင့်စွာသည်။　။သင့်ရာအခန်း အခန်းတည်း။ (၃)

ဤသို့လျှင်တိ၊ ဤတွင်တဝ၊ ဗြဟ္မစရိ†ယ၊ ခဏ်းသာ†ရသည်၊ ပဌမမြောက်၊ အပြီးရောက်တည်း။

ကမ္မဘူမိသံသန္ဒနာခဏ်း ၃-ပိုဒ် ပြီး၏ ။

ဤကား–သက်ပိုင်းလားရာ-ဟူသော နိဒ္ဒေသ၏ ပဋိနိဒ္ဒေသဖြစ်သော ဂတိဝိဘာဂဝိတ္ထာရတည်း။

ဗြဟ္မဝိဟာရစရိယခဏ်း ၅ဂ-ပိုဒ် ပြီး၏ ။

## ပဌမပိုင်း ဗြဟ္မစရိယခဏ်းပြီး၏ ။

# ဆဋ္ဌမပိုင်း နိဂမခဏ်း

## ၁-မနုဿာလောကနခဏ်း

၄၇၉။ တတောင်နှစ်တောင်၊သုံးလေးတောင်က၊ငါးတောင်ခြောက်တောင်၊ ခုနစ်တောင်ဆင့်၊ စွင့်ရရှင့်တိ၊ တောင်မင့်းသညာ၊ မြင်းမိုရ်တာဖြင့်၊ သင်္ချာဝိသ၊ ဥသဘနှင့်၊ ဥသဘရှစ်ဆယ်၊ မှတ်ဘွယ်ဂါဝုတ်၊ ဂါဝုတ်လေးဆူ၊ တယူဇနာ၊ ဝေါဟာခေါ်ကြ၊ ထိုမျှယူဇနာ၊ ပရိမာဖြင့်၊ ချင့်တာသင့်စွာ၊ အနုနာဌေ ယျ၊ သင်္ချာပြသား၊ ဆယ်ဆထောင်ပေါင်း၊ မြနားဧှောင်းသို့၊ တသောင်းတာခတ်၊ *ဝန်းပတ်ပင်လယ်၊ ရေပြင်ကျယ်နှိုက်၊ ကျွန်းငယ်ငါး†ရာ၊ ပရိဝါနှင့်၊ လ†ကျော ပေါ်ထွန်း၊ မြရည်ရှွန်းသည့်၊ ဤကျွန်းဗွေငူ၊ မြေဇမ္ဗူထက်၊ မတူနိုင်းရာ၊ နတ်တို့ရှာသို့၊ ပြုဗ္ဗာကျွန်းမည်၊ မန္ဒာတ်တည်သား၊ သာစည်မပျက်၊ တိုင်းအချက်ဝယ်၊ ကနက်ထီးဆောက်၊ သုံးကြိမ်မြောက်တိ၊ မိုးအောက်သိကြား၊ နတ်တပါးသို့၊ အများထင်ကိုး၊ ရိုညွတ်ကျိုးသည့်၊ သတိုးဘုရင်၊ လောင်းဗုဒ္ဓင်၏၊ ကျင့်အင်ပြဟ္မ၊ စရိယကို၊ အစကရုံး၊ စီခဲ့ကုံးပြီး၊ အဆုံးကဏ္ဍ၊ နိဂမဟု၊ သာရပြည့်ရှွန်း၊ ဤအခန်းကို၊ နိဒါန်းစုံစွာ၊ ယခုခါနှိုက်၊ လင်္ကာနတ်စောင်း၊ သန်းခေါင်မောင်းဖြင့်၊ *ညှို့ချောင်းခုနစ်ပင်၊ ငြိမ့်ပွဲး*ရင်သည်။ ။လူရှင်နာစိမ့် ကြည်နူးတည်း။ (၁)

ဤအပိုဒ်ကား တတောင်နှစ်တောင်၊ သုံးလေးတောင်က၊ ငါးတောင် ခြောက်တောင်၊ ခုနစ်တောင်ဆင့်၊ စွင့်ရရှင့်တိ၊ တောင်မင့်းသညာ၊ မြင်းမိုရ်တာဖြင့်-ဟူသော စကားဖြင့် လက်သစ်တောင်တာကိုရင်း တောင်စဉ် ၇-ထပ်ကိုရင်း ထင်မှားအောင်အနက်တူ ရုဋ္ဌိသဒ္ဒါဖြင့် လှည့်ပတ်၍ ဝှက်ရကား **ဝဋ္ဋိတာပဟေဠိ**-မျိုးတည်း။

တယူဇနာ၊ ဝေါဟာခေါ်ကြ၊ ထိုမျှယူဇနာ၊ ပရိမာဖြင့်၊ ချင့်တာသင့်စွာ၊ အနုနာဌေ ယျ၊ သင်္ချာပြသား-ဟူသောစကားဖြင့် ဝဏ္ဏသင်္ချာနည်း ယူမှ တသောင်းဖြစ်၏၊ နာမသင်္ချာနည်း အနုလုံယူသော် ၁၇၇၃၄-ယူဇနာ၊ ပဋိလုံယူသော် ၄၃၇၇၁-ဖြစ်၍ အမှန်မသိနိုင်သဖြင့် သင်္ချာယူ ပုံကို တွေဝေအောင်ဝှက်ရကား **သင်္ချာတာပဟေဠိ**-မျိုးတည်း။

မတူနိုင်းရာ၊နတ်တို့ရှာသို့၊ပြုဗ္ဗာကျွန်းမည်၊မန္ဒာတ်တည်သား၊ သာစည် မပျက်၊ တိုင်းအချက်ဝယ်-နှိုက်လည်း ပြုဗ္ဗာကျွန်းမည်ဟူ-သည်ကား ဝိဒေဟတိုင်းဟူလိုသည်၊ ဤပြုဗ္ဗာကျွန်းမည်-ဟူသော စကားသည်

ပရိယာယ်သဒ္ဒါကိုသာပြ၍ အမည်ရင်းကိုဝှက်ရကား **သမာနပဟေဠိ** မျိုးတည်း။

မန္တာတ်တည်သား-ဟူသော စကားလည်း ဝရမန္တာတ်-ဟူသည်နှိုက် ရှေးဝရသဒ္ဒါကိုချန်၍ နောက်မန္တာတ်သဒ္ဒါ တခုကိုသာပြ၍ဝှက်ရကား **ကေစ္ဆန္နာပဟေဠိ**-မျိုးတည်း။

ကနက်ထီးဆောက်၊ သုံးကြိမ်မြောက်တိ၊ မိုးအောက်သိကြား၊ နတ်တပါးသို့၊ အများထင်ကိုး၊ ရှိညွှတ်ကျိုးသည့်၊ သတိုးဘုရင်၊ လောင်းဗုဒ္ဓင်၏-ဟူသောစကားလည်း တတိယမြောက် မိထိလာမြို့တည် နန်းတည်ဟူသော အခြင်းအရာမျှကိုပြ၍ မဃဒေဝမင်းဟူသောအမည်ကို သက်သက်မပြဘဲ ဝှက်ထားရကား **ဥဘယစ္ဆန္နာပဟေဠိ**-မျိုးတည်း၊ ဤ ပဟေဠိငါးမျိုးတို့ဖြင့် ရောရကား ဤပိုဒ်သည် **သံကိဏ္ဏာပဟေဠိ သဒ္ဒတ္ထာ လင်္ကာရဝင်္ကဝုတ္တိ**-အလင်္ကာဖြစ်သော ပိုဒ်တည်း။

၄၉၀။ မဃဒေဝ၊ ဣသိန္ဒလျှင်၊ ဗြဟ္မဝိဟာ၊ ဘာဝနာနှင့်၊ ဈာန်သမာပတ်၊ ကျင့်မြတ်သိမ်မွေ့၊ မရွေ့တည်ကြြား၊ မလှုပ်ရှားဘဲ၊ မကျြားမကြောင်၊ ပြောင့်ထက်ပြောင်လျက်၊ လေးထောင်သက်တော်၊ လွန်ကျော်အပ၊ ရှစ်သောင်းရ၍၊ ဗြဟ္မာ့ဘုံအောင်း၊ ဘဝပြောင်းသော်၊ မင်းကောင်းသားတော်၊ နောက်နန်း ပျော်လည်း၊ ဖြူယော်ဆံပင်၊ တချောင်းမြင်၍၊ လူ့ခွင်ထီးနန်း၊ မစံမြန်းဘဲ၊ ရဟန်းသိမ်မွေ့၊ ပြုသောနေ့တည့်၊ ထိုနေ့နှိုက်သာ၊ မဟာမဃ၊ လောင်းဒေဝ၏၊ မတကဘတ်၊ ပြုလတ်မင်္ဂလာ၊ နရာဓိပတ်၊ ထိုမင်းမြတ်၏၊ ဆံဖြတ်ရိတ်လှည်း၊ ဖန်ရည်စည်း၍၊ *အရည်းဝင်မှု၊ ရှင်ပြုမင်္ဂလာ၊ သားနန်း*လျှာအား၊ ဘရာ တင်မြှောက်၊ နန်းမွေကောက်၍၊ ထီးဆောက်မင်္ဂလာ၊ တဖြာစင်စစ်၊ ထိုသား ချစ်အား၊ မင်းဖြစ်နီးစွာ၊ ဥပရာဇ်၊ မင်း*လျာမှန်လှည့်၊ *ကွမ်းထည့်မင်္ဂလာ၊ ထိုသည်းချာအား၊ ဌာနန္တရ၊ ဝိသေသဖြင့်၊ ထူးလှကြီးကျယ်၊ စလွယ်ရွှေဖောင်း၊ ထပ်လောင်းထီးစည်၊ သတိုးမည်နှင့်၊ ချစ်ကြည်သက်နှံ၊ နာမံတံဆိပ်၊ ခတ်နှိပ် အသစ်၊ သင်းကျစ်ရွှေရေး၊ ဘွဲ့ပေးမင်္ဂလာ၊ ဤငါးဖြာကို၊ တခါတချက်၊ တကွ နက်ဖြင့်၊ တရက်တည်းပြု၊ မျှားလူစုလည်း၊ ဇမ္ဗူ့အလုံး၊ ခေါ်*သိမ်းကျုံးသို့၊ ထွန်တုံးထမ်းပိုး၊ ကြိုးနှင့်တံ|ဖျာ၊ အဖြာ|ဖြာကို၊ ထိုခါပယ်*ရှုံး၊ မျက်နှာ လွှဲလျက်၊ မျိုးပဲးစပါး၊ ကျွဲနွားစွန့်ရှောင်၊ အိမ်ထောင်တွင်းပြင်၊ အိုးအင် လင်ပန်း၊ ပုကန် စွန်းနှင့်၊ *မန်းစကောက၊ ပစ်ခဲ့ချ၍၊ ပဥ္စမဟာ၊ လွန်ထူး စွာသား၊ မင်္ဂလာကျော်ခြီး၊ ပွဲးဟော်ကြီးနှိုက်၊ မငြိုးနိုင်အား၊ သားမယားနှင့်၊ သောက်စားကုန်လျက်၊ ပျော်မပျက်သည်။ ။နှစ်သက်*ပုလဲး တ|မူးတည်း။ (၂)

၄၈၁။ မဃဒေဝေါ်၊ ကျွန်းလုံးကျော်သား၊ တေဇော်ဝင်းပ၊ ထိုမင်းလျှ၏၊ ပုတ္တရာဇာ၊ မင်းမြတ်စွာသည်း၊ မဟာမဃ၊ လောင်းဒေဝသို့၊ ရှယ်လှနှုမျစ်၊ သူငယ့်ဖြစ်ဖြင့်၊ ရှစ်သောင်းလေးထောင်၊ ဘုန်းရောင်ပွင့်ထွား၊ နန်း*လျာ အားဖြင့်၊ မှန်းထားစင်စစ်၊ အိမ်ရွှေဖြစ်လည်း၊ ရှစ်သောင်း လေးထောင်၊ နန်းဘောင်ရွှေဘုံ၊စိုးအုပ်ချုံ၍၊စေးချုံရန်ငုတ်၊ ရန်ခလုတ်ကို၊ ထွင်ခုတ်ပယ်ပြီး၊ ရိပ်ဖြူထီးနှင့်၊ ပြည်ကြီးရိပ်ငြိမ်၊ စည်းစိမ်ခံလစ်၊ မင်းကြီးဖြစ်လည်း၊ ရှစ်သောင်း လေးထောင်၊ *ဥသျှောင်မြသား၊ ဆံတော်ကြားနှိုက်၊ ဘောက်ပြားမတူ၊ တချောင်းဖြူ၍၊ မင်းမူစွန့်ပစ်၊ ရဟန်းဖြစ်လည်း၊ ရှစ်သောင်းလေးထောင်၊ သက်စေ့အောင်လျှင်၊ ကျင့်ဆောင်ဗြဟ္မ၊ ဝိဟာရနှင့်၊ မကျစျာန်ဟုန်၊ အမွှ ဝုန်ဝယ်၊ ပျံ*သုန်မြေမိုး၊ ဘိညာဉ်စိုး၍၊ ငုပ်လျှိုးပျော်မြူး၊ စံမွေ့ကြူးလျက်၊ ကျေးဇူးပြည့်စုံ၊ ဗြဟ္မာ့ဘုံသို့။ ။လားတုံထက်ခွင်*ကွန့်မြူးတည်း။ (၃)

၄၈၂။ ထက်ခွင်*ကွန့်မြူး၊ ဈာန်အထူးကြောင့်၊ ကျေးဇူးပြည့်စုံ၊ ဗြဟ္မာ့ ဘုံသို့၊ လားတုံသတည်း၊ ဤသို့နည်းဖြင့်၊ မင်းချည်း*နှင်နှင်၊သိထင်*မိုးနှောင်း၊ ရိပ်ဖြူဆောင်းသား၊ မင်းပေါင်းအဟို၊ မျှားထိုထိုလည်း၊ အဖို*မဲ့ဘိ၊ မျိုးဇာ တိဖြင့်၊ ယောနိသဘာဝ၊ ဗျိုင်းအောက်မတို့၊ မေဃသဒ္ဒါ၊ မိုးကျူးသံကို၊ နာခံ စိတ်မှာ၊ ဓမ္မတာတိုင်း၊ သာယာကုန်ကြ၊ သန္ဓေရသို့၊ မွေးဘနန်းစံ၊ ဆုံးမသံကို၊ နားယံတင်ရှောင်း၊ နာမ*ညောင်းဘဲ၊ နည်းကောင်းတမူ၊ ခံကြယူ၍၊ ဆံဖြူ တပင်၊ မြင်သည်ထိုနေ့၊ မရွှေဆက်ဆက်၊ ရွှေနန်းထက်က၊ တောထွက်ပြီးသော်၊ ဈာန်မွေ့လျော်လျက်၊ သက်တော်ဝင်း၊ တသောင်းရှစ်ပြန်၊ လေးထောင်လွန်လျှင်၊ လေးဘန်စီချည်း၊ တ*သွန်တည်းတိ၊ *စံနည်းမင်္ဂလာ၊ ဩဘာနိမိတ်၊ ဗျာဒိတ် သိုက်ပန်း၊ ခတ်ကိန်းခန်းက၊ နတ်ညွှန်းပြဆောင်၊ *တဘောင်*တြင်း၊ အောင်နဝင်းနှင့်၊ ရှေးမင်းသုံးခါ၊ ထောင်တည်စွာသား၊ မိထိလာမည်ရ၊ ဤပြည်မနှိုက်၊ မဃဒေဝ၊ အမွှဝနေ၊ ဥယျာဉ်မြေထက်၊ လေးထွေဈာန်ဟုန်၊ မ*သုန်မကျ၊ ဗြဟ္မာ့နေရပ်၊ဘုံဝေဟပ်သို့၊ ဆိုက်ကပ်လုံးတည်း၊မလိပ်လည်းတည့်၊ ရိုးစည်းမထောင့်၊ ဂဏန်းဖြောင့်က၊ ရှစ်သောင်းအခေါင်၊ မင်း*မြားမြောင်တို့၊ လေးထောင်အစု၊ ပြည့်လုအဟုတ်၊ နှစ်ယောက်ယုတ်သည်။ ။သမုဒ်ရေ *နှယ် မထူးတည်း။ (၄)

၄၈၃။ အနှစ်တထောင်၊ ရှည်ခေါင်မြဲးစွာ၊ လားနတ်ရွာနှင့်၊ အိမ်ရာမမြန်း၊ ဤသုံးခန်းကား၊တောင်ကျွန်းလကျာ၊ဝတီသာထက်၊ဥတ္တရာငူ၊ မြောက်ကျွန်း သူတို့၊ မတူကဲးတက်၊ သာလွန်ချက်တည့်၊ အသက် အဆင်း၊ ချမ်းသာခြင်းမူ၊ ယင်းမြောက်ကျွန်းသား၊ ဇမ္ဗူဘွားထက်၊ သိကြားစံမှတ်၊ ဝတိန်နတ်က၊ လွန်မြတ်ကဲးဆင့်၊ ဂုဏ်ထူးမြင့်၏၊ ရဲးရင့်သတိ၊ မြတ်စရိကား၊ ဗောဓိပေါက်*နေ၊

ဇမ္ဗူမြေက၊ ပဒေသာကျွန်း၊ ဝတိန်*ကွန်းထက်၊ ဦးစွန်း*တမျှ၊ ကဲးလွန်စွဟု၊ ကျမ်းပြမယုတ်၊ ညီစွာထုတ်လျက်၊ သမုဒ်ရေ့နှယ်၊ မြစ်ပင်လယ်သို၊ မှတ်ဘွယ် အဖြောင့်၊ ကိန်းမထောင့်သား၊ ရှစ်သောင်းလေးထောင်၊ ကျင့်ဆောင်ပြဟ္မ၊ စရိယဖြင့်၊ နန်းက*ဖဲး †ကြည်၊ မင်းပေါင်းစည်၍၊ *ပုပ်†ကျဉ်ဓမ္မ၊ ‸မယှိရအောင်၊ ယှဉ်ထအသင့်၊ စဉ်မလွင့်ဘဲး၊ ဘမင့်းစကား၊ ထောင်ရွှေနားနှင့်၊ မှာထား မိန့်တိုင်း၊ နာညွတ်ရှိုင်း၍၊ တပိုင်းတသီး၊ တဂိုဏ်းကြီးဖြင့်၊ ဖြူထီးရိပ်မိုး၊ ဘိသိက်နှိုးလျက်၊ အုပ်စိုးနိုင်ငံ၊ ဇမ္ဗူယံဝယ်၊ နန်းစံရှင်ပြု၊ ဗြဟ္မာစုသား၊ အထု*အထ၊ တုမရအောင်၊ ဓမ္မကာမိ၊ ရာဇိသိတို၊ ပဗ္ဗဇိတ၊ ဝံသမဟာ၊ တန္တယ်လာကြောင့်၊ အနာဂတံ၊ *ဖြိုးလျံစဉ်တိုင်း၊ ရွှေ*သမိုင်းဖြင့်၊ ကသိုဏ်း တစု၊ နန်းစဉ်ရှု၍၊ လွတ်တုမင်္ဂလာ၊ ခြီးတိုင်းသာအောင်၊ ရွှေစာနန်းပြင်၊ ကမ္ဘာတွင်လျက်၊ မဟာဝင်စောင်၊ ရာဝင်ပြောင်သည်။ ။မင်းခေါင်မဃ အ†မှူးတည်း။ (၅)

၄၉၄။ ဤသို့ ထိုခါ၊ ရှေးဦးစွာက၊ မိထိလာပြည်မ၊ ဝိဒေဟနှိုက်၊ တတိယ နန်းတည်၊ သက်တော်ရှည်သား၊ ဘုန်းစည်ပွင့်*လျှာ၊ မဟာပုရိ၊ ဗောဓိသတ္တာ၊ မဃဒေဝေါ၊ ဘေးလောင်းကျော်လျှင်၊ မိုးပေါ်ရပ်ပိုင်း၊ တိမ်ပန်းဆိုင်းသို့၊ နတ်တိုင်းတည်ရာ၊ ကာမာဝစရ၊ ဝသဝတ္တိ၊ ဘူမိအထက်၊ ဘုံလေးဆက်နှိုက်၊ ဘဝင်္ဂတပါး၊ သုံးဆင့်ခြားပြီး၊ မီးပွါးမမွေ၊ ရေလည်းမကပ်၊ လေမစပ်သည့်၊ ဝေဟပ္ဖလ၊ စတုတ္ထ*ရိပ်မြုံ၊ ဗြဟ္မာ့ဘုံဝယ်၊ နှစ်ပုံတွက်ရေ၊ ကုဋေ*မြားမြောင်၊ နှစ်ထောင်မက၊ လူ့ဌာနနှိုက်၊ ကာလရှည်လျား၊ သားတော် မြေးမြစ်၊ဆက်ဆံ ရစ်၍၊ မင်းစစ်ရှစ်သောင်း၊ သုံးထောင့်ကိုးရာ့၊ ကိုးကျိပ်ကတိ၊ အဌ စွန်း ဆောင်၊ ကျော်လွန်အောင်လျှင်၊ လူ့ဘောင်တစိ၊ မရှုမိဘဲး၊ သတိမရ၊ ဗြဟ္မာ့ ချမ်းသာ၊ ခဏတာဖြင့်၊ စံကာနေမှ၊ လူ့လောကတွင်၊ ဝိဒေဟတိုင်း၊ *သမိုင်း ထင်စွာ၊ မိထိလာတွင်မည်၊ စံတော်ပြည်နှိုက်၊ ဆက်ရှည်*မွန်ဝေး၊ ငါ့သားမြေးတို၊ ငါပေးဆုံးမ၊ ဩဝါဒတိုင်း၊ မချနှစ်သက်၊ ဥက္ကောင်းထက်ဝယ်၊ တခက်ဆံဖြူ၊ မြင်ကာမူဖြင့်၊ ငါ့တူဆက်၍၊ တောထွက်စရိယ၊ နေကြမှုနှိုက်၊ တည်ကြ၏လော၊ ဆင်ခြင်စောသည်။ ။သဘော*လက်မွန် လက်ဦးတည်း။ (၆)

၄၉၅။ ထိုသို့လက်ဦး၊ အထူး*မဆွ၊ သတိရ၍၊ ဗြဟ္မာ့နေရပ်၊ ဘုံဝေဟပ် က၊ *လျပ်လျပ်လျင်စွာ၊ ဤလူ့ရွာသို့၊ မကြာခဏ၊ ဗြဟ္မာ့သဘော၊ ဉာဏ် မနှောဖြင့်၊ သိုလော*စေ့ငု၊ မျှော်ကြည့်ရှုက၊ အထု* အထ၊ ရွှေမှနောက်မှို၊ ကြယ့်*နှယ်စီ၍၊ တညီတည်းသာ၊ ကျင့်မက္ခာဘဲး၊ ခေါင်းမှာရေးရေး၊ ဖြူဖွေး ဆံပင်၊ တချောင်းထင်လျှင်၊ မြင်သည့်ရက်နှိုက်၊ တောထွက်ကုန်ပြီး၊ မငြီး *ကြိုးကုတ်၊ အားထုတ်ဗြဟ္မ၊ ဝိဟာရနှင့်၊ မကျစျာန်ပါ၊ ရောက်ကြလာသား၊

ဗြဟ္မာချည်းတုံ၊ ဗြဟ္မာ့ဘုံဝယ်၊ ကြယ်စုံမက၊ နေလထောင်သောင်း၊ ရုံးပေါင်း
*ရောရှု၊ စု၍ပြိုင်ထ၊ ကြွေလာကျသို့၊ ခုဒ္ဒက မဇ္ဈိမ၊ မဟန္တဖြင့်၊ ထိုဂါမနယ်၊
အလယ်အလတ်၊ မှတ်လောက်နှစ်ရွာ၊ ငယ်ဆုံးမှာမူ၊ သုံးဂါမခေတ်၊ ရွာကြီး
တစ်လောက်၊ စင်စစ်အဟုတ်၊ သုံးဂါဝုတ်မျှ၊ မယုတ်ကြကျယ်၊ တင့်တယ်ရှန်းပ၊
ရှုမဝသား၊ ဗြဟ္မကာယော၊ အတ္တဘောဖြင့်၊ အံ့*မောမကုံ၊ ထွန်းရောင်ဟုံနှင့်၊
မကြုံတောင်းစွာ၊ ထိုရော့ခါတိ၊ မိထိလာဂိုဏ်းသိမ်း၊ ပျော်မငြိုးသည့်၊ ဝိုင်းကြီး
တခု၊ ခေါ်ပြုလောက်အောင်၊ အဆောင်ဆောင်တို့၊ မိုးခေါင်တ†ခြမ်း၊
ထိန်ထိန်လျှမ်းလျက်၊ သာ†ချမ်း*ရိပ်မြုံ၊ အဘုံဘုံဖြင့်၊ တပုံတပေါင်း၊ မြို့ပါ
ပြောင်းသို့၊ အဟောင်းအသစ်၊ ထပ်ခါဖြစ်သား၊ ရှစ်သောင်းအခေါင်၊ လေး
ထောင်ပြော့ပြော့၊ နှစ်ယောက်လျော့ကို၊ အသော့ချက်ခြင်း၊ မြင်သိလျှင်း၏၊
ယင်းသို့ချက်ကုံ၊ လုံးစုံထင်လင်း၊ သိမြင်လျှင်းက၊ လွန်ပြင်းသောမနသ်၊
ဓမ္မဓာတ်ဖြင့်၊ ဝိညတ်ဝစီ၊ မိုးလုံးဟီအောင်၊ မြွက်ချီသာဓု၊ ကောင်းခြီးပြု၍၊
ယခုနန်းပေါ်၊ ပျော်သည့်မင်းကား၊ မယွင်းဉာဏ်တူ၊ ဆံတည်းဖြူသော်၊ အယူ
မပျက်၊ ရာဝင်ဆက်၍၊ တောထွက်လိမ့်လော၊ သဘောတဘာန်၊ ဆင်ခြင်ပြန်
လည်း၊ အမှန်ထွက်လိမ့်၊ မြင်နှစ်သိမ့်လျက်၊ စိမ့်စိမ့်ထပ်ကာ၊ ရှုပြန်ခါမူ၊ နောင်
လာဆက်မည်၊ မင်းတို့သည်ကား၊ သားစည်မြေးပွါး၊ ပျော်လိုက်စား၍၊ မရှား
မရှောင်၊ အိမ်ရာထောင်သည်။ ။သေအောင်အညစ် အညှုးတည်း။ (၇)

၄၉၆။ သေအောင်ညစ်ညှုး၊ ဝက်ညွန်လူးသို့၊အမူးအမော်၊ ဘုံနန်းပေါ်နှိုက်၊
အပျော်အပိုက်၊မွေလျော်ကြိုက်၍၊ စိတ်လိုက်ရှင်†ပျော၊ စရိုက်†ပြောလျက်၊
တောမထွက်ဘဲ၊ အဆက်ဉာဏ်တွင်၊ ပြတ်လိမ့်ပင်ဟု၊ နတ်သျှင်*စောလောင်း၊
မြင်လတ်ရှောင်းက၊ တပေါင်းတရုံး၊ ပုလဲးကုံးသို့၊ စဆုံးအလယ်၊ ဘယ်ဝယ်
မဘောက်၊ စဉ်လျှောက်ရှေးနှောင်း၊ အလျဉ်ကောင်း၍၊ တချောင်းဆံဖြူ၊
မြင်မူထိုနေ့၊ မခမ္မနန်းထက်၊ တောထွက်ကိစ္စ၊ စရိယဖြင့်၊ ဗြဟ္မဝိဟာ၊ ဘာဝနာ
နှင့်၊ ဈာန်သမာပတ်၊ ကျင့်မြတ်ပျော်ဘိ၊ ရာဇိသိတို့၊ ဇာတိလည်းမြင့်၊ အကျင့်
လည်း*မွန်၊ အဖြစ်လွန်လျက်၊ မိုးစွန်ဝေဟာ၊ ဗြဟ္မာ့ရွာတွင်၊ ဗြဟ္မာနတ်ကြီး၊
ဘုံသီးသီးနှင့်၊ ဖြစ်ပြီးဖြစ်အံ့၊ ဖြစ်လတ္တံ့က၊ အ*လှံ့*ပြောထူ၊ များဆူဆူကား၊
မှတ်ယူမဖြောင့်၊ ဂဏန်းထောင့်လျက်၊ ရှစ်သောင်းလေးထောင်၊ မပြည့်ကြောင်
၍၊*ချောင်ခဲ့အဟုတ်၊ တယောက်ယုတ်သော်၊ သမုတ်လူတွင်၊ နောင်ရာဝင်တိ၊
ရွှေမင်အကျွ†ရာ၊ နန်းစဉ်စာနှိုက်၊ ထင်†ရာမပြောင်၊ ရာဝင်မှောင်၍၊ အရောင်
နွမ်းညစ်၊ ဖြစ်လိမ့်သကား၊ မလျော်ငြားခဲ့၊ တရားယှဉ်ပေါင်း၊ အစဉ်ကောင်း
လျက်၊ အနှောင်းတယောက်၊ မပျက်လောက်တည့်၊ နောက်နောက်ကမ္ဘာ၊
ရှည်တိုင်းကြာအောင်၊ စဉ်လာ*ဥဒါန်း၊ တ*မော်ကွန်းဖြင့်၊ မထွန်းစေရ၊
ငါလျှင်စသည့်၊ ငါ့အနွယ်ဆက်၊ ကွယ်မပျက်အောင်၊ ငါဆက်မှသည်၊ သင့်တော့

မည်ဟု၊ ကြံစည်ဆုံးဖြက်၊ ဉာဏ်တော်မြတ်ဖြင့်၊ အမှတ်မခ္ခ၊စိတ်တော်ချသည်။ ။ ဗြဟ္မာ့ရှေ့ဘုံ *ကွန်းဖူးတည်း။ (၇)

(ဤကား မဃဒေဝမင်းကြီး၏ ဗြဟ္မာ့ဘုံနိုက် စရိယကိစ္စတည်း။)

မနုဿာလောကနခဏ်း ၇-ပိုဒ် ပြီး၏ ။

---

## ၂-နိမိရာဇစရိယခဏ်း

၄၉၇။ ဤသို့လောင်းလျှ၊ *စောဒေဝလျှင်၊ ဗြဟ္မာ့နန်းဦး၊ ဘုံ*ကွန်းဖူးက၊ ကြံထူးဆုံးဖြတ်၊ စိတ်တော်မှတ်၍၊ အမြတ်ကိစ္စ၊ စရိယဖြင့်၊ နေကွမ်မျိုး၊ နွယ်ရိုးစဉ်ကောင်း၊ မင်းအပေါင်းနိုက်၊ ရှစ်သောင်းကျော်လှည့်၊ လေးထောင် ပြည့်အောင်၊ ဆက်ဖြည့်စရိယာ၊ ကျင့်လို့ငှါဟု၊ ဗြဟ္မာတို့ဘုန်း၊ နေ*နန်းထောင်မျှ၊ သာမကသား၊ ဥသဘရှစ်ဆယ်၊ လူဝယ်သမုတ်၊ တဂါဝုတ်နှင့်၊ ဂါဝုတ်နှစ်သုံး၊ ရှေးထုံးကာလ၊ ကျမ်းလာပြတိုင်း၊ မဂဓတိုင်းဖြစ်၊ ဂါမခေတ်ဖြင့်၊ တစ်နှစ်သုံးဆ၊ ပမာဏသို့၊ ကာယကြီးကျယ်၊ တင့်တယ်ဥပပတ်၊ ရှေ့ကိုယ်မြတ်လျှင်၊ ပြာသာဒ်ဘုံတွင်း၊ ပျော်ခင်းစံရာ၊ ကမလာသန်၊ ငွေဗိတာန်နှင့်၊ ဝေယန်ဥကင်၊ ကြာပလ္လင်ထက်၊ နေ့သွင်ထွန်းလျက်၊ စံငြိမ်သက်မှ၊ *ဝန်းရှက်တင်†ပျဉ်၊ သမ္ဗဇဉ်တိ၊ †ပညာရှေးယှိ၊ သတိပြဋ္ဌာန်း၊ ဖြောင့်တန်းတန်းဖြင့်၊ ရှေနန်းတည်ရာ၊ မိထိလာဝယ်၊ တောင်ညာမကိုဋ်၊ ဝမ်းကြာတိုက်သို့၊ မျှော်စိုက်စိတ်သန်၊ နိမိတ်ဘန်၍၊ မလွန်သည့်ထက်၊ ငါအသက်ဟု၊ ရှေ့မျက်တောင်မှိတ်၊ အောင့်သည့်စိတ်ဖြင့်၊ အဓိဋ္ဌာန်မှု၊ ဆောက်တည်ပြုလျက်၊ အာယုကမ္မာ၊ ကပ်ငါးရာလုံး၊ ဗြဟ္မာသက်ကြွင်း၊ များဘိခြင်းကို၊ အလျှင်းမတပ်၊ ဘုံဝေဟပ်မှ၊ မြေရပ်လူ့ရွာ၊ စုတိလာသည်။ ။လျှင်စွာ*ချက်ဖြုတ် မဆိုင်းတည်း။ (၁)

၄၉၈။ ဗောဓိသတ္တာ၊ ဗျာဒိတ်ရတို့၊ ဒေဝဗြဟ္မာ၊ သက်ရှည်ရာနိုက်၊ ဖြစ်ပါတုံလည်း၊ ဤသို့ချည်းပင်၊ *ပေါပည်းများထူ၊ ဒိဋ္ဌိဟူသည်၊ စွဲးယူလွန်†ပြင်း၊ လူး*ပြိန်း†ပျင်းသို့၊ *စင်းလျှင်းမရွှေ၊ မေ့ကြီးမေ့လျက်၊ ရိုးတွေ့ ခွေးတော်၊ ခွါမလွှတ်တည့်၊ *ခြေချွတ်ခဲးစွာ၊ ယူမိစ္ဆာဖြင့်၊ ဗြဟ္မာနတ်စစ်၊ စည်းစိမ်ယစ်၍၊ သက်ဆစ်သက်ပိုင်း၊ ရှည်တိုင်းစိမ်တွယ်၊ မစမွယ်ဘူး၊ အတန်ငယ်†ရွှေ၊ ခံစား†၍တိ၊ စုတေ့လူ့ရပ်၊ ကပ်ကြမ့်နှစ်စွာ၊ ဓမ္မတာတိုင်း၊ ဤကမ္ဘာတွင်း၊ ဖြစ်ခြင်းများစွာ၊ ဗြဟ္မာ့ရွာနိုက်၊ မဟာသတ္တာ၊ ဘုရားဆုတောင်း၊ *လျှာပွင့်လောင်းတို့၊ အသောင်းအသိန်း၊ ကိန်းမျှမမြင်၊ ဖြစ်ပါကျင်လျက်၊ လူ့ခွင်လူ့ရွာ၊ သက်လာကုန်ကြ၊ စရိယနှင့်၊ ပဥ္စပရိစ္စာ၊ ကျင့်လို့ငှါဖြင့်၊ ငါးရာမက၊ ဇာတ်တော်ရအောင်၊ ဘဝယုတ်မြတ်၊ ဖြစ်လတ်သည်လည်း၊ ဤသို့နည်းတည့်၊ နှုတ်ချည်းပြော†ရုံ၊ ဆိုပါတုံလည်း၊ မ†ယုံတို့†ချော၊ ရှင့်နှုတ်ပြောဟု၊ ဆင်†ခြေထပ်လောင်း၊

သက်သေတောင်း၍၊ အကြောင်းစုံစီ၊ စုဒ်စောမှီသော်၊ ဒဗ္ဗိဉာပကာ၊ တေနာဟနှင့်၊
တေန ဝုတ္တံ၊ ပုဒ်ခံ*ခိုင်ကျန်း၊ လက်ရုံးတန်းဖြင့်၊ ရိုက်မှန်း*သံပ၊ မောင်းချိကြွလျက်၊
အတ္ထသမ္ဘန်၊ ကျမ်းရိုးမှန်ကို၊ ပြည့်နှံထင်စွာ၊ ထုတ်လေပါတည့်၊ ငါသာမဟုတ်၊
*မှုတ်လောထိုကြောင့်၊ သိကြောင်းဖြောင့်ပိမ့်၊ မထောင့်ပါဋ္ဌိ၊ ပါဋ္ဌိစုဏ္ဏိဖြင့်၊
ဣဓ္ဓါတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ၊ ဝိသုဒ္ဓတ္တာ၊ သချာကမ္ပည်း၊
နှုတ်တော်တည်း၏၊ သိမ်းဆည်းကိုယ်နှုတ်၊ သိက္ခာပုဒ်နှင့်၊ မယုတ်မလွန်၊
အကျင့်*မှန်သား၊ သီလဝ†န္တ၊ ဟူသမျှတို့၊ တောင့်†တလိုရာ၊ ပြည့်မြဲသာဟု၊
မြွတ်စွာရှင်*စော၊ မိန့်ဟောထင်ရှား၊ မြွက်ဘော်ကြားသည်။ ။တရားရွှေစာ
ကသိုဏ်းတည်း။ (၂)

၄၉၉။ လောင်းတော်မဃ၊ ဒေဝမဟာ၊ သူမြတ်စွာလည်း၊ ဗြဟ္မာနတ်စစ်၊
အဖြစ်ဝင်းဝင်း၊ ဘုံကဆင်းမှ၊ မိမင်းကြာခန်း၊ စံမြန်းသိမ်မွေ့၊ လစေ့သန့်စင်၊
မီးရှူးမြင်သော်၊ ဘခင်လူမှူး၊ သားတော်ဦးအား၊ အထူးသဖြင့်၊ ရွှေညာဏ်ချင့်
လျက်၊ ရပ်မြင့်ဒီဃ၊ ဣတ္ထိယတို့၊ တိုက်ထရင်နို့၊ သောက်စို့ သူငယ်၊ မော့ကယ်
ကယ်နှင့်၊ လည်သွယ် ရှည်မျော၊ အပြစ်*ပြော၏၊ ပုသောသူမှာ၊ လည်ကို့ရာ
လျက်၊ လွန်စွာ*ကြုံလည်း၊ နာ*ကျည်းငယ်သူ၊ ဆူသော်*ဆွံ့တတ်၊ သားမြတ်
ရှည်မိ၊ နှာခေါင်းပိရှင့်၊ မည်းဘိမိန်းမ၊ ဧးစွနို့ဟူ၊ အလွန်ဖြူက၊ ပူ၏မှတ်ရိုး၊
ချောင်းဆိုးနို့ရည်၊ ချဉ်သည်တသီး၊ ကုတ်ဟီး စပ်†ရှား၊ အပြစ်များကို၊ ပယ်
†ယှားပြီးလျှင်၊ တော်မဂင်ဘဲ၊ ပြစ်စင်လေးငြိမ့်၊ နို့ချိုဆိမ့်သား၊ နှစ်သိမ့်
ဘွယ်စု၊ ရွှေချီးညသို့၊ စတုသဋ္ဌိ၊ ဂုဏ်သံချော၊ လက္ခဏာဖြင့်၊ ကလျာယဉ်အိ၊
မျိုးဇာတိနှင့်၊ ဣတ္ထိဟူထ၊ ဓာတိ†ယတို့၊ နှစ်†ရာ့လေးကျိပ်၊ ရွှေနန်းရိပ်ဝယ်၊
ပြည့်သိပ်များစွာ၊ လက်မက္ခာအောင်၊ မချာညနေ့၊ မငြီးငွေ့ဘဲ၊ ပိုက်ပွေ့ကိုယ်စီ၊
တနာရီတွင်၊ လေးလီပါဒ်†ရ၊ လေးယောက်ကျတိ၊ *ယု†ယသိမ်းမွေး၊ နို့ထိန်း
ရွေးသည်။ ။နတ်သွေးရောင်လျှ ရွှယ်*ကျိုင်းတည်း။ (၃)

၅၀၀။ ဤသို့မနေး၊ နို့ထိန်းရွေးမှ၊ တရေးထိုပြင်၊ မီးရှူးမြင်ပြီး၊ ရက်လျှင်
သတ္တ၊ လည်ကမရွှေ၊ နန္ဒာနေ့နိုက်၊ ကောင်းမြွှေငြာ†ကြော်၊ ဇမ္ဗူ†ကျော်အောင်၊
အဟော်ဝတ၊ အံ့ဘွယ်စွရှင့်၊ ပုညနိသင်၊ ဘုန်းကျိုးအင်ဖြင့်၊ ရွှေစင်မြသား၊
ပတ္တာ†မြားက၊ ဘိုး†များရတနာ၊ ပရိဝါနှင့်၊ ဇာနည်ဆင်မြင်း၊ ကျွန်သင်းကျေးမက်၊
ရွှေယွန်းထက်တွင်၊ ရွှေအက္ခရာ၊ တင်ကာ*ပြွမြွ၊ လက်တော်†ဖွဲ့သား၊ ပေါင်း†ဘွဲ့
သိမ်းကျုံး၊ ရေမဆုံးတိ၊ ရှေးထုံးရှေးစံ၊ နန်းကြီးယံဝယ်၊ စီမံကျင်းပ၊ မိုးကြယ်
ကျသို့၊ *ဖြင်မျှအုတ်အော်၊ ဆွေတော်မျိုးစုံ၊ မှူးပုံမတ်ပေါင်း၊ ခဝပ်ညောင်း၍၊
ရှစ်သောင်းလွန်ကျော်၊ ကတော်မောင်းမ၊ *ရံဖြဖြနှင့်၊ အလှုနတ်တူ၊ ရွှရွှဦးသည်၊
နန်းသူရွှယ်နု၊ ရွှေတစုတို့၊ *ရတုသံညှင်း၊ နားတော်သွင်းက၊ *ဧးချင်း*လူးတား၊

တင်လျှောက်ကြားလျက်၊ ကိုးပါးနဝရတ်၊ မျက်ခတ်ပြိုးပြောင်၊ မို့း*နှယ်လောင်မျှ၊ ကိုးရောင်ထိန်လက်၊ စိန်ပုခက်နှိုက်၊ တင်ဆက်ကြည်နူး၊ ဖျော်ကြကျူးသည်။ ။ရှေးဦးမင်္ဂလာ ကရိုဏ်းတည်း။ (၄)

၅၀၁။ ရှေးဦးအစ၊ ပထမဝယ်၊ နတ်သ ဘန်†ရင်၊ စိန်ဧး†ယင်ထက်၊ ဆက်တင်မြှောက်ခြီး၊ နန်းစဉ်မီးလျက်၊ *မျှိုကြီးကိစ္စ၊ *စံမမျှအောင်၊ ဒေါလမင်္ဂလာ၊ ပြုပြီးစွာမှ၊ တရာရက်ပေါင်း၊ စေ့ပြန်ရှောင်း၍၊ နေ့ကောင်းရက်သာ၊ ဓမ္မတာဖြင့်၊ ဘဒြာတိထိ၊ ခါညီထုံးစံ၊ အ*နှုန်းခံလျက်၊ နာမံကရဏ၊ မည်တော်သသည့်၊ နေ့ကျလတ်သော်၊ ခမည်းတော်လျှင်၊ အကျော်ပဏ္ဍိတ်၊ ပုရောဟိတ်†များ၊ ဂုဏ်မြှောက်†မြားသည့်၊ ပုဏ္ဏားတို့ကို၊ မေးမိန့်ဆိုက၊ ထိုပုရောဟိတ်၊ ပဏ္ဍိတ်ထင်ရှား၊ ဗြဟ္မာ့သားတို့၊ ပိုင်းခြားကုန်စင်၊ ရှုဆင်ခြင်၍၊ သိမြင်ဉာဏ၊ တင်ကြောင်းစကား၊ *မဆ္ဃကမ္ဘာ၊ တည်ဦးစွာနှိုက်၊ ဗြဟ္မာဘုရား၊ ရိုးကဘွား၍၊ သေးပါးမျိုးတွင်၊ တန်းခိုးထင်သည့်၊ ဘုရင်ထွတ်ဖျား၊ ကျင့်ဆယ်ပါးနှင့်၊ တရားမင်းမြတ်၊ လောကနတ်၏၊ သည်းပွတ်တော်ဦး၊ သားတော်ထူးကား၊ ထွတ်ဖူးဗြဟ္မာ၊ ဘုံကလာ၍၊ မဟာမဃ၊ ဒေဝမင်းကျော်၊ ဘေးလောင်းတော်သည်၊ ရှုမျှော်အဖြောင့်၊ နွယ်တော်စောင့်လျက်၊ ရှစ်သောင်းလေးထောင်၊ မပြည့်*ယောင်ဟု၊ ပြည့်အောင်ဆက်လတ်၊ အကွပ်ပတ်သို၊ အမြတ်ကိစ္စ၊ ဝိသိဋ္ဌဖြင့်၊ နေကွမ္မမျိုး၊ တောထွက်ရိုးတိ၊ မင်းစိုးကျင့်ဟောင်း၊ အကျင့်ကောင်းကို၊ ပြည့်ကြောင်းလုံးစုံ၊ ရှေးနှောင်းခြုံ၍၊ ဗြဟ္မစရိယာ၊ ကျင့်လိုငှါလျှင်၊ မှန်စွာမချွတ်၊ ဖြစ်*သတတ်တည့်၊ ပြတ်၏နောက်ဆက်၊ တောမထွက်ပြီ၊ သည့်ထက်မလွန်၊ ရှင့်သား*မွန်သာ၊ ဆုံးစွန်ဆတ်ဆတ်၊ တောထွက်လတ်လိမ့်၊ မင်းမြတ်ဘုန်းလူ၊ မှတ်တော်မူဟု၊ အယူမ†ပြောင်း၊ ရှိညွှတ်†ပျောင်းလျက်၊ တချောင်းလက်ညှိုး၊ ထိုး၍မုချ၊ တင်ကုန်ကြသည်။ ။ဒိဗ္ဗနက်စက် တန္နိုင်းတည်း။ (၅)

၅၀၂။ ဟုတ်တိုင်းအမြင်၊ ဉာဏ်ဆင်ခြင်၍၊ အထင်အရှား၊ ပုဏ္ဏားပုရောဟိတ်၊ ပဏ္ဍိတ်ဗြဟ္မာ၊ မင်းဆရာတို့၊ ပညာခေါင်ထိ၊ နတ်မျက်စိသို့၊ သိသည့်အရ၊ တင်လျှောက်ကြသော်၊ မွေ့ဘာမဟာ၊ မင်းရာဇာက၊ လွန်စွာကဲမော်၊ ဝမ်းတော်မြှောက်၍၊ *လင်းပြောက်*ပြည့်လျှမ်း၊ နန်းပြင်†ကြမ်းဝယ်၊ တင်း†ကျမ်းထွေထွေ၊ တခဲတွေအောင်၊ မဧရတွက်အား၊ ဆင်ဝတ်စားနှင့်၊ ဘိုးများတန်းဆာ၊ ခါသာပိတ်အုပ်၊ အထုပ်အထက်၊ စုပုံ†လျက်တိ၊ ရွှေ*†လျက်ငွေ*†လျက်၊ တလက်လက်ဖြင့်၊ အခွက် အထည်၊ အခြည် အကွင်း၊ ကျွန်သင်းပင်းက၊ ဆင်မြင်းမွိုရှာ၊ ဆောက်နှင်းကာလျှင်၊ ခြင်းရာကြောင်းလျှား၊ သို့ဖြစ်ငြားမူ၊ ငါ့သားမင်းလှ၊ ကုမာရအား၊ နွတ္ထဟူသည်၊ နာမ်ထူးလည်ဖြင့်၊ အမည်ကိုဆန်၊ နေရပ်ပြန်ဟု၊ ဝေဒန္တဂူ၊ ကဝိလူတို့၊ မှတ်ယူပိုင်းခြား၊ ဆိုစကား

တိုင်း၊ ရထားမြင်းစီး၊ ရွှေလှည်းဘီး၏၊ ညီးညီးရောင်တောက်၊ ရွှေကန့်ထောက်ကို၊ မ*ချောက်မ†ချား၊ ထိန်းသော့အားဖြင့်၊ အ†ခြားမထင်၊ ဝန်းကျင်ဘွဲ့ဆိုင်း၊ ဝိုင်း၍စေ့စပ်၊ ရွှေအကွပ်နှင့်၊ နှိုင်းအပ်တုံဘိ၊ ပဝတ္တိကြောင့်၊ နိမိကုမာ၊ ရွှေနန်း*လျာဟု၊ လူ့ရွာနတ်မြေ၊ ထင်ရှားစေအောင်၊ နတ်ရွှေမင်္ဂလာ၊ မိန့်ကြဘာဖြင့်၊ သညာပုံ့မွှေး၊ မည်တော်ပေး၏၊ ရွှေသွေးဆင်းဝါ၊ ကြီးပညာနှင့်၊ သမ္ဘာဖွံ့ထွား၊ လောင်းမင်းသားလည်း၊ တရားမခွ၊ ငယ်စဉ်ကပင်၊ ဒါနသီ†လ၊ အင်္ဂါကို၊ လှုံ†လမ္မွေလျော်၊ ရွှေစိတ်ပျော်၍၊ ဘုန်းတော်တန်းခိုး၊ ရွှေရွှေတိုးသည်။ ။လူမျိုးကြည်ညို ညွတ်ကိုင်းတည်း။ (၆)

၅၀၃။ လူမျိုးကြည်ညို၊ လောင်းမင်းပျိုလည်း၊ ရွှေကိုယ်နုနယ်၊ မင်းသားရွယ်ဖြင့်၊ စလွယ်ရွှေစစ်၊ ဆဲ့နှစ်ဆဲ့ငါး၊ ဆင်ပျော်ပါး၍၊ ကစားမြူးယစ်၊ ရွှေဦးသစ်သို့၊ ရှစ်သောင့်းလေးထောင်၊ စံပြီးနောင်မှ၊ ဘုန်းရောင်*ကွန့်ဖြာ၊ ပွင့်သမ္ဘာဖြင့်၊ ပဇာပတိ၊ နတ်ဘုန်း†ယှိသို့၊ နှိုင်း†ရှိတူပြီ၊ ရှယ်တော်မီက၊ ရိုးနိမ့်ရွှေ†ရွက်၊ ထီးရှစ်လက်နှင့်၊ ဆောင်†ရွက်မင်းခမ်း၊ ပြည့်တခြိမ်းတိ၊ စာတမ်းမင်္ဂလာ၊ နန်းစဉ်မှာတိုင်း၊ မဟာသြရသ်၊ သားကြီးမြတ်အား၊ မန္ဓာတ်မဃစိုး၊ ဘေးတော်ဘိုးတို့၊ နေမျိုးရာ*ရိုက်၊ နန်းညွန့်စိုက်သို့၊ နန်းကိုက်ညွန့်သန်၊ ဘရာရန်မှ၊ ဌာနန်ဝိသေသ်၊ တုမရစ်အောင်၊ သင်းကျစ်လျံညီ၊ ရွှေ*စတိထက်၊ ဉကိုသက္ခရ၊ နံ့နွတ္တဖြင့်၊ ဥပဘုရာဇာ၊ ဥပရာဟု၊ နန်း*လျာအစစ်၊ အိမ်ရှေ့ဖြစ်လည်း၊ ရှစ်သောင့်းလေးထောင်၊ လွန်အောင်နှစ်ပေါင်း၊ ကြာခဲ့ရှောင်းပြီး၊ ရှစ်သောင်းကျော်ဆောင်၊ မင်းမျှာ့နောင်တွင်၊ *ရွှေတောင်*ဖြိုးမောက်၊ ရွှေ*ကွန်း†ပြောက်ထက်၊ မ†ပျောက်မင်းကျင့်၊ ပယ်လွှင့်ရန်မျိုး၊ ဘုန်းရှိန်မိုးသား၊ တန်းခိုး*ဝှန်†ခြောင်း၊ ဘမင်းကောင်းလျှင်၊ တ†ချောင်းဆံဖြူ၊ မြင်တော်မူ၍၊ အယူမပျက်၊ ရွှေနန်းထက်က၊ တောထွက်သမူ၊ ရဟန်းပြုသော်၊ ကြီး*ထု*ရိပ်ငြိမ်၊ နန်းရွှေအိမ်နှင့်၊ စည်းစိမ်နတ်စစ်၊ မင်းလျှင်ဖြစ်၍၊ အနှစ်ရှည်ဝေး၊ လွန်လေရှေးက၊ ရှစ်လေးထောင်†မြှောက်၊ အာဒိ†မြှောက်သား၊ ဘုန်းတောက်မင်းကျော်၊ ရွှေနန်းပျော်သည့်၊ ဘေးတော်မဃ၊ လောင်းဒေဝထက်၊ နှစ်ဆင်္ဂဏ်သာ၊ များစွာဆက်ဆက်၊ မင်းတို့ထက်ကား၊ မရေတွက်ကောင်း၊ ဂဏ်ပေါင်းအ†များ၊ လွန်မြှောက်†မြား၏၊ တံခါးလေးသွယ်၊ မြို့လယ်ချက်မ၊ ငါးဌာနန္ဒိုက်၊ ဧရာ့မကွာပ်၊ ရွှေထွတ်တပ်၍၊ ရပ်ရှစ်မျက်နှာ၊ လူ*တကာအား၊ လိုရာ လိုရာ၊ စားအစာနှင့်၊ ရတနာခုနစ်မျိုး၊ *ရှောက်ရှာမိုးလျှင်၊ သွန်ကြိုးသည်းစွာ၊ ဖြိုးဖြိုးရွာသို့၊ ရောက်လာသရွေ၊ မကျန်စေ့အောင်၊ စွန့်လေ့ခန့်ကျိန်း၊ ဂဏန်းကိန်းသည်။ ။ငါးသိန်းသပြာ နေ့တိုင်းတည်း။ (၇)

၅၀၄။ ဗောဓိဉာဏ်ခိုင်၊ တပင်တိုင်ဖြင့်၊ လက်ကိုင်မလွဲ၊ အာဂုံမြဲလျက်၊ ရဲရဲထွန်း*စည့်၊ ရွှမ်းရွှမ်းပြည့်သည့်၊ ရွှမ်းမှည့်သမ္ဘာ၊ လောင်းရာဇာကား၊

ဒယာ မေတ္တာ၊ ကရုဏာဖြင့်၊ သတ္တဝါအများ၊ ပြည်သူအားလျှင်၊ ယူမှားသန့်
ရှင်း၊ ပါယ်ရှာကင်း၍၊ အဆင်းစသည်၊ ငါးမည်အပုံ၊ ဠဌာရုံနှင့်၊ ပြည့်စုံ*အခါ၊
ပျော်ဘွယ်ယှိသား၊ ဟာရိ ဟာရော၊ ဖြဟ္မာမည်ပြား၊ နတ်သုံးပါးတို့၊ ပျော်ပါးစံကြ၊
တိဒိဝဟု၊ သဂ္ဂလောကာ၊ ဝတိ†သာဝယ်၊ ချမ်း†သာတုကင်း၊ ရံရွေသင်းနှင့်၊
ကြီးမင်းရိပ်ငြိမ်၊ နတ်စည်းစိမ်နှိုက်၊ မွေသိမ်နှောင်လာ၊ စံစိမ့်ငှါလျှင်၊ သာယာ
နူတ်ချို၊ ဆုံးမဆို၏၊ မြည်ိုရောင်ရွှန်း၊ သပြေထွန်းသည့်၊ တောင်ကျွန်းရပ်သူ၊
မြွန်လူတလွှား၊ ဇမ္ဗူဘွားကား၊ ကျွန်းသားသုံးလူ၊ နှင့်မတူဘူး၊ အလျှူ
ဒါန၊ သီလ ဘာဝနာ၊ မဟာကုသိုလ်၊ ပွါးလေ့ကြို၏၊ ထိုထိုဌာန၊ ဒေသရပ်ရွာ၊
ရှစ်မျက်နှာက၊ သွားလာ*ပုံယင်၊ များလူရှင်တို့၊ ခိုဝင်နေနား၊ သုံးစားချိုချဉ်၊
မြဲအစဉ်ဖြင့်၊ ဉယျာဉ်ရိပ်ကြီး၊ *ကြောင်းပါးနီးဝယ်၊ သစ်သီးအရံ၊ပန်းအရံနှင့်၊
တင့်စံသာမော၊ သီးပွင့်တောကို၊ မနော ရွှင်*ဖြိုး၊ သဒ္ဒါနိူး၍၊ စိုက်ပျိုးကုန်
မင်း၊ ပေါ့မပျင်းလင့်၊ သွားခင်းလာတာ၊ ခရီးမှာလည်း၊ သာယာလမ်းပန်း၊
ဘိုညို့ဖျန်းလျက်၊ *စောင်းရန်းလုင်၊ မစင်ညစ်ကြေး၊ ရှံညွန်စေးကို၊ ပယ်ဆေး
သန့်ရှင်း၊ သုတ်သင်လျှင်းလေ့၊ ရေတွင်းရေကန်၊ သောက်ရန်လမ်းတွင်၊
ရေအိုးစင်က၊ ထိုပြင်တခြား၊ မြဲတည်ထားလျက်၊ *တံတား မကျွှာပ်၊ ဇရပ်*တန်
ဆောင်း၊ ကျောင်းအာဝါသာ၊ ကိန်းဝပ်ရာတည့်၊ သဒါဝဓုန၊ ထာဝရဟု၊ ပုည
ခေါ်ရိုး၊ ကုသိုလ်မျိုးလည်း၊ အားကိုးကြရာ၊ ဝေးရပ်ရွာက၊ ရောက်လာညေ့
သည်၊ အတည်တည်တိ၊ မထေရ်ရဟန်း၊ သက်န်းခြုံဝတ်၊ ဖန်ရည်စွတ်နှင့်၊
သူမြတ်တို့ကို၊ ခရီး*ဆို၍၊ ဆီးကြိုဆောင်ပင့်၊ အသင့်ဌာန၊ နေရာချလျက်၊
တုပ်ကွကော်ရော်၊ လက်အုပ်ဘော်၍၊ မှောက်တော်ညြမ္ဘန်၊ ကျွန်နုပ်ကျွန်ဟု၊
ကန်တော့ဦးချ၊ ပဏာမဖြင့်၊ *ဖြဖြညီညွတ်၊ ပြုဝတ်*ပျူငှါ၊ မြဲမကွာသည်။ ။
လိမ္မာကိုယ်ဘို့ မရိုင်းတည်း။ (၈)

၅၀၅။ လိမ္မာအလို၊ ကိုယ်ဘို့ကိုတိ၊ ကုသိုလ်အမျိုး၊ နှောင်အာ†ကျိုးဟု၊
အား†ကြိုးအပ်စွာ၊ မပျင်း†ရာဘူး၊ ဓမ္မိ†ယာလဒ္ဓ၊ ပစ္စယဖြင့်၊ အန္န ပါန၊ စသည်
ရေစာ၊ ရခဲရာသား၊ ချိန်ခါကာလ၊ ရပ်ဒေသနှိုက်၊ အဂ္ဂပရမတ်၊ ပုဂ္ဂိုလ်မြတ်
အား၊ စွန့်*လွှတ်သဒ္ဓါ၊ လှူရပါသော်၊ ဝမ်းသာသောမနသ်၊ ဖြစ်တုံလတ်၍၊
ဥက္ကဋ္ဌဖလ၊ ကျိုးထူးရ၏၊ စိတ်ကကြည်စွာ၊ စေတနာရွှင်ဖြိုး၊ လွန်မြတ်နိုး၍၊
ကောက်ရိုးပန်းနွယ်၊ အနည်းငယ်ဖြင့်၊ မိမယ်ထိုရော်၊ စေတီတော်နှိုက်၊ ပူဇော်
တင်ပြု၊ ထိုကောင်းမှုကြောင့်၊ ရှုရှု့မငြီး၊ ရွှေဖြင့်ပြီးသည့်၊ ညီးညီးပြောင်ရွှန်း၊
ရင်လွှမ်းပန်းနှင့်၊ တင့်ဆန်းလူတွင်၊ ကျွတ်တမ်းဝင်လျက်၊ ဗောဓ္ဗျင်ခုနစ်ဆင့်၊
ပန်းရွှေပွင့်ဖြင့်၊ ယုံရင့်မာလာ၊ ဆင်ရစွာ၏၊ ကျမ်းလာမုချ၊ ယွင်းမခွဘူး၊ အပ္ပ
ဝတ္ထု၊ မရှုတို့†ရာ၊ နည်းမျှသာလည်း၊ တ†ယာကွမ်းဆေး၊ ရေငေးတခွက်၊ ဆီတစက်
နှင့်၊ လဘက်တရိုး၊ ကြံတချိုးမျှ၊ မြတ်နိုးကြည်ဖြူ၊ ဒါနဟူသည်၊ အလှူကောင်း

မှူ၊ ရရာပြုလေ့၊ *လှူလှူရှင်လန်း၊ ဆွမ်းပန်းဘောဇဉ်၊ ချိုချဉ်ထူးကွဲ၊ *စမဲ့ ဟင်းလျာ၊ ယမကာအဖျော်၊ တရော်ဖက်သက်၊ မုန့်ဒြက်က၊ သရက်တလုံး၊ ပန်းကုံးတခွေ၊ မလွတ်စေနှင့်၊ သပြေနရွဲး၊ ပိန္နဲးသစ်သီး၊ ဆေးမျိုးပြီးသား၊ *ချင်းဖီး ငရုတ်၊ တိကဋုက်တိ၊ လက်ထုတ် ကရဝေး၊ ဘယဆေးပါ၊ တောင်ဝေ့းလက်ကိုင်၊ တတိုင်ဘယောင်း၊ နံ့သာပျောင်းက၊ လူးပြောင်းနှင့်ဆပ်၊ ပိစပ်ပဲးမျိုး၊ အင်အိုးအိမ်ဗူး၊ *မီးမယ်ဖျူးနှင့်၊ သင်ဖြူးသင်ဖျာ၊ အဖြာဖြာတည့်၊ အာဝါသထ၊ ချမ်းမြရိပ်ကြည်၊ ညှိသည်တင်းကုပ်၊ ဆောက်လုပ်သော့အား၊ ပြင်ထားနေ့စပ်၊ ကွမ်းကလပ်နှင့်၊ *ကွမ်းကပ်*ကွမ်းသို၊ ရေချိုရေး၊ ရေနွေးရေကျက်၊ သောက်ခွက်*ကြည်းတဲး၊ တင့်ကဲးရောင်လျှံ၊ လက်ဆေးခံက၊ ထွေးခံ*ပြုတို၊ အစိုစိုလည်း၊ မချိုစေမူ၊ ဝတ်တည်ပြုလော့၊ ဝတ္တုနည်းများ၊ မဟူငြားလင့်၊ *ဒေါ်မား*ဘောင်းကန်၊ *ဖျဉ်းအိုးတန်ကို၊ ဘွင့်လှန်ထားမြောက်၊ ဆီးရေပေါက်သို့၊ ကျရောက်များကာ၊ ပြည့်တတ်စွာ၏၊ တဖြာထိုမှ၊ မနုဿဟု၊ ဘဝအိမ်ထောင်၊ လူတို့ဘောင်တွင်၊ ညောင်ပုဒ္ဓဟော၊ စိုက်လေတမာ၊ တပင်သာနှင့်၊ မွေးစွာပျိုရှား၊ စကားနှစ်ပင်၊ ထိုပြင်ကံ့ကော်၊ စိုက်သော်မခွ၊ သုံးပင်မျှနှင့်၊ ထိုမှတချက်၊ သရက်ပဥ္စ၊ သတ္တဥသျှစ်၊ ထန်းပေရှစ်တည့်၊ စင်ဇစ်မှန်လှ၊ ဤရွှေမျှဖြင့်၊ စိုက်ရသသူ၊ ထိုသည့်လူကား၊ နောင်မူအမြဲး၊ ဘဝလွဲးသော်၊ ငရဲးမုချ၊ မကျနိုင်ရာ၊ မချွတ်စွာဟု၊ ကျမ်းလာအမှန်၊ ဟောပြည္ဍန်သည်။ ။ပူရာဏ်ဇောတိ*သံပိုဏ်းတည်း။ (၉)

၅၀၆။ ရှေးခါကတိ၊ ကဿပမြတ်စွာ၊ သာသနာဝယ်၊ သဃ်ာတပါး၊ ထေရ်ဘုရားကို၊ ပိုင်းခြားမှတ်ရည်၊ တထည်သင်္ကန်း၊ လှူဒါန်းခဲ့ရ၊ မိမယ်လှနှင့်၊ ထိုမှရောင်ညီး၊ သဖန်းသီးမှည့်၊ အင်ပြည့်နှစ်သက်၊ ကြံရွက်တထမ်း၊ နို့ခမ်းတမှူ၊ ကပ်လှူရစ္စာ၊ စေတီသာဝယ်၊ ဂန္ဓထုံလှောင်း၊ နံ့သာပျောင်းကို၊ ငါးချောင်းလက်ရာ၊ ရိုက်ကာပူဇော်၊ ရှစ်ဘော်မယုတ်၊ ဥပုသ်စောင့်သီး၊ နေနီးချိန်ခါ၊ ကြွလာရောက်ငြား၊ ရှင်တပါးအား၊ စိတ်ထားရှင်လန်း၊ ဆွမ်းပန်းလှူထ၊ ယောက္ခမအိမ့်ရှင်၊ မိမိလင်ကို၊ ဦးတင်မြတ်လေး၊ လုပ်ကျွေးတုပ်ကွ၊ သူကျွန်မလျက်၊ ဒါနချိုယုတ်၊ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးသိမ်မွေ့၊ အိမ်ရှေ့တရံ၊ ဆွမ်းခံကြွသွား၊ အရှင့်အားလျှင်၊ နွားနို့ဆွမ်းလှူ၊ နေပူကျဲးကျဲး၊ ရည်တင်လဲးကို၊ စွန့်ကြဲးစာဂ၊ သောမနနှင့်၊ ကပ်ရတုံရှောင်း၊ တချောင်းကြံပင်၊ ထိုပြင်တုံပြီး၊ တည်သီးမှည့်ရှန်း၊ သင်္ကန်းဆိုးအပ်၊ တောက်ရပ်တစည်း၊ အနည်းမျှသာ၊ လွန်စွာမများ၊ သခွါးချိုမြက်၊ ဖက်သက်ချိုမွန်း၊ နွယ်ငန်းချိုမှော၊ ရရာသြဟု၊ သဘောကြည်နူး၊ ကပ်လှူဘူးနှင့်၊ *မယ်ဖျူးမီးဖို၊ ထိုပြီးတချက်၊ ဟင်းရွက်တမြုပ်၊ ပန်းတဆုပ်မျှ၊ ပူချုပ်ရောဂါ၊ ထေရ်မြတ်စွာအား၊ ပဒုမ္မာကြာစွယ်၊ တစည်းငယ်ဖြင့်၊ အကယ်လှူခြင်း၊ ခံတွင်းနှုတ်သာ၊ တမာတခက်၊ တခွက်ဟင်းချို၊ ကြည်ညိုရှင်နှစ်၊

လုပ်ပြေ႞ပြစ်သား၊ နှမ်း႞ပျစ်ကြိုင်သင်း၊ ကောက်ညှင်းပေါင်းဟူ၊ တမူတင့်ဆန်း၊ သက်တင့်ရန်းသို့၊ ခါးဗန်းကြိုးသွယ်၊ ရုံဘွယ်တသီး၊ ချေး*နီး*အံသကိုဋ္ဌ၊ ကိုယ်နှိုက်ဘွဲ့နှောင်၊ သွယ်မြောင်ရှည်မျော၊ *အာယောဂပတ်၊ တာလပတ်နှင့်၊ ခတ်သည်ယပ်႞ယပ်၊ ဒေါင်းမြီး႞ယပ်က၊ ဘိနပ်ထီးပါ၊ ရသာအ႞ကျော်၊ ကြိုင်သင်းလော်သား၊ မွှံ႞ကြော်မွှံပေါင်း၊ ချိုတောင်းသကာ၊ နည်းမျှသာလည်း၊ ရရာရရာ၊ တန်ရုံသာမျှ၊ စေတနာလွန်ကြီး၊ ကုသိုလ်*ဖြိုး၍၊ နတ်သမီးစစ်၊ ဖြစ်ကြမိုး႞ယံ၊ သိကြားထံဝယ်၊ ခြံ႞ရံရွှေနေ့ာက်၊ သုံးကျိပ်ခြောက်က၊ တယောက်တထောင်၊ ခြွေရွှေဆောင်လျက်၊ ခုတောင်*စံယို၊ ကိုယ်တိုင်သိ၍၊ ဂုတ္တိဆရာ၊ နတ်တို့ရွာက၊ ပြန်လာဟောထား၊ ထင်ရှားဋ္ဌပ္ပတ်၊ ထိုသည့်ဇာတ်ကို၊ ယူမှတ်အထူး၊ မကြားဘူးလော့၊ ကျေးဇူးလွန်*ဖြိုး၊ ကုသိုလ်မျိုးသည်။ ။ထက်မိုးနတ်ရွာ ပြည့်လှိုင်းတည်း။ (၁၀)

၃၀၇။ ယေ ဂဟဋ္ဌာ ပုညကရာ၊ အစဖြာသား၊ ဂါထာအရ၊ သက်န်းစသည်၊ ဒါနကောင်းမှု၊ လျှုဝတ္ထုကို၊ ပေးပြုတဖြာ၊ သရဏာဂုံ၊ မြတ်သုံးစုံကို၊ ထုံသည်တာဝ၊ ပဥ္စ အင်္ဂ၊ ဒသင်္ဂဟု၊ နိစ္စဒိဝသ၊ နိယမဖြင့်၊ သီလစောင့်ခြင်း၊ မကင်းတပါး၊ တရားညီစွာ၊ ဓမ္မိ႞ယာဖြင့်၊ အိမ်႞ရာထောင်ငြား၊ သားမယားမှု၊ မွေးပြုဖြောင့်မှန်၊ ဤလေးတန်နှင့်၊ ဘောက်ပြန်မသွေ၊ လူ့ဘုံနေကို၊ မဟေသက္ခ၊ ဒေဝထွတ်ဖျား၊ သိကြားနတ်ကျော်၊ မြင်းမိုရ်ပေါ်က၊ *ကော်ရော်ဦးခိုက်၊ ပူဇော်ထိုက်ဟု၊ ကျမ်းနှိုက်ထင်ရှား၊ ဟောမိန့်ထား၏၊ တပါးထိုမှ၊ ဝိသေသတည့်၊ အန္နဒါန၊ ဟာရကြည်ဖြူ၊ ဆွမ်းအလှူဖြင့်၊ သက်လျှုအာယု၊ မန္ဓာတုသို့၊ ရှည်မူလွှံ့ပေါ်၊ သက်တမ်းကျော်၏၊ တဘော်ဆင်မြန်း၊ ဝတ်သက်န်းကို၊ လှူဒါန်းသည့်သူ၊ အဆင်း႞လှူတည့်၊ နတ်႞လူတို့ဘောင်၊ ဖြစ်တိုင်းနောင်ဝယ်၊ အခေါင်ဦးစွန်း၊ ကိုယ်ရောင်ထွန်း၍၊ တု*ကျွန်းလွတ်ကွာ၊ မယ်ဉမ္မာနှင့်၊ ပဘာဝတီ၊ နတ်*တပြိုသို့၊ အညီ*နှိုင်းရှိ၊ လှခေါင်ထိလိမ့်၊ ဆိမိ့အလှူ၊ မျက်စိဟူရှင့်၊ ယာဉ်မူလှူသီး၊ ချမ်းသာကြီး၍၊ ခိုမှီးအာဝါ၊ သာယာရိပ်ချမ်း၊ ကျောင်းသခ်မ်းကား၊ ဆုံးကမ်းမယို၊ ကြီးဘိကျိုးရပ်၊ နိဗ္ဗာန်ခပ်အောင်၊ မဟာပ္ပလံ၊ *ရှပ်ရဗံတည့်၊ *နက်တံသာရ၊ နုသာသဖြင့်၊ ဓမ္မတရား၊ သူတပါးအား၊ ဟောကြားပြသ၊ ဆုံးမတတ်သူ၊ အမြိုက်ဟူသည်၊ အလှူမျှားမင်း၊ အခေါင်ချင်းဟု၊ ကျမ်းရင်းဓမ္မစက်၊ မိန့်တော်ထွက်သည်။ ။တုဘက်*မစံ မခိုင်းတည်း။ (၁၁)

၃၀၈။ လူ့ရွာနှိုက်ပေ၊ သက်မသေခင်၊ အမွေယာ လယ်၊ ချကြွေးဆယ်နှင့်၊ ရောင်းဝယ်ရင်းနီး၊ လွန်ပွါးစီးအောင်၊ ရှာမှီးသမ္မ၊ လုံ့လပြု၍၊ ရစုဆောင်သယ်၊ ခြသဖွယ်သို့၊ *တိုက်စယ်*ကျိုကြ၊ *ပုတ်ကက်စသား၊ ထိုမျှခပင်း၊ သိမ်းဆည်းခြင်းဖြင့်၊ မြေတွင်းမြှုပ်႞ထွေ၊ တခဲ႞ထွေလျက်၊ ကုဋေကုဋ္ဌာ၊ ရတနာလျှင်၊

ဥစ္စာ*အကျိ၊ များစွာယှိလည်း၊ ယှိလှည့်စေကာ၊ သေသော့ခါနှိုက်၊ *ကြမ္မာ
တရား၊ ကံကိုထား၍၊ လက်ဝါးဖွေးဖွေး၊ တမွေးမကပ်၊ မစပ်ကိုယ်မှာ၊
ရွှေးသ†ပြာနှင့်၊ ခပ်†ပြာဆပ်ပြာ၊ စဖို†ပြာမျှ၊ သေရာမပါ၊ လက်ချည်းသာတည့်၊
သံသရာခရီး၊ ကိုယ်ထီးထီးဖြင့်၊ ခါးဆီးကိုယ်ဝတ်၊ ချွတ်၍ယူကာ၊ ထည့်တုံ
ပါလည်း၊ မပါသွားရ၊ အပါယ်ကျ၍၊ ဘဝယုတ်မာ၊ဆင်းရဲစွာလိမ့်၊လှူဒါသီ†လ၊
ကိုယ်နှင့်မျှအောင်၊ လုံ့†လမယုတ်၊ *အားသွန်ထုတ်ရှင့်၊ အဟုတ်နှောင်လာ၊
ခန္ဓာကိုယ်ဟောင်း၊ ဘဝပြောင်းသော်၊*သောင်းသောင်းဝန်းအုံ၊ လူနတ်ဘုံဝယ်၊
အာရုံငါးဖြာ၊ များပဏ္ဏာနှင့်၊ ခံကာဆီးကြို၊ ရှေးကဆိုသို့၊ ကုသိုလ်အကျိုး၊
လွန်မြတ်နိုးသည့်၊ ဆွေမျိုးကောင်းမည်၊ စွဲမှတ်တည်ဟု၊ သာကြည်ရွှေနှုတ်၊
ဘွင့်ဘော်ထုတ်လျက်၊ *သွင်းမှုတ်နားပါး၊ လောင်းမင်းဖျားလျှင်၊ တရားဓမ္မ၊
နေ့ညအစဉ်၊ ဟောပြယှဉ်၍၊ ပိုက်ယဉ်*နယ၊ ဩဝါဒဖြင့်၊ ဆုံးမပျင်း၊ ဆင်ရိုင်း
သွင်းသို့၊ *ယိုင်းပင်းဆော်ညွှန်း၊ တိုက်တွန်းမိန့်ဆို၊ မကြည်ညိုလည်း၊ ကြည်ညို
စေမှု၊ မပြုလိုအား၊ ပြုစေ†ငြားလျက်၊ ခန့်†ညားလိုက်နာ၊ လိုတော်ပါအောင်၊
အာဏာဓမ္မစက်၊ နှစ်ပါးဘက်ပြီး၊ ရွှေလက်တော်ငင်၊ ဆွဲကာတင်သို့၊ အရှင်
တဝ၊မိဘတဖြာ၊ ဆရာတမျိုး၊ပြည်သူ†ကျိုးကို၊ အား†ကြိုးကြည်ဖြူ၊ဆောင်တော်
မူ၍၊ ဇမ္ဗူပတ်ကုံး၊ သောင်းရပ်ဆုံးတိ၊ ကျွန်းလုံးမကြွင်း၊ ဒွာဏာချင်းလျက်၊
ရာစင်း*ဦးကိုင်၊ ထွတ်ဖူးတိုင်သည်။ ။မဏ္ဍိုင်ဥက္ကဌ် *ဓိမိုင်းတည်း။ (၁၂)

၅၀၉။ ဥက္ကဌ်မဏ္ဍိုင်၊ ထွတ်ဖူးတိုင်လျက်၊ *ဦးကိုင်ဓိပတိ၊ ရာဇဒ္ဓိဖြင့်၊ သီရိ
သီရိ၊တုမယှိအောင်၊ သီရိ*မြူတေ၊ ဘုန်း*ဖြိုးဝေ၍၊ *ပရမေသွာ၊ ကမ္ဘာစိုးမှတ်၊
တန်းခိုးမြတ်သည့်၊ မိုးနတ်*တမျှ၊ ဇာတိစသား၊ ဥက္ကဋ္ဌဓာတ်၊ မြတ်ထက်
မြတ်လျက်၊ မဟာတ်တြိ၊ တိသမ္ဘဒါ၊ ဂုဏ်သုံးဖြာနှင့်၊ ရတနာဟူငြား၊ ခုနစ်
ပါးလည်း၊ မိုးဖျားပျံ့ကြွ၊ စက်ရှင်မျှသာ၊ နေ့ညည်းညီး၊ ရောက်နီးနီးတည့်၊
*ခိုင်ဖြိုးပုည၊ ငါးဗလဟု၊ ပဥ္စရာဇဗိုလ်၊ ပြီးနဂိုရ်ကြောင့်၊ မြင်းမိုရ်ရှိရာ၊ ဦးညွှတ်
စွာသည့်၊ မာလိန်ဆောင်ရိုး၊ အိမ်မြှောင်မျိုးသို့၊ ညွှတ်ကျိုးလိုလို၊ လွန်ကြည်
ညိုလျက်၊ ထိုထိုရာစင်း၊ ပြည်ပြည်မင်းတို့၊ မာန်တင်းမစောင်၊ ဘုန်းတော်
အောင်၍၊ လက်ဆောင်ရတ†နာ၊ ဆက်ပ†ဏ္ဏာနှင့်၊ ကညာဆင်မြင်း၊ ထံတော်
ရင်းနှိုက်၊ နှံသွင်းမပျက်၊ ရွှေပန်းဆက်ပြီး၊ ရွှေစက်တော်စုံ၊ ခခိုလုံ၍၊ စိုးခြုံသိမ်း
ပိုက်၊ပြည်ထောင်တိုက်အား၊ အမြိုက်ဒေသနာ၊ မိန့်ဩဝါဖြင့်၊ နတ်ရွာရောက်ဘို့၊
အကြောင်းတို့သာ၊ ကုသိုလ့်အရေး၊ ဆုံးမပေး၍၊ ချမ်းဧးကြည်လင်၊လှူသဘင်
နှင့်၊ ပျော်ရွှင်စံစား၊ လောင်းမင်းဖျားလည်း၊ လေးပါးဗြဟ္မစိုရ်၊ မြတ်အလိုဖြင့်၊
သင်္ဂြိုဟ်လေးဆင့်၊မင်းကျင့်ဆယ်မျိုး၊တရား†ရိုးကို၊ယိုး†ယိုးယံ†ယံ၊အသက်နှံ၍၊
တ†ရံမပြတ်၊ ရွှေဖျင်ဝတ်သို့၊ မချွတ်ဘယ်ခါ၊ မြင့်မကွာတည်း၊ ကျန်ရာမယှိ၊
ကျင့်နိုင်ဘိကြောင့်၊ ဓမ္မိကနှင့်၊ ဓမ္မရာဇာ၊ မင်းမြတ်စွာဟု၊ *ကြေညာသမိုက်၊

တသောင်းတိုက်က၊ မကိုင်ရတနာ၊ မင်းတကာနှင့်၊ လေးဖြာနွယ်မျိုး၊ *ရိုညွတ်ကျိုးလျက်၊ ကွယ်ကိုးလေးမြတ်၊ နတ်နွယ်†မှတ်သည်။ ။မှူး†မတ်ခြွေရံ *သဇိုင်းတည်း။ (၁၃)

၅၁၀။ တလအတွင်း၊ ရှစ်*သီတင်းဟု၊ မကင်းခေါ်လေ့၊ ဥပုသ်နေ့တိုင်း၊ မမေ့ကြွေးကြော်၊ ရွှေစည်တော်နှင့်၊ ပြည်ပေါ်အဝှန်း၊ ဆော်တိုက်တွန်းလျက်၊ မယွန်းစဉ်လာ၊ ထိုနေ့ခါတွင်၊ အင်္ဂါရှစ်ပါး၊ သီလအားဖြင့်၊ ပိုင်းခြားအဟုတ်၊ ဥပုသ်မယူ၊ ထိုသည့်လူအား၊ မည်သူမဆို၊ တံခါးဗိုလ်က၊ မင်းကိုမပြ၊ မဝင်ရအောင်၊ ပြင်ကနေစေ၊ တားမြစ်လေ၍၊ ရှစ်ထွေဥပုသ်၊ မယုတ်ကြည်ဖြူ၊ စောင့်ယူကုန်ငြား၊ သူတို့အားသာ၊ တံခါး*ဦးဒဲး၊ ဘွင့်မြဲးဘွင့်ထ၊ မင်းကိုပြ၍၊ ဒေသအလိုက်၊ ရိုင်းစရိုက်ဖြင့်၊ ဇနပိုဒ်တောသား၊ ဝတ်အစားက၊ ခေါင်းပါးစာရေ၊ အခြေမယှို၊ ဒုက္ခိဒုက္ခ၊ မလှကိုယ်စိတ်၊ *ကြမ္မာဟိတ်နှင့်၊ *ဒလိဒ္ဒလာ၊ *ကပ္ပနာဟု၊ ကောင်းစာကောင်း†ကျန်၊ ဘုန်းမသန်သည့်၊ ထီး†ကျန်လူစား၊ ဖြစ်တုံငြားလည်း၊ တို့ကားခုဝယ်၊ မ*ကုံကယ်၍၊ ဝတ်ဘွယ်စားရော၊ မယှိပါဟု၊ ဘယ်ခါကိုမျှ၊ မဆိုရတည့်၊ လေးဝတံခါး၊ ထင်ရှားဝန်းကျင်၊ မင့်းရင်ပြင်နှင့်၊ ငါးခွင်ရပ်နိုက်၊ မဏ္ဍပ်တော်တွင်း၊ ထမင်းဟင်းက၊ မကြွင်းစုံလင်၊ ကောင်းစွာပြင်၍၊ ဆင်ယင်စရာ၊ တန်းဆာဝတ်စား၊ အသင့်ထား၍၊ ပျံ့ရှားခန္ဓာ၊ နံ့သာမွှေးမျိုး၊ *စရည်းအိုးက၊ ဖျဉ်းအိုး*ဒေါမား၊ ဖလား*သန္ဓေး၊ ခေးကတ်†ကျေးဖြင့်၊ ညစ်†ကြေးပယ်ငှါ၊ နှုတ်*ဗျူဟာနှင့်၊ဆေတ္တာသမား၊ခေါ်လင့်†ကြား၍၊ ယော†ကျ်ားမိန်းမ၊ ပုရွပျိုအို၊ ထိုထိုနွယ်ရိုး၊ အမျိုးမျိုးတို့၊ ရေချိုးသုတ်သင်၊ တန်းဆာဆင်လျက်၊ မွေးမျှင်မုစ္ဆိတ်၊ ပယ်ရိတ်သန့်ရှင်း၊ စားသောက်လျှင်းပြီး၊ *သီတင်းရှစ်ဖြာ၊ ဆောက်တည်ကာလျှင်၊ လိုရာမကြွင်း၊ လှည့်လည်ခြင်းဖြင့်၊ နန်းတွင်းနန်းပြင်၊ ရွှေတော်ဝင်၍၊ ဖူးမြင်လွယ်ကူ၊ ဆုတော်ယူသည်။ ။ *ဗိုလ်လူထိုမျှ တဂိုဏ်းတည်း။ (၁၄)

၅၁၁။ ဤသို့ဒါန၊ *သီလဟူငြား၊ ဂုဏ်နှစ်ပါးဖြင့်၊ ရှေးဖျားလွန်ထ၊ မင်းထိုမျှထက်၊ ဆဆလွန်သာ၊ လောင်းရာဇာကား၊ ကရုဏာဉာဏ်တော်၊ မြော်ခေါ်အားလှူင်း၊ လူ*အ†ရိုင်းကို၊ ယိုင်း†ယိုင်းပင်းပင်း၊ ပိုက်ဖြားခြင်းဖြင့်၊ သံညင်းနှုတ်တော်၊ အာလုပ်ဘော်၍၊ *ဆော်လှော်တိုက်တွန်း၊ မပြတ်ညွန်း၍၊ တဝန်း*အောင်ချာ၊ မိထိလာနိုက်၊ များစွာ*ဗိုလ်လူ၊ ရွှေပြည်သူလည်း၊ မပူမညှိုး၊ *ရေခမိုးသို့၊ ကောင်းကျိုးရှာရှာ၊ ကောင်းရာကျင့်ပြု၊ နတ်ရွာဆုနှင့်၊ ကောင်းမှုလိုလို၊ *ဥဒါဟိုတိ၊ ကုသိုလ်မဆိတ်၊ ကိုယ်စိတ်သုခ၊ ချမ်းမြေ့ကြလျက်၊ ဒါနသီ†လ၊ အင်္ဂါကို၊ လုံ†လကြည်ဖြူ၊ အားထုတ်မှု၍၊ အယူမမှား၊ ဘဝလားသော်၊ ထက်ဖျားနတ်ရွာ၊ ဝတီသာနိုက်၊ ဣန္ဒာ*သနင်း၊ နတ်များမင်း၍၊

ထံရင်းအနီး၊ ဝင်းဝင်းညီးဖြင့်၊ နတ်သမီး နတ်သား၊ ဖြစ်ကြငြား၍၊ ကြီးမား
ရိပ်ငြိမ်၊ ဤစည်းစိမ်ကို၊ မွေ့သိမ်ငါတို့၊ နှစ်လိုရှင်ကြည်၊ စံရသည်ကား၊ လူ့ပြည်
သာယာ၊ မိထိလာဝယ်၊ နတ်ရွာကယ်တင်၊ ညွှန်ပဲ့ပြင်လျက်၊ သွံ့သင်ပိုက်|ဖြား၊
ကျင့်ဆယ်ပါးနှင့်၊ မင်း|ဖျားဘုန်းမော်၊ တရားပျော်သည့်၊ လောင်းတော်မဃာမိ၊
သီရိပဝရ၊ ငါတို့ဘကြောင့်၊ မုချမသွေ၊ စံရပေဟု၊ *သံခြေသံ|ညင်း၊ နှုတ်ပြိုင်
|ငြင်းသို့၊ ကောင်းတင်းကောင်းသံ၊ မိုးလုံးညံ့အောင်၊ မိုးယံနတ်ရပ်၊ နှံ့စပ်
အုတ်အော်၊ သတင်းကျော်လျက်၊ မြေပေါ်တသောင်း၊ လူအပေါင်းလည်း၊
ဆိုးကောင်းစုရာ၊ လောင်းမြတ်စွာအား၊ အံ့အာမ*ကုံ၊ ကျေးဇူးပုံကို၊ ကြည်ယုံ
ရှင်|ပျော၊ စိတ်မနောဖြင့်၊ မ|ပြောမနေ၊ ရသော့ထွေသို့၊ မသွေမကွင်း၊
ပွဲ့*နှယ်ကျင်း၍၊ လောင်းမင်းမြတ်စွာ၊ မဟာဓမ္မရာဇ်၊ နေမြစ် ဘုန်းပွင့်၊
ရန်မျိုးလွှင့်သား၊ တို့ရှင့်လက်ရုံး၊ ဇမ္ဗူလုံးကို၊ သိမ်းကျုံးရုံနှင့်၊ ဘယ်ခြီးသင့်လိမ့်၊
*ယခင့်ရှေးသော်၊ ထိုခါရော်က၊ ဘေးတော်မန္တာတ်၊ လောင်းမြတ်သာမိ၊
ပြည်မိထိန္နိုက်၊ ဘုန်းယှိုလွှံ့ကျော်၊ မင်းနှစ်ဘော်သို့၊ မိုးပေါ်သိကြား၊ နတ်ရထား
နှင့်၊ *လျှင်လျားမကြာ၊ ပင့်ဆောင်လာလိမ့်၊ မှန်စွာမယွင်း၊ မှတ်ကုန်မင်းဟု၊
ခံတွင်းမပိတ်၊ နှုတ်မဆိတ်အောင်၊ ထိတ်ထိတ်မွမ်းမျှ၊ ခြီးမွမ်းကြသည်။ ။
*ပြောပတာစု တဝိုင်းတည်း။ (၁၅)

(ဗျာဇဝဏ္ဏနာအတ္ထာလင်္ကာရဝက်ဝုတ္တိ-ရှိသောပိုဒ်)

၅၁၂။ တရံခါသော်၊ လောင်းမင်းကျော်လည်း၊ ဥပုသ်တော်ယူ၊ ကြည်ဖြူ
နှစ်သက်၊ ရွှေနန်းထက်ဝယ်၊ နံနက်ကတည်း၊ ကိုယ်စောင့်စည်းလျက်၊ *ရံထည်း
ဖြူစင်၊ စမွယ်တင်၍၊ မဆင်တန်းဆာ၊ နေ့လုံးခွါမှ၊ ညဥ့်ခါမသွေ၊ ရောက်ပြန်
လေသော်၊ ကြက်သရေဆောင်၊ *ရဝေချောင်နိုက်၊ ရွှေညောင်ညီးညီး၊ ထွန်း
ဆီမီးနှင့်၊ *ပတီးပိတ်ပါး၊ ခင်းထားသင့်လျော်၊ သလွန်ပေါ်တွင်၊ စက်တော်
နှစ်|ယံ၊ ဘော်|မရံဘဲ၊ ပျော်စံလုံးလုံး၊ မင်းတို့ထုံးဖြင့်၊ အဆုံးယံကျ၊ ပစ္ဆိမ
နိုက်၊ ထ၍လည်းစံ၊ ပဟိုရ်သံကို၊ နာခံစဥ်တိ၊ ဆင်ခြင်မိ၍၊ မယှိုဆုံးဆာ၊
လျှာဒါနနှင့်၊ ကာလမယုတ်၊ ဥပုသ်ဗြဟ္မ၊ စရိယဟု၊ သီလတရား၊ ဤနှစ်ပါးတွင်၊
ငါ့အားမှန်စွာ၊ ဘယ်မြတ်ရာဟု၊ သင်္ကာမကင်း၊ ယှိုတုံလျှင်းသော်၊ တောင်
မြင်းမိုရ်ထိပ်၊ လေးရောင်ရိပ်ထက်၊ သုံးကျိပ်နှစ်ပါး၊ သိကြားတို့နောင်၊ မြင်
တထောင်နှင့်၊ ဘုန်းခေါင်သက္က၊ ဝဇိရဟတ်၊ ဘူတပတ်က၊ နတ်မြတ်ဒေဝိန်၊
ပုရိန္ဒ၊ မည်စုံရသည့်၊ သူဇာ့သက်|နှင်း၊ နတ်*သ|နင်းတိ၊ နတ်မင်းမာဃ၊
ဝါသဝလျှင်၊ ဌာနနေရာ၊ ဝတီ့သာက၊ ကမ္ဗလာမွေ့ညက်၊ မာတင်းချက်ကြောင့်၊
နတ်မျက်စိမြင်၊ ထိုခါပင်နိုက်၊ ကိုယ်ထင်ပြကာ၊ သက်ဆင်းလာ၍၊ ဒါနမည်ငြား၊
ထိုတရားထက်၊ ကြိုးစား*အားသံ၊ ကျင့်*ခြိုးခြံသည်၊ ဗြဟ္မစရိယ၊ ဤကိစ္စကို။ ။
လင်းပြထုတ်ဘော်*ဿမိုင်းတည်း။ (၁၆)

၅၁၃။ ပြဟ္မစရိယ၊ ဤကိစ္စကား၊ ဂါမလေ့လာ၊ ညစ်ညူးစွာသား၊ ယုတ်မာဖျင်း*သုန်၊ ကာမဂုဏ်ဟု၊ မေထုန်ပျော်ခြင်း၊ ကြဉ်ကင်းရှုံမျှ၊ ကျင့်ဟီနဖြင့်၊ ခတ္တိယဇာတ်၊ လူမင်းဖြစ်၍၊ ပွါးလစ်ပရိကံ၊ နိယံမဆိတ်၊ နိမိတ်ပဋိဘာ၊ ထင်ရှုံသာတိ၊ ဥပစာမျှ၊ မဇ္ဈိမဖြင့်၊ ဒေဝနတ်စစ်၊ ဖြစ်၍အမှန်၊ စျာန်အပ္ပနာ၊ ရအောင်သာလျှင်၊ လွန်စွာကျင့်လတ်၊ အမြတ်စရိယ၊ ဥတ္တမကား၊ လောဘအာသာ၊ ငတ်မွတ်စွာဖြင့်၊ တဏှာတောင့်တ၊ ဆာမဝသည့်၊ ကာမဒေဝ၊ ပေတမည်တုံ၊ နတ်ခြောက်ဘုံနိုက်၊ လုံးစုံကြော်ထ၊ ငါးကာမ၏၊ ဟီနစာရ၊ ယုတ်မာစွသား၊ အာမဂန္ဓော်၊ နံမစော်ဘဲ၊ မိုးပေါ်ထိပ်စွန်၊ ပြည်နိဗ္ဗာန်နိုက်၊ *အမွန်ပြဟ္မာ၊ စင်ကြယ်စွာ၏၊ သေချာမုချ၊ မှတ်အပ်စွဟု၊ သီလဂုဏ်ပေါင်း၊ သာလွန်†ကြောင်းဖြင့်၊ ထိန်း†ကျောင်းကိုယ်နှုတ်၊ ကျင့်အားထုတ်လျက်၊ မယုတ်ဝသီ၊ စျာန်ယှဉ်မှီသား၊ ယောဂီမုန္နေ့၊ ရသေ့ပြဟ္မ၊ စရိယနှင့်၊ ဒါနပတိ၊ လှူကျိုးသိသား၊ မိမိကိုယ်ပင်၊ သက်သေတင်၍၊ ထင်ထင်ငင်း၊ ရှေးအကြောင်းကို၊ အလောင်းမင်းမြတ်၊ ဗောဓိသတ်အား၊ သဟာဿနေတ်၊ မရုရာဇ်တိ၊ ကသစ်ပလ္လင်၊ စိုးစံရှင်သည့်၊ နတ်သျှင်ဝါသဝ၊ မာဃိန္ဒက၊ မြွက်ဟာရှုံးပေါင်း၊ ထုံးဟောင်းထုတ်ဘော်၊ ကြားလတ်သော်မှ၊ မင်းကျော်သကြာ၊ ရှင်းရှင်းကွာလျက်၊ ဝမ်းသာအားရ၊ ထိုကစ၍၊ ဒါနမျှတည်း၊ ရှင်*ကြည်း†ကြည်းဖြင့်၊ *ကျော့†ကျည်းပျင်းပေါ့၊ လူ*သွမ်းသော့သို၊ အားလျော့စိတ်အိ၊ တန်လောက်ပြီဟု၊ သွေဖီဝမ်းထဲ၊ *မရောင့်ရဲဘဲ၊ လွန်ကဲပြဟ္မ၊ စရိယတိ၊ သီလဥပုသ်၊ *အားသွန်ထုတ်သည်။ ။မယုတ်လစဉ် ရက်ပိုင်းတည်း။ (၁၇)

(ဤကား နေမိမင်းကြီး ရှေးဦးစွာ စရိယကိစ္စတည်း။)

၅၁၄။ မိုးနတ်မာဃ၊ ဝါသဝလည်း၊ ထိုကပြန်မြွက်၊ နတ်ပြည်ရောက်က၊ ရွှေနောက်ဝဲယာ၊ ဝေယန္တာဝယ်၊ သူဇာမမွှာ၊ နန္ဒာစိတ္တာ၊ စသည်ရံပတ်၊ ကြီးငယ် လတ်တိ၊ နတ်မဟေသီ၊ နတ်ဒေဝီတို့၊ ရွှေညီ*သောင်း†ပြောင်း၊ ရှိညွှတ်†ပျောင်း၍၊ နတ်ဟောင်းနတ်သစ်၊ ထွေးရစ်*ဝန်းအုံ၊ သောသောရုံလျက်၊ ရွှေဘုံအယုဇ္ဈ၊ စိုးပိုင်သသည့်၊ သက္ကမဟိန်၊ မြက်ဒေဝိန်လျှင်၊ အချိန်မတော်၊ ဝတိန်ပေါ်က၊ *ဘော်လော်*မဲ့ဆန်း၊ ကိုယ်တော်မြန်း၍၊ ဘယ်နန်းပြည်နှိုက်၊ စိတ်တော်လိုက်ဖြင့်၊ ပျော်ပိုက်လိုရာ၊ ဘယ်သက်*လျာနှင့်၊ မေတ္တာနှောင်†ချည်၊ ဘဲ့ပြန်သည်ဟု၊ ရိပ်†ခြည်သွေးတို့၊ တင်ကြ*မျှိုသော်၊ *မခိုသရို့၊ အလိုလိုဖြင့်၊ ထင်ဘိုယ်တိုင်း၊ အထင်လှိုင်းပြီး၊ ချင့်နှိုင်းမမြော်၊ အထင်ချော်နှင့်၊ *ကရော်ကမည်၊ နှုတ်ပြယ်ပြည်၍၊ ထွေလည်ဝိုးဝါး၊ စိတ်ယုံမှားလျက်၊ အများမယ်တို့၊ မည်သို့တွေးဆ၊ မထင်ကြလင့်၊ ဝိဒေဟရဌ်၊ တိုင်းမြတ်အောင်†ချာ၊ စိုးချုပ်†ခြာသည့်၊ မဟာဗောဓိ၊ နေမိမင်းဖျား၊ မင်းတရား၏၊ ယုံမှား*ဒုဟ၊ သံသယဖြင့်၊ ကြံဆသည့်တွက်၊ စည်ကြီးကြက်သို၊ မာခက်ပဏ္ဍု၊ သည်အမှု

ကြောင့်၊ ယခုချက်ခြင်း၊ ကိုယ်တိုင်ဆင်း၍၊ ဖျောက်ရှင်းသင်္ကာ၊ ပြုအံ့ငါလျှင်၊ လူ့ရွှာရပ်မြေ၊ ကြွမြန်းလေဟု၊ ဒေဝိန္ဒရာဇ်၊ မိန့်တော်လှစ်က၊ ကြွေးဟစ်နတ်ပေါင်း၊ သာခု*ညောင်းသည်။ ။သောင်းသောင်းပွဲ့တင် ရိုက်အောင်တည်း။ (၁၈)

၅၁၅။ ပွဲ့တင်ရိုက်နှဲး၊သောင်းသောင်းသဲးဖြင့်၊ နတ်ပွဲးစည်ရာ၊ ဝတိံသာနိုက်၊ ဒေဝါအများ၊ လောင်းမင်းဖျားကို၊ မျက်ဝါးထင်ထင်၊ ဖူးလိုချင်၍၊ နတ်သျှင်ဣန္ဒာ၊ တို့ထုတ်ချာလျှင်၊ ဆရာလည်းရ၊ မိဘရာတည်၊ မင်းလည်းမည်၍၊ နတ်ပြည်ရပ်ခွင်၊ ပို့ပေတင်သည့်၊ ဘုရင်*သနင်း၊ ထိုလူမင်းကို၊ ချက်ခြင်းဆောင်ယူ၊ ပင့်တော်မူဟု၊ မိုးသူမိုးသား၊ မိုးသိကြားအား၊ လျှောက်ထားညီ|ညာ၊ တင်ကြရာတွင်၊ ကြော်|ငြာနှံ့သိ၊ မှူကုံ*ချိသား၊ မာတလိနတ်၊ ယုံကျွန်မတ်ကို၊ စေလတ်သော့အား၊ ထိုနတ်သားလည်း၊ ရထားဗိမာန်၊ ဝေဇယန်တွင်၊ ရောင်*ဝှန်ထိန်လျှမ်း၊ ကျောက်စုံပြွမ်းသား၊ ရင်လွှမ်းကွန်ရက်၊ ဥခက်တန်းဆာ၊ ဆန်းကြယ်စွာဖြင့်၊ ရတနာမျိုးခြယ်၊ ဆင်ပေါက်ငယ်မျှ၊ ရှုဘွယ်မရဲး၊ လွန်တင့်ကဲးလျက်၊ မစွဲးနှင်တံ၊ ထိမခံဘဲး၊ အသံဖြင့်သာ၊ လိုရာရာတိုင်း၊ မှန်စွာဆောင်တတ်၊ ဝလာနတ်တိ၊ မျိုးမြတ်တိမ်*ကွန်၊ စိတ်ထက်လွန်သည့်၊ လျင်မြန်*ဖြန်းတော၊ ထောင်သိန္ဓောကို၊ အ*ဆောတလျှင်၊ ကပြိုးကျင်မှု၊ ကောင်းကင်ခရီး၊ ယာဉ်ပံ့စီး၍၊ ညီးညီးထိန်ရဲး၊ တိမ်ကိုခွဲးလျက်၊ တိမ်ထဲးလှစ်ခွင်း၊ ထွက်ပြောင်ဝင်းသည်။ ။နှစ်စင်းလ၏ အ|ရောင်တည်း။ (၁၉)

၅၁၆။ နှစ်စင်းလရောင်၊ ပြိုင်ကျင်းဆောင်သို့၊ ပြောင်ပြောင် ဝင်းဝင်း၊ မိုးလုံးလင်းအောင်၊ နတ်မင်း*လုလင်၊ ထောင်မြင်းရှင်လည်း၊ ကောင်းကင်ခရီး၊ ယာဉ်ပံ့စီး၍၊ ကျွန်းကြီးလကျ်ာ၊ ဇမ္ဗူညာဝယ်၊ ပုဏ္ဏမာသီ၊ တိထီရက်စေ့၊ ပြည့်သည့်နေ့နိုက်၊ ချမ်းမြေ့ကြည်လင်၊ နေမင်းဝင်လျက်၊ ရွှေခွင်ဝိဒေ၊ *ဥဒည်းဗေ့က၊ *ကျူငွေ့အပ၊ မြကားအတွင်း၊ ဧကြည်လင်းသား၊ လမင်းစန္ဒြ၊ ပြည့်ဝန်းပ၍၊ တက်စစွာစွာ၊ ည*ဆည်းဆာတွင်၊ မိထိလာပြည်သူ၊ မျိုးလေးဆူတို့၊ ကြည်ဖြူရှင်မြူး၊ မေးခေါ်ထူးလျက်၊ အိမ်ဦးညော့်ခံ၊ မိုးရံ*ပလာ၊ ဆောင်လေသာနှင့်၊ မျက်နှာဆိုင်|ကြည်၊ ပျော်ကြတည်သား၊ *အ|ကျည်ကြမ်းပြင်၊ ဆင်ဝင်*ဝဲးလင်း၊ ပြူတင်းပြူပေါက်၊ လေသာလျောက်ဖြင့်၊ လေသောက်ခံ၍၊ ပြည်ကြီးလေ့တိုင်း၊ သိမ်မွေ့ယဉ်ကျေး၊ ဆေးလေးနာဘွယ်၊ ရပ်ကြီးငယ်နိုက်၊ ဆူလှယ်မပြီး၊ ချိုနူတ်သီးဖြင့်၊ မငြိးမငွေ့၊ ပြောဆို၍လျှင်၊ ချမ်းမြေ့သာယာ၊ နေစဉ့်ခါတိ၊ ပြုဗ္ဗာရွှေယံ၊ ဝင်းဝင်းလျှံဖြင့်၊ အရွှေ့ရံဝတ၊ မိုးလယ်ဝန်းကိုက်၊ မိုးလနှစ်စင်း၊ ထွက်ပေါ်လင်းဟု၊ ရုန်းရင်းအုတ်အော်၊ မိုးသို့မျှော်ကာ၊ မေးခေါ်သီးသီး၊ ရင်ဘတ်တီး၍၊ အံ့ကြီးတူးထွေ၊ အံ့မူးစေလျက်၊

တိမ်ခြေမိုးကြား၊ ငှက်အလားသို့၊ ပုံလွှား*မြူးကွန်၊ လေ့ထက်လွန်သည့်၊ အားခွန်ကြီးစွာ၊ သန်မာ*ခိုင်†မြင်း၊ တထောင်†မြင်းနှင့်၊ တောင်†မြင်းမိုရ်ခါး၊ ယုဂန်ဖျားက၊ ရထားစကြာ၊ ဝေယန္တာဖြင့်၊ ပြိုင်ကာယှဉ်မှီး၊ လနှင့်နီးအောင်၊ ညီးညီးထွက်ကာ၊ ဆောင်ယူလာ၍၊ လိမ္မာ*ကြေပွန်၊ ဉာဏ်ရည်မွန်သည့်၊ တမန်သာရထိ၊ မာတလိလျှင်၊ ခွင့်သိမျှော်ဆ၊ နိရယဖြင့်၊ ဒေဝလမ်းစဉ်၊ ပြခဲ့ယှဉ်သော်၊ ဓမ္မဥ္စရ၊ လောကထွတ်ချာ၊ မဟာဗောဓိ၊ နေမိဘုန်းတောက်၊ *စော*ရွှေမှောက်လည်း၊ လူအောက်မြေထဲ၊ ငရဲထပ်ထပ်၊ ဆဲ့ငါးရပ်က၊ တိမ်စပ်မိုးဖျား၊ ကောင်းကင်ကြားနိုက်၊ ပတ္တမြားဘုံ၊ ရွှေဘုံဖလ်ဘုံ၊ မြဘုံကိုယ်စီ၊ ဗိရဏီ သောဏ၊ စသည်ထူးဆန်း၊ ဘုံဆယ်ခန်းနှင့်၊ တောင်တန်းသတ္တရဗ္ဘာဏ်၊ ခုနစ်တန်ပါ၊ မကျန်*စေ့စိပ်၊ မြင်းမိုရ်ထိပ်ဝယ်၊ သုံးကျိပ်သုံးပါး၊ သိကြားကစ၊ နတ်ထိုမျှကို၊ ခဏမျက်ဝါး၊ ရှုခဲ့ငြား၍၊ တရားဟောကာ၊ ပြန်ခဲ့လာသည်။ ။ရက်ကြာခုနစ် လူ့ဘောင်တည်း။ (၂၀)

၅၁၇။ တာဝတိံသာ၊ ဘုံသိင်္ဂါထက်၊ ဇူနှာစံခန်း၊ ဝေယန်နန်းက၊ ကြွမြန်းပြန်မြောက်၊ နန်းသို့ရောက်သော်၊ ဘုန်းတောက်မင်း*မွန်၊ လူ့ပြည်လွန်အောင်၊ ကျော်*ဝှန်ပေါက်ပြ၊ တန်းခိုးရှသည့်၊ လူများ့ဥ†သျှောင်၊ *စောရန်†ရှောင်ကား၊ နတ်ဘောင်ဒိဋ္ဌ၊ မြင်ခဲ့ရ၍၊ ဘဝဝတ္တမာန်၊ လူတို့ဌာန်ဝယ်၊ လှုုဟန်စွန့်ခြင်း၊ စောင့်*သီတင်းနှင့်၊ မကင်းကြိုးကုတ်၊ ခါမယုတ်အောင်၊ အားထုတ်ပြည့်သစ်၊ နန်းစံခေတ်လျှင်၊ အနှစ်ရှစ်သောင်း၊ လေးထောင်*ညောင်းက၊ ဥက္ကောင်းတော်ထက်၊ တခက်ဆံပင်၊ ဖြူရောက်†ကျင်၍၊ အ†ကြင်ရှေးက၊ မဃဒေဝေါ၊ ထိုမင်းကျော်သည်၊ မြွက်ဘော်ရွှေနှုတ်၊ မိန့်ခဲ့ထုတ်သား၊ ဥတ္တမင်္ဂရုဟာ မယုံ၊ *နက်စံသာရ၊ လေးပါဒတိ၊ ကေဂါထာ၊ နန်းစဉ်စာကို၊ ရွတ်ကာဟောကြား၊ သားတော်ဥပရာ၊ ကာလာဇနက်၊ ရွှေနန်းဆက်အား၊ နန်းထက်တင်ကာ၊ ဘရာကုန်စင်၊ အပ်ပြီးကျင်မှ၊ နန်းပြင်ဘုံပေါ်၊ မင်းဖြစ်လျော်၍၊ ကိုယ်တော်*လှူလှူ၊ ရဟန်းပြုသည်။ ။နိုင်းတုဗြဟ္မာ့ ရှုပ်*†ယောင်တည်း။ (၂၁)

၅၁၈။ ဗြဟ္မာနိုင်းတု၊ ရဟန်းပြုလျက်၊ ပဉ္စနုသာစွ၊ မဃဒေဝ၊ လောင်းမင်းလှ၏၊ အမ္ဗဝန်၊ နာမံသိဒ္ဓိ၊ ကျော်ကိတ္တိနှင့်၊ ပါဠိအရ၊ မဟာခဖြင့်၊ ဝနသဒ္ဒေ၊ ဘော်ထွေခေတ်နက်၊ အဟောထွက်တိုင်း၊ ကျေးငှက်ထိုထို၊ များလူ*ဗိုလ်တို့၊ ပျော်လိုလာ†ခဲ့၊ ခေါ်သ†ကဲ့သို့၊ ဆဲ့နှစ်ရာသီ၊ ခါညီပွင့်သီး၊ ပန်းစုံညီးလျက်၊ ငယ်ကြီးအုန်းအုန်း၊ တ*ရှုန်းရှုန်းနှင့်၊ ပိတုန်း*ပိလူ၊ ပျားတူပျားမွှဲး၊ ပျားခပဲးလျှင်၊ ရစ်ဝဲးခိုမှီ၊ ဒုံးချင်းသီသို့၊ ပန်းဆီ ပန်း†ရက်၊ ပုံလု†ယက်၍၊ နှစ်သက်ယူဆောင်၊ မပြတ်အောင်တည့်၊ ဘိုးခေါင် ဥဩ၊ ကြက်တော တမာ၊ သာရကာ

တို့၊ သံသာရင့်ကျူး၊ တွန်မြူးထက်ခွင်၊ အောက်မြေပြင်လည်း၊ သမင်ဇော်၊ စာမြီတိုးအောင်း၊ သားပေါင်းသင်းဘွဲ့၊ ဘေး*မဲ့ပျော်နေ၊ စုံ*မြိုင်†ခြေသို့၊ ဆတ်†ချေဒ†ရယ်၊ ယုန်သားငယ်က၊ *ပေါ†ယယ်ထိုမျှ၊ သားငှက်စသား၊ အံ့ကြမကုံ၊ အပုံပုံဖြင့်၊ မျိုးစုံဆန်းကြယ်၊ ချစ်ခင်ဘွယ်တည့်၊ ငယ်ငယ်ကြီးကြီး၊ ရှူမငြီးနှင့်၊ မြို့နီးမကွာ၊ နောက်မျက်နှာတွင်၊ ထုံစွာရနံ့၊ တပျံ့ပျံ့တိ၊ ကံ့ကော်နံ့ကျော်၊ စွယ်တော်ကရံမက်၊ ပုန်းညက်ခရား၊ စကားဖြူဝါ၊ ရော့ရှက်ကာလျှင်၊ ရသာချိုမြက်၊ ပင်ချင်းရှက်အောင်၊ သရက်*ဖြင်ပေါ၊ စည်ပင်*ပြောသား၊ မင်းတောဥယျာဉ်၊ ထိုမြေ*သေဉ်နိုက်၊ လေးစဉ်ပြဟွ၊ ဝိဟာရကို၊ ရှေးက အလား၊ စီးဖြန်းပွါး၍၊ ရှည်လျားအနှစ်၊ ရှစ်သောင့်းလေးထောင်၊ လွန်အောင်အထူး၊ စျာန်ပျော်မြူးမှု၊ ပြောင်းကူးထက်ရပ်၊ ဘုံဝေဟပ်သို့၊ တထပ်ရင်း၊ ရောက်ပြန်ရှောင်းသည်။ ။စံအောင်းပြဟ္မာ့ ဘုံဆောင်တည်း။ (၂၂)

(ဤကား နေမိမင်းကြီးအဆုံး စရိယကိစ္စတည်း။)
(ဤတို့ဖြင့် စဉ်အလာ·နှင့်ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသတည်း။)

နိမိရာဇစရိယခဏ်း ၂၂-ပိုဒ် ပြီး၏။

---

## ၃–သစ္စာပြခဏ်း

သတ္တာပိ "န ဘိက္ခဝေ တထာဂတော ဣဒါနေဝ မဟာဘိ-
နိက္ခမနံ နိက္ခန္တော၊ ပုဗ္ဗေပိ နိက္ခန္တောယေဝါ"တိ ဣမံ ဓမ္မဒေသနံ
အာဟရိတ္ဝာ ဒဿေတွာ စတ္တာရိ သစ္စာနိ ပကာသေသိ[၁]။

၅၁၉။ သာသတိ အနုသာသတိ၊ ဘုင့်ဘိဝိဂ္ဂဟာ၊ အန္တတ္ထဖြင့်၊ လောကသုံးဆူ၊ နတ်နှင့်လူကို၊ ကြည်ဖြူကယ်ယူ၊ ပြည်နိဗ္ဗူသို့၊ အတူပါအောင်၊ မင်ရွှေဘောင်နိုက်၊ တင်ဆောင်လိုစွာ၊ ကရုဏာဖြင့်၊ မကော့င်းရာကြဉ်၊ ကောင်းရာယှဉ်ဟု၊ အစဉ်မပြတ်၊ ဆုံးမတတ်ကြောင့်၊ ပရမတ္ထ၊ ဓာတ်အရကား၊ ဓမ္မသမုဋ္ဌာန်၊ ရွှေဉာဏ်ဒေသနာ၊ ပညာတော်မြတ်၊ ဓမ္မဓာတ်တည့်၊ လက္ခဏတ္ထ၊ ဌာနျူစသား၊ ထိုမျှဆယ်ဖြာ၊ ဥပစာမူ၊ ခန္ဓာပဉ္စက၊ သန္တာနဟု၊ ဒဗ္ဗဝိသေသ်၊ ပညတ်ဖြစ်သော၊ ပတ်ရစ်ရှုံးဘွဲ့၊ သုံးဆဲ့နှစ်ဖြာ၊ မဟာပုရိသ၊ ဝိစိတြလက္ခဏာတော်ကြီး၊ ညီးညီးရွှန်း*ကယ်၊ လွန်ဆန်းကြယ်သား၊ ရှစ်ဆယ်အစု၊ အနုဗျဥ္ဇနဗျာမပဘာ၊ ရောင်ခြောက်ဖြာက၊ အသာဓာရုံ၊ ကိုးပါးဂုဏ်နှင့်၊ သမ္ဗုဏ္ဏစစ်၊ တုမရစ်သည့်၊ ရှင်ချစ်မြတ်စွာ၊ *စောသတ္တာလည်း၊ သံသရာနယ်၊ ကန္တာကျယ်

---

[၁]။ ဇာတကဋ္ဌကထာ၊ ၁-၁၅၆။

မှု၊ ခြောက်သွယ်ဝိသုဒ်၊ အနုတ္တရ၊ ဝိဇယဟု၊ ဓမ္မစကြာ၊ မဂ်ယာဉ်သာဖြင့်၊
ခေမာရောက်လို၊ ငါ့မှာခိုသည့်၊ ပုဂ္ဂိုလ်ရှစ်ဖြာ၊ သားသည်းချာတို့! တထာဂတ၊
ရှင်တို့ဘကား၊ ဘဝ ဤခါ၊ ဤနိုက်သာလျှင်၊ မဟာဘိနိက္ခမန၊ လွန်မြတ်လှ
သား၊ ကိစ္စထူးလည်၊ ဆုကြီးရည်၍၊ တိုင်းပြည်နတ်ထီး၊ စည်းစိမ်ကြီးကို၊
စွန့်ပြီးတုံလျက်၊ တောထွက်ပူရေး၊ မဟူသေးတည့်၊ ရှေးသော့ခါလည်း၊ ဤသို့
တည်းဟု၊ ဟောနည်းဘော်ထုတ်၊ စက်မှန်ခုတ်သို့၊ သ ာမုက္ကံသ၊ ဓမ္မဒေသနာ၊
ဖဆောင်၍သာလျှင်၊ သစ္စာလေးပါး၊ မြတ်တရားကို။ ။ထင်ရှားပြတော်
မူသဟည်း။ (၁)

၅၂၀။ ဤအရာနိုက်၊ သစ္စာပြဟန်၊ ကျမ်းရင်းချန်လည်း၊ နည်းမှန်
ဟောရိုး၊ လင်္ကာပျိုးအံ့၊ တန်းခိုးကြီးစွာ၊ ဘုံသုံးရွာတွင်၊ ပြဟ္မာ သိကြား၊
ဘုန်းအား*ရဟတ်၊ လေးကျွန်းပတ်သည့်၊ မန္ဓာတ်*တမင့်၊ ဖြစ်လင့်စေကာ၊
သတ္တဝါကောင်းဆိုး၊ အမျိုးမျိုးဖြင့်၊ ထိုစိုးထိုမင်း၊ ထိုချင်း*မချို၊ ထိုသူ
တို့အား၊ ပုဂ္ဂိုလ်ဝေါဟာ၊ ပညတ်သာမျှ၊ ဇာတိအစ၊ နာမ်ရုပ် ရသော်၊
ခ†ဏ ခ†ဏ၊ ဘိဇ္ဇ†နတည့်၊ နိစ္စ သုခ၊ အတ္တ မှတ်စွဲ၊ အမြဲ ချမ်းသာ၊
ကိုယ်ငါအစစ်၊ မှန်မ†ဖြစ်ဘဲ၊ ဖျစ်†ဖျစ်မြည်ကာ၊ ပျက်စီးစွာလျက်၊ အကြာမခံ၊
တံ့၍မနေ၊ ကျွမ်းကြေလောင်ရှိမ်း၊ မွှေမွှေငြိမ်း၍၊ သစ်စိမ်းရှက်လှ၊ မီးနှိုက်ကျသို့၊
တစစရင့်၊ ရွယ်ဆင့်ဆင့်နှင့်၊ ဆံပွင့်သွားကြေ၊ အရေတွန့်ခြင်း၊ အိုမင်းရွတ်တွ၊
ဇရာကျ၍၊ မရဏစစ်၊ အော်ဟစ်မကင်း၊ သေရ†ခြင်းဖြင့်၊ အ†ချင်းခပ်သိမ်း၊
ရွှေရွှေယိမ်း၍၊ မငြိမ်းနိုင်စွာ၊ လိုရာမရ၊ ကာရကနှင့်၊ ဇီဝပုဂ္ဂိုလ်၊ ငါဟုဆိုသား၊
ကိုယ်ကောင်မယို၊ ပကတိပင်၊ မချိနိုင်အောင်၊ မဆောင်နိုင်ရေး၊ အိုတိုင်း
ဆွေးလျက်၊ နာဘေး သေဘေး၊ နှိပ်စက်ဘေးနှင့်၊ တေးဘူမကာ၊ ဖြစ်သမျှတိ၊
လောဘကြဉ်ငြား၊ ဤတရားကား။ ။မမှားဒုက္ခ သစ္စာတည်း။ (၂)

၅၂၁။ ထိုဒုက္ခစု၊ ထိုအမှုနိုက်၊ ဂရုကတ၊ တလုံလဖြင့်၊ ရွှရွှည်းည်း၊ တရံမပြတ်၊
ငါကောင်မှတ်လျက်၊ လူနတ်သိ†ကြား၊ ပုဂ္ဂိုလ်အားဖြင့်၊ ယော†ကျားမိန်းမ၊
စွဲးလမ်းကြ၍၊ တောင့်တချစ်ခင်၊ တမင်မင်တည့်၊ ငါ့လင်ငါ့မယား၊ ငါ့သား
ငါ့သမီး၊ ငါ့နန်းထီးနှင့်၊ ရွာမှီးဥစ္စာ၊ မြို့ရွာတိုင်းပြည်၊ အိမ်ရာတည်လျက်၊
*လော်လည်မူး ရှင်၊ ဆုံးမမြင်အောင်၊ လိုချင်မပြီး၊ မငြီးသာယာ၊ လက္ခဏာဖြင့်၊
မျှားစွာရှက်ပုံ၊ စေးပစ်ချုံသို့၊ အာရုံခြောက်ဖြာ၊ တဏှာသုံးထပ်၊ နှစ်ရပ်သ†န္တာန်၊
သုံး†တန်ကာလ၊ အဆဆတိ၊ မြောက်ထပွါးလစ်၊ တရာ့ရှစ်ဟု၊ ဆိုးညစ်ယုတ်မာ၊
ပျော်တတ်စွာသား၊ တဏှာမည်ယို၊ စပ်ယှဉ်ဘိတိုင်း၊ မိမိအမျှ၊ မုချဆတ်ဆတ်၊
မြဲးမချွတ်အောင်၊ အူပြတ်သည်းကြေ၊ အသက်သေနှင့်၊ ထွေထွေပြား†ပြား၊
ထူးထူးအားဖြင့်၊ †ပျားလူးသန်†လျက်၊ လျှာဖြင့်†လျက်သို့၊ အနက်လေးပါး၊

ထင်ရှားမြွက်ဟ၊ ဟောဘော်ပြသည့်၊ ဒုက္ခအနေ၊ ဖြစ်စေတတ်ငြား၊ ဤတရားကား။ ။မမှားသမုဒယ သစ္စာတည်း။ (၃)

၅၂၂။ ဒုက္ခခြင်းရာ၊ ဝဋ္ဋသစ္စာနှင့်၊ တဏှာမကင်း၊ သက်သက်ရှင်း၍၊ ငြိမ်းခြင်း*သေတ္တု၊ မြိုက်ဆိစုသား၊ အနုပါဒိသ်၊ ကြွင်း*မဲ့တိတ်အောင်၊ ကြောင်းဟိတ်မှုန်စွာ၊ လက္ခဏာဖြင့်၊ သုပါဒိသိသ်၊ နိမိတ်အတ္ထာ၊ ကင်းဆိတ်ကွာလျက်၊ မဂ္ဂါရမ္မဏ၊ ဝိရာဂဟု၊ အမတဓာတ်၊ အမြတ်ဆုံးထား၊ ဤတရားကား။ ။မမှားနိရောဓ သစ္စာတည်း။ (၄)

၅၂၃။ ယထာဘူတ၊ ရှင်*စောပြသား၊ ဒုက္ခသမုဒယ၊ နိရောဓကော၊ စသည်လက္ခဏာ၊ သိတတ်စွာသည့်၊ သမ္မာဒိဋ္ဌိ၊ သိသည့်အရ၊ နိရောဓကို၊ တောင့်တမျှော်ရှေး၊ တရေးရေးဖြင့်၊ ကြံတွေးလက္ခဏာ၊ ထင်တတ်စွာသည့်၊ သမ္မာသင်္ကပ္ပ၊ စိတ်ကဆိုးယုတ်၊ ဝစီနှုတ်နိုက်၊ ဒုစ္စရိုက်ကို၊ မကြိုက်ပယ်ခွါ၊ ကြဉ်တတ်စွာသည့်၊ သမ္မာဝါစ၊ ကာယဒုစ္စရိ၊ ဝိရမိကို၊ ကြဉ်ဘိသည်†မှာ၊ သ†မ္မာကမ္မန္တ၊ ကာယဝစီ၊ နှစ်လီဒုစ္စရိုက်၊ ထိုအမိုက်ကို၊ ကိုယ်နှိုက်တခု၊ သက်မွေးမှုကြောင့်၊ မပြုကြဉ်ခွါ၊ သမ္မာအာဇီဝ၊ နိရောဓခွင်၊ ရောက်ချင်ကြပ်ကြပ်၊ ပယ်အပ်ပယ်ရှား၊ ပွါးအပ်ပွါး၍၊ အားထုတ်တတ်စွာ၊ သမ္မာဝါယာမ၊ နိရောဓာတ်၊ တရားမြတ်ကို၊ မပြတ်မရွေ၊ တစေ့စေ့ဖြင့်၊ အောက်မေ့သည်†မှာ၊ သ†မ္မာသတိ၊ နိဝရဏကင်း၊ ကိလေရှင်း၍၊ ယင်းသည့်အမြတ်၊ နိရောဓာတ်နှိုက်၊ သက်လတ်အပ္ပနာ၊ တည်ကြည်စွာသည်၊ သမ္မာသမာဓိ၊ မည်ယှိထင်ရှား၊ ဤရှစ်ပါးကား။ ။မမှားမဂ္ဂ သစ္စာတည်း။ (၅)

၅၂၄။ ဒုက္ခလက္ခဏာ၊ ဒုက္ခသာတည့်၊ သတ္တဝါပုဂ္ဂိုလ်၊ ငါကောင်ကိုယ်နှင့်၊ ခေါ်ဆိုတုံငြား၊ ယောက်ျားမိန်းမ၊ စသည်မဟုတ်၊ သမုတ်ဝေါဟာရ၊ ပညတ်မျှသာ၊ အမြဲမသား၊ ဟူသော့လားသို့၊ ထင်ရှားမယှိ၊ ယူဒိဋ္ဌိတို့၊ ပရိကပ္ပိတ၊ အဘာဝဟု၊ သစ္စ ကိစ္စ၊ ကတသုံးတန်၊ သုံးပါးဉာဏ်ဖြင့်၊ ဟုတ်မှန်မယွင်း၊ ထိုးဘောက်ထွင်း၍၊ သိခြင်း ပြုခြင်း၊ တတ်ခြင်းမုချ၊ ပြီးထသည်ကား၊ ဒုက္ခအားကို။ ။ပိုင်းခြားသိသည့် သဘောတည်း။ (၆)

၅၂၅။ ယင်းသို့ပိုင်းခြား၊ သိသော့အားဖြင့်၊ ရေလားလျှပ်လျှပ်၊ နေရောင်ဟပ်သား၊ တံလှပ်ကိုရေ၊ မှတ်မှားလေလည်း၊ ရေမဟုတ်မှန်း၊ သိဖြောင့်တန်းက၊ ငြိစွန်းအာသာ၊ မကပ်ရာသို့၊ တဏှာကင်းကွယ်၊ ဉာဏ်သုံးသွယ်ဖြင့်၊ စွန့်ပယ်အပ်ထ၊သမုဒယမည်ငြား၊ ဤတရားကို။ ။ပယ်ရှားသိသည့်သဘောတည်း။ (၇)

၅၂၆။ ပိုင်းခြားပယ်ဘိ၊ ဤသို့သိက၊ တောဘူမိလယ်၊ သံသာနယ်နှိုက်၊ ကိုးကွယ်ရာတိ၊ ယှိသို့မထင်၊ ညဥ့်မှောင်တွင်နှိုက်၊ အကြင်ယောက်ျား၊ နိုးတကြားဖြင့်၊ နွားဟုမှတ်ပြီး၊ ကျားကိုစီးသော်၊ နေမီးလင်းဘိ၊ ကျားမှန်းသိက၊

မချိစိတ်မှာ၊ ထွက်ပြေးရာသို့၊ မျှော်ကာအဟုတ်၊ *စရကုတ်ဖြင့်၊ အားထုတ်သော့လား၊ သုံးပါးဉာဏ်မူ၊ ပြီးကြောင်းပြုမှ၊ ငါးခုခန္ဓာ၊ လွတ်ငြိမ်းရာကို၊ ရည်ကာစောထ၊ သဘောချလျက်၊ တဏှာ့ကုန်ရာ၊ ငြိမ်းဧးစွာသား၊ သဥပါဒိ၊ သန္တိလက္ခဏာ၊ သေးဖြာမဂ္ဂ၊ ပစ္စက္ခဖြင့်၊ နိရောဓရောက်၊ အာရုံလျှောက်၍။ ။ မျက်မှောက်ပြုသည့် သဘောတည်း။ (၈)

၅၂၇။ နိရောဓရောက်၊ မျက်မှောက်ပြုလို၊ ထိုပုဂ္ဂိုလ်ကား၊ ကျွဲကိုကြောက်က၊ ထွက်မြောက်ပြေးခွင့်၊ အသင့်ရှုကြံ၊ သစ္စံကောင်းပြု၊ သက်မှုအားထုတ်၊ *တဖြုတ်မမေ့၊ တည်စေ၍တိ၊ ခုန်ဆွေ့ယောကျ်ား၊ ပြေးသော့လားသို့၊ သုံးပါးဝိရတိ၊ စင်ကြယ်ဘိသား၊ အာဒိဖြဟ္မ၊ စရိယဟု၊ သီလတမွတ်၊ အာဇီဝဋ္ဌနှင့်၊ မချွတ် ပြီးငြား၊ သရုပ်အားဖြင့်၊ အပြားရှစ်အင်၊ ထိုမဂ္ဂင်ကို၊ အကြင်သုံးပါး၊ ဉာဏ်တရားဖြင့်။ ။ ဖြစ်ပွါးစေသည့် သဘောတည်း။ (၉)

၅၂၈။ ဤသို့မှန်စွာ၊ အလင်္ကာဖြင့်၊ သစ္စာလေးပါး၊ ပိုင်းခြားပယ်ဖျောက်၊ မျက်မှောက်ပွါးပာန်၊ ဓိပ္ပါယ်ပြန်သည်။ ။မှတ်ရန်အကျဉ်းသဘောတည်း။ (၁၀)

သစ္စပရိယောသာနေ ကေစိ သောတာပန္နာ အဟေသုံ၊
ကေစိ သကဒါဂါမိနော၊ ကေစိ အနာဂါမိနော [၁]။

၅၂၉။ သစ္စာသိမ်းကျုံး၊ ပြသောဆုံးနိုက်၊ စုရုံးညီညာ၊ စည်းဝေး†ရာတွင်၊ အာသ†ယာနုသယ၊ စရိတက၊ စသည်သိမ်မွေ့၊ စွဲလေ့ကိန်းတတ်၊ မပြတ်ဖြစ်ခြင်း၊ နှလုံးသွင်းတည့်၊ အတွင်းနိုက်တုံ၊ ဝေနေပုံ၍၊ နှလုံစရိယ၊ ယောဂ ဣန္ဒြေ၊ နှရင့်ထွေဖြင့်၊ ကေစိအချို့၊ ရဟန်းတို့ကား၊ အောင်မြို့မဂ်လာ၊ ဘုံဝတ္တာသို့၊ ဖြောင့်စွာရှေးရှု၊ စူးစူးမှုသည့်၊ ဂေါတြဘုမည်သီး၊ တံခါးကြီးဖြင့်၊ ပိတ်ဆီးမဆို့၊ ဝင်ပြီးမျှိုသော်၊ နှစ်ဘို့မယို့၊ သစ္စာသိ၍၊ ဒိဋ္ဌိကခါ၊ စင်စစ်ကွာ၍၊ သေသာကုသလ၊ ကြွင်းပါပနိုက်၊ အပါယဂါမိ၊ ပယ်သတ္တိနှင့်၊ ယောနိဓမ္မတာ၊ ငှက်*တံထွာဖြင့်၊ ကြိုးကြာတို့အား၊ နှစ်ပါးနို့ရေ၊ ရောထွေတိုက်က၊ မျို*ကျိုက်နို့သာ၊ ရေမပါသို့၊ ပမာထိုတူ၊ မွေးစဟူသည်၊ ယယ်မူယယ်ရာ၊ ယယ်ဘာသာနှင့်၊ သညာ*နှန့်နှဲ၊ အမှတ်*မှဲ့လည်း၊ သူငယ့်ခံတွင်း၊ နို့သေသွင်းသော်၊ မယွင်းမှန်စွာ၊ နို့သာဝင်လျက်၊ သေအန်ထွက်သား၊ မဂ်၏သတ္တိ၊ ပြီးသိဒ္ဓိနှင့်၊ အဘိဋ္ဌာန၊ အဘဗ္ဗဟု၊ အရိယန္တယ်၊ အပါယ်လေးပါး၊ တံခါးပိတ်ဘိ၊ မြတ်ဇာတိဖြင့်၊ အာဒိမဂ္ဂ၊ လက်ဦးရ၍၊ ဈာနလာဘိ၊ ဈာန်ယှဉ်မှီသော်၊ ဝသီငါးစုံ၊ ဗြဟ္မာ့ဘုံသို့၊ ရောက်တုံလတ်က၊ အောက်နတ်လူ့ရွာ၊ မသက်လာဘဲ၊ အနာဂါမိ၊ မဂ်ဉာဏ်ယှိသို့၊ အနိဝတ္တန၊ သဘာဝသည်။ ။ကာမမနှောင့် ကုန်ပြီတည်း။ (၁၁)

---

၁။ ဇာတကဋ္ဌကထာ၊ ၁-၁၅၆။

၅၃၀။ ထိုမှအပ၊ နိဗ္ဗာနမူ၊ တိက္ခ မဇ္ဈု၊ မုဒုံပညတ်၊ အထူးမှတ်လျက်၊ ဝိပဿနိန္ဒြေ၊ သုံးတွေ့အရ၊ နိယာမတည့်၊ ကေဗိဇ၊ ကောလသတ္တက်၊ သုံးချက်ပိုင်းခြား၊ ဘဝအားဖြင့်၊ ခေါင်းပါးသန့်စင်၊ သိဒ္ဓိရင်၍၊ သိမြင်သစ္စာ၊ ပွင့်ပြီးကြာသို့၊ သောတာပတ္တိ၊ ဖိုလ်ဘူမိနိုက်၊ သမ္မောဓိပရာယန၊ မြဲးတဝနှင့်၊ ဆုရအောင်မြင်၊ ကျွတ်ပန်းဆင်ပြီး၊ တမ်းဝင်ရှေးဦး၊ ကျေးဇူး*ဖြိုး*ကယ်၊ မနုန့်နယ်ဘဲ၊ လူဝယ်နတ်စစ်၊ တစ် နှစ် သုံး လေး၊ တွက်ရေးငါးခြောက်၊ ထက်အောက်ပြန်လစ်၊ ရောရာဖြစ်လျက်၊ ခုနစ်မလွန်၊ ဘဝဝန်ကို၊ မှောက်သွန်ပယ်ချ၊ နိယတကြောင့်၊ အဋ္ဌမမြောက်၊ မပေါက်သန္ဓေ၊ မနေရလျှင်း၊ ဇာတိဖျင်း၍၊ အချင်းခပ်သိမ်း၊ ပြီးငြိမ်းကေန်၊* နေရဗ္ဗာန်သို့၊ လမ်းမှန်ရှေးရိုး၊ အဖြောင့်တိုးသား၊ သုံးမျိုးဖလဋ္ဌာန်၊ ပုဂ္ဂိုလ်*မွန်ဟု၊ သောတာပန်မည်၊ မဟာထေရ်နိုက်၊ တည်လေကုန်ကြ၊ အချို့ကမူ၊ ကာမရာဂ၊ ဒေါသခေါင်းပါး၊ ရှေ့ရှေ့†ယားလျက်၊ တ†ရားနှစ်ဆ၊ နှစ်ဆင့်ရ၍၊ ဣမ တတ္ထ၊ စသည့်ငါးစု၊ ဝေဘန်ပြုသား၊ ညစ်*ကျူဖျင်းသိမ်၊ ကာမအိမ်သို့၊ တကြိမ်ပြန်လာ၊ သကဒါတည့်၊ ချို့မှာမူကား၊ ခေါင်းပါးကျန်ထ၊ ထိုကာမနှင့်၊ ဒေါသ*အ†ထည်း၊ သမု†ဒည်းကို၊ ခါ†တည်းမကြွင်း၊ မကျန်ကင်းအောင်၊ ပယ်ရှင်းကုန်ကြ၊ အကုပ္ပဟု၊ တတိယမှန်၊ နှစ်ဝေါဒါန်ဖြင့်၊ သုံးတန်စင်မြောက်၊ မဂ်ဉာဏ်ရောက်လျက်၊ နတ်ခြောက်လူ့ရွာ၊ အောက်ကာမာသို့၊ တခါမပြန်၊ ဗြဟ္မာဆန်၍၊ နိဗ္ဗာန်လက်နီး၊ နာဂံပြီးသည်။ ။ခရီးမထောင့် ကုန်ပြီတည်း။ (၁၂)

(ဤကား သစ္စာပြရှောင်း-ဟူသောဥဒ္ဒေသ၏ နိဒ္ဒေသတည်း။)

သစ္စာပြခဏ်း ၁၂-ပိုဒ်ပြီး၏ ။

---

**၄–ဇာတ်ပေါင်းခဏ်း**

ဣတိ ဘဂဝါ ဣမာနိ ဒွေ ဝတ္ထူနိ ကထေတွာ အနုသန္ဓိံ
ဃဋ္ဋေတွာ ဇာတကံ သမောဓာနေသိ [၁]။

၅၃၁။ ဤသို့ကျယ်ဘွင့်၊ ဟင်းလင်းပွင့်အောင်၊*ယခင့်အောက်က၊ ဇာတ်လုံးပြ၍၊ ဆုံးကျဆစ်ပိုင်း၊ ဟောခဲ့လိုင်းပြီး၊ တုနှိုင်းမရ၊ သုံးလောကတွင်၊ ပြိုင်ကြမကြွင်း၊ အခေါင်†ချင်းလျက်၊ အောင်†ခြင်းရှစ်ဘော်၊ ပွဲးတိုင်းကျော်သည့်၊ ဘုန်းတော်ခြောက်ပုံ၊ ပြည့်စုံတမျိုး၊ ညစ်ဆိုးကိလေ၊ တွင်းရန်မွေကို၊ ဗုဒ္ဓဟောပင်မင်း၊ ဗောဓိရင်းနိုက်၊ အချင်းအစောက်၊ စိန်ခုံမြှောက်သို့၊ မြေပေါက်ပြိုးပြောင်၊ ဆဲ့လေးတောင်ဖြင့်၊ အရောင်ဝင်းဖြာ၊ ဝဇိရာသန၊ ပလ္လင်လှတိ၊ မာရဝိဇည်း၊ စိန်*ပြ†တည်းထက်၊ ဥ†ဒည်းနေရှဏ်၊ ရောင်ဟုန်တက်လင်း၊

---

၁။ ဇာတကဋ္ဌကထာ၊ ၁-၁၅၆။

ပေါ်ထွက်†ချင်းအောင်၊ ညဥ့်†ခြင်းထွားထွား၊ မာရ်ငါးပါးလုံး၊ သိကြား လက်ချိန်၊ ဝရဇိန်ထက်၊ အရှိန်ကြီးမြတ်၊ ရွယ်တိုင်းပြတ်သား၊ အရဟတ် လက်နက်၊ မြမြထက်သည့်၊ စက်သီလဝင်၊ မဂ်ဉာဏ်ရှင်ဖြင့်၊ ကုန်စင်*ပြစ်†ပြစ်၊ ချုံစေး†ပျစ်သို့၊ ခုတ်†ပစ်ကြွင်း*မဲ့၊ ကျန်*မဟဲ့အောင်၊ ချိုးဖဲ့နိုင်တတ်၊ ဘဂျ နတ်ဟု၊ အမြတ်ဆုံးတင်၊ ဘုန်းတော်ရှင်ကား၊ မဂ္ဂင်ရှစ်မည်၊ ကျွတ်ပွဲ†စည်သည့်၊ †ဇည်တဝန်မည်သီး၊ ကျောင်းတိုက်ကြီးတွင်၊ ပုံ*ဖြိုးများစွာ၊ သဃ်ာထေရ၊ သာဝကတို့၊ ဓမ္မသဘင်၊ ညီလာခွင်နိုက်၊ အကြင်ဟောမှတ်၊ အတိတ်ဇာတ်နှင့်၊ ဤဝတ္တမာန်၊ ပစ္စုပ္ပန်တိ၊ နှစ်တန်စပ်ပြီး၊ နှောနှီးသဖြင့်၊ *ယခင့်တိတ်က၊ နိမိတ် ပဝတ်၊ အန္တတ် ရ†ဋ္ဌီ၊ နာမ်ငါး†လီတွင်၊ ဤမည်သသူ၊ ထိုသည့်လူကား၊ ခုမူ စင်စစ်၊ ဤသူဖြစ်ဟု၊ ဘွင့်လှစ်အမှန်၊ မြတ်ရွှေဉာဏ်ဖြင့်၊ နုသန်ဒင်း၊ စပ်တုံ ရှောင်း၍။ ။ဇာတ်ပေါင်းရုံးတော် မူသတည်း။ (၁)

"တဒါ ကပ္ပကော အာနန္ဒော အဟောသိ၊ ပုတ္တော ရာဟုလော၊ မဃဒေဝရာဇာ ပန အဟမေဝ အဟောသိ"န္တိ[၁]။

၅၃၂။ ကေမူလာ၊ ဒွိရာဝဋ္ဋ၊ တိမလနှင့်၊ ပဥ္စပတ္တဋ္ဌ၊ ဒွါဒဝဋ္ဋဟု၊ မချွတ် လက္ခဏာ၊ တည့်ရာတပါး၊ လှည့်သွားနှစ်စု၊ နောက်မှုသုံးသင်း၊ နှံ့ခြင်းငါးကွဲ၊ ဝဲးဆဲ့နှစ်ခွေ၊ အမြဲနေသား၊ လေးထွေသမုဒ်၊ ရေ*အစုတ်သို့၊ *ရစ်ဝုတ်ဗလဝ၊ ကိလေသဟု၊ ဩဃလေးသွယ်၊ ရေပြင်ကျယ်သို့၊ အလယ်ပဋ္ဌိ†ပဒ်၊ ငါ့နည်းတတ်၍၊ *အ†ပတ်တကုတ်၊ မထုတ်အားပါး၊ ရပ်မနားဘဲ၊ ကူးသွားထုတ်ချောက်၊ ထိုဘက်†ရောက်သည့်၊ ရှစ်†ယောက်အရိယာ၊ သားသဃ်ာတို့! မဟာမဃ၊ လူများဘဟု၊ ဒေဝမင်းကျော်၊ ဖြစ်ခါတော်နိုက်၊ ထုတ်ဘော်ခွန်းမြွက်၊ ငါ့မိန့်ချက်ကို၊ ဦးထက်ဆင်တည်၊ ဆောတ္တာသည်ကား၊ *မွန့်ရှည်အကိန်း၊ ကပ်တသိန်း ထက်၊ မြည်ဟိန်းစက္ကဝါ၊ တုန်အက်ငြာလျက်၊ ဖီလာအောက်ထက်၊ ဘဝဂ်ကြော် †ချောက်၊ ဘုန်းတော်†ခြောက်နှင့်၊ နှစ်ယောက်မပူ၊ *စံမတူအောင်၊ တဆူတည်း သာ၊ ထူးမြတ်စွာဖြင့်၊ တရာပွင့်ချပ်၊ ငွေကြာရပ်သို့၊ လျှပ်လျှပ်ရောင်ညီး၊ ကြာ လှည်းဘီးသည် မြေကြီးကပေါက်၊ ဘွားတော်အောက်နိုက်၊ မောက်မောက် စွင့်စွင့်၊ ကားကားပွင့်၍၊ အသင့်အသင့်၊ ရှုတင့်စရာ၊ စကြာရွှေဘွား၊ လှမ်းသွား ကြွတိုင်း၊ မဆိုင်းခံပြို၊ ပေါ်လာမူကြောင့်၊ ပဒုမုတ္တရ၊ နာမထင်ရှား၊ ထိုဘုရား၏၊ ညီဘွားမှန်လှ၊ သုမနကုမာ၊ ဖြစ်သောခါတိ၊ မဟာဉပဋ္ဌက၊ သုမနပင်၊ အမည် တွင်သည့်၊ ကျွမ်းဝင်ဘုရား၊ ထေရ်ရှင်အားကို၊ မျက်ဝါးမြင်ရ၊ ထိုကစ၍၊ ဒါန ကြီးစွာ၊ ပြု၍ သာလျှင်၊ ဆယ်ဖြာသီတင်း၊ တဝါတွင်းလုံး၊ ခြေရင်းကပ်ရပ်၊ မြဲးကြပ်ဆောက်တည်၊ ဆုကြီးရည်မှ၊ ကျင်လည်သမျှ၊ ကာလအကြား၊ မင်းဖြစ်

---

၁။ ဇာတကဋ္ဌကထာ၊ ၁-၁၅၆။

များလျက်၊ ဘုရားအလောင်း၊ ငါနှင့်ပေါင်း၍၊ တကြောင်းတဆစ်၊ ခိုက်ရန်
ဖြစ်လည်း၊ သတ်ညှစ်သေမှု၊ မပြုကြဘဲ၊ မြဲကြမေတ္တာ၊သံသ†ရာဝယ်၊တည်†ရာ
မယှိ၊ ဘောက်ပြိဘောက်ပြန်၊ အတန်တန်ဖြင့်၊ ဘန်ဘန်များစွာ၊ ဖြစ်ခဲ့လာပြီး၊
ငါနှင့်တူပြီ၊ စံပျော်ညီလျက်၊ တုသိနန်းက၊ စုတေကြသော်၊ သုဒ္ဓ ဓောတ၊
ထိုပြို့းမှတိ၊ သက္က သုက္က၊ အမိတဟု၊ နာမပဒ၊ ပဉ္စကကို၊ဩဒနပုဒ်၊ နောက်တိုင်း
ထုတ်၍၊ နိရုတ်သွင်းချီ၊ ဗဟုဗ္ဗိနည်း၊ သိပ်သည်းဗျူဟာ၊ မင်္ဂလာဖြင့်၊ သညာ
နာမံ၊ တူမစံအောင်၊ မည်ခံကျော်ဟိုး၊ ဘွဲ့သတိုးချည်း၊ ငါ့ဘိုးသားရင်း၊
ငါးယောက်မင်းနှိုက်၊ သောင်းတွင်းကျော်စော၊ ထီးမနောနှင့်၊ သုဒ္ဓေါဒန၊
ရွှေနန်းရသည့်၊ ငါ့ဘနောင်မွေး၊ *သားချင်းလေးတွင်၊ ညီထွေးဘုန်း†ယှိ၊
နတ်တ†ရှိသို့၊ အမိတောဒန၊ မင်းသကျ၏၊ ဩရသစစ်၊ ရင်နှစ်*သည်း†ချား၊
ငါဘုရားနှင့်၊ မ†ခြားနေ့ချင်း၊ ဘွားမြင်လျှင်းမှ၊ ကြီး*ပြင်းကြမြောက်၊ ငါ၏
နောက်နှိုက်၊ မင်းခြောက်ယောက်တူ၊ ရဟန်းမူသော်၊ မိုက်မြူကင်းစ၊ မဂ်ဦးရ၍၊
သေက္ခပဋိသမ္ဘိဒါ၊ နှိုင်းရာ*မဲ့လစ်၊ တုမရစ်တည့်၊ ရှစ်သောင်းလေးထောင်၊
ကုန်အောင်ဓမ္မခန်၊ကျမ်းသုံးတန်ကို၊ပြန်လှန်ဆောင်ရွက်၊ ကျောက်ထက်စာလား၊
တည်နိုင်အားနှင့်၊ တဘွားရပ်ရှောင်း၊ ကြွမပြောင်းခင်၊ ခြောက်သောင်းပုဒ်ပိုင်၊
နွယ်ရင်းကိုင်သို့၊ သင်နိုင်ပြန်နိုင်၊ ကြံ့ခိုင်ဝီရိယ၊ ကြီးလုံ့လကြောင့်၊ ဓမ္မရတနာ၊
ဘဏ္ဍာဂါရိုက်၊ ရွှေတိုက်ဝန်ကြီး၊ဌာနန်ပြီးလျက်၊*စောထီးငါ့ဝယ်၊ ဝါနှစ်ဆယ်က၊
ပယ်လည်းလေးတန်၊ ပန်လည်းလေးခု၊ လုပ်ကျွေးမှုနှင့်၊ ငါးခုဧတဒဂ်၊ ရာထူး
တက်၍၊ ထက်မြက်မြန်†လျင်၊ စက်အသွင်သို့၊ သူ†လျှင်နှုတ်ဟာ၊ တပုဒ်စက၊
ရှစ်ဆလွန်ကျူး၊ ထစ်ထစ်မှူးအောင်၊ အထူးထင်ရှား၊ အံ့လေးပါးလည်း၊
ဘုရားငါ့*နွယ်၊ အကယ်မယွင်း၊ ပြည့်စုံခြင်းနှင့်၊ နွယ်ရင်းလည်းဖြစ်၊ ငါရှင်
ချစ်နှိုက်၊ သဲနစ်သက်စွန့်၊ *အစိုသွန့်၍၊ မတွန့်မကွက်၊ ခင်စုံမက်လျက်၊
နှစ်သက်*ပြင်းဝှန်၊ ချစ်ခြင်းလွန်သည်။ ။အာနန်ငါ၏ ညီဘွားတည်း။ (၂)

၅၃၃။ ထိုရော့အခါ၊ ဥပရာဟု၊ မင်း*လျှာကွမ်းထည့်၊ ဘုန်းရောင်မှည့်၍၊
ငါ၏ကိုယ်စား၊ ငါတင်ထားသည့်၊ ငါ့သားနန်းဆက်၊ နောက်နန်းတက်ကား၊
အထက်ကမ္ဘာ၊ တသိန်းခါနှိုက်၊ ထိုကြာခံအပ်၊ သဗ္ဗသတ္တုတ်၊ ဒွိပဒုတ်ဟု၊
ပဒုမုတ်မည်တွင်၊ ဘုရားရှင်၏၊ မျက်မြင်*ဂင်္ဂါ၊ ထင်ရှားစွာတိ၊ ခြောက်ဖြာ
ရောင်ရှိန်၊ ထွန်းလင်းချိန်ပင်၊ ပထဝိန္ဓရ၊ နာဂရာဇာ၊ ဖြစ်ခါကာလ၊ ရှင်ရဋ္ဌ
လောင်း၊မိတ်ကောင်းဣန္ဒာ၊ညီညာသမှု၊တိုက်တွန်းပြုလျက်၊ နတ်လူ့ဥ†သျှောင်၊
ငါးမာရ်†ရှောင်သည်၊ ဘုန်းခေါင်ဝိသုဒ်၊ ဇလဇုတ္တရ၊ သမ္ဗုဒ္ဓအား၊ ဆဋ္ဌ
ဘိညာဉ်၊ ယှဉ်သည်တန်းခိုး၊ မြေလျှိုးမိုးပျံ၊ အရဟံတို့၊ ထေရ်ရံ*အရာ၊ သင်္ဃာ
သိန်းနှင့်၊ ဆောင်ပင့်ခဏ၊ နဂါးရပ်ခွင်၊ မဏ္ဍပ်ပြင်ဝယ်၊ ပဉ္စင်ဆောင်†ကြွေး၊
လှူကြီးပေး၍၊ လုပ်†ကျွေးလတ်က၊ ဗာတ္တိံသ မဟာပုရိသလက္ခဏာ၊ဖျားမြတ်

စွာနှင့်၊ ပမာတူ*လျော်၊ ရွှေလှော်ဦးသစ်၊ ငွေကြာ†မြစ်တို့၊ ပျို†မျစ်ရှယ်နု၊
ငယ်သွေးစုသား၊ဥပရေဝတ၊ဘုရား့သားတော်၊ရှင်ကျော်ဘုန်းဝေ၊သာမဏေကို၊
စေ့ရေမျက်ဝါး၊ မြင်ငြားတုံထ၊ သည်ကစ၍၊ ဘုရား့သားစစ်၊ ငါလည်းဖြစ်
လျက်၊ ကျင့်ချစ်တတ်စွာ၊ သိက္ခာကာမ၊ ဒေဂ်ရပြီး၊ ဘဝငြိမ်းလို၊ တောင်းဆု
ဆိုမှ၊ ထိုကိုယ်ယုတ်မြတ်၊ ကျင်လည်လတ်လည်း၊ သောဝစဿတာ၊ မင်္ဂလာဖြင့်၊
ဝါသနာထုံလှ၊ ဆုံးမနာလွယ်၊ ချစ်ခင်ဘွယ်နှင့်၊ တင့်တယ်ရုပ်ဝါ၊ သားမောင်
ဇာသို့၊ ငါ၏ရင်နှစ်၊ များစွာဖြစ်၍၊ စွန့်လစ်သူထံ၊ စေခံပေးငြား၊ မပယ်ယှား
ဘဲ၊ သားကိုစွန့်မှု၊ ဘုရားဆုကြောင့်၊ ငါပြုသမျှ၊ ခံရှာရပြီး၊ ဘဝဆုံးလစ်၊
ယခုဖြစ်နိုက်၊ ရှေးဇာစ်ဝါသနာ၊ အထုံပါလျက်၊ ဗိမ္ဗာရွှေလှော်၊ ငါနှင့်ပျော်က၊
ယသော်ဝမ်းတွင်၊ သန္ဓေဝင်၍၊ ငါလျှင်ဘုရား၊ ဥယျာဉ်သွားစဉ်၊ လေးပါး
နိမိတ်၊ သံဝေထိတ်လျက်၊ဘိက္ခုသမဏ၊ သောကမထင်၊ ရဟန်းသွင်ကို၊ မြင်သည့်
ခဏ၊ သဘောကျ၍၊ ဧးမြစိတ်သာ၊စံခိုက်ခါဝယ်၊ တောင်ညာဖုရား၊ သားတော်
ဘွားဟု၊ တပါးမတ်ရောက်၊ တင်လှာလျှောက်က၊ ကျောဘောက်ရိုးတွင်း၊
ခြင်ဆီ†ချင်းမျှ၊ ချစ်†ခြင်းပိယ၊ ဖြစ်ထသမှု၊ လဏ္ဍုကို၊ ရာဟုနတ်သား၊
ဖမ်းသော့သားသို့၊ ငါ့အားညစ်ကျုံ၊ နှောင်ဘွဲ့ပြုဟု၊ ရာဟုဇာတော၊ နတ်ဩ
ဘာလှစ်၊ ဥဒါန်းဖြစ်ကို၊ ဘိုးချစ်ဘုန်းလူ၊ နိမိတ်ယူ၍၊ ပုံတူမခြား၊ နန်းပြိုင်
ထားသည့်၊ ငါ့သားသက်စု၊ တောထွက်မှုကို၊ ရာဟုငါ့မြေး၊ ဖမ်းလသေးဟု၊
မည်ပေးပြုထ၊ ထိုသည့်ညပင်၊ လက်မျှထိရုံ၊ မစမ်းတုံဘဲ၊ တံခါးခုံက၊ မျှော်မှန်း
ဆ၍၊ ဗိမ္ဗာ့ရင်ကြား၊ ထားသည့်အသွင်၊ ရှုခဲ့ကျင်မှ၊ ငါလျှင်ဆုတ်လျက်၊
တောထွက်စွန့်ပစ်၊ ဘုရားဖြစ်အောင်၊ ခုနစ်နှစ်ကြာ၊ ရွှေပြည်သာသို့၊ ရောက်လာ
ပထမ၊ ဆွမ်းခံကြွသော်၊ အဋ္ဌနရသီ၊ ဂါထာစီ၍၊ တီတီတာတာ၊ ခြိးဆိုကာနှင့်၊
ဗိမ္ဗာသူမိ၊ ညွှန်ဘိရကား၊ ရက်လည်ငြားက၊ ငါ့အားချစ်စိတ်၊ ဘိတ်သည့်ရှေ့
*နှယ်၊ ကပ်ကာတွယ်ပြီး၊ ချစ်ဘွယ်စကား၊ ဘုန်းဘဖျားဟု၊ လိုက်ငြားကျောင်း
ရောက်၊ တောင်းလျှောက်အမွေ၊ ငါဘုန်းဝေလည်း၊ သာမဏေဆု၊ မွေပေးပြု
သော်၊ ငယ်နုပျိုမျစ်၊ ခုနစ်နှစ်က၊ ရှင်ချစ်ငါ့ထံ၊ ရှင်ငယ်ခံ၍၊ အမ္ဗလဋ္ဌိက၊
သုတ္တန္တဖြင့်၊ ဆုံးမမိန့်သံ၊ နာခံမပျက်၊ မတက်မာန၊ ပိယဝါစာ၊ ချစ်စရာနှင့်၊
သဃာမျာ့းလယ်၊ ပျော်တင့်တယ်လျက်၊ တဆယ်နှင့်ရှစ်၊ ရှယ်သက်ဆစ်သို့၊
ရောက်လစ်ပြန်ရာ၊ ငါ၏နောက်မှ၊ ဆွမ်းခံကြွစဉ်၊ ရူပရာဂ၊ ဝိတက္ကကြောင့်၊
သမ္ဗုဒ္ဓငါ၊ မဟာရာဟုလောဝါဒ၊ သုတ္တန္တဖြင့်၊ ဆုံးမပေး၍၊ နှစ်ဆယ်စေ့သော်၊
မရှေးသမှု၊ ပြုသည့်ပဥ္စင်း၊ ဉာဏ်လျှင်းရင့်ထ၊ ထိုဝါမျှနိုက်၊ စူဠရာဟုလောဝါဒ၊
သုတ္တန္တဖြင့်၊ ဆုံးမသော့ထွေ၊ နာပလေက၊ ကုဋ္ဌေတထောင်၊ ရာပြန်ဆောင်သား၊
*မြားမြောင်သချှာ၊ နတ်ဗြဟ္မာနှင့်၊ အဝတ္တာဘုံ၊ ဇာတိမြုံသည့်၊ ဇေယျုံ
အောင်ခန်း၊ လောကုတ်နန်းထက်၊ သိမ်းမြန်းစံတုံ၊ စိုးမဖြုံဘဲ၊ လေးစုံမဂ္ဂ၊
ပြီးကိစ္စဖြင့်၊ အသေက္ခကြီး၊ဖိုလ်ထီးအရဟတ်၊ဧးမြတ်လွန်စွာ၊ ညီးညီးကာလျက်၊

ရဟန္တာစစ်၊ ဆုံးစွန်ဖြစ်၍၊ လွန်ချစ်သီလ၊ ဝိသိဋ္ဌဖြင့်၊ ကိကိံ အဏ္ဍုံ၊ မိန့်သံဂါထာ၊ ဒေသနာနှင့်၊ ညီစွာ*တမျှ၊ နောက်ကာလဝယ်၊ သဃ်ာ လယ်ဘောင်၊ တု*မဲ့အောင်လျှင်၊ ဆောင်သည်ဂုဏ်ဝါ၊ လွန်ထူးစွာကြောင့်၊ သိက္ခာကာမ၊ ရသည့်တေဒဂ်၊ ညာနေတက်၍၊ စက်လက္ခဏာ၊ ဆင်းရုပ်ဝါလည်း၊ ငါနှင့်မခြား၊ လွန်ထင်ရှားလျက်၊ အများမျက်ရှု၊ ချစ်ဘွယ်စုသည်။ ။ရာဟု ငါ၏ ချစ်သားတည်း။ (၃)

၅၃၄။ မိထိလာပြည်မ၊ ဝိဒေဟနိုက်၊ လူမျှား*ဥသျှောင်၊ စိုးတခေါင်ဖြင့်၊ *မြားမြောင်ကြာ*ညောင်း၊ နှစ်အပေါင်းတိ၊ အသောင်းအသောင်း၊ ရှစ်ပြန် နှောင်းမှ၊ ထောင်ပေါင်းလေလီ၊ လေးကြိမ်စီ၍၊ ဒီဃာယုက၊ နတ်*တမျှသို့၊ တတိယနန်းတည်၊ သက်ရှည်ဘုန်းကြီး၊ နေ့*နှယ်ညီးလျက်၊ နန်းထီးစွန့်ကြွ တောထွက်စ၍၊ ဗြဟ္မာ့ဘုံအောင်၊ တပြည်ထောင်သည့်၊ မင်းခေါင်မဃ၊ *စောဒေဝကား၊ *မဆွစွာစွ၊ ကမ္ဘာဘာက၊ မဟာဓမ္မရာဇ်၊ ရှင်ချစ်အပေါင်း၊ မရေကောင်းနိုက်၊ဆုတောင်းစိတ်မျှ၊ပြုထရှည်ကြာ၊ သုမေဓာသော်၊အင်္ဂါရှစ်ပါး၊ စုံသော့အားဖြင့်၊ ဘုရားဒီပင်၊ဗျာဒိတ်တင်တိုင်း၊ဗုဒ္ဓဝင်စဉ်၊ ကမ္ဘာယှဉ်၍၊ စီလျှဉ် မှတ်မူ၊ တဆူသာရ၊ ဒွေမဏ္ဍနှင့်၊ ဝရသုံးဖြာ၊ သာရမဏ္ဍ၊ လေးဗုဒ္ဓတိ၊ ဘဒ္ဒ ငါးပါး၊ ဘုရားနှင့်ကပ်၊ ပည်ပ်ငါးအင်၊ ကမ္ဘာတွင်နိုက်၊ ဒိပင်္ကရာ၊ မြတ်စွာ ရှင်စော၊ ပွင့်သောကမ္ဘာ၊ တဖြာထိုပြင်၊ သုမင်္ဂလ၊ သုမနနှင့်၊ ရေဝတ သောဘိ၊ ပွင့်ကြစီသား၊ အညီကေန်၊ သာရမဏ်တည့်၊ တဘန်ထိုမှ၊ ကောဏ္ဍသမ္ဗုဒ်၊ ပဒု မုတ်က၊ သိဒ္ဓတ္ထ ဝိပဿီ၊ တွင်ညီသာရ၊ အနောမ ပဒုမ၊ နာရဒနှင့်၊ ပိယအတ္ထ၊ ဓမ္မ ဟူသည်၊ သုံးမည်သာလှ၊ သမ္ဗုဒ္ဓတို့၊ ဝရမည်သာ၊ သုမေဓ သုဇာတ၊ မြတ်တိဿ နှင့်၊ ဖုဿဟူပြီ၊ သိခီဝေဿဘူ၊ အတူမဏ္ဍ၊ ကြွင်းထသုံးလူ၊ ကကုသန္ဓ၊ ကောဏာ ဂမနနှင့်၊ ကဿပမြတ်စွာ၊ ပွင့်ရာဘဒ္ဒ၊ သည်သို့ကျအောင်၊ ပွင့်ကြသရွေ၊ ပွင့်တိုင်းစေ့ပင်၊ ခြင်သေ့တပါး၊ နဂါးနှစ်ဦး၊ ဘီလူးတခါ၊ ဂူန္ဒာတဖြစ်၊ လူဇာစ် ဆဲ့ကိုး၊ ဇာတ်နွယ်ရိုးကား၊ မင်းမျိုးအဌ၊ ဗြာဟ္မဏ သတ်၊ စက္ကဝတ်ဒွေး၊ သူဌေး ဧကေ၊ မာဏဝ သုံး၊ နှလုံးသိမ်မွေ့၊ သူတော်လေ့ဖြင့်၊ ရသေ့ပဥ္စ၊ ထိုလောက်မျှတွင်၊ သမဏ နေ၁၊ အရောရောတည့်၊ ရှင်*စောမြတ်စွာ၊ ငါဆရာလျှင်၊ ကမ္ဘာသိန်းနေ၊ လေးသင်္ချေတွင်၊ လေးထွေသစွာ၊ *မုံရင့်ကြာသို့၊ ငုံအာသင်းကြူ၊ ပွင့်ကြမူသည့်၊ လေးဆူကြိမ်တစ်၊ သုံးဆူ နှစ်နှင့်၊ တွက်စစ်မမှား၊ နှစ်ပါးသုံးလီ၊ တစ်စီလေးဆင့်၊ ငါးဆူပွင့်မှာ၊ တကြိမ်သာတည့်၊ မြတ်စွာပွင့်ရပ်၊ ဆဲ့တကပ်နိုက်၊ သဗ္ဗညုတ၊ မြတ်ဉာဏနှင့်၊ ဗုဒ္ဓတံဆိပ်၊ ငါးမာရ်နှိပ်သား၊ နှစ်ကျိပ်သုံးပါး၊ ရှင်တော်များ၏၊ ထံပါး*ကျိုးနွံ၊ ဗျာဒိတ်ခံ၍၊ နာမံတိုင်းပြည်၊ ပွင့်သည်ဗောဓိ၊ ဘမိ အဂ္ဂ၊ ဥပဋ္ဌနှင့်၊ ကျားမနှစ်ပုံ၊ အစုံစီချည်း၊ တသံတည်းဖြင့်၊ *လိပ်လည်းယွင်း*မဲ့၊ သောင်းတိုက်နဲ့အောင်၊ နှစ်ဆဲ့လေးထပ်၊ တံဆိပ်ကွပ်သို့၊ ပေးအပ်မဆိတ်၊

ရွှေဗျာဒိတ်ကို၊ *ကြိတ်ကြိတ်ကြည်ဖြူ၊ အမြဲးယူပြီး၊ ဇမ္ဗူဌာန၊ ဤကျွန်းမှလျှင်၊ ဒီပစကြာဝဠာ၊ တပါးမှာသို့၊ လားရာမယို၊ မြဲးကုန်ဘိလျက်၊ ဝီစိလောကန်၊ သည်းထန်လောင်ဆာ၊ နိဗ္ဗာခုပိ၊ ကပ္ပိကာလ၊ ငုံးကအောက်ဟူ၊ လူမှာ*ဆွံ့အ၊ ဇာစွန္တနှင့်၊ သောတဝိကလ၊ မိန်းမ ဥဘတောဗျည်း၊ ဘုန်းနည်း*ကြန်ယုတ်၊ ပဏ္ဍုက်ပဋ္ဌာ၊ မိစ္ဆာနိယတ၊ အရူပအသညာ၊ ဘုံသုဒ္ဓါတည့်၊ မဟာပုရိ၊ ဗောဓိသတ္တာ၊ ဗျာဒိတ်ရတို့၊ မကျမနစ်၊ မဖြစ်ထိုက်ရာ၊ နိသံသာဖြင့်၊ အဋ္ဌာရသ၊ အဘဗ္ဗခေတ်၊ တဆဲ့ရှစ်နိုက်၊ မဖြစ်ခဲ့ဘဲ၊ လွဲးကြီးလွဲး၍၊ ထွတ်ကဲဘုန်းလူ၊ သယမ္ဘူစစ်၊ ကိုယ်တော်ဖြစ်အောင်၊ ဆုတ်*နစ်*မဲ့ငြား၊ ဆယ်ပါးပါရမီ၊ ငါးလီမဟာပရိစ္စာဂ၊ စရိယသုံး၊ အကုန်†ကျုံး၍၊ ကြုံး†ကြုံးဝါးဝါး။ ငါသို့ကားဟု၊ အသားမြေထု၊ သွေးစု ပင်လယ်၊ ရေပြင်†ကျယ်နှင့်၊ မိုး†ကြယ်မျက်လုံး၊ ပမာရှုံးအောင်၊ အဆုံးမရှိ၊ ပြုဘိကြီးစွာ၊ ပြု၍သာလျှင်၊ မဟာဝေဿန်၊ ဆုံးစွန်ဘဝ၊ ရောက်ကာလနိုက်၊ သက်မျှသည်းချာ၊ လွှန်ချစ်စွာသား၊ ကဏှာ ဇာလီ၊ မဒ္ဒီမိဖု†ရား၊ သားမ†ယားကို၊ ပုဏ္ဏားတို့လက်၊ ချရေစက်နှင့်၊ အသက်ဆုံးခါ၊ တုသိတာဝယ်၊ ချမ်းသာတုမဲ့၊ နှိုင်းမ*ဟဲ့အောင်၊ ငါးဆယ့်ခုနစ်ကုဋေ၊ တွက်ရေအစွန်း၊ နှစ်ခြောက်သန်းတိ၊ စံမြန်းစဉ်ခိုက်၊ သောင်းတိုက်စက္ကဝါ၊ ဗြဟ္မာနတ်များ၊ ပန်သော့အားဖြင့်၊ ဘုရားဖြစ်ဘို့၊ လူတို့ဌာနီ၊ ပြည်ကပီဝယ်၊ သာကီမျိုးမြတ်၊ သမ္မိန်ဇာတ်သို့၊ မပြတ်စပ်ကာ၊ မင်းဥက္ကာ၏၊ သကျာဝတံ၊ မိန့်ဩဇတိုင်း၊ နှမနှင့်မောင်၊ ပြည်ထောင်ပြည်ကြီး၊ နန်းထီးအုပ်မိုး၊ ဆက်စိုးစံပျော်၊ နွယ်တော်စဉ်ရှေး၊ တဝေးမပြား၊ တရားတည်ဖြောင့်၊ မြဲးစွာစောင့်လျက်၊ ရှစ်သောင်းလေးထောင်၊ စွန်းဆောင်တွက်စစ်၊ တကျိပ်နှစ်တည့်၊ ပွါးသစ်နွယ်စင်၊ မဟာဝင်တို့၊ သောင်းခွင်*လွှံ့ကျော်၊ တုမမြော်သား၊ ဘေးတော်ဇေယျ၊ ဘိုးသီဟတိုင်၊ သကျနွယ်ရိုး၊ အစဉ်စိုးလျက်၊ ငါ့ဘိုးသီဟ၊ ငါ့သကျ၏၊ သုဒ္ဓ ဓေါဒန၊ အာဒိစသား၊ သက္က သုက္က၊ အမိတနှင့်၊ ဩဒနပုဒ်၊ နောက်တိုင်းထုတ်ပြီး၊ နိရုတ်နာမံ၊ အမည်ခံသည့်၊ သက်နှံ့သားချင်း၊ ငါးပါးမင်းတွင်၊ နောင်ရင်းစင်စစ်၊ ဖြစ်ထမှန်စွာ၊ သိန်းကမ္ဘာလုံး၊ ပါရမီဖြည့်ကျိုး၊ စုံပြည့်ဖြိုး၍၊ တန်းခိုးမတိမ်၊ စည်းစိမ်မပျက်၊ ရာကျော်သက်နှင့်၊ နန်းဆက်ဘုံပေါ်၊ နိဗ္ဗာန်ပျော်သည့်၊ တောဇော်တောက်ပ၊ ငါ့ခမည်းမြတ်၊ သုဒ္ဓေါ်နတ်၏၊ သက်မှတ်ဘုန်းရှိ၊ သူဇာမိသို့၊ *အချိ*ပြောထူ၊ မျှားရှင်လူတို့၊ မြင်သူမူးမက်၊ မသွားရက်အောင်၊ မွှေညက်သား†ရေ၊ ဣ†န္ဒြေနှင့်၊ သ†ရေရှန်းညီ၊ သမ္ပတ္တိကြောင့်၊ သီရိမဟာ၊ ဘွဲ့ဦးသာသား၊ မာယာညာနန်း၊ မိကြင့်နန်း၏၊ ကြာခန်းဝမ်းတိုက်၊ ပျော်ပိုက်ကိန်းဝင်၊ နိမိတ်ထင်၍၊ ဝန်းကျင်ဇာတိ၊ ခေတ်အရှိလုံး၊ နှံ့သိထင်ထင်၊ သောင်းပဲ့†တင်ဖြင့်၊ သံ†တင်ကြိုး†ရိုက်၊ ဘဝဂ်ဆိုက်သား၊ တုန်†ယိုက်င†ရင်၊ ငေး*ယင်†ယင်ကို၊ ကောင်းကင်ရေမြေ၊ ဆူလှိုက်ဝေလျက်၊ သန္ဓေကိစ္စ၊ ပဋိမနေ့၊ တည်သိမ်မွေ့ပြီး၊ ချိန်စေ့ဆယ်လ၊ ရက်ရသုံးရာ၊ ကာလကြာအောင်၊ ရင့်မာဗ္ဗုန္ဒြေ၊

စံငြိမ်နေမှု၊ ပိုး လေ ဥတု၊ စုံတခုမျှ၊ မြူဏုမသန်း၊ လျှမ်းလျှမ်းယိုစီး၊ ခေတ်ရောင်မီးနှင့်၊ ညီးညီးထိန်ဝင်း၊ ဖလ်ကြုတ်တွင်းဝယ်၊ ရွှေဆင်းတုလား၊ ထူးမခြားဘဲ၊ မယ်ဘွားပြင်က၊ ရှုထမပြတ်၊ သောင်းတိုက်နတ်တို့၊ ရံပတ်စောင့်နေ၊ ဘေးမဲ့စေလျက်၊ ပင်ခြေရှင်းရှင်း၊ နတ်တို့ကျင်းသား၊ အင်ကြင်းစုံစီ၊ ပွင့်သိင်္ဂီသို့၊ လုမ္ဗိနီသာမော၊ ဥယျာဉ်တောနှိုက်၊ ရှင်*စောငါလျှင်၊ ဗောဓိပင်နှင့်၊ နတ်သွင်ယသော်၊ ညီတော်အာနန်၊ မြင်းတော်ကဏ်က၊ ဆေန် ကာဠု၊ လေးခုရွှေအိုး၊ ပြိုးပြိုးရောင်လက်၊ တပြိုင်နက်ဖြင့်၊ ဘွားဘက်တော်စစ်၊ ဤခုနစ်နှင့်၊ သုံးခေတ်လူ့ခွင်၊ တုမမြင်အောင်၊ သန့်စင်ဘွားမြောက်၊ တဆဲ့ခြောက်သို့၊ ရွှယ်ရောက်သက်ဆစ်၊ တိုင်တုံလစ်က၊ ရွှေစစ်ဆင်းဝါ၊ မင်းဗိမ္ဗာနှင့်၊ ဣန္ဒာသူဇာ၊ ပမာတညီ၊ ဆောင်ကိုယ်စီနှင့်၊ သာကီပျိုပေါင်း၊ လေးသောင်းခရံ၊ ဘိသိက်ခံပြီး၊ မောင်*နှံမကွာ၊ နှစ်ကြာဆဲ့သုံး၊ လုံးလုံးမပျက်၊ နန်းတက်စံစား၊ သားတော်ရာဟု၊ မြင်ရှုမျက်နှာ၊ ထိုနေ့သာလျှင်၊ စွန့်ခွါရက်ရက်၊ ညဉ့်သန်နက်နှိုက်၊ ဘွားဘက်တော်ဆန်၊ မြင်းတော်ကဏ်နှင့်၊ ရှင်ကျွန်သုံးပါး၊ လိုတူအားဖြင့်၊ ယောကျ်ားတွက်ရေ၊ ဗိုလ်ခြေခန့်ကျုံး၊ အားကုန်ကြုံးပြီး၊ လက်ရုံးနှစ်ထောင်၊ ဆွဲးဆောင်ဘွင့်ပိတ်၊ ခဲး*ကျိတ်ကျိတ်တိ၊ မြဲးကြိတ်ကျပ်တည်း၊ သံဟီကြည်းလျက်၊ အကျည်း*မင်းတုပ်၊ ချမြုပ်လျှိုထား၊ မြို့တံခါးကို၊ နတ်များအသင့်၊ ဘွင့်လှစ်ထားရာ၊ ထွက်ကြွလာသော်၊ စကြာရောက်အံ့၊ ဆိုင်းငံ့ပြန်သွား၊ မာရ်နတ်တားလည်း၊ ပယ်ယှားတုံလျက်၊ စိတ်မကွက်ဘဲ၊ တောထွက်ခဲ့ပြီး၊ သုံးပြည်ကြီးကို၊ ခရီးပြင်း*ဝှန်၊ လွန်စေညဉ့်ခြင်း၊ ကျော်ထုတ်ချင်းတည့်၊ *သောက်လင်းရောင်ဝါ၊ အရုဏ်လာက၊ နော်မာကမ်းယပ်၊ ထိုမှာရပ်သို့၊ ဆိုက်ကပ်ကြော်လျက်၊ သဲးဘော်လျက်နှင့်၊ တဘက်သောင်ဝယ်၊ ဖြတ်ပယ်သျှောင်လုံး၊ မင်းသုံးဝတ်လဲး၊ ချွတ်လွှဲးစွန့်ကာ၊ ဗြဟ္မာလှူဒါန်း၊ ကြာသက်န်းဖြင့်၊ ရဟန်းပြုမော၊ ဥရုတောတွင်၊ ရိုးကြောကျန်လစ်၊ ကိုယ်ရေစစ်အောင်၊ ခြောက်နှစ်ဒုက္ကရ၊ ကျင့်ထပြီးခါ၊ သေနရွာမှ၊ သူဇာကပ်လှူ၊ ကြိုင်*ပျံ့ကြူသား၊ သုဒ္ဓါပမာ၊ ဆွမ်းသြဇာကို၊ ခံငှါရှုထ၊ ထိုခဏနှိုက်၊ ဗြဟ္မာ့သပိတ်၊ ဘိတ်ဘိတ်ကိုယ်တွင်၊ မထင်ကွယ်ခဲ့၊ ခံဘွယ်*မဲ့က၊ တဆဲ့နှစ်ရာသီ၊ သိင်္ဂီဘိုးနဂ်၊ ထိုရွှေခွက်ကို၊ ရွှေလက်တော်တွင်း၊ စွန့်လွှတ်ခြင်းဖြင့်၊ ဆက်နှင်းသမှု၊ တောင်းဆုပန်ယူ၊ ကပ်ခဲ့လှူသော်၊ ဆွမ်းဖြူနို့ဓမ်း၊ ခံယူလှမ်း၍၊ မြစ်ကမ်းနေရဉ်၊ တင်ပျဉ်ခွေရှက်၊ ငြိမ်သက်တည်းချုပ်၊ ရွှေညဏ်အုပ်ပြီး၊ တလုပ်တရက်၊ ချိန်တာတွက်သို့၊ တလမျက်ခန့်၊ လုပ်ဖြန့်ရေချိုး၊ လေးဆဲ့ကိုးဖြင့်၊ ပြည့်*ဖြိုးအင်တက်၊ ဘုဉ်းပေးလျက်တိ၊ ရွှေခွက်ညာဆန်၊ ဝမ်းဘဲးဟန်သို့၊ မိဋ္ဌာန်စွန့်မျှော၊ ညနေစောနှိုက်၊ တောကထွက်လာ၊ လမ်းမှာတွေ့ကြ၊ သောတ္ထိယထံ၊ လှူခံမြက်ဆုပ်၊ ရှက်အုပ်မြဝေ၊ ဗုဒ္ဓဟေပင်ရင်း၊ ဗောဓိမင်းအောက်၊ ဖြန့်ကျင်းထိုင်မြောက်၊ ပလ္လင်ပေါက်၍၊ လာရောက်ရှူးရှူး၊ မာရ်စစ်ရူးတို့၊ ကြောက်မူးဘွယ်လိ၊ မြေမှုန့်

*ရှိဖြင့်၊ *အချိ*ပြောဟုံ၊ ဝိုင်းအုံကြွေးဟစ်၊ လျှပ်စစ်မိုးကြိုး၊ နတ်စက်မျိုးနှင့်၊ လေဆိုးတိုက်†လွှင့်၊ တောင်ကြီး†လွှင့်လောက်၊ မာရ်မင့်းရန်ကြီး၊ ရန်တမီးကို၊ ပျက်စီးစေတတ်၊ ဘဝဂ်ပြတ်မျှ၊ ရိုက်ခတ်ပဲ့တင်၊ မြေအပြင်နှင့်၊ ကောင်းကင်မိုးလုံး၊ အုပ်ဖုံးပိတ်စပ်၊ လင်းကွင်းရှပ်သို့၊ ဘိညှပ်ကြိုးခုန်၊ သောင်းတိုက်တုန်အောင်၊ ရွှေပုညာဘိ၊ တုမယှိသား၊ မိပတိခေါင်မှူး၊ ဘုန်းတော်ထူးဖြင့်၊ ပွဲဦးအောင်မြင်၊ ဇေယျာ*ရင်မှ၊ ချုပ်ဝင်စက်နေ၊ ညဦးခြေဝယ်၊ ပုဗ္ဗေနိဝါသ၊ သန်းခေါင်ကျသော်၊ ဒိဗ္ဗလက်ရောက်၊ မိုး*သောက်နေစက်၊ အရုဏ်တက်နှိုက်၊ နဲ့နက်သမုပ္ပါဒ်၊ ဒွါဒသ်အစု၊ ဆဲ့နှစ်ခုကို၊ အနုလုံ ပဋိလုံ၊ နှုတ်ငုံဘန်ဘန်၊ ပြန်လှန်အောက်ထက်၊ ဉာဏ်စက် ဝရဇိန်၊ လွှတ်ချိန်ဖြတ်ချိုး၊ ရွှတ်ရွှတ်†ကျိုးပြီး၊ မိုး†ကြိုး*အက်†ခြ၊ နတ်စက်†ချသို့၊ ခုဒ္ဒကကျမ်းလာ၊ ရှစ်ရာနှင့်တစ်၊ ကိလေစစ်နှိုက်၊ ရာ့ရှစ်တဏှာ၊ ပယ်နုတ်ကာလျှင်၊ မိစ္ဆာဒွါသဋ္ဌ၊ ထည့်လတ်တုံပြန်၊ အနုပွန်နှင့်၊ ညပွန်နှစ်ပါး၊ ထပ်ပွါးမြှောက်*ကြို၊ ဆယ်ပါးပိုကို၊ မလိုပယ်ချ၊ ဦနသချာ၊ ထောင့်ငါးရာဟု၊ ကိလေသာဆိုး၊ မိုက်မျက်မျိုးကို၊ ပြတ်ကျိုးကြေမွ၊ မကျန်ရအောင်၊ ပြာကျစေလျက်၊ ပစ်ချေညက်မှ၊ အာသဝက်ဉာဏ်၊ မဂ်ဆုံးစွန်ဖြင့်၊ သုံးတန်ဝိဇ္ဇာ၊ ပြီးမြောက်စွာ၍၊ နုပါဒိဓာတ်၊ အမြတ်ဆုံးစွန်၊ ရောက်ကြောင်းမှန်သည့်၊ လေးတန်ပိုင်းခြား၊ မဂ်အကြားတွင်၊ ရငြားအလို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ပယ်ကျန်ကိလေ၊ ဤငါးထွေနှိုက်၊ မသွေဆတ်ဆတ်၊ ဆင်ခြင်တတ်လျက်၊ ဒဿနစစ်၊ တစ်စီဖြစ်သား၊ ပစ္စဝေက္ခဏာမည်ယှို၊ ဉာဏ်ဝီထိမျိုး၊ ဆဲ့ကိုးချက်နောက်၊ မဘောက်မပြန်၊ နာဝရဏ်ဖြင့်၊ သမန္တစက်၊ *စံမဘက်အောင်၊ ဝက်ဝက်ခြားပိုင်း၊ ညေ ယျဂိုဏ်းကို၊ ယှိတိုင်းမကြွင်း၊ မယှိခြင်းမျှ၊ ခြင်းတော့သည်သာ၊ ပိတ်မကာဘဲ၊ နောင်လာ ခု တိတ်၊ ပရိတ် မဟဂ်၊ ကိုးချက်လောကုတ်၊ မယုတ်လုံးစုံ၊ အာရုံခြောက်ဘို၊ တရားတို့လည်း၊ အလိုအလျောက်၊ *လျှင်ရှောက်မ*ညောင်း၊ တပေါင်းချက်ပြီး၊ သီးသီးစဉ်ကာ၊ လိုရာအကြိမ်၊ ဆွတ်ချွေနှိမ်သို့၊ သကိ ကမာ၊ သိနိုင်စွာကြောင့်၊ ကြံငှါမယှိ၊ အံ့ဘွယ်ချိသား၊ အစိန္တိယာ၊ မဟာဝဇိရ၊ ဉာဏကြီးထု၊ သဗ္ဗညုဟု၊ အတု*မဲ့တုံ၊ ဗုဒ္ဓဘုံသို့၊ လုံးစုံရောက်ဆိုက်၊ အောင်လံစိုက်၍၊ သောင်းတိုက်*ဝှန်ဝေ၊ ကျော်နှံ့စေလျက်၊ အသခေ်ျယျံ၊ နာမံတံဆိပ်၊ ခတ်နှိပ်မဆုံး၊ သုံးခေတ်လုံးတွင်၊ ဘက်မမြင်သည်။ ။ငါလျှင် သုံးလူ့ထွတ်ထားတည်း။ (၄)

(ဤကား ဇာတ်ပေါင်း-ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသတည်း။)

## ၅-နိဂုံးခဏ်း

မဃဒေဝဇာတက် နဝမံ[၁]။

၅၃၅။ ငါးရာ့ငါးသွယ်၊ မြစ်ကြီးငယ်ထက်၊ လွန်*ကယ်များမြတ်၊ ထိုမျှဇာတ်တိ၊ နိပါတ်ကျမ်းစစ်၊ နှစ်ဆဲ့နှစ်တွင်၊ ရှေးဖြစ်အစ၊ ဧကနိပါတ်၊ ဇာတ်ရာ့ငါးဆယ်၊ သုံးသွယ်သင်္ဂဟ၊ ပဏ္ဏာသတွင်၊ ပထမပဏ္ဏာ၊ သင်္ဂါတင်ချက်၊ ထိုငါးဝဂ်တွင်၊ မပျက်အမှန်၊ အပဏ္ဏက၊ ပထမတည့်၊ ဒသဇာတ်စု၊ အပေါင်းပြုတွင်၊ ကိုးခုမြောက်ထ၊ နဝမဟု၊ မဃဒေဝ၊ ဇာတကသည်၊ ကိစ္စပြီးမြောက်၊ ပြည့်စုံရောက်တည်း။ (၅)

(ဤကား နိဂုံး၊ အဆုံးကမွတ်၊ အပြီးသတ်အောင်-ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသတည်း။)

ဇာတ်ပေါင်းခဏ်း ၅-ပိုဒ် ပြီး၏။

---

## နိဂမခဏ်း အဆက်

### ၁-ဓမ္မစရိယာနုယောဇဉ်

၅၃၆။ မှတ်ကြပဏ္ဍိ၊ စစ်ရိုးသိစိမ့်၊ အာဒိရှေးဖျား၊ ကြားသည့်ကျမ်းနိုက်၊ ရှင်တော်*ရိုက်သည့်၊ အမြိုက်ဆောင်ငြား၊ မြတ်တရားကား၊ တပါးရသ၊ ဓမ္မဝိနည်း၊ ပေါင်းစည်း ဒုက၊ ပထမမဇ္ဈိ၊ ပစ္ဆိဝစန၊ ခွဲထသုံးမှတ်၊ ပိဋကတ်သုံးဖြာ၊ ဒေသနာနှင့်၊ကထာသာသန၊ သုံးစီပြလျက်၊ ပဉ္စနိကာယ်၊ကိုးသွယ်အင်္ဂါ၊ဓမ္မခန္ဓာ ရှစ်သောင်း၊ လေးထောင်ပေါင်းဟု၊ မှတ်ကြောင်းဆယ်ဖြာ၊ စစ်ရိုးလာတွင်၊ မှန်စွာဘော်ထုတ်၊ ဝိမုတ်ရသ၊ တကိစ္စတည့်၊ ဓမ္မမဇ္ဈိမ၊ သုတ္တန္တပိဋကတ်၊ ပညတ်များစွာ၊ ဝေါဟာဒိဋ္ဌိ၊ ဝိနိဝေဌနာ၊ ယထာနုလောမ၊ခုဒ္ဒကမျိုး၊ ဟောရိုးဇာတ်မှန်၊ တောထွက်ဟန်ဖြင့်၊ နုသန်ဧကာ၊ ဖြစ်ခြင်းရာကြောင့်၊ ခန္ဓာဧကော၊ တပါးရရှင့်၊ သည်မျှရှေသော၊ အဋ္ဌကထာ*နိဿရည်း၊ သုတ်စစ်နည်းသည်။ ။ရိုးစည်းအသင့် မှတ်†ရုံတည်း။ (၁)

၅၃၇။ ထိုမှတ်ပြီး၊နေတ္တိအလင်္ကာ၊များစွာဆန်း†ကြွယ်၊ဆိုနည်း†ကျယ်၍၊ မလွယ်သိခက်၊ လွန်နဲ့နက်၏၊ မှတ်ချက်ဓမ္မ၊ လိုရင်းပြက၊ မဃဒေဝ၊ သတ္တမဟာ၊ မြတ်ရာဇာ၏၊ မိန့်မှာဟောထ၊ ဒေဝဒူတာ၊ ပုဒ်အလာဖြင့်၊ ခေါင်းမှာမယှင်း၊ ဆံဖြူခြင်းကား၊ သေမင်းမိုးနတ်၊ ဝိသုဒ်မြတ်တို့၊ သေမှတ်သေစာ၊ ပြကြားလာဟု၊ ဂါထာအနက်၊ ဤအချက်ကို၊ မပျက်နှလုံး၊ စွဲသုံးသော့အား၊ မြဲးမှတ်သား၍။ ။တရားယူသင့် ရေးပုံတည်း။ (၂)

---

[၁] ဇာတကအဋ္ဌကထာ၊ ၁-၁၅၆။

၅၃၈။ တရားရေးပုံ၊ ယူတုံမှတ်ဘိ၊ ရသတိဖြင့်၊ မိမိခေါင်းတွင်၊ ဆံဖြူ
မြင်သော်၊ ငါလျှင်အပြီး၊ သေချိန်နီးခဲ့၊ သမီးနှင့်သား၊ မယားနှင့်လင်၊ သက်
*နှယ်ကြင်လည်း၊အသျှင်သေမင်း၊မကြာခွင်းလိမ့်၊ သေခြင်းနီးစွာ၊ ရောက်သော့
ငါကား၊ အိမ်မှာပျော်†ကျူး၊ ဘယ်ယှိုနိုးအံ့၊ နေ†ကြိုးနေ†ကြား၊ ကျင့်ပြောက်
†ကျားနှင့်၊ လေးပါးပါယ်ထဲ၊ မီးငရဲမှ၊ လွတ်မြဲမဟူ၊ သတိမူလော့၊ ငယ်သူ
*တကာ၊ နုသေးစွာဖြင့်၊ ခိဋ္ဌာဒသက၊ မန္တာစသား၊ *ပတ်လျစ်ုရှင်၊ *လုလင်
*သမဲ့၊ *လုံ*မိညဲ့နှင့်၊ ဉာဏ်မွဲ့တုံးပေ၊ မိုက်မူးဝေသည့်၊ လူလေလူဝါး၊ လူ*ပြိန်း
များသို့၊ ပျော်ပါးစိတ်ကြိုက်၊ ဝသီလိုက်၍၊ စရိုက်ယုတ်မာ၊ ဝါသနာဆိုးဝါး၊
တမားမားဖြင့်၊ တရားလက်စွဲ၊ မယှိုဘဲလျှင်၊ မကွဲ့စုဝေး၊ အိမ်သားမြေးနှင့်။ ။
သေရေးမလှ မလုံတည်း။ (၃)

၅၃၉။ သေရေးမလုံ၊ မလှတုံဘဲ၊ အာရုံတိမ်းကာ၊ ဥစ္စာခမ်းနား၊ လယ်ယာ
များနှင့်၊ မယားကိုစွဲ၊ သားကိုစွဲကြောင့်၊ ငရဲနစ်လေ၊ ကြွက်မြွေကျေးသား၊
ခွေးနွားဘုတ်ပြိတ်၊ အဟိတ်ယုတ်†မာ၊ ဖြစ်ကြစွာခဲ့၊ သ†မ္မာမလို၊ ကုသိုလ်
မကြိုက်၊ဒုစ္စရိုက်ဖြင့်၊ ကြက်တိုက်အန်ခတ်၊ ပတတ်ယုန်ထိုး၊ ယစ်မျိုး*သောက်
*†တုတ်၊ ယစ်†ထုတ်လေ့လာ၊ သေစာ ဘင်း†ဘိန်း၊ တဖိန်း†ဖိန်းနှင့်၊ ပိန်း၍
မူးဝေ၊ မိုးမြေမသိ၊ ဟူဘိပမာ၊ မေ့လျော့စွာလျက်၊ ပါယ်ရွာစီးပွါး၊ တမားမား
တည့်၊ ကြိုးစားသက်လုံး၊ လူမိုက်ထုံးကား၊ မတုံးလက်စ၊ သေမလှဘူး၊ ဗုဒ္ဓ
သုံးလူ့၊ ဟောဘော်ပြုသား၊ ယခုပစ္စုပ္ပန်၊ တမလွန်ဟု၊ နှစ်တန်ကာလ၊
နှစ်ဘဝလုံး၊ ဒုက္ခဒုက္ခ၊ သုသုခနှင့်၊ သုခဒုက္ခ၊ ဒုက္ခသုခါ၊ ကျိုးယှိုစွာတည့်၊
သမာဒါန၊ ကံကိစ္စဖြင့်၊ ဓမ္မအရင်း၊ ဆောက်တည်ခြင်းတည့်၊ ယင်းသို့ဟောဆို၊
သဘောလိုကား၊ အကုသိုလ်မှု၊ ဤယခုနိုက်၊ ပြု၍ဒုက္ခ၊ ဆင်းရဲရနှင့်၊ ပုည
တရား၊ ရှင်ပျော်ပါး၍၊ အားထုတ်ကြည်ဖြူ၊ ဝမ်းမြောက်သူတို့၊ မှတ်ယူပထမ၊
ဒုတိယရှင့်၊ ပါပပြုလျက်၊ ရှင်အားတက်၍၊ နှစ်သက်ရသူ၊ ကုသိုလ်မူလည်း၊
စိတ်ပူလက်ဆာ၊ မသာမယာ၊ ပြုပါကုန်ကြ၊ တတိယနှင့်၊ စတုတ္ထဆို၊ မြဲမှတ်
သိုလော့၊ ထိုလေးပါးတွင်၊ ဗူးခါးသီးနှင့်၊ ဆိပ်နှီးစပ်နှော၊ ထိုသဘောဖြင့်၊
လတ်တလောသာ၊ သေတတ်စွာသို့၊ သမာဒါန၊ ပထမမှတ်၊ ပျားထောပတ်တူ၊
ဒုတိဟူရှင့်၊ သင်းကြူချိုမော၊ ဆိပ်ရောအဖျော်၊ နှိုင်း*လျော်မှတ်ဘိ၊ တတ်
မဝေး၊ နွားကျင်ဆေးသို့၊ လေးခုမြောက်†ထ၊ စတု†တ္ထတည့်၊ ဉာဏကဂိ၊
ပညာယှိုတို့၊ မှန်သိမုချ၊ မှတ်ကုန်ကြလော့၊ ထိုမျှတိမ်းယူ၊ အပြိန်းလူနှင့်၊
မတူစေရ၊ မဃဒေဝေါ၊ လောင်းတော်*သနင်း၊ နေမိမင်းသို့၊ စွန့်ကင်းပိုင်ပိုင်၊
မတတ်နိုင်လည်း၊ လက်ကိုင်သမ္မာ၊ ယူပြောင့်စွာလျက်၊ မိစ္ဆာမငြိ၊ ဒိဋ္ဌိမယှဉ်၊
ပညာဉ်မခွ၊ ပမာဒဖြင့်၊ ပါပမနေ၁်၊ မမွေ့လျော်ဘဲ၊ လူ့ဘော်ကျင့်သုံး၊
သူတော့်ထုံးကို။ ။နှလုံးပိုက်ကြ အာ†ရုံတည်း။ (၄)

၅၄၀။ သတ္တဝါတွင်၊ အမြင်စက္ခု၊ ငါးပါးစုသည့်၊ သဗ္ဗညုဘုရား၊ ခြေရာ
များတွင်၊ ထင်ရှားကြီးစွာ၊ ဆင့်ခြေရာတည့်၊ နံ့သာမျိုးစစ်၊ အမြစ်တွင်သော်၊
အကျော်နက်ကျူး၊ အနှစ်ထူးကား၊ စန္ဒကူးနီသာ၊ အပွင့်မှာမူ၊ မုလေးဟူ၏၊
လူတို့*သနင်း၊ မင်းတွင်စကြာ၊ အင်္ဂါဗုဒ္ဓ၊ စသည်ငါးပါး၊ *ပဥ္စတားဟု၊
ထင်ရှားထိန်ဖြာ၊ ဂြိုဟ်*တကာတွင်၊ သောကြာစိုင်ရှူး၊ ထွန်းမြူးတောက်
ပြောင်၊ ကြယ်များ့ဘောင်တွင်၊ လရောင်လွန်ကဲ၊ မှောင်တခဲကို၊ ဘောက်ခွဲ
ပယ်ခြင်း၊ ရောင်အလင်းတွင်၊ နေမင်း*ပြဘင်၊ မြစ်တွင်သမုဒ်၊ အဟုတ်
ကြီးမား၊ တောင်ကားမြင်းမိုရ်၊ ကုသိုလ်ပညပ်၊ တရားရပ်တွင်၊ အပ္ပမာဒ၊
ထူးမြတ်လှဟု၊ လူ့ဘုမဟော၊ သုံးလူ့ဆွေတို့၊ ဟောပေတိုင်းသာ၊ မမေ့ရာသား၊
ရတနာသုံးမျိုး၊ ကြည်မြတ်နိုး၍၊ ကိုးကွယ်နေ့ည၊ ဆည်းကပ်ကြလျက်၊ ဒါန
သီလ၊ အဋ္ဌင်္ဂဟု၊ ဗြဟ္မစာရီ၊ ကျင့်ဝသီဖြင့်၊ အညီထုံမှု၊ ဆောက်တည်ပြုက၊
ဆတ္တုပါဟန၊ ဓမ္မိကနှင့်၊ နန္ဒမာတာ၊ ဝိသာခါသို့။ ။နတ်ရွာမြဲးလိမ့် ကြည်
†ယုံတည်း။ (၅)

၅၄၁။ *အထု အထ၊ လူ့ဘဝနိုက်၊ ပုရွကြီးငယ်၊ မျိုးနွယ်ယုတ်မြတ်၊
အတတ်ပညာ၊ ဥစ္စာယို*မဲ့၊ *ချို့တဲ့ပြည့်စုံ၊ *မကုံလုံနှင့်၊ *ကုံလုံ*ပြောထူ၊ အိုရှင်
လူတို့! ဆံဖြူကြိုး†ကြယ်၊ ရုပ်ဆိုးရွယ်နှင့်၊ တွင်†ကျယ်ဘိနိုး၊ သွားပါးကျိုးလည်း၊
အား†ကြိုးမာန်တက်၊ စိတ်စက်မ†ချ၊ လွန်မြောက်ကြွ၍၊ ပိုး†ခြပရွက်၊ ရွရွ
တက်သို့၊ အဘက်ရှာရှာ၊ မရှက်စွာတည့်၊ အရာမလျော်၊ ရွယ်မတော်လျက်၊
*လော်လော်မာမာ၊ ကိလေသာဖြင့်၊ လူ့ရွာပျော်ဘိန်း၊ ဆင်းဆေးမိန်းသို့၊
*အပြိန်း * အပြောင်၊ တွေ့မရှောင်ဘဲ၊ သိမ်းဆောင် * သောင်းပြောင်း၊
ငယ်ငေါင်းအရွယ်၊ မြေးမျ * နှယ်တိ၊ အဘယ်*ကလျာ၊ ပျိုနုစွာနှင့်၊ အိပ်ရာ
ယှဉ်မှီး၊ ပင်အိုသီးသို့၊ မကြီး*မ†ပြင်း၊ ဖြစ်လာကင်း၍၊ *သား†ပျင်းပုလု၊
ငယ်နုပွေ့ချီ၊ ညှိညှိအိုအို၊ တဆိုဆိုတည့်၊ ရွယ်ပျိုနုရွ၊ ရူပရုပ်ဆင်၊ နတ်
အသွင်သို့၊ *အပြင်အလျှာ၊ တင့်တယ်စွာသား၊ ကညာသွယ်*လျှ၊ သူငယ်
မကို၊ မရနိုင်သော်၊ အိုဘော်အို†ချင်း၊ နားပါးသွင်း၍၊ ပျော်†ခြင်းမထိုက်၊
အားကုန်ဂိုက်လျက်၊ လျှာနိုက်မစို၊ သွားစွယ်တိုနှင့်၊ ခွေးအိုရိုးကိုက်၊ စိတ်လို
လိုက်သို့၊ စရိုက်မှေးထူ၊ *အပြိန်းလူတို့၊ မသူတော်လေ့၊ ပျော်*တပ်မြေ့လျက်၊
မမေ့ရုံခါ၊ ပယ်မကွာဘူး၊ များစွာပတ်ရစ်၊ ငယ်နု†မျစ်သား၊ မြေး†မြစ်
သားနှောင်း၊ နွားနှယ်ကျောင်း၍၊ အပေါင်းကြွက်ဆူ၊ ဘရဘူနှင့်၊ ငယ်မူငယ်ရူ၊
ခေါင်းလုံးဖြူအောင်၊ မသူတော့်*ငြမ်း၊ *မသော့သွမ်းသည်။ ။အိုလမ်းကျ
ကြ စေသတည်း။ (၆)

၅၄၂။ ပုထုဇဉ်လိုက်၊ လူ့စရိုက်ဖြင့်၊ ငယ်နိုက်မေ့လျော်၊ လူမှုပျော်၍၊
မော်မော်ကြွားကြွား၊ မေ့လျော့ငြားလည်း၊ တရားသိလောက်၊ ရွယ်ရောက်

အနေ၊ ဣန္ဒြေငါး၊ ရင့်သော့အားဖြင့်၊ လျော့ပါးဇီဝိတိန်၊ သားပိန်ရေခန်း၊
နေဝယ်†လှန်းသို့၊ မ†လန်းသွေ့ညှိုး၊ ရုပ်ရှယ်ဆိုးလျက်၊ သွားကျိုးဆံဖြူ၊
ဖြစ်သော်မူတိ၊ လူသူ*တဝေး၊ အိမ်သားမြေးတို့၊ *မလေးမနာ၊ ပမာမပြု၊
ဂရုမထား၊ *မလောက်လားဘဲ၊ အမျှားသူငယ်၊ လူတို့လယ်နှိုက်၊ အရှယ်
မလျော်၊ မုန်းဆေးဘော်သို့၊ လူဘော်မသွင်း၊ ရှယ်ခေါင်†ချင်း၍၊ သေ†ခြင်း
နီးစွာ၊ ငါရောက်လာဟု၊ ဝါသနာငယ်†ကြိုက်၊ ဒုစရိုက်မှ၊ ကျိုက်†ကျိုက်
လောင်ဆူ၊ ရှံဘွယ်ဟူသား၊ သံပူမစင်၊ အမြင်ပြက်ပြက်၊ ထိုနှစ်ဘက်ကို၊ လက်ဖြင့်
ရှုံ့ရှုံ၊ မကိုင်ဝံ့သို့၊ ပြုအံ့မယို၊ ရှက်ကြောက်ဘိလျက်၊ ဇာတိ ဝ†ယ၊ သူ†ရအစစ်၊
ဗဟုသစ်ဟု၊ ပိုင်းဆစ်လေးပါး၊ ရှုသော့အားဖြင့်၊ ထွတ်ထားဒွိပဒုတ်၊
မြတ်သမ္ဗုဒ်တို့၊ ရွှေနှုတ်ချိုမော၊ မြွက်ဘော်ဟောသား၊ လောကပါလ၊ သုက္က
ဒေဝမ်၊ နာမံသုံးမည်၊ ရွှေဘွဲ့ချည်လျက်၊ နတ်ပြည်ထင်ရှား၊ ထူးဂုဏ်အားနှင့်၊
တရားနှစ်ရပ်၊ ဟိရောတ္တပ်ကို။ ။ကိုယ်ကြပ်ရကြ စေသတည်း။ (၇)

၅၄၃။ ဟိရိဩတ္တပ်၊ ကိုယ်ကိုကြပ်၍၊တည်းကွပ်မယို၊သတိမရ၊လူထိုမျှကား၊
လောကလူဝယ်၊ ကဲ့ရဲ့ဘွယ်နှင့်၊ အပါယ်ဆင်းခွင့်၊ ဟင်းလင်းပွင့်ခဲ့၊ ခွေးနှင့်
ဝက်လား၊ ကျွဲ နွား သိုး ဆိတ်၊ အဟိတ်တိရစ္ဆာန်၊ သဏ္ဍာန်*တမျှ၊ မိုက်မော
ဟဖြင့်၊ ဘဝဆုံတွေ့၊ ဘုံအလေ့သာ၊ အောက်မေ့သိမှတ်၊ ကြံစည်တတ်၍၊
လူနတ်စီးပွါး၊ မပြိုးငြားတည့်၊ မြသား*အ†ယောင်၊ မွေးအတောင်နှင့်၊
ဆင်း†ရောင်လှရှောင်း၊၊ငှက်ဥဒေါင်းလျှင်၊ ရှက်ကြောင်းဟိရိ၊ မယို*သော့သွမ်း၊
ကျင့်*ဟော့ရမ်း၍၊ ဖုံးလွှမ်းအပ်ရာ၊ ကိုယ်အင်္ဂါကို၊ ဘွင့်ကာပြငြား၊ ကသော
အားကြောင့်၊ မယားရတနာ၊ ရလုစွာနှိုက်၊ လွဲးကွာသွေချွတ်၊ မရလွှတ်၍၊
အမြတ်ထင်ရှား၊ နှစ်ပါးကိုယ်ကြပ်၊ ဟိရောတ္တပ်နှင့်၊ မြဲးကပ်ယှိသူ၊ ထိုနတ်လူမှ၊
သပ္ပုရိသ၊ ဟူထိုက်စွဟု၊ ရှေးကအထူး၊ တော*မှိုင်ဦးဝယ်၊ ဘီလူးကြည်ညွှတ်၊
မစားလွှတ်၏၊ ဘုံထွတ်မြင့်မား၊ မြင်းမိုရ်ဖျားထက်၊ သိကြားစံရာ၊ဝတီ သာဝယ်၊
ရင်းချာသုံးပါး၊ အစ်မမျှားကို၊ တရားအောင်ကာ၊ နတ်ခြောက်ရှာတိုင်၊
ကြေညာမဆုံ့၊ သတင်းနှံ့သား၊ မွေးပျံ့သညာ၊ ဣန္ဒာသက်မှတ်၊ ဟိရိနတ်လည်း၊
သူမြတ်အားလုံး၊ ချစ်စုရုံး၍၊ မဆုံးခြီးသံ၊ ဒေဝဓံဟု၊ စံရွှေနီလား၊ အမြတ်
ထားသည့်၊ တရားနှစ်ရပ်၊ ကိုယ်နှိုက်ကပ်၍။ ။ထိန်းကွပ်မကြ စေသတည်း။ (၈)

၅၄၄။ ထိန်းအုပ်ကွပ်၍၊ မစပ်မိစ္ဆာ၊ စိတ်သဒ္ဒါဖြင့်၊ ဒေဝါသုရ၊ သင်္ဂါ
မနှိုက်၊ သိကြားမိန့်သံ၊ ရဲးဆေးနှံ့သို့၊ ဘယ်ဆမ္ဘိ၊ မယိုပျောက်ပ၊ ကင်းလွှတ်
စွသား၊ သက္ကဣန္ဒာ၊ ပဇာပတိ၊ ကြီးဘိဘုန်းဟုန်၊ ဝရုဏ်ဒေဝ၊ ဤသာနတို့၊
ဆောက်ကြ*ဖြိုးလျှံ၊ နတ်အလံထက်၊ အရဟံသွာခါတ၊ စသည်သုပ္ပဋိပ်၊မာရ်နှိပ်
ပယ်ပျောက်၊ ကိုးခြောက်နဝ၊ တုမရသည့်၊ နုတ္တရဂုဏ်ထူး၊ ကျေးဇူး*ဖြိုးပုံ၊

ဓာတ်မျိုးလုံကို၊ အာရုံမြတ်နိုး၊ မပြတ်ကိုးလျက်၊ ရှိခိုးနေ့ည၊ မြဲမခွက၊ အစလ သဒ္ဓါ၊ မဂ်သောတာဖြင့်၊ အနာထပိဏ်၊ ကျော်ရှိန်လူမှာ၊ ဝိသာခါနှင့်၊ဂန္ဓမာနတ်၊ နာဂဒတ်က၊ စူဠမဟာ၊ ဋ္ဌာနေကဝဏ်၊ သူ*မွန်ခုနစ်ပါး၊ တရားမြဲ*မြံ၊ ဘုံစဉ် စံတို့၊ ဥဒ္ဓံသောတ၊ နာဂ်ကျအောင်၊ ရောက်ထမွန်စွာ၊ ဘုံသုဒ္ဓါဝယ်၊ ကမ္ဘာ အပေါင်း၊ သုံးသောင်းတထောင်၊ စေ့အောင်ချမ်းသာ၊ ငြိမ်းစေးစွာလျှင်၊ သဉပါဒိ၊ လက်ယှိအမြတ်၊ နိဗ္ဗာန်ဓာတ်နှင့်၊ တည်လတ်ဆုံးပိတ်၊ အကနိဋ္ဌ်နိုက်၊ ဝဋ္ဋ်ဆိတ်ကင်းရာ၊ ရှင်းရှင်းကွာသည်၊ ခေမာဘုံနန်း၊ ဝင်ကြမြန်းသို့၊ ဖြောင့်တန်း ဧကန်၊ *နေရဗ္ဗာန်လိမ့်၊ ညာဆန်ဘဝ၊ မဟုကလည်း၊ ဒေဝထက်ရပ်၊ ခြောက်ထပ် လူးလာ၊ ပျော်မြူးကာဖြင့်၊ လူ့ရွာဒင်း၊ ခန္ဓာဟောင်းကို၊ ပြောင်းရုံလဲရုံ၊ တဘုံဆင်းတက်၊ ချမ်းသာစက်ကား၊ မပျက်သော့ထွေ၊ စုန်ဆန်နေ၍၊ မသေ စာရင်း၊ ရွှေစာသွင်းလျက်၊ ကောင်းခြင်းအလား၊ တရားမရိုင်း၊ လူနတ်ပိုင်း သည်။ ။ဖြစ်တိုင်းလျှကြ စေသတည်း။ (၉)

ဓမ္မစရိယာနုယောဇဉ် ၉-ပိုဒ်ပြီး၏ ။

## ၂-ဓမ္မစရိယာနိသံသဒီပနီ

၃၄၃။ ခုနစ်မဟာ၊ ရတနာတိ၊ သဒ္ဓါပတ္တ†မြား၊ဘိုး†မျာနဋ္ဌ၊သီလ ပုလဲ၊ မျက်ရွဲ သုတ၊ စာဂ သန္တာ၊ ပညာ စိန်ကျောက်၊ ထိန်တောက်ဝင်းညိ၊ ဟိရိ ကျော့ငွေ၊ ဩတ္တပ် ရွှေဟု၊ မသွေပြည့်နှ်၊ ဥစ္စာ*မွန်နှင့်၊ ဂုဏဝန်ကျော်၊ အို သူတော်တို့ ! ရှုမျှော်ပညိန်၊ နှိုင်းချိန်မမေ့၊ တရားမွေ၍၊ စေ့စေ့ဆင်†ခြင်၊ သိစေ†ချင်၏၊ ကိုယ်ပင်တရား၊ အခြားမဟုတ်၊ မုချမှန်ဘိ၊ သုတယှိက၊ သပ္ပုရိ ခေါ်၊ မြတ်သူတော်ကား၊ အကျော်ခုနစ်ပါး၊ ဥစ္စာမျာ၍၊ တရားယုံလစ်၊ သီလချစ်လျက်၊ ခုနစ်သုစရိုက်၊ ကိုယ်နှိုက်ဖြူဆွတ်၊ အာဇီဝဋ္ဌ်နှင့်၊ မချွတ်ပြည့် ငြား၊ ပြီးသော့အားဖြင့်၊ မလားပါယ်ရပ်၊ မကပ်ဝေးကွာ၊ ကျင့်သမှာဖြင့်၊ အရိယာသူ*မွန်၊ သောတာပန်သို့၊ လမ်းမှန်ဖြောင့်စွာ၊ မထောင့်ရာသည်။ ။ နတ်ရွာရောက်ရေး ကွာမဝေး။ (၁)

၃၄၆။ စုလစ်တရာ၊ ဆန်းကြယ်စွာသား၊ ရတနာဘုံထွတ်၊ ကောင်းကင် ညွတ်မျှ၊ *တမွတ်ကြက်သရေ၊ တက်သစ်နေသို့၊ ရွှေတခဲးနက်၊ပြိုးပြိုးပြက်တိ၊ ခွဲးဝက်ယူဇနာ၊ ကျယ်စွာနံလျား၊ အစောက်အားမူ၊ နွားမင်းရှစ်တွန်၊ နည်း ညွှန်မှတ်ပြု၊ ရှစ်ဥသဘာ၊ တစ်ကဏ္ဍာဖြင့်၊ မြားကျတထောင်၊ အမြင့်ဆောင်သည့်၊ ရွှေတောင်*ဖြိုးမောက်၊နန်းမြေပေါက်နှင့်၊မိုးအောက်ဝန်းကျင်၊ တုမမြင်အောင်၊ လူ့ခွင်စည်းစိမ်၊ စံမွေ့သိမ်လျက်၊ ကြိမ်ကြိမ်လူ့ရွာ၊ မသက်လာဘဲး၊ ကာမာ ဝစရ၊ သုခ*ပြောစည်၊ မိုးမြင့်တည်သား၊ ခြောက်ပြည်နတ်ရွာ၊ နိမ္မာ ဝသ၊ စသည်ထက်အောက်၊ ဘန်ခေါက်ခေါက်တိ၊ ဆုံးရောက်စကာ၊ ပြန်လူးလာဖြင့်၊

ချမ်းသာအတိ၊ ဘဒ္ဒဇီဟု၊ ဘုန်းယှိထင်ရှား၊ သူဌေးသားသို့၊ အပြားခုနစ်၊
ဥစ္စာနှစ်နှင့်၊ စင်စစ်*ကုံလုံ၊ ခိုင်ပြည့်စုံက၊ လူ့ဘုံနတ်ရွာ၊ နိဗ္ဗုတာသည်။ ။
မြတ်ရာပေါက်ရေး ကြာမနှေး။ (၂)

## ( ဤ ၂-ပိုဒ်ကား အချီအချပိုဒ်စုံ ကိုယ်တွင်းပြည့် )

၅၄၇။ နတ်သိကြားသျှင်၊ နတ်များရှင်လည်း၊ လူ့ခွင်လူမှာ၊ လူဖြစ်
ခါက၊ ရွာမစလ၊ ထိုဂါမန္ဒိုက်၊ မာဃမည်ပြား၊ မြတ်ယောကျ်ားတည့်၊ မယား
လေးယောက်၊ လက်အောက်လူစစ်၊ သုံးကျိပ်နှစ်နှင့်၊ လွန်ချစ်ကုသိုလ်၊ အလို
မြတ်လှ၊ ယှဉ်းမခွရှင့်၊ နေ့ညမပြတ်၊ အိမ်ရှေ့နတ်သို့၊ မြတ်မြတ်နိုးနိုး၊ စိတ်ကို
နိုးပြီး၊ ရှိခိုးဦးတင်၊ ကြည်လင်ညွတ်တွား၊ ထိပ်ထက်ထားလျက်၊ ခစားမပျင်း၊
လုပ်ကျွေးခြင်းဖြင့်၊ မကင်းဝီရိယ၊ ကိုယ်တိုင်ထ၍၊ မိဘနှစ်ဆူ၊ မွေးမြူမငြီး၊
သက်ကြီးရိုသေ၊ ကုလေဇေဋ္ဌ၊ စသည့်တရား၊ ခုနစ်ပါးမြတ်၊ ပဋိပတ်ကို၊ မချွတ်
ကျင့်*နေ၊ မြဲးသော့ထွေနှင့်၊ *ဗိုလ်ခြေသွားလာ၊ သာယာစခန်း၊ လမ်းပန်း
သုတ်သင်၊ လူရှင်သုံးအပ်၊ ဇရပ်ရေကန်၊ ပန်းမာလ် ဥယျာဉ်၊ အစဉ်ပြုစု၊
ကောင်းမှုမမေ့၊ အားထုတ်လေ့၍၊ စုတေ့သော့ခါ၊ ဝတိံသာဝယ်၊ ဣန္ဒာ
ဒေဝရာဇ်၊ နတ်မင်းဖြစ်၏၊ စင်စစ်ထို့တူ၊ ကောင်းနည်းယူက၊ မည်သူမဆို၊
ဖြစ်ရာကိုယ်နှိုက်၊ ကုသိုလ်အကျိုး၊ ဘုန်းဝေဖြိုး၍။ ။တန်းခိုးမကျော် ဘိ
မူကား။ (၃)

၅၄၈။ မှတ်ဘိနားတင်၊ များလူရှင်တို့၊ ပြည်တွင်ဗာရာ၊ ပန်းမှာ မုလေး၊
အဇေး သီတာ၊ ရေမှာ မိုးများ၊ ယောကျ်ားတွင်ပေ၊ ပရမေ သုရာ၊ မိန်းမမှာကား၊
ကညာပျိုစင်၊ သီးတွင်သရက်၊ သားတွင် ဝက်ဟူ၊ မြစ်မူ ဂင်္ဂါ၊ ထူးမြတ်စွာသို့၊
သတ္တဝါတွင်၊ ဆုကြီးဆင်သား၊ ဗုဒ္ဓကူထွတ်၊ ဗောဓိသတ်ဟု၊ သူမြတ်တို့သာ၊
ဉာဏ်စိန္တာဖြင့်၊ သမ္မာဒိဋ္ဌိ၊ အသိသန့်ရှင်း၊ အပြစ်ကင်း၏၊ ခပင်း*ထိုမျှ၊
လူ့လောကနှိုက်၊ အန္ဓပုထုဇဉ်၊ ဉာဏ်မယှဉ်ကား၊ အစဉ်မှားလေ့၊ ထင်သရွေ
ဖြင့်၊ လျော့မေ့သတိ၊ မယှိပညာ၊ သဒ္ဓါနည်းပါး၊ အမိုက်အားဖြင့်၊တရားမတည်၊
*မကျည်မခိုင်၊ ယိမ်းယိုင်စောင်းငဲ့၊ အယူယွဲ၏၊ ဂုဏ်*မဲ့*တက္ကတွန်း၊ ရဟန်း
အလင်္ဂ၊ ကျင့်ဒုဿီနှင့်၊ မညီတရား၊ သူတို့အားလည်း၊ ဘုရားရဟန္တာ၊ အရိယာ
ဟု၊ မိစ္ဆာစွဲငြိ၊ မှိဝဲမိက၊ အသိကျင့်ချွတ်၊ သုနက္ခတ်သို့၊ မမြတ်အောက်လျှိုး၊
ဂတိဆိုး၍။ ။မြန်းညှိုးမယော် ဘိမူကား။ (၄)

## (ၚင်း ၂-ပိုဒ်လည်း ရှေး ကိုယ်တွင်းပြည့်-အတူ။)

၅၄၉။ ဘုရားချစ်ရှင်၊ ဟော*သွံသင်သား၊ ကိုးအင်ဓမ္မာတ်၊ တရားမြတ်ကို၊
မပြတ်သင်ကြား၊ နာသူအားလျှင်၊ ငါးပါးနိသင်၊ အကျိုးထင်၏၊ *ပုံပြင်ထုံး
ဟောင်း၊ ရှေးနှောင်းခုဖြစ်၊ စင်စစ်ကောင်းဆိုး၊ ကြောင်းကျိုးစကား၊ နည်းနာ

များကို၊ မကြားစဘူး၊ ကြားရထူး၏၊ ကြားဦးရှေးက၊ ကြားပြီးစွလည်း၊ ကြားရတဘန်၊ ကြည်လင်ပြန်၏၊ ဉာဏ်မမီငြား၊ ထင်ယုံမှားလည်း၊ ပယ်ရှား ပျောက်ပ၊ ကင်းစေရ၏၊ ဝါဒမထောင့်၊ ယူဖြောင့်စိတ်†ကြည်၊ ဤငါးမည်တိ၊ *ကျိုး†ကျည်မြဲဘိ၊ မပျင်းရိနှင့်၊ အသိပွါးမှု၊ နာကြားရှုလျက်၊ ဘတ်ပြုခါခါ၊ များလေ့လာလော့၊ ဝါသနာဘာဂီ၊ ထုံဝသီဖြင့်၊ လောကီလောကုတ်၊ ကျိုး မယုတ်ဘူး၊ ဗဟုဿုတ၊ နားဝဘန်ဘန်၊ ကျမ်းဂန်အ†ကြား၊ သိမြင်များက၊ ယော†ကျားလူ*မွန်၊ သူ့ထက်လွန်၍။ ॥*တံခွန်မစိုက် ဘိချေကား*॥ (၅)

၅၅၀။ *စုလျားသစ်လွင်၊ ကတော့တင်၍၊ ယင်ပြင်တော်ရပ်၊ ကျောင်းကန် ကပ်လျက်၊ တင့်အပ်သိမ်မွေ့၊ သူမွန်*လေ့နှင့်၊ မမေ့စေရ၊ သတိမလော့၊ ဗုဒ္ဓ မာမက၊ ဗုဒ္ဓဂါရဝ၊ သူမြတ်စွာတို့၊ ဗုဒ္ဓါနုဿတိ၊ အစယ့်သား၊ အပရိဟာနီ၊ မြတ်စာရိလည်း၊ ထုံမှိဝမ်းထဲ၊ ခါးဝတ်မြဲသို့၊ မှတ်စွဲကုန်ကြ၊ သီဟဋ္ဌဝယ်၊ တိဿမာဏဝ၊ သုမနကုမာ၊ တူနှစ်ဖြာသို့၊ ရတနာသုံးပါး၊ အမြတ်အားလျှင်၊ ဦးဖျားလက်ချီ၊ အဥ္ဇလီဖြင့်၊ ထို့ဤကိစ္စ၊ ဟူသမျှနိုက်၊ စိတ်ကမပျက်၊ ဆောင် လေ့ကျက်တည့်၊ ခွေး ဝက် ကျွဲ နွား၊ မြည်း လား သိုး ဆိတ်၊ အဟိတ်မျိုးတန်၊ တိရစ္ဆာန်နှင့်၊ ဘောက်ပြန်ယူဆန်း၊ မြတ်မှန်းမသိ၊ ဒိဋ္ဌိမကိုင်း၊ လူ့အရိုင်းသို့၊ ခိုင်းထိုင်းကျားတား၊ ကားရားကိုးရိုး၊ မြင်မဆိုးအောင်၊ မြတ်နိုးတွေ့ရာ၊ ပြုနိုင်စွာက၊ နတ်ရွာမိုးစွန်၊ ကောင်းခြိမ်းတွန်၍။ ॥*သံ*ဝှန်မဆိုက်ဘိချေကား*॥ (၆)

၅၅၁။ ရှုမောမြင့်ခေါင်၊ လေးသွယ်ရောင်နှင့်၊ ရွှေရောင်ကနက်၊ မြင်းမိုရ် ထက်နိုက်၊ ချင့်တွက်ယူဇနာ၊ ရာခုနစ်ပြန်၊ မြင့်ဖြိုး*သွန်သား၊ ဝေယန်ဘုံထွတ်၊ နန်းပြာသာဒ်ဝယ်၊ နတ်မြတ်မဟာ၊ ဒေဝိန္ဒာလျှင်၊ သုဇာမမ္မာ၊ နန္ဒာစိတ္တာ၊ စသည် နောက်ရှေ၊ နှစ်ကုဋေ့ငါးသန်း၊ နတ်ရှေပြန်းတို့၊ ထက်ဝန်းပတ်ခြံ၊ သောင်း သောင်းရံလည်း၊ ဗြဟ္မစရိယ၊ စာရိတ္တဖြင့်၊ တလရှစ်ကြိမ်၊ ကျင့်မွေ့သိမ်လျက်၊ စည်းစိမ်မခံ၊ ခြွေရံခွါရှင်း၊ ကိုယ်ရှောင်ကင်း၍၊ *သိတင်းမယုတ်၊ ဥပုသ်မမေ့၊ စောင့်စလေ့၏၊ မရွှေစဉ်စီ၊ လစဉ်မှီလျက်၊ အဋ္ဌင်္ဂိက၊ မြတ်သီလနှင့်၊ ဒသနိယံ၊ ကျင့်မြဲ*မြဲက၊ သုဇမ္ပတိ၊ ဘုန်းယှိမြတ်စွာ၊ နတ်ဣန္ဒာသို့၊ ကာမာဝစရ၊ ဗြဟ္မာ စသား၊ ဘဝညာဆန်၊ တက်မည်မှန်သည်။ ॥*နိဗ္ဗာန်*မတိုး တည်လိမ့်ကား*॥ (၇)

၅၅၂။ မုနောတင့်ဆောင်၊ နန်းရွှေ*တောင်ထက်၊ *မြားမြောင်သေနင်၊ ထက်ဝန်းကျင်နိုက်၊ တွင်းပြင်ထပ်ထပ်၊ မြဲးကြပ်ကြပ်ဖြင့်၊ စပ်မျှမကွာ၊ ခြံရံ ကာလျက်၊ မနာပါလို၊ မအိုပါစေ၊ မသေပါရ၊ ပါယ်မ†ကျအောင်၊ တ†ကြ တကြောင့်၊ လုံ့လစောင့်လည်း၊ ၎င်းတို့ကိုယ်၊ နာအိုသေ†ခြင်း၊ ဘောက်ပြန် †ခြင်းက၊ လွတ်†ခြင်းမယှိ၊ စောင့်ဘိသီလ၊ စာရိတ္တမှ၊ ကင်းထအလိုက်၊ ဒုစရိုက်နှင့်၊ စိတ်ကြိုက်မွေ့လျော်၊ မေ့ကျူးပျော်သည့်၊ မသူတော်ဆိုး၊ တိုလူမျိုးတို့၊

စောက်ထိုးပါယ်တွင်း၊ ကျရောက်ခြင်းမှ၊ လုံးကင်းစိမ့်ငှါ၊ မတတ်ရာတည့်၊ သမ္မာမကြိုက်၊ စရိုက်ယုတ်မာ၊ သူမိုက်စွာမူ၊ ရံခါကုသိုလ်၊ မပြုလိုဘူး၊ ကိုယ်ကို မြတ်နိုး၊ အမျိုးမြတ်စွာ၊ သူတို့†မှာကား၊ သ†မ္မာဒိဋ္ဌိ၊ အသိမြင်သန်၊ မဘောက် ပြန်သည်။ ။ဓိဋ္ဌာန်မ*ကျိုး ကျည်လိမ့်ကား။ (ဂ)

(ငှင်း ၂-ပိုဒ်လည်း ရှေးအတူ အစတလုံးချန်။)

၅၅၃။ ဗြဟ္မာ့ခန်း*ဝါ၊ ဘုံသုဒ္ဓါဝယ်၊ အနာဂါမ်မြတ်၊ ခီဏာနတ်တိ၊ သမာ ပတ် ရှစ်စဉ်၊ ခြောက်ဘိညာဉ်နှင့်၊ ဈာန်ယာဉ်ပုံ့စီး၊ ဗြဟ္မာကြီးတို့၊ မီးခုနစ်ကြိမ်၊ ရေတကြိမ်နှင့်၊ ရှစ်ကြိမ်မြောက်ခါ၊ ရေမလာဘဲ၊ လေသာဖျက်*နေး၊ ခြောက်ဆဲ့လေးဟု၊ တွက်ရေးသင်္ချာ၊ အစဉ်လာသား၊ ကမ္ဘာပျက်နည်း၊ *နိဿရည်းတိုင်း၊ *လိပ်လည်းမယို့၊ ဤသို့တိတွင်၊ လောင်ညိထိန်ညီး၊ မီးဒုတိယ၊ သတ္တက၏၊ ပထမအဂ္ဂိ၊ ကြိမ်အာဒိဟု၊ ကေစိအချို၊ ယူတုံ*မျှိုသား၊ ငါတို့တစု၊ နေတည်ပြုသည့်၊ ဤခုကမ္ဘာ၊ ပေါ်ဦးခါနှိုက်၊ သုညာသုည၊ ကမ္ဘာ့ဓမ္မတာ၊ လက္ခဏာကို၊ ရှေ့ကြာနိမိတ်၊ ဘတ်မြဲးဟိတ်ဖြင့်၊ အကနိဋ္ဌ၊ ဗြဟ္မာ့ရပ်သာ၊ ဘုံကလာ၍၊ လကျာ်ကျွန်းစစ်၊ မဇ္ဈေခေတ်တွင်၊ ရှေးဖြစ်နှောင်းပျက်၊ ဇမ္ဗူ ချက်ဟု၊ အောင်*နက်သန်စုံ၊လယ်ခုံမိပတိ၊ အောင်ကိန်းယှိသား၊ဗောဓိရာ*ရိုက်၊ အောင်မြေ*တိုက်ဝယ်၊ အောင်သိုက်ဩဘာ၊ ငါးပွင့်ကြာနှင့်၊ မင်္ဂလာဥက္ကာ၍၊ လွန်ထူးမြတ်ကြောင့်၊ မိုးနတ်ဝိသုဒ်၊ ဗြဟ္မာ့နှုတ်ဖြင့်၊ မိန့်ထုတ်ပညပ်၊ ဘဒ္ဒကပ် ဟု၊ *သျှရဗ္ဗဇညော်၊ ငါးဆူပေါ်သား၊ အကျော်သညာ၊ ဤကမ္ဘာထက်၊ များစွာ*ပြောထူ၊ နတ်နှင့်လူတွင်၊ ဇမ္ဗူကျွန်းဘွား၊ သောင်းရပ်သားအား၊ တရားစည်ကြီး၊ ငါးကြိမ်တီး၍၊ ပွဲသီးအောင်သံ၊ ငါးကြိမ်ခံရှင့်၊ ဓမ္မဿဝ၊ ဗုဒ္ဓဩဝါ၊ သာသနာတိ၊ မဟာသမ†ယ၊ ဒုလ္လဘနှိုက်၊ အ†ရကြုံချက်၊ ပုည စက်နှင့်၊မပျက်မှန်ဘိ၊လူဇာတိတို့၊ပဏိဓိဂုဏ်၊ *ယွင်းမ*သုန်ဘဲ၊ စက်ဟုန်မဆိုင်း၊ လိုရာစိုင်းက၊ နတ်တိုင်းကာမ၊ ထက်ဗြဟ္မာနှင့်၊ နိဗ္ဗူတာရုံ၊ ဘေး*မဲ့လုံသည်၊ ရွှေဘုံပြာသာဒ်၊ပြည်ရိမဒ်သို့၊ မချွတ်ရောက်နိုင်၊ အခေါင်တိုင်၍၊သုံးဆိုင်ဘုံလေ့၊ ဝဋ်မီးငွေ့ဖြင့်၊ စုတေ့ပဋိသန်၊ အဘန်ဘန်လျှင်၊ဖြစ်ပြန်ပျက်ခြင်း၊ ဒုက္ခကင်းလျက်၊ သေမင်းမမြင်၊ ငြိမ်းရာဝင်သည်။ ။ကယ်လျှင်မဆိတ် ကြသော်ကား။ (ဇ)

၅၅၄။ ကမ္ဘာ့တန်းဆာ၊ ဓမ္မတာဖြင့်၊ ဗြဟ္မာသမုတ်၊ စတု†ယုဂ်တွင်၊ မ†ယုတ်ခန့်ကိန်း၊ လေးသိန်းသုံးသောင်း၊ နှစ်ထောင်ဆောင်းသည်၊ နှစ်ပေါင်း ရေတွက်၊ကလိသက်ရှင့်၊ပွါးတက်နှစ်ဆ၊ဒွါပရမှန်၊သုံးပြန်တြေတာ၊လေးဖြာကတ၊ ဟူစွရင်း၊ လေးရပ်ပေါင်း၍၊ သိကြောင်းတွက်ဆန်း၊ ဂဏန်းဖြန့်သော်၊ တသန်း ခုနစ်သိန်း၊ ရေကိန်းအပြောင့်၊ နှစ်သောင့်ရှစ်ထောင်၊ *မြားမြောင်အကယ်၊ ထိုနှစ်ကျယ်ဖြင့်၊ခေါက်လှယ်ခေါက်လှယ်၊ကပ်ဆုံးကွယ်အောင်၊လူ့ဝယ်ရှည်လျား၊

ယုဂ်လေးပါးတို့၊ လှည့်ပြောင်းဘန်ဘန်၊ အပြန်ပြန်တည့်၊ လေးတန်ယုဂ၊ ထိုလောက်မျှတွင်၊ ကတနှစ်တွင်း၊ လူ*ခပင်းတို့၊ မကြွင်း*ဥဿုံ၊ လုံးစုံသမ္မာ၊ မှန်သစ္စာ၏၊ ကြေတာတုံ၊ လေးပုံ ပုံပြား၊ သုံးပုံအားဖြင့်၊ တရားတည်ကြ၊ တပုံပ၏၊ ဒွါပရ စက်၊ ထိုယုဂ်သက်နိုက်၊ ထက်ဝက်ကောင်းဆိုး၊ နှစ်မျိုးညီဘိ၊ ယုဂ်ကလိကား၊ အသိအယူ၊ အမူကောင်းစွာ၊ သတ္တဝါနည်းလှ၊ တဘို့မျှဖြင့်၊ သုံးဆချွတ်ယွင်း၊ တရားကင်း၏၊ ယင်းကလိယုဂ်၊ သမုတ်လူ့ဘောင်၊ နှစ်ယခေါင်တွင်၊ နှစ်ထောင်ကျော်ထ၊ ငါးရာ့ခုနစ်ဆယ်၊ ပြည့်*ကယ်တုံလျက်၊ ဆန်းလွန်တက်မှ၊ ရာသက်ကာလ၊ ဟာယနနိုက်၊ သာကျသီဟ၊ ဂေါတမဟု၊ လောကထွတ်ထား၊ မြတ်ဘုရားလျှင်၊ ထင်ရှားလူ့ရွာ၊ ဖြစ်ပွင့်လာ၍၊ သတ္တဝါ*ဗိုလ်လူ၊ ဟိန္ဒူတို့၊ ကယ်ယူသော့အား၊ တရားစည်ကြီး၊ ခြိမ့်မျှတည်းလျက်၊ နှစ်သီးငါးထောင်၊ စေ့အောင်ပျှမ်းချိ၊ ထောင်စီညို၍၊ ပဋိသမ္ဘိဒါ၊ ဆဋ္ဌာဘိညာ၊ တေဝိဇ္ဇနှင့်၊ သုက္ခဝိပဿက၊ နာဂါမ်စသား၊ အရိယဂိုဏ်း၊ မြတ်ခေတ်ပိုင်းနှင့်၊ ပြန့်လှိုင်းအဟုတ်၊ စဉ်မယုတ်အောင်၊ လောကုတ်သဘင်၊ မင်္ဂပွဲ*ရင်သည်။ ။ပါယ်ခွင်မပိတ် ကြသော်ကား။ (၁၀)

(ဂုဏ်း ၂-ပိုဒ်လည်း ရှေးအတူ အချီအချပိုဒ်စုံ ကိုယ်တွင်းပြည့်။)
ဓမ္မစရိယာနိသံသဒီပနီ ၁၀-ပိုဒ်ပြီး၏။

---

## ၃-သာသနာ့ဒူရေနိဒါန်း

၅၅၅။ ဖြိုးလော့မင်္ဂလာ၊ ဤအရာနိုက်၊ သာသနာနိဒါန်း၊ သန်း၍ညွန့်ညွန့်၊ သိကြောင်း*ကွန့်ပိမ့်၊ ဂုဏ်တမ်းခွန့်ရှင်၊ ထွတ်ဆုံးတင်သည့်၊ သုံးခွင်လူ့ဆွေ၊ တို့စိန္တေကား၊ သခေျလေးလွှာ၊ ကမ္ဘာကိန်းမှတ်၊ တသိန်း*မြတ်ထက်၊ ပညတ်နာ၊မ၊သာရမဏ္ဍ၊ ကမ္ဘာ၊မဝယ်၊ ဗြ၊ဟ္မာ့ဝံသာ၊ သုမေဓာဟု၊ သညာမည်ရ၊ ဈာနယောဂီ၊ လောကီမုနေ၊ ဘိညာဉ်မွှေသား၊ *ရသေ့မူနည်း၊ *အရည်းရှင်တော်၊ ဖြစ်လတ်သော်တည့်၊ သုံးဘော်လူ့ခွင်၊ တုမမြင်သည့်၊ ဒီပင်္ကရာ၊ မြတ်စွာဘုန်းလျှံ၊ ရှင်တော့်ထံနိုက်၊ မိန့်သံရွှေခွန်း၊ ကျယ်မညွန်းဘဲ၊ ဥဒါန်းလှစ်ထုတ်၊ သံခိပ်ပုဒ်မျှ၊ တဥဒ္ဒေသ၊ ဗုဒ္ဓသြဝါ၊ ဒေသနာဓမ္မစက်၊ ဂါထာဝက်ဖြင့်၊ ဖိုလ် မင်္ဂလေးဖြာ၊ သုံးဝိဇ္ဇာနှင့်၊ ပဋိသမ္ဘိဒါလေးစဉ်၊ အဘိညာဉ်ခြောက်ပါး၊ တရားလက်ရောက်၊ မျက်မှောက်မှန်စွာ၊ ပြုနိုင်ရာသား၊ မဟာဝိသိဋ္ဌ၊ တိဟိတ်ပဋိသန်၊ ဈာန်သမာဓိ၊ လက်ယှိမကွာ၊ ကြီးပညာနှင့်၊ ဥဂ္ဃဋိတညု၊ဗုဒ္ဓကုံသည်။ ။နှိုင်းတုပြိုင်မတူသတည်း။ (၁)

၅၅၆။ နှိုင်းတု မတူ၊ ဂုဏ်ဝိဘူနှင့်၊ ဗုဒ္ဓကုံ ယောကျ်ား၊ ဖြစ်သော့အားကြောင့်၊ တပါးတည်းသာ၊ သံသရာမှ၊ ကူးငှါမပျော်၊ စိတ်တော်မညွတ်၊ သုံးပါးဝဋ်နိုက်၊ မလွတ်ကျန်နေ၊ ဘော်မိတ်ဆွေကို၊ ရွှေကရုဏာ၊ မဟာဓမ္မဓာတ်၊

မင့္ဂြာန်မြတ်ဖြင့်၊ မပြတ်ဆော်ညွှန်း၊ တိုက်တွန်းလွန်†ကြင်၊ ဖြစ်လတ်†ကျင်၍၊ ဒီပင်္ကရာ၊ ဤမြတ်စွာသို့၊ နောင်လာကပ်နှိုက်၊ သဗ္ဗဟိန္ဒဂူ၊ ခပ်သိမ်းသူတို့၊ တဆူကိုးရာ၊ ငါလည်းစင်စစ်၊ ဘုရားဖြစ်၍၊ မွန်းနစ်ဝေနေ၊ များတတွေကို၊ ကိလေအဏ္ဏဝ၊ ဝဋ္ဋသြဃမှ၊ အမတအောင်ချာ၊ ကျွန်းသောင်ညာသို့၊ မဟာတရဏီ၊ အင္ဂီရွှေဘောင်၊ ဘုံရှစ်ဆောင်ဖြင့်၊ ရောက်အောင်ကူးပို့၊ ကူးတို့မူးမည်၊ ရွယ်ရည်အင်ပြည့်၊ ကြံတုံလှည့်မှ၊ ငါ၏ကိုယ်သက်၊ ကျောက်ပျဉ့်ထက်နှိုက်၊ ညက်ညက်ကြေ†မုန့်၊ နှံ့သာ†မှုန့်သို့၊ တ*နှုန့်စင်စစ်၊ မှုတည်းဖြစ်၍၊ ရှင်ချစ်လောကနာ၊ *စောမြတ်စွာနှင့်၊ သချာတွက်ကိန်း၊ လေးသိန်းအရိယာ၊ သင်္ချာပရမတ်၊ ဝိသုဒ်နတ်တို့၊ သတပတ်ရွှေစင်၊ ဘုရားတော်ပြင်ဝယ်၊ ကပ်တင်လိမ်းကျံ၊ မံစေသတည်း၊ *မလိပ်လည်းဟု၊ အသည်းမြေ*ရှိ၊ သမာဓိမြင်းမိုရ်၊ အလိုစက္ကဝါ၊ မကသာအောင်၊ မဟာဓိကာရ၊ ဥဿာဟဖြင့်၊ ဆန္ဒကြီးမား၊ လွန်တည်†ကြားသည်။ ။ယော†ကျ်ားမြတ်တ ဆူသတည်း။ (၂)

(ဤအချကား **နာမဓာတ်-ချနည်း။**)

၅၅၇။ မဟာဓိကာရ၊ ဥဿာဟဖြင့်၊ ဆန္ဒကြီးစွာ၊ ဖြစ်၍သာလျှင်၊ ရမ္မာဝတီ၊ ပူရီပြည်သူ၊ နတ်နှင့်†လူတို့၊ အ†လှူသဘင်၊ ပွဲကြီးခွင်နှိုက်၊ များ†ဖြင်ပြော*ဟုံ၊ မဟာ*ဗြုံကို၊ ဘုမ္မာဘုမ္မ၊ ဒေဝဒေဝါ၊ သောင်းတိုက်ရွာမှ၊ ရောက်လာစုံစေ့၊ မျက်နှာရွှေဝယ်၊ ရသေ့ချစ်†သျှင်၊ ဆုကြီး†ရှင်ကား၊ မြေပြင်မကောင်း၊ ရှုံ့ညွှန်†ပျောင်းထက်၊ မ†ပြောင်းလက်ရှက်၊ ဥက္ကောင်းရွက်ပြီး၊ မှောက်လျက်စင်းစင်း၊ တံတားခင်း၍၊ ကြွနင်းစိမ့်ငှါ၊ ခန္ဓာကိုယ်သက်၊ ငဲ့ကွက်မတွန့်၊ စွန့်ကြီးစွန့်မှ၊ ရဲးညွှန့်ခေါင်ထိ၊ တုမယှိအောင်၊ တိမိငါးမှာ၊ ယူဇနာဖြင့်၊ အရာနှစ်ကြိမ်၊ တိမိင်္ဂလာ၊ သုံးရာကိုယ်ယှိ၊ တိပိင်္ဂလ၊ လေးရာကျလျက်၊ တိမိရပိင်္ဂလ၊ ငါးဆအရာ၊ မဟာတိမိ၊ တိမိနန္ဒာ၊ အာနန္ဒာနှင့်၊ အဇ္ဈာရောဟ၊ ထောင်စီမျှသား၊ အင္ဂငါးမင်း၊ ထိုရှစ်စင်းတို့၊ ပျော်ခင်းနေရာ၊ ယူဇနာလေးထောင်၊ ရှစ်သောင်းဆောင်လျက်၊ နက်ခေါင်ကျယ်စွာ၊ မဟာသမုဒ္ဒရာဇ်၊ ပင်လယ်မြစ်ကို၊ လက်ပစ်ကူးကာ၊ ယူပိမ့်ငါဟု၊ မဟာဗောဓိ၊ တုမယှိသား၊ ဓိပတိဆု၊ သဗ္ဗညုကို။ ။*လှူလှူပန်ဆင် ချူသတည်း။ (၃)

တိမိရပိင်္ဂလနှိုက် တိမိရငါး, ပိင်္ဂလငါး, တိမိရပိင်္ဂလငါး သုံးကောင်ခွဲး၍ယူ။

(ဤပိုဒ်ကား **ဥဿာဟင္ဂာယိဘာဝ ဝီရရသ-ကို** ပြသည်။)

၅၅၈။ မဟာဗောဓိ၊ တုမယှိသား၊ ဓိပတိဆု၊ သဗ္ဗညုကို၊ *လှူလှူရှင်ပြုံး၊ ရွှေနှုလုံးဖြင့်၊ စွဲးသုံးစိတ်သန်၊ မင့္ဂာန်ဆောက်တည်၊ မြဲး*ခိုင်ကျည်၍၊ ရဲးရည်ညွှန့်ခူး၊ ရွှေစက်ဦးနှိုက်၊ နဖူးလက်ထား၊ အလျားမှောက်လျက်၊ ကိုယ်သက်စွန့်†လှူ၊ ဗုဒ္ဓကူလျှင်၊ †လူ၏အဖြစ်၊ ယောကျ်ားစစ်မှန်၊ ဈာန်ဘိညာဉ်ရ၊

ဗုဒ္ဓဖူးတွေ့၊ ရသေ့အမူ၊ စွန့်လှူသက်ကို၊ အလိုဆုတောင်း၊ ဤသို့ပေါင်းသား၊ အကြောင်းစုံစီ၊ အင်ရှစ်လီနှင့်၊ အညီပြည့်ပုံ၊ စုံဘိရကား၊ ဘုရားချစ်သျှင်၊ ဂုဏ်ပေါင်းရှင်တီ၊ ဒီပင်္ကရာသနင်း၊ သုံးလူ့မင်းလည်း၊ အချင်းခပ်သိမ်း၊ မှတ်ထိမ်း*ပြဋ္ဌာန်း၊ သောင်းတိုက်ခန်းလုံး၊ ရိုက်မှန်းပွဲတင်၊ ကြားနှံ့ထင်အောင်၊ ထင်ထင်ရွှေနှုတ်၊ ဂန္ဓာကြုတ်က၊ လှစ်ထုတ်သော့အား၊ မရှုံရှားဘဲ၊ လေးပါးရှစ်ပါး၊ လူနတ်အားဖြင့်၊ အများပုံယင်၊ ထိုပွဲခွင်နိုက်၊ ရှစ်အင်သံတော်၊ ဗြဟ္မာကြော်သို့၊ မြွက်ဘော်မိန့်ဟ၊ ပိုင်းခြားပြ၍၊ မိဘမည်ရည်၊ နေပြည်သစ်ပင်၊ လူရှင်ပရိသတ်၊ အမြတ်နှစ်ပါး၊ ယောကျ်ားမိန်းမ၊ လုပ်ကျွေးစသား၊ နိယတအောင်ဟိတ်၊ နှုတ်ဘိသိက်ဖြင့်။ ။ဗျာဒိတ်ကြာနှံ့ ကြူသတည်း။ (၄)

၅၅၉။ ယင်းသို့အောင်ဟိတ်၊ သောင်းတိုက်ထိတ်သား၊ ဘိသိက်ပဝရ၊ နိယတ*ပြဋ္ဌာန်း၊ ဗျာဒိတ်ပန်းကို၊ လန်းလန်းရှင်အိ၊ ပီတိသောမနဿ၊ ဗလဝဖြင့်၊ ခဏ္ဏလျှောင်းရာ၊ *မြောက်မျှည်းခါဝယ်၊ မင်း*လျာအိပ်မက်၊ မြင်သော့ထက်လျှင်၊ ဆတက်ထောင်ရာ၊ ဝမ်းမြောက်စွာလျက်၊ စိတ်မှာအမြဲ၊ စွဲးကြီးစွဲး၍၊ ရဲးရဲးရှင်ပျော်၊ ဦးထိပ်ပေါ်နိုက်၊ ပန်တော်မူဃ၊ ထိုဘဝက၊ စ၍တွက်ရေ၊ သင်္ချေအပေါင်း၊ လေးကြိမ်နှောင်းမှ၊ အသောင်းဆယ်ထပ်၊ မဟာကပ်တိ၊ အနပ္ပကမ်း၊ ဆုံးကမ်းမယ်ို၊ အပရိမေယျ၊ ကာလပတ်လုံး၊ ငယ်ငုံးမျှစင်၊ အောက်မထင်သား၊ အကြင်အကြင်၊ ဖြစ်တိုင်းပင်သာ၊ ကျင်လည်သမျှ၊ ဘဝများစွာ၊ မရေသာအောင်၊ ရှည်ကြာသရွေ့၊ မမေ့မလျော့၊ စိတ်မလျော့ဘဲ၊ မပေါ့မယုတ်၊ မဆုတ်*မနစ်၊ အား*သစ်လုံ့လ၊ ဝီရိယဖြင့်၊ ဒသ ဥပ၊ ပရမတ္ထ၊ တိံသပါရမီ၊ ပြည့်မြဲညီလျက်၊ သုံးလီစရိယ၊ ပရိစ္စာဂငါးသီး၊ စွန့်ခြင်းကြီးကို၊ အပြီးရောက်ငှါ၊ ဖြစ်များစွာနိုက်၊ ဥစ္စာရတနာ၊ ပြည်ရွာတိုင်း*ကား၊ သားမယားနှင့်၊ နား နှာ မျက်ဂံ၊ လောဟိ မံသ၊ ဟတ္ထ ပါဒ၊ အင်္ဂါအပေါင်း၊ ဥကျောင်းသည်းအူ၊ နှုတ်ယူဖြတ်ပိုင်း၊ လိုတိုင်းမကြွင်း၊ ပေးလှူခြင်းဖြင့်၊ လောင်းမင်းဘုန်းလှိုင်၊ ဝေဿန္တရာတိုင်အောင်၊ *မကိုင်မကန်၊ စွန့်ဟန်ငါးသီး၊ *ချက်ကုံပြီးသည်။ ။ကျင့်ကြီးပါရဂူသတည်း။ (၅)

(ဤလည်း နာမတောတ်-ချ။)

သာသနာ့ဒူရေနိဒါန်း ၅-ပိုဒ် ပြီး၏။

---

## ၄-သာသနာ့အဝိဒူရေနိဒါန်း

၅၆၀။ ဝေဿန္တရာ၊ ပြည့်သမ္ဘာနှင့်၊ မဟာပေါဓိ၊ လောကီ*တမွတ်၊ လူ့ထွတ်မှန်ကင်း၊ မင်း၏ဘဝ၊ နန္ဒရနိုက်၊ သဗ္ဗဗုဒ္ဓကျုံ၊ ပါရဂူတို့၊ ချိန်ယူယောက်ချင့်၊ အခါ*လင့်လျက်၊ လေးဆင့်နတ်ရွာ၊ တုသိတာဝယ်၊ မဟာသမ္ပတ်၊ နတ်တို့သုခ၊ ခံစားကြသို့၊ ပစ္ဆိမကြီး၊ ကိစ္စပြီး၍၊ ပွင့်နီးလုစွာ၊ လောင်းမဟာလျှင်၊

မဟာကုသလ၊ သောမနနှင့်၊ ဉာဏသမ္ပယုတ်၊ ဥက္ကဋ္ဌခေတ်၊ ကုသိုလ်မြတ်ကြောင့်၊ လောင်းနတ်ဓမ္မတာ၊ နတ်*တကာတွင်၊ နတ်မှာနတ်ထက်၊ *စံမဘက်အောင်၊ နတ်သက်နတ်ဆင်း၊ ချမ်းသာခြင်းက၊ ကြီးမင်း၅တ်ခြံ၊ ခြွေရံစိုးရ၊ ရူပ သဒ္ဒ၊ ဂန္ဓ ရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ဆယ်ဖြာဖြိုး*ဝှန်၊ ဘုန်းကျိုးလွန်လျက်၊ တမ်းခွန် ဆောက်သို့၊ နှစ်ယောက်မပူ၊ နှစ်ဆူမမျှ၊ ဝိသိဋ္ဌဖြင့်၊ သေတကေတု၊ မရုရာဇာ၊ မဟာဗြဒ္ဓိပါဒ်၊ တန်းခိုးမြတ်သား၊ နတ်တို့*သနင်း၊ နတ်မင်းတဆူ၊ ဖြစ်တော် မူ၍၊ လူတို့နှစ်ဘွဲ၊ ငါးဆဲ့ခုနစ်ကုဋေ၊ တွက်ရေခြောက်သန်း၊ နှစ်ကုန်*ကျွန်းက၊ ခန့်မှန်းအသက်၊ မှန်ဆက်ဆက်ဖြင့်၊ လူ့ရက်မယွင်း၊ ခုနစ်ကြွင်းဝယ်၊ ကိုယ်ဆင်း ဘောက်ကာ၊ တန်းဆာညစ်မြန်း၊ ပန်ပန်းညှိုးပြီး၊ လက်ကတီးက၊ ချွေးစီးယိုတုံ၊ နတ်ဘုံမမွေ့၊ ငြီးငွေ့သော့အား၊ နိမိတ်ငါးတို့၊ ထင်ရှားဖြစ်လာ၊ ထိုအခါတွင်၊ ဗြဟ္မာဒေဝါ၊ ဗြဟ္မာနတ်ပေါင်း၊ တိုက်တသောင်းက၊ ဥဒကျွောင်းညွတ်တွား၊ ညီညာပြား၍၊ ဘုရားဖြစ်ကြောင်း၊ *ပန်ထွာတောင်းသည်။ ။*နှစ်ထောင်း ကြည်စိတ် ဖြူသတည်း။ (၁)

၅၆၁။ ကြည်ဖြူ*နှစ်ထောင်း၊ တိုက်တသောင်းမှ၊ နတ်ပေါင်း ညွတ်ခ၊ တောင်းပန်ကြ၍၊ ပဥ္စမဘာဝိက၊ လောင်းဒေဝတို့၊ ကာလ ဒေသ၊ ကျွန်းဒီပနှင့်၊ ကုလ ဇနေတ္တိ၊ ဟူဘိငါးဖြာ၊ မဟာဝိလောကန၊ ကိစ္စခြားပိုင်း၊ ရှုမြင်တိုင်းဖြင့်၊ ညှိနှိုင်းပရိစ္ဆိန်၊ ရွှေဉာဏ်ချိန်လျက်၊ ပညိန္ဒြေ၊ မကင်းဇေဘား၊ သပြေကျွန်းသူ၊ လူတို့အသက်၊ သချေတက်ပြီး၊ ရာ့ထက်သိန်းအောက်၊ ဆုတ်ကိန်းရောက်တွင်၊ ကျွတ်ထောက်သင့်ထွေ၊ ရာသက်နေနှိုက်၊ ကုဋေရာထောင်၊ *မြားမြောင်ဥစ္စာ၊ ရကနာကို၊ မြေမှာမြှုပ်လျက်၊ နေ့နေ့ရက်တိုင်း၊ နံနက်ခါက၊ နှစ်ကုမ္ဘာဟူ၊ နာမ သမုတ်၊ တလှည်းထုတ်၍၊ အဟုတ်ညဥ့်တွင်၊ နှစ်လှည်းဝင်သည့်၊ အကြင်လူ့ရွာ၊ ဘုန်းကြီးစွာသား၊ မဟာသာလ၊ ခတ္တိယတည့်၊ ထိုမှတသွယ်၊ ရှစ်ဆယ်လေးဆယ်၊ ကုဋေကြွယ်လျက်၊ မြေဝယ်မြှုပ်ကြ၊ တကုမ္ဘာနှင့်၊ ကုမ္ဘာထက်ဝက်၊ နံနက်ကထုတ်၊ မယုတ်မှန်စွာ၊ ညချမ်းခါတိ၊ *ဆည်းဆာရောက်လျှင်၊ တံပိုးဝင်သည်၊ သို့လျှင် ကြွယ်ဝ၊ ဗြာဟ္မဏနှင့်၊ ဂဟပတိ၊ မည်ယှိခိုင်ဖြိုး၊ သူကြွယ်ကြီးတည့်၊ ဘုန်းမီးနေဝါ၊ စကြာမန္ဓာတ်၊ သူမြတ်အရိယာ၊ မဟာသာဝက၊ ပစ္စေကနှင့်၊ လောက ကေတု၊ သဗ္ဗညုဟူ၊ သယမ္ဘူတို့၊ ဆူဆူပွင့်ထွန်း၊ ဇမ္ဗူကျွန်းထက်၊ အဝန်းကိုးရာ၊ ယူဇနာဖြင့်၊ ငါးဖြာနိမိတ်၊ ပရိစ္ဆိန္ဒိ၊ ပိုင်းခြားယှိလျက်၊ ဗောဓိဦးဆောက်၊ ပလ္လင်ပေါက်၍၊ ဆဲ့ခြောက်ပြည်ကြီး၊ ရွှေနန်းထီးတို့၊ အသီးအသီး၊ ညီးညီး တည်နေ၊ တိုက်မဇ္ဈေတွင်၊ ဒေဝဒဟ၊ မယ်တော့်ဘတိ၊ အဥ္စနမင်း၊ ဘိုးတော် ရင်း၏၊ ဖိုကြွင်းကောဇာ၊ နှစ်ဝေါဟာလျှင်၊ သချ်ာတွက်ဘွဲ၊ ခြောက်ဆဲ့ခုနစ်၊ သက္ကဆုဇ်အတို၊ ဝါဆိုပုဏ္ဏမီ၊ ဗိုဟ်ယုန်စန္ဒီနှင့်၊ အာသာဠ္ဇီနတ်၊ စင်နက္ခတ်၏၊ ယှဉ်လတ်တုံလျှင်း၊ ကြွက်မင်းဒိနေ၊ သန်းခေါင်ဗေ့ဝယ်၊ သောင်းမြေ့ဌာနီ၊

ပြည်ကပ္ပိနိုက်၊ သာကီယာဘိ၊ နေဇာတိဖြင့်၊ အာဒိပဝရ၊ နေကန္ဒယ်စစ်၊ ဥက္ကာရာဇ်၏၊ ရင်နှစ်တော်ရင်း၊ ကိုးယောက်မင်းတွင်၊ ခံတွင်းအာစက်၊ မီးလျှံထွက်သား၊ ရုံးလက်ဝရဇိန်၊ ဘုန်းစက်ရှိန်နှင့်၊ *အာဟိန္ဒမှူး၊ ဘေးတော်ဦးတိ၊ လွန်ထူးတေဇာ၊ ဥက္ကာမုခ၊ မင်းကစချီ၊ ကြယ့်*နှယ်စီ၍၊ သာကီနွယ်နတ်၊ စဉ်မပြတ်ဖြင့်၊ ဥက္ကဌ်ဘုန်းမော်၊ ကျန်းလုံးကျော်သည့်၊ သုဒ္ဓေါ*သနင်း၊ သကျမင်း၏၊ မိ†ချင်းဘ†ချင်း၊ စံရွှေ†ချင်းသို့၊ မျိုး†ချင်းမြတ်နွယ်၊ မောင်လှယ်နှမ၊ ချစ်မဝတိ၊ အလှစံကင်း၊ လကျာနှင်းသား၊ မိမင်းတောင်ညာ၊ မာယာဖုရား၊ ရှစ်သောင်းဖျား၏၊ ပိုင်းခြားရွယ်†လှ၊ မဇ္ဈိမတွင်၊ ဆယ်†လခုနစ်ရက်၊ခြင်းလျက်ချန်ခဲ့၊ ရေမဘွဲ့ဘဲ၊ ငါးဆဲ့ငါးနှစ်၊ ကျော်လစ်ခြောက်လ၊ ရက်ဝိသန္တိုက်၊ ဂဗ္ဘရတနာ၊ ရွှေကြာတိုက်ကြား၊ ပတ္တမြားလိုဏ်ဂူ၊ ဝမ်းမဍ္ဍူဝယ်၊ ရှေးရှုနိမိတ်၊ သန္ဓေစိတ်ဖြင့်၊ မထိတ်မျှော်ရှု၊ အာရုံပြု၍၊ နိုင်းတုမတူ၊ ဗုဒ္ဓကုံ့တို့၊ ဆယ်ဆူသုံးလီ၊ ပါရမီပုညဝ၊ ဝိသိဋ္ဌကြောင့်၊ ဓမ္မနိယံ၊ ထုံးစံလက္ခဏာ၊ ဓမ္မတာတိုင်း၊ စကြဝဠာသောင်းတိုက်၊ ပွဲတင်ရိုက်အောင်၊ ဆူလှိုက်ရေမြေ၊ တုန်လှုပ်ဝေလျက်၊ အနေကန်ကေန်၊ မဝေဘန်သာ၊ များမြတ်စွာသား၊ မဟာကုသလ၊ ဥက္ကဋ္ဌ၏၊ ပထမအသင်္ခါရိုက်၊ ဝိပါက်စိတ်ဖြင့်၊ တိဟိတ်ပဋိသန်၊ ဆုံးစွန်မြတ်လောင်း၊ စံနေအောင်းသည်။ ။နတ်ပေါင်းသာခုယူသတည်း။ (၂)

၅၆၂။ နတ်ပေါင်းကြည်ဖြူ၊ သာခုယူ၍၊ ဗုဒ္ဓကုံ့ထွတ်၊ ဆုံးမြတ်သန္ဓေ၊ စံနေကိန်းထ၊ ထိုကာလနှိုက်၊ ဓမ္မနိယံ၊ ထုံးစံကိစ္စ၊ သဘာဝကား၊ လောကနှိုက်တွင်၊ လူတို့ခွင်ဝယ်၊ ဘုရင်ဧကရာဇ်၊ ရိပ်ဖြူလှစ်၍၊ မင်းစစ်တပါး၊ ထင်ရှားယှိခါ၊ ထိုပြည်ရွာနှိုက်၊ ရာဇာတဦး၊ အထူးဘယ်က၊ မပေါ်ရချေ၊ ပေါ်လျှင်သေသည့်၊ ပဝေဏီမှူ၊ စံတခုရှင့်၊ မင်းဟုဖြစ်ရှောင်း၊ မပြိုင်ကောင်းတည့်၊ တိမ်းစောင်းထီးဖြူ၊ လဲတော်မူလည်း၊ မထူအပ်စွ၊ မတင်ရဘူး၊ ရာဇတန္တိ၊ ထုံးမသိ၍၊ ထူမိတင်မိ၊ ပြုသည်ယှိက၊ ထိ၏မင်းဒဏ်၊ ပုန်ကန်ပြစ်ကြီး၊ ရာဇ္ဇတ်မီးတည့်၊ ဆွေနီးမျိုးသက်၊ ခုနစ်ဆက်လုံး၊ ပြုန်းပျက်မကြွင်း၊ လောင်တိုက်သွင်း၏၊မယွင်းထိုသွင်၊ပမာပင်တည့်၊ ရှင်ပစ္စေ†က၊သမ္မုဒ္ဓမျှ၊ ထို†ကစပြု၊ သဗ္ဗညုတို့၊ မာတု*နေရဗ္ဗာန်၊ မလွန်မ†ချင်း၊ ဤခေတ်တွင်းနှိုက်၊ ပွင့်†ခြင်းအသစ်၊ ပြိုင်မဖြစ်အောင်၊ ပယ်မြစ်ဟန့်တား၊ ခါပိုင်းခြားလျက်၊ ဘွားသည်နေ့မှူ၊ စုံနှစ်ဆူတိ၊ သယမ္ဘူဟူသမျှ၊ မတူရကြောင့်၊ ယှိကမကြွင်း၊ သုတ်သင်ခြင်းဖြင့်၊ ရှင်းလတ်သော့အား၊ ချန်မထားဘဲ၊ လားကြနိဗ္ဗာန်၊ အကုန်လွန်ဟု၊ ပြင်းထန်မိန့်တော်၊ ထုတ်ပြန်ဆော်သို့၊ ထိုရော်သည်းစွာ၊ ရိုက်ကြည်း†ငြာ၍၊ ကြေ†ညာအောက်ထက်၊ ဘဝဂ်လန့်ကြိမ်း၊ ပြုံညွှတ် တိမ်းမျှ၊ ခေတ်သိမ်း

လက္ခဏာ၊ ဓမ္မတာဖြင့်၊ စကြဝဠာ ပတ်ဝိုက်၊ ဇာတိ တိုက်လုံး၊ လှိုက်လှိုက်
တုန်နှိုး၊ ပဲ့တင်*ကြိုးသည်။ ။မြေမိုးသိမ့်သိမ့် ဆူသတည်း။ (၃)

( ဤအပိုဒ်ကား ရှေးအနန္တရနိုက် **ဓမ္မနိယာမ**-ဟူသော စကား
ကို ဘွင့်သတည်း။)

၅၆၃။ သိမ့်ဆူမြေမိုး၊ ဘဝဂ်*ကြိုးမျှ၊ ဆော်နှိုး ရိုက်ခြိမ်း၊ သောင်းတိုက်
ယိမ်းအောင်၊ ခေတ်သိမ်းဥပဒေ၊ နိမိတ်ထွေဖြင့်၊ သန္ဓေကိစ္စ၊ စံနေမျှလျက်၊
ဆယ်လရက်†ကြာ၊ မင်းသ†ကျာတို့၊ မဟာသက္ကရာဇ်၊ ခြောက်ဆဲ့ ရှစ်တွင်၊
နှစ်သစ်အတာ၊ တက်ဦးစွာတည့်၊ ဝိသာခါနက္ခတ်၊ နဝင်းပါဒ်နှင့်၊ စဉ်းနတ်
ပြိုင်ပ၊ ကဆုန်လ၏၊ ပုဏ္ဏမဂ်လာ၊ နေ့သောက်ကြာဝယ်၊ ခါတော်နေ့ညီး၊
တချက်တီးနှိုက်၊ ဂြိုဟ်ကြီး အာဒိစ္စ၊ ဗုဒ္ဓဘရဂူ၊ အတူ ပြိဿ၊ စဉ်းလှဖြိစ္ဆာ၊
**အင်္ဂါ** မေထုံ၊ ဂုရု ကုမ္ဘော၊ စနေ မိန်စက်၊ လင်္ဂနှင့်ရာဟု၊ သိဟ်တွင်း စုစည်၊
သာခုကြီးစွာ၊ ကောင်းခြီးသာ၍၊ *ကျာကျာကျော်ထိန်၊ မြည်အိန့်ထိန်းထိန်း၊
စည်မုဒိန်းသို့၊ ဟိန်းဟိန်းသံဝါ၊ သွက်သွက်ငြာလျက်၊ စကြဝဠာတသောင်း၊
တိုက်အပေါင်းလုံး၊ ရိုက်*ညောင်းတုန်နှဲ၊ လွန်ထင်*ပြွသား၊ သုံးဆဲ့နှစ်ဝ၊ ပုဗ္ဗ
နိမိတ်၊ အံ့ဘွယ်ဟိတ်နှင့်၊ အကနိဋ္ဌနတ်၊ ပြဟ္မာမြတ်တို့၊ ဥက္ကဌ်ဆူဆူ၊ သရ
ဘူကို၊ စုံတူရွှေစက်၊ ဝင်းလက်လက်ဖြင့်၊ နင်းလျက်နှစ်ဘော်၊ တုမမြော်အောင်၊
မယ်တော်ဒေဝီ၊ ဝမ်းစေတီမှ၊ ဆန့်ချီလက်ရှုံး၊ ငါဟု*ကြုံး၍၊ သောင်းလုံး
ပူဇော်၊ ဘွားမြင်မြော်သည်။ ။*နှိုင်းလျော်မြဝေ ပူသတည်း။ (၄)

(ဤအချလည်း **နာမဓာတ်**-ချနည်းတည်း။)

၅၆၄။ ဤသို့ဘုန်းထူ၊ ဗုဒ္ဓကိုကား၊ မတူလူ့ခွင်၊ တုမမြင်အောင်၊ မိခင်
မယ်မင်း၊ ကြာတိုက်တွင်းမှ၊ *ခပင်းထိုမျှ၊ သောင်းဌာန၏၊ လောကပါလာ၊
ဣန္ဒာသူယံ၊ သဟံမဟာ၊ ဘုံသုဒ္ဓါက၊ ပြဟ္မာတို့ထိပ်၊ နင်းနှိပ်ရွှေစက်၊ ရွှေကွန်
ရက်နှင့်၊ သစ်နက်ဘွဲ့ဖြူ၊ ခံကြယူသည့်၊ နတ်လူတို့လက်၊ အဆက်ဆက်နှိုက်၊ ရပ်
လျက်သာယာ၊ ချမ်းမြေ့စွာလျှင်၊ သက်လာ*ငြိမ့်လေး၊ ရိမမှေးဘဲး၊ ညစ်ကြေး
မထင်၊ မြမျက်ရှင်သို့၊ သန့်စင်ဘွား†မြောက်၊ မြေသို့ရောက်သော်၊ မင်း
†မြောက်တန်းဆာ၊ ဆင်ကာစမွယ်၊ မင်း၏ *နှယ်တည့်၊ တင့်တယ်ဝင်းဝင်း၊ စုံရပ်
လျှင်းမှ၊ သောင်းတွင်းဒိသာ၊ ဆယ်မျက်နှာလုံး၊ မဟာဝိလောကန၊ လွန်မြတ်
လှသား၊ ကြည့်ထမကြွင်း၊ ပြဟ္မာမင်းနှင့်၊ နတ်မင်းသောင်းတိုက်၊ နောက်တော်
လိုက်၍၊ ပတ်ဝိုက်ခြံ†ရံ၊ ကောင်းကင်†ယံဝယ်၊ ဖြိုးလျှံလက်လက်၊ ရွှေကနက်ကို၊
ဖြူရွှက်သာမျှ၊ ထင်ပြပြတိ၊ လူမျှားမျက်စိ၊ မြင်စေသိလျက်၊ သီရိစက္ကင်၊ ဘွား
ရွှေစင်ဖြင့်၊ မြောက်ခွင်ကြွတမ်း၊ ခုနစ်လမ်းစေ့၊ လှမ်း၍ အဆုံး၊ လက်ရှုံးတန်း
ကာ၊ ငါနှင့်ငါသာ၊ **ပမာတူမော၊ တု*မဲ့သောဟု၊ အဂ္ဂေါဟမသ္မိ၊ စယှိုသုံးခွန်း၊**

*ကြော်ရိုက်မွန်းအောင်၊ ထက်ဝန်းတုန်ချောက်၊ ခြင်သေ့ဟောက်သို့၊ ထိတ်ကြောက်*မဲ့စွာ၊ သီဟနာဖြင့်၊ စကြဝဠာသောင်းလုံး၊ ကြားစေကြုံး၍၊ ပတ်ကုံးနတ်လူ၊ ကောင်းတင်းယူလျက်၊ ကြည်ဖြူဦးခိုက်၊ ဖူးတိုက်*ကော်ရော်၊ ပူဇော်ပန်းဆက်၊ ဆယ်စုံလက်ဖြင့်၊ ထိပ်ထက်မကြွင်း၊ တင်ကြလျှင်းသည်။ ။ ဝင်းဝင်းရွှေဇမ္ဗူသတည်း။ (၅)

(ဤအပိုဒ်လည်း အနန္တရပိုဒ်၏ အဘွင့်ပင်။)

၅၆၅။ ပူဇော်မြှောက်ခြီး၊ အသီးသီးတည့်၊ ပြုပြီးကုန်သော်၊ လောင်းရွှေလျှော်ကို၊ ပြည်တော်ဆောင်ကြ၊ မယ်တော်†လှလည်း၊ ကာ†လရက်ကြာ၊ လည်သော့ခါနိုက်၊ ရွှေအာယုတိုင်း၊ လောင်းတော်ပိုင်းသို့၊ ကျော်လှိုင်းမဘောက်၊ ငါးဆဲ့ခြောက်နှင့်၊ လွန်မြောက်လေးလ၊ သတ္တဝီသာ၊ ရက်စေ့ကာတွင်၊ တုသိတာနတ်နန်း၊ စံမြန်းခဲ့ပြီး၊ ဘာဝခြား၍၊ နတ်သားအစင်၊ ထင်ရှားဖြစ်ရှင့်၊ ရင့်နှစ်သမ္ဘာ၊ ဗောဓိ*လျာကား၊ မဟာပြာဟ္မဏ၊ ကောဏ္ဍညနှင့်၊ ကာဠဒေဝိ၊ ဗေရာဂီတို့၊ တညီတညွှတ်၊ မြေလက်ခတ်သို့၊ မချွတ်ဘုရား၊ ဖြစ်လိမ့်သားဟု၊ ဟောကြားမိန့်ချက်၊ တင်ဆက်လျှောက်ထွေ၊ မှန်ကိန်းသေက၊ သပြေရိပ်*ကွန်း၊ ရွှေ့မယွန်းဘဲ၊ ဝန်း၍တည်ရှောင်း၊ မွန်းယိမ်းစောင်းလည်း၊ မပြောင်းမလှည့်၊ ကျွန်၏ပမာ၊ ပါဠိဟာနှင့်၊ မျှားစွာဝေးခေါင်၊ နှစ်တထောင်က၊ လူ့ဘောင်ပေါ်ထွန်း၊ နတ်*မော်ကွန်းတိ၊ နတ်ညွန်းကောလာ၊ ဩဘာ*တြင်း၊ *တဘောင်ချင်းဖြင့်၊ ခံတွင်းမဆိတ်၊ သောင်းလုံးထိတ်အောင်၊ နိမိတ်လက္ခဏာ၊ အဖြာဖြာကို၊ မင်္ဂလာမုခ၊ တိုက်လောကလုံး၊ မြွက်ကြ*မစဲ၊ ရွှေနန်းထဲဝယ်၊ အမြဲပျော်မွှီး၊ ရွှေရွှေကြီး၏၊ ပြီးစီးထိုမျှ၊ တတ်ကိစ္စကြောင့်၊ သိဒ္ဓအတ္ထ၊ ဒွိပဒဖြင့်၊ နာမပညတ်၊ လောင်းသိဒ္ဓတ်ဟု၊ လူနတ်သမိုက်၊ သောင်းတိုက်လွှဲ့ကြော်၊ မည်တော်ရွှေဘွဲ့၊ အတု*မဲ့နှင့်၊ တဆဲ့ခြောက်နှစ်၊ ရှယ်တော်သစ်က၊ ဆဲ့ရှစ်တတ်မျိုး၊ တတ်ရိုးထိုထို၊ လိုလုံပြီးလစ်၊ တုမရစ်ဘဲ၊ ကိုးထစ်ဝရဇိန်၊ မိုးကြိုးရှိန်သို့၊ အရိန္ဒမာ၊ စကြာလေးကြီး၊ တင်ပြီးဆန့်တန်း၊ ကိုးဘနန်းလျှင်၊ ရိုက်*ဖြန်းညွှိသံ၊ ဆူလှိုက်ညံအောင်၊ မိုးယံမြေကြော၊ ကြောက်ဘွယ်မောလျက်၊ တောင်တောအက်*ခြ၊ ဘုန်းတော်ပြ၍၊ ဒေဝဒဟ၊ ပြည်မစိုးသီး၊ တဆူထီးနှင့်၊ ဝရီးမင်းကျော်၊ ဆွေတော်တသင်း၊ ကြောက်ရွံခြင်းကြောင့်၊ ဆက်နှင်းရင်နှစ်၊ သမီးစစ်တို့၊ လွန်ချစ်မဝ၊ လေးသောင်းမျှတွင်၊ ဘဒ္ဒကစ္စာ၊ ဗိမ္ဗာယသော်၊ သုံးမည်ကျော်သား၊ လူ့ဘော်ခြောက်နတ်၊ ကာမဓာတ်နှိုက်၊ *လွန်မြတ်ရူပ၊ တုမရအောင်၊ အလှခေါင်ထိ၊ မိဘုန်းယှိုကို၊ သာဘိသေကာ၊ တင်လကျ်ာဖြင့်၊ ဗြဟ္မာရေသွန်း၊ သုံးဆောင်နန်းထက်၊ သိမ်းမြန်း*ဦးကိုင်၊ ဘဘုန်းလိုင်နှင့်၊ ထီးပြိုင်နန်းပွါး၊ နှစ်ဆူအားဖြင့်၊ မျိုးခြားမနှောင့်၊ မောင်နှံစောင့်သည့်၊ ရှစ်သောင်းနှစ်ထောင်၊ စွန်းဆောင်ကျိပ်နှစ်၊ သမ္ဘိန်စစ်တို့၊ နေမြစ်

မဟာ၊ မင်း*တ†ကာထက်၊ သ†က္ကာဘိသ†က္က၊ မသ†က္ကဝယ်၊ သ†က္ကခေါင်ဖျား၊ နတ်သိကြားသို့၊ ကြီးမားရိပ်*ငြိမ်၊ မင်းစည်းစိမ်ကို၊ မွေသိမ်စံလစ်၊ဆဲ့သုံးနှစ်တွင်၊ စင်စစ်*မယွက်၊ မှန်ဆက်ဆက်ဖြင့်၊ ခုနစ်ရက်တွင်း၊ ရွှေစက်ရင်းသို့၊ *လက်ငင်း *ဆောလျင်၊ ကြာမတင်သည်။ ။စက်ရှင်ရောက်လု ဟူသတည်း။ (၆)

၅၆၆။ ရောက်လုစက်ရှင်၊ ထိုခါတွင်တီ၊ ညာတင်ယသော်၊ တောင်နန်း ပျော်လျှင်၊ သားတော်မျက်ရှု၊ သက်လုံးစုသည့်၊ ရာဟုဘုန်း*ဟော့၊ ဘွားသည့် နေ့တွင်၊ ချိန်စေ့အခါ၊ နတ်သုဒ္ဓါတို့၊ ပြလာနိမိတ်၊ လေးပါးဟိတ်ကြောင့်၊ လန့်ထိတ်လွန်ပြင်း၊ တောထွက်ခြင်းဖြင့်၊ အလျှင်းမငဲ့၊ လိုတော်*ဖွဲ့သျက်၊ ကိုးဆဲ့ခုနစ်၊ သက္ကရာဇ်ဝေါဟာ၊ နှစ်ကောဇာတွင်၊ ဝါဆိုပုဏ္ဏမီ၊ နေ့စန္ဒီဝယ်၊ ညရီလွန်လျှင်း၊ သန်းခေါင်တွင်းနှိုက်၊ မြင်းကဏ္ဍက၊ မတ်ဆန္နနှင့်၊ ထွက်ကြွပြီး ကာ၊ ညဥ့်ခြင်းခွါ၍၊ နော်မာမြစ်ဆိပ်၊ သဲးသောင်ထိပ်ဝယ်၊ ချိပ်ချိပ်ညိုရောင်၊ ပိတုန်းတောင်သို့၊ ကေသျှောင် ပယ်ဖြတ်၊ သုဒ္ဓါနတ်၏၊ သတပတ်*မုံရင့်၊ ငါးစုံ ပွင့်တွင်၊လေးဆင့်ခြောက်စွာ၊ ငွေချပ်လွှာနှင့်၊ မြတ်ကမ္ဘာပန်း၊ ကြာသက်နိုန်းဖြင့်၊ ရဟန်းအသွင်၊ ယူဆင်သပ္ပါယ်၊ တောလယ်ခိုမှီး၊ ကျင့်ကြီးပြင်းစွာ၊ ခြောက်နှစ် ကြာအောင်၊ အစာမသုံး၊ လုံးလုံးပယ်ထ၊ ဒုက္ကရဖြင့်၊ လုံ့လတု*မဲ့၊ ကျင့်ပြီးခဲ့မှ၊ သုံးဆဲ့ငါးနှစ်၊ ရောက်လစ်သော့ခါ၊ ကောဇာနှစ်စု၊ ရာ့သုံးခုတွင်၊ ဣန္ဒုစကြာ၊ လစန္ဒာနှင့်၊ ဝိသာခါနက္ခတ်၊ ပါဒ်နဝင်းညီ၊ ပုဏ္ဏမီဟု၊ တိထိခါစေ့၊ ဗုဒ္ဓနေ့နှိုက်၊ မရွှေစသာ၊ ဓမ္မတာဖြင့်၊ ဃနာခံ၍၊ ထိုနေ့နေစက်၊ အရုဏ်တက်နှင့်၊ ပြိုင်လျက် ပွင့်မည်၊ ရှယ်ခန့်ရည်သို့၊ ချမ်းကြည်ရိပ်သာ၊ အဇပါ၏၊ ယှိုရာရပ်ခွင်၊ ကြွလာ ကျင်ပြီး၊ ဝင်တော်မူခြင်း၊ ဗြဟ္မာဆင်း၍၊ လှူရင်းရှေးက၊ ကမ္ဘာ့နိမိတ်၊ ကြာသပိတ်လျှင်၊ အကနိဋ္ဌဌာန်၊ ဘုံဝေယန်သို့၊ ပြန်လေသော့လား၊ ကွယ်သွား လိုခါ၊ ကိုယ်တော်သာမျှ၊ ရင်းမှာကပ်လျက်၊ ပလ္လင်ရှက်၍၊ ငြိမ်သက် သိမ်မွေ့၊ အဘိတ်နေ့က၊ ဘုန်းဟော့မြတ်*လျှာ၊ စံနေ†ပါသည်။ ။ပြုဗ္ဗာရွှေ*တူ ရှူသတည်း။ (၇)

၅၆၇။ ထိုရော့ကာလ၊ ထိုဒေသနှိုက်၊ သေနမည်တုံ၊ ထိုနိဂုံဝယ်၊ ပြည့်စုံ ချမ်းသာ၊ သုဇာတာဟု၊ ကြော်ငြာဝေးနီး၊ ဌေးသမီး၏၊ အသီးစင်စစ်၊ သုံးနှစ်တခါ၊ ဒေဝတာအား၊ ကြီးစွာအမြဲ၊ ပူဇော်ပွဲးနှင့်၊မလွဲးကြိုက်ကြုံ၊ ခါခိုက် ဆုံ၏၊ *ရဂုံသာမော၊ နွယ်ချိုတောနှိုက်၊ ဘော်နွေ့ာတကွ၊ ထောင်နွားမကို၊ ကာလကြာ*ညောင်း၊ ဝစွာကျောင်းပြီး၊ နို့ကောင်းချိုမြက်၊ ရေမစွက်ဘဲး၊ ခွဲးဝက်ခုနစ်တန်၊ တကောင်ကျန်နှင့်၊ နို့ပြန်တိုက်လျက်၊ ရှစ်ကောင်နက်မှ၊ ယူချက်သမူ၊ နို့နှစ်ပြုသော်၊ စတုမဟာရာဇ်၊ နတ်စစ်လေးဖြာ၊ လက်နက်ကာ၍၊ ဣန္ဒာမီးထိုး၊ ထိးမိုးဗြဟ္မာ၊ တိုက်စကြာက၊ ရသာလောင်းဖြည့်၊ နတ်ပေါင်း ထည့်လျက်၊ နှစ်ပြည့်သြဇာ၊ နတ်သုဓာသို့၊ ဆာလောင်ငြိမ်းကင်း၊ *ချင်ခြင်း

ပြယ်ဘိ၊ ပျင်းရိမထင်၊ ကြည်လင်ခံ့*ကျန်း၊ မစွန်းမျက်မာန်၊ ငြိုးရန်ပျောက်တုံ၊ ငြင်းခုံမဖြစ်၊ *ချောပစ်မဟူ၊ ချမ်းပူမဆံ၊ လေးလံ*မဲ့ထ၊ ဒွါဒသဟု၊ များလှ နိသင်၊ ကျိုးအင်ထူးစု၊ ဝိသေသနှင့်၊ ပမာဏအား၊ ခန့်ပိုင်းခြားမူ၊ ကွမ်းစားဆဲ့နှစ်၊ ကုဋ္ဌုံတစ်မျှ၊ မပျစ်မချွဲး၊ မပြော့နဲ့းတိ၊ မခဲမမာ၊ လျောက်ပတ်စွာသား၊ သူဇာ လှုကြပ်၊ နို့နပ်ဃနာ၊ ဆွမ်းသြဇာကို၊ ခံကာထိုမှ၊ ထိုခဏဝယ်၊ ကာလမလွန်၊ ဘုန်းတော်ညွန်၍၊ သိန်းတန်မယုတ်၊ ရာပြည့်ခုတ်သား၊ ရွှေကြုတ်ဘိုးနဂ်၊ မြတ် ရွှေခွက်ဖြင့်၊ ရွှေလက်တော်နှိုက်၊ ဆောင်ပိုက်ရွှေကိုယ်၊ *မငြင်†ငြိုဘဲး၊ မြ†ညို ရေ†ယဉ်၊စီးထွေယှဉ်သား၊ နေ†ရဉ်ကမ်းကျွေ၊ မြစ်သောင်ဗွေထက်၊ တစေ့ခန့်ယို၊ ထန်းသီးသဖွယ်၊ မကြီးငယ်တိ၊ လေးဆယ်နှင့်ကိုး၊ ပြည့်*ဖြိုးလုပ်လှ၊ ဘုဉ်းပေး မှလျှင်၊ ချမ်းမြငြိမ်းငြိမ်း၊ နေမွန်းယိမ်းနိုက်၊ မြက်စိမ်းခံကာ၊ လှည့်လကျာဖြင့်၊ ပါရမီတော်၊ ရဲးဘော်ရန်နှိပ်၊ ဗိုလ်သုံးကျိပ်နှင့်၊ ကြံသိပ်မြဲးမြဲး၊ ဘုန်းတော်ကဲး ၍၊ အရဲးဘက်*မဲ့၊ ကိုယ်ရံဘွဲ့ပြီး၊ တဆဲ့ရှစ်မင်း၊ ပယ်ကွင်းရပ်သာ၊ စည့်မျက် နှာသို့၊ ဇေယျာပထဝီ၊ ဘူသိခရာဇ်၊ မြေနှစ်မဏ္ဍ၊ ကမ္ဘာ့*သေတ္တ၊ အောင် ကိန်းစုသား၊ ဇမ္ဗုမင်္ဂလာ၊ ဗွေချက်ချာထက်၊ မဟာဗုဒ္ဓဟော၊ ငါးမာရ်ချေသည့်၊ ရွှေညောင်ဗောဓိ၊ သီရိဝေလျှပ်၊ အောင်မြေရပ်ကို။ ။အောင်တပ် နင်းတော် မူသတည်း။ (၈)

၅၆၈။ အောင်တပ်တော်နင်း၊ ဗောဓိရင်းဝယ်၊ ဖြန့်ကျင်းမြက်ဆုပ်၊ ကြဲးကာ †လှုပ်က၊ တု†လုပ်နတ်လူ၊ မတူနိုင်ရာ၊ ဆန်းကြွယ်စွာလျှင်၊ ဝိတ္ထာယာမ၊ ဥဗ္ဗေဓဖြင့်၊ စုဒ္ဒသဟတ်၊ မြေညက္ကဋ္ဌထက်၊ အမြတ်*စတေ၊ အသရေမျိုးစု၊ ဘုန်းတော်ပြုလျက်၊ *စံတုမမြော်၊ ထိုရော်ဝင်းညီ၊ ပေါ်လာဘိသား၊ ပရာဇိတုံ၊ ရောင်မျိုးစုံနှင့်၊ စိန်ခုံရတနာ၊ ဝဇီရာပြိုး†ပြက်၊ ပလ္လင်ထက်နိုက်၊ မ†ပျက်မိဋ္ဌာန်၊ အင်လေးတန်ဖြင့်၊ စိတ်သန်*ခိုင်ကျန်း၊ ထက်ဝယ်စန်းပြီး၊စံမြန်းဘွဲ့ခွေ၊နေတော် မူထ၊ ထိုခဏတိ၊ ကာလနဂါး၊ သိကြားသူယံ၊ သဟံပြဟ္မာ၊ ထံတော်သာဝယ်၊ မိုးကာထီးကြီး၊ သားမြီးယပ်ဝန်း၊ သြဘာညွှန်းလျက်၊ ရိုက်မွန်းသံကြော်၊ မှုတ်သော်ခရု၊ ခြီးမြှောက်ပြု၍၊ တစုတခဲး၊ ခြိမ့်ခြိမ့်သဲးအောင်၊ နတ်ပွဲးဝန်း ကျင်၊ ပူဇော်*ရင်စဉ်၊ ခြောက်ခွင်ပိုက်†ကျုံး၊ ဆောင်လက်ရုံးနှင့်၊ ဟစ်†ကြုံး ကြော်ငြာ၊ မာရ်မိစ္ဆာလျှင်၊ မာန်ပါကြောက်ဘွယ်၊ တန်းခိုးကြွယ်တိုင်း၊ ကြီးကျယ်မိုး*ရှိ၊ မိုးလုံးဘိသို့၊ ဂိရိမေခဋ္ဌာ၊ ဆင်စကြာ၏၊ ယူဇနာချင့်တွက်၊ သုံးရာဝက်ထက်၊ ယာဘက်ငါးရာ၊ ဝဲးငါးရာတိ၊ မုတ္တာမုတ္တ၊ အာဝုဓဟု၊ ရရကစု၊ *ရောရှသိမ်းကာ၊ နာနာမုသလ၊ ဖာလ ပဗ္ဗတ၊ ဤသို့စသား၊ များလှတို့ရှည်၊ အတည်တည်ဖြင့်၊ ကျည်ပွေ့*ဖ†ရင်း၊ လှခက်†ယင်းပါ၊ ရဲးတင်းလျှံထိန်၊ ပုဆိန်*ဆောက်ပုတ်၊ ရတိုင်းသုတ်၍၊ ချိုးနုတ်ဆွဲးငင်၊ သစ်ပင်တောင်ထွတ်၊ မြစ်ရင်းချွတ်လျက်၊ ပစ်လွှတ်ရှုံးရှုံး၊ *နပုန်း မြားလေး၊ သက်တင့်ကွေးသို့၊

ရောထွေးသံချောင်း၊ *လှင်ကန်*တောင်းက၊ *အဲးမောင်း*အိမ့်ထား၊ အသွား တဘက်၊ နှစ်ဘက် သုံးဘက်၊ လေးဘက်မြမြ၊ ထိတိုင်းရှအောင်၊ ထက်လှမြိုက် သွန်း၊ သန်လျှက်ချွန်းနှင့်၊ စက်ဝန်းလဝက်၊ နတ်စက်ဝရဇိန်၊ စွဲးချိန်ရှုပ်ရှက်၊ ထောင်လက်နက်ဖြင့်၊ အောက်ထက်ဝဲးယာ၊ ရံဝန်းလာသည်။ ။ဗိုလ်ပါသောင်း သောင်း အူသတည်း။ (၉)

၅၆၉။ အောက်ထက်ဝဲးယာ၊ နောက်စကြာတိုင်၊ ဘယ်ညာ*ဝန်းပတ်၊ မိုးမြေညွတ်မျှ၊ လောကဓာတ်တခြမ်း၊ ပြည့်တင်း†ကျမ်းဖြင့်၊ လွန်†ကြမ်း မိုက်ဆိုး၊ ဗိုလ်အားကိုး၍၊ မိုးကြိုးသိန်းသန်း၊ ထစ်ခြိမ်း*ဖြန်းလျက်၊ လျှပ်ပန်း ကြိတ်စုံ၊ ဝိဇ္ဇုမ္မာလာ၊ မိုးလုံးဖြာပြီး၊ ရုပ်ဝါထူးပြား၊ အခြားခြားနှင့်၊ ကိုယ်ကား တပုံ၊ခေါင်းတပုံဖြင့်၊မြင်ရုံသာလောက်၊ကြောက်ဘွယ့်*စ†တေ၊ ကုဋ္ဌေ†ဋ္ဌေလျှင်၊ ရေနေကြည်းနေ၊ အဟိတ်တွေတည့်၊ တစ္ဆေစိမ်းဝါး၊ တောသားရဲးခက်၊ *သံဘက် *ဥပါ၊ မိစ္ဆာ ပြိတ္တာ၊ ဘူတာဘူတ၊ ဒါနဝက၊ ယက္ခ ရက္ခိုသ်၊ အမိုက်သင်းဘွဲ၊ သိမ်းခေါ် ခဲ့သား၊ တဆဲ့တခရိုင်၊ နယ်အပိုင်မှ၊ လက်နိုင်နောက်ပါ၊ မျှားသေ †နာနှင့်၊ အာ†ဏာထစ်ကြိုး၊ ငါနတ်စိုးဟု၊ လေမိုးကျောက်ခဲး၊ လွှတ်ကြဲး စက်ပျံ၊ မီးလျံ သဲးပြာ၊ ညွန်ပါမှောင်မျိုး၊ လက်နက်ကိုးဖြင့်၊ လွှမ်းမိုးခြိမ့်ညံ၊ စစ်ကြီး †ရံသော်၊ သ†ယမ္ဘူကြီး၊ ပွင့်နီးလုစ္ဆာ၊ မဟာဗောဓိ၊ လောင်းပစ္စိတ္တို၊ သတိ သမ္ပဇဉ်၊ မြဲးယှဉ်ဣန္ဒြေ၊ ခိုင်ခံ့ထွေဖြင့်၊ သန္ဓေသက်ခြင်း၊ ဝမ်းတွင်းတည်ရာ၊ ဘွားခါကာလ၊ သုံးဌာနလုံး၊ စိတ်မျှဝမ်းတွင်း၊ ကြောက်ထိတ်ခြင်းနှင့်၊ အလျှင်း မဆံ၊ န ဘယံကြောင့်၊ သဟံဣန္ဒ၊ သုယာမတို၊ ကာလနာဂိန်၊ ဒေဝိန်ဒေဝါ၊ စွန့်ပြေးခွါလျက်၊ မြတ်စွာ*ရှင်နည်း၊ တပါးတည်းသာ၊ ယိုတုံပါလည်း၊ ရတနာ ပလ္လင်၊ *ပြတည်းပြင်ထက်၊ တမျှင်မွေးညှင်း၊ လှုပ်ခြင်းမ†ဖြစ်၊ မာရ်မင်း စစ်ကို၊ လက်†ဖျစ်တတီး၊ ဖြုတ်ခြင်းနီးမျှ၊ ရေးကြီးမထင်၊ ဗိုလ်စစ်အင်ဖြင့်၊ သေနင်မကျင်း၊ လက်နက်ကင်းလျက်၊ မြူညှင်းမြေ†မှုန့်၊ ညက်ညက်†မုန့်သား၊ သဲးစုန့်ဂင်္ဂါ၊ မရေသာသို့၊ ကမ္ဘာအနေ၊ လေးသခေ်ျနှင့်၊ လွန်လေ*အပြိန်း၊ ကပ်တသိန်းလုံး၊ မဟိန်းမဟဲး၊ မညဲးမညူ၊ ကြည်ဖြူမ*ငြိုး၊ ဖြည့်ခဲ့*ကြိုးသည့်၊ ထိုထိုပါရမီ၊ မဟူပြီသေး၊ မဝေးတိတ၊ တတိယဝယ်၊ ကြွေကျပြိုနီး၊ ပဲ့တင် တီးလျက်၊ မြေကြီးခုနစ်ကြိမ်၊ မငြိမ်ပတ်ချပ်၊ တုန်လှုပ်စေလျှင်း၊စွန့်လှူခြင်းဖြင့်၊ လောင်းမင်းဘုန်း*ဝှန်၊ ဝေဿန်ဘဝ၊ နှောင်းဆုံးစွက၊ ဒါနရန်ဖြို၊ တပ်ဦး ဗိုလ်မျှ၊ မြင်းမိုရ်တသောင်း၊ တိုက်ပေါင်းဆယ်ထောင်၊ *ဝန်းမြောင်ပတ်ကုံး၊ အောက်ထက်ကျုံး၍၊ မြေဆုံးရေဆုံး၊ မိုးလုံးရိုက်တုန်၊ လှိုက်ခုန်စက္ကဝါ၊ ဘက်တော်ပါလျက်၊ ပြာကိုလှွင့်မှုတ်၊ လေပြင်းသုတ်သို့၊ တမုဟုတ်တွင်း၊ ခဏခြင်းတိ၊ နေမင်းစက်ရှင်၊ တောင်အတွင်သို့၊ မဝင်မီသာ၊ မျှားမကြာခင်၊

မင်္ဂလာဇေယျ၊ ပထမရန်မီး၊ အောင်ခြင်းကြီးဖြင့်၊ ပြီးစီးဘုန်းခေါင်၊ ပွဲဦးအောင်၍။ ။အောင်လံစိုက်လွှင့် ထူသတည်း။ (၁၀)

(ကြိယာဝိသေသာလင်္ကာရ သမာဟိတာလင်္ကာ-ပင်။)

၅၇၀။ ဘုန်းခေါင်ဘုန်းမြတ်၊ တို့*စောထွတ်ကား၊ လောကဓာတ်တပိုင်း၊ တင်းကျမ်းမှိုင်းအောင်၊ ရံဝိုင်းနောက်ပါ၊ မျှားသေနာနှင့်၊ သေနင်္ဂါဆိုင်၊ ပြိုင်အံ့ *ဆောလျင်၊ ဂီရိဆင်ထက်၊ စီးကျင်*ဟုံးစုံး၊ ငါဟုကြုံး၍၊ လက်ရုံးတထောင်၊ စွဲးဆောင်လက်နက်၊နတ်စက်ကိုးပါး၊ ပစ်သော့အားဖြင့်၊ငါကားငါ့ပြင်၊ငါမြင်ဟု၊ သို့စင်ကဲးမိုး၊ လွန်မိုက်ဆိုးလျက်၊ အားကြိုးမာန်ကြိုး၊ ပစ်လွှတ်ချိုးသည့်၊ ပုဆိုးနတ်စက်၊ လက်နက်မျှားစွာ၊ ပြန်ဆယ်ရာသို့၊ စကြာရွှေဘွား၊ ထံတော်ပါးနိုက်၊ အသွားပြုန်းကြွေ၊ အဖျားပေလျက်၊ လိပ်ခွေနဲ့နုန့်၊ မာန်*မသုန့်ဘဲး၊ မရုန့်ရင်းဝံ့၊ ပန့်း*နှယ်ပျံ့၍၊ ရန့်ကြိုင်လှောင်း၊ နံ့သာ†ပျောင်းက၊ ရုပ်†ပြောင်းကွယ်ပစ်၊ ခြေသုတ်ဖြစ်ကို၊ စင်စစ်မြင်ခါ၊ မိစ္ဆာမာရ်ကြီး၊ ကြောက်ကုန်ပြီးလျှင်၊ ကြက်သီးစိုးစိမ့်၊ စစ်ရေးနိမ့်ကြောင့်၊ တုန်ပိမ့်ဝပ်တွား၊ ဥက္ကောင်းပြားရှင့်၊ *စုလျားဘွဲ့ဖြူ၊ ခြေသုတ်လှူလျက်၊ ကိုးဆူမိုးကြိုး၊ လက်နက်မျိုးလည်း၊ ပန်းမိုး*ဖြော်ဖြော်၊ ကြဲးပူဇော်မှ၊ ဘုန်းတော်မြှောက်ခြီး၊ နတ်ဆင်ကြီးနိုက်၊ စီး၍လျင်စွာ၊ ပြေးအံ့လာသို့၊ အကြာမလင့်၊ မာရ်မင့်း†လွှင့်သော်၊ စိုက်†လွှင့်အောင်လံ၊ ပွဲ့ဦးခံ၍၊ နေ့ယံကုန်လင်း၊ နေမင်းကွယ်ပ၊ ညဦးစနိုက်၊ ဘဝအတိတ်၊ ဖုံးပိတ်တတ်စွာ၊ အဝိဇ္ဇာကို၊ ဝိဇ္ဇာလင်းစေ၊ တစင်းနေသို့၊ ပုဗ္ဗေလက်ရောက်၊ သန်းခေါင်လောက်နိုက်၊ ထက်အောက်ဝန်းကျင်၊ နတ်*နှယ်မြင်သည့်၊ သန့်စင်ထက်မြက်၊ ဒိဗ္ဗစက်ဝိဇ္ဇာ၊ လိုတော်ပါ၍၊ ဉာဏ်ဝါထွန်းတောက်၊ မိုး*သောက်ကာလ၊ ပစ္ဆိမနိုက်၊ ပဋိစ္စသမုပ္ပါဒ်၊ ဒွါဒသ်အင်္ဂါ၊ ဆဲ့နှစ်ဖြာကို၊ ဝိပဿနာဉာဏ်စု၊ သုံးခုပွါးမြှောက်၊ သုံးဆဲ့ခြောက်တိ၊ သိန်းလောက်ကုဋေ၊ တိုက်တွင်းနေကို၊ ကုန်စေညက်ညက်၊ ဆင်ခြင်သက်၍၊ ရေတွက်အံ့ငှါ၊ မတတ်ရာလည်း၊ သင်္ချာနယ၊ အမြွက်ပြက၊ ထိုမျှသိန်းဆိုက်၊ ကုဋေတိုက်မှ၊ ရထိုက်ထိုလောက်၊ ကုန်မကောက်ဘဲး၊ တယောက်စီပေ၊ ယူ၍ရေသော်၊ ကုဋေသုံးသန်း၊ ခြောက်သိန်းခန့်ဖြင့်၊ ပွါးပြန့်မဟာ၊ မျှားမြွတ်စွာသား၊ သက္ကာဝုဓ၊ သိကြွေးလက်†ပစ်၊ နတ်စိန်စစ်သို့၊ *ပြစ်†ပြစ်မကျန်၊ ယှိုတိုင်းမှန်အောင်၊ မချန်ပြင်းစွာ၊ ခြွင်းမညှာဘဲး၊ ဝိပဿနာဉာဏ်ရှိန်၊ ဝရဇိန်မိုးကြိုး၊ မိုက်မျက်မျိုးကို။ ။ပစ်ချိုးသယမ္ဘူ သတည်း။ (၁၁)

(နာမဓာတ်-ချပင်၊ ကြိယာပရိကပ္ပါလင်္ကာရ-ရှိသောပိုဒ်။)

၅၇၁။ သယမ္ဘူမျိုး၊ ဉာဏ်မိုးကြိုးဖြင့်၊ ပစ်ချိုးကုန်စင်၊ စစ်ဦးထွင်ပြီး၊ အသင်္ခဟ၊ ဘဝဆုံးထွတ်၊ ဘုံပိဝဋ္ဋသို့၊ ဂေါတြဘူတတန်၊ ဝေါဒါန်သုံးချက်၊ တပ်စဉ်တက်၍၊အာသဝက္ခယ၊ပြာညက်ကျအောင်၊ဉာဏပိဇ္ဇာ၊မဟာဝဇိရတ်၊စက်အာဝုဓ်

ဖြင့်၊မြစ်ငုတ်မကြွင်း၊ရန်*ခပင်းကို၊ပယ်ရှင်းသုတ်သင်၊ပွဲဦး*ရင်သည့်၊အောင်မြင်ကိစ္စ၊ အာဒိကဖြင့်၊ ကိလေသပရိနိဗ္ဗာန၊ ပထမ*နေရဗ္ဗာန်၊ လက်*မွန်ထိုရော်၊ ပြီးလတ်သော်တည့်၊ သက်တော် လုံးရပ်၊ ကျင့်အပ် မျိုးနွယ်၊ ခြောက်သွယ်ရောင်ပ၊ နိစ္စလဟု၊ပဋ္ဌဝေ†မတ်၊ ကွဲးလွဲး†မှတ်သည့်၊ မည်†မှတ်ငါးဖြာ၊မတူရာမျှ၊ သည်သာထူးခြား၊ နောင်တော်များနှင့်၊ မပြားလုံးစုံ၊ တူ*ဥဿုံဖြင့်၊ *ချက်ကိုပြီးမြောက်၊ ထွတ်တိုင်ရောက်၍၊ ဝိမောက္ခန္တိက၊ ဆုံးဗလနှင့်၊ ဗုဒ္ဓပညတ်၊ တံဆိပ်ခတ်သား၊ မြတ်သယမ္ဘူ၊ မည်တော်ယူလျက်၊ ဘူပထဗျာ၊ စက္ကဝါမြင်းမိုရ်၊ ယုဂန္ဓိုရ်တို့၊ ထိုထိုပတ်ကုံး၊ သောင်းလုံးပြိုအက်၊ ပဲ့တင်နှက်၍၊မင်္ဂလည်းလေးဆူ၊ ဖိုလ်လေးဆူဖြင့်၊ ရှစ်ဆူစကြာ၊ ပြုရွက်ကာပြီး၊ ပစ္စဝေက္ခဏာ တဆဲ့ကိုးပါး၊ ဘုရားတို့တမ်း၊ မင်းခမ်းပြောင်ဝင်း၊ ခင်းကျင်း*စေ့ငုံ၊ စတုဝေသာရဇ္ဇ၊ဆအသာဓာရဏ၊ သတ္တသမ္မောဇ္ဈင်၊ မဂ္ဂင်ရှစ်ဘော်၊ ဂုဏ်တော်ကိုးတန်၊ ဉာဏ်တော်ဆယ်ပါး၊ စသောအားဖြင့်၊ များမြတ်လှစွာ၊ ဂုဏ်တန်းဆာကို၊ ကုန်ငှါမလပ်၊ ဆင်ယင်အပ်လျက်၊ ရှုရဗ္ဗဇဉ်၊ စံမယှဉ်သည့်၊သဗ္ဗညုတ၊ မြတ်ဉာဏဟု၊ သေဋ္ဌဇေဋ္ဌ၊ ဂုဏ်ပေါင်းရုံသား၊ ရောင်လျံဦးစိုက်၊ မကိုဋ္ဌရတနာ၊ မဟာဝဇိရ၊ မကုဋ္ဌနှင့်၊ ဓမ္မစက္ကဝတ်၊ အတုလွတ်အောင်၊ အထွတ်ခေါင်ဖျား၊ မင်းတရားစစ်၊ ကိုယ်တော်ဖြစ်သည်။ ။သုံးခေတ်စံမပူသတည်း။ (၁၂)

(အစိုင်အခဲ ဝတ္ထုတန်းဆာ မကိုဋ္ဌသဘောကို အစိုင်အခဲမဟုတ်သော ဂုဏ်တော်များနှိုက် တင်သော သမာဓိဂုဏ်-ရှိသော လင်္ကာ။)

သာသနာ့ အဝိဒူရေနိဒါန်း ၁၂-ပိုဒ်ပြီး၏။

---

## ၅-သာသနာ့သန္တိကေနိဒါန်း

၅၇၂။ ဘုရားဖြစ်စ၊ ကဆုန်လ၏၊ ပုဏ္ဏရက်ဝါ၊ နေ့ကသာလျှင်၊ *နွယ်တာခေါ် လှည့်၊ ဝါဆိုပြည့်အောင်၊ ရက်ရှည့်ခြောက်ဆယ်၊ နှစ်လဝယ်ကား၊ ဘယ်ဘယ်လူနတ်၊ မ*ခြေချွတ်ဘဲး၊ သတ္တရက်လုံး၊ ဆုံးပစေလျက်၊ ပလ္လင်ထက်နှိုက်၊ ဘွဲ့ရှက်သပ္ပါယ်၊ စံတင့်တယ်ရှင့်၊ နောက်ဝယ်ထိုမှ၊ ဒေဝများစွာ၊ နတ်*တကာ၏၊ မိစ္ဆာဝိတက်၊ တွေးကြံချက်ကို၊ ပယ်ဖျက်ကင်းစေ၊ သင်္ကာ*ပြေအောင်၊ မီးရေနှစ်ပုံ၊ ယမိုက်စုံဖြင့်၊ ပြတုံ့ခဲ့ပြီး၊တသီးထိုပြီး၊ပင်ဗောဓိမှ၊အနိမိသ၊ဌာနတထောက်၊တဆဲ့ခြောက်ဝယ်၊ ရွှေမြောက်ဒိသာ၊ ရပ်မျက်†နှာက၊ ရတ†နာစိန်ပြင်၊ ရွှေပလ္လင်ကို၊မြတ်ရှင်ဇိနော်၊ ရပ်ကာမျှော်၍၊ မျက်တော်မညိတ်၊ မမှိတ်ရှုကာ၊ ရက်လည်ကြာ၏၊ဆယ်တာကျော်ငြား၊ ထိုအကြားတွင်၊ နတ်များဘန်လာ၊ ရွှေဒိသာနှိုက်၊ ရတနာဝင်းလျံ၊ ရွှေစင်္ကြံထက်၊ ကြွစမ့်ယ်လစ်၊ ခုနစ်ရက်စင်၊ လွန်ပြီးကျင်သော်၊ နောက်ခွင်ရပ်သာ၊ ဆဲ့သုံးတာဝယ်၊ ရတနာဃရ၊ ရွှေအိမ်လှထက်၊ သတ္တရက်

ကြာ၊ ဘိမ္မွာကို၊ မြတ်စွာဆင်ခြင်၊ ဉာဏ်တော်တင်လျက်၊ ကောင်းကင်စကြဝဠာ၊ ဖိ၊လာထက်အောက်၊ ထွင်းဘောက်နှံ့အောင်၊ တပြောင်ပြောင်လျှင်၊ ခြောက်ရောင်တော်လွှတ်၊ စံနေလတ်၏၊ တာခတ်ပြုဗ္ဗ၊ ငါးရာကျွတ်ခွင်၊ အဇပါလ၊ နိဂြောဓန္နိုက်၊ အ၊လှတု*မ့်၊ စံမ*ဟဲ့သား၊ တဆဲ့နှစ်နှစ်၊ ဆဲ့သုံးနှစ်က၊ ပျိုစစ်ရွယ်စင်၊ * ယကင်*စုလည်း၊ ကြက်တောင်စည်းလျက်၊ မျက်မည်းနုထွား၊ *လျှလျှခါးဖြင့်၊ တသားမမြင်၊ တသားမြင်တိ၊ ရွှေရင်ညှံ့စိ၊ နှစ်သားမိနှင့်၊ ယဉ်အိရုပ်ရည်၊ တည်ကြည်ငြိမ်မြတ်၊ ရွယ်လတ်ရွယ်ကြီး၊ မာရ်သမီးတို၊ ခြောက်သီးခြောက်ပုံ၊ လိုတော်*ကုံအောင်၊ အာရုံတော်နှိုး၊ နတ်တန်းခိုးဖြင့်၊ ကြိုး၍အားသွန်၊ ကြိမ်ဘန်ဘန်လျှင်၊ သဏ္ဍာန်ရုပ်ပြောင်း၊ ရာစီလောင်းလျက်၊ *ဖြားယောင်းလုံ့လ၊ ပြုသမျှကို၊ ယဿ ဇိတံ နာဝဇီယတိ၊ အစယ့်သား၊ ပါဠိဒေသနာ၊ ဂါထာသုံးပိုဒ်၊ မိန့်တော်*ရိုက်၍၊ ဖိုလ်မြိုက်သုခ၊ စံချမ်းမြလျက်၊ သတ္တ ငင်း၊ ရက်ပေါင်းတွက်ဘွဲ၊ လွန်ပြီးခဲ့ရှင့်၊ နှစ်ဆဲ့ရှစ်တာ၊ ရွှေတောင်မှာလျှင်၊ မုစလိန္ဒာအိုင်နား၊ နဂါးပူဇော်၊ စံပျော်ခုနစ်၊ တွက်စစ်ရက်ပေါင်း၊ လွန်တိုရှောင်းပြီး၊ ငင်းတောင်ရပ်၊ နီးကပ်မဝေး၊ တာလေးဆယ်ကွာ၊ ဒက္ခိဏာဝယ်၊ ရာဇာယတန၊ သာလုရိပ်*ကွန်း၊ မြထီးဝန်းသို၊ လင်းလွန်းပင်ရင်း၊ စံခြင်းငြိမ်သက်၊ ခုနစ်ရက်ဖြင့်၊ လွန်ထွက်တုံမြောက်၊ ထိုပြီးနောက်နှိုက်၊ ပြန်ခေါက်လှည့်ကာ၊ အဇပါဝယ်၊ ဗြဟ္မာသဟံ၊ တောင်းခွင့်ခံသည်။ ။ထုံးစံရှေးကပဝေတည်း။ ( ၁ )

၅၇၃။ ရှေးကတန္တိ၊ ပဝေဏီဖြင့်၊ နည်းမှီထုံးစံ၊ *အနှုန်းခံမှ၊ သဟံဗြဟ္မာ၊ ခွင့်*ပန်ထွာ၍၊ ယူဇနာဆဲ့ရှစ်၊ ကွာလစ်*မွန်တာ၊ မိဂဒါသို၊ ဒေသစာချီထ၊ နေ့ခြင်းကြွပြီး၊ ပုဏ္ဏရက်ဝါ၊ လ*နွယ်တာနှိုက်၊ မင်္ဂလာချမ်းမြေ့၊ စနေနေ့ဝယ်၊ ဘုန်းဟော့မြတ်*မွန်၊ မြတ်ရွှေဉာဏ်ဖြင့်၊ အပြန်သုံးခါ၊ ခြင်းရာဆဲ့နှစ်၊ စတုသစ်တည့်၊ ဘွင့်လှစ်နဲ့နက်၊ ဓမ္မစက်ကို၊ ဘဝဂ်*နရက်၊ အောက်ထက်ကြေညာ၊ ဟောလှည့်ကာလျှင်၊ ဗာရာဏသီ၊ ဝါကပ်မှီ၏၊ ဒုတိယ တတိယ၊ စတုတ္ထနှင့်၊ သတ္တရသာ၊ ဝါတော်ဆင့်တိုး၊ နှစ်ဆယ်ဖြိုးအောင်၊ လူမျိုးမှီခို၊ ရာဇဂြိုဟ်ဝယ်၊ ခေါက်*ကြိုတုံ့ပြန်၊ ငါးတန်ဝဿ၊ ဝါတော်မျှ၏၊ ပဋ္ဌမမှာ၊ ပြည်ဝေသာနှင့်၊ ခြောက်ဝါမကုလ၊ သတ္တမကား၊ သင်္ကပုရိန်၊ တာဝတိန်ထက်၊ ဒေဝိန်ဌာန၊ ရှစ်ဝါရန္နိုက်၊ ဘဂ္ဂတိုင်းသာ၊ ကိုးဝါတုံ့ပြီ၊ ကောသမ္ဗီနဂရ၊ ဒသမသော်၊ ရှင်တော်ဘော်နည်း၊ တပါးတည်းဖြင့်၊ ပလလည်းတောရပ်၊ တထပ်နောက်မှာ၊ ဆဲ့တဝါမူ၊ နာဠာဂါမ၊ ဒွါဒသန္နိုက်၊ ဝေရဥ္စပြည်၊ တမည်ပေါင်းရုံး၊ ဆဲ့သုံးဆဲ့ရှစ်၊ ဆဲ့ကိုးစစ်ကား၊တွင်လစ်သညီ၊ စာလီပဗ္ဗတ၊ စုဒ္ဒသမ၊ ဇေတကျောင်းသာ၊ ဆဲ့ငါးဝါကို၊ ရွှေချက်သိုသည့်၊ ကပိုလ်ပြည်ကြီး၊ စံပျော်မှီး၏၊ ထိုပြီးနောက်မှာ၊ ဆဲ့ခြောက်ဝါသော်၊ အာဠဝီပြည်၊မ၊ ဤသို့ပြသား၊ ပထ၊မဗောဓိ၊ ဝိသတိဝယ်၊ အနိဗဒ္ဓ၊ မြဲမမျှဘဲ၊

ဒေသစာရီ၊ ရောက်ရာမှို့၍၊ ထိုဤပြည်ရပ်၊ ဝါတော်ကပ်၍၊ နောက်ထပ်ပစ္ဆိ၊ ဗောဓိမည်ပေး၊ နှစ်ဆဲ့လေးကား၊ ရှေးသို့ဘုန်းမော်၊ စိတ်တော်မညွတ်၊ ပြည်သာဝတ်တွင်၊ နိဗ္ဗဒ္ဓဝါ၊ အရာမရွှေ၊ အရွှေရွှေဘုံ၊ ပုဗ္ဗာရုံနှင့်၊ မြေခုံဌာနှ၊ ဒက္ခိဏာဟု၊ နာမသမိုက်၊ တောင်တိုက်ဇေတဝန်၊ ကျောင်းနှစ်ဌာန်ဝယ်၊ လှည့်ဘန်ဝါရ၊ အစဉ်မျှတည့်၊ ပစ္ဆိမအခါ၊ ဝေဠုရွာနှိုက်၊ ဝါတော်အဆုံး၊ ဝေနေသုံးကို၊ သိမ်းကျုံးချတ်ကယ်၊ ကပ်စမွယ်သည်။　။လေးဆယ်ငါးဝါ တွက်ရေတည်း။　(၂)

၅၃၄။ ဤသို့*စေ့ငု၊ ချဉ်းခဲ့ပြုတိုင်း၊ သုံးလူ့ပတ္တမြား၊ တို့ထွတ်ဖျားလျှင်၊ ဘုရားဖြစ်စ၊ သတ်ဌာနနှိုက်၊ သတ္တသတ္တာ၊ နဝါစာလီ၊ ရက်ကိုစီပြီး၊ အာသာဠ္ဌပုဏ္ဏမ၊ *နှယ်တာလ၏၊ ပြည့်ထအခါ၊ မိဂဒါဝယ်၊ နေစကြာ လစကြာ၊ အစုံဖြာလျက်၊ မင်္ဂလာတိုက်ပေါင်း၊ တသောင်းစကြဝဠာ၊ သွက်သွက်ငြာအောင်၊ ဓမ္မစကြာတရား၊ ဟောကြားနှံ့မွေ၊ လှည့်စေသည်က၊ ပထမမူ၊ အစပြု၍၊ ကုသိနာရုံ* ရဂုံအင်ကြင်း၊ မလ္လာမင်းတို့၊ ခင်းကျင်းပြုဘန်၊ ရွှေသလွန်ထက်၊ ဟန္တ ဒါနိ၊ အစယုံသား၊ ပါဠိဆုံးတိုင်၊ ခရိုင်တိုင်းကြီး၊ နန်းထီးဇနပိုဒ်၊ တိုက်တိုက်စက္ကဝါ၊ လူ့ရွာနတ်ပြည်၊ လှည့်လည်ကြွရှန်း၊ ကောဏ္ဍည်းသခင်၊ အရှင်သုဘဒ်၊ စဆုံးမှတ်၍၊ လူနတ်ဗြဟ္မာ၊ ကျွတ်ထိုက်စွာသား၊ သတ္တဝါဝေနေယျ၊ ဘဗ္ဗပုဂ္ဂိုလ်၊ များထိုထိုအား၊ ရွှေကိုယ်တော်တိုင်၊ လက်ကိုင်နိစ္စ၊ မြိုက်ဆုငှလျက်၊ ကာလတွက်ဘွဲ့၊ လေးဆဲ့ငါးနှစ်၊ ခါခေတ်သမယ၊ ဒုလ္လဘဟု၊ ဗုဒ္ဓယုဂ်ကောင်း၊ မသာတောင်းသား၊ မြတ်ပေါင်းမင်္ဂလာ၊ လွန်သာယာအောင်၊ နတ်ရွာမဂ်ဖိုလ်၊ *ဥဒါပိုဖြင့်၊ ထိုထိုမျှော်*လင့်၊ လမ်းကြီးဘွင့်၍၊ ကျွတ်ခွင့်ကြော်ကြား၊ တရားစည်ကြီး၊ ရိုက်တီးခတ်ဆော်၊ ဆောင်ပြီးသော်တိ၊ သက်တော်ရှစ်ဆယ်၊ ပြည့်ကယ်ရကား၊ ဘုရားကိစ္စ၊ တိံသဓမ္မတာ၊ စုံလင်စွာ၍၊ ကောဇာသက္ကရာဇ်၊ အင်္ဂဇောကေ်တွင်၊ နှစ်သစ်ပေါ်စ၊ ကဆုန်လပြည့်၊ ထွန်း*စည့်စန္ဒာ၊ ဝိသာခါနှင့်၊ ပြိုင်ကာယှဉ်၍၊ အင်္ဂါနေ့နှိုက်၊ အရွှေရောင်ဝါ၊ အရုဏ်လာဝယ်၊ ဥတ္တရာဘိမုခ်၊ ရှေးရှုပြုသား၊ ကေတုမာလာ၊ လျှောင်းလကျ်ာဖြင့်၊ အပ္ပမာဒေန၊ ပစ္ဆိမတိံ၊ ဆုံးမသံတော်၊ ဆိတ်ပြီးသော်လျှင်၊ နိရော်ဓဘုံ၊ ရည်လတ်တုံမှ၊ အနုလုံပဋိလုံ၊ နှစ်စုံသမုပ္ပါဒ်၊ ဒွါဒသ်သိမ်မွှေ၊ ပြန်လှန်စေ့အောင်၊ နေ့နေ့တိုင်းပေ၊ ကုဋေတသိန်း၊ တွက်ကိန်းစဉ်စီ၊ အညီမပြတ်၊ ဝင်လေ့မှတ်တိုင်း၊ အရဟတ္တ၊ ဖလသမာ၊ လွန်မြတ်စွာဖြင့်၊ သချာတွက်ခန့်၊ နှစ်သန်းလေးသိန်း၊ ကိန်းလည်း*ကုံင၊ မကျန်ရဘဲ၊ ဒသအသုဘ၊ ဒွတ္တိံသနှင့်၊ အဌကသိဏာ၊ မေတ္တာ ကရု၊ မုဒိ အာနု၊ အာကာသဟု၊ ဌာနတွက်ရေး၊ နှစ်ဆဲ့လေးနှိုက်၊ မနှေးဝင်ဟန်၊ ဈာန်ပထမ၊ ဒွတ္တိံသနှင့်၊ အသုဘချန်၊ ပယ်ကျန်ဌာန၊ တေရသနှိုက်၊ ဒုတိယ တတိယ၊ ဈာန်ဒုကတည့်၊ အဌကသိဏာ၊ ဥပေက္ခာ အာနု၊ အာကာသနှင့်၊ အရူပလေးပါး၊

ဤဆဲ့ငါးနှိုက်၊ ဝင်စားစတုတ္ထ၊ အစဉ်မျှ၏၊ ခီဏမြတ်စွာ၊ အရဟာတို့၊ နိဗ္ဗူတာ ခေါင်၊ ကူးခပ်အောင်သား၊ စျာန်နောင်ဇောနောင်၊ နှစ်ပါးနှောင်တည့်၊ ရှေ့ဆောင်တဏှာ၊ ဘော်သဟာနှင့်၊ စေတနာကမ္မ၊ ဇနကမှ၊ စွန့်ထပယ်ခွါ၊ ရင်ပြီးစွာကြောင့်မရဏာသန္န၊ ဇောမကျပြီ၊ လောကဥဿျောင်၊ ငါးမာရ်အောင် သည့်၊ ဘုန်းခေါင်သာမိ၊ မာရဇိကား၊ လောကိစျာန၊ စတု†ထ္ထမှ၊ †ထ၍ပြီး လစ်၊ ပစ္စဝေက္ခဏာ၊ နှစ်ဖြာဒုင်း၊ ဇောနောင်နှောင်းဝယ်၊ ကျရှောင်းစတွင်၊ ထိုဘဝင်နှိုက်၊ ဆုံးခွင်ရောက်ဘိ၊ စုတိဌာန၊ ပြီးကိစ္စဖြင့်၊ သခ်ါရနိမိတ်၊ တိတ်ဆိတ် ကုန်ခန်း၊ မသန်းနိစ္စ၊ အစ္စန္တသုခ၊ လွန်ချမ်းမြသား၊ ဘဝခပ်သိမ်း၊ မီးနှယ်ငြိမ်း လျက်၊ မရှိမ်းနံရှပ်၊ ချုပ်ကြီးချုပ်၍၊ ဒုက္ခုပ္ပါဒ၊ မကြွင်းရဘဲ၊ ကြီးလှ လေးလွန်၊ ခန္ဓာဝန်ကို၊ မှောက်သွန်ပယ်ချ၊ သက္ကာယ၏၊ နိရောဓဓာတ်၊ အမြတ် ခေါင်ထိ၊ နုပါဒိဟု၊ သိတိဘူတ၊ ပြည်သိဝသို့၊ ခန္ဓပရိနိဗ္ဗာန၊ ဒုတိယ*နေရဗ္ဗာန်၊ ခါမပြန်သည်။ ။စံလွန်မြန်းကြွ ဝင်လေတည်း။ (၃)

သာသနာ့သန္တိကေ နိဒါန်း ၃-ပိုဒ် ပြီး၏။

---

## ၆-လင်္ကာသာသနာ့နိဒါန်း

၅၇၅။ ခန္ဓပရိနိဗ္ဗာန၊ ဒုတိယ*နေရဗ္ဗာန်၊ စံလွန်ပြီးသော်၊ ဘဝန္တဂူ၊ သဗ္ဗညုကား၊ ဓာတုပရိနိဗ္ဗာန၊ တတိယ*နေရဗ္ဗာန်၊ နောင်ဘို့ချန်၍၊ မလွန် မီငြား၊ ဤအကြားနှိုက်၊ နောက်ပွါးသတ္တဝါ၊ ဝေနေယျာအား၊ အသာဓာရဏ၊ မဟာဂုဏ်ဖြင့်၊ သမ္ဗုဏ္ဏဟိတ်၊ ရွှေနိမိတ်ကြောင့်၊ ဗျာဒိတ်ရွှေခွန်း၊ ညွှန်း၍ ပိုင်းခြား၊ ကိုယ်တော်ပွါးတိ၊ တရားရှစ်သောင်း၊ ဓာတ်ပေါင်းရှစ်စိတ်၊ ပရိက္ခရာ၊ မဟာဗောဓိ၊ ပရိဘောဂ၊ ဆံတော်စသား၊ ထိုမျှ*မြားမြောင်၊ မွေကုန်အောင် ကို၊ ငါးထောင်နှစ်ပေါင်း၊ နောင်ကြာ*သျှောင်းအောင်၊ ခါကောင်းပညပ်၊ ထားခဲ့အပ်လျက်၊ လူ့ရပ်နတ်ဌာန်၊ နိဗ္ဗာန်ပြည်ကြီး၊ ခရီးမဆိတ်၊ စည်မတိတ်ဘဲ၊ မပိတ်ဟင်းလင်း၊ ထွန်းဝင်းသာသနာ၊ ထိန်ထိန်ဖြာ၍၊ သာယာစည်ကား၊ လွန်ပြန့်ပွါး၏၊ မြတ်ဖျားဘုန်းမော်၊ သုံးလူ့ဘော်တို့၊ သက်ဒေတော်ဝိညာဉ်၊ အစဉ်ယိုရွှေ၊ မြဲ့ခေလေ့ဖြင့်၊ အရှေ့ဂဇင်၊ နိဂုံးပြင်က၊ အင်ကြင်းပင်ကြီး၊ တသီး ထိုနောင်၊ မှတ်ခဲ့ဆောင်သော်၊ ရွှေတောင်ထောင့်မှာ၊ သလ္လာဝတီ၊ နဒီမြစ်ဆိုက်၊ တောင်နှိုက်သေတ၊ ကဏ္ဏိကဟု၊ နိဂမရောက်၊ အနောက်အလား၊ ပုဏ္ဏားဂါမ၊ ရွှာသုနနှင့်၊ ဥတ္တရဒိသာ၊ မြောက်ညာရပ်တိ၊ လားသည်ယိုသော်၊ ဥသိရဒ္ဓဇ၊ ပဗ္ဗတတည့်၊ ပဋ္ဌဌာနန်၊ သီမန္တရိတ်၊ နိမိတ်ငါးပါး၊ မှတ်ပိုင်းခြားသည့်၊ အလျား သုံးရာ၊ အနံမှာမူ၊ သချာမှန်လှ၊ နှစ်ရာ့သုံးဆယ်၊ တွက်ရေးကယ်သား၊

ဝန်းကျယ်ယူဇနာ၊ တာကိုးရာဖြင့်၊ မဇ္ဈိမာတိုက်၊ ဗောဓိစိုက်လျက်၊ ပတ်ဝိုက် *ဝန်းလည်၊ ဆဲ့ခြောက်ပြည်မှ၊ ပြင်တည်ဌာန၊ ပစ္စန္တသို့၊ ဒေသစာရီ၊ သိင်္ဂီ ရွှေစက်၊ ချီမထွက်တည့်၊ တချက်တဝ၊ တရံမျှဖြင့်၊ ကိစ္စထူးထွေ၊ ချီစေတမင့်၊ ငါးဆင့်အာလိန်၊ နာဂိန်မြင့်မား၊ မြင်းမိုရ်ဖျားထက်၊ သိကြားနတ်စစ်၊ ဒေဝ ရာဇ်၏၊ ကသစ်ပွင့်ရာ၊ ဝတိံသာမျှ၊ မြတ်စွာတို့*ငြမ်း၊ ထုံး*တမ်းမသုန်၊ ညဉ့်ဆုံးကုန်အောင်၊ အရုဏ်စက်နေ၊ မတက်စေဘူး၊ ရွှေဂန္ဓတိုက်၊ ကုဋိနိုက်သာ၊ ဖိုလ်မြိုက်မျှစံ၊ပြန်၍ ခံ၏၊ သိဝံဂတ၊ နိဗ္ဗာန်ကြွ၍၊ ဇီဝတော်မြတ်၊ နုပါဓာတ်ဖြင့်၊ ကွယ်လတ်တုံမြောက်၊ လွန်ပြီးနောက်မှ၊ အထောက်အပွါး၊ ကိုယ်တော်စားတိ၊ အများအများ၊ ဤသို့အားဖြင့်၊ ဘုရားမြတ်ပေါင်း၊ ရှစ်သောင်းမက၊ ကိုယ်တိုင်ကြွသို့၊ ဌာနအဟို၊ ရပ်ထိုထိုနိုက်၊ မဂ်ဖိုလ်နတ်ရွာ၊ လမ်းပွင့်သာသည်။　။မိစ္ဆာ ကင်းပ ပြစ်*ချေတည်း။　(၁)

၅၇၆။ မြတ်ဖျားဘုန်းမော်၊ ဂုဏ်ကိုးဘော်နှင့်၊ ရှင်တော်ဘုရား၊ ကြွသွား နိဗ္ဗာန်၊ စံပြီးလွန်မှ၊ ရွှေညာဏ်ဓမ္မဓာတ်၊ ဆုံးဖြတ်ချက်ပိုင်၊ နည်းစုံမြိုင်သား၊ အခိုင်အပြွတ်၊ ပင်လုံးကျွတ်ဖြင့်၊ ညွတ်မျှဖျားရင်း၊ ပွင့်ကင်းဖူးငုံ၊ ရင့်အမုံနှင့်၊ *ရဂုံ*သရစ်၊ ကုံး*သီနစ်သို့၊ ပန်းသစ်စုံညီ၊ ပင်တိုင်းစီလျက်၊ ရာသီကြက်ဆောင်း၊ မိန်ရက်ပြောင်း၍၊ သန်တောင်းပေါ်စ၊ နွေဦးလနိုက်၊ ပင်ကွပင်ပျပ်၊ ကြွင်း မလပ်ဘဲ၊ ဝနပ္ပ†ဂုံ၊ ရှုမ*†ကုံအောင်၊ *ရ†ဂုံ*ဟေမာ၊ ပန်းစုံသာသို့၊ နာနာ န†ယ၊ဂိစိ†တြတိ၊ အတ္ထပဒ၊ဆက္ကဆန်း†ကြယ်၊ အသွယ်သွယ်သား၊ ကျဉ်း†ကျယ် နှစ်ထွေ၊ ဘွင့်လှစ်ဝေလျက်၊ ဥဒ္ဒေ နိဒ္ဒေ၊ သံခေဝိတ္ထာ၊ နည်းဖြာဖြာဖြင့်၊ ဒေသနာ သုံးမျိုး၊ အင်္ဂါကိုးက၊ ဟောရိုးဓမ္မက္ခန်၊ ဟောတိုင်းမှန်အောင်၊ သုံးတန်ပိဋကတ်၊ ပရိယတ်ကို၊ ညီညွတ်ညှိနှိုင်း၊ ရွတ်ဆိုလှိုင်း၍၊ တိုင်းမဂဓိုရ်၊ ရာဇဂြိုဟ်နှင့်၊ နဂိုရ်အောင်ချာ၊ ပြည်ဝေသာနိုက်၊ အဇာတသတ္တု၊ သုသုသည်းချာ၊ မင်း ကာဠာကို၊ မှီရာပြုကြ၊ လေးလတခါ၊ နှစ်တရာတွင်၊ မဟာကဿပ၊ ထေရ်ယသ တို့၊ ပထမ ဒုတိယာ၊ သင်္ဂါနှစ်ထောက်၊ တင်ပြီးနောက်တိ၊ ဘုန်းတောက်ဓမ္မာ၊ မင်းမြတ်စွာ၏၊ သာသနာနုဂ္ဂဟာ၊ ဗလဝဖြင့်၊ နတ်ရွာ*အယောင်၊ လေးထောင် ရှစ်သောင်း၊ မြို့ပေါင်းခွန်ချို၊ *နက်သန်ယှိုသည့်၊ ပါတလိပုတ္တာ၊ ရာဌာနနိုက်၊ နှစ်ရာ့သုံးဆယ်၊ ငါးခု*ကယ်သား၊ နှစ်ကြွယ်ပြည့်ထ၊ ရောက်ကာလဝယ်၊ တတိယသင်္ဂါယနာ၊ တင်ပြီးခါသော်၊ ထေရာမိပတိ၊ မောဂ္ဂလိပုတ္တာ၊ တိဿ မြတ်စွာ၊ ဂိုဏ်းဆရာလျှင်၊ မဟာမဟိန္ဒ၊ စသည်သီးသီး၊ ဘိညာဉ်ပြီးသား၊ ထေရ်ကြီးကိုးပါး၊ ခြွေရံ†မျှားနှင့်၊ မြောက်†မြားဂုဏ်ဝါ၊ ထင်ရှားစွာကို၊ ကိုးဌာနပိုင်း၊ ကိုးရပ်တိုင်းသို့၊ ကိုးဂိုဏ်းဘွဲ့ကာ၊ သာသနာခွဲဝေ၊ ပြုပြန်စေ၍၊ သောင်းမြေနဂိုရ်၊ ပြည်ထိုထိုနှင့်၊ သီဟိုဠ်ခေါ်ညွှန်း၊ လင်္ကာကျွန်းတိုင်၊ တည် ထွန်းသာသနာ၊ စည်ပြန့်စွာ၏၊ ထိုလင်္ကာဗွေ၊ ကျွန်းရပ်မြေသို့၊ ခြောက်ထွေ၊

ဘိညာ၊ ကြီးတေဇာနှင့်၊ မဟာမဟိန်၊ မြတ်တေဇိန်လျှင်၊ စက်ရှိန်ကြွရှန်း၊ တည်စေထွန်းသည်။ ။ထိုကျွန်းတခေတ် တမြေတည်း။ (၂)

၅၇၇။ တတိယသဘင်၊ သင်္ဂါတင်သား၊ ဘုရင်သတိုး၊ မြေမိုးထွင်းဘောက်၊ ထက်အောက်ယှဇ္ဇ်နာ၊ ဇမ္ဗူချာကို၊ ပဏ္ဏာခွန်ကျုံး၊ အာဏာဖုံး၍၊ ကျွန်းလုံးပိုင်သ၊ အစိုးရလျက်၊ ဗလစက္ကရတ်၊ နေနတ်ဝံသာ၊ မဟာပုညဇိဒ်၊ ဂုဏ်ဟိတ်မိပတိ၊ ဘုန်းထူးယှိသည့်၊ သီရိဓမ္မ၊ အသောကဟု၊ ပြောပမျှားစွာ၊ ကြီးတေဇာနှင့်၊ အံ့ရာမပြီး၊ ထိုမင်းကြီးလည်း၊ အသီးသက္ကရာဇ်၊ ခြောက်နှစ်ကောဇာ၊ တက်သော့ခါတိ၊ မြတ်စွာလူ့ဘ၊ ပွင့်တော်စက၊ ကိုးလတခါ၊ ငါးဝါတခေါက်၊ ရှစ်ဝါမြောက်နိုက်၊ ကြွရောက်သုံးကြိမ်၊ မွှေသိမ်ဖလ၊ ဘန်ဘန်မျှလျက်၊ သုမနကူဋ္ဌ၊ ပဗ္ဗတထက်၊ သုမနနတ်မင်း၊ တောင်းပန်ခြင်းကြောင့်၊ နင်းချရတနာ၊ ရွှေစက်ရာနှင့်၊ လင်္ကာဒီပ၊ သီဟဠမှေ့၊ တကျွန်းမြေသို့၊ ဗုဒ္ဓဟောသီရိ၊ ပင်ဗောဓိ၏၊ ဒက္ခိဏာသာခါ၊ လက်ျာဒုမရာဇ်၊ တောင်ကိုင်းစစ်ကို၊ ရင်နှစ်တော်လှ၊ ချစ်မဝသား၊ သဃ်မိတ္တာ၊ မဟာထေရီ၊ ဘိက္ခုနီနှင့်၊ တူညီမချို၊ ဆောင်ကာပို့၍၊ နှစ်လိုကြည်စွာ၊ ကျွန်းလင်္ကာတွင်၊ ဒေဝါနံပိယ၊ မင်းတိဿလျှင်၊ မဟိန္ဒရဟန္တာ၊ ထေရ်မြတ်စွာနှင့်၊ အနုရာဓ၊ ဌာနကျော်ခြီး၊ မြို့တော်ကြီးနိုက်၊ ခြားသီး*ပရိဏ်း၊ တံတိုင်းဝန်းကျင်၊ တန်းဆာဆင်၍၊ မဟာဂ်ဏ၊ မာလကဖြင့်၊ သာလှကျယ်ဝင်း၊ လွန်ပြန့်ရှင်းသား၊ ခင်းကျင်းစီမံ၊ ပလ္လင်ပံ့ထက်၊ တင်ခံစိုက်ပျိုး၊ ကြည်မြတ်နိုးလျက်၊ ကိုးကွယ်သော့အား၊ ထင်ရှားကြေညာ၊ တနိမ္မာသို့၊ ထိုလင်္ကာတုံ၊ ကျွန်းမြေခံဝယ်၊ *မရှမ္ဗိယ၊ တိဿမင်းက၊ အရင်းစ၍၊ ဘုရားသာသနာ၊ ရှည်မြင့်ကြာအောင်၊ ရောင်ဝါပြောင်ရှန်း၊ တက်နေဝန်းသို့၊ တည်ထွန်းစည်ကား၊ လူအမျှားတို့၊ တရားလက်ကိုင်၊ လေးခိုင်မဂ်ဖူး၊ ဆွတ်ယူခူးလျက်၊ အထူးမှန်စွာ၊ စဉ်မက္ခာဘဲ၊ သမ္မာဒိဋ္ဌိ၊ ဉာဏ်မျက်စိနှင့်၊ အသိသန့်ရှင်း၊ မိစ္ဆာကင်း၍။ ။အလင်းမြင်ကြ မသွေတည်း။ (၃)

လင်္ကာသာသနာ့နိဒါန်း ၃-ပိုဒ် ပြီး၏ ။

## ၇-ရာမညသာသနာ့နိဒါန်း

၅၇၈။ သပြေအင့ူ၊ မြရည်လူသား၊ ဇမ္ဗူအောင်ချက်၊ ငါတို့ဘက်လည်း၊ သျှထက်ရှေးဦး၊ ကိုယ်တိုင်ဖူး၍၊ ကြည်နူးသဒ္ဓါ၊ သရဏာဖြင့်၊ ဒွေဝါစိက၊ တပုဿနှင့်၊ ဘလ္လိကညီနောင်၊ နတ်နှိုးဆောင်လျက်၊ မြရောင်ရိပ်ကွန်း၊ လင်း

လွန်း၌ာန၊ သတ္တာဟက၊ ပထမဦးခေါင်၊ ဆုထူးအောင်၍ ၊ ပင့်ဆောင်ပူဇော်၊ ဆံတော်ရှစ်ချောင်း၊ ရောင်မောင်းမောင်းတို့၊ ကိန်းအောင်းတည်ရာ၊ *လက်မှန်စွာတည့်၊ ဥက္ကလာ႞မြို့၊ သာမှိုမှိုနှင့်၊ အောင်*မျှိတဂိုဏ်း၊ တမ်းခွန်လှိုင်းသား၊ မွန့်တိုင်း၌ာန၊ ရာမညကို၊ ပထမအာဒိ၊ စိုးအုပ်ဘိသား၊ သီရိမာသောက၊ မည်နာမဖြင့်၊ အဘ သံသေ၊ မိ ရေနတ်မျိုး၊ တေဇာဖြိုးသည့်၊ တန်းခိုးနေစက်၊ မင်းလက်ထက်ဝယ်၊ အဆက်မဝေး၊ ရှေးအတီတ၊ နန္ဒရက၊ ဘဝယှဉ်မှီ၊ နောင်ညီအထူး၊ ဖြစ်ခဲ့ဘူးသည့်၊ ကျေးဇူး*မြောက်မြား၊ ခြောက်ပါးဘိညာ၊ ကြီးတေဇာနှင့်၊ ရဟန္တာရှင်ပံ့၊ ဂဝမ္ပတိ၊ ထေရ်ဘုန်းယှိကြောင့်၊ မုနိသကျ၊ ရှစ်ဝါရတွင်၊ ပဉ္စသတာ၊ ရံငါးရာနှင့်၊ အာကာမိုးဝ၊ မြန်းလာကြွ၍ ၊ ဒုတိယထပ်ခါ၊ သာသနာလျှင်၊ တည်လာတံုမြောက်၊ ထို့နောက်ဘဂဝန်၊ ပြည်နိဗ္ဗာန်သို့၊ စံလွန်ခဲ့လျှင်း၊ မီးပုံတွင်းမှ၊ ဝင်းဝင်းထိန်လဲ့၊ စိန်တုံးကဲ့သို့၊ သုံးဆဲ့သုံးချောင်း၊ အပေါင်းမွေတော်၊ သွားတော်မြတ်ကို၊ ဣဒ္ဓိပါဒ်ရှင်၊ ထေရ်သခင်သည်၊ ကောင်းကင်မိုးယံ၊ ဆောင်ခဲ့ပံ့၍ ၊ ဘုန်းလျှံကြီးဘိ၊ သီရိမာသောက၊ သီဟကုမာ၊ ထိုရာဇာအား၊ ကရုဏာရှေ့ထား၊ ပေးသော့အားဖြင့်၊ ဘုရားမြတ်စွာ၊ သာသနာသည်၊ ရောင်ဝါထွန်းပ၊ တတိယတချက်၊ ဆင်းလာသက်မှ၊ အထက်ခြားပိုင်း၊ ကိုးရပ်ဂိုဏ်းဖြင့်၊ ကိုးတိုင်းကိုး၌ာန၊ ဝေပုံကျတွင်၊ တပါးဝင်၍ ၊ အသျှင်သောဏ၊ ဥတ္တရတို့၊ စတုတ္ထတရပ်၊ ထပ်၍ ဝါဘန်၊ ပြုပြန်ကြရာ၊ ဗိုလ်ပါအပေါင်း၊ ခြောက်သောင်းအရိယာ၊ ကျွတ်ပွဲသာလျက်၊ သုဓမ္မာပုရ၊ သုဝဏ္ဏဘုံ၊ သထုံမည်သီး၊ မွန့်ပြည်ကြီးလျှင်၊ နန်းထီးမယုတ်၊ တိုင်းသီးထုတ်၍ ၊ ပုရုတ္တမ၊ ဗုဒ္ဓသာသနာ၊ တည်ရာအစစ်၊ *အမှန်ဖြစ်သည်။ ။ တက်သစ်နေမင်း သရေတည်း။ (၁)

ရာမညသာသနာ့နိဒါန်း ၁-ပိုဒ် ပြီး၏။

---

## ဂ-မြန်မာ့သာသနာ့ နိဒါန်း

၅၇၉။ ထိုမှတခြား၊ ဘုန်းခြောက်ပါးနှင့်၊ ဘုရားမြတ်စွာ၊ လောကနာလျှင်၊ အဝါနှစ်ဆယ်၊ ပြည့်ကယ်ကျော်ထ၊ မဇ္ဈိမဗောဓိ၊ ရောက်ဘိထိုခါ၊ သုနာပရန္တ၊ မရမ္မနိုက်၊ဝါဏိဇရွာသား၊ တရားလက်ယှိ၊ မဟိဒ္ဓိဟုန်၊ ဘိညာဂုဏ်နှင့်၊ မဟာပုဏ်မည်ရ၊ ထေရ်လူ ့ဘသည်၊ မလယကျွန်းဖြစ်၊ နံ့သာစစ်ဖြင့်၊ ဆီနှစ်ရဲရဲ၊ ဘိုးကဲလွန်ကျူး၊ *အမွန်ထူးသား၊ စန္ဒကူးရှေ့ဘုံ၊ ဂန္ဓာရုံကျောင်း၊ မြတ်တန်ဆောင်းနှိုက်၊ ကိန်းအောင်းစိမ့်ငှါ၊ ပင့်လျှောက်ရာတွင်၊ ဆဋ္ဌာဘိညာ၊ ပရမဝိသုဒ်၊ တပါးယုတ်ငါးရာ၊ အရဟာချည်း၊ ငါးဖြာဝသီ၊ ဂုဏ်ဆီ*နက်ကိ၊ တန်းခိုးယှိသား၊ သီတိပရမတ်၊ များထေရ်မြတ်နှင့်၊ နတ်ဝိသုကာ၊ စီမံပြုပြင်၊ *ယာဉ်ညင်ပြာသာဒ်၊ ငါးရာမြတ်ဖြင့်၊ လူနတ်*ဦးကိုင်၊ ထွတ်ဘုန်းလှိုင်လျှင်၊ ကိုယ်တိုင်

တော်သာ၊ ကြွခဲ့လာ၍၊ သုနာတိုင်းရဌ်၊ ပရန်ခေတ်ဝယ်၊ မြတ်ဂန္ဓာရုံ၊ ရွှေဘုံကရမက်၊ ကျောင်းတော်ထက်နိုက်၊ တရက်ရှစ်သောင်း၊ လေးထောင်ပေါင်းစီ၊ ကြာညောင်းရေတွက်၊ ခုနစ်ရက်လုံး၊ မြိုက်ရေကျူး၍၊ သောက်သုံးစေ*မျှ၊ ပြည်သူတို့လည်း၊ မင်္ဂဖိုလ့်အရသာ၊ လေးသစ္စာကို၊ ထိုခါ*နှစ်ထောင်း၊ သိကြွေ ရှောင်းသည်။ ။ရှစ်သောင်းခုနစ် ဗိုလ်†ခြေတည်း။ (၁)

၅၇၀။ ထိုသို့စင်စစ်၊ မြတ်ရှင်ချစ်လျှင်၊ ခုနစ်ရက်လုံး၊ ဆုံးပစေ၍၊ ညဉ့်နေ့မခြား၊ တရားမြိုက်ရည်၊ တိုက်ပြီးသည်မှ၊ ပြန်လည်*နှစ်သော်၊ နံမြစ်သာယာ၊ ကမ်းခြေမှာလျှင်၊ နမ္မဒါနဂါးမင်း၊ ညွတ်စင်းဝပ်တွား၊ *ပန်သော့အားဖြင့်၊ တောင်ဖျားထိပ်စွန်၊ ထိုရပ်ဌာန်ဝယ်၊ သစ္စဗန်ရှင်ရင်း၊ တောင်းပန်ခြင်းကြောင့်၊ သနင်းဘုန်းမော်၊ ရှင်တော်ဘုရား၊ လိုတော်အားဖြင့်၊ ပုဏ္ဏားဒေါဏ၊ ပုတ္တသာရီ၊ မာဂဏ္ဍီနှင့်၊ ဗာဝရီဝတ္ထု၊ လေးခုခြင်းတာ၊ ထိုကိစ္စမှ၊ ဌာနအခြား၊ ရပ်တပါးနိုက်၊ ရွှေဘွားညံ့နု ဝါဂွမ်းစုနှင့်၊ လွတ်တုအားအန်၊ နောင်ကျန်ထောက်ထား၊ ကြောင်းသုံးပါးကြောင့်၊ ကြွသွားတိုင်းပင်၊ ရာမထင်လည်း၊ ဤတွင်မယွင်း၊ ထင်စေလျှင်းဟု၊ ကွင်းကွင်းပြက်ပြက်၊ တခဲနက်တိ၊ ကျောက်ထက်ထင်ရှား၊ ယာရွှေဘွားချည်း၊ ရေးသားပြည့်စုံ၊ ဘယောင်းပုံသို့၊ လိုရုံအိပျောင်း၊ အံ့ဘွယ်ကောင်းအောင်၊ *ပုန်တောင်းကန့်ချက်၊ ရာ့ရှစ်ကွက်နှင့်၊ ရွှေစက်တံဆိပ်၊ နင်းနှိပ်နှစ်ဆူ၊ ချတော်မူလျက်၊ နတ်လူအုတ်အော်၊ ရှိပူဇော်၍၊ တိုင်းယော်နက၊ မြန့်ဒေသနိုက်၊ လောကနာထော်၊ ဂုဏ်ပေါင်းကျော်သည့်၊ ရှင်တော်ဘုရား၊ ထင်ရှားစဉ့်ခါ၊ မဟာသာဝက၊ ပုဏ္ဏ သစ္စဗန်၊ ထေရ်*မွန်တို့က၊ တည်ဦးစပြီး၊ ယောနကဓမ္မရက္ခိတ၊ ထေရမဟာ၊ ခြောက်ဘိညာနှင့်၊ ရဟန္တာသခင်၊ မြတ်အသျှင်တို့၊ ရှုမြင်ဉာဏ်ဖြင့်၊ ခွဲဝေချင့်သား၊ *ယခင်အထက်၊ ကိုးတိုင်းချက်တွင်၊ တကွက်မှတ်ရာ၊ အဝင်ပါလျက်၊သာသနာထပ်ဆင့်၊ပြုပြန်ခြင်းကြောင့်၊ ကျွတ်ပွင့်ပြန်ရှောင်း၊ဗိုလ်ခြေပေါင်းလည်း၊ ကျော်သောင်းခုနစ်၊ မြိုက်ရည်ယစ်၍၊ စင်စစ်မယွင်း၊ ဉာဏ်မြင်လင်းလျက်၊ မင်းနှင့်ပြည်သူ၊ မျှားရှင်လူတို့၊ အယူသမ္မာ၊ ခုတိုင်ကြာအောင်၊ သုနာပရန်၊ ရန်မာရ်ပယ်နိုင်၊ တမ္ဗဒိပ်ဟု၊ တံဆိပ်နှစ်ထပ်၊ စက်ရှင်ကွပ်သား၊ မြန့်ရပ်စည်ဆိုင်း၊ မြန်မာ့တိုင်းလည်း၊ ပြိုင်ခိုင်းဘက်ကွာ၊ သာသနာ၍၊ တည်ရာတသီး ၊ *အမွှန်*ဖြိုးသည်။ ။တိုင်းကြီးပြည်ပြည့် ထိပ်ဗွေတည်း။ (၂)

၅၇၁။ ဤသို့အသင့်၊ နိဒါန်းဘွင့်၍၊ *ယခင့်ခြားပိုင်း၊ ပြခဲ့တိုင်းဖြင့်၊ တလိုင်းရာဇာ၊ မြန်မာမန္တာတ်၊ မျိုးနေနတ်တို့၊ မပြတ်သာသနာ၊ ခြီးမြှောက်ကာတိ၊ မဟာစူဠ၊ သမ္ဘဝ၍၊ နှစ်ပါ့သည်းပွတ်၊ အတုလွတ်ခေါင်၊ သုရာအောင်သည်၊ ဒွတ္တပေါင်နတ်၊ စက္ကရတ်တို့၊ ပြာသာဒ်*ရဝေ၊ စံမှတ်နေသည်၊ သရေခေတ္တ၊ ပြည်ကစ၍၊ မြန်မာ့ဂိုဏ်းပွါး၊ အစဉ်†ကြားက၊ †ကျားဗူးရှုံးဝက်၊

ငှက်ရန်ပျက်ကို၊ နတ်စက်ဝရဇိန်၊ပစ်ချိန်ခွင်းသတ်၊အောင်ခင်း†မှတ်သား၊ ရိ†မဒ်နာမံ၊ ပုဂံ မြင်းစိုင်း၊ စစ်ကိုင်း ပင်းယ၊ ပြည် အင်းဝနှင့်၊ သိဿကုန်းဘောင်၊ ရန်အောင်အမရ၊ ပဉ္စမသင်္ဂါယနာ၊ တင်ရွတ်ရာတည့်၊ ရတနာ†ပုံ၊ သာမျိုးစုံသည့်၊ ရွှေ†ဘုံ*ကြငှန်း၊ မန်းပြည်သီခရ၊ ပုရိန္ဒနိုက်၊ အစရန်နှည်၊ မြို့နန်းတည်သား၊ ဘုန်းစည်ပထမ၊ လူမျှော်ဘနှင့်၊ ဒုတိယမြောက်၊ ရာမ†ပျောက်ဘဲ၊ ကွန်း†ပျောက်သိမ်းမြန်း၊ ရွှေနန်းထက်စံ၊ ဆက်ခံမမှား၊ နတ်တပါးသို့၊ တရားထိန်းစောင့်၊ သမ္မာဖြောင့်သား၊ မာရ်အောင်ဒါယကာ၊ မဟာကေရာဇ်၊ နေမြစ်ပဝရ၊ မင်းသို့ကျအောင်၊ မြန်မာ့ရွှေဘုန်း၊ မိုး*နှယ်ချုန်း၍၊ နေ*နှုန်းပွင့်ရာ၊ ဟော်*ကွန်းသာနှင့်၊ပြုဗ္ဗာတကြော၊ တည်ပြန့်ပြောသား၊ *မောကိုးပြည်ထောင်၊ မင်းတို့ဘောင်ပါ၊ ကုန်အောင်ထိမ့်၊ တိုက်လောကလုံး၊ ဗုဒ္ဓသာသနာ၊ရောင်ဝါနေမီး၊ မကညီး၍၊ ပွါးစီးစည်ဖြာ၊ ထွန်းလင်းသာသည်။ ။မိစ္ဆာမသမ်း မဝေတည်း။ (၃)

၅၇၂။ မန်းပြည်သီခ†ရ၊ ပုရိန္ဒနိုက်၊ ဒုတိ†ယနေမင်း၊ ဘုန်းရောင်ကင်း၍၊ အလင်းကွယ်†ပျောက်၊ရွှေကွန်း†ပြောက်မှ၊ အနောက်ဂေါယာန်၊ဝင်ခဲ့ပြန်သော်၊ အနန္တရ၊ဝိသေသဖြင့်၊ဝိသိဋ္ဌဂုဏ်၊ခြီးမကုန်အောင်၊ပုညာဘိသင်္ခါရ၊ဇနကကုသိုလ်၊ ပစ္စည်း*ကြို၍၊ ဝိတိုရိယာ၊ မဟာရာနီ၊ နတ်ဣန္ဒီသို့၊ ကေရိ*တမွတ်၊ မိဘုန်းထွတ်လျှင် ၊စက္ကဝတ်ကြီး၊ မန္ဒာတ်နီးမျှ၊ ဘုန်းမီးတန်ဆောင်၊ ထွန်းညီးထောင်၍၊ မန်းအောင်မြေချက်၊ နန်းကနက်ကို၊ မြန်းတက်အုပ်မိုး၊ ဆက်လာစိုး၏၊ တန်းခိုးပုညဇိဒ်၊ ဂုဏ်မဟိဒ်ဖြင့် အတိတ်ကာလ၊ ရှေး*မဆွက၊ ဒိဋ္ဌမင်္ဂလိကာ၊ မိမြတ်စွာသည်၊မဟာဖြဟ္မိန်၊ လောကိန္ဒရာဇ်၊ ခင်ပွန်းစစ်ဟု၊ မဖြစ်စတောင်း၊ ရာမင်းပေါင်းတို့၊ဥက္ကောင်းမကိုဋ္ဌိ၊ ခြေဦးခိုက်၍၊ ဖူးတိုက်ကုန်ရ၊ ပုံ*တမျှတည့်၊ မိန်းမအုပ်သည်၊ ရပ်တိုင်းပြည်ကား၊ မတည်ပျက်*ဆော၊ နီတိဟောကို၊ ထူးသောပုည၊ ဝိသိဋ္ဌဖြင့်၊ဒေါသဝိရုဒ်၊ အဖြေထုတ်သို့၊သမ္ဗုဒ္ဓဖျား၊ မြွက်ဘော်ကြားတိုင်း၊ တရားအလို၊ ဘုန်းကုသိုလ်နှင့်၊ ဝိတိုရိယာ၊ ရွှေဘုံသာသည်။ ။ဣန္ဒာနီမြတ်နတ်ဆွေတည်း။ ( ၄ )

၅၇၃။ ဝိတိုရိယာ၊ ရွှေဘုံသာသည့်၊ မဟာကေရိ၊ ဣန္ဒာနီမြတ်၊ ဘုန်းတော်နတ်ကား၊ ပြာသာဒ်ရွှေဘုံ၊ သိနေရုံနှင့်၊ တူပုံမချို၊ နတ်တို့နေရပ်၊ ဆိုစအပ်သား၊ ဗိလပ်ကျွန်းမြေ၊*ကွန်း*ရဝေက၊ တကေရိန်၊ တနေထိန်သို့၊ စက္ကိန္ဒြိ၊ ဓိပတိဂိုဏ်း၊ စိုး*ဓိမိုင်းလျက်၊ တိုင်းဣန္ဒိယ၊ ဥရောပက၊ ရှေသမိုက်၊ ကမ္ဘာတိုက်တွင်၊ မကိုဋ္ဌိပြဋ္ဌာန်း၊ မန်းပြည်နန်းကို၊ သိမ်းမြန်းပြီးခါ၊ တသညာဖြင့်၊ ပြည်ရွာလောက၊ သြကာသနိုက်၊ ဒိစတြိတ်၊ နိမိတ်နယ်ရပ်၊ ဆပ္ပဒေဝိ၊ စိတ်ဝေညီလျက်၊ အစီအလျဉ်၊ အစဉ်ခွဲး†ခြမ်း၊ ပြည်ငြိမ်း†ချမ်းအောင်၊ သံလမ်းကြေးကြိုး၊ မာတ်အိုးမာတ်†ရှုံ၊ ဘူတာ†ရုံနှင့်၊ ဂတ်†ရုံထောင်ရုံး၊ သည်အားလုံး

ကို၊ ထုံးဥပဒေ၊ အနေကျမှု၊ စီမံရှု၍၊ တိုင်းပြုပြည်ပြု၊ ကမ္ဘာပြုသည်။ ။ သတ္တုပကာရ ဂုဏ်ပေတည်း။ (၅)

၅၀၄။ သတ္တုပကာ၊ သမ္ပဒါတိ၊ ပုညာဘိသန္ဒ၊ ဝိသေသထူး၊ ဂုဏ်လွန်†ကျူးကို၊ ခြီး†ကြူးအံ့ဌါ၊ မကုန်ရာသား၊ မဟာကေရီ၊ ဒေဝီ*တမ္ပတ်၊ မိဘုန်းထွတ်ကား၊ ပြန့်လွတ်စက်ရှင်၊ ရေပြင် မြေ†ကြော၊ ဘုန်း*သန်†ကျော့ဖြင့်၊ တိုက်လောကဓာတ်၊ လှည့်ခဲ့ပတ်၍၊ မြန်ရဋ္ဌတိုင်းခန်း၊ မန်းပြည်နန်းကို၊ သိမ်းမြန်းစိုးလစ်၊ ဆဲ့ငါးနှစ်သို့၊ စင်စစ်ရောက်ခါ၊ ရွှေခန္ဓာသည်၊ တရာပြည့်လု၊ ကေနုဝိ၊ မရောက်မီတွင်၊ ယာယီကိန်းဆိုက်၊ ဇာတိလိုက်ဖြင့်၊ ကြိုက်ခဲ့တုံရှောင်း၊ ရှယ်တော်*ညောင်းဟု၊ ရုပ်ဟောင်းစွန့်ပစ်၊ ရုပ်သစ်လဲးတုံ၊ ကောင်းကင်ဘုံနိုက်၊ ခိုလှုံထက်ယံ၊ ပြောင်းတက်စံက၊ သက်နှံဘုန်းထက်၊ ရာတော်ဆက်၍၊ ဒွေက်ဘုရား၊ သားတော့်မြတ်စွာ၊ ဥပရာလျှင်၊ မဟာပုညဇိဒ်၊ ဘုန်းတော်ဟိတ်နှင့်၊ ဂရိတ်ဗရိ†တန်၊ လန်†ဒန်ရွှေနန်း၊ ဘုံ*ကြင့်နန်းကို။ ။သိမ်းမြန်းရာ*ရိုက်ခံမွေ့တည်း။ (၆)

၅၀၅။ လန်ဒန်ရွှေနန်း၊ ဘုံ*ကြင့်နန်းကို၊ သိမ်းမြန်းစံထ၊ သတ္တမမြောက်၊ ရာမ†ပျောက်တိ၊ *ကွန်း†ပြောက်ဥကင်၊ မင်းပွဲ*ရင်မှ၊ တိုင်းခွင်ကျယ်တိုင်း၊ တေဇာလှိုင်းလျက်၊ မြောက်ပိုင်းဌာန၊ ခုဝံကျသား၊ အမရဒီပံ၊ မေရိကံတိုင်၊ ကျော်သံသတင်း၊ ပြန့်နှံ့ခြင်းဖြင့်၊ မင်းမင်း*တကာ၊ ကြည်ညိုစွာလျှင်၊ သစ္စာမ†လှန်၊ မဘောက်ပြန်ဘဲး၊ အင်္ဂ†လန်မည်၊ တိုင်းရွှေပြည်က၊ လေးတည်သမိုက်၊ ကမ္ဘာတိုက်တွင်၊ မကိုဋ္ဌ်တဆူ၊ နေတူတခု၊ မဏ္ဍိုင်ပြုလျက်၊ သုံးလူ့မြတ်စွာ၊ သာသနာကို၊ ဘာသာအလျှော်၊ ထူးမမြောက်လည်း၊ ထက်အောက်*ဗိုလ်ထု၊ ဝေနေစုအား၊ သတ္တုပကာ၊ သမ္ပဒါဖြင့်၊ ရောင်ဝါမယုတ်၊ စက်မှန်ခုတ်သို့၊ မရှုတ်မချ၊ သဘာဝတိုင်း၊ ဋ္ဌန္ဒသာသနာ၊ တည်စပါလျက်၊ ကြေ*ညာထုတ်ခတ်၊ လောကဓာတ်လုံး၊ နတ်နှင့်တူ*နိုး၊ စက်ရှိန်မိုး၍၊ အုပ်စိုးမနှောင့်၊ ဘုန်းတော်စောင့်က၊ နှစ်ထောင့်လေးရာ၊ ကျော်တိုင်းသာလျှင်၊ သာသနာနေဝန်း၊ လိုလိုထွန်းသည်။ ။ကျွန်းကျွန်းကမ္ဘာ မြေရေတည်း။ (၇)

မြန်မာ့သာသနာ့နိဒါန်း ၇-ပိုဒ် ပြီး၏။

ဤတွင်ရွှေ သာသနာ့နိဒါနဒီပနီ ၂၆-ပိုဒ်ပြီး၏ ။

## ၉-သာမညနိဂုံး

၅၀၆။ မှတ်လေ့နောင်လာ၊ *သမိုင်းဖြာပိမ့်၊ မဟာဝုန်*မြိုင်၊ ပန်းစုံလှိုင်လျက်၊ ဂနိုင်ဦးဆောက်၊ ဖြိုးဖြိုးမောက်နှင့်၊ ထက်အောက်သံတောင်၊ ရှစ်ဆယ်အောင်လျှင်၊ ပြိုးပြောင်စက္ကူ၊ *နက်သန်ယှို၍၊ ဘူမိဇာလ၊ တေဇထင်ရှား၊

မြေ့ ကြောင် ကျွားကို၊ ဘား ကြွက် သမင်၊ ရန်မာန်ဝင်လျက်၊ အောင်မြင်နိုင်ရာ၊
*မော်ကွန်းသာသား၊ မဟာနုဂရ၊ ကပိလဟု၊ သက္ကတိုင်းမြေ၊ တိုက်မဇ္ဈေက၊
နေသာကီမြတ်၊ သမ္ဘိန်နတ်တို့၊ သက်ဿမည်၊ တကောင်းပြည်ကို၊ ထောင်တည်
*မြဲးမြံ၊ နှစ်ကြိမ်စံ၍၊ ပုဂံပဋ္ဌာ၊ စဉ်ပြီးခါမှ၊ စုန်လာရပ်*ကြေ၊ ပြူနတ်ဆွေနှင့်၊
ဘေဒါယဉ်မွေ့၊ ရသေ့သမီး၊ စုံမှီးယှဉ်မှီ၊ နောင်ညီမင်းလှ၊ သမ္ဘဝတို့၊ လောက
တမ်းခွန်၊ မြတ်ဆုံးလွန်သား၊ ဘဝန္တဂူ၊ သယ†မ္ဘူလျှင်၊ နိ†ဗ္ဗူရွှေနန်း၊ သိမ်းမြန်း
စံမြောက်၊ ဝင်ပြီးနောက်တွင်၊ နှစ်ခြောက်ဆယ်ရ၊ ပြည့်သော်ကတိ၊ မူလအရင်း၊
သကျအင်းဝယ်၊ နန်းခင်းတည်ခါ၊ စဉ်ခဲ့လာတိုင်း၊ သာသနာ*သိုက်၊ စကြာ
*ရိုက်ဖြင့်၊ ညာ*တိုက်ဆန်လစ်၊ သရေခေတ်နှိုက်၊ နေမြစ်ဝံသာ၊ နွယ်တော်
ဖြာသား၊ မဟာသမ္ဘဝ၊ မင်းစူဠ၏၊ နှစ်ပါ့သည်းခေါင်၊ ဒွတ္တပေါင်ဟု၊ရန်အောင်
ဘက်ကျုံ၊ ထောင်လက်ပုံးနှင့်၊ သောင်းလုံးခွန်ဆော်၊ တုမမြော်သည်။ ။
ဘုန်းတော်မိုးနွယ် ထစ်ချုန်းတည်း။ (၁)

၅၇၇။ သာသနာနှစ်၊ တရာ့တစ်နှိုက်၊ ခေတ္တာရွှေပြည်၊ ထောင်တည်စိုး
ဆောင်၊ ဒွတ္တပေါင်ဟု၊ ရန်အောင်ဘက်ကျုံး၊ ထောင်လက်ရုံးနှင့်၊ သောင်းလုံး
ခွန်ချို၊ တုမယှိုသား၊ တြိနေတ္တ၊ မင်းကစ၍၊ ပဥ္စဗိသံ၊ ရွှေနန်းစံလျက်၊ ပုဂံရိမဒ္ဒိ၊
ပြည်မြတ်အောင်ချာ၊ ပဥ္စာပဥ္စ၊ ရွှေပန်း†ရသည့်၊ ပင်း†ယခြောက်ဆက်၊
နောက်ဘက်မြန့်တိုင်း၊ ပရန်ဂိုဏ်းတွင်၊ စစ်ကိုင်းခုနစ်ဆူ၊ တောင်ငူရန်နှိပ်၊
သုံးကျိပ်လေးပါး၊ တရားမကွာ၊ ပြည်မှာတွက်ကျုံး၊ နှစ်ကျိပ်သုံးနှင့်၊ တိုက်လုံး
ခွန်သ၊ ပြည်ရွှေဝနှိုက်၊ တိံသရာဇာ၊ ဝတိံသာသို့၊ ရတနာသိဿ၊ အမရကား၊
နဝရာဇိန်၊ ဘုန်းရှိန်နေလ၊ ကြီးတေဇနှင့်၊ ရာ့ရှစ်ကျိပ်ကိုး၊ နေမျိုးနွယ်ခြား၊
အစဉ်အားဖြင့်၊ တရားမသောက်၊ *စော*ရွှေမှောက်တို့၊ မြစ်လျှောက်ဝဲယာ၊
တိုင်းသုနာနှင့်၊ မင်္ဂလာရန်နှိပ်၊ တမ္ဗဒိပ်ဟု၊ တံဆိပ်နှစ်ဘော်၊ ဇမ္ဗူကျော်အောင်၊
ရှင်တော်ဘုရား၊ ထင်ရှားစဉ်က၊ စက်ရှင်ချလျက်၊ အင်္ဂ မဂဓ၊ တကွရံဆိုင်း၊
နှစ်တိုင်းခွန်*ကြို၊ ရာဇဂြိုဟ်သို့၊ နုပျိုသာယာ၊ မြန်ရင့်ချာထက်၊ မဟာရာဇဋ္ဌာန်၊
ဝေယန်*ဖြိုးမောက်၊ ပိုးသိုပေါက်မျှ၊ စိုက်ဆောက်နန်းထီး၊ ရွှေစည်တီး၍၊
ပြည်ကြီးကိုးဆင့်၊ ရိပ်ဖြူဘွင့်သည်။ ။လင်းပွင့်သရေ ရွှေဘုန်းတည်း။ (၂)

၅၈၈။ ရွှေဘုန်းသရေ၊ တက်သစ်နေသို့၊ ပာကေရာ၊ ရှစ်ထီးကာ၍၊ သီဟာ
လျံတင့်၊ ပလ္လင်ပြင့်နှင့်၊ *ဥကင့်*စတေ၊ လင်းပွင့်ဝေမှ၊ ရောမြစ်မှူး၊ ကမ့်းနဖူး
ထက်၊ မန်းဦးဗျာဒိတ်၊ တိတ်နှင့်အလိုက်၊ သိုက်နှင့်ညီစွာ၊ သြဘာအရ၊ ရွှေဉာဏ်
ဆ၍၊ လောကဟိတ၊ စရိယဖြင့်၊ မဃဒေဝ၊ လောင်းလှမဟာ၊ မိယိလာ
ရွှေပြည်၊ နန်းသစ်တည်နှင့်၊ *ဟပည်*နှုန်းဆောင်၊မြန်ရင်ခေါင်ဝယ်၊ကုန်းဘောင်
သမ္မတ၊ သမ္ဘန္ဒနှိုက်၊ ဒသမ*စောမီး၊ မနော်ထီးနှင့်၊ *စဝ်ိုးတု*မဲ့၊ နှိုင်း*ရှဲ့

ဘက်ယှာ၊ ကျင့်ဆယ်ပါးဖြင့်၊ တရားမွေလျော်၊ သောင်းလုံးကျော်အောင်၊ ဘုန်းတော်ထွန်းပ၊ ကျွန်းကျွန်းခလျက်၊ ရာ့ကိုးကျိပ်မြောက်၊ ရာဝင်ပေါက်သား၊ ထို့လောက်ဤလောက်၊ မျှား*ရွှေမှောက်တွင်၊ နှစ်ယောက်မပြူ၊ နှစ်ဆူမထွက်၊ ဓမ္မစက်ကို၊ ကျှောက်ထက်ထင်စွာ၊ ကြွေကမ္ဘာအောင်၊ သချာ*ကုံင၊ ရေးထု သပြီး၊ ဉာဏ*ကြံထက်၊ နတ်စိန်စက်သို့၊ သေလက္ခရာ၊ မဟာရဋ္ဌ၊ ဝိသေသတည့်၊ ပဋ္ဌမသင်္ဂါယနာတင်၊ ဘုရင်မိပတိ၊ တြိဘဝန၊ တိုက်လောကထက်၊ သူရိယမိတ်၊ အာဒိစ္စဝံသာ၊ နေနွယ်လာသည့်၊ *ကြည်သရာခေါင်၊ မင်းမျှားနောင်လျှင်၊ ဘုန်းရောင်နေဝါ၊ ကြီးသမ္ဘာဖြင့်၊ ရင့်မာကျိပ်†ဝင်၊ ဗျာဒိတ်†ဝင်နှင့်၊ သိုက်†ဝင် ဓာတ်ဝင်၊ နတ်သျှင်ညွှန်ပြ၊ ကိန်းစုံရလျက်၊ လောက*ဥသျှောင်၊ ပြည်ကြီး ထောင်၍၊ ရွှေတောင်သီခရာဇ်၊ မန်းမြေခေတ်နှိုက်၊ မြားပစ်တထောင်၊ နန်းရွှေ *တောင်သို့၊ တူ*ယောင်မယှဉ်း၊ ဘုန်းဘန်ဆင်းသား၊ လျှံဝင်းသရေ၊ နန်း *ရဝေနှင့်၊ မန်းရွှေအောင်†မျှို၊ သာပေါင်းကျို့သည်။ ။နတ်†မြို့နိမ္မာ *တန္ဒန်းတည်း။ (၃)

၅၈၉။ နတ်မြို့နိမ္မာ၊ *နှုန်းချိန်ရာဖြင့်၊ ရတနာပုံ၊ ဇေယျာလှုံသား၊ ရွှေဘုံ မန်းခေတ်၊ နန်းမြေသစ်မှ၊ *မြစ်အောက်ညာဌာန်၊ ရောဆန်၍၊ အပရန်ဂိုဏ်း၊ နောက်ဆက်တိုင်းတည့်၊ နတ်သိုင်းစကြာ၊ စိုးရစွာသား၊ မဟာဝေဿဝဏ်၊ နေရာချွန်သည့်၊ နတ်*မွန်ဆိုင်ရာ၊ မြင်းမိုရ်ညာဝယ်၊ အာဋ္ဌာနာဋ္ဌ၊ ဝိသာဏက၊ စသည်မှိုင်းညို့၊ ဆဲ့တ†မြို့သို့၊ အစိုအစို၊ †မျှိုကြွက်သရေ၊ အထွေထွေတွင်၊ ဂုဏ်နေမခန်း၊ တောင်မြစ်တန်း၍၊ ရစ်သန်းသီတာ၊ လွန်သာယာလျက်၊ မဟာဒေဝီ၊ ဣန္ဒာနီသို့၊ မဟေသီမြတ်၊ ဇေကီနတ်၏၊ ပိုင်မှတ်စားရာ၊ပင်တိုင်ခါက၊ မင်္ဂလာမြို့သီး၊ ပျော်မငြီးမျှ၊ ရွာကြီးရွာငယ်၊ သာတင့်တယ်သား၊သန်လယ်မုရင်း၊ ယာကောက်ခင်းနှင့်၊ ဝင်းဝင်းပြောင်ပြောင်၊ သာသနာရောင်လည်း၊ တန်း ဆောင် ဓမ္မအိမ်၊ ရွှေသိမ် ရွှေကျောင်း၊ တန်ဆောင်း ပြာသာဒ်၊ မွေဓာတ်သရီ၊ စေတီဗောဓိ၊ သိရိ*မျှိုပေါင်း၊ ရှမ*ညောင်းတည့်၊ မျိုးကောင်းသူတော်၊ မျှား တဘော်တို့၊ ရွှေဗော်ဓိပင်၊ ခုံပလ္လင်၏၊ ရင်ပြင်တော်ရင်း၊ သာတလင်းနှိုက်၊ ပန်းခင်းပျံ့†လှိုင်၊ ထုံသင်းကြိုင်လျက်၊ မုခ်†လိုဏ်မထုတ်၊ သမုတ်ရဋ္ဌီ၊ ပွတ်*နှယ် ညီသား၊ *စေတီဖြိုးမှိုင်၊ အဆိုင်ဆိုင်နှင့်၊ မုခ်လိုဏ်ယို*မဲ့၊ ထူးမငဲ့ဘဲ၊ မည်ဘွဲ့ သညာ၊ မြန့်ဘာသာဖြင့်၊ ဝေါဟာခေါ်ရိုး၊ ပုထိုးထူပ၊ ရွှေဂူစသည်၊ မျှားလှ *ပည်းထူ၊ အဆူဆူဝယ်၊ ကြည်ဖြူ*ကော်ရော်၊ ရှိပူဇော်၍၊ ရှင်ပျော်စိတ်ယဉ်၊ ကုသိုလ်ယှဉ်လျက်၊ အစဉ်မ†ပြောင်း၊နှံသာ†ပျောင်းနှင့်၊သွန်းလောင်းရေစက်၊ ညွန့်နှက်ဖြင့်၊ ဝတ်တက်ဆွမ်းပန်း၊ ညှိထွန်းဆီမီး၊ ရှု†မငြီးအောင်၊ ညီး†ညီးမိုးယံ၊ ထိန်ထိန်လျှံသည်။ ။စည့်သံနေ့ည ပြိုးပြုန်းတည်း။ (၄)

၅၉၀။ စည်သံပြုံးပြုန်း၊ ညိုးညိုးညုန်းနှင့်၊ ခြိမ့်အုန်းရှမ်းဆော်၊ ကုသိုလ်ပျော်၍၊ မျိုးဘော်ငယ်ကြီး၊ သမီး*လုလင်၊ သား မိခင်က၊ *ယကင်*စုလည်း၊ မြိတ်စည်း*လျကိုယ်၊ ဖြူ ညို ပြာ စိမ့်၊ နှစ်သိမ့်ဘွယ်*မျှ၊ သပြေတို့နှင့်၊ ရှယ်ပျှ ရှယ်မှည့်၊ သလည့်*သလွင်း၊ ရောနှောခြင်းဖြင့်၊ ပေါင်းသင်းယှဉ်ကာ၊ ကြည်မေတ္တာလျက်၊ မက္ခာမက္ခာ၊ သရ†ဏာဟု၊ ရတ†နာရွှေကုံး၊ ပဒသုံးတိ၊ ရှစ်လုံးညီညွှိ၊ ခရာချိသည့်၊ ဂါယတ္တိဆန်း၊ သာဝိတ်ပန်းကို၊ လန်းလန်းကြည်ရှင်၊ ထိပ်ဝယ်တင်၍၊ ပန်ဆင်မကင်း၊ ခါမယွင်းအောင်၊ *သီတင်းမယုတ်၊ အား*သွန်ထုတ်လျက်၊ ဥပုသ်ဖြူဟ္မ၊ စရိယလည်း၊ စောင့်ကြမပြီး၊ ရှင်မငြိးသား၊ ရပ်ကြီးတမည်၊ မြို့ထူးလည်နိုက်၊ မထေရ်မဟာ၊ အကြင်ငါလျှင်၊ ငယ်ခါရှယ်*လူး၊ စာသင်ဦးက၊ အထူးမှတ်မှတ်၊ နေမိဇာတ်ကို၊ ထေရ်မြတ်ဆရာ၊ ညွှန်မိန့်မှာနှင့်၊ ဦးစွာသင်ရ၊ ထိုကစ၍၊ မဃဒေဝ၊ ဘုရားအလောင်း၊ ကျင့်တော်ဟောင်းကို၊ *နှစ်ထောင်းခဲ့ရင်း၊ ကြည်ညိုခြင်းဖြင့်၊ ဝမ်းတွင်းဆွတ်နူး၊ ဂုဏ်အထူးအား၊ ကျေးဇူးဆပ်မည်၊ ရှယ်ဆောက်တည်သည်။ ။ကြံစည်စိတ်က ရည်*ဆုန်းတည်း။ (၅)

၅၉၁။ ကြံစည်စိတ်က၊ ဆယ်ဝါရတွင်၊ စ၍ရေးသား၊ ပြုပါငြားလည်း၊ ဘုရားအမှု၊ ရှင်လူ့အရေး၊ ရှုပ်ထွေးတုံလျှင်း၊ သို့အခင်းကြောင့်၊ *တင်းလင်းထားသို၊ မပြီးလိုခဲ့၊ ပုဂ္ဂိုလ်တယောက်၊ မဟာမြောက်မှ၊ အောက်မေ့ပြန်ဘိ၊ ရသတိဖြင့်၊ နှမိန္†မြော၊ လွန်ခဲ့သောဟု၊ †မျောသွားရေဝယ်၊ လိုက်၍ဆယ်သို့၊ အကယ်သဘော၊ ကြည်စိတ်ဇောနှင့်၊ မနှောပိုက်ထား၊ ဤဇာတ်သွားကို၊ အချား*တကာ၊ နာထိုက်စွာတို့၊ ကြားငှါတရပ်၊ ဆပ်သားကျေးဇူး၊ ကြောင်းနှစ်ဦးဖြင့်၊ ခြီးကျူးစုံစီ၊ ကာရန်ညီသား၊ ဝါဏီနတ်သမီး၊ စောင့်နှုတ်သီးနှင့်၊ ခဏ်းကြီးခြောက်ပိုင်း၊ အကျယ်လှိုင်းလျက်၊ စဉ်တိုင်းမှန်လှ၊ ခုဒ္ဒကကား၊ နောဆတိစတ်၊ သတ်နှင့်ပဍ္ဍာ၊ သင်္ချာပေါင်းစု၊ စတုတိံသ၊ ခဏ်းငယ်ပြုပြီး၊ လောကဓမ္မ၊ ရာဇထုံးဦး၊ မလွန်ကျူးဘဲ၊ နည်းထူးများလှ၊ ကျမ်းထိမျှကို၊ သုတပေါင်းကာ၊ ပြုတတ်စွာကြောင့်၊ မဟာသုတကာရိ၊ သညီတပ်ဘွဲ၊ လင်္ကာသွဲ့၍၊ ခြောက်ဆဲ့ခြောက်ခု၊ နှစ်အစုတွင်၊ ဥတုဝဿန်၊ *နံကာလွန်မှ၊ လ*မွန် *သစ်ဆင်း၊ တော်သလင်း၏၊ လမင်းစန္ဒီ၊ မကွယ်မီဝယ်၊ စုဒ္ဒသီစက်၊ ပူးမင့်းရက်နှိုက်၊ စာတက် စာနာ၊ သဃ်ာအများ၊ တပည့်သားအား၊ ပြုငြားမချွတ်၊ စာပို့ဝတ်လည်း၊ မလွတ်စေရ၊ ပို့ချပြီးခါ၊ ထိုင်ရာမထ၊ လက်မကြွဘဲ၊ ထိုညနာရီ၊ ရှစ်ချက်ဆီတွင်၊ ဤစာနတ်မောင်း၊ အောင်စည်ညောင်းသည်။ ။တိုက်သောင်းကြားစေ ခြိမ့်အုန်းတည်း။ (၆)

သာမညနိဂုံး ၆-ပိုဒ် ပြီး၏။

## ၁၀–ဂုဋ္ဌဋ္ဌာနဝိသေသနိဂုံး

၅၉၂။ ကြားပိမ့်သိစေ၊ ဉာဏ်ယှိုဖြေလော့၊ သပြေလူ့တိုင်း၊ မြတ်*ကြံ သိုင်းတို့၊ မနောဂိုဏ်းတွင်၊ အာဒိဝင်သား၊ အကြင်ဟောဘွင့်၊ *ယခင့်ထိုပုဒ်၊ ထိုပြယုဂ်ကို။ ။ဘောဲထုတ်*စလေ *လက်မွန်တည်း။ (၁)

၅၉၃။ ထိုမှနောက်တွင်၊ သုံးလူ့ရှင်လျှင်၊ မဂ္ဂင်ရွှေဘောင်၊ ဘုံရှစ်ဆောင်နှင့်၊ *မြားမြောင်တဘော်၊ တင်ပို့ဆော်၍၊ ဝါတော်ဒွါဒ၊ ကပ်ထထိုပြည်၊ အမည် မယုတ်၊ နောက်တည်ပုဒ်ကို။ ။အဟုတ်ချဉ်းလေ အမှန်တည်း။ (၂)

၅၉၄။ ယင်းသို့နှစ်ပုဒ်၊ ထုတ်၍နာမံ၊ သမာသ်ကြံသော်၊ မနံ ရဋ္ဌေတိ၊ ပါဠိ ဝိဂ္ဂဟ၊ ကိတန္တဖြင့်၊ မနရှေ့ပါဋ္ဌ်၊ ရနှခါတ်နှင့်၊ ဆုံးဖြတ်သိပ်သည်း၊ အပစ္စည်း တည့်၊ သိမ်းဆည်းမှတ်ပိုက်၊ ကာရိုက်ကတ္တုတ်၊ နည်းနိ႑ရှုတ်ဖြင့်၊ မ႑ယုတ်မှန်႑လှ၊ ရ႑လပြုကာ၊ ပုဒ်ပြီးရှာလော့၊ ခရာလေးချက်၊ ထိုအနက်တွင်၊ ပဥ္စမက်နှစ်၊ တမ်းခွန်လှစ်၍၊ စင်စစ်မယွင်း၊ ရွှေတိုက်သွင်းသည်။ ။မည်ရင်းသာလှ ရပ်ဌာန် တည်း။ (၃)

(ဤပိုဒ်တို့ကား နာမန္တရိကာပဟောဋ္ဌိ-တည်း။)

ဂုဋ္ဌဋ္ဌာနဝိသေသနိဂုံး ၃-ပိုဒ် ပြီး၏။

---

## ၁၁-ဂုဋ္ဌနာမဝိသေသနိဂုံး

၅၉၅။ ဉာဏ်ဖြင့်ရှုလော့၊ တာလုဇက္ခရ၊ ရှစ်လုံးပြတွင်၊ ဇေတနက်ယှိ၊ ကာရိယဟော၊ သဘောမပျက်၊ အနက်ဒွယတ်၊ တတ်သည်ဝါစက၊ ကောသ ကျမ်းလာ၊ ထိုခရာကို။ ။ဦးစွာ*မဆွ ခေါ်ဘိလော့။ (၁)

၅၉၆။ ထိုနောက်တဝ၊ ဒန္တဇန့်ိုက်၊ စိတ္တမာလုတ၊ နာဂအနက်၊ တချက် ပစ္စည်း၊ ဗျည်းဟောအက္ခရာ၊ ငါးဖြာအတ္ထ၊ ဝါစကကို။ ။ခေါ်ကြအာလုပ် ဘော်မိလော့။ (၂)

၅၉၇။ ထို့ဌာနဇ၊ သုဂတမြတ်၊ ဗန္ဓနတ်နှင့်၊ ပြုမှတ်ကာရိယ၊ သမ္ဗုဏ္ဏဟု၊ အတ္ထလေးပါး၊ ဟောငြားမပျက်၊ ကေက္ခရာ၊ တလုံး႑စာကို။ ။ဉာဏ်႑ဇာနေယျ မြော်ရှိလော့။ (၃)

၅၉၈။ ယင်းသို့မပျက်၊ သုံးလုံးထွက်သား၊ တျက္ခရ၊ ဒွန်ချဉ်းကြပြီး၊ ဩဇ ဂုဏ်ပြု၊ သမာသ်စုမှ၊ လဟုသက်သက်၊ နဂိုဏ်းထွက်၍၊ ယှဉ်ဘက်မနှောင့်၊ ဣန္ဒာစောင့်လျက်၊ ရန်ငြောင့်ရန်ဆိုး၊ ကြံတိုင်းညှိုးသား၊ ကျော်ဟိုးသက်ရှည်၊ မဟာထေရ်လျှင်၊ ဉာဏ်ဇာနည်စစ်၊ နတ်ပစ်ဝရဇိန်၊ စက်ပုဆိန်သို့၊ ပညိန္ဒြိယ၊ ထိတိုင်းရှသည်။ ။နာမသညာ ကျော်သိလော့။ (၄)

(ဤအပိုဒ်တို့လည်း နာမန္တရိကာပဟောဋ္ဌိ-ပင်။)

၅၉၉။ တပုံသိလော့၊ ဝိထိမည်၊မှတ်၊ လွန်မှေမြွတ်သည့်၊ ပရ၊မတ်အရာ၊ ပဋ္ဌဒ္ဒါတွင်၊ ပရိတ္တာရုံ၊ နှစ်စုံနှိုက်ကား၊ ထင်ရှားမယှို၊ အတိမဟန္တာ၊ မဟန္တာနှင့်၊ ဝိဘူတာဝိဘူတ၊ ဖြစ်သမျှနှိုက်၊ ကြိယသဘော၊ ဝုဋ္ဌောမည်မှန်း၊ အာဝဇ္ဇန်းတို့၊ *အခြန်း*မဲ့ပြု၊ ပစ္စည်းမှုကြောင့်၊ ထိုနှစ်ခုနောက်၊ ဌာနရောက်၍၊ မဘောက် မယှင်း၊ အချင်း၊ချင်းအား၊ တပ်၊ခြင်းမသွေ၊ အာသေဝန၊ ပစ္စည်းရလျက်၊ နောက်မှနှစ်စုံ၊ တဒါရုံကို၊ ကြိုက်ကြုံစိမ့်ငှါ၊ အနန္တရာဒိ၊ ခြားမယှိအောင်၊ သတ္တိ ပြီးတတ်၊ စိတ္တုပ္ပါဒ်နှင့်။ ။ပညတ်နာမ်ချင်း *လျော်သတည်း။ (၅)

(သဒ္ဒါအနက်ကိုမပြဘဲ ဝှက်ထားသော ဥဘယစ္ဆန္နာပဟေဠိ-မျိုးတည်း။)

၆၀၀။ သိလော့တတန်၊ ဇာတိဉာဏ်ဖြင့်၊ ပဋိဘာန်ထက်၊မြက်၊ ဝေပူ၊မျက် နှင့်၊ စက်ဝရဇိန်၊ နတ်ပစ်စိန်သို့၊ ကဝိန္ဒာဘိ၊ ချိန်ရာထိလျက်၊ ဉာဏ်သိဒ္ဓိကြီး၊ ပွင့်နီးပန်ဆု၊ ဤကျမ်းပြုသား၊ ဂရုဇာနည်၊ မဟာထေရ်ကား၊ ရောင်ခြည် ထောင်ပွင့်၊ ယုဂန်မြင့်က၊ နေနှင့်ဘက်ဆိုင်၊ အပံ့ပြိုင်၍၊ အောင်နိုင်ပွဲရ၊ ဟံသိန္ဒနှင့်၊ ဂုဏနာမ်ချင်း၊ တူမယှင်းတည့်၊ တိုဟသ်ာမျိုး၊'နွယ်ရိုးမမှို၊ ရဋ္ဌိမလွှား၊ တင်စားမမူ၊ နာမ်ချင်းတူမျှ၊ မဟူစွဘူး၊ သုတမျှားစွာ၊ ပဒေသာသို့၊ မဟာ ထေရ၊ မြောက်ထတုံလျှင်း၊ ရပ်မကြွင်းအောင်၊ သတင်းထုတ်ချောက်၊ လော့*နွှယ် ပေါက်၍၊ ထက်အောက်နှံ့သိ၊ တသိဒ္ဓိကြီး၊ ဩဘာပြီးလျက်၊ မြစ်နီးညာ *၊ကြေ၊ သောင်ကမ်းခြေရှင့်၊ ပွတ်၊ကျေပွတ်ခုံ၊ ခေါ်တုံတ၊ရပ်၊ ထန်းရွက် ၊ယပ်နှိုက်၊ လိုအပ်မချွတ်၊ တူးပွတ်ခပ်ထွေ၊ ရေမီးလေကို၊ ရှာဘွေလိုခါ၊ မရရာဟု၊ ကြံငှါကြံခွင့်၊ မယှိသင့်သို့၊ ထိုနှင့်တူစွာ၊ ပညာဝိစိတ်၊ တိဟိတ်ဉာဏ၊ ပဏ္ဍိတတို့၊ ကာဝိယဂိုဏ်း၊ ဉာဏ်ကရိုဏ်းနှင့်၊ *ကြံသိုင်း*တကာ၊ ခံတွင်းမှာလည်း၊ သာယာချိုဆိမ့်၊ *နှစ်သိမ့်ဘွယ်မျိုး၊ အကျိုးယှိထွန်၊ စကား*မွန်ကို၊ တတ်*ပွန် မသိ၊ မယှိစတောင်း၊ မဆိုကောင်းဟု၊ ကျမ်းဟောင်းမိန့်မြွက်၊ နီတိထွက်တိုင်း၊ မ*ယွှက်မှန်လှံ့၊ ချက်တိုင်းရလျက်၊ သုတဗုဒ္ဓိ၊ ကဝိလက္ခဏာ၊ မြောက်ကြီးစွာ သည်။ ။*ကြေညာပွဲတိုင်း ကျော်သတည်း။ (၆)

(ဤအပိုဒ်ကား မလိုအပ်သော အနက်ကို မယူရအောင် မြစ်သဖြင့် ဝှက်ရကား နိဘူတာပဟေဠိ အတ္ထာလင်္ကာရ-မျိုးတည်း။)

၆၀၁။ တနည်း၊မှတ်လော့၊ ပရ၊မတ္ထ၊ မြတ်လှဒေသနာ၊ ဘိဓမ္မာသဘော၊ ရှင်တော်ဟောသား၊ ဝုဋ္ဌောနောင်မှ၊ ဇဝနနှင့်၊ ဇဝနမည်လျှင်း၊ ဟသ်ာမင်းတို့၊ လျှင်ခြင်းတဝ၊ ဇဝနတည့်၊ ဇဝနပညာ၊ မဟာသာရိ၊ ထေရ်ဘုန်းယှိလည်း၊ သဒိသဟူ၊ နတ်နှင့်လူတွင်၊ သယမ္ဘူမြတ်၊ သုံးလူ့ထွတ်မှ၊ အလွတ်ထား၍၊

တပါးပြိုင်ဘက်၊ တူမထွက်ရှင့်၊ ထက်မြက်စူးဝင်၊ စိန့်အသွင်သို့၊ မြန်လျင်ဟာသ၊ ဇဝ†နသည်။ ။ဉာ†ဏကပိန္ဒေ့ာ်သတည်း။ (၇)

(ဤပိုဒ်ကား အမည်ကို တိုက်ရိုက်ပြလျက် တပါးကို ယူမှတ်ရန် တွေ့ဝေအောင် အမည်နာမပညတ်ကို ဝှက်ရကား သံမုဋ္ဌာပဟေဠိ-မျိုးတည်း။)

ဂုဋ္ဌနာမဝိသေသနိဂုံး ၇-ပိုဒ် ပြီး၏။

---

## ၁၂-ပဘာဝဒဿနနိဂုံး

၆၀၂။ မှတ်စိမ့်သေချာ၊ အကြွင်ငါကား၊ မကာရလောပ၊ အံ့ခြီးကြလျက်၊ ဉာဏဝရဇိန်၊ တောက်ထိန်ပြောင်ဝင်း၊ အခေါင်ချင်းသည့်၊တောင်တွင်းအကျော်၊ ဆရာတော်၏၊ အာဘော်နည်းယူ၊ တမ်းခွန်ထူသား၊ တဆူလက်တွင်း၊ တပည့်ရင်းမှ၊ သက်ဆင်းနွယ်လာ၊ ထေရာဝံသ၊ ပဒီပဖြင့်၊ စတုတ္ထမြောက်၊ ရောက်ခဲ့တုံပြီး၊ ခံရင်းနီး၍၊ ဉာဏ်ကြီးလက်ဝေ၊ မျိုးလိုက်မွေ့သို့၊ အခြေပါဒ၊ ကြံ့ကြံ့ရအောင်၊ နည်းပြလိမ္မာ၊ မြတ်ဆရာမှ၊ စဉ်လာဟောရိုး၊ နည်းနာခိုး၍၊ *တံပိုး *တံစယ်၊ ရေပင်လယ်နှိုက်၊ လှေငယ်*့တံစွက်၊ ကူးနိုင်ခက်သို့၊ ကျယ်နက်လှစွာ၊ အဏ္ဏဝါနှင့်၊ ခြင်းရာ*တမျှ၊ ပမာပြလည်း၊ ယောကျ်ားတမ်းခွန်၊ လူရည်*မွန်သော်၊ မိုးစွန်အထွတ်၊ ကြယ်ကိုဆွတ်က၊ မလွတ်ဟူထ၊ နည်းအရဖြင့်၊ သဒ္ဒဗျူဟာ၊ သင်္ချာ လိင် အန်၊ ကာရန် ရုပ် ဓာတ်၊ အန္တတ် ဗာဟျတ်၊ သင်ဆုံးဖြတ်လျက်၊ သမာသ် တဒ္ဓိုတ်၊ အာချာတ် ကြုတ်ဟု၊ လေးပုဒ်မူလ၊ အရင်းစပြီး၊ဝါကျနိပ္ဖန်၊ ခြောက်တန်ကာရက၊ သာဓနနှင့်၊ ပဒ ရူပ၊ လိင် ဓာတု၊ လေးခုမာလာ၊ လက္ခဏာလည်း၊ လိမ္မာအဟုတ်၊ သူငယ့်နှုတ်က၊ ပြယုဂ်ပြီးတူ၊ ပေါင်းယူအာ-ကတိ၊ နိရုတ်ယှိတိုင်း၊ ပိသောဒရ၊ စသည်ဂိုဏ်းမျိုး၊ ဟောရိုးစုံစွာ၊ ဆယ်ဖြာဝါစ္စ၊ ဝါစကအပြား၊ လေးပါး ဆယ်ပါး၊ ပိုင်းခြားစေ့စပ်၊ ဒြဗ် သကတ်၊ ပညတ်ပရမတ်၊ ဝါစ္စတ် ဒဿန၊ ငါးတန်ပြသား၊ မုချ ဥပစာ၊ အလင်္ကာနှိုက်၊ ကိုးဖြာဗျဂ်၊ နည်းနယနှင့်၊ ဘာ†ဝ ဝိဘာ†ဝ၊ နုဘာ†ဝတိ၊ သဘာ†ဝ†ဝုတ်၊ ဝင်္†ဝုတ်က၊ †ဝုတ်မတြာ၊ ဂါထာဘွဲ့နည်း၊ တောဒည်းမဥ္စရီ၊ ဝစိနှုတ်တက်၊ ဆောင်လေ့ကျက်၍၊ အနက်ဟောဘွယ်၊ အသွယ်သွယ်ဖြင့်၊ ပရိယာယ် ဝေဝုစ်၊ သမ္ဗန်ထုတ်လည်း၊ *တဖြုတ်မဆိုင်း၊ စက်သို့ပိုင်းလျက်၊ မထိုင်းသဘော၊ ပွတ်*နှယ်ချောသည်။ ။စုဒ် စော အာဘော် *နှိုက်နှဲ့တည်း။ (၁)

၆၀၃။ စုဒ် စော အာဘော်၊ ထုတ်မျှော်*နှိုက်နှဲ့၊ ဝက်ဝက်ကွဲ့အောင်၊ ဖြတ်ခွဲနိုင့်ဆ၊ စက်*နှယ်ရှုလျက်၊ ဆရာ့လက်ဆုပ်၊ အတွင်းငုပ်သား၊*မှန် ထုပ်

ရှို့ ဝှက်၊ သိခဲ့ခက်တိ၊ အနက် အဓိပ္ပါယ်၊ ကျဉ်း ကျယ် ချဲ့ ချုပ်၊ သရုပ် သကန်၊ ကျမ်းရိုး*ပွန်အောင်၊ နှုတ်ဝန်မလေး၊ စိန္န*နှယ်သွေးလျက်၊ ဆိုရေးဆန်းကြယ်၊ လေးဆယ်နည်းမြွတ်၊ အတ္ထာပတ်နှင့်၊ နိတတ် နေယျစ်၊ ပုဒ်စစ် ပါဌ်ကောက်၊ ရှေ့ နောက် နုသန်၊ သမ္ဗန် ယောဇန၊ စသည်သံဝဏ္ဏနာ၊ ဘိဓမ္မာနှိုက်၊ ခန္ဓာ အာယတန၊ ဓာတုစသား၊ ထိုမျှနည်းမျိုး၊ အာဂုံကိုး၍၊ ဟောရိုးလေ့လာ၊ လက္ခဏာ ကာ၊ လွန်စွာခက်စု၊ သိမ်မွေ့နုသည်၊ ပစ္စု ပဒဠ်၊ ဂမ္ဘီရတ်နှင့်၊ ပရမတ်ပစ္စည်း၊ ဓာတ်ပစ္စည်းလည်း၊ သိမ်းဆည်းဖြာ†ဖြာ၊ နိုး*နှယ်†ဒျာမှ၊ ပညာသုတ၊ မရ သေးစွာ၊ ကျမ်းဂန်စာကို၊ နှုတ်မှာအမြဲ၊ တက်နိုင်ခဲ၏၊ နှုတ်ထဲးလေ့လေ့၊ တက်နိုင်၍လည်း၊ မမေ့မှတ်စွဲ၊ ဆောင်နိုင်ခဲ၏၊ ဝမ်းထဲးအကယ်၊ဆောင်မှတ် လွယ်လည်း၊ ဓိပ္ပါယ် အနက်၊ ဝက်ဝက်ဝေခွဲ၊ သိနိုင်ခဲ၏၊ ထိုခဲ့သုံးဖြာ၊ လွန် မြောက်စွာမှ၊ ပညာယှိမြွတ်၊ ကဝိထွတ်ဟု၊ မချွတ်မှတ်ရာ၊ မိန့်စဉ်လာတိုင်း၊ စိန္တာ သုတ၊ အတ္ထ ပဋိဘာန်၊ လေးတန်ကဝိ၊ ဖြစ်ကြောင်းညှိလျက်၊ သု စိ ပု ဘား၊ ဝိလိအားဖြင့်၊ ခြောက်ပါးအင်္ဂါ၊ ပြီးစုံစွာအောင်၊ ဘာသာတခန်း၊ ထူးဆန်း ပွေလီ၊ ဗင်္ဂရီနှင့်၊ နာဂရီသီဟိုဠ်၊ ထိုထိုအက္ခရာ၊ နာနာလိက္ခန၊ တကိစ္စဖြင့်၊ သိပ္ပ ဝိဇ္ဇာ၊ တတ်ကောင်းရာကို၊ ဝါသနာစရိုက်၊ ဝသီလိုက်၍။ ။ငါနှိုက်အစဉ် ကပ်စွဲ တည်း။　(၂)

ဖဝ၄။ မြင်းမိုရ့်ခြေရင်း၊　လေးရောင်လင်းသား၊　လေးစင်းနက်ကျယ်၊ ရှစ်အုံဘွယ်နှင့်၊ လေးသွယ်*အစုတ်၊ ' ရေသမုဒ်နှိုက်၊ လှိုင်းပုတ်ထက်အောက်၊ မြူးမွေ့နှောက်သည်၊ ထောင်လောက်ယူဇနာ၊ အာနန္ဒာသို့၊ ဓမ္မခန္ဓာရှစ်သောင်း၊ လေးထောင်ပေါင်းထက်၊ ကျမ်းဟောင်းကျမ်းသစ်၊ ဘွင့်လှစ်သံဝဏ္ဏနာ၊ အဋ္ဌ ကထာနှင့်၊ ဋီကာ အနု၊ မဓု လက်သန်း၊ ဆန်း အလင်္ကာ၊ ယောဇနာ ဂဏ္ဌိ၊ နေတ္တိဟာရ၊ နိတိစသား၊　ချာသ သံ†ပျင်၊ ထို့†ပြင်များစွာ၊　မဟာကစ္စည်း၊ နိရုတ်နည်းဖြင့်၊　သိမ်းဆည်းကျယ်ဝင်း၊　ဟောရင်းမာဂဓ၊　ကျမ်းထိုမျှကို၊ ဆရာ့နည်းယူ၊ ပါရဂူစိမ့်၊ ရွယ်ချူအားထုတ်၊ မယုတ်ပြင်းစွာ၊ သင်လေ့လာလျက်၊ စကြာမန္ဓာတ်၊ လေးကျွန်းနတ်တို့၊ အမြွက်ရတနာ၊ ခုနစ်ဖြာထက်၊ အရာ အရာ၊ မကသာအောင်၊ မဟာဒုလ္လဘ၊ ရကြီးရဟု၊ ရှင်ပျမနသ်၊ လက်ရုံးချီ၍၊ လောကီ ဝေဒလ်၊ ဘာသန္တရ၊ သက္ကဋလည်း၊ လေ့လာနှုတ်တက်၊　သင်အံကျက်မှ၊ ဝိဒဂ် ဒဏ္ဍီ၊ ကျမ်းပဥ္စီနှင့်၊ ပါဏိမုဒ္ဓ၊ သိဒ္ဓန္တက၊ စသည့်ဗျာကရိုဏ်း၊　ယှိုတိုင်းမကျန်၊ မောဂ္ဂလာန်ပါ၊ ဘိဓာန်အမရ၊ ကောသကျမ်းစု၊　နိဃဏ္ဍုမျိုး၊ ဟောရိုးထိုထို၊ ဂန္ထန္တိုရ်ကို၊　ပုဂ္ဂိုလ်တယောက်၊ ဝိဇ္ဇာမြောက်အောင်၊ လမ်းပေါက်ခရီး၊　သိဒ္ဓိ ပြီး၍၊ အံ့ခြီးထောမနာ၊ တသြဘာဖြင့်၊　ငါသာငါနှိုင်း၊ ပမာခိုင်းသည်။　။ ပြိုင်တိုင်းအောင်စိမ့် ကျော်သဲတည်း။　(၃)

၆၀၅။ မခို့သရို့၊ ဉာဏ်နို့စို့နှင့်၊ အချို့ရှင်လူ၊ ငါ့အောက်သူတို့၊ ငြူစူမကင်း၊
ဝန့်တိုခြင်းဖြင့်၊ ဝမ်းတွင်းစိတ်ကြံ ၊ ဤစာသံကို၊ နာခံမဆိမ့်၊ မနှစ်သိမ့်ဘဲ၊
မစိမ့်နားတွင်၊ မာန*ဖြင်ဟု၊ နှုတ်လွှင်နှုတ်ဦး၊ နှုတ်မကျူးလင့်၊ အထူးငါ့လား၊
သင်ကြိုးစား၍၊ တအားကျရန်၊ ဟုတ်တိုင်းပြန်၏၊ ဉာဏ်လည်းတဝ၊ ကံတာဝနှင့်၊
လုံ့လမယုတ်၊ *အားသွန်ထုတ်က၊ *ခြုတ်ခြုတ်အောက်တိုင်၊ ငုပ်နိုင်သဲ†ကျ၊
ဆိုစ†ကြသည့်၊ ရှေးကစကား၊ မယုံမှားလင့်၊ မြို့ဘွားတောဘွား၊ ဇာတိအားဖြင့်၊
မြို့သားတောနေ၊ မဟူ†ချေတည့်၊ ဉာဏ်†ခြေယှိသူ၊ ကဝိဟူသည်၊ ဝေဘူ
တောင်က၊ မြမဏိရာဇ်၊ ကျောက်မင်းစစ်နှင့်၊ ရှေမဇ္ဈုဂုံ၊ မြို့မစုံမှ၊ မီးပုံကြီးလယ်၊
မီးပုံငယ်သို၊ တင့်တယ်ထွန်းလစ်၊ မဟော်ဖြစ်၏၊ စင်စစ်မှတ်†လေ၊ သို့ဖြစ်ချေ
လည်း၊ သေ†လေ သေ†လေ၊ တောတောင်တွေ့တိုင်း၊ လွန်ထွေဘိုး†များ၊
ပတ္တ†မြားမထွက်၊ ဖူနက်ဆင်းထွေ၊ ဂဇေဇေတိုင်း၊ ပြုတေရိုးရဲ၊ ပုလဲမယှို၊
များဘိ*မြိုင်ခြေ၊ ဝနေနေတိုင်း၊ နီရွှေနံ့မြူး၊ စန္ဒကူးမပေါက်၊ မိုးအောက်ရပ်မြေ၊
ဌာနေနေလည်း၊ ကဝေမြောက်သူ၊ ပဏ္ဍိတ်လူလျှင်၊ တဆူဖြစ်ခဲ၊ မလွဲကေန်
ဟုတ်လှမှန်၏၊ ဉာဏ်နှင့်သတိ၊ ဝီရိယိန္ဒြေ၊ သုံးတွေ့ပြဋ္ဌာန်း၊ သဒ္ဓါလန်း၍၊
စပ်*ဆန်းမဟူ၊ ပါရဂူကြီး၊ *ပြောင်မြောက်ပြီးသား၊ ရှေး*တီးဉာဏဝန်၊ ဆရာ
*မွန်တို့၊ နည်းညွှန်လက်သုံး၊ လေးလုံးကာရန်၊ သုံးချက်မှန်ဖြင့်၊ နယ်ပြန်နယ်မှန်၊
စိတ်ဘန်သီရိုး၊ စပ်ရိုးထုံးကို၊ နှလုံးနှိုက်ရှု၊ ကသိုဏ်းပြု၍၊ ဤခုနောင်လာ၊
သုတရှာသား၊ ပစ္ဆာဂတ၊ သဇ္ဇနတို့၊ ဓမ္မသံဝေ၊ ရပစေနှင့်၊ ဉာဏ်ခြေနည်းမူ၊
မှတ်ယူစိမ့်ငှါ၊ ကရုဏာလည်း၊ ငါနှိုက်အပြင်း၊ တိုက်တွန်းခြင်းကြောင့်၊ ယင်း
အလင်္ကာ၊ ဤကျမ်းစာကို၊ နာနာနယ၊ နည်းစုံ ပြ၍၊ အစအဆုံး၊ စီခဲ့ကုံး
သည်။ ။နတ်သုံးတိမ်တိုက် ပုလဲတည်း။ (၄)

ပဘာဝဒဿနနိဂုံး ၄-ပိုဒ် ပြီး၏။

## ၁၃-ပတ္ထနာအာသီသဒဿနနိဂုံး

၆၀၆။ ဤသို့ယခု၊ ရေးစီပြုသား၊ ကောင်းမှုမင်္ဂလာ၊ ထူးမြတ်စွာသည့်၊
ပုညာဘိသန်၊ မဟာဉာဏ်ကြောင့်၊ ဆုပန်လက်ရောက်၊ မမြောက်သမျှ၊ ဘဝ
ထိုထို၊ ဖြစ်ရာကိုယ်နှိုက်၊ အလိုယှိုရာ၊ ဣစ္ဆာသဃ၊ ပြီးကိစ္စနှင့်၊ နိမ့်ကျမယှို၊
ဇာတိ ပုည၊ ဂုဏမဟာတ်၊ အမြတ်*စတေ၊ တိဟိတ်နေလျက်၊ သန္ဓေဉက္ကဋ္ဌ၊
လောင်းမဃသို့၊ ကာမညစ်ညူး၊ မယစ်မူးဘဲ၊ အထူးမက္ခာ၊ ဉာဏ်သမ္မာဖြင့်၊
ကျွတ်ကာမတ္တာ၊ ကျွတ်ကုန်ကြသား၊ သာဝကဆု၊ ကိုယ်တခုမျှ၊ လွတ်မှုမကြံ၊
ဆုကြီးသံ၍၊ သယမ္ဘူတ၊ မြတ်ဉာဏနှင့်၊ သစ္စနာမံ၊ နွတ္ထခံသည့်၊ သမ္မာသမ္ဗုဒ်၊
နုတ္တရစစ်၊ တုမရစ်ဘဲ၊ ရှစ်*မာရင်၊ မင်္ဂ*ယာဉ်ညင်ဖြင့်၊ ခေမင်္ဂတ၊ ဘုံသို

ကျအောင်၊ များလှတတွေ၊ ဘော်မိတ်ဆွေတို့၊ဝေနေယျသဣ္ဍေ၊မကျန်စေ့အောင်၊ ဆောင်၍ကိုယ်တိုင်၊ မြို့*တောင်ကိုင်သို့၊ ပို့နိုင်တုံလစ်၊ ဓမ္မရာဇ်ဟု၊ ဖြစ်စိမ့်မယွင်း၊ နှလုံးသွင်းလျက်၊ *ရိုးရင်းပတ္ထနာ၊ ငါ*ပန်ထွာ၏၊ သစ္စာဉာဏ်ပင်၊ မပွင့်ခင်လည်း၊ ရာဝင်စည်ကား၊ငါးကျိပ်ငါးတွင်၊ ရွေးဖျားမည်ထုတ်၊ ရန်မြစ်ခုတ်သည့်၊ သမုဒ္ဒရာဇ်၊ *စောစစ်မဟာ၊ နော်ရထာနှင့်၊ ကျစွာမင်းကြီး၊ ဖြူစော†မီးက၊ နန်း†ထီးတည်ထောင်၊ သေဥ်လည်ကြောင် ကျန်စစ်သား၊ ပိုင်းခြားတထွေ၊ စလေကုလားကျ၊သိဟပတေ့၊ ဘုန်း*ဟေ့*ရန်ငူး၊မင်းသုံးဦးစီ၊ ထူး၍မင်းချည်း၊ တယောက်တည်းလျက်၊ ကျော်သည်းနာမံ၊ ပြည်ပုဂံဝယ်၊ နန်းစံမင်းစစ်၊ ပြန်ကာဖြစ်သို့၊ မြတ်ခေတ်ငါးထောင်၊ သာနာရောင်လျှင်၊ ထွန်းပြောင်သမျှ၊လူ့ဘဝနှင့်၊ သမဏချည်း၊ သူတော်နည်းကို။　။ငါလည်းဖြည့်လို ဘန်လဲးတည်း။　(၁)

၆၀၇။ ဤသို့ရင်း၊ ဇာတိပြောင်းလည်း၊ ကျင့်ဟောင်းဝသီ၊ မြတ်စာရီနှင့်၊ အညီလေ့တူ၊ သူတော့်မှုဖြင့်၊ အယူသမ္မာ၊ တည်ကြည်စွာလျက်၊ မန္ဒာခိဋ္ဌ၊ ငယ်သော်ကလျှင်၊ စ၍နည်းနာ၊ တတ်စရာသား၊ သဒ္ဒါရုပ်ပိုင်း၊ ဓာတ်ပုဒ်ဂိုဏ်းနှိုက်၊ ဆုဘ်ဆိုင်းမယို၊ လိမ္မာသိ၍၊ အတိဂမ္ဘီ၊ လေးလီပရမတ်၊ နှုတ်လွှတ်လေ့လာ၊ နေ့ညဝါလည်း၊ မဟာ*ပြောင်မြောက်၊ နည်း*ကုံလောက်လျက်၊ အာသောက်မုန့်ဝ၊ စွယ်စုံလှသား၊ ကုဋ္ဌရကြီး၊ ထေရ်ပေါက်ထီးတို့၊ ပွဲသီးခံရာ၊ သုမ္မာဝယ်၊ ငါသာငါနှင့်၊ နှိုဝ်းသော်သင့်အောင်၊ ရဲးရင့်တောက်တောက်၊ ခြင်သေ့ဟောက်သို့၊ပြန်လျှောက်ဘောင်ဘောင်၊ ပွဲတိုင်းအောင်၍၊လေးထောင်ရှစ်သောင်း၊ အပေါင်းဓမ္မခန်၊ အင်ကိုးတန်ဖြင့်၊ မဟာဏ္ဏဝ၊ သာဂ†ရထက်၊ န†ယကျယ်ဝင့်၊ ဟောဘော်ဘွင့်သား၊ ရှင်ပင့်အာဂုံ၊ အလုံးစုံတိ၊ သုံးပုံပိဋ္ဋကတ်၊ ပရိယတ်ကို၊ တတ်မှတ်မကျန်၊ အောက်ထက်လှန်ပြီး၊ ဂန္ထန္တရ၊ သုတပွါးလူး၊ ဆည်းပူးစုံစီ၊ ပန့်နှယ်သီလျက်၊ ဗင်္ဂရီနာဂရိ၊ မာဂဓိက၊ ထိုဤများစွာ၊ ဘာသာ*ဖြင်ပြွမ်း၊ ထိုထိုကျမ်းလည်း၊ ဘက်ကမ်းပါရဂူ၊ ရောက်စိမ့်ဟူ၍၊ ဆုယူ*ပန်ထွာ၊ ပတ္ထနာ၏၊ သံသရာကာလ၊ မဆုံးဆကြောင့်၊ သမဏသကျ၊ မြတ်ဘာဝကို၊ မရတာဆစ်၊ ထိုထိုဇာစ်ဖြင့်၊ ဖြစ်ရာဖြစ်ရာ၊ ဘဝမှာလည်း၊ သတ္တာဝါ*ဗိုလ်လူ၊ ဟိန္ဒူဂူကို၊ ချိန်ယူမဆိုင်း၊ စိုးကွပ်ထိုင်း၍၊ လိုတိုင်းမချွတ်၊ ပြီးစေတတ်သား၊ ကြီးမြတ်ဂုဏ်ဟိတ်၊ ပုညဇိဒ်မျိုး၊တန်းခိုးနှဘော်၊ တုမမြော်နှင့်၊ ကြံသော်မယွင်း၊ ပြည့်စုံ†ခြင်းဖြင့်၊ အ†ချင်းခပ်သိမ်း၊ ပြီးငြိမ်းလိုကာ၊ ပြည့်နိုင်စွာသား၊ စကြာမင်းစစ်၊ နန္ဒရာဇ်သို့၊ သစ်သစ်မကြွင်း၊ ဘုန်းဘန်ဆင်းလျက်၊ *ခပင်းလောက၊ လူထိုမျ၏၊ ဟိတ သုခ၊ အတ္ထကိုသာ၊ ပြုနိုင်စွာ၏၊ နောင်လာဘဝ၊ ပစ္ဆိမသို့၊ ရောက်ထသော့ခါ၊ အကြင်ငါလျှင်၊ မဟာဗောဓိ၊ သိရိလျံဘိတ်၊ ပရာဇိတ်နှိုက်၊ ဖြတ်ရိတ်ပယ်ရှင်း၊ မာရ်ငါးသင်းကို။　။ခါခြင်းပြီးစေ အောင်ပွဲတည်း။　(၂)

၆၀၇။ ယင်းသည့်ကုသိုလ်၊ အဘိုကိုလည်း၊ နှိုင်းဆို*တန္တု၊ ပမာပြုသော်၊ တခုအနက်၊ ဆိမီးခွက်က၊ ကူးစက်သောင်းထောင်၊ မကအောင်လျှင်၊ ယူဆောင် ယူဆောင်၊ ညှိထွန်းပြောင်တိုင်း၊ အရောင်ဆင့်ဆင့်၊ ထပ်ထပ်ပွင့်လျက်၊ ကုန်လင့် မနား၊ ပွါးသာပွါးသို့၊ မခြားထို့တူ၊ မည်သူမဆို၊ ရစေလို၍၊ မြင်းမိုရ်စကြ္ကဝါ၊ ပမာဆယ်စု၊ နှိုင်းမတုအောင်၊ ဗဟုပကာရ၊ ဂုဏ်ကြီးလှသား၊ မိဘနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇာ*သနင်း၊ *ရှောင်းရင်းငယ်ဘော်၊ ဆွေတော်မျိုးစပ်၊ အရပ် နေစု၊ စတုပစ္စယာ၊ ဒါယကာ ဒါယိကာမ၊ ဂေါစရာ၊ နိယံမပြတ်၊ နိစ္စဗဒ်ဖြင့်၊ ယုတ်မြတ်ကြည်ဖြူ၊ ပေးလှူတတ်စွာ၊ မြို့ရွာပတ်ကုံး၊ သိမ်းကျုံးလုံးစုံ၊* နိဂုံဇန ပဒ၊ နီးဝေးစသည်၊ ယှိုကြထိုထို၊ များလူ*ဗိုလ်ပါ၊ ကိုယ်ကိုစောင့်တတ်၊ နတ်နှင့် တကွ၊ ဘုမ္မ ရုက္ခ၊ အာကာသ*စိုး၊ တန်းခိုးမဟိဒ်၊ ပုညဇိဒ်နှင့်၊ စိတ္တ သေန၊ ဂန္ဓဗ္ဗက၊ စသည်တွက်ဘွဲ့၊ နှစ်ဆဲ့ရှစ်ဦး၊ နတ်စစ်မျိုးဟု၊ အထူးမည်ရ၊ အဋ္ဌဝီသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြီးတထွေ၊ မဟေသူရာ၊ဥမ္မာပတော့,မုန္နေ့ဒါယကာ၊ ငါးရာသားပေါင်း၊ ဆင့်ခေါင်းနတ်ကိုယ်၊ အလိုဖြည့်တတ်၊ သူရဿတီ၊ စန္ဒီ သီဝ၊ သောမ ယမ၊ ဝဿဝရော၊ လောကပါလာ၊ ပိတရာလည်း၊ ဣန္ဒာသူယံ၊ သဟံတုရူ၊ သန်ကူနှင့်၊ ဘိဘူ ဗက၊ ဟာရိတ်စသား၊ ဒသဣဿရ၊ လောကသဟာ်၊ *ဝန်း ပတ်ရုံခြုံ၊ မဟာ*ဗြုံတို့၊ *ပြောဟုံဆူဆူ၊ မိုးသူမိုးသား၊ မြေဘွားရေပေါက်၊ ထို ရွှေလောက်တိ၊ ထက်အောက်ဝန်း†ကျင်၊များ* ပုံယင်အား၊ အာ†ကြင်ယှိုသမျှ၊ မကျန်ရအောင်၊ စေ့ငှမသွေ၊ အမျှဝေသည်။ ။ရစေငါ့*နှယ်*တပဲးတုည်း။ ( ၃)

၆၀၈။ ဤကုသလ၊ နဘာဝကြောင့်၊ ခတ္တိယမျိုး၊ ဘုန်းရှိန်မိုးသား၊ မြေ စိုးရေစိုး၊ တန်းခိုးပုညဇိဒ်၊ ဂုဏ်မဟိဒ်နှင့်၊ ဘိသိက်သွန်းခံ၊ ရွှေနန်းစံတို့၊ နိုင်ငံ ခြားသိမ်း၊ သားသမီးမှူ၊ အစပြုလျက်၊ ပေါင်းစုမှတ်သား၊ ဆဲ့သုံးပါးကြောင့်၊ တိုင်းကားပြည်ကြီး၊ ပျက်စီးနင့်နာ၊ မချမ်းသာအောင်၊ ဗိုလ်ပါအားကိုး၊ လက် ရုံးမိုး၍၊ စစ်ထိုးမပြု၊ မာန်မခုဘဲး၊ ပြည်သူချမ်းသာ၊ ပွါးကြောင်းရှာလျက်၊ မေတ္တာရေရှက်၊ တဝမ်းထွက်သို့၊ စုံမက်သော့အား၊ တရား*ခိုင်†ကျည်၊ ဆယ် ပါးတည်၍၊†ကြည်စေသတည်း၊ မိုးလည်းချိန်မှန်၊ ကာလတန်ရုံ၊ မလွန်မချို၊ မင်းတို့တရား၊ စောင့်သော့အားဖြင့်၊ မမှားရာသီ၊ ကြိမ်အညီလျှင်၊ လေးလီ မာသ၊ ဝဿန္တစက်၊ မိုးလတွက်နိုက်၊ ငါးရက် ဆယ်ရက်၊ ဆဲ့ငါးရက်တိုင်း၊ မပျက်စေကြောင်း၊ ရွာသွန်းလောင်း၍၊ မိုးကောင်းနတ်ရည်၊ မြည်စေသတည်း၊ လူလည်းလူချင်း၊ ရာ့တသင်းတို့၊*သိတင်းသိက္ခာ၊ ပညာအယူ၊ သဘောတူသည်၊ ရှင်မူရှင့်လျှောက်၊ ကျင့်မဘောက်ဘဲး၊ မနောက်စိတ်ဖြူ၊ ငြူစူချင်း†ချင်း၊မယှို† ခြင်းဖြင့်၊ မကင်းဗြဟ္မစိုရ်၊ ချစ်ကြည်ညိုလျက်၊ နှစ်ကိုယ်တစိတ်၊ ဆွေမိတ်ပြက တော့၊ သူတော်လေ့မှု၊ မရွှေသော့အား၊ တရားရောင်†ခြည်၊ မြဲနှောင်†ချည်၍၊ တည်စေသတည်း၊ ပွါးဆည်းကုသိုလ်၊ သမ္မာလိုဖြင့်၊ ထိုထိုပုည၊ မြတ်ဓမ္မနှင့်၊

နိစ္စမကင်း၊ ပြုနိုင်ခြင်းကြောင့်၊ ကိုယ်တွင်းတည်ဘိ၊ ကိန်းနေယှိသား၊ ဒိဋ္ဌိနှင့်ဉာဏ်၊ နှစ်တန်အာသ†ယည်း၊ ပွါးပယ်နည်းကို၊*နိဿ†ရည်းရရ၊ ကြိုးလှုံ့လ၍၊ မချရုံခါ၊ စဉ်မကွာဘဲ၊ နတ်ရွာခြောက်တန်၊ ဗြဟ္မာဆန်သည်။ ။နိဗ္ဗာန်ရောက်စေဆင့်ကဲတည်း။ ( ၄ )

၆၁၀။ အကြောင်းတစိတ်၊ ထူးဂုဏ်ဟိတ်နှင့်၊ နိမိတ်ဝိသေသ်၊ ကျမ်းရိုးစစ်က၊ အပြစ်တင်ဘွယ်၊ ပယ်၍ခဲ့ခက်၊ အထူးထွက်သော်၊ မိန့်မြွက်ဝိသေ၊ သတ္တပေဟု၊ ကဝေမြောက်စွာ၊ မဟာပုဂ်ဝ၊ ထူးဂုဏ်လှသား၊ အာသဘကြီး၊ ညီးညီးဉာဏ်ဝါ၊ ရှေးဆရာတို့၊ ကဗျာနိယံ၊ ဆိုမိန့်သံတိုင်း၊ နာခံမှတ်သား၊ အထူးကြွားပိမ့်၊ ဘုရားဆုပန်၊ ပွင့်လုမှန်သား၊ ဘုန်းသန်မဃ၊ လောင်းဒေဝသို့၊ လောကဟိတ၊ စရိယ၏၊ ဒိဋ္ဌ တမလွန်၊ ကျိုးနှစ်တန်ကို၊ ရွှေဉာဏ်တိဟိတ်၊ခွဲ့စိတ်လက်ယှိ၊ မြင်သိမုချ၊ ဓမ္မိကနှင့်၊ ဓမ္မရာဇာ၊ မည်ထိုက်စွာအောင်၊ ရတနာပုံ၊ ရွှေဘုံပြည်ကြီး၊ နန်းထီးစိုက်ထူ၊ တည်တော်မူသည်၊ ပြည်သူများဘ၊ လောက*ဥသျှောင်၊ ထွတ်မင်းခေါင်ကား၊ ပြည်ထောင်အုပ်စိုး၊ မင်းအမျိုးက၊ နွယ်ရိုးလေးဖြာ၊ ဝေနေယျာအား၊ ကြင်နာပိုက်ဖြား၊ ဆောင်စီးပွါးနှင့်၊ ဘုရားမြတ်စွာ၊ သာသနာကို၊ ပစ္စယာဓမ္မ၊ နုဂ္ဂဟဖြင့်၊ ဆုံးဆမယှိ၊ အသဒိသ၊ နိစ္စမပြတ်၊ ခြီးမြှောက်လတ်၍၊ ဇာသတ် ကာဋ္ဌာ၊ ဓမ္မာသောက၊ မင်းဝဋ္ဋတို့၊ ပထမ ဒုတိယ၊ တတိယနှင့်၊ စတုတ္ထစင်၊ သင်္ဂီတင်လည်း၊ နှုတ်တွင်ရွတ်ကာ၊ ပေထက်သာတည့်၊ ရတနာဘုံမည်၊ မန်းရွှေပြည်ကို၊ ထောင်တည်အာဒိ၊* စောဘုန်းယှိမူ၊ ရဝိ သသိ၊ ဂိရိဗဟို၊ ယုဂန္ဓိုရ်နှင့်၊ မြင်းမိုရ်စက္ကဝါ၊ စကြာနေလ၊ သဿတတို့၊ ထွန်းပမြဲယှိ၊ တည်နေဘိသို့၊ တိပိဋ္ဋကာ၊ ကျမ်းသုံးဖြာကို၊ သာသနာငါးထောင်၊ *ယခေါင်ထိုမျှ၊ ကာလပတ်လုံး၊ ကမ္ဘာဆုံးအောင်၊ ကျုး၍မကျေ၊ တည်ပစေဟု၊ ရွှေဉာဏ်စိန်စက်၊ အမြင်ထက်၍၊ သေလက္ခရ၊ ရေးထုသပြီး၊ ပဉ္စမသဘင်၊ သင်္ဂါတင်၏၊ ဘုရင်ခေါင်မျူး၊ ဘုန်းတော်ထူးဖြင့်၊ ကျေးဇူးကြီးလှ၊ ဝိသေသကြောင့်၊ သာသနာ့ဒါယကာ၊ မင်းမြတ်စွာလျှင်၊ စကြာဒေဝီ၊ မဟေသီက၊ ရွှေညီလေးဖြာ၊ ရံများစွာနှင့်၊ ဒေဝါလယ၊ နတ်ဌာနနှိုက်၊ ဆဆ ဝေ*ဖြိုး၊ ဘုန်းတော်တိုး၍။ ။တန်းခိုးတောက်စေ မ*စဲတည်း။ ( ၅ )

၆၁၁။ အတူမျှသာ၊ စုဒ်ထုတ်ရာဖြင့်၊ မှတ်ကာပကွန်၊ တဘိုပြန်အံ့၊ ဘုန်းသန်မိပတိ၊ နေပြိုင်ညိလျက်၊ အာဒိကမ္မိက၊ နန်းတည်စ၍၊ ပဉ္စမတွင်၊ သင်္ဂါတင်သည်၊ ဘုရင်ထွတ်ဖျား၊ မင်းတရားကား၊ ရာပွါးထောင်ပွါး၊ သိကြားမျက်စိ၊ သဟဿိသို့၊ ဇာတိဥက္ကဋ္ဌ၊ ဉာဏ်တော်မြတ်နှင့်၊ မဟာတ္တဟိတ်၊ ထူးနိမိတ်ကြောင့်၊ ခုတိတ် နာဂတ်၊ ဆုံးဖြတ်ချက်†မှန်၊ စက်သဏ္ဌာန်ဖြင့်၊ဗို†မာန်ပြည်ကြီး၊ ထောင်တည်ပြီးမှ၊ ရှစ်ထီးကနက်၊ မိုးမပျက်ဘဲ၊ စိုးလျက်နန်းပေါ်၊ နတ်ပြည်

ပျော်၏၊ သားတော်နွယ်ဆက်၊ နောက်နန်းတက်မူ၊ ရွှေသက်နုနယ်၊ နှစ်နှစ်ဆယ်က၊ လူဝယ်နတ်စစ်၊ ဘုန်းတော်သစ်၍၊ မင်းဖြစ်နန်းထိုင်၊ ပြည်ကြီးပိုင်လျက်၊ ရောက်တိုင်ခုနစ်၊ နန်းစံခေတ်တွင်၊ ကိုယ့်ပြစ်စိုးစိ၊ မှုမယှိလည်း၊ ပြည်ကြီး့ကိစ္စ၊ မှုကမ္မကြောင့်၊ ရာဇဓမ္မ၊ သဘာဝဖြင့်၊ လောကထုံးစံ၊ လောကခံလျောက်၊ နိုင်ငံတိုင်းမှု၊ မင်းတွင်စု၍၊ ပြည်သူ့အတွက်၊ ဝန်ကြီးရှက်ပြီး၊ သူ့ဘက်လိုရာ၊ ကိုယ်တိုင်သာလျှင်၊ တောင်ညာဧကီ၊ မဟေသီနှင့်၊ သိင်္ဂီရွှေထီး၊ ရှုမငြိုးသား၊ သမီးတော်မြတ်၊ နှစ်ပါးနတ်ပါ၊ ပြာသာဒ်ရွှေဘုံ၊ နန်း*နိုတုံက၊ လုံးစုံပြည်ကြီး၊ စွန့်ခွါပြီးလျှင်၊ မနီးပင်လယ်၊ ခြားရာနယ်သို့၊ နေကွယ်လပျောက်၊ ချုပ်ဝင်ရောက်သို့၊ ဘုန်းတောက်လေးဖြာ၊ မငြင်းစွာဘဲ၊ ဝင်္ကပါတောင်၊ တောမြိုင်ချောင်ဝယ်၊ မင်းခေါင်ဝေဿန်၊ ဝင်သော့ဟန်တိ၊ ဒေသန္တရ၊ စံမြန်းကြသား၊ ဒိဋ္ဌလောလော၊ ဤသဘောဖြင့်၊ ထူးသောကြောင်းဟိတ်၊ ထိုနိမိတ်ကို၊ ပဏ္ဍိတ်သူတော်၊ များတဘော်တို့၊ ရှုမျှော်လုံးစုံ၊ အာရုံဝမ်းတွင်း၊ ပြုမိလျှင်းက၊ လွန်ပြင်းကြင်†နာ၊ ဖြစ်ထိုက်စွာ၏၊ ကရု†ဏာရသ၊ ဤကိစ္စဖြင့်၊ ကာရုညပတ်၊ *စောမင်းမြတ်လည်း၊ ညာနတ်ဒေဝီ၊ တူညီနှစ်ဘော်၊ ရင်သွေးတော်က၊ ကိုယ်ပေါ်ကိုယ်တွင်း၊ ဘေးရန်ကင်း၍၊ ဘုန်းရှင်းသမ္ဘာ၊ ပွင့်လင်းသာလျက်၊ မဟာပုရိ၊ ဗောဓိသတ္တော၊ ဝေဿန်*စောသို့၊ မနောရထာ၊ စကြာရွှေစိတ်၊ မကိလိဋ္ဌဘဲ၊ ယထိစ္ဆိတ၊ သိကြားမ၍၊ တောင့်တမကြာ၊ လိုရာမဆိုင်း၊ ဉာဏ်ကရိုဏ်းဖြင့်။ ။ကြံတိုင်းပြည့်စေ မလွဲတည်း။ (၆)

၆၁၂။ သမ္မုတိနတ်၊ ဥပပတ်နှင့်၊ အမြတ်ဝိသုဒ်၊ သမုတ်ခေါ်ရိုး၊ နတ်သုံးမျိုးတို့၊ *ရိုကျိုးထိပ်နှိုက်၊ စက်စုံခိုက်လျက်၊ သုံးတိုက်လုံးထွတ်၊ *တမွတ်ရတနာ၊ မဟာအတုလ၊ မကုဋ္ဋဖြင့်၊ ဒေဗဒေဗော်၊ ခေတ်လုံးကျော်၍၊ အဟော်အစ္ဆရိ၊ တုမယှိအောင်၊ ကလိယုဂ်လူ၊ မိုက်မှောင်ထူတွင်၊ ရောင်ဖြူဝင်းပ၊ အလင်းပြသည့်၊ သကျသီဟ၊ ဂေါတမဟု၊ ဂေါတ္တမည်ကျော်၊ ဂုဏ်ကိုးဘော်နှင့်၊ တိလော်ကနတ်၊ မြတ်ထက်မြတ်၏၊ ပညတ်တင်ထား၊ မိန့်ခဲ့ကြားသား၊ သုံးပါးစကြာ၊ သာသနာလည်း၊ ဝေဖြာမမှိန်၊ နေဝါထိန်သို့၊ အရှိန်မညှိုး၊ တိုးထက်တိုး၍၊ *ဖြိုးဖြိုးမဆုံး၊ ကမ္ဘာလုံးနှင့်၊ ခုံးခုံးမိုးအောက်၊ ထိုရွှေလောက်ဖြင့်၊ တည်ဆောက်မချော်၊ ကပ်လုံးနေသည့်၊ ရွှေတခဲနက်၊ ရဲရဲလက်တိ၊ အောက်ထက်ခပ်သွယ်၊ အလယ်ခပ်*ဖြိုး၊ စည်မုရိုးသို့၊ *တုနိုးနှိုင်းချိန်၊ လေးရောင်ထိန်လျက်၊ အားလိန်ငါးဆင့်၊ နိမ့်မြင့်တောင်စဉ်၊ ဥယျာဉ်နတ်မြစ်၊ ကသစ်အာသာ၊ နန္ဒာနန္ဒဝန်၊ အ*မွန်မိပတိ၊ သီရိ*မျှိပေါင်း၊ မြင့်ဆောင်း*ဗဟို၊ ရွှေ*တန်သိုသို့၊ မြင်းမိုရ်ယုဂန်၊ သတ္တဘဏ်ပါ၊ ဟေမဝန်တောင်တော၊ အံ့ဘွယ်*ပြောသား၊ သာမောတင့်ဆန်း၊ *ဦးဆောက်ပန်းနှင့်၊ တွင်းဝန်းစက္ကဝါ၊ တောင်ကြီးကာ၍၊ မဟာလောကီ၊ ဆားတိင်နှင်နှ်၊ ပြည့်*ဝှန်တင်းကျမ်း၊

နပ္ပကမ်းမျ၊ မောက်လျှမ်းရေလျှံ၊ ပင်လယ်†ယံဝယ်၊ အ†ရံအပွါး၊ ငါးရာငါးရာ၊ ကိုယ်စီပါလျက်၊ မဟာဒီပ၊ ဌာနလေးကျွန်း၊ တဝန်း တဝန်း၊ ဖေါ် ထွန်း မောက်မောက်၊ လူနေပေါက်သည့်၊ လူရောက်သမျှ၊ တိုက်လောကနှိုက်၊ တည်ကြရပ်ခွင်၊ အ†ကြင်အ†ကြင်၊ ထက်ဝန်း†ကျင်တိ၊ မြေပြင်ရေပြင်၊ နေဝင်နေထွက်၊ နတ်စက်ပတ်ကုံး၊ အဆုံးနှို့အောင်၊ ဘုန်းတော်ဆောင်၍၊ *မြားမြောင်*ပေါ်ယယ်၊ *ဗိုလ်နိကာယ်၏၊ စိတ်ဝယ်စွဲဘိ၊ အမြဲငြိသား၊ ဖိဋ္ဌိနှစ်ဖြာ၊ မိစ္ဆာမိုက်မည်း၊ အာသယည်းကို၊ ပယ်လှည်းရှင်းချ၊ အလင်းပြလျက်၊ သဒ္ဓမ္မခေတ်၊ ငါးထောင်နှစ်ထက်၊ ပွါးသစ်သရေ၊ ရွှန်းရွှန်းဝေသည်။ ။ထွန်းစေရောင်ဝါ အမြဲးတည်း။ (၇)

(ဤတိုကား အာသီသာလင်္ကာ ၇-ပိုဒ်တို့တည်း။)

ပတ္တနာအာသီသဒဿနနိဂုံး ၇-ပိုဒ် ပြီး၏။

---

## ၁၄-နယဒဿနနိဂုံး

ဝ၁၃။ ပသာဒေါဇော၊ သဘောထင်စွာ၊ အလင်္ကာနှိုက်၊ ဂါထာ*ယခင့်၊ ကျူးဆိုဘွင့်သား၊ စပ်သင့်ပုဒ်စဉ်၊ နီးယှဉ်တင့်တယ်၊ သိလွယ်အနက်၊ နှစ်ချက်စုံလှ၊ ပသာဒတည့်၊ ဩဇမှာကား၊ သမာသ်များနှင့်၊ စကားနံ့ဘွယ်၊ ကျဉ်းကျယ်ချဲ့ချုံ့း၊ မှတ်ပုံလက္ခဏာ၊ စွဲးသေချာရှင့်၊ တဖြာထိုမှ၊ ဒီဃပုဒ်†ချင်း၊ ရဿ†ချင်းနှင့်၊ ဌာန်†ချင်းတူဟုတ်၊ သံယုဂ်ပါယို၊ ဓနိပါ†ခြင်း၊ ပုဒ်ချင်း†နီးစွာ၊ လွန်သာယာသည့်၊ ပဒါသတ္တိ၊ မည်ယှိခေါ် ပြု၊ မဓုရတာ၊ ခရာတူပုဒ်၊ ထပ်ထပ်ထုတ်လည်း၊ သမုတ်သ ညာ၊ အနုပ္ပါသ၊ မဓုရတည့်၊ ပဒလေးလီ၊ သိထိလ†ချင်း၊ ညီစေခြင်းနှင့်၊ မယွင်းဓနိ၊ ညီစွာချိက၊ မိဿိရောရာ၊ သုံးမျိုးပါလည်း၊ သမတာခေါ် ထုံး၊ လေးပုဒ်လုံးနှိုက်၊ စီကုံးသိထိ၊ မျှားစေဘိလျက်၊ ဓနိတက္ခရာ၊ နည်းမျှသာလျှင်၊ ပါသည့်အ†ချင်း၊ သိမ်မွေ†ခြင်းနှင့်၊ သေ†ခြင်းဟူစွာ၊ လူ့ဝေါဟာကို၊ နတ်ရွှာစံကြွ၊ ဆိုခြင်းစသား၊ ဂါမ္မကင်းဝေး၊ ယဉ်ကျေးသမူ၊ ခေါ် ဝေါ် ပြုလည်း၊ သုခုမာလ၊ မည်ထဘာသီး၊ ဌာန်နီးစသည်၊ ပေါင်းတည်ပုဒ်†ချင်း၊ မကွာ†ခြင်းဖြင့်၊ မပြင်းမတင်း၊ သံဖြည်းညှင်းလျက်၊ မကင်းဓနိ၊ ပါဘိနည်းလှ၊ သိလေသတည့်၊ ကဲးဆလွန်ကျူး၊ ဂုဏ်ထူးအယှိ၊ ပြဆိုဘိနှင့်၊ ဝိသေသန၊ ပါသမျှကား၊ ဥဒါရတာ၊ မှတ်ကုန်ရာ၏၊ လူ့ရွှာထုံးတမ်း၊ စည်းကမ်းမလွန်၊ ပညာဝန်တို့၊ ကောင်းမွန်*နှစ်သို့၊ ခြင်းရာတို့ကား၊ ရှင်ပျိုနာအိ၊ ဂုဏ်ကန္တိတည့်၊ ထိုပြီအပ၊ နေယျပြစ်ကွာ၊ သဒ္ဒါအနက်၊ မထည့်စွက်ဘဲး၊ နှစ်ချက်အရ၊ ထင်စွာလှကား၊ အတ္ထဗျတ္တိ၊ သက်ယှိမူရာ၊ သက်*မဲ့မှာလျှင်၊ တင်ကာခေါ် ခြင်း၊ အဆင်းယှိမြော်၊ ဆင်း*မဲ့ပေါ် တွင်၊ တင်ခေါ် သာညီ၊ ရသာယှိကို၊ မယှိနှိုက်တည့်၊

အရည့်မဟူ၊ အရည်မှူငြား၊ ကတ္တားယို*ဟဲ့၊ ကတ္တု*မဲ့နိုက်၊ တင်ဘွဲ့တဖြာ၊
စိုင်ခဲ့မာကို၊ ခိုင်မာ*မဲ့ထက်၊ တင်လျက်ခေါ်ဘိ၊ သမာဓိဟု၊ ကဝိလက္ခဏာ၊
ဂုဏ်ဆယ်ဖြာလည်း၊အလင်္ကာကြီး၊ပုဒ်တိုင်းပြီးသည်။ ။မှီးလေ့နောက်လူ ဉာဏ်
ခိုးတည်း။ (၁)

၆၁၄။ ဇာတိဒဗ္ဗ၊ ဂုဏကြိယာ၊ နာမ်ပါငါးချက်၊ မုချနက်နှင့်၊ ဖြစ်ပျက်
အံ့ဘွယ်၊ ဆန်းကြွယ်ထွေပြား၊ *ခိုက်တန့်အားဖြင့်၊ ဖြစ်ငြားတုံထ၊ သဘာဝကို၊
ဘွင့်ပြသည်မှာ၊ သဘာဝဝုတ်၊ ငါးမျိုးထုတ်လေ့၊ မုချအလို၊ မဆိုတိုက်ရိုက်၊
သွေဝိုက်ဝဲ၍၊ ထူးကဲလွန်စွာ၊ ပြဆိုပါက၊ အတ္ထာတိသယ၊ ဝင်္ကဝုတ္တိ၊ အမည်
ယို၏၊ တူဘ်နှစ်ဖြာ၊ မထင်စွာကို၊ ထင်ရာနှင့်ထုတ်၊ အဟုတ်နှိုင်းကာ၊ ယှဉ်စ
ပါသော်၊ ဥပမာဟူထ၊ ရုပ်တူပြကို၊ ရူပကမည်၊ လည်လည်ထပ်ထပ်၊ ဆိုအပ်
တုံဘိ၊ အာဝုတ္တိတည့်၊ ဆီမီ့းပမာ၊ တနေ့ရာက၊ များစွာပြမူ၊ ဒီပကမှတ်၊
ထူးမြတ်ခြင်းရာ၊ ဆိုလိုပါ၍၊ ကာလသုံးပါး၊ ပယ်သော့အားဖြင့်၊ မြစ်တား
ပြုက၊ အက္ခေပရှင့်၊ ရှေးပြတုံငြား၊ ထိုစကားကို၊ တပါးအနက်၊ တူစွာဆက်၍၊
ဘော်ထွက်ပြဟန်၊ အတ္ထန္တရ၊ နျာသဟူ၊ အတူယှဉ်ကာ၊ ဆိုပါတုံလျက်၊ အထူး
ထွက်၍၊ ဆိုမြွက်ပြန်ဘိ၊ ဗျတိရိက်မျိုး၊ ဖြစ်ရိုးလူမှာ၊ ထင်စွာတုံရှောင်း၊
အကြောင်းကိုထား၊ ကြောင်းတပါးဖြင့်၊ ပြငြားအရာ၊ ဝိဘာဝန၊ ဇနကဉာပက၊
နှစ်ပါးပြသော်၊ မည်ရဟေတု၊ ခေါ်ပြုအစဉ်၊ မြဲးယှဉ်ကျမ၊ ထို†မှတသွယ်၊
နှစ်သက်ဘွယ်ဖြင့်၊ မိပ္ပါယ်အနက်၊ ဆိုချက်သာလှ၊ ပိယတရ၊ နာမမည်ထွေ၊
ဥပမေကို၊ မြှုပ်သွေထားချန်၊ ဥပမာန်မျှ၊ အကျဉ်းပြုက၊ သမာသအလင်္ကာ၊
ဖြစ်ရင်းစွာမှ၊ ခြင်းရာတပါး၊ တူရာအားဖြင့်၊ ရှာငြားကြံအပ်၊ ပရိကပ်ရှင့်၊
တရပ်ထုံပြီး၊ လိုယှိအပ်စွာ၊ အားထုတ်ပါ၍၊ လိုရာပြီးမှု၊ ကြောင်းတခုကို၊ ရပြု
တုံဘိ၊ သမာဟိတည့်၊ ပရိယာယ၊ ဤဝင်္ကကား၊ ရှောင်ထသွေဝဲး၊ *လှီးလွှဲး
ဆိုဘွယ်၊ ဝိုက်ကာသွယ်သည်။ ။*ပြယာယ်ရိပ်ပြ ယောင်ယိုးတည်း။ (၂)

၆၁၅။ ထိုမှတသွယ်၊ ဆိုဘွယ်စောင်းယွဲ့၊ ကဲ့ရဲ့ယောင်ပြု၊ ခြီးမွမ်းမှုကား၊
မှတ်ရှူသဘော၊ ဗျာဇောပဝဏ္ဏနာ၊ ဂုဏ်တဖြာကို၊ ထူးဆိုလို၍၊ ထိုထိုဂုဏ၊
ကြိယနှင့်၊ ဒဗ္ဗဇာတိ၊ မယှိချိုခြင်း၊ ဆိုလျှင်းတုံပြီး၊ မြောက်ခြီးပြုရာ၊ မှန်စွာ
ဝိသေသ၊ ကြုံးပခြင်းရာ၊ ရဲးရင့်စွာကား၊ ရုဋ္ဌာဟင်္ကာရ၊ အတ္ထနှစ်ပြင်၊ လိုရာ
တင်တိုင်း၊ ဆန့်ကျင်မယှိ၊ ရဘိနိုင်စွ၊ သိလေသတည့်၊ တကွတူပြီ၊ အညီ
ယှဉ်*ပြွမ်း၊ ခြီးမွမ်းကဲ့ရဲ့၊ ဆိုဘွဲ့ပြုထ၊ တုလျယောဂိ၊ မိမိပြ†ခြင်း၊ အနက်
ရင်းနှင့်၊ ကျိုး†ချင်းတူစွာ၊ ပြရာနိဒသ်၊ ကြီးမြတ်တော၊ တန်းခိုးစသား၊
ဆန္ဒဘောဂ၊ ထုတ်ဆိုပြက၊ မဟန္တသမိုက်၊ ခြီးထိုက်သည်ကို၊ ဝှက်ကာဆို၍၊
ထိုနှင့်အမူ၊ တူမတူငြား၊ တပါးကိုသာ၊ ပြခြင်းရာကို၊ ဝဥ္ဇနာခေါ်ဘိ၊ မိမိကိစ္စ၊

ငြီးငွေ့စွကြောင့်၊ ယုတ်မျှကိုလျက်၊ နှစ်သက်တုံလျှင်း၊ ခြီးမွမ်းခြင်းကား၊ မည်ရင်း
နာမ၊ အပ္ပကတတ္ထုတိ၊ ထိုပြီးတခထွ၊ နောက်ပုဒ်နေဖြင့်၊ ဝိသေသန၊ ဆင့်ဆင့်
ပြခသော်၊ ခေါ်ထမှန်စွာ၊ ကောဝဋ္ဌိ၊ တူညီမယွင်း၊ ချင်းချင်းနှစ်ခု၊ ကျေးဇူး
ပြုကြ၊ အညမညတ်၊ မည်မှတ်သညာ၊ ကြိယာဂုဏ၊ တူမောစွကြောင့်၊ တကွ
ဖြစ်ချက်၊ ဆိုမြွက်ဘော်ပြ၊ သဟဝုတ္တိ၊ သိလေ့တကွဲ၊ လွန်ကဲသည်ကို၊ ဆိုလို
သဖြင့်၊ မသင့်အနက်၊ ဆန့်ကျင်ဘက်ကို၊ ရောရှက်နှီးနှော၊ ပြသဘောကား၊
ဝိရောဓိတာ၊ ဦးစွာပေးပြု၊ စုံတခုကြောင့်၊ ယှူမှုလွန်မင်း၊ ကျိုးဖြစ်ခြင်းကို၊
ဆိုလျှင်းအဟုတ်၊ ပရိဝုတ်ရှင့်၊ မယုတ်တူလှ၊ ထင်မှားစွမူ၊ ဘမဟူလေ့၊
သူ၏အဖြစ်၊ မြစ်၍ဆိုထ၊ အလိုပြက၊ ဘာဝမှတ်ရာ၊ အလင်္ကာများ၊ ရောငြား
မိဿက၊ တောင့်တတုံလတ်၊ အာသိမှတ်ပြီး၊ ထူးမြတ်လက္ခဏာ၊ လွန်သာ
ယာအောင်၊ သိင်္ဂါရသ၊ ပါဒအညီ၊ ရသီလင်္ကာရ၊ မည်ခေါ်ကြ၏၊ ပေါင်းပြ
တွက်ဘွဲ၊ ကျယ်မချဲ့သား၊ သုံးဆဲ့ငါးပုဒ်၊ ဝင်္ကဝုတ်သည်။ ။မယုတ်နည်းနာ
စုံ*ဖြိုးတည်း။ (၃)

၆၁၆။ ဘာဝ ဝိဘာဝ၊ နုဘာဝဟု၊ ကေဠုဘကျမ်း၊ ခွဲခြမ်းမိန့်ဆို၊ ဤအလို
ဖြင့်၊ ထိုထိုကိစ္စ၊ မြဲမြံလှအောင်၊ စိတ္တာဝိသေသ်၊ စိတ်ဖြစ်ထူးလေ့၊ မရွေ့ဖြစ်ငြား၊
ကြားသူမြင်သူ၊ *ဗိုလ်လူသဘော၊ မနောငြိကပ်၊ သာယာအပ်ကြောင့်၊ ပညပ်
ခေါ်ညီ၊ ဌာယီဘာဝ၊ ရသကိုးပါး၊ ကျမ်းနှိုက်†ကြား၏၊ ယော†ကျားမိန်းမ။
ဘာဝအလိုက်၊ ချစ်ကြိုက်မြင်ရုံ၊ မဆုံသေးရ၊ အယောဂတည့်၊ ထိုမှနှစ်သက်၊
မနှစ်သက်၍၊ ပေါင်းဘက်ကွာကြ၊ သံယောဂနှင့်၊ ဝိယောဂမျိုး၊ ဖြစ်ရိုးမှန်လှ၊
ကာမ ယုဒ္ဓ၊ ဓမ္မမည်သိ၊ သုံးပါးယှိသား၊ ရတိဘာဝ၊ သိင်္ဂါရတည့်၊ ရှင်ပပြုံးရယ်၊
မှတ်ဘွယ်ဟာဿ၊ ကြောင့်ကြသနား၊ ဤနှစ်ပါးကား၊ မည်ငြားနာမ၊ သောက
ကရုဏာ၊ ဟူစပါလေ့၊ မျက်ပါဖရှသ်၊ ကြမ်းကြုတ်ကောဓ၊ ရုဒြတည့်၊ ထိုမှ
တဝ၊ ယုဒ္ဓ ဓမ္မ၊ လှူဒါနနှိုက်၊ လုံ့လရဲရင့်၊ မှတ်သင့်ဉဿာဟ၊ ဝီရလည်းဟူ၊
ကြောက်မှုဘယ၊ ဘယာနကရှင့်၊ ထိုမှတအုပ်၊ စက်ဆုပ်ရွံရှာ၊ ဇိဂုစ္ဆာနှင့်၊
ဝိဘစ္ဆာခေါ်ပြု၊ အံ့ဩမှုကား၊ မှတ်ရှုဝိမှယ၊ အဗ္ဘုတမည်၊ ငြိမ်သက်တည်ကို၊
ခေါ်သည်သမ၊ သန္တဟူငြား၊ ဤကိုးပါးတည့်၊ ရှေကားဘာဝ၊ နောက်ရသဟု၊
မှတ်ကြမမှား၊ ထူးမခြားဘူး၊ တပါးထိုမှ၊ ထိုဘာဝနှင့်၊ ကိစ္စလျှော်ရာ၊ ဆက်ဆံ
စွာလျက်၊ ပျောက်ကွာထင်ရှား၊ ရှေးရှုအားဖြင့်၊ နှစ်ပါးသတ္တိ၊ ဖြစ်လေ့ယှိသား၊
ဗျဘိစာရိ၊ တွင်ညီဘာဝ၊ သိကုန်ကြလော့၊ ဒဗ္ဗတည်းဟူ၊ အကြောင်းမူကား၊
မှတ်ယူသညာ၊ အာလမ္ဗဏ၊ ဝိဘာဝရှင့်၊ ထိုမှအပ၊ ထူးကိစ္စဖြင့်၊ ဌာနအလင်း၊
ထုံသင်းဂန္ဓ၊ ထင်ကြောင်းစသား၊ ကာရဏဟူပြီ၊ ဉဒ္ဒီပန၊ အမည်ပြ၏၊ ဖလ
ခေါ်မှု၊ အကျိုးစုကို၊ အနုဘာဝ၊ သာတွိကဟု၊ ခေါ်ထအနေ၊ မြဲမသေ့ကည့်၊
ခွဲးဝေ၍မျှ၊ ကျမ်းသာပြတိုင်း၊ ဘာဝငါးဖြာ၊ လွန်သာယာလျက်၊ ရသာ

ထွေပြား၊ ပိုဒ်တိုင်းအားဖြင့်၊ စာသားချိုမှည့်၊ နှစ်ဆိပြည့်သား၊ နတ်၏သုခာ၊ နတ်သြဇာနှင့်၊ အလင်္ကာစုံ၊ သဒ္ဒါရုံဖြင့်၊ မြန့်ဘုံကျွန်းခွင်၊ ထက်ဝန်းရှင်အောင်၊ စာပဋ္ဌင်ကြီး၊ မှတ်တီးသံညှင်း၊ ပွဲစုံကျင်းသည်။ ။နတ်မင်းသဘင် တူ*နိုးတည်း။ (၄)

၆၁၇။ ဌာယီဘာဝ၊ အကျဉ်းမျှဖြင့်၊ ပြခဲ့ထင်စွာ၊ ထိုကိုးဖြာ၏၊ အင်္ဂါခြံရံ၊ *ဆက်ဆံအတူ၊ ဖြစ်မြဲဟူ၍၊ *ရှေ့ရှုအထူး၊ မကျူးလွန်ဘိ၊ ဖြစ်လေ့ယှိသား၊ ဗျာဘိစာရီ၊ ဤဘာဝလည်း၊ ပေါင်းစည်းတွက်ဖွဲ့၊ သုံးဆဲ့သုံးပါး၊ ပြား၏ခြင်းရာ၊ လက္ခဏာကို၊ လင်္ကာသရုပ်၊ ချုပ်၍တထွေ၊ ပြည့်နှန်းပေအံ့၊ နှံ့ဗွေငြိးငွေ့၊ အောက်မေ့ ပျင်းရိ၊ အသိပညာ၊ ဣဿာမိန်းမှိုင်၊ မအိပ်နိုင်ကျင်၊ အိပ်ချင်ဟန်လုပ်၊ စိတ်တုန်လှုပ်ဘိ၊ မျက်စိမှုးပြာ၊ ရောဂါလျှပ်ပေါ်၊ အိပ်ပျော်အားထုတ်၊ ကြမ်းကြုတ်နွမ်းနယ်၊ အားကွယ်မာန်ကျန်း၊ ပင်ပန်းရှူးတက်၊ သေရှက်မိုက်မဲ၊ *ရောင့်ရဲတည်ကြား၊ ယုံမှားအကြံ၊ သည်းမခံ†ခြင်း၊ ကြည်ညို†ခြင်းနှင့်၊ ယစ်†ခြင်းထီးကျန်၊ ကျမ်းဂန်လာယှိ၊ ဗျာဘိစာရီ၊ မှတ်နည်းမှီလော့၊ ထိုပြီတဝ၊ သာတ္တိကကား၊ ထမ္ဘမည်ငြား၊ နှစ်ပါးကိုယ်စိတ်၊ ခက်ကျိတ်တည်တံ့၊ ခိုင်မာခံ၏၊ မကြံ့မိန်းမော၊ နစ်မျောမေ့ထ၊ ပလယမည်ခြင်း၊ မွေးညှင်းကြက်သီး၊ ဘီးဘီးထကြွ၊ ရောမဥ္စတည့်၊ သေဒချွေးထွက်၊ မျက်ရည်စက်ကား၊ ခေါ်ငြားအဿု၊ ဝေပထုတုန်လှုပ်၊ ဆင်းရုပ်ဘောက်ပြန်၊ ဝေဝဏ္ဏ†ယ၊ မှတ်အပ်စွရှင့်၊ ဝိသ†ရမည်၊ မကြည်သံပျက်၊ ဤရှစ်ချက်ဟု၊ ကျမ်းထွက်အလာ၊ အလင်္ကာနိုက်၊ ဆရာသင်္ဃရက်၊ မိန့်မြွက်ဆိုတိုင်း၊ မလှိုင်းမကျယ်၊ အကျဉ်းသွယ်သည်။ ။ဝမ်းဝယ်မှတ်ရန် အကျိုးတည်း။ (၅)

၆၁၈။ ပဒ ဝါကျ၊ တဒတ္ထဟု၊ ဒေါသအပြား၊ သုံးပါးတို့တွင်၊ အ†ကြင်အ†ကြင်၊ လောကတွင်တိ၊ ဆန္†ကျင်ဘက်မျိုး၊ အဆိပ်မိုးဖြင့်၊ ကောင်းကျိုးချမ်းသာ၊ ပေးတတ်စွာဟု၊ ဆိုရာမဟုတ်၊ ဤပြယုဂ်ကား၊ ဝိရုဒ္ဓတ္ထန္တရ၊ ဒေါသမည်ထူး၊ အပြစ်†ကျူး၏၊ စုန်း†ကြူးပိုးရောင်၊ ဆယ်ရပ်ဘောင်ကို၊ ပြောင်ပြောင်ထွန်းတတ်၊ ဂုဏ်လွန်မြတ်၍၊ အဓျတ္ထ၊ ဒေါသမည်စွာ၊ သဒ္ဒါအနက်၊ သိခက်သမျှ၊ ကိလိဋ္ဌတည့်၊ ထိုမှကြံစိပ်၊ တောင်ထိပ်ကြာပေါက်၊ အနေ့ာက်နေထွက်၊ ဆိုချက်အရ၊ ဒေသ ကာလ၊ ကလာစသား၊ ဉာယ အာဂုံ၊ လူ့ဘုံနတ်ရွာ၊ သတ္တဝါလောက၊ ဟူသမျှနှင့်၊ သမမယှိ၊ ဝိရောဓိဟူ၊ မှတ်လေမူလော့၊ ရောင်ဖြူဆယ်ရပ်၊ နှံ့စပ်ထွန်းပြောင်၊ ဆိုသော့ယောင်သို့၊ ဆောင်၍ပြောမှ၊ သိပြန်†ရသော်၊ နေ†ယျဒေါသ၊ ဟူတုံကြ၏၊ သမ္ဘဝနက်၊ ဗျာဘိနက်ဖြင့်၊ ရေယှက်တုံ*မျှီ၊ မည်သို့မသိ၊ ထူးမယှိသား၊ မျက်စိပြူးပြူး၊ မိန်းမူးတည့်တည့်၊ စိမ်းစိမ်းကြည့်ဟု၊ ဆိုသည့်အရာ၊ ဝိသေသနာပေက္ခ၊ ပုဒ်ဒေါသတည့်၊ ထိုမှတလှစ်၊ ပုဒ်ဝိ

သေသ်ကို၊ နွမ်းညစ်တတ်စေ၊ ပုဒ်ဝိသေဖြင့်၊ ကြက်သရေတန်းခိုး၊ ညှိုးယုတ် မပြောင်၊ ပိုးစုန်းရောင်ကို၊ ကုန်အောင်ပယ်ရှင်း၊ ထွန်းနိုင်လင်းသား၊ နေမင်း ပြဘင်၊ ဟူသော့သွင်သို့၊ ဆိုကျင်ဟိနတ်၊ ဒေါသမှတ်လော့၊ နိပါတ်ဥပသာ၊ ပုဒ်ပြည့်ကာမျှ၊ နက်မရဘဲ၊ ပါထတုံလေ၊ ဝိသေဝိသေသ်၊ ထိုပုဒ်နှစ်ပင်၊ အပြစ် မလွတ်၊ ဖြစ်တုံလတ်ကြောင့်၊ အနတ္ထက၊ ခေါ်မှတ်ကြသည်။ ။ပဒဒေါသ ရှစ်မျိုးတည်း။ ( ၆ )

၆၁၉။ ထိုမှတသွယ်၊ ဝါကျဝယ်ကား၊ ပရိယာယ်မဟုတ်၊ ဝေဝုစ်မဟူ၊ ရှေး မူတသီး၊ ဆိုပြီးလျက်သာ၊ သဒ္ဒါအနက်၊ နှစ်ချက်ထပ်ပို၊ တဘန်ဆိုသော်၊ ရေ ကိုပေးတတ်၊ ရေပေးနတ်သို့၊ ကေတ်သမုတ်၊ ပုနရုတ်တည့်၊ အားထုတ်ဆိုချက်၊ အစဉ်ပျက်က၊ ဘဂ္ဂရိတိ၊ မည်ယိုခေါ်လင့်၊ မစပ်သင့်နှင့်၊ စပ်သင့်ပုဒ်ကို၊ နီးဝေး ဆိုသော်၊ ထိုသည့်ဝါကျ၊ ဗျာကိဏ္ဏတည့်၊ ဂါမအလိုက်၊ အပျိမိုက်ကား၊ မကြိုက် ငါ့ကို၊ ဘဲ့ကြောင့်ဆိုသို့၊ မချိုမယဉ်၊ နား*ချဉ်နားခါး၊ စကားရှုန့်ကြမ်း၊ ရွာသူ တမ်းဖြင့်၊ မချမ်းနားဝယ်၊ နာဘွယ်မယို၊ ဆိုဘိတုံထ၊ လွန်ရိုင်းပြသား၊ ဂါမ္မ ဒေါသာ၊ မှတ်အပ်စွာ၏၊ ဖြတ်ရာမဖြတ်၊ အာချာတ်နာမ်ပုဒ်၊ လေးလုံးယုတ် တွင်၊ ပြတ်*ထုတ်အလယ်၊ မပြုဘွယ်ရှင့်၊ အဂကယ်၍တိ၊ ဖြတ်သည်ယိုက၊ ယတိ ဟိန၊ ဒေါသမည်စွာ၊ သဃ်ာတရား၊ ဘုရားဆိုချက်၊ အစဉ်ပျက်ကား၊ ဆက်ဆက် မှတ်ပြု၊ ကမစ္စုတည့်၊ မာတုဂါမ၊ သားမြတ်ပြလျှင်၊ မိုးဝအပြင်၊ ကောင်းကင်မဆံ့၊ ဟူလတ္တံ့ဟု၊ ခြီးအံ့ရှုးမူး၊ ဆိုထူးဆိုချွန်၊ ဆိုလွန်ဆိုနူတ်၊ အတိဝုတ်ဟု၊ သမုတ် လူ့ ပြည်၊ ဒေါသမည်၏၊ နွားမသည်သား၊ မြက်စားဟူလျှင်း၊ ကင်းသည့်ပိဏ္ဍတ်၊ မိပ္ပါယ်ချွတ်အောင်၊ ဥမ္မတ်စကား၊ အရူးလားသို့၊ ဆိုငြားတုံလတ်၊ အပေတတ် တည့်၊ ပေါက်လွတ်တောသံ၊ လူရိုင်းသံသို့၊ ရွတ်သံပြင်းပြ၊ ဓနိတနှင့်၊ ဃောသ အက္ခရာ၊အပါများက၊ ဗန္ဓဖရုသ်၊ ခေါ်သမုတ်၏၊ သုတ်လက္ခဏာ၊ ပြယုဂ်ပါလျှင့်၊ လကၤာပိုင်းခြား၊ သံချိုကြားသည်။ ။မှတ်သားဝါကျ ပြစ်ကိုးတည်း။ (၇)

၆၂၀။ ဝါကျအနက်၊ ဆိုစဉ်ဖျက်၍၊ ယထာက္ကမ၊ မကျစဉ်လာ၊ ဘာဝနာ ဒါန၊ သီလတရား၊ အကျိုးအားဖြင့်၊ ခံစားရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာ၊ နတ်ရွာ နိဗ္ဗာန်၊ ဆိုသော့ဟန်သို့၊ မမှန်အချက်၊ ကြောင်းကျိုးပျက်က၊ အပက္ကမ၊ ဒေါသ ဝါကျတ်၊ ဟူ၍မှတ်လော့၊ မြတ်၏ငါ†ကိုယ်၊ သူထက်ပိုဟု၊ ကိုယ့်†ကိုကိုယ်ချင်၊ ခြီးမွမ်းကျင်နှင့်၊ သက်ပင်တပါး၊ စွန့်နိုင်ငြားလျက်၊ သားသမီးကို၊ အလိုမရှိ၊ စွန့်နိုင်ခဲ့ဟု၊ ချွတ်လွဲ့ယွင်းဘောက်၊ ရှေ့နောက်မညီ၊ ဤသည့်ဒေါသ၊ ဩစိတျ တည့်၊ ဥပသဂ္ဂ၊ နိပါတနှင့်၊ သဗ္ဗနာမ် ဝိဘတ်၊ အစဉ်ချွတ်က၊ မည်မှတ်သညီ၊ ဘဂ္ဂရိရှင့်၊ ထိုဤအနက်၊ နှစ်ချက်နှစ်သွယ်၊ ယုံမှားဘွယ်ဖြင့်၊ အကယ်သဘော၊ ဂေါပဒဿန၊ ဟူတုံထသို့၊ သံသယခေါ်၊ မလျော်စကား၊ မကြားစသာ၊

ကြမ်းကြုတ်စွာသား၊ ဆိုင့်ါခက်စွ၊ ထိုဒေါသကား၊ ဂါမ္မဟူပေ၊ ထွေထွေထိုမျှ၊
ပြစ်ဒေါသတို့၊ ဝါကျတွင်းမှာ၊ ရောရှက်ပါက၊ ဒုဋ္ဌာလင်္ကာရ၊ ဒေါသခေါ်ရိုး၊
ခြောက်မျိုးဝါကျတ်၊ ဤသို့မှတ်လော့၊ ကျမ်းမြတ်ရွှေစာ၊ ဤလင်္ကာကား၊
ရှစ်ဖြာပဒ၊ ကိုးဝါကျနှင့်၊ ဝါကျတ္ထခြောက်၊ ပြစ်မျိုး†ပျောက်၍၊ မ†ပြောက်
*ပြစ်ဆံ၊ ကင်းစင်ကွာသည်။ ။မဟာနဂ္ဂ အဘိုးတည်း။ (ဂ)

၆၂၁။ တပုံသိလော့၊ သန္ဓိပုဒ်ရှက်၊ စပ်၍ဝှက်က၊ သိခက်လှစွာ၊ ထို
သဒ္ဒါကား၊ သမာဂတာ၊ သညာတွင်ညီ၊ ပဟေဠိတည့်၊ ထိုပြီတမူ၊ အနက်
တူငြား၊ သဒ္ဒါအားဖြင့်၊ ဝှက်ထားသည်မှာ၊ ဝဥ္စိတာမည်ပေး၊ အစပ်ဝေးမှု၊
ပြုသည့်အရာ၊ ဥက္ကန္တာခေါ်ထုံး၊ အသုံးနည်းစွာ၊ သဒ္ဒါပါဠိပုဒ်၊ ဝှက်ဆိုထုတ်က၊
ပမုဿိတာ၊ ပစ္စယာဒေသ၊ စသည်အထား၊ မထင်ရှားအောင်၊ ဝှက်ငြားဖရှည်၊
ဝေဝုစ်ပရိယာယ်၊ သဒ္ဒါသွယ်၍၊ ဖုံးကွယ်အတ္ထ၊ အမည်ပြသော်၊ သမာနသဒ္ဒါ၊
မှတ်တို့ရာ၏၊ များစွာစဉ်လျက်၊ သမ္ဘန်နက်ဖြင့်၊ ဆက်၍တည်ယှို၊ ပရိဟာရိဏီ၊
ပဟေဠိဟူလစ်၊ ဤခုနစ်ကား၊ စင်စစ်မည်ရိုး၊ သဒ္ဒါမျိုးတည့်၊ ကြိုး၍မှတ်ယူ၊
သဒိသူအား၊ နက်တူထား၍၊ တပါးလိုလို၊ ဝှက်ဆိုသမျှ၊ သမာနရူပါ၊ သင်္ချာ
အနက်၊ ယူပုံခက်က၊ သင်္ချာတမည်၊ တတည်မှတ်ရေး၊ ဂုဏ်ဂုဏေးနက်၊ တူလျက်
မလွဲ၊ မျိုးကွဲလက္ခဏာ၊ ခြင်းရာတပါး၊ ဆိုငြားဝှက်ဘိ၊ ပကပ္ပိတည့်၊ မသိ
စေဌါ၊ မည်သဒ္ဒါကို၊ ထွေရာဆန်းပြား၊ အနက်အားဖြင့်၊ များစွာကြံဘန်၊
ဆိုဝှက်ဟန်ကား၊ နာမန္တရိ၊ မည်ယှိတချက်၊ အနက်သဒ္ဒါ၊ တူလှစွာကြောင့်၊
မလိုရာနက်၊ ပယ်လျက်ပြခါ၊ နိဘူတာသမိုက်၊ တိုက်ရိုက်ပြလျက်၊ အနက်တပါး၊
ထင်မှားသည်မှာ၊ သံမုဋ္ဌာမည်မှတ်၊ သမာသ်ရွှေပုဒ်၊ ပယ်နုတ်ဝှက်လစ်၊ ကေဋ္ဌန္ဒာ၊
နှစ်ဖြာပုဒ်လုံး၊ ဝှက်ဖုံးကွယ်ထ၊ ခြင်းရာမျှဖြင့်၊ ပြ၍ဆိုရာ၊ သညာစင်စစ်၊ ဥဘ
ယစ်ရှင့်၊ နှစ်သုံးလေးငါး၊ ရောငြားပဟော၊ ဝှက်လေသော့ခါ၊ သံကိဏ္ဏာမည်၊
ဤသည်ကိုးမျိုး၊အနက်ရိုးတည့်၊ ကိုးနှင့်ခုနစ်၊ ပေါင်းလစ်တုံမြောက်၊ ဆဲ့ခြောက်
အညီ၊ ပဟေဠိသည်။ ။နည်းမှီမှတ်ယူ လက်ချိုးတည်း။ (၉)

၆၂၂။ တနည်းမှတ်လော့၊ ပြလတ်ပိမ့်ငှါ၊ ဤအခါတည့်၊ ကဗျာ*ရတု၊
ဆိုမှုစီကုံး၊ အစဉ်ထုံးကား၊ သုံးပုဒ်လုံးမူ၊ အတူချီချ၊ ယှိကမည်မှန်း၊ ထူးဆန်း
ထွေလာ၊ ဟုခရာနှင့်၊ ချပါအကဲ့၊ အညွန့်*မဲ့ဟူ၊ တမူနာမ၊ ထင်းမီးစတည့်၊
ချီချသုံးလီ၊ မညီ*ကျီးကျူး၊ ကက္ကူဆူးဟု၊ အထူးမှတ်လေ၊ သဝေအသတ်၊
သတ်မသတ်မျိုး၊ စာကျိုးခေါ်ကြ၊ ညေတပ၊ နမနှစ်ရပ်၊ သတ်တူစပ်သော်၊
ပညပ်ခေါ်ထုံး၊ စာတုံးမည်ရ၊ အန္တမမှန်၊ ကာရန်မတူ၊ စာဆန်းဟူ၏၊ သရူ
သဝဏ်၊ ထပ်ဟန်မ†လွဲ၊ အသတ်လဲ၍၊ *လှီး†လွဲတသွယ်၊ ဘီးလူးရယ်တည့်၊
သူငယ်မလိမ္မာ၊ ဘွယ်ရာမရှိ၊ ဆိုဘိသော့လား၊ စကားမည်ကာ၊ မစပ်ရာသား၊

လက္ခဏာခုနစ်၊ စင်စစ်မှတ်ဘိ၊ အမြဲးသိလော့၊ သတ်ယှိချလျှင်၊ ညွှန့်ရှင်ဟူလတ်၊
သတ်*မဲ့တုံလျှင်း၊ ချီချခြင်းကို၊ ပေါက်ပြဆို၏၊ ထိုမှတဖြာ၊ ၍ခရာလျှင်၊
မပါချချီ၊ သညီငုံဖူး၊ အထူးမှန်မော၊ သတ်ရော၍ပါ၊ ချီချရာကား၊ သညာ
မှတ်ဘွယ်၊ ပုလဲးသွယ်ရှင့်၊ ရှေးဝယ်*မဆွ၊ ပုဒ်အစ၏၊ ဒုတအက္ခရာ၊ တဖြာ
ဖြာနှင့်၊ ခိပ္ပါယတ္တ၊ ချီတုံကမူ၊ နာမသညီ၊ လည်ကုပ်ချီတည့်၊ ထိုပြီတ၀၊
ရှေးပုဒ်ချနိုက်၊ ပါထခရာ၊ အခိပ္ပါဖြင့်၊ ယူကာချီမြောက်၊ အဖျားကောက်
တည့်၊ ထို့နောက် သမုတ်၊ ချီပုဒ်ကိုချ၊ ချပုဒ်တိုင်းချီ၊ ဤသို့ စီမူ၊
စမွယ်ချီ စမွယ်ချ၊ အချပုဒ်နှင့်၊ ကာရန်သင့်အောင်၊ ချီလင့်တုံထ၊ မြင်းဆက်
ခွတည့်၊ ရှေးကညာဏဝန်၊ ဆရာ*မှန်တို့၊ နည်းညွှန်မှတ်ဘွယ်၊ မိန့်ခဲ့သွယ်တိုင်း၊
မကျယ်မကျဉ်း၊ လက်ာချဉ်းသည်။ ။ရွှေမျဉ်းရွှေတန် ရွှေ†ကြိုးတည်း။ (၁၀)

၆၂၃။ ကစတယ၊ ပရမတ္ထို၊ သတ္တဗျဥ္ဇနာ၊ ချချီရာလည်း၊ မည်သာတတန်၊
ရွှေလောင်းပြန်ရှင့်၊ မှတ်ရန်တမူ၊ သတ်တူသံတူ၊ ကာရန်တူချ၊ လ၏
မည်ဆောင်၊ သောတာရောင်တည့်၊ ထိုနောင်တပါး၊ ခြား၍မှတ်ကြ၊ ကတ
ထဖြင့်၊ ချသည်တမည်၊ နေရောင်ခြည်ပြေး၊ တရေးညွှန့်လန်း၊ ခေါ်မှန်း
စဉ်ဆက်၊ သက်သက်ဝဏ္ဏ၊ ကေဒွယာ၊ အကြားပါလတ်၊ သတ်*မဲ့အက္ခရာ၊
ချတုံပါသော်၊ တွင်ခေါ်မြဲးသိပ်၊ ဖျောက်ဆိပ်လလယ်၊ တသွယ်မည်မှတ်၊
မသတ်နည်းငြား၊ အသတ်များတုံ၊ စာညွှန့်ဟုံတည့်၊ မှတ်ပုံအဆုံး၊ ခုနစ်လုံးချ၊
ဟူသမျှကား၊ နာမပညတ်၊ ခိုင်ညွှတ်ခက်ဖြာ၊ နဝါချဘိ၊ မဏိဆံကျင်၊ ထိုပြင်
တဆစ်၊ ဆဲ့တစ်ချမှာ၊ အာသာဝတီ၊ ဆဲ့ငါးပြီမူ၊ မှတ်ယူမည်ယှိ၊ မဏိဥပြည်း၊
တနည်းထိုမှ၊ ဆဲ့ကိုးချမှာ၊ ဇောတခိုင်လုံး၊ ချထုံးတလီ၊ ပဥ္စဝီကား၊ တွင်ညီ
မည်မှတ်၊ မပြတ်ကေသာ၊ ပဥ္စာတိသ၊ နာမမည်ပြု၊ ဇမ္ဗူ့သဖြေ၊ ထိုထက်
တွေ၍၊ ချစေလက်ာ၊ ထုံးမလာတည့်၊ နည်းနာလက်ယှိ၊ အရှိးသိလော့၊ကဝိကဏ္ဍ၊
ပါသခေါ်ညွှန်း၊ နန်းစဉ်ထွန်းသည်။ ။*မော်ကွန်းရွှေပွင့် ကင်ထိုးတည်း။ (၁၁)

၆၂၄။ မှတ်ကြောင်းသိစိမ့်၊ ပဏ္ဍိကဝိန်၊ သုခမိန်တို့၊ ပညိန္ဒြိယ၊ သတိစသား၊
ကုသလဇော၊ ယောနိသောဖြင့်၊ သဘောကြည်ဖြူ၊ ဘတ်နာမူလော့၊ ဘတ်သူ
နာသား၊ ယောကျ်ားမိန်းမ၊ ဝဒန္တနှင့်၊ သုဏန္တဆို၊ နှစ်ပါ့ထိုတွင်၊ ပုဂ္ဂိုလ်
ဝဒန်၊ ဖြစ်ရိုးမှန်ကား၊ *လက်မှန်ဆတ်ဆတ်၊ ပရမတ်ဖြင့်၊ ပညတ်တဇာ၊
ဥပါဒါသမူဟ၊ သန္တာနနှင့်၊ အတ္တသင်္ကေတ၊ သဒ္ဒပညတ်၊ မှတ်၍ဦးစွာ၊ မနော
ဒွါရ၊ ကာမာ့ဝစရ၊ ကုသလဇောစစ်၊ ချက်ခုနစ်နှင့်၊ တူဖြစ်ဝစီ၊ ဝိညတ်မှီ၍၊
မြွက်ချီသဒ္ဒ၊ ဒသကလာပ်၊ ထိုကလာပ်မှ၊ ဓာတ်တောဇကား၊ သဒ္ဒနဝက၊
ဥတုဇကို၊ ဆင့်ထထပ်ထပ်၊ ဖြစ်စေအပ်လျက်၊ ကလာပ်ထိုတွင်၊ ပါကျင်
အညီ၊ ပထဝီနှင့်၊ ငါးလီဋ္ဌာန်မှ၊ ကမ္ဗဇမည်မှတ်၊ ဖြစ်ပေါ်လတ်သည့်၊

မြေခါတ်နှစ်ပါး၊ ထိခိုက်ငြား၍၊ နား၏ဝိသယ၊ ရုပ်သဒ္ဒတို့၊ ဖြစ်ကြံအသံ၊ ညိုးညိုးညံတည့်၊ ထိုအသံက၊ ပြန်ကာချသော်၊ သုဏန္တနား၊ နာသူများ၏၊ ကြားသော်ခဏ၊ သဒ္ဒပညတ်၊ မည်မှတ်နာမ၊ သင်္ကေတက၊ အတ္ထစဉ်†လျှောက်၊ တဇ္ဇာရောက်အောင်၊ ဉာဏ်†လျှောက်ပြန်၍၊ သိစလေ့၏၊ သိမ်မွေ့လုံးစုံ၊ အာရုံအာရမ္မဏ်၊ ပေါင်းညှိစိတ်ဖြာ၊ အက္ခရာတလုံး၊ နှစ်သုံးလေးချက်၊ ဝီထိဆက်၍၊ အနက်သိမြဲ၊ ထပ်မ*စဲ့ဖြင့်၊ ကြားဆဲ့ကြားပြီး၊ ဆိမီးရေယဉ်၊ အစဉ်မပြတ်၊ စိတ္တုပ္ပါဒ်နှင့်၊ သံခါတ်အက္ခရာ၊ လွန်ကာချုပ်ထ၊ ဤခြင်းတကား၊ အနိစ္စဒုက္ခ၊ အနတ္တချည်း၊ သိမ်းဆည်းကုန်အောင်၊ တိမ်တောင်မီးခိုး၊ စက်သံမျိုးသို့၊ ကြောင်းကျိုးစပ်ကာ၊ ထင်လာပေါ်ငုပ်၊ နာမ်ရုပ်သက်သက်၊ ဖြစ်ချုပ်ပျက်ဟု၊ တိလက္ခဏာ၊ တင်၍သာလျှင်၊ ဝိပဿနာဖြစ်ကြောင်း၊ ဘတ်နာကောင်းသည်။ ။နတ်မောင်းရွှေစည် ဆော်နှိုးတည်း။ (၁၂)

နယဒသာနနိဂုံး ၁၂–ပိုဒ် ပြီး၏ ။

## ၁၅·သဗ္ဗနိဂမနိဂုံး

၆၂၅။ စရိယာပိဋက၊ ပဏ္ဏာသနှင့်၊ ကေနိပါတ်၊ သုတ်ဇာတ်သုံးမျိုး၊ အရင်းကိုးမှ၊ ပောရာဏ်ပါဠိ၊ စုံလင်ညှိလျက်၊ ဘွင့်ဘိအဋ္ဌကထာ၊ ဋီကာထိုမျှ၊ ကျမ်းပေါင်းပြသား၊ မဃဒေဝ၊ ဇာတက၏၊ အစအဆုံး၊ လင်္ကာကုံး၍၊ နိဂုံးတိုင်အောင်၊ အပြီး†ဆောင်သည်။ ။စာ†စောင်ကျမ်းသစ်၊ တုမရစ်တည်း။ (၁)

ဤသို့လျှင်တိ၊ ဤတွင်ရုံး†ပေါင်း၊ အကုန်†ပေါင်း၍၊ ဇာတ်†ပေါင်းနိဂမ၊ ခဏ်းဆုံးပြသည်။ ။ဆဋ္ဌလုံးစုံ၊ ပြီး*ကုံလုံတည်း။

သဗ္ဗနိဂမနိဂုံး ၁–ပိုဒ် ပြီး၏ ။

(အလုံးစုံဇာတ်ပေါင်းခဏ်း ၉၅–ပိုဒ်။)

# ဆဋ္ဌမပိုင်း နိဂမခဏ်း ပြီး၏ ။

## ၁၆–ကျမ်းပြုဆရာတော်ဘုရားနိဂုံး

၁။ မှတ်သားစေလို၊ သံပေါက်ဆို၊ နောင်ကို သိစရာ။

၂။ အကြင်ငါသည်၊ မြို့မန်လည်၊ စွဲးတည်သန္ဓိခါ။

၃။ တိသုဥ်ဒွေးကော်၊ သက္ကရာဇ်၊ ဘွားလစ်ထိုကောဇာ။

၄။ ဆဲ့နှစ်နှစ်တွင်း၊ ကျောင်းအပ်နှင်း၊ မပျင်း သင်လေ့လာ။

၅။ ထိုနှစ်တွင်း၀ယ်၊ သူငယ်ဘာ၀၊ သင်ထမင်္ဂြီး၊ ပရိတ်ကြီး၊ သင်ပြီး နှုတ်တက်စွာ။

၆။ ထို့နောက်ကာလ၊ ဉာဏ်မျှော်ဆ၊ *မဆုထေရ်မြတ်စွာ။

၇။ ဆယ်စောင်မည်မှတ်၊ နေမိဇာတ်၊ နိပါတ်ကျမ်းမဟာ။

၈။ သင်စေရှေးဦး၊ ပကတူး၊ ဉာဏ်မြူးရှင်စိမ့်ငှါ။

၉။ ထိုဇာတ်တော်တွင်၊ ရှေးဦးတင်၊ ဗုဒ္ဓင်လောင်းရာဇာ။

၁၀။ မဃစိုးမင်း၊ တောထွက်ခြင်း၊ ၀မ်းတွင်းကြည်သဒ္ဓါ။

၁၁။ နှစ်နှစ်ဆယ်တွင်း၊ ကယ်မကြွင်း၊ သင်ခြင်းနေ့ညဉ့်ဝါ။

၁၂။ သဒ္ဒါပရမတ်၊ နည်းစုံတတ်၊ ပုဒ်ခတ်သုတ်သင်ကာ။

၁၃။ သူငယ်သာမဏေ၊ ကျောင်းမှာပေ၊ အနေမပျက်စွာ။

၁၄။ ပဥ္စင်းခံ၍၊ ဆယ်ဝါစေ့၊ အောက်မေ့ရှေးသဒ္ဓါ။

၁၅။ မဃစိုးဇာတ်၊ အဋ္ဌုပ္ပတ်၊ ထူးမြတ်ဤခြင်းရာ။

၁၆။ လင်္ကာအထူး၊ ဘွဲ့ကာကျူး၊ ကျေးဇူးဆပ်စိမ့်ငှါ။

၁၇။ ကြံစည်စိတ်က၊ ရေးစီစ၊ ကာလထိုအခါ။

၁၈။ ဘုရားကမ္ဘ၊ မှုကိစ္စ၊ ဖြစ်ထကြီးကျယ်စွာ။

၁၉။ ထိုကြောင့်လပ်လျား၊ ဖြတ်ကာထား၊ နှစ်များရှည်မြင့်ကြာ။

၂၀။ ဆဆဒွေးကော်၊ သက္ကရာဇ်၊ ရောက်လစ်ပြန်သော့ခါ။

၂၁။ ရပြန်သတိ၊ အောက်မေ့မိ၊ ဆက်ဘိဘန်တခါ။

၂၂။ လောကဓမ္မ၊ ရာဇသုံးမျိုး၊ ပြည့်စုံဖြိုး၊ နည်းရိုးမှတ်စရာ။

၂၃။ ရှေးပေါ်ဟာရ၊ပေါ်ရာဏနှင့်၊ချီချမမှား၊ စပ်ခြောက်ပါး၊ ခွဲးထားသတ်စုံပါ။

၂၄။ မကြွင်းစေဘိ၊ စပ်ရိုးသိ၊ ကဝိလက္ခဏာ။

၂၅။ ငါတို့အရင်း၊ နွယ်သက်ဆင်း၊ တောင်တွင်းကျော်ဆရာ။

၂၆။ စတုတ္ထမြောက်၊ ငါသို့ရောက်၊ အထောက်၀ေးမက္ခာ။

၂၇။ ဆရာစဉ်ဆက်၊ နွယ်ဆင်းသက်၊ မပျက်စဉ်အလာ။
၂၈။ စာပေသင်မြဲ၊ မပြတ်စွဲ၊ နက်နဲးကြံလေ့လာ။
၂၉။ နည်းနာစုံညီ၊ ကျမ်းဂမ္ဘီ၊ အဆီအနှစ်သာ။
၃၀။ နည်းမသိဘဲ၊ ပြစ်တင်ရဲ၊ စွပ်စွဲမပြုရာ။
၃၁။ နည်းသိသသူ၊ လွန်ကြည်ဖြူ၊ မှတ်ယူမငြီးရာ။
၃၂။ နည်းနာရကြောင်း၊ ရှင်လူပေါင်း၊ နည်းကောင်းမှတ်ဘို့ရာ။
၃၃။ ဤစာအဆုံး၊ ကမ္ပတ်ဖုံး၊ နိဂုံးနိဋ္ဌိတာ။

# မဟာသုတကာရီ
# မဃဒေဝလင်္ကာသစ် ပြီးပြီ။

## မဃဒေဝလင်္ကာသစ် လီနတ္ထဒီပနီ

### နိဒါန်း

မန္တလေးမြို့ ဆိုင်းတန်းလမ်း ရတနာဒီပံစာပုံနှိပ်တိုက်၌ သက္ကရာဇ် ၁၂၆၉-ခုနှစ် အခါ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်နှင့်အတူ ယှဉ်တွဲရိုက်နှိပ်သော လီနတ္ထဒီပနီကို နောက်ရိုက်စာအုပ်များ၌ မထည့်သွင်းသဖြင့် နောက်သားရှင်လူများ ကြည်ညိုမှတ်သားခြင်း မပြုနိုင်ခဲ့ကြပါ။

ဆရာတော်ဘုရားကြီး ဖြည့်စွက်ပြင်ဆင် ရေးထားတော်မူခဲ့သော ပေစာမူ ဤမဟာသုတကာရီမဃဒေဝလင်္ကာသစ်ကျမ်းကြီးကို ၁၃၃၇-ခုနှစ်၌ ရိုက်နှိပ်သော အခါ အခွင့်သင့်ရောက်လာသဖြင့် ဤလီနတ္ထဒီပနီကို ထည့်သွင်းပုံနှိပ်ခြင်း ဖြစ်ပါသည်။

၁၂၆၉ခု-နှစ် ပထမရိုက်နှိပ်သော မဃဒေဝလင်္ကာသစ်ကျမ်းမှာ အကျဉ်းဖြစ်ပြီးလျှင် ယခု ရိုက်နှိပ်သောကျမ်းမှာ အကျယ်ဖြစ်သဖြင့် ပထမညွှန်ပြရင်း ပိုဒ်စဉ် နံပါတ်များကို ယခုကျမ်းနှင့် တိုက်ဆိုင်ပြုပြင်လျက် ထည့်သွင်းရခြင်း ဖြစ်ပါသည်။

မဟာသုတကာရီ မဃဒေဝလင်္ကာသစ်

# လီနတ္ထဒီပနီ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဤ မဃဒေဝလင်္ကာနှိုက် မာဂဓဘာသာ သက္ကဋဘာသာများကို မဆို ချန်ထား ဇာတ်ဝတ္ထုတို့နှင့် ပေါရာဏစကား ခွဲထားပင့်ရစ်များ မထင်မရှား ကွယ်ငုပ်သော အဓိပ္ပါယ် အနက်တို့ကို ထင်ရှားသိလွယ်ရှိ အကျဉ်းမျှ လီနတ္ထဒီပနီကို ရေးလိုက်ဦးအံ့။

## ၁-ပဌမပိုင်း လီနတ္ထဒီပနီ

## ၂-ပစ္စုပ္ပန်ဝတ္ထု သန္တိကေနိဒါန်း

၁၂-ဂါထာန်းပိုဒ်။ မဟာအတုလချီလင်္ကာ ချက်ကုံမလွတ် – ဟူသောပုဒ်နှိုက် ချက်ကုံ-ဟူသည်ကား ပေါရာဏကထာတည်း၊ အကြွင်းမဲ့ အလုံးစုံ-ဟူလိုသည်။

၁၃။ ပတုန်ပလှဲ – ဟူသည် ပေါရာဏ၊ အကြွင်းမဲ့-ဟူလို။ ။ပတေပတာ – ဟူသည် ပေါရာဏ၊ ဖြစ်ခေါင့်ဖြစ်ခဲ-ဟူလို။ ။ပုန်တောင်းရတနာ —နှိုက် ပုန်တောင်း-ဟူသည် ပေါရာဏ၊စကြာလှည်းပတောင်း-ဟူလို။ ။လက်ငင်း-ဟူသည် လည်း ပေါရာဏ၊ ဖြစ်လုဆဲးဆဲး မျက်မှောက်ပစ္စုပ္ပန် အလျှင်တဆော ခဏ မကြာ-ဟူလို။

၁၄။ စည်းစိမ်ကြီးလျက်၊ မီးကျီးစုတွင်း—ကား ခွဲထားစပ်၊ ၎င်းနှိုက် မီးကျီး-ဟူသည် အလျှံအတောက်မရှိသော မီးခဲ မီးရှိန်-ဟူလို၊ ယခုကာလ လူတို့ကား မီးကျေး-ဟု ဆိုကုန်သည်။ ။အမြန်လျှင်ခုပ် – နှိုက် လျှင်ခုပ်-ဟူသည် ပေါရာဏ၊ အလျှင်အမြန် ဟူလို။

စိတ်ချခိုင်ဖြိုး– နှိုက် ဖြိုး-ဟူသည် ကြီးမား များပြား ပြန့်ပြောသည်- ဟူလို။ "သာဝတ္ထိတောင်၊ တောက်ပြောင်ဝင်းညီး၊ ကျွတ်ပွဲးဖြိုးသား၊ ကျောင်းကြီး ဗိမာန်"ဟူသော ဧ-ချက်းပျို့နှိုက်လည်း အတူ၊ မသိသူတို့ကား ပထမက္ခရာ ပ နှင့် ရေးသားဘတ်ဆိုကုန်၏၊ မသင့်။ ။ချက်ကုံ–ပေါရာဏ၊ (၁၂) ပိုဒ်နှိုက် ကြည့်။ ။လွန်စွာအံ့ဘွယ်တမင်းတည်း – နှိုက် တမင်း-ဟူသည် အလွန်အမင်း ဟူလို၊ အတိသယအနက်တည်း။

၁၅။ သိကြားတူယောင်၊ ဘုန်းတော်ရောင်ဖြင့်–ဟူသည် ခွဲထားစပ်၊ ရှေ့ ယငယ် နောက် ရကြီး။ တူယောင်–နှိုက် ယောင်-သဒ္ဒါကား ဥပမာအနက်တည်း။

ညာ ပျော် မြောက် သား၊ သည်းချားတမွတ်—နှိုက် သည်းချား-ကား ဝိသဇ္ဇနီမဲ့နှင့် သည်းချာ ဟူသည်ကို အသံယိမ်း၍ ဝိသဇ္ဇနီနှင့် သည်းချား ဟု ရှေးသူဟောင်းတို့ စပ်ဆိုကြကုန်သည်၊ ဥပမာကား— လက်ဝဲတော်မင်းခမ်း နောက်အစဉ်တွင် ပါဝင်သော လက်တင်ကြာ- ကို "ခြူးစိပ်မျက်မြွာ၊ လက်တင်ကြာနှင့်"ဟု အမှန်အဖြောင့် စပ်ဆိုခြင်းလည်း ရှိသည်၊ "လက်ဝဲ ဘက်ကား၊ လက်တင်ကြားနှင့်"ဟူ၍ ဝိသဇ္ဇနီ ရှေ့ပေါက်နှင့် အသံယိမ်းလွှဲ၍ စပ်ဆိုကုန်သည်၊ ဤအတူဟူ၍သာ မှတ်ရာ၏၊ ၎င်းသည်းချားကို ပထမက္ခရာ က ကြီးကို အရစ်နှင့် ယခုကာလ အချို့သော စာပြင်ဆရာတို့ ထပ်ပြင် ရေး သားကြကုန်၏၊ "ဟိုးဟိုးကျော်ကြား၊ မိဖုရားလည်း၊ သည်းချားရင်တွင်း" ဟူသော မင်းတရား ရွှေထီးချောင်း စသော စာဟောင်းကြီးများကို နှလုံးမထား မိကြ၍သာဟု မှတ်ကုန်ရာသတည်း။

ရဟတ်စကြာ–နှိုက် ရဟတ်-ဟူသည်လည်း ပေါရာဏ၊ စကြပင်တည်း။ ။ ဖြိုးခိုင်သမ္ဘာ–နှိုက် ဖြိုး-လည်း (၁၄)ပိုဒ်နှိုက်ကြည့်။ ။လူခပင်းတို့–နှိုက် ခပင်း-ဟူသည် ပေါရာဏ၊ အများ-ဟူလိုသည်။

၁၆။ မြေ သေဉ် မင်္ဂလာ–နှိုက် သေဉ်-ဟူသည် ပေါရာဏ၊ ဘူမိနက်သန် မင်္ဂလာကြက်သရေ-ဟူလို၊ သ အက္ခရာ–နှိုက် သဝေမဲ့လည်း ရေးကုန်၏။

ချက်ရိုင်–လည်း ပေါရာဏ၊ အလုံးစုံ မကြွင်းမကျန်-ဟူလို။ ။သက်တင် ရန်းကို–နှိုက် ရန်း-ဟူသည် အရောင်အဆင်း-ဟူလို။

၁၇။ ဦးထိပ်ချာထက်–နှိုက် ချာ-ကား အလယ်ချက်-ဟူလို။ ။ရွှေသိ ဟရာဇ်၊ မုန်ယစ်အာသောက်–ကား ခွဲထား၊ ရှေ့ ရကြီး နောက် ယငယ်။ ။ တေဇာဝှန်ဖြိုး–နှိုက် ဝှန်-ကား အရှိန်အစော်-ဟူလို။ ။ဝိဝဋ္ဋသချေ်ာ ကပ်လုံး ကြေလည်း၊ သံခြေမမြွက်—ကား ခွဲထား၊ ရှေ့အပင့် နောက်အရစ်။ သံခြေ-ဟူသည်လည်း အသံမျှပင်တည်း။

၁၈။ ငါးလီမယွင်း၊ တည်ညွှတ်ခြင်းဖြင့်၊ အချင်းခပ်သိမ်း–ကား ခွဲထား၊ ရှေ့အရစ် နောက်အပင့်။ ။ထိုမျှအထု—နှိုက် အထု-ကား များသော အပေါင်း အစု-ဟူလို။

တီးတုံးစကား–နှိုက် တီးတုံး-ကိုလည်း တီးတိုးပြောသည်-ဟု ယခုကာလ ဆိုကုန်သည်။ ။သိမြော်ရကား–နှိုက် မြော်-ဟူသည်ကား မြင်သည်-ဟူလို၊

ရှိကား-ဟူသည် ဟိတ်အနက်၊ ကြောင့်-ဟု ဆိုလိုသည်၊ သိမြင်တော်မူသော ကြောင့်-ဟူလို။

ဘယ်ခြင်းတကြောင့်–နှိုက် ခြင်းတ-ဟူသည် အကြောင်းခြင်းရာ-ဟူလို၊ ပင့်လျှင် အရည်အချင်း အစွမ်းသတ္တိ ဟူ၏။ "ငါ့ချစ်သားတို့! ကြောင်းလျှား တမှု၊ ဤယခုနှိုက်၊ ဘယ်သူ့ကိစ္စ၊ ဘယ်ခြင်းတကြောင့်၊ တကွအများ၊ ဘယ် စကားဖြင့်၊ ချစ်သားတတွေ၊ စည်းဝေးနေ"ဟူသော စကားမျိုးကို စကား မြွှသည်, စကားရှဲးသည်, စကားရိပ်ဝဲးသည်-ဟုဆိုသတည်း။ (နယရွှေသိန်း သောင်း ဆရာတော်အလို။)

၁၉။ ဌပွတ်ရေးမြော်–လည်း အဌပွတ်အကြောင်း အရေးကို မြင်တော် မူသည်-ဟူလို။ ။မြူးကွန်ကရဝိ–နှိုက် ကွန်-ဟူ၍ အမြစ်မဲ့လျှင် ပျံသည်-ဟူလို။ ။ သုံးလူ့ဆံကျင်၊ ဂုဏ်ပေါင်းရှင်အား၊ အကြင်ယခု–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။

အထု အထ–ဟူသည် အစုအပေါင်း-ဟူလို၊ အထ-ကား ယှဉ်ဘက်မျှတည်း။ ။ ဒေါသနှောင်ရစ်၊ တင်အပြစ်နှင့်၊ ချောပစ်ကွယ်တင်း–ကား ခွဲးထား၊ မှရစ် နောက်သက်သက်။ ။အနက်မခြေ–နှိုက် မခြေ-ကား ပေါရာဏ၊ မသာမယာ မကောင်း ဆိုလိုသည်။

ပလေလက်ချား–လည်း ပေါရာဏ၊ စကားပေါ့သွပ်အဖျင်း-ဟူလို။ ။ ပြည်တဲ့ရေးရာ–နှိုက် ပြည်ကဲ့-ဟူသည် အမြဲးအစွဲးတည်နေသော တိုင်းပြည် ဟူလို၊ ဝမ်းပူတနှင့်ရေး၊ (ဝေါဟာရတ္ထပကာသနီ ကျော်အောင်စံထားဆရာတော် အလို)၊ ဆင်ထူးထနှင့်လည်း ရေးကြကုန်၏။ ။သို့လောက်ခိုင်ဖြိုး–ကို (၁၄) မှာကြည့်။ ။ဝမ်းထဲးကြည်ညို–နှိုက် ဝမ်း-ဟူသည် စိတ်-ဆိုလိုသည်၊ စိတ်ထဲး ကြည်ညို–ဟူလို။

၂၀။ လွန်မင်းကြီးစွာ–နှိုက် လွန်မင်း-လည်း တမင်း-ဟူသည်နှင့် အတူ၊ (၁၄) နှိုက်ကြည့်။ ။ဖြစ်သတတ်ကြောင့်–နှိုက် သတတ်-ဟူသည် မနှစ်သက် သည်ကို ထင်စွာပြကြားခြင်း အရစိသူစနတ္ထ အနက်ရှိသော စကားဟူသတည်း၊ မနှစ်သက်-ဟူသည်လည်း မခြိးမွမ်းအပ်သော အရာတည်း၊ ထို့ကြောင့် "ဟုတ် ဟတ်ကြီးကျယ်၊ မအံ့ဘွယ်တည့်" ဟူ၏။

အကျယ်ဆိုလို၍ အကျဉ်း အမြွက်မျှဆိုသော စကားကို စကားခံသည် စကားအောက်သည်-ဟူ၏၊ထို့ကြောင့်"အကြောင်းမြွက်ကြား၊စကားခံအောက်၊ နောက်ဆက်မဘော်၊ နတ်တော်မဟ"ဟုဆိုသည်။ ။မှိန်းချမျက်လွှာ–နှိုက် မှိန်း- ဟူသည် ပေါရာဏ၊ ငြိမ်သက်သည်-ဟူ၏၊ ငြိမ်သက်စွာ မျက်လွှာချသည်-ဟူလို။

၂၁။ ပန်ထွာညွတ်ခ—နှိုက် ပန်ထွာ-ဟူသည် ပေါ်ရာဏ၊ တောင်းပန်သည်-ဟူလို။ ။ခရာရွှေလိပ် တံတင်းတည်း–နှိုက် တံတင်း ဟူသည် ကြုတ် သစ်တာ-ဟူလို။

၂၂။ မျက်ကန်းကြိုးလျှောက်၊ ဗာဟီလျှောက်ဖြင့်၊ ရွှေနောက်မမြင်—ကား ခွဲးထား၊ ရွှေဟထိုးယပင့် နောက်အပင့်သက်သက် ဟအက္ခရာမပါ။ ။ကျေးဇူးမဖြင်—နှိုက် ဖြင်-ဟူသည် ပေါ်ရာဏ၊ များသည်-ဟူ၏၊ ကျေးဇူးမများ-ဟူလို။ ။ပန်ထွာတောင်းသည်—နှိုက် ပန်ထွာ-လည်း ပေါ်ရာဏ၊ (၂၁)နှိုက်ကြည့်။

၂၃။ ဝပ်စင်းဦးတင်၊ ထက်ဝန်းကျင်က၊အကြင်မျှတိ—ကား ခွဲးထား၊ရွှေပင့် နောက်ရစ်။ ။ကွယ်ငုပ်မထင်၊ ရှိခဲ့ကျင်ဘည်၊ အကြင်ရှည်မြင့်—လည်း ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ။အကြင်ရှည်မြင့်၊ ရှေးယခင့်က၊ ရှင်ပင့် အဖြစ်—နှိုက် ယခင့်-ကား ပေါ်ရာဏ၊ ရှေးအခါ-ဟူလို၊ အောက်မြစ်မမြစ်ဘဲး သက်သက် လည်းထင်၏၊ ရှေးလင်္ကာကြီးတို့နှိုက်ကား အောက်မြစ်သာ၊ နောက်လင်္ကာတို့ နှိုက်မှု သက်သက်လည်း ရှိ၏။

ထပ်လောင်း အကျယ်၊ နိဒါန်းသွယ်၍၊ ဆန်းကြယ်နည်းနာ—ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ နိဒါန်း-ဟူသည် ရှေးအကြောင်းခြင်းရာ-ဟူလို ။ ဤ ထပ်လောင်းအကျယ်၊နိဒါန်းသွယ်၍—စသော စကားသည် ရှေးကအရိပ်အမြွက်ပြ၍ ဆိတ်ဆိတ်နေသော စကားကြွင်း စကားဟောင်းကို ဘော်ပြန်သော အတီတေ-စသော စကားမျိုးကို ရည်သည်၊ စကားလောင်း-ဟူလို။ ။အဆုံးကမ္ဘတ်—နှိုက် ကမ္ဘတ်-ဟူသည်လည်း အဆုံးသတ်ပင်၊ အနားကမ္ဘတ် သတ်သည် ဆိုသကဲ့သို့ တည်း။

ပစ္စုပ္ပန်ဝတ္ထု သန္တိကေနိဒါန်း ၁၂-ပိုဒ်ပြီး၏။

## ၂–ရာဇဝင်ခဏ်း

၂၄။ ပုန်တောင်း—လည်း ပေါ်ရာဏ၊ နိဒါန်း (၁၃) မှာ ကြည့်။ ။ဖြတ်တောင်းပိုင်းလှန်—နှိုက် တောင်း-ဟူသည် ပေါ်ရာဏ၊ ဖြတ်ပိုင်းသည် ပင်ဟူလို။ ။ယခေါင်ရှေးခါ—နှိုက် ယခေါင်-ဟူသည်လည်း ပေါ်ရာဏ၊ ရှေး အခါ-ဟူလို။ ။ပဏ္ဍုကြငှန်း—နှိုက် ကြငှန်း-ဟူသည်လည်း ပေါ်ရာဏ၊ အမြတ်-ဟူလို။ ။မန္ဓာတ်စကြာ ဘေးစောတည်း—နှိုက် စော—ဟူသည်လည်း ပေါ်ရာဏ၊ အမြတ် အချစ်-ဟူလို၊ မြတ်သောဘေးတော် ဘေးတော်ချစ်-ဟူလို။

၂၅။ ရဟတ်ချီညွန်း—နှိုက် ရဟတ်-ကို နိဒါန်း (၁၅) မှာကြည့်။ ။ရွှေစက်ဝန်း၍—နှိုက် ဝန်း—ဟူသည်ကား ပတ်သည် လှည့်သည်-ဟူလို။ ။မြားမြောင်နောက်တော်—နှိုက် မြားမြောင်-ဟူသည် အလွန်များသည်-ဟူလို။

ကြေးမုံပြင်နှင့်—နှိုက် ကြေးမုံ-ဟူသည် လူတို့ကြည့်ရှုသော လေးထောင့်မှန်စသည်-ဟူလို။ ။လူဗိုလ်ခြေတို့—နှိုက် ဗိုလ်ခြေ-ဟူသည် လူအပေါင်းအစု-ဟူလို။ ထက်တိုက်ကျ၏—နှိုက် ထက်တိုက်-ဟူသည် ပေါရာဏ၊ယခုတိုင်အောင်-ဟူလို။ ။သမိုက်ကြ၏၊ ထက်တိုက်ကျ၏ဟု ဝါကျထပ်သည်ကား ခွဲးထား၊ ရွှေရစ်နောက်ပင့်။

အတီးရှေးခါ—နှိုက် အတီး-ဟူသည် ပေါရာဏ၊ ရှေးလွန်လေပြီးသော အတိတ်အခါ-ဟူလို။ ။ထက်အောက်ကြေညာ၊ မိထိလာဟု၊ ကြော်ငြာဝေးနီး—ကား ခွဲးထား၊ ရွှေ ညပကတိ နောက်ငရရစ်။ ။တန်းခိုးတုန်နန့် မြေကြောတည်း—နှိုက် နန့်-ဟူသည်လည်း တုန်လှုပ်သည်ပင်။ [ ။ယခင်—လည်း ရှေးအတူ နိဒါန်း (၂၃) မှာကြည့်။ ]

၂၆။ ဥပဝရ၊ စေတီယဟု၊ မုစလရာဇာ—ကား ခွဲးထား၊ ရွှေရကြီး နောက်ယငယ်။ ။စောဘုန်းလိုင်တို့—နှိုက် စော-ဟူသည် ဒေဝ-သဒ္ဒါ၏ အနက်၊ မင်း-ဟူလို၊ ချစ်ခင်မြတ်နိုးသော ဝေါဟာရလည်း ဟူကုန်သည်။

၂၇။ ဆင်းသက်စဉ်လျှောက်၊ ငါးကျိပ်ခြောက်တို့၊ မချောက်မချား—ကား ခွဲးထား၊ ရွှေရစ် နောက်ပင့်။

၂၈။ ပြည့် သေတ္တ—နှိုက် သေတ္တ-ကား ပေါရာဏ၊အဆိခဲး အနှစ်ခဲး-ဟူလို။ ယခုအခါနှိုက်ကား သတ္တု-ဆိုကုန်သည်၊ ဆေးဒန်းသတ္တု စိန်သတ္တု-ဆိုသကဲ့သို့တည်း။

သားကမြေးကွန့်—နှိုက် ကွန့်-ကား ပေါရာဏ၊စည်ပင်ပြန့်ပွါးသည်-ဟူလို။ ။အစွန့်ရှည်ညောင်း—နှိုက် အစွန့်-လည်း ပေါရာဏ၊ရှည်ကြာကွာဝေးသည်-ဟူလို၊ ဤနှိုက် ရှည်ကြာစွာ-ဆိုလိုသည်။

မိုးနှောင်းသံတင်-လည်း ပေါရာဏ၊ ဘုန်းတန်းခိုးနှင့် ပြည့်စုံသည်-ဆိုလိုသည်။ ။တကျိပ်ခုနစ်၊ မဟာရာဇ်တို့၊ အနှစ်ရှည်ကြာ—ကား ခွဲးထား၊ ရွှေနသက်သက် နောက်ဟထိုး။ ယခုအခါ ခုနှစ်ဟု ဟထိုးသံပြောဆို ရေးဘတ်ကြသည်ကား ဘာသာမလိမ္မာသူတို့တည်း။

မိုးနတ်တရထည်၊ စံကြတည်သည်—ကား ခွဲးထား၊ ရွှေဆင်ထူး နောက်ဝမ်းပူ။ တရထည်-ဟူသည် ပေါရာဏ၊ အတူ-ဟူလို၊ မိုးနတ်နှင့် အတူ ဆိုလိုသည်။

၂၉။ ကျူးငေး ကံ့ကံ့—နှိုက် ကံ့ကံ့-ကား ပေါရာဏ၊ ညိုးညိုးညံ့ညံ့ စီစီညံ့ညံ့ ကျက်ကျက်ညံ့ညံ့ဟူသော အသံဟူ၏၊ ဤနှိုက် ညိုးညိုးညံ့ညံ့ ဆိုလိုသည်၊ အရာသို့လိုက်၍ သိရာ၏ ။

ဘုန်းတန်း – နှိုက် တန်း-ကား တန်းခိုး-ဟူလို၊ ဤဘုန်းတန်းခေါ် ဝေါ် ရာနှိုက် ခိုး-သဒ္ဒါ အမြဲးကြေ၍ ဟု မှတ်ရာ၏။ ။နရစိုးမည် – နှိုက် စိုး-ဟူသည်, စော-ဟူသည်တို့ကား ဒေဝ-သဒ္ဒါ၏ ပေါရာဏ အနက်တည်း၊ မဃဒေဝ မဃစိုး၊ အနုရုဒ္ဓဒေဝ အနော်ရထာမင်းစော ဟူသကဲ့သို့တည်း။ ဤနှိုက်လည်း နရဒေဝမင်း ဟူလိုသည်။ မင်းမဟုတ်သော်လည်း မင်းကဲ့သို့ ကြီးမြတ်သောသူကိုလည်း စိုး-စော-ခေါ် ဝေါ် ကုန်သည်၊ နောက်နောက်စိုး-စော-ဟူသမျှများကိုလည်း ဤအတူ မှတ်ကြလေကုန်။ ။မကြော့မကြမ်းတည်း – နှိုက် မကြမ်းမကြုတ်-ဆိုလိုသည်။

၃၀။ နာဂစိုး – ဟူသည်လည်း နာဂဒေဝမင်း-ဆိုလိုသည်။ ။ရှေးသမိုင်းနှင့် – နှိုက် သမိုင်း-ဟူသည် အဆိုးအကောင်း အကြောင်းခြင်းရာ အဋ္ဌုပ္ပတ္တိ ဖြစ်ပျက်ပုံများကို အစဉ်အစီ မှတ်သားထားခြင်းဖြစ်သော နိဒါန်းပင်တည်း၊ ၎င်းသမိုင်း နိဒါန်း စာတန်းကိုပင် အခိုင်အခံ့ ကျောက်ပြား သံပြားထက် ရေးထားအပ်သောကြောင့် ကျောက်စာဟူ၍၎င်း သံပိုင်းဟူ၍၎င်း ခေါ် ဝေါ် ကုန်၏၊ အရှည်အကြာ ထင်ရှားပြန့်နှံ့အောင် ရေးသားတင်ထားအပ်သော ကြောင့် မော်ကွန်းဟူ၍လည်း ခေါ်အပ်၏၊ အစဉ်ရှည်ကြာစွာ ပြောပ စရာ ဖြစ်သောကြောင့်လည်း ဥဒါန်းဟူ၍ ခေါ် ဝေါ် ကုန်၏၊ အက္ခရာတို့ဖြင့် ရေးထုအပ်သောကြောင့်လည်း လိပ်ကမ္ဗည်းဟူ၍ ခေါ် ဝေါ် ကုန်၏၊ ဤ သမိုင်း နိဒါန်း စာတန်း ကျောက်စာ သံပိုင်း မော်ကွန်း ဥဒါန်းလိပ်ကမ္ဗည်းဟူသည် တို့ကား အဓိပ္ပါယ် သဘောရ အတူတူတို့ချည်း၊ မထူးမကွဲးလှသည်သာဟူ၍ မှတ်ရာ၏၊ ကာလအားဖြင့်လည်း အတိတ် အနာဂတ် ပစ္စုပ္ပန် ၃-ရပ်လုံးပင် ထင်၏။ ဘုရားသမိုင်း-ဟူသည် အနာဂတ်နှိုက် ဖြစ်၏၊ ထိုထို ရာဇဝင် ကျောက် စာ သမိုင်းစသည်ကား အတိတ် ပစ္စုပ္ပန်တို့နှိုက် ဖြစ်၏၊ ထိုထို ရာဇဝင် ကျောက်စာ သမိုင်းလင်္ကာ မော်ကွန်းဟောင်း စသည်တို့နှိုက် ထင်ရှားကုန်၏။

စံကွန်းပျော်မှ—နှိုက် ကွန်း-ဟူသည် ပေါရာဏ၊ နန်းအိမ်-ဟူလို။ ။မဟာရတ်တို့ – နှိုက် မဟာရတ်-ဟူသည် မဟာရာဇ်ပင်တည်း၊ ဒေဝရာဇ်ကို ဒေဝရတ် ရာဇာဓိရာဇ်ကို ရာဇာဓိရတ် ခေါ်သကဲ့သို့တည်း။

၃၁။ အစပြဋ္ဌာန်း—နှိုက် ပြဋ္ဌာန်း-ဟူသည် အစ အမူး အကြီး အမြတ်ဟော ပဓာန-သဒ္ဒါပင်တည်း၊ယင်း ပဓာနနှိုက် ပကို သက္ကဋဘာသာ ဥပသာရပုဒ်ဖြစ်၍ ပြဓာနနှိုက် ဓာကို မြန်မာဝေါဟာရ ပါဌာနုသာရီအားဖြင့် ပေါ် လွင်ခေါ် ဝေါ် သာအောင် ဌဝမ်းပဲးပြင်၍ ရေးသည် မှတ်၊ ဤနှိုက်ကား အစအမူး အနက် ဟူလို။ ။ဓမ္မသိန်နှင့်၊ နာဂသိန်မည်ရ – တို့နှိုက် ဓမ္မသေနမင်း နာဂသေနမင်း-ဟူလို။

၃၂။ ဇေယျာနက်သန်–နှိုက် နက်သန်-ဟူသည် ပေါရာဏ၊ မင်္ဂလာကြက်သရေရှိသောအောင်မြေ-ဟူလို။ ။တည်ဘန်ဆန်း၍–နှိုက် ဘန်ဆန်း-ဟူသည်လည်း ဘန်ဆင်း-ဆိုလိုသည်။ ။ပြဋ္ဌာန်းမော်ကွန်း–တို့လည်း ရှေးအတူ။ ။စုလျား–ကား ပေါရာဏ၊ အပေါ်တင် အဝတ်တဘက်တည်း၊ အဆင်းအားဖြင့် အဖြူအနီ စသည်တို့တွင် ယေဘုယျအားဖြင့် အဖြူများသတည်း။ ။ယခေါင်–လည်း ရှေးအတူ။ ။ဘုန်းအန်ထန်ပြင်း–နှိုက် အန်-ဟူသည်ကား အား-ဆိုလိုသည်။ မဏ္ဍိုင်ဌာနီ–နှိုက် မဏ္ဍိုင်-ဟူသည် အချက်အချာ အလယ်-ဆိုလိုသည်။ ဌာနီ-ကား မဟာရာဇဌာနီ-ဆိုလည်း နိဿိတဌာနီမဟုတ်၊ ဤကဲ့သို့ အရာများနှိုက် သတိထားလေကုန်။

၃၃။ မော်ကွန်းတင်ပြ–လည်း ရှေးအတူ မင်းစဉ်မင်းဆက်ကို အစီအလျဉ်သာယာစွာ လင်္ကာစီကုံး ရေးသားတင်ပြသည်-ဟူလို။

ရာဇဝင်ခဏ်း ၁၀-ပိုဒ် ပြီး၏။

---

## ၃–မြို့ပြောင်းခဏ်း

၃၄။ ပွါးစည်ဖြိုး၍–နှိုက် ဖြိုး-လည်း ရှေးအတူ စည်ပင်ပွါးများသည်-ဟူလို။

ပြောင်းခဲ့စကြာ၊ မျှားဗိုလ်ပါနှင့်၊ ကျာကျာဆော်ည်–ကား ခွဲထား၊ ရှေ့ရစ် နောက်ပင့်။ ကျာကျာ–ကား အုတ်အုတ်ညံညံ အသံ-ဟူလို။ ။အောင်သံတင်လျှောက်၊ သုံးကြိမ်မြောက်ဖြင့်၊ ကိန်းလျှောက်ခန်းလိုက်–ကား ခွဲထား၊ ရှေ့ ဟထိုးပါ နောက် ယပင့်သက်သက်။

၃၅။ ယူဇနာရှည်ရှည့်–ကား တယူဇနာပမာဏလောက်-ဟူလို။ ။တူလှယိုးယောင်–နှိုက် ယိုးယောင်-လည်း အတူ-ဟူသည်။

၃၆။ တသွန်ဝင်းမှူး–နှိုက် တသွန်-ကား ပေါရာဏ၊ တစုတသင်း-ဟူလို။

၃၇။ အိမ်ရှေ့နန်းလျာ–နှိုက် လျာ-ဟူသည် ပေါရာဏ၊ ပုံလောင်းမှန်းထားသည်-ဟူလို။ ဤနှိုက် နန်းလောင်းမှန်းထားသည်-ဟု ဆိုလိုသည်။ ။ရှေ့ထီးဖြန့်ကြက်၊ ပြိုးပြိုးပြက်နှင့်၊ အုတ်ကျက်တညီ–ကား ခွဲထား၊ ရှေ့ရစ် နောက်ပင့်။ ။နောက်ဆပ်တသွန်-လည်း ရှေးအတူ တစုတသင်းပင်။

ပျံမည်လုလု–နှိုက် လုလု-ကား ပေါရာဏ၊ ဆဲးဆဲး နီးနီး-ဟူလို။ ။ရောရှယှဉ်တွဲ–နှိုက် ရောရှ-ဟူသည်လည်း ပေါရာဏ၊ အစုအပေါင်း-ဟူလိုသည်။ ။အိမ်ရှေ့ရန်ငူး–နှိုက် ရန်ငူး-ဟူသည်လည်း ပေါရာဏ၊ မင်း-ဟူလို။

၃၈။ မျှားစွာမွှမ်းဖြင်–နိုက် မွှမ်းဖြင်-ဟူသည် ပေါ်ရာဏ၊ အမျှား-ဟူလို။ ။ ရောရှ-လည်း ရှေးအတူ အစုအပေါင်း-ဟူလို။ ။နောက်ဝယ်တရပ်၊ မိ နှယ် လျှပ်သား၊ ရွှေယပ်ရွှေမား–ကား ခွဲ့ထား၊ ရွှေရကြီး နောက် ယယ်။ ။ မျှားဥဿုံကို–နိုက် ဥဿုံ-ဟူသည် ပေါ်ရာဏ၊ အမျှားပင်-ဟူလို။

၃၉။ မျှားဖြင်ပြွမ်းကို–နိုက် ဖြင်ပြွမ်း-လည်း ပေါ်ရာဏ၊ အမျှား အရောရော-ဟူလို။ ။တချုပ်တခြာ၊ သချာစဉ်းကြပ်–ကား ခွဲ့ထား၊ ရွှေရစ် နောက်ပင့်။

နွေသွင်ညီးညီး၊ ရှမငြီးမျှ–လည်း ခွဲ့ထား၊ ရွှေ ညပကတိ နောက် ငရစ်။ ။ ယာဉ်ထီးပြုကြား၊ မျက်စုံကျား–လည်း ခွဲ့ထား၊ ရွှေရစ် နောက်ပင့်။ ။ ခြည်းခြည်းတီးဆော် – နိုက် ခြည်းခြည်း-ဟူသည် ပေါ်ရာဏ၊ ညင်းညင်း ညောင်းညောင်းအသံ-ဟူလို။

၄၀။ ရောရှ–လည်း ရှေးအတူ အစုအပေါင်းတည်း။ ။ဂုဏ်ရည်ဖြိုးဝှန်း၊ အနောက်ဝန်းနှင့်–ကား ခွဲ့ထား၊ ရွှေဟထိုး နောက်သက်သက်။ ဖြိုးဝှန်း–နိုက် ဝှန်း-ဟူသည် အလွန်အကဲ-ဟူလို။ ။ထူးဂုဏ်ဝါနှင့်–နိုက် ဂုဏ်ဝါ-ဟူသည် ဂုဏ် အရည်အချင်း အရောင်အဝါ အရှိန်အစော်-ဟူလို။

စော်ဘွားစော်ကန်–နိုက် စော်ကန်-ဟူသည်လည်း စော်ဘွားပင်၊ ယှဉ်ဘက် အမည်မျှသာဟူ၏။ ။မျှားကလန်ကို–နိုက် ကလန်-ဟူသည် ပေါ်ရာဏ၊ ရွာ တရွာကိုသာ အုပ်ထိန်းရသည့် အမတ်-ဆိုလိုသည်။ ၎င်းနိုက် ကလန်-ဟူက သံပျင်-လည်း ပါမြဲဖြစ်၏၊ စကားပို၍ ချန်ထားခဲ့သည်၊ ယင်းသံပျင်-ဟူသည် ရွာအမျှားကို အုပ်ထိန်းရသည့် အမတ် မြို့သူကြီး-ဟူလို။ နောက်နိုက် စပ်ဆို လတ္တံ့သော သံပျင်တို့နိုက်လည်း အတူမှတ်လေကုန်။

မြို့ပြောင်းခဏ်း ၇-ပိုဒ် ပြီး၏။

---

## ၄-မြို့တည်နန်းတည်ခဏ်း

၄၁။ တုရိုဏ်းရွှေတိုင်–နိုက် တုရိုဏ်းတိုင်-ဟူသည် မြို့တံခါးအတွင်း အပြင် တို့နိုက် မင်္ဂလာ အတင့်အတယ်နှင့်တကွ သူရဲးတို့ ကပ်ခိုနေအောင်းရန် ဂေါ်မုတ် အရေး ကောက်ကွေးသော အလိမ်အတွန့်နေရာနှင့်တကွ ပြုလုပ်စိုက်ထားသော မင်္ဂလာရွှေတိုင်ဆိုသည်။

၄၂။ ပြည်သုံးကျိုကြ၊အသောကကာ၊ နေကျသွယ်သွယ်–ကား ခွဲ့ထား၊ ရွှေ ရစ်နောက်ပင့်။ အလယ်ဗဟို–နိုက် ဗဟို-ဟူသည် ပေါ်ရာဏ၊ အလယ်အချက်ပင်၊ ၎င်းဗဟိုကို တတီယာက္ခရာ ဗထက်ခြိုက်နှင့်ရေး၊ တီးသော စည်တော်ပဟိုရ်ကိုမူ

ကား ပထမက္ခရာ ပစောက်၊ ပဟိုရ်နှိုက် ပဟာရ-သဒ္ဒါနှင့်အညီ ရကြီးကို သတ်ရေးရသည်။

နဂိုရ်ကြဌာန်း–နှိုက် နဂိုရ်-ကား နဂရ-သဒ္ဒါ၊ ကြဌာန်း-ကား ပေါရာဏ၊ အမြွတ်။ ။ပြိုးပြောင်သရစ်–နှိုက် သရစ်-ကား ပေါရာဏ၊ ကြက်သရေ-ဟူလို။ ။ပဟိုရ်အိမ့်ရှင်–နှိုက် ပဟိုရ်-ကား ပဟိုရ်စည်တော်ပင်တည်း။

ဘုန်းတော်ကြို၍–နှိုက် ကြို-ဟူသည် ကရ-သဒ္ဒါပင်တည်း၊ ဘုန်းတော်ပြု၍ ဘုန်းတော်စီမံ ဘန်ဆင်း၍-ဆိုလိုသည်။ ။မစိုမပြည်–ဟူသည် ပေါရာဏ၊ ကြာရှည်သည်-ဟူလို။ ဤနှိုက်ကား မအက္ခရာ ပဋိသေဓပေါသောကြောင့် မကြာမရှည်-ဆိုလိုသည်။

၄၃။ သဏ္ဌာန်နွန်းနှန်း–နှိုက် နွန်းနှန်း-ဟူသည် ပေါရာဏ၊ အတူ-ဟူလို။ ။ဘုန်းဝှန်ထွတ်ထား–နှိုက် ဝှန်-ဟူသည် ပေါရာဏ၊ ထက်မြက် ကြီးမားသည်-ဟူလို။ ။သုံးပါးရတနာ၊ ပူဇော်ရာသား၊ သာယာမည်မှန်း–ကား ခွဲးထား၊ ရွှေရကြီး နောက်ယင်ယ်။ ။မင်းတို့ရွှေဘုံ နိဒါန်းတည်း–နှိုက် နိဒါန်း-ဟူသည် အကြောင်းအရာ အမှတ်အသား-ဟူလို။

၄၄။ ကြွေ့ကြွေ့ပွါးကြွယ်–နှိုက် ကြွေ့-ဟူသည် ပေါရာဏ၊ များသည် တိုးပွါးသည်-ဟူလို။ ။လိုက်လိုက်ကြည်းအောင်–နှိုက် ကြည်း-ဟူသည်လည်း ပေါရာဏ-မြည်တွန် ကြော်ကြူးသည်-ဟူလို။ ။ဆော်နှက်ပဟိုရ် နယန်းတည်း–နှိုက် နယန်း-ဟူသည် နယ+အန္တရပုဒ်ဖြတ်၊ နယ=နည်း၊ အန္တရ=အထူး၊ နယန္တရ=နည်းထူး၊ နယန္တရ-သဒ္ဒါတည်း၊ နယန်း-ဟူလိုသည်။

၄၅။ မြို့ဝန်မြို့ကွပ်–နှိုက်မြို့ကွပ်-ဟူသည်လည်း မြို့ဝန်ပင်။ ။မြေကြီးတုန်နန့် ရိုက်ဖြန်းတည်း–နှိုက် နန့်-ဟူသည် ရှေးအတူ တုန်လှုပ်သည်ပင်။ ရိုက်ဖြန်း–နှိုက် ဖြန်း-ဟူသည်လည်း တီးသည် နှက်သည်၊ တနည်း ကွဲးသည်-ဆိုလိုသည်။

၄၆။ ပြဋ္ဌာန်းပိုင်းခြား–နှိုက် ပြဋ္ဌာန်း-လည်း ရှေးအတူ အကြီး အမြွတ် အားဖြင့် ပိုင်းခြားသည်-ဟူလို။ ။ဘန်ဆန်းကိစ္စ–နှိုက် ဘန်ဆန်း-လည်း ရှေးအတူ ဘန်ဆင်း-သည်ပင်။ ။အသံဆယ်ပါး၊ တုန်ချောက်ချားလျက်၊ ထူးခြားပြက်တော့–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။

အထူးဖြင်သား–နှိုက် ဖြင်-လည်း ရှေးအတူ များသည်ပင်-ဟူလို။ ။သမိုင်းရွှေဘွဲ့ မော်ကွန်းတည်း–နှိုက်လည်း သမိုင်း မော်ကွန်း-ဟူသည်တို့လည်း ရှေးအတူ အမည်နာမ အဌုပ္ပတ္တိ အခြင်းအရာ အမှတ်အသား ထားသည်ပင်။

မြို့သစ်နန်းသစ်တည်ခင်း ၆-ပိုဒ်ပြီး၏။

## ၅-ဘိသိက်ခဏ်း

၄၇။ ကွန်းပြောက်ရွှေနန်း—နိုက် ကွန်းပြောက်-ဟူသည် ပေါရာဏ၊ နန်းတော်ပင်တည်း။ ။ကြင့်နန်းဗိမာန်—လည်း ရှေးအတူ အမြွတ်ပင်။ ။မကျွန်ကုံလုံ—နိုက် ကုံလုံ-ဟူသည် ပေါရာဏ၊ ပြည့်စုံပြီးစီးသည်-ဟူလို။ ။မင်းကျော်ရန်နှည်—နိုက် ရန်နှည်-ဟူသည် ရန်ကို နှိပ်နှယ် ဖျောက်တတ်သည်-ဟူလို။

ညီစွာမကျူး၊ နှစ်သက်ကူး၍၊ တန်းခူးကုန်ထ—ကား ခွဲးထား၊ ရှေကြီးနောက်ခခွေး။

၄၈။ ခရော်ခရွတ်—ကား ပေါရာဏ၊ မညီမညွှတ်သောမြေ-ဟူလို။ ။ညီညွှတ်ကုတ်သဲး—နိုက် ကုတ်သဲး-ဟူသည်လည်း ပေါရာဏ၊ ညီညွှတ် သန့်ရှင်းအောင် အားထုတ်ပြုသည်-ဟူလို။ ။မျှိုဦးမြေမင်္ဂလာ တင်မှန်းတည်း—နိုက် မျှို-ဟူသည် ပေါရာဏ၊ မင်္ဂလာကြက်သရေ-ဟူလို။

၄၉။ ဟူးရားတတ်စွာ—နိုက် ဟူးရား-ဟူသည် ဗေဒင်-ဆိုလိုသည်၊ ၎င်းဟူးရား-ဟူသည်လည်း ဟောရာ-သဒ္ဒါ၊ ၎င်းဟောရာ-ဟူသည်လည်း အဟောရတ္တိသဒ္ဒါ၊ နေ့ညဥ့်အခါတည်း၊ နေ့ညဥ့်အခါကာလတို့ကို ပိုင်းခြားဟောပြောကြောင်း ဗေဒင်အတတ်သည် ဟူးရား-မည်သတည်း။

ကံ့ကံ့ဆော်လျက်—နိုက် ကံ့ကံ့-လည်း ပေါရာဏ၊ ညိုးညိုးညံ့ညံ့ အသံ-ဟူလို။ ။မြူတေရတနာ—နိုက် မြူတေ-ဟူသည် အထူးအမြွတ် ထွန်းပသည်-ဟူလို။ တပါး နိုက်ကား အမတေ မဟူရာ ဂေါရာဇည်ခေါ်သော ပုလဲးမျိုးရှစ်ပါးကိုလည်း ဆိုကုန်သည်။

၅၀။ နွယ်လာနန်းရိုး၊ ရွယ်နုပျိုးသား—နိုက် ပျိုး-ကား ပျိုနုသည်ကိုပင်အသံယိမ်း၍ ဝိသဇ္ဇနီရှေပေါက်သံနှင့်ဆိုသည်။ ။သူဌေး့ရင်သွေး၊ မိယဉ်ကျေးကား၊ ကြေးအိုးစင်ကြယ်—ကား ခွဲးထား၊ ရှေပင့် နောက်ရစ်။ ။ကြေးအိုးစင်ကြယ်၊ မျိုးကြီးကျယ်သည့်၊ သူကြွယ်သမီး—လည်း ခွဲးထား၊ ရှေပင့်နောက်ရစ်။ ။ရိုက်ကြည်းသံသာ—နိုက် ကြည်း-လည်း ရှေးအတူ ငြိမ့်ငြိမ့်ညှုန်းညှုန်း အသံပင်။

၅၁။ ရှင်ပျော်ဝမ်းမြောက်၊ မြစ်သို့ရောက်က၊ ရှစ်ယောက်မင်းသမီး—ကား ခွဲးထား၊ ရှေရကြီး နောက်ယငယ်။ ။စီးကြတုံကျင်၊ လွန်းကြင်လှေတော်—ကား ခွဲးထား၊ ရှေပင့် နောက်ရစ်။

၅၂။ ဝမ်းမြောက်ညီညာ၊ သူထက်ငါလျှင်၊ ကြော်ငြာကျွက်ညံ—ကား ခွဲးထား၊ ရှေ ည ပကတိ နောက် ငရစ်။

၅၃။ စိရိစုသား—ဟူသည် ရေခပ်တစုသား-ဟူလို၊ ရက္ခိုင်တို့ဘာသာ။

၃၄။ ရွှေဖျံင် ငွေဖျင်၊မွမ်းမွမ်းဖြင်မျှ—ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ မွမ်းမွမ်းဖြင်-ကား ရှေးအတူ ပေါ်ရာ၊ အလွန်များသည်-ဟူလို။

ညွန့်ရှင်ငှက်ပျော၊ သာပြန့်ပြောအောင်—လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ပွင့်အမုံတိ—နှိုက် အမုံ-ဟူသည် အငုံ ပွင့်လုဆဲးကို ဆိုသည်။

ပွယ်ရာဉဿုံ—နှိုက် ပွယ်-ဟူသည် ပေါ်ရာ၊ နတ်အား ပသတင်ကြားပြော ဆိုသည်-ဟူလို၊ ပစောက်နှင့် ရေးဘတ်၊ ဖဉထုပ်မဟုတ်။ ဖဉထုပ်သံနှင့် ရေးဘတ် တတ်ကြသည်၊ သတိထားကြကုန်။ ဉဿုံ-လည်း ရှေးအတူ အလုံးစုံ အကုန်အစင်-ဟူသည်ပင်။ ။ပွဲးစုံကျင်းပ ပုဇွန်းတည်း—နှိုက် ပုဇွန်း-ဟူသည်လည်း ပေါ်ရာ၊ နတ်ပွယ် နတ်ပသတတ်သောသူ နတ်စောင့် နတ်ထိန်း-ဟူလို။

၃၆။ ရွှေပန်းတောင်းဝယ်—နှိုက် ပန်းတောင်း-ဟူသည် ပန်းကပ် ပန်းကလပ်ဟု ယခုကာလ ခေါ်ဝေါ်ကြ၏။ ။ဟူးရားတတ်—လည်း ရှေးအတူ ဗေဒင်ကို ဆိုလိုသည်။

ပြစ်ချေမယို၊ မြတ်ဇာတိတို့၊ နတ်ရှိတူပြီ—ကား ခွဲးထား၊ ရှေ့ယယ် ဟထိုး နောက်ရကြီး ဟထိုး။ အတ္တိ နတ္ထိ=ယို မယို—ဟူသည်တို့ကို ယယ်ဟထိုး ဟဟထိုး။ ရှေးကာလနှိုက် ဟသက်သက်ရေးကြ၏၊ ယခုကာလကား အမြင် အလေ့များရာ လွယ်ရာလိုက်၍ ရကြီးဟထိုးချည်းသာ ရေးတတ်ကြကုန်၏၊ တမျှ တရှိ-ဟူသော ဥပမာ ရှိ-ကိုကား ရကြီးဟထိုးနှင့်သာ ရေးကြရာသတည်း။ နတ်ရှိ-ဟူသည် နတ်နှင့်အတူ နတ်လောက်ပင် တူသည်-ဟူလို၊ သတိရှိလင့်ကြ စေကုန်။ ။ပြိုးပြက်သရေ ကွန့်ရွှန်းတည်း—နှိုက် ကွန့်-ကား ပေါ်ရာ၊ မြူးထွက် သည်-ဟူလို။

၃၇။ မင်းရတုဖြင့်၊ မင်းမှုသန္တေး၊ ဦးတော်ဆေးပြီး—နှိုက် မင်းရတု-ဟူသည် ပေါ်ရာ၊ မင်းပွဲးသဘင်ကာလ အခါ-ဆိုလိုသည်။ သန္တေး-လည်း ပေါ်ရာ၊ ဦးဆေးသကြံန်တော် ခေါ်သည်-ဟူလို။

ထုံးတံတွာဖြင့်—နှိုက် တံတွာ-ဟူသည် ပေါ်ရာ၊ သဘောဓမ္မတာထုံးစံ-ဟူလို၊ တွာကို ဝမ်းပူတနှင့်ရေး ဘတ်၊ ဆင်ထူးထ,ဓအောက်ခြိုက်နှင့် ရေးတတ်ကြ၏၊ မဟုတ်။

ဘွဲ့ယှဉ်ပလ္လင်—နှိုက် ပလ္လင်-ဟူသည် ပလ္လက်-သဒ္ဒါ ထက်ဝယ်ဘွဲ့ တင်ပျဉ် ခွေခြင်းအနက် ဟောတည်း။ ။နတ်တူတနှုန်း တနှုန်းတည်း—နှိုက် တနှုန်း-ဟူသည်, တနှုန်း-ဟူသည် ပေါ်ရာချည်း၊ အတူ-ဟူသည် တို့သာတည်း။

၃၈။ နတ်နှုန်းသဖွယ်—နှိုက် နှုန်း-ဟူသည်,သဖွယ်-ဟူသည် ပေါ်ရာ၊ အတူ ဟူသော ဥပမာအနက်ချည်းပင်တည်း။ ။ပလ္လင်လယ်ထက်—နှိုက် ပလ္လင်-ကား

နေရာပလ္လင် ဟူသတည်း။ ။တင့်တယ်ထွန်းစည့် – နှိုက် စည့်-ဟူသည်လည်း ပေါ်ရာ၏၊ ထွန်းပသည်-ဟူလို။

ရွှေပြည့်သနင်း – နှိုက် သနင်း-ဟူသည် ပေါ်ရာ၏၊ မင်း-ဟူလို။ သတ္တု၊မဒ္ဒန-ရန်သူကို နှိပ်နင်းသော မင်း-ဟူသည်နှိုက် သတ္တု-သဒ္ဒါနှိုက် တကို စပြု၍ သစ်၊ မဒ္ဒန-သဒ္ဒါ၏ နှိပ်နင်းခြင်းအနက်နှိုက် နင်းဟုယူ၍ မာဂဓ မြန်မာ ၂-ပါးစပ် သစ်နင်းမည်၏ ဟူ၍လည်း စသတ်နှင့် ရေးကြ၏၊ အချို့ပညာဝန်တို့ကား သေဋ္ဌ-သဒ္ဒါအရ အမြတ်ဟောယူ၍ သေဋ္ဌနင်းဟူ၍လည်း ရေးသားဆုံးဖြတ်ကြကုန်၏။ ထို ၂-ပါးတို့တွင် ရှေးဝါဒသည် ရှေးပုဂံကျောက်စာစသော စာဟောင်း အရေး အသားများနှင့် ညီပေ၏၊ သို့သော်လည်း ရေးလေ့ဘတ်လေ့များရာလိုက်၍ သ-သက်သက်နှင့် ရေးလိုက်သည်။

ကော်ရော်လေးမြတ် – နှိုက် ကော်ရော်-ဟူသည် ပေါ်ရာ၏၊ မြတ်နိုးရိုသေ-ဟူလို။ ။ရှေးတီးကမ္ဘာ – နှိုက် တီး-ကား အတီး-ဟူလိုသည်၊ အတီး-ဟူသည် ပေါ်ရာ၏၊ ရှေးအတိတ်ကာလ လွန်လေပြီးသောအခါ – ဟူလို။ ။ခိုင်ကျည် မြဲစွာ – နှိုက် ခိုင်ကျည်-လည်း ပေါ်ရာ၏၊ ခိုင်ခံ့မြဲမြံ တည်ကြည်သည်-ဟူလို။

၅၉။ နှစ်လိုဝမ်းမြောက်၊ သွန်းကြမြှောက်က – ကား ခွဲထား၊ ရှေ့ရစ် သက်သက် နောက်ဟထိုးပါ။ ။ဒူရင်ရတနာ – နှိုက် ဒူရင်-ဟူသည် ပေါ်ရာ၏၊ အင်းကျီ-ဟူလို၊ ဤနှိုက် ချပ်တန်းဆာပင်တည်း။

၆၀။ မိုးပေါ် ပျံလုဘနန်းတည်း – နှိုက် ဘနန်း-ဟူသည် ပေါ်ရာ၏၊ နီးနီး ဆဲးဆဲး-ဟူလို၊ ပျံလုနီးနီး ပျံလုဆဲးဆဲး ပျံတော့မတတ်-ဆိုလိုသည်။ ။မိုးရပ်သုဓမ္မာ နတ်နန်းတည်း – နတ်တူတနွှန်း တနွှန်းတည်း —— မိုးပေါ် ပျံလု ဘနန်းတည်း – ဟူသည်တို့ကား ခွဲးထား။

ဘိသိက်ခဏ်း ၁၃-ပိုဒ် ပြီး၏။

---

## ၆-မြို့နန်းသိမ်းခဏ်း

၆၁။ ကိုးဆောင်သရစ်၊ ပလ္လင်ရှစ်နှင့် – နှိုက် သရစ်-ဟူသည် ရှေးအတူ ကြက်သရေ အတင့်အတယ်။ ပလ္လင်-ဟူသည်လည်း မင်းနေရာ ရာဇပလ္လင် ပင်တည်း။

ရှေးတီးမင်းကျော် – နှိုက် တီး-လည်း အတိတ်ပင်။ ။မင်းရတု – လည်း ရှေးအတူ မင်းပွဲသဘင်ပင်။ ။ကွန်းထောက်နန်းတော် – ကား တဲ့နန်းတော် တည်း။ ဤနှိုက် ကွန်း-ကား နန်းတော်၊ ထောက် – ကား ထောက်နား စံနေရာ-ဟူလို။

၆၂။ မင်းသုတသုံ–ကား သုတသောမမင်း-ဟု ဆိုလိုသည်၊ သောမ– နိုက် သအစိတ်ကြွကို ဥဝိပရိတ်၊ မကို နိဂ္ဂဟိတ်ပြု၍ သုတသုံ–ဟူလို။ မွန်ရာဇဝင် ရာဇာဓိရာဇ် အရေးတော်ပုံနိုက်ကား တလိုင်းဘာသာအားဖြင့် သုတသောမကို သစ်တသုံ-ဟု ဆိုသတည်း။

ဝဲ ယာ မှူးမတ်၊ လေးဦး နတ်သို့၊ အမှတ်ထင်ရှား–ကား ခွဲထား၊ ရှေး မသက်သက် နောက် မဟထိုး။ ။ရောင်ချိုးချက်နှင့်–နိုက် ချိုးချက်-ဟူသည် ပေါရာဏ၊ အရောင်ပြိုးပြက်-ဟူလို။ ။ပိတ်စပ်ရှစ်ခွင် ကာရန်းတည်း–နိုက် ပိတ်စပ်-ဟူသည် ပေါရာဏ၊ အနံ့အစပ် မလပ်မခြား-ဟူလို။ ။ဆော်နှက်ပဟိုရ် နယန်းတည်း—ပိတ်စပ်ရှစ်ခွင် ကာရန်းတည်း–ဟူသည်တို့ကား ခွဲထား၊ ရှေ့ယယ် နောက်ရကြီး။

၆၃။ ဘုန်းရှိန်ကြွေ့သား–နိုက် ကြွေ့-ကား စည်ပင်ပွါးများ ကြီးမား သည်-ဟူလို။

၆၄။ မင်းဝတ်ဒုရင်-လည်း ရှေးအတူ ရတနာချပ် တန်းဆာ မင်းဝတ် အင်းကျိုပင်။ ။မြေမိုးဝှန်တက်–နိုက် ဝှန်-ကား နံ့ကျော်ကြားသည်-ဟူလို။ ။ မမှားတူရှု–နိုက် တူရှု-ဟူသည် ပေါရာဏ၊ မျက်နှာတည့်တည့်-ဟူလို။

မြို့နန်းသိမ်းခဏ်း ၄-ပိုဒ် ပြီး၏။

---

၇-ဥကင်တော်ဘွင့်ခဏ်း

၆၅။ ရွှေမှောက်မင်းကျော်–နိုက် ရွှေမှောက်-ဟူသည် ပေါရာဏ၊ မင်း-ဟူလို။ ။မဟာဥကင်တော်ဘွင့်-ဟူသည် ထီးဘွင့်မင်္ဂလာ-ဟူလို။ ။အာတပတြ၊ ဝိဇယပတြ၊ မည်ရလေးမျိုး–ကား ၃-ချက်ထပ်။

၆၆။ ရတနာတောင်ဝှေး၊ မဝေးပြိုးပြက်–ကား ခွဲထား၊ ရှေ့က ဟထိုး နောက်ကား သက်သက်။ ။ရွှေမှာစဉ်ငြား၊ လက်တင်ကြားနှင့်၊ ပတ္တမြား ကွမ်းခွက်–နိုက် လက်တင်ကြား-ဟု ဝိသဇ္ဇနီ သံယိမ်း၍ စပ်ဆိုသည်၊ ဝိသဇ္ဇနီမဲ့နှင့် လက်တင်ကြာ-ဟူ၍သာ အဓိပ္ပါယ် မှတ်ယူခေါ်ရာသည်၊သည်းချာ-ကို သည်းချား-ဟူသကဲ့သို့တည်း။ ။မဟာဗောဓိ ကျင့်ငန်းတည်း–ဝင်း၏ ရွှေဘုံကြင့်နန်းတည်း–တို့ကား ခွဲထား၊ ရှေ့သက်သက် နောက်ဟထိုး။ကြင့်နန်း– ဟူသည် ပေါရာဏ၊ အမြတ်အထွတ်-တည်း။

၆၇။ နတ်တပြီလည်း–နိုက် တပြီ-ကား အတူမယှဉ်း-ဟူလို။ ။တော်ဒုး စနည်၊ နှစ်မည်ဘဝေါ–နိုက် တော်-ဟူသည် ကွန်းစင်၊ ဒုး-ဟူသည် သည်မ၊

စနည်း-ဟူသည် သည်ရုံ။ နှစ်မည်ဘဝေါ်-ဟူသည်ကား သည်ထွေးအတွင်းအပြင်၊ ထို့ကြောင့် "ပြန့်ပြောကျယ်ဝန်း၊ ကွန်းနှင့်သည်မ၊ သည်ရုံစသား၊ ထိုမှတရေး၊ သည်ထွေးတွင်းပြင်၊ နန်းကြီးခွင်နိုက်၊ ဝန်းကျင်ထပ်ထပ်၊ စီစဉ်အပ်တိုင်း၊ ငါးရပ်နေရာ"ဟူ၍ ဘွင့်ပြပြန်သတည်း။

၆၈။ ဒူရင်မြွတ်ကို–နိုက် ဒူရင်-ဟူသည်လည်း ရှေးအတူ။ ။ဆင်လတ်တုံမြောက်၊ ဝင်းဝင်းတောက်သား၊ မင်းမြောက်တန်းဆာ–ကား ခွဲထား၊ ရှေ့အရစ်သက်သက် နောက် ဟထိုးအရစ်။ ။မုနောဃူ၍–နိုက် မုနော-ဟူသည် ပေါရာဏ၊ အတင့်အတယ်-ဟူလို။

၆၉။ အာဂုံဒေသနာ–နိုက် အာဂုံ-ကား အာဂမ-သဒ္ဒါအရ ပါဠိကျမ်းဂန်ဟူလို။ ။လေးဖြာပဟိုရ်–နိုက် ပဟိုရ်-ကား စည်-လည်းသင့် အချိန်အခါ-လည်း သင့်၏။ ။ဘိနပ် သန်လျက်၊ စွဲဆောင်လျက်တည့်–ကား ခွဲထား၊ ရှေ့ ဟထိုးယပင်း နောက် ယပင်းသက်သက်။

၇၀။ မင်းပွဲရင်ပြီး–နိုက် ရင်-ဟူသည် စီရင် ခင်းကျင်းသည်-ဟူလို။ ။

၇၁။ ရှင်လူဥဒါဟို–နိုက် ဥဒါဟို-ဟူသည်လည်း ပေါရာဏ၊ များစွာမစဲမလပ်-ဟူလို။ ။ခပဲ့ပြောထူ–နိုက် ခပဲ့-ဟူသည်, ပြောထူ-ဟူသည် ပေါရာဏ၊ အများ-ဟူလို။

ဦဦညိတ်ညိတ်–နိုက် ဦဦ-ဟူသည် သောင်းသောင်းသဲ့သဲ့ ရှိုးရှိုးရှရှ–ဟူလို။ ။မြေမိုးတုန်နန့်ရိုက်ဖြန်းတည်း–ဘုန်းတော်ရေကြည်ဆွတ်ဖျန်းတည်း–တို့နိုက် ရိုက်ဖြန်း–ဆွတ်ဖျန်း-ကား ခွဲထား၊ ရှေ့ရစ် နောက်ပင့်။

ဥကင်တော်ဘွင့်ခဏ်း ၇-ပိုဒ် ပြီး၏။

---

## ဂ-ရာဇစရိယခဏ်း

၇၂။ ဂုဏ္ဍခြောက်ပါး၊ မပြောက်ကျားဘဲ၊ သိကြားလနေ–ကား ခွဲထား၊ ရှေ့ပင့် နောက်ရစ်။ ဤသိကြားကိုလည်း မဂဓဘာသာ သက္ကဋဘာသာ သကြနိုက် သ-အစိတ် အ-ကို ဣ, ကြ-အစိတ် အ-ကို အား ပြု၍ သိကြား-ခေါ်ဆိုကြောင်း၊ "သက္ကဋ သကြ၊ မာဂဓနှင့်၊ သက္ကဋဘာသာ၊ ဝေါဟာအပြား၊ ဤနှစ်ပါးတွင်၊ ဣ အား အက္ခရာ၊ လွှဲကာလည်းပြု၊ မြန်မာမှုဖြင့်၊ ယခုလူတွင်၊ သိကြားထင်သည်၊ မည်ပင်ရင်း၊ နတ်စောလောင်း"ဟူသော ၉-ခဏ်းလင်္ကာနိုက် ဆိုသည်နှင့်အညီ သိကြားဟု ရေးသတည်း၊ နောက်နောက်ဆရာအချို့တို့သည်ကား ပတ္တမြားလို နတ်သကြားလို-ဟူ၍ ပိုဒ်စုံချသဖြင့် သပကတိနှင့် သကြားဟု ရေးစေလိုကြ၏။

၇၃။ တန်းခိုးနေစက်၊ စောဘုန်းတက်ကား၊ နန်းထက် သနွေ–ကား ခွဲးထား၊ ရွှေဝမ်းပူတ နောက် ဆင်ထူးထ။

ဖြေဖျော်စံခြင်း၊ ရွှေဂုံချင်းနှင့်၊ ရွှေမြင်းရွှေဆင်–ကား ခွဲးထား၊ ရွှေရစ် နောက် ပင့်။ ။ဘုန်းကြွေ့ကြွေ့နှင့်–နှိုက် ကြွေ့ကြွေ့-လည်း ရှေးအတူ ပေါ်ရကျ၊ ကြီးပွါးတက်တိုးသည်-ဟူလို။

၇၄။ ဘွင့်မြဲးတံတွာ–နှိုက် တံတွာ-လည်း ရှေးအတူ ပေါ်ရကျ၊ ထုံးစံ ဓမ္မတာ-ပင်။ ။မည်သတတ်–နှိုက် သတတ်-ဟူသည်လည်း ရှေးအတူ အဆင့် ကြားအနက်တည်း။ ။ခြီးမြှောက်ကြို၍–နှိုက် ကြို-ဟူသည်လည်း ရှေးအတူ ကရ-သဒ္ဒါ ပြုသည်ပင်။

၇၅။ ပဒအလို၊ လောင်းမင်းပျိုလျှင်၊ မပြိုမပျက်–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ။ဗိုလ်အစုတ်ကို–နှိုက် အစုတ်-ကား ပေါ်ရကျ၊ အပေါင်း-ဟူလို။ ။မင်းရိုးတကာ–နှိုက် တကာ-ဟူသည် ပေါ်ရကျ၊ အများ-ဟူလို။ ။ ရွှေသိုင်းဝင့်ကြော်၊ ရွှေစည်ဆော်၍၊ အကျော်တစော–ကား ခွဲးထား၊ ရွှေရစ် နောက်ပင့်။

၇၆။ ဇာတိရွှေညာဏ် ခိုင်ကျန်းတည်း–နှိုက် ကျန်း-ဟူသည် ပေါ်ရကျ၊ ခိုင်မာသည်-ဟူလို။

ရာဇစရိယခဏ်း ၅-ပိုဒ်ပြီး၏။

---

## ၉–ဘုန်းတော်ဘွဲ့ခဏ်း

၇၇။ သမိုင်းမကျေ၊ ဇမ္ဗူမြေထက်၊ ညာကြေပြန့်ပြော–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ။တုကျွန်းမမြော်–နှိုက် တုကျွန်း-ဟူသည် ပေါ်ရကျ၊ အတု မဲ့သည်-ဟူလို။

၇၈။ ရာဇဓံတော်၊ ဂုဏ်နူဘော်ကြောင့်၊ ဥပေါ်ဆဒ္ဒန်–ကား ခွဲးထား၊ ရွှေဘကုန်း နောက်ပစောက်။ ။ဥပေါ်ဆဒ္ဒန်၊ စုံအင်ကြန်နှင့်၊ မကျန် နှိုးဆော်–ကား ခွဲးထား၊ ရွှေရစ် နောက်ပင့်။

ဆင်ကျားပေါပည်း–နှိုက် ပေါပည်း-ကား ပေါ်ရကျ၊ အပုံအများ-ဟူလို။ ။ စွယ်စုံဟိုင်းဟံ၊ တည်တံသိန်းသောင်း–နှိုက် ဟိုင်း-ကား အစွယ်မထွက်၊ ဟံ-ကား အစွယ် ၂-ချောင်း သစ်ခွံထိုးထွက်သောဆင်မျိုး၊ တည်-ကား အစွယ်ရှည် တချောင်းသာ ပြင်သို့ထွက်သောဆင်မျိုး၊ တံ-ကား အစွယ်သစ်ခွံထိုးတချောင်း သာထွက်သောဆင်မျိုး-ဟူ၏။

ဂယ်လောင်းမျက်လုံး–နှိုက် ဂယ်လောင်း-ဟူသည်ကား ကြွက်စုတ်အမည်၊ ကြွက်စုတ်မျက်လုံးနှင့် အတူ-ဟူလို။ ။နှိုင်းတမ်းမယှက်–နှိုက် မယှက်-ဟူသည် ပေါရာဏ၊ မယှင်း-ဟူသည်ပင်။

တင့်တယ်လှကျော၊ ဗွေသန့်ကြောသား–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ လှကျော–နှိုက် ကျော-လည်း ပေါရာဏ၊ လှပတင့်တယ် ကောင်းမြတ်သည်-ဟူလို။ ဗွေသန့်ကြော–နှိုက် ကြော-လည်း ပေါရာဏ၊ သန့်ရှင်းစင်ကြယ်သည်-ဟူလို။ ။ သိန္ဓောရှယ်ပျို၊ အဿတိုရ်က၊ ထိုထိုဘိုးထိုက်–ကား ခွဲးထား၊ ရွှေဝမ်းပူတ နောက်ဆင်ထူးထ။ အဿတိုရ်-ဟူသည် အဿတရ-သဒ္ဒါတည်း။

ဂဝ။ ပျံကွန်မြေမိုး–နှိုက် ကွန်-ဟူသည် ပေါရာဏ၊ ပျံတက်သည်ပင်။ ။ဝိုးဝင်း ပြိုးပြက်၊ ကိုးအမျက်တို့၊ ထက်မြက်တေဇ–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ။ ထိုမျှယို့ရွှေ၊ ထဲးရေမြွှေမှ၊ ပေါ်၍ဆက်လာ–ကား ခွဲးထား၊ ရွှေ သဝေထိုး နောက်ငင်သတ်။ ရွှေ နှင့် ၍ ၂-မျိုးခွဲး၊ ရွှေ ရွှေ-ကား မရိယာဒ ဌာနာစာဝနှ ဖြစ်သော အပိုင်းအခြားရွှေ၊ နေရာမှလျှောရွှေတည်း။ နောက် ၍-ကား ပုဗ္ဗကာလ ကြိယာဝိသေသန ၍-တည်း။ ၎င်း၍ကို ရကိုငင်သတ် အောက်မြစ်နှင့် ရေးရသတည်း၊ ယခုကာလကား အောက်မြစ် မပါကြပြီ။

ပိုလင်းကဲးတိ–နှိုက် ပိုလင်းကဲး-ကား ပေါရာဏ၊ အပြည့်အလျှမ်း အပိုအလျှံ-ဟူလို။ ။ကောင်းကင်ပျံကျ၊ သက်လာကြလျက်–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ။ပည်းသီတင်းကျမ်း၊ နုအကြမ်းဖြင့်–လည်း ခွဲးထား၊ ရွှေပင့် နောက်ရစ်။

မြေပြင်ကုန်းကြည်း၊ အပည်းပည်းသား၊ အကျည်းအခဲး–လည်း ခွဲးထား။ ရွှေရစ်နောက်ပင့်။ အပည်းပည်း–ဟူသည် ပေါရာဏ၊ အပုံအပင်များသည်-ဟူလို။

အကျည်းအခဲး၊ ရှောက်ရှာကြဲးသို့၊ မကျဲးထပ်တင်–ကား ခွဲးထား၊ ရွှေရစ် နောက်ပင့်။ ရှောက်ရှာ-ဟူသည်လည်း ပေါရာဏ၊ မိုးသီး-ဟူလို။ ။မငြိုမငြင်၊ လွှန်ကြည်လင်ရှင့်၊ ယာဉ်ညင်စကြာ–ကား ခွဲးထား၊ ရွှေငရစ် နောက်ညပကတိ။

ဘုန်းတော်ဘွဲ့ခဏ်း ၃-ပိုဒ် ပြီး၏။

ဤအခဏ်းငယ် ၉-ခဏ်းတို့ဖြင့် ပိုင်းခြားအပ်သော ၆၇-ပိုဒ်ရှိသော
ပထမပိုင်း လီနတ္ထဒီပနီပြီး၏။

နောက်နောက် အခဏ်းတို့နိုက်ကား မထင်လှသော ပေါရာဏစကားရပ်တို့ကိုသာဘော်ပြပေအံ့သတည်း။

### ၁-ကပ္ပကာမန္တနခဏ်း

၉၆။ နန်းပေါ်စံညောင်း–ကား ရှည်ကြာသည်-ဟူလို။

၉၄။ မြင်လျှင် မြင်ခြင်း၊ ကြာမတင်းသည်၊ ၊အချင်း တင်စေ မနှေးတည်း—ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

၉၅။ ဆတ္တာသမား၊ ထိုယောကျ်ားကို၊ မြွက်ကြားဆတ်ဆတ်၊ မိန့်တော်မှတ်တည်း—လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

ကပ္ပကာမန္တနခဏ်း ၃-ပိုဒ် ပြီး၏။

---

### ၂-ကပ္ပကာရောစနခဏ်း

၉၆။ ပယ်ရိတ်ဥပြည်း၊ ခြေလက်သည်းကို၊ဖြင်ပည်းမျှားစွာ–လည်း ခွဲးထား၊ ရှေ့ရစ် နောက်သက်သက်။

၉၇။ ကေသာမြသား၊ ဆံတော်ကြားတွင်၊ ဖြူကျ္ဘားအသွင်–လည်း ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။မင်းကျွမ်းဝင်ဝင်၊ ဆောတလျင်သာ၊ မြင်လျှင်မြင်ခြင်း—လည်း ခွဲးထား၊ ရှေ့ ဟမထိုး နောက်ဟထိုးယပင့်။

၉၈။ လောင်းမင်းအသျှင်၊ ဘဝရှင်၏—လည်း ခွဲးထား၊ ရှေ့သဟထိုးယပင့် နောက်ရကြီးဟထိုး။ အယျ ဘဒန္တ ဘန္တေ အာယသ္မာ အာဝုသော-သဒ္ဒါတို့၏ အနက် အသျှင်ကို သဟထိုး ယပင့်ရေး၊ ဣဿရ သာမိ အဓိပတိ-သဒ္ဒါတို့၏ အနက် အရှင်ကိုကား ရကြီးဟထိုးရေး၊ သတိထားကြကုန်။

၉၉။ ရွှေတောင်လျှံညီး၊ ရွှေနန်းကြီးထက်၊ မငြိုးမငွေ—လည်း ခွဲးထား၊ ရှေးညပကာတိ နောက်ရေစ်။ ရွှေတောင်-ဟူသည် ပေါရာဏ၊ နန်းတော်-ဟူလို။

၁၀၀။ တန်းခိုးဝှန်ချောက်၊ဘုန်းရှိန်တောက်လျက်၊ပိန်ခြောက်ရာခင်း–ကား ခွဲထား၊ ရှေ့ပင့် နောက်ရစ်။ ။မိုးခေါင်နတ်ခြောက်၊ ထုတ်ချောက်မြင်းမိုရ်–လည်း ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။နတ်ထက်လူမင်း၊ သာလွန်ခြင်းဖြင့်၊ ကျော်ချင်းထင်ရှား—လည်း ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

မင်းလျှာကြင့်နန်း၊ ကွမ်းထည့်မှန်းသား—နှိုက် ကွမ်းထည့်-ကား ပေါရာဏ၊ အလောင်း အလျှာမှန်းသည်-ဟူလို။ ။နှစ်ပေါင်းဖြင်ခဲ့ ပြိဘုရား—နှိုက် ဖြင်-လည်း ပေါရာဏ၊ အများ-ဟူလို။

၁၀၁။ ဤသို့ဆတ္တာ၊ ကျွန်ရင်းချာလျှင်၊ ကြောင်းခြွမတိမ်း—ကား ခွဲ့ထား၊ ရှေ့ပင့် နောက်ရစ်။ ။ခပ်သိမ်းအချင်း၊ ချန်မချွင်းသည်၊ ချက်ခြင်း မြင်လျှောက်—လည်း ခွဲ့ထား၊ ရှေ့ပင့် နောက်ရစ်။ ။ချက်ခြင်းမြင်လျှောက်၊ တင်လျှောက်သံတော်—လည်း ခွဲ့ထား၊ ရှေ့ပင့် သက်သက် နောက်ဟထိုးပါ။

ကပ္ပကာရောစနခဏ်း ၆-ပိုဒ်ပြီး၏ ။

## ၃-ပလိတဒဿနခဏ်း

၁၀၂။ ထိုခဏခြင်း၊ ကိုယ်လုံးချင်းအောင်— လည်း ခွဲ့ထား၊ ရှေ့ရစ် နောက်ပင့်။

၁၀၃။ မျှော်ရှုမငြိုး၊ တညီးညီးတိ—လည်း ခွဲ့ထား၊ ရှေ့ရစ် နောက် ညပကတိ။ ။နဂ္ဂိဘိုးမျှား၊ ကျောက်စုံခြားသား၊ ပတ္တမြားစီတပ်—လည်း ခွဲ့ ထား၊ ရှေ့ပင့် နောက်ရစ်။ ။စင်ဖြူသန့်ကြော၊ ချော်မနွေသား၊ ဘော် ကျောငွေချည်—လည်း ခွဲ့ထား၊ ရှေ့ရစ် နောက်ပင့်။ ကျောငွေ-ဟူသည် ပေါ်ရာဏ၊ ငွေဖြူ ငွေကောင်း ဘော်ငွေ-ဟူလို။

ဘော်ကျောငွေချည်၊ တရထည်ဖြင့်၊ ရောင်ခြည်ဖြူလွ—လည်း ခွဲ့ထား၊ ရှေ့ပင့် နောက်ရစ်။ တရထည်—သည် ပေါ်ရာဏ၊ အတူ-ဟူလို။

တပင်မျှတိ၊ မြရည်ဘောက်ပြား—လည်း ခွဲ့ထား၊ ရှေ့ဟထိုးယပင့် နောက် ရစ်ဟမထိုး။ ။ခေါက်ရက်မရှု မအားတည်း—နှိုက် ခေါက်ရက်-ဟူသည်ပေါ်ရာဏ၊ အားရဝမ်းသာ-ဟူလို။

ပလိတဒဿနခဏ်း ၂-ပိုဒ်ပြီး၏ ။

## ၄-အတ္တစိန္တာခဏ်း

၁၀၄။ နစ်နစ်နောနော—ကား ပေါ်ရာဏ၊ ရင်းဖျားစဆုံး အပြန်အလှန်-ဟူလို။

၁၀၅။ မောဟာမှေးရစ်၊ သင့်အဖြစ်ကို၊ လက်ဖျစ်တတီး—ကား ခွဲ့ထား၊ ရှေ့ရစ် နောက်ပင့်။

၁၀၆။ ဤလူပေါ်ယယ်—နှိုက် ပေါ်ယယ်-ဟူသည် ပေါ်ရာဏ၊အများ-ဟူလို။ ။ ကိုယ်ဝယ်ဖြစ်ခြင်း၊ ကိုယ့်ကြောင်းရင်းနှင့်၊ အချင်းအထ—ကား ခွဲ့ထား၊ ရှေ့ရစ် နောက်ပင့်။ အချင်းအထ-ကား ပေါ်ရာဏ၊ အရည်အချင်း အစွမ်းသတ္တိ အရေး အရာ-ဟူလို။

ဦးမထောင်း–ဟူသည်လည်း ပေါရာဏ၊ ဘေးရန်မရှိ-ဟူလို။ ။ခေါင်းမှာ ဖြူမွှဲ၊ ဆံကျိုးကျဲနှင့်၊ ခြေကြဲလက်မြှောက်–လည်း ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ။ခြေကြဲလက်မြှောက်၊ သေချိန်ရောက်အောင်၊ ဂယောက် ဂယက်–လည်း ခွဲးထား၊ ရွှေရကြီး နောက်ယငယ်။ ။ဂယောက် ဂယက်၊ လွန်နေ့ရက်ဖြင့်–လည်း ခွဲးထား၊ ရွှေယငယ် နောက်ရကြီး။

၁၀၇။ အန်းမရဘဲး–နိူက် အန်းမရ-ဟူသည် ပေါရာဏ၊ အထောက် အလှမ်း စွဲးလမ်းရာမရ-ဟူလို။ ။မလိုက်မနေ၊ မရချေဘူး၊ ဆင်ခြေနတ္တိ–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ။မောဟပြောသည်–နိူက် ပြော-ဟူသည်ကား ပေါရာဏ၊ များပြားသည်-ဟူလို။

၁၀၈။ လူမိုက်ပျော်နည်း၊ ကျော့တကျည်းဖြင့်၊ ရှင်ကြည်းစိတ်ပြေ–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ကျော့ကျည်း-ကား ပေါရာဏ၊ ပျင်းရိသည်-ဟူလို။ ရှင်ကြည်း–နိူက် ကြည်း-လည်း ပေါရာဏ၊ ရှင်လန်းကြည်လင်သည်-ဟူလို။

၁၀၉။ ကိလေနောက်ဆူး–နိူက် နောက်ဆူး-ကား ပေါရာဏ၊ နောက်ကျိ ဆူဝေသည်-ဟူလိုသည်။ ။မူးထူးမင်ထင်–လည်း ပေါရာဏ၊ ထိုင်းမိ ထိုင်းမိုင်း တွေဝိ တွေဝေ-ဟူလို။

၁၁၀။ လျှပ်စစ်တပြက်၊ လက်တတွက်နိူက်၊ ဖြစ်ပျက်အနေ–ကား ခွဲးထား၊ ရွှေရစ် နောက်ပင့်။ ။တပေါင်းတပျစ်၊ ငါးရှူးယစ်တို့၊ ကျိုးပြစ်မသိ–လည်း ခွဲးထား၊ ရွှေပင့် နောက်ရစ်။

၁၁၁။ နင်းနှိပ်စိုးကျယ်၊ တန်းခိုးကြွယ်၍၊ မိုးကြယ်တစ–လည်း ခွဲးထား၊ ရွှေပင့် နောက်ရစ်။ တစ-ဟူသည် ပေါရာဏ၊ အတူ-ဟူလို။ ။နတ်နွှယ်ရှိရှိ၊ ဘုန်းတော်ယှိသား–လည်း ခွဲးထား။ ရွှေဥပမာရှိ နောက် အတ္တိ ယှိ။ ။ အားမနာစောက်–နိူက် စောက်-ကား ပေါရာဏ၊ အကျင့်သဘော-ဟူလို။ ။ ယင်ကောင့်သဖွယ်၊ ငါတို့နွှယ်ကား၊ ဆိုဘွယ်တစ–ကား ခွဲးထား၊ ရွှေဖဥထုပ် နောက်ဘကုန်း။ ဥပမာ-ဖွယ် ဖဥထုပ်နှင့်ရေး၊ ကမ္မတ္ထ သမ္ပဒါနတ္ထ-ဘွယ်-ကိုကား ဘကုန်းနှင့်ရေး၊ သတိပြုကုန်။

၁၁၂။ ပျော်ပါးလေ့ကျက်၊ ဆောင်းတွင်းကြက်သို့–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ။တသက်လျှာ–ဟူသည် ပေါရာဏ၊ တခဏမျှ-ဟူလို။

လူ့ဘော် ရပ်မှာ–နိူက် လူ့ဘော်-ဟူသည် လူ့ဘောင်-ဆိုလိုသည်။ ။ တလည်လည်လျှင်–နိူက် တလည်လည်-ဟူသည် ပေါရာဏ၊ အတူတူ အဘန်ဘန် အကြိမ်ကြိမ်-ဟူလို။

စိုပြည်ကာလ–နှိုက် စိုပြည်-လည်း ပေါ်ရာ၏၊ ရှည်ကြာသည်-ဟူလို။ ။ မချိထန်ပြင်း၊ ထိတ်လန့်ခြင်းသည်၊ ငြီးပျင်းကြည်မသာတကား–ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

၁၁၃။ ရမ္မက်ညစ်ကြေး၊ ပိတ်ပိတ်မွှေး၍၊ ကျေးဇူးမထင်–ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ရမ္မက်-ဟူသည် အလို-ဟူလို။ ။ဒုက္ခထောင်း၏–နှိုက် ထောင်း-ဟူသည် ပေါ်ရာ၏၊ နှိပ်စက်သည်-ဟူလို။

တိလင်းကျည်း လဟာတကား–နှိုက် တိလင်းကျည်း-ဟူသည် ပေါ်ရာ၏၊ အပိတ်အဆီးမရှိ ဟင်းလင်း-ဟူလို။ လဟာ-ကား ကျယ်ဝန်းသည်-ဟူလို။ တိလင်းကျဲ-ဟူ၍လည်း နောက်ပစ်နှင့် ခေါ်ကုန်၏၊ ညသတ် နောက်ပစ်အတူ။

၁၁၄။ ပုပ်မှိုမကုန်–နှိုက် မှို-ကား ပေါ်ရာ၏၊ ရှည်ကြာစွာကာလ-ဟူလို။ ။ အုန်အုန်အောက်အောက်–လည်း ပေါ်ရာ၏၊ဟောင်းနွမ်းဆွေးမြေ့ ပုပ်သိုးသည်-ဟူလို။

ထိုးကျင့်ပြင်းစွာ–နှိုက် ထိုးကျင့်-လည်း ပေါ်ရာ၏၊ အတွင်းကနှိပ်စက်သည်-ဟူလို။ ။အိုင်းအမာမှ–နှိုက် အမာ-လည်း ပေါ်ရာ၏၊ အနာ-ဟူလို။ ။ယိုစီး တတွေတွေနှင့် သာတမ့်–နှိုက် တမ့်-ဟူသည် ပေါ်ရာ၏၊ ကြိယာတည်း၊ ယိုစီး တတွေတွေနှင့်သာပင်-ဟူလို။

၁၁၅။ စီးကျသုန်၍–နှိုက် သုန်-ဟူသည် ပေါ်ရာ၏၊ ခုန်သည် ပျံသည်-ဟူလို။ ။မြစ်လောင်း တံလည်း–နှိုက် မြစ်လောင်း-ဟူသည် ပေါ်ရာ၏၊ မြစ်ငယ်-ဟူလို။ တံလည်း-ဟူသည်လည်း ပေါ်ရာ၏၊ ရေယဉ်-ဟူလို။

ကျီးသောက်မက–ဟူသည် ကမ်းလျှံသည်-ဟုဆိုလိုသည်။ ။ရေယဉ်ပြောင်နှင့်–နှိုက် ပြောင်-ဟူသည်လည်း ပေါ်ရာ၏၊ ကြီးမားသည်-ဟူလို၊ တနည်းလည်း မြစ်ကိုပင် ပြောင်ဆိုသည်။

ထောင့်ရှစ်ဆဲ့လေး – ကား ထောင်ပေါင်းရှစ်ဆဲ့လေးလီ ရှစ်သောင်း လေးထောင်-ဆိုလိုသည်၊ ဂုဏိတသင်္ချာနည်းတည်း။ ။ပင်လယ်စက်တွင်–နှိုက် စက်-သည် အဝန်း-ဆိုလိုသည်။ ။ဒီတက်ဒီစုန်–နှိုက် ဒီ-ဟူသည် ပေါ်ရာ၏၊ ရေဟုန် ရေယဉ်-ဟူလို။ ။ဖျားရေယဉ်လည်း–နှိုက် ဖျား-လည်း ပေါ်ရာ၏၊ ဒီရေအယဉ်ပင်-ဟူလို။

ခန့်ချုံးတရှိ–နှိုက် တရှိ-ဟူသည် ပေါ်ရာ၏၊ မလွန်မစား အတူတူ-ဟူလိုသည်။ ။တွေ့ကြုံရှပ်ရှပ်–နှိုက် ရှပ်ရှပ်-ဟူသည် ပေါ်ရာ၏၊ စိစိကြပ်ကြပ် အပြင်းအထန် မဆုတ်မနစ်-ဟူလို။ ။ဆောင်ကာဖက်ထစ်–နှိုက် ဖက်ထစ်-ဟူသည်လည်း ပေါ်ရာ၏၊ အမြဲး-ဟူလို။

၁၁၆။ ပန်းလည်စက်တိုင် – နှိုက် ပန်းလည်-ဟူသည် ပေါ်ရာ၊ စက်တိုင် မှန်တိုင်-ဟူလို။ ။အနိုင်ကြပ်ကြပ်၊ လွှန်စွာကပ်ပြီး၊ ကျဉ်းကျပ်လွှမ်းမိုး – ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

မက္ခာကတ်လပ် – နှိုက် ကတ်လပ်-လည်း ပေါ်ရာ၊ မက္ခာအမြဲး-ဟူလို။ ။ တလုံးလုံးလဲး–ဟူသည် ပေါ်ရာ၊ အဘန်တလဲးလဲး ကြိမ်ဘန်များစွာ-ဟူလို။ ။ ကျဉ်းမြောင်းတမွေ့မွေ့နှင့် သာတမ့ုံ – နှိုက် တမွေ့မွေ့-ဟူသည် ပေါ်ရာ၊ အလွန်ကျဉ်းမြောင်းသည်-ဟူလို၊ ဟမထိုးနှင့်၊ ဟထိုးလျှင် မွေ့နှောက်ခြင်း ဖြစ်လိမ့်မည်။

၁၁၇။ တောင့်တသွေးချို – နှိုက် သွေးချို-ဟူသည် ပေါ်ရာ၊ တောင့်တအလို ရှိသည်ပင်-ဟူလို။ ။မဟဲ့အဆုံး – နှိုက် မဟဲ့-ဟူသည် ပေါ်ရာ၊ မယို့-ဟူလို သည်။ ထိုကြောင့် အတ္ထ နတ္ထိ-သဒ္ဒါတို့၏ အနက် ယို့ မယို့ကို ရှေးလူကြီးတို့က ဟိ မဟိ ဆိုကြကုန်သည်၊ ထိုမဟိကိုပင် ဇ္ဈကို အဲပြု၍ မဟဲ့၊ ပြေ့ အောက် မြစ်၍ မဟေ့ ဆိုကုန်သတည်း။ ။ဘီလူးမဖြစ်၊ လူမဇာစ်နှင့်၊ တောသစ်သမင်၊ အိမ်တွင် ကြက်ကြောင် – ဟူသည်ကား ကာလီယက္ခိနီဝတ္ထု ကုက္ကုဋအဏ္ဍခါဒိကာ ဝတ္ထုတို့ကို ရည်သည်။

လင်ပေါင်မိန်းမ – ကား တိ`သနိပါတ် ဇယဒိသဇာတ်, ဝိသတိနိပါတ် အယောဃရဇာတ်နှိုက် မိဖုရားနှင့် ဘီလူးမတို့ကို ရည်သည်။

စူဠသုဘဒ်၊ မိလင်သတ်တို့ – ကား တိ`သနိပါတ် ဆဒ္ဒန္တဇာတ်နှိုက် စူဠသုဘဒ္ဒါ မိဖုရားကို ရည်သည်။

၁၁၈။ လိပ်ခဲးတည်းလည်း – နှိုက် တည်းလည်း-ဟူသည် ပေါ်ရာ၊ တန်း လန်း အမြဲး မလွှတ်-ဟူလိုသည်။

၁၁၉။ မတော်လှန်ဘဲး – နှိုက် တော်လှန်-ဟူသည် ပေါ်ရာ၊ ကျွန်အရာမှ လွှတ်ကင်းလွှတ်မြောက်နိုင်သည်-ဟူလို။ဤနှိုက်ကား ကျွန်အရာမှ မလွှတ်မြောက် နိုင်-ဆိုလိုသည်။

မှုတင်းလင်းနှင့် – နှိုက် တင်းလင်း-လည်း ပေါ်ရာ၊ တည်းလည်းနှင့် အတူ ပင်။ ။ခုခုမတည်၊ စိတ်မကြည်ဘဲး၊ ခိုင်ကျည်မယို – ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်၊ ပျက်သည်-ဟူလို။

၁၂၀။ နွေညမှန်ခြောင်း၊ သတ်အုံချောင်းသား – ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ မှန်ခြောင်း-လည်း အမျက်ထွက်သည်-ဟူလို။ ။စကြဝဠာမြင်းမိုရ်၊ ဘန်ဘန်ပြိုလည်း၊ မှိုကမ္ဘာဘာ – ကား ခွဲးထား၊ ရှေ့မိုရ်သက်သက် နောက် မှိုဟထိုး၊ နောက်မှို-ကား ပေါ်ရာ၊ ရှည်ကြာစွာသော ကမ္ဘာကာလ-ဟူလို။

ကြွက်ဆိပ် တက်သို့ – နှိုက် ကြွက်ဆိပ်-သည် အနှစ် လေးဆယ်လောက်မှ ဥက္ကောင်းသို့ ရောက်ကြောင်းကို အနုသယယမိုက်ဋ္ဌိကာတို့နှိုက် ဆိုသည်။ ။ ဖျက်ဆီးဟုပ်စား – နှိုက် ဟုပ်စား-ဟူသည် ပေါရာဏ၊ လုယက်တိုက်ဖျက်သည်-ဟူလို။

၁၂၁။ ကြိုးသံလျှောင်သို့ – နှိုက် သံလျှောင်-ဟူသည် ပေါရာဏ၊ သံကြိုးရှည်-ဟူလို၊ ရစ်ပတ်သည်လည်း ဆိုကုန်၏။

၁၂၂။ ခပဲးပေါယယ် – နှိုက် ခပဲး-ဟူသည့် ပေါယယ်-ဟူသည် ပေါရာဏ၊ အမျှားချည်းသာတည်း။

၁၂၃။ ဖြူ နီ ကြောင်ကျား၊ အဆင်းမျှားနှင့်၊ ကြိုးကြားရှုပ်ရှက် – ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

၁၂၄။ ထိုမှတကြောင်း၊ ရေမိကျောင်းတို့၊ ညွှန်ပြောင်းစိစက် – ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။တူရိယာစောင်းငြင်း၊ တီးမှုတ်ခြင်းနှင့်၊ သံညင်းရင့်ရှူး–လည်း ခွဲးထား၊ ရှေ့ ငရစ် နောက် ည ပကတိ။ ။ကြည်ရွှင်ပျှိုး၍ – နှိုက် ပျှိုး-ဟူသည် ပျှိုဆိုသည်ပင်၊ အသံယိမ်း၍ ဝိသဇ္ဇနီနှင့် စပ်ဆိုရိုး ရှိကြကုန်၏၊ ၎င်းပျှို-ဟူသည် ပေါရာဏ၊ နှစ်သက်ဝမ်းသာသည်-ဟူလို။

၁၂၅။ ငှက်တော်တင်ကျီး၊ ဘုံးမတီးက၊ တုန်းကြီး လင်းတ—ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

၁၂၆။ ဘင်အစုကို—နှိုက် ဘင်-ဟူသည် ပေါရာဏ၊ မစင်အညစ်အကြေး-ဟူလို။ ။လှူလှူတပ်ပြွေ့ –နှိုက် လှူလှူ ဟူသည် ပေါရာဏ၊ ဝမ်းမြောက်ဝမ်းသာ-ဟူလို။ တပ်ပြွေ့-လည်း ပေါရာဏ၊ အလွန်နှစ်သက် စုံမက် ချစ်ခင်သည်-ဟူလို။ ။ နှစ်ထောင်းဝမ်းသာ–နှိုက် နှစ်ထောင်း-လည်း ပေါရာဏ၊ နှစ်သက်ဝမ်းသာသည်-ဟူလို။

၁၂၇။ ကေသာ လောမ၊မွေးဆံစသား၊ အူမ အူသိမ်—ကား ခွဲးထား၊ရှေ့ပါဋ္ဌိ နောက်မြန်မာ။

၁၂၈။ မငြိမ်မသက်၊ ညနေ့ရက်တိုင်း၊ ယောက်ယက်မြူးထူး–ကား ခွဲးထား၊ ရှေ့ရကြိး နောက် ယယ်။

၁၂၉။ ပုထုဇဉ်ငြမ်း၊ သဘောတမ်းဖြင့်၊ ညစ်ညမ်းယုတ်မာ—ကား ခွဲး ထား၊ ရှေ့ငရစ် နောက်ညပကတိ။ ငြမ်း-ဟူသည်လည်း ပေါရာဏ၊ မှီရာ ဓမ္မတာ ထုံးစံ-ဟူလို။ ။တလုံလဲးလဲး–လည်း ပေါရာဏ၊ အဘန်တလဲးလဲး ကြိမ်ဘန်မျှားစွာပင်-ဟူလို။ ။နိဂုံးမသတ်—နှိုက် နိဂုံး-ဟူသည် ပေါရာဏ၊ အပြီးအဆုံး-ဟူလို။

၁၃၁။ လောဘသဟာယ်—နိုက် သဟာယ်-ကား ပေါရာဏ၊ အဆွေ ခင်ပွန်း-ဟူလို။ ၎င်းသဟာယ်-ဟူသည် သဟာယပါဋ္ဌိပင်၊ ဗျဉ္ဇနန္တသံဖြင့် သဒ္ဒါ နုသာရီပါဌ်လျှောက်ခေါ်သည်ကိုပင် ရှေးသူဟောင်းတို့ ပေါရာဏဆိုသည်။

၁၃၂။ နတ်စစ်စေမှန်၊ နတ်တမန်တို့—ကား ခွဲ:ထား၊ ရှေ့ဟထိုး နောက် သက်သက်။

၁၃၃။ ပြေး၍ဆုန်းဆုန်း—နိုက် ဆုန်းဆုန်း-ကား ပေါရာဏ၊ စဉ့်ခွါ ရှောင်ရှားသည်-ဟူလို။ ။ဥမင်—ဟူသည်လည်း ပေါရာဏ၊ လိုဏ်ခေါင်း-ဆိုလို သည်၊ ဥမင်္ဂ-သဒ္ဒါမှ ဖြစ်သည်ပင်တည်း။

၁၃၄။ ဂုဏ်ဝါမြောက်မြား—နိုက် မြောက်မြား-ဟူသည် ပေါရာဏ၊ အလွန် ကြီးမား များပြား ကဲးလွန်သည်-ဟူလို။ ။မည်သူကားချင်း၊ မည်သူမင်းဟု၊ ရှောင်ခြင်းသဘော—ကား ခွဲ:ထား၊ ရှေ့ပင့် နောက်ရစ်။

၄ ရက်ရောကြမ်းကြော့၊ ကွင်းလည်ကျော့သို၊ မှတ်လော့မရွှေ—ကား ခွဲ:ထား၊ ရှေ့ရစ် နောက်ပင့်။ ကြမ်းကြော့-ဟူသည် ပေါရာဏ၊ ကြမ်းကြုတ် သည်-ဟူလို။

မှတ်လော့မရွှေ—နိုက် လော့-တွင် အမြစ်၊ တိုက်တွန်းခြင်း အာဏတ္တိအနက်၊ ဂဏှာဟိ၊ မှတ်လေလော့-စသည်တို့နိုက် လော့မျိုးကို အောက်မြစ်၊ သွားလေလော့ စားလေလော့ ဟူသကဲ့သို့တည်း၊ ကြွင်းသော သို့လော သို့လော-စသော တွေးတော ကြံစည် မေးမြန်းခြင်း အနက်တို့နိုက်ကား မမြစ်ရာ။ သတိထားကြ လေကုန်။

၁၃၅။ တင့်ရည်းစိတ်နေ—နိုက် တင့်ရည်း-ကား ပေါရာဏ၊ အတင့်ရဲးသည် မထိတ်မကြောက်-ဟူလို။ ။နတ်တမျှတို့—နိုက် တမျှ-ဟူသည် အညီအမျှ မကျူးမလွန်ကြ-ဟူလို။ ။တဏှာမိုက်မည်း၊ ပျော်လိုက်သည်း၍၊ လားမြည်း တိရစ္ဆာန်-ကား ခွဲ:ထား၊ ရှေ့မသက်သက် နောက်ရစ်။

၁၃၆။ ဤသို့လောင်းလျှာ၊ မြတ်ရာဇာလျှင်၊ နှုတ်လျှာမလှုပ်—ကား ခွဲ:ထား၊ ရှေ့ယပင့်သက်သက် နောက်ဟထိုးယပင့်။

အတ္တစိန္တာခဏ်း ၃၂-ပိုဒ် ပြီး၏ ။

---

၅-သံဝေဂါကာရခဏ်း

၁၃၇။ သွေ့သြိုးခွေပျောင်း၊ ဆံတချောင်းမျှ၊ ရှပ်ပြောင်းမှုခြား—ကား ခွဲ:ထား၊ ရှေ့ပင့် နောက်ရစ်။ ။ထိတ်လန့်ကြောက်ခြင်း၊ သည်းအူချင်းအောင်၊ ကိုယ်တွင်းနှလုံး—ကား ခွဲ:ထား၊ ရှေ့ရစ် နောက်ပင့်။

၁၃၈။ သိခြင်းတံတွာ–နှိုက် တံတွာ-လည်း ဓမ္မတာ-ပင်။

၁၃၉။ မမိမချင်း၊ငြိုးထားခြင်းဖြင့်–ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ လတ္တံ့တျားတျား–နှိုက် တျားတျား–ကား ပေါ်ရာဏ၊ နီးနီး ဆဲးဆဲး-ဟူလို။ ။ သောက်စားငံ့ရည်း–နှိုက် ငံ့ရည်း-ဟူသည်လည်း ပေါ်ရာဏ၊ မြော်ငံ့ရသည်ပင်-ဟူလို။ ။လက်တီးမက္ခာ–နှိုက် လက်တီး-လည်း ပေါ်ရာဏ၊မက္ခာကြပ်ကြပ်-ဟူလို။

၁၄၀။ မို့းနှယ်နှုန်းနှုန်း–နှိုက် နှုန်းနှုန်း-ကား ပေါ်ရာဏ၊ အတူတူ-ဟူလို။ ။ ခြုံထွေးဝတ်ယင်၊ ကိုယ်တော်ဆင်သား၊ ဒူရင်သိန်းတန်–ကား ခွဲးထား၊ ရှေ့ယင်ယ် နောက်ရကြီး။ ဒူရင်-လည်း ပေါ်ရာဏ၊ ချပ်တန်းဆာ အင်းကျီတော်ပင်တည်း။

မိုးထိလောင်ဘွယ် ထိန်ညီးတည်း–နန်းထက် စိတ်တော် စံငြိုးတည်း–နှိုက် ရှေ့ညပကတိ၊ နောက်ငရစ်။ ဤသို့ လက်ာမော်ကွန်း ရတုအချ ဟူသရွေ့ ပိုဒ်စုံ ကိုယ်တွင်းပြည့်ဖြစ်စေ အဆုံးရှေ့တလုံးဖြစ်စေ ကာရန်အသတ်တူ ချမြဲး ချည်း၊ သတိပြုကြကုန်၊ ထိုကာရန်တူချရာနှိုက် အသံတူ ခွဲးထားလည်း ချကုန် မြဲးတည်း။

သံဝေဂါကာရဏ်း၄-ပိုဒ် ပြီး၏။

ဤအခဏ်းငယ် ၅-ခဏ်းတို့ဖြင့် ပိုင်းခြားအပ်သော ၄၇-ပိုဒ်ယှိသော ဒုတိယပိုင်း လီနတ္ထဒိပနီ ပြီး၏။

---

## ၃-တတိယပိုင်း လနတ္ထဒိပနီ

### ၁-ဆုတော်ပေးခဏ်း

၁၅၄။ စုံလင် ဖိုလ်ဟိတ်၊ လွန်ခက်ကျိတ်လည်း၊ ဝါကြိတ်သော့သွင်–ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။သွင်း၍ဆန်းကြယ်၊ လက်ာသွယ်ပိမ့်၊ အကျယ် သီစေ သိမ်းကျုံးတည်း–ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

၁၅၅။ ကမ္ဘာကြေသို့၊ မကျေစိတ်တွင်-ကား ခွဲးထား၊ရှေ့ရစ် နောက်ပင့်။ ။ ဘုန်းဟော့မဟာ–နှိုက် ဟော့-လည်း ပေါ်ရာဏ၊ ဟိပင်၊ ယှိ-ဆိုလိုသည်။ ။နက်ဖြန် နက်ဖြန်၊ စိတ်စပ်ဖန်အောင်၊ ဘန်ဘန်ရက်ချိန်း–ကား ခွဲးထား၊ ရှေ့ဖဥထုပ်ရစ် အလယ်သက်သက် နောက် ဘကုန်း၊ သတိပြု၍ခွဲးကြကုန်။

ပျော်ရှင်ဘိန်း၍၊ ဖိန်းနွဲ့ဖိန်းခါ–လည်း ခွဲးထား၊ ရှေ့ဘကုန်း နောက် ဖဥထုပ်။ ။ရှေးလောင်းရှေးလျာ၊ သူမြတ်စွာတို့၊ ရာဇာမင်းဖြစ်၊ စည်းစိမ်ညစ်ကို၊ မနှစ်သက်အပ်၊ မတပ်ကောင်းစွာ၊ ကျိန်သစ္စာနှင့်၊ ကျိန်စာယွက်မှု၊ ပန္နက်ပြုရှင့်–ဟူသည်ကား ပကိဏ္ဏကနိပါတ် ဘိသဇာတ်ကို ရည်သည်။

ငယ်နုစွာငြား၊ တလသားက၊ တရားသိမြောက်၊ မင်းဖြစ်ကြောက်၍၊ ဆွံ့ခြောက်နှစ်လုံး၊ သစ်တုံးတမျှ၊ မဆွံ့အလည်း၊ ဆွံ့အပင်းယောင်၊ အဟန် ဆောင်မှ–ဟူသည်ကား တေမိဇာတ်ကို ရည်သည်။ နောက်စကားရပ်စုကား အလို ၁၆-ခန်းစမ်းပုံ သရုပ်ကို အကျဉ်းပြဆိုသည်။

မာဃာပျောင်းပျ၊ သောဌသဟု၊ ပေါင်းပြတွက်ဘွဲ့–ကား ခွဲ့ထား၊ ရှေ့ပင့် နောက်ရစ်။

၁၅၆။ ထိုမှတပါး၊ သူမြတ်များတို့၊ တရားမေ့၍၊ တမွေ့တလျော်၊ ငယ်က ပျော်လည်း၊ သူတော်အပြင်၊ ရဟန်းသွင်ကို၊ မြင်လျှင်မြင်ခြင်း၊ ထိးနန်းနှင်း လျက်၊ အပြင်းစွန့်ပြီး၊ တောသို့မှီး၏–ကား ဝိသတိနိပါတ် ဟတ္ထိပါလ ဇာတ်ကို ရည်သည်။

အသီးယှိမ့်၊ ကျိုးပဲ့စိမ်းရှင်၊ သရက်ပင်ကို၊ မြင်သည့်ခဏ၊ သံဝေရ၍၊ နန်းကခွါဝေး၊ကြာမနေးလျှင်၊ ပြေးသည်တောသို့–ကား မဟာဇနကမင်းကြီး၊ သတ္တနိပါတ် ကုမ္ဘကာရဇာတ်နိုက် ဒန္တပုရပြည့်ရှင် ကရဏ္ဍက မင်းကြီးတို့ကို ရည်သည်။

ထိုမြို့အခြား၊ ဥယျာဉ်သွားတွင်၊ မြက်ဖျားနှင်းစက်၊ နေရောင်ပြက်၍၊ ပျောက်ပျက်ခြင်းရာ၊ မြင်စကာဖြင့်၊ လျှင်စွာမရှည်–ကား ကောဒသနိပါတ် ယုဓဥ္စယဇာတ်ကို ရည်သည်။ ၎င်းနိုက် နေရောင်ပြက်၍၊ ပျောက်ပျက်ခြင်းရာ–ကား ခွဲ့ထား၊ ရှေ့ရစ် နောက်ပင့်။

ငွေရည်မြသား၊ လရထားကို၊ ဘမ်းငြားရာဟု၊ မြင်သည့်မှုကြောင့်၊ စွန့်ပြုပြည်ရွာ၊ ခွါခဲ့တကြောင်း–ကား သတ္တနိပါတ် ဂန္ဓာရဇာတ်ကို ရည်သည်။

ဆံတချောင်းမျှ၊ ဥက္ကောင်းထက်တွင်၊ ဖြူသည်မြင်၍၊ ဆောလျှင်မကြာ၊ မင်းချမ်းသာကို၊ ပယ်ခွါစွန့်ကင်း–ကား သတ္တနိပါတ် သုသိမဇာတ်၊ စတ္တာ လီသနိပါတ်· စူဠသုတသောမဇာတ်တို့ကို ရည်သည်။

နွားလားဇော့ပြု–ဟူသည်ကား သတ္တနိပါတ် ကုမ္ဘကာရဇာတ်နိုက် နွားမ တကောင်ကိုလိုက်သော နွားတကောင်ကို နွားလားဇော့၍ သေသည်ကိုမြင်၍ တောထွက်သော ဥတ္တရပဉ္စာလတိုင်း ကပိလမြို့ ဒုမုခမင်းကို ရည်သည်။

သားတစ်လု–ဟူသည်ကား နန်းရင်ပြင် ကောင်းကင်နိုက် သားတစ်တခုကို သိန်း စွန် လင်းတ စသည်တို့ ထိုးဆွပ်လုယက်ကြသည်ကိုမြင်၍ တောထွက် သော မိထိလာပြည် နိမိမင်းကြီးကို ရည်သည်။

လက်ကောက်သံကို–ဟူသည်ကား အနီးနှိုက် နံ့သာသွေးသော မိန်းမ၏ ပတ္တမြားလက်ကောက်သံကို ကြား၍ တောထွက်သော တက္ကသိုလ်ပြည် နဂ္ဂဇိ မင်းကြီးကို ရည်သည်။

၁၅၇။ မြေညီးလင်းမျ–နှိုက် မြေညီးလင်း-ကား ပေါရာဏ၊ မြေတိမ်း စောင်း-ဟူလို။

၁၅၈။ သာလကာဖြင့်–လည်း ပေါရာဏ၊ မပင်မပန်း-ဟူလို။ ။ချည်ပေါ် ရေပြွပ်–နှိုက် ချည်ပေါ် ရေ-ဟူသည် ပေါရာဏ၊ ချည်ရည်ပူ-ဟူလို။ ပြွပ်- ဟူသည် ဖွပ်လျှော်သည်-ဟူလို။

ဉာဏ်တော်ရွှေလက် ဆန့်ကြုံးတည်း–နှိုက် ကြုံး-ဟူသည် ပေါရာဏ၊ ကြုံးဝါး ကြိမ်းပသည်-ဟူလို။ ။အကျယ်သိစေ သိမ်းကျုံးတည်း–ဉာဏ်တော်ရွှေလက် ဆန့်ကြုံးတည်း–ဟူသည်ကား ခွဲးထားချ၊ ရွှေပင့် နောက်ရစ်။

၁၅၉။ ကြန့်ထိုင်းမဆုတ်–နှိုက် ကြန့်-ဟူသည်, ထိုင်း-ဟူသည် ပေါရာဏ ချည်း၊ ဆုတ် နစ် ပျင်းရိ ထိုင်းမှိုင်းသည်-ဟူလို။ ဤနှိုက်ကား ပျင်းရိ ထိုင်းမှိုင်း ဆုတ်နစ်ခြင်းမရှိ-ဆိုလိုသည်။ ။ပိုင်းခြားဆုံးဖြတ် စက်ရဉ်တည်း–နှိုက် ရဉ်- ဟူသည် ပေါရာဏ၊ ဖြတ်သည်-ဟူလို၊ စက်ဖြတ်သကဲ့သို့ ဆိုလိုသည်။

၁၆၀။ သက်ကိုနုတ်သည့်၊ သောဏုတ်အတူ–ကား ခွဲးထား၊ ရွှေမြန်မာ နငယ် နောက်ပါဋ္ဌ ဏကြီး။

၁၆၁။ သခ်ပုဏ္ဏား–ဟူသည် သခ်ဇာတ်ကို ရည်သည်၊ မင်းသားဇနက်– ဟူသည် စူဠဇနကဇာတ် မဟာဇနကဇာတ်တို့ကို ရည်သည်။

တထူးထိုပြင်၊ ရှဉ့်ငယ်စင်လျက်၊ နစ်ကျင်သားငယ်၊ ရေပင်လယ်ကို၊ ကျယ်၏မမှတ်၊ မြီးဖျားဆွတ်၍၊ မချွတ်ခုသည်၊ ခန်းစိမ့်မည်ဟု၊ စိတ်ရည် အဲးခိုး၊ ကြံအားကြိုး၏–ဟူသည်ကား ကလန္ဒကဇာတ်ကို ရည်သည်၊ ၎င်းဇာတ် သည် ငါးရာ့ငါးဆယ် ပါဠိဇာတ်တို့နှိုက် မလာ၊ သုတ်ပါထေယျ လက္ခဏသုတ် အဋ္ဌကထာနှိုက်သာ လာသတည်း။ ၎င်းနှိုက် အဲးခိုး–ကား ပေါရာဏ၊ အားထုတ် သည်-ဟူလို။

ဒီလှိုင်းဖျားရေ တက်ယဉ်တည်း–နှိုက် ဒီ-ဟူသည်, ဖျားဟူသည် ပေါရာဏ၊ ဒီရေအယဉ်ချည်းပင်။ ။ပိုင်းခြားဆုံးဖြတ် စက်ရဉ်တည်း—ဒီလှိုင်းဖျားရေ တက်ယဉ်တည်း— ခွဲးထားချ၊ ရွှေရကြီး နောက်ယငယ်။

၁၆၂။ မျှားစွာခွန်နက်၊ တသိန်းထွက်သား၊ သိပ်နှက်အိမ်ခြေ–ကား ခွဲးထား၊ ရွှေနသက်သက် နောက်ဟထိုး။

ဆုတော်ပေးခဏ်း ၉-ပိုဒ် ပြီး၏ ။

## ၂-ပုတ္တာရောစနခဏ်း

၁၆၄။ တောင်စက်ဝန်းလျက်–နှိုက် ဝန်း-ဟူသည် ပေါရာဏ၊ ဝိုင်းသည် ရှိသည် ပတ်ပတ်လည်သည်-ဟူလို။ ။သိကြားနေပြည်၊ တာဝတည်ဟု–နှိုက် တာဝတည်-ဟူသည် ပေါရာဏ၊ တာဝတိံ ကိုပင် အသံအသတ်ထူး၍ စပ်ဆို ခေါ်ဝေါ်ကြသည်၊ ဟံသာဝတီကို ဟံသာဝတည် ဟူ၍၎င်း ကေသရာကို ကြည်သရာဟူ၍၎င်း ခေါ်ဝေါ်ကြသကဲ့သို့တည်း။

ရွှေလှော်ကျိုင်းထွား–နှိုက် ကျိုင်း-ဟူသည် ပေါရာဏ၊ ဖွံ့ဖြိုးကြီးထွားသည်-ဟူလို။ ။တရက်တရက်၊ ရွှေရွှေပျက်လျက်၊ နေပြက်ကြာ့နှယ်–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်၊ နေရောင်ပြက်သည်-ဟူလို။

၁၆၅။ အာဏာလက်ရှိုး၊ငါနှင့်ကြုံးက၊ ကျုံး၍ မီးဝယ်–ကား ခွဲးထား၊ ရွှေရစ် နောက်ပင့်။

၁၆၆။ ပတ်လျတန်စို–နှိုက် ပတ်လျ-ဟူသည်, တန်စို-ဟူသည် ပေါရာဏ၊ လုလင်ပျိုချည်းပင်။

၁၆၇။ တအော်လဲးလဲး–ကား အဘန်တလဲးလဲး-ဟူလို။ ။အမြဲးဖက်ထစ်– နှိုက် ဖက်ထစ်-လည်း ပေါရာဏ၊ အမြဲးပင်။ ။ဇာတိမြစ်ခြေ၊ မကင်းချေတိုင်း– ကား ခွဲးထား၊ ရွှေရစ် နောက်ပင့်။ နောက် ချေ-မျိုးကား အနက်မရှိ ပုဒ်ပြည့် ပဒပူရဏ ဝစနာလင်္ကာရ စကားတန်းဆာမျှသာတည်း။

တံလှပ်သဖွယ်–နှိုက် တံလှပ်-ဟူသည် နေရောင်ကို လေခတ်သော အရောင် တည်း၊ ထိုအရောင်ကား နေပူပြင်းသောအခါ သဲပြင် လွင်တီးခေါင်များနှိုက် ပန်းသင့်သောအခိုက် ဂယက်ရေလှိုင်းကဲ့သို့ အဟုတ်အဟတ် ထင်သတည်း။

၁၆၈။ ပညာနက်ကီ–နှိုက် နက်ကီ-ကား ပေါရာဏ၊ အစုအခဲးပြည့်လျှမ်း သည်-ဟူလို။ ။ပဏ္ဍိတ်ကဝေ–နှိုက် ကဝေ-ဟူသည် ကဝိ-ဟုဆိုလိုသည်။ ကဝိ-နှိုက် ဝိကို ဝေပြု၍ ခေါ်ဝေါ် စပ်ဆိုကြသည်၊ မုနိကို မုနေ, ပကတိကို ပြကတေ, သိဟပတိကို သိဟပတေစသည် ခေါ်ဆိုသကဲ့သို့တည်း။

ထိန်ပြောင်ညီးပြိုက်–နှိုက် ပြိုက်-ဟူသည် ပေါရာဏ၊ ပူလောင်သည်-ဟူလို။ ။ မညာမချစ်၊ ပစ်ကြီးပစ်လျက်၊ အပြစ်မြင်မြင်–ကား ခွဲးထား၊ ရွှေပသက်သက် နောက်ရစ်။ ။နှင်းရည်ဆွတ်ချိုး၊ ပူမစိုးအောင်၊ ခြိုးခြိုးခြံခြံ-လည်း ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ခြိုးခြံ-ဟူသည် ပေါရာဏ၊ ခေါင်းပါးသောအကျင့်-ဟူလို။

ခြိုးခြိုးခြံခြံ၊ ကိုယ်ရှောင်စံ၍၊ ဗြဟ္မစရိယ–နှိုက် ခြံ, စံ, ဗြ-ဟု ကာရန် ၃-ချက် ညီအောင်ရွတ်ဘတ်၊ ဗြဟ္မ ဓမ္မတို့နှိုက် ဗြ ထက်, ဓ ထက်, နိဂ္ဂဟိတ်မသံယုက်

ဂရုသံကင်း၍ ရွတ်သူကား များစွာ၏၊ သတိရှိလှစေ။ "ရိုညွတ်ကျိုးနွံ၊ ဆုံးမခံလျက်၊ အပြဟ္မာမာ"ဟူသော ပါရမီခဏ်းလည်း ဤအတူပင်တည်း။

အပျော်မကြိုက်၊ တရားမြိုက်ကို၊ မျိုကျိုက်ဝမ်းထဲး–ကား ခွဲးထား၊ ရှေ့ရစ်နောက်ပင်။ မျိုကျိုက်–နှိုက် ကျိုက်-ကား ပေါရာဏ၊ မျိုသည်-ဟူလို။

သတိဆုန်း၍–နှိုက် ဆုန်း-လည်း ပေါရာဏ၊ ဖြတ်သည်-ဟူလို။ "သီတင်းကျင့်နှုန်း၊ သတိဆုန်းသည်၊ တောပုန်းတောင်ခြေရဟန်းတည်း"ဟူသော ဗာဝရီမော်ကွန်းနှိုက် ဤအတူပင်။ ယခုကာလ နောက်သားတကာ စာပြင်ဆရာတို့သည် ရှေးဆရာကြီးများ ဉာဏ်အရာ ဝေါဟာရ အမျိုးမျိုးတို့နှိုက် မနှံ့စပ်ကြသဖြင့် စာကို ထင်မိထင်ရာပြင်၍ စက်ပုံရိုက်သည်များကို များစွာတွေ့မြင်ရ၏။

ပုတ္တာရောစနခဏ်း ၅-ပိုဒ် ပြီး၏။

---

## ၃–ပုဒ္ဓတ္တာဝါဒခဏ်း

၁၇၀။ နှစ်ယောက်မဆွယ်၊ ရွှေမျှားလယ်တွင်၊ နတ်နှယ်တရှိ၊ မိဘုန်းယို၏–ကား ခွဲးထား။ ရွှေသမုပေက္ခာအနက်ဖြစ်သော ရှိ-နှိုက် ရကြီးဟထိုးနောက်အတ္တိယို–နှိုက်ကား ယဟထိုး၊ ရွှေ တရှိ-ကား ပေါရာဏ၊ မကျူးမလွန်-ဟူလိုသည်။ ထို့ကြောင့် သမုပေက္ခာဟူသည်လည်း ဥပမာမျိုးပင်၊ အညီတမျှအတူပြုသည်ကို သမုပေက္ခာ, ဂုဏ်တစိတ်မျှဖြင့် အတူပြုသည်ကို ဥပမာဟူ၏။

၁၇၁။ သမာခိုင်ကျည်၊ရန်မျိုးနှည်သား၊ကြည်သရာယောင်–ကား ခွဲးထား၊ ရှေ့ပင် နောက်ရစ်။ ကြည်သရာ-ကား ပေါရာဏ၊ ကေသရာ-ဟူလို။ ယောင်-လည်း ပေါရာဏ၊ အတူတူ-ဟူလို။ ။ကြည်သရာယောင်၊ လက်ရုံးထောင်က၊ ဘုန်းရောင်တုမဲ့–ကား ခွဲးထား၊ ရွှေယယ် နောက်ရကြီး။ ။မြေကြီးနှဲ့မျှ၊ တုန်ချွဲတေဇော်–နှိုက် ချွဲ-ဟူသည် ပေါရာဏ၊ တုန်သည်ပင်-ဟူလို၊ တုန်ချည့်ချည့်ဟူ၍ ယခုဆိုကြ၏၊ "ညသတ်နောက်ပစ် သမံ မတာ"ဟူသည်နှင့်အညီ ညသတ်ကို နောက်ပစ် ရေးသားခေါ် ဝေါ် စပ်ဆိုကြကုန်သတည်း။ ။မင်းခမ်းယင်သည်–နှိုက် ယင်-လည်း ပေါရာဏ၊ တန်းဆာဆင်ယင်သည်-ဟူလို၊ ယယ်။ ရကြီး ရင်-ကား စီရင်သည်-ဟူလို။

၁၇၂။ မင်းစိုးပီပီ၊ ငါလျှင်ပြီဟု၊ အညီကျင့်တတ်–ကား ခွဲးထား။ ရွှေပသက်သက် နောက်ရစ်။ ။တန်းခိုးမသုန်း–နှိုက် သုန်း-ကား ပေါရာဏ၊ အဖျင်းအသိမ်-ဟူလို။ ဤနှိုက် မဖျင်းသိမ်-ဟူလိုသည်၊ သုည-သဒ္ဒါပင်တည်း။ ။နတ်တန္နန်း–လည်း အညီအမျှ နှိုင်းအပ်သည်-ဟူလို။

၁၇၃။ မာတာပိတာ၊ မိဘတို့အား၊ တရားယွင်းချွတ်၊ ဇာတသတ်နှင့်—ကား အဇာတသတ်မင်းပင်။ ။ဗြဟ္မဒတ်မင်း——ကား အဇာတသတ်အလောင်း သင္ခိနိပါတ် သံကိစ္စဇာတ်နှိုက် ဗြဟ္မဒတ်မင်းကို ရည်သည်။

သည်ရင်းသက်ထား၊ သားမယားနှိုက်၊ အမှားကျင့်မိ၊ ဒိဋ္ဌိဆရာ၊ ခဏ္ဍဟာလ၊ ဗြာဟ္မဏကြောင့်၊ ပုပ္ဖဝတီ၊ ပြည်ပူရီတွင်၊ သိင်္ဂီနန်းရှင်၊ ဘုရင်ကေရာဇ်၊ ဘဝနစ်ရှင့်—ဟူသည်ကား ခဏ္ဍဟာလဇာတ်ကို ရည်သည်။ ၎င်းဇာတ်မဟာနိပါတ်ဆယ်စောင်ဇာတ်တွင် စန္ဒကုမာရဇာတ်ဟု ဆိုကြကုန်သည်။ သည်ရင်းသက်ထား—နှိုက် သည်ရင်း—ဟူသည် ပေါရာဏ၊ မယား-ဟူလို။ သက်ထား-ဟူသည်လည်း သားသမီး မယားတို့ကို ဆိုသည်။

ဆွေစစ်သားချင်း၊ တရားကင်း၍၊ မင်းအရိဋ္ဌ၊ ကျသည်ရွှေနန်း—ကား မဟာဇနကဇာတ်ကို ရည်သည်။

တခန်းထို့ပြင်၊ စီးဆင်ရတနာ၊ မင်္ဂလာတိ၊ သာခွါဘော်လျှံ၊ ကောင်းကင်ပျံကို၊ ကမ်းယံခြောက်တွင်း၊ ဆင်းစေမိ၍၊ ပြည်ကြီးပတ်ကုံး၊ တိုင်းလုံးမကျန်၊ ညှိုးပူပန်၍—ဟူသည်ကား ကေနိပါတ် ဒုမ္မေဓဇာတ်ကို ရည်သည်။ ။ တိရစ္ဆာန်များ၊ တောလားရေလား၊ သားငါးကစ၊ ရဋ္ဌဇနပိုဒ်၊ နိုင်ငံတိုက်ကို၊ အလိုက်မသင့်၊ မီးနှယ်ကျင့်၍၊ ဆဲးခွင့်ယှိမှု၊ မင်းတွင်စုသား၊ တိဏ္ဍုကဇာတ်၊ ရှေးနိပါတ်နှိုက်၊ ဗြဟ္မဒတ်ရာဇာ—ဟူသည်ကား တိံသ နိပါတ် ပဏ္ဍုတိဏ္ဍုကဇာတ်ပင်။

မဟာပေါရိသာဒ်—ဟူသည်ကား အသီတိနိပါတ် မဟာသုတသောမဇာတ်နှိုက် ဗြဟ္မဒတ်မင်းကို ရည်သည်။

သူမြတ်တို့ကို၊ မကြည်ညို၍၊ မျက်ငြိုရှုအိုက်၊ ခွေးတိုက်လေးပစ်၊ ထိုမင်းညစ်တို့၊ အော်ဟစ်မစဲး၊ အောက်မြေထဲးနှိုက်၊ ငရဲးသစ်ငုတ်၊ မပြုတ်နိုင်အောင်၊ ပူလောင်ထန်ပြင်း—နှိုက် ခွေးတိုက်—ဟူသည်ကား စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်နှိုက် ရသေ့ငါးရာတို့ကို ခွေးကိုက်စေ၍ ခွေးစားငရဲးနှိုက် ခံရသော နာဠိကေရမင်းကို ရည်သည်။

လေးပစ်-ဟူသည်ကား ၎င်းဇာတ်နှိုက် အင်္ဂီရသ ဂေါတမရသေ့ကို လေးနှင့်ပစ်၍ မြေကွဲး၍မျိုသဖြင့် တံကျင်ငရဲးနှိုက် အမြဲး မကွာ တန်းလန်းခံနေရသော သဟဿဗာဟု အဇ္ဇုနမင်းကို ရည်သည်။

ကုရုမင်းလည်း၊ ဂိုဏ်းသင်းနှစ်ပါး၊ ရသေ့များကို၊ တရားတိုက်ကာ၊ ပဏ္ဍာယူစား၊ အကျင့်မှား၍၊ တိုင်းကားရေနစ်၊ ပင်လယ်ဖြစ်၍-ဟူသည်ကား ဒုကနိပါတ် ကုရုဇာတ်ကို ရည်သည်။

မဇ္ဈရင္ဒ၊ မာတင်္ဂကြောင့်၊ တကွပြည်လုံး၊ ဆုံးခဲ့ကုန်ချီ— ဟူသည်ကား ဝီသတိနိပါတ် မာတင်္ဂဇာတ်နိုက် မာတင်္ဂရသေ့ကို သတ်၍ လက်နက်မိုး ရွာသဖြင့် မင်းနှင့်တကွ တတိုင်းပြည်လုံး ပျက်သည်ကို ရည်သည်။

ဒဏ္ဍကီလည်း၊ မညီမမွ၊ သျှင်ကိသကို၊ စိတ်ကပြစ်မှား၊ မခန့်ညားဘဲ၊ ပြုဗြဲ့းမိတွက်၊ တိုင်းလုံး ပျက်ခဲ့ – ဟူသည်ကား ၎င်းသရဘင်္ဂဇာတ်နိုက် ကိသဝစ္ဆရသေ့ကို ပြစ်မှား၍ သဲမိုး ညွန်မိုးရွာ၍ တတိုင်းလုံးနှင့်တကွ ပျက်စီး ရသော ဒဏ္ဍကီမင်းကို ရည်သည်။စိတ်ကပြစ်မှား၊ မခန့်ညားဘဲ၊ ပြုဗြဲ့းမိတွက်– ကား ခွဲးထား၊ ရှေ့ညပကတိ နောက်ရေစ်။

၁၇၄။ မိဘတို့မှာ၊ ကျင့်ကောင်းရာကို၊ ကောင်းစွာမမှား၊ ကျင့်သော့ အားဖြင့်၊ ပုဏ္ဏားရာမ၊ ဗြာဟ္မဏလျှင်၊ ကုမ္ဘာဝတီ၊ ဒဏ္ဍကီ၏၊ ပူရီပြည်လုံး၊ လက်နက်ဖုံးလည်း၊ မဆုံးမပျက်၊ ခြားခဲ့ကွက်၏— ဟူသည်ကား ယခင်သရဘင်္ဂ ဇာတ်နိုက် ဒဏ္ဍကီမင်း၏ နိုင်ငံ ကုမ္ဘာဝတီ တပြည်လုံးကို သဲမိုး ညွန်မိုး ရွာသော အခါ အမိအဘကို လုပ်ကျွေးတတ်သော ရာမပုဏ္ဏား လှည်းငါးရာနှင့် ကြွင်းကျန် လွတ်လပ်သည်ကို ရည်သည်။

တချက်ထိုမှ၊ အလိနသတ္တု၊ ငယ်နုရွယ်ဦး၊ မင်းယဉ်ကြူးလည်း၊ ဘီလူးမ စား—ဟူသည်ကား တိံသနိပါတ် ဇယဒိသဇာတ်ကို ရည်သည်။

ဘစကားကို၊ ထောင်နားမခွ၊ နာတတ်လှ၍၊ ရာမလောင်းတော်၊ ခြောက်သောင်းကျော်အောင်၊ နန်းပေါ်စံစား၊ သက်ရှည်လျား၏—ဟူသည် ကား ကောဒသနိပါတ် ဒသရထဇာတ်နိုက် ဘုရားလောင်း ရာမ ပဏ္ဍိတမင်းကို ရည်သည်။

သားကြောင့်မုချ၊ မင်းဇယလျှင်၊ ဇီဝသက်ရှင်— ဟူသည်ကား ၎င်းဇယ ဒိသဇာတ်နိုက် သားကြောင့် ဘီလူးစာ့လွတ်သော ဇယဒိသမင်းကို ဆိုသည်၊ ဒုကနိပါတ် ဘဂ္ဂဝဇာတ်နိုက်လည်း သား ဘုရားလောင်းကြောင့် အဘပုဏ္ဏား ဘီလူးစားလွတ်ခြင်းလည်းယှိ၏ ။

ညာတင်ဒေဝီ၊ မဟောသီနိုက်၊ မဒ္ဒီနတ်တူ၊ လှသမ္ဗူတို့၊ မြိုင်ငူတောရပ်၊ အတူ ကပ်၍—စသည်တို့ အလွန်ထင်ရှားပြီ။

တိကနိပါတ် ကဏ္ဍဂ္ဂဇာတ်, ပဥ္စကနိပါတ် သုဝဏ္ဏမိဂဇာတ် ပကိဏ္ဏကနိပါတ် စန္ဒကိန္နရီဇာတ်တို့ကိုလည်း သိရာ၏။

ဆင်ခိုင်မြင်းကောင်း၊ သူရဲကောင်းမူ၊ အလောင်းကော်မြတ်၊ ဂေါဇာတ်၊ ဇာနည်—ဟူသည်ကား ဧကနိပါတ် ဂေါဇာနီယဇာတ် အာဇညဇာတ်, တိက နိပါတ် ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ်တို့ကို ရည်သည်။

မုန်ရည်သောက်စီး၊ ပေါက်ကြီးငွေရောင်— ဟူသည်ကား ဒုကနိပါတ်နိုက် သင်္ဂါမာဝစရဇာတ် ၎င်းဒုကနိပါတ် အလီနစိတ္တဇာတ်နိုက် ဆင်ဖြူရဲတနာတို့ကို ရည်သည်။

၁၇၇။ ငါးဆယ်သီလ၊ နိယမနှင့်—နိုက် ငါးပါးသီလ ဆယ်ပါးသီလ-ဟူလို။ ထိုတွင် ငါးပါးသီလ နိုက် ကာမေသုမိစ္ဆာစာရကို ချ၍ အဗြဟ္မစရိယကိုသွင်း၍ ဗြဟ္မစရိယ ပဥ္စမသီလကို ရံခါ ဆယ်ပါးသော သီလကိုနေ့ရက်ကာလပိုင်းခြား၍ နိယမအားဖြင့် ကျင့်ကုန်သတည်း။

အိမ်ထွတ်တပြေး၊ ရှောက်ခွံနွေးနှင့်၊ မင်းရေးလိမ္မာ၊ ညွန်နိုက်ကြာသို့၊ ပမာမချွတ်၊ မလွတ်သဖြင့်၊ သားမောင်ကျင့်မှ— ဟူသည်ကား သတ္တနိပါတ် ကုက္ကုဇာတ်နိုက် အမတ်ကြီးဆုံးမနည်းကို ရည်သည်။ ။မလွတ်သဖြင့်၊ သား မောင်ကျင့်မှ၊ တဖျင့်တပါး—ကား ခွဲးထား၊ ရွှေရစ် နောက်ပင့်။

၁၇၈။ မြို့ရွာကံကျွေး၊ ရွှေငွေကြေးက၊ ကျွန်ကျေးလက်ဖွဲ့—ကား ခွဲးထား၊ ရွှေရစ် နောက်ပင့်။ ။ကျွန်ကျေးလက်ဖွဲ့၊ တိုးထပ်ချွဲလျက်၊ ရွှေဘွဲ့စလွယ်— လည်း ခွဲးထား၊ ရွှေဖဥထုပ် နောက်ဘကုန်း။ ။ယံကြီးနိမ့်မြင့်၊ မြှောက်ခြီး မြင့်၍၊ အကျင့်မချွတ်—လည်း ခွဲးထား၊ ရွှေအရစ် သက်သက် နောက်ဟထိုး အရစ်။

၁၇၉။ အမှုထိုက်လျှောက်၊ မှန်တိုင်းလျှောက်၍—ကား ခွဲးထား၊ ရွှေအပင့် သက်သက် နောက်ဟထိုးပါ။ ။ရွှေးကောက်မှူခင်း၊ စီရင်ခြင်းဖြင့်၊ ချင်းတို့ ကြမ္မာ—ကား ခွဲးထား၊ ရွှေရစ် နောက်ပင့်။ ။ဝင်လေသမျှ၊ နေတ ကျဖြင့်၊ ကျီကြတိုက်တွင်း-ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ။မျက်နှာရှင်ပျ၊ ထင်ထင်ပြလျက်—ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။

၁၈၀။ တင့်တယ်ရောင်ညီး၊ ရှုမငြီးသား၊ သမီးကညာ—ကား ခွဲးထား၊ ရွှေညပကတိ နောက်ရစ်။ ။သမီးကညာ၊ ရတနာကား၊ ကြော်ငြာသတင်း— လည်း ခွဲးထား၊ ရွှေညပကတိ နောက်ရစ်။ ။ကြော်ငြာသတင်း၊ တပြည်ချင်း အောင်၊ ကျော်ခြင်းထွန်းစည်—လည်း ခွဲးထား၊ ရွှေပင့် နောက်ရစ်။

၁၈၂။ ရှုဘွယ်ကြပ်ကြပ်၊ လူသုံးရပ်အည့်၊ ကျဉ်းကျပ်ဆောင်ရွက် ကား—ခွဲးထား၊ ရွှေရစ်နောက်ပင့်၊ ဒုကနိပါတ် ဂုဏဇာတ်နိုက် မြေခွေးနှင့် ခြင်သေ့မင်းကဲ့သို့တည်း။

ရောင်းရင်းဘက်နှင့်—နိုက် ရောင်းရင်းဘက်-ဟူသည် ပေါရာဏ၊ ငယ်ပေါင်း ငယ်ဘော် ကစားဘော် ကစားဘက်-ဟူလို၊ ဥမင်္ဂဇာတ်နိုက် မနေသိကမ္မအမတ် နှင့် စူဠနီဗြဟ္မဒတ်မင်းကဲ့သို့တည်း။

ရိုးရင်းခယမ်း – နိုက် ရိုးရင်း-ဟူသည်လည်း ပေါ်ရာ၏၊ ကြီးတော်ကြီးဘက်-ဟူလို။ ။တစစခြင်း၊ ကြီးစေလျှင်းသို့၊ အချင်းသတ္တိ – ကား ခွဲထား၊ ရွှေ့ရစ် နောက်ပင်။ အချင်းသတ္တိ – နိုက် အချင်း-ဟူသည် ပေါ်ရာ၏၊ အရည်အချင်း အစွမ်းသတ္တိ - ဟူလို။ ။လက်ရုံးကွန့်လျက် – နိုက် ကွန့်-လည်း ပေါ်ရာ၏၊ မြူးသည် ကြွားသည်-ဟူလို။

၁၇၃။ မှုထမ်းရာထမ်း – နိုက် မှုထမ်း-ဟူသည် လက်ရုံးရည်ရှိသည့် သူတည်း၊ ရာထမ်း-ဟူသည် နှလုံးရည်ရှိသောသူတည်း။

၁၇၄။ အဟောင်းပစ်၍၊ အသစ်ကိုသာ၊ မမြောက်ရာဘူး၊ မြှောက်ပါချေမိ၊ ယုမိဋ္ဌိလ၊ ပြည်ကွန္တနိုက်၊ ကောရဗ္ဗမင်း၊ အကျိုးယွင်းခဲ့ – ဟူသည်ကား သတ္တနိပါတ် ဓူမကာရီဇာတ်ကို ရည်သည်။

၁၇၆။ စီမံခန့်ထား၊ မတ်ယောကျ်ားကား၊ မြင်ကြားယှဉ်ခြင်း – ကား ခွဲထား။

ကောက်ယူရွေးချယ်၊ ဗောင်းစလွယ်နှင့်၊ စီခြယ်ထီးခား – လည်း ခွဲထား၊ ရွှေပင့် နောက်ရစ်။

၁၇၇။ ဆင်ရှိကြီးကျယ်၊ ကံသုံးသွယ်လည်း၊ စင်ကြယ်ကျင့်ကောင်း – လည်း ခွဲထား၊ ရွှေပင့် နောက်ရစ်။

၁၉၀။ ပြတ်မတောင်းသည် – နိုက် တောင်း-ကား ပေါ်ရာ၏၊ ဖြတ်ပိုင်းသည်-ဟူလို။

၁၉၃။ ယခင့်အတိတ် – နိုက် ယခင့်-ကား ပေါ်ရာ၏၊ ရှေးအဘို့ပင်။

၁၉၄။ စွန့်လွှတ်ပေးကမ်း – နိုက် လွှတ်-ဟူသည် ပေါ်ရာ၏၊ ပေးစွန့်ခြင်း-ဟူလို။ ။စည်းလက်သန့်စွာ – နိုက် စည်း-ဟူသည်လည်း ပေါ်ရာ၏၊ စန္ဒြ-သဒ္ဒါ၏ အရ စန်း-ဟူသည်ပင်။

၂၀၁။ မညီမင်းချင်း၊ စိတ်ကွဲခြင်းဖြင့် – ကား ခွဲထား၊ ရွှေပင့် နောက်ရစ်။

၂၀၆။ စာသဝဏ်နှင့် – နိုက် စာသဝဏ်- ဟူသည်ကား ကျန်းမာကြောင်း ချမ်းသာကြောင်း ချစ်ခင်မြတ်နိုးကြောင်း စသည်များကို စီကုံးရေးသား၍ လက်ဆောင်နှင့်ပေးသည့် ဆောင်းပါးစာခွေ-ဟူ၏၊ မင်းမှာ ရာဇသံပင်တည်း။

တမန်သို့သေး၊ တန်ဆေးလိမ္မာ – နိုက် သို့သေး-ဟူသည်, တန်ဆေး-ဟူသည် ပေါ်ရာ၏၊ တမန်ချည်းသာတည်း။

နှစ်ထောင်းအင်းရွှဲ – နိုက် နှစ်ထောင်း-ဟူသည်, အင်းရွှဲ-ဟူသည် ပေါ်ရာ၏၊ နှစ်သက်ဝမ်းသာချည်းပင်။ ။မရောင့်ရဲ – လည်း ပေါ်ရာ၏၊ အားမရနိုင်-ဟူလို။

ဖက်လဲးတကင်း – လည်း ပေါရာဏ၊ အားရနှစ်သက် စုံမက် ခင်မင်သည်-ဟူလို။ ။ထွင်းကျင်းကြံတွေး – နှိုက် ထွင်းကျင်း-လည်း ပေါရာဏ၊ ထိုးထွင်း၍ ကြံတွေး စဉ်းစားသည်-ဟူလို။

၂၀၈။ မိန့်တိုင်းရွတ်ရွတ် – နှိုက် ရွတ်ရွတ်-ဟူသည် ပေါရာဏ၊ အလျင်အမြန်-ဟူလို။ ။တောင်ထုအလား၊ နတ်ယောကျ်ားသို့၊ တည်ကြွားသသူ – လည်း ခွဲးထား။ ။အရှင့်ကျိုးကို၊ ကြိုးကြိုးပမ်းပမ်း – လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

၂၀၉။ ဘုန်းသန်ပြန့်ပြော၊ ဘသားစော! ငှက်ပျော်လက်ပံ – ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။နှုတ်သံချိုပျား၊ စိတ်သံမြားနှင့်၊ ထွေပြားနှလုံး – လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ကျော့ကျည်းမှုနည် – နှိုက် ကျော့ကျည်း-ဟူသည် ပေါရာဏ၊ ပျင်းရိသည်-ဟူလို။ မှုနည်-လည်း ပေါရာဏ၊ အမှုအကျင့် သဘောအလေ့-ဟူလို။

ရေမျော့ထင်းယောင်း၊ ဆယ်သော်ကောင်း၏၊ အကြောင်းမညာ၊ ပြုတတ်စွာသည့်၊ ပညာမဲ့ထ၊ လူ့ဗာလကို၊ မစကယ်မိ၊ အပြစ်ယှိခဲ့ – ဟူသည်ကား ဧကနိပါတ် သစ္စံကိရဇာတ်, တေရသနိပါတ် ရုရုမိဂဇာတ်စသည်တို့ကို ရည်သည်။

လိမ္မာရဲးခြင်း၊ ထိုးထွင်းပညာဉ်၊ မြဲးယှဉ်အပြား၊ ဤသို့အားဖြင့်၊ တရားသုံးဖြာ – ဟူသည်ကား ဧကနိပါတ် တယောဓမ္မဇာတ်ကို ရည်သည်။

မဟာဘဒ္ဒ၊ သာလမည်ခြင်း၊ ဥယျာဉ်တွင်းဝယ်၊ အင်ကြင်းပင်မြတ်၊ သမန်းနတ်သို့၊ ခဲးကတ်မှုတွေ့၊ ကျိုးဆောင်လေ့၏ – ဟူသည်ကား ဒွါဒသနိပါတ် ဘဒ္ဒသာလဇာတ်ကို ဆိုလိုသည်၊ ဧကနိပါတ် ကုသနာဠိဇာတ်ကိုလည်း ယူရာ၏။

ခြင်သေ့မြေခွေး – ဟူသည်ကား ဒုကနိပါတ် ဂုဏဇာတ်နှိုက် ရွှံ့ညွန်နှစ်၍နေသော ခြင်သေ့မင်းအား ရွှံ့ညွန်ကိုယက်၍ ထုတ်ဆောင်သော မြေခွေးတို့ကို ရည်သည်။

မြွေ ကျေး ဖုဋ္ဋန် – နှိုက် မြွေ ကျေး-ဟူသည်ကား ဧကနိပါတ် သစ္စံကိရဇာတ်နှိုက် ဘုရားလောင်းရသေ့ ရေမှဆယ်ယူသော မြွေ ကျေး ကြွက်တို့ကို ရည်သည်။

ဖုဋ္ဋန် – ဟူသည်လည်း ဆက္ကနိပါတ် သုဝဏ္ဏကက္ကဋဇာတ်နှိုက် ဘုရားလောင်း ပုဏ္ဏားမွေးသော ရွှေဖုဋ္ဋန်ကို ရည်သည်။

သိန်းစွန် မဖို၊ ဝံလို ရေလိပ်၊ ရန်နှိပ်သီဟ – ဟူသည်ကား ပကိဏ္ဏကနိပါတ် မဟာဥက္ကုသဇာတ်ကို ရည်သည်။

နှံ့စုတ်မနှင့်၊ ယင်က ဘား ကျီး–ဟူသည် ပဉ္စကနိပါတ် လဋုကိကဇာတ်ကို ရည်သည်၊ ယင်းလဋုကိက မည်သည်ကို ဗိုလုံးငှက်မဟူ၍လည်း မြန်မာပြန်ကြကုန်၏။

လိပ်ကြီးကမ္ဘာ၊ ခေါက်ရှာ သမင် – ဟူသည်ကား ဒုကနိပါတ် ကုရင်္ဂဇာတ်နိုက် မုဆိုးလက်မှ လွတ်အောင်ကြံဆောင်ကြသော လိပ် ခေါက်ရှာငှက် ဘုရားလောင်း သမင်တို့ကို ရည်သည်။ ။ယင်က ဘား ကျီး၊ လိပ်ကြီးကမ္ဘာ – ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

ကြက်ဆူပင်မျှ – ဟူသည်ကား ဧကနိပါတ် ကုဏ္ဍကပူဝဇာတ်ကို ရည်သည်၊ ဤနိုက် ကြက်ဆူပင်ဆိုသော်လည်း သစ်ပင်မျှကိုသာ ဆိုသည်မဟုတ်၊ ကြက်ဆူပင်စောင့်နတ်ကို ဆိုလိုသည်၊ ဌာနူပစာနည်းတည်း။

၂၁၀။ လိပ်၏ပုံသုံး – ဟူသည်ကား လိပ်-ဟူသည် အခွံကပြင်သို့ထွက်၍ ကျက်စားရိုးမယို ဟူသောပုံကို ဆိုလိုသည်။

ဗိုလုံးငှက်နှယ်-ဟူသည်ကား ဒုကနိပါတ် သကုဏဂ္ဃိဇာတ်နိုက် မိမိနေရာ ထွန်ချေးပုံကိုရသဖြင့် သိန်းငှက်ကို အောင်သော ဘုရားလောင်း ဗိုလုံးငှက်ကို ရည်သည်။

၊ကျီးကား နေ့ငှက်၊ နေ့မှထွက်၍၊ ဇီးကွက်ခင်ပုပ်၊ ကုပ်သလုပ်ကား၊ မိုးချုပ်မှသာ၊ ထွက်မြဲးစွာ၏၊ ချိန်ခါကာလ၊ သမယကို၊ ငှက်မျှသော်လည်း၊ သိစောင့်စည်း၏–ဟူသည်နိုက် ကျီး ခင်ပုပ်တို့ အချိန်မဟုတ်ရာနိုက် မထွက်ခြင်း ထွက်လျှင် တကောင်ကို တကောင် ထိုးသတ်ကြခြင်းတို့ကား ကမ္ဘာဦးက ရန်ဖြစ်ကြသော ကြောင့်တည်း၊ ထိုအကြောင်းကို တိကနိပါတ် ဥလူကဇာတ်ဖြင့် သိအပ်၏။

ဆိပ်ငွေထန်ပြင်း၊ နဂါးမင်းလျက်၊ အဆင်းကိုဖျက်၊ ရုပ်ဖျောက်ထွက်၍၊ အသက်သေမှု၊ ဆုံးပါးလု၏—ဟူသည်ကား ဆက္ကနိပါတ် ခရပုတ္တဇာတ်နိုက် လူ့ပြည်သို့ မြွေငယ်ယောင်ဆောင်၍ သွားရာ သူငယ်များသတ်မည်ပြုသော နဂါးမင်းကို ရည်သည်။

ပြည်သူ့မျက်နှစ်၊ မင်းဖြစ်လျက်ကဲ့၊ ဘော်မဲ့ညဥ့်ခါ၊ မင်းရုပ်ခွါ၍၊ သွားပါစဘူး၊ သေသောက်ကြူးတို့၊ လွန်ကျူး ကိုယ်နှုတ်၊ ကြမ်းကြုတ်အလွန်၊ ထုပ်ဝန်လေးစွာ၊ ဆောင်ပါစေ၍၊ မျက်နှာရှိန်းပြည်း၊ရှက်ဘွယ်သည်းအောင်၊ယမ်းပည်းမဲ့ထွေ၊ သရေယုတ်ဖျက်၊ နှိပ်စက်သမှု၊ ဘိစီးပြု၏–ဟူသည်ကား တိကနိပါတ် နာနာဆန္ဒဇာတ်နိုက် ညဥ့်အခါ တယောက်တည်း မြို့စုံစမ်းလှည့်၍ သေသောက်ကြူးများနှိပ်စက်ခံရသော ဘုရားအလောင်း ဗာရာဏသီမင်းကြီးကိုရည်သည်။

မျက်နှာရှိန်းပြည်း—နှိုက် ရှိန်းပြည်း-ဟူသည် ပေါ်ရာ၏၊ အရှက်ရသည်-ဟူလို။ ယမ်းပည်း-လည်း ပေါ်ရာ၏၊ ရှိသေသည်ပင်-ဟူလို။

ဇမ္ဗူ့ဆီမီး၊ နတ်နှင့်နီးအောင်၊ ပြည်ကြီးချမ်းသာ၊ ခံစားပါလည်း၊ တောမှာပျော်မြူး၊ လေ့လာကြူး၍၊ ဘီလူးနှင့်တွေ့—ဟူသည်ကား သတ္တနိပါတ် သုတနုဇာတ်နှိုက် ဗြဟ္မဒတ်မင်း, တိံသနိပါတ် ဧယဒိသဇာတ်နှိုက် ဧယဒိသမင်း, အာဠဝီပြည်နှိုက် အာဠဝကဘီလူးနှင့်တွေ့သော အာဠဝီမင်းတို့ကို ရည်သည်။

ရသေ့ကိုမှား—ဟူသည်ကား မဟာနိပါတ် သုဝဏ္ဏသာမဇာတ်နှိုက် ပီဠိယက္ခမင်းကို ရည်သည်၊ စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်နှိုက်လာသော သဟဿဗာဟုအဇ္ဇုနမင်းလည်း တောကစားရာတွင် အင်္ဂီရသဂေါတမ ရသေ့ကို လေးနှင့်ပစ်မှားဘူးသည်ပင်တည်း။

ပျော်မှုမများ—နှိုက် ပျော်မှုများသောကြောင့် တိကနိပါတ် သုရာဃဋဇာတ်နှိုက် ကုဋေလေးဆယ်ကြွယ်သော ဘုရားလောင်းသူဌေးသား ခဏ်ခြင်းဆင်းရဲ၏။

ကစားမလွန်—နှိုက် ကစားလွန်သောကြောင့် ဒုကနိပါတ် ကေဠိသီလဇာတ်နှိုက် ဗြဟ္မဒတ်မင်းသည် လူအို ဆင်အို မြင်းအိုတို့ကို တွေ့မြင်တိုင်း ကစားတတ်သည်ဖြစ်၍ သိကြား လူအိုယောင်ဆောင်၍ လာပြီးလျှင် ခေါင်းထက်ရက်တက်ပုပ်ရေလောင်းလျက် အနှိပ်စက်ခံရ၏။

တေရသနိပါတ် တက္ကာရိယဇာတ်နှိုက် ဆိတ်တကောင်သည် သေသောက်ကြူးတို့က လက်နက်မယို၍ မသတ်ပြီဟု လွှတ်ထားပြီးလျက် ဝမ်းသာအားရခုန်ပေါက်မြူးထူး ကစားကြူး၍ ဝါးရုံပင်ကြားက ဓားကျလာသည်ကို ရ၍ အသတ်အစားခံရပြန်၏။

မဟာရာဇဝင်တော်ကြီးနှိုက် ပုဂံပြည်တွင် ပိဋကတ်ကျမ်းဂန် တတ်လှစွာသော ကျစွာမင်းကြီးသည်လည်း ဓားကစားကြူးရကား ဓားစူး၍ သေရသော ဟူ၏။

တောစွန်မလေ့—နှိုက် တောစွန်လေ့သောကြောင့် ဆင်းရဲဒုက္ခ ရောက်ကြရသည်ကား ပီဠိယက္ခမင်း ဧယဒိသမင်း အာဠဝီမင်းကြီး စသည်တို့ပင်တည်း။

မြင်တွေ့ရာရာ၊ မလိုက်စွာဘဲ—နှိုက် လိုက်၍ပျက်စီးဘူးသည်ကား ဒုကနိပါတ် အသိတာဘူဇာတ်နှိုက် ဗြဟ္မဒတ်မင်းသားသည် အသိတာဘူ မင်းသမီးကို ပစ်ထား၍ ကိန္နရာမနောက် လိုက်သွားသဖြင့် ကိန္နရာမကိုလည်း မရ၊ အသိတာဘူမင်းသမီးကိုလည်း ကင်း၍ ဆင်းရဲရချေ၏။

မိစ္ဆာဝိသမ၊ စာရမမှား – နှိုက် မမှားအပ်သော အမိ အရီး စသည်တို့နှိုက် မှားဘူးသော ဇာတ်နိပါတ်ဝတ္ထုကား မထင်၊ မဟာရာဇဝင်တော်ကြီးနှိုက် သရေခေတ္တရာပြည်တွင် အတိတျာမင်းသည် မယ်တော်ကို ပြစ်မှားလို၍ တိုက် ခန်းသို့ သွားမှားသောကြောင့် မသေဘဲ မျောက်ဖြစ်ကြောင်း ထင်၏။

မသွားအပ်ဘွယ်၊ မသွားလွယ်နှင့် – ဟူသည်နှိုက် သွား၍ ဒုက္ခတွေ့ရသည် ကား နာနာဆန္ဒဇာတ်နှိုက် မင်းကြီး, ခရပုတ္တဇာတ်နှိုက် နဂါးမင်း စသည် တို့တည်း။

ပျက်ပြယ်ချော်သွေ၊ ပလေလက်ချား၊ စကားပေါ့သွပ် – ဟူသည်နှိုက် ပျက် ပြယ်ချော်သွေ ပြုတတ်သောကြောင့် ပျက်စီးဆင်းရဲသည်ကား ဇာတ်နိပါတ် ဝတ္ထုမထင်၊ မဟာဝင်နှိုက်ကား ထင်၏။

စိတ်ကြွပ်လက်ထန်၊ ရာဇမာန်က – ဟူသည်ကား တိကနိပါတ် အဗ္ဘန္တရဇာတ် နှိုက် သရက်သီးကွယ်ပျောက်ခြင်းကြောင့် အမျက်ထွက်၍ ဥယျာဉ်နှိုက်နေသော ရသေ့တို့ကို နှင်ထုတ်သော ဗာရာဏသီမင်းကြီး, ဆက္ကနိပါတ် ပဗ္ဗဇိတဝိဟေဌက ဇာတ်နှိုက် မိဖုရားကို ညဥ့်အခါဝင်၍ မှားသော ဝိဇ္ဇာဓိုရ်တယောက်ကြောင့် ရသေ့ တို့ကို အမျက်ထွက်၍ တိုင်းပြည်မှ နှင်ထုတ်သော ဗြဟ္မဒတ်မင်းစသည်တို့ကို ရည်သည်။ မဟာဝင်နှိုက် ကလျာဏီမင်းသည် ရဟန်းတို့ကို အမျက်ထွက်၍ သတ်မိသောကြောင့် တမြို့လုံးနှင့်တကွ သမုဒ္ဒရာရေ လွှမ်းနစ်ပျက်စီးလေသ တည်း။

ကြွေအန်လောင်းကြူး – ကား ကောရဗ္ဗမင်းကြီးကို ရည်သည်။ မဟာဝင် တော်ကြီးနှိုက်ကား ပုဂံပြည် စောလူးမင်းသည်လည်း နို့ထိန်းသား ငရမန်နှင့် အန်ကစားကြသည်ကစ၍ မနာသာသော စကားကို ပြောဆိုမိသဖြင့် ပျက်စီး ရသတည်း။

အိမ်ရာကျူးနှင့် – ဟူသည်ကား စတုက္ကနိပါတ် လောဟကုမ္ဘီဇာတ်နှိုက် သူတပါး၏ မယားတို့ကိုသာ ပြစ်မှားကျူးလွန်ကြ၍ လောဟကုမ္ဘီငရဲအိုးနှိုက် နှစ်ခံကြရသော မင်းသားလေးယောက်တို့ကဲ့သို့တည်း။

သောက်မူးယစ်ဝ – ဟူသည်ကား ဒုကနိပါတ် ဓမ္မဇဇာတ်နှိုက် ဆတ္တပါဏိ ဆတ္တာသည်အလောင်း သေယစ်၍ သားတော်ကို သတ်စားသော ဗာရာဏသီ မင်း, တိကနိပါတ် သုရာဃဋဇာတ်နှိုက် ဘုရားလောင်း သူဌေးသားစသည်ကို ရည်သည်။

၂၁၁။ မိုးလွန်သော်ချစ်၊ ရေလွန်ပြစ်၏၊ စွန့်ပစ်လွန်မှု—ကား ခွဲးထား၊ ရှေ့ရစ် နောက်သက်သက်။ ။ငေါက်ငေါက်နှုတ်သံ—နှိုက် ငေါက်-ဟူသည်ကား ပေါရာဏ၊မသာယာသော အသံစကား-ဟူလို။ ။ငံငံခြေခြေ၊ သားမင်းခြေလျှင်၊ သံခြေနှုတ်ညင်း—ကား ၃-ချက်ထပ်။ ။သံခြေနှုတ်ညင်း၊ ရှေ့စောင်းငြင်းသို့—ကား ခွဲးထား။ ။မပြင်းမပြ၊ သာချမ်းမြလျက်၊ ပျပျရှင်ပျော၊ ဆိုမိန့်ပြော လော့—တို့ကား ခွဲးထား။

သဘောခက်မာ၊ ဝါစာဖရှည်၊ ကြမ်းကြုတ်ခဲ့က၊ ကဲ့ရဲ့မည်း၊ တီတွတ်သံသို့၊ မခံလူ့နား၊ မကြားခလို၊ အောင့်ကြဆို၏....မည်းညိုချိပ်နက်၊ ဥသြငှက်လည်း၊ နှစ်သက်ဘွယ်ကြီး၊ နာမငြီးတည့်—ဟူသည်ကား တိကနိပါတ် သုဗောတဇာတ်ကို ရည်သည်။

အတီးခရုးခါ၊ မသာယာ၍....ပြည်ရွာမှူးမတ်၊ မညွှတ်သော့အား၊ မင်းကြီး သားလျက်၊ ပယ်ယှားကုန်ကြ၊ ဒုဋ္ဌကုမာ၊ ရေမှာမျှောဘိ—ဟူသည်ကား ဧက နိပါတ် သစ္စံကိရဇာတ်နှိုက် ဒုဋ္ဌကုမာမင်းကို ရည်သည်။

ဂါမဏိနှင့်၊ မည်ယှိနာမ၊ သံဝရကား၊ မင့်သားအစစ်၊ ငယ်ဆုံးဖြစ်လည်း၊ တိုင်းချစ်ပြည်ခင်၊ ရွှေနန်းတင်၏—ကား ဧကနိပါတ် ဂါမဏိဇာတ်, ဧကာ ဒသနိပါတ် သံဝရဇာတ်တို့ကို ရည်သည်။

၂၁၂။ ရှိ့ဝှက်အပ်စွာ၊ အရာရာကို၊ မာတာပိတာ၊ မိဘနှင့်သား၊ ကိုယ်ကို ထား၍၊ မယားကိုမျှ၊ မပြောရဘူး—ဟူသည်ကား တေရသနိပါတ် တက္ကာ ရိယဇာတ်နှိုက် နှုတ်မစောင့်သော ပုရောဟိတ်ပုဏ္ဏား, တိံသနိပါတ် ပဏ္ဍရ ဇာတ်နှိုက် နဂါးမင်းစသည်တို့ကို ရည်သည်။

ပလေပစာ၊ ထွေရာဆန်းပြား၊ စကားရတိုင်း၊ အပိုင်းမယှိ၊ ပြောမိ ပြောရာ၊ မပြောရာရှင့်—နှိုက် ပြော၍ အပြစ်ဖြစ်ခြင်းသည်ကား ဧကနိပါတ် သာလိတ္တက ဇာတ်နှိုက် စကားများ၍ ခံတွင်းပေါက်သို့ ဆိတ်ချေးတို့ဖြင့် အပစ်ခံရသော ပုရောဟိတ်ပုဏ္ဏားကြီး, အကာလရဝိဇာတ်နှိုက် အချိန်မယှိတွန်သောကြက်, စတုက္ကနိပါတ် ကောကိလဇာတ်နှိုက် ဥသြစသည်တို့ကို ရည်သည်။

ကိန္နရာစစ်၊ ငှက်မျိုးဖြစ်လျက်၊ ကျစ်လစ်သော့အား၊ စကားမသည်း၊ နှုတ်စောင့်စည်း၏—ဟူသည်ကား တေရသနိပါတ် တက္ကာရိယဇာတ်နှိုက် လာ သော ကိန္နရာဖိုမတို့ကို ရည်သည်၊ ဓမ္မာသောကမင်းကြီးလက်ထက်လည်း ထို ဝတ္ထုမျိုးလာ၏။

ဤဥဒါန်းကို—နှိုက် ဥဒါန်း-ဟူသည် ခေါင်းစဉ်မာတိကာကို ဆိုသည်၊ အစဉ် မပြတ် ပြောဆိုခြင်းကိုလည်း ဆိုလိုသည်။

ကျင့်ရိုးလက်တမ်း၊ တသုတ်ကျမ်းဖြင့်၊ နုကြမ်းနှစ်အင်—ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။မဓုဒ္ဒရ၊ ဒသဂါထာ၊ သတာရဟ၊ စသည့်တရား၊ ကျင့်မမှားက၊ သိကြားခြိးမြှင့်၊ နတ်ပြည်ပင့်၍၊ အရှင့်စတော၊ ရောက်ကြလေသည်၊ လေးထွေမြတ်စွာ၊ မင်းတကာတို့—ဟူသည်ကား မန္ဓာတ်မင်း နေမိမင်း သာဓိနမင်း ဂုတ္တိလစောင်းဆရာတို့တည်း၊ ဇာတ်တော်လာ ဘုရားလောင်းကို ရည်၍သာ လေးပါးဆိုသည်၊ တပါးသူတို့ရောက်သည်ကား သီလဝတီ မိဖုရားစသည်များစွာ။

၂၁၃။ ပြည်လာပြည်တဲး၊ လူဖြင့်ပြဲးကို၊ ဝမ်းထဲးထွေပြား — ကား ခွဲးထား၊ ရှေ့ဝမ်းပူ နောက်ဆင်ထူး။ ပြည်လာ ပြည်တဲး–ဟူသည်လည်း ပေါရာဏပင်၊ ပြည်လာ-ဟူသည် ယာယီ၊ ပြည်တဲး-ဟူသည် နဂိုရ်တည်း။ တနည်းလည်း ပြည်လာ–ဟူသည် ပြည်၏အဖြစ်အပျက် အလားအလာ၊ ပြည်တဲး-ဟူသည် ပြည်၏ အထိအခိုက် ကိစ္စလည်း ဟူ၏။

ဝမ်းထဲးထွေပြား၊ ကြံစိပ်ပြားပြီး၊ ဆန်းပြားဖြာဖြာ–ကား သုံးချက်ထပ် အရစ်ချည်းပင်။ စိပ်ပြား-ဟူသည် ပေါရာဏ၊ လိမ္မာသည်-ဟူလို။

ဆန်းပြားဖြာဖြာ၊ နီးသို့ဖျာလျက်–ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။ တိုင်ပင်မပျင်း၊ ခါမကင်းဘဲး၊ စိုင်းပြင်းအလေ့–လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ စိုင်းပြင်း-ဟူသည်လည်း ပေါရာဏ၊ ညှိနှိုင်းတိုင်ပင်ကြသည်-ဟူလို။

၂၁၄။ ခြင်သေ့သော်လည်း၊ ကြံစည်နည်းက၊ လက်သည်းခွံမျ၊ ကိုယ်ကာယနှင့်၊ဗလနည်းပါး၊ အားမဲ့စွာလျက်၊ ဘားတလက်ကြောင့်၊ အသက်သေဆုံး– ကား ဟိတောပဒေသကျမ်းနှိုက် ဘားငယ်လိမ်၍ သေသော ခြင်သေ့ကို ရည်သည်။

၂၁၈။ တမုန့်ကြီးသို့–နှိုက် တမုန့်-ဟူသည် ပေါရာဏ၊လှေသူကြီး,သင်္ဘောမှာ ကပ္ပတိန်-ဟူလို။

၂၂၁။ ဖြဟ္မဒတ်မင်း၊ ကျင့်ခြင်းပုံတူ၊ မျက်ယှိသူကို၊ မရှုအမျက်၊ မွေညက်သာယာ၊ အောင်စေရာ၏ –ဟူသည်ကား၊ ဒုကနိပါတ် ရာဇောဝါဒဇာတ်ကို ရည်သည်။

မေတ္တာရှေ့ထား၊ မရငြားသော်၊ ကျားနှင့်ဆိတ်မ၊ စိတြဂီဝါ၊ များစွာ ခိုသင်း၊ ငုံးခပင်းတို့၊ မကြွင်းကိုယ်စီ၊ ပိုက်ကိုချီသို့၊ ညီညီညာညာ၊ သက်စွန့်ရာ၏၊ လွန်စွာကြိုးကုတ်၊ အားသွန်ထုတ်လျက်–ဟူသည်ကား အဋ္ဌနိပါတ် ဒီပိဇာတ် ပစ္စုပ္ပန်ဝတ္ထုနှိုက် ဆိတ်ကုလားမ, ဟိတောပဒေသကျမ်းနှိုက် စိတြဂီဝါ ခိုမင်းနှင့် တကွ ခိုအပေါင်း, ကေနိပါတ်နှိုက် ငုံးအပေါင်းတို့ကို ရည်သည်။

၂၂၂။ မာခေါက်ချင်ချင်၊ ရဲးစွမ်းအင်ဖြင့်၊ ရွှေခြသေ့်စိတ် – လည်း ခွဲးထား၊ ရွှေပင့် နောက်ရစ်။ မာခေါက်ချင်ချင်–နှိုက် ချင်ချင်-ကား မာကြောသည်-ဟူလို။

ပဥ္စာဝုဓ်သို့ – ဟူသည်ကား ကေနိပါတ် ပဥ္စာဝုဓဇာတ်နှိုက် ဘီလူး ငစေး နဲးနှင့်လုံးသော ဘုရားလောင်း ပဥ္စာဝုဓမင်းသားကို ရည်သည်။

ရဲးတင်းရည်းငံ – နှိုက် ရည်းငံ-ဟူသည်လည်း ပေါ်ရာဏ၊ ရဲးခြင်းနှင့်ပြည့်စုံသည်ပင်။ ။ဆိုင်လိုလာခဲ့၊ မနုန်နဲ့လင့်၊ ငါကဲ့သို့လား – ကား ခွဲးထား၊ ရွှေ့ခခွေး နောက်ကကြီး။ ။ငါသားပီပီ၊ ငါနှင့်ညီအောင်၊ ဆိုပြီနှုတ်ထွက် – လည်း ခွဲးထား၊ ရွှေ့သက်သက် နောက်ရစ်။

သစ္စံ ဓမ္မ၊ ဝီရိယနှင့်၊ စာဂဟူသည်၊ ရန်သူအောင်ကြောင်း၊ ကျင့်ကောင်း လေးပါး – ဟူသည်ကား ကေနိပါတ် ဝါနရိန္ဒဇာတ်ကို ရည်သည်။

၂၂၄။ ငြိမ့်ငြင်းငါးမည်၊ သံစည်စည်ဖြင့်၊ တီးမြည်ရင့်ကျူး—ကား ခွဲးထား၊ ရွှေမသက်သက် နောက်ရစ်။

တီးမြည်ရင့်ကျူး၊ နတ်မထူးအောင်၊ ရိုက်ကြူးဆော်ညောင်း – လည်း ခွဲးထား၊ ရွှေ့ပင့် နောက်ရစ်။ ရင်းနှိုက် ရင့်ကျူးကား သာသာယာယာ တီးမှုတ်မြည်ဆိုသည်။ ရိုက်ကြူး-ကား အသံရှိတိုင်းရိုက်ခတ်တီးမှုတ်သည်။

ကိုယ်ရောင်ဝင်းလက်၊ ဆင်းညက်ညက်တို့၊ ငြိမ့်ငြက်ခြည်းခြည်း – လည်း ခွဲးထား၊ ရွှေညပကတိ နောက်ရစ်။ ရွှေကား ညက်ညက်ညောညော အသား အရေ နူးနူးညံ့ညံ့ဆိုသည်၊ နောက်ကား ငြိမ့်ငြိမ့်ညောင်းငြင်း အသံနူးညံ့သည် ဆိုလိုသည်။

ငြိမ့်ငြက်ခြည်းခြည်း၊ ပျော်ဘွယ်ချည်းနှင့်၊ ပြတည်းရွှေဘုံ–လည်း ခွဲးထား၊ ရွှေ့ရစ် နောက်ပင့်။ ခြည်းခြည်း-ဟူသည် ပေါ်ရာဏ၊ သာယာသော အသံ-ဟူလို။ ပြတည်း-ဟူသည်လည်း ပေါ်ရာဏ၊ တိုက်ခန်းနန်းဘုံဗိမာန်-ဟူလို။

၂၂၅။ အမြင်တိုးတက်၊ သိထဲးနက်သား၊ ကြံထက်ပညာ—ဟူသည်လည်း ခွဲးထား၊ ရွှေ့ဝမ်းပူ နောက်ဆင်ထူး။ ကြံထက်-ကား ပေါ်ရာဏ၊ ပညာရှိ-ဟူလို။

စွန့်၍သို့ပင်၊ ငြိမ်းဧးချင်ဟု၊ ဖြုတ် ခြင် မကြောက် – လည်း ခွဲးထား၊ ရွှေ့ပင့် နောက်ရစ်။ ။ဖြုတ် ခြင် မကြောက်၊ သွေးသံခြောက်မျှ၊ ရှိန်ကျောက် နေဝါ – လည်း ခွဲးထား၊ ရွှေရစ် နောက်ပင့်။ ။မဆောင်မကြဉ်း၊ ရွှာမချဉ်း ဘဲး၊ ကိုယ်ကျဉ်းစိတ်ချုပ် – လည်း ခွဲးထား၊ ရွှေရစ် နောက်ပင့်။

ကိုယ်ကျဉ်းစိတ်ချုပ်၊ မြေပြုပ်သို့၊ ထိန်းအုပ်လုံခြုံ–လည်း ခွဲထား၊ ရှေ့ပင် နောက်ရစ်။ ။ထိန်းအုပ်လုံခြုံ၊ မြိုင်ရဂုံနှင့်၊တော ချုံကောင်းရာ–လည်း ခွဲထား၊ ရှေ့ရစ် နောက်ပင်။

အရည်းပီပီ–နှိုက် အရည်း-ဟူသည် ပေါရာဏ၊ရသေ့သူတော်-ဟူလို။ ။လုံ့မစောက်–ဟူသည် ပေါရာဏ၊ မဘောက်မပြန် အကျင့်-ဟူလို။

၂၂၆။ ကောက်ကစင်း–ဟူသည် ပေါရာဏ၊ လမ်းဖြောင့်သည်-ဟူလို။ ။ နိဿရည်းရမိ–နှိုက် နိဿရည်း-ဟူသည် ပေါရာဏ၊ မှီရာနည်းလမ်း-ဟူလို။ ၎င်းနိဿရည်းကား နိဿယ-သဒ္ဒါပင်၊ ထို့ကြောင့် ယကို ညပြုသတ် သနောက် ရကြီးလာရကား ယငယ်မသင့်၊ ရကြီးသင့်။

အမ္ဗဝနေ၊သခေ်ျချေတည့်၊ပင်ခြေဆိုင်းဆိုင်း–လည်း ပေါရာဏ။ ။တောက်တပိုဖြင့်–နှိုက် တောက်တပို-ဟူသည်လည်း ပေါရာဏ၊ အလျင်တဆော-ဟူလို။

အပတ်တကုတ်–ဟူသည်လည်း ပေါရာဏ၊ အားထုတ်သည်-ဟူလို။ ။ သားလှရွှေချည်၊ မောင်မှတ်တည်လော့၊ ဆံခြည်ဆယ်ခြမ်း–ကား ခွဲထား၊ ရှေ့ပင် နောက်ရစ်။ ရွှေချည်-ကား အကွင်းအချည်၊ ဆံခြည်-ကား အမျှင်အခြည် ခွဲ။ ။ဆံခြည်ဆယ်ခြမ်း၊ မချမ်းနိုင်ဘွယ်–လည်း ခွဲထား၊ ရှေ့ရစ် နောက်ပင်။

၂၂၉။ ရဝေသိဂီ—နှိုက် ရဝေ-ဟူသည် ပေါရာဏ၊ နန်း-ဟူလို။ ။ တင်းတိမ်မယို–နှိုက် တင်းတိမ်-ဟူသည်လည်း ပေါရာဏ၊ အားရရောင့်ရဲခြင်း-ဟူလို။ ။ဥဒေါင်းတိရစ္ဆာန်၊ ဖြစ်ရဟန်သည်၊ ကျမ်းဂန်နိပါတ် အလာတည်း–နှိုက် နိပါတ်အလာ-ဟူသည်ကား ဒုကနိပါတ် မောရဇာတ်ကို ရည်သည်။ ၎င်းဇာတ်နှိုက် စကြာမင်းက တာဝတိံသာ, တာဝတိံသာက စုတေခဲ့၍ တပါးသော အကုသိုလ်ကြောင့် ဟိမဝန္တာတော ဒဏ္ဍကရွှေတောင်နှိုက် ရွှေဥဒေါင်းမင်း ဖြစ်သတည်း၊ ထိုဘဝနှိုက် မင်းစည်းစိမ်ကို တပ်ငြိခြင်းမရှိသော်လည်း ထိုဘဝ လောဘမကင်းသည်ကိုသာ ရည်၍ ဆိုသည်။

၂၃၀။ ပါဏာတိပါတ်၊ သက်သတ်ဝဋ်ကြွေး၊ ဆိတ်ငယ်သေးလျက်၊ အမွေးအမျှ၊ ခေါင်းပြတ်ရရှင့်—ဟူသည်ကား ဧကနိပါတ် မတကဇာတ်နှိုက် ဆိတ်ကို သတ်၍ မတကဘတ်ကျွေးသော ပုဏ္ဏားကိုရင်း, ဓမ္မပဒအဋ္ဌကထာ အညတရပုရိသဝတ္ထုနှိုက် လာသော မလ္လိကာမိဖုရားအလောင်းဖြစ်သော ဥဂ္ဂသေနမင်း၏ မိဖုရား ဓမ္မဒိန္နာဒေဝီကိုရင်း ရည်သည်။ ၎င်းဇာတ် ငါးရာငါးဆယ် ပါဠိဇာတ် ပါဠိအဋ္ဌကထာနှိုက် မထင်၊ အသီးအခြား ဓမ္မပဒအဋ္ဌကထာနှိုက်သာ လာသည်။

အဒိန္နကံ၊ အနံ့ယော်နွမ်း၊ ပုဆိုးကြမ်းကြောင့်၊ ညစ်ညမ်းစင်စစ်၊ နတ်ဖြစ်လျက်ကဲ့၊ အဝတ်မဲ့၏—ဟူသည်ကား ပေတဝတ္ထုနိုက် ခလ္လာတိယပေတ အမ္ဗသက္ခရပေတ ဝတ္ထုတို့ကို ရည်သည်။

နှုတ်ယွှဲအလို၊မုသားဆိုက၊မြေမျိုခွေးစား၊ ကြီးမားလွန်ကဲ၊ဥက္ကောင်းကွဲမျ၊လိမ့်လဲးဟိန်းညည်း—နိုက် မြေမျို-ကား စေတိယမင်းကို ရည်သည်၊ ခွေးစား-ကား ကဏ္ဏမုဏ္ဍပေတဝတ္ထုနိုက် သီတင်းသည်မကြီးကို ရည်သည်။

ကြီးမားလွန်ကဲ၊ဥက္ကောင်းကွဲမျ၊လိမ့်လဲးဟိန်းညည်း—ကား စတုက္ကနိပါတ် ကက္ကရဇာတ်နိုက် နတ်သား ၄-ယောက်အား မုသားဆို၍ ရွှေပန်းကို တောင်းပြီးလျှင် ပန်သဖြင့် ၇-ရက်ပတ်လုံး ဥက္ကောင်းကွဲလုအောင် လူးလဲး၍ ဆင်းရဲခံရသော ပုရောဟိတ်ပုဏ္ဏားကို ရည်သည်။

သေရည်သောက်ကြူး၊ သည်းခြေဆူးသား၊ သူရူးအနန္တ—ဟူသည်ကား ဝတ္ထုမထင်၊အဋ္ဌနိပါတ် အင်္ဂုတ္တရပါဠိတော် အဋ္ဌကထာ လာသည်တို့ကို ရည်သည်။

ကာမယုတ်မာ၊ ကျင့်မိစ္ဆာကား၊ အင်္ဂါချို့ယုတ်၊ပဏ္ဍုက်မိန်းမ၊ ဘဝညှိုးဖျင်း၊ မိဘရင်းလည်း၊ ချစ်ခြင်းကွာဝေး၊သူမုန်းဆေးတည့်—ဟူသည်ကား သုတ္တနိပါတ် အဋ္ဌကထာ အပဒါန်အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ်နိုက် လာသော မဟာပဒုမ ပစ္စေကဗုဒ္ဓါအလောင်း, မဟာနာရဒဇာတ်နိုက်၊အရှင်အာနန္ဒာအလောင်း, ထေရီဂါထာနိုက် ဣသိဒတ္တရဟန္တာမအလောင်းတို့ကို ရည်သည်။

၂၃၁။ နရက်—ဟူသည် နရက-သဒ္ဒါပင်၊ ၎င်းနရက်-ဟူသည်ကို ပေါရာဏ ဟူ၍လည်း ဆိုကုန်၏၊ အောက်အရပ်-ဟူလိုသည်။

၂၃၂။ ခစီးပတ်—ဟူသည် ပေါရာဏ၊ အိမ်ရာကျူးလွန်ဖြစ်မှားမှု-ဟူလို။ ။ မိုက်ကြွေးမြောင်းမြီ—နိုက် မြောင်းမြီ-လည်း ပေါရာဏ၊ ကြွေးမြီပင်။

လေးယောက် အိမ်ဖျက်၊ ဆင်းရဲနက်၏—ဟူသည်ကား စတုက္ကနိပါတ် လောဟကုမ္ဘိဇာတ်နိုက် မင်းသားလေးယောက်ဖြစ်စဉ် ကာမေသုမိစ္ဆာစာရကြောင့် လောဟကုမ္ဘိငရဲအိုးနိုက်ကျ၍ အနှစ်ခြောက်သောင်းမှ တပတ်ရ၍ ပေါ်လာရ ဒု-သ-န-သော-ဟု တလုံးစီ အသံရွတ်၍ နစ်ပြန်ကြသော ငရဲသူတို့ကို ရည်သည်။

တသိန်းကမ္ဘာ၊ ပြည့်ပြီးစွာသည့်၊ မြတ်လျာအလောင်း—စသည်ကား မဟာနာရဒဇာတ်ကြီးနိုက် ရှင်အာနန္ဒာအလောင်းကိုပင် ရည်သည်။

မကောင်းမိတ်လိုက်၊ အပျော်ကြိုက်၍၊ကျိုက်ကျိုက်ပွက်ဆူ—ကား ခွဲးထား၊ ရွှေ့ရစ် နောက်ပင်။

လူတွင်နိမ့်ကျ၊ သမုတ်ကြသား–လည်း ခွဲထား၊ ရှေ့ပင့် နောက်ရစ်။ ။ အယုတ်နွားမျောက်၊ ဆဲ့လေးမြောက်အောင်–လည်း ခွဲထား၊ ရှေ့ပင့် နောက်ရစ်။

၂၃၃။ ဥမ္မာဒန္တီ၊ နတ်တပြီကြောင့်၊ ပီပီမသိ၊ မူးဝေဘိလည်း၊ သိဝိမင်းကောင်း၊ ဘုရားလောင်းသို့၊ တိမ်းစောင်းတရား–ဟူသည်ကား ပညာသနိပါတ် ဥမ္မာဒန္တီဇာတ်ကို ရည်သည်။ ။နတ်တပြီကြောင့်၊ ပီပီမသိ–ကား ခွဲထား၊ ရှေ့ရစ် နောက်သက်သက်။

၂၃၆။ ရှေးသော့ခါလည်း၊ ဗာရာပြည်ဝယ်၊ နှစ်နှစ်ဆယ်မျှ၊ အကယ်တစိ၊ မင်းပြုမိ၍၊ မချိတင့်ကဲ၊ အောက်မြေထဲနှိုက်၊ ဆင်းရဲအစုတ်၊ လွန်ကြမ်းကြုတ်သား၊ ဥဿဒရက်၊ ငရဲကျက်သည့်၊ ရေတွက်ကြာညောင်း၊ နှစ်ရှစ်သောင်းတည့်၊ ကျမ်းဟောင်းစာထွက်–ဟူသည်ကား မဟာနိပါတ် တေမိဇာတ်ကို ရည်သည်။ ဤနှိုက် အစုတ်-ဟူသည် ပေါရာဏ၊ အပေါင်း-ဟူလို။

ကိုယ်တမူကြောင့်၊ ဗဟုသတ္တဝါ၊ မချမ်းသာအောင်၊ပညာမရှု၊ရှေးမပြုလင့်–နှိုက် ကိုယ်တမူကြောင့် သတ္တဝါအများ ပျက်စီးအောင် ပြုကြသည်ကား သတ္တနိပါတ် သုတနုဇာတ်နှိုက် ဗြဟ္မဒတ်မင်းသည် မဃဒေဝညောင်စောင့်ဘီလူးအား လူတို့ကို နေ့တိုင်းပေးရသည်၊ အာဠဝီမင်းလည်း အာဠဝကဘီလူးကို ၁၂-နှစ်ပတ်လုံး လူတို့ကို ပေးရ၏၊ ပုဂံပြည်နှိုက်လည်း သမုဒ္ဒရာဇ်မင်းလက်ထက် ၇-ရက်တကြိမ် အပျိုကညာ ၇-ယောက်စီ ငှက်ကြီးကို ပေးရသည်ဟူ၏။

အမှုမကြီး၊ ဆင်တစီးကြောင့်၊ ကျီးအများသေ–ကား ဧကနိပါတ် ကာကဇာတ်ကို ရည်သည်၊သတ္တနိပါတ် ကပိဇာတ်နှိုက်လည်း ဆင်တစီးကြောင့် မျောက်အများတို့ သေရကုန်၏။

သရေလွန်စ၊ စားကြမဝေး၊ အတွင်းခွေးကြောင့်၊ ပြင်ခွေးအပေါင်း၊ သတ်ဖြတ်ကြောင်းနှင့်–ဟူသည်ကား ဧကနိပါတ် ကုက္ကုရဇာတ်ကို ရည်သည်။

မင်းလောင်းတယောက်၊ ပေါ်မည်ကြောက်၍၊ မထောက်မတန်၊ ကိုယ်ဝန်ဝမ်းတွင်း၊ ပုခက်တွင်းက၊ ငယ်သင်းနွားကျောင်း၊များအပေါင်းကို၊ အကြောင်းမသင့်၊ သတ်စေလင့်သည်–ဟူသည်ကား ရှေးဇာတ်နိပါတ်တို့နှိုက် မထင်၊ မဟာဝင် ပဏ္ဍုကာဘယမင်းအကြောင်း, မဟာရာဇဝင်တော်ကြီးနှိုက် ကျန်စစ်သားကြောင့် နေ်ာရထာမင်းစော သတ်စေကြောင်းတို့ကား ထင်ကုန်၏။

၂၃၇။ လူမဟုတ်သေး၊ သမင်ခွေးနှင့်–နှိုက် သမင်၊ဟူသည်ကား ဝိသတိနိပါတ် ဓောဟနဒ္ဓေသမင်ဇာတ်, တေရသနိပါတ် သရဘဒ္ဓေသမင်ဇာတ်တို့ကို ရည်သည်။ ခွေး–ဟူသည်ကား ဧကနိပါတ် ကုက္ကုရဇာတ်ကို ရည်သည်။

ကျေးသား ဆက်ရက်၊ ခင်ပုပ်ငှက်က–ဟူသည်ကား စတ္တာလီသနိပါတ် တေသကုဏဇာတ်ကို ရည်သည်။ တပါးလည်း ကျေးသား–ဟူသည် ဝိသတိနိပါတ် သတ္တိဂုမ္ဗဇာတ်နိုက် ဘုရားလောင်း ပုပ္ဖကကျေးသားကို ရည်သည်။

ဆတ် ဝက် ဥဒေါင်း–နိုက် ဆတ်-ဟူသည်ကား တေရသနိပါတ် ရုရုမိဂဇာတ်နိုက် ဘုရားအလောင်း ရွှေဆတ်မင်းကို ရည်သည်။ ဝက်-ဟူသည်ကား ဆက္ကနိပါတ် တုဏ္ဍိလဇာတ်နိုက် ဘုရားအလောင်း မဟာတုဏ္ဍိလဝက်မင်းကို ရည်သည်။ ဥဒေါင်း–ဟူသည်ကား ဒုကနိပါတ် မောရဇာတ်နိုက် ဘုရားအလောင်း ရွှေဥဒေါင်းမင်းကို ရည်သည်။

၂၃၇။ ရသေ့စဉ်းလဲ၊ ကျားငမွဲ–ဟူသည်ကား ပကိဏ္ဏကနိပါတ် တစ္ဆကသူကရဇာတ်နိုက် ရသေ့စဉ်းလဲနှင့် ကျားကို ရည်သည်။

ဗျိုင်းကောက်ကျစ်ကြောင့်၊ စွန့်ပစ် အိုင်ပြောင်း၊ ငါးပေါင်း ကုန်သေ–ဟူသည်ကား ကေနိပါတ် ဗကဇာတ်နိုက် ဗျိုင်းနှင့် ငါးအပေါင်းကို ရည်သည်။

တောနေမိဂ၊ ကာလမည်တွင်၊ သမင်အသင်း၊ မကြွင်းကုန်စင်–ဟူသည်ကား ကေနိပါတ် လက္ခဏဇာတ်နိုက် ကာလသမင်မိုက်၏ အသင်း သမင်ငါးရာကို ရည်သည်။

သဲပြင်လယ်ကြီး၊ ခရီးမှောက်မှား၊ ဘီလူးစားသည့်၊ လှည်းသားငါးရာ–ဟူသည်ကား ကေနိပါတ် အပဏ္ဏကဇာတ်နိုက် ဒေဝဒတ်အလောင်း လှည်းမှူးမိုက်နှင့် လှည်းသားငါးရာတို့ကို ရည်သည်။

ကမ္ဘာလုံးနစ်၊ ရေမြစ်သဲစု၊ ဖုံးလွှမ်းပြု၍၊ ကုရုရဋ္ဌ၊ တိုင်းမဇ္ဈနှင့်၊ ကမ္ဘာ-ဝတီ၊ ပုရိပြည်လုံး၊ ပျက်ဆုံးကုန်ကြ–ဟူသည်ကား ကုရုဇာတ်, မာတင်ဇာတ်, သရဘင်ဇာတ်တို့နိုက် မင်းမိုက် ပုရောဟိတ်ပုဏ္ဏားမိုက်တို့နှင့် အကုန်ပျက်စီးကြသော ပြည်သူ ပြည်သားတို့ကို ရည်သည်။

အစမ္မနတ်၊ ပရိသတ်နှင့်၊ လတ်လတ်ရှင်ရှင်၊ ပါယ်တွင်းဝင်သည်–ဟူသည်ကား ကောဒသနိပါတ် ဓမ္မဒေဝပုတ္တဇာတ်နိုက် အဓမ္မနတ်သားနှင့်တကွ အရံ နတ်ပရိသတ်တို့ကို ရည်သည်။

၂၄၂။ ဆည်းဆည်းပူးပူး၊ ဘုရားဖူးသို့၊ ကြွားဘူးနား၀–ကား ခွဲးထား၊ ရွှေပ အလယ်ဖ, အဆုံးဘကုန်း။ သတိထားကြကုန်။ ။သုတလောက်င်–နိုက် လောက်င်-ဟူသည် ပေါ်ရာဏ၊ ပြည့်စုံသည်-ဟူလို။

သူတော်ဥစ္စာ၊ ရေမှာပစ်ငြား၊ မဆုံးပါးခဲ့–ဟူသည်ကား တိကနိပါတ် မစ္ဆုဒါနဇာတ်နိုက် ဘုရားလောင်းကုန်သည်ကို ရည်သည်။

၂၄၄။ နက္ခတ်ယှဉ်သန့်၊ မန္တန့်တန်းခိုး၊ ရွှေမိုးရွာစေ–ဟူသည်ကား ဧကနိပါတ် ဝေဒဗ္ဗဇာတ်နိုက် မလိမ္မာသော ဘုရားအလောင်း၏ဆရာ ပုဏ္ဏားကို ရည်သည်။

ကျားသေသက်သွင်း–ကား ဧကနိပါတ် သဉ္ဇီဝဇာတ်ကို ရည်သည်။ ။ခရုသင်း စည်ကြီး–စသည်တို့နိုက် ခရုသင်း-ဟူသည်ကား ဧကနိပါတ် သင်္ခဓမ္မဇာတ်ကို ရည်သည်။ စည်ကြီး-ဟူသည်ကား ဧကနိပါတ် ဘေရိဝါဒဇာတ်ကို ရည်သည်။

လက်ပစ်ယောကျ်ား–ဟူသည်ကား ဓမ္မပဒအဋ္ဌကထာ သင်္ဂြိုဟ်ကူဠပေတဝတ္ထုနိုက်ပစ္စေကဗုဒ္ဓါကို ကျောက်စရစ်ဖြင့် ပစ်သဖြင့် လူတကာသတ်၍သေသော် အဝီစိနိုက်ဖြစ်ပြီးမှ သင်္ဂြိုဟ်ကူဠပြိတ္တာ ဖြစ်သော သူမိုက်ကို ရည်သည်။

လှံကစားနှင့်–ဟူသည်ကား ဧကနိပါတ် ဒုဗ္ဗစဇာတ်ကိုရည်သည်။ ။တောသားခပင်း၊ ကိုယ်မကြွင်းအောင်၊ ပျက်ခြင်းကုန်ချီ၊ ပထဝီဇယ၊ သိင်္ဂါလသို့–ဟူသည်ကား ဒုကနိပါတ် သဗ္ဗဒါဋ္ဌိဇာတ်ကို ရည်သည်။

၂၄၆။ သူ့အားဖရှည်၊ ကြမ်းကြုတ်အမူ၊ ပြုတတ်သူကား၊ ထိုတူမချွတ်၊ ခံရတတ်၏–ဟူသည်ကား ဒုကနိပါတ် စူဠနန္ဒိယဇာတ်နိုက် မျောက်ညီနှောင် အမိမျောက်မ မျက်မမြင်ပါ ပစ်သတ်၍ အိမ်နိုက် မိုးကြိုးကျကာ ကိုယ်ပါအကုန်သေသောမုဆိုး၊ ပဉ္စကနိပါတ် ဝေနသာခဇာတ်နိုက် ဗြဟ္မဒတ်မင်းကြမ်းကို ရည်သည်။

သူ့ကိုဖျက်က၊ ကိုယ်ပျက်တတ်စွာ–ဟူသည်ကား ဒုကနိပါတ် ဓမ္မဓဇဇာတ်နိုက် ဘုရားလောင်းပုရောဟိတ်ကို ပျက်စီးအောင်ကြံ၍ ကိုယ်ပျက်သော ကာလကစစ်သူကြီး၊ ဝီသတိနိပါတ် သောမနဿဇာတ်နိုက် ဒိဗ္ဗစက္ခုမည်သော ရသေ့စဉ်းလဲ၊ မဟာနိပါတ် ခဏ္ဍာဟာလဇာတ်နိုက် ပုရောဟိတ် ခဏ္ဍာဟာလပုဏ္ဏား စသည်ကို ရည်သည်။

၂၄၇။ မရောင့်ရဲသီး၊ အလိုကြီးသော်၊ ပျက်စီးတတ်စု–ဟူသည်ကား ဧကနိပါတ်သုဝဏ္ဏဟံသဇာတ်၊ ဒုကနိပါတ် အသိတာဘူဇာတ်၊ ပကိဏ္ဏကနိပါတ် မဟာဝါဏိဇဇာတ်တို့ကို ရည်သည်။

၂၅၂။ ခြပုန်းအလား၊ စုံမြိုင်ပြားဝယ်၊ ပျား၏တန္တု–ကား ခွဲးထား၊ ရွှေရစ်နောက်ပင့်။ စုံမြိုင်ပြားဝယ်–နိုက်ပြား-ဟူသည်ပေါရာဏ၊တောမြိုင်-ဟူလို။ တန္တု-လည်းပေါရာဏ၊ ဥပမာ-ဟူလို။

မြွတ်နိုးသဒ္ဓါ၊ စေတနာဖြင့်၊ လှူပါသမှု၊ဒါနစုကား၊ ဝတ္ထုညှံ့နုံ့၊ မုယောမှုံ့မျှ၊ မကြုံ့ကျယ်စွာ၊ ဗာရာပြည်လုံး၊ ကျုံး၍အုပ်စိုး၊ နုဘော်ဖွိုး၏–ဟူသည်ကား သတ္တနိပါတ် ကုမ္မာသဇာတ်ကို ဆိုသည်။

၂၅၄။ မစား ကိုယ်ဝမ်း၊ ရိန္ဓမ်း ခြိုးခြံ၊ အငတ်ခံ၍၊ အာသံမမေ့၊ လှူစလေ့၏–ဟူသည်ကား တေရသနိပါတ် အကိတ္တိဇာတ်ကို ရည်သည်။

တနေ့ငါးသိန်း၊ တွက်ကိန်းမကာ၊ စွန့်သမျှလည်း၊ အားရစိတ်ထဲ၊ ရောင့်ရဲမယို၊ အဋ္ဌတ္တိမှ၊ မျက်စိထုတ်လှူ–ကား ဝီသတိနိပါတ် သိဝိဇာတ်ကို ရည်သည်။

ဖြတ်ယူခါခါ၊ စွယ်မြတ်စွာကို၊ တောင်းလာမငြင်း၊ အာခံတွင်းက၊ စွယ်ရင်းမကျန်၊ ထွင်းလှန်မတွန့်၊ သက်စွန့်လှူပေး–ကား ကေနိပါတ် မဟာသီလဝ ဆင်မင်းဇာတ်ကို ရည်သည်။

လေးနှင့်ခွင်းပစ်၊ သေဆစ်ပါးနီး၊ ရောက်လုပြီးလျက်၊ ဆုကြီးရှယ်ဆောင်၊ စွယ်ခြောက်ရောင်ကို၊ ကုန်အောင်လှူခြင်း–ကား တိံသနိပါတ် ဆဒ္ဒန္တဇာတ်ကို ရည်သည်။

မီးပုံတွင်းသို့၊ ခုန်ဆင်းကိုယ်ကို၊ လှူလိုအသား–ကား စတုက္ကနိပါတ် သသဇာတ်ကို ရည်သည်။ ။သိကြားဟန့်ဆီး–ဟူသည်ကား စတုက္ကနိပါတ် ဝိသယှဇာတ်ကို ရည်သည်။ ။မာရ်ကြီးတားဖျက်–ကား ကေနိပါတ် ခဒိရင်္ဂါရ ဇာတ်ကို ရည်သည်။ ။နတ်စက်ပုဆိန်၊ ထိပ်ထက်ချိန်လည်း–ကား စတုက္ကနိပါတ် အယကူဋဇာတ်ကို ရည်သည်။

၂၅၅။ သားချစ်မင်းညို၊ မြတ်အလိုဖြင့်၊ မငြိုမငြင်—ကား ခွဲးထား။ ။ကမ္ဘာဦးက၊စေတိယနှင့်–ဟူသည်ကား အဋ္ဌနိပါတ် စေတိယဇာတ်ကို ရည်သည်။

ငတ်မွတ်ပိန်ခြောက်၊ တောမြိုင်ချောက်နိုက်၊ နွားပျောက်ပုဏ္ဏား—ကား ခွဲးထား။ ၎င်းနိုက် နွားပျောက်ပုဏ္ဏား-ဟူသည်လည်း တိံသနိပါတ် မဟာကပိ ဇာတ်နိုက် ဘုရားလောင်းမျောက်မင်းကို ပြစ်မှားသော နွားပျောက်ရှာ ပုဏ္ဏား ကို ရည်သည်။

အရိယာစွပ်ကျူး—ကား အရှင်သာရိပုတြာ အရှင်မောဂ္ဂလာန်တို့ကို စွပ်စွဲ ပြစ်မှားပြု၍ သေသဖြင့် အဝီစိငရဲကြီးတစိတ် ပဒုမငရဲကျသော ကောကာ လိကရဟန်းကို ရည်သည်။

ကျေးဇူးချေမှား–ကား ဒေဝဒတ်ကို ရည်သည်။ ။ဤ ၄-ပါးသော အကု သိုလ်ကံကို ဤကမ္ဘာထက် မဟာပါပကြီးမည်၏ ဟု သံယုတ် အဋ္ဌကထာကြီးတို့ ဆိုကုန်သည်။

၂၅၆။ ချစ်ကြည်သနား၊ သူမိုက်အားလျှင်၊ မြှောက်စားမိချေ၊ ဝိဒေဟရစ်၊ ပုတ်သင်ညစ်သို့၊ မာန်ယစ်တတ်ဘိ–ကား မဟာဥမင်္ဂဇာတ်နိုက် ပုတ်သင် ကို ဆိုသည်။

လောင်းဂုတ္တိလည်း—ကား ဒုကနိပါတ် ဂုတ္တိလဇာတ်ကို ရည်သည်။ ။ပညာနည်းပါး၊ တောသွားချုံတိုး၊ လူမိုက်မျိုးတို့၊ အကျိုးမထင်၊ အမြင်မနက်၊ တယောက်တွက်နှင့်၊ လေးသက်သေအောင်၊ ကြံဆောင်တတ်ကြ—ကား တေရသနိပါတ် တက္ကာရိယဇာတ်နှိုက်လာသော ပုဆိုးလေးထောင့်ကို တယောက်စီကိုင်၍ ထန်းပင်ထက်က လူကို ခုန်ဆင်းစေသဖြင့် ဥက္ကောင်းချင်း တိုက်ခွဲမိ၍ သေကြသော လူမိုက် ၄-ယောက်ကို ရည်သည်။

၂၆၀။ ဗာလချင်းချင်း၊ ခြိမ့်မွမ်းခြင်းလည်း၊ ကြွားပျင်းစရာ၊ ပညာယှိနား၊ အလွန်ခါးသည်—ကား တိကနိပါတ် ဇမ္ဗုခါဒကဇာတ်၊ အန္တဇာတ်တို့နှိုက် မဟုတ်မလျား အချင်းချင်း တဦးကိုတဦး ခြိမ့်မွမ်းကြသော ကျီးနှင့်မြေခွေးတို့ကို ဘုရားလောင်းနတ်သား ကြွားပျင်းနားခါးလှသည်ဖြစ်၍ ချောက်မောင်းသည်ကို ရည်သည်။

၂၆၂။ ငါးပါးသီလ၊ စာရမဲ့မျိုး၊ မုဆိုးတငါ၊ ကျင့်ယုတ်မာတို့၊ ရှံခါတရား၊ ကျင့်ငြားသော်လည်း၊ စောင့်စည်းမယှိ၊ ပျက်လွယ်ဘိ၏၊ ဇာတိနွယ်ရိုး၊ အမျိုးကျင့်မြဲ၊ စွန့်နိုင်ခဲစွ—ဟူသည်ကား ဝီသတိနိပါတ် သောမနဿဇာတ်နှိုက် ဒိဗ္ဗစက္ခုမည်သော ရသေ့စဉ်းလဲ၊ တိံသနိပါတ် ပဏ္ဍရဇာတ်နှိုက် ကရမ္ဘိယမည်သောအာဇီဝတက္ကတွန်း စသည်ကိုငှင်း၊ ဟိတောပဒေသကျမ်းနှိုက် လာသော မုဆိုးရသေ့ကိုငှင်း ရည်သည်။

မလွှဲ မှတ်ယုံ၊ ပြည့်စုံဇာတိ၊ ကျင့်ယှိထိုလူ၊ မျိုးမြတ်သူကား၊ အယူမသွေ၊ သေသော်သေငြား၊ မဘောက်ပြားဘူး— ဟူသည်ကား ဟိတောပဒေသကျမ်းနှိုက် လာသော မဟာဝိသာလအမည်ယှိသော သိတင်းသည် သူဌေးသား စသည်တို့ကို ရည်သည်။

တရားမမြော်၊ မသူတော်ကို၊ ပေါင်းဘော်သမျှ၊ ဒုက္ခညီးညီး၊ လောင်သည့်မီးသို့၊ ပျက်စီးတတ်စွ—ကား ဧကနိပါတ် ဂေါဓဇာတ်နှိုက် လာသောဖွတ်အပေါင်းတို့နှင့် စတုက္ကနိပါတ် သန္ဓိဘေဒဇာတ်နှိုက် မြေခွေးကြောင့် အဆွေခင်ပွန်းဖြစ်သော နွားလားဥသဘ ခြင်သေ့တို့ကိုငှင်း၊ ဟိတောပဒေသကျမ်းနှိုက် လာသော စန္ဒဗုဒ္ဓိမြေခွေးနှင့် ပေါင်းဘော်မိရာ ကြောင့်ကွင်းမိ၍ ဆင်းရဲရသော မရိစိမာလိသမင်ကိုငှင်း ရည်သည်။

ဆရာမိဘာ၊ ဆုံးမစကား၊ မလိုက်ငြားလည်း၊ ပျက်ပြားဆင်းရဲ၊ ဖြစ်မြဲကေန်၊ မသေ့လှန်တည့်—ဟူသည်ကား တိကနိပါတ် သုကဇာတ်၊ ဆက္ကနိပါတ် မိဂါလောပဇာတ်၊ သတ္တနိပါတ် မနောဇဇာတ်၊ နဝနိပါတ် သုပတ္တဇာတ် စသည်တို့ကို ရည်သည်၊ ဟိတောပဒေသကျမ်းနှိုက် လာသော စိတြဂီဝခိုမင်း စကားကို

မနာမယူကုန်သော ခိုအပေါင်း, ပံသုဗ္ဗိ ကျီးမင်းစကားကို မနာမယူသော မရိစိမာလိ အမည်ရှိသော သမင်စသည်တို့ကို ရည်သည်။

၂၆၃။ မနောရင်းကျည်၊ စိတ်မြူနည်းနှင့်၊ မကြည်ငေါ်ငက်—ဟူသည်ကား ခွဲးထား။မနောရင်းကျည်—ဟူသည်လည်း စိတ်ရင်းကျည်-ဆိုလိုသည်၊စိတ်ရင်း—ဟူသည် ပေါ်ရာဏ၊ယွင်းယိုပျက်စီးသည်-ဟူလို။ ။ပဒူပစေး—ဟူသည် ပေါ်ရာဏ၊ မရှိမသေ မချေမင်ပြုသည်-ဟူလို။ ။ပလေးပလာ—ဟူသည် ပေါ်ရာဏ၊ မလေး မလောက် ပြုသည်- ဟူလို။

၂၇၅။ နှစ်သစ်ပြောင်းကူး၊ နှစ်ဟောင်းကျူး၍၊ ဘန်းခူးတာကုန်—ဟူသည် ကား ခွဲးထား၊ ရှေးကြီး နောက်ခရွေး။ ။ဟေမန်ခါရေက်၊ နှင်းဖြောက် ဖြောက်နှင့်၊ ဖျောက်ဆိပ်မြေလူး—ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။မှုန်း စား ဆော်ညွန်း—နိုက် မှုန်းစား-ဟူသည် ပေါ်ရာဏ၊ နှိုးဆော်တိုက်တွန်းသည်-ဟူလို။

၂၇၈။ လက်နက်ညွှန်သဲ၊ ကျောက်ခဲ မီးမိုး၊ ချရွာကြိုးလျက်၊ ကျီးမဲ့ ကုန်အောင်၊တိုင်းလုံးပြောင်ရှင့်—ဟူသည်ကား မာတင်္ဂဇာတ်စသည်ကိုရည်သည်။

၂၇၉။ ရွာကာ ာတမည်၊ ထစ်ချုန်းမြည်လျက်—ကား ခွဲးထား။ ။ဖြိုးဖြိုး ဖြောက်ဖြောက်၊ ကျီးမမြောက်အောင်၊ လေဖျောက်လွင့်သုန်—လည်း ခွဲး ထား။ ။ရသာချိုပျား၊ မထွေပြားဘဲ—လည်း ခွဲးထား။

၂၈၃။ တင်မော်ကွန်းဖြင့်—နိုက် မော်ကွန်း-ဟူသည် ရှေးအတူ ပေါ်ရာဏ။

၂၈၈။ ပိုဒ်နိုက် အရကား စတုက္ကနိပါတ် အင်္ဂုတ္တရပါဠိတော်နှင့် အညီတည်း။ ၎င်း ပိုဒ်နိုက် တိမ်းပင်းဆုတ်ဆိုင်း—နိုက် တိမ်းပင်း—ဟူသည် ပေါ်ရာဏ၊ စောင်းလွဲသည်-ဟူလို။

သွန်သွန်မှောက်မှောက်၊ ရှင်ဝမ်းမြောက်၍၊ မောက်မောက်လျှမ်းလျှမ်း— လည်း ခွဲးထား၊ ရှေ့ဟထိုး နောက်သက်သက်။

၂၈၉။ ဥပုသ်ဖြဟွ၊ စရိယလည်း၊ ကာလအစဉ်၊ ယှဉ်စေမပျက်၊ နေ့တဝက်မျှ၊ ကျီးစက်လွန်အောင်၊ မင်းဖြစ်ဆောင်၏—ဟူသည်ကား အဋ္ဌနိပါတ် ဂင်္ဂမာလ ဇာတ်နိုက် ဘုရားလောင်း ဥဒယမင်းကို ရည်သည်။

၂၉၁။ အခေါင်မိမိုင်း—နိုက် မိမိုင်း-ဟူသည် ပေါ်ရာဏ၊အကြီးအမြတ်-ဟူလို။

၂၉၂။ ကောင်းယဉ်ဆိုးခြင်း၊ အချင်းအထ—ကား ခွဲးထား၊ ရှေ့ရစ် နောက် ပင့်။ အချင်းအထ—ကား ပေါ်ရာဏ၊ သဘောသတ္တိ—ဟူလိုသည်။

မိုးနှင့် သရက်၊အိုးနှင့်ကြွက်သို၊ တိမ်နက်ရွှေတူ၊လေးမျိုး လူကို–ဟူသည်ကား စတုက္ကနိပါတ် အင်္ဂုတ္တရပါဠိတော်, ပုဂ္ဂလပညတ်ပါဠိတော်တို့နှင့်အညီတည်း။

၂၉၄။ ထောင်လေ့ရွှေနား၊ ခမည်းကြားပိမ့်၊ ယောကျ်ားတကာ–ကား ခွဲးထား။

၂၉၇။ ကိလေသာဆိုး၊ အယုတ်မျိုးတည့်၊ တန်းခိုးသတင်း၊ ကောင်းကျိုး ဖျင်း၍–ကား ဧကနိပါတ် မုဒုလက္ခဏဇာတ်,ဒုကနိပါတ် မောရဇာတ်,ဧကနိပါတ် သက်ပ္ပဇာတ် စူဠပလောဘနဇာတ်, နဝနိပါတ် ဟရိတစဇာတ် လောမကဿပ ဇာတ်, ပကိဏ္ဏကနိပါတ် မဟာမောရဇာတ်, ဝိသတိနိပါတ် မဟာပလောဘန ဇာတ်, ပဏ္ဏာသနိပါတ် နိလိနိကာဇာတ် ဥမ္မာဒန္တီဇာတ်, သတ္တနိပါတ် ကုသ ဇာတ် စသည်တို့ကို ရည်သည်။

၂၉၈။ ကလက်ကလိန်း–ကား မငြိမ်မသက် မတည်မကြည်·ဟူလို။

၃၀၅။ ယောကျ်ားဟူလျှင်၊ အနူမရွေး·ကား ဒုကနိပါတ် စူဠပဒုမဇာတ်နိုက် ပေါင်တိုနှင့် မှားယွင်းသော မင်းသမီးကြီးကို ရည်သည်။

ခွေးနှင့်–ဟူသည်ကား မလ္လိကာမိဖုရားကို ရည်သည်၊ ထိုအခါမဟုတ်သော် လည်း ထိုနှင့်တူသော မိန်းမတို့ကို ရည်သည်။ ။ခြင်သေ့·ဟူသည်ကား ဝင်္ဂမင်း သမီးတော် သီဟဗာဟုမယ်တော် မင်းသမီးကို ရည်သည်။

၃၀၆။ နန်းတက်ပျော်ကြီး၊ မင်းသမီးလျက်၊ မနီးမျိုးနွယ်၊ ညှိုးငယ် ယောကျ်ား၊ ဒွန်းစဏ္ဍားနှင့်၊ ယဉ်ပါးရောရှက်၊ ကျင့်ကမ်းတက်၍ – ဟူသည် ကား အသီတိနိပါတ် မဟာကုဏာလဇာတ်နိုက် ကုရုဂ်ဒေဝီမင်းသမီးကို ရည်သည်။

ငါးစီးဆင်ပြောင်၊ အားကိုဆောင်သည်၊ ညီနောင်ငါးပါး၊ လင်ပြုငြားလည်း၊ စေစားခြေ့အောက်၊ ကျွန်သပေါက်နှင့်၊ လွန်ဘောက်မိစ္ဆာ–ကား ၎င်းဇာတ် နိုက် ကဏှာဒေဝီမင်းသမီးကို ရည်သည်။

၃၀၇။ တောင်ညာနန်းမ၊ လကျ်ာရသား၊ အဂ္ဂမဟေ၊ ပဒုဗ္ဗေထက်၊ ဘီသေ သဟ်၊ ရေသွန်းခံလျက်၊ ဆွံ့နှင့်ယွင်း–ကား ၎င်းဇာတ် ကိန္နရဒေဝီမိဖုရားကို ရည်သည်။

မြင်းထိန်းနှင့်ပျော်–ကား ၎င်းဇာတ်နိုက် ပိင်္ဂိယာနီမိဖုရားကို ရည်သည်။

ကျွန်တော်ရင်းစစ်၊ သုံးကျိပ်နှစ်နှင့်၊ ကျင့်ညစ်ဘောက်ပြန်–ကား ဧကနိပါတ် ဗန္ဓနာမောက္ခဇာတ်နိုက် စိဥ္စမာနအလောင်း မိဖုရားကြီးကို ရည်သည်။

မဂ္ဂန္တရ၊ စခန်းချစဉ်၊ ဖြာ့ဟူဏာငယ်၊ လုလင်ရှယ်နှင့်၊ မဘွယ်ဘောက်ပြား– ဟူသည်ကား အသီတိနိပါတ် ကုဏာလဇာတ်နိုက် ဗာရာဏသီကောသလအကြား ရှာငယ်နိုက် ပဥ္စာလစန္ဒာမည်သော ပုဏ္ဏားငယ်နှင့် မပြတ်မှားယွင်းသော ကောသလမင်းကြီး၏ မိဖုရားကြီးကို ရည်သည်။

မင်းနှစ်ပါးတို့မိဖုရားကြီး၊ မြှောက်တုံပြီးလျှက်၊ ခရီးမရှည်၊ လော်လည်အထူး၊ ဂင်္ဂါကူးတွင်၊ လှေမှူးနှင့်မှား–ဟူသည်ကား ၎င်းအသီတိနိပါတ် ၎င်းကုဏာလ ဇာတ်နိုက်ပင် ဗက်မင်း ဗာဝရိယမင်းနှစ်ပါးတို့၏ မိဖုရားကြီးဖြစ်သော ပဥ္စပါပီကို ရည်သည်။

ပင်လယ်ကြားဝယ်၊ ယောကျ်ားမထင်၊ လက်ပံပင်ထက်၊ တင်၍အသီး၊ စောင့်တပြီးလည်း၊ စောင်းတီးသမား၊ ကျွန်ယောကျ်ားနှင့်၊ အမှားမကင်း– ဟူသည်ကား စတုက္ကနိပါတ် ကာကဝတီဇာတ်နိုက် ကာကဝတီမိဖုရားကြီး, ပဥ္စက နိပါတ်သုယောနန္ဒီမိဖုရားကြီးတို့ကို ရည်သည်။ ။ပင်လယ်ကြားဝယ်၊ယောကျ်ား မထင်–လည်း ခွဲးထား။

ကြုတ်တွင်သွင်း၍၊ ဝမ်းတွင်းမျိုကာ၊ ဆောင်စပါလည်း၊ ဝိဇ္ဇာယောကျ်ား၊ ကြာသမားနှင့်၊ စပ်ကြားခိုမြှောင်–ဟူသည်ကား နဝနိပါတ် သမုဂ္ဂဇာတ်နိုက် ဒါနဝဘီလူးမယားကို ရည်သည်။ ဝိဇ္ဇာယောကျ်ား၊ ကြာသမားနှင့်၊ စပ်ကြား ခိုမြှောင်–ကား ခွဲးထား။

မြိုင်ချောင်နှစ်ကိုယ်၊ အောင်းကာခိုလည်း၊ တော်နှင့်ပျက်– ဟူသည်ကား ဒုကနိပါတ် စူဠပဒုမဇာတ်နိုက် ဘုရားလောင်းပဒုမမင်း၏ မယား မင်းသမီးကြီး ကို ရည်သည်။

ငယ်ချစ်ဘက်အား၊ သက်သက်မကြင်၊ လွန်နာကျင်အောင်၊ မမြင်မျက်စိ၊ ဖုံးဘိလွှမ်းမိုး၊ လင်ငယ်ဆိုးကို၊ ထိုးစေ ထိပ်ပြင်–ဟူသည်ကား ဧကနိပါတ် အဏ္ဍဘူတဇာတ်နိုက် ပုရောဟိတ်ပုဏ္ဏား ပဋိသန္ဓေကပင် ယူထား၍ ယောကျ်ား တပါး မမြင်မတွေ့ရအောင် တိုက်ခန်းတွင်းသွင်း၍ မယားပြုသော ပုဏ္ဏေးမ ငယ်ကို ရည်သည်။ သက်သက်မကြင်၊ လွန်နာကျင်အောင်–ကား ခွဲးထား။

ချောက်တွင်တွန်းချ–ဟူသည်ကား ယခင်ပဒုမမင်းသား မယား တော်နှင့် ကြိုက်သောမင်းသမီးကြီးကိုပင် ဆိုလိုသည်။

တခဏမျှ၊ တွေ့ကြလမ်းကြုံ၊ ကိုယ်လုံးပုံ၍၊ မြင်ရုံနှင့်မက်၊ ခိုးသူလက်သို့၊ သန်လျှက်ရိုးကမ်း–ဟူသည်ကား ပဥ္စကနိပါတ် စူဠဓနုဂ္ဂဟဇာတ်နိုက် တက္ကသိုလ် ဆရာကြီးသမီးကို ရည်သည်။

သေလမ်းဆောင်သွေး–ဟူသည်ကား ဧကနိပါတ် တက္ကဇာတ်နိုက် ဘုရား လောင်း တက္ကပဏ္ဍိတရသေ့ လူထွက်၏မယား သူဌေးသမီးကို ရည်သည်။

သေဆေးထည့်ခတ်–ဟူသည်ကား မဟာဥမင်္ဂဇာတ်နိုက် စူဠနီဗြဟ္မဒတ် မင်းကြီး မယ်တော်မဟာစူဠနီဗြဟ္မဒတ်မင်းကြီး၏ မိဖုရားကြီး ဧလာကဒေဝီကို ရည်သည်။

မိမိမတ်နှင့်၊ ကြိုက်လတ်တုံငြား၊ လင်ကြီးအားကို၊ ပယ်ယှားသတ်စေ– ဟူသည်ကား တိကနိပါတ်အင်္ဂုတ္တရအဋ္ဌကထာနိုက်လာသော လင်ကြီးကို လေးဘဝတိုင်အောင် သတ်သော မိန်းမကို ရည်သည်။ သတ္တနိပါတ် ပရန္တပဇာတ်နိုက် ဗာရာဏသီမင်းကြီး၏ မိဖုရားကြီးသည် ပရန္တပမည်သော ကျွန်နှင့်ကြိုက်၍ မင်းကြီးကို သတ်စေသည်လည်း ရှိ၏။

တထွေယုတ်မာ....မိမာတာလည်း၊တရာကျော်ပြီး၊ သေခါနီးလျက်၊သားကြီး ကိုသတ်– ဟူသည်ကား ဧကနိပါတ် အသာတမန္တန်ဇာတ်နိုက် ဘုရားလောင်း အမိ-မိန်းမအိုကြီးကို ရည်သည်။

၃၀၈။ မိန်းမသစ္စာ၊ မုသားသာတည်း–ဟူသည်ကား ကဏ္ဍမုဏ္ဍိမာနပေတ ဝတ္ထုနိုက် သီတင်းသည်မတို့ကို ရည်သည်။

၃၁၂။ မယားခုနစ်မျိုး စသည်ကိုကား တိကနိပါတ် သုဇာတဇာတ်နိုက် ဟောတော်မူသည်။

ယောကျ်ားငါးဦး၊ အာရုံကြူးနှင့်၊ ယစ်မူးတပ်ပြေ့၊ လမ်းကြုံတွေ့ကို၊ ဆောင်၍မကြွင်း၊ နန်းလုံးနှင်းသား၊ မင်းတက္ကသိုလ်၊ ရှေးအဟိုက၊ ကိုယ်ပါ ဆုံးပါး၊ ဘီလူးစား၍၊ ပျက်ပြားကုန်ကြ–ဟူသည်ကား ဧကနိပါတ် ဘီရုက ဇာတ်၊ တေလပတ္တဇာတ်တို့နိုက် ဘုရားလောင်းနောက်ပါ လူငါးယောက်နှင့် တက္ကသိုလ်မင်းကြီးတို့ကို ရည်သည်။

၃၁၆။ လောကီ့အကျိုး၊ မယုတ်ညှိုးဘဲ၊ တက်တိုးပွါးကြောင်း၊ မယား ကောင်းနှင့်၊ သားကောင်းဥစ္စာ၊ လိမ္မာသီတင်း၊ နာကင်းသော့အား၊ ဤ ခြောက်ပါးတည်း–ဟူသည်ကား ဟိတောပဒေသ ကျမ်းလာတည်း။

၃၁၉။ ကြင်နာပိုက်ဖြား၊ ရင်သည်းဖျားသို့–ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

၃၂၀။ ခြီးဝှဲးဗိုလ်လူ–နိုက် ခြီးဝှဲး-ဟူသည်ကား ပေါရာဏ၊ ခြီးမွမ်း ခြီး မြှောက်သည်-ဟူလို။

၃၂၂။ ခုနစ်စဉ်တရား၊ နန်းစဉ်ထားကို–ဟူသည်ကား တိံသနိပါတ် သမ္ဘဝဇာတ် သုစိရတာပုဏ္ဏား ရွှေပြားနိုက် ရေးဆက်သော ဘုရားလောင်း သမ္ဘဝသူငယ်ဟောသော တရားကို ရည်သည်။

၃၂၄။ ရွှေနန်းထက်နိုက်၊ နှစ်သက်မွေ့လျော်၊ စံသရော်တိ၊ ရင့်ယော်ခန်းခြောက်–လည်း ခွဲထား၊ ရွှေလ နောက်ရကြီး။ ။ရင့်ယော်ခန်းခြောက်၊ ငရာထောက်၍၊ ဓာတ်ချောက် ဓာတ်ချား–လည်း ခွဲထား၊ ရွှေရစ် နောက်ပင့်။

ဓာတ်ချောက် ဓာတ်ချား၊ ရုပ်ဘောက်ပြားလျက်၊ ထူးခြားညှိုးသွေ့–လည်း ခွဲထား၊ ရွှေပင့် နောက်ရစ်။ ။အိုငွေ့ခြောင်းခြောင်း၊ မြတ်ဥက္ကောင်းထက်၊ တချောင်းဆံဖြူ–လည်း ခွဲထား၊ ရွှေရစ် နောက်ပင့်။ ။စင်းလျှင်းဖက်ထစ်–နိုက် စင်းလျှင်း-ဟူသည်, ဖက်ထစ်-ဟူသည် ပေါရာဏ၊ အမြဲးချည်း-ဟူလို။

၃၃၀။ ဤသို့ခိုင်ကျည်၊ လောင်းဘုန်းစည်လျှင်၊ ချစ်ကြည်လွန်ပြင်း–ကား ခွဲထား၊ ရွှေပင့် နောက်ရစ်။ ခိုင်ကျည်-ဟူသည် ပေါရာဏ၊ ခိုင်ခံ့တည်ကြည် မြဲးမြံသည်-ဟူလို။ ။နှမိနှမြော၊ ရေဝယ်မျှော့သို့–လည်း ခွဲထား၊ ရွှေရစ် နောက် ဟထိုးပင့်။

ပုတ္တောဝါဒခဏ်း ပိုဒ်-၇၃ ပြီး၏။

ဤအခဏ်းငယ် ၃-ခဏ်းတို့ဖြင့် ပိုင်းခြားအပ်သော ၇၇-ပိုဒ်ယှိသော တတိယပိုင်း လီနတ္ထဒီပနီ ပြီး၏။

(ဤ ပုတ္တောဝါဒအမည်သည် အဆုံးခဏ်း၏ အမည်တည်း။)

---

## ၄-စတုတ္ထပိုင်း လီနတ္ထဒီပနီ

### ၁-အမစ္စာပုစ္ဆနခဏ်း

၃၃၁။ ထိုသို့ချက်ခြင်း၊ သံဝေပြင်း၍၊ ပျင်းခဲ့ပြည်လေ့–ကား ခွဲထား၊ ရွှေရစ် နောက်ပင့်။ ။ငြီးငွေ့ဆန့်ကျင်၊ မပျော်ရွှင်သည်၊ အကြင်ဝင်းဝင်း–လည်း ခွဲထား၊ ရွှေပင့် နောက်ရစ်။

၃၃၂။ နန်းရဆောင်ရ၊ ယဉ်ပျောင်းပျသား၊ မြို့ပြရွာစား–လည်း ခွဲထား၊ ရွှေပင့် နောက်ရစ်။ ။ဥဒါဟို–ဟူသည်ကား ပေါရာဏ၊ မစဲးမလပ်ပင်။ ။ဆံကြဲးလက်မြောက်၊ မြေကြီးမှောက်သို့၊ တောင်မြောက်မမြင်–ကား ခွဲထား၊ ရွှေ ဟထိုးရစ် နောက် ဟမထိုး။

ခံ့တမင်ဖြင့်–နိုက် ခံ့တမင်-ကား ပေါရာဏ၊ အလျင်တဆော-ဟူလို။ ။ရင်ပြင်နန်းတွင်း၊ ကြမ်းတပျင်းတွင်၊ ပူပြင်းလှိုက်ပွက်–လည်း ခွဲထား၊ ရွှေပင့် နောက်ရစ်။ ကြမ်းတပျင်း–ဟူသည် ပေါရာဏ၊ အပကြမ်းပြင် အကြည်ပင်·

ဟူလို။ ။အုတ်အုတ်ကျက်တီ၊ ဆူကြွက်မဆိတ်–ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

၃၃၃။ ကမ္ဘာပြို့သို့၊ ရွယ်ပျိုရွယ်လတ်–ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

၃၃၄။ အမူကျားပြောက်၊ ဆန်သီးပျောက်၍–လည်း ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။တယောက်တခြား၊ မပိပြားဘဲ၊ ပျားသို့ရိုးရှ–လည်း ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။နေမျိုးဓိပတိ၊ စောဘုန်းယို့! နှတ်ရှိတူပြီ–လည်း ခွဲးထား၊ ရှေ့ ယငယ် နောက် ရကြီးဟထိုး။ ။ပြည်ကြီးရှင်သည်၊ အသျှင် လူမျှား သိကြားတည်း–လည်း ခွဲးထား၊ ရှေ့ သာမျတ္တ အရှင်သခင် ရကြီး ဟထိုး၊ နောက် ဘဒ္ဒန္တတ္ထ အယျတ္ထ အသျှင် သ-ဟထိုးယပင့်။

၃၃၅။ ခေါင်တမွတ်ဖြင့်–နှိုက် တမွတ်-ဟူသည် ပေါ်ရာဏ၊ အမြွတ် အထွတ်-ဟူလို။ ။ရှည်မြွတ်သက်တော်—နှိုက် မြွတ်-ဟူသည် ပေါ်ရာဏ၊ လွန်သည် ပိုသည် စွန်းကယ်သည်-ဟူလို၊ မြွတ်စွန်းသည် ဆိုသကဲ့သို့တည်း။ ။ပတူပယင်—လည်း ပေါ်ရာဏ၊ ဘွဲ့နွဲ့ယုယသည်-ဟူလို။

၃၃၆။ လူ့ရွာအဟို-နှိုက် အဟို-ကား ပေါ်ရာဏ၊ ရှေးကာလ-ဟူလို၊ အမျှားလည်း ဆိုကုန်၏။ ။မမျှနိုင်းဘွယ်၊ လွန်ကြီးကျယ်လျက်၊ မိုးကြယ် အယောင်–ကား ခွဲးထား။ ။အရည်းမုန္နေ–နှိုက် အရည်း-ကား ပေါ်ရာဏ၊ ရသေ့သူတော်–ဟူလို၊ သိက္ခာမတင် သိမ်မဝင်ဘဲ ရဟန်းပြုသူလည်း ဟူကုန်၏။

၃၃၇။ စံတော်ကွန်းနှင့်–နှိုက် ကွန်း-ဟူသည် ပေါ်ရာဏ၊နန်းတော်။ ဤနှိုက် ကွန်းထောက် နန်းတော်- ဟူလို။ ။ပုရစ်ကင်းငုံ—နှိုက် ပုရစ်–ဟူသည်လည်း ပေါ်ရာဏ၊ အငုံအကင်း အဖူး-ဟူလို။

၃၃၈။ တပြုံပြည်းပြည်း၊ သာဖြည်းဖြည်းတီ၊ ယမ်းပည်းရိုကျိုး—ကား ခွဲးထား၊ ရှေ့ရစ် နောက်သက်သက်။ တပြုံပြည်းပြည်း-ကား ပေါ်ရာဏ၊ အထပ်ထပ် အဘန်ဘန်-ဟူလို။ ယမ်းပည်း-လည်း ပေါ်ရာဏ၊ ရိုသေသည်-ဟူလို။ ။ယမ်းပည်းရိုကျိုး၊ လက်စုံမိုး၍၊ မကြိုးမကြွ–ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ ဦးနှိပ်ချပြီး၊ ကွဲးခြ ဥက္ကောင်း—လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ကွဲးခြ—နှိုက် ခြ-ဟူသည် ပေါ်ရာဏ၊ ကွဲးအက်သည်-ဟူလို။ ။ပြတ်ကြွေပြောင်းသို့၊ ညွတ်ပျောင်းမမော်—လည်း ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

အမစ္စာပုစ္ဆာနခဏ်း ၈–ပိုဒ်ပြီး၏။

## ၂-ဓမ္မဒေသနာခဏ်း

၃၄၀။ ခပင်း–ကား ပေါရာဏ၊ အများ–ဟူလို။ ။ထင်ရှားပြက်ပြက်၊ မှန်မပျက်အောင်–ကား ခွဲထား၊ ရှေ့ရစ် နောက်ပင့်။ ။အဌကွာရာ၊ ဆန်း သင့်စွာလျှင်၊ ပထျာဝုတ်–လည်း ခွဲထား၊ ရှေ့ရကြိး နောက်ဆင်ထူးပင့်၊ ဝမ်းပူတရေးတတ်ကြသည်၊ မသင့်။

၃၄၁။ ကုန်ကျွန်းအောင်သည်–နှိုက် ကျွန်း-ဟူသည် ပေါရာဏ၊ ကုန်လွန် သည်ပင်-ဟူလို။

၃၄၂။ မွေတော်ရာရိုက်–နှိုက် ရိုက်-ဟူသည် ပေါရာဏ၊ အရာအမွေ-ဟူလို။ ။ မြေအက်တိမ်းပင်း၊ ညီးတလင်းမျ–နှိုက် တိမ်းပင်း-ဟူသည်၊ညီးတလင်း-ဟူသည် ပေါရာဏ၊ တိမ်းတိမ်းစောင်းစောင်း-ဟူလို။

သရေကိုးကား–နှိုက် ကိုးကား-ဟူသည်လည်း ပေါရာဏ၊ အတင့်အတယ်-ဟူလို။ ။မင်းစစ်ဖီလာ–နှိုက် ဖီလာ-လည်း ပေါရာဏ၊ မုချစင်စစ်-ဟူလို။ ။ သံပဟုံးစုံး–နှိုက် သံပ-ဟူသည်, ဟုံးစုံး-ဟူသည် ပေါရာဏ၊ ကြုံးဝါးကြိမ်းပသည် ဟူလို။

၃၄၃။ မဆွ လက်မွန်–နှိုက် မဆွ-ဟူသည် လက်မွန်-ဟူသည် ပေါရာဏ၊ပထမ အစအဦးချည်းတည်း။ ။ဗိမာန်ရဝေ–နှိုက် ရဝေ-ဟူသည်လည်း ပေါရာဏ၊ နန်းအိမ်-ဟူလို။ ။နန်းရွှေစတိ–နှိုက် စတိ-ဟူသည်လည်း ပေါရာဏ၊ အစစ်အတိ-ဟူလို။

၃၄၄။ ကာလတောင်တာ–နှိုက် တောင်တာ-ဟူသည် ပေါရာဏ၊ ရှည်ကြာ လေးမြင့်-ဟူလို။ ။မုနေသယှရွှဲ့–နှိုက် မုနေသ-လည်း ပေါရာဏ၊ အတင့်အတယ်-ဟူလို။ ။အမြင်ရွှေရွှေ၊ ရင့်အိုရွှဲ့လျှင်–ကား ခွဲထား၊ရှေ့ပကတိ နောက်ခရာပြန် ကြိယာရွှဲ့တည်း။ ။နှစ်ရှည်များက၊ ပတ္တမြားနန်းအိမ်–လည်း ခွဲထား၊ ရှေ့ပင့် နောက်ရစ်။

၃၄၅။ ထံနီးတိုးတည်–နှိုက် တိုးတည်-ဟူသည် ပေါရာဏ၊ အနီးကပ်သည်-ဟူလို။ ။သေမင်းတမန်၊ အမှန်ငါ့ကိုချလာပြီ–လည်း ခွဲထား။

၃၄၆။ ရပ်လျက်တည်ရှဲ့၊ မည်သည့်နေ့နှိုက်၊ မရွှေသင်သည်–လည်းခွဲထား၊ ရှေ့ကြိယာရှဲ့ နောက်ပကတိ။ ။ရှည်လျားတောင်တာ–နှိုက် တောင်တာ-လည်း ပေါရာဏ၊ ရှည်ကြာသည်ပင်။

၃၄၇။ ဖြစ်ဘိရကား–နှိုက် ရကား-ဟူသည် ပေါရာဏ၊ ဖြစ်သောကြောင့်-ဟူလို၊ ဟိတ်အနက်ဟူရှဲ့ မှတ်လေကုန်။

၃၄၈။ ရှေးနှင့် မထူးခြားပြီ။

၃၄၉။ ထင်ရှားဘော်ပြု၊ မရှင်ပျအောင်–ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။စိန်ညောင်ညီးညီး၊ နတ်စည်တီးသို့၊ မငြိုးစေကြောင်း-လည်း ခွဲးထား။ ။ မငြိုးစေကြောင်း၊ တယောအောင်းက၊ မိကျောင်းနှင့်ငြင်း-လည်း ခွဲးထား။ ။ မိကျောင်းနှင့်ငြင်း၊ သံညင်းညင်းတိ–လည်း ခွဲးထား။

နာမရဲးအောင်–နိုက် မရဲး-ဟူသည် မရောင့်ရဲး-ဟူလို၊ ၎င်းမရောင့်ရဲး ဟူသည် ပေါ်ရာ၏၊ အားမရနိုင်-ဟူလို။

သဘင်ကချေ၊ လက်ခြေညွတ်ပျော့–လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ ဟန်ကြော့ကြော့နှင့်၊ မကျော့မကျည်း–လည်း ခွဲးထား။ မကျော့မကျည်း-ဟူသည် ပေါ်ရာ၏၊ မပျင်းမရိ-ဟူလို။ ။မကျော့မကျည်း၊ ရှင်ကြည်းကြည်းတည့်–လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ရှင်ကြည်းကြည်း-ဟူသည် ပေါ်ရာ၏၊ ကြည်ကြည်ရှင်ရှင်-ဟူလို။

သံပြိုင်သံညီ–လည်း ပေါ်ရာ၏၊ အတူအညီ ယှဉ်ကာ-ဟူလို။ ။သွေးစုန်း မျက်မည်း–နိုက် သွေးစုန်း-ဟူသည် ပေါ်ရာ၏၊ ဆဲ့သုံးနှစ်ရွယ် သတို့သမီးကို ဆိုသည်။ မျက်မည်း-လည်း ပေါ်ရာ၏၊ ဆဲ့ငါးနှစ်ရွယ် သတို့သမီးကို ဆိုသည်။ ။ စုလည်းခွေရစ်–နိုက် စုလည်း-ဟူသည် ပေါ်ရာ၏၊ ဆံထုံးကို ဆိုသည်။ ။ ကလျစ်ကလျူ၊ ကယု ကယင်–တို့လည်း ပေါ်ရာ၏၊ ယုယုယယ မူမူရာရာ-ဟူလို။

၃၅၀။ ဤသို့ မင်းကျော်၊ အာလုပ်ဘော်၍၊ အကြော်တငြာ–ကား ခွဲးထား။ ။အကြော်တငြာ၊ မတ်တကာအား၊ ကြေညာတက်အောက်–လည်း ခွဲးထား။ ။ပညာဉ်ထိန်းကျောင်း၊ မှတ်တိုင်းကောင်းအောင်၊ ကျိုးကြောင်းညှိလျက်–လည်း ခွဲးထား။ ။အဋ္ဌကထာ၊ လေးပါဒတိ၊ တတိယရကာရ–လည်း ခွဲးထား။

မဓ္မဒေသနာခဏ်း ၁၁-ပိုဒ် ပြီး၏။

---

## ၃-အပမစ္ဆောဝါဒခဏ်း

၃၅၁။ ပါဌဂုတ်–ဟူသည်ကား ပေါ်ရာ၏၊ အနက် အဓိပ္ပါယ်ကို ဘွင့်ပြသော အဋ္ဌကထာကျမ်း-ဟူလို။

၃၅၂။ လုံ့လမယွက်–နိုက် မယွက်-ဟူသည် ပေါ်ရာ၏၊ မယွင်း-ဟူလို။

၃၅၃။ မင်းခယောကျ်ား၊ လစာ စားတို့၊ ကမ်းနားသစ်ပင်၊ ပမာသွင်နှင့်၊ လူတွင်မွေးငြား၊ ဝက်အလားဖြင့်၊ မမှားသေဘို့၊ မှန်လှတို့၏၊ မနှစ်လိုရာ၊ ကြောက်အပ်စွာရှင့်–ဟူသည်နိုက် ဝက်အလား-ဟူသည်ကား ကေနိပါတ် မုနိကဇာတ်နိုက် မုနိကဝက်ကို ရည်သည်။

အာဒါသမု–ကား တိကနိပါတ် အာဒါသမုခဇာတ်နှိုက် အာဒါသမုခမင်း-ဟူလို။ ။ရှုပ်ထွေးခဲ့လှေ့်–နှိုက် ခဲ့လှေ့်-ဟူသည် ပေါရာဏ၊ ခက်ဆစ်ခက်ရပ်-ဟူလို။

မဟော်သုခမိန်၊ နန္ဒီသိန်သို့–ဟူသည် မဟာနိပါတ် ဥမင်္ဂဇာတ်နှိုက် တဆဲ့ရှစ်ခေါ်ဘိဏီစစ်ကို အောင်နိုင်သော မဟောသဓာ သုခမိန်, စတုက္ကနိပါတ် စူဠကလိင်္ဂဇာတ်နှိုက် သူရဲတထောင်မျှဖြင့် များစွာသော ကလိင်္ဂမင်း၏ စစ်သည်တို့ကို အောင်နိုင်သော နန္ဒိသေန အမတ်ကြီးကို ရည်သည်။

သုမုခကျီး၊ စစ်သူကြီးနှင့်—ဟူသည်ကား တိကနိပါတ် သုပတ္တဇာတ်နှိုက် ဘုရားလောင်း သုပတ္တကျီးမင်း၏ ညီတော် ဗာရာဏသီ မင်းကြီး၏ စားတော်အုပ်နှိုက် ဘောဇဉ်ကို ထိုးဆောင်သော စစ်သူကြီးဖြစ်သော သုမုခကျီးကို ရည်သည်။

သီးဘန္တရ၊ ဆောင်ဆက်သသား၊ သူဝမတ်ခေါင်၊ ရွှေကျေးယောင်သို့–ဟူသည်ကား တိကနိပါတ် အဗ္ဘန္တရဇာတ်နှိုက် ကုမ္ဘဏ်ကုဋေ တထောင်စောင့်သော ဝေဿဝဏ္ဏနတ်မင်းကြီး အဗ္ဘန္တရသရက်သီးကိုဆောင်၍ ဆက်သော ဗြဟ္မဒတ်မင်းကြီး၏ ကျေးသားကို ရည်သည်။

၁၆၉။ သူရမ်းဘဲးကို=နှိုက် သူရမ်းဘဲး-ဟူသည် ပေါရာဏ၊သူ့သဘောအလို-ဟူလိုသည်။

မှန်ထုပ်ရှို့ဝှက်–နှိုက် မှန်ထုပ်-ဟူသည်လည်း ပေါရာဏ၊ ရှို့ဝှက်သည်ပင်-ဟူလို။

ပေါက်ပင်မှတ်ငြား၊ မင်းသားလေးဦး၊ မြင်းဘူးချိန်ခါ၊ တကြိမ်သာမျှ၊ ထင်ရာစွဲးမှန်း—ဟူသည်ကား ကိံသုကောပမဇာတ်ကို ရည်သည်။

သူကန်းဆင်တွေ့—ဟူသည်ကား ဥဒါန်းပါဠိတော် စသည်တို့နှိုက်လာသော ဆင်ကိုစမ်းမိတိုင်း မှတ်၍ပြောကြားသော မျက်စိကန်းတို့ကို ရည်သည်။

ယခင့် ရှေးဖြစ်၊ ပဏ္ဍိတ်စစ်ဖြင့်၊ ခုနစ်နှစ်ရွယ်၊ ပညာကြွယ်တို့–ဟူသည်ကား မဟာဥမင်္ဂဇာတ်နှိုက် မဟော်သဓာကို ရည်သည်။

သားလုခုံငြင်း၊ မှုဆင်ကျင်းလည်း၊ ညင်းညင်းသာယာ—ကား ခွဲးထား။ ။

၁၇၀။ မျှောက်မခိုးကွယ်၊ ပုလဲးသွယ်လျှင်–စသောစကားသည်ကား ဧကနိပါတ် မဟာသာရဇာတ် ဘုရားလောင်း အမတ်ကြီးစစ်နည်းကို ရည်သည်။

စူးစားနှစ်နော–နှိုက် စူးစား-ဟူသည် ပေါရာဏ၊ ဆင်ခြင်သည်-ဟူလို။ နှစ်နော-လည်း ပေါရာဏ၊ အစက အဆုံးတိုင်-ဟူလို။

ဝမ်းနှင့် ကျောသို့၊ စောကြောရှေ့နောက်–ကား ခွဲထား၊ ရှေ့ပင့် နောက်ရစ်။ စောကြော-ဟူသည် ပေါရာဏ၊ စစ်ဆေးမေးမြန်း ဆင်ခြင်ထောက်ချင့်သည်-ဟူလို။ ။ရှောင်းတခင်မူ–နှိုက် ရှောင်းတခင်-ဟူသည် ပေါရာဏ၊ အဆောတလျင်-ဟူလို၊ ယခုကာလ ဝိသဇ္ဇနီမဲ့နှင့် ရှောင်တခင်ဆိုကြသည်။ ။ ဝမ်းဝယ်ပိုက်သွင်း–နှိုက် ဝမ်း-ဟူသည် ပေါရာဏ၊ နှလုံးစိတ်-ဟူလို။

၃၇၁။ ပခုံးကြားထွက်၊ လည်ဘင်းထက်နှိုက်၊ နားရွက် မျက်စိ၊ ပေါက်ဘိမွေးဆံ၊ ခြံရံဝန်းကျင်၊ ဥက္ကောင်းဖြင်လည်း၊ အမြင်အသိ၊ ယှိသည့်ဥက္ကောင်း၊ လွန်နည်းတောင်းခဲ့ —— ဟူသည်ကား ဒုကနိပါတ် မူလပရိယာယဇာတ်ကို ရည်သည်။

ထန်းပင်ထက်ဖျား၊ ကျီးသိုက်ကြားက၊ ပတ္တမြားရောင်ထွက်၊ ရေကန်နက်ကို၊ ကော်ပက်မဆုံး—— ဟူသည်ကား မဟာဥမင်္ဂဇာတ်နှိုက် သိန်း အမတ်ကြီးကို ရည်သည်။

မေးပြုမျိုးနွယ်၊ ရေဆယ်မီးယူ–စသော လူမိုက်ကြီး ဆယ်ယောက်ကို ဇာတ်နိပါတ်ဝတ္ထုစသော ကျမ်းတို့နှိုက် မထင်။

လက်နှိုက်ပျောက်ရွှေပဲးတစေ့ကြောင့်၊ငုံ၍ နှုတ်ထဲး၊လုပ်ပြည့်ပဲးကို၊ထုတ်ကြဲးရှာဘွေ– ဟူသည်ကား ဒုကနိပါတ် ကဋ္ဌာယမုဋ္ဌိဇာတ်လို ရည်သည်။ လက်နှိုက်ပျောက်ရွှေ၊ ပဲးတစေ့ကြောင့်၊ ငုံ၍ နှုတ်ထဲး–ကား ခွဲထား။ ။ဥယျာဉ်မြေတွင်၊ မျောက်ရေသွန်းမျိုး–ကား ဧကနိပါတ် အာရာမဒူသကဇာတ်, တိကနိပါတ် အာရာမဒူသကဇာတ်တို့ကို ရည်သည်။

၃၇၂။ ရေးရာမကျယ်၊ ရေလိပ်ငယ်ကို၊ ရေဝယ်ချဟု၊ ရေးကြီးပြု၍၊ ပြည်မူကိစ္စ၊ မီးပွါးထရှင့်–ဟူသည်ကား ဘူရိဒတ်ဇာတ်ကြီးနှိုက် အမတ်ကြီးများကို ရည်သည်။

မိုက်လှအလို၊ မြေကြီးပြိုဟု၊ မြည်ဆိုတုံငြား၊ ယုန်စကားကြောင့်၊ တောသားကုန်အောင်၊ တောသုံးထောင်ဝယ်၊ ဆင်ပြောင်ကစ၊ တွေးဆမဲ့လျှင်း၊ ရေသို့ဆင်းခဲ့–ဟူသည်ကား စတုက္ကနိပါတ် ဒုဒ္ဒုဘာယဇာတ်ကို ရည်သည်။

ထွက်ဝင်မပျင်း၊ ရှုမျှော်တင်း၍၊ စိုင်းပြင်းအမြဲး–ဟူသည်ကား ခွဲထား၊ ရှေ့ပင့် နောက်ရစ်။ စိုင်းပြင်း-ကား ပေါရာဏ၊ တိုင်ပင်ညှိနှိုင်းကြသည်-ဟူလို။

၃၇၄။ နန်းစဉ်ကျမ်းနှင့်၊ နု ကြမ်း နိုင်းဆ—ကား ခွဲးထား။ ။ လေ့ကျက်ချေ၍၊ ဗိုလ်ခြေနောင်လာ—လည်း ခွဲးထား။ ။ကျေပွန်နှလုံး—နှိုက် ပွန်-ဟူသည် ပေါရာဏ၊ လိမ္မာသည်-ဟူလို။

၃၇၅။ ဝဲးမကူး—ဟူသည် ပေါရာဏ၊ အသီးအခြား တပါးနှင့်မတူ-ဟူလိုသည်။ ။လောကီလူများ၊ ထုံးစံအားဖြင့်၊ ထိမ်းမြားခင်းပြ—ဟူသည်ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

၃၇၆။ မွေ့ခံသားချင်း၊ ပြုခြင်းကျင့်ဝတ်—ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ သားချင်း-ဟူသည် ပေါရာဏ၊ ညီအစ်ကို မောင်နှမအရင်းတစု-ဆိုလိုသည်။

၃၇၇။ ဆရာတပည့်၊ အလိုပြည့်အောင်—ကား ခွဲးထား၊ ရှေ့ သက်သက် နောက် ရစ်။ ။မွေ့ရင်းမွေ့ဖျား၊ ပိုင်းခြားနား၍၊ ပိုက်ဖြားကြင်နာ—ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

၃၇၈။ တန္တုရှေးခါ—နှိုက် တန္တု-ဟူသည် ပေါရာဏ၊ ဥပမာ-ဟူလို။ ။ ယမုံနာနှင့်၊ ဂင်္ဂါမြစ်သား၊ နှစ်ကောင်ငါးကို၊ တရားဖြတ်ဆို၊ ရေလိပ်အိုသို့၊ ကိုယ်ကိုမြှောက်ခြီး၊ မပြီးအမှု့—ဟူသည်ကား ဒုကနိပါတ် ဂင်္ဂေယျဇာတ်နှိုက် လိပ်ကြီးကို ရည်သည်။

ဖျံနှစ်ခုတို့၊ ငါးလုကြရာ၊ ယုတ်မာအကျင့်၊ ခေါင်းနှင့်အမြီး၊ ဖြတ်ပြီးပေးငြား၊ အလယ်သားကို၊ တရားဖြတ်သူ၊ ငါ့ဘို့ဟူ၍၊ ဆောင်ယူမနှေး၊ ချီကာပြေးသည်၊ မြေခွေး ငါးဝေ၊ မတူစေနှင့်—ဟူသည်ကား သတ္တနိပါတ် ဒဗ္ဗပုပ္ဖဇာတ်နှိုက် မြေခွေးကို ရည်သည်။

၃၇၉။ မဆိတ်မွေ့စု၊ မြေ့ထုံးရှုလေ့—နှိုက် မြေ့ထုံး-ဟူသည်ကို သာသနာဝင်ကျမ်းတို့နှိုက် မထင်၊ ရှေ့မျဉ်းဓမ္မသတ်ကျမ်းနှိုက်သာ ထင်၏။

၃၈၀။ အမှုမမှန်၊ တရားကျန်က၊ သည်းထန်လွန်ပြင်း၊ မြက်ခြေနင်းလျက်၊ ချင်းချင်းပုတ်ထိုက်၊ လူ့နှယ်ရိုက်၏—ဟူသည်ကား ကောဒသနိပါတ် ဒသရထဇာတ်နှိုက် ရာမမင်းသား၏ မြက်ခြေနင်းကို ရည်သည်။ ဤနှိုက် ပုတ်ထိုက်-ဟူသည် ပေါရာဏ၊ ရိုက်ပုတ်သည်-ဟူလို။

မလိုက်ဂတိ၊ ထုံးယှိစံမှီ၊ ပဝေဏီနှင့်၊ အညီသင့်မော၊ သဘောညာဏ်ရှု၊ ဆုံးဖြတ်ပြုက၊ ယခုဝတ္တမာန်၊ ပစ္စုပ္ပန်တွင်၊ မတန်လူမျှ၊ နာဂရာဇာ၊ သုပဏ္ဏာနှင့်၊ ဣန္ဒာသိကြား၊ နတ်မင်းများတို့၊ ပတ္တမြားမျက်ရှင်၊ ရွှေစင်ပန်းခိုင်၊ မနိုင်အဘိုး၊ နတ်ပုဆိုးဖြင့်၊ မြက်နိုးကော်ရော်၊ ပူဇော်မြှောက်ခြီး၊ လူမင်းကြီးမှုဂသော စကားသည်ကား ဝိဓုရဇာတ်နှိုက် ဝိဓုရအမတ်ကြီးကို ရည်သည်။

၃၈၂။ ကြီးကျယ်နက်ကို–နှိုက် နက်ကို-ဟူသည် ပေါရာဏ၊ အထူ အခဲ အပြည့်အလျှမ်း-ဟူလို။ ။မငြင်မငြိုး ဘုန်းရိပ်ခို၍၊ ကြည်ညိုဝမ်းတွင်း–ကား ခွဲးထား။

နဂ္ဂတန်လျှင်း၊ သိန္ဓောမြင်းနှင့်၊ မင်းပါထီးစည်၊ ဗာရာပြည်ကို၊ ဂုဏ်ရည်နွမ်းပါး၊ ဆန် ကွမ်းစားဖြင့်၊ ပိုင်းခြားဟုတ်ဟတ်၊ အဘိုးဖြတ်သား၊ ရာပြတ်မိုက်လှ၊ မတ်ဗာလသို့–ဟူသည်ကား ကေနိပါတ် တဏ္ဍုလနာဠိဇာတ်နှိုက် ရာပြတ်အမတ်မိုက်ကို ရည်သည်။

၃၈၃။ တသုတ်တိုက်ကျွမ်း၊ ဆုတ်ပတ်တမ်းလည်း၊ ကြော့ကြမ်းမူထား–ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ဟုပ်စားလျှပ်စား–တို့ကား ပေါရာဏ၊ ဟုပ်စား-ဟူသည် လုယက်သည်-ဟူလို။ လျှပ်စား-ဟူသည် အနိုင်အထက် အမှုလျှော်ဒဏ်တပ်စားသည်-ဟူလို။

ခိုးသားတန္တ–နှိုက် တန္တ-ဟူသည် ပေါရာဏ၊ ခိုးသားပင် ဟူ၏။ ဘေးဒဏ်လည်း ဟူ၏၊ "တန္တဘေးထူ၊ ငါတည်းဟူသား၊ မတူတော်ရှာ၊ ဤခန္ဓာမှ" ဟူသည်နှင့် ညီပေ၏။ ဘေးဒဏ်ပြုတတ်သော ခိုးသားယူသော် ရှေးနည်းလည်း သင့်၏။

မုဒိမ်း–ဟူသည်လည်း ပေါရာဏ၊ ဘေးရန်-ဟူလို၊ ထားပြသူပုန်-လည်း ဟူကုန်၏။ မနှိုက် တချောင်းငင် ဒဒွေး။ ။ပလိမ်းပကျံ၊ လူစိမ်းဆံ့တို့၊ စိတ်ကြံမသင့်–ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ပလိမ်းပကျံ–ကား ပေါရာဏ၊ နိုင်ထက် လျှပ်ဝါး ပြုသည်-ဟူ၏။

စိတ်ကြံမသင့်၊ဘိစီးကျင့်၍၊ဆိတ်နှင့်သစ်နှယ်၊ မဘွယ်နိုင်ထက်၊ ဗလက္ကာရ–ဟူသည်ကား အဋ္ဌနိပါတ် ဒီပိဇာတ်နှိုက် ဆိတ်မကို သတ်စားလို၍ "ငါ့အမြီးကို ကြော်ခွသည်၊ ငါ့အမြီးကား လေးကျွန်းသမုဒြာအနှံ့ရှိသည်" ဟု အနိုင်အထက် ပြောဆိုသော သစ်ကို ရည်သည်။

၃၈၄။ မြို့ပြရွာကျေး၊ မျက်နှာရေးကို၊ မှန်ကြေးမုံပြင်–ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ကြေးပုံ-ကား ပေါရာဏ၊ မှန်-ဟူလို။ ။မင်းနှင့်ချင်းသည်။ ငြိမ်းခြင်းလကြွယ်ရံ၏သို့–လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

၃၈၅။ ဘောက်သောက်လူမျိုး–နှိုက် ဘောက်သောက်-ဟူသည် လူသွမ်းပင်။ ။သူလှော်သူပွေ–နှိုက် သူလှော်-လည်း ပေါရာဏ၊ သူပျက်သူသွမ်းပင်။

ခုံငြင်းတင်ချေ၊ ဆင်ခြေဆင်လက်—ကား ခွဲထား။ ။သက်သေကြီးလည်း၊ မထီးစေရာ—နှိုက် မထီး-ဟူသည်ကား ပေါရာဏ၊ မလွှမ်းမိုးစေရာ-ဟူလို။ ။ စာနာစဉ်းစား—နှိုက် စာနာ-လည်း ပေါရာဏ၊ စဉ်းစားဆင်ခြင်သည်ပင်။

၃၇၇။ စိတ်ပူလက်ညစ်၊ ကြံရည်ညှစ်သို့—ကား ခွဲထား။

၃၇၈။ ရှေးကြံသိုင်းတို့—နှိုက် ကြံသိုင်း-ကား ပေါရာဏ၊ အမြော်အမြင်ရှိသော ပညာရှိ သုခမိန်-ဟူလို။

၃၉၃။ ခုံသမတ်တို့—နှိုက် ခုံ-ဟူသည်, သမတ်-ဟူသည် ပေါရာဏချည်း။ တရားသူကြီး-ဟူလို။

၃၉၄။ ငှက်နှင့်သားကို၊ သေစားသေစေ၊ စီရင်ထွေကား—ဟူသည် ဇာတ်နိပါတ်တို့နှိုက်မထင်၊ လောကီဓမ္မရာယည်မင်းဝတ္တု ရှိ၏။ မဟာဝင်ကျမ်းနှိုက်ကား နွားနှင့်သားကို တရားအတူပြု၍ စီရင်သော ဌေးရကျေးမင်းဝတ္တုလည်းထင်၏။

၃၉၅။ နှိုက်နှိုက်နဲ့နဲ့—ကား ပေါရာဏ၊ ဆင်ခြင်ခွဲခြမ်းသည်-ဟူလို။

၃၉၆။ နတ်ထိုက် နတ်လျှောက်၊ မှူရေးရောက်သော်၊ အလျှောက် အထား—ကား ခွဲထား၊ ရှေ့အပင့်သက်သက် နောက်ဟထိုးပါ။

၃၉၇။ နိုင်းရှဲ့တမျှ—နှိုက် နိုင်းရှဲ့-ဟူသည် နိုင်းဆသည်ပင်။ ။မိမိကြောက်သား၊ မိမိစားလျက်—စသည်ကား ကူဋဝိနိစ္ဆယပေတဝတ္ထု, တိံသနိပါတ် ကိံဆန္ဒဇာတ်နှိုက် ပုရောဟိတ်စသည်တို့ကို ရည်သည်။ ။မိုးဝကောင်းကင် ပျံကွန်တည်း—နှိုက် ကွန်-ဟူသည် ပျံတက်သည်ပင်ဟူလို။

အမစ္စောဝါဒခဏ်း ၂၅-ပိုဒ်ပြီး၏။

ဤအခဏ်းငယ် ၃-ခဏ်းတို့ဖြင့် ပိုင်းခြားအပ်သော ၄၂-ပိုဒ်ယှိသော စတုတ္ထပိုင်း လီနတ္ထဒီပနီ ပြီး၏။

---

## ၅-ပဉ္စမပိုင်း လီနတ္ထဒီပနီ

### ၁—တောထွက်ခဏ်း

တောထွက်ခဏ်း ၄၁၆-ပိုဒ် စသည်တို့နှိုက် ရှေးရှေး ဆိုအပ်ပြီးသည်မှ အထူးကိုသာဆိုအံ့၊ ခွဲထား ပေါရာဏတို့ကို သတိထား၍ ဘတ်ကြလေကုန်။

၄၁၆။ မင်္ဂလာသန္တေး၊ ရွှေသန္တေးဖြင့်–နိုက် ရွှေသန္တေး-ကား ဦးဆေး သကြ်န်တော်ခေါ်ခြင်း-ဟူလို၊ ဝမ်းပူတနှင့်ရေး၊ နောက်သန္တေး-ကား ရွှေခွက် ရွှေဖလားဟူလို၊ ဓအောက်ခြိုက်နှင့်ရေး။

၄၂၀။ ကင်းငုံကိုက်သစ်–နိုက်ကိုက်-ဟူသည် ပေါရာဏ၊ အညွန့်အညှောက်-ဟူလို။ ။ဖူးပုရစ်နှင့်၊ မြူးယစ်ပန်းရက်–ကား ခွဲထား။ ရွှေရကြီး နောက်ယငယ်။

၄၃၀။ ကျေးမင့်းထုံးကို၊ နှလုံးထား၍–ဟူသည်ကား နဝနိပါတ် မဟာ သူဝဇာတ်, စူဠသူဝဇာတ် တို့ကို ရည်သည်။

တောထွက်ခဏ်း ၁–ပိုဒ်ပြီး၏။

---

## ၂–ဗြဟ္မဝိဟာရစရိယခဏ်း

၄၃၅။ မသ္တပ်ရှုးလည်း၊ သ္တပ်ရှုးသဘော–စသော လာဘ်ကြောင်း ၄-ပါး ကား တိကနိပါတ် လာဘဂရဟဇာတ်နိုက် လာသည့်အတိုင်းတည်း။

၄၃၇။ တိယော်ဇန၊ တိုင်းမပြည်လုံး၊ ယူကျုံးဖျက်ဆီး၊ မြေကြီးလည်ဘင်း၊ မြှုပ်သွင်းကျဉ်းကျပ်၊ မတ်တတ်ရပ်၍၊ မြဲးကြပ်လှောင်ထား၊ ရန်သူအားလည်း၊ မျက်ပွါးမရှု၊ မိတ်ဘက်ပြုရှင့်–ဟူသည်ကား ဧကနိပါတ် မဟာသီလဝဇာတ်, တိကနိပါတ် သေယျဇာတ်, နဝနိပါတ် ကေရာဇဇာတ်တို့ကို ရည်သည်။

မြှုပ်သွင်းကျဉ်းကျပ်၊ မတ်တတ်ရပ်၍၊ မြဲးကြပ်လှောင်ထား–ကား ခွဲထား။ ။ပြစ်မှုမယို၊ ဣသိခန္တိ၊ မြတ်ဝါဒီနှင့်–ဟူသည်ကား စတုက္ကနိပါတ် ခန္တိဝါဒ ဇာတ်ကို ရည်သည်။

ပက်လက်မှောက်ခုံ၊ အိပ်တတ်ရုံလျက်၊ ဗောဓိခက်တို့၊ သန်လျက်ပိုင်းဖြတ်၊ တုန်ဖျတ်ဖျတ်နှင့်–စသည်ကား ပဥ္စကနိပါတ် စူဠဓမ္မပါလဇာတ်ကို ရည်သည်။

ဆိပ်လုံ့စည်းသွား၊ ဆင်ပစ်မြားဖြင့်၊ သည်းကြားဘောက်ထွင်း၊ ပစ်တုံ လျှင်း၍၊ သေခြင်းရောက်လျက်၊ အမျက်မခြောင်း–ဟူသည်ကား ဆဒ္ဒန္တ ဇာတ်ကိုပင် ရည်သည်။

ဥက္ကောင်းကဲ့စေ၊ ကျောက်ဖြင့်တေ၍၊ မသေတတ်ရုံ၊ ကျန်ပါတုံလည်း၊ တစုံတခု၊ မျက်မပြုဘဲ၊ ထိုသူ့အကျိုး၊ ဆောင်သည်ပိုး၏–ဟူသည်ကား တိံသနိပါတ် မဟာကပိဇာတ်နိုက် ဘုရားလောင်း မျောက်မင်းကို ရည်သည်။

စွယ်ချိုးနုတ်ဖျက်၊ ရိုက်နှက်ဆောင့်သိပ်၊ပြင်းစွာနှိပ်လည်း၊ အဆိပ်သည်းထန်၊ ရေနတ်မာန်ဖြင့်၊ ပြန်၍မမူ–ဟူသည်ကား ဝီသတိနိပါတ် စမ္ပေယျဇာတ်, စတ္တာလီသနိပါတ် သင်္ခပါလဇာတ်, မဟာနိပါတ် ဘူရိဒတ္တဇာတ်ကို ရည်သည်။

ဗုဒ္ဓင်္ကုရ်တို၊သီတဂူဌေ—ကား ခွဲထား၊ ရှေ့ကကြီး နောက်ဂငယ်။ဗုဒ္ဓင်္ကု-ဟူသည် ဗုဒ္ဓ+အင်္ကုရတည်း၊ဗုဒ္ဓ=ဘုရား၊အင်္ကုရ=အညွန့်-ဟူလိုသည်။နဝဒေးခွဲထားနိုက် ကား ဂငယ်နှင့်ပြ၏၊ မသင့်။

၄၃၈။ ငင်းလူများ—နိုက် ငင်း-ဟူသည်ကား ပေါရာဏ၊ ရှေးအတူဆိုလိုသည်။

၄၃၉။ ထပ်ထပ်မနား၊ ရပ်မခြားဘဲ၊ စက်ချားသဏ္ဍာန်—ကား ခွဲထား။ ရှေ့ရစ် နောက်ပင့်။

၄၄၀။ ရဘိလက်မွန်—နိုက် လက်မွန်—ကား ပေါရာဏ၊ အစလက်ဦး-ဟူလို။

၄၄၁။ သိကြွားလက်ပစ်၊ နတ်စိန်စစ်သို့၊ ပြစ်ပြစ်ကုန်စင်—ကား ခွဲထား။ ရှေ့သက်သက် နောက်ရစ်။ ပြစ်ပြစ်ကုန်စင်—နိုက် ပြစ်ပြစ်-ဟူသည်ကား ပေါရာဏ၊ အကုန်အစင်ဟူလို။

၄၄၂။ ကြင်ယောက်ျားကို၊လမ်းကြားလှည့်ကာ—ကား ခွဲထား။ ။သေပြီး သဖွယ်၊ သနားဘွယ်သို့—လည်း-ခွဲထား၊ ရှေ့ဥပမာ ဖွယ်-ဖဥထုပ် နောက်ဘွယ် ကား ဘကုန်း၊ သတိထားကြကုန်။

ဤလူ့ရွာနိုက်၊ မတကာသူ—နိုက် မတကာ-ဟူသည်လည်း ပေါရာဏ၊မတော် မကောင်းသောသူ-ဟူလို။ ။စပ်စပ်မုချ—နိုက် စပ်စပ်-ဟူသည် ပေါရာဏ၊ မုချ စင်စစ်ပင်၊ ယခုကာလ ဆတ်ဆတ်ဆိုကြသည်လည်း ဟူကုန်၏။ ။မျက်ဇော မငွေမခြောင်းတည်း—သနားနောင်ဘို ရည်ချောင်းတည်း—ခွဲထား၊ ရှေ့ရစ် နောက်ပင့်။

၄၄၃။ စိတ်ကြည်ညိုလျက်၊ မငြိုမငြင်၊ စည်းစိမ်အင်နှင့်၊ ယာဉ်ညင်စီးကာ—တို့ကား ခွဲထား၊ ရှေ့ငရစ် နောက်ညပကတိ။ ယာဉ်ညင်—ဟူသည်လည်း ယာဉ်ပျံ ယာဉ်သာ-ဟူလို၊ ဤနိုက် ယာဉ်သာ။ ။မိုးနှယ်ဖွဲး၍—နိုက် ဖွဲး-ဟူသည် ပေါရာဏ၊ ကုန်ခန်း ပျောက်စဲ မွဲသည်-ဟူလို။

၄၄၄။ သုခမြောက်မြား၊ ချစ်သူများတို့—ကား ခွဲထား။

၄၄၅။ ကမောက္ကမ—ဟူသည်ကား ပေါရာဏ၊ အစဉ်ချွတ်သည် ဟူလို။ ။ပွဲနှယ်စုန်းကြူး၊ ကျီးတကျူးဖြင့်—ကား ခွဲထား၊ ရှေ့ရစ် နောက်ပင့်။ ကျီးတကျူး-ကား ပေါရာဏ၊ ချွတ်လွဲ ဟူလို။

၄၄၆။ သွန်းသွန်းလွယ်ကူ—နိုက် သွန်းသွန်း-ဟူသည် ပေါရာဏ၊ မြင့်မြင့် စွင့်စွင့်-ဟူလို၊ ပြူးပြူးသွယ်သွယ်လည်း ဟူကုန်၏။ ။စိတ္တနိယံ လမ်းကြောင်း တည်း—မွေ့သိမ်ကိုယ်စိတ် ထိန်းကျောင်းကည်း—ခွဲထား။

၄၄၈။ လူယုတ်တလွှ–နှိုက် တလွှ·ဟူသည် ပေါရာဏ၊ ရွံရှာစက်ဆုပ်ဘွယ်·ဟူလို။ ။ပယ်ခဲ့ပစ်မှ၊ ပြေပြစ်မယုတ်–ခွဲးထား၊ ရှေ့သက်သက် နောက်ရစ်။ ။သိမ်းဆည်းစိတ်တော် ညွှံ့ပျောင်းတည်း–သိမ်းမြန်းစမွယ် စံပြောင်းတည်း–ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

၁–ပြဟ္မဝိဟာရစရိယခဏ်း ၁၂·ပိုဒ် ပြီး၏။

---

## ၃–အပါယ်ဘုံခဏ်း

၄၄၉။ သမုဒ္ဒည်းဟု၊ အထည်းညစ်တေ–နှိုက် အထည်း·ဟူသည် ပေါရာဏ၊ အညစ်အကြေး·ဟူလို။ ။ရေအစုတ်သို့–နှိုက် အစုတ်·ဟူသည် ပေါရာဏ၊ အစု အပေါင်း·ဟူလို။

၄၅၀။ ချိုးမွဲ့ခိုကြက်၊ ကျေးဆက်ရက်နှင့်၊ ကျက်ကျက်နေ့ည–ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။ဘုန်းကြန့်ယုတ်မာ–နှိုက် ကြန့်·ဟူသည် ပေါရာဏ၊ ယုတ်မာ နုန့်နဲ့ ညွှံ့ဖျင်းသည်·ဟူလို။

၄၅၁။ စားကြွင်းသောက်ဖတ်၊ ရွံဘွယ်ဘတ်နှင့်–ကား ခွဲးထား၊ ရှေ့ဖဥထုပ် နောက်ဘကုန်း။ ။သူ့အန်ဖတ်ကို၊ ညစ်ပတ်ယုတ်မာ–လည်း ခွဲးထား၊ ရှေ့ဖဥထုပ် နောက်ပစောက်။ ။ပအူပစေး–ကား ပေါရာဏ၊ မလေးမလောက်·ဟူလို၊ မရှိ မသေလည်း ဟူ၏။ ။ဒုက္ခတိုင်ထိ–နှိုက် တိုင်ထိ·လည်း ပေါရာဏ၊ ဆင်းရဲး သည်ပင်·ဟူလို။ ။စကားချော်ပျက်၊ နှုတ်သွမ်းသွက်နှင့်၊ ပြက်ရိပြက်ရယ်၊ ဆိုပျက်ပြယ်လျက်–ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။တူယောင်တရှိ၊ ကြောက်ဘွယ်ယှိသား–လည်း ခွဲးထား၊ ရှေ့ရကြီး နောက်ယငယ်။

၄၅၂။ ကုတ်ခြစ်ချိုးဖွဲ့၊ အနိုင်ယှဲ့လျက်၊ ဘယ်ဘဲ့မဟူ–ကား ခွဲးထား၊ ရှေ့ဖဥထုပ် နောက်ဘကုန်း။ ။လင်ကိုကျော်ကျူး၊ မိစ္ဆာကြူးသား–ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ကျော်ကျူး–ကား အပိုင်းအခြားကို ကျူးလွန်သည်၊ မိစ္ဆာကြူး–ကား သဘောအလွန်အကဲး ကြူးသည် ဟူလို။ ။ရှေ့မွန်းကျံ၍၊ စကြံတင်းကုပ်–ခွဲးထား။ မွန်းကျံ–ဟူသည် လိမ်းကျံသည်–ဟူလို။ ရှေ့ပင့် နောက်ရစ်။ ။ဟန်ပန်ကြမ်းစွ ထွေပြားတည်း–ဂန္ထန်ကျမ်းပြ ဘွေကြားတည်း–ခွဲးထား၊ ကြမ်း,ကျမ်း ၂·ပါး။

(တိရစ္ဆာန, ပေတခဏ်း ၄·ပိုဒ်)

## ငရဲခဏ်း

၄၅၃။ ခေါင်းခွဲလည်ဖြတ်၊ချင်းချင်းသတ်၍၊ ဖျတ်ဖျတ်ရိုက်တုန်–ခွဲထား၊ ရွှေရစ် နောက်ပင့်။ ။မစဥ်တရစ်–ကား ပေါရာဏ၊ မသင့်မတင့် ကပေါက်ကပက် မလှတပရှိသည်-ဟူလို။

၄၅၄။ တောင်းလောင်းဖြတ်ထိမ်း–နှိုက် တောင်းလောင်း-ဟူသည်, ထိမ်း-ဟူသည် ပေါရာဏ၊ ဖြတ်ပိုင်းသည်ပင် ဟူလို။ ။နိုင်ထက်ကလူ–နှိုက် ကလူ-ဟူသည် ပေါရာဏ၊ နှိပ်စက်သည်-ဟူလို။ ။အဆောက်ထွားထွား–နှိုက် အဆောက်-ဟူသည် ပေါရာဏ၊ မားမအရိုး-ဟူလိုသည်။

၄၅၅။ ဖနောင့်ဖကျည်း၊ လွန်နာကြည်းအောင်–ခွဲထား၊ ရွှေပင့် နောက်ရစ်။ ဖနောင့်ကို ဖကျည်း-ဟူသည်။ ။ရယည်းသမုတ်–နှိုက် ရယည်း-ဟူသည် ပေါရာဏ၊ ဆင်ထိန်း-ဟူလို။ ။အကံင-ဟူသည်။ ပေါရာဏ၊ လူမိုက်-ဟူသည်။ ။ သံလျှောင်–ဟူသည် သံကြိုးပင်၊ ရစ်ပတ်သည် လည်းဟူ။

၄၅၆။ ကျာကျာ ကံ့ကံ့၊ အုန်းအုန်းညံ့အောင်၊ မကြံ့ဟတ်အား–ခွဲထား။ ၎င်းနှိုက် ကျာကျာ-ဟူသည်, ကံ့ကံ့-ဟူသည် ပေါရာဏ၊ အုန်းအုန်းကျွက်ကျွက်အသံ-ဟူလို။ ။ပုတ်ထိုက်လွန်ကဲ–နှိုက် ပုတ်ထိုက်-ဟူသည် ရိုက်ပုတ်-ဟူလို။

၄၅၇။ ရဲးချင်ချင်ထက်၊ ကြောခြင်ရှိုးသား–ခွဲထား၊ ရွှေပင့် နောက်ရစ်။ ။ ရဲးရဲးမျက်ကြုတ်၊ မည်းကြုတ်ကြုတ်နှင့်၊ ကြမ်းကြုတ်မြည်ဟိန်း–၃-ချက်ထပ်၊ အရစ်ချည်း။

စိန်းလိန်းတင်လင်–ကား ပေါရာဏ၊ မျက်စိပြူးပြူးကြည့်သည်-ဟူလို။ တပါးတို့နှိုက်ကား မျက်မြင်တပ်တပ်-ဆိုလိုသည်။ ။ထိပ်ထက်နောက်ဖယ်၊ ညာဘယ်နထဥ်–ခွဲထား၊ ရွှေ့ဖဥထုပ် နောက် ဘကုန်း။

ခြခြကွဲးရှို့–နှိုက် ခြခြ-ဟူသည် ပေါရာဏ၊ဖရိုဖရဲ ကွဲးကြီးကွဲးသည်-ဟူလို။ ။ သတ္တဝါအများ၊ သူတပါးကို၊ ဆတ်မြားကြမ်းကြုတ်–ခွဲထား၊ ရွှေ့ပင့်နောက်ရစ်။ ဆတ်မြား—ဟူသည် ပေါရာဏ၊ ကြမ်းကြုတ်ရက်စက်သည်-ဟူလို။ ။မနစ်မရှား—ဟူသည် ပေါရာဏ၊ မသင့်မလျော် မခန့်ပညား-ဟူလို။ ။ ထေည် ငဝ—ဟူသည်လည်း ပေါရာဏ၊ လူယုတ်မာ လူမိုက်-ဟူလို။ ။

၄၅၈။ ငိုးငိုးငွါးငွါး—ဟူသည် ပေါရာဏ၊ မြင့်မြင့်မားမား ထောင်ရရောင်-ဟူလို။ ။ဆင်ကြီးအယောင်၊ ခွေးကျ ူးကြောင်တို့၊ စွယ်ရောင်ပြိုးပြက်—ခွဲထား၊ ရွှေ့ယယ် နောက်ရကြီး။ ။ခံရကျင်သည့်၊ အကြင်ပြောထူ—

ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။မီးတွင်ချပစ်၊ ထိုက်ပြစ်ကြောင့်—ခွဲးထား။ ။ နာနာ ကျင်ကျင်၊ သံတကျင်ထက်၊ စူးကျင်တုံထ၊ ၃-ချက်ထပ်။ ။စောက် ထိုးစဥ်ကျ ဆုန်းဆုန်းတည်း—နိုက် ဆုန်းဆုန်း-ဟူသည် ပေါ်ရာဏ၊ စဥ်လွင့်သည်-ဟူလို။

၄၅၉။ သစ်ရွက်ကျသို့၊ လွင့်ကြွထိုထို—ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ အောက်သို့ တိတ်တော—နိုက် တိတ်တော-ဟူသည် ပေါ်ရာဏ၊အောက်သို့ကျသည်-ဟူလို။ ။ပျက်စီးလောင်ကျက်၊ ဆင်းရဲးနက်သား၊ ငှက်ကြက်အတူ—ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ဘားသီတံစို့ နှုန်းနှုန်းတည်း—နိုက် နှုန်းနှုန်း ဟူသည် ပေါ်ရာဏ၊ အတူတူ-ဟူလို။

၄၆၀။ အိုးဖုံးပွက်သို့—နိုက် ဖုံးပွက်-ဟူသည် ပေါ်ရာဏ၊စလောင်းဖုံး-ဟူလို။ ။ ကျုံနစ်လောင်ကျက်၊ လက်နှစ်ဘက်ကား၊ ကားကြက်ဆန့်ကာ—ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

သီလျက်နှစ်ချောင်း၊ ခိုးခြောင်းခြောင်းနှင့်—ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ ကျလေခြုတ်ခြုတ်၊ လူစပြုတ်၍၊ ချုတ်ချုတ်မမြည်— ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ကျလေခြုတ်ခြုတ်—နိုက် ခြုတ်ခြုတ်-ကား အောက်အထိကျသည်-ဟူလို။ ။ချုတ်ချုတ်မမြည်—နိုက် ချုတ်ချုတ်- လည်း ပေါ်ရာဏ၊ မြည်သော အသံ-ဟူလို။ ။ချုတ်ချုတ်မမြည်၊ ပြန်မလည်သို့၊ တမည်ဘဝ—ခွဲးထား၊ ရှေ့ရစ် နောက်သက်။

၄၆၁။ လျှံထွက်ခိုးခြောင်း၊ ကြိမ်ပိုက်ချောင်းနှင့်—ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။မြို့၏သဖွယ်၊ ငရဲးငယ်လည်း၊ ကြောက်ဘွယ်နှရား—ခွဲးထား၊ နှရား-ဟူသည် ပေါ်ရာဏ၊ ကြောက်မက်ဘွယ်-ဟူလို။

ဘင်တွင်းပစ်ချ၊ ဘားငယ်စသား၊ ပိုးခြတိရစ္ဆာန်—ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ကြောက်ဘွယ်လန့်ကြား၊ နိုင်ထက်အားဖြင့်၊ မြွေကျား ကြောင် ခွေး— ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

၄၆၂။ အောက်ကမီးကျီး၊ ရဲးရဲးညီးနှင့်၊ သောင်ကြီး သဲးခွင်—ခွဲးထား။ မီးကျီး-ကား ပေါ်ရာဏ၊ မီးခဲးစု-ဟူ၏။ ။ထွားထွားမုန့်မုန့်၊ မြူမှုန့်ဖြစ်လျက်—ခွဲးထား၊ ရှေ့သက်သက် နောက်ဟထိုး။

၄၆၃။ ငေါ်ငေါ်ငင်းငင်း—လည်း ပေါ်ရာဏ၊ ထောင်ရရောင်-ဟူလို။ ။ မညစ်မကြေး၊ မတ်တင်သွေးသည့်၊ ကတ်ကျေးတမျှ—ခွဲးထား၊ ရှေ့ရစ် နောက် ပင့်။ ။အုန်းအုန်းကျလျက်၊ စားကြမကြန်—ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။

စားကြမကျန်၊ သွေးကြန်ကြန်နှင့်—ခွဲထား။ သွေးကြန်ကြန်-ကား ပေါရာဏ၊ သွေးနီနီခြင်းခြင်း-ဟူလို။

၄၆၄။ သံမီးခြောင်းခြောင်း၊ ကြိမ်ပိုက်ချောင်းတည့်—ခွဲထား၊ ရှေ့ရစ် နောက်ပင့်။ ။တဖျတ်ဖျတ်နှင့်၊ ပိုင်းဖြတ်တုံးတစ်—ကား ခွဲထာ၊ ရှေ့ပင့် နောက်ရစ်။ ။ငါးကိုဆီပေါ်၊ ကျွမ်းအောင်ကြော်သို့၊ မကျော်ကျူးသား— ခွဲထား။ ဆီပေါ်-ဟူသည် ပေါရာဏ၊ ဆီပူ-ဟူလို။ ။ရှင်မူရှင်ယောင်၊သကန်း ရောင်နှင့်—ခွဲထား၊ ရှေ့ယငယ် နောက်ရကြီး။

၄၆၅။ အော်မြည်ကြည်းလျက်၊ လန့်ကျည်းပြင်းစွာ—ခွဲထား။ အော်မြည် ကြည်းလျက်—နိုက် ကြည်း-ဟူသည် အော်သံမြည်သံ-ဟူလို။ လန့်ကျည်း-ဟူသည် ထိတ်လန့်သည်ပင်။

အရှိန်ကြီးလျက်၊ မီးကျီးအလျှံ—ခွဲထား။ ။စီးဆင်း လျှံခြောင်း၊ ခိုး ထောင်းထောင်းနှင့်၊ မြစ်ချောင်းတူလှ—ခွဲထား။ ။မရဲမချင်၊ မီးလွတ်စင် လည်း၊ ရိုးခြင်ဆီတွင်း—ခွဲထား။ ။ထွင်း၍ေးကျဉ်၊ ရေအယဉ်သို့၊ ရှောင် ကြဉ်မဖြစ်—ခွဲထား။

လောဟီကျောက်သို့၊ လန့်ကြောက်ဘွယ်လိ—ခွဲထား။ ။မျက်စိခြင်းခြင်း၊ စွယ်ဝင်းဝင်းနှင့်၊ ကောင်ချင်းရက်ထွေး—ခွဲထား။ ပျက်စိခြင်းခြင်း—နိုက် ခြင်းခြင်း-ဟူသည် နီနီရဲရဲ-ဟူလို။

ရွှတ်ရွှတ်ငင်၍—နိုက် ရွှတ်ရွှတ်-ဟူသည် ပေါရာဏ၊ အလျင်အမြန်-ဟူလို။ ။ ထွားထွားညက်ကြိတ်၊ မြည်ကျိတ်ကျိတ်နှင့် – ခွဲထား။ ။မစဉ်တရစ် – လည်း ပေါရာဏ၊ မလှတပ-ဟူလို။

၄၆၆။ သယောက်ထားနှင့်—နိုက် သယောက်-ဟူသည် လင်မြောင်လင်ငယ် မယားမြောင် မယားငယ် လင်ခိုးမယား-ဟူလို။ ဤနိုက်ကား လင်ငယ်-ဆိုလို သည်။

မတကာ—လည်း ပေါရာဏ၊ မတော်မသင့်သည်ပင်။ ။ဆင်းရဲးသွတ်လှယ်– နိုက် သွတ်လှယ်-ဟူသည် ပေါရာဏ၊ ခေါက်တုံ့ခေါက်ပြန် အဘန်ဘန်-ဟူလို။

( ငရဲခဏ်း ၁၄-ပိုဒ် )

အပါယ်ဘုံခဏ်း ၁၈-ပိုဒ် ပြီး၏ ။

## ၄-ကာမာဝစရနတ်ဘုံခန်း

၄၆၇။ လုံးသီးလုံးပေါ်-ကား ပေါ်ရာ၏၊ လူတမ်းစေ့ကာ-ဟူလို။ ။မကုံ မင့်-နှိုက် မကုံ-ဟူသည့်,မင့်-ဟူသည် ပေါ်ရာ၏၊ မပြည့်စုံချည်းပင်-ဆိုလိုသည်။ ။ မမ္မပဏ္ဏုက်-နှိုက် မမ္မ-ဟူသည် ပေါ်ရာ၏၊ စကားဆို့သောသူ-ဟူလို။ ။ဘုန်းကြန့် မျိုးတွင်-နှိုက် ဘုန်းကြန့်-ဟူသည် ပေါ်ရာ၏၊ ဘုန်းည့် ဘုန်းနည်းသည်-ဟူလို။

၄၇၀။ မြစ်အောက်ဒိသာ-နှိုက် မြစ်အောက်-ဟူသည် ပေါ်ရာ၏၊ မြောက် အရပ်-ဟူလို။ ။ဘေးဘျမ်း-ဟူသည်လည်း ပေါ်ရာ၏၊ ကြောက်စရာဘေး-ဟူလို။ ။ရှေးကံတားမြစ်၊ ဆဲ့ခြောက်နှစ်သို့၊ ပျိုမျစ်ဆင်းရောင်-က်ား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

၄၇၁။ ပျင်းရိကျော့ကျည်း၊ ရှောင်သရည်းဖြင့်၊ ကြည်းကြည်းမရှင်- ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ပျင်းရိကျော့ကျည်း-နှိုက် ကျော့ကျည်း-ဟူသည် ပေါ်ရာ၏၊ ပျင်းရိသည်ပင်-ဟူလို။ ရှောင်သရည်းဖြင့်-နှိုက် သရည်း-ဟူသည် ပေါ်ရာ၏၊ ရှောင်ရှားသည်-ဟူလို။ ကြည်းကြည်းမရှင်-နှိုက် ကြည်းကြည်း-ဟူသည် ပေါ်ရာ၏၊ ရှင်လန်းသည်-ဟူလို။

ပြုကာမြောင်းမြေ-နှိုက် မြောင်းမြေ-ဟူသည် ပေါ်ရာ၏၊ ဝတ်ကြေရုံ-ဟူလို။ ။စိတ်ကတီတွက်-နှိုက် တီတွက်-ဟူသည် ပေါ်ရာ၏၊ နှေးဖြည်းဖင့်နွှဲး သည်-ဟူလို။

၄၇၂။ တရားခုနစ်၊ ကုသိုလ်နှစ်နှင့်-ကား ခွဲးထား၊ ရှေ့သက်သက် နောက် ဟထိုး။ ။သိကြားယုံကျုံ၊ ဝိသကြုံက-လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။

စယ်ပေါယယ်၊ မိုးပြင်ကြယ်သို့၊ ကြီးကျယ်ထူးမြတ် - ကား ခွဲးထား။ ပေါယယ်-ကား ပေါ်ရာ၏၊ အပျား-ဟူလို။ ။အနုန်းနှင့်သက်ကယ်၊ ဘုံကြီးငယ် တို့-ကား ခွဲးထား၊ ရှေ့ကကြီး နောက်အေက္ခရာ၊ အချို့အရပ်သားတို့ကား သက်ငယ်ခေါ်ကုန်၏၊ ရှေးခေါ်မဟုတ်။

ဝေယ်ညွှင်း-ဟူသည် ပေါ်ရာ၏၊ အမိုးအုဋ္ဌ်ကြွပ်-ဟူလို။ ။ပတ္တမြားစိန်ဖလ်၊ ကုသိုလ်ဘန်တိုင်း - ကား ခွဲးထား၊ ရှေ့ဖဥထုပ် ဖလိကသဒ္ဒါ နောက်ဘကုန်း။

ရွှေတိုင်ရွှေလျှောက်၊ ကြွက်လျှောက်မိုးခြင်-ကား ခွဲးထား၊ ရှေ့ယပင့် သက်သက် နောက်ဟထိုး။ ။ကြွက်လျှောက်မိုးခြင်၊ရဲးချင်ချင်ဖြင့်-ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ချင်ချင်-ဟူသည် နီနီရဲးရဲး-ဟူလို။

တုယင်စိန်စစ်-နှိုက် တုယင်-ဟူသည် မုခ်အလယ် ထောင့်အလယ်တည့်တည့် နှိုက် စိုက်ထူသော သစ်တုံးအထူးတည်း။

စုလစ်ပတ္တမြား–နှိုက် စုလစ်-ဟူသည် အထွတ်အဖူးကိုဆိုသည်။ ။ပြယား ချီးပေါင်–နှိုက် ချီးပေါင်-ဟူသည် မုခ်စသည်တို့၏ ပန်းတန်းအောက်အဆုံးက အများတကာထက်ရှည်သော အကွေးကြီးဆိုသည်၊ ခြူပေါင် စိုင်ပေါင်-ဟူ၍လည်း ခေါ်ကုန်၏။

တော်ရနောင်နီလာ–နှိုက် တော်ရနောင်-ဟူသည် သကြည်တောင်ပန်းဆက်တို့၏ အညွှန့်အဖျား အချွန်တို့ကို ဆိုသည်။ ။သန္တာကျေးကွေး–နှိုက် ကျေးကွေး-ဟူသည် မုရိုးစည်စသည်တို့နှိုက် ကျေးနှုတ်သီးကဲ့သို့ ခွေသော အတက်အထူးကို ဆိုသည်။

ခြူးသေးခြူးသွယ်-စသည်တို့နှိုက် ခြူးဟူသည် ပန်းအုံပန်းခက် အစိတ်အမြွာတို့ကို ဆိုသည်။ ။ကျီးရန်းပြောက်စုံ–နှိုက် ကျီးရန်း-ဟူသည် အပြောက်အမွှန်းတို့ကို ဆိုသည်။

စိန်နန်းပြူက၊ ပျူပျူငှါငှါ–ကား ခွဲထား၊ ရှေ့ရစ်နောက်ပင့်။ စိန်နန်းပြူက–နှိုက် ပြူ-ဟူသည် လေသာတံခါးပေါက်ကို ဆိုသည်၊ ပြူတင်း-ဟူ၍လည်း ခေါ်ကုန်သည်။ ပျူပျူငှါငှါ–ကား လောကွတ်ပြုသည် ဟူလို။

၄၇၃။ ရှောင်သရည်းလျက်–နှိုက် သရည်း–ဟူသည် ပေါ်ရာဏ၊ ရှောင်လွှဲသည်ပင်-ဟူလို။ ။ခိုက်ဆည်းရန်လို–နှိုက် ခိုက်ဆည်း-ဟူသည်လည်း ပေါ်ရာဏ၊ ရန်လိုသည်ပင်။

မကိုင်ရှိသင်းကျပ်၊ ကျောက်စုံတပ်သား၊ မြဲးကြပ်ဂုဏ္ဍန်–ကား ခွဲးထား။ ။ မညစ်မကြေး၊ ထုံဆိမ့်မွေးနှင့်၊ တင်ကျေးတွန့်တွန့်–လည်း ခွဲးထား။ တင်ကျေးတွန့်တွန့်–နှိုက် တင်ကျေး-ကား ပေါ်ရာဏ၊ တွန့်တွန့်ဟူသည်ပင်။ ။လိုရာဆွတ်ချွေ၊ ဝင်းဝင်းရွှေသား၊ ဘော်ခြေပေါ်ယယ်–ကား ခွဲးထား။

နတ်မယ်မိညဲး–နှိုက် မိညဲး-ဟူသည် ပေါ်ရာဏ၊ မိန်းကလေး-ဟူလို။ ။များဖြင့်ပြဲးလည်း–နှိုက် ဖြင့်ပြဲး-ဟူသည် ပေါ်ရာဏ၊ အများပင်။ ။မပြုန်းမကျည်၊ မြရောင်ကြည်သို့–ကား ခွဲးထား။ ၎င်းမပြုန်း မကျည်–နှိုက် မပြုန်း-ဟူသည် မပြုန်းမတိ မပျက်မစီး-ဟူလို၊ မကျည်–နှိုက် ကျည်-ဟူသည်ကား တိုသည်-ဟူလို၊ မတိုမတောင်း ဆိုလိုသည်။

စုလည်းယကင်–နှိုက် စုလည်း-ဟူသည်၊ ယကင်-ဟူသည် ပေါ်ရာဏချည်း၊ ဆံထုံး-ဟူလို။ ။ရောင်ချိုးချက်နှင့်–နှိုက် ချိုးချက်-လည်း ပေါ်ရာဏ၊ ပြိုးပြိုးပြက်ပြက် အရောင်-ဟူလို။

၄၇၄။ မစွန်းမှဲ့ချေ၊ နတ်ခြေရွေလည်း၊ ခို့ခြေသဖွယ်–ကား ခွဲးထား။ မစွန်းမှဲ့ချေ–နှိုက် ချေ-ဟူသည် ပေါရာဏ၊ မှဲ့ကန်း-ဟူလို။ ။ပြုံးရယ်ရွှင်ပျော၊ ဆိုကြပြောလည်း–ကား ခွဲးထား။

မဘွဲ့ရန်ငြိုး၊ ပီတိပျိုး၏၊ ညိုးညိုးညီးညီး–လည်း ခွဲးထား။ ။ရွှေဘုံချင်းတွင်၊ ခြင်းခြင်းရောင်မြူး–ကား ခွဲးထား။ ခြင်းခြင်းရောင်မြူး–နှိုက် ခြင်းခြင်း-ကား နီနီခြင်းခြင်း-ဟူလို။

၄၇၅။ မဆန့်ကျင်ဘဲ၊ ကြင်ကြင်နာနာ–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ။ကြည်းကြည်းကြည်ရွှန်း–နှိုက် ကြည်းကြည်း-ကား ပေါရာဏ၊ သန့်ရှင်းကြည်လင် ရွှန်းရှင်သည်-ဟူလို။ ။လင်းကဲးတဖြာ-ဟူသည်ကား ပေါရာဏ၊ အရပ်ရှစ်မျက်နှာ တပြင်တည်း တစပ်တည်း-ဟူလို။ ။တပ်ပြေ့မက္ခာ–နှိုက် တပ်ပြေ့-ဟူသည် ပေါရာဏ၊ ချစ်ခင်စုံမက်သည်-ဟူလို။

၄၇၆။ မဟောင်းမမို–နှိုက် မမို-ဟူသည် ပေါရာဏ၊ မဟောင်း မနွမ်း မအို မမင်း-ဟူလို။ ။ပျိုတလည်လည်–နှိုက် တလည်လည်-ဟူသည် ပေါရာဏ၊ အတူတလဲးလဲး-ဟူလို။ ။ဆွေသည် လင်မှီး၊ ဇနီး သည်ပင်၊ စုံလင်မညှိုး၊ သည်မျိုးသည်ရင်း–တို့နှိုက် ဆွေသည်-ဟူသည်၊ လင်မှီး-ဟူသည်၊ ဇနီး-ဟူသည်၊ သည်ပင်-ဟူသည် သည်မျိုး-ဟူသည်၊ သည်ရင်း-ဟူသည် ပေါရာဏ၊ လင်ကိုရင်း မယားကိုရင်း လင်မယားအစုံကိုရင်း ခေါ်သည်၊ ဤနှိုက် လင်မယားအစုံ-ဟူလို။

မကိုင်ကန်အား–နှိုက် ကိုင်ကန်-ဟူသည် ပေါရာဏ၊ ရေတွက်သည်-ဟူလို။ ။ရှုစားဘန်ဘန်၊ မျက်ကြောပြန်လည်း၊ မဖန်မစပ်–ကား ခွဲးထား၊ ရွှေ့ဘကုန်း နောက် ဖဉထုပ်။ ။ကုသိုလ်ရှင်တို့၊ နတ်သျှင်ဝသ၊ မာရ်မင်းစသား–ကား ခွဲးထား၊ ရွှေ့သာမျတ္ထရှင် ရကြီး ဟထိုး နောက် ဘဒန္တသျှင် သဟထိုးယပင့်။

နတ်ဘုံခဏ်း ၈-ပိုဒ် ပြီး၏။

---

## ၅-ရူပါဝစရ ဗြဟ္မာ့ဘုံခဏ်း

၄၇၈။ ငင်း ထိုစျာန်–နှိုက် ငင်း-ဟူသည် ပေါရာဏ၊ ရှေးနှင့်အတူ-ဟူလို။ ။ဝင် ထွက် မြောက်မြား၊ အမြတ်အားဖြင့်၊ ပွါးများတုံထ–ကား ခွဲးထား၊ ရွှေ့ရစ် နောက်ပင့်။ ။ဘုံရဝေဝယ်–နှိုက် ရဝေ-ဟူသည် ဘုံနန်းအိမ်-ဟူလို။

၄၇၉။ ဝင်စားကျော့ကျည်း၊ နုဘော်နည်းကြောင့်၊ ကုန်းကြည်းမနှံ့–ကား ခွဲးထား။ ကျော့ကျည်း-ကား ပေါရာဏ၊ ပျင်းရိသည်-ဟူလို။ ။မိုးမင့်သို့–နှိုက် မင့်-ဟူသည် ပေါရာဏ၊ မပြည့်မစုံလို။ ။ဘုန်းဂုဏ်ကြန့်၍-ဟူသည်လည်း ပေါရာဏ၊ ဘုန်းဂုဏ်ညွှံ့သည်-ဟူလို။

၄၇၀။ အလွန်မချင်၊ ရှေးနည်းသွင်သို့၊ ဆင်ခြင်မများ–ကား ခွဲထား။ ။ ဆယ်ချောင်းလက်ညှန့်–နိုက် လက်ညှန့်-ဟူသည် လက်ချောင်း-ဟူလို။ ။လာစေ မဖြုံ-နိုက် မဖြုံ-ဟူသည်လည်း ပေါရာဏ၊ မထိတ်မကြောက်-ဟူလို။

၄၇၁။ ပြောဟုံယူဇနာ–နိုက် ပြောဟုံ-လည်း ပေါရာဏ၊ အလွန်များစွာ-ဟူလို။ ။နိဗ္ဗာန်တောင်ကိုင်–နိုက် တောင်ကိုင်-ဟူသည်လည်း ပေါရာဏ၊ ဘေးမရှိရာ အရပ်ဘုံ-ဟူလို။

၄၇၂။ စင်စိုစပ်ကာ–နိုက် စင်စို-ဟူသည် ပေါရာဏ၊ မပြတ်စပ်ကာ-ဟူလို။ ။ဣရိယာနှင့်၊ ငါးရာဝင်း–ကား ခွဲထား၊ မာဂဓ မြန်မာ။ ။မလိုပယ်ပစ်၊ အရပ်ပြစ်တွင်–လည်း ခွဲထား၊ ရှေ့သက်သက် နောက်ရစ်။ ။ကျိုးမဟဲ့သား–နိုက် မဟဲ့-ဟူသည် ပေါရာဏ၊ မယို့-ဟူလို။ ။ဟိတ်မဲ့ဘဝ–နိုက် မဲ့-ဟူသည်လည်း ပေါရာဏ၊ မယို့-ဟူလို။

၄၇၃။ နေရဗ္ဗာန်နှင့်–နိုက် နေရဗ္ဗာန်-ဟူသည် ပေါရာဏ၊ ပရိနိဗ္ဗာန်-ဟူလို။ ။လမ်းမှန်ကြွရာ၊ အရိယာတို့–ကား ခွဲထား၊ ရှေ့ရကြိး နောက်ယငယ်။

ရူပဘုံခဏ်း ၆-ပိုဒ် ပြီး၏။

---

## ၆-အရူပါဝစရ ဗြဟ္မာ့ဘုံခဏ်း

၄၇၄။ ကျိုးပျက်ပူချမ်း၊ မယို့စွမ်းကြောင့်၊ ဆံခြမ်းဒုက္ခ–ကား ခွဲထား၊ ရှေ့ပင့် နောက်ရစ်။ ။ပျောက်ဆုံးစေချင်၊ မဆင်ခြင်ဘဲ–လည်း ခွဲထား၊ ရှေ့ပင့် နောက်ရစ်။ ။နံ့သာဟဲ့–နိုက် ဟဲ့-လည်း ပေါရာဏ၊ ယို့သည်-ဟူလို။

၄၇၅။ မယို့မဟူ၊ ယို့မဟူဘဲ–နိုက် မဟူ-ဟူသည် ပေါရာဏ၊ မဟုတ်-ဟူလို။ ။တေဇော့နှယ်သို့၊ နုန့်နယ်စျာန–ကား ခွဲထား၊ ရှေ့ဟာထိုး နောက်သက်သက်။

အရူပဘုံခဏ်း ၂-ပိုဒ် ပြီး၏။

---

## ၇-ကမ္မဘူမိသံသန္ဒနာခဏ်း

၄၇၆။ အစဉ်းသိလော့—နိုက် အစဉ်း-ဟူသည် ပေါရာဏ၊ အစွမ်းအရည်သတ္တိ-ဟူလို။ ။ဥဒါန်းကျူးလျက်—နိုက် ဥဒါန်း-ဟူသည် ဝမ်းမြောက်သံကို ဟောသော ဥဒါနသည်ပင်တည်း။

၄၇၇။ ဘဝတောင်ကိုင်—နှိုက် တောင်ကိုင်-ဟူသည် ပေါ်ရာဏ၊ ဘေးမယှိရာ အရပ်ဘုံ-ဟူလို။ ။ချက်ရှိုင် မိမိ—နှိုက် ချက်ရှိုင်-ဟူသည် ပေါ်ရာဏ၊ ပြည့်စုံသည်-ဟူလို။

မခိုင်းမမျဉ်—ဟူသည်လည်း ပေါ်ရာဏ၊ ဆီးတား ပိတ်ပင် မယှိ ထိုးထွင်းဘောက်ခွဲ၍ သိနိုင်သော ဉာဏ်ပညာ-ဟူလို။ ။စက်ဝိုင်းရဉ်သို—နှိုက် ရဉ်-ဟူသည် ပေါ်ရာဏ၊ ဖြတ်ပိုင်းသည်-ဟူလို။

ဇီဝိတိန္ဒြိယ၊ ဖြတ်ချစေကာ၊ သေ့လှန်မုချ၊ ဘောက်ပြန်ကြလျက်၊ ကွဲးခြစေကာ—တို့ကား ခွဲးထား။ ဖြတ်ချ, ကွဲးခြ- နှစ်ပါး၊ မုချ, ကွဲးခြ နှစ်ပါး၊ ခွဲးကြလေ။

ရှင်ကြည်းကြည်းဖြင့်၊ ကျော့ကျည်းမယှိ—ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ရှင်ကြည်းကြည်း—ပေါ်ရာဏ၊ ရှင်လန်းကြည်လင်သည်-ဟူလို၊ ကျော့ကျည်းလည်း ပေါ်ရာဏ၊ ပျင်းရိခြင်း-ဟူလို။

ထက်ချည်းယွင်းဖည်—နှိုက် ထက်ချည်း-ဟူသည် ပေါ်ရာဏ၊ ယွင်းဖည် ချွတ်လွဲသည်-ဟူလို။ ။စိတ်ရင်ကျည်၍၊ ရှင်ကြည်ဓမ္မဓာတ်—ကား ခွဲးထား၊ ရှေ့ပင့် နောက် ရစ်။ စိတ်ရင်ကျည်—ကား ပေါ်ရာဏ၊ ယိုယွင်းပျက်စီးသည်-ဟူလို။ ။မမေ့မကျန်၊ တာသကြိန်ဝယ်—ကား ခွဲးထား၊ ရှေ့ပင့် နောက် ရစ်။ ။ထက်ဗွေရိပ်မြုံ—နှိုက် မြုံ-ဟူသည် ပေါ်ရာဏ၊ ဘုံနေရာ-ဟူလို။

၄၇၈။ ဟောကြွားသာကြည်၊ပညာမည်ရှင့်၊ကျိုးကျည်မြဲဘိ—ကား ခွဲးထား၊ ရှေ့ရစ် နောက် ပင့်။ ကျိုးကျည်—ကား ပေါ်ရာဏ၊ မရွှံမယုတ် မဆုတ်မနစ်-ဟူလို။ ။ပြုတ်တုမချွတ်—နှိုက် ပြုတ်တု-ဟူသည် ပေါ်ရာဏ၊ မချွတ်အမြဲး-ဟူလို။

ကမ္ဘာ့ဘူမိသံသန္ဒနာခဏ်း ၃-ပိုဒ် ပြီး၏ ။

ဤအခဏ်းငယ် ၇-ခဏ်းတို့ဖြင့် ပိုင်းခြားအပ်သော ၄၈-ပိုဒ် ယှိသော

ပဥ္စမပိုင်း လိနတ္ထဒီပနီ ပြီး၏ ။

## ၆-ဆဋ္ဌမပိုင်း လိနတ္ထဒီပနီ

### ၁-မနုဿာလောကနခဏ်း

၄၉၀။ ပုကန်စွန်းနှင့်၊ မန်းစင်ကောက–နိုက် မန်း-ဟူသည် ပေါ်ရာဏ၊ စင်ကော-ဟူလို။ ။နှစ်သက်ပလဲး တမူးတည်း–နိုက် ပလဲးတမူး-ဟူသည် ပေါ်ရာဏ၊ နှစ်သက် ဝမ်းမြောက်-ဟူလိုသည်။

၄၉၁။ နန်းဘောင်ရွှေဘို၊ စိုးအုပ်ခြံ၍၊ စေးချုံရန်ငုတ်–ကား ခွဲးထားး၊ ရွှေရစ် နောက်ပင့်။ ။ဥသျှောင်မြသား–နိုက် ဥသျှောင်-ဟူသည် ပေါ်ရာဏ၊ ယောင်-ဟု ယခုလူများခေါ်ကြသည်။

၄၉၂။ နန်းကဖဲးကြဉ်၊ မင်းပေါင်းစဉ်၍၊ ပုပ်ကျဉ်ဓမ္မ–ကား ခွဲးထားး၊ ရွှေရစ် နောက်ပင့်။ ပုပ်ကျဉ်–နိုက် ကျဉ်-ဟူသည် ပေါ်ရာဏ၊ ပုပ်ပျက်သည်ကို ဆိုသည်။ ။ရွှေသမိုင်းဖြင့်–နိုက် သမိုင်း-ဟူသည် ပေါ်ရာဏ၊ ရာဇဝင်မော်ကွန်းထိုးသည်ကို ဆိုသည်။

၄၉၃။ စတုတ္ထရိပ်မြုံ–နိုက် မြုံ-လည်း နေရာဘုံပင်တည်း။ ။ဆက်ရှည်ဓွန့်ဝေး–နိုက် ဓွန့်-ဟူသည် ပေါ်ရာဏ၊ ကာလအရှည်အကြာ-ဟူလို။ ။သဘောလက်မွန် လက်ဦးတည်း–နိုက် လက်မွန်-ဟူသည်, လက်ဦး-ဟူသည် ပေါ်ရာဏချည်း၊ အစ အဦး-ဟူလို။

၄၉၅။ အထူးမဆွ–နိုက် မဆွ-ကား ပေါ်ရာဏ၊ အစပင်-ဟူလို။ ။လျှပ်လျှပ်လျှင်စွာ–နိုက် လျှပ်လျှပ်-ဟူသည် ပေါ်ရာဏ၊ အလျှင်အမြန်-ဟူလို။ ။အထုအထ–ဟူသည်လည်း ပေါ်ရာဏ၊ အများအပြား-ဟူလို။ ။မြင်နှစ်သိမ့်လျက်–နိုက် နှစ်သိမ့်-ဟူသည် ပေါ်ရာဏ၊ နှစ်သက်ဝမ်းသာသည်-ဟူလို။

၄၉၆။ စိတ်လိုက်ရှင်ပျော၊ စရိုက်ပြော–ကား ခွဲးထားး၊ ရွှေပင့် နောက်ရစ်။ စရိုက်ပြော–နိုက် ပြော-ဟူသည် ပေါ်ရာဏ၊ များပြားသည်-ဟူလို။

မနုဿာလောကနခဏ်း ၆-ပိုဒ် ပြီး၏။

---

### ၂-နိမိရာဇစရိယခဏ်း

၄၉၇။ ဝန်းရှက်တင်ပျဉ်၊ သမ္ဗဇဉ်တိ၊ ပညာရွေးယှိ–ကား ခွဲးထားး၊ ရွှေပင့် နောက်သက်သက်။ ။တောင်ညာမကိုဋ်–နိုက် မကိုဋ်-ဟူသည် ပေါ်ရာဏ၊ အမြတ်အထွတ်-ဟူလိုသည်။ ။လျှင်စွာချက်ပြုတ် မဆိုင်းတည်း–နိုက် ချက်ပြုတ်-ဟူသည် ပေါ်ရာဏ၊ ခဏခြင်း အလျှင်အမြန်-ဟူလို။

၄၉၈။ ခြေချွတ်ခဲးစွာ–နိုက် ခြေချွတ်-ဟူသည် ပေါရာဏ၊ ဟောပြောဆုံးမ ကယ်ဆယ်သည်-ဟူလို။ ။အတန်ငယ်ရွှေ၊ စံစား၍တိ–ကား ခွဲးထား၊ ရွှေ ရကြီးဝဆွဲး ပကတိ နောက်ထိုးသတ်။

၅၀၀။ ကောင်းမြွေပြာကြော်၊ ဇမ္ဗူကျော်အောင်–ကား ခွဲးထား၊ ရွှေရစ် နောက် ပင့်။ ။ရွှေစင်မြသား၊ ပတ္တမြားက၊ ဘိုးမျှားရတနာ–ကား ခွဲးထား၊ ရွှေ ရစ် နောက် ပင့်။ ။လက်တော်ဖွဲ့သား၊ ပေါင်းဘွဲ့သိမ်းကျုံး– လည်း ခွဲးထား၊ ရွှေ ဖဥထုပ် နောက် ဘကုန်း။

ရတုသံညင်း–နိုက် ရတု-ဟူသည် သံညင်းသာယာစွာ မွေ့လျော်နှစ်သက် ဘွယ်ရှိသော ပိုဒ်စုံ ၃-ပိုဒ်ရှိသော ကဗျာအထူးကို ဆိုသည်၊ ရမန္တိ ဧတ္ထ ဧတေ- နာတိ ရတု-ဟူ၍ ရမု-ဓာတ် တု-ပစ္စည်း အဓိကရဏသာဓ်, ကရဏသာဓ်အဖြစ် ဖြင့် ဆရာကြီးတို့ ကြံတော်မူကြသည်။

နားတော်သွင်းနှင့်၊ ဧးချင်း လူးတား–နိုက် နားတော်သွင်း- ဟူသည်, ဧးချင်း-ဟူသည် အချီအချ အခြင်းအရာ အဆိုအမိန့်ချင်း မထူးမခြားပင်ဖြစ်၏၊ နားတော်လျှောက်သွင်းရခြင်း ဧးမြသာယာစွာဆိုရခြင်းဟူသော ဗျုပ္ပတ္တိနိမိတ် သကတ်ပြားတိုင်း အမည်မျှသာ ထူး၏။ ဧးချင်း-ဟူသည်ကား မင်္ဂလာတည့် မနေ့း၊ပြီးလွှယ်ရေး-စသည်ဖြင့် ကောဝရန္တနှင့်ချည်း ချသောကြောင့် ဧးချင်းခေါ် ၏-ဟူ၍-လည်း ဆရာတို့ မိန့်ဆိုကုန်၏၊ ဆင်ခြင်။ လူးတား-ဟူသည်ကား ပ္လုတ-သဒ္ဒါကိုပင် ပ-ကို ချေ၍ လုတ-သဒ္ဒါကိုလည်း ဝိသဇ္ဇနီပေါက်၍ လူးတား ဟု ခေါ်ဆိုကြောင်းကိုလည်း ဆရာတို့ မိန့်ဆိုကြကုန်၏၊ ထို့ကြောင့် ပကတိဒီဃ သံထက် ရှည်စွာသော အသံကို ငင်၍ ရွတ်ဆိုရသည်။

၅၀၁။ အယူမပြောင်း၊ ရိုညွတ်ပျောင်းလျက်–ကား ခွဲးထား၊ ရွှေရစ် နောက် ပင့်။ ။ဒိဗ္ဗနတ်စက် တနိုင်းတည်း–နိုက် ဒိဗ္ဗနတ်စက်- ဟူသည်ကား ဒိဗ္ဗစက္ခုနတ်မျက်စိ-ဆိုလိုသည်။ တနိုင်း-ဟူသည် အတူမယှဉ်း-ဆိုလိုသည်။

၅၀၂။ မချောက်မချား၊ ထိန်းသော့အားဖြင့်၊အခြားမထင်–ကား ခွဲးထား၊ ရွှေ ပင့် နောက် ရစ်။

၅၀၃။ ရွှေကွန်းပြောက်ထက်၊ မပျောက်မင်းကျင့်–ကား ခွဲးထား၊ ရွှေ ရစ် နောက် ပင့်။ ကွန်းပြောက်-ဟူသည် ပေါရာဏ၊ နန်းတော်-ဟူလို။

တန်းခိုးဝှန်ခြောင်း၊ ဘမင်းကောင်းလျှင်၊ တချောင်းဆံဖြူ–ကား ခွဲးထား၊ ရွှေ ရစ် နောက်ပင့်။ ။ရှစ်လေးထောင်မြှောက်၊ အာဒိမြှောက်သား–ကား ခွဲးထား၊ ရွှေ့ ဟထိုးပါ နောက် အရစ်သက်သက်။ ရှစ်လေးထောင်မြှောက်–

ကား ဂုဏ်ိတသမ်ြာ၊ ရှစ်ဆဲ့လေးကို တထောင်မြှောက်၊ ရှစ်သောင်းလေး ထောင်-ဟူလို။

ဂုဏ်ပေါင်းအများ၊ လွန်မြောက်မြား၏-ကား ခွဲထား၊ ရွှေပင့် နောက် ရစ်။ မြောက်မြား-ဟူသည်လည်း အလွန်များသည်-ဟူလို။

၅၀၈။ သွင်းမှတ် နားပါး-နှိုက် နားပါး မှတ်သည်-ဟူလို။ ။ပြုစေခြား လျက်၊ ခန့်ညားလိုက်နာ-ကား ခွဲထား၊ ရွှေငရစ် နောက် ညပကတိ။ ။ ခန့်ညားလိုက်နာ၊ လိုတော်ပါအောင်၊ အာဏာဓမ္မစက်-လည်း ခွဲထား၊ ရွှေ နငယ် နောက် ဏကြီး။

ပြည်သူကျိုးကို၊ အားကြိုးကြည်ဖြူ-ကား ခွဲထား၊ ရွှေပင့် နောက်ရစ်။ ။ မဏ္ဍိုင်ဥက္ကဋ္ဌ ဓိမိုင်းတည်း-နှိုက် မဏ္ဍိုင်-ဟူသည် ပေါရာဏ၊ အချက်အခြာ, ဓိမိုင်း-ဟူသည် ပေါရာဏ၊ အကြီးအမြတ်-ဟူလို။

၅၁၀။ တံခါးဦးဒဲး-နှိုက် ဦးဒဲး-ဟူသည် ပေါရာဏ၊ တံခါး-ဟူလို။ ။ မင်းရင်ပြင်နှင့်-နှိုက် မင်းရင်ပြင်-ဟူသည် နန်းတော်ရှေ့ မျက်နှာမြေအပြင်ကို ဆို သည်၊ နန်းကြမ်းပြင် မဟုတ်။ ။စရည်းအိုးက-နှိုက် အိုးစရည်း ဆိုလိုသည်၊ အိုးစရည်း-ဟူသည် ရေလှောင်အိုးတုတ်ကြီး-ဟူလို။

ဖျဉ်းအိုးဒေါမား-နှိုက် ဖျဉ်းအိုး-ဟူသည် ရေအင်တုံ-ဟူလို။ ဒေါမား-ဟူ သည်လည်း ပေါရာဏပင်၊ ၎င်းဖျဉ်းအိုးစသည်ကိုပင် ဆိုသည်။ ။ဖလား သမ္ဘွေး-နှိုက် သမ္ဘွေး-ဟူသည်လည်း ပေါရာဏ၊ ဖလားလင်ပန်း-ဟူလို။ ။ ခေါ်ကတ်ကျေးဖြင့်၊ ညစ်ကြေးပယ်ငါ-ကား ခွဲထား၊ ရွှေပင့် နောက် ရစ်။ ။ ဆတ္တာသမား၊ ခေါ်လင့်ကြား၏၊ ယောကျ်ား မိန်းမ-လည်း ခွဲထား။

၅၁၁။ ရှေးဖျား-လည်း ပေါရာဏ၊ ရှေးဦး-ဟူလို။ ။သွံသင်ပိုက်ဖြား၊ ကျင့်ဆယ်ပါးနှင့်၊ မင်းဖျားဘုန်းမော်-ကား ခွဲထား၊ ရွှေ ရစ် နောက် ပင့်။ ။ သံခြေသံညင်း၊ နှုတ်ပြိုင်ငြင်းသို့-လည်း ခွဲထား၊ ရွှေ ညပကတိ၊ နောက် ငရစ်။

နှံ့စပ်အုတ်အော်-နှိုက် အုတ်အော်-ဟူသည် ပေါရာဏ၊ အုန်းအုန်းကျွက် ကျွက်ကြေငြာသံ-ဟူလို။ ။ကြည်ယုံ ရှင်ပျော၊ စိတ်မနေဘဖြင့်၊ မပြော မနေ-ကား ခွဲထား၊ ရွှေပင့် နောက် ရစ်။

၅၁၃။ သာလွန်ကြောင်းဖြင့်၊ ထိန်းကျောင်း ကိုယ်နှုတ်-ကား ခွဲထား၊ ရွှေ ရစ် နောက် ပင့်။ ။ဒါနမျှတည်း၊ ရှင်ကြည်းကြည်းဖြင့်၊ ကျော့ကျည်း ပျင်းပေါ့-ကား ခွဲထား၊ ငွေ ရစ် နောက် ပင့်။ ။သွေဖီဝမ်းထဲး-နှိုက် သွေဖီ-ကား ပေါရာဏ၊ ရှောင်လွှဲသည်-ဟူလို။

၅၁၄။ ရွှေညီသောင်းပြောင်း၊ ရိုညွတ်ပျောင်း၍ - ကား ခွဲးထား၊ ရွှေရစ်နောက်ပင့်။ သောင်းပြောင်း-ဟူသည် အရောရော အနှောနှော-ဟူလို။ ။ မေတ္တာနှောင်ချည်၊ ဘွဲ့ပြန်သည်ဟု၊ ရိပ်ခြည်သွေးတို့ - ကား ခွဲးထား၊ ရွှေပင့်နောက်ရစ်။ ။တိုင်းမြတ်အောင်ချာ၊ စိုးအုပ်ခြာသည့် - ကား ခွဲးထား၊ ရွှေပင့်နောက် ရစ်။

၅၁၅။ လျှောက်ထားညီညာ၊ တင်ကြရာတွင်၊ ကြော်ငြာနှံ့ဘိ - ကား ခွဲးထား၊ ရွှေညပကတိ နောက် ရေစ်။ ။လျှင်မြန် ဖြန်းတော - နှိုက် ဖြန်း-ဟူသည် ပေါရာဏ၊ လျင်မြန်သည်-ဟူလို။

၅၁၆။ မကျန်စေ့စိပ် - ဟူသည် စေ့စပ်သည်-ဟူလို။ ။ခဏမျက်ဝါး - နှိုက် မျက်ဝါး-ဟူသည် မျက်မြင်-ဟူလို။

၅၁၇။ တခက်ဆံပင်၊ ဖြူရောက်ကျင်၍၊အကြင်ရွေးက - ကား ခွဲးထား။ ။ ကိုယ်တော်လှူ့လှူ့ - နှိုက် လှူ့လှူ့-ဟူသည် ဝမ်းမြောက်ဝမ်းသာ-ဟူလို။

၅၁၈။ ပျော်လိုလာခဲ့၊ ခေါ်သကဲ့သို့ - ကား ခွဲးထား၊ ရွှေ ခခွေး နောက်ကကြိုး။ ။ထိုသေဉ်မြေ - နှိုက် သေဉ်-ဟူသည် ဘူမိနက်သန် ကြက်သရေရှိသည်-ဟူလို။

နိမိရာဇစရိယခဏ်း ၁၅-ပိုဒ် ပြီး၏ ။

---

## ဥ-သစ္စာပြခဏ်း

၅၁၉။ ညီးညီးရှုန်းကယ် - နှိုက် ကယ်-ဟူသည် ပေါရာဏ၊ ဖြိုးလျှံ မောက်လျှံ ပြည့်လျှံသည်-ဟူလို။

၅၂၀။ သေရခြင်းဖြင့်၊ အချင်းခပ်သိမ်း - ကား ခွဲးထား၊ရွှေ ရစ် နောက်ပင့်။

၅၂၁။ လူနတ်သိကြား၊ ပုဂ္ဂိုလ်အားဖြင့်၊ ယောကျ်ားမိန်းမ - ကား ခွဲးထား။

၅၂၂။ ငြိမ်းခြင်းသေတ္တု - နှိုက် သေတ္တု-ဟူသည် အဆီအနှစ်အစု-ဟူလို။

၅၂၃။ တောင့်တမျှော်ရှေး - နှိုက် ရှေး-ဟူသည် ရှေ့ရှုဟူသည်ပင်၊ ရှေ့ရှု-ဟူသည် ပေါရာဏ၊ တည့်တည့်ဖြောင့်ဖြောင့်-ဟူလို။

၅၂၄။ စရကုတ်ဖြင့် - နှိုက် စရကုတ်-ဟူသည် ပေါရာဏ၊ ရမည်ကို သိသည် ဟူလို။

၅၂၅။ တဖြုတ် - ဟူသည် တခဏ-ဟူလို။

၅၃၀။ နေရမ္ဗာန်–ဟူသည် ပရိနိဗ္ဗာန် ဟူလို။ ။ရွှေရွှေယာၓးလျက်၊ တရား နှစ်ဆ–ကား ခွဲးထား။ ။ရွှေရွှေယား၊လျက်နှိုက် ယ်ား-ဟူသည် ပယ်ယှားသည် ဟူလို။ ။ဒေါ်သအထည်း၊ သမုဒ္ဒည်းကို၊ ခါတည်းမကြွင်း–ကား ခွဲးထား၊ ရွှေ ဆင်ထူး အလယ်ဒွေး နောက်ဝမ်းပူ။

သစ္စာပြခဏ်း ဂ–ပိုဒ်ပြီး၏။

---

## ၄-ဇာတ်ပေါင်းခဏ်း

၅၃၁။ ကုန်စင်ပြစ်ပြစ်၊ ချုံစေးပျစ်သို့၊ ခုတ်ပစ်ကြွင်းမဲ့–ကား ခွဲးထား၊ ရွှေရစ် အလယ်ပင့် နောက်သက်သက်။

၅၃၂။ ရေအစုတ်သို့–နှိုက် အစုတ်-ဟူသည် အပေါင်း-ဟူလို။ ။အပတ် တကုတ်–လည်း အားထုတ်သည်-ဟူလို။ ။ရင်နှစ်သည်းချား၊ ငါဘုရားနှင့်၊ မခြား နေ့ချင်း–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။

ကြိုးပြင်းကြမြောက်–နှိုက် ပြင်း-ဟူသည် ကြိုး-နှိုက် ပဒပူရဏပုဒ်ပြည့်ရှုံ ယှဉ်ဘက်မျှလည်းဟူ၊ ပြင်းပြ ခိုင်မာသည်-လည်း ဟူရာ၏။ ။ထက်မြက် ဉာဏ်လျှင်၊ စက်အသွင်သို့၊ သူလျှင်နှုတ်ဟ–ကား ခွဲးထား၊ ရွှေယပင်းသက်သက် နောက်ဟထိုးပါ။

၅၃၃။ မျက်မြင်ကကၤာ–နှိုက် ကကၤာ-ဟူသည် မျက်မှောက်-ဟူလို။ ။ ပဋ္ဌင်ဆောင်ကြွေး၊ လှူကြီးပေး၍၊ လုပ်ကျွေးလတ်က–ကား ခွဲးထား၊ ရွှေရစ် နောက်ပင့်။

ကျင်လည်လတ်လည်း–နှိုက် ကျင်လည်-ဟူသည် အစဉ် မပြတ် အကြိမ်ကြိမ် အဘန်ဘန် ဖြစ်သည်-ဟူလို။ ။ခြင်ဆီချင်းမျှ၊ ချစ်ခြင်းပီယ–ကား ခွဲးထား။ ရွှေပင့် နောက်ရစ်။ ။ဆုံးမပေး၍၊ နှစ်ဆယ်စေ့သော်၊ မရွှေသမ္မုပြုသည့်ပဋ္ဌင်း–ကား ခွဲးထား၊ ရွှေ ဟထိုးသတ် နောက် ရပကတိ။

၅၃၄။ သည့်သို့ကျအောင်၊ ပွင့်ကြသရွှေ–ကား ခွဲးထား။ ။အကုန် ကျုံး၍၊ ကြုံးကြုံးဝါးဝါး–ကား ခွဲးထား၊ ရွှေပင့် နောက်ရစ်။ ။ရေပြင် ကျယ်နှင့်၊ မိုးကြယ်မျက်လုံး–ကား ခွဲးထား။

မဒ္ဒိမိဖုရား၊ သားမယားကို–ကား ခွဲးထား။ ။နတ်တို့ကျင်းသား၊အင်ကြင်း စုံစီ–ကား ခွဲးထား။ ရွှေပင့် နောက်ရစ်။ ။လွှန်စေညဥ့်ခြင်း၊ ကျော်ထုတ် ချင်းတည့်–ခွဲးထား၊ ရွှေရစ် နောက်ပင့်။

ဇာတ်ပေါင်းခဏ်း ၄-ပိုဒ် ပြီး၏ ။

## ၅-နိဂုံးခဏ်း

၅၃၆။ ရှင်တော်ရိုက်သည့်–နှိုက် ရိုက်သည့်-ဟူသည် မုခပါဌ် နှုတ်နက် ဟောမြွက်သည်-ဟူလို။

၅၃၇။ မျှားစွာဆန်းကြယ်၊ ဆိုနည်းကျယ်၍–ကား ခွဲးထား။

၅၃၈။ အိမ်မှာပျော်ကျူး၊ ဘယ်ယှိနှီးအံ့၊ နေကြိုး နေကြား–ကား ခွဲးထား၊ ရှေ့ပင့်နောက်ရစ်။ နေကြိုး-နှိုက် ဝိသဇ္ဇနီယိမ်း၍စပ်သည်၊ ဝိသဇ္ဇနီမဲ့နှင့် နေကြို နေကြား ဟူလိုသည်။ ။နေကြိုးနေကြား၊ ကျင့်ပြောက်ကျားနှင့်–လည်း ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။လူပြိန်းမျှားသို့ နှိုက် ပြိန်း-ဟူသည် အဖျင်း အမိုက်-ဟူလို။

၅၃၉။ ဥစ္စာခမ်းနား၊ လယ်ယာမျှားနှင့်၊ မယားကိုစွဲး၊ သားကိုစွဲးကြောင့်၊ ငရဲးနစ်လေ၊ ကြွက်မြွေကျေးသား၊ ခွေးနွားဘုတ်ပြိတ်၊ အဟိတ်ယုတ်မာ၊ ဖြစ်ကြ စွာခဲ့–တို့နှိုက် ယထာလာဘ ယထာသမ္ဘဝနည်းအားဖြင့် ရသင့် ဖြစ်သင့်သည့် အတိုင်း ယောဇနာ၍မှတ်ရာ၏။ ဥစ္စာခမ်းနားတို့ကိုစွဲး၍ သေသောကြောင့် ကြွက် မြွေ ကျေးသားစသည် ဖြစ်ကုန်၏။

ဝတ္ထုကား ဧကနိပါတ် သစ္စံကိရဇာတ်နှိုက် သူဌေးကြီးတို့သည် ကုဋေလေး ဆယ် ဥစ္စာမြှုပ်ရာတို့ကိုစွဲး၍ ကြွက် မြွေ ကျေးသား ဖြစ်ကုန်သတည်း။

မယားကိုစွဲး၍ ငရဲးနှိုက် ဖြစ်သည်ကား ဧကနိပါတ် ပုပ္ဖရတ္တဇာတ်နှိုက် ဝတ် ပန်းပွင့်ခိုးမိ၍ အရှင်လတ်လတ် တံကျင်တင်ထားရာ မယားကို တမ်းတသေ၍ ငရဲးနှိုက်ကျသွားသော ယောကျ်ားကိုင်း၊ တိကနိပါတ် ကာမဝိလာပဇာတ်နှိုက် ထိုရှေးအတူ မယားကို တမ်းတစွဲးလမ်း၍ တံကျင်ဖျားနှိုက်သေ၍ ငရဲးသို့ ကျသွားသောယောကျ်ားကိုရင်း ရည်သည်။

မယားကိုစွဲး၍ မြွေ ခွေး နွား ဖြစ်ရသည်ကား တိကနိပါတ် အင်္ဂုတ္တရ အဋ္ဌကထာနှိုက် လာသော မိမိမယား မတ်နှင့်ကြိုက်၍ သတ်စေရာ မယား အနီးနှိုက် ကျိုင်းမြွေ ခွေး နွား သုံးဘဝတိုင်ဆက်၍ ဖြစ်သောယောကျ်ားကို ရည်သည်။

သားကိုစွဲးကြောင့် ခွေးဖြစ်ရသည်ကား တိကနိပါတ် သတပတ္တဇာတ်နှိုက် သားသွားသည်ကို တပ်စွဲး၍သေရာ သားလာမည့်လမ်းတွင် မြွေခွေးမ ဖြစ်သော သူကြွယ်မကြီးကို ရည်သည်။

၅၄၀။ ဆံဖြူကြိုးကြယ်၊ ရုပ်ဆိုးရွယ်နှင့်၊ တွင်ကျယ်ဘိနိုး–ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။သွားပါးကျိုးလည်း၊ အားကြိုးမာန်တက်–လည်း ခွဲးထား၊

ရှေ့ပင့် နောက်ရစ်။ ။စိတ်စက်မချ၊ လွန်မြောက်ကြွ၍၊ ပိုး ခြ ပရွက်—လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

မကြီးမပြင်း၊ ဖြစ်လာကင်း၍၊ သားပျင်းပုလု—လည်း ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ မကြီးမပြင်း—နှိုက် မပြင်း-ဟူသည် မမာ မသန်သေး-ဟူလို။ သား ပျင်း—နှိုက် ပျင်း-ဟူသည် ငယ်နုသည်-ဟူလို။ ငယ်နုည့်သက်သည်ကို ပျင်း-ဆိုသည်ကား ပျင်းမွေး-ဟူသည်နှိုက် ထင်၏၊ ပျင်းမွေး-ဟူသည်ကား အမွေးနု ဆိုလိုသည်။

အိုဘော်အိုချင်း၊ နားပါးသွင်း၍၊ ပျော်ခြင်းမထိုက်—ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ငယ်နုမျှစ်သား၊ မြေးမြစ်သားနှောင်း—လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။

၅၄၂။ လူဘော်မသွင်း၊ ရှယ်ခေါင်ချင်း၍၊ သေခြင်းန်းစွာ—ကား ခွဲးထား ရှေ့ပင့် နောက်ရစ်။ ။ဝါသနာငယ်ကြိုက်၊ ဒုစ္စရိုက်မှ၊ ကျိုက်ကျိုက်လောင်ဆူ—ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။ ။အမြင်ပြက်ပြက်—နှိုက် ပြက်ပြက်-ဟူသည် အထင်အရှား-ဟူလို။

၅၄၃။ တည်းကွပ်မယှိ—နှိုက် တည်း-ဟူသည်, ကွပ်-ဟူသည် ထိန်းချုပ်သည်-ဟူလို။ ။ရှေးကအထူး၊ တောမြိုင်ဦးဝယ်၊ ဘီလူးကြည်ညွတ်၊ မစားလွှတ်၏—ကား ငကနိပါတ် ဒေဝဓမ္မဇာတ်နှိုက် ဘုရားလောင်း မဟိံသက မင်းသားကြီးကို ရည်သည်။

ရင်းချာသုံးပါး၊ အစ်မများကို၊ တရားအောင်ကာ၊ နတ်ခြောက်ရွာတိုင်၊ ကြေညာမဆံ့၊ သတင်းနံ့သား၊ မွှေးပျံ့သညာ၊ ဣန္ဒာသက်မှတ်၊ ဟိရိနတ်လည်း—ကား အသီတိနိပါတ် သုဓာဘောဇနဇာတ်နှိုက် သိကြားမင်းသမီးတော် သဒ္ဓါ၊ အာသာ,သိရီ,ဟိရိ ဟူသော နတ်သမီးလေးယောက် တို့တွင် ဟိရိ နတ်သမီးကို ရည်သည်။

၅၄၆။ သမိုင်းဖြာပိမ့်—နှိုက် သမိုင်း-ဟူသည်လည်း ရှေးဆိုခဲ့ပြီးသည်အတိုင်း အမှတ်အသား စာတန်းထားသည်-ဟူလို။

၅၄၈။ ဥကင့်စတေ—နှိုက် စတေ-ဟူသည် စင်စစ်အမြဲး-ဟူလို။ ။တရည် နှုန်းဆောင်—နှိုက် တရည်-ဟူသည် အတူအမျှ-ဟူလို။

ကြည်သရာခေါင်—နှိုက် ကြည်သရာ-ဟူသည် ကေသရာပင်။က-အစိတ် ေ-ကို ယ-ပြု၊ ယ-ကို ည-ပြု၊ တမ်းခွန်လွှား၊က-နှိုက် ရ လာ၍ ကြည်သရာ-ဆိုကြသည်။

မြားပစ်ဘထောင်၊ နန်းရွှေတောင်သို့—နှိုက် ရွှေတောင်-ဟူသည် နန်းကို ပင် ဆိုလိုသည်။ ရင်းနန်းလည်း မြားပစ်တထောင်ရှိသော မဟာပနာဒမင်း၏

နန်းတော်ကို ဆိုသည်။ ဗိုလ်တထောင်တင်သော လေးဖြင့် ရေထဲးကို ပစ်လျှင် လေးဥသဘ, ကြည်းကုန်းထက် ဖီလာပစ်လျှင် ရှစ်ဥသဘသွားသဖြင့် ကြည်းကုန်းထက် ဖီလာပစ်သော မြားကျအတိုင်း တထောင်သည် ဥသဘပေါင်း ရှစ်ထောင်ဖြစ်၏၊ ၎င်းကို ဥသဘရှစ်ဆယ်နှင့်စား၊ လဒ်ဂါဝုတ်ပေါင်း တရာဖြစ်၏၊ ၎င်းကို လေးဂါဝုတ်ဖြင့်စား၊ လဒ် နှစ်ဆဲ့ငါးသည် ယူဇနာဖြစ်၏။ ထို့ကြောင့် နှစ်ဆဲ့ငါးယူဇနာရှိသော မဟာပနာဒမင်း၏ မြေပေါက် နန်းတော်ကဲ့သို့-ဟု ဆိုလိုသည်။ ။မန်းရွှေအောင်မျို–နှိုက် မျို-ဟူသည် မင်္ဂလာနက်သန် ကြက်သရေ-ဟူလို။

၅၇၉။ မြစ်အောက်ညာဌာန်–နှိုက် မြစ်အောက်-ဟူသည် မြောက်အရပ်-ဟူလို။ ။မျိုကြက်သရေ–နှိုက် မျို-လည်း ရှေးအတူပင်။ ။သန်လယ်မုရင်း–နှိုက် သန်လယ်-ဟူသည် ကောက်ကြီးလယ်-ဟူ၏။ ကောက်ကြီးကို ဝဿန္တဥတုနှိုက် စိုက်ပျိုးအပ်ရကား ဝဿန်-ဟူရာနှိုက် အစ ဝ-ကို ချေ၍ ခေါ်ဝေါ်သဖြင့် သန်-ဟူလိုသည်။ ။တန်းဆောင်ဓမ္မအိမ်–နှိုက် ဓမ္မအိမ်-ဟူသည် ပိဋကတ်တိုက် စာတိုက်တို့ကို ဆိုလိုသည်။ ။ရှုမငြီးအောင်၊ ညီးညီးမိုးယံ–ကား ခွဲးထား။

၅၈၀။ နှစ်ထောင်းခဲ့ရင်း–နှိုက် နှစ်ထောင်း-ဟူသည် နှစ်သက်ကြည်ညိုသည်-ဆိုလိုသည်။

၅၈၁။ တင်းလင်းထားသို–နှိုက် တင်းလင်း-ဟူသည် အပြီးမသတ်သေး-ဟူလို။ ။နှုမ်နှမြော၊ လွှန်ခဲ့သောဟု၊ မျောသွားရေဝယ်–ကား ခွဲးထား၊ ရှေ့ ရစ် နောက်ပင့်။

လမွန်သစ်ဆင်း–နှိုက် သစ်ဆင်းလ-ဟူသည် တော်သလင်းလ-ဆိုလိုသည်။ ရှေးလူကြီးများ တော်သလင်းလသို့ ကျလျှင် ချောင်း မြစ်သောင်စပ်စသည်တို့နှိုက် တိုင်စိုက်၍ ထိုတိုင်ထက်က ခုန်ဆင်းကစားကြသည်-ဟု မိန့်ဆိုကုန်၏။ နောက်နောက်ကာလကား လှေပွဲးခံ၍ ကစားကြကုန်၏။

၅၈၂။ မြတ်ကြဲသိုင်းတို့–နှိုက် ကြဲသိုင်း-ဟူသည် ပညာရှိသုခမိန်-ဆိုလိုသည်။

၅၈၃။ နည်းနိရုတ်ဖြင့်၊ မယုတ်မှန်လှ–ကား ခွဲးထား။

၅၈၅။ ဦးစွာမဆွ–နှိုက် မဆွ-ဟူသည်လည်း ဦးစွာပင်။

၅၈၇။ ကေက္ခရာ၊ တလုံးစာကို၊ ဉာဏ်ဇာနေယျ မြော်ယှိလေ့–ကား ခွဲးထား၊ ရှေ့ စလုံး နောက် ဇကွဲး။

၅၈၈။ စက်ပုဆိန်သို့–နှိုက် ပုဆိန်-ဟူသည် စက်လက်နက်-ဟူလို။

၅၉၉။ အခြန်းမဲ့ပြု–နိုက် အခြန်းမဲ့-ဟူသည် အခြားမဲ့-ဟူလို။ ။အချင်းချင်းအား၊ တပ်ခြင်းမသေ့–ကား ခွဲးထား။

၆၀၀။ ပဋိဘာန်ထက်မြက်၊ ဝေပူမျက်နှင့်–ကား ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

၆၀၂။ သမာသ်တဒ္ဒုတ်–နိုက် တဒ္ဒုတ်-ဟူသည်လည်း တဒ္ဓိတ်ပင်။ ။အာချာတ်ကြုတ်ဟု–နိုက် ကြုတ်-ဟူသည်လည်း ကိတ်ပင်၊ ရှေးပေါရာဏ ခေါ်ချည်း။

၆၀၃။ မှန်ထုပ်ရှို့ဝှက်–နိုက် မှန်ထုပ်-ဟူသည်လည်း ရှို့ဝှက်သည်ပင်-ဟူလို။ ။သရုပ် သကန်–နိုက် သရုပ်-ဟူသည် သဘောကို ဆိုသည်၊ သကန်ကား သဘောမဟုတ်သည်ကို ဆန်ကန်ပယ်ယှားသည်ကို ဆိုသည်။အရိုးအကန်ကို အဓိပ္ပါယ် ပြသော ကျော်အောင်စံထား ဆရာတော်နည်းအတိုင်း နယဂ္ဂါဟမူသည်။

ကျမ်းရိုးပွန်အောင်–နိုက် ပွန်-ဟူသည် လိမ္မာသည်ကို ဆိုသည်။ ။နိတတ်နေယျစ်–နိုက် နေယျစ်-ဟူသည်လည်း နေယျတ်ကို ဆိုလိုသည်။ တကိုစပြု၍ ခေါ်သည်၊ ကာသိကရဌ်ကို ကာသိကရစ် ဝိဒေဟရဌ်ကို ဝိဒေဟရစ် ခေါ်သကဲ့သို့တည်း။

၆၀၅။ မခို့ သရို့–ဟူသည် လုံ့လ မယှိ ပျင်းရိသောသူ-ဆိုလိုသည်။ ။မနှစ်သိမ့်ဘဲး–နိုက် မနှစ်သိမ့်-ဟူသည် မနှစ်လို မနှစ်သက်-ဟူလို။ ။ပြောင်မြောက်ပြီးသား–နိုက် ပြောင်-ဟူသည် အကြီးအမြတ်-ဟူလို။

၆၀၆။ အမြွတ်စတေ–နိုက် စတေ-လည်း စင်စစ်အမှန်ပင်။

၆၀၇။ ။ခပင်းလောက–နိုက် ခပင်း-ဟူသည် အပေါင်းအများ-ဟူလို။

၆၀၈။ ရောင်းရင်းငယ်ဘော်–နိုက် ရောင်းရင်း-လည်း ငယ်က ကစားဘော်-ဟူလို။ ။ထက်အောက်ဝန်းကျင်၊ များပုံယင်အား၊ အကြင်ယှိသမျှ–ကား ခွဲးထား။ ပုံယင်-လည်း အများပင်။ ။ရစေငါ့နှယ် တပဲးတည်း–နိုက် တပဲး-ဟူသည် အတူအမျှ-ဟူလို။

၆၀၉။ တရားခိုင်ကျည်၊ ဆယ်ပါးတည်၍၊ ကြည်စေသတည်း–ကား ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။ငြူစူချင်းချင်း၊ မယှိခြင်းဖြင့်–လည်း ခွဲးထား၊ ရှေ့ပင့် နောက်ရစ်။ ။တရားရောင်ခြည်၊ မြဲးနှောင်ချည်၍-လည်း ခွဲးထား၊ ရှေ့ရစ် နောက်ပင့်။

၆၁၂။ ရိုကျိုးထိပ်နှိုက်—နှိုက် ရိုကျိုး-ဟူသည် ရိုသေကျိုးနွံသည်-ဟူလို။ ။ တမွတ်ရတနာ—နှိုက် တမွတ်-ဟူသည် အမြွတ်အထွတ်-ဟူလို။

နိဂုံးခဏ်း ၂၇-ပိုဒ် ပြီး၏ ။

ဤအခဏ်းငယ် ၅-ခဏ်းတို့ဖြင့်ပိုင်းခြားအပ်သော ၆၀-ပိုဒ်ယှိသော ဆဋ္ဌမပိုင်း လိနတ္ထဒီပနီ ပြီး၏။

မဃဒေဝလင်္ကာသစ်၏ လိနတ္ထဒီပနီ ပြီးပြီ။

ပ-မ-သ-စ—၇၄၂—၁၁-၇-၇၆—၃၀၀၀